ညွှန်းချက်

INDEX

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

SPECIAL CRIMINAL COURTS' APPEAL COURT

စာမျက်နှာ

အက်ဥပဒေများ—

ဆိုရှယ်လစ် စီးပွါးရေးစနစ်တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသည့် ဥပဒေ။

သွင်းကုန်ထုတ်ကုန် ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေ။

ဆိုရှယ်လစ်စီးပွါးရေးစနစ်တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသည့်ဥပဒေ—
၎င်းဥပဒေပုဒ်မ ၁၅ (၁)(က) အရ၊ အပြစ်ပေးနိုင်ရန်အတွက် ဆိုရှယ်လစ်စီးပွါးရေး စနစ်ကို ပျက်စီးစေလိုသော ရည်ရွယ်ချက်ကို တရားလိုဘက်မှ သက်သေထူရန် တာဝန်ရှိခြင်း။ ။အယူခံတရားလိုတို့ကို အချိန်မတော် ညအခါ၌ နယ်စပ်နှင့် မနီးမဝေး၊ မှောင်ခိုသူတို့ သုံးစွဲတတ်သည့် ဘောလမ်းတွင် နိုင်ငံခြားဖြစ်ပစ္စည်းများနှင့် အတူ လက်ပူးလက်ကြပ်မိခဲ့သဖြင့် ဆိုရှယ်လစ်စီးပွါးရေးစနစ် တည်ဆောက်မှု အတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသည့် ဥပဒေပုဒ်မ ၁၅(၁)(က)အရ ပြစ်ဒဏ်ချ ခဲ့သည်။ ။ဆုံးဖြတ်ချက်။ ။ပြစ်မှုကို ၁၉၆၆ ခုနှစ်က ကျူးလွန်ခဲ့သည် ဖြစ်ရာ၊ ဆိုရှယ်လစ်စီးပွါးရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေပုဒ်မ ၁၅(၁)(က)အရ၊ အပြစ်ပေးနိုင်ရန်အတွက်၊ ဆိုရှယ်လစ်စီးပွါးရေးစနစ် ကို ပျက်စီးစေလိုသော ရည်ရွယ်ချက်ကို တရားလိုဘက်မှ သက်သေထူရမည်ဖြစ် သည်။ ထို့ကြောင့် လက်ထောက်ရှေ့နေချုပ် တင်ပြသည့်အတိုင်း၊ ပြစ်မှုကို သွင်းကုန် ထုတ်ကုန်ကြီးကြပ်ရေး(ယာယီ)အက်ဥပဒေပုဒ်မ ၅(၁)အရ၊ စီရင်ခြင်းကသာ သင့်မြတ်မှန်ကန်မည်ဟု ယူဆသည်။ ။သတိပေးချက်။ ။အာမခံဝန်ခြင်းအယူခံ ကြားနာနေစဉ်အတွင်း၌၊ အချုပ်လွတ် နေထိုင်စဉ်၊ အယူခံတရားလိုတို့သည်၊ အာမခံစည်းကမ်းချက်များအရ၊ တိကျစွာ လိုက်နာကြရန် လိုအပ်သည်။ ၎င်းတို့ အတွက် ဝန်ခံချုပ်ပြုသူများသည် ခံဝန်ပြုခြင်းကို လေးနက်စွာ ဆောင်ရွက်ကြရန် ဖြစ်သည်။

၁။ ကာဆင်(ခ)အဘူလာဘ ပါ ၈
၂။ ဆေးကန်ဒါ (ခ) စိုးမြင့်
၃။ မာမက်ဆဒီ (ခ) လှမြင့်
၄။ အဒူရှုတ် (ခ) ကျော်ရွှေ
နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

စာမျက်နှာ၁

သက်သေထွက်ချက်ကို ချိန်ဆရာတွင် အရည်အတွက်ထက် အရည်အသွေးက အရေးကြီးခြင်း—တရားလိုနှင့် တရားခံဘက် ထွက်ဆိုချက်များ နှစ်ဖက်ချိန်ခွင် ညီနေလျှင် ထင်ကြေးဖြင့်ဖြည့်၍၊ တရားလိုဘက်ကို အလေးပိုစေကာ တရားခံအား အပြစ်ပေးခြင်းမပြုသင့် — အချင်းချင်း မသင့်မြတ်၍၊ တိုင်ကြားခြင်းမျိုးတွင် ရာဇဝတ်တရားစီရင်ရေးအာဏာကို သုံး၍ပါဝင်စွက်ဖက်ခြင်းဖြင့်၊ တရားရုံး၏ ဂုဏ်သိက္ခာကျဆင်းနိုင်သည်ကို သတိချပ်သင့်ခြင်း။ ။ဤအမှုတွင် အထူးရာ ဇဝတ်ရုံး တရားလိုပြသက်သေများနှင့် တရားခံပြသက်သေများ ဆန့်ကျင်ထွက်ဆိုနေကြရာတွင် တရားလိုသက်သေများကို လက်ခံ၍၊ အယူခံတရားလိုအား ပြစ်မှုထင်ရှားတွေ့ရှိကြောင်း စီရင်ချက်ရေးခဲ့သည်။ အတည်ပြုအဖွဲ့က စီရင်ချက်ကိုအတည်မပြုပဲ အယူခံတရားလိုသည် သောင်းကျန်းသူများနှင့် မိမိသဘောအလျောက် အမှန်ဆက်သွယ်ခဲ့ခြင်း ရှိ မရှိ၊ ဆက်ကြေး ပေး မပေး စသည်တို့နှင့်ပတ်သက်၍ လွတ်လပ်သော သက်သေများ ထပ်မံခေါ်ယူစစ်ဆေး၍ စီရင်ချက်သစ်ရေးသားကာ၊ ပြန်လည်တင်ပြရန် အထူးရာဇဝတ်ရုံးသို့ ပြန်ပို့ခဲ့သည်။ အထူးရာဇဝတ်ရုံးက သက်သေအချို့ကို ထပ်မံခေါ်ယူစစ်ဆေးပြီးနောက်၊ အယူခံတရားလိုအပေါ် ပြစ်မှုထင်ရှားသည်ဟု ထပ်မံတွေ့ရှိသည်။ ထောင်ဒဏ် ၁၀ နှစ်သတ်မှတ်၍ အတည်ပြုအဖွဲ့သို့ တင်ပို့ခဲ့ရာ၊ ပြစ်မှုကိုအတည်ပြုသော်လည်း ထောင်ဒဏ်ကို ၃ နှစ်သို့လျှော့ပေါ့၍ အတည်ပြုခဲ့သည်။ **။ဆုံးဖြတ်ချက်။** ။သက်သေ ထွက်ချက်ကို ချိန်ဆရာတွင် အရေအတွက်ထက် အရည်အသွေးက အရေးကြီးသည်။ တရားလိုဘက်မှ အမိက သက်သေ ၂ ယောက်သာ ပြနိုင်ပြီးလျှင်၊ တရားခံဘက်က သက်သေ ၃ ယောက်ဘူ နိုင်သောကြောင့်၊ တရားခံဘက်ကို အလေးပေးရမည်ဟု မဟုတ်။ **။ထပ်မံဆုံးဖြတ်ချက်။** ။သို့ရာတွင်၊ ဤအမှုမှာကဲ့သို့ တရားခံပြ သက်သေများသည်လည်း ကျေးရွာလူကြီးများဖြစ်ကြရာ၊ အတိအကျအခိုင်အမာ ထွက်ဆိုနေကြလျှင် နှစ်ဘက်ချိန်ခွင် ညီနေသည်ကို ထင်ကြေးဖြင့်ဖြည့်၍ တရားလိုဘက်ကို အလေးပိုစေပြီးလျှင်၊ တရားခံအား အပြစ်ပေးခြင်း မပြုသင့်ချေ။ **။ထပ်မံဆုံးဖြတ်ချက်။** ။နယ်အခြေအနေ မငြိမ်ဆိမ်သည့်အခိုက်၊ အချင်းချင်းမသင့်မြတ်ကြ၍ တဦးအပေါ်တဦး တိုင်ကြားကြရာမှ၊ မှုခင်းဖြစ်ပွါးခဲ့ရသည်ဟု ယူဆသည်။ ယင်းကဲ့သို့ အချင်းချင်း မသင့်မမြတ်ဖြစ်ခြင်းကြောင့်၊ တိုင်ကြားခြင်းမျိုးတွင်၊ နိုင်ငံတော်၏ ရာဇဝတ်တရားစီရင်ရေး အာဏာကိုသုံး၍ ပါဝင်စွက်ဖက်ခြင်းဖြင့် တရားရုံး၏ ဂုဏ်သိက္ခာကျဆင်းနိုင်သည်။ အစိုးရနှင့်တရားရုံးအပေါ် ပြည်သူတို့ လေးစားယုံကြည်မှု နည်းပါးစေနိုင်သည်။ ယင်းအချက်ကိုကောင်းစွာ သတိချပ်သင့်သည်။

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးချုပ် စိန်ဝင်း၊ ဒေါက်တာမောင်မောင် တို့ရှေ့တွင်

၁။ ကာဆင်(ခေါ်)အဘူလာပါဂ ၂။ ဆေးကန်ဒါ (ခေါ်) စိုးမြင့် ၃။ မာမက်ဆဒီ (ခေါ်) လှမြင့် ၄။ အဒူရှစ် (ခေါ်) ကျော်ရွှေ	နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ*	† ၁၉၇၁ ဖေဖေါ်ဝါရီလ ၁၈ ရက်။

[illegible]ရှယ်လစ်စီးပွါးရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေ—[illegible]နှင်းဥပဒေပုဒ်မ ၁၅ (၁)(က)အရ အပြစ်ပေးနိုင်ရန်အတွက် ဆိုရှယ်လစ် စီးပွါးရေးစနစ်ကို ပျက်စီးစေလိုသောရည်ရွယ်ချက်ကို တရားလိုဘက်မှ သက်သေထူရန် တာဝန်ရှိခြင်း။

[illegible]ယူခံတရားလိုတို့ကို အချိန်မတော်ညအခါ၌၊ နယ်စပ်နှင့် မနီးမဝေး မှောင်ခိုသူတို့ သုံးစွဲ[illegible]သည့်တောလမ်းတွင်၊ နိုင်ငံခြားပစ္စည်းများနှင့်အတူ လက်ပူးလက်ကြပ်မိခဲ့သဖြင့် ဆိုရှယ်လစ်[illegible]ရေးစနစ်တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေပုဒ်မ ၁၅ (၁) (က)[illegible] မှုပြစ်စီရင်ခဲ့သည်။

[illegible]ဖြတ်ချက်။ ။ပြစ်မှုကို ၁၉၆၆ ခုနှစ်က ကျူးလွန်ခဲ့သည်ဖြစ်ရာ၊ ဆိုရှယ်လစ် စီးပွါးရေး[illegible]တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေပုဒ်မ ၁၅ (၁) (ဃ) အရ[illegible]ပေးနိုင်ရန်အတွက်၊ ဆိုရှယ်လစ်စီးပွါးရေးစနစ်ကို ပျက်စီးစေလိုသော ရည်ရွယ်ချက်ကို တရား[illegible]ဘက်မှ သက်သေထူရမည်ဖြစ်သည်။ ထို့ကြောင့် လက်ထောက် ရှေ့နေချုပ် တင်ပြသည့်[illegible] ပြစ်မှုကို သွင်းကုန်ထုတ်ကုန် ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ ၅ (၁) အရ၊[illegible]သော သင့်မြတ်မှန်ကန်မည်ဟု ယူဆသည်။

[illegible]ချက်။ ။အာမခံဝန်ဖြင့် အယူခံကြားနာနေစဉ်အတွင်း၌၊ အချုပ်လွတ် နေထိုင်စဉ်၊[illegible]ထိုသည်၊ အာမခံစည်းကမ်းချက်များအရ၊ တိကျစွာလိုက်နာကြရန် လိုအပ်သည်။[illegible] ခံဝန်ချုပ်ပြုသူများသည် ခံဝန်ပြုခြင်းကို လေးနက်စွာ ဆောင်ရွက်ကြရန်ဖြစ်သည်။

---

* [illegible] ရာဇဝတ်အယူခံမှုအမှတ် ၈၀၊ ၈၃၊ ၈၄ နှင့် ၈၅။

† [illegible]၊ ၁၉၆၇ ခုနှစ်၊ အထူးရာဇဝတ်ရုံးအမှတ် ၇၇ ၏ ၁၉၆၇ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၂ တွင်း ၁၉၆၈ ခုနှစ်၊ ဇန္နဝါရီလ ၃၁ ရက်နေ့၌ ချမှတ်ပြီး၊ ၁၉၆၈ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် အတည်ပြုအဖွဲ့က အတည်ပြုသည့်အမိန့်ကိုအယူခံမှု။

၁၉၇၁ အယူခံ တရားလိုအတွက။ ။တရားရုံးချုပ်ရှေ့နေ **ဦးတင်မောင်**။

အယူခံ တရားခံအတွက်။ ။**လက်ထောက်နိုင်ငံတော်ရှေ့နေချုပ်** ဦးလှသင်း။

၁။ ကာဆင်(ခ) အဘူလာ ပါ ၈၊
၂။ ဆေးကန်ဒါ (ခ) စိုးမြင့်၊
၃။ မာမက်ဆဒီ (ခ) လှမြင့်၊
၄။ အဒူရှစ်(ခ) ကျော်ရွှေ
နှင့်
ပြည်ထောင်စု မြန်မာနိုင်ငံ။

အယူခံ တရားလိုတို့အပေါ် **အထူးရာဇဝတ်ရုံးအမှတ် ၇၇/၁၉၆၇ ၏၊ ၁၉၆၅ ခုနှစ်၊** ဆိုရှယ်လစ် စီးပွါးရေးစနစ် **တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့်** ဥပဒေပုဒ်မ ၁၅ (၁) **(ဃ)အရ၊ ပြစ်မှုထင်ရှား တွေ့ရှိ၍၊ ထောင်ဒဏ် ၁၀ နှစ်စီကျခံ** စေရန် **အမိန့်ချမှတ်ခဲ့သည်။**

၁၉၆၆ ခု၊ **နိုဝင်ဘာလ** ၁ ရက်နေ့တွင် တပ်မတော် ကင်းပုန်းက နယ်စပ်နှင့် **မလှမ်း** မကမ်းဖြစ်သော **ထန်းတောကုန်းနှင့်** အန်ကရဲကုန်း တဝိုက်၌၊ မှောင်ခိုသူတို့ကိုဖမ်းဆီး ရန် **တပ်ချနေခဲ့သည်။** ည ၁၀ နာရီခန့်တွင် လူတစုလာသည်ကို တွေ့ရ၍၊ ကင်းက **အရပ်ခိုင်းသည်၊** ရှေ့မှလာသူက လက်မြှောက်၍ ရပ်သော်**လည်း** နောက်ကလူများ ထွက်ပြေးကြသဖြင့် တပ်မတော်ကင်းက သေနတ်ပစ်ဖေါက်**၍၊ ပြေးသူတို့ကို** လိုက်လံ ဖမ်းဆီးလာသည်။ အယူခံ တရားလိုများနှင့်အတူ **နိုင်ငံခြားမှ သွင်းယူလာသော** ပစ္စည်းအမျိုးမျိုးကို လက်ပူးလက်ကြပ် ဖမ်းဆီးရမိခဲ့**သည်။ ယင်းပစ္စည်းများကို ရှာဖွေ** စာရင်းပြုလုပ်၍၊ ရုံးတွင်သက်သေခံ တင်ထားသည်။ **တန်ဖိုး ၁၇,၀၀၀** မျှရှိသည်ဟု ဖြတ်သည်။ အထူးရာဇဝတ်ရုံးတွင် တရားခံများက **ပစ္စည်းများကို ကရင်တဦးက** ငှါးပြီး အထမ်းခိုင်း၍ အခကြေးငွေယူကာ ထမ်းလာ**ခြင်းသာ ဖြစ်ပါသည်။ မိမိတို့** ကိုယ်တိုင် မှောင်ခိုသွင်းယူလာခြင်း မဟုတ်ပါဟု တင်**ပြကြသည်။**

အယူခံ တင်သွင်းရာ၌လည်း၊ အယူခံ **တရားလိုတို့က ယင်းသို့ပင်တင်ပြသည်။** တဦးလျှင် ငွေ ၅ဝိ စီပစ္စည်းထမ်းခရ၍၊ ယူလာခြင်းသာ **ဖြစ်ပါသည်။ မှောင်ခိုကုန်မှန်း** မသိပါဟု ဆိုကြသည်။ အယူခံကို လျှောက်လဲ**သော ရှေ့နေကြီး ဦးတင်မောင်က** ပြစ်မှုထင်ရှား တွေ့ရှိထားသော ပုဒ်မသည် မဆီလျော်**ပါ။ ယင်းပုဒ်မအရ အပြစ်ပေး** နိုင်ရန် ဆိုရှယ်လစ် စီးပွါးရေး စနစ်ကို ဖျက်ဆီးလို**သော ရည်ရွယ်ချက်ဖြင့် ပြစ်မှုကို** ကျူးလွန်ကြောင်း တရားလိုဘက်မှ သက်သေထူရပါ**သည်။ အယူခံတရားလိုတို့သည်** ပစ္စည်းများကို ထမ်းပိုးသယ်ဆောင် လာခဲ့သည်ဆို**စေဦး၊ ထိုသို့ပြုခြင်းကြောင့် ဆိုရှယ်** လစ်စီးပွါးရေး စနစ်ကို ထိခိုက်စေလိမ့်မည်ဟုမသိ၊ **မရည်ရွယ်ကြပါ။ ဝမ်းရေး**အတွက် လုပ်ကိုင်စားသောက်ခြင်းသာ ဖြစ်ပါသည်ဟု **တင်ပြသည်။**

လက်ထောက် နိုင်ငံတော် ရှေ့နေချုပ် **ဦးလှသင်း က၊ ပုဒ်မ ၁၅** (၁) (ဃ)အတွက် လိုအပ်သော အင်္ဂါရပ်များ စုံသည်ဟု **မဆိုနိုင်ပါ။ ယင်းတို့၏** ဝိသမလောဘကြောင့် လုပ်ခဲ့ခြင်းဖြစ်သောကြောင့်၊ သွင်းကုန်ထုတ်**ကုန် ကြီးကြပ်**ရေး (ယာယီ) အက်ဥပဒေ ပုဒ်မ ၅ (၁)အရ၊ လွှဲပြောင်း၍ အပြစ်ပေး**သင့်ပါသည်ဟု** တင်ပြသည်။

အယူခံတရားလိုတို့ကို အချိန်မတော်သော ညအခါ၌ နယ်စပ်နှင့်မဝေး မှောင်ခိုသူ များ သုံးစွဲတတ်သည့် တောလမ်းတွင် နိုင်ငံခြား ပစ္စည်းများနှင့်အတူ လက်ပူးလက်ကြပ် မိခဲ့ခြင်းဖြစ်သည်။ မှောင်ခို ပစ္စည်းများဖြစ်ကြောင်း အယူခံ တရားလိုတို့က မသိပါဟု ထုချေသည်ကို လက်ခံရန် ခဲယဉ်းသည်။ သို့ရာတွင် ပြစ်မှုကို ၁၉၆၆ ခုနှစ်က ကျူးလွန် ခဲ့သည်ဖြစ်ရာ၊ ၁၅ (၁) (ဃ) အရ၊ အပြစ်ပေးနိုင်ရန်အတွက် ဆိုရှယ်လစ် စီးပွါးရေး စနစ်ကို ပျက်စီးစေလိုသော ရည်ရွယ်ချက်ကို တရားလိုတို့ဘက်မှ သက်သေထူရမည် ဖြစ်သည်။ ထို့ကြောင့်လက်ထောက် ရှေ့နေချုပ် တင်ပြသည့်အတိုင်း ပြစ်မှုကို သွင်းကုန် ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ ၅ (၁)အရ၊ စီရင်ခြင်းကသာ သင့်မြတ် မှန်ကန်မည်ဟု ကျွန်ုပ်တို့ယူဆသည်။

၁၉၇၁

၁။ ကာဆင်(ခ) အဘူလာ ပါ ၀၊
၂။ ဆောကန်ဒါ (ခ) စိုးမြင့်၊
၃။ မာမက်ဆဒီ (ခ) လှမြင့်၊
၄။ အဒူရှစ်(ခ) ကျော်ရွှေ [illegible]
နှင့်
ပြည်ထောင်စု မြန်မာနိုင်ငံ။

အယူခံ တရားလိုတို့သည် အဖွဲ့ဖြင့် မှောင်ခိုပစ္စည်း အမြောက်အမြားကို သယ်ယူ လာကြခြင်းဖြစ်သည်ကို ထောက်ချင့်၍ သတ်မှတ်ထားသော ထောင်ဒဏ် ၁၀ နှစ် သည် များသည်ဟု မဆိုနိုင်။ သင့်မြတ်သည်ဟု ဆိုရမည်သာဖြစ်သည်။ ထို့ကြောင့် ရွှေ့ပြောင်းသော ပုဒ်မအရလည်း ထောင်ဒဏ် ၁၀ နှစ်စီပင် ကျခံစေရမည်ဟု သတ်မှတ် သည်။

အယူခံလွှာများကို လက်ခံစဉ်က အာမခံ လျှောက်ထားကြသောကြောင့် အယူခံ တရားလိုတို့အား ကျွန်ုပ်တို့က အာမခံနှင့် နေထိုင်ခွင့် ပြုခဲ့သည်။ သို့ရာတွင် ရုံးချိန်း ရက်များ၌ မပျက်မကွက်ရုံးသို့ လာရောက်ရမည်ဟူသော စည်းကမ်းချက်ကို ချမှတ်ခဲ့ သည်။ အချို့သော အယူခံတရားလိုတို့သည် ယင်းစည်းကမ်းချက်များကို လိုက်နာရန် [illegible]တက်ကြသောကြောင့် ၎င်းတို့အတွက် ခံဝန် ပြုလုပ်သူတို့အပေါ် ခံဝန် ပျက်ကွက် [illegible] အရေးယူခဲ့သည်။ အာမခံဝန်ဖြင့် အယူခံကြားနာနေစဉ်အတွင်း၌၊ အချုပ်လွှတ် [illegible]စဉ်၊ အယူခံ တရားလိုတို့သည် အာမခံလွှာ စည်းကမ်းချက်များအရ၊ တိကျစွာ [illegible]ကြရန် လိုအပ်ကြောင်း၊ ကျွန်ုပ်တို့ ဖေါ်ပြလိုသည်။ ၎င်းတို့အတွက် ခံဝန်ချုပ် [illegible]သည် ခံဝန်ပြုခြင်းကို လေးနက်စွာ ဆောင်ရွက်ကြရန်ဖြစ်သည်။ အယူခံ တရားလိုတို့က ရုံးကချမှတ်ထားသော စည်းကမ်းချက်တို့ကို လိုက်နာကြရန်ကိုလည်း ခံဝန်[illegible] ကူညီစောင့်ကြပ် ပေးသင့်သည်။

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးချုပ် စိန်ဝင်း၊ ဗိုလ်မှူးကြီး သန်းစိန်နှင့် ဒေါက်တာ မောင်မောင်တို့ရှေ့တွင်

† ၁၉၇၁ — မတ်လ ၄ ရက်။

ဦးအေးမောင်

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ*

သက်သေထွက်ချက်ကို ချိန်ဆ ရာတွင် အရေအတွက်ထက် အရည်အသွေးက အရေးကြီးခြင်း— တရားလိုနှင့် တရားခံဘက် ထွက်ဆိုချက်များ နှစ်ဖက်ချိန်ခွင်ညီနေလျှင် ထင်ကြေးဖြင့် ဖြည့်၍ တရားလိုဘက်ကို အလေးပိုစေကာ တရားခံအား အပြစ်ပေးခြင်း မပြုသင့်—အချင်းချင်း မသင့်မြတ်၍ တိုင်ကြားခြင်းမျိုးတွင် ရာဇဝတ် တရားစီရင်ရေးအာဏာကို သုံး၍ ပါဝင် စွက်ဖက်ခြင်းဖြင့် တရားရုံး၏ ဂုဏ်သိက္ခာ ကျဆင်းနိုင်သည်ကို သတိချပ်သင့်ခြင်း။

ဤအမှုတွင် အထူး ရာဇဝတ်ရုံးက တရားလိုပြ **သက်သေများနှင့်** တရားခံပြ သက်သေများ ဆန့်ကျင်ထွက်ဆိုနေကြရာတွင် တရားလိုပြ **သက်သေများကို** လက်ခံ၍၊ အယူခံ တရားလိုအား ပြစ်မှုထင်ရှား တွေ့ရှိကြောင်း **စီရင်ချက် ရေးခဲ့သည်။** အတည်ပြုအဖွဲ့က စီရင်ချက်ကို အဘည်မပြုပဲ အယူခံ တရားလိုသည် သောင်းကျန်းသူများနှင့် မိမိသဘောအလျောက် အမှန် ဆက်သွယ်ခဲ့ခြင်း ရှိ-မရှိ၊ ဆက်ကြေး ပေး-မပေး စသည်တို့နှင့် ပတ်သက်၍ လွှတ်လပ်သော သက်သေများ ထပ်မံ ခေါ်ယူ စစ်ဆေး၍ စီရင်ချက်သစ် ရေးသားကာ၊ ပြန်လည် တင်ပြရန် အထူး ရာဇဝတ်ရုံးသို့ ပြန်ပို့ခဲ့သည်။ အထူးရာဇဝတ်ရုံးက သက်သေအချို့ကို ထပ်မံ ခေါ်ယူ စစ်ဆေးပြီးနောက်၊ အယူခံ တရားလိုအပေါ် ပြစ်မှုထင်ရှားသည်ဟု ထပ်မံတွေ့ရှိသည်။ ထောင်ဒဏ် ၁၀ နှစ် သတ်မှတ်၍ အတည်ပြုအဖွဲ့သို့ တင်ပို့ခဲ့ရာ၊ ပြစ်မှုကို အတည်ပြုသော်လည်း ထောင်ဒဏ်ကို ၃ နှစ်သို့ လျှော့ပေါ့ အတည်ပြုခဲ့သည်။

ဆုံးဖြတ်ချက်။ ။သက်သေထွက်ချက်ကို ချိန်ဆရာတွင် အရေအတွက်ထက် အရည်အသွေးက အရေးကြီးသည်။ တရားလိုဘက်မှ အဓိကသက်သေ ၂ ယောက်သာပြနိုင်ပြီးလျှင် တရားခံဘက်က သက်သေ ၃ ယောက်ထုနိုင်သောကြောင့် တရားခံဘက်ကို အလေးပေးရမည်ဟု မဟုတ်။

---

* ၁၉၆၉ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၁။

† မအူပင်ခရိုင်၊ ၁၉၆၆ ခုနှစ်၊ အထူးရာဇဝတ်ရုံးအမှတ် ၅၉ ၏ ၁၉၆၇ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၂၅ တွင် ၁၉၆၈ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့၌ ချမှတ်ပြီး ၁၉၆၈ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့တွင် အတည်ပြုအဖွဲ့က အတည်ပြုသည့် အမိန့်ကို အယူခံမှု။

ထင်မှားဖွယ်ရာ ဖြစ်ချက်။ ။သို့ရာတွင် ဤအမှုမှာကဲ့သို့ တရားခံပြသက်သေများသည်လည်း ကျေး ရွာ လူကြီးများ ဖြစ်ကြကာ အတိအကျ အခိုင်အမာ ထွက်ဆိုနေကြလျှင် နှစ်ဘက် ချိန်ခွင်ညီနေ သည်ဆို ထင်ကြေးဖြင့် ဖြည့်၍ တရားလိုဘက်ကို အလေးပိုစေပြီးလျှင် တရားခံအား အပြစ်ပေးခြင်း မပြုသင့်ချေ။ ၁၉၇၁

ဦးအေးမောင် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ထပ်မံဆုံးဖြတ်ချက်။ ။ နယ်အခြေအနေ မငြိမ်ဆိမ်သည့်အခိုက်၊ အချင်းချင်း မသင့်မြတ်ကြ၍ တဦးအပေါ် တဦး တိုင်ကြားကြရာမှ မှုခင်းဖြစ်ပွါးခဲ့ရသည်ဟု ယူဆသည်။ ယင်းကဲ့သို့ အချင်းချင်း မသင့်မမြတ် ဖြစ်ခြင်းကြောင့် တိုင်ကြားခြင်းမျိုးတွင် နိုင်ငံတော်၏ ရာဇဝတ် တရားစီရင်ရေး အာဏာကို သုံး၍ ပါဝင် စွက်ဖက်ခြင်းဖြင့် တရားရုံး၏ ဂုဏ်သိက္ခာ ကျဆင်းနိုင်သည်။ အစိုးရနှင့် တရားရုံးအပေါ် ပြည်သူတို့ လေးစားယုံကြည်မှု နည်းပါးစေနိုင်သည်။ ယင်းအချက်ကို ကောင်းစွာ သတိချပ်သင့်သည်။

အယူခံ တရားလိုအတွက်။ ။မရှိ

အယူခံ တရားခံအတွက်။ ။လက်ထောက် နိုင်ငံတော် ရှေ့နေချုပ် ဦးလှသင်း။

အယူခံတရားလို ဦးအေးမောင်သည်၊ သောင်းကျန်းသူတို့နှင့် ဆက်သွယ်၍ ၎င်းတို့ [illegible] ဆက်ကြေး ကောက်ခံပေးသည်၊ ထို့ပြင် ရွာသူရွာသားများအား စပါးများကို [illegible]ရသံ မရောင်းရဟု ခြိမ်းခြောက် ဟန့်တားသည်ဟူသော စွဲချက်တို့ကို မအူပင်မြို့၊ [illegible]ရာဇဝတ်ချုံးအမှတ် ၅၉/၁၉၆၆ က၊ စစ်ဆေးခဲ့သည်။ စွဲဆိုသည့်အတိုင်းမှန်ကန် [illegible]ဟု အထူးရာဇဝတ်ရုံးကယူဆကာ ဦးအေးမောင်အပေါ် မတရားသင်း အက်ဥပဒေ [illegible] ၁၇ (၁)အရ၊ ထောင်ဒဏ် ၁၀ နှစ်အပြစ်ပေးခဲ့သည်။ အတည်ပြုအဖွဲ့က ထောင် [illegible] ၃ နှစ်သို့ လျှော့ပေါ့ပေးခဲ့သည်။

တရားလိုပြ သက်သေများအနက် အဓိကသက်သေ ၂ ဦးသည်၊ ဦးစံမောင် ([illegible]-၂)နှင့် ဦးထွန်းညို (လိုပြ-၃)တို့ ဖြစ်ကြသည်။ ဦးစံမောင်သည် အချင်းဖြစ်ပွါး [illegible]ပင်မြို့နယ်၊ အိုင်ဝိုင်းကျေးရွာ မြေယာကော်မီတီ ဥက္ကဋ္ဌ၊ လလသသ အမှုဆောင် [illegible] ဥက္ကဋ္ဌဖြစ်သည်။ ဦးစံမောင်က ဦးအေးမောင်သည် သောင်းကျန်းသူ [illegible] စာပေးစာယူပြုသည်။ ရှေ့နိုက ဆက်ကြေးကောက်ပေးရန် မှာကြား [illegible]ကို ဦးအေးမောင်က ပြပြီးလျှင် ဆက်ကြေးငွေများ ကောက်ခံလေ့ရှိ သည်။ [illegible]ရသံ စပါးမရောင်းရဟု သောင်းကျန်းသူတို့က တားမြစ်သည့် စာကိုလည်း ဦးအေး[illegible] ပြသည်ဟု ထွက်ဆိုသည်။ ဦးထွန်းညိုကလည်း အလားတူ ထွက်ဆို သည်။ ဦးထွန်းညို၊ ဦးစံမောင်တို့က (သက်သေခံ "ခ") တိုင်စာကို တပ်မတော်မှ ဗိုလ်ကြီး ကျော်ခိုင် (လိုပြ-၄)ထံ ပေးပို့ရာမှ အမှုကို အထူးရာဇဝတ်ရုံးသို့ တင်သွင်း ရန် အမှုပေါ်ပေါက်လာခဲ့ရခြင်းဖြစ်သည်။

၁၉၇၁

ဦးအေးမောင် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ဦးအေးမောင်သည်လည်း ကျေးရွာတွင် လလသသ ကော်မီတီဝင် ဆယ်အိမ်ခေါင်း ဖြစ်သည်။ ၎င်းကချုံးတွင် ထွက်ဆိုရာ၌ ဦးစံမောင်က ရွာလူကြီး ၇ ယောက်တို့အား အိမ်သို့ခေါ်၍ သောင်းကျန်းသူ ဗွေနီထံမှ ဆက်ကြေးတောင်းစာ ရောက်သည်ဟု ပြောကာ ဆက်ကြေးကောက်ခံပါသည်။ ဦးစံမောင်ကပင် ဆက်ကြေးငွေကို သောင်းကျန်းသူထံ ပို့ပေးရန် ၎င်းအားပြောကြားပါသည်၊ ၎င်းက မသွားဝံ့ကြောင်းဖြင့် ငြင်းဆိုခဲ့ပါသည်ဟု ထွက်ဆိုသည်။ ရွာလူကြီးနှင့် မြေယာကော်မီတီ၊ လအက ကော်မီတီဝင်များ ဖြစ်ကြသော ဦးမောင်ကြီး၊ ဦးမြဟန်၊ ဦးစိန်ညွှာတို့က အထူးရာဇဝတ်ရုံး တွင် သက်သေခံရာ၌ ဦးအေးမောင်အား ထောက်ခံ ထွက်ဆိုကြသည်။ ဦးစံမောင်နှင့် ဦးထွန်းညိုတို့သည် ဆွေမျိုးများ ဖြစ်ကြသည်ဟုလည်း **ထွက်ဆိုကြသည်**။ ဦးအေးမောင် က အစိုးရထံ စပါးမရောင်းရဟု မတားပါ၊ မိမိတို့ရွာမှ **စပါးများ ရောင်း**ကြသည်ဟုလည်း ထွက်ဆိုထားသည်။

အထက်ပါကဲ့သို့ တရားလိုပြ သက်**သေများနှင့် တရားခံပြသက်**သေများ ဆန့်ကျင် ထွက်ဆိုနေကြရာတွင် **အထူးရာဇဝတ်ရုံးက** တရားလို သက်သေများကို လက်ခံ၍ ဦးအေးမောင်အား **ပြစ်မှုထင်ရှား** တွေ့ရှိကြောင်း စီရင်ချက် ရေးသားခဲ့သည်။ အတည် ပြုအဖွဲ့က **စီရင်ချက်ကို သုံးသပ်ကာ** အတည်မပြုပဲ၊ ဦးအေးမောင်သည် သောင်းကျန်း သူများနှင့် **မိမိသဘောအလျောက်** အမှန်တကယ် ဆက်သွယ်ခဲ့ခြင်းရှိ မရှိ၊ ဆက်ကြေး ပေး မပေး၊ အစိုးရသို့ စပါးမရောင်းရန် လှုံ့ဆော် ဟန့်တားခဲ့ခြင်းကို အမှန်တကယ် ပြုခဲ့ မပြုခဲ့ စသည်တို့နှင့်ပတ်သက်၍ လွတ်လပ်သော သက်သေများ ထပ်မံခေါ်ယူ၍ စစ်ဆေးကြားနာသင့်သည်၊ စစ်ဆေးပြီးနောက် နှစ်ဖက် သက်သေများကို ဝေဖန် စစ်ဆေး၍ မည်သည့် သက်သေများကို မည်သည့်အတွက် လက်ခံသည်၊ မည်သည့် သက်သေများကို မည်သည့်အတွက် ငြင်းပယ်သည် စသည့်အကြောင်းအကျိုး ပြည့်စုံစွာ စီရင်ချက်သစ် ရေးသား၍ အတည်ပြုအဖွဲ့သို့ ပြန်လည်တင်ပြရမည်ဟု အမှုတွဲကို အထူးရာဇဝတ်ရုံးသို့ ပြန်လည်ပေးပို့ခဲ့သည်။

အထူးရာဇဝတ်ရုံးက သက်သေအချို့ကို ထပ်မံခေါ်ယူ **စစ်ဆေးခဲ့သည်**၊ ယင်းတို့ အနက် ဦးဘကော် (ရုံးခေါ် သက်သေ-၁) က၊ ဦးအေးမောင်သည် ဆက်ကြေးများကို သောင်းကျန်းသူတို့ထံ သွားပေး မပေး မသိပါဟု **ထွက်ဆိုသည်**။ ဦးအေးမောင်က စပါးများကို မရောင်းရန်တားမြစ်ကြောင်း ပြောသံကြားဘူးပါသည်ဟု ထွက်ဆိုသည်။

ကိုသောင်း (ရုံးခေါ် သက်သေ-၂)က၊ ဦးအေးမောင်ထံ သူပုန်ရွှေနီထံမှ စာရှ ကြောင်း ကြားဘူးပါသည်။ ရသောငွေကို သူပုန်ထံသွားပေး မပေး မသိပါဟု ထွက်ဆိုသည်။ ဦးအေးမောင်ကို ဖမ်းပြီးသည့် နောက်ပိုင်းတွင် ဆက်ကြေး မပေးရတော့ ပါဟုလည်း ထွက်ဆိုသည်။

၁၉၇၁ — ဦးအေးမောင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

[illegible] ဦးတင်မြင့် (ရုံးခေါ်သက်သေ-၃) က၊ သက်သေခံ " ခ " တိုင်စာကို တပ်ခွဲမှူးနှင့် ဘတ်ရုံကြောင်း ထွက်ဆိုသည်။ တိုင်ကြားစာနှင့်ပတ်သက်၍ မှန်သည် မမှန်သည် စစ်ဆေးရန် အချိန်မရသဖြင့် မစစ်ဆေးခဲ့ရပါဟု ထွက်ဆိုသည်။

ဦး[illegible]ရင် (ရုံးခေါ်သက်သေ-၄) က၊ သောင်းကျန်းသူအား ဆက်ကြေးပေးရန် ငွေ ၆ ကျပ် ကို၊ ကိုစံမောင်၊ ကိုထွန်းညို၊ ကိုစိန်ညွှာတို့အား ပေးလိုက်ရဘူးပါသည်ဟု ထွက်ဆိုသည်။

ဦးဝင်းထိန် (ရုံးခေါ်သက်သေ-၅) သည်၊ ကုန်သွယ်ရေး (၁)၏ အငယ်တန်း စုံမန့်နေဂျာဖြစ်သည်။ မအူပင်မြို့နယ်အနေဖြင့် ၁၉၆၄-၆၅ နှင့် ၁၉၆၅-၆၆ ခုနှစ်များတွင် ဝယ်ယူသော စပါးများစာရင်းကို နှိုင်းယှဉ်ကြည့်ပါက၊ စပါးတင်း နှစ်သိန်းခန့်လျော့၍ ဝယ်ယူရရှိကြောင်း တွေ့ရပါသည်ဟု ထွက်ဆိုသည်။

အထက်ဖော်ပြပါ အမှိက သက်သေများ၏ ထွက်ဆိုချက်တို့ကို အခြေခံ၍၊ အထူး [illegible]တ်ရုံးက ဦးအေးမောင်အပေါ် ပြစ်မှုထင်ရှားသည်ဟု ပင်ထပ်မံ တွေ့ရှိကြသည်။ [illegible]င်ဒဏ် ၁၀ နှစ်သာတ်မှတ်၍ အတည်ပြုအဖွဲ့ထံ တင်ပို့ခဲ့ရာ ပြစ်မှုထင်ရှား တွေ့ရှိခြင်း [illegible] အတည်ပြုသော်လည်း၊ ထောင်ဒဏ်ကို ၃ နှစ်သို့ လျှော့ပေါ့ အတည်ပြုခဲ့သည်။

[illegible]ထက်ထောက် နိုင်ငံတော်ရှေ့နေချုပ် ဦးလှသင်း က ရုံးခေါ် သက်သေများ၏ [illegible]ဆိုချက်တို့သည် တိကျခိုင်မာသည်ဟု မဆိုနိုင်ပါ၊ မြို့နယ်တွင် စပါးတင်း နှစ်သိန်း [illegible]လျော့နည်း၍ ဝယ်ယူနိုင်ခဲ့ခြင်းသည်၊ ဦးအေးမောင်၏ လှုံ့ဆော်ချက်ကြောင့် [illegible]သည် ဟူ၍လည်း အတိအကျ မပြောနိုင်ပါ၊ သို့ရာတွင် အထူးရာဇဝတ်ရုံးက [illegible]ဒေသ၊ အခြေအနေကို ထောက်၍ ပြစ်မှုထင်ရှား တွေ့ရှိထားခြင်းပင် ဖြစ်ဟန် [illegible]သည်ဟု တင်ပြသည်။

[illegible]ကပင် တရားလိုဘက် ထွက်ဆိုချက်များနှင့် တရားခံဘက် ထွက်ဆိုချက်များ [illegible] အလေးတူနေ ကြသဖြင့် အထူးရာဇဝတ်ရုံးက တရားလိုဘက် သက်သေထွက်ချက် [illegible]သော လက်ခံထားခြင်းကို၊ အတည်ပြုအဖွဲ့က အတည်မပြုပဲ ပိုမိုခိုင်မာ၍ လွတ်လပ် [illegible]သက်သေများ ရှာဖွေခေါ်ယူ စစ်ဆေးရန် ညွှန်ကြားခဲ့ခြင်းဖြစ်သည်။ သက်သေ [illegible]ကို ချိန်ဆ ရာတွင် အရေအတွက် ထက်အရည်အသွေးက အရေးကြီးသည်။ [illegible] အမှိကသက်သေ ၂ ယောက်သာ ပြနိုင်ပြီးလျှင်၊ တရားခံဘက်က [illegible] ၃ ယောက် ထူနိုင်သောကြောင့်၊ တရားခံဘက်ကို အလေးပေးရမည်ဟု မဟုတ်။ [illegible] ၏အမှုမှာကဲ့သို့ တရားခံပြ သက်သေများသည်လည်း ကျေးရွာ လူကြီးများ[illegible]သော၊ အတိအကျ အခိုင်အမာ ထွက်ဆိုနေကြလျှင် နှစ်ဖက်ချိန်ခွင် ညီနေသည်ကို ထင်ရှားဖြင့်ဖြည့်၍ တရားလိုဘက်ကို အလေးပိုစေပြီးလျှင် တရားခံ အား အပြစ်ပေးခြင်း မပြုသင့်ချေ။

ရုံးက ထပ်မံခေါ်ယူသော သက်သေများသည်လည်း၊ ၎င်းတို့ ကြားဘူးသမျှ ထင်မြင်ယူဆရသမျှကိုသာထွက်ဆိုနိုင်ကြသည်။ ကိုယ်တိုင်မြင်တွေ့သိရှိကြသည်မဟုတ်။ သက်သေတဦး (ရုံးခေါ်-၅)ကမူ၊ ဆက်ကြေးကို ဦးစံမောင်အား ၊ ပေးရသည်ဟုပင် ထွက်ဆိုသည်။

အယူခံကို အကျဉ်းစနစ်မှ တင်သွင်းသော ဦးအေးမောင်က၊ ဦးစံမောင်သည် ၎င်းအပေါ် အညိုးအာဃာတဖြင့် ယိုးစွပ်ခြင်းသာ ဖြစ်ပါသည်ဟုဆိုသည်။ အထူးရာဇဝတ်ရုံးရှေ့တွင်လည်း ဦးအေးမောင်က ၎င်းအပေါ် ဦးစံမောင်နှင့် ဦးထွန်းညိုတို့က အညိုးအာဃာတ ရှိပါသည်ဟု ထွက်ဆိုခဲ့သည်၊ ၎င်းအဖမ်းခံရပြီး နောက်ပိုင်းတွင် ဦးစံမောင်သည်လည်း အဖမ်းခံရပါသည်ဟု ရုံးကမေးသဖြင့် ဖြေကြားခဲ့သည်။

စပါးဝယ်ယူရေးနှင့် ပတ်သက်၍၊ အထူးရာဇဝတ်ရုံးရှေ့တွင် တရားခံဘက် သက်သေများက ၎င်းတို့၏စပါးကို အစိုးရထံ ရောင်းပါသည်၊ ရွာမှလည်း ရောင်းပါသည်ဟု ထွက်ဆိုကြသည်၊ စပါးအဝယ်ရှုနည်းခြင်း၊ ဦးအေးမောင်အား ဖမ်းဆီးပြီးသည့်နောက် ရွာမှဆက်ကြေး မပေးရတော့ခြင်း စသည်တို့သည်၊ ဦးအေးမောင်နှင့် တိုက်ရိုက်သက်ဆိုင်သော ကိစ္စများဖြစ်သည်ဟု ခိုင်မာသော အထောက်အထား မရှိချေ။ ကာလဒေသ အခြေအနေပေါ် တည်၍ ဖြစ်ပေါ်သော ကိစ္စများ ဖြစ်နိုင်သည်။ သောင်းကျန်းသူတို့ အင်အားပို၍ ရွာသူရွာသားများအဖို့ ဆက်ကြေးပေးရသော ဒုက္ခမှ လွတ်မြောက်သွားခြင်း၊ ထွန်ယက်စိုက်ပျိုးမှုကောင်းကာ စပါးဒိုင်သို့ ပို၍ ရောင်းရခြင်း၊ အန္တရာယ်ကင်းခြင်း စသော ကျယ်ဝန်းသည့် အကြောင်းအကျိုးများ ဖြစ်နိုင်သည်။

နယ်အခြေအနေ မငြိမ်ဆိမ်သည့်အခိုက်၊ အချင်းချင်း မသင့်မြတ်ကြ၍ တဦးအပေါ် တဦး တိုင်ကြားကြရာမှ မှုခင်းဖြစ်ပွါးခဲ့ရသည်ဟု ကျွန်ုပ်တို့ ယူဆသည်။ ယင်းကဲ့သို့ အချင်းချင်း မသင့်မမြတ်ဖြစ်ခြင်းကြောင့် တိုင်ကြားခြင်းမျိုးတွင် နိုင်ငံတော်၏ ရာဇဝတ်တရားစီရင်ရေး အာဏာကိုသုံး၍ ပါဝင် စွက်ဖက်ခြင်းဖြင့် တရားရုံး၏ ဂုဏ်သိက္ခာကျဆင်းနိုင်သည်။ အစိုးရနှင့်တရားရုံးအပေါ် ပြည်သူတို့ လေးစားယုံကြည်မှု နည်းပါးစေနိုင်သည်။ ဤအချက်ကို ကောင်းစွာ သတိချပ်သင့်သည်။

အယူခံ တရားလိုအပေါ် ပြစ်မှုထင်ရှား စီရင်ထားခြင်းသည် ပြည့်စုံခိုင်မာသော အထောက်အထားများ ပေါ်တွင် အခြေခံသည်ဟု မယူဆနိုင်သောကြောင့် ၎င်းအပေါ် ပြစ်မှုထင်ရှား စီရင်ထားခြင်း၊ ပြစ်ဒဏ်သတ်မှတ် ထားခြင်းတို့ကို ဤအမှုနှင့် ပတ်သက်သမျှ ပယ်ဖျက်၍ ၎င်းအား တရားသေလွှတ်လိုက်သည်။

စီရင်ထုံးပြုသောမှုခင်းများ

LIST OF CASES REPORTED

နိုင်ငံတော်တရားရုံးချုပ်

CHIEF COURT OF BURMA

ရာဇဝတ်မှုများ

CRIMINAL CASES

	စာမျက်နှာ
ကျော်စိန်၊ဦး၊ နှင့် ဦးစိန်	၁
ချစ်၊ မောင်၊ပါ ၃ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ (ဦးသိန်းမောင်)	၅
ဥာဏ်ထွန်း၊ မောင်၊ နှင့် မအေးရင်ဖြူ	၉
ဘိုက်ကြီး၊ မောင်၊ (ခေါ်) သန်းစိန် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ	၁၃
အေးတင်၊ ဒေါ်၊ နှင့် မိတ္ထီလာခရိုင်ဒေသ ပြည်သူ့တရားရုံး အသူခံအဖွဲ့ ပါ ၂	၁၇

ကိုးကားသောမှုခင်းများ

LIST OF CASES CITED

နိုင်ငံတော်တရားရုံးချုပ်

CHIEF COURT OF BURMA

ရာဇဝတ်မှုများ

CRIMINAL CASES

	စာမျက်နှာ
Chit Tun, Maung *v.* Ma Pwa Sein, 35 Criminal Law Journal, 1934 (Rangoon), 813	၁၁
ဦးဝါး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ၊ ၁၉၅၂၊ မြန်မာနိုင်ငံ စီရင်ထုံး ၉၁ (တရားလွှတ်တော်)	၁၆
အစိုးရ နှင့် မောင်ဘသုန်၊ အတွဲ ၉၊ ရန်ကုန်၊ စာ ၂၃၉ (၂၆၂)	၇

ညွှန်းချက်

INDEX

နိုင်ငံတော်တရားရုံးချုပ်

CHIEF COURT OF BURMA

ရာဇဝတ်မှုများ

CRIMINAL CASES

စာမျက်နှာ

၁

[illegible]ထိဉပဒေများ

ဆိုရှယ်လစ်စီးပွါးရေးစနစ်တည်ဆောက်မှုအတွက်လုပ်ပိုင်ခွင့်များအပ်နှင်းသည့် ဥပဒေ။

ရာဇဝတ်ကျင့်ထုံး။

ရာဇသတ်ကြီး။

ဝါဏိဇ္ဇပဋိပက္ခအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ။

သီးစားချထားရေးအက်ဥပဒေ။

အထူးရာဇဝတ်ရုံးဥပဒေ။

[illegible]ကွယ်ခုခံပိုင်ခွင့်—ရာဇသတ်ကြီး ပုဒ်မ ၂၉၉ (၂) အရ မည်သည့်အခါ လူသတ်မှု [illegible]မြောက်ခြင်း။ ။ဤအမှုတွင်အယူခံတရားလိုနှင့်ဦးမောင်ကျော့တို့သည်စကားများ [illegible]ကြပြီး ထွေးလုံးသတ်ပုတ်နေကြစဉ်၊ မအုန်းရွှေက တံမြက်စီးနှင့် အယူခံ [illegible]လိုအား၊ ဝင်ရိုက်သောကြောင့် အယူခံတရားလိုသည် မအုန်းရွှေကို စပါး [illegible]သော ဆန်တုတ်နှင့်ပြန်၍ရိုက်ရာ၊ မအုန်းရွှေ၏ ဦးခေါင်းတွင် ဒဏ်ရာရပြီး၊ [illegible]ဒဏ်ရာဖြင့် သေဆုံးသွားသည်။ ။ဆုံးဖြတ်ချက်။ ။နှစ်ဦးနှစ်ဖက်ခိုက်ရန် [illegible]နေသောအချိန်တွင်၊ ထိုသို့ခိုက်ရန်ဖြစ်ပွါးကြသူများသည် ကာကွယ်ခုခံ [illegible]ကို မည်သူမျှ အကာအကွယ် မယူနိုင်ပေ၊ သို့ဖြစ်ရာ ကာကွယ်ခုခံပိုင်ခွင့် [illegible] ဆန်တုတ်ဖြင့် မအုန်းရွှေအား ပြန်လည်ရိုက်ခဲ့ခြင်းဖြစ်၍ ပြစ်မှု မမြောက်ပါ [illegible] အယူခံတရားလို၏ ထုချေချက်ကို လက်ခံခြင်း မပြုနိုင်ပေ။ ။ထပ်မံ [illegible]ချက်။ ။ရာဇသတ်ကြီး ပုဒ်မ ၂၉၉ (၂) အရ၊ သေစေရန် အကြံနှင့် [illegible] ခြင်းထက်သော သဘောအရ အမှန်အားဖြင့် သေစေလောက်သော [illegible]ကျင့်မှုကို ဖြစ်စေရန် အကြံဖြင့်ဖြစ်စေ ပြုလုပ်မှုတခုခုကိုပြု၍ လူကို [illegible] လူသတ်မှုမြောက်သည်။ တရားခံတဦးသည် လူတဦးအား မုချ

စာမျက်နှာ

သေစေမည့် နာကျင်မှုကို ပြုလုပ်ပါက ၎င်းအနေဖြင့် သေစေရန် အကြံဖြင့် ပြုသည်ဟု ယူဆနိုင်မည် ဖြစ်သည်။ တရားခံပြု၍ရသော နာကျင်မှုသည် ဖြစ်တတ်သော သဘောအရ၊ အမှန်အားဖြင့် သေစေလောက်သည့် အပြင်၊ ထို ဒဏ်ရာကြောင့်ပင် အပြုခံရသူ သေဆုံးခဲ့ရခြင်း ဖြစ်ပါမူ ဖြစ်တတ်သော သဘော အရ၊ အမှန်အားဖြင့် သေစေလောက်သော ကိုယ်အင်္ဂါနာကျင်မှုကို ဖြစ်စေရန် အကြံဖြင့်ပြုသည်ဟု ဆိုရမည်ဖြစ်သည်။ ရာဇသတ်ကြီး ပုဒ်မ ၃၀၂ နှင့် ၃၀၄ တို့ကို ၁၉၄၇ ခုနှစ်တွင် ပြင်ဆင်ခဲ့ရာ၊ ထိုပြင်ဆင်ချက်အရ ဆိုပါက၊ သေသူ၌ ရရှိသောဒဏ်ရာသည် ဖြစ်တတ်သော သဘောအရ အမှန်အားဖြင့် သေစေ လောက်သည့်နာကျင်မှုဖြစ်ပြီး၊ ထိုဒဏ်ရာကြောင့်ပင် သေဆုံးရပါမူ လူသတ်မှု မြောက်သည်ဟု ယူဆရမည်ဖြစ်သည်။ ဒူးဝါး နှင့် ပြည်ထောင်စု၊ ၁၉၅၂ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ ၉၁ (တရားလွှတ်တော်) ကို ရည်ညွှန်းသည်။

မောင်ဘိုက်ကြီး (ခေါ်) သန်းစိန် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၃

ဆိုရှယ်လစ်စီးပွါးရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ **အပ်နှင်းသည့်** ဥပဒေ —ယင်း ဥပဒေကိုကျော်၍ အယူခံဝင်ခြင်း၊ စာချွန်**လျှောက်ထားခြင်း၊** ပြင်ဆင်မှုလျှောက်ထားခြင်း စသည်တို့ပြုနိုင် မပြုနိုင်—၎င်း**ဥပဒေ အရ** ဖွဲ့စည်း သောဒေသပြည်သူ့ တရားရုံးနှင့် အယူခံရုံးများသည် **တရားရုံးချုပ်၏** ကြီးကြပ် ကွပ်ကဲခြင်း၏ အပြင်အပတွင် ကျရောက်ခြင်းရှိ မရှိ—**တရားရုံးချုပ်၏** စီရင်ပိုင်ခွင့် **အာဏာ။** ။**ဆုံးဖြတ်ချက်။** ။၁၉၆၅ ခုနှစ်၊ **ဆိုရှယ်လစ်စီးပွါးရေးစနစ်** တည် ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် **ဥပဒေသည်** ဖြစ်မှုများကိုသာ ပြဋ္ဌာန်း သည်မက၊ ယင်းဖြစ်မှုများကို **စစ်ဆေးရန်** ပြည်သူ့ တရားရုံးများကို အစိုးရကမည်သို့မည်ပုံ ဖွဲ့စည်းပေးရမည်**ဟုသတ်မှတ်ထား**ပြီး ဖြစ်သည်။ ဖြစ်မှုနှင့်ရုံး တပါတည်းတပ်ဆင်ထားသော **ဥပဒေဖြစ်သည်။** ထိုဥပဒေကိုကျော်၍ အယူခံ ဝင်ခြင်း၊ စာချွန်လျှောက်ထား**ခြင်း၊** ပြင်ဆင်မှု လျှောက်ထားခြင်း စသည်ကို မပြုနိုင်ပေ။ ။**ထပ်မံဆုံးဖြတ်ချက်။** ။၁၉၆၄ ခုနှစ်၊ ဝါဏိဇ္ဇပဋိပက္ခ အက် ဥပဒေကိုပြင်ဆင်သည့် ဥပဒေ၊ **၁၉၆၂** ခုနှစ်၊ အထူးရာဇဝတ်ရုံး ဥပဒေ၊ ၁၉၆၃ ခုနှစ်၊ သီးစားချထားရေး ဥပဒေစသည့် အထူးဥပဒေ သာဓကတို့ကို ထောက် ရှုလျှင် ၁၉၆၅ ခုနှစ်၊ **ဆိုရှယ်လစ် စီးပွါးရေးစနစ် တည်ဆောက်မှု အတွက်** လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေအရ၊ **ဖွဲ့စည်းသော ဒေသပြည်သူ့ တရား** ရုံးနှင့် အယူခံရုံးများသည်၊ တရားရုံးချုပ်**၏ ကြီးကြပ်ကွပ်ကဲခြင်း၏ အပြင်**အပ တွင် ကျရောက်သော ပြည်သူ့ တရား**ရုံးများ ဖြစ်ကြသည်မှာ ထင်ရှားသည်။** ။ **ထပ်မံဆုံးဖြတ်ချက်။** ။ဤရုံး၏ စီရင်ပိုင်ခွင့် **အာဏာကို တရားဥပဒေက**ပြဋ္ဌာန်း သတ်မှတ်သည်။ ဤရုံးသို့ ဥပဒေဖြင့် အထင်အရှား **အပ်နှင်းသော** အာဏာကိုသာ ဤရုံးက ကိုင်တွယ်သုံးစွဲနိုင်သည်။ ပေးအပ်သော **စီရင်ပိုင်ခွင့်နှင့်** တာဝန်တို့ကို ကျေပွန်ပိုင်နိုင်စွာ ထမ်းဆောင်ရန် အရေးကြီး**သည်။ အလားတူပင်** ဥပဒေဖြင့် အတိအလင်း အပ်နှင်းခြင်းမရှိသော စီရင်ပိုင်ခွင့်တာဝန်တို့ကို ချဲ့ထွင်ကောက်ယူ ခြင်းမပြုမိရန်အရေးကြီးသည်။

ဒေါ်အေးတင် နှင့် မိတ္ထီလာခရိုင်ဒေသပြည်သူ့တရားရုံး အယူခံအဖွဲ့ ပါ ၂ ၁၇

စာမျက်နှာ

[illegible]စီးပွါးရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့်ဥပဒေအရ၊ စစ်ဆေးသော ပြည်သူ့တရားရုံးများသည် နိုင်ငံတော် တရားရုံးချုပ်၏ ကြီးကြပ် ကွတ်ကဲမှုအောက်တွင် ရှိ-မရှိ ၁၇

တရားရှင်လွှတ်သည့်အမိန့်ကို ပယ်ဖျက်ပြီး တရားခံအား ဆက်လက်စုံစမ်းစစ်ဆေးရန် ညွှန်ကြားသည့်အမိန့်၌ မည်သို့စစ်ဆေး၍၊ မည်သည့်ပုဒ်မအရ စွဲချက်တင်ရမည်ဟု ညွှန်ကြားနိုင်-မနိုင်—ဆက်လက်စစ်ဆေးသည့် တရားသူကြီး၌ လွတ်လပ်စွာစစ်ဆေးပိုင်ခွင့် ရှိ-မရှိ။ ။ဆုံးဖြတ်ချက်။ ။ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၃၆ အရ၊ တရားရှင်လွှတ်သည့်အမိန့်ကို ပယ်ဖျက်ပြီး တရားခံအား ဆက်လက်စုံစမ်း စစ်ဆေးရန် ညွှန်ကြားသည့်အမိန့်၌ မည်သို့မည်ပုံစစ်ဆေးရမည်၊ မည်သည့်ပုဒ်မအရ စွဲချက်တင်ရမည်ဟု ညွှန်ကြားခြင်းမပြုနိုင်။ ။**ထပ်မံဆုံးဖြတ်ချက်**။ ။ဆက်လက်စစ်ဆေးသည့် ရာဇဝတ်တရားသူကြီးသည်၊ ဥပဒေနှင့်အညီ လွတ်လပ်စွာ စစ်ဆေးစီရင်ပိုင်ခွင့်ရှိသည်။ ဥပမာ ၎င်းအနေဖြင့် စစ်ဆေးပြီးသည့် သက်သေကိုဖြစ်စေ၊ မစစ်ဆေးရသေးသည့် သက်သေကိုဖြစ်စေ ခေါ်ယူစစ်ဆေးနိုင်သည်။ တရားခံအပေါ် စွဲချက် တင်လိုကတင်နိုင်သည်၊ မည်သည့်ပုဒ်မဖြင့် စွဲချက်တင်ရမည်ဟု မိမိဘာသာ ဆုံးဖြတ်နိုင်သည်။ အစိုးရ နှင့် **မောင်ဘသုန်**၊ အတွဲ ၉၊ ရန်ကုန်၊ စာ ၂၃၉(၂၆၂) ကိုညွှန်းသည်။

၁။ မောင်ချစ်၊
၂။ မောင်ဟာရှင် } နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (ဦးသိန်းမောင်) ၅
၃။ မောင်ရိစ္စတ်၊

[illegible]ယားစရိတ် ရလိုမှုလျှောက်ထားခြင်း—ယောကျ်ားဖြစ်သူလည်း ဇနီးအား ပြန်ခေါ်ယူပေါင်းသင်းခွင့် ရရှိထားခြင်း—မယားအား ပြန်ခေါ်ပေါင်းသင်းခွင့်နှင့် တသီးတခြားစီနေစဉ် ကာလအတွက် မယားအား ထောက်ပံ့ရန် တာဝန်တို့သည် ဆန့်ကျင်ခြင်း ရှိ-မရှိ။ ။ဆုံးဖြတ်ချက်။ ။ယောကျ်ားဖြစ်သူက ဇနီးအား ပြန်ခေါ်ပေါင်းသင်းခွင့် တရားမရုံးတွင် တောင်းခံရရှိထား၏။ ထိုအမိန့်သည် တည်နေ၏။ ဇနီးဖြစ်သူကလည်း ယောကျ်ားနှင့်ခွဲ၍ တသီးတခြား နေရစဉ်အတွင်း မယား[illegible]ကို ရာဇဝတ်ရုံးတွင် တောင်းခံရရှိထား၏။ ခွဲခွါနေသည့်ကာလအတွက် ရုံးက [illegible]ခဲ့သော မယားစရိတ်ကိုပေးရန် လင်ယောကျ်ားတွင် တာဝန်ရှိ၏။ မယား[illegible] ပြန်ခေါ်ပေါင်းသင်းခွင့်နှင့် တသီးတခြားနေကြစဉ် ကာလအတွက် မယား[illegible] ထောက်ပံ့ရန် တာဝန်တို့သည် ဆန့်ကျင်သည်မဆိုနိုင်။ တာဝန်နှင့်ရပိုင်ခွင့်[illegible]ရှိသည်။ *Maung Chit Tun* v. *Ma Pwa Sein*, 35 Cr. Law [illegible] 1934 (Rangoon) 813 ကိုရည်ညွှန်းသည်။

[illegible]ထွန်း နှင့် မအေးရင်ဖြူ ၉

[illegible]—ရာဇသတ် ပုဒ်မ ၂၂၈ နှင့် ပုဒ်မ ၅၀၄ တို့သည် သီးခြားမှုဖြစ် [illegible] လျှောက်ထားသူ(ရှေ့နေ) က လျှောက်ထားခံရသူ(ရှေ့နေ) အား၊ [illegible]ကြီးရုံးတွင် လျှောက်လွှဲချက်ကြားနာနေစဉ် '' ခင်ဗျား ဘာလူပါး သေသဲ '' [illegible] တရားသူကြီးကလျှောက်ထားသူအပေါ် ရာဇသတ်ပုဒ်မ ၂၂၈

စာမျက်နှာ

အရ၊ တရားစစ်ဆေးနေစဉ် စော်ကားနှောင့်ယှက်ခြင်း ပြုသည်ဆိုကာ တရားစွဲဆိုခဲ့သည်။ လျှောက်ထားခံရသူကလည်း လျှောက်ထားသူက ၎င်းအား တမင် မခန့်မငြား စော်ကားခြင်းဖြင့် ရန်ရှာသည်ဆိုကာ ရာဇသတ်ပုဒ်မ ၅၀၄ အရ တရားစွဲဆိုခဲ့သည်။ ။ဆုံးဖြတ်ချက်။ ။သီးခြားမှုပြစ်များဆိုသည်မှာ တချိန်တနေရာတည်းမှာပင်ဖြစ်စေ၊ ရာဇသတ်ကြီး၏ သီးခြားပုဒ်မ **အတွင်း ကျရောက်သော** မှုပြစ်များကို ကွဲပြားခြားနားသော ပုဂ္ဂိုလ်များအား ကျူးလွန်လျှင် သီးခြားမှုပြစ်ဖြစ်သည်။ (Offences **falling under different** section of the Penal Code committed **against different** persons even though on the same occasion **are distinct offences**) **ထပ်မံဆုံးဖြတ်ချက်**။ ။ရာဇသတ်ပုဒ်မ ၂၂၈ အရ၊ **ပြည်သူ့ဝန်ထမ်းတဦးသည်** တရားစစ်ဆေးကြားနာနေစဉ် တမင်စော်ကားခြင်း သို့မဟုတ် အနှောင့်အယှက် ဖြတ်ဝင်ခြင်း ပြုလုပ်သည်ကို ခံရမည်ဖြစ်သည်။ ပုဒ်မ ၅၀၄ အရဆိုသော်၊ ပြည်သူ့ ဝန်ထမ်းတဦးဖြစ်ရန်မလိုပေ။ တယောက်သောသူက တမင်မခန့်မငြား **စော်ကား ခြင်း၊** ဒေါသထွက်အောင် ရန်ရှာခြင်းကြောင့် ငြိမ်ဝပ်ရေးကို ထိခိုက်ခြင်း၊ **သို့မဟုတ်** အခြားမှုပြစ်တခုကို ကျူးလွန်စေတတ်ခြင်း လက္ခဏာရှိသည်ကို **သိလျက်နှင့်ရန်ရှာ**ခြင်း ပြုလုပ်ရပေမည်။ ပုဒ်မ တခုနှင့်တခု အလွန်ကွာခြားသည်။ **နစ်နာသူမှာလည်း** မတူသဖြင့်၊ တရားလိုမှာ ဤမှုပြစ်နှစ်ခုအတွက် တဦးတည်းမ**ဖြစ်နိုင်ပေ။ တရားလို** (နစ်နာသူ) သီးခြားနှစ်ဦးဖြစ်ရမည်၊ တင်ပြရန်အမှု၏ **အကြောင်းအရာများမှာ**လည်း မတူပေ။ ပြည်သူ့ဝန်ထမ်း (တရားသူကြီး)နှင့် ရွှေနေ(**လျှောက်ထားခံရသူ**) တို့အပေါ် ကျူးလွန်သောမှုပြစ်ကို တရားခံအပေါ် **ရာဇသတ်ပုဒ်မတခုတည်း**နှင့်ပင် စွဲချက်တင်၍ မရနိုင်ပေ။

ဦးကျော်စိန် နှင့် ဦးစိန် ၁

စီရင်ထုံးပြုသောမှုခင်းများ

LIST OF CASES REPORTED

နိုင်ငံတော်တရားရုံးချုပ်

CHIEF COURT OF BURMA

တရားမမှုများ

CIVIL CASES

	စာမျက်နှာ
ကျော်ညိမ်း၊ ဦး၊ နှင့် ဒေါ်အုံးမြိုင်ပါ ၂	၁
စိန်၊ ဒေါ်၊ နှင့် ဆူလူချန်(ခ) နီလာအန်နီ	၄
ပြေ၊ ဦး၊ နှင့် ဦးဘအေးပါ ၂	၆
ဘညွန့်၊ ဦး၊ ပါ၂ နှင့် ဦးစိန်ကြည်ပါ-ဂ	၁၁
မိုဟာမက်ဟာနစ်ခန် နှင့် မိုင်ရှန်နစဆာ	၁၈
မြရွှေ၊ ဦး၊ နှင့် ဗွီ၊အီး၊အာ(ရ်)၊အမ်၊အေ၊အာ(ရ်)၊ ချစ်တီးယားဖမ်း	၂၂
သက်ပြင်း၊ ဦး (သေသူ) ၎င်း၏တရားဝင် ကိုယ်စားလှယ်များ ဖြစ်သော— (၁) ဒေါ်မမကြီး (၂) ဒေါ်မမလေး (၃) ဒေါ်ပုလေး (၄) ဦးအောင်ကြည် နှင့် ဒေါ်တုပ်တုပ်(ခေါ်)ဒေါ်ခင်တုပ်	၂၆
အေးမိ၊ ဒေါ်၊ နှင့် လက်ထောက်ငှါးရမ်းခကြီးကြပ်ရေးဝန်၊ ရန်ကုန်မြို့ ။	၃၁

ကိုးကားသောအမှုခင်းများ

LIST OF CASES CITED

နိုင်ငံတော်တရားရုံးချုပ်

CHIEF COURT OF BURMA

တရားမမှုများ

CIVIL CASES

စာမျက်နှာ

Ram Krishna Sina and others v. *Petitioners*, 42, C. W. N. 246 (250) ၂

ချစ်တီးယား၊ အမ်၊ အေ၊ အာ(ရ်)၊ အာ(ရ်)၊ အမ်၊ အာ(ရ်) နှင့် ဗေဒီယာ ရာမန်ချောက်ဒရီ၊ အတွဲ ၉၊ ဘားမားလောတိုင်း(စ်)၊ ၁၆၆ .... ၂၅

တန်စိန်ကြူ နှင့် ချန်ချိန်လျန်၊ ၁၉၄၇၊ ရန်ကုန်စီရင်ထုံး၊ ၁၀၇ .... ၂၀

ဒါဝတ်ဟာရှင်အီစွပ် နှင့် တင်ရှိန်၊ ရန်ကုန်စီရင်ထုံး၊ အတွဲ ၁၁၊ စာ ၄၇၀ .... ၉

ဖေစိန်၊ မောင်၊ နှင့် မသင်းမြ၊ အတွဲ ၇၊ ရန်ကုန်၊ စာ ၃၇ .... ၂၀

လက်မန်နန်ချစ်တီးယားဖမ်း၊ အယ် (လ်)၊ အင် (န်) နှင့် ဗို၊ အမ်၊ ဖမ်း ၁၉၅၂၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၂၂၅ (တရားလွှတ်တော်) ၂၄

မောင်မောင်၊ ဦး၊ နှင့် မအေးသူ၊ ၁၉၅၂၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၄၁၆ (တရားလွှတ်တော်) ၂၀

အနာမလဲယားချစ်တီး နှင့် ဒေါ်ကျင်စိန်၊ ၁၉၅၃ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ (တရားလွှတ်တော်ချုပ်)၊ စာ ၉၅ .... ၂၉

ညွှန်းချက်

INDEX

နိုင်ငံတော်တရားရုံးချုပ်

CHIEF COURT OF BURMA

တရားမမှုများ

CIVIL CASES

စာမျက်နှာ

အက်ဥပဒေများ

တရားမကျင့်ထုံး။

မြို့ပြဆိုင်ရာငှါးရမ်းခကြီးကြပ်ရေးအက်ဥပဒေ။

သက်သေခံအက်ဥပဒေ။

အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများဥပဒေ။

ကိုယ်စားလှယ်တဦး၏ အပ်နှင်းထားသော အာဏာကိုကျော်လွန်၍ ပြုလုပ်ဆောင်ရွက်မှုအတွက် အကြီးအကဲတွင် တာဝန်ရှိ-မရှိ—ပစ္စည်းကိုပေါင်နှံ၍ ငွေချေးခြင်းသည်၊ အောဒ်ဒီမန်စာချုပ် ချုပ်၍ ငွေချေးခြင်းနှင့်တူမတူ။ ။**ဆုံးဖြတ်ချက်**။ ။ကိုယ်စားလှယ်တဦး၏ ပြုလုပ်ဆောင်ရွက်မှုသည်၊ ၎င်းအား ကိုယ်စားလှယ်စာဖြင့်လွှဲအပ်ထားသည့် အာဏာဘောင်အတွင်း ကျရောက်ပါမူ၊ ထိုပြုလုပ်ဆောင်ရွက်မှုအတွက် အကြီးအကဲ၌ တာဝန်ရှိရမည်ဖြစ်သည်။ ကိုယ်စားလှယ်စာတွင် အပ်နှင်းထားသောအာဏာကို ကျော်လွန်၍ ပြုသည့် ပြုလုပ်ဆောင်ရွက်မှုအတွက် အကြီးအကဲ၌ တစုံတရာ တာဝန်ရှိမည်မဟုတ်ပေ။ **အယ်လ်၊ အင်န်၊ လက်မန်နန်ချစ်တီးယားဖမ်း နှင့် ဗွီ၊ အမ်၊ ဖမ်း၊** ၁၉၅၂၊ မြန်မာပြည်စီရင်ထုံး၊ ၂၂၅ (တရားလွှတ်တော်) ကို ရည်ညွှန်းသည်။ ။**ထပ်မံဆုံးဖြတ်ချက်**။ ။ပစ္စည်းကို ပေါင်နှံ၍ ငွေချေးခြင်းသည် သာမန်အောဒ်ဒီမန်စာချုပ် ချုပ်ဆို၍ ငွေချေးခြင်းနှင့် တူညီခြင်းမရှိသည်ကို သတိချပ်ရမည်ဖြစ်သည်။ ပစ္စည်းကိုပေါင်နှံ၍ ငွေချေးလျှင် မြီရှင်သည် ပစ္စည်းအပေါ်၌သာ အရေးယူနိုင်မည်ဖြစ်သည်။ ငွေချေးသူအား ပုဂ္ဂိုလ်အရ ဒီကရီ တောင်းဆိုနိုင်မည်မဟုတ်။ အောဒ်ဒီမန်စာချုပ် ချုပ်ဆို၍ ငွေချေးလျှင် ငွေချေးသူအပေါ် ပုဂ္ဂိုလ်အရ တာဝန်ထားရှိနိုင်မည်ဖြစ်သည်။ သို့ဖြစ်ရာ ပစ္စည်းကိုအပေါင်ထား၍ ငွေချေးယူခွင့်ပြုခြင်း၌ သာမန်အောဒ်ဒီမန်စာချုပ် ချုပ်ဆိုပြီး ငွေချေးယူနိုင်ခွင့်အာဏာ ပါဝင်သည်ဟု မယူဆနိုင်။**အမ်၊အေ၊အာ(ရ်)၊အာ(ရ်)၊ အမ်၊အာ(ရ်)၊ချစ်တီးယားနှင့် ဗေဒီယာရာမန်ချောက်ဒရီ၊** အတွဲ ၉၊ ဘားမား လောတိုင်း(မ်)၊ ၁၆၆ ကိုရည်ညွှန်းသည်။

ဦးမြရွှေ နှင့် ဗွီ၊အီး၊အာ(ရ်)၊အမ်၊အေ၊အာ(ရ်)၊ချစ်တီးယားဖမ်း ၂၂

ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေအရ ပြုပြင်ပေးရန် အိမ်တန်ဘိုးထက် ၄၀ ရာခိုင်နှုန်းထက်မပိုရဟု သတ်မှတ်ချက်ရှိ မရှိ—"ပြုပြင်မှု" (Repair) နှင့် ပြန်လည်ဆောက်လုပ်မှု (Reconstruction) တို့၏ အဓိပ္ပါယ်ခြားနားချက်—ရာခိုင်နှုန်း ၄၀ ပြင်ဆင်သော အဆောက်အဦသည် မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ နှင့် သက်ဆိုင်မသက်ဆိုင်။ ။လျှောက်ထားသူ အိမ်ငှါးက၊ လျှောက်ထားခံရသူ အိမ်ရှင်အပေါ် အိမ်မှာ ပျက်စီးယိုယွင်းနေ၍ ပြင်ဆင်ပေးရန် ငှါးရမ်းခ ကြီးကြပ်ရေးဝန်ထံ လျှောက်ထားခဲ့သည်။ **။ဆုံးဖြတ်ချက်။** ။ ပြုပြင်ပေးရန် အိမ်တန်ဘိုးထက် ၄၀ ရာခိုင်နှုန်းထက်မပိုစေရဟု ဥပဒေကမဆို၊ အိမ်သည် ငွေ ၂၀၀ သာတန်ဘိုးရှိပါသည်ဟုလည်း အထောက်အထားမတွေ့ရ၊ အကျုံးဝင်သည့်ဥပဒေမှာ ၁၉၆၀ ခုနှစ်၊ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၁ ဖြစ်သည်။ ဤပုဒ်မ၏ ပုဒ်မငယ် (၁) အရ၊ အဆောက်အဦတွင် လက်ရှိနေထိုင်သူ အိမ်ငှါး၏ လျှောက်ထားချက်အရ အိမ်ရှင်အပေါ် လူနေထိုင်နိုင်မည့် အခြေအနေတွင် ထားရှိရန် မိမိထင်မြင်သဘောရရှိသော ပြင်ဆင်မှုတရပ်ရပ်ကို ပြုလုပ်စေရန် လက်ထောက် ငှါးရမ်းခ ကြီးကြပ်ရေးဝန်က အမိန့်ချမှတ်ပေးနိုင်သည်။ အိမ်၏တန်ဘိုးအပေါ် ရာခိုင်နှုန်း သတ်မှတ်၍ ပြုပြင်စရိတ်ကို မပိုစေရဟု အမိန့်ချမှတ်ရန် မလိုပေ။ အိမ်တန်ဘိုးသည် ပဓါနမဟုတ်။ **။ထပ်မံဆုံးဖြတ်ချက်။** ။ "ပြုပြင်မှု" ဆိုသည်ကို ထိုပုဒ်မ၏ ရှင်းလင်းချက်တွင် အဓိပ္ပါယ်ဖေါ်ပြထားသည်။ "ပြုပြင်မှု" (Repair) နှင့် "ပြန်လည်ပြုပြင်မှု၊ သို့မဟုတ် ဆောက်လုပ်မှု" (Reconstruction) တို့မှာ ခြားနားသည်။ **။ထပ်မံဆုံးဖြတ်ချက်။** ။ရာခိုင်နှုန်း ၄၀ ပြင်ဆင်သော အဆောက်အဦသည်မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေနှင့် မသက်ဆိုင်စေရဟု ကြေငြာကို ၁၉၆၆ ခု၊ စက်တင်ဘာလ ၈ ရက်နေ့ကပင် ရုပ်သိမ်းထားခဲ့ပြီးဖြစ်၍၊ လက်ထောက် ငှါးရမ်းခ ကြီးကြပ်ရေးဝန်သည် မိမိမှာ စီရင်ပိုင်ခွင့် အာဏာရှိလျက်နှင့် ထိုအာဏာကို မှားယွင်း၍ မသုံးခြင်းသာဖြစ်သည်။

ဒေါ်အေးမိ နှင့် လက်ထောက် ငှါးရမ်းခကြီးကြပ်ရေးဝန် ရန်ကုန်မြို့ ပါ ၂ ... ၃၁

ဇာရီမှုကိုဆိုင်းငံ့ခြင်း—အယူခံဝင်ရန် အခွင့်ထူး တောင်းနေစဉ်၊ ဇာရီမှုကိုဆိုင်းငံ့ထားလေ့ရှိ မရှိ—အယူခံဝင်ရုံနှင့်ပင် ဇာရီမှုသည် အလိုအလျောက် ဆိုင်းငံ့ခြင်းရှိ မရှိ—ဆိုင်းငံ့ခြင်းမှာ ရုံး၏ ဆင်ခြင်တုံတရားအရ ပြုလုပ်ရမည်ဖြစ်ခြင်း။ ။ ဤအမှုတွင် လျှောက်ထားသူက အယူခံဝင်ရန် အခွင့်ထူးတောင်းနေစဉ်၊ ဇာရီမှုကိုရုံးကဆိုင်းငံ့ပေးရန်ပါ လျှောက်ထားခြင်း ဖြစ်သည်။ **။ဆုံးဖြတ်ချက်။** ။ အယူခံဝင်ရန် အခွင့်ထူးတောင်းနေစဉ် ဇာရီမှုကို သာမန်အားဖြင့် ဤရုံးက ဆိုင်းငံ့ထားလေ့ မရှိချေ။ **။ထပ်မံဆုံးဖြတ်ချက်။** ။တရားမကျင့်ထုံးအမိန့် ၄၁၊ နည်း ၇ အရလည်း၊ အယူခံဝင်ရုံနှင့်ပင် ဇာရီမှုသည် အလိုအလျောက် ဆိုင်းငံ့ခြင်း မရှိ။ အယူခံရုံး၏ ဆင်ခြင်တုံတရားအရ၊ ပြုလုပ်ရမည်သာဖြစ်သည်။

ဒေါ်စိန် နှင့် ဆူလူချန် (ခ) နီလာအန်နီ ၄

တရားမကျင့်ထုံး ပုဒ်မ ၁၄၄ ၏ အခြေခံမှု—ရင်းပုဒ်မပါပြဋ္ဌာန်းချက်များသည် အမှုသည်တဦးမဟုတ်သည့် လေလံဆွဲဝယ်ယူခဲ့သော တတိယသူ တဦးအပေါ်၌

အကျိုးသက်ရောက်နိုင်ခြင်း ရှိမရှိ။ ။**ဆုံးဖြတ်ချက်။** ။တရားမ ကျင့်ထုံး ပုဒ်မ ၁၄၄ ၏ အခြေခံမူမှာ၊ ဒီကရီကိုမှားယွင်းသောကြောင့် ပယ်ဖျက်လိုက်ရသည်ရှိသော် ထိုဒီကရီကြောင့် အကျိုးကျေးဇူးခံစားခွင့် ရသူအား တဘက်အမှုသည်၏ ဆုံးရှုံးမှုကို လျော်ကြေးပေးရန် တာဝန်ချထားခြင်းမျှသာဖြစ်သည်။ **ဒါဝတ်ဟာ ရှင်အိစ္စပ် နှင့် တင်ရှိန်၊** ရန်ကုန်စီရင်ထုံးများ၊ အတွဲ (၁၁)၊ စာ ၄၇၀ ကိုရည်ညွှန်းသည်။ ။**ထပ်မံဆုံးဖြတ်ချက်။** ။ယခုအမှုတွင် လေလံဆွဲ ဆွဲဝယ်သူမှာ မှားယွင်းစွာ ချမှတ်ထားသည့် ဒီကရီကြောင့် အကျိုးခံစားခွင့်ရရှိခဲ့သူဟုမဆိုသာချေ။ ရုံးမှပြုလုပ်ခဲ့သည့် လေလံတွင် ပစ္စည်းကိုတန်ရာ တန်ဘိုးပေး၍ သဘောရိုးဖြင့် လေလံဆွဲဝယ်ခဲ့သူမျှသာဖြစ်သည်။ သို့ဖြစ်လေရာလေလံဆွဲဝယ်သူသည် တရားနိုင်ဖြစ်နေလျှင်သော်လည်းကောင်း၊ တရားနိုင်နှင့် နားလည်မှုယူကာ မရိုးမဖြောင့်သော သဘောဖြင့် လေလံဆွဲခဲ့ဝယ်သူ ဖြစ်နေလျှင်သော်လည်းကောင်း ပုဒ်မ ၁၄၄ အရ၊ မိမိရရှိခဲ့သည့် အကျိုးအမြတ်ကိုပြန်ပေးရန်တာဝန်ရှိမည်ဖြစ်သော်လည်း၊ ဤအမှုမှာကဲ့သို့ သဘောရိုးဖြင့် လေလံဆွဲဝယ်ခဲ့သူ ၊အပြင်လူအပေါ်၌မူ ထိုပုဒ်မ၏ ပြဋ္ဌာန်းချက်များ အကျုံးမဝင်ဟု ယူဆရမည်ဖြစ်သည်။

ဦးမြေ နှင့် ဦးဘအေး (၂) ၆

လက်ထောက် ငှါးရမ်းခ ကြီးကြပ်ရေးဝန်၏ အာဏာ—လက်ထောက် ငှါးရမ်းခ ကြီးကြပ်ရေးဝန် ဆောင်ရွက်သည့် အမှုများသည် ၎င်းအား ငှါးရမ်းခ ကြီးကြပ်ရေးဝန်က လွှဲပြောင်းပေးသည့် အမှုများဟု ယူဆနိုင် မယူဆနိုင်။ ။**ဆုံးဖြတ်ချက်။** ။ရန်ကုန်မြို့၊ လက်ထောက် ငှါးရမ်းခ ကြီးကြပ်ရေးဝန် (ဦးမောင်မောင်ဘ) အား၊ လက်ထောက်ငှါးရမ်းခ ကြီးကြပ်ရေးဝန် အာဏာသော်၎င်း၊ မိမိအလုပ်ဝတ္တရားများအပြင် ရန်ကုန်မြို့၊ ငှါးရမ်းခကြီးကြပ်ရေးဝန်ထံမှ လွှဲပြောင်းပေးသည့် အမှုများကိုပါ ဆောင်ရွက်နိုင်ရန် ငှါးရမ်းခကြီးကြပ်ရေးဝန်၏ အာဏာများ အားလုံးကိုလည်း အပ်နှင်းလျက်၊ အလုပ်ဝတ္တရားများကို ဆောင်ရွက်ရန် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၊ ပြည်သူ့လုပ်ငန်း အိမ်ယာဆောက်လုပ်ရေးနှင့် ပြန်လည်ထူထောင်ရေး ဝန်ကြီးဌာနက မြန်မာနိုင်ငံ ပြန်တမ်း၌ အမိန့်ကြော်ငြာစာထုတ်၍ ပေးအပ်ရှိရာ၊ ၎င်းမှာအဆိုပါအက်ဥပဒေတွင် ပေးရှိသော အာဏာအပြည့်အဝရှိသည်။ ယခုအမှုကိုကြီးကြပ်ရေးဝန်က လွှဲပြောင်း ပေးသည်ဟု အမှုတွဲတွင် မပေါ်ပေါက်သည်ကားမှန်၏။ သို့သော် လွှဲအပ်မပေးဟု လျှောက်ထားသူက တင်မပြနိုင်ပေ။ **သက်သေခံ** အက်ဥပဒေ ပုဒ်မ ၁၁၄ အရ၊ ကြီးကြပ်ရေးဝန်က လုပ်ရိုးလုပ်စဉ် **အရ၊** လွှဲပြောင်းပေးခဲ့သည်ဟုယူဆရန် ရှိပေသည်။ [ဤပုဒ်မ ဥဒါဟရုဏ် (င) ကို ကြည့်ပါ]။ ငှါးရမ်းခ ကြီးကြပ်ရေးဝန်က စာရေး၍ လွှဲပြောင်းရမည်ဟုမဆို။ လျှောက်ထားသူ၏ တရားရုံးချုပ် ရှေ့နေက ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၉၂ ကို ရည်ညွှန်းသည်။ ဤပုဒ်မအရလည်း စာဖြင့်လွှဲပြောင်းပေးရန်မလို။ အများအားဖြင့် အမှုများကို လွှဲပြောင်းပေးရာ၌ အုပ်ချုပ်မှုလွယ်ကူဖြောင့်မတ်စေရန် ရုံး၏ အတွင်းရေး စီမံမှုမျှသာဖြစ်သည်။ *Ram Krishna Sinha* and *others* v. *Petitioners*, 42 C.W.N. 246 (250)ကိုရည်ညွှန်းသည်။

ဦးကျော်ညိမ်း နှင့် ဒေါ်အုံးမြိုင် ပါ ၂ .... ၁

စာမျက်နှာ

တရားမကျင့်ထုံး အမိန့် ၂၁ နည်းဥပဒေ ၉၂ အရ ချမှတ်သောအမိန့်သည် အယူခံဝင်နိုင်သော အမိန့်ဟုတ်-မဟုတ်—တရားမအယူခံမှုတွင် တရားဝင် ကိုယ်စားလှယ်များအား အယူခံတရားပြိုင်အဖြစ် ထည့်သွင်းခြင်းမပြုဘဲ သေဆုံးသူ တရားနိုင်အား အယူခံ တရားပြိုင်အဖြစ် ထည့်သွင်းခဲ့ခြင်းကြောင့် အယူခံမှုသည် ရပ်စဲပြီးဖြစ် မဖြစ်—လေလံရောင်းချခြင်းကို ပယ်ဖျက်ရန် လျှောက်ရာ၌ လေလံဝယ်သူသည် လိုအပ်သည့် အမှုသည်တဦးဖြစ်မဖြစ်။ ။**ဆုံးဖြတ်ချက်**။ ။တရားမကျင့်ထုံး အမိန့် ၂၁၊ နည်းဥပဒေ ၉၂ အရချမှတ်သော အမိန့်သည် တရားမကျင့်ထုံး အမိန့် ၄၃၊ နည်းဥပဒေ ၁ (၃) အရ၊ အယူခံဝင်နိုင်သော အမိန့်ဖြစ်သည်။ ထိုကဲ့သို့ အယူခံဝင်နိုင်သော အမိန့်ဖြစ်လျှင်၊ တရားမကျင့်ထုံးပုဒ်မ ၁၀၄ (၂) အရ၊ ဒုတိယအယူခံပိုင်ဝင်ခွင့် မရှိတော့ပေ။ **မောင်ဖေစိန် နှင့် မသင်းမြ**၊ အတွဲ ၇၊ ရန်ကုန်၊ စာ ၃၇ ကို ကိုးကားသည်။ ။**ထပ်မံဆုံးဖြတ်ချက်**။ ။တရားမကြီးမှုတွင်သော်၎င်း၊ အယူခံမှုတွင်သော်၎င်း၊ အမှုသည်တဦးဦး သေဆုံးပြီးနောက်၊ ၎င်း၏တရားဝင်ကိုယ်စားလှယ်များကို အမှုသည်အဖြစ် အချိန်မီထည့်သွင်းခြင်း မပြုပါက၊ စွဲဆိုသောအမှုသည် ထိုသေဆုံးသူနှင့် ပတ်သက်၍ ရပ်စဲသည်ဆိုသော တရားမကျင့်ထုံးအမိန့် ၂၂ ပါပြဋ္ဌာန်းချက်များမှာ စွဲဆိုသည့်တရားမကြီးမှု၊ သို့မဟုတ် အယူခံမှုကြားနာနေဆဲအချိန်၌ အမှုသည်တဦးဦး သေဆုံးသည့်ကိစ္စနှင့်သာ သက်ဆိုင်သည်။ ဒေါ်ခင်တုပ်က၊ ခရိုင်တရားမရုံးသို့ အယူခံမှုစွဲဆိုခြင်းမပြုမီကပင်ဦးသက်ပြင်းမှာသေဆုံးပြီးဖြစ်သည်။ အယူခံမှုစွဲဆိုစဉ်အချိန်အတွင်း သေဆုံးခြင်းမဟုတ်၍ တရားမ ကျင့်ထုံးအမိန့် ၂၂ ပါပြဋ္ဌာန်းချက်သည်၊ ဒေါ်ခင်တုပ်စွဲဆိုသည့်အယူခံမှုနှင့် အကျုံးမဝင်ချေ။ ။**ထပ်မံဆုံးဖြတ်ချက်**။ ။တရားမကျင့်ထုံး အမိန့် ၂၁၊ နည်းဥပဒေ ၉၀ အရ၊ လေလံတင်ရောင်းချခြင်းကို ပယ်ဖျက်ပေးရန် လျှောက်ထားသည့်ကိစ္စ၌ လေလံဆွဲဝယ်သူသည် လိုအပ်သည့်အမှုသည်တဦးဖြစ်သည်ဟု မဆိုနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုနည်းဥပဒေအရ လျှောက်ထားနိုင်သည့် ပုဂ္ဂိုလ်များမှာ တရားနိုင်၊ သို့မဟုတ် ပစ္စည်းကိုရောင်းချရာ၌ အကျိုးထိခိုက်နိုင်သူတို့သာဖြစ်သည်။ ပစ္စည်းကိုရောင်းချစဉ်က လေလံဆွဲဝယ်သူသည် ပစ္စည်းပေါ်၌ တစုံတရာ အကျိုးခံစားခွင့်မရှိသေးသဖြင့် ပစ္စည်းရောင်းချခြင်းကြောင့်၎င်း၏ အခွင့်အရေးကို ထိခိုက်သည်ဟု ယူဆခြင်း မပြုနိုင်။ **အနာမလဲယား ချစ်တီး နှင့် ဒေါ်ကျင်စိန်**၊ ၁၉၅၃ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ (တရားလွှတ်တော်ချုပ်) စာ ၉၅ ကို ရည်ညွှန်းသည်။

ဦးသက်ပြင်း (သေသူ) ၎င်း၏ တရားဝင်ကိုယ်စားလှယ်များ ဖြစ်သော —
၁။ ဒေါ်မမကြီး
၂။ ဒေါ်မမလေး
၃။ ဒေါ်ပုလေး
၄။ ဦးအောင်ကြည်
နှင့် ဒေါ်တုပ်တုပ် (ခ) ဒေါ်ခင်တုပ် ၂၆

အခွင့်ထူး အယူခံတရပ်အပေါ်တွင် တရားရုံးချုပ်က ချမှတ်သော အမိန့်စီရင်ချက်ကို တရားရုံးချုပ်ကပင် ပြန်လည်သုံးသပ်နိုင် မနိုင်—စီရင်ပိုင်ခွင့်အာဏာကို မအပ်ပဲ ရ-မရ—အခွင့်ထူးလျှောက်လွှာ၊ အခွင့်ထူးအယူခံမှု၊ စာချွန်မှုတို့အပေါ် တရား

လွှတ်တော်ချုပ်ကပင် ပြန်လည်သုံးသပ်သော သာဓကရှိ-မရှိ—အတိုင်းအတာမရှိ **အယူခံ** ဝင်ခြင်တိုင်း ဝင်သင့်မသင့်—အမှေပုံကုန်ခါမှ တရားပြတ်သည်ဟူသော အစွဲအလန်းကို ပယ်ဖျောက်သင့်ခြင်း—အယူခံရုံးများက အမှုတွဲခေါ်ယူခြင်းနှင့် မူလရုံးများကအမှုကိုဆိုင်းငံ့ထားခြင်း။ ။ဤအမှုတွင် လျှောက်ထားသူဘိုသည်၊ မန္တလေးခရိုင် တရားမရုံးတွင် အချင်းဖြစ်မြေနှင့် အဆောက်အဦကို၊ ၎င်းတို့ ပိုင်ကြောင်း မြွက်ဟကျေညာပေးရန် တရားစွဲဆိုခဲ့ရာ၊ အမှုကို ၅ နှစ်ကြာမျှ စစ်ဆေးပြီးနောက် လျှောက်ထားသူတို့၏အမှုကို ပယ်ခဲ့သည်။ လျှောက်ထားသူတို့က မကျေနပ်၍ တရားရုံးချုပ်သို့ ပထမအယူခံဝင်သည်။ သို့သော်မအောင်မြင်ခဲ့သဖြင့် အခွင့်ထူးလျှောက်လွှာလျှောက်ရာ ရုံးတော်ကပယ်ခဲ့သည်။ ဤတွင် လျှောက်ထားသူတို့က အခွင့်ထူးလျှောက်လွှာကို ပယ်သောအမိန့်ကို ပြန်လည်သုံးသပ်ရန် ထပ်မံ လျှောက်ထားခြင်းဖြစ်သည်။ **။ဆုံးဖြတ်ချက်။** ။၁၉၆၂ ခုနှစ်၊ ဥပဒေအမှတ် ၄၁ ဖြင့်တရားရုံးချုပ်ကချမှတ်သောအချို့စီရင်ချက်၊ ဒီကရီ၊ အမိန့်တို့မှ အယူခံဝင်ရန် အခွင့်ထူးလျှောက်ထားခွင့်ကို ဖွင့်ပေးခဲ့စဉ်က အခွင့်ထူး လျှောက်လွှာ သို့မဟုတ် အခွင့်ထူးအယူခံတရပ်ရပ်အပေါ်တွင် တရားရုံးချုပ်က ချမှတ်သော အမိန့်စီရင်ချက်ကိုလည်း တရားရုံးချုပ်ကပင် ပြန်လည်သုံးသပ်နိုင်သည်ဟူ၍ နောက်တဆင့်တီထွင်ခြင်း၊ အာဏာအပ်နှင်းခြင်း မပြုခဲ့ပေ။ **ထပ်မံဆုံးဖြတ်ချက်။** ။စီရင်ပိုင်ခွင့်အာဏာကိုမအပ်ပဲမရချေ။မအပ်သောအာဏာကိုလည်း ဖန်တီးပြုလုပ်၍ မယူနိုင်ချေ။ တရားရုံးချုပ်သည် ဥပဒေပြုအာဏာပိုင်အဖွဲ့မဟုတ်ချေ။ အပ်နှင်းသော အာဏာအတွင်းကသာလျှင် ထုံးတမ်းသာဓက၊ လုပ်ထုံး စသည်တို့နှင့်အညီ မျှတမှန်ကန်စွာ စီရင်ရသည်။ **။ထပ်မံဆုံးဖြတ်ချက်။** ။အယူခံဝင်ရန် အခွင့်လျှောက်လွှာ၊ အခွင့်ထူးအယူခံမှု၊ စာချွန်မှု စသည်တို့အပေါ်၌ တရားလွှတ်တော်ချုပ်က ချမှတ်ပြီးသောအမိန့်၊ စီရင်ချက်တို့ကို တရားလွှတ်တော်ချုပ်ကပင် ပြန်လည်သုံးသပ်သော သာဓကတရပ်မျှပင် မရှိချေ။ **ထပ်မံဆုံးဖြတ်ချက်။** ။တရားသူကြီးများသည်လည်း လူသားများသာ ဖြစ်ကြပါသည်။ တင်ပြသော သက်သေအတောက်အထားများကိုသာ အခြေခံ၍ ဆုံးဖြတ်ကြရပါသည်။ ထို့ကြောင့် ဤရုံးနောက်ဆုံးဆင့်သို့ တက်ရောက်ပြီးကာမျှဖြင့် မမှားမယွင်း ကောင်းမှန်သည်မဆိုနိုင်ပါချေ။ သို့ရာတွင် အတိုင်းအတာမရှိ၊ အယူခံဝင်ချင်တိုင်းဝင်၊ အမိန့်များကို ပြန်လည်သုံးသပ်လိုတိုင်း သုံးသပ်ရပါမူ **ပြည်သူ**တို့၏ အရေးအခင်းတို့သည် ပြီးပြတ်သည်မရှိ၊ ပြည်သူတို့၏အခွင့်အရေးတို့**သည်** တည်ငြိမ်သည်မရှိ၊ ပြည်သူတို့၏ဘဝသည် တရားရုံးများတွင်သာ ဆောက်**တည်ရာမရ** ဖြစ်နေရတော့မည်။ **။ထပ်မံဆုံးဖြတ်ချက်။** ။အမွေပုံ ကုန်ခါမှ **တရားပြတ်သည်ဟူ**သော အတွေးအခေါ် အစွဲအလန်းကို လက်တွေ့အလုပ်ဖြင့် **ပယ်ဖျောက်ကာ** ပြည်သူချင်းချင်း၏ အရေးအခင်းများကို တရားရုံးများက မျှတ**မြန်ဆန် မှန်ကန်စွာ** ပြေလည်ပြီးပြတ်လေအောင် ဆောင်ရွက်ပေးနိုင်ပါမှ၊ ပြည်သူက **တရားရုံးများကို** အားကိုးယုံကြည်ကြပေလိမ့်မည်။ ယင်းသို့ ပြည်သူအားကိုးယုံကြည်**သော တရားဆိုင်ရေးဖြစ်**ထွန်းစေအောင် တရားရုံးများအား ရှေ့နေကြီးများက ဝိုင်း**ဝန်းကူညီအပ်၏။** သို့မှသာ ပြည်သူ့ရှေ့နေကြီးများ ပြီသကြမည်ဖြစ်ပေသည်။ **။ထပ်မံဆုံးဖြတ်ချက်။** ။အလျဉ်းသင့်၍ မှတ်ချက်ပြုလိုသည့်အချက်ရှိ၏။ ဤရုံးအပါအဝင် **အယူခံရုံးများသည်** **အယူခံ**လွှာ၊ လျှောက်လွှာစသည်ကို ရသမျှနှင့် မူလ**ရုံးများမှ** **အမှုတွဲကိုခေါ်ယူခြင်း။** ဆိုလျော်ဆက်စပ်မှုမရှိသော

စာမျက်နှာ

အခြားရုံးများမှ အမှုတွဲများကိုခေါ်ယူခြင်းစသည်ကိုပြုတတ်ကြသည်ဟုသိရသည်။ မူလရုံးများကလည်း အယူခံရုံးသို့ အယူခံဝင်သည်၊ လျှောက်လွှာကောင်းသည်ဆိုကာ မျှနှင့် အမှုကိုဆိုင်းငံ့ထားခြင်း စသည်ကိုပြုတတ်ကြသည်ဟုလည်း သိရသည်။ ယင်းသို့ ပြုကြခြင်းသည် လုပ်ထုံးနှင့်မညီ၊ အမှုများကို ကြန့်ကြာစေသည်။ ထို့ကြောင့် ထုံးတမ်းလက်စွဲ နည်းဥပဒေများနှင့်အညီသာ **ဆောင်ရွက်ကြရန်ဖြစ်**ကြောင်း မှတ်ချက်ပြုသည်။ တရားရုံးချုပ်ကလည်း **တရားရုံးများ ညွှန်ကြား**လွှာ တရပ်ကို ထုတ်ပြန်ရန် စီစဉ်လျက်ရှိသည်။

ဦးဘညွန့် ပါ ၂ နှင့် ဦးစိန်ကြည် ပါ ၈ .... ၁၃

အပြီးသတ်အမိန့်နှင့်ပတ်သက်၍ အစိပ္ပါယ်ဖွင့်ဆိုချက် ....

အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများ ဥပဒေအရ အရွယ်မရောက်သေးသူအား **မည်သူက** အုပ်ထိန်းသင့်သည်ဆိုသော ပြဿနာကို ဆုံးဖြတ်ရာ၌ **သက်ဆိုင်ရာဘာသာ** **ထုံးတမ်းအရ အုပ်ထိန်းခွင့်ရှိ-မရှိ ဆိုသောအချက်သည် အဓိကမဟုတ်။ အရွယ်** **မရောက်သေးသူ၏ ကောင်းကျိုးချမ်းသာမှုကို ဦးစားပေးသုံးသပ်ရန်လိုခြင်း။** **ဆုံးဖြတ်ချက်။** ။မဟာမေဒင်ဘာသာ ထုံးတမ်းအရ၊ မိခင်ဖြစ်သူသည်၊ **တစ်မိး** တရံ သူနှင့်နောက်အိမ်ထောင်ပြုလျှင် ၎င်း၏ အရွယ်မရောက်သေးသည့် သားသမီးများကိုအုပ်ထိန်းရန် အခွင့်အရေးဆုံးရှုံးသည်မှာမှန်၏။ သို့ရာတွင် အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများ ဥပဒေအရ အရွယ်မရောက်သေးသူ တဦးဦးအား မည်သူ၏ အုပ်ထိန်းမှုအောက်တွင် ထားရှိသင့်သည်ဆိုသော ပြဿနာကို ဆုံးဖြတ်ရာ၌ သက်ဆိုင်ရာ ဘာသာထုံးတမ်းအရ၊ အုပ်ထိန်းပိုင်ခွင့်ရှိသည်၊ မရှိသည်ဆိုသောအချက်မှာ အဓိကမဟုတ်၊ မည်သူ၏ အုပ်ထိန်းမှုအောက်တွင် ထားရှိခြင်းဖြင့် **အရွယ်** မရောက်သေးသူ၏ ကောင်းကျိုးချမ်းသာမှုကို အကျိုးပြုမည် ဆိုခြင်းကို **ဦးစား** ပေး၍ သုံးသပ်ရမည်ဖြစ်သည်။ **တန်စီကြူ** နှင့် ချန်ချိန်လျန်၊ ၁၉၄၇၊ **ရန်ကုန်** စီရင်ထုံး၊ ၁၀၇၊ **ဦးမောင်မောင်** နှင့် မအေးသူ၊ ၁၉၅၂၊ မြန်မာပြည်**စီရင်ထုံး** ၄၁၆ (တရားလွှတ်တော်) တို့ကိုရည်ညွှန်းသည်။

မိုဟာမက်ဟာနစ်ခန် နှင့် မိုင်ရှန်နစ်ဆာ ၁၄

ရှေ့နေချုပ်ဌာနစာကြည့်တိုက်

စီရင်ထုံးပြုသောမှုခင်းများ

LIST OF CASES REPORTED

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

SPECIAL CRIMINAL COURTS' APPEAL COURT

စာမျက်နှာ

တင်အောင်၊ မောင်၊ ပါ ၁၅ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၉

ညွှန်းချက်

INDEX

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

SPECIAL CRIMINAL COURTS' APPEAL COURT

စာမျက်နှာ

အက်ဥပဒေများ—

ရာဇသတ်ကြီး။

ချိန်းခြောက်သောကြောင့် သောင်းကျန်းသူတို့ စေခိုင်းသည့် အတိုင်း ပြုလုပ်ဆောင်ရွက်ရခြင်းသည် ပြစ်မှု မြောက် မမြောက်—ဖြစ်ပျက်ခဲ့သမျှကို ထောက်ရှု၍ အယူခံတရားလိုတို့သည် အလို အလျောက် သောင်းကျန်းသူတို့အား ကူညီခဲ့သည် မကူညီခဲ့သည်ကို စဉ်းစားဝေဘန်ရခြင်း။ ။ဆုံးဖြတ်ချက်။ ။သောင်းကျန်းသူတို့ ရွာကိုရောက်လာပြီးနောက်၊ ၎င်းတို့ ချိန်းခြောက် ခေါ်ဆောင်လာသော မော်တော်သည်လည်း ဆိုက်ကပ်လာသည်။ သောင်းကျန်းသူတို့က လက်နက်ပြ၍ တအိမ်တယောက် ယောကျ်ားများ ဆင်းခဲ့ရမည်ဟု ခေါ်သည်မှာ အငြင်း မပွါးသော အချက်ဖြစ်သည်။ ယင်းအမိန့်အရ ကြောက်ရသော အယူခံ တရားလိုတို့ ထွက်လာ၍၊ သောင်းကျန်းသူများ စေခိုင်းသည့် အတိုင်း၊ နို့ဆီ သေတ္တာများကိုသယ်ပိုးကြသည်။ ယင်းသို့ ဖြစ်ပွါးပြီး မကြာမီပင် တပ်မတော် ရောက်လာပြီးတိုက်ပွဲဖြစ်သည်ဟု အထောက်အထားရှိသည်။ သောင်းကျန်းသူတို့ ထွက်ပြေးကြသောအခါ၊ အယူခံ တရားလိုတို့ကပင် ကျန်ရှိသော နို့ဆီသေတ္တာများကို တပ်မတော်၏ တာဝန်ပေးချက်ဖြင့်၊ မော်တော်ပေါ်သို့ တင်ပို့ကြပြန်သည်။ ထို့ကြောင့် နို့ဆီသေတ္တာများကို အယူခံ တရားလိုတို့က ဝှက်ထားရန် အချိန်မရှိခဲ့။ အခွင့်သာလျှင် နို့ဆီသေတ္တာများကို ဝှက်သိမ်းထား၍ မိမိတို့ အကျိုးအတွက် အသုံးပြုမည်ဟူသောစိတ်၊ အယူခံ တရားလိုတို့၌ မဖြစ်ခဲ့ဟု မဆိုသာ၊ သို့ရာတွင် အချိန်တိုတိုအတွင်း တပ်မတော် ဆိုက်ရောက်လာသောကြောင့်၊ အကယ်၍ စိတ်ဖြစ်ပွါးခဲ့လျှင်လည်း၊ ကာယကံမြောက် ကျူးလွန်ခဲ့ခြင်း မရှိနိုင်ခဲ့ချေ။ ဖြစ်ပျက်ခဲ့သမျှကိုသာထောက်ရှုလျှင်၊ အယူခံ တရားလိုတို့သည် အလို အလျောက် မိမိတို့၏ ဆန္ဒစေတနာဖြင့်၊ သောင်းကျန်းသူတို့အား ကူညီခဲ့သည်ဟု အခိုင် အမာ ဆုံးဖြတ်ရန်ခဲယဉ်းသည်။ ဤကဲ့သို့သော အမှုမျိုး၌ ကာလ ဒေသ အခြေအနေကို ထည့်သွင်းစဉ်းစားအပ်သည်ဟု မကြာမကြာ မှတ်ချက်ပြုခဲ့ဘူးသည်။ ယင်း အခြေအနေကိုထည့်သွင်း စဉ်းစားလျှင်၊ အယူခံ တရားလိုတို့က အထူး ရာဇဝတ်ရုံး ရှေ့၌ ထုချေတင်ပြခဲ့သည့် အတိုင်း ၎င်းတို့သည် ကြောက်ရွံ၍ သောင်းကျန်းသူတို့ စေခိုင်းသည့် အတိုင်း လုပ်ခဲ့ရပါသည် ဟူသော အချက်သည် သဘာဝ ယုတ္တိနှင့် ကိုက်ညီသည်ဟု ဆိုနိုင်သည်။

မောင်တင်အောင် ပါ ၁၅ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ၆

စီရင်ထုံးပြုသောမှုခင်းများ

LIST OF CASES REPORTED

နိုင်ငံတော်တရားရုံးချုပ်

CHIEF COURT OF BURMA

ရာဇဝတ်မှုများ

CRIMINAL CASES

	စာမျက်နှာ
ကြည်ကြည်စန်း၊ မ၊ နှင့် မခင်ဌေး	၂၁
ခင်၊ မောင်၊ (ခေါ်) အေးမောင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ	၂၄
ပြည်ထောင်စုမြန်မာနိုင်ငံနှင့် မောင်တင်မြင့်	၂၈
ပြည်ထောင်စုမြန်မာနိုင်ငံ (ခေါ် ရှုခင်)နှင့် { ၁။ မောင်မြ (ခေါ်) မြဦး ၂။ မောင်အေး(ခေါ်) အေးပု ၃။ မောင်မှတ်ကြီး ၄။ သန်းအောင် }	၃၁
ဘွန်တိတ်၊ ဦး၊ ပါ ၈ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ	၃၆
အောင်ရှင်၊ မောင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ	၄၀

ကိုးကားသောမှုခင်းများ

LIST OF CASES CITED

နိုင်ငံတော်တရားရုံးချုပ်

CHIEF COURT OF BURMA

ရာဇဝတ်မှုများ

CRIMINAL CASES

	စာမျက်နှာ
Union of Burma v. *Ah Sein and two others*, 1955, B.L.R. 317 (H. C.)	၃၀
ကတုံး၊ မောင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၄၈၊ မြန်မာပြည်စီရင်ထုံး၊ စာ ၆၆၁ — — —	၄၃
ပြည်ထောင်စု နှင့် ဂိုဗင်ဒါဆွာမိ ၁၉၄၉၊ မြန်မာပြည် စီရင်ထုံး (တရားလွှတ်တော်)၊ စာ ၆၆၂	၂၃
ဘရှိန် နှင့် အစိုးရ၊ ၁၉၄၇၊ ရန်ကုန်စီရင်ထုံး၊ စာ ၃၇၆	၃၀
ရှာဘီ၊ မ၊ နှင့် ပြည်ထောင်စု၊ ၁၉၅၀၊ မြန်မာပြည် စီရင်ထုံး (တရားလွှတ်တော်)၊ စာ ၃၇၄	၂၃

ညွှန်းချက်

INDEX

နိုင်ငံတော်တရားရုံးချုပ်

CHIEF COURT OF BURMA

ရာဇဝတ်မှုများ

CRIMINAL CASES

စာမျက်နှာ

အက်ဥပဒေများ—

ရာဇဝတ်ကျင့်ထုံး။

ရာဇသတ်ကြီး။

ကာကွယ်ခုခံ ပိုင်ခွင့်—လူတဦးသည်၊ ရန်မူခြင်း ခံနေရသည့် အချိန်တွင် ပွဲကြည့်သူ တဦး အနေဖြင့် ခေါင်းအေးအေးထားပြီး ကာကွယ် ခုခံပိုင်ခွင့်ကို တဆင့်ပြီးတဆင့် မည်ကဲ့သို့ ပြုလုပ်ရမည်ဟု တွေးဆရန် အချိန်ရနိုင်မည် မဟုတ်ခြင်း။ ။**ဆုံးဖြတ်ချက်**။ ။သေသူ မောင်ချစ်ဟန်သည် စတင်၍ ရန်မူသူဖြစ်သည်။ ထိုစဉ်က မောင်ချစ်ဟန်နှင့် အတူပါလာသော မောင်ချစ်မြထံ၌လည်း ပေါက်တူး တလက် ပါလာသည်။ မောင်ချစ်ဟန်က အယူခံ တရားလိုအား ဒါးနှင့် ခုတ်ရာ၊ အယူခံ တရားလိုကို မထိဘဲ ဒါးသည် မြေကြီးပေါ် သို့ ကျသွားသည်။ ထိုစဉ်က မောင်ချစ်ဟန်နှင့် အတူ မောင်ချစ်မြလည်း ရှိနေရာ၊ အယူခံ တရားလို အနေဖြင့် ၎င်းအား မောင်ချစ်မြသည် ပေါက်တူးဖြင့် ရန်မူခြင်း မပြုဟု မဆိုနိုင်ပေ။ မောင်ချစ်ဟန်က လည်း မြေကြီးပေါ် သို့ ကျသွားသော ဒါးကို ကောက်ယူပြီး၊ အယူခံ တရားလိုအား နောက်ထပ် မခုတ်ဟု မဆိုသာချေ။ ယခုကဲ့သို့ လူတဦးသည် ရန်မူခြင်း ခံနေရသည့် အချိန်တွင်၊ ထိုသူသည် မိမိ၏ လွတ်ရာ လွတ်ကြောင်းကို ဖြစ်သည့် နည်းနှင့်ပြုမည် သာဖြစ်သည်။ ပွဲကြည့်သူ တဦး အနေဖြင့် ခေါင်းအေးအေးထားပြီး၊ ကာကွယ် ခုခံပိုင်ခွင့်ကို တဆင့်ပြီးမှ တဆင့် မည်ကဲ့သို့ ပြုလုပ်ရမည်ဟု တွေးတော ချိန်ဆနေရန် အချိန်ရနိုင်မည် မဟုတ်ပေ။ သို့ဖြစ်ရာ အယူခံ တရားလိုသည် မိမိအား ရန်မူသူကို မြေကြီးပေါ် သို့ လွတ်ကျသွားသည့် ရန်မူသူ၏ ဒါးနှင့် တချက် ပြန်ခုတ်လိုက်ခြင်းသည်၊ ဥပဒေခွင့်ပြုထားသော ကာကွယ် ခုခံပိုင်ခွင့်ကို ကျော်လွန်သည်ဟု ဆိုရန် ခဲယဉ်းပေသည်။ **မောင်ကတုံး နှင့် ပြည်ထောင်စု၊** ၁၉၄၈၊ မြန်မာ ပြည်စီရင်ထုံး၊ **၆၆၁ ကို ရည်ညွှန်းသည်။**

မောင်အောင်ရှင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၄၀

တရားသူကြီးများသည် အမှန်ကိုဖေါ်ထုတ်ရန် ဆီလျော်သည့်မေးခွန်းများကို မေးမြန်းသင့် မသင့်—မိမိတို့ကိုယ်ကို ဒိုင်လူကြီးများ သဘွယ်သဘောလျှင် မှတ်ယူပြီး၊ သက်သေက မေ့လျော့ ချန်လှပ်ထားရုံမျှဖြင့် ပစ္စည်းရှာ စာရင်းတွင် ဖေါ်ပြထားသော ပစ္စည်း မပါဝင်ဟု ယူဆနိုင် မနိုင်။ ဤအမှုတွင် ပစ္စည်းသိမ်းသူ ရဲအရာရှိက၊ သိမ်းဆည်းသော ပစ္စည်း စာရင်းတွင် မော်တော်ကားနံပါတ်ပြားတခု ပါဝင်ကြောင်း ဖေါ်ပြထားသော်လည်း၊ ၎င်း၏ အစစ်ခံချက်၌ နံပါတ်ပြား ပါဝင်သည်ဟု တိတိကျကျ ထွက်ဆိုထားခြင်း မရှိ၍၊ မူလရုံးတရားသူကြီးက တရားခံများသည် မှုပြစ် ကျူးလွန်ကြောင်း ဒွိဟ သံသယကင်းရှင်းသည့် သက်သေ ခံချက်များ ရှိသည်ဟု မဆိုနိုင်ပါဟု ကောက်ယူ ဆုံးဖြတ်ခဲ့သည်။ ။**ဆုံးဖြတ်ချက်**။ ။အမှုစစ် တရားသူကြီးများသည် မိမိတို့ကိုယ်ကို ဒိုင်လူကြီးများသဘွယ်သဘောလျှင် မှတ်ယူရန်မဟုတ်၊ အမှန်ကိုဖေါ်ထုတ်ရန်အတွက် ဆီလျော်သည့် မေးခွန်းများကို မေးမြန်းသင့်သည်။ ထိုကဲ့သို့ အမှန်ကို ဖေါ်ထုတ်ရန်အတွက် လျော်ကန် သင့်မြတ် သည့် မေးခွန်းများကို မေးနိုင်ရန် ဥပဒေအာဏာများ အပ်နှင်းထားသည်။ သို့ဖြစ်လေရာ၊ သက်သေက မေ့လျော့ပြီး ချန်လှပ်ထားရုံကာမျှဖြင့် ပစ္စည်းရှာ စာရင်းတွင် အသေအချာ ဖေါ်ပြထားသောပစ္စည်း မပါဝင်ဟု မယူဆနိုင်ချေ။

ပြည်ထောင်စုမြန်မာနိုင်ငံ(ဒေါ်ရှုခင်) နှင့် { ၁။ မောင်မြ (ခ) မြဦး ၂။ မောင်အေး (ခ) အေးပု ၃။ မောင်မှတ်ကြီး ၄။ သန်းအောင် } ၃၁

ပြစ်ဒဏ်တိုးမြှင့်ခြင်း—စက်ရှင် တရားသူကြီးသည် ပြစ်ဒဏ်နှင့် ပတ်သက်၍ အယူခံဝင်သော အယူခံမှုတွင် ပြစ်ဒဏ် တိုးမြှင့်ပေးရန်၊ **အဆုံးအဖြတ်ပြုသင့် မသင့်**။ ။**ဆုံးဖြတ်ချက်**။ ။စက်ရှင် တရားသူကြီးသည်၊ တရားခံ တဦး **အပေါ်** မူလရုံးက ချမှတ်ထားသည့် အပြစ်ဒဏ်မှာ၊ သင့်လျော် လုံလောက်ခြင်း မရှိသဖြင့် တိုးမြှင့်ပေးသင့်သည်ဟု ယူဆပါက၊ ထိုပြစ်ဒဏ်နှင့် ပတ်သက်၍၊ အယူခံဝင်သော တရားခံ၏ အယူခံမှုကို အဆုံးအဖြတ် မပြုသင့်ပေ။ တရားခံ၏ **အယူခံလွှာ**အား၊ ၎င်းအပေါ် မည်သည့် အတွက်ကြောင့် ပြစ်ဒဏ် တိုးမြှင့်ပေးသင့်သည် ဆိုသော ထောက်ခံချက်နှင့်အတူ ဤရုံးသို့ တင်ပြသင့်ပေသည်။ **ဘရှိန် နှင့် အစိုးရ၊ ၁၉၄၇၊** ရန်ကုန် စီရင်ထုံး၊ ၃၇၆ ကို ရည်ညွှန်းသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် မောင်တင်မြင့် ၂၀

ရာဇဝတ် ကျင့်ထုံး ပုဒ်မ ၃၅၀ (က)—၎င်း ပုဒ်မ အရ၊ **တရားသူကြီးများ ခုံရုံးတွင်** အမှုစစ်စဉ်အတွင်း အဖွဲ့ဝင် အပြောင်းအလဲ **ရှိစေကာမူ၊ ထိုရုံးက** ချမှတ်သော စီရင်ချက်သည် အင်္ဂါရပ်နှင့် ပြည့်စုံပါက ပျက်ပြယ်**မှု မရှိ**—ဥပဒေပါ ပြဋ္ဌာန်းချက်များကို တိကျစွာ မလိုက်နာခြင်းကြောင့် **စီရင်သော အမှု**တခုလုံးသည် ပျက်ပြယ်သည်ဟု ယူဆနိုင် မနိုင်။ ။**ဆုံးဖြတ်ချက်**။ ။**ရာဇဝတ်**ကျင့်ထုံးပုဒ်မ ၃၅၀ (က) အရဆိုပါက၊ အကျိုးဆောင် သူကောင်းပြု **တရားသူကြီး**များ ခုံရုံးတွင် အမှုစစ်ဆေးနေစဉ်အတွင်း အဖွဲ့ဝင်အပြောင်း**အလဲ** **ရှိ**စေကာမူ၊ ထိုရုံးမှ ချမှတ်သော စီရင်ချက်**သည်** အင်္ဂါနှစ်ရပ်နှင့် ပြည့်**စုံပါက** ပျက်ပြယ်ခြင်း မရှိပေ။ ထိုအင်္ဂါရပ်

စာမျက်နှာ

များမှာ (၁) ခုံရုံးသည် ရာဇဝတ် ကျင့်ထုံး ပုဒ်မ ၁၅၊ ၁၆ တို့နှင့် အညီ ဖွဲ့စည်းထားသည့် ခုံရုံးဖြစ်ခြင်း၊ (၂) ခုံရုံး အဖွဲ့ဝင်များသည် အမှု စစ်ဆေးနေသည့် ကာလ တလျှောက်လုံးတွင် ရှိနေခြင်း ဖြစ်သည်။ ။ထပ်မံ ဆုံးဖြတ်ချက်။ ဥပဒေပါ ပြဋ္ဌာန်းချက်များကို တိကျစွာ လိုက်နာခြင်း မရှိသည့် အကြောင်းကြောင့်၊ စီရင်သော အမှု တခုလုံးသည် ပျက်ပြယ်သည်ဟု ယူဆခြင်း မပြုနိုင်ပေ။ တရားခံအဘို့ တရားမျှတစွာ စစ်ဆေးစီရင်ခြင်းခံရလျှင် တရားမျှတမှုဆိတ်သုဉ်းရာ မရောက်၍၊ ၎င်းအပေါ် ပြစ်ဒဏ် ထင်ရှား စီရင်ထားခြင်းသည် ပျက်ပြယ်ခြင်း မရှိပေ။ **ပြည်ထောင်စု နှင့် ဂိုဗင်ဒါဆွာမီ၊** ၁၉၄၉၊ မြန်မာပြည် စီရင်ထုံး၊ (တရားလွှတ်တော်) ၆၆၂၊ **မရှာဘီ နှင့် ပြည်ထောင်စု၊** ၁၉၅၀၊ မြန်မာပြည် စီရင်ထုံး၊ (တရားလွှတ်တော်) ၃၇၄ တို့ကို ကိုးကားသည်။

မကြည်ကြည်စန်း နှင့် မခင်ဗွေး ၂၁

ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၂)—လူအုပ်ထဲသို့ သေနတ်များဖြင့် သောင်းကျန်းသူများက ပစ်ခဲ့၍ လူ၂သေဆုံးသွားခြင်းသည် ရာဇသတ်ကြီး ပုဒ်မ ၃၀၂ တွင် အကျုံးဝင် မဝင်—ထိုသောင်းကျန်းသူများ အဖွဲ့တွင် ပါဝင်သော်လည်း မိမိကိုယ်တိုင် ကျူးလွန်ခဲ့ခြင်းမရှိသူသည် ရာဇသတ်ကြီး ပုဒ်မ ၁၄၉ အရ၊ အပြစ်ရှိ မရှိ။ ။ဆုံးဖြတ်ချက်။ ။အခင်းဖြစ်သည့် ညက သောင်းကျန်းသူများသည် ပွဲကြည့်နေသည့် လူအုပ်ထဲသို့ သေနတ်များဖြင့် ပစ်ခတ်ခဲ့ကြောင်း အငြင်းပွါးချက် မရှိချေ။ ထိုကဲ့သို့ ပစ်ခတ်လိုက်သဖြင့် ရွာသား နှစ်ယောက် သေနတ် ထိမှန်ပြီး သေဆုံးသွားသည့်ပြင် တဦးတွင်လည်း ပြင်းထန်သော နာကျင်စေမှုကို ဖြစ်စေသည့်ဒဏ်ရာများ ရရှိစေခဲ့သည်။ အသုံးပြုသည့် လက်နက်နှင့် သေဆုံးသူများ ရရှိသည့် ဒဏ်ရာ အမျိုးအစားကို ထောက်ဆခြင်းအားဖြင့် သေနတ်ဖြင့် ပစ်ခတ်သူများသည် ရွာသားနှစ်ဦးကို သေစေခဲ့ရာ၌ သေစေရန် အကြံဖြင့်သော်၎င်း၊ ဖြစ်တတ်သော သဘောအရ အမှန်အားဖြင့် သေစေလောက်သော ကိုယ်အင်္ဂါ နာကျင်မှုကို ဖြစ်စေရန် အကြံဖြင့်၎င်း၊ ပြုလုပ်သည်ဟု ယူဆရမည်ဖြစ်ရာ၊ ထိုပစ်ခတ်သူများ ကျူးလွန်သည့် ပြစ်မှုသည် ရာဇသတ်ကြီး ပုဒ်မ ၃၀၂ တွင် အကျုံးဝင်သည်။ အယူခံ တရားလိုသည် သေနတ်နှင့် ပစ်ခတ်ကြသော သောင်းကျန်းသူများ အဖွဲ့တွင် ပါဝင်သည်မှာ ထင်ရှားသည်။အမှု၏ ပတ်ဝန်းကျင် အကြောင်းချင်းရာများကို ထောက်ဆ၍ ကြည့်ရှုသော အခါ၊ လူအုပ်ထဲသို့ သေနတ်နှင့် ပစ်ခတ်လိုက်ခြင်းသည် သောင်းကျန်းသူများ အားလုံး၏ တူညီသော ရည်ရွယ်ချက် အတိုင်း ပြုလုပ်ခြင်း ဖြစ်သည်ဟု ယူဆနိုင်သည်။ ပွဲခင်းထဲသို့ လာရောက်ကြသည့် သောင်းကျန်းသူ ဦးရေမှာ ရှစ်ယောက်ထက် မနည်းကြောင်း သက်သေခံ အထောက်အထား လုံလောက်စွာ ရရှိခဲ့သည်။ ထို့ကြောင့် ထိုသောင်းကျန်းသူ လူစုသည်၊ ရာဇသတ်ကြီး ပုဒ်မ ၁၄၁ တွင် အဓိပ္ပါယ်ဖွင့်ဆိုထားသည့် ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေးဖြစ်သည်။ ထို့ကြောင့် ထိုအစုအဝေးတွင် ပါဝင်ခဲ့သည့် အယူခံ တရားလို မောင်ခင်သည်၊ မိမိကိုယ်တိုင် လူသတ်မှုနှင့် ပြင်းထန်သော နာကျင်စေမှုများကို ကျူးလွန်ခဲ့ခြင်း မရှိစေကာမူ ထိုပြစ်မှုများ အတွက် ရာဇသတ်ကြီး ပုဒ်မ ၁၄၉ တွင် ပြဋ္ဌာန်းထားသည့် အတိုင်း အပြစ်ရှိသည်ဟု ယူဆရမည်။

မောင်ခင် (ခ) အေးမောင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၄

စာမျက်နှာ

သမ္မာန်မှု—ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၂၄၄ (၁)—သမ္မာန်မှုတွင် တရားခံက ပြစ်မှု ကျူးလွန်ကြောင်းဝန်မခံလျှင် တရားခံများနှင့် ၎င်းတို့၏ သက်သေများကို စစ်ဆေးခြင်း မပြုဘဲ တရားသေ လွှတ်နိုင် မနိုင်—ဝရမ်းမှုတွင် တရားလိုဘက်ကို စစ်ဆေးပြီး တရားခံကို မစစ်ဆေးပဲ တရားရှင် လွှတ်နိုင်ခြင်း။ ။ဆုံးဖြတ်ချက်။ ။ အမှုမှာ သမ္မာန်မှု ဖြစ်၍ ရာဇဝတ် ကျင့်ထုံး အခန်း ၂၀ တွင် ပြဋ္ဌာန်းချက်များကို လိုက်နာရပေမည်။ ဤကျင့်ထုံး၏ ပုဒ်မ ၂၄၄ (၁) အရ၊ တရားခံက မှုပြစ်ကို ကျူးလွန်ပါသည်ဟု ဝန်မခံလျှင်၊ တရားသူကြီးသည် တရားလိုနှင့် တရားလိုပြ သက်သေများကို စစ်ဆေးပြီး၊ တရားခံက သက်သေခံချက် ပေးလိုသော ဆန္ဒရှိလျှင်၊ သူ့ကို ကြားနာရမည်။ ထိုသို့ ဆန္ဒမရှိလျှင် သူ့ကို ရိုးရိုး စစ်ဆေးရမည်။ ထို့အပြင် သူ၏ သက်သေများကိုလည်း စစ်ဆေးရမည် ဖြစ်သည်။ ယခုအမှုတွင် တရားခံများ၏ ဆန္ဒကို တရားသူကြီးက မေးမြန်းခြင်း မရှိခဲ့ချေ။ ဤကဲ့သို့ ပုဒ်မ ၂၄၄ (၁) အရ၊ မေးမြန်းစစ်ဆေး ကြားနာပြီးမှသာ မှုပြစ်ကျူးလွန်သည်ဟု မတွေ့ရှိလျှင်၊ ပုဒ်မ ၂၄၅ (၁) အရ၊ တရားသေ လွှတ်ရမည် ဖြစ်သည်။ ပုဒ်မ ၂၄၄ (၁) အရ၊ တရားခံသည် အပြစ်မရှိပါဟု ငြင်းဆိုလျှင်၊ တရားလိုဘက်ကို စစ်ဆေးပြီး၊ တရားခံကို သက်သေအဖြစ်၊ သို့မဟုတ်၊ ရိုးရိုးအပြင် ၎င်း၏ သက်သေများကို မစစ်ဆေးဘဲ မနေရပေ။ ဤပုဒ်မ ၂၄၄ (၁) တွင် "and also" ဆိုသည့် စကားသည် အလွန် အရေးကြီးသည်။ ဝရမ်းမှုမှာ ဆိုလျှင် ပုဒ်မ ၂၅၂(၁)အရ၊ တရားလိုဘက်ကို စစ်ဆေးပြီး တရားခံကို မစစ်ဆေးပဲ၊ ပုဒ်မ ၂၅၃ (၁) အရ၊ မှုပြစ်မထင်ရှားလျှင် တရားခံကို တရားရှင်လွှတ်နိုင်သည်။ ထို့ပြင် ပုဒ်မ ၂၅၃ (၂) အရ၊ တရားလိုဘက်ကို စစ်ဆေး၍ မပြီးစီးမီပင် စွဲချက်တင်ရန် အကြောင်းမရှိလျှင်၊ တရားခံကို တရားရှင်လွှတ်နိုင်သည်။ သမ္မာန်မှုတွင်ကား တရားခံက မှုပြစ်မကျူးလွန်ပါဟု ဆိုလျှင် နှစ်ဘက်စလုံးကို စစ်ဆေးရမည်။ ။Union of Burma V. Ah Sein and two others, 1955 B. L. R. 317 (H.C) ကိုရည်ညွှန်းသည်။

ဦးဘွန်တိတ် ပါ (၈) နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၃၆

ဥပဒေပါ ပြဋ္ဌာန်းချက်များကို တိကျစွာ မလိုက်နာခြင်းကြောင့် စီရင်သော အမှုတခုလုံးသည် ပျက်ပြယ်သည်ဟု ယူဆနိုင် မယူဆနိုင်။ ၂၁

စီရင်ထုံးပြုသောမှုခင်းများ

LIST OF CASES REPORTED

နိုင်ငံတော်တရားရုံးချုပ်

CHIEF COURT OF BURMA

တရားမမှုများ

CIVIL CASES

	စာမျက်နှာ
ကရစ် (ရှ်) နန်း၊ မစ္စတာ အာ (ရ်) နှင့် ဝိုင်၊ အမ်၊ စီ၊ အေ	၃၀
ကာစီပရာဆပ်၊ ကန်ထရိုက်တာ နှင့် ဒလစ်ဆင်း၊ ကန်ထရိုက်တာ၊ ကမ်ဇာခန် နှင့် လွှာနင်း ပါ ၆	၄၂
ကျော်မြင့်၊ မောင် နှင့် မောင်ကျော်ဆင့်၊ (ငယ်ရွယ်သူ) ၎င်း၏ အုပ်ထိန်းသူ ဒေါ်မြကျင်	၄၇
ကြည်ကြည်၊ ဒေါ် နှင့် မစ္စစ် မေရီဝိန် ပါ ၉	၅၂
စောရွှေ၊ ဒေါ်၊ ပါ ၁ နှင့် ဒေါ်မှုန်	၆၂
ဇင်၊ ဒေါ် (ခ) ဒေါ်မယ်ဇင်နှင့် ၁။အပ္ပဋ္ဌဆပ်တား (ခ) မောင်သာထွန်း၊ ၂။ နူးမိုဟာမက်	၆၀
တင်ဂွမ်၊ ဦး၊ နှင့် ဦးသော်ဒါ	၇၆
တင်တင်၊ ဒေါ်၊ ပါ ၁ နှင့် ၁။ ဦးတင်မောင် ၂။ ဒေါ်သိန်းတင်	၇၉
ထွန်း၊ ဦး၊ ရေအေးတွင်းရပ်၊ တောင်ကြီးမြို့ နှင့် ဒေါ်သိန်းငွေ၊ ဦးညွန့်မောင်၊ သားအမိ ပွဲစားတန်း၊ မိတ္ထိလာမြို့၊ မလှိုင်စာတိုက်	၀၃
ထွန်းလှိုင်၊ ဦး၊ ပါ ၁ နှင့် ၁။ ဦးကြည်ဝင်း ပါ ၅၊ ၂။ ဦးကျော်စိန် ပါ ၄	၉၂

စာမျက်နှာ

ပြည်ထောင်စုမြန်မာနိုင်ငံပြည်သူ့ဘဏ်(ယခင် နိုင်ငံတော် ကူးသန်း ရောင်းဝယ်ရေးဘဏ်) နှင့် { ၁။ ဦးလှသိန်း၊ ၂။ ဒေါ်စန်း ၁၀၃

ဘခင်၊ ဦး၊ နှင့် { ၁။ ဦးသာဝင်း၊ ၂။ ရွှေတိဂုံစေတီတော်ဂေါပကလူကြီးအဖွဲ့ ၁၀၇

ဘရှိန်၊ ဦး၊ နှင့် ဦးမောင်မောင်ကလေး ၁၁၀

ဘိုးစိန်၊ ဦး၊ ပါ ၆ နှင့် မောင်အေး (ခ) အင်၊အင်၊ကီး ၁၂၁

မဒါး၊ အေ၊ အီး၊ နှင့် ကိုမောင်ရွှေ ၁၂၄

မေမေခင်၊ ဒေါ်၊ ပါ ၂ နှင့် ဒေါ်ကျောင်စွန်း ပါ ၄ .... ၁၂၇

မြသိန်း၊ ဦး၊ ပါ ၁ နှင့် { (၁) ဦးမြသီး၊ (၂) ဒေါ်မြသွင်၊ (၃) ဦးမောင်မောင်သင် ၁၃၄

အောင်သိန်း၊ ဦး၊ ပါ ၁ နှင့် { (၁) ဒေါ်အမာ၊ (၂) ကိုခွေးမောင် ၁၃၇

ကိုးကားသောမှုခင်းများ

LIST OF CASES CITED

နိုင်ငံတော်တရားရုံးချုပ်

CHIEF COURT OF BURMA

တရားမမှုများ

CIVIL CASES

စာမျက်နှာ

Law and custom in Burma and Burmese family Law by Dr. Maung Maung, The Hugue, 1963 ... ၆၀

ကေသမုတ္တိသုတ်အဂ်ုတ္တိုရ်ပါဠိတော်၊ ၂ မဟာဝဂ်၊ ဗုဒ္ဓသာသနအဖွဲ့ ၉၉

ကျော်ခင်၊ ဦး၊ နှင့် ဦးကြီးမောင်၊ ၁၉၆၃၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၄၅၆ ၁၂၅

ကြင်မွှေး၊ မ၊ နှင့် ဒေါ်အေးကြည်၊ ၁၉၆၈ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၅၀ (ခ) ၁၀၀

စမိုလမ်စက်ဂျာဗီ၊ အိုင်၊အီး၊ အိုင်၊ နှင့် အီဗရာဟင်ရန်းကုမ္ပဏီလီမိတက်၊ ၁၉၆၂၊ မြန်မာနိုင်ငံ စီရင်ထုံး၊ ၁၅၂ (တရားရုံးချုပ်) ၁၂၂

စောရှင်၊ ဒေါ်နှင့် ဟွာကီးရား၊ ၁၉၆၃၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၇၆၅ ၁၄၀

စံသွင်၊ မောင်၊ နှင့် မောင်ရွှေခင်၊ အေ၊ အိုင်၊ အာ (ရ်)၊ ၁၉၃၁၊ **ရန်ကုန်**၊ စာ ၆၅ .... ၉၁

စိန်ရထားနှာ **ပိုးယာက်**ကန်းစက် လီမိတက် နှင့် ကုန်သွယ် လုပ်ငန်း ဌာနမင်း**ကြီး ၁၉၆၉** မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၂၀၅ .... ၇၁(၀၉) (၉၉)

ဘညွန့်၊ ဦး၊ နှင့် **ဦးစိန်ကြည်**၊ ၁၉၇၀၊ တရားမ အထွေထွေ လျှောက်လွှာ အမှတ် ၄၁ .... ၁၀၀

ဘရှင်၊ ဦး၊ နှင့် **ဟာဆန်၊ ၁၉၆၉**၊ တရားမ အထွေထွေ လျှောက်လွှာ အမှတ် ၇ .... ၁၀၀

စာမျက်နှာ

ဘိုးကျော်၊ မောင် နှင့် မလေး၊ အတွဲ ၇၊ ရန်ကုန်၊ စာ ၁၈ .... ၁၂၂

ဘော်ဖြူ၊ မောင် နှင့် မောင်ရန်ရှင်း၊ ၁၉၃၉၊ ရန်ကုန် စီရင်ထုံး၊ စာ ၆၈၆.... ၁၂၂

မြရင်၊ ဒေါ် ပါ ၅ နှင့် ဒေါ်စော၊ ၁၉၆၉၊ **တရားမ အထွေထွေ** လျှောက်လွှာ အမှတ် ၃၈ (စုံညီခုံရုံး) ၉၉

မြန်မာ့ခလေ့ ထုံးတမ်း ဥပဒေ၊ **ဦးမြစိန်ရေး** ၆၀

မောင်၊ဘိုး နှင့် ဗို၊ အာ (ရ်)၊ အမ်၊ စီ၊ အာ (ရ်)၊ အမ်၊ ချစ်တီး အတွဲ **၁၂**၊ ဘားမား လောတိုင်း၊ စာ ၁၅၆ .... ၁၃၆

မွန်းနှီး၊ ဒေါ်ပါ ဂ နှင့် အယ် (လ်) အနှင်း၊ ၁၉၆၂၊ မြန်မာနိုင်ငံ စီရင်ထုံး၊ စာ ၂၃၂ .... ၁၃၀

ရာဟန်ဘတ် (စ်)၊ ဟာဂျီ နှင့် ရှိတ်မူဘာရက်ဟူစိန်၊ ၁၉၅၃၊ မြန်မာပြည် စီရင်ထုံး၊ စာ ဂ၀ (တရားလွှတ်တော်ချုပ်) ၃၇

ရီရီ၊မ နှင့် မကလေး၊ အောက်မြန်မာပြည် စီရင်ထုံး၊ အတွဲ ၆၊ စာ ၁၆၇ .... ၅၀

ရဲကျော်သူ ကုမ္ပဏီလီမိတက်၊ ဦးနှင့် မလှဦးဖြူ၊ ၁၉၄၀၊ မြန်မာပြည် စီရင်ထုံး၊ စာ ၁၈၀ .... ၁၄၀

လှအုန်း၊ဒေါ် နှင့် မညွန့်၊ ၁၉၃၇၊ ရန်ကုန် စီရင်ထုံးများ၊ စာ **၄၁၀** ၅၉

ဝ၊ ဦး နှင့် ဦးဘထွန်း၊ ၁၉၆၂၊ မြန်မာနိုင်ငံ စီရင်ထုံး၊ စာ **၃၈၉** (တရားရုံးချုပ်) ၁၂၅

ဝင်နီဆူးမား နှင့် ဒေါ်အေးကြည်၊ ၁၉၆၉၊ တရားမ **အထွေထွေ လျှောက်**လွှာ အမှတ် ၁၄၆ .... ၉၉

သန်းအောင်၊ ကို နှင့် မချစ်၊ ၁၉၅ဂ၊ မြန်မာပြည် **စီရင်ထုံး စာ ၂၉၁** (တရားလွှတ်တော်) ၁၄၁

သိန်းရင်၊ မ နှင့် မောင်သာဒွန်း၊ အတွဲ ၂၊ ရန်ကုန်၊ **စာ ၆၂** ၅၉

ဟာမစ်၊ အဗ္ဗူ၊ နှင့် အ က် (စ်) အော၊ အဗ္ဗူ **ဟာမစ်၊ ၁၉၅၁ မြန်မာပြည်** စီရင်ထုံး၊ စာ ၃၉၄ (တရားလွှတ်တော်) ၃၇

အေးတင်၊ ဒေါ်နှင့် မိတ္ထီလာခရိုင် ပြည်သူ့**တရားရုံး** အယူခံအဖွဲ့၊ ၁၉၆၉၊ တရားမ အထွေထွေ လျှောက်လွှာ ၁၈ .... ၁၀၉

အောင်လှ နှင့် ထုံးကြီး၊ အတွဲ ဂ၊ အောက်မြန်မာပြည် စီရင်ထုံး၊ စာ ၂၆၄ .... ၁၄၉

ညွှန်းချက်

INDEX

နိုင်ငံတော်တရားရုံးချုပ်

CHIEF COURT OF BURMA

တရားမမှုများ

CIVIL CASES

စာမျက်နှာ

အက်ဥပဒေများ—

ငွေတိုးချစားသူများ အက်ဥပဒေ

ပန္နည်းလွှဲပြောင်းရေး အက်ဥပဒေ

မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ

မြန်မာ့စလေ့ထုံးတမ်း ဥပဒေ

မှတ်ပုံတင် အက်ဥပဒေ

တရားမကျင့်ထုံး

သီးခြား သက်သာခွင့် အက်ဥပဒေ

အောက်မြန်မာပြည် မြို့နှင့် ရွာမြေများ အက်ဥပဒေ

၁၉၆၃ ခုနှစ်၊ လုပ်ငန်းများ ပြည်သူပိုင် ပြုလုပ်ခြင်း ဥပဒေ

ဇာရီမှုများ**ကို ခေတ္တ**ဆိုင်းငံ့ထားရန် တရားရုံးချုပ်၏ ညွှန်ကြားထားချက်—တည်ဆဲ ဥပဒေနှင့် **ထပ်တွေ** အခြေအနေများ အကြား ပေါင်းကူး တံတား ခင်းပေးသည့် သဘော **ညွှန်ကြားခဲ့**ခြင်း—တရားရုံးချုပ် အမှာစာသည် အိမ်မြေများနှင့် ပတ်သက်၍ ဇာရီပြု**လုပ်ခြင်း**ကို ယာယီအားဖြင့်ဆိုင်းငံ့ထားခြင်း—ဇာရီပြုလုပ်ခြင်းကို အချိန်မီ ပြုလုပ်**ရန် ဤစီ**ရင်ချက်ဖြင့် သတိပေးခြင်း။ ။ဆုံးဖြတ်ချက်။ ။ ဆင်းရဲနွမ်းပါးသော **သူ**တို့အား မြေမှ အိမ်မှ၊ ဥပဒေ အာဏာဖြင့် ဖယ်ရှားလိုတိုင်း

စာမျက်နှာ

ဖယ်ရှားနိုင်ကြလျှင်၊ အတိဒုက္ခရောက်နိုင်ကြသည်ကို မြင်၍၊ ဥပဒေကို လိုအပ်သလို ပြင်ဆင်နိုင်ရန်နှင့် ဥပဒေ ဘောင် အတွင်းမှ မျှတသော နည်းလမ်းများကို ဖန်တီးနိုင်ရန် တရားရုံးချုပ်က တရားရုံးများအား ရည်ညွှန်းသော အမှာစာကို ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။ တရားစီရင်ရေးကို အုပ်ချုပ် ကွပ်ကဲသည့် သဘော၊ တည်ဆဲ ဥပဒေများနှင့် လက်တွေ့ အခြေအနေများ အကြား ပေါင်းကူး ထံတားခင်းပေးသည့် သဘော ညွှန်ကြားခဲ့ခြင်းဖြစ်သည်။ ယင်းညွှန်ကြားလွှာသည် ဥပဒေ အာနိသင် အပြည့် မရှိစေကာမူ၊ တရားရုံးချုပ်၏ အုပ်ချုပ် ကွပ်ကဲမှုကို ခံယူရသော တရားရုံးများက လိုက်နာကြရသည့် ညွှန်ကြားချက်မျိုးဖြစ်သည်။ ။ထပ်မံဆုံးဖြတ်ချက်နှင့် သတိပေးချက်။ ။တရားစရိတ်ကို ဇာရီပြုလုပ်နိုင်ကြောင်း တရားရုံးချုပ် အမှာစာသည် အိမ်မြေများနှင့် ပတ်သက်၍ ဇာရီပြုလုပ်ခြင်းကို ယာယီအားဖြင့် ဆိုင်းငံ့ထားခြင်းသာ ဖြစ်ကြောင်း၊ ဤစီရင်ချက်ဖြင့် ထင်ရှားစေပြီး၍၊ နောင်အခါတွင် ဇာရီပြုလုပ်ခြင်းကို အချိန်မီ ပြုလုပ်ကြရမည် ဖြစ်ကြောင်း သတိပေးလိုက်သည်။ တရားနိုင်က မိမိ၏ အခွင့်အရေးကို စွန့်ပယ်ခြင်း မပြုကြောင်း၊ ကာလ စည်းကမ်းသတ် အတွင်း ဇာရီ လျှောက်ထားခြင်းဖြင့် တရားရုံးအား သိစေရန် တာဝန် ရှိပေသည်။

၁။ ဒေါ်တင်တင်
၂။ ဦးဘရှင်
နှင့်
၁။ ဦးတင်မောင်
၂။ ဒေါ်သိန်းတင် ....

ဒီကရီမိတ္တူကို အယူခံလွှာနှင့်ပူးတွဲ တင်သွင်းခြင်း မပြုပဲနေ၍ ရ မရ——တရားမကျင့်ထုံး အမိန့် ၄၁၊ နည်းဥပဒေ ၁——ဒီကရီ ရေးဆွဲခြင်း မပြုရသေးသည့် အကြောင်းကြောင့် အယူခံအတွက် ဒီကရီမိတ္တူကို ကူးပေးရန် မလျှောက်ထားပဲနေ၍မရခြင်း။ ။ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံး အမိန့် ၄၁၊ နည်း ဥပဒေ ၁ အရ၊ တရားမရုံး၏ ဒီကရီတခုခုကို အယူခံဝင်လျှင် အယူခံလွှာနှင့်အတူ အယူခံသော ဒီကရီ၏ မိတ္တူနှင့် စီရင်ချက် မိတ္တူတို့ကို ပူးတွဲ၍ တင်သွင်းရမည်။ စီရင်ချက်မိတ္တူကို အယူခံရုံးက ခွင့်ပြုပါက တင်သွင်းခြင်း မပြုပဲနေနိုင်သည်။ ဒီကရီမိတ္တူကိုမူကား တင်သွင်းခြင်းမပြုပဲ နေ၍ မရချေ။ ဒီကရီ မိတ္တူမပါပဲ အယူခံလွှာ တင်သွင်းလျှင် ထိုအယူခံသည် တရားဝင်သော အယူခံ မဟုတ်ချေ။ ဗွီ၊ အိုင်၊ အီး၊ အိုင် စမိုလမ်စကဂျာ နှင့် အိဗရာဟင်ရန်း ကုမ္ပဏီလီမိတက် ၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံး၊ ၁၅၂ (တရားရုံးချုပ်) ကို ကိုးကားသည်။ ။ထပ်မံဆုံးဖြတ်ချက်။ ။ရန်ကုန်မြို့၊ တရားမရုံး အက်ဥပဒေ ပုဒ်မ ၂၄ အရ၊ ထိုရုံးမှ ချမှတ်သော ဒီကရီကို တလအတွင်း အယူခံဝင်ရမည်ဖြစ်သည်။ ဒီကရီကို မည်သည့် နေ့ရက်၌ပင် ရေးဆွဲစေကာမူ၊ စီရင်ချက် ချမှတ်သည့် နေ့မှစ၍ ကာလ စည်းကမ်းသတ် အချိန်ကို စတင်၍ ရေတွက်ရမည်။ ဒီကရီရေးဆွဲခြင်း မပြုသေးသည့် အကြောင်းကြောင့် ဒီကရီ မိတ္တူကို ကူးပေးရန် မလျှောက်ထားပဲနေ၍ မရချေ။ လျှောက်ထားခြင်းမပြု၍ ကာလ စည်းကမ်းသတ် အချိန် ကျော်လွန်လျှင် ပျက်ကွက်သူ၏ တာဝန်သာ ဖြစ်သည်။ မောင်ဘိုးကျော်နှင့် မလေး၊ အတွဲ ၇၊ ရန်ကုန် ၁၀။ မောင်ဘော်ဖြူနှင့် မောင်ရန်ရှင်း၊ ၁၉၃၉၊ ရန်ကုန် စီရင်ထုံး ၆၀၆ ကို လိုက်နာသည်။

ဦးဘိုးဝိန် ပါ ၆ နှင့် မောင်အေး (ခ) အင်အင်ကီး ၁၂၁

စာမျက်နှာ

တရားမကျင့်ထုံး အမိန့် ၂၆၊ နည်းဥပဒေ ၁၁—တရားမမှု တခုခုတွင် သက်ဆိုင်ရာရုံးသည် သင့်တော်သည်ဟု ထင်သော သူ တဦးအား စာရင်းများ စစ်ဆေးရန် ညွှန်ကြားနိုင်သည့် အာဏာရှိ မရှိ—တရားမရုံး အက်ဥပဒေ ပုဒ်မ ၃၄ အရ ထုတ်ပြန်သည့် ပြဋ္ဌာန်းချက်များသည် တရားမ ကျင့်ထုံး အမိန့် ၂၆၊ နည်းဥပဒေ ၁၁ ကို လွှမ်းမိုးနိုင် မနိုင်—ကော်မရှင်နာခန့်ထားခြင်းမှာ သက်ဆိုင်ရာရုံး၏ ဆင်ခြင်တုံတရားအရ ခန့်အပ်ရသည့် ကိစ္စဖြစ်ခြင်း။ ။ဆုံးဖြတ်ချက်။ ။တရားမ ကျင့်ထုံးအမိန့် ၂၆၊ နည်းဥပဒေ ၁၁ အရ တရားမမှု တခုခုတွင်သက်ဆိုင်ရာရုံးသည် မိမိသင့်တော်သည်ဟု ထင်မြင်သောသူ တဦး တယောက်အား စာရင်းများ စစ်ဆေးရန် အတွက် ညွှန်ကြားနိုင်သည့် အာဏာရှိသည်။ ရန်ကုန်မြို့၊ တရားမချီး၊ ရုံးလက်စွဲ အပိုဒ် ၁၁ ၌ ရုံးဝန်ထောက်နှင့် စပ်ဆိုင်သည့် တာဝန် ဝတ္တရားများ ပြဋ္ဌာန်းထားသည်။ ထိုတာဝန်ဝတ္တရားများထဲတွင် စာရင်းရှင်းလင်းသည့် တာဝန် လည်း ပါဝင်သည်။ ထိုတာဝန်များကို တရားမရုံး အက်ဥပဒေ ပုဒ်မ ၃၄ အရ၊ ထုတ်ပြန်သည့် ပြန်တမ်းအရ ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ သို့ရာတွင် ယင်းကဲ့သို့ ရုံးဝန်ထောက်၏ တာဝန်ဝတ္တရားများကို ပြဋ္ဌာန်းထားရာ၌ စာရင်းရှင်းလင်းသည့် အလုပ်တာဝန်ပါယုံကာမျှဖြင့်၊ ထိုပြဋ္ဌာန်းချက်များသည် တရားမ ကျင့်ထုံး အမိန့် ၂၆၊ နည်းဥပဒေ ၁၁ ကို လွှမ်းမိုး၍ မသွားနိုင်။ စာရင်းရှင်းရန် အတွက် ကော်မရှင်နာခန့်ထားခြင်းမှာ သက်ဆိုင်ရာရုံး၏ ဆင်ခြင်တုံတရားအရ ခန့်အပ်ရသည့် ကိစ္စဖြစ်သည်။ သာမန်အားဖြင့် ရုံးဝန်ထောက်အား ကော်မရှင်နာ ခန့်အပ်ရန် ဖြစ်သော်လည်း အကျိုး အကြောင်း သင့်မြတ်သည့် အကြောင်းအရာများရှိလျှင် အပြင်လူကိုလည်း ခန့်ထားနိုင်သည်။

ဦးတင်ဂွမ် နှင့် ဦးသော်ဒါ ၄၆

တရားရုံးသည် ဥပဒေကို ရှင်းလင်းထင်ရှားသလို ကျင့်သုံးရခြင်း—တရားရုံးသည် ဥပဒေကအပ်နှင်းသောအာဏာကိုသာသုံးစွဲနိုင်ခြင်း—ဂေါပကလူကြီးအဖြစ် ရွေးကောက်ခြင်း ခံရသည်ဟုကြေညာခြင်းခံရသောပုဂ္ဂိုလ်သည် ဂေါပကလူကြီးအဖြစ် သို့ရောက်-မရောက်—ဂေါပကလူကြီး ရွေးကောက်ခံရခြင်းကို တရားရုံးချုပ်သို့ အတည်ပြုပေးရန်အတွက် လျှောက်ထားရန်လို-မလို—ဂေါပကဖွဲ့စည်းပုံစည်းမျဉ်းတွင်၊ ဂေါပကရွေးကောက်ပွဲ ကြေညာပြီးနောက် တရားရုံးသို့ အတည်ပြုရန်ပြဋ္ဌာန်းချက်များသည် အချီးနှီးဖြစ်ခြင်း။ ။ဆုံးဖြတ်ချက်။ သာခေ လုပ်ထုံး **မှားယွင်း**ချွတ်ချော်နေသည်ကိုမြင်ရလျှင် သင့်မြတ်သလိုပြင်ပေးရန် တရားရုံးချုပ် **တွင်** တာဝန်ရှိသည်။ ဗုဒ္ဓဘုရား မှင်တော် ကိုယ်တိုင်ပင်လျှင်၊ ကာလာမ **မင်းသားတို့အား** ဆုံးမစကားမြွက်ကြားရာ၌ "သင်တို့သည် ပြောသံကြားကာမျှဖြင့်၊ **ဟုတ်ပြီ** မှန်ပြီဟု အတည်မယူကုန်လင့်ဦး၊ အစဉ်အဆက်စကားမျှဖြင့်လည်း **မယူကုန်လင့်ဦး**၊ ဤသို့ဖြစ်ဘူးသတတ် ဟူသောစကားဖြင့်လည်း မယူကုန်လင့်ဦး • • • "စသည်ဖြင့် သတိပေးတော်မူကာ၊ ဤကားကုသိုလ်တရားတည်း၊ **ဤကား အကုသိုလ်**တရားတည်းဟုမိမိတို့ကိုယ်ဘိုင်သိသောအခါ၌မူ၊ ပယ်စွန့်ခြင်း၊ ပြည့်**စုံစေခြင်းတို့ကို** ပြုအပ်ပေသည်ဟု ဟောတော်မူ၏။ ။ကောင်းမြတ်သော ရှေးထုံး**သို့ထိုမပယ်ကောင်း**၊ သို့ရာတွင် ရှေးထုံးကိုသာလျှင် ရင်ဝယ်ပိုက်ကာ ပြုပြင် ပြောင်းလဲ**ခြင်းမပြုလုပ်မှုကား** တရားဥပဒေသည်၊ ရှေးခေတ်၌ပင်ဝပ်လျှိုး၍ နေရစ်မည်**ဖြစ်ကြောင်းကိုလည်း** အလျဉ်းသင့်သလို ညွှန်ပြခဲ့ကြဘူးပြီ။ တရားရုံး

စာမျက်နှာ

ချုပ်၏ တရားဥပဒေ သဘာဝယုတ္တိတို့နှင့်အညီ ချမှတ်ခဲ့သော စီရင်ထုံးတို့ကို အောက်ရုံးများက တညီတညွတ် လိုက်နာကြရန်ဖြစ်သော်လည်း၊ တရားရုံးချုပ်၏ စီရင်ထုံးသည်ပင် မှားယွင်းချွတ်ချော်နေသည်၊ သို့မဟုတ် ခေတ်နှင့်မလျော် ဖြစ်နေသည်ကိုတွေ့ရလျှင် တရားရုံးချုပ်ကပင် လိုအပ်သလို ပြန်လည်သုံးသပ် ပြင်ဆင်ပေးရမည်ဖြစ်ပေသည်။ ထိုသို့မဟုတ်က အမှား၏အသက်သည် ရှည်လိမ့် မည်။ တရားဥပဒေသည် လက်တွေ့အခြေအနေနှင့် ကင်းကွာနေလိမ့်မည်။ ဓာသ မုတ္တိသုတ် အင်္ဂုတ္တိုရ်ပါဠိတော် ၂ မဟာဝဂ်၊ဗုဒ္ဓသာသနာအဖွဲ့နှင့် ဒေါ်မြရင်ပါ ၅ နှင့် ဒေါ်စော ၁၉၆၉ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာ ၃၈ (စုံညီခုံရုံး) တို့ကိုရည်ညွှန်းသည်။ ။တရားရုံးသည် ဥပဒေကို ရှင်းလင်းထင်ရှားသလို ကျင့် သုံးရသည်။ ရှင်းလင်းထင်ရှားသော ဥပဒေစကားရပ်ကို ,တရားရုံးက အဓိပ္ပါယ် ဖွင့်ဆိုရန် ဋီကာချဲ့ရန်မလို၊ အဓိပ္ပါယ်ဖွင့်သလိုနှင့် ဥပဒေကိုချဲ့ခြင်း၊ ချုံးခြင်း၊ထွင် ခြင်းပြုမိတတ်သည်ကို ဆင်ခြင်ရမည်။ ယင်းသို့ပြုရန်လိုလျှင် ဥပဒေပြုအာဏာပိုင် အဖွဲ့ကသာ လုပ်ပိုင်ခွင့်ရှိသည်ဟုလည်း မကြာခဏ သတိပေးခဲ့ဘူးပြီ။ စိန်ရတနာ ပိုးယက်ကန်းစက် နှင့် ကုန်သွယ်လုပ်ငန်းခွန်မင်းကြီး၊ ၁၉၆၉ ခုနှစ်၊ မြန်မာ နိုင်ငံစီရင်ထုံး၊ ၂၀၅။ ဝင်နီဆူးမား နှင့် ဒေါ်အေးကြည်၊ ၁၉၆၉ ခုနှစ်၊ တရားမ အထွေထွေ လျှောက်လွှာ ၁၄၆ တို့ကိုရည်ညွှန်းသည်။ ။ထပ်မံ ဆုံးဖြတ်ချက်။ ။တရားရုံးသည် ဥပဒေကမိမိအား အပ်နှင်းသောအာဏာ ကိုသာ သုံးစွဲနိုင်သည်။ အာဏာကို ဖန်တီးပြုလုပ်ယူ၍မရ၊ စီရင်ပိုင်ခွင့် အာဏာကို မလွန်စေရဟူ၍ လိုအပ်သလို ညွှန်ပြခဲ့ဘူးပြီ။ မကြင်မွေး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၆ဂ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှု ၂၅၀ (ခ)။ ဦးဘရှင် နှင့် ဟာဆန်၊ ၁၉၆၉ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာ ၇။ ဒေါ်အေးတင် နှင့် မိတ္ထီလာခရိုင်ဒေသ ပြည်သူ့ တရားရုံးအယူခံအဖွဲ့၊ ၁၉၆၉ ခုနှစ်၊တရားမအထွေထွေ လျှောက်လွှာ ၁ဂ၊ ဦးဘညွန့် နှင့် ဦးစိန်ကြည်၊ ၁၉၇၀ ခုနှစ်၊ တရားမအထွေထွေ လျှောက်လွှာ ၄၁ တို့ကိုရည်ညွှန်းသည်။ ။ထပ်မံဆုံးဖြတ်ချက်။ ။ဤအမှုတွင် ရွှေတိဂုံစေတီတော်ကြီး၏ ဘဏ္ဍာတော်ထိန်း ဂေါပကလူကြီးအဖြစ် အရွေးခံလို သော ပုဂ္ဂိုလ်တို့၏ အရည်အချင်းကို စစ်ဆေးဆုံးဖြတ်ပြီးနောက်၊ ညှိနှိုင်းကာ၊ စည်းကမ်း၊ ထုံးတမ်းနှင့်အညီ ရွေးကောက်ပွဲကို ကျင်းပခဲ့ခြင်းဖြစ်သည်။ မဲဆန္ဒ ရှင်တို့ကလည်း မဲပေး၍ ရွေးကောက်တင်မြှောက်ခဲ့ပြီးပြီ။ ရွေးကောက်တင်မြှောက် ခြင်းကိုလည်း ဂေါပကအဖွဲ့က စည်းဝေးစီစစ်၍ ဆုံးဖြတ်ကြေညာပြီးဖြစ်သည်။ ယင်းသို့ကြေညာပြီးသည်ကို တရားရုံးက ထပ်မံစီစစ်၍ အတည်ပြုရန်မလိုပြီ။ ရွေးကောက်သည်ကို အတည်မပြုမနေ ပြုရမည်သာဆိုလျှင် ကြန့်ကြာ အလုပ်ပို စရိတ်ကုန်၍ အချိန်းနှီး အလဟသဖြစ်မည်။ အဆင့်ဆင့်၌ စီစစ်ကာ ဂေါပကလူကြီး ဖြစ်ရန် အရည်အချင်းပြည့်သော ပုဂ္ဂိုလ်ဖြစ်သည်ဟု ဂေါပကအဖွဲ့က သတ်မှတ် ပြီးသော၊ မဲဆန္ဒရှင်များကလည်း ဆန္ဒပေးပြီး ရွေးချယ်ပြီးသော၊ ရွေးကောက် ခြင်းကို ဂေါပကအဖွဲ့က ကြေညာပြီးသောပုဂ္ဂိုလ်အား တရားရုံးကအတည် မပြု ပြန်လျှင်လည်း လက်ဟ္မေသဘောအားဖြင့် ရွေးကောက်ခြင်းခံရသော ပုဂ္ဂိုလ်အား ဂေါပကလူကြီးအဖြစ်မှ ထုတ်ပယ်ခြင်းမြောက်သည်။ ရွေးကောက်ခြင်းကိုအတည် မပြုခြင်းသည် ရွေးကောက်ခံရသူအား ထုတ်ပယ်ခြင်းပင်ဖြစ်သဖြင့်၊ ပုဒ်မ ၉၂ က ပြဋ္ဌာန်းသော စည်းကမ်းချက်တို့နှင့်အညီ တင်သွင်းလာသော တရားမကြီးမှုကို အခြေခံ၍သာ တရားရုံးကဆုံးဖြတ်ရမည့် လေးနက်သော ကိစ္စရပ်ဖြစ်သည်။

စာမျက်နှာ

ယင်းသို့ တရားဥပဒေနှင့်အညီ စွဲဆိုသော တရားမကြီးမှု၏အပဋ္ဌ တရားရုံးက ထုတ်ပယ်နိုင်ခွင့်မရှိ။ ။ထို့ကြောင့် ရှေတိဂုံစေတီတော်ကြီး၏ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၊ ဖွဲ့စည်းပုံစည်းမျဉ်းပါအပိုဒ် ၆ သည် မလိုပဲ၊ ပိုနေ၍အချီးနှီးဖြစ်သော ပြဋ္ဌာန်းချက်ဖြစ်သည်။ ဂေါပကလူကြီးရွေးကောက်ခြင်းကို ဂေါပကအဖွဲ့ကအပိုဒ် ၅(င)နှင့်အညီ ကျေညာသည်နှင့်၊ ကျေညာခြင်းခံရသော ပုဂ္ဂိုလ်သည် ဂေါပကလူကြီးအဖြစ်သို့ရောက်ကာ၊ တာဝန်ပတ္တရားများကို ထမ်းဆောင်နိုင်သည်။ တရားရုံးချုပ်သို့ အတည်ပြုပေးရန် လျှောက်ထားရန်မလို။ ရွေးကောက်ခြင်းကို စောဒကတက်လိုသော ပုဂ္ဂိုလ်တို့သည် တရားမကျင့်ထုံးပုဒ်မ ၉၂ နှင့်အညီဖြစ်စေ၊ အခြားဆီလျော်သော ဥပဒေအရဖြစ်စေ၊ တရားမကြီးမှုစွဲဆိုရန်သာရှိသည်။ **။ထပ်မံဆုံးဖြတ် ချက်။** ။တရားရုံးများက ပုဒ်မ ၉၂ အရ အတည်ပြုထားသော ဂေါပကဖွဲ့စည်းပုံစည်းမျဉ်းများတွင် ဂေါပကရွေးကောက်ပွဲကို ဂေါပကအဖွဲ့က ကျေညာပြီးနောက်၊ တရားရုံးသို့အတည်ပြုရန် လျှောက်ထားရမည်ဟု ရွှေတိဂုံစေတီတော်ကြီး ဂေါပကဖွဲ့စည်းပုံ စည်းမျဉ်းအပိုဒ် ၆ ကဲ့သို့သော ပြဋ္ဌာန်းချက်များရှိနေခဲ့လျှင်၊ ယင်းတို့သည်အချီးနှီးဖြစ်သည့်ပြင် တရားရုံးတို့အား အာဏာလွန်၍ဆုံးဖြတ်စေနိုင်သည်။ ယင်းပြဋ္ဌာန်းချက်တို့ကို လိုက်နာရန်မဟုတ်ဟု စီရင်ထုံးပြုသည်။ ယင်းသို့သော ပြဋ္ဌာန်းချက်ပါရှိစေကာမူ၊ တရားရုံးသည် ရွေးကောက်ပွဲကိုအတည်ပြုပေးရန် လျှောက်ထားလာပါက၊ ဆက်လက်အရေးယူဆောင်ရွက်ခြင်း မပြုမူ၍ လျှောက်လွှာကိုပယ်ရန်ဖြစ်သည်။ ဂေါပကအဖွဲ့များကလည်း ရွေးကောက်ခြင်းကို အတည်ပြုရန် တရားရုံးသို့ လျှောက်ထားမှုန်မလိုချေ။ နောင်အခါများ၌ ဂေါပကဖွဲ့စည်းပုံစည်းမျဉ်းကို တရားရုံးက စီစစ်အတည်ပြုပေးလျှင် ရွေးကောက်ပွဲကို ရုံးကအတည်ပြုပေးရမည့် သဘောပါရှိသည့် ပြဋ္ဌာန်းချက်မျိုးကို ထည့်သွင်းပေးခြင်းမပြုစေရ။

ဦးထွန်းလှိုင် } နှင့် { ဦးကြည်ဝင်း ပါ ၅ ....
ဦးသာဝင်း } { ဦးကျော်စိန် ပါ ၄

ပဋိညာဉ်အတိုင်း မြေကို လွှဲပြောင်းရေး ဆောင်ရွက်စေရန် ဒီဂရီပေးခြင်းနှင့် ဒီဂရီပေးရန် ငြင်းခြင်း—မည်သည့်ယူဆချက်က မှန်မမှန်—သီးခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ ၂၂ ကတရားရုံးအားအပ်နှင်းထားသော အာဏာသည်၊ ၎င်းအက်ဥပဒေပြဋ္ဌာန်းချက်များကို လွှမ်းခြုံခြင်းရှိ-မရှိ—အယူခံရုံးသည် မိမိ၏ဆင်ခြင်တုံတရားကို မူလရုံး၏ဆင်ခြင်တုံတရားနှင့် အစားထိုးရန်မဟုတ်ခြင်း။ ။ဤအမှုတွင် အယူခံတရားလို ဒေါ်စောရွှေတို့က၊ အယူခံတရားပြိုင် ဒေါ်မှန်အား၊ ၎င်းတို့ပိုင်မြေအချို့ကို ရောင်းရန်သဘောတူ စာချုပ်ချုပ်ဆိုခဲ့သည်။ ဒေါ်မှန်က မြေကိုပေးအပ်၍ အရောင်းအဝယ်မှတ်ပုံတင်ရန် ပြောဆိုရာ ဒေါ်စောရွှေက ငြင်းဆန်သခြင်း၊ ဒေါ်မှန်က ပဋိညာဉ်အတိုင်း ဆောင်ရွက်စေလိုမှုစွဲသည်။ မူလရုံးနှင့် ပထမအယူခံရုံးများတွင် စွဲဆိုသည့်အတိုင်း ဆောင်ရွက်ပေးစေရန် ဒီကရီပေးသင့်မသင့် စဉ်းစားရာ၌ထူးခြားသော ပြဿနာတွေ့ခဲ့ရသည်။ **။ဆုံးဖြတ်ချက်။** ။မူလကအကြောင်း အချက်တို့ကို ကောင်းစွာ သုံးသပ်ပြီးနောက် ဆင်ခြင်တုံတရားကို သဘာဝတရားနှင့်အညီ မျှတစွာ သုံးစွဲထားခြင်းဖြစ်သည်။ ပုဒ်မ ၂၂ ကလည်း ဆင်ခြင်တုံတရားကို သုံးစွဲခွင့်အာဏာကို ရုံးအား အပ်နှင်းထားသည်။ ယင်းသို့ သုံးစွဲ၍ ဆုံးဖြတ်ထားသည်ကို အယူခံရုံးက ကြည့်ရှု၍ တရားမျှတမှု ကင်းနေလျှင် ပြင်ဆင်နိုင်သည် မှန်၏။ သို့ရာတွင် မူလရုံးက ဆင်ခြင်တုံတရားသုံးစွဲပုံမှန်၊ မမှန်ကို

စီစစ်ဝေဖန်ရန်ဖြစ်၏။ အယူခံရုံးက မိမိ၏ဆင်ခြင်တုံတရားကို မူလ**ရုံး၏ ဆင်ခြင်တုံ**
တရားနှင့် အစားထိုးရန်မဟုတ်။ အယူခံရုံးထိုင်တရားသူကြီးက **မိမိသာလျှင်**
မူလအမှုကို စစ်ဆေးလိုက်ရလျှင်၊ ဤသို့ ကွဲလွဲ၍ ဆုံးဖြတ်လိုက်ရလျှင် **သင့်**
မြတ်မည်ဟုယူဆကာမျှနှင့်လည်း၊ အယူခံမှုတွင် ယင်းသို့ ကွဲလွဲ၍ ဆုံးဖြတ်**ပေးရန်**
မဟုတ်ချေ။ ။ထပ်မံဆုံးဖြတ်ချက်။ ။သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ
၁၂ ၏ ရှင်းလင်းချက်တွင် "အခြားဆန့်ကျင်သော အချက်အလက်ကို သက်သေ
မထူနိုင်လျှင်" ဟူသော စကားရပ်များက ချုပ်ထားသည်ကို မမေ့အပ်။ သာမန်
အားဖြင့် မြေကို လွှဲပြောင်းပေးခြင်းကို ငွေလျော်ကြေးဖြင့် အစားထိုး၍ မလုံ
လောက်ဟု ယူဆရမည်။ သို့ရာတွင် မြေကို လွှဲအပ်သဖြင့် အိမ်ဖျက်ရမည်၊
ရေတွင်းဖို့ရမည်ဟု ထင်ရှားစွာ အမှုတွင် ပေါ်နေသော အချက်သည်၊ ယင်းယူ
ဆချက်ကို ဆန့်ကျင်၍ သက်သေထူထားသော အချက်ဖြစ်၏။ ပုဒ်မ ၂၂ က
တရားရုံးအား အပ်နှင်းသော အာဏာသည် အက်ဥပဒေ ပြဋ္ဌာန်းချက်များကို
လွှမ်းခြုံသည်။ ရှေ့ကပါသော ပုဒ်မ ၁၂ ကိုလည်း လွှမ်းခြုံသည်။ ပုဒ်မ ၁၂ တွင် ပါရှိ
သော ရှင်းလင်းချက်အရ အချင်းဖြစ်ကိစ္စသည် မြေစသော မရွှေ့မပြောင်းနိုင်သော
ပစ္စည်းဖြစ်လျှင် ပစ္စည်းကိုပင် မပေးမနေ ပေးအပ်စေရမည်ဆိုလျှင်၊ တရားရုံးအား
ပုဒ်မ ၂၂ က အပ်နှင်းသော အာဏာသည် အဓိပ္ပါယ်မရှိ၊ အချီးနှီးဖြစ်လိမ့်မည်။
မူလရုံးက နှစ်ဖက်မျှတစေသောငှါ၊ ဒေါ်မှန်အား၊ ဒေါ်စောရွှေက လျော်ကြေး
ပေးစေ၏။ ပုဒ်မ ၁၉ အရ၊ ယင်းသို့လျော်ကြေးပေးရန် အမိန့်ချမှတ်ပေးနိုင်
သည်။ ပုဒ်မ ၁၉ ၏ ဒုတိယအပိုဒ်တွင်၊ တရားရုံးက ပဋိညာဉ်အတိုင်း ဆောင်ရွက်
စေဟုလည်း အမိန့်မပေး၊ ပဋိညာဉ်ဖေါက်ဖျက်မှုလည်း ရှိနေသည်ဟု တွေ့ရလျှင်၊
တရားလိုအား သင့်တော်သော လျော်ကြေးကို ပေးစေရန် မိန့်ဆိုနိုင်သည်ဟု
ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် တရားလိုက လျော်ကြေးမတောင်းစေကာမူ
တရားရုံးက လျော်ကြေးပေးထားခြင်းသည် ဥပဒေအာဏာမလွန်။

၁။ ဒေါ်စောရွှေ၊
၂။ ဦးဆင့် (ကွယ်လွန်) ၎င်း၏တရားဝင် } နှင့် ဒေါ်မှန် ၆၂
ကိုယ်စားလှယ်ဒေါ်စောရွှေ။

ပြည်သူ့ပိုင်မလုပ်မီက ရရန်ရှိသော ကြွေးမြီအတွက် တရားစွဲဆိုပိုင်ခွင့်**သည်၊ပြည်သူ့ပိုင်**
ပြုလုပ်ပြီးနောက် အစိုးရ၌ တည် မတည် ....

မယားကြီး မယားငယ် ခေါ်ဝေါ်သည်ထက်၊ **ပထမ မယား၊ ဒုတိယ မယား** ဟု
ခေါ်ဝေါ်သည်က ပို၍ တိကျမှန်ကန်မည် ဖြစ်ခြင်း—တရားဝင် မယားသည်၊
မြန်မာဓလေ့ထုံးတမ်း ဥပဒေအရ **လင့်အမွေကို ဆက်ခံနိုင်ခွင့်ရှိသည့်** တရားဝင်
မယားပြိုင်အဖြစ်ပေးခြင်း။ ၅၂

မရွှေ့ပြောင်းနိုင်သောပစ္စည်းမှနှင်ထုတ်သည့် ဒီကရီကိုအကျိုးသက်ရောက်အောင်ဆောင်
ရွက်ခြင်းမှ ဆိုင်းထားရန် တရားရုံးချုပ်က ညွှန်ကြားထားချက်—အစိုးရဘဏ်များ
မှရရှိထားသည့် ဒီကရီများနှင့် အကျုံးဝင် မဝင်။ ။ဆုံးဖြတ်ချက်။ ။တရားရုံး
ချုပ်(အထွေထွေဌာန)၏ ၁၉၆၄ ခုနှစ်၊ ဇန္နဝါရီလ ၁၈ ရက်နေ့စွဲပါ၊ စာအမှတ်
၂၃၂/၂၀-၁၅၅ (၆၁) အမှာစာဖြင့်၊ တရားမတရားသူကြီးအားလုံးထံသို့ မရွှေ့
မပြောင်းနိုင်သော ပစ္စည်းမှ နှင်ထုတ်သည့် ဒီကရီ၊ သို့မဟုတ် အမိန့်ကို အကျိုး

သက်ရောက်စေရန် အရေးယူ ဆောင်ရွက်ခြင်းမှ ခေတ္တဆိုင်းထားရန် ၁၉၆၄ ခုနှစ်၊ **ဇန်**နဝါရီလ ၁၈ ရက်နေ့တွင် ညွှန်ကြားခဲ့သည်။ ထိုကဲ့သို့ ညွှန်ကြားရခြင်းမှာ တရားမရုံးများမှ ဒီကရီဖြင့် နေအိမ်များအား ဝရမ်းကပ်၍ ဖျက်သိမ်းခြင်း၊ ပြောင်းရွှေ့ခြင်းစသော အမိန့်များကြောင့် ဆင်းရဲသားများ နစ်နာ၍ အိုးအိမ်မဲ့ခြင်း၊ မဖြစ်ရအောင် လိုအပ်သည့် ဥပဒေဇာရပ်ကို ပြဋ္ဌာန်းရန်မှီ၍ တရားမတရားသူကြီးများအား လိုအပ်သလို ညွှန်ကြားချက်တရပ် ထုတ်ပြန်ရန် တော်လှန်ရေးအစိုးရ၊ တရားရေးဌာနမှ ၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့စွဲပါ၊ စာအမှတ် ၃-တစ-၆၃ အရ၊ မေတ္တာရပ်ခံခဲ့ခြင်းကြောင့်ပင်ဖြစ်သည်။ ။ထပ်မံဆုံးဖြတ်ချက်။ ။တရားရုံးချုပ်မှ ညွှန်ကြားလွှာထုတ်ပြီးသည့်နောက် နိုင်ငံတော်ကူးသန်းရောင်းဝယ်ရေးဘဏ်မှ ထိုညွှန်ကြားချက်သည် ဘဏ်မှ ရရှိထားသည့် အပေါင်ဒီကရီများနှင့် အကျုံးဝင်ခြင်း ရှိ၊ မရှိ ပြန်ကြားရန် ၁၉၆၄ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့တွင် စာအမှတ် ငွေချေး ၁၄၁ အရ၊ မေးမြန်းခဲ့သည်။တရားရုံးချုပ်မှ ထိုစာ၏ မိတ္တူကို တရားရေးဌာနသို့ ပေးပို့၍ မေးမြန်းရာ၊ တရားရေးဌာနမှ ၁၉၆၄ ခုနှစ်၊ မေလ ၁၁ ရက်နေ့စွဲပါ၊ စာအမှတ် ၂ တ-င-၆၄ (၃၁၆) အရ၊ အောက်ပါအတိုင်း ပြန်ကြားခဲ့သည်။

"တရားမရုံးများမှ ဒီကရီဖြင့် နေအိမ်များအား၊ ဝရမ်းကပ်၍ ဖျက်သိမ်းခြင်း၊ ပြောင်းရွှေ့ခြင်းစသော အမိန့်များကြောင့် ဆင်းရဲသား လူနေများ နစ်နာ၍၊ အိုးအိမ်မဲ့ဖြစ်ရသော ကိစ္စနှင့်စပ်လျဉ်း၍၊ လိုအပ်သော ဥပဒေတရပ် ပြဋ္ဌာန်းရန်ကိစ္စကို ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီသို့ ထပ်မံတင်ပြထားဆဲ ဖြစ်ပါသည်။ ထိုသို့ ယခုရေးဆွဲလျက်ရှိသော ဥပဒေကြမ်း၏ သဘောတွင် နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေးဘဏ်တွင် ငွေချေးဌာနမန်နေဂျာထံမှ မေးမြန်းထားသည့် ဘဏ်လက်ဝယ်ရှိ အပေါင်ပစ္စည်းဖြစ်သည့် မြေ၊ နေအိမ် အဆောက်အဦများ၊ စက်ရုံများနှင့် စက်ပစ္စည်းများစသည်တို့ကို အပေါင်ဒီကရီ (Mortgage Decree) များဖြင့် ဇာရီမှုပြုလုပ်ခြင်း၊ ရောင်းချခြင်းစသော အမှုများ အကျုံးမဝင်ကြောင်း ပြန်ကြားအပ်ပါသည်"။

ထိုပြန်စာနှင့် စပ်လျဉ်း၍ နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေးဘဏ်မှ ၁၉၆၄ ခုနှစ်၊ မေလ ၂၈ ရက်နေ့စွဲဖြင့်၊စာအမှတ် ငွေချေး ၁၀၆ အရ၊တရားရုံးချုပ်၏ မူလ ညွှန်ကြားလွှာသည်၊ ဘဏ်မှ စွဲဆိုထားသည့် အမှုများနှင့် အကျုံးမဝင်ကြောင်း ခရိုင်တရားမရုံးများသို့ ညွှန်ကြားချက်ထုတ်ပြန်ပေးရန် မေတ္တာရပ်ခံခဲ့သည်။ **ထို့**ကြောင့် တရားရုံးချုပ်မှ ၁၉၆၄ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့စွဲပါ(အထွေထွေဌာန) **စာအ**မှတ် ၅၂၃/၂၀-၁၅၅ (၆၃) အရ၊ တရားရေးဌာန၏ ၁၉၆၄ ခုနှစ်၊ မေလ **၁၁ ရက်**နေ့စွဲပါ စာအမှတ် ၂-တ-င-၆၄ (၃၁၆) ကိုရည်ညွှန်း၍ ခရိုင်တရားမရုံး**များသို့** သိသာရန်နှင့် လိုအပ်သလို ဆောင်ရွက်ကြရန် ညွှန်ကြားခဲ့သည်။ တနည်း **ဆိုသော် မူလက** ထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက်၌ အစိုးရဘဏ်များမှ ရရှိထားသ**ည့် ဒီကရီများ**သည် အကျုံးဝင်ခြင်းမရှိဟု ပြင်ဆင်၍ ညွှန်ကြားခဲ့ပြီးဖြစ်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်သူ့ဘဏ် (**ယခင်နိုင်ငံတော်ကူးသန်း**ရောင်းဝယ်ရေး ဘဏ်)။ နှင့် ၁။ ဦးလှသိန်း ၂။ ဒေါ်စန်း ၁၀၃

စာမျက်နှာ

မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၁—အိမ်ရှင်သည်၊ အိမ်ငှါးထံမှ ငှါးရမ်းခအတိုင်းတောင်းဆိုခွင့်ရှိခြင်း—ရေမရသည့်အကြောင်းကြောင့် စံငှါးရမ်းခကို ပြင်ဆင်သတ်မှတ်ပေးရန် ပုဒ်မ ၂၇ (၂) အရ၊ အိမ်ငှါးသည်၊ ကြီးကြပ်ရေး ဝန်ထံသို့ လျှောက်ထားသင့်ခြင်း။ ။ဆုံးဖြတ်ချက်။ ။စံငှါးရမ်းခမှာ ငှါးရမ်းခ ကြီးကြပ်ရေးဝန်က သတ်မှတ်ထားသည့် ငှါးရမ်းခဖြစ်ရာ၊ အိမ်ရှင်သည်၊ အိမ်ငှါးထံမှ ထိုငှါးရမ်းခအတိုင်း တောင်းဆိုပိုင်ခွင့်ရှိသည်။ အိမ်ရှင်သည် ယင်းငှါးရမ်းခအတိုင်း တောင်းဆိုပိုင်ခွင့်မရှိပဲ၊ အချို့အဝက်ကိုသာ ရပိုင်ခွင့်ရှိသည်ဟု ဆိုလျှင် စံငှါးရမ်းခကို ပြင်ဆင်ရာ ရောက်မည်ဖြစ်သည်။ စံငှါးရမ်းခကို မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၃၂ အရ၊ လွှဲအပ်လက်ခံနိုင်သည့် အာဏာပိုင်ကသာ ပြင်ဆင်နိုင်သည်။ ။အယူခံတရားပြိုင် တင်ပြသည့်အတိုင်း ငှါးရမ်းခတွင် အခန်းအတွက်သာမက၊ ရေအတွက်လည်း ပါသည်ဟုဆိုလျှင် ရေမရသည့် အကြောင်းကြောင့် စံငှါးရမ်းခကို ပြင်ဆင်သတ်မှတ်ပေးသင့်ပါသည်ဟု ပုဒ်မ ၂၇ (၂) အရ၊ အိမ်ငှါးသည် ကြီးကြပ်ရေးဝန်ထံသို့ လျှောက်ထားသင့်သည်။

ဦးဘရှိန် နှင့် ဦးမောင်မောင်ကလေး ၁၁၈

မြန်မာဓလေ့ထုံးတမ်းဥပဒေ—ဗုဒ္ဓဘာသာတဦးဖြစ်ရန် စိတ်နေစိတ်ထားသာလျှင်ပဓါနဖြစ်ခြင်း။ ။ဆုံးဖြတ်ချက်။ ။ဗုဒ္ဓဘာသာ မိဖများမှ ဆင်းသက်သည့် သားသမီးများသည်၊ အခြားဘာသာတခုသို့ ကူးပြောင်း ကိုးကွယ်ခြင်းမရှိလျှင်၊ ဗုဒ္ဓဘာသာများဖြစ်သည်ဟုယူဆနိုင်သည်။ မိရိုးဖလာအားဖြင့် ဗုဒ္ဓဘာသာဝင်များဖြစ်ကြသူများအဖို့ဘုရားသွား ကျောင်းတက် အစရှိသည့် ဘာသာရေး ကိုင်းရှိုင်းမှုများ မပြုလုပ်စေကာမူ၊ အခြားသာဘာသို့ မကူးပြောင်းသေးသမျှကာလပတ်လုံး ဗုဒ္ဓဘာသာများသာ ဖြစ်သည်ဟုလွယ်လင့်တကူယူဆနိုင်သည်။ သို့ရာတွင် အခြားဘာသာမှ ကူးပြောင်းလာသည့်သူများ၊မိရိုးဖလာအားဖြင့် ဗုဒ္ဓဘာသာဝင် မဟုတ်သူများနှင့် ပတ်သက်၍မူ၊ ထိုသူများသည်၊ ဗုဒ္ဓဘာသာဝင်များ ဟုတ်၊ မဟုတ် အဆုံးအဖြတ်ပြုရန် မလွယ်ကူပေ။ ဗုဒ္ဓဘာသာဝင်တဦး ဖြစ်ရန်အတွက်အခြားဘာသာ များမှာကဲ့သို့ ဘာသာသစ်သို့ သွတ်သွင်းသော ပွဲလမ်းအခမ်းအနားဟူ၍ မရှိသည်နှင့်အမျှ၊ ဗုဒ္ဓဘာသာဝင်အဖြစ်သို့ ရောက်မရောက်သက်သေထင်ရှားပြသရန် ခက်ခဲသည်။ ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာသုံးပါးကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်သူသည်၊ ဗုဒ္ဓဘာသာဖြစ်သည်ဟု ယေဘုယျအားဖြင့် ဆိုသည်။ သို့ဖြစ်လေရာ၊ ဗုဒ္ဓဘာသာတဦးဖြစ်ရန်အတွက် စိတ်နေစိတ်ထားသာလျှင် ပဓါနဖြစ်သည်။ သူတဦး၏ စိတ်ဓါတ်ကို သိရှိနိုင်ရန် ခဲယဉ်းသည်။ ဒေါ်မွန်းနီး ပါ ၈ နှင့် အယ် (လ်) အနှင်း ၁၉၆၂၊ မြန်မာနိုင်ငံ စီရင်ထုံးများ၊ စာ ၂၃၂ ကို လိုက်နာသည်။

ဒေါ်မေမေခင်ပါ ၂ နှင့် ဒေါ်ကျောင်စွန်းပါ ၄ .... ၁၂၇

မြန်မာဓလေ့ထုံးတမ်းဥပဒေ—လင်မယားကွာရှင်းပြီးနောက်၊ မိဘများထံမှ သားသမီးများ၏ အမွေဆက်ခံခွင့်—အမိအဘတို့၏ အိုးအိမ်သစ်—မိဘတို့၏ဆန္ဒ—သားသမီးတို့၏ ပြုဘွယ်သောဝတ္တရား။ ။ဆုံးဖြတ်ချက်။ ။လင်မယားကွာရှင်းပြီးသည်နှင့်တပြိုင်နက်၊ အဖ၏အိုးအိမ်၊ အမိ၏အိုးအိမ် ဟူ၍ အိုးအိမ်သစ်နှစ်ခု

စာမျက်နှာ

ပေါ် ပေါက်လာသည်။ အဖနှင့် အတူလိုက်နေသည့် သားသမီးများသည် အဖထံမှ **အမွေ**ကို လက်ခံနိုင်သည်။ အမိထံမှ အမွေကို မူလက်ခံခွင့်မရှိ။ ထိုနည်းတူစွာပင် အမိနှင့်လိုက်ပါသွားသော သားသမီးများသည်လည်း ဖခင်ထံမှ အမွေကိုဆက်ခံခွင့် မရှိတော့ပေ။ လင်မယားကွာရှင်းပြတ်စဲရာ၌ ဖည်သည့် သားသမီးသည်၊ မည်သူ့ထံမှ အမွေကို ဆက်ခံစေရမည်ဟူသောအချက်မှာ မိဘတို့၏ ဆန္ဒအလျောက် ဆုံးဖြတ်ရသည့်အချက်ဖြစ်သည်။ **မရီရီ** နှင့် **မကလေး**၊ အောက်မြန်မာပြည်စီရင်ထုံး၊ အတွဲ ၁၊ စာ ၁၆၇ ကို ရည်ညွှန်းသည်။ ။ **ထပ်မံဆုံးဖြတ်ချက်။** ။ သားသမီးတို့၏ ပြုဘွယ်သော ဝတ္တရားဆိုရာ၌၊ ရံဖန်ရံခါ အလည်အပတ်သွားခြင်း၊ **မိဘ၏** ပေးကမ်းထောက်ပံ့မှုကို လက်ခံရရှိခြင်း အစရှိသည့် အချက်အလက်များ **ပေါ်ရုံက**သျှဖြင့်၊ အဆိုပါဝတ္တရားများကို ပြန်လည် ဆောင်ရွက်ရာ မရောက် **ကြောင်း** စီရင်ထုံးအများအပြား၌ပြဆိုခဲ့ပြီးဖြစ်သည်။

မောင်ကျော်မြင့် နှင့် မောင်ကျော်ဆင့် (ငယ်ရွယ်သူ)၊ (၎င်း၏ အုပ်ထိန်းသူ ဒေါ်မြကျင်) ....

မြေဆို လက်မဲ့ဖြစ်သူက လက်ရှိဖြစ်သူအား၊ ဖယ်ရှားပေးရန် စွဲဆိုသည့်အမှုများ၌ လက်မဲ့ဖြစ်သူသည် မြေကိုပိုင်ဆိုင်ကြောင်း သက်သေထူရန် တာဝန်ရှိပြီး၊ လက်ရှိ ဖြစ်သူတွင် ပိုင်ဆိုင်ခွင့်ရှိကြောင်း ညွှန်ပြရန် တာဝန်မရှိခြင်း ၁၃၇

သမ္မာန်စာအတည်ပြုခြင်း—တရားမကျင့်ထုံးအမိန့် ၅၊ နည်းဥပဒေ ၁၇ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း သမ္မာန်စာ အတည်ပြုရာတွင် တိကျစွာ ဆောင်ရွက်ရန်လိုအပ်ခြင်း။ ။**ဆုံးဖြတ်ချက်။** ။တရားမကျင့်ထုံးအမိန့် ၅၊ နည်းဥပဒေ ၁၇ အရ၊ တရားပိုင်တဦးသည်၊ သမ္မာန်စာ လက်ခံရရှိကြောင်း ဝန်ခံလက်မှတ်ရေးထိုးရန် ငြင်းဆန်ပါက သမ္မာန်စာ အတည်ပြုသူသည်၊ တရားပိုင်အိမ်၏ အပြင်တံခါး သို့မဟုတ် ထင်ရှားသည့် အစိတ်အပိုင်းတွင် သမ္မာန်စာကို တွဲထား၊ ကပ်ထားရန်လိုသည်။ ယင်းသို့ တွဲထား၊ ကပ်ထားခြင်းမရှိလျှင် သမ္မာန်စာသည် အတည်ဖြစ်သည်ဟု ယူဆနိုင်မည်မဟုတ်ပေ။ ထိုနည်းဥပဒေအရ၊ သမ္မာန်စာအတည်ဖြစ်လျှင် အမှုကို တဘက်သတ်ကြားနာနိုင်သဖြင့် ယင်းနည်းဥပဒေသည် အပြစ်ဒဏ်ခတ်သော သဘောရှိသည့် ပြဋ္ဌာန်းချက်တခုဖြစ်၍ ပြဋ္ဌာန်းချက်တွင် ပါသည့်အတိုင်း တိကျစွာ ဆောင်ရွက်ရန်လိုသည်။ **ဦးဝ** နှင့် **ဦးဘထွန်း**၊ ၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး ၃၇၉။ (တရားရုံးချုပ်)။ **ဦးကျော်ခင်နှင့် ဦးကြီးမောင်**၊ ၁၉၆၃ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၄၅၆ တို့ကို ရည်ညွှန်းသည်။

ဒေါ်အေး၊ မဒါး နှင့် ကိုမောင်ရွှေ ၁၂၄

အမှုတခုကို စိတ်တွင် ပွင့်လင်းသန့်ရှင်းစွာ စစ်ဆေးနိုင်သည်ဟု အမှုစစ်တရားသူကြီးက ယုံကြည်လျှင်၊ ယင်းသို့ စစ်ဆေးစီရင်ရန်မှာ အခွင့်အရေးတရပ်သာမဟုတ်၊ **တာဝန်ဖြစ်ခြင်း**—တဦးကို တဦးလေးစားယုံကြည် ယဉ်ကျေးစွာဆက်ဆံကြခြင်း **သည်ရုံးနှင့်** ရှေ့နေတို့ထားရှိအပ်သော ကျင့်ဝတ်ဖြစ်ခြင်း—တရားသူကြီးသည်၊ မူလဘက်**မှုခင်းတွင်** အနည်းငယ် ဆောင်ရွက်ခဲ့ခြင်း၊ ယင်းအမှုမှ ပေါက်ပွါးသော ကိစ္စတရပ်**တွင်** အယူခံဘက်၌ ပါဝင်ဆုံးဖြတ်ခဲ့ခြင်းတို့ကြောင့်၊ ၎င်းတရားသူကြီး အား၊ **အမှုအတွင်း ဆက်**လက်ဆောင်ရွက်ခြင်း ပြုသင့်၊ မပြုသင့်။ ။ဤအမှုမှာ နိုင်ငံတော်တရားရုံးချုပ်မူလဘက်ဌာန၏၊ ၁၉၆၁ ခုနှစ်၊ တရားမကြီးမှုအမှတ်(ဂ)

စာမျက်နှာ

တွင်၊ တရားလို (ယခုအယူခံ တရားပြိုင်) တို့အား အနိုင်ဒီကရီချမှတ်ပေးသည်ကို မကျေနပ်၍ အယူခံတရားလို (မူလတရားပြိုင်) တို့က အယူခံဝင်သောအမှု ဖြစ်သည်။ ။အယူခံတရားလိုဘက်မှ လိုက်ပါဆောင်ရွက်သော တရားရုံးချုပ် ရှေ့နေ ဦးဝမ်ဟုတ်က အယူခံခုံရုံးတွင်ပါဝင်သော တရားသူကြီးတဦးဖြစ်သော ဦးကျော်ဇံဦးသည်၊ မူလအမှုတွင် ငြင်းချက်ထုတ်ခဲ့ပြီး တရားလို များဘက်ကို စစ်ဆေးခဲ့၍၊ တရားသူကြီးဦးကျော်ဇံဦး မပါဝင်သော ခုံရုံးကသာ ဤအယူခံ မှုကို ကြားနာသင့်ကြောင်း တင်ပြရာ၊ ၎င်းနှင့်အတူ လိုက်ပါဆောင်ရွက်သော ဝတ်လုံတော်ရ ဦးချန်ထွန်းအောင်က ထောက်ခံသည်။ အယူခံတရားပြိုင်များ ၏ တရားရုံးချုပ်ရှေ့နေ မစ္စတာ ဘီ၊ ကေ၊ ဆင်းကမှ ဤအယူခံမှုမှာ ၄ နှစ် နီးပါးကြာပြီဖြစ်၍၊ တရားသူကြီး ဦးကျော်ဇံဦး ပါဝင်သော ခုံရုံးက စစ်ဆေး ကြားနာခြင်းကို ကန့်ကွက်ရန်မရှိဟုဆိုသည်။ သို့ဖြစ်၍ ခုံရုံးတရားသူကြီးများက တရားသူကြီးချုပ်ထံ သိသာရန်နှင့် ညွှန်ကြားချက်တောင်းရန် တင်ပြခဲ့သည်။ ။ ဆုံးဖြတ်ချက်။ ။အမှုတမှုကို စိတ်တွင်ပွင့်လင်းသန့်ရှင်းစွာ စစ်ဆေးစီရင်နိုင် သည်ဟု အမှုစစ်တရားသူကြီးက ယုံကြည်လျှင်၊ ထင်းသို့စစ်ဆေးစီရင်ရန်မှာ အခွင့်အရေးတရပ်မျှသာမဟုတ်၊ တာဝန်တရပ်ဖြစ်သည်။ စစ်ဆေးနိုင်ပါလျက် စစ်ဆေးခြင်းမပြုက၊ တာဝန်ကိုပင် တိမ်းရှောင်ရာရောက်နိုင်သည်။ ကိုယ်ကြိုက် ရာ အမှုကို ရွေး၍ စစ်ဆေးကြလျှင်၊ မလျော်သောကိစ္စများဖြစ်နိုင်သည်။ ။ ထပ်မံဆုံးဖြတ်ချက်။ ။တရားရုံးချုပ်၏ သက်တမ်းတွင်လည်း အမှုသည်များ အပြင်း အထန် ပဋိပက္ခ ဖြစ်နေသည့် အခါများစွာ၌၊ ရှေ့နေကြီးများသည် ရုံးအပေါ် လေးစားယုံကြည်စွာ ဆက်ဆံခဲ့ကြသည်ကို သာဓကတည်းတွေ့ခဲ့ရ သည်။ ဤသို့ တဦးကို တဦးလေးစား ယုံကြည် ယှဉ်ကျေးစွာဆက်ဆံကြခြင်းသည်၊ ရုံးနှင့် ရှေ့နေတို့ ထားရှိအပ်သော ရှေ့ဟောင်းကျင့်ထုံးတည်းဖြစ်သည်။ ။ထပ်မံ ဆုံးဖြတ်ချက်။ ။မူလဘက် တရားသူကြီးသည်လည်း အခင်းအခါများမှာကဲ့သို့ တဆက်တည်း နှစ်အတန်ကြာအောင် မထိုင်ကြပါ။ အယူခံဘက်သို့ ဝင်ရောက် ကူညီရခြင်း၊ အလှည့်ကျ မန္တလေးသို့ သွားရောက်ရုံထိုင်ရခြင်းများပြုကြရပါ သည်။ ထို့ကြောင့် မူလဘက် မှုခင်းတရပ်တွင် သက်သေ အနည်းငယ်စစ်ဆေးခဲ့ ခြင်း၊ ကြားဖြတ်အမိန့်တရပ်ရပ် ချမှတ်ခဲ့ခြင်း၊ ထင်းအမှု ပေါက်ပွါးသော ကိစ္စတရပ်ရပ်တွင် အယူခံဘက်၌ ပါဝင် ဆုံးဖြတ်ခဲ့ခြင်းတို့ရှိတတ်ပါသည်။ ထိုသို့ ရှိတိုင်း တရားသူကြီးအား အမှုတွင် ဆက်လက်ဆောင်ရွက်ခြင်း မပြုရဆိုလျှင် မှုခင်းများ ပြီးပြတ်တော့မည် မဟုတ်၊ သာသူသာ၍၊ နာသူ နာကြပါလိမ့်မည်။

ကမ်ဘာခန် နှင့် လှာနင်းပါ (၆) — — ၄၂

အယူခံရုံးသည် အယူအဆကွဲလွဲကာမျှဖြင့် အောက်ရုံး၏ ဆုံးဖြတ်ချက်ကို ဝင်ရောက် စွက်ဖက်ခြင်းပြုနိုင်မပြုနိုင်—အခွန်မြေပုံတွင် နာမည်ပေါက်ရုံမျှဖြင့် နာမည် ပေါက်သူသည် မြေ၏ ပိုင်ရှင်ဖြစ်မဖြစ်—မြေတို့ လက်မဲ့ဖြစ်သူက လက်ရှိဖြစ် သူအား၊ ဖယ်ရှားပေးရန် စွဲဆိုသည့် အမှုများ၌ လက်မဲ့ဖြစ်သူသည် ထိုမြေကို ပိုင်ကြောင်း သက်သေထူရန် တာဝန်ရှိပြီး လက်ရှိဖြစ်သူတွင် ပိုင်ဆိုင်ခွင့် ရှိကြောင်း တင်ပြရန်တာဝန်မရှိခြင်း။ ။ဆုံးဖြတ်ချက်။ ။လူတဦးသည်၊ ပစ္စည်းကိုပိုင်ရှင် ၏ အခွင့်အမိန့်နှင့် လက်ရှိဖြစ်သည်၊ မဖြစ်သည် ဆိုသော ဆုံးဖြတ်ချက်သည်

ကြောင်းခြင်းရာနှင့် စပ်လျဉ်းသည့် ဆုံးဖြတ်ချက်သာ ဖြစ်ပေသည်။ ယင်းဆုံးဖြတ်ချက်သည် အထောက်အထားလုံးဝ မရှိသည့် ဆုံးဖြတ်ချက် မဟုတ်လျှင် ဒုတိယအယူခံရုံး အနေဖြင့် ပထမ အယူခံရုံး၏ အဆိုပါ ဆုံးဖြတ်ချက်မျိုးကို ဝင်ရောက်စွက်ဖက်ခြင်း မပြုနိုင်ပေ။ အယူအဆ ကွဲလွဲကာမျှဖြင့် ပြင်ရမည်ဆိုလျှင် ဆုံးဖြတ်ချက် အမျိုးမျိုး၊ မိုးမဆုံးလေမဆုံး ဖြစ်ပေါ်ရန်သာ ရှိပေသည်။ ထိုအတိုင်းပင် တရားရုံးများက အစဉ်တစိုက် ကျင့်သုံးခဲ့သည်ကို သတိချပ်သင့်ပေသည်။ **ဦးရဲကျော်သူ ကုမ္ပဏီလီမိတက် နှင့် မလှဦးဖြူ၊ ၁၉၄၀၊ ရန်ကုန် စီရင်ထုံး၊ ၁၈၀ ကို** ရည်ညွှန်းသည်။ ။**ထပ်မံဆုံးဖြတ်ချက်**။ ။အခွန်မြေပုံတွင် နာမည် ပေါက်ရုံမျှဖြင့် နာမည်ပေါက်သူသည်၊ မြေ၏ပိုင်ရှင်ဖြစ်သည်ဟု ယူဆခြင်းမပြုနိုင်ပေ။ **အောင်လှနှင့် ထုံးကြီး၊** အတွဲ ၈ အောက်မြန်မာပြည်စီရင်ထုံး ၂၆၄ ကို ရည်ညွှန်းသည်။ ။**ထပ်မံဆုံးဖြတ်ချက်**။ ။မြေကို လက်မဲ့ဖြစ်သူက လက်ရှိဖြစ်သူအား ဖယ်ရှားပေးရန် တရားစွဲဆိုသည့် အမှုများ၌ လက်မဲ့ဖြစ်သူသည် ထိုမြေကို ပိုင်ဆိုင်ကြောင်းထင်ရှားအောင် သက်သေထူရန် တာဝန်ရှိပေသည်။ **ဒေါ်စောရှင်နှင့် ဟ္ဘာကီးရား၊** ၁၉၆၃၊ မြန်မာပြည်စီရင်ထုံး ၇၆၅ ကို ရည်ညွှန်းသည်။

ယခုအမှု၌အယူခံတရားပြိုင်တို့သည်၊မြေကိုပိုင်ဆိုင်ကြောင်း ထင်ရှားအောင် အထောက်အထားတင်ပြခြင်းမပြုနိုင်။ အယူခံတရားလိုတို့ အနေဖြင့်လည်း မြေကို ပိုင်ဆိုင်ကြောင်း သက်သေမထူနိုင်သည်မှာ မှန်သော်လည်း၊ မြေကို လက်ရှိဖြစ်သူက ၎င်း၏ ပိုင်ဆိုင်ခွင့်ကို ထင်ရှားအောင် မပြသနိုင်ကာမျှဖြင့် လက်မဲ့ဖြစ်သူသည်၊ ထိုမြေကိုပြန်မရနိုင်။ လက်ရှိဖြစ်သူတွင် ပိုင်ဆိုင်ခွင့်ရှိကြောင်း တင်ပြရန် တာဝန်မရှိချေ။ **ကိုသန်းအောင် နှင့် မချစ်**၊ ၁၉၅၈၊ မြန်မာပြည်စီရင်ထုံး ၂၉၁၊ (တရားလွှတ်တော်) ကို ရည်ညွှန်းသည်။

၁။ ဦးအောင်သိန်း ၂။ ဒေါ်ခင်ထွေး	နှင့်	၁။ ဒေါ်အမ ၂။ ကိုခွေးမောင်	....	၁၃၇

အာမခံစာချုပ်—အမှုတွင် တင်သွင်းသော မရွှေ့မပြောင်းနိုင်သော ပစ္စည်းတွင် အကျိုးသက်ရောက်စေသည့် အာမခံစာချုပ်သည်၊ မှတ်ပုံတင်ထားခြင်းမရှိက တရားဝင်မဝင်—ခံဝန်ပြုသူတို့၏ အာမခံစာချုပ်သည်တရားမဝင်ကာမျှနှင့်၊ ၎င်းခံဝန်ပြုသူတို့တွင် ပေးချေရန် တာဝန်ရှိမရှိ—တရားစီရင်ထုံးဟူသည် မှန်ကန်မျှတ၍ တရားဥပဒေနှင့် ညီညွတ်မှုသာ လမ်းညွှန်တရပ် ဖြစ်နိုင်ခြင်း—စီရင်ထုံးကိုးကားခြင်း—နိုင်ငံခြား စီရင်ထုံးများကို ဗဟုသုတအလို့ငှါ လေ့လာကောင်းသော်လည်း အမှီသဟဲ မပြုအပ်။ ။**ဆုံးဖြတ်ချက်**။ ။အမှုတွင် တင်သွင်းသော၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းတွင် အကျိုးသက်ရောက်စေသည့် အာမခံစာချုပ်သည်၊ မှတ်ပုံတင်အက်ဥပဒေနှင့် အခြားဆီလျော်သော ဥပဒေပြဋ္ဌာန်းချက်တို့နှင့် ကိုက်ညီမှသာ တရားဝင်သည်ဟု မြန်မာနိုင်ငံ တရားရုံးများက ကျင့်သုံးလာခဲ့ခြင်းသည် ဥပဒေနှင့် ကိုက်ညီသည်၊ တည်နေသော စီရင်ထုံးများနှင့်လည်း ကိုက်ညီသည်။ မရွှေ့မပြောင်းနိုင်သော ပစ္စည်း (တန်ဖိုးငွေ ၁၀၀ိ နှင့် အထက်) နှင့် ပတ်သက်သော အရောင်းအပေါင်စသော စာချုပ်ကို မှတ်ပုံတင်စေခြင်းဖြင့်ပို၍လေးနက်စေသည်။ ပစ္စည်းနှင့်ပတ်သက်သူတို့သည်မှတ်ပုံတင်ရုံးတွင် သွားရောက်၍ စစ်ဆေးကြည့်ရှုနိုင်

စာမျက်နှာ ၁

စေသည်။ ယင်းပစ္စည်းနှင့် ပတ်သက်၍ ရောင်းဝယ်ဆက်သွယ်ခြင်းသည်၊ ရှင်းလင်းနိုင်သည်။ သတ်မှတ်သော တံဆိပ် ခွန်ဖိုး ပြည်သူ့ဘဏ္ဍာတွင်တိုးသည်။ ယင်းသို့ မပြုမူပဲ၊ ဤအမှုမှာကဲ့သို့ စာရွက်ပေါ်တွင် ခံဝန်ပြုကြောင်း ရေးသားကာ တရားရုံးတွင် တင်သွင်းလျှင် တရားမဝင်။ ။ထပ်မံဆုံးဖြတ်ချက်။ ။တရားစီရင်ထုံးဟူသည် မှန်ကန်မျှတ၍ တရားဥပဒေနှင့် ညီညွတ်မှသာလျှင်၊ လမ်းညွှန်တရပ်ဖြစ်နိုင်သည်။ မြင့်သောရုံးတွင် ထိုင်သော တရားသူကြီး တယောက်က ဆုံးဖြတ်ကာမျှနှင့်၊ ကြာမြင့်ကာမျှနှင့် စီရင်ထုံးများတွင် ထည့်သွင်းပုံနှိပ်ထားကာမျှနှင့် အာနိသင်မရှိချေ။ ထို့ကြောင့် တရားသူကြီးတဦးဦးသည် ယခင် စီရင်ထုံးနှင့် ကွဲလွဲယူဆလျှင်၊ စုံညီခုံရုံးသို့ တင်ပြကာ၊ ကျယ်ဝန်းနက်နဲစွာ ပြဿနာကို အဖက်ဖက်မှ လေ့လာ ကြားနာပြီးမှ၊ အဆုံးအဖြတ်ပေးသော လုပ်ထုံးကို ကျင့်ပ်တို့လိုက်နာလျက်ရှိကြသည်။ ။စီရင်ထုံးကို ကိုးကားရာတွင်စီရင်ချက်အပြည့်အစုံကို ဖတ်ရှုမှသာလျှင် အမှုအချက် အလက်တို့ကို သိမြင်နိုင်သည်။ ခေါင်းစီးမှတ်ချက်တို့သည် အကြောင်းအရာ ဆုံးဖြတ်ချက်ကို အရိပ်ပြခြင်းမျှသာပြုနိုင်သည်။ စီရင်ထုံးပါ အမှုအကြောင်းအရာနှင့် ဆုံးဖြတ်ရန် အမှုအကြောင်းအရာတို့ကို ကောင်းစွာ နှိုင်းယှဉ်ရသည်။ ပြီးမှသာ စီရင်ထုံး၏ လမ်းညွှန်မှုကို ယူသင့်သလောက် ယူအပ်သည်။ စီရင်ထုံးနောက်သို့ ဆုံးဖြတ်ရန်အမှု၏အကြောင်းချင်းရာက လိုက်ရန်မဟုတ်၊ အမှုအကြောင်းချင်းရာကို ဥပဒေနှင့် စပ်ဟပ်ရာတွင် အခက်အခဲရှိသရွေ့သာလျှင် စီရင်ထုံးက ဆီလျော်သမျှထောက်ကူရန်ဖြစ်သည်။ ။နိုင်ငံခြား စီရင်ထုံးများကို လေ့လာလျှင်လည်း၊ သူတို့၏ အခြေအနေ နောက်ခံအပြင်၊ သူတို့၏ ဥပဒေကိုပါ အတိအကျလေ့လာအပ်သည်။ ဥပမာအားဖြင့် အိန္ဒိယနိုင်ငံတွင် ပြည်နယ်အသီးသီးက မိမိတို့၏ ဥပဒေများကို ပြဋ္ဌာန်းထားသည်လည်းရှိ၏။ အချင်းချင်းပင် မတူကြချေ။ တရားလွှတ်တော်အများကလည်း ကွဲပြားသော စီရင်ထုံးများကို ပြုကြသည်။ ဥပဒေများကိုလည်း ပြင်ဆင်ပြဋ္ဌာန်းလျက်ရှိကြသည်။ ပြင်ဆင်ပြဋ္ဌာန်းထားသော ဥပဒေများကို မကြည့်ပဲ၊ စီရင်ထုံး၏ခေါင်းစီးမှတ်ချက်ကိုသာ အပေါ်ရန်ဖတ်ကာ မြန်မာနိုင်ငံမှုခင်းများကို ဆုံးဖြတ်ကြလျှင် အမှားအယွင်းများ၍၊ မမျှမတ မညီမညွတ်ဖြစ်မည်၊ မြန်မာ့တရားစီရင်ရေး ဆိပ်သုဉ်းမည်။ ထို့ကြောင့် နိုင်ငံခြားစီရင်ထုံးများကို ဗဟုသုတအလို့ငှါ လေ့လာကောင်းသော်လည်း၊ အမှီသဟဲမပြုအပ်။ ။ထပ်မံဆုံးဖြတ်ချက်။ ။အယူခံ တရားလို ဦးထွန်းတို့တွင် တာဝန်ကင်းပြီးကား မဟုတ်သေး။ မြေနှင့်တိုက် ကို အပေါင်ထားခြင်း တရားမဝင်ကာမျှနှင့် ၎င်းတို့နှစ်ဦးပေါင်း၍ ငွေ ၂၀,၀၀၀ိ အထိပေးချေရန် တာဝန်ယူပါသည်ဟု လေးနက်စွာ ခံယူ ကတိပြုထားခြင်း ကျန်သေးသည်။ တရားရုံးသို့ လာရောက်၍ ပေါ့ပေါ့လွယ်လွယ်ခံဝန်ပြုရသည်မဟုတ်။ ဦးထွန်းနှင့် ဦးအေးမောင်တို့သည်၊ ၎င်းတို့အလိုအလျောက် ယူကြသော တာဝန်၏သဘောပမာနကို ကောင်းစွာသိကြသည်။ ယင်းတာဝန်ကို ဥပဒေအကာအကွယ်ယူ၍ ရှောင်တိမ်းခြင်းမပြုစေအပ်ချေ။ ၎င်းတို့ ခံဝန်ပြုခဲ့ကြသော တရားရုံးပီလေးသည်၊ အိန္ဒိယနိုင်ငံသို့ အပြီးပြန်သွားပြီဖြစ်၍လည်း ၎င်းတို့ နှစ်ဦးပူးတွဲခံယူထားသော တာဝန်ကို လေးနက်စွာ ဆောင်ရွက်စေအပ်သည်။ ။ထို့ကြောင့် ခရိုင်တရားမ တရားသူကြီးက၊ လိုအပ်လျှင် တရားမကျင့်ထုံး ပုဒ်မ ၁၅၁ က တရားရုံးအား၊ အပ်နှင်းထားသော၊ တရားမျှတမှုကို ဖြစ်စေရန် လိုအပ်သည်ကို ဆောင်ရွက်နိုင်သည့် အာဏာကို သုံးမည်ဟု ဆုံးဖြတ်ခဲ့ခြင်းသည်၊ တရားမျှတပေသည်။

စာမျက်နှာ

သို့ရာတွင်တရားရုံး ဒီကရီနှင့် အတည်ဖြစ်စေရန် ခံဝန်ပြုသူတဦးနှင့် ပတ်သက်၍၊ တရားမကျင့်ထုံး ပုဒ်မ ၁၄၅ တွင် အတိအကျ သီးခြားပြဌာန်းထားပြီး ဖြစ်ပေသည်။ **မောင်စံဘွင့် နှင့် မောင်ရွှေခင်** အေ၊ အိုင်၊ အာ (ရ်)၊ ၁၉၃၁၊ ရန်ကုန်၊ ၆၅ ကို ကိုးကားသည်။

၁။ ဦးထွန်း၊ ရေအေးတွင်းရပ် တောင်ကြီးမြို့။ ၂။ ဦးအေးမောင်၊ ဗိုလ်ကုန်းရပ်၊ တောင်ကြီးမြို့။	နှင့်	၁။ ဒေါ်သိန်းငွေ } သားအမိ ၂။ ဦးညွန့်မောင် } ပွဲစားတန်း၊ မိတ္ထီလာမြို့၊ .... မလှိုင်စာတိုက်။	၇၃

အိမ်ငှါးဆိုသည့်စကားရပ်၏ အဓိပ္ပါယ်—ဥပစာတခုတွင် နေထိုင်သူတဦးသည် အိမ်ငှါးဟုတ်၊ မဟုတ် ဆိုသောကိစ္စကို ဆုံးဖြတ်ရာ၌ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပါ ပြဌာန်းချက်များကို သုံးသပ်ရန်လိုခြင်း—မြို့ပြငှါးရမ်းခ ကြီးကြပ်ရေးအက်ဥပဒေသည် ခွင့်ပြုချက်အရ၊ နေထိုင်သူများနှင့် သက်ဆိုင်ခြင်း ရှိ မရှိ။ ။**ဆုံးဖြတ်ချက်**။ ။" အိမ်ငှါး " ဆိုသောစကားကို မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂ (ဆ) တွင်၊ ငှါးရမ်းခ ပေးရမည့်သူ ဖြစ်သည်ဟု အဓိပ္ပါယ်ဖွင့်ဆိုထားသည်။ " ငှါးရမ်းခ " ဆိုသော စကားကိုမူ၊ ထိုဥပဒေ၌ ရှင်းလင်းထားခြင်းမရှိပေ။ ။မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေကို ပြဌာန်းထားသည့် အဓိကရည်ရွယ်ချက်မှာ၊ ငှါးရမ်းခများကို ကြီးကြပ်ရန် ဖြစ်သည်။ ထိုဥပဒေ၌ အိမ်ရှင်အိမ်ငှါး ဆက်သွယ်မှုကို၊ မည်ကဲ့သို့ ဖန်တည်းရမည်၊ မည်ကဲ့သို့ ရပ်စဲရမည်ဟုဆိုသော ပြဌာန်းချက်များမရှိပေ။ ပုဒ်မ ၁၃ (၁) အရ၊ ဥပစာတွင် သဘောရိုးဖြင့် နေထိုင်သည့် အိမ်ငှါးမဟုတ်သူတဦးကို၊ ကြီးကြပ်ရေး ဝန်က ဆက်လက်နေထိုင်ခွင့်ပြုကာ၊ ဥပဒေအရ၊ အိမ်ငှါးအဖြစ် အသိအမှတ်ပြုနိုင်သည့် ပြဌာန်းချက်တရပ်သာ ရှိပေသည်။ သို့ဖြစ်ရာ၊ ဥပစာတခုတွင် နေထိုင်သူတဦးသည်၊ အိမ်ငှါးဟုတ်သည်၊ မဟုတ်သည်ဆိုသော ကိစ္စကို ဆုံးဖြတ်ရာ၌ ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေပါ ပြဌာန်းချက်များကို ကြည့်ရှုသုံးသပ်ရန် လိုပေသည်။ ။ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၅ တွင်၊ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်း၏ အကျိုးခံစားခွင့်ကို လွှဲပြောင်းပေးခြင်းခံရသူကို၊ ငှါးရမ်းသူ သို့မဟုတ် အိမ်ငှါးဟူ၍ငှင်း၊ ထိုပစ္စည်း၏ အကျိုးခံစားခွင့်ကိုလွှဲပြောင်းပေးရသည့် အသုံးစားနားကို ငှါးရမ်းခဟုငှင်း အဓိပ္ပါယ်ဖွင့်ထားသည်။ သို့ဖြစ်ရာယခုအမှု၌ လျှောက်ထားသူသည် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်း၏ အကျိုးခံစားခွင့်ကို လွှဲပြောင်းပေးခြင်း ခံရသော အိမ်ငှါးဟုတ်သည်၊ မဟုတ်သည်ဆိုသောအချက်ကို ဆုံးဖြတ်ရန်လိုမည်ဖြစ်သည်။ ။**ထပ်မံဆုံးဖြတ်ချက်**။ ။မြို့ပြဆိုင်ဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေသည်၊ သာမန်အိမ်ငှါးနှင့်ကြီးကြပ်ရေးဝန်က ဥပဒေအရ၊ အိမ်ငှါးအဖြစ် အသိအမှတ်ပြုထားသူများနှင့်သာ အကျုံးဝင်ပေသည်။ ခွင့်ပြုချက် အရ နေထိုင်သူများနှင့်သက်ဆိုင်ခြင်းမရှိပေ။ ။**အဗ္ဗဒူဟာမစ်၊ နှင့် အက်(စ်)၊ အေး အဗ္ဗဒူဟာမစ်**၊ ၁၉၅၁ ခု၊ မြန်မာပြည်စီရင်ထုံး ၃၉၄ (တရားလွှတ်တော်)၊ **ဟာဂျီမူဆာ အထ်(စ်)** နှင့် **ရှိတ်မူဘာရက်ဟူစိန်**၊ ၁၉၅၃ ခု၊ မြန်မာပြည် စီရင်ထုံး [illegible] (**တရား**လွှတ်တော်ချုပ်) တို့ကိုရည်ညွှန်းသည်။

မစ္စတာ အာ (ရ်)၊ ကရစ် (ရှ်) နန်း နှင့် ဝိုင်၊အမ်၊စီ၊အေ ....

အောက်မြန်မာပြည် မြို့နှင့်ရွာမြေများ အက်ဥပဒေက အငှါးဂရံချထားသော မြေကွက်ကို တဆင့်ငှါးရမ်းခြင်း မပြုရဟုတားမြစ်ထားခြင်းရှိ၊ မရှိ—ဂရံစည်းကမ်းကို ချိုးဖေါက်ပြီး တဆင့်ငှါးရမ်းခြင်းသည်၊ ဥပဒေနှင့် ဆန့်ကျင်သော ပဋိညာဉ်ဖြစ်မဖြစ် ။ ။ဆုံးဖြတ်ချက်။ ။ဟသာတခရိုင်ဝန်က အခင်းဖြစ်မြေကွက်ကို အယူခံ တရားပြိုင်တို့အား၊ အငှါးချထားသည့် ဂရံစာချုပ်ပါ စည်းကမ်းချက်အမှတ် ၅ ၌၊ ခရိုင်ဝန်၏ ကြိုတင်သဘောတူညီချက် မရရှိဘဲ မြေကိုတစိတ်တဒေသကို တဆင့် ငှါးရမ်းခြင်းမပြုရဟု သတ်မှတ်ထားသည်မှာ မှန်၏။ သို့ရာတွင်အောက်မြန်မာပြည် မြို့နှင့် ရွာမြေများ အက်ဥပဒေတွင်၊ အငှါးဂရံချထားသောမြေကွက်များကိုတဆင့်ငှါးရမ်းခြင်းမပြုရဟုတားမြစ်ထားသည့်ပြဋ္ဌာန်းချက်မရှိချေ။ ပုဒ်မ ၂၀ ၌ အငှါးဂရံစာချုပ်ပါ စည်းကမ်းများကို ချိုးဖေါက်လျှင် အစိုးရကိုယ်စား ခရိုင်ဝန်သည်၊ မြေငှါးဂရံရသူအား၊ ဒဏ်ငွေ တတ်ရိုက်နိုင်သည်။ ဂရံကို ဖျက်သိမ်းနိုင်သည်ဟုသာ ဖေါ်ပြထားသည်။ ယခုအယူခံအမှု၌ တရားပြိုင်တို့က ကြိုတင်သဘောတူညီခွင့်မရဘဲ တဆင့်အငှါးချထားသည့် ကိစ္စအတွက်၊ ခရိုင်ဝန်က ဒဏ်တပ်ရိုက်ခဲ့ပြီးဖြစ်သည်။ ဂရံကိုမူ ဖျက်သိမ်းခြင်းမပြုခဲ့ပေ။ အောက်မြန်မာပြည် မြေနှင့် ရွာမြေများအက်ဥပဒေအရ၊ ဂရံမြေကို တဆင့် အငှါးချထားခြင်း မပြုရဟု အတိအလင်းတားမြစ်ထားခြင်း မရှိသည့်အလျောက် ဂရံစည်းကမ်းကို ချိုးဖေါက်ပြီး တဆင့်ငှါးရမ်းခြင်းသည်၊ ပဋိညာဉ် အက်ဥပဒေ ပုဒ်မ ၂၃ အရ၊ ဥပဒေနှင့် ဆန့်ကျင်သော ပဋိညာဉ်ဖြစ်သည်ဟု မဆိုနိုင်ချေ။ ဘိုးမောင် နှင့် ဇီ၊ အာ (ရ်)၊ အမ်၊ စီ၊ အာ (ရ်)၊ အမ်၊ ချစ်တီး အတွဲ ၁၂၊ ဘာမာအစောသတ်ိုင်း၊ ၁၅၆ ကို သဘောတူသည်။

၁။ ဦးမြသိန်း ၂။ ဒေါ်ခင်စိန်	နှင့်	၁။ ဦးမြသိန်း ၂။ ဒေါ်မြသွင် ၃။ ဦးမောင်မောင်သင်	... ၁၃၄

ဥပသကာမည်သော ပုဂ္ဂိုလ်—အစိပ္ပါယ်ဖွင့်ဆိုချက်—ဂေါပကအသင်းကြီး အရွေးခံရသူအား လက်ခံ ပြီးနောက် ကန့်ကွက်လွှာ ရလျှင် စွပ်စွဲချက်များ မှန် မမှန်၊ တရားရုံးမှ ဆုံးဖြတ်ချက်ယူရန် မညွှန်ကြားဘဲ ဂေါပကအဖွဲ့က စစ်ဆေး၍ဆုံးဖြတ်ချက် ပေးနိုင်ခြင်း—ကုမ္ပဏီနှင့် ဖက်စပ်လုပ်ငန်းတို့၏ ကွာခြားချက်။ ဆုံးဖြတ်ချက် ။ ။အယူခံတရားလိုနှင့် အယူခံ တရားပြိုင်အမှတ် ၁ တို့သည်၊ အရွေးခံရန် နာမည်တင်သွင်း၍၊ အဖွဲ့က စစ်ဆေးသောအခါ စကင်းနှင့် ကိုက်ညီကြောင်း ဆုံးဖြတ်ပြီး၊ ၎င်းသို့ကို လက်ခံ၍ ရွေးကောက်ပွဲ ကျင်းပရေးအတွက် ကြော်ငြာရန် စီစဉ်ထားသည် အထိ၊ အယူခံ တရားလို၏ ကန့်ကွက်လွှာတွင် ပါရှိသောအချက် အလက်များကို အဖွဲ့က မသိရသေးပေ။ သို့ကြောင့်လည်း ၎င်းတို့ကို လက်ခံခဲ့သည်။ သို့သော် နောက်ကန့်ကွက်လွှာတွင် ပါရှိသော အချက်အလက်များကို သိရှိ၍၊ စွဲချက်များမှာ မှန်နေကြောင်း သိရှိလာသောအခါ၊ အဖွဲ့က တရားရုံးမှ စုံစမ်းစစ်ဆေး၍၊ ဆုံးဖြတ်ချက်ယူရန် ညွှန်ကြားချက်မပေးဘဲ ဝတ္တရားရှိသည့် အတိုင်း၊ အဖွဲ့ကပင်စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်ချက်ပေးနိုင်သည်။ ဆုံးဖြတ်ချက် နှစ်ခုပင် ရှိလင့်ကစား၊ တခုနှင့် တခု ဆန့်ကျင်စရာမရှိနိုင်။ တခုနှင့်တခု အကြောင်း ချင်းရာမှာလည်း မတူပေ။ ဤကဲ့သို့ ပြုလုပ်ခဲ့ပါက၊ ယခုအမှုသည် တရားရုံးသို့

စာမျက်နှာ၁

မရောက်ရှိဘဲ လစ်လပ်နေသော ဘဏ္ဍာတော်ထိန်း ဂေါပကလူကြီး၏ နေရာကို ယခုကဲ့သို့ မကြန့်ကြာဘဲ ဖြည့်သွင်းပြီးစီးရာ ရောက်ခဲ့ပေမည်မှာ အထူးပြောရန် မလိုပေ။ ပဌမ ကန့်ကွက်ချက်များမရှိ၊ စကင်းနှင့် ကိုက်ညီ၊ မညီကိုသာ အဖွဲ့က စစ်ဆေးသည်။ နောက်မှ ကန့်ကွက်ချက်များ ပေါ်လာရာ၊ထိုအဖွဲ့ကပင် စုံစမ်း စစ်ဆေး၍၊ ဆုံးဖြတ်ချက်ပေးရန် အာဏာမရှိဟု မဆိုနိုင်ပေ။ ဆုံးဖြတ်ချက် ပေး၍၊ ဘဏ္ဍာတော်ထိန်း ဂေါပကလူကြီးခန့်ခဲ့သည်ကို မကျေနပ်သူက၊တရားမ ကျင့်ထုံးပုဒ်မ ၉၂ (က)၊ (ခ) အရ၊ တရားရုံးတွင် လျှောက်ထားနိုင်ပေသည်။ အဖွဲ့၏တာဝန်ဝတ္တရားမှာ၊လစ်လပ်နေသော နေရာတွင် ဖြည့်စွက်ရမည်ဖြစ်သည်။ အမှန်မှာ စကင်းအပိုဒ် ၂ အရ၊ဘဏ္ဍာတော်ထိန်း ဂေါပကလူကြီးတို့ကို ရန်ကုန်မြို့ရှိ မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တို့က ရွေးကောက်တင်မြှောက်ရမည်။ အငြင်းအပွါး ရှိ၍၊အဖွဲ့က ဆုံးဖြတ်ချက်ပေးရန် အခက်အခဲနှင့် တွေ့ကြုံမှသာ၊ တရားရုံးမှ ညွှန်ကြားချက် တောင်းယူရမည်။ သို့မဟုတ် အခြေအနေအရ၊ တရားစွဲဆိုရမည်။ ယခုကိစ္စမှာ အဖွဲ့ကဆုံးဖြတ်ချက် ပေးနိုင်ခဲ့ပေသည်။ ထပ်မံ ဆုံးဖြတ်ချက်။ ။ရွှေတိဂုံစေတီတော်ကြီးမှာ တပြည်လုံးရှိ ဗုဒ္ဓဘာသာဝင်လူတိုင်း၏ ကြည်ညိုပူဇော်ခြင်းကို ခံရသည်သာမက၊ တကမ္ဘာလုံးတွင် နာမည်ကျော်ဇော ထင်ရှားသော အံ့ဘွယ်ရာတခုဖြစ်သည့် အားလျော်စွာ စေတီတော်ကြီးကို စီမံအုပ်ချုပ်ယုံမှတ် အပ်နှံရေးအတွက် ဘဏ္ဍာတော်ထိန်းဂေါပကလူကြီးဖြစ်ရန်၊မြန်မာဗုဒ္ဓဘာသာဝင် သာမကဥပသကာလည်း ဖြစ်ရမည်ဟုပြဋ္ဌာန်းထား၍၊ဥပသကာမည်သောသူသည် အဘယ်သူနည်းဆိုသည်ကို ရှာဖွေရမည်။ ဤပြဿနာမှာ ဥပဒေစကား၏ အဓိပ္ပါယ်ကို ရှာခြင်းမဟုတ်၊ ဘာသာရေးနှင့်သာဆိုင်သည်။ သို့ကြောင့် ဥပဒေရှုထောင့် တခုတည်းမှမကြည့်ဘဲ၊ ဘာသာရေးနှင့်စပ်၍၊ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ၏ မျက်စိရှုထောင့်မှကြည့်၍၊ မည်ကဲ့သို့သော သူအား လက်ခံရမည်ကို သတိထားရပေမည်။ အငြင်းမရှိနိုင်သော အဓိပ္ပါယ်မှာ၊ တိပိဋကဓရ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ ဦးစီးရေးသားထားသော မဟာဗုဒ္ဓဝင် (စတုတ္ထတွဲ) ၌၊ ဖေါ်ပြထားသည့်အရ၊ အမျိုးယုတ်ညံ့မဟူသရဏဂုံတည်သူမှန်သမျှသည်ဥပသကာ မည်၏။ ဥပသကာသည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ဆည်းကပ်ထတ်သော သူဖြစ်သည်။ ဥပသကာ၏ သီလကား၊ ငါးပါးသီလမည်၏။ ဥပသကာ၏ အသက်မွေးမှုများမှာ (၁) လက်နက် (၂) လူ၊ (၃) အသားငါး၊ (၄) သေရည်သေရက်၊ (၅)အဆိပ်ကိုရောင်းဝယ်ကုန်သွယ်ခြင်း၊ ဤမိစ္ဆာကုန်သွယ်ခြင်း ငါးမျိုးကို ရှောင်ရှား၍ တရားနှင့်အညီ ရောင်းဝယ်ကုန်သွယ် အသက်မွေးမှုဖြစ်သည်။ အဆိုပါ "မိစ္ဆာကုန်သွယ်ခြင်း ငါးမျိုးဟူသော်၊ တမျိုးမျိုးဖြင့် ကုန်သွယ်၍၊ အသက်မွေးလျှင်၊ ဥပသကာ၏ အဖြစ် ပျက်စီးလေတော့၏" ဟုရေးသားထားသည်ကို တွေ့ရသည်။ သို့ကြောင့် ငါးပါးသီလနှင့် တရားသောအသက်မွေးမှုတို့၏ ပျက်စီးခြင်းသည်၊ ဥပသကာ၏ ပျက်စီးခြင်းမည်၏။ မပျက်စီးလျှင် ဥပသကာ အဖြစ်ပြည့်စုံနေ၏ဟု ဆိုလိုသည်။ ။ထပ်မံဆုံးဖြတ်ချက်။ ။ကုမ္ပဏီနှင့်ဖက်စပ်လုပ်ငန်းတို့သည် ကွာခြားသည်။ တခုနှင့် တခုမတူပေ။ ကုမ္ပဏီ၏ ဆုံးရှုံးနစ်နာခြင်းကို အစုရှင်များကမခံရဘဲ ကုမ္ပဏီကသာခံရမည်။ ဖက်စပ်လုပ်ငန်း၌(Firm) တွင် အစုရှင်များက ခံရသည်။ ကုမ္ပဏီသည်၊ ဥပဒေအရ၊ သီးခြားသူတဦးဖြစ်သော်လည်း၊ ဖက်စပ်လုပ်ငန်းမှာ အစုရှင်များ မပါ သီးခြားသော ပုဂ္ဂိုလ်တဦး မဟုတ်ပေ။ (**While a Company** is a *Juristic* Persons a **Firm** is

not)။ ။ဖက်စပ်လုပ်ငန်း၏ အစုရှင် တဦးသည် အခြား အစုရှင် တဦး၏အကြီးအမှူးပိုင်ရှင် (Principal) ဖြစ်သည့်အပြင်၊ ကိုယ်စားလှယ် (Agent) လည်းဖြစ်သည်။

ဦးဘခင် နှင့် { ၁။ ဦးသာဝင်း။ ၂။ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော် ထိန်း ဂေါပကလူကြီးအဖွဲ့။ } ၁၀၇

၁၉၄၅ ခုနှစ် ငွေတိုးချေးစားသူများ အက်ဥပဒေပုဒ်မ ၁၅—မယူသော အတိုးကို မဖော်ပြခြင်းဖြင့် ငွေချေးစာချုပ်ပျက်ပယ်ခြင်း ရှိ မရှိ—အတိုးအမျိုးအစားကို စာချုပ်တွင် မဖော်ပြလျှင် ရုံးက ခွင့်ပြုနိုင်သည်ဟု ပြဋ္ဌာန်းထားခြင်းမရှိ။ ။ ဆုံးဖြတ်ချက်။ ။အယူခံတရားပြိုင် ဒလစ်ဆင်းသည်၊ လုပ်ငန်းတရပ်အဖြစ် ငွေတိုးယူချေးငှါးသူမဟုတ်၊ အချင်းချင်းကူညီသည့် အနေဖြင့်၊ ပရာဆပ်အား ငွေချေးလိုက်ခြင်းသာဖြစ်သည်ဟူသော အချက်သည်၊ အငြင်းမထွက်။ ငွေချေး စဉ်ကလည်း အတိုးမည်မျှပေးရမည် သတ်မှတ်တောင်းဆိုခြင်း မပြု၊ ပရာဆပ်က ငွေဆပ်ရန် ငြင်းဆန်သော အခါမှ၊ တရားစွဲဆိုကာ အရင်းနှင့်ရုံးက ခွင့်ပြုသည့် အတိုးကို တောင်းခံခြင်းဖြစ်သည်။ နဂိုက အတိုးမတောင်း၊ မသတ်မှတ်ခဲ့သော ကြောင့်၊ ငွေချေးစာချုပ်တွင် အတိုးနှုန်းကို မဖော်ပြခဲ့ခြင်းဖြစ်သည်ဟု ယူဆ နိုင်သည်။ မယူသောအတိုးကို မဖော်ပြခြင်းဖြင့်၊ ငွေချေးစာချုပ် ပျက်ပြယ်ရန် မရှိ။ ။ငွေတိုးချစားသူများ အက်ဥပဒေပုဒ်မ ၁၅ က၊ အတိုးနှုန်းပါလျှင်၊ အတိ အလင်းဖော်ပြရမည်ဟု လွှမ်းခြုံ၍သတ်မှတ်ထားသဖြင့် ရုံးကခွင့်ပြုသော ထုံးတမ်း စဉ်လာ အတိုးဟူ၍ ဥပဒေအပြင်ဖက်၌၊ သီးခြားမှပ်ယူည်နိုင်ခွင့်မရှိနိုင်။ အတိုးကို အမျိုးအစားခွဲခြား၍၊ မည်သည့်အတိုးမျိုးကို ငွေချေးစာချုပ်တွင် ဖော်ပြရမည်။ မည်သည့်အမျိုးအစားကို စာချုပ်ပေါ်တွင် မဖော်ပြစေကာမူ၊ ရုံးကခွင့်ပြုနိုင် သည်ဟုပြဋ္ဌာန်းထားခြင်း၊ ကင်းလွတ်ခွင့်ပြုထားခြင်း မရှိ။ ဥပဒေပြဋ္ဌာန်းချက် အတိုင်း ရုံးက တိတိကျကျလိုက်နာရမည်သာဖြစ်သည်။ ။ထို့ကြောင့်၊ ငွေချေး သူငွေရှင်က ချေးယူသူ မြီရှင်ထံမှ အတိုးနှုန်းယူရန် မူလက သဘောတူခဲ့ပါလျက် အတိုးနှုန်းကို ငွေချေးစာချုပ်တွင် မဖော်ပြခဲ့လျှင်၊ ထိန်ဝှက်ခြင်းမြောက်သော ကြောင့် ပုဒ်မ ၁၅ အရ၊ စာချုပ် တခုလုံးပျက်ပြယ်သည်။ ယင်းစာချုပ်ကိုသာ မှီခိုအားထားကာ ငွေရှင်က တရားစွဲဆိုပိုင်ခွင့်မရှိ။ ဤအမှုတွင်၊ ငွေရှင်ကမူလ ၌ အတိုးယူရန်ရည်ရွယ်ခြင်းမရှိခဲ့ ဟုအကြောင်းချင်းရာမှ ယူဆနိုင်သောကြောင့်၊ အတိုးနှုန်းကို ဖော်ပြခြင်းမပြုသောကြောင့် စာချုပ်သည် ပျက်ပြယ်ခြင်းမရှိ။ သို့ရာတွင် ယင်းစာချုပ်အရ၊ ငွေရင်းကိုသာ ဒီကရီချမှတ်ပေးနိုင်သည်။ ရုံးတွင် အတိုးခွင့်ပြုနိုင်သည့် အာဏာမရှိ။

ကာစီပရာဆပ်၊ ကန်ထရိုက်တာ နှင့် ဒလစ်ဆင်း၊ ကန်ထရိုက်တာ ၃၀

၁၉၅၄ ခုနှစ် ဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပ ဒေ—ဤအက်ဥပဒေ၏ရည်ရွယ်ချက်—"မယားငယ်" များဖြစ်အောင် ပြဋ္ဌာန်း ပေးသည်မဟုတ်ခြင်း—မယားကြီး၊မယားငယ် ခေါ် ဝေါ် သည်ထက်ပထမ မယား၊ ဒုတိယမယား ဟုခေါ် ဝေါ် သည်က ပို၍တိကျမှန်ကန်မည်ဖြစ်ခြင်း—တရားဝင်

စာမျက်နှာ

မယားသည် မြန်မာဓလေ့ ထုံးတမ်းဥပဒေအရ လင့်အမွေကို ဆက်ခံနိုင်ခွင့်ရှိသည့် တရားဝင်မယားဖြိုင်အဖြစ်ပေးခြင်း—အိမ်ထောင်ရေးကိစ္စသည် အဓိကအားဖြင့် လူမှုရေးကိစ္စသာဖြစ်ခြင်း။ ။ဆုံးဖြတ်ချက်။ ။အထူး အက်ဥပဒေက ဗုဒ္ဓဘာသာဝင် အမျိုးသမီးများကို "မယားငယ်" များဖြစ်အောင် ပြဋ္ဌာန်းပေးသည် မဟုတ်။ ဗုဒ္ဓဘာသာဝင် မဟုတ်သောယောကျ်ားများ၏ အငယ်အနှောင်းသဖွယ် သို့မဟုတ် ရှေးဓမ္မသတ်အဆို "ဖောင်ပြောင်း၊ကျွန်မ" သဖွယ် နေရသော ဗုဒ္ဓဘာသာဝင်အမျိုးသမီးများအား၊ ယင်းဘဝမှ လွတ်မြောက်၍၊ တရားဝင်မယားအဖြစ်သို့ရောက်စေအောင် ပို့ဆောင်ပေးခြင်းဖြစ်၏။ ယင်းသို့ ပို့ဆောင်ရာတွင်အခြားဓလေ့ထုံးတမ်းဥပဒေများ၊ အခြားဥပဒေများက၊ မည်သို့ပင်ဆိုစေ၊ ဖေါ်ပြသည့်နည်း ပေါင်းဖက်နေထိုင်ကြလျှင်၊ တရားဝင်ထိမ်းမြားပြီးဖြစ်သည်ဟုမှတ်ယူရမည်။ အမွေဆက်ခံခွင့် စသည့်အခွင့်အရေးများကို မြန်မာဓလေ့ထုံးတမ်းဥပဒေအရ၊ ရရှိစေရမည် ဟု အထူးဥပဒေက လွှမ်းခြုံ၍၊ ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ။ထပ်မံဆုံးဖြတ်ချက်။ ။"မယားငယ်" ဆိုသည့်စကားသည် တိကျရှင်းလင်းခြင်းမရှိ၍၊ ယင်းစကားကို အင်္ဂလိပ်လို ပြန်ဆိုသောအခါ (Lesser wife, inferior wife) စသည်ဖြင့် ပို့မို့ရှုပ်ထွေးစေကာ၊ ရှေးစီရင်ထုံးတို့ ချွတ်ချော်ခဲ့ခြင်းဖြစ်သည်။ အမှန်မှာ မယားငယ်အဖြစ်သို့ တရားဝင်ရောက်သော ဗုဒ္ဓဘာသာဝင် အမျိုးသမီးသည်၊ အခြားတရားဝင်မယားနှင့် မယားဖြိုင်အဖြစ်တန်းတူရည်တူ လင့်အမွေကို ဆက်ခံယူထိုက်သည်။ ယင်းသို့မယားများကို ပထမ မယား၊ ဒုတိယ မယား၊စသည်ဖြင့် ရည်ညွှန်းခြင်းက ပို၍၊ မှန်ကန်ပေလိမ့်မည်။ မယားကြီး၊ မယားငယ်ဟုခေါ် ဝေါ်သည်နှင့်အဆင့်အတန်းကွာခြားခြင်း၊ အခွင့်အရေးခြားနားခြင်း သဘော မှားယွင်းစွာ ဝင်လာနိုင်သည်။ ။ထပ်မံဆုံးဖြတ်ချက်။ ။၁၉၅၄ ခုနှစ်၊ အထူးအက်ဥပဒေသည်၊ ဗုဒ္ဓဘာသာဝင်မိန်းမကို တရားဝင်ထိမ်းမြားပြီးသည့် မယားအဖြစ် အသိအမှတ်ပြု၏။ အခြားတရားဝင်မယားရှိနေလျှင်၊ မြန်မာဓလေ့ ထုံးတမ်း ဥပဒေအရ၊ တန်းတူရည်တူ လင့်အမွေကို ဆက်ခံနိုင်ခွင့်ရှိသည့် တရားဝင် မယားဖြိုင်အဖြစ်ကို ပေး၏။ အထူးဥပဒေက ပေးသော အခွင့်အရေးကိုတရားရုံးချုပ်က နုတ်ပယ်၍မရ၊ လင်ဖြစ်သူ၏ သေတမ်းစာဖြင့် ဖျက်၍မရ၊ အပြည့်အဝခံစားရမည်သာဖြစ်သည်။ ။ထပ်မံဆုံးဖြတ်ချက်။ ။၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု ဥပဒေသည်လည်း ဘာသာရေးကိစ္စမဟုတ်၊ အိမ်ထောင်ရေး၊ လူမှုရေး ကိစ္စဖြစ်သည်။ သိမ်မွေ့မျှတ စွာ ဖွဲ့ဆိုဆောင်သော အိမ်ထောင်ရေးဆိုင်ရာ မြန်မာဓလေ့ ထုံးတမ်းဥပဒေ၏ အကျိုးသက်ရောက်မှုကို အက်ဥပဒေဖြင့် ကျယ်ပြန့်စေခြင်းဖြစ်သည်။ ။ဒေါ်လှ ချစ်နှင့် မောင် ၁၉၃၇ ခုနှစ်၊ ရန်ကုန်စီရင်ထုံးများ ၄၁၀၊ မသိန်းရင် နှင့် မောင် သာရွှေ Vol. 2, Rgn, 62 နှင့် *Law and Custom in Burma and the Burmese Family* by Dr. Maung Maung, The Hague, 1963 ဦးမြင့်နိုင်ရေး မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ တို့ကို ရည်ညွှန်းသည်။

ဒေါ်ကြည်ကြည် / မစ္စ(စ်)မေရီဝိန် ပါ ၇ } နှင့် { မစ္စ(စ်)မေရီဝိန် ပါ ၉ / ဒေါ်ကြည်ကြည် ပါ ၃ .... ၅၂

စာမျက်နှာ

၁၉၆၃ ခုနှစ်၊ လုပ်ငန်းများပြည်သူပိုင်ပြုလုပ်ခြင်းဥပဒေနိုင်ငံတော်အစိုးရအဖွဲ့ဥက္ကဋ္ဌရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၃၉ တွင် ပါရှိသော "ရပိုင်ခွင့်အားလုံး" ၏ရှင်းလင်းချက်—ပြည်သူပိုင်မလုပ်မီက ရရန်ရှိသော ကြွေးမြီအတွက် တရားစွဲဆိုပိုင်ခွင့်သည် ပြည်သူပိုင်ပြုလုပ်ပြီးနောက် အစိုးရသို့ တည် မတည်။ ။ဆုံးဖြတ်ချက်။ ။ ၁၉၆၃ ခုနှစ်၊ ဥပဒေကပုဒ်မ ၃ (၃) (က) ဖြင့် ပြည်သူပိုင်ပြုလုပ်သော လုပ်ငန်း၏ ရပိုင်ခွင့် အားလုံးကို အစိုးရလက်ဝယ်သို့ ရောက်စေရန်၊ ကျေညာနိုင်သည့် အာဏာကို ဖန်တီးအပ်နှင်းထားသည်မှန်၏။ သို့ရာတွင် အာဏာကို ခံယူရရှိသော အစိုးရက လုပ်ငန်းသဘော အခြေအနေနှင့် အကြောင်းကြောင်းကို ထောက်ရှု၍၊ ပေါ်လစီအရ၊ ယင်းအာဏာမှ လိုသလောက်ကိုသာ သုံးစွဲလျှင်လည်း တရားဝင်သည်သာဖြစ်သည်။ လုပ်ငန်းရပိုင်ခွင့် အားလုံးကို ပြည်သူပိုင်ပြုလုပ်ခွင့် ရှိကာမျှနှင့် ရရန်ကြွေးမြီများကိုပါ မယူမနေ၊ ယူရမည်ဟု မဆိုချေ။ အုပ်ချုပ်မှု အာဏာကို လုပ်ငန်းအလိုက် တိုင်းထွာ၍၊ လိုအပ်သလို သုံးစွဲရသည်။ ဥပဒေက မပေးသော အာဏာကို ကောက်ယူသုံးစွဲခြင်း မပြုမိအောင်၊ သို့မဟုတ် ပေးသည်ထက် ပိုသုံးစွဲကာ၊ အာဏာလွန်ခြင်း မဖြစ်မိအောင်သာလျှင် စောင့်စည်းရသည်။ ။အမှုပါ "ဇင်" ရောင်းဝယ်ရေးလုပ်ငန်းနှင့် အခြားအလားတူလုပ်ငန်းများကို ပြည်သူပိုင် ပြုလုပ်ရာတွင်၊ ရရန်ကြွေးမြီများကို အမိန့်ကြော်ငြာစာမှ အတိအလင်း ချန်လှပ်ထားခြင်းကြောင့် ယင်းကြွေးမြီတို့သည်၊ အစိုးရလက်ဝယ်သို့ မရောက်။ ပြည်သူပိုင် ပြုလုပ်ခြင်းခံရသူတို့က တောင်းခံခြင်း၊ ကြွေးမြီရရန် တရားစွဲဆိုခြင်း ပြုလုပ်နိုင်သည်။ ဥပဒေက အပ်နှင်းသော အာဏာအရ၊ ယခင် ရရန်ကြွေးမြီတို့သည်လည်း အစိုးရ၏ လက်ဝယ်ရောက်စေရမည်ဟု အမိန့်ကြော်ငြာ ထုတ်ပြန်လျှင်ကား၊ ယင်း ကြွေးမြီများသည်၊ အစိုးရ လက်ဝယ်သို့ ရောက်ရှိကာ၊ အစိုးရသာ ယင်းတို့ကို တောင်းယူခြင်း၊ တရားစွဲဆိုခြင်းပြုနိုင်မည်ဖြစ်သည်။ ။ စိန်ရတနာ ပိုးယက်ကန်းစက်လီမိတက် နှင့် ကုန်သွယ် လုပ်ငန်းဌာန ဖင်းကြီး ၁၉၆၉ ခု၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၂၀၅၊ ကို ရည်ညွှန်းသည်။

ဒေါ်ဇင် (ခေါ်) ဒေါ်မယ်ဇင် နှင့် { ၁။ အဗ္ဗဟူဆတ္တား (ခေါ်) မောင်သာထွန်း။ ၂။ နူးမိုဟာမက် } ၆၇

စီရင်ထုံးပြုသော မှုခင်းများ

LIST OF CASES REPORTED

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

SPECIAL CRIMINAL COURTS' APPEAL COURT

ရှိ

စီရင်ထုံးပြုသောမှုခင်းများ

LIST OF CASES REPORTED

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်မှုများ

CHIEF COURT OF BURMA

CRIMINAL CASES

	စာမျက်နှာ
ကျင်ရှိန်၊ ဒေါ်၊ နှင့် ဒေါ်အေးမှင်	၄၄
ချစ်မယ်၊ဒေါ်၊ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (မောင်ဖြူကင်)	၄၆
ဟင်ပေါင်၊မောင် ပါ-၃ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ	၅၁
ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် မောင်ဖိုးထွန်း ပါ-၅	၅၄

ကိုးကားသောအမှုခင်းများ

LIST OF CASES CITED

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်မှုများ •

CHIEF COURT OF BURMA

CRIMINAL CASES

စာမျက်နှာ

ကုတ်ချိ၊ မောင် နှင့် ပြည်ထောင်စု၊၁၉၆၅၊မြန်မာနိုင်ငံစီရင်ထုံး၊စာ ၁၀၉၆ ၄၉

ကြည်ညွန့်၊ ဒေါ် နှင့် အစိုးရ၊ ၁၉၆၄၊ ရန်ကုန်စီရင်ထုံး၊ စာ ၂၀၉ .... ၇

ချောင်ချင်ယို နှင့် လူဝင်မှုကြီးကြပ်ရေးဝန်၊ ၁၉၆၂၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၂၆ .... ၆၂

ထွန်းစိန်၊ မောင်၊ နှင့် ပြည်ထောင်စု၊၁၉၆၂၊မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၃၃၇ (တရားရုံးချုပ်) ၄၉

ဒေါ်ဆင် နှင့် အစိုးရ၊ ရန်ကုန်စီရင်ထုံး၊ အတွဲ ၂၊ စာ ၂၅၅ .... ၅၈

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် မောင်ကိုင်း၊၁၉၆၃၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၄၃၃ .... ၆၀

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် မောင်တင်အောင်၊ ၁၉၆၇၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၄၄၆ .... ၆၁

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် ဦးလှထွန်းဖြူ၊၁၉၅၈၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၁၆၀ (တရားလွှတ်တော်ချုပ်) ၅၀

မန်ဒတ်မျာ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ၊ ၁၉၆၈၊မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၆၄၃ .... ၆၁

မှတ်၊မောင်၊ နှင့် ပြည်ထောင်စု၊ ၁၉၅၄၊ မြန်မာပြည်စီရင်ထုံး၊ စာ ၂၈ (တရားလွှတ်တော်) ၄၉

အစိုးရ နှင့် လှမောင်၊ ၁၉၄၆၊ ရန်ကုန်စီရင်ထုံး၊ စာ ၅၀ .... ၄၉

ညွှန်းချက်

INDEX

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်မှုများ

CHIEF COURT OF BURMA

CRIMINAL CASES

စာမျက်နှာ

အက်ဥပဒေများ—

ရာဇဝတ်ကျင့်ထုံး ။

ရာဇသတ်ကြီး ။

သက်သေခံဥပဒေ ။

တရားခံ၏ပြုမူချက်သည် ရာဇသတ်ကြီး၏ အထွေထွေကင်းလွတ်ချက် တခုနှင့် အကျုံးဝင်နေကြောင်း တရားလိုပြသက်သေများ၏ ထွက်ချက်အရ ပေါ်လွင်နေ၍ တရားခံအား တရားရှင်လွှတ်လိုက်ခြင်း—သက်သေခံဥပဒေပုဒ်မ ၁၀၅ နှင့် ဆန့်ကျင်ခြင်းရှိ မရှိ—ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၂၅၂ အရ စစ်ဆေးထားသည့် တရားလိုပြသက်သေများ၏ ထွက်ချက်—သက်သေခံဝင်၍ တရားခံအပေါ် စဉ်းစားနိုင်ခြင်းရှိ မရှိ။ ။ဆုံးဖြတ်ချက်။ ။သက်သေခံ ဥပဒေ ပုဒ်မ ၁၀၅ အရ၊ ရာဇဝတ်မှုဖြင့် တရားစွဲဆိုခြင်း ခံရသည့် တရားခံတဦးက မိမိ၏ ပြုလုပ်မှုသည် ရာဇသတ်ကြီး၏ အထွေထွေ ကင်းလွတ်ချက် တခုခုနှင့် အကျုံးဝင်သည်ဟု ဆိုလာလျှင် ထိုအဆိုပြုချက်ကို သက်သေထူရန် တာဝန်သည် ၎င်းအပေါ်၌ တည်ရှိနေသည်မှာမှန်၏။ သို့ရာတွင် အမှု၌ပေါ်ပေါက်လျက်ရှိသော သက်သေ အထောက်အထားများအရပင် တရားခံ၏ ပြုလုပ်မှုသည် ကင်းလွတ်ချက်တခုခုနှင့် အကျုံးဝင်ကြောင်း တွေ့ရှိပါက၊ ထိုအချက်ကို တရားခံ၏ အကျိုးအလို့ငှါ ထည့်သွင်း စဉ်းစားနိုင်ပေသည်။ တရားခံကိုယ်တိုင်က ၎င်း၏ ပြုလုပ်မှုသည် ကင်းလွတ်ချက်တခုခုနှင့် အကျုံးဝင်ပါသည်ဟု ထုချေခြင်း မပြုသော်လည်း၊ တရားလိုသက်သေများ၏ ထွက်ချက်အရပင် ကင်းလွတ်ချက် တခုခုနှင့်အကျုံးဝင်နေကြောင်း ပေါ်ပေါက်ပါက တရားရုံးမှ တရားခံအတွက် ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ **အစိုးရ နှင့် လှမောင်**၊ ၁၉၄၆၊ ရန်ကုန်စီရင်ထုံး၊ ၅၀။ ။ **ဓမောင်မှတ် နှင့် ပြည်ထောင်စု၊ ၁၉၅၄** မြန်မာပြည်စီရင်ထုံး၊ ၂၈ (တရားလွှတ်

တော်) တို့ကို ကိုးကားသည်။ ။အမှု၏ အဖြစ်အပျက် အကြောင်းအရာတို့က ပင် တရားခံသည် ကင်းလွတ်ခွင့် တခုဖြစ်သည့် စိတ်ပေါ့သွပ်နေခိုက် ပြစ်မှု ကျူးလွန်ခဲ့ကြောင်း ပေါ်ပေါက်နေလျှင် တရားခံ ကိုယ်တိုင်က ထိုအချက်ကို တင်ပြထုချေခြင်း မပြုစေကာမူ၊ ယင်းကင်းလွတ်ချက်၏ အကျိုးကျေးဇူးကို တရားခံအားခံစားခွင့် ပေးရမည်ဟု ဆုံးဖြတ်ခဲ့ပြီး ဖြစ်သည်။ မောင်ထွန်းစိန် နှင့် ပြည်ထောင်စု၊ ၁၉၆၂၊ မြန်မာနိုင်ငံ စီရင်ထုံး၊ ၃၃၇ (တရားရုံးချုပ်) နှင့် မောင်ကုတ်ချိ နှင့် ပြည်ထောင်စု၊ ၁၉၆၅၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၁၀၉၆ တို့ကိုရည် ညွှန်းသည်။ ထပ်မံဆုံးဖြတ်ချက်။ ။ထို့ပြင် ရာဇဝတ်ကျင့်ထုံး အခန်း ၂၁ အရ၊ ဝါရမ်းမှုများ၌ တရားခံအား စွဲချက်မတင်မီ ပုဒ်မ ၂၅၂ အရ စစ်ဆေးထားသည့် တရားလိုပြသက်သေများ၏ ထွက်ချက်သည် သက်သေခံဝင်၍ တရားခံ အပေါ် စဉ်းစားနိုင်သည်ဆိုခြင်းမှာလည်း ယုံမှားသွယ်မရှိ။ ပြည်ထောင်စု နှင့် ဦးလှထွန်းဖြူ၊ ၁၉၅၈၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၁၆၀ (တရားလွှတ်တော်ချုပ်) ကို ကိုးကား သည်။ ယခုအမှု၌ မောင်ဖြူတင်အပေါ် ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၂၅၂ အရ စစ်ဆေးခဲ့သည့် တရားလိုပြသက်သေများ၏ ထွက်ချက်အရပင်၊ ၎င်း၏ပြုလုပ် မှုသည် ရာဇသတ်ကြီး ပုဒ်မ ၁၀၀ တွင် အကျုံးဝင်သည့် ကင်းလွတ်ချက် အတွင်းကျရောက်နေ၍ ပြစ်မှုမမြောက်ကြောင်း ပေါ်လွင်နေသဖြင့် ရာဇဝတ် ကျင့်ထုံး ပုဒ်မ ၂၅၄ အရ စွဲချက်တင်ရန် အကြောင်း မပေါ်ပေါက်နိုင် တော့ပေ။ ပုဒ်မ ၂၅၃ တွင်လည်း ပုဒ်မ ၂၅၂ အရ သက်သေများကို စစ်ဆေးပြီးနောက် တရားခံက ဆန့်ကျင်ဘက် သက်သေထူထောင်ခြင်း မပြုစေကာမူ ၎င်းအား ပြစ်ဒဏ်စီရင်ရန် အထောက်အထား ခိုင်လုံခြင်း မရှိက၊ တရားရှင်လွှတ်ရမည်ဟု ပြဋ္ဌာန်းထားရာ တရားခံ၏ ပြုလုပ်မှုသည် ကင်းလွတ်ချက် အတွင်း ကျရောက် သဖြင့် ပြစ်မှုမမြောက်ကြောင်း တရားလိုပြ သက်သေတို့၏ ထွက်ချက်များအရ ပင်ထင်ရှားနေသည့်ကိစ္စ၌ တရားခံအား စွဲချက်တင်ရန် လိုအပ်မည်မဟုတ်ပေ။

ဒေါ်ချစ်မယ် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (မောင်ဖြူတင်) ၄၆

ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၅၂ အရ စစ်ဆေးထားသည့် တရားလိုပြသက်သေများ၏ ထွက်ချက်—သက်သေခံဝင်၍ တရားခံအပေါ် စဉ်းစားနိုင်ခြင်းရှိ မရှိ။ ၄၆

ရာဇ တ်ကျင့်ထုံးပုဒ်မ ၃၅၀ (၁) (က)—အမှုကို အသစ်မှတဖန် ပြန်လည်၍ စစ်ဆေး ခြင်း—တရားခံများ၏လျှောက်ထားချက်ကို ခွင့်ပြုလိုက်နှုံမှုဖြင့် ပဉ္စမတရားသူကြီး က တရားရှင်လွှတ်သည့်အမိန့်ကို ပယ်ဖျက်ရန် အာဏာ ရှိမရှိ။ ။ဆုံးဖြတ်ချက်။ ။ရာဇဝတ်ကျင့်ထုံးပုဒ်မ ၃၅၀ တွင် အပိုဒ် (၁) ၏ပဉ္စမခြွင်းချက်၌တရားခံသည် စစ်ပြီးသည့် သက်သေများကို ပြန်လည်ခေါ်ယူ စစ်ဆေးရန်အတွက် တောင်းဆို နိုင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည်။ တရားခံ ထိုကဲ့သို့ စစ်ပြီး သက်သေ များကို ပြန်လည်ခေါ်ယူ စစ်ဆေးရန်အတွက် တောင်းဆိုလျှင် တောင်းဆိုသည့် အတိုင်း တရားသူကြီးသည် စစ်ပြီး သက်သေများကို ပြန်လည်ခေါ်ယူစစ်ဆေး ရန်သာရှိသည်။ ပဉ္စမတရားသူကြီး ချမှတ်ခဲ့ပြီးသည့် တရားရှင်လွှတ်သည့်အမိန့်ကို ပယ်ဖျက်ရန်အာဏာမရှိ။

၁။ မောင်တင်မောင်
၂။ မောင်အုန်းမြိုင်
၃။ မောင်အောင်သန်း။ } နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၅၁

စာမျက်နှာ

သက်သေခံပစ္စည်းကို အပ်နှံခံရသူက၊ မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလျှင် **ရာဇဝတ်**ကျင့်ထုံး ပုဒ်မ ၅၁၄ အရသော်လည်းကောင်း၊ ရာဇသတ်ကြီး ပုဒ်မ **၄၀၆** အရသော်လည်းကောင်း အရေးယူနိုင် မယူနိုင်။ ။ဆုံးဖြတ်ချက်။ ။ အချင်းဖြစ် သက်သေခံ ပစ္စည်းကို လျှောက်ထားခံရသူ (တရားခံ) အား မူလတရားရုံးကသာ ပေးအပ်ခဲ့ခြင်းဖြစ်၍၊ ဤအဆင့်မှာ မူလတရားရုံးကသာလျှင် သက်သေခံ ပစ္စည်းနှင့် ပတ်သက်ပြီး အရေးယူပိုင်ခွင့်ရှိသည်။ မည်သို့ အရေးယူရမည်မှာ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၁၄ ၏ ပြဋ္ဌာန်းချက်အရသာ ဖြစ်သည်။ အချင်းဖြစ် သက်သေခံ ပစ္စည်းမှာ ရာဇဝတ်ကြီးမှု အမှတ် ၁၄၅၅/၆၂ မှုပစ္စည်းဖြစ်၍၊ ယင်းအမှုကို စစ်ဆေး၍ ပြီးစီးသောအခါ၊ မူလရုံးအနေဖြင့် သင့်တော်သည့်အမိန့်တရပ် ချမှတ်ရပါမည်။ အကယ်၍ ချမှတ်သည့် အမိန့် အတိုင်း လျှောက်ထားခံရသူ (တရားခံ) က သက်သေခံ ပစ္စည်းကို မူလရုံးသို့ မပေးအပ်နိုင်ပါက၊ မူလရုံးသည် ခံဝန်မှာ သတ်မှတ်ထားသည့် ငွေတန်ဘိုးကို ပေးအပ်စေရန် အမိန့်ချမှတ်နိုင်သည်။ ခံဝန်မှာ သတ်မှတ်ထားသည့် ငွေနှင့် လုံလောက်ခြင်းမရှိဟု လျှောက်ထားသူက ယူဆပါက၊ ၎င်းမှာ တရားမကြောင်း အရ အရေးယူနိုင်ခွင့်ရှိသေးသည်။

ဒေါ်ကျင်ရှိန် နှင့် ဒေါ်အေးမှင် ၄၄

၁၉၇၀ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေ—၁၉၇၀ ခုနှစ်၊ မေလ ၂၀ ရက်နေ့ နေ့ခက်ပိုင်းတွင် ဖြစ်ပွါးခြင်းကြောင့်၊ ၁၉၇၀ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေအရ အရေးယူရမည် ဖြစ်ခြင်း—သမဝါယဥပဒေပုဒ်မ ၅၃ ၏ ပြဋ္ဌာန်းချက်—မြို့နယ်ရာဇဝတ် တရားသူကြီးသည် စီရင်ပိုင်ခွင့် အာဏာမရှိဘဲ ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သဖြင့် စီရင်ချက်နှင့် အမိန့်တို့သည် ပျက်ပြယ်၍တရားမဝင်သော အမိန့်ဖြစ်ခြင်း။ ။ဆုံးဖြတ်ချက်။ ။၁၉၇၀ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမ ဥပဒေအရ၊ သမဝါယမ အသင်း၏ ပစ္စည်းများကို ခိုးယူလျှင်၊ လိမ်ယူလျှင်၊ ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမအသင်း အက်ဥပဒေအရ ကျူးလွန်ဖေါက်ဖျက်မှုဖြစ်၍၊ ၎င်းဥပဒေ အရသာ အရေးယူရမည်ဖြစ်သည်။ သမဝါယမပိုင် ပစ္စည်းကို လိမ်ယူလျှင်၊ လိမ်ယူရန်ကြိုးပမ်းလျှင်၊ လိမ်ယူရန် လုပ်ဆောင်မှုများကို အားပေးကူညီလျှင်၊ ယင်းဥပဒေနှင့်သာ အရေးယူရ၍ အခြား ဥပဒေဖြစ်သော ရာဇသတ်ဥပဒေနှင့် အရေးမယူနိုင်ဟု အဓိပ္ပါယ် ကောက်ယူရမည်။ ။ထပ်မံဆုံးဖြတ်ချက်။ ။ ၁၉၇၀ ခု၊ ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေအရ၊ အရေးယူရမည့်မှုခင်းကို စစ်ဆေးကြားနာစီရင် ဆုံးဖြတ်ချက်ပေးရန်၊ ထိုဥပဒေတွင် စီရင်ပိုင်ခွင့်ရှိသော တရားရုံးများကို ဖေါ်ပြ ပြဋ္ဌာန်းထား၏။ ထိုဥပဒေအရ၊ အရေးယူရန်ရှိသော ပြစ်မှုများကို ရာဇဝတ်ကျင့်ထုံး ဥပဒေအရ ဖွဲ့စည်းထားသော တရားရုံးများက စီရင်ပိုင်ခွင့် အာဏာမရှိဟု ကျွန်ုပ်တို့ ယူဆသည်။ အဘယ်ကြောင့်ဆိုသော်၊ ၁၉၇၀ ခု၊ ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမ အသင်းဥပဒေပုဒ်မ ၅၃ နှင့် ပုဒ်မ ၅၀ တို့နှင့် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၂၉ တို့ကိုယှဉ်တွဲသုံးသပ်၍၊ ယင်း ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမ အသင်းဥပဒေကို ကျူးလွန်ဖေါက်ဖျက်သော ပြစ်မှုကို ကြားနာစစ်ဆေးရန် ရုံးကို အတိအလင်း ဖေါ်ပြထား၍၊ ၎င်းပြစ်မှုများကို ယင်းဥပဒေအရသာ

စာမျက်နှာ

အရေးယူနိုင်သည်ဟု အတိအလင်း ပြဋ္ဌာန်းထားသဖြင့်၊ ယင်းဥပဒေ အရ ဖွဲ့စည်းထားသော ရုံးကသာ ကြားနာ စစ်ဆေးနိုင်သည်။ ရာဇဝတ် တရားသူကြီးက ကြားနာစစ်ဆေးခြင်း မပြုနိုင်ပေ။ ။**ထပ်မံဆုံးဖြတ်ချက်**။ ။မူလရုံးဖြစ်သော မိုးညှင်းမြို့၊ မြို့နယ်ရာဇဝတ် တရားသူကြီးသည်၊ **စီရင်ပိုင်ခွင့်**အာဏာ မရှိဘဲနှင့် မှုခင်းကို စစ်ဆေးစီရင် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ **ယင်းသို့ စီရင်ခွင့်** အာဏာမရှိဘဲနှင့် စစ်ဆေးစီရင်ဆုံးဖြတ်ခဲ့သော **အမှုဖြစ်သည့်** အတွက်ကြောင့်၊ မိုးညှင်းမြို့နယ် ရာဇဝတ်တရားသူကြီး၏ ၁၉၇၁ **ခုနှစ်၊ ရာဇဝတ်**ကြီးမှု အမှတ် ၁၉၅ သည် မခိုင်မာ၊ အတည်မဖြစ်ဘဲ **အစကနဦးကပင်** ပျက်ပြယ်သော မှုခင်းဖြစ်သည်။ ထို့ကြောင့် ၎င်းအမှုတွင် မူလ**ရုံး တရားသူကြီး**၏ ၁၉၇၁ ခု၊ မေလ ၂ ရက်နေ့စွဲပါ စီရင်ချက်နှင့် အမိန့်တို့**သည်လည်း** အာဏာမရှိဘဲမခိုင်မာ ပျက်ပြယ်၍ တရားမဝင်သော အမိန့်ဖြစ်သည်။ **ဒေါ်တင်** နှင့် အစိုးရ၊ ရန်ကုန် စီရင်ထုံး၊ အတွဲ ၂၊ စာ ၂၅၅။ ။ပြည်**ထောင်စု မြန်မာနိုင်ငံ** နှင့် မောင်**ကိုင်း**၊ ၁၉၆၃ ခု၊ မြန်မာနိုင်ငံ စီရင်ထုံး၊ စာ ၄၃၃။ **ဒေါ်ကြည်ညွန့်** နှင့် အစိုးရ၊ ၁၉၆၄ ခု၊ ရန်ကုန်စီရင်ထုံး၊ စာ ၂၀၉။ **ပြည်ထောင်စု** မြန်မာနိုင်ငံ နှင့် **မောင်တင်အောင်၊** ၁၉၆၇ ခု၊ မြန်မာနိုင်ငံစီရင်**ထုံး၊ စာ ၄၄၆**။ ။မန်ဒတ်မျှ နှင့် **ပြည်ထောင်စုမြန်မာနိုင်ငံ**၊ ၁၉၆၈ ခု၊ မြန်မာ**နိုင်ငံစီရင်ထုံး**၊ စာ ၆၄၃။ နှင့် **ချောင်ချင်ယို** နှင့် လူဝင်မှုကြီးကြပ်ရေးဝန်၊ ၁၉၆၂ **ခု၊ မြန်**မာနိုင်ငံစီရင်ထုံး၊ စာ ၂၆ တို့ကိုရည်ညွှန်းသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် {
၁။ **မောင်ဖိုးသွန်း၊**
၂။ **မောင်ခင်မောင်ဝင်း၊**
၃။ **မောင်ညိုမောင်၊**
၄။ **မောင်သန်းဖေ၊**
၅။ **မောင်ထွေးမောင်** ၃၄

စီရင်ထုံးပြုသောမှုခင်းများ

LIST OF CASES REPORTED

နိုင်ငံတော်တရားရုံးချုပ်

တရားမမှုများ

CHIEF COURT OF BURMA

CIVIL CASES

စာမျက်နှာ

ချစ်ရာ၊ ဦး နှင့် ဦးစိုးဟန် ပါ ၃	၁၄၂
နီ၊ မောင် (ခ) အောင်ဘွန်ကြူး နှင့် အတွင်းဝန်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဝန်ကြီးဌာန	၁၅၆
ဒေါ်သိန်း၊ ဟာဂျီမ၊ ပါ ၃ နှင့် ဟာဂျီပဒူဆမတ် (သေ) ၎င်း၏တရားဝင်ကိုယ်စားလှယ် ဒေါ်ရန် ပါ ၉	၁၆၀
အသက်တန်းရှေ့နေ ဦးထွန်းစိန်ကိစ္စ	၁၆၃
အောင်ဆိုင်၊ ဦး၊ နှင့် ဦးစံရီ	၁၆၆
ဏ္ဍဝံသ၊ ဦး၊ နှင့် ဦးမဲအောင် ပါ ၂	၁၇၇

စီရင်ထုံးပြုသောမှုခင်းများ

LIST OF CASES CITED

နိုင်ငံတော်တရားရုံးချုပ်

တရားမမှုများ

CHIEF COURT OF BURMA

CIVIL CASES

	စာမျက်နှာ
ကျင်လှိုင်၊ ဒေါ်၊ နှင့် ဦးဝင်းမောင်၊ ၁၉၅၈၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၈၇	၁၁၀
ဂရာပရာဆပ် နှင့် ဦးကျော်ရွှေ၊ ၁၉၆၆၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၁၁၆၃ (၁၁၆၅)	၁၅၂
ငြိမ်းလှ၊ မ၊ နှင့် မရင်၊ အတွဲ ၃၊ မြန်မာပြည်စီရင်ထုံး၊ စာ ၂၄၆	၁၅၁
စူလတန်အာမက် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ၊ ၁၉၆၆၊ မြန်မာပြည်စီရင်ထုံး၊ စာ ၅၈၃ နှင့် ခြားနားသည်	၁၅၈
ဒေါ်ဂျီဂျီဝါး၊ အီဘရာဟင် နှင့် အဂျမ်မိုဟာမက်လူဘားဝါလာ၊ ၁၉၅၀၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၂၇၀ (၁၉၉)၊ (တရားလွှတ်တော်ချုပ်)	၁၅၁
ဘိုးရှင်၊ ဦး၊ နှင့် တဦး နှင့် အက်ဒွပ်နှင့်အမျိုး၊ အေးအိုင်းအာ(ရ်)၊ ၁၉၃၄၊ ရန်ကုန်၊ စာ ၁၃၉	၁၅ ၁
ဟန်ဆင်၊ မ၊ နှင့် ဦးဘရီ၊ ၁၉၃၉၊ ရန်ကုန်စီရင်ထုံး၊ စာ ၃၅၈	၁၆၂
အရာနူလာ (ခ) ဟန်နူလာ နှင့် ဦးပါစိန်၊ ၁၉၆၀၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၂၅၆ (၂၆၁)၊ (တရားလွှတ်တော်)	၁၇၉

ညွှန်းချက်

INDEX

နိုင်ငံတော်တရားရုံးချုပ်

တရားမမှုများ

CHIEF COURT OF BURMA

CIVIL CASES

စာမျက်နှာ

အက်ဥပဒေများ—

ကာလစည်းကမ်းသတ်ဥပဒေ။

တရားမကျင့်ထုံး။

ပဋိညာဉ်အက်ဥပဒေ။

မြန်မာနိုင်ငံသားဖြစ်မှုအက်ဥပဒေ။

သက်သေခံဥပဒေ။

သီးခြားသက်သာခွင့်ဥပဒေ။

ဆန့်ကျင်၍လက်ရှိ ထားရှိခြင်း—မရွှေ့မပြောင်းနိုင်သော ပစ္စည်းတခုကို မှတ်ပုံတင် **အရောင်းစာ**ချုပ်ဖြင့် ဝယ်သူသည်၊ ဝယ်စဉ်က ထိုပစ္စည်းကို လက်ရောက် **မရရှိခဲ့၍** ရောင်းသူက ထိုပစ္စည်းပေါ်တွင် ဆက်လက်နေခဲ့ရာ၌ ဝယ်သူ၏ ခွင့်ပြုချက်၊ **အငှါးချ**ထားချက်၊ သဘောတူညီချက်တို့အရ နေထိုင်ခြင်း မဟုတ် လျှင်**ရောင်းသူသည် စာ**ချုပ် ချုပ်သည့်နေ့မှစ၍ ဝယ်သူကို ဆန့်ကျင်၍ လက်ရှိ ထားခဲ့သည်ဟု **ယူဆရမည်** ဖြစ်ခြင်း—ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၂၈ ၏ ပြဋ္ဌာန်းချက်။ **ဆုံးဖြတ်ချက်**။ ။ယခုအမှုတွင်အချင်းဖြစ်မြေကွက် အမှတ် (၈) ကိုအယူခံတရား**လို (မူလရုံးတရား**လို) ထံ ရောင်းချသူဆရာမြနှင့် ဦးထွန်းလှိုင် တို့သည်၊၁၉၂၁ ခုနှစ်**မှစ၍** ၎င်း**ဘို့**နှင့် ၎င်းတို့၏ ဖခင်ဖြစ်သော ဆရာမှိုင်က လက်ရှိ မရခဲ့ဘဲ လက်ဝယ်၌ **မထားရဘဲ၊ ဆရာမှိုင်ထံ** ရောင်းလိုက်သူ ဆရာရှင် (မောင်ဆင်) နှင့် ၎င်း**၏သားသမီး** မယားတို့ကသာ ဆက်လက်၍ တောက်

လျှောက် နေထိုင်ခဲ့ပြီးလျှင် ဆန္ဒကျင်လက် ရှိထားခဲ့ကြသည်ဟု ယူဆသည်။ ထို့ကြောင့် ၁၂ နှစ်ကျော်သွားသော ၁၉၃၃ ခုနှစ်၊ ကုန်ဆုံးပြီးနောက်တွင် ဆရာမှိုင်နှင့် ၎င်း၏ အမွေစား ဆရာမြနှင့် ဦးထွန်းလှိုင်တို့ မပိုင်ဆိုင်တော့ပေ။ ကာလစည်းကမ်းသတ် အက်ဥပဒေ ပုဒ်မ ၂၈ တွင် ဤသို့ အတိအလင်းပြဋ္ဌာန်းထားသည်။

ဦးအောင်ဆိုင် နှင့် ဦးစံရီ ၁၆၆

တရားမကျင့်ထုံး ပုဒ်မ ၈၀—ပြည်သူ့ဝန်ထမ်းနှင့် **သာမန်အရပ်သားတို့အား** ပူးတွဲ၍ တရားပြိုင်များအဖြစ် စွဲဆိုသည့်အမှုတွင်၊ **ပြည်သူ့ဝန်ထမ်းအား နို့တစ်မပေး ခဲ့ပါက** ပြည်သူ့ဝန်ထမ်း အပေါ်သာမက၊ **အရပ်သား** အပေါ်စွဲဆိုသည့် အမှုတခုလုံးသည် ပျက်ပြယ်ခြင်းရှိ မရှိ—**နို့တစ်စာကို** သက်ဆိုင်ရာ ပြည်သူ့ဝန်ထမ်းက စွန့်လွှတ်နိုင် မစွန့်လွှတ်နိုင်။ **။ဆုံးဖြတ်ချက်။** ။ပြည်သူ့ဝန်ထမ်းနှင့် သာမန် အရပ်သားထုအား ပူးတွဲ၍ **တရားပြိုင်များအဖြစ်** စွဲဆိုသည့် အမှုတွင် ပြည်သူ့ဝန်ထမ်းအား တရားမကျင့်ထုံးပုဒ်မ **၈၀** အရ၊ ကြိုတင်နို့တစ်စာ ပေးခဲ့ပါက ပြည်သူ့ဝန်ထမ်းအပေါ်သာမက **အရပ်သားအပေါ်** စွဲဆိုသည့် အမှုတခုလုံးသည် ပျက်ပြယ်ခြင်းရှိ မရှိဆိုသော **ပြဿနာနှင့်** ပတ်သက်၍ ယူဆချက် အမျိုးမျိုး ဝိဝါဒကွဲပြားလျက်ရှိနေပေသည်။ **အချို့က** ပြည်သူ့ဝန်ထမ်းအပေါ်သာမက အရပ်သား အပေါ်၌လည်း **တရားစွဲဆိုခြင်းမပြုနိုင်ဟု** ဆိုသည်။ အချို့ကမူ နို့တစ်စာ မပေး၍ ပြည်သူ့**ဝန်ထမ်းအပေါ်** တရားစွဲဆိုခြင်း မပြုနိုင်သော်လည်း အရပ်သား အပေါ်ဆက်လက်၍ **စွဲဆိုနိုင်သည်ဟု** ယူဆကြသည်။ ပြည်သူ့ဝန်ထမ်းကို အမှုတွင် တရားပြိုင်**အဖြစ် မထည့်ပဲ** အရပ်သားထံမှ တရားလိုသည်၊ မိမိအလိုရှိသော သက်သာခွင့်ကို **တောင်းဆိုနိုင်လျှင်**ပြည်သူ့ဝန်ထမ်းကို ချန်လှပ်ပြီး အရပ်သား အပေါ်ဆက်လက်၍ **တရားမစွဲဆိုနိုင်**စရာ အကြောင်းမရှိဟု ကျွန်ုပ်တို့ ယူဆသည်။ တရားမကျင့်ထုံး ပုဒ်မ ၈၀ အရ၊ ပြည်သူ့ ဝန်ထမ်းအား ကြိုတင်နို့တစ်စာ မပေးခဲ့သည့် အကြောင်းကြောင့် အရပ်သားအပေါ် စွဲဆိုသည့် အမှုပါ ပျက်ပြယ်ခြင်းမရှိပေ။ **အရာနူလာ (ခေါ်) ဟန်နူလာ** နှင့် **ဦးပါစိန်**၊ ၁၉၆၀၊ မြန်မာပြည်စီရင်ထုံး၊ ၂၅၆ (၂၆၁)၊ တရားလွှတ်တော်ကို ရည်ညွှန်းသည်။ **။ထပ်မံဆုံးဖြတ်ချက်။** ။ပြည်သူ့ဝန်ထမ်း၏ အကျိုးအတွက် တရားမကျင့်ထုံးပုဒ်မ ၈၀ အရ၊ ပေးရသည့် ကြိုတင်နို့တစ်စာကို သက်ဆိုင်ရာ ပြည်သူ့ဝန်ထမ်းက စွန့်လွှတ်နိုင်သည်။ **ပေါ်ကျင်လှိုင်** နှင့် **ဦးဝင်းမောင်**၊ ၁၉၅၈၊ မြန်မာပြည် စီရင်ထုံး၊ ၈၇၊ တရားလွှတ်တော်၊ ရည်ညွှန်းသည်။

ဦးဣန္ဒဝံသ နှင့် ဦးမဲအောင် ပါ ၂ .... ၁၇၇

တရားရုံးချုပ်ရွှေနေအဖြစ် ဝင်ခွင့်ပြုသည့်ကိစ္စ—နှစ်ပေါင်းများစွာ အမှုလိုက်ရဲအရာရှိအဖြစ်နှင့် အထူးစုံစမ်းစစ်ဆေးရေး ဌာနတွင်လည်း တရားစွဲဆိုရေးဖက်တွင် ဆောင်ရွက်ခဲ့ခြင်း—အထက်တန်း ရှေ့နေအဖြစ် မှတ်ပုံတင်ပြီးနောက် စည်းကမ်း

စာမျက်နှာ

အရ ထိုအပ်သော ၅ နှစ်ကျော် အမှုလိုက်ခဲ့ခြင်း—နှစ်နှစ်ကျော် အထက်တန်း **ရှေ့နေအဖြစ်** လိုက်ပါဆောင်ရွက်ခဲ့ခြင်း အပြင် တရားရုံးချုပ် ရှေ့နေစာမေးပွဲ **အောင်မြင်** ခဲ့ခြင်းတို့ကို ထည့်သွင်း စဉ်းစားခြင်း။ ။**ဆုံးဖြတ်ချက်**။ ။ **ဦးထွန်းစိန်**သည် နှစ်ပေါင်းများစွာ အမှုလိုက်ရဲ့အရာရှိ အဖြစ်ဆောင်ရွက်ခဲ့သူဖြစ်သည်။ အထူးစုံစမ်း စစ်ဆေးရေးဌာနတွင် ဝင်ရောက် အမှုထမ်းသော အခါ၌လည်း တရား စွဲဆိုရေးဖက်တွင်သာ တလျှောက်လုံး တာဝန်ယူခဲ့သည်။ ယင်းကဲ့သို့ မှုခင်းများတွင် လိုက်ပါဆောင်ရွက်ခဲ့ခြင်း၊ မှုခင်းများကို ရုံးသို့တင်ပို့တရားစွဲဆိုခြင်းကို ညွှန်ကြားခဲ့ခြင်းတို့ကြောင့် ဦးထွန်းစိန်သည် တရားရုံးချုပ်ရှေ့နေ စာမေးပွဲကို ဝင်ရောက်ဖြေဆိုရန် အရည်အချင်း ပြည့်ဝသူဖြစ်သည်ဟု ပြည်ထောင်စု ရာထူးဝန်အဖွဲ့က သတ်မှတ်ခဲ့ခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ၁၉၅၈ ခုနှစ်တွင် အထက်တန်း ရှေ့နေအဖြစ် စာရင်းသွင်းပြီးသည်မှ ၁၉၆၇ ခုနှစ်တွင် အထူးစုံစမ်းစစ်ဆေးရေး ဌာနမှ အငြိမ်းစားယူသည်အထိ ဦးထွန်းစိန်သည် စည်းကမ်းအရ လိုအပ်သော ၅ နှစ်ကျော် အမှုလိုက်ပါ ဆောင်ရွက်ရေးတွင် တာဝန်ယူခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် ၎င်းသည် စည်းကမ်းနှင့်အညီတရားရုံးချုပ်ရှေ့နေအဖြစ် ၃ ခံယူထိုက်သည်ဟု တွေ့ရှိသည်။ ။**ထပ်မံဆုံးဖြတ်ချက်**။ ။ထိုအချက်အပြင် ဦးထွန်းစိန်သည် နှစ်နှစ်ကျော်မျှ အထက်တန်း ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခဲ့ခြင်း၊ တရားရုံးချုပ် ရှေ့နေစာမေးပွဲကို ဖြေဆို အောင်မြင်ခဲ့ခြင်းတို့ကိုပါ ထည့်သွင်းစဉ်းစားကာ၊ ၎င်း၏ လျှောက်လွှာကိုခွင့်ပြုသင့်သည်ဟုဆုံးဖြတ်သည်။

အထက်တန်းရှေ့နေ ဦးထွန်းစိန် ကိစ္စ .... — ၁၆၃

နို့တစ်စာကို သက်ဆိုင်ရာ ပြည်သူ့ဝန်ထမ်းက စွန့်လွှတ်နိုင် မစွန့်လွှတ်နိုင် ၁၇၇

ပဋိညာဉ်ဟောင်းကို ပဋိညာဉ်သစ်ဖြင့် အစားထိုးခြင်း—နှစ်ဦးနှစ်ဖက် သဘောတူညီချက်မရှိဘဲ ပဋိညာဉ်ဟောင်းကို ပဋိညာဉ်သစ်ဖြင့် အစားထိုးနိုင်မထိုးနိုင်— **တ**ရားရုံးက ဒီကရီကျငွေအတွက် လစဉ်အရစ်ကျ ပေးဆောင်ရန် အမိန့်ချမှတ်**ခဲ့**ခြင်းသည် တရားရုံးက၊ ဒီကရီငွေအတွက် ပစ္စည်းကို အာမခံ ပေးထားခြင်းအား **ပဋိညာဉ်** အက်ဥပဒေ ပုဒ်မ ၆၂ အရ၊ ပျက်ပြယ်ခြင်းရှိ မရှိ— ပဋိညာဉ်အက်**ဥပဒေ** ပုဒ်မ ၁၃၉ အရ၊အာမခံသူ၏အာမခံထားသောကြွေးမြီအတွက်တာဝန်။ ။**ဆုံးဖြတ်ချက်**။ ။ပဋိညာဉ်တခုကို အခြား ပဋိညာဉ်တခုနှင့် အစားထိုးလိုက်**သဖြင့်၊ မူလ**ပဋိညာဉ်မှာ ကွယ်ပျောက်သွားပြီဆိုသော ကိစ္စ၌၊ အစားထိုး**သည်ဆိုသော** ပဋိညာဉ် အသပ်ပြုလုပ်ရန် နှစ်ဦးသဘောတူညီချက်ရှိရန်လိုသည်။ **နှစ်ဦးနှစ်ဖက် သ**ဘောတူညီချက် မရှိဘဲ ပဋိညာဉ်ဟောင်းကို ပဋိညာဉ်သစ်ဖြင့် **အစားမထိုးနိုင်။ ယခု**အမှု၌ တရားနိုင်သည် ဒီကရီကျငွေများအတွက် အာမခံ ပစ္စည်း**ကို လက်လွှတ်ပြီး** တရားရုံးထံမှ တလလျှင် ငွေကျပ် ၃၀၀ ကျယူပါမည်ဆိုသော **ပဋိညာဉ်အသစ်** ပြုလုပ်ခဲ့သည်ဆိုသော အထောက်အထား မရှိ၊ တရားနိုင်က **ထန့်ကွက်ပါလျက်** ရုံးမှ တရားရုံးအား တလငွေကျပ် ၃၀၀ နှုန်းဖြင့် ပေးဆောင်ရန် **အမိန့်ချမှတ်ခဲ့**ခြင်းသာ ဖြစ်၍၊ ဒီကရီငွေ အတွက် ပစ္စည်းကို အာမခံပေးထား**ခြင်းသည် ပဋိညာဉ်** အက်ဥပဒေ ပုဒ်မ ၆၂ အရ၊ ပျက်ပြယ်

ပါသည်ဆိုသော တင်ပြချက်ကို လက်မခံနိုင်။ ။**ထပ်မံဆုံးဖြတ်ချက်။** ။ပဋိညာဉ် အက်ဥပဒေပုဒ်မ ၁၃၉ အရ၊ မြို့ရှင်က အာမခံသူ၏ မြို့စားအပေါ် ရရန်ရှိသော အခွင့်အရေးကို ထိခိုက်အောင် မပြုသရွေ့ အာမခံထားသူသည် အာမခံထားသော ကြွေးမြီအတွက် တာဝန်ရှိသည်။ မဟာန်ဆင် နှင့် **ဦးဘရီ၊ ၁၉၃၉** ခုနှစ်၊ ရန်ကုန်စီရင်ထုံး၊ စာ ၃၅၈ ကိုရည်ညွှန်းသည်။

၁။ ဟာဂျီမဒေါ်သိန်း
၂။ အပ္ပဒူလာ
၃။ ဟူစိန်
နှင့်
ဟာဂျီပဒ္ဒူဆမတ် (သေ)၊ ၎င်း၏တရားဝင်ကိုယ်စားလှယ် (၁) ဒေါ်ရန်၊ (၂)ဒေါ်အစီရာ။ (၃) ကိုဘချစ်၊ (၄)ကိုဘရင် (၅) ကိုဘရှင်၊ (၆)တင်အောင်(၇) မမြင့်မြင့်၊ (၈) ကိုကျော်မြင့်၊ (၉)မောင်မောင်အေး (အရွယ်မရောက်သေးသူ) ၎င်း၏နီးစပ်ရာမိတ်ဆွေ ကိုဘချစ်မီးအေး။ ၁၆၀

ပဋိညာဉ် အက်ဥပဒေ ပုဒ်မ ၁၃၉ အရ၊ အာမခံသူ၏ အာမခံထားသော ကြွေးမြီ အတွက်တာဝန် ၁၆၀

သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂—ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်မှု အက် ဥ ပ ဒေ ပုဒ်မ ၆ (၁) အရ၊ ဝန်ကြီးဌာနသို့ လျှောက်ထားနိုင်သည့် အခွင့်အရေးရှိခြင်းကြောင့် သက်သာခွင့်မပေးထိုက်ခြင်း။ ။ဆုံးဖြတ်ချက်။ ။သီးခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၂ အရ၊ စွဲဆိုသောအမှုတွင်၊ ထိုပုဒ်မအရ၊ တရားလိုက တောင်းဆိုသည့် မြွက်ဟာချက်ကို ရုံးကပေးနိုင်သည့် အာဏာရှိသည်ကား မှန်ပေသည်။ သို့ရာတွင်၊ တရားရုံးက ယင်းအာဏာကို အလွယ်တကူ သုံးစွဲရန် မဟုတ်ချေ။ ရုံးမှဆင်ခြင်တုံတရား အတိုင်းသာ အသုံးပြုရမည်ဖြစ်သည်။ ယခုအမှုတွင် အယူခံတရားလိုမှာ ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေ ပုဒ်မ ၆ (၁) အရ၊ ဝန်ကြီးဌာနသို့ လျှောက်ထားနိုင်သည့် အခွင့်အရေး ရှိနေကြောင်း အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်ရာ၊ သီးခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၂ အရသက်သာခွင့် မပေးထိုက်ဟု မူလဘက်ရုံးတရားသူကြီး၏ ကောက်ယူဆုံးဖြတ်ချက်မှာ မှန်ကန်သဖြင့်၊ ဤအယူခံလွှာကို လက်မခံနိုင်တော့ချေ။ **စူလတန်အာမက် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ၊** ၁၉၆၆၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၅၈၃ နှင့် ခြားနားသည်။

မောင်နီ (ခ) အောင်ဘွန်ကြူး နှင့် **အတွင်းဝန်၊ လူဝင်မှု ကြီးကြပ်ရေး နှင့် အမျိုးသား မှတ်ပုံတင်ရေး ဝန်ကြီးဌာန** ၁၅၆

သက်သေခံဥပဒေ၏ အခြေခံမူတရပ် —အကောင်းဆုံးသော သက်သေခံချက်များကို တင်ပြရန်လိုအပ်ခြင်း — တန်ဘိုးလျော့နည်းသော သက်သေခံချက်များကို မတင်ပြထိုက်ခြင်း —အရေးကြီးသည့် သက်သေကိုသက်သေအဖြစ်မှ ပယ်လိုက်ခြင်းနှင့် ဥပဒေအမြင်။ ။ဆုံးဖြတ်ချက်။ ။သက်သေခံဥပဒေ၏အခြေခံ မူတရပ်မှာ၊ အမှုသည်တို့သည်မိမိရရှိနိုင်စွမ်းရှိသောအကောင်းဆုံးသောသက်သေခံချက်များကိုတင်ပြ

ညွှန်းချက်

INDEX

နိုင်ငံတော်တရားရုံးချုပ်

တရားမမှုများ

CHIEF COURT OF BURMA

CIVIL CASES

စာမျက်နှာ

အက်ဥပဒေများ—

ကာလစည်းကမ်းသတ်ဥပဒေ။

တရားမကျင့်ထုံး။

ပဋိညာဉ်အက်ဥပဒေ။

မြန်မာနိုင်ငံသားဖြစ်မှုအက်ဥပဒေ။

သက်သေခံဥပဒေ။

သီးခြားသက်သာခွင့်ဥပဒေ။

ဆန့်ကျင်၍လက်ရှိ ထားရှိခြင်း—မရွှေမပြောင်းနိုင်သော ပစ္စည်းတခုကို မှတ်ပုံတင် **အရောင်းစာချုပ်**ဖြင့် ဝယ်သူသည်၊ ဝယ်စဉ်က ထိုပစ္စည်းကို လက်ရောက် မရရှိခဲ့၍ **ရောင်းသူ**က ထိုပစ္စည်းပေါ်တွင် ဆက်လက်နေခဲ့ရာ၌ ဝယ်သူ၏ ခွင့်ပြုချက်၊ **အငှါးချ**ထားချက်၊ သဘောတူညီချက်တို့အရ နေထိုင်ခြင်း မဟုတ် လျှင်ရောင်း**သူသည်** စာချုပ် ချုပ်သည့်နေ့မှစ၍ ဝယ်သူကို ဆန့်ကျင်၍ လက်ရှိ ထားခဲ့သည်ဟု **ယူဆရမည်** ဖြစ်ခြင်း—ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၂၈ ၏ ပြဋ္ဌာန်းချက်။ **။ဆုံးဖြတ်ချက်။** ။ယခုအမှုတွင်အချင်းဖြစ်မြေကွက် အမှတ် (၈) ကိုအသူခံတရားလို (မှုလရုံးဘရားလို) ထံ ရောင်းချသူဆရာမြနှင့် ဦးထွန်းလှိုင်တို့သည်၊၁၉၂၁ ခုနှစ်မှစ၍ ၎င်းဘို့နှင့် ၎င်းတို့၏ ဖခင်ဖြစ်သော ဆရာမှိုင်က လက်ရှိ မရခဲ့ဘဲ လက်ဝယ်၌ မထားရဘဲ၊ ဆရာမှိုင်ထံ ရောင်းလိုက်သူ ဆရာရှင် (မောင်ဆင်) နှင့် ၎င်း၏**သားသမီး မယားတို့**ကသာ ဆက်လက်၍ တောက်

လျှောက် နေထိုင်ခဲ့ပြီးလျှင် ဆန့်ကျင်လက် ရှိထားခဲ့ကြသည်ဟု ယူဆသည်။ ထို့ကြောင့် ၁၂ နှစ်ကျော်သွားသော ၁၉၃၃ ခုနှစ်၊ ကုန်ဆုံးပြီးနောက်တွင် ဆရာမြိုင်နှင့် ၎င်း၏ အမွေစား ဆရာမြနှင့် ဦးထွန်းလှိုင်တို့ မပိုင်ဆိုင်တော့ပေ။ ကာလစည်းကမ်းသတ် အက်ဥပဒေ ပုဒ်မ ၂၈ တွင် ဤသို့ အတိအလင်းပြဋ္ဌာန်းထားသည်။

ဦးအောင်ဆိုင် နှင့် ဦးစံရီ ၁၆၆

တရားမကျင့်ထုံး ပုဒ်မ ၈၀—ပြည်သူ့ဝန်ထမ်းနှင့် သာမန်အရပ်သားတို့အား ပူးတွဲ၍ တရားပြိုင်များအဖြစ် စွဲဆိုသည့်အမှုတွင်၊ ပြည်သူ့ဝန်ထမ်းအား နို့တစ်မပေးခဲ့ပါက ပြည်သူ့ဝန်ထမ်း အပေါ် သာမက၊ အရပ်သား အပေါ် စွဲဆိုသည့် အမှုတခုလုံးသည် ပျက်ပြယ်ခြင်းရှိ မရှိ—နို့တစ်စာကို သက်ဆိုင်ရာ ပြည်သူ့ဝန်ထမ်းက စွန့်လွှတ်နိုင် မစွန့်လွှတ်နိုင်။ ။ဆုံးဖြတ်ချက်။ ။ပြည်သူ့ဝန်ထမ်းနှင့် သာမန် အရပ်သားထုအား ပူးတွဲ၍ တရားပြိုင်များအဖြစ် စွဲဆိုသည့် အမှုတွင် ပြည်သူ့ဝန်ထမ်းအား တရားမကျင့်ထုံးပုဒ်မ ၈၀ အရ ကြိုတင်နို့တစ်စာ ပေးခဲ့ပါက ပြည်သူ့ဝန်ထမ်းအပေါ် သာမက အရပ်သားအပေါ် စွဲဆိုသည့် အမှုတခုလုံးသည် ပျက်ပြယ်ခြင်းရှိ မရှိဆိုသော ပြဿနာနှင့် ပတ်သက်၍ ယူဆချက် အမျိုးမျိုး ဝိဝါဒကွဲပြားလျက်ရှိနေပေသည်။ အချို့က ပြည်သူ့ဝန်ထမ်းအပေါ် သာမက အရပ်သား အပေါ်၌လည်း တရားစွဲဆိုခြင်းမပြုနိုင်ဟု ဆိုသည်။ အချို့ကမူ နို့တစ်စာ မပေး၍ ပြည်သူ့ဝန်ထမ်းအပေါ် တရားစွဲဆိုခြင်း မပြုနိုင်သော်လည်း အရပ်သား အပေါ် ဆက်လက်၍ စွဲဆိုနိုင်သည်ဟု ယူဆကြသည်။ ပြည်သူ့ဝန်ထမ်းကို အမှုတွင် တရားပြိုင်အဖြစ် မထည့်ဘဲ အရပ်သားထံမှ တရားလိုသည်၊ မိမိအလိုရှိသော သက်သာခွင့်ကို တောင်းဆိုနိုင်လျှင်ပြည်သူ့ဝန်ထမ်းကို ချန်လှပ်ပြီး အရပ်သား အပေါ် ဆက်လက်၍ တရားစွဲဆိုနိုင်စရာ အကြောင်းမရှိဟု ကျွန်ုပ်တို့ ယူဆသည်။ တရားမကျင့်ထုံး ပုဒ်မ ၈၀ အရ၊ ပြည်သူ့ ဝန်ထမ်းအား ကြိုတင်နို့တစ်စာ မပေးခဲ့သည့် အကြောင်းကြောင့် အရပ်သားအပေါ် စွဲဆိုသည့် အမှုပါ ပျက်ပြယ်ခြင်းမရှိပေ။ **အရာနူလာ (ခေါ်) ဟန်နူလာ နှင့် ဦးပါစိန်၊** ၁၉၆၀၊ မြန်မာပြည်စီရင်ထုံး၊ **၂၅၆ (၂၆၁)၊** တရားလွှတ်တော်ကို ရည်ညွှန်းသည်။ ။ထပ်မံဆုံးဖြတ်ချက်။ ။ပြည်သူ့ဝန်ထမ်း၏ အကျိုးအတွက် တရားမကျင့်ထုံးပုဒ်မ ၈၀ အရ၊ ပေးရသည့် ကြိုတင်နို့တစ်စာကို သက်ဆိုင်ရာ ပြည်သူ့ဝန်ထမ်းက စွန့်လွှတ်နိုင်သည်။ **ပေါ်ကျင်လှိုင် နှင့် ဦးဝင်းမောင်၊** ၁၉၅၈၊ မြန်မာပြည် စီရင်ထုံး၊ **၈၇၊ တရားလွှတ်တော်၊** ရည်ညွှန်းသည်။

ဦးဣန္ဒဝံသ နှင့် ဦးမဲအောင် ပါ ၂ .... ၁၇၇

တရားရုံးချုပ်ရှေ့နေအဖြစ် ဝင်ခွင့်ပြုသည့်ကိစ္စ—နှစ်ပေါင်းများစွာ အမှုလိုက်ရှေ့နေအဖြစ်နှင့် အထူးစုံစမ်းစစ်ဆေးရေး ဌာနတွင်လည်း တရားစွဲဆိုရေးဖက်တွင် ဆောင်ရွက်ခဲ့ခြင်း—အထက်တန်း ရှေ့နေအဖြစ် မှတ်ပုံတင်ပြီးနောက် စည်းကမ်း

စာမျက်နှာ

အရ လိုအပ်သော ၅ နှစ်ကျော် အမှုလိုက်ခဲ့ခြင်း—နှစ်နှစ်ကျော် အထက်တန်း ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခဲ့ခြင်း အပြင် တရားရုံးချုပ် ရှေ့နေစာမေးပွဲ အောင်မြင် ခဲ့ခြင်းတို့ကို ထည့်သွင်း စဉ်းစားခြင်း။ ။ဆုံးဖြတ်ချက်။ ။ ဦးထွန်းစိန်သည် နှစ်ပေါင်းများစွာ အမှုလိုက်ရဲအရာရှိ အဖြစ်ဆောင်ရွက် ခဲ့သူဖြစ်သည်။ အထူးစုံစမ်း စစ်ဆေးရေးဌာနတွင် ဝင်ရောက် အမှုထမ်းသော အခါ၌လည်း တရား စွဲဆိုမှုရေးဖက်တွင်သာ တလျှောက်လုံး တာဝန်ယူ ခဲ့သည်။ ယင်းကဲ့သို့ မှုခင်းများတွင် လိုက်ပါဆောင်ရွက်ခဲ့ခြင်း၊ မှုခင်းများကို ရုံးသို့တင်ပို့တရားစွဲဆိုခြင်းကို ညွှန်ကြားခဲ့ခြင်းတို့ကြောင့် ဦးထွန်းစိန်သည် တရား ရုံးချုပ်ရှေ့နေ စာမေးပွဲကို ဝင်ရောက်ဖြေဆိုရန် အရည်အချင်း ပြည့်ဝသူ ဖြစ်သည်ဟု ပြည်ထောင်စု ရာထူးဝန်အဖွဲ့က သတ်မှတ်ခဲ့ခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ၁၉၅၈ ခုနှစ်တွင် အထက်တန်း ရှေ့နေအဖြစ် စာရင်းသွင်းပြီးသည်မှ ၁၉၆၇ ခုနှစ်တွင် အထူးစုံစမ်းစစ်ဆေးရေး ဌာနမှ အငြိမ်းစားယူသည်အထိ ဦးထွန်းစိန်သည် စည်းကမ်းအရ လိုအပ်သော ၅ နှစ်ကျော် အမှုလိုက်ပါ ဆောင် ရွက်ရေးတွင် တာဝန်ယူခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် ၎င်းသည် စည်းကမ်းနှင့် အညီတရားရုံးချုပ်ရှေ့နေအဖြစ် ခံယူထိုက်သည်ဟု တွေ့ရှိသည်။ ။**ထပ်မံ ဆုံးဖြတ်ချက်**။ ။ထိုအချက်အပြင် ဦးထွန်းစိန်သည် နှစ်နှစ်ကျော်မျှ အထက်တန်း ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခဲ့ခြင်း၊ တရားရုံးချုပ် ရှေ့နေစာမေးပွဲကို ဖြေဆို အောင်မြင်ခဲ့ခြင်းတို့ကိုပါ ထည့်သွင်းစဉ်းစားကာ၊ ၎င်း၏ လျှောက်လွှာကိုခွင့်ပြု သင့်သည်ဟုဆုံးဖြတ်သည်။

အထက်တန်းရှေ့နေ ဦးတွန်းစိန် ကိစ္စ .... — ၁၆၃

နို့တစ်စာကို သက်ဆိုင်ရာ ပြည်သူ့ဝန်ထမ်းက စွန့်လွှတ်နိုင် မစွန့်လွှတ်နိုင် ၁၇၇

ပဋိညာဉ်ဟောင်းကို ပဋိညာဉ်သစ်ဖြင့် အစားထိုးခြင်း—နှစ်ဦးနှစ်ဖက် သဘော **တူ**ညီချက်မရှိဘဲ ပဋိညာဉ်ဟောင်းကို ပဋိညာဉ်သစ်ဖြင့် အစားထိုးနိုင်မထိုးနိုင် — **တရား**ရုံးက ဒီကရီကျငွေအတွက် လစဉ်အရစ်ကျ ပေးဆောင်ရန် အမိန့်ချမှတ် **ခဲ့ခြင်း**သည် တရားရုံးက၊ ဒီကရီငွေအတွက် ပစ္စည်းကို အာမခံ ပေးထားခြင်းအား **ပဋိညာဉ်** အက်ဥပဒေ ပုဒ်မ ၆၂ အရ၊ ပျက်ပြယ်ခြင်းရှိ မရှိ — ပဋိညာဉ်အက် **ဥပဒေ ပုဒ်မ ၁၃၉** အရ၊အာမခံသူ၏အာမခံထားသောကြွေးမြီအတွက်တာဝန်။ ။**ဆုံးဖြတ်ချက်**။ ။ပဋိညာဉ်တခုကို အခြား ပဋိညာဉ်တခုနှင့် အစားထိုးလိုက် **သဖြင့်၊ မူလ**ပဋိညာဉ်မှာ ကုယ်ပျောက်သွားပြီဆိုသော ကိစ္စ၌၊ အစားထိုး သည်**ဆိုသော ပဋိ**ညာဉ် အသစ်ပြုလုပ်ရန် နှစ်ဦးသဘောတူညီချက်ရှိရန်လိုသည်။ နှစ်ဦးနှစ်**ဖက် သဘော**တူညီချက် မရှိဘဲ ပဋိညာဉ်ဟောင်းကို ပဋိညာဉ်သစ်ဖြင့် အစားမထိုးနိုင်။ **ယခုအမှု၌** တရားနိုင်သည် ဒီကရီကျငွေများအတွက် အာမခံ ပစ္စည်းကို **လက်လွှတ်ပြီး** တရားရုံးထံမှ တလလျှင် ငွေကျပ် ၃၀၀ ကျယူပါမည် ဆိုသော ပဋိ**ညာဉ်အသစ်** ပြုလုပ်ခဲ့သည်ဆိုသော အထောက်အထား မရှိ၊ တရားနိုင်က ကန့်**ကွက်ပါလျှက်** ရုံးမှ တရားရှုံးအား တလငွေကျပ် ၃၀၀ နှုန်းဖြင့် ပေးဆောင်ရန် အမိန့်ချမှတ်ခဲ့ခြင်းသာ ဖြစ်၍၊ ဒီကရီငွေ အတွက် ပစ္စည်းကို အာမခံပေးထားခြင်းသည် **ပဋိညာဉ် အက်**ဥပဒေ ပုဒ်မ ၆၂ အရ၊ ပျက်ပြယ်

ပါသည်ဆိုသော တင်ပြချက်ကို လက်မခံနိုင်။ ။**ထပ်မံဆုံးဖြတ်ချက်။** ။ပဋိညာဉ် အက်ဥပဒေပုဒ်မ ၁၃၉ အရ၊ မြီရှင်က အာမခံသူ၏ **မြီစားအပေါ်** ရရန်ရှိသော အခွင့်အရေးကို ထိခိုက်အောင် မပြုသရွေ့ **အာမခံထားသူသည်** အာမခံထားသော ကြွေးမြီအတွက် တာဝန်ရှိသည်။ မဟန်ဆင **နှင့် ဦးအာရီ၊ ၁၉၃၉** ခုနှစ်၊ ရန်ကုန်စီရင်ထုံး၊ စာ ၃၅၈ ကိုရည်ညွှန်းသည်။

၁။ ဟာဂျီမဒေါ်သိန်း
၂။ အပ္ပဒူလာ
၃။ ဟူစိန် } နှင့် { ဟာဂျီပဒူဆမတ် **(သေ)၊ ၎င်း၏တရား** ဝင်ကိုယ်စားလှယ် **(၁)** **ဒေါ်ရန်၊** (၂)ဒေါ်အစီရာ။ **(၃)** **ကိုဘချစ်၊** (၄)ကိုတရင် (၅) **ကိုသာခွင်၊** (၆)တင်အောင်(၇) **မမြင့်မြင့်၊ (၈) ကိုကျော်** မြင့်၊ (၉)မောင်**မောင်အေး (အရွယ်** မရောက်သေးသူ) **၎င်း၏နှီးစပ်ရာမိတ်**ဆွေ ကိုဘချစ်**မီးအေး** ၁၆၀

ပဋိညာဉ် အက်ဥပဒေ ပုဒ်မ ၁၃၉ အရ၊ အာမခံသူ၏ **အာမခံထားသော** ကြွေးမြီ အတွက်တာဝန် ၁၆၀

သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂—ပြည်ထောင်စု **မြန်မာနိုင်ငံသားဖြစ်မှု** အက် ဥ ပ ဒေ ပုဒ်မ ၆ (၁) အရ၊ ဝန်ကြီးဌာနသို့ **လျှောက်ထားနိုင်သည့်** အခွင့်အရေးရှိခြင်းကြောင့် သက်သာခွင့်မပေးထိုက်ခြင်း။ **ဆုံးဖြတ်ချက်။** ။ သီးခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၂ **အရ** **ရှုံ့ဆိုသောအမှုတွင်၊** ထိုပုဒ်မအရ၊ တရားလိုက တောင်းဆိုသည့် မြွက်ဟ**ချက်ထို ထုံးထားပေးနိုင်သည့်** အာဏာရှိသည်ကား မှန်ပေသည်။ သို့ရာတွင်၊ **တရားခွင်က ယင်းအာဏာကို** အလွယ်တကူ သုံးစွဲရန် မဟုတ်ချေ။ ရုံးမှသင်ခြင်တုံတရား **အတိုင်းသာ** **အသုံး**ပြုရမည်ဖြစ်သည်။ ယခုအမှုတွင် အယူခံတရားလိုမှာ ပြည်**ထောင်စု** **မြန်မာနိုင်ငံ**သားဖြစ်မှု အက်ဥပဒေ ပုဒ်မ ၆ (၁) အရ၊ ဝန်ကြီး**ဌာနသို့** **လျှောက်ထား**နိုင်သည့် အခွင့်အရေး ရှိနေကြောင်း အထက်တွင် ဖေါ်**ပြခဲ့ပြီးဖြစ်ရာ၊ သီးခြား** သက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၂ အရသက်သာခွင့် **မပေးထိုက်ဟု** မူလဘက်ရုံး တရားသူကြီး၏ ကောက်ယူဆုံးဖြတ်ချက်မှာ မှန်ကန်သဖြင့်၊ **ဤ**အယူခံလွှာကို လက်မခံနိုင်တော့ချေ။ **စူလတန်အာမက်** နှင့် ပြည်**ထောင်စု** **မြန်မာနိုင်ငံ၊** ၁၉၆၆၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၅၇၃ နှင့် ခြားနားသည်။

မောင်နီ (ခ) အောင်ဘုန်ကြူး နှင့် အတွင်းဝန်၊ **လူဝင်မှု** ကြီးကြပ်ရေး နှင့် အမျိုးသား **မှတ်ပုံတင်**ရေး ဝန်ကြီးဌာန ၁၅၆

သက်သေခံဥပဒေ၏ အခြေခံမူတရပ် —အကောင်းဆုံးသော သက်သေခံချက်များကို တင်ပြရန်လိုအပ်ခြင်း — တန်ဘိုးလျော့နည်းသော သက်သေခံချက်များကို မတင်ပြထိုက်ခြင်း —အရေးကြီးသည့် သက်သေကိုသက်သေအဖြစ်မှ ပယ်လိုက်ခြင်းနှင့် ဥပဒေအမြင်။ ။ဆုံးဖြတ်ချက်။ ။သက်သေခံဥပဒေ၏အခြေခံ မူတရပ်မှာ၊ အမှုသည်တို့သည်မိမိရရှိနိုင်စွမ်းရှိသောအကောင်းဆုံးသောသက်သေခံချက်များကိုတင်ပြ

စာမျက်နှာ

ရန်လိုအပ်သည်ဟူသော မူပင်ဖြစ်သည်။ အကြောင်းချင်းရာများနှင့် ပတ်သက်၍ သက်သေထင်ရှားပြရန် အတွက်၊ သက်သေခံချက်များ တင်ပြသည့်အခါ၌တင်ပြနိုင်စွမ်းရှိသော သက်သေခံချက်များ အနက်၊ အကောင်းဆုံးသော သက်သေခံချက်များ (best evidence producible) ကို တင်ပြရမည်။ ယင်းကဲ့သို့မတင်ပြဘဲ၊ ဒုတိယတန်းစား၊ တန်ဘိုးလျော့နည်းသော (second rate) သက်သေခံချက်များကို မတင်ပြထိုက်ပေ။ **မငြိမ်းလှ နှင့် မရင်၊** အတွဲ ၃၊ မြန်မာပြည်စီရင်ထုံး၊ ၂၄၆။ **အိဗရာဟင် ဒေါ်ဂျီဂျီဝါး နှင့် အဂျမ်မိုဟာမက်လူဘားဝါလာ၊** ၁၉၅၀၊ မြန်မာပြည်စီရင်ထုံး၊ ၂၇၀ (၁၉၉) ၊ (တရားလွှတ်တော်ချုပ်) တို့ကို ရည်ညွှန်းသည်။ ။**ထပ်မံဆုံးဖြတ်ချက်**။ ။အမှုသည် တယောက်က သက်ဆိုင်ရာအမှုတွင်၊ လူတယောက်သည် သက်သေအဖြစ် ရုံးရှေ့သို့ လာရောက်၍ အစစ်ခံရန် လိုအပ်လျှင်၊ မိမိကိုယ်တိုင်လည်း ခေါ်ယူလာနိုင်သည်၊ တရားရုံးမှ တဆင့် သမ္မာန်စာချ၍လည်း ခေါ်ယူနိုင်ပေသည်။ အကယ်၍ သမ္မာန်စာချရာ၌အတည်ဖြစ်ပါလျက်နှင့် သက်သေက ရုံးသို့ မလာရောက်ဘဲနေလျှင်၊ တရားရုံးမှ ဝါရမ်းထုတ်ဆင့်၍ သက်သေကို ရုံးသို့ လာရောက်စေရန် ဆောင်ရွက်ပေးနိုင်သည်။ အမှုသည်က လျှောက်တောင်းလျှင်၊ ရုံးချိန်ကုန်ဆုံး၍ မစစ်ဆေးနိုင်သော အရေးကြီးသော သက်သေကို၊ နောက်တနေ့တွင်၊ သို့မဟုတ် အနီးကပ်ဆုံး ရက်ချိန်းတွင်ရုံးက စစ်ဆေးပေးမည်မှာ မလွဲပေ။ ထို့ပြင်၊ ရုံးရှေ့သို့ မလာရောက်နိုင်သော သက်သေများ၊ သို့မဟုတ် တရားရုံး၏ စီရင်ပိုင်ခွင့် အာဏာရှိသော နယ်နိမိတ်ပြင်ပတွင်ရှိနေသော သက်သေများ၊ သို့မဟုတ် နယ်နိမိတ်ပြင်ပသို့ သွားအံ့ဆဲဆဲ သက်သေများကို စစ်ဆေးလိုလျှင်၊ တရားရုံးက ကော်မရှင် ထုတ်ဆင့်၍စစ်ဆေးနိုင်သည်။ အယူခံတရားလိုသည် တရားဥပဒေက ပေးထားသော ထိုအခွင့်အရေးများကို အသုံးမပြုဘဲ၊ မိမိအလိုအလျောက် အရေးပါ အရာရောက်သော သက်သေ ဦးအောင်ကြီးကို ပယ်လိုက်ခြင်းပင် ဖြစ်သည်။ ။**ထပ်မံဆုံးဖြတ်ချက်**။ ။ဤအမှုတွင် ဦးအောင်ကြီးကို တရားလိုက သက်သေအဖြစ် မစစ်ဆေးတော့ဘဲ ပယ်လိုက်ခြင်းသည်၊ ဦးအောင်ကြီး၏ သက်သေခံချက်သည် တရားလို၏ အမှုကို အကျိုးပြုမည် မဟုတ်သောကြောင့် ပယ်လိုက်ခြင်းဖြစ်သည်။ တနည်းအားဖြင့်ဆိုလျှင်၊ တရားလိုကို ဆန့်ကျင်ပြီး ထွက်ဆိုမည်စိုးရိမ်၍သာ ဖြစ်သည်ဟု ကောက်ယူရန် အကြောင်း ပေါ်ပေါက်နေသည်ဟု ဆိုရပေလိမ့်မည်။ **ဦးဘိုးရှင် နှင့် တဦး နှင့် အက်ဒ္ဓပ် နှင့် အများ၊** အေအိုင်၊အာ (ရ်) ၁၉၃၄၊ ရန်ကုန်၊ ၁၃၉ နှင့် **ဂရာပရာဆပ် နှင့် ဦးကျော်ရွှေ** ၁၉၆၆၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၁၁၆၃ (၁၁၆၅) တို့ကိုရည်ညွှန်းသည်။

ဦးချစ်ရာ နှင့် { ၁။ ဦးစိုးဟန်
၂။ ဦးချစ်ရာ
၃။ အုပ်ချုပ်ရေးမှူး၊ အောင်ဘာလေသိန်းဆုဌာန။ ၁၄၂

အရေးကြီးသည့် သက်သေကို သက်သေအဖြစ်မှ ပယ်လိုက်ခြင်းနှင့် ဥပဒေအမြင် ၁၄၂

စီရင်ထုံးပြုသောမှုခင်းများ

LIST OF CASES REPORTED

စစ်ဘက်အယူခံတရားရုံး

COURTS-MARTIAL APPEAL COURT

	စာမျက်နှာ
သာအေး၊ မောင်၊ ပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ	၁၉

ကိုးကားသောမှုခင်းများ

LIST OF CASES CITED

စစ်ဘက်အယူခံတရားရုံး

COURTS-MARTIAL APPEAL COURT

	စာမျက်နှာ
[illegible]၊ မောင်ပါ၊ ၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ၊ ၁၉၆၂၊ မြန်မာနိုင်ငံ စီရင်ထုံးများ၊ ၂၇၁/	၂၄

ညွှန်းချက်

INDEX

စစ်ဘက်အယူခံတရားရုံး

COURTS-MARTIAL APPEAL COURT

စာမျက်နှာ

အက်ဥပဒေများ—

သက်သေခံဥပဒေ။

သေဆုံးသူတဦး၏၊ အသက်ရှင်စဉ်က ထွက်ဆိုချက်—မည်သည့်အခါ လက်ခံနိုင်ခြင်း— သက်သေခံအကျဉ်းချုပ် ယူခြင်းသည် တရားစီရင်မှု ဆိုင်ရာ မှုခင်း တခုဟု ယူဆနိုင် မယူဆနိုင်—မည်သည့်အခါ သက်သေခံ အကျဉ်းချုပ်သည် သက်သေခံ အဖြစ် လက်ခံနိုင်ခြင်း။ ။ဆုံးဖြတ်ချက်။ ။ယေဘုယျအားဖြင့် သေဆုံးသူတဦးသည်၊ အသက်ရှင်စဉ်က စာဖြင့်သော်လည်းကောင်း၊ နှုတ်ဖြင့်သော်လည်းကောင်း ထွက်ဆိုချက် တရပ် ပေးခဲ့လျှင်၊ ၎င်းထွက်ဆိုချက်ကို ရုံးကသက်သေခံ အဖြစ် လက်ခံနိုင်ရန် အတွက် သက်သေခံ အက်ဥပဒေ ပုဒ်မ ၃၂ (၁) မှ ၃၂ (၈) အထိ၊ အပိုဒ် (၈) ပိုဒ်အနက်မှ အပိုဒ် တခုခု၏ ဘောင်အတွင်းဝင်ရမည် ဖြစ်သည်။ သို့မှသာ ယင်းထွက်ဆိုချက်ကို သက်သေခံအဖြစ် လက်ခံနိုင်သည်။ ။ ယခင်ကထွက်ဆိုချက် တရပ်ပေးပြီးနောက်၊ ထွက်ချက်ပေးသောသူ သေဆုံးသွားလျှင်၊ ၎င်း၏ ထွက်ဆိုချက်ကို သက်သေခံ အက်ဥပဒေ ပုဒ်မ ၃၃ ၏ ပြဋ္ဌာန်းချက်များနှင့် အကျုံးဝင်ပါက၊ သက်ဆိုင်ရာ အမှုတွင် အသုံးပြုနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ ထို့ကြောင့်၊ ဤအမှုတွင် သေဆုံးသွားသော တပ်သား **စံရှိန်၏** ထွက်ဆိုချက်ကို သက်သေခံ အက်ဥပဒေ ပုဒ်မ ၃၃ ၏ ဘောင်အတွင်းဝင် **မဝင်စဉ်းစားရန်**လိုအပ်သည်။ ။**ထပ်မံဆုံးဖြတ်ချက်။** ။သက်သေခံ အကျဉ်း**ချုပ်ယူခြင်းသည်**၊ တပ်မတော် နည်းဥပဒေ၏ အခန်း (၅) တွင် ဖေါ်ပြထားသည့် အတိုင်း **စွဲချက်**များကို စုံစမ်း စစ်ဆေးခြင်းနှင့် တရားခံ ရှေ့မှောက်တွင်စွဲချက်ကို ထောက်**ခံမည့် သက်**သေများအား စစ်ဆေးမေးမြန်းခြင်းသာ ဖြစ်သည်။ သက်သေများ**ထွက်ဆိုချက်အရ**၊ စစ်တရားရုံးသို့ တင်ပို့သင့်မှ တင်ပို့သည်။ ယုတ္တိမရှိလျှင် စွဲချက်**မတင်ပဲ တရားခံ**အား လွှတ်နိုင်သည်။ ထိုကဲ့သို့ပင် ရာဇဝတ်ကျင့်ထုံးဥပဒေအခန်း (၁၈) တွင် တရားခံတဦးအပေါ်တွင် စွဲချက်နှင့် ပတ်သက်၍ သက်သေများကို **စစ်ဆေးပြီး နောက်**၊ အမှုအဘွက် ယုတ္တိရှိပါက၊ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၂၁၀ (၁) အရ၊ စုံစမ်းစစ်ဆေးသော တရားသူကြီးက

စာမျက်နှာ

စွဲချက်တင်၍၊ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၂၁၃ (၁) အရ၊ တရားခံအား စစ်ဆေးစီရင်ရန် အတွက် တရားလွှတ်တော်သို့ သော်လည်းကောင်း၊ စက်ရှင်ရုံးသို့သော်လည်းကောင်း တင်ပို့ခြင်းသည် အောက်ဖော်ပြပါ တပ်မတော် နည်းဥပဒေ ၂၃ (၁) (က) နှင့် ဆင်တူဖြစ်သည်။ ၁၉၆၁ ခု၊ ရာဇဝတ်အယူခံမှုအမှတ် ၇ နှင့် ၈၊ **မောင်လှရွှေ ပါ ၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ၊** ၁၉၆၂၊ မြန်မာနိုင်ငံ၊ စာ ၂၇၁ ကို ကိုးကားသည်။ သို့ရာတွင် အရေးကြီးသောခြားနားချက်မှာ ရာဇဝတ်ကျင့်ထုံး ဥပဒေအခန်း (၁၈) တွင် သက်သေများကို ကျမ်းသစ္စာပြုစေပြီးမှ စစ်ဆေးသည်။ သက်သေခံချက် အကျဉ်းချုပ် ယူရာတွင်မူ၊ ကျမ်းသစ္စာဖြင့် စစ်ဆေးရမည်ဟု မပါရှိချေ။ ထို့ကြောင့် မောင်လှရွှေ စီရင်ထုံးသည် လုံးဝဥဿုံ ပြည့်စုံမှန်ကန်သည် မဟုတ်၊ လုပ်ထုံးကို နှိုင်းယှဉ်ရှင်းလင်း၍ နမူနာစာပြခြင်းသာ ဖြစ်သည်။ ။တပ်မတော် ဥပဒေ ၁၃၉ အရ၊ ကျမ်းသစ္စာကိုသော်လည်းကောင်း၊ ကတိသစ္စာကိုသော်လည်းကောင်း သက်သေတိုင်းအားသက်သေမခံမီပြုစေရမည်ဟု ဖော်ပြထားသည်။ ထိုကဲ့သို့ သစ္စာပြုစေပြီးမှ စစ်တရားရုံးတွင် သက်သေခံလျှင် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄ (အမ်) တွင် ဖော်ပြသည့်အတိုင်း တရားစီရင်မှုဆိုင်ရာ မှုခင်းကိစ္စတခုတွင် သက်သေခံသည်ဟု ယူဆနိုင်သည်။ ထို့ကြောင့် တပ်မတော် အက်ဥပဒေ အခန်း (၁၁) ပုဒ်မ ၁၅၆ အရ၊ စစ်တရားရုံးဖြင့် စစ်ဆေးစီရင်မှုသာ တရားစီရင်မှုဆိုင်ရာ မှုခင်းတခု ဖြစ်ကြောင်းထင်ရှားသည်။ ။**ထပ်မံဆုံးဖြတ်ချက်**။ ။အိန္ဒိယပြည်တွင် သုံးစွဲသော အိန္ဒိယစစ်ဥပဒေ လက်စွဲ အခန်း (၅)၊ စာမျက်နှာ ၆၉၊ အပိုဒ် ၄၄ တွင်ပါရှိသကဲ့သို့ပင် တပ်မတော် နည်းဥပဒေ ၁၁၅ (၂) နှင့် ၁၅၉ (၃) တွင် တရားခံက "အပြစ်ရှိသည်" ဟု ဖြေကြားလျှင် သက်သေခံ အကျဉ်းချုပ်ကိုဘတ်ပြပြီးနောက်၊ အမှုတွဲတွင် ပူးတွဲရမည်ဟု ဖော်ပြထားသဖြင့်၊ ယင်းသို့ အပြစ်ရှိကြောင်း ဝန်ခံသည့် သက်သေခံ အကျဉ်းချုပ်ကို ရုံးကလက်ခံ စဉ်းစားနိုင်သည်ဟုယူဆသည်။

၁။ မောင်သာအေး
၂။ မောင်သောင်းစိန် } နှင့် **ပြည်ထောင်စုမြန်မာနိုင်ငံ** ၁၉

မည်သည့်အခါ သက်သေခံအကျဉ်းချုပ်သည် သက်သေခံအဖြစ်လက်ခံနိုင်ခြင်း ၁၉

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးချုပ် စိန်ဝင်း၊ ဒေါက်တာ မောင်မောင် တို့ရှေ့တွင်

၁။ ကာဆင် (ခေါ်) အဘူလာ ပါဂ
၂။ ဆေးကန်ဒါ (ခေါ်) စိုးမြင့်
၃။ မာမက်ဆဒီ (ခေါ်) လှမြင့်
၄။ အဒူရှစ် (ခေါ်) ကျော်ရွှေ

} နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ* — † ၁၉၇၁ ဖေဖော်ဝါရီလ ၁ဂ ရက်။

ဆိုရှယ်လစ်စီးပွါးရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေ— ၎င်းဥပဒေပုဒ်မ ၁၅ (၁)(က)အရ အပြစ်ပေးနိုင်ရန်အတွက် ဆိုရှယ်လစ် စီးပွါးရေးစနစ်ကို ပျက်စီးစေလိုသောရည်ရွယ်ချက်ကို တရားလိုဘက်မှ သက်သေထူရန် တာဝန်ရှိခြင်း။

အယူခံတရားလိုတို့ကို အချိန်မတော်ညအခါ၌၊ နယ်စပ်နှင့် မနီးမဝေး မှောင်ခိုသူတို့ သုံးစွဲတတ်သည့်တောလမ်းတွင်၊ နိုင်ငံခြားပစ္စည်းများနှင့်အတူ လက်ပူးလက်ကြပ်မိခဲ့သဖြင့် ဆိုရှယ်လစ် စီးပွါးရေးစနစ်တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေပုဒ်မ ၁၅ (၁) (က) အရ၊ မှုပြစ်စီရင်ခဲ့သည်။

ဆုံးဖြတ်ချက်။ ။ပြစ်မှုကို ၁၉၆၆ ခုနှစ်က ကျူးလွန်ခဲ့သည်ဖြစ်ရာ၊ ဆိုရှယ်လစ် စီးပွါးရေး**စနစ်တည်**ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေပုဒ်မ ၁၅ (၁) (ဃ) အရ **အပြစ်ပေးနိုင်**ရန်အတွက်၊ ဆိုရှယ်လစ်စီးပွါးရေးစနစ်ကို ပျက်စီးစေလိုသော ရည်ရွယ်ချက်ကို တရား**လိုတို့ဘက်မှ** သက်သေထူရမည်ဖြစ်သည်။ ထို့ကြောင့် လက်ထောက် ရှေ့နေချုပ် တင်ပြသည့် **အတိုင်း၊ ပြစ်မှုကို** သွင်းကုန်ထုတ်ကုန် ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ ၅ (၁) အရ၊ **စီရင်ခြင်းကသာ သင့်မြတ်**မှန်ကန်မည်ဟု ယူဆသည်။

သတိပေးချက်။ ။**အာမခံ**ဝန်ဖြင့် အယူခံကြားနာနေစဉ်အတွင်း၌၊ အချုပ်လွတ် နေထိုင်စဉ်၊ အယူခံ**တရားလိုတို့သည်၊ အာမခံ**စည်းကမ်းချက်များအရ၊ တိကျစွာလိုက်နာကြရန် လိုအပ်သည်။ ၎င်းတို့အတွက် **ခံဝန်ချုပ်ပြုသူများ**သည် ခံဝန်ပြုခြင်းကို လေးနက်စွာ ဆောင်ရွက်ကြရန်ဖြစ်သည်။

---

* ၁၉၆ဂ ခုနှစ်၊ **ရာဇဝတ်အယူခံမှုအမှတ်** ဂ၀၊ ဂ၃၊ ဂ၄ နှင့် ဂ၅။

† မော်လမြိုင်ခရိုင်၊ **၁၉၆၇ ခုနှစ်၊ အထူး**ရာဇဝတ်ရုံးအမှတ် ၇၇ ၏ ၁၉၆၇ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၂ တွင်၊ **၁၉၆ဂ ခုနှစ်၊ ဇန္နဝါရီလ ၃၁** ရက်နေ့၌ ချမှတ်ပြီး၊ ၁၉၆ဂ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် အတည်ပြု**အဖွဲ့က အတည်ပြုသည့်အမိန့်**ကိုအယူခံမှု။

၁၉၇၁ အယူခံ တရားလိုအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးတင်မောင်။

အယူခံ တရားခံအတွက်။ ။လက်ထောက်နိုင်ငံတော်ရှေ့နေချုပ် ဦးလှသင်း။

၁။ ကာဆင်(ခ) အဘူလာ ပါ ၇၊
၂။ ဆေးကန်ဒါ (ခ) စိုးမြင့်၊
၃။ မာမက်ဆဒီ (ခ) လှမြင့်၊
၄။ အဒူရှစ်(ခ) ကျော်ရှေ
နှင့်
ပြည်ထောင်စု မြန်မာနိုင်ငံ။

အယူခံ တရားလိုတို့အပေါ် အထူးရာဇဝတ်ရုံးအမှတ် ၇၇/၁၉၆၇ က၊ ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ် စီးပွါးရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေပုဒ်မ ၁၅ (၁) (ဃ)အရ၊ ပြစ်မှုထင်ရှား တွေ့ရှိ၍၊ ထောင်ဒဏ် ၁၀ နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

၁၉၆၆ ခု၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် တပ်မတော် **ကင်းပုန်းက** နယ်စပ်နှင့် မလှမ်းမကမ်းဖြစ်သော ထန်းတောကုန်းနှင့် အန်ကရဲကုန်း **တဝိုက်၌၊** မှောင်ခိုသူတို့ကိုဖမ်းဆီးရန် တပ်ချနေခဲ့သည်။ ည ၁၀ နာရီခန့်တွင် **လူတစုလာသည်ကို** တွေ့ရ၍၊ ကင်းက အရပ်ခိုင်းသည်၊ ရှေ့မှလာသူက လက်မြှောက်၍ **ရပ်သော်လည်း** နောက်ကလူများ ထွက်ပြေးကြသဖြင့် တပ်မတော်ကင်းက သေနတ်**ပစ်ဖေါက်၍၊** ပြေးသူတို့ကို လိုက်လံဖမ်းဆီးလာသည်။ အယူခံ တရားလိုများနှင့်အတူ **နိုင်ငံခြားမှ** သွင်းယူလာသော ပစ္စည်းအမျိုးမျိုးကို လက်ပူးလက်ကြပ် ဖမ်းဆီးရမိခဲ့**သည်။ ယင်းပစ္စည်း**များကို ရှာဖွေစာရင်းပြုလုပ်၍၊ ရုံးတွင်သက်သေခံ တင်ထားသည်။ **တန်ဖိုး** ၁၇,၀၀၀ိ မျှရှိသည်ဟု ဖြတ်သည်။ အထူးရာဇဝတ်ရုံးတွင် တရားခံများက **ပစ္စည်းများ**ကို ကရင်တဦးက ငှါးပြီး အထမ်းခိုင်း၍ အခကြေးငွေယူကာ ထမ်းလာခြင်းသာ ဖြစ်ပါသည်။ မိမိတို့ကိုယ်တိုင် မှောင်ခိုသွင်းယူလာခြင်း မဟုတ်ပါဟု တင်ပြ**ကြသည်။**

အယူခံ တင်သွင်းရာ၌လည်း၊ အယူခံ တရားလိုတို့က ယင်းသို့ပင်တင်ပြသည်။ **တဦးလျှင်** ငွေ ၅ဝိ စီပစ္စည်းထမ်းခရ၍၊ ယူလာခြင်းသာ **ဖြစ်ပါသည်။** မှောင်ခိုကုန်မှန်း မသိပါဟု ဆိုကြသည်။ အယူခံကို လျှောက်လဲသော **ရှေ့နေကြီး** ဦးတင်မောင်က ပြစ်မှုထင်ရှား တွေ့ရှိထားသော ပုဒ်မသည် မဆီလျော်ပါ၊ ယင်းပုဒ်မအရ အပြစ်ပေးနိုင်ရန် ဆိုရှယ်လစ် စီးပွါးရေး စနစ်ကို ဖျက်ဆီးလိုသော ရည်ရွယ်ချက်ဖြင့် ပြစ်မှုကို ကျူးလွန်ကြောင်း တရားလိုဘက်မှ သက်သေထူရ**ပါသည်။** အယူခံတရားလိုတို့သည် ပစ္စည်းများကို ထမ်းပိုးသယ်ဆောင် လာခဲ့သည်ဆိုစေဦး၊ ယင်းသို့ပြုခြင်းကြောင့် ဆိုရှယ်လစ်စီးပွါးရေး စနစ်ကို ထိခိုက်စေလိမ့်မည်ဟုမသိ၊ မရည်ရွယ်ခဲ့ကြပါ၊ ဝမ်းရေးအတွက် လုပ်ကိုင်စားသောက်ခြင်းသာ ဖြစ်ပါသည်ဟု တင်ပြသည်။

လက်ထောက်နိုင်ငံတော် ရှေ့နေချုပ် ဦးလှသင်း က၊ ပုဒ်မ ၁၅ (၁) (ဃ)**အတွက်** လိုအပ်သော အင်္ဂါရပ်များ စုံသည်ဟု မဆိုနိုင်ပါ၊ ၎င်းတို့၏ ဝိသမလောဘ**ကြောင့်** လုပ်ခဲ့ခြင်းဖြစ်သောကြောင့်၊ သွင်းကုန်ထုတ်ကုန် ကြီးကြပ်ရေး (ယာယီ) **အက်ဥပဒေ** ပုဒ်မ ၅(၁)အရ၊ လွဲပြောင်း၍ အပြစ်ပေးသင့်ပါသည်ဟု တင်ပြသည်။

အယူခံတရားလိုတို့ကို အချိန်မတော်သော ညအခါ၌ နယ်စပ်နှင့်မဝေး မှောင်ခိုသူတို့ သုံးစွဲတတ်သည့် တောလမ်းတွင် နိုင်ငံခြား ပစ္စည်းများနှင့်အတူ လက်ပူးလက်ကြပ်မိခဲ့ခြင်းဖြစ်သည်။ မှောင်ခို ပစ္စည်းများဖြစ်ကြောင်း အယူခံ တရားလိုတို့က မသိပါဟု ထုချေသည်ကို လက်ခံရန် ခဲယဉ်းသည်။ သို့ရာတွင် ပြစ်မှုကို ၁၉၆၆ ခုနှစ်က ကျူးလွန်ခဲ့သည်ဖြစ်ရာ၊ ၁၅ (၁) (ဃ) အရ၊ အပြစ်ပေးနိုင်ရန်အတွက် ဆိုရှယ်လစ် စီးပွါးရေးစနစ်ကို ပျက်စီးစေလိုသော ရည်ရွယ်ချက်ကို တရားလိုတို့ဘက်မှ သက်သေထူရမည်ဖြစ်သည်။ ထို့ကြောင့်လက်ထောက် ရှေ့နေချုပ် တင်ပြသည့်အတိုင်း ပြစ်မှုကို သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ ၅ (၁)အရ၊ စီရင်ခြင်းကသာ သင့်မြတ် မှန်ကန်မည်ဟု ကျွန်ုပ်တို့ယူဆသည်။

အယူခံ တရားလိုတို့သည် အဖွဲ့ဖြင့် မှောင်ခိုပစ္စည်း အမြောက်အမြားကို သယ်ယူလာကြခြင်းဖြစ်သည်ကို ထောက်ချင့်၍ သတ်မှတ်ထားသော ထောင်ဒဏ် ၁၀ နှစ်သည် များသည်ဟု မဆိုနိုင်။ သင့်မြတ်သည်ဟု ဆိုရမည်သာဖြစ်သည်။ ထို့ကြောင့် လွှဲပြောင်းသော ပုဒ်မအရလည်း ထောင်ဒဏ် ၁၀ နှစ်စီပင် ကျခံစေရမည်ဟု သတ်မှတ်သည်။

အယူခံလွှာများကို လက်ခံစဉ်က အာမခံ လျှောက်ထားကြသောကြောင့် အယူခံတရားလိုတို့အား ကျွန်ုပ်တို့က အာမခံနှင့် နေထိုင်ခွင့် ပြုခဲ့သည်။ သို့ရာတွင် ရုံးချိန်းနေ့များ၌ မပျက်မကွက်ရုံးသို့ လာရောက်ရမည်ဟူသော စည်းကမ်းချက်ကို ချမှတ်ခဲ့သည်။ အချို့သော အယူခံတရားလိုတို့သည် ယင်းစည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်ကြသောကြောင့် ၎င်းတို့အတွက် ခံဝန် ပြုလုပ်သူတို့အပေါ် ခံဝန် ပျက်ကွက်မှုဖြင့် အရေးယူခဲ့သည်။ အာမခံဝန်ဖြင့် အယူခံကြားနာနေစဉ်အတွင်း၌၊ အချုပ်လွတ်နေထိုင်စဉ်၊ အယူခံ တရားလိုတို့သည် အာမခံလွှာ စည်းကမ်းချက်များအရ၊ တိကျစွာ လိုက်နာကြရန် လိုအပ်ကြောင်း၊ ကျွန်ုပ်တို့ ဖေါ်ပြလိုသည်။ ၎င်းတို့အတွက် ခံဝန်ချုပ်ပြုသူများသည် ခံဝန်ပြုခြင်းကို လေးနက်စွာ ဆောင်ရွက်ကြရန်ဖြစ်သည်။ အယူခံ တရားလိုတို့က ရုံးကချမှတ်ထားသော စည်းကမ်းချက်တို့ကို လိုက်နာကြရန်ကိုလည်း ခံဝန်ပြုသူတို့က ကူညီစောင့်ကြပ် ပေးသင့်သည်။

၁၉၇၁

၁။ ကာဆင်(ခ) အဘူလာ ပါ ၈၊
၂။ ဆောကန်ဒါ (ခ) စိုးမြင့်၊
၃။ မာမက်ဆဒီ (ခ) လှမြင့်၊
၄။ အဒူရှစ်(ခ) ကျော်ရွှေ
နှင့်
ပြည်ထောင်စု မြန်မာနိုင်ငံ။

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးချုပ် စိန်ဝင်း၊ ဗိုလ်မှူးကြီး သန်းစိန်နှင့် ဒေါက်တာ မောင်မောင်တို့ရှေ့တွင်

† ၁၉၇၁

မတ်လ ၄ ရက်။

ဦးအေးမောင်

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ*

သက်သေထွက်ချက်ကို ချိန်ဆ ရာတွင် အရေအတွက်ထက် အရည်အသွေးက အရေးကြီးခြင်း— တရားလိုနှင့် ကရားခံဘက် ထွက်ဆိုချက်များ နှစ်ဖက်ချိန်ခွင်ညီနေလျှင် ထင်ကြေးဖြင့် ဖြည့်၍ တရားလိုဘက်ကို အလေးပိုစေကာ တရားခံအား အပြစ်ပေးခြင်း မပြုသင့်—အချင်းချင်း မသင့်မြတ်၍ တိုင်ကြားခြင်းမျိုးတွင် ရာဇဝတ် တရားစီရင်ရေးအာဏာကို သုံး၍ ပါဝင် စွက်ဖက်ခြင်းဖြင့် တရားရုံး၏ ဂုဏ်သိက္ခာ ကျဆင်းနိုင်သည်ကို သတိချပ်သင့်ခြင်း။

ဤအမှုတွင် အထူး ရာဇဝတ်ရုံးက တရားလိုပြ သက်သေများနှင့် တရားခံပြ သက်သေများ ဆန့်ကျင်ထွက်ဆိုနေကြရာတွင် တရားလိုပြ သက်သေများကို လက်ခံ၍ အယူခံ တရားလိုအား ပြစ်မှုထင်ရှား တွေ့ရှိကြောင်း စီရင်ချက် ရေးခဲ့သည်။ အတည်ပြုအဖွဲ့က စီရင်ချက်ကို အတည်မပြုပဲ အယူခံ တရားလိုသည် သောင်းကျန်းသူများနှင့် မိမိသဘောအလျောက် အမှန် ဆက်သွယ်ခဲ့ခြင်း ရှိ-မရှိ၊ ဆက်ကြေး ပေး-မပေး စသည်တို့နှင့် ပတ်သက်၍ လွတ်လပ်သော သက်သေများ ထပ်မံ ခေါ်ယူ စစ်ဆေး၍ စီရင်ချက်သစ် ရေးသားကာ၊ ပြန်လည် တင်ပြရန် အထူး ရာဇဝတ်ရုံးသို့ ပြန်ပို့ခဲ့သည်။ အထူးရာဇဝတ်ရုံးက သက်သေအချို့ကို ထပ်မံ ခေါ်ယူ စစ်ဆေးပြီးနောက်၊ အယူခံ တရားလိုအပေါ် ပြစ်မှုထင်ရှားသည်ဟု ထပ်မံတွေ့ရှိသည်။ ထောင်ဒဏ် ၁၀ နှစ် သတ်မှတ်၍ အတည်ပြုအဖွဲ့သို့ တင်ပို့ခဲ့ရာ၊ ပြစ်မှုကို အတည်ပြုသော်လည်း ထောင်ဒဏ်ကို ၃ နှစ်သို့ လျှော့ပေါ့ အတည်ပြုခဲ့သည်။

ဆုံးဖြတ်ချက်။ ။သက်သေထွက်ချက်ကို ချိန်ဆရာတွင် အရေအတွက်ထက် အရည်အသွေးက အရေးကြီးသည်။ တရားလိုဘက်မှ အဓိကသက်သေ ၂ ယောက်သာပြနိုင်ပြီးလျှင် တရားခံဘက်က သက်သေ ၃ ယောက်ထုတ်နိုင်သောကြောင့် တရားခံဘက်ကို အလေးပေးရမည်ဟု မဟုတ်။

---

* ၁၉၆၉ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၁။

† မအူပင်ခရိုင်၊ ၁၉၆၆ ခုနှစ်၊ အထူးရာဇဝတ်ရုံးအမှတ် ၅၉ ၏ ၁၉၆၇ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၂၅ တွင် ၁၉၆၈ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့၌ ချမှတ်ပြီး ၁၉၆၈ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့တွင် အတည်ပြုအဖွဲ့က အတည်ပြုသည့် အမိန့်ကို အယူခံမှု။

ထပ်မံဆုံးဖြတ်ချက်။ ။သို့ရာတွင် ဤအမှုမှာကဲ့သို့ တရားခံပြသက်သေများသည်လည်း ကျေးရွာ လူကြီးများ ဖြစ်ကြကာ အတိအကျ အခိုင်အမာ ထွက်ဆိုနေကြလျှင် နှစ်ဘက် ချိန်ခွင်ညီနေသည်ကို ထင်ကြေးဖြင့် ဖြည့်၍ တရားလိုဘက်ကို အလေးပိုစေပြီးလျှင် တရားခံအား အပြစ်ပေးခြင်း မပြုသင့်ချေ။

ထပ်မံဆုံးဖြတ်ချက်။ ။ နယ်အခြေအနေ မငြိမ်ဆိမ်သည့်အခိုက်၊ အချင်းချင်း မသင့်မြတ်ကြ၍ တဦးအပေါ် တဦး တိုင်ကြားကြရာမှ မှုခင်းဖြစ်ပွါးခဲ့ရသည်ဟု ယူဆသည်။ ယင်းကဲ့သို့ အချင်းချင်း မသင့်မမြတ် ဖြစ်ခြင်းကြောင့် တိုင်ကြားခြင်းမျိုးတွင် နိုင်ငံတော်၏ ရာဇဝတ် တရားစီရင်ရေး အာဏာကို သုံး၍ ပါဝင် စွက်ဖက်ခြင်းဖြင့် တရားရုံး၏ ဂုဏ်သိက္ခာ ကျဆင်းနိုင်သည်။ အစိုးရနှင့် တရားရုံးအပေါ် ပြည်သူတို့ လေးစားယုံကြည်မှု နည်းပါးစေနိုင်သည်။ ယင်းအချက်ကို ကောင်းစွာ သတိချပ်သင့်သည်။

အယူခံ တရားလိုအတွက်။ ။မရှိ

အယူခံ တရားခံအတွက်။ ။လက်ထောက် နိုင်ငံတော် ရှေ့နေချုပ် ဦးလှသင်း။

အယူခံတရားလို ဦးအေးမောင်သည်၊ သောင်းကျန်းသူတို့နှင့် ဆက်သွယ်၍ ၎င်းတို့အတွက် ဆက်ကြေး ကောက်ခံပေးသည်၊ ထို့ပြင် ရွာသူရွာသားများအား စပါးများကို အစိုးရထံ မရောင်းရဟု ခြိမ်းခြောက် ဟန့်တားသည်ဟူသော စွဲချက်တို့ကို မအူပင်မြို့၊ အထူးရာဇဝတ်ရုံးအမှတ် ၅၉/၁၉၆၆ က၊ စစ်ဆေးခဲ့သည်။ စွဲဆိုသည့်အတိုင်းမှန်ကန်သည်ဟု အထူးရာဇဝတ်ရုံးကယူဆကာ ဦးအေးမောင်အပေါ် မတရားသင်း အက်ဥပဒေ ပုဒ်မ ၁၇ (၁)အရ၊ ထောင်ဒဏ် ၁၀ နှစ်အပြစ်ပေးခဲ့သည်။ အတည်ပြုအဖွဲ့က ထောင်ဒဏ် ၃ နှစ်သို့ လျှော့ပေါ့ပေးခဲ့သည်။

တရားလိုပြ သက်သေများအနက် အဓိကသက်သေ ၂ ဦးသည်၊ ဦးစံမောင် (လိုပြ-၂)နှင့် ဦးထွန်းညို (လိုပြ-၃)တို့ ဖြစ်ကြသည်။ ဦးစံမောင်သည် အချင်းဖြစ်ပွါးရာ မအူပင်မြို့နယ်၊ အိုင်ဝိုင်းကျေးရွာ မြေယာကော်မီတီ ဥက္ကဋ္ဌ၊ လလသသ အမှုဆောင်နှင့် လအက ဥက္ကဋ္ဌဖြစ်သည်။ ဦးစံမောင်က ဦးအေးမောင်သည် သောင်းကျန်းသူ ရွှေနီအဖွဲ့နှင့် စာပေးစာယူပြုသည်။ ရွှေနီက ဆက်ကြေးကောက်ပေးရန် မှာကြားသော စာများကို ဦးအေးမောင်က ပြပြီးလျှင် ဆက်ကြေးငွေများ ကောက်ခံလေ့ရှိသည်။ အစိုးရထံ စပါးမရောင်းရဟု သောင်းကျန်းသူတို့က တားမြစ်သည့် စာကိုလည်း ဦးအေးမောင် ရပါသည်ဟု ထွက်ဆိုသည်။ ဦးထွန်းညိုကလည်း အလားတူ ထွက်ဆိုသည်။ ဦးထွန်ညို၊ ဦးစံမောင်တို့က (သက်သေခံ "ခ") တိုင်စာကို တပ်မတော်မှ ဗိုလ်ကြီး ကျော်စိန် (လိုပြ-၄)ထံ ပေးပို့ရာမှ အမှုကို အထူးရာဇဝတ်ရုံးသို့ တင်သွင်းရန် အမှုပေါ်ပေါက်လာခဲ့ရခြင်းဖြစ်သည်။

၁၉၇၁

ဦးအေးမောင် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ဦးအေးမောင်သည်လည်း ကျေးရွာတွင် လလသသ ကော်မီတီဝင် ဆယ်အိမ်ခေါင်း ဖြစ်သည်။ ၎င်းကရုံးတွင် ထွက်ဆိုရာ၌ ဦးစံမောင်က ရွာလူကြီး ၇ ယောက်တို့အား အိမ်သို့ခေါ်၍ သောင်းကျန်းသူ ရွှေနီထံမှ ဆက်ကြေးတောင်းစာ ရောက်သည်ဟု ပြောကာ ဆက်ကြေးကောက်ခံပါသည်။ ဦးစံမောင်ကပင် **ဆက်ကြေးငွေကို** သောင်းကျန်းသူထံ ပို့ပေးရန် ၎င်းအားပြောကြားပါသည်၊ ၎င်းက **မသွားဝံ့ကြောင်း**ဖြင့် ငြင်းဆိုခဲ့ပါသည်ဟု ထွက်ဆိုသည်။ ရွာလူကြီးနှင့် မြေယာ**ကော်မီတီ၊** လအက ကော်မီတီဝင်များ ဖြစ်ကြသော ဦးမောင်ကြီး၊ ဦးမြဟန်၊ **ဦးစိန်ညာ**တို့က အထူးရာဇဝတ်ရုံးတွင် သက်သေခံရာ၌ ဦးအေးမောင်အား ထောက်ခံ ထွက်ဆိုကြသည်။ ဦးစံမောင်နှင့် ဦးထွန်းညိုတို့သည် ဆွေမျိုးများ ဖြစ်ကြသည်ဟုလည်း ထွက်ဆိုကြသည်။ ဦးအေးမောင်က အစိုးရထံ စပါးမရောင်းရဟု မတားပါ၊ မိမိတို့ရွာမှ စပါးများ **ရောင်း**ကြသည်ဟုလည်း ထွက်ဆိုထားသည်။

အထက်ပါကဲ့သို့ တရားလိုပြ သက်သေများနှင့် တရားခံပြ**သက်**သေများ ဆန့်ကျင် ထွက်ဆိုနေကြရာတွင် အထူးရာဇဝတ်ရုံးက တရားလို **သက်သေ**များကို လက်ခံ၍ ဦးအေးမောင်အား ပြစ်မှုထင်ရှား တွေ့ရှိကြောင်း စီရင်ချက် **ရေးသားခဲ့**သည်။ အတည်ပြုအဖွဲ့က စီရင်ချက်ကို သုံးသပ်ကာ အတည်မပြုပဲ၊ **ဦးအေးမောင်**သည် သောင်းကျန်းသူများနှင့် မိမိသဘောအလျောက် အမှန်တကယ် **ဆက်သွယ်ခဲ့ခြင်း**ရှိ မရှိ၊ ဆက်ကြေးပေး မပေး၊ အစိုးရသို့ စပါးမရောင်းရန် လှုံ့ဆော် **ဟန့်တားခဲ့ခြင်း**ကို အမှန်တကယ် ပြုခဲ့ မပြုခဲ့ စသည်တို့နှင့်ပတ်သက်၍ လွတ်လပ်သော **သက်သေ**များ ထပ်မံခေါ်ယူ၍ စစ်ဆေးကြားနာသင့်သည်၊ စစ်ဆေးပြီးနောက် နှစ်ဖက် သက်သေများကို ဝေဖန် စစ်ဆေး၍ မည်သည့် သက်သေများကို မည်သည့်**အတွက်** **လက်ခံသည်၊** မည်သည့် သက်သေများကို မည်သည့်အတွက် ငြင်းပယ်သည် စသည့်အကြောင်းအကျိုး ပြည့်စုံစွာ စီရင်ချက်သစ် ရေးသား၍ အတည်ပြုအဖွဲ့သို့ ပြန်လည်တင်ပြရမည်ဟု အမှုတွဲကို အထူးရာဇဝတ်ရုံးသို့ ပြန်လည်ပေးပို့ခဲ့သည်။

အထူးရာဇဝတ်ရုံးက သက်သေအချို့ကို ထပ်မံခေါ်ယူ စစ်ဆေးခဲ့သည်၊ ယင်းတို့ အနက် ဦးဘကော် (ရုံးခေါ်သက်သေ-၁) က၊ ဦးအေးမောင်သည် ဆက်ကြေးများကို သောင်းကျန်းသူတို့ထံ သွားပေး မပေး မသိပါဟု ထွက်ဆိုသည်။ ဦးအေးမောင်က စပါးများကို မရောင်းရန်တားမြစ်ကြောင်း ပြောသံကြားဘူးပါသည်ဟု ထွက်ဆို**သည်။**

ကိုသောင်း (ရုံးခေါ်သက်သေ-၂)က၊ ဦးအေးမောင်ထံ သူပုန်ရွှေနီထံမှ **ငွေရ** ကြောင်း ကြားဘူးပါသည်။ ရသောငွေကို သူပုန်ထံသွားပေး မပေး **မသိပါဟု** ထွက်ဆိုသည်။ ဦးအေးမောင်ကို ဖမ်းပြီးသည့် နောက်ပိုင်းတွင် ဆက်ကြေး **မပေးရသော**ပါဟုလည်း ထွက်ဆိုသည်။

ဦးတင်မြင့် (ရှုံးခေါ်သက်သေ-၃) က၊ သက်သေခံ "ခ" တိုင်စာကို၌ တပ်ခဲ့မှုနှင့် ဘတ်ရကြောင်း ထွက်ဆိုသည်။ တိုင်ကြားစာနှင့်ပတ်သက်၍ မှန်သည် မမှန်သည် စစ်ဆေးရန် အချိန်မရသဖြင့် မစစ်ဆေးခဲ့ရပါဟု ထွက်ဆိုသည်။

ဦးဘရင် (ရှုံးခေါ်သက်သေ-၄) က၊ သောင်းကျန်းသူအား ဆက်ကြေးပေးရန် ငွေ ၆ ကျပ် ကို၊ ကိုစံမောင်၊ ကိုထွန်းညို၊ ကိုစိန်ညွှာတို့အား ပေးလိုက်ရဘူးပါသည်ဟု ထွက်ဆိုသည်။

ဦးဝင်းထိန် (ရှုံးခေါ်သက်သေ-၅) သည်၊ ကုန်သွယ်ရေး (၁)၏ အငယ်တန်းဇုံမန်နေဂျာဖြစ်သည်။ မအူပင်မြို့နယ်အနေဖြင့် ၁၉၆၄-၆၅ နှင့် ၁၉၆၅-၆၆ ခုနှစ်များတွင် ဝယ်ယူသော စပါးများစာရင်းကို နှိုင်းယှဉ်ကြည့်ပါက၊ စပါးတင်း နှစ်သိန်းခန့်လျော့၍ ဝယ်ယူရရှိကြောင်း တွေ့ရပါသည်ဟု ထွက်ဆိုသည်။

အထက်ဖေါ်ပြပါ အဓိက သက်သေများ၏ ထွက်ဆိုချက်တို့ကို အခြေခံ၍၊ အထူးရာဇဝတ်ရုံးက ဦးအေးမောင်အပေါ် ပြစ်မှုထင်ရှားသည်ဟုပင်ထပ်မံ တွေ့ရှိကြသည်။ ထောင်ဒဏ် ၁၀ နှစ်သတ်မှတ်၍ အတည်ပြုအဖွဲ့ထံ တင်ပို့ခဲ့ရာ ပြစ်မှုထင်ရှား တွေ့ရှိခြင်းကို အတည်ပြုသော်လည်း၊ ထောင်ဒဏ်ကို ၃ နှစ်သို့ လျှော့ပေါ့ အတည်ပြုခဲ့သည်။

လက်ထောက် နိုင်ငံတော်ရှေ့နေချုပ် ဦးလှသင်း က ရှုံးခေါ် သက်သေများ၏ ထွက်ဆိုချက်တို့သည် တိကျခိုင်မာသည်ဟု မဆိုနိုင်ပါ၊ မြို့နယ်တွင် စပါးတင်း နှစ်သိန်းခန့်လျော့နည်း၍ ဝယ်ယူနိုင်ခဲ့ခြင်းသည်၊ ဦးအေးမောင်၏ လှုံ့ဆော်ချက်ကြောင့် ဖြစ်သည် ဟူ၍လည်း အတိအကျ မပြောနိုင်ပါ၊ သို့ရာတွင် အထူးရာဇဝတ်ရုံးက ကာလဒေသ၊ အခြေအနေကို ထောက်၍ ပြစ်မှုထင်ရှား တွေ့ရှိထားခြင်းပင် ဖြစ်ဟန်တူပါသည်ဟု တင်ပြသည်။

မူလကပင် တရားလိုဘက် ထွက်ဆိုချက်များနှင့် တရားခံဘက် ထွက်ဆိုချက်များသည် အလေးတူနေ ကြသဖြင့် အထူးရာဇဝတ်ရုံးက တရားလိုဘက် သက်သေထွက်ချက်များကိုသာ လက်ခံထားခြင်းကို၊ အတည်ပြုအဖွဲ့က အတည်မပြုပဲ ပိုမိုခိုင်မာ၍ လွတ်လပ်သော သက်သေများ ရှာဖွေခေါ်ယူ စစ်ဆေးရန် ညွှန်ကြားခဲ့ခြင်းဖြစ်သည်။ သက်သေထွက်ချက်ကို ချိန်ဆ ရာတွင် အရေအတွက် ထက်အရည်အသွေးက အရေးကြီးသည်။ တရားလိုဘက်မှ အဓိကသက်သေ ၂ ယောက်သာ ပြနိုင်ပြီးလျှင်၊ တရားခံဘက်က သက်သေ ၃ ယောက် ထူနိုင်သောကြောင့်၊ တရားခံဘက်ကို အလေးပေးရမည်ဟု မဟုတ်။ သို့ရာတွင် ဤအမှုမှာကဲ့သို့ တရားခံပြ သက်သေများသည်လည်း ကျေးရွာလူကြီးများဖြစ်ကြကာ၊ အတိအကျ အခိုင်အမာ ထွက်ဆိုနေကြလျှင် နှစ်ဖက်ချိန်ခွင်ညီနေသည်ကို ထင်ကြေးဖြင့်ဖြည့်၍ တရားလိုဘက်ကို အလေးပိုစေပြီးလျှင် တရားခံအား အပြစ်ပေးခြင်း မပြုသင့်ချေ။

ရုံးက ထပ်မံခေါ်ယူသော သက်သေများသည်လည်း၊ ၎င်းတို့ ကြားဘူးသမျှ ထင်မြင်ယူဆရသမျှကိုသာထွက်ဆိုနိုင်ကြသည်။ ကိုယ်တိုင်မြင်တွေ့သိရှိကြသည်မဟုတ်။ သက်သေတဦး (ရုံးခေါ်-၄)ကမူ၊ ဆက်ကြေးကို ဦးစံမောင်အား ပေးရသည်ဟုပင် ထွက်ဆိုသည်။

အယူခံကို အကျဉ်းစခန်းမှ တင်သွင်းသော ဦးအေးမောင်က၊ ဦးစံမောင်သည် ၎င်းအပေါ် အညှိုးအာဃာတဖြင့် ယိုးစွပ်ခြင်းသာ ဖြစ်ပါသည်ဟုဆိုသည်။ အထူးရာဇဝတ်ရုံးရှေ့တွင်လည်း ဦးအေးမောင်က ၎င်းအပေါ် ဦးစံမောင်နှင့် ဦးထွန်းညိုတို့က အညှိုးအာဃာတ ရှိပါသည်ဟု ထွက်ဆိုခဲ့သည်၊ ၎င်းအဖမ်းခံရပြီး နောက်ပိုင်းတွင် ဦးစံမောင်သည်လည်း အဖမ်းခံရပါသည်ဟု ရုံးကမေးသဖြင့် ပြောကြားခဲ့သည်။

စပါးဝယ်ယူရေးနှင့် ပတ်သက်၍၊ အထူးရာဇဝတ်ရုံးရှေ့တွင် တရားခံဘက် သက်သေများက ၎င်းတို့၏စပါးကို အစိုးရထံ ရောင်းပါသည်၊ ရွာမှလည်း ရောင်းပါသည်ဟု ထွက်ဆိုကြသည်၊ စပါးအဝယ်ရနည်းခြင်း၊ ဦးအေးမောင်အား ဖမ်းဆီးပြီးသည့်နောက် ရွာမှဆက်ကြေး မပေးရတော့ခြင်း စသည်တို့သည်၊ ဦးအေးမောင်နှင့် တိုက်ရိုက်သက်ဆိုင်သော ကိစ္စများဖြစ်သည်ဟု ခိုင်မာသော အထောက်အထား မရှိချေ။ ကာလဒေသ အခြေအနေပေါ်တွင်တည်၍ ဖြစ်ပေါ်သော ကိစ္စများ ဖြစ်နိုင်သည်။ သောင်းကျန်းသူတို့ အင်အားပြို၍ ရွာသူရွာသားများအား ဆက်ကြေးပေးရသော ဒုက္ခမှ လွတ်မြောက်သွားခြင်း၊ ထွန်ယက်စိုက်ပျိုးမှုကောင်းလာ၍ စပါးဒိုင်သို့ ပို၍ ရောင်းရခြင်း၊ အန္တရာယ်ကင်းခြင်း စသော ကျယ်ဝန်းသည့် အကြောင်းအကျိုးများ ဖြစ်နိုင်သည်။

နယ်အခြေအနေ မငြိမ်ဆိမ်သည့်အခိုက်၊ အချင်းချင်း မသင့်မြတ်ကြ၍ တဦးအပေါ်တဦး တိုင်ကြားကြရာမှ မှုခင်းဖြစ်ပွါးခဲ့ရသည်ဟု ကျွန်ုပ်တို့ ယူဆသည်။ ယင်းကဲ့သို့ အချင်းချင်း မသင့်မမြတ်ဖြစ်ခြင်းကြောင့် တိုင်ကြားခြင်းမျိုးတွင် နိုင်ငံတော်၏ ရာဇဝတ်တရားစီရင်ရေး အာဏာကိုသုံး၍ ပါဝင် စွက်ဖက်ခြင်းဖြင့် တရားရုံး၏ ဂုဏ်သိက္ခာကျဆင်းနိုင်သည်။ အစိုးရနှင့်တရားရုံးအပေါ် ပြည်သူတို့ လေးစားယုံကြည်မှု နည်းပါးစေနိုင်သည်။ ဤအချက်ကို ကောင်းစွာ သတိချပ်သင့်သည်။

အယူခံ တရားလိုအပေါ် ပြစ်မှုထင်ရှား စီရင်ထားခြင်းသည် ပြည့်စုံခိုင်မာသော အထောက်အထားများ ပေါ်တွင် အခြေခံသည်ဟု မယူဆနိုင်သောကြောင့် ၎င်းအပေါ် ပြစ်မှုထင်ရှား စီရင်ထားခြင်း၊ ပြစ်ဒဏ်သတ်မှတ် ထားခြင်းတို့ကို ဤအမှုနှင့် ပတ်သက်သမျှ ပယ်ဖျက်၍ ၎င်းအား တရားသေလွှတ်လိုက်သည်။

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးကြီး သန်းစိန်နှင့် ဒေါက်တာ မောင်မောင်တို့ ရှေ့တွင်၊

မောင်တင်အောင်ပါ ၁၅

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ*

† ၁၉၅၇
မတ်လ
၁၁ ရက်။

ချိန်းခြောက်သောကြောင့် သောင်းကျန်းသူတို့ စေခိုင်းသည့်အတိုင်း ပြုလုပ်ဆောင်ရွက်ရခြင်းသည် ပြစ်မှု မြောက် မမြောက်—ဖြစ်ပျက်ခဲ့သမျှကို ထောက်ရှု၍ အယူခံတရားလိုတို့သည် အလို အလျောက် သောင်းကျန်းသူတို့အား ကူညီခဲ့သည် မကူညီခဲ့သည်ကို စဉ်းစားဝေဘန်ရခြင်း။

ဆုံးဖြတ်ချက်။ ။သောင်းကျန်းသူတို့ ရွာကို ရောက်လာပြီးနောက်၊ ၎င်းတို့ ချိန်းခြောက် ခေါ်ဆောင်လာသော မော်တော်သည်လည်း ဆိုက်ကပ်လာသည်။ သောင်းကျန်းသူတို့က လက်နက် ပြ၍ တအိမ် တယောက် ယောကျ်ားများ ဆင်းခဲ့ရမည်ဟု ခေါ်သည်မှာ အငြင်း မပွါးသော အချက် ဖြစ်သည်။ ယင်းအမိန့်အရ ကြောက်ရသော အယူခံ တရားလိုတို့ ထွက်လာ၍၊ သောင်းကျန်းသူများ **စေခိုင်း**သည့် အတိုင်း နို့ဆီသေတ္တာများကို သယ်ပိုးကြသည်။ ယင်းသို့ ဖြစ်ပွါးပြီး မကြာမီပင် တပ်မတော် ရောက်လာပြီး တိုက်ပွဲဖြစ်သည်ဟု အထောက် အထားရှိသည်။ သောင်းကျန်းသူတို့ **ထွက်**ပြေးကြသောအခါ၊ အယူခံတရားလိုတို့ကပင် ကျန်ရှိသော နို့ဆီသေတ္တာများကို တပ်မတော်၏ **တာဝန်**ပေးချက်ဖြင့်၊ မော်တော်ပေါ်သို့ တင်ပို့ကြပြန်သည်။ ထို့ကြောင့် နို့ဆီသေတ္တာများကို **အယူခံတရား**လိုတို့က ဝှက်သိမ်းထားရန် အချိန်မရှိခဲ့။ အခွင့်သာလျှင် နို့ဆီသေတ္တာများကို ဝှက် သိမ်း**ထား၍** မိမိတို့အကျိုးအတွက် အသုံးပြုမည်ဟူသော စိတ်၊ အယူခံတရားလိုတို့၌ မဖြစ်ခဲ့ဟု မဆိုသာ၊ **သို့ရာတွင်** အချိန်တိုတိုအတွင်း တပ်မတော် ဆိုက်ရောက်လာသောကြောင့်၊ အကယ်၍ **ထိုစိတ်ဖြစ်ပွါးခဲ့လျှင်**လည်း၊ ကာယကံမြောက် ကျူးလွန်ခဲ့ခြင်း မရှိနိုင်ခဲ့ချေ။

ဖြစ်ပျက်**ခဲ့သမျှကိုသာ** ထောက်ရှုလျှင်၊ အယူခံ တရားလိုတို့သည် အလိုအလျောက် မိမိတို့၏ ဆန္ဒစေတနာ**ဖြင့်၊ သောင်းကျန်း**သူတို့အား ကူညီခဲ့သည်ဟု အခိုင်အမာ ဆုံးဖြတ်ရန် ခဲယဉ်းသည်။ ဤကဲ့သို့သော **အမှုမျိုး၌ ကာလ**ဒေသ အခြေအနေကို ထည့်သွင်းစဉ်းစားအပ်သည်ဟု မကြာမကြာ မှတ်ချက်ပြုခဲ့ဘူး**သည်။ ယင်းအခြေ**အနေကို ထည့်သွင်းစဉ်းစားလျှင်၊ အယူခံ တရားလိုတို့က

---

* ၁၉၅၈ ခုနှစ်၊ **ရာဇဝတ်အထူးခံမှုအမှတ်** ၁၂၂။

† ပန်းတနော်မြို့၊ ၁၉၅၆ **ခုနှစ်၊ အထူး ရာဇဝတ်**ရုံးအမှတ် ၅၃ ၏ ၁၉၅၆ ခုနှစ်၊ ရာဇဝတ်ကြီး အမှတ် ၁၉ တွင်၊ ၁၉၅၈ **ခုနှစ်၊ ဇန်နဝါရီလ** ၂၃ ရက်နေ့၌ ချမှတ်ပြီး၊ ၁၉၅၈ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့တွင် အတည်ပြုအဖွဲ့က **အတည်ပြုသည့် အမိန့်**ကို အယူခံမှု။

၁၉၇၀ — မောင် တင် အောင် ပါ ၁၅ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

အထူးရာဇဝတ်ရုံးရှေ့၌ ထုချေတင်ပြခဲ့သည့် အတိုင်း ၎င်းတို့သည် ကြောက်ရွံ၍ သောင်းကျန်းသူတို့ စေခိုင်းသည့်အတိုင်း လုပ်ခဲ့ရပါသည်ဟူသော အချက်သည် သဘာဝယုတ္တိနှင့် ကိုက်ညီသည်ဟု ဆိုနိုင်သည်။

အယူခံတရားလိုအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးအေးမောင်။

အယူခံတရားခံအတွက်။ ။လက်ထောက် နိုင်ငံတော်ရှေ့နေချုပ် ဦးလှသင်း။

အယူခံတရားလို မောင်တင်အောင်နှင့် အခြားအယူခံတရားလိုများသည်၊ ပန်းတနော်မြို့နယ်၊ ကဇင်းငူရွာမှ လယ်သမား၊ ကိုင်းသမားများဖြစ်ကြသည်။ ၁၉၆၆ ခု၊ စက်တင်ဘာလ ၁၃ ရက်နေ့တွင်၊ သောင်းကျန်းသူများက ရွာအနီးချောင်းဝမှ မော်တော်တစီးကို လက်နက်ပြခြိမ်းခြောက်ကာ၊ ကဇင်းငူသို့ကပ်စေကြသည်။ မော်တော်ပေါ်တွင်ပါလာသော၊ ပြည်သူ့ပစ္စည်းကော်ပိုရေးရှင်း၏ နို့ဆီသေတ္တာ ၆၆ သေတ္တာကို မောင်တင်အောင်နှင့် အခြားသူများအား မော်တော်ပေါ်မှချစေကြသည်။ ရွာမှ မိန်းမယောကျ်ားအချို့ သောင်းကျန်းသူတို့လာသောအခါကြောက်၍ ထွက်ပြေးတိမ်းရှောင်ကြသည်။ မောင်တင်အောင်နှင့် အယူခံတရားလိုများသည်ကား၊ သောင်းကျန်းသူတို့ ခိုင်းစေသည့်အတိုင်း၊ နို့ဆီသေတ္တာများကို သယ်ယူပေးကြရသည်။

များမကြာမီ တပ်မတော်ရောက်လာ၍ သောင်းကျန်းသူတို့နှင့်တိုက်ပွဲဖြစ်သည်။ သောင်းကျန်းသူတို့ ထွက်ပြေးကြသောအခါ၊ တပ်မတော်ကပင် နို့ဆီဗူးသေတ္တာများကို အယူခံတရားလိုတို့အား မော်တော်ပေါ် သို့ ပြန်လည်သယ်ပိုးစေသည်။

ပြည်သူ့ရဲက အမှုကိုစုံစမ်းပြီးနောက်၊ မောင်တင်အောင်နှင့် ယခုအယူခံတရားလိုတို့အား ခိုးရာပါပစ္စည်းများကို ဝှက်သိမ်းရာတွင် ကူညီခြင်းဖြင့်၊ ရာဇသတ်ကြီးပုဒ်မ ၄၁၄ အရရင်း၊ မငွေမြိုင်ဆိုသူအား နို့ဆီတဘူးဝှက်သိမ်းထားသည့်အတွက် ခိုးရာပါပစ္စည်းကို မရိုးမဖြောင့်သောသဘောဖြင့် လက်ခံခြင်းအတွက်၊ ရာဇသတ်ကြီး ပုဒ်မ ၄၁၁ အရရင်း၊ အထူးရာဇဝတ်ရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့သည်။ ပန်းတနော်မြို့ အထူးရာဇဝတ်ရုံး အမှတ် ၅၃/၁၉၆၆ ကအမှုကိုစစ်ဆေးပြီးနောက်အထောက်အထား ခိုင်လုံသည်ဟုတွေ့ရှိ၍၊ မောင်တင်အောင်အပါအဝင် ယခုအယူခံတရားလို ၁၅ ဦး အပေါ် ရာဇသတ်ပုဒ်မ ၄၁၄ အရရင်း၊ မငွေမြိုင်အပေါ် ရာဇသတ်ပုဒ်မ ၄၁၁ အရရင်း ပြစ်မှုထင်ရှားတွေ့ရှိ၍၊ ထောင်ဒဏ်သုံးနှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

အတည်ပြုအဖွဲ့က မောင်တင်အောင်နှင့် အခြားယောကျ်ားများအပေါ် သတ်မှတ်ထားသောပြစ်ဒဏ်ကိုအတည်ပြု၍၊ မငွေမြိုင်အပေါ် ပြစ်မှုထင်ရှားစီရင်ထားခြင်းကို ပယ်ဖျက်ကာ၊ ၎င်းအားတရားသေလွှတ်ခဲ့သည်။

အယူခံတင်သွင်းသော ရှေ့နေကြီး ဦးအေးမောင်က၊ အယူခံတရားလိုတို့သည် လက်နက်ကိုင်သောင်းကျန်းသူတို့အား ကြောက်ရွံ့ရသောကြောင့်၊ ခိုင်းစေရာလုပ်ခဲ့ရခြင်းဖြစ်ပါသည်။ ထို့ကြောင့်၊ ရာဇသတ်ကြီးပုဒ်မ ၉၄ အရ၊ ချိန်းခြောက်၍ခိုင်းစေသောကြောင့်၊ ပြုလုပ်မှုဖြစ်ရာပြစ်ဒဏ်မှလွတ်ကင်းသင့်ပါသည်။ သက်သေခံအထောက်အထားများအရ၊ သောင်းကျန်းသူတို့က ယောကျ်ားများ တအိမ်တယောက် ဆင်းခဲ့ရမည်ဟု ဆင့်ခေါ်ကြောင်း ထင်ရှားပါသည်။ ထိုအမိန့်အရ မနာခံလျှင်၊ အသက်ဘေးကိုပင် စိုးရိမ်ရသောကြောင့်၊ အယူခံတရားလိုတို့သည် စေခိုင်းရာကို ပြုလုပ်ခဲ့ရခြင်းဖြစ်ပါသည်ဟု လျှောက်လဲသည်။ ၁၉၇၀ မောင် ြိတင် အောင်ပါ ၁၅ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

လက်ထောက် နိုင်ငံတော်ရှေ့နေချုပ် ဦးလှသင်းက၊ သောင်းကျန်းသူတို့စေခိုင်း၍ လုပ်ရခြင်း ထင်ရှားပါသည်။ သို့ရာတွင် အယူခံတရားလိုတို့ကိုယ်တိုင် လိုလိုချင်ချင် အလိုအလျောက် ကူညီခဲ့ခြင်း ဟုတ်-မဟုတ်စဉ်းစားသင့်ပါသည်။ အလိုအလျောက် ကူညီခဲ့ခြင်းဖြစ်လျှင်၊ ပုဒ်မ ၄၁၄ တွင်သတ်မှတ်ပြဋ္ဌာန်းသော အင်္ဂါရပ်စုံလင်ပါသည်။ ကြောက်ရွံ့သဖြင့်၊ ပစ္စည်းများကို သယ်ပိုးဝှက်သိမ်းရာတွင် ကူညီခြင်းဖြစ်လျှင်မူကား၊ ရာဇသတ်ကြီးပုဒ်မ ၄၁၄ တွင် အကျုံးဝင်မည်မဟုတ်ပါဟု တင်ပြသည်။

အထူးရာဇဝတ်ရုံးက ပြစ်မှုထင်ရှားတွေ့ခဲ့ရာတွင် တရားခံ (အယူခံတရားလို)များသည်၊ အခြားသူများ ထွက်ပြေးတိမ်းရှောင်ကြပါလျက်၊ ၎င်းတို့က ထွက်ပြေးတိမ်းရှောင်ခြင်းမပြု၊ ထိုပြင်အခြင်းဖြစ်ပွါးခြင်းကို တပ်မတော် သို့မဟုတ် ပြည်သူ့ရဲသို့ သွားရောက် တိုင်ကြားခြင်းလည်းမပြု ဟူသောအချက်တို့ကို အလေးထားခဲ့သည်။ တရားခံပြ သက်သေများဖြစ်ကြသော၊ ကျေးရွာ လလသသ ဥက္ကဋ္ဌနှင့်ရွာလူကြီးများက တရားခံများသည်၊အကျင့်စာရိတ္တကောင်းမွန်ကြ၍၊ သောင်းကျန်းသူတို့နှင့် ဆက်သွယ်ကြသူများမဟုတ်ပါဟု ထွက်ဆိုကြသည်ကို အလေးမထားခဲ့ချေ။

သောင်းကျန်းသူတို့ ရွာကိုရောက်လာပြီးနောက်၊ ၎င်းတို့ချိန်းခြောက်ခေါ်ဆောင်လာသော မော်တော်သည်လည်း ဆိုက်ကပ်လာသည်။ သောင်းကျန်းသူတို့ကလက်နက်ပြ၍ တအိမ်တယောက် ယောကျ်ားများ ဆင်းခဲ့ရမည်ဟု ခေါ်သည်မှာ အငြင်းမပွါးသောအချက်ဖြစ်သည်။ ယင်းအမိန့်အရ ကြောက်ရသော အယူခံတရားလိုတို့ ထွက်လာ၍၊ သောင်းကျန်းသူများ စေခိုင်းသည့်အတိုင်း၊ နို့ဆီသေတ္တာများကို သယ်ပိုးကြသည်။ယင်းသို့ဖြစ်ပွားပြီး မကြာမီပင် တပ်မတော်ရောက်လာပြီး တိုက်ပွဲဖြစ်သည်ဟု အထောက်အထားရှိသည်။ သောင်းကျန်းသူတို့ ထွက်ပြေးကြသောအခါ၊ အယူခံတရားလိုတို့ကပင်ကျန်ရှိသောနို့ဆီသေတ္တာများကို တပ်မတော်၏တာဝန်ပေးချက်ဖြင့်၊ မော်တော်ပေါ်သို့ တင်ပို့ကြပြန်သည်။ ထို့ကြောင့် နို့ဆီသေတ္တာများကို အယူခံတရားလိုတို့က ဝှက်သိမ်းထားရန်အချိန်မရှိခဲ့။ အခွင့်သာလျှင် နို့ဆီသေတ္တာများကို

၁၉၇၀ — မောင် တင်အောင် ၂၊ ၁၅ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ဝှက်သိမ်းထား၍ မိမိတို့အကျိုးအတွက် အသုံးပြုမည်ဟူသောစိတ်၊ အယူခံတရားလိုတို့၌ မဖြစ်ခဲ့ဟုမဆိုသာ။ သို့ရာတွင် အချိန်တိုတိုအတွင်း တပ်မတော်ဆိုက်ရောက်လာသောကြောင့်၊ အကယ်၍ ထိုစိတ်ဖြစ်ပွါးခဲ့လျှင်လည်း၊ ကာယကံမြောက် ကျူးလွန်ခဲ့ခြင်း မရှိနိုင်ခဲ့ချေ။

ဖြစ်ပျက်ခဲ့သမျှကိုသာ ထောက်ရှုလျှင်၊ အယူခံတရားလိုတို့သည် အလိုအလျောက် မိမိဘို့၏ ဆန္ဒစေတနာဖြင့်၊ သောင်းကျန်းသူတို့အား ကူညီခဲ့သည်ဟု အခိုင်အမာ ဆုံးဖြတ်ရန်ခဲယဉ်းသည်။ ဤကဲ့သို့သောအမှုမျိုး၌ ကာလဒေသအခြေအနေကို ထည့်သွင်းစဉ်းစားအပ်သည်ဟု ကျွန်ုပ်ဘို့မကြာမကြာ မှတ်ချက်ပြုခဲ့ဘူးသည်။ ယင်းအခြေအနေကို ထည့်သွင်းစဉ်းစားလျှင်၊ အယူခံတရားလိုတို့က အထူးရာဇဝတ်ရုံးရှေ့၌ ထုချေတင်ပြခဲ့သည့်အတိုင်း ၎င်းတို့သည်ကြောက်ရွံ့၍သောင်းကျန်းသူတို့စေခိုင်းသည့်အတိုင်း လုပ်ခဲ့ရပါသည်ဟူသော အချက်သည် သဘာဝယုတ္တိနှင့် ကိုက်ညီသည်ဟုဆိုနိုင်သည်။

အထက်ပါအကြောင်းတို့ကြောင့်၊ အယူခံတရားလိုတို့အပေါ် ပြစ်မှုစီရင်ထားခြင်းနှင့် ပြစ်ဒဏ်သတ်မှတ်ထားခြင်းတို့ကို ပယ်ဖျက်၍၊ ဤအမှုနှင့်ပတ်သက်သမျှ ၎င်းတို့အား တရားသေလွှတ်လိုက်သည်"

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ် အထွေထွေလျှောက်လွှာ

တရားသူကြီးချုပ် ဒေါက်တာမောင်မောင်နှင့် တရားသူကြီး ဦးကျော်ဇံဦးတို့ရှေ့တွင်

ဦးကျော်စိန်

နှင့်

ဦးစိန် *

† ၁၉၇၁

ဖေဖော်ဝါရီလ ၂၄ ရက်။

သီးခြားမှုပြစ်ဖြစ်ခြင်း—ရာဇသတ်ပုဒ်မ ၂၂၈ နှင့် ပုဒ်မ ၅၀၄ တို့သည် သီးခြားမှုပြစ်ဖြစ်မဖြစ်။

လျှောက်ထားသူ (ရှေ့နေ) က လျှောက်ထားခံရသူ (ရှေ့နေ) အား၊ ရာဇဝတ်တရားသူကြီးရုံးတွင် လျှောက်လဲချက် ကြားနာနေစဉ် "ခင်ဗျားဘာလူပါးဝသလဲ" ဟုပြောရာ၊ တရားသူကြီးက လျှောက်ထားသူအပေါ် ရာဇသတ်ပုဒ်မ ၂၂၈ အရ၊ တရားစစ်ဆေးနေစဉ် စော်ကားနှောင့်ယှက်ခြင်း ပြုသည်ဆိုကာ တရားစွဲဆိုခဲ့သည်။ လျှောက်ထားခံရသူကလည်း လျှောက်ထားသူက ၎င်းအား တမင်မခန့်မညား စော်ကားခြင်းဖြင့် ရန်ရှာသည်ဆိုကာ ရာဇသတ်ပုဒ်မ ၅၀၄ အရ တရားစွဲဆိုခဲ့သည်။

ဆုံးဖြတ်ချက်။ ။သီးခြားမှုပြစ်များဆိုသည်မှာ တချိန်တနေရာတည်းမှာပင်ဖြစ်စေ၊ ရာဇသတ်**ကြီး၏** သီးခြားပုဒ်မအတွင်း ကျရောက်သောမှုပြစ်များကို ကွဲပြားခြားနားသော ပုဂ္ဂိုလ်များအား **ကျူးလွန်**လျှင် သီးခြားမှုပြစ်ဖြစ်သည်။ (Offences falling under different sections of the **Penal** Code committed against different persons even though on the same **occasion** are distinct offences.)

ထပ်မံဆုံးဖြတ်ချက်။ ။ရာဇသတ်ပုဒ်မ ၂၂၈ အရ၊ ပြည်သူ့ဝန်ထမ်းတဦးသည် တရားစစ်ဆေး**ကြားနာနေစဉ် တမင်**စော်ကားခြင်း သို့မဟုတ် အနှောင့်အယှက်ဖြတ်ခင်ခြင်း ပြုလုပ်သည်ကိုခံရမည်**ဖြစ်သည်။ ပုဒ်မ ၅၀၄** အရဆိုသော်၊ ပြည်သူ့ဝန်ထမ်းတဦးဖြစ်ရန်မလိုပေ။ တယောက်သောသူက**တမင်မခန့်မညား စော်ကား**ခြင်း၊ဒေါသထွက်အောင်ရန်ရှာခြင်းကြောင့်၊ငြိမ်ဝပ်ရေးကိုထိခိုက်ခြင်း

* ၁၉၇၁ **ခုနှစ်၊ ရာဇသတ်** အထွေထွေလျှောက်လွှာအမှတ် ၁။

† ၁၉၄၈ **ခုနှစ်၊ ပြည်ထောင်စု**တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ အရ၊ ဤရုံး၏ ရာဇဝတ်ပြင်ဆင်မှုအမှတ် **၁၃၀(ခ)/၇၁ တွင်၊** ၁၉၇၀ခု၊ အောက်တိုဘာလ ၂၄ ရက် နေ့စွဲပါစီရင်ချက်ကို မကျေနပ်၍ အထူးအ**ယူခံဝင်ခွင့်ရရန် လျှောက်**ထားသောလျှောက်လွှာ။

သို့မဟုတ်၊ အခြားမှုပြစ်တခုကို ကျူးလွန်စေတတ်ခြင်း လက္ခဏာရှိသည်ကို သိလျက်နှင့် ရန်ရှာခြင်းပြုလုပ်ရပေမည်။ ပုဒ်မတခုနှင့်တခု အလွန်ကွာခြားသည်၊ နစ်နာသူမှာလည်း မတူသဖြင့်၊ တရားလိုမှာ ဤမှုပြစ်နှစ်ခုအတွက် တဦးတည်းမဖြစ်နိုင်ပေ။ တရားလို (နစ်နာသူ) သီးခြားနှစ်ဦးဖြစ်ရမည်၊ တင်ပြရန် အမှု၏အကြောင်းအရာများမှာလည်း မတူပေ။ ပြည်သူ့ဝန်ထမ်း (တရားသူကြီး) နှင့်ရှေ့နေ (လျှောက်ထားခံရသူ) တို့အပေါ် ကျူးလွန်သောမှုပြစ်ကို တရားခံအပေါ် ရာဇသတ်ပုဒ်မတခုတည်းနှင့်ပင် စွဲချက်တင်၍မရနိုင်ပေ။

အယူခံ တရားလိုအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးမြင့်စိုး။

အယူခံ တရားခံအတွက်။ ။မရှိ။

တရားသူကြီး ဦးကျော်ဇံဦး။ ။ညောင်လေးပင်မြို့၊ မြို့နယ် ရာဇဝတ် တရားသူကြီးသည်၊ ၁၉၆၅ ခု၊ ရာဇဝတ်ကြီးမှုအမှတ် ၂၁၀ တွင် လျှောက်လဲချက်များကြားနာနေစဉ်၊ လျှောက်ထားသူ၏ ရှေ့နေက လျှောက်ထားခံရသူ၏ ရှေ့နေအား၊ "ခင်ဗျား ဘာလူပါးဝသလဲ" ဟု ပြောရာ၊ တရားသူကြီးသည် ပြည်သူ့ဝန်ထမ်းတဦးအနေဖြင့် လျှောက်ထားသူအပေါ် ရာဇသတ်ပုဒ်မ ၂၂၈ အရ၊ တရားစစ်ဆေးနေစဉ်အတွင်း တမင်စော်ကား သို့မဟုတ် တစုံတရာအနှောင့်အရှက် ဖြတ်ဝင်ပြုလုပ်သည်ဟုဆိုကာ၊ ဒုတိယ ရာဘက်ရာဇဝတ် တရားသူကြီးရုံး၌ ၁၉၆၆ ခု၊ ရာဇဝတ်ကြီးမှုအမှတ် ၂၂၀ တွင်တရားစွဲဆို အရေးယူခဲ့ရာ၊ ဝန်ခံတောင်းပန်သဖြင့်၊ အမှုကို ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၄၈ အရ၊ ရုံးကရုပ်သိမ်းခွင့် ပေးပြီးနောက်၊ လျှောက်ထားသူ (တရားခံ) အား တရားသေလွှတ်ခဲ့သည်။ လျှောက်ထားသူသည် ရှေ့နေ မလုပ်ကိုင်မီက၊ တရားဌာနဝန်ထမ်း (အကြီးတန်း)အဖြစ်မှ အငြိမ်းစား ယူခဲ့သူဖြစ်သည်။

ထို့နောက် ၁၉၆၆ ခု၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် လျှောက်ထားခံရသူက သူ့ကို လျှောက်ထားသူက တမင် မခန့်မငြား စော်ကားခြင်းဖြင့် ဒေါသ ထွက်အောင် ရန်ရှာ၍ ငြိမ်ဝပ်ရေးကို ထိခိုက်ပျက်စီးစေရန် သို့မဟုတ် အခြားမှုပြစ်တခုခုကို ကျူးလွန်စေရန် အကြံဖြင့် သော်လည်းကောင်း၊ ထိုသို့ ကျူးလွန်တန်ရာသည်ကို သိလျက်နှင့် သော်လည်းကောင်း ရန်ရှာသည်ဟုဆိုကာ ရာဇသတ်ပုဒ်မ ၅၀၄ အရ၊ ပဲခူးမြို့၊ (ဂ) ရာဘက် ရာဇဝတ်တရားသူကြီးရုံး၌ ၁၉၆၆ ခု၊ ရာဇဝတ်ကြီးမှုအမှတ် ၂၅၇ တွင် တရားစွဲဆိုရာ စီရင်ချက်အရ၊ လျှောက်ထားသူက လျှောက်ထားခံရသူအား "ဘာလူပါးဝသလဲ" ဟုနှစ်ကြိမ်တိုင်တိုင် ပြောသည်သာမက၊ လျှောက်ထားခံရသူက ထိုသို့ ပြောခြင်းကို အမှုနေ့စဉ်မှတ်တမ်းတွင် ရေးမှတ်ထားရန် ပြောသောအခါ လျှောက်ထားသူကတဖန် "ပြောတယ်ဗျ၊ ဘာဖြစ်သလဲ၊ ရေးပါ" ဟု တဆင့်တက်၍ပြောသည်။ လျှောက်ထားသူက အမှုနှစ်မှုမှာ တနေရာတည်းမှာ ဖြစ်ပျက်ပေါ်ပေါက်ခဲ့သောကြောင့်

၁၉၇၁

ဦးကျော်စိန် နှင့် ဦးစိန်

အခြင်းအရာမှာလည်း တူညီ၍၊ ရာဇသတ်ပုဒ်မ ၂၂၈ အရ၊ ပထမအမှုတွင် တရားသေလွှတ်ခဲ့ပြီးဖြစ်ရာ၊ ရာဇသတ်ပုဒ်မ ၅၀၄ အရ၊ ယခုလျှောက်လွှာ ပေါ်ပေါက်လာသော ဒုတိယအမှုကို ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၀၃ (၁)အရ စုံစမ်းစစ်ဆေးခြင်း မပြုနိုင်သဖြင့်၊ အမှုကို ပယ်ရပါမည်ဟုဆိုရာ လျှောက်ထားခံရသူက အမှုနှစ်မှုမှာ တခြားစီဖြစ်၍ လျှောက်ထားသူအပေါ် စွဲချက်တခြားစီ တင်နိုင်သဖြင့် တရားသေ လွှတ်ခဲ့စေကာမူ၊ ဒုတိယအမှုကို ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၀၃ (၂)အရ စုံစမ်းစစ်ဆေးနိုင်ပါသည်ဟု ပြန်ဖြေသည်။ မူလရုံး(၈ ရာဘက် ရာဝတ်တရားသူကြီး)က လျှောက်ထားခံရသူ(တရားလို)ကို ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၀၀ အရစစ်ဆေးပြီး၊ လျှောက်ထားသူအား ရာဇသတ်ပုဒ်မ ၅၀၄ အရ အရေးယူ ဆောင်ရွက်ခဲ့ပြီးဖြစ်၍၊ အမှုကို ဆက်လက်ဆောင်ရွက်ရန်သာ ရှိသောကြောင့် လျှောက်ထားသူ၏ တောင်းဆိုချက်ကို ပယ်ခဲ့သည်။

ထိုအမိန့်ကို မကျေနပ်၍ စက်ရှင်တရားသူကြီးရုံး၌ ပြင်ဆင်ရန် လျှောက်ထားရာ၊ ဒုတိယအမှုတွင် ရာဇသတ်ပုဒ်မ ၅၀၄ အရ စွဲဆိုသောမှုပြစ်မှာ အခြင်းဖြစ် အကြောင်းအရာ တခုတည်းအပေါ်တွင် မူတည်၍ သီးခြားစွဲချက်အဖြစ် ထပ်မံစွဲဆိုခြင်းသာ ဖြစ်သည်ဟုဆိုကာ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၀၃ (၁)နှင့် သက်ဆိုင်သဖြင့် လျှောက်လွှာကို ခွင့်ပြုပြီး အမှုကို ပယ်ဖျက်ပေးပါရန် ဤရုံးသို့ ထောက်ခံပေးပို့ရာ၊ ခုံရုံးက လက်မခံခဲ့သဖြင့်၊ ယခုတဖန် အယူခံဝင်ရန် ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ အရ အခွင့်ထူးတောင်းခြင်းဖြစ်သည်။ ခုံရုံးက လျှောက်ထားသူ၏ "ပြုမှုချက်သည် တရားရုံးနှင့် ပတ်သက်၍ ပြစ်မှုတရပ်ဖြစ်ပြီး ပြောဆိုခြင်းခံရသူ ဦးစိန် (လျှောက်ထားခံရသူအတွက်) မှုပြစ်တရပ် ဖြစ်သောကြောင့်၊ သီးခြားပြစ်မှုကို ကျူးလွန်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်"ဟု ရေးသားထားသည်မှာ မှားသည်ဟု မဆိုနိုင်ပေ။ ဆိုလိုသည်မှာ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၀၃ (၂)အရ အမှုကို စုံစမ်းစစ်ဆေးနိုင်သည်ဟု ဆုံးဖြတ်သည်။

အရေးကြီးသော အချက်မှာ ရာဇသတ်ပုဒ်မ ၂၂၈ နှင့် ပုဒ်မ ၅၀၄ တို့သည် သီးခြားပြစ်မှုဖြစ်မဖြစ်ကို ဆုံးဖြတ်ရပေမည်။ ကနဦးကပင် ပြောရမည်ဆိုလျှင် သီးခြားမှုပြစ်များ ဖြစ်သည်ဟု ဆုံးဖြတ်သည်။ သီးခြားမှုပြစ်များ ဆိုသည်မှာ တချိန် တနေရာတည်းမှာပင်ဖြစ်စေ၊ ရာဇသတ်ကြီး၏ သီးခြားပုဒ်မအတွင်း ကျရောက်သော မှုပြစ်များကို ကွဲပြားခြားနားသော ပုဂ္ဂိုလ်များအား ကျူးလွန်လျှင် သီးခြားမှုပြစ် ဖြစ်သည်။ (**Offences** falling under different sections of the Penal Code com**mitted against** different persons even though on the same occasi**on are distinct** offences.)

ရာဇသတ်ပုဒ်မ ၂၂၈ အရ၊ ပြည်သူ့ဝန်ထမ်းတဦးသည် တရားစစ်ဆေး ကြားနာနေစဉ် တမင်စော်ကားခြင်း သို့မဟုတ် အနှောင့်အရှက် ဖြတ်ဝင်ခြင်း ပြုလုပ်သည်ကို

၁၉၇၁

ဦးကျော်စိန် နှင့် ဦးစိန်

ခံရမည်ဖြစ်သည်၊ ပုဒ်မ ၅၀၄ အရဆိုသော် ပြည်သူ့ဝန်ထမ်းတဦး ဖြစ်ရန်မလိုပေ၊ တယောက်သောသူက တမင် မခန့်မငြား စော်ကားခြင်း၊ ဒေါသထွက်အောင် ရန်ရှာခြင်းကြောင့် ငြိမ်ဝပ်ရေးကို ထိခိုက်ခြင်း သို့မဟုတ် အခြားမှုပြစ်တခုကို ကျူးလွန်စေတတ်ခြင်း လက္ခဏာရှိသည်ကိုသိလျက်နှင့် ရန်ရှာခြင်း **ပြု**လုပ်ရပေမည်။ ပုဒ်မ တခုနှင့်တခု အလွန်ကွာခြားသည်၊ နစ်နာသူမှာလည်း **မတူသဖြင့်** တရားလိုမှာ ဤမှုပြစ်နှစ်ခုအတွက် တဦးတည်း မဖြစ်နိုင်ပေ၊ တရားလို (**နစ်နာသူ**) သီးခြားနှစ်ဦး ဖြစ်ရမည်၊ တင်ပြရန် အမှု၏ အကြောင်းအရာများမှာလည်း **မတူပေ၊** ပြည်သူ့ဝန်ထမ်း (တရားသူကြီး)နှင့် ရှေ့နေ (လျှောက်ထားခံရသူ)တို့ **အပေါ်** ကျူးလွန်သော မှုပြစ်ကို တရားခံအပေါ် ရာဇသတ်ပုဒ်မ တခုတည်းနှင့်ပင် **စွဲချက်တင်၍** မရနိုင်ပေ။ ဤအကြောင်းများကြောင့် ခုံရုံး၏ အမိန့်မှာ မှန်သည်**ဟု ဆို**ရပေမည်။ နစ်နာသူများ၊ ဖြစ်ပျက်သောနေရာ၊ အမှု၏ အခြေအနေစသည်**တို့ကို** ထောက်ထားကြည့်ရှုလျှင်၊ မှုပြစ်မှာ လျှောက်ထားသူ၏ ဝတ်လုံတော်ရက **တင်ပြသော** (**De minimis non curat lex**) မူအရဥပဒေအချက်အလက် တခုခု**နှင့်လည်း** စပ်ဆိုင်သည်ဟု မဆိုနိုင်သဖြင့် လျှောက်လွှာကိုပယ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ် (မန္တလေးရုံးထိုင်)

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီးဦးသက်ဖေနှင့် တရားသူကြီးဦးစိန်သင်းတို့ရှေ့တွင်။

၁။ မောင်ချစ် ၂။ မောင်ဟာရှင် ၃။ မောင်ရီစွတ်	နှင့်	ပြည်ထောင်စု မြန်မာနိုင်ငံ (ဦးသိန်းမောင်) *	† ၁၉၇၁ ဇန္နဝါရီလ ၁ ရက်။

တရားရှင်လွှတ်သည့်အမိန့်ကို ပယ်ဖျက်ပြီး တရားခံအား ဆက်လက်စုံစမ်းစစ်ဆေးရန် ညွှန်ကြားသည့် အမိန့်၌ မည်သို့စစ်ဆေး၍၊ မည်သည့်ပုဒ်မအရ စွဲချက်တင်ရမည်ဟု ညွှန်ကြားနိုင် မနိုင်— ဆက်လက်စစ်ဆေးသည့် တရားသူကြီး၌ လွတ်လပ်စွာစစ်ဆေးပိုင်ခွင့်ရှိ-မရှိ။

ဆုံးဖြတ်ချက်။ ။ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၃၆ အရ၊ တရားရှင်လွှတ်သည့်အမိန့်ကိုပယ်ဖျက်ပြီး၊ တရားခံအား ဆက်လက်စုံစမ်းစစ်ဆေးရန်ညွှန်ကြားသည့်အမိန့်၌ မည်သို့မည်ပုံစစ်ဆေးရမည်၊ မည်သည့်ပုဒ်မအရ စွဲချက်တင်ရမည်ဟု ညွှန်ကြားခြင်းမပြုနိုင်။

ထပ်မံဆုံးဖြတ်ချက်။ ။ဆက်လက်စစ်ဆေးသည့် ရာဇဝတ်တရားသူကြီးသည်၊ ဥပဒေနှင့်အညီ လွတ်လပ်စွာ စစ်ဆေးစီရင်ပိုင်ခွင့်ရှိသည်။ ဥပမာ ၎င်းအနေဖြင့် စစ်ဆေးပြီးသည့် သက်သေကိုဖြစ်စေ၊ မစစ်ဆေးရသည့် သက်သေကိုဖြစ်စေ ခေါ်ယူစစ်ဆေးနိုင်သည်။ တရားခံအပေါ် စွဲချက်တင်လိုက တင်နိုင်သည်၊ မည်သည့်ပုဒ်မဖြင့် စွဲချက်တင်ရမည်ဟု မိမိဘာသာဆုံးဖြတ်နိုင်သည်။ **အစိုးရ နှင့် မောင်ဘသန်**၊ အတွဲ ၉၊ ရန်ကုန်၊ စာ ၂၃၉(၂၆၂)ကိုညွှန်းသည်။

ပြင်ဆင်ရန် လျှောက်ထားသူအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးတင်အောင်။

ပြင်ဆင်ရန်လျှောက်ထား ခံရသူအတွက်။ ။တရားရုံးချုပ်ရှေ့နေဦးညွန့်မြိုင်။

တရားသူကြီး ဦးသက်ဖေ။ ။မန္တလေးမြို့၊ (၁) ရာဘက် ရာဇဝတ်တရားသူကြီး ရုံးတွင် လျှောက်ထားသူတို့အပေါ် ဦးသိန်းမောင် ဆိုသူက ရာဇသတ်ပုဒ်မ ၄၄၇/၄၂၇/ ၅၀၆ အရ၊ အရေးယူရန် ဦးတိုက်လျှောက်ထားရာ ရာဘက်ရာဇဝတ် တရားသူကြီးသည် တရားလိုပြ သက်သေများကို စစ်ဆေးပြီးနောက်၊ လျှောက်ထားသူတို့အား တရားရှင် လွှတ်လိုက်သည်။ ထိုအမိန့်ကို ဦးသိန်းမောင်က မကျေနပ်၍ မန္တလေးမြို့၊ စက်ရှင်ရုံးသို့

---

* ၁၉၇၀ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၀၁ (ခ)။

† ၁၉၆၉ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၉၇ တွင်ချမှတ်သော ၁၉၆၉ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့စွဲပါ မန္တလေးမြို့ (၁) ရာဘက် ရာဇဝတ်တရားသူကြီး၏ အမိန့်ကို ပြန်၍ပြင်ဆင်မှု။

၁၉၇၁

၁။ မောင်ချစ်
၂။မောင်ဟာရှင်
၃။မောင်ရီစွတ်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

ပြင်ဆင်မှု တင်သွင်းသောအခါ၊ ရာဘက်စက်ရှင် တရားသူကြီးက မူလရုံး၏အမိန့်ကို ပယ်ဖျက်လိုက်ပြီး၊ လျှောက်ထားသူတို့အား ရာဇသတ်ပုဒ်မ ၅၀၆/၄၂၇ အရ စွဲချက်အသီးသီးတင်၍ ပြန်လည်စစ်ဆေးရန် အမိန့်ချမှတ်လိုက်သည်။ ထိုအမိန့်ကို လျှောက်ထားသူတို့က မကျေနပ်၍ ပယ်ဖျက်ပေးရန် ဤပြင်ဆင်မှု တင်သွင်းလာခြင်းဖြစ်သည်။

လျှောက်ထားသူ မောင်ချစ်နှင့် မူလရုံး၌ တရားလို ဦးသိန်းမောင်တို့သည်၊ မန္တလေးမြို့၊ ချမ်းအေးသာဇံ ရပ်ကွက်တွင် နေထိုင်ကြသည့် အိမ်နီးချင်းများ ဖြစ်ကြသည်။ ၎င်းတို့အိမ် နှစ်အိမ်အကြားတွင် အုတ်နံရံ အဟောင်းတခုရှိသည်၊ ၁၉၆၉ ခု၊ ဇွန်လ ၁ ရက်နေ့ နံနက် ၁၀ နာရီအချိန်တွင် ဦးသိန်းမောင် အိမ်၌မရှိခိုက် မောင်ချစ်နှင့် အခြားလျှောက်ထားသူတို့ ဖြစ်ကြသည့် မောင်ဟာရှင်နှင့် မောင်ရီစွတ်တို့သည် ထိုအုတ်နံရံကို ဖျက်ကြသည်။ ဦးသိန်းမောင်၏ဇနီး ဒေါ်ခင်မေက ၎င်း၏ခင်ပွန်း မရှိသေး၍ မဖျက်ရန် တားမြစ်သော်လည်း မရချေ။ ထိုကဲ့သို့ အုတ်နံရံကို လျှောက်ထားသူတို့က ဖျက်သည့်အတွက် အုတ်နံရံတွင် မှီ၍ဆောက်လုပ်ထားသော ဦးသိန်းမောင်၏ မီးဖိုနောက်ပိုင်း အမိုးလန်သွားသည့်ပြင်၊ မီးဖိုဘောအကာများ ပြုတ်ကျကုန်သည်။ ထို့ကြောင့် ဦးသိန်းမောင်က လျှောက်ထားသူတို့အပေါ် အထက်တွင် ဖော်ပြသည့်အတိုင်း ရာဇသတ်ပုဒ်မ ၄၄၇/၄၂၇/၅၀၆ အရ၊ တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

မူလရုံးမှ လျှောက်ထားသူတို့ ဖျက်သည်ဆိုသော အုတ်တံတိုင်းမှာ လျှောက်ထားသူ မောင်ချစ်ပိုင် မြေအတွင်းရှိခြင်း၊ ထို့ကြောင့် ၎င်း၏ပစ္စည်းဖြစ်၍ ထိုအုတ်နံရံကို ဖျက်ယူခြင်းသည် ရာဇသတ်ပုဒ်မ ၄၄၇ အရသော်၎င်း၊ ၄၂၇ အရသော်၎င်း ပြစ်မှုကျူးလွန်ခြင်းမရှိကြောင်း၊ မောင်သိန်းမောင်၏ဇနီး ဒေါ်ခင်မေကို လျှောက်ထားသူတို့က ခြိမ်းခြောက်သည်ဆိုသော အထောက်အထား မရှိသဖြင့် ပုဒ်မ ၅၀၆ အရ ပြစ်မှုကျူးလွန်ခြင်း မရှိကြောင်း ယူဆခဲ့သည်။ ရာဘက်စက်ရှင် တရားသူကြီးက အုတ်နံရံကို ဆောက်လုပ်ထားသူတို့က ဦးသိန်းမောင်အား ကြိုတင် အကြောင်းမကြားဘဲ ဖျက်လိုက်ခြင်း ဖြစ်သဖြင့်၊ ဦးသိန်းမောင်ပိုင် မီးဖိုနောက်ပိုင်း အမိုးလန်သွားသည့်ပြင်၊ မီးဖိုဘောအကာများ ပြုတ်ကျကုန်ကြောင်း တရားလိုသက်သေ မောင်မောင်ကြီးနှင့် ဦးခင်မောင်တို့၏ ထွက်ချက်များ ရှိနေသောကြောင့်၊ လျှောက်ထားသူတို့အပေါ် အရေးယူရန် အထောက်အထား လုံးဝမရှိဟု မဆိုနိုင်ကြောင်း ကောက်ယူခဲ့သည်။

ကျွန်ုပ်တို့သည် မူလရုံး အမှုတွဲတွင် ရရှိသည့် သက်သေခံချက်များကို သေချာစွာ သုံးသပ် ကြည့်ရှုပြီးဖြစ်သည်။ ရာဘက်စက်ရှင် တရားသူကြီး ဝေဖန်ထားသည့်အတိုင်း လျှောက်ထားသူတို့သည် အုတ်နံရံကို ဖျက်ဆီးမည်ဟု ကြိုတင်အကြောင်းကြားခြင်း မပြုသဖြင့်၊ အုတ်နံရံတွင်မှီ၍ ဆောက်ထားသော ဦးသိန်းမောင်၏ မီးဖိုအမိုးနှင့်

၁၉၇၁

၁။ မောင်ချစ် ၂။မောင်ဟာရှင် ၃။မောင်ရီစွတ် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

အကာတို့မှာ ပျက်စီးရကြောင်း ပေါ်ပေါက်နေသောကြောင့် လျှောက်ထားသူတို့ **အပေါ် ဆက်လက်**အရေးယူရန် အကြောင်း ရှိပါသည်ဟု ဆိုခြင်းမှာ မှန်ကန်ကြောင်း **တွေ့ရသည်။** ထို့ကြောင့် လျှောက်ထားသူတို့အား ဆက်လက်စုံစမ်း စစ်ဆေးရန် **အမိန့်ချ**မှတ်ခဲ့သည့် မန္တလေးမြို့၊ ရာဘက် စက်ရှင်တရားသူကြီး၏ စီရင်ချက်သည် မှား **ယွင်း**သည်ဟု မဆိုသာချေ။ သို့ရာတွင် ရာဘက်စက်ရှင် တရားသူကြီးက လျှောက်ထားသူ တို့အပေါ် ရာဇသတ်ပုဒ်မ ၄၂၇ နှင့် ၅၀၆ တို့အရ စွဲချက်အသီးသီး တင်သွင်းကာ ဆက်လက် စစ်ဆေးရမည်ဟု ဖေါ်ပြထားသော ညွှန်ကြားချက်မှာ ဥပဒေနှင့် ညီညွတ် ခြင်းမရှိဟု ဆိုရမည်ဖြစ်သည်။

ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၃၆ အရ တရားရှင်လွှတ်သည့် အမိန့်ကို ပယ်ဖျက်ပြီး၊ တရားခံအား ဆက်လက်စုံစမ်း စစ်ဆေးရန် ညွှန်ကြားသည့် အမိန့်၌ မည်သို့မည်ပုံ စစ်ဆေးရမည်၊ မည်သည့် ပုဒ်မအရ စွဲချက်တင်ရမည်ဟု ညွှန်ကြားခြင်း မပြုနိုင်၊ ဆက်လက်စစ်ဆေးသည့် ရာဇဝတ် တရားသူကြီးသည် ဥပဒေနှင့်အညီ လွတ်လပ်စွာ စစ်ဆေး စီရင်ပိုင်ခွင့်ရှိသည်။ ဥပမာ၊ ၎င်းအနေဖြင့် စစ်ဆေးပြီးသည့် သက်သေကို ဖြစ်စေ၊ မစစ်ဆေးရသေးသည့် သက်သေကိုဖြစ်စေ ခေါ်ယူ စစ်ဆေးနိုင်သည်၊ တရားခံ အပေါ် စွဲချက်တင်လိုက တင်နိုင်သည်။ မည်သည့်ပုဒ်မဖြင့် စွဲချက်တင်ရမည်ဟု မိမိဘာသာ ဆုံးဖြတ်နိုင်သည်၊ ထိုကိစ္စနှင့် ပတ်သက်၍ **အစိုးရ နှင့် မောင်ဘသုန်** (၁)တို့အမှုတွင် အောက်ပါအတိုင်း မှတ်ချက်ပြုထားသည်ကို ရည်ညွှန်းလိုသည်။

> " I am further of opinion that in an order for further inquiry passed under section 436 no directions or instructions can lawfully be given to the Magistrate as to the manner in which he should conduct the inquiry. The Magistrate must exercise the power that he possesses in that behalf according to law. It is the function of the Magistrate to determine whether or not process shall issue or a trial take place, and his discretion in the matter is not to be fettered by instructions or directions from any quarter. In holding the further inquiry the Magistrate will be at liberty to conduct the inquiry in his own way, provided he conforms to the provisions of the Code. For example, he can examine such persons (whether or not they were examined in the course of the previous enquiry), and take such further or other steps for the purpose of ascertaining whether or not process should issue or a charge should be

(၁) **အတွဲ ၉** ရန်ကုန်၊ စာ ၂၃၉ (၂၆၂)။

၁၉၇၁

၁။ မောင်ချစ်
၂။မောင်ဟာရှင်
၃။မောင်ရိစ္စတ်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

framed as are permitted by law, and as he deems to be advisable; or he may determine the matter upon a reconsideration of the same materials as were available when the earlier order of dismissal or discharge was passed in the light of the observations of the revising officer and at the conclusion of the enquiry, the Magistrate will decide according to law whether or not process will issue, or an order of committal be made, or a trial be held, as the case may be ".

လျှောက်ထားသူတို့အား ဆက်လက်စစ်ဆေးရန် မူလရုံးသို့ပင် ရာဘက်စက်ရှင် တရားသူကြီးက ညွှန်ကြားခဲ့သည်ကို တွေ့ရသည်၊ သာမန်အားဖြင့် တရားရှင်လွှတ်သော အမိန့်ကို ပယ်ဖျက်၍ တရားခံအပေါ် ဆက်လက်စစ်ဆေးရန် အမိန့်ချမှတ်သော အခါ မူလရုံးအား ပြန်၍ ပေးပို့ခြင်း မပြုသင့်ပေ။ သို့ရာတွင် ယခုအမှု၌ မူလရုံး တရားသူကြီးသည် မူလရုံး၌ ဝတ္တရားဆောင်ရွက်ခြင်း မရှိတော့ကြောင်းသိရ၍ ယင်းကိစ္စနှင့် ပတ်သက်၍ ပြင်ဆင်ရန် မလိုတော့ပေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့်၊ လျှောက်ထားသူတို့အား ဥပဒေအရ ဆက်လက်စစ်ဆေးရန် အမိန့်ချမှတ်ခဲ့သော မန္တလေးမြို့၊ ရာဘက်စက်ရှင် တရားသူကြီး၏ ၁၉၇၀ ခု၊ ဇွန်လ ၁၇ ရက်နေ့စွဲပါ စီရင်ချက်ကို အတည်ပြုသည်။ သို့ရာတွင် လျှောက်ထားသူတို့အား ရာဇသတ်ပုဒ်မ ၄၂၇/၁၀၆ တို့အရ အသီးသီး စွဲချက်တင်ရန် ညွှန်ကြားချက်ကိုမူ ပယ်ဖျက်လိုက်သည်။]

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ် အထွေထွေ လျှောက်လွှာ

တရားသူကြီးချုပ် ဒေါက်တာမောင်မောင် နှင့် တရားသူကြီး ဦးကျော်ဇံဦးတို့ ရှေ့တွင်

မောင်ဉာဏ်ထွန်း † ၁၉၇၁

နှင့် ဇန္နဝါရီလ

မအေးရင်ဖြူ * ၁၄ ရက်။

မယားစရိတ် ရလိုမှုလျှောက်ထားခြင်း——ယောကျ်ားဖြစ်သူလည်း ဇနီးအား ပြန်ခေါ်ယူ ပေါင်းသင်းခွင့် ရရှိထားခြင်း——မယားအား ပြန်ခေါ်ပေါင်းသင်းခွင့်နှင့် တသီးတခြားစီနေစဉ်ကာလအတွက် မယားအားထောက်ပံ့ရန် တာဝန်တို့သည် ဆန့်ကျင်ခြင်းရှိ-မရှိ။

ဆုံးဖြတ်ချက်။ ။ယောကျ်ားဖြစ်သူက ဇနီးအား ပြန်ခေါ်ပေါင်းသင်းခွင့် တရားမရုံးတွင် တောင်းခံရရှိထား၏။ ထိုအမိန့်သည်တည်နေ၏။ ဇနီးဖြစ်သူကလည်း ယောကျ်ားနှင့်ခွဲ၍ တသီးတခြားနေရစဉ်အတွင်း မယားစရိတ်ကို ရာဇဝတ်ရုံးတွင် တောင်းခံရရှိထား၏။ ခွဲခွါနေသည့်ကာလအတွက် ရုံးကခွင့်ပြုခဲ့သော မယားစရိတ်ကိုပေးရန် လင်ယောကျ်ားတွင်တာဝန်ရှိ၏၊ မယားအားပြန်ခေါ်ပေါင်းသင်းခွင့်နှင့် တသီးတခြားနေကြစဉ်ကာလအတွက် မယားအားထောက်ပံ့ရန် တာဝန်တို့သည် ဆန့်ကျင်သည်မဆိုနိုင်။ တာဝန်နှင့် ရပိုင်ခွင့် ယှဉ်တွဲလျက်ရှိသည်။ *Maung Chit Tun* v. *Ma Pwa Sein*, 35 Cr. Law Journal 1934 (Rangoon) 813 ကိုရည်ညွှန်းသည်။

လျှောက်ထားသူအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဒေါက်တာရွှေဘော်။

လျှောက်ထားခံရသူအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးမောင်မောင်ခင်။

တရားသူကြီး ဦးကျော်ဇံဦး။ ။လျှောက်ထားသူအပေါ် ၁၉၅၉ ခုနှစ်၊ ဩဂုတ်လ ၁၁ **ရက်နေ့က**၊ ကျောက်ဖြူမြို့ ၂ ရာဘက် တရားသူကြီးက၊ လျှောက်ထားခံရသူအား ရာဇ**ဝတ်ကျင့်ထုံးပုဒ်မ** ၄၈၈ အရ၊ မယားစရိတ် တလလျှင်ငွေ ၅၀ ကျပ်၊ ပေးရန်အမိန့် ချမှတ်ခဲ့**ရာ၊ ပဌမတွင်** အမိန့်ကိုနာခံ၍ စရိတ်ပေးနေသော်လည်း၊ နောက်မပေးဘဲ ပျက်ကွက်နေ**စဉ်၊ ရန်ကုန်မြို့** တရားမရုံး၏ ၁၉၆၀ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၁၆ ၌

---

* ၁၉၇၀ ခုနှစ်၊ **ရာဇဝတ်အထွေထွေ** လျှောက်လွှာအမှတ် ၁၆။

† ၁၉၆၉ ခုနှစ်၊ **ရာဇဝတ်ပြင်ဆင်မှုအ**မှတ် ၁၃၈(ခ)တွင် ချမှတ်သော၊ ၁၉၇၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့စွဲပါ နိုင်ငံ**တော်တရားရုံးချုပ်** တရားသူကြီး၏အမိန့်ကို အခွင့်ထူးအယူခံဝင်မှု။

၁၉၅၁

မောင်ဥာဏ်ထွန်း နှင့် မအေးရင်ဖြူ

ပြန်လည်ပေါင်းသင်းရန် သို့မဟုတ် ကွာရှင်းရန်နှင့် ၎င်းအပေါ် ချမှတ်ထားသော မယားစရိတ်ပေးရန်အမိန့်ကို အတည်ပြုခြင်းမှ တားမြစ်ပေးရန် လျှောက်ထားခံရသူအား တရားစွဲဆိုရာ၊ ဤရုံး၏ ၁၉၄၃ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၀၅ တွင် အောက်ရုံး၏စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်လိုက်ပြီး၊ ၁၉၄၄ ခု၊ ဇူလိုင်လ ၂၀ ရက်နေ့စွဲဖြင့် ပြန်လည် ပေါင်းသင်းရန်သာ၊ စည်းကမ်းအတားမရှိဘဲ အမိန့်ချမှတ်ခဲ့လေသည်။ ဤစီရင်ချက်နှင့် ဒီကရီမှာ ယခုတိုင်တည်လျက်ပင်ရှိနေသည်။ လျှောက်ထားခံရသူအပေါ် ဇာရီပြုလုပ်ခဲ့သော်လည်း၊အကြောင်းအမျိုးမျိုးပြပြီး ရုံး၏အမိန့်ကိုမနာခံဘဲ ပြန်လည်ပေါင်းသင်းခြင်းမပြုသေးပေ။

ထို့ပြင် ၁၉၄၈ ခု၊ မတ်လ ၁၁ ရက်နေ့တွင်၊ မယားစရိတ် သုံးနှစ်ခန့် ပျက်ကွက်နေသောကြောင့်၊ ၁၉၄၇ ခုနှစ်၊ မတ်လမှ ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလအထိ တနှစ်အတွက် ငွေ ၆၀၀ ကျပ်ကို ရလိုကြောင်း လျှောက်ထားခံရသူက လျှောက်ထားပြန်ရာ၊ ကျောက်ဖြူမြို့ ၂ ရာဘက် ရာဇဝတ်တရားသူကြီးက ၁၉၄၈ ခု၊ ဒီဇင်ဘာလ ၄ ရက်နေ့က လျှောက်ထားသည့်အတိုင်း ငွေ ၆၀၀ ကျပ်ကိုပေးရန် အမိန့်ချမှတ်ခဲ့ရာ၊ အယူခံရုံး၊ (ရာဘက်စက်ရှင်ရုံး) က၊ လျှောက်ထားသူ၏ တရားမမှုတွင် ပြန်လည်ပေါင်းသင်းရန် အမိန့်ချမှတ်ပြီး၊ နောက်ပိုင်းတွင် မယားစရိတ်မှာ ပျက်ပြယ်သွားပြီဟု ဆုံးဖြတ်ကာ၊ အောက်ရုံးအမိန့်ကို ၁၉၄၉ ခု၊မေလ ၁၇ ရက်နေ့က ပယ်ဖျက်လိုက်သဖြင့်၊လျှောက်ထားခံရသူကတဖန် ပြင်ဆင်ရန်လျှောက်ထားရာ၊ ခုံရုံးက *Maung Dun* v. *Ma Sein* (1) ပေါင်းသင်းရန် စီရင်ချက်ဒီကရီကြောင့်၊ ရာဇဝတ်ရုံးက မယားစရိတ်ပေးရန်အမိန့်သည် အလိုအလျောက် ပျက်ပြယ်ခြင်းမရှိဟုဆိုကာ၊ ၂ ရာဘက်ရာဇဝတ်တရားသူကြီး၏ ၁၉၄၈ ခု၊ ဒီဇင်ဘာလ ၄ ရက်နေ့စွဲပါ အမိန့်ကိုအတည်ပြု၍၊ ၁၉၄၉ ခု၊ မေလ ၁၀ ရက်နေ့စွဲပါ အယူခံရုံး၏အမိန့်ကို ပယ်ဖျက်လိုက်သဖြင့်၊ ယခုတဖန် လျှောက်ထားသူက အယူခံဝင်ရန် ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ အရ အခွင့်ထူးတောင်းပြန်၍၊ လက်ခံရေးအတွက် ကျွန်ုပ်တို့သည် နှစ်ဦးနှစ်ဘက် လျှောက်လဲချက်များကိုကြားနာခဲ့ကြသည်။

ခုံရုံးက *Maung Po Kwe* v. ***Ma Pwa Shein*** (2) အမှု စီရင်ထုံးကိုလည်း အကိုးအကားပြု၍၊ ပြန်လည်ပေါင်းသင်းလိုမှု စွဲဆိုရာတွင် မယားစရိတ်ကို မပေးလိုသည့်အတွက်ကြောင့်သာ တရားမ မှုစွဲဆိုသည်ဟု ပေါ်ပေါက်လာလျှင်၊ မယားစရိတ်ကို ပေးရန်အမိန့် ချမှတ်နိုင်သည်ဟုဆိုထားပြီး၊ လျှောက်ထားသူသည် အမှု၏ အကြောင်းအရာများအရ၊ မယားစရိတ်ကိုပေးဆောင်ခြင်း မပြုရအောင် တရားမ မှုစွဲဆိုခြင်း မဟုတ်ဟုဆိုကာ၊ မူလရုံးနှင့် သဘောတူညီပြီး ဆုံးဖြတ်သည်။

(1) I.L.R. 3 Ran, 160.

(2) 1939 R.L.R. 741.

တရားမ ရုံးက စည်းကမ်းအတားမရှိဘဲ ပြန်လည်ပေါင်းသင်းရန် စီရင်ချက်ဒီကရီ ချမှတ်ခဲ့သော်လည်း၊ လျှောက်ထားခံရသူက—

(၁) ကျန်ရှိသော မယားစရိတ်များကို ပေးရမည်၊

(၂) သူမကို လျှောက်ထားသူ၏ မိဘဆွေမျိုးတို့နှင့်မထားဘဲ၊ သီးသီးခြားခြား အိမ်တလုံး၌ထားရမည်၊

(၃) လျှောက်ထားသူသည် ကျောက်ဖြူမြို့ရှိ သူမ၏ မိဘများထံမှ ကိုယ်တိုင် အခွင့်ယူပြီးမှ၊ သူမကို ရန်ကုန်ရှိ သူ၏နေရပ်သို့ခေါ် ယူရန်

စသည့် စည်းကမ်းချက်တို့ကို ရုံးမှပြန်လည်ပေါင်းသင်းရန် ပေးထားသောအချိန်ကာလ လွန်ပြီးမှ တောင်းဆိုသဖြင့်၊ သူမ၏တောင်းဆိုချက်များကို ရုံးကလက်မခံဘဲ ပယ်ခဲ့ကြောင်း တွေ့ရှိရသည်။ တရားမ ရုံး၏ စီရင်ချက်ဒီကရီမှာလည်း ယခုတိုင်အတည်ရှိနေသဖြင့်၊ သူမ၏ လင်ယောကျ်ားဖြစ်သူ လျှောက်ထားသူနှင့် ပြန်လည်ပေါင်းသင်းရမည်သာဖြစ်သည်။

လျှောက်ထားသူသည် ယခုတိုင် တည်လျက်ရှိသည့် ရာဇဝတ်ရုံးမှ ချမှတ်ထားသော တရားဥပဒေအရ တောင်းဆို ရသင့်ရထိုက်သော မယားစရိတ်များကိုလည်း ပေးရန် တာဝန်ရှိသည့်အလျောက် ပေးရမည်သာဖြစ်သည်။ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၈၉(၂) တွင်—

"(2) Where it appears to the Magistrate that, in consequence of any decision of a competent civil Court, any order made under section 488 should be cancelled or varied, he shall cancel the order or, as the case my be, vary the same accordingly."

ဟုအဆိုရှိသည့်အလျောက်၊ ကျောက်ဖြူမြို့ ၂ ရာဘက်ရာဇဝတ်တရားသူကြီးက တရားမရုံး၏ စီရင်ချက်ဒီကရီကို စဉ်းစားဝေဖန်ကြည့်ပြီး၊ မယားစရိတ်ကျန်ငွေ ၆၀၀ ကျပ်ကို ပေးရန်အမိန့်ချမှတ်ခဲ့သည်ကို၊ အယူခံရုံး (ရာဘက်စက်ရှင်ရုံး)က မယားစရိတ်မှာ ပျက်ပြယ်သွားပြီဟု ဆုံးဖြတ်ချက်မှာ၊ မောင်ဒွန်း နှင့် မစိန် (၁) နှင့် မောင်ဘိုးခွေး နှင့် မငွေခါးစိန် (၂) စီရင်ထုံးများအရ လိုက်နာဆုံးဖြတ်ခြင်းမဟုတ်ပေ။ ဤကိစ္စမှာ မည်သို့ မည်ပုံ ပြုလုပ်ဆောင်ရွက်ရမည်ကို၊ *Maung Chit Tun* v. *Ma Pwa Sein* (3) စီရင်ထုံးတွင် သေချာစွာရေးသား ညွှန်ပြထားခြင်းကို၊ လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့က လိုက်နာရန်သာရှိပေသည်။

အခြေအနေကို အကျဉ်းအားဖြင့် ပြန်လည်ဖေါ်ပြရသော်၊ ယောကျ်ားဖြစ်သူက ဇနီးအား ပြန်ခေါ် ပေါင်းသင်းခွင့် တရားမ ရုံးတွင် တောင်းခံရရှိထား၏။ ထိုအမိန့်သည်

(3) 35 Cr. Law Journal 1934 (Rangoon) 813.

၁၉၇၁

မောင်ဉာဏ်ထွန်း နှင့် မအေးရင်ဖြူ

တည်နေ၏။ ဇနီးဖြစ်သူကလည်း ယောကျ်ားနှင့်ခွဲ၍ တသီးတခြား နေရစဉ်အတွင်း မယားစရိတ်ကို ရာဇဝတ်ရုံးတွင် တောင်းခံရရှိထား၏။ ခွဲခွါနေသည့်ကာလအတွက် ရုံးကခွင့်ပြုခဲ့သော မယားစရိတ်ကိုပေးရန် လင်ယောကျ်ားတွင် တာဝန်ရှိ၏။ မယားအား ပြန်ခေါ်ပေါင်းသင်းခွင့်နှင့် တသီးတခြား နေကြရစဉ်ကာလအတွက် မယားအာ ထောက်ပံ့ရန်တာဝန်တို့သည် ဆန့်ကျင်သည်မဆိုနိုင်။ တာဝန်နှင့်ရပိုင်ခွင့် ယှဉ်တွဲလျက် ရှိသည်။

အဖြစ်အပျက်ဘို့နှင့်ပတ်သက်၍ အထက်ရုံးများက ပြန်လည်သုံးသပ် ဆုံးဖြတ်ပြီး ဖြစ်သည်။ မပြေမလည်ဖြစ်နေကြသေးသည်မှာ ဥပဒေပြဿနာမဟုတ်၊ အချင်းချင်း အပေါ် ထားရှိကြသည့်သဘောနှင့် စေတနာဖြစ်သည်။ အထူးအယူခံတွင် ငြင်းခုံကြသည်ထက်၊ အချင်းချင်းသဘော၊ စေတနာ၊ မျှတဖို့က အဓိကဖြစ်သည်။

ထို့ကြောင့် အထူးအယူခံဝင်ခွင့်ပြုရန် အကြောင်းမမြင်၊ လျှောက်လွှာကို စရိတ်မဲ့ ပယ်သည်။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်အထွေထွေ လျှောက်လွှာ

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်နှင့် တရားသူကြီး ဦးကျော်ဇံဦး တို့ရှေ့တွင်

ဒေါ် အေးတင် † ၁၉၇၁

နှင့် မတ်လ ၃၁ ရက်။

မိတ္ထီလာခရိုင် ဒေသပြည်သူ့ တရားရုံး အယူခံအဖွဲ့ပါ ၂ *

ဆိုရှယ်လစ်စီးပွါးရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသည့်ဥပဒေ—ယင်းဥပဒေကိုကျော်၍ အယူခံဝင်ခြင်း၊ စာချုန်လျှောက်ထားခြင်း၊ ပြင်ဆင်မှုလျှောက်ထားခြင်း စသည်တို့ ပြုနိုင်-မပြုနိုင်—၎င်းဥပဒေအရ၊ ဖွဲ့စည်းသောဒေသ ပြည်သူ့တရားရုံးနှင့် အယူခံရုံးများသည်၊ တရားရုံးချုပ်၏ ကြီးကြပ်ကွပ်ကဲခြင်း၏ အပြင်အပတွင် ကျရောက်ခြင်းရှိ-မရှိ—တရားရုံးချုပ်၏စီရင်ပိုင်ခွင့်အာဏာ။

ဆုံးဖြတ်ချက်။ ။၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွါးရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေသည် ပြစ်မှုများကိုသာ ပြဋ္ဌာန်းသည်မက၊ ယင်းပြစ်မှုများကို စစ်ဆေးရန် ပြည်သူ့တရားရုံးများကို အစိုးရက မည်သို့မည်ပုံ ဖွဲ့စည်းပေးရမည်ဟု သတ်မှတ်ထားပြီးဖြစ်သည်။ ပြစ်မှုနှင့် ရုံး တပါတည်း တပ်ဆင်ထားသော ဥပဒေဖြစ်သည်။ ထိုဥပဒေကိုကျော်၍ အယူခံဝင်ခြင်း၊ စာချုန်လျှောက်ထားခြင်း၊ ပြင်ဆင်မှုလျှောက်ထားခြင်း စသည်ကိုမပြုနိုင်ပေ။

ထပ်မံဆုံးဖြတ်ချက်။ ။၁၉၆၄ ခုနှစ်၊ [illegible]အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ၁၉၆၂ ခုနှစ်၊ အထူးရာဇဝတ်ရုံး ဥပဒေ၊ ၁၉၆၃ ခုနှစ်၊ သီးစားချထားရေးဥပဒေ စသည့်အထူးဥပဒေသာခကာ တို့ကိုထောက်ရှုလျှင် ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွါးရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသည့် ဥပဒေအရ ဖွဲ့စည်းသော ဒေသ ပြည်သူ့တရားရုံးနှင့် အယူခံရုံးများသည်၊ တရားရုံးချုပ်၏ကြီးကြပ်ကွပ်ကဲခြင်း၏ အပြင်အပတွင် ကျရောက်သော ပြည်သူ့တရားရုံးများဖြစ်ကြသည်မှာထင်ရှားသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ ဤရုံး၏ စီရင်ပိုင်ခွင့်အာဏာကို တရားဥပဒေက ပြဋ္ဌာန်းသတ်မှတ်သည်။ ဤရုံးသို့ ဥပဒေဖြင့် အထင်အရှားအပ်နှင်းသော အာဏာကိုသာ ဤရုံးက ကိုင်တွယ်သုံးစွဲနိုင်သည်။

---

* ၁၉၆၉ ခုနှစ်၊ ရာဇဝတ် အထွေထွေလျှောက်လွှာအမှတ် ၁၈။

† မိတ္ထီလာခရိုင်ဒေသ ပြည်သူ့တရားရုံးအယူခံအဖွဲ့၊ အယူခံမှုအမှတ် ၁/၆၉ နှင့် မိတ္ထီလာမြို့နယ်ဒေသ ပြည်သူ့တရားရုံး အမှုအခင်းအမှတ် ၁/၆၉ တွင်ချမှတ်သော အမိန့်တို့ကို မကျေနပ်၍ အမှုခေါ် စာချုန်မိန့် ထုတ်ဆင့်ပေးရန်လျှောက်ထားသောလျှောက်လွှာ။

၁၉၇၁ — ဒေါ်အေးတင် နှင့် မိတ္ထီလာ ခရိုင် ဒေသ ပြည်သူ့ တရားရုံး အယူခံ အဖွဲ့ ပါ ၂။

ပေးအပ်သောစီရင်ပိုင်ခွင့်နှင့် တာဝန်တို့ကို ကျေပွန်ပိုင်နိုင်စွာ ထမ်းဆောင်ရန် အရေးကြီးသည့်နည်းတူ အလားတူပင် ဥပဒေဖြင့် အတိအလင်း အပ်နှင်းခြင်းမရှိသော စီရင်ပိုင်ခွင့်တာဝန်တို့ကို ချဲ့တွင်ကောက်ယူခြင်း မပြုမိရန် အရေးကြီးသည်။

ပြင်ဆင်ရန် လျှောက်ထားသူအတွက်။ ။တရားရုံးချုပ်၊ ရှေ့နေကြီး ဦးသန်းမောင်။

ပြင်ဆင်ရန် လျှောက်ထားခံရသူအတွက်။ ။

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်။ ။၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ် စီးပွါးရေးစနစ်တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေပုဒ်မ ၁၄ အရ၊ ဒေသပြည်သူ့ တရားရုံးက စစ်ဆေးစီရင်ခဲ့သော အမှုကို လျှောက်ထားသူက ဒေသပြည်သူ့တရားရုံး အယူခံအဖွဲ့သို့ အယူခံ တက်ရောက်ခဲ့သည်၊ တားမြစ်ကုန် သယ်ယူလာသော လော်လီကားကို ရှာဖွေအရေးယူခဲ့ရာမှ ဖြစ်ပွါးသော အမှုဖြစ်သည်။ ဒေသပြည်သူ့ တရားရုံးက တားမြစ်ကုန်ဖြစ်သော ကော်ဖီစေ့ဆိုဒါ ပုံးများကို သိမ်းဆည်းသည်။ သယ်ယူလာသူ၊ ကားမောင်းသူနှင့် စပယ်ယာတို့အား ထောင်ဒဏ်၊ ငွေဒဏ်စသည်တို့ကို ချမှတ်သည်။ ထို့ပြင် လော်လီကားကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့သည်။

လျှောက်ထားသူက လော်လီကားသည် မိမိတို့ပိုင် ဖြစ်ပါသည်၊ မိမိတို့သည် ကားကို ငှါးရမ်းခဲ့ခြင်းသာ ဖြစ်ပါသည်၊ တားမြစ်ကုန် သယ်ယူခြင်းကိုမသိ၊ အားမပေးပါဟု အယူခံရုံးတွင် တင်ပြခဲ့ကြသည်။ ဒေသပြည်သူ့ တရားရုံးတွင်မိမိတို့အား ခေါ်ယူစစ်ဆေးမေးမြန်းခြင်းမရှိခဲ့ပါဟူ၍လည်းတင်ပြသည်။

အယူခံတွင် မအောင်မြင်သဖြင့်၊ လျှောက်ထားသူက ဤရုံးသို့ လာရောက်၍ ဒေသပြည်သူ့ တရားရုံးနှင့် အယူခံအဖွဲ့တို့၏ အမိန့်တို့ကို မိမိတို့နှင့် ပတ်သက်သမျှ ပယ်ဖျက်ကာ လော်လီကားကို မိမိတို့အား ပြန်ပေးစေ အမိန့်ချမှတ်ပေးပါရန်လျှောက်ထားသည်။

လျှောက်ထားသူ၏ ရှေ့နေကြီး ဦးသန်းမောင်က ဒေသပြည်သူ့ တရားရုံးသည်၊ သက်ဆိုင်သူ ကားပိုင်ရှင်အား ခေါ်ယူ မေးမြန်းခြင်းမပြု၊ ထုချေခွင့် မပေးခဲ့သောကြောင့် လျှောက်ထားသူ၏ကားကို သိမ်းဆည်းရန် ချမှတ်သော အမိန့်သည် မျှတမှုကင်းမဲ့ကာ အာဏာလွန်နေသည်ဟု ဆိုရပါမည်၊ အာဏာလွန်သော အမိန့်ဖြစ်သောကြောင့်၊ ယင်းအမိန့်ကို ပယ်ဖျက်ပေးရန် ဤရုံးသို့ စာချွန် လျှောက်ထားခြင်း ဖြစ်ပါသည်ဟု လျှောက်ထားသည်။

ရည်ညွှန်းခဲ့ပြီးသော ၁၉၆၅ ခုနှစ်၊ အထူးဥပဒေဖြင့် ပြဋ္ဌာန်းသော ပြစ်မှုများကို စစ်ဆေးစီရင်ရန် ယင်းဥပဒေကပင် တရားရုံးအဆင့်ဆင့် တည်ဆောက်ထားသည်။

ပုဒ်မ ၁၄ ပါ ပြစ်မှုများကို ဒေသပြည်သူ့ တရားရုံးက စစ်ဆေးရမည်၊ ယင်းတရားရုံးကို အစိုးရက ဖွဲ့စည်းပေးရမည်၊ ဒေသပြည်သူ့ တရားရုံး၏ စီရင်ချက်ကို မကျေနပ်လျှင် အစိုးရက ဖွဲ့စည်းပေးသော အယူခံအဖွဲ့သို့ အယူခံဝင်နိုင်သည်၊ အယူခံအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးသတ် အတည်ဖြစ်စေရမည်ဟု ပုဒ်မ ၁၄ တွင် အတိအလင်းပြဋ္ဌာန်းထားသည်။ အလားတူပင် ပုဒ်မ ၁၅ အရ အရေးယူသည့်အမှုကို စစ်ဆေးရန် အထူးရာဇဝတ်ရုံး ဖွဲ့စည်းပေးရမည်ဟု သတ်မှတ်သည်။ အထူးရာဇဝတ်ရုံးက ချမှတ်သော အမိန့်မှာ အထူးရာဇဝတ်ရုံး အယူခံအဖွဲ့သို့သာ အယူခံ ဝင်နိုင်ပေသည်။

၁၉၇၁ — ဒေါ်အေးတင်နှင့် မိတ္ထီလာ ခရိုင် ဒေသ ပြည်သူ့တရားရုံး အယူခံအဖွဲ့ ပါ ၂။

ထို့ကြောင့် ၁၉၆၅ ခုနှစ်၊ ဥပဒေသည် ပြစ်မှုများကိုသာ ပြဋ္ဌာန်းသည်မက၊ ယင်းပြစ်မှုများကို စစ်ဆေးရန် ပြည်သူ့တရားရုံးများကို အစိုးရက မည်သို့မည်ပုံ ဖွဲ့စည်းပေးရမည်ဟု သတ်မှတ်ထားပြီးဖြစ်သည်၊ ပြစ်မှုနှင့် ရုံးတပါတည်း တပ်ဆင်ထားသော ဥပဒေဖြစ်သည်။ ထိုဥပဒေကိုကျော်၍ အယူခံဝင်ခြင်း၊ စာချွန် လျှောက်ထားခြင်း၊ ပြင်ဆင်မှု လျှောက်ထားခြင်း စသည်ကို မပြုနိုင်ပေ။ အလားတူပင် အထူးဥပဒေ နမူနာများရှိသည်။ ၁၉၆၄ ခုနှစ်၊ ဝါဏိဇ္ဇ ပဋိပက္ခ အက်ဥပဒေကို ပြင်သည့် ဥပဒေ (တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၂၀)တွင် ဝါဏိဇ္ဇ ပဋိပက္ခမှုများကို မူလစစ်ဆေးရန် ကော်မီတီများ၊ အယူခံ ကြားနာရန် ကော်မီတီများနှင့် ဗဟိုဝါဏိဇ္ဇ ပဋိပက္ခမှု ကော်မီတီတို့ကို အဆင့်ဆင့် ဖွဲ့စည်းပေးထားသည်။ ဗဟိုကော်မီတီသည် အယူခံကော်မီတီများမှ ချမှတ်သော အမိန့်များကို ပြင်ဆင်ပေးနိုင်သည် ဟူ၍လည်း အတိအလင်း ပြဋ္ဌာန်းထားသည်၊ ဗဟိုကော်မီတီ၏ ဆုံးဖြတ်ချက်၊ သို့မဟုတ် အမိန့်ကို တရားမရုံး သို့မဟုတ် ရာဇဝတ်ရုံး တရုံးရုံးတွင် သော်၎င်း၊ စာချွန်မိန့်ဖြင့် တရားရုံးချုပ်တွင်သော်၎င်း ငြင်းဆိုခြင်း မပြုရဟု ပြဋ္ဌာန်းထားသည်။

၁၉၆၂ ခုနှစ်၊ အထူးရာဇဝတ်ရုံး ဥပဒေပုဒ်မ ၁၉ တွင် ယင်းဥပဒေအရ ဆောင်ရွက်သည့်ပြစ်မှုနှင့် ၎င်းချမှတ်သော ဆုံးဖြတ်ချက်များနှင့် စပ်လျဉ်း၍၎င်း၊ တရားရုံးချုပ်တွင် ပြင်ဆင်ခွင့်၊ ကြီးကြပ်ကြည့်ရှုနိုင်ခွင့်၊ အယူခံကို လက်ခံနိုင်ခွင့်စသည့် အခွင့်အာဏာများ မရှိစေရဟု ပြဋ္ဌာန်းထားသည်။

၁၉၆၃ ခုနှစ်၊ သီးစားချထားရေး ဥပဒေပုဒ်မ ၈ တွင်၊ ယင်းဥပဒေအရ အာဏာလွှဲအပ်ခြင်းခံရသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းတခုခုက ချမှတ်သည့် အမိန့်ကို မည်သည့် တရားမရုံး၊ ခုံရုံးတွင်မျှ ငြင်းဆိုပိုင်ခွင့် မရှိစေရ၊ ထိုအမိန့်ကို အယူခံဝင်လိုက ဥပဒေက သတ်မှတ်ထားသော အဖွဲ့အစည်း တခုခုတွင်သာ အယူခံ ဝင်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ သီးစားချထားရေး ဥပဒေအပိုဒ် ၁၅ တွင်၊ ကျေးရွာမြေယာကော်မီတီ မြို့နယ်မြေယာကော်မီတီတို့၏ ဆုံးဖြတ်ချက်ကို ဗဟိုမြေယာကော်မီတီထံ အယူခံဝင်နိုင်ခွင့်ရှိသည်။ ဗဟိုမြေယာကော်မီတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်

၁၉၇၁
ဒေါ်အေးတင် နှင့် မိတ္ထီလာ ခရိုင် ဒေသ ပြည်သူ့ တရားရုံး အယူခံ အဖွဲ့ ပါ ၂။

ဖြစ်စေရမည်ဟု ပြဋ္ဌာန်းထားသည်။ ယင်းပြဋ္ဌာန်းချက် ရှိသောကြောင့် ဗဟိုမြေယာကော်မီတီ၏ ဆုံးဖြတ်ချက်ကို တရားရုံးချုပ်က စာချွန်ဖြင့် ပယ်ဖျက်ပေးနိုင်သည့် အာဏာမရှိဟု ဒေါ်သိန်းရင် နှင့် ဗဟိုမြေယာကော်မီတီပါ ၃ အမှု (၁) တွင် ဤရုံးက ထုံးပြုပြီးဖြစ်သည်။

အထက်ပါ သာဓကတို့ကို ထောက်ရှု၍ ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ် စီးပွါးရေးစံနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေအရ ဖွဲ့စည်းသော ဒေသ ပြည်သူ့တရားရုံးနှင့် အယူခံရုံးများသည်၊ တရားရုံးချုပ်၏ ကြီးကြပ်ကွပ်ကဲခြင်း၏ အပြင်အပတွင် ကျရောက်သော ပြည်သူ့တရားရုံးများ ဖြစ်ကြသည်မှာ ထင်ရှားသည်။ ကျွန်ုပ်တို့သည် အကြိမ်ကြိမ်အဖန်ဖန် ကြုံကြိုက်တိုင်း မှတ်ချက်ပြုခဲ့ကြပြီး ဖြစ်သည့် အတိုင်း ဤရုံး၏ စီရင်ပိုင်ခွင့် အာဏာကို တရားဥပဒေက ပြဋ္ဌာန်းသတ်မှတ်သည်။ ဤရုံးသို့ ဥပဒေဖြင့် အထင်အရှားအပ်နှင်းသော အာဏာကိုသာ ဤရုံးက ကိုင်တွယ် သုံးစွဲနိုင်သည်။ ပေးအပ်သော စီရင်ပိုင်ခွင့်နှင့် တာဝန်တို့ကို ကျေပွန်ပိုင်နိုင်စွာ ထမ်းဆောင်ရန် အရေးကြီးသည်။ အလားတူပင် ဥပဒေဖြင့် အတိအလင်း အပ်နှင်းခြင်း မရှိသော စီရင်ပိုင်ခွင့် တာဝန်တို့ကို ချဲ့ထွင်ကောက်ယူခြင်း မပြုမိရန် အရေးကြီးသည်။

အထက်ပါ အကြောင်းတို့ကြောင့် ဤလျှောက်လွှာကို လက်ခံကြားနာ၍ ဤရုံးတွင် စာချွန်မိန့် ထုတ်ပေးခွင့်မရှိဟု ကျွန်ုပ်တို့ ဆုံးဖြတ်သည်၊ ထို့ကြောင့် လျှောက်လွှာကိုပယ်လိုက်သည်။

ဤလျှောက်လွှာကို ဤရုံးက လက်ခံကြားနာရန် စီရင်ပိုင်ခွင့် ရှိပါသလားဟု လျှောက်ထားသူ၏ ရှေ့နေကြီးအား အစကနဦးကပင် အတွင်းဝန်များက မေးမြန်းခဲ့ကြောင်း၊ အမှုတွဲ နေ့စဉ်မှတ်တမ်းတွင် မှတ်တမ်းရှိသည်။ လျှောက်ထားသူ၏ ရှေ့နေကြီးက ဥပဒေအချက်အလက်များ ရှာဖွေ တင်ပြပါမည်ဟု ရက်ချိန်းအလီလီ တောင်းခဲ့သည်မှာ တနှစ်နှင့် သုံးလခန့် ကြာမြင့်ခဲ့လေသည်။ ဤမျှကြာမြင့်ခဲ့ခြင်းသည် မဖြစ်စကောင်း။ ဤမျှကြန့်ကြာနေခဲ့ကြစဉ်အတွင်း၌ အမှုသည်တို့မှာမူ မျှော်တလင့်လင့်နှင့် ကြောင့်ကျစိုးရိမ် နေခဲ့ရပေလိမ့်မည်။ လမ်းမှားသို့ လိုက်ခဲ့မိသည်ကို သိကောင်းမှ သိကြမည်၊ လမ်းမှန်သို့ ညွှန်ပြ၍ ပြည်သူတို့ကိုကူညီရန် တရားရုံးများတွင်လည်းကောင်း၊ ပြည်သူ့ ရှေ့နေကြီးများတွင် လည်းကောင်း တာဝန်ရှိပေသည်။ ရှေ့နေကြီးများက ထိုမျှကြာအောင် ရက်ချိန်းအတန်တန် တောင်းဆိုနေသည်ကိုလည်း အတွင်းဝန်များက ခွင့်ပြုရန်မဟုတ်၊ သင့်မြတ်သော အချိန်ပေးပြီးသည့်နောက် အမှုကိုအပြီးအပြတ် ကြားနာနိုင်ရန် ရုံးသို့တင်ရန်သာ ဖြစ်ပေသည်။

---

(၁) ၁၉၆၃ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံးများ၊ စ၁ ၇၈၈။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးသက်ဖေနှင့် တရားသူကြီး ဦးစိန်သင်းတို့ရှေ့တွင်

မကြည်ကြည်စန်း

နှင့်

မခင်ငွေး *

† ၁၉၇၁
ဧပြီလ
၂၀ ရက်။

ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၃၅၀ (က)—၎င်းပုဒ်မအရ တရားသူကြီးများ ခုံရုံးတွင် †အမှုစစ်စဉ်အတွင်း အဖွဲ့ဝင် အပြောင်းအလဲရှိစေကာမူ ထိုရုံးကချမှတ်သော စီရင်ချက်သည် အင်္ဂါနှစ်ရပ်နှင့် ပြည့်စုံပါက ပျက်ပြယ်မှု မရှိ—ဥပဒေပါ ပြဋ္ဌာန်းချက်များကို တိကျစွာ မလိုက်နာခြင်းကြောင့် စီရင်သော အမှုတခုလုံးသည် ပျက်ပြယ်သည်ဟု ယူဆနိုင် မနိုင်။

ဆုံးဖြတ်ချက်။ ။ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၃၅၀ (က) အရဆိုပါက၊ အကျိုးဆောင် သူကောင်းပြု တရားသူကြီးများ ခုံရုံးတွင် အမှုစစ်ဆေးနေစဉ် အတွင်း အဖွဲ့ဝင် အပြောင်းအလဲ ရှိစေကာမူ၊ ထိုရုံးမှ ချမှတ်သော စီရင်ချက်သည် အင်္ဂါနှစ်ရပ်နှင့်ပြည့်စုံပါက ပျက်ပြယ်ခြင်း မရှိပေ။ ထိုအင်္ဂါရပ်များမှာ (၁) ခုံရုံးသည် ရာဇဝတ် ကျင့်ထုံး ပုဒ်မ ၁၅၊ ၁၆ တို့နှင့် အညီ ဖွဲ့စည်းထားသည့် ခုံရုံး ဖြစ်ခြင်း၊ (၂) ခုံရုံးအဖွဲ့ဝင်များသည် အမှုစစ်ဆေးနေသည့် ကာလ တလျှောက်လုံးတွင် ရှိနေခြင်း ဖြစ်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။ဥပဒေပါ ပြဋ္ဌာန်းချက်များကို တိကျစွာ လိုက်နာခြင်း မရှိသည့် အကြောင်းကြောင့်၊ စီရင်သော အမှု တခုလုံးသည် ပျက်ပြယ်သည်ဟု ယူဆခြင်း မပြုနိုင်ပေ။ တရားခံအဘို့ တရားမျှတစွာ စစ်ဆေး စီရင်ခြင်းခံရလျှင် တရားမျှတမှု ဆိတ်သုဉ်းရာ မရောက်၍၊ ၎င်းအပေါ် ပြစ်ဒဏ်ထင်ရှားစီရင်ထားခြင်းသည် ပျက်ပြယ်ခြင်းမရှိပေ။ **ပြည်ထောင်စု နှင့် ဂိုဗင်ဒါ ဆွာမိ**၊ ၁၉၄၉၊ မြန်မာပြည် စီရင်ထုံး၊ (တရားလွှတ်တော်) ၆၆၂၊ **မရှာဘီ နှင့် ပြည်ထောင်စု ၁၉၅၀**၊ မြန်မာပြည်စီရင်ထုံး (တရားလွှတ်တော်) ၃၇၄ တို့ကို ကိုးကားသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ရန်ကုန်မြို့ ခရိုင်ရာဇဝတ်တရားသူကြီး။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။အစိုးရတရားရုံးချုပ်ရှေ့နေ ဦးမြရှိန်။

---

* ၁၉၇၀ **ခုနှစ်၊ ရာဇဝတ်**ပြင်ဆင်မှု အမှတ် ၁၅၀ (ခ)။

† ၁၉၇၀ ခုနှစ်၊ **ရာဇဝတ်**ကြီးမှု အမှတ် ၅၃ တွင် ချမှတ်သော၊ ၁၉၇၀ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့စွဲပါ မြောက်ဥက္ကလာပ၊ **သူကောင်း**ပြု တရားသူကြီးများ ခုံရုံး အမှတ် (၂) ၏ အမိန့်ကို ပြန်၍ ဆင်ခြင်မှု။

၁၉၇၁

မကြည်ကြည်စန်း နှင့် မခင်ဌေး။

တရားသူကြီး ဦးသက်ဖေ။ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ အကျိုးဆောင်သူကောင်းပြု တရားသူကြီးများ ခုံရုံးအမှတ် (၂)တွင်၊ မကြည်ကြည်စန်းကမခင်ဌေးအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၂၃ အရ အရေးယူပေးရန် ဦးတိုက်လျှောက်ထားသဖြင့် တရားလိုပြသက်သေများကို စစ်ဆေးပြီးနောက် ရုံးမှပုဒ်မ ၃၂၃ ဖြင့်စွဲချက်တင်ရာ၊ မခင်ဌေးက အပြစ်ရှိကြောင်းဝန်ခံသည်။ ၎င်းအပြစ်ရှိကြောင်း ဝန်ခံသည့်နေ့၌ စီရင်ချက်ချမှတ်ခြင်းမပြုဘဲ၊ နောက်တနေ့သို့ အမိန့်ချမှတ်ရန် ချိန်းဆိုလိုက်သည်။

သက်သေများကိုစစ်ဆေးစဉ်က ခုံရုံးတွင်ပါဝင်ကြသော တရားသူကြီးများမှာ၊ ဦးမာဒင်၊ ဦးသော်နှင့် ဟာဂျီဦးအောင်စိန်တို့ဖြစ်ကြသည်။ စီရင်ချမှတ်ရန် ချိန်းဆိုလိုက်သည့်နေ့တွင်၊ ခုံရုံးအဖွဲ့ဝင်တဦးဖြစ်သူ ဦးသော်သည် မကျန်းမာသဖြင့် ရုံးမတက်နိုင်၍၊ ၎င်း၏နေရာ၌ ဦးကျင်ဟုတ်ကဆောင်ရွက်သည်။ ထိုနေ့ကစီရင်ချက်ကို ဦးမာဒင်ကဒတ်ပြသည်။ စီရင်ချက်တွင် မခင်ဌေးအား ပုဒ်မ ၃၂၃ အရ ဒဏ်ငွေ ၁၀၀ ကျပ်တပ်ရိုက်ပြီး၊ ဒဏ်ငွေများရရှိက ၅၀ ကျပ်ကို မကြည်ကြည်စန်းသို့ လျော်ကြေးအဖြစ်ပေးရန်ဖြစ်သည်။ ဒဏ်ငွေမဆောင်က အလုပ်နှင့်ထောင်ဒဏ် တလကျခံရန်ဖြစ်သည်။ ထိုစီရင်ချက်ကို ဦးမာဒင်နှင့် ဦးကျင်ဟုတ်တို့က လက်မှတ်ထိုးကြသော်လည်း၊ ဟာဂျီဦးအောင်စိန်က ပြစ်မှုနှင့်နှိုင်းစာလျှင် ပြစ်ဒဏ်သည် ပြင်းထန်လွန်းသည်ဟုဆိုကာ လက်မှတ်မထိုးဘဲ ပြန်သွားသည်။ ထို့ကြောင့် ရန်ကုန်မြို့ ခရိုင်ရာဇဝတ်တရားသူကြီးက အဆိုပါခုံရုံးမှချမှတ်သော စီရင်ချက်သည် တရားဝင်သည်၊ မဝင်သည်ကို အဆုံးအဖြတ်ပေးရန် ဤရုံးသို့ တင်ပြလာခြင်းဖြစ်သည်။

ရာဇဝတ်ကျင့်ထုံးပုဒ်မ ၃၅၀ က တွင် ဤသို့ဆိုထားသည်။

> "No order or judgment of a Bench of Magistrates shall be invalid by reason only of a change having occurred at any stage of the inquiry or trial in the number of Magistrates sitting on the Bench, if the Bench by which such order or judgment is passed is duly constituted under section 15 and the rules made under section 16 and the Magistrates constituting the same have been present on the Bench throughout the proceedings."

ထိုပုဒ်မအရဆိုပါက၊ အကျိုးဆောင်သူကောင်းပြု တရားသူကြီးများခုံရုံးတွင် အမှုစစ်ဆေးနေစဉ်အတွင်းအဖွဲ့ဝင်အပြောင်းအလဲရှိစေကာမူ၊ ထိုရုံးမှချမှတ်သော စီရင်ချက်သည်အင်္ဂါရပ်နှစ်ခုနှင့်ပြည့်စုံပါက ပျက်ပြယ်ခြင်းမရှိပေ။ ထိုအင်္ဂါရပ်များမှာ (၁) ခုံရုံးသည်ရာဇဝတ်ကျင့်ထုံးပုဒ်မ၁၅၊ ၁၆တို့နှင့်အညီ ဖွဲ့စည်းထားသည့်ခုံရုံး ဖြစ်ခြင်း၊ (၂) ခုံရုံးအဖွဲ့ဝင်များသည်အမှုစစ်ဆေးနေသည့်ကာလအလျှောက်လုံးတွင်ရှိနေခြင်းဖြစ်သည်။

၁၉၇၁

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် မောင်တင်မြင့်။

လျှောက်ထားခံရသူသည် သရက်မြို့၊ ပြည်သူ့ရေနံလုပ်ငန်း၊ ရေနံကုန် ပစ္စည်း အရောင်းဆိုင်မှ တာဝန်ခံဆိုင်ထိုင်ဖြစ်သည်။ ၎င်း၏ဆိုင်မှ ဓါတ်ဆီ၊ ရေနံဆီဖြူ၊ ရေနံဆီနီ၊ ဒီဇယ်ဆီ၊ စက်ဆီအမျိုးမျိုး၊ အမဲဆီနှင့် ဖယောင်းတိုင်များကို ဖြန့်ဖြူးရောင်းချခဲ့သည်။ ၁၉၆၆ ခုနှစ်၊ ဇူလိုင်လအတွင်းက ပြည်မြို့၊ ပြည်သူ့ရေနံလုပ်ငန်းဌာနခွဲမှ ဌာနခွဲမှူး မစ္စတာဂျက်ကော့ဖ်သည် လျှောက်ထားခံရသူ၏ဆိုင်သို့ သွားရောက်စစ်ဆေးရာ၊ လယ်ဂျာစာရင်းလက်ကျန်နှင့် အမှန်တကယ်လက်ကျန်ဖြစ်သည့် ရေနံပစ္စည်းများမှာ ကွာခြားနေသည်ကို တွေ့ရသဖြင့်၊ ရန်ကုန်မြို့ရုံးချုပ်သို့ အစီရင်ခံလိုက်သည်။ ထို့ကြောင့် လျှောက်ထားခံရသူ ပြုလုပ်ခဲ့သည့် စာရင်းအင်းများကို၊ မြန်မာပြည်တောင်ပိုင်း ဒေသန္တရအရောင်းမှူး (ပရလ) ဦးတင်နှင့် အရောင်းစာရင်းဌာနလက်ထောက် စာရင်းကိုင်အရာရှိ ဦးလှဖေတို့က စစ်ဆေးကြည့်ရှုရာ၊ တန်ဘိုးငွေလေးသောင်း နှစ်သောင်ကျော်ရှိသည့် ပစ္စည်းများ ကွာခြားလျက်ရှိသည်ကို တွေ့ရသည်။ ယင်းသို့ ကွာခြားလျက်ရှိသည့် ပစ္စည်းများမှ လျော့သင့် လျော့ထိုက်သည့် အလျော့တွက်များကို ခုနှိမ်သည့်တိုင်အောင်၊ စုစုပေါင်း ၃၂,၇၇၅ ကျပ်၊ ၇၆ ပြား လျော့နည်းကွာခြားနေသည်ကိုတွေ့ရသည်။

ထိုကိစ္စနှင့်ပတ်သက်၍ လျှောက်ထားခံရသူက၊ လျော့နည်းကွာခြားသည့်ပစ္စည်းများတန်ဘိုးကို၊ တာဝန်ယူ၍ ပြန်ဆပ်ပါမည်ဟု ဝန်ခံသော စာတစောင်ရေးပေးပြီး၊ ၁၉၆၆ ခု၊ စက်တင်ဘာလ ၂၆ ရက်နေ့နှင့် ၁၉၆၆ ခု၊ အောက်တိုဘာလ ၂၅ ရက်နေ့တွင် ငွေမဖာရစ်အနေဖြင့်ငွေ ၅,၀၀၀ ကျပ်ကိုပေးသွင်းခဲ့သည်။ ကျန်ငွေများကိုမူ ပေးသွင်းခြင်းမပြုခဲ့ပေ။

အထက်ပါ အချက်အလက်ကိုထောက်ရှုပါက၊ လျှောက်ထားခံရသူသည် ပြည်သူပိုင်ပစ္စည်းဖြစ်သည့် တန်ဘိုး ၃၀,၀၀၀ ကျပ်ကျော်ရှိသော ရေနံပစ္စည်းများကို အလွဲသုံးစားပြုခဲ့သည်ဆိုသော၊ မူလရုံးနှင့် အယူခံရုံးတို့၏ တွေ့ရှိချက်များသည် မှန်ကန်သည်ဟု ဆိုရပေမည်ဖြစ်သည်။

လျှောက်ထားခံရသူ၏ တရားရုံးချုပ်ရှေ့နေ ဦးသန်းတင်က၊ စက်ရှင်တရားသူကြီးသည် လျှောက်ထားခံရသူအပေါ် ချမှတ်ထားသောပြစ်ဒဏ်မှာ လုံလောက်ခြင်းမရှိသဖြင့်၊ တိုးမြှင့်ပေးသင့်သည်ဟု သူဆပါက အယူခံမှုကို ဆုံးဖြတ်ခြင်းမပြုဘဲ၊ ဤရုံးသို့ပြစ်ဒဏ်တိုးမြှင့်ပေးရန် ထောက်ခံချက်နှင့်အတူ တင်ပြသင့်ပါသည်။ လျှောက်ထားခံရသူသည် စာရင်းအင်း မကျွမ်းကျင်သည်ကတကြောင်း၊ ဓါတ်ဆီ၊ ရေနံဆီ စသည့်ကုန်ပစ္စည်းများမှာ၊ ယိုဖိတ်တတ်သည့် ပစ္စည်းများဖြစ်၍ လျော့နည်းနိုင်သည်က တကြောင်း၊ ဆိုင်တာဝန်ခံဝတ္တရားကို ဆောင်ရွက်ရသည့်အပြင်၊သရက်မြို့နယ်ရှိ ပတောက်ပင် ရေနံလုပ်ငန်းကိုပါ အုပ်ချုပ် ကွပ်ကဲရသည်ကတကြောင်း၊ ထိုအကြောင်းများ

၁၉၇၁ — ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် မောင်တင်မြင့်။

ကြောင့် ရေနံပစ္စည်းများ လျော့နည်း ကွာခြားရခြင်းဖြစ်ပါသည်။ ကိုယ်ကျိုးအတွက် အလွဲသုံးစားမပြုခဲ့ရပါ၊ ထို့ကြောင့် ပြစ်ဒဏ်ကိုတိုးမြှင့်ပေးရန် မသင့်ပါဟု တင်ပြသွားသည်။ နိုင်ငံတော် အစိုးရအတွက် လိုက်ပါဆောင်ရွက်သည့် အစိုးရတရားရုံးချုပ်ရှေ့နေ ဦးမြရှိန်ကလည်း၊ လျှောက်ထားခံရသူအပေါ် အရေးယူခဲ့သည့် ဥပဒေအရ ဆိုပါက၊ ပြစ်ဒဏ်ကိုတိုးမြှင့်ပေးရန် အကြောင်းမရှိပါဟု ထောက်ခံတင်ပြသွားသည်။

စက်ရှင်တရားသူကြီးသည် တရားခံတဦးအပေါ် မှုလရုံးကချမှတ်ထားသည့်အပြစ်ဒဏ်မှာ၊ သင့်လျော်လုံလောက်ခြင်းမရှိသဖြင့် တိုးမြှင့်ပေးသင့်သည်ဟုယူဆပါက၊ ထိုပြစ်ဒဏ်နှင့်ပတ်သက်၍ အယူခံဝင်သော တရားခံ၏ အယူခံမှုကို အဆုံးအဖြတ်မပြုသင့်ပေ။ တရားခံ၏အယူခံလွှာအား၊ ၎င်းအပေါ် မည်သည့်အတွက်ကြောင့် ပြစ်ဒဏ်တိုးမြှင့်ပေးသင့်သည်ဆိုသော ထောက်ခံချက်နှင့်အတူ ဤရုံးသို့ တင်ပြသင့်ပေသည်။ ဘရှိန် နှင့် အစိုးရ (၁)။

စက်ရှင်တရားသူကြီးက၊ မောင်မြင့်သန်းပါ ၂ ဦး နှင့် ပြည်ထောင်စု (၂) တို့အမှုတွင်၊ အလားတူကိစ္စအတွက် အလုပ်နှင့်ထောင်ဒဏ် ငါးနှစ်ချမှတ်ခဲ့သောကြောင့်၊ ယခုအမှုတွင်လည်း ထောင်ဒဏ် ၂ နှစ်မှ ၅ နှစ်သို့ တိုးမြှင့်ပေးသင့်ပါသည်ဟု တင်ပြထားသည်။ အဆိုပါအမှုတွင် တရားခံအား ရာဇသတ်ကြီးပုဒ်မ ၄၀၉ အရ ပြစ်ဒဏ်ထင်ရှားစီရင်ခဲ့ခြင်းဖြစ်ပြီး၊ ယခုအမှု၌မူ လျှောက်ထားခံရသူအား ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေပုဒ်မ ၆(၁)အရ အရေးယူခဲ့ခြင်းဖြစ်သည်ကိုသတိချပ်ရမည်ဖြစ်သည်။ ထိုဥပဒေနှစ်ရပ်၌သတ်မှတ်ထားသည့် ပြစ်ဒဏ်များမှာ မတူကြပေ။ ထိုပြစ်မှုအတွက်ပင် ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ အရေးယူပါမူ၊ ရာဇသတ်ကြီးပုဒ်မ ၄၀၉ အရရင်း၊ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေပုဒ်မ ၆(၁)အရရင်း၊ ချမှတ်သည့် ပြစ်ဒဏ်များနှင့် တူညီနိုင်မည်မဟုတ်ပေ။ သို့ဖြစ်ရာ၊ ယခုအမှု၌ လျှောက်ထားခံရသူအား အလုပ်နှင့်ထောင်ဒဏ် ၂ နှစ်ကျခံစေရန် ချမှတ်ထားသော မူလရုံး၏အမိန့်သည်၊ အလွန်အလွန် သက်ညှာလွန်းသည်ဟုသော်၎င်း၊ ဥပဒေအရ မှားယွင်းချွတ်ချော်သည်ဟုသော်၎င်း မဆိုနိုင်သဖြင့်၊ ပြစ်ဒဏ်ကိုတိုးမြှင့်ပေးရန် မသင့်ဟု ကျွန်ုပ်တို့ယူဆကြသည့်အတိုင်း၊ စက်ရှင်တရားသူကြီးထောက်ခံချက်ကိုလက်မခံဘဲ၊အဆက်ပါမှတ်ချက်များနှင့်အတူ အမှုတွဲကို ပြန်လည်ပေးပို့လိုက်သည်။

(၁) ၁၉၄၇၊ ရန်ကုန်စီရင်ထုံး၊ ၃၇၆။
(၂) ၁၉၆၆၊ မြန်မာပြည် စီရင်ထုံး၊ ၁၄၇၄။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးသက်ဖေနှင့် တရားသူကြီး ဦးစိန်သင်းတို့ ရှေ့တွင်

ပြည်ထောင်စုမြန်မာနိုင်ငံ (ဒေါ်ရှူခင်)

နှင့်

၁။ မောင်မြ (ခေါ်) မြဦး*
၂။ မောင်အေး (ခေါ်) အေးပု
၃။ မောင်မှတ်ကြီး
၄။ သန်းအောင်

† ၁၉၇၁ ဧပြီလ ၂၂ ရက်။

တရားသူကြီးများသည် မိမိကိုယ်ကို ဒိုင်လူကြီးများသဘွယ်သာလျှင် မှတ်ယူပြီး ၊ အမှန်ကို ဖေါ်ထုတ်ရန် ဆီလျော်သည့်မေးခွန်းများကိုမေးမြန်းသင့် မသင့်—သက်သေက မေ့လျော့ချန်လှပ်ထားရုံမျှဖြင့် ပစ္စည်းရှာ စာရင်းတွင် ဖေါ်ပြထားသော ပစ္စည်း မပါဝင်ဟု ယူဆနိုင် မနိုင်။

ဤအမှုတွင် ပစ္စည်းသိမ်းသူ ရဲအရာရှိက၊ သိမ်းဆည်းသော ပစ္စည်း စာရင်းတွင် မော်တော်ကားနံပါတ်ပြားတခု ပါဝင်ကြောင်း ဖေါ်ပြထားသော်လည်း၊ ၎င်း၏ အစစ်ခံချက်၌ နံပါတ်ပြား ပါဝင်သည်ဟု တိတိကျကျ ထွက်ဆိုထားခြင်းမရှိ၍၊ မူလရုံးတရားသူကြီးက တရားခံများသည် မှုပြစ်ကျူးလွန်ကြောင်း ဒွိဟ သံသယ ကင်းရှင်းသည့် သက်သေခံချက်များ ရှိသည်ဟု မဆိုနိုင်ပါဟု ကောက်ယူဆုံးဖြတ်ခဲ့သည်။

ဆုံးဖြတ်ချက်။ ။အမှုစစ် တရားသူကြီးများသည် မိမိတို့ကိုယ်ကို ဒိုင်လူကြီးများသဘွယ်သာလျှင် မှတ်ယူရန် မဟုတ်၊ အမှန်ကို ဖေါ်ထုတ်ရန်အတွက် ဆီလျော်သည့် မေးခွန်းများကို မေးမြန်းသင့်သည်။ ထိုကဲ့သို့ အမှန်ကို ဖေါ်ထုတ်ရန်အတွက် လျော်ကန်သင့်မြတ်သည့် မေးခွန်းများကို မေးမြန်းနိုင်ရန် ဥပဒေအာဏာများ အပ်နှင်းထားသည်။ သို့ဖြစ်လေရာ၊ သက်သေက မေ့လျော့ပြီး ချန်လှပ်ထားရုံကာမျှဖြင့် ပစ္စည်းရှာ စာရင်းတွင်အသေအချာ ဖေါ်ပြထားသော ပစ္စည်း မပါဝင်ဟု မယူဆနိုင်ချေ။

အယူခံတရားလိုအတွက်။ ။အစိုးရဘရားရုံးချုပ်ရှေ့နေ ဦးကျော်မြင့်။

အယူခံတရားခံအတွက်။ တရားရုံးချုပ်ရှေ့နေများ ဦးလှတင် နှင့် ဦးဘသိုင်။

---

* ၁၉၇၀ **ခုနှစ်၊ ရာဇဝတ်** အယူခံမှု အမှတ် ၄၉။

† အယူခံ **တရားခံများအပေါ်** ရန်ကုန်မြို့၊ (၁၀) ရာဘက်ရာဇဝတ်တရားသူကြီးရုံး၊ ရာကြီးမှု ၈၇၇/၆၉ တွင် **ရာဇသတ် ပုဒ်မ ၃၇၉**/၁၁၄ နှင့် ၄၁၁ တို့အရ၊ စွဲဆိုထားခြင်းမှ ၁၉၆၉ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်**နေ့က တရားသေ** လွှတ်လိုက်သဖြင့် နိုင်ငံတော် ရှေ့နေချုပ်က မကျေနပ်၍ ရာကျင့်ထုံး ပုဒ်မ ၄၁၇ **အရ၊ တင်သွင်းသော အယူခံ**လွှာ။

၁၉၇၁

ပြည်ထောင်စုမြန်မာနိုင်ငံ (ဒေါ်ရှုခင်) နှင့် ၁။ မောင်မြ (ခေါ်) မြဦး၊ ၂။ မောင်အေး (ခေါ်) အေးပု၊ ၃။ မောင်မှတ်ကြီး၊ ၄။ သန်းအောင်။

တရားသူကြီး ဦးစိန်သင်း။ ။၁၉၆၉ ခု၊ မတ်လ ၈ ရက်နေ့ နေ့လည် ၄ း ၁ ရှိ အချိန်ခန့်တွင်၊ ရန်ကုန်မြို့ ၁၀ လမ်း အမှတ် ၆၇ နေ ဒေါ်ရှုခင်သည်၊ ဂျစ်ကားအင်မ်းရောင် မှတ်ပုံတင်အမှတ် ခ/၈၆၀၇ ကိုကိုယ်တိုင်မောင်းနှင်လျက် ဗိုလ်ချုပ်ဈေးသို့ သွားရောက်ခဲ့သည်။ ဒေါ်ရှုခင်သည် ဂျစ်ကားကို ကားရပ်တန့်ရာနေရာတွင် ရပ်ခဲ့ပြီး ဈေးထဲ ဝင်သွားသည်။၁၀ မိနစ်ခန့်အကြာ ပြန်ထွက်လာရာတွင်ဂျစ်ကားပျောက်ဆုံးနေသည်ကိုတွေ့ရသဖြင့်၊ ပန်းဘဲတန်းရဲတပ်ဖွဲ့စခန်းတွင် ပထမ သတင်းပေးအစီရင်ခံချက်ပေးခဲ့သည်။ ပထမသတင်းပေး အစီရင်ခံချက်၌ ဒေါ်ရှုခင်က ပျောက်ဆုံးသွားသည့် ဂျစ်ကားမှာ ကိုယ်ထည်အစိမ်းရောင် အမိုးမှာကာကီရောင်ဖြစ်ပြီး နောက်တွင် အပိုတာယာ တပ်လျက်ရှိပါသည်။ အင်ဂျင်နံပါတ်မှာ (ဂျီ၊ဒီ၊ဒဗလျူ၊၁၉၇၇၉၈) ဖြစ်ပါသည်ဟုဖေါ်ပြထားသည်။ထိုအမှုကို ဒု-လုံခြုံရေးမှူးဦးခင်မောင်ရီ (လုံပြ-၃) က စုံစမ်းစစ်ဆေးခြင်းများပြုလုပ်ခဲ့သည်။၁၉၆၉ ခု၊ မေလ ၁၀ ရက်နေ့တွင် ဦးခင်မောင်ရီသည် သနပ္ပင်မြို့ ကိုသောင်းထံမှ ဂျစ်ကားတာယာသုံးလုံးနှင့် ဘရစ်စတုံး အမျိုးအစား အစိမ်းရောင်ဂွေပါသည့် တာယာတလုံးအပါအဝင် ကားပစ္စည်း ၉ မျိုးကို သိမ်းဆည်းလိုက်သည်။ ထိုနေ့တွင်ပင် စွန်ဒီကျေးရွာနေ အယူခံတရားခံ မောင်သန်းအောင်ထံမှ နံပါတ်ပြားတခုအပါအဝင် ကားပစ္စည်း ၆ မျိုးကို ပစ္စည်းရှာစာရင်းပြုလုပ်ပြီးသိမ်းဆည်းလိုက်သည်။ ထိုစာရင်းကို မူလရုံးတွင်သက်သေခံအမှတ်(ဂ)အရ တင်သွင်းခဲ့သည်။ ထိုနေ့တွင်ပင်လျှင်၊ အယူခံတရားခံ မောင်မှတ်ကြီး လိုက်လံပြသသောနေရာမှ ကားပစ္စည်းအမျိုးပေါင်း ၅၀ ကျော်ကို သိမ်းဆည်းလိုက်သည်။ မောင်သောင်းက မိမိထံမှ တွေ့ရှိရသည့်တာယာသုံးလုံးမှာ၊အယူခံတရားခံကိုအေးထံမှငွေ ၇၀၀ ကျပ်ဖြင့်ဝယ်ထားသည့် ပစ္စည်းများဖြစ်ပါသည်ဟုဆိုသည်။ ရှာဖွေပုံစံအမှတ် (ဂ)အရ သိမ်းဆည်းခဲ့သည့် ပစ္စည်းများအနက် နံပါတ်များကိုဖျက်ထားသည့် နံပါတ်ပြားကို မြန်မာနိုင်ငံ မှုခင်း စုံစမ်းစစ်ဆေးရေးတပ်ဖွဲ့ခွဲ ညွှန်ကြားရေးမှူးရုံးသို့ ပို့လိုက်ရာ၊ ထိုနံပါတ်ပြားအပေါ်၌ မူလကရေးသားထားသည့် နံပါတ်မှာ (ခ/၈၆၉၇) ဖြစ်ပါသည်ဟု လောကဓါတ်ဆိုင်ရာ ကျွမ်းကျင်စစ်ဆေးသူအရာရှိ ဦးထွန်းလှိုင် (လုံပြ-၆) က အစီရင်ခံထားသည်။ ထိုအမှုနှင့်စပ်လျဉ်း၍ မောင်မြ၊ မောင်အေး၊ မောင်မှတ်ကြီးနှင့် မောင်သန်းအောင်တို့ကို၊ ရန်ကုန်မြို့ (၁၀) ရာဘက် ရာဇဝတ် တရားသူကြီးရုံးတွင်၊ ၁၉၆၉ ခု၊ ရာဇဝတ်ကြီးမှုအမှတ် ၈၇၇ ၌ရာဇသတ်ပုဒ်မ ၃၇၉ အရ တရားစွဲဆိုတင်ပို့ခဲ့သည်။ မူလရုံးတရားသူကြီးက ဒေါ်ရှုခင်သည် မိမိ၏ဂျစ်ကားမှာ အစိမ်းရောင်ဖြစ်၍ အမိုးမှာ ကာကီရောင်ဖြစ်ပြီး စပယ်ယာဘီး တပ်ထားကြောင်းမျှသာလျှင် ထွက်ဆိုနိုင်ပါသည်။ တရားခံများထံမှသိမ်းဆည်းရမိသောပစ္စည်းများသည်ဒေါ်ရှုခင်ပျောက်ဆုံးသွားသော ဂျစ်ကားမှ ပစ္စည်းများဖြစ်ကြောင်း မထင်ရှားပါ။ အစိမ်းရောင်ကားပစ္စည်းများ တွေ့

၁၉၇၁

ပြည်ထောင်စု မြန်မာနိုင်ငံ (ဒေါ် ရွှေခင်) နှင့် ၁။ မောင်မြ (ခေါ်) မြဦး၊ ၂။ မောင်အေး (ခေါ်) အေးပု၊ ၃။ မောင်မှတ်ကြီး၊ ၄။ သန်းအောင်။

ရှိကာမျှဖြင့်၊ထိုပစ္စည်းများသည် ပျောက်ဆုံးသွားသည့် ကားပစ္စည်းများဖြစ်သည်ဟု တထစ်ချ မယူဆနိုင်ပါ။ အင်းစိန်ဓါတုဗေဒဌာနသို့ ပို့ခဲ့သည့် နံပါတ်ပြား၏ မူလ နံပါတ်မှာ(ခ/ဂ၆၉၇)ဖြစ်ကြောင်း တွေ့ရှိရသော်လည်း၊ ထိုကားနံပါတ်ပြားကို မည် သည့်တရားခံထံမှ သိမ်းယူခဲ့သည်ဆိုခြင်းမှာပေါ်လွင်ခြင်းမရှိပါ။ သက်သေခံအမှတ် (ဂ) ပစ္စည်းစာရင်းတွင် နံပါတ်ပြားတခုပါဝင်ကြောင်းဖော်ပြထားသော်လည်း သိမ်း ဆည်းခဲ့သူ ရဲအရာရှိ ဦးခင်မောင်ရီ၏ အစစ်ခံချက်၌ နံပါတ်ပြားပါဝင်သည်ဟု တိတိကျကျ ထွက်ဆိုထားခြင်းမရှိပါ။ ထို့ကြောင့် တရားခံများအပေါ်၌ တင်သွင်း ထားသည့် စွဲချက်များအရ မှုပြစ်ကျူးလွန်ကြောင်း ဒွိဟသံသယကင်းရှင်းသည့် သက် သေခံချက်များ ရရှိသည်ဟုမဆိုနိုင်ပါ အစရှိသဖြင့် ကောက်ယူဆုံးဖြတ်ပြီး၊ တရားခံ ၄ ယောက်စလုံးအား တရားသေလွှတ်ရန် အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်ကို ဤအမှုမှ အယူခံသူ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက မကျေနပ်သဖြင့်၊ရာဇဝတ် ကျင့်ထုံးပုဒ်မ ၄၁၇ အရ အယူခံဝင်ခြင်းဖြစ်သည်။ အယူခံလွှာ၌ဖော်ပြထားသည့် အကြောင်းပြချက်များမှာ၊ သက်သေခံအမှတ် (ဂ) ပစ္စည်းရှာစာရင်းအရ သိမ်းဆည်း သောပစ္စည်းများသည် နံပါတ်ပြားအမှတ် (ခ/ဂ၆၉၇)ပါဝင်ပါသည်။ ထိုပစ္စည်းများကို အယူခံတရားခံ မောင်သန်းအောင်က ၎င်း၏အကိုထံအပ်ထားသော ပစ္စည်းများဖြစ် ကြောင်း ဝန်ခံခဲ့ပြီးဖြစ်သဖြင့် ထိုနံပါတ်ပြားကို မည်သူ့ထံမှ သိမ်းဆည်းခဲ့ကြောင်း မပေါ်လွင်ပါဟု၊ မူလတရားသူကြီးကကောက်ယူဆုံးဖြတ်ခြင်းသည် မှားယွင်းပါသည်။ ဘိနပ်ချုပ်သူများထံမှဝယ်ယူခဲ့ပါသည်ဆိုသည့် ကားတာယာသုံးလုံးကို အဖိုးငွေ ၇၀၀ ကျပ်ဖြင့် ကိုသောင်းဆိုသူထံ ရောင်းချလိုက်ပါသည်ဆိုသော မောင်အေး၏ ခုခံချေပ ချက်မှာ အလွန်ယုတ္တိကင်းမဲ့ကြောင်းထင်ရှားပါသည်။ ဒေါ်ရွှေခင်သည်မိန်းမသားတဦး ဖြစ်သည်နှင့်အမျှ ကားပစ္စည်းများကို အမှတ်အသားများနှင့်တကွ ဖော်ပြနိုင်ရန် ခဲယဉ်းပါသည် အစရှိသဖြင့်ဖြစ်သည်။

ယခုကျွန်ုပ်တို့ရှေ့တွင် လျှောက်လဲချက်များပေးရာ၌ အယူခံတရားလိုအတွက် လိုက်ပါဆောင်ရွက်သည့်အစိုးရရှေ့နေ ဦးကျော်မြင့်က မူလရုံးအမှုတွဲတွင် ရရှိသည့် သက်သေခံချက်များအရ၊ အယူခံတရားခံ မောင်မြ(ခေါ်)မြဦးအပေါ်၌ မှုပြစ်ကျူး လွန်ကြောင်းဖြင့် တစုံတရာ ငြိစွန်းခြင်းမရှိပါ။ ထို့ကြောင့် ၎င်းအားမူလရုံးက တရား သေလွှတ်ခြင်းမှာ မှန်ကန်ပါသည်ဟု တင်ပြသွားသည်။

ကျွန်ုပ်တို့သည် မူလရုံးအမှုတွဲတွင် ရရှိသည့် သက်သေခံချက်များနှင့်တကွ အမှု၏ ပတ်ဝန်းကျင် အကြောင်းခြင်းရာများကို သေချာစွာ လေ့လာစိစစ်ခဲ့ပြီးဖြစ်သည်။ ကားပစ္စည်းများ အရောင်းအဝယ် အပေးအယူလုပ်ခြင်းနှင့် ပတ်သက်၍ အယူခံ တရားခံများသည် တဦးနှင့်တဦး ဆက်သွယ်မှုရှိခဲ့ကြောင်းပေါ်လွင်သည်။ ဤအမှုတွင်

၁၉၇၁
ပြည်ထောင်စုမြန်မာနိုင်ငံ (ဒေါ် ရှုခင်) နှင့် ၁။ မောင်မြ (ခေါ်) မြဦး၊ ၂။ မောင်အေး (ခေါ်) အေးပု၊ ၃။ မောင်မှတ်ကြီး၊ ၄။ သန်းအောင်။

အငြင်းမပွါးနိုင်သည့် အချက်မှာ ပျောက်ဆုံးသွားသော ကားနံပါတ်ပြားကို ပြန်လည်ရရှိခဲ့သည်။ ထိုနံပါတ်ပြားနှင့်တကွ အခြားပစ္စည်း ၅ မျိုးကို သိမ်းဆည်းရာ၌ အသုံးပြုသည့် ပစ္စည်းရှာစာရင်းမှာ သက်သေခံအမှတ် (ဂ) ဖြစ်သည်။ ဦးခင်မောင်ရီက မောင်သန်းအောင်ထံမှ သက်သေခံအမှတ် (ဂ) ပစ္စည်းရှာစာရင်းတွင် ဖေါ်ပြထားသော ပစ္စည်းများကို သိမ်းဆည်းခဲ့ပါသည်ဟုထွက်ဆိုထားသည်။ စကား တရာ စာတလုံးဟူသည့်အဘိုင်း ထိုနံပါတ်ပြားကို သက်သေခံအမှတ်(ဂ)တွင်စာဖြင့် ရေးသားထားရကား၊ ဦးခင်မောင်ရီ၏ နှုတ်အစစ်ခံချက်၌ နံပါတ်ပြားကိုမေ့လျော့ပြီး ချန်ခဲ့ရုံကာမျှဖြင့်၊ ထိုနံပါတ်ပြားမှာ မည်သူ့ထံမှ သိမ်းဆည်းရမိကြောင်းမထင်ရှား ဟု ကောက်ယူဆုံးဖြတ်ရန်မသင့်ချေ။

အမှုစစ် တရားသူကြီးများသည် မိမိတို့ကိုယ်ကို ဒိုင်လူကြီးများသဘွယ်သာလျှင် မှတ်ယူရန်မဟုတ်၊ အမှန်ကိုဖေါ်ထုတ်ရန်အတွက် ဆီလျော်သည့် မေးခွန်းများကိုမေးမြန်းသင့်သည်။ ထိုကဲ့သို့အမှန်ကို ဖေါ်ထုတ်ရန်အတွက် လျော်ကန်သင့်မြတ်သည့် မေးခွန်းများကို မေးနိုင်ရန် ဥပဒေအာဏာများ အပ်နှင်းထားသည်။ သို့ဖြစ်၍မလရာ သက်သေကမေ့လျော့ပြီး ချန်လှပ်ထားရုံကာမျှဖြင့် ပစ္စည်းရှာစာရင်းတွင် အသေအချာဖေါ်ပြထားသော ပစ္စည်းမပါဝင်ဟု မယူဆနိုင်ချေ။

မောင်မှတ်ကြီးထံမှ သိမ်းဆည်းရမိသော ပစ္စည်းများအနက် အစိမ်းရောင်သုတ်ထားသည့်ကားပစ္စည်းများပါဝင်သည်။ထို့ပြင် မောင်မှတ်ကြီး၊ မောင်သန်းအောင်နှင့် မောင်အေးတို့အဆက်အသွယ်ရှိကြောင်း မူလရုံးအမှုတွဲတွင်ရရှိသည့် သက်သေခံချက်များအရ ပေါ်လွင်သည်။ ※ အယူခံအကြောင်းပြချက်၌ ဖေါ်ပြထားသည့်အတိုင်း ဂျစ်ကားတာယာသုံးလုံးကို ကိုသောင်းထံမှသိမ်းဆည်းရမိခဲ့သည်။ ထိုတာယာများကို ကိုသောင်းအား အယူခံတရားခံမောင်အေးက ငွေ ၇၀၀ ကျပ်ဖြင့် ရောင်းချခဲ့ကြောင်း အငြင်းပွါးချက်မရှိချေ။ထိုကဲ့သို့ငွေ ၇၀၀ ကျပ်ခန့်တန်သော တာယာများကို ဘိနပ်ချုပ်သူများထံမှ ဝယ်ယူခဲ့ပါသည်ဆိုသော အကြောင်းပြချက်မှာ လုံးဝယုတ္တိမရှိနိုင်။ အယူခံတရားခံမှတ်ကြီးထံမှ သိမ်းဆည်းရမိသည့်တာယာတွင် အစိမ်းရောင်ဂွေတပ်ဆင်ထားသည်။ မောင်မှတ်ကြီးက ထိုတာယာများကို အယူခံတရားခံမောင်အေးထံမှ ဝယ်ယူကြောင်းပစ္စည်းသိမ်းစဉ်က ထွက်ဆိုထားသည်။ထိုတာယာတွင် ဂွေပါနေသဖြင့် ဘိနပ်ချုပ်သူများထံမှဝယ်ယူခဲ့ပါသည်ဆိုသောမောင်အေး၏ခုခံချေပချက်မှာ အခြေအမြစ်မရှိချေ။ အယူခံတရားခံများထံမှ သိမ်းဆည်းရမိသောပစ္စည်းများကို ပစ္စည်းပြသခြင်းမပြုလုပ်ခဲ့သဖြင့် ထိုပစ္စည်းများနှင့်ပတ်သက်၍ သက်သေခံချက်တန်ဘိုးမှာ အလွန်ယုတ်လျော့နေသည်ဟု၊ အယူခံတရားခံများအတွက် လိုက်ပါဆောင်ရွက်သည့် အကျိုးဆောင်ကြီးများက တင်ပြသွားသည်။ ကားပစ္စည်းများကို ကားပိုင်ရှင်သည်

အမှတ်အသားများနှင့်တကွ မှတ်မိရန် အလွန်ခဲယဉ်းသည်။ စက်ကျွမ်းကျင်သူ ကား **မောင်း**သမားသော်မှ မိမိတို့မောင်းနှင်သည့်ကားများမှ အစိတ်အပိုင်းများကို မှတ်မိနိုင်မည်မဟုတ်ချေ။ ဒေါ်ရွှေခင်သည် မိမိ၏ကားကို အရောင်အဆင်းအားဖြင့်သာလျှင် ဖေါ်ပြနိုင်ခြင်းမှာ ထူးဆန်းသည်ဟုမဆိုသာချေ။ သက်သေခံကားပစ္စည်းများကိုတရားခံများထံမှ သိမ်းဆည်းရမိသည့် နေ့ရက်မှာလည်း၊ အချင်းဖြစ်ပြီး နှစ်လခန့်မျှသာ ကြာသောအခါဖြစ်သည်။ ထို့ကြောင့်အမှုတခုလုံးတွင် ရရှိသည့်သက်သေခံချက်များကို ခြုံ၍ကြည့်ရှုသောအခါ အယူခံတရားခံများသည် ရာဇသတ်ပုဒ်မ ၄၁၁ အရ မှုပြစ်ကျူးလွန်ကြောင်း ထင်ရှားပေါ်လွင်သည်။

ထို့ကြောင့်၊ အယူခံတရားခံမောင်မြ (ခ) မြဦးအပေါ်၌ မူလရုံးက တရားသေလွတ်ရန်ချမှတ်ထားသည့်အမိန့်ကို အတည်ပြုပြီး၊ ကျန်အယူခံတရားခံအပေါ် တရားသေလွတ်ရန် ချမှတ်ထားသည့်အမိန့်များကို ပယ်ဖျက်လိုက်သည်။ အယူခံတရားခံများဖြစ်ကြသော မောင်အေး(ခ)အေးပု၊ မောင်မှတ်ကြီးနှင့် မောင်သန်းအောင်တို့သည် ရာဇသတ်ပုဒ်မ ၄၁၁ အရ မှုပြစ်ကျူးလွန်ကြောင်း ထင်ရှားသဖြင့်၊ အလုပ်နှင့်ထောင်ဒဏ် ၄ လစီကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

အယူခံတရားခံ မောင်မှတ်ကြီး အချုပ်တွင်နေခဲ့ရသည့် ရက်ပေါင်း ၇၂ ရက်ကို၊ ယခုကျခံရမည့် အလုပ်နှင့်ထောင်ဒဏ် ၄ လမှထုတ်နုတ်ရမည်။ ထို့အတူ အယူခံတရားခံမောင်အေး(ခ)အေးပုနှင့် မောင်သန်းအောင်တို့သည် အချုပ်တွင်နေခဲ့ရသည့် ရက်ပေါင်း ၇၃ ရက်ကိုလည်း၊ ယခုကျခံရမည့် အလုပ်နှင့် ထောင်ဒဏ် ၄ လမှ ထုတ်နုတ်ရမည်။

မူလရုံးရှေ့တွင် တင်သွင်းထားသည့် သက်သေခံပစ္စည်းများကို၊ ဒေါ်ရွှေခင်အား ပြန်ပေးစေရန် အမိန့်ချမှတ်လိုက်သည်။

၁၉၇၁
ပြည်ထောင်စု မြန်မာနိုင်ငံ (ဒေါ်ရွှေခင်) နှင့် ၁။ မောင်မြ (ခေါ်) မြဦး၊ ၂။ မောင်အေး (ခေါ်) အေးပု၊ ၃။ မောင်မှတ်ကြီး၊ ၄။ သန်းအောင်။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်အထွေထွေလျှောက်လွှာ

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်နှင့် တရားသူကြီး **ဦးကျော်ငြိမ်း** တို့ရှေ့တွင်

† ၁၉၇၁
ဇွန် လ ၁၁ **ရက်**။

ဦးဘွန်ဘိတ် ပါ (၈)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ*

သမ္မာန်မှု—ရာဇဝတ် ကျင့်ထုံး ပုဒ်မ ၂၄၄ (၁)—သမ္မာန်မှုတွင် **တရားခံက** ပြစ်မှုကျူးလွန်ကြောင်း ဝန်မခံလျှင် တရားခံများနှင့် ၎င်းတို့၏ သက်သေများကို **စစ်ဆေးခြင်း** မပြုဘဲ တရားသေလွှတ်နိုင် မနိုင်—ဝရမ်းမှုတွင် တရားလိုဘက်ကို စစ်ဆေးပြီး **တရားခံကို** မစစ်ဆေးပဲတရားရှင်လွှတ်နိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။အမှုမှာ သမ္မာန်မှုဖြစ်၍၊ ရာဇဝတ် **ကျင့်ထုံး အခန်း** ၂၀ တွင် ပြဋ္ဌာန်းချက်များကို လိုက်နာရပေမည်။ ဤကျင့်ထုံး၏ ပုဒ်မ ၂၄၄ **(၁) အရ၊ တရားခံက** မှုပြစ်ကို ကျူးလွန်ပါသည်ဟု ဝန်မခံလျှင်၊ တရားသူကြီးသည်၊ တရားလိုနှင့် **တရားလိုဖြ သက်**သေများကို စစ်ဆေးပြီး၊ တရားခံက သက်သေခံချက် ပေးလိုသော ဆန္ဒရှိလျှင် **သူ့ကို ကြားနာရမည်**။ ထိုသို့ ဆန္ဒမရှိလျှင် သူ့ကို ရိုးရိုး စစ်ဆေးရမည်။ ထို့အပြင် သူ၏ သက်**သေများကိုလည်း စစ်ဆေး**ရမည် ဖြစ်သည်။ ယခုအမှုတွင် တရားခံများ၏ ဆန္ဒကို တရားသူကြီးက **မေးမြန်းခြင်းမရှိခဲ့ချေ**။ ဤကဲ့သို့ ပုဒ်မ ၂၄၄(၁) အရ၊ မေးမြန်း စစ်ဆေးကြားနာပြီးမှသာ မှုပြစ်ကျူး**လွန်သည်ဟု မတွေ့**ရှိလျှင်၊ ပုဒ်မ ၂၄၅ (၁) အရ၊ တရားသေလွှတ်ရမည်ဖြစ်သည်။ ပုဒ်မ ၂၄၄ (၁) **အရ၊ တရားခံ**သည် အပြစ်မရှိပါဟု ငြင်းဆိုလျှင်၊ တရားလိုဘက်ကို စစ်ဆေးပြီး၊ **တရားခံကို သက်**သေအဖြစ်၊ သို့မဟုတ်၊ ရိုးရိုးအပြင် ၎င်း၏ သက်သေများကို မစစ်ဆေးပဲ မနေရပေ။ ဤပုဒ်မ ၂၄၄ (၁) တွင် "and also" ဆိုသည့် စကားသည် အလွန် အရေးကြီးသည်။ ဝရမ်းမှုမှာ**ဆိုလျှင်** ပုဒ်မ ၂၅၂ (၁) အရ၊ တရားလိုဘက်ကို စစ်ဆေးပြီး တရားခံကို မစစ်ဆေးပဲ၊ ပုဒ်မ ၂၅၃(၁)အရ၊ မှုပြစ်မထင်ရှားလျှင် တရားခံကို တရားရှင်လွှတ်နိုင်သည်။ ထို့ပြင် ပုဒ်မ ၂၅၃ (၂) အရ၊ တရားလိုဘက်ကို စစ်ဆေး၍ မပြီးစီးမီပင် စွဲချက်တင်ရန်

---

* ၁၉၇၀ ခုနှစ်၊ ရာဇဝတ် အထွေထွေလျှောက်လွှာ အမှတ် ၃၂။

† ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၆ အရ၊ နိုင်ငံတော် **တရားရုံး**ချုပ်၏ ၁၉၆၈ ခုနှစ်၊ ရာဇဝတ် အယူခံမှု အမှတ် ၄၀၃ တွင် ၁၉၇၀ ခုနှစ်၊ ဇူလိုင်လ ၁၀ **ရက်နေ့စွဲပါ** စီရင်ချက်ကို မကျေနပ်၍ အထူးအယူခံဝင်ခွင့်ရရန် လျှောက်ထားသော လျှောက်**လွှာ**။

၁၉၇၁

ဦးဘုန်တိတ် ပါ ၈ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

အကြောင်းမရှိလျှင်၊ တရားခံကို တရားရှင်လွှတ်နိုင်သည်။ သမ္မာန်မှုတွင်ကား တရားခံက မှုပြစ်မကျူးလွန်ပါဟု ဆိုလျှင် နှစ်ဘက်စလုံးကို စစ်ဆေးရမည်။

Union of Burma v. *Ah Sein and two others*, 1955 B.L.R. 317 (H.C.) ကိုရည်ညွှန်းသည်။

လျှောက်ထားသူအတွက်။ ။တရားရုံးချုပ်ရှေ့နေ သခင်ချစ်။

လျှောက်ထားခံရသူအတွက်။ ။လက်ထောက် နိုင်ငံတော်ရှေ့နေချုပ် ဦးလှသင်း။

တရားသူကြီး ဦးကျော်ဇံဦး။ ။လျှောက်ထားသူတို့ကို ဘိုကလေးမြို့ (၂)ရာဘက် ရာဇဝတ် တရားသူကြီး (ဦးသိန်းညွန့်၊ ဒုတိယတန်းအာဏာရ)ရုံးသို့ လောင်းကစား အက်ဥပဒေပုဒ်မ ၁၁/၁၂ အရ၊ ရဲကတရားစွဲတင်ပို့ခဲ့ရာ၊ သမ္မာန်မှုအဖြစ်စစ်ဆေးရာ အပြစ်မရှိပါဟု ထုချေကြသဖြင့်၊ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၄၄(၁)အရ တရားလိုပြသက်သေသုံးယောက်ကို စစ်ဆေး၍ တဆက်တည်း နှစ်ဖက်လျှောက်လဲချက်များကိုကြားနာပြီး၊ ပုဒ်မ ၂၄၅(၁)အရ တရားသေလွှတ်ခဲ့သည်။ ဖမ်းဆီးမိသောငွေများကိုလည်း လျှောက်ထားသူ ကိုယုံရှန်၊ ကိုခင်မောင်နှင့် ကိုချစ်မောင်တို့အား ပြန်ပေးစေပြီး၊ ကျန်သက်သေခံပစ္စည်းများကို ပြင်ဆင်ရက်ကျော်လွန်က ဖျက်ဆီးစေရန်၊ ၁၉၆၈ ခု၊ ဩဂုတ်လ ၁၂ ရက်နေ့က အမိန့်ချမှတ်ခဲ့ရာ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရက မကျေနပ်၍၊ ရာဇဝတ်ကျင့်ထုံးပုဒ်မ၊ ၄၁၇ အရ အယူခံဝင်ခဲ့ရာ၌ တခြားအကြောင်းပြချက်များအပြင် မူလရုံးတရားသူကြီးသည် အမှုကိုသမ္မာန်နည်းဖြင့် စစ်ဆေးသော်လည်း တရားခံများအား၊ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၄၄(၁)၏ ပြဋ္ဌာန်းချက်များအတိုင်း စစ်ဆေးခဲ့ခြင်းမရှိဟု တင်ပြရာ၊ တရားရုံးချုပ်ကလက်ခံ၍ မူလရုံး၏ တရားသေလွှတ်ခဲ့သောအမိန့်ကို ပယ်ဖျက်၍၊ မိမိကိုယ်တိုင်ဖြစ်စေ၊ တခြားတရားသူကြီးတဦးဦးအားဖြစ်စေ၊ အမှုကို အသစ်တဖန်ပြန်လည်စစ်ဆေးရန်၊ ခရိုင်ရာဇဝတ်တရားသူကြီးအား ညွှန်ကြားလျက် ၁၉၇၀ ခု၊ ဇူလိုင်လ ၁၀ ရက်နေ့က အမိန့်ချမှတ်ခဲ့သည်ကို၊ လျှောက်ထားသူများ၊ (မူလတရားခံများ) က မကျေနပ်၍ အယူခံဝင်ရန်၊ ပြည်ထောင်စုတရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ အရ အခွင့်ထူးတောင်း၍ ၎င်းတို့၏တရားရုံးချုပ်ရှေ့နေနှင့် လက်ထောက်နိုင်ငံတော် ရှေ့နေချုပ်တို့၏ လျှောက်လဲချက်များကို အကျဉ်းချုပ်တို့ကြားနာခဲ့သည်။

လျှောက်ထားသူများ၏ တရားရုံးချုပ်ရှေ့နေက သမ္မာန်မှုတွင်၊ တရားခံများနှင့် ၎င်းတို့၏သက်သေများကို စစ်ဆေးခြင်းမပြုပဲ၊ နှစ်ဖက်လျှောက်လဲချက်များကို ကြားနာပြီး တရားသေလွှတ်ခဲ့မှုဖြင့် အမှုတခုလုံးကိုပယ်ဖျက်ခြင်း မပြုသင့်ပါဟုလျှောက်လဲသည်၊ ပျက်ကွက်ခြင်းသည် ကုစား၍ရနိုင်သော ချို့ယွင်းချက်မျှသာဖြစ်ကြောင်း

၁၉၅၇

ဦးဘုန်းတိတ် ပါ ၈ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ယူဆသင့်ပါသည်ဟု တင်ပြသည်။ ဤတင်ပြလျှောက်လဲချက်များကို ကျွန်ုပ်တို့လက်ခံရန်မဖြစ်နိုင်ပေ။

အမှုမှာ သမ္မာန်မှုဖြစ်၍၊ ရာဇဝတ်ကျင့်ထုံးအခန်း ၂၀ တွင်ပြဋ္ဌာန်းချက်များကို လိုက်နာရပေမည်။ ဤကျင့်ထုံး၏ပုဒ်မ ၂၄၄(၁)သည် အိန္ဒိယပြည်ပုဒ်မ ၂၄၄(၁)နှင့် ကွဲလွဲသည်။ ကျွန်ုပ်တို့ဥပဒေက ဤသို့ဆိုသည်—

" 244. (1) If the Magistrate **does not** convict the accused under section 243 or if **the accused** does not make such admission, the **Magistrate** shall proceed to hear the complainant (if any) and **take all** such evidence as may be produced in support **of the** prosecution and also, if the accused desire to give **evidence** on his own behalf, to hear the accused, or, **if the** accused does not desire to give evidence, to examine **the** accused, and take all such evidence as the accused **produces** in his defence; provided that the Magistrate **shall not be** bound to hear any person as complainant in **any** case in which the complaint has been made by a **Court.** "

တရားခံက မှုပြစ်ကိုကျူးလွန်ပါသည်ဟု ဝန်ခံလျှင်၊ တရားသူကြီးသည် တရားလိုနှင့် တရားလိုပြသက်သေများကို စစ်ဆေးပြီး၊ တရားခံက သက်သေခံချက်ပေးလိုသော ဆန္ဒရှိလျှင် သူ့ကိုကြားနာရမည်။ ထိုသို့ဆန္ဒမရှိလျှင် သူ့ကိုရိုးရိုးစစ်ဆေးရမည်။ ထို့ပြင် သူ၏သက်သေများကိုလည်း စစ်ဆေးရမည်ဖြစ်သည်။ ယခုအမှုတွင် တရားခံများ၏ ဆန္ဒကို တရားသူကြီးက မေးမြန်းခြင်းမရှိခဲ့ချေ။ ဤကဲ့သို့ပုဒ်မ ၂၄၄(၁) အရ မေးမြန်း စစ်ဆေးကြားနာပြီးမှသာ မှုပြစ်ကျူးလွန်သည်ဟု မတွေ့ရှိလျှင်၊ ပုဒ်မ ၂၄၅(၁)အရ တရားသေလွှတ်ရမည်ဖြစ်သည်။ ပုဒ်မ ၂၄၄(၁)အရ တရားခံသည် အပြစ်မရှိပါဟု ငြင်းဆိုလျှင်၊ တရားလိုဘက်ကိုစစ်ဆေးပြီး၊ တရားခံကိုသက်သေအဖြစ် သို့မဟုတ် ရိုးရိုးအပြင် ၎င်း၏သက်သေများကို မစစ်ဆေးဘဲ မနေရပေ။ ဤပုဒ်မ ၂၄၄(၁)တွင် "and also" ဆိုသည့် စကားသည် အလွန်အရေးကြီးသည်။ ဝရမ်းမှုမှာဆိုလျှင် ပုဒ်မ ၂၅၂(၁)အရ၊တရားလိုဘက်ကိုစစ်ဆေးပြီး တရားခံကိုမစစ်ဆေးပဲ၊ ပုဒ်မ ၂၅၃(၁) အရ မှုပြစ်မထင်ရှားလျှင် တရားခံကို တရားရှင်လွှတ်နိုင်သည်။ ထို့ပြင်ပုဒ်မ ၂၅၃(၂) အရ တရားလိုဘက်ကိုစစ်ဆေး၍ မပြီးစီးမီပင် စွဲချက်တင်ရန်အကြောင်းမရှိလျှင်၊တရားခံကို တရားရှင်လွှတ်နိုင်သည်။ သမ္မာန်မှုတွင်မူကား၊ တရားခံက မှုပြစ်မကျူးလွန်ပါဟု ဆိုလျှင်၊ နှစ်ဘက်စလုံးကိုစစ်ဆေးရမည်။ *Union of Burma* v. *Ah Sein and two others* (1) စီရင်ထုံး၌ သမ္မာန်မှုတွင် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၄၄(၁)အရ တရား

(1) 1955 B.L.R. 317 (H.C.).

လိုသို့မဟုတ်၊ တရားလိုပြသက်သေများကိုမစစ်ဆေးပဲ တရားသေလွှတ်ခြင်းသည် တရားနည်းလမ်းမဟုတ်သည့်အပြင်၊ ပုဒ်မ ၅၃၇ အရလည်း ကုသ၍မရသဖြင့် အမှုကိုအသစ်တဖန်ပြန်လည်စစ်ဆေးရန် အမိန့်ချမှတ်ခဲ့သည်။ ထို့ပြင် *U Ba Aye and Three others* v. *The Union of Burma* (2) အမှုစီရင်ထုံးတွင်လည်း မပြု၊ မလုပ်မနေရဟု ဥပဒေကပြဋ္ဌာန်းထားလျှင် တရားမျှတမှုရှိစေရန် လိုက်နာရမည်။ မလိုက်နာလျှင် မှားယွင်းချို့ယွင်းချက်များကို ကုသ၍မရဟုပြဋ္ဌာန်းထားသည်။ ဤစီရင်ထုံး၌ သမ္မာန်မှုတွင်တရားခံအား အမှုနှင့်ပတ်သက်၍ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၄၂ အရ စွပ်စွဲချက်များကို နားလည်အောင် ရှင်းပြခြင်းမပြုလုပ်ခဲ့သည်မှာ တရားနည်းလမ်းမကျသဖြင့်၊ ပုဒ်မ ၅၃၇ အရ မကုသနိုင်ဟု စာမျက်နှာ၅၅၁ တွင်—

"Section 537 of the Criminal Procedure Code applies to mere errors of procedure arising out of mere inadvertence and not to substantive errors of law or to cases of disregard or disobedience of the mandatory provisions of law."

ဟုပြဋ္ဌာန်းထားသည်။

အထက်ပါအကြောင်းများကြောင့်၊ ဤလျှောက်လွှာကို ခွင့်ပြုရန် အကြောင်းမမြင်သဖြင့် ကျွန်ုပ်တို့ပယ်လိုက်သည်။

(2) 1958 B.L.R. 548 (H.C.).

†၁၉၇၁

ဧပြီလ ၂၉ ရက်။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

ရုံးသူကြီး ဦးသက်ဖေနှင့် တရားသူကြီး ဦးစိန်သင်းတို့ရှေ့တွင်

မောင်အောင်ရှင်

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ*

ကာကွယ် ခုခံပိုင်ခွင့်—လူတဦးသည် ရန်မူခြင်း ခံနေရသည့် အချိန်တွင် ပွဲကြည့်သူ တဦးအနေဖြင့် ခေါင်းအေးအေးထားပြီး ကာကွယ် ခုခံ ပိုင်ခွင့်ကို တဆင့်ပြီး တဆင့် မည်ကဲ့သို့ ပြုလုပ်ရမည်ဟု တွေးဆရန် အချိန်ရနိုင်မည် မဟုတ်ခြင်း။

ဆုံးဖြတ်ချက်။ ။သေသူ မောင်ချစ်ဟန်သည် စတင်၍ ရန်မူသူဖြစ်သည်။ ထိုစဉ်က မောင်ချစ်ဟန်နှင့် အတူပါလာသော မောင်ချစ်မြထံ၌လည်း ပေါက်တူးတလက် ပါလာသည်။ မောင်ချစ်ဟန်က အယူခံတရားလိုအား ဓါးနှင့်ခုတ်ရာ၊ အယူခံတရားလိုကို မထိဘဲ ဓါးသည် မြေကြီး ပေါ်သို့ကျသွားသည်။ ထိုစဉ်က မောင်ချစ်ဟန်နှင့်အတူ မောင်ချစ်မြလည်းရှိနေရာ၊ အယူခံတရားလို အနေဖြင့် ၎င်းအား မောင်ချစ်မြသည် ပေါက်တူးဖြင့် ရန်မူခြင်း မပြုဟု မဆိုနိုင်ပေ။ မောင်ချစ်ဟန်က လည်း မြေကြီးပေါ်သို့ ကျသွားသော ဓါးကို ကောက်ယူပြီး၊ အယူခံတရားလိုအား နောက်ထပ် မခုတ်ဟု မဆိုသာချေ။ ယခုကဲ့သို့ လူတဦးသည် ရန်မူခြင်းခံနေရသည့် အချိန်တွင်၊ ထိုသူသည်၊ မိမိ၏ လွတ်ရာ လွတ်ကြောင်းကို ဖြစ်သည့်နည်းနှင့် ပြုမည်သာ ဖြစ်သည်။ ပွဲကြည့်သူ တဦးအနေဖြင့် ခေါင်းအေးအေးထားပြီး၊ ကာကွယ်ခုခံပိုင်ခွင့်ကို တဆင့်ပြီးတဆင့် မည်ကဲ့သို့ ပြုလုပ်ရမည်ဟု တွေး တောချိန်ဆနေရန် အချိန်ရနိုင်မည် မဟုတ်ပေ။ သို့ဖြစ်ရာ အယူခံ တရားလိုသည် မိမိအား ရန်မူ သူကို မြေကြီးပေါ်သို့ လွတ်ကျသွားသည့် ရန်မူသူ၏ ဓါးနှင့် တချက် ပြန်ခုတ်လိုက်ခြင်းသည် ဥပဒေခွင့်ပြုထားသော ကာကွယ်ခုခံပိုင်ခွင့်ကို ကျော်လွန်သည်ဟု ဆိုရန် ခဲယဉ်းပေသည်။ မောင် ကတုံး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၄၈၊ မြန်မာပြည် စီရင်ထုံး၊ ၆၆၁ ကို ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးစံသိန်း။

အယူခံတရားခံအတွက်။ ။အစိုးရတရားရုံးချုပ်ရှေ့နေ ဦးမြရှိန်။

---

*၁၉၇၀ ခုနှစ်၊ ရာဇဝတ် အယူခံမှု အမှတ် ၄၆၉။

†၁၉၆၉ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၃၃ တွင် ချမှတ်သော၊ ၁၉၇၀ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့စွဲပါ မအူပင်မြို့၊ ဒုတိယအထူး တရားသူကြီး၏ အမိန့်ကို အယူခံမှု။

၁၉၅၁

ပြည်ထောင်စု မြန်မာနိုင်ငံ။
(ဒေါ်ရှင်)
နှင့်
၁။ မောင်မြ (ခေါ်) မြဦး
၂။ မောင်အေး (ခေါ်) အေးပု
၃။ မောင်မှတ်ကြီး၊ ၄။ သန်းအောင်။

ချိကာချဖြင့်၊ထိုပစ္စည်းများသည် ပျောက်ဆုံးသွားသည့် ကားပစ္စည်းများဖြစ်သည်ဟု တသတ်ချ မယူဆနိုင်ပါ။ အင်းစိန်ဓါတုဗေဒဌာနသို့ ပို့ခဲ့သည့် နံပါတ်ပြား၏ မူလ နံပါတ်မှာ(ခ/ဂ၆၉၇)ဖြစ်ကြောင်း တွေ့ရှိရသော်လည်း၊ ထိုကားနံပါတ်ပြားကို မည် သည့်တရားခံဘံမှ သိမ်းယူခဲ့သည်ဆိုခြင်းမှာ ပေါ်လွင်ခြင်းမရှိပါ။ သက်သေခံအမှတ် (ဂ) ပစ္စည်းစာရင်းတွင် နံပါတ်ပြားတခုပါဝင်ကြောင်းဖေါ်ပြထားသော်လည်း သိမ်း ဆည်းခဲ့သူ ရဲအရာရှိ ဦးခင်မောင်ရီ ၏ အစစ်ခံချက်၌ နံပါတ်ပြား ပါဝင်သည်ဟု တိတိကျကျ ထွက်ဆိုထားခြင်းမရှိပါ။ ထို့ကြောင့် တရားခံများအပေါ်၌ တင်သွင်း ထားသည့် စွဲချက်များအရ မှုပြစ်ကျူးလွန်ကြောင်း ဒွိဟသံသယကင်းရှင်းသည့် သက် သေခံချက်များ ရရှိသည်ဟုမဆိုနိုင်ပါ အစရှိသဖြင့် ကောက်ယူဆုံးဖြတ်ပြီး၊ တရားခံ ၄ ယောက်စလုံးအား တရားသေလွှတ်ရန် အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်ကို အမှုမှ အသူခံသူ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက မကျေနပ်သဖြင့်၊ရာဇဝတ် ကျင့်ထုံးပုဒ်မ ၄၁၇ အရ၊ အယူခံဝင်ခြင်းဖြစ်သည်။ အယူခံလွှာ၌ ဖေါ်ပြထားသည့် အကြောင်းပြချက်များမှာ၊ သက်သေခံအမှတ်(ဂ) ပစ္စည်းရှာစာရင်းအရ သိမ်းဆည်း သော ပစ္စည်းများသည် နံပါတ်ပြားအမှတ်(ခ/ဂ၆၉၇)ပါဝင်ပါသည်။ ထိုပစ္စည်းများကို အယူခံတရားခံ မောင်သန်းအောင်က ၎င်း၏အကိုထံအပ်ထားသော ပစ္စည်းများဖြစ် ကြောင်း ဝန်ခံခဲ့ပြီးဖြစ်သဖြင့် ထိုနံပါတ်ပြားကို မည်သူ့ထံမှ သိမ်းဆည်းခဲ့ကြောင်း မပေါ်လွင်ပါဟု၊ မူလ တရားသူကြီးက ကောက်ယူဆုံးဖြတ်ခြင်းသည် မှားယွင်းပါသည်။ ဘိနပ်ချုပ်သူများထံမှဝယ်ယူခဲ့ပါသည်ဆိုသည့် ကားတာယာသုံးလုံးကို အဖိုးငွေ ၇၀၀ ကျပ်ဖြင့် ကိုသောင်းဆိုသူထံ ရောင်းချလိုက်ပါသည်ဆိုသော မောင်အေး၏ ခုခံချေပ ချက်မှာ အလွန်ယုတ္တိကင်းမဲ့ကြောင်းထင်ရှားပါသည်။ ဒေါ်ရှင် သည် မိန်းမသားတဦး ဖြစ်သည်နှင့်အမျှ ကားပစ္စည်းများကို အမှတ်အသားများနှင့်တကွ ဖေါ်ပြနိုင်ရန် ခဲယဉ်းပါသည် အစရှိသဖြင့်ဖြစ်သည်။

ယခုကျွန်ုပ်တို့ရှေ့တွင် လျှောက်လဲချက်များပေးရာ၌ အယူခံ တရားလိုအတွက် လိုက်ပါဆောင်ရွက်သည့်အစိုးရရှေ့နေ ဦးကျော်မြင့်က မူလရုံးအမှုတွဲတွင် ရရှိသည့် သက်သေခံချက်များအရ၊ အယူခံတရားခံ မောင်မြ (ခေါ်) မြဦးအပေါ်၌ မှုပြစ်ကျူး လွန်ကြောင်းဖြင့် တစုံတရာ ငြိစွန်းခြင်းမရှိပါ။ ထို့ကြောင့် ၎င်းအားမူလရုံးက တရား သေလွှတ်ခြင်းမှာ မှန်ကန်ပါသည်ဟု တင်ပြသွားသည်။

ကျွန်ုပ်တို့သည် မူလရုံးအမှုတွဲတွင် ရရှိသည့် သက်သေခံချက်များနှင့်တကွ အမှု၏ ပတ်ဝန်းကျင် အကြောင်းခြင်းရာများကို သေချာစွာ လေ့လာစီစစ်ခဲ့ပြီး ဖြစ်သည်။ ကားပစ္စည်းများ အရောင်းအဝယ် အပေးအယူလုပ်ခြင်းနှင့် ပတ်သက် အယူခံ တရားခံများသည် တဦးနှင့်တဦး ဆက်သွယ်မှုရှိခဲ့ကြောင်းပေါ်လွင်သည်။ ဤအမှုတွင်

၁၉၇၁
ပြည်ထောင်စု မြန်မာနိုင်ငံ (ဒေါ်ရှုခင်) နှင့် ၁။ မောင်မြ (ခေါ်) မြဦး ၂။ မောင်အေး (ခေါ်) အေးပု ၃။ မောင်မှတ်ကြီး၊ ၄။ သန်းအောင်။

အငြင်းပွါးနိုင်သည့် အချက်မှာ ပျောက်ဆုံးသွားသော ,ကားနံပါတ်ပြားကို ပြန်လည်ရရှိခဲ့သည်။ ထိုနံပါတ်ပြားနှင့်တကွ အခြားပစ္စည်း ၅ မျိုးကို သိမ်းဆည်းရာ၌ အသုံးပြုသည့် ပစ္စည်းရှာစာရင်းမှာ သက်သေခံ အမှတ် (ဂ) ဖြစ်သည်။ ဦးခင်မောင်ရီက မောင်သန်းအောင်ထံမှ သက်သေခံ အမှတ် (ဂ) ပစ္စည်းရှာစာရင်းတွင် ဖေါ်ပြထားသော ပစ္စည်းများကို သိမ်းဆည်းခဲ့ပါသည်ဟုထွက်ဆိုထားသည်။ စကားတရာ စာတလုံးဟူသည့်အတိုင်း ထိုနံပါတ်ပြားကို သက်သေခံအမှတ်(ဂ)တွင် စာဖြင့် ရေးသားထားရကား၊ ဦးခင်မောင်ရီ၏ နှုတ်အစစ်ခံချက်၌ နံပါတ်ပြားကိုမေ့လျော့ပြီး ချန်ခဲ့ရုံကာမျှဖြင့်၊ ထိုနံပါတ်ပြားမှာ မည်သူ့ထံမှ သိမ်းဆည်းရမိကြောင်းမထင်ရှားဟု ကောက်ယူ ဆုံးဖြတ်ရန် မသင့်ချေ။

အမှုစစ်တရားသူကြီးများသည် မိမိတို့ကိုယ်ကို ဒိုင်လူကြီးများသဘွယ်သာလျှင် မှတ်ယူရန် မဟုတ်၊ အမှန်ကို ဖေါ်ထုတ်ရန်အတွက် ဆီလျော်သည့် မေးခွန်းများကိုမေးမြန်းသင့်သည်။ ထိုကဲ့သို့ အမှန်ကို ဖေါ်ထုတ်ရန်အတွက် လျော်ကန်သင့်မြတ်သည့် မေးခွန်းများကို မေးနိုင်ရန် ဥပဒေအာဏာများ အပ်နှင်းထားသည်။ သို့ဖြစ်လေရာ သက်သေကမေ့လျော့ပြီး ချန်လှပ်ထားရုံကာမျှဖြင့် ပစ္စည်းရှာစာရင်းတွင် အသေအချာဖေါ်ပြထားသောပစ္စည်း မပါဝင်ဟု မယူဆနိုင်ချေ။

မောင်မှတ်ကြီးထံမှ သိမ်းဆည်းရမိသော ပစ္စည်းများအနက် အစိမ်းရောင် သုတ်ထားသည့် ကားပစ္စည်းများ ပါဝင်သည်။ ထို့ပြင် မောင်မှတ်ကြီး၊ မောင်သန်းအောင်နှင့် မောင်အေးတို့အဆက်အသွယ်ရှိကြောင်း မူလရုံးအမှုတွဲတွင်ရရှိသည့် သက်သေခံချက်များအရ ပေါ်လွင်သည်။ အယူခံအကြောင်းပြချက်၌ ဖေါ်ပြထားသည့် အတိုင်း ဂျစ်ကားတာယာသုံးလုံးကို ကိုသောင်းထံမှသိမ်းဆည်းရမိခဲ့သည်။ထိုတာယာများကို၊ ကိုသောင်းအား အယူခံတရားခံမောင်အေးက ငွေ ၇၀၀ ကျပ်ဖြင့် ရောင်းချခဲ့ကြောင်း အငြင်းပွါးချက်မရှိချေ။ ထိုကဲ့သို့ငွေ ၇၀၀ ကျပ်ခန့်တန်သော တာယာများကို ဘိနပ်ချုပ်သူများထံမှ ဝယ်ယူခဲ့ပါသည်ဆိုသော အကြောင်းပြချက်မှာ လုံးဝယုတ္တိမရှိနိုင်။ အယူခံတရားခံမှတ်ကြီးထံမှ သိမ်းဆည်းရမိသည့် တာယာတွင် အစိမ်းရောင်ဂွေတပ်ဆင်ထားသည်။ မောင်မှတ်ကြီးက ထိုတာယာများကို အယူခံတရားခံမောင်အေးထံမှ ဝယ်ယူကြောင်းပစ္စည်းသိမ်းစဉ်က ထွက်ဆိုထားသည်။ ထိုတာယာတွင် ဂွေပါနေသဖြင့် ဘိနပ်ချုပ်သူများထံမှဝယ်ယူခဲ့ပါသည်ဆိုသော မောင်အေး၏ ခုခံချေပချက်မှာ အ[illegible] အမြစ်မရှိချေ။ အယူခံတရားခံများထံမှ သိမ်းဆည်းရမိသောပစ္စည်းများကို ပ[illegible] ပြသခြင်းမပြုလုပ်ခဲ့သဖြင့် ထိုပစ္စည်းများနှင့်ပတ်သက်၍ သက်သေခံချက်တန်ဘိုး[illegible] အလွန်ယုတ်လျော့နေသည်ဟု၊ အယူခံတရားခံများ အတွက် လိုက်ပါဆောင်ရွက်[illegible] အကျိုးဆောင်ကြီးများက တင်ပြသွားသည်။ ကားပစ္စည်းများကို ကား[illegible]

၁၉၇၁

ပြည်ထောင်စု မြန်မာနိုင်ငံ။ (ဒေါ်ရှူခင်) နှင့် ၁။ မောင်မြ (ခေါ်) မြဦး ၂။ မောင်အေး (ခေါ်) အေးပု ၃။ မောင်မှတ်ကြီး၊ ၄။ သန်းအောင်။

အမှတ်အံသားများနှင့်တကွ မှတ်မိရန် အလွန်ခဲယဉ်းသည်။ စက်ကျွမ်းကျင်သူ ကားမောင်းသမားသော်မှ မိမိတို့မောင်းနှင်သည့်ကားများမှ အစိတ်အပိုင်းများကို မှတ်မိနိုင်မည်မဟုတ်ချေ။ ဒေါ်ရှူခင်သည် မိမိ၏ကားကို အရောင်အဆင်းအားဖြင့်သာလျှင် ဖေါ်ပြနိုင်ခြင်းမှာ ထူးဆန်းသည်ဟုမဆိုသာချေ။ သက်သေခံကားပစ္စည်းများကိုတရားခံများထံမှ သိမ်းဆည်းရမိသည့် နေ့ရက်မှာလည်း အချင်းဖြစ်ပြီး နှစ်လခန့်မျှသကြာသောအခါဖြစ်သည်။ ထို့ကြောင့်အမှုတခုလုံးတွင် ရရှိသည့်သက်သေခံချက်များကို ခြုံ၍ကြည့်ရှုသောအခါ အယူခံတရားခံများသည် ရာဇသတ်ပုဒ်မ ၄၁၁ အရ မှုပြစ်ကျူးလွန်ကြောင်း ထင်ရှားပေါ်လွင်သည်။

ထို့ကြောင့်၊ အယူခံ တရားခံမောင်မြ (ခ) မြဦး အပေါ်၌ မူလရုံးက တရားသေလွတ်ရန် ချမှတ်ထားသည့် အမိန့်ကို အတည်ပြုပြီး၊ ကျန်အယူခံ တရားခံများအပေါ် တရားသေလွတ်ရန် ချမှတ်ထားသည့်အမိန့်များကို ပယ်ဖျက်လိုက်သည်။ အယူခံတရားခံများဖြစ်ကြသော မောင်အေး (ခ) အေးပု၊ မောင်မှတ်ကြီးနှင့် မောင်သန်းအောင်တို့သည်ရာဇသတ်ပုဒ်မ ၄၁၁ အရ၊ မှုပြစ်ကျူးလွန်ကြောင်း ထင်ရှားသဖြင့်၊ အလုပ်နှင့် ထောင်ဒဏ် ၄ လစီ ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

အယူခံတရားခံ မောင်မှတ်ကြီး အချုပ်တွင် နေခဲ့ရသည့်ရက်ပေါင်း ၇၂ ရက်ကို၊ ယခုကျခံရမည့် အလုပ်နှင့် ထောင်ဒဏ် ၄ လမှ ထုတ်နုတ်ရမည်။ ထို့အတူ အယူခံတရားခံမောင်အေး(ခ)အေးပုနှင့် မောင်သန်းအောင်တို့သည် အချုပ်တွင် နေခဲ့ရသည့် ရက်ပေါင်း ဂ၃ ရက်ကိုလည်း၊ ယခု ကျခံရမည့် အလုပ်နှင့် ထောင်ဒဏ် ၄ လမှ ထုတ်နုတ်ရမည်။

မူလရုံးရှေ့တွင် တင်သွင်းထားသည့် သက်သေခံ ပစ္စည်းများကို၊ ဒေါ်ရှူခင်အား ပြန်ပေးစေရန် အမိန့်ချမှတ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်အထွေထွေလျှောက်လွှာ

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင် နှင့် တရားသူကြီး ဦးကျော်ဇံဦး တို့ရှေ့တွင်

† ၁၉၇၁
ဇွန်လ ၁၁ ရက်။

ဦးဘွန်တိတ် ပါ (၈)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ *

သမ္မာန်မှု—ရာဇဝတ် ကျင့်ထုံး ပုဒ်မ ၂၄၄ (၁)—သမ္မာန်မှုတွင် တရားခံက ပြစ်မှုကျူးလွန်ကြောင်း ဝန်မခံလျှင် တရားခံများနှင့် ၎င်းတို့၏ သက်သေများကို စစ်ဆေးခြင်း မပြုဘဲ တရားသေ လွှတ်နိုင် မ နိုင်—ဝရမ်းမှုတွင် တရားလိုဘက်ကို စစ်ဆေးပြီး တရားခံကို မစစ်ဆေးမဲ တရားရှင် လွှတ်နိုင်ခြင်း။

ဆုံးဖြတ်ချက။ ။အမှုမှာ သမ္မာန်မှုဖြစ်၍၊ ရာဇဝတ် ကျင့်ထုံး အခန်း ၂၀ တွင် ပြဋ္ဌာန်းချက်များကို လိုက်နာရမည်။ ဤကျင့်ထုံး၏ပုဒ်မ ၂၄၄ (၁) အရ၊ တရားခံက ပြစ်မှုကို ကျူးလွန် ပါသည် ဟု ဝန်မခံလျှင်၊ တရားသူကြီးသည်၊ တရားလိုနှင့် တရားလိုပြ သက်သေများကိုစစ်ဆေးပြီး၊ တရားခံက သက်သေခံချက် ပေးလိုသော ဆန္ဒရှိလျှင် သူ့ကို ကြားနာရမည်။ ထိုသို့ ဆန္ဒမရှိလျှင် သူ့ကို ရိုးရိုး စစ်ဆေးရမည်။ ထို့အပြင်သူ၏ သက်သေများကိုလည်း စစ်ဆေးရမည် ဖြစ်သည်။ ယခုအမှုတွင် တရားခံများ၏ ဆန္ဒကို တရားသူကြီးက မေးမြန်းခြင်းမရှိခဲ့ချေ။ ဤကဲ့သို့ ပုဒ်မ ၂၄၄ (၁) အရ၊ မေးမြန်း စစ်ဆေးကြားနာပြီးမှသာ မှုပြစ်ကျူးလွန်သည်ဟု မတွေ့ရှိလျှင်၊ ပုဒ်မ ၂၄၅ (၁) အရ၊ တရားသေလွှတ်ရမည်ဖြစ်သည်။ ပုဒ်မ ၂၄၄ (၁) အရ၊ တရားခံသည် အပြစ်မရှိပါဟု ငြင်းဆိုလျှင်၊ တရားလိုဘက်ကို စစ်ဆေးပြီး၊ တရားခံကို သက်သေအဖြစ်၊ သို့မဟုတ်၊ ရိုးရိုးအပြင် ၎င်း၏ သက်သေများကိုမစစ်ဆေးပဲ မနေရပေ။ ဤပုဒ်မ ၂၄၄ (၁) တွင် " and also "ဆိုသည့် စကားသည် အလွန်အရေးကြီးသည်။ ဝရမ်းမှုမှာဆိုလျှင် ပုဒ်မ ၂၅၂ (၁) အရ၊ တရားလိုဘက်ကို စစ်ဆေးပြီး တရားခံကို မစစ်ဆေးပဲ၊ ပုဒ်မ ၂၅၃ (၁) အရ၊ မှုပြစ်မထင်ရှားလျှင် တရားခံကို တရားရှင်လွှတ်နိုင်သည်။ ထို့ပြင်ပုဒ်မ ၂၅၃ (၂) အရ၊ တရားလိုဘက်ကိုစစ်ဆေး၍ မပြီးစီးမီပင်စွဲချက်တင်ရန်

---

* ၁၉၇၀ ခုနှစ်၊ ရာဇဝတ် အထွေထွေလျှောက်လွှာ အမှတ် ၃၂။

† ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၆ အရ၊ နိုင်ငံတော် တရားရုံးချုပ်၏ ၁၉၆၈ ခုနှစ်၊ ရာဇဝတ် အယူခံမှု အမှတ် ၃၀၄ တွင် ၁၉၇၀ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့စွဲပါ စီရင်ချက်ကို မကျေနပ်၍ အထူးအယူခံဝင်ခွင့်ရရန် လျှောက်ထားသော လျှောက်လွှာ။

၁၉၇၁

ဦးဘွန်တိတ် ပါ ၈ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

အကြောင်းမရှိလျှင်၊ တရားခံကို တရားရှင်လွှတ်နိုင်သည်။ သမ္မာန်မှုတွင်ကား တရားခံက မှုပြစ်မကျူးလွန်ပါဟု ဆိုလျှင် နှစ်ဘက်စလုံးကို စစ်ဆေးရမည်။

Union of Burma v. *Ah Sein and two others*, 1955 B.L.R. 317 (H.C.) ကိုရည်ညွှန်းသည်။

လျှောက်ထားသူအတွက်။ ။တရားရုံးချုပ်ရှေ့နေ သခင်ချစ်။

လျှောက်ထားခံရသူအတွက်။ ။လက်ထောက် နိုင်ငံတော်ရှေ့နေချုပ် ဦးလှဝင်း။

တရားသူကြီး ဦးကျော်ဇံဦး။ ။လျှောက်ထား သူတို့ကို ဘိုကလေးမြို့ (၂) ရာဘက် ရာဇဝတ် တရားသူကြီး (ဦးသိန်းညွန့်၊ ဒုတိယတန်းအာဏာရ (ရုံးသို့ လောင်းကစား အက်ဥပဒေပုဒ်မ ၁၁/၁၂ အရ၊ ရဲကတရားစွဲတင်ပို့ခဲ့ရာ သမ္မာန်မှုအဖြစ် စစ်ဆေးရာ အပြစ်မရှိပါဟု ထုချေကြသဖြင့်၊ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၂၄၄ (၁) အရ၊ တရားလိုပြသက်သေသုံးယောက်ကို စစ်ဆေး၍ တဆက်တည်း နှစ်ဖက်ကလျှောက်လဲချက်များကိုကြားနာပြီး၊ ပုဒ်မ ၂၄၅ (၁) အရ၊ တရားသေလွှတ်ခဲ့သည်။ဖမ်းဆီးမိသောငွေများကိုလည်း လျှောက်ထားသူ ကိုယုံရှန်၊ ကိုခင်မောင်နှင့် ကိုချစ်မောင်တို့အား ပြန်ပေးစေပြီး၊ ကျန်သက်သေခံပစ္စည်းများကို ပြင်ဆင်ရက်ကျော်လွန်က ဖျက်ဆီးစေရန်၊ ၁၉၆၈ ခု၊ ဩဂုတ်လ ၁၂ ရက်နေ့က အမိန့်ချမှတ်ခဲ့ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရက မကျေနပ်၍၊ ရာဇဝတ်ကျင့်ထုံး ပုဒ်မ၊ ၄၁၇ အရ၊ အယူခံဝင်ခဲ့ရာ၌ တခြား အကြောင်းပြချက်များအပြင် မူလရုံးတရားသူကြီးသည် အမှုကိုသမ္မာန်နည်းဖြင့်စစ်ဆေးသော်လည်း တရားခံများအား၊ ရာဇဝတ် ကျင့်ထုံးပုဒ်မ ၂၄၄(၁) ၏ ပြဋ္ဌာန်းချက်များအတိုင်း စစ်ဆေးခဲ့ခြင်းမရှိဟု တင်ပြရာ၊ တရားရုံးချုပ်ကလက်ခံ၍ မူသရုံး၏ တရားသေလွှတ်ခဲ့သော အမိန့်ကို ပယ်ဖျက်၍၊ မိမိကိုယ်တိုင်ဖြစ်စေ၊ တခြား တရားသူကြီးတဦးဦးအားဖြစ်စေ၊ အမှုကို အသစ်တဖန်ပြန်လည်စစ်ဆေးရန်၊ ခရိုင် ရာဇဝတ်တရားသူကြီးအား ညွှန်ကြားလျက် ၁၉၇၀ ခု၊ ဇူလိုင်လ ၁၀ ရက်နေ့က အမိန့်ချမှတ်ခဲ့သည်ကို၊ လျှောက်ထားသူများ၊ (မူလတရားခံများ) က မကျေနပ်၍ အယူခံဝင်ရန်၊ ပြည်ထောင်စု တရားစီရင်ရေး အက် ဥပဒေ ပုဒ်မ ၆ အရ အခွင့်ထူးတောင်း၍ ၎င်းတို့၏ တရားရုံးချုပ်ရှေ့နေနှင့် လက်ထောက် နိုင်ငံတော်ရှေ့နေချုပ်တို့၏ လျှောက်လဲချက်များကို ကျွပ်နိုတို့ ကြားနာခဲ့သည်။

လျှောက်ထားသူများ၏ တရားရုံးချုပ် ရှေ့နေက သမ္မာန်မှုတွင်၊ တရားခံများနှင့် ၎င်းတို့၏သက်သေများကို စစ်ဆေးခြင်းမပြုပဲ၊ နှစ်ဖက်လျှောက်လဲချက်များကို ကြားနာပြီး တရားသေလွှတ်ခဲ့ရုံမျှဖြင့် အမှုတခုလုံးကိုပယ်ဖျက်ခြင်း မပြုသင့်ပါဟုလျှောက်လဲသည်။ ပျက်ကွက်ခြင်းသည် ကုစား၍ ရနိုင်သော ချို့ယွင်းချက်မျှသာ ဖြစ်ကြောင်း

၁၉၇၁
ဦးဘုန်တိတ်
ပါ ၈
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

ယူဆသင့်ပါသည်ဟု တင်ပြသည်။ ဤတင်ပြလျှောက်လဲချက်များကို ကျွန်ုပ်တို့လက်ခံရန်မဖြစ်နိုင်ပေ။

အမှုမှာ သမ္မာန်မှုဖြစ်၍၊ ရာဇဝတ်ကျင့်ထုံးအခန်း ၂၀ တွင် ပြဋ္ဌာန်းချက်များကို လိုက်နာရပေမည်။ ဤကျင့်ထုံး၏ ပုဒ်မ ၂၄၄(၁) သည် အိန္ဒိယပြည်ပုဒ်မ ၂၄၄(၁) နှင့် ကွဲလွဲသည်။ ကျွန်ုပ်တို့ဥပဒေက ဤသို့ဆိုသည်—

"244. (1) If the Magistrate does not convict the accused under section 243 or if the accused does not make such admission, the Magistrate shall proceed to hear the complainant (if any) and take all such evidence as may be produced in support of the prosecution and also, if the accused desire to give evidence on his own behalf, to hear the accused, or, if the accused does not desire to give evidence, to examine the accused, and take all such evidence as the accused produces in his defence; provided that the Magistrate shall not be bound to hear any person as complainant in any case in which the complaint has been made by a Court."

တရားခံက မှုပြစ်ကို ကျူးလွန်ပါသည်ဟုဝန်ခံသျှင်၊တရားသူကြီးသည်တရားလိုနှင့် တရားလိုပြသက်သေများကို စစ်ဆေးပြီး၊ တရားခံက သက်သေခံချက် ပေးလိုသော ဆန္ဒရှိလျှင် သူ့ကိုကြားနာရမည်။ထိုသို့ဆန္ဒမရှိလျှင်သူ့ကိုရိုးရိုးစစ်ဆေးရမည်။ထို့ပြင် သူ၏သက်သေများကိုလည်း စစ်ဆေးရမည်ဖြစ်သည်။ ယခုအမှုတွင် တရားခံများ၏ ဆန္ဒကို တရားသူကြီးက မေးမြန်းခြင်းမရှိခဲ့ချေ။ ဤကဲ့သို့ပုဒ်မ ၂၄၄( ) အရ မေးမြန်း စစ်ဆေးကြားနာပြီးမှသာ မှုပြစ်ကျူးလွန်သည်ဟု မတွေ့ရှိလျှင်၊ ပုဒ်မ ၂၄၅(၁) အရ တရားသေလွှတ်ရမည်ဖြစ်သည်။ ပုဒ်မ ၂၄၄(၁) အရ၊ တရားခံသည် အပြစ်မရှိပါဟု ငြင်းဆိုလျှင်၊ တရားလိုဘက်ကို စစ်ဆေးပြီး၊ တရားခံဘက် သက်သေအဖြစ် သို့မဟုတ် ရိုးရိုးအပြင် ၎င်း၏ သက်သေများကို မစစ်ဆေးပဲ မနေရပေ။ ဤပုဒ်မ ၂၄၄(၁) တွင် "and also" ဆိုသည့် စကားသည် အလွန်အရေးကြီးသည်။ ဝရမ်းမှုမှာဆိုလျှင် ပုဒ်မ ၂၅၂(၁) အရ၊ တရားလိုဘက်ကို စစ်ဆေးပြီးတရားခံကိုမစစ်ဆေးပဲ၊ပုဒ်မ ၂၅၃(၁) အရ မှုပြစ်မသင့်ရှားလျှင် တရားခံကိုတရားရှင်လွှတ်နိုင်သည်။ ထို့ပြင်ပုဒ်မ ၂၄၃(၂) အရ တရားလိုဘက်ကိုစစ်ဆေး၍ မပြီးစီးမီပင် စွဲချက်တင်ရန် အကြောင်းမရှိလျှင်၊ တရားခံကို တရားရှင်လွှတ်နိုင်သည်။သမ္မာန်မှုတွင်ကား၊ တရားခံက မှုပြစ်မကျူးလွန်ပါ ဟုဆိုလျှင်၊နှစ်ဘက်စလုံးကိုစစ်ဆေးရမည်။ *Union of Burma* v. *Ah Sein and two others* (1) စီရင်ထုံး၌ သမ္မာန်မှုတွင် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၄၄(၁) အရ တရား

(1) 1955 B.L.R. 317 (H.C.)

လို သို့မဟုတ်၊တရားလိုပြသက်သေများကိုမစစ်ဆေးပ တရားသေလွှတ်ခြင်းသည် တရားနည်းလမ်းမဟုတ်သည့်အပြင်၊ ပုဒ်မ ၅၃၇ အရလည်း ကုသ၍မရသဖြင့် အမှုကိုအသစ်တဖန်ပြန်လည်စစ်ဆေးရန် အမိန့်ချမှတ်ခဲ့သည်။ ထို့ပြင် *U Ba Aye and Three others* v. *The Union of Burma* (2) အမှုစီရင်ထုံးတွင်လည်း မပြု၊ မလုပ်မနေရဟု ဥပဒေကပြဋ္ဌာန်းထားလျှင် တရားမျှတမှုရှိစေရန် လိုက်နာရမည်။ မလိုက်နာလျှင် မှားယွင်း ချို့ယွင်းချက်များကို ကုသ၍ မရဟုပြဋ္ဌာန်းထားသည်။ ဤစီရင်ထုံး၌ သမ္မာန်မှုတွင်တရားခံအား အမှုနှင့်ပတ်သက်၍ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၄၂ အရ စွပ်စွဲချက်များကို နားလည်အောင် ရှင်းပြခြင်းမပြုလုပ်ခဲ့သည်မှာ တရားနည်းလမ်းမကျသဖြင့်၊ ပုဒ်မ ၅၃၇ အရ မကုသနိုင်ဟု စာမျက်နှာ ၅၅၁ တွင်—

> "Section 537 of the Criminal Procedure Code applies to mere errors of procedure arising out of mere inadvertence and not to substantive errors of law or to cases of disregard or disobedience of the mandatory provisions of law."

ဟုပြဋ္ဌာန်းထားသည်။

အထက်ပါအကြောင်းများကြောင့်၊ ဤလျှောက်လွှာကို ခွင့်ပြုရန် အကြောင်းမမြင်သဖြင့် ကျွန်ုပ်တို့ ပယ်လိုက်သည်။

---

(2) 1958 B.L.R. 548 (H.C.)

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးသက်ဖေ နှင့် တရားသူကြီး ဦးစိန်သင်း တို့ရှေ့တွင်

† ၁၉၇၁

ဧပြီလ ၂၉ ရက်။

မောင်အောင်ရှင်

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ *

ကာကွယ် ခုခံပိုင်ခွင့်—လူတဦးသည် ရန်ပြုခြင်းခံနေရသည့် အချိန်တွင် ပွဲကြည့်သူ တဦးအနေဖြင့် ခေါင်းအေးအေးထားပြီး ကာကွယ် ခုခံပိုင်ခွင့်ကို တဆင့်ပြီးတဆင့် မည်ကဲ့သို့ပြုလုပ်ရမည်ဟု တွေးဆရန် အချိန်ရနိုင်မည် မဟုတ်ခြင်း။

ဆုံးဖြတ်ချက်။ ။သေသူ မောင်ချစ်ဟန်သည် **စတင်၍** ရန်မူသူဖြစ်သည်။ ထိုစဉ်က မောင်ချစ်ဟန်နှင့် အတူပါလာသော မောင်ချစ်မြထံ၌လည်း ပေါက်တူးတလက် ပါလာသည်။ မောင်ချစ်ဟန်က အယူခံတရားလိုအား ဓါးနှင့်ခုတ်ရာ၊ အယူခံတရားလိုကို မထိဘဲ ဓါးသည် မြေကြီး ပေါ်သို့ကျသွားသည်။ ထိုစဉ်က မောင်ချစ်ဟန်နှင့်အတူ မောင်ချစ်မြလည်းရှိနေရာ၊ အယူခံတရားလို အနေဖြင့်၎င်းအားမောင်ချစ်မြသည် ပေါက်တူးဖြင့် ရန်မူခြင်းမပြုဟု မဆိုနိုင်ပေ။ မောင်ချစ်ဟန်က လည်း မြေကြီးပေါ်သို့ ကျသွားသော ဓါးကို ကောက်ယူပြီး၊ အယူခံတရားလိုအား နောက်ထပ် မခုတ်ဟုမဆိုသာချေ။ ယခုကဲ့သို့ လူတဦးသည် ရန်မူခြင်းခံနေရသည့် အချိန်တွင်၊ ထိုသူသည်၊ မိမိ၏ လွတ်ရာ လွတ်ကြောင်းကိုဖြစ်သည့်နည်းနှင့် ပြုမည်သာ ဖြစ်သည်။ ပွဲကြည့်သူ တဦးအနေဖြင့် ခေါင်းအေးအေးထားပြီး၊ ကာကွယ် ခုခံပိုင်ခွင့်ကို တဆင့်ပြီးတဆင့် မည်ကဲ့သို့ ပြုလုပ်ရမည်ဟု တွေး တောချိန်ဆနေရန် အချိန်ရနိုင်မည်မဟုတ်ပေ။ သို့ဖြစ်ရာ အယူခံ တရားလိုသည် မိမိအား ရန်မူ သူကို မြေကြီးပေါ်သို့ လွတ်ကျသွားသည့် ရန်မူသူ၏ ဓါးနှင့် တချက် ပြန်ခုတ်လိုက်ခြင်းသည် ဥပဒေခွင့်ပြုထားသော ကာကွယ်ခုခံပိုင်ခွင့်ကို ကျော်လွန်သည်ဟု ဆိုရန် ခဲယဉ်းပေသည်။ မောင်ကတုံး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၄၈၊ မြန်မာပြည်စီရင်ထုံး၊ ၆၆၁ ကိုရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးစံသိန်း ။

အယူခံတရားခံအတွက်။ ။အစိုးရတရားရုံးချုပ်ရှေ့နေ ဦးမြရှိန်။

---

* ၁၉၇၀ ခုနှစ်၊ ရာဇဝတ် အယူခံမှု အမှတ် ၄၆၉။

† ၁၉၆၉ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၃၃ တွင် ချမှတ်သော၊ ၁၉၇၀ ခုနှစ်၊ **အောက်တိုဘာလ ၅ ရက်နေ့စွဲပါ မအူပင်မြို့**၊ ဒုတိယအထူး တရားသူကြီး၏ အမိန့်ကို အယူခံမှု။

၁၉၇၁

မောင်အောင်ရှင်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံ တရားလို မောင်အောင်ရှင် အပေါ် ရာဇသတ်ကြီး ပုဒ်မ ၃၀၄ အရ၊ အလုပ်နှင့် ထောင်ဒဏ် ၅ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သည့် မအူပင်မြို့၊ ဒုတိယ အထူး တရားသူကြီး၏ စီရင်ချက်ကို မကျေနပ်သဖြင့် အယူခံဝင်သော အမှုဖြစ်သည်။

လွန်ခဲ့သည့် ၁၃၃၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်၊ ၁၉၆၉ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့နံနက်က၊ မအူပင်မြို့နယ်၊ အညာစုရွာ ဇရပ်၌ ရွာလုံးကျွတ် စုပေါင်း ပဝါရဏာအလှူပွဲရှိသည်။ နံနက် ၉ နာရီခန့် အချိန်တွင် အလှူပွဲ၌ လုပ်အားပေးနေကြသော မောင်နက်နှင့် မောင်အောင်တင်တို့သည် တယောက် တခွန်းစကားများပြီး ရန်ဖြစ်ကာ ထိုးကြိတ်ကြရာ၊ အနီးရှိ လူများက ဖြန်ဖြေပေးလိုက်ရသည်။ မောင်အောင်တင်ကို ၎င်း၏ အစ်ကို အယူခံတရားလို မောင်အောင်ရှင်၊ ဝမ်းကွဲအစ်ကို မောင်ကျော်မြနှင့်အတူ မောင်သောင်းငွေတို့က၊ အလှူဇရပ်မှ နေအိမ်သို့ ပြန်ပို့ရန် ခေါ်လာကြသည်။ မောင်နက်ကိုမူ၊ အခြားလူများက ဇရပ်ပေါ်၌ ခေါ်ထားလိုက်သည်။ ထိုသို့ မောင်အောင်တင်ကို နေအိမ်သို့ ပြန်ပို့ရန် ခေါ်လာစဉ် လမ်း၌ မောင်နက်၏ အစ်ကို သေသူ မောင်ချစ်ဟန်၊ မောင်ချစ်မြ (လိုပြ-၁) တို့နှင့် ဆုံမိကြသည်။ မောင်နက်နှင့် မောင်အောင်တင်တို့ ရန်ဖြစ်ကြစဉ်၊ အလှူဇရပ်၌ မောင်နက်၏ နှမ မတင်ဝင်းလည်း ရှိနေသဖြင့်၊ မတင်ဝင်းသည် ဇရပ်မှ အိမ်သို့ ပြန်ပြေးလာပြီး၊ အစ်ကိုများဖြစ်ကြသည့် မောင်ချစ်မြနှင့် သေသူ မောင်ချစ်ဟန်တို့ကို တိုင်ပြောသည်။ ထို့ကြောင့် သေသူ မောင်ချစ်ဟန်သည် ဓါးကိုဆွဲ၍ ဇရပ်ဆီသို့ ပြေးသွားသည်။ ဦးထွန်းရှိန် (လိုပြ-၃) ၏ ထွက်ဆိုချက်အရ၊ မောင်ချစ်မြထံ၌လည်း ပေါက်တူး တလက် ပါလာကြောင်း တွေ့ရသည်။ ၎င်းတို့သည် မောင်အောင်တင်၊ မောင်အောင်ရှင်၊ မောင်ကျော်မြ၊ မောင်သောင်းငွေတို့နှင့် ဆုံမိကြသောအခါ၊ သေသူ မောင်ချစ်ဟန်က အယူခံ တရားလိုအား ဓါးနှင့် ဝင်ခုတ်သည်။ သို့ရာတွင် မောင်အောင်ရှင်က ရှောင်လိုက်သဖြင့်၊ ဓါးမှာ မြေကြီးပေါ်သို့ လွတ်ကျသွားသည်။ ထိုအခါ မောင်အောင်ရှင်သည် သေသူ မောင်ချစ်ဟန်၏ ဓါးကို ကောက်ယူ၍၊ မောင်ချစ်ဟန်အား တချက်ခုတ်ပြီး နောက် ထွက်ပြေးသွားသည်။ ထိုကဲ့သို့ ထွက်ပြေးသွားစဉ်က မောင်အောင်ရှင်၏ ဦးခေါင်း၌ စုတ်ပြဲသည့် ဒဏ်ရာ တချက်လည်း ရရှိခဲ့ကြောင်း တွေ့ရသည်။

ဒဏ်ရာရရှိသည့် မောင်ချစ်ဟန်ကို မအူပင်မြို့ ပြည်သူ့ဆေးရုံသို့ ပို့လိုက်၍ ဆေးရုံမှ ကုသသော်လည်း သက်သာခြင်း မရှိသဖြင့်၊ ရန်ကုန်မြို့ ပြည်သူ့ ဆေးရုံကြီးသို့ ဆက်လက်တင်ပို့ပြီး ကုသသော်လည်း မသက်သာဘဲ၊ ၁၉၆၉ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့၌ သေဆုံးသွားသည်။ မောင်ချစ်ဟန်၏ အလောင်းကို စစ်ဆေးသောအခါ၊

လက်ဝဲဘက် နားထင်တွင် တိပြတ်သည့် ဒဏ်ရာတချက် တွေ့ရသည်။ ထိုဒဏ်ရာကြောင့် ဦးခွံရိုးကွဲသွားပြီး၊ ဦးနှောက် အမှေးပါးပေါ်၌ သွေးများအုခဲ၍ ဦးနှောက်အားတွန်းဖိခြင်းကြောင့် သေရပါသည်။ ထိုဒဏ်ရာမှာ မုချ သေစေမည့် ဒဏ်ရာ တခုဖြစ်ပါသည်ဟု ဆရာဝန် ဦးမြက မောင်ချစ်ဟန်အား လက်ခံကုသပေးရသည့် ဆရာဝန် ဦးမောင်သိန်းနှင့် ဦးမောင်မောင်တိတ်တို့ ကိုယ်စား ထွက်ဆို ထင်မြင်ချက် ပေးသွားသည်။ အထက်ပါ အချက်အလက်များမှာ၊ မူလရုံးမှ တရားလို၊ တရားခံပြသက်သေများကို သေချာစွာ သုံးသပ်ပြီး နောက် တွေ့ရှိရသည့် အချက်အလက်များပင်ဖြစ်သည်။ ကျွန်ုပ်တို့ အနေဖြင့် တရားလို၊ တရားခံပြ သက်သေ ထွက်ချက်များကို သေချာစွာဘတ်ရှု လေ့လာကြည့်ရာ၊ အထက်ပါ မူလရုံး၏ တွေ့ရှိချက်သည် မှန်ကန်ကြောင်း တွေ့ရသဖြင့် လက်ခံရမည်ဖြစ်သည်။

ယခုအမှုတွင် တခုတည်းသော ပြဿနာကိုသာ စဉ်းစားရန်ရှိသည်။ ထိုပြဿနာမှာ အယူခံ တရားလိုက မောင်ချစ်ဟန်အား ဓါးနှင့် ခုတ်ရာ၌ ဥပဒေက ခွင့်ပြုထားသည့် ကာကွယ်ခုခံပိုင်ခွင့် အတွင်း ကျရောက်ခြင်းရှိ မရှိ ဆိုခြင်းပင် ဖြစ်သည်။ မူလရုံးမှ တွေ့ရှိချက်အရ၊ အယူခံ တရားလိုနှင့် ၎င်း၏ အဖော်များသည်၊ အလှူဇရပ်မှ အိမ်သို့ အေးဆေးစွာ ပြန်လာကြရာ သေသူ မောင်ချစ်ဟန်သည် အယူခံ တရားလိုအား ဓါးနှင့် ဝင်ခုတ်သည်။ ကံကောင်း ထောက်မသဖြင့် အယူခံ တရားလိုကို မထိဘဲ၊ ဓါးမှာ မြေကြီးပေါ်သို့ လွတ်ကျသွားသည်။ ထိုကဲ့သို့ လွတ်ကျသွားသော ဓါးကို အယူခံ တရားလိုက ကောက်ယူပြီး၊ မောင်ချစ်ဟန်အား တချက်ပြန်ခုတ်ခဲ့ခြင်းဖြစ်သည်။ မူလရုံးက အယူခံ တရားလိုသည် သေသူ မောင်ချစ်ဟန်၏ ဓါးကို ၎င်း၏ လက်ဝယ် ရရှိသည့်အချိန်၌၊ သေစေလောက်သည့် အသက် အန္တရာယ်စိုးရိမ်ဘွယ်ရာ အကြောင်းမရှိတော့သဖြင့်၊ မောင်ချစ်ဟန်အား သေသည်အထိ ကာကွယ်ခုခံသည့် အနေဖြင့် မပြုနိုင်ဟု ကောက်ယူခဲ့သည်။ အယူခံ တရားလို အတွက် လိုက်ပါ ဆောင်ရွက်သည့် တရားရုံးချုပ် ရှေ့နေ ဦးစံသိန်းက၊ ဓါးလွတ်ကျသည့် အချိန်၌ သေသူ မောင်ချစ်ဟန်တွင် လက်နက် တစုံတရာမရှိသည်မှာ မှန်သော်လည်း မောင်ချစ်ဟန်သည် ထိုဓါးကို ကောက်ယူ၍ အယူခံ တရားလိုအား ရန်မူနိုင်သည့် အခြေအနေမှိနေသေးသဖြင့်၊ အယူခံ တရားလိုက ဓါးကို ကောက်ပြီး မောင်ချစ်ဟန်အား တချက်ခုတ်လိုက်ခြင်းသည်၊ ကာကွယ်ခုခံပိုင်ခွင့်ကို လိုသည်ထက်ပို၍ အသုံးပြုရာ မရောက်ပါဟု တင်ပြသွားသည်။

အထက်၌ ဖေါ်ပြခဲ့သည့် အတိုင်း၊ သေသူ မောင်ချစ်ဟန်သည် စတင်၍ ရန်မူသူဖြစ်သည်။ ထိုစဉ်က မောင်ချစ်ဟန်နှင့် အတူပါလာသော မောင်ချစ်မြထံ၌သည်း ပေါက်တူး တလက်ပါလာသည်။ မောင်ချစ်ဟန်က အယူခံ တရားလိုအား ဓါးနှင့်

၁၉၇၁ — မောင်အောင်ရှင် နှင့် ပြည် ထောင်စု မြန်မာနိုင်ငံ။

ခုတ်ရာ၊ အယူခံ **တရားလို**ကို မထိဘဲ ဓါးသည် မြေကြီးပေါ်သို့ ကျသွားသည်။ ထိုစဉ်က မောင်ချစ်ဟန်နှင့်အတူ မောင်ချစ်မြလည်း ရှိနေရာ၊ အယူခံ တရားလို အနေဖြင့် ၎င်းအား မောင်ချစ်မြသည် ပေါက်တူးဖြင့် ရန်မူခြင်း မပြုဟု မဆိုနိုင်ပေ။ မောင်ချစ်ဟန်ကလည်း မြေကြီးပေါ် သို့ ကျသွားသော ဓါးကို ကောက်ယူပြီး၊ အယူခံ တရားလိုအား နောက်ထပ် မခုတ်ဟု မဆိုသာချေ။ ယခုကဲ့သို့ လူတဦးသည် ရန်မူခြင်း ခံနေရသည့် အချိန်တွင်၊ ထိုသူသည် မိမိ၏ လွတ်ရာလွတ်ကြောင်းကို ဖြစ်သည့်နည်းနှင့် ပြုမည်သာဖြစ်သည်။ ပွဲကြည့်သူ တဦးအနေဖြင့် ခေါင်းအေးအေးထားပြီး၊ ကာကွယ် ခုခံပိုင်ခွင့်ကို တဆင့်ပြီးမှ တဆင့် မည်ကဲ့သို့ပြုလုပ်ရမည်ဟု တွေးတော ချိန်ဆနေရန် အချိန်ရနိုင်မည် မဟုတ်ပေ။ သို့ဖြစ်ရာ အယူခံ တရားလိုသည် မိမိအား ရန်မူသူကို မြေကြီးပေါ် သို့လွတ်ကျသွားသည့် ရန်မူသူ၏ ဓါးနှင့်တချက် ပြန်ခုတ်လိုက်ခြင်းသည် ဥပဒေ ခွင့်ပြုထားသော ကာကွယ် ခုခံပိုင်ခွင့်ကို ကျော်လွန်သည်ဟု ဆိုရန် ခဲယဉ်းပေသည်။ **မောင်ကတုံး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ** (၁) အမှုတွင်၊ ဓါးကိုင်၍ သွားနေသောတရားခံ၏ နောက်မှ သေသူက မှိန်းဖြင့် လိုက်လံပြီး ထိုးရာ၊ တရားခံကို မထိဘဲ မှိန်းသည် မြေကြီးသို့ ကျသွားစဉ်၊ တရားခံက သေသူကို ဓါးနှင့်ခုတ်ခြင်းသည် ကာကွယ်ခုခံပိုင်ခွင့် အတွင်း ကျရောက်သည်ဟု ဆုံးဖြတ်ထားသည်ကို ရည်ညွှန်း လိုပေသည်။

အထက်ပါ အကြောင်းများကြောင့်၊ အယူခံ တရားလိုသည် မောင်ချစ်ဟန်အား သေစေရာ၌၊ ဥပဒေက ခွင့်ပြုထားသော ကာကွယ်ခုခံပိုင်ခွင့်ကို ကျော်လွန်ခြင်း မရှိသည့် အလျောက်၊ ၎င်း၏ ပြုလုပ်မှုသည် ပြစ်မှု မမြောက်သဖြင့်၊ မူလရုံးမှ ၎င်း အပေါ် ရာဇသတ်ကြီး ပုဒ်မ ၃၀၄ အရ ပြစ်မှု ထင်ရှားသည်ဆိုသော မတွေ့ရှိချက်ကို ပယ်ဖျက်လိုက်သည်။ ၎င်းအား ဤအမှုနှင့် ပတ်သက်၍ တရားသေလွှတ်ရန် အမိန့်ချ မှတ်လိုက်သည်။

(၁) ၁၉၄၈ မြန်မာပြည် စီရင်ထုံး၊ ၆၆၁။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးကျော်ဇံဦး နှင့် တရားသူကြီး **ဦးလှသင်းတို့ရှေ့တွင်**

† ၁၉၇၁

အောက်တိုဘာ လ ၁၄ ရက်။

ဒေါ်ကျင်ရှိန်

နှင့်

ဒေါ်အေးမှင်*

သက်သေခံပစ္စည်းကို အပ်နှံခံရသူက၊ မိမိကိုယ်ကျိုးအတွက် အလွဲသုံးစား ပြုလျှင်ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၁၄ အရသော်လည်းကောင်း၊ ရာဇသတ်ကြီး ပုဒ်မ ၄၀၆ အရသော်လည်းကောင်း အရေးယူနိုင် မယူနိုင်။

ဆုံးဖြတ်ချက်။ ။အချင်းဖြစ် သက်သေခံ **ပစ္စည်းကို လျှောက်ထားခံရသူ** (တရားခံ) အား မူလတရားရုံးကသာ ပေးအပ်ခဲ့ခြင်းဖြစ်၍၊ ဤအဆင့်မှာ **မူလတရားရုံးကသာ** လျှင် သက်သေခံပစ္စည်းနှင့်ပတ်သက်ပြီး အရေးယူပိုင်ခွင့်ရှိသည်။ **မည်သို့ အရေးယူရမည်မှာ** ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၁၄ ၏ ပြဋ္ဌာန်းချက်အရသာဖြစ်သည်။ **အချင်းဖြစ် သက်သေခံ ပစ္စည်းမှာ** ရာဇဝတ်ကြီး မှုအမှတ် ၁၄၅၅/၆၂ မှ ပစ္စည်းဖြစ်၍၊ ယင်းအမှုကို **စစ်ဆေး၍ ပြီးဆုံးသောအခါ၊** မူလရုံးအနေဖြင့် သင့်တော်သည့်အမိန့်တရပ် ချမှတ်ရပါမည်။ **အကယ်၍ ချမှတ်သည့် အမိန့်အတိုင်း** လျှောက်ထားခံရသူ (တရားခံ) က သက်သေခံပစ္စည်းကို **မူလရုံးသို့ မပေးအပ်နိုင်ပါက၊** မူလရုံးသည် ခံဝန်မှာသတ်မှတ်ထားသည့် ငွေတန်ဘိုးကို ပေးအပ်စေရန် **အမိန့်ချမှတ်နိုင်သည်။** ခံဝန်မှာသတ်မှတ်ထားသည့်ငွေနှင့် လုံလောက်ခြင်း မရှိဟု လျှောက်ထား**သူက ယူဆပါက၊** ၎င်းမှာ တရားမကြောင်း အရအရေးယူနိုင်ခွင့်ရှိသေးသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။**တရားရုံးချုပ်** ရှေ့နေ ဦးစံသိန်း (၁)။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။**တရားရုံးချုပ်**ရှေ့နေ ဦးအေးမောင်။

တရားသူကြီး ဦးလှသင်း။ ။ရန်ကုန်မြို့၊ ဒဿမရပ်ကွက် ရာဇဝတ်တရားသူကြီး (အထူး) ရုံး၊ ရာကြီးမှုအမှတ် ၁၄၅၅/၆၂ မှ သက်သေခံပစ္စည်းဖြစ်သည့်လော်လီကား ကို ၁၉၆၃ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့စွဲပါတရားရုံးချုပ်၏ အမိန့်ဖြင့် လျှောက်ထား

---

* ၁၉၇၁ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၅၀ (ခ)။

† ၁၉၆၈ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၃၆ တွင်ချမှတ်သော ၁၉၇၀ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့စွဲပါ ရန်ကုန်ခရိုင် ရာဘက်စက်ရှင်တရားသူကြီး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၁

ဒေါ်ကျင်ရှိန် နှင့် ဒေါ်အေးမှင်။

ခံရသူအား တသောင်းတန် ခံဝန်ချုပ်နှစ်ယောက်ဖြင့်ခေတ္တအပခဲ့သည်။ ဤသကသေခံပစ္စည်းကိုလျှောက်ထားခံရသူက ထုခွဲရောင်းချ၍ လျှောက်ထားသူသည် လျှောက်ထားခံရသူအပေါ် ရာဇသတ်ကြီးပုဒ်မ ၄၀၆ ဖြင့်အရေးယူပေးပါရန်ဒဿမရာဘက် ရာဇဝတ်တရားသူကြီးရုံးရာဇဝတ်ကြီးမှု အမှတ် ၇၅၆/၆၈တွင်ဦးတိုက်လျှောက်ထားခဲ့သည်။မူလရုံးက တရားလိုအား၊ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၂၀၃ အရလျှောက်လွှာကိုပယ်လိုက်သည်။ယင်းအမိန့်ကိုမကျေနပ်၍ရန်ကုန်-ဟံသာဝတီရာဘက်စက်ရှင်ရုံး ပြင်ဆင်မှုအမှတ် ၃၆/၆၈ တွင်လျှောက်လွှာတင်သွင်းပြန်ရာ ရာဘက်စက်ရှင် တရားသူကြီးကလည်း လျှောက်လွှာကို ပယ်လိုက်သဖြင့် ဤပြင်ဆင်မှုလျှောက်လွှာတင်လာခြင်းဖြစ်သည်။

မူလရုံး၏ အကြောင်းပြချက်မှာသက်သေခံလော်လီကားကို တရားလိုက တရားခံအား အပ်နှံထားသည့် ပစ္စည်းမဟုတ်၊ ထိုပြင်တရားခံက အခြားသူတဦးထံသို့ ရောင်းချလိုက်သည်ဆိုခြင်းနှင့် ပတ်သက်၍ တရားခံအပေါ် ကျင့်ထုံးပုဒ်မ ၅၁၄ အရ အရေးယူနိုင်ရန် စုံစမ်းဆဲဖြစ်သည်။ထိုပြင် ယင်းအမှုမှာ ဆုံးခန်းတိုင်မရောက်သေးသဖြင့် တရားခံအား ရာဇသတ်ကြီးပုဒ်မ ၄၀၆ အရအရေးယူရန် အကြောင်းပေါ်လွင်မှု မတွေ့ရဟု အကြောင်းပြ၍ လျှောက်ထားသူ၏ လျှောက်ထားချက်ကို ပယ်လိုက်သည်။

လျှောက်ထားသူ (တရားလို) က တင်ပြသည်မှာ အမှုစစ်ဆေးနေဆဲတွင် တရားရုံးက တဦးတယောက်အားသက်သေခံပစ္စည်းကို ရုံးကအလိုရှိသောအခါ ယူလာပါမည်ဟု ခံဝန်ချုပ် ချုပ်၍ ခေတ္တပေးထားရာမှ ထိုသက်သေခံပစ္စည်းကိုအပ်နှံခံရသူက မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလျှင် ၎င်းအား ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၁၄ အရသော်လည်းကောင်း၊ ရာဇသတ်ကြီးပုဒ်မ ၄၀၆ အရသော်လည်းကောင်း နှစ်နည်းဖြင့် အရေးယူနိုင်ကြောင်း တင်ပြသည်။

အချင်းဖြစ် သက်သေခံပစ္စည်းကို လျှောက်ထားခံရသူ (တရားခံ) အား မူလတရားရုံးကသာပေးအပ်ခဲ့ခြင်းဖြစ်၍၊ ဤအဆင့်မှာ မူလတရားရုံးကသာလျှင် သက်သေခံပစ္စည်းနှင့်ပတ်သက်ပြီး အရေးယူပိုင်ခွင့်ရှိသည်။ မည်သို့အရေးယူရမည်မှာ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၁၄ ၏ပြဋ္ဌာန်းချက်အရသာ ဖြစ်သည်။ အချင်းဖြစ် သက်သေခံပစ္စည်းမှာ ရာဇဝတ်ကြီးမှုအမှတ် ၁၄၅၅/၆၂ မှပစ္စည်းဖြစ်၍ ယင်းအမှုကို စစ်ဆေး၍ ပြီးစီးသောအခါ မူလရုံးအနေဖြင့် သင့်တော်သည့်အမိန့်တရပ် ချမှတ်ရပါမည်။ အကယ်၍ ချမှတ်သည့်အမိန့်အတိုင်း လျှောက်ထားခံရသူ (တရားခံ) က သက်သေခံပစ္စည်းကို မူလရုံးသို့ မပေးအပ်နိုင်ပါက၊မူလရုံးသည် ခံဝန်မှာ သတ်မှတ်ထားသည့်ငွေ တန်ဘိုးကို ပေးအပ်စေရန် အမိန့်ချမှတ်နိုင်သည်။ ခံဝန်မှာ သတ်မှတ်ထားသည့်ငွေနှင့် လုံလောက်ခြင်းမရှိဟု လျှောက်ထားသူက ယူဆပါက ၎င်းမှာ တရားမကြောင်းအရ အရေးယူနိုင်ခွင့်ရှိသေးသည်။ သို့ပါ၍ လျှောက်လွှာကို ပယ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးသက်ဖေနှင့် တရားသူကြီး **ဦးလှသင်းတို့ရှေ့တွင်**

† ၁၉၇၁ ဒီဇင်ဘာလ ၂၈ ရက်။

ဒေါ်ချစ်မယ်

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ **(မောင်မြတင်)***

တရားခံ၏ပြုမူချက်သည် ရာဇသတ်ကြီး၏ အထွေထွေကင်းလွတ်ချက်တခုနှင့် အကျုံးဝင်နေကြောင်း **တရားလိုပြသက်သေများ၏ ထွက်ချက်အရ ပေါ်လွင်နေ၍ တရားခံအား တရားရှင်လွှတ်လိုက်ခြင်း—သက်သေခံ ဥပဒေပုဒ်မ ၁၀၅ နှင့် သန့်ကျင့်ခြင်းရှိ မရှိ—ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၂၅၂ အရ စစ်ဆေးထားသည့် တရားလိုပြ သက်သေများ၏ ထွက်ချက်—သက်သေခံဝင်၍ တရားခံအပေါ် စဉ်းစားနိုင်ခြင်းရှိ မရှိ။**

ဆုံးဖြတ်ချက်။ ။သက်သေခံဥပဒေပုဒ်မ ၁၀၅ အရ၊ **ရာဇဝတ်မှုဖြင့်** တရားစွဲဆိုခြင်းခံရသည့် တရားခံတဦးက၊ မိမိ၏ပြုလုပ်မှုသည် ရာဇသတ်ကြီး၏ **အထွေထွေ** ကင်းလွတ်ချက် တခုခုနှင့် အကျုံးဝင်သည်ဟု ဆိုလာလျှင်၊ ထိုအဆိုပြုချက်ကို **သက်သေထူရန်** တာဝန်သည် ၎င်းအပေါ်၌တည်ရှိနေသည်မှာမှန်၏။ သို့ရာတွင် အမှု၌ ပေါ်**ပေါက်လျက်ရှိသော** သက်သေအထောက်အထားများအရပင် တရားခံ၏ ပြုလုပ်မှုသည် ကင်းလွတ်**ချက်တခုခုနှင့် အကျုံးဝင်ကြောင်းတွေ့ရှိ**ပါက၊ ထိုအချက်ကို တရားခံ၏ အကျိုးအလို့ငှါ ထည့်သွင်း **စဉ်းစားနိုင်ပေသည်။** တရားခံကိုယ်တိုင်က ၎င်း၏ ပြုလုပ်မှုသည် ကင်းလွတ်ချက် တခုခုနှင့် အကျုံးဝင်**ပါသည်ဟု ထုချေခြင်း** မပြုသော်လည်း၊ တရားလိုသက်သေများ၏ ထွက်ချက်အရပင် ကင်းလွတ်**ချက် တခုခုနှင့်** အကျုံးဝင်နေကြောင်း ပေါ်ပေါက်ပါက တရားရုံးမှ တရားခံအတွက် ထည့်သွင်း **စဉ်းစားရမည်** ဖြစ်သည်။ **အစိုးရ** နှင့် **လှမောင်**၊ ၁၉၄၆၊ ရန်ကုန်စီရင်ထုံး၊ ၅၀။ ။မောင်မှတ် **နှင့် ပြည်ထောင်စု**၊ ၁၉၅၄၊ မြန်မာပြည် စီရင်ထုံး၊ ၂၈ (တရားလွှတ်တော်) တို့ကို ကိုးကားသည်။ ။အမှု၏အဖြစ်အပျက် အကြောင်းအရာတို့ကပင် တရားခံသည် ကင်းလွတ်ခွင့် တခုဖြစ်သည့် စိတ်ပေါ့သွပ်နေခိုက် ပြစ်မှုကျူးလွန်ခဲ့ကြောင်း ပေါ်ပေါက်နေလျှင်၊ တရားခံကိုယ်တိုင်က ထိုအချက်ကို တင်ပြထုချေခြင်း မပြုစေကာမူ၊ ယင်းကင်းလွတ်ချက်၏ အကျိုးကျေးဇူးကို တရားခံအား ခံစားခွင့်ပေးရမည်ဟု ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်။

---

* ၁၉၇၁ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၉၅ (ခ)။

† ၁၉၇၁ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၆ တွင် ချမှတ်သော၊ ၁၉၇၁ ခုနှစ်၊ ဇွန်လ ၅ ရက် နေ့စွဲပါ မင်းဘူးမြို့၊ ဒုတိယ အထူးတရားသူကြီး၏ အမိန့်ကိုပြန်၍ ဆင်ခြင်မှု။

မောင်ထွန်းစိန် နှင့် ပြည်ထောင်စု၊ ၁၉၆၂၊ မြန်မာပြည် စီရင်ထုံး၊ ၃၃၇ (တရားရုံးချုပ်) နှင့် **မောင်ကုတ်ချို** နှင့် ပြည်ထောင်စု၊ ၁၉၆၅၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၁၀၉၆ တို့ကို ရည်ညွှန်းသည်။ ၁၉၇၁

ထပ်မံဆုံးဖြတ်ချက်။ ။ထို့ပြင် ရာဇဝတ်ကျင့်ထုံးအခန်း ၂၁ အရ၊ ဝါရမ်းမှုများ၌ တရားခံအား စွဲချက်မတင်မီ ပုဒ်မ ၂၅၂ အရ စစ်ဆေးထားသည့် တရားလိုပြ သက်သေများ၏ ထွက်ချက်သည် သက်သေခံဝင်၍ တရားခံအပေါ် စဉ်းစားနိုင်သည် ဆိုခြင်းမှာလည်း ယုံမှားဘွယ်မရှိ၊ ပြည်ထောင်စု နှင့် ဦးလှထွန်းဖြူ၊ ၁၉၅၈၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၁၆၀ (တရားလွှတ်တော်ချုပ်) ကို ကိုးကားသည်။ ယခုအမှု၌ မောင်ဖြူတင်အပေါ် ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၂၅၂ အရ စစ်ဆေးခဲ့သည့်တရားလိုပြ သက်သေများ၏ ထွက်ချက်အရပင်၊ ၎င်း၏ပြုလုပ်မှုသည် ရာဇသတ်ကြီး ပုဒ်မ ၁၁၀ တွင် အကျုံးဝင်သည့် ကင်းလွတ်ချက်အတွင်း ကျရောက်နေ၍ ပြစ်မှုမမြောက် ကြောင်း ပေါ်လွင်နေသဖြင့်၊ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၂၅၄ အရ၊ စွဲချက်တင်ရန် အကြောင်းမပေါ်ပေါက်နိုင်တော့ပေ။ ပုဒ်မ ၂၅၃ တွင်လည်း ပုဒ်မ ၂၅၂ အရ၊ သက်သေများကို စစ်ဆေးပြီးနောက် တရားခံကဆန့်ကျင်ဘက် သက်သေထူထောင်ခြင်း မပြုစေကာမူ၊ ၎င်းအား ပြစ်ဒဏ်စီရင်ရန် အထောက်အထား ခိုင်လုံခြင်းမရှိက၊ တရားရှင် လွှတ်ရမည်ဟု ပြဋ္ဌာန်းထားရာ၊ တရားခံ၏ ပြုလုပ်မှုသည် ကင်းလွတ်ချက်အတွင်း ကျရောက်သဖြင့် ပြစ်မှုမမြောက်ကြောင်း တရားလိုပြ သက်သေတို့၏ ထွက်ချက်များအရပင် ထင်ရှားနေသည့် ကိစ္စ၌၊ တရားခံအား စွဲချက်တင်ရန် လိုအပ်မည်မဟုတ်ပေ။

ဒေါ်ချစ်မယ်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
(မောင်ဖြူတင်)၊

ပြင်ဆင်ရန် လျှောက်ထားသူအတွက်။ ။ ကိုယ်တိုင်။

ပြင်ဆင်ရန် လျှောက်ထားခံရသူအတွက်။ ။အစိုးရတရားရုံးချုပ်ရှေ့နေ ဦးတင်ညွှန့်။

တရားသူကြီး ဦးသက်ဖေ။ ။၁၉၇၁ ခု၊ မတ်လ ၆ ရက်နေ့ညနေ ၃ နာရီခန့် အချိန်တွင် မင်းဘူးခရိုင်၊ ကန်သာရွာနေ မောင်လှရွှေ (လိုပြ-၂)၏ အိမ်တွင် အိမ်ရှင် မောင်လှရွှေသည် ကိုအောင်သောင်း (လိုပြ-၃)၊ မောင်အောင်ငြိမ်း (လိုပြ-၄)၊ လျှောက်ထား ခံရသူ မောင်ဖြူတင်နှင့် အခြားလူ ၄-၅ ဦးတို့အား စိန်ရည်တိုက်နေစဉ် မောင်ကောက်သည် အိမ်ပေါ်သို့ တက်လာပြီး မောင်ဖြူတင်၏ ကျောကုန်းကို ဓါးချွန်းဖြင့် ထိုးလိုက်၍ မောင်ဖြူတင်သည် ရှေ့သို့ လက်ထောက်လျက် လဲသွားသည်။ အရက်သောက်နေကြသည့် လူများလည်း ခုန်ဆင်းထွက်ပြေးသဖြင့် အိမ်ပေါ်၌ မောင်လှရွှေ မောင်ဖြူတင်၊ မောင်ကောက်နှင့် ကိုအောင်သောင်းတို့သာ ကျန်ရစ်ခဲ့သည်။ ကိုအောင်သောင်းက လက်လွှန်ကုန်မယ်၊ တော်ကြပါဟု ပြောသော်လည်း ရပုံမပေါ်သဖြင့် ၎င်းလည်း အိမ်ပေါ်မှ ခုန်ချထွက်ပြေးသွားသည်။

မောင်ဖြူတင်သည် ကျောကုန်း၌ ဒဏ်ရာရရှိပြီးနောက် အိမ်၏ အနောက်ဖက်သို့ ထွက်ပြေးရာ မောင်ကောက်က အနောက်ပေါက်မှ ဓါးချွန်းကိုင်၍ စောင့်နေသဖြင့် မောင်ဖြူတင်သည် အိမ်ပေါ်၌ တွေ့ရှိသည့် ဓါးကိုကောက်ယူပြီး မောင်ကောက်အား

၁၉၇၁
ဒေါ်ချစ်မယ်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
(မောင်ဖြူတင်)

ခုတ်လိုက်သည်။ ထိုသို့ ခုတ်လိုက်သည် ကို မြင်ရသဖြင့် အိမ်ရှင် မောင်လှရွှေလည်း အိမ်ပေါ်မှ ခုန်ချထွက်ပြေးခဲ့သည်။

ထို့နောက် မောင်ဖြူတင်သည် ရ-လ-က ဥက္ကဋ္ဌ ဦးအောင်သိန်း (လိုပြ-၅)ထံသို့ သွားရောက်ကာ မောင်ကောက်က ဒါးနှင့်ထိုးလိုက်ကြောင်း တိုင်ပြောသဖြင့် ဦးအောင်သိန်းသည် ပြည်သူ့စစ်များကိုခေါ်၍ မောင်ကောက်အား ဘမ်းဆီးရန် စီစဉ်နေစဉ် မောင်ကောက်သည် ဦးခေါင်း၌ ဒဏ်ရာများဖြင့် ရောက်လာကာ ၎င်းလည်း ဒါးခုတ်ခံရကြောင်းပြောသည်။ မောင်ကောက်၏ ဒဏ်ရာကို **ပတ်တီးစည်း**၍ ခေါ်လာစဉ် ရွာလယ်၌လဲပြီး အသက်ပျောက်သွားသည်။

မောင်ကောက်၏ ဦးခေါင်းထိပ်နှင့် လက်ဝဲဘက် **မျက်နှာတို့တွင်** ဒါးဒဏ်ရာ ၂ ချက်ရရှိခဲ့သည်။ မျက်နှာတွင် ရရှိသော ဒဏ်ရာမှာ **သေစေ**ရန်လုံလောက်သည့် ဒဏ်ရာဖြစ်ပြီး ဦးခေါင်းမှ ဒဏ်ရာမှာ သာမန်ဒဏ်ရာသာ**ဖြစ်သည်**။ မောင်ဖြူတင်ကိုလည်းဒဏ်ရာဖြင့် ဆေးရုံသို့ချက်ခြင်း ပို့လိုက်၍ ဆရာဝန် **ဦးသ**က်တင်က စစ်ဆေးကြည့်ရှုရာ သွေးအထွက် လွန်နေသည်ကို တွေ့ရသဖြင့် စိုးရိမ်**စရာအ**ကြောင်းရှိနေသည့်အလျောက် မင်းဘူးမြို့ ပြည်သူ့ဆေးရုံသို့ ပေးပို့ကုသခဲ့**ရသည်**။

မောင်ကောက် သေဆုံးရသည့် ကိစ္စအတွက် **မောင်ဖြူတင်အား** လူသတ်မှုဖြင့် မင်းဘူးမြို့ ဒုတိယ အထူးတရားသူကြီးရုံးတွင် တရားစွဲဆို**ရာ၊ တရား**လိုပြသက်သေများ၏ ထွက်ဆိုချက်အရ၊ တရားခံ၏ ပြုလုပ်မှုသည် ခုခံကာကွ**ယ်ပိုင်ခွင့်**အတွင်း ကျရောက်နေသဖြင့် ပြစ်မှုမမြောက်ဟု အထူးတရားသူကြီးက **ကောက်ယူပြီး** မောင်ဖြူတင်ကို တရားရှင်လွှတ်လိုက်သည်။ ယင်းသို့ တရားရှင်လွှတ်သော **အမိန့်ကို** မောင်ကောက်၏ မိခင် ဒေါ်ချစ်မယ်က ပြင်ဆင်ပေးရန် တင်ပြလာ**သောကြောင့်** ဤပြင်ဆင်မှုကို ဖွင့်လှစ်ခဲ့ရခြင်းဖြစ်သည်။

ကျွန်ုပ်တို့သည် တရားလိုပြ သက်သေများ၏ **ထွက်ချက်ကို သေချာစွာ**လေ့လာသုံးသပ် ကြည့်ရှုသောအခါ၊ သေသူ မောင်ကောက်**သည် အိမ်ပေါ်၌** ထိုင်နေသော မောင်ဖြူတင်အား နောက်မှနေ၍ ဒါးချွန်းဖြင့်ထိုး**သည့်အပြင်၊** ထွက်ပြေးရန်ကြိုးစားသည့် မောင်ဖြူတင်အား ဆက်လက်၍ အန္တရာယ်**ပြုရန်** လှေကားပေါက်မှ ဒါးချွန်းကိုင်၍ စောင့်ကြိုတားဆီးနေစဉ် မောင်ဖြူတင်က **ဒါးဖြင့်** ၂ ချက်ခုတ်လိုက်ကြောင်း ထင်ရှားသဖြင့် မောင်ဖြူတင်၏ပြုလုပ်မှုသည် ရာဇသတ်**ကြီး**ပုဒ်မ ၁၀၀ တွင်အကျုံးဝင်သည့် ကာကွယ် ခုခံပိုင်ခွင့်အတွင်း ကျရောက်နေကြောင်း တွေ့ရသည်။ သို့ရာတွင် မူလရုံးမှ မောင်ဖြူတင်အား တရားရှင်လွှတ်ခြင်းသည် သက်သေခံဥပဒေ ပုဒ်မ ၁၀၅ နှင့် ဆန့်ကျင်ခြင်းရှိ မရှိဆိုသော ပြဿနာကို စဉ်းစားရန် ဤပြင်ဆင်မှုကိုလက်ခံခဲ့ခြင်းဖြစ်သည်။

သက်သေခံ ဥပဒေပုဒ်မ ၁၀၅ မှာ ဤသို့ဆိုပေသည်။

၁၉၇၁
ဒေါ်ချစ်မယ်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
(မောင်မြဖွတင်)။

"105. When a person is accused of any offence, the burden of proving the existence of circumstances bringing the case within any of the General Exceptions in the Penal Code, or within any special exception or proviso contained in any other part of the same Code, or in any law defining the offence, is upon him, and the Court shall presume the absence of such circumstances."

ထိုပုဒ်မအရ ရာဇဝတ်ပြစ်မှုဖြင့် တရားစွဲဆိုခြင်းခံရသည့် တရားခံတဦးက မိမိ၏ ပြုလုပ်မှုသည် ရာဇသတ်ကြီး၏ အထွေထွေ ကင်းလွတ်ချက် တခုခုနှင့် အကျုံးဝင်သည်ဟုဆိုလာလျှင် ထိုအဆိုပြုချက်ကို သက်သေထူရန် တာဝန်သည် ၎င်းအပေါ်၌ တည်ရှိနေသည်မှာမှန်၏။ သို့ရာတွင်အမှု၌ ပေါ်ပေါက်လျက်ရှိသော သက်သေအထောက်အထားများအရပင် တရားခံ၏ ပြုလုပ်မှုသည် ကင်းလွတ်ချက် တခုခုနှင့် အကျုံးဝင်ကြောင်း တွေ့ရှိပါက၊ ထိုအချက်ကို တရားခံ၏ အကျိုးအလို့ငှါ ထည့်သွင်းစဉ်းစားနိုင်ပေသည်။ တရားခံကိုယ်တိုင်က ၎င်း၏ပြုလုပ်မှုသည်ကင်းလွတ်ချက်တခုခုနှင့် အကျုံးဝင်ပါသည်ဟု ထုချေခြင်း မပြုသော်လည်း၊ တရားလိုသက်သေများ၏ ထွက်ချက်အရပင် ကင်းလွတ်ချက်တခုခုနှင့် အကျုံးဝင်နေကြောင်း ပေါ်ပေါက်ပါက တရားရုံးမှ တရားခံအတွက် ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ ထိုအတိုင်းပင် **အစိုးရ နှင့် လှမောင် (၁)၊ မောင်မှတ် နှင့် ပြည်ထောင်စု (၂)**၊ တို့အမှုများတွင် ဆုံးဖြတ်ထားသည်ကိုတွေ့မြင်နိုင်**သည်**။ **မောင်ထွန်းစိန် နှင့် ပြည်ထောင်စု (၃)၊ မောင်ကုတ်ချီ နှင့် ပြည်ထောင်စု(၄)၊ စီရင်ထုံး**များ၌လည်း အမှု၏ အဖြစ်အပျက်အကြောင်းအရာတို့ကပင် တရားခံသည် **ကင်းလွတ်**ခွင့်တခုဖြစ်သည့် စိတ်ပေါ့သွပ်နေခိုက် ပြစ်မှုကျူးလွန်ခဲ့ကြောင်း ပေါ်ပေါက်**နေလျှင်** တရားခံကိုယ်တိုင်က ထိုအချက်ကို တင်ပြထုချေခြင်း မပြုစေကာမူ၊ ယင်း**ကင်းလွတ်ချက်**၏ အကျိုးကျေးဇူးကို တရားခံအား ခံစားခွင့် ပေးရမည်ဟု ဆုံးဖြတ်**ချမှတ်ထားသည်**။

ထို့ကြောင့် ရာဇဝတ်ကျင့်ထုံး အခန်း ၂၁ အရ၊ ဝါရမ်းမှုများ၌ တရားခံအား စွဲချက်**မတင်မီ ပုဒ်မ ၂၅၂** အရ စစ်ဆေးထားသည့် တရားလိုပြ သက်သေများ၏ ထွက်ချက်သည် **သက်သေခံဝင်၍** တရားခံအပေါ် စဉ်းစားနိုင်သည် ဆိုခြင်းမှာလည်း ယုံမှားဘွယ်

---

(၁) **၁၉၆၄ မြန်မာနိုင်ငံစီရင်ထုံး** ၅၀။
(၂) ၁၉၅၄ **မြန်မာနိုင်ငံစီရင်ထုံး** ၂၈ (တရားလွှတ်တော်)။
(၃) ၁၉၆၂ **မြန်မာနိုင်ငံစီရင်ထုံး** ၃၃၇ (တရားရုံးချုပ်)။
(၄) ၁၉၆၅ မြန်**မာနိုင်ငံစီရင်ထုံး ၁၀၉၆**။

၁၉၇၁

ဒေါ်ချစ်မယ် နှင့် **ပြည်ထောင်စု မြန်မာနိုင်ငံ (မောင်ဖြူတင်)။**

မရှ၊ ပြည်ထောင်စု နှင့် ဦးလှထွန်းဖြူ (၅)၊ ယခုအမှု၌ မောင်ဖြူတင်အပေါ် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၅၂ အရ၊ စစ်ဆေးခဲ့သည့် တရားလိုပြ သက်သေများ၏ ထွက်ချက်အရပင် ၎င်း၏ ပြုလုပ်မှုသည် ရာဇသတ်ကြီးပုဒ်မ ၁၀၀ တွင် အကျုံးဝင်သည့် ကင်းလွတ်ချက်အတွင်း ကျရောက်နေ၍ ပြစ်မှုမမြောက်ကြောင်း ပေါ်လွင်နေသဖြင့် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၅၄ အရ၊ စွဲချက်တင်ရန်အကြောင်း မပေါ်ပေါက် နိုင်တော့ပေ။ ပုဒ်မ ၂၅၃ တွင်လည်း ပုဒ်မ ၂၅၂ အရ၊ သက်သေများကို စစ်ဆေးပြီးနောက် တရားခံက ဆန့်ကျင်ဘက် သက်သေထူထောင်ခြင်း မပြုစေကာမူ ၎င်းအားပြစ်ဒဏ် စီရင်ရန် အထောက်အထား ခိုင်လုံခြင်းမရှိက တရားရှင် လွှတ်ရမည်ဟု ပြဋ္ဌာန်းထားရာ၊ တရားခံ၏ပြုလုပ်မှုသည် ကင်းလွတ်ချက်အတွင်း ကျရောက်သဖြင့် ပြစ်မှု မမြောက်ကြောင်း တရားလိုပြ သက်သေတို့၏ ထွက်ချက်များအရပင် ထင်ရှားနေသည့် ကိစ္စ၌၊ တရားခံအား စွဲချက်တင်ရန် လိုအပ်မည် မဟုတ်ပေ။

အထက်ပါ အကြောင်းများကြောင့် မောင်ဖြူတင်အား မူလရုံးမှ ကာကွယ်ခုခံပိုင်ခွင့်အတွင်း မောင်ကောက်ကို သေဆုံးစေခဲ့သဖြင့် ပြစ်မှုမမြောက်ဟု ဆုံးဖြတ်ကာ တရားရှင်လွှတ်ခဲ့သော အမိန့်သည် မှားယွင်းသည်ဟု မဆိုနိုင်၍ ပြင်ဆင်မှုကို ပယ်လိုက်သည်။

(၅) ၁၉၅၈ မြန်မာနိုင်ငံစီရင်ထုံး ၁၆၀ (တရားလွှတ်တော်ချုပ်)။

နိုင်ငံတော်တရားရုံးချုပ် (မန္တလေးရုံးထိုင်)

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးသက်ဖေနှင့် တရားသူကြီး ဦးစိန်သင်းတို့ရှေ့တွင်

ပြည်ထောင်စုမြန်မာနိုင်ငံ	နှင့်	၁။ မောင်တင်မောင်၊ ၂။ မောင်အုန်းမြိုင်၊ ၃။ မောင်အောင်သန်း။ *	† ၁၉၇၁ ဇူလိုင်လ ၁၀ ရက်။

ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၃၅၀(၁)(က)—အမှုကိုအသစ်မှတဖန် ပြန်လည်၍စစ်ဆေးခြင်း— တရားခံများ၏ လျှောက်ထားချက်ကို ခွင့်ပြုလိုက်ရုံမျှဖြင့် ပဋ္ဌမ တရားသူကြီးက တရားရှင် လွှတ်သည့်အမိန့်ကို ပယ်ဖျက်ရန် အာဏာရှိ မရှိ။

ဆုံးဖြတ်ချက်။ ။ရာဇဝတ်ကျင့်ထုံးပုဒ်မ ၃၅၀ တွင် အပိုဒ် (၁) ၏ ပဋ္ဌမခြွင်းချက်၌တရားခံသည် စစ်ပြီးသည့် သက်သေများကို ပြန်လည်ခေါ်ယူ စစ်ဆေးရန်အတွက် တောင်းဆိုနိုင်ခွင့်ရှိကြောင်းပြဋ္ဌာန်းထားသည်။ တရားခံက ထိုကဲ့သို့စစ်ပြီး သက်သေများကို ပြန်လည်ခေါ်ယူစစ်ဆေးရန်အတွက် တောင်းဆိုလျှင် တောင်းဆိုသည့်အတိုင်း တရားသူကြီးသည် စစ်ပြီးသက်သေများကို ပြန်လည်ခေါ်ယူ စစ်ဆေးရန်သာရှိသည်။ ပဋ္ဌမတရားသူကြီးချမှတ်ခဲ့ပြီးသည့် အခြားတရားခံအပေါ် တ ရားရှင်လွှတ်သည့်အမိန့်ကိုပယ်ဖျက်ရန်အာဏာမရှိ။

လျှောက်ထားသူအတွက်။ ။

လျှောက်ထားခံရသူအတွက်။ ။

တရားသူကြီး ဦးစိန်သင်း။ ။အမှုမှ လျှောက်ထားသူများ ဖြစ်ကြသော မောင်တင်**မောင်၊ မောင်**အုန်းမြိုင်နှင့် မောင်အောင်သန်းတို့အပြင် မောင်မြသန်း ဆိုသူကိုပါ ကသာ**မြို့၊ မြို့မရာဇဝ**တ် တရားသူကြီးရုံး၌ ရာဇသတ်ပုဒ်မ ၄၀၉ အရ၊ တရားစွဲဆိုတင်ပို့ခဲ့သည်။ **အမှုစစ်** တရားသူကြီးသည် တရားလိုပြသက်သေ ၉ ယောက်တို့အား စစ်ဆေးပြီး**နောက်** **လျှော**က်ထားသူများအား တရားရှင် လွှတ်ပြီး မောင်မြသန်း အပေါ်၌ ရာ**ဇသတ်ပုဒ်မ** ၄၀၉ အရ စွဲချက်တင်ပြီး အမှုကို ဆက်လက်စစ်ဆေးရန်

---

* ၁၉၇၁ ခုနှစ်၊ **ရာဇဝတ်ပြင်**ဆင်မှုအမှတ် ၅၅ (ခ)။

† ၁၉၇၀ ခုနှစ်၊ **ရာဇဝတ်ကြီးမှု**အမှတ် ၁၃ တွင် ချမှတ်သော ၁၉၇၀ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့စွဲပါ ကသာမြို့၊ မြို့မရာ**ဇဝတ်တရားသူကြီး၏** အမိန့်ကို ပြန်၍ဆင်ခြင်မှု။

၁၉၇၁

ပြည်ထောင်စု မြန်မာနိုင်ငံ။ နှင့်
၁။ မောင်တင် မောင်၊
၂။ မောင်အုန်း မြိုင်၊
၃။ မောင် အောင်သန်း

ဆောင်ရွက်ခဲ့သည်။ ထိုကဲ့သို့ ဆောင်ရွက်နေစဉ် အတွင်း အမှုစစ် တရားသူကြီးသည် ပြောင်းရွှေ့ သွားရသဖြင့် ဤအမှုကို နောက်ဆက်ခံသည့် တရားသူကြီးက ဆက်လက်ကိုင်တွယ်ခဲ့သည်။ တရားသူကြီး အသစ်ထံသို့ တရားခံ မောင်မြသန်းက အမှုကို အသစ်တဖန် ထပ်မံစစ်ဆေးရန် လျှောက်ထားခဲ့သည်။ ထို့ကြောင့်အမှုစစ်တရားသူကြီးသည် ၁၉၇၀ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့စွဲပါအောက်ပါအမိန့်ကို ချမှတ်လိုက်သည်။

"တရားခံတွင် ခံစားခွင့်ရှိသော ရာဇဝတ် ကျင့်ထုံးပုဒ်မ ၃၅၀ (၁)အရ၊ တောင်းဆို လျှောက်ထားချက်ကို ရုံးမှသဘောတူ ခွင့်ပြုသည်။ တရားလိုပြ သက်သေများကို အစမှပြန်လည်စစ်ဆေးရမည်ဖြစ်၍ တရားရှင်လွှတ်ပြီး တရားခံ ၃ ဦးကိုပြန်လည် ဆင့်ဆိုရန် ခံဝန်နှင့် ဝါရမ်းထုတ်ပါ။"

ထိုအမိန့်ကို လျှောက်ထားသူများက မကျေနပ်သဖြင့် ကသာမြို့၊ စက်ရှင်တရားသူကြီးရုံး၊ ၁၉၇၁ ခု၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁ (ခ)တွင် ပြင်ဆင်မှု လျှောက်ထားခဲ့သည်။ စက်ရှင် တရားသူကြီးက မူလရုံးသည် မောင်မြသန်း၏ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၃၅၀ (၁) (က)အရ၊ လျှောက်ထားချက်ကို ခွင့်ပြုလိုက်ရုံမျှဖြင့် လျှောက်ထားသူများ အပေါ် မူလက တရားရှင်လွှတ်ထားသည့် အမိန့်သည် ပျက်ပြယ်သည်ဟု မယူဆနိုင်ပါ။ ထို့ကြောင့် လျှောက်ထားသူများအား ပြန်လည်ဘမ်းဆီး စစ်ဆေးစေရန် ချမှတ်ထားသည့်အမိန့်ကို ပယ်ဖျက်ပေးပါမည့် အကြောင်းဖြင့် ထောက်ခံချက် ရေးသားကာ မူလ ရုံးအမှုတွဲများကို ဤရုံးသို့ တင်ပို့လိုက်ခြင်းဖြစ်သည်။

ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၃၅၀ တွင် အပိုဒ် (၁)၏ ပထမခြွင်းချက်၌ တရားခံသည် စစ်ပြီးသည့် သက်သေများကို ပြန်လည်ခေါ်ယူ စစ်ဆေးရန်အတွက် တောင်းဆိုနိုင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည်။ တရားခံက ထိုကဲ့သို့စစ်ပြီး သက်သေများကို ပြန်လည်ခေါ်ယူ စစ်ဆေးရန်အတွက် တောင်းဆိုလျှင် တောင်းဆိုသည့်အတိုင်း တရားသူကြီးသည် စစ်ပြီး သက်သေများကို ပြန်လည်ခေါ်ယူ စစ်ဆေးရန်သာ ရှိသည်။ ပထမတရားသူကြီး ချမှတ်ခဲ့ပြီးသည့် အခြားတရားခံအပေါ် တရားရှင်လွှတ်သည့် အမိန့်ကို ပယ်ဖျက်ရန် အာဏာမရှိ၊ တရားရှင်လွှတ်သည့် အမိန့်ကို သက်ဆိုင်သူများက မကျေနပ်လျှင် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၃၆ အရ၊ လျှောက်ထားရန်ဖြစ်သည်။ အမှုကိုအသစ်တဖန် ပြန်လည်စစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၃၅၀ (၁)၏ ခြွင်းချက် (ခ)တွင် ပြဋ္ဌာန်းထားသည်။ ထိုပြဋ္ဌာန်းချက်မှာလည်း တရားခံက စစ်ပြီး သက်သေများကို ပြန်လည်ခေါ်ယူ စစ်ဆေးစေရန် တောင်းဆိုခြင်းနှင့် မသက်ဆိုင်။ တရားခံက ယင်းကဲ့သို့ တောင်းဆိုလျှင် အမှုစစ် တရားသူကြီးသည် တရားခံအလိုရှိသ ည်

၁၉၇၁

ပြည်ထောင်စု မြန်မာနိုင်ငံ။
နှင့်
၁။ မောင်တင်မောင်၊
၂။ မောင်အုန်းမြိုင်၊
၃။ မောင်အောင်သန်း

သက်သေများကို ပြန်လည်ခေါ်ယူ စစ်ဆေးရန်သာ ဖြစ်သည်။ အမှုကို အသစ်တဖန် ပြန်လည် စစ်ဆေးစေရန်အမိန့် မချမှတ်နိုင်။ ထို့ကြောင့် ၁၉၇၀ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့စွဲပါ မူလရုံး တရားသူကြီး ချမှတ်ထားသည့် အမိန့်မှာ တရားဥပဒေနှင့် ဆန့်ကျင်နေသဖြင့် ပယ်ဖျက်ရမည်ဖြစ်သည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် စက်ရှင် တရားသူကြီး ၏ထောက်ခံချက်များကို လက်ခံပြီး လျှောက်ထားသူများအား ပြန်လည်ဘမ်းဆီး စစ်ဆေးစေရန် ချမှတ်ထားသည့် အမိန့်ကို ပယ်ဖျက်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ် (မန္တလေးရုံးထိုင်)

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးကျော်ဇံဦးနှင့် တရားသူကြီး ဦးသန်းအောင်တို့ရှေ့တွင်

† ၁၉၇၁ နိုဝင်ဘာလ ၂၆ ရက်။

ပြည်ထောင်စုမြန်မာနိုင်ငံ နှင့်
၁။ မောင်ဖိုးထွန်း၊
၂။ မောင်ခင်မောင်ဝင်း၊
၃။ မောင်ညိုမောင်၊
၄။ မောင်သန်းဖေ၊
၅။ မောင်ထွေးမောင်။*

၁၉၇ဝ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေ—၁၉၇ဝ ခုနှစ်၊မေလ ၂၀ ရက်နေ့ နောက်ပိုင်းတွင် ဖြစ်ပွါးခြင်းကြောင့်၊ ၁၉၇ဝ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေအရ အရေးယူရမည်ဖြစ်ခြင်း—သမဝါယမ ဥပဒေပုဒ်မ ၅၃ ၏ ပြဋ္ဌာန်းချက်—မြို့နယ်ရာဇဝတ်တရားသူကြီးသည် စီရင်ပိုင်ခွင့်အာဏာမရှိဘဲ ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သဖြင့် စီရင်ချက်နှင့် အမိန့်တို့သည်ပျက်ပြယ်၍ တရားမဝင်သော အမိန့်ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။၁၉၇ဝ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမ ဥပဒေအရ၊ သမဝါယမ အသင်း၏ ပစ္စည်းများကို ခိုးယူလျှင်၊ လိမ်ယူလျှင်၊ ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမအသင်း အက်ဥပဒေအရ ကျူးလွန်ဖေါက်ဖျက်မှုဖြစ်၍၊ ၎င်းဥပဒေအရသာ အရေးယူရမည် ဖြစ်သည်။ သမဝါယမပိုင်ပစ္စည်းကို လိမ်ယူလျှင်၊ လိမ်ယူရန် ကြိုးပမ်းလျှင်၊ လိမ်ယူရန် လုပ်ဆောင်မှုများကို အားပေးကူညီလျှင် ယင်းဥပဒေနှင့်သာ အရေးယူရ၍ အခြားဥပဒေဖြစ်သော ရာဇသတ်ဥပဒေနှင့် အရေးမယူနိုင်ဟု အဓိပ္ပါယ်ကောက်ယူရမည်။

ထပ်မံဆုံးဖြတ်ချက်။ ။၁၉၇ဝ ခု၊ ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေအရ၊ အရေးယူရမည့် မှုခင်းကို စစ်ဆေးကြားနာ စီရင်ဆုံးဖြတ်ချက်ပေးရန်၊ ထိုဥပဒေတွင် စီရင်ပိုင်ခွင့်ရှိသော တရားရုံးများကို ဖေါ်ပြ ပြဋ္ဌာန်းထား၏။ ထိုဥပဒေအရ၊ အရေးယူရန်ရှိသော ပြစ်မှုများကို ရာဇဝတ်ကျင့်ထုံး ဥပဒေအရ ဖွဲ့စည်းထားသော တရားရုံးများက စီရင်ပိုင်ခွင့်အာဏာ မရှိဟု ကျွန်ုပ်တို့ယူဆသည်။ အဘယ်ကြောင့်ဆို သော်၊ ၁၉၇ဝ ခု၊ ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေပုဒ်မ ၅၃ နှင့် ပုဒ်မ ၅၀ တို့နှင့် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၂၉ တို့ကို ယှဉ်တွဲသုံးသပ်၍၊ ယင်း ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမ အသင်းဥပဒေကို ကျူးလွန်

* ၁၉၇၁ ခု၊ ရာဇဝတ်ပြင်ဆင်မှု ၅၆ (ခ)။

† ၁၉၇၁ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၉၅ တွင်ချမှတ်သော ၁၉၇၁ ခုနှစ်၊ မေလ ၂ ရက် နေ့စွဲပါ မိုးညှင်းမြို့နယ် ရာဇဝတ် တရားသူကြီး၏ အမိန့်ကိုပြန်၍ ဆင်ခြင်မှု။

၁၉၇၁

ပြည်ထောင်စု မြန်မာ နိုင်ငံ နှင့်
၁။ မောင် ဖိုးထွန်း၊
၂။ မောင် ခင်မောင်ဝင်း၊
၃။ မောင် ညိုမောင်၊
၄။ မောင် သန်းဖေ၊
၅။ မောင်ထွေးမောင်။

ဖေါက်ဖျက်သော ပြစ်မှုကို ကြားနာစစ်ဆေးရန် ရုံးကို အတိအလင်း ဖေါ်ပြထား၍၊ ၎င်းပြစ်မှုများကို ယင်းဥပဒေအရသာ အရေးယူနိုင်သည်ဟု အတိအလင်း ပြဋ္ဌာန်းထားသဖြင့်၊ ယင်းဥပဒေအရ ဖွဲ့စည်းထားသော ရုံးကသာ ကြားနာ စစ်ဆေးနိုင်သည်။ ရာဇဝတ်တရားသူကြီးက ကြားနာစစ်ဆေးခြင်းမပြုနိုင်ပေ။

ထပ်မံဆုံးဖြတ်ချက်။ ။မူလရုံးဖြစ်သော မိုးညှင်းမြို့၊ မြို့နယ်ရာဇဝတ် တရားသူကြီးသည်၊ စီရင်ပိုင်ခွင့်အာဏာ မရှိဘဲနှင့် မှုခင်းကို စစ်ဆေးစီရင်ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။ ယင်းသို့စီရင်ခွင့်အာဏာမရှိဘဲနှင့် စစ်ဆေးစီရင်ဆုံးဖြတ်ခဲ့သော အမှုဖြစ်သည့် အဘွက်ကြောင့်၊ မိုးညှင်းမြို့နယ် ရာဇဝတ်တရားသူကြီး၏ ၁၉၇၁ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၁၉၅ သည် မခိုင်မာ၊ အတည်မဖြစ်ဘဲ အစကနဦးကပင် ပျက်ပြယ်သော မှုခင်းဖြစ်သည်။ ထို့ကြောင့် ၎င်းအမှုတွင် မူလရုံးတရားသူကြီး၏ ၁၉၇၁ ခု၊ မေလ ၂ ရက်နေ့စွဲပါ စီရင်ချက်နှင့် အမိန့်တို့သည်လည်း အာဏာမရှိဘဲ၊ မခိုင်မာ ပျက်ပြယ်၍ တရားမဝင်သော အမိန့်ဖြစ်သည်။ **ဒေါ်ဆင် နှင့် အစိုးရ**၊ ရန်ကုန်စီရင်ထုံး၊ အတွဲ ၂၊ စာ ၂၅၅။ ။**ပြည်ထောင်စု မြန်မာနိုင်ငံနှင့် မောင်ကိုင်း**၊ ၁၉၆၃ ခု၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၄၃၃။ **ဒေါ်ကြည်ညွန့် နှင့် အစိုးရ**၊ ၁၉၆၄ ခု၊ ရန်ကုန်စီရင်ထုံး၊ စာ ၂၀၉။ **ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် မောင်တင်အောင်**၊ ၁၉၆၇ ခု၊ မြန်မာနိုင်ငံ စီရင်ထုံး၊ စာ ၄၄၆။ **မန်ဒတ်မျှာ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ**၊ ၁၉၅၈ ခု၊ မြန်မာနိုင်ငံ စီရင်ထုံး၊ စာ ၆၄၃ နှင့် **ချောင်ချင်ယို နှင့် လူဝင်မှု ကြီးကြပ်ရေးဝန်**၊ ၁၉၆၂ ခု၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၂၆ တို့ကိုရည်ညွှန်းသည်။

လျှောက်ထားသူအတွက်။ ။အစိုးရ တရားရုံးချုပ် ရှေ့နေ၊ ဦးတင်ညွန့်။

လျှောက်ထားခံရသူအတွက်။ ။

တရားသူကြီး ဦးသန်းအောင်။ ။မြစ်ကြီးနားမြို့၊ ခရိုင်ရာဇဝတ် တရားသူကြီးက၊ ၁၉၇၁ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှု အမှတ် ၁ တွင် မိုးညှင်းမြို့၊ မြို့နယ်ရာဇဝတ် တရားသူကြီး၏ ၁၉၇၁ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၉၅ တွင်ချမှတ်သော ၁၉၇၁ ခုနှစ်၊ မေလ ၂ ရက်နေ့စွဲပါ ရာဇသတ်ပုဒ်မ ၄၂၀ အရ၊ ပြစ်ဒဏ်စီရင်ချက်နှင့် ပတ်သက်၍ ၎င်းတရားသူကြီးသည် ထိုအမှု၌ စီရင်ပိုင်ခွင့်အာဏာ မရှိသဖြင့် အမှုတခုလုံးကို ပယ်ဖျက်စေလိုရန် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၃၈ အရ၊ ထောက်ခံချက်ရေးသား၍ အမှုတွဲများကို ဤရုံးသို့ တင်ပို့ခဲ့ခြင်းဖြစ်သည်။

ဤအမှုတွင် စွပ်စွဲချက်မှာ မိုးညှင်းမြို့နယ်၊ နပ္ပါးကျေးရွာအုပ်စု လလသသစပါးအဝယ်ဒိုင်တွင် ၁၉၇၁ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့က မောင်ဖိုးထွန်းသည် စပါးမသွင်းဘဲ စပါး ၁၂၂ တင်းဖိုးငွေ ၄၁၇ိ ကိုလိမ်လည် ထုတ်ယူခဲ့သည်၊ ထိုသို့ပြုလုပ်နိုင်ရန် မောင်သန်းဖေက ကူညီ၍ မောင်ညိုမောင်က ငွေထုတ်ပေးခဲ့သည်၊ မောင်ခင်မောင်ဝင်းက စပါးမသွင်းဘဲ စပါး ၅၅ တင်းအသွင်းပြ၍ မောင်သန်းဖေက ဘောက်ချာဖြတ်ပေး

၁၉၇၁

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် ၁။ မောင် ဖိုးထွန်း၊ ၂။ မောင် ခင်မောင်ဝင်း၊ ၃။ မောင် ညိုမောင်၊ ၄။ မောင် သန်းဖေ၊ ၅။ မောင် ထွေးမောင်။

ခဲ့သည်၊ အတိုချုပ်အားဖြင့်ဆိုလျှင် အဆိုပါ မြို့ညွှင်းမြို့၊ နုပွါးကျေးရွာအုပ်စု လယ်ယာနှင့် လုပ်ငန်းပေါင်းစုံ သမဝါယမ အဝယ်ဒိုင်တွင် တရားခံများက စပါးမဝယ်ဘဲ အဝယ်ပြုပြီး၊ ဘောက်ချာလိမ်ဖြင့် ငွေထုတ်ယူခြင်း၊ ရယူရန် ကြိုးပမ်းခြင်း၊ ယင်းသို့ ပြုလုပ်သည်ကို အားပေးကူညီခြင်း ပြုလုပ်ခဲ့သည်ဟု စွပ်စွဲထား၏။

၁၉၇၀ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေ နောက်ဆက်တွဲ ဇယား ၂ အမှတ်စဉ် ၁၀ တွင် ဤသို့ပါရှိသည်။

သမဝါယမအသင်း၏လုပ်ငန်းနှင့် ပစ္စည်းများကို ကျူးလွန်မှုများ

၁၀	သမဝါယမ အသင်းပိုင်ပစ္စည်းများကို ခိုးယူခြင်း၊ လိမ်လည် ရယူခြင်း၊ ချောက်လှန့်ရယူခြင်း၊ ခိုးရန်၊ လိမ်လည်ရယူရန်၊ ချောက်လှန့် ရယူရန် ကြိုးပမ်းခြင်း၊ ခိုး၍၊ လိမ်လည်၍၊ ချောက်လှန့်၍ ရယူထားသည့် သမဝါယမ အသင်းပိုင် ပစ္စည်းများအား ဤကဲ့သို့ရရှိထားကြောင်း သိလျက်နှင့်လက်ခံခြင်း၊ ဤကဲ့သို့ လုပ်ဆောင်သူများကို အားပေးကူညီခြင်း။	၁	၅ နှစ်အထိထောင်ဒဏ်။
		၂	ကျပ် ၂,၅၀၀ အထိငွေဒဏ်။
		၃	ဆုံးရှုံးသည့် တန်ဘိုး၏ ၃ ဆအထိလျော်ကြေး။
		၄	ပြစ်မှု ကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းကိုပြည်သူပိုင်အဖြစ်သိမ်းဆည်းခြင်း။

မြစ်ကြီးနားခရိုင် ရာဇဝတ်တရားသူကြီးက အချင်းဖြစ် မှုခင်းကိစ္စသည် ၁၉၇၀ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေနှင့် အကျုံးဝင်သော မှုခင်းကိစ္စဖြစ်သည်၊ ဖြစ်ပွားသည့် အချိန်မှာလည်း ၁၉၇၀ ခုနှစ်၊ မေလ ၂၈ ရက်နေ့ နောက်ပိုင်းတွင် ဖြစ်ပွါးခြင်းဖြစ်သည်၊ ထို့ကြောင့် ၁၉၇၀ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေနှင့်သာ အရေးယူထိုက်သော မှုခင်းဖြစ်သည်ဟု ထောက်ခံ အစီရင်ခံချက်တွင် ဖေါ်ပြထားသည်၊ အစိုးရရှေ့နေ ဦးတင်ညွန့်ကလည်း ထိုအစီရင်ခံစာကို ထောက်ခံ၍ လျှောက်လဲသွားသည်။

ကျွန်ုပ်တို့ သုံးသပ်ကြည့်သည့်အခါ၌အထက်တွင် ဖေါ်ပြထားသည့်အတိုင်းလျှောက်ထားခံရသူများအပေါ် စွပ်စွဲချက်မှာ ၎င်းတို့သည် သမဝါယမပိုင် ပစ္စည်းများကို လိမ်လည်ရယူခြင်း၊ ရယူရန်ကြိုးပမ်းခြင်း၊ ယင်းသို့ လိမ်လည်ရယူခြင်းကို အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သည်ဟူသော စွပ်စွဲချက်ဖြစ်သည်၊ အမှုသည် ၁၉၇၀ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေ ပုဒ်မ ၅၀ နှင့်၎င်း ဥပဒေ

၁၉၇၁

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် ၁။ မောင် ဖိုးထွန်း၊ ၂။ မောင် ခင်မောင်ဝင်း၊ ၃။ မောင် ညိုမောင်၊ ၄။ မောင် သန်းဖေ၊ ၅။ မောင် ထွေးမောင်။

နောက်ဆက်တွဲဇယား ၂ နှင့် သက်ဆိုင်သော မှုခင်းဖြစ်သည်၊ နောက်ဆက်တွဲဇယား ၂၊ အမှတ်စဉ် ၁၀ တွင် အကယ်၍ သမဝါယမအသင်းပိုင် ပစ္စည်းကို လိမ်လည်ရယူခြင်း ဖြစ်လျှင်၊ သို့မဟုတ် လိမ်လည်၍ ရရှိထားကြောင်း သိလျက်နှင့် လက်ခံလျှင်၊ သို့မဟုတ် လိမ်လည်ရယူရန် ကြိုးပမ်းလျှင်၊ သို့မဟုတ်လုပ်ဆောင်မှုကို အားပေးကူညီလျှင် ၅ နှစ် အထိ ထောင်ဒဏ်အပြစ်ပေးနိုင်သည်၊ ယင်းဥပဒေပုဒ်မ ၅၀ အရ၊ ထိုသို့သောအမှုများကို ဒေသတရားရုံးက စီရင်ပိုင်သည်ဟူ၍ ကြားနာစစ်ဆေးရမည့်ရုံးကို ပြဋ္ဌာန်းထားသည်။

ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၈ အရ၊ ရာဇသတ် ဥပဒေကို ကျူးလွန်သော အမှုများကို ရာဇဝတ် တရားသူကြီးများက သို့မဟုတ် စက်ရှင်တရားသူကြီးများက စစ်ဆေးပိုင်ခွင့် ရှိသည်၊ ယခုအမှုဘွင် ရာဇသတ်ဥပဒေပုဒ်မ ၄၂၀ နှင့် အရေးယူရမည့်မှုခင်းဆိုလျှင် မူလရုံး ရာဇဝတ်တရားသူကြီးက စစ်ဆေးပိုင်ခွင့်ရှိသည်၊ သို့သော် ဤအမှုတွင် အထက်တွင်မူ ဖေါ်ပြခဲ့သည့်အတိုင်း မူလရုံး ရာဇဝတ်တရားသူကြီးက စစ်ဆေးခဲ့သော မှုခင်းသည် ၁၉၇၀ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံသမဝါယမအသင်း ဥပဒေအရ၊ အရေးယူရန် မှုခင်းကိစ္စဖြစ်ကြောင်း တွေ့ရှိရသည်။ ထိုကဲ့သို့သော အမှုများကို ယင်း သမဝါယမအသင်း ဥပဒေအရသာ အရေးယူရမည်လော၊ သို့မဟုတ် ရာဇသတ်ဥပဒေ အရလည်း အရေးယူလိုလျှင် အရေးယူနိုင် ပါသလောဟု စဉ်းစားဆင်ခြင်သည့်အခါ ယင်းဥပဒေပုဒ်မ ၅၃ တွင် ဤသို့ အတိအလင်းပြဋ္ဌာန်းထားသည်ကို တွေ့ရသည်။

> "၅၃။ ။ဤဥပဒေအရ ကျူးလွန် ဖေါက်ဖျက်သော ပြစ်မှုများကို ဤဥပဒေ အရသာလျှင် အရေးယူရမည်"။

သမဝါယမပိုင် ပစ္စည်းများကို လိမ်လည်ရယူခြင်း၊ လိမ်လည်ထားကြောင်း သိလျက်နှင့် လက်ခံခြင်း၊ လိမ်လည်ရယူရန် ကြိုးပမ်းခြင်း၊ လိမ်လည် လုပ်ဆောင်မှုများကို အားပေးကူညီခြင်းနှင့် စပ်လျဉ်းသော ပြစ်မှုများမှာ ၁၉၇၀ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေကို ကျူးလွန်ဖေါက်ဖျက်သော ပြစ်မှုများဖြစ်၍ ယင်းဥပဒေ အရသာလျှင် အရေးယူနိုင်၍ ရာဇသတ်ဥပဒေအရ အရေးမယူနိုင်ပေ။

သမဝါယမ ဥပဒေပုဒ်မ ၅၀ မှာ အောက်ပါအတိုင်းဖြစ်သည်—

> "၅၀။ ။ဤဥပဒေ၏ နောက်ဆက်တွဲ ဇယား (၂) နှင့် (၃) တွင်ဖေါ်ပြသော ပြစ်မှုများတွင် ၅ နှစ်အထိ ထောင်ဒဏ် အပြစ်ပေးနိုင်သည့် ပြစ်မှုများကို ဒေသတရားရုံးက စီရင်နိုင်သည်။
>
> (၂) အစိုးရသည်၊ လိုသည့်ဒေသတရားရုံးများကို ဖွဲ့စည်းပေးရမည်။
>
> (၃) ဒေသ တရားရုံး၏ စီရင်ချက်ကို မကျေနပ်လျှင် အယူခံဝင်ခွင့် ရှိစေရန် အယူခံအဖွဲ့များကို အစိုးရက လိုသကဲ့သို့ ဖွဲ့စည်းပို့ပေးရမည်။

၁၉၇၁

ပြည်ထောင်စု မြန်မာနိုင်ငံ
နှင့်
၁။ မောင် ဖိုး ထွန်း၊
၂။ မောင် ခင် မောင်ဝင်း၊
၃။ မောင် ညို မောင်၊
၄။ မောင် သန်း ဝေ၊
၅။ မောင် ထွေး မောင်။

(၄) နိုင်ငံတော် တရားရုံးချုပ်သည်၊ ဤဥပဒေ၏ နောက်ဆက်တွဲ ဇယား ၂ နှင့် ၃ တွင်ဖော်ပြသော ပြစ်မှုများနှင့် စပ်လျဉ်း၍ ပြင်ဆင်စီရင်ပိုင်ခွင့် ရှိစေရမည့်အပြင်၊ ဒေသတရားရုံးများနှင့် အယူခံ အဖွဲ့များကို ကြီးကြပ်ကွပ်ကဲပိုင်ခွင့်လည်း ရှိရမည်။

(၅) ဤဥပဒေ၏ နောက်ဆက်တွဲ ဇယား ၂ နှင့် ၃ အသီးသီး၏ စာတိုင် ၁ ၌ဖော်ပြသော အမှတ်စဉ် တခုစီတွင်၊ **စာတိုင်** ၂ ၌ဖော်ပြသော ပြစ်မှုအတွက် စာတိုင် ၃ ၌ဖော်ပြသော **ပြစ်ဒဏ်**များကို တခုစီသော်လည်းကောင်း၊ စုပေါင်း၍သော်**လည်းကောင်း** ကျခံရန်စီရင်နိုင်သည်။

(၆) တချိန်တည်းတွင် ပြစ်မှုတခုထက်ပို၍ ကျူးလွန်လျှင် နောက်ဆက်တွဲ ဇယား (၂) နှင့် (၃) အသီးသီး၏ **စာတိုင်** ၃ ၌ ဖော်ပြသည့် ပိုမိုကြီးလေးသော ပြစ်ဒဏ်ကိုစီရင်ရမည်။

ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၂၉ တွင်အောက်ပါအတိုင်း **ပါရှိသည်—**

"29. (1) Subject to the other **provisions** of this Code, any offence under any other law **shall, when** any Court is mentioned in this behalf in such **law, be tried** by such Court.

(2) When no Court is mention**ed, it may be** tried by the Supreme Court or, subject as **aforesaid, by** which such offence is shown in the eighth column **of the second** schedule to be triable."

ဒေါ်ဆင်နှင့် အစိုးရ (၁) အမှုတွင် ဒေါ်ဆင်သည် **ရဲအုပ်ဖြစ်၍** ဖြောင့်ချက်ကို ခြိမ်းခြောက်၍ရယူခဲ့ကြောင်း၊ ထိုသို့ရယူခဲ့ရာ၌ နာကျင်မှု**ပြုခဲ့ကြောင်းစွပ်စွဲ၍** တရားစွဲဆိုခဲ့သည်။ ခြိမ်းခြောက်၍ ဖြောင့်ချက်ရယူခြင်းပြစ်မှု**သည် ရာဇသတ်ပုဒ်မ** ၃၃၀ နှင့် အကျုံးဝင်၍ တရားဥပဒေအရ စက်ရှင်တရားသူကြီးသာ **စီရင်ပိုင်ခွင့်**အာဏာရှိသည်။ ထိုအမှုတွင် စက်ရှင်တရားသူကြီးရုံးတွင် စစ်ဆေးခြင်းမ**ပြုဘဲ၊ အနော**က်ပိုင်း ရာဇဝတ်တရားသူကြီးက ရာဇသတ်ပုဒ်မ ၃၂၃၊၃၄၂ နှင့် ၃၄၈ **တို့အရ၊**အရေးယူ၍ ကြားနာစစ်ဆေးပြီးလျှင် တရားခံအား အပြစ်ပေးခဲ့သည်။ အနော**က်**ပိုင်းရာဇဝတ်တရားသူကြီးသည် ပုဒ်မ ၃၂၃၊၃၄၂၊၃၄၈ ပြစ်မှုများကို စီရင်ပိုင်ခွင့်အာဏာ ရှိသော်လည်း ရာဇသတ်ပုဒ်မ ၃၃၀ ပြစ်မှုကိုမူစီရင်ပိုင်ခွင့်အာဏာ မရှိချေ။ အမှုအဖြစ်အပျက်အရ ဆိုလျှင် ရာဇသတ်ပုဒ်မ ၃၃၀ နှင့်လည်း အကျုံးဝင်သည်။ သို့သော် ရာဇသတ်ပုဒ်မ

---

(၁) ရန်ကုန်စီရင်ထုံး၊ အတွဲ ၂၊ စာ ၂၅၅။

၁၉၇၁

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့်
၁။ မောင် ဖိုး ထွန်း၊
၂။ မောင် ခင် မောင်ဝင်း၊
၃။ မောင် ညို မောင်၊
၄။ မောင် သန်း ဇေ၊
၅။ မောင် ထွေး မောင်။

၃၊၃၄၂၊၃၄၇ တို့ဖြစ်သော လျော့ပေါ့သောပြစ်မှုအရလည်း အပြစ်ပေးနိုင်သည်။
ကုန်မြို့ တရားလွှတ်တော်က၊အနောက်ပိုင်းရာဇဝတ်တရားသူကြီးသည် မိမိ၏ စီရင်
ခွင့်အာဏာမရှိသောပြစ်မှုအရမစစ်ဆေးဘဲ၊မိမိ၏စီရင်ပိုင်ခွင့်အာဏာအတွင်းရှိသော
မှုနှင့်ပတ်သက်၍သာစစ်ဆေးခဲ့ခြင်းဖြစ်၍ထိုရာဇဝတ်တရားသူကြီးသည်တရားဥပဒေ
ာန်းချက်တခုခုကို ချိုးဖေါက်ခြင်း၊ အလေးမမူခြင်း ပြုလုပ်ခဲ့သည်ဟု မဆိုနိုင်ဟု
ာက်ယူ၍ အနောက်ပိုင်း ရာဇဝတ်တရားသူကြီးက ကြားနာစစ်ဆေးမှုသည် ပျက်
်ခြင်းမရှိဟု ဆုံးဖြတ်ခဲ့သည်။ ထိုအမှုတွင် တရားရုံးအနေနှင့် ကြီးလေးသောပုဒ်မ
သည့် ရာဇသတ်ပုဒ်မ ၃၃၀ အရဖြစ်စေ၊ လျော့ပေါ့သောပြစ်မှုဖြစ်သည့် ရာဇသတ်
မ ၃၂၃၊၃၂၄၊၃၄၇ တို့အရဖြစ်စေ အရေးယူနိုင်လေရာ မိမိစီရင်ပိုင်ခွင့် ရှိနိုင်ရန်
ကွက် လျော့ပေါ့သောပြစ်မှုနှင့် အရေးယူရာ၌ မှန်ကန်စွာဆင်ခြင်သုံးသပ်ထားလျှင်
ကဲ့သို့ ဥပဒေအရ ဆောင်ရွက်နိုင်သည်ဟု ဆုံးဖြတ်ထားခြင်းဖြစ်သည်။

ရာဇသတ်ပုဒ်မအရ အပြစ်ပေးနိုင်သောပြစ်မှုများကိုအခြားဥပဒေတရပ်အရလည်း
ျစ်ပေးနိုင်သည့်အခါမျိုး ရှိတတ်သည်။ ဥပမာ ပစ္စည်းခိုးယူလျှင် ရာဇသတ်ပုဒ်မ
၃ အရအပြစ်ပေးနိုင်သည်။ ၎င်းပစ္စည်းသည် ပုဂ္ဂလိကပိုင်ပစ္စည်းသော်၎င်း၊ ပြည်သူ
ပစ္စည်းသော်၎င်း၊ အများနှင့်သက်ဆိုင်သော ပစ္စည်းသော်၎င်း ဖြစ်နိုင်သည်။
်သူပိုင်ပစ္စည်းဖြစ်လျှင် ထိုရာဇသတ်ပုဒ်မ ၃၇၉ နှင့် အရေးယူအပြစ်ပေးနိုင်သည်။
ဟုတ် ပြည်သူပိုင်ပစ္စည်းကာကွယ်စောင့်ရှောက်ရေး အက်ဥပဒေပုဒ်မ (၆) အရ
်း အရေးယူအပြစ်ပေးနိုင်သည်။ သို့မဟုတ် အများနှင့် သက်ဆိုင်သောပစ္စည်း
ကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရလည်း (အခွင့်အမိန့်ရှိလျှင်) အရေးယူ
ျစ်ပေးနိုင်သည်။ ရာဇဝတ်ကျင့်ထုံး ဥပဒေအရ ဖွဲ့စည်းထားသော အာဏာရှိ
ဝတ်တရားရုံးများက ထိုခိုးမှုနှင့် ပတ်သက်၍ မည်သည့်ဥပဒေနှင့် အရေးယူယူ
ထူးရာဇဝတ်ရုံးနှင့် မစစ်ဆေးလျှင်) အရေးယူ ကြားနာ၍ စီရင်နိုင်သည်။
ာဇဝတ်ရုံးများသည်၊ သာမန်ယေဘုယျဥပဒေဖြစ်သောရာဇသတ်ဥပဒေအရ တရား
တင်ပို့လျှင် ထိုဥပဒေအတိုင်း အပြစ်ပေးနိုင်သည်။ ပြည်သူပိုင်ပစ္စည်း ကာကွယ်
ာင့်ရှောက်ရေး ဥပဒေအရ စွဲဆိုတင်ပို့လျှင်၊ ၎င်းဥပဒေအရ အပြစ်ပေးနိုင်သည်။
ာင်ခွင့်မိန့်နှင့် အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေ
၊ တရားစွဲဆိုတင်ပို့လျှင်၊ ထိုဥပဒေအရ အပြစ်ပေးနိုင်သည်။ တရားစွဲဆိုတင်ပို့သည့်
ါ၌လည်း၊ ၎င်းဥပဒေ ၃ ခုအနက် ကြိုက်နှစ်သက်ရာ ဥပဒေနှင့် တရားစွဲဆို
ပို့နိုင်သည်။ အဘယ်ကြောင့်ဆိုသော် ပြည်သူပိုင်ပစ္စည်းကို ပြည်သူပိုင်ပစ္စည်း
ကွယ်ရေး ဥပဒေအရသာ အရေးယူရမည်။ သို့မဟုတ်အများနှင့် သက်ဆိုင်သော
ည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေအရသာအရေးယူရမည်ဟု ပြဋ္ဌာန်းထားခြင်း

၁၉၇၁

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် ၁။ မောင်ဖိုးထွန်း၊ ၂။ မောင်ခင်မောင်ဝင်း၊ ၃။ မောင်ညိုမောင်၊ ၄။ မောင်သန်းဖေ၊ ၅။ မောင်ထွေးမောင်။

မရှိ။ ၁၉၇၀ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမဥပဒေအရ၊ သမဝါယမအသင်း၏ပစ္စည်းများကို ခိုးယူလျှင်၊လိမ်ယူလျှင်၊**ပြည်ထောင်စု** မြန်မာနိုင်ငံ သမဝါယမအသင်း အက်ဥပဒေအရ ကျူးလွန်ဖေါက်ဖျက်**မှုဖြစ်၍** ၎င်းဥပဒေအရသာ အရေးယူရမည်ဖြစ်သည်။ သမဝါယမပိုင်ပစ္စည်းကိုလိမ်ယူလျှင်၊ **လိမ်ယူရန်ကြိုး**ပမ်းလျှင်၊ လိမ်ယူရန် လုပ်ဆောင်မှုများကို အားပေးကူညီလျှင်၊ **ယင်းဥပဒေနှင့်သာ** အရေးယူရ၍ အခြားဥပဒေဖြစ်သော ရာဇသတ်ဥပဒေနှင့် **အရေးမယူနိုင်ဟု အခိုပွါယ်**ကောက်ယူရမည်။

ရာဇသတ်ဥပဒေသည်ယေဘုယျဥပဒေဖြစ်သ**ည်။ ယင်း ၁၉၇၀** ခုနှစ်၊ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေသည် **အထူးဥပဒေဖြစ်**သည်။ အထူးဥပဒေသည် ယေဘုယျဥပဒေကို လွှမ်းမိုးသည်ဟု **ပြည်ထောင်စု မြန်**မာနိုင်ငံနှင့် မောင်ကိုင်း (၂) အမှုစီရင်ထုံးတွင် ဤသို့သုံးသပ်ထားသည်**ကို တွေ့ရ၏။**

> "၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူ**များအခြေချုပ်နှင့်** ခံဝန်အက်ဥပဒေသည် ယေဘုယျဥပဒေ (General Law) **မဟုတ်ဘဲ၊** သီးသန့်ပြုလုပ်ထားသည့် အထူးအက်ဥပဒေ (Special Law) **ဖြစ်သည်မှာ** ပေါ်လွင်ထင်ရှား၏။ ထို့ကြောင့် အဆိုပါပြစ်မှုကျူးလွန်တတ်**သူများ ခြေချု**ပ်နှင့် ခံဝန်အက်ဥပဒေသည် ယေဘုယျဥပဒေ (General **Law) ကိုလွှမ်း**မိုးမည်ဖြစ်၏"။

အလားတူပင်၊ ဒေါ်ကြည်ညွန့် နှင့် အစိုးရ (၃) **အမှုစီရင်ထုံးတွင်၊** အထူးဥပဒေတခုသည် ယေဘုယျဥပဒေတခုကို လွှမ်းမိုးသည်ဟု **သုံးသပ်ထားသည်**ကို တွေ့ရသည်။ ထိုအမှုတွင် တတိယရာဘက်ရာဇဝတ်တရားသူ**ကြီးသည်၊ ပထမတန်း** အာဏာရသော တရားသူကြီးသာဖြစ်၍၊ အထူးဥပဒေဖြစ်သော **မြန်မာနိုင်ငံ ကာကွယ်**ရေး နည်းဥပဒေ အပိုဒ် ၁၁၅ (က) အရ ပြစ်မှုသည် ၇ နှစ် အထိ **ထောင်ဒဏ်**ပေးနိုင်သော ပြစ်မှုဖြစ်လေရာ၊ ထိုတတိယရာဘက် ရာဇဝတ်**တရားသူကြီးသည်၊** ထိုအမှုကို ကြားနာစစ်ဆေး စီရင်နိုင်သောအာဏာမရှိဘဲ ၎င်းကကြားနာစစ်ဆေးခြင်းဖြစ်၍၊ ထိုကြားနာစစ်ဆေးမှုသည် အစကနဦးကတည်းကပျက်ပြယ်ပြီးဖြစ်သည်ဟု ရန်ကုန်မြို့ တရားလွှတ်တော်က ဆုံးဖြတ်၍ လျှောက်ထားသူ ဒေါ်ကြည်ညွန့်၏ပြစ်မှုစီရင်ချက်နှင့် ပြစ်ဒဏ်ကို ပယ်ဖျက်၍၊ စီရင်ပိုင်ခွင့်အာဏာရှိသော တရားသူကြီး တဦးဦးက တရားဥပဒေနှင့်အညီ လျော်ညီစွာ ထပ်မံစစ်ဆေးရန် အမိန့်ချမှတ်ခဲ့သည်။

---

(၂) ၁၉၆၃ ခု၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၄၃၃။

(၃) ၁၉၆၄ ခု၊ ရန်ကုန်စီရင်ထုံး၊ စာ ၂၀၉။

၁၉၇၁

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် ၁။ မောင် ဖိုးထွန်း၊ ၂။ မောင် ခင်မောင်ဝင်း၊ ၃။ မောင် ညိုမောင်၊ ၄။ မောင် သန်းဖေ၊ ၅။ မောင် ထွေးမောင်။

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် မောင်တင်အောင် (၄) တွင် ဒေါ်ဆင်နှင့် အစိုးရ
င်ထုံးကို ရည်ညွှန်းပြီးနောက်၊ တရားသူကြီးက မိမိစီရင်ပိုင်ခွင့် အာဏာရှိသော
မှုမျိုးထက် ကြီးလေးနေသော အမှုပေါ်ပေါက် မှန်းသိလျှင် ရာဇဝတ်ကျင့်ထုံး
မ ၃၄၆ အရ အစီရင်ခံရမည်။ စီရင်ပိုင်ခွင့်အာဏာ ရရှိရန် ကြီးလေးသောပြစ်မှုကို
ခလေးမမှုဘဲ ထိုမျှလောက်မကြီးလေးသော ပြစ်မှုနှင့်စွဲချက်တင်ခြင်းသည် မှန်ကန်စွာ
င်ခြင်ထားခြင်းမဟုတ်၍ အမှုကို စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးတခုခုက
ပ်မံစစ်ဆေး ကြားနာ ရန်အမိန့်ချမှတ်ထားသည်။

၁၉၇၀ ခု၊ ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေအရ၊ အရေးယူ
ညို့မှုခင်းကို စစ်ဆေးကြားနာ စီရင်ဆုံးဖြတ်ချက်ပေးရန်၊ ထိုဥပဒေတွင်စီရင်ပိုင်ခွင့်
သာ တရားရုံးများကို ဖေါ်ပြ ပြဋ္ဌာန်းထား၏။ ထိုဥပဒေအရ၊ အရေးယူရန်ရှိသော
်မှုများကို ရာဇဝတ်ကျင့်ထုံး ဥပဒေအရ ဖွဲ့စည်းထားသော တရားရုံးများက
င်ပိုင်ခွင့်အာဏာ မရှိဟုကျွန်ုပ်တို့ယူဆသည်။ အဘယ်ကြောင့်ဆိုသော်၊ ၁၉၇၀ ခု၊
ည်ထောင်စု မြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေပုဒ်မ ၅၃ နှင့် ပုဒ်မ ၅၀ တို့နှင့်
ဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၂၉ တို့ကိုယှဉ်တွဲ သုံးသပ်၍ ယင်းပြည်ထောင်စု မြန်မာ
ငံ သမဝါယမအသင်းဥပဒေကို ကျူးလွန်ဖောက်ဖျက်သော ပြစ်မကို ကြားနာ
ဆေးရန် ရုံးကို အတိအလင်းဖေါ်ပြထား၍၊ ၎င်းပြစ်မှုများကို ယင်းဥပဒေအရသာ
ရေးယူနိုင်သည်ဟု အတိအလင်းပြဋ္ဌာန်းထားသဖြင့် ယင်းဥပဒေအရ ဖွဲ့စည်းထား
သာ ရုံးကသာကြားနာစစ်ဆေးနိုင်သည်။ ရာဇဝတ်တရားသူကြီးက ကြားနာစစ်ဆေး
းမပြုနိုင်ပေ။

မန်ဒတ်မျှာ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ (၅) အမှု၌၊ စက်ရှင်တရားသူကြီး၏
အာဏာများ ကို အပ်နှင်းထားခြင်းခံရသော ရာဇဝတ်တရားသူကြီးသည်၊ ရာဇသတ်
မ **၃၀၂** နှင့်အပြစ်ပေးနိုင်သော အမှုကို စစ်ဆေးရာ၌၊ ရာဇဝတ်တရားသူကြီး
ခနှင့် **စစ်ဆေး**၍ စက်ရှင်တရားသူကြီးအနေနှင့် မစစ်ဆေးခဲ့ပေ။ တရားလွှတ်တော်
ထိုသို့**စစ်ဆေးကြား**နာခဲ့သော မှုခင်းတခုလုံးသည်ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၃၀(တ)
ရ **ပျက်ပြယ်သည်ဟု** ဆုံးဖြတ်၍ ထပ်မံစစ်ဆေးရန် အောက်ပါအတိုင်း သုံးသပ်၍
မိန့်ချမှတ်**ထားသည်။**

"As **District** Magistrates are not empowered to try cases under **section 302 of** the Penal Code, the proceedings in which the three **appellants** were tried and convicted were thus void

---

(၄) ၁၉၆၇ ခု၊ မြန်မာနိုင်ငံစီရင်ထုံး စာ ၄၄၆။
(၅) ၁၉၅၀ ခု၊ မြန်မာနိုင်ငံစီရင်ထုံး စာ ၆၄၃။

၁၉၇၁

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် ၁။ မောင် ဖိုးထွန်း၊ ၂။ မောင် ခင်မောင်ဝင်း၊ ၃။ မောင် ညိုမောင်၊ ၄။ မောင် သန်းဖေ၊ ၅။ မောင် ထွေးမောင်။

ab initio ; vide section 530 (*p*) of the Criminal Procedure Code, and there is no other alternative but to order a retrial."

ချောင်ချင်ယို နှင့် လူဝင်မှုကြီးကြပ်ရေးဝန် (၆) အမှုတွင် တရားသူကြီးသည် အာဏာမရှိဘဲ စစ်ဆေးခဲ့သည်။ ထိုအမှုစီရင်ထုံးတွင် ဤသို့ပြထားသည်။

" နယ်ပိုင်ရာဇဝတ်တရားသူကြီးသည် အမှုကို အကျဉ်းနည်းဖြင့် စစ်ဆေးရန် အာဏာမရှိဘဲ စစ်ဆေးသဖြင့် တရားသူကြီး၏ ပြစ်မှုထင်ရှား စီရင်ချက်မှာ တရားမဝင် အတည်မဖြစ်နိုင်ချေ "။

မူလရုံးဖြစ်သော မိုးညှင်းမြို့ မြို့နယ်ရာဇဝတ်တရားသူကြီးသည်၊ စီရင်ပိုင်ခွင့် အာဏာမရှိဘဲနှင့် မှုခင်းကို စစ်ဆေးစီရင် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ယင်းသို့ စီရင်ခွင့် အာဏာမရှိဘဲနှင့် စစ်ဆေးစီရင် ဆုံးဖြတ်ခဲ့သောအမှုဖြစ်သည့်အတွက်ကြောင့်၊မိုးညှင်း မြို့နယ် ရာဇဝတ်တရားသူကြီး၏ ၁၉၇၁ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၉၅ သည် မခိုင်မာ၊ အတည်မဖြစ်ဘဲ အစကနဦးကပင် ပျက်ပြယ်သောမှုခင်းဖြစ်သည်။ထို့ကြောင့် ၎င်းအမှုတွင် မူလရုံးတရားသူကြီး၏ ၁၉၇၁ ခုနှစ်၊ မေလ ၂၇ ရက်နေ့စွဲပါ စီရင်ချက်နှင့် အမိန့်တို့သည်လည်း အာဏာမရှိဘဲ မခိုင်မာပျက်ပြယ်၍ တရားမဝင်သော အမိန့် ဖြစ်သည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် မြင်ကြီးနားမြို့၊ ခရိုင်ရာဇဝတ်တရား သူကြီး၏ ထောက်ခံချက်ကို လက်ခံ၍၊ မူလရုံး၏စီရင်ချက်နှင့်အမိန့်တို့သည် ပျက်ပြယ် ကြောင်း စီရင်ဆုံးဖြတ်၍ အပြစ်ရှိကြောင်း ဆုံးဖြတ်ပြီး ပြစ်ဒဏ်စီရင်ချက်နှင့် ခံဝန် ချုပ်များကို ပယ်ဖျက်ပြီး၊ အခြားစီရင်ပိုင်ခွင့်အာဏာရှိသော ရုံးတွင်းအမှုကိုသက်ဆိုင် ရာဥပဒေအရ စစ်ဆေးရန် အမိန့်ချမှတ်လိုက်သည်။

---

(၆) ၁၉၆၂ ခု၊ မြန်မာနိုင်ငံ စီရင်ထုံး၊ စာ ၂၆။

နိုင်ငံတော်တရားရုံးချုပ်

တရားမအထွေထွေလျှောက်လွှာ

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်နှင့် တရားသူကြီး ဦးကျော်ဇံဦး တို့ရှေ့တွင်

ဦးကျော်ညိမ်း

နှင့်

ဒေါ်အုံးမြိုင် ပါ ၂*

† ၁၉၇၁
မတ်လ ၂၄ ရက်။

လက်ထောက် ငှါးရမ်းခ ကြီးကြပ်ရေးဝန်၏ အာဏာ—လက်ထောက် ငှါးရမ်းခ ကြီးကြပ်ရေးဝန် ဆောင်ရွက်သည့် အမှုများသည် ၎င်းအား ငှါးရမ်းခ ကြီးကြပ်ရေးဝန်က လွှဲပြောင်းပေးသည့် အမှုများဟု ယူဆနိုင်-မယူဆနိုင်။

ဆုံးဖြတ်ချက်။ ။ရန်ကုန်မြို့၊ လက်ထောက်ငှါးရမ်းခ ကြီးကြပ်ရေးဝန် (ဦးမောင်မောင်ဘ) အား လက်ထောက် ငှါးရမ်းခ ကြီးကြပ်ရေးဝန် အာဏာသော်၎င်း၊ မိမိ အလုပ်ဝတ္တရားများ၏ အပြင် ရန်ကုန်မြို့၊ ငှါးရမ်းခ ကြီးကြပ်ရေးဝန်ထံမှ လွှဲပြောင်းပေးသည့် အမှုများကိုပါ ဆောင်ရွက်နိုင်ရန် ငှါးရမ်းခ ကြီးကြပ်ရေးဝန်၏ အာဏာများ အားလုံးကိုလည်း အပ်နှင်းလျက် အလုပ်ဝတ္တရားများကို ဆောင်ရွက်ရန် ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရ၊ ပြည်သူ့လုပ်ငန်း၊ အိမ်ယာဆောက်လုပ်ရေးနှင့် ပြန်လည်ထူထောင်ရေး ဝန်ကြီးဌာနက မြန်မာနိုင်ငံ ပြန်တမ်း၌ အမိန့်ကြော်ငြာစာထုတ်၍ ပေးအပ်ရှိရာ၊ ၎င်းမှာ အဆိုပါ အက်ဥပဒေတွင် ပေးရှိသော အာဏာ အပြည့်အဝရှိသည်။ ယခုအမှုကို ကြီးကြပ်ရေးဝန်က လွှဲပြောင်းပေးသည်ဟု အမှုတွဲတွင် မပေါ်ပေါက်သည်ကား မှန်၏။ သို့သော် လွှဲအပ်မပေးဟု လျှောက်ထားသူက တင်မပြနိုင်ပေ။ သက်သေခံ အက်ဥပဒေ ပုဒ်မ ၁၁၄ အရ၊ ကြီးကြပ်ရေးဝန်က လုပ်ရိုးလုပ်စဉ်အရ လွှဲပြောင်းပေးခဲ့သည်ဟု ယူဆရန် ရှိပေသည်။ [၎င်းပုဒ်မ ဥဒါဟရဏ် (င) ကိုကြည့်ပါ]။ ငှါးရမ်းခ ကြီးကြပ်ရေးဝန်က စာရေး၍ လွှဲပြောင်းရမည်ဟုမဆို။ လျှောက်ထားသူ၏ တရားရုံးချုပ်ရှေ့နေက ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၉၂ ကို ရည်ညွှန်းသည်။ ၎င်းပုဒ်မအရလည်း စာဖြင့် လွှဲပြောင်းပေးရန် မလို။ အများအားဖြင့် အမှုများကို လွှဲပြောင်း ပေးရာ၌ အုပ်ချုပ်မှု လွယ်ကူ ဖြောင့်မတ်စေရန် ရုံး၏ အတွင်းရေး စီမံမှုမျှသာ ဖြစ်သည်။ *Ram Krishna Sinha and others* v. *Petitioners*, 42 C.W.N. **246 (250)** ကို ရည်ညွှန်းသည်။

---

* ၁၉၆၉ **ခုနှစ်၊ တရားမ**အထွေထွေလျှောက်လွှာ ၁၀၅။

† ရန်ကုန်မြို့၊ **လက်ထောက်** ငှါးရမ်းခ ကြီးကြပ်ရေးဝန်ရုံး၏ အမှုအမှတ် ၃၁ အေ/၆၇ တွင် ၁၉၆၉ ခုနှစ်၊ **ဧပြီလ ၇ ရက်နေ့စွဲ**ပါ အမိန့်ကို မကျေနပ်၍ အမှုခေါ်စာချွန်မိန့် ထုတ်ဆင့်ပေးရန် လျှောက်ထားသော **လျှောက်လွှာ။**

[၁၉၇၁

ဦးကျော်ညိမ်း
နှင့်
ဒေါ်အုန်းမြိုင်
ပါ ၂။

လျှောက်ထားသူအတွက်။ ။တရားရုံးချုပ်ရှေ့နေ **ဦးအေးမောင်**။

လျှောက်ထားခံရသူအတွက်။ ။အစိုးရတရားရုံးချုပ်ရှေ့နေ **ဦးမျိုးထွန်းလင်း**။

လျှောက်ထားခံရသူ(၂)အတွက်။ ။တရားရုံးချုပ်ရှေ့နေ **ဦးဝင်းကြည်**။

တရားသူကြီး ဦးကျော်ဇံဦး။ ။အိမ်ရှင်များဖြစ်သူ **အလျှောက်ခံရသူ**တို့က အိမ်ငှါးဖြစ်သူ လျှောက်ထားသူသည် အိမ်မှ အပြီးအပိုင်**ပြောင်းရွှေ့သွား**၍ အရှယ်ရောက်ကလေး ၅ ယောက်နှင့် လက်ရှိအိမ်ခန်းမှာ ကျဉ်း**မြောင်း၍ မ**နေနိုင်သဖြင့် အိမ်ငှါးနေထိုင်ခဲ့သောအခန်းကို ပြန်လည်ပေးရန်လျှောက်**ထားရာ၊ အိမ်ငှါး**က မပြောင်းရွှေ့သေးပါဟုငြင်းဆန်၍ အမှုကိုစုံစမ်းစစ်ဆေးပြီး ၁၉**၆၉ ခု ဧပြီလ ၇** ရက်နေ့ နှင့် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး **အက်ဥပဒေပုဒ်မ ၂၁** အရ အိမ်ရှင်များသို့ ပြန်လည်နေထိုင်ရန် အမိန့်ချမှတ်လိုက်သည်**ကို မကျေနပ်၍** အမှုခေါ် စာချွန်တော်ဖြင့် ပယ်ဖျက်ပေးရန် လျှောက်ထားရာ၌ **တင်ပြသည့်အချက်မှာ**၊ ရန်ကုန်မြို့၊ လက်ထောက်ငှါးရမ်းခ ကြီးကြပ်ရေးဝန်၌ ထိုအမိန့်**ကိုချုပ်ကိုင်နိုင်သည့်အာဏာ**မရှိဟုဆိုသည်။

ရန်ကုန်မြို့၊ လက်ထောက်ငှါးရမ်းခကြီးကြပ်**ရေးဝန်** (**ဦး**မောင်မောင်ဘ)အား လက်ထောက်ငှါးရမ်းခ ကြီးကြပ်ရေးဝန် အာဏာ**သော်၎င်း၊ မိမိ**အလုပ်ဝတ္တရားများ အပြင် ရန်ကုန်မြို့၊ ငှါးရမ်းခ ကြီးကြပ်ရေးဝန်**ထံမှ လွှဲပြောင်း**ပေးသည့်အမှုများကို ပါဆောင်ရွက်နိုင်ရန် ငှါးရမ်းခ ကြီးကြပ်ရေးဝန်**၏ အာဏာများ** အားလုံးကိုလည်း အပ်နှင်းလျက်၊ အလုပ်ဝတ္တရားများကို ဆောင်**ရွက်ရန် ပြည်**ထောင်စု မြန်မာနိုင်ငံ အစိုးရ၊ ပြည်သူ့လုပ်ငန်း၊ အိမ်ယာဆောက်လု**ပ်ရေးနှင့်** မြန်လည်ထူထောင်ရေးဝန်ကြီးဌာနက မြန်မာနိုင်ငံပြန်တမ်း၌ အမိန့်ကြေ**ငြာစာထုတ်၍** ပေးအပ်ရှိရာ ၎င်းမှာ အဆိုပါအက်ဥပဒေတွင်ပေးရှိသော အာဏာ**အပြည့်အဝရှိ**သည်။ ယခုအမှုကိုကြီးကြပ်ရေးဝန်က လွှဲပြောင်းပေးသည်ဟု အမှုတွဲ**တွင် မ**ပေါ်ပေါက်သည်ကားမှန်၏။ သို့သော် လွှဲအပ်မပေးဟု လျှောက်ထားသူက **တင်မပြနိုင်**ပေ။ သက်သေခံအက်ဥပဒေ ပုဒ်မ ၁၁၄ အရ၊ ကြီးကြပ်ရေးဝန်က လုပ်ရိုးလုပ်စဉ်အရ လွှဲပြောင်းပေးခဲ့သည်ဟု ယူဆရန်မှုပေသည်။ [ဤပုဒ်မ၏ဥဒါဟရဏ်(င)ကိုကြည့်ပါ]။ ငှါးရမ်းခကြီးကြပ်**ရေး**ဝန်က စာရေး၍ လွှဲပြောင်းရမည်ဟုမဆို။ လျှောက်ထားသူ၏ တရားရုံးချုပ်ရှေ့နေ**က** ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၉၂ ကို ရည်ညွှန်းသည်။ ဤပုဒ်မအရလည်း စာဖြင့်လွှဲ**ပြောင်း** ပေးရန်မလိုဟု *Ram Krishna Sinha and others* v. *Petitioners* (1) **စီရင်**ထုံးတွင်ဖေါ်ပြထားသည်။ အများအားဖြင့်အမှုများကို လွှဲပြောင်းပေးရာ၌**အုပ်ချုပ်မှု**

(1) 42 C.W.N. 246 (250).

လွယ်ကူဖြောင့်မတ်စေရန် ရုံး၏ အတွင်းရေးစီမံမှုမျှသာ ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ *Daw Hnin Zi* v. *Mr. T. Ahmed and four others* (2) စီရင်ထုံး၌

> "No question of any right whatsoever is involved in an application for the allotment of a vacant room under section 21 (4) of the Urban Rent Control Act of 1960. For these reasons apart from the merits of the case, the application for a *writ of certiorari* does not lie."

ဟုဆိုထားသည်ကို တွေ့ရှိရသည်။ သို့ကြောင့် ဤလျှောက်လွှာကိုလက်ခံရန် လုံလောက်သောအကြောင်းမရှိသဖြင့် စရိတ်နှင့်တကွ ပယ်လိုက်သည်။ တရားရုံးချုပ်ရှေ့နေစရိတ် ငွေ ၇၅ ကျပ် သတ်မှတ်သည်။

(2) 1964 B.L.R. 324 (327).

နိုင်ငံတော်တရားရုံးချုပ်

တရားမအထွေထွေလျှောက်လွှာ

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင် နှင့် တရားသူကြီး **ဦးကျော်ဇံဦး** တို့ရှေ့တွင်

ဒေါ်စိန်

နှင့်

ဆူလူချန် (ခေါ်) နီလာအန်နီ *

† ၁၉၇၁

မတ်လ ၂၄ ရက်။

ဇာရီမှုကိုဆိုင်းငံ့ခြင်း—အယူခံဝင်ရန်အခွင့်ထူးတောင်းနေစဉ်၊ **ဇာရီမှုကိုဆိုင်းငံ့ထားလေ့ရှိ မရှိ**—အယူခံဝင်ရုံနှင့်ပင် ဇာရီမှုသည် အလိုအလျောက်ဆိုင်းငံ့**ထားခြင်းရှိ** မရှိ—ဆိုင်းငံ့ခြင်းမှာ ရုံး၏ဆင်ခြင်တုံတရားအရ ပြုလုပ်ရမည်ဖြစ်ခြင်း။

ဤအမှုတွင်လျှောက်ထားသူက အယူခံဝင်ရန်အခွင့်ထူးတောင်း**နေစဉ်** ဇာရီမှုကို ဤရုံးကဆိုင်းငံ့ပေးရန်ပါလျှောက်ထားခြင်းဖြစ်သည်။ **ဆုံးဖြတ်ချက်။** ။**အယူခံဝင်ရန်** အခွင့်ထူးတောင်းနေစဉ် ဇာရီမှုကို သာမန်အားဖြင့် ဤရုံးကဆိုင်းငံ့ထားလေ့မရှိချေ။ **ထပ်မံဆုံးဖြတ်ချက်။** ။တရားမကျင့်ထုံးအမိန့် ၄၁၊ နည်း ၇ အရလည်း၊ အယူခံဝင်ရုံနှင့်ပင် ဇာရီမှု**သည် အလိုအလျောက်** ဆိုင်းငံ့ခြင်းမရှိ။ အယူခံရုံး၏ဆင်ခြင်တုံတရားအရ ပြုလုပ်ရမည်သာဖြစ်သည်။

လျှောက်ထားသူအတွက်။ ။တရားရုံးချုပ်ရှေ့နေ **ဦးထွန်းညို။**

လျှောက်ထားခံရသူအတွက်။ ။တရားရုံးချုပ်ရှေ့နေ **မစ္စတာ အာ(ရ်)**၊ ချော်ဘေး။

တရားသူကြီး ဦးကျော်ဇံဦး။ ။လက်ခံရေးနှင့်**ပတ်သက်၍ ထပ်မံ**ကြားနာရန် တဘက်သို့ နို့တစ်စာထုတ်ပါ။

အယူခံဝင်ရန် အခွင့်ထူးတောင်းနေစဉ် ဇာရီမှု**ကို သာမန်**အားဖြင့် ဤရုံးကဆိုင်းငံ့ထားလေ့မရှိချေ။ တရားရုံးချုပ် (ယခင်တရားလွှတ်တော်ချုပ်) ဒုတိယပိုင်းအမိန့် ၁၄၊ နည်းဥပဒေ ၅ က ဆိုင်းငံ့ထားရမည်မဆို၊ **ပထမ**ပိုင်း၊ အမိန့် ၁၊ နည်းဥပဒေ

---

* ၁၉၇၀ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာမှုအမှတ် ၁၀၆။

† ၁၉၆၇ ခုနှစ်၊ တရားမအထွေထွေ အယူခံမှုအမှတ် ၇၃ တွင်၊ ၁၉၇၀ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့စွဲပါ အမိန့်ကိုအယူခံဝင်ရန် အခွင့်ထူးတောင်းနေစဉ်ဇာရီမှုကို ဤရုံးကဆိုင်းငံ့ပေးရန်ပါလျှောက်ထားမှု။

၅ အရ၊ ဤနည်းဥပဒေများတွင် အတိအလင်းထည့်သွင်း၍မထားလျှင်၊ တရားမကျင့်ထုံး ပါမည်သည့် ပြဋ္ဌာန်းချက်မျှ တရားရုံးချုပ်ရှိမှုခင်းကိစ္စများနှင့် မသက်ဆိုင်။ ဤကိစ္စမှာ ရုံး၏ဆောင်ခြင်တုံတရားအရ ပြုလုပ်ရမည်သာဖြစ်သည်။ ၁၉၇၁ / ဒေါ်စိန် နှင့် ဆူလူချန်(ခေါ်) နီလာအန်နီ။

တရားမကျင့်ထုံးအမိန့် ၄၁၊ နည်း ၅ အရလည်း၊ အယူခံဝင်ရုံနှင့်ပင် ဇာရီမှုသည် အလိုအလျောက် ဆိုင်းငံ့ခြင်းမရှိ၊ အယူခံရုံး၏ဆင်ခြင်တုံတရားအရ ပြုလုပ်ရမည်သာ ဖြစ်သည်။ ဤအမိန့်အပိုဒ် (၂) (၃) နှင့် (၄) အရ ဇာရီရုံးကလည်းဖေါ်ပြထားသော အကြောင်းများ လုံလောက်သည်ဟု ကြေနပ်လျှင်၊ ဇာရီမှုကိုဆိုင်းငံ့နိုင်ပေသည်။ ဤရုံး၌ လျှောက်ထားရန်မလိုပေ။ အယူခံရုံးများသို့ မရောက်မီကပင် ဤကိစ္စကို ဇာရီရုံး၌ ဥပဒေကပေးထားသော အခွင့်အရေးသက်သာခွင့်တို့ကို လျှောက်ထားသူက တောင်းခံသင့်ပေသည်။ လျှောက်ထားသူ တရားရှုံးသည် အကြောင်းညီညွတ်လျော်ကန် ဟုတ္တိရှိစွာ လုံ့လဝိရိယဖြင့် ကြိုးစားခဲ့ခြင်းမရှိခဲ့ချေ။ သို့ကြောင့် ဇာရီဆိုင်းငံ့ အမိန့်ပေးရန် ကျွန်ုပ်တို့ငြင်းပယ်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမအယူခံမှု

တရားသူကြီးချုပ် ဒေါက်တာမောင်မောင်၊ တရားသူကြီး ဦးကျော်ဇံဦးနှင့် တရားသူကြီး ဦးစိန်သင်းတို့ ရှေ့တွင်

† ၁၉၇၁
ဖေဖော်ဝါရီလ
၁၉ ရက်။

ဦးပြေ

နှင့်

ဦးဘအေး ပါ ၂ *

တရားမကျင့်ထုံး ပုဒ်မ ၁၄၄ ၏ အခြေခံမှု—၎င်းပုဒ်မပါ ပြဋ္ဌာန်းချက်များသည် အမှုသည်တဦး မဟုတ်သည့် လေလံဆွဲဝယ်ယူခဲ့သော တတိယသူ တဦးအပေါ်၌ အကျိုး သက်ရောက်နိုင်ခြင်း ရှိ-မရှိ။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံး ပုဒ်မ ၁၄၄ ၏ အခြေခံမှုမှာ ဒီကရီကို မှားယွင်းသောကြောင့် ပယ်ဖျက်လိုက်ရသည်ရှိသော် ထိုဒီကရီကြောင့် အကျိုးကျေးဇူး ခံစားခွင့်ရသူအား တဘက် အမှုသည်၏ ဆုံးရှုံးမှုကို လျော်ကြေးပေးရန် တာဝန်ချထားခြင်းမျှသာ ဖြစ်သည်။ ဒါဝတ်ဟာရှင်အီစွတ်နှင့် တင်ရှိန်၊ ရန်ကုန် စီရင်ထုံးများ၊ အတွဲ (၁၁)၊ စာ ၄၇၀ ကို ရည်ညွှန်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ယခုအမှုတွင် လေလံဆွဲဝယ်သူမှာ မှားယွင်းစွာ ချမှတ်ထားသည့် ဒီကရီကြောင့် အကျိုးခံစားခွင့်ရရှိခဲ့သူဟု မဆိုသာချေ။ ရုံးမှပြုလုပ်ခဲ့သည့် လေလံတင် ပစ္စည်းကို တန်ရာတန်ဘိုးပေး၍ သဘောရိုးဖြင့် လေလံဆွဲဝယ်ခဲ့သူမျှသာ ဖြစ်သည်။ သို့ဖြစ်လေရာ လေလံဆွဲဝယ်ယူသည် တရားနိုင်ဖြစ်နေလျှင် သော်လည်းကောင်း၊ တရားနိုင်နှင့် နားလည်မှုယူကာ မရိုးမဖြောင့်သော သဘောဖြင့် လေလံဆွဲဝယ်ခဲ့သူ ဖြစ်နေလျှင် သော်လည်းကောင်း၊ ပုဒ်မ ၁၄၄ အရ မိမိရရှိခဲ့သည့် အကျိုးအမြတ်ကို ပြန်ပေးရန် တာဝန် ရှိမည်ဖြစ်သော်လည်း၊ ဤအမှုမှာကဲ့သို့ သဘောရိုးဖြင့် လေလံဆွဲဝယ်ခဲ့သူ အပြင်လူအပေါ်၌မူ၊ ထိုပုဒ်မ၏ ပြဋ္ဌာန်းချက်များ အကျုံးမဝင်ဟု ယူဆရမည်ဖြစ်သည်။

အသူခံ တရားလိုအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးတင့်။

အယူခံ တရားပြိုင်အတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးဘိုးသာ။

---

* ၁၉၆၀ ခုနှစ်၊ အခွင့်ထူး တရားမ အယူခံမှုအမှတ် ၆။

† နိုင်ငံတော် တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၁၉၆၄ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၁၃ တွင် ၁၉၆၅ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့စွဲပါ စီရင်ချက်ကို မကျေနပ်၍ အထူးအယူခံဝင်ခွင့် တင်သွင်းသောလျှောက်လွှာ။

တရားသူကြီး ဦးစိန်သင်း။ ။"ဤအမှုနှင့် ပတ်သက်၍ တရားမကျင့်ထုံးပုဒ်မ ၁၄၄ ပါ ပြဋ္ဌာန်းချက်များသည်၊ အမှုသည်တဦးမဟုတ်သည့် လေလံဆွဲဝယ် ယူခဲ့သော တတိယသူ တဦးအပေါ်၌ အကျိုးသက်ရောက်နိုင်ခြင်းရှိ၊ မရှိ" ဟူသည့်ပြဿနာ ပေါ်ပေါက်သဖြင့်၊ ဤအခွင့်ထူး အယူခံမှု ဖွင့်လှစ်ရခြင်းဖြစ်သည်။ ထိုပြဿနာ ပေါ် ပေါက်လာပုံအကြောင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

၁၉၇၁

ဦးပြေ နှင့် ဦးဘအေးပါ ၂။

မန္တလေးမြို့၊ ရာဘက်ခရိုင် တရားမရုံး၊ ၁၉၅၅ ခု၊ တရားမကြီးမှုအမှတ် ၁၀ တွင် ဒေါ်ချစ်က ဦးဘအေးအပေါ်၌ ငွေ ၄,၀၀၀ ကျပ် ရရှိရန် အနိုင်ဒီကရီ ရရှိခဲ့သည်။ထိုဒီကရီကို ထိုရုံး၏ ၁၉၅၈ ခု၊ ဇာရီမှုအမှတ် ၇ တွင် ဇာရီပြုလုပ်ခဲ့ရာ၊ နောက်ဆုံးတွင် ဦးဘအေး ပိုင်မြေနှင့် ထိုမြေပေါ်ရှိ အဆောက်အဦကို ရုံးကလေလံတင် ရောင်းချလိုက်သောကြောင့်၊ ဦးပြေက ကျပ် ၃,၂၅၀ ဖြင့် လေလံဆွဲဝယ်လိုက်သည်။ ထိုကဲ့သို့ လေလံဆွဲဝယ်လိုက်ခြင်းမှာ မူလရုံးကချမှတ်သည့် စီရင်ချက်နှင့် ဒီကရီတို့ကို ဦးဘအေးက မကျေနပ်သဖြင့် မန္တလေးရုံးထိုင် တရားရုံးချုပ်တွင် အယူခံ ဝင်ထားစဉ်အတွင်း ဖြစ်သည်။ ၁၉၆၂ ခု၊ ဩဂုတ်လ ၁ ရက်နေ့၌ အဆိုပါအယူခံတွင် နှစ်ဦးနှစ်ဖက်သော အမှုသည်များ၏ သဘောတူညီချက်အရ၊ ဦးဘအေးအပေါ်၌ ချမှတ်ထားသည့် စီရင်ချက်နှင့် ဒီကရီတို့ကို ပယ်ဖျက်လိုက်သည်။ ထို့ကြောင့် ဦးဘအေးက ဇာရီမှုတွင် လေလံတင်ရောင်းချခဲ့ပြီးဖြစ်သော မိမိပိုင်မြေနှင့်အိမ်ကို ပြန်လည်ပေးအပ်ရန် တရားမကျင့်ထုံးပုဒ်မ ၁၄၄ အရ၊ လျှောက်ထားသည်။ ရာဘက်ခရိုင် တရားမရုံးက **မတုပ် နှင့် မောင်မိုးနောင်း** (၁)၊ **မောင်ဘန်းကြီး နှင့် မငွေပုံ** (၂) အစရှိသည့် စီရင်ထုံးများကို ကိုးကားပြီး၊ လေလံဆွဲဝယ်သူ ဦးပြေသည် သဘောရိုးဖြင့် လေလံဆွဲဝယ်ခဲ့သူ ဖြစ်ပါသည်။ မူလရုံး၏ စီရင်ချက် ဒီကရီတို့နှင့် စပ်လျဉ်း၍ အယူခံဝင်ထားခြင်းကို မသိရှိခဲ့ပါ၊ လေလံတင်ရောင်းချ၍ ရရှိသည့်အဖိုးငွေ ကျပ် ၃,၂၅၀ ကို တရားပိုင် ဒေါ်ချစ်၏ ကိုယ်စားလှယ် ဒေါ်တင်ညွန့်က ထုတ်ယူသွားပြီး ဖြစ်ပါသည်။ လေလံဆွဲဝယ်သူ ဦးပြေသည် တရားနိုင်မဟုတ်။ အပြင်လူစိမ်းတယောက် ဖြစ်သဖြင့် ၎င်းအပေါ်၌ တရားမကျင့်ထုံးပုဒ်မ ၁၄၄ ပါပြဋ္ဌာန်းချက်များအရ အရေးယူနိုင်ခွင့် မရှိပါဟု ကောက်ယူဆုံးဖြတ်ပြီး၊ **ဦးဘအေး၏** လျှောက်ထားချက်ကို ပယ်ချခဲ့သည်။

ထိုအမိန့်ကို မကျေနပ်သဖြင့်၊ ဦးဘအေးက ဤရုံး၏ ၁၉၆၄ ခု၊ တရားမပထမ **အယူခံမှုအမှတ်** (၁၃)တွင် အယူခံဝင်ရောက်ခဲ့သည်။ ထိုအယူခံမှုကို စစ်ဆေးကြားနာသည့် **တရားသူကြီး ဦးစော**ဘသိန်းက တရားရုံးသည် အမှုသည်များ၏ အကျိုးပျက်စီးနစ်နာခြင်း **မရှိရအောင်** အထူးသတိထား၍ အမှုများကို စီရင်ဆုံးဖြတ်ရမည် ဖြစ်ပါ

(၁) ရန်ကုန်စီရင်ထုံးများ အတွဲ (၃) စာ၊ (၂၅၁)။
(၂) ရန်ကုန်စီရင်ထုံးများ အတွဲ (၇) စာ၊ (၁၀၇)။

၁၉၇၀ — ဦးပြေ နှင့် ဦးဘအေးပါ ၂။

သည်။ ဤအမှုတွင် ဦးဘအေးသည် မိမိအပေါ်၌ ချမှတ်သည့် ဒီကရီကို မကျေနပ်သောကြောင့်၊ အယူခံ ဝင်ထားခဲ့ပါသည်။ ထိုကဲ့သို့ အယူခံဝင်ထားစဉ် ဇာရီမှုကို ယာယီဆိုင်းငံ့ထားရန် အမိန့်ရရှိခဲ့ပါသော်လည်း အာမခံ မပေးနိုင်သောကြောင့်၊ ၎င်းအပေါ်တွင်ဆက်လက် ဇာရီပြုလုပ်ခြင်း ခံခဲ့ရပါသည်။ အချင်းဖြစ် ပစ္စည်းများကို အာမခံအဖြစ် ပေးသွင်းနိုင်ကြောင်း ဦးဘအေးသည်မသိရှိသဖြင့်၊ အာမခံမပေးနိုင်ပဲဖြစ်ခဲ့ရပါသည်။ ခရိုင်တရားမရုံးသည် ရုံးသို့ တင်သွင်းထားသည့် လေလံဆွဲဝယ်ငွေကျပ် ၃,၂၅၀ ကို၊ ဒေါ်ချစ်အား ထုတ်မပေးပဲ အယူခံမှုကို ဆုံးဖြတ်ပြီးစီးသည့်တိုင်အောင် ဆိုင်းငံ့ထားသင့်ပါလျက်၊ အလျင်စလို ဆက်လက်ဆောင်ရွက်ခြင်း အားဖြင့် ဦးဘအေးအား အကျိုးပျက်စီး နစ်နာခြင်း ဖြစ်စေပါသည်။ တရားရုံးများသည် အမှုသည်များအား မှုသရှိရင်းစွဲ နေရာ၌ "ပိုနေမြဲ-ကျားနေမြဲ" ဖြစ်စေရန်၊ တရားမကျင့်ထုံးပုဒ်မ ၁၄၄ အရသာလျှင် မဟုတ်ပဲ၊ ပုဒ်မ ၁၅၁ အရလည်း အမိန့်ချမှတ်ခြင်း ပြုနိုင်ပါသည်ဟု ကောက်ယူဆုံးဖြတ်ပြီး၊ ရာဘက်ခရိုင် တရားမရုံးကချမှတ်သည့် အမိန့်ကို ပယ်ဖျက်၍၊ ဒေါ်ချစ်အား ၎င်းရယူထားသည့်ငွေကျပ် ၃,၂၅၀ ကို ရုံးသို့တင်သွင်းရန်နှင့် ထိုငွေကို ရုံးသို့ပေးသွင်းလျှင်၊ လေလံဆွဲဝယ်သူ ဦးပြေအား ပြန်လည်ပေးစေရန်၊ ၎င်းပြင် ထိုကဲ့သို့ ငွေပြန်လည်ရရှိသောအခါ ၎င်းရယူထားသည့် မြေနှင့်အိမ်ကို ဦးဘအေးအား ပြန်လည်ထုတ်ပေးရန် အမိန့်ချမှတ်လိုက်သည်။

ယခု ကျွန်ုပ်တို့ရှေ့တွင် လျှောက်လဲချက်များ ပေးရာ၌ အယူခံ တရားလိုအတွက် လိုက်ပါဆောင်ရွက်သည့် တရားရုံးချုပ်ရှေ့နေ ဦးဘင့်က၊ ကျင့်ထုံးပုဒ်မ ၁၄၄ အရ၊ လေလံဆွဲဝယ်သူထံမှ ပစ္စည်းပြန်လည် ရရှိနိုင်ရန် ကိစ္စမှာ လေလံဆွဲဝယ်သူသည် သဘောရိုးဖြင့်ဝယ်ခြင်းဟုတ်၊ မဟုတ်ဟူသော အချက်အပေါ်တွင် မူတည် ဆုံးဖြတ်ရပါသည်။ သဘောရိုးဖြင့် ဝယ်ယူခဲ့ခြင်းဟုတ်၊ မဟုတ်ကို ဆင်ခြင်စဉ်းစားရာ၌ ထိုပစ္စည်းများနှင့် စပ်လျဉ်း၍ အမှုတန်းလန်း ဖြစ်နေသည်ကို ဝယ်ယူသူသိ၊ မသိဟူသောအချက်မှာ မှတ်ကျောက်တရပ် ဖြစ်ပါသည်။ မူလဒီကရီကို ပြင်ဆင်ပြောင်းလဲလိုက်စေကာမူ သဘောရိုးဖြင့် ဝယ်ယူသူများ၏ ဝယ်ယူခြင်းကို အတည်ပြုသင့်ပါသည်၊ အစရှိသည်ဖြင့် တင်ပြသွားသည်။ သဘောရိုးဖြင့် လေလံဆွဲခဲ့သူအပြင်လူများ၏ ဝယ်ယူခြင်းကို သာမန်အားဖြင့် အတည်ပြုသင့်ကြောင်း စီရင်ထုံး မြောက်မြားစွာတို့တွင် ပြဆိုထားရာ၊ ကျွန်ုပ်တို့ကလည်း သဘောတူညီသည်။ သို့မှသာလျှင် ရုံးအမိန့်အရ လေလံဆွဲဝယ်ခြင်းများကို အများက ယုံကြည်မှုရရှိမည်။ ထိုကဲ့သို့ ယုံကြည်မှု ရရှိမှသာလျှင် ရောင်းချသည့် ပစ္စည်းများအတွက် တန်ရာတန်ဘိုး ရရှိနိုင်မည်ဖြစ်သည်။ ဤအမှုတွင် အချင်းဖြစ်ပစ္စည်းများနှင့် စပ်လျဉ်း၍ အယူခံ ဝင်ထားသည်ကို ဦးပြေ သိရှိကြောင်း အထောက်အထား တစုံတရာ မတွေ့ရှိရချေ။ လေလံဆွဲသည့် အဆင့်မှ

စ၍ လေလံရောင်းချခြင်းကို အတည်ပြုသည်အထိ တရားရုံးက ကန့်ကွက်ခြင်း မပြုလုပ်ခဲ့ချေ။ လေလံကိုပယ်ဖျက်ရန် အတွက်လည်း ဥပဒေအရ ဆောင်ရွက်ခြင်း မပြုလုပ်ခဲ့ချေ။ ကျင့်ထုံးပုဒ်မ ၁၄၄ ၏ ရည်ရွယ်ချက်မှာ မူလရုံးက ချမှတ်သည့် ဒီကရီကြောင့် မိမိ၏အကျိုးကို ဆန့်ကျင်၍ ထိခိုက်မှုရှိသည့် အမှုသည်အား မူရင်းအခြေအနေသို့ ပြန်လည်ထားရှိရန်ဖြစ်သည်။ မိမိ၏အကျိုးကို ထိခိုက်ခြင်းမှာလည်း မူလရုံးက ချမှတ်သည့်ဒီကရီ၏ မှားယွင်းမှုကြောင့်သာလျှင် ဖြစ်ရမည်။ ဤအမှု၌ အလွန်အရေးကြီးသည့် ထည့်သွင်းစဉ်းစားရန် အချက်မှာ မူလရုံးက ဒီကရီသည် မည်သည့်အတွက်ကြောင့် ပျက်ပြယ်သွားရသည်ဟူသော အချက်ဖြစ်သည်။ လေလံရောင်းချရာတွင်ရရှိသည့်ကျပ်ငွေကျပ် ၃,၂၅၀ ကိုဒေါ်ချစ်၏ တရားဝင်ကိုယ်စားလည် ဒေါ်တင်ညွန့်သည် ၁၉၂၉ ခု၊ အောက်တိုဘာလ ၂၆ ရက်နေ့တွင် ထုတ်ယူသွားခဲ့ပြီး ဖြစ်သည်။ ထိုအကြောင်းကို ဦးဘအေး သိရှိခဲ့သည်ဟု ယူဆနိုင်စရာ အကြောင်းရှိသည်။ ထိုကဲ့သို့ ပစ္စည်းရောင်းရငွေကို တရားနိုင်များက ထုတ်ယူသွားပြီဖြစ်ကြောင်း သိရှိပါလျက်နှင့် ထိုငွေနှင့် စပ်လျဉ်း၍ မည်ကဲ့သို့မျှ စည်းကမ်းချက် မသတ်မှတ်ပဲ မိမိတင်သွင်းထားသော အယူခံမှု၌ ဦးဘအေးသည် တရားနိုင် ဒေါ်ချစ်တို့နှင့် နားလည်မှုယူကာ၊ မူလရုံးက ချမှတ်သည့် စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပါမည့်အကြောင်းဖြင့်သဘောတူညီခဲ့သောကြောင့်၊ အယူခံရုံးက မူလရုံး၏ စီရင်ချက်နှင့် ဒီကရီတို့ကို ပယ်ဖျက်လိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် အယူခံမှုတွင် ဦးဘအေး အနိုင်ရရှိခဲ့ခြင်းမှာ အမှုသွား အမှုလာအရ အဆုံးအဖြတ် ပြုခဲ့ခြင်းကြောင့် မဟုတ်ချေ။ တနည်းအားဖြင့်ဆိုသော် မူလရုံးက ချမှတ်ခဲ့သည့် ဒီကရီသည် မှားယွင်းနေသဖြင့် အယူခံရုံးက ပယ်ဖျက်လိုက်သည်ဟု မပေါ်လျှင်၊ အမှုသည်များ၏ သဘောတူညီမှုဖြင့်သာလျှင် အယူခံရုံးသည် အမှု၏ အကြောင်းချင်းရာ အပြည့်အစုံကို ဆင်ခြင်သုံးသပ်ခြင်း မပြုလုပ်နိုင်ပဲ မူလရုံး၏ ဒီကရီကို ပယ်ဖျက်လိုက်ခြင်းဖြစ်သည်။ ဒါဝတ်ဟာရှင်အီစွတ် နှင့် တင်ရှိန် (၃) အမှု စီရင်ထုံးတွင် မှတ်ချက်များ ပြုထားသည့်အတိုင်း၊ တရားမကျင့်ထုံးပုဒ်မ ၁၄၄ ၏ အခြေခံမှုမှာ ဒီကရီကို မှားယွင်းသောကြောင့် ပယ်ဖျက်လိုက်ရသည်ရှိသော် ထိုဒီကရီကြောင့် အကျိုးကျေးဇူး ခံစားခွင့်ရသူအား တဘက်အမှုသည်၏ ဆုံးရှုံးမှုကို လျော်ပေးရန် တာဝန်ချထားခြင်းမျှသာဖြစ်သည်။ ယခု ကျွန်ုပ်တို့ရှေ့ရှိ အမှုတွင် လေလံဆွဲဝယ်သူမှာ မှားယွင်းစွာ ချမှတ်ထားသည့် ဒီကရီကြောင့် အကျိုးခံစားခွင့် ရရှိခဲ့သည်ဟု မဆိုသာချေ။ ရုံးနှုန်းပြုလုပ်ခဲ့သည့် လေလံတွင် ပစ္စည်းကို တန်ရာတန်ဘိုးပေး၍ သဘောရိုးဖြင့် လေလံဆွဲဝယ်ခဲ့သူမျှသာ ဖြစ်သည်။ သို့ဖြစ်လေရာ လေလံဆွဲဝယ်သူသည် တရားနိုင် ဖြစ်နေလျှင်သော်လည်းကောင်း၊ တရားနိုင်နှင့် နားလည်မှုယူကာ မရိုးမဖြောင့်

(၃) ရန်ကုန်စီရင်ထုံးများ၊ အတွဲ (၁၀)၊ စာ (၄၈၁)။

၁၉၇၁ ဦးပြေ နှင့် ဦးဘအေးပါ ၂။

သောသဘောဖြင့် လေလံဆွဲဝယ်ခဲ့သူ ဖြစ်နေလျှင်သော်သည်းကောင်း ပုဒ်မ ၁၄၄ အရ၊ မိမိရရှိခဲ့သည့် အကျိုးအမြတ်ကို ပြန်ပေးရန် တာဝန်ရှိမည် ဖြစ်သော်လည်း၊ ဤအမှုမှာ ကဲ့သို့ သဘောရိုးဖြင့် လေလံဆွဲဝယ်ခဲ့သူ အပြင်လူအပေါ်၌မူ၊ ထိုပုဒ်မ၏ ပြဋ္ဌာန်းချက်များ အကျုံးမဝင်ဟု ယူဆရမည်ဖြစ်သည်။

ပထမအယူခံရုံးက၊ ဦးဘအေးအား အချင်းဖြစ် **ပစ္စည်းများကို** ပြန်လည်ပေးအပ်ရန် အမိန့်ချမှတ်ခြင်းနှင့် ပတ်သက်၍၊ တရားမကျင့်**ထုံးပုဒ်မ ၁၅၁ ပါ** ပြဋ္ဌာန်းချက်များ၏ အထောက်အကူကိုလည်း ရယူခဲ့သည်။ ထိုပုဒ်**မတွင် ရုံး၌မူလ** ရရှိမြဲဖြစ်သည့် အခွင့်အာဏာများကို ပြဋ္ဌာန်းထားရာ၊ ထိုအခွင့်အာဏာ**များ၏** အကျိုးအာနိသင်ကို ခံစားနိုင်သည့်သူမှာ ၎င်းကိုယ်တိုင်က လစ်ဟင်းပျက်**ကွက်မှုများ** မပြုရန်လိုကြောင်း စီရင်ထုံး အများအပြား၌ ပြဆိုထားသည်ကို ကျွန်ုပ်**တို့ကလည်း** ထောက်ခံလိုသည်။ ဤအမှု၌ လေလံဆွဲဝယ်သူ ဦးပြေသည် လေလံဆွဲ**ဝယ်ရာ၌** မသမာမှု တစုံတရာကို ပြုလုပ်ခဲ့ကြောင်း စွပ်စွဲချက် မရှိချေ။ သဘောရိုးဖြင့် **ဝယ်ကြောင်း**သာလျှင် ပေါ်လွင်သည်။ တဘက်၌မူ တရားရှုံးသည် လစ်ဟင်းပျက်ကွက်**မှုများ** မကင်းကြောင်း ပေါ်လွင်သည်။ ရုံး၌ မူလ ရှိမြဲဖြစ်သည့် အခွင့်အာဏာများ**ကို အသုံးပြုရာ၌**လည်း အခြားဥပဒေ ပြဋ္ဌာန်းချက်များ မရှိသည့် ကိစ္စအတွက်သာလျှင် **အသုံးပြုနိုင်**သည်။ ထို့ကြောင့် ထိုပုဒ်မ၏ အကူအညီဖြင့် ဦးဘအေးအား သက်သာခွင့် **ပေးခြင်း**မှာ မှားယွင်းသည်ဟု ထင်မြင်ယူဆသည်။ ပုဒ်မ ၁၄၄ အရ သက်သာခွင့် **ပေးရာ၌လည်း** အမှုသည်တို့ ရောက်သင့်သည့် အခြေအနေမျိုးသို့ ရောက်နိုင်သမျှ ရောက်**စေနိုင်**အောင်သာလျှင် ပြုလုပ်စေရမည်ဟု ပြဋ္ဌာန်းထားသည်။ ဤအမှု၌ ဦးပြေ**သည်** **မိမိဝယ်**ယူခဲ့ပြီး ဖြစ်သည့် ပစ္စည်းနှင့် ပတ်သက်၍ ပြင်ဆင်တိုးချဲ့မှုများ ပြုလုပ်ကာ **လက်ဝယ်**ထားရှိခဲ့သည်မှာ (၁၁) နှစ် ကျော်မျှ ရှိပြီဖြစ်သည်။ ဝယ်ယူစဉ်က **ပစ္စည်း၏ ကာလတန်ဘိုး**ကိုလည်း ပေးခဲ့ပြီးဖြစ်ရာ၊ ယခုမှတဖန်ထိုပစ္စည်းကို ယခင်တန်ဘိုးနှင့် ပြန်အမ်းကာ တရားရှုံးအား အပ်ရမည်ဆိုလျှင် အလွန်နစ်နာမှုများ ရှိမည်မှာ မလွဲချေ။ ထို့ကြောင့် ဤအမှုနှင့် ပတ်သက်၍ တရားမကျင့်ထုံးပုဒ်မ ၁၄၄ ပါ ပြဋ္ဌာန်းချက်များသည် အမှုသည် တဦး မဟုတ်သည့် လေလံဆွဲဝယ်ခဲ့သူ ဦးပြေအပေါ်၌ အကျိုးသက်ရောက်ခြင်း မရှိဟု ကျွန်ုပ်တို့ အဆုံးအဖြတ်ပြုလိုက်သည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤရုံး၏ ၁၉၆၅ ခု၊ ဩဂုတ်လ ၃၁ ရက်နေ့စွဲပါ ချမှတ်ထားသည့်စီရင်ချက်နှင့် ဒီကရီတို့ကိုပယ်ဖျက်လိုက်ပြီး၊ မန္တလေးမြို့ရာ**အက်**ခရိုင်တရားမရုံး၊ ၁၉၆၄ ခု၊ တရားမ ဇာရီမှုအမှတ် ၇ တွင်ချမှတ်ခဲ့သည့် **၁၉၆၄ ခု** ဩဂုတ်လ ၁၃ ရက်နေ့စွဲပါ အမိန့်နှင့် ဒီကရီတို့ကို စရိတ်နှင့်တကွ အတည်ပြု**လိုက်သည်။**

ဤရုံး၏ ရှေ့နေခကို ကျပ် ၁၀၉ တိတိသတ်မှတ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမအထွေထွေမှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင် နှင့် တရားသူကြီး ဦးကျော်ဇံဦး တို့ရှေ့တွင်

ဦးဘညွန့် ပါ ၂

နှင့်

ဦးစိန်ကြည် ပါ ၈ *

† ၁၉၇၁, မတ်လ ၂၄ ရက်။

အခွင့်ထူးအယူခံတရပ်အပေါ်တွင် တရားရုံးချုပ်က ချမှတ်သော အမိန့်စီရင်ချက်ကို တရားရုံးချုပ်ကပင် ပြန်လည်သုံးသပ်နိုင် မနိုင်—စီရင်ပိုင်ခွင့် အာဏာကို မအပ်ပဲရ မရ—အခွင့်ထူးလျှောက်လွှာ၊ အခွင့်ထူးအယူခံမှု၊ စာချွန်မှုတို့အပေါ် တရားလွှတ်တော်ချုပ်ကပင် ပြန်လည်သုံးသပ်သော သာဓကရှိ မရှိ—အတိုင်းအတာမရှိ အယူခံဝင်ချင်တိုင်းဝင်သင့် မသင့်—အမှုပုံကုန်ခါမှ တရားပြတ်သည်ဟူသော အစွဲအလန်းကို ပယ်ဖျောက်သင့်ခြင်း—အယူခံရုံးများက အမှုတွဲခေါ်ယူခြင်းနှင့် မူလရုံးများက အမှုကို ဆိုင်းငံ့ထားခြင်း။

ဤအမှုတွင်လျှောက်ထားသူတို့သည်၊ မန္တလေးခရိုင် တရားမရုံးတွင် အချင်းဖြစ် မြေနှင့်အဆောက်အဦကို၊ ၎င်းတို့ပိုင်ကြောင်း မြွက်ဟကျေညာပေးရန် တရားစွဲဆိုခဲ့ရာ၊ အမှုကို ၅ နှစ်ကြာမျှ စစ်ဆေးပြီးနောက် လျှောက်ထားသူတို့၏ အမှုကို ပယ်ခဲ့သည်။ လျှောက်ထားသူတို့က မကျေနပ်၍ တရားရုံးချုပ်သို့ ပထမအယူခံဝင်သည်။ သို့သော် မအောင်မြင်ခဲ့သဖြင့် အခွင့်ထူးလျှောက်လွှာလျှောက်ရာ ရုံးတော်က ပယ်ခဲ့သည်။ ဤတွင် လျှောက်ထားသူတို့က အခွင့်ထူးလျှောက်လွှာကို ပယ်သောအမိန့်ကို ပြန်လည် သုံးသပ်ရန် ထပ်မံလျှောက်ထားခြင်း ဖြစ်သည်။

ဆုံးဖြတ်ချက်။ ။၁၉၆၂ ခုနှစ်၊ ဥပဒေအမှတ် ၄၁ ဖြင့် တရားရုံးချုပ်က ချမှတ်သော **အချုပ်**ဖြေနှင့်ချက်၊ ဒီကရီ၊ အမိန့်တို့မှ အယူခံဝင်ရန် အခွင့်ထူးလျှောက်ထားခွင့်ကို ဖွင့်ပေးခဲ့စဉ်က **အခွင့်ထူး**လျှောက်လွှာ သို့မဟုတ် အခွင့်ထူး အယူခံတရပ်ရပ်အပေါ်တွင် တရားရုံးချုပ်က ချမှတ်**သော အမိန့်စီ**ရင်ချက်ကိုလည်း တရားရုံးချုပ်ကပင် ပြန်လည်သုံးသပ်နိုင်သည်ဟူ၍ နောက်ဘဆင့်**ထပ်တွင်ခြင်း၊ အာဏာ**အပ်နှင်းခြင်း မပြုခဲ့ပေ။

ထပ်မံဆုံးဖြတ်ချက်။ ။စီရင်ပိုင်ခွင့်အာဏာကို မအပ်ပဲ မရချေ။ မအပ်သော အာဏာကိုလည်း **ဖန်တီးပြုလုပ်၍** မယူနိုင်ချေ။ တရားရုံးချုပ်သည် ဥပဒေပြုအာဏာပိုင်အဖွဲ့ မဟုတ်ချေ။

---

* **၁၉၇၁ ခုနှစ်၊** တရားမအထွေထွေမှုအမှတ် ၄၁။

† နိုင်ငံ**တော် တော်လှန်**ရေး ကောင်စီ ကျေညာချက်အမှတ် ၂၅၊ နိုင်ငံတော် တရားရုံးချုပ်၏ ရရှိမြဲအာဏာ**အရ၊ ၁၉၇၁ ခု၊** မတ်လ ၄ ရက်နေ့စွဲပါ အခွင့်ထူး လျှောက်လွှာကို အကျဉ်းနည်းပလပ်သည့်အမိန့်ကို **မကျေနပ်သဖြင့်** ပယ်ဖျက်ပေးရန် လျှောက်ထားသော လျှောက်လွှာ။

၁၉၇၁ ဦးဘညွန့် ပါ ၂ နှင့် ဦးစိန်ကြည် ပါ ၈။

အပ်နှင်းသော အာဏာအတွင်းကသာလျှင် ထိုးတမ်းသာကေ၊ လုပ်ထုံးစသည်ဘို့နှင့်အညီ မျှတ မှန်ကန်စွာစီရင်ရသည်။

ထပ်မံဆုံးဖြတ်ချက်။ ။အယူခံဝင်ရန်အခွင့်လျှောက်လွှာ၊ အခွင့်ထူးအယူခံမှုစောချွန်မှုစသည်တို့ အပေါ်၌ တရားလွှတ်တော်ချုပ်က ချမှတ်ပြီးသော အမိန့်၊ စီရင်ချက်ဘို့ကို တရားလွှတ်တော် ချုပ်ကပင် ပြန်လည်သုံးသပ်သော သာကေ တရပ်မျှပင် မရှိချေ။

ထပ်မံဆုံးဖြတ်ချက်။ ။တရားသူကြီးများသည်လည်း လူသားများသာ ဖြစ်ကြပါသည်။ တင်ပြ သော သက်သေ အထောက်အထားများကိုသာ အခြေခံ၍ ဆုံးဖြတ်ကြရပါသည်။ ထို့ကြောင့် ဤရုံးနောက်ဆုံးဆင့်သို့ တက်ရောက်ပြီးကာမျှဖြင့် မမှားမယွင်း ကောန်မှန်သည် မဆိုနိုင်ပါချေ။ သို့ရာတွင် အတိုင်းအတာမရှိ၊ အယူခံဝင်ချင်တိုင်းဝင်၊ အမိန့်များကို ပြန်လည် သုံးသပ်လိုဘိုင်း သုံးသပ်ရပါမူ ပြည်သူတို့၏ အရေးအခင်းတို့သည် ပြီးပြတ်သည်မရှိ၊ ပြည်သူတို့၏ အခွင့်အရေး တို့သည် တည်ငြိမ်သည်မရှိ၊ ပြည်သူတို့၏ ဘဝသည် တရားရုံးများတွင်သာ ဆောက်ဘည်ရာမရ ဖြစ်နေရတော့မည်။

ထပ်မံဆုံးဖြတ်ချက်။ ။အမွေပုံကုန်ခါမှ တရားပြတ်သည် ဟူသော အတွေးအခေါ် အဘွဲ့ အလန်းကို လက်တွေ့အလုပ်ပြ၍ ပယ်ဖျောက်ကာ ပြည်သူချင်းချင်း၏ **အရေး**အခင်းများကို တရား ရုံးများက မျှတမြန်ဆန် မှန်ကန်စွာ ပြေလည်ပြီးပြတ်လေအောင် ဆောင်**ရွက်ပေး**နိုင်ပါမှ၊ ပြည်သူက တရားရုံးများကို အားကိုးယုံကြည်ကြပေလိမ့်မည်။ ယင်းသို့ ပြည်**သူအားကိုး** ယုံကြည်သော တရားစီရင်ရေး ဖြစ်ထွန်းစေအောင် တရားရုံးများအား ရှေ့နေကြီး**များက** ဝိုင်းဝန်းကူညီအပ်၏။ သို့မှသာ ပြည်သူ့ရှေ့နေကြီးများ ပြီသကြမည်ဖြစ်ပေသည်။

ထပ်မံဆုံးဖြတ်ချက်။ ။အလျဉ်းသင့်၍ မှတ်ချက်ပြုလိုသည့် အချက်**ရှိ၏။** ဤရုံးအပါအဝင် အယူခံရုံးများသည် အယူခံလွှာ၊ လျှောက်လွှာ စသည်ကို ရသမျှနှင့် **မူလရုံးများမှ** အမှုတွဲကို ခေါ်ယူခြင်း၊ ဆီလျော်ဆက်စပ်မှုမရှိသော အခြားရုံးများမှ အမှုတွဲများကို ခေါ်ယူခြင်း စသည်ကို ပြုတတ်ကြသည်ဟုသိရသည်။ မူလရုံးများကလည်း အယူခံရုံးသို့ အယူခံဝင်သည်၊ လျှောက်လွှာ တင်သည်ဆိုကာမျှနှင့် အမှုကို ဆိုင်းငံ့ထားခြင်း စသည်ကို ပြုတတ်ကြသည်ဟုလည်း သိရသည်။ ယင်းသို့ ပြုကြခြင်းသည် လုပ်ထုံးနှင့်မညီ၊ အမှုများကို ကြန့်ကြာစေသည်။ ထို့ကြောင့် ထုံးတမ်း လက်စွဲနည်းဥပဒေများနှင့်အညီသာ ဆောင်ရွက်ကြရန် ဖြစ်ကြောင်း မှတ်ချက်ပြုသည်။ တရားရုံး ချုပ်ကလည်း တရားရုံးများ ညွှန်ကြားလွှာတရပ်ကို ထုတ်ပြန်ရန် စီစဉ်လျက်ရှိသည်။

လျှောက်ထားသူအဘွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးလှဖေ (၂)။

လျှောက် ခံရသူအဘွက်။ ။

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်။ ။လျှောက်ထားသူတို့သည် မန္တလေးမြို့ ခရိုင်ဘရားမရုံးဘွင် အချင်းဖြစ်မြေနှင့် အဆောက်အဦကို ရင်းဆိုင်ခိုင်း ကြောင်း မြွက်ဟကျေညာပေးပါရန် တရားတထုံးကို ၁၉၆၁ ခုနှစ်တွင် စွဲဆိုခဲ့ကြ၏။

အမှုကိုငါးနှစ်ကြာမျှ စစ်ဆေးကာ ခရိုင်တရားမတရားသူကြီးသည် ၁၉၆၆ ခုနှစ်တွင် လျှောက်ထားသူ (တရားလို) တို့အား အရှုံးပေးကာ အမှုကို ပယ်ခဲ့၏။ ၁၉၇၁ ဦးဘညွန့် ပါ ၂ နှင့် ဦးစိန်ကြည် ပါ ၈။

လျှောက်ထားသူတို့က တရားရုံးချုပ်သို့ ပထမ အယူခံဝင်သည်၊ ဤရုံးတရားသူကြီး ၂ ဦးထိုင်ခုံရုံးက အယူခံကို အပြည့်အစုံကြားနာပြီးနောက် ၁၉၆၉ ခုနှစ်တွင် ပယ်ခဲ့သည်။

မကျေနပ်သေးသဖြင့် လျှောက်ထားသူတို့က ဤရုံးသို့ အယူခံဝင်၍ အခွင့်ထူးတောင်းသည်။ အခွင့်ထူးလျှောက်လွှာကို ၂ဖက်ရှေ့နေကြီးများ အစုံအညီကြားနာပြီးနောက် ကျွန်ုပ်တို့ကပယ်ခဲ့သည်။

ယခုလျှောက်ထားသူတို့က အခွင့်ထူးလျှောက်လွှာကို ပယ်သော အမိန့်ကိုပြန်လည်သုံးသပ်ပေးပါရန် ထပ်မံလျှောက်ထားပြန်သည်။

လျှောက်ထားသူတို့၏ ရှေ့နေကြီး ဦးလှဖေက နိုင်ငံတော်တရားရုံးချုပ်အား တရားလွှတ်တော်နှင့် တရားလွှတ်တော်ချုပ်တို့၏ စီရင်ပိုင်ခွင့်ကို တော်လှန်ရေးကောင်စီက အပ်နှင်းထားပါသည်။ တရားလွှတ်တော်ချုပ်သည် မိမိချမှတ်သော အမိန့်တို့ကို ပြန်လည်သုံးသပ် (Review) လုပ်ခဲ့ခြင်းမရှိပါ။ ယင်းသို့ပြန်လည်သုံးသပ်ရန် အာဏာမရှိဟူ၍လည်း **ဝမ်ရှေဘီး နှင့် ရန်ကုန် ရဲမင်းကြီး** (၁) တို့အမှုတွင် ဆုံးဖြတ်ခဲ့ဘူးပါသည်။ သို့ရာတွင် ဤတရားရုံးချုပ်သည် တရားလွှတ်တော်ချုပ်၏ စီရင်ပိုင်ခွင့်ကိုသာမကပဲ တရားလွှတ်တော်၏ စီရင်ပိုင်ခွင့်ကိုပါ ရရှိထားသည်ကို သတိချပ်သင့်ပါသည်။ တရားလွှတ်တော်သည် မိမိ၏ အမိန့်များကို ပြန်လည်သုံးသပ်နိုင်ပါသည်။ ထို့ကြောင့် ဤရုံးကလည်း မိမိ၏ အမိန့်များကို ပြန်လည်သုံးသပ်နိုင်ပါသည်ဟု တင်ပြသည်။

ဦးလှဖေ ကိုးကားသောစီရင်ထုံး၌ တရားလွှတ်တော်ချုပ်က မိမိ၏ အမိန့်ကို ပြန်လည်သုံးသပ်နိုင်သည့် အာဏာကို ဥပဒေက အပ်နှင်းခြင်းမပြုပဲ မိမိဘာသာ **ဖန်တီး**ယူ၍ မရနိုင်ဟု မှတ်ချက်ပြုခဲ့သည်ကို ကျွန်ုပ်တို့ကလည်း လေးစားစွာ လက်ခံ**ရမည်**သာဖြစ်သည်။ တော်လှန်ရေးကောင်စီက ၁၉၆၂ ခု၊ ဥပဒေအမှတ် ၄၁ ဖြင့် **တရားရုံး**ချုပ်က ချမှတ်သော အချို့စီရင်ချက်၊ ဒီကရီ၊ အမိန့်တို့မှ အယူခံဝင်ရန် အခွင့် **ထူးလျှော**က်ထားခွင့်ကို ဖွင့်ပေးခဲ့စဉ်က အခွင့်ထူးလျှောက်လွှာ သို့မဟုတ် အခွင့်ထူး **အယူခံအချ**ချ်အပေါ်တွင် တရားရုံးချုပ်က ချမှတ်သော အမိန့် စီရင်ချက်ကိုလည်း **တရားရုံးချုပ်ကပင်** ပြန်လည်သုံးသပ်နိုင်သည် ဟူ၍ နောက်တဆင့် တိုထွင်ခြင်း **အာဏာအပ်နှင်းခြင်း**မပြုခဲ့ပေ။

စီရင်ပိုင်ခွင့်အာဏာကို မအပ်ပဲမရချေ။ မအပ်သောအာဏာကိုလည်း ကျွန်ုပ်တို့သည် ဖန်**တီးပြုလုပ်၍** မယူနိုင်ချေ။ တရားရုံးချုပ်သည် ဥပဒေပြု အာဏာပိုင်အဖွဲ့

(၁) **၁၉၄၉** ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံးများ၊ စာ ၁၅၇။

၁၉၇၁
ဦးဘညွန့် ပါ ၂ နှင့် ဦးစိန်ကြည် ပါ ၈။

မဟုတ်ချေ။ အပ်နှင်းသော အာဏာအတွင်းကသာလျှင် ထုံးတမ်းသာဓကာ၊ လုပ်ထုံးစသည်တို့နှင့်အညီမျှတမှန်ကန်စွာ စီရင်ရသည်။

အသူခံဝင်ရန် အခွင့်ထူးလျှောက်လွှာ၊ အခွင့်ထူးအသူခံမှု၊ စာချွန်မှု စသည်တို့အပေါ်၌ တရားလွှတ်တော်ချုပ်က ချမှတ်ပြီးသောအမိန့်၊ စီရင်ချက်တို့ကို တရားလွှတ်တော်ချုပ်ကပင် ပြန်လည်သုံးသပ်သော သာဓကတရပ်မျှပင်မရှိချေ။ ဦးလှဖေ တင်ပြသော စီရင်ထုံးအပြင်၊ အေ၊ အမ်၊ ဝါလား နှင့် အီဘရာဟင်ဂျီဝါး (၂) တို့အမှု၌၊ တရားလွှတ်တော်ချုပ်က တရားမအသူခံမှုတွင် ချမှတ်ခဲ့ပြီးသော စီရင်ချက်အမိန့်တို့ကို တရားလွှတ်တော်ချုပ်ကပင် ပြန်လည်သုံးသပ်ပေးပါရန် လျှောက်ထားခဲ့ဘူး၏။ သို့ရာတွင် တရားလွှတ်တော်ချုပ်က လျှောက်လွှာကို ပယ်ခဲ့သည်။ ယင်း ၁၉၅၁ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ တရားလွှတ်တော်ချုပ်၏ သက်တမ်းတလျှောက်တွင် အမိန့်တရပ်ကို ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားရန် ကြိုးစားသော သာဓကတရပ်မျှပင် မတွေ့ရတော့ချေ။

တရားရုံးချုပ်က အသူခံဝင်ရန် အခွင့်ထူး လျှောက်လွှာများကို လက်ခံစဉ်းစားခြင်း၊ အခွင့်ထူးပေးသင့်လျှင် ပေးခြင်းတို့သည် တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၄၁ က ပြုလုပ်ပြဋ္ဌာန်းသော အာဏာရပ်များဖြစ်၏။ ယင်းအာဏာကို ယခင်တရားလွှတ်တော်သို့ပေးသည်လည်းမဟုတ်၊ ယခင်တရားလွှတ်တော်ချုပ်သို့ ပေးသည်လည်းမဟုတ်၊ ယခုတရားရုံးချုပ်သို့ပေးခြင်းသာဖြစ်၏။ ယင်းအာဏာနှင့် ပတ်သက်၍ အဓိပ္ပါယ်ဖွင့်ဆိုရန်လိုလျှင်၊ တော်လှန်ရေးကောင်စီဥပဒေကိုသာ ရည်ညွှန်းရမည်။ တော်လှန်ရေးကောင်စီက ဥပဒေဖြင့် အပ်နှင်းသော အာဏာကို ကျွန်ုပ်တို့က ကျယ်ဝန်းအောင် ချဲ့ထွင်ရန်လည်းမဖြစ်၊ ကျဉ်းမြောင်းစေအောင် ချုံ့ရန်လည်းမဟုတ်၊ တိတိကျကျ လေးလေးနက်နက်ခံယူသုံးစွဲရန်သာဖြစ်၏။

အသူခံဝင်ရန် အခွင့်ထူးလျှောက်လွှာများကို ကျွန်ုပ်တို့သည် လေးလေးနက်နက် လက်ခံစဉ်းစားကြပါသည်။ ဒေါ်ရွှေစိန်မြ နှင့် ဦးထွန်းအောင်ဖြူ ပါ ၂ (၃) တွင် တော်လှန်ရေးကောင်စီက အသူးအယူခံဝင်ခွင့်ကို ဖွင့်ပေးသည့် စေတနာကိုလည်း ထိရောက်စေအောင်၊ ဥပဒေ ပြဿနာကြီးထွားပေါ်ပေါက်နေ-မနေ၊ ဤရုံးက ရှာဖွေ၍ ပေါ်ပေါက်နေက အမြန်ဖြေရှင်းနိုင်ရလေအောင် အခွင့်ထူးအယူခံဝင်ခွင့် လျှောက်လွှာများကို ကျယ်ကျယ်ပြန့်ပြန့်လက်ခံစဉ်းစားမည်ဖြစ်ကြောင်းကို ကျွန်ုပ်တို့ဆိုခဲ့ပြီ၊ ဆိုသည့်အတိုင်းလည်း တသမတ်တည်း ဆောင်ရွက်လျက်ရှိကြသည်။

---

(၂) တရားလွှတ်တော်ချုပ်၏ ၁၉၅၀ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာ ၈၂။

(၃) ၁၉၆၅ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံးများ၊ စာ ၆၂၈။

ထိုမျှသာမကသေး၊ တရားလွှတ်တော်ချုပ်ခေတ်က "အပြီးသတ်အမိန့်"ဆိုသော စကားရပ်ကို အင်္ဂလန်နိုင်ငံ ပရီဗီကောင်စီ၏ ရွေးထုံးတရပ်ကို တသွေမတိမ်းလိုက်နာခဲ့သောကြောင့်၊ ကျဉ်းမြောင်းခက်ခဲကြန့်ကြာနေတတ်သည်များ ရှိသည်ကို ကျွန်ုပ်တို့ တွေ့ရသဖြင့်လည်း၊ ယင်းစကားရပ်ကို **ဒေါ်မြရင် ပါ ၅** နှင့် **ဒေါ်စော** (၄) တွင်ပို၍ သဘာဝကျနမျှတအောင်၊ အဓိပ္ပါယ်ဖွင့်ဆိုပေးခဲ့ပြီး၊ ယင်းသို့ဆုံးဖြတ်ရာတွင်—

၁၉၇၁ — ဦးဘညွန့် ပါ ၂ နှင့် ဦးစိန်ကြည် ပါ ၈။

"တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၄၁ ဖြင့် ဖွင့်ပေးခဲ့သော အခွင့်ထူး အယူခံဝင်ခွင့်သည် မကျဉ်းလွန်း၊ မကျယ်လွန်း၊ မနည်းလွန်း၊ မများလွန်း၊ မျှတသည်ဟု ဆိုရမည်။ ထို့ကြောင့် တရားရုံးချုပ်သည် အယူခံ၏ တန်ဘိုးကိုမကြည့်၊ ပြဿနာ၏အတိမ်အနက်ကိုလိုက်၍ စုံညီခုံရုံးဖွဲ့သည့် အခါဖွဲ့၍၊ အမှုသည်တဦးဦး နွမ်းပါးချို့တဲ့သောကြောင့် ရှေ့နေငှါးရမ်းခြင်းမပြုနိုင်မှုလည်း၊ ရုံးသဟာယ ရှေ့နေကြီးများနှင့် နိုင်ငံတော်ရှေ့နေချုပ်တို့အား ဖိတ်ကြား၍ ညီညွတ်သော စီရင်ထုံးတို့ကို ပြုကြရန် မျှတမှန်ကန်မှုကိုဖြစ်စေရန် ကြိုးပမ်းကြသည်"

ဟုဖေါ်ပြခဲ့ပါသည်။

ဒေါ်မြရင် အမှုတွင် ကျွန်ုပ်တို့က အောက်ပါကဲ့သို သတိပေးမေတ္တာရပ်ခံခဲ့ကြသေးသည်။

"အပြီးသတ် အမိန့်ကို ဤသို့မျှတစွာ၊ ကျယ်ပြန့်စွာ၊ အမှု၏ အကြောင်းချင်းရာ၊ အမိန့်၏ အကျိုးသက်ရောက်မှုတို့ကို ထည့်သွင်း ဆင်ခြင်၍ အဓိပ္ပါယ်ကောက်ယူရာ၌ ပြည်သူတို့ တရားရုံး အဆင့်ဆင့်သို့ စရိတ်ကုန် လူပမ်းတတ်ရောက် နေရသည်မှ သက်သာသင့်သလောက် သက်သာလေအောင်၊ တရားရုံးချုပ်ကလည်း အခွင့်ထူး အယူခံဖြင့် အပိက ပြဿနာတရပ်ရပ်ပေါ်တွင် အချိန်မလင့်ပဲ ဝင်ရောက်ကူညီဖြေရှင်းနိုင်အောင် ရည်ရွယ်သည်။ သေးဖွဲသော ပြဿနာများကို အကျယ်ချဲ့ကာ၊ အချင်းချင်းမခံချင်စိတ်ဖြင့် အခွင့်ထူးအယူခံဆင့်အထိ တက်ရောက်လာကြသည်များကိုမူ လက်ခံခွင့်ပြုမည်မဟုတ်ပေ။ ရှေ့နေကြီးများ၏ ဝိုင်းဝန်းကူညီမှုဖြင့် အခွင့်ထူး အယူခံနှင့် ထိုက်တန်သော ပြဿနာ**များကို**သာ လေးလေးနက်နက် ကိုင်တွယ်ဆုံးဖြတ်ကာ တရားစီရင်ရေး **လမ်းညွှန်**သမှုပြုနိုင်လိမ့်မည်ဟု မျှော်လင့်သည်။"

အမှု**ရှုံးသူသည်** **ကြေနပ်**တတ်သည်မဟုတ်။ အမြင့်ဆုံးရုံး အဆုံးစွန်သော လမ်းအထိတက်**ရောက်လိုတတ်သည်**၊ ဤလျှောက်လွှာနှင့်ပတ်သက်သော အမှုသည်

(၄) **၁၉၆၁ ခုနှစ်၊ တရားမအထွေထွေ**လျှောက်လွှာအမှတ် ၃၈။

၁၉၇၁ ── ဦးဘညွန့် ပါ ၂ နှင့် ဦးစိန်ကြည် ပါ ၈။

ထင်ရှားသော ဥပမာဖြစ်၏။ လျှောက်ထားသူတို့သည် ခရိုင်တွင် အမြင့်ဆုံးဖြစ်သော ခရိုင်တရားမရုံး၌ စတင်၍ ၁၀ နှစ်ခန့်က တရားစွဲခဲ့၏။ ရှုံးသဖြင့် တရားရုံးချုပ်ခုံရုံးသို့ အယူခံဝင်ခဲ့သည်။ ရှုံးပြန်သဖြင့် တရားရုံးချုပ်သို့ပင် အမြင့်ဆုံး အဆင့်ဖြစ်သည့် အခွင့်ထူးအယူခံဝင်ခွင့်လျှောက်ထားခဲ့ရာ၊ ကျွန်ုပ်တို့က ၂ ဖက်ကို အပြည့်အစုံကြားနာပြီးမှ ပယ်ခဲ့သည်။ လျှောက်ထားသူ၏ အမှုကို ခရိုင်**တရားမ** တရားသူကြီးတဦး၊ ဤရုံးတရားသူကြီးလေးဦးတို့သည် မူလအဆင့်၊ ပထမ**အယူခံအဆင့်** ၊အခွင့်ထူးအယူခံ လျှောက်ထားသည့်အဆင့် စသည်ဖြင့် အဆင့်ဆင့်တွင် **၁၀ နှစ်ကြာ**မျှ စစ်ဆေးဆုံးဖြတ်ခဲ့ကြပြီးပြီ။ ဤမျှကြာအောင် အဆင့်ဆင့်သို့**တက်ရောက်**ခဲ့ပြီးသည့်နောက် အမှုသယ်က မကျေနပ်သေးပါကလည်း၊ ၎င်း၏ရှေ့နေကြီး**တွင် လမ်းကုန်**ပြီဖြစ်ကြောင်းကို ရှင်းလင်း ပြောပြရန် တာဝန်ရှိပေသည်။

တရားသူကြီးများသည်လည်း လူသားများသာ **ဖြစ်ကြပါ**သည်၊ တင်ပြသော သက်သေအထောက်အထားများကိုသာ အခြေခံ၍ ဆုံး**ဖြတ်ကြရပါ**သည်။ ထို့ကြောင့် ဤရုံး နောက်ဆုံးအဆင့်သို့ တက်ရောက်ပြီးကာမျှဖြင့် **မမှားမယွင်း**၊ ကေန်မှန်သည် မဆိုနိုင်ပါချေ။ သို့ရာတွင် အတိုင်းအတာမရှိ၊ အယူခံ**ဝင်ချင်တိုင်း**ဝင်၊ အမိန့်များကို ပြန်လည်းသုံးသပ်လိုတိုင်း သုံးသပ်ရပါမူပြည်သူတို့၏ **အရေးအခင်း**တို့သည် ပြီးပြတ်သည်မရှိ၊ ပြည်သူတို့၏ အခွင့်အရေး တို့သည် တည်ငြိမ်**သည်မရှိ**၊ ပြည်သူတို့၏ဘဝသည် တရားရုံးများတွင်သာ ဆောက်တည်ရာမရ ဖြစ်နေရ**တော့မည်။**

အမှုပုံကုန်ခါမှ တရားပြတ်သည်ဟူသော အတွေးအ**ခေါ် အစွဲ**အလန်းကိုလက်တွေ့ အလုပ်ပြ၍ ပယ်ဖျောက်ကာ ပြည်သူချင်းချင်း၏ အရေး**အခင်းများကို** တရားရုံးများက မျှတမြန်ဆန်မှန်ကန်စွာ ပြေလည်ပြီးပြတ်လေအောင် **ဆောင်ရွက်**ပေးနိုင်ပါမှ ပြည်သူက တရားရုံးများကို အားကိုးယုံကြည်ကြပေလိမ့်မည်။ **ယင်းသို့ ပြည်သူ** ယုံကြည်အားကိုးသော တရားစီရင်ရေးဖြစ်ထွန်းစေအောင် တရားရုံး**များအား** ရှေ့နေကြီးများက ဝိုင်းဝန်းကူညီအပ်၏။ သို့မှသာ ပြည်သူ့ရှေ့နေကြီးများ**ပီသကြ**မည် ဖြစ်ပေသည်။

အထက်ပါ အကြောင်းတို့ကြောင့်၊ တရားဥပဒေ **မညီ**၊ ထုံးသာဓက မရှိသော ဤလျှောက်လွှာကိုပယ်သည်။

အလျဉ်းသင့်၍ မှတ်ချက်ပြုလိုသည့်အချက်ရှိ၏။ ဤရုံးအပါအဝင် အယူခံရုံးများသည် အယူခံလွှာ၊ လျှောက်လွှာစသည်ကို ရကာမျှနှင့် မူလရုံးများမှ အမှုတွဲကို ခေါ်ယူခြင်း၊ ဆီလျော်ဆက်စပ်ခြင်းမရှိသော အခြားရုံးများမှ အမှုတွဲများကို ခေါ်ယူခြင်း စသည်ကို ပြုတတ်ကြသည်ဟု ကျွန်ုပ်တို့သိရသည်။ မူလရုံးများကလည်း အယူခံရုံးသို့အယူခံဝင်သည်၊ လျှောက်လွှာ တင်သည်ဆိုကာမျှနှင့် အမှုကို ဆိုင်းငံ့ထား**ခြင်း** စသည်ကို ပြုတတ်ကြသည်ဟုလည်း ကျွန်ုပ်တို့သိရသည်။ ယင်းသို့ ပြုကြ**ခြင်းသည်**

ဧလုပ်ထုံးနှင့်မညီ အမှုများကို ကြန့်ကြာစေသည်။ ထို့ကြောင့် ထုံးတမ်းလက်စွဲနည်း ဥပဒေများနှင့် အညီသာ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း ကျွန်ုပ်တို့ မှတ်ချက်ပြုသည်။ တရားရုံးချုပ်ကလည်း တရားရုံးများ ညွှန်ကြားလွှာတရပ်ကို ထုတ်ပြန်ရန် စီစဉ်လျက်ရှိသည်။ ၁၉၇၁ ——— ဦးဘညွန့် ပါ ၂ နှင့် ဦးစိန်ကြည် ပါ ၈။

နိုင်ငံတော်တရားရုံးချုပ်

တရားမအထွေထွေမှု

တရားသူကြီး ဦးသက်ဖေနှင့် တရားသူကြီး **ဦးစိန်သင်းတို့ရှေ့တွင်**

† ၁၉၇၁

ဖေဖော်ဝါရီလ ၁၆ ရက်။

မိုဟာမက်ဟာနစ်ခန်

နှင့်

မိုင်ရှန်နစ်ဆာ *

အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများ ဥပဒေအရ အရွယ်**မရောက်သေးသူ**အား မည်သူက အုပ်ထိန်းသင့်သည်ဆိုသော ပြဿနာကို ဆုံးဖြတ်ရာ၌ သက်**ဆိုင်ရာဘာသာ**ထုံးတမ်းအရ အုပ်ထိန်းခွင့်ရှိ-မရှိဆိုသောအချက်သည် အဓိကမဟုတ်—အရွယ်**မရောက်သေးသူ**၏ ကောင်းကျိုးချမ်းသာမှုကို ဦးစားပေး သုံးသပ်ရန်လိုခြင်း။

ဆုံးဖြတ်ချက်။ ။မဟာမေဒင်ဘာသာထုံးတမ်းအရ၊ **မိခင်ဖြစ်သူ**သည်၊ တစိမ်းတရံသူနှင့် နောက်အိမ်ထောင်ပြုလျှင် ၎င်း၏ အရွယ်မရောက်သေးသည့် **သားသမီး**များကို အုပ်ထိန်းရန် အခွင့်အရေးဆုံးရှုံးသည်မှာ မှန်၏။ သို့ရာတွင်အုပ်ထိန်းသူနှင့် **အုပ်ထိန်းခံရသူ**များဥပဒေအရ အရွယ်မရောက်သေးသူတဦးဦးအား မည်သူ၏အုပ်ထိန်းမှုအောက်တွင် **ထားရှိသင့်**သည်ဆိုသော ပြဿနာကို ဆုံးဖြတ်ရာ၌ သက်ဆိုင်ရာဘာသာထုံးတမ်းအရ၊ အုပ်ထိန်းပိုင်**ခွင့်ရှိသည်၊မရှိ**သည်ဆိုသော အချက်မှာ အဓိကမဟုတ်၊ မည်သူ၏ အုပ်ထိန်းမှုအောက်တွင် ထား**ရှိခြင်းဖြင့်** အရွယ်မရောက်သေးသူ၏ ကောင်းကျိုးချမ်းသာမှုကို အကျိုးပြုမည်ဆိုခြင်းကို ဦးစား**ပေး၍သုံးသပ်ရမည်**ဖြစ်သည်။ **တန်စိုကြူး** နှင့် ချန်ချိန်လျန်၊ ၁၉၄၇၊ ရန်ကုန်စီရင်ထုံး၊ ၁၀၇။ **ဦးမောင်မောင် နှင့် မအေးသူ**၊ ၁၉၅၂၊ မြန်မာပြည်စီရင်ထုံး၊ ၄၁၆ (တရားလွှတ်တော်) တို့ကိုရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးကျော်မြင့်။

အယူခံတရားခံအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဒေါ်ခင်လေး။

တရားသူကြီး ဦးသက်ဖေ။ ။တောင်ငူမြို့၊ ခရိုင်တရားမရုံးတွင် အယူခံတရားလို မိုဟာမက် ဟာနစ်ခံက အယူခံတရားပြိုင် မိုင်ရှန်နစ်ဆာအပေါ် အရွယ်မရောက်သူမှနာ

---

* ၁၉၇၀ ခုနှစ်၊ တရားမ အထွေထွေမှုအမှတ် ၅။

† ၁၉၆၈ ခုနှစ်၊ တရားမသေးမှုအမှတ် ၄ တွင် တောင်ငူမြို့၊ ခရိုင်တရားမ **တရားသူကြီးရုံးတော်၏** ချမှတ်သောဒီကရီကို အယူခံဝင်မှု။

၁၉၇၁

မိုဟာမက် ဟာနစ်ခန် နှင့် မိုင်ရှန်နစ်ဆာ။

(ခေါ်)ရှိုင်မွန်နစ်ဆာအား ၎င်း၏အုပ်ထိန်းမှုအောက်သို့ပြန်လည်အပ်ပေးရန် လျှောက်ထားရာ၊ အယူခံဘာရားလို၏ လျှောက်ထားချက်ကို ပယ်လိုက်သောကြောင့် ဤအယူခံပေါ် ပေါက်လာရခြင်းဖြစ်သည်။

အယူခံဘာရားလိုနှင့် အယူခံ တရားပြိုင်တို့သည် ၁၉၅၇ ခုနှစ်တွင် မဟာမေဒင်ဘာသာ ထုံးတမ်းအရ အကြင်လင်မယားအဖြစ် လက်ထပ် ပေါင်းသင်းခဲ့ရာ ၁၉၅၉ ခု၊ ဖေဖေါ်ဝါရီလ ၁၂ ရက်နေ့၌ သမီး မူနာကို ထွန်းကားခဲ့သည်။ ကလေးအသက် တနှစ်ခန့် အရွယ်မှစ၍ အယူခံဘာရားလိုသည် အယူခံ တရားပြိုင်အား ထောက်ပံ့ရန် ပျက်ကွက်သဖြင့် တောင်ငူမြို့၊ ဒုတိယရာဇဝတ် ရာဇဝတ်ဘရားသူကြီးရုံးတွင် မယားနှင့် သားစားစရိတ် တောင်းဆိုရာ၊ အယူခံဘာရားလိုသည် အယူခံ တရားပြိုင်အား ၁၉၆၃ ခု၊ အောက်တိုဘာလ ၁၇ ရက်နေ့ဘွင် တလပ်သုံးကြိမ်ပေး၍ ကွာရှင်းလိုက်ပြီး၊ ကလေးစားစရိတ်ဘလ ၂၀ိ ပေးရန် သဘောတူခဲ့သည်။ အရွယ်မရောက်သူ မူနာအား မွေးဖွါးသည့် အချိန်မှစ၍ အယူခံ တရားပြိုင်က လက်ရှိအုပ်ထိန်းခဲ့သည်။ အယူခံ တရားလိုနှင့် အယူခံ တရားပြိုင်တို့သည် အသီးသီး နောက်အိမ်ထောင် ပြုခဲ့ကြသည်။

၁၉၆၇ ခုနှစ်၊ နိုဝင်ဘာလမှစ၍ အယူခံဘာရားလိုသည် ကလေးစားစရိတ် ပေးဆောင်ရန် ပျက်ကွက်သဖြင့် အယူခံတရားပြိုင်က ကလေးစားစရိတ်များ ရလိုကြောင်း ဒုတိယရာဇဝတ် ရာဇဝတ် တရားသူကြီးရုံးတွင် လျှောက်ထားရာ၊ အယူခံတရားလိုက အရွယ်မရောက်သေးသူ မူနာအား ၎င်း၏ အုပ်ထိန်းမှုအောက်သို့ ပြန်လည်အပ်ပေးရန် ခရိုင်တရားမရုံး၌ တောင်းဆိုခဲ့ခြင်းဖြစ်သည်။ ခရိုင်တရားမရုံးမှ အယူခံတရားလိုသည် ကလေးစားစရိတ်ကို ပေးလိုစိတ် မရှိသဖြင့် သဘောရိုးဖြင့် လျှောက်ထားခြင်း မဟုတ်ဟုဆုံးဖြတ်ပြီး အယူခံဘာရားလို၏ လျှောက်ထားချက်ကို ပယ်ချခဲ့ပေသည်။

အယူခံဘာရားလို၏ တရားရုံးချုပ်ရှေ့နေ ဦးကျော်မြင့်က အယူခံ တရားပြိုင်သည် နောက်အိမ်ထောင် ပြုပြီးဖြစ်၍၊ အရွယ်မရောက်သူ မူနာအား အုပ်ထိန်းခွင့်ကို မဟာမေဒင်ဘာသာ ထုံးတမ်းအရ ဆုံးရှုံးလက်လွှတ်ခဲ့ပြီး ဖြစ်ပါသည်။ အယူခံတရားလိုသည် အရွယ်မရောက်သူ မူနာ၏ ဘခင်ဖြစ်သည့်အလျောက် သဘာဝ အုပ်ထိန်းသူဖြစ်သည့်အားလျော်စွာ ၎င်း၏ အုပ်ထိန်းမှုအောက်သို့ ပြန်လည်အပ်ပေး သင့်ပါသည်ဟု တင်ပြသွားသည်။

မဟာမေဒင်ဘာသာ ထုံးတမ်းအရ မိခင်ဖြစ်သူသည် တစိမ်းတရံသူနှင့် နောက်အိမ်**ထောင်ပြုလျှင် ၎င်း၏** အရွယ်မရောက်သေးသည့် သားသမီးများကို အုပ်ထိန်းရန် အခွင့်အရေး **ဆုံးရှုံးသည်မှာ မှန်၏**။ သို့ရာတွင် အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများ ဥပဒေအရ **အရွယ်မရောက်သေးသူ** တဦးဦးအား မည်သူ၏ အုပ်ထိန်းမှုအောက်တွင် ထားရှိသင့်သည်**ဆိုသော ပြဿနာကို** ဆုံးဖြတ်ရာ၌ သက်ဆိုင်ရာဘာသာ ထုံးတမ်း

၁၉၇၁

မိုဟာမက်တာနစ်ခန် နှင့် မိုင်ရွန်နစ်ဆာ။

အရ အုပ်ထိန်းပိုင်ခွင့်ရှိသည်၊ မရှိသည်ဆိုသော **အချက်မှာ** အဓိကမဟုတ်။ မည်သူ၏ အုပ်ထိန်းမှုအောက်တွင် ထားရှိခြင်းဖြင့် အရွယ် **မရောက်**သေးသူ၏ ကောင်းကျိုး ချမ်းသာမှုကို အကျိုးပြုမည် ဆိုခြင်းကို ဦးစားပေး**၍ သုံးသပ်ရမည်**ဖြစ်သည်။ ထိုအတိုင်း ပင် **တန်စွိကြူး** နှင့် ချန်ချိန်လျန်(၁)၊ **ဦးမောင်မောင် နှင့် မအေးသူ** (၂) တို့အမှုများ ၌ ဆုံးဖြတ်ထားသည်ကို ကျွန်ုပ်တို့ သဘောတူသည်**။**

ယခုအမှုတွင် အယူခံတရားလိုသည် သမီးဖြစ်**သူအား လသားအရွယ်**ကပင် ကျွေး မွေးထောက်ပံ့ခြင်း မပြုဘဲ စွန့်ပစ်ခဲ့သည်။ **ထို့ကြောင့် ငယ်ရွယ်**သူ လေးနှစ်သမီး အရွယ်တွင် အယူခံ တရားလိုက စားစရိတ် တောင်း**ဆိုခဲ့ရသည်။** ၁၉၆၇ ခုနှစ်၊ နိုဝင်ဘာ လမှစ၍ စားစရိတ်ပေးရန် ပျက်ကွက်ပြန်သဖြင့် **စားစရိတ်ရလို**ကြောင်း လျှောက်ထား သောအခါ အယူခံတရားလိုသည် ၁၉၆၈ ခုနှစ်၊ **မတ်လတွင်** ငယ်ရွယ်သူအား ၎င်း၏ အုပ်ထိန်းမှုအောက်သို့ ပြန်ပေးရန် လျှောက်ထား**ခဲ့သည်။ အယူခံ** တရားပြိုင်ကနောက် အိမ်ထောင်ပြု၍ ငယ်ရွယ်သူကို ၎င်းအား ပြန်ပေး**သင့်သည်ဟု** အကြောင်းပြသည်။ အယူခံ တရားပြိုင်သည် ၁၉၆၇ ခု၊ အောက်တို**ဘာလ ၁၂** ရက်နေ့တွင် နောက်အိမ် ထောင် ပြုခဲ့သည်ဆိုခြင်းမှာ အငြင်းမပွားပေ။ **သို့ရာတွင် အယူခံ**ဘရားလို အနေဖြင့် သမီးကို အုပ်ထိန်းလိုကြောင်း လျှောက်ထားခြင်း**မပြုဘဲ စားစ**ရိတ်ကြွေး တောင်းဆို မှသာ ၁၉၆၈ ခုနှစ်၊ မတ်လတွင် အုပ်ထိန်းလိုသည်**ဟု တင်ပြလာ**ခြင်းမှာ သဘောရိုးဖြင့် တင်ပြခြင်းမဟုတ်ပါဟု ဆိုသော မူလရုံး၏ ကော**က်ယူချက်**သည် မှားယွင်းသည်ဟု မဆိုသာချေ။

အရွယ်မရောက်သူ မူနာသည် ယခုအခါအသက် **၁၀ နှစ်ကျော်**ပြီဖြစ်သည်။ ၎င်းက ဖခင်ဖြစ်သူကို ကောင်းစွာပင် မမှတ်မိပါဟု ထွက်**ဆိုသည်**ကို ထောက်ရှုပါက၊ အယူခံ တရားလိုသည် သမီးဖြစ်သူနှင့် လုံးဝအဆက်အသွယ်**မပြုဘဲ** စွန့်ပစ်ထားကြောင်း ပေါ် လွင်သည်။ အရွယ်မရောက်သူက မိခင်ထံ၌သာ နေလို**ပါ**သည်၊ ဖခင်နှင့် အတူမနေလို ပါဟု ဆန္ဒပြုထားသည်၊ ဆန္ဒပြုနိုင်သည့်အရွယ် ရောက်နေပြီဖြစ်သည်။

အယူခံ တရားပြိုင်သည် အယူခံတရားလိုလောက် ပစ္စည်းဥစ္စာ ကုံလုံသူတယောက် မဟုတ်သော်လည်း ငယ်ရွယ်သူအား ၎င်း၏ အဆင့်အတန်းနှင့်အညီ နေထိုင်စား **သောက်**ရန် ထောက်ပံ့ထားသည်။ ကျောင်းတွင် ပညာသင်ပေးလျက်ရှိသည်၊ ဘာသာ **ရေးသင်**တန်း၌လည်း ထားပေးကြောင်း ပေါ်ပေါက်နေသည်။

အထက်ပါ အချက်အလက်များကို ပေါင်းစပ် ကြည့်ရှုလျှင်၊ အရွယ်မရော**က်သူ မူနာအား** အယူခံတရားလို၏ အုပ်ထိန်းမှုအောက်သို့ ပြန်လည် အပ်ပေးသ**ည်ထက်**

(၁) ၁၉၄၇၊ ရန်ကုန်စီရင်ထုံး။ ၁၀၇။
(၂) ၁၉၅၂၊ မြန်မာပြည်စီရင်ထုံး ၄၁၆ (တရားလွှတ်တော်)။

၁၉၇၁

မိုဟာမက်ဟာနစ်ခန် နှင့် မိုင်ရှန်နစ်ဆာ။

အယူခံ တရားပြိုင်၏ အုပ်ထိန်းမှုအောက်တွင် ဆက်လက် ထားရှိခြင်းသည် အရွယ်မရောက်သူ၏ ကောင်းကျိုးချမ်းသာမှုကို ပို၍အကျိုးပြုရန် အကြောင်း ရှိနေသည့်အလျောက်၊ အယူခံတရားလို၏ လျှောက်လွှာအား ပယ်ခဲ့သော မူလရုံး၏အမိန့်ကို ဝင်ရောက် ဖက်စွက်ရန် အကြောင်းမမြင်သဖြင့် ဤအယူခံကို တရားစရိတ်နှင့်တကွ ပယ်လိုက်သည်၊ ရှေ့နေစရိတ် ၃၄ိ သတ်မှတ်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမပဌမအယူခံမှု

တရားသူကြီး ဦးသက်ဖေနှင့် တရားသူကြီး **ဦးစိန်သင်းတို့ရှေ့တွင်**

† ၁၉၇၁

ဖေဖေါ်ဝါရီလ ၃ ရက်။

ဦးမြရွှေ

နှင့်

ဇွီ၊ အီး၊ အာ(ရ်)၊ အမ်၊ အေ၊ အာ(ရ်) ချစ်တီးယားဖမ်း *

ကိုယ်စားလှယ်တဦး၏ အပ်နှင်းထားသော အာဏာကိုကျော်လွန်၍ ပြုလုပ်ဆောင်ရွက်မှုအတွက် အကြီးအကဲတွင် တာဝန်ရှိ-မရှိ—ပစ္စည်းကိုပေါင်နှံ၍ ငွေချေးခြင်းသည် အော်ဒီမန်စာချုပ် ချုပ်၍ ငွေချေးခြင်းနှင့် တူ-မတူ။

ဆုံးဖြတ်ချက်။ ။ကိုယ်စားလှယ်တဦး၏ ပြုလုပ်ဆောင်**ရွက်မှုသည်၊** ၎င်းအား ကိုယ်စားလှယ်စာဖြင့် လွှဲအပ်ထားသည့် အာဏာဘောင်အတွင်း ကျရောက်**ပါမူ၊ ထို**ပြုလုပ်ဆောင်ရွက်မှုအတွက် အကြီးအကဲ၌ တာဝန်ရှိရမည်ဖြစ်သည်။ ကိုယ်စားလှယ်**စာတွင်** အပ်နှင်းထားသောအာဏာကို ကျော်လွန်၍ပြုသည့် ပြုလုပ်ဆောင်ရွက်မှုအတွက် အကြီးအ**ကဲ၌ တစုံတရာ** တာဝန်ရှိမည်မဟုတ်ပေ။ **အယ်(လ်)၊အင်(န်)၊လက်မန်နန်ချစ်တီးယားဖမ်း** နှင့် **ဗွီ၊အမ်၊ဖမ်း၊** ၁၉၅၂၊ မြန်မာပြည်စီရင်ထုံး၊ ၂၂၅ (တရားလွှတ်တော်) ကိုရည်ညွှန်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ပစ္စည်းကိုပေါင်နှံ၍၊ ငွေချေးခြင်း**သည် သာမန်**အော်ဒီမန်စာချုပ် ချုပ်ဆို၍ ငွေချေးခြင်းနှင့်တူညီခြင်း မရှိသည်ကို သတိချပ်ရမ**ည်ဖြစ်သည်။ ပစ္စည်းကိုပေါင်နှံ၍** ငွေချေးလျှင် မြီရှင်သည် ပစ္စည်းအပေါ်၌သာ အရေးယူနိုင်မည်**ဖြစ်သည်။** ငွေချေးသူအား ပုဂ္ဂိုလ်အရ ဒီကရီတောင်းဆိုနိုင်မည်မဟုတ်။ အော်ဒီမန်စာချုပ် ချုပ်**ဆို၍** ငွေချေးလျှင် ငွေချေးသူအပေါ် ပုဂ္ဂိုလ်အရ တာဝန်ထားရှိနိုင်မည်ဖြစ်သည်။ သို့ဖြစ်ရာ ပစ္စည်းကိုအပေါင်ထား၍ ငွေချေးယူခွင့်ပြုခြင်း၌ သာမန်အော်ဒီမန်စာချုပ် ချုပ်ဆိုပြီး ငွေချေးယူနိုင်ခွင့်အာဏာ ပါဝင်သည်ဟု မယူဆနိုင်။ **အမ်၊ အေ၊ အာ(ရ်)၊ အာ(ရ်)၊ အမ်၊ အာ(ရ်)၊ ချစ်တီးယား** နှင့် **ဗေဒီယာရာမန်ချောက်ဒရီ၊** အတွဲ ၉၊ ဘားမား လောတိုင်း(မ်)၊ ၁၆၆ ကိုရည်ညွှန်းသည်။

†

အယူခံတရားလိုအတွက်။ ။တရားရုံးချုပ်ရှေ့နေ မစ္စဘာ အာ(ရ်)ချော်ဘေး။

အယူခံတရားခံအတွက်။ ။တရားရုံးချုပ်ရှေ့နေ မစ္စတာအက်(စ်)၊အေ၊အေ**ပီလေး။**

---

* ၁၉၇၀ ခုနှစ်၊ တရားမ ပဌမအယူခံမှုအမှတ် ၄၇။

† ၁၉၆၄ ခုနှစ် တရားမကြီးမှုအမှတ် ၄၄၉ တွင်၊ ရန်ကုန်မြို့ တရားမရုံး **တသီးပုဂ္ဂလတရားသူကြီး** ရုံးတော်၏ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

၁၉၇၁

ဦးမြရွှေ နှင့် မွှီ၊အီး၊အာ(ရ်)၊ အမ်၊အေ၊ အာ(ရ်) ချစ်တီး ယားဖမ်း။

တရားသူကြီး ဦးသက်ဖေ။ ။ရန်ကုန်မြို့ တရားမရုံးတွင် အယူခံတရားလိုဦးမြရွှေက အယူခံတရားပြိုင် မွှီ၊အီး၊အာ(ရ်)၊ အမ်၊အေ၊အာ(ရ်) ချစ်တီးယားဖမ်း အပေါ် ချေးငွေ ၁,၇၀၀ကျပ် ပြန်လည်ရလိုကြောင်း တရားစွဲဆိုရာ စွဲဆိုသည့်အမှုကို တရားစရိတ်နှင့်တကွ ပယ်လိုက်သောကြောင့်၊ ဤအယူခံမှုပေါ် ပေါက်လာရခြင်းဖြစ်သည်။

တရားပြိုင် ချစ်တီးယားဖမ်း၏မူလကိုယ်စားလှယ်မှာ ဂျီ၊ ဆွမ်ဒရမ်ဆင်ချစ်တီးယား ဆိုသူဖြစ်သည်။ အယူခံတရားလိုက အယူခံတရားပြိုင်ကိုယ်စားလှယ်၊ ဂျီ၊ဆွမ်ဒရမ် ချစ်တီးယားသည်မိမိထံမှ ၁၉၆၃ ခု၊ ဇူလိုင်လ ၂၂ ရက်နေ့တွင်ငွေ ၁,၇၀၀ ကျပ်ကို ချေးယူခဲ့ပါသည်၊ ထို့နောက် ဂျီ၊ ဆွမ်ဒရမ်ဆင်ချစ်တီးယားအား ထုတ်ပေးထားသော ကိုယ်စားလှယ်စာကို ဖျက်သိမ်းလိုက်ကြောင်းသိရ၍ နောက်ထပ်ခန့်ထားသည့် ကိုယ်စားလှယ်များထံမှ ချေးငွေကို ပြန်လည်တောင်းခံရာ၊ ဂျီ၊ ဆွမ်ဒရမ်ဆင်ချစ်တီးယားမှာ အယူခံတရားပြိုင်အတွက် ငွေချေးယူနိုင်ရန် အခွင့်အာဏာမရှိသဖြင့်၊ အဆိုပါငွေ အတွက် အယူခံတရားပြိုင်၌ တာဝန်မရှိပါဟု ပြန်ကြားခဲ့ပါသည်၊ ထို့ကြောင့်၎င်းငွေကို ပြန်လည်ရလို၍ တရားစွဲဆိုရပါသည်ဟု အဆိုပြုခဲ့သည်။ အယူခံတရားပြိုင်က မူလ ကိုယ်စားလှယ် ဂျီ၊ ဆမ်ဒရမ်ဆင်ချစ်တီးယားသည် မိမိအတွက် ငွေချေးယူနိုင်သော အာဏာမရှိပါ၊ မိမိအား အကျိုးပြုရေးအတွက် ငွေချေးယူခြင်းလည်းမဟုတ်၍ ထိုငွေကို ပေးရန်တာဝန်မရှိပါဟု ထုချေခဲ့သည်။

မူလရုံးမှ နှစ်ဦးနှစ်ဘက်သက်သေများကို စစ်ဆေးပြီးနောက်၊ ဂျီ၊ဆွမ်ဒရမ်ဆင် ချစ်တီးယားသည် အယူခံတရားပြိုင်အတွက် ငွေချေးယူနိုင်သောအာဏာမရှိ၊ အယူခံ တရားလိုထံမှ ချေးယူသည်ဆိုသောငွေမှာလည်း အယူခံတရားပြိုင်အား တစုံတရာ အကျိုးပြုရေးအတွက်မဟုတ်၍ ထိုငွေကို အယူခံတရားပြိုင်သည် တာဝန်မရှိပါဟု ဆုံး ဖြတ်ခဲ့သည်။

အယူခံတရားလို၏ရှေ့နေ မစ္စဘာ ချော်ဘေးက အယူခံတရားပြိုင်၏ အကျိုး [illegible]အတွက် မူလကိုယ်စားလှယ်က ချေးယူခဲ့ခြင်း ရှိမရှိဆိုသော ပြဿနာမှာ၊ ကိုယ်စားလှယ်နှင့် ၎င်း၏အကြီးအကဲအကြား ပေါ်ပေါက်သည့် ကိစ္စသာဖြစ်ပါသည်။ [illegible]အနေဖြင့် အကြီးအကဲကိုယ်စား ကိုယ်စားလှယ်ကို ငွေချေးခဲ့ပါမူ၊ ထို [illegible] ငွေအတွက် အကြီးအကဲ၌တာဝန်ရှိကြောင်းဆုံးဖြတ်သင့်ပါသည်ဟု တင်ပြသွားသည်။

ကိုယ်စားလှယ်တဦး၏ ပြုလုပ်ဆောင်ရွက်မှုသည်၊ ၎င်းအားကိုယ်စားလှယ်စာဖြင့်လွှဲ အပ်ထားသည့် အာဏာသဘောင်အတွင်း ကျရောက်ပါမူ၊ ထိုပြုလုပ်ဆောင်ရွက်မှုအတွက် အကြီးအကဲ၌ တာဝန်ရှိရမည်ဖြစ်ပါသည်။ ကိုယ်စားလှယ်စာတွင် အပ်နှင်းထားသော အာဏာကို ကျော်လွန်၍ပြုသည့် ပြုလုပ်ဆောင်ရွက်မှုအတွက် အကြီးအကဲ၌ တစုံတရာ

၁၉၇၁
ဦးမြရွှေ
နှင့်
ဗွီ၊အီး၊အာ(ရ်)၊
အမ်၊အေ၊
အာ(ရ်) ချစ်တီး
ယားဖမ်း။

တာဝန်ရှိမည်မဟုတ်ပေ။ ထိုအတိုင်းပင် ဆုံးဖြတ်ထားသည့်**အယ်(လ်)၊ အင်(န်)၊လက်မန်နန်ချစ်တီးယားဖမ်း** နှင့် **ဗွီ၊ အမ်၊ဖမ်း** (၁) တို့အမှုရှိ ဆုံးဖြတ်ချက်ကို ကျွန်ုပ်တို့ သဘောတူသည်။ သို့ဖြစ်ရာ၊ ယခုအမှုတွင် ငွေချေးယူခဲ့သည့် မူလကိုယ်စားလှယ် ဂျီ၊ဆွမ်ဒရမ်ဆင်ချစ်တီးယားသည် အယူခံဘရားပြိုင် ကိုယ်စား ငွေချေးယူနိုင်သည့် အာဏာ ရှိမရှိဆိုသောပြဿနာကို သုံးသပ်ရန်လိုပေသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ အယူခံဘရားလို၏ရှေ့နေက ဂျီ၊ဆွမ်ဒရမ်ဆင်ချစ်တီးယားသည် အယူခံတရားပြိုင်ကိုယ်စား ငွေချေးငှါးနိုင်ခွင့်ရှိပါသည်ဟုဆိုကာ သက်သေခံ (ဂ) ကိုယ်စားလှယ်စာရှိ အောက်ပါစာပိုဒ်ကို ရည်ညွှန်းသွားသည်။

> "To sell, transfer, assign and dispose of or mortgage all or any of my properties in Burma to any person or persons for any consideration; AND also to transfer and assign all or any mortgages, bonds, pronotes, leases, outstandings, securities, decrees etc., to any person or persons and for that purpose to execute and sign on my behalf and cause the same to be duly registered according to law by appearing before the proper registering officer and admitting execution etc."

ထိုစာပိုဒ်၏ ပဌမအပိုင်းတွင်၊ အယူခံဘရားပြိုင်က ၎င်း၏ကိုယ်စားလှယ်အား မြန်မာပြည်၌ရှိသည့် ၎င်း၏ပစ္စည်းများကို ရောင်းခြင်း၊ လွှဲပြောင်းခြင်း၊ အပေါင်ထားခြင်းတို့အတွက် အာဏာအပ်နှင်းထားသည်။ ဒုတိယအပိုင်းမှာ အပေါင်စာချုပ်၊ အငှါးစာချုပ်၊ အတိုးတန်စာချုပ်၊ အော်ဒီမန်စာချုပ်တို့ကို လွှဲပြောင်းနိုင်သည့်အာဏာ ပေးထားသည်။ အယူခံဘရားလို၏ရှေ့နေက ပစ္စည်းကိုပေါင်နှံရန် အာဏာပေးထားရာ၌ ငွေချေးယူနိုင်သည့်အာဏာလည်းပါကြောင်း **ယူဆရမည်ဟု** တင်ပြလာသည်။

ပစ္စည်းကိုပေါင်နှံ၍ ငွေချေးခြင်းသည် သာမန်အော်ဒီမန် စာချုပ်ချုပ်ဆို၍ ငွေချေးခြင်းနှင့် တူညီခြင်းမရှိသည်ကို သတိချပ်ရမည်ဖြစ်သည်။ ပစ္စည်းကိုပေါင်နှံ၍ ငွေချေးလျှင် မြီရှင်သည် ပစ္စည်းအပေါ်၌သာ အရေးယူနိုင်မည်ဖြစ်သည်။ ငွေချေးသူအား ပုဂ္ဂိုလ်အရ ဒီကရီ တောင်းဆိုနိုင်မည်မဟုတ်၊ အော်ဒီမံစာချုပ်ချုပ်ဆို၍ ငွေချေးလျှင် ငွေချေးသူအပေါ် ပုဂ္ဂိုလ်အရ တာဝန်ထားရှိနိုင်မည်ဖြစ်သည်။ သို့ဖြစ်ရာ ပစ္စည်းကို အပေါင်ထား၍ ငွေချေးယူခွင့်ပြုခြင်း၌ သာမန်အော်ဒီမံစာချုပ် ချုပ်ဆိုပြီး ငွေချေးယူနိုင်ခွင့်အာဏာ ပါဝင်သည်ဟု ကျွန်ုပ်တို့ မယူဆနိုင်။ ထိုကိစ္စနှင့်ပတ်**သက်၍**

---

(၁) ၁၉၅၂ ခု၊ မြန်မာပြည်စီရင်ထုံး ၂၂၅ (တရားလွှတ်တော်)။

အမ်၊ အေ၊ အာ(ရ်)၊အမ်၊အာ(ရ်)၊ အမ်ချစ်တီးယား နှင့် ဗေဒီယာရာမန်ချောင်ဒရီ(၂) တို့အမှုတွင် အောက်ပါအတိုင်း ဆုံးဖြတ်ထားသည်ကို တွေ့နိုင်ပေသည်။ ၁၉၇၁

ဦးမြရွှေ နှင့် မွိုးအီး၊အာ(ရ်)၊ အမ်၊အေ၊ အာ(ရ်) ချစ်တီး ယားဗမ်း။

"A general power to mortgage implies a power to borrow money on the principal's account, and where equitable mortgages are recognized as valid,to create an equitable mortgage by deposit of title-deeds, but not to sign promissory notes no behalf of the principal.]

The principal is not liable on a promissory note executed by an agent in professed exercise of a power to mortgage."

ယခုအမှုတွင် အထက်၌ဖော်ပြခဲ့သည့်အတိုင်း မူလကိုယ်စားလှယ်ဖြစ်သူ ဂျီ၊ ဆွမ်ဒရမ်ဆင်ချစ်တီးယားသည် အသူခံဘရားပြိုင်ကိုယ်စား အပေါင်မရှိဘဲ ငွေချေး ယူခွင့်အာဏာ ရှိသူတဦးမဟုတ်သဖြင့်၊ ၎င်းက အယူခံတရားလိုထံမှ ငွေ ၁,၇၀၀ ကျပ် ချေးယူထားခြင်းအတွက် အယူခံဘရားပြိုင်တွင် တာဝန်မရှိပေ။ သို့ဖြစ်ရာ၊ မူလရုံး မှ ဖော်ပြခဲ့သည့် အကြောင်းချင်းရာများကြောင့် မဟုတ်သော်လည်း အယူခံတရားလို သည် အသူခံဘရားပြိုင်ထံမှ စွဲဆိုသောငွေများကို တောင်းဆိုနိုင်ခွင့်မရှိသည့်အလျောက် ၎င်း၏အမှုကို ပြယ်ခဲ့သော မူလရုံး၏ စီရင်ချက်နှင့် ဒီကရီတို့အား အတည်ပြုပြီး ဤအယူခံကိုပယ်လိုက်သည်။ ဤအမှုတွင်ပေါ်ပေါက်နေသော အကြောင်းချင်းရာများ အရ၊ ဤအယူခံနှင့်ပတ်သက်၍အမှုသည်များသည် မိမိတို့တရားစရိတ်ကို မိမိတို့ဘာသာ ကျခံကြရမည်ဖြစ်သည်။

(၂) [illegible] ဥ၊ ဗားမားလောတိုင်း(မ်) ၁၆၆။

နိုင်ငံတော်တရားရုံးချုပ် (မန္တလေးရုံးထိုင်)

တရားမပြင်ဆင်မှု

တရားသူကြီး ဦးသက်ဖေနှင့် တရားသူကြီး ဦးမိန်သင်းတို့ ရှေ့တွင်

† ၁၉၇၁ ———— ဖေဖေါ်ဝါရီလ ၂၇ ရက်။	ဦးသက်ပြင်း (သေသူ) ၎င်း၏ တရားဝင်ကိုယ်စားလှယ်များဖြစ်သော— ၁။ ဒေါ်မမကြီး ၂။ ဒေါ်မမလေး ၃။ ဒေါ်ပုလေး ၄။ ဦးအောင်ကြည်	နှင့် ဒေါ်တုပ်တုပ် (ခေါ်) ခင်တုပ်*

တရားမကျင့်ထုံးအမိန့် ၂၁၊ နည်းဥပဒေ ၉၂ အရ ချမှတ်သောအမိန့်သည် အယူခံဝင်နိုင်သော အမိန့်ဟုတ် မဟုတ်——တရားမအယူခံမှုတွင် **တရားဝင်ကိုယ်စားလှယ်များအား** အယူခံ တရားပြိုင်အဖြစ် ထည့်သွင်းခြင်း မပြုဘဲ **သေဆုံးသူ တရားနိုင်အား** အယူခံ တရားပြိုင် အဖြစ် ထည့်သွင်းခဲ့ခြင်းကြောင့် အယူခံမှုသည် ရုပ်စဲပြီး**ဖြစ် မဖြစ်**——လေလံတင်ရောင်းချခြင်းကို ပယ်ဖျက်ရန် လျှောက်ရာ၌ လေလံဝယ်သူသည် **လိုအပ်သည့်** အမှုသည်တဦးဖြစ် မဖြစ်။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံး အမိန့် ၂၁၊ နည်းဥပဒေ **၉၂ အရ၊** ချမှတ်သောအမိန့်သည် တရားမကျင့်ထုံးအမိန့် ၄၃၊ နည်းဥပဒေ ၁ (၃) အရ၊ **အယူခံဝင်နိုင်သောအမိန့်ဖြစ်သည်။** ထိုကဲ့သို့အယူခံဝင်နိုင်သော အမိန့်ဖြစ်လျှင်၊ တရားမကျင့်ထုံး ပုဒ်မ ၁၀၄ (၂) အရ၊ ဒုတိယ အယူခံဝင်ပိုင်ခွင့်မရှိတော့ပေ။ **မောင်ဖေစိန် နှင့် မသင်းမြ၊ အတွဲ ၇၊ ရန်ကုန်၊** စာ ၃၇ ကို ကိုးကားသည်။

ထပ်မံဆုံးဖြတ်ချက်။ ။တရားမကြီးမှုတွင်သော်၎င်း၊ အယူခံမှုတွင်သော်၎င်း၊ အမှုသည် တဦးဦး သေဆုံးပြီးနောက်၊ ၎င်း၏ တရားဝင် ကိုယ်စားလှယ်များကို အမှုသည်အဖြစ် အချိန်မီ ထည့်သွင်းခြင်းမပြုပါက၊ စွဲဆိုသော အမှုသည် ထိုသေဆုံးသူနှင့် ပတ်သက်၍ ရုပ်စဲသည်ဆိုသော တရားမကျင့်ထုံးအမိန့် ၂၂ ပါပြဋ္ဌာန်းချက်များမှာ စွဲဆိုသည့်တရားမကြီးမှု၊ သို့မဟုတ် အယူခံ မှုကြားနာနေဆဲအချိန်၌ အမှုသည်တဦးဦး သေဆုံးသည့်ကိစ္စနှင့်သာ သက်ဆိုင်သည်။ ဒေါ်ခင်တုပ်**က** ခရိုင်တရားမရုံးသို့ အယူခံမှု စွဲဆိုခြင်း မပြုမီကပင် ဦးသက်ပြင်းမှာ သေဆုံးပြီးဖြစ်သည်။ **အယူခံမှု**

* ၁၉၇၀ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၆။

† ၁၉၆၇ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၂ တွင်စစ်ကိုင်းမြို့၊ ခရိုင်တရားမရုံး၏ **ချမှတ်သော** အမိန့်ကိုပြင်ဆင်မှု။

ဆိုစဉ်အချိန်အတွင်း သေဆုံးခြင်းမဟုတ်၍ တရားမကျင့်ထုံး အမန့် ၂၂ ပါပြဋ္ဌာန်းချက်သည်၊ ဒေါ်ခင်တုပ်စွဲဆိုသည့် အယူခံမှုနှင့် အကျုံးမဝင်ချေ။

၁၉၇၁

ဦးသက်ပြင်း (သေသူ)ရှင်း၏ တရားဝင်ကိုယ်စားလှယ်များ ဖြစ်သော ၁။ ဒေါ်မမကြီး ၂။ ဒေါ်မမလေး ၃။ ဒေါ်ပုလေး ၄။ ဦးအောင်ကြည် နှင့် ဒေါ်တုပ်တုပ် (ခ) ဒေါ်ခင်တုပ်။

ထပ်မံဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံး အမိန့် ၂၁၊ နည်းဥပဒေ ၉၀ အရ၊ လေလံဘင် ရောင်းချခြင်းကို ပယ်ဖျက်ပေးရန် လျှောက်ထားသည့်ကိစ္စ၌ လေလံဆွဲဝယ်သူသည် လိုအပ်သည့် အမှုသည်တဦးဖြစ်သည်ဟု မဆိုနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုနည်းဥပဒေအရ၊ လျှောက် ထားနိုင်သဲ့ည့် ပုဂ္ဂိုလ်များမှာ တရားနိုင် သို့မဟုတ် ပစ္စည်းကိုရောင်းချရာ၌၊ အကျိုးထိခိုက်နိုင်သူ တို့သာဖြစ်သည်။ ပစ္စည်းကို ရောင်းချစဉ်က လေလံဆွဲဝယ်သူသည် ပစ္စည်းပေါ်၌ တစုံတရာအကျိုး ခံစားခွင့် မရှိသေးသဖြင့် ပစ္စည်းရောင်းချခြင်းကြောင့် ၎င်း၏အခွင့်အရေးကို ထိခိုက်သည်ဟု ယူဆ ခြင်း မပြုနိုင်။ **အနားမလဲယားချစ်တီး နှင့် ဒေါ်ကျင်စိန်၊** ၁၉၅၃ ခုနှစ်၊ မြန်မာပြည် စီရင်ထုံး၊ (တရားလွှတ်တော်ချုပ်) စာ ၉၅ ကို ရည်ညွှန်းသည်။

လျှောက်ထားသူများအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးညွန့်မြိုင်။

လျှောက်ထားခံရသူများအတွက်။ ။ကိုယ်ဘိုင်။

တရားသူကြီး ဦးသက်ဖေ။ ။မန္တလေးမြို့၊ မြို့နယ်တရားမရုံးတွင် ကော၊ အမ်၊အန်၊ အမ်၊ ချစ်တီးယားဆိုသူက လျှောက်ထားခံရသူ ဒေါ်ခင်တုပ်အပေါ် ငွေဒီကရီတရပ် ရရှိခဲ့ရာ၊ ထိုဒီကရီကို ဦးသက်ပြင်းအား မှတ်ပုံတင်စာချုပ်ဖြင့် ရောင်းချလိုက်သည်။ ဦးသက်ပြင်းသည် ဒီကရီကျငွေများကို ဒေါ်ခင်တုပ်ထံမှ ရလိုကြောင်း ဇာရီမှုဖွင့်ရာ ဒေါ်ခင်တုပ်က ဒီကရီကျငွေများကို ပေးဆပ်ခြင်း မပြုသဖြင့် ဒေါ်ခင်တုပ်ပိုင် မန္တလေး မြို့၊ မောရဃီဝရပ်ကွက်၊ အမှတ် ၇၀၃၊ ဦးပိုင်အမှတ် ၂၉ ရှိ၊ မြေနှင့် ထိုမြေပေါ်တွင် ဆောက်လုပ်ထားသည့်အိမ်ကို လေလံဘင် ရောင်းချရာ ဦးသက်ပြင်း၏ သမီး ဒေါ်မမ လေးက ငွေ ၁,၀၀၀ိ ဖြင့် လေလံဆွဲဝယ်ယူခဲ့သည်။ တရားရှုံး ဒေါ်ခင်တုပ်က ၎င်းပိုင် ပစ္စည်းကို လေလံဘင်ရောင်းချခြင်းမှ ပယ်ဖျက်ပေးရန် တရားမကျင့်ထုံးအမိန့် ၂၁၊ နည်းဥပဒေ ၉၀ အရ၊ လျှောက်ထားရာ မူလရုံးမှ ဒေါ်ခင်တုပ်၏ လျှောက်လွှာကို ပယ်လိုက်သည်။

ထို့ကြောင့် ဒေါ်ခင်တုပ်သည် ယင်းအမိန့်ကို ခရိုင်တရားမရုံးသို့ အယူခံဝင်ရာ ခရိုင်တရားမရုံးမှ မူလရုံး၏ အမိန့်ကို ပယ်ဖျက်လိုက်ပြီး၊ ဒေါ်ခင်တုပ်ပိုင် မြေနှင့်အိမ် အား လေလံဘင် ရောင်းချခဲ့ခြင်းကို နည်းဥပဒေ ၉၂ အရ၊ ပယ်ဖျက်လိုက်သည်။ ထိုကဲ့သို့ ပယ်ဖျက်လိုက်သော အမိန့်ကို ဦးသက်ပြင်း၏ တရားဝင်ကိုယ်စားလှယ်များက မကျေနပ်၍ ဤပြင်ဆင်မှုကို တင်သွင်းလာခြင်းဖြစ်သည်။

ပြင်ဆင်မှု အကြောင်းပြချက်များအနက်၊ မူလရုံး၏ အမိန့်မှာ ဇာရီမှုဘွင် ချမှတ် သည့်အမိန့်ဘရုပ် ဖြစ်သည့်အလျောက်၊ ဒုတိယအယူခံ ဝင်ပိုင်ခွင့်ရှိပါက ပြင်ဆင်မှုမှ အယူခံမှုသို့ ပြောင်းလဲ၍ ကြားနာဆုံးဖြတ် သင့်ပါသည်ဟု ဖေါ်ပြထားသည်ကို တွေ့ရ

၁၉၇၁

ဦးသက်ပြင်း (သေသူ) ၎င်း၏ တရားဝင် ကိုယ်စားလှယ်များ ဖြစ်ကြသော ၁။ ဒေါ်မမကြီး ၂။ ဒေါ်မမ လေး ၃။ ဒေါ်ပုလေး ၄။ ဦးအောင် ကြည် နှင့် ဒေါ်တုပ်တုပ် (ခ) ဒေါ်ခင် တုပ်။

သည်။ တရားမကျင့်ထုံးအမိန့် ၂၁၊ နည်းဥပဒေ ၉၂ အရ ချမှတ်သောအမိန့်သည် တရားမကျင့်ထုံး အမိန့် ၄၃၊ နည်းဥပဒေ ၁ (၃)အရ၊ အယူခံဝင်နိုင်သော အမိန့်ဖြစ်သည်။ ထိုကဲ့သို့ အယူခံဝင်နိုင်သော အမိန့်ဖြစ်လျှင်၊ တရားမကျင့်ထုံးပုဒ်မ ၁၀၄ (၂) အရ၊ ဒုတိယအယူခံ ဝင်ပိုင်ခွင့် မရှိတော့ပေ။ထိုအတိုင်း **မောင်ဖေစိန် နှင့် မသင်းမြ** (၁) တို့အမှု၌ ဆုံးဖြတ်ထားပြီးဖြစ်သည်။ သို့ဖြစ်ရာ ဤပြင်ဆင်မှု တင်သွင်းခြင်းသည် မှန်ကန်သည်။

လျှောက်ထားသူများ၏ တရားရုံးချုပ်ရှေ့နေ ဦးညွန့်မြိုင်က ဇာရီရုံးတွင် ဒေါ်ခင်တုပ်သည် ၎င်း၏ပစ္စည်းကို လေလံဘင် ရောင်းချခြင်းမှ ပယ်ဖျက်ပေးရန် လျှောက်ထားစဉ် တရားနိုင် ဦးသက်ပြင်းမှာ သေဆုံးခဲ့ပါသည်။ ထိုကဲ့သို့ သေဆုံးသဖြင့် ၎င်း၏ တရားဝင် ကိုယ်စားလှယ်များကို အမှုသည်များအဖြစ် ထည့်သွင်း ခံရပါသည်။ ထိုကဲ့သို့ ထည့်သွင်းကြောင်းကို ဒေါ်ခင်တုပ်လည်း အသိဖြစ်ပါသည်။ ယင်းသို့ သိရှိပါလျက် ဒေါ်ခင်တုပ်သည် ဇာရီရုံးမှ ချမှတ်သောအမိန့်ကို ခရိုင်တရားမရုံးသို့ အယူခံဝင်သောအခါ၊ ဦးသက်ပြင်း၏ တရားဝင်ကိုယ်စားလှယ်များကို အယူခံ တရားပြိုင်များအဖြစ် ထည့်သွင်းရမည့်အစား၊ သေဆုံးသူ တရားနိုင် ဦးသက်ပြင်းကို အယူခံတရားပြိုင်အဖြစ် ထည့်သွင်းခဲ့ပါသည်။ လပေါင်းများစွာကြာမှ ဦးသက်ပြင်း၏ တရားဝင် ကိုယ်စားလှယ်များအား အမှုသည်များအဖြစ် ထည့်သွင်းခဲ့ရာ၊ ထိုကဲ့သို့ အမှုသည်များအဖြစ် ထည့်သွင်းသည့်အချိန်၌ စွဲဆိုထားသော အယူခံမှုသည် ရပ်စဲပြီး ဖြစ်ပါသည်ဟု အယူခံရုံး၌ တင်ပြခဲ့သော်လည်း၊ထိုဘင်ပြချက်ကို လက်မခံခြင်းမှာ မှားယွင်းနေပါသည်ဟု လျှောက်လဲသွားသည်။

တရားမကြီးမှုတွင် သော်၎င်း၊ အယူခံမှုတွင် သော်၎င်း အမှုသည်ဘဦးဦး သေဆုံးပြီးနောက်၊ ၎င်း၏ တရားဝင် ကိုယ်စားလှယ်များကို အမှုသည်အဖြစ် အချိန်မီ ထည့်သွင်းခြင်းမပြုပါက၊ စွဲဆိုသောအမှုသည် ထိုသေဆုံးသူနှင့် ပအ်သက်၍ ရပ်စဲသည်ဆိုသော တရားမကျင့်ထုံးအမိန့် ၂၂ ပါ ပြဋ္ဌာန်းချက်များမှာ စွဲဆိုသည့် တရားမကြီးမှု သို့မဟုတ် အယူခံမှု ကြားနာနေဆဲအချိန်၌ အမှုသည်ဘဦးဦး သေဆုံးသည့် ကိစ္စနှင့်သာ သက်ဆိုင်သည်။ ဒေါ်ခင်တုပ်က ခရိုင်တရားမရုံးသို့ အယူခံမှု စွဲဆိုခြင်း မပြုမီကပင် ဦးသက်ပြင်းမှာ သေဆုံးပြီးဖြစ်သည်။ အယူခံမှု စွဲဆိုစဉ် အချိန်အတွင်း သေဆုံးခြင်း မဟုတ်၍ တရားမကျင့်ထုံးအမိန့် ၂၂ ပါပြဋ္ဌာန်းချက်များသည် ဒေါ်ခင်တုပ် စွဲဆိုသည့် အယူခံမှုနှင့် အကျုံးမဝင်ချေ။

အမှန်မှာ ဒေါ်ခင်တုပ်သည် တရားနိုင် ဦးသက်ပြင်း၏ တရားဝင် ကိုယ်စား**လှယ်** များအစား ဦးသက်ပြင်း၏အမည်ကို မှားယွင်း၍ အယူခံလွှာ၌ ဖော်ပြခဲ့ခြင်း**သာဖြစ်**

---

(၁) အတွဲ ၇ ရန်ကုန်၊ စာ ၃၇။

သည်၊ ထိုကဲ့သို့ မှားယွင်းရခြင်းမှာလည်း ဇာရီရုံးမှ ချမှတ်သော စီရင်ချက်တွင်သော်၎င်း၊ ထုံးပုံကျ အပြီးသတ် အမိန့်တွင်သော်၎င်း တရားနိုင်၏အမည်ကို ဦးသက်ပြင်း၏ တရားဝင် ကိုယ်စားလှယ်များအစား၊ ဦးသက်ပြင်းဟု ဖေါ်ပြထားခြင်းကြောင့်ပင် ဖြစ်ရကြောင်း တွေ့ရပေသည်။ သို့ဖြစ်ရာခရိုင်တရားမရုံးမှ ဒေါ်ခင်တုပ် တင်သွင်းသည့် အယူခံမှု၌ အယူခံဘာရားပြိုင်အမည် မှားယွင်းနေသည်ကို တရားမကျင့်ထုံး အမိန့် ၁၊ နည်းဥပဒေ ၁၀ (၂)နှင့် အမိန့် ၆၊ နည်းဥပဒေ ၁၇ အရ၊ မှန်အောင်ပြင်ဆင် ပြောင်းလဲပေးနိုင်ပေသည်။

ဦးညွန့်မြိုင်ကပင် ဒုတိယအချက် အနေဖြင့် လေလံရောင်းချခြင်းကို ပယ်ဖျက်ရန် လျှောက်ထားသည့်ကိစ္စ၌ လေလံဆွဲဝယ်သူကို အမှုသည်အဖြစ် ထည့်သွင်းသင့်ပါသည်။ ထိုကဲ့သို့ ထည့်သွင်းခြင်းမပြုသဖြင့်၊ မူလလျှောက်ထားသော အမှုသည် ပျက်ပြယ်နေပါသည်ဟု တင်ပြသွားသည်။တရားမကျင့်ထုံးအမိန့် ၂၁၊ နည်းဥပဒေ ၉၀ အရ၊ လေလံဘင်ရောင်းချခြင်းကို ပယ်ဖျက်ပေးရန် လျှောက်ထားသည့် ကိစ္စ၌ လေလံဆွဲဝယ်သူသည် လိုအပ်သည့် အမှုသည်ဘဦး ဖြစ်သည်ဟု မဆိုနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုနည်းဥပဒေအရ လျှောက်ထားနိုင်သည့် ပုဂ္ဂိုလ်များမှာ တရားနိုင်၊ သို့မဟုတ် ပစ္စည်းကို ရောင်းချရာ၌ အကျိုးထိခိုက်နိုင်သူတို့သာဖြစ်သည်။ ပစ္စည်းကို ရောင်းချစဉ်က လေလံဆွဲဝယ်သူသည် ပစ္စည်းပေါ်၌ တစုံတရာ အကျိုးခံစားခွင့် မရှိသေးသဖြင့်၊ ပစ္စည်းရောင်းချခြင်းကြောင့် ၎င်း၏ အခွင့်အရေးကို ထိခိုက်သည်ဟု ယူဆခြင်း မပြုနိုင်။ **အနာမလဲယားချစ်တီး** နှင့် **ဒေါ်ကျင်စိန်** (၂) တို့ အမှုတွင် လေလံဆွဲဝယ်သူသည် တရားမကျင့်ထုံးအမိန့် ၂၁၊ နည်းဥပဒေ ၉၀ အရ လေလံကို ပယ်ဖျက်ပေးရန် လျှောက်ထားနိုင်သူ မဟုတ်ကြောင်း ဆုံးဖြတ်ထားသည်ကို တွေ့မြင်နိုင်ပေသည်။ သို့ဖြစ်ရာ **ယခု**အမှု၌ လေလံဆွဲဝယ်သူ ဒေါ်မမလေးအား လေလံပယ်ဖျက်ပေးရန် အမှု၌ အမှု**သည်**ဘဦးအနေဖြင့် ထည့်သွင်းခြင်းမပြုသည့် အကြောင်းကြောင့် ထိုအမှုသည် ပျက်**ပြယ်သည်**ဟု ယူဆခြင်း မပြုနိုင်ပေ။ ထို့ပြင် ဒေါ်မမလေးသည် ယင်းအမှုတွင် **တရားနိုင်၏** တရားဝင် ကိုယ်စားလှယ် တဦးအနေဖြင့်လည်း အမှုဘွဲ၌ ပါဝင်နေပြီဖြစ်ရာ **အမည်ရှိ နှင်**နာဆုံးရှုံးမှု မဖြစ်နိုင်ပေ။ လေလံရောင်းချခြင်းကို ပယ်ဖျက်သည့် အယူခံ**ရုံး၏ အမိန့်နှင့်** ပတ်သက်၍၊ တရားမကျင့်ထုံးအမိန့် ၂၁၊ နည်းဥပဒေ ၉၀ ပါပြဋ္ဌာန်းချက်**များနှင့် ကိုက်ညီ**ခြင်းရှိ၊ မရှိဆိုသောကိစ္စကို သုံးသပ်ရန် လိုပေသည်။ ယခုအမှုတွင် လေလံ**ဘင်၍ ပစ္စည်း**ကို ရောင်းချခြင်းမပြုမီ အရောင်းကြော်ငြာစာ ထုတ်ပြန်ရာ၌ ပစ္စည်း၏ **တန်ဘိုးစိုင်း**၊ ပစ္စည်းနှင့် ပတ်သက်၍ ပေးဆောင်ရမည့် အခွန်အခများကိုသော်၎င်း၊ ဖေါ်**ပြခြင်းမရှိ**ကြောင်း အငြင်းမသွက်ချေ။သို့ဖြစ်ရာ ဇာရီရုံးမှ အရောင်း

၁၉၇၁

ဦးသက်ပြင်း (သေသူ) ၎င်း၏ တရားဝင် ကိုယ်စားလှယ်များ ဖြစ်သော ၁။ ဒေါ်မမကြီး ၂။ ဒေါ်မမလေး ၃။ ဒေါ်ပုလေး ၄။ ဦးအောင်ကြည် နှင့် ဒေါ်တုပ်တုပ် (ခ) ဒေါ်ခင်တုပ်။

---

(၂) ၁၉၅၃ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး (တရားလွှတ်တော်ချုပ်)။

၁၉၇၁

ဦးသက်ပြင်း (သေသူ) ၎င်း၏ တရားဝင် ကိုယ်စားလှယ်များ ဖြစ်သော ၁။ ဒေါ်မမကြီး ၂။ ဒေါ်မမလေး ၃။ ဒေါ်ပုလေး ၄။ ဦးအောင်ကြည် နှင့် ဒေါ်တုပ်တုပ် (ခ) ဒေါ်ခင်တုပ်။

ကြော်ငြာစာ ထုတ်ပြန်ရာတွင် တရားမကျင့်ထုံး အမိန့် ၂၁၊ နည်းဥပဒေ ၆၆ တွင် လိုအပ်သည့် အချက်အလက်များကို ဖော်ပြခြင်းမပြုသည့် အရေးပါအရာရောက်သော ချို့ယွင်းချက်များ ရှိခဲ့သည်ဆိုခြင်းမှာ ပေါ်လွင်သည်။ ထို့ပြင် အချင်းဖြစ်ပစ္စည်းသည် ၁၉၅၉ ခုနှစ်က ငွေ ၂,၅၀၀ိ ဖြင့် အရောင်းအဝယ် ပြုလုပ်ခဲ့ကြောင်း မူလရုံး အမှုတွဲရှိ သက်သေခံအမှတ် (ဂ) မှတ်ပုံတင်စာချုပ်အရ ထင်ရှား**နေသည်**။ ထိုပစ္စည်းကို ငွေ ၁,၀၀၀ိ ဖြင့် လေလံဘင်ရောင်းချခြင်းဖြစ်ရာ ပစ္စည်းပိုင်ရှင်ဖြစ်သူ တရားရှုံးအဘို့ များစွာ နစ်နာခဲ့ရသည် ဆိုခြင်းမှာလည်း မငြင်းသာပေ။ **သို့ဖြစ်ရာ** တရားမကျင့်ထုံး အမိန့် ၂၁၊ နည်းဥပဒေ ၉၀ တွင်လိုအပ်သည့် ရောင်းချခြင်းနှင့် **ပတ်**သက်သော အရေးပါ အရာရောက်သည့် ချို့ယွင်းချက်အပြင်၊ တရားရှုံးအဘို့ **များစွာ**ဆုံးရှုံး နစ်နာခဲ့ရသည် ဆိုသော အင်္ဂါရပ်များနှင့် ပြည့်စုံနေသည့် အလျောက် **လေလံ**ဘင် ရောင်းချခြင်းကို ပယ်ဖျက်သည့် အယူခံရုံး၏ ဆုံးဖြတ်ချက်မှာ မှား**ယွင်းသည်**ဟု ကျွန်ုပ်တို့ မယူဆနိုင်ပေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် **ဤပြင်ဆင်မှု**ကို ပယ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမ အထွေထွေလျှောက်လွှာ

တရားသူကြီး ဒေါက်တာမောင်မောင် နှင့် တရားသူကြီးဦးကျော်ဇံဦးတို့ ရှေ့တွင်

ဒေါ်အေးမိ

နှင့်

လက်ထောက် ငှါးရမ်းခ ကြီးကြပ်ရေးဝန်၊ ရန်ကုန်မြို့ ပါ ၂။ *

† ၁၉၇၁

မတ်လ ၃၁ ရက်။

ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေအရ ပြုပြင်ပေးရန် အိမ်တန်ဘိုးထက် ၄၀ ရာခိုင်နှုန်းထက် မပိုရဟုသတ်မှတ်ချက်ရှိ မရှိ— "ပြုပြင်မှု" (Repair) နှင့် ပြန်လည်ဆောက်လုပ်မှု (Reconstruction) တို့၏ အဓိပ္ပါယ် ခြားနားချက်—ရာခိုင်နှုန်း ၄၀ ပြင်ဆင်သော အဆောက် အဦသည် မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေနှင့် သက်ဆိုင် မသက်ဆိုင်။

လျှောက်ထားသူ အိမ်ငှါးက၊ လျှောက်ထားခံရသူ အိမ်ရှင်အပေါ် အိမ်မှာ ပျက်စီးယိုယွင်း နေ၍ ပြင်ဆင်ပေးရန် ငှါးရမ်းခ ကြီးကြပ်ရေးဝန်ထံ လျှောက်ထားခဲ့သည်။

ဆုံးဖြတ်ချက်။ ။ပြုပြင်ပေးရန် အိမ်တန်ဘိုးထက် ၄၀ ရာခိုင်နှုန်းထက်မပိုစေရဟု ဥပဒေက မဆို၊ အိမ်သည်ကျပ် ၂၀၀ သာ တန်ဘိုးရှိပါသည်ဟုလည်း အထောက်အထား မတွေ့ရ၊ အကျုံးဝင်သည့် ဥပဒေမှာ ၁၉၆၀ ခုနှစ်၊ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၁ ဖြစ်သည်။ ဤပုဒ်မ၏ ပုဒ်မငယ် (၁) အရ၊ အဆောက်အဦတွင် လက်ရှိနေထိုင်သူ အိမ်ငှါး၏ လျှောက်ထား ချက်အရ အိမ်ရှင်အပေါ် လူနေထိုင်နိုင်မည့် အခြေအနေတွင် ထားရှိရန် မိမိထင်မြင်သဘောရရှိ သော ပြင်ဆင်မှုတရပ်ရပ်ကို ပြုလုပ်စေရန် လက်ထောက် ငှါးရမ်းခကြီးကြပ်ရေးဝန်က အမိန့် ချမှတ်ပေးနိုင်သည်။ အိမ်၏ တန်ဘိုးအပေါ် ရာခိုင်နှုန်း သတ်မှတ်၍ ပြုပြင်စရိတ်ကို မပိုစေရဟု အမိန့်ချမှတ်ရန်မလိုပေ။ အိမ်တန်ဘိုးသည် ပဓါနမဟုတ်။

ထပ်မံဆုံးဖြတ်ချက်။ ။"ပြုပြင်မှု" ဆိုသည်ကို ထိုပုဒ်မ၏ ရှင်းလင်းချက်တွင် အဓိပ္ပါယ် ဖေါ်ပြထားသည်။ "ပြုပြင်မှု" (Repair) နှင့် "ပြန်လည်ပြုပြင်မှု၊သို့မဟုတ် ဆောက်လုပ်မှု" (Reconstruction) တို့မှာ ခြားနားသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ရာခိုင်နှုန်း ၄၀ ပြင်ဆင်သော အဆောက်အဦသည် မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေနှင့် မသက်ဆိုင်စေရဟု ကြော်ငြာကို ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့ကတည်းက ရုပ်သိမ်းထားခဲ့ပြီးဖြစ်၍၊ လက်ထောက် ငှါးရမ်းခ ကြီးကြပ်ရေးဝန်သည် မိမိမှာ စီရင်ပိုင်ခွင့် အာဏာရှိလျက်နှင့် ထိုအာဏာကို မှားယွင်း၍ မသုံးခြင်းသာဖြစ် သည်။

---

* ၁၉၆၉ ချုပ်ရုံး တရားမ အထွေထွေ လျှောက်လွှာ ၁၅၈။

† အမှုခေါ် စာချုပ်တော်အမိန့်ထုတ်ပေးရန်လျှောက်လာ။

၁၉၇၁
ဒေါ်အေးမိ
နှင့်
လက်ထောက်
ငှါးရမ်းခ
ကြီးကြပ်ရေး ဝန်
ရန်ကုန်မြို့ ပါ၂။

အယူခံတရားလိုအတွက်။ ။တရားရုံးချုပ်ရှေ့နေ **ဦးစိုးမြင့်။**

အယူခံတရားခံ (၁) အတွက်။ ။တရားရုံးချုပ်ရှေ့နေ **ဦးကျော်ဇံ။**

အယူခံတရားခံ (၂) အတွက်။ ။အစိုးရတရားရုံးချုပ်ရှေ့နေ ဦးမျိုးထွန်းလင်း။

တရားသူကြီး ဦးကျော်ဇံဦး။ ။လွန်ခဲ့သော ၁၇ **နှစ်ခန့်ကပင်** အိမ်လခ တလလျှင် ၃၀ ကျပ်နှုန်းဖြင့် ရန်ကုန်မြို့ကျောက်မြောင်း၊ ရေအိုး**စင်ရပ်ကွက်**၊ ဈေးလမ်းအမှတ် ၄၄ ကိုလျှောက်ထားသူက အလျှောက်ခံရသူ အမှတ် ၂၊ **အိမ်ရှင်ဖြစ်**သူ ဦးသွန်းရွှေထံမှ ငှါးရမ်းနေထိုင်**လာ**ခဲ့ရာ၊ အိမ်မှာပျက်စီးယိုယွင်းနေသဖြင့် **ပြင်ဆင်**ပေးရန် ရန်ကုန်မြို့ လက်ထောက် ငှါးရမ်းခကြီးကြပ်ရေးဝန် ရုံး၌ အမှု**အမှတ် ၁၆၄၆** အေ/၆၈ တွင် လျှောက်ထားခဲ့ရာ၊ ကုန်ကျမည့် ခန့်မှန်းခြေစာရင်း **တင်သွင်းရာ၌** ငွေ ၄၀၀ ကျပ်ခန့် ကုန်ကျလိမ့်မည်ဟုဖေါ်ပြထား၍၊ အလျှောက်ခံရသူက **၎င်း၏ကန့်ကွက်**လွှာအပိုဒ် ၆ တွင် အိမ်သည်ငွေ ၂၀၀ ကျပ်ခန့်သာတန်ဘိုးရှိ၍ ငွေ **၄၀၀ ကျပ်မှာ များလွန်း**သည်ဟု ဆိုရာ၊ လက်ထောက်ငှါးရမ်းခ ကြီးကြပ်ရေးဝန်က၊ ၁၉၆၉ **ခုဩဂုတ်လ** ၂၅ ရက်နေ့စွဲ ဖြင့် အမိန့်တွင် ပြုပြင်ခမှာ အိမ်တန်ဘိုးထက် ၄၀ ရာ**ခိုင်နှုန်းကျော်**လွန်၍ တအိမ်လုံး ကိုပင် ပြုပြင်ရန်လိုမည်ဖြစ်၍ လျှောက်လွှာကိုပယ်လို**က်သဖြင့် ထို**အမိန့်ကို အမှုခေါ် စာချွန်တော်ဖြင့်ပယ်ဖျက်ပေးရန်လျှောက်ထားခြင်းဖြ**စ်သည်။**

ပြုပြင်ပေးရန် အိမ်တန်ဘိုးထက် ၄၀ ရာခိုင်နှုန်း**ထက်မပိုရဟု** ဥပဒေကမဆို။ အိမ် သည်ငွေ ၂၀၀ ကျပ်သာတန်ဘိုးရှိသည်ဟုလည်းအထော**က်အထား**မတွေ့ရ။ အကျုံးဝင် သည့်ဥပဒေမှာ ၁၉၆၀ ပြည့်နှစ် ငှါးရမ်းခ ကြီးကြပ်ရေး**အက်ဥပဒေ**ပုဒ်မ ၁၁ ဖြစ်သည်။ ဤပုဒ်မ၏ ပုဒ်မငယ် (၁)အရ အဆောက်အဦတွင် **လက်ရှိနေ**ထိုင်သူ အိမ်ငှါး၏ လျှောက်ထားချက်အရ အိမ်ရှင်အပေါ် လူနေထိုင်နိုင်**မည့်အခြေ**အနေတွင် ထားရှိရန် မိမိထင်မြင် သဘောရရှိသော ပြင်ဆင်မှုအရပ်ရပ်ကို **ပြုလုပ်**စေရန် လက်ထောက် ငှါးရမ်းခ ကြီးကြပ်ရေးဝန်က အမိန့်ချမှတ်ပေးနိုင်**သည်။ အိမ်၏**တန်ဘိုးအပေါ် ရာခိုင် နှုန်းသတ်မှတ်၍ ပြုပြင်စရိတ်ကို မပိုရဟု အမိန့်ချမှ**တ်ရန်မလို**ပေ။ အိမ်၏တန်ဘိုးသည် ပမါနမဟုတ် "ပြုပြင်မှု" ဆိုသည်ကို ထိုပုဒ်မ၏အဓိပ္ပါယ် ရှင်းလင်းချက်တွင် အဓိပ္ပါယ် ဖေါ်ပြထားသည်။ "ပြုပြင်မှု" (Repair) နှင့် ပြန်လည်ပြုပြင်မှု၊ သို့မဟုတ် ဆောက်လုပ်မှု (Reconstruction)တို့မှာ ခြားနားသည်။ ယခုအမှုတွင် လျှောက် ထားသူ အိမ်ငှါးသည် ထိုပုဒ်မ ၁၁(၃)အရ ကုန်ကျစရိတ်ခန့်မှန်းခြေကို လက်ထောက် ငှါးရမ်းခ ကြီးကြပ်ရေးဝန်ထံ တင်သွင်းပြီးဖြစ်၍ အိမ်ရှင်ကငြင်းပယ်နေသောကြော**င့်** တကြောင်း၊ လက်ထောက်ငှါးရမ်းခ ကြီးကြပ်ရေးဝန်က အမှန်တကယ်ပြုပြင်ရန်**လိုနေ** သည်ကို တွေ့ရှိခဲ့ရသည်ကတကြောင်း၊ ထို့ကြောင့် အိမ်ငှါးကိုယ်တိုင်ပြုပြင်ရန် **ခွင့်ပြု**

သင့်သည်ကိုသာ စဉ်းစားစေဖန်၍ အမိန့်ချမှတ်ရန်ရှိပေသည်။ ယခုကိစ္စမှာ အိမ်ကို အသစ်ပြန်လည်ဆောက်လုပ်ရန်၊ သို့မဟုတ် ရာခိုင်နှုန်း ၄၀ ပြင်ဆင်ရန် အိမ်ရှင်က လျှောက်ထားခြင်းမဟုတ်ပေ။ မည်သို့ပင်ဖြစ်စေ၊ ရာခိုင်နှုန်း ၄၀ ပြင်ဆင်သော အဆောက်အဦသည် မြို့ပြဆိုင်ရာငှါးရမ်းခကြီးကြပ်ရေးအက်ဥပဒေနှင့် မသက်ဆိုင်စေရ ဟု ကြေ်ငြာကို ၁၉၆၆ ခု၊ စက်တင်ဘာလ ၈ ရက်နေ့ကပင် ရုပ်သိမ်းထားခဲ့ပြီးဖြစ်၍ လက်ထောက်ငှါးရမ်းခ ကြီးကြပ်ရေးဝန်သည် မိမိမှာ စီရင်ရင်ပိုင်ခွင့်အာဏာရှိလျက် နှင့်ထိုအာဏာကို မှားယွင်း၍မသုံးသဖြင့် ၎င်း၏ ၁၉၆၉ ခု၊ဩဂုတ်လ ၅၂ ရက်နေ့စွဲဖြင့် အမိန့်ကိုပယ်ဖျက်၍ အထက်တွင်ညွှန်ပြထားသည့်အတိုင်း မိမိ၏အာဏာကို သုံးစွဲလျက် အမှုကိုပြန်လည်စုံစမ်း စစ်ဆေး၍ တရားဥပဒေအရ အမိန့်ချမှတ်ပေးရန် သက်ဆိုင်ရာ အမှုတွဲများကို ပြန်ပို့လိုက်သည်။ စရိတ်မရှိ။

၁၉၇၁
ဒေါ်အေးမိ
နှင့်
လက်ထောက်
ငှါးရမ်းခ
ကြီးကြပ်ရေး ဝန်
ရန်ကုန်မြို့ ပါ ၂။

နိုင်ငံတော်တရားရုံးချုပ်

တရားမပြင်ဆင်မှု

တရားသူကြီး ဦးသက်ဖေ နှင့် တရားသူကြီး ဦးစိန်သင်းထွန်းရှေ့တွင်

† ၁၉၇၁
ဇွန်လ ၁၁
ရက်။

မစ္စတာအာ (ရ်) ကရစ် (ရှ်) နန်း

နှင့်

ဝိုင်းအမ်၊စီ၊အေ၊ *

အိမ်ငှါးဆိုသည့်စကားရပ်၏ အဓိပ္ပါယ်——ဥပစာတခုတွင် နေထိုင်သူတဦးသည်၊ အိမ်ငှါးဟုတ်၊ မဟုတ် ဆိုသော ကိစ္စကို ဆုံးဖြတ်ရာ၌ ပစ္စည်းလွဲပြောင်းရေး အက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို သုံးသပ်ရန် လိုခြင်း——မြို့ပြငှါးရမ်းခ ကြီးကြပ်ရေး၊ အက်ဥပဒေသည်၊ ခွင့်ပြုချက်အရ၊ နေထိုင်သူများ နှင့် သက်ဆိုင်ခြင်းရှိ မရှိ။

ဆုံးဖြတ်ချက်။ ။" အိမ်ငှါး " ဆိုသောစကားကို မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂ (ဆ) တွင်၊ ငှါးရမ်းခပေးရမည့်သူ ဖြစ်သည်ဟု အဓိပ္ပါယ်ဖွင့်ဆိုထားသည်။ " ငှါးရမ်းခ " ဆိုသောစကားကိုမူ၊ ထိုဥပဒေ၌ ရှင်းလင်းထားခြင်းမရှိပေ။

မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေကို ပြဋ္ဌာန်းထားသည့် အဓိက ရည်ရွယ်ချက်မှာ၊ ငှါးရမ်းခများကို ကြီးကြပ်ရန်ဖြစ်သည်။ ထိုဥပဒေ၌၊ အိမ်ရှင်အိမ်ငှါးဆက်သွယ်မှုကို၊ မည်ကဲ့သို့ ဖန်တည်းရမည်၊ မည်ကဲ့သို့ ရပ်စဲရမည်ဟုဆိုသော ပြဋ္ဌာန်းချက်များမရှိပေ။ ပုဒ်မ ၁၃ (၁) အရ၊ ဥပစာတွင် သဘောရိုးဖြင့် နေထိုင်သည့် အိမ်ငှါးမဟုတ်သည့်သူတဦးကို၊ ကြီးကြပ်ရေးဝန်က ဆက်လက်နေထိုင်ခွင့်ပြုကာ၊ ဥပဒေအရ၊ အိမ်ငှါးအဖြစ်အသိအမှတ်ပြုနိုင်သည့် ပြဋ္ဌာန်းချက်တရပ်သာရှိပေသည်။ သို့ဖြစ်ရာ၊ ဥပစာတခုတွင် နေထိုင်သူတဦးသည် အိမ်ငှါးဟုတ်သည်၊ မဟုတ်သည်ဆိုသော ကိစ္စကို ဆုံးဖြတ်ရာ၌ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပြဋ္ဌာန်းချက်များကို ကြည့်ရှုသုံးသပ်ရန်လိုပေသည်။

ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၅ တွင်၊ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်း၏ အကျိုးခံစားခွင့်ကို လွှဲပြောင်းပေးခြင်းခံရသူကို၊ ငှါးရမ်းသူ၊ သို့မဟုတ် အိမ်ငှါးဟုဍင်း၊ ထိုပစ္စည်း၏အကျိုးခံစားခွင့်ကို လွှဲပြောင်းပေးရသည့် အဘိုးစားနားကို ငှါးရမ်းခဟုဍင်း၊ အဓိပ္ပါယ်ဖွင့်ထားသည်။ သို့ဖြစ်ရာယခုအမှု၌ လျှောက်ထားသူသည်၊ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်း၏အကျိုးခံစားခွင့်ကိုလွှဲပြောင်းပေးခြင်းခံရသော အိမ်ငှါးဟုတ်သည်၊ မဟုတ်သည်ဆိုသော အချက်ကို စိစစ်ရန်လိုမည်ဖြစ်သည်။

---

* ၁၉၆၈ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၅၃။

† ၁၉၆၈ ခုနှစ်၊ တရားမစမေ့ကော်မှုအမှတ်၊ ၄၉၉ တွင်၊ ၁၉၆၈ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက် နေ့စွဲဖြင့်၊ ရန်ကုန်မြို့၊ တရားမရုံး တရားသူကြီးချုပ်ရုံး၏ ချမှတ်သော ဒီကရီကို ပြင်ဆင်မှု။

၁၉၇၁ ——၊ မစ္စတာအာ(ရ်) ကရစ်(ရှ်)နန်း နှင့် ဝိုင်၊အမ်၊စီ၊ အေ။

ထပ်မံဆုံးဖြတ်ချက်။ ။မြို့ပြဆိုင်ရာငှါးရမ်းခ ကြီးကြပ်ရေးအက်ဥပဒေသည်၊ သာမန်အိမ်ငှါး နှင့် ကြီးကြပ်ရေးဝန်က ဥပဒေအရ၊ အိမ်ငှါးအဖြစ် အသိအမှတ်ပြုထားသူများနှင့်သာ အကျုံးဝင်ပေသည်။ **ခွင့်ပြုချက်အရ၊** နေထိုင်သူများနှင့် သက်ဆိုင်ခြင်းမရှိပေ။

အဗ္ဗဒူဟာမစ် နှင့် **အက် (စ်)၊ အေ၊ အဗ္ဗဒူဟာမစ်** ၁၉၅၁ ခု၊ မြန်မာပြည်စီရင်ထုံး၊ ၃၉၄ (တရားလွှတ်တော်)၊ **ဟာဂျီရာဟင် ဘတ် (စ်)** နှင့် **ရှိတ်မူဘာရက် ဟူစိန်** ၁၉၅၃ ခု၊ မြန်မာပြည်စီရင်ထုံး၊ ၇၀ (တရားလွှတ်တော်ချုပ်) တို့ကို ရည်ညွှန်းသည်။

လျှောက်ထားသူအတွက်။ ။တရားလွှတ်ချုပ်ရှေ့နေ ဦးညွန့်တင်၊ ဦးခင်မောင်အေး၊ များ။

လျှောက်ထားခံရသူအတွက်။ ။တရားလွှတ်ချုပ်ရှေ့နေ ဦးသန်းအောင်။

တရားသူကြီး ဦးသက်ဖေ။ ။ရန်ကုန်မြို့ တရားမရုံးတွင်၊ လျှောက်ထားခံရသူ ဝိုင်၊အမ်၊စီ၊အေ (ခေါ်) ကလျာဏယုဝ ခရစ်ယာန်အသင်းက၊ လျှောက်ထားသူ မစ္စတာ အာ(ရ်)၊ကရစ်(ရှ်)နန်းအပေါ် အဆောင်တည်းခိုခငွေ ၈၁၂ ကျပ် ၅၀ ပြား ရလိုကြောင်း တရားစွဲဆိုရာ၊ စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီချမှတ်ပေးလိုက်သဖြင့် လျှောက်ထားသူမကျေနပ်၍ ဤပြင်ဆင်မှုတင်သွင်းလာခြင်းဖြစ်သည်။

ရန်ကုန်မြို့၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၂၆၃ ရှိ အဆောက်အဦမှာ၊ ဝိုင်၊အမ်၊စီ၊အေ၊ ပိုင်အဆောက်အဦတခုဖြစ်သည်။ ထိုအဆောက်အဦ၏ အခန်းနံပါတ် ၃၁၀ တွင် လျှောက်ထားသူနှင့် ဦးလှသန်းတို့ ၂ ယောက်သည် ၁၉၆၅ခုနှစ်၊ ဩဂုတ်လမှစ၍ တဦးလျှင် ၅၀ ကျပ်စီပေး၍ နေထိုင်ခဲ့ကြသည်။ ၁၉၆၆ခုနှစ်၊ အောက်တိုဘာလမှစ၍၊ တလ ၅၀ ကျပ်နှုန်းမှ ၄၃ ကျပ် ၇၅ ပြားသို့လျှော့ချခဲ့သည်။ လျှောက်ထားသူသည် **၁၉၆၆ခုနှစ်၊** ဇွန်လမှစ၍ ၁၉၆၇ခုနှစ်၊နိုဝင်ဘာလအထိ၊ကျသင့်ငွေ၈၁၂ ကျပ် ၅၀ပြားကို **ပေးဆောင်**ခြင်းမပြုသဖြင့်၊ လျှောက်ထားခံရသူကရုံးအပေါ် တရားစွဲဆိုခြင်းဖြစ်သည်။

လျှောက်ထားသူက အဆိုပါငွေများကို မပေးရသေးကြောင်းမငြင်းချေ။ သို့ရာတွင် **မြို့ပြဆိုင်ရာ** ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၉ အရ၊ စံငှါးရမ်းခသက်သေခံ လက်မှတ် ထုတ်ပြန်မှုသဖြင့် လျှောက်ထားခံရသူသည် တရားစွဲဆိုပိုင်ခွင့်မရှိပါဟု ထုချေခဲ့သည်။

မူလရုံးမှ **လျှောက်ထားသူသည်၊ လျှောက်ထားခံရသူ၏** အိမ်ငှါးမဟုတ်သဖြင့်၊ မြို့ပြဆိုင်ရာ**ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေနှင့်** အကြုံးမဝင်သောကြောင့်၊ စံငှါး ရမ်းခ သက်သေ**ခံလက်မှတ်တင်ပြရန် မလိုဟုဆုံးဖြတ်ပြီး၊** လျှောက်ထားခံရသူစွဲဆိုသည့် အမှုကို အနိုင်ဒီကရီ**ချမှတ်ပေးလိုက်ခြင်းဖြစ်သည်။**

လျှောက်ထားသူ**၏ တရားလွှတ်ချုပ်ရှေ့နေ** ဦးညွန့်တင်က၊ ဝိုင်၊အမ်၊စီ၊အေ၊အဆောက် အဦသည် မြို့ပြဆိုင်ရာ**ငှါးရမ်းခကြီးကြပ်ရေး** အက်ဥပဒေပုဒ်မ ၂(ဃ)တွင် အဓိပ္ပါယ်

၁၉၇၁ — မစ္စတာအာ(ရ်)ကရစ်(ရှ်)နန်းနှင့် ဝိုင်၊အမ်၊စီ၊ဧအာ။

ဖွင့်ဆိုထားသည့် ဥပစာဆိုသောစကားတွင် အကျုံးဝင်ပါသည်။ ထိုအလောက်အဦသည် ယင်းဥပဒေနှင့် အကျုံးဝင်ခြင်းမရှိဟု ခြွင်းချက်မပြုထားသဖြင့်၊ စံငှါးရမ်းခသတ်သေခံ လက်မှတ်ကိုမတင်ပြဘဲ၊ အဆောင်တည်းခိုခငွေများကို တောင်းဆိုခြင်းမပြုနိုင်ပါဟု တင်ပြသွားသည်။

လျှောက်ထားခံရသူ၏ တရားရုံးချုပ်ရှေ့နေ ဦးသန်းအောင်က၊ လျှောက်ထားသူသည် လျှောက်ထားခံရသူ၏ အိမ်ငှါးမဟုတ်ပါ၊ ခွင့်ပြုချက်အရ နေထိုင်သူတဦးသာဖြစ်၍၊ မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေနှင့် အကျုံးမဝင်ပါ။ ထို့ကြောင့် အဆောင်တည်းခိုခ တောင်းဆိုရာ၌ စံငှါးရမ်းခသက်သေခံ လက်မှတ်တင်ပြရန်မလိုပါဟု ပြန်လည်တင်ပြသွားသည်။

ဤအမှုတွင် အဓိကစဉ်းစားရမည့်ပြဿနာမှာ၊ လျှောက်ထားသူသည် ၎င်းတင်ပြသည့်အတိုင်း အိမ်ငှါးဖြစ်ပါသလား၊ သို့မဟုတ် လျှောက်ထားခံရသူ အဆိုပြုသည့်အတိုင်း ခွင့်ပြုချက်အရ နေထိုင်သူဖြစ်ပါသလား ဆိုခြင်းပင်ဖြစ်သည်။ အိမ်ငှါးဖြစ်လျှင် စံငှါးရမ်းခ သက်သေခံလက်မှတ်တင်ပြရန်လိုမည်ဖြစ်သည်။ အိမ်ငှါးမဟုတ်ဘဲ ခွင့်ပြုချက်အရ နေထိုင်သူသာဖြစ်ပါက၊ ထိုလက်မှတ်တင်ပြရန် လိုမည်မဟုတ်ပေ။

"အိမ်ငှါး" ဆိုသောစကားကို မြို့ပြဆိုင်ရာငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၂(ဆ)တွင်၊ ငှါးရမ်းခ ပေးရမည့်သူဖြစ်သည်ဟု အဓိပ္ပါယ်ဖွင့်ဆိုထားသည်။ "ငှါးရမ်းခ" ဆိုသောစကားကိုမူ ထိုဥပဒေ၌ ရှင်းလင်းထားခြင်းမရှိပေ။

မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေကို ပြဋ္ဌာန်းထားသည့် အဓိက ရည်ရွယ်ချက်မှာ၊ ငှါးရမ်းခများကို ကြီးကြပ်ရန်ဖြစ်သည်။ ထိုဥပဒေ၌ အိမ်ရှင်အိမ်ငှါးဆက်သွယ်မှုကို၊ မည်ကဲ့သို့ဖန်တည်းရမည်၊ မည်ကဲ့သို့ရုပ်စဲရမည် ဟုဆိုသောပြဋ္ဌာန်းချက်များမရှိပေ။ ပုဒ်မ ၁၃(၁)အရ၊ ဥပစာတွင် အဆောင်ရှိုးဖြင့်နေထိုင်သည့်အိမ်ငှါးမဟုတ်သူတဦးကို၊ ကြီးကြပ်ရေးဝန်က ဆက်လက်နေထိုင်ခွင့်ပြုကာ၊ ဥပဒေအရအိမ်ငှါးအဖြစ်အသိအမှတ်ပြုနိုင်သည့် ပြဋ္ဌာန်းချက်တရပ်သာရှိပေသည်။ သို့ဖြစ်ရာဥပစာတခုတွင် နေထိုင်သူတဦးသည်၊အိမ်ငှါးဟုတ်သည်၊ မဟုတ်သည်ဆိုသောကိစ္စကိုဆုံးဖြတ်ရာ၌ ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေပါပြဋ္ဌာန်းချက်များကိုကြည့်ရှုသုံးသပ်ရန်လိုပေသည်။

ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၅တွင်၊ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်း၏အကျိုးခံစားခွင့်ကို လွှဲပြောင်းပေးခြင်းခံရသူကို၊ ငှါးရမ်းသူ၊ သို့မဟုတ် အိမ်ငှါးဟုရင်း၊ ထိုပစ္စည်း၏အကျိုးခံစားခွင့်ကို လွှဲပြောင်းပေးရသည့် အဘိုးစားနားကို ငှါးရမ်းခဟုရင်း အဓိပ္ပါယ်ဖွင့်ထားသည်။ သို့ဖြစ်ရာ ယခုအမှု၌ လျှောက်ထားသူသည် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်း၏ အကျိုးခံစားခွင့်ကို လွှဲပြောင်းပေးခြင်းခံရသော အိမ်ငှါးဟုတ်သည်၊ မဟုတ်သည်ဆိုသောအချက်ကို စိစစ်ရန်လိုမည်ဖြစ်သည်။

မူလရုံးအမှုတွဲရှိ သက်သေအထောက်အထားများအရ ပေါ်ပေါက်နေသည်မှာ၊ ဝိုင်၊အမ်၊စီ၊အေ ပိုင်အဆောက်အဦရှိ အခန်းများတွင်၊ ဝိုင်၊အမ်၊စီ၊အေ၊အသင်းဝင် ဖြစ်မှသာ နေထိုင်ခွင့်ရှိသည်။ ယောကျ်ားများကိုသာနေထိုင်ခွင့်ပြုပြီး၊ မိန်းမနေထိုင်ခွင့် လုံးဝမရှိပေ။ အခန်းတွင်နေသူသည် ဇနီးကိုသော်၎င်း၊ သားသမီးကိုသော်၎င်း၊ ခေါ်ထားခွင့်မရှိ။ အခန်းထဲ၌ ထမင်းဟင်း ချက်ပြုတ်စားသောက်ခွင့်မရှိ၊ အဆောင်၏ အတွင်းရေးမှူးသည် အချိန်မရွေး အခန်းထဲသို့ ဝင်ရောက်စစ်ဆေးခွင့်ရှိသည်။ ဧည့်သည် များကို အဆောင်မှူး၏ခွင့်ပြုချက်မရရှိဘဲ အခန်းထဲ၌ဧည့်ခံခြင်းမပြုရ၊ အဆောက် အဦတွင် တံခါးမကြီးတခုရှိရာ ထိုတံခါးမကြီးကို သန်းခေါင်ကျော် ၁ နာရီအချိန်တွင် ပိတ်သည်။ ထို့ပြင် မည်သို့မည်ပုံနေထိုင်ရမည်၊ ပြုမူရမည်ဆိုသော အခြားစည်းကမ်း များကို လိုက်နာပါမည်ဟု ဝန်ခံသော ကတိပြုချက်ကိုလည်း လက်မှတ်ရေးထိုးရသည်။ ၁၉၅၁

မစ္စတာအာ(ရ်)ကရစ်(ရှ်)နန်း နှင့် ဝိုင်၊အမ်၊စီ၊အေ

အိမ်ငှါးဆိုသည်မှာ၊ ၎င်းအားလွှဲပြောင်းပေးသည့် မရွှေမပြောင်းနိုင်သည့်ပစ္စည်း၏ အကျိုးခံစားခွင့်ကို၊ အပြည့်အဝရရှိသူဖြစ်ပြီး၊ ယင်းအကျိုးခံစားခွင့် အပြည့်အဝမရသူ ကိုမူ၊ ခွင့်ပြုချက်အရ နေထိုင်သူသာဖြစ်သည်ဟု တရားရုံးမှ စီရင်ထုံး အမြောက်အများ၌ လက်ခံထားပြီးဖြစ်သည်။

ယခုအမှု၌ အထက်တွင်ဖော်ပြထားသည့် အချက်အလက်များကိုထောက်ရှုပါက၊ လျှောက်ထားသူသည် အိမ်ငှါးမဟုတ်ဘဲ ခွင့်ပြုချက်အရနေထိုင်သူကဦးသာဖြစ်ကြောင်း ပေါ်လွင်နေသည်။ အဆောင်ရှိအခန်း၌ နေထိုင်ခွင့်ပြုသည့်အတွက် ပေးရငွေမှာ၊ ငှါးရမ်းခမဟုတ်ဘဲ အဆောင်တည်းခိုခသာဖြစ်သည်ဟု ကောက်ယူရမည်ဖြစ်သည်။

မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေသည်၊ သာမန်အိမ်ငှါးနှင့် ကြီးကြပ် ရေးဝန်ကဥပဒေအရ အိမ်ငှါးအဖြစ် အသိအမှတ်ပြုထားသူများနှင့်သာ အကျုံးဝင် ပေသည်။ ခွင့်ပြုချက်အရ နေထိုင်သူများနှင့် သက်ဆိုင်ခြင်းမရှိပေ။ **အဗ္ဗဒူဟာမစ် နှင့် အက်(စ်)**၊အေ၊အဗ္ဗဒူဟာမစ်(၁)၊ ဟာဂျီရာဟင်ဘက်(စ်) နှင့်ရှိဟ်မူဟာရေးခ်ဟူစိန်(၂) **ထိုအမှုများ**၌၊ ခွင့်ပြုချက်အရ နေထိုင်သူသည် မြို့ပြဆိုင်ရာငှါးရမ်းခကြီးကြပ်ရေးအက် **ဥပဒေနှင့်** အကျုံးမဝင်ကြောင်း ဆုံးဖြတ်ထားသည်ကို တွေ့မြင်နိုင်ပေသည်။

အထက်ပါအကြောင်းများကြောင့်၊ လျှောက်ထားသူသည် လျှောက်ထားခံရသူ၏ **အိမ်ငှါးမဟုတ်ဘဲ** ခွင့်ပြုချက်အရ နေထိုင်သူသာဖြစ်၍၊ အဆောင်ရှိအခန်း၌ နေထိုင်ခွင့် ပြုသည့်**အတွက် ပေးရငွေ**တောင်းခံရာ၌၊ ငှါးရမ်းခသက်သေခံ လက်မှတ်တင်ရန်မလိုဟု ဆိုသော **မူလရုံး၏ ဆုံးဖြတ်**ချက်သည်မှန်ကန်သဖြင့်၊ ဤပြင်ဆင်မှုကို တရားစရိတ်နှင့် တကွ ပလပ်လိုက်သည်။ ရှေ့နေစရိတ် ၂၁ ကျပ်သတ်မှတ်သည်။

---

(၁) ၁၉၅၁၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၃၉၄ (တရားလွှတ်တော်)။
(၂) ၁၉၅၃၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၈၀ (တရားလွှတ်တော်ချုပ်)။

နိုင်ငံတော်တရားရုံးချုပ်

အခွင့်ထူးတရားမအယူခံမှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်၊ တရားသူကြီး ဦးကျော်ဇံဦး နှင့်တရားသူကြီးဦးသက်ဖေ တို့ရှေ့တွင်

† ၁၉၇၁
ဇွန်လ ၁၁ ရက်။

ကာစီပရာဆပ်၊ ကန်ထရိုက်တာ

နှင့်

ဒလစ်ဆင်း၊ ကန်ထရိုက်တာ *

၁၉၄၅ ခုနှစ်၊ ငွေတိုးချစားသူများ၊ အက်ဥပဒေပုဒ်မ ၁၅—မယူသောအတိုးကို မဖော်ပြခြင်းဖြင့် ငွေချေးစာချုပ် ပျက်ပြယ်ခြင်း ရှိ မရှိ—အတိုးအမျိုးအစားကို စာချုပ်တွင် မဖော်ပြလျှင် ရုံးက ခွင့်ပြုနိုင်သည်ဟု ပြဋ္ဌာန်းထားခြင်းမရှိ။

ဆုံးဖြတ်ချက်။ ။အယူခံတရားပြိုင် **ဒလစ်ဆင်း**သည်၊ လုပ်ငန်းတရပ်အဖြစ် ငွေတိုးယူ ချေးငှါးသူမဟုတ်၊ အချင်းချင်း **ကူညီသည့်အနေဖြင့်၊** ပရာဆပ်အား၊ ငွေချေးလိုက်ခြင်းသာ ဖြစ်သည်ဟူသော အချက်သည် အငြင်း**မထွက်။ ငွေချေးစဉ်ကလည်း** အတိုးမည်မျှပေးရမည်ဟု သတ်မှတ် တောင်းဆိုခြင်းမပြု၊ ပရာဆပ်က **ငွေပေးဆပ်ရန် ငြင်းဆန်**သောအခါမှ တရားစွဲဆိုကာ၊ အရင်းနှင့် ရုံးက ခွင့်ပြုသည့်အတိုးကို တောင်းခံခြင်း**ဖြစ်သည်။ နဂိုက အတိုးမတောင်း၊** မသတ်မှတ် ခဲ့သောကြောင့်၊ ငွေချေးစာချုပ်တွင် အတိုးနှုန်းကို မဖော်**ပြခဲ့ခြင်းဖြစ်**သည်သည်ဟု ယူဆနိုင်သည်။ မယူသောအတိုးကို မဖော်ပြခြင်းဖြင့်၊ ငွေချေးစာချုပ်ပျက်**ပြယ်ရန်မရှိ။**

ငွေတိုးချစားသူများ၊ အက်ဥပဒေပုဒ်မ ၁၅ က၊ **အတိုးနှုန်းပါလျှင်၊** အတိအလင်းဖော်ပြရမည်ဟု လွှမ်းခြုံ၍သတ်မှတ်ထားသဖြင့် ရုံးကခွင့်ပြုသော ထုံးတမ်း**စဉ်လာ** အတိုးဟူ၍ ဥပဒေအပြင်ဖက်၌ သီးခြားရပ်တည်ခွင့်မရှိနိုင်။ အတိုးကို အမျိုးအစားခွဲခြား**၍၊** မည်သည့်အတိုးမျိုးကို ငွေချေးစာချုပ်တွင်ဖော်ပြရမည်။ မည်သည့်အမျိုးအစားကို စာချုပ်တွင် မဖော်ပြစေကာမူ၊ ရုံးကခွင့်ပြုနိုင်သည်ဟု ပြဋ္ဌာန်းထားခြင်း၊ ကင်းလွတ်ခွင့် ပြုထားခြင်း မရှိ။ ဥပဒေပြဋ္ဌာန်းချက်အတိုင်း ရုံးက တိတိကျကျ လိုက်နာရမည်သာဖြစ်သည်။

ထို့ကြောင့်၊ ငွေချေးသူ ငွေရှင်က ငွေချေးသူမြီရှင်ထံမှ အတိုးနှုန်းယူရန် မူလကသဘောတူ ခဲ့ပါလျက်၊ ယင်းအတိုးနှုန်းကို ငွေချေးစာချုပ်တွင် မဖော်ပြခဲ့လျှင်၊ ထိမ်ဝှက်ခြင်းမြောက်သောကြော**င့်**

---

*၁၉၆၉ ခုနှစ်၊ အခွင့်ထူးတရားမအယူခံမှုအမှတ် ၅။

†၁၉၆၇ ခုနှစ်၊ တရားမပဌမ အယူခံမှုအမှတ် ၇ဂ တွင် နိုင်ငံတော်တရားရုံးချုပ်၏ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

ပုဒ်မ ၁၅ အရ၊ စာချုပ်တခုလုံး ပျက်ပြယ်သည်။ ယင်းစာချုပ်ကိုသာ မှီခိုအားထားကာ ငွေရှင်က တရားစွဲဆိုပိုင်ခွင့်မရှိ။ ဤအမှုတွင်၊ ငွေရှင်က မူလ၌ အတိုးယူရန် ရည်ရွယ်ခြင်းမရှိခဲ့ဟု၊ အကြောင်းချင်းရာမှ ယူဆနိုင်သောကြောင့်၊အတိုးနှုန်းကို ဖေါ်ပြခြင်းမပြုသော စာချုပ်သည် ပျက်ပြယ်ခြင်းမရှိ၊ သို့ရာတွင် ယင်းစာချုပ်အရ၊ ငွေရင်းကိုသာ ဒီကရီချမှတ်ပေးနိုင်သည်။ ရုံးတွင် အတိုးခွင့်ပြုနိုင်သည့် အာဏာမရှိ။

၁၉၇၃

ကါစီပရာဆပ်၊ ကန်ထရိုက်တာ နှင့် ဒလစ်ဆင်း၊ ကန်ထရိုက်တာ။

အယူခံတရားလိုအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးဘိုးသာ။

အယူခံတရားခံအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးသန်းအောင်။

တရားသူကြီးချုပ် ဒေါက်တာမောင်မောင်။ ။ပရာဆပ်သည် ၎င်းထံမှငွေချေးစာချုပ်ဖြင့်ငွေ ၃,၀၀၁ ကျပ်ချေးယူခဲ့ပါသည်။ ငွေကိုပေးဆပ်ရန် ပျက်ကွက်သောကြောင့်၊ အရင်းအတိုးပေါင်း ၅,၉၇၈ ကျပ်ရသင့်ပါသည်ဟု၊ ဒလစ်ဆင်းက ရန်ကုန်မြို့တရားမရုံးတွင်စွဲဆိုခဲ့သည်။

မူလရုံးတွင် တရားခံပရာဆပ်က ၎င်းသည်ငွေချေးစာချုပ်ကို လက်မှတ်မထိုးခဲ့ပါ၊ ငွေမချေးခဲ့ပါ စသည်ဖြင့် ထုချေခုခံသည့်အတွက် ရုံးကကောက်ချက်ထုတ်နှုတ်စစ်ဆေးကာ၊ ဒလစ်ဆင်း၏အမှုကိုပယ်ခဲ့သည်။ ဒလစ်ဆင်းက ဤရုံးသို့ ပထမအယူခံတင်သွင်းခဲ့ရာ တဦးထိုင်တရားသူကြီးက၊ အကြောင်းခြင်းရာကိုသုံးသပ်၍၊ ပရာဆပ်သည် စာချုပ်လက်မှတ်ရေးထိုး၍ ငွေချေးယူခဲ့ခြင်းမှန်သည်၊ ထို့ကြောင့်ငွေရင်းငွေတိုး ၅,၉၇၈ကျပ် ပေးဆပ်စေရန်၊ ၎င်းအပေါ် ဒီကရီချမှတ်ပေးခဲ့သည်။

ပရာဆပ်က၊ အခွင့်ထူးအယူခံတက်ရောက်လာရာတွင် ငွေချေးစာချုပ်၌ အတိုးနှုန်းကိုရေးသားဖေါ်ပြထားခြင်းမရှိသည့်အတွက် စာချုပ်သည်၊ ၁၉၄၅ခုနှစ် ငွေပိုးချစားသူများ အက်ဥပဒေပုဒ်မ ၁၅ အရပျက်ပြယ်ပါသည်။ ထို့ကြောင့်စာချုပ်ကိုအမှီပြုသော အမှုတိုသည်း ပ ယ်ရမည်သာဖြစ်ပါသည် ဟုအဓိကအကြောင်းပြသည်။

အယူခံတရားလို၏ရှေ့နေကြီး ဦးဘိုးသာက ပုဒ်မ ၁၅ က ငွေချေးစာချုပ်တွင် ချေးငွေ၊ အတိုးနှုန်း၊ စာချုပ်နေ့စွဲ၊ ပြန်လည်ပေးဆပ်ရမည့်ကာလ၊ စသည်တို့ကို အတိအကျ ရေးသားဖေါ်ပြထားပြီးဖြစ်ရမည်။ ဗဟုသာထား၍ နောက်မှဖြည့်စွက်ခြင်းလည်း မရှိစေရ။ ယင်းအချက်များချက်တို့နှင့်မညီလျှင်၊ စာချုပ်ပျက်ပြယ်သည်ဟု အဘိအလင်း ပြဋ္ဌာန်းထားပါသည်။ အမှုတွဲတွင်တင်သွင်းထားသောစာချုပ်၌ အတိုးနှုန်းမပါကြောင်း ပေါ်လွင်သဖြင့်၊ ယင်းစာချုပ်သည် ပျက်ပြယ်သည်ဟု ပထမအယူခံရုံးက ဆုံးဖြတ်သင့်ပါလျက်၊ စာချုပ်တိုးအငြင်းပွားကာ၊ ချေးငွေအပြင် အတိုးပါခွင့်ပြုထားခြင်းသည် မှားယွင်းပါသည်ဟု လျှောက်လဲသည်။

၁၉၇၁

ကါစီပရာဆပ်၊ ကန်ထရိုက်တာ နှင့် ဒလစ်ဆင်း၊ ကန်ထရိုက်တာ။

ရွှေနေကြီးရည်ညွှန်းသော ပုဒ်မ ၁၅ ကဤသို့ပြဋ္ဌာန်းသည်—

"15. (1) No creditor shall take from a debtor or intending debtor any note, bond, security or promise to pay, which does not state the actual amout in words of the loan, the terms of the loan, the date of execution of the document, the rate of interest charged and the time, if any, winthin which the principal is stipulated to be repaid in full, or which states any of such particulars incorrectly; nor shall any creditor take from any debtor or intending debtor any instrument in which any of the above particulars is left blank to be filled up at a subsequent date.

(2) Notwithstanding anything contained in any law for the time being in force, any such note, bond, security, promise, or document shall be void.

အယူခံတရားပြိုင်၏ရှေ့နေကြီး ဦးသန်းအောင်က ငွေချေးစာချုပ်တွင် အတိုးနှုန်း ဖော်ပြ၍မထားသည်မှာ၊ အတိုးမယူ၍ဖြစ်ပါသည်။ မူလရုံးတွင် အတိုးတောင်းစဉ်ကလည်း၊ ရိုးကခွင့်ပြုလေ့ရှိသောအတိုး။ (Customary Interest) ကိုသာတောင်း ပါသည်။ အထူးနှုန်းမဟောင်းပါ။ ထို့ကြောင့်ငွေချေးစာချုပ်သည် ပုဒ်မ ၁၅ ကို မကျူးလွန်၊ တရားဝင်ပါသည်။ ပထမအယူခံရုံးက အတိုးငွေခွင့်ပြုခြင်းပယ်ဖျက်ပြီး၊ ငွေရင်းကိုပြန်ပေးစေချမှတ်သော ဒီကရီကိုအတည်ပြုသင့်ပါသည်ဟု လျှောက်လဲသည်။

ငွေတိုးချစားသူများ အကျိုးပြုသည် ငွေတိုးပေးလုပ်ငန်းကို စည်းကမ်းဖြင့်ချုပ် သိမ်းရန် ရည်ရွယ်သည်မှာ ထင်ရှား၏။ ငွေချေးယူသူမြို့ရှင်အား ဗလာစာချုပ်တွင် လက်မှတ်ရေးထိုးစေပြီးနောက်မှ ချေးငွေ၊ အတိုးနှုန်းစသည်ကို ငွေတိုးယူသူ ငွေရှင် ကြိုက်သလောက်ဖြည့်စွက်ခြင်း စသော မတရားသောလုပ်ရပ်တို့ကို တားဆီးပိတ်ပင်ရန် စေတနာပါသောဥပဒေဖြစ်၏။

အယူခံတရားပြိုင် ဒလစ်ဆင်းသည်၊ လုပ်ငန်းတရပ်အဖြစ် ငွေတိုးယူချေးငှါးသူ မဟုတ်၊ အချင်းချင်းကူညီသည့်အနေဖြင့်၊ ပရာဆပ်အား ငွေချေးလိုက်ခြင်းသာဖြစ်သည် ဟူသောအချက်သည် အငြင်းမထွက်။ ငွေချေးစဉ်ကလည်း မည်မျှပေးရမည် သတ်မှတ် တောင်းဆိုခြင်းမပြု၊ ပရာဆပ်က ငွေပေးဆပ်ရန် ငြင်းဆန်သောအခါမှ၊ တရားစွဲဆိုကာ အရင်းနှင့် ရိုးကခွင့်ပြုသည့်အတိုးကို တောင်းခံခြင်းဖြစ်သည်။ နဂိုကအတိုးမတောင်း၊ မသတ်မှတ်ခဲ့သောကြောင့်၊ငွေချေးစာချုပ်တွင်အတိုးနှုန်းကို မဖော်ပြခဲ့ခြင်းဖြစ်သည်ဟု ယူဆနိုင်သည်။ မယူသောအတိုးကို မဖော်ပြခြင်းဖြင့်၊ ငွေချေးစာချုပ်ပျက်ပြယ်ရန်မရှိ။

၁၉၇၁

ကါစီပရာဆပ်၊ ကန်ထရိုက်တာ နှင့် ဒလစ်ဆင်း၊ ကန်ထရိုက်တာ။

ငွေတိုးချစားသူများ အက်ဥပဒေပုဒ်မ ၁၅ က၊ အတိုးနှုန်းပါလျှင်၊ အတိအလင်း ဖေါ်ပြရမည်ဟု လွှမ်းခြုံ၍ သတ်မှတ်ထားသဖြင့် ရုံးကခွင့်ပြုသောထုံးတမ်းစဉ်လာ အတိုးဟူ၍ ဥပဒေအပြင်ဘက်၌ သီးခြားရပ်တည်ခွင့်မရှိနိုင်။ အတိုးကိုအမျိုးအစား ခွဲခြား၍ မည်သည့်အတိုးမျိုးကို ငွေချေးစာချုပ်တွင်ဖေါ်ပြရမည်၊ မည်သည့်အမျိုးအစားကို စာချုပ်တွင်မဖေါ်ပြစေကာမူ၊ ရုံးကခွင့်ပြုနိုင်သည်ဟု ပြဋ္ဌာန်းထားခြင်း၊ ကင်းလွတ်ခွင့်ပြုထားခြင်း မရှိ။ ဥပဒေပြဋ္ဌာန်းချက်အတိုင်း ရုံးကတိတိကျကျ လိုက်နာရမည်သာဖြစ်သည်။

ထို့ကြောင့်၊ ငွေချေးသူ ငွေရှင်က ချေးယူသူမြီရှင်ထံမှ အတိုးနှုန်းယူရန်မူလက သဘောတူခဲ့ပါလျက်၊ ယင်းအတိုးနှုန်းကို ငွေချေးစာချုပ်တွင်မဖေါ်ပြခဲ့လျှင်၊ ထိမ်ဝှက်ခြင်း မြောက်သောကြောင့် ပုဒ်မ ၁၅ အရ၊ စာချုပ်တခုလုံးပျက်ပြယ်သည်။ ယင်းစာချုပ်ကိုသာ မှီခိုအားထားကာ ငွေရှင်က တရားစွဲဆိုပိုင်ခွင့်မရှိ။ ဤအမှုတွင်၊ ငွေရှင်က မူလ၌ အတိုးယူရန်ရည်ရွယ်ခြင်းမရှိခဲ့ ဟုအကြောင်းခြင်းရာမှ ယူဆနိုင်သောကြောင့်၊ အတိုးနှုန်းကိုဖေါ်ပြခြင်း မပြုသောစာချုပ်သည် ပျက်ပြယ်ခြင်းမရှိ။ သို့ရာတွင်၊ ယင်းစာချုပ်အရ ငွေရင်းကိုသာ ဒီကရီချမှတ်ပေးနိုင်သည်။ ရုံးတွင်အတိုး ခွင့်ပြုနိုင်သည့်အာဏာမရှိ။

ပထမအယူခံရုံးတွင် အတိုးနှုန်းနှင့်ပတ်သက်၍၊ အမှုသည်များက၊ တင်ပြခဲ့ကြဟန် မတူချေ။ ထို့ကြောင့်လည်း ငွေတိုးချစားသူများ အက်ဥပဒေကိုမကြည့်တော့ဘဲ၊ တရားသူကြီးက ငွေရင်းနှင့်ငွေတိုးပါ ခွင့်ပြုခဲ့ခြင်းဖြစ်တန်ရာသည်။ သို့ရာတွင် တင်ပြမှုမြင်ရသည်မဟုတ်၊ အမှုကိုဆုံးဖြတ်ရသည်မှာ တရားသူကြီးဖြစ်၍၊ တရားသူကြီးသည် **အ**ကြောင်းခြင်းရာ ဆီလျော်သော ဥပဒေတို့ကို မပြတ်သတိဖြင့်ကောင်းစွာလေ့လ**ပြီး**နောက်အမှုတွင်ပေါ် ပေါက်သမျှတို့ကို၊ ပြီးပြည့်စုံအောင် ဆုံးဖြတ်ရသည်။ သို့မှသာ **မှုခင်း**များကို မှန်ကန်မျှတစွာ ပြီးပြီးပြတ်ပြတ် ဆုံးဖြတ်နိုင်ကြမည် ဖြစ်ပေသည်။ **ရှေ့နေကြီး**များကလည်း၊ ရုံးအရာရှိများ၊ အမှန်တရား၏အကျိုးဆောင်များပီပီ၊ မိမိ**တို့အားသာသည့်**အချက်ကိုသာ တင်ပြခြင်းမပြုဘဲ၊ အားလုံးကိုခြုံ၍ မျှတမှန်ကန်စွာ **ထုတ်ဖေါ် တင်ပြကြ**ရန်ဖြစ်ပေသည်။

ပထမအယူခံရုံးက အတိုးငွေ ၁,၉၇၀ ကျပ်ခွင့်ပြုထားသည်ကို ပယ်ဖျက်လိုက်သည်။ ပရာဆပ်က **ဒလစ်ဆင်း**အား ငှားချေးယူထားသောငွေရင်း ၄,၀၀၀ ကျပ်ကို၊ မူလရုံး၊ ပထမအ**ယူခံရုံးတို့တွင်** ဒလစ်ဆင်းကုန်ကျခဲ့သော အချေးကျစရိတ်များနှင့်အတူပေးစေရမည်။ ဤ**အခွင့်ထူးအယူခံတွင်** အမှုသည်တို့က ကိုယ့်စရိတ်ကိုယ်ခံ။

နိုင်ငံတော်တရားရုံးချုပ်

တရားမပဌမအယူခံမှု

တရားသူကြီး ဦးကျော်ဇံဦး နှင့် တရားသူကြီး ဦးစိန်သင်းတို့က တင်ပြသည့် အပေါ် တရားသူကြီးချုပ် ဒေါက်တာမောင်မောင် ဆုံးဖြတ်ချက်

† ၁၉၇၁

ဧပြီလ ၂၇ ရက်။

ကမ်ဇာခန်

နှင့်

လှသန်းပါ ၆ *

အမှုတခုကို စိတ်တွင် ပွင့်လင်း သန့်ရှင်းစွာ စစ်ဆေးနိုင်သည်ဟု အမှုစစ် တရားသူကြီးက ယုံကြည်လျှင် ယင်းသို့ စစ်ဆေးစီရင်ရန်မှာ အခွင့်အရေး တရပ်သာမဟုတ်၊ တာဝန် ဖြစ်ခြင်း—တဦးကိုတဦး လေးစား ယုံကြည် ယဉ်ကျေးစွာ ဆက်ဆံကြခြင်းသည် ဖုံးနှင့် ရေနေ တို့ ထားရှိအပ်သော ကျင့်ဝတ် ဖြစ်ခြင်း—တရားသူကြီးသည် မူလအဆင့် မှုခင်းတွင် အနည်းငယ် ဆောင်ရွက် ခဲ့ခြင်း၊ ယင်းအမှုမှ ပေါက်ပွါးသော ကိစ္စ တရပ်တွင် အယူခံ ဘက်ဦး ပါဝင် ဆုံးဖြတ်ခဲ့ခြင်းတို့ကြောင့်၊ ၎င်း တရားသူကြီး အား အမှုတွင် ဆက်လက် ဆောင်ရွက်ခြင်း ပြုသင့် မပြုသင့်။

အမှုမှာ နိုင်ငံတော်တရားရုံးချုပ် မူလဘက်ဌာန၏၊ ၁၉၆၁ ခုနှစ်၊ တရားမကြီးမှု အမှတ်(၇)တွင်၊ တရားလို (ယခုအယူခံတရားပြိုင်) တို့အား အနိုင် ဒီကရီ ချမှတ် ပေးသည်ကို မကျေနပ်၍၊ အယူခံ တရားလို (မူလတရားပြိုင်) တို့က အယူခံဝင်သော အမှုဖြစ်သည်။ ။အယူခံ တရားလို ဘက်မှ လိုက်ပါ ဆောင်ရွက်သော တရားရုံးချုပ် ရှေ့နေ ဦးဝမ်ဟုဆိုက အယူခံ ခုံရုံးတွင် ပါဝင်သော တရားသူကြီး တဦး ဖြစ်သော ဦးကျော်ဇံဦး သည်၊ မူလ အမှုတွင် ငြင်းချက် ထုတ်ခဲ့ပြီး တရားလိုများ ဘက်ကို စစ်ဆေးခဲ့၍၊ တရားသူကြီး ဦးကျော်ဇံဦး မပါဝင်သော ခုံရုံးကသာ ဤအယူခံမှုကို ကြားနာသင့်ကြောင်း တင်ပြရာ၊ ၎င်းနှင့် အတူ လိုက်ပါဆောင်ရွက်သော ဝတ်လုံတော်ရ ဦးချန်ထွန်းအောင်က ထောက်ခံသည်။ အယူခံ တရားပြိုင်များ၏ တရားရုံးချုပ်ရှေ့နေ မစ္စတာ ဘီ၊ ကော၊ ဆင်း ကမူ၊ ဤအယူခံမှုမှာ ၄ နှစ် နီးပါး ကြာပြီဖြစ်၍၊ တရားသူကြီး ဦးကျော်ဇံဦး ပါဝင်သော ခုံရုံးက စစ်ဆေးကြားနာခြင်းကို ကန့်ကွက်ရန် မရှိဟု ဆိုသည်။ သို့ဖြစ်၍၊ ခုံရုံး တရားသူကြီးများက တရားသူကြီးချုပ် ထံသို့ သိသာရန်နှင့် ညွှန်ကြားချက် ပေးရန် တင်ပြ ခဲ့သည်။

---

* ၁၉၆၇ ခုနှစ်၊ တရားမ ပဌမ အယူခံမှု အမှတ် ၇၅။

† ဤရုံးချုပ်၊ မူလဘက် ဌာန၏၊ ၁၉၆၁ ခုနှစ်၊ တရားမကြီးမှု အမှတ် ၇ တွင် ၁၉၆၇ ခုနှစ် ဇူလိုင်လ ၁၃ ရက် နေ့စွဲပါ တရားသူကြီး ဦးသက်ဖေ ရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံမှု

၁၉၃၁
ကမ်ဇာခန် နှင့် လွှာနင်းပါ ၆။

ဆုံးဖြတ်ချက်။ ။အမှုတခုကို စိတ်တွင် ပွင့်လင်း သန့်ရှင်းစွာ စစ်ဆေး စီရင်နိုင်သည်ဟု အမှုစစ် တရားသူကြီးက ယုံကြည်လျှင်၊ ယင်းသို့ စစ်ဆေး စီရင်ရန်မှာ အခွင့် အရေးတရပ်မျှသာ မဟုတ်၊ တာဝန် တရပ်ပင် ဖြစ်သည်။ စစ်ဆေး နိုင်ပါလျက်၊ စစ်ဆေးခြင်း မပြုက၊ တာဝန်ကိုပင် တိမ်းရှောင်ရာ ရောက်နိုင်သည်။ ကိုယ်ကြိုက်ရာ အမှုကို ရွေး၍၊ စစ်ဆေးကြလျှင်၊ မလျော်သော ကိစ္စများ ဖြစ်နိုင်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။တရားရုံးချုပ်၏ သက်တမ်းတွင်လည်း အမှုသည်များ အပြင်း အထန် ပဋိပက္ခ ဖြစ်နေသည့် အခါများမှ လွဲ၍၊ ရှေ့နေကြီးများသည်၊ ရုံးအပေါ် လေးစား ယုံကြည်စွာ ဆက်ဆံ ခဲ့ကြသည်ကို တသမတ်တည်း တွေ့ခဲ့ရသည်။ ဤသို့ တဦးကို တဦး လေးစားယုံကြည် ယဉ်ကျေးစွာ ဆက်ဆံ ကြခြင်းသည်၊ ရုံးနှင့် ရှေ့နေတို့ ထားရှိ အပ်သော ရှေးဟောင်း ကျင့်ဝတ်လည်း ဖြစ်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။မူလဘက် တရားသူကြီးများသည်လည်း၊ ယခင် အခါများမှာ ကဲ့သို့ တဆက်တည်း နှစ် အတန်ကြာအောင် မထိုင်နိုင်ကြပါ။ အယူခံဘက်သို့ ဝင်ရောက် ကူညီရခြင်း၊ အလှည့်ကျ မန္တလေးသို့ သွားရောက် ရုံးထိုင်ရခြင်းများ ပြုကြရပါသည်။ ထို့ကြောင့် မူလဘက် မှုခင်း တရပ်တွင် သက်သေ အနည်းငယ် စစ်ဆေးခဲ့ခြင်း၊ ကြားဖြတ် အမိန့် တရပ်ရပ် ချမှတ်ခဲ့ခြင်း၊ ယင်း အမှုမှ ပေါက်ဖွါးသော ကိစ္စ တရပ်ရပ်တွင် အယူခံဘက်၌ ပါဝင် ဆုံးဖြတ်ခဲ့ခြင်းတို့ ရှိလာပါသည်။ ထိုသို့ ရှိတိုင်း တရားသူကြီးအား အမှုတွင် ဆက်လက် ဆောင်ရွက်ခြင်း မပြုရဟု ဆိုလျှင် မှုခင်းများ ပြီးပြတ်တော့မည်မဟုတ်၊ သာသူ သာ၍၊ နာသူ နာကြ ပါလိမ့်မည်။

အယူခံ တရားလိုအတွက်။ ။တရားရုံးချုပ် ရှေ့နေများ ဦးဝမ်ဟုတ်နှင့် ဦးချန်ထွန်းအောင်။

အယူခံ တရားခံအတွက်။ ။တရားရုံးချုပ် ရှေ့နေကြီး မစ္စတာ ဘီ၊ ကေ၊ ဆင်း။

* * * *

[illegible] ခုနှစ်၊ မတ်လ ၃၁ ရက်။ ။အမှုခေါ်သည်။

[illegible]တာ မောင်မမောင်။ ။အယူခံ တရားလို အတွက် တရားရုံးချုပ် ရှေ့နေ ဦးချန်ထွန်းအောင်နှင့် ဦးဝမ်ဟုတ်တို့ ရောက်သည်။ အယူခံ တရားပြိုင်များ အတွက် တရားရုံးချုပ် ရှေ့နေ မစ္စတာ ဘီ၊ ကေ၊ ဆင်း ရောက်သည်။

[illegible] ဤအယူခံမှုသည် ဤရုံး၏ မူလဘက်မှ တက်လာသော အမှုဖြစ်ရာ၊ မူလအမှုတွင် တရားသူကြီး ဦးကျော်ဇံဦးက ငြင်းချက် ထုတ်ခဲ့သည်ဟု ဆိုသည်။ ငြင်းချက်မှာ [illegible] ဖြစ်သည်။ ထိုငြင်းချက်မှာ—

> "Are the allegations in the plaint true, and if so, are the plaintiffs entitled to a decree as prayed for therein ?"

၁၉၇၁ [illegible] နှင့် [illegible]ပါ၆။

မူလရုံးတွင် တရားသူကြီး ဦးကျော်ဇံဦးသည် တရားလို ၂ ယောက်နှင့်၊ လိုပြုသက်သေတယောက် စုစုပေါင်း ၃ ယောက်ကို စစ်ဆေးပြီး၊ တရားလိုဘက်မှ အမှုကို ပိတ်ခဲ့သည်၊ အမှုမှာ ချေးငွေကို ပြန်ရလိုမှု ဖြစ်သည်။

တရားပြိုင် (ယခု အယူခံတရားလို) နှင့် ၎င်း၏ သက်သေ ၄ ယောက်ကို တရားသူကြီး ဦးသက်ဖေက စစ်ဆေး၍ အယူခံ တရားပြိုင် (မူလ တရားလိုများ) အား အယူခံ တရားလိုထံမှ အချိုးကျ တရားစရိတ်ဖြင့် ငွေ ၄၃,၀၀၀ ကို ရယူရန် ဒီကရီချမှတ်ပေးလိုက်သည်။

အယူခံ တရားလို၏ တရားရုံးချုပ် ရှေ့နေဦးဝမ်ဟုတ်က တရားသူကြီး ဦးကျော်ဇံဦးသည် ငြင်းချက်ကို ထုတ်၍ တရားလိုများ (အယူခံ တရားပြိုင်များ) ဘက်ကို စစ်ဆေးခဲ့၍၊ တရားသူကြီး ဦးကျော်ဇံဦး မပါဝင်သော ခုံရုံးကသာ ဤအယူခံမှုကို စစ်ဆေးကြားနာသင့်သည်ဟု ဆိုသည်ကို ၎င်းနှင့် အတူ လိုက်ပါဆောင်ရွက်သော ဝတ်လုံတော်ရ ဦးချန်ထွန်းအောင်ကလည်း ထောက်ခံ၍ အယူခံ တရားလိုက အယူခံ တရားပြိုင် အမှတ် (၂-က) အား ပေးသော စာ နှစ်စောင်နှင့်ပတ်သက်လျက်၊ ၁၉၆၆ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက် နေ့စဉ်မှတ်တမ်းကိုရည်ညွှန်း၍ သက်သေခံ အဖြစ် တင်သွင်းခွင့်ကို ၁၉၆၆ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့စွဲပါ ကြားဖြတ် အမိန့် (ကြားဖြတ်ဖိုင်တွဲ စာမျက်နှာ ၆ဂ) ဖြင့် ချမှတ်ခဲ့သည်ဖြစ်၍၊ ဤအယူခံမှုကို တရားသူကြီး၊ ဦးကျော်ဇံဦးကလည်း ပါဝင်၍ စစ်ဆေးကြားနာလျှင် ၎င်း၏ အမှုသယ်သည် တရားမျှတမှုရရှိလိမ့်မည်ဟု ထင်မြင်ယူဆမည် မဟုတ်ဟုဆိုသည်။

ဤအယူခံမှုကို တရားသူကြီး ဦးကျော်ဇံဦး တဦးတည်း ကြားနာစစ်ဆေး၍ ဆုံးဖြတ်ချက်ပေးမည် မဟုတ်ဘဲ ခုံရုံးကသာ ကြားနာစစ်ဆေး၍ ဆုံးဖြတ်ပေးမည် ဖြစ်သည်။ တရားသူကြီး ဦးကျော်ဇံဦးသည် မူလ အမှုကို ပြည့်ပြည့်စုံစုံကြားနာစစ်ဆေးပြီး စီရင်ချက် ဒီကရီ ချမှတ်ပေးခဲ့သော တရားသူကြီးလည်း မဟုတ်သည့်အပြင်၊ တရားသူကြီး ဦးကျော်ဇံဦးသည် လွန်ခဲ့သော ၅ နှစ်ခန့်က ကြားနာခဲ့ခြင်းသာ ဖြစ်သည်။

အယူခံ တရားပြိုင်များ၏ တရားရုံးချုပ် ရှေ့နေ မစ္စတာ ဘီ၊ ကေ၊ ဆင်းက၊ ဤအယူခံမှုကို တရားသူကြီး ဦးကျော်ဇံဦး ပါဝင်သော ခုံရုံးက စစ်ဆေးကြားနာခြင်းကို ကန့်ကွက်ရန် မရှိဟု ဆိုသည်၊ ဤအယူခံမှုမှာလည်း ၄ နှစ် နီးပါးခန့် ကြန့်ကြာနေပြီ။

အထက် ဖော်ပြပါ အချက်များကို တရားသူကြီးချုပ် သိသာရန်နှင့် ညွှန်ကြားချက်ပေးရန် တင်ပြပါသည်။ အမှုကို နောက် အပတ်တွင် ပြောကြားရန် ချိန်းဆိုထားပါသည်။

၁၉၇၁ ခုနှစ်၊ ဧပြီလ ၂၈ ရက် တရားသူကြီးချုပ် ဒေါက်တာမောင်မောင်။ ။ အလားတူ ပြဿနာ ဤရုံး ၁၉၆၄ ခုနှစ်၊ တရားမကြီးမှု နံပါတ် ၂၉ တွင် ပေါ်ပေါက်ခဲ့ဘူးပါသည်။ ယင်းအမှု၌ ၁၉၆၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့စွဲပါ နေ့စဉ်မှတ်တမ်းတွင် ဤပြဿနာမျိုး ပေါ်ပေါက်သောအခါ လိုက်နာ ကျင့်သုံးရန် တရားသူကြီးများကလက်ခံထားသည့်မူကို ကျွန်တော်ရှင်းလင်းဖော်ပြပြီး ဖြစ်ပါသည်။ နေ့စဉ် မှတ်တမ်းမှ အောက်ပါ ကဲ့သို့ ကောက်နုတ်ဖော်ပြပါသည်။ ၁၉၇၁ — ကမ်ဇာခန် နှင့် လွှာနှင်းပါ ၆။

"ဤကိစ္စမျိုးနှင့် ပတ်သက်၍ တရားရုံးချုပ် တရားသူကြီးအားလုံးက၊ ကျေညက်စွာ စဉ်းစားကြပြီး ဖြစ်သည်။

အမှုတမှုကို စိတ်တွင် ပွင့်လင်း သန့်ရှင်းစွာ စစ်ဆေး စီရင်နိုင်သည်ဟု အမှုစစ် တရားသူကြီးက ယုံကြည်လျှင်၊ ယင်းသို့ စစ်ဆေး စီရင်ရန်မှာ အခွင့် အရေး တရပ်မျှသာ မဟုတ်၊ တာဝန် တရပ်ဖြစ်သည်။ စစ်ဆေးနိုင်ပါလျက် စစ်ဆေးခြင်း မပြုက၊ တာဝန်ကိုပင် တိမ်းရှောင်ရာ ရောက်နိုင်သည်။ ကိုယ်ကြိုက်ရာ အမှုကို ရွေး၍ စစ်ဆေးကြလျှင်၊ မလျော်သော ကိစ္စများ ဖြစ်နိုင်သည်။

တရားရုံးချုပ်တွင် တရားသူကြီးများ နည်းပါးနေသည့် အထဲမှ၊ မန္တလေးတွင် ရုံးထိုင်၊ အထူး ရာဇဝတ်ရုံး အယူခံအဖွဲ့၊ စစ်ဘက် အယူခံ တရားရုံး၊ မူလဘက်၊ အယူခံဘက်တို့တွင် ခွဲဝေ၍ ရုံးထိုင်ကာ၊ အထူး အယူခံ လျှောက်လွှာများကိုပါ ကြားနာစစ်ဆေးကြရသည်။ ဤအခြေအနေတွင် ကျွန်ုပ်တို့က အများ ပြည်သူ အကျိုးကို ထောက်ရှု၍၊ အထက်ပါမူကိုတိတိမတ်မတ် ကျင့်သုံးရန် ပို၍ပင်လိုသေးသည်။

တရားရုံးချုပ်၏ သက်တမ်းတွင်လည်း အမှုသည်များ အပြင်း အထန် ပဋိပက္ခ **ဖြစ်**နေသည့်အခါများမှလွဲ၍၊ ရှေ့နေကြီးများသည် ရုံးအပေါ် လေးစားယုံကြည်စွာ **ဆက်ဆံခဲ့**ကြသည်ကို တသမတ်တည်း တွေ့ခဲ့ရသည်။ ဤသို့တဦးကို တဦးလေးစား **ယုံကြည်** ယဉ်ကျေးစွာ ဆက်ဆံကြခြင်းသည်၊ ရုံးနှင့် ရှေ့နေတို့ ထားရှိအပ်သော **ရှေးဟောင်း** ကျင့်ဝတ်လည်း ဖြစ်သည်။

တရားသူကြီး ကိုယ်တိုင်က အကြောင်း တခုခုကြောင့် စိတ်တွင် ပွင့်လင်း **သန့်ရှင်းစွာ အမှုကို** စစ်ဆေး စီရင်ခြင်း မပြုနိုင်ဟု ယူဆပါက၊ ထိုအချက်ကို မှတ်**တမ်းတင်အား** **တရား**သူကြီးချုပ်ထံ တင်ပြသည့်ထုံးကိုလည်း တရားသူကြီးများက **ဆက်လက် ကျင့်သုံး**ကြရန် ဆုံးဖြတ်ကြသည်။"

တဖန် ဤရုံး **မူလအောက်၌ ၁၉၇၇** ခုနှစ်၊ တရားမကြီးမှု နံပါတ် ၁၂၄ တွင် အလားတူ ပြဿနာပေါ်ပေါက်**ပြန်သဖြင့် ၁၉၇၈ ခုနှစ်**၊ မတ်လ ၂၈ ရက်နေ့စွဲပါနေ့စဉ် မှတ်တမ်း၌

၁၉၇၁

ကမ်ဇာခန် နှင့် လွှာနင်းပါ ၆။

အထက်ပါ မှုကို ကျွန်တော်က ထပ်မံ ရှင်းလင်း **ဖေါ်**ပြကာ အမှုကို ဆက်လက် စစ်ဆေးရန်၊ မူလဘက်သို့ ပြန်ပို့ခဲ့ရပါသည်။ ယင်း**နေ့စဉ်** မှတ်တမ်းမှ အောက်ပါကဲ့သို့ ကောက်နုတ်ဖေါ်ပြပါသည်။

"မူလဘက် တရားသူကြီးများသည်လည်း၊ **ယခင်အခါများမှာ** ကဲ့သို့ တဆက် တည်း နှစ် အတန်ကြာအောင် မထိုင်နိုင်ကြပါ။ **အယူခံဘက်သို့ ဝင်**ရောက်ကူညီ ရခြင်း၊ အလှည့်ကျ မန္တလေးသို့ သွားရောက်ရုံး**ထိုင်ရခြင်းများ** ပြုကြရပါသည်။ ထို့ကြောင့် မူလဘက် မှုခင်း တရပ်တွင် သက်သေ **အနည်းငယ်** စစ်ဆေးခဲ့ခြင်း၊ ကြားဖြတ် အမိန့်တရပ်ရပ်ချမှတ်ခဲ့ခြင်း၊ယင်းအမှုမှ **ပေါက်ဖွါး**သော ကိစ္စ တရပ်ရပ် တွင်အယူခံဘက်၌ ပါဝင်ဆုံးဖြတ်ခဲ့ခြင်းတို့ ရှိလာ**ပါသည်။ထိုသို့ရှိ**တိုင်းတရားသူကြီး အား အမှုတွင် ဆက်လက် ဆောင်ရွက်ခြင်း မပြု**ရဟု ဆိုလျှင်** မှုခင်းများ ပြီးပြတ် တော့မည်မဟုတ် သာသူသာ၍၊ နာသူနာကြပါ**လိမ့်မည်။**

အထက်ပါ အကြောင်းများကို ရှေ့နေကြီး**များအားလည်း** ကြုံတိုင်း ရှင်းလင်း ပြောပြ၍ ဝိုင်းဝန်း ကူညီကြပါရန် အမှုသည်မျာ**းကိုလည်း** တဆင့် ရှင်းလင်း ပြော ပြကြပါရန် မေတ္တာရပ်ခံပြီးဖြစ်သည်နှင့် အညီ **ရှေ့နေကြီး**များကလည်း ကူညီနေကြ ပါသည်။"

အထက်ပါကဲ့သို့ တရားသူကြီး အားလုံး သ**တော**တူ **ချမှတ်**ထား၍ တသမတ်တည်း ကျင့်သုံးလာရသော မှုအရလည်းကောင်း၊ ခုံရုံး **တရားသူကြီး** ၂ ဦး၏ မှတ်ချက်အရ လည်းကောင်း၊ အယူခံတရားပိုင်၏ ရှေ့နေကြီး**က** **ကန့်ကွက်**ရန် မရှိခြင်း ကြောင့် **လည်း**ကောင်း အယူခံမှုကို တရားသူကြီး ဦးကျော်**ဇံဦးနှင့် တရား**သူကြီး ဦးစိန်သင်းတို့ ပါဝင်သောခုံရုံးက စစ်ဆေးဆုံးဖြတ်နိုင်ရန်၊ အမှု**တွဲကို ပြန်**ပို့လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမပဌမအယူခံမှု

တရားသူကြီး ဦးကျော်ငံဦး နှင့် တရားသူကြီး ဦးစိန်သင်းတို့ ရှေ့တွင်

မောင်ကျော်မြင့်

နှင့်

မောင်ကျော်ဆင့် (ငယ်ရွယ်သူ) ၎င်း၏အုပ်ထိန်းသူ ဒေါ်မြကျင်*

† ၁၉၇၁

မေလ ၃ ရက်။

မြန်မာ့ဓလေ့ ထုံးတမ်း ဥပဒေ—လင်မယား ကွာရှင်းပြီး နောက် မိဘများထံမှ သားသမီးများ၏ အမွေ ဆက်ခံခွင့်—အမိ အဘတို့၏ အိုးအိမ်သစ်—မိဘတို့၏ ဆန္ဒ—သားသမီးတို့၏ ပြုဘွယ်သော ဝတ္တရား။

ဆုံးဖြတ်ချက်။ ။လင်မယား ကွာရှင်းပြီးသည်နှင့် တမြိုင်နက် အဖ၏ အိုးအိမ်၊ အမိ၏ အိုးအိမ်ဟူ၍ အိုးအိမ်သစ်နှစ်ခု ပေါ်ပေါက် လာသည်။ အဖနှင့် အတူ လိုက်နေသည့် သားသမီးများသည် အဖထံမှ အမွေကို ဆက်ခံနိုင်သည်။ အမိထံမှ အမွေကိုမူ ဆက်ခံခွင့် မရှိ၊ ထိုနည်းတူစွာပင် အမိနှင့် လိုက်ပါ သွားသော သားသမီးများသည်လည်း ဖခင် ထံမှ အမွေကို ဆက်ခံခွင့် မရှိတော့ပေ။ လင်မယား ကွာရှင်း ပြတ်စဲရာ၌ မည်သည့် သားသမီးသည် မည်သူ့ထံမှ အမွေကို ဆက်ခံ စေရမည် **ဆို**သော အချက်မှာ မိဘတို့၏ ဆန္ဒအလျောက် ဆုံးဖြတ်ရသည့် အချက် ဖြစ်သည်။ **မရီရီ နှင့် မကလေး** **အောက်** မြန်မာပြည် စီရင်ထုံး၊ အတွဲ ၆၊ စာ ၁၆၇ ကို ရည်ညွှန်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။သားသမီးတို့၏ ပြုဘွယ်သော ဝတ္တရား ဆိုရာ၌၊ ရုံဖန် ရုံခါ အလည် [illegible]သွားခြင်း၊ မိဘ၏ ပေးကမ်း ထောက်ပံ့မှုကို လက်ခံ ရရှိခြင်း အစရှိသည့် အချက် အလက် [illegible]ရှိ ကာမျှဖြင့်၊ အဆိုပါ ဝတ္တရားများကို ပြန်လည် ဆောင်ရွက်ရာ မရောက်ကြောင်း [illegible]အပြား၌ ပြဆိုခဲ့ပြီး ဖြစ်သည်။

[illegible]အတွက်။ ။တရားရုံးချုပ် ရှေ့နေ ဦးဝင်းကြည်။

[illegible]အတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးကိုကို။

တရားသူကြီး ဦးစိန်သင်း။ ။ရန်ကုန်မြို့ တရားမရုံး၊ ၁၉၆၇ ခုနှစ်၊ တရားမကြီးမှု အမှတ် ၁၃၆ **တွင်၊ အယူခံ** တရားလို မောင်ကျော်မြင့်က၊ အဖေတူ မအေကွဲ ညီတော်

---

* ၁၉၇၁ **ခုနှစ်၊ တရားမ ပဌမ** အယူခံမှု အမှတ် ၃၈။

† ၁၉၆၇ ခုနှစ်၊ **တရားမကြီးမှု အမှတ်** ၁၃၆ တွင် ၁၉၇၀ ခုနှစ်၊ မေလ ၂၉ ရက် နေ့စွဲဖြင့် ရန်ကုန်မြို့ တရားမရုံး၊ **တွဲဘက် တရားသူကြီးချုပ်ရုံး**၏ ချမှတ်သော အမိန့်ကို အယူခံဝင်မှု။

၁၉၇၁

မောင်ကျော်မြင့် နှင့် မောင်ကျော်ဆင့် (ငယ်ရွယ်သူ) (၎င်း ၏ အုပ်ထိန်းသူ ဒေါ်မြကျင်)။

သူ မောင်ကျော်ဆင့် အပေါ်၌ ၎င်းတို့၏ ကွယ်လွန်သူ ဖခင် ဦးအောင်မြိုင် ကျန်ရစ်သည့် ပစ္စည်းများကို အုပ်ထိန်း စီမံခန့်ခွဲပေးစေလိုမှု တရားစွဲ ဆိုခဲ့သည် ။ အယူခံ တရားလို၏ မိခင် ဒေါ်အေးမှင်နှင့် ကွယ်လွန်သူ ဦးအောင်မြိုင်တို့သည်၊၁၉၄၇ ခုနှစ်က အိမ်ထောင် ကျ၍၊ အယူခံ တရားလို မောင်ကျော်မြင့်ကို မွေးဖွါးခဲ့သည်။ မောင်ကျော်မြင့် တနှစ်သား အရွယ်သို့ ရောက်သော အခါ ဦးအောင်မြိုင် နှင့် ဒေါ်အုံးမှင်တို့သည် နှစ်ဦး သဘောတူ လင်မယား ကွာရှင်း ပြတ်စဲခဲ့သည်။ မောင်ကျော်မြင့် အား၊ မိခင် ဖြစ်သူက ထိန်းသိန်း စောင့်ရှောက် မွေးမြူခဲ့သည်။ လင်မယား ကွာရှင်း ပြတ်စဲပြီးနောက် ဦးအောင်မြိုင်သည်၊ မူလက နေထိုင်သည့် ရွာ၌ပင် တနှစ်ခန့် ဆက်လက် နေထိုင်ပြီးနောက်၊ ရန်ကုန်မြို့သို့ ပြောင်းရွှေ့ နေထိုင်သည်။ ထိုကဲ့သို့ နေထိုင်စဉ် ဦးအောင်မြိုင်သည် အယူခံ တရားပြိုင် မောင်ကျော်ဆင့်၏ မိခင် ဒေါ်အေးနှင့် အကြောင်း ပါခဲ့သည်။ ဦးအောင်မြိုင် နှင့် ဒေါ်အေးတို့တွင် သားနှစ်ယောက် ထွန်းကားခဲ့ရာ၊ တယောက် သေဆုံးသွားပြီး မောင်ကျော်ဆင့်သာလျှင် ကျန်ရစ်ခဲ့သည်။ ထို့နောက် ၁၉၆၂ ခု၊ ဩဂုတ်လ ၉ ရက် နေ့တွင် ဦးအောင်မြိုင် သည် ရန်ကုန်မြို့၌ ကွယ်လွန် သွားသောကြောင့်၊ မောင်ကျော်မြင့်က အမွေ တောင်းခံရာ မရရှိသဖြင့် ဤအမှုကို စွဲဆိုခြင်း ဖြစ်သည်။ ဒေါ်အေးမှာလည်း ၁၉၅၂ ခုနှစ်အတွင်းက သေ ဆုံးသွားခဲ့ပြီး ဖြစ်သည်။

မူလ ရုံးဘွင် အယူခံ တရားပြိုင် မောင်ကျော်ဆင့်က၊ အယူခံ တရားလို မောင်ကျော်မြင့်သည်၊ ဦးအောင်မြိုင်၏ အမွေစား အမွေခံ မဟုတ်သော ကြောင့် အမွေ ဆက်ခံခွင့် မရှိပါဟု ထုချေခဲ့သည်။ ထို့ကြောင့် ဤအမှု၌ အဓိက စဉ်းစားရန် ကောက်ချက်မှာ "ကွယ်လွန်သူ ဦးအောင်မြိုင်၏ ပစ္စည်းများကို အမွေအဖြစ် မည်သူ ဆက်ခံ ယူထိုက် ပါသနည်း" ဟူ၍ ဖြစ်သည်။

မူလရုံးတရားသူကြီးက တရားလို၏ မိဘများ ကွာရှင်းရာတွင်၊ တရားလို၏ မိခင်က တရားလို၏ ဖခင်အား ပစ္စည်းခွဲဝေသည့် အနေဖြင့် ငွေ ကျပ် ၄၄၀ ပေးခဲ့ရပြီးလျှင်၊ တရားလိုအား၊ မွေးမြူရန် တာဝန်ကိုပါ ယူခဲ့ရပါသည်၊ တရားလို၏ မိခင်သည် ရန်ကုန် မြို့သို့ ပြောင်းရွှေ့ နေထိုင်ကာ ပန်းရောင်းသည့် အလုပ်ကို လုပ်ကိုင်ပြီး တရားလိုအား လူလားမြောက်သည် အထိ စောင့် ရှောက် မွေးမြူခဲ့ပါသည်။ တရားလိုသည် မိမိ၏ ဖခင် ကွယ်လွန်သူ ဦးအောင်မြိုင် အား၊ သားသမီး တို့၏ ပြုဘွယ် သောဝတ္တရားများကို ပြန်လည် ဆောင်ရွက် ခဲ့ကြောင်း သက်သေခံ အထောက် အထား တင်ပြ နိုင်ခြင်း မရှိပါ၊ ဖခင် ဖြစ်သူ အနေဖြင့် တရားလိုအား ရံဖန် ရံခါ မုန့် ဘိုးပေးခြင်း၊ စာအုပ်ဘိုး ပေးခြင်း လာရောက် လည်ပတ်ခြင်းတို့ကို ပြုစေကာမူ ယင်း အပြုအမူများကြောင့် ဖခင် ဖြစ်သူက တရားလိုအား နောက် အိမ်ထောင်သစ်

တွင် အမွေခံ အဖြစ် အသိ အမှတ် ပြုသည်ဟု မယူဆနိုင်ပါ အစ ရှိသဖြင့် ကောက်ယူ ဆုံးဖြတ်ခဲ့သည်။ ယင်းကဲ့သို့ ကောက်ယူ ဆုံးဖြတ်ခဲ့ပြီးနောက်၊ **မပေါ ပါ ၂** နှင့် **မမုန်း ပါ ၆ (၁)** အမှု စီရင်ထုံးကို ကိုးကားပြီး၊ တရားလို မောင်ကျော်မြင့် သည်၊ ကွယ်လွန် သူ ဦးအောင်မြိုင်၏ ပစ္စည်းများကို အမွေအဖြစ် ဆက်ခံထိုက်သူ မဟုတ်ဟူ၍၊ အဆုံးအဖြတ်ပြုကာ အမှုကို စရိတ်နှင့် တကွ ပလပ် လိုက်သည်။ ထိုစီရင်ချက်နှင့် အမိန့်တို့ကို မကျေနပ်သဖြင့် မောင်ကျော်မြင့်က ယခု ကျွန်ုပ်တို့ရှေ့ရှိ အယူခံလွှာကို တင်သွင်းခြင်း ဖြစ်သည်။

၁၉၇၁ — မောင်ကျော်မြင့် နှင့် မောင်ကျော်ဆင့် (ငယ်ရွယ်သူ) (၎င်း ၏ အုပ်ထိန်းသူ ဒေါ်မြကျင်)။

အယူခံ တရားလိုအတွက် လိုက်ပါ ဆောင်ရွက်သည့် အကျိုးဆောင်က၊ ဦးအောင်မြိုင် နှင့် ဒေါ်အုံးမှင်တို့ကွာရှင်းကြစဉ်က၊ မောင်ကျော်မြင့်သည်၊ တနှစ်သား အရွယ်သာ ရှိပါသေးသည်၊ ထို့ကြောင့် မိမိကိုယ်တိုင် မည်သည့် မိဘနှင့် နေထိုင်မည်ဟု ဆန္ဒ ပြုနိုင်ခြင်း မရှိခဲ့ပါ၊ မိဘများ ကွာရှင်း စဉ်ကလည်း၊ မိမိ အား ထိန်းသိမ်း စောင့်ရှောက်ရေးနှင့် စပ်လျဉ်း၍ မည်သို့သော အစီ အစဉ် ပြုလုပ်ကြောင်း မပေါ်လွင်ပါ၊ ငယ်ရွယ်သူ ဖြစ်သဖြင့် မိခင် ဖြစ်သူထံ ပါသွားခြင်းသာ ဖြစ်ပါသည်။ မိဘများကွာရှင်းပြတ်စဲပြီးနောက် မောင်ကျော်မြင့် လူလား မြောက်လာသော အခါ၊ ဦးအောင်မြိုင်သည်၊ မောင်ကျော်မြင့် အား၊ မုန့်ဖိုးပေးခြင်း၊ ကျောင်းစရိတ် ပေးခြင်း ပြုလုပ်သည့် အပြင်၊ ရှင်ပြုရန် အတွက်လည်း အစီ အစဉ် များ ရှိခဲ့ပါသည်။ ဦးအောင်မြိုင် သေဆုံးသော အခါ မောင်ကျော်မြင့်တို့သည် ဦးအောင်မြိုင်၏ အသုဘသို့ သွားရောက် ခဲ့ပါသည်။ ထို့ကြောင့် မောင်ကျော်မြင့်သည်၊ ဦးအောင်မြိုင် အား၊ ၎င်း မသေဆုံးမီက သားသမီးတို့၏ ပြုဘွယ်သော ဝတ္တရား ပြန်လည် ဆောင်ရွက်ခဲ့သောကြောင့် ဦးအောင်မြိုင်၏ အမွေကို ဆက်ခံသင့်ပါသည်ဟု တင်ပြ လျှောက်လဲသွားသည်။ အယူခံ တရားလို၏ အကျိုး ဆောင်က ဆက်လက်၍၊ ဦးအောင်မြိုင်၏ ကျန်ရစ်ခဲ့သည့် ပစ္စည်းများမှာ၊ ဦးအောင်မြိုင် နှင့် ဒုတိယ ဇနီး ဒေါ်အေးတို့ လက်ထက်က ဖြစ်ပွါးသော ပစ္စည်းများ မဟုတ်ပါ၊ ဒေါ်အေး သေဆုံးပြီးနောက်မှ [illegible]ခဲ့သော ပစ္စည်းများဖြစ်ပါသည်၊ ထို့ကြောင့် ထိုပစ္စည်းများ၌ မောင်ကျော်မြင့် [illegible] အရေး ရှိပါသည်ဟု တင်ပြ သွားသည်။

လင်မယား ကွာရှင်းပြီးသည်နှင့် တပြိုင်နက်၊ အဖ၏ အိုးအိမ်၊ အမိ၏ အိုးအိမ်၊ [illegible] နှစ်ခု ပေါ်ပေါက် လာသည်။ အဖ နှင့် အတူ လိုက်နေသည့် [illegible] အဖ ထံမှ အမွေကို ဆက်ခံနိုင်သည်၊ အမိထံမှ အမွေကိုမူဆက်ခံခွင့် [illegible] တူစွာပင် အမိနှင့် လိုက်ပါ သွားသော သားသမီးများသည်လည်း [illegible] အမွေကို ဆက်ခံခွင့် မရှိတော့ပေ။ လင်မယား ကွာရှင်း

---

(၁) အောက်မြန်မာပြည် စီရင်ထုံး၊ အတွဲ ၄၊ စာ ၂၇၂။

၁၉၇၁

မောင်ကျော်မြင့် နှင့် မောင်ကျော်ဆင့် (ယော်ရှယ်သူ) (၎င်း ၏ အုပ်ထိန်းသူ ဒေါ်မြကျင်)။

ပြတ်စဲရာ၌ မည်သည့် သားသမီးသည်၊ မည်သူ့ထံမှ အမွေကို ဆက်ခံစေရမည် ဆိုသော အချက်မှာ မိဘတို့၏ ဆန္ဒအလျောက် ဆုံးဖြတ်ရသည့် အချက်ဖြစ်ကြောင်း မရီရီ နှင့် မကလေး (၂) အမှုတွင် ထုံးဖွဲ့ထားပြီး ဖြစ်သည်။ မိဘတို့၏ စီမံခန့်ခွဲမှုသည် သားသမီးများ အပေါ်၌ အတည် ဖြစ်ကြောင်း ဖြင့်လည်း၊ စီရင်ထုံး အများ အပြား၌ ပြဆိုခဲ့ပြီးဖြစ်သည်။ ယခု ကျွန်ုပ်တို့ ရှေ့ရှိ အမှုတွင်၊ ဦးအောင်မြိုင် နှင့် ဒေါ်အုံးမှင်တို့ ကွာရှင်း ပြတ်စဲစဉ်က၊ မောင်ကျော်မြင့် အား၊ ဒေါ်အုံးမှင်က ဆက်လက်၍ ကျွေးမွေး စောင့်ရှောက်ခဲ့သည်။ ဦးအောင်မြိုင် သည်၊ ဒေါ်အုံးမှင် နှင့် ကွာရှင်း ပြတ်စဲပြီးနောက် တနှစ်ကျော်ခန့် ကြာသော အခါ၊ ဒေါ်အေး နှင့် အိမ်ထောင်ပြုခဲ့သည်။ မောင်ကျော်မြင့်သည်၊ ဦးအောင်မြိုင်၏ အိမ်ထောင်သစ်သို့ လိုက်ပါ သွားခြင်း မရှိချေ။ ဒေါ်အုံးမှင်နှင့် သာလျှင် အဘူတကူ နေထိုင်ခဲ့သည်။ သို့ ဖြစ်လေရာ၊ မောင်ကျော်မြင့် သည်၊ ဦးအောင်မြိုင်၏ အမွေကို ဆက်ခံနိုင်ရန်အတွက်၊ ဦးအောင်မြိုင်၏ အိမ်ထောင် သစ်သို့ ဝင်သွားခြင်း ရှိ၊ မရှိ၊ ဆင်ခြင်စဉ်းစားရန် လိုသည်။ မောင်ကျော်မြင့်သည်၊ ဦးအောင်မြိုင် အား၊ သားသမီးတို့၏ ပြုဘွယ်သော ဝတ္တရားများကို ပြန်လည် ဆောင်ရွက်ခဲ့ကြောင်း ပေါ်လွင် ထင်ရှားပါက၊ ဦးအောင်မြိုင်၏ အမွေကို ဆက်ခံ နိုင်စရာ အကြောင်းရှိသည်။ သားသမီးတို့၏ ပြုဘွယ်သော ဝတ္တရား ဆိုရာ၌၊ ရံဖန်ရံခါ အလည် အပတ် သွားခြင်း၊ မိဘ၏ ပေးကမ်း ထောက်ပံ့မှုကို လက်ခံ ရရှိခြင်း အစ ရှိသည့် အချက် အလက်များပေါ်လွင်ရုံကာမျှနှင့် အဆိုပါ ဝတ္တရားများကို ပြန်လည် ဆောင်ရွက်ရာ မရောက်ကြောင်း စီရင်ထုံးအများအပြား၌ ပြဆိုခဲ့ပြီးဖြစ်သည်။ မူလ ရုံး တရားသူကြီး ရည်ညွှန်းသည့် မချစ်မေ နှင့် မစောရှင် (၃) အမှု၌ ပြဆို ထားသည့် အတိုင်း မောင်ကျော်မြင့် သည်၊ မိခင် ထံတွင် ကျန်ရစ်ခဲ့၍၊ မိခင်၏ လက်တွင်း မှာပင် ကြီးပြင်း လာခဲ့သောကြောင့် ကွယ်လွန်သူ ဖခင်၏ အိမ်ထောင်သစ်သို့ ကူးပြောင်း ပါဝင်ခဲ့ခြင်း မရှိရကား၊ ဦးအောင်မြိုင်၏ အိမ်ထောင်သစ်တွင် တစိမ်း တရံစာ ကဲ့သို့ ဖြစ်နေကြောင်း ထင်ရှားပေသည်။ ထိုသို့ တစိမ်း တရံစာ ဖြစ်နေ သဖြင့် ဖခင်ထံမှ အမွေဆက်ခံခွင့် ရရန် ကိစ္စမှာ ဖခင်၏ ဆန္ဒ အပေါ်၌သာ တည်ပေသည်။ ထို အမှု၌ မြွက်ဟ ထားသည့် အတိုင်း၊ သမီးတဦးသည် မိမိ၏ မိခင်နှင့် ကွာရှင်း ပြတ်စဲခဲ့ပြီး ဖြစ်သည့် ဖခင်ထံ သွားရောက် လည်ပတ် ရုံကာမျှနှင့် ထိုဖခင်၏ အမွေစား တဦး ဖြစ်သည်ဟု မယူဆ နိုင်ချေ။ အယူခံ တရားပြိုင် အတွက် လိုက်ပါ ဆောင်ရွက်သည့် အကျိုးဆောင်ကလည်း၊ ဦးအောင်မြိုင် ကျန်ရစ်ခဲ့သည့် ပစ္စည်း

(၂) အောက်မြန်မာပြည်စီရင်ထုံး၊ အတွဲ ၆ စာ၊ ၁၆၇။

(၃) ရန်ကုန်စီရင်ထုံး၊ အတွဲ ၁၃၊ စာ ၁၆၆။

၁၉၇၁

မောင်ကျော်မြင့် နှင့် မောင်ကျော်ဆင့် (ငယ်ရွယ်သူ) (၎င်း ၏ အုပ်ထိန်းသူ ဒေါ်မြကျင်)။

များမှာ၊ ဒေါ်အေး သေဆုံးပြီးသည့် နောက ပိုင်းမှ ဖြစ်ထွန်းခဲ့သော ပစ္စည်း များ မဟုတ်ပါ၊ ဒေါ်အေး အသက်ရှင်လျက် ရှိစဉ်က ပိုင်ဆိုင်သည့် ပစ္စည်းများမှ တိုးပွါးလာသည့် ပစ္စည်းများ ဖြစ်ပါသည် ဟု တင်ပြ သွားသည်။ မည်သို့ပင် ဖြစ်စေကာမူ၊ မောင်ကျော်မြင့်သည်၊ ဦးအောင်မြိုင်၏ နောက်အိမ်ထောင်တွင် ပါဝင်ခဲ့သူ တဦး ဖြစ်သည်ဟု မယူဆနိုင်သောကြောင့် ဦးအောင်မြိုင်၏ အမွေကို ဆက်ခံ ထိုက်သူ မဟုတ်ကြောင်း ထင်ရှားသည်။ ထို့ကြောင့် မူလရုံး တရားသူကြီး ချမှတ်သည့် စီရင်ချက်နှင့် အမိန့်ဘို့ကို ဝင်ရောက် စွက်ဖက်ရန် အကြောင်း မရှိဟု ကျွန်ုပ်တို့ ယူဆ သဖြင့်၊ ဤ အယူခံကို စရိတ် နှင့် တကွ ပလပ် လိုက်သည်။

ဤရုံး၏ ရှေ့နေခကို ငွေ ကျပ် ၅၁ သတ်မှတ် သည်။

နိုင်ငံတော်တရားရုံးချုပ်

အခွင့်ထူးတရားမအယူခံမှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်၊ တရားသူကြီး ဦးကျော်ဇံဦး နှင့် တရားသူကြီး ဦးသက်ဖေ တို့ရှေ့တွင်

† ၁၉၇၁ ဇွန်လ ၁၅ ရက်။

ဒေါ်ကြည်ကြည် / မစ္စ(စ်)မေရီဝိန် ပါ ၇ } နှင့် { မစ္စ(စ်)မေရီဝိန် ပါ ၉ / ဒေါ်ကြည်ကြည် ပါ ၃ *

၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေ—ဤအက်ဥပဒေ၏ ရည်ရွယ်ချက်— "မယားငယ်" များ ဖြစ်အောင် ပြဋ္ဌာန်းပေးသည် မဟုတ်ခြင်း—မယားကြီး၊ မယားငယ် ခေါ်ဝေါ်သည်ထက် ပထမ မယား၊ ဒုတိယ မယား ဟု ခေါ်ဝေါ် သည်က ပို၍ တိကျ မှန်ကန်မည် ဖြစ်ခြင်း—တရားဝင် မယားသည် မြန်မာ ဓလေ့ ထုံးတမ်း ဥပဒေအရ လင့် အမွေကို ဆက်ခံနိုင်ခွင့် ရှိသည့် တရားဝင် မယား ပြိုင် အဖြစ် ပေးခြင်း—အိမ်ထောင်ရေး ကိစ္စသည် အဓိက အားဖြင့် လူမှုရေး ကိစ္စသာ ဖြစ်ခြင်း—ဓလေ့ ထုံးတမ်း ဥပဒေ သည် ဘာသာရေး ဥပဒေ မဟုတ်။

ဆုံးဖြတ်ချက်။ ။အထူးအက်ဥပဒေက ဗုဒ္ဓဘာသာဝင် အမျိုးသမီးများကို "မယားငယ်" များဖြစ်အောင် ပြဋ္ဌာန်းပေးသည် မဟုတ်၊ ဗုဒ္ဓဘာသာဝင် မဟုတ်သော ယောကျ်ားများ၏ အငယ် အနှောင်းသဖွယ်၊ သို့မဟုတ် ရှေးမွေသတ် အဆို "တော်ပြောင်၊ ကျွန်မ" သဖွယ် နေရသော ဗုဒ္ဓဘာသာဝင် အမျိုးသမီးများအား ယင်းဘဝမှ လွတ်မြောက်၍၊ တရားဝင် မယားအဖြစ်သို့ ရောက်စေအောင်ပို့ဆောင်ပေးခြင်းဖြစ်၏။ယင်းသို့ပို့ဆောင်ရာတွင်အခြားဓလေ့ ထုံးတမ်းဥပဒေများ၊ အခြား ဥပဒေများက၊ မည်သို့ပင် ဆိုစေ၊ ဖော်ပြသည့်နည်း ပေါင်းဖက် နေထိုင်ကြလျှင်၊တရားဝင် ထိမ်းမြားပြီး ဖြစ်သည် ဟု မှတ်ယူရမည်။ အမွေဆက်ခံခွင့် စသည့်အခွင့် အရေးများကိုမြန်မာဓလေ့ ထုံးတမ်း ဥပဒေအရ၊ ရရှိစေရမည် ဟု အထူး ဥပဒေက လွှမ်းခြုံ၍ ပြဋ္ဌာန်း ထားခြင်းဖြစ်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။"မယားငယ်" ဆိုသည့် စကားသည် တိကျ ရှင်းလင်းခြင်း မရှိ၍၊ ယင်းစကားကို အင်္ဂလိပ်လို ပြန်ဆိုသော အခါ (Lesser wife inferior wife) စသည်ဖြင့် ပိုမို ရှုပ်ထွေးစေကာ ရှေးစီရင်ထုံးတို့ ချွတ်ချော်ခဲ့ခြင်း ဖြစ်သည်။ အမှန်မှာ၊ မယား အဖြစ်သို့ တရားဝင်ရောက်သော ဗုဒ္ဓဘာသာဝင်အမျိုးသမီးသည် အခြားတရားဝင်မယားနှင့် မယားပြိုင်အဖြစ် တန်းတူရည်တူ လင့်အမွေကိုခံယူထိုက်သည်။ ယင်းသို့ မယားများကို ပထမ မယား၊ ဒုတိယမယား စသည်ဖြင့် ရည်ညွှန်းခြင်းက ပို၍တိကျမှန်ကန် ပေလိမ့်မည်။ မယားကြီး၊ မယားငယ်ဟု ခေါ်ဝေါ် သည်နှင့်အဆင့်အတန်းကွာခြင်း အခွင့် အရေး ခြားနားခြင်း၊သဘော မှားယွင်းစွာဝင်လာနိုင်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။၁၉၅၄ ခုနှစ်၊ အထူး အက်ဥပဒေသည် ဗုဒ္ဓဘာသာဝင် မိန်းမကို တရားဝင် ထိမ်းမြားပြီးသည့် မယားအဖြစ် အသိအမှတ် ပြု၏။ အခြား တရားဝင် မယားများ ရှိ

* ၁၉၇၀ ခုနှစ်၊ အခွင့်ထူး တရားမ အယူခံမှု အမှတ် ၇၊ ၈။

† ၁၉၆၇ ခုနှစ်၊ တရားမ ပထမ အယူခံမှုအမှတ် ၁၀၄ တွင်၊ နိုင်ငံတော် တရားရုံးချုပ်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

နေလျှင်၊မြန်မာဓလေ့ထုံးတမ်းဥပဒေ အရ၊တန်းတူ ရည်တူလင့်အမွေကိုဆက်ခံနိုင်ခွင့်ရှိသည့်တရားဝင် မယားပြိုင် အဖြစ်ကို ပေး၏။ အထူး ဥပဒေက ပေးသော အခွင့် အရေးကို တရားရုံးချုပ်က နုတ်ပယ်၍ မရ၊ လင်ဖြစ်သူ၏ သေတမ်းစာဖြင့် ဖျက်၍မရ၊ အပြည့် အဝ ခံစားရမည်သာဖြစ်သည်။ — ၁၉၅၁ / ဒေါ်ကြည်ကြည် / မစ္စ(စ်) မေရီဝိန် / ပါ ၇ / နှင့် / မစ္စ(စ်)မေရီဝိန် / ပါ ၉ / ဒေါ်ကြည်ကြည် / ပါ ၃။

ထပ်မံဆုံးဖြတ်ချက်။ ။၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင် မိန်းမများ အထူး ထိမ်းမြားမှုနှင့် အမွေဆက်ခံမှု ဥပဒေသည်လည်း ဘာသာရေး ကိစ္စ မဟုတ်၊ အိမ်ထောင်ရေး၊ လူမှုရေး ကိစ္စ ဖြစ်သည်။ သိမ်မွေ့ မျှတသော မူတို့ကို ဆောင်သော အိမ်ထောင်ရေး ဆိုင်ရာ မြန်မာဓလေ့ ထုံးတမ်း ဥပဒေ၏ အကျိုး သက်ရောက် မှုကို အက်ဥပဒေဖြင့် ကျယ်ပြန့်စေခြင်း ဖြစ်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။မြန်မာ ဓလေ့ ထုံးတမ်း ဥပဒေသည်၊ ဓမ္မသတ်တို့မှ အဓိက အားဖြင့် သက်ဆင်းသည်ဟု ဆိုကြသော်လည်း မြန်မာ့ သမိုင်း၊ ယဉ်ကျေးမှု၊ လူနေမှုတို့မှ အားယူကာ အစဉ် ရှင်သန် ကြီးထွားလျက် ရှိသော ဥပဒေ ဖြစ်ပေသည်။ ထို့ကြောင့် မြန်မာ့ဓလေ့ ထုံးတမ်း ဥပဒေသည်၊ ဓမ္မသတ်ထက်ကြီး၏၊ ကျယ်ဝန်း၏၊ ထို့ပြင် ဗုဒ္ဓဘာသာ ဓမ္မသတ်ဟု ခေါ်ဝေါ်ခြင်း သည်လည်း မှားယွင်း ပေသည်။ မြန်မာ အိမ်ထောင်ရေး ကိစ္စတို့နှင့် သက်ဆိုင်သော ဓလေ့ ထုံးတမ်း ဥပဒေသည် ဘာသာရေး ဥပဒေ မဟုတ်ချေ။

ဒေါ်လှအုန်း နှင့် မညွန့်၊ ၁၉၃၇ ခုနှစ်၊ ရန်ကုန် စီရင်ထုံးများ၊ ၄၁၀။ **မသိန်းရင် နှင့် မောင်သာဒွန်း** Vol. 2, Rgn. 62 နှင့် *Law and Custom in Burma and the Burmese Family* by Dr. Maung Maung, The Hague, 1963။ ဦးမြစိန် ရေး၊ မြန်မာ ဓလေ့ ထုံးတမ်း ဥပဒေ တို့ကို ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။တရားရုံးချုပ် ရှေ့နေများ ဦးမောင်မောင် နှင့် ဒေါ်ခင်လေး။

အယူခံတရားခံအတွက်။ ။တရားရုံးချုပ်ရှေ့နေများဦးကျော်မြင့် နှင့် ဦးသန်းမောင်။

[illegible]။ ။တရားရုံးချုပ်ရှေ့နေ ဒေါက်တာ မောင် နှင့် လက်ထောက် နိုင်ငံတော်ရှေ့နေချုပ် ဦးလှသင်း။

[illegible]ကြီးချုပ် ဒေါက်တာ မောင်မောင်။ ။ဒေါ်ကြည်ကြည် ကမိမိသည် [illegible] **တရားဝင်** မယားတယောက် ဖြစ်ခဲ့ပါသောကြောင့် ဦးထင်ဝိန် ကွယ်လွန် [illegible] **[illegible]ချန်ခဲ့သော**အမွေပုံကို ဦးထင်ဝိန်၏ ပထမ မယား မစ္စ(စ်)မေရီဝိန်နှင့် **အချိုး[illegible] ဆိုင်ပါ**သည်ဟု ရန်ကုန်မြို့၊ တရားမ ရုံးတွင်တရားစွဲဆိုခဲ့လေသည်။ ဦးထင်ဝိန်နှင့် မစ္စ(စ်) မေရီဝိန်တို့သည်၊ခရစ်ယာန်ဘာသာကိုကိုးကွယ်ကြသောမြန်မာ လူမျိုးများ [illegible] **ဒေါ်ကြည်**ကြည် သည် မြန်မာ ဗုဒ္ဓဘာသာတဦးဖြစ်သည်။

မစ္စ(စ်)**မေရီဝိန်[illegible] အမှုတွင်** ခုခံ ချေပရာ၌၊ ၎င်းနှင့် ဦးထင်ဝိန် တို့သည်၊ ခရစ်ယာန်လက်**ထပ်[illegible]ခြင်းအက်**ဥပဒေ(Christian Marriages Act)အရ ထိမ်းမြားခဲ့ခြင်း **ဖြစ်ပါသည်။ ထင်းဥပဒေ** အရ၊ တလင် တမယားသာရှိရသဖြင့် ဦးထင်ဝိန် သည် ဒေါ်**ကြည်ကြည် ကို တရားဝင်** မယားအဖြစ်ထိမ်းမြားခြင်းမပြုနိုင်ပါ၊ ဒေါ်ကြည်ကြည်သည်၊အမွေ**ရနိုင်သောတရားဝင်မ**ယားမဟုတ်ခဲ့ပါဟု မြွက်ဆိုကြသည်။

၁၉၇၁
ဒေါ်ကြည်ကြည်
မစ္စ(စ်) မေရီဝိန်
ပါ ၇
နှင့်
မစ္စ(စ်) မေရီဝိန်
ပါ ၉
ဒေါ်ကြည်ကြည်
ပါ ၃။

မူလ ရုံးက ကောက်ချက် အရပ်ရပ် ထုတ်နုတ် စစ်ဆေး၍၊ ဦးထင်ဝိန် နှင့် ဒေါ်ကြည်ကြည်တို့သည်၊ မြန်မာဗလေ့ ထုံးတမ်း ဥပဒေအရ၊ လင်မယား အရာ မြောက်စေမည့်ပေါင်းဖက်နေထိုင်မှုမျိုးဖြင့်နေထိုင်ခဲ့ကြောင်းထင်ရှားသည်၊ထို့ကြောင့် ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားမှု နှင့် အမွေဆက်ခံမှု အက်ဥပဒေပုဒ်မ ၂၀ အရ၊ တရားဝင်လင်မယားအရာ မြောက်ခဲ့သည်၊ ထို့ကြောင့် ဦးထင်ဝိန် ရေးသားခဲ့သော သေတမ်းစာ ပျက်ပြယ်၍၊ ၎င်း၏ အမွေပုံကို ဒေါ်ကြည်ကြည်ပါ၊ တရားဝင်မယားတဦးအနေဖြင့် ခွဲဝေ ရထိုက်သည်ဟုဒီကရီ ချမှတ် ခဲ့သည်။

မစ္စ(စ်)မေရီဝိန်တို့က ဤရုံးသို့ အယူခံဝင်ရာ၊ အယူခံကိုကြားနာသော တဦးထိုင် တရားသူကြီးက၊ ဦးထင်ဝိန် နှင့် ဒေါ်ကြည်ကြည်တို့သည် လင်မယား အဖြစ် အတူ တကွ ပေါင်းသင်း နေထိုင် ခဲ့ကြောင်းကို အထင် အရှားတွေ့၏။ ယင်းသို့ ပေါင်းသင်းခြင်းသည် အထက်တွင် ရည်ညွှန်းထားသော အက်ဥပဒေတွင် အကျုံးဝင်သော ပေါင်းသင်းခြင်း ဖြစ်သည်ဟူ၍လည်း တွေ့ရှိ၏။ သို့ရာတွင် ဒေါ်ကြည်ကြည်သည် "မယားငယ်"အဆင့်သာ ရှိခဲ့သည်။ အမွေပုံကို စုံစမ်း စေပြီးနောက် ဒေါ်ကြည်ကြည်က ၅ ပုံ ၂ ပုံ၊ မစ္စ(စ်)မေရီဝိန်က ၅ ပုံ ၃ ပုံ ရထိုက်သည်ဟု ဆုံးဖြတ်ခဲ့သည်။

ထို ဆုံးဖြတ်ချက်မှ၊ဒေါ်ကြည်ကြည်ကလည်းကောင်း၊မစ္စ(စ်)မေရီဝိန်တို့ကလည်းကောင်း၊ အခွင့်ထူး တောင်းခံ၍၊ အယူခံ တက်လာကြသည်။ ဒေါ်ကြည်ကြည်က ၎င်းအား၊ "မယားငယ်"ဟု သဘ်မှတ် သည်ကို မကျေနပ်၊ မစ္စ(စ်)မေရီဝိန်တို့က ဒေါ်ကြည်ကြည် သည် အမွေ ရထိုက်သည်ဟု ဆုံးဖြတ်သည်ကိုပင် မကျေနပ်။

ဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားမှု နှင့် အမွေဆက်ခံမှု အက်ဥပဒေကို အများ ပြည်သူသိကျွမ်းခြင်း၊ သုံးစွဲခြင်း၊ ယင်းဥပဒေနှင့်ပတ်သက်၍၊ စီရင်ထုံး ပြုတားခြင်း နည်းပါးသေးသည် ဖြစ်၍၊ စုံညီခုံဖြင့် နိုင်ငံတော် ရှေ့နေချုပ်နှင့် မြန်မာဓလေ့ ထုံးတမ်း ဥပဒေ ကျမ်းပြု ပါရဂူ ဒေါက်တာ မောင်တို့အား၊ ရုံးသဟာယ အဖြစ် ဖိတ်ကြားပြီးနောက် အခွင့်ထူး အယူခံများကို ကြားနာ ခဲ့ကြခြင်း ဖြစ်သည်။ နှစ်ဖက် အပြိုင်တင်သော အယူခံများတွင် ပြဿနာများ ထပ်တူ ဖြစ်ကြ၍၊ တပေါင်းတည်း ကြားနာကာ၊ ဤစီရင်ချက် တရပ်တည်းဖြင့် ဆုံးဖြတ်သည်။

ဒေါ်ကြည်ကြည်၏ ရှေ့နေကြီး ဦးမောင်မောင်က၊ အထူး ဥပဒေ တရပ် ပြဋ္ဌာန်း ခဲ့ခြင်း၏ ရည်ရွယ်ချက်သည်၊ ဗုဒ္ဓဘာသာဝင် မဟုတ်သည့် ယောကျာ်းနှင့် ပေါင်း ဖက် နေထိုင်သော ဗုဒ္ဓဘာသာဝင် မိန်းမများ၏ အခွင့်အရေးများကို ကာကွယ် စောင့်ရှောက်ပေးရန်ဖြစ်ပါသည်။ မူလရုံးနှင့် ပထမ အယူခံရုံးတို့က ဒေါ်ကြည်ကြည် သည် ယင်းအထူး ဥပဒေ အရ၊ ဦးထင်ဝိန်၏ မယား ဖြစ်သည်ဟု တထပ်တည်း ဆုံးဖြတ်ခဲ့ကြပါလျက်၊ ပထမ အယူခံကိုဆုံးဖြတ်သောတရားသူကြီး က တဆင့်တက်၍၊

၁၉၇၁
ဒေါ်ကြည်ကြည်
မစ္စ(စ်) မေရီဝိန် ပါ ၇ နှင့် မစ္စ(စ်) မေရီဝိန် ပါ ၉
ဒေါ်ကြည်ကြည် ပါ ၁၃။

မယားဖြစ်စေကာမူ၊ မယားငယ်သာဖြစ်သည်ဟု ဆုံးဖြတ်ခြင်းသည်၊ အထူး ဥပဒေဖြင့် ပေးသောအခွင့်အရေးမှ ထုတ်နုတ်ရာ အထူး ဥပဒေ၏ ရည်ရွယ်ချက်ကို ဆန့်ကျင်ရာ ရောက်ပါသည်။ ထို့ကြောင့်မှားယွင်းပါသည်ဟုတင်ပြသည်။ ဒေါ်ကြည်ကြည် သည် ဦးထင်ဝိန် နှင့် တအိုး တအိမ် ထူ၍၊ အထင်အရှား လင်မယားအဖြစ် နေထိုင် သွားလာခြင်း၊ မိဘ်ကောင်းဆွေကောင်းများကိုဧည့်ခံခြင်း၊ ဦးထင်ဝိန် က ၎င်းတို့ အဘူနေရာအိမ်နှင့်အိမ် ရှိတယ်လီဖုန်းတို့ကို ၎င်း၏လုပ်ငန်းနှင့် ပတ်သက်သော လိပ်စာ တယ်လီဖုန်းအဖြစ်သုံးခြင်း၊ ဦးထင်ဝိန် နောက်ဆုံး မမာမကျန်း ဖြစ်စဉ်ကလည်း ဒေါ်ကြည်ကြည်ကပင် ဆေးရုံတင်ပြုစုခြင်း၊ စသည့် ထင်ရှား ခိုင်လုံသောအထောက် အထားများ ရှိသဖြင့်၊ မူလရုံးနှင့် ပထမ အယူခံ ရုံးတို့က ဒေါ်ကြည်ကြည် သည် မယားဖြစ်သည်ဟု အကြောင်းချင်းရာအားဖြင့် တသဘောတည်း ဆုံးဖြတ်ထားခြင်း သည် မှန်ကန် ပါသည် ဟုလည်း ဦးမောင်မောင် က တင်ပြသည်။

မစ္စ (စ်) မေရီဝိန်၏ရှေ့နေကြီးဦးကျော်မြင့်က၊ဦးထင်ဝိန်သည်၊ ဒေါ်ကြည်ကြည်နှင့် အတူနေခဲ့သည်ကို မငြင်း၊သို့ရာတွင်၊ ဒေါ်ကြည်ကြည် အား၊ ဦးထင်ဝိန် က မယား အဖြစ် အသိ အမှတ် ပြုခဲ့ပါလျှင် ဒေါ်ကြည်ကြည် အား၊ ထိုက်သင့်သောအမွေကို ပေးရန် သေတမ်းစာတွင် ရေးသား ခဲ့မည်ဖြစ်ပါသည်။ ဒေါ်ကြည်ကြည် အား ရန်ကုန်မြို့တွင် တိုက်ခန်း ငှယ်၍ ထားပါသည်။ ဦးထင်ဝိန်တွင် တိုက်တာ အိမ်ခြေ ရှိပါလျက်၊ မယားနှင့် ထိုက်သော နေရာတွင် ဒေါ်ကြည်ကြည်ကိုမထားပါ။ မော်တော် ကား တစီးကိုပင် ဒေါ်ကြည်ကြည်အားရောင်းချလိုက်သေးသည်ဟုအထောက်အထား ရှိပါသည်။မယားသာဆိုလျှင်ကားကိုမရောင်းပဲပေးဖို့ရှိပါသည်။ထို့ကြောင့်အကြောင်း ချင်းရာ အရ၊ ဒေါ်ကြည်ကြည်သည် မယားမဟုတ် အပျော်ထားသည့် မိန်းမ (mistress) မျှသာ ဖြစ်ပါသည်။ ၁၉၅၄ ခုနှစ်၊ အက်ဥပဒေသည် ဗုဒ္ဓဘာသာဝင် [illegible] နှင့် ပေါင်းဖက်၍ နေထိုင်သော ဟိန္ဒူ၊ အစ္စလမ် ဘာသာဝင်ယောကျ်ားများနှင့် [illegible] အကျိုးဆိုင်ရန်မူလအဓိကရည်ရွယ်ခဲ့ပါသည်။ ခရစ်ယာန်ယောကျ်ားများကို ဥပဒေ [illegible] ထည့်သွင်း စဉ်းစားခဲ့ဟန် မတူပါ ဟု ဦးကျော်မြင့်က တင်ပြသည်။

[illegible] မောင်က မယားကြီး၊ မယားငယ် ခွဲခြားခြင်းသည် မြန်မာ့ ဓလေ့ ထုံးတမ်း [illegible] နှင့် မညီပါ။ ရှေး ဓမ္မသတ်ပါ၊ စကားရပ် အချို့ကို အင်္ဂလိပ်လို ပြန်ဆိုရာတွင် [illegible] ခဲ့သဖြင့်၊ အတွေးအခေါ် ရှုပ်ထွေးခဲ့ခြင်း ဖြစ်ပါသည်။ ဓမ္မသတ် တို့တွင်၊ [illegible] အောင်ပြောင်၊ (သို့မဟုတ် အပြောင်)၊ ကျွန်မ စသည်ဖြင့် ပါသော်လည်း [illegible] သောက်သော မိန်းမသည်၊ မယားပြိုင်သာ ဖြစ်ပါသည်။ တန်းတူ ရည်ဘူ [illegible] အကျိုးခံစိုင်ခွင့် ရှိပါသည်၊ ယင်းမယားတို့ကို ပထမ မယား၊ ဒုတိယ မယား စသည်ဖြင့် [illegible] ခေါ်ခြင်းက၊ မယားကြီး၊ မယားငယ်ဟု ခေါ်ဝေါ်

၁၉၇၁
ဒေါ်ကြည်ကြည်
မစ္စ(စ်) မေရီဝိန်
ပါ ၇
နှင့်
မစ္စ(စ်)မေရီဝိန်
ပါ ၉
ဒေါ်ကြည်ကြည်
ပါ ၃။

ခြင်းထက် တိကျ ရှင်းလင်းပါသည်။ ၁၉၅၄ ခုနှစ်၊ အက်ဥပဒေသည်၊ ဗုဒ္ဓဘာသာဝင် မိန်းမနှင့်ပေါင်းဖက်နေထိုင်သော ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားဟူသမျှနှင့် သက်ဆိုင်ပါသည်။ ခရစ်ယာန် ဘာသာဝင် ယောကျ်ားလည်း ပါဝင်ပါသည်။ ခြွင်းချက် မရှိပါ။ ယင်းဥပဒေတွင် ခေါ်ဝေါ် သုံးစွဲမှုကို တိကျ ပြည့်စုံခြင်း မရှိသည် တွေ့ရပါသည်။ ပုဒ်မ ၂၄ တွင် "ဗုဒ္ဓဘာ၁-၁ ဓမ္မသတ် အတိုင်း ဆုံးဖြတ်ရမည်" ပုဒ်မ ၂၅(၁)တွင်"ဗုဒ္ဓဘာသာ ဓမ္မသတ်၏ပြဋ္ဌာန်းချက်များသည် - - -"စသည်ဖြင့် သုံးစွဲထားပါသည်။ အမှန်မှာ ဗုဒ္ဓဘာသာဝင်တို့၏။ အိမ်ထောင်ရေး ကိစ္စတို့နှင့် သက်ဆိုင်သော မြန်မာ့ဓလေ့ ထုံးတမ်း ဥပဒေသည် ဓမ္မသတ်များချည်းသာ မဟုတ်ပါ။ ဓမ္မသတ်ဘို့မှညီညွတ်သော အနှစ်သာရ တို့ကို ထုတ်နုတ်၍၊ ခေတ်နှင့် အညီစီရင်ထုံးပြုခြင်း၊ ပြုပြင် ကျင့်သုံးခြင်းဖြင့် အမြဲတိုးတက်လျက် ရှိသော ထုံးတမ်း ဓလေ့ ဥပဒေ ဖြစ်ပါသည်၊ စသည်ဖြင့် အကျယ် တဝင့် ကျမ်းကိုးဖြင့် တင်ပြသည်။

လက်ထောက် နိုင်ငံတော် ရှေ့နေချုပ် ဦးလှသင်းက၊ ၁၉၅၄ ခုနှစ် အက်ဥပဒေသည်၊ ဗုဒ္ဓဘာသာဝင် အမျိုးသမီးတို့၏ အိမ်ထောင်ရေး ရပိုင်ခွင့်တို့ကို ကာကွယ်စောင့်ရှောက်ရန် အထူး ပြဋ္ဌာန်း ရသော ဥပဒေ ဖြစ်ပါသည်။ ယင်း ဥပဒေတွင် အတိအလင်း ပါရှိသည့် အတိုင်း၊ ယင်းဥပဒေတွင် အကျုံးဝင်သော ထိမ်းမြားခြင်းတို့သည်၊ အခြား ဥပဒေများ၊ ဓလေ့ ထုံးတမ်း များကို လွှမ်းမိုး ပါသည်။ ယင်းသို့ လွှမ်းမိုးခြင်းသာ မရှိခဲ့ပါမူ၊ ခရစ်ယာန် ဘာသာဝင် ဦးထင်ဝိန် သည်၊ ဒေါ်ကြည်ကြည်အား၊ တရားဝင် ထိမ်းမြား နိုင်မည် မဟုတ်ပါ။ မယား လက်ရှိနှင့် ဥပဒေ အရ၊ အတည် မဖြစ်နိုင်သော ထိမ်းမြားခြင်းကို ပြုလျှင် ရာဇသတ် ပုဒ်မ ၄၉၄ အရ၊ ပြစ်မှု ကျူးလွန်ရာပင် ရောက်ပါသည်။ သို့ရာတွင် ၁၉၅၄ ခုနှစ်၊ အက်ဥပဒေက၊ တည်ဆဲ ဥပဒေ ဓလေ့ထုံး တမ်းတို့ကို လွှမ်းမိုးသဖြင့်၊ ခရစ်ယာန် ဘာသာဝင် ဦးထင်ဝိန် နှင့် ဗုဒ္ဓဘာသာဝင် ဒေါ်ကြည်ကြည်တို့ ပေါင်းသင်း နေထိုင်ခြင်းသည်၊ ၎င်းတို့အား တရားဝင် ထိမ်းမြားထားသည့် လင်မယား ဖြစ်စေ ပါသည်။ ထိမ်းမြားခြင်း တရား ဝင်သဖြင့် ဦးထင်ဝိန်အား၊ ပြစ်မှုမမြောက်ပါ၊ အထူး ဥပဒေဖြင့်ဖန်တီးလိုက်သောလင်မယားဘဝ ဖြစ်သဖြင့် မယားကြီး၊မယားငယ်ဟု အဆင့် အတန်းခွဲ၍မရပါ။ မယား၏အခွင့် အရေး အပြည့်အဝကို ဒေါ်ကြည်ကြည်ရရန်ဖြစ်ပါသည်။ အထူး အက်ဥပဒေသည်၊ခရစ်ယာန် ဘာသာဝင်ယောကျ်ားများကို ခြွင်းချက် မပြုပါ၊ ဟု ဦးလှသင်းကတင်ပြ သည်။

ဗုဒ္ဓဘာသာဝင် မဟုတ်သော ယောကျ်ားများနှင့် ပေါင်းဖက် နေထိုင်ကြသော ဗုဒ္ဓဘာသာဝင် မိန်းမများ၏ ရသင့် ရထိုက်သော အခွင့် အရေးများကို ကာကွယ် စောင့်ရှောက်နိုင်ရန် အတွက်၊ ၁၉၅၄ ခုနှစ် တွင် မှသာ အထူး အက်ဥပဒေ ပြဋ္ဌာန်း ခဲ့သည် မဟုတ်၊ ၁၉၃၉ ခုနှစ် ကတည်းကပင်၊ အထူး အက်ဥပဒေ ပြုလုပ်ခဲ့ရသည်။

(Buddhist Womens Special Marriage and Succession Act of 1939)။ ယခင်ဥပဒေ မပြည့် စုံ၍၊ ၁၉၅၄ ခုနှစ်၊ အက်ဥပဒေကြမ်းကို ရေးဆွဲခဲ့ရာတွင် ဥပဒေကြမ်းစိစစ်ရေးပါလီမန် ကော်မီတီက အောက်ပါကဲ့သို့ ပါလီမန်သို့ တင်ပြ ခဲ့လေသည်။

၁၉၇၁ — ဒေါ်ကြည်ကြည် / မစ္စ(စ်)မေရီဝိန် ပါ ၇ နှင့် မစ္စ(စ်)မေရီဝိန် ပါ ၉ / ဒေါ်ကြည်ကြည် ပါ ၃။

"၁၉၃၉ ခုနှစ်၊ ဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားမှု နှင့် အမွေဆက်ခံမှု အက်ဥပဒေ၏ ရည်ရွယ်ချက်မှာ၊ ဗုဒ္ဓဘာသာဝင် မဟုတ်သည့် ယောကျ်ားနှင့် အိမ်ထောင် ပြုကြသည့် ဗုဒ္ဓဘာသာဝင် မိန်းမ အတွက်၊ လင်မယား ကွာရှင်းရေး၊ ပစ္စည်း ခွဲဝေရေး၊ သားသမီး ထိန်းသိမ်းရေး နှင့် အမွေ ဆက်ခံရေး စသည့် လူမှုရေးရာ အရေးများတွင် တရားမျှတသည့် အခွင့် အရေးများ ပေးရန် ရည်ရွယ်ချက်ပင် ဖြစ်လေသည်။ သို့သော်အဆိုပါ အက်ဥပဒေ၏ ရည်ရွယ်ချက်ကောင်းပင်ကောင်းငြားသော်လည်း၊ ဥပဒေ အချက် အလက်များ ပြည့်စုံခြင်း မရှိ သဖြင့် ဗုဒ္ဓဘာသာဝင် မိန်းမဘို့မှာ အက်ဥပဒေ၏ အကျိုးအာနိသင်ကို ခံစားခွင့် မရရှိခဲ့ကြပေ။" (၁)

ဤအမှုနှင့် ဆီလျော်သော ယင်းဥပဒေ ပုဒ်မတို့သည် အောက်ပါတို့ဖြစ်သည်။

၄။ ။အခြား တည်ဆဲ တရားဥပဒေများတွင် သော်၎င်း၊ တရားဥပဒေကဲ့သို့ အာဏာရှိသော ဓလေ့ ထုံးစံများတွင် သော်၎င်း၊ မည်သို့ပင် ဆန့်ကျင်လျက် ပါရှိစေကာမူ၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များသည်၊ ဗုဒ္ဓဘာသာဝင် မိန်းမနှင့် ထိုမိန်းမ၏ ဗုဒ္ဓဘာသာဝင် မဟုတ်သော လင်ယောကျ်ားတိုင်းအပေါ်၌ အာဏာ သက်ရောက်ရမည်။

* * * * * *

၂၀။ ။(၁)ဗုဒ္ဓဘာသာဝင် မဟုတ်သည့် ယောကျ်ားတဦးနှင့် ဗုဒ္ဓဘာသာဝင် **မိန်းမတဦး**တို့ ပေါင်းဖက်နေထိုင် ပြုမူကြပုံသည် အကယ်၍ ထိုသူနှစ်ဦးလုံး ဗုဒ္ဓ**ဘာသာဝင်**မြန်မာလူမျိုးချည်းဖြစ်ခဲ့သော်၊ ဗုဒ္ဓဘာသာ ဓမ္မသတ်အရ၊ လင်မယား **အရာမြောက်မည့်** ပေါင်းဖက် နေထိုင် ပြုမူကြပုံမျိုးဖြစ်လျှင်၊ ထိုသူတို့သည်၊ **ထိုသို့ ပေါင်းဖက်စ**ကပင် ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူရမည့်ပြင်၊ ထိုသူတို့သည် **ဤအက်ဥပဒေအရ၊** ထိမ်းမြားခဲ့ကြသည်ဟုလည်း မှတ်ယူရမည်။

* * * * * *

၂၅။ ။**(၁) လင်မယား** ကွာရှင်းမှု ကိစ္စ၊ ပစ္စည်း ခွဲဝေမှု ကိစ္စ၊ သားသမီး ထိန်းသိမ်းမှု**ကိစ္စဘို့ဆိုင်ရာ** ဗုဒ္ဓဘာသာဓမ္မသတ်၏ ပြဋ္ဌာန်းချက်များသည်၊ ဤအက်ဥပဒေအရ၊ **ထိမ်းမြားကြသူတို့** အပေါ်သို့၊ သို့တည်း မဟုတ် ထိမ်းမြားခဲ့ကြသည်ဟု

(၁) ၁၉၅၄ ခုနှစ်၊ **ဖေဖေါ်ဝါရီလ ၂၇ ရက် နေ့စွဲပါ** မြန်မာ နိုင်ငံ ပြန်တမ်း၊ ပြည်သူ့လွှတ်တော် ညီလာခံ မှတ်တမ်း စာတွဲ ၄၊ **အစည်းအဝေး ၃၁၊** စာ ၂၅၆၇။

၁၉၇၁
ဒေါ်ကြည်ကြည်
မစ္စ(စ်) မေရီဝိန်
ပါ ၇
နှင့်
မစ္စ(စ်)မေရီဝိန်
ပါ ၉
ဒေါ်ကြည်ကြည်
ပါ ၃။

မှတ်ယူခြင်းခံရသူတို့ အပေါ်သို့၊ ထိုသူတို့သည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးချည်း ဖြစ်ဘိသကဲ့သို့ အဓိပ္ပာယ် သက်ရောက်ရမည်။

*　　*　　*　　*　　*　　*

၂၆။ ။ဤအက်ဥပဒေအရ၊ ထိမ်းမြားကြသူတို့၏၊ သို့တည်းမဟုတ် ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူခြင်းခံရသူတို့၏အမွေဆက်ခံမှုနှင့် စပ်လျဉ်းသည့်ကိစ္စအားလုံးကို ထိုသူတို့နှင့် ထိုသူတို့၏ မိသားစု အားလုံးသည် ဗုဒ္ဓဘာသာဝင် မြန်မာ လူမျိုးချည်းဖြစ်ဘိသကဲ့သို့၊ ဗုဒ္ဓဘာသာ ဓမ္မသတ် အတိုင်း ဆုံးဖြတ်ရမည်။

ဤအမှုတွင် ဒေါ်ကြည်ကြည်သည်၊ ပုဒ်မ ၂၀ (၁) ပါပြဋ္ဌာန်းချက်နှင့်အညီ ဦးထင်ဝိန်နှင့် ပေါင်းဖက်နေထိုင်ခဲ့သည်ဟု၊ မူလရုံးနှင့် ပထမ**အယူခံ**ရုံးတို့က တသဘောတည်း တွေ့ရှိပြီး၍၊ ၎င်းတို့ ၂ ဦးသည်၊ အထူး ဥပဒေအ**ရ၊** **ထိမ်းမြားခဲ့**ကြသည်ဟု မှတ်ယူရန်သာ ရှိသည်။ တနည်းဆိုသော် ၎င်းတို့အား **ဥပဒေ** အာနိသင်ဖြင့် (by operation of law) ထိမ်းမြားပြီးသောတရားဝင်**လင်မယားအဖြစ်**သို့ပို့ဆောင်ခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ၎င်းတို့၏ အမွေဆက်ခံမှု**ကို မြန်မာ** ဓလေ့ ထုံးတမ်း ဥပဒေအရသာ ဆုံးဖြတ်ရန် ဖြစ်လာတော့သည်။

ဤနေရာတွင်ပထမ အယူခံကို ဆုံးဖြတ်ခဲ့သောဤရုံး**တရားသူ**ကြီးသည်အက်ဥပဒေက အတိအလင်း ပြဋ္ဌာန်းထားခြင်းကို ကျော်၍ ရှေး **စီရင်ထုံး** အချို့ကို ကြည့်မိကာ၊ ဒေါ်ကြည်ကြည်သည် "မယားငယ်" မျှသာ **ဖြစ်ရမည်ဟု** ဆုံးဖြတ်ခဲ့ခြင်းဖြင့်၊ အထူး အက် ဥပဒေ၏ ရည်ရွယ်ချက် စေတနာကို **မျက်ခြေပြတ်ခဲ့**လေသည်။ အထူး အက်ဥပဒေက ဗုဒ္ဓဘာသာဝင် အမျိုးသမီးများကို **"မယားငယ်"** များဖြစ်အောင် ပြဋ္ဌာန်းပေးသည် မဟုတ်။ ဗုဒ္ဓဘာသာဝင် မဟုတ်**သော ယောကျ်ား**များ၏ အငယ်အနှောင်းသဖွယ် သို့မဟုတ် ရှေးဓမ္မသတ်အဆို **"တော်ပြောင်၊** ကျွန်မ" သဖွယ်၊ နေရသော ဗုဒ္ဓဘာသာဝင် အမျိုးသမီးများအား **ယင်းဘဝမှ** လွတ်မြောက်၍ တရားဝင် မယား အဖြစ်သို့ ရောက်စေအောင် ပို့ဆောင်**ပေးခြင်း** ဖြစ်၏။ ယင်းသို့ ပို့ဆောင်ရာတွင် အခြား ဓလေ့ထုံးတမ်း ဥပဒေများ၊ **အခြား** ဥပဒေများက၊ မည်သို့ပင်ဆိုစေ၊ ဖေါ်ပြသည့်နည်းပေါင်းဖက်နေထိုင်ကြလျှင်၊တရားဝင် ထိမ်းမြားပြီး ဖြစ်သည်ဟုမှတ်ယူရမည်၊ အမွေဆက်ခံခွင့် စသည့် အခွင့်အရေးများကိုမြန်မာ ဓလေ့ထုံးတမ်းဥပဒေအ**ရ၊** ရရှိစေရမည်ဟု အထူး ဥပဒေက လွှမ်းခြုံ၍ ပြဋ္ဌာန်းထားခြင်းဖြစ်သည်။)

အထူး အက်ဥပဒေပုဒ်မ ၂၀ (၁)တွင် "လင်မယားအရာမြောက်မည့် **ပေါင်းဖက်** နေထိုင်ခြင်း" ရှိလျှင်၊ ယင်း ဥပဒေအရ၊ ထိမ်းမြားခဲ့ကြသည်**ဟု** မှတ်**ယူရမည်ဆို**သည်။ "လင်မယား" ဆိုသော စကားရပ်၊ "ထိမ်းမြား" ဆိုသော **စကားရပ်**တို့သည်၊ "မယားငယ်" ဘဝနှင့် အပ်စပ်သည်မဟုတ်။ ပုဒ်မ ၁၅ **တွင် မှတ်ပုံတင်**

အရာရှိရှေ့၌ ထိမ်းမြားကြပုံကို သတ်မှတ်ရာ၌၊ "ကျွန်ုပ်တို့သည်၊တရားဝင်လင်မယားအဖြစ် ပေါင်းဖက်ပါမည်"ဟု ပြောဆိုရမည် ဆိုထားသည်။ တရားဝင် မယားသည် "မယားငယ်" မဟုတ်နိုင်ချေ။ "မယားငယ်" ကိုထိမ်းမြားသည်ဟု ဆိုလေ့မရှိ။

၁၉၇၁

ဒေါ်ကြည်ကြည်

မစ္စ(စ်) မေရီဝိန် ပါ ၇ နှင့် မစ္စ(ဇ်) မေရီဝိန် ပါ ၉

ဒေါ်ကြည်ကြည် ပါ ၃။

၁၉၃၉ ခုနှစ်၊ ဥပဒေကို အင်္ဂလိပ်လို ပြဋ္ဌာန်းထားရာ၌လည်း ထိမ်းမြားသည် (marry)ဟု လည်းကောင်း၊ တရားဝင် မယား၊ သို့မဟုတ် လင်(Lawful wife or husband) ဟု လည်းကောင်း ခေါ်ဝေါ်သုံးစွဲထားသည်။

"မယားငယ်" ဆိုသည့် စကားသည် တိကျရှင်းလင်းခြင်း မရှိ၍၊ ယင်းစကားကို အင်္ဂလိပ်လို ပြန်ဆိုသောအခါ (Lesser wife, inferior wife) စသည်ဖြင့် ပိုမို ရှုပ်ထွေးစေကာ၊ ရှေး စီရင်ထုံးတို့ ချတ်ချော်ခဲ့ခြင်းဖြစ်သည်။ အမှန်မှာ၊ မယားအဖြစ်သို့ တရားဝင်ရောက်သော ဗုဒ္ဓဘာသာဝင် အမျိုးသမီးသည်၊ အခြား တရားဝင် မယားနှင့် မယားပြိုင်အဖြစ် တန်းတူ ရည်တူ လင့်အမွေကို ခံယူထိုက်သည်။ ယင်းသို့ မယားများကို ပထမ မယား၊ ဒုတိယ မယား စသည်ဖြင့် ရည်ညွှန်းခြင်းက ပို၍ တိကျ မှန်ကန်ပေလိမ့်မည်။ မယားကြီး၊ မယားငယ်ဟု ခေါ်ဝေါ်သည်နှင့် အဆင့်အတန်းကွာခြင်း၊ အခွင့် အရေး ခြားနားခြင်း သဘော မှားယွင်းစွာ ဝင်လာနိုင်သည်။

ဒေါ်လှအုန်း နှင့် မညွန့် (၂) တွင် မယားပြိုင် ၂ ယောက်၏ အမွေဆက်ခံမှုကို ရှင်းလင်းစွာ ဖေါ်ပြထားသည်။ စော၍ ထိမ်းမြားသော မယား၊ နောက်မှ ထိမ်းမြားသော မယားဟူ၍ အချိန်အားဖြင့် ခြားနားစေကာမူ၊ ဒုတိယ မယားသည် မယားငယ် (Lesser wife, junior wife) မဟုတ်၊ ဟူ၍ ရှင်းလင်းပြထားသည်။

အထက်ဖေါ်ပြပါ စီရင်ထုံးထက် စောသော **မသိန်းရင် နှင့် မောင်သာဒွန်း** (၃) **စီရင်ထုံးတွင်လည်း** မြန်မာ ဓလေ့ထုံးတမ်း ဥပဒေ အရ၊ ယောကျ်ား တယောက်သည် **မယား** ၂ ယောက်၊ သို့မဟုတ်ထို့ထက်ပို၍ထိမ်းမြားယူနိုင်သည်။ လင်မယားတို့သည်လင် **နှင့်အတူ**နေသူ၊ မနေသူမခွဲ၊ လင့်အမွေကို တန်းတူဆက်ခံကြသည်ဟု ညွှန်ပြထားသည်။

၁၉၅၄ ခုနှစ်၊ အထူး အက် ဥပဒေသည် ဗုဒ္ဓဘာသာဝင် မိန်းမကို တရားဝင် **ထိမ်းမြားပြီးသည့်**မယား အဖြစ် အသိအမှတ်ပြု၏။ အခြား တရားဝင် မယားများ **ရှိနေလျှင်၊ မြန်မာ**ဓလေ့ထုံးတမ်း ဥပဒေအရ၊ တန်းတူရည်တူ လင့်အမွေကို ဆက်ခံနိုင် ခွင့်**ရှိသည့် တရားဝင်** မယားပြိုင် အဖြစ်ကို ပေး၏။ အထူး ဥပဒေက ပေးသော အခွင့်**အရေးကို တရားရုံး**က နုတ်ပယ်၍ မရ၊ လင်ဖြစ်သူ၏ သေတမ်းစာဖြင့် ဖျက်၍ မရ၊ အပြည့်**အဝခံစားရ**မည်သာ ဖြစ်သည်။

မူလမှုတွင် **ဒေါ်ကြည်ကြည်**က မိမိသည် မယားပြိုင် (Co-wife)ဖြစ်၍၊ မစ္စ(စ်) မေရီဝိန်နှင့်တန်းတူ **ဦးသင်ဝိန်၏** အမွေကို ခံစားခွင့်ရှိကြောင်းစွဲဆိုခဲ့ခြင်းဖြစ်သည်။

---

(၂) ၁၉၃၇ ခုနှစ်၊ **ရန်ကုန်စီရင်ထုံးများ ၄၁၀။** (၃) Vol. 2. Rgn. 62.

၁၉၇၁
ဒေါ်ကြည်ကြည်
မစ္စ(စ်) မေရီဝိန်
ပါ ၇
နှင့်
မစ္စ(စ်)မေရီဝိန်
ပါ ၉
ဒေါ်ကြည်ကြည်
ပါ ၃။

မစ္စ(စ်)မေရီဝိန်တို့ကလည်း ဒေါ်ကြည်ကြည်သည် မယားမဟုတ၊ လုံးဝအမွေဆက်ခံခွင့် မရှိသော တော်ပြောင်အဆင့် (**mistress**) မျှသာ ဖြစ်ကြောင်းချေပခဲ့ကြသည်။ အမွေပုံ၏ ၅ ပုံ ၂ ပုံသာ ရထိုက်သော "မယားငယ်" ဖြစ်သည်ဟုမချေခဲ့ကြချေ။

အထောက် အထားများအရ၊ ဒေါ်ကြည်ကြည်သည် ၁၉၅၄ ခုနှစ်၊ အက်ဥပဒေ အရ၊ ဦးထင်ဝိန်၏ တရားဝင် မယားအဖြစ်သို့ ရောက်ခဲ့ပြီးသည်ဟု မူလရုံးနှင့် ပထမ အယူခံရုံးတို့က တသဘောတည်း တွေ့ရှိခဲ့သည်။ ကျွန်ုပ်တို့ကလည်း ထိုသို့ပင် မြင်တွေ့ ဆုံးဖြတ်သည်။ ထို့ကြောင့် ပထမအယူခံရုံးက လွဲချော်၍၊ ဒေါ်ကြည်ကြည်သည်၊ "မယားငယ်" ဖြစ်သည်ဟု ဆုံးဖြတ်ထားခြင်းကို ပယ်ဖျက်ရပေမည်။

အလျဉ်းသင့်သဖြင့်၊ ၁၉၅၄ ခုနှစ်၊ အက်ဥပဒေတွင် "ဗုဒ္ဓဘာသာ ဓမ္မသတ်" ကိုသာ ညွှန်းထားခြင်းသည် အခေါ် အဝေါ်လွဲမှား၍ ဥပဒေရေးဆွဲရာ၌ အနည်းငယ် ချွတ်ယွင်းခဲ့ခြင်း ဖြစ်သည်ဟု မှတ်ချက်ပြုလိုသည်။ အက်ဥပဒေက မြန်မာ ဓလေ့ ထုံးတမ်း ဥပဒေ(**Burmese Customary Law**)ကို ရည်ညွှန်းခြင်း ဖြစ်ပေသည်။ ယင်းဥပဒေသည် ဓမ္မသတ်တို့မှ အဓိကအားဖြင့် သက်ဆင်းသည်ဟု ဆိုကြသော်လည်း မြန်မာ့သမိုင်း၊ ယဉ်ကျေးမှု၊ လူနေမှုတို့မှ အားယူကာ အစဉ်ရှင်သန် ကြီးထွားလျက် ရှိသော ဥပဒေ ဖြစ်ပေသည်။ ထို့ကြောင့် မြန်မာ ဓလေ့ထုံးတမ်း ဥပဒေသည် ဓမ္မသတ်ထက်ကြီး၏၊ကျယ်ဝန်း၏။ထို့ပြင် ဗုဒ္ဓဘာသာ ဓမ္မသတ်ဟု ခေါ်ဝေါ်ခြင်းသည် လည်း မှားယွင်းပေသည်။ မြန်မာ အိမ်ထောင်ရေး ကိစ္စတို့နှင့် သက်ဆိုင်သော ဓလေ့ ထုံးတမ်း ဥပဒေသည် ဘာသာရေး ဥပဒေ မဟုတ်ချေ။ (၄)

၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု ဥပဒေသည်လည်း ဘာသာရေး ကိစ္စမဟုတ်၊ အိမ်ထောင်ရေး၊ လူမှုရေးကိစ္စဖြစ်သည်။ သိမ်မွေ့မျှတသောမှုတို့ကို ဆောင်သော အိမ်ထောင်ရေးဆိုင်ရာ မြန်မာဓလေ့ထုံးတမ်း ဥပဒေ၏ အကျိုးသက်ရောက်မှုကို အက်ဥပဒေဖြင့် ကျယ်ပြန့်စေခြင်း ဖြစ်သည်။ ဥပဒေကြမ်းကိုစိစစ်သောကော်မီတီက အစီရင်ခံခဲ့ရာ၌၊ ထိုအချက်ကို အောက်ပါကဲ့သို့ ဖေါ်ပြခဲ့သည်။

"(ကော်မီတီက) ဆွေးနွေးစဉ်းစားရာတွင်၊ ဥပဒေကြမ်းနှင့် သက်ဆိုင်သည့် တည်ဆဲ အက်ဥပဒေများ၊ ဘာသာရေး တရားဥပဒေများ၊ ဓလေ့ထုံးစံများနှင့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေကို ကိုးကားကြပါသည်။ ဤဥပဒေကြမ်းသည် ဘာသာရေးကိစ္စများနှင့်မသက်ဆိုင်သည့်အပြင်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ

---

(၄) Law and **Custom** in Burma and the Burmese **Family by** Dr. Maung Maung, **The Hague**, 1963. ဦးမြစိန်ရေး မြန်မာဓလေ့ ထုံးတမ်းဥပဒေ။

၁၉၇၁
ဒေါ်ကြည်ကြည်
မစ္စ(စ်)မေရီဝိန်
ပါ ၇
နှင့်
မစ္စ(စ်)မေရီဝိန်
ပါ ၉
ဒေါ်ကြည်ကြည်
ပါ ၃။

အရ၊ ခွင့်ပြုသည့်ဘာသာရေးအခွင့်အရေးများကိုလည်း၊ ထိခိုက်ခြင်းမရှိသည့် လူမှုရေးရာကိစ္စများနှင့်သာသက်ဆိုင်သော ဥပဒေကြမ်းတရပ် ဖြစ်သည်ဟုကော်မီတီက ယူဆပါသည်။ ကော်မီတီသည်၊ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ နိုင်ငံအချို့တွင်ဆောင်ရွက်လိုက်နာပုံများနှင့် အထူးသဖြင့်မြန်မာနိုင်ငံတွင် ဘာသာရေးဓလေ့ထုံးစံကွဲခြားမှုကြောင့်ဖြစ်ပေါ်သောလူမှုရေးရာပြဿနာများကိုဆွေးနွေးစဉ်းစားကြပါသည်။"

အိမ်ထောင်ရေးကိစ္စသည် အဓိကအားဖြင့် လူမှုရေးကိစ္စဖြစ်သဖြင့် နိုင်ငံ၏ လူအများ လက်ခံ ကျင့်သုံးသော အိမ်ထောင်ရေး ဓလေ့ ထုံးတမ်းတို့ကို နိုင်ငံတွင် အိုးအိမ်စိုက်ထူနေသူ အများနှင့် သက်ဆိုင်သော ဥပဒေအာဏာသက်ဝင်စေအောင်၊ လိုအပ်သော ဥပဒေများ ပြုစုပြဋ္ဌာန်းပေးရန် သင့်၊ မသင့်ကို ဥပဒေပြု အာဏာပိုင်တို့က လေးနက်စွာ စဉ်းစားသင့်သည်။ အိမ်ထောင်ရေးနှင့် ဘာသာရေး ရောနှော ရှုပ်ထွေးခြင်း၊ကိုယ်ရေးဘာသာ၊ကိုယ်ရေးဥပဒေ (Personal Law) စသည်တို့သည် ခေတ်နှင့် မလျော်ပြီ။

အခွင့်ထူးအယူခံများအနက် မစ္စ(စ်)မေရီဝိန်၏ အယူခံကို ပယ်သည်။ဒေါ်ကြည်ကြည်၏ အယူခံကို စရိတ်နှင့်တကွ ခွင့်ပြု၍ ပထမအယူခံရုံး၏ ဆုံးဖြတ်စီရင်ချက်ကို ပယ်ဖျက်သည်။ ဒေါ်ကြည်ကြည်သည် ဦးထင်ဝိန်၏ တရားဝင်မယားအဖြစ်၊ ၎င်းကျန်ရစ်သော အမွေပုံမှ၊ မစ္စ(စ်)မေရီဝိန်နှင့် ခွဲဝေရပိုင်ခွင့်ရှိသည်။ မြန်မာဓလေ့ထုံးတမ်းဥပဒေအရ၊ ဒေါ်ကြည်ကြည်၏ဝေစုသည် ဦးထင်ဝိန်နှင့် ပေါင်းသင်းစဉ်က ရရှိခဲ့သော လက်ထက်ပွါးပစ္စည်းမှ ထက်ဝက်၊မပေါင်းသင်းမီ၊ မစ္စ(စ်)မေရီဝိန်နှင့်ဦးထင်ဝိန်တို့၏ လက်ထက်ပွါးပစ္စည်းမှ သုံးပုံတပုံတို့ဖြစ်သည်။

မူလရုံးက မည်သည့်ပစ္စည်းတို့သည် ဦးထင်ဝိန် မယား ၂ ယောက်နှင့် ပေါင်းသင်းစဉ်ကရသောလက်ထက်ပွါးဖြစ်သည်၊မည်သည့်ပစ္စည်းသည် မစ္စ(စ်)မေရီဝိန်တဦးတည်းနှင့် ပေါင်းသင်းစဉ်ကရသော လက်ထက်ပွါးဖြစ်သည်ဟု ပဏာမ ဒီကရီတွင် ဆုံးဖြတ်ခြင်းသည် မှားယွင်းသည်ဖြစ်၍ ယင်းဆုံးဖြတ်ချက်ကို ပယ်ဖျက်၊ ယင်းသို့ ဆုံးဖြတ်ရန် လိုအပ်သလို စာရင်းရှင်းလင်း စုံစမ်းစေရဦးမည်ဖြစ်သည်။

ဤရုံးရှေ့နေခ ၁၇၀ ကျပ် အယူခံ ၂ မှုကို တပေါင်းတည်းကြားနာသဖြင့် စရိတ် [illegible] ပြုသည်။ရုံးအဆင့်ဆင့် တရားစရိတ်တို့ကို အမွေပုံမှ ထုတ်ယူနိုင်သည်။

[illegible]အဖြစ် လိုက်ပါဆောင်ရွက်ကာ၊ ရုံးအားကူညီကြသော ရှေ့နေကြီး [illegible]နှင့်၊ လက်ထောက် နိုင်ငံတော် ရှေ့နေချုပ် ဦးလှသင်းတို့အား၊ [illegible] တင်ရှိကြောင်း မှတ်တမ်းတင်သည်။

နိုင်ငံတော်တရားရုံးချုပ်

အခွင့်ထူးအယူခံမှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်၊ တရားသူကြီး ဦးကျော်ဇံဦးနှင့် တရားသူကြီး ဦးသက်ဖေ
တို့ရှေ့တွင်

† ၁၉၇၁ ၁။ ဒေါ်စောရွှေ
ဇွန်လ ၄ ရက်။ ၂။ ဦးဆင့် (ကွယ်လွန်) ၎င်း၏ } နှင့် ဒေါ်မှုန် *
တရားဝင်ကိုယ်စားလှယ် ဒေါ်စောရွှေ

ပဋိညာဉ်အတိုင်းမြေကိုလွှဲပြောင်းရေးဆောင်ရွက်စေရန် ဒီကရီပေးခြင်းနှင့် ဒီကရီပေးရန် ငြင်းခြင်း— မည်သည့်ယူဆချက်ကမှန်မမှန်—သီးခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ ၂၂ က တရားရုံးအား အပ်နှင်းထားသောအာဏာသည် ၎င်းအက်ဥပဒေ ပြဋ္ဌာန်းချက်များကို လွှမ်းခြုံခြင်း ရှိမရှိ— အယူခံရုံးသည် မိမိ၏ဆင်ခြင်တုံတရားကို မူလရုံး၏ ဆင်ခြင်တုံတရားနှင့် အစားထိုးရန် မဟုတ်ခြင်း။

ဤအမှုတွင် အယူခံတရားလို ဒေါ်စောရွှေတို့က၊ အယူခံတရားပြိုင် ဒေါ်မှုန်အား၊ ၎င်းတို့ပိုင် မြေအချို့ကိုရောင်းရန် သဘောတူစာချုပ်ချုပ်ဆိုခဲ့သည်။ ဒေါ်မှုန်က မြေကို ပေးအပ်၍ အရောင်း အဝယ်မှတ်ပုံတင်ရန်ပြောဆိုရာ၊ ဒေါ်စောရွှေက ငြင်းဆန်သဖြင့် ဒေါ်မှုန်က ပဋိညာဉ်အတိုင်း ဆောင်ရွက်စေလိုမှု စွဲသည်။ မူလရုံးနှင့် ပထမအယူခံရုံးများတွင် စွဲဆိုသည့်အတိုင်း ဆောင်ရွက် ပေးစေရန် ဒီကရီပေးသင့် မသင့် စဉ်းစားရာ၌ ထူးခြားသောပြဿနာတွေ့ခဲ့ရသည်။

ဆုံးဖြတ်ချက်။ ။မူလရုံးက အကြောင်းအချက်တို့ကို ကောင်းစွာသုံးသပ်ပြီးနောက် ဆင်ခြင် တုံတရားကို သဘာဝယုတ္တိနှင့်အညီ မျှတစွာ သုံးစွဲထားခြင်းဖြစ်သည်။ ပုဒ်မ ၂၂ ကလည်း ဆင်ခြင်တုံ တရားကို သုံးစွဲခွင့်အာဏာကို ရုံးအား နှင်းအပ်ထားသည်။ ယင်းသို့ သုံးစွဲ၍ ဆုံးဖြတ်ထားသည်ကို အယူခံရုံးက ကြည့်ရှု၍ တရားမျှတမှုကင်းနေလျှင် ပြင်ဆင်နိုင်သည်မှန်၏။ သို့ရာတွင် မူလရုံးကဆင်ခြင် တုံတရားသုံးစွဲပုံမှန်-မမှန်ကို စီစစ်ဝေဖန်ရန်ဖြစ်၏။ အယူခံရုံးက မိမိ၏ ဆင်ခြင်တုံတရားကို မူလရုံး၏ ဆင်ခြင်တုံတရားနှင့် အစားထိုးရန်မဟုတ်။ အယူခံရုံးထိုင် တရားသူကြီးက မိမိသာလျှင် မူလအမှုကို စစ်ဆေးလိုက်ရလျှင်၊ ဤသို့ကဲ့လဲ့၍ ဆုံးဖြတ်လိုက်ရလျှင် သင့်မြတ်မည်ဟု ယူဆကာမျှနှင့်လည်း၊ အယူခံမှုတွင် ယင်းသို့ ကဲ့လဲ့၍ ဆုံးဖြတ်ပေးရန်မဟုတ်ချေ။

ထပ်မံဆုံးဖြတ်ချက်။ ။သီးခြား သက်သာခွင့် အက်ဥပဒေပုဒ်မ ၁၂ ၏ ရှင်းလင်းချက်တွင် "အခြားဆန့်ကျင်သော အချက်အလက်ကို သက်သေမထူနိုင်လျှင်" ဟူသောစကားရပ်များက

---

* ၁၉၇၀ ခုနှစ်၊ အခွင့်ထူးအယူခံမှုအမှတ် ၉။

† ၁၉၆၈ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၂၅ တွင်၊ နိုင်ငံတော် တရားရုံးချုပ် (မန္တ[illegible] ရုံးထိုင်)၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

ချုပ်ထားသည်ကို မမေ့အပ်။ သာမန်အားဖြင့် မြေကိုလွှဲပြောင်းပေးခြင်းကို ငွေလျော်ကြေးဖြင့် အစားထိုး၍ မလုံလောက်ဟုယူဆရမည်။ သို့ရာတွင် မြေကိုလွှဲအပ်သဖြင့် အိမ်ဖျက်ရမည်၊ ရေတွင်းဖို့ရမည်ဟု ထင်ရှားစွာအမှုတွင်ပေါ်နေသော အချက်သည်၊ ယင်းယူဆချက်ကို ဆန့်ကျင်၍ သက်သေထူထားသောအချက်ဖြစ်၏။

၁၉၇၀

၁။ ဒေါ်စောရွှေ၊
၂။ ဦးဆင့် (ကွယ်လွန်) ၎င်း၏ တရားဝင်ကိုယ်စားလှယ် ဒေါ်စောရွှေ
နှင့်
ဒေါ်မှန်။

ပုဒ်မ ၂၂ က တရားရုံးအား အပ်နှင်းသော အာဏာသည် အက်ဥပဒေ ပြဋ္ဌာန်းချက်များကို လွှမ်းခြုံသည်။ ရှေ့ကပါသော ပုဒ်မ ၁၂ ကိုလည်း လွှမ်းခြုံသည်။ ပုဒ်မ ၁၂ တွင်ပါရှိသော ရှင်းလင်းချက်အရ အချင်းဖြစ်ကိစ္စသည် မြေစသော မရွှေ့မပြောင်းနိုင်သော ပစ္စည်းဖြစ်လျှင် ပစ္စည်းကိုပင် မပေးမနေ ပေးအပ်စေရမည်ဆိုလျှင်၊ တရားရုံးအား ပုဒ်မ ၂၂ ကအပ်နှင်းသော အာဏာသည် အဓိပ္ပါယ်မရှိ၊ အချီးနှီးဖြစ်လိမ့်မည်။

မူလရုံးက နှစ်ဖက်မျှတစေသော၄ါ၊ ဒေါ်မှန်အား၊ ဒေါ်စောရွှေက လျော်ကြေးပေးစေ၏။ ပုဒ်မ ၁၉ အရ၊ ယင်းသို့လျော်ကြေးပေးရန်အမိန့်ချမှတ်ပေးနိုင်သည်။ ပုဒ်မ ၁၉ ၏ဒုတိယအပိုဒ်တွင် တရားရုံးက ပဋိညာဉ်အတိုင်း ဆောင်ရွက်စေဟုလည်း အမိန့်မပေး၊ ပဋိညာဉ်ဖေါက်ဖျက်မှုလည်း ရှိနေသည်ဟုတွေ့ရလျှင်၊ တရားလိုအား သင့်တော်သောလျော်ကြေးကို ပေးစေရန်မိန့်ဆိုနိုင်သည်ဟုပြဋ္ဌာန်းထားသည်။ ထို့ကြောင့် တရားလိုက လျော်ကြေးမတောင်းစေကာမူ တရားရုံးက လျော်ကြေးပေးထားခြင်းသည် ဥပဒေအာဏာမလွန်။

အယူခံတရားလိုအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဒေါက်တာ ကျင်စွိ။

အယူခံတရားခံအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးမြင့်စိုး။

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်။ ။အယူခံတရားလို ဒေါ်စောရွှေ **နှင့် ဦးဆင့်** (ကွယ်လွန်) တို့က အယူခံတရားပြိုင် ဒေါ်မှန် အား၊ ၎င်းတို့ပိုင်မြေမှ [illegible] **၃၀** × ပေ ၃၀ တပိုင်းကိုဒေါ်မှန် အား အဘိုးငွေ ၃,၅၀၀ ကျပ်ဖြင့် ရောင်းရန် **[illegible]တူ**ကြောင်း၊ ၁၉၆၁ ခု၊ ဒီဇင်ဘာလ ၁၄ ရက်နေ့စွဲဖြင့် သဘောတူ စာချုပ် **[illegible]ခဲ့သည်**။ စရံငွေ ၃,၀၀၀ ကျပ်ကိုရရှိကြောင်း စာချုပ်တွင် မြွက်ဆိုသည်။

[illegible]မှန်ကကျန်ငွေ ၅၀၀ ကျပ်ပေးသော်လည်း ဒေါ်စောရွှေတို့က လက်မခံ **[illegible]၍** အရောင်းအဝယ်ကို မှတ်ပုံတင်ပေးရန်ကိုလည်းငြင်းဆန်သောကြောင့် **[illegible]အတိုင်း** ဆောင်ရွက်ပေးစေလိုမှုကို ဒေါ်မှန်က မန္တလေးမြို့နယ်ပိုင်တရားမ **[illegible] ၁၉၆၃ ခုနှစ်၌** စွဲဆိုသည်။

[illegible]တို့က မြေကိုရောင်းရန်သဘောတူစာချုပ် ချုပ်ဆိုခြင်းမပြုခဲ့ပါ၊ ရောင်း **ရန်[illegible]၊ ဒေါ်မှန်ထံမှ**ငွေ ၃,၀၀၀ ကျပ်ကိုချေးငှါးယူခဲ့ခြင်းသာ ဖြစ်ပါသည်ဟု ထုချေ**ခဲ့သဖြင့်၊ [illegible]တို့**ကို မူလရုံးက ကောက်ချက်ထုတ်၍စစ်ဆေးခဲ့သည်။ အရောင်း**စာချုပ် [illegible]ကြောင်း**၊ စရံငွေ ၃,၀၀၀ ကျပ်ယူကြောင်းကို ဆုံးဖြတ်

၁၉၇၁

၁။ ဒေါ်စောရွှေ၊
၂။ ဦးဆင့် (ကွယ်လွန်) ၎င်း၏ တရားဝင်ကိုယ်စားလှယ် ဒေါ်စောရွှေ
နှင့်
ဒေါ်မှုန်း

ခဲ့သည်။ ဒေါ်မှုန်အား ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေရန် ဒီကရီပေးသင့်မပေးသင့်ကို ရုံးကစဉ်းစားရာ၌ကား၊ ထူးခြားသောပြဿနာကိုတွေ့ရသည်။

စာချုပ်အတိုင်း မြေကိုပိုင်းခြား၍ လွှဲပြောင်းပေးရမည်ဆိုလျှင် ဒေါ်စောရွှေလက်ရှိနေသော အိမ်တဝက်နှင့် နောက်အိမ်တလုံး ပါနေသဖြင့် ဖျက်ကာပြောင်းရွှေ့ပေးရမည်၊ ရေတွင်းကိုလည်း အလားတူဖျက်ပေးရမည်။ အိမ်တန်ဘိုး ၄,၀၀၀ ကျပ်ခန့်နှင့် ရေတွင်းတန်ဘိုး ၄၀၀ ကျပ်ခန့်ရှိသည်။ ထိုအချက်တို့ကို စာချုပ် ချုပ်စဉ်က ဂရုမပြုခဲ့၍သာ ဒေါ်မစောရွှေတို့ကငွေ ၃,၅၀၀ ကျပ်မျှနှင့် မြေကိုရောင်းရန် သဘောတူခဲ့ခြင်းဖြစ်မည်။ တဖက်တချက် အသာအနာကို ချိန်၍ကြည့်ရန် တရားရုံးတွင် သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၂၂ အရတာဝန်ရှိသည်။ ပဋိညာဉ်အတိုင်း ဆောင်ရွက်စေအမိန့်ချမှတ်လျှင်၊ ဒေါ်စောရွှေတို့ဖက်မှ နစ်နာမှုများမည်။ ထို့ကြောင့် ဒေါ်မှုန်တောင်းသော ဒီကရီကိုမပေး၊လျော်ကြေးဖြင့် လုံလောက်သင့်မြတ်မည်ဆိုကာ၊ ဒေါ်မှုန်အား ဒေါ်စောရွှေတို့က လျော်ကြေးပေးစေဟုဆုံးဖြတ်သည်။

ဒေါ်မှုန်က ခရိုင်တရားမရုံးသို့ အယူခံဝင်ရာ၊ ယင်းပထမအယူခံရုံးက ၎င်းအား အနိုင်ပေးသည်။ အရောင်းအဝယ်တွင် ၎င်းကပေးရန်ကျန်ငွေ ၅၀၀ ကျပ်ပေးလျှင် ဒေါ်စောရွှေက မြေကိုလွှဲပြောင်းပေးအပ်စေ ဟုအမိန့်ချသည်။

ဒေါ်စောရွှေက ဤရုံးသို့ ဒုတိယအယူခံတင်သွင်းရာ၊ မအောင်မြင်ခဲ့ချေ။ အယူခံရုံးများက သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၁၂ ၏ရှင်းလင်းချက်ကို ရည်ညွှန်းကြသည်။ ယင်းရှင်းလင်းချက်၏သဘောမှာ၊အခြားဆန့်ကျင်သောအကြောင်းအချက်ကိုသက်သေမထူနိုင်လျှင်၊ တရားရုံးသည်၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို လွှဲပြောင်းပေးအပ်ရန် ပဋိညာဉ်ပျက်ခြင်းကိုငွေလျော်ကြေးဖြင့် အစားထိုးကာမျှဖြင့် လုံလောက်ခြင်းမရှိဟု ယူဆရမည်။ ပစ္စည်းကိုပင် လွှဲပြောင်းပေးစေအပ်သည် ဟူ၍ဖြစ်သည်။

> "*Explanation*.—Unless and until the contrary is proved, the Court shall presume that the breach of a contract to transfer immoveable property cannot be adequately releved by compensation in money . . . "

ထိုရှင်းလင်းချက်အရ၊ မြေကိုလွှဲပြောင်းပေးအပ်ရန် သဘောတူချက်ကို ဆောင်ရွက်ရမည်သာဖြစ်သည်။ လျော်ကြေးပေးကာမျှဖြင့်တာဝန်မကြေဟု အယူခံရုံးများက ယူဆကြသည်။ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၁၉ အရ၊ တရားရုံးက လျော်ကြေးပေးရန် အာဏာရှိသော်လည်း တရားလိုက လျော်ကြေးမတောင်းခဲ့ပဲ မူလရုံးကလျော်ကြေး ပေးခဲ့ခြင်းဖြစ်၍ မှားယွင်းသည်ဟု ဒုတိယအယူခံရုံးကလည်း ဆုံးဖြတ်ခဲ့သည်။

၁၉၇၁

၁။ ဒေါ်စော ရွှေ။
၂။ ဦးဆင့် (ကွယ်လွန်) ၎င်း၏ တရားဝင် ကိုယ်စားလှယ် ဒေါ်စောရွှေ။ နှင့် ဒေါ်မှန်။

အမှုတွင် ထင်ရှားသောအချက်သည်၊ အကယ်၍သာ ပဋိညာဉ်အတိုင်း မြေကို ပေးအပ်ရမည်ဆိုလျှင် ပိုင်ရှင်ဒေါ်စောရွှေတို့ဘက်မှ အိမ်တဝက်နှင့် နောက်ထပ်အိမ်တလုံး၊ ၎င်းပြင် ရေတွင်းတတွင်းတို့ကို ဖျက်သိမ်းရွှေ့ပြောင်းရမည်ဆိုသော အချက်ဖြစ်၏။ ထိုအချက်ကိုအခြေခံထားကာ၊ မူလရုံးကပုဒ်မ ၂၂ ကိုညွှန်း၍ ပဋိညာဉ်အတိုင်း ဆောင်ရွက်စေရန် ဒီကရီပေးခြင်းကို ငြင်းခြင်းမှန်သလား၊ သို့မဟုတ် အယူခံရုံးများက ပုဒ်မ ၁၂ ပါရှင်းလင်းချက်ကိုညွှန်း၍၊ မြေကိုလွှဲပြောင်း၍သာ ပေးရမည်ဟု ယူခြင်း မှန်သလား၊ စဉ်းစားရန်လို၍၊ အယူခံဝင်ရန် အခွင့်ထူးပေးခဲ့ခြင်းဖြစ်သည်။

အယူခံတင်သွင်းလျှောက်လဲသောရှေ့နေကြီး ဒေါက်တာ ကျင်စိုက၊ပုဒ်မ ၁၂ သည် ပုဒ်မ ၂၂ ကိုလွှမ်းမိုးခြင်း မပြုနိုင်ပါ။ အမှုတိုင်းတွင်တရားရုံးက၊ မိမိ၏ဆင်ခြင်တုံ တရားကိုသုံး၍၊ အကြောင်းချင်းရာနှင့်အညီ မျှတစွာ ဆုံးဖြတ်ရမည်ဖြစ်ပါသည်။ ဒေါ်စောရွှေတို့သည် စာချုပ် ချုပ်စဉ်က မြေကိုလွှဲပြောင်းပေးရလျှင် အိမ် ၂ လုံးနှင့် ရေတွင်းပါမည်၊ မျှားစွာနစ်နာဖွယ်ရှိသည်ကိုမသိကြပါ၊ အမှုအခင်းဖြစ်၍ တိုင်းထွာမှသာ မြင်သိလာခြင်းဖြစ်ပါသည်။ မူလရုံးသည် အကြောင်းချင်းရာကို စေ့စုံစွာ သုံးသပ်ပြီးနောက် ဥပဒေနှင့်အညီ ဆင်ခြင်တုံတရားအရ မျှတစွာဆုံးဖြတ်ထားခြင်း ဖြစ်၍ မူလရုံး၏ အမိန့်ဒီကရီကို အတည်ပြုပေးသင့်ပါသည်ဟု လျှောက်လဲသည်။

အယူခံတရားပြိုင်အတွက် ရှေ့နေကြီး ဦးမြင့်စိုးက မြေအစားငွေဖြင့်ပေးလျော်၍ မရကြောင်း ပုဒ်မ ၁၂ ၏ရှင်းလင်းချက်နှင့် **မောင်ဖေ** နှင့် **ကင်လောက်(၁)** ရှေ့ထုံးတို့တွင်ပေါ်လွင်ပါသည်။ မြေကိုအမှုမဖြစ်မီက မတိုင်းမိ၍ အန္တရာယ်ကို မမြင်မသိဆိုစေကာမူ ဒေါ်စောရွှေ၏မြေလွှဘ်မှာကျယ်ဝန်းလှသည်မဟုတ်ရာ၊ပေ ၃၀ X ပေ ၃၀ ခွဲ၍ပေးရလျှင် အိမ်နှင့်ရေတွင်းပါမည်ကို သိကောင်းပါသည်။ သိလျက်နှင့် စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်၍ ယင်းစာချုပ်အတိုင်းသာလျှင် တိကျစွာ ဆောင်ရွက်စေသင့်ပါသည်ဟု လျှောက်လဲသည်။

မောင်ဖေ အမှုတွင် မြေပိုင်ရှင်က အကြောင်းကောင်းမပြပဲ မြေကိုရောင်းချလွှဲအပ်ပေးရန် ငြင်းဆန်ခြင်းဖြစ်၏။ ဤအမှုတွင် ဒေါ်စောရွှေဘက်မှ ရောင်းဖိုးငွေ ၃,၅၀၀ ကျပ်မျှအတွက် ၄,၀၀၀ ကျပ်ခန့်တန်သောအိမ် ၂ လုံးနှင့် ၄၀၀ ကျပ်ခန့်တန်သောရေတွင်းတတွင်း နစ်နာရမည်လိုဖြစ်နေသည်။ အိမ်ကိုဖျက်၍ ရွှေ့၍ရသည်၊ ရေတွင်းကိုဖို့၍ အသစ်တူး၍ရသည်ဆိုစေကာမူ၊စရိတ်စက နစ်နာမှုများကား နည်းပါးမည်မဟုတ်။ ဒေါ်မှန်ဘက်မှကြည့်လျှင် မြေမရ၍ မကျေနပ်ဖွယ်ဖြစ်၏။ မြေရလျှင် ၎င်း၏ ဝင်းခြံကိုချဲ့၍ရသည်၊ ကျယ်ဝန်းမည်မှန်၏။ သို့ရာတွင် မူလရုံးက ညွှန်ပြသည့်အတိုင်း၊ ၎င်းတွင်လည်း၊ လက်ရှိဝင်းနှင့်အိမ်နှင့်။

---

(၁) ၁၈၉၇—၁၉၀၁၊ အထက်မြန်မာနိုင်ငံ စီရင်ထုံးများ အတွဲ ၂၊ စာ ၅၃၉။

၁၉၇၁

၁။ ဒေါ်စောရွှေ။
၂။ ဦးဆင့် (ကွယ်လွန်) ရင်း၏ တရားဝင် ကိုယ်စားလှယ် ဒေါ်စောရွှေ။ နှင့် ဒေါ်မှုန်။

မည်သို့ပင်ဆိုစေ၊ မူလရုံးက အကြောင်းအချက်တို့ကို ကောင်းစွာသုံးသပ်ပြီးနောက် ဆင်ခြင်တုံတရားကို သဘာဝယုတ္တိနှင့်အညီ မျှတစွာ သုံးစွဲထားခြင်းဖြစ်သည်။ ပုဒ်မ ၂၂ ကလည်း ဆင်ခြင်တုံတရားကိုသုံးစွဲခွင့်အာဏာကို ရုံးအားနှင်းအပ်ထားသည်။ ယင်းသို့သုံးစွဲ၍ ဆုံးဖြတ်ထားသည်ကို အယူခံရုံးကကြည့်ရှု၍ တရားမျှတမှုကင်းနေလျှင် ပြင်ဆင်နိုင်သည်မှန်၏။ သို့ရာတွင် မူလရုံးက ဆင်ခြင်တုံတရား သုံးစွဲပုံ မှန်-မမှန်ကို စီစစ်ဝေဖန်ရန်ဖြစ်၏။ အယူခံရုံးက မိမိ၏ဆင်ခြင်တုံတရားကို မူလရုံး၏ ဆင်ခြင်တုံတရားနှင့် အစားထိုးရန်မဟုတ်။ အယူခံရုံးထိုင် တရားသူကြီးက မိမိသာလျှင်မူလမှုကို စစ်ဆေးလိုက်ရလျှင်၊ ဤသို့ကွဲလွဲ၍ ဆုံးဖြတ်လိုက်ရလျှင် သင့်မြတ်မည်ဟု ယူဆကာမျှနှင့်လည်း အယူခံမှုတွင် ယင်းသို့ကွဲလွဲ၍ ဆုံးဖြတ်ပေးရန်မဟုတ်ချေ။

ပုဒ်မ ၁၂ ၏ရှင်းလင်းချက်တွင် "အခြားဆန့်ကျင်သော အချက်အလက်ကိုသက်သေမထူနိုင်လျှင်" ဟူသောစကားရပ်များက ချုပ်ထားသည်ကိုမမေ့အပ်။ သာမန်အားဖြင့် မြေကိုလွှဲပြောင်းပေးခြင်းကို ငွေလျော်ကြေးဖြင့် အစားထိုး၍ မလုံလောက်ဟုယူဆရမည်။ သို့ရာတွင်မြေကိုလွှဲအပ်သဖြင့် အိမ်ဖျက်ရမည်၊ ရေတွင်းဖို့ရမည် ဟုထင်ရှားစွာ အမှုတွင်ပေါ်နေသောအချက်သည်၊ယင်းယူဆချက်ကိုဆန့်ကျင်၍ သက်သေထူထားသောအချက်ဖြစ်၏။

ပုဒ်မ ၂၂ က တရားရုံးအား အပ်နှင်းသောအာဏာသည်အက်ဥပဒေပြဋ္ဌာန်းချက်များကိုလွှမ်းခြုံသည်။ ရှေ့ကပါသောပုဒ်မ ၁၂ ကိုလည်းလွှမ်းခြုံသည်။ ပုဒ်မ ၁၂ တွင်ပါရှိသော ရှင်းလင်းချက်အရ အချင်းဖြစ်ကိစ္စသည် မြေစသော မရွှေ့ပြောင်းနိုင်သောပစ္စည်းဖြစ်လျှင် ပစ္စည်းကိုပင် မပေးမနေ ပေးအပ်စေရမည်ဆိုလျှင်၊ တရားရုံးအားပုဒ်မ ၂၂ ကအပ်နှင်းသောအာဏာသည် အဓိပ္ပါယ်မရှိ၊ အချီးနှီးဖြစ်လိမ့်မည်။

မူလရုံးက နစ်ဖက်မျှတစေသောငှါ၊ ဒေါ်မှုန်အား၊ ဒေါ်စောရွှေက လျော်ကြေးပေးစေ၏။ ပုဒ်မ ၁၉ အရ၊ ယင်းသို့လျော်ကြေးပေးရန် အမိန့်ချမှတ်ပေးနိုင်သည်။ ပုဒ်မ ၁၉ ၏ ဒုတိယအပိုဒ်တွင်၊ တရားရုံးက ပဋိညာဉ်အတိုင်း ဆောင်ရွက်စေဟုလည်း အမိန့်မပေး။ ပဋိညာဉ်ဖေါက်ဖျက်မှုလည်း ရှိနေသည်ဟုတွေ့ရလျှင်၊ တရားလိုအားသင့်တော်သော လျော်ကြေးကိုပေးစေရန် မိန့်ဆိုရမည်ဟု ပြဋ္ဌာန်းထားသည်။

> "If in any such suit the Court decides that specific performance ought not to be granted, but that there is a contract between the parties which has been broken by the defendant and that the plaintiff is entitled to compensation for that breach, it shall award him compensation accordingly."

ထို့ကြောင့် တရားလိုက လျော်ကြေးမတောင်းစေကာမူ တရားရုံးက လျော်ကြေး ပေးထားခြင်းသည် ဥပဒေအာဏာမလွန်။

ဦးမြင့်စိုးက မူလရုံးကပေးထားသောလျော်ကြေးသည် အမှန်အားဖြင့် ဒေါ်မှုန်က ပေးထားသောစရံငွေ ၃,၀၀၀ ကျပ်သာဖြစ်နေပါသည်။ ထို့ကြောင့် လျော်ကြေးမမည် ပါဟုတင်ပြသည်။

လျော်ကြေးမည်မျှ သတ်မှတ်သင့်သည်ကို မူလရုံးကစစ်ဆေး၍ ကျွန်ုပ်တို့ထံ ပြန် လည်တင်ပြနေရလျှင်၊ ဂ နှစ်ကျော်ကြာမြင့်ခဲ့ပြီး ဖြစ်သောအမှုသည်ထပ်မံ၍ကြန့်ကြာ ကာ ၂ ဖက်အမှုသည်များ စရိတ်ကုန်ပင်ပန်းကြဖို့သာရှိမည်။ ထို့ကြောင့်၊ အမှုအဖြစ် အပျက်ကိုကြည့်၍ လျော်ကြေးငွေ ၁,၀၀၀ ကျပ်သတ်မှတ်လျှင် သင့်တော်မည်ဟု ကျွန်ုပ်တို့ယူဆကာ၊ ဒေါ်စောရွှေက ဒေါ်မှုန်ထံမှယူပြီးသောစရံငွေ ၃,၀၀၀ ကျပ်အပြင် ပဋိညာဉ်ပျက်ကွက်သည့်အတွက် လျော်ကြေးငွေ ၁,၀၀၀၊ ပေါင်းငွေ ၄,၀၀၀ ကျပ် ပေးစေဟု မူလရုံး၏အမိန့်ကို ပြင်ဆင်၍ အတည်ပြုလိုက်သည်။ အယူခံရုံးများ၏ စီရင်ဆုံးဖြတ်ချက်တို့ကို ပယ်ဖျက်သည်။ ရုံးအဆင့်ဆင့်တွင် ကုန်ကျခဲ့ကြသော တရား စရိတ်တို့ကို အမှုသည်တို့သည် မိမိတို့ဘာသာ ကျခံစေကြရမည်။

၁၉၇၁

၁။ ဒေါ်စောရွှေ။
၂။ ဦးဆင့် (ကွယ်လွန်) ၎င်း၏ တရားဝင် ကိုယ်စားလှယ် ဒေါ်စောရွှေ။
နှင့်
ဒေါ်မှုန်။

နိုင်ငံတော်တရားရုံးချုပ်

အခွင့်ထူးတရားမအယူခံမှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်၊ တရားသူကြီး ဦးကျော်ဇံဦးနှင့် တရားသူကြီး ဦးသက်ဖေ တို့ရှေ့တွင်

† ၁၉၇၁ ဇွန်လ ၉ ရက်။

ဒေါ်ဇင် (ခေါ်) ဒေါ်မယ်ဇင် နှင့် { ၁။ အဗဟူဆတ္တား (ခေါ်) မောင်သာထွန်း ၂။ နူးမိုဟာမက် * }

၁၉၆၃ ခုနှစ်၊ လုပ်ငန်းများ ပြည်သူပိုင် ပြုလုပ်ခြင်း ဥပဒေ—နိုင်ငံတော်အစိုးရအဖွဲ့ ဥက္ကဋ္ဌရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၃၉ တွင်ပါရှိသော "ရပိုင်ခွင့်အားလုံး" ၏ရှင်းလင်းချက်— ပြည်သူပိုင်မလုပ်မီက ရရန်ရှိသောကြွေးမြီအတွက် တရားစွဲဆိုပိုင်ခွင့်သည် ပြည်သူပိုင်ပြုလုပ် ပြီးနောက် အစိုးရ၌တည် မတည်။

ဆုံးဖြတ်ချက်။ ။၁၉၆၃ ခုနှစ်၊ ဥပဒေက ပုဒ်မ ၃(၃) (က) ဖြင့် ပြည်သူပိုင်ပြုလုပ်သော လုပ်ငန်း၏ရပိုင်ခွင့်အားလုံးကို အစိုးရလက်ဝယ်သို့ ရောက်စေရန်၊ ကျေညာနိုင်သည့် အာဏာကို ဖန်တီးအပ်နှင်းထားသည်မှန်၏။ သို့ရာတွင် အာဏာကို ခံယူရရှိသော အစိုးရကလုပ်ငန်းသဘော အခြေအနေနှင့် အကြောင်းကြောင်းကို ထောက်ရှု၍၊ ပေါ်လီစီအရ၊ ယင်းအာဏာမှ လိုသလောက် ကိုသာသုံးစွဲလျှင်လည်း တရားဝင်သည်သာဖြစ်သည်။ လုပ်ငန်းရပိုင်ခွင့်အားလုံးကို ပြည်သူပိုင် ပြုလုပ်ခွင့်ရှိကာမျှနှင့် ရရန်ကြွေးမြီများကိုပါ မယူမနေ၊ ယူရမည်ဟုမဆိုချေ။ အုပ်ချုပ်မှုအာဏာကို လုပ်ငန်းအလိုက် တိုင်းထွာ၍၊ လိုအပ်သလို သုံးစွဲရသည်။ ဥပဒေကမပေးသော အာဏာကိုကောက် ယူသုံးစွဲခြင်းမပြုမိအောင်၊ သို့မဟုတ် ပေးသည်ထက်ပို သုံးစွဲကာ အာဏာလွန်ခြင်း မဖြစ်မိအောင် သာလျှင် စောင့်စည်းရသည်။

အမှုပါ "ဇင်" ရောင်းဝယ်ရေးလုပ်ငန်းနှင့် အခြားအလားတူ လုပ်ငန်းများကို ပြည်သူပိုင် ပြုလုပ်ရာတွင်၊ ရရန်ကြွေးမြီများကို အမိန့်ကြော်ငြာစာမှ အတိအလင်း ချန်လှပ်ထားခြင်း ကြောင့် ယင်းကြွေးမြီတို့သည် အစိုးရလက်ဝယ်သို့မရောက်၊ ပြည်သူပိုင်ပြုလုပ်ခြင်းခံရသူတို့ကတောင်း ခံခြင်း၊ ကြွေးမြီရရန် တရားစွဲဆိုခြင်းပြုလုပ်နိုင်သည်။ ဥပဒေက အပ်နှင်းသော အာဏာအရ၊ ယခင် ရရန်ကြွေးမြီတို့သည်လည်း အစိုးရ၏လက်ဝယ်ရောက်စေရမည်ဟု အမိန့်ကြော်ငြာထုတ်ပြန်လျှင်ကား ယင်းကြွေးမြီများသည် အစိုးရလက်ဝယ်သို့ ရောက်ရှိကာ၊ အစိုးရသာ ယင်းတို့ကိုတောင်းယူခြင်း တရားစွဲဆိုခြင်းပြုနိုင်မည်ဖြစ်သည်။ **စိန်ရတနာပိုးယက်ကန်းစက် လီမိတက် နှင့် ကုန်သွယ်လုပ်ငန်း ခွန်မင်းကြီး၊ ၁၉၆၉ ခု၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၂၀၅ ကိုရည်ညွှန်းသည်။**

---

* ၁၉၆၀ ခုနှစ်၊ အခွင့်ထူးတရားမ အယူခံမှုအမှတ် ၇၊ ၀။

† ၁၉၆၇ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၂၇/၂၀ တွင် နိုင်ငံတော် **တရားရုံးချုပ်၏** ချမှတ် သော အမိန့်ကိုအယူခံဝင်မှု။

အယူခံတရားလိုအတွက်။] ။တရားရုံးချုပ်ရှေ့နေ ဦးချန်ထွန်းအောင်၊

အယူခံတရားခံအတွက်။ ။တရားရုံးချုပ်ရှေ့နေ မစ္စတာ၊ အမ်၊ အေ၊ ဆူဘာန်း၊

ရုံးသဟာယ။ ။အစိုးရ တရားရုံးချုပ်ရှေ့နေ မစ္စတာ၊ အက် (စ်)၊ ကော၊ ဂို(ရှ်)။

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်။ ။၁၉၆၃ ခုနှစ်၊ လုပ်ငန်းများ ပြည်သူပိုင် ပြုလုပ်ခြင်း ဥပဒေက အပ်နှင်းသော အာဏာအရ၊ နိုင်ငံတော် အစိုးရက ပြည်သူပိုင် ပြုလုပ်သော လုပ်ငန်း တရပ်တွင် ပြည်သူပိုင် မပြုလုပ်မီက ရရန် ရှိနေသော ကြွေးမြီ အတွက်၊ တရားစွဲဆို ပိုင်ခွင့်သည် ပြည်သူပိုင် ပြုလုပ် ပြီးသည့် နောက်၌ လုပ်ငန်းပိုင်ရှင်၌ပင် တည်သလော၊ အစိုးရ၌သာ တည်သလော၊ ဟူသော ပြဿနာ ကို စဉ်းစားရန် လို၍၊ ဤအခွင့်ထူး အယူခံမှု ၇ နှင့် ၈/၁၉၆၈ တို့ကို ဖွင့်ခဲ့ခြင်း ဖြစ် သည်။

၁၉၇၁

ဒေါ်ဇင် (ခေါ်) ဒေါ်မယ်ဇင် နှင့် ၁။ အဗဟူ ဆတ္တား (ခေါ်) မောင်သာထွန်း၊ ၂။ နူးမိုဟာ မက်။

ပြဿနာ ထပ်တူ ဖြစ်၍၊ အယူခံ ၂ မှုလုံးကို ပေါင်းရုံး၍၊ စုံညီ ခုံရုံးဖြင့် နှစ်ဖက်ရှေ့ နေကြီးများ အပြင်၊ ရုံးသဟာယ နိုင်ငံတော် ရှေ့နေချုပ်ကိုပါ ကြားနာခဲ့သည်။ ဤစီရင်ချက်ဖြင့် ၂ မှုကို ဆုံးဖြတ်သည်။

အယူခံ တရားလို ဒေါ်ဇင် သည်၊ "ဇင်" ရောင်းဝယ်ရေးလုပ်ငန်းကိုလုပ်ကိုင်ခဲ့ကြ စဉ်၊ အယူခံတရားပြိုင် အဗဟူဆတ္တားနှင့် နူးမိုဟာမက်တို့အား၊ ဘယဆေးပစ္စည်းများ ရောင်းချခဲ့ကြသည် ဆို၏။ အစိုးရက၊ ၁၉၆၃ ခုနှစ်၊ လုပ်ငန်းများ ပြည်သူပိုင် ပြုလုပ် ခြင်း ဥပဒေအရ၊ ၁၉၆၄ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တွင်၊ အမိန့်ကြော်ငြာစာ အမှတ် ၃၉ ဖြင့်၊ ရန်ကုန်နယ်နိမိတ်တွင်း ရှိလက်ကားဆိုင်၊ ပွဲရုံ၊ ဆိုင်ကြီး၊ ကုန်တိုက် စသည် တို့ကို ပြည်သူပိုင် ပြုလုပ် ရာတွင် "ဇင်" ရောင်းဝယ်ရေး လုပ်ငန်းလည်း ပါဝင်လေ သည်။

အမိန့်ကြော်ငြာစာ အမှတ် ၃၉ ၏ အပိုဒ် ၃ တွင် အောက်ပါ ကဲ့သို့ သတ်မှတ် ထားသည်။

၃။ [illegible] ဖော်ပြပါ လုပ်ငန်းများနှင့် သက်ဆိုင်သော ရပိုင်ခွင့် အားလုံးကို ပြည် ထောင်စု မြန်မာ နိုင်ငံ အစိုးရ၏ လက်ဝယ်သို့ ရောက်စေ ရမည်။ ဆိုလိုသည်မှာ၊ လုပ်ငန်းနှင့် သက်ဆိုင်သည့်—

[illegible]

(၁) မြေများ၊
(၂) အဆောက်အဦများ၊
(၃) [illegible]များ
နှင့် ဆိုင် [illegible]များ။

၁၉၇၁

ဒေါ်ဇင် (ခေါ်) ဒေါ်မယ်ဇင် နှင့် ၁။ အဗဟူဆတ္တား (ခေါ်) မောင်သာထွန်း၊ ၂။ နူးမိုဟာမက်။

လုပ်ငန်းကို ပြည့်သူပိုင် မပြုလုပ်မီက "အဗဟူဆတ္တား နှင့် "နူးမိုဟာမက် တို့က ပေးချေရန် တင်ရှိနေသော ဘယဆေးဖိုး ကြွေးမြီများကို ရလိုကြောင်းဖြင့် ဒေါ်ဇင်က ရန်ကုန်မြို့၊ တရားမရုံး၌၊ တရားမမှု အသီးသီး စွဲဆိုသည်။ တရားခံတို့က၊ အကြောင်း အမျိုးမျိုးပြ၍၊ ခုခံခဲ့ရာတွင် တရပ်မှာ "ဇင်" လုပ်ငန်းကို ပြည်သူပိုင် ပြုလုပ်ပြီး ဖြစ်၍၊ ဒေါ်ဇင်တွင် တရား စွဲဆို ပိုင်ခွင့် မရှိတော့ပြီဟူ၍ **ဖြစ်သည်**။

အချင်းဖြစ် ကြွေးမြီများအတွက် ဒေါ်ဇင်တွင် **စွဲဆိုပိုင်ခွင့်** ရှိ၊ မရှိ၊ ဥပဒေ ပြဿနာ ကို ပဏာမ ကောက်ချက် အဖြစ် ထုတ်နုတ်ကာ မူလ ရုံးက စစ်ဆေးခဲ့သည်။ အမိန့် ကြော်ငြာစာ အပိုဒ် ၄ က ပြည်သူပိုင် ပြုလုပ်သော **လုပ်ငန်း၏** ကြွေးမြီများအတွက် အစိုးရက လုံးဝ တာဝန် မယူ ဟု ဆိုထားသဖြင့်၊ **အစိုးရသည်၊** လုပ်ငန်း တရပ် ရရှိရန် ကြွေးမြီကို တောင်းယူသော တာဝန်၊ လုပ်ငန်းက **ပေးရန်ကြွေးမြီကို** ပေးဆပ်ရန် တာဝန် မယူကြောင်း ထင်ရှားသည်။ ထို့ကြောင့် **ပြည်သူပိုင်** ပြုလုပ်သော နေ့ အထိ၊ လုပ်ငန်းကရရန်ကြွေးမြီများကို ရရန်အတွက် **လုပ်ငန်း ပြည်သူပိုင်** ပြုလုပ် ခံရသူက၊ တောင်းခံခြင်း၊ တရားစွဲဆိုခြင်း ပြုလုပ် နိုင်သည်ဟု **မူလ ရုံးက ဆုံးဖြတ်** ခဲ့သည်။

တရားရုံးချုပ်သို့ အဗဟူဆတ္တားနှင့် နူးမိုဟာ**မက် တို့က** ပြင်ဆင်မှုဖြင့် တက် ရောက် ခဲ့ကြရာ၊ ဤရုံး တဦးထိုင် တရားသူကြီး**က**၊ **ဒေါ်ဇင်တွင်** ၎င်းတို့ အပေါ် တရားစွဲဆိုပိုင်ခွင့် မရှိပြီ၊ ပြည်သူပိုင် ပြုလုပ်သည်**နှင့် လုပ်ငန်း၏** "ရပိုင်ခွင့်အားလုံး" သည်၊ အစိုးရတွင် တည်သည် ဟု ဆုံးဖြတ် **ခဲ့လေသည်**။

နိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာစာ **အမှတ် ၃၉** ပါ သတ်မှတ် ချက်များနှင့် ယင်းအမိန့်သို့ အာဏာ သက်ဆင်းရာ ဖြစ်သော **၁၉၆၃ ခုနှစ်**၊ ဥပဒေပါ ပြဋ္ဌာန်း ချက် တို့ကို နှိုင်းယှဉ်၍ အဓိပ္ပါယ် ဖွင့်ဆိုရန် လိုသဖြင့် **နှစ်ဖက် ရှေ့နေကြီး**များ နှင့် ရုံးသဟာယ တို့ကို ကျွန်ုပ်တို့ အကျယ် တဝင့် ကြားနာ ခဲ့**ကြသည်**။

အယူခံ တရားလို၏ ရှေ့နေကြီး ဦးချန်**ထွန်းအောင်**က၊ အမိန့် ကြော်ငြာစာ အပိုဒ် ၃ တွင် လုပ်ငန်းနှင့် သက်ဆိုင်သော ရပိုင်ခွင့် အားလုံးသည်၊ အစိုးရ လက်ဝယ်သို့ ရောက် စေရမည်ဟု ဆိုထားစေကာမူ၊ ယင်း "ရပိုင်ခွင့်" ကို အဓိပ္ပါယ်ဖွင့်ရာ၌၊ မြေ၊ အဆောက်အဦ၊ ကုန်ပစ္စည်းနှင့် ပရိဘောဂ ဟု အတိ အကျ၊ ရှင်းရှင်း လင်းလင်း သတ်မှတ် ထားပါသည်။ လုပ်ငန်းက ရရန် ကြွေးမြီများ မပါပါ။ ရည်ရွယ်ချက်မှာ၊ ယခင်က၊ ရရန် ကြွေးမြီကို ယခင် ပိုင်ရှင်က တောင်းယူခြင်း၊ တရားစွဲဆိုရန် လိုက တရားစွဲဆိုခြင်း ပြုရန် ဖြစ်သည်ဟု အဓိပ္ပါယ် သက်ရောက် ပါသည်။ ယခင် **ကြွေးမြီ** များသည်၊ အစိုးရ လက်သို့ ရောက်သည် ဟု သတ်မှတ် ခြင်း မပြုဘဲ၊ ယင်း သို့ **သတ် မှတ် ထား**ဘိသကဲ့သို့ ရုံးက အဓိပ္ပါယ် ကောက်ယူခြင်းသည်၊ အမိန့် **ကြော်ငြာစာ** ကို **ဖြည့်စွက်** ပြင်ဆင်ခြင်း သဘော ရောက် ပါသည်။ ယင်းသို့ ပြုရန် **တရားရုံးတွင်**

နိုင်ငံတော်တရားရုံးချုပ်

အခွင့်ထူးတရားမအယူခံမှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်၊ တရားသူကြီး ဦးကျော်ဇံဦးနှင့် တရားသူကြီး ဦးသက်ဖေ တို့ရှေ့တွင်

† ၁၉၇၁ ဇွန်လ ၉ ရက်။

ဒေါ်ဇင် (ခေါ်) ဒေါ်မယ်ဇင် နှင့် { ၁။ အဗဟူဆတ္တား (ခေါ်) မောင်သာထွန်း ၂။ နူးမိုဟာမက် * }

၁၉၆၃ ခုနှစ်၊ လုပ်ငန်းများ ပြည်သူပိုင် ပြုလုပ်ခြင်း ဥပဒေ—နိုင်ငံတော်အစိုးရအဖွဲ့ ဥက္ကဋ္ဌရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၃၉ တွင်ပါရှိသော "ရပိုင်ခွင့်အားလုံး" ၏ရှင်းလင်းချက်— ပြည်သူပိုင်မလုပ်မီက ရရန်ရှိသောကြွေးမြီအတွက် တရားစွဲဆိုပိုင်ခွင့်သည် ပြည်သူပိုင်ပြုလုပ်ပြီးနောက် အစိုးရ၌တည် မတည်။

ဆုံးဖြတ်ချက်။ ။၁၉၆၃ ခုနှစ်၊ ဥပဒေက ပုဒ်မ ၃(၃) (က) ဖြင့် ပြည်သူပိုင်ပြုလုပ်သော လုပ်ငန်း၏ရပိုင်ခွင့်အားလုံးကို အစိုးရလက်ဝယ်သို့ ရောက်စေရန်၊ ကျေညာနိုင်သည့် အာဏာကို ဖန်တီးအပ်နှင်းထားသည်မှန်၏။ သို့ရာတွင် အာဏာကို ခံယူရရှိသော အစိုးရကလုပ်ငန်းသဘော အခြေအနေနှင့် အကြောင်းကြောင်းကို ထောက်ရှု၍၊ ပေါ်လစီအရ၊ ယင်းအာဏာမှ လိုသလောက်ကိုသာသုံးစွဲလျှင်လည်း တရားဝင်သည်သာဖြစ်သည်။ လုပ်ငန်းရပိုင်ခွင့်အားလုံးကို ပြည်သူပိုင်ပြုလုပ်ခွင့်ရှိကာမျှနှင့် ရရန်ကြွေးမြီများကိုပါ မယူမနေ၊ ယူရမည်ဟုမဆိုချေ။ အပ်ချုပ်မှုအာဏာကို လုပ်ငန်းအလိုက် တိုင်းထွာ၍၊ လိုအပ်သလို သုံးစွဲရသည်။ ဥပဒေကမပေးသော အာဏာကိုကောက်ယူသုံးစွဲခြင်းမပြုမိအောင်၊ သို့မဟုတ် ပေးသည်ထက်ပို သုံးစွဲကာ အာဏာလွန်ခြင်း မဖြစ်မိအောင် သာလျှင် စောင့်စည်းရသည်။

အမှုပါ "ဇင်" ရောင်းဝယ်ရေးလုပ်ငန်းနှင့် အခြားအလားတူ လုပ်ငန်းများကို ပြည်သူပိုင် ပြုလုပ်ရာတွင်၊ ရရန်ကြွေးမြီများကို အမိန့်ကြော်ငြာစာမှ အတိအလင်း ချန်လှပ်ထားခြင်း ကြောင့် ယင်းကြွေးမြီတို့သည် အစိုးရလက်ဝယ်သို့မရောက်၊ ပြည်သူပိုင်ပြုလုပ်ခြင်းခံရသူတို့ကတောင်းခံခြင်း၊ ကြွေးမြီရရန် တရားစွဲဆိုခြင်းပြုလုပ်နိုင်သည်။ ဥပဒေက အပ်နှင်းသော အာဏာအရ၊ ယခင် ရရန်ကြွေးမြီတို့သည်လည်း အစိုးရ၏လက်ဝယ်ရောက်စေရမည်ဟု အမိန့်ကြော်ငြာထုတ်ပြန်လျှင်ကား ယင်းကြွေးမြီများသည် အစိုးရလက်ဝယ်သို့ ရောက်ရှိကာ၊ အစိုးရသာ ယင်းတို့ကိုတောင်းယူခြင်း တရားစွဲဆိုခြင်းပြုနိုင်မည်ဖြစ်သည်။ **စိန်ရတနာပိုးယက်ကန်းစက် လီမိတက် နှင့် ကုန်သွယ်လုပ်ငန်းခွန်မင်းကြီး၊ ၁၉၆၉ ခု၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၂၀၅** ကိုရည်ညွှန်းသည်။

---

* ၁၉၆၈ ခုနှစ်၊ အခွင့်ထူးတရားမ အယူခံမှုအမှတ် ၇၊ ၈။

† ၁၉၆၇ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၂၇/၂၈ တွင် နိုင်ငံတော် **တရားရုံးချုပ်၏** ချမှတ်သော အမိန့်ကိုအယူခံဝင်မှု။

အာဏာ မရှိကြောင်း၊ စီရင် ထုံးများ ရှိပါသည်။ ထင်ရှားသော မကြာမြင့်မီက စီရင်ထုံးသဲ့ည် စိန် ရတနာ ပိုးယက်ကန်းစက် လီမိတက် နှင့် ၂ ကုန်သွယ် လုပ်ငန်းခွန် မင်းကြီး (၁) ဖြစ်ပါသည် ဟု တင်ပြ သည်။

အယူခံ တရားပြိုင်တို့ အတွက် လိုက်ပါ ဆောင်ရွက်သော ရှေ့နေကြီး မစ္စတာ ဆူဘာန်းက၊ အမိန့်ကြော်ငြာစာ အမှတ် ၃၉ ကို ၁၉၆၃ ခုနှစ်၊ ဥပဒေက လွှမ်းမိုးပါသည်။ ယင်း ဥပဒေ ပုဒ်မ ၃ က အောက်ပါ ကဲ့သို့ ပြဋ္ဌာန်း ပါသည်။

၃။ ။(၁) အစိုးရမှာ မည်သည့် လုပ်ငန်းကိုမဆို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍၊ ပြည်သူပိုင်အဖြစ် သိမ်းယူ နိုင်သည့် အာဏာ ရှိရမည်။

(၂) ယင်းသို့ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍၊ လုပ်ငန်း တခုခုကို သိမ်းယူသည့် အခါ၊ အဆိုပါ အမိန့်ကြော်ငြာစာတွင် သီးခြား ဖော်ပြ ထားသည့် လုပ်ငန်းသည်၊ သီးခြား ဖော်ပြ ထားသည့် နေ့ရက်တွင် ပုဒ်မ ခွဲ (၃) နှင့် အညီ ပြည်သူပိုင် ဖြစ်လာမည်။

(၃) ယင်းသို့ ပြည်သူပိုင် အဖြစ် ကြေညာ ရာတွင် အောက်ပါ အချက်များ ပါဝင်ရမည်။

(က) အဆိုပါ လုပ်ငန်း၏ အပိုင် ပစ္စည်း အားလုံး၊

(ခ) အဆိုပါ လုပ်ငန်း၏ ကြွေးမြီများအနက် အစိုးရက တာဝန်ယူ၍၊ ပေးထိုက်သော ကြွေးမြီ တာဝန်များ။

အထက်ပါ ပြဋ္ဌာန်းချက်အရ၊ ပြည်သူပိုင် ပြုလုပ်သော လုပ်ငန်း၏ အပိုင် ပစ္စည်း အားလုံးသည်၊ ပြည်သူပိုင် ဖြစ်လာပါသည်။ လုပ်ငန်းက ရရန် ကြွေးမြီများသည်လည်း လုပ်ငန်း၏ အပိုင် ပစ္စည်းများပင် ဖြစ်သဖြင့် ယင်း ကြွေးမြီတို့ကို တောင်းယူ နိုင်ခွင့်သည် အစိုးရ၌သာ ရှိပါမည်။ လုပ်ငန်း၏ ယခင် ပိုင်ရှင်တွင် မရှိတော့ပါ၊ ထို့ကြောင့် အမိန့်ကြော်ငြာစာ အမှတ် ၃၉ တွင် ရရန် ကြွေးမြီများကို ချန်လှပ် ထားခြင်းကပင် မဝင်ပါ။ ကြွေးမြီများကို ဖော်ပြခြင်း မပြုစေကာမူ၊ ဥပဒေ အရ၊ ယင်းကြွေးမြီ သည်လည်း အစိုးရ၏ ရပိုင်ခွင့်သာ ဖြစ်ပါသည် ဟု လျှောက်လဲသည်။

ယာယ အဖြစ် နိုင်ငံတော် ရှေ့နေချုပ် ကိုယ်စား လိုက်ပါ ဆောင်ရွက်သော ရှေ့နေကြီး မစ္စတာ ဂို (ရှ်) က၊ ၁၉၆၃ ခုနှစ်၊ ဥပဒေ အရ၊ အစိုးရသည် မျိုးကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ပြည်သူပိုင် ပြုလုပ်ခဲ့ရာ၌၊ အချို့ ကြော်ငြာစာတို့၌၊ လုပ်ငန်း၏ ရပိုင်ခွင့်အားလုံးသည် အစိုးရ၏ လက်ဝယ်သို့ ဟုဆိုင်း၊ အချို့၌ ရပိုင်ခွင့် ဆိုသော စကားရပ်ကိုပင် ထပ်မံ၍

(၁) ၁၉၆၉ ခု၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၂၀၅။

၁၉၇၁

ဒေါ်ဇင် (ခေါ်) ဒေါ်မယ်ဇင်
နှင့်
၁။ အဗဟူဆတ္တား (ခေါ်) မောင်သာထွန်း၊
၂။ နူးမိုဟာမက်။

၁၉၅၁

ဦးဘခင် နှင့် ၁။ ဦးသာဝင်း ၂။ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကလူကြီးအဖွဲ့။

ု ကျေညာပြီး၊ ၎င်းသာ အရည် အချင်းနှင့် ပြည့်စုံ သူ ဖြစ်သဖြင့် လစ်လပ်နေသည့် နရာတွင် ရွှေတိဂုံ စေတီတော်ကြီး၏ ဘဏ္ဍာတော်ထိန်း ဂေါပက လူကြီး တဦးဖြစ် ကြောင်း ကျေညာ ပြဋ္ဌာန်းသည့် အမိန့်နှင့် ဒီကရီကို ချမှတ်ပေးရန် လျှောက်ထားရာ ခယူခံ တရားပြိုင် အမှတ် (၁) ၏ ချေပလွှာတွင် သူသည် မူးယစ် စေတတ်သော သရည် သေရက်ကို ကူးသန်း ရောင်းဝယ်ခြင်း ပြုခဲ့စေကာမူ၊ ထိုသို့ ပြုလုပ် ခဲ့ခြင်း ၁ နှစ်ပေါင်း များစွာ ကသာ ဖြစ်၍၊ ယခု ပစ္စုပ္ပန် အချိန်နှင့် မသက်ဆိုင်ဟု ဆိုသဖြင့် းက ၎င်းသည်၊ စကင်း အပိုဒ် ၃ (က) ၁၊ ၃ အရ၊ ရွှေတိဂုံ စေတီတော်၏ ဘဏ္ဍာထိန်း ဂါပက အဖွဲ့ဝင် လူကြီး အဖြစ် အရွေးခံရန် အရည် အချင်းနှင့် ပြည့်စုံသူ တယောက် ဟုတ် ဟု ဆိုခြင်းမှာ မှန်ပါ သလားဟု ငြင်းချက် တခု ထုတ်၍၊ နှစ်ဦး နှစ်ဘက်မှ ာင်ပြသော သက်သေ တင်ပြ ထွက်ဆိုချက်များကို ဝေဖန်ပြီး၊ ခင်မမ နှင့် သားများ ခစုစပ် လုပ်ငန်းတွင် အယူခံ တရားပြိုင်၊ အမှတ် (၁) တဦးတည်းသာ အုပ်ချုပ် ပူ အစုရှင် အဖြစ် ဆောင်ရွက် ခဲ့သည်ကို၊ အဆိုပါ အယူခံ တရားပြိုင် ကိုယ်တိုင်က န်ခံ ထားသဖြင့်၊ သက်သေခံ အမှတ် (ဈ) အရ၊ အရက် သေစာ မှာယူသူမှာ အယူခံ ာရားပြိုင် အမှတ် (၁) ပင် ဖြစ်သော်လည်း "သေရည် သေရက်ကို ကူးသန်းရောင်း ယ်သည့် ကိစ္စနှင့် ပတ်သက်၍၊ "(ခဲ့) ဆိုသောစာလုံးကို အသုံးပြု ထားခြင်း မရှိ သဖြင့် အတိတ်၏ ဖြစ်ရပ်ကို ရည်ညွှန်းခြင်း မရှိကြောင်း ပေါ်ပေါက် နေသောကြောင့် ုဂ္ဂိုလ်တဦးသည် တကြိမ်က သေရည် သေရက် ရောင်းဝယ်ဘူးကာမျှနှင့် အရည်အချင်း ျက်ကွက်သည်ဟု ယူဆခြင်း မပြုနိုင်ပေ။" ဟု ယူဆပြီး အယူခံ တရားပြိုင် အမှတ် ၁ သည် အရည် အချင်းနှင့် ပြည့်စုံသူ တဦးမဟုတ်ဟု ဆိုခြင်းမှာ မမှန်ဟု ဖြေဆိုပြီး ာရားရုံးချုပ် ရှေ့နေ တဦးကို ငွေ ကျပ် ၇၅ စီ သတ်မှတ်၍ အမှုကို စရိတ်နှင့် တကွ ပယ်လိုက်သည်ကို မကျေနပ်၍၊ ယခု အယူခံ ဝင်ခြင်း ဖြစ်သည်။ မူလရုံးက (ခဲ့) ဆိုသော စကားကို၊ သက်သေခံ အမှတ်-ဇ စကင်းအပိုဒ် ၃ (ခ) တွင် အသုံးပြု ထား သည်ကို ညွှန် ပြ ထားသည်။ အရည် အချင်းနှင့် ပတ်သက်၍၊ အပိုဒ် ၃ (ခ) ၌—

"ရန်ကုန်မြို့တွင် အမြဲနေထိုင်သူ ဖြစ်ခြင်း၊ ရန်ကုန်မြို့တွင် ၃ နှစ် အဆက် မပြတ် နေ ထိုင်ခဲ့သူ ကို ဆိုလိုသည်"။

ဟု ပါရှိသည်။ သို့ကြောင့် အပိုဒ် ၃ (က) ၁၊ ၃ တွင် (ခဲ့) ဆိုသော စကားမပါဘဲ၊ မူးယစ်စေတတ်သော သေရည်သေရက်ကုန်ကို "ကူးသန်း ရောင်းဝယ်ခြင်း မပြု မလုပ်သော မြန်မာ လူမျိုး ဗုဒ္ဓဘာသာဝင် ဥပါသကာ" ဖြစ်ရမည်ဟု သာ ပြဋ္ဌာန်း ထားသဖြင့် အတိတ်ကာလကို ရည်ညွှန်းခြင်း မရှိဟု ယူဆလေသည်။ ဤကဲ့သို့ ယူဆ ချက်မှာ မှန်၊ မမှန်ကို ဆန်းစစ်ရပေမည်။

အာဏာ မရှိကြောင်း၊ စီရင် ထုံးများ ရှိပါသည်။ ထင်ရှားသော မကြာမြင့်မီက စီရင်ထုံးသဲ့သည် စိန် ရတနာ ပိုးယက်ကန်းစက် လီမိတက် နှင့် ၂ ကုန်သွယ် လုပ်ငန်းခွန် မင်းကြီး (၁) ဖြစ်ပါသည် ဟု တင်ပြ သည်။ ၁၉၅၃ — ဒေါ်ဇင် (ခေါ်) ဒေါ်မယ်ဇင် နှင့် ၁။ အဗဟူ ဆတ္တား (ခေါ်) မောင်သာထွန်း၊ ၂။ နူးမိုဟာမက်။

အယူခံ တရားပြိုင်တို့ အတွက် လိုက်ပါ ဆောင်ရွက်သော ရှေ့နေကြီး မစ္စတာ ဆူဘာန်းက၊ အမိန့်ကြော်ငြာစာ အမှတ် ၃၉ ကို ၁၉၆၃ ခုနှစ်၊ ဥပဒေက လွှမ်းမိုးပါသည်။ ယင်း ဥပဒေ ပုဒ်မ ၃ က အောက်ပါ ကဲ့သို့ ပြဋ္ဌာန်း ပါသည်။

၃။ ။(၁) အစိုးရမှာ မည်သည့် လုပ်ငန်းကိုမဆို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍၊ ပြည်သူပိုင်အဖြစ် သိမ်းယူ နိုင်သည့် အာဏာ ရှိရမည်။

(၂) ယင်းသို့ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍၊ လုပ်ငန်း တခုခုကို သိမ်းယူသည့် အခါ၊ အဆိုပါ အမိန့်ကြော်ငြာစာတွင် သီးခြား ဖေါ်ပြ ထားသည့် လုပ်ငန်းသည်၊ သီးခြား ဖေါ်ပြ ထားသည့် နေ့ရက်တွင် ပုဒ်မ ခွဲ (၃) နှင့် အညီ ပြည်သူပိုင် ဖြစ်လာမည်။

(၃) ယင်းသို့ ပြည်သူပိုင် အဖြစ် ကျေညာ ရာတွင် အောက်ပါ အချက်များ ပါဝင်ရမည်။

(က) အဆိုပါ လုပ်ငန်း၏ အပိုင် ပစ္စည်း အားလုံး၊

(ခ) အဆိုပါ လုပ်ငန်း၏ ကြွေးမြီများအနက် အစိုးရက တာဝန်ယူ၍၊ ပေးထိုက်သော ကြွေးမြီ တာဝန်များ။

အထက်ပါ ပြဋ္ဌာန်းချက်အရ၊ ပြည်သူပိုင် ပြုလုပ်သော လုပ်ငန်း၏ အပိုင် ပစ္စည်း အားလုံးသည်၊ ပြည်သူပိုင် ဖြစ်လာပါသည်။ လုပ်ငန်းက ရရန် ကြွေးမြီများသည်လည်း လုပ်ငန်း၏ အပိုင် ပစ္စည်းများပင် ဖြစ်သဖြင့် ယင်း ကြွေးမြီတို့ကို တောင်းယူ နိုင်ခွင့်သည် အစိုးရ၌သာ ရှိပါမည်။ လုပ်ငန်း၏ ယခင် ပိုင်ရှင်တွင် မရှိတော့ပါ၊ ထို့ကြောင့် အမိန့်ကြော်ငြာစာ အမှတ် ၃၉ တွင် ရရန် ကြွေးမြီများကို ချန်လှပ် ထားခြင်းကပင် [illegible]မဝင်ပါ။ ကြွေးမြီများကို ဖေါ်ပြခြင်း မပြုစေကာမူ၊ ဥပဒေ အရ၊ ယင်းကြွေးမြီ [illegible]လည်း အစိုးရ၏ ရပိုင်ခွင့်သာ ဖြစ်ပါသည် ဟု လျှောက်လဲသည်။

[illegible]ယာဉ အဖြစ် နိုင်ငံတော် ရှေ့နေချုပ် ကိုယ်စား လိုက်ပါ ဆောင်ရွက်သော [illegible] ရှေ့နေကြီး မစ္စတာ ဂို (ရှ်) က၊ ၁၉၆၃ ခုနှစ်၊ ဥပဒေ အရ၊ အစိုးရသည် [illegible]မျိုးမျိုးကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ပြည်သူပိုင် ပြုလုပ်ခဲ့ရာ၌၊ အချို့ [illegible]ကြော်ငြာစာတို့၌၊ လုပ်ငန်း၏ ရပိုင်ခွင့်အားလုံးသည် အစိုးရ၏ လက်ဝယ်သို့ [illegible]ဟုငြင်း၊ အချို့၌ ရပိုင်ခွင့် ဆိုသော စကားရပ်ကိုပင် ထပ်မံ၍

(၁) ၁၉၆၉ ခု၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၂၀၅။

၁၉၇၁
ဒေါ်ဇင် (ခေါ်) ဒေါ်မယ်ဇင် နှင့် ၁။ အဗဟူ ဆတ္တား (ခေါ်) မောင်သာထွန်း၊ ၂။ နူးမိုဟာ မက်။

အသေးစိတ် ရှင်းလင်း ဖော်ပြကာ၊ လုပ်ငန်းက ရရန် ကြွေးများ၊ အခွင့် အရေးများဟု သတ်မှတ်၍ရှင်း ပါရှိပါသည်။ "ဇင်" ရောင်း ဝယ်ရေး လုပ်ငန်း အပါအဝင် လုပ်ငန်းများကို ပြည်သူပိုင် ပြုလုပ်သော အမိန့်ကြော်ငြာစာ အမှတ် ၃၉ တွင်ကား အစိုးရ လက်ဝယ်သို့ ရောက်စေရမည့် ရပိုင်ခွင့်များတွင် လုပ်ငန်းက ရရန် ကြွေးမြီများ မပါပါ။ ယင်းသို့ ချန်လှပ် ထားခဲ့ခြင်းသည် မေ့လျော့၍ မဟုတ်ပါ၊ အကြောင်းမဲ့လည်း မဟုတ်ပါ၊ လုပ်ငန်း အများ၏ ယခင် ကြွေးမြီများတို့ တောင်းယူခြင်းနှင့် မရလျှင် တရားစွဲဆိုခြင်း စသည့် တာဝန်တို့ကို အစိုးရက မယူလို၊ မယူနိုင်သော ကြောင့် ဖြစ်ပါသည်။ ယင်းသို့ ချန်လှပ် ထားခြင်းသည် ၁၉၆၃ ခုနှစ် ဥပဒေကို မဆန့်ကျင်ပါ၊ တရားဝင်ပါသည် ဟု လျှောက် လဲပါသည်။

ရှေ့နေကြီးများ ရည်ညွှန်းကြသော အမိန့် ကြော်ငြာစာ တို့တွင် အစိုးရ၏ လက်ဝယ်သို့ ရောက်စေရမည့် ရပိုင် ခွင့်တို့ကို လုပ်ငန်း ကို လိုက်၍၊ ကွဲလွဲစွာ သတ်မှတ် ထားသည်ကို တွေ့ရသည်။ ဥပမာ အားဖြင့် ရန်ကုန် နယ်နိမိတ် အတွင်းရှိ လက်ကား ဆိုင်များ၊ ပွဲရုံ၊ ဆိုင်ကြီး၊ ကုန်တိုက်များကို ပြည်သူပိုင် ပြုလုပ်ကြောင်း ကျေညာသော ၁၉၆၄ ခုနှစ်၊ မတ်လ ၁၉ ရက် နေ့စွဲပါ နိုင်ငံတော် အစိုးရအဖွဲ့ ဥက္ကဋ္ဌရုံး၏ အမိန့်ကြော်ငြာစာ အမှတ် ၃၉ တွင် အစိုးရ လက်သို့ ရောက်ရမည့် "ရပိုင်ခွင့်အားလုံး" ဆိုသော စကားရပ်ကို ရှင်းလင်း၍ အတိ အကျ ဖော်ပြ ရာတွင် လုပ်ငန်းက ရရန် ရှိသော ကြွေးမြီများ မပါဝင်ချေ။

၁၉၆၄ ခုနှစ်၊ ဧပြီလ ၉ ရက် နေ့တွင် ထုတ်ပြန်သော အမိန့်ကြော်ငြာစာ အမှတ် ၄၉ ဖြင့်၊ နိုင်ငံတွင်းရှိ လက်ကားဆိုင်၊ ပွဲရုံ၊ ဆိုင်ကြီး၊ ကုန်တိုက်များကို ပြည်သူပိုင် ပြုလုပ်ခဲ့ရာတွင်၊ အပိုဒ် ၃ တွင် လည်း အစိုးရ လက်ဝယ်သို့ ရောက်စေရမည့် ရပိုင် ခွင့်များတွင်၊ စက်များ၊ ယာဉ်များ၊ ပါဝင်ကြောင်း တိုးချဲ့၍ သတ်မှတ် သော်လည်း လုပ်ငန်းက ရရန် ကြွေးမြီများကိုကား ထည့်သွင်းခြင်းမပြု။

၁၉၆၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက် နေ့တွင် ထုတ်ပြန်သော အမိန့်ကြော်ငြာစာ အမှတ် ၁၃၀ ဖြင့် သတင်းစာနှင့် ပုံနှိပ် လုပ်ငန်း အချို့ကို ပြည်သူပိုင် ပြုလုပ်ခဲ့ရာ တွင် အပိုဒ် ၃ ၌၊ အစိုးရ လက်ဝယ်သို့ ရောက်စေရမည့် ရပိုင် ခွင့်များကို သီးခြား ဖော်ပြပြီးနောက်၊ အပိုဒ်ခွဲ(င) တွင် "အခြားရပိုင်ခွင့်အားလုံး" ဟူ၍၊ အားလုံးကို ခြုံငုံမိအောင် သတ်မှတ် ထားသည်။

၁၉၆၅ ခု၊ ဇန္နဝါရီလ ၁၆ ရက် နေ့တွင်ထုတ်ပြန်သောအမိန့် ကြော်ငြာစာအမှတ် ၃ ဖြင့် ဘားမား ကော်ပိုရေးရှင်း (၁၉၅၁) လီမိတက်၏လုပ်ငန်းများကိုပြည်သူပိုင်၊အပိုဒ် ၃ ၌၊ "လုပ်ငန်းနှင့် သက်ဆိုင်သောရပိုင်ခွင့် အားလုံးကိုအစိုးရ၏ လက်ဝယ်သို့ရောက်စေရမည်" ဟူ၍သာ အသေးစိတ် သီးခြားမဖော်ပြဘဲ၊ အားလုံးကို ခြုံ၍ သတ်မှတ်ခဲ့သည်။

လုပ်ငန်းက ရရန် ကြွေးမြီများပါ အစိုးရ လက်ဝယ်သို့ ရောက်စေရမည်ဟု အတိအလင်း သတ်မှတ်သော နမူနာ တရပ်ကို ပုလဲလုပ်ငန်း ပြည်သူ့ ပိုင် ပြုလုပ်ရာတွင် တွေ့ရသည်။ [အမိန့်ကြော်ငြာစာအမှတ် ၁၂၄၊ ၁၉၆၃ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့တွင်၊ ရရန်ကြွေးမြီကို သီးခြား ဖေါ်ပြခြင်း မပြုစေကာမူ၊ "ရပိုင်ခွင့် အားလုံးသည် အစိုးရ လက်ဝယ်သို့ ရောက်စေရမည်" ဟု သတ်မှတ်သော နမူနာများကို ဒီ၊ အက်(စ်)၊ အိုင် (အမိန့်ကြော်ငြာစာ ၁၂၅၊ ၁၉၆၃ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်) ဘီ၊ အီး၊ ဒီ၊ စီ (အမိန့် ကြော်ငြာစာ အမှတ် ၁၂၆၊ ၁၉၆၃ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်) တို့ကို ပြည်သူပိုင် ပြုလုပ်ရာ၌ တွေ့ရသည်။ ယင်း ပြည်သူပိုင် ပြုလုပ် ခြင်းများသည်၊ အမိန့် ကြော်ငြာစာ ၃၉ ဖြင့် ဤ "ဇင်" ရောင်းဝယ်ရေး အပါ အဝင် ရန်ကုန်မြို့ရှိ လုပ်ငန်းကြီးများကို ပြည်သူပိုင် ပြုလုပ် ခြင်းထက် စောသည်။]

၁၉၅၇

ဒေါ်ဇင် (ခေါ်) ဒေါ်မယ်ဇင် နှင့် ၁။ အဗဟူ ဆတ္တား (ခေါ်) မောင်သာထွန်း၊ ၂။ နူးမိုဟာမက်။

ထို့ကြောင့် ရန်ကုန်မြို့နှင့် နိုင်ငံတွင်းရှိ လက်ကားဆိုင်၊ ပွဲရုံ စသည်တို့ကို ပြည်သူပိုင်ပြုလုပ်ခြင်း မပြုမီက ထုတ်ပြန်သော အမိန့်ကြော်ငြာစာများတွင် ရရန် ကြွေးမြီကို သီးခြားဖေါ်ပြ၍ ဖြစ်စေ၊ လွှမ်းခြုံ၍ ဖြစ်စေ၊ အစိုးရ လက်ဝယ်သို့ ရောက်စေခဲ့ကြောင်း ထင်ရှားသည်၊ ယင်း လက်ကားဆိုင်၊ ပွဲရုံ စသည်တို့ကို ပြည်သူပိုင် ပြုလုပ်ပြီးနောက် ထုတ်ပြန်သော အမိန့် ကြော်ငြာစာများတွင်လည်း အလားတူပင် ကြွေးမြီကိုပါ ချန်လှပ်ခြင်း မပြုပဲ၊ အထင် အရှား ပါဝင် စေသည်။

ရရန်ကြွေးမြီများသည်၊ အစိုးရသို့ ရောက်စေရမည် ဟူ၍ လက်ကားဆိုင်၊ ပွဲရုံ၊ စသည်တို့ကို ပြည်သူပိုင် ပြုလုပ်သော အမိန့် ကြော်ငြာစာများ၌ ဖေါ်ပြ ခြင်း မပြုပဲ ချန်လှပ် ထားခဲ့ခြင်းသည်၊ မေ့လျော့၍ သို့မဟုတ် အကြောင်းမဲ့ မဟုတ်နိုင် အကြောင်း အကျိုးကို ဆင်ခြင်၍ အစိုးရက ရည်ရွယ် ချက်ဖြင့် အုပ်ချုပ်မှု သဘော [illegible] ဆုံးဖြတ် ကျေညာခဲ့ခြင်း ဖြစ်သည်ဟုသာ ယူဆရမည်။ အမိန့်ကြော်ငြာစာ [illegible] စကားပြေဖြင့် အများ နားလည် လွယ်အောင် ရှင်းရှင်း လွယ်လွယ် ရေးသား [illegible] စကားပြေဖြင့် အဓိပ္ပါယ် ပေါက်သော စကား ရပ်တို့ကို တရားရုံးတို့က [illegible] မဟုတ်ချေ ရွှေနေကြီး ဦးချန်ထွန်းအောင် ကိုးကား သွားသော [illegible] ယက်ကန်းစက် လီမိတက် တွင် ဤရုံးက အောက်ပါ ကဲ့သို့ သတိ [illegible]

"[illegible] ထင်ရှားသော ဥပဒေ စကားရပ်တို့ကို တရားရုံးများက သော်လည်း ကောင်း၊ [illegible] အုပ်ချုပ်ရေး ဆိုင်ရာတို့က သော်လည်းကောင်း၊ အဓိပ္ပါယ်ဖွင့်ရန်၊ ဋီကာချဲ့ရန် [illegible] ယင်းသို့ ပြုပြန်လျှင် အဓိပ္ပါယ် ဖွင့်သလို နှင့် ဥပဒေ ချဲ့ထွင်ခြင်း၊ ချုံ့ခြင်း၊ ထွင်ခြင်း စသည်တို့ကို ပြုလုပ်မိတတ်ကြသည်။ ချဲ့ရန်၊ ချုံ့ရန်၊

၁၉၇၁
ဒေါ်ဇင် (ခေါ်) ဒေါ်မယ်ဇင် နှင့် ၁။ အဗဟူ ဆတ္တား (ခေါ်) မောင်သာထွန်း၊ ၂။ နူးမိုဟာ မက်။

ထွင်ရန်လိုလျှင် ဥပဒေပြုအဖွဲ့အစည်းကသာ လိုအပ်သလို ပြုလုပ်နိုင်သည်။ ဥပဒေ စကားရပ်များက မထင်ရှား မသဲမကွဲ ဖြစ်နေမှသာလျှင်၊ လက်ငင်း အားဖြင့် ဥပဒေပြု အဖွဲ့အစည်း၏ ရည်ရွယ်ချက် ဖြစ်မြောက် စေလေအောင် ဥပဒေ စကား နှင့် လက်တွေ့ အခြေအနေ စပ်ဟပ် မိနိုင်လေအောင် လိုအပ် သလောက်၊ အဓိပ္ပါယ် ဖွင့်ဆိုရသည်။ ယင်းသို့ အဓိပ္ပါယ် မဖွင့်လျှင် မဖြစ်သော အခြေအနေ မျိုးနှင့်တွေ့ကြုံရလျှင်၊ အမြင့်ဆုံးသော တရားရုံးကသာလျှင် အထူး သတိထား၍၊ စည်းကမ်း စောင့်ထိန်းကာ၊ မိမိ၏ စီရင်ပိုင်ခွင့်ကို မလွန်စေဘဲ၊ ညီညွတ်သော ထုံး ပြုပေးရသည်”။

အထက်ပါ လမ်းညွှန်သည်၊ တရားရုံးများ၏ ကျင့်ထုံးသာမက၊ ကျင့်ဝတ်လည်း ဖြစ်သည်။ ကျွန်ုပ်တို့သည်ယင်း ထုံးကို လိုက်၍၊ ယင်း ကျင့်ဝတ်ကို မပျက်စေရန် ကြိုးစား ကြသည်။

၁၉၆၃ ခုနှစ်၊ ဥပဒေက ပုဒ်မ ၃ (၃) (က) ဖြင့် ပြည်သူပိုင်ပြုလုပ်သော လုပ်ငန်း ၏ ရပိုင်ခွင့်အားလုံးကို အစိုးရ လက်ဝယ်သို့ ရောက်စေရန် ကျေညာ နိုင်သည့် အာဏာ ကို ဖန်တီး အပ်နှင်း ထားသည် မှန်၏။ သို့ရာတွင် အာဏာကို ခံယူ ရရှိသော အစိုးရ က လုပ်ငန်းသဘော၊ အခြေအနေနှင့် အကြောင်း ကြောင်းကို ထောက်ရှု၍၊ ပေါ် လစီအရ၊ ယင်းအာဏာမှ လိုသလောက်ကိုသာ သုံးစွဲလျှင်လည်း တရားဝင်သည်သာ ဖြစ်သည်။ လုပ်ငန်း ရပိုင်ခွင့် အားလုံးကို ပြည်သူပိုင် ပြုလုပ်ခွင့် ရှိကာမျှနှင့် ရရန် ကြွေးမြီများကိုပါ မယူမနေ၊ ယူရမည်ဟု မဆိုချေ။ အုပ်ချုပ်မှု အာဏာ ကို လုပ်ငန်း အလိုက် တိုင်းထွာ၍၊ လိုအပ်သလို သုံးစွဲရသည်။ ဥပဒေက မပေးသော အာဏာကို ကောက်ယူ သုံးစွဲခြင်း မပြုမိအောင်၊ သို့မဟုတ် ပေးသည်ထက် ပိုသုံးစွဲကာ အာဏာ လွန်ခြင်း မဖြစ်မိအောင်သာလျှင် စောင့်စည်းရသည်။

အမှုပါ “ဇင်” ရောင်းဝယ်ရေး လုပ်ငန်းနှင့် အခြား အလားတူ လုပ်ငန်းများကို ပြည်သူပိုင် ပြုလုပ်ရာတွင် ရရန် ကြွေးမြီများကို အမိန့်ကြော်ငြာစာမှ အတိ အလင်း ချန်လှပ် ထားခြင်းကြောင့် ယင်း ကြွေးမြီ တို့သည်၊ အစိုးရ လက်ဝယ်သို့ မရောက်။ ပြည်သူပိုင် ပြုလုပ်ခြင်းခံရသူတို့က တောင်းခံခြင်း၊ ကြွေးမြီ ရရန် တရား စွဲဆိုခြင်း ပြုလုပ်နိုင်သည်။ ဥပဒေက အပ်နှင်းသော အာဏာအရ၊ ယခင် ရရန် ကြွေးမြီ တို့သည်လည်း အစိုးရ၏ လက်ဝယ် ရောက်စေရမည်ဟု အမိန့် ကြော်ငြာစာ ထုတ် ပြန်လျှင်ကား၊ ယင်း ကြွေးမြီများသည် အစိုးရ လက်ဝယ်သို့ ရောက်၍ကာ၊ အစိုးရ ကသာ ယင်းတို့ကို တောင်းယူခြင်း၊ တရား စွဲဆိုခြင်း ပြုနိုင်မည် ဖြစ်သည်။

အထက်ပါအကြောင်းတို့ကြောင့် အခွင့်ထူး အယူခံကို လက်ခံကာ ဤရုံး၏ ပြင်ဆင်မှု အမိန့် များကို ပယ်ဖျက် လိုက်သည်။ မူလ ရုံးက ပဏာမ ဥပဒေ ပြဿနာပေါ်တွင် ချမှတ် ထားသော အမိန့်များ တည်သဖြင့် အမှုများကို ဆက်လက်၍ စစ်ဆေး စီရင်ရန် ဖြစ်သည်။ တရားရုံးချုပ် အဆင့်ဆင့်၌ ကုန်ကျခဲ့သော စရိတ် အသီးသီးတို့ အမှုသယ်တို့သည် မိမိတို့ ဘာသာ ကျခံကြ စေရမည်။

၁၉၇၁

ဒေါ်ဇင် (ခေါ်) ဒေါ်မယ်ဇင် နှင့် ၁။ အဖဟူ ဆတ္တား (ခေါ်) မောင်သာထွန်း၊ ၂။ နူးမိုဟာ မက်။

နိုင်ငံတော်တရားရုံးချုပ်

တရားမပြင်ဆင်မှု

တရားသူကြီး ဦးသက်ဖေ နှင့် တရားသူကြီး ဦးစိန်သင်း တို့ရှေ့တွင်

† ၁၉၇၁
ဧပြီလ ၉ ရက်။

ဦးတင်ဂွမ်

နှင့်

ဦးသော်ဒါ *

တရားမကျင့်ထုံး အမိန့် ၂၆၊ နည်းဥပဒေ ၁၁—တရားမမှုတခုခုတွင် သက်ဆိုင်ရာရုံးသည် သင့်တော်သည်ဟုထင်သောသူတဦးအား စာရင်းများ စစ်ဆေးရန်ညွှန်ကြားနိုင်သည့် အာဏာရှိမရှိ—တရားမရုံး အက်ဥပဒေ ပုဒ်မ ၃၄ အရ၊ ထုတ်ပြန်သည့်ပြဋ္ဌာန်းချက်များသည်၊ တရားမကျင့်ထုံးအမိန့် ၂၆၊ နည်းဥပဒေ ၁၁ ကို လွှမ်းမိုးနိုင်မနိုင်—ကော်မရှင်နာခန့်ထားခြင်းမှာ သက်ဆိုင်ရာရုံး၏ ဆင်ခြင်တုံတရားအရ ခန့်အပ်ရသည့်ကိစ္စဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံး အမိန့် ၂၆၊ နည်းဥပဒေ ၁၁ အရ တရားမမှုတခုခုတွင် သက်ဆိုင်ရာရုံးသည် မိမိသင့်တော်သည်ဟု ထင်မြင်သောသူတဦးတယောက်အား စာရင်းများစစ်ဆေးရန်အတွက် ညွှန်ကြားနိုင်သည့်အာဏာရှိသည်။ ရန်ကုန်မြို့၊ တရားမရုံး၊ ရုံးလက်စွဲအပိုဒ် ၁၁ ၌ ရုံးဝန်ထောက်နှင့် စပ်ဆိုင်သည့်တာဝန်ဝတ္တရားများ ပြဋ္ဌာန်းထားသည်။ ထိုတာဝန်ဝတ္တရားများထဲတွင် စာရင်းရှင်းလင်းသည့် တာဝန်လည်းပါဝင်သည်။ ထိုတာဝန်များကို တရားမရုံးအက်ဥပဒေ ပုဒ်မ ၃၄ အရ၊ ထုတ်ပြန်သည့်ပြန်တမ်းအရ ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ သို့ရာတွင် ယင်းကဲ့သို့ ရုံးဝန်ထောက်၏ တာဝန်ဝတ္တရားများကို ပြဋ္ဌာန်းထားရာ၌ စာရင်းရှင်းလင်းသည့် အလုပ်တာဝန်ပါ ယုံကာမျှဖြင့်၊ ထိုပြဋ္ဌာန်းချက်များသည် တရားမကျင့်ထုံး အမိန့် ၂၆၊ နည်းဥပဒေ ၁၁ ကိုလွှမ်းမိုး၍ မသွားနိုင်။ စာရင်းရှင်းလင်းရန်အတွက် ကော်မရှင်နာခန့်ထားခြင်းမှာ သက်ဆိုင်ရာရုံး၏ ဆင်ခြင်တုံတရားအရ ခန့်အပ်ရသည့် ကိစ္စဖြစ်သည်။ သာမန်အားဖြင့် ရုံးဝန်ထောက်အား ကော်မရှင်နာခန့်အပ်ရန်ဖြစ်သော်လည်း အကျိုးအကြောင်းသင့်မြတ်သည့် အကြောင်းအရာများရှိလျှင် အပြင်လူကိုလည်းခန့်ထားနိုင်သည်။

လျှောက်ထားသူအတွက်။ ။တရားရုံးချုပ် ရှေ့နေ ဦးကျော်မြင့်။

လျှောက်ထားခံရသူအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးသန်းအောင်။

---

* ၁၉၇၀ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၇။

† ၁၉၆၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၀၉၉ တွင် ၁၉၇၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့စွဲပါ ရန်ကုန်မြို့၊ တရားမရုံး ဒုတိယတရားသူကြီးရုံး၏ ချမှတ်သောအမိန့်ကိုပြင်ဆင်မှု။

တရားသူကြီး ဦးစိန်သင်း။ ။မြသော်ဒါ ရုပ်ရှင် ကုမ္ပဏီ၏ ငွေစာရင်းများ ရှင်းလင်းရန် အတွက် ရန်ကုန်မြို့၊ တရားမရုံး ဒုတိယ တရားသူကြီးက ၁၉၆၂ ခုနှစ်၊ တရားမကြီးမှု အမှတ် ၁၀၉၉ တွင်တရားရုံးချုပ် ရှေ့နေ ဦးမြင့်သိန်းအား ကော်မရှင်နာ အဖြစ်ခန့်အပ်ရန် ၁၉၇၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့က အမိန့်ချမှတ်လိုက် သည်။ ထိုအမိန့်ကို မကျေနပ်သဖြင့် ယခု ကျွန်ုပ်တို့ ရှေ့ရှိ ပြင်ဆင်မှု လျှောက်လွှာကို တင်သွင်းခြင်းဖြစ်သည်။

၁၉၇၁

ဦးတင်ဂွမ် နှင့် ဦးသော်ဒါ။

ပြင်ဆင်မှု လျှောက်လွှာ၌ ဖော်ပြထားသည့် အကြောင်းပြချက်မှာ ခိုင်လုံသည့် အကြောင်းများ မရှိပဲလျက်၊ ရန်ကုန်မြို့၊ တရားမရုံး၏ ရုံးဝန်ထောက်အား ကော် မရှင်နာအဖြစ် ခန့်အပ်ခြင်းမပြုလုပ်သည်မှာ မှားယွင်းပါသည်ဟူ၍ဖြစ်သည်။ ကျွန်ုပ် တို့ရှေ့တွင် လျှောက်လဲချက်များပေးရာ၌ လျှောက်ထားသူ အတွက် လိုက်ပါဆောင် ရွက်သည့်တရားရုံးချုပ် ရှေ့နေ ဦးကျော်မြင့်က မူလရုံး တရားသူကြီးသည် အက်ဥပဒေ အရ ပြဋ္ဌာန်းထားသည့် ညွှန်ကြားချက်များကို မလိုက်နာသဖြင့် ဦးမြင့်သိန်းအား ကော်မရှင်နာအဖြစ် ခန့်အပ်ခြင်းမှာ မှားယွင်းပါသည်ဟု တင်ပြသွားသည်။ မူလ ရုံး၏အမိန့်၌ ရုံးဝန်ထောက်မှာ အမှုစစ်ဆေးရသည့် လုပ်ငန်းများကိုသာမက၊ ရုံး၏ အုပ်ချုပ်မှုကိစ္စ အဝဝတို့ကိုလည်း ဆောင်ရွက်ရသူ တဦးဖြစ်သည့် အလျောက် အလုပ် တာဝန် အလွန်များပြားလှသော အရာရှိ တဦး ဖြစ်ပါသည်။ ၎င်းအား ကော်မရှင်နာ ခန့်အပ်ခြင်းဖြင့် ပိုမို၍ အလုပ် တာဝန်ဝတ္တရားများ များပြားလာဘွယ်ရာရှိပါသည်။ တရားရုံးချုပ် ရှေ့နေ ဦးမြင့်သိန်းအား ကော်မရှင်နာ ခန့်အပ်ခြင်းဖြင့် မည်သူတွင် [illegible] ထိခိုက်နစ်နာဘွယ်ရာ အကြောင်း မရှိပါဟု အကြောင်းပြ ထားသည်။ တရားမ [illegible]ထုံး အမိန့် ၂၆၊ နည်း ဥပဒေ ၁၁ အရ၊ တရားမမှု တခုခုတွင်သက်ဆိုင်ရာရုံးသည် [illegible]တော်သည်ဟု ထင်မြင်သောသူ တဦး တယောက်အား စာရင်းများစစ်ဆေးရန် [illegible] ညွှန်ကြားနိုင်သည့် အာဏာရှိသည်။ ရန်ကုန်မြို့၊ တရားမရုံး၊ ရုံးလက်စွဲအပိုဒ် [illegible] ရုံးဝန်ထောက်နှင့် စပ်ဆိုင်သည့် တာဝန် ဝတ္တရားများ ပြဋ္ဌာန်းထားသည်။ [illegible]ဝတ္တရားများထဲတွင် စာရင်းရှင်းလင်းသည့် တာဝန်လည်း ပါဝင်သည်။ ထို [illegible]တရားမရုံးအက်ဥပဒေပုဒ်မ ၃၄ အရ၊ ထုတ်ပြန်သည့် ပြန်တမ်းအရ၊ [illegible] ဖြစ်သည်။ သို့ရာတွင် ယင်းကဲ့သို့ ရုံးဝန်ထောက်တို့ တာဝန်ဝတ္တရား များ[illegible]စာရင်းရှင်းလင်းသည့်အလုပ်တာဝန် ပါရုံကာမျှဖြင့်ထိုပြဋ္ဌာန်း ချက်[illegible]ကျင့်ထုံးအမိန့် ၂၆၊ နည်းဥပဒေ ၁၁ ကို လွှမ်းမိုး၍ မသွားနိုင်။ စာရင်းရှင်း[illegible] ကော်မရှင်နာခန့်ထားခြင်းမှာသက်ဆိုင်ရာရုံး၏ဆင်ခြင်တုံ တရားအရ၊ခန့်အပ်[illegible]ဖြစ်သည်။ သာမန်အားဖြင့်ရုံးဝန်ထောက်အား ကော် မရှင်နာခန့်အပ်ရန်ဖြစ်သော်လည်းအကျိုးအကြောင်းသင့်မြတ်သည့် အကြောင်းအရာ

၁၉၇၁
ဦးတင်ဂွမ်
နှင့်
ဦးသော်ဒါ။

များရှိလျှင် အပြင်လူကိုလည်း ခန့်ထားနိုင်သည်။ **မူလရုံး၏** အမိန့်တွင် ရုံးဝန်ထောက်အား မည်သည့် အတွက် ခန့်ထားခြင်း **မပြုလုပ်နိုင်ကြောင်း** ခိုင်လုံသည့် အကြောင်းပြချက်များ ဖေါ်ပြထားသည့်အပြင် **တဘက်မှလည်း တရားရုံးချုပ်**ရှေ့နေ ဦးမြင့်သိန်းအား မည်သည့် အတွက်ခန့်ထားခြင်း **မပြုလုပ်သင့်ကြောင်း** တစုံတရာ အကြောင်းပြထားခြင်း မရှိချေ။ ထို့ကြောင့် **မူလရုံးက ချမှတ်ထားသည့်** အမိန့်ကို ဝင်ရောက်စွက်ဖက်ရန် အကြောင်း မမြင်သဖြင့် **ယခု** **ကျွန်ုပ်**တို့ရှေ့ရှိ ပြင်ဆင်မှုလျှောက်လွှာကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ **ဤရုံး၏** ရှေ့နေခကို ၃၄ ကျပ် သတ်မှတ်သည်။

နိုင်ငံတော်တရားရုံးချုပ်

အခွင့်ထူးတရားမအယူခံမှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်၊ တရားသူကြီး ဦးကျော်ဇံဦး နှင့် တရားသူကြီး ဦးသက်ဖေ တို့ရှေ့တွင်

† ၁၉၇၁
ဇွန်လ ၁၆ ရက်။

၁။ ဒေါ်တင်တင်
၂။ ဦးကရင်

နှင့်

၁။ ဦးတင်မောင်
၂။ ဒေါ်သိန်းတင်*

ဇာရီမှုများကို ခေတ္တဆိုင်းငံ့ထားရန် တရားရုံးချုပ်၏ ညွှန်ကြားချက်—တည်ဆဲ ဥပဒေနှင့် လက်တွေ့ အခြေအနေများအကြား ပေါင်းကူးတံတားခင်းပေးသည့် သဘောညွှန်ကြားခဲ့ခြင်း—တရားရုံး ချုပ် အမှာစာသည် အိမ်မြေ များနှင့် ပတ်သက်၍ ဇာရီပြုလုပ် ခြင်းကို ယာယီအားဖြင့် ဆိုင်းငံ့ထားခြင်း—ဇာရီ ပြုလုပ်ခြင်းကို အချိန်မီ ပြုလုပ်ရန်ဤစီရင်ချက်ဖြင့်သတိပေးခြင်း။

ဆုံးဖြတ်ချက်။ ။ဆင်းရဲနွမ်းပါးသော သူတို့အား၊ မြေမှ အိမ်မှ၊ ဥပဒေ အာဏာဖြင့် ဖယ်ရှား လိုတိုင်း ဖယ်ရှား နိုင်ကြလျှင်၊ အတိ ဒုက္ခ ရောက်နိုင်ကြသည်ကို မြင်၍၊ ဥပဒေကို လိုအပ်သလို ပြင်ဆင်နိုင်ရန်နှင့် ဥပဒေ ဘောင် အတွင်းမှ မျှတသော နည်းလမ်း များကို ဖန်တီး နိုင်ရန် တရားရုံးချုပ် က တရားရုံးများအား ရည်ညွှန်းသော အမှာစာကို ထုတ်ပြန် ခဲ့ခြင်း ဖြစ်သည်။ တရား စီရင်ရေး **ကို** အုပ်ချုပ် ကွပ်ကဲသည့် သဘော၊ တည်ဆဲ ဥပဒေ များနှင့် လက်တွေ့ အခြေ အနေများ အကြား **ပေါင်း**ကူး တံတား ခင်းပေးသည့် သဘော ညွှန်ကြားခဲ့ခြင်းဖြစ်သည်။ ယင်း ညွှန်ကြားလွှာ **သည်၊** ဥပဒေ အာနိသင် အပြည့် မရှိစေကာမူ၊ တရားရုံးချုပ်၏ အုပ်ချုပ် ကွပ်ကဲမှုကို ခံယူ ရသော [illegible]**ရုံး**များက လိုက်နာ ကြရသည့် ညွှန် ကြားချက်မျိုး ဖြစ်သည်။

ထပ်မံဆုံးဖြတ်ချက် နှင့် သတိပေးချက်။ ။တရား စရိတ်ကို ဇာရီ ပြုလုပ်နိုင်ကြောင်း၊ တရား [illegible] **အမှာ** စာသည် အိမ်မြေ များနှင့် ပတ်သက်၍၊ ဇာရီ ပြုလုပ်ခြင်းကို ယာယီ အားဖြင့် ဆိုင်းငံ့ [illegible] **ဖြစ်**ကြောင်း၊ ဤစီရင်ချက်ဖြင့် ထင်ရှားစေပြီး၍၊ နောင် အခါတွင် ဇာရီ ပြုလုပ်ခြင်း [illegible] **ပြုလုပ်** ကြရမည် ဖြစ်ကြောင်း သတိပေး လိုက်သည်။ တရား နိုင်က မိမိ၏ အခွင့် [illegible] **ခြင်း** မပြုကြောင်း၊ ကာလ စည်းကမ်းသတ် အတွင်း ဇာရီ လျှောက်ထားခြင်းဖြင့် [illegible] တာဝန် ရှိပေသည်။

[illegible] ။တရားရုံးချုပ်ရှေ့နေ ဦးမြင့်စိုး။

[illegible] ။(**[illegible]**ထောက် နိုင်ငံတော် ရှေ့နေချုပ်)ဦးလှသင်း။

---

*__၁၉၇၁ [illegible] အခွင့်ထူး တရား__မ အယူခံမှုအတွက် အမှတ် ၁၀။

†**၁၉၆၈ ခုနှစ်၊ [illegible]** အသေးအဖွဲ့ အယူခံမှု အမှတ် ၇ တွင်၊ နိုင်ငံတော် တရားရုံးချုပ် (မန္တလေးမြို့ရုံးထိုင်) **၏ [illegible] ၁၉၆၉** ခုနှစ်၊ မေလ ၃ ရက် နေ့စွဲပါ စီရင်ချက်နှင့် ဒီကရီကို အယူခံဝင်မှု။

၁၉၇၁

၁။ ဒေါ်တင်တင်
၂။ ဦးကရင်
နှင့်
၁။ ဦးတင်မောင်၊
၂။ ဒေါ်သိန်းတင်။

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်။ ။အယူခံ တရားလို ဒေါ်တင်တင် တို့သည်၊ အယူခံ တရားပြိုင် ဦးတင်မောင်တို့အား အချင်းဖြစ်မြေမှ ဖယ်ရှားပေးရန် မူလရုံးတွင် တရားစွဲဆို အနိုင်ရရှိခဲ့ကြသည်။ ဦးတင်မောင်က အယူခံဝင်သော်လည်း မအောင်မြင်။

ဒေါ်တင်တင်တို့က ၎င်းတို့ရရှိသော အနိုင် ဒီကရီကို ဇာရီပြုလုပ် အတည်ဖြစ်စေရန် ရုံးသို့ လျှောက်ထားသောအခါ၌၊ ယင်းသို့ ဇာရီမှုဖွင့်ရန် ဥပဒေ ကန့်သတ်ထားသော ၃ နှစ်ထက် ၉ လခန့် လွန်သွားသည်။ ယင်းသို့ လွန်သည်မှာ တရားရုံးချုပ်က ၁၉၆၄ ခုနှစ်၊ ဇန္နဝါရီလ ၁၇ ရက်နေ့စွဲပါ အမှာစာဖြင့်၊ တရားရုံးများအား ယင်းကဲ့သို့သော ဇာရီမှုများကို ခေတ္တဆိုင်းငံ့ထားရန် ညွှန်ကြားထားခဲ့ခြင်းကြောင့် ဇာရီပြုလုပ်ပေးရန် လျှောက်လွှာတင်ရန်မလို ဟု ထင်မြင်ယူဆခဲ့မိခြင်းကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ကာလ စည်းကမ်းသတ် လွန်ခြင်းကို ခွင့်လွှတ်သင့်ပါသည် ဟု ဒေါ်တင်တင်တို့က လျှောက်ထားသည်။

ဇာရီမှုကို လက်ခံ စစ်ဆေးသော မန္တလေး ရာဘက် ခရိုင် တရားမရုံးကအကြောင်းပြချက်ကို လက်ခံ၍ ရက်လွန်ခြင်းကို ခွင့်လွှတ်ခဲ့သည်။ ဦးတင်မောင်တို့က တရားရုံးချုပ်သို့ အယူခံခဲ့ရာ၊ တဦးထိုင် တရားသူကြီးက၊ ကာလ စည်းကမ်းသတ် လွန်ခြင်းကို ခွင့်ပြုရန် အကြောင်းကောင်း မမြင်၊ တရားရုံးချုပ်က ဇာရီပြုလုပ်ခြင်းများကို တားမြစ်ထားခြင်းမဟုတ်၊ ထို့ပြင် တရားရုံးချုပ်၏ အမှာစာသည် ဥပဒေကဲ့သို့ အကျိုးသက်ရောက်သည့် ပြဋ္ဌာန်းချက်မဟုတ်ဟု ဆုံးဖြတ်ကာ၊ အယူခံကို လက်ခံ၍ ဇာရီမှုကို ပယ်ဖျက်စေ အမိန့်ချမှတ်ခဲ့သည်။ ယင်းသို့ သုံးသပ်ရာတွင် အိန္ဒိယနိုင်ငံ ဘုံဗေ တရားလွှတ်တော်၏ ၁၉၂၆ ခုနှစ်၊ စီရင်ထုံး တရပ်၊ ၁၉၄၇ ခုနှစ်၊ စီရင်ထုံးတရပ်ကိုလည်း ကိုးကားခဲ့သည်။

ပြဿနာသည် မြန်မာနိုင်ငံ၏ ထူးခြားသော အခြေ အနေမှ ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ ဘုံဗေနှင့် မတူချေ။ ဆင်းရဲနွမ်းပါးသော သူတို့အား မြေမှ အိမ်မှ ဥပဒေ အာဏာဖြင့် ဖယ်ရှားလိုတိုင်း ဖယ်ရှားနိုင်ကြလျှင်၊ အတိဒုက္ခရောက်နိုင်ကြသည်ကို မြင်၍၊ ဥပဒေကို လိုအပ်သလို ပြင်ဆင်နိုင်ရန်နှင့်၊ ဥပဒေ ဘောင် အတွင်းမှ မျှတသော နည်းလမ်းများကို ဖန်တီးနိုင်ရန် တရားရုံးချုပ်က တရားရုံးများအား ရည်ညွှန်းသော အမှာစာကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ တရားစီရင်ရေးကို အုပ်ချုပ်ကွပ်ကဲသည့် သဘော၊ တည်ဆဲ ဥပဒေများနှင့် လက်တွေ့ အခြေအနေများ အကြား ပေါင်းကူး တံတားခင်းပေးသည့် သဘော၊ ညွှန်ကြားခဲ့ခြင်းဖြစ်သည်။ ယင်းညွှန်ကြားလွှာသည် ဥပဒေ အာနိသင် အပြည့် မရှိစေကာမူ၊ တရားရုံးချုပ်၏ အုပ်ချုပ်ကွပ်ကဲမှုကို ခံယူရသော တရားရုံးများက လိုက်နာကြရသည့် ညွှန်ကြားချက်မျိုးဖြစ်သည်။

၁၉၇၁

၁။ ဒေါ်တင်တင်
၂။ ဦးကရင်
နှင့်
၁။ ဦးတင်မောင်
၂။ ဒေါ်သိန်းတင်

အယူခံ တရားလို၏ ရှေ့နေကြီး ဦးမြင့်စိုးက ညွှန်ကြားချက်ကို ရုံးများက လိုက်နာကြပါသည်။ သင့်မြတ်သော အချိန်၌ လိုအပ်သော ဥပဒေကို ပြဋ္ဌာန်းပေးခြင်း၊ သို့မဟုတ် ညွှန်ကြားလွှာကို ပြင်ဆင်ပေးခြင်း စသည်ကိုပြုအပ်ပါသော်လည်း၊ ယင်းသို့ မပြုမီအတွင်း ညွှန်ကြားလွှာကို လိုက်နာကြရန်သာ ဖြစ်ပါသည်။ ဇာရီ လျှောက်ထားသူတို့ကလည်း ယင်းသို့ပင် ထင်မြင်ခဲ့ကြ၍၊ ဇာရီ မလျှောက်ထားခဲ့ခြင်း ဖြစ်ပါသည်။ ထိုအချက်ကို အကြောင်းကောင်းဟု လက်ခံကာ ၉ လမျှ ရက်လွန်ခြင်းကို ရာဘက်ခရိုင် တရားမရုံးက ခွင့်လွှတ်ထားခြင်းသည် တရားမျှတ မှန်ကန်ပါသည်ဟု လျှောက်လဲသည်။

အယူခံ တရားပြိုင်တို့က ၎င်းတို့သည် မရှိဆင်းရဲသားများ ဖြစ်ကြောင်း၊ အယူခံ တရားလိုတို့သည် ငွေရှင် ကြေးရှင်ဖြစ်ပြီးလျှင်၊ မသိ၍ ဇာရီလုပ်ရာ နောက်ကျသည်ဟု လျှောက်ထားခြင်း မမှန်ကန်နိုင်ကြောင်း စသည်ကို စာဖြင့် တင်သွင်းကန့်ကွက သည်။

ရုံးသဟာယ လက်ထောက် နိုင်ငံတော် ရှေ့နေချုပ် ဦးလှသင်းက မြေမှ ဖယ်ရှားသော ဒီကရီများကို ဇာရီပြုလုပ်ခြင်းမှ ဆိုင်းငံ့ထားခြင်းကို သင့်မြတ်သလို ပြင်ဆင်နိုင်ရန်နှင့် လိုအပ်သော ဥပဒေတို့ကို ပြဋ္ဌာန်းရန် သက်ဆိုင်ရာတို့က ဆောင်ရွက်လျက်ရှိပါသည်။ ဆိုင်းငံ့ထားသော ညွှန်ကြားလွှာကို အကာအကွယ်ယူ၍ မသမာသူ အချို့ အကျိုး အမြတ်ရှာနေကြသည်ဟု သိရပါသည်။ တရားရုံးချုပ်၏ ညွှန်ကြားလွှာကြောင့် ဇာရီမှုများ ဖွင့်၍ မရဟု မှားယွင်းကာ ထင်မြင်မိပါသည်ဟု ဒေါ်တင်တင်တို့က လျှောက်ထားသည်ကို လက်ခံ၍၊ ရာဘက်ခရိုင် တရားမရုံးက ဇာရီ ရက်လွန်ခြင်းကို ခွင့်လွှတ်ခဲ့ခြင်းသည် တရားမျှတသည်ဟု ယူဆပါသည်။ တရားစရိတ်နှင့် [illegible]သက်၍မူ ဇာရီဆိုင်းငံ့ရန် မရှိပါဟု တင်ပြသည်။

တရားရုံးချုပ် အမှာစာဖြင့် အိမ်မြေမှ ဖယ်ရှားခြင်းကို ဆိုင်းငံ့ထားခဲ့သည်မှာ [illegible]ခဲ့ပြီဖြစ်သည်။ ထိုကာလ အတော အတွင်း၊ ဆိုင်းငံ့ မိန့်ကို မိမိတို့ အကျိုး[illegible]အတွက် မလျော်သောနည်း သုံးစွဲခြင်းများရှိတန်သရွေ့ ရှိလာသည်ဟု သိရ[illegible] အမှန်တကယ်ဖြစ်နေသော အခြေ အနေတို့ကို ကောင်းစွာ လေ့လာပြီး [illegible] စောင့်ရှောက်အပ်သူတို့ကို စောင့်ရှောက်စေနိုင်အောင်၊ သက်ဆိုင်ရာတို့က စီမံဆောင်ရွက်လျက် ရှိသည်၊ ဥပဒေ ပြဋ္ဌာန်းသင့်က ပြဋ္ဌာန်းရန် တင်ပြဘို့ရှိသည်။ ကျူးကျော်ခြင်းများကိုလည်း ထိရောက်စွာ အရေးယူလျက် ရှိသည်ဟု သိရသည်။ တရားရုံးချုပ် အမှာစာကိုလည်း သင့်မြတ်သလို ပြင်ဆင်ရန် ရှိသည်။

မည်သို့ပင်ဆိုစေ တရားရုံးချုပ် အမှာစာကြောင့်၊ ဇာရီမှုဖွင့်ရန် မလိုသေးဟု ထင်မြင်ခဲ့မိပါသည်ဟု ဒေါ်တင်တင်တို့က တင်ပြခဲ့ခြင်းကို ရာဘက်ခရိုင် တရားမ

၁၉၇၁

၁။ ဒေါ်တင်တင်
၂။ ဦးကရင်
နှင့်
၁။ ဦးတင်မောင်
၂။ ဒေါ်သိန်းတင်

တရားသူကြီးက လက်ခံခဲ့ခြင်းသည်တရားမျှတသည်ဟု ယူဆအပ်သည်။ တရားစရိတ်နှင့် ပတ်သက်၍လည်း သီးခြား ဇာရီ ပြုလုပ်နိုင်ကြောင်း၊ ခွဲခြား မသိခဲ့၍ ဖြစ်နိုင်သည်။ ထို့ကြောင့် ဤရုံး ပထမ အယူခံ အမိန့်ကို **ပယ်ဖျက်**ကာ၊ ရာဘက် ခရိုင်တရားမရုံး၏ အမိန့်ကို တည်စေလိုက်သည်။ တရားရုံး **အဆင့်ဆင့်**တွင် အမှုသည်တို့သည် ကိုယ့်စရိတ် ကိုယ်ခံ။

တရားစရိတ်ကို ဇာရီ ပြုလုပ်နိုင်ကြောင်း၊ တရား**ရုံးချုပ် အမှာ**စာသည် အိမ်မြေများနှင့် ပတ်သက်၍ ဇာရီပြုလုပ်ခြင်းကို ယာယီအား**ဖြင့် ဆိုင်း**ငံ့ထားခြင်းသာ ဖြစ်ကြောင်း၊ ဤစီရင်ချက်ဖြင့် ထင်ရှားစေပြီး၍၊ နော**င်အခါတွ**င် ဇာရီပြုလုပ်ခြင်းကို အချိန်မီ ပြုလုပ်ကြရမည်ဖြစ်ကြောင်း သတိပေးလို**က်သည်။** တရားနိုင်က မိမိ၏ အခွင့် အရေးကို စွန့်ပယ်ခြင်း မပြုကြောင်း၊ ကာလ **စည်းကမ်း**သတ် အတွင်း ဇာရီ လျှောက်ထားခြင်းဖြင့် တရားရှုံးအား သိစေရန် တာ**ဝန်ရှိပေ**သည်။

တရားရှုံးတို့က ၎င်းတို့သည် မရှိဆင်းရဲသူမျ**ား ဖြစ်**ကြပါသည်ဟု ဆိုသည်။ ယင်းအချက်ကို ဇာရီပြုလုပ်နိုင်သောအခါ၌ တရား**ရုံးက စုံစမ်း**စစ်ဆေး၍ သင့်မြတ်သလို ဥပဒေက ခွင့်ပြုသော သက်သာခွင့်များကို **ပေးနိုင်**မည် ဖြစ်ပေသည်။

နိုင်ငံတော်တရားရုံးချုပ်

အခွင့်ထူးတရားမအယူခံမှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်၊ တရားသူကြီး ဦးသက်ဖေ နှင့် တရားသူကြီး ဦးစိန်သင်း
တို့ ရှေ့တွင်

၁။ ဦးထွန်း၊ရေအေးတွင်းရပ်၊ တောင်ကြီးမြို့၊ ၂။ ဦးအေးမောင်၊ ဗိုလ်ကုန်း ရပ်၊ တောင်ကြီးမြို့၊	နှင့်	၁။ ဒေါ်သိန်းငွေ ၂။ ဦးညွန့်မောင် } သားအမိ၊ ပွဲစားတန်း၊ မိတ္ထီလာမြို့၊ မလှိုင်စာတိုက်။ *	† ၁၉၇၁ ဇွန်လ ၅ ရက်။

အာမခံ စာချုပ်—အမှုတွင် တင်သွင်းသော မရွှေ့ မပြောင်း နိုင်သော ပစ္စည်းတွင် အကျိုး သက်ရောက် စေသည့် အာမခံ စာချုပ်သည် မှတ်ပုံတင် ထားခြင်း မရှိက တရားဝင် မဝင်—ခံဝန် ပြုသူတို့၏ အာမခံ စာချုပ် သည် တရားမဝင်ကာမျှနှင့် ၎င်းခံဝန်ပြုသူတို့တွင် ပေးချေရန် တာဝန်ရှိ မရှိ—တရားစီရင်ထုံး ဟူသည် မှန်ကန် မျှတ၍ တရား ဥပဒေ နှင့် ညီညွတ် မှသာ လမ်းညွှန် တရပ် ဖြစ်နိုင်ခြင်း—စီရင်ထုံး ကိုးကားခြင်း—နိုင်ငံခြား စီရင် ထုံးများကို ဗဟုသုတ အလို့ငှါ လေ့လာ ကောင်းသော်လည်း အမှီ သဟဲ မပြုအပ်။

ဆုံးဖြတ်ချက်။ ။အမှုတွင် တင်သွင်းသော၊ မရွှေ့ မပြောင်း နိုင်သော ပစ္စည်းတွင် အကျိုး သက်ရောက် စေသည့် အာမခံ စာချုပ်သည်၊ မှတ်ပုံတင် အက်ဥပဒေနှင့် အခြား ဆီလျော်သော ဥပဒေ ပြဋ္ဌာန်းချက်တို့နှင့် ကိုက်ညီ မှသာ တရားဝင်သည်ဟု မြန်မာ နိုင်ငံ တရား ရုံးများက ကျင့်သုံး လာခဲ့ခြင်းသည် ဥပဒေနှင့် ကိုက်ညီသည်။ တည်နေသော စီရင်ထုံးများနှင့်လည်း ကိုက်ညီ **သည်**။ မရွှေ့ မပြောင်း နိုင်သော ပစ္စည်း (တန်ဘိုးငွေ ကျပ် ၁၀၀ နှင့် အထက်)နှင့် ပတ်သက်သော **အရောင်း**၊ အပေါင် စသော စာချုပ်ကို မှတ်ပုံတင်စေခြင်းဖြင့် ပို၍ လေးနက် စေသည်။ ပစ္စည်း **နှင့် ပတ်သက်**သူတို့သည် မှတ်ပုံတင် ရုံးတွင် သွားရောက်၍ စစ်ဆေး ကြည့်ရှု နိုင်စေသည်။ ယင်း **ပစ္စည်းနှင့် ပတ်သက်**၍၊ ရောင်းဝယ် ဆက်သွယ်ခြင်းသည် ရှင်းလင်းနိုင်သည်။ သတ်မှတ်သော **တံဆိပ်ခေါင်းဘိုး ပြည့်သူ့**ဘဏ္ဍာတွင် တိုးသည်။ ယင်းသို့ မပြုမူဘဲ၊ ဤ အမှုမှာကဲ့သို့ စာရွက်ပေါ်တွင် ခံဝန် **ပြုကြောင်း ရေးသား**ကာ တရားရုံးတွင် တင်သွင်းလျှင် တရား မဝင်။

ထပ်မံဆုံးဖြတ်ချက်။ ။တရား စီရင်ထုံးဟူသည် မှန်ကန် မျှတ၍ တရား ဥပဒေနှင့် ညီညွတ် မှသာလျှင်၊ **လမ်းညွှန် တရပ် ဖြစ်**နိုင်သည်။ မြင့်သော ရုံးတွင် ထိုင်သော တရား သူကြီး တယောက်

---

* ၁၉၇၀ **ခုနှစ်၊ အခွင့်ထူး တရားမ** အယူခံမှု အမှတ် ၄။

† ၁၉၆ဂ ခုနှစ်၊ **တရားမ သေးဖွဲ့** အယူခံမှုအမှတ် ၂ တွင်၊နိုင်ငံတော် တရားရုံးချုပ်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

၁၉၇၁

၁။ ဦး လွန်း၊ ရေအေး တွင်း ရပ်၊ တောင်ကြီး မြို့။

၂။ ဦး အေး မောင်၊ဗိုလ်ကုန်း ရပ်၊ တောင်ကြီး မြို့

နှင့်

၁။ ဒေါ် သိန်း ငွေ၊

၂။ ဦး ညွန့် မောင်၊ သ ၁ း အမ်ိ၊ပွဲစားတန်း၊ မိ တ္ထိ လာ မြို့ ၊ မလှိုင် စာတိုက်။

က ဆုံးဖြတ်ကာမျှနှင့်၊ ကြာမြင့်ကာမျှနှင့် စီရင် ထုံးများတွ ထည့်သွ ပုံနှိပ် ထားကာမျှနှ အာနိ သင် မရှိချေ။ ထိုကြောင့် တရားသူကြီး တဦးဦးသည် ယခင် စီရင် ထုံးနှင့် ကွဲလွဲ ယူဆလျှင် စုံညီ ခုံရုံးသို့ တင်ပြကာ၊ ကျယ်ဝန်း နက်နဲစွာ ပြဿနာကို အဖက်ဖက်မှ လေ့လာ ကြားနာပြီးမှ အဆုံးအဖြတ် ပေးသော လုပ်ထုံးကို ကျွန်ုပ်တို့ လိုက်နာလျက် ရှိကြသည်။

စီရင်ထုံးကို ကိုးကားရာတွင် စီရင် ချက် အပြည့် အစုံကို ဖတ်မှု မှသာလျှင် အမှု အချက် အလက်တို့ကို သိမြင် နိုင်သည်။ ခေါင်းစည်း မှတ်ချက်တို့သည်၊ အကြောင်းအရာ ဆုံးဖြတ်ချက်ကို အရိပ်ပြခြင်းမျှသာ ပြုနိုင်သည်။ စီရင်ထုံးပါ အမှု အကြောင်း အရာနှင့် ဆုံးဖြတ်ရန် အမှု အကြောင်း အရာတို့ကို ကောင်းစွာ နှိုင်းယှဉ်ရသည်။ ပြီးမှသာ စီရင် ထုံး၏ လမ်းညွှန် မှုကို ယူသင့် သလောက် ယူအပ်သည်။ စီရင်ထုံး နောက်သို့ ဆုံးဖြတ်ရန် အမှု၏ အကြောင်းချင်းရာက လိုက်ရန် မဟုတ်။ အမှု အကြောင်း ချင်းရာကို ဥပဒေနှင့် စပ်ဟပ် ရာတွင် အခက် အခဲ ရှိသရွေ့သာလျှင် စီရင်ထုံးက ဆီလျော်သမျှ ထောက်ကူရန် ဖြစ်သည်။

နိုင်ငံခြား စီရင်ထုံးများကို လေ့လာလျှင်လည်း၊ သူတို့၏ **အခြေ** အနေ နောက်ခံ အပြင်၊ သူတို့၏ ဥပဒေကိုပါ အတိ အကျ လေ့လာ အပ်သည်။ ဥပမာ **အားဖြင့်** အိန္ဒိယ နိုင်ငံတွင် ပြည်နယ် အသီးသီးက မိမိတို့၏ ဥပဒေများကို ပြဋ္ဌာန်း ထားသည်လည်း **ရှိ၏။** အချင်းချင်းပင် မတူကြချေ။ တရားလွှတ်တော် အများကလည်း ကွဲပြားသော စီရင် ထုံးများကို ပြုကြသည်။ ဥပဒေ များကိုလည်း ပြင်ဆင် ပြဋ္ဌာန်း လျက် ရှိကြသည်။ ပြင်ဆင် ပြဋ္ဌာန်း ထားသော ဥပဒေ များကို မကြည့်ပဲ၊ စီရင်ထုံး၏ ခေါင်းစီး မှတ်ချက်ကိုသာ အပေါ်ယံ ဖတ်ကာ မြန်မာ နိုင်ငံ မှုခင်းများကို ဆုံးဖြတ် ကြလျှင် အမှားအယွင်းများ၍၊ မမျှမတ မညီ မညွတ် ဖြစ်မည်၊ မြန်မာ့ တရား စီရင်ရေး ဆိတ် သုဉ်းမည်။ ထို့ကြောင့် နိုင်ငံခြား စီရင် ထုံးများကို ဗဟုသုတ အလို့ငှါ လေ့လာ ကောင်းသော်လည်း အမှီ သဟဲ မပြု အပ်။

ထပ်မံဆုံးဖြတ်ချက်။ ။အယူခံ တရားလို ဦးထွန်းတို့ တွင် တာဝန် ကင်းပြီ ကား မဟုတ်သေး၊ မြေနှင့် တိုက်ကို အပေါင် ထားခြင်း တရား **မဝင်ကာမျှနှင့်** ၎င်းတို့ကို နှစ်ဦး ပေါင်း၍ ငွေ ကျပ် ၂၀,၀၀၀ အထိ ပေးချေရန် တာဝန် ယူပါသည်ဟု **လေးနက်စွာ** ခံယူ ကတိပြုထားခြင်း ကျန်သေးသည်။ တရားရုံးသို့ လာရောက်၍ ပေါ့ပေါ့ လွယ်လွယ် **ခံဝန်** ပြုရသည် မဟုတ်။ ဦးထွန်း နှင့် ဦးအေးမောင် တို့သည် ၎င်းတို့ အလို အလျောက် ယူကြသော တာဝန်၏ သဘော ပမာနကို ကောင်းစွာ သိကြသည်။ ယင်း တာဝန်ကို၊ ဥပဒေ အကာအကွယ် ယူ၍၊ ရှောင်တိမ်းခြင်း မပြု စေအပ်ချေ။ ၎င်းတို့ ခံဝန် ပြုခဲ့ကြသော တရားရုံး ပီလေးသည်၊ အိန္ဒိယ နိုင်ငံသို့ အပြီးပြန် သွားပြီး ဖြစ်၍လည်း၊ ၎င်းတို့ နှစ်ဦး ပူးတွဲ ခံယူ ထားသော တာဝန်ကို လေးနက်စွာ ဆောင်ရွက်စေအပ်သည်။

ထို့ကြောင့် ခရိုင် တရားမ တရားသူကြီးက၊ လိုအပ်လျှင် တရားမ ကျင့်ထုံး ပုဒ်မ ၁၅၁ က **တရား** ရုံးအား အပ်နှင်း ထားသော တရား မျှတမှုကို ဖြစ်စေရန် လိုအပ်သည်ကို ဆောင်ရွက် **နိုင်သည့်** အာဏာကို သုံးမည်ဟု ဆုံးဖြတ်ခဲ့ခြင်းသည်၊ တရားမျှတပေသည်။ သို့ရာတွင် တရားခံ **ဒီကာရီနှင့်** အတည် ဖြစ်စေရန် ခံဝန် ပြုသူ တဦးနှင့် ပတ်သက်၍၊ တရားမ ကျင့်ထုံး ပုဒ်မ ၁၄၅ **တွင် အတိ အကျ** သီးခြား ပြဋ္ဌာန်း ထားပြီး ဖြစ်ပေသည်။ **မောင်စံဘွင့်** နှင့် **မောင်ရွှေခင်၊ အေ၊ အိုင်၊ အာ (ရ်)** ၁၉၃၁၊ ရန်ကုန်၊ ၆၅ ကို ကိုးကားသည်။

၁၉၇၃

၁။ ဦး ထွန်း၊ ရေအေး တွင်း ရပ်၊ တောင်ကြီး မြို့။

၂။ ဦး အေး မောင်၊ဖိုလ်ကုန်း ရပ်၊ တောင်ကြီး မြို့

နှင့်

၁။ ဒေါ်သိန်း ငွေ၊

၂။ ဦး ညွန့် မောင်၊ သားအမိ၊ ပွဲစားတန်း၊ မိတ္ထီလာ မြို့၊ မလှိုင်စာတိုက်။

အယူခံတရားလိုအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးအေးမောင်၊

အယူခံတရားခံအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးတင့်။

တရားသူကြီးချုပ် ဒေါက်တာမောင်မောင်။ ။အယူခံတရားပြိုင် ဒေါ်သိန်းငွေတို့ကတောင်ကြီးခရိုင် တရားမရုံးတွင်၊ ၁၉၆၃ ခုနှစ် ကဂူရှဆွာမိပီလေးဆိုသူတဦးအပေါ် ငွေ ၁၇,၅၁၅ ကျပ်ရလိုမှုစွဲဆိုခဲ့သည်။ ယင်းချေးငွေများကိုပေးအပ်စေ ဒီကရီရ၍၊ ဇာရီပြုလုပ်နေစဉ်၊ ပီလေးက အယူခံဝင်နေစဉ်အတွင်း ဇာရီပြုလုပ်ခြင်းကို ဆိုင်းငံ့ထားရန် လျှောက်ထားသည်။

တရားနိုင် ဒေါ်သိန်းငွေတို့ဖက်က၊ အာမခံတင်သွင်းထားလျှင် ဆိုင်းငံ့ထားခြင်းကို မကန့်ကွက်ပါဆိုသဖြင့်၊ ရုံးကနှစ်သောင်းတန်အာမခံ နှစ်ယောက်တင်သွင်းစေရန် အမိန့်ချမှတ်ခဲ့သည်။ ဦးထွန်းနှင့် ဦးအေးမောင်တို့ကငွေ ၂၀,၀၀၀ ကျပ်အထိ၊ နှစ်ဦးတွဲ၍ ပီလေးအတွက်အာမခံပါသည်။ ဦးထွန်းပိုင်တန်ဖိုး ၃၀,၀၀၀ ကျပ်ခန့်ရှိ တိုက်တလုံးနှင့် ဦးအေးမောင်ပိုင်တန်ဖိုး ၄၀,၀၀၀ ကျပ်ခန့်ရှိတိုက်တလုံးကိုလည်း စာချုပ်ဖြင့်အပေါင်အနှံထားပါသည်ဟု ချုပ်ဆိုကာ ရုံးသို့တင်သွင်းခဲ့ကြသည်။ ရုံးက လုပ်ရိုးလုပ်စဉ်အတိုင်း မြေနှင့်တိုက်များသည် အခြားအပေါင်အနှံ ကင်းလွတ်မလွတ်စစ်ဆေးစေကာ၊ ကင်းလွတ်ကြောင်း ဦးထွန်းနှင့် ဦးအေးမောင်တို့က ဖြည့်စွက်အာမခံသဖြင့် စာချုပ်ကို လက်ခံ၍၊ ဇာရီကို ဆိုင်းငံ့ပေးခဲ့သည်။

အယူခံတွင် ပီလေးရှုံးသဖြင့်၊ ဒီကရီကို ဇာရီပြုလုပ်ခြင်းမှ ဆိုင်းငံ့ထားခြင်းကို ပယ်ဖျက်ကာ အတည်ပြုရန် ဖြစ်ပေါ်လာသည်။ ထိုအခါ၌ တရားရှုံးပီလေးသည် အိန္ဒိယသို့ အပြီးပြန်သွားခြင်းဖြစ်သဖြင့်၊ ဒေါ်သိန်းငွေတို့က အာမခံသူဦးထွန်းနှင့် ဦးအေးမောင်တို့က ၎င်းတို့ခံဝင်ပြုသည့်အတိုင်း ပေးချေစေရန်၊ ရုံးသို့လျှောက်သည်။

ဦးထွန်းနှင့် ဦးအေးမောင်တို့က ၎င်းတို့ရုံးသို့တင်သွင်းခဲ့သော စာချုပ်ကို ခေါင်းကပ်ခြင်း၊ မှတ်ပုံတင်ခြင်းပြု၍၊ မထားသဖြင့် တရားမဝင်ပါ၊ ထို့ကြောင့် ၎င်းတို့တွင်တာဝန်မရှိပါဟု လျှောက်ထားတင်ပြကြသည်။ တောင်ကြီးခရိုင် တရားမ တရားသူကြီးက ယင်းလျှောက်လဲချက်ကိုလက်ခံလျှင် ခံဝန်ချုပ်ဆိုခြင်းသည် အဓိပ္ပါယ်မရှိဖြစ်မည်၊ ထို့ကြောင့်ရုံးအား တရားမကျင့်ထုံးပုဒ်မ ၁၅၁ ကအပ်နှင်းသော တရားမျှတမှုကိုဖြစ်စေရန်လိုအပ်သည်ကို ဆောင်ရွက်နိုင်သည့်အာဏာကိုသုံးစွဲ၍ စာချုပ်ကိုအတည်ပြုရမည်ဟုဆုံးဖြတ်ခဲ့သည်။

မန္တလေး ရုံးထိုင်တရားရုံးချုပ်သို့ ဦးထွန်းတို့ကအယူခံဝင်ရာ တဦးထိုင်တရားသူကြီးက အယူခံကိုပယ်ခဲ့သည်။ အကြောင်းပြချက်မှာ ဦးထွန်းတို့တင်သွင်းခဲ့သော အာမခံစာချုပ်သည် တရားရုံးအမှုတွဲ၏ တစိတ်တဒေသဖြစ်သွားပြီ ဖြစ်သောကြောင့်၊ မှတ်ပုံ

၁၉၇၁

၁။ ဦး ထွန်း၊ ရေ အေး တွင်း ရပ်၊ တောင်ကြီး မြို့။
၂။ ဦး အေး မောင်၊ ဖိုလ်ကုန်း ရပ်၊ တောင်ကြီး မြို့
နှင့်
၁။ ဒေါ် သိန်း ငွေ၊
၂။ ဦး ညွန့် မောင်၊ သားအမိ၊ ပွဲစားတန်း၊ မိတ္ထီလာ မြို့၊ မလှိုင် စာတိုက်။

တင်ရန်မလို၊ တရားဝင် အတည်ဖြစ်သည်၊ ဟူ၍ဖြစ်သည်။ ယင်းသို့ဆုံးဖြတ်ရာတွင် **ဒါဒူဗလာဂျီကိုကူး နှင့် ကံဟားလားဒါနရမ်** (၁) အိန္ဒိယနိုင်ငံ နဂ်ပူ တရားလွှတ်တော် ဆုံးဖြတ်ချက်ကိုအမှီကထားခဲ့လေသည်။

ဦးထွန်းတို့က ဤရုံးသို့အယူခံဝင်ရန် အခွင့်ထူးပေးရန် လျှောက်ထားခဲ့ကြသည်။ ငွေ ၁၀၀ ကျပ်တန်ဖိုး၊ သို့မဟုတ် ယင်းထက်ပိုသော တန်ဖိုးရှိသော မရွှေ့မပြောင်း နိုင်သောပစ္စည်းကို လွှဲပြောင်းပေးသော၊ သို့မဟုတ် ပေါင်နှံခြင်းစသည်ကိုပြုခြင်းဖြင့်၊ ယင်းပစ္စည်းတွင် အကျိုးသက်ရောက်စေသော၊ စာချုပ်ကိုမှတ်ပုံတင်ရမည်ဟု မှတ်ပုံတင် အက်ဥပဒေပုဒ်မ ၁၇(၁)(င)၊ ကဆိုထားသည်။ အလားတူပြဋ္ဌာန်းချက်၊ ပစ္စည်း လွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၅၉ တွင်လည်းရှိသည်၊ မှတ်ပုံတင်အက်ဥပဒေပုဒ်မ ၁၇(၁)(ခ)တွင်လည်း၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းတွင်ငွေ ၁၀၀ ကျပ်၊ သို့မဟုတ် ယင်းအထက် တန်ဖိုးရှိသောအခွင့်၊ အကျိုးကို ဖန်တီးလွှဲပြောင်း၊ ဖျက်သိမ်းစသည့် အမှုတခုခုပြုသောစာချုပ်ကို မှတ်ပုံတင်ရမည်ဟုဆိုသည်။ ထိုဥပဒေပြဋ္ဌာန်းချက်များကို လိုက်နာကျင့်သုံးထားသော မြန်မာနိုင်ငံ စီရင်ထုံးများလည်းရှိသည်။ သို့ပါလျက် အိန္ဒိယနိုင်ငံ စီရင်ထုံးတရပ်ကို ကိုးကားလျက်၊ ငွေ ၁၀၀ ကျပ်အထက် တန်ဖိုးရှိသော မြေနှင့်တိုက်တို့ကို ပေါင်နှံပါသည်ဆိုသော မှတ်ပုံတင်မထားသော စာချုပ်သည် တရားဝင် အတည်ဖြစ်သည်ဟု ဆုံးဖြတ်ထားခြင်းသည် မှန်-မမှန် ဆုံးဖြတ်နိုင်ရန်၊ ဦးထွန်းတို့ တောင်းခံသော အခွင့်ထူးအယူခံဝင်ခွင့်ကို ပေးခဲ့သည်။

အယူခံတရားလိုတို့၏ ရှေ့နေကြီး ဦးအေးမောင်က မြန်မာနိုင်ငံစီရင်ထုံး အထင် အရှားရှိပါလျက် အိန္ဒိယနိုင်ငံ စီရင်ထုံးကို ကိုးကားလိုက်နာခြင်းသည် မှားယွင်း ပါသည်။ **ဆူပရာမုနီယံချစ်တီး နှင့် လီဒိုတ်ဘဏ်** (၂) တွင်၊ မြန်မာနိုင်ငံတရားလွှတ်တော်က မှတ်ပုံတင် အက်ဥပဒေပုဒ်မ ၁၇(၁)(ခ) နှင့်ဆန့်ကျင်သောစာချုပ်ကို ရုံးကအတည် ပြုမပေးနိုင်။ စာချုပ်ကိုလက်ခံခြင်းဖြင့် အာမခံတင်သောပစ္စည်းသည် လုံလောက်သည် ဟုသာဆုံးဖြတ်ခြင်းဖြစ်သည်။ တရားဝင်သည်ဆိုခြင်းမဟုတ်။ စာချုပ်ချုပ်ဆိုခြင်းသည် တရားရုံး၏ လုပ်ရပ်လုပ်ထုံးမဟုတ်ဟု ဆုံးဖြတ်ထားပါသည်။

"That the security bond fell within *S.* 17 (1) (b) of the Registration Act, and not being registered could not be enforced by an order for sale. In accepting a bond the Court intimates that the property tendered as security is deemed to be sufficient. The Court approves the substance not the form of the security, the bond as executed being the form in which the security is subsequently **furnished**.

(၁) A.I.R. 1947 Nagpur. 26. (၂) I.L.R. 13, Rangoon 359.

In such circumstances the execution of the bond is not an act of the Court, or a step of judicial procedure."]

၁။ ဦးထွန်း၊ ရေ အေး တွင်း ရပ်၊ တောင်ကြီး မြို့။
၂။ ဦးအေး မောင်၊ဗိုလ်ကုန်း ရပ်၊ တောင်ကြီး မြို့

နှင့်

၁။ ဒေါ် သိန်း ငွေ၊
၂။ ဦး ညွန့် မောင်၊ သားအ မိ၊ ပွဲစားတန်း၊ မိတ္ထီလာ ၁ မြို့၊ မလှိုင် စာတိုက်။

အထက်ဖော်ပြပါစီရင်ထုံးကိုပြင်ဆင်ထားသော အခြားမြန်မာနိုင်ငံစီရင်ထုံးမရှိပါပဲ နှင့်၊ နဂ်ပူ စီရင်ထုံးကိုလိုက်သောကြောင့်၊ တရားရုံးချုပ် တရားသူကြီးက မှားယွင်းချတ် ချော်နေပါသည်။ မှတ်ပုံမတင်သော အာမခံစာချုပ်ကို ရုံးကအတည်မဖြစ်စေနိုင်ပါဟု ဦးအေးမောင်က လျှောက်လဲသည်။

အယူခံတရားပြိုင်များ၏ ရှေ့နေကြီးဦးတင့်က၊ စာချုပ်ကို ရုံးကလက်ခံခဲ့ပြီးဖြစ်၍၊ အတည်ပြုပေးသင့်ပါသည်။ အိန္ဒိယနိုင်ငံ တရားလွှတ်တော်များသည် ဤပြဿနာပေါ် တွင် ကွဲလွဲစွာဆုံးဖြတ်ကြပါသည်။ ပြဿနာကို ပိုမိုရှင်းလင်းစေအောင် ထုံးပြုသင့်ပါ သည်ဟု တင်ပြသည်။

တရားရုံးက၊ ဤအမှုတွင်တင်သွင်းခဲ့သော အာမခံဝန်သည်သူ၏ကိစ္စ၊ သူ၏တာဝန် ဖြစ်သည်။ ရုံး၏ကိစ္စ၊ လုပ်ရပ်၊ အမိန့်၊ ဒီကရီမဟုတ်ချေ။ ထို့ကြောင့် အာမခံဝန်ချုပ် သည် မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ပေါင်နှံလွှဲပြောင်းခြင်း စသည်တို့နှင့်ပတ်သက် သော ဥပဒေပြဋ္ဌာန်းချက်တို့ကို လိုက်နာမှသာလျှင်၊ ဥပဒေအရ တရားဝင်သည်။ ဤ အမှုတွင် မြေနှင့်တိုက်ကို ပေါင်နှံသည်ဟု စာချုပ်တွင်ဆိုကာမျှနှင့် ပြီးပြည့်စုံခြင်းမရှိ မှတ်ပုံတင်ပြီးမှ အပေါင်စာချုပ်မြောက်သည်။ စာချုပ်ပါလုပ်ရပ်သဘောသည် မှတ်ပုံ တင်အက်ဥပဒေပုဒ်မ ၁၇(၂)(စ)တွင် အကျုံးမဝင်သောကြောင့်၊ မှတ်ပုံတင်ခြင်းမှ ကင်းလွတ်ခွင့်မရနိုင်ချေ။

ဆူပရာမုနီယံချစ်တီး အမှုတွင်၊ တရားသူကြီးချုပ်နှင့် တရားသူကြီးတဦးတို့ပါဝင် သော မြန်မာနိုင်ငံ တရားလွှတ်တော်ခုံရုံးက၊ အိန္ဒိယနိုင်ငံ တရားလွှတ်တော်များ၏ ကွဲလွဲနေသောစီရင်ထုံးများကို သုံးသပ်ပြီးနောက်မှ၊ လေးနက်စွာဆုံးဖြတ်ထုံးပြုခဲ့ခြင်း ဖြစ်ပေသည်။ အယူခံတွင် တရားသူကြီးအား ထားခဲ့သော ဒါဒူဗလာဂျီကိုကူး အိန္ဒိယ **နိုင်ငံ** နဂ်ပူစီထုံးသည် **ဂျာရပ်ပါး** နှင့် **ရှီဗန်ကူးဒါး** (၃) ဘုံဘေစီရင်ထုံးနှင့် **ကတ်စကူ ရီလား** နှင့် ဂိုဗာဒန်ဒတ်(၄) လာဟိုးစီရင်ထုံးများတို့ကို လိုက်နာခဲ့သည်။ သို့ရာတွင် **မြန်မာနိုင်ငံ**စီရင်ထုံးတွင် ယင်းဘုံဘေနှင့် လာဟိုးစီရင်ထုံးတို့ကို ကောင်းစွာသုံးသပ်၍ **ပယ်ခဲ့ခြင်း**ဖြစ်လေသည်။

မြန်မာနိုင်ငံ၏ ဆူပရာမုနီယံချစ်တီး စီရင်ထုံးသည်၊ မြန်မာနိုင်ငံတရားရုံးများက မပြတ် **လိုက်နာ**ကျင့်သုံးလာခဲ့သော ထုံးနှင့်လည်း ကိုက်ညီသည်။ **မရွှေမြ** နှင့် **မောင်ဘိုးနှောင်း**(၅)တွင် ၁၉၂၁ ခုနှစ်က လန်ဒန်မြို့ ပရီဗီကောင်စီသို့ပင် တက်ရောက်ခဲ့

(၃) I.L.R. 52, Bombay 72.   (၄) I.L.R. 15, Lahore 282.

(၅) 1923 II Burma Law Journal 264.

၁၉၇၁

၁။ ဦးထွန်း၊ ရေ အေး တွင်း ရပ်၊ တောင်ကြီး မြို့။
၂။ ဦး အေး မောင်၊ဖိုလ်ကုန်း ရပ်၊ တောင်ကြီး မြို့

နှင့်

၁။ ဒေါ် သိန်း ငွေ၊
၂။ ဦး ညွန့် မောင်၊ သားအမိ၊ ပွဲစားတန်း၊ မိတ္ထီလာ မြို့၊ မလှိုင်စာတိုက်။

သော အယူခံမှုပါ မူနှင့်လည်းညီသည်။ **ဆိုမာစွန်ဒရမ်ချစ်တီး နှင့် နခိုယပ်ပါးချစ်တီး** (၆)အမှုတွင် ရန်ကုန်မြို့ တရားလွှတ်တော်က ချမှတ်ခဲ့သောထုံးပါ မူနှင့်လည်းညီသည်။

အမှုတွင်တင်သွင်းသော၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းတွင် အကျိုးသက်ရောက်စေသည့် အာမခံစာချုပ်သည်၊ မှတ်ပုံတင်အက်ဥပဒေနှင့် အခြားဆီလျော်သောဥပဒေ ပြဋ္ဌာန်းချက်တို့နှင့်ကိုက်ညီမှသာ တရားဝင်သည်ဟု၊ မြန်မာနိုင်ငံတရားရုံးများက ကျင့်သုံးလာခဲ့ခြင်းသည် ဥပဒေနှင့်ကိုက်ညီသည်၊ တည်နေသောစီရင်ထုံးများနှင့်လည်း ကိုက်ညီသည်ဟု ကျွန်ုပ်တို့ဆုံးဖြတ်သည်။ မရွှေ့မပြောင်းနိုင်သောပစ္စည်း (တန်ဖိုးငွေ ၁၀၀ ကျပ်နှင့်အထက်) နှင့်ပတ်သက်သော၊ အရောင်း၊ အပေါင်၊ စသောစာချုပ်ကို မှတ်ပုံတင်စေခြင်းဖြင့်၊ ပို၍လေးနက်စေသည်။ ပစ္စည်းနှင့် ပတ်သက်သူတို့သည် မှတ်ပုံတင်ရုံးတွင် သွားရောက်၍ စစ်ဆေးကြည့်ရှုနိုင်စေသည်။ ယင်းပစ္စည်းနှင့်ပတ်သက်၍ ရောင်းဝယ်ဆက်သွယ်ခြင်းသည် ရှင်းလင်းနိုင်သည်၊ သတ်မှတ်သော တံဆိပ်ခွန်ဖိုး ပြည်သူ့ဘဏ္ဍာတွင်တိုးသည်။ ယင်းသို့မပြုမူပဲ၊ ဤအမှုမှာကဲ့သို့ စာရွက်ပေါ်တွင် ခံဝန်ပြု ကြောင်းရေးသားကာ တရားရုံးတွင်တင်သွင်းလျှင်၊ **တရားမဝင်။**

ဤရုံးအယူခံမှုကို ဆုံးဖြတ်ခဲ့သော တရားသူကြီးသည်၊မြန်မာနိုင်ငံစီရင်ထုံးကိုကျော်၍ အိန္ဒိယနိုင်ငံ နဂ်ပူ တရားလွှတ်တော်စီရင်ထုံးကို အားကိုးခဲ့သောကြောင့်အာမခံဝန်စာချုပ်သည် တရားဝင်ကြောင်း ချွတ်ချော်လွဲမှားစွာဖြင့် ဆုံးဖြတ်ခဲ့ခြင်းဖြစ်၏။

စီရင်ထုံးကို အသုံးပြုခြင်းနှင့်ပတ်သက်၍၊ ဤရုံးက အောက်ပါကဲ့သို့ **ဦးထွန်းအောင်သာ** နှင့် **ပြည်ထောင်စုမြန်မာနိုင်ငံ** (၇) တွင်သတိပေးဘူးသည်။

"ဥပဒေကို အဓိပ္ပါယ် ဖွင့်ဆိုရာ၌လည်း စကားပြေအရ အများနားလည်လက်ခံ၍ သဘာဝကျသော အဓိပ္ပါယ်ကိုယူခြင်းက ပို၍မှန်ကန်တတ်သည်။ ယင်းသို့ အဓိပ္ပါယ်ဖွင့်ဆိုမှသာလျှင် ဥပဒေကို ပြည်သူအများ နားလည်လက်ခံမည်။ လိုက်နာလေးစားကြမည်။ ဥပဒေနှင့်ပြည်သူ ရင်းနှီးကာ ဥပဒေများသက်ဝင်လှုပ်ရှားမည်။ တရားသူကြီးများသည် အခြားနိုင်ငံများမှ စီရင်ထုံးများကို လေ့လာကောင်းပါ၏။ သို့ရာတွင် မိမိတို့ရှေ့သို့ရောက်လာသော မှုခင်းများကို စစ်ဆေးစီရင်ရာတွင်ကား မှုခင်းဖြစ်ပျက်ကာလ၊ ဒေသ၊ အခြေအနေ၊ ပတ်ဝန်းကျင်၊ လူနေမှု၊ ဓလေ့ထုံးတမ်းစသည်တို့ကို စစ်ဆေးဆင်ခြင်ကာ၊ ဥပဒေဘောင်အတွင်းက မျှတမှန်ကန်၍ အများနားလည် သဘာဝကျသောတရားကို စီရင်အပ်ပေသည်။ အခြားနိုင်ငံများမှ စီရင်ထုံးများကို ရှေ့ထားကိုးကားလျှင် တရားစီရင်ရေးသည် မြန်မာပီသမည်မဟုတ်။ မြန်မာ့အခြေအနေနှင့်ကင်း၍ ပြည်သူနှင့်ဝေးဘွယ်ရာသာရှိသည်"

(၆) I.L.R. 2, Rangoon 429.
(၇) ၁၉၆၉ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး စာ ၅၈။

စိန်ရတနာပိုးယက်ကန်းစက်လီမိတက် နှင့် ကုန်သွယ်လုပ်ငန်းခွန်မင်းကြီး (ဂ) တွင်လည်း၊ ဤရုံးက အောက်ပါကဲ့သို့ သတိပေးဘူးသည်။

"ရှင်းလင်း ထင်ရှားသော ဥပဒေ စကားရပ်တို့ကို တရားရုံးများကသော်လည်းကောင်း၊ အခြားအုပ်ချုပ်ရေး ဆိုင်ရာတို့ကသော်လည်းကောင်း၊ အဓိပ္ပါယ်ဖွင့်ရန် ဋီကာချဲ့ရန်မလိုချေ။ ယင်းသို့ပြုပြန်လျှင်၊ အဓိပ္ပါယ်ဖွင့်သလိုနှင့် ဥပဒေချဲ့ထွင်ခြင်း၊ ချုံးခြင်း၊ ထွင်ခြင်းစသည်ကို ပြုလုပ်မိတတ်ကြသည်။ ချဲ့ရန်၊ ချုံးရန်၊ ထွင်ရန်လိုလျှင်၊ ဥပဒေပြုအဖွဲ့အစည်းကသာ လိုအပ်သလိုပြုလုပ်နိုင်သည်။ ဥပဒေစကားရပ်များက မထင်ရှား၊ မသဲမကွဲဖြစ်နေမှသာလျှင်၊ လက်ငင်းအားဖြင့် ဥပဒေပြုအဖွဲ့အစည်း၏ ရည်ရွယ်ချက် ဖြစ်မြောက်စေလေအောင်၊ ဥပဒေစကားနှင့် လက်တွေ့အခြေအနေ စပ်ဟပ်မိလေအောင်၊ လိုအပ်သလောက် အဓိပ္ပါယ်ဖွင့်ဆိုရသည်။ ယင်းသို့အဓိပ္ပါယ်မဖွင့်လျှင် မဖြစ်သောအခြေအနေမျိုးနှင့် တွေ့ကြုံရလျှင် အမြင့်ဆုံးသောတရားရုံးကသာလျှင် အထူးသတိထား၍၊ စည်းကမ်းစောင့်ထိန်းကာ မိမိ၏ စီရင်ပိုင်ခွင့်ကို မလွန်စေဘဲ၊ ညီညွတ်သောထုံးပြုပေးရမည်"။(ဂ)

၁၉၇၁

၁။ ဦးထွန်း၊ ရေ အေး တွင်း ရပ်၊ တောင်ကြီး မြို့။

၂။ ဦး အေး မောင်၊ဗိုလ်ကုန်း ရပ်၊ တောင်ကြီး မြို့

နှင့်

၁။ ဒေါ် သိန်း ငွေ၊

၂။ ဦး ညွန့် မောင်၊ သားအမိ၊ ပွဲစားတန်း၊ မိ တ္ထီ လာ မြို့၊ မလှိုင်စာတိုက်။

တရားစီရင်ထုံးဟူသည် မှန်ကန်မျှတ၍ တရားဥပဒေနှင့် ညီညွတ်မှသာလျှင်၊ လမ်းညွှန်တရပ်ဖြစ်နိုင်သည်။ မြင့်သောရုံးတွင် ထိုင်သောတရားသူကြီး တဦးတယောက်က ဆုံးဖြတ်ကာမျှနှင့် ကြာမြင့်ကာမျှနှင့် စီရင်ထုံးများတွင် ထည့်သွင်းပုံနှိပ်ထားကာမျှနှင့် အာနိသင်မရှိချေ။ ထို့ကြောင့် တရားသူကြီးတဦးဦးသည် ယခင်စီရင်ထုံးနှင့် ကွဲလွဲယူဆလျှင်၊ စုံညီခုံရုံးသို့တင်ပြကာ၊ ကျယ်ဝန်းနက်နဲစွာပြဿနာကို အဖက်ဖက်မှလေ့လာကြားနာပြီးမှ၊ အဆုံးအဖြတ်ပေးသောလုပ်ထုံးကို ကျွန်ုပ်တို့ လိုက်နာလျက်ရှိကြသည်။

စီရင်ထုံးကိုကိုးကားရာတွင် စီရင်ချက်အပြည့်အစုံကို ဖတ်ရှုမှသာလျှင် အမှုအချက်အလက်တို့ကို သိမြင်နိုင်သည်။ ခေါင်းစည်းမှတ်ချက်တို့သည်အကြောင်းအရာဆုံးဖြတ်ချက်ကို အရိပ်ပြခြင်းမျှသာ ပြုနိုင်သည်။ စီရင်ထုံးပါ အမှုအကြောင်းအရာနှင့် ဆုံးဖြတ်ရန် အမှုအကြောင်းအရာတို့ကို ကောင်းစွာနှိုင်းယှဉ်ရသည်။ ပြီးမှသာစီရင်ထုံး၏ လမ်းညွှန်မှုကို ယူသင့်သလောက် ယူအပ်သည်။ စီရင်ထုံး နောက်သို့ဆုံးဖြတ်ရန် အမှု၏ အကြောင်းချင်းရာက လိုက်ရန်မဟုတ်။ အမှုအကြောင်းချင်းရာကို ဥပဒေနှင့်စပ်ဟပ်ရာတွင် အခက်အခဲရှိသဖြင့်သာလျှင် စီရင်ထုံးက ဆီလျော်သမျှ ထောက်ကူရန်ဖြစ်သည်။

နိုင်ငံခြားစီရင်ထုံးများကို လေ့လာလျှင်လည်း၊ သူတို့၏ အခြေအနေ နောက်ခံအပြင်၊ သူတို့၏ဥပဒေကိုပါ အတိအကျလေ့လာအပ်သည်။ ဥပမာအားဖြင့် အိန္ဒိယနိုင်ငံတွင် ပြည်နယ်အသီးသီးက မိမိတို့၏ဥပဒေများကို ပြဋ္ဌာန်းထားသည်လည်းရှိ၏။

(ဂ) ၁၉၆၉ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၂၀၅။

၁၉၇၁

၁။ ဦးထွန်း၊ ရေအေး တွင်းရပ်၊ တောင်ကြီးမြို့။
၂။ ဦးအေးမောင်၊ ဗိုလ်ကုန်းရပ်၊ တောင်ကြီးမြို့

နှင့်

၁။ ဒေါ်သိန်းငွေ၊
၂။ ဦးညွန့်မောင်၊ သားအမိ၊ ပွဲစားတန်း၊ မိတ္ထီလာမြို့၊ မလှိုင်စာတိုက်။

အချင်းချင်းပင်မတူကြချေ။ တရားလွှတ်တော်အများကလည်း ကွဲပြားသောစီရင်ထုံးများကိုပြုကြသည်။ ဥပဒေများကိုလည်း ပြင်ဆင်ပြဋ္ဌာန်းလျက်ရှိကြသည်။ ပြင်ဆင်ပြဋ္ဌာန်းထားသော ဥပဒေများကို မကြည့်ပဲ၊ စီရင်ထုံး၏ ခေါင်းစည်းမှတ်ချက်ကိုသာအပေါ်ရံဖတ်ကာ မြန်မာနိုင်ငံမှုခင်းများကို ဆုံးဖြတ်ကြလျှင် အမှားအယွင်းများ၍ မမျှမတ မညီမညွတ်ဖြစ်မည်။ မြန်မာ့တရားစီရင်ရေး ဆိတ်သုဉ်းမည်။ ထို့ကြောင့် နိုင်ငံခြား စီရင်ထုံးများကို ဗဟုသုတအလို့ငှါ လေ့လာကောင်းသော်လည်း၊ အမှီသဟဲ မပြုအပ်၊ ကိုးကားခြင်းမပြုအပ်ချေ။

ဤအယူခံမှုတွင်၊ အထက်ပါကဲ့သို့ မှတ်ချက်**များ ပြုပြီး**နောက် ပထမအယူခံတွင် ဤရုံးတရားသူကြီးက၊ မှတ်ပုံတင်ခြင်းမရှိခဲ့သော**အာမခံစာ**ချုပ်သည် တရားဝင်သည်ဟုဆုံးဖြတ်ခဲ့ခြင်းသည်မှားယွင်းသည်၊ဥပဒေ၊စီရင်**ထုံး၊ လုပ်**ထုံးနှင့်မညီဟုဆုံးဖြတ်သည်။

သို့ရာတွင် အယူခံတရားလို ဦးထွန်းတို့တွင် **တာဝန်**ကင်းပြီကားမဟုတ်သေး။ မြေနှင့်တိုက်ကိုအပေါင်ထားခြင်း တရားမဝင်ကာမျှနှင့် ၎င်းတို့ကို နှစ်ဦးပေါင်း၍ငွေ ၂၀,၀၀၀ ကျပ်အထိ ပေးချေရန် တာဝန်ယူပါသည်ဟု **လေးနက်စွာ** ခံယူကတိပြုထားခြင်း ကျန်သေးသည်။ တရားရုံးသို့လာရောက်၍ ပေါ့**ပေါ့လွယ်**လွယ် ခံဝန်ပြုရသည်မဟုတ်။ ဦးထွန်းနှင့် ဦးအေးမောင်တို့သည်၊ ၎င်းတို့အလို**အလျောက်** ယူကြသော တာဝန်၏ သဘော၊ ပမာနကို ကောင်းစွာသိကြသည်။ **ယင်းတာဝန်**ကို၊ ဥပဒေအကာအကွယ်ယူ၍ ရှောင်တိမ်းခြင်း မပြုစေအပ်ချေ။ ၎င်းတို့**ခံဝန်ပြုခဲ့**ကြသော တရားရုံးပီလေးသည်၊ အိန္ဒိယနိုင်ငံသို့ အပြီးပြန်သွားပြီဖြစ်၍လည်း **၎င်းတို့နှစ်ဦး** ပူးတွဲခံယူထားသောတာဝန်ကို လေးနက်စွာဆောင်ရွက်စေအပ်သည်။

ထို့ကြောင့် ခရိုင်တရားမ တရားသူကြီးက၊ **လိုအပ်**လျှင် တရားမ ကျင့်ထုံးပုဒ်မ ၁၅၁ ကတရားရုံးအား အပ်နှင်းထားသော၊ တရားမျှ**တမှုကို**ဖြစ်စေရန် လိုအပ်သည်ကိုဆောင်ရွက်နိုင်သည့်အာဏာကို သုံးမည်ဟုဆုံးဖြတ်ခဲ့ခြင်း**သည်** တရားမျှတပေသည်။ သို့ရာတွင်၊ တရားရုံးဒီကရီနှင့် အတည်ဖြစ်စေရန် ခံဝန်ပြု**သူတဦး**နှင့်ပတ်သက်၍၊ တရားမကျင့်ထုံးပုဒ်မ ၁၄၅ တွင်အောက်ပါကဲ့သို့ အတိအကျ **သီး**ခြားပြဋ္ဌာန်းထားပြီးဖြစ်ပေသည်။

"145. Where any person has become liable as surety—

(a) for the performance of any decree or any part thereof, or

(b) * * * *

(c) * * * *

the decree or order may be executed against him, **to the** extent to which he has rendered himself person**ally liable**,

၁၉၇၁

၁။ ဦးထွန်း၊ ရေ အေး တွင်း ရပ်၊ တောင်ကြီး မြို့။
၂။ ဦးဓအေး မောင်၊ ဗိုလ်ကုန်း ရပ်၊ တောင်ကြီး မြို့

နှင့်

၁။ ဒေါ်သိန်း ငွေ၊
၂။ ဦး ညွန့် မောင်၊ သားအ မိ၊ ပွဲစားတန်း၊ မိ ထ္ထီ လာ မြို့၊ မလှိုင်စာတိုက်။

in the manner herein provided for the execution of decrees . . ."

မောင်စံဘွင့်နှင့်မောင်ရွှေခင်(၉)တို့အမှုတွင်လည်း အထက်ပါမူ ပြဋ္ဌာန်းချက်တို့နှင့် အညီ အာမခံစာချုပ်ကို မှတ်ပုံမတင်သောကြောင့် တရားမဝင်စေကာမူ၊ ခံဝန်ပြုသူသည် ကိုယ်တိုင်ခံဝန်ချက်၏ အတိုင်းအတာအထိ ပေးချေရန် တာဝန်ရှိသည်ဟု ဆုံးဖြတ်ထားသည်။

"Where a bond purporting to create charge over immovable property is ineffective for want of registration still if there is a distinct personal covenant to pay in the bond, it can be enforced."

ဤအမှုတွင် အယူခံတရားလိုတို့က၊ တရားရှုံးပီလေးသည် ဒီကရီကျငွေများကို ပေးချေရန်ပျက်ကွက်လျှင်ငွေ ၂၀,၀၀၀ ကျပ်အထိ ၎င်းတို့နှစ်ဦးပူးတွဲ၍ တာဝန်ယူပါမည်၊ အပေါင်ထားသောပစ္စည်းတို့ကိုရောင်းချ၍၊ မပြည့်စုံသေးက ကျန်ငွေတို့ကို ၎င်းတို့ကဖြစ်စေ၊ ၎င်းတို့၏တရားဝင် ကိုယ်စားလှယ်များကဖြစ်စေ ပေးချေရန်တာဝန်ယူပါသည်(personally liable ဟု) အာမခံစာချုပ်တွင် အတိအလင်း ဆိုထားသည်။

ထိုတာဝန်အရ တရားရှုံးပီလေး ပေးဆပ်ရန်ဒီကရီ ကျငွေများမှငွေ ၂၀,၀၀၀ ကျပ်အထိကို ဦးထွန်းနှင့် ဦးအေးမောင်တို့က၊ ၎င်းတို့ ပူးတွဲခံယူထားသော ကိုယ်တိုင်တာဝန်အရ၊ ပေးဆပ်စေရမည် ဟုအမိန့်ချမှတ်လိုက်သည်။

ရုံးအဆင့်ဆင့်တွင် ဒေါ်သိန်းငွေတို့ကကုန်ကျခဲ့ကြသောစရိတ်တို့ကို အယူခံတရားလိုတို့ကကျခံစေ။ အယူခံတရားလိုတို့က ဤရုံးသို့ ဥပဒေပြဿနာ တင်ပြတက်ရောက်ခဲ့ခြင်းဖြစ်၍၊ ဤရုံးစရိတ်တို့ကို အမှုသည်တို့က မိမိတို့ဘာသာကျခံကြစေ။

---

(၉) A.I.R. 1931 Rangoon 65.

နိုင်ငံတော်တရားရုံးချုပ်

အခွင့်ထူးတရားမအယူခံမှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင် နှင့် တရားသူကြီး **ဦးကျော်ဇံဦး** တို့ ရှေ့တွင်

† ၁၉၇၁ မေလ ၂၂ ရက်။

၁။ ဦးထွန်းလှိုင် ၂။ ဦးသာဝင်း	နှင့်	၁။ ဦးကြည်ဝင်း ပါ ၅ ၂။ ဦးကျော်စိန် ပါ ၄ *

တရားရုံးသည် ဥပဒေကို ရှင်းလင်းထင်ရှားသလို ကျင့်သုံးရခြင်း—တရားရုံးသည် ဥပဒေက အပ်နှင်းသော အာဏာ ကိုသာ သုံးစွဲနိုင်ခြင်း—ဂေါပက လူကြီးအဖြစ် ရွေးကောက်ခြင်း ခံရသည်ဟု ကြေညာခြင်းခံရသော ပုဂ္ဂိုလ်သည် ဂေါပကလူကြီးအဖြစ်သို့ ရောက် မရောက်—ဂေါပက လူကြီး ရွေးကောက် ခံရခြင်းကို တရားရုံးချုပ်သို့ အတည် ပြုပေးရန် အတွက် လျှောက်ထားရန် လို မလို—ဂေါပက ဖွဲ့စည်းပုံ စည်းမျဉ်းတွင် ဂေါပက ရွေးကောက်ပွဲ ကြေညာပြီးနောက် တရားရုံးသို့ အတည်ပြုရန် ပြဋ္ဌာန်းချက်များသည် အချီးနှီး ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။သာဓက လုပ်ထုံးမှားယွင်း ချွတ်ချော် **နေသည်ကို** မြင်ရလျှင် သင့်မြတ်သလိုပြင်ပေးရန် တရားရုံးချုပ်တွင် တာဝန် ရှိသည်။

ဗုဒ္ဓ ဘုရားရှင် ကိုယ်တော်တိုင် ပင်လျှင်၊ ကာလမ **မင်းတို့အား** ဆုံးမစကား မြွက်ကြားရာ၌၊ "သင်တို့သည် ပြောသံကြားကာမျှဖြင့်၊ ဟုတ်ပြီ၊ **မှန်ပြီဟု အတည်**မယူ ကုန်လင့်ဦး၊ အစဉ်အဆက် စကားမျှဖြင့်လည်း မယူ ကုန်လင့်ဦး၊ ဤသို့ဖြစ်**ဖူးသဘောတ်** ဟူသော စကားမျှဖြင့်လည်း မယူကုန်လင့်ဦး . . . "စသည်ဖြင့် သတိ ပေးတော် **မူကာ၊** ဤကား ကုသိုလ်တရားတည်း၊ ဤကား အကုသိုလ် တရားတည်းဟု မိမိတို့ကိုယ်တိုင် သိသော **အခါ၌မူ**၊ ပယ်စွန့်ခြင်း၊ ပြည့်စုံစေခြင်း တို့ကို ပြုအပ်ပေ၏ဟု ဟောတော်မူ၏။

ကောင်းမြတ်သော ရှေးထုံးတို့ကို မပယ်ကောင်း၊ **သို့ရာတွင်** ရှေးထုံးကိုသာလျှင် ရင်ဝယ် ပိုက်ကာ ပြုပြင်ပြောင်းလဲခြင်း မပြုလျှင်မူကား တရား **ဥပဒေသည်၊** ရှေးခေတ်၌ပင် ဝပ်လျိုး၍ နေရစ်မည် ဖြစ်ကြောင်း ကိုလည်း အလျဉ်းသင့်သလို **ညွှန်ပြခဲ့ကြဘူး**ပြီ၊ တရားရုံးချုပ်၏ တရား ဥပဒေ သဘာဝ ယုတ္တိတို့နှင့် အညီ ချမှတ်ခဲ့သော စီရင်ထုံးတို့ကို အောက်ရုံးများက တညီတညွတ် လိုက်နာကြရန် ဖြစ်သော်လည်း၊ တရားရုံးချုပ်၏ စီရင် ထုံးသည်ပင် မှားယွင်းချွတ်ချော်နေသည်။ သို့မဟုတ် ခေတ်နှင့် မလျော် ဖြစ်နေသည်ကို တွေ့ရလျှင် တရား ရုံးချုပ်ကပင် လိုအပ်သလို ပြန်လည် သုံးသပ် ပြင်ဆင် ပေးရမည် ဖြစ်ပေသည်။ ထိုသို့ မဟုတ်က၊ အမှား၏ အသက်သည် ရှည်လိမ့်မည်။ တရား ဥပဒေသည် လက်တွေ့ အခြေ အနေနှင့် ကင်းကွာ နေလိမ့်မည်။ **ကေသမုတ္တိသုတ်**

---

* ၁၉၇၁ ခုနှစ်၊ အခွင့်ထူး တရားမ အယူခံမှု အမှတ် ၃ နှင့် ၄။

† ၁၉၆၇ ခုနှစ်၊ တရားမ အထွေထွေ အယူခံမှု အမှတ် ၁၁ တွင် နိုင်ငံတော် **တရားရုံးချုပ်က** ချမှတ်သော စီရင်ချက်ကို အယူခံဝင်မှု။

၁၉၇၁

ဦးထွန်းလှိုင်၊ ဦးသာဝင်း နှင့် ဦးကြည်ဝင်း ပါ ၅၊ ဦးကျော်စိန် ပါ ၄။

အင်္ဂလိပ်ဘိုင်ပါ ရှိတော်၊ ၂ မဟာဝင်၊ ဗုဒ္ဓသာသနာအဖွဲ့နှင့် ဒေါ်မြရင် ပါ ၅ နှင့် ဒေါ်စော၊ ၁၉၆၈ ခုနှစ်၊ တရားမ အထွေထွေ လျှောက်လွှာ ၃၈၊ (စုံညီခုံရုံး) တို့ကို ရည်ညွှန်းသည်။

တရားရုံးသည်၊ ဥပဒေကို ရှင်းလင်း ထင်ရှားသလို ကျင့်သုံးရသည်။ ရှင်းလင်း ထင် ရှားသော ဥပဒေ စကားရပ်ကို တရားရုံးက အဓိပ္ပါယ် ဖွင့်ဆိုရန် ငြိကာချဲ့ရန် မလို၊ အဓိပ္ပါယ် ဖွင့်သလို နှင့် ဥပဒေကို ချဲ့ခြင်း၊ ချုံးခြင်း၊ ထွင်ခြင်း ပြုမိတတ်သည်ကို ဆင်ခြင် ရမည်။ ယင်းသို့ ပြုရန် လိုလျှင်၊ ဥပဒေပြု အာဏာပိုင် အဖွဲ့ကသာ လုပ်ပိုင်ခွင့် ရှိသည် ဟုလည်း မကြာခဏ သတိပေးခဲ့ဘူး ပြီ၊ **စိန်ရတနာ ပိုးယက်ကန်းစက် နှင့်** ကုန်သွယ်လုပ်ငန်းခွန်မင်းကြီး၊ ၁၉၆၉ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံး ၂၀၅။ **ဝင်နီဆူးမား နှင့် ဒေါ်အေးကြည်**၊ ၁၉၆၉ ခုနှစ်၊ တရားမ အထွေထွေ လျှောက်လွှာ ၁၄၆ တို့ကို ရည်ညွှန်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။တရားရုံးသည် ဥပဒေက မိမိအား အပ်နှင်းသော အာဏာကိုသာ သုံးစွဲနိုင်သည်။ အာဏာကို ဖန်တီး ပြုလုပ်ယူ၍ မရ၊ စီရင် ပိုင်ခွင့် အာဏာကို မလွန်စေရ ဟူ၍၊ လိုအပ်သလို ညွှန်ပြခဲ့ဘူးပြီ။ **မကြင်မွှေး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ**၊ ၁၉၆၈ ခုနှစ်၊ ရာဇဝတ် ပြင်ဆင်မှု ၂၅၀ (ခ)။ **ဦးဘရှင် နှင့် ဟာဆန်**၊ ၁၉၆၉ ခုနှစ်၊ တရားမ အထွေထွေ လျှောက်လွှာ ၇။ **ဒေါ်အေးတင် နှင့် မိဋ္ဌိလာခရိုင် ဒေသ ပြည်သူ့ တရားရုံး အယူခံအဖွဲ့**၊ ၁၉၆၉ ခုနှစ်၊ တရားမ အထွေထွေ လျှောက်လွှာ ၁၈။ **ဦးဘညွှန့် နှင့် ဦးစိန်ကြည်**၊ ၁၉၇၀ ခုနှစ်၊ တရားမ အထွေထွေ လျှောက်လွှာ ၄၁ တို့ကို ရည်ညွှန်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ဤအမှုတွင် ရွှေတိဂုံစေတီတော်ကြီး၏ ဘဏ္ဍာတော်ထိန်း ဂေါပက လူကြီးအဖြစ် အရွေးခံလိုသော ပုဂ္ဂိုလ်တို့၏ အရည် အချင်းကို စိစစ် ဆုံးဖြတ်ပြီးနောက်၊ ညှိနှိုင်း ကာ၊ စည်းကမ်း၊ ထုံးတမ်းနှင့် အညီ ရွေးကောက်ပွဲကို ကျင်းပခဲ့ခြင်း ဖြစ်သည်။ မဲဆန္ဒရှင်တို့ကလည်း မဲပေး၍၊ ရွေးကောက် တင်မြှောက်ခဲ့ပြီးပြီ။ ရွေးကောက် တင်မြှောက် ခြင်းကိုလည်း ဂေါပက အဖွဲ့က စည်းဝေး စိစစ်၍၊ ဆုံးဖြတ် ကျေညာပြီး ဖြစ်သည်။ ယင်းသို့ ကျေညာ ပြီးသည်ကို တရား ရုံးက ထပ်မံ စိစစ်၍၊ အတည်ပြုရန် မလိုပြီ၊ ရွေးကောက်သည်ကို အတည် မပြု မနေ ပြုရမည်သာ ဆိုလျှင် ကြန့်ကြာ အလုပ်ပို စရိတ်ကုန်၍၊ အချီးနှီး အလဟဿ ဖြစ်မည်။ အဆင့်ဆင့်၌ စိစစ်ကာ ဂေါပက လူကြီး ဖြစ်ရန် အရည် အချင်း ပြည့်သော ပုဂ္ဂိုလ် ဖြစ်သည်ဟု ဂေါပက အဖွဲ့က သတ်မှတ် ပြီးသော၊ မဲဆန္ဒ ရှင်များကလည်း ဆန္ဒ ပေးပြီး ရွေးချယ်ပြီးသော ရွေးကောက်ခြင်းကို ဂေါပက **အဖွဲ့က** ကျေညာပြီးသော ပုဂ္ဂိုလ်အား တရားရုံးက အတည် မပြုပြန်လျှင်လည်း လက်တွေ့ သဘော **အားဖြင့်** ရွေးကောက်ခြင်း ခံရသော ပုဂ္ဂိုလ်အား ဂေါပက လူကြီး အဖြစ်မှ ထုတ်ပယ်ခြင်းမြောက် **သည်။ ရွေး**ကောက်ခြင်းကို အတည် မပြုခြင်းသည် ရွေးကောက် ခံရသူအား ထုတ်ပယ်ခြင်းပင် **ဖြစ်သဖြင့်၊ ပုဒ်မ** ၉၂ က ပြဋ္ဌာန်းသော စည်းကမ်းချက်တို့နှင့် အညီ တင်သွင်း လာသော တရားမ **ကြီးမှုကို အခြေခံ၍သာ** တရားရုံးက ဆုံးဖြတ်ရမည့် လေးနက်သော ကိစ္စ ဖြစ်သည်။ ယင်းသို့ တရား ဥပဒေနှင့် **အညီ စွဲဆိုသော** တရားမ ကြီးမှု၏ အပ၌ တရားရုံးက ထုတ်ပယ် နိုင်ခွင့် မရှိ။

ထို့ကြောင့် **ရွှေတိဂုံ စေတီတော်**ကြီး၏ ဘဏ္ဍာတော်ထိန်း ဂေါပက အဖွဲ့၊ ဖွဲ့စည်းပုံ စည်းမျဉ်း ပါ အပိုဒ် ၆ သည် **မလိုဘဲ၊ ပိုနေ၍၊** အချီးနှီး ဖြစ်သော ပြဋ္ဌာန်းချက် ဖြစ်သည်။ ဂေါပက လူကြီး ရွေးကောက်ခြင်းကို **ဂေါပက အဖွဲ့က** အပိုဒ် ၅ (င) နှင့် အညီ ကျေညာ သည်နှင့် ကျေညာခြင်း ခံရသော ပုဂ္ဂိုလ်သည် **ဂေါပက လူကြီး** အဖြစ်သို့ ရောက်ကာ၊ တာဝန် ဝတ္တရားများကို ထမ်း

၁၉၇၁

ဦးထွန်းလှိုင်၊ ဦးသာဝင်း နှင့် ဦးကြည်ဝင်း ပါ ၅၊ ဦးကျော်စိန် ပါ ၄။

ဆောင် နိုင်သည်။ တရားရုံးချုပ်သို့ အတည်ပြုပေးရန် လျှောက် ထားရန် မလို၊ ရွေးကောက် ခြင်းကို စောဒက တက်လိုသော ပုဂ္ဂိုလ်တို့သည်၊ တရားမ ကျင့်ထုံး ပုဒ်မ ၉၂ နှင့် အညီ ဖြစ်စေ၊ အခြား ဆီလျော်သော ဥပဒေ အရ ဖြစ်စေ တရားမကြီးမှု စွဲဆိုရန်သာ ရှိသည်။

ထပ်မံဆုံးဖြတ်ချက်။ ။တရားရုံးများက ပုဒ်မ ၉၂ အရ၊ အတည်ပြု ထားသော ဂေါပက ဖွဲ့စည်းပုံ စည်းမျဉ်းများတွင် ဂေါပက ရွေးကောက်ပွဲကို ဂေါပက အဖွဲ့က ကျေညာပြီးနောက် တရားရုံးသို့ အတည်ပြုရန် လျှောက်ထားရမည်ဟု ရွှေတိဂုံစေတီတော်ကြီးဂေါပက ဖွဲ့စည်းပုံ စည်းမျဉ်း အပိုဒ် ၆ ကဲ့သို့သော ပြဋ္ဌာန်းချက်များ ရှိနေခဲ့လျှင်၊ ယင်းတို့သည်၊ အချီးနှီး ဖြစ်သည့်ပြင် တရားရုံးတို့အား အာဏာ လွန်၍ ဆုံးဖြတ် စေနိုင်သည်။ ယင်း ပြဋ္ဌာန်းချက်တို့ကို လိုက်နာရန် မဟုတ်ဟု စီရင် ထုံးပြုသည်။ ယင်း သို့သော ပြဋ္ဌာန်းချက် ပါရှိ စေကာမူ တရား ရုံးသည်၊ ရွေးကောက်ပွဲကို အတည် ပြုပေးရန် လျှောက် ထား လာပါက၊ ဆက်လက် **အရေးယူ** ဆောင် ရွက်ခြင်း မပြု မူ၍ လျှောက်လွှာကို ပယ်ရန် ဖြစ်သည်။ ဂေါပက အဖွဲ့များက**လည်း ရွေးကောက်** ခြင်းကို အတည် ပြုရန် တရားရုံးသို့ လျှောက် ထားရန် မလိုချေ။ နောင် **အခါများ၌** ဂေါပက ဖွဲ့စည်းပုံ စည်းမျဉ်း ကို တရားရုံးက စီစဉ် အတည် ပြုပေးလျှင် ရွေးကောက်ပွဲကို **ရုံးက အတည်ပြု** ပေးရမည့် သဘော ပါရှိသည့် ပြဋ္ဌာန်းချက်မျိုးကို ထည့်သွင်း ပေးခြင်း မပြု**စေရ။**

အယူခံ တရားလို အတွက်။ ။တရားရုံးချုပ် ရှေ့နေများ ဦးခင်မောင်အေးနှင့် ဦးလှဖေ (၂)။

အယူခံတရားခံ(၁)အတွက်။ ။တရားရုံးချုပ် ရှေ့နေ **ဒေါက်တာ** ဦးမောင်။

အယူခံတရားခံ(၂)အတွက်။ ။မလာရောက်။

အယူခံတရားခံ(၃)အတွက်။ ။တရားရုံးချုပ် ရှေ့နေ ဦးမြင့်စိုး။

အယူခံတရားခံ(၄)အတွက်။ ။တရားရုံးချုပ်ရှေ့နေ **ဦးမြတင်**။

ရုံးသဟာယအဖြစ်။ ။အစိုးရ တရားရုံးချုပ် ရှေ့နေ မစ္စတာ အက်(စ်)၊ ကော၊ ဂို(ရ်)။

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်။ ။ဘာသာရေး၊ သို့မဟုတ် ကုသိုလ်ရေးနှင့်ပတ်သက်သော အများပြည်သူ ဆိုင်ရာဂေါပက အဖွဲ့အစည်းများကို အုပ်ချုပ်ထိန်းသိမ်းရာတွင် တရားမကျင့်ထုံး ပုဒ်မ ၉၂ အရ၊ တရားရုံးများ၌ မည်သို့ စီရင်ပိုင်ခွင့်အာဏာနှင့် တာဝန်ရှိသည်၊ တရားရုံးက မူလ စီရင်ဆုံးဖြတ်သည်မှ မည်သို့ အယူခံဝင်ခြင်း၊ ပြင်ဆင်မှု တက်ရောက်ခြင်း ပြုနိုင်သည် စသည့် ပြဿနာအချို့ကို ဤရုံး**က ကော၊ပီ၊ဒတ် (စ်) ပါ ၅ နှင့် အတွင်းရေးမှူး၊ ရှရီရှရီဒူဂါဘာရီ ဟိန္ဒူဘုရားရှိခိုးကျောင်း ဂေါပကအဖွဲ့** (၁) တွင် စုံညီ ခုံရုံးဖြင့်ဆုံးဖြတ်ခဲ့ပြီး ဖြစ်သည်။

---

(၁) ၁၉၆၉ ခုနှစ်၊ တရားမ ပဋ္ဌမအယူခံမှု ၇၉။

၁၉၇၁
ဦးထွန်းလှိုင် ဦးသာဝင်း နှင့် ဦးကြည်ဝင်း ပါ ၅၊ ဦးကျော်စိန် ပါ ၄။

ဤအမှုတွင်လည်း တရားမကျင့်ထုံး ပုဒ်မ ၉၂ က တရားရုံးအား အပ်နှင်းသော ဂေါပက အဖွဲ့အစည်းများကို အုပ်ချုပ် ထိန်းသိမ်းရာတွင် စီရင်ပိုင်ခွင့် အာဏာနှင့် တာဝန်ကို ပိုမိုပြည့်စုံစွာ အဓိပ္ပါယ်ဖွင့်ဆိုရန် လိုသည်ကို မြင်၍၊ အယူခံဝင်ရန်အခွင့်ထူး ပေးကာ၊ နိုင်ငံတော် ရှေ့နေချုပ်အား ရုံးသဟာယအဖြစ် လိုက်ပါကူညီရန် မေတ္တာ ရပ်ခံခဲ့ခြင်းဖြစ်သည်။

ရွှေတိဂုံစေတီတော်ကြီး၏ ဘဏ္ဍာတော်ထိန်း ဂေါပက အဖွဲ့တွင် ၂ နေရာလစ်လပ် သောကြောင့် ၁၉၆၆ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင် မဲဆန္ဒပေး ရွေးကောက်ပွဲကို ကျင်းပခဲ့သည်။ ယှဉ်ပြိုင်သော ပုဂ္ဂိုလ် ၄ ဦး အနက်၊ ဦးကျော်စိန်က မဲဆန္ဒအများဆုံး နှင့် ဦးကိုကိုက ဒုတိယ အများဆုံး ရရှိကြသည်။ ဦးသာဝင်းနှင့် ဦးမြတို့က တတိယနှင့် စတုတ္ထဖြစ်ကြသည်။ ရွေးကောက်ပွဲပြုလုပ်သည့်နေ့တွင်ပင် ဘဏ္ဍာတော်ထိန်း ဂေါပက အဖွဲ့က မဲများကို ရေတွက် မှတ်တမ်းတင်ကြပြီးနောက်၊ ဂေါပက ဖွဲ့စည်းပုံ စည်းမျဉ်း အပိုဒ် (၅) (င) နှင့်အညီ၊ ဦးကျော်စိန်နှင့် ဦးကိုကိုတို့သည် ဂေါပကလူကြီးများ အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည်ဟု ကြေညာသည်။ ထို့ပြင် စည်းမျဉ်း အပိုဒ် ၆ အရ၊ ယင်းသို့ ရွေးကောက်တင်မြှောက်ခြင်းကို အတည်ပြုရန်၊ နိုင်ငံတော် တရားရုံးချုပ်သို့ လျှောက်ထားကြရန်ကိုလည်း ဆုံးဖြတ်သည်။

ရွှေတိဂုံစေတီတော်ကြီး၏ အလှည့်ကျ အမှုဆောင် ဘဏ္ဍာတော်ထိန်း ဂေါပက လူကြီး ဦးကြည်ဝင်းက အပိုဒ် ၆ အရ၊ တင်သွင်းသော အတည်ပြု ပေးရန် လျှောက်လွှာ ကို၊ ဤရုံး မူလဘက်သို့ ၁၉၆၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့တွင် တင်သွင်းခဲ့သည်။ ရွေးကောက်ခြင်းကို အတည်ပြုခြင်းကို ကန့်ကွက်ရန် ရှိ၊ မရှိ၊ ဤရုံးက လုပ်ရိုး လုပ်စဉ်အတိုင်း ကြော်ငြာစေသည်။ အပြိုင် အရွေးခံခဲ့ကြသော ဦးသာဝင်းနှင့် ဦးမြတို့အားလည်း အထူး အကြောင်းကြားသည်။

ဦးသာဝင်းကလည်းကောင်း၊ မဲဆန္ဒရှင် အချို့ကလည်းကောင်း၊ ကန့်ကွက်လွှာ များ တင်ကြလေသည်။ ရွေးကောက်ပွဲသည် ဂေါပကဖွဲ့စည်းပုံ စည်းမျဉ်းနှင့် မညီ၊ မမျှတမှုများရှိခဲ့ပါသည်။ ထို့ကြောင့် ဆန္ဒပေးရွေးကောက်ပွဲသည် တရား မဝင်၊ ပျက်ပြယ်သည်၊ ထို့ပြင် အရွေးချယ်ခံရသူများအဖြစ် ဂေါပက အဖွဲ့ကကြေညာခဲ့သော ဦးကျော်စိန်နှင့် ဦးကိုကိုတို့သည် ဂေါပက လူကြီး ဖြစ်ရန် အရည် အချင်း ချို့ငဲ့သည် ဟူသော အကြောင်းတို့ကို အသေးစိတ်၍ တင်ပြကန့်ကွက်ခဲ့ကြသည်။ ရုံးက သက်သေ များကို ကြားနာ၊ အထောက်အထားများကို စီစစ်ပြီးနောက် ရွေးကောက်ပွဲများ သည် စည်းမျဉ်းနှင့် ကိုက်ညီသည်၊ ကန့်ကွက်ချက်တို့သည် မခိုင်လုံ၊ ဦးကိုကိုသည်လည်း အရည်အချင်းပြည့်ဝသည်ဖြစ်၍ ၎င်းအား ရွေးကောက်ခြင်းကို အတည်ပြုသည်။ ဦးကျော်စိန်မှာမူကား၊ အရွေးခံလိုသော ပုဂ္ဂိုလ်တို့က လျှောက်လွှာတင်သွင်းရန်

၁၉၇၁ ဦးထွန်းလှိုင် ဦးသာဝင်း နှင့် ဦးကြည်ဝင်း ပါ ၅၊ ဦးကျော်စိန် ပါ ၄။

သတ်မှတ်ထားသည့် နောက်ဆုံးရက်တွင် အသက် ၆၀ ကျော်နေပြီဖြစ်၍၊ ဂေါပက လူကြီးဖြစ်ရန် အရည် အချင်း ပျက်ကွက်သည်။ ထို့ကြောင့် ဦးကျော်စိန်အားဂေါပက လူကြီး အဖြစ် ရွေးကောက်ခြင်းကို အတည်မပြုဟု ဆုံးဖြတ်ခဲ့လေသည်။

ဂေါပကလူကြီး ရွေးကောက် တင်မြှောက်ခြင်းကို အတည်ပြုပေးရန် ၁၉၆၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့တွင် တင်သွင်းခဲ့သော လျှောက်လွှာကို ကန့်ကွက်သူများ ပေါ် လာသဖြင့် နှစ်ဖက် တရားပြိုင်တို့က အချိန်တောင်းသည်ကို သင့်မြတ်သလို ခွင့်ပြု ခြင်း၊ သက်သေ တဖက်တချက် စစ်ဆေးခြင်း၊ လျှောက်လဲချက်များကို ကြားနာ ခြင်း စသည်ကို တရားမမှုကြီးကို စစ်ဆေး စီရင်ရဘိသကဲ့သို့ ရုံးက ဆောင်ရွက် ခဲ့ရလေသည်။ ထို့ကြောင့်လည်း ၁၉၆၇ ခုနှစ်၊ ဇန္နဝါရီလ ၁၈ ရက်နေ့တွင်မှ အမိန့်ချမှတ်နိုင်ခဲ့သည်။ လျှောက်ထားသည့်နေ့မှ ၉ လမျှကြာသည်။

ဂေါပကလူကြီး အဖြစ် အတည်ပြုခြင်း မခံရသည့် ဦးကျော်စိန်က အယူခံဝင်ရာ၊ ဤရုံး၏ ပထမအယူခံခုံက၊ ဦးကျော်စိန်သည် ဂေါပကအဖွဲ့တွင် တနေရာလစ်လပ်၍ အရွေးခံလိုသူတို့ကို ကြော်ငြာခေါ်ယူစဉ်က လျှောက်ခဲ့ခြင်းဖြစ်သည်။ ယင်းတနေရာ အတွက် လျှောက်လွှာပိတ်ရက်တွင် ၎င်း၏ အသက်သည် ၆၀ မကျော်သေး။ ထို့ကြောင့် အရည်အချင်းမှီသည်။ နောက် တနေရာ လစ်လပ်သောကြောင့် ၂ နေရာ အတွက် တပြိုင်တည်း ရွေးကောက်ပွဲ ကျင်းပရန် ရည်ရွယ်၍ လျှောက်လွှာပိတ်ရက်ကို ဂေါပကအဖွဲ့က ရွှေ့ဆိုင်း သတ်မှတ်ခဲ့ပြန်ရာ၊ ယင်း ပိတ်ရက်တွင် ဦးကျော်စိန်သည် အသက် ၆၀ ကို ရက်ပိုင်းအားဖြင့် ကျော်လွန်နေခြင်းသာ ဖြစ်သည်။ ဂေါပကအဖွဲ့က အရည်အချင်းမှီသည်ဟု သတ်မှတ်၍ အရွေးချယ်ခံခွင့်ပြုပြီး၊ မဲဆန္ဒလည်း အများဆုံး ရပြီး ဖြစ်သူကို အတည်မပြုသည့်အမိန့်သည် မှားယွင်းသည်ဟု ဆုံးဖြတ်ကာ၊ ဦးကျော် စိန်ကိုလည်း ဤရုံး အယူခံခုံက ဂေါပက လူကြီး အဖြစ် အတည်ပြုခဲ့သည်။ ယင်း ဆုံးဖြတ်ချက်သည် ၁၉၆၈ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့စွဲဖြင့် ဖြစ်၍၊ အတည်ပြုပေးရန် လျှောက်ထားသည့်နေ့မှဆိုလျှင် ၂ နှစ်နှင့် ၄ လခန့် ကြာမြင့်ခဲ့ပြီးဖြစ်လေသည်။

ကော၊ ပီ၊ ဒတ် (စ်) အမှုတွင် စုံညီ ခုံရုံးဖြင့် ကျွန်ုပ်တို့က၊ ဂေါပက ဖွဲ့စည်းပုံ စည်းမျဉ်းပါ စည်းကမ်းများနှင့် ညီ မညီ၊ တရားရုံးက ဆုံးဖြတ်၍ အမိန့်ချမှတ်သည်တို့မှ သာမန် အယူခံမရှိ။ ခရိုင်တရားမရုံးက ယင်းသို့ ချမှတ်သော အမိန့်ကို မကျေနပ်လျှင်၊ တရားရုံးချုပ်သို့ ပြင်ဆင်ပေးရန် လျှောက်ထားနိုင်သည်။ တရားရုံးချုပ် မူလဘက်က ယင်းသို့ ချမှတ်သော အမိန့်ကို မကျေနပ်လျှင်၊ ပြည်ထောင်စု တရားစီရင်ရေး အက် ဥပဒေပုဒ်မ ၆ အရ၊ အထူးအယူခံဝင်ခွင့် လျှောက်လိုက လျှောက်နိုင်သည်ဟု စီရင်ထုံး

၁၉၇၁

ဦးထွန်းလှိုင်၊ ဦးသာဝင်း နှင့် ဦးကြည်ဝင်း ပါ ၅၊ ဦးကျော်စိန် ပါ ၄။

ပြုခဲ့သည်။ ယင်းသို့ စီရင်ထုံးပြုရာ၌၊ ဤအခွင့်ထူးအယူခံမှုတွင် လိုက်ပါကြသောရှေ့နေကြီးများအားလည်းကောင်း၊ လက်ထောက်နိုင်ငံတော် ရှေ့နေချုပ်အား လည်းကောင်း ရုံးသဟာယများအဖြစ် ဖိတ်ကြားကြားနာခဲ့ကြသည်။

အထက် ဖော်ပြပါ စုံညီခုံ၏ စီရင်ထုံးအရဆိုလျှင် ဤအခွင့်ထူး အယူခံမှုနှင့် ပတ်သက်သော ပြဿနာတို့ကို၊ ဤရုံးသို့ ပထမအယူခံဝင်ရန် မဟုတ်ခဲ့ချေ။ မူလဘက်မှ အထူးအယူခံဝင်ခွင့် လျှောက်၍ တက်ရောက်ရန်သာ ဖြစ်ခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည်၊ ယင်းသို့ မူလဘက်မှ တက်လာသည့် အထူးအယူခံမှုကို ကြားနာသကဲ့သို့ပင် ဤအခွင့်ထူး အယူခံမှုကို ကြားနာခဲ့ကြသည်။

ရှေ့နေကြီး ဦးလှဖေနှင့် ဦးခင်မောင်အေးတို့က ဂေါပက ရွေးကောက်ပွဲသည် စည်းမျဉ်းနှင့် မညီ၊ မမျှတ၊ မဲဆန္ဒရှင်တို့ မဲပေးရန် အချိန် မလောက်ငှ၊ စသည်ကို မူလဘက်၌ တင်ပြပြီးဖြစ်သည့်အတိုင်း တင်ပြကြသည်။ ဦးခင်မောင်အေးက ထပ်ဆင့်၍ ဦးကျော်စိန်သည်၊ အသက်လွန်နေပြီဟု မူလဘက်က ဆုံးဖြတ်ခဲ့ခြင်းသည် မှန်ကန်ကြောင်းတင်ပြသည်။

ဂေါပကအဖွဲ့အတွက် လိုက်ပါခဲ့သော ရှေ့နေကြီး ဦးဗဂျမ်း ကွယ်လွန်သဖြင့်၊ ၎င်း၏ ကိုယ်စားလိုက်ပါသော ရှေ့နေကြီး ဦးမြတင်က၊ လျှောက်လွှာများကို ဂေါပက ဖွဲ့စည်းပုံစည်းမျဉ်း၊ လုပ်ထုံးနှင့် အညီ စီစစ် လက်ခံခဲ့ကြောင်း၊ ရွေးကောက်ပွဲ ဝင်သူများနှင့် ညှိနှိုင်းပြီးမှ မဲပေးရန် အချိန် သတ်မှတ်ခြင်း၊ စည်းကမ်း သတ်မှတ်ခြင်းတို့ကို ပြုလုပ်ခဲ့ခြင်းလည်း ဖြစ်ကြောင်း၊ စံနစ်တကျ မဲရေတွက်ပြီးနောက် ထုတ်ပြန်ကာ အများဆုံးရသော ပုဂ္ဂိုလ်တို့သည် ဂေါပက လူကြီးအဖြစ် ရွေးကောက်ခြင်း ခံရကြောင်းကို ဂေါပက ဖွဲ့စည်းပုံ စည်းမျဉ်း အပိုဒ် ၅ (င) နှင့် အညီ ကျေညာခဲ့ခြင်းဖြစ်ကြောင်းကို တင်ပြသည်။

ဦးကျော်စိန်၏ ရှေ့နေကြီး ဒေါက်တာ မောင်မောင်က ဂေါပက ဖွဲ့စည်းပုံစည်းမျဉ်း အပိုဒ် ၅(င) အရ၊ ဂေါပကအဖွဲ့က ရွေးကောက်တင်မြှောက်ခြင်း ခံရသူကို ကျေညာသည်နှင့်၊ ယင်းပုဂ္ဂိုလ်သည် ဂေါပကလူကြီး ဖြစ်ပါသည်။ စည်းမျဉ်းအပိုဒ် ၆ တွင် "ရွေးကောက် တင်မြှောက်ခြင်းကို အတည်ပြုရန် အတွက် ရန်ကုန်မြို့၊ ဟိုက်ကုတ်လွှတ်တော်တွင် လျှောက်ထားရမည်" ဟု ပြဋ္ဌာန်းထားခြင်းသည် မလို ထည့်သွင်းထားခြင်းသာဖြစ်ပါသည်။ တရားလွှတ်တော် (ယခု နိုင်ငံတော် တရားရုံးချုပ်) က အတည် မပြုမနေ၊ ပြုရမည်သာ ဖြစ်၍၊ အချိန်ကုန်၊ စရိတ်ကုန်စေသော အချီးနှီးဖြစ်သော ပြဋ္ဌာန်းချက်ဖြစ်ပါသည်။ ဤအမှုတွင် ဦးကိုကိုအား ဂေါပက အဖြစ်၊ အတည်ပြုရာတွင် ၉ လကျော်၊ ဦးကျော်စိန်အား အတည်ပြုရာတွင် ၂ နှစ် ကျော်ကြာခဲ့ပါသည်။ ထိုကာလများအတွင်း၌ ရွှေတိဂုံ စေတီတော်မြတ်ကြီး၏

၁၉၇၁ — ဦးထွန်းလှိုင်၊ ဦးသာဝင်း နှင့် ဦးကြည်ဝင်း ပါ ၅၊ ဦးကျော်စိန် ပါ ၄။

ဂေါပကအဖွဲ့တွင် ဘဏ္ဍာတော်ထိန်း ဂေါပကလူကြီး မစုံမလင်ဖြစ်ခဲ့ရပါသည်။ ရွေးကောက်ခြင်းကို ဂေါပကအဖွဲ့က ကျေညာထားသည့် အတိုင်း တရားရုံးက မလွဲမသွေ အတည်ပြုရမည်ဆိုလျှင်လည်း အတည်ပြုရန် ပြဋ္ဌာန်းချက်သည် အချီးနှီး ဖြစ်ပါသည်။ အတည်မပြုပဲ ငြင်းဆန်ရန်လည်း ရုံးတွင် အာဏာမရှိပါ။ ဤရုံးမှုလဘက်က၊ ဦးကျော်စိန်အား မဲဆန္ဒရှင်များက ရွေးကောက် တင်မြှောက်ထားခြင်း၊ ယင်းရွေးကောက် တင်မြှောက်ခြင်းကို ဂေါပကအဖွဲ့က ကျေညာထားခြင်းတို့ကိုအတည် မပြုပဲ ပယ်ဖျက်ခြင်းသည် တရားမဝင်ပါ၊ ရုံးတွင်မရှိသော အာဏာကို သုံးစွဲရာ တရားဥပဒေကို လွန်ရာ၊ တရားဝင်ရွေးချယ်ပြီးသော ဂေါပကလူကြီးကို ရုံးက ထုတ်ပယ်ရာ ရောက်ပါသည်ဟု လျှောက်လဲသည်။

တရားမကျင့်ထုံး ပုဒ်မ ၉၂ တွင် အကျုံးဝင်သော အများပြည်သူဆိုင်ရာ ဂေါပကအဖွဲ့၏ ဂေါပက လူကြီးကို ထုတ်ပယ်ရန်လိုလျှင် နိုင်ငံတော် ရှေ့နေချုပ်က သော်လည်းကောင်း၊ ရှေ့နေချုပ်၏ ကြိုတင် သဘောတူချက်ကို ရယူပြီးသော ဂေါပကအဖွဲ့ အစည်းတွင် စိတ်ဝင်စား၍ ပါဝင်တောင်းဆိုခွင့်ရှိသူ အနည်းဆုံး နှစ်ဦးက သော်လည်းကောင်း၊ မူလ တရားမ တရားစီရင်ပိုင်ခွင့်ရှိသော ဒေသဆိုင်ရာ အဓိကတရားရုံးသို့ သွားရောက်၍ တရားမကြီးမှု စွဲဆိုရသည်။ ယေဘုယျအားဖြင့် ခရိုင်တွင် ခရိုင်တရားမရုံး၊ ရန်ကုန်မြို့တွင် ဤရုံး မူလဘက်၌ စွဲဆိုရန် ဖြစ်သည်။

ဂေါပကလူကြီးကို ထုတ်ပယ်ခြင်း၊ ခန့်ထားခြင်း၊ ဂေါပကလူကြီး တဦးဦးအား ပစ္စည်းအပ်နှင်းခြင်း၊ စာရင်းစစ်ရန် စုံစမ်းရန် ညွှန်ကြားခြင်း၊ ဂေါပကပိုင် ပစ္စည်းကို ဂေါပကကိစ္စအတွက် ခွဲဝေရေထားခြင်း၊ ဂေါပကပစ္စည်းကို ငှါးရမ်းရောင်းချ ပေါင်နှံ လဲလှယ်ခြင်း၊ ဂေါပကဖွဲ့စည်းပုံ စည်းမျဉ်းကို အတည်ပြုခြင်းနှင့် အခြားသောအလားတူ ဂေါပက ကိစ္စများတွင် စည်းမျဉ်းဖေါက်ဖျက်မှု တရပ်ရပ်ရှိသည်ဟု စွဲဆိုလိုလျှင် အထက်တွင် သတ်မှတ်သည့် စည်းကမ်းချက်များဖြင့် တရားမကြီးမှု စွဲဆိုရန် ဖြစ်ကြောင်းကို ပုဒ်မ ၉၂ တွင် အတိအလင်းဆိုသည်။

ရုံးသဟာယ အဖြစ် နိုင်ငံတော်ရှေ့နေချုပ် ကိုယ်စား လိုက်ပါဆောင်ရွက်သော အစိုးရ ရှေ့နေကြီး မစ္စတာ ဂို(ရှ်)က၊ ယင်းသို့ တရားမကြီးမှု စွဲဆိုခြင်းက နည်းလမ်းမှန်ကြောင်း၊ သို့ရာတွင် ကြန့်ကြာမှု မရှိစေရန်၊ တရားမကြီးမှုဖြင့် မဟုတ်ပဲ၊ အထွေထွေ လျှောက်လွှာဖြင့် သော်လည်းကောင်း၊ ကန့်ကွက်လွှာဖြင့် သော်လည်းကောင်း၊ တက်ရောက်လာ၍၊ ရုံးက စစ်ဆေးဆုံးဖြတ်ပေးလျှင်လည်း တရားဝင်သည်ဟု စီရင်ထုံး အချို့ရှိပါသည်။ ဤရုံးက ဂေါပကလူကြီး ရွေးကောက်ခြင်းကို အတည်ပြုခြင်း၊ အတည်မပြုခြင်းကို အထွေထွေ လျှောက်လွှာများပေါ်တွင် ပြုလုပ်ပေးခဲ့သည့် သာဓကများလည်း ရှိပါသည်ဟု တင်ပြသည်။

သာဓက၊ လုပ်ထုံး မှားယွင်း ချွတ်ချော်နေသည်ကို မြင်ရလျှင် သင့်မြတ်သလို ပြင်ပေးရန် တရားရုံးချုပ်တွင် တာဝန်ရှိသည်။

၁၉၇၁
ဦးထွန်းလှိုင်၊ ဦးသာဝင်း နှင့် ဦးကြည်ဝင်း ပါ ၅၊ ဦးကျော်စိန် ပါ ၄။

ဗုဒ္ဓဘုရားရှင်ကိုယ်တော်တိုင်ပင်လျှင်၊ ကာလမမင်းတို့အား ဆုံးမစကား မြွက်ကြားရာ၌ "သင်တို့သည် ပြောသံကြားကာမျှဖြင့်၊ ဟုတ်ပြီ၊ မှန်ပြီဟု အတည်မယူကုန်လင့်ဦး၊ အစဉ် အဆက်စကားမျှဖြင့်လည်း မယူကုန်လင့်ဦး၊ ဤသို့ ဖြစ်ဖူးတတ်ဟူသော စကားမျှဖြင့်လည်း မယူကုန်လင့်ဦး . . ." စသည်ဖြင့် သတိပေးတော်မူကာ၊ ဤကား ကုသိုလ်တရားတည်း ဤကား အကုသိုလ်တရားတည်း ဟု မိမိတို့ကိုယ်တိုင်သိသောအခါ၌မူ၊ ပယ်စွန့်ခြင်း၊ ပြည့်စုံစေခြင်းတို့ကို ပြုအပ်ပေ၏ဟု ဟောတော်မူ၏။ (၂)

ကောင်းမြတ်သော ရှေးထုံးတို့ကို မပယ်ကောင်း၊ သို့ရာတွင် ရှေးထုံးကိုသာလျှင် ရင်ဝယ်ပိုက်ကာ ပြုပြင်ပြောင်းလဲခြင်း မပြုလျှင်မူကား၊ တရားဥပဒေသည် ရှေးခေတ်၌ပင် ဝပ်လျိုး၍ နေရစ်မည်ဖြစ်ကြောင်းကိုလည်း ကျွန်ုပ်တို့သည် အလျဉ်းသင့်သလို ညွှန်ပြခဲ့ကြဘူးပြီ။ ဥပမာ၊ **ဒေါ်မြရင် ပါ ၅ နှင့် ဒေါ်စော** (၃) တရားရုံးချုပ်၏ တရားဥပဒေ သဘာဝ ယုတ္တိတို့နှင့် အညီ ချမှတ်ခဲ့သော စီရင်ထုံးတို့ကို အောက်ရုံးများက တညီတညွတ်လိုက်နာကြရန် ဖြစ်သော်လည်း၊ တရားရုံးချုပ်၏ စီရင်ထုံးသည်ပင်၊ မှားယွင်းချွတ်ချော်နေသည်၊ သို့မဟုတ် ခေတ်နှင့် မလျော် ဖြစ်နေသည်ကို တွေ့ရလျှင် တရားရုံးချုပ်ကပင် လိုအပ်သလို ပြန်လည် သုံးသပ်ပြင်ဆင်ပေးရမည် ဖြစ်ပေသည်။ ထိုသို့မဟုတ်က အမှား၏ အသက်သည် ရှည်လိမ့်မည်။ တရားဥပဒေသည် လက်တွေ့ အခြေအနေနှင့် ကင်းကွာနေလိမ့်မည်။

တရားရုံးသည် ဥပဒေကို ရှင်းလင်းထင်ရှားသလို ကျင့်သုံးရသည်။ ရှင်းလင်းထင်ရှားသော ဥပဒေစကားရပ်ကို တရားရုံးက အဓိပ္ပါယ်ဖွင့်ဆိုရန်၊ ဋီကာချဲ့ရန် မလို၊ အဓိပ္ပါယ်ဖွင့်သလိုနှင့် ဥပဒေကိုချဲ့ခြင်း၊ ချုံးခြင်း၊ ထွင်ခြင်း ပြုမိတတ်သည်ကို ဆင်ခြင်ရမည်။ ယင်းသို့ပြုရန်လိုလျှင် ဥပဒေပြု အာဏာပိုင် အဖွဲ့ကသာ လုပ်ပိုင်ခွင့်ရှိသည်ဟူလည်း ကျွန်ုပ်တို့ မကြာခဏ သတိပေးခဲ့ဘူးပြီ။ ဥပမာ၊ **စိန်ရတနာ ပိုးယက်ကန်းစက်နှင့် ကုန်သွယ်ရေး လုပ်ငန်းခွန်မင်းကြီး** (၄)၊ **ဝင်နီဆူမား နှင့် ဒေါ်အေးကြည်။** (၅)

တရားရုံးသည် ဥပဒေက မိမိအား အပ်နှင်းသော အာဏာကိုသာ သုံးစွဲနိုင်သည်။ အာဏာကို ဖန်တီးပြုလုပ်ယူ၍မရ။ စီရင်ပိုင်ခွင့် အာဏာကို မလွန်စေရ

(၂) ကေတမုတ္တိသုတ်၊ အင်္ဂုတ္တိုရ် ပါဠိတော် ၂၊ မဟာဝဂ်၊ ဗုဒ္ဓသာသနာ့အဖွဲ့။
(၃) ၁၉၆၇ ခုနှစ်၊ **တရားမ အထွေထွေ** လျှောက်လွှာ ၃၇၊ စုံညီခုံရုံး။
(၄) ၁၉၆၉ ခုနှစ်၊ **မြန်မာနိုင်ငံစီရင်ထုံး** ၂၀၅။
(၅) ၁၉၆၉ ခုနှစ်၊ တရားမ **အထွေထွေ**လျှောက်လွှာ ၁၄၆။

၁၉၇၁
ဦးထွန်းလှိုင်၊ ဦးသာဝင်း နှင့် ဦးကြည်ဝင်း ပါ ၅၊ [ဦးကျော်စိန်] ပါ ၄။

ဟ၍လည်း ကျွန်ုပ်တို့သည် လိုအပ်သလို ညွှန်ပြခဲ့ကြဘူးပြီ။ ဥပမာ၊ **မကြင်မွေး** နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ (၆)၊ **ဦးဘရှင်** နှင့် **ဟာဆန်** (၇)၊ **ဒေါ်အေးတင်** နှင့် **မိတ္ထီလာခရိုင်ဒေသ** ပြည်သူ့ **တရားရုံး အယူခံအဖွဲ့** (၈) **ဦးဘညွန့်** နှင့် **ဦးစိန်ကြည်** (၉)။

အထက်ပါစီရင်ထုံးမှုများအရ၊ စဉ်းစားသုံးသပ်လျှင် **ဤအမှုတွင်** တရားမအထွေထွေ လျှောက်လွှာတွင် ကန့်ကွက်လွှာတင်၍ **အကျယ်စစ်ဆေး**ခဲ့ခြင်းဖြစ်၏။ ကန့်ကွက်သူတို့က တရားမကြီးမှု မစွဲ၊ ရွှေနေချုပ်၏ **ကြိုတင်ခွင့်ပြု**ချက် မယူ။ ကန့်ကွက်ခြင်းသည် တရားမကျင့်ထုံး ပုဒ်မ ၉၂ ကို ဆန့်**ကျင်သည်**။ ကြန့်ကြာမှု မရှိအောင် လက်ခံ စစ်ဆေးခဲ့ရသည် ဆိုပါလျှင်လည်း၊ **အမှုကို တရား**မကြီးမှု သဖွယ် စစ်ဆေးခဲ့ရသောကြောင့်၊ မူလမှုကို ၉ လမျှ စစ်ဆေးခဲ့**ရသည်။** တဆင့်တက်သော အယူခံကို ရွှေးကောက်ခြင်းကို အတည်ပြုပေးရန် လျှော**က်ထားသည်**မှ ၂ နှစ်ကျော်ကြာမှ ဆုံးဖြတ်နိုင်ခဲ့သည်။ ထို့ကြောင့် ဤအမှုမျာ**းတွင်လည်း** လက်တွေ့အားဖြင့် ကြန့်ကြာခဲ့သည်။ ထိုသို့ ကြန့်ကြာသည်နှင့် အမျှ **ဂေါပက**အဖွဲ့ အင်အား ချိတ့် နေခဲ့ရသည်။

နိုင်ငံတော် ရွှေနေချုပ်က ပဏာမ **စိစစ်၍ တရားစွဲ**ဆိုခွင့်ပြုသင့်မှ ပြုခြင်းဖြင့်၊ မစွဲထိုက်သော အမှုကို မစွဲအောင် တားဆီးနိုင်**သည်။** ဘာသာရေး၊ ကုသိုလ်ရေးနှင့် ပတ်သက်သော အများပြည်သူဆိုင်ရာ **ဂေါပကအဖွဲ့** အစည်းဖြစ်၍ ရွှေနေချုပ်က အများပြည်သူ အကျိုးကို ကြည့်၍ကိုယ်တိုင်**စွဲဆိုရန်** စီစဉ်ခြင်း၊ အခြားပုဂ္ဂိုလ်တို့က စွဲဆိုလိုသည်ကို စိစစ်ခြင်း ပြုကောင်းသည်။ **ထို့ကြောင့်**လည်း တရားမ ကျင့်ထုံး ပုဒ်မ ၉၂ က အတိအလင်း ထိုသို့ ပြဋ္ဌာန်းထား**ခြင်း** ဖြစ်သည်။

ဤအမှုတွင်၊ ရွှေတိဂုံစေတီတော်ကြီး**၏ ဘဏ္ဍာ**တော်ထိန်း ဂေါပက အဖွဲ့က ဂေါပကလူကြီးအဖြစ် အရွေးခံလိုသော ပုဂ္ဂို**လ်တို့၏** အရည်အချင်းကို စိစစ်ဆုံးဖြတ်ပြီး နောက်၊ ညှိနှိုင်းကာ၊ စည်းကမ်း၊ ထုံးတမ်းနှင့်အညီ ရွေးကောက်ပွဲကို ကျင်းပခဲ့ခြင်း ဖြစ်သည်။ မဲဆန္ဒရှင်တို့ကလည်း မဲပေး၍ ရွေးကောက် တင်မြှောက်ခဲ့ကြပြီးပြီ။ ရွေးကောက် တင်မြှောက်ခြင်းကိုလည်း ဂေါပကအဖွဲ့က စည်းဝေး စိစစ်၍ ဆုံးဖြတ် ကျေညာပြီးဖြစ်သည်။ ယင်းသို့ ကျေညာပြီးသည်ကို တရားရုံးက ထပ်မံ စိစစ်၍ အတည်ပြုရန် မလိုပြီ။ ရွေးကောက်သည်ကို အတည် မပြုမနေ၊ ပြုရမည်သာဆိုလျှင်

---

(၆) ၁၉၆၈ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှု ၂၅၀ (ခ)။

(၇) ၁၉၆၉ ခုနှစ်၊ တရားမ အထွေထွေလျှောက်လွှာ ၇။

(၈) ၁၉၆၉ ခုနှစ်၊ တရားမ အထွေထွေ လျှောက်လွှာ ၁၈။

(၉) ၁၉၇၀ ခုနှစ်၊ တရားမ အထွေထွေ လျှောက်လွှာ ၄၁။

ကြန့်ကြာ အလုပ်ပို စရိတ်ကုန်၍ အချီးနှီး အလဟဿ ဖြစ်မည်။ အဆင့်ဆင့်၌ စီစစ်ကာ ဂေါပက လူကြီးဖြစ်ရန် အရည် အချင်းပြည့်သော ပုဂ္ဂိုလ်ဖြစ်သည်ဟု ဂေါပကအဖွဲ့က သတ်မှတ်ပြီးသော၊ မဲဆန္ဒရှင်များကလည်း ဆန္ဒပေးရွေးချယ်ပြီးသော ရွေးကောက်ခြင်းကို ဂေါပကအဖွဲ့က ကျေညာပြီးသော ပုဂ္ဂိုလ်အား တရားရုံးက အတည်မပြုပြန်လျှင်လည်း၊ လက်တွေ့ သဘောအားဖြင့် ရွေးကောက်ခြင်း ခံရသော ပုဂ္ဂိုလ်အား ဂေါပကလူကြီး အဖြစ်မှ ထုတ်ပယ်ခြင်း မြောက်သည်။ ရွေးကောက်ခြင်းကို အတည်မပြုခြင်းသည် ရွေးကောက် ခံရသူအား ထုတ်ပယ်ခြင်းပင် ဖြစ်သဖြင့်၊ ပုဒ်မ ၉၂ က ပြဋ္ဌာန်းသော စည်းကမ်းချက်တို့နှင့် အညီ တင်သွင်းလာသော တရားမကြီးမှုကို အခြေခံ၍သာ တရားရုံးက ဆုံးဖြတ်ရမည့် လေးနက်သော ကိစ္စဖြစ်သည်။ ယင်းသို့ တရားဥပဒေနှင့် အညီ စွဲဆိုသော တရားမကြီးမှု၏ အပဉ္စ တရားရုံးက ထုတ်ပယ်နိုင်ခွင့်မရှိ။

၁၉၅၁ ဦးထွန်းလှိုင် ဦးသာဝင် နှင့် ဦးကြည်ဝင်း ပါ ၅၊ ဦးကျော်စိန်၊ ပါ ၄။

ထို့ကြောင့် ရွှေတိဂုံ စေတီတော်ကြီး၏ ဘဏ္ဍာတော်ထိန်း ဂေါပက အဖွဲ့၊ ဖွဲ့စည်းပုံ စည်းမျဉ်းပါ အပိုဒ် ၆ သည် မလိုပဲ၊ ပိုနေ၍ အချီးနှီးဖြစ်သော ပြဋ္ဌာန်းချက်ဖြစ်သည်။ ဂေါပကလူကြီး ရွေးကောက်ခြင်းကို ဂေါပက အဖွဲ့က အပိုဒ် ၅(င)နှင့် အညီ ကျေညာသည်နှင့်၊ ကျေညာခြင်းခံရသော ပုဂ္ဂိုလ်သည် ဂေါပက လူကြီး၏အဖြစ်သို့ ရောက်ကာ၊ တာဝန်ဝတ္တရားများကို ထမ်းဆောင်နိုင်သည်။ တရားရုံးချုပ်သို့ အတည်ပြုပေးရန် လျှောက်ထားရန် မလို။ ရွေးကောက်ခြင်းကို စောဒကတက်လိုသော ပုဂ္ဂိုလ်တို့သည် တရားမ ကျင့်ထုံး ပုဒ်မ ၉၂ နှင့် အညီဖြစ်စေ၊ အခြားဆီလျော်သော ဥပဒေအရဖြစ်စေ၊ တရားမကြီးမှု စွဲဆိုရန်သာ ရှိသည်။

တရားရုံးများက ပုဒ်မ ၉၂ အရ အတည်ပြုထားသော ဂေါပက ဖွဲ့စည်းပုံ စည်းမျဉ်းများတွင် ဂေါပက ရွေးကောက်ပွဲကို ဂေါပကအဖွဲ့က ကျေညာပြီးနောက်၊ တရားရုံးသို့ အတည်ပြုရန် လျှောက်ထားရမည်ဟု ရွှေတိဂုံစေတီတော်ကြီး ဂေါပက ဖွဲ့စည်းပုံ စည်းမျဉ်း အပိုဒ် ၆ ကဲ့သို့သော ပြဋ္ဌာန်းချက်များ ရှိနေခဲ့လျှင်၊ ယင်းတို့သည် အချီးနှီးဖြစ်သည့်ပြင် တရားရုံးတို့အား အာဏာလွန်၍ ဆုံးဖြတ်စေနိုင်သည်ဟု ကျွန်ုပ်တို့ တွေ့မြင်ရသဖြင့် ယင်းပြဋ္ဌာန်းချက်တို့ကို လိုက်နာရန် မဟုတ်ဟု ကျွန်ုပ်တို့ စီရင်ထုံးပြုသည်။ ယင်းသို့သော ပြဋ္ဌာန်းချက် ပါရှိစေကာမူ၊ တရားရုံးသည် ရွေးကောက်ပွဲကို အတည်ပြုပေးရန် လျှောက်ထားလာပါက၊ ဆက်လက် အရေးယူဆောင်ရွက်ခြင်းမပြုမူ၍၊ လျှောက်လွှာကို ပယ်ရန်ဖြစ်သည်။ ဂေါပက အဖွဲ့များကလည်း ရွေးကောက်ခြင်းကို အတည်ပြုရန်တရားရုံးသို့ လျှောက်ရန် မလိုချေ။ နောင်အခါများ၌ဂေါပကဖွဲ့စည်းပုံ စည်းမျဉ်းကို တရားရုံးက စီစစ် အတည်ပြုပေးလျှင်၊ ရွေးကောက်ပွဲကို ရုံးကအတည်ပြုပေးရမည့် သဘော ပါရှိသည့် ပြဋ္ဌာန်းချက်မျိုးကို ထည့်သွင်းပေးခြင်းမပြုစေရ။

၁၉၇၁

ဦးထွန်းလှိုင်၊ ဦးသာဝင်း နှင့် ဦးကြည်ဝင်း ပါ ၅၊ ဦးကျော်စိန်၊ ပါ ၄။

ဤအခွင့်ထူး အယူခံမှုနှင့် ပတ်သက်သော ဂေါပကလူကြီး ရွေးကောက် တင်မြှောက်ခြင်းကိုဂေါပကအဖွဲ့ကကျေညာသည်နှင့်ပြီးပြည့်စုံသည်၊ကျေညာပြီးစီးသည်နှင့် ဦးကျော်စိန်နှင့် ဦးကိုကိုတို့သည် ဂေါပကလူကြီးများ ဖြစ်ကြသည်ဟု ဆုံးဖြတ်သည်။ ထို့ကြောင့် ဤရုံး မူလဘက် တရားသူကြီးက မလိုပဲနှင့် ဂေါပကတဦးအား ရွေးကောက်ထားခြင်းကို အတည်ပြုထားသည့် ဆုံးဖြတ်ချက်ကို လည်းကောင်း၊ စီရင်ပိုင်ခွင့် မရှိပဲနှင့်ဂေါပကတဦးကို အတည်ပြုရန် ငြင်းဆန်ထားသော ဆုံးဖြတ်ချက်ကို လည်းကောင်း ပယ်ဖျက်လိုက်သည်။ သာဓကများကို ပြန်လည်သုံးသပ်၍၊ တရားရုံး၏ စီရင်ပိုင်ခွင့်ကို ပြန်လည်စီစစ်ကာ စီရင်ထုံးပြုရသော အမှုဖြစ်၍ တရားမြိုင်တို့သည် မိမိတို့၏ တရားစရိတ်ကို မိမိတို့ကပင် ကျခံကြစေရန် ဖြစ်သည်။

ရုံးသဟာယအား ညွှန်ကြားစေလွှတ်သော နိုင်ငံတော်ရှေ့နေချုပ်အား ကျေးဇူးတင်ကြောင်းမှတ်တမ်းတင်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမအထွေထွေအယူခံမှု

တရားသူကြီး ဦးသက်ဖေ နှင့် တရားသူကြီး ဦးစိန်သင်းတို့ ရှေ့တွင်

ပြည်ထောင်စုမြန်မာနိုင်ငံပြည်သူ့ဘဏ် (ယခင် နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေးဘဏ်)	နှင့်	၁။ ဦးလှသိန်း ၂။ ဒေါ်စန်း *

† ၁၉၇၁ ဇွန်လ ၈ ရက်။

မရွှေ့ မပြောင်းနိုင်သော ပစ္စည်းမှ နှင့်ထုတ်သည့် ဒီကရီကို အကျိုးသက်ရောက်အောင် ဆောင်ရွက်ခြင်းမှ ဆိုင်း ထားရန် တရား ရုံးချုပ်က ညွှန်ကြား ထားချက်—အစိုးရ ဘဏ်များမှရရှိထားသည့် ဒီကရီများနှင့် အကျုံးဝင်—မဝင်။

ဆုံးဖြတ်ချက်။ ။တရားရုံးချုပ် (အထွေထွေဌာန)၏ ၁၉၆၄ ခုနှစ်၊ ဇန္နဝါရီလ ၁၈ ရက် နေ့စွဲပါ စာအမှတ် ၂၃၂/၂၀-၁၅၅ (၆၃) အမှာ စာဖြင့်၊ တရားမ တရားသူကြီး အားလုံးထံသို့ မရွှေ့ မပြောင်းနိုင်သော ပစ္စည်းမှ နှင်ထုတ်သည့် ဒီကရီ၊ သို့မဟုတ် အမိန့်ကို အကျိုး သက်ရောက်စေရန်၊ အရေးယူ ဆောင်ရွက်ခြင်းမှ ခေတ္တ ရပ်ဆိုင်း ထားရန် ၁၉၆၄ ခုနှစ်၊ ဇန္နဝါရီလ ၁၈ ရက် နေ့တွင် ညွှန်ကြားခဲ့သည်။ ထိုကဲ့သို့ ညွှန်ကြားရခြင်းမှာ တရားမ ရုံးများမှ ဒီကရီဖြင့် နေအိမ်များအား ဝရမ်း ကပ်၍ဖျက်သိမ်းခြင်း၊ ပြောင်းရွှေ့ခြင်း စသော အမိန့်များကြောင့် ဆင်းရဲသားများ နစ်နာ၍၊ အိုးအိမ်မဲ့ခြင်း၊ မဖြစ်ရအောင် လိုအပ်သည့် ဥပဒေ တရပ်ကို ပြဋ္ဌာန်းရန်ရှိ၍၊ တရားမ တရားသူကြီးများအား လိုအပ် သလို ညွှန်ကြားချက် တရပ် ထုတ်ပြန်ရန် တော်လှန်ရေး အစိုးရ၊ တရားရေး ဌာနမှ ၁၉၆၃ ခုနှစ်၊ ဒီဇင်္ဘာလ ၂၁ ရက် နေ့စွဲပါ၊ စာအမှတ်-၃ တစ၊ ၆၃ အရ၊ မေတ္တာ ရပ်ခံ ခဲ့ခြင်းကြောင့်ပင် ဖြစ်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။တရားရုံးချုပ်မှ ညွှန်ကြားလွှာ ထုတ်ပြီးသည့် နောက် နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေး ဘဏ်မှ ထိုညွှန်ကြားချက်သည်၊ ဘဏ်မှ ရရှိ ထားသည့် အပေါင်ဒီကရီများနှင့် အကျုံးဝင်ခြင်း ရှိ၊ မရှိ ပြန်ကြားရန် ၁၉၆၄ ခုနှစ်၊ မတ်လ ၁၈ ရက် နေ့တွင် စာအမှတ် ငွေချေး-၁၄၁ အရ၊ မေးမြန်းခဲ့သည်။ တရားရုံးချုပ်မှ ထိုစာ၏ မိတ္တူကို တရားရေး ဌာနသို့ ပေးပို့၍ မေးမြန်းရာ၊ တရားရေး ဌာနမှ ၁၉၆၄ ခုနှစ်၊ မေလ ၁၁ ရက် နေ့စွဲပါ၊ စာအမှတ် ၂ တင ၆၄ (၃၁၆) အရ၊ အောက်ပါအတိုင်း ပြန် ကြားခဲ့သည်။

"**တရားမ** ရုံးများမှ ဒီကရီဖြင့် နေအိမ် များ အား ဝရမ်း ကပ်၍ ဖျက်သိမ်းခြင်း၊ ပြောင်းရွှေ့ခြင်း **စသော** အမိန့်များကြောင့် ဆင်းရဲသား လူနေများ နစ်နာ၍၊ အိုးအိမ်မဲ့ ဖြစ်ရသော

---

* **၁၉၇၀ ခုနှစ်၊** တရားမ အထွေထွေ အယူခံမှု အမှတ် ၁၇။

† ၁၉၆၇ **ခုနှစ်၊ တရားမ** ဇာရီမှု အမှတ် ၁ တွင်၊ ၁၉၇၀ ခုနှစ်၊ ဇန္နဝါရီလ ၂၆ ရက် နေ့စွပါ၊ ပဲခူးမြို့၊ **ရာဘက် ခရိုင်** တရားမ တရားသူကြီးရုံးတော်၏ ချမှတ်သော အမိန့်ကို အယူခံဝင်မှု။

၁၉၇၁

ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်သူ့ ဘဏ် (ယခင် နိုင်ငံတော် ကူးသန်း ရောင်းဝယ်ရေး ဘဏ်) နှင့် ၁။ ဦးလှသိန်း။ ၂။ ဒေါ် စန်း။

ကိစ္စနှင့် စပ်လျဉ်း၍ လိုအပ်သော ဥပဒေ တရပ် ပြဋ္ဌာန်းရန် ကိစ္စကို ဗဟို လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မီတီသို့ ထပ်မံ တင်ပြ ထားဆဲ ဖြစ်ပါသည်။ ထိုသို့ ယခု ရေးဆွဲလျက် ရှိသော ဥပဒေကြမ်း ၏ သဘောတွင် 'နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေး ဘဏ်တွင် ငွေချေးဌာန မန်နေဂျာထံမှ ဓမးမြန်းထားသည့် ဘဏ် လက်ဝယ်ရှိ အပေါင်ပစ္စည်းများ ဖြစ်ကြသည့် မြေ၊ နေအိမ် အဆောက် အဦများ၊စက်ရုံများနှင့် စက် ပစ္စည်းများ စသည်တို့ကို အပေါင် ဒီကရီ (Mortgage Decree) များဖြင့် ဇာရီမှုပြုလုပ်ခြင်း၊ ရောင်းချခြင်း စသော အမှုများ အကျုံးမဝင်ကြောင်း ပြန်ကြား အပ်ပါသည်''။

ထိုပြန်စာနှင့် စပ်လျဉ်း၍၊ နိုင်ငံတော် ကူးသန်း ရောင်းဝယ်ရေး ဘဏ်မှ ၁၉၆၄ ခုနှစ်၊ မေလ ၂၈ ရက် နေ့စွဲဖြင့်၊ စာအမှတ် ငွေချေး-၁၀၆ အရ၊ တရား ရုံးချုပ်၏ မူလ ညွှန်ကြားလွှာ သည်၊ ဘဏ်မှ စွဲဆို ထားသည့် အမှုများနှင့် အကျုံးမဝင်ကြောင်း၊ ခရိုင် တရားမရုံးများသို့ ညွှန်ကြား ချက် ထုတ်ပြန်ပေးရန် မေတ္တာ ရပ်ခံခဲ့သည်။ ထို့ကြောင့် တရား ရုံးချုပ်မှ ၁၉၆၄ ခုနှစ်၊ ဇွန်လ ၂၆ ရက် နေ့စွဲပါ (အထွေထွေဌာန) **စာအမှတ်** ၅၂၃/၂၀-၁၅၅ (၆၃) အရ၊ တရားရေး ဌာန၏ ၁၉၆၄ ခုနှစ်၊ မေလ ၁၁ ရက် **နေ့စွဲပါ စာအမှတ်** ၂ တင ၆၄ (၃၁၆) ကို ရည်ညွှန်း၍ ခရိုင် တရားမ ရုံးများသို့ သိသာရန်နှင့် လိုအပ်**သလို ဆောင်**ရွက်ကြရန် ညွှန်ကြားခဲ့သည်။ တနည်း ဆိုသော် မူလက **ထုတ်**ပြန်ခဲ့သည့် ညွှန်ကြား**ချက်၌ အစိုးရ** ဘဏ်များမှ ရရှိ **ထား**သည့် ဒီကရီများသည် အကျုံးဝင်ခြင်းမရှိဟု ပြင်ဆင်၍ **ညွှန်ကြားခဲ့ပြီး ဖြစ်**သည်။

အယူခံတရားလိုအတွက်။ ။အစိုးရ **တရားရုံးချုပ်** ရှေ့နေ မစ္စတာ အက် (စ်)၊ဂေါ ဂို (ရှ်)။

အယူခံတရားခံအတွက်။ ။

တရားသူကြီး ဦးသက်ဖေ။ ။ပဲခူးမြို့၊ ရာဘက် ခရိုင် တရားမရုံးတွင် နိုင်ငံတော် ကူးသန်းရောင်း ဝယ်ရေး ဘဏ်က အယူခံ တရားပြိုင် ဦးလှသိန်းနှင့် ဒေါ်စန်းတို့အပေါ် ချေးငွေ ၁၃,၅၅၅ ကျပ် ၂၉ ပြား အတွက်၊ **အပေါင်** ဒီကရီ တရပ် ရရှိခဲ့သည်။ တရားနိုင်က ထိုဒီကရီကို ဇာရီ ပြုလုပ်၍ အပေါင်ပစ္စည်းဖြစ်သည့် အိမ်ကို လေလံ တင် ရောင်းချရာ၌ တရားနိုင်ကပင် လေလံ ဆွဲဝယ်ခဲ့သည်။

ရောင်းချခြင်းကို အတည်ပြုပြီးနောက် တရားနိုင်က လေလံဆွဲဝယ်ခဲ့သော ပစ္စည်း ကို လက်ရောက် အပ်ပေးရန် လျှောက်ထားရာ တရားရှုံးတို့က အိမ်ကို တရားနိုင် သို့ လက်ရောက် အပ်ပေးလျှင် ၎င်းတို့တွင် အိုးအိမ်မဲ့ ဖြစ်ရန် အကြောင်း ရှိနေသော ကြောင့် လက်ရောက် အပ်ပေးခြင်း မပြုသင့်ကြောင်း ကန့်ကွက်ကြသည်။

မူလရုံးမှ တရားရုံးချုပ် (အထွေထွေဌာန) ၏ ၁၉၆၄ ခုနှစ်၊ ဇန္နဝါရီလ ၁၇ **ရက်** နေ့စွဲပါ စာအမှတ် ၂၃၂/၂၀-၁၅၅ (၆၃) ဖြင့် မရွှေ့ မပြောင်းနိုင်သော **ပစ္စည်းမှု** နှင့်ထုတ်သည့် ဒီကရီကိုသော်၎င်း၊ အမိန့်ကိုသော်၎င်း၊ အကျိုး သက်**ရောက် စေရန်**

၁၉၇၁

ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်သူ့ဘဏ် (ယခင် နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေး ဘဏ်) နှင့် ၁။ ဦးလှသိန်း။ ၂။ ဒေါ်စန်း။

အရေးယူ ဆောင်ရွက်ခြင်းမှ ခေတ္တ ဆိုင်းထားရန် ညွှန်ကြား ထားသောကြောင့် လေလံတင် ရောင်းချခဲ့သည့် အိမ်ကို လက်ရောက် အပ်ပေးခြင်း မပြုနိုင်ဟု အမိန့်ချမှတ် လိုက်သောကြောင့် တရားနိုင်က ဤအယူခံ တင်သွင်းလာခြင်း ဖြစ်သည်။

အယူခံ တရားလို၏ ရှေ့နေ မစ္စတာ ဂို (ရှ်) က အဆိုပါ တရားရုံးချုပ်၏ ညွှန်ကြားလွှာသည် သာမန် အရပ်သား အချင်းချင်း ရရှိထားသည့် ဒီကရီ၊ အမိန့် စသည့် တို့နှင့်သာ အကျုံးဝင်ပါသည်။ အစိုးရ ဘဏ်များ လက်ဝယ် ရှိသော အပေါင် ပစ္စည်းများဖြစ်သည့် မြေ၊ နေအိမ် အဆောက်အဦ၊ စက်ရုံ၊ စက်ပစ္စည်းတို့အပေါ် ရရှိခဲ့သည့် အပေါင် ဒီကရီများနှင့် မသက် ဆိုင်သဖြင့် မူလရုံး၏ အမိန့်သည် မှားယွင်းနေပါသည်ဟု တင်ပြ သွားသည်။ အယူခံ တရားပြိုင်တို့သည်၊ ၎င်းတို့အပေါ် သမ္မာန် စာ အတည်ဖြစ်သော်လည်း၊ ရုံးသို့ လာရောက် ထုချေခြင်း မပြုကြသဖြင့် အယူခံကို တဖက်သတ် ကြားနာ ခဲ့ရပေသည်။

တရားရုံးချုပ်မှ အထက်၌ ဖော်ပြခဲ့သည့် အမှာစာဖြင့် တရားမ တရားသူကြီး အားလုံး ထံသို့ မရွှေ့ မပြောင်း နိုင်သော ပစ္စည်းမှ နှင်ထုတ်သည့် ဒီကရီ၊ သို့မဟုတ် အမိန့်ကို အကျိုး သက်ရောက်စေရန် အရေးယူ ဆောင်ရွက် ခြင်းမှ ခေတ္တ ရပ်ဆိုင်းထားရန် ၁၉၆၄ ခု၊ ဇန္နဝါရီလ ၁၈ ရက်နေ့တွင်ညွှန်ကြားခဲ့သည်။ ထိုကဲ့သို့ညွှန်ကြားရခြင်းမှာ တရားမရုံးများမှ ဒီကရီဖြင့် နေအိမ်များအား ဝရမ်းကပ်၍၊ဖျက်သိမ်းခြင်း၊ ပြောင်းရွှေ့ခြင်း စသော အမိန့်များကြောင့် ဆင်းရဲသားများနစ်နာ၍ အိုးအိမ်မဲ့ခြင်း မဖြစ်ရအောင် လိုအပ်သည့် ဥပဒေ တရပ်ကို ပြဋ္ဌာန်းရန် ရှိ၍ တရားမ တရားသူကြီးများအား လိုအပ်သလို ညွှန်ကြားချက် တရပ် ထုတ်ပြန်ရန် တော်လှန်ရေး အစိုးရ တရားရေးဌာနမှ ၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက် နေ့စွဲပါ စာအမှတ် ၃ တစ ၆၃ အရ၊ မေတ္တာ ရပ်ခံ ခဲ့ခြင်းကြောင့်ပင် ဖြစ်သည်။

တရားရုံးချုပ်မှ ညွှန်ကြားလွှာ ထုတ်ပြီးသည့် နောက်၊ နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေး ဘဏ်မှ ထိုညွှန်ကြားချက်သည် ဘဏ်မှ ရရှိ ထားသည့် အပေါင် ဒီကရီများနှင့် အကျုံးဝင်ခြင်း ရှိ၊ မရှိ ပြန်ကြားရန် ၁၉၆၄ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့တွင် စာအမှတ် ငွေချေး-၁၄၁ အရ၊ မေးမြန်းခဲ့သည်။ တရားရုံးချုပ်မှ ထိုစာ၏ မိတ္တူကို တရားရေးဌာနသို့ ပေးပို့၍ မေးမြန်းရာ တရားရေး ဌာနမှ ၁၉၆၄ ခုနှစ်၊ မေလ ၁၁ ရက်နေ့စွဲပါ စာအမှတ် ၂ တင ၆၄ (၁၁၆) အရ၊ အောက်ပါ အတိုင်း ပြန်ကြားခဲ့ပါသည်။

"တရားမ ရုံးများမှ ဒီကရီဖြင့် နေအိမ်များအား၊ ဝရမ်း ကပ်၍၊ ဖျက်သိမ်းခြင်း၊ ပြောင်းရွှေ့ခြင်း စသော အမိန့်များကြောင့် ဆင်းရဲသား လူနေများ နစ်နာ၍၊ အိုးအိမ်မဲ့ ဖြစ်ရသော ကိစ္စ နှင့် စပ်လျဉ်း၍ လိုအပ်သော ဥပဒေ တရပ်

၁၉၇၁

ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်သူ့ ဘဏ် (ယခင် နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေး ဘဏ်) နှင့် ၁။ ဦးလှသိန်း။ ၂။ ဒေါ် စန်း။

ပြဋ္ဌာန်းရန် ကိစ္စကို ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မီတီသို့ ထပ်မံတင်ပြထားဆဲ ဖြစ်ပါသည်။ ထိုသို့ ယခု ရေးဆွဲလျက်ရှိသော ဥပဒေကြမ်း၏ သဘောတွင် နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေးဘဏ် ငွေချေး ဌာန မန်နေဂျာထံမှ မေးမြန်းထားသည့် ဘဏ်လက်ဝယ်ရှိ အပေါင် ပစ္စည်းများ ဖြစ်ကြသည့် မြေ၊ နေအိမ် အဆောက် အဦများ၊ စက်ရုံများနှင့် စက်ပစ္စည်းများ စသည်တို့ကို အပေါင်း ဒီကရီ (Mortgage Decree) များဖြင့် ဇာရီမှု ပြုလုပ်ခြင်း၊ ရောင်းချခြင်း စသော အမှုများ အကျုံးမဝင်ကြောင်း ပြန်ကြား အပ်ပါသည် ”။

ထိုပြန်စာနှင့် စပ်လျဉ်း၍၊ နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေး ဘဏ်မှ ၁၉၆၄ ခုနှစ်၊ မေလ-၂၇ ရက်နေ့စွဲဖြင့် စာအမှတ် ငွေချေး ၁၀၆ အရ၊ တရားရုံးချုပ်၏ မူလ ညွှန်ကြားလွှာသည်၊ ဘဏ်မှ စွဲဆိုထားသည့် အမှုများနှင့် အကျုံးမဝင်ကြောင်း ခရိုင် တရားမရုံးများသို့ ညွှန်ကြားချက် ထုတ်ပြန်ပေးရန် မေတ္တာ ရပ်ခံ ခဲ့သည်။ ထို့ကြောင့် တရားရုံးချုပ်မှ ၁၉၆၄ ခုနှစ်၊ ဇွန်လ ၂၆ ရက် နေ့စွဲပါ (အထွေထွေဌာန) စာအမှတ် ၅၂၃/၂၀-၁၅၅ (၆၃) အရ၊ တရားရေး ဌာန၏ ၁၉၆၄ ခုနှစ်၊ မေလ ၁၁ ရက် နေ့စွဲပါ စာအမှတ် ၂ တင ၆၄ (၁၁၆) ကိုရည်ညွှန်း၍၊ ခရိုင်တရားမ ရုံးများသို့ သိသာရန်နှင့် လိုအပ်သလို ဆောင်ရွက် ကြရန် ညွှန်ကြားခဲ့သည်။ တနည်း ဆိုသော် မူလက ထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက်၌ အစိုးရ ဘဏ်များမှ ရရှိ ထားသည့် ဒီကရီများသည် အကျုံးဝင်ခြင်း မရှိဟု ပြင်ဆင်၍ ညွှန်ကြားခဲ့ပြီး ဖြစ်သည်။

သို့ဖြစ်ရာ တရားနိုင် ဘက်က လေလံဆွဲဝယ်ခဲ့သည့် ပစ္စည်းကို လက်ရောက် အပ်ပေးရန် လျှောက် ထားချက်သည်၊ ဤရုံး၏ ညွှန်ကြားချက် အရ ပိတ်ပင် ထား၍၊ ခွင့်မပြု နိုင်ဆိုသော မူလ ရုံး၏၊ ၁၉၇၁ ခုနှစ်၊ ဇန္နဝါရီလ ၂၆ ရက် နေ့စွဲပါ အမိန့်သည် မှားယွင်း နေသဖြင့် ပယ်ဖျက် လိုက်ပြီး ဇာရီမှုကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်ရန် အမိန့် ချမှတ် လိုက်သည်။ အယူခံ တရားပိုင်တို့သည်၊ အယူခံ တရားလို၏ တရားစရိတ်ကို ကျခံရမည်။ ရှေ့နေ စရိတ် ၃၄ ကျပ် သတ်မှတ်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမ ပဌမ အယူခံမှု

တရားသူကြီး ဦးကျော်ဇံဦး နှင့် တရားသူကြီး ဦးစိန်သင်းတို့ ရှေ့တွင်

ဦးဘခင် နှင့် { ၁။ ဦးသာဝင်း
၂။ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကလူကြီးအဖွဲ့* } † ၁၉၇၁ — မေလ ၁၄ ရက်။

ဥပါသကာ မည်သော ပုဂ္ဂိုလ်—အမိပ္ပါယ် ဖွင့်ဆိုချက်—ဂေါပက လူကြီး အရွေး ခံရသူအား လက်ခံပြီးနောက် ကန့်ကွက်လွှာ ရလျှင် စွပ်စွဲချက်များ မှန် မမှန်၊ တရားရုံးမှ ဆုံးဖြတ်ချက် ယူရန် မညွှန် ကြားဘဲ ဂေါပက အဖွဲ့က စစ်ဆေး၍ ဆုံးဖြတ်ချက် ပေးနိုင်ခြင်း—ကုမ္ပဏီ နှင့် ဖက်စပ် လုပ်ငန်းတို့၏ ကွာခြားချက်။ ။

ဆုံးဖြတ်ချက်။ ။အယူခံ တရားလိုနှင့် အယူခံ တရားပြိုင် အမှတ် ၁ တို့သည် အရွေးခံရန် နာမည် တင်သွင်း၍ အဖွဲ့က စစ်ဆေးသော အခါ၊ စကင်းနှင့် ကိုက်ညီကြောင်း ဆုံးဖြတ်ပြီး၊ ၎င်းတို့ကို လက်ခံ၍ ရွေးကောက်ပွဲ ကျင်းပရေးအတွက် ကြော်ငြာရန် စီစဉ် ထားသည် အထိ၊ အယူခံ တရားလို၏ ကန့်ကွက်လွှာတွင် ပါရှိသော အချက် အလက် များကို အဖွဲ့က မသိရသေးပေ။ သို့ကြောင့်လည်း ၎င်းတို့ကို လက်ခံခဲ့သည်။ သို့သော် နောက် ကန့်ကွက်လွှာတွင် ပါရှိသော အချက်အလက်များကို သိရှိ၍၊ စွပ်စွဲချက်များမှာ မှန်နေကြောင်း သိရှိ လာသော အခါ၊ အဖွဲ့က တရားရုံးမှ စုံစမ်း စစ်ဆေး၍၊ ဆုံးဖြတ်ချက် ယူရန် ညွှန်ကြားချက် မပေးဘဲ ဝတ္တရား ရှိသည့် အတိုင်း၊ အဖွဲ့ကပင် စုံစမ်း စစ်ဆေး၍ ဆုံးဖြတ်ချက် ပေးနိုင်သည်။ ဆုံးဖြတ်ချက်နှစ်ခုပင် ရှိလင့်ကစား၊ တခုနှင့် တခု ဆန့်ကျင် စရာ မရှိနိုင်။ တခုနှင့် တခု အကြောင်း ချင်းရာမှာလည်း မတူပေ။ ဤကဲ့သို့ ပြုလုပ် ခဲ့ပါက၊ ယခု အမှုသည် တရားရုံးသို့ မရောက် ရှိဘဲ လစ်လပ် နေသော ဘဏ္ဍာတော်ထိန်း ဂေါပက လူကြီး၏ နေရာကို ယခုကဲ့သို့ မကြန့်ကြာဘဲ ဖြည့်သွင်းပြီးစီးရာ ရောက်ခဲ့ပေမည်မှာ အထူး ပြောဖွယ် မလိုပေ။ ပဌမ ကန့်ကွက်ချက်များ မရှိ၊ စကင်းနှင့် ကိုက်ညီ မညီကိုသာ အဖွဲ့က စစ်ဆေးသည်။ နောက်မှ ကန့်ကွက်ချက်များ ပေါ်လာရာ၊ ထိုအဖွဲ့ကပင် စုံစမ်း စစ်ဆေး၍ ဆုံးဖြတ် ချက် ပေးရန် အာဏာ မရှိဟု မဆို နိုင်ပေ။ ဆုံးဖြတ်ချက် ပေး၍၊ ဘဏ္ဍာတော်ထိန်း ဂေါပက လူကြီး ခန့်အပ်ခဲ့သည်ကို မကျေနပ်သူက တရားမ ကျင့်ထုံး ပုဒ်မ ၉၂ (က) (ခ) အရ၊ တရား ရုံးတွင် လျှောက်ထား နိုင်ပေသည်။ အဖွဲ့၏ တာဝန် ဝတ္တရားမှာ၊ လစ်လပ်နေသော နေရာတွင် ဖြည့် စွက်ရမည် ဖြစ်သည်။ အမှန်မှာ စကင်း အပိုဒ် ၂ အရ၊ ဘဏ္ဍာတော်ထိန်း ဂေါပက လူကြီးတို့ကို

* ၁၉၆၉ ခုနှစ်၊ တရားမ ပဌမ အယူခံမှု အမှတ် ၃၁။

† ၁၉၆၈ ခုနှစ်၊ တရားမ ကြီးမှုအမှတ် ၄ တွင်၊ ၁၉၆၉ ခုနှစ်၊ မတ်လ ၂၁ ရက် နေ့စွဲဖြင့် နိုင်ငံတော် တရားရုံးချုပ်မူလ အကျိုးရုံး၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

၉၇၁

ဦးဘခင်
နှင့်
၁။ ဦးသာဝင်း
၂။ ရွှေတိဂုံ
စေတီတော်
ဘဏ္ဍာတော်
ထိန်း ဂေါပကလူ
ကြီးအဖွဲ့။

ရန်ကုန်မြို့ရှိ မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တို့က ရွေးကောက် တင်မြှောက်ရမည်။ အငြင်း အပွါး ရှိ၍၊ အဖွဲ့က ဆုံးဖြတ်ချက် ပေးရန် အခက် အခဲနှင့် တွေ့ကြုံမှသာ တရားရုံးမှ ညွှန်ကြားချက် တောင်း ယူရမည်။ သို့မဟုတ် အခြေ အနေအရ တရားစွဲဆိုရမည်။ ယခု ကိစ္စမှာ အဖွဲ့က ဆုံးဖြတ်ချက် ပေးခဲ့နိုင်ပေသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ရွှေတိဂုံ စေတီတော်ကြီးမှာ တပြည်လုံးရှိ ဗုဒ္ဓဘာသာဝင် လူဟိုင်း၏ ကြည်ညို ပူဇော်ခြင်းကို ခံရသည်သာမက တကမ္ဘာလုံးတွင် နာမည်ကျော်ဇော ထင်ရှားသော အံ့ ဘွယ်ရာ တခု ဖြစ်သည့် အားလျော်စွာ စေတီတော်ကြီးကို စီမံ အုပ်ချုပ် ယုံမှတ် အပ်နှံရေး အတွက် ဘဏ္ဍာတော်ထိန်း ဂေါပက လူကြီး ဖြစ်ရန်၊ မြန်မာ ဗုဒ္ဓဘာသာဝင် သာမက ဥပါသကာလည်း ဖြစ် ရမည်ဟု ပြဋ္ဌာန်း ထား၍၊ ဥပါသကာ မည်သော **သူသည်** အဘယ်သူနည်း ဆိုသည်ကို ရှာဖွေရ မည်။ ဤပြဿနာမှာ ဥပဒေ စကား၏ အဓိပ္ပါယ်ကို **ရှာခြင်း** မဟုတ်၊ ဘာသာရေးနှင့်သာ ဆိုင် သည်။ သို့ကြောင့် ဥပဒေ ရှုထောင့် တခုတည်း**မှ မကြည့်ဘဲ**၊ ဘာသာရေးနှင့် စပ်၍၊ ဗုဒ္ဓဘာသာ ဝင် မြန်မာ လူမျိုးများ၏ မျက်စိ ရှုထောင့်မှ **ကြည့်၍**၊ မည်ကဲ့သို့သော သူအား လက်ခံရမည် ကို သတိ ထားရပေမည်။ အငြင်း မရှိနိုင်သော အဓိပ္ပါယ်မှာ တိပိဋကဓရ ဆရာတော် ဦးဝိစိတ္တ သာရာဘိဝံသ ဦးစီးရေးသား ထားသော မဟာ ဗုဒ္ဓဝင် (**စတုတ္ထတွဲ**) ၌ ဖေါ်ပြ ထားသည့် အရ၊ အမျိုးယုတ်ညံ့ မဟူ သရဏဂုံ တည်သူမှန်သမျှသည် **ဥပါသကာမည်၏**။ ဥပါသကာသည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ဆည်းကပ် တတ်သော **သူ ဖြစ်သည်**။ ဥပါသကာ၏ သီလ ကား ငါးပါးသီလ မည်၏။ ဥပါသကာ၏ အသက်မွေးမှုများမှာ (၁) **လက်နက်**၊ (၂) လူ၊ (၃) အသား ငါး၊ (၄) သေရည် သေရက်၊ (၅) အဆိပ်ကို ရောင်းဝယ် **ကုန်သွယ်ခြင်း**၊ ဤမိစ္ဆာ ကုန်သွယ်ခြင်း ငါးမျိုးကို ရှောင် ရှား၍၊ တရားနှင့် အညီ ရောင်းဝယ် ကုန်သွယ် **အသက်မွေးမှု** ဖြစ်သည်။ အဆိုပါ "မိစ္ဆာ ကုန်သွယ်ခြင်း ငါးမျိုးတွင် တမျိုးမျိုးဖြင့် ကုန်သွယ်၍ **အသက်မွေးလျှင်**၊ ဥပါသကာ၏ အဖြစ် ပျက်စီးလေတော့၏" ဟု ရေးသား ထားသည်ကို **တွေ့ရသည်**။ သို့ကြောင့် ငါးပါး သီလနှင့် တရားသော အသက် မွေးမှုတို့၏ ပျက်စီးခြင်းသည် **ဥပါသကာ၏** ပျက်စီးခြင်း မည်၏။ မပျက်စီးလျှင် ဥပါသကာ အဖြစ် ပြည့်စုံ နေ၏ ဟု ဆိုလိုသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ကုမ္ပဏီနှင့် ဖက်စပ် လုပ်ငန်းတို့သည် **ကွာခြားသည်**။ တခုနှင့် တခု မတူပေ။ ကုမ္ပဏီ၏ ဆုံးရှုံး နစ်နာနေခြင်းကို အစုရှင် များက **မခံရဘဲ** ကုမ္ပဏီကသာ ခံရမည်။ ဖက်စပ် လုပ်ငန်း (Firm) တွင် အစုရှင် များက ခံရသည်။ **ကုမ္ပဏီသည်** ဥပဒေ အရ သီးခြား သူ တဦးဖြစ်သော်လည်း၊ ဖက်စပ် လုပ်ငန်းမှ အစုရှင်များမပါ၊ သီးခြားသောပုဂ္ဂိုလ်တဦးမဟုတ်ပေ၊ (While a Company is a Juristic *persona* a firm is not.) ဖက်စပ်လုပ်ငန်း၏အစု ရှင်တဦးသည်အခြား အစုရှင် တဦး၏ အကြီး အမှူးပိုင်ရှင် (Principal) ဖြစ်သည့်အပြင်၊ ကိုယ်စားလှယ် (Agent) လည်း ဖြစ်သည်။

အယူခံတရားလိုအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးအေးမောင်။
အယူခံတရားခံ (၁) အတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးခင်မောင်အေး။
အယူခံတရားခံ (၂) အတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးမြတင်။
ရုံးသဟာယအတွက်။ ။အစိုးရ တရားရုံးချုပ်ရှေ့နေ မစ္စတာအက် (စ်)၊ ကော၊ ဂို (ရှ်)။

ဘဏ္ဍာ

ဦးဘခင် နှင့် ၁။ ဦးသာဝင်း ၂။ ရွှေတိဂုံ စေတီတော် ဘဏ္ဍာတော် ထိန်း ဂေါပကလူကြီးအဖွဲ့။

တရားသူကြီးဦးကျော်ဇံဦး။ ။မြန်မာပြည်ရှိ ဗုဒ္ဓဘာသာဝင် အားလုံးတို့ ရှိခိုး ပူးဇော်လေးမြတ်ကြသည်သာမက၊ ကမ္ဘာတဝှမ်းလုံးတွင် နာမည်ကျော်ဇော ထင်ရှား တော်မူသော ရန်ကုန်မြို့၊ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ယခင် တရားလွှတ်တော်၏ ၁၉၃၈ ခုနှစ်၊ တရားမ ကြီးမှု အမှတ် ၃၁ တွင် ခွင့်ပြု ထားသော စီမံ အုပ်ချုပ် ယုံမှတ် အပ်နှံရေး အတွက် စည်းကမ်းချက် ခေါ်သော စကင်း (Scheme) အရ၊ ဘဏ္ဍာ တော်ထိန်း ဂေါပက လူကြီး ၉ ဦး အဖွဲ့ဝင် တဦး ဖြစ်သူ ဦးဘကျော် သည်၊ ၁၉၆၇ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့က နုတ်ထွက် သွားသဖြင့် လစ်လပ်သော နေရာတွင် စကင်း အရ အရည်အချင်းနှင့် ပြည့်စုံသော သူတယောက် ရွေးချယ် တင်မြှောက် ခန့်ထား ရန် လျှောက်လွှာများကို ၁၉၆၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက် နေ့ ညနေ ၄ နာရီ အချိန် ကို နောက်ဆုံးထား၍၊ သက်သေခံ အမှတ် က-အရ၊ ၁၉၆၇ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက် နေ့စွဲပါ မြန်မာ့ အလင်း သတင်းစာ၌ ကြော်ငြာရာ၊ အယူခံ တရားလိုနှင့် အယူခံ တရားပြိုင် အမှတ် ၁ တို့ နှစ်ဦးသာ လျှောက် ထားကြ၍၊ ၎င်းတို့သည်၊ စကင်း အပိုဒ် ၃ အရ၊ အရည် အချင်း ရှိ မရှိ ကို အဖွဲ့က စစ်ဆေး ကြည့်ပြီး၊ ၎င်းတို့၏ စစ်ချက်များ ကို ရေးယူ၍၊ အဖွဲ့၏ ဥက္ကဋ္ဌ၊ အမှုဆောင် လူကြီးများနှင့် ၎င်းတို့ ကိုယ်တိုင် လက်မှတ် ရေးထိုး ကြသည်။ အယူခံ တရားပြိုင် အမှတ် ၁ အား၊ ၁၉၆၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက် နေ့က စစ်ဆေး ရေးမှတ် ယူသော စစ်ချက်မှာသက်သေခံ အမှတ် ဆ၊ ဖြစ်သည်။ ၎င်းတို့သည် စကင်း အပိုဒ် ၃ အရ၊ အရည် အချင်းပြည့်စုံသည်ဟုယူဆကာ ရွေးကောက်ပွဲကို ၁၉၆၈ ခုနှစ်၊ ဖေါ်ဖေါ်ဝါရီလ ၄ ရက်နေ့နံနက် ၈ နာရီမှ နံနက် ၁၀ နာရီ အထိ၊ ရွှေတိဂုံစေတီ ရင်ပြင်ပေါ်၌ ကျင်းပရန် ၁၉၆၈ ခုနှစ်၊ ဇန္နဝါရီလ ၆ ရက် နေ့ထုတ် ရန်ကုန် သတင်းစာ (သက်သေခံ အမှတ် င) တွင် ကြော်ငြာခဲ့ သည်။

ဤသို့ ကြော်ငြာပြီးနောက် ၁၉၆၈ ခုနှစ်၊ ဇန္နဝါရီလ ၁၄ ရက် နေ့စွဲဖြင့် အယူ ခံ တရားလိုက အဖွဲ့သို့ အယူခံ တရားပြိုင် အမှတ် ၁ အား၊ ရွေးကောက် တင်မြှောက် ရန် လက်ခံထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရာ၌၊ ထိုအယူခံ တရားပြိုင်သည် ၎င်း၏ စစ်ချက်တွင် မူးယစ် စေတတ်သည့် သေရည် သေရက်နှင့် ဆေးများ ဖြစ်သည့် ကုန်ကို "ဤတသက်တွင် တကြိမ် တခါမှ မပြု မလုပ်ခဲ့ဘူးပါ" ဟု ဆိုထားချက် နှင့် ပတ်သက်၍၊ ၁၉၄၈ ခုနှစ်၊ ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်ပြီးသည့်နောက်၊ ရန်ကုန်မြို့ ၌ အယူခံ တရားပြိုင်သည် အစုရှင် တဦးအနေဖြင့် ပါဝင်လျက်၊ အုပ်ချုပ်မှု ဒါရိုက် တာ အဖြစ် ခင်မမ နှင့် သားများ ဖက်စပ် လုပ်ငန်း ကုမ္ပဏီ အတွက်၊ သက်သေခံ အမှတ် (ဈ) အရေး အရက်သေစာများကို မဟာမိတ် စစ်တပ်များတို့အတွက် ဖွင့် လှစ်ထားသော နာဖီ (NAAFI) မှတဆင့်ထုတ်ယူ၍၊ ရောင်းချ ခဲ့သဖြင့်၊ စကင်း

၁၉၅၁

ဦးဘခင် နှင့် ၁။ ဦးသာဝင်း ၂။ ရွှေတိဂုံ စေတီတော် ဘဏ္ဍာတော် ထိန်း ဂေါပကလူ ကြီးအဖွဲ့။

အပိုဒ် ၃ (က) ၁ တွင် ဖေါ်ပြ ထားသော အရည် အချင်းနှင့် မပြည့်စုံသည်ကိုတွေ့ ရှိရာ၊ မဟုတ် မမှန် မုသား ထွက်ဆို ထားခြင်းမှာ **ထင်ရှားနေ၍၊** ဝင်ရောက် အရွေး မခံ ထိုက်သဖြင့် အယူခံ တရားပြိုင်၏ လျှောက်လွှာကို **လက်မခံဘဲ** ပယ်ဖျက်၍၊ ၎င်းအား ပြိုင်ဘက် မရှိ လစ်လပ်သော နေရာတွင် **ဘဏ္ဍာတော်ထိန်း** ဂေါပက လူကြီး အဖြစ် ခန့် ထား အတည်ပြုလုပ်ရန် ရေးသား ထားသည်။ **အထက်တွင်ဖေါ်ပြ** ခဲ့သော သက်သေခံ အမှတ် (ဈ) တွင်၊ မြို့ပြဆိုင်ရာ ထောက်ပံ့ရေး ဌာနကို အုပ်ချုပ်မှု ဒါရိုက်တာက—

"As we have run short of our **stock of** beer, it will be appreciated if authority can be **given us to** purchase 400 cases of 'Revolver' brand beer, **which we** understand are available in NAAFI as this brand **of beer** has been released from **the** Customs."

ဟု ရေးထားသည်ကို မြို့ပြ ဆိုင်ရာ ထောက်ပံ့ရေး အုပ်**ချုပ်သူက**—

"Sanctioned. KHIN MA MA **& SONS**, Canteen Contractors appointed by the Government **of** Burma, is permitted to draw the said supplies **from the** NAAFI on payment of Customs Duty."

ဟု ရေး၍ ခွင့် ပြုခဲ့သည်။ ခင်မမ နှင့် သားများ ကုမ္ပဏီ**တွင် အယူခံ** တရားခံပြိုင် အမှတ် ၁ သည် အုပ်ချုပ်မှု ဒါရိုက်တာ ဖြစ်ကြောင်း အငြင်း **မရှိချေ။ ဒေါ်ခင်မမ** ဆိုသူသည် အယူခံ တရားပြိုင် အမှတ် ၁ ၏ ဇနီး ဖြစ်သည်။

ဘဏ္ဍာတော်ထိန်း ဂေါပက လူကြီးအဖြစ် အရွေး **ခံလိုသူမှာ** စကင်း အပိုဒ် ၃ တွင် ဖေါ်ပြ ထားသော အရည် အချင်းများမှ အပ၊ အပိုဒ် ငယ် (က) အရ—

"မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင် ဥပါသကာ ဖြစ်ခြင်း"

ဟု ပြဋ္ဌာန်း ထားသည်ကို၊ အဆိုပါ အပိုဒ်ငယ် (က)၊ အမှတ် ၃ တွင်—

"မူးယစ်စေတတ်သည့် သေရည် သေရက် နှင့် ဆေးများ ဖြစ်သည့် ကုန်" ကို "ကူးသန်း ရောင်းဝယ်ခြင်း မပြု မလုပ်သော မြန်မာ လူမျိုး ဗုဒ္ဓဘာသာဝင် ဥပါသကာကို ဆိုလိုသည်"။

ဟု ရှင်းလင်း ညွှန်ပြ ထားသည်။ သို့ကြောင့် အယူခံ တရားပြိုင် အမှတ် ၁ သည်၊ မြန်မာ လူမျိုး ဗုဒ္ဓဘာသာဝင် ဖြစ်သည်ကို အငြင်း မရှိစေကာမူ ဥပါသကာ ဖြစ်၊ မဖြစ်ကို ဆုံးဖြတ်ရန်မှာ အဓိကအချက် ဖြစ်ပေသည်။

၁၉၅၁

ဦးဘခင် နှင့် ၁။ ဦးသာဝင်း ၂။ ရွှေတိဂုံ စေတီတော် ဘဏ္ဍာတော် ထိန်း ဂေါပကလူကြီးအဖွဲ့။

အလွန် ထူးဆန်းသော အချက်တခုမှာ အယူခံ တရားလိုက အကြောင်းပြ၍၊ ကန့်ကွက်လွှာ တင်ဆက် ခဲ့ပါလျက်နှင့် အဖွဲ့က သက်သေခံ အမှတ် ဃ (၁) အရ ဆုံးဖြတ်ချက် ချမှတ်ခဲ့သည်မှာ—

"(၁) အမည် တင်သွင်း လွှာများကို ဤအဖွဲ့မှ စီစစ်စဉ်က ဦးသာဝင်း၏ ထွက်ချက်၌ * * * မူးယစ်စေတတ်သော သေရည်သေရက်နှင့် ဆေးများ ဖြစ်သည့် ကုန် ကူးသန်းရောင်းဝယ်ခြင်း ဤတသက်တွင် တကြိမ်တခါမျှမပြုမလုပ်ခဲ့ ဘူးပါဟုပါရှိ ခဲ့သည် မှန်၏။

(၂) ဦးဘခင် တင်သွင်းသော ကန့်ကွက် စာနှင့် ထိုစာ၌ ပူးတွဲသော တာဝန်ခံ မိတ္တူ စာရွက် စာတမ်း များအရ၊ ဒေါ်ခင်မမ နှင့် သားများ၏ အုပ်ချုပ်မှု ဒါရိုက်တာ အဖြစ်ဖြင့်၊ ဒေါ်ခင်မမ၏ ခင်ပွန်း ဖြစ်သူ ဦးသာဝင်းသည်၊ ကိုယ်တိုင် ဦးစီး ကြပ်မတ်၍၊ (က) မူးယစ်စေတတ်သော သေရည် သေရက် ကုန်ကို ကူးသန်း ရောင်းဝယ်ခဲ့ကြောင်း၊ (ခ) ဒေါ်ခင်မမ နှင့် သားများ၏ အုပ်ချုပ်မှု ဒါရိုက်တာ လက်မှတ် ရေးထိုးသော ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက် နေ့စွဲပါ စာဖြင့် ပြည်သူ့ ထောက်ပံ့ရေး ဌာနမှ (ခြောက်လုံးပြူး တံဆိပ် ဘီယာ) သေတ္တာ လေးရာ (၄၀၀) ဝယ်ယူခွင့် တောင်းသည့် အတိုင်း ပြည်သူ့ ထောက်ပံ့ရေး ဌာန က ဝယ်ယူ ခွင့် ပြုကြောင်း စသည်တို့ကို တွေ့ရှိရသည် မှန်၏။

ဤအဖွဲ့မှ အမည် စာရင်း တင်သွင်း လွှာများကို စီစစ် စဉ်က၊ ဤအချက်များ သည် တစွန်းတစမျှ ပေါ်ပေါက်ခြင်း မရှိ ခဲ့သည့် အပြင်၊ ဦးသာဝင်း ကိုယ်တိုင် ကလည်း၊ * * * မူးယစ် စေတတ်သော သေရည် သေရက် နှင့် ဆေးများ ဖြစ်သည့် ကုန် * * * ကူးသန်းရောင်းဝယ်ခြင်း၊ဤတသက်တွင် တကြိမ် တခါမျှ မပြုလုပ်ခဲ့ဘူးပါဟု ထွက်ဆို ခဲ့သည့် အလျောက်၊ ဤဘဏ္ဍာတော်ထိန်း အဖွဲ့၏ ၁၉၆၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက် နေ့က ကျင်းပ ပြုလုပ်သော အစည်း အဝေး အမှတ် ၁၀၆ ၏ အပိုဒ် ၄ (၁) ၌၊ ဦးဘခင် နှင့် ဦးသာဝင်းတို့၏ အမည်တင်သွင်း လွှာ နှစ်စောင် လုံးသည်၊ ဤစေတီတော်ကြီး၏ စကင်း ဥပဒေနှင့် ကိုက်ညီသည်ဟု ဆုံးဖြတ် ပြီးလျှင် ၁၉၆၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက် နေ့တွင် ရွေးကောက်ပွဲ ကျင်းပရန် ကြေညာ စီစဉ် ထားပြီး ဖြစ်သည်။

ယခု အခြေ၌ အမည် စာရင်း တင်သွင်းသူ လူတဦး၏ အရည် အချင်း နှင့် ပတ် သက်၍ ထပ်မံ စဉ်းစား ဆုံးဖြတ်ရန်၊ ဤဘဏ္ဍာတော်ထိန်း အဖွဲ့၌သာ အာဏာ ရှိမှ ရှိပါမည်လား၊ ထိုသို့ ပြန်လည် စဉ်းစား ဆုံးဖြတ်ရန် သင့်မှ သင့်ပါမည်လား ဟု သံသယ မကင်း ဖြစ်သည့် အပြင်၊ ဤကိစ္စမှာ ယခု အခြေ၌ တရားရုံး၏ အဆုံးအဖြတ်ကိုခံယူရန်သင့်တော်မည်ဟု ဤအဖွဲ့မှယူဆသဖြင့်အရွေးခံရန်အမည်တင်

၁၉၇၁

ဦးဘခင်
နှင့်
၁။ ဦးသာဝင်း
၂။ ရွှေတိဂုံ
စေတီတော်
ဘဏ္ဍာတော်
ထိန်း ဂေါပကလူ
ကြီးအဖွဲ့။

> သွင်းသူ ဦးသာဝင်း၏ အရွေးခံရန် အရည် အချင်းနှင့် ပတ်သက်၍ ကန့်ကွက် ပြောဆို လိုပါက၊ သက်ဆိုင်ရာ တရားရုံး၌ သာလျှင် လျှောက် ထားရန် ဦးဘခင် အား အကြောင်း ပြန်ကြားရန် ဆုံးဖြတ်ကြသည်။"

ဟုဖြစ်သည်။ ကျွန်ုပ်တို့သည် သံသယ မကင်းစရာ **အကြောင်း** မမြင်ပေ။ အယူခံ တရားလိုနှင့် အယူခံ တရားပြိုင် အမှတ် ၁ တို့သည် **အရွေးခံရန်** နာမည် တင်သွင်း၍၊ အဖွဲ့က စစ်ဆေးသော အခါ စကင်းနှင့် ကိုက်**ညီကြောင်း** ဆုံးဖြတ်ပြီး၊ ၎င်းတို့ကို လက်ခံ၍၊ ရွေးကောက်ပွဲ ကျင်းပရေး အတွက် **ကြော်ငြာရန်** စီစဉ် ထားသည် အထိ အယူခံ တရားလို၏ ကန့်ကွက်လွှာတွင် ပါရှိသော **အချက်** အလက်များကို အဖွဲ့က မသိရသေးပေ။ သို့ကြောင့်လည်း ၎င်းတို့ကို **လက်ခံခဲ့သည်။** သို့သော် နောက် ကန့်ကွက်လွှာတွင် ပါရှိသော အချက် အလက်များ**ကို သိရှိ၍၊** စွပ်စွဲချက်များမှာ မှန်နေကြောင်း သိရှိ လာသောအခါ၊ အဖွဲ့က **တရားရုံးမှ စုံစမ်း** စစ်ဆေး၍၊ ဆုံးဖြတ်ချက်ယူရန် ညွှန်ကြားချက် မပေးဘဲ ဝတ္တရား **ရှိသည့် အတိုင်း** အဖွဲ့ကပင် စုံစမ်း စစ်ဆေး၍ ဆုံးဖြတ် ချက် ပေးနိုင်သည်ဟုကျွန်ုပ်**တို့ ထင်မြင်**သည်။ ဆုံးဖြတ်ချက် နှစ်ခု ပင် ရှိလင့်ကစား၊ တခုနှင့် တခု ဆန့်ကျင်စရာ **မရှိနိုင်၊ တခု**နှင့် တခု အကြောင်းခြင်း ရာမှာလည်း မတူပေ။ ဤကဲ့သို့ ပြုလုပ် ခဲ့ပါက **ယခု အမှု**သည် တရားရုံးသို့ မရောက် ရှိဘဲ လစ်လပ်နေသော ဘဏ္ဍာတော်ထိန်း **ဂေါပက လူ**ကြီး၏ နေရာကို ယခုကဲ့သို့ မကြန့်ကြာဘဲ ဖြည့်သွင်း ပြီးစီးရာ ရောက်**ခဲ့ပေမည်မှာ** အထူး ပြောရန် မလိုပေ။ ပထမ ကန့်ကွက်ချက် များ မရှိ၊ စကင်း နှင့် **ကိုက်ညီ၊** မညီကိုသာ အဖွဲ့က စစ်ဆေး သည်။ နောက်မှ ကန့်ကွက်ချက်များ ပေါ်**လာရာ၊ ထိုအဖွဲ့က**ပင် စုံစမ်း စစ်ဆေး၍ ဆုံးဖြတ်ချက် ပေးရန် အာဏာ မရှိဟု မဆို **နိုင်ပေ။ ဆုံးဖြတ်ချက်** ပေး၍ ဘဏ္ဍာ တော်ထိန်း ဂေါပက လူကြီး ခန့်အပ်ခဲ့**သည်ကို မကျေနပ်**သူက၊ တရားမ ကျင့်ထုံး ပုဒ်မ ၉၂ (က) (ခ) အရ၊ တရားရုံး**တွင် လျှောက်**ထား နိုင်ပေသည်။ အဖွဲ့၏ တာဝန် ဝတ္တရားများမှာ လစ်လပ်နေသော **နေရာတွင်** ဖြည့်စွက် ရမည် ဖြစ်သည်။ အမှန်မှာ စကင်း အပိုဒ် ၂ အရ၊ ဘဏ္ဍာ**တော်ထိန်း** ဂေါပက လူကြီးတို့ကို ရန်ကုန်မြို့ ရှိ မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာဝင်တို့က **ရွေးကောက်** တင်မြှောက်ရမည်။ အငြင်း အပွါးရှိ၍ အဖွဲ့က ဆုံးဖြတ်ချက်ပေးရန် အခက် အခဲနှင့် တွေ့ကြုံမှသာ၊ တရားရုံးမှ ညွှန်ကြားချက် တောင်းယူရမည်။ သို့မဟုတ် အခြေ အနေအရ၊ တရားစွဲဆိုရမည်။ ယခု ကိစ္စမှာ၊ အဖွဲ့က ဆုံးဖြတ်ချက် ပေးခဲ့ နိုင်ပေသည်။

အယူခံ တရားလိုသည်၊ အဖွဲ့၏ ဆုံးဖြတ်ချက် အရ၊ အယူခံ တရားပြိုင် များ အပေါ် **ဤရုံး** မူလဘက်၌ သီးခြား သက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၂ အရ၊ အယူခံ **တရားပြိုင်** အမှတ် ၁ သည် စကင်းအရ၊ အရည် အချင်း ပြည့်စုံသူ မဟုတ်

၁၉၇၁

ဦးဘခင် နှင့် ၁။ ဦးသာဝင်း ၂။ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကလူကြီးအဖွဲ့။

ဥ ကျေညာပြီး၊ ၎င်းသာ အရည် အချင်းနှင့် ပြည့်စုံ သူ ဖြစ်သဖြင့် လစ်လပ်နေသည့် နေရာတွင် ရွှေတိဂုံ စေတီတော်ကြီး၏ ဘဏ္ဍာတော်ထိန်း ဂေါပက လူကြီး တဦးဖြစ် ကြောင်း ကျေညာ ပြဋ္ဌာန်းသည့် အမိန့်နှင့် ဒီကရီကို ချမှတ်ပေးရန် လျှောက်ထားရာ ခယူခံ တရားပြိုင် အမှတ် (၁) ၏ ချေပလွှာတွင် သူသည် မူးယစ် စေတတ်သော သရည် သေရက်ကို ကူးသန်း ရောင်းဝယ်ခြင်း ပြုခဲ့စေကာမူ၊ ထိုသို့ ပြုလုပ် ခဲ့ခြင်း ၁ နှစ်ပေါင်း များစွာ ကသာ ဖြစ်၍၊ ယခု ပစ္စုပ္ပန် အချိန်နှင့် မသက်ဆိုင်ဟု ဆိုသဖြင့် းက ၎င်းသည်၊ စကင်း အပိုဒ် ၃ (က) ၁၊ ၃ အရ၊ ရွှေတိဂုံ စေတီတော်၏ ဘဏ္ဍာထိန်း ဂါပက အဖွဲ့ဝင် လူကြီး အဖြစ် အရွေးခံရန် အရည် အချင်းနှင့် ပြည့်စုံသူ တယောက် ဟုတ် ဟု ဆိုခြင်းမှာ မှန်ပါ သလားဟု ငြင်းချက် တခု ထုတ်၍၊ နှစ်ဦး နှစ်ဘက်မှ ာင်ပြသော သက်သေ တင်ပြ ထွက်ဆိုချက်များကို ဝေဖန်ပြီး၊ ခင်မမ နှင့် သားများ ခစုစပ် လုပ်ငန်းတွင် အယူခံ တရားပြိုင်၊ အမှတ် (၁) တဦးတည်းသာ အုပ်ချုပ် ပူ အစုရှင် အဖြစ် ဆောင်ရွက် ခဲ့သည်ကို၊ အဆိုပါ အယူခံ တရားပြိုင် ကိုယ်တိုင်က န်ခံ ထားသဖြင့်၊ သက်သေခံ အမှတ် (ဈ) အရ၊ အရက် သေစာ မှာယူသူမှာ အယူခံ ာရားပြိုင် အမှတ် (၁) ပင် ဖြစ်သော်လည်း "သေရည် သေရက်ကို ကူးသန်းရောင်း ာယ်သည့် ကိစ္စနှင့် ပတ်သက်၍၊ "(ခဲ့) ဆိုသောစာလုံးကို အသုံးပြု ထားခြင်း မရှိ သဖြင့် အတိတ်၏ ဖြစ်ရပ်ကို ရည်ညွှန်းခြင်း မရှိကြောင်း ပေါ်ပေါက် နေသောကြောင့် ုဂ္ဂိုလ်တဦးသည် တကြိမ်က သေရည် သေရက် ရောင်းဝယ်ဘူးကာမျှနှင့် အရည်အချင်း ျက်ကွက်သည်ဟု ယူဆခြင်း မပြုနိုင်ပေ။" ဟု ယူဆပြီး အယူခံ တရားပြိုင် အမှတ် ၁ သည် အရည် အချင်းနှင့် ပြည့်စုံသူ တဦးမဟုတ်ဟု ဆိုခြင်းမှာ မမှန်ဟု ဖြေဆိုပြီး ာရားရုံးချုပ် ရှေ့နေ တဦးကို ငွေ ကျပ် ၇၅ စီ သတ်မှတ်၍ အမှုကို စရိတ်နှင့် တကွ ပယ်လိုက်သည်ကို မကျေနပ်၍၊ ယခု အယူခံ ဝင်ခြင်း ဖြစ်သည်။ မူလရုံးက (ခဲ့) ဆိုသော စကားကို၊ သက်သေခံ အမှတ်-ဇ စကင်းအပိုဒ် ၃ (ခ) တွင် အသုံးပြု ထား သည်ကို ညွှန် ပြ ထားသည်။ အရည် အချင်းနှင့် ပတ်သက်၍၊ အပိုဒ် ၃ (ခ) ၌—

"ရန်ကုန်မြို့တွင် အမြဲနေထိုင်သူ ဖြစ်ခြင်း၊ ရန်ကုန်မြို့တွင် ၃ နှစ် အဆက် မပြတ် နေ ထိုင်ခဲ့သူ ကို ဆိုလိုသည်"။

ဟု ပါရှိသည်။ သို့ကြောင့် အပိုဒ် ၃ (က) ၁၊ ၃ တွင် (ခဲ့) ဆိုသော စကားမပါဘဲ၊ မူးယစ်စေတတ်သော သေရည်သေရက်ကုန်ကို "ကူးသန်း ရောင်းဝယ်ခြင်း မပြု မလုပ်သော မြန်မာ လူမျိုး ဗုဒ္ဓဘာသာဝင် ဥပါသကာ" ဖြစ်ရမည်ဟု သာ ပြဋ္ဌာန်း ထားသဖြင့် အတိတ်ကာလကို ရည်ညွှန်းခြင်း မရှိဟု ယူဆလေသည်။ ဤကဲ့သို့ ယူဆ ချက်မှာ မှန်၊ မမှန်ကို ဆန်းစစ်ရပေမည်။

၁၉၇၁

ဦးဘခင်နှင့်
၁။ ဦးသာဝင်း
၂။ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကလူကြီးအဖွဲ့။

ရွှေတိဂုံစေတီတော်ကြီးမှာ တပြည်လုံးရှိ ဗုဒ္ဓဘာသာဝင်နှင့်လူတိုင်း၏ ကြည်ညို ပူဇော်ခြင်းကို ခံရသည်သာမက၊ တကမ္ဘာလုံးတွင် နာမည် ကျော်ဇော ထင်ရှား သော အံ့ဩဘွယ်ရာ တခု ဖြစ်သည့် အားလျော်စွာ၊ စေတီ တော်ကြီးကို စီမံအုပ် ချုပ် ယုံမှတ် အပ်နှံရေး အတွက် ဘဏ္ဍာတော်ထိန်း ဂေါပက လူကြီး ဖြစ်ရန်၊ မြန်မာ ဗုဒ္ဓဘာသာဝင် သာမက ဥပါသကာလည်း ဖြစ်ရမည်ဟု ပြဋ္ဌာန်း ထား၍၊ ဥပါ သကာမည်သော သူသည် အဘယ်သူနည်း ဆိုသည်ကို ရှာဖွေရမည်။ ဤပြဿနာ မှာ ဥပဒေ စကား၏ အဓိပ္ပါယ်ကို ရှာခြင်း မဟုတ်၊ ဘာသာရေးနှင့် သာဆိုင်သည်။ သို့ကြောင့် ဥပဒေ ရှုထောင့် တခုတည်းမှ မကြည့်ဘဲ၊ ဘာသာရေးနှင့် စပ်၍ ဗုဒ္ဓဘာ ဘာသာဝင် မြန်မာ လူမျိုးများ၏ မျက်စိ ရှုထောင့်မှ ကြည့်၍ မည်ကဲ့သို့သော သူအား လက်ခံရမည်ကို သတိ ထားရပေမည်။ အငြင်း မရှိနိုင်သော အဓိပ္ပါယ် မှာ၊ တိပိဋက ဓရ ဆရာတော် ဦးဝိစိတ္တ သာရ ဘိဝံသ ဦးစီးရေးသား ထားသော မဟာဗုဒ္ဓဝင် (စတုတ္ထတွဲ) ၌ ဖော်ပြထားသည့်အရ၊ အမျိုးယုတ်ညံ့ မဟူ သရဏဂုံ တည်သူမှန်သမျှသည် ဥပါသကာမည်၏။ ဥပါသကာသည် ဘုရား၊ တရား၊ သံဃာ ရတနာ သုံးပါးကို ဆည်းကပ် တတ်သောသူ ဖြစ်သည်။ ဥပါသကာ၏ သီလကား၊ ငါးပါးသီလ မည်၏။ ဥပါသကာ၏ အသက် မွေးမှု များမှာ (၁) လက်နက်၊ (၂) လူ၊ (၃) အသားငါး၊ (၄) သေရည် သေရက်၊ (၅) အဆိပ်ကို ရောင်းဝယ် ကုန်သွယ်ခြင်း၊ ဤမိစ္ဆာ ကုန်သွယ်ခြင်း ငါးမျိုးကို ရှောင် ရှား၍၊ တရားနှင့် အညီ ရောင်းဝယ် ကုန်သွယ် အသက်မွေးမှု ဖြစ်သည်။ အဆိုပါ "မိစ္ဆာ ကုန်သွယ်ခြင်း ငါး (၅) မျိုးတို့တွင်၊ တမျိုးမျိုးဖြင့် ကုန်သွယ်၍ အသက်မွေးလျှင်၊ ဥပါသကာ ၏ အဖြစ် ပျက်စီးလေတော့၏" ရေးသား ထားသည်ကို တွေ့ရသည်။ သို့ကြောင့် ငါးပါးသီလနှင့် တရားသော အသက်မွေးမှုတို့၏ ပျက်စီးခြင်းသည် ဥပါသကာ၏ ပျက်စီးခြင်းမည်၏။ မပျက်စီးလျှင် ဥပါသကာအဖြစ် ပြည့်စုံနေ၏ ဟု ဆိုလိုသည်။

အထက်တွင် ဖော်ပြ ထားသော အဓိပ္ပါယ်အရ၊ အယူခံ တရားပြိုင် အမှတ် ၁ သည် ဥပါသကာ မဖြစ်နိုင်ပေ။ အကြောင်းသော်ကား၊ ဘဏ္ဍာတော်ထိန်း ဂေါပက လူကြီး ရွေးချယ် ခန့်ထားရန် လျှောက်ထားသော အခါ၊ အဖွဲ့က ပထမ အစက အရည် အချင်း ရှိ၊ မရှိ၊ စစ်ဆေး ရေးယူ၍ လက်မှတ် ရေးထိုး ထားသော စစ်ချက်တွင် အယူခံ တရားပြိုင် အမှတ် ၁ က၊ မူးယစ် စေတတ်သော သေရည် သေရက် ကုန်ကို ဤတသက်တွင် တကြိမ် တခါမျှ မပြု မလုပ်ခဲ့ဘူးပါ" ဟု ဆိုထားသည်မှာ၊ ဗုဒ္ဓဘာ သာ တရားတော် မြတ်ကို ဆည်းကပ် တတ်သူ မဟုတ်ကြောင်း ပေါ်လွင်၍ ငါးပါး သီလ၏ မုသာ ဝါဒကံကို ကျူးလွန်သည်မှာ ထင်ရှားသဖြင့် ဥပါသကာ မဖြစ်နိုင်ပေ။ အတိတ်ကာလနှင့် မသက်ဆိုင်သော ယခု အမှုမှ ပင် သေရည် သေရက် ရောင်းဝယ်

၁၉၇၁
ဦးဘခင်
နှင့်
၁။ ဦးသာဝင်း
၂။ ရွှေတိဂုံစေတီတော်
ဘဏ္ဍာတော်
ထိန်း ဂေါပကလူ
ကြီးအဖွဲ့။

ကုန်သွယ်ခြင်းကို တသက်တွင် တကြိမ် တခါမျှ မပြု မလုပ်ဘူးပါဟု ဆိုသည်မှာ သက်သေခံ အမှတ်(ဈ)နှင့် ဆန့်ကျင်နေသဖြင့်၊ မုသားထွက်ဆိုခြင်းဖြစ်သည်ဟု ယူဆရပေမည်။ ထို့အပြင် အယူခံ တရားပြိုင် အမှတ် ၁ သည် မိစ္ဆာ ကုန်သွယ်ခြင်း ငါးမျိုးတွင် တမျိုးမျိုးဖြင့် ကုန်သွယ်ပြီး အသက်မွေး၍၊ ဥပါသကာ၏ အဖြစ် ပျက်စီးလေဘော့သည်။ စကင်း အပိုဒ် ၃ (က) ၁၊ ၃ တွင် သေရည် သေရက် ကုန်ကို ကူးသန်းရောင်းဝယ်ခြင်း မပြု မလုပ်သော မြန်မာ လူမျိုး ဗုဒ္ဓဘာသာဝင် ဥပါသကာဟု ဆိုထားရာ "မပြုမလုပ်သော" ဆိုသည့် စကားမှာ အလွန် အရေးကြီးသည်။ ဤစကား၏ အမှန်ကို မရောနှောဘဲ အဓိပ္ပါယ် ကောက်ယူရာတွင် မပါမရှိသော စကား တခုခုကို ထည့်သွင်း၍ ဖြစ်စေ၊ ပါရှိသော စကားကို ထုတ်နှုတ်၍ ဖြစ်စေ၊ မပြုအပ်ပေ။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလကို ရည်မှန်း၍ ဆိုထားသည်ဟု တိကျစွာ မပြောနိုင်ပေ။ ပြဿနာမှာ အယူခံ တရားပြိုင် အမှတ် (၁) သည် သေရည် သေရက် ကုန်ကို ကူးသန်းရောင်းဝယ်ခြင်း မပြု မလုပ်ဟု ဆိုနိုင်ပါသလား၊ "မပြုမလုပ်" ဆိုသော စကားကို လျော့ပေါ့ ပြောင်းလဲ ပြင်ဆင်ခြင်း (Qualify) မလုပ်ရပေ။ သို့ကြောင့် အယူခံ တရားပြိုင် အမှတ် (၁) သည် သေရည် သေရက် ကုန်ကို ကူးသန်းရောင်းဝယ်ခြင်း မပြု မလုပ်ဟု မဆိုနိုင်ပေ။ စကင်း အပိုဒ် ၃ (ခ) ၌၊ ရန်ကုန်မြို့တွင် အမြဲနေထိုင်သူ ဆိုသည့် စကား အဓိပ္ပါယ်ကို ဖေါ်လို၍၊ သုံးနှစ် အဆက်မပြတ် နေထိုင် (ခဲ့) သူကို ဆိုလိုသည်ဟု ရေးသားထားသည်။ ဥပါသကာ ဆိုသည့် စကားတွင် ဤကဲ့သို့ ဖေါ်ပြရန် မလိုပေ။ အထက်က ညွှန်ကြားပြ ခဲ့သော မဘာ ဗုဒ္ဓဝင်တွင် ပြဋ္ဌာန်းထား ချက်အရ "မိစ္ဆာကုန်သွယ်ခြင်း ငါး (၅)မျိုးတို့တွင် တမျိုးမျိုးဖြင့် ကုန်သွယ်၍ အသက် မွေးလျှင်၊ ဥပါသကာ၏ အဖြစ် ပျက်စီးလေတော့၏" ဟု မှတ်ယူရာ၏။ စကင်းကို သေချာကြပ်တည်းစွာ ဘတ်ရှု လေ့လာရပေမည်။ **ဦးပညာဇောတပါ ၃ ဦး** နှင့် **ဦးဥာဏိကပါ ၂ ဦး** (၁) စီရင်ထုံးတွင်၊ ဘာသာရေး အလှူဒါန အမျာနှင့် သက်ဆိုင်သော စကင်း နည်းလမ်း စည်းမျဉ်းကို လေးစား၍ ကြပ်တည်းသေချာ မှန်ကန်စွာ လိုက်နာရပေမည်" ဟု ညွှန်ပြထားသည်။ အယူခံ တရားလို၏ တရားရုံးချုပ် ရှေ့နေတင်ပြသည့် အရ၊ ရာဇသတ်ကြီးတွင် မှုပြစ် တခုခုကျူး လွန်ခဲ့လျှင်လည်း အချိန်ကာလကို မရည် ညွှန်းဘဲ၊ မှုပြစ် ကျူးလွန်သည်ဟု ဆိုကာ ပြစ်ဒဏ် ပေးသည်။ **ဥပမာ**၊ ပုဒ်မ ၃၇၉ တွင် "မည်သူမဆို၊ ခိုးမှုကို ကျူးလွန်လျှင်၊ ၎င်းသူကို သုံးနှစ်အထိ ထောင်ဒဏ် တမျိုးမျိုး ဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ၊ စီရင်စေရမည်" ဟု ပြဋ္ဌာန်းထားသည်။ အထူးအက် ဥပဒေများတွင်လည်း၊ မှုပြစ် တခုခုကို ကျူးလွန်ခြင်းနှင့် ပတ်သက်၍၊ ပစ္စုပ္ပန် ကာလ

(၁) ၁၉၆၆ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ ၅၂၀ (၅၂၄)။

၁၉၇၁

ဦးဘခင် နှင့် ၁။ ဦးသာဝင်း ၂။ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော် ထိန်း ဂေါပကလူကြီးအဖွဲ့။

ကို ရည်ညွှန်း၍၊ ပြဋ္ဌာန်း ထားသော်လည်း၊ အတိတ်ကာလ အတွက် ကျူးလွန် ခဲ့သော မှုပြစ် အတွက်ကို စုံစမ်း စစ်ဆေးပြီးမှ ပြစ်ဒဏ် ချမှတ်သည်။ **ဥပမာ** ယစ်မျိုး အက ဥပဒေ။ သေရည်သေရက် ကုန်သွယ် ရောင်းဝယ်ရေးနှင့် ပတ်သက်၍၊ အယူခံတရားပြိုင် အမှတ် (၁) ဘက်မှ တင်ပြချက် တခုမှာ၊ သက်သေခံ အမှတ်(၈)အရ၊ သေရည် သေ ရက်များ ကုန်ပြတ်နေ၍ ရောင်းစားရန် ပြန်လည် ဖြည့်ပေးပါဟု စာရေး၍ တောင်းဆို သောအခါ၊ ခင်မမ နှင့် သားများ လီမိတက်က ပြုလုပ်ခြင်းသာ ဖြစ်သည်ဟု ဆိုသည် ကို လက်ခံရန် မဖြစ်နိုင်ပေ။ လီမိတက် ကုမ္ပဏီ တခုသည် ဥပဒေ အရ၊ သီးခြား တည်ရှိသော နေရာ၊ (Separate Entity) တခု ဖြစ်သည်ကား မှန်၏။ တစုံ တခု ပြုလုပ်ခြင်းသည် အစုရှင်များ ပြုလုပ်ခြင်း မဟုတ်ဘဲ၊ ကုမ္ပဏီက ပြုလုပ်သည်ဟု မှတ်ယူရမည်။ သို့သော် ထိုအချိန်က၊ (၁၉၄၇ ခုနှစ်၊) ခင်မမ နှင့် သားများ လီမိတက် ဟု ကုမ္ပဏီ မရှိသေးပေ။ အယူခံ တရားပြိုင် အမှတ် (၁) ၏ ချေပလွှာ အပိုဒ် ၁၀ (င) တွင် ကုမ္ပဏီကို ၁၉၅၃ ခုနှစ် မှသာ ဖွဲ့စည်းသည်ဟု ဆိုသည်။ သို့ကြောင့် သေရည် သေရက် ကုန်သွယ် ရောင်းဝယ်ချိန် (၁၉၄၇ ခုနှစ်) တွင်၊ ခင်မမ နှင့် သားများ ဖက်စပ်လုပ်ငန်း (Firm)တွင်၊ အယူခံတရားပြိုင် အမှတ် (၁) သည်၊ အစုရှင် တဦး အနေဖြင့် အုပ်ချုပ်မှု ဒါရိုက်တာ (မန်နေဂျာ) ဖြစ်သည့် အားလျော်စွာ ဖက်စပ် ဥပဒေ ပုဒ်မ ၂၅ အရ တာဝန် ရှိပေသည်။ ဤပုဒ်မ က—

> "Every partner is liable, jointly with all the other partners and also severally, for all acts of the firm done while he is a partner."

ဟု ဆိုထားသည်။ ကုမ္ပဏီနှင့် ဖက်စပ် လုပ်ငန်းတို့သည် တခုနှင့်တခုမတူပေ။ ကုမ္ပဏီ၏ ဆုံးရှုံးနစ်နာခြင်းကို အစုရှင်များက မခံရဘဲ ကုမ္ပဏီကသာ ခံရမည်။ ဖက်စပ်လုပ်ငန်း (Firm)တွင် အစုရှင်များကခံရသည်။ ကုမ္ပဏီသည် ဥပဒေအရ သီးခြားသူတဦးဖြစ်သော်လည်း ဖက်စပ်လုပ်ငန်းမှာ အစုရှင်များမှအပ၊ သီးခြားသော ပုဂ္ဂိုလ်တဦးမဟုတ်ပေ။ (While a Company is a juristic *Persona* a firm is not.) ဖက်စပ်လုပ်ငန်း၏ အစုရှင် တဦးသည် အခြားအစုရှင်တဦး၏ အကြီးအမှူး ပိုင်ရှင်(Principal)ဖြစ်သည့်အပြင်၊ ကိုယ်စားလှယ်(Agent)လည်းဖြစ်သည်။ သို့ကြောင့် အယူခံ တရားပြိုင် အမှတ် (၁) သည်၊ မိမိကိုယ်တိုင် ယစ်မျိုး သေရည် သေရက်ကို ရောင်းသည်ဟု မှတ်ယူရမည်ဖြစ်၍ ဥပါသကာ မဖြစ်နိုင်ပေ။

ဤအယူခံမှုကို ကြားနာရန် ချိန်းဆိုသော နေ့တွင်၊ အယူခံ တရားပြိုင် အမှတ် (၁) ၏ တရားရုံးချုပ် ရှေ့နေ က၊ အမှုမှာ စကင်းမှုပေါ်ပေါက် လာသော အမှု ဖြစ်၍၊ ဤရုံး၏ မူလဘက်မှ စီရင်ပိုင်ခွင့် အရ၊ ချမှတ်သည့် အမိန့် ဖြစ်သည့် အလျောက်

၁၉၇၁

ဦးဘခင် နှင့် ၁။ ဦးသာဝင်း ၂။ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကလူကြီးအဖွဲ့။

ပူခံဝင်ခွင့် မရှိသည့် အပြင်၊ တရားမ ကျင့်ထုံး ပုဒ်မ ၉၂ ကို ကျော်လွန်၍၊ သီး
း သက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၂ အရ၊ တရား မစွဲ ဆိုနိုင်ပါဟု လျှောက် ထား
ဒှင့်၊ အစိုးရ ရှေ့နေ အား ရုံးသဟာရ အဖြစ်နှင့် အမှုတွင် လိုက်ပါ ဆောင်ရွက်
ာ တရားရုံးချုပ် ရှေ့နေ တို့၏ လျှောက် လဲချက်များကို ကြားနာ ခဲ့စဉ်၊ အယူခံ
ားပြိုင် အမှတ် (၁)၏ တရားရုံးချုပ် ရှေ့နေက ဤအချက် နှစ်ခုစလုံးကို ဆက်လက်
က်တွန်းခြင်း မပြု လိုသဖြင့် စွန့်လွှတ် လိုက်၍၊ ကျွန်ုပ်တို့ အထူး ရေးသားရန် မလို
။ ဒုတိယ အချက်နှင့် ပတ်သက်၍၊ ဤရုံး၏ မူလ ဘက်မှ ပဏာမ ကောက်ချက်
ဖြစ်၊ ၁၉၆၈ ခုနှစ်၊ ဧပြီလ ၂၇ ရက် နေ့စွဲပါ အမိန့်ဖြင့် ကြားနာ ဆုံးဖြတ်ချက်ချ
က် ရာ၌ လက် မခံခဲ့ပေ။ ယခု အမှုတွင် အယူခံ တရားလို နှင့် အယူခံ တရားပြိုင်
မှတ်(၁)တို့၏ တသီး ပုဂ္ဂလ အနေဖြင့်၊ ၎င်းတို့၏ အရည် အချင်းသည် စကင်း
း ကိုက်ညီ မညီ ကို ဆုံးဖြတ်ရန် ဒီကရီတောင်း ဆိုခြင်း ဖြစ်သည်။ ၎င်းတို့၏ ကိစ္စ
ာအဖွဲ့နှင့် သက်ဆိုင်သော ကိစ္စမဟုတ်သေးပေ၊ ဘဏ္ဍာတော်ထိန်း ဂေါပကလူကြီး
ဖြစ်လည်း မရွေးရသေး၊ ခန့်အပ်ခြင်းလည်း မရှိသေးပေ။ ပထမ အချက်နှင့်
ပ်သက်၍၊ ကျွန်ုပ်တို့ တဦး ပါဝင် ဆုံးဖြတ်ခဲ့သော စုံညီ ခုံရုံး၏ **မစ္စတာ ကော ပီ၊
ဘ် (စ်) ပါ ၅ နှင့် အတွင်းရေးမှူး၊ ရာထူး ခန့်အပ်ရေး ကော်မီတီ၊ ရှုရီရှုရီဒူဂါဘာရီ
ဘိန္ဒူဘုရား ရှိခိုးကျောင်း ဂေါပက အဖွဲ့၊ ရန်ကုန်မြို့** (၂) အမှုကို ရည်ညွှန်းလိုသည်။
ဒို့အပြင်၊ ဤအယူခံမှု၏ ၁၉၇၀ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့နှင့် ၁၉၇၀ ခုနှစ်၊ နိုဝင်ဘာလ
း ရက်နေ့စွဲဖြင့် နေ့စဉ် မှတ်တမ်းတို့ကိုလည်း ညွှန် ပြလိုသည်။

အထက် ဖော်ပြပါ အကြောင်း များကြောင့် မူလ ရုံး၏ စီရင် ချက်နှင့် ဒီကရီကို
ရိတ်နှင့် တကွ ပယ်ဖျက်၍၊ အယူခံ တရားပြိုင် အမှတ် (၁) သည် ရွှေတိဂုံ စေတီ
တော်ကြီး စကင်း အပိုဒ် ၃ (က) အရ ဘဏ္ဍာတော်ထိန်း ဂေါပက လူကြီးအဖြစ်
အရွေးခံရန် အရည်အချင်းနှင့် ပြည့်စုံသူတယောက် မဟုတ်ဟု ဆိုခြင်းမှာ၊ မှန်ကန်သည်
ဟု ကျွန်ုပ်တို့ စီရင် ဆုံးဖြတ် လိုက်သည်။ အမှုမှာ အယူခံ တရားလိုနှင့် အယူခံ တရား
ပြိုင် အမှတ် (၁) တို့သာ ပြင်းပြင်း ထန်ထန် အပိုင် အဆိုင် ခုခံ ငြင်းဆိုကြသဖြင့်
နှစ်ဦး စလုံး၏ တရားစရိတ်ကို အယူခံ တရားပြိုင် အမှတ်(၁)ကသာ ကျခံစေရမည်
ဖြစ်သည်။ အယူခံ တရားလို၏ တရားရုံးချုပ် ရှေ့နေ စရိတ် ငွေ ကျပ် ၁၇၀ နှင့် အယူ
ခံ တရားပြိုင် အမှတ်(၂)ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပက လူကြီး အဖွဲ့
၏ တရားရုံးချုပ် ရှေ့နေ စရိတ် ငွေ ကျပ် ၁၀၀ အသီးသီး သတ်မှတ် သည်။

ဤရုံး၏၊ ၁၉၆၉ ခုနှစ်၊ ဇူလိုင်လ ၇ ရက် နေ့စွဲဖြင့် ယာယီ ဆိုင်းငံ့ အမိန့်ကို အတည်
ပြုသော နေ့စဉ် မှတ်တမ်း အမိန့်ကို ပယ်ဖျက် လိုက်သည်။

---

(၂) ၁၉၆၉ ခုနှစ်၊ တရားမ ပဌမ အယူခံမှု အမှတ် ၇၉။

နိုင်ငံတော်တရားရုံးချုပ်

တရားမပဋ္ဌမအယူခံမှု

တရားသူကြီး ဦးသက်ဖေ နှင့် တရားသူကြီး **ဦးစိန်သင်းတို့** ရှေ့တွင်

† ၁၉၇၁

ဇွန်လ ၂ ရက်။

ဦးဘရှင်

နှင့်

ဦးမောင်မောင်ကလေး*

မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ **ပုဒ်မ ၁၁**—အိမ်ရှင်သည် အိမ်ငှါးထံမှ ငှါးရမ်းခအတိုင်း တောင်းဆိုခွင့် ရှိခြင်း—ရေ **မရသည့်**အကြောင်းကြောင့် စံငှါးရမ်းခကို ပြင်ဆင်သတ်မှတ်ပေးရန် ပုဒ်မ ၂၇ (၂) အရ **အိမ်ငှါးသည်** ကြီးကြပ်ရေးဝန်ထံသို့ လျှောက်ထားသင့်ခြင်း။

ဆုံးဖြတ်ချက်။ ။စံငှါးရမ်းခမှာ ငှါးရမ်းခ **ကြီးကြပ်ရေးဝန်က** သတ်မှတ် ထားသည့် ငှါးရမ်းခဖြစ်ရာ၊ အိမ်ရှင်သည် အိမ်ငှါးထံမှ ထိုငှါးရမ်းခ **အတိုင်း တောင်းဆို** ပိုင်ခွင့် ရှိသည်။ အိမ်ရှင်သည် ယင်း ငှါးရမ်းခ အတိုင်း တောင်း ဆိုပိုင်ခွင့် **မရှိပဲ၊ အချို့** အဝက်ကိုသာ ရပိုင်ခွင့် ရှိသည်ဟု ဆိုလျှင်၊ စံငှါးရမ်းခကို ပြင်ဆင်ရာ ရောက်မည် **ဖြစ်သည်။ စံငှါးရမ်းခကို** မြို့ပြ ဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၃၂ အရ၊ လွှဲအပ်လွှာ **လက်ခံ နိုင်သည့် အာဏာ**ပိုင်ကသာ ပြင်ဆင်နိုင်သည်။ ။အယူခံ တရားပြိုင် တင်ပြသည့် **အတိုင်း ငှါးရမ်းခတွင်** အခန်းအတွက်သာမက၊ ရေအတွက်လည်း ပါသည်ဟု ဆိုလျှင်၊ ရေ မရသည့် **အကြောင်းကြောင့်** စံငှါးရမ်းခကို ပြင်ဆင်သတ်မှတ် ပေးသင့်ပါသည်ဟု ပုဒ်မ ၂၇ (၂) အရ၊ **အိမ်ငှါးသည်** ကြီးကြပ်ရေးဝန် ထံသို့လျှောက်ထားသင့်သည်။

အယူခံတရားလိုအတွက်။ ။တရားရုံးချုပ် ရှေ့နေ မစ္စတာ မိုဟာမက်ဂျဖါး။
အယူခံတရားခံအတွက်။ ။တရားရုံးချုပ် ရှေ့နေ ဦးတင်အေး။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားလို ဦးဘရှင်သည် ရန်ကုန်မြို့၊ ၂၉ လမ်း၊ တိုက် အမှတ် ၂၂၂/၂၂၈ ၏ အိမ်ရှင်ဖြစ်သည်။ အယူခံ တရားပြိုင်

---

* ၁၉၇၀ ခုနှစ်၊ တရားမ ပဋ္ဌမ အယူခံမှု အမှတ် ၅၇။

† ၁၉၆၈ ခုနှစ်၊ တရားမ ကြီးမှုအမှတ် ၄၃၄ တွင် ၁၉၇၀ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့စွဲပါရန်ကုန်မြို့၊ တရားမရုံး၊ တွဲဘက် တရားသူကြီးချုပ်ရုံး၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု၊

၁၉၇၁

ဦးဘရှင် နှင့် ဦးမောင်မောင်ကလေး။

မာဇီမောင်ကလေးသည် ထိုတိုက်၏ အခန်း အမှတ် ၈ ကို တလ ၇၅ ကျပ်ဖြင့် ငှါးရမ်းနေထိုင်သည့် အိမ်ငှါးဖြစ်သည်။

ဦးမောင်မောင်ကလေးသည် ၁၉၆၆ ခုနှစ်၊ ဇွန်လမှ ၁၉၆၈ ခုနှစ်၊ ဩဂုတ်လအထိ လ အတွက် ငှါးရမ်းခ ၂,၀၂၅ ကျပ်ကို မပေးသဖြင့် ထိုငွေများကို ရလိုကြောင်း ဘရှင်က တရားစွဲဆိုသည်။ ဦးမောင်မောင်ကလေး အပြင် အခြား အိမ်ငှါး ၇ ာက်ကလည်း ဦးမောင်မောင်ကလေးနည်းတူ ငှါးရမ်းခများ ပေးရန် ပျက်ကွက် သဖြင့် ၎င်းတို့ အသီးသီးတို့ကိုလည်း တရားစွဲဆိုခဲ့သည်။

အိမ်ငှါးများက ငှါးရမ်းခ ကြွေးငွေများပေးရန် ရှိသည်ကို မငြင်းသော်လည်း၊ ခန်းများသို့ ရေပေးသော လျှပ်စစ် ရေစုတ်စက် ပျက်၍ ပြင်ရသည့်ပြင် ထိုရေစုတ် ်လည်ပတ်ရန် အသုံးပြုသည့် လျှပ်စစ် ဓါတ်အားခများကို ပေးဆောင်ခဲ့ရသည့် ာလျှောက်ကုန်ကျခဲ့သည့် ငွေများကို ငှါးရမ်းခများမှ အချိုးကျ ခုနှိမ်ခွင့်ပြုရန် ာင်းဆိုခဲ့သည်။

မူလရုံးက အိမ်ငှါးများ ကုန်ကျခဲ့သော ရေစုတ်စက် ပြင်ဆင်ခနှင့် ရေစုတ်စက် ည်ပတ်ရန် အသုံးပြုခဲ့သည့် လျှပ်စစ်ဓါတ်အားခငွေ ၂,၉၃၂ ကျပ်၊ ၈၁ ပြားကို မ်ငှါးရမ်းခထဲမှ တရားမျှတမှု အရ၊ ခုနှိမ်ခွင့်ရှိပါသည်။ ထိုငွေများကို အိမ်ငှါး ၂ ဦးက စိုက်ထုတ်ခဲ့ရခြင်းဖြစ်၍၊ အိမ်ငှါး တဦးလျှင် ၂၄၄ ကျပ် ၄၀ ပြား ခုနှိမ် ့်ရှိသည်ဟုဆိုကာ စွဲဆိုသည့် ငှါးရမ်းခများမှ ခုနှိမ်ခွင့် ပြုလိုက်သောကြောင့် အိမ်ရှင် ၊ မကျေနပ်၍ အယူခံဝင်လာခြင်းဖြစ်သည်။

အယူခံ တရားလို၏ တရားရုံးချုပ် ရှေ့နေ မစ္စတာ ဂျဖါးက အခင်းဖြစ် ဥပစာ ည် ၁၉၅၈ ခုနှစ်ကမှ ဆောက်လုပ်ခဲ့သည့် အဆောက် အဦ ဖြစ်ကြောင်း အငြင်း ွါးသဖြင့် အိမ်ရှင်သည် အိမ်ငှါးများအား မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး ဉက်ဥပဒေ ပုဒ်မ ၁၁ (၁) အရ၊ ရေရရှိရေး အတွက် ဆောင်ရွက်ပေးရန် တာဝန် ှိပါ။ ထို့ကြောင့် ရေရရှိရေး အတွက် အိမ်ငှါးများ စိုက်ထုတ်ခဲ့သည့် ကုန်ကျငွေကို ါးရမ်းခထဲမှ ခုနှိမ်ခွင့်ပြုခြင်းသည် မှားယွင်းပါသည်ဟု တင်ပြသွားသည်။

အယူခံတရားပြိုင်၏ တရားရုံးချုပ် ရှေ့နေ ဦးတင်အေးက အိမ်ရှင်သည် ဥပစာကို ဆောက်လုပ်ပြီး ငှါးရမ်းစဉ်ကပင် အငှါးချထားသော အခန်းများသို့ ရေပေးခဲ့ပါ ာည်။ သို့ဖြစ်ရာ ငှါးရမ်းခတွင် အခန်း အတွက်သာမက ရေအတွက်လည်း အပါအဝင် ဖြစ်ပါသည်။ ထို့ကြောင့် ရေရရှိရေး အတွက် ကုန်ကျစရိတ်ကို ခုနှိမ်ခွင့်ပြုခြင်းသည် န်ကန်ပါသည်ဟု ပြန်လည်တင်ပြသွားသည်။

အယူခံတရားလိုသည် အယူခံ တရားပြိုင်အပေါ် စံငှါးရမ်းခ အတိုင်း တရားစွဲဆို ခြင်းဖြစ်သည်။ ထိုစံငှါးရမ်းခမှာ ငှါးရမ်းခ ကြီးကြပ်ရေးဝန်က သတ်မှတ်ထားသည့်

၁၉၇၁

ဦးဘရှင် နှင့် ဦးမောင်မောင်ကလေး။

ငှါးရမ်းခဖြစ်ရာ၊ အိမ်ရှင်သည်အိမ်ငှါးထံမှထိုငှါးရမ်းခအတိုင်း တောင်းဆိုပိုင်ခွင့်ရှိသည်။ အိမ်ရှင်သည် ယင်းငှါးချမ်းခအတိုင်း တောင်းဆိုပိုင်ခွင့်မရှိပဲ၊ အချို့ အဝက်ကိုသာ ရပိုင်ခွင့်ရှိသည်ဟုဆိုလျှင် စံငှါးရမ်းခကို ပြင်ဆင်ရာရောက်မည်ဖြစ်သည်။ စံငှါးရမ်းခကို မြို့ပြဆိုင်ရာငှါးရမ်းခ့ကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၃၂ **အရ လွှဲ**အပ်လွှာလက်ခံနိုင်သည့် အာဏာပိုင်ကသာ ပြင်ဆင်နိုင်သည်။

အယူခံတရားပြိုင် တင်ပြသည့် အတိုင်း **ငှါးရမ်းခတွင်** အခန်း အတွက်သာမက ရေအတွက်လည်း ပါသည်ဟု ဆိုလျှင် ရေမရ**သည့် အကြောင်း**ကြောင့် စံငှါးရမ်းခကို ပြင်ဆင်သတ်မှတ်ပေးသင့်ပါသည်ဟု ပုဒ်မ ၂၇ (၂) အရ၊ အိမ်ငှါးသည် ကြီးကြပ်ရေး ဝန်ထံသို့ လျှောက်ထားသင့်ပေသည်။ **အိမ်ငှါးသည်** လုံလောက်သော အကြောင်း ရှိပါက စံငှါးရမ်းခကို ပြင်ဆင်လျှော့ပေါ့ပေး**ရန်** လျှောက်ထားနိုင်ကြောင်း၊ **ဝင်နီစူး မား** နှင့် ဒေါ်အေးကြည် (၁) တို့ အမှု၌ **ဆုံးဖြတ်**ထားပြီး ဖြစ်သည်။ သို့ဖြစ်ရာ ငှါးရမ်းခ ကြွေးငွေများမှ ရေစုတ်စက်အတွ**က် အချိုး**ကျ ကုန်ကျငွေ ၂၄၄ ကျပ်၊ ၄၀ ပြားကို ခုနှိမ်ခွင့်ပြုခဲ့သည့် မူလရုံး၏ **ဆုံးဖြတ်**ချက်မှာ မှားယွင်းနေ၍ ပယ်ဖျက် ရမည်ဖြစ်သည်။

အထက်ပါ အကြောင်းများကြောင့် **အယူခံတရား**လိုက အယူခံ တရားပြိုင်အပေါ် ၁,၇၇၀ ကျပ် ၆၀ ပြား အတွက်သာဒီက**ရီချမှတ်ထား**သည့် အစား မူလက စွဲဆိုသည့် အတိုင်း ငွေ ၂,၀၂၅ ကျပ် အပေါ် **တရားစရိ**တ်များနှင့်တကွ ပြင်ဆင်၍ ဒီကရီ ချမှတ်ပေးလိုက်သည်။ ဤရုံးရှေ့နေစရိ**တ် ၅၁** ကျပ် သတ်မှတ်သည်။

---

(၁) တရားရုံးချုပ်၏ ၁၉၆၉ ခုနှစ်၊ တရားမ အထွေထွေ လျှောက်ထားမှု အမှတ် ၁၄၆။

နိုင်ငံတော်တရားရုံးချုပ်

တရားမပဋမအယူခံမှု

တရားသူကြီး ဦးသက်ဖေ နှင့် တရားသူကြီး ဦးစိန်သင်း တို့ရှေ့တွင်

ဦးဘိုးစိန်ပါ ၆

နှင့်

မောင်အေး (ခေါ်) အင်အင်ကီး*

† ၁၉၇၁
မေလ ၂၂ ရက်။

ဒီကရီ မိတ္တူကို အယူခံလွှာ နှင့် ပူးတွဲ တင်သွင်းခြင်း မပြုပဲ နေ၍ ရ မရ—တရားမ ကျင့်ထုံး အမိန့် ၄၁၊ နည်းဥပဒေ ၁—ဒီကရီ ရေးဆွဲခြင်း မပြုရသေးသည့် အကြောင်းကြောင့် အယူခံ အတွက်၊ ဒီကရီ မိတ္တူကို ကူးပေးရန် မလျှောက် ထားပဲ နေ၍ မရခြင်း။

ဆုံးဖြတ်ချက်။ ။တရားမ ကျင့်ထုံး အမိန့် ၄၁၊ နည်းဥပဒေ ၁ အရ၊ တရားမ ရုံး၏ ဒီကရီ တခုခုကို အယူခံဝင်လျှင် အယူခံလွှာနှင့် အတူ အယူခံသော ဒီကရီ၏ မိတ္တူနှင့် စီရင်ချက် မိတ္တူတို့ကို ပူးတွဲ၍တင်သွင်းရမည်။ စီရင်ချက် မိတ္တူကို အယူခံရုံးက ခွင့်ပြုပါက တင်သွင်းခြင်း မပြုဘဲ နေနိုင်သည်။ ဒီကရီ မိတ္တူကိုမူကား တင်သွင်းခြင်း မပြုပဲ နေ၍ မရချေ။ ဒီကရီ မိတ္တူ မပါပဲ အယူခံလွှာ တင်သွင်းလျှင် ထို အယူခံသည် တရားဝင်သော အယူ ခံမဟုတ်ချေ။ ဗွီ၊ အိုင်၊ အီး၊ အိုင်၊ **စမိုလမ် စကဂျာ နှင့် အီဗရာဟင်ရန်း ကုမ္ပဏီ လီမိတက်၊** ၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံး ၁၅၂ (တရားရုံးချုပ်) ကို ကိုးကားသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ရန်ကုန်မြို့၊ တရားမရုံး အက်ဥပဒေ ပုဒ်မ ၂၄ အရ၊ ထိုရုံးမှ ချမှတ်သော ဒီကရီကို တလ အတွင်း အယူခံဝင်ရမည် ဖြစ်သည်။ ဒီကရီကို မည်သည့် နေ့ရက်၌ပင် ရေးဆွဲစေကာမူ စီရင်ချက် ချမှတ်သည့် နေ့မှ စ၍ ကာလ စည်းကမ်းသတ် အချိန်ကို စတင် ရေတွက်ရမည်။ ဒီကရီ ရေးဆွဲခြင်း မပြုရသေးသည့် အကြောင်းကြောင့် ဒီကရီ မိတ္တူကို ကူးပေးရန် မလျှောက် ထားပဲ နေ၍ မရချေ။ လျှောက်ထားခြင်း မပြု၍ ကာလ စည်းကမ်းသတ် အချိန် ကျော်လျှင်လွန်လျှင် ပျက်ကွက်သူ၏ တာဝန်သာ ဖြစ်သည်။ **မောင်ဘိုးကျော် နှင့် မလေး၊** အတွဲ ၇၊ ရန်ကုန် ၁၀၊ **မောင်ဘော်ဖြူ နှင့် မောင်ရန်ရှင်း** ၁၉၃၉၊ ရန်ကုန် စီရင်ထုံး၊ ၆၁၆ ကို လိုက်နာသည်။

အယူခံတရားလိုအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးသိန်း။

အယူခံတရားခံအတွက်။ ။တရားရုံးချုပ် ရှေ့နေ ဦးဘရွှန်း။

---

* ၁၉၇၀ ခုနှစ်၊ **တရားမ** ပဋမ အယူခံမှု အမှတ် ၁၆။

† ၁၉၆၆ ခုနှစ်၊ **တရားမကြီးမှု** အမှတ် ၄၀၉ တွင်၊ ၁၉၇၀ ခုနှစ်၊ ဇန္နဝါရီလ ၁၇ ရက် နေ့စွဲပါ ရန်ကုန်မြို့၊ တရားမရုံး၊ **တတိယ** တရားသူကြီးရုံး၏ ချမှတ်သော ဒီကရီကို အယူခံ ပင်မှု။

၁၉၇၁
ဦးဘိုးစိန်ပါ ၆ နှင့် မောင်အေး (ခ) အင်အင်ကီး။

တရားသူကြီး ဦးသက်ဖေ။ ။ရန်ကုန်မြို့၊ တရားမရုံးတွင် အယူခံ တရားလိုတို့က အယူခံတရားပြိုင် အပေါ် အိမ်လခ ကြွေးငွေ ၁,၂၆၀ ကျပ် ရလိုကြောင်း စွဲဆိုရာ စွဲဆိုသော အမှုကို တရားစရိတ်နှင့်တကွ ပယ်လိုက်သည်။ ထိုသို့ ပယ်လိုက်သော ဒီကရီကို အယူခံ တရားလိုတို့က မကျေနပ်သဖြင့် ဤအယူခံမှုကို တင်သွင်းလာရာ အယူခံတရားပြိုင်က အယူခံသည် ကာလ စည်းကမ်းသတ် အချိန်ကျော်လွန်နေ၍ လက်မခံသင့်ကြောင်းတင်ပြလာသောကြောင့် ဤစီရင်ချက်ကို ချမှတ်ရခြင်းဖြစ်သည်။

တရားမ ကျင့်ထုံး အမိန့် ၄၁၊ နည်းဥပဒေ ၁ အရ၊ တရားမရုံး၏ ဒီကရီ တခုခုကို အယူခံဝင်လျှင် အယူခံလွှာနှင့်အတူ အယူခံသော ဒီကရီ၏ မိတ္တူနှင့် စီရင်ချက် မိတ္တူတို့ကို ပူးတွဲ၍ တင်သွင်းရမည်။ စီရင်ချက် မိတ္တူကို အယူခံရုံးက ခွင့်ပြုပါက တင်သွင်းခြင်း မပြုဘဲ နေနိုင်သည်။ ဒီကရီ မိတ္တူကိုမူကား တင်သွင်းခြင်း မပြုဘဲ နေ၍ မရချေ။ ဒီကရီ မိတ္တူမပါဘဲ အယူခံလွှာ တင်သွင်းလျှင် ထိုအယူခံသည် တရားဝင်သော အယူခံ မဟုတ်ချေ။ ထိုအတိုင်းပင် ဗို၊ အိုင်၊ **အိဓ၊ ဒ်သိုင် စမိုလ်မ်စကဂျာ** နှင့် **အီဗရာဟင်ရန်း ကုမ္ပဏီလီမိတက်** (၁) တို့အမှုတွင် ဆုံးဖြတ်ထားပြီးဖြစ်သည်။

ယခု အမှုတွင် မူလရုံးမှ စီရင်ချက်ကို ၁၉၇၀ ခုနှစ်၊ ဇန္နဝါရီလ ၁၇ ရက်နေ့တွင် ချမှတ်ပြီး ဒီကရီကို ၁၉၇၀ ခုနှစ်၊ ဖေဖေါ်ဝါရီလ ၂၄ ရက်နေ့၌ ရေးဆွဲခဲ့သည်။ ဤအယူခံမှုကို ၁၉၇၀ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့တွင် တင်သွင်းရာ၌ စီရင်ချက်၏ မိတ္တူကိုသာ အယူခံလွှာနှင့် ပူးတွဲ တင်သွင်းခဲ့သည်။ ဒီကရီ၏ မိတ္တူကို တင်သွင်းခြင်း မပြုခဲ့ပေ။ ဒီကရီ မိတ္တူကို တင်ရန် တာဝန်ယူပါသည်ဟု အယူခံလွှာ၌ အယူခံတရားလို၏ တရားရုံးချုပ် ရှေ့နေ ဦးသိန်းက ရေးသား လက်မှတ်ထိုးခဲ့သည်။ ဒီကရီမိတ္တူကိုမူ ၁၉၇၀ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့ကျမှ တင်သွင်းခဲ့လေသည်။

ရန်ကုန်မြို့၊ တရားမရုံး အက်ဥပဒေ ပုဒ်မ ၂၄ အရ၊ ထိုရုံးမှ ချမှတ်သော ဒီကရီကို တလအတွင်း အယူခံဝင်ရမည်ဖြစ်သည်။ ဒီကရီကို မည်သည့်နေ့ရက်၌ပင်၊ ရေးဆွဲစေကာမူ၊ စီရင်ချက် ချမှတ်သည့် နေ့မှစ၍ ကာလ စည်းကမ်းသတ် အချိန်ကို စတင်၍ ရေတွက်ရမည်။ ဒီကရီ ရေးဆွဲခြင်း မပြုရသေးသည့် အကြောင်းကြောင့် ဒီကရီမိတ္တူကို ကူးပေးရန် မလျှောက်ထားဘဲ နေ၍ မရချေ။ လျှောက်ထားခြင်း မပြု၍ ကာလစည်းကမ်းသတ် အချိန် ကျော်လွန်လျှင် ပျက်ကွက်သူ၏ တာဝန်သာ ဖြစ်သည်။ ထိုအတိုင်းပင် **မောင်ဘိုးကျော်** နှင့် မလေး (၂)။ **မောင်ဘော်ဖြူ နှင့် မောင်ရန်ရှင်း** (၃) တို့အမှုများ၌ဆုံးဖြတ်ထားသည်ကို ကျွန်ုပ်တို့ သဘောတူ**သည်။**

---

(၁) ၁၉၆၂၊ မြန်မာပြည်စီရင်ထုံး ၁၅၂ (တရားရုံးချုပ်)။
(၂) အတွဲ ၇၊ ရန်ကုန် ၁၈။
(၃) ၁၉၃၉၊ ရန်ကုန်စီရင်ထုံး ၆၈၆။

၁၉၇၁

ဦးဘိုးစိန်ပါ ၆ နှင့် မောင်အေး (ခေါ်) အင်အင်ကြီး။

ဤအမှု၌ မူလရုံးမှ ၁၉၇၀ ခုနှစ်၊ ဇန္နဝါရီလ ၁၇ ရက်နေ့တွင် စီရင်ချက်ချမှတ်ခဲ့သော်လည်း၊ အယူခံတရားလိုသည် ဒီကရီ မိတ္တူကို ၁၉၇၀ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင်ကူးပေးရန် လျှောက်လွှာတင်ပြီး ဒီကရီမိတ္တူကို ရရှိသည့် ၁၉၇၀ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့၌ ဤရုံးသို့ တင်သွင်းခဲ့သည်။ ဒီကရီ မိတ္တူကို ကူးရန် လျှောက်ထားသည့် ၁၉၇၀ ခုနှစ်၊ မေလ ၂၉ ရက်နေ့၌ပင် မူလရုံး ဒီကရီကို အယူခံဝင်ရန် ကာလစည်းကမ်းသတ် အချိန်မှာ များစွာကျော်လွန်နေကြောင်း ပေါ်လွင်သည်။ အယူခံကို ၁၉၇၀ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့တွင် တင်သွင်းခဲ့သော်လည်း ဒီကရီမိတ္တူမပါသဖြင့် တရားဝင်သော အယူခံ မဟုတ်ပေ။ ဥပဒေက ခွင့်ပြုထားသည့်အချိန်တလထက် ကျော်လွန်ပြီးမှ၊ ဒီကရီ မိတ္တူကို တင်သွင်းခဲ့သဖြင့် ဤအယူခံသည် ကာလစည်းကမ်းသတ အချိန် ကျော်လွန်ပြီးမှ တင်သွင်းခဲ့သည်ဟု ယူဆရမည်ဖြစ်သည်။ အချိန်ကျော်လွန်ပြီး တင်သွင်းရခြင်းမှာ လုံလောက်သော အကြောင်းရှိသည်ဟုလည်း တင်ပြခြင်း မပြုနိုင်သည့် အလျောက် ဤအယူခံကို ပယ်လိုက်သည်။

အမှုတွင် ပေါ်ပေါက်နေသော ကြောင်းခြင်းရာများအရ၊ ဤအယူခံမှုနှင့်စပ်လျဉ်း၍တရားစရိတ်ချမှတ်ခြင်းမပြု။

နိုင်ငံတော်တရားရုံးချုပ်

တရားမပြင်ဆင်မှု

တရားသူကြီး ဦးသက်ဖေ နှင့် တရားသူကြီး ဦးစိန်သင်းတို့ ရှေ့တွင်

† ၁၉၇၁

မေလ ၂၂ ရက်။

ဒေါ အီး၊ မဒါး

နှင့်

ကိုမောင်ရွှေ *

သမ္မာန်စာ အတည်ပြုခြင်း—တရားမ ကျင့်ထုံး အမိန့် ၅၊ နည်းဥပဒေ ၁၇ တွင် ပြဋ္ဌာန်း ထားသည့်အတိုင်း သမ္မာန်စာ အတည် ပြုရာတွင် တိကျစွာ ဆောင်ရွက် ရန် လိုအပ်ခြင်း။

ဆုံးဖြတ်ချက်။ ။တရားမ ကျင့်ထုံး အမိန့် ၅၊ နည်းဥပဒေ ၁၇ အရ၊ တရားပြိုင် တဦးသည် သမ္မာန်စာ လက်ခံ ရရှိကြောင်း ဝန်ခံ လက်မှတ် ရေးထိုးရန် ငြင်းဆန် ပါက သမ္မာန်စာ အတည်ပြုသူသည်၊ တရားပြိုင် အိမ်၏ အပြင် တံခါး၊ သို့မဟုတ် ထင်ရှားသည့် အစိတ် အပိုင်းတွင် သမ္မာန်စာကို တွဲထား၊ ကပ်ထားရန် လိုသည်။ ယင်းသို့ တွဲထား ကပ်ထားခြင်း မရှိလျှင် သမ္မာန်စာသည် အတည် ဖြစ်သည်ဟု ယူဆ နိုင်မည် မဟုတ်ပေ။ ထိုနည်းဥပဒေအရ၊ သမ္မာန်စာ အတည်ဖြစ်လျှင် အမှုကိုတဘက်သတ် ကြားနာ နိုင်သဖြင့် ယင်း နည်းဥပဒေသည်၊ အပြစ်ဒဏ် ခတ်သော သဘော ရှိသည့် ပြဋ္ဌာန်းချက် တခုဖြစ်၍၊ ပြဋ္ဌာန်းချက်တွင် ပါသည့် အတိုင်း တိကျစွာ ဆောင်ရွက်ရန် လိုသည်၊ **ဦးဝ နှင့် ဦးဘထွန်း** ၁၉၆၂ ခု၊ မြန်မာနိုင်ငံ စီရင်ထုံး၊ ၃၇၉ (တရားရုံးချုပ်)။ **ဦးကျော်ခင် နှင့် ဦးကြီးမောင်** ၁၉၆၃ ခု၊ မြန်မာ နိုင်ငံ စီရင်ထုံး၊ ၄၅၆ တို့ကို ရည်ညွှန်းသည်။

လျှောက်ထားသူအတွက်။ ။တရားရုံးချုပ်ရှေ့နေ မစ္စတာ အမ်၊ ဒေါ ဆူဘာန်း။

လျှောက်ထားခံရသူအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးတင်မောင်။

တရားသူကြီး ဦးသက်ဖေ။ ။ရန်ကုန်မြို့၊ တရားမရုံးတွင် လျှောက်ထားသူက လျှောက်ထားခံရသူအပေါ် လျော်ကြေးငွေ ၈၀၀ ကျပ်နှင့် အမြဲတန်း တားဝရမ်း ရလိုမှုစွဲဆိုခဲ့သည်။ အမှုကိုကြားနာသည့်နေ့၌ လျှောက်ထားခံရသူသည် ရုံးသို့လာ ရောက်ခြင်းမရှိသဖြင့် တဘက်သတ်ကြားနာပြီး စွဲဆိုသောအမှုကို၊ အနိုင်ဒီကရီချမှတ် ပေးလိုက်သည်။

---

* ၁၉၇၀ ခုနှစ်၊ တရားမ ပြင်ဆင်မှု အမှတ် ၂၉။

† ၁၉၆၉ ခုနှစ်၊ တရားမသေးအဖွဲ့အမှုအမှတ် ၁၀၀ တွင်၊ ၁၉၇၀ ခုနှစ်၊ ဇူလိုင်လ **၁၁ ရက်** နေ့စွဲပါ ရန်ကုန်မြို့၊ တရားမရုံး၊ ဧတုတ္ထ တရားသူကြီးရုံး၏ ချမှတ်သော အမိန့်ကို **ပြင်ဆင်မှု။**

၁၉၇၁ — အေ၊အီး၊မဒါး နှင့် ကိုမောင်ရွှေ။

လျှောက်ထားသူက ဒီကရီကို ဇာရီပြုလုပ်သောအခါ လျှောက်ထားခံရသူက ၎င်းအပေါ် အမှုစွဲဆိုထားခြင်းကို မသိသဖြင့် အမှုကြားနာစဉ်က ရုံးသို့မလာရောက်ရခြင်းဖြစ်သည့်အလျှောက် တဘက်သတ်ဒီကရီကို ပယ်ဖျက်ပေးရန်လျှောက်ထားသည်။ မူလရုံးတရားသူကြီးသည် စုံစမ်းမှုပြုလုပ်ပြီးနောက် တရားမကျင့်ထုံးအမိန့် ၅၊ နည်းဥပဒေ ၁၇ အရ၊ သမ္မာန်စာအတည်မဖြစ်ဟု ဆုံးဖြတ်ကာ တဘက်သတ်ဒီကရီကိုပယ်ဖျက်လိုက်သည်။ ထိုကဲ့သို့ တဘက်သတ်ဒီကရီကို ပယ်ဖျက်လိုက်သောအမိန့်ကို လျှောက်ထားသူက မကျေနပ်၍ ပြင်ဆင်မှုတင်သွင်းလာခြင်းဖြစ်သည်။

ယခုအမှုတွင် သမ္မာန်လုလင်က လျှောက်ထားခံရသူအား သမ္မာန်စာသွားရောက်အတည်ပြုရာ လျှောက်ထားခံရသူသည် သမ္မာန်စာလက်ခံရရှိကြောင်း ဝန်ခံလက်မှတ်ထိုးရန် ငြင်းဆန်သဖြင့် လျှောက်ထားခံရသူ ပြင်ဆင်လျက်ရှိသော မော်တော်ကားထဲသို့ သမ္မာန်စာကိုထည့်ခဲ့ကြောင်း ပေါ်ပေါက်လျက်ရှိသည်။

တရားမကျင့်ထုံးအမိန့် ၅၊ နည်းဥပဒေ ၁၇ အရ၊ တရားပြိုင်တဦးသည် သမ္မာန်စာလက်ခံရရှိကြောင်း ဝန်ခံလက်မှတ်ထိုးရန် ငြင်းဆန်ပါက သမ္မာန်စာအတည်ပြုသူသည် တရားပြိုင်အိမ်၏ အပြင်တံခါး၊ သို့မဟုတ် ထင်ရှားသည့်အစိတ်အပိုင်းတွင် သမ္မာန်စာကို တွဲထား၊ ကပ်ထားရန်လိုသည်။ ယင်းသို့ တွဲထားကပ်ထားခြင်းမရှိလျှင် သမ္မာန်စာသည် အတည်ဖြစ်သည်ဟု ယူဆနိုင်မည်မဟုတ်ပေ။ ထိုနည်းဥပဒေအရ၊ သမ္မာန်စာအတည်ဖြစ်လျှင် အမှုကိုတဘက်သတ် ကြားနာနိုင်သဖြင့် ယင်းနည်းဥပဒေသည် အပြစ်ဒဏ်ခတ်သော သဘောရှိသည့် ပြဋ္ဌာန်းချက်တခုဖြစ်၍ ပြဋ္ဌာန်းချက်တွင်ပါသည့်အတိုင်း တိကျစွာဆောင်ရွက်ရန်လိုသည်။ ထို့ကြောင့်ပင် **ဦးဝ** နှင့် **ဦးဘထွန်း**(၁)တို့အမှုတွင် သမ္မာန်စာကို တရားပြိုင်အိမ်၏ အပြင်တံခါး၊သို့မဟုတ် ထင်ရှားသောအစိတ်အပိုင်းတွင် ကပ်ထားရန်၊ တွဲထားရန်မဖြစ်နိုင်သည့် အကြောင်းမရှိပါက ထိုကဲ့သို့ဆောင်ရွက်ရန် ပျက်ကွက်ခြင်းသည် တရားမကျင့်ထုံးအမိန့် ၅၊ နည်းဥပဒေ ၁၇ ကို၊ ဆန့်ကျင်ရာရောက်သည်ဟု ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် **ဦးကျော်ခင်** နှင့် **ဦးကြီးမောင်**(၂)တို့ အမှုတွင်လည်း တရားပြိုင်၏အိမ်ရှေ့ သံဇကာတွင် သမ္မာန်စာကိုညှပ်ထားခဲ့ခြင်းသည် အဆိုပါနည်းဥပဒေနှင့် ညီညွတ်ခြင်းမရှိဟု ပြဆိုခဲ့ပေသည်။

ယခုအမှုတွင် သမ္မာန်လုလင်သည် လျှောက်ထားခံရသူအိမ်၏ အပြင်တံခါး၊ သို့မဟုတ် ထင်ရှားသောအစိတ်အပိုင်း၌ သမ္မာန်စာကိုတွဲရန်သော်၎င်း၊ ကပ်ရန်သော်၎င်း မဖြစ်နိုင်သည့်အကြောင်း တစုံတရာရှိသည်ဟု မပေါ်ပေါက်ပေ။ သို့ဖြစ်ရာ လျှောက်ထားခံရသူအပေါ် ချအပ်ခဲ့သော သမ္မာန်စာသည် တရားမကျင့်ထုံးအမိန့် ၅၊ နည်း

(၁) ၁၉၆၂၊ **မြန်မာပြည်စီရင်ထုံး** ၃ဂ၉ (တရားရုံးချုပ်)။

(၂) ၁၉၆၃၊ **မြန်မာပြည်စီရင်ထုံး** ၄၅၆။

ဥပဒေ ၁၇ အရ အတည်မဖြစ်ဟုဆိုသော မူလရုံး၏ ဆုံးဖြတ်ချက်သည် မှန်ကန်သည်။

၁၉၇၁ — အေး၊ အီး၊ မဒါး နှင့် ကိုမောင်ရွှေ။

ဤကိစ္စမှာ တရားရုံးအမှုထမ်း၏ ချို့ယွင်းချက်ကြောင့် အမှုသည်အား ထိခိုက်ရသည့်သာဓက တရပ်ပင်ဖြစ်ပေသည်။ သို့ဖြစ်ရာ သမ္မာန်လုလင်များအား အုပ်ချုပ်ရသည့် ဘိလစ်၊ ရုံးဝန်ထောက်စသည့် ဝန်ထမ်းများက သမ္မာန်လုလင်များအား သမ္မာန်စာအတည်ပြုရာ၌ တရားဥပဒေနှင့်ညီညွတ်စေရန် မည်သို့မည်ပုံဆောင်ရွက်ရမည်ဟု သွန်သင်ညွှန်ကြားပြသကြရန် ကျွန်ုပ်တို့တိုက်တွန်းလိုပေသည်။

အထက်ပါအကြောင်းများကြောင့် ဤပြင်ဆင်မှုကိုပယ်လိုက်သည်။ ပေါ်ပေါက်လျက်ရှိသော ကြောင်းချင်းရာများအရ တရားစရိတ်နှင့်စပ်လျဉ်း၍ အမိန့်ချမှတ်ခြင်းမပြု။

နိုင်ငံတော်တရားရုံးချုပ်

တရားမအထွေထွေအယူခံမှု

တရားသူကြီး ဦးကျော်ဇံဦး နှင့် တရားသူကြီး ဦးစိန်သင်းတို့ ရှေ့တွင်၊

ဒေါ်မေမေခင်ပါ ၂

နှင့်

ဒေါ်ကျောင်ရှန်း ပါ ၄*

† ၁၉၇၁

မေလ ၁၄

။ ရက်

မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေ—ဗုဒ္ဓဘာသာတဦးဖြစ်ရန် စိတ်နေစိတ်ထားသာလျှင် ပဓါနဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။ဗုဒ္ဓဘာသာ မိဖများမှ ဆင်းသက်သည့် သားသမီး များသည် အခြား ဘာသာ တခုသို့ ကူးပြောင်း ကိုးကွယ်ခြင်း မရှိလျှင်၊ ဗုဒ္ဓဘာသာများသာ ဖြစ်သည်ဟု ယူဆ နိုင်သည်။ မိရိုးဖလာ အားဖြင့် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသူများ အဖို့ ဘုရားသွား ကျောင်းတက် အစ ရှိသည့် ဘာသာရေး ကိုင်းရှိုင်းမှုများ မပြု လုပ်စေကာမူ၊ အခြား ဘာသာသို့ မကူးပြောင်း သေးသမျှ ကာလ ပတ်လုံး ဗုဒ္ဓဘာသာများသာ ဖြစ်သည်ဟု လွယ်လင့် တကူ ယူဆ နိုင်သည်။ သို့ရာတွင် အခြား ဘာသာမှ ကူးပြောင်း လာသည့် သူများ၊ မိရိုးဖလာ အားဖြင့် ဗုဒ္ဓဘာသာဝင် မဟုတ်သူများနှင့် ပတ်သက်၍မူ၊ ထိုသူများသည်၊ ဗုဒ္ဓဘာသာဝင်များ ဟုတ်၊ မဟုတ် အဆုံး အဖြတ် ပြုရန် မလွယ်ကူပေ။ ဗုဒ္ဓဘာသာဝင် တဦး ဖြစ်ရန် အတွက် အခြား ဘာသာများမှ ကဲ့သို့ ဘာသာ သစ်သို့ သွတ်သွင်းသော ပွဲလမ်း အခမ်း အနား ဟူ၍ မရှိသည်နှင့် အမျှ၊ ဗုဒ္ဓဘာ သာဝင် အဖြစ်သို့ ရောက် မရောက်၊ သက်သေ ထင်ရှား ပြသရန် ခက်ခဲသည်။ ဘုရား တရား သံ ဃာ တည်းဟူသော ရတနာ သုံးပါးကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်သူသည် ဗုဒ္ဓဘာသာ ဖြစ်သည် ဟု ယေဘုယျ အားဖြင့် ဆိုသည်။ သို့ဖြစ်လေရာ၊ ဗုဒ္ဓ ဘာသာ တဦး ဖြစ်ရန် အတွက် စိတ်နေ စိတ် ထား သာလျှင် ပဓါန ဖြစ်သည်။ သူတဦး၏ စိတ် ဓါတ်ကို သိရှိ နိုင်ရန် ခဲယဉ်းသည်။ ဒေါ်မွန်းနှိုး ပါ ၈ နှင့် အယ် (လ်) အနှင်း ၁၉၆၂၊ မြန်မာနိုင်ငံစီရင်ထုံးများ၊ စာ ၂၃၂ ကို လိုက်နာသည်။

အယူခံတရားလိုအတွက်။ ။တရားရုံးချုပ်ရှေ့နေများ ဦးမြင့်စိုးနှင့် ဦးဘစိန်။

အယူခံတရားပြိုင် (၁) မှ (၁၁) အထိအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးဘိုးသာ။

အယူခံတရားပြိုင် (၁၂) အတွက်။ ။မလာရောက်။

---

* ၁၉၆၉ ခုနှစ်၊ တရားမ အထွေထွေ အယူခံမှု အမှတ် ၁၅။

† ၁၉၆၃ ခုနှစ်၊ တရားမ ကြီးမှု အမှတ် (၁) တွင် ၁၉၆၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့စွဲပါ မော်လမြိုင်မြို့ ခရိုင်တရားမ တရားသူကြီး ရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

၁၉၇၁
ဒေါ်မေမေခင် ပါ ၂ နှင့် ဒေါ်ကျောင်ရှန်း ပါ ၄။

တရားသူကြီး ဦးစိန်သင်း။ ။ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ၊ ၁၉၃၉ ခုနှစ်အတွင်းက၊ မော်လမြိုင်မြို့နေ ပစ္စည်းဥစ္စာ အတော်အတန် ကုံလုံကြွယ်ဝသော တရုပ်လူမျိုး အသက် ၇၀ ခန့်ရှိသော စောဘင်ငါး (ခ) စောစင်ဘင် ကွယ်လွန်သွားသည်။ စောဘင်ငါး အနိစ္စရောက်ပြီးနောက် ၎င်း၏ အမွေစားအမွေခံအချင်းချင်း တရားတဘောင်များဖြစ်ခဲ့ကြရာ ဤအယူခံမှုနှင့်သက်ဆိုင်သော အမှုများမှာ၊ မော်လမြိုင်ခရိုင် တရားမရုံး၊ ၁၉၆၁ ခု၊တရားမကြီးမှုအမှတ်(၁)နှင့် ၁၉၆၄ ခု၊ တရားမကြီးမှုအမှတ် (၁၇) တို့ဖြစ်ကြသည်။ တရားမကြီးမှုအမှတ် ၁/၆၁ တွင်စောဘင်ငါး၏ မြေးများဖြစ်ကြသော ဒေါ်မေမေခင်နှင့် စောဖြန်းရှင်းတို့က၊ ၎င်းတို့၏ဖခင် ကွယ်လွန်သူ စောယူတိတ်အား စောဘင်ငါးက သေတမ်းစာဖြင့် ပေးသွားသည်ဆိုသော ပစ္စည်းများကို အုပ်ထိန်းရန်အတွက် သေတမ်းစာ အတည်ပြုသည့်လက်မှတ် (Probate) လျှောက်ထားကြသည်။ တရားမကြီးမှုအမှတ် ၁၇/၆၄ တွင်မူ၊ စောဘင်ငါး၏သမီးဖြစ်သူ ဒေါ်ကျောင်ရှန်းက၊ စောဘင်ငါးပိုင် ပစ္စည်းများအပေါ် အမွေထိန်းလက်မှတ်စာ (Letters of Administration) ရလိုကြောင်း လျှောက်ထားသည်။ ထိုအမှုနှစ်မှုစလုံးကိုမူလရုံးတွင် တပေါင်းတည်းကြားနာစစ်ဆေးခဲ့ရာ၊ အမှုနှစ်မှုစလုံးအတွက်အဓိကကောက်ချက်မှာ "စောဘင်ငါးသည်ကွယ်လွန်ချိန်ကတရုပ်လူမျိုးဗုဒ္ဓဘာသာဝင်ဖြစ်သလား၊သို့တည်းမဟုတ်၊တရုပ်လူမျိုးကွန်ဖြူးရှင်ဘာသာဝင်ဖြစ်သလား" ဟူ၍ဖြစ်သည်။

စောဘင်ငါးသည် တရုပ်လူမျိုး ကွန်ဖြူးရှင် ဘာသာဝင် တဦးဖြစ်ကြောင်း၊ ဒေါ်မေမေခင်တို့က အောက်ပါအချက်များနှင့် စပ်လျဉ်း၍ သက်သေထူခဲ့သည်။

(၁) စောဘင်ငါးသည် တရုပ်လို ဝတ်စားဆင်ယင်လေ့ရှိသည့်အပြင်၊ကျစ်ဆံမြီးထား၍ တရုပ်ဦးထုပ်ကိုသာလျှင် ဆောင်းခဲ့ကြောင်း။

(၂) စောဘင်ငါးသည်နှစ်သစ်ကူးသောအခါဘိုးဘွားများကိုရှိခိုးခြင်း၊တစ္ဆေကြီး ပွဲများကျင်းပခြင်း၊ သင်းချိုင်းကိုရှိခိုးခြင်း၊ အိမ်နှင့်ဆိုင်တို့တွင် နတ်စင်ထားခြင်းများကို ပြုလုပ်ခဲ့ကြောင်း။

(၃) စောဘင်ငါးသည် တရုပ်ဘုံကျောင်းတွင် ဘုံလူကြီးတဦးအဖြစ် ဆောင်ရွက်ခဲ့ကြောင်း။

(၄) စောဘင်ငါး သေဆုံးသောအခါ တရုပ်ထုံးစံအတိုင်း တရုပ်သင်ချိုင်း၌ အသုဘချခဲ့ကြောင်း။

စောဘင်ငါး၏ သမီး ဒေါ်ကျောင်ရှန်းကမူ၊ မိမိ၏ဖခင်သည် ဗုဒ္ဓဘာသာဝင် တဦးဖြစ်ကြောင်း၊ အောက်ပါ အချက်များနှင့် စပ်လျဉ်း၍ သက်သေထူခဲ့သည်။

(၁) စောဘင်ငါးသည် အသက်ရှင်လျက် ရှိစဉ်က နေအိမ်တွင် ဗုဒ္ဓဘာသာ ဘုရားစင်ထားကာပန်းရေချမ်း ဆွမ်းနှင့်ဆီမီးများအမြဲကပ်လှူလေ့ရှိကြောင်း။

(၂) တောင်ငူဆရာတော်နှင့် မိုးညှင်းဆရာတော်များကို စောဘငင်ါးသည် ပင့်ဘိတ်ပြီး ဆွမ်း၊ ကွမ်းများ ဆက်ကပ်လှူဒါန်းခြင်း ပြုခဲ့ကြောင်း။ သီတင်းကျွတ် လပြည့်နေ့တိုင်းတွင် သံဃာတော် အပါး ၂၀၀ ကို ကျိုက်သံလံဘုရား၌ ဆွမ်းလောင်းလေ့ရှိကြောင်း။ ၁၉၇၁ ဒေါ်မေမေခင် ပါ ၂ နှင့် ဒေါ်ကျောင်ရှုန်း ပါ ၄။

(၃) စောဘင်ငါးသည် အောင်တော်မူတွင် ဘုန်းကြီးကျောင်း တန်ဆောင်း ဆောက်၍ ရေကန်တကန် တူးပြီး လှူထားခဲ့သည့်အပြင်၊ စေတီ နှစ်ဆူကိုလည်း တည်ထားကိုးကွယ်ခဲ့ကြောင်း။

မူလရုံးတွင် ရရှိသည့် သက်သေခံချက်များအရ၊ အမှုစစ် တရားသူကြီးက **စော**ဘင်ငါးသည် သေဆုံးသွားသည်အထိ တရုပ်အဝတ်အစားများကို ဝတ်ဆင်ပြီး **ကျစ်**ဆံမြီးထားကြောင်း ပေါ်လွင်ထင်ရှားပါသည်။ သို့ရာတွင် ယင်းကဲ့သို့ ဝတ်စား **ဆင်ယင်**ရုံကာမျှဖြင့် ဗုဒ္ဓဘာသာမဟုတ် ကွန်ဖြူးရှင် ဘာသာဝင် တဦးဖြစ်သည်ဟု **မယူဆ**နိုင်ပါ။ အိမ်နှင့်ဆိုင်များ၌ နတ်စင်များထားခြင်းမှာ စီးပွါးရေးအရ ပြုလုပ်ခဲ့ **ခြင်း** ဖြစ်နိုင်ပါသည်။ တရုပ်ဘုံလူကြီးအဖြစ် ဆောင်ရွက်ခဲ့ခြင်းမှာလည်း ကိုးကွယ် **အညီ** ဘာသာနှင့် သက်ဆိုင်ခြင်း မရှိနိုင်ပါ။ အလားတူစွာ တရုပ်ထုံးစံအတိုင်း **အသုဘ**ချခြင်းသည် ဘာသာရေးနှင့် သက်ဆိုင်ခြင်း ရှိသည်ဟု မယူဆနိုင်ပါ၊ အစ **ရှိသဖြင့်** ကောက်ယူဆုံးဖြတ်ပြီး၊ စောဘင်ငါးသည် ကွန်ဖြူးရှင် ဘာသာဝင်တဦး **ဖြစ်ကြောင်း** မထင်ရှားပါဟု ကောက်ယူ ဆုံးဖြတ်ခဲ့သည်။ ဗုဒ္ဓဘာသာကို ယုံကြည် **အကိုင်သူ**တဦးအဖြစ်နှင့်စပ်လျဉ်း၍ စောဘင်ငါးသည် ဗုဒ္ဓဘာသာဝင် တဦးကဲ့သို့ **ပြုမူနေထိုင်**ကြောင်း ခိုင်လုံသည့် သက်သေခံချက်များ ရရှိခဲ့ပါသည်။ စောဘင်ငါး **သည် မိမိ၏**သားများအား ရှင်ပြုခဲ့သည့်အပြင် သံဃာများအား ကိုးကွယ်ဆည်းကပ် **ခဲ့ကြောင်းမှာ** အလွန်ပေါ်လွင်ပါသည်။ မူလကကွန်ဖြူးရှင်ဘာသာဝင်တဦး ဖြစ်ခဲ့စေ **ကာမူ စောဘင်**ငါးသည် သေဆုံးစဉ်က ဗုဒ္ဓသာဘာဝင်တဦး ဖြစ်ကြောင်း သက်သေခံ **အထောက်အထား** လုံလောက်စွာ ရရှိပါသည်ဟု ကောက်ယူဆုံးဖြတ်ပြီး၊ အထက် **ပေါ်ပြူ ဆောက်**ချက်ကို ဒေါ်ကျောင်ရှုန်း၏ အကျိုးငှါ အဖြေ ပေးခဲ့လေသည်။ **မူလရုံး တရားသူကြီးက** ကွယ်လွန်သူ စောဘင်ငါးသည် ကွယ်လွန်ချိန်က ဗုဒ္ဓဘာသာ **ဝင် တဦး ဖြစ်ခဲ့သဖြင့်** အကယ်၍ သေတမ်းစာ ရေးသားခဲ့စေကာမူ၊ ထိုသေတမ်းစာ မှာ **တရားဝင် ဆောင်ရွက်**နိုင်သည့် သေတမ်းစာ မဟုတ်နိုင်ပါ။ ဒေါ်ကျောင်ရှုန်း မှာ **စောဘင်ငါး၏ အသက်**ရှင်လျက်ရှိသော တဦးတည်း သမီးဖြစ်ခြင်းကြောင့် စောဘင်ငါး**ပိုင် ပစ္စည်းများနှင့်** စပ်လျဉ်း၍ ဒေါ်ကျောင်ရှုန်းသာလျှင် အမွေထိန်းစာ လက်မှတ်ရသင့်**ပါသည်ဟု အဆုံး**အဖြတ်ပြုပြီး၊ ဒေါ်မေမေခင်တို့၏ အမှုကို ပယ်၍၊ ဒေါ်ကျောင်ရှုန်း**အား အမွေထိန်း**လက်မှတ်စာ ထုတ်ပေးရန် စီရင်ချက်ချမှတ်လိုက်

၁၉၇၁
ဒေါ်မေမေခင် ပါ ၂ နှင့် ဒေါ်ကျောင်ရှန်း ပါ ၄။

သည်။ ထိုစီရင်ချက်နှင့် ဒီကရီတို့ကို မကျေနပ်သဖြင့် ဒေါ်မေမေခင်တို့က ယခု ကျွန်ုပ်တို့ရှေ့ရှိ အယူခံလွှာကို တင်သွင်းခြင်း ဖြစ်သည်။

ယခု ကျွန်ုပ်တို့ရှေ့တွင် လျှောက်လဲချက်များ ပေးရာ၌ နှစ်ဦးနှစ်ဘက်သော ရှေ့နေကြီးများက စောဘင်ငါးသည် သေဆုံးစဉ်က တရုပ်လူမျိုး ဗုဒ္ဓဘာသာဝင် ဖြစ်ခဲ့သော်၊ သေတမ်းစာ ရေးပိုင်ခွင့် မရှိသဖြင့် မူလရုံး၌ အမှုများ စွဲဆိုစဉ်က စောဘင်ငါး၏သားသမီးများ အနက် ဒေါ်ကျောင်ရှန်း တဦးတည်းသာလျှင် အသက် ရှင်လျက် ရှိသောကြောင့် ၎င်းသည် စောဘင်ငါးပိုင် ပစ္စည်းများအတွက် အမွေထိန်း စာ လက်မှတ် ရသင့်သူဖြစ်ကြောင်း လက်ခံကြသည်။ ထို့ကြောင့် ဤအမှုတွင် ခက်ခဲနက်နဲသောပြဿနာရပ်မပါဝင်။ စောဘင်ငါးသည် သေဆုံးစဉ်က ဗုဒ္ဓဘာသာဝင် တဦး ဟုတ်မဟုတ်ဟူသည့် အကြောင်းခြင်းရာ ပြဿနာသာလျှင် အကျုံးဝင်သည်။ စောဘင်ငါးသည် မူလက ကွန်ဖြူးရှင်ဘာသာကို ကိုးကွယ်သူ တဦးဖြစ်ကြောင်း ထင်ရှားသည်။ သို့ရာတွင် နောက်ပိုင်း၌ ဗုဒ္ဓဘာသာဝင်များ ပြုမူနေထိုင် ကျင့်ကြံ တတ်သည့် အလေ့အထများကို ပြုလုပ်ခဲ့ကြောင်း ထင်ရှားလေရာ၊ ယင်းသို့ ပြုမူ ကျင့်ကြံခြင်းကြောင့် ဗုဒ္ဓဘာသာဝင်တဦး အဖြစ်သို့ ရောက်ရှိသွား-မသွားကို စဉ်းစား ရန်လိုသည်။

ဗုဒ္ဓဘာသာ မိဖများမှ ဆင်းသက်သည့် သားသမီးများသည်၊ အခြားဘာသာ တခုသို့ ကူးပြောင်း ကိုးကွယ်ခြင်းမရှိလျှင် ဗုဒ္ဓဘာသာများသာ ဖြစ်သည်ဟု ယူဆ နိုင်သည်။ မိရိုးဖလာအားဖြင့် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသူများအဖို့ ဘုရားသွား ကျောင်းတက် အစရှိသည့် ဘာသာရေး ကိုင်းရှိုင်းမှုများ မပြုလုပ်စေကာမူ၊ အခြား ဘာသာသို့ မကူးပြောင်းသေးသမျှ ကာလပတ်လုံး ဗုဒ္ဓဘာသာများသာ ဖြစ်သည်ဟု လွယ်လင့်တကူ ယူဆနိုင်သည်။ သို့ရာတွင် အခြား ဘာသာမှ ကူးပြောင်းလာသည့် သူများ မိရိုးဖလာအားဖြင့် ဗုဒ္ဓဘာသာဝင် မဟုတ်သူများနှင့် ပတ်သက်၍မူ၊ ထိုသူ များသည် ဗုဒ္ဓဘာသာဝင်များ ဟုတ်-မဟုတ် အဆုံးအဖြတ်ပြုရန် မလွယ်ကူပေ။ ဗုဒ္ဓဘာသာဝင်တဦး ဖြစ်ရန်အတွက်၊ အခြား ဘာသာများမှာကဲ့သို့ ဘာသာသစ်သို့ သွတ်သွင်းသော ပွဲလမ်းအခမ်းအနားဟူ၍ မရှိသည်နှင့်အမျှ၊ ဗုဒ္ဓဘာသာဝင် အဖြစ်သို့ ရောက်မရောက် သက်သေထင်ရှားပြသရန် ခက်ခဲသည်။ ဘုရား-တရား-သံဃာ တည်း ဟူသော ရတနာသုံးပါးကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်သူသည် ဗုဒ္ဓဘာသာဖြစ်သည်ဟု ယေဘူယျအားဖြင့် ဆိုသည်။ သို့ဖြစ်လေရာ၊ ဗုဒ္ဓဘာသာ တဦးဖြစ်ရန်အတွက် စိတ်နေ စိတ်ထားသာလျှင် ပဓါနဖြစ်သည်။ သူတဦး၏စိတ်ဓါတ်ကို သိရှိနိုင်ရန် ခဲယဉ်းသည်။ ထို့ကြောင့်လည်း **ဒေါ်မွန်းနွဲ့ ပါ (၈)နှင့် အယ်(လ်)** အနှင်း (၁) အမှုစီရင်ထုံးတွင်

(၁) မြန်မာနိုင်ငံစီရင်ထုံးများ၊ ၁၉၆၂၊ စာ ၂၃၂။

“လူတဦးတယောက်၏ စိတ်အတွင်းသို့ ဝင်ကြည့်နိုင်စွမ်း မရှိသဖြင့် ထိုသူသည် မည်သည့်ဘာသာ၌သက်ဝင် ယုံကြည်သည်ကို ၎င်း၏နောက်ကြောင်း ရာဇဝင်၊ ကိုယ်အမူအရာ နှုတ်အမူအရာနှင့် မိတ်ဆွေသင်္ဂဟ အပေါင်းအသင်း စသည့် ပတ်ဝန်းကျင်တို့ကို ထည့်သွင်းစဉ်းစားပြီးမှ မည်သည့် ဘာသာကို ကိုးကွယ်ကြောင်း အဆုံးအဖြတ် ပေးနိုင်မည်ဖြစ်သည်”ဟု မြွက်ဟထားရာ၊ ယင်းမြွက်ဟချက်များကို ကျွန်ုပ်တို့ကလည်း လေးလေးနက်နက် ထောက်ခံအတည်ပြုလိုသည်။

၁၉၇၁ — ဒေါ်မေမေခင် ပါ ၂ နှင့် ဒေါ်ကျောင်ရှန်း ပါ ၄။

အယူခံတရားလိုများအတွက် လိုက်ပါဆောင်ရွက်သည့် တရားရုံးချုပ် ရှေ့နေ ဦးမြင့်စိုးက၊ ဗုဒ္ဓဘာသာ မြန်မာ အမျိုးသမီးများနှင့် ပေါင်းသင်းကြသည့် ဘာသာခြား များသည် မိမိ၏ဇနီးအား ချစ်မြတ်နိုးသည့်အနေဖြင့် ဇနီး၏ ဘာသာရေး လုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်တတ်ကြပါသည်။ ဗုဒ္ဓဘာသာသို့ ပြောင်းလဲ ကိုးကွယ်ခြင်း မရှိစေကာမူ ဘုရားသွား ကျောင်းတက် အလှူဒါန ပြုခြင်းများ၌ ပါဝင်လေ့ ရှိကြပါသည်။ ထိုကဲ့သို့ ပြုမူဆောင်ရွက်ခြင်းမျှဖြင့် ဗုဒ္ဓဘာသာသို့ ကူး ပြောင်းသွားသည်ဟု မယူဆသင့်ပါ။ ယခင် စီရင်ထုံးများ၌ တဦးချင်း အနေနှင့် မည်ကဲ့သို့ နေထိုင်ပြုမူ ကျင့်ကြံဆောင်ရွက်လျှင်၊ ဗုဒ္ဓဘာသာဝင် တဦး၏ စိတ်ဓါတ်ကို ထုတ်ဖေါ် ရာကျရောက်ကြောင်း သတ်မှတ်နိုင်သည့် မှတ်ကျောက်များကို ဖေါ်ထုတ် ခြင်းမရှိပါ။ ထို့ကြောင့် ဤအမှုတွင် သက်ဆိုင်သူက မိမိဖါသာ တဦးတည်း အနေဖြင့် မည်ကဲ့သို့ ပြုကျင့်နေထိုင်လျှင် ဗုဒ္ဓဘာသာဝင် တဦးဖြစ်သည်ဟု ထင်ရှားကြောင်း တိကျပြတ်သားသည့် မူတရပ်ကို ချမှတ် ပေးသင့်ပါသည်ဟု တင်ပြသွားသည်။ သို့ရာတွင် ဤပြဿနာမှာ လွယ်ကူသည် မဟုတ်၊ အထက်၌ ဖေါ်ပြထားသည့် အတိုင်း လူ၏ စိတ်ဓါတ်ကို သိရှိနိုင်ရန် ခဲယဉ်းသည်နှင့်အမျှ ထိုစိတ်ဓါတ်ကို ပေါ်လွင်စေနိုင်သည့် အချက်များကို ပုံသေကားချပ် မှတ်ယူရန် မဖြစ်နိုင်ပေ။ ထို့ကြောင့် သေဆုံးသူသည် မူလက ကွန်ဖြူးရှင် ဘာသာကို ကိုးကွယ်သူဖြစ်ပြီး၊ နောက်မှ ဗုဒ္ဓဘာသာကို ကိုးကွယ် ခဲ့သူ ဖြစ်သလောဟူသော ပြဿနာကို ဆုံးဖြတ်ရာတွင် အထက် ဖေါ်ပြပါ ဒေါ်မွန်းနှီး ပါ (၈) နှင့် အယ်(လ်) အနှင်း အမှုအပြင် ကိုပန်းစိန်နှင့် ဒေါ်ရှုတင် (ခ) လင်ကျူသွင် ပါ ၂ (၂) အမှုများ၌ မြွက်ဟထားသည့်အတိုင်း ဗုဒ္ဓဘာသာဝင် ဖြစ်-မဖြစ်ကို ၎င်း၏ ပြုမူ နေထိုင်ပုံ စသည်တို့ကို ဆင်ခြင်သုံးသပ်၍ ဆုံးဖြတ်ရမည်သာ ဖြစ်သည်။

ယခု ကျွန်ုပ်တို့ရှေ့ရှိ အမှုတွင် စောဘင်ငါးသည် ကွန်ဖြူးရှင် ဘာသာဝင်အဖြစ် သေဆုံးသွားသည်ဟူသော အချက်နှင့် ပတ်သက်၍ အရေးကြီးသည့် သက်သေခံချက် များမှာ ၎င်းသည် မူလကကွန်ဖြူးရှင် ဘာသာဝင် ဖြစ်ခဲ့ခြင်း၊ တရုပ်လို ဝတ်စား ဆင်ယင်ခဲ့ခြင်း၊ အိမ်နှင့် ဆိုင်များ၌ နတ်စင်များ ထားရှိခြင်း၊ နောက်ဆုံးကွယ်လွန်

---

(၂) မြန်မာနိုင်ငံစီရင်ထုံးများ၊ ၁၉၆၅၊ စာ ၁၁၇။

၁၉၇၁
———
ဒေါ်မေမေခင်
ပါ ၂
နှင့်
ဒေါ်ကျောင်ရှုန်း
ပါ ၄။

သွားသော အခါ၌လည်း တရုပ်ထုံးစံအရ တရုပ်သင်းချိုင်းတွင အသုဘချခြင်းများတို့ ဖြစ်သည်။ မူလကကွန်ဖြူးရှင် ဘာသာဝင်တဦး ဖြစ်ခဲ့သော ကြောင့် သေဆုံးသည့် အခါ၌လည်း ကွန်ဖြူးရှင် ဘာသာဝင်သာလျှင် ဖြစ်ရမည်ဟု မဆိုနိုင်။ နတ်စင်များ ထားခြင်းနှင့် ပတ်သက်၍ အထက်ဖေါ်ပြပါ **ကိုပန်းစိန်၏** အမှု စီရင်ထုံး၌ တရုပ် နတ်တင်ခြင်း၊ တရုပ်ရိုးရာအရ လူကြီးများကို ကန်တော့ခြင်း စသည်တို့မှာ ဘာသာရေး အရမဟုတ်ပဲ ယဉ်ကျေးမှုထုံးစံအရ ဆောင်ရွက်ခြင်းလည်း ဖြစ်နိုင်သည်။ ဗုဒ္ဓဘာသာ စစ်စစ်များပင်လျှင် အိမ်တွင် နတ်အုန်းဆွဲခြင်း၊ ဦးရှင်ကြီးတင်ခြင်း အစရှိသည်တို့ကို ပြုလုပ်ကြသည်။ ထို့ကြောင့် ထိုအချက်များသည် ဗုဒ္ဓဘာသာဝင်တဦး ဟုတ်-မဟုတ် ဆင်ခြင် စဉ်းစားရာ၌ အဓိကကျသည်မဆိုနိုင်။ သေဆုံးပြီးနောက် တရုပ်ထုံးစံအရ တရုပ်သင်းချိုင်းသို့ အသုဘချခြင်းမှာ **သေဆုံးပြီး**နောက်မှ ဖြစ်ပွါးသော ကိစ္စ ဖြစ်ခြင်းကြောင့် သေဆုံးသူ၏ စိတ်ဓါတ်ကို **အကဲခပ်**ရန် အထောက်အကူ မရရှိနိုင်ချေ။ ယင်းကဲ့သို့ အသုဘ ချခြင်းမှာလည်း **သေဆုံးသူ၏** ဆံန္ဒအရ ပြုလုပ်ခြင်းဖြစ်ကြောင်း မပေါ်လွင်။ တဘက်မှလည်း စောဘင်ငါး **သေဆုံး**သောအခါ သရဏဂုံတင်ပါသည်ဟု သက်သေထူထောင်ခဲ့သည်။

အယူခံ တရားလိုအတွက် လိုက်ပါဆောင်ရွက်သည့် အကျိုး ဆောင်ကြီးက စောဘင်ငါးသည် သေတမ်းစာ ရေးသားခဲ့သဖြင့် ဗုဒ္ဓဘာသာဝင် တဦး မဟုတ်၍သာလျှင် ထိုကဲ့သို့ ရေးသားခြင်း ဖြစ်သည်ဟု ယူဆသင့်ကြောင်းဖြင့် တင်ပြသွားသည်။ စောဘင်ငါး သေတမ်းစာရေးခြင်းနှင့် ပတ်သက်၍ တဘက်မှ ငြင်းဆိုထားသည်။ အကယ်ပင် သေတမ်းစာ ရေးခဲ့သည်ထားဘိဦး၊ မိမိကိုးကွယ်သည့် ဘာသာအရ သေတမ်းစာ ရေးနိုင်သည်ဟု ထင်သောကြောင့် ရေးခဲ့ခြင်းလည်း ဖြစ်နိုင်သည်။ မြန်မာ ဗုဒ္ဓဘာသာများပင်လျှင် သေတမ်းစာများ ရေးလေ့ ရေးထရှိကြသည်။ ထို့ကြောင့် ထိုအချက်မှာလည်း အယူခံ တရားလိုအတွက် အထောက်အကူ ရရှိနိုင်သော အချက်မဟုတ်ပေ။

တရုပ်လူမျိုးများသည် တချိန်တည်းမှာပင် ဘာသာအမျိုးမျိုး ကိုးကွယ်တတ်သူများဖြစ်ပြီး၊ များသောအားဖြင့် ကွန်ဖြူးရှင် ဘာသာဝင်များ ဖြစ်ကြသည်။ ၎င်းတို့ ကိုးကွယ်သည့် ကွန်ဖြူးရှင် ဘာသာမှာလည်း ဗုဒ္ဓဘာသာ၏ အသွေး အရောင်ကို ဆောင်သည်။ ထို့ကြောင့်လည်းတရုပ်လူမျိုးတဦးကိုးကွယ်သည့်ဘာသာကို ယတိပြတ် ဆုံးဖြတ်ရန် ခဲယဉ်းသည်။ သို့ရာတွင် အခြား ဘာသာနှင့် **ယှဉ်တွဲ၍** ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကြောင်း ယူဆနိုင်သည့် အထောက်**အထားရှိသည်** ထိုသူမှာဗုဒ္ဓဘာသာဝင်ဖြစ်ပြီး ဗုဒ္ဓဘာသာဓလေ့ ထုံးတမ်းဥပဒေနှင့်အ**ကျုံးဝင်သည်ဟု** ယူဆရမည် ဖြစ်သည်။ ဤအမှုတွင် စောဘင်ငါးသည် ကွန်ဖြူးရှင် **ဘာသာဝင်တဦး**

၁၉၇၁
———
ဒေါ်မေမေခင်
ပါ ၂
နှင့်
ဒေါ်ကျောင်ရှန်း
ပါ ၂,၄။

ဖြစ်ခဲ့လင့်ကစား၊ နောကပိုင်းတွင် ဗုဒ္ဓဘာသာဝင်တဦး ဖြစ်လာကြောင်း သက်သေခံ အထောက်အထား လုံလောက်စွာ ရရှိသည်ဟု ကျွန်ုပ်တို့ ထင်မြင် ယူဆသည်။ စောဘင်ငါးသည် မိမိ၏သားများအား ရှင်သာမဏေအဖြစ်သို့ သွတ်သွင်းခဲ့သည်သာ မက မိမိကိုယ်တိုင်လည်း ကျောင်းဆောက်ခြင်း၊ ဘုရားတည်ခြင်း အစရှိသည့် ကုသိုလ် ကောင်းမှုများ ပြုခဲ့သည်။ ထင်ရှား ကျော်ကြားသည့် ဘုန်းတော်ကြီးများကိုလည်း စရိတ်အကုန်အကျခံကာ ပင့်ဘိတ်၍ ဆွမ်းကွမ်းများ လှူဒါန်း ထောက်ပံ့ခဲ့သည်။ ယင်းကဲ့သို့သော ပြုလုပ်ချက်များမှာ ဇနီးနှင့် သားသမီးတို့အား ချစ်မြတ်နိုးသည့် သဘောဖြင့် ၎င်းတို့၏ အလိုသို့ လိုက်၍ ပြုလုပ်ခဲ့ခြင်းသာလျှင် ဖြစ်သည်ဟု ယူဆရ ခဲ့ယဉ်းသည်။ စရိတ်စက အကုန်အကျခံ၍ ပြုလုပ်ခြင်းများ ဖြစ်ရာ၊ ရတနာသုံးပါး တွင် ယုံကြည် သက်ဝင်သောကြောင့် ပြုမူခြင်းသာလျှင် ဖြစ်သည်ဟု ယူဆသင့်သည်။ စောဘင်ငါး၏ မိသားစု အားလုံးတို့သည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်။ သမီး တဦးမှာ သီလရှင် အဖြစ်နှင့်ပင်လျှင် အသက်ထက်ဆုံး နေထိုင်ခဲ့သည်။ ထိုကဲ့သို့သော ပတ်ဝန်းကျင်တွင် နေထိုင်လာခဲ့ခြင်းကြောင့်၊ ဗုဒ္ဓဘာသာဘက်သို့ ယိမ်းယိုင်သွား ခြင်းလည်း ဖြစ်နိုင်သည်။ မူလရုံး တရားသူကြီးသည် သက်သေများကို ကိုယ်တိုင် ကိုယ်ကျ စစ်ဆေးခဲ့သူ ဖြစ်ရာ၊ ၎င်းက စောဘင်ငါးသည် သေဆုံးစဉ်က ဗုဒ္ဓဘာသာဝင် တဦး ဖြစ်ပါသည်ဟု အကျိုးသင့် အကြောင်းသင့် ဆုံးဖြတ်ပေးခဲ့ပြီး ဖြစ်ရာ ကျွန်ုပ် တို့သည် အလွန်ခိုင်လုံသည့် အကြောင်းများ မတွေ့ရှိရပဲ၊ ထိုဆုံးဖြတ်ချက်ကို ဝင်ရောက် စွက်ဖက်ရန် သင့်တော်မည် မဟုတ်ချေ။ ထို့ကြောင့် စောဘင်ငါးသည် သေဆုံးစဉ်က ဗုဒ္ဓဘာသာဝင် တဦးဖြစ်သည်ဟု ကျွန်ုပ်တို့ကလည်း သဘောရသည်။

အထက် ဖေါ်ပြပါ အကြောင်းများကြောင့် ဒေါ်မေမေခင်နှင့် စောဖြန်းရှင်း တို့သည်၊ ၎င်းတို့၏ ဖခင် ကွယ်လွန်သူ စောယုတိတ်အား၊ စောဘင်ငါးက သေတမ်းစာ ဖြင့် ပေးသွားသည်ဆိုသော ပစ္စည်းများကို အုပ်ထိန်းရန်အတွက် သေတမ်းစာ အတည်ပြုသည့် လက်မှတ် (Probate) မရထိုက်ချေ။ ဤအယူခံမှု ကြားနာစစ်ဆေး နေစဉ်တွင် ဒေါ်ကျောင်ရှန်းမှာလည်း သေဆုံးသွားပြီး ဖြစ်သောကြောင့် မူလရုံးက ၎င်းအား စောဘင်ငါးပိုင် ပစ္စည်းများအပေါ် အမွေထိန်း လက်မှတ်စာ (Letters of Administration) ထုတ်ပြန်ပေးခြင်းကို အတည်ပြုရန် မဖြစ်နိုင်တော့ချေ။

အထက်ပါ မှတ်ချက်များအတိုင်း ယခု ကျွန်ုပ်တို့ရှေ့ရှိ အယူခံလွှာကို ဒရိတ် မရှိ ပယ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမဒုတိယအယူခံမှု

တရားသူကြီး ဦးသက်ဖေ နှင့် တရားသူကြီး ဦးစိန်သင်းတို့ ရှေ့တွင်

† ၁၉၇၁ ဇွန်လ ၄ ရက်။

၁။ ဦးမြသိန်း
၂။ ဒေါ်ခင်စိန်
နှင့်
၁။ ဦးမြသီး
၂။ ဒေါ်မြသွင်
၃။ ဦးမောင်မောင်သင် *

အောက်မြန်မာပြည် မြို့နှင့် ရွာမြေများ အက်ဥပဒေက အငှါးဂရံများ ချထားသော မြေကွက်ကို တဆင့် ငှါးရမ်းခြင်း မပြုရဟု တားမြစ် ထားခြင်း ရှိ- မရှိ—ဂရံ စည်းကမ်းကို ချိုးဖေါက်ပြီး တဆင့် ငှါးရမ်းခြင်းသည် ဥပဒေနှင့် ဆန့်ကျင်သော ပဋိညာဉ် ဖြစ် မဖြစ်။

ဆုံးဖြတ်ချက်။ ။ဟသ်ာတ ခရိုင်ဝန်က အခင်းဖြစ် **မြေကွက်ကို အယူခံ** တရားပြိုင်တို့အား၊ အငှါးချထားသည့် ဂရံ စာချုပ်ပါ စည်းကမ်းချက် အမှတ် ၅ ၌၊ **ခရိုင်ဝန်၏** ကြိုတင် သဘောတူညီချက် မရှိဘဲ မြေ၏ ဘယ်တ် တဒေသကို တဆင့် ငှါးရမ်းခြင်း **မပြုရဟု** သတ်မှတ် ထားသည်မှာ မှန်၏။သို့ရာတွင်၊ အောက်မြန်မာပြည် မြို့နှင့် ရွာမြေများ **အက်ဥပဒေတွင်** အငှါးဂရံချထားသော မြေကွက်များကို တဆင့် ငှါးရမ်းခြင်း မပြုရဟု တားမြစ် **ထားသည့် ပြဋ္ဌာန်းချက်** မရှိချေ။ ပုဒ်မ ၂၀ ၌၊ အငှါးဂရံ စာချုပ်ပါ စည်းကမ်း များကို ချိုး ဖေါက်လျှင် **အစိုးရ ကိုယ်စား** ခရိုင်ဝန်သည်၊ မြေငှါးဂရံ ရသူ အား ဒဏ်ငွေ တပ် ရိုက်နိုင်သည်။ ဂရံကို **ဖျက်သိမ်း နိုင်သည်** ဟုသာ ဖေါ်ပြ ထားသည်။ ယခု အမှု၌ အယူခံ တရားပြိုင်တို့က ကြိုတင် **သဘော တူညီချက်** မရဘဲ၊ တဆင့် အငှါးချ ထားခဲ့သည့် ကိစ္စ အတွက်၊ ခရိုင်ဝန်က ဒဏ်တပ် ရိုက်ခဲ့ပြီး **ဖြစ်သည်။** ဂရံကိုမူ ဖျက်သိမ်းခြင်း မပြုခဲ့ပေ။ အောက်မြန်မာပြည် မြို့နှင့် ရွာမြေများ အက်ဥပဒေ **အရ၊ ဂရံမြေကို တဆင့်** အငှါး ချ ထားခြင်း မပြုရဟု အတိ အလင်း တားမြစ် ထားခြင်း **မရှိသည့် အလျောက်** ဂရံစည်းကမ်းကို ချိုး ဖေါက်ပြီး တဆင့် ငှါးရမ်းခြင်းသည်၊ ပဋိညာဉ် အက်ဥပဒေ ပုဒ်မ ၂၃ အရ၊ ဥပဒေ နှင့် ဆန့်ကျင် သော ပဋိညာဉ် ဖြစ်သည်ဟု မဆိုနိုင်ချေ။**ဘိုးမောင် နှင့် ဗွီ၊ အာ (ရ်)၊ အမ်၊ စီ၊ အာ (ရ်)၊ အမ်၊ ချစ်တီး၊** အတွဲ ၁၂၊ ဘားမားလောတိုင်း ၁၅၆ ကို သဘောတူသည်။

အယူခံတရားလိုအတွက်။ ။တရားရုံးချုပ် ရှေ့နေ ဦးဘအုန်း။

အယူခံတရားခံအတွက်။ ။တရားရုံးချုပ် ရှေ့နေ ဦးအုန်းခင်။

---

* ၁၉၇၀ ခုနှစ်၊ တရားမ ဒုတိယ အယူခံမှု အမှတ် ၁၃။

† ၁၉၆၅ ခုနှစ်၊ တရားမ အယူခံမှု အမှတ် ၂ တွင် ၁၉၇၀ ခုနှစ်၊ မေလ ၁၅ ရက်နေ့စွဲပါ ဟသ်ာတမြို့၊ ခရိုင် တရားမ တရားသူကြီးရုံးတော်က ချမှတ် သော ဒီကရီကို အယူခံဝင်မှု။

တရားသူကြီး ဦးသက်ဖေ။ ။ဟသ်ာတမြို့၊ နယ်ပိုင် တရားမရုံးတွင် အယူခံ တရားပြိုင်တို့က၊ အယူခံ တရားလိုတို့ အပေါ် မြေငှါးရမ်းခငွေ ၁,၇၀၀ ကျပ် ရလို ကြောင်း တရားစွဲဆိုရာ၊ စွဲဆိုသည့် အတိုင်း အနိုင် ဒီကရီ ချမှတ်ပေးလိုက်သည်။ အယူခံတရားလိုတို့က မကျေနပ်၍၊ ဟသ်ာတမြို့ ခရိုင်တရားမရုံးသို့ အယူခံဝင်သော် လည်း အောင်မြင်ခြင်း မရှိသည့် အလျောက်၊ ဤဒုတိယအယူခံမှု တင်သွင်းလာ ခြင်းဖြစ်သည်။

၁၉၅၁

၁။ ဦးမြသိန်း
၂။ ဒေါ်ခင်စိန်
နှင့်
၁။ ဦးမြသီး
၂။ ဒေါ်မြသင်
၃။ ဦးမောင်
မောင်သင်။

ဟသ်ာတမြို့၊ ဦးရင်ကြီး မြောက်အကွက်၊ ဦးပိုင် အမှတ် ၉၄ နှင့် ၉၅ မြေကွက် တို့မှာ အစိုးရပိုင် မြေကွက်များဖြစ်သည်။ ထိုမြေကွက်များကို အစိုးရ ကိုယ်စား ဟသ်ာတ ခရိုင်ဝန်က အယူခံ တရားပြိုင် ဦးမြသီးနှင့် သား မောင်မောင်သင်တို့အား၊ အငှါးဂရံ ထုတ်ပေးထားသည်။ ဦးပိုင် အမှတ် ၉၄ မြေကွက်ကို၊ အယူခံတရားပြိုင် တို့က အယူခံ တရားလိုတို့အား ငှါးရမ်းခ တလ ၅၀ ကျပ်ဖြင့် တဆင့် ငှါးရမ်းထား သည်။ အယူခံ တရားလိုတို့သည် ငှါးရမ်းခများကို ၁၉၅၄ ခုနှစ်၊ ဖေဖေါ်ဝါရီလမှစ၍ မပေးဘဲ နေသဖြင့်၊ အယူခံ တရားပြိုင်တို့သည် ငှါးရမ်းခ ကြီးကြပ်ရေးဝန်ထံ၌ စံငှါးရမ်းခ သတ်မှတ်ပေးရန် လျှောက်ထားပြီး၊ အယူခံတရားလိုတို့ အပေါ် သုံးနှစ် အတွက် ငှါးရမ်းခ ကြွေးငွေများကို တောင်းဆိုခဲ့ခြင်းဖြစ်သည်။

ဤဒုတိယ အယူခံမှုတွင် ဥပဒေပြဿနာတရပ်သာလျှင် စဉ်းစားရန် ရှိပါသည်။ ထိုပြဿနာမှာ အယူခံတရားပြိုင်တို့သည် အငှါး ဂရံစာချုပ် စည်းကမ်းကို ဖေါက် ဖျက်ပြီး မြေ၏ တစိတ်တဒေသကို တဆင့်ငှါးရမ်းခဲ့သဖြင့်၊ ယင်းသို့ တဆင့်ငှါးရမ်းခြင်း သည် ပဋိညာဉ် အက်ဥပဒေ ပုဒ်မ ၂၃ အရ၊ ပျက်ပြယ်နေသောကြောင့်၊ ငှါးရမ်းခ များကို တောင်းဆိုခြင်း မပြုနိုင်ပါဟု အယူခံ တရားလိုတို့၏ တရားရုံးချုပ် ရှေ့နေ ဦးသာချွန်းက တင်ပြသွားသည်။

ဟသ်ာတ ခရိုင်ဝန်က အခင်းဖြစ် မြေကွက်ကို အယူခံ တရားပြိုင်တို့အား အငှါး ချထားသည့် ဂရံ စာချုပ်ပါ စည်းကမ်းချက် အမှတ် ၅ ၌၊ ခရိုင်ဝန်၏ ကြိုတင် သဘောတူညီချက်မရရှိဘဲ မြေ၏ တစိတ် တဒေသကို တဆင့်ငှါးရမ်းခြင်း မပြုရဟု သတ်မှတ်ထားသည်မှာ မှန်၏။ အောက်မြန်မာပြည်မြို့နှင့် ရွာမြေများ အက်ဥပဒေ တွင်၊ အငှါး ဂရံ ချထားသော မြေကွက်များကို တဆင့်ငှါးရမ်းခြင်း မပြုရဟု တားမြစ် ထားသည့် ပြဋ္ဌာန်းချက် မရှိချေ။ ပုဒ်မ ၂၀ ၌၊ အငှါး ဂရံ စာချုပ်ပါ စည်းကမ်း များကို ချိုးဖေါက်လျှင် အစိုးရ ကိုယ်စား ခရိုင်ဝန်သည် မြေငှါး ဂရံရသူအား ဒဏ်ငွေတပ်ရိုက်နိုင်သည်။ ဂရံကို ဖျက်သိမ်းနိုင်သည်ဟုသာ ဖေါ်ပြထားသည်။ ယခု အမှု၌ အယူခံ တရားပြိုင်တို့က ကြိုတင် သဘောတူညီခွင့် မရဘဲ တဆင့် အငှါးချထား ခဲ့သည့် ကိစ္စ အတွက်၊ ခရိုင်ဝန်က၊ ဒဏ်တပ်ရိုက်ခဲ့ပြီး ဖြစ်သည်။ ဂရံကိုမူ ဖျက်သိမ်း

၁၉၇၁

၁။ ဦးမြသိန်း
၂။ ဒေါ်ခင်စိန်
နှင့်
၁။ ဦးမြသီး
၂။ ဒေါ်မြသွင်
၃။ ဦးမောင်
မောင်သင်။

ခြင်းမပြုခဲ့ပေ။ အောက်မြန်မာပြည် မြို့နှင့်မြှာ မြေများ အက်ဥပဒေအရ၊ ဂရံ မြေကို တဆင့် အငှါးချထားခြင်း မပြုရဟု အတိအလင်းတားမြစ်ထားခြင်း မရှိသည့်အလျောက် ဂရံ စည်းကမ်းကို ချိုးဖေါက်ပြီး တဆင့် ငှါးရမ်းခြင်းသည်၊ ပဋိညာဉ် အက်ဥပဒေ ပုဒ်မ ၂၃ အရ၊ ဥပဒေနှင့် ဆန့်ကျင်သော ပဋိညာဉ် ဖြစ်သည်ဟု မဆိုနိုင်ချေ။ ထိုအတိုင်းပင်၊ ဘိုးမောင် နှင့် ဗွိ၊ အာ (ရ်) ၊ အမ်၊ စီ၊ အာ (ရ်)၊ အမ်၊ ချစ်တီး (၁) တို့ အမှုတွင် ဆုံးဖြတ်ထားခြင်းကို ကျွန်ုပ်တို့ သဘောတူသည်

ဖေါ်ပြပါ အကြောင်းများကြောင့်၊ ဤဒုတိယ အယူခံမှုကို တရားစရိတ်နှင့်တကွ ပယ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

အခွင့်ထူးတရားမအယူခံမ

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်၊ တရားသူကြီး ဦးကျော်ဇံဦး နှင့် တရားသူကြီး ဦးသက်ဖေ
တို့ရှေ့တွင်

၁။ ဦးအောင်သိန်း ၂။ ဒေါ်ခင်ထွေး	}	နှင့်	{	၁။ ဒေါ်အမ ၂။ ကိုခွေးမောင် *

† ၁၉၇၁
ဇွန်လ ၁၅ ရက်။

အယူခံ ရုံးသည် အယူအဆ ကွဲလွဲကာမျှဖြင့် အောက်ရုံး၏ ဆုံးဖြတ်ချက်ကို ဝင်ရောက် စွက်ဖက်ခြင်း ပြုနိုင် မပြုနိုင်—အခွန် မြေပုံတွင် နာမည် ပေါက် မှုမျှဖြင့် နာမည် ပေါက်သူသည် မြေ၏ ပိုင်ရှင် ဖြစ် မဖြစ်—မြေကို လက်မဲ့ ဖြစ်သူက လက်ရှိ ဖြစ်သူအား ဖယ်ရှားပေးရန် စွဲဆိုသည့် အမှုများ၌ လက်မဲ့ ဖြစ်သူသည် ထိုမြေကို ပိုင်ကြောင်း သက်သေ ထူရန် တာဝန် ရှိပြီး လက်ရှိ ဖြစ်သူတွင် ပိုင်ဆိုင်ခွင့် ရှိကြောင်း တင်ပြရန် တာဝန် မရှိခြင်း။

ဆုံးဖြတ်ချက်။ ။လူတဦးသည် ပစ္စည်းကို ပိုင်ရှင်၏ အခွင့် အမိန့်နှင့် လက်ရှိ ဖြစ်သည်၊ မဖြစ်**သည် ဆို**သော ဆုံးဖြတ်ချက်သည်၊ ကြောင်း ချင်းရာနှင့် စပ်လျဉ်းသည့် ဆုံးဖြတ်ချက်သာ ဖြစ်**ပေသည်။** ယင်း ဆုံးဖြတ်ချက်သည် အထောက် အထား လုံးဝ မရှိသည့် ဆုံးဖြတ်ချက် မဟုတ်လျှင် ဒုတိယ အယူခံ ရုံးအနေဖြင့် ပထမ အယူခံရုံး၏ အဆိုပါ ဆုံးဖြတ် ချက်မျိုးကို ဝင်ရောက် ဖက်စွက်ခြင်း မပြုနိုင်ပေ။ အယူ အဆ ကွဲလွဲကာမျှဖြင့် ပြင်ရမည်ကိုဆိုလျှင် ဆုံးဖြတ်ချက် အမျိုးမျိုး မိုးမဆုံး လေမဆုံး ဖြစ်ပေါ်ရန်သာ ရှိပေသည်။ ထိုအတိုင်းပင် တရားရုံးများက အစဉ် တစိုက် **ကျ**င့်သုံးခဲ့သည်ကို သတိ ချပ်သင့် ပေသည်။ ဦးရဲကျော်သူ ကုမ္ပဏီ လီမိတက် နှင့် မလှဦးဖြူ **၁၉၄၀၊** ရန်ကုန် စီရင်ထုံး ၁၀၀ ကိုရည်ညွှန်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။အခွန် မြေပုံတွင် နာမည် ပေါက်မှုမျှဖြင့် နာမည် ပေါက်သူသည် **မြေ၏ ပိုင်**ရှင် ဖြစ်သည်ဟု ယူဆခြင်း မပြု နိုင်ပေ။ **အောင်လှ နှင့်** ထုံးကြီး၊ အတွဲ ၈၊ အောက်မြန်မာ **ပြည် စီရင်ထုံး**၊ ၂၆၄ ကို ရည် ညွှန်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။မြေကို လက်မဲ့ ဖြစ်သူက လက်ရှိ ဖြစ်သူအား ဖယ် ရှားပေးရန် **တရားစွဲဆိုသည့်** အမှုများ၌ လက်မဲ့ ဖြစ်သူသည် မြေကို ပိုင်ဆိုင်ကြောင်း ထင်ရှားအောင် သက်သေ **ထူရန် တာဝန် ရှိ**ပေသည်။ ဒေါ်စောရှင် နှင့် ဟွာကီးရား ၁၉၆၃၊ မြန်မာပြည်စီ ရင်ထုံး ၇၆၅ ကို **ရည်ညွှန်းသည်။**

***၁၉၅၁ ခုနှစ်၊** အခွင့်ထူး တရားမ အယူခံမှု အမှတ် ၁၁။

†၁၉၆၁ ခုနှစ် တရားမ ဒုတိယ အယူခံမှု အမှတ် ၂၁ တွင် ၁၉၆၉ ခု နှစ်၊ မေလ ၃၁ ရက် နေ့စွဲဖြင့် နိုင်ငံတော် **တရားရုံး**ချုပ် (မန္တလေးမြို့ရုံးထိုင်) ၏ ချမှတ်သော စီရင်ချက်နှင့် ဒီကရီ **ကို**အယူခံဝင်မှု။

၁၉၇၁

၁။ ဦးအောင်သိန်း
၂။ ဒေါ်ခင်ထွေး
နှင့်
၁။ ဒေါ်အမ
၂။ ကိုခွေးမောင်။

ယခုအမှု၌ အယူခံ တရားပြိုင်တို့သည်၊ မြေကို ပိုင်ဆိုင်ကြောင်း ထင်ရှားအောင် အထောက်အထား တင်ပြခြင်း မပြုနိုင်။ အယူခံ တရားလိုတို့ အနေဖြင့်လည်း မြေကို ပိုင်ဆိုင်ကြောင်း သက်သေမထူနိုင်သည်မှာ မှန်သော်လည်း မြေကို လက်ရှိ ဖြစ်သူကရင်း၏ ပိုင်ဆိုင် ခွင့်ကို ထင်ရှားအောင် မပြသ နိုင်ကာမျှဖြင့် လက်မဲ့ ဖြစ်သူသည် ထိုမြေကို ပြန်မရနိုင်။ လက်ရှိ ဖြစ်သူတွင် ပိုင်ဆိုင်ခွင့် ရှိကြောင်း တင်ပြရန် တာဝန် မရှိချေ။ **ကိုသန်းအောင်** နှင့် **မချစ်၊** ၁၉၅၈၊ မြန်မာပြည် စီရင်ထုံး၊ ၂၉၁(တရားလွှတ်တော်) ကိုရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးလှတင်။

အယူခံတရားခံအတွက်။ ။

တရားသူကြီး ဦးသက်ဖေ။ ။မန္တလေးမြို့၊ မြို့နယ် တရားမရုံးတွင် အယူခံ တရားပြိုင် ဒေါ်အမနှင့် ကိုခွေးမောင်တို့က အယူခံ တရားလို ဦးအောင်သိန်းနှင့် ဒေါ်ခင်ထွေးတို့ အပေါ် မန္တလေးမြို့၊ ရတနာဘုမ္မိ အရှေ့ပိုင်း၊ အကွက် အမှတ် ၅၃၀၊ ဦးပိုင် အမှတ် ၁၂၊ ဧရိယာ ဒသမ ၀၃ ဧက ကျယ်သော မြေကွက်ကို လက်ရောက် ရလိုကြောင်း တရားစွဲဆိုရာ၊ စွဲဆိုသည့် အတိုင်း အနိုင်ဒီကရီ ချပေးလိုက်သည်။ ထိုဒီကရီကို အယူခံ တရားလိုတို့က မကျေနပ်၍ မန္တလေးမြို့၊ ရာဘက်ခရိုင် တရားမရုံးသို့ အယူခံဝင်သောအခါ၊ မူလရုံး၏ ဒီကရီကို ပယ်ဖျက်လိုက်သောကြောင့်၊ အယူခံ တရားပြိုင်တို့က ဤရုံးသို့ ဒုတိယ အယူခံဝင်ရာ ဤရုံး **တရားသူကြီး** တဦးက ပထမ အယူခံရုံး၏ ဒီကရီကို ပယ်ဖျက်ပြီး မူလရုံး၏ ဒီကရီကို ပြန်လည် အတည်ပြုလိုက်သည်။ ဒုတိယ အယူခံရုံး၏ တွေ့ရှိချက်သည် မူလရုံး၏ **စီရင်ချက်**အရသော်၎င်း၊ သက်သေထွက်ချက်များအရသော်၎င်း မှန်ကန်ခြင်း ရှိ၊ မရှိ၊ **ဆို**သော ပြဿနာ ပေါ်ပေါက်သဖြင့် အယူခံ တရားလိုတို့အား အထူးအယူခံ ဝင်ခွင့် ပြုခဲ့ခြင်းဖြစ်သည်။

အခင်းဖြစ် မြေကွက်၏ ပိုင်ရှင်မှာ ဒေါ်တုတ်ဖြစ်ကြောင်း အငြင်း မထွက်ပေ။ အယူခံ တရားပြိုင်တို့က ဒေါ်တုတ်သည် မိမိတို့၏ မိခင်ဒေါ်ခင်မလေးအား မေတ္တာဖြင့် ပေးကမ်းသော စာချုပ် ချုပ်ဆို၍၊ ပေးခဲ့သဖြင့်၊ မြေကို ဒေါ်ခင်မလေး ပိုင်ဆိုင်လာပါသည်။ ဒေါ်ခင်မလေး သေဆုံးသောအခါ၊ မိမိတို့ အမွေဆက်ခံခဲ့ပါသည်။ အယူခံ တရားလိုတို့သည် အမှုကို စွဲဆိုခြင်းမပြုမီ ၃ နှစ်ခန့်က မြေပေါ်၌ အိမ်ဆောက်ကာ ကျူးကျော်နေပါသည်ဟု အဆိုပြုခဲ့သည်။ အယူခံတရားလိုတို့က မိဘ ဘိုးဘွား လက်ထက်မှစ၍ နှစ်ပေါင်း ၃၀ ကျော်မျှ ပိုင်ရှင်အဖြစ် နေထိုင်ခဲ့ခြင်း ဖြစ်ပါသည်။ အယူခံတရားပြိုင်တို့သည် မြေ၏ ပိုင်ရှင်များ မဟုတ်ကြပါဟု ငြင်းဆိုသောအခါကြမှ အယူခံတရားပြိုင်တို့က အယူခံတရားလို ဦးအောင်သိန်း၏ အဖွါး ဒေါ်ဆောင်းအား ဒေါ်ခင်မလေးသည် မြေပေါ်တွင် အခမဲ့ နေထိုင်ခွင့်ပြုခဲ့ပါသည်ဟု ပြန်လည် ဖြေကြားခဲ့သည်။

၁၉၇၁

၁။ ဦးအောင်သိန်း
၂။ ဒေါ်ခင်ထွေး
နှင့်
၁။ ဒေါ်အမ
၂။ ကိုဒွေး မောင်။

မူလရုံးမှ အခင်းဖြစ် မြေသည် ဒေါ်ခင်မလေး၏ နာမည်နှင့် ပေါက်နေသည်က တကြောင်း၊ ဒေါ်ခင်မလေးက ဦးအောင်သိန်း၏အဖွါး ဒေါ်ဆောင်းအား မြေပေါ်၌ အခမဲ့နေထိုင်ခွင့် ပြုခဲ့သည် ဆိုသော သက်သေထွက်ချက် ရှိနေသည်က တကြောင်း၊ ထိုအကြောင်းများကြောင့် အယူခံ တရားပြိုင်တို့သည် အခင်းဖြစ် မြေ၏ ပိုင်ရှင်များ ဖြစ်သည်ဟု ယူဆကာ ၎င်းတို့ စွဲဆိုသော အမှုကို အနိုင် ဒီကရီချပေးလိုက်ခြင်း ဖြစ်သည်။

ပထမ အယူခံရုံးမှ ဒေါ်ခင်မလေးအား ဒေါ်တုတ်က မြေကို မေတ္တာဖြင့် ပေးကမ်းသော စာချုပ် ချုပ်ဆိုပြီး ပေးခဲ့သည်ဆိုခြင်းမှာ အထောက်အထား မတင်ပြနိုင်သည့်ပြင် ဒေါ်ခင်မလေးက ဒေါ်ဆောင်းအား မြေပေါ်၌ အခမဲ့နေထိုင်ခွင့် ပြုခဲ့သည် ဆိုခြင်းမှာ ယုတ္တိမရှိ၊ မြေသည် ဒေါ်ခင်မလေး၏ အမည်ပေါက်ကာမျှဖြင့် ဒေါ်ခင်မလေးသည်၊ ထိုမြေ၏ ပိုင်ဆိုင်သူ ဖြစ်သည်ဟု မယူဆနိုင်ဟု ကောက်ယူကာ မူလရုံး၏ ဒီကရီကို ပယ်ဖျက်လိုက်ခြင်း ဖြစ်ပေသည်။

ဒုတိယ အယူခံရုံးမှ မြေကို မူလက အယူခံ တရားပြိုင်တို့၏ မိခင် ဒေါ်ခင်မလေး၏ အမေဒေါ်တုတ်၏ ပိုင်ဆိုင်ကြောင်း မငြင်းမပေါက်သဖြင့် ဒေါ်တုတ်သေသောအခါ သမီးဒေါ်ခင်မလေး အမွေဆက်ခံပြီး၊ ဒေါ်ခင်မလေးက ဒေါ်ဆောင်းအား အခမဲ့ နေထိုင်ခွင့်ပြုထားကြောင်း အထောက် အထား ရှိနေသဖြင့်၊ အယူခံ တရားပြိုင်တို့သည်၊ မိခင် ဒေါ်ခင်မလေးထံမှ အမွေဆက်ခံပြီး ပိုင်ဆိုင်လာသောကြောင့် မြေကို လက်ရောက်ရသင့်သည်ဟု ဆုံးဖြတ်ပြီး၊ မူလရုံး၏ ဒီကရီကို ပြန်လည် အတည်ပြုခဲ့ခြင်းဖြစ်သည်။

ဒေါ်တုတ်သည် အယူခံတရားပြိုင်တို့၏ မိခင် ဒေါ်ခင်မလေး၏ အမေဖြစ်သည် ဆိုသော ဒုတိယ အယူခံရုံး၏ ကောက်ယူချက်သည် အထင် အရှား မှားယွင်းနေပေသည်။ အယူခံ တရားပြိုင် ဒေါ်အမ ကိုယ်တိုင်က ဒေါ်ခင်မလေးသည် ဒေါ်တုတ်၏ တူမသာ ဖြစ်သည်ဟု ထွက်ဆိုထားသည်ကို ရည်ညွှန်းလိုပေသည်။

အယူခံ တရားပြိုင်တို့က ဒေါ်တုတ်သည် မြေကို ဒေါ်ခင်မလေးအား မေတ္တာဖြင့် ပေးကမ်းသည့် စာချုပ် ချုပ်ဆိုပြီး၊ အပိုင်ပေးခဲ့သည်ဆိုသော်လည်း၊ စာချုပ် စာတမ်းကို တင်ပြခြင်း မပြုနိုင်။ စာချုပ်အား ကိုယ်တိုင် ဘတ်ဘူးသူကိုလည်း သက်သေ မထူနိုင်။ သို့ဖြစ်ရာမြေကို ဒေါ်တုတ်က ဒေါ်ခင်မလေးအား အပိုင် ပေးခဲ့ပါသည် ဆိုသော အဆိုပြုချက်မှာ ထင်ရှားခြင်း မရှိဟု ဆိုရပေမည်။

ဒေါ်ခင်မလေးက ဒေါ်ဆောင်းအား အခမဲ့ မြေပေါ်၌ နေထိုင်ခွင့်ပြုခဲ့ပါသည် ဆိုသော အယူခံတရားပြိုင်တို့၏ စွပ်စွဲချက်မှာ၊ ယုတ္တိမရှိဟု ပထမ အယူခံရုံးက ဆုံးဖြတ်ခဲ့သည်။ ထိုကဲ့သို့ ဆုံးဖြတ်ရာ၌ မြေကို အယူခံ တရားလို ဦးအောင်သိန်း၏

၁၉၇၁

၁။ ဦးအောင်သိန်း
၂။ ဒေါ်ခင်ထွေး
နှင့်
၁။ ဒေါ်အမ
၂။ ကိုခွေးမောင်။

အဖွဲ့ ဒေါ်ဆောင်း လက်ထက်က စ၍ နှစ်ပေါင်း ၃၀ ကျော် အဆကမပြတ် လက်ရှိ ဖြစ်ခဲ့သည့် အပြင်၊ ဒေါ်ဆောင်း ကွယ်လွန်ပြီးနောက် ၎င်း၏ သား ဦးစံကူးက မြေကို ပေါင်နှံခဲ့ဘူးသည် ဆိုသော အချက်အလက်များကို ထည့်သွင်းစဉ်းစားခဲ့သည်။

လူတဦးသည် ပစ္စည်းကို ပိုင်ရှင်၏ အခွင့် အမိန့်နှင့် **လက်ရှိဖြစ်သည်**၊ မဖြစ်သည် ဆိုသော ဆုံးဖြတ်ချက်သည့် ကြောင်းခြင်းရာနှင့် **စပ်လျဉ်းသည့်** ဆုံးဖြတ်ချက်သာ ဖြစ်ပေသည်။ ယင်းဆုံးဖြတ်ချက်သည် အထောက် **အထား** လုံးဝမရှိသည့် ဆုံးဖြတ် ချက် မဟုတ်လျှင် ဒုတိယ အယူခံရုံး အနေဖြင့် ပထမ **အယူခံရုံး၏** အဆိုပါ ဆုံးဖြတ်ချက် မျိုးကို ဝင်ရောက်ဖက်စွက်ခြင်း မပြုနိုင်ပေ။ အယူ**အဆလွဲကာ**မျှဖြင့် ပြင်ရမည်ဆိုလျှင် ဆုံးဖြတ်ချက် အမျိုးမျိုး၊ မိုးမဆုံး လေမဆုံး ဖြစ်ပေါ်**ရန်သာ** ရှိပေသည်။ ထိုအတိုင်း ပင် တရားရုံးများက အစဉ်တစိုက် ကျင့်သုံးခဲ့သည်**ကို** သတိချပ်သင့်ပေသည်။ **ဦးရဲ ကျော်သူကုမ္ပဏီလီမိတက်** နှင့် **မလှဦးဖြူ** (၁)၊ **ဒီယိုကာလီပက်တက်** နှင့် **ရမ်ဒေဗီ** (၂)၊ **ဆိုးချန်ဘီးဆန်စက်ကုမ္ပဏီ** နှင့် **စူပဂ္ဂနဟက်** (၃) **တို့** အမှုများကို ကြည့်ပါ။ ယခု အမှုတွင် ပထမအယူခံရုံးက အယူခံ တရားလိုတို့**သည်** မြေကို အယူခံ တရားပြိုင် တို့၏ အခွင့်အမိန့်နှင့် နေထိုင်ကြခြင်း မဟုတ်ဟု ဆုံး**ဖြတ်ခဲ့ရာ၊** ယင်းဆုံးဖြတ်ချက်သည် အထောက်အထားကင်းမဲ့သည့် ဆုံးဖြတ်ချက် မဟုတ်**၍၊ ထိုဆုံး**ဖြတ်ချက်အား၊ ဒုတိ**ယ** အယူခံရုံးမှ လက်မခံခြင်းသည် မှားယွင်းသည်ဟု ဆို**ရမည် ဖြစ်**သည်။

မြေကို မူလ ပိုင်ရှင်က မေတ္တာဖြင့် ပေးကမ်း**သော စာ**ချုပ်အရ၊ ပေးခဲ့ပါသည် ဆိုသော အချက်နှင့် အယူခံ တရားလိုတို့သည် မြေ**ပေါ်၌** အခွင့် အမိန့်အရ နေထိုင် ပါသည်ဆိုသော အချက်တို့ကို ထုတ်ပယ်လျှင် မြေ**သည်** ဒေါ်ခင်မလေး အမည်နှင့် ပေါက်လျက်ရှိသည်ဆိုသော အချက်သာ ကျန်ပေတော့**သည်**။ အခွန်မြေပုံတွင် နာမည် ပေါက်ရုံမျှဖြင့် နာမည်ပေါက်သူသည် မြေ၏ ပိုင်ရှင် **ဖြစ်**သည်ဟု ယူဆခြင်း မပြုနိုင် ပေ။ **အောင်လှ** နှင့် **ထုံးကြီး** (၄)။

မြေကို လက်မဲ့ဖြစ်သူက လက်ရှိဖြစ်သူအား **ဖယ်ရှားပေးရန်** တရားစွဲဆိုသည့် အမှုများ၌ လက်မဲ့ဖြစ်သူသည် ထိုမြေကို ပိုင်ဆိုင်**ကြောင်း** ထင်ရှားအောင် သက်သေ ထူရန် တာဝန်ရှိပေသည်။ **ဒေါ်စောရှင်** နှင့် **ဟွာကီးရား** (၅)။ ယခုအမှု၌ အယူခံ တရားပြိုင်တို့သည် မြေကို ပိုင်ဆိုင်ကြောင်း ထင်ရှားအောင် အထောက်အထား

---

(၁) ၁၉၄၀၊ ရန်ကုန်စီရင်ထုံး၊ ၁၈၀။
(၂) ၁၉၄၀၊ ရန်ကုန်စီရင်ထုံး၊ ၇၇၇။
(၃) ၁၉၅၅၊ မြန်မာပြည်စီရင်ထုံး၊ ၂၉၁ (တရားလွှတ်တော်)။
(၄) အတွဲ ၈၊ အောက်မြန်မာပြည် စီရင်ထုံး ၂၆၄။
(၅) ၁၉၆၃၊ မြန်မာပြည်စီရင်ထုံး၊ ၇၆၅။

၁၉၇၁

၁။ ဦးအောင်သိန်း၊ ၂။ ဒေါ်ခင်ထွေး။
နှင့်
၁။ ဒေါ်အမ]
၂။ ကိုခွေးမောင်။

တင်ပြခြင်း မပြုနိုင်။ အယူခံ တရားလိုတို့ အနေဖြင့်လည်း မြေကို ပိုင်ဆိုင်ကြောင်း သက်သေမထူနိုင်သည်မှာမှန်သော်လည်း မြေကိုလက်ရှိဖြစ်သူက ၎င်း၏ ပိုင်ဆိုင်ခွင့်ကို ထင်ရှားအောင် မပြသနိုင်ကာမျှဖြင့် လက်မဲ့ဖြစ်သူသည် ထိုမြေကို ပြန်မရနိုင်။ လက်ရှိဖြစ်သူတွင် ပိုင်ဆိုင်ခွင့်ရှိကြောင်းတင်ပြရန် တာဝန် မရှိချေ။ **ကိုသန်းအောင်နှင့် မချစ်** (၆) တို့အမှု၌ ထိုအတိုင်းဆုံးဖြတ်ထားသည်ကို ကျွန်ုပ်တို့သဘောတူသည်။

အထက်ပါ အကြောင်းများကြောင့် ဒုတိယ အယူခံရုံး၏ စီရင်ချက်နှင့် ဒီကရီတို့မှာ မှားယွင်းနေကြောင်း ပေါ်လွင်သဖြင့် ပယ်ဖျက်လိုက်ပြီး၊ အယူခံ တရားပြိုင်တို့ စွဲဆိုသော အမှုကို ပယ်လိုက်သည့် ပထမ အယူခံရုံး၏ စီရင်ချက်နှင့် ဒီကရီတို့ကို ပြန်လည်အတည်ပြုလိုက်သည်။ အယူခံတရားပြိုင်တို့သည်၊ မူလရုံး၊ ပထမအယူခံရုံးနှင့် ဒုတိယ အယူခံရုံးတို့တွင် ကုန်ကျခဲ့သော အယူခံတရားလိုတို့၏ တရားစရိတ် များကို ကျခံကြရမည်ဖြစ်သည်။ ဤအခွင့်ထူး အယူခံမှု အတွက် တရားစရိတ် မရှိ။

(၆) ၁၉၅၅၊ မြန်မာပြည်စီရင်ထုံး၊ ၂၉၁ (တရားလွှတ်တော်)။

နိုင်ငံတော်တရားရုံးချုပ်

တရားမပထမအယူခံမှု

တရားသူကြီး ဦးကျော်ဇံဦး နှင့် တရားသူကြီး ဦးသန်းအောင်တို့ ရှေ့တွင်

†၁၉၇၁ — အောက်တိုဘာ လ ၈ ရက်။

ဦးချစ်ရာ နှင့် { ၁။ ဦးစိုးဟန် ၂။ ဦးချစ်ရာ ၃။ အုပ်ချုပ်ရေးမှူး၊ အောင်ဘာလေသိန်းဆုဌာန *

သက်သေခံဥပဒေ၏ အခြေခံမူတရပ်—အကောင်းဆုံးသော သက်သေခံချက်များကို တင်ပြရန်လိုအပ်ခြင်း—တန်ဘိုးလျော့နည်းသောသက်သေခံချက်များကို မတင်ပြထိုက်ခြင်း—အရေးကြီးသည့် သက်သေကို သက်သေအဖြစ်မှ ပယ်လိုက်ခြင်းနှင့်ဥပဒေအမြင်။

ဆုံးဖြတ်ချက်။ ။သက်သေခံဥပဒေ၏ အခြေခံမူတရပ်မှာ၊ **အမှုသည်တို့သည်** မိမိရရှိနိုင်စွမ်းရှိသော အကောင်းဆုံးသော သက်သေခံချက်များကို **တင်ပြရန်** လိုအပ်သည်ဟူသော မူပင်ဖြစ်သည်။ အကြောင်းချင်းရာများနှင့် ပတ်သက်၍ **သက်သေထင်ရှား** ပြရန်အတွက်၊ သက်သေခံချက်များ တင်ပြသည့်အခါ၌ တင်ပြနိုင်စွမ်းရှိသော **သက်သေခံချက်မျ း** အနက်၊ အကောင်းဆုံးသောသက်သေခံချက်များ(best evidence producible)ကို **တင်ပြရမည်**။ယင်းကဲ့သို့မတင်ပြဘဲ၊ ဒုတိယတန်းစား၊တန်ဘိုးလျော့နည်းသော (second rate) **သက်သေခံချက်များကို** မတင်ပြထိုက်ပေ။ **မငြိမ်းလှ နှင့် မရင်၊** အတွဲ ၃၊မြန်မာပြည်စီရင်ထုံး၊ **၂၄၆။ အီဗရာဟင်ဒေါ်ဂျီဂျီဝါး နှင့် အဂျမ်မိုဟာမက်လူဘားဝါလာ၊** ၁၉၅၀၊ မြန်မာပြည်စီရင်ထုံး၊ ၂၇၀ (၂၉၉)၊ တရားလွှတ်တော်ချုပ်တို့ကိုရည်ညွှန်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။အမှုသည် တယောက်က သက်ဆိုင်ရာ အမှုတွင်၊ လူတယောက်သည် သက်သေအဖြစ် ရုံးရှေ့သို့လာရောက်၍ အစစ်ခံရန် လိုအပ်လျှင်၊ မိမိကိုယ်တိုင်လည်း ခေါ်ယူလာနိုင်သည်။ တရားရုံးမှတဆင့် သမ္မာန်စာချ၍လည်း ခေါ်ယူနိုင်ပေသည်။ အကယ်၍ သမ္မာန်စာချရာ၌ အတည်ဖြစ်ပါလျက်နှင့် သက်သေက ရုံးသို့မလာရောက်ဘဲနေလျှင်၊ တရားရုံးမှဝါရမ်းထုတ်ဆင့်၍ သက်သေကို ရုံးသို့ လာရောက်စေရန် ဆောင်ရွက်ပေးနိုင်သည်။ အမှုသည်က လျှောက်တောင်းလျှင်၊ ရုံးချိန်ကုန်ဆုံး၍ မစစ်ဆေးနိုင်သော အရေးကြီးသော သက်သေကို၊

---

* ၁၉၇၀ **ခုနှစ်၊** တရားမ ပထမအယူခံမှုအမှတ် ၇၃။

† ၁၉၆၉ **ခုနှစ်၊** တရားမကြီးမှုအမှတ် ၁၃၃ တွင် ၁၉၇၀ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့စွဲဖြင့်၊ ရန်ကုန်မြို့ **တရားမရုံး** ဒုတိယတရားသူကြီး၏ ချမှတ်သော အမိန့်ကို **အယူခံဝင်မှု။**

နေ့ဘက်တနေ့တွင်၊ သို့မဟုတ် အနီးကပ်ဆုံး ရက်ချိန်းတွင် ရုံးကစစ်ဆေးပေးမည်မှာ မလွဲပေ။ **ထို့ပြင်** ရုံးရှေ့သို့ မလာရောက်နိုင်သော သက်သေများ၊ သို့မဟုတ် တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာ **ရှိသော** နယ်နိမိတ် ပြင်ပတွင် ရှိနေသော သက်သေများ၊ သို့မဟုတ် နယ်နိမိတ်ပြင်ပသို့ သွားအံ့ **ဆဲဆဲ** သက်သေများကို စစ်ဆေးလိုလျှင်၊ တရားရုံးက ကော်မရှင် ထုတ်ဆင့်၍ စစ်ဆေးနိုင်သည်။ အယူခံတရားလိုသည် တရားဥပဒေက ပေးထားသော ထိုအခွင့်အရေးများကို အသုံးမပြုဘဲ၊ မိမိ အလိုအလျောက် အရေးပါ အရာရောက်သော သက်သေ ဦးအောင်ကြီးကို ပယ်လိုက်ခြင်းပင် ဖြစ်သည်။ ၁၉၇၁

ဦးချစ်ရာ
နှင့်
၁။ ဦးစိုးဟန်
၂။ ဦးချစ်ရာ
၃။ အုပ်ချုပ်ရေးမှူး၊ အောင်ဘာလေ သိန်းဆုဌာန။

ထပ်မံဆုံးဖြတ်ချက်။ ။ဤအမှုတွင် ဦးအောင်ကြီးကို တရားလိုက သက်သေအဖြစ် မစစ်ဆေးတော့ဘဲ ပယ်လိုက်ခြင်းသည်၊ ဦးအောင်ကြီး၏ သက်သေခံချက်သည် တရားလို၏ အမှုကို အကျိုးပြုမည်မဟုတ်သောကြောင့် ပယ်လိုက်ခြင်းဖြစ်သည်။ တနည်းအားဖြင့်ဆိုလျှင်၊ တရားလိုကို ဆန့်ကျင်ပြီး ထွက်ဆိုမည် စိုးရိမ်၍သာ ဖြစ်သည်ဟု ကောက်ယူရန် အကြောင်းပေါ်ပေါက်နေသည်ဟုဆိုရပေလိမ့်မည်။ **ဦးဘိုးရှင်နှင့် တဦး** နှင့် **အက်ဒွပ်နှင့်အများ**၊ အေ၊အိုင်၊အာ (ရ)၊ ၁၉၃၄၊ ရန်ကုန်၊ ၁၃၉ နှင့် **ဂရာပရာဆပ်** နှင့် **ဦးကျော်ရွှေ**၊ ၁၉၆၆၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၁၁၆၃ (၁၁၆၅) တို့ကိုရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။တရားရုံးချုပ်ရှေ့နေ၊ ဦးကိုကိုကြီး (၃)၊။

အယူခံတရားခံ (၁) အတွက်။ ။တရားရုံးချုပ်ရှေ့နေ၊ ဦးခင်မောင် (၂)။

အယူခံတရားခံ (၂) အတွက်။ ။တရားရုံးချုပ်ရှေ့နေ၊ ဦးတင်မောင်။

အယူခံတရားခံ (၃) အတွက်။ ။အစိုးရတရားရုံးချုပ်ရှေ့နေ မစ္စတာ အက်(စ်)၊ ကေ၊ ဂို(ရှ်)။

တရားသူကြီး ဦးသန်းအောင်။ ။ဤအယူခံမှုသည် (၁၄၄) ကြိမ်မြောက် **အောင်ဘာ**လေ သိန်းထီဖွင့်သောအခါ၊ ငွေတသောင်းဆု ပေါက်သော "တံတား [illegible]" **အ**တိတ်နှင့် အမှတ် (င-၂၁၇၃၄၂) ထီလက်မှတ်ကို၊ အယူခံတရားလို(မူလ [illegible]) **ဦးချစ်**ရာ ပိုင်မပိုင်ဟူသော ပြဿနာနှင့် ပတ်သက်သည်။

အယူခံတရားလို ဦးချစ်ရာသည်၊ တရားလိုအဖြစ်နှင့် ၁၉၆၉ ခုနှစ်၊ မတ်လ ၁၉ **ရက် နေ့တွင် အဆိုလွှာ**ကို၊ ရန်ကုန်မြို့၊ တရားမရုံး၌ တင်သွင်း၍ တရားစွဲဆိုခဲ့သည်။ **၁၉၆၉ ခုနှစ် တရားမကြီး**မှုအမှတ် ၁၃၃ ဖြစ်၍၊ အယူခံ တရားပြိုင်များ ဖြစ်ကြသော ဦးစိုး**ဟန်၊ ဦးချစ်ရာနှင့် ပြည်**ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရ၊ အောင်ဘာလေ **သိန်းဆုဌာန၊ အု**ပ်ချုပ်ရေးမှူးတို့က ၎င်းအမှုတွင် တရားပြိုင်များ ဖြစ်ကြသည်။

၁၉၇၁

ဦးချစ်ရာ နှင့် ၁။ ဦးစိုးဟန်၊ ၂။ ဦးချစ်ရာ၊ ၃။ အုပ်ချုပ်ရေးမှူး၊ အောင်ဘာလေ သိန်းဆုဌာန။

တရားလို ဦးချစ်ရာက အမှုတွင် အဆိုပြုသည်မှာ တရားလိုသည် တန်ဆောင်မုန်းလဆုတ် ၂ ရက် (၁၉၆၈ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်)နေ့တွင် (၁၄၄)ကြိမ်မြောက် အောင်ဘာလေ သိန်းထီလက်မှတ် (ဇ-၂၁၇၃၄၂) ကို၊ ပေါင်းတည်မြို့ "အောင်ဝိဇ္ဇာ" ထီဆိုင်မှ ဝယ်ယူခဲ့သည်။ အတိတ်မှာ "တံတားပြင်ရန်" ဖြစ်သည်၊ အတိတ်နှင့် တရားလို၏အမည်၊ နေရပ်လိပ်စာတို့ကို ထီဆိုင်ရှင် ဝိဇ္ဇာအောင် (ခ) ဦးအောင်ကြီး ကိုယ်တိုင်ရေးမှတ်ပေးခဲ့သည်၊ ထီထိုးပြီးနောက် ရွာအပြန်လမ်းတွင် နွားပျောက်၍ ဦးထွန်းရွှေအကူညီတောင်းရသည်၊ ကိုစံအေးက လိုက်ရှာပေးသည်၊ ထီလက်မှတ်ကို ဘတ်ကြည့်သည်၊ ရွာသူကြီး ဦးစိုးဟန်နှင့် တွေ့သည်၊ ထီလက်မှတ်ပါသော အံထုပ်ကို ပြလိုက်သည်၊ နောက်အရက် ၂၀ (သက်သေခံစဉ် ၁၁ ရက်ဟုပြောသည်) လောက် ကြာသောအခါ၊ ဦးအောင်ကြီးသည် အယူခံတရားလို နေထိုင်သော ကျခတ်ဝါးရုံ ရွာသို့ ဘိုင်စကယ်ဖြင့်လာပြီးလျှင် အယူခံတရားလိုအား "ထီထိုးသလား" ဟု မေးသည်၊ ထိုအခါအယူခံတရားလိုက "ကျွန်တော်နှင့် နာမည်တူ ကိုချစ်ရာ တောင်စုမှာရှိတယ်၊ သွားချိအုံး" ဟုပြောလိုက်ကြောင်း၊ တောင်စုမှ ဦးအောင်ကြီး ပြန်လာသောအခါ၊ တရားလိုဦးချစ်ရာအား၊ "ခင်ဗျား ထီပေါက်တာ ကျွန်တော့ကို လိမ်လွှတ်တယ်" ဟုပြောကြောင်းတို့ဖြစ်သည်။

တရားလိုက သက်သေခံ၍ အဆိုပြုသည်မှာ တရားလိုသည် မိမိအိမ်၌ ရှာဖွေရာ မတွေ့၍ ဦးအောင်ကြီးအား အကြောင်းကြားလိုက်၏၊ ထို့နောက် ၂ ရက်လောက် အကြာ ကားပေါ်တက်မည်အလုပ်တွင် ဦးစိုးဟန်နှင့်တွေ့၍ ဦးစိုးဟန်က သူ့ထံတွင် ထီလက်မှတ်ရှိကြောင်း၊ သူနှင့်အတူထုတ်မည်ပြောကြောင်း၊ ထီဆိုင်ရှင်ဦးအောင်ကြီး၊ သူကြီး ဦးထွန်းရွှေ၊ ဦးအောင်စိန်တို့နှင့်အတူ သွား၍ ထီရုံးသို့ သံကြိုးစာတိုလည်း ပေးပို့ကြောင်း၊ ၎င်းနောက် နတ္တလင်းပါတီရုံးသို့သွားပြောကြောင်း၊ ထီရုံးသို့တားစာ ရေးသား ပေးပို့ကြောင်း၊ နောက်ဆုံးရွှေနေငှါး၍ တရားစွဲလိုက်ကြောင်း တို့ဖြစ်သည်။

တရားလိုက အဆိုလွှာတွင် ပထမတရားပြိုင် သူကြီး ဦးစိုးဟန်သည်၊ ဒုတိယ တရားပြိုင်ဖြစ်သူ (တရားလိုနှင့် နာမည်တူသော) တရွာတည်းနေ ဦးချစ်ရာနှင့် ပူးပေါင်း၍၊ ဆုငွေ တသောင်းကို ရန်ကုန်မြို့သို့ သွားထုတ်ရန် စီစဉ်နေကြောင်း သိရှိရကြောင်း။ တတိယ တရားပြိုင်က ထီလက်မှတ် သိမ်းယူထားကြောင်း၊ အချင်းဖြစ် ထီလက်မှတ်ကို တရားလိုသာပိုင်ကြောင်း မူတည်၍ တရားလိုသည် အဆိုပါ ဦးစိုးဟန်၊ ဦးချစ်ရာနှင့် အောင်ဘာလေ သိန်းဆုဌာန အုပ်ချုပ်ရေးမှူးတို့အပေါ် တရားစွဲ၍ တရားလိုသည်သာလျှင် အချင်းဖြစ် ထီလက်မှတ်ကို ပိုင်ဆိုင်ကြောင်း အတိအလင်း မြွက်ဟကျေညာ၍၊ ဒီကရီ ချပေးပါရန် အဓိကအားဖြင့် တောင်းဆိုခဲ့သည်။

၂-တရားပြိုင်က မိမိ၏ချေလွှာတွင် ထုချေခဲ့သည်မှာ အချင်းဖြစ် ထီလက်မှတ်ကို နတ္တလင်းမြို့၊ မင်းလမ်းရှိတရုပ်လက်ဘက်ရည်ဆိုင်တွင် မောင်စောဝင်းနှင့် ဦးစိုးဟန်တို့ ရှေ့၌ ပေါင်းတည်မြို့မှ ဝိဇ္ဇာအောင် (ဦးအောင်ကြီး) ထံမှ ဝယ်ယူခဲ့ကြောင်း၊ ၁-တရားပြိုင်က အချင်းဖြစ်ထီလက်မှတ်ကို ၂-တရားပြိုင် ဝယ်ယူခဲ့ကြောင်း၊ တရားလို၏စွပ်စွဲချက်များကို ငြင်းဆိုကြောင်း ထုချေသည်၊ ၃-တရားပြိုင်ကမူ တရားလိုသည် မိမိအဆိုပြုသည့်အတိုင်း ပိုင်ရှင် အမှန်ဖြစ်ကြောင်း သက်သေထင်ရှားပြုရန်တာဝန် ရှိကြောင်း၊ အငြင်းပွားလျက်ရှိသောထီလက်မှတ်ကိုသိမ်းဆည်းထားကြောင်း၊ အမှန်တကယ် အငြင်းပွားမှုမှာတရားလိုနှင့် တရားပြိုင် အမှတ် ၁ နှင့် ၂ တို့သာ သက်ဆိုင်သဖြင့် ၃-တရားပြိုင်ပေါ်တွင်တရားစရိတ်ကို မချမှတ်သင့်ကြောင်းတင်ပြသွားသည်။

၁၉၇၁

ဦးချမ်ရာ
နှင့်
၁။ ဦးစိုးဟန်၊
၂။ ဦးချစ်ရာ၊
၃။ အုပ်ချုပ်ရေးမှူး၊ အောင်ဘာလေ သိန်းဆု ၄၁၁။

မူလရုံး တရားသူကြီးသည် အဓိက ကောက်ချက်အနေဖြင့် ဤကဲ့သို့ ချမှတ်လိုက်သည်။

“ အချင်းဖြစ် ထီလက်မှတ်ကို မည်သူ ပိုင်ဆိုင်ပါသလဲ ”။

တရားလိုနှင့် တရားလိုပြ သက်သေများ၊ တရားပြိုင်များနှင့် တရားပြိုင်များပြ သက်သေများနှင့် တရားလို၊ တရားပြိုင်တို့ တင်သွင်းကြသော သက်သေခံချက်များကို သုံးသပ်ပြီးနောက်၊ မူလရုံး တရားသူကြီးသည် မိမိ၏ ၁၉၇၀ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့စွဲပါ စီရင်ချက် ဒီကရီဖြင့်၊ တရားလိုဦးချစ်ရာ စွဲဆိုသည့်အမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သဖြင့် တရားလိုဦးချစ်ရာက မကျေနပ်၍ ဤရုံးသို့အယူခံ ဝင်ရောက်လာခြင်း ဖြစ်သည်။

အယူခံ တရားလို၏ တရားရုံးချုပ် ရှေ့နေကြီး ဦးကိုက်ကြီးက၊ မူလရုံးအမှုတွဲတွင် **ပါရှိသည့်** သက်သေခံချက်များအရ၊ မိမိ၏အမှုသည် အယူခံတရားလို ဦးချစ်ရာသည်၊ **အချင်းဖြစ်** ထီလက်မှတ်၏ပိုင်ရှင်ဖြစ်ကြောင်း မြွက်ဟာဒီကရီရထိုက်ရပါသည်ဟုလျှောက် **လဲသွားသည်၊** ယင်းကဲ့သို့ လျှောက်လဲရာ၌ (**ကွယ်လွန်သူ မစ္စတာ ဂျိန်းမာတီနီ၏ အမွေစား အမွေခံများ** ဖြစ်ကြသော) **ဒေါ်ခင်လေး ပါ-၆ နှင့် မစ္စအယ်လန်နာနစ်မာ တိနီပါ ၂(၁)** **အမှု**ကို အားကိုးအားထားပြု၍ သက်သေထွက်ချက်များကို ဝေဖန်ပြီး **လျှောက်လဲသွားသည်။**

၂-**အယူခံတရားပြိုင်** ဦးချစ်ရာ၏ 'တရားရုံးချုပ်ရှေ့နေ ဦးတင်မောင်က၊ မူလရုံး တရားသူကြီး**သည်** **သက်**သေများကို ကိုယ်တိုင်မြင်တွေ့ ကြားနာပြီးမှ စီရင်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ **တရားလိုသည်** အချင်းဖြစ်ထီလက်မှတ်ကို ဝယ်ယူသည်ဟုဆိုရာ၌

---

(၁) **၁၉၆၆ ခုနှစ် မြန်** မာနိုင်ငံစီရင်ထုံး၊ ၁၃၇၁။

၁၉၇၁
ဦးချစ်ရာ
နှင့်
၁။ ဦးစိုးဟန်၊
၂။ ဦးချစ်ရာ၊
၃။ အုပ်ချုပ်ရေးမှူး၊ အောင်ဘာလေ သိန်းဆုဌာန။

မိမိကိုယ်တိုင် သက်သေခံ ထွက်ဆိုသည်မှလွဲ၍ အခြားသက်သေ အထောက်အထား မတင်ပြနိုင်ကြောင်း ဖြင့်လျှောက်လဲသွားသည်။ ၃-အသူခံဘာသာပြိုင်အတွက် လိုက်ပါ ဆောင်ရွက်သည့် အစိုးရ တရားရုံးချုပ်ရှေ့နေ မစ္စတာ အာကစ်၊ ကော၊ ဂိုရ်ရှက၊ အရေးပါ အရာရောက်သော သက်သေတဦးဖြစ်သူ ဝိဇ္ဇာအောင် (ဦးအောင်ကြီး)ကို၊ တရားလို ဘက်မှ သက်သေမထူခဲ့ကြောင်း၊ ထိုဦးအောင်ကြီးအား သက်သေအဖြစ်နှင့် အစစ်ခံ စေရန်အတွက် ဆောင်ရွက်သင့်ကြောင်း၊ လိုအပ်လျှင် ကော်မရှင်ထုတ်၍ စစ်မေးသင့် ကြောင်း သက်သေထင်ရှား ပြရန်မှာ တရားလို၏ တာဝန်ဖြစ်ကြောင်း လျှောက်လဲ သွားသည်။

ဤအမှုတွင် အယူခံတရားလိုက အချင်းဖြစ် ထီလက်မှတ်ကို မိမိပိုင်ဆိုင်ကြောင်း မြွက်ဟဒီကရီတောင်းထားသည်။ ယင်းသို့ပိုင်ဆိုင်ကြောင်းကို သက်သေထင်ရှား ပြသ ရန်မှာ အယူခံတရားလို ဦးချစ်ရာ၏ တာဝန်ဖြစ်သည်။အချင်းဖြစ် ထီလက်မှတ်ကို မိမိ ပိုင်ဆိုင်ကြောင်း သက်သေပြခြင်း၊ သက်သေထူခြင်းတို့ကို အယူခံတရားလို ဦးချစ်ရာ ကသာ လုံးဝဆောင်ရွက်ရမည် ဖြစ်သည်။ မိမိသည် အချင်းဖြစ် ထီလက်မှတ်ကိုပိုင်ဆိုင် ကြောင်း ထင်ရှားစေသော၊ လုံလောက် ခိုင်လုံသော သက်သေခံချက်များရှိရမည်။

အဆိုလွှာ၌ပင် ထင်ထင်ရှားရှား ဖေါ်ပြထားသည့် အချက်မှာ အချင်းဖြစ် ထီ လက်မှတ်သည် ၎င်း၏လက်ဝယ်၌ မရှိဟူသော အချက်ပင်ဖြစ်သည်။ အယူခံတရားပြိုင် အမှတ် ၂-ဦးချစ်ရာသည်၊အချင်းဖြစ်ထီလက်မှတ်ကို မိမိလက်ဝယ်၌ရှိခဲ့၍၊ မိမိကိုယ်တိုင် ကပင်လျှင် အောင်ဘာလေ သိန်းဆုဌာနသို့ ထိုလက်မှတ်ကို တင်ပြ၍ ဆုငွေတောင်းခံ ကြောင်း သက်သေခံချက်များအရ ပေါ်လွင်သည်။ အောင်ဘာလေ သိန်းဆုဌာနက ထိုထီလက်မှတ်နှင့် ပတ်သက်၍ အငြင်းပွား နေကြသဖြင့် အချင်းဖြစ် ထီလက်မှတ်ကို သိမ်းဆည်းထားရာမှ မူလရုံးအမှုတွဲတွင် သက်သေခံအမှတ် ၁ အဖြစ်တင်သွင်းထားခဲ့ သည်။ အချင်းဖြစ် ထီလက်မှတ်သည် အယူခံတရားလို၏ လက်ဝယ်၌မရှိဘဲ၊ အငြင်းပွါး သောအချိန်၌အယူခံတရားပြိုင် အမှတ် ၂ ၏လက်ဝယ်၌ရှိနေသည်ဟူသော အကြောင်း ချင်းရာနှင့်ပတ်သက်သော အချက်ကို နှစ်ဦး နှစ်ဘက် အမှုသည်တို့သည် အငြင်းမပွါး ကြပေ။

သက်သေခံ အက်ဥပဒေပုဒ်မ ၁၁၀ တွင် ပြဋ္ဌာန်းထားသည်မှာ ပစ္စည်းတခုခုကို လက်ဝယ်၌ ထားရှိလျက်ရှိသောသူတယောက်သည်၊ ထိုပစ္စည်း၏ ပိုင်ရှင်ဟုတ် မဟုတ် ဟူသော ပြဿနာပေါ်ပေါက်လာသော အခါ၌ ထိုသူသည် ပိုင်ရှင်မဟုတ်ကြောင်း သက်သေထင်ရှား ပြရန်တာဝန်သည် ထိုသူသည် ပိုင်ရှင်မဟုတ်ပါဟု ပြောဆိုသူ၏ အပေါ်တွင် ကျရောက်သည်။ ဆိုခဲ့ပြီးဖြစ်သော ဒေါ်ခင်လေးပါ-၆ နှင့် **မစ္စအယ်လန်နှာ**

၁၉၇၁

ဦးချစ်ရာ နှင့် ၁။ ဦးစိုးဟန်၊ ၂။ ဦးချစ်ရာ၊ ၃။ အုပ်ချုပ်ရေးမှူး၊ အောင်ဘာလေ သိန်းဆုငှာန။

နှစ်မာတိနီ (၁) အမှုစီရင်ထုံးတွင် သက်သေခံဥပဒေပုဒ်မ ၁၁၀ ကို သုံးသပ်ရာ၌ ဤသို့ ဖေါ်ပြထား၏။

"Possession is nine points of the law ဟုဆိုရိုးစကားရှိပေသည်။ လက်ရှိရခြင်းသည် ပိုင်ခြင်း လက္ခဏာ ရှိသည်"

သက်သေခံ ဥပဒေပုဒ်မ ၁၁၀ နှင့် ပတ်သက်၍၊ ဤတရားရုံးချုပ်က **ဒေါ်စောရှင်ပါ-၅** နှင့် **ခွါကီးယားဘွတ် ပါ-၃၆** (၂) အမှုစီရင်ထုံး၌ ဤသို့ မြွက်ဟထား၏။

"အထက်၌ ဖေါ်ပြခဲ့သည့် အတိုင်း၊ အခင်းဖြစ် မြေကွက်သည် ခွါဆေးအင်း လက်ရှိဖြစ်ခဲ့သည်မှာ၊ နှစ်ပရိစ္ဆေဒ အတန်ပင် ကြာမြင့်ခဲ့သည်ဖြစ်၍၊ ထိုမြေကို ခွါဆေးအင်း မပိုင်ကြောင်း၊ မိမိတို့၏ ဘုံအိမ်အသင်းသာလျှင် ပိုင်ဆိုင်ကြောင်း သက်သေထင်ရှားပြရန် တာဝန်မှာ၊ ဘုံအိမ် အသင်းသားများ၏ ကြီးလေးသော တာဝန်ဖြစ်ပေသည်။"

သက်သေခံ ဥပဒေက ရှင်းလင်းပြတ်သားစွာ ပြဋ္ဌာန်းထားသည်မှာ၊ ပစ္စည်းတခုကို လက်မှဲ့ဖြစ်နေသူသည် ထိုပစ္စည်း၏ ပိုင်ဆိုင်သူ ဖြစ်ကြောင်း အဆိုပြုသည့်အခါ၌၊ ထိုပစ္စည်း၏ ပိုင်ဆိုင်သူဖြစ်ကြောင်းကို ၎င်းပစ္စည်း လက်မဲ့ဖြစ်နေသူက သက်သေထင်ရှားပြရန် တာဝန်ရှိသည်။ ဤအမှုတွင် အယူခံတရားလိုက၊ အချင်းဖြစ် ထီလက်မှတ်ကို မိမိပိုင်ဆိုင်ကြောင်း သက်သေထင်ရှား ပြနိုင်ခြင်း ရှိခဲ့ပါသလောဟု ဆန်းစစ်ချင့်ချိန်ကြည့်ရပေလိမ့်မည်။ ထိုသို့ ချင့်ချိန် ဆန်းစစ်သည့်အခါ၌ ဤသို့ တွေ့ရှိရသည်။

အယူခံတရားလိုက သူထီလက်မှတ်ဝယ်ပုံ၊ ဦးထွန်းရွှေနှင့် တွေ့ပုံ၊ ကိုစံအေးနွားရှာ**ပေးပုံ၊** ထီလက်မှတ်ကို ထုတ်ပေးပုံ၊ ထိုနေ့၌ပင် အယူခံ တရားပြိုင်အမှတ် ၁၊ ဦးစိုးဟန်**အိမ်ရှေ့၌** တွေ့ကြပုံ၊ ထီလက်မှတ်ပါသည့် အထုပ်ကို အိတ်ထဲက ထုတ်၍၊ ဒိတ်တား**ပျက်ကြီးကို** ငါပြင်မယ်ကွဟု ပြောဆိုပုံ၊ ထီပေါက်ပြီးနောက် ဦးစိုးဟန်က၊ သူ့ဆီမှာ**ထီလက်မှတ်** ရှိကြောင်း ပြောပုံ၊ သူနှင့် ထုတ်ကြမယ် ပြောပုံတို့ကို ထွက်ဆိုပြီးလျှင်၊ **ဦးထွန်းရွှေနှင့် ဦးစံ**အေးတို့ ထောက်ခံ သက်သေခံကြသည်။ ထီလက်မှတ်ကို ဦးစိုးဟန်က သူ့ထံ**တွင်ရှိကြောင်း** ဆိုက်ကားသမား ကိုလှကြည် ပြန်ပြော၍ သိရကြောင်း၊ ဦးမြမောင်က **သက်**သေခံသည်။ ကိုစံအေးကို သက်သေ ဦးမောင်လှိုင်က နွားဘမ်းပေးခြင်းနှင့် ပတ်**သက်၍** ထောက်ခံသည်။ ကိုပုသည် ဦးထွန်းရွှေနှင့် ဦးစိုးဟန်တို့ ထီလက်မှတ်ငွေ ထုတ်**သည့်ကိစ္စ** ဆွေးနွေးပုံကို သက်သေ ခံထားသည်။

(၂) ၁၉၆၃၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၇၆၅ (၇၆၈)။

၁၉၇၁

ဦးချစ်ရာ နှင့် ၁။ ဦးစိုးဟန်၊ ၂။ ဦးချစ်ရာ၊ ၃။ အုပ်ချုပ်ရေးမှူး၊ အောင်ဘာလေ သိန်းဆု ဌာန။

တရားလိုသည် မူလရုံး၌ ကိုယ်တိုင် အစစ်ခံခဲ့စဉ်အခါက၊ မိမိသည် ဦးအောင်ကြီး ထိဆိုင်မှ လက်မှတ် ဝယ်ခဲ့ကြောင်း၊ ဦးအောင်ကြီး ကိုယ်တိုင် ထိလက်မှတ်နှင့် လက်ခံ ဖြတ်ပိုင်းပေါ်တွင်၊ အတိတ်၊ အမည်၊ နေရပ်လိပ်စာတို့ကို ရေးမှတ်ခဲ့ကြောင်း၊ ၁၁ ရက်လောက်ကြာသောအခါ၌ ဦးအောင်ကြီးက အယူခံတရားလို၏ ရွာသို့ လာရောက်၍ ထိထိုးသလားဟု မေးခဲ့ကြောင်း၊ ထိုအခါ အယူခံတရားလိုကပင်လျှင် သူနှင့် နာမည်တူ ကိုချစ်ရာတောင်စုမှာ ရှိသည်၊ သွားချည်ဦးဟု ပြောလိုက်ကြောင်း၊ ၎င်းနောက်တောင်စုမှ ဦးအောင်ကြီး အပြန်တွင် အယူခံ တရားလိုအား၊ ခင်ဗျား ထိပေါက်တာ ကျွန်တော့်ကို လိမ်တယ်ဟု ပြောပြီး၊ ဦးအောင်ကြီးက ဝမ်းသာအားရနှင့် အယူခံတရားလိုကို လာဖက်ကြောင်း၊ ၎င်းနောက် ဦးအောင်ကြီးက ထိလက်မှတ်တောင်းကြောင်း၊ ယင်းကဲ့သို့ တောင်းသောအခါ၌ အယူခံ တရားလိုက အင်္ကျီအိတ်ထဲသို့ ကြည့်ရှုသောအခါ နွားဝယ်သည့် လက်မှတ်သာ ရှိကြောင်း၊ ထိလက်မှတ်ကို မတွေ့ရှိရကြောင်း၊ ထိလက်မှတ် ပျောက်ဆုံးကြောင်းကို ဦးအောင်ကြီးအား ပြောပြကြောင်း၊ ဦးအောင်ကြီးက ပြန်သွားကြောင်း စသည်ဖြင့် အဓိက စစ်မေးချက်တွင် ထွက်ဆိုသွားသည်။ အယူခံ တရားပြိုင် အမှတ် ၂ ၏ ရှေ့နေ ဦးတင်မောင်က ပြန်လှန်မေးခွန်းထုတ်သောအခါ၌ တရားလိုက၊ ထိလက်မှတ် မည်သည့်နေရာတွင် ပျောက်ခဲ့သည်ကို မသိကြောင်း ပြန်လည် ဖြေကြားထားသည်။ အစိုးရ ရှေ့နေ ဦးအောင်သန်းထွန်းက ပြန်လှန် မေးခွန်း ထုတ်သောအခါ၊ အယူခံ တရားလို ဖြေကြားသည်မှာ၊ "ကျွန်တော် ရွာပြန်ရောက်ပြီး ၁၁ ရက်လောက်ရှိမှ ဦးအောင်ကြီး လာပါသည်။ ဒီကြားထဲတွင် ထိလက်မှတ် ပျောက်ကြောင်းကို မည်သူ့ကိုမျှ ကျွန်တော် မပြောခဲ့ပါ" ဦးအောင်ကြီးထိပေါက်ပြီးနောက် ရွာသို့ လာသည့်အခါ၌ ပြောကြဆိုကြပုံတို့ကို၊ ဒေါ်မဲက သက်သေထွက်ဆိုထား၏။ ဦးရေအေးက ဦးအောင်ကြီးကို ထိုနေ့က အယူခံတရားပြိုင် ကိုချစ်ရာထံ ခေါ်သွားပုံ၊ ထိုနေရာ၌ ပြောပုံဆိုပုံတို့ကို သက်သေခံထား၏။ ဦးအောင်ကြီးက တရားလို ထိပေါက်ကြောင်း ပြောပြပုံကို သက်သေထွက်ဆိုထား၏။ ဦးအောင်ကြီးကိုမူ သက်သေအဖြစ် စစ်ဆေးထားခြင်း မရှိသည်ကို တွေ့ရ၏။

မူလရုံးတွင် ၂ တရားပြိုင်ဖြစ်၍၊ ဤအယူခံမှုတွင်ဤအယူခံတရားပြိုင် အမှတ် ၂ ဖြစ်သော ဦးချစ်ရာသည် သက်သေခံရာ၌၊ အချင်းဖြစ် ထိလက်မှတ်ကို သူသည် နတ္တလင်းမြို့တွင် ထိုးခဲ့သည်။ တရုတ်လက်ဘက်ရည်ဆိုင်တွင်ဖြစ်သည်၊ ထိုထိလက်မှတ်ကို တရုတ်လက်ဘက်ရည်ဆိုင်တွင် ပေါင်းတည်မှ ဦးအောင်ကြီးထံမှ ထိုးခဲ့သည်။ ထိုထိလက်မှတ် ထိုးစဉ်အခါ ဦးမြအုံး၊ ဦးစောဝင်းနှင့် ဦးစိုးဟန်တို့ရှိကြသည်။ ထိုသို့စဉ်က တံတားပြင်ရန်ဆိုသော အတိတ်နှင့် ထိုးခဲ့သည်။ ကိုမြအုံး၊ ကိုစောဝင်းနှင့် ဦးစိုးဟန်

၁၉၇၁

ဦးချစ်ရာ နှင့်
၁။ ဦးစိုးဟန်၊
၂။ ဦးချစ်ဆွ၊
၃။ အုပ်ချုပ်ရေးမှူး၊ အောင်ဘာလေ သိန်းဆု ဌာန။

တို့က၊ အယူခံ တရားပြိုင် အမှတ် ၂ သည်၊ ဦးအောင်ကြီးထံမှ ထိထိုးကြောင်း သက်သေခံထားကြသည်။ အယူခံတရားလိုသည် ထိထိုးစဉ် အခါက၊ မည်သူမည်ဝါ များရှိကြောင်း သက်သေ မထူနိုင်ခဲ့ပေ။ အယူခံ တရားလို၏ ရှေ့နေ ဦးကိုကိုကြီးက ထိထိုးသည့်အခါ၌ သက်သေများ ခေါ်သွားလေ့ မရှိကြောင်း၊ လျှောက်လဲချက်မှာ လည်း မှန်ကန်ပေသည်။ သို့သော် အယူခံ တရားလို ထိထိုးပါသည်ဟု ထောက်ခံ ထွက်ဆို သက်သေခံနိုင်သူမှာ၊ အဆိုလွှာအရ ဦးအောင်ကြီးဖြစ်ပေသည်။ ဤအမှုတွင် ထိထိုးသူသည် အယူခံ တရားလို ဦးချစ်ရာ ဖြစ်သလား၊ သို့မဟုတ်၊ အယူခံတရားပြိုင် အမှတ် ၂ ဦးချစ်ရာ ဖြစ်သလား ဟူသော မေးခွန်းကို ဖြေကြားရာ၌၊ များစွာပင် အကူအညီပြုနိုင်သည့် သက်သေမှာ ဦးအောင်ကြီးပင် ဖြစ်သည်။

ဦးအောင်ကြီးကို မူလရုံး၏ အမှုတွဲမှတ်တမ်းများထဲတွင် သက်သေအဖြစ် အစစ်ခံ ထားသည်ကို မတွေ့ရှိရပေ။ မူလရုံး အမှုတွဲ မှတ်တမ်းများအရ၊ အယူခံ တရားလို ဘက်မှ ဦးအောင်ကြီးကို သက်သေအဖြစ် စာရင်းတင်ပြခဲ့သည်။ အယူခံ တရားလို ဦးချစ်ရာအား စစ်မေးစဉ်အခါ၊ ဦးချစ်ရာက ဤကဲ့သို့ သက်သေထွက်ဆိုထားသည်။

> "ဦးအောင်ကြီးသည် ဤအမှုတွင် ကျွန်တော် သက်သေပြထားပါသည်။ ယခု ရုံးရှေ့တွင် ကျွန်တော် ခေါ်ယူပြသော သက်သေဖြစ်ပါသည်။ (ဦးအောင် ကြီး ဆိုသူအား ရုံးအပြင်ဘက်မှ ခေတ္တ ခေါ်ယူပြသပြီး ထွက်ဆိုသည်။)"

ထိုထွက်ဆိုချက်ကို ထောက်ရှုခြင်းအားဖြင့်၊ ဦးအောင်ကြီးသည် ထိုနေ့ကရုံးသို့ လာသည်ဟု အယူခံ တရားလို၏ ရှေ့နေ၏ တင်ပြချက်မှာ လက်ခံနိုင်စရာ အကြောင်း ရှိသည်။ တရားလိုဘက်မှ ထိုသက်သေကို ၁၉၆၉ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက် နေ့တွင် မစစ်မေးနိုင်ခဲ့သည်မှာ၊ ညနေ ၄ နာရီ ထိုးပြီး ရုံးချိန် ကုန်ဆုံးသွားသည့် အတွက်ကြောင့်ဖြစ်သည်ဟု နေ့စဉ် မှတ်တမ်း အရ ပေါ်လွင်သည်။ ၎င်းနောက် တွင် အယူခံတရားလိုက အခြား သက်သေများကို စစ်မေးခဲ့သော်လည်း၊ ဦးအောင်ကြီး ကို မစစ်ဆေးဘဲ နေခဲ့သည်။ ၁၉၇၀ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် မူလရုံး၏ နေ့စဉ် မှတ်တမ်း၌ ဤကဲ့သို့ ရေးမှတ်ထား၏။

> "ယနေ့ တရားလိုပြ သက်သေ အမှတ် ၇ နှင့် ၈ တို့ကို စစ်ဆေး၍ ပြီးစီးသည်။ ကျန် သက်သေ ဦးအောင်ကြီး (ခ) ဝိဇ္ဇာအောင် ဆိုသူ မလာသဖြင့်၊ ၎င်းသက် သေအား စွန့်ပယ်ပါသည်ဟု ဆိုပြီး၊ ရှေ့နေ ဦးဘအုံးက တရားလိုဘက်မှ သက်သေစစ်ဆေးခြင်းကို နိဂုံးချုပ်ကြောင်း လျှောက်ထားသည်။"

၁၉၇၁
ဦးချစ်ရာ နှင့် ၁။ ဦးစိုးဟန်၊ ၂။ ဦးချစ်ရာ၊ ၃။ အုပ်ချုပ်ရေးမှူး၊ အောင်ဆာလေ သိန်းဆု ၄၃၈။

ဤအမှုတွင် တရားလို တရားပြိုင်တို့ အငြင်းမပွါးသော အချက်တို့မှာ၊ ထီလက်မှတ်မှာ ဝိဇ္ဇာအောင် (ခ) ဦးအောင်ကြီးဆိုင်က ရောင်းလိုက်သော ထီလက်မှတ်ဖြစ်ကြောင်း၊ ထီလက်မှတ်ပေါ်တွင် ရေးသားချက်များသည် ဦးအောင်ကြီး၏ လက်ရေးများဖြစ်ကြောင်း၊ ထီဖွင့်ပြီးသည့် နောက်ပိုင်းတွင် ဦးအောင်ကြီးသည် ရွာသို့ ရောက်လာပြီး အယူခံ တရားလို ဦးချစ်ရာနှင့်ရော၊ အယူခံ တရားပြိုင် အမှတ် ၂ ဦးချစ်ရာနှင့်ရော တွေ့ဆုံ စကားပြောခဲ့ကြောင်း။ အငြင်းပွါးသည့် အချက်မှာ ဦးချစ်ရာ နှစ်ယောက်ရှိသည့်အနက်၊ မည်သည့် ဦးချစ်ရာသည် ဦးအောင်ကြီးထံမှ အချင်းဖြစ် ထီလက်မှတ်ကို ဝယ်ယူခဲ့ပါသနည်း၊ ထီဖွင့်ပြီးနောက် ဦးအောင်ကြီးသည်၊ အယူခံ တရားလို ဦးချစ်ရာနှင့် အယူခံ တရားပြိုင် အမှတ် ၂ ဦးချစ်ရာတို့နှင့် ရွာတွင် သွားတွေ့စဉ်က၊ မည်သို့ မည်ပုံ ပြောဆိုခဲ့ကြပါသနည်း ဟူသော အချက်တို့ပင် ဖြစ်သည်။

ဦးအောင်ကြီးသည် ဤအမှုဖြစ်ရပ်များတွင်၊ အရေးပါ အရာရောက်သော သူတယောက်ဖြစ်သည်။ ဤအမှုတွင် အရေးကြီးသော သက်သေ တယောက်ဖြစ်သည်။ တရားလိုဘက်က ပြောဆိုချက်များ မှန်သလား၊ တရားပြိုင် အမှတ် ၁ နှင့် ၂ တို့ဘက်က ပြောဆိုချက်များ မှန်သလား ဟူသော အချက်များကို စဉ်းစားရာ၌၊ ဦးအောင်ကြီး၏ သက်သေခံချက်သည် (ရှိခဲ့လျှင်) အရေးကြီးသည့် သက်သေခံ အထောက်အထားဖြစ်မည်မှာ မလွဲပေ။ တရားလိုသည် ဦးအောင်ကြီးနှင့် ပတ်သက်၍၊ အဆိုလွှာနှင့်သက်သေအစစ်ခံချက်တို့တွင် ဖေါ်ထုတ်ပြောဆိုပြီးနောက်၊ ဦးအောင်ကြီးကို သက်သေအဖြစ်မှ ပယ်လိုက်ခြင်းကြောင့် စဉ်းစားရန် အချက်ပေါ်လာသည်မှာ၊ မည်သည့် အတွက်ကြောင့် ဦးအောင်ကြီးကို သက်သေအဖြစ်မှ မစစ်ဆေးဘဲ ပယ်လိုက်ပါသနည်း၊ မှတ်တမ်းတွင် အကြောင်း မပေါ်လွင်ပေ။ သို့ဖြစ်လေရကား၊ ဥပဒေအရ မည်ကဲ့သို့ စဉ်းစားရမည်ကို ဆွေးနွေးရန် လိုအပ်ပေသည်။

အမှုသည် တယောက်က သက်ဆိုင်ရာ အမှုတွင်၊ လူတယောက်သည် သက်သေအဖြစ် ရုံးရှေ့သို့လာရောက်၍ အစစ်ခံရန် လိုအပ်လျှင်၊ မိမိကိုယ်တိုင်လည်း ခေါ်ယူလာနိုင်သည်၊ တရားရုံးမှ တဆင့် သမ္မာန်စာချ၍လည်း ခေါ်ယူနိုင်ပေသည်။ အကယ်၍ သမ္မာန်စာချရာ၌ အတည်ဖြစ်ပါလျက်နှင့် သက်သေက ရုံးသို့ မလာရောက်ဘဲနေလျှင်၊ တရားရုံးမှ ဝါရမ်းထုတ်ဆင့်၍ သက်သေကို ရုံးသို့ လာရောက်စေရန် ဆောင်ရွက်ပေးနိုင်သည်။ အမှုသည်က လျှောက်ထောင်းလျှင်၊ ရုံးချိန်ကုန်ဆုံး၍ မစစ်ဆေးနိုင်သော အရေးကြီးသော သက်သေကို၊ နောက် တနေ့တွင်၊ သို့မဟုတ် အနီးကပ်ဆုံး ရက်ချိန်းတွင် ရုံးက စစ်ဆေးပေးမည်မှာ မလွဲပေ။ ထို့ပြင်၊ ရုံးရှေ့သို့ မလာရောက်နိုင်သော သက်သေများ၊ သို့မဟုတ် တရားရုံး၏ စီရင်ပိုင်ခွင့် အာဏာရှိသော နယ်နိမိတ်ပြင်ပတွင် ရှိနေသော သက်သေများ၊ သို့မဟုတ် နယ် နိမိတ်ပြင်ပသို့ သွားအံ့ဆဲဆဲ

သက်သေများကို စစ်ဆေးလိုလျှင်၊ တရားရုံးက ကော်မရှင် ထုတ်ဆင့်၍ စစ်ဆေးနိုင်သည်။ အယူခံ တရားလိုသည် တရားဥပဒေက ပေးထားသော ထိုအခွင့်အရေးများကို အသုံးမပြုဘဲ၊ မိမိအလို အလျောက် အရေးပါ အရာရောက်သော သက်သေဦးအောင်ကြီးကို ပယ်လိုက်ခြင်းပင်ဖြစ်သည်။

၁၉၇၁

ဦးချစ်ရာ
နှင့်
၁။ ဦးစိုးဟန်၊
၂။ ဦးချစ်ရာ၊
၃။ အုပ်ချုပ်ရေးမှူး၊ အောင်ဘာလေ သိန်းဆု ဌာန။

သက်သေခံ ဥပဒေ၏ အခြေခံ မူတရပ်မှာ၊ အမှုသည်တို့သည် မိမိရရှိနိုင်စွမ်းရှိသော အကောင်းဆုံးသော သက်သေခံချက်များကို တင်ပြရန်လိုအပ်သည်ဟူသော မူပင်ဖြစ်သည်။ အကြောင်းချင်းရာများနှင့် ပတ်သက်၍ သက်သေထင်ရှား ပြရန် အတွက်၊ သက်သေခံချက်များ တင်ပြသည့် အခါ၌ တင်ပြနိုင်စွမ်းရှိသော သက်သေခံချက်များ အနက်၊ အကောင်းဆုံးသော သက်သေခံချက်များ (best evidence producible) ကို တင်ပြရမည်။ ယင်းကဲ့သို့ မတင်ပြဘဲ၊ ဒုတိယတန်းစား၊ တန်ဘိုးလျော့နည်းသော (second rate) သက်သေခံချက်များကို မတင်ပြထိုက်ပေ။ **မငြိမ်းလှ နှင့် မရင်**(၃) အမှုစီရင်ထုံးကို ကြည့်ပါ။

အီဗရာဟင်ဒေါ် ဂျီဂျီဝါး နှင့် အဂျမ်မိုဟာမက်လူဘားဝါလာ (၄) အမှုစီရင်ထုံး၌လည်း၊ တင်ပြရန် ရရှိနိုင်သော သက်သေခံချက်များ အနက်၊ အကောင်းဆုံးသော သက်သေခံချက်များကို ရုံးသို့ တင်ပြသင့်ကြောင်းကို ဖေါ်ပြထားသည်ကို တွေ့ရ၏။

သက်သေခံ ဥပဒေပုဒ်မ ၁၁၄ နှင့် ဥဒါဟာရဏ် (ဆ) ၏ သဘောမှာ အောက်ပါ အတိုင်း ဖြစ်ပေသည်။

"သက်သေခံချက် တစုံတရာကို တင်ပြနိုင်ပါလျက်နှင့် မတင်ပြဘဲနေလျှင် ထိုသို့ တင်ပြသည်ရှိသော် ယင်းကဲ့သို့ မတင်ပြဘဲ ထားသော သက်သေခံချက်သည်၊ ယင်းကဲ့သို့ မတင်ပြဘဲ ထားသူ အတွက် အကျိုး မပြုဘဲ၊ ၎င်း၏အကျိုးကို ဆန့်ကျင်မည့် သက်သေခံချက်မျိုး ဖြစ်သည်ဟူ၍၊ တရားရုံးက ပဏာမအားဖြင့် မှတ်ယူနိုင်သည်။"

ဦးကိုရွှင်နှင့် တဦး နှင့် အက်ဒွပ်နှင့် အများ (၅) အမှုစီရင်ထုံးတွင် ဤကဲ့သို့ **သုံးသပ်ထားသည်**ကို တွေ့ရသည်။

"**The om**ission on the part of the party to call material **witnesses raises** the inference that the evidence of those **witnesses, if it** had been procured, would have been un-**favourable.**"

---

(၃) အတွဲ ၃၊ **မြန်မာနိုင်ငံစီရင်ထုံး**၊ ၂၄၆။
(၄) ၁၉၅၀၊ **မြန်မာနိုင်ငံစီရင်ထုံး**၊ ၂၇၀ (၂၉၉) (တရားလွှတ်တော်ချုပ်)။
(၅) အေ၊ အိုင်၊ **အာ(ရ်)၊** ၁၉၃၄၊ ရန်ကုန်၊ ၁၃၉။

၁၉၇၁
ဦးချစ်ရာ
နှင့်
၁။ ဦးစိုးယာန်၊
၂။ ဦးချစ်ရာ၊
၃။ အုပ်ချုပ်ရေးမှူး၊ အောင်ဘာလေ သိန်းဆု
ဌာန။

ဤအမှုနှင့် **တိုက်ရိုက်သက်ဆိုင်မှုရှိသော၊ ဂရာပရာဆပ် နှင့် ဦးကျော်ရွှေ** (၆) အမှုစီရင်ထုံး၌၊ **တရားရုံးချုပ်** တရားသူကြီး ဦးသက်ဖေကလည်း၊ သက်သေခံ အက်ဥပဒေ ပုဒ်မ ၁၁၄၊ ဥဒါဟာရဏ် (ဆ) နှင့် ပတ်သက်၍၊ ဤသို့ မြွက်ဟထားသည်။

"အယူခံတရားခံ၏ သက်သေများက၊ အယူခံ တရားလို ထုတ်ချေးထားသည့် ငွေရင်း ငွေတိုးများကို၊ အယူခံ တရားလို၏ တပည့် ကိုဟာမြစ်ဆိုသူသည်၊ အယူခံ တရားလို အတွက် လိုက်လံ ကောက်ခံကြောင်း အတိအလင်း စွပ်စွဲထားကြရာ၊ ထိုစွပ်စွဲချက်သည် မဟုတ် မမှန်ကြောင်း အယူခံ တရားလို အနေဖြင့်၊ ကိုဟာမြစ်အား သက်သေအဖြစ် စစ်ဆေးပြီး ဖြေရှင်းရန် တာဝန်ရှိသည်။ သို့ရာတွင် အယူခံ တရားလိုသည်၊ ကိုဟာမြစ်အား သက်သေအဖြစ်မှ စွန့်ပယ်ကာ စစ်ဆေးခြင်း မပြုခဲ့သဖြင့်၊ သက်သေခံ ဥပဒေ ပုဒ်မ ၁၁၄ ၏ ဥပမာ (ဆ)အရ၊ ၎င်း၏ အကျိုးကို ဆန့်ကျင်ပြီး ထွက်ဆိုမည် စိုးရိမ်၍သာ ဖြစ်သည်ဟု ကောက်ယူရန် အကြောင်းပေါ်ပေါက်နေသည်။"

ထို့ကြောင့် ဤအမှုတွင် ဦးအောင်ကြီးကို တရားလိုက သက်သေအဖြစ် မစစ်ဆေးတော့ဘဲ ပယ်လိုက်ခြင်းသည်၊ ဦးအောင်ကြီး၏ သက်သေခံချက်သည် တရားလို၏ အမှုကို အကျိုးပြုမည် မဟုတ်သောကြောင့် ပယ်လိုက်ခြင်း ဖြစ်သည်။ တနည်းအားဖြင့် ဆိုလျှင်၊ တရားလိုကို ဆန့်ကျင်ပြီး ထွက်ဆိုမည် စိုးရိမ်၍သာ ဖြစ်သည်ဟု ကောက်ယူရန် အကြောင်းပေါ်ပေါက်နေသည်ဟု ဆိုရပေလိမ့်မည်။

ဤအမှုတွင် အယူခံ တရားလိုသည်၊ မူလ တရားလို အနေဖြင့် မူလရုံးတွင်၊ မိမိသည်သာလျှင် အချင်းဖြစ် ထီလက်မှတ်၏ ပိုင်ရှင် ဖြစ်ကြောင်း သက်သေထင်ရှားမပြနိုင်ခဲ့ပေဟု မူလရုံး တရားသူကြီး၏ ဆုံးဖြတ်ချက်သည် မှားယွင်းသည်ဟု မဆိုနိုင်ပေ။ မည်သို့ပင်ဖြစ်စေ၊ အမှုသည်တို့ တင်ပြထားသော သက်သေခံချက်အကြောင်းရာအားလုံးကို ခြုံ၍ သုံးသပ်သော်၊ အယူခံ တရားလို ဦးချစ်ရာ၏ သက်သေခံချက်၌ပင်၊ ဦးချစ်ရာက၊ ဦးအောင်ကြီး ဘိုင်စကယ်နှင့်လာ၍ ထီထိုးသလားဟု မေးသောအခါ၌၊ ကျွန်တော်နှင့် နာမည်တူ ကိုချစ်ရာ တောင်စုမှာ ရှိသည်ဟု ပြန်ပြောခြင်းသည်၊ ထီထိုးထားသူ တယောက်၏ ရုတ်တရက်ပြောကြားချက်မျိုး မဖြစ်နိုင်ပေ။ အဘယ်ကြောင့် ဆိုသော်၊ ဦးအောင်ကြီးဆိုင်မှ ထီထိုးခဲ့ရိုးမှန်လျှင်၊ ဦးအောင်ကြီးက ယင်းသို့ မေးသောအခါ၌ ထိုကဲ့သို့ အဖြေမျိုး မပေးတန်ရာဟူ၍ ယူဆနိုင်စရာ အကြောင်းရှိသည်။ ထို့မျှမကသေး၊ မူလရုံး တရားသူကြီး သုံးသပ်ထားသကဲ့သို့ပင်၊

(၆) ၁၉၆၆၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၁၁၆၃ (၁၁၆၅)။

သက်သေ ဦးစံအေးသည် တရားလို၏ နွားကို လိုက်ရှာပေးစဉ်က၊ တရားလို၏ **အိတ်ထဲမှ** လက်ကိုင်ပုဝါနှင့် ထုတ်ပေးသဖြင့်၊ ထီလက်မှတ်ကို ဘဘ်ကြည့်လိုက်ရ**သည်**ဟု ဆိုသည်။ ထိုထီလက်မှတ်၌ "ကျခတ်ဝါးရုံ ကိုချစ်ရာ၊ တံတားပြင်ရန်" **ဟု** ရေးထားသည်ကို မှတ်မိသည်ဟု တိတိကျကျ ထွက်ဆိုပြီးနောက်၊ ၎င်းကို ပြန်လှန်စစ်ဆေးသောအခါ၊ စာကို သေချာစွာ ဘဘ်လိုက်ပါသည်၊ အမှုမဲ့ အမှတ်မဲ့ဖြစ်၍ ၎င်းစာသည် ထီလက်မှတ် ကျောဘက်ကလား၊ မျက်နှာဘက်ကလား ဆိုသည်ကို မမှတ်မိပါဟု ဖြေဆိုခဲ့သည်။ ဦးစံအေး၏ သက်သေခံချက်ကို၊ အငြင်းမပွါးသော စာရွက်စာတမ်း သက်သေခံဖြစ်သည့် ထီလက်မှတ် (သက်သေခံ-၁) နှင့် ချင့်ချိန်ကြည့်သော်၊ ထိုသက်သေခံ-၁ ထီလက်မှတ်ပေါ်တွင် "တံတားပြင်ရန်" ဟူသော စကားရပ်သာ ပါရှိသည်ကို တွေ့ရသည်။ ထို့ကြောင့် ဤသက်သေ၏ ထွက်ဆိုချက်ကိုမူလရုံး တရားသူကြီးက လက်မခံနိုင်ပေဟု သုံးသပ်ထားခြင်းသည် မှားယွင်းသည်ဟူ၍ မဆိုနိုင်ပေ။ အယူခံ တရားလိုဘက်မှ အခြား သက်သေများ ဖြစ်သော ဒေါ်မဲသည်၊ ထီထိုးခြင်းနှင့် ပတ်သက်၍ သော်၎င်း၊ထီလက်မှတ်နှင့် ပတ်သက်၍ သော်၎င်း၊ မည်သို့မျှမပြောနိုင်ပေ။သက်သေ ဦးရေအေးဆိုသူသည်လည်း၊ ထီထိုးခြင်းကိစ္စနှင့် ပတ်သက်၍တိုက်ရိုက်သိရှိသူမဟုတ်။ဦးထွန်းရွှေသည်၊ အယူခံ တရားလို၏နွားပျောက်၍ ကိုစံအေးအား ထည့်လိုက်ကြောင်းသာထွက်ဆိုနိုင်သည်။အယူခံ တရားလို မူးနေသည်ဟူ၍ သာထွက်ဆိုနိုင်သည်။ ထီလက်မှတ်နှင့် ပတ်သက်၍ တိုက်ရိုက် မျက်မြင် သက်သေမဟုတ်ပေ။ ကျန်သက်သေများဖြစ်ကြသော၊ဦးအောင်စိန်၊ ဦးမြမောင်၊ ဦးမောင်လှိုင်နှင့် ကိုပုတို့သည်၊ ထီလက်မှတ်နှင့် ပတ်သက်၍သော်၎င်း၊ ထီထိုးခြင်းနှင့်ပတ်သက်၍သော်၎င်း သက်သေခံထားခြင်း မရှိချေ။ အယူခံတရားလို ဦးချစ်ရာကို၊ ဦးစိုးဟန်က **ထီ**လက်မှတ်သူ့ ထံတွင်ရှိကြောင်းပြောပြချက်နှင့် ပတ်သက်၍၊ ဆိုက်ကားပေါ်တွင် **ပြော**ခြင်းဖြစ်သည်ဟု တရားလိုက ထွက်ဆိုထား၏။ ဆိုက်ကားသမား မောင်လှကြည် **သေဆုံး**၍ သက်သေမပြုနိုင်။ ဦးမြမောင်၏ သက်သေခံချက်သည် တဆင့်ကြားစကား **ဖြစ်၍** သက်သေခံ မဝင်ပေ။ သက်သေခံဝင်သည့်တိုင်အောင် တန်ဘိုးမရှိလှပေ။ **[illegible]နှင့်** ဦးရေအေးတို့၏ ထွက်ချက်တို့သည် ဦးအောင်ကြီး အကြောင်း သက်သေခံ**ချက်များဖြစ်၍**၊ ဦးအောင်ကြီး သက်သေအဖြစ် မပါသဖြင့်၊ ၎င်းတို့၏ ထွက်ချက်**သည်လည်း တန်ဘိုး**မရှိပေ။ ဦးထွန်းရွှေနှင့် ကိုပုတို့၏ သက်သေခံချက်တို့မှာ၊ အဓိက **အချက်များနှင့် မပတ်**သက်ပေ။ ထီလက်မှတ်နှင့်ပတ်သက်၍၊ ဦးထွန်းရွှေက တဆင့် **ကြားစကားဆိုသော** သက်သေခံနိုင်၏။ ထို့ပြင်ပြီးနောက်မှ ဦးစိုးဟန်နှင့် ဆုငွေ အကြော**င်းပြောခြင်းနှင့်** ပတ်သက်သော၊ ဦးပုနှင့် ဦးထွန်းရွှေတို့၏ ထွက်ချက်များကို၊ မူလရုံး **တရားသူကြီးက** လက်မခံ ခြင်းသည်လည်း မှားသည်ဟု မဆိုနိုင်ပေ။

၁၉၇၁

ဦးချစ်ရာ နှင့် ၁။ ဦးစိုးဟန်၊ ၂။ ဦးချစ်ရာ၊ ၃။ အုပ်ချုပ်ရေးမှူး၊ အောင်ဘာလေ သိန်းဆု ဌာန။

ထိုသက်သေတို့အား စစ်ဆေးစဉ် မြင်တွေ့ပြီးနောက် ဆုံးဖြတ်ထားခြင်း ဖြစ်သည်။ တရားလိုက တင်ပြသောသက်သေခံချက်များအရ၊ အယူခံတရားပြိုင် အမှတ် ၁ နှင့် ၂ တို့ပူးပေါင်း ကြံစည်၍၊ ငွေထုတ်ယူရန် ကြံစည်အားထုတ်ကြသည် ဟူသော စွပ်စွဲချက်သည်၊ မှန်ကန်သည်ဟု မဆိုနိုင်ပေ။ ထိုသက်သေခံချက်များအရ၊ တရားလိုသည် အချင်းဖြစ် ထီလက်မှတ် ပိုင်ရှင်ဖြစ်သည်ဟု မယူဆနိုင်ပေ။

အယူခံ တရားပြိုင်တို့ဘက်မှ သက်သေခံချက်များကို ဆန်းစစ်ကြည့်သောအခါ အယူခံတရားပြိုင် အမှတ် ၂ သည် ထီလက်မှတ်ကို လက်ဝယ်ထားသူဖြစ်သည်။ ထီဖွင့်သောအခါနှင့် ဆုငွေ လျှောက်တောင်းသော အခါတို့၌လည်း အချင်းဖြစ် ထီလက်မှတ်သည် အယူခံ တရားပြိုင်အမှတ် ၂ လက်ထဲတွင် တချိန်လုံးရှိနေသည်ကို တွေ့မြင်ရသည်။ "တံတားပြင်ရန်" ဟူသော အတိတ်မှာလည်း၊ အယူခံတရားလိုနှင့် သော်၎င်း၊ အယူခံတရားပြိုင် အမှတ် ၂ နှင့် သော်၎င်း၊ အတူတူသက်ဆိုင်နိုင်သော၊ ကိစ္စဖြစ်သည်။ မည်သူ့ဘက်ကိုမျှ အလေးမသာချေ။ အဘယ်ကြောင့် ဆိုသော် ထိုတံတားသည် အယူခံ တရားပြိုင် အမှတ် ၁ ဦးစိုးဟန်၏ အိမ်ရှေ့အနီးတွင်ရှိသော တံတားဖြစ်သည်။ အယူခံ တရားပြိုင်အမှတ် ၂ သည်၊ ဦးအောင်ကြီးလာရောက်၍ ထီပေါက်ကြောင်း ပြောစဉ်က၊ ထီလက်မှတ်ကို ရုတ်တရက် ထုတ်မပြနိုင်သော်လည်း၊ သူ၏ ဖြေကြားချက်သည် အယူခံ တရားလို၏ ဖြေကြားချက်နှင့် နှိုင်းယှဉ်လျှင် ထီထိုးထားသူ တယောက်၏ ဖြေကြားချက်မျိုးနှင့် ဆင်သည်။ ထို့ပြင် အယူခံ တရားပြိုင် အမှတ် ၂ တင်ပြထားသော၊ ထီထိုးစဉ်ကရှိနေကြသည့် မျက်မြင် သက်သေ မောင်စောဝင်းနှင့် မောင်မြအုံးတို့ကို၊ အယူခံ တရားလိုဘက်မှ မည်သည့် အတွက်ကြောင့် မယုံကြည်ထိုက်ဟု သက်သေ စစ်ဆေးစဉ်က မတင်ပြနိုင်ခဲ့ပေ။ ပြန်လှန်မေးခွန်းများ ထုတ်ရာ၌လည်း၊ ၎င်းတို့ မုသားထွက်ဆိုကြောင်း ပေါ်လွင်အောင် မပြနိုင်ခဲ့ပေ။

မတင်တင်နှင့် နှင့် ဒေါ်ကံရှိ (၇) အမှုစီရင်ထုံးတွင် ပါရှိသည့် အတိုင်း၊ ဝန်ခံထားသည့် အချက်များနှင့် ဖြစ်ဟန်လက္ခဏာရှိသော အချက်များကို ထောက်ရှုပြီး၊ အယူခံတရားလို (မူလ တရားလို) က ထွက်ခဲ့သော နှုတ်သက်သေခံချက်များနှင့်အယူခံ တရားပြိုင် အမှတ် ၁ နှင့် ၂ (မူလ တရားပြိုင် ၁ နှင့် ၂) တို့ ထွက်ခဲ့သော နှုတ်သက်သေခံချက်များကို နှိုင်းယှဉ်ကြည့်လျှင် အယူခံ တရားပြိုင် အမှတ် ၁ နှင့် ၂ ဘက်က တင်ပြထားသော သက်သေခံချက်များနှင့် ထုချေချက်တို့သည်၊ မှန်ကန်သည်ဟု ကျွန်ုပ်တို့ ယူဆသည်။

(၇) ၁၉၄၈၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၅၈၂။

အမှုတမှုလုံးကိုခြုံ၍ သက်သေခံ အထောက်အထားနှင့် ဖြစ်ဟန် လက္ခဏာရှိသည်များကို ဆင်ခြင်နှိုင်းချိန်ကြည့်သည့်အခါ၌ မူလ တရားသူကြီးက အချင်းဖြစ်ထိလက်မှတ်ကို အယူခံ တရားလို မပိုင်ဆိုင်ကြောင်း၊ အယူခံ တရားပြိုင် အမှတ် ၂ သာ ပိုင်ရှင်ဖြစ်ကြောင်း ဆုံးဖြတ်ချက်သည် မှားသည်ဟု မည်သည့် နည်းလမ်းနှင့်မျှ မဆိုနိုင်ပေ။

အထက်ဖေါ်ပြပါ အကြောင်းများကြောင့်၊ ဤအယူခံမှုကို စရိတ်နှင့် တကွ ပယ်လိုက်သည်။ ဤရုံးတွင် လိုက်ပါသော တရားရုံးချုပ် ရှေ့နေကြီးများ တဦးစီ၏ ရှေ့နေစရိတ်ခကို ကျပ် ၇၅ သတ်မှတ်လိုက်သည်။

၁၉၇၁

ဦးချစ်ရာ
နှင့်
၁။ ဦးစိုးဟန်၊
၂။ ဦးချစ်ရာ၊
၃။ အုပ်ချုပ်ရေးမှူး၊ အောင်ဘာလေ သိန်းဆုဌာန။

နိုင်ငံတော်တရားရုံးချုပ်

တရားမပထမအယူခံမှု

တရားသူကြီး ဦးတင်အုံးနှင့် တရားသူကြီး ဦးဘသန်းတို့ရှေ့တွင်

† ၁၉၇၁ နိုဝင်ဘာ ၂၉ ရက်။

မောင်နီ (ခေါ်) အောင်ဘွန်ကြူး

နှင့်

အတွင်းဝန်၊ လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဝန်ကြီးဌာန*

သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂—ပြည်ထောင်စု မြန်မာနိုင်ငံသား ဖြစ်မှုအက်ဥပဒေ ပုဒ်မ ၆ (၁) အရ၊ ဝန်ကြီးဌာနသို့ လျှောက်ထားနိုင်သည့် အခွင့်အရေးရှိခြင်းကြောင့် သက်သာခွင့် မပေးထိုက်ခြင်း။

ဆုံးဖြတ်ချက်။ ။သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ **အရ၊** စွဲဆိုသော အမှုတွင်၊ ထိုပုဒ်မအရ တရားလိုက တောင်းဆိုသည့် မြွက်ဟချက်ကို **ရှုံးကပေးနိုင်သည့်** အာဏာရှိသည်ကား မှန်ပေသည်။ သို့ရာတွင်၊ တရားရုံးက ယင်းအာဏာကို **အလွယ်တကူ** သုံးစွဲရန် မဟုတ်ချေ။ ရှုံးမှုဆင်ခြင်တုံတရားအတိုင်းသာ အသုံးပြုရမည် ဖြစ်သည်။ **ယခုအမှုတွင်** အယူခံ တရားလိုမှ ပြည်ထောင်စု မြန်မာနိုင်ငံသား ဖြစ်မှု အက်ဥပဒေပုဒ်မ ၆ (၁) **အရ၊ ဝန်**ကြီးဌာနသို့ လျှောက်ထားနိုင်သည့် အခွင့်အရေး ရှိနေကြောင်း အထက်တွင် ဖေါ်**ပြခဲ့ပြီး ဖြစ်ရာ၊** သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ၊ သက်သာခွင့် မပေးထိုက်ဟု မူလ**ဘက်ရှုံး တရား**သူကြီး၏ ကောက်ယူ ဆုံးဖြတ်ချက်မှာ မှန်ကန်သဖြင့်၊ ဤအယူခံလွှာကို လက်**မခံနိုင်တော့**ချေ။ **စူလတန်အာမက်** နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ၊ ၁၉၆၆၊ မြန်မာနိုင်ငံ စီရင်ထုံး၊ **၅၈၃** နှင့် ခြားနားသည်။

အယူခံတရားလိုအတွက်။ ။တရားရုံးချုပ် ရှေ့နေ **ဦးဘစိန်၊**

အယူခံတရားခံအတွက်။ ။အစိုးရ တရားရုံးချုပ် ရှေ့နေ မစ္စတာ အက် (စ်)၊ ကော၊ ဂို(ရှ်)။

တရားသူကြီး ဦးဘသန်း။ ။အယူခံတရားလို မောင်နီ (ခေါ်) အောင်ဘွန်ကြူး မှာ၊ ၁၉၃၁ ခုနှစ်တွင် အဘ တရုပ်အမျိုးသား အောင်ဘင်လျှောင်နှင့် အမိမြန်မာ အမျိုးသမီး ဒေါ်မြတို့မှ၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်ရပ်တွင် မွေးဖွါးခဲ့သည်။ မိခင်၏

---

* ၁၉၇၀ ခုနှစ်၊ တရားမ ပထမအယူခံမှု အမှတ် ၁၃၊

† ၁၉၆၉ ခုနှစ်၊ တရားမကြီးမှု အမှတ် ၁၇ တွင် ၃၀-၁-၇၀ နေ့စွဲဖြင့်၊ နိုင်ငံတော် တရား**ရုံးချုပ်** (မူလဘက်) ၏ အမိန့်ကို အယူခံဝင်မှု။

မိဘနှစ်ဦးစလုံးမှာ မြန်မာလူမျိုးများပင် ဖြစ်ကြ၍၊ မြန်မာပြည်တွင် ကွယ်လွန် **သွားပြီး**ဖြစ်သည်။ ၁၉၄၁ ခုနှစ်တွင် ၎င်းမှာ ဖခင်နှင့်အတူ တရုပ်ပြည်သို့ အလည် **သွား**ရောက်ခဲ့ရာ၊ ဖခင်မှာ စစ်အတွင်းတွင်၊ တရုပ်ပြည်၌ ကွယ်လွန်သွားခဲ့လေသည်။ ၁၉၄၇ ခုနှစ်တွင် ၎င်းသည် မြန်မာပြည်သို့ ပြန်လည်ရောက်ရှိလာရာ၊ ၁၉၄၉ ခုနှစ်တွင်၊ နိုင်ငံခြားသား မှတ်ပုံတင် လက်မှတ်ကို ထုတ်ယူခဲ့ပြီး၊ ၁၉၅၇ ခုနှစ်တွင် အမျိုးသားမှတ်ပုံတင် လက်မှတ်ကိုပါ ထုတ်ယူရရှိခဲ့သည်။ ထို့နောက် ၁၉၆၉ ခုနှစ်၊ ဖေဖေါ်ဝါရီလ ၂၁ ရက်နေ့စွဲပါ အမိန့်ဖြင့်၊ ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရ အမျိုးသားမှတ်ပုံတင်ရေးဌာန အတွင်းဝန်က၊ ၎င်းအား ပြည်တွင်းမှထွက်ခွါသွားရန် ညွှန်ကြားခဲ့ရာ၊ ထိုညွှန်ကြားခြင်းမှာ ၎င်းအား နိုင်ငံခြားသား တဦးဟု မှတ်ယူခြင်းဖြစ်၍၊ ၎င်းအား ပြည်ထောင်စု မြန်မာနိုင်ငံသား ဖြစ်ကြောင်းနှင့် ပြည်တွင်းမှ ထွက်ခွါသွားရန် ညွှန်ကြားထားသည့် အမိန့်မှာ၊ တရားမဝင်ကြောင်း မြွက်ဟကျေညာပေးရန်၊ နိုင်ငံတော် တရားရုံးချုပ်၊ မူလဘက် စီရင်ပိုင်ခွင့် အာဏာ၊ ၁၉၆၉ ခုနှစ်၊ တရားမကြီးမှု အမှတ် ၁၇ တွင်၊ တရားပြိုင် အတွင်းဝန်၊ အမျိုးသားမှတ်ပုံတင်ရေးဌာနအပေါ် တရားစွဲဆိုခဲ့သည်။ တရားပြိုင်က တရားလို၏ အဆိုလွှာတွင်ပါသည့် အချက်များကို မသိသဖြင့် ဝန်မခံသည့်အပြင်၊ တရားလိုမှာ ၎င်းတောင်းဆိုသည့် သက်သာခွင့်ကို အခြားနည်းဖြင့် လျှောက်ထားနိုင်ခွင့် ရှိသောကြောင့်၊ ၎င်းတောင်းဆိုသည့် ဒီကရီကို မရထိုက်ကြောင်း ချေပထားသည်။ | ၁၉၇၁
———
မောင်နီ (ခေါ်) အောင်ဘွန်ကြူး နှင့် အတွင်းဝန်၊ လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဝန်ကြီးဌာန။

မူလရုံးမှ အောက်ပါ ကောက်ချက်များကို ထုတ်ပေးခဲ့လေသည်။

၁။ တရားလိုသည်လျှောက်ထားသည့်သက်သာခွင့်ကိုအခြားနည်းဖြင့် လျှောက်ထားပိုင်ခွင့်ရှိလျှင်၊ မြွက်ဟဒီကရီတရပ်ချမှတ်ပေးရန် မလိုဆိုခြင်းမှာမှန်ပါသလား။

၂။ တရားလိုအား မြန်မာ တိုင်းရင်းသား တဦးအဖြစ် မြွက်ဟကျေညာပေးရန် သက်သေ အထောက်အထားများ ရှိပါသလား။

၃။ တရားလို ထမ်းဆောင်ထားသည့် ရုံးခွန်တော်မှာ လျော့နည်းနေ၍၊ အမှုကို လက်မခံထိုက်ဟု ဆိုခြင်းမှာ မှန်ပါသလား။

၄။ တရားလိုသည် ဤအမှုကို အောက်ရုံးတွင် တရားစွဲဆိုနိုင်ခွင့်ရှိလျက်နှင့် ဤရုံးတွင် တရားစွဲဆိုခြင်းကို လက်ခံထိုက်ပါသလား။

၅။ တရားလိုသည် မည်သည့် သက်သာခွင့်ကိုရထိုက်ပါသနည်း။

မူလဘက်ဆိုင်ရာ ၎င်းမှုပထမကောက်ချက်ကို စဉ်းစားဆင်ခြင်ပြီး တရားလိုမှာ ၎င်းလျှောက်ထားသည့် သက်သာခွင့်ကို၊ သက်ဆိုင်ရာ ဝန်ကြီးဌာနတွင် လျှောက်ထားနိုင်

၁၉၇၁

မောင်နီ (ခေါ်) အောင်ဘွန်းကြူး နှင့် [illegible] အတွင်းဝန်၊ လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဝန်ကြီးဌာန။

သဖြင့်၊ သီးခြား သက်သာခွင့်အက်ဥပဒေ ပုဒ်မ ၄၂ နှင့် စပ်လျဉ်းသည့်မှုများအရ၊ တရားလို တောင်းဆိုသည့်သက်သာခွင့်ကိုမပေးထိုက်ဟု ဆုံးဖြတ်ပြီး၊ အမှုကိုစရိတ်မရှိ ပယ်လိုက်သည်။ ထိုအမိန့်ကို မကြေနပ်သဖြင့် အယူခံတရားလိုက၊ ၁၉၄၇ ခုနှစ်၊ ပြည်ထောင်စုတရားစီရင်ရေး အက်ဥပဒေပုဒ်မ ၂၁ အရ၊ ဤတရားမပထမအယူခံမှုကို တင်သွင်းခြင်းဖြစ်လေသည်။

အယူခံတရားလို မောင်နီ (ခေါ်) အောင်ဘွန်းကြူးမှာ၊ ၁၉၄၉ ခုနှစ်မှစ၍ နိုင်ငံခြားသားမှတ်ပုံတင် လက်မှတ်ကို ထုတ်ယူကိုင်ဆောင်ခဲ့ရာ၊ ယင်းသို့ကိုင်ဆောင်ခဲ့စဉ် ၎င်း၏ အသက်မှာ (၁၈) နှစ်ပြည့်ပြီ ဖြစ်သည်။ ၎င်းသည် ထိုလက်မှတ်ကို တရားစွဲဆိုသည့် အချိန်အထိ၊ နှစ်စဉ်မှန်မှန် လဲလှယ်ခဲ့ကြောင်းလည်း တွေ့ရသည့်အပြင်၊ ၎င်းသည် ၁၉၅၇ ခုနှစ်တွင် အမျိုးသား မှတ်ပုံတင် လက်မှတ်ကိုလည်း ကိုင်ဆောင်ခဲ့သည်။ ရန်ကုန်မြို့၊ အထူးတရားသူကြီး (၂) ရုံး၊ ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၄၁ တွင်၊ အယူခံတရားလို အပေါ် နိုင်ငံခြားငွေ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၀/၂၄ အရ၊ မှုပြစ်ထင်ရှား စီရင်ခြင်းခံရ၍ ထောင်ဒဏ် (၄) လနှင့် ဒဏ်ငွေ ၂,၀၀၀ ပေးဆောင်စေရန် ပြစ်ဒဏ်ခံခဲ့ရသည်။ သို့ဖြစ်သောကြောင့်၊ ၎င်း၏အပေါ် နိုင်ငံခြားသား တဦးအဖြစ် သတ်မှတ်က၊ အမျိုးသား မှတ်ပုံတင်ရေးဌာနမှ အရေးယူခဲ့ခြင်းဖြစ်သည်။

အယူခံတရားလို၏ ရှေ့နေကြီးက၊ ပြည်ထောင်စု မြန်မာနိုင်ငံသား ဖြစ်မှုအက်ဥပဒေပုဒ်မ ၆ (၁) အရ၊ တဦးတယောက်သောသူနှင့် ပတ်သက်၍၊ ထိုသူသည် ပြည်ထောင်စု မြန်မာနိုင်ငံသား ဟုတ်မဟုတ် သံသယရှိလျှင်၊ ထိုသံသယကို ရှင်းလင်းရန်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ လျှောက်ထားနိုင်သော်လည်း၊ အယူခံတရားလိုမှာ ဇာတိအရ ပြည်ထောင်စု မြန်မာနိုင်ငံသား ဖြစ်နေသဖြင့်၊ သံသယပေါ်ရန်မရှိသဖြင့် လျှောက်ထားရန် မလိုပါဟု လျှောက်လဲရာ၊ အယူခံတရားလိုမှာ နိုင်ငံခြားသား လက်မှတ်ကိုပင် ကိုင်ဆောင်နေသူ ဖြစ်၍၊ သံသယကင်းရှင်းသည်ဟု ဆိုနိုင်မည်မဟုတ်။ ထိုဌာနမှသာ အယူခံတရားလို တင်ပြသည့် အချက်အလက်များကို စစ်ဆေးပြီး သံသယကို ဖယ်ရှားမည် ဖြစ်ပေသည်။

ထို့ပြင်၊ အယူခံဘရားလို၏ ရှေ့နေကြီးက၊ အယူခံတရားလိုတွင် အခြားနည်း သက်သာခွင့် တောင်းဆိုနိုင်သဖြင့်၊ သီးခြား သက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၂ အရလည်း၊ ယခုအမှုကို စွဲဆိုနိုင်ကြောင်း စူလတန်အာမက် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ (၁) အမှုကို ကိုးကား လျှောက်လဲသွားသည်။ ထိုအမှုတွင် "စူလတန်အာမက်သည် ပြည်ထောင်စုသား ဖြစ်သည်ဟု ဥပဒေအရ အခိုင်အလုံ သက်သေ

(၁) ၁၉၆၆၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၅၇၁၊

၁၉၇၀
မောင်နီ (ခေါ်) အောင်ဘုန်းကြိုင် နှင့် အတွင်းဝန်၊ လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဝန်ကြီးဌာန။

ထူနိုင်လျှင်၊ ၎င်းကပင် ထိုသို့သက်သေထူ၍ တရားမရုံး၌ မြွက်ဟကျေညာချက်ကို **ရရှိရန်** တရားစွဲဆိုနိုင်သည်။ သို့မဟုတ် ပြည်ထောင်စုသား ဖြစ်မှု အက်ဥပဒေ ပုဒ်မ ၆ အရ၊ ၎င်း၏ ဘဝနှင့် ပတ်သက်၍ ရှိနေသော သံသယကို ပယ်ဖျောက်ပေးစေရန်၊ အစိုးရသို့ လျှောက်ထားနိုင်သည်" စသည်ဖြင့် စီရင်ထုံးဖွဲ့ထားသည်။ ထိုစီရင်ထုံးအရ ထိုသူ၏ အခွင့်အရေးများကို ဖေါ်ပြထားခြင်း ဖြစ်သည်။ အခြားသက်သာခွင့် နည်းလမ်းရှိလျက်နှင့် သီးခြား သက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၂ အရ တရားစွဲဆိုပိုင်ခွင့် ရှိသည်ဟု စီရင်ထုံးဖွဲ့ခြင်း မဟုတ်ဟု ကျွန်ုပ်တို့ ထင်မြင်ယူဆသည်။ အယူခံတရားလိုသည် သီးခြား သက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၂ အရစွဲဆိုထားရာ၊ ၎င်းတွင် တရားဥပဒေက ခွင့်ပြုထားသည့်အတိုင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ လျှောက်ထားခွင့်ရှိလျက်နှင့် မလျှောက်ထားဘဲ၊ မိမိတို့ မတော်မတရားပြုလုပ်မှုများမှာ များစွာ မလိုလားသည့် အကျိုးဆက်များ ပေါ်ပေါက်လာသောအခါမှ၊ တရားရုံး၏ အကူအညီကို တောင်းခံလာခြင်းမှာ၊ မပြုသင့်မပြုထိုက်သည့်ကိစ္စဖြစ်ကြောင်း မူလဘက်ရုံး၏ စီရင်ချက်တွင် ဖေါ်ပြထားသည်ကိုတွေ့ရသည်။

သီးခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၂ အရ စွဲဆိုသော အမှုတွင်၊ ထိုပုဒ်မအရ တရားလိုက တောင်းဆိုသည့် မြွက်ဟချက်ကို၊ ရုံးကပေးနိုင်သည့် အာဏာရှိသည်ကား မှန်ပေသည်။ သို့ရာတွင်၊ တရားရုံးကယင်းအာဏာကိုအလွယ်တကူသုံးစွဲရန် မဟုတ်ချေ။ ရုံးမှဆင်ခြင်တုံတရားအတိုင်းသာ အသုံးပြုရမည် ဖြစ်သည်။ ယခုအမှုတွင် အယူခံတရားလိုမှာ ပြည်ထောင်စု မြန်မာနိုင်ငံသား ဖြစ်မှု အက်ဥပဒေ ပုဒ်မ ၆ (၁) **အရ**၊ ဝန်ကြီးဌာနသို့ လျှောက်ထားနိုင်သည့် အခွင့်အရေး ရှိနေကြောင်း အထက်တွင် **ဖေါ်**ပြခဲ့ပြီးဖြစ်ရာ၊ သီးခြား သက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ သက်သာခွင့် **မပေးထို**က်ဟု မူလဘက်ရုံး တရားသူကြီး၏ ကောက်ယူဆုံးဖြတ်ချက်မှာ မှန်ကန်**သည်ဖြစ်၍**အယူခံလွှာကို လက်မခံနိုင်တော့ချေ။

အထက်ပါသုံးသပ်ချက်များအရ၊ အယူခံတရားလို၏ အယူခံမှုကို စရိတ်မရှိပယ်**လိုက်သည်။**

နိုင်ငံတော်တရားရုံးချုပ် (မန္တလေးရုံးထိုင်)

တရားမအထွေထွေအယူခံမှု

တရားသူကြီး ဦးသက်ဖေနှင့် တရားသူကြီး ဦးစိန်သင်းတို့ရှေ့တွင်

† ၁၉၇၁ ဇူလိုင်လ ၉ ရက်။

၁။ ဟာဂျီမဒေါ်သိန်း၊ ၂။ အပ္ပဒူလာ၊ ၃။ ဟူစိန်။	နှင့်	ဟာဂျီပဒူဆမတ်(သေ)၎င်း၏ တရားဝင် ကိုယ်စားလှယ် (၁) ဒေါ်ရန်၊ (၂)ဒေါ်အစီရာ၊ (၃)ကိုဘချစ်၊ (၄) ကိုဘရင်၊ (၅)ကိုဘရှင်၊ (၆) တင်အောင်၊ (၇)မမြင့်မြင့်၊ (၈)ကိုကျော်မြင့်၊ (၉)မောင်မောင်အေး (အရွယ်မရောက်သေးသူ) ၎င်း၏ နီးစပ်ရာမိတ်ဆွေကိုဘချစ်ဗီးအေး။*

ပဋိညာဉ်ဟောင်းကို ပဋိညာဉ်သစ်ဖြင့် အစားထိုးခြင်း—နှစ်ဦးနှစ်ဖက် သဘောတူညီချက် မရှိဘဲ ပဋိညာဉ်ဟောင်းကို ပဋိညာဉ်သစ်ဖြင့် အစားထိုးနိုင် မထိုးနိုင်—တရားရုံးက ဒီကရီကျငွေအတွက် လစဉ် အရစ်ကျ ပေးဆောင်ရန် အမိန့်ချမှတ်ခဲ့ခြင်းသည် တရားရုံးက၊ ဒီကရီငွေအတွက် ပစ္စည်းကို အာမခံပေးထားခြင်းအား ပဋိညာဉ် အက်ဥပဒေပုဒ်မ ၆၂ အရ၊ ပျက်ပြယ်ခြင်းရှိ မရှိ—ပဋိညာဉ် အက်ဥပဒေပုဒ်မ ၁၃၉ အရ၊ အာမခံသူ၏ အာမခံထားသော ကြွေးမြီအတွက်တာဝန်။

ဆုံးဖြတ်ချက်။ ။ပဋိညာဉ်တခုကို အခြား ပဋိညာဉ်တခုနှင့် အစားထိုးလိုက်သဖြင့်၊ မူလပဋိညာဉ်မှာ ကွယ်ပျောက်သွားပြီ ဆိုသောကိစ္စ၌၊ အစားထိုးသည်ဆိုသော ပဋိညာဉ် အသစ်ပြုလုပ်ရန်နှစ်ဦးနှစ်ဖက် သဘောတူညီချက်ရှိရန်လိုသည်။ နှစ်ဦးနှစ်ဖက် သဘောတူညီချက်မရှိဘဲ ပဋိညာဉ်ဟောင်းကို ပဋိညာဉ်သစ်ဖြင့် အစားမထိုးနိုင်။ ယခုအမှု၌ တရားနိုင်သည် ဒီကရီကျငွေများအတွက် အာမခံပစ္စည်းကို လတ်လွတ်ပြီး တရားရှုံးထံမှ တလလျှင် ကျပ် ၃၀၀ ကျယူပါမည်ဆိုသော ပဋိညာဉ်အသစ်ပြုလုပ်ခဲ့သည်ဆိုသော အထောက်အထား မရှိ၊ တရားနိုင်က ကန့်ကွက်ပါလျက် ရုံးမှတရားရှုံးအား တလငွေကျပ် ၃၀၀ နှုန်းဖြင့် ပေးဆောင်ရန် အမိန့်ချမှတ်ခဲ့ခြင်းသာ ဖြစ်၍ ဒီကရီငွေအတွက် ပစ္စည်းကို အာမခံပေးထားခြင်းသည် ပဋိညာဉ် အက်ဥပဒေ ပုဒ်မ ၆၂ အရ ပျက်ပြယ်ပါသည်ဆိုသော တင်ပြချက်ကို လက်မခံနိုင်။

---

* ၁၉၇၀ ခုနှစ်၊ တရားမအထွေထွေ အယူခံမှုအမှတ် ၈။

† ၁၉၇၀ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့စွဲပါ၊ ၁၉၆၆ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၁ တွင် မန္တလေးမြို့ ခရိုင်တရားမရုံး၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

ထပ်မံဆုံးဖြတ်ချက်။ ။ပဋိညာဉ် အက်ဥပဒေပုဒ်မ ၁၃၉ အရ၊ မြီရှင်က အာမခံသူ၏ **မြီစားအပေါ်** ရရန်ရှိသော အခွင့်အရေးကို ထိခိုက်အောင် မပြုသဖြင့် အာမခံသူသည် အာမခံထား **သော ကြွေးမြီ**အတွက် တာဝန်ရှိသည်။ **မဟန်ဆင်** နှင့် **ဦးဘရီ**၊ ၁၉၃၉ ခုနှစ်၊ ရန်ကုန်စီရင်ထုံး၊ **စာ ၃၅၈** ကို ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ တရားရုံးချုပ်ရှေ့နေ ဦးလှညွန့်။

အယူခံတရားခံအတွက်။ ။တရားရုံးချုပ်ရှေ့နေ မစ္စတာ အာဇင်း။

တရားသူကြီး ဦးသက်ဖေ။ ။မန္တလေးမြို့၊ ခရိုင်တရားမရုံးတွင် ဟာဂျီအပ္ပဒူဆမက်က ဟာဂျီ မူစာကာကာအပေါ် ငွေ ၅၁,၆၇၆ ကျပ် အတွက် ဒီကရီတရပ် ရရှိခဲ့သည်။ ထိုဒီကရီကို ဟာဂျီ မူစာကာကာက မကျေနပ်၍ တရားလွှတ်တော်သို့ အယူခံဝင်စဉ် တရားနိုင်ကလည်း ဒီကရီကို ဇာရီပြုလုပ်သဖြင့် အယူခံမပြီးစီးမီ အာမခံ ပေးထားပါက ဇာရီကို ရပ်ဆိုင်းထားမည်ဟု အမိန့်ချမှတ် ခဲ့သည့်အလျောက် အယူခံတရားလိုတို့က ၎င်းတို့ပိုင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို အာမခံ တင်ပေးခဲ့သည်၊ အာမခံတင်၍ ဇာရီမှုကိုရပ်ဆိုင်းပြီး ပိတ်ခဲ့သည်။

တရားလွှတ်တော်က အယူခံတွင် မူလရုံးဒီကရီကို ပြင်ဆင်၍ ငွေ ၂၃,၆၇၃ ကျပ် ၂၂ ပြားသာ ပေးဆောင်ရန် အမိန့်ချမှတ်လိုက်သည်။ ထိုနောက် တရားနိုင်က ဇာရီမှု လျှောက်ထားပြန်ရာ တရားရုံးက ဒီကရီငွေကို တလတရာကျပ် ပေးဆပ်ခွင့်ပြုရန် **တော**င်းဆိုသည်၊ ထိုတောင်းဆိုချက်ကို တရားနိုင်က ကန့်ကွက်သော်လည်း ရုံးမှတလ **၁၀၀ိ နှု**န်းဖြင့် အရစ်ကျ ပေးဆောင်ခွင့် ပြုလိုက်သည်။ တရားရုံးသည် ဒီကရီကျငွေသို့ **၄,၆၀၀** ကျပ် ပေးဆောင်ပြီးနောက် ၎င်း၏လုပ်ငန်းများကိုပြည်သူပိုင်သိမ်းလိုက်သည်ဆို**သော အ**ကြောင်းပြချက်ဖြင့် ကျန်ငွေများကို ပေးဆောင်ခြင်း မပြုဘဲနေလိုက်သည်။ **ထို့ကြောင့်** တရားနိုင်က အယူခံတရားလိုတို့ အာမခံပေးထားသည့် ပစ္စည်းများကို **ဝါရမ်းဘမ်းရန်** တောင်းဆိုရာ ဇာရီရုံးမှ ထိုတောင်းဆိုချက်ကို ခွင့်ပြုလိုက်၍၊ အယူခံ**တရားလိုတို့က** မကျေနပ်သောကြောင့် ဤအယူခံကို တင်သွင်းလာခြင်းဖြစ်သည်။

အယူခံ တရားလိုတို့က မူလရုံးမှ ၎င်းတို့အပေါ် ထုချေခွင့်မပေးဘဲ ပစ္စည်းများကို **ဝါရမ်းဘမ်းခွင့် ပြုခဲ့ခြင်း**သည် မှားယွင်းပါသည်ဟု အယူခံ အကြောင်းပြချက်တရပ် **တ**င်ပြခဲ့သည်**။ မူလရုံး အမှု**တွဲ၏ နေ့စဉ်မှတ်တမ်းများအရ အယူခံ တရားလိုတို့အပေါ် အကြောင်းကြား**စာ အတည်**ပြုပြီးမှသာ ပစ္စည်းကို ဝါရမ်းဘမ်းခွင့် ပြုခဲ့ကြောင်း **ပေါ်**လွင်နေသဖြင့် **ထိုအယူခံ** အကြောင်းပြချက်ကို အယူခံတရားလိုတို့၏ရှေ့နေ ဦးလှ**ညွန့်က** ပြန်လည်ရုပ်သိမ်းသွားသည်။

၁၉၃၇

၁။ ဟာဂျီမ ဒေါ်သိန်း၊
၂။ အပ္ပဒူလာ၊
၃။ ဟူစိန်
နှင့်
ဟာဂျီပဒူဆမတ် (သေ) ၎င်း၏ တရားဝင် ကိုယ်စားလှယ်၊
၁။ ဒေါ်ရန်၊
၂။ ဒေါ်အစီရာ၊
၃။ ကိုဘချစ်၊
၄။ ကိုဘရင်၊
၅။ ကိုဘရှင်၊
၆။ တင်အောင်၊
၇။ မမြင့်မြင့်၊
၈။ ကို ကျော်မြင့်၊
၉။ မောင်မောင်အေး၊ (အရွယ်မရောက်သေးသူ) ၎င်း၏ နီးစပ်ရာမိတ်ဆွေ ကိုဘချစ်ဗီး အေး။

ခုံရုံး

၁။ ဟာဂျီမ
ခေါ်သိန်း၊
၂။ အှုပ္ပဒူလာ၊
၃။ ဟူစိန်
နှင့်
ဟာဂျီပဒူဆုမက်
(သေ) ၎င်း၏
တရားဝင် ကိုယ်
စားလှယ်၊
၁။ ဒေါ်ရန်၊
၂။ ဒေါ်အစီရာ၊
၃။ ကိုဘချစ်၊
၄။ ကိုဘရင်၊
၅။ ကိုဘရှင်၊
၆။ တင်အောင်၊
၇။ မမြင့်မြင့်၊
၈။ ကိုကျော်
မြင့်၊
၉။ မောင်မောင်
အေး၊
(အရွယ်မရောက်
သေးသူ) ၎င်း၏
နီးစပ်ရာမိတ်ဆွေ
ကိုဘချစ် ဗီး
အေး။

နောက်ဆပ် တင်ပြသည့် အယူခံအကြောင်းပြချက်မှာ ဇာရီရုံးမှ ဒီကရီကျငွေကို တလ ၃၀၀ ကျပ်နှုန်း ပေးဆပ်ခွင့် ပြုခဲ့သဖြင့်၊ ပစ္စည်းကို အာမခံတင်ခဲ့သော ဇရှိညာဉ်မှာ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၆၂ အရ၊ အခြားပဋိညာဉ်အသစ်ဖြင့် အစားထိုးလိုက်ပြီဖြစ်၍အာမခံသူ၌ တာဝန်မရှိတော့ပါဟုဆိုသည်။

ပဋိညာဉ်တခုကို အခြားပဋိညာဉ်တခုနှင့် အစားထိုးလိုက်သဖြင့် မူလပဋိညာဉ်မှာ ကွယ်ပျောက်သွားပြီဆိုသော ကိစ္စ၌ အစားထိုးသည်ဆိုသော ပဋိညာဉ်အသစ် ပြုလုပ်ရန် နှစ်ဦးနှစ်ဘက် သဘောတူညီချက် ရှိရန်လိုသည်၊ နှစ်ဦးနှစ်ဘက် သဘောတူညီချက်မရှိဘဲ ပဋိညာဉ်ဟောင်းကို ပဋိညာဉ်သစ်ဖြင့် အစားမထိုးနိုင်၊ ယခုအမှု၌ တရားနိုင်သည် ဒီကရီကျငွေများအတွက် အာမခံ ပစ္စည်းကို လက်လွှတ်ပြီး တရားရှုံးထံမှ တလလျှင်ငွေ ၃၀၀ ကျပ် ကျယူပါမည်ဆိုသော ပဋိညာဉ်အသစ် ပြုလုပ်ခဲ့သည်ဆိုသော အထောက်အထားမရှိ၊ တရားနိုင်က ကန့်ကွက်ပါလျက် ရုံးမှတရားရှုံးအား တလငွေ ၃၀၀ ကျပ်နှုန်းဖြင့်ပေးဆောင်ရန် အမိန့်ချမှတ် ခဲ့ခြင်းသာဖြစ်၍ ဒီကရီငွေအတွက် ပစ္စည်းကိုအာမခံ ပေးထားခြင်းသည် ပဋိညာဉ် အက်ဥပဒေပုဒ်မ ၆၂ အရ ပျက်ပြယ်ပါသည်ဆိုသော တင်ပြချက်ကို ကျွန်ုပ်တို့လက်မခံနိုင်။

ပဋိညာဉ် အက်ဥပဒေပုဒ်မ ၁၃၉ အရ၊ မြီရှင်က အာမခံသူ၏ မြီစားအပေါ် ရရန်ရှိသော အခွင့်အရေးကို ထိခိုက်အောင် မပြုသရွေ့ အာမခံသူသည် အာမခံထားသော ကြွေးမြီအတွက် တာဝန်ရှိသည်။ **မဟာန်ဆင် နှင့် ဦးဘရီ** (၁)။

ယခုအမှုတွင် တရားနိုင်သည် အာမခံသူများ ဖြစ်ကြသည့် အယူခံတရားလိုတို့၏ အခွင့်အရေးကို ထိပါးအောင် တစုံတရာပြုလုပ် ဆောင်ရွက်ခဲ့သည်ဆိုသော စွပ်စွဲချက်မရှိသဖြင့် အာမခံထားသော ဒီကရီ ကျငွေအတွက် တာဝန်ရှိမည်သာ ဖြစ်သည်။

အထက်ပါ အကြောင်းများကြောင့် ဤအယူခံကို တရားစရိတ်နှင့်တကွ ပယ်လိုက်သည်။ ရှေ့နေစရိတ် ၅၁ ကျပ် သတ်မှတ်သည်။

---

(၁) ၁၉၃၉ ခုနှစ်၊ ရန်ကုန်စီရင်ထုံး ၃၅၈။

နိုင်ငံတော်တရားရုံးချုပ်

တရားမ စေ့ဒကမှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင် နှင့် တရားသူကြီး ဦးထွန်းတင်တို့ ရှေ့တွင်

အထက်တန်းရှေ့နေ ဦးထွန်းစိန်ကိစ္စ*

၁၉၆၉

နိုဝင်ဘာလ ၂၈ ရက်။

တရားရုံးချုပ်ရှေ့နေအဖြစ် ဝင်ခွင့်ပြုသည့်ကိစ္စ—နှစ်ပေါင်းများစွာ အမှုလိုက်ရဲအရာရှိအဖြစ်နှင့် အထူးစုံစမ်းစစ်ဆေးရေးဌာနတွင်လည်း တရားစွဲဆိုရေးဖက်တွင် ဆောင် ရွက်ခဲ့ခြင်း—အထက်တန်းရှေ့နေအဖြစ် မှတ်ပုံတင်ပြီးနောက်စည်းကမ်းအရ၊ လိုအပ်သော ၅ နှစ်ကျော်အမှုလိုက်ခဲ့ခြင်း—၂ နှစ်ကျော် အထက်တန်းရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခဲ့ခြင်းအပြင် တရားရုံးချုပ်ရှေ့နေစာမေးပွဲ အောင်မြင်ခဲ့ခြင်းတို့ကို ထည့်သွင်းစဉ်းစားခြင်း။

ဆုံးဖြတ်ချက်။ ။ဦးထွန်းစိန်သည် နှစ်ပေါင်းများစွာ အမှုလိုက်ရဲအရာရှိအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်သည်။ အထူးစုံစမ်း စစ်ဆေးရေး ဌာနတွင် ဝင်ရောက်အမှုထမ်းသော အခါ၌လည်း တရားစွဲဆိုရေးဖက်တွင်သာ တလျှောက်လုံး တာဝန်ယူခဲ့သည်။ ယင်းကဲ့သို့ မှုခင်းများတွင် လိုက်ပါဆောင်ရွက်ခဲ့ခြင်း၊ မှုခင်းများကို ရုံးသို့ တင်ပို့ တရားစွဲဆိုခြင်းကို ညွှန်ကြားခဲ့ခြင်းတို့ကြောင့် ဦးထွန်းစိန်သည် တရားရုံးချုပ် ရှေ့နေစာမေးပွဲကို ဝင်ရောက်ဖြေဆိုရန် အရည်အချင်း ပြည့်ဝသူဖြစ်သည်ဟု ပြည်ထောင်စု ရှေ့နေ (ရှေ့နေ်) အဖွဲ့က သတ်မှတ်ခဲ့ခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ၁၉၅၈ ခုနှစ်တွင် အထက်တန်း ရှေ့နေအဖြစ် စာရင်းသွင်းပြီးသည်မှ ၁၉၆၇ ခုနှစ်တွင် အထူးစုံစမ်းစစ်ဆေးရေး ဌာနမှ အငြိမ်းစားယူသည်အထိ ဦးထွန်းစိန်သည် စည်းကမ်းအရ လိုအပ်သော ၅ နှစ်ကျော် အမှုလိုက်ပါဆောင်ရွက်ရေးတွင် တာဝန်ယူခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ၎င်းသည် စည်းကမ်းနှင့်အညီ တရားရုံးချုပ် ရှေ့နေအဖြစ်ကို ခံယူထိုက်သည်ဟုတွေ့ရှိသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ထိုအချက်အပြင် ဦးထွန်းစိန်သည် ၂ နှစ်ကျော်မျှ အထက်တန်းရှေ့နေအဖြစ်လိုက်ပါဆောင်ရွက်ခဲ့ခြင်း၊ တရားရုံးချုပ် ရှေ့နေစာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့ခြင်းတို့ကိုပါ ထည့်သွင်းစဉ်းစားကာ၊ ၎င်း၏ လျှောက်လွှာကို ခွင့်ပြုသင့်သည်ဟု ဆုံးဖြတ်သည်။

အယူခံတရားလိုအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးသက်ငွေ။

ရုံးတော်အကူအဖြစ်။ ။အစိုးရတရားရုံးချုပ် ရှေ့နေ ဒေါ်မြသန်းနု။

တရားရုံးချုပ်ရှေ့နေ ဦးချောင်ဖိုး။

တရားသူကြီးချုပ်ဒေါက်တာ မောင်မောင်။ ။ဦးထွန်းစိန်သည်၊၁၉၃၈ ခုနှစ်မှစ၍ ၁၉၅၁ ခုနှစ်အထိ **ရုံးအမှုလိုက်** ရဲအုပ်အဖြစ်ဆောင်ရွက်ခဲ့သည်။ ထိုနောက် အထူး

* ၁၉၆၈ ခုနှစ်၊ တရားမ စေ့ဒကမှုအမှတ် ၃။

၁၉၆၉

အထက်တန်းရှေ့နေဦးထွန်းစိန်ကိစ္စ။

စုံစမ်းစစ်ဆေးရေးဌာနတွင် အထက်တန်းစုံစမ်းစစ်ဆေးရေးအရာရှိ (တရားစွဲ)အဖြ
လည်းကောင်း၊ နောင်တွင် ရာထူးတိုးမြှင့်ခြင်းခံရ၍ ယင်းဌာနတွင် လက်ထော
ညွှန်ကြားရေးဝန် (တရားစွဲ) အဖြစ်လည်းကောင်း၊ ၁၉၆၇ ခုနှစ်၊ ငှင်းအငြိမ်းစာ
ယူသည့်အထိ ဆောင်ရွက်ခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် အထက်တန်းရှေ့နေ စာမေးပွဲ
အောင်မြင်၍ အထက်တန်းရှေ့နေအဖြစ် မှတ်ပုံတင်ခဲ့သည်။အထူး စုံစမ်းစစ်ဆေးရေ
ဌာနမှ အငြိမ်းစားယူပြီးနောက်၊ အထက်တန်းရှေ့နေအဖြစ်လိုက်ပါဆောင်ရွက်ခဲ့သည်
၁၉၆၈ ခုနှစ်တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ကျင်းပသော တရားရုံးချုပ် ရှေ
စာမေးပွဲကို ဝင်ရောက်ဖြေဆို၍လည်း အောင်မြင်ခဲ့ပြီးပြီ။

အထက်ပါ အချက်အလက်တို့ကိုထောက်ထား၍၊ မိမိအား တရားရုံးချုပ်ရှေ
အဖြစ် ဝင်ခွင့်ပြုရန် ဦးထွန်းစိန်က ဤရုံးသို့လျှောက်ထားခဲ့သည်။ တရားရုံးချ
ရှေ့နေကြီးများကောင်စီက လျှောက်လွှာကိုကန့်ကွက်သောကြောင့် ခုံရုံးဖွဲ့၍ ၎
လျှောက်လွှာကို စဉ်းစားကြခြင်းဖြစ်သည်။

လျှောက်ထားသူ၏ ရှေ့နေကြီး ဦးသက်ငွေက ဦးထွန်းစိန်သည်နှစ်ပေါင်းများစ
က အမှုလိုက်တာဝန်များကို ထမ်းဆောင်ခဲ့ပြီးဖြစ်သောကြောင့်၊တရားရုံးများလက်
တွင် ဖော်ပြထားသော အထက်တန်းရှေ့နေအဖြစ် ဝင်ခွင့်ဆိုင်ရာ စည်းကမ်းမျ
အပိုဒ် ၁၅ ၏လိုအပ်ချက်တို့ကို ကောင်းစွာဖြည့်စွမ်းပြီးဖြစ်ပါသည်။ ရည်ညွှန်းခေ
စည်းကမ်းအရ အထက်တန်းရှေ့နေအဖြစ် မှတ်ပုံတင်ပြီးနောက်၊ရုံးအမှုလိုက် ရှေ့အ
အဖြစ် အနည်းဆုံး ၅ နှစ်ဆောင်ရွက်ခဲ့ပြီးသော ပုဂ္ဂိုလ်တို့သည် အခြားအရည်အခ
များ ပြည့်စုံလျှင် တရားရုံးချုပ်ရှေ့နေအဖြစ် ဝင်ခွင့်ရှိပါသည်။ ဦးထွန်းစိန်သ
၁၉၅၈ ခုနှစ်တွင် အထက်တန်းရှေ့နေဖြစ်ပြီးနောက်၊ ၁၉၆၇ ခုနှစ်အထိ ရုံးအမှုလ
တာဝန်များကို ထမ်းဆောင်ရသော အရာရှိတဦးအဖြစ် အမှုထမ်းခဲ့ပြီးဖြစ်ပါသ
ယခုအခါတွင် အထက်တန်းရှေ့နေအဖြစ် ထိထိရောက်ရောက် အမှုလိုက်ပါဆောင်ရ
နေသည်မှာလည်း နှစ်နှစ်ကျော်ခဲ့ပြီးဖြစ်ပါသည်။တရားရုံးချုပ်ရှေ့နေစာမေးပွဲကိုလ
အောင်မြင်ပြီးဖြစ်ပါသည်။ ထိုအကြောင်းများကြောင့် ဦးထွန်းစိန်၏လျှောက်လွှ
ခွင့်ပြုသင့်ပါသည်ဟုတင်ပြသည်။

တရားရုံးချုပ်ရှေ့နေကြီးများကောင်စီအတွက်လိုက်ပါဆောင်ရွက်သောရှေ့နေ
ဦးချောင်ဖိုးက လျှောက်လွှာကို ကောင်စီကကန့်ကွက်ရခြင်းမှာ ဦးထွန်းစိန်
တရားမမှုခင်းများတွင် လိုက်ပါဆောင်ရွက်သည့် အတွေ့အကြုံ ဗဟုသုတ**မရှိခဲ့**
ကြောင့်ဖြစ်ပါသည်။ သို့ရာတွင် ယခုအခါ အထက်တန်းရှေ့နေအဖြစ် **၂ နှစ်**
လိုက်ပါဆောင်ရွက်ခဲ့ပြီးဖြစ်သဖြင့် ဦးထွန်းစိန်သည်အတော်အတန် **ဗဟုသုတပြည့်**

ဖြစ်သည်ဟု ယူဆနိုင်ပါသည်။ တရားရုံးချုပ်ရှေ့နေစာမေးပွဲကို အောင်မြင်ပြီးသည့် **အချက်ကို**လည်း ထည့်သွင်းစဉ်းစားသင့်ပါသည်ဟု တင်ပြသည်။

၁၉၆၉

အထက်တန်းရှေ့နေဦးထွန်းစိန်ကိစ္စ။

ကျွန်ုပ်တို့က ရှုံးသဟာယအဖြစ် ဖိတ်ကြားခဲ့သော တရားရုံးချုပ်ရှေ့နေကြီးများ **ကောင်စီ**၏ဥက္ကဋ္ဌလည်းဖြစ်သော၊ နိုင်ငံတော် ရှေ့နေချုပ်၏ကိုယ်စားအစိုးရရှေ့နေကြီး **ဒေါ်**မြသန်းနုက လျှောက်လွှာကို ကန့်ကွက်ရန်မရှိပါဟုဆိုသည်။

ဦးထွန်းစိန်သည် နှစ်ပေါင်းများစွာ အမှုလိုက်ရှေ့အရာရှိအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်သည်။ အထူးစုံစမ်းစစ်ဆေးရေးဌာနတွင် ဝင်ရောက်အမှုထမ်းသောအခါ၌လည်း တရားစွဲဆိုရေးဖက်တွင်သာ တလျှောက်လုံး တာဝန်ယူခဲ့သည်။ ယင်းကဲ့သို့မှုခင်းများတွင် လိုက်ပါဆောင်ရွက်ခဲ့ခြင်း၊ မှုခင်းများကို ရုံးသို့တင်ပို့တရားစွဲဆိုခြင်းကိုညွှန်ကြားခဲ့ခြင်းတို့ကြောင့် ဦးထွန်းစိန်သည် တရားရုံးချုပ်ရှေ့နေစာမေးပွဲကို ဝင်ရောက်ဖြေဆိုရန် အရည်အချင်းပြည့်ဝသူဖြစ်သည်ဟု ပြည်ထောင်စုရုံးထူးဝန်အဖွဲ့ကသတ်မှတ်ခဲ့ခြင်းဖြစ်ပေသည်။ ထို့ကြောင့် ၁၉၅၈ ခုနှစ်တွင် အထက်တန်းရှေ့နေအဖြစ် စာရင်းသွင်းပြီးသည်မှ ၁၉၆၇ ခုနှစ်တွင် အထူးစုံစမ်းစစ်ဆေးရေးဌာနမှအငြိမ်းစားယူသည်အထိ ဦးထွန်းစိန်သည် စည်းကမ်းအရ လိုအပ်သော ၅ နှစ်ကျော်အမှုလိုက်ပါဆောင်ရွက်ရေးတွင် တာဝန်ယူခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ၎င်းသည်စည်းကမ်းနှင့်အညီတရားရုံးချုပ်ရှေ့နေအဖြစ်ကို ခံယူထိုက်သည်ဟု ကျွန်ုပ်တို့တွေ့ရှိသည်။

ထိုအချက်အပြင် ဦးထွန်းစိန်သည် ၂ နှစ်ကျော်မျှ အထက်တန်းရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခဲ့ခြင်း၊ တရားရုံးချုပ်ရှေ့နေ စာမေးပွဲကိုဖြေဆိုအောင်မြင်ခဲ့ခြင်းတို့ကိုပါ ထည့်သွင်းစဉ်းစားကာ၊ ၎င်း၏လျှောက်လွှာကို ခွင့်ပြုသင့်သည်ဟုကျွန်ုပ်တို့ဆုံးဖြတ်သည်။

အထက်ပါ အကြောင်းတို့ကြောင့် ဦးထွန်းစိန်က မိမိအားတရားရုံးချုပ်ရှေ့နေအဖြစ်ဝင်ခွင့်ပြုရန် တင်သွင်းသောလျှောက်လွှာကို ခွင့်ပြုလိုက်သည်။

နိုင်ငံတော်တရားရုံးချုပ် (မန္တလေးရုံးထိုင်)

တရားမဒုတိယအယူခံမှု

[တရားသူကြီး ဦးကျော်ဇံဦးနှင့် တရားသူကြီး ဦးသန်းအောင်တို့ရှေ့တွင်]

† ၁၉၇၁
ဒီဇင်ဘာလ ၄ ရက်။

ဦးအောင်ဆိုင်

နှင့်

ဦးစံရီ*

ဆန့်ကျင်၍ လက်ရှိထားရှိခြင်း—မရွှေမပြောင်းနိုင်သော ပစ္စည်းတခုကို မှတ်ပုံတင် အရောင်းစာချုပ်ဖြင့် ဝယ်သူသည်၊ ဝယ်စဉ်က ထိုပစ္စည်းကို လက်ရောက်မရရှိခဲ့၍၊ ရောင်းသူက ထိုပစ္စည်းပေါ်တွင် ဆက်လက် နေခဲ့ရာ၌၊ ဝယ်သူ၏ခွင့်ပြုချက်၊ အငှားချထားချက်၊ သဘောတူညီချက်တို့အရ နေထိုင်ခြင်း မဟုတ်လျှင်၊ ရောင်းသူသည် စာချုပ် ချုပ်သည့်နေ့မှစ၍ ဝယ်သူကို ဆန့်ကျင်၍လက်ရှိ ထားခဲ့သည်ဟု ယူဆရမည်ဖြစ်ခြင်း—ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၂၈ ၏ ပြဋ္ဌာန်းချက်။

ဆုံးဖြတ်ချက်။ ။ယခုအမှုတွင် အချင်းဖြစ်မြေကွက် အမှတ် ၈ ကို အယူခံတရားလို (မူလရုံးတရားလို) ထံ ရောင်းချသူ ဆရာမြနှင့် ဦးထွန်းလှိုင်တို့သည်၊ ၁၉၂၁ ခုနှစ်မှစ၍ ၎င်းတို့နှင့် ၎င်းတို့၏ဖခင်ဖြစ်သော ဆရာမှိုင်က လက်ရှိမရခဲ့ဘဲ၊ လက်ဝယ်၌ မထားရဘဲ၊ ဆရာမှိုင်ထံရောင်းလိုက်သူ ဆရာရှင် (မောင်ဆင်) နှင့် ၎င်း၏ သားသမီး၊ မယားတို့ကသာ ဆက်လက်၍ တောက်လျှောက်နေထိုင်ခဲ့ပြီးလျှင်၊ ဆန့်ကျင်လက်ရှိ ထားခဲ့ကြသည်ဟု ယူဆသည်။ ထို့ကြောင့် ၁၂ နှစ်ကျော်သွားသော ၁၉၃၃ ခုနှစ်၊ ကုန်ဆုံးပြီးနောက်တွင်၊ ဆရာမှိုင်နှင့် ၎င်း၏ အမွေစားဆရာမြနှင့် ဦးထွန်းလှိုင်တို့ မပိုင်ဆိုင်တော့ပေ။ ကာလစည်းကမ်းသတ် အက်ဥပဒေ ပုဒ်မ ၂၈ တွင် ဤသို့အတိအလင်းပြဋ္ဌာန်းထားသည်။

အယူခံ တရားလိုအတွက် ။တရားရုံးချုပ်ရှေ့နေ ဦးဘငွေ။

အယူခံ တရားပြိုင်အတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးလှညွန့်။

တရားသူကြီး ဦးသန်းအောင်။ ။အယူခံမှုသည် ဤရုံး ၁၉၆၇ ခုနှစ်၊တရားမဒုတိယ အယူခံမှုအမှတ် ၂၀ နှင့် ဆက်စပ်နေသည့်အမှုဖြစ်သည်။ အကြောင်းချင်းရာ

---

* ၁၉၆၇ ခု၊ တရားမ ဒုတိယအယူခံမှုအမှတ် ၂၁။

† ၁၉၆၁ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၃၁ တွင် မန္တလေးမြို့၊ ခရိုင်တရားမ တရားသူကြီးရုံး၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

မျှော်နှင့် ပတ်သက်၍ အမှုသွားအမှုလာ ဖြစ်ပျက်ပုံတို့ကို တရားမဒုတိယအယူခံမှု အမှတ် ၂၀/၆၇ တွင်ရေးသားသည့် စီရင်ချက်၌ အကျယ်တဝင့် ဖေါ်ပြထားပြီးဖြစ်သည်။

၁၉၇၁

ဦးအောင်ဆိုင် နှင့် ဦးစံရီ။

မူလရုံးဖြစ်သော မန္တလေးမြို့၊ နယ်ပိုင်တရားမ တရားသူကြီးရုံး၊ ၁၉၅၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၃ တွင် အယူခံတရားလို ဦးအောင်ဆိုင်က တရားလိုအနေနှင့် အယူခံတရားပြိုင် ဦးစံရီကို တရားပြိုင်အဖြစ်နှင့် ၎င်းက မန္တလေးမြို့၊ အောင်မြေသာဇံ ရပ်၊ မြေကွက်အမှတ် ၁၂၂၊ ဦးပိုင်အမှတ် ဂ တွင် ကျူးကျော်နေသော တစိတ်တဒေသကို လက်ရောက်ရရှိရန် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ အချင်းဖြစ် မြေကွက်အမှတ် ဂ ကို ဆရာမှိုင် ပိုင်ဆိုင်ခဲ့ကြောင်း၊ ဆရာမှိုင် သေဆုံးပြီးနောက် ၎င်း၏သားများဖြစ်ကြသော ဆရာမြနှင့် ဦးထွန်းလှိုင်တို့သည် အမွေစား အမွေခံအနေနှင့် ပိုင်ဆိုင်လာပြီးနောက်၊ အယူခံတရားလိုအား ၁၉၅၅ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့တွင် မှတ်ပုံတင်အရောင်းစာချုပ်ဖြင့် ရောင်းချသဖြင့် အယူခံတရားလို ပိုင်ရှင်ဖြစ်လာကြောင်း။ ပိုင်ရှင်အဖြစ်နှင့် ကျူးကျော် ဝင်ရောက်နေသူ အယူခံ တရားပြိုင်ထံမှ လက်ရောက်ရရှိရန် တရားစွဲဆိုခြင်းဖြစ်ကြောင်း အဆိုလွှာတွင် ဖေါ်ပြထားသည်။ အယူခံ တရားပြိုင်က အဆိုပါ ဆရာမှိုင်နှင့် မောင်ရှင်တို့ ၁၉၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့က အရောင်းစာချုပ်တခု ချုပ်ဆိုခဲ့သော်လည်း ယိုအရောင်းစာချုပ်သည် ဟန်ဆောင် စာချုပ်မျှသာ ဖြစ်သည်။ အရောင်းစာချုပ် အစစ်အမှန် မဟုတ်ကြောင်း၊ ဆရာမှိုင်ထံ ပေါင်နှံခြင်းနှင့် ပတ်သက်သော အယောင်ဆောင်ဟန်ပြ ချုပ်ဆိုထားသော စာချုပ်ဖြစ်ကြောင်းထုချေသည်။ ထို့ပြင်အခြားနည်း ထုချေသည်မှာ မည်သို့ပင်ဖြစ်စေ ဆရာမှိုင်နှင့် ၎င်း၏အမွေစား အမွေခံတို့သည် အချင်းဖြစ်မြေကို ၁၉၂၁ ခုနှစ်ကစ၍ နောက်မည်သည့် အခါကမျှ လက်ရောက် မရရှိခဲ့ကြောင်း၊ ရောင်းသူနှင့် ၎င်း၏ အမွေစား အမွေခံတို့က တောက်လျှောက် နေထိုင်လာခဲ့ကြောင်း ထုချေသည်။ ဆရာမှိုင်နှင့် ၎င်းတို့အမွေစား အမွေခံတို့က အချင်းဖြစ် မြေကွက်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့် မရှိသည့်အတွက်ကြောင့် ထိုအချင်းဖြစ်မြေနှင့် ပတ်သက်သောပိုင်ရေးဆိုင်ခွင့်ကို မူလရုံး တရားလို ဦးအောင်ဆိုင်ထံသို့ ၁၉၅၅ ခုနှစ်က ရောင်းချလိုက်သော်လည်း တရားလို မပိုင်ကြောင်းဖြစ်သည်။ မူလရုံး တရားသူကြီးသည် ၁၉၂၁ ခုနှစ်က ဆရာမှိုင်ထံ ငွေ ၃၀၀ ကျပ်နှင့်ရောင်းချသည်ဟုဖေါ်ပြထားသော ၁၉၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့စွဲပါ မှတ်ပုံစာချုပ်သည်အရောင်းစာချုပ်ဖြစ်ကြောင်း မောင်ရှင်သည် ဆရာမှိုင်သို့ ရောင်းခြင်းသာဖြစ်ကြောင်း၊ အပေါင်စာချုပ် မဟုတ်ကြောင်း ဆုံးဖြတ်ခဲ့သည်။ မောင်ရှင်၏ အမွေစား အမွေခံ မောင်အောင်တင်(ခေါ်)မောင်အောင်ဒင်သည် ဆရာမှိုင်ထံမှ ပြန်လည်ရွေးနုတ်သည့် အခါက သက်သေခံအမှတ် (ဘီ) ဖြစ်သော၁၉၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့စွဲပါ

၁၉၇၁

ဦးအောင်ဆိုင်
နှင့်
ဦးစံရီ။

စာချုပ်ကို ရရှိသည်ဆိုသည်မှာလည်း မဖြစ်နိုင်ကြောင်း။ ပြန်လည် ရွေးနုတ်ခြင်း
ပတ်သက်၍၎င်း၊ ပြန်လည်ရောင်းခြင်းနှင့် ပတ်သက်၍၎င်း၊ ခိုင်လုံသော အထေ
အထားမရှိကြောင်း မူလရုံးက ဆုံးဖြတ်ခဲ့သည်။ မောင်အောင်တင်သည် အ
တရားပြိုင် ဦးစံရီကိုအချင်းဖြစ် မြေကွက်အမှတ် ၈ အားအပေါင်ပြုလုပ်နိုင်ရန်အဝ
ပိုင်ရေးဆိုင်ခွင့် မရှိဟုဆုံးဖြတ်ခဲ့သည်။ မောင်အောင်တင်သည်ပိုင်ရှင်ဖြစ်သည်ဟု မ
ရှားကြောင်း ဆုံးဖြတ်ခဲ့သည်။ တရားလို တောင်းဆိုသည့် အမှတ် ၂ ဖြစ်
သက်သာခွင့်ကို ပေးရန် စီရင်ချက်နှင့် ဒီကရီ ချမှတ်ခဲ့သည်။

ပထမ အယူခံရုံးဖြစ်သော မန္တလေးမြို့၊ ခရိုင်တရားမ တရားသူကြီးရုံး၊ တ
အယူခံမှုအမှတ် ၃၁ တွင် ၁၉၆၇ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့စွဲပါ စီရင်ချက်
အဆိုပါ သက်သေခံအမှတ်(ဘီ)ဖြစ်သော ၁၉၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့
စာချုပ်သည် အပေါင်သဘောမျိုးဖြစ်၍ ထိုစာချုပ်သည် အကျိုးသက်ရောက်မှု
ချေဟု ဆုံးဖြတ်ထားသည်။ ၎င်းပြင် ထိုမြေကိုဦးထွန်းလှိုင်နှင့် ဆရာမြ တို့ မပိုင်သ
ဦးအောင်ဆိုင်လည်း ပိုင်ဆိုင်မှုမရှိဟု ဆုံးဖြတ်ထားသည်။ သက်သေခံ (ဘီ) ၁
ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့စွဲပါ စာချုပ်၏ မျက်နှာပြင်တွင် စာချုပ် ချုပ်ဆိုသူ
အချင်းဖြစ်မြေကို ရောင်းခြင်းဝယ်ခြင်းဖြစ်ကြောင်း အတိအလင်း ဖေါ်ပြထားသ
အပေါင်စာချုပ် မဟုတ်ပေ။ သို့သော် ၎င်းသက်သေခံ(ဘီ)စာချုပ်သည် ဟန်ဆေ
စာချုပ်ဖြစ်ကြောင်း သက်သေထူနိုင်သည်။ **လှကြီးရန်ဆင်း နှင့် စူရာနင်ဆင်း**
အမှု၌ ဆုံးဖြတ်ထားသည်။စာချုပ်သည် အရောင်းအဝယ် စာချုပ်ဟု ဆိုသော်
အမှန်အားဖြင့် ပေါင်နှံခြင်းသာ ရှိခဲ့၍၊ အကျိုးသက်ရောက်စေရန် ရည်ရွယ်ချု
သော စာချုပ်မျိုး မဟုတ်ဘဲ ဟန်ဆောင် စာချုပ်မျှသာဖြစ်ကြောင်းနှုတ်သက်
တင်ပြနိုင်သည်ဟု **ဦးမြထင် နှင့် ဒေါ်ကျင်ယုံ** အမှု(၂)၊ **ဒေါ်မြမေ နှင့် ဒေါ်ကျင်**
တို့ အမှုများတွင် ဆိုထား၏။

ဒေါ်သောင်းချစ် နှင့် ဦးထွန်းလှိုင်(၄) အမှုစီရင်ထုံးတွင် ဤသို့သုံးသပ်ထား
ကို တွေ့ရ၏။

> "......Exhibit A was a sham document intendin
> cloak the real transaction, namely, the mortgage of
> suit house and its site by U Aung Tin, his wife Daw Th
> Chit and his son Maung Kyi Myint for an old deb
> K. 3,500 with interest thereon. Therefore, oral eviden
> admissible to prove the real nature of the transaction....
> Section 92 of the Evidence Act does not stand in the wa

---

(1) 1959 B.L.R. 207.
(2) 1964 B.L.R. 250.
(3) 1964 B.L.R. 885.
(4) 1965 B.L.R. 19.

oral evidence being given to prove the real nature of the transaction which Exhibit A was intended to cloak." ၁၉၇၁

ဦးအောင်ဆိုင် နှင့် ဦးစံရီ။

ယင်းကဲ့သို့ သက်သေခံ(ဘီ)သည်၊ အမှန်တကယ် အရောင်းအဝယ် ပြုလုပ်ကြခြင်းနှင့် ပတ်သက်၍ အရောင်းအနေနှင့်အကျိုးသက်ရောက်စေမှု ရှိရန်ချုပ်ဆိုထားခြင်းဖြစ်သလား၊သို့မဟုတ် အမှန်တကယ်အားဖြင့် အပေါင် ပြုလုပ်ကြခြင်းကိုအရေခြုံအနေနှင့် ဟန်ဆောင် စာချုပ်မျှသာ ဖြစ်သလားဟူသော အချက်နှင့် ပတ်သက်၍ နှုတ်သက်သေ ထူနိုင်သဖြင့် ယခုအမှုတွင် နှုတ်သက်သေပြထားကြသည်။ အမှန်တကယ် ပေါင်ခြင်းကို အရေခြုံအနေနှင့် ချုပ်ဆိုထားသော ဟန်ဆောင် စာချုပ်မျှသာ ဖြစ်ကြောင်းကို အသိသက်သေ ထင်ရှားပြရန်မှာ ထိုသို့ပြောဆိုသူ (ဤအမှု အယူခံတရားပြိုင်) ပေါ်တွင် တာဝန်ကျရောက်သည်။မောင်ရွှေလှိုင် နှင့် မောင်ရွှေဒုတ် (၅) အမှုတွင် ဤသို့သုံးသပ်ထားသည်။

"Rulings of this Court have admitted evidence to show a separate and different agreement intended to operate as the real agreement even where a plainly worded document exists, but where a plaintiff seeks, as in this case, to redeem land ostensibly sold on the ground of such separate oral agreement, the burden of proof of mortgage is on the plaintiff and the evidences of such mortgage transaction must be clear and credible."

ဤအမှုတွင် အယူခံတရားပြိုင်က ထိုကဲ့သို့ အဆိုပြုလာသည်ဖြစ်၍ သက်သေထင်ရှားပြထားခြင်းရှိ မရှိ ဆန်းစစ်ကြည့်သည့်အခါ ထိုအချက်နှင့် ပတ်သက်၍ အယူခံတရားပြိုင် ဦးစံရီက ကိုယ်တိုင်သိသည့် သက်သေတယောက် အနေနှင့် ထွက်ဆိုခြင်းမပြုနိုင်ခဲ့ပေ။ဦးထွန်းတင်က ဆရာမြထံမှ ပြန်ရွေးသည့် မှတ်ပုံတင်စာချုပ်တခု ပြုလုပ်ကြောင်းသာ ထွက်ဆိုသည်။ ထိုစာချုပ်ကို ရုံးရှေ့တွင် အယူခံတရားပြိုင်ဘက်မှ [illegible]ပြုနိုင်ခြင်း မရှိပေ။ ထိုစာချုပ်နှင့် ပတ်သက်၍ ဖြေရှင်းချက်လည်း မရှိခဲ့ပေ။ ၁၉၂၁ ခုနှစ်က ချုပ်ဆိုခဲ့သော စာချုပ်သည်အရောင်းကိစ္စနှင့် ပတ်သက်၍ချုပ်ဆိုခြင်း [illegible] ပေါင်နှံခြင်းကိစ္စနှင့် ပတ်သက်၍ ချုပ်ဆိုခြင်း ဖြစ်ကြောင်းကို တရားခံပြ [illegible]ကလည်း ထိထိရောက်ရောက်ဘာမျှ မထွက်ဆိုနိုင်ခဲ့ပေ။ တရားခံပြ သက်သေများ ဖြစ်ကြသော ဦးမောင်ကလေး၊ မစ္စတာ ဝါရစ်၊ ဦးဘအုံး၊ ဦးမြနှင့် ဦးမောင်ကိုတို့ကလည်း ဤအချက်နှင့် ပတ်သက်၍ ဘာမျှသက်သေ ထွက်ဆိုနိုင်ခြင်းမရှိ။ ဦးရှင် (ဆရာရှင်)၏သမီး ဒေါ်မမလေး၊ ဦးအောင်ဆိုင်၏ မယား၏အစ်မဖြစ်သူ တရားပြိုင်ပြ သက်သေအမှတ် ၁၀ က သက်သေခံရာ၌လည်း၊ ၁၉၂၁ ခုနှစ်က ချုပ်ဆိုခဲ့

(5) P.J.L.B. 497.

၁၉၇၁
——
ဦးအောင်ဆိုင်
နှင့်
ဦးစံရီ။

သော သက်သေခံအမှတ် (ဘီ)နှင့် ပတ်သက်၍ ဘာမျှထွက်ဆိုခြင်းမပြုခဲ့ပေ။ ပထမအယူခံရုံး တရားသူကြီးက ထိုအရောင်းစာချုပ် သက်သေခံအမှတ်(ဘီ)သည် ရောင်းသူတို့၏ အမွေစား အမွေခံများ လက်ထဲတွင် ရှိနေခြင်းကြောင့်အပေါင်စာချုပ်သာ ဖြစ်ရမည်ဟု သက်သေခံ အက်ဥပဒေပုဒ်မ ၁၁၄ ကို ညွှန်း၍ ဆုံးဖြတ်သည်။ သို့သော် ပုဒ်မ ၁၁၄ (ဈ) ငွေပေးရန်တာဝန်ရှိသော စာချုပ်သည် ပြုလုပ်သူလက် ပြန်ရောက်လျှင်၊ ထိုငွေကို ပြေလည်အောင် ပေးဆပ်ပြီးပြီဟု မှတ်ယူရမည်ဟု ဥဒါဟာရဏ် ပြုပေးထားသည်။ အရောင်းစာချုပ် တခုသည် ရောင်းသူလက်ထဲ ပြန်ရောက်နေခြင်းကြောင့် ထိုစာချုပ်သည် ပေါင်စာချုပ် ဖြစ်ရမည်ဟု မယူဆနိုင်ပေ။ တရားလိုဘက် သက်သေများဖြစ်ကြသည့် ဆရာမြနှင့် ဦးထွန်းလှိုင်တို့က သက်သေခံရာတွင် ဆရာရှင် ဆိုသူက အချင်းဖြစ် မြေဖြစ်သော ဦးပိုင်အမှတ် ဂ ကို ၎င်းတို့၏ဖခင် ဆရာမြိုင်အား ရောင်းခဲ့သည်ဟု အတိအလင်း ထွက်ဆိုထားသည်။ တရားပြိုင်ဘက်မှ ပေါင်နှံ ပြုခြင်းနှင့် ပတ်သက်၍ ခိုင်မာလုံလောက်သော သက်သေမပြနိုင်ခဲ့ပေ။ မူလရုံးက ဆုံးဖြတ်သည့်အတိုင်း ၁၉၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့စွဲပါ သက်သေခံ (ဘီ) စာချုပ်သည် အရောင်းစာချုပ် အမှန်ဖြစ်ကြောင်း ကျွန်ုပ်တို့ယူဆသည်။ **ဦးသန်းတင် နှင့် ဘဘ**(၆) အမှု စီရင်ထုံးတွင်ပါရှိသည့်အတိုင်း အမှုတမှုကိုဆုံးဖြတ်ရာ၌အဆိုအချေ (pleadings) တို့ပေါ် မူတည်၍ ဆုံးဖြတ်ရမည်ဖြစ်သည်။ အဆိုလွှာအပိုဒ် (၄)တွင် တရားလိုက၊ ၁၉၂၁ ခုနှစ်က မှတ်ပုံတင်စာချုပ်ဖြင့် အချင်းဖြစ်မြေကိုမောင်ရှင်ထံမှ ဆရာမြိုင်ဝယ်ခဲ့ပြီးနောက်၊ တရားပြိုင်၏ သားများဖြစ်သောဆရာမြ နှင့် မောင်ထွန်းလှိုင်တို့က အမွေရ၍ ၎င်းတို့နှစ်ယောက်ထံမှ မှတ်ပုံတင်အရောင်းစာချုပ်ဖြင့် အယူခံ တရားလိုဦးအောင်ဆိုင်က ၁၉၅၅ ခုနှစ်က ဝယ်ယူခဲ့ကြောင်း အဆိုပြုထားသည်။ထိုအယူခံ တရားပြိုင်က ချေလွှာအပိုဒ် ၄ တွင် ဤသို့ချေပထားသည်။

> "Neither *Saya* Myine nor his heirs ever occupied this land. Up to date Kisnandaw and his heirs have been in occupation of the same."

ချေလွှာအပိုဒ် ၆ တွင် ဤသို့ချေပထားသည်။

> "Thus no title of the property can pass to the plaintiff."

မှတ်ပုံတင် အရောင်းစာချုပ်ဖြင့် မရွှေ့ မပြောင်းနိုင်သော ပစ္စည်းတခုကို ဝယ်သူသည် ဝယ်ယူစဉ်က ထိုပစ္စည်းကို မိမိလက်ရောက် မရရှိခဲ့၍ ရောင်းသူက ထိုပစ္စည်းပေါ်တွင် ဆက်လက်ပြီး နေခဲ့လျှင်၊ ထိုသို့နေထိုင်ရာ၌လည်း ဝယ်သူ၏ ခွင့်ပြုချက် အငှါးချထားချက်၊ သဘောတူညီချက်တို့အရ နေထိုင်ခြင်း မဟုတ်လျှင် ရောင်းသူသည်

(၆) ၁၉၅၃ ခု၊ မြန်မာပြည်စီရင်ထုံး၊ စာ၊ ၉ (တရားလွှတ်တော်ချုပ်)။

၁၉၇၁
———
ဦးအောင်ဆိုင်
နှင့်
ဦးစံရီ။

စာချုပ် ချုပ်သည့်နေ့မှစ၍ ဝယ်သူကိုဆန့်ကျင်၍ လက်ရှိထားခဲ့သည်ဟု ယူဆရမည်ဟု **တရားရုံး**ချုပ်က (စီရင်ထုံးများတွင် ထည့်သွင်းထားခြင်း မရှိသော) ဒီ၊ ပီ၊ အက်ဖ်၊ **လူး**တား နှင့် ဒေါ်သိန်းခင် (၇) အမှုတွင် ဤသို့ဆုံးဖြတ်ထားသည်ကို တွေ့ရသည်။

"သို့သော် ထူးခြားသည့်အချက်မှာ၊ ၁၉၂၆ ခုနှစ်တွင် အဆိုပါသက်သေခံ အမှတ် (က) စာချုပ်ကိုင်ဆိုပြီးနောက်၊ မစ္စစ်ဖရန်စစ်အဲမလီလူတာသည် အခင်းဖြစ်ပစ္စည်းများကို တကြိမ်တခါမျှလက်ရောက် မရရှိခဲ့ဘူးချေ။ မမသန်းပင်လျှင် အခင်းဖြစ်ပစ္စည်းများကို လက်ရှိထားရှိပြီးလျှင် အခွန်များ ထမ်းဆောင်လျက် နေ၏။ မစ္စစ်ဖရန်စစ်အဲမလီလူတာအား ငှားရမ်းခ တကြိမ်တခါမျှ မပေးခဲ့ဘူးကြောင်းနှင့် မစ္စတာအိပ်ချ်၊အမ်၊လူတာကိုယ်တိုင်က ဝန်ခံ၏။ ၎င်း၏ဇနီး ကွယ်လွန်ပြီးနောက်၊ မစ္စတာအိပ်ချ်၊အမ်၊လူတာသည် အခင်းဖြစ်ပစ္စည်းများကို မိမိနာမည်သို့ လွှဲပြောင်းရန် လျှောက်ထားသောအခါ၊ မမသန်းက ကန့်ကွက်သဖြင့် မအောင်မြင်ချေ။ ထိုအကြောင်းများကိုထောက်သော်၊ အဆိုပါအရောင်းစာချုပ်ချုပ်ဆိုသည့်နေ့မှစ၍ မမသန်းသည် ယခင်အတိုင်းပင် အခင်းဖြစ်ပစ္စည်းများကို ပိုင်ဆိုင်သူအဖြစ် လက်ရှိထားခဲ့သည်ဟု ယူဆရပေသည်။ မစ္စတာအိပ်ချ်၊အမ်၊လူတာက မိမိ၏ဇနီးနှင့် မမသန်းတို့သည် ခင်မင်ရင်းနှီးကြသဖြင့် မမသန်းအား လက်ရှိထားခွင့်ပြုခဲ့ကြောင်း ထွက်ဆို၏။ သို့သော် မည်သည့်နေ့၊ မည်သည့်နေရာ၌ ယင်းကဲ့သို့အခွင့်ပြုကြောင်း မထွက်ဆိုချေ။ သက်သေအထောက်အထားသည် စိုးစဉ်းမျှမရှိချေ။ ထို့ကြောင့် မူလရုံးဆုံးဖြတ်သည့်အတိုင်း၊ မမသန်းအား အခင်းဖြစ်ပစ္စည်းများကို လက်ရှိအားခွင့်ပြုကြောင်း အယူခံတရားလို သက်သေတင်ပြခြင်းမပြုနိုင်ဟု ဆုံးဖြတ်ရမည်ဖြစ်သည်။

ယင်းသို့ဖြစ်ရကား၊ စာချုပ် ချုပ်ဆိုသည့်နေ့မှစ၍ မမသန်းသည် မစ္စစ်ဖရန့်စစ်အဲမလီလူတာအား ဆန့်ကျင်ပြီး၊ အခင်းဖြစ်ပစ္စည်းများကို လက်ရှိထားခဲ့သည်ဟု ယူဆရပေမည်။ မူလရုံး ကိုးကားသော **အနန်ကူမာရီ** နှင့် **အလီဂျမင်** အမှုတွင် ဆုံးဖြတ်သည့်အတိုင်း အပိုင်ရောင်းပြီးနောက် ရောင်းသူသည် လက်ရှိဆက်လက်နေလျှင် ထိုသို့လက်ရှိနေခြင်းသည် ဝယ်သူအား ဆန့်ကျင်၍နေခြင်းဖြစ်သည်ဟု **ယူ**ဆရမည်ဖြစ်သည်။

ဤအမှုတွင် မစ္စစ်ဖရန်စစ်အဲမလီလူတာသည် အခင်းဖြစ်ပစ္စည်းများကို လက်ရှိ**ထားစဉ်** မမသန်းက ဖယ်ရှားခြင်းလည်းမပြု၊ မိမိကိုယ်တိုင်လည်း စွန့်လွှတ်ခြင်း**မပြုသည်ဖြစ်**ရကား၊ ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အပိုဒ် ၁၄၂၊

(၇) ၁၉၆၁ ခု၊ တရားမ ပထမ အယူခံမှုအမှတ် ၂၊ ၁၉၆၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့ စီရင်ချက်။

နှင့် မသက်ဆိုင်ချေ။ ထို့ကြောင့် ထိုအက်ဥပဒေ ပဋ္ဌမဇယားအပိုဒ် ၁၄၄ တွင် ဤအမှု အကျုံးဝင်သည်ဟုယူဆရမည်ဖြစ်သည်။ ယင်းသို့ ယူဆရာတွင် အထက်၌ ဖော်ပြသည့်အတိုင်း အရောင်းစာချုပ် ချုပ်ဆိုသောနေ့မှစ၍ မမသန်းသည် ဝယ်သူအားဆန့်ကျင်၍ လက်ရှိဖြစ်သည်ဟု ယူဆရမည်။"

ဦးအောင်ဆိုင်က သက်သေခံရာတွင် ဆရာမြိုင်သည် အချင်းဖြစ်မြေကို ၁၉၂၁ ခုနှစ်က ဝယ်ပြီးနောက် ဆရာမြိုင်မနေကြောင်း သို့သော် အိမ်တခုကိုလည်း ဦးချစ်ဖူးဆိုသူအား အငှားချထားကြောင်းထွက်ဆိုသည်။ မောင်ထွန်းလှိုင်ကလည်း ဦးချစ်ဖူးအား အငှါးချထားကြောင်း ဦးချစ်ဖူးထံမှ လခကောက်ခံကြောင်း ဦးချစ်ဖူး ဂျပန်ဝင်တော့ ထွက်ပြေးသွားကြောင်း အစစ်ခံသည်။ ပြန်လှန်မေးခွန်းကို ဖြေကြားရာ၌ အချင်းဖြစ်မြေပေါ်တွင် မနေဘူးကြောင်း၊ အဖေ ဆရာမြိုင်လည်း မနေဘူးကြောင်း အတိအလင်း ဝန်ခံသည်။ တရပ်တည်းနေ ဦးဘလှိုင်ကလည်း ဆရာမြိုင် ဘယ်တုံးကမျှ အချင်းဖြစ်မြေပေါ် မနေဘူးကြောင်း ထွက်ဆိုသည်။ အငှါးထားသည် မည်သူ့ကို ငှါးမှန်းမသိဟု ဆိုသည်။ ဦးဖိုးထွန်းကလည်း ဆရာမြိုင် ဝယ်ပြီးမနေကြောင်း၊ သို့သော် ဦးချစ်ဖူးကို အငှါးချထားကြောင်း၊ တလ ၂ ကျပ် ပေးရသည်ဟုအထင်နှင့် ပြောကြောင်း ထွက်ဆိုသည်။ ဦးဘသစ်က အချင်းဖြစ်မြေပေါ် ဆရာမြိုင် မနေဘူးကြောင်း၊ ဦးချစ်ဖူးကို အငှါးချထားသည်ဟု ဦးချစ်ဖူးက ပြောပြကြောင်း၊ အိမ်ကြီး၌ ခရစ်ရှုနန်ဒေါ်နေ၍ ၎င်းသေတော့ သူ၏ သားသမီး မြေးတွေ နေကြကြောင်း ထွက်ဆိုသည်။

အယူခံ တရားပြိုင်ဘက်မှ သက်သေ ဒေါ်မမလေးသည် ဆရာမြိုင်အား ရောင်းလိုက်သော ဦးရှင်၏ သမီးဖြစ်သည်။ ၎င်းက သက်သေခံသည်မှာ "မှုလမေး (ဦးလှညွန့်) ကျမ၏အဘေ၊ ဦးရှင်၏ အဘေနှင့် အမေမှာ ဆရာသိန်း ခေါ် ဦးကစ္စနောနန္ဒောနှင့် ဒေါ်လက်ငှမီတို့ ဖြစ်ပါသည်။"

"အမှုဖြစ်နေတဲ့ မြေများကို သိပါသည်။ ၎င်းမြေတွေပေါ်မှာ ကျမ အဘိုးအဖွားနှင့် ကျမအဘေများ နေခဲ့ပါသည်၊ ကျမလဲ နေဘူးပါသည်။"

"ဦးကစ္စနောနန္ဒောက ဦးပိုင်အမှတ် ၇ နှင့် ၈ ၏ အနောက်ဘက်ပိုင်းကို ဦးစံရီတို့ တလလျှင် ၅ ကျပ် နှင့်ငှါးသည်ဆိုတာ ကျမသိပါသည်။ တခါတရံငွေယူပြီး တခါတရံ ဆန်ယူသည်ဆိုတာ မသိပါ။ ကျမကိုယ်တိုင်တော့ မယူဘူးပါ။"

"ဂျပန်ခေတ်က ထိုမြေမှာ ၁ နှစ်၊ ၂ နှစ်နေပါသည်။ ဂျပန်ဝင်၍ ထွက်ပြေးပြီး၊ ၃-၄ လကြာတော့ အချင်းဖြစ် မြေပေါ်မှာ ပြန်လာပါသည်။"

ဦးအောင်ဆိုင်ဘက်မှ ထိုအချက်များနှင့် ပတ်သက်၍ ပြန်လှန်မေးခွန်း **မထုတ်** ထားပါ။ မေးခွန်း တခုတည်းထုတ်၍ ဤသို့ဖြေကြားထားကြောင်း တွေ့**မြင်ရသည်။**

၁၉၅၁ — ဦးအောင်ဆိုင် နှင့် ဦးစံရီ။

"ပြန်လှန်မေး (မစ္စတာ ဘိုစ်)၊ ဦးစံရီကို ကာစ္စနောနန္ဒောက ငှါးစဉ် ကျမမရှိပါ၊ စာချုပ်စာတမ်း လုပ်တာလဲ မသိပါ၊ ငှါးစဉ်ကိုယ်တိုင်လဲ မရှိပါ။"

သက်သေခံချက်များကို ဆင်ခြင် ချင့်ချိန်သည့် အခါ၌ မူလရုံး တရားလို၏ သက်သေများကပင်လျှင် ဆရာမြိုင်သည် ၁၉၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် အရောင်းစာချုပ်ဖြင့် အချင်းဖြစ်မြေကွက် အမှတ် ဂ ကို ဝယ်ပြီးနောက် ဆရာမြိုင်ဖြစ်စေ၊ ၎င်း၏ သားများကဖြစ်စေ တခါဘူးမျှ ဝင်ရောက်နေထိုင်ခြင်း မပြုခဲ့ကြောင်း ထွက်ဆိုထားကြသည်။ အယူခံ တရားလို၏ တရားရုံးချုပ် ရှေ့နေကြီး ကိုယ်တိုင်ကလည်း စာချုပ် ချုပ်ပြီးနောက် (possession) ကိုယ်တိုင်လက်ဝယ် တခါမျှ မရှိခဲ့ဘူးကြောင်းကို ဝန်ခံသည်။ သို့သော် တရားလိုဘက်မှ သက်သေများက ၎င်းမြေကွက်ပေါ်ရှိ တဲအိမ်ကလေးကို ဦးချစ်ဖူးအား ဆရာမြိုင်က အငှါးချထား၍ ငှါးရမ်းခ ရယူခဲ့ကြောင်း ပြောဆိုကြသည်။ ဦးချစ်ဖူး သေဆုံးပြီဟုဆိုသည်။ ၎င်း၏သားမယားစသည်တို့ကို သက်သေ မထူခဲ့ပေ။ အငှါးချထားခြင်းနှင့် ပတ်သက်၍ စာရွက်စာတမ်းသက်သေ မတင်ပြနိုင်ခဲ့ပေ။ နှုတ်သက်သေ ခံချက်များမှာလည်း တိကျမှု မရှိသည်ကိုတွေ့ရသည်။ အချို့သက်သေတို့က ဦးချစ်ဖူးကို အငှါးချထားခြင်းနှင့် ပတ်သက်၍ တဆင့် စကားများကို ပြောပြခြင်း ဖြစ်သည်။ တရပ်တည်းနေ ဦးဘလှိုင်က မည်သူကို [illegible]ထားမှန်း မသိကြောင်း ထွက်ဆိုထားသည်။ ဦးချစ်ဖူးအား ဆရာမြိုင်က အချင်းဖြစ် [illegible]ကို ဝယ်ပြီးနောက် အငှါးချထားခြင်းနှင့် ပတ်သက်၍ တရားလိုဘက်က ခိုင်လုံ[illegible]သာ သက်သေ အထောက်အထား မပြနိုင်ပေ။ အယူခံ တရားလို၏ တရားရုံးချုပ် [illegible]နေကြီးကလည်း အငှါးချထားကြောင်း မတင်ပြတော့ပေ။ တရားပြိုင်ဘက်မှ ဆရာ[illegible]အား ရောင်းသူ ဦးရှင်၏သမီး မမလေးကို သက်သေ ပြနိုင်ခဲ့သည်။ ထိုသက်သေက [illegible]တို့ သားမယားများ ဆရာမြိုင်ထံ ရောင်းပြီးနောက် နေထိုင်ခဲ့ပုံကို ပြောပြထား[illegible] တရားလိုဘက်မှလည်း ထိုအချက်နှင့် ပတ်သက်၍ ပြန်လှန်စစ်မေးထားချက် မရှိ[illegible] လက်မခံနိုင်စရာ အကြောင်း မရှိပေ။ ဆရာမြိုင်သည် ဦးရှင်ထံမှ ဝယ်ပြီးနောက်၊ [illegible]အမှတ် ဂ တကွက်လုံးကို အငှါးချထားကြောင်း မည်သူကမျှ မပြောခဲ့ပါ။ [illegible]ခုကို ငှါးထားကြောင်းသာ ပြောခဲ့ကြသည်။ ဦးချစ်ဖူးကို တဲတွင် ဆရာမြိုင် [illegible]ထားခြင်းနှင့် ပတ်သက်၍ ယုံကြည် စိတ်ချစွာ လက်ခံနိုင်လောက်သော [illegible]သည့် သက်သေခံချက် မရှိပေ။ ဆရာမြိုင်အား ရောင်းပြီးနောက် ရောင်းသူ ဦးရှင်နှင့် ဒေါ်နှစ်ဒေ၏ အမွေစားများဖြစ်သည့် ၎င်း၏ သားမယားများ ဆက်လက်နေထိုင်ကြသည်မှာ သက်သေခံချက်များနှင့် အမှု အခြေအနေအရ ထင်ရှားသည်ဟု ကျွန်ုပ်တို့ ယူဆသည်။

၁၉၇၁

ဦးအောင်ဆိုင် နှင့် ဦးစံရီ။

မူလရုံး တရားသူကြီးက ဆရာမြိုင်သည် မှတ်ပုံတင် အရောင်းစာချုပ်နှင့် (၁-က) စာရင်းတို့အရ ပိုင်ရှင်ဖြစ်သည်ဟုသာ ဆုံးဖြတ်ထား၏။ ဆရာမြိုင်၏ သားများ အယူခံတရားလိုအား ရောင်းလိုက်သည့် အခါ၌ ပိုင်ရှင် ဖြစ်ပါသေးသလားဟူသော အချက်ကို ထည့်သွင်း စဉ်းစားခဲ့ဟန် မတူပေ။ ပထမ အယူခံရုံးက မူလအချက်ကို ထည့်သွင်း စဉ်းစားခဲ့သည်။

မောင်ကျော်ဇံ နှင့် **မောင်ရွှေဇံ** (၇) အမှုတွင် **ဆုံးဖြတ်**ထားသည်မှာ ပစ္စည်းတခုကို လက်ရှိထားသူက ပိုင်ရှင် မဟုတ်ကြောင်းကို **ပစ္စည်းလက်မဲ့** ဖြစ်သူက သက်သေထင်ရှား ပြရန်တာဝန်ရှိသည်။ဆရာမြိုင်ကို ဖယ်ရှား၍ **လက်ရောက်ပေး**အပ်ရန် တရားလိုက တရားစွဲဆိုသည့် အခါ၌ တရားလိုသည် အချင်းဖြစ် **ပစ္စည်းကို ပိုင်ဆိုင်**ကြောင်း ထင်ရှားအောင် ပြရမည်။ ယင်းသို့ မပြနိုင်လျှင် အမှုကို ပလပ်ရန်**သာရှိသည်**။

မောင်ညိုဒင် နှင့် **မောင်မှီ** (၉) အမှုတွင် **ပစ္စည်း**လက်မဲ့ဖြစ်သူ တယောက်က ၎င်းပစ္စည်း၏ ပိုင်ရှင်ဖြစ်ကြောင်း ပြောဆိုလာ**သည့် အခါ၌** ယင်းသို့ ပိုင်ကြောင်းကို ထိုသူကပင် သက်သေထင်ရှားပြရန် တာဝန်ရှိ၏။

မောင်ကျော်ဇံ နှင့် **မမင်းဖြူ** (၁၀) အမှု**တွင် သူတ**ယောက်သည် မြေတကွက်ကို လက်ရှိဖြစ်နေသူ တယောက်ကို ဖယ်ရှား၍ ၎င်း**ပစ္စည်းကို** လက်ရောက်ရယူရန်တရားစွဲဆိုသည့် အမှုများ၌ ထိုသူသည် ၎င်းမြေကွက်ကို **လက်ရှိဖြစ်**သူထက် ပိုမို၍ ကောင်းမွန်မြင့်မားသော ပိုင်ဆိုင်ခွင့်ရှိကြောင်း သက်သေ**ထင်ရှား ပြရ**မည်ဖြစ်သည်ဟု ဆုံးဖြတ်ထား၏။ တရားလိုပိုင်ကြောင်း ထင်ရှားရမည်။

ဦးလှမြိုင် နှင့် **ဗုဒ္ဓသာသနာ့ နုဂ္ဂဟအဖွဲ့** (၁၁) **အမှု**တွင် ဆုံးဖြတ်ထားသည်မှာ မြေကို လက်ရောက်ရရှိရန် မိမိဝယ်ယူ၍ တရားဝင် **ပိုင်ရှင်**အနေနှင့် တရားစွဲဆိုသော အမှုမျိုးတွင် တရားစွဲဆိုသူသည် အချင်းဖြစ် **ပစ္စည်းကို** တရားဝင်ပိုင်ဆိုင်ကြောင်း ပေါ်လွင်အောင် ပြသရမည်။ ယင်းသို့ မပြနိုင်လျှင် တောင်းဆိုသည့် သက်သာခွင့်ကို မရနိုင်ပေ။

အေ၊ အယ်၊ အာ၊ အမ် အရှန်ချာလန် ချစ်တီးယား နှင့် **ကိုတူးမောင်** (၁၂) အမှု စီရင်ထုံး၌ ဆုံးဖြတ်ထားသည်မှာ ပစ္စည်းတခုကို ဝယ်ယူသူက ထိုပစ္စည်းလက်

---

(၇) S.J.L.D. 102.

(၉) ၁၇၉၂-၉၆၊ အထက်မြန်မာပြည် စီရင်ထုံး၊ အတွဲ ၂၊ ၃၇၇။

(၁၀) ၁၇၉၂-၉၆၊ အထက်မြန်မာပြည် စီရင်ထုံး၊ အတွဲ ၂၊ ၃၆၆။

(၁၁) ၁၉၆၆ ခု၊ မြန်မာနိုင်ငံ စီရင်ထုံး၊ စာ၊ ၇၃၆။

(၁၂) အေ၊အိုင်၊အာရ်၊ (၁၉၃၃) ရန်ကုန်၊ စာ၊ ၁၇၄။

ရောက် ပေးအပ်ရန် တရားစွဲဆိုသော အမှုတွင် ထိုပစ္စည်းကို လက်ဝယ်ထားသူက တရားလိုထံသို့ ထိုပစ္စည်းကို ရောင်းသူသည် ထိုပစ္စည်းနှင့် ပတ်သက်၍ ပိုင်ဆိုင်မှု ပိုင်ဆိုင်ခွင့်မရှိကြောင်း ထုချေ၍ တရားပြိုင်သည့်အခါ၌ ထိုပစ္စည်းကို တရားလိုအား ရောင်းချခဲ့သူက ရောင်းချစဉ်က ပိုင်ရှင်ဖြစ်ကြောင်းကို ထိုတရားလိုကပင် သက်သေထင်ရှားပြရန် တာဝန်ရှိသည်။ ၁၉၇၁ ဦးအောင်ဆိုင် နှင့် ဦးစံရီ။

သို့ဖြစ်ပါ၍ ယခုအမှုတွင် အချင်းဖြစ် မြေကွက်အမှတ် ဂ ကို အယူခံတရားလို (မူလရုံးတရားလို)ထံ ရောင်းချသူ ဆရာမြနှင့် ဦးထွန်းလှိုင်တို့သည် ၁၉၂၁ ခုနှစ်မှစ၍ ၎င်းတို့နှင့် ၎င်းတို့၏ ဘခင်ဖြစ်သော ဆရာမြိုင်က လက်ရှိမရခဲ့ဘဲ၊ လက်ဝယ်၌ မထားရဘဲ၊ ဆရာမြိုင်ထံ ရောင်းလိုက်သူ ဆရာရှင် (မောင်ဆင်)နှင့် ၎င်း၏သားသမီးမယားတို့ကသာ ဆက်လက်၍ တောက်လျှောက် နေထိုင်ခဲ့ပြီးလျှင် ဆန့်ကျင်လက်ရှိထားခဲ့ကြသည်ဟု ကျွန်ုပ်တို့ ယူဆသည်။ထို့ကြောင့် ၁၂ နှစ်ကျော်သွားသော ၁၉၃၃ ခုနှစ် ကုန်ဆုံးပြီးနောက်တွင် ဆရာမြိုင်နှင့် ၎င်း၏အမွေစား ဆရာမြနှင့် ဦးထွန်းလှိုင်တို့ မပိုင်ဆိုင်တော့ပေ။ ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၂၈ တွင်ဤသို့ အတိအလင်း ပြဋ္ဌာန်းထားသည်။

> "28. At the determination of the period hereby limited to any person for instituting a suit for possession of any property, his right to such property shall be extinguished."

အယူခံ တရားလိုသံ ရောင်းချလိုက်သူတို့၏ ဘခင် ဆရာမြိုင်သည် မှတ်ပုံတင်အရောင်း စာချုပ်အရ၊ ၁၉၂၁ ခုနှစ်၊ ဒီဇင်ဘာလက အချင်းဖြစ် မြေကွက်အမှတ် ဂ ၏ တရားဝင် ပိုင်ရှင်ဖြစ်ခဲ့သည်မှာ မှန်၏။ သို့သော် ၎င်းက ၁၉၂၁ ခုနှစ်တွင် ဝယ်ယူပြီးနောက် ထိုပစ္စည်းကိုလက်ရောက် မရယူခဲ့ဘဲ မူလရောင်းသူဖြစ်သော မောင်ရှင်နှင့် ၎င်း၏ သားမယားတို့ ဆက်လက်နေထိုင်၍ ဆန့်ကျင်လက်ရှိ ထားခဲ့ခြင်းကြောင့် ၁၂ နှစ်ကျော်သွားသည့် အခါ၌ အဆိုပါ ဆရာမြိုင်နှင့် ၎င်း၏အမွေဆက်ခံသူတို့ဖြစ်သော ဆရာမြနှင့် ဦးထွန်းလှိုင်တို့သည် မပိုင်တော့ကြောင်း၊ သက်သေခံချက်များအရ ၎င်း၊ ဥပဒေအရ၎င်း တွေ့ရှိရသည်။ အယူခံတရားလိုက ၎င်းအား ရောင်းချလိုက်သောသူများသည် ၎င်းအား ရောင်းချလိုက်စဉ် အခါက အချင်းဖြစ်မြေကွက် အမှတ် ဂ ကို ပိုင်ဆိုင်ကြောင်း သက်သေသင်ရှား မပြနိုင်ခဲ့ကြောင်း တွေ့ရှိရသည်။

သို့ပါ၍အယူခံတရားလိုသည် အခင်းဖြစ် မြေကွက်အမှတ် ဂ ကို ပိုင်ဆိုင်သူမဟုတ်၍ ၎င်းမြေကွက်နှင့် ပတ်သက်၍ ပိုင်ဆိုင်ခွင့် မရှိသဖြင့် အခင်းဖြစ် ပစ္စည်းဖြစ်သော

၁၉၇၁

ဦးအောင်ဆိုင် နှင့် ဦးစံရီ။

အခင်းဖြစ် မြေကွက်နှင့် ပတ်သက်၍ တရားစွဲ တောင်းဆိုထားသော အစိတ်အပိုင်းကို လက်ရောက် ပေးအပ်ရန်နှင့် ၎င်းအချင်းဖြစ် ပစ္စည်းမှ အဆောက်အဦများကို ဖျက်ယူဖယ်ရှားပေးရန် ဒီကရီ မရထိုက်ဟု ကျွန်ုပ်တို့ဆုံးဖြတ်သည်၊ ပထမ အယူခံရုံး၏ စီရင်ချက်နှင့် ဒီကရီတို့ကို အချင်းဖြစ်မြေကွက်အမှတ် ဂ နှင့် သက်ဆိုင်သရွေ့ကို အတည်ပြုသည်။ မန္တလေးမြို့၊ နယ်ပိုင် တရားမရုံး၌ တရားမကြီးမှုအမှတ် ၂၃/၅၇ တွင် တရားလိုစွဲဆိုသောအမှုကို စရိတ်နှင့် ပယ်စေဟု အမိန့်ချသည်။ ဤအယူခံကို စရိတ်နှင့်တကွပယ်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမပြင်ဆင်မှု

တရားသူကြီး ဦးသက်ဖေနှင့် တရားသူကြီး ဦးလှသင်းတို့ရှေ့တွင်

ဦးဣန္ဒဝံသ

နှင့်

ဦးမဲအောင် ပါ ၂ *

† ၁၉၇၁
နိုဝင်ဘာလ ၂၃ ရက်။

တရားမကျင့်ထုံးပုဒ်မ ၈၀—ပြည်သူ့ဝန်ထမ်းနှင့် သာမန်အရပ်သားတို့အား ပူးတွဲ၍ တရားပြိုင်များအဖြစ် စွဲဆိုသည့် အမှုတွင် ပြည်သူ့ဝန်ထမ်းအား နို့တစ်မပေးခဲ့ပါက ပြည်သူ့ဝန်ထမ်းအပေါ်သာမက၊ အရပ်သား အပေါ် စွဲဆိုသည့်အမှုတခုလုံးသည် ပျက်ပြယ်ခြင်းရှိ မရှိ— နို့တစ်စာကို သက်ဆိုင်ရာ ပြည်သူ့ဝန်ထမ်းက စွန့်လွှတ်နိုင် မစွန့်လွှတ်နိုင်။

ဆုံးဖြတ်ချက်။ ။ပြည်သူ့ဝန်ထမ်းနှင့် သာမန်အရပ်သားတို့အား ပူးတွဲ၍ တရားပြိုင်များအဖြစ် စွဲဆိုသည့်အမှုတွင် ပြည်သူ့ဝန်ထမ်းအား တရားမကျင့်ထုံး ပုဒ်မ ၈၀ အရ၊ ကြိုတင်နို့တစ်စာမပေးခဲ့ပါက ပြည်သူ့ဝန်ထမ်းအပေါ်သာမက အရပ်သားအပေါ် စွဲဆိုသည့် အမှုတခုလုံးသည် ပျက်ပြယ်ခြင်းရှိ မရှိဆိုသော ပြဿနာနှင့် ပတ်သက်၍ ယူဆချက်အမျိုးမျိုး ဝိဝါဒကွဲပြားလျက်ရှိနေပေသည်။ အချို့က ပြည်သူ့ဝန်ထမ်း အပေါ်သာမက အရပ်သားအပေါ်၌လည်း တရားစွဲဆိုခြင်း မပြုနိုင်ဟုဆိုသည်။ အချို့ကမူ နို့တစ်စာမပေး၍ ပြည်သူ့ဝန်ထမ်းအပေါ် တရားစွဲဆိုခြင်း မပြုနိုင်သော်လည်း အရပ်သားအပေါ် ဆက်လက်၍ စွဲဆိုနိုင်သည်ဟု ယူဆကြသည်။ ပြည်သူ့ဝန်ထမ်းကို အမှုတွင် တရားပြိုင်အဖြစ် မထည့်ပဲ အရပ်သားထံမှ တရားလိုသည်၊ မိမိအလိုရှိသော သက်သာခွင့်ကို တောင်းဆိုနိုင်လျှင် ပြည်သူ့ဝန်ထမ်းကို ချန်လှပ်ပြီး အရပ်သားအပေါ် ဆက်လက်၍ တရားမစွဲဆိုနိုင်စရာ အကြောင်းမရှိဟု ကျွန်ုပ်တို့ယူဆသည်။ တရားမကျင့်ထုံး ပုဒ်မ ၈၀ အရ၊ ပြည်သူ့ဝန်ထမ်းအား ကြိုတင်နို့တစ်စာ မပေးခဲ့သည့် အကြောင်းကြောင့် အရပ်သားအပေါ် စွဲဆိုသည့်အမှုပါ ပျက်ပြယ်ခြင်းမရှိပေ။ **အရာနူလာ (ခေါ်) ဟန်နူလာ** နှင့် **ဦးပါစိန်၊ ၁၉၆၀၊** မြန်မာပြည်စီရင်ထုံး၊ ၂၅၆ (၂၆၁)၊ တရားလွှတ်တော်ကို ရည်ညွှန်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ပြည်သူ့ဝန်ထမ်း၏ အကျိုးအဘွက် တရားမကျင့်ထုံး ပုဒ်မ ၈၀ အရ၊ **ပေးရသည့် ကြို**တင်နို့တစ်စာကို သက်ဆိုင်ရာ ပြည်သူ့ဝန်ထမ်းက စွန့်လွှတ်နိုင်သည်။ **ဒေါ်ကျင်လှိုင်** နှင့် **ဦးဝင်းမောင်၊** ၁၉၅၈၊ မြန်မာပြည် စီရင်ထုံး၊ ၈၇၊ တရားလွှတ်တော်၊ ရည်ညွှန်းသည်။

---

* ၁၉၇၀ ခု နှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၉။

† ၁၉၆၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂ တွင် ၁၉၇၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့စွဲပါ စစ်တွေမြို့၊ ခရိုင်တရားမ တရားသူကြီး ချမှတ်သော အမိန့်ကို ပြင်ဆင်မှု။

၁၉၇၁ **လျှောက်ထားသူအဘွက်။** ။တရားရုံးချုပ်ရှေ့နေ ဦးဘကျော်။

ဦးဣန္ဒဝံသ နှင့် ဦးမဲအောင် ပါ ၂။ **လျှောက်ထားခံရသူအတွက်။** ။တရားရုံးချုပ်ရှေ့နေ ဦးဘရှိန်း။

တရားသူကြီး ဦးသက်ဖေ။ ။စစ်တွေမြို့၊ ဦးဥတ္တမလမ်းရှိ ကျွးရုပ်ကျောင်းတိုက်နှင့် ပတ်သက်၍ ကျောင်းတကာ၊ တကာမများက တဖက်၊ လျှောက်ထားသူ ဦးဣန္ဒဝံသက တဖက်၊ သူပိုင် ငါပိုင် အငြင်းပွါးနေကြသဖြင့်၊ စစ်တွေခရိုင် ရာဇဝတ်တရားသူကြီးသည်၊ ထိုကျောင်းတိုက်အား ရာဇဝတ် ကျင့်ထုံး ပုဒ်မ ၁၄၆ အရ၊ ၇ါရမ်းကပ်ပြီး နယ်ပိုင် ရာဇဝတ် တရားသူကြီး အမှူးပြုသည့် အဖွဲ့ကို ထိန်းသိမ်းစောင့်ရှောက်ရန် အမိန့်ချမှတ်ခဲ့သည်။

ထိုအခါ ကျောင်းတကာ နှစ်ဦးဖြစ်သည့် လျှောက်ထားခံရသူတို့က စစ်တွေမြို့၊ ခရိုင်တရားမရုံးတွင် အခင်းဖြစ် ကျောင်းတိုက်နှင့် ကျောင်းတိုက် အတွင်းရှိ ပစ္စည်းအားလုံးသည်၊ တကာ၊ တကာမများပိုင် ပစ္စည်း ဖြစ်ကြောင်း မြွက်ဟပေးရန်နှင့် လက်ရောက်အပ်ပေးရန် တရားစွဲဆိုသည်။ ၎င်းတို့ စွဲဆိုသည့် အမှုတွင် ဦးဣန္ဒဝံသအပြင် ခရိုင် ရာဇဝတ် တရားသူကြီးနှင့် နယ်ပိုင် ရာဇဝတ် တရားသူကြီးတို့အား တရားပြိုင်များအဖြစ် ထည့်သွင်းခဲ့သည်။

ခရိုင် ရာဇဝတ် တရားသူကြီးနှင့် နယ်ပိုင် ရာဇဝတ် တရားသူကြီးတို့က တရားရုံး၏ ဆုံးဖြတ်ချက်ကို နာခံပါမည်ဟု ချေလွှာ တစောင် တင်သည်။ ဦးဣန္ဒဝံသက ချေလွှာတင်ရာ၌ ပြည်သူ့ ဝန်ထမ်းများ ဖြစ်ကြသည့် ခရိုင် ရာဇဝတ် တရားသူကြီးနှင့် နယ်ပိုင် ရာဇဝတ် တရားသူကြီးတို့ကို တရားမ ကျင့်ထုံး ပုဒ်မ ၈၀ အရ၊ အကြောင်းကြားစာ မပေးပဲ တရားစွဲဆိုသဖြင့် စွဲဆိုသည့် အမှုသည် ပျက်ပြယ်ပါသည်။ ကျောင်းတိုက်နှင့် ကျောင်းတိုက် အတွင်းရှိ ပစ္စည်းများကို လက်ရောက်ရလိုကြောင်း တောင်းဆိုထားသဖြင့် ပစ္စည်းတန်ဘိုး အပေါ် ရုံးခွန်ဆောင်ရန်လိုပါသည် ဆိုသောအကြောင်း ပြချက်များ တင်ပြခဲ့သည်။

ထိုအခါ မူလရုံး တရားလိုတို့က ၎င်းတို့၏ အဆိုလွှာကို ပြင်ဆင်ခွင့်ပြုရန် လျှောက်ထားကြသည်။ ပြင်ဆင်လိုသည့်အဆိုလွှာတွင် ခရိုင် ရာဇဝတ် တရားသူကြီးနှင့် နယ်ပိုင် ရာဇဝတ် တရားသူကြီးတို့ကို တရားပြိုင်များအဖြစ် ထည့်သွင်းခြင်း မပြုတော့သည့်အပြင် ပစ္စည်းများအား လက်ရောက် အပ်ပေးရန် သက်သာခွင့်ကိုလည်း ချန်လှပ်ခဲ့သည်။ မူလရုံးမှ ယင်းပြင်ဆင်သည့် အဆိုလွှာကို လက်ခံလိုက်သဖြင့် ဦးဣန္ဒဝံသက ဤပြင်ဆင်မှု တင်သွင်းလာခြင်းဖြစ်သည်။

တရားမကျင့်ထုံး ပုဒ်မ ၈၀ အရ၊ နို့တစ်စာမပေးပဲ ပြည်သူ့ဝန်ထမ်း **တဦးအား** ၎င်း၏ ဝတ္တရားအရ ပြုလုပ်မှုအတွက် တရားမမှု စွဲဆိုခြင်း မပြုနိုင်သ**ဖြင့် ခရိုင်ရာဇဝတ်**

တရားသူကြီးနှင့် နယ်ပိုင် ရာဇဝတ် တရားသူကြီးတို့အား လိုအပ်သည့် နို့တစ်စာ မပေးပဲ စွဲဆိုခဲ့သည့် လျှောက်ထားခံရသူတို့အမှုမှာ ကနဦးကပင် ပျက်ပြယ်နေသဖြင့် မူလရုံးမှ အဆိုလွှာကို ပြင်ဆင်ခွင့်ပြုခြင်းသည်၊ စီရင်ပိုင်ခွင့်အာဏာကို ကျော်လွန်၍ သုံးစွဲရာရောက်ပါသည်။ မူလက ပစ္စည်းများ ပိုင်ဆိုင်ကြောင်း မြွက်ဟပြီး လက်ရောက် ရလိုပါသည်ဟု စွဲဆိုခဲ့ပြီး ပြင်ဆင်သည့် အဆိုလွှာအရ မြွက်ဟချက် ဒီကရီသာ တောင်းဆိုထားသဖြင့် အမှု၏ ပုံသဏ္ဍာန်ကို ပြောင်းလဲရာ ရောက်သဖြင့် အဆိုလွှာ အား ပြင်ဆင်ခွင့် မပြုသင့်ပါဟု လျှောက်ထားသူ၏ ရှေ့နေ ဦးဘကျော်က တင်ပြ သွားသည်။ ၁၉၇၁ ဦးဏုန္နဝံသ နှင့် ဦးမဲအောင် ပါ ၂။

ပြည်သူ့ဝန်ထမ်းနှင့်သာမန် အရပ်သားတို့အား ပူးတွဲ၍ တရားပြိုင်များအဖြစ် စွဲဆိုသည့်အမှုတွင် ပြည်သူ့ဝန်ထမ်းအား တရားမ ကျင့်ထုံး ပုဒ်မ ၈၀ အရ၊ ကြိုတင် နို့တစ်စာမပေးခဲ့ပါက ပြည်သူ့ဝန်ထမ်း အပေါ်သာမက အရပ်သား အပေါ်စွဲဆို သည့် အမှုတခုလုံးသည် ပျက်ပြယ်ခြင်းရှိမရှိ ဆိုသော ပြဿနာနှင့် ပတ်သက်၍ ယူဆချက်အမျိုးမျိုး ဝိဝါဒကွဲပြားလျက် ရှိနေပေသည်။ အချို့က ပြည်သူ့ဝန်ထမ်း အပေါ်သာမက အရပ်သား အပေါ်၌လည်း တရားစွဲဆိုခြင်း မပြုနိုင်ဟု ဆိုသည်။ အချို့ကမူ နို့တစ်စာ မပေး၍ ပြည်သူ့ဝန်ထမ်း အပေါ် တရားစွဲဆိုခြင်း မပြုနိုင် သော်လည်း အရပ်သား အပေါ် ဆက်လက်၍ စွဲဆိုနိုင်သည်ဟု ယူဆကြသည်။ ပြည် သူ့ဝန်ထမ်းကို အမှုတွင် တရားပြိုင်အဖြစ် မထည့်ပဲ အရပ်သားထံမှ တရားလိုသည်၊ မိမိအလိုရှိသော သက်သာခွင့်ကို တောင်းဆိုနိုင်လျှင် ပြည်သူ့ဝန်ထမ်းကို ချန်လှပ်ပြီး အရပ်သားအပေါ် ဆက်လက်၍ တရားမစွဲဆိုနိုင်စရာ အကြောင်း မရှိဟု ကျွန်ုပ်တို့ ယူဆသည်။ တရားမ ကျင့်ထုံးပုဒ်မ ၈၀ အရ၊ ပြည်သူ့ဝန်ထမ်းအား ကြိုတင်နို့တစ်စာ မပေးခဲ့သည့် အကြောင်းကြောင့် အရပ်သား အပေါ် စွဲဆိုသည့် အမှုပါ ပျက်ပြယ် ခြင်းမရှိပေ။ ယင်းကိစ္စနှင့် ပတ်သက်၍ **အရာနူလာ(ခေါ်)ဟန်နူလာ** နှင့် **ဦးပါစိန်** (၁) တို့ အမှုပါ အောက်ပါ ဝေဖန်ချက်ကို ကျွန်ုပ်တို့ သဘောတူသည်။

" As pointed out by Meredith J., the true test in cases of this kind is whether the suit would be maintainable as against the private individual without impleading the official who requires a notice under section 80 of the Civil Procedure Code. In such a case, there is no reason why the official should not be struck out and the suit allowed to proceed against the private individual in whose case no notice under section 80 is at all necessary."

(၁) [illegible] မြန်မာနိုင်ငံစီရင်ထုံး၊ ၂၅၆ (၂၆၁) တရားလွှတ်တော်။

၁၉၇၁
ဦးဣန္ဒဝံသ
နှင့်
ဦးမဲအောင်
ပါ ၂။

ထို့ပြင် ပြည်သူ့ဝန်ထမ်း၏ အကျိုးအတွက် တရားမကျင့်ထုံး ပုဒ်မ ၈၀ အရ ပေးရသည့် ကြိုတင် နို့တစ်စာကို သက်ဆိုင်ရာ ပြည်သူ့ဝန်ထမ်းက စွန့်လွှတ်နိုင်သည်။ **ဒေါ်ကျင်လှိုင် နှင့် ဦးဝင်းမောင်** (၂)၊ ယခု အမှုတွင် ခရိုင် ရာဇဝတ် တရားသူကြီးနှင့် နယ်ပိုင် ရာဇဝတ် တရားသူကြီးတို့က ကြိုတင် နို့တစ်စာ မပေး၍ အမှုကို စွဲဆိုခြင်း မပြုနိုင်ပါဟု ထုချေခြင်းမပြုပဲ တရားရုံး၏ ဆုံးဖြတ်ချက်ကို နာခံပါမည်ဟု တင်ပြခဲ့ကြသဖြင့် ၎င်းတို့၏ အခွင့်အရေးကို စွန့်လွှတ်ရာ ရောက်၍ တရားပြိုင်များ အဖြစ် ထည့်သွင်းစေကာမူ စွဲဆိုသော အမှုသည် ပျက်ပြယ်ခြင်း ရှိမည် မဟုတ်ပေ။

မူလ အဆိုလွှာတွင် လျှောက်ထားခံရသူတို့က အခင်းဖြစ် ကျောင်းနှင့် ကျောင်းတွင်းရှိ ပစ္စည်းများသည် တကာ၊ တကာမများပိုင် ပစ္စည်း ဖြစ်ကြောင်း မြွက်ဟပေးပြီး လက်ရောက်အပ်ပေးရန် သက်သာခွင့်တောင်းခဲ့သည်။ ပြင်ဆင်သည့် ချေလွှာတွင် မြွက်ဟချက် ဒီကရီကိုသာ တောင်းဆိုထားသည်။ တနည်းဆိုရသော် မူလ အဆိုလွှာတွင်သက်သာခွင့်နှစ်ခုတောင်းဆိုခဲ့ပြီးပြင်ဆင်ထားသည့်ချေလွှာ၌သက်သာခွင့် တခုသာတောင်းဆိုခြင်းဖြစ်သည်။ သက်သာခွင့်ကိုလျှော့၍ တောင်းဆိုခြင်းသာဖြစ်ပြီး၊ အမှု၏ ပုံသဏ္ဌာန်ကို ပြောင်းလဲခြင်း မပြုသဖြင့် အဆိုလွှာအား ပြင်ဆင်ခွင့်ပြုခြင်းသည် မှားယွင်းသည်ဟု မဆိုနိုင်။ လက်ရောက်ရလိုကြောင်း သက်သာခွင့်ကို တောင်းဆိုခြင်းမပြုပဲ မြွက်ဟချက် ဒီကရီသက်သက်ကိုသာ တောင်းဆိုခြင်းပြုနိုင် မနိုင် ဆိုသော ပြဿနာမှာ၊ ယခု အခြေအနေ၌ ဆုံးဖြတ်ရန် မဟုတ်ပေ။ အမှုကို ကြားနာပြီးမှသာ ဆုံးဖြတ်ရမည့် ကိစ္စသာဖြစ်သည်။

အထက်ပါ အကြောင်းများကြောင့် ဤပြင်ဆင်မှုကို ပါယ်လိုက်သည်။ လျှောက်ထားသူသည် သာသနာ့ဝန်ထမ်းဖြစ်၍ တရားစရိတ်နှင့် ပတ်သက်၍ အမိန့်ချမှတ်ခြင်း မပြု။

---

(၂) ၁၉၅၈၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၈၇၊ တရားလွှတ်တော်။

စစ်ဘက်အယူခံတရားရုံး

ရာဇဝတ်အယူခံမှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်၊ ဗိုလ်မှူးကြီး ကျော်ထင် နှင့် တရားသူကြီး ဦးအောင်ကြိုးတို့ရှေ့တွင်

၁။ မောင်သာအေး
၂။ မောင်သောင်းစိန် } နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ* † ၁၉၇၁ ဒီဇင်ဘာလ ၁၀ ရက်။

သေဆုံးသူတဦး၏ အသက်ရှင်စဉ်က ထွက်ဆိုချက် — မည်သည့်အခါလက်ခံနိုင်ခြင်း — သက်သေခံ အကျဉ်းချုပ် ယူခြင်းသည် တရားစီရင်မှုဆိုင်ရာ မှုခင်းတခုဟု ယူဆနိုင် မယူဆနိုင် — မည်သည့် အခါ သက်သေခံ အကျဉ်းချုပ်သည် သက်သေခံအဖြစ် လက်ခံနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။ယေဘုယျအားဖြင့် သေဆုံးသူတဦးသည်၊ အသက်ရှင်စဉ်က စာဖြင့်သော် လည်းကောင်း၊ နှုတ်ဖြင့်သော်လည်းကောင်း ထွက်ဆိုချက်တရပ် ပေးခဲ့လျှင်၊ ၎င်းထွက်ဆိုချက်ကို ရုံးကသက်သေခံအဖြစ် လက်ခံနိုင်ရန်အတွက် သက်သေခံ အက်ဥပဒေပုဒ်မ ၃၂ (၁) မှ ၃၂ (၈) အထိ၊ အပိုဒ် (၈) ပိုဒ်အနက်မှ အပိုဒ် တခုခု၏ ဘောင်အတွင်း ဝင်ရမည်ဖြစ်သည်။ သို့မှသာ ယင်းထွက်ဆိုချက်ကို သက်သေခံအဖြစ် လက်ခံနိုင်သည်။ ။ယခင်က ထွက်ဆိုချက် တရပ်ပေးပြီး နောက်၊ ထွက်ဆိုချက်ပေးသောသူ သေဆုံးသွားလျှင်၊ ၎င်း၏ ထွက်ဆိုချက်ကို သက်သေခံ အက်ဥပဒေပုဒ်မ ၃၃ ၏ ပြဋ္ဌာန်းချက်များနှင့် အံကျုံးဝင်ပါက၊ သက်ဆိုင်ရာ အမှုတွင် အသုံး ပြုနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ ထို့ကြောင့်၊ ဤအမှုတွင် သေဆုံးသွားသော တပ်သား ‡ ရှိန်၏ ထွက်ဆိုချက်ကို သက်သေခံ အက်ဥပဒေပုဒ်မ ၃၃ ၏ ဘောင်အတွင်းဝင် မဝင် စဉ်းစားရန်လို အပ်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။သက်သေခံ အကျဉ်းချုပ် ယူခြင်းသည်၊ တပ်မတော် နည်းဥပဒေ၏ အခန်း (၅) တွင် ဖော်ပြထားသည့် အတိုင်း စွဲချက်များကို စုံစမ်းစစ်ဆေးခြင်းနှင့် တရားခံရှေ့ မှောက်တွင် စွဲချက်ကို ထောက်ခံမည့် သက်သေများအား စစ်ဆေးမေးမြန်းခြင်းသာ ဖြစ်သည်။ သက်သေများ၏ထွက်ဆိုချက်အရ၊ စစ်တရားရုံးသို့ တင်ပို့သင့်မှ တင်ပို့သည်။ ယုတ္တိမရှိလျှင် စွဲချက် ရုပ်သိမ်း၍ တရားခံအား လွှတ်နိုင်သည်။ ထိုကဲ့သို့ပင် ရာဇဝတ်ကျင့်ထုံး ဥပဒေအခန်း (၁၈) တွင် တရားခံတင်ပို့သောအခါ တွင် စွဲချက်နှင့် ပတ်သက်၍ သက်သေများကို စစ်ဆေးပြီး နောက်၊ အမှု အတွက် ယုတ္တိရှိပါက၊ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၂၁၀ (၁) အရ၊ စုံစမ်းစစ်ဆေးသော တရား

---

* ၁၉၇၂ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၈၁၊ ၈၂။

† ၁၉၆၆ ခုနှစ်၊ အကျဉ်းစခံတရားရုံးချုပ် (နတခ) အမှတ် ၄ တွင်ချမှတ်သော ၁၉၆၆ ခုနှစ်၊ မေလ ၂၅ ရက်နေ့စွဲပါ အကျဉ်းစစ်တရားရုံးချုပ် (နတခ) ၏အမိန့်ကိုအယူခံမှု။

၁၉၇၁

၁။ မောင်သာအေး၊ ၂။ မောင်သောင်းစိန်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

သူကြီးက စွဲချက်တင်၍၊ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၂၁၃ (၁) အရ၊ တရားခံအား စစ်ဆေးစီရင်ရန်အတွက် တရားလွှတ်တော်သို့သော်လည်းကောင်း၊ စက်ရှင်ရုံးသို့သော်လည်းကောင်း တင်ပို့ခြင်းသည်၊ အထက်ဖော်ပြပါ တပ်မတော် နည်းဥပဒေ ၂၃ (၁) (က) နှင့် ဆင်တူဖြစ်သည်။ ၁၉၆၁ ခု၊ ရာဇဝတ်အယူခံမှုအမှတ် ၇ နှင့် ၈၊ **မောင်လှရွှေ ပါ ၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ၊** ၁၉၆၂၊ မြန်မာနိုင်ငံ၊ စာ ၂၇၁ ကို ကိုးကားသည်။ သို့ရာတွင် အရေးကြီးသော ခြားနားချက်မှာ၊ ရာဇဝတ်ကျင့်ထုံး ဥပဒေအခန်း (၁၈) တွင် သက်သေများကို ကျမ်းသစ္စာ ပြုစေပြီးမှ စစ်ဆေးသည်။ သက်သေခံအကျဉ်းချုပ်ယူရာတွင်မူ၊ ကျမ်းသစ္စာဖြင့် စစ်ဆေးရမည်ဟု မပါရှိချေ။ ထို့ကြောင့် မောင်လှရွှေစီရင်ထုံးသည် လုံးဝ ဥဿုံ ပြည့်စုံမှန်ကန်သည်မဟုတ်၊ လုပ်ထုံးကို နှိုင်းယှဉ်ရှင်းလင်း၍ နမူနာပြခြင်းသာဖြစ်သည်။ ။တပ်မတော် ဥပဒေ ၁၃၉ အရ၊ ကျမ်းသစ္စာကိုသော်လည်းကောင်း၊ ကတိသစ္စာကိုသော်လည်းကောင်း သက်သေတိုင်းအား သက်သေမခံမီ ပြုစေရမည်ဟု ဖော်ပြထားသည်။ ထိုကဲ့သို့ သစ္စာပြုစေပြီးမှ စစ်တရားရုံးတွင် သက်သေခံလျှင်၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄ (အမ်) တွင် ဖော်ပြသည့်အတိုင်း၊ တရားစီရင်မှုဆိုင်ရာ မှုခင်းကိစ္စ တခုတွင်သက်သေခံသည်ဟုယူဆနိုင်သည်။ ထို့ကြောင့် **တပ်မတော်** အက်ဥပဒေအခန်း (၁၁) ပုဒ်မ ၁၅၆ အရ၊ စစ်တရားရုံးဖြင့် စစ်ဆေးစီရင်မှုသာ **တရားစီရင်မှုဆိုင်ရာ** မှုခင်းတခု ဖြစ်ကြောင်းထင်ရှားသည်။

ထပ်မံဆုံးဖြတ်ချက်။ ။အိန္ဒိယပြည်တွင် **သုံးစွဲသော** အိန္ဒိယစစ်ဥပဒေ လက်စွဲ အခန်း (၅)၊ စာချက်နှာ (၆၉)၊ အပိုဒ် ၄၄ တွင်ပါရှိသ**ကဲ့သို့ပင်၊ တပ်မတော်** နည်းဥပဒေ ၁၁၅ (၂) နှင့် ၁၅၉ (၃) တွင် တရားခံက " အပြစ်ရှိသည် " **ဟု ဖြေကြား**လျှင်၊ သက်သေခံ အကျဉ်းချုပ်ကို ဘတ်ပြပြီးနောက်၊ အမှုတွဲတွင် ပူးတွဲရမည်ဟု **ဖော်ပြထား**သဖြင့်၊ ယင်းသို့ အပြစ်ရှိကြောင်း ဝန်ခံသည့်သက်သေခံ အကျဉ်းချုပ်ကို ရုံးက **လက်ခံ စဉ်းစား**နိုင်သည်ဟု ယူဆသည်။

အယူခံတရားလိုအတွက်။ ။

အယူခံတရားခံအတွက်။ ။အစိုးရ တရားရုံးချုပ်ရှေ့နေ ဦးမျိုးထွန်းလင်း။

ရုံးသဟာယ။ ။လက်ထောက် နိုင်ငံတော် ရှေ့နေချုပ် ဦးလှသင်းနှင့် စစ်ဥပဒေချုပ် (ကိုယ်စား) ဗိုလ်ကြီး မောင်ဝ။

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်။ ။အယူခံ တရားလိုများ ဖြစ်ကြသော ကိုယ်ပိုင်အမှတ် ၂၃၇၀၇၁ တပ်သား သောင်းစိန်နှင့် ကိုယ်ပိုင်အမှတ် ၁၉၆၃၀၃ တပ်သား သာအေးတို့သည် အုန်းချောင်းစခန်း၌ တာဝန် ထမ်းဆောင်နေကြစဉ် သောင်းကျန်းသူများနှင့် ပူးပေါင်းကြံစည်၍ မိမိတို့၏ အုန်းချောင်းစခန်းကို သောင်းကျန်းသူများလက်သို့ ရောက်ရန် ကြံစည်အားထုတ်သည်ဟူသော စွဲချက် ၂ ရပ်ဖြင့် အကျဉ်းစစ် တရားရုံးချုပ်က စစ်ဆေးခဲ့သည်။ ၎င်းတို့အပေါ် တင်ထားသော**စွဲချက်** ၂ ရပ်အနက်၊ ပထမစွဲချက်အရ၊ မှုပြစ်ထင်ရှား တွေ့ရှိကာ ထောင်ဒဏ် ၃ နှစ်စီ **ကျခံစေ**ရန်နှင့် စစ်မှုထမ်းခြင်းမှ အမြဲတန်း ထုတ်ပစ်ရန် ၁၉၆၆ ခု၊ မေလ ၂၅ **ရက်နေ့တွင်** အမိန့်ချမှတ်ခဲ့သည်။

၁၉၇၁

၁။ မောင်သာအေး၊ ၂။ မောင်သောင်းစိန် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

သို့ရာတွင် အတည်ပြု အာဏာပိုင်က ပြန်လည်ပြင်ဆင်ရန် ညွှန်ကြားသဖြင့် စစ်တရားရုံးချုပ်က ပြန်လည် စဉ်းစားပြီးနောက် ထောင်ဒဏ် ၅ နှစ်စီ ချမှတ်လိုက်သည်။ ယင်းအမိန့်ကို အတည်ပြု အာဏာပိုင်က ၁၉၆၇ ခု၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် အတည်ပြုသည်။

အကျဉ်းစစ်တရားရုံးချုပ်တွင် လိုက်ပါ ဆောင်ရွက်သော တရားလိုဘက် အရာရှိ ဗိုလ်ကြီး စိုးတင့် (လိုပြ-၂) သည်၊ အမှုစတင် စစ်ဆေးသည့်နေ့တွင် ရုံးသို့ပဏာမ လျှောက်ထားချက် တင်သွင်းရာ၌ တရားလိုသက်သေ ၄ ယောက်၏ စာရင်း (သက်သေခံအမှတ် "ဂ")တွင်၊ တပ်သားစံရှိန်၏ အမည်ပါ ထည့်သွင်း၍ ပြထားသည်။ သို့သော်တပသား စံရှိန်သည် ၁၉၆၆ ခု၊ ဧပြီလ ၁၇ ရက်နေ့တွင် တိုက်ပွဲတခု၌ ကျဆုံးသွားခဲ့ကြောင်း၊ ၎င်း၏မူလ သက်သေထွက်ချက်ကို ရေးယူထားကြောင်း မှတ်ချက်ပေးထားသည်။

သေဆုံးသွားသော တပ်သား စံရှိန်၏ မူလထွက်ချက်ကို အမှုတွဲ၏စာမျက်နှာ ၃၉ တွင်တွေ့ရှိနိုင်သည်။ ၎င်းအား စစ်ဆေးသည့် နေ့စွဲကို ဖော်ပြထားခြင်းမရှိသော်လည်း အယူခံ တရားလိုများဖြစ်ကြသော သာအေးနှင့် သောင်းစိန်တို့အား တပ်မတော်နည်းဥပဒေ ၂၂ (၃)အရ၊ စစ်ဆေးသော ၁၉၆၅ ခု၊ ဒီဇင်ဘာလ ၂၇ ရက်နေ့ထက် နောက်မကျနိုင်ဟု ယူဆရသည်။ တပ်သား စံရှိန်၏ မူလထွက်ဆိုချက်မှ လိုအပ်သည် များကို ဗိုလ်ကြီး စိုးတင့် (လိုပြ-၂)က စစ်တရားရုံး၌ အစစ်ခံသောအခါ၊ ဖတ်ပြသည်ကို စစ်တရားရုံးက လက်ခံထားသည်။ ယင်းထွက်ချက်ကိုလည်း ဤအမှုနှင့် ပတ်သက်၍ အယူခံတရားလို ၂ ဦးအပေါ်၌ ရုံးကစဉ်းစားခဲ့သည်ဟု ယူဆရသည်။

စစ်တရားရုံးသည် သေသူ စံရှိန်၏ ထွက်ချက်ကို သာမန်သက်သေတဦးက သစ္စာပြု ထွက်ဆိုထားသော ထွက်ချက်တရပ် (substantive evidence) ကဲ့သို့ အလေးပေး စဉ်းစားခဲ့သလော၊ သို့တည်းမဟုတ် ဤအမှုရှိ အခြားသက်သေခံချက် [illegible] အထောက်အထား ပြုသည့်အနေဖြင့် အလေးပေး စဉ်းစားခဲ့သလော ဟူသော [illegible]ရပ် ပေါ်လာသောကြောင့် ဤအချက်နှင့် စပ်လျဉ်း၍ ဤတရားရုံးက [illegible]နာခဲ့သည်။ လက်ထောက် နိုင်ငံတော် ရှေ့နေချုပ် ဦးလှသင်း (ယခု [illegible] တရားရုံးချုပ် တရားသူကြီး)နှင့် စစ်ဥပဒေချုပ်မှ ဗိုလ်မှူးကြီး မောင်လှ [illegible] ကြားနာပေါ်တွင် လာရောက်တင်ပြ ကူညီကြရန်ကိုလည်း ဖိတ်ကြားခဲ့သည်။

[illegible]ဖြင့် သေဆုံးသူ တဦးသည် အသက်ရှင်လျက် ရှိစဉ်က စာဖြင့်သော်လည်းကောင်း၊ နှုတ်ဖြင့် သော်လည်းကောင်း ထွက်ဆိုချက်တရပ် ပေးခဲ့လျှင် ၎င်းထွက်ဆိုချက်ကို ရုံးက သက်သေခံအဖြစ် လက်ခံနိုင်ရန်အတွက် သက်သေခံ

၁၉၇၁

၁။ မောင်သာအေး၊
၂။ မောင်သောင်းစိန်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

အက်ဥပဒေပုဒ်မ ၃၂ (၁) မှ ၃၂ (၈)အထိ၊ အပိုဒ် (၈)ပိုဒ်အနက်မှ အပိုဒ်တခုခု၏ ဘောင်အတွင်း ဝင်ရမည်ဖြစ်သည်။ သို့မှသာ ယင်းထွက်ဆိုချက်ကို သက်သေခံအဖြစ် လက်ခံနိုင်သည်။

ဤအယူခံမှုတွင် အယူခံတရားလို ၂ ဦးအပေါ်၌ တင်ထားသော ပထမ စွဲချက်နှင့် ပတ်သက်၍ တိုက်ရိုက် သက်သေခံနိုင်သော တပ်သား စံရှိန်သည် ဖေါ်ပြခဲ့သည့်အတိုင်း စစ်တရားရုံးတွင် အစစ်မခံရမီ တိုက်ပွဲတွင် ကျဆုံးခဲ့သည်။ တပ်သား စံရှိန်အား ဗိုလ်ကြီး စိုးတင့် (လိုပြ-၂) က တပ်မတော်နည်းဥပဒေ ၂၂ အရ၊ စစ်ဆေးသောအခါ အယူခံတရားလို ၂ ဦးစလုံးက ၎င်းအား ပြန်လှန်မေးခွန်းထုတ်ရန် အခွင့်ရရှိ၍ မေးခွန်း ထုတ်ခဲ့ကြကြောင်း အမှုတွဲ၏ စာမျက်နှာ ၄၃ နှင့် ၄၄ တွင်တွေ့ရသည်။ သို့ရာတွင် သက်သေခံ အက်ဥပဒေပုဒ်မ ၃၂ ၏ အပိုဒ်ခွဲ (၈)ပိုဒ်တွင် တပ်သား စံရှိန်၏ ထွက်ဆိုချက်သည် အကျုံးမဝင်ချေ။ သို့အတွက် ပုဒ်မ ၃၂ အရ၊ အသုံးမပြုနိုင်ဟု ယူဆသည်။

ယခင်က ထွက်ဆိုချက်တရပ် ပေးပြီးနောက် ထွက်ဆိုချက် ပေးသောသူ သေဆုံးသွားလျှင် ၎င်း၏ထွက်ဆိုချက်ကို သက်သေခံ အက်ဥပဒေပုဒ်မ ၃၃ ၏ ပြဋ္ဌာန်းချက်များနှင့် အကျုံးဝင်ပါက သက်ဆိုင်ရာအမှုတွင် အသုံးပြုနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် ဤအမှုတွင် သေဆုံးသွားသော တပ်သား စံရှိန်၏ ထွက်ဆိုချက်ကို သက်သေခံ အက်ဥပဒေပုဒ်မ ၃၃ ၏ ဘောင်အတွင်းဝင် မဝင် စဉ်းစားရန် လိုအပ်သည်။

သက်သေခံ အက်ဥပဒေပုဒ်မ ၃၃ မှ ဤအမှုနှင့် ပတ်သက်သမျှ အောက်တွင်ဖေါ်ပြထားသည်။

> "Evidence given by a witness in a judicial proceeding, or before any person authorized by law to take it, is relevant for the purpose of proving, in a subsequent judicial proceeding,...............when the witness is dead,.....................

တရားစီရင်မှုဆိုင်ရာ မှုခင်းကိစ္စ တခုခုတွင် ဖြစ်စေ၊ ဥပဒေအရ၊ သက်သေခံချက် ယူနိုင်ရန် ခွင့်ပြုထားသောသူ တဦးဦးထံမှာဖြစ်စေ သက်သေတဦးက ပေးထားသော သက်သေခံချက်ကို ယင်းသက်သေ သေဆုံးသွားသောအခါ နောက်ပေါ်ပေါက်လာသည့် တရားစီရင်မှုဆိုင်ရာ မှုခင်းကိစ္စ တခုတွင် သက်သေခံအဖြစ် အသုံးပြုနိုင်သည်။

အထက်ဖေါ်ပြပါ ပုဒ်မ ၃၃ ၏ကောက်နုတ်ချက်တွင် သုံးစွဲထားသော "evidence" "witness" နှင့် "judicial proceeding" စကားရပ်များတွင် အဓိပ္ပါယ် ဖေါ်ပြရမည့် အရေးကြီးဆုံးသော စကားရပ်ဖြစ်သည့် "judicial

၁၉၇၁

၁။ မောင်သာအေး၊
၂။ မောင်သောင်းစိန်နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံ။

proceeding" (တရားစီရင်မှုဆိုင်ရာ မှုခင်းကိစ္စတခုခု)ကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄ (အမ်)တွင် အောက်ပါအတိုင်း ဖေါ်ပြထားသည်။

"judicial proceeding" includes any proceeding in the course of which evidence is or may be legally taken on oath ;

တရားစီရင်မှုဆိုင်ရာ မှုခင်းကိစ္စ ဆိုရာတွင်၊ တရားဥပဒေနှင့် ·အညီ ကျမ်းသစ္စာပြု၍ သက်သေခံချက် ယူထားသော မှုခင်းကိစ္စ တခုခုလည်း ပါဝင်သည်။

အယူခံ တရားလို ၂ ဦးအပေါ် စွဲချက်တင်ပြီး၊ စစ်တရားရုံးတွင် မစစ်ဆေးမီ တပ်သား စံရှိန် သေဆုံးသွားသည်။ သို့အတွက် ဗိုလ်ကြီး စိုးတင့် သက်သေခံအကျဉ်းချုပ်ယူရာတွင် သက်သေတဦးအဖြစ် ထွက်ချက်တရပ် ပေးခဲ့ခြင်းသည် တရားစီရင်မှုဆိုင်ရာ မှုခင်းကိစ္စ တခုတွင် ကျမ်းသစ္စာပြု၍ ပေးခဲ့သော ထွက်ဆိုချက်ဖြစ် မဖြစ် စဉ်းစားရန် ဖြစ်ပေသည်။

တပ်မတော် နည်းဥပဒေ ၂၂ (၁)တွင် "သက်သေခံသော သက်သေများ၏ သက်သေခံချက်" စကားရပ် ပါရှိရာ၊ သေဆုံးသွားသော တပ်သား စံရှိန်သည်၊ သက်သေတဦး (witness) အဖြစ်ဖြင့် သက်သေခံချက်တရပ် (evidence)ပေးခဲ့ကြောင်းထင်ရှားသည်၊ သို့ရာတွင် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄ (အမ်) အရ သက်သေခံ အကျဉ်းချုပ်ယူခြင်းသည် တရားစီရင်မှုဆိုင်ရာ မှုခင်းတခုဟု မဆိုနိုင်ပေ။ အကြောင်းမှာ သက်သေခံ အကျဉ်းချုပ် ယူရာတွင် ပေးသော သက်သေခံချက် (evidence)မှာကျမ်းသစ္စာပြု၍ ပေးရသော သက်သေခံချက် မဟုတ်ပေ ။ထိုနည်းအတူ တပ်မတော် နည်းဥပဒေ ၂၂ (၃)အရ၊ တရားခံအား "သင်ပြောဆိုသမျှ" ကို ရေးမှတ်ယူမည်ဟု သတိပေးပြီးမှ ရေးယူခြင်းမှာလည်း ကျမ်းသစ္စာပြု၍ပေးသော ပြောဆိုချက် မဟုတ်ပေ။

သက်သေခံ အကျဉ်းချုပ်ယူခြင်းသည် တပ်မတော် နည်းဥပဒေ၏ အခန်း (၅)တွင် ဖေါ်ပြထားသည့်အတိုင်း စွဲချက်များကို စုံစမ်းစစ်ဆေးခြင်းနှင့် တရားခံရှေ့မှောက်တွင် စွဲချက်ကို ထောက်ခံမည့် သက်သေများအား စစ်ဆေး မေးမြန်းခြင်းသာ ဖြစ်သည်။ သက်သေများ ထွက်ဆိုချက်အရ စစ်တရားရုံးသို့ တင်ပို့သင့်မှ တင်ပို့သည် ။ယုတ္တိမရှိလျှင် စွဲချက်မတင်ဘဲ တရားခံအား လွှတ်နိုင်သည်။ ထိုကဲ့သို့ပင် ရာဇဝတ်ကျင့်ထုံး ဥပဒေ အခန်း (၁၈)တွင် တရားခံတဦးအပေါ် တွင် စွဲချက်နှင့် ပတ်သက်၍ သက်သေများကို စစ်ဆေးပြီးနောက်၊ အမှုအတွက် ယုတ္တိရှိပါက၊ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၂၁၀ (၁) အရ၊ စုံစမ်းစစ်ဆေးသော တရားသူကြီးက စွဲချက်တင်၍ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၂၁၃ (၁)အရ၊ တရားခံအား စစ်ဆေးစီရင်ရန်အတွက် တရားလွှတ်တော်သို့ သော်လည်းကောင်း၊ စက်ရှင်ရုံးသို့ သော်လည်းကောင်း တင်ပို့ခြင်းသည် အထက်ဖေါ်ပြပါ

၁၉၇၁

၁။ မောင်သာအေး၊
၂။ မောင်သောင်းစိန်နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံ။

တပ်မတော် နည်းဥပဒေ ၂၃ (၁)၊ (က)နှင့် ဆင်တူဖြစ်သည်။ ဤကဲ့သို့ ဆင်တူဖြစ်ကြောင်းကို ၁၉၆၁ ခု၊ ရာဇဝတ် အယူခံမှုအမှတ် (၇) နှင့် (၈) **မောင်လှရွှေ ပါ ၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ** (၁)တွင် ဖော်ပြထားသည်။ သို့ရာတွင် အရေးကြီးသော ခြားနားချက်မှာ ရာဇဝတ်ကျင့်ထုံး ဥပဒေအခန်း (၁၈)တွင် သက်သေများကို ကျမ်းသစ္စာ ပြုစေပြီးမှ စစ်ဆေးသည်။ သက်သေခံအကျဉ်းချုပ် ယူရာတွင်မူ ကျမ်းသစ္စာဖြင့် စစ်ဆေးရမည်ဟု မပါရှိချေ။ ထို့ကြောင့် မောင်လှရွှေ စီရင်ထုံးသည် လုံးဝဥဿုံပြည့်စုံမှန်ကန်သည်မဟုတ်၊ လုပ်ထုံးကို နှိုင်းယှဉ်ရှင်းလင်း၍ နမူနာပြခြင်းသာဖြစ်သည်။

တပ်မတော် နည်းဥပဒေ ၁၃၉ အရ၊ ကျမ်းသစ္စာကို သော်လည်းကောင်း၊ ကတိသစ္စာကို သော်လည်းကောင်း သက်သေတိုင်း သက်သေမခံမီ ပြုစေရမည်ဟု ဖော်ပြထားသည်။ထိုကဲ့သို့ သစ္စာပြုစေပြီးမှ စစ်တရားရုံးတွင် သက်သေခံလျှင် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄(အမ်)တွင် ဖော်ပြထားသည့်အတိုင်း၊ တရားစီရင်မှုဆိုင်ရာ မှုခင်းကိစ္စတခုတွင် သက်သေခံသည်ဟု ယူဆနိုင်သည်။ထို့ကြောင့် တပ်မတော် အက်ဥပဒေအခန်း (၁၁)၊ ပုဒ်မ ၁၅၆ အရ၊ စစ်တရားရုံးဖြင့်စစ်ဆေးစီရင်မှုသာ တရားစီရင်မှုဆိုင်ရာ မှုခင်းတခုဖြစ်ကြောင်း ထင်ရှားသည်။

သက်သေခံ အကျဉ်းချုပ် ယူခြင်းသည် တရားစီရင်မှုဆိုင်ရာ မှုခင်းကိစ္စတခု မဟုတ်သေးကြောင်း၊ ကြိုတင်စုံစမ်းစစ်ဆေးခြင်း အဆင့်၌သာရှိကြောင်းကို၊ လက်ထောက်နိုင်ငံတော် ရှေ့နေချုပ်က တင်ပြသည်။ သို့ရာတွင်တရားရုံးတွင် စစ်ဆေးခံရသော တရားခံတဦးက ၎င်းအပေါ်၌ တင်ထားသော စွဲချက်အရ၊ အပြစ်ရှိသည်ဟု ဝန်ခံပါက၊ အဆိုပါ သက်သေခံအကျဉ်းချုပ်တွင် ပါရှိသောအချက်အလက်များကို သက်သေခံအဖြစ် လက်ခံနိုင်သည်ဟု တင်ပြသည်၊ ဤအချက်နှင့် ပတ်သက်၍ အိန္ဒိယပြည်တွင် သုံးစွဲသော အိန္ဒိယ စစ်ဥပဒေလက်စွဲ (Manual of Indian Military Law, 1937) ကို တင်ပြရာ၊ သက်သေခံချက်နှင့် သက်ဆိုင်သော အခန်း (၅)၊ စာမျက်နှာ ၆၉၊ အပိုဒ် (၄၄) တွင်အောက်ပါအတိုင်း တွေ့ရှိရသည်။

> "In the case, however, of trial by court-martial, there is no similar provision making a summary of evidence taken before a commanding officer, when an accused person is remanded for trial, evidence under the same circumstances as depositions taken on oath and in a judicial proceeding. Accordingly, the summary, except so far as it contains statements by the accused himself, cannot be admitted as evidence of the facts recorded in it uulass the accused has pleaded guilty..............."

၁။ 1962 Burma Law Report, 271.

၁၉၇၁

၁။ မောင်သာအေး၊ ၂။ မောင်သောင်းစိန် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

အထက်ပါအပိုဒ် (၄၄)တွင်ပါရှိသကဲ့သို့ပင် တပ်မတော် နည်းဥပဒေ ၁၁၅ (၂) နှင့် ၁၅၉ (၃) တွင်လည်း၊ တရားခံက "အပြစ်ရှိသည်"ဟု ဖြေကြားလျှင် သက်သေခံ အကျဉ်းချုပ်ကို ဘတ်ပြပြီးနောက်၊ အမှုတွဲတွင် ပူးတွဲရမည်ဟု ဖော်ပြထားသဖြင့် ယင်းသို့ အပြစ်ရှိကြောင်း ဝန်ခံသည့် သက်သေ အကျဉ်းချုပ်ကို ရုံးကလက်ခံ စဉ်းစား နိုင်သည်ဟု ယူဆသည်။

အမှု အကြောင်းချင်းရာ များနှင့် စပ်လျဉ်း၍ ဗိုလ်ကြည်ဝင်း (လိုပြ-၁) ၏ သက်သေခံချက်ကို လေ့လာပါက အောက်ပါအတိုင်း တွေ့ရှိရသည်။

အခင်းမဖြစ်မီ ၁၉၆၅ ခု၊ နိုဝင်ဘာလ ၁၉ ရက်နေ့ကပင် အယူခံတရားလို သာအေး၏ နေထိုင် သွားလာမှုများသည် မမှန်ကြောင်း၊ ၎င်းသည် အုန်းချောင်းရွာအနီးရှိ ရန်သူ များထံ သွားရောက်တွေ့ဆုံကြောင်းနှင့် အယူခံတရားလို သောင်းစိန်နှင့်လည်း ပူးပေါင်း နေကြောင်း၊ ထို့ကြောင့် သောင်းကျန်းသူများ ဝင်ရောက်တိုက်ယူမည့် ၁၉၆၅ ခု၊ နိုဝင်ဘာလ ၃၀ ရက်နေ့ညနေ ၇ နာရီအချိန်ခန့်တွင် အယူခံတရားလို ၂ ဦးအကြောင်း ကို တပ်သား စံရှိန်က ၎င်းသိသမျှ ဗိုလ်ကြည်ဝင်းအား သွားရောက် သတင်းပို့ခဲ့သည်၊ သို့သော်လည်း ၎င်းတဦးတည်းထံမှ အဆိုပါသတင်းကို ရရှိသည်ဟု မဆိုနိုင်သဖြင့် ထောက်ခံသော သတင်းသာဖြစ်သည်ဟု ယူဆသည်။ သို့အတွက် လက်ထောက် နိုင်ငံတော် ရှေ့နေချုပ် တင်ပြသည့်အတိုင်း သေသူ စံရှိန်၏ ထွက်ချက်ကို ရန်သူတို့၏ အကြံအစည်နှင့် ပတ်သက်၍ ရရှိပြီးသောသတင်းကို ထောက်ခံသည့် အနေဖြင့် လက်ခံနိုင်ပေသည်။

တပ်သား စံရှိန်ထံမှ သတင်းရပြီးသည့်နောက်၊ ဗိုလ်ကြည်ဝင်းက အယူခံတရားလို ၂ ဦးတို့ကို ခေါ်ယူစစ်ဆေးရာ ၂ ဦးစလုံးက ငြင်းကြသည်။

သို့သော် ခွဲ၍စစ်ဆေးသောအခါ၊ မိမိတို့ကို ရန်သူများက ၎င်း၏စခန်းကို တိုက်ရန် လာလျှင် ၎င်းတို့အတွင်းသို့ ဝင်နိုင်ရန် အကူအညီတောင်းထားကြောင်း၊ အရပ်သား စံရွှေဆိုသူလည်း ရန်သူတို့နှင့် ဆွေးနွေးရာတွင် ပါဝင်ကြောင်း ဗိုလ်ကြည်ဝင်းအား ပြောပြသည်။ ထိုကဲ့သို့ သိရှိပြီးနောက် အရပ်သား စံရွှေကို ရှာဖွေရာ မတွေ့ရတော့ချေ။ သို့ရာတွင် ၁၉၆၅ ခု၊ ဒီဇင်ဘာလ ၂ ရက်နေ့တွင် အယူခံတရားလို ၂ ဦး၏ နေအိမ် များကို ရှာဖွေသောအခါ၊ သာအေးအိမ်တွင် မသင်္ကာစရာ တစုံတရာမျှ မတွေ့ရသော် လည်း၊ သောင်းစိန်၏ အိမ်တွင်မူ သူပုန်နှင့် ဆက်သွယ်သော စာတစောင် (သက်သေခံ အမှတ် "ဆ")ကို တွေ့ရသည်။ ဤစာကို ဖတ်ရှုပါက၊ မိမိတို့စခန်းတွင် အခြေအနေ ထူးနေ၍၊ အပြင်သို့ မထွက်ရကြောင်း၊ ထို့ကြောင့် လာတွေ့ရန် မလွယ်ကူကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။ ထိုစာကို သူပုန်တို့အားပေးရန် ရေးထားသော်လည်း

၁၉၇၁

၁။ မောင်သာအေး၊ ၂။ မောင်သောင်းစိန် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

သူပုန်လက်ထဲသို့ မရောက်ခဲ့ပေ၊ တဖန် ၁၉၆၅ ခု။ ဒီဇင်ဘာလ ၅ ရက်နေ့ နံနက် ၈ နာရီခန့်တွင် ဖြူလေးကုန်းရွာရှိ စောဂျက် အိမ်နှင့် အရပ်သား စံရွှေအိမ်သို့ သွားရောက်ရှာဖွေရာ စာရွက်စာတမ်းသုံးစောင် တွေ့ရှိ၍ ယူလာသည်။ ဤစာရွက်စာတမ်းများတွင် အယူခံ တရားလို သောင်းစိန်ရေးသော စာတစောင် (သက်သေခံအမှတ် "ဃ")၏ မူရင်းကို၊ စစ်တရားရုံးသို့ တင်သွင်း၍ အခြားစာများ၏ မူရင်းများ တင်သွင်းသည်ကို မတွေ့ရပေ။ မိတ္တူမှန်ဟု ရေးထားသောစာအမှတ် "စ"၊ "ဆ" နှင့် "ဇ" တို့ကိုသာ တင်သွင်းသည်ကို တွေ့ရသည်။ ၁၉၆၅ ခု၊ ဒီဇင်ဘာလ ၂ ရက်နေ့စွဲပါ သက်သေခံအမှတ် "စ" တွင်ပါသော အကြောင်းချင်းရာများကို လေ့လာပါက၊ ရန်သူသည် ဗိုလ်ကြည်ဝင်း၏တပ်စခန်းကို ဝင်မစီးနိုင်ခြင်းမှာ တပ်တွင်ရှိ လူ ၂ ဦးအား ဖမ်းမိသွားကြောင်း၊ ရန်သူကလည်း သိသွားသဖြင့်၊ ၁၉၆၅ ခု၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် အကြံမအောင်မြင်ခဲ့ခြင်း ဖြစ်သည်ဟု ဖေါ်ပြထားသည်ကို တွေ့ရသည်။ ထိုစာတွင် ရည်ညွှန်းသော လူ ၂ ဦးမှာ အမှု၏ အကြောင်းချင်းရာများအရ၊ အယူခံတရားလို ၂ ဦးသာ ဖြစ်ရမည်ဟု ယုံကြည်ရန်ဖြစ်သည်။ အခြားစာ ၂ စောင်ဖြစ်သော သက်သေခံအမှတ် "ဆ" နှင့် "ဇ" တို့သည်၊ ရန်သူက မည်ကဲ့သို့ စီစဉ်နေကြောင်းကို ဖေါ်ပြထားသော စာများဖြစ်သည်။

၁၉၆၅ ခု၊ ဇန္နဝါရီလ ၂ ရက်နေ့နှင့် ၁၉၆၅ ခု၊ ဒီဇင်ဘာလ ၅ ရက်နေ့များတွင် သိမ်းဆည်းရခဲ့သော စာရွက်စာတမ်းများသည် အယူခံတရားလို ၂ ဦးတို့အား တပ်မတော် နည်းဥပဒေ ၂၂ (၃)အရ၊ စစ်ဆေးသဖြင့် ထွက်ဆိုသော ထွက်ဆိုချက်များကို ထောက်ခံထားကြောင်း တွေ့ရ၍၊ အယူခံတရားလို ၂ ဦးအပေါ်တွင် ပြစ်မှုထင်ရှားစီရင်ထားခြင်းမှာ မှန်ကန်သည်ဟု ကျွန်ုပ်တို့ယူဆသည်။

စံရှိန်၏ သက်သေခံ အကျဉ်းချုပ်ကို ထည့်သွင်း၍ စဉ်းစားခြင်း မပြုစေကာမူ၊ အခြားလွတ်လပ်သော သက်သေ အထောက်အထား များဖြင့်ပင် ခိုင်လုံသည်ဟု ကျွန်ုပ်တို့တွေ့ရသည်။

တပ်မတော် အက်ဥပဒေ ၃၂ (က)အရ၊ အားပေးကူညီခြင်းသည် ပုဒ်မ ၆၇,အရ ထောင်ဒဏ် ၁၄ နှစ်အထိ ချမှတ်နိုင်သော်လည်း၊ အယူခံတရားလို ၂ ဦးတို့သည် ငယ်ရွယ်သူများဖြစ်၍ ထောင်ဒဏ် ၅ နှစ်စီသာ ချမှတ်ခဲ့သည်။ စစ်မှုထမ်းသက်မှာလည်း၊ အမှုမဖြစ်မီ ၄ နှစ်နှင့် ၆ နှစ်အသီးသီးရှိကြသည်။ ၎င်းတို့သည် ပြည်သူ့တပ်မတော်သို့ ဝင်စဉ်က တိုင်းပြည်အတွက် အသက်ကိုစွန့်၍ တာဝန် ဝတ္တရားများကို ဆောင်ရွက်ရန် သစ္စာပြု၍ ဝင်ခဲ့ကြောင်းကိုလည်း သတိပြုရန်လိုသည်။ အယူခံတရားလို ၂ ဦးသည် ရန်သူဘက်မှ ရာထူးဖြင့်ဖြစ်စေ၊ ငွေကြေးဖြင့် ဖြစ်စေ၊ ဖြားယောင်းသွေးဆောင်သဖြင့်

၁၉၇၁

၁။ မောင်သာအေး၊
၂။ မောင်သောင်းစိန်နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံ။

ရန်သူဘက်သို့ ပါနေကြောင်း ထင်ရှားသည်။ ယခုကဲ့သို့ ရန်သူဘက်မှ အောင်မြင်ရန်အတွက် ကြိုးစားရာတွင် မိမိတို့၏ တပ်စခန်းတွင် အမှုထမ်းဆောင်နေသော ရဲဘော်ရဲဘက်တို့၏ အသက်ဘေးအန္တရာယ်များကိုလည်းထည့်သွင်း စဉ်းစားသင့်သည်။

အထက်ပါ အကြောင်းတို့ကြောင့် အကျဉ်းစစ်တရားရုံးချုပ်က ချမှတ်ထားသော အမိန့်များကို အတည်ပြု၍ အယူခံကို ပယ်လိုက်သည်။

ရုံးသဟာယအဖြစ် လိုက်ပါကူညီသော လက်ထောက် ရှေ့နေချုပ်နှင့် စစ်ဥပဒေချုပ်တို့ကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်သည်။

အတွေ့တွေ့ကဏ္ဍ

မာတိကာ

စာမျက်နှာ

၁။ ကလေးသူငယ်ဘိုင်းသည် အနာဂတ်တွင် တိုင်းပြည်အကျိုးဆောင်မည့်လူငယ်များဖြစ်သည် ၂၂
၂။ ကလေးသူငယ်များအပေါ် သဘောထားမှန်ရေး ၂၄
၃။ ပြစ်မှုကျူးလွန်သောကလေးများအရေး ၂၆
၄။ တိုင်းပြည်အဘွက် လူငယ်များဖြစ်လာရေး ၂၉
၅။ Juvenile delinquency problems discussed ၃၂
၆။ Practising what one preaches ၃၆
၇။ A useful life for the Boys ၃၈
၈။ ကလေးသူငယ်များ ပြစ်မှုကျူးလွန်သည်ဆိုရာဝယ် ၃၉
၉။ ကလေးသူငယ်ပြဿနာဆွေးနွေးပွဲ ၄၄
၁၀။ တရားဥပဒေရှုဒေါင့်မှ ဓမ္မဒိဋ္ဌာန်ကျကျ သုံးသပ်ရန်လိုသည် ၅၂
၁၁။ ၂၇-၉-၇၁ နေ့တွင်ကျင်းပသော တရားရုံးချုပ် တရားသူကြီးသစ်များ၏ ကတိသစ္စာခံယူပွဲ၌ နိုင်ငံတော် တရားသူကြီးချုပ် ဒေါက်တာ မောင်မောင် ပြောကြားသော နှုတ်ဆက်စကား ၆၃
၁၂။ တရားစီရင်ရေး၏ အဓိကအင်အားသည်၊ သစ္စာတရား ၆၄
၁၃။ မြင်ရန်လိုသောဥပဒေဆိုင်ရာအချို့ ၆၅
၁၄။ ဥပဒေနှီးနှောဖလှယ်ပွဲကျင်းပသင့် ၆၉
၁၅။ ရသခံသောစီရင်ထုံးများ ၇၁
၁၆။ တရားမတွိုင်ခိုင်ခိုင်ခံ့ခံ့ ၇၃
၁၇။ အထူးရာဇဝတ်ရုံးအယူခံအဖွဲ့ စီရင်ထုံးမှ မှတ်သားဖွယ်ရာများ ၇၆

ကလေးသူငယ်တိုင်းသည် အနာဂတ်တွင် တိုင်းပြည်အကျိုးဆောင်မည့် လူငယ်များဖြစ်သည် *

ကလေးများနဲ့ပတ်သက်သည့် ဥပဒေကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ တိုင်းတပါးသားလက်အောက်မှာ စိုးမိုးခြင်းခံနေရတဲ့အချိန်က စတင်ပြီးလုပ်ခဲ့တဲ့ ဥပဒေဖြစ်လေတော့၊ ဟိုတုံးက ရည်ရွယ်ချက်က ဒီနေ့ဒီအချိန်အခါမှာ ဒီနေ့အခြေအနေများနဲ့ လုံးဝကိုက်ညီမယ်လို့ မျှော်လင့်လို့မရပါဘူး၊ ဒီနေ့ ကျွန်တော်တို့ခံယူထားတဲ့ဟာကတော့ ကလေးသူငယ်တိုင်းဟာ နောင်အနာဂတ်မှာ တိုင်းပြည်အတွက် အကျိုးဖြစ်အောင် လုပ်ကြရမဲ့လူငယ်တွေလို့ဆိုတဲ့ မျှော်လင့်ချက်ရှိပါတယ်။ ကလေးသူငယ်များသည် နောင်တနေ့သောအခါမှာ မိမိတို့ရဲ့ရပ်ရွာ၊ မိမိတို့ရဲ့စည်းစိမ်၊ မိမိတို့ရောက်နေတဲ့လူ့ဘောင် တိုးတက်မှုအတွက် ဆက်ခံရမဲ့ ဒီကလေးတွေကို မျက်ခြေမပြတ်စေဘဲ၊ ဒါကိုရည်ရွယ်ချက်အနေနှင့်ထားပြီး လုပ်ကိုင်ဆောင်ရွက်သွားဘို့ ဖြစ်ပါတယ်။ ဒီလိုသဘောမျိုးဖြစ်အောင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီအနေနှင့်လည်း ကလေးများနဲ့ပတ်သက်ပြီး လူငယ်အဖွဲ့အစည်းစသည်ဘို့ကို လုပ်ကိုင်ဆောင်ရွက်နေပါတယ်။

လူဆိုတာ မွေးသည်မှ သေသည်အထိ အသက်အပိုင်းအခြားကလေးတွေ ရှိပါတယ်၊ အသက် ၁၇ နှစ်၊ ၁၈ နှစ်လူလားမမြောက်သည့်အရွယ်ကကြည့်ရင် နဲနဲ ပါးပါးသိတတ်တယ်လို့ဆိုရမယ်။ အလားတူဘဲ လူလားအရွယ်ဖြစ်တဲ့ ၂၀-၃၀၊ ၄၀-၅၀၊ ၆၀ ပိုင်းမှာဆိုရင်လည်း သူ့အပိုင်းနဲ့သူလိုက်ပြီးတော့ သူ့သဘာဝနဲ့သူရှိပါတယ်။ ဒီထဲမှာသဘာဝခြင်းတူတဲ့လူများရှိသလို သဘာဝခြင်းကွဲပြားသည့်လူများလည်း ရှိပါတယ်။ ယေဘုယျအားဖြင့် အသက် ၁၈ နှစ် ၁၉ နှစ်မပြည့်မီ ကလေးတွေဟာ သူတို့ရဲ့သဘာဝကို ပေါ်ပြနေတတ်ကြပါတယ်။ အဲဒီကလေးဟာ လူကြီးတွေနဲ့အတူဘူ ငယ်ငယ်ကတည်းကနေထိုင်လာကြတော့၊ လုပ်တာ ကိုင်တာတွေကို အတုခိုးမယ်၊ ပြောတာတွေကို အတုခိုးမယ်၊ လုပ်ပုံ ကိုင်ပုံ ဟန်အမူအရာတွေကို အတုခိုးမယ်၊ လွတ်လွတ် လပ်လပ်နေချင်လို့ မိဘနဲ့ခွဲနေတဲ့ ကလေးတွေလည်းရှိမယ်၊ အဲဒီလိုကလေးတွေရဲ့ သဘာဝတွေကိုကြည့်ပြီး ကျွန်တော်တို့ရဲ့ အနာဂတ်ရည်မှန်းချက်အတိုင်း မိမိတို့ကောင်းကျိုးဖြစ်လာအောင် ကိုင်တွယ်ဆောင်ရွက်မယ်ဆိုရင် ကျွန်တော်တို့ တိုင်းပြည်ရဲ့အကျိုးဖြစ်မှာဘဲ၊ ကလေးကို လူကြီးလိုသဘောထားပြီး ကိုင်တွယ်မယ်ဆိုလျှင် သဘာဝခြင်း မကိုက်ညီတဲ့အချက်အမျိုးမျိုးတွေ့ရမှာဘဲ၊ ဒါကြောင့် ကိုင်တွယ်ဆောင်ရွက်တဲ့ပုဂ္ဂိုလ်များအနေနဲ့ ကလေးများ၏ သဘာဝကို ဂရုစိုက်လေ့လာပြီး ကိုင်တွယ် ဆောင်ရွက်ကြဘို့လိုအပ်ပါတယ်။

---

* ၁၉၇၁ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့တွင် နိုင်ငံတော်တရားရုံးချုပ် တရားသူကြီးများ ပိဋကတ်တိုက်၌ ကျင်းပပြုလုပ်သော ပြစ်မှုကျူးလွန်သည့် ကလေးသူငယ်များ၏ အမှုအခင်းများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲတွင် ပြောကြားသော ဗိုလ်မှူးကြီး သန်းစိန်၏ မိန့်ခွန်း။

ဒီလိုကိုင်တွယ်သည့်အခါမှာ ကလေးအချင်းချင်း လုံးဝမတူတာမျိုးတဲ့အတွက် ဒီကလေးတွေရဲ့ စိတ်နေသဘောထားကို လေ့လာပြီး ကိုင်တွယ်ဘို့လိုပါတယ်။ စိတ်ပညာနဲ့ပတ်သက်ပြီးတော့လည်း လေ့လာဘို့လိုပါတယ်။ ကလေးများကို လေ့ကျင့်ပညာပေးတဲ့အချိန်မှာသော်လည်းကောင်း၊ အေးအေး ဆေးဆေးနေကြ ထိုင်ကြတဲ့အခါမှာသော်လည်းကောင်း၊ သူတို့၏သဘာဝအလျောက် လုပ်တတ် ကိုင်တတ်ပုံမူဆောင်ရွက်တတ်ကြတဲ့အနေကို လက်တွေ့လေ့လာကြည့်ပြီးမှ ကိုင်တွယ်မယ်ဆိုလျှင် ချောချော ရှုရှုနဲ့ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

အဲဒီတော့ အဓိကအားဖြင့် သူတို့ရဲ့နေထိုင်လုပ်ကိုင် ဝတ်ဆင်ပုံတွေကို ကျွန်တော်တို့က သိပ်ပြီး တင်းတင်း ကြပ်ကြပ်ကြီး လုပ်တာထက်၊ သဘာဝအားဖြင့် သူတို့နဲ့ ကျွန်တော်တို့ အပေးအယူသဘောမျိုးလုပ်ရင် ပိုပြီးလွယ်ကူပါလိမ့်မယ်။ နေရာတကာမှာ တင်းတင်း ကြပ်ကြပ် လုပ်ရင် ကလေးများအနေနဲ့ ဟိုဟာမလုပ်တတ်၊ ဒီဟာမလုပ်တတ်၊ ဟိုဟာမပြောတတ်၊ ဒီဟာမပြောတတ်နဲ့ ကလေးတွေဟာ ဘာလုပ်ရမှန်းမသိပဲ ထွက်ပေါက်ရှာလာမယ်၊ ထွက်ပေါက်အနေနှင့် လယ်ပတ်တာလည်းဖြစ်လာမယ်။ ဒါ့ကြောင့် အရေးမကြီးတဲ့ဟာဆိုရင် ကိုယ်ကလိုက်လျောပြီး အရေးကြီးတဲ့နေရာမှာ ကလေးများနားလည်အောင် ပြောပြဘို့လိုပါတယ်။ သိပ်များများကြီးပြောရင်လည်း ကလေးတွေဟာ နားပူပြီး စိတ်ဝင်စားမှုမရှိဘဲ လက်ခံမှာလည်း မဟုတ်ဘူး၊သူ့မှာလည်း လက်ခံစွမ်းအားလည်း မရှိတော့ဘူး။ တကယ် ပါးပါး နပ်နပ်နဲ့ လိုက်လျောဘို့ လိုပါတယ်။

ကလေးများကို ကိုင်တွယ်သည့်နေရာမှာ သဘာဝအကျဆုံးကတော့ မိခင်စိတ်ရှိတဲ့ အမျိုးသမီးများသာဖြစ်ပါတယ်။ ဒါကြောင့် ကလေးသူငယ်များနှင့်ပတ်သက်ပြီး တရားစီရင်သည့်နေရာမှာ အမျိုးသမီးများ ပါဝင်စီရင်မယ်ဆိုရင် ပိုပြီးကောင်းပါမယ်။ ဒါကြောင့် ကလေးတွေဟာ ကျွန်တော်တို့ရဲ့ အနာဂတ်အတွက် အားကိုးရမည့် လူငယ်တွေဖြစ်ပါတယ်။ ဒီကလေးတွေကို ကိုင်တွယ်သည့်နေရာမှာ သူတို့ရဲ့သဘာဝကို လေ့လာပြီး ကိုင်တွယ်ဆောင်ရွက်မယ်ဆိုရင် ပိုမိုပြီး ချောမွေ့ပါလိမ့်မယ်။ အဲဒီလို သဘောထားပြီး ကိုင်တွယ်ဆောင်ရွက်သွားစေချင်ပါတယ်။

ကလေးဟာ မွေးလာကတည်းက ဗီဇပါလာပါတယ်။ သို့သော်လဲ လူ့လောကမှာ လူရယ်လို့ဖြစ်လာလျှင် ယင်းကြောင့် အခြားလူများကို ဒုက္ခမဖြစ်အောင် တားဆီးရန် အစိုးရ၌ တာဝန်ရှိပါတယ်။ အလားတူပင် ကလေးတွင်လည်း ၎င်းသက်ဆိုင်သည့် **Welfare** ရှိရပါမယ်။ သူနဲ့ပတ်ဝန်းကျင်ကြားထဲမှာ သူ့ကြောင့် ဒုက္ခမဖြစ်အောင် ကြည့်ရမယ်။ နိဂုံးချုပ်အားဖြင့် ကလေးသူငယ်များကို ကိုင်တွယ်ရာမှာ ကလေးတွေရဲ့ အကျိုးကိုကြည့်ပြီး ကိုင်ရပါမယ်လို့ ပြောချင်ပါတယ်။

ကလေးသူငယ်များအပေါ် သဘောထားမှန်ရေး *

ကလေးသူငယ် မှုခင်းများနှင့်ပတ်သက်သော ညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့က တရားရုံးချုပ်၌ ကျင်းပသွားသည်။

တရားရေးဝန်ကြီး ဗိုလ်မှူးကြီး သန်းစိန်ကိုယ်တိုင်နှင့်တကွ၊ နိုင်ငံတော် တရားရုံးချုပ် တရားသူကြီးချုပ်နှင့် တရားသူကြီးများ၊ ကလေးသူငယ် တရားရုံး အထူးတရားသူကြီးများ၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဌာနချုပ် လူထုရေးရာဌာနကြီးမှ ပုဂ္ဂိုလ်များ၊ ပြည်သူ့ရဲတပ်ဖွဲ့ဌာနချုပ်မှ အရာရှိကြီးများ၊ လူငယ်ရေးရာဌာနနှင့် လူမှုဝန်ထမ်းဌာနမှ ပုဂ္ဂိုလ်များ စသည်ဖြင့် အတော်စုံစုံ လင်လင်တက်ရောက်သော အဆိုပါညှိနှိုင်းဆွေးနွေးပွဲ၌ ကလေးသူငယ်များပြဿနာကို ကိုင်တွယ်ရာတွင် ထားရှိရမည့်သဘောထားနှင့် ပတ်သက်၍ ဗိုလ်မှူးကြီး သန်းစိန်ရှင်းလင်းမိန့်ကြားသွားသည့် အချက်အလက်များမှာ များစွာ မှတ်သားဘွယ်ကောင်းလှသည်။

ဗိုလ်မှူးကြီး သန်းစိန်က ကလေးသူငယ်များသည် နောင်တနေ့သောအခါ၌ မိမိတို့ ရပ်ရွာ၊ မိမိတို့စည်းစိမ်၊ မိမိတို့ရောက်ရှိသည့် လူ့ဘောင်၏ တိုးတက်မှုအတွက် ဆက်ခံဆောင်ရွက်သွားမည့်သူများဖြစ်သည်ဆိုသည့် အချက်ကို မျက်ခြေမပြတ်ဘို့ ရှင်းလင်းမိန့်ကြားသွားပြီးနောက် "ကလေးတွေရဲ့ သဘာဝတွေကိုကြည့်ပြီး ကျွန်တော်တို့ရဲ့ အနာဂတ်ရည်မှန်းချက်အတိုင်း မိမိတို့ကောင်းကျိုးဖြစ်လာအောင် ကိုင်တွယ်ဆောင်ရွက်မယ်ဆိုရင်ကျွန်တော်တို့ တိုင်းပြည်အကျိုးဖြစ်မှာဘဲ၊ ကလေးကို လူကြီးလိုသဘောထားပြီး ကိုင်တွယ်မယ်ဆိုလျှင် သဘာဝချင်း မကိုက်ညီတဲ့အချက်အမျိုးမျိုးတွေ့ရမှာဘဲ၊ ဒါကြောင့်-ကိုင်တွယ်ဆောင်ရွက်ဘဲ့ပုဂ္ဂိုလ်များအနေနဲ့ ကလေးများ၏သဘာဝကို ဂရုစိုက်လေ့လာပြီး ကိုင်တွယ်ဆောင်ရွက်ကြဘို့လိုပါတယ်" စသည်ဖြင့် ညွှန်ပြသွားသည်။

မှန်သည်။ ကလေးသူငယ်ဆိုသည်မှာ လူကြီးများကဲ့သို့ ကောင်းဆိုးကျိုးပြစ်ကို **မှန်ကန်စွာ** ဝေဘန်ချင့်ချိန်နိုင်သည့် အရွယ်မဟုတ်သေးသည်သာမက၊ မည်သို့သော **စိတ်ကူး** စိတ်သန်း အယူအမြင်မျိုးမျှလည်း အခိုင်အမာ အနယ်ထိုင်သည့်အရွယ်မဟုတ်**ချေ။** ကိုင်တွယ်သူက စာနာစိတ်အပြည့်အဝထားရှိပြီး အကိုင်အတွယ်ကျွမ်းကျင်**လိမ်မာပါက** အလွန်နှည်းပါးလှစွာသော ခြွင်းချက်မျိုးမှလွဲ၍ မည်သည့်ကလေးသူငယ်ကိုမဆို **အကောင်း**ဘက်သို့ သွယ်ပြောင်းယူနိုင်သည်သာဖြစ်သည်။ တိုင်းပြည်နှင့်လူမျိုး၏**အကျိုးစီးပွါး**ကို တဒေါင့် တနေရာမှ စွမ်းစွမ်းတမံ ထမ်းဆောင်သွားနိုင်သည့်သူအဖြစ်သို့ **ပြုစုပျိုး**ထောင်ယူနိုင်သည်သာဖြစ်သည်။

---

* ၁၉၇၁ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာမှ ကောက်နုတ်ဖော်ပြသည်။

အရေးအကြီးဆုံးကား ဗိုလ်မှူးကြီး သန်းစိန်အမိန့်ရှိသည့်အတိုင်း ကလေးသူငယ်များသည် တနေ့သောအခါ၌ မိမိတို့ရပ်ရွာ၊ မိမိတို့စည်းစိမ်၊ မိမိတို့ရောက်ရှိသည့်လူ့ဘောင်၏ တိုးတက်မှုအတွက် ဆက်ခံဆောင်ရွက်သွားမည့်သူများဖြစ်သည်ဟူသော အချက်ကို မျက်ခြေမပြတ်ဘို့ပင် ဖြစ်သည်။

ယင်းအချက်ကို မျက်ခြေမပြတ်သည်နှင့်အမျှ ကလေးသူငယ်များ အကောင်းဘက်သို့ သွယ်ပြောင်းယူရေးအတွက် နည်းလမ်းကို မုချတွေ့ရှိမည်ဟု ယုံကြည်မိပေသည်။

ပြစ်မှုကျူးလွန်သောကလေးများအရေး *

ဇဝန

'လူငယ်ကိစ္စ ရုံးမရောက်လျှင်ကောင်းမည်' ဟုနိုင်ငံတော် တရားရုံးချုပ် တရားသူကြီးချုပ် ဒေါက်တာမောင်မောင်က ယမန်နေ့က နိုင်ငံတော်တရားရုံးချုပ်အဆောက်အဦတွင်ကျင်းပသော 'ပြစ်မှုကျူးလွန်သော ကလေးသူငယ်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲ' တွင် ပြောကြားသွားသည်။

ထိုဆွေးနွေးပွဲသို့ နိုင်ငံတော်အစိုးရအဖွဲ့ တရားရေးဝန်ကြီး ဗိုလ်မှူးကြီး သန်းစိန် တက်ရောက်၍ မိန့်ခွန်းပြောကြားသွားရာတွင် လူငယ်များ၏ အရေးကိစ္စကို လူမှုရေးအရ ဖြေရှင်းရန်လိုကြောင်းဖြင့် အချုပ်အားဖြင့် မြွက်ကြားသွားပေသည်။

ထိုဆွေးနွေးပွဲသို့ နိုင်ငံတော်ရှေ့နေချုပ်ကြီးနှင့်တကွ တရားသူကြီးများ၊ ရဲ၊ အကျဉ်းထောင်၊ လူမှုဝန်ထမ်းဌာနနှင့် လမ်းစဉ်ပါတီ စသည်တို့မှ သက်ဆိုင်ရာအကြီးအကဲများပါ တက်ရောက်ဆွေးနွေးကြသည်။ ထိုသို့ဆွေးနွေးသွားကြသည့်အထဲတွင် ကလေးသူငယ်များနှင့် တရားရုံး၊ ကလေးသူငယ်များဆိုင်ရာ ဥပဒေ၊ လူငယ်သင်တန်းကျောင်းများ၊ သရက်မြို့ရှိ ဘော်စတယ်ကျောင်း၊ မှောင်ခိုနှင့် ကလေးသူငယ်၊ ဆိုရှယ်လစ်စီးပွါးရေးစနစ်ကာကွယ်မှုဥပဒေနှင့် ကလေးသူငယ်များ စသဖြင့် ဘက်စုံအောင် ဆွေးနွေးသွားခဲ့ကြသည်ဟု သိရှိရပေသည်။

ယနေ့ မြန်မာနိုင်ငံသည် ခေတ်ပြောင်းတော်လှန်ရေးနှင့်အညီ ရှေ့သို့ချီတက်လျက်ရှိကြရာတွင် တိုင်းပြည်၏ အနာဂတ်ကို စိုးမိုးကြသော ယနေ့လူငယ်များကို လက်တွဲ၍ ခေါ်ဆောင်သွားရမည့် တာဝန်ရှိသည်။ လမ်းလွဲလိုက်နေသော လူငယ်များကို လမ်းမှန်သို့ရောက်အောင်ပို့ဆောင်ပေးရန်လိုသည်။ ထိုသို့ပြုစု ပျိုးထောင် ခေါ်ဆောင်သွားနိုင်အောင်လည်း လမ်းစဉ်ပါတီအောက်တွင် လူငယ်အစည်းအရုံးကြီး ဖွဲ့စည်း၍ ဆောင်ရွက်သွားဘို့ရန် စီမံစိုင်းပြင်းလျက်ရှိသည်။ ထိုအစီအစဉ်များမှာ ယခုအချိန်တွင် အတော်ကလေး ခရီးရောက်နေပြီဖြစ်သည်။

ထိုသို့ တဖက်က လူငယ်များအား ရှေ့ဆောင်ခေါ် ယူသွားရန် စီစဉ်နေသည့် အချိန်တွင် အခြားတဖက်မှ လူငယ်များအား လက်တွဲချန်ရစ်သည်နှင့်မခြား ကိုလိုနီခေတ်၏ အမွေဆိုးများဖြစ်သည့် ဖိနှိပ်မှုဥပဒေများဖြင့် လူငယ်များ၏ တက်ကြွမှုနှင့် စွန့်စားလိုသော စိတ်ဓာတ်များကို ချိုးပစ်နေမည်ဆိုလျှင် တိုင်းပြည်တွင် များစွာ နစ်နာဆုံးရှုံးဘို့ရန်ရှိပေသည်။

---

* ၁၉၇၁ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့ထုတ် ကြေးမုံသတင်းစာ။

ယနေ့ မြန်မာနိုင်ငံတွင် အသက် ၁၈ နှစ်အောက် လူငယ်များကို မဲဆန္ဒပေးပိုင်ခွင့် မရှိဟု သဘ်မှတ်ကာ ကလေးသူငယ်များအဖြစ် သတ်မှတ်ထားသည်။ သို့သော် ၁၆ နှစ်အထက် လူငယ်များ၊ မှုခင်းကြီးများ ကျူးလွန်မိလျှင် လူကြီးများနှင့်မခြား အရေးယူခြင်းခံကြရလေသည်။ သူတို့သည် အကြောင်းကြောင်းကြောင့် အပြစ်ပေးခြင်း မခံရနင့်ဦး၊ အချုပ်ကာလအတွင်း ရာဇဝတ်ပြစ်မှု အမျိုးမျိုးကျူးလွန်ခဲ့ကြသည့် လူဆိုး၊ သူဆိုးများနှင့် တွေ့ထိကြရကာ အပြုဘက်သို့မရောက်ဘဲ အပျက်ဘက်သို့ ဆင်းသက်သွားဘတ်ကြသည်။

လူငယ်တို့၏ မှုခင်းကိစ္စဘို့ကို လူမှုရေးအရ ဖြေရှင်းရန် တရားရေးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သန်းစိန်၏ မိန့်ကြားချက်နှင့် ‘လူငယ်ကိစ္စ ရုံးမရောက်လျှင် ကောင်းမည်’ ဟူသော တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်၏ ပြောကြားချက်တို့ကို အလေးအနက် စဉ်းစားဆောင်ရွက်ကြရန် လိုပေသည်။

ကလေးသူငယ်များသည် ရာဇဝတ်ပြစ်မှုနှင့် မကင်းသော အမှုများကို ကျူးလွန်မိကြသည်မှာ သန္ဓေဆိုးပါလာကြခြင်းထက် ပတ်ဝန်းကျင်၏ ရိုက်ခတ်မှုကြောင့် ဖြစ်ကြရသည်မှာ များပေသည်။ စိတ်ပညာပါရဂူများကဆိုလျှင် ဂြိုဟ်ဆိုးနက္ခတ်ဆိုးကြောင့် ဖြစ်သည်ဆိုခြင်းကို လုံးဝလက်မခံကြချေ။

လူငယ်များသည် အတုမြင်အတတ်သင်တတ်ကြသည်။ ပတ်ဝန်းကျင်မကောင်းလျှင် မုဆိုးနားနီး မုဆိုး၊ တံငါနားနီး တံငါဆိုသလိုဖြစ်လာကြသည်။ ထင်ရှားသော သာဓကတရပ်ကို ရုပ်ရှင်ရုံများတွင် တွေ့နိုင်သည်။ ရုပ်ရှင်ရုံအချို့တွင် ကလေးမဟုတ်၊ သူငယ်မဟုတ်သည့် လူရှုပ် လူပွေများက ပြောင်ချော် ဟစ်အော်မှုများကို ပြုခဲ့လျှင် လူငယ်ကလေးများက သံယောင်လိုက်ကာ အော်လေ့ရှိကြသည်။ အရပ်ထဲတွင် လူပျိုပေါက်ကလေးများ၏ နောက်လား ပြောင်လားလုပ်မှုမျိုးကို လူငယ်ကလေးများက အဟုတ်မှတ်ပြီး လိုက်၍လုပ်တတ်ကြသည်။

အချို့သောပုဂ္ဂိုလ်တို့က မိဘတို့၏ အိမ်ထောင်ပြိုကွဲမှုကြောင့် သားသမီးများ ဖရိုဖရဲဖြစ်ပြီး စည်းပျက်ကမ်းပျက် ဖြစ်လာကြ သည်ဟု ဆိုကြသည်။ သို့သော် ဤအဆိုမှာ ပြည့်ဝမှန်ကန်လှသည်ဟု မဆိုနိုင်ပေ။ အိမ်ထောင်ကွဲ မိဘတို့၏ သားသမီးများ၊ မုဆိုးမ၊ ဆင်းရဲသူမတို့၏ သားသမီးများထဲက စည်းကမ်း အလွန်ကောင်းပြီး ဉာဏ်ပညာ ထူးချွန်ထက်မြက်သူတွေ ပေါ်ထွက်ခြင်းရှိခဲ့သည်ကို မည်သူမျှ ငြင်းဆိုနိုင်လိမ့်မည် မဟုတ်ပေ။

အရင်းခံအကြောင်းမှာ မိဘ၊ သို့မဟုတ် အုပ်ထိန်းသူတို့၏ တာဝန်မဲ့မှုပင် ဖြစ်သည်။ မိဘ အုပ်ထိန်းမှုကို စနစ်တကျ ကောင်းစွာခံယူရသော သားသမီးများသည်

မည်သို့မျှ ဆိုးဆိုး ရွားရွား ဖြစ်မလာနိုင်ပေ။ မိဘ အုပ်ထိန်းမှုမကောင်း၍သာ၊ သို့မဟုတ် အုပ်ထိန်းမှုစနစ် မမှန်၍သာ သားသမီးများ ပျက်စီးရခြင်းဖြစ်သည်။

'သားသမီးမကောင်း မိဘခေါင်း' ဟူသောစကားသည် ပညာရှိကြီးများ ထားခဲ့သည့် စကားဖြစ်သည်။ ထိုစကားသည် နှစ်ပေါင်းများစွာက စတင်ပြီး မျိုးရိုးစဉ်ဆက် သုံးစွဲပြောဆိုခဲ့ကြခြင်းမှာ လွန်စွာမှန်ကန်သောကြောင့် ဖြစ်ပေသည်။

ထို့အတူ အနုဋ္ဌော အနန္တစာရင်းဝင် အုပ်ထိန်းသူဖြစ်သော ဆရာများမှာလည်း တာဝန်ရှိပေသည်။ ထို့ကြောင့်လည်း 'တပည့်မကောင်း ဆရာ့ခေါင်း' ဟူ၍ဆိုခဲ့ကြခြင်း ဖြစ်သည်။

ပတ်ဝန်းကျင်၏ ရိုက်ခတ်မှုကြောင့် ပျက်စီးရခြင်းအကြောင်းကို ဇာတ် နိပါတ်များထဲမှာဘဲ ရှာရှာ၊ မျက်မှောက်လောကထဲမှာဘဲ ကြည့်ကြည့်၊ တွေ့နိုင်သလို မိဘများ၊ ဆရာများဘက်မှ ပျက်ကွက်ချတ်ယွင်းမှုကြောင့် မဆိုးသွမ်းချင်ဘဲလျက် ဆိုးသွမ်းသူကလေးများ ဖြစ်လာရခြင်းကိုလည်း ပုံပြင်နှင့်တကွ မျက်မှောက်သက်သေ သာဓက အမြောက်အမြား တွေ့နိုင်ပေသည်။

သားကို ငယ်ကမဆုံးမက မိဘတလည် ရန်သူမည် ဆိုသောစကားသည် မိဘတို့၏ ဝတ္တရားပျက်ကွက်ခြင်းကို ပြနေပေသည်။ ထို့အတူ လူမိုက်သား ရမ်းကား၊ လူလိမ္မာသား ယဉ်ပါး ဆိုသောစကားသည်လည်း မိဘတို့၏ တာဝန်မကင်းမှုကို ထင်ရှားစေသည်။ ယင်းသို့ အိမ်တွင်းပယောဂ၊ ပတ်ဝန်းကျင်၏ ပယောဂတို့ကြောင့် လူငယ်များ ပြစ်မှု ကျူးလွန်လေ့ရှိကြသည်ကို သဘာဝကျကျ မဖြေရှင်းဘဲ (ဝါ) လူမှုရေးအရ မဖြေရှင်းဘဲ လက်စားချေသည့်သဘောမျိုး သက်ရောက်သည့် ဥပဒေပုဒ်မတပ်၍ အရေးယူ အပြစ်ပေးခြင်းသည် ယနေ့ခေတ်နှင့် လုံးဝ မဆီလျော်တော့ပေ။ သို့ဖြစ်၍ ပြစ်မှုကျူးလွန်သော ကလေးများ၏ အရေးကိစ္စကို ညှိနှိုင်းဆွေးနွေးကြခြင်းသည် အချိန်အခါ၏ ကောင်းဆိုချက်နှင့် များစွာကိုက်ညီလှပေသည်။

တိုင်းပြည်အတွက် လူငယ်များဖြစ်လာရေး *

ဩဂုတ်လ ၁၉ ရက်နေ့က ပြစ်မှုကျူးလွန်သော ကလေးသူငယ်များနှင့် ပတ်သက်သည့် ညှိနှိုင်းဆွေးနွေးပွဲ တရပ်ကို နိုင်ငံတော် တရားရုံးချုပ် တရားသူကြီးများ ပိဋကတ်တိုက်တွင် ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးသို့ တရားရေး ဝန်ကြီး ဗိုလ်မှူးကြီး သန်းစိန် တက်ရောက်မိန့်ခွန်း ပြောကြားပြီး နိုင်ငံတော် တရားရုံးချုပ် တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်နှင့် သက်ဆိုင်ရာ ဌာနပေါင်းစုံမှ တာဝန်ရှိ ပုဂ္ဂိုလ်များတက်ရောက်ကြသည်။

ယင်းညှိနှိုင်းဆွေးနွေးပွဲသည် ပြစ်မှု ကျူးလွန်သော ကလေးသူငယ်များကို တိုင်းပြည်အတွက် လူငယ်များ ဖြစ်လာစေရန် လုပ်ဆောင်ရေး အတွက် များစွာအရေးကြီးသည့် ညှိနှိုင်းဆွေးနွေးပွဲ ဖြစ်သည်။ ပြစ်မှုကျူးလွန်သောကလေးများ၏ ပြဿနာမှာ ကမ္ဘာ့နိုင်ငံ အသီးသီးတွင် ရင်ဆိုင်နေကြရသည့် ပြဿနာဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း ယင်းပြဿနာကို တစိတ်တပိုင်း ရင်ဆိုင်နေကြရသည်။ ထို့ကြောင့် ယခုကဲ့သို့ ပြစ်မှု ကျူးလွန်သည့် ကလေးနှင့် သက်ဆိုင်သည့် တရားသူကြီးချုပ်၊ ရှေ့နေချုပ်နှင့် တရားသူကြီးများ၊ ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မီတီ၊ ပါတီ ဌာနချုပ်၊ ပြည်သူ့ရဲ၊ လူငယ်ရေးရာဌာနခွဲ၊ စိတ်ရောဂါကု ဆေးရုံ၊ လူမှုဝန်ထမ်းဌာန၊ တရားရေးဌာန၊ အကျဉ်းဌာနများမှ တာဝန်ရှိ ပုဂ္ဂိုလ်များ တက်ရောက်ပြီးဆွေးနွေးကြခြင်းသည် များစွာ လျော်ကန် သင့်မြတ်လှသည်။ ယင်းပြဿနာကို အခြေခံကျကျ ဆွေးနွေး အဖြေရှာနိုင်ရေး အတွက် လမ်းညွှန်သွားသော တရားရေးဝန်ကြီး ဗိုလ်မှူးကြီး သန်းစိန်၏ မိန့်ခွန်းကို ကြည့်လျှင် ထိုဆွေးနွေးပွဲမှ ကောင်းသောရလဒ်များ ပေါ်ထွက်လာလိမ့်မည်ဟု မြော်လင့်ရသည်။

ကလေးသူငယ်များ ပြစ်မှုကျူးလွန်ခြင်းသည် အခြေခံအားဖြင့် မိဘများ၏ သွန်သင်ညွှန်ကြားမှုနှင့် ထိန်းသိမ်း ပဲ့ပြင်မှု အားနည်းခြင်း၊ ပတ်ဝန်းကျင်၏ တိုက်တွန်းသွေးဆောင်မှုကို မလွန်ဆန်နိုင်ခြင်း၊ ယင်းတို့ကို ပညာပေး ထိန်းသိမ်း ပြုပြင်ပေးသည့်ကိုလိုနီခေတ်နှင့် အရင်းရှင် မြေရှင်ခေတ် ဥပဒေများတွင် ဟာကွက်များခြင်း၊ စီးပွါးရေး ချို့တဲ့ခြင်း စသည့် အကြောင်း အမျိုးမျိုးတို့ကြောင့် ဖြစ်သည်။ ထို့ကြောင့် ယင်းပြဿနာ ဖြေရှင်းရန်အတွက် နည်းလမ်း ရှာရာတွင်ပုံသေဖော်နည်းကား တခုဘည်းကို တွယ်ဖက်ပြီး အဖြေရှာ၍ ရမည်မဟုဘ်ဘဲအားလုံးခြုံငုံ၍ လည်းကောင်း၊ ပြဿနာတခုချင်း အခြေအနေအရလည်းကောင်း၊ အခြေအနေကိုလိုက်၍ ယင်းနှစ်ခု တွဲစပ်၍လည်းကောင်း၊ ဖြေရှင်းကြ ရန် လိုလိမ့်မည်ဟု ကျွန်ုပ်တို့သဘောရသည်။

---

* ၁၉၇၁ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့ထုတ် ဗိုလ်တထောင်သတင်းစာမှ ကောက်နုတ်**ဖော်ပြသည်**။

အားလုံးခြုံငုံ၍ အဖြေရှာရာတွင် လူငယ်တို့၏ စွန့်စားလိုစိတ်၊ စမ်းသပ်ကြည့်လိုစိတ်ကို နားမလည်မှု၊ ဥပဒေ ထိန်းသိမ်းကြရသည့် အရာရှိများက လူကြီးများကိုသာ ကိုင်တွယ်ရများသည့်အလျောက်ကလေးသူငယ်နှင့် ပတ်သက်၍ အရေးထားရမည့် အချက်များ လုပ်နည်း လုပ်ထုံးများကို လိုအပ်သလို အရေးမထားမှု၊ ကလေးသူငယ်များကို ထိန်းသိမ်းပဲ့ပြင်ရာတွင် နည်းမှန် လမ်းမှန် မကျင့်သုံးတတ်မှု စသည့် အချက်များမှာ ယေဘုယျအားဖြင့် တူညီကြသည်ကို တွေ့ရှိရသည်။ ယင်းအခြေအနေကို နားလည်ပြီး တဦးချင်း ပြဿနာများ ဖြစ်သည့် စီးပွါးရေး ချို့တဲ့မှုကြောင့် မိဘနှစ်ပါးစလုံး အလုပ်လုပ်ကြရသဖြင့် ကလေးများကို ထိန်းသိမ်းရန် လုံလောက်စွာ အချိန်မရခြင်း၊ မိခင်နှင့် ဖခင် ပြတ်စဲကွာရှင်းခြင်းကြောင့် ထိန်းချုပ်မှု ချွတ်ယွင်းလာခြင်း၊ အနောက်နိုင်ငံမှ သရုပ်ပျက် ယဉ်ကျေးမှုများကို အတုခိုးရာမှ တဖြည်းဖြည်း စာရိတ္တ ချွတ်ယွင်းလာခြင်း၊ ဆင်းရဲနွမ်းပါးသဖြင့် အသေးအဖွဲ့များကြောင့် ရုံးများ၊ ဂတ်များ၊ ထိုမှတဆင့် လူငယ်ဂေဟာ၊ လူငယ်အကျဉ်းထောင်များမှ မကောင်းသော အတုရပြီး ပိုမိုဆိုးသွမ်းလာခြင်း၊ မိဘများ ကြွယ်ဝချမ်းသာသဖြင့် မည်သည့် အိမ်မှုကိစ္စကိုမျှ မလုပ်ရသည့်ပြင် ကျောင်းလည်း မှန်မှန် မတက်ကြသဖြင့် အားသော အချိန်များတွင် မကောင်းသော သူငယ်ချင်း အပေါင်းအသင်းများနှင့် ပေါင်းသင်းမိခြင်း စသော လူမှုရေး၊ စီးပွါးရေး ပြဿနာနှင့် ပါထင်ဟပ်ဆွေးနွေးကြ၊ ဖြေရှင်းကြရမည်သာ ဖြစ်သည်။

ထိုကြောင့် ယင်းပြဿနာများကို ဖြေရှင်းရာတွင် ပုံသေဖေါ်နည်းကား တခုတည်းဖြင့် ဖြေရှင်း၍မရဘဲ ပြဿနာ ဖြစ်ပေါ်စေသည့် တဦးချင်း အကြောင်း ဇစ်မြစ်နှင့် ယေဘုယျတရားတို့ကို တွဲဖက်ဖြေရှင်းမှုရမည်ဟု ကျွန်ုပ်တို့ ဆိုခဲ့ခြင်း ဖြစ်သည်။ သို့ဖြစ်၍ ယင်းပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန် တာဝန်ရှိကြသည့် တရားသူကြီးများ၊ ရဲအရာရှိများ၊ လူမှုဝန်ထမ်း အရာရှိများ၊ လူမှုရေးအဖွဲ့ဝင်များက ပြဿနာ **တခုစီ**၏ ထူးခြားသော အခြေအနေများကို အလေးထား ဆင်ခြင်သုံးသပ်မှသာ **ပြဿနာ**များကို မှန်ကန်စွာ ဖြေရှင်းနိုင်မည်ဖြစ်သည်။

ယင်းသို့ပြစ်မှုကျူးလွန်သော ကလေးသူငယ်များ ပြဿနာကို မှန်ကန်စွာဖြေရှင်း**နိုင်လျှင်** နိုင်ငံလုပ်အားသစ်များ ပြုန်းတီးမှု အန္တရာယ်ကို ကာကွယ်နိုင်မည် ဖြစ်ပြီး ပြဿ**နာကို** မှန်ကန်စွာ ဖြေရှင်းခြင်း မပြုလုပ်နိုင်လျှင် ယင်းလူငယ် အင်အားစုများသည် မလိုလားအပ်သော အင်အားများ ဖြစ်လာနိုင်သည်။ သို့ရာတွင် ယင်းလူငယ်များ ပြဿနာကို သင့်တော်သည့် ပုံစံဖြင့် မှန်ကန်စွာ ဖြေရှင်းနိုင်သည့် အခွင့်အလမ်းများ ရှိနေသည်။ ယခုအခါ သက်ဆိုင်ရာ ဌာနအသီးသီးတို့မှ အရေးပါသည့် တာဝန်ရှိ ပုဂ္ဂိုလ်များ ကိုယ်တိုင် ပါဝင်ညှိနှိုင်း ဆွေးနွေး အဖြေရှာနေကြပြီ

ဖြစ်၍ မုချနည်းကောင်းများ၊ နည်းသစ်များ ရှာဖွေတွေ့ရှိ နိုင်လိမ့်မည်ဟုကျွန်ုပ်တို့ ယုံကြည်အားထားသည်။ ထို့ပြင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မီတီ ဌာနချုပ်မှ လမ်းစဉ် လူငယ် စည်းရုံးရေး ဗဟိုကော်မီတီ တရပ်ဖွဲ့စည်းပြီး တေဇ လူငယ်၊ ရှေ့ဆောင်လူငယ်နှင့် လမ်းစဉ် လူငယ် စသည်ဖြင့် လူငယ်လူရွယ်များကို အသက်အရွယ် အပိုင်းအခြားအလိုက် စည်းရုံး သိမ်းသွင်း လေ့ကျင့်ပေးမည်ဖြစ်သည်။ ယင်းသို့လူငယ်လူရွယ်များကို ငယ်ရွယ်နုနယ်စဉ်မှစ၍ မှန်ကန်သည့် အသိပညာများ လေ့ကျင့်မှုများ ပြုလုပ်ပေးခြင်းသည် လူငယ်များ ပြစ်မှုကျူးလွန်ခြင်း မရှိစေရန် အကောင်းဆုံး တားဆီးခြင်း ဖြစ်သည်သာမကဘဲ ဆိုရှယ်လစ် စနစ်ထူထောင်ရေးတွင် ပျိုမျစ်လန်းဆန်းတက်ကြွစွာပါဝင် ဆင်နွှဲနိုင်စွမ်း ရှိသည့် ခွန်အားသစ်များ မွေးမြူခြင်းလည်းဖြစ်သည်။

သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိသူ အဆင့်ဆင့်သည် ပြစ်မှုကျူးလွန်သော ကလေးသူငယ်များ အရေးနှင့် ပတ်သက်၍ တရားရေး ဝန်ကြီး ဗိုလ်မှူးကြီး သန်းစိန် တင်ပြဆွေးနွေးသွားသော ပြဿနာ ဖြေရှင်းရေး လမ်းညွှန်များကို မှန်ကန်စွာလိုက်နာ ကျင့်သုံးပြီး ပြစ်မှုကျူးလွန်သော ကလေးသူငယ်များအား တိုင်းပြည်အတွက် လူငယ်များအဖြစ်သို့ရောက်ရှိလာအောင် ကြိုးပမ်းနိုင်ကြလိမ့်မည်ဟု ကျွန်ုပ်တို့ မြော်လင့်ပေသည်။ ။

JUVENILE DELINQUENCY PROBLEMS* DISCUSSED

"As women are endowed with the mother-instinct, they are naturally the most fitted to handle juveniles. It would be better therefore if they should take part in the administration of juvenile justice," Acting Judicial Minister Colonel Than Sein said yesterday in his opening address at the coordination meeting of officials concerned with juvenile offenders.

The meeting, held at the Chief Court from 10 a. m to 5.15 p. m. was attended by Chief Justice Dr. Maung Maung, Attorney-General U Ba Sein, Home Secretary Lt.-Col. Hla Maung, Justices of the Chief Court U Kyaw Zan U, U Thet Pe, and U Sein Thinn, Central SAC Secretary (Security) U Ba Aye, Assistant Secretary of the Mass Affairs Division of Party Headquarters Lt-Col. Maung Aye, Director Col. Hla Shwe of Yourth Affairs Department, VDG of PPF U Than, Assistant Attorney-General U Hla Thinn, Mental Hospital Superintendent Dr. Ne Win, Retired Controller of Immigration U Ba Saing, Retired Inspector General of Prisons U Ba Thein, Deputy Secretary of Social Welfare Ministry U Ohn Myint, U Maung Maung Kyi of Law Translation and Law Revision Department, Social Welfare Director U Htwe, Deputy Director Daw Aye, Assistant Director U Bo, Divisional Social Welfare Officer U Shan Koke, Deputy Judicial Secretary U Ba Shwe, Inspector-General of Prisons U Nyein Hlaing, Deputy Principal of Bostal and High School of Thayetmyo U Hla Tin, PPF Superintendent U Aye Maung of Office of DGPPF, PPF Superintendent U Ohn Tin of Rangoon Police, District Magistrate U Ba Maung, District and Sessions Judge for Hanthawaddy and Rangoon U Ko Ko Gyi, Special Judge (Juvenile Court) U Kyaw, Rangoon, Special Judge (Juvenile Court) U Maung Maung Lwin Mandalay, Registrars U Aung Toe and U Tha Tun and Deputy Registar (Research) U Kyaw Nyun of the Chief Court.

Problems relating to laws concerning juvenile offenders, juvenile courts and their work and detention and training of juveniles were discussed at the meeting which also dealth with the

* *Extract from Working People's Daily.* 20-8-71.

question of rendering help to and rehabilitation of juveniles after their discharge from training institutes.

In his opening address, Minister Colonel Than Sein emphasised the need to tackle the problem of juvenile after a careful study of their innate natures.

It would be idle, he said, to expect the existing juvenile laws, framed in the days when Burma was under foreign rule, to have objectives which were in accord with the present-day needs of the country.

"Our belief today is that every youth must serve the country sometime in the future, "he pointed out, adding that the fact that youths of today must eventually take over the task of improving their community, their wealth and their world, should not be lost sight of. "Indeed, our efforts should be guided by this fact, and as a step in this direction, the Burma Socialist Programme Party has been taking needed action, such as formation of youth organizations."

Human nature and age

The Minister explained that from birth till death, men usually have different natures at different ages. For instance, at the age of 17 or 18 when they have not yet fully grown up, they possess a small degree of understanding. Similarly, they have peculiar natures at the ages of say 20, 30, 40, 50 and 60, event though there might be exceptions. Generally speaking, youths between ages of 17 and 19 are prone to exhibit their inmate natures. As they have lived with their elders of parents since childhood, they might imitate their elders in their actions, speech or manners. There might also be youths who live separately from their parents for love of independence. "Therefore, if we can handle these youths on the basis of their personal natures and make them serve our purpose, it will be of great benefit to the country," the Minister said, adding that if youths were handled as if they were grown-up men, many anomalies would arise because of the difference in their natures.

He pointed out that as youths are not always identical in their psychological makeup, it would be possible to handle them smoothly only when their mental attitudes have been properly studied, as manifested in their habits when under training, or when relaxing.

" For these reasons," the Minister added, " it will naturally be easier for us if we deal with juveniles on a give-and-take basis rather than by imposing on them rigid rules about their conduct or mode of dress. If they are bound by stringent rules in every sphere, they will feel inhibited and will try to find a way of escape. Thus, they will come to acquire the habit of loafing about. Therefore, we should concede to their wishes in unimportant matters, and explain to them with patience until they understand in matters of importance. But if they are subjected to too much talk, they are likely to become irked and to lose interest in what is being talked about. It is therefore necessary to make tactful concessions to them."

Colonel Than Sein pointed out that as women are naturally endowed with the mother-instinct, they are the most fitted to handle juveniles, and therefore it would be better if they should take part in the administration of juvenile justice.

CJ's address

Addressing the meeting next, Chief Justice Dr. Maung Maung said that juveniles, like grown-up men, sometimes landed themselves in court. The question therefore was, when once they had landed in court, what should be done to them and for them.

The Chief Justice pointed out that relatively to her population Burma has no great problem of juvenile delinquency. " Not all youths with long hair and outlandish dresses are juvenile delinquents," he said, explaining that the desire to be different, to be distinctive, and to be sportive and playful was natural to youth. He hastened to add however that juvenile aberrations of the kind that brought harm to others would certainly have to be dealt with according to law.

He explained that as courts, legal officers and social welfare homes had to do mostly with grown-ups, and as problems relating to juveniles came up but occasionally, procedures relating to juvenile offenders, and the attitude to be taken towards them, had not been as clearly laid down as they should have been. Therefore, if because of erroneous handling a juvenile offender failed to become a good man, the loss is not only the juvenile's but also " all of us."

"That is why we have taken steps to issue, for the guidance of courts, a directive laying down the manner in which juvenile offenders should be dealt with, and what attitude should be taken towards them," the Chief Justice explained, adding : "As the Chief Court alone cannot hope to know everything, we have invited the opinions of all Sessions Judges, Judges of Juvenile Courts and specialists on the subject. We have received valuable advice from all of them."

Social problem

The Chief Justice next pointed out that the problem of juveniles was a matter not only for the courts but also for social welfare institutions. That was why the Burma Socialist Programme Party, the Youth Affairs Department and the Education Department had been taking action to organize youths and direct their natural enthusiasm and spirit of adventure into constructive channels. The Social Welfare Ministry, the Central SAC, etc, had also been taking needed action, looking at the problem from the social point of view. "It has occurred to us therefore to be a good thing if all those now tackling the problem from various angles should sit down and exchange views and experiences. We have therefore arranged for the present meeting," the Chief Justice said.

He promised that the Chief Court would continue to take needed action so far as courts were concerned. Some matters however would have to be sent up to the Judicial Ministry. "If the problem of juveniles does not reach the courts, it would certainly be a good thing," the Chief Justice added," and when the youths of the country have become a constructive force as the result of the measures taken by the BSP Party and the YA Department, much of what we discussed today would become redundant".

He also expressed his satisfaction at the participation in the meeting of Colonel Mg Aye and his party who will shortly leave Burma for a study of youth affairs activities abroad.

After the discussions in which many of those present took part, the meeting ended with a short closing address by Minister Colonel Than Sein.

PRACTISING WHAT ONE PREACHES *

We do not know what specific conclusions were arrived at and what suggestions were made at the recent co-ordination meeting on juvenile delinquency. But we are glad that the meeting has put the problem in the right perspective. Evidently, juvenile delinquency is recognised for what it is, that is, as a social problem. Both the Judicail Affairs Minister and the Chief Justice were anxious to point out the many-facted nature of the problem and the need to tackle it with sympathy, understanding and active co-operation of all.

It is hackneyed, nevertheless true, to say that most countries are experiencing an increase in delinquency, especially amongst the youthful elements of the population. We in Burma are suffering from the same trouble, though in relation to her population, Burma's problem is not as great as that of some other countries With us, however, even the slightest sign of increase in juvenile delinquency causes concern because, in building socialism, we want not only to keep our youths from mischief but turn them into a dynamic, constructive force.

It is recognised that, while delinquency affects only a section of youth, the problem, cannot be divorced from overall youth organisation. For this reason, the forthcoming proper organisation of youths under the Party's leadership is welcomed and expected to create a healthy framework and atmosphere for constructive youthful activities.

However, the responsibility of parents and teachers is likely to remain great even with the best organisational effort. Boys will be boys and there will always be a tendency towards unrulingness. A tendency towards unrulingness in children is not in itself abnormal, or even very significant, provided it is properly corrected by wise parents and suitable schooling. Incidence of juvenile delinquency has been invariably found most prevalent where parental care and school training are defective.

It will remain forever important for the parents and teachers to build up a normal healthiness of character in youths by subjecting them to discipline. It is a mistake to suppose that the best way to handle youths is to give them freedom from all restraints.

---

* Extract from The Working People's Daily, 23-8-71.

It is also a mistake to think that unhappy childhood in itself promotes a leaning towards crime. A bad background is doubtless a contributory factor to delinquency, but of greater significance is the general outlook and attitudes against crime. These ought to be instilled into youths as early as possible.

Clearly enough, those who are to render youths morally inhibited against indiscipline and crime must themselves possess and show healthy moral inhibitions. The adults must take care to uphold healthy moral values of honesty and stability. Or they run the risk of delinquent youth turning around and telling them that those with an aptitude for dishonesty and corruption have no right to preach what they themselves do not practise.

PE

A USEFUL LIFE FOR THE BOYS *

The public has long been aware that the Social Welfare Department have been providing training for the inmates to become persons of good character and enable them to earn an honest living. However, what specific training is given, and how effective it is, has not been widely known. The public is thus gratified to know that, this year, fifty boys from Social Welfare and Parahita Homes are bieng trained in agriculture and livestock farming. Better still, many of the boys who had already passed out of the previous courses are employed in the various development projects or have struck out on their own.

At the seminar on juvenile delinquency held the other day, it was emphasised that the problem, being of social nature, required solution from a social point of view. It was also stressed that youth had its own characteristics which must be duly recognised and heeded in tackling youthful delinquency. A call was made, above all, for all adults concerned with the problem to show understanding and sympathy towards the erring youngsters.

In our opinion, this call is particularly relevant for the youthful inmates of the Boy's Homes. If our aim is to rehabilitate the adult offenders and send them out again as functioning members of society, this concern for rehabilitation should be even greater in the case of youthful offenders. They must be deemed more impressionable because of their age, and they have more years to live after their period of stay in the reformatories.

But understanding and sympathy, by themselves, is capable of giving the boys an honest livelihood and its consequent economic independence that they need. This awareness has led to the emphasis on reform coupled with providing them with vocational skills.

While there is a wide range of skills that may be provided, agriculture and livestock farming may well be best suited for youth. The physical activity involved has its natural appeal for young people brimming over with energy. Work in the wide open fields also has its own attraction for the idealism and adventurous spirit of the youths.

---

* Extract from The Working People's Daily, 25-8-71.

If, as the saying goes, an idle man is the Devil's workshop, agriculture and livestock farming—more than anything else—can provide the ideal regimen for keeping young persons happily busy. Besides, their productive labour in the agricultural sector will be beneficial to them as well as to society.

There may not be much money for them that way. But the time is at hand when high school and even university graduates will find no ready and wide open gateway to employment. Education is not going to help all people to get away from the need to work with their hands. The boys are likely to find the prospect of a busy and quietly productive life in the fields worthwhile.

ကလေးသူငယ်များ ဖြစ်မှုကျူးလွန်သည်ဆိုရာဝယ် *

မမြတ်မွန်

ဖြစ်မှုကျူးလွန်သော ကလေး သူငယ်များအရေး ညှိနှိုင်းဆွေးနွေးပွဲ တရပ်ကို ၁၉၇၁ ခု၊ ဩဂုတ်လ ၁၉ ရက်နေ့ နံနက် ၁၀ နာရီအချိန်တွင် နိုင်ငံတော်တရားရုံးချုပ် တရားသူကြီးများ ပိဋကတ်တိုက်၌ ကျင်းပပြုလုပ်သွားကြောင်း ၁၉၇၁ ခု၊ ဩဂုတ်လ ၂၀ ရက်နေ့ ထုတ် သတင်းစာများတွင် ဖေါ်ပြချက်အရ သိရှိဖတ်ရှုလိုက်ရပါသည်။ အခြေအနေအရ လိုအပ်ချက်တရပ်ကို ဆောင်ရွက်ခြင်း ဖြစ်သဖြင့်ဝမ်းမြောက်အားရမိပါသည်။ ထိုဆွေးနွေးပွဲတွင် တရားရေးဝန်ကြီး ဗိုလ်မှူးကြီး သန်းစိန်ကလည်းကောင်း၊ တရားသူကြီးချုပ် ဒေါက်တာမောင်မောင်ကလည်းကောင်းအသီးသီး အမှာစကားများ ပြောကြားကြရာတွင် ကလေးများ၏ မှုခင်းများကိုကိုင်တွယ်ဖြေရှင်း စစ်ဆေးကြရာ၌ အခြေခံထားရှိရမည့် စေတနာသဘောထားနှင့် လုပ်ထုံး လုပ်နည်းများကို ထည့်သွင်း မိန့်ကြားသွားရာ များစွာ မှတ်သားဘွယ် ဖြစ်သဖြင့် အလေးအနက် ကြိုဆိုကြောင်း ဖေါ်ပြအပ်ပါသည်။

ကလေးတရားခုံး အမှုအမျိုးအစားကို လေ့လာ၍လည်းကောင်း၊ ကလေးအမျိုးအစားကို လေ့လာ၍လည်းကောင်း အလေးအနက် စဉ်းစားကြရန် အချက်အလက်များစွာကို တွေ့ရမည် ဖြစ်ပါသည်။ ကလေးသူငယ်များ ဖြစ်မှုကျူးလွန်သည် ဟူသော အချက်နှင့်ပတ်သက်၍ တင်ပြရပါလျှင် လူတိုင်းသည် ငယ်ရာမှ ကြီးလာကြရသူများဖြစ်သည့်တိုင်အောင် လူကြီးဘဝ လူကြီးအရွယ်သို့ ရောက်လာသည့်အခါ ကလေးဘဝ ကလေးအရွယ်ကိုမေ့သွားတတ်ကြပါသည်။ လုပ်ရှားမှု မှန်သမျှကို အမြင်ကျယ်ကျယ် အတွေးနက်နက်ဖြင့် လူကြီးလိုတွေး၊ လူကြီးလိုမြင်ကာ လှုပ်ရှားဆောင်ရွက်ကြပြီးဖြစ်ပါသည်။ ကလေးလိုတွေး၊ ကလေးလို ဆုံးဖြတ်၍လည်း ရစကောင်းသော ကိစ္စများ မဟုတ်ပါ။ သို့တစေ ကလေးများနှင့် ပတ်သက်၍ကား ကလေးအတွေး၊ကလေးအမြင်ဖြင့် မြင်တတ် ရှုတတ်၊ သုံးသပ်တတ်ပြီးလျှင် လူကြီးများအနေဖြင့် ပေးနိုင်ကြရမည် ဖြစ်ပါသည်။

ပုံစံအားဖြင့် တင်ပြရပါလျှင် ကျန်းမာသောကလေး မှန်သမျှသည် ပြေးလွှား ဆော့ကစား၍သာ နေလိုသည်။ နေလည်း နေကြသည်။ ဤသည်မှာကျန်းမာ ကြောင်း၏ အမှတ် လက္ခဏာဖြစ်၍ လက်ခံကြမည်လည်း ဖြစ်သည်။ သို့ရာတွင် အခါများစွာ၌ ကလေးများ၏ ကလေးသဘာဝ ဆော့ကစားမှုသည် လူကြီးများ အတွက်အနှောက်အယှက် ဖြစ်နေတတ်သည်။ငြိမ်းချမ်းစွာ တွေးတော ကြံဆအနားယူ

---

* ၁၉၇၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့ထုတ် ဗိုလ်တထောင်သတင်းစာ။

နေသော လူကြီးများအဖို့ ကလေးများ၏ ဆူညံ အော်ဟစ် ပြေးလွှားဆော့ကစား မှုသည် နားမခံသာ ဖြစ်ရသည်မှာမှန်ပါသည်။ သို့တစေ ဤဝိရောဓိကို ဖြေရှင်းရန်မှာ ကလေးများအတွက် လုံလောက်သော ကစားရန်နေရာ (ဝါ) ကစားကွင်းများ ဖန်တီးပေးရန် ဖြစ်ကြောင်း သိနားလည်ကာ‌းကြရမည်ဖြစ်ပါသည်။

ထိုနည်းတူစွာပင် ကလေးသူငယ်များ၏ ဖြစ်မှုကို လေ့လာရာ၌ ၎င်းတို့၏သဘာဝ၊ ၎င်းတို့၏ဘဝနှင့် ပတ်ဝန်းကျင်ကို သေချာ မှန်ကန်စွာ လေ့လာရန် လိုအပ်လှပါသည်။ တခါတရံ ကလေးများ၏ဘဝ၊ လိုအင်ဆန္ဒနှင့် သဘာဝကို နားလည်ရန် မစွမ်းသည့်အခါ လူကြီးများအနေဖြင့် ကလေးများအပေါ် ခွင့်လွှတ်ရန် ခက်ခဲတတ်ကြပါသည်။

ဒုတိယ ဥပမာတခုကို ပြရလျှင် ရန်ကုန်ဘူတာကြီးအတွင်းမှ ကလေး အချို့ပင်ဖြစ်သည်။ သူတို့၏ မိဘများ ဆင်းရဲ ကျပ်တည်းလှသဖြင့် ကျောင်းမထားနိုင်။ မြေပဲလှော်၊ ဇီးသီး၊ ချိုချဉ် စသည်များရောင်းကြရသည်။ ရထားချိန်တွင် ဈေးရောင်းပြီး ရထားထွက်သွားသည့်အခါ ပလက်ဖေါင်းပေါ်တွင်ပင် ဆော့ကစား နေတတ်ကြသည်။ ညရောက်ပြန်တော့လည်း မိသားစု ပြွတ်သိပ် အိပ်ရသော ဘဝထက် ပလက်ဖေါင်းစကြံ့ပေါ် အိပ်ရသည်က သူ့အတွက်ပို၍ သက်တောင့်သက်သာ ရှိသည်က တကြောင်း၊ နံနက်စောစော ထွက်တတ်သော ရထားများတွင် ဈေးရောင်းခွင့် ရသည်က တကြောင်းများကြောင့် ဘူတာရုံတွင်းမှ တွဲလွတ်များပေါ်တွင် အိပ်လိုက်တော့သည်။

ဤသို့ဖြင့် ဘူတာရုံ အတွင်း၌ပင် ကျင်လည်နေတော့သည်။ ရောင်းရသမျှလေးကို မိဘသို့ ပြန်ပေးခြင်းဖြင့်လည်း သူသည် မိဘကို လုပ်ကျွေးနေသူ သားသမီးကောင်းလည်း ဖြစ်နေပြန်တော့သည်။ သို့တစေ အပေါင်းအသင်းများ၏ သင်ပြချက်၊ မိမိကိုယ်တိုင်က လိုအပ်ချက်များ ပေါင်းစပ်ကာ လစ်လျှင်လစ်သလို ခရီးသွားများထံမှ လစ်တတ်၊ နှိုက်တတ်ကြသည်ဖြစ်၍ ခါးပိုက်နှိုက် အလစ်သမားကလေးများလည်း ဖြစ်နေတတ်ကြသည်။ အများ ပြည်သူ၏ အမြင်တွင်ကား ကျောင်းချိန်တွင် ကျောင်းမနေဘဲ ကလေကလွင့် အခြေအနေမဲ့ လေလွင့်ကလေးများဟူ၍သာ သိမ်းကျုံးမြင်လိုက်တော့သည်။ တကယ်တော့ ဘဝရပ်တည်မှုအတွက် အရွယ်နှင့်မလိုက်၊ ဒုစရိုက် မရှောင် ရှုန်းကန်လှုပ်ရှား နေကြရသူကလေးများသာ ဖြစ်တော့သည်။ [illegible] ကလေးသူငယ် အက်ဥပဒေပုဒ်မ ၁ (၂) အရ၊ အာဏာတည်ဆဲခရိုင်မှာ (ရန်ကုန်

ဟံသာဝတီ၊ သာယာဝတီ၊ မော်လမြိုင် နှင့် မန္တလေး) ၅ ခရိုင်သာဖြစ်ပါသည်။ ထိုဒေသများအတွင်း ၁၉၇၀ ခု၊ ဧပြီလ၌ ဖြစ်ပွါးခဲ့သော ကလေးမှုခင်းများကို စာရင်းအရအောက်ပါအတိုင်း သိရှိရပါသည်။

၁။	ရာဇသတ်ဥပဒေအရအရေးယူရသောအမှုပေါင်း	၄၉ မှု
၂။	မီးရထားမှု	၁၂၂ မှု
၃။	လောင်းကစားနှင့်အခြား	၈ မှု
၄။	ကလေးသူငယ်ဥပဒေ....	၃၄ မှု
၅။	ရဲဘက်ဥပဒေ	၄၃ မှု
၆။	ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးဥပဒေ	၁၀ မှု
၇။	ယစ်မျိုးမှု	၂ မှု
၈။	လက်နက်မှု	၁ မှု
	ပေါင်း	၂၆၉ မှုဖြစ်သည်။

၎င်းတို့အနက် ဦးရေအများဆုံးဖြစ်သော မီးရထားမှုများ၏ အခြေအနေကို တင်ပြလိုပါသည်။ **မီးရထားလက်မှတ်မဲ့ စီးမှုဟူသည်** လူကြီးတယောက်အတွက် ထိုက်သင့်သော **ဒဏ်ငွေ ၇ ကျပ် ထောင်ဒဏ် အနည်းငယ် ခံရရုံနှင့်** ပြီးပြတ်သွားသော်လည်း အချို့သော **ကလေးသူငယ်များအဖို့ တခါတရံ** သရက် **ဘော်စတယ်** (ကလေးထောင်) ရောက်သွားသည်အထိ **ခံလိုက်ကြရသည်ကို တွေ့ရသည်။**

ဖြစ်ရပုံကလည်း ရင်နာဘွယ် ဖြစ်ပါသည်။ **မီးရထားနှင့် ပတ်သက်သော ကလေး**သူငယ်အမှုများကို လေ့လာလျှင် (၁) အပျော်စီးသော စည်းကမ်းမဲ့ **ကျောင်းသွား**ကျောင်းပြန်ကလေးများ၊ (၂) ရင်နင့်ဘွယ် အိမ်တွင်းရေး ပြဿနာများ (မိထွေး-ပထွေး နှင့် အိမ်ရှင်များ၏ နှိပ်စက်ညှဉ်းပန်းမှုကို ခံနေရသူကလေးများ) ကြောင့် ဖြစ်လိုရာဖြစ် ထွက်ပြေးလာသူကလေးများ၊ (၃) မိဘအုပ်ထိန်းသူများ၏ ဆိုဆုံးမမှု ချွတ်ယွင်း အားနည်းချက်ကြောင့် ထွက်ပြေးလာသော အိမ်ပြေး၊ ကျောင်းပြေး ကလေးများဟူ၍ သာမန်အားဖြင့် ၃ မျိုးခန့်တွေ့ရတတ်ပါသည်။

ထိုကလေးများအနက် အမှတ်စဉ် (၂) နှင့် (၃) အမျိုးအစားများသည် မိမိနေအိမ်ဟောင်းကို ပြန်ပို့မည်စိုးရိမ်၍ လည်းကောင်း၊ မိဘများ သိသွားပြီး မိဘဂုဏ်သိက္ခာကို ထိခိုက်မည်စိုး၍လည်းကောင်း နေရပ်မှန် လိပ်စာမှန်များကို လိမ်လည်၍ ပြောဆိုတတ်ကြသည်။ ဤတွင် မှုခင်းကို ကွင်းဆင်း လေ့လာရသော ကလေးကြီးကြပ်ရေးမှူးများ အနေဖြင့် များစွာ အခက်အခဲတွေ့ကာ မိဘအုပ်ထိန်းသူ ရှာမ

တွေ့နိုင် ဖြစ်ရတော့သည်။ ကြိုးစား၍ ရှာသော်လည်း မတွေ့သည့် အဆုံးတွင် မိဘထံ ပြန်အပ်ရန် မဖြစ်နိုင်တော့သည့်အတွက် မီးရထားမှုမှ ကလေးသူငယ် အက်ဥပဒေ ၆၂ (က)သို့ ပြောင်းလဲကာ အုပ်ထိန်းခြင်း ကင်းမဲ့သူအဖြစ် မှတ်ယူခဲ့ရတော့သည်။ သို့နှင့် သင်တန်း ကျောင်းများသို့ ထိန်းသိမ်း စောင့်ရှောက်ရန် ပို့အပ်ရတော့သည်။ အခါအားလျော်စွာ သင်တန်း ကျောင်းများတွင် သတ်မှတ် ကျောင်းသားဦးရေ ပြည့်လျှံနေသည့်အခါ၊ သရက် ဘော်စတယ်သို့ ပို့အပ်ရသည့်ဘဝ ရောက်သွားရခြင်း ဖြစ်ပေသည်။

ဤအဖြစ်ကို လေ့လာလျှင် အခိကချက်ယွင်းချက်မှာ ကလေး၏ ဘဝမှပေးလာသော အတွေးအခေါ်ပင်ဖြစ်သည်။ အမှန်ကို ပြောလိုက်၍ မိထွေး၊ ပထွေးများသိသွားလျှင် (အိမ်စေကလေး ဖြစ်ပါက) အိမ်ရှင်သိသွားလျှင် ဟူသော အတွေးသည် ကလေးအား ချောက်လှန့် နေခဲ့သည်။ ထောင်ကျရမည်ထက် နေအိမ်ဟောင်းကို ပြန်လိုက်ရမည့်အဖြစ်ကို ကြောက်ရွံ့နေသောကလေး၏ ဘဝမှာ သနားစရာဖြစ်တော့သည်။ ထိုနည်းအတူ တတိယ အမျိုးအစားမှာ အိမ်ပြေး၊ ကျောင်းပြေးကလေးများအနေဖြင့် မိမိ၏မိုက်မှားမှုအတွက် စိတ်ဓါတ်ပျက်ပြားကာ မိဘထံမပြန်ရဲခြင်းနှင့် ဤအပြင် ရှုံးပြင်ကန္တား ရောက်ရသည်ကို မိဘမသိစေလိုခြင်းတို့က သူ့အားလိမ်လည်ပြောရန် လှုံ့ဆော်ခဲ့ခြင်းဖြစ်ပေသည်။ ကလေးသည် ကလေးပီပီတွေးကာ ပြုမူပြောဆိုလိုက်သဖြင့် နစ်နာသွားခြင်းဖြစ်ပေသည်။

အချုပ်အားဖြင့် တင်ပြရပါလျှင် ကလေးသူငယ်များ ပြစ်မှု ကျူးလွန်သည်ဆိုရာဝယ် သူတို့၏ဘဝ၊ သူတို့၏ သဘာဝနှင့် ပတ်ဝန်းကျင်တို့က စေ့ဆော်မှုများသာဖြစ်ရာ သူတို့၏ မှုခင်းများကို ကိုင်တွယ်ဖြေရှင်းရာ၌ အဖက်ဖက်မှ လေ့လာပြီး နားလည်မှုရှိစွာဖြင့် ဆုံးဖြတ်နိုင်ကြရမည်ဖြစ်ပေသည်။

ကလေးသူငယ် အက်ဥပဒေနှင့် ပတ်သက်၍လည်း—

၁။ ပြည်ထောင်စုအတွင်းရှိ ကလေးအားလုံးကို အကာအကွယ်ပေးနိုင် သော ဥပဒေဖြစ်ရန်လိုအပ်လှပါသည်။

၂။ အမှုဖြစ်ကာမှ ကိုင်တွယ် ဖြေရှင်းသည့် သဘောထက် မဖြစ်မီက ကြိုတင်ကာကွယ်ပေးနိုင်စွမ်းလည်း ရှိရန်လိုအပ်ပါသည်။

၃။ လက်ရှိဥပဒေပါ ကောင်းသော အစဉ်အလာ များကိုလည်း ဆက်လက်ရှင်သန်စေရမည်ဖြစ်ပါသည်။ (ပုံစံအားဖြင့် အပြစ်ပေး အရေးယူခြင်းထက် ပညာပေးရေးကို ရှေ့ရှုသော ပုဒ်မ ၂၅၊ ပြစ်မှုထင်ရှားစီရင်ခြင်း ခံရသည့်တိုင်အောင် **အရည်**အချင်း ပျက်ယွင်းသည်ဟု မမှတ်ယူရသော ပုဒ်မ ၉၆ စသည်များ)။

၄။ ကလေးမှုခင်းများကို ကိုင်တွယ်ဆောင်ရွက်လေ့လာရာ၌ ပြည်သူတို့၏ အကူအညီကို ရယူနိုင်စေရန် စည်းရုံးရေး သဘောလက္ခဏာ ဆောင်သော လူမှုရေးအဖွဲ့အစည်းများ၊ လူငယ်အဖွဲ့အစည်းများကို ချဉ်းကပ်ခြင်း၊ ၎င်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား စေတနာ့ဝန်ထမ်း ကလေး ကြီးကြပ်ရေးမှူးများအဖြစ် ခန့်ထားဆောင်ရွက်စေခြင်းများပြုသင့်ပါသည်။

၅။ ကလေးမှုခင်းများကို ကိုင်တွယ် ဖြေရှင်းရာ၌လည်း ဥပဒေ ကျွမ်းကျင်သူက ဦးဆောင်၍ ကလေးတို့၏ဘဝ၊ သဘာဝနှင့် ပတ်ဝန်းကျင်ကို ကောင်းစွာနားလည်သော လူမှုရေးအဖွဲ့မှ ကိုယ်စားလှယ်၊ လူငယ်အဖွဲ့အစည်းမှ ကိုယ်စားလှယ်နှင့် လူမှုဝန်ထမ်းဌာနမှ ကိုယ်စားလှယ်များ ပါဝင်သော တရားခုံရုံး အဖွဲ့များကို နယ်မြေအလိုက် ဖွဲ့စည်းကာ ဆောင်ရွက်ပါက ပိုမို အောင်မြင်မည်ဟု ယူဆပါသည်။

၆။ ထိုနည်းဘုစ္စာပင် သင်တန်းကျောင်းများ အနေဖြင့်လည်း ပြုပြင်သင့်သည်များကို ပြုပြင်ပြီး "စာသင်ရင်း ကုန်ထုတ်၊ ကုန်ထုတ်ရင်းစာသင်" စနစ်သို့ ကူးပြောင်းကာ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

ကလေးသူငယ်ပြဿနာဆွေးနွေးပွဲ*

ဒေးဒရဲအောင်စေ

စား၊ ဝတ်၊ နေရေး ငွေရှာပေး၊ ကျေးဇူးကြီးပေ၊ ဒို့ဖေဖေ၊
ကိစ္စများပင် ပေါ်ပေါက်လျှင် စီရင်တတ်ပေဒို့ဖေဖေ၊
အိမ်ထောင်အရေး စီမံပေး၊ လေးစားလောက်ပေ၊ ဒို့ဖေဖေ၊
စဉ်းစားမြော်မြင်၊ ဥာဏ်နှင့်ယှဉ်၊ ပဲ့ပြင်တတ်ပေ၊ ဒို့ဖေဖေ၊
နိုင်ငံအကျိုး ဒို့အကျိုး၊ သည်ပိုးရှာပေ၊ ဒို့ဖေဖေ။

စာရေးသူ၏ သားလေးယောက်သည် ညစဉ် အိပ်ခါနီးတိုင်း ထိုလင်္ကာကိုရွတ်ဆို၍ စာရေးသူကို ကန်တော့ကြသည်။

ယင်းသို့ အသံစဲသွားလျှင် စာရေးသူတွင် အတွေးတခုက အမြဲဝင်လာ၏။ ယင်းအတွေးမှာ မကောင်းမြစ်တား၊ ကောင်းရာညွှန်ပြ၊ ဆိုဆုံးမ၍၊ အနာဂတ်တွင် ယင်းတို့ကို အများအကျိုးနှင့် နိုင်ငံအကျိုးကို သည်ပိုး ဆောင်ရွက်လိုစိတ်များကိန်းအောင်း နေစေရန် မည်ကဲ့သို့ ကိုင်တွယ် မည်နည်းဟု........

စာရေးသူ ယခင်က သဘော မပေါက်ခဲ့ပေ၊ ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ ဌာနအသီးသီးသည် ၁၉၆၂ ခုနှစ်၊ နောက်ပိုင်း၌ မိမိတို့၏ လုပ်ငန်းခွင် အခြေအနေ၊ အခက်အခဲနှင့် ပြဿနာနှင့် အတွေ့အကြုံများကို အထက်နှင့် အောက် အဆင့်ဆင့် နှီးနှောဖလှယ်ကြ၏။ ဆွေးနွေးအကြံပေးကြ၏။ စုပေါင်း အဖြေရှာကြ၏။ ယင်းနည်းအတိုင်း တရားရုံးချုပ်မှ ကြီးမှူး၍ ဩဂုတ်လ ၁၉ ရက်နေ့က ပြစ်မှု ကျူးလွန်သော ကလေးသူငယ်များနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲကို တရားရုံးချုပ် တရားသူကြီးများ ပိဋကတ်တိုက်တွင် ကျင်းပခဲ့၏။

ယင်းဆွေးနွေးပွဲသို့ စာရေးသူ သတင်းရေးသားရန် တက်ရောက်ခဲ့ရသဖြင့် ကလေးသူငယ်များကို မည်ကဲ့သို့ ကိုင်တွယ်ရမည်ဆိုသည့် အချက်ကို သဘောပေါက်နားလည်ခဲ့ပေသည်။

ထိုဆွေးနွေးပွဲတွင် ဆွေးနွေးကြသည့် အချက်များ၌ ကလေးသူငယ်များနှင့် ပတ်သက်သော တရားစီရင်ရေး၊ (က) ကလေးသူငယ်များဆိုင်ရာ ဥပဒေများ၊

---

* ၁၉၇၁ ခုနှစ်၊ စက်တဘ်ာလ ၁၅ ရက်နေ့ထုတ် ရွှေသွိုစာစောင်အတွဲ ၁၉၊ အမှတ် ဂ။

(ခ) ကလေးသူငယ်တရားရုံးများနှင့် ယင်းတို့၏လုပ်ငန်းများ၊ (ဂ)ကလေးသူငယ်များအား ထိန်းသိမ်းစောင့်ရှောက် ပြုပြင် လေ့ကျင့်ပေးရေး၊ (ကက) အစိုးရ သင်တန်းကျောင်းများ၊ (ခခ) စေတနာ့ဝန်ထမ်းဂေဟာများ၊ (ဂဂ) ရိမန်ဂေဟာများ၊ (ဃဃ) ကြီးကြပ်စီမံမှုများ၊ သင်တန်းကျောင်းမှ ကလေးသူငယ်များ ထွက်လာသည့်အခါ ကူညီစောင့်ရှောက်ရေးနှင့် အထွေထွေ ဘာသာရပ်များဖြစ်ပေသည်။

တရားရေးဝန်ကြီး ဗိုလ်မှူးကြီး သန်းစိန်က ဆွေးနွေးပွဲအဖွင့် အမှာစကား မိန့်ကြားရာတွင် ကလေးများနှင့် ပတ်သက်သည့် ဥပဒေသည် မြန်မာနိုင်ငံ တိုင်းတပါးသား လက်အောက် စိုးမိုးခြင်း ခံခဲ့ရစဉ်က ပြုလုပ်ခဲ့သော ဥပဒေဖြစ်၍ ယနေ့ အခြေအနေများဖြင့် လုံးဝကိုက်ညီမည်ဟု မြော်လင့်၍ မရကြောင်း၊ ကလေးသူငယ်တိုင်းသည် နောင်အနာဂတ်တွင် တိုင်းပြည် အတွက် အကျိုးဖြစ်အောင် လုပ်ဆောင်ကြမည့် လူငယ်များဟု မြော်လင့်ချက်ထားရှိကြောင်း၊ မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီအနေဖြင့် လည်း ကလေးများနှင့် ပတ်သက်၍ လူငယ် အဖွဲ့အစည်း စသည်တို့ကို လုပ်ကိုင်ဆောင်ရွက်နေကြောင်း။

လူသည် မွေးသည်မှ သေသည်အထိ အသက် အပိုင်း အခြား ကလေးများရှိကြောင်း၊ ယေဘူယျအားဖြင့် အသက် ၁၇ နှစ်၊ ၁၉ နှစ် မပြည့်မီ ကလေးများသည် သူတို့၏ သဘောကို ဖေါ်ပြတတ်ကြကြောင်း၊ ယင်းကလေးသည် လူကြီးများနှင့် အတူတူငယ်ငယ်ကတည်းက နေထိုင်လာကြ၍ လူကြီးများ လုပ်တာကိုင်တာနှင့်ပြောတာ ဆိုတာမှအစ အမူအယာများကို အတုခိုးတတ်ကြောင်း၊ လွတ်လပ်စွာ နေချင်၍ မိဘနှင့် ခွဲနေသည့် ကလေးများလည်း ရှိကြောင်း၊ ယင်းကလေးများ၏ သဘာဝများကို ကြည့်ပြီး အနာဂတ် ရည်မှန်းချက်အတိုင်း ၎င်းတို့၏ ကောင်းကျိုး ဖြစ်လာအောင် ကိုင်တွယ်ဆောင်ရွက်မည်ဆိုက တိုင်းပြည်၏ အကျိုး ဖြစ်မည်ဖြစ်ကြောင်း၊ ကလေးကို လူကြီးလို သဘောထားပြီး ကိုင်တွယ်မည်ဆိုလျှင် သဘာဝချင်း မကိုက်ညီသည့် အချက်အမျိုးမျိုးတွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကိုင်တွယ်ဆောင်ရွက်သည့်ပုဂ္ဂိုလ်များအနေဖြင့် ကလေးများ၏ သဘာဝကို ဂရုစိုက်လေ့လာပြီး ကိုင်တွယ်ဆောင်ရွက ကြဘို့ လိုကြောင်း။

ယင်းကဲ့သို့ ကိုင်တွယ်သည့်အခါတွင် ကလေးအချင်းချင်း လုံးဝမတူတာရှိ၍ ကလေးများ၏ စိတ်နေသဘောထားကို လေ့လာပြီး ကိုင်တွယ်ဘို့လိုကြောင်း။ စိတ်ပညာနှင့်ပတ်သက်၍လည်း လေ့လာဘို့လိုကြောင်း၊ ကလေးများကို လေ့ကျင့်ပညာပေးသည့် အချိန်တွင်သော်၎င်း၊ အေးအေး ဆေးဆေး နေထိုင်ကြသည့်အခါတွင်သော်၎င်း ၎င်းတို့၏ သဘာဝအလျောက် လုပ်တတ်၊ ကိုင်တတ်ပြုမူဆောင်ရွက်ကြသည့်

အနေကို လေ့လာပြီးကြည့်မှ ကိုင်တွယ်မည်ဆိုက ချောချောမွေ့မွေ့ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ထို့ကြောင့် အဓိကအားဖြင့်ရင်းတို့၏ လုပ်ကိုင် ဝတ်ဆင်ပုံများကို တင်းတင်းကြပ်ကြပ် လုပ်သည်ထက်၊ သဘာဝအားဖြင့်ရင်း တို့နှင့် အပေးအယူ သဘောမျိုးလုပ်လျှင် ပိုပြီးလွယ်ကူမည်ဟု ယူဆကြောင်း၊ နေရာတကာတွင် တင်းတင်းကြပ်ကြပ်လုပ်ပါက၊ ကလေးများအနေဖြင့် ဟိုဟာမလုပ်တတ်၊ ဒီဟာမလုပ်တတ်၊ ဟိုဟာမပြောတတ်၊ ဒီဟာမပြောဘတ်ဖြင့်၊ ကလေးများအဖို့ ဘာလုပ်ရမှန်းမသိပဲ၊ ထွက်ပေါက်ရှာလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အရေးမကြီးသည်များကို လိုက်လျောပြီး၊ အရေးကြီးသည့်နေရာတွင် ကလေးများနားလည်အောင် ပြောဘို့လိုကြောင်း၊ သိပ်များများကြီးပြောက ကလေးများ နားပူပြီး စိတ်ဝင်စားဖို့မရှိပဲ၊ လက်ခံမှာလည်း မဟုတ်ကြောင်း၊ ကလေးတွင်လည်း လက်ခံနိုင်စွမ်းအား မရှိတော့မှာ သေချာကြောင်း၊ တကယ်ပါးပါးနပ်နပ်ဖြင့် လိုက်လျောဘို့ လိုကြောင်း။

ကလေးများကို ကိုင်တွယ်သည့်နေရာတွင် သဘာဝ အကျဆုံးမှာ မိခင်စိတ်ရှိသည့် အမျိုးသမီးများသာ ဖြစ်ကြောင်း၊ ထို့ကြောင့် ကလေးသူငယ်များနှင့် ပတ်သက်ပြီး တရားစီရင်သည့် နေရာတွင် အမျိုးသမီးများ ပါဝင် စီရင်မည်ဆိုက ပိုပြီး ကောင်းကြောင်း၊ ထို့ကြောင့် ကလေးများသည် တိုင်းပြည်၏ အနာဂတ် အတွက် အားကိုးရမည့် လူငယ်လေးတွေ ဖြစ်ကြောင်း၊ ယင်းကလေးများကို ကိုင်တွယ်သည့်နေရာတွင် သူတို့၏ သဘာဝကို လေ့လာပြီး ကိုင်တွယ်ဆောင်ရွက်မည် ဆိုက ပိုမိုပြီး ချောမွေ့မည်ဟု ယူဆကြောင်းဖြင့် မိန့်ကြားသွားသည်။

ယင်းဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ အစိုးရ အဖွဲ့ တရားရေးဝန်ကြီး ဗိုလ်မှူးကြီး သန်းစိန်၊ နိုင်ငံတော် တရားရုံးချုပ် တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်၊ နိုင်ငံတော် ရှေ့နေချုပ် ဦးဘစိန်၊ တရားရေးဌာန အတွင်းဝန် ဒု-ဗိုလ်မှူးကြီး လှမောင်၊ တရားရုံးချုပ် တရားသူကြီးများ ဖြစ်ကြသော ဦးကျော်ဇံဦး၊ ဦးသက်ဖေ၊ ဦးစိန်သင်း၊ ဗဟို လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီ အတွင်းရေးမှူး (လုံခြုံရေး) ဦးဘအေး၊ ပါတီဌာနချုပ် လူထုရေးရာဌာနကြီး လက်ထောက် အတွင်းရေးမှူး ဒု-ဗိုလ်မှူးကြီး မောင်အေး၊ ပြည်သူ့ရဲတပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးသန်း၊ လူငယ်ရေးရာဌာနခွဲ အထူးအရာရှိ ဗိုလ်မှူး လှရွှေ၊ လက်ထောက် ရှေ့နေချုပ် ဦးလှသင်း၊ ပြည်သူ့စိတ်ရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာ နေဝင်း၊ လူမှုဝန်ထမ်းဌာန ဒုတိယ အတွင်းဝန် ဦးအုန်းမြင့်၊ ညွှန်ကြားရေးဝန် ဦးထွေး၊ တရားရေးဝန်ကြီးဌာန ဒုတိယ အတွင်းဝန် ဦးဘရွှေ၊ အငြိမ်းစား အကျဉ်းဌာန မင်းကြီး ဦးဘသိန်း၊ အကျဉ်းဌာနမင်းကြီး ဦးငြိမ်းလှိုင်၊ သရက်မြို့ ဘော်စတယ်ကျောင်းအုပ် ဦးလှတင်၊ ခရိုင် ရာဇဝတ် တရား

သူကြီး ဦးဘမောင်၊ အငြိမ်းစား လူဝင်မှု ကြီးကြပ်ရေး ဝန်ကြီး ဦးဘဆိုင်၊ ရန်ကုန်ဟံသာဝတီ စက်ရှင် တရားသူကြီး ဦးကိုကိုကြီး၊ ရန်ကုန် ကလေးသူငယ် တရားသူကြီး ဦးကျော်၊ မန္တလေး ကလေးသူငယ် တရားသူကြီး ဦးမောင်မောင်လွင်၊ တရားရုံးချုပ် အတွင်းဝန် ဦးအောင်တိုး၊ ဦးသာထွန်း၊ ဒုတိယ အတွင်းဝန် ဦးကျော်ညွန့်၊ ဦးမောင်မောင်ကြည်၊ တာဝန်ခံ အရာရှိ၊ ဥပဒေ ဘာသာပြန်နှင့် ဥပဒေ ပြင်ဆင်ရေးဌာန၊ ဒေါ်အေး၊ ဒု-ညွှန်ကြားရေးဝန် လူမှုဝန်ထမ်းဌာနခွဲ၊ ဦးဘို၊ လက်ထောက် ညွှန်ကြားရေးဝန်၊ လူမှုဝန်ထမ်းဌာနခွဲ၊ ဦးရှိန်ဟုတ်၊ တိုင်း လူမှုဝန်ထမ်း အရာရှိ၊ ဦးအေးမောင်၊ ကြီးကြပ်ရေးမှူး၊ ပြည်သူ့ရဲတပ်ဖွဲ့ ဌာနချုပ်၊ ဦးအုန်းတင်၊ ကြီးကြပ်ရေးမှူး၊ ရန်ကုန်တိုင်း ပြည်သူ့ရဲတပ်ဖွဲ့တို့ စုံစုံညီညီ တွေ့ဆုံဆွေးနွေး အကြံပေးခဲ့ကြပေသည်။

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်က အမှာစကား ပြောကြားရာတွင် လူကြီးများ တခါတရံ တရားရုံးရောက်တတ်သလို၊ ကလေးသူငယ် ငယ်ရွယ်သူများလည်း တခါတရံ ရုံးရောက်တတ်ကြောင်း၊ ယင်းသို့ ရောက်လာသည့်အခါ ၎င်းတို့၏ မှုခင်းပြဿနာကို မည်သို့ ကိုင်တွယ်မည်၊ မည်သို့စေတနာထားပြီး ဆောင်ရွက်ပေးမည် ဆိုသည့် အချက်မှာ အရေးကြီးလာကြောင်း။

မြန်မာနိုင်ငံ လူဦးရေနှင့် နိူင်းစာပါက၊ လူငယ်ပြဿနာသည် ကြီးလှသည်ဟု မဆိုနိုင်ကြောင်း၊ ဆံပင်ရှည်ရှည်ထား၊ အဝတ်အစား ထူးထူးခြားခြား ဝတ်သည့် လူငယ်တိုင်းလည်း လူဆိုးလေးများ မဟုတ်ကြောင်း၊ ထူးချင်၊ ထွင်ချင်၊ ဆော့ချင်သည်တို့မှာ လူငယ်စရိုက်ပင် ဖြစ်ကြောင်း၊ သို့သော် သူတပါးအကျိုး ထိခိုက်နစ်နာအောင် ဆိုးသွမ်းလျှင် အရေးယူရမည် ဖြစ်ကြောင်း။

တရားရုံးများ၊ ဥပဒေ အရာရှိများ၊ ထိန်းသိမ်းစောင့်ရှောက်သည့် အဖွဲ့အစည်းများသည် လူကြီးများနှင့် ပတ်သက်၍ သာ များများ ဆောင်ရွက်ပေးရကြောင်း၊ ကလေး သူငယ်ပြဿနာများမှာမူ ရံဖန်ရံခါသာ ပေါ်ပေါက်တတ်ကြောင်း၊ ထို့ကြောင့် ကလေးသူငယ်နှင့် ပတ်သက်လျှင် လုပ်ရမည့် လုပ်ထုံး၊ ထားရမည့် စေတနာ၊ ထင်ရှားရှင်းလင်းခြင်း ရှိသင့်သလောက် မရှိသည်ကို တွေ့ရကြောင်း၊ ပြဿနာကိုင်တွယ်ပုံမှားယွင်း၍ ကလေး တယောက် နစ်နာလျှင် လူကောင်း တယောက် ဖြစ်လာနိုင်လျက်နှင့် မဖြစ်ပဲ ဆုံးရှုံးရကြောင်း။

ထို့ကြောင့် ကလေး သူငယ် မှုခင်းပြဿနာကိုင်တွယ်ပုံနှင့် ထားရှိအပ်သည့် စေတနာ ရှင်းလင်းထင်ရှားစေအောင် တရားရုံးများကို ပြည့်ပြည့်စုံစုံ လမ်းညွှန်ပြသဘို့ **ညွှန်ကြား**လွှာ တရပ်ထုတ်ဘို့ လေ့လာခဲ့ကြကြောင်း၊ ယင်းသို့ လေ့လာရာတွင် **တရားရုံးချုပ်က ပုဂ္ဂို**လ်များသာမကပဲ စက်ရှင် တရားသူကြီးများ၊ ကလေး သူငယ်

ဆိုင်ရာ အထူးတရားသူကြီးများနှင့် ကျွမ်းကျင်သော ပုဂ္ဂိုလ်များထံမှ အကြံဉာဏ်များပါ တောင်းခံခဲ့ကြောင်း၊ အဘိုးတန်သည့် အကြံဉာဏ်များကိုလည်း ရခဲ့ကြောင်း။

ကလေးသူငယ် ပြဿနာသည် တရားရုံး ကိစ္စချည်း မဟုတ်ပဲ လူမှုရေးကိစ္စလည်း ဖြစ်ရကြောင်း၊ လူငယ်များ၏ တက်ကြွမှု၊ စွန့်စားလိုစိတ်တို့ကို အပြုသဘော စည်းရုံးလှုပ်ရှားပေးဘို့၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၊ လူငယ်ရေးရာဌာန၊ ပညာရေးဌာနတို့ကလည်း လုပ်နေပြီ ဖြစ်ကြောင်း၊ လူငယ်ပြဿနာကို လူမှုရေး သဘော ဖြေရှင်းဘို့၊ လူမှုဝန်ထမ်းဝန်ကြီးဌာန၊ ဗဟို လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မီတီ စသည်တို့ကလည်း လုပ်နေကြပြီ ဖြစ်ကြောင်း၊ ပြဿနာကို ရှုဒေါင့် အသွယ်သွယ်ကကြပ်မတ်ပြီး လေ့လာဖြေရှင်း နေကြသည့် ပုဂ္ဂိုလ်များ စုပေါင်းပြီး၊ အတွေ့အကြုံချင်း ဖလှယ်ပြီး၊ ဆွေးနွေး ညှိနှိုင်းသင့်သည်ဟု ထင်ကြောင်း၊ ထို့ကြောင့် ဆိုင်ရာ ဌာနများနှင့်ညှိပြီး၊ ယခုလို စည်းဝေးဖြစ်အောင် ကြိုးစားခဲ့ခြင်းပင် ဖြစ်ကြောင်း။

ဆွေးနွေးခြင်းဖြင့် ဗဟုသုတလည်းရကြောင်း၊ တရားရုံးများနှင့် ပတ်သက်ပြီး တရားရုံးချုပ်ကလည်း လမ်းညွှန်ပြသစရာများကို ဆက်လုပ်မည် ဖြစ်ကြောင်း၊ အချို့ကိစ္စများကိုလည်း တရားရေးဝန်ကြီးဌာနကို တင်ပြမည် ဖြစ်ကြောင်း၊ အခြားဌာနများနှင့်လည်း ဆက်လက်ပြီး ပူးပေါင်းညှိနှိုင်း ကူညီလိုကြောင်း၊ လူငယ် ကိစ္စတရားရုံး မရောက်ရင် ပိုကောင်းကြောင်း။

မကြာမီ နိုင်ငံခြားသို့ သွားရောက်ပြီး လူငယ်လုပ်ငန်း လေ့လာမည့် ဗိုလ်မှူးကြီး မောင်အေးတို့ အဖွဲ့လည်း ယနေ့ ကြုံကြိုက်လို့ ဆွေးနွေးရာတွင် ပါဝင်နိုင်သဖြင့် အထူးဝမ်းသာဘို့ ကောင်းကြောင်း၊ ပြန်ရောက်လာသည့်အခါ နိုင်ငံခြား အတွေ့အကြုံများကိုလည်း ဖလှယ်ပေးပါရန် မေတ္တာရပ်ခံကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက်တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များက အသီးသီးအကြံပေး တင်ပြရာတွင် ကလေးသူငယ် တရားရုံး တရားသူကြီး ဦးကျော်က "ကလေးတွေဟာ တိုင်းပြည်ရဲ့ အကျိုးပြုမှာဖြစ်တဲ့ အတွက် ဒီကလေးတွေကို တိုင်းပြည်က ပြုစုပျိုးထောင်ဘို့လိုပါတယ်။ ဒီကလေးတွေထဲမှာ အဆိုးရှိရင် အကောင်းရှိသလို ကလေးကောင်းလေးတွေကို ပြစ်မှုမကျူးလွန်အောင် ကာကွယ်စောင့်ရှောက်ပြီး ကလေးဆိုးလေးများကို ပြုပြင်ပေးဘို့ လိုပါတယ်။ ပြစ်ဒဏ်ပေးစသည့် နေရာမှာ လူကြီးဆိုရင် အပြစ်ကြီးရင်ကြီးသလို၊ ငယ်ရင် ငယ်သလို ပြစ်မှုပေါ်မှာ မူတည်ပြီး အမိန့်ချမှတ်ရပါတယ်။ ကလေးသူငယ်များမှာတော့ ပြစ်မှုကို မူမတည်ဘဲ ကလေးသူငယ်များရဲ့ စာရိတ္တပေါ်မှာ မူတည်ပြီး အမိန့်ချမှတ်ရပါတယ်။"

အတွင်းဝန် ဦးအောင်တိုးက စည်းရုံးမှု ဆိုတဲ့ အပိုင်းမှာ အစိုးရ သင်တန်းကျောင်း ရောက်သွားပြီး စိမ့်အုပ်ချုပ်တဲ့ အပိုင်းမှာ ကလေးသူငယ်များကို ထိန်းသိမ်းပြုပြင် ပေးမယ်ဆိုရင် ကလေးသူငယ်များ တရားရုံးဘက်က ဘယ်လို ကိုင်တွယ်ရမည်ဆိုတဲ့ အပိုင်း၊ ဆက်လက်ပြီး ဆွေးနွေးရင် ကျန်တဲ့ ကလေးသူငယ်များတွေ အတွက်လဲ ကြွရောက်လာကြတဲ့ ပုဂ္ဂိုလ်များက တင်ပြ အကြံပေးမယ် ဆိုရင် အကုန်လုံး နားလည် သဘောပေါက်သွားလိမ့်မယ်လို့ ယုံကြည်ပါတယ်။

အတွင်းဝန် ဒု-ဗိုလ်မှူးကြီး လှမောင်က ကလေးသူငယ် အက်ဥပဒေ ဘာကြောင့် ပေါ်ပေါက်လာရတယ် ဆိုတာ တင်ပြပါမယ်။ ၁၉၄၃ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့ ပါလီမန် ဘတ်ဂျက် အစည်း အဝေး လုပ်တဲ့အခါ ပုသိမ်ကျေးလက် တောင်ပိုင်း အမတ် ဦးကျော်တင်က အကျဉ်းဌာန တောင်းခံငွေပေါ်မှာ ငွေ ၁ဝိ ဖြတ်တောက်တဲ့ အဆိုတင်သွင်းပါတယ်၊ အမတ် တော်တော်များများက ဒီအဆိုကို သဘောတူထောက် ခံတဲ့အတွက် တရားရေးဝန်ကြီးဌာနက ကော်မီရှင်ဖွဲ့ပြီး စုံစမ်းခဲ့တယ်၊ ၁၉၅၀ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့မှာ တရားဝန်ကြီး ဦးသောင်းစိန် ဥက္ကဋ္ဌအဖြစ် ဆောင် ရွက်ရတဲ့ ကော်မီရှင်အဖွဲ့ တခုက ဒါကို စုံစမ်းခဲ့ပါတယ်၊ ယင်းစုံစမ်းချက်များကို ၁၉၅၅ ခုနှစ်မှာ လုပ်တဲ့ ကလေး သူငယ် အက်ဥပဒေမှာ ဖြည့်စွက်ခဲ့ပါတယ်။ ယနေ့အချိန်အခါမှာ ဒီဥပဒေဟာ ပြင်ဆင်ဘို့ ကောင်းနေပြီလို့ အကြံပေးလိုပါတယ်။

ညွှန်ကြားရေးဝန် ဦးထွေးက ကလေး သူငယ် အက်ဥပဒေနှင့် ပတ်သက်ပြီး ဗ-လ-က ကဖွဲ့စည်းထားတဲ့ လူမှုရေး ထိန်းသိမ်းမှု ကော်မီတီကနေပြီး ပြင်ဆင်ဘို့ ဆုံးဖြတ်ချက် ချခဲ့ပါတယ်၊ ၁၉၅၅ ခုနှစ်၊ ဥပဒေကို ပြင်ဆင်ဘို့ သဘောတူပါတယ်။

ဦးဘသိန်း အကျဉ်းဌာနမင်းကြီးဟောင်းက ၁၉၅၅ ခုနှစ်က ရှိတဲ့ ဥပဒေမှာ ကျွန်တော်နှင့် ဦးဘဆိုင်တို့ တရားဝန်ကြီး ဦးသောင်းစိန် ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်တဲ့ ကော်မီရှင်မှာ အဖွဲ့ဝင်များဖြစ်ခဲ့ပါတယ်၊ ၁၉၅၅ ခုနှစ်ကရှိတဲ့ ဥပဒေမှာကလေး အမှု စစ်ဆေးရန် တရားရုံးအားလုံး အာဏာပေးထားခြင်း မရှိတဲ့ အတွက်အင်မတန် ကြပ်တည်း ကျဉ်းမြောင်းတယ်လို့ ဆိုတာက အင်မတန်မှ နူးညံ့သိမ်မွေ့တဲ့ ကိစ္စ ဖြစ်တဲ့ အတွက် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားနိုင်တဲ့ ပုဂ္ဂိုလ်မှသာလျှင် ဒီကိစ္စ ဘေး အန္တရာယ်ကင်းမည်ဆိုပြီး ကျွန်တော်တို့ လုပ်ခဲ့ခြင်း ဖြစ်ပါတယ်။ အကျဉ်းဌာန မင်းကြီး ဦးငြိမ်းလှိုင်က ဘော်စတယ် ကျောင်းသားတွေ အနေနဲ့ တော်လှန်ရေး အစိုးရ လက်ထက်မှာ တော်လှန်ရေးကောင်စီ၏ သဘောထား နားလည်အောင် ပထမဆုံး ချွေဆောင် လူငယ် အမိဋ္ဌာန် ၅ ချက်ကို ရွတ်ဆိုရပါတယ်။ အစာ အသာရကိုလည်း ၁၈ အောင်စ ပေးထားပါတယ်၊ အခြား အကျဉ်းထောင်များနှင့်

စာလျှင များပါတယ်၊ အ၀တ်အစားမှာ ကာကီဘောင်းဘီ၊ရှပ်အင်္ကျီ၊ သက္ကလပ်ဂျာစနှင့် ညဘက် လုံချည်များပေးထားပါတယ်။

ဘော်စတယ် ကျောင်းအုပ် ဦးလှတင်က ဖြည့်စွက် တင်ပြရလျှင် ဘိနပ်ချုပ်နည်းကိုလည်း တတ်သွားအောင် မော်တော်ကား တာယာများကို ခြေချိတ်ဘိနပ်ချုပ်ခိုင်းပြီး စီးပေးရန် စီစဉ်ထားပါတယ်။

ဦးဘဆိုင်က ကလေးအမှုများနဲ့ ပတ်သက်လို့ ပြောရရင် ကလေးများဟာ သစ်ပင်ပေါက်ကလေးများနဲ့တူပါတယ်၊ သစ်ပင်ပေါက်လာရင် တခုခုနှင့် ထောက်ပေးလိုက်ရင် မတ်မတ်ထွက်လာသလိုပဲ ငယ်ငယ်ရွယ်ရွယ်ပြုပြင်ပေးရင် ရပါတယ်၊ ဦးတက်ရင် တားဆီးပေးရမယ်၊ မပေးရင် လူကြီးဖြစ်လာတဲ့ အခါ ငါလုပ်ရင် ဘယ်သူမှ မတားဘူး ဆိုပြီး ဒုက္ခရောက်နိုင်ပါတယ်။

ဒေါက်တာ နေဝင်းက ကလေး သူငယ် ဥပဒေ ရေးဆွဲတဲ့အခါ စိတ်ပိုင်းဆိုင်ရာကို ထည့်သွင်း စဉ်းစားပေးရင် အများကြီး ခရီးရောက်ပါတယ်။ ဆိုးသွမ်း လူငယ်များနှင့် ပတ်သက်၍ ၁၉၆၃-၆၄ ခုကစ၍ လူငယ် သင်တန်းကျောင်းများကို လေ့လာသည့်အခါ ဆိုးသွမ်းရခြင်း၏ အကြောင်း ၅ မျိုးကြောင့် ဖြစ်ရသည်ကို တွေ့ရပါသည်။ ရာခိုင်နှုန်းအားဖြင့် ဦးနှောက် ရောဂါကြောင့် ၁ ရာခိုင်နှုန်း၊ အသိဉာဏ်နည်းပါးမှုကြောင့် ၅ ရာခိုင်နှုန်း၊ စိတ်ရောဂါကြောင့် ၃ ရာခိုင်နှုန်း၊ ချောင်းကြည့်တတ်သည့် ရောဂါကြောင့် ၁၀ ရာခိုင်နှုန်း၊ ကျောင်းသားများ အတွင်း ၁၈ ရာခိုင်နှုန်းနှင့် ၇၀-၈၀ ရာခိုင်နှုန်းမှာ သက်သက်မဲ့ ကိုယ်ရည်သွေးခန့်ထယ်မှုကြောင့် ဆိုးသွမ်းခြင်း ဖြစ်ကြောင်း တွေ့ရပါတယ်။

ရဲချုပ် ဦးသန်းက ကလေးသူငယ်များ ဆိုးသွမ်းမှုဟာ တဦးချင်း၊ တယောက်ချင်း မဟုတ်ပဲ အစုလိုက်၊ အအုပ်လိုက် သင်းဖွဲ့၍ ဆိုးတာ တွေ့ရပါတယ်၊ ရန်ကုန်မှာဆိုရင် ပထမသဘော်များ ဆိုက်ကပ်ရာ ဆိပ်ကမ်း၊ ဒုတိယ မီးရထားဘူတာရုံနှင့် တတိယ ရုပ်ရှင်ရုံများတို့ ဖြစ်ပါတယ်။ ဒုစရိုက် ကျူးလွန်သူများက ကလေးသူငယ်များကို အသုံးချတာတွေ့ရပါတယ်။

ဦးဘမောင် ခရိုင် ရာဇဝတ် တရားသူကြီးက တရားစီရင်ရေးနှင့် ပတ်သက်၍ ပြောရရင် ကလေး သူငယ် အက်ဥပဒေ ပုဒ်မ ၇ မှာ ကလေးရုံးရှိသော ဒေသတွင် ကလေး အမှုကို ကလေးရုံးကသာ စစ်ရမယ်လို့ ဆိုပါတယ်။ ဆစတာက ဥပဒေနှင့် ဆိုင်တဲ့ မှောင်ခိုမှုတွေမှာ စစ်တဲ့အခါ ကလေးတွေက လူကြီးတွေနှင့် ရောပါလာသဖြင့် အခက်အခဲရှိပါတယ်။

ရှေ့နေချုပ် ဦးဘစိန်က ဆဓတက ဥပဒေ ရေးဆွဲစဉ်က ကလေးတွေ ကျူးလွန်
ာယ်ဆိုတာ အမှတ်မထားမိဘူး။ မေ့သွားတယ်။ ဆိုရှယ်လစ် **စီးပွါးရေး** တည်ဆောက်
ာ့ကို ဖေါက်ဖျက်တာ လူကြီးတွေဘဲလို့ ထင်ခဲ့တာဘဲ။ အခုပြောတာက နောင်ကို
ာလေးပါလာရင် စစ်နိုင်အောင် စီစဉ်ရပါမယ်။

ဦးလှသင်းကလည်း ကလေး လူကြီးတွဲပြီး တရားခံဖြစ်လာရင် ကလေးဥပဒေအရ
ပိုက်နာရမယ် ဆိုရင် ကလေး သတ်သတ် လူကြီးသတ်သတ်ဖြစ်ရမယ်။ ဒီတော့
ပဒေအတိုင်း လိုက်နာပြီး စစ်ရင်ရနိုင်ပါတယ်။

ဒုတိယ အတွင်းဝန် ဦးအုန်းမြင့်က မြန်မာပြည်မှာ ဖြစ်နေတဲ့ လူငယ် ပြဿနာဟာ
ုိင်ငံခြားမှာ ဖြစ်နေပါတယ်၊ ယခု နိုင်ငံခြားသွားပြီး လေ့လာမည့် အဖွဲ့၏ ရည်ရွယ်
ျက်ကတော့ လူငယ်များ ပြုပြင်ပြောင်းလဲရေး၊ ပြန်လည် နေရာချထားရေးနှင့်
ာြီးကြပ် စီမံမှု စသည့်အချက် ၃ ချက်ကို အဓိကထားပြီး လေ့လာမည်ဖြစ်ပါတယ်
ု ဆွေးနွေး တင်ပြ အကြံပေးသွားကြပေသည်။

ထိုဆွေးနွေးပွဲသည် ပြစ်မှု ကျူးလွန်သူ ကလေးသူငယ်များကို အပြစ်ဒဏ်ပေး
ာည်ထက် ပြုပြင်ထိန်းသိမ်းရေးကို ဦးစားပေး ဆွေးနွေးခဲ့ကြပေသည်။

မှန်ပေသည်၊ ကလေးသူငယ်များတွင် **ပြစ်မှု** ကျူးလွန်လိုသော စိတ်ဓါတ်ဟူ၍ပင်
ကိုယ့်ဗီဇကပင် ကပ်ပါလာခြင်း **မရှိချေ**။

လူငယ်ဘဝ ရောက်လာသည့် အချိန်တွင် **အကြောင်း အမျိုးမျိုးကြောင့် ကျူး**
ာွန်ကြခြင်းသာ ဖြစ်လေသည်။

ထိုပြစ်မှု ကျူးလွန်သော ကလေး သူငယ်များနှင့် ပတ်သက်၍ ညှိနှိုင်း ဆွေးနွေးပွဲ
ာည်၊ ကလေးသူငယ်များ ပြဿနာ ပြေလည်ရေး အတွက် ပိုမိုအထောက်အပံ့
ဖြစ်စေသည်မှာ မုချအမှန်ပင် ဖြစ်ပေသည်။

တရားဥပဒေရှုဒေါင့်မှ ဝမ္မဝိဌာန်ကျကျသုံးသပ်ရန်လိုသည် *

ရည်ရွယ်ချက်

မြို့နယ်/ခရိုင် အလုပ်သမားလျော်ကြေး စီစစ်ရေးကော်မီတီဝင်များသည် အလုပ်သမားလျော်ကြေးမှုများကို ကျွမ်းကျင်စွာဖြင့် ဥပဒေနှင့်အညီ တိကျမှန်ကန်ပြီး အမြန်ပြီးပြတ်အောင် ဆောင်ရွက်နိုင်စေရန်။

အကျိုးအကြောင်းဖော်ပြချက်

၁။ အလုပ်သမား လျော်ကြေးဥပဒေသည် ၁၉၂၃ ခုနှစ်တွင် ပြဋ္ဌာန်း၍ ၁၉၂၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှစ၍အာဏာသက်ရောက်ခဲ့ပါသည်။ ၎င်းဥပဒေသည် ၁၉၂၃-၁၉၂၄ ခုနှစ်အတွင်း၌ ပြုလုပ်ခဲ့သည့် ဥပဒေဖြစ်၍ ခေတ်နှင့်မလျော်ညီသည့် အချက်များရှိပါသည်။ ဥပဒေပြင်ဆင်ချက်များနှင့်ပတ်သက်ပြီး အလုပ်သမားဥပဒေ စီစစ်ရေးကော်မီတီက ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်မျာ ပြဋ္ဌာန်းသည့်ဥပဒေပုဒ်မ ၅ (ဂ) တွင် အလုပ်သမားလျော်ကြေး ရပိုင်ခွင့်များက ရရှိအောင် ဆောင်ရွက်ပေးရန် ပြဋ္ဌာန်းထားပါသည်။

၃။ အလုပ်ခွင်များမှာ အလုပ်ကြောင့် ထိခိုက်ဒဏ်ရာရခြင်းနှင့် သေဆုံးခြင်းမျာ အတွက် အလုပ်သမားလျော်ကြေး အက်ဥပဒေအရ အဆုံးအဖြတ်ပေးနိုင်ရန်ယခင်က နယ်များတွင် ခရိုင်ရာဇဝတ်တရားသူကြီးများအား အလုပ်သမားလျော်ကြေးမင်းကြီ များအဖြစ် ခန့်အပ်ခဲ့ပါသည်။ အလုပ်သမားအရာရှိများအား ပဋ္ဌမအဆင့်အနေဖြ တွဲဘက်အလုပ်သမားလျော်ကြေး မင်းကြီးများအဖြစ် ၁၉၅၆ ခုနှစ်လောက်ကစပြီ ခန့်ထားခဲ့ပါသည်။

၄။ အလုပ်သမားလျော်ကြေး မင်းကြီးများအဖြစ် ဆောင်ရွက်နေကြသော ခရိ ဝန်များနှင့် မြို့မဝန်ထောက်ကြီးများသည် ယခင်ကသာမန်အုပ်ချုပ်ရေးလုပ်ငန်းများက လုပ်ကိုင်ခဲ့ရသော်လည်း နောက်ပိုင်းတွင် ၎င်းလုပ်ငန်းများအပြင် စီးပွားရေး၊ ဖွံ့ဖြိုးရေ စိုက်ပျိုးရေး၊ မွေးမြူရေး အစရှိသည့်လုပ်ငန်းများကိုပါ ဆောင်ရွက်နေရခြင်းကြော အလုပ်သမားလျော်ကြေးအမှုများကို စစ်ဆေးဆုံးဖြတ်ရာတွင်အလွန်ကြန့်ကြာကြောင် တွေ့ရှိခဲ့ရပါသည်။

---

* (၁၉၇၁ ခုနှစ်၊အောက်တိုဘာလ ၁၂ ရက်နေ့မှ ၁၉၇၁ ခုနှစ်၊အောက်တိုဘာလ ၁၆ ရကနေ့အထိ ကျင်းပသော အထက်မြန်မာပြည် မြို့နယ်/ခရိုင် အလုပ်သမား လျော်ကြေး စီစစ်ရေးကော်မီတီဝင်များ ဆွေးနွေးပွဲတွင် အလုပသမား ဝန်ကြီးဌာ အတွင်းဝန် ဒု-ဗိုလ်မှူးကြီး မျိုးမြင့်ပြောကြားသော ဆွေးနွေးပွဲ အဖွင့်အမှာစကား)

၅။ ဤသို့ကြန့်ကြာမှုများကြောင့် ထိခိုက်ဏာရရသူအလုပ်သမားများနှင့် သေဆုံးသူများ၏ မှီခိုသူများသည် လျော်ကြေးငွေရရှိမှု ကြန့်ကြာသဖြင့် လူမှုရေးဒုက္ခတို့ဖြင့်ခံစား၍ နစ်နာမှုရှိခဲ့ကြပါသည်။

၆။ အလုပ်သမားလျော်ကြေးမှုများ ကြန့်ကြာမှုမရှိစေရန် ခရိုင်ရာဇဝတ် တရားသူကြီးများထံမှ အလုပ်သမား လျော်ကြေးမင်းကြီးများ၏ တာဝန်ဝတ္တရားများကို အလုပ်သမားအရာရှိများနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးအရာရှိများအား လွှဲပြောင်းပြီး ၁၉၆၈ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှစ၍ တာဝန်ပေးအပ်ခဲ့ပါသည်။

၇။ အလုပ်သမားဝန်ကြီးဌာန၏ လက်အောက်ခံ ဝန်ထမ်းများအား အလုပ်သမားလျော်ကြေးအရာရှိများအဖြစ် တာဝန်ပေးအပ်ပြီးနောက်၊ အလုပ်သမားလျော်ကြေးမှုများကို စစ်ဆေးဆောင်ရွက်ရာတွင် တဦးတယောက်တည်း ဆုံးဖြတ်သည်ထက်အဖွဲ့အစည်းဖြင့်ဆောင်ရွက်ခြင်းက ပိုမိုသင့်မြတ်သည့်အတွက် ၁၉၆၈ ခုနှစ်၊ ဇူလိုင်လအတွင်းမှစ၍ခရိုင်အလုပ်သမား လျော်ကြေးစီစစ်ရေးကော်မီတီများကို ဖွဲ့စည်းပေးခဲ့ပါသည်။ ယခုဖွဲ့စည်းပြီးသည့်အဖွဲ့များမှာအောက်မြန်မာပြည်တွင် ၂၂ ဖွဲ့ရှိပြီး၊အထက်မြန်မာပြည်မှာ ၂၈ ဖွဲ့ရှိပါသည်။ အဖွဲ့မှာပါဝင်သည့် ဦးရေမှာ အောက်ပါအတိုင်း ၆ ဦးဖြစ်ပါသည်။

ခရိုင်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီ ဥက္ကဋ္ဌ၊ သို့မဟုတ် ကိုယ်စားလှယ်	.... ၁	ဥက္ကဋ္ဌ	
မြို့နယ်ပြည်သူ့အလုပ်သမားကောင်စီကိုယ်စားလှယ်	.... ၄	အဖွဲ့ဝင်	
အလုပ်သမားဝန်ကြီးဌာန အရာရှိ	.... ၁	အတွင်းရေးမှူး	
စုစုပေါင်း	.... ၆		

အတွင်းရေးမှူးများအဖြစ် ဆောင်ရွက်ကြသည့် အလုပ်သမားဝန်ကြီးဌာန လက်အောက်ရှိ အရာရှိများမှာ—

(က) အလုပ်သမား ညွှန်ကြားရေးဌာနခွဲ။	အလုပ်သမားအရာရှိ	၁၆
	မန်နေဂျာ	၄
	လက်ထောက်အလုပ်သမားအရာရှိ	၁၃
	လက်ထောက်မန်နေဂျာ	၁
(ခ) အလုပ်ရုံနှင့် အလုပ်သမားဥပဒေသစ်စစ် စစ်ဆေးရေးဌာနခွဲ။	အလုပ်သမားဥပဒေစစ်ဆေးရေးအရာရှိ	၅
		၃၉

ယောက်ဖြစ်ပါသည်။

၈။ ယခုနှစ်အဘွင်း (၁၅-၂-၇၁ မှ ၁၈-၂-၇၁ နေ့အထိ) အောက်မြန်မာပြည်မှ လျော်ကြေးအရာရှိများ၏ ဆွေးနွေးပွဲနှင့် (၂၃-၂-၇၁ မှ ၂၆-၂-၇၁ နေ့အထိ) အထက်မြန်မာပြည်မှ လျော်ကြေးအရာရှိများ၏ ဆွေးနွေးပွဲကို ပြုလုပ်ခဲ့ပါသည်။

၉။ အထက်မြန်မာပြည်ရှိ ၂၈ ခရိုင်မှ ၁၉၇၁ ခုနှစ်၊ ဇူလိုင်လကုန်ထိ ရရှိသည့် လျော်ကြေးမှုစာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) ဆောင်ရွက်ဆဲအမှု (က) ပြည်သူပိုင် ၉၉ မှု (ခ) ပုဂ္ဂလိက ၂၆ မှု

(၂) ဆုံးဖြတ်ချက်ချပြီး (က) ပြည်သူပိုင် ၁၁၉ မှု (ခ) ပုဂ္ဂလိက ၂၂ မှု
သည့်အမှုပေါင်း။

ပေါင်း	.... ၂၁၈ မှု	၄၈ မှု

စုစုပေါင်း ၂၆၆ မှု လက်ကျန်ရှိသေးကြောင်း တွေ့ရှိရပါသည်။

၁၀။ ဤစာရင်းဇယားကို ကြည့်ရှုပါက အလုပ်သမားလျော်ကြေးမှုများ များပြားခြင်း ကြန့်ကြာခြင်းများ ရှိနေသည်ကို တွေ့ရှိနိုင်ပါသည်။ ဤသို့ အမှုကြန့်ကြာပါက ထိခိုက်ဒဏ်ရာရသူနှင့် သေဆုံးသူ၏မှီခိုသူများမှာ စား-ဝတ်-နေရေး အခက်အခဲကို ရင်ဆိုင်ရကြောင်း တွေ့ရှိရပါသည်။

၁၁။ အလုပ်သမားလျော်ကြေးမှုများ၏ ကြန့်ကြာမှုများကို စိစစ်ကြည့်ပါက အောက်ပါ အဓိကအချက်များကိုတွေ့ရှိရပါသည်—

(၁) ပြည်သူပိုင်ဌာနများ၏ လုပ်ဆောင်မှုချို့ယွင်းခြင်း။

(၂) ပုဂ္ဂလိကပိုင်များက မပေးလိုသောကြောင့် နည်းအမျိုးမျိုးဖြင့် ရှောင်ရှားနေကြခြင်း။

(၃) ထိခိုက်ဒဏ်ရာရသူ၊ သို့မဟုတ် သေဆုံးသူများ၏ မှီခိုသူများ၏လုပ်ဆောင်ချက်များ မှားယွင်းနေခြင်း။

(၄) လျော်ကြေးအရာရှိများ၏ တာဝန်များပြားခြင်း၊ ဝါဏိဇ္ဇပဋိပက္ခမှုများ၊ အလုပ်အကိုင်နှင့် အလုပ်သမား ရှာဖွေရေး လုပ်ငန်းများ၊ အခွန်အမှုများ၊ တရားစွဲရသောကိစ္စများ၊ လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီများ တာဝန်ပေးချက်များ၊ ဝန်ထမ်းအင်အားနည်းပါးခြင်းများ၊ တဦးတည်း ၂ ခရိုင် ၃ ခရိုင်ပူးတွဲကိုင်ရခြင်းများ။

(၅) မြို့နယ်/ခရိုင်၊ အလုပ်သမား လျော်ကြေး စိစစ်ရေးကော်မီတီ **အစည်း** အဝေး လစဉ်မပြုလုပ်နိုင်ခဲ့ခြင်းတို့ကြောင့် ကြန့်ကြာမှု**များရှိသည်ကို** တွေ့ရှိရပါသည်။

၁၂။ ပြည်သူပိုင်ဌာနများမှ ကြန့်ကြာမှုမရှိရအောင် အလုပ်သမားဝန်ကြီးဌာနမှ အခြားဝန်ကြီးဌာနများအား ၁၉၇၀ ခုနှစ်၊ ဇူလိုင်လကဘိတ်ကြားပြီးညှိနှိုင်းဆောင်ရွက် ပေးရန် တိုက်တွန်းခဲ့ပါသည်။

၁၃။ ယင်းအပြင် ဒု-အလုပ်သမားညွှန်ကြားရေးဝန် (၁) အား၊ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော လျော်ကြေးစိစစ်ရေးကော်မီတီတခု ဖွဲ့ခါ သက်ဆိုင်ရာလျော်ကြေး အရာရှိများနှင့်လိုအပ်သလို ညှိနှိုင်းပြီး ဝန်ကြီးဌာနအလိုက် ဖြေရှင်းဆောင်ရွက်ပေးရန် တာဝန်ပေးဆောင်ရွက်စေခဲ့ပါသည်။

၁၄။ အချို့လျော်ကြေးအရာရှိနှင့် ကော်မီတီဝင်များသည် ဥပဒေရှုဒေါင့်မှ ဆုံးဖြတ်ခြင်းမပြုဘဲ လူမှုရေးရှုဒေါင့်ကို ဦးစားပေးဆုံးဖြတ်ထားသည်လည်း ရှိပါသည်။ ဤသို့ဖြစ်ခြင်းကြောင့်ဘဏ္ဍာရေးကြီးကြပ်မှုကော်မီတီအထိတင်ပြခဲ့ရသည့်အမှု ၂၂ မှုမျှ ရှိပါသည်။ ၎င်းအမှုများမှာ ယခုထိမပြီးပြတ်သေးပါ။

၁၅။ ယခု မြို့နယ်/ခရိုင် အလုပ်သမား လျော်ကြေး စိစစ်ရေး အဖွဲ့ဝင်များကို ဆွေးနွေးရသည့် အကြောင်းများကတော့—

(က) အလုပ်သမားလျော်ကြေးမှုများ အချိန်အမြန်ပြီးပြတ်စေရန်။

(ခ) အမှုများ စစ်ဆေးဆုံးဖြတ်ရာမှာ တရားဥပဒေရှုဒေါင့်ကို အလေးပေးပြီး ဆုံးဖြတ်ရန်။

(ဂ) အမှုများကိုဆောင်ရွက်ရာတွင်လူမှုရေးရှုဒေါင့်မှ ကြည့်ပြီး ထိခိုက်ဒဏ်ရာရသူ အလုပ်သမားများနှင့် သေဆုံးသူ အလုပ်သမားများ၏ မှီခိုသူများအား ကူညီဆောင်ရွက်ပေးရန်။

၁၆။ ၁၉၇၁ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်မှ ၁၈ ရက် အထိ အောက်မြန်မာပြည်ရှိ မြို့နယ်နှင့် ခရိုင်အလုပ်သမား လျော်ကြေးစိစစ်ရေး ကော်မီတီဝင်များ၏ ဆွေးနွေးပွဲ၏ အတွေ့အကြုံကို တင်လိုပါတယ်။

—ကျနော်၏ မေတ္တာရပ်ခံချက်အရ ကော်မီတီဝင်တွေရော၊ ဝန်ကြီးဌာန အလိုက်ရော ပါဝင်ဆွေးနွေးကြတာကို တွေ့ရှိရပါတယ်။

—ကော်မီတီဝင်တွေအနေနဲ့ လက်တွေ့ကွင်းဆင်းပြီး လုပ်နေရတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်နေတော့ မိမိတို့ရဲ့ ခံစားချက်တွေကို သဘာဝကျကျနှင့် အမှန်ကိုအမှန် အတိုင်းတင်ပြ ဆွေးနွေးကြတယ်။

— အခက်အခဲတွေလည်း တင်ပြကြတယ်။

—အလုပ်သမားညွန့် ကြားရေးဌာနခွဲကလည်း၊ လျှော်ကြေးဥပဒေများကိုစုပေါင်း တာဝန်ယူရတဲ့ရုံးကလည်း အကိုးအကားနှင့် ပြန်လည်ဆွေးနွေးကြပါတယ်။

—သက်ဆိုင်ရာ ဝန်ကြီးဌာနတွေကလည်း ဌာနရဲ့ ရှုဒေါင့်တွေကနေ တက်ရောက်ဆွေးနွေးကြတယ်။

—ဒီလိုဆွေးနွေးကြတဲ့နေရာမယ် အားလုံးသော ကော်မီတီဝင်တွေ၊ ဝန်ကြီးဌာန ဝန်ထမ်းကိုယ်စားလှယ်တွေ အနေနဲ့ တခုတည်းသော ရည်ရွယ်ချက်ကို ဦးတည်ဆွေးနွေးကြခြင်း ဖြစ်ပါတယ်။

—ဦးတည်ဘဲ့ရည်ရွယ်ချက်ဟာလည်း အလုပ်သမား လျှော်ကြေးအမှုများကိုလူမှုရေးရှုဒေါင့်မှ ဖြေရှင်းနိုင်ဘို့ ရည်ရွယ်ဆွေးနွေးတာ တွေ့ရဘာယ်။

—ဆွေးနွေးချက်တွေကို လေ့လာနားထောင်ရတဲ့ အခါမယ် သက်တွေ တကယ်သဘာဝကျပြီး အမှန်အဘိုင်း မြင်တွေ့နေရသလိုကို ကျနော့်စိတ်ထဲမယ်ခံစားမိတယ်။

—ဒီလိုစိတ်ရောကိုယ်ပါ ကျနော်ဘို့ကို အကြံဉာဏ်တွေ ပေးသွားကြရယ်၊ အပြုသဘောတွေနဲ့ ဝေဘန်သုံးသပ်သွားတာတွေဟာ ကျနော်တို့အဖို့ သင်ခန်းစာများစွာရပါတယ်။

—သင်ခန်းစာတွေအတွက် ကျေးဇူးတင်စွာနဲ့ လက်ခံကြောင်း ပြောကြားခဲ့ပါဘယ်။

—အဲဒီ တင်ပြအကြံပေးချက်များကိုလည်း ကျနော်တို့ အနေနဲ့ စိစစ်ပြီးပေါ်ပေါက်လာမဲ့အကြောင်းတရားတွေ အားလုံးကို အဖြေရှာပြီး အကျိုးတရား ဖြစ်တဲ့ လျှော်ကြေးအမှုများ အမြန်ဆုံး ဖြေရှင်းနိုင်မည့်အကျိုးတရားကိုဖေါ်ထုတ်ရန် ဆောင်ရွက်ပေးမည့် အကြောင်း ကတိပြုခဲ့ပါတယ်။

—ဒီနေရာမှာ ကျနော်တို့၏ လမ်းစဉ်နဲ့ အံဝင်ဂွင်ကျတာကို တွေ့ရှိနိုင်ပါတယ်။

၁၇။ ကျနော့်အနေနဲ့ ကော်မီတီဝင်များရော၊ ဌာနဆိုင်ရာ ကိုယ်စားလှယ်များကို အချက် ၄ ချက်ဘင်ပြ ပန်ကြားလိုပါတယ်။

— ပထမအချက်က တရားဥပဒေရှုဒေါင့်၊

— ဒုတိယအချက်က လူမှုရေးရှုဒေါင့်၊

— တတိယအချက်က ပူးတွဲဆောင်ရွက်မှုရှုဒေါင့်၊

— **စတုတ္ထ**အချက်က လုပ်နည်းလုပ်ဟန်ရှုဒေါင့်တို့ ဖြစ်ပါတယ်။

—ပထမအချက်ဖြစ်တဲ့ တရားဥပဒေ ရှုဒေါင့်ကို တင်ပြ ပန်ကြားလိုပါတယ်။

—ထပ်မံတင်ပြချင်တာက အပိုင်းသုံးပိုင်း ခွဲခြားသင့်တယ်။

— အပိုင်း ၁ က ကော်မီတီဝင်တွေရဲ့အပိုင်း၊

— အပိုင်း ၂ က ဌာနဆိုင်ရာတွေရဲ့အပိုင်း၊

— အပိုင်း ၃ က အလုပ်သမားဝန်ကြီးဌာနအပိုင်း။

—ကော်မီတီဝင်တွေရဲ့အပိုင်းမှာ—

—အလုပ်သမားလျော်ကြေးအမှု တိုင်တန်းခံရတဲ့အခါမယ်အမှု မှန်မမှန် စိစစ်ဘို့လိုပါတယ်။

—အမှုမှန့်လျှင်လည်း မြန်မြန်ပြီးအောင် စစ်ဆေးဘို့လိုပါတယ်။

—အမှုကိုလည်း တရားဥပဒေ ရှုဒေါင့်က ဓမ္မဓိဋ္ဌာန်ကျကျ ကြည့်ရှု သုံးသပ်ဘို့လိုပါတယ်။

—ဥပဒေ၏ အပြင်ဘက်က ကိုယ်လိုရာဆွဲပြီး ကြည့်ရှုသုံးသပ်တာကို ရှောင်ရှားဘို့လိုပါတယ်။

—သာဓကအနေနဲ့တင်ပြလိုပါတယ်

—၁၉၅၄ ခုနှစ်က **ဖြစ်ပါတယ်၊**

—အရာရှိတဦးဟာ အမဲလိုက် **အလွန်ဝါသနာပါတယ်၊**

—အမဲလိုက်ပါတယ်၊

—တတောဝင် တတောထွက်နဲ့ တောချောက်ပြီးပစ်တယ်၊

—နှစ်ရက်လောက် ပစ်တော့ တကောင်မှ မရဘူး၊

—ဒါနဲ့ဒေါပွပြီး တောထဲမှာ ဆဲဆိုတယ်၊

—ဘိုင်းထွာဆဲရေးတယ်၊

—ဒါဖြင့် ဒါနောက်ဆုံးချောက်ပြီး ပစ်မယ် မရလျှင် ပြန်မယ်ဆိုပြီး၊

—တောတတောကိုချောက်ကြတယ်။

—အရာရှိက ဆဲဆိုပြီး တောကောင်ထွက်မဲ့လမ်းက လာစောင့်တယ်၊

—ဂျစ်ကားပေါ်ကဆင်းပြီး ဘေးမှာထားတဲ့ နှစ်လုံးပြူးသေနတ်ကို စိတ်ဆိုးဆိုးနဲ့ဆွဲလိုက်တယ်။

—သေနတ်ဟာ မောင်းပြုတ်သွားပြီး ပုခုံးကိုမှန်တယ်၊ ၉ လုံးကျည်လား၊ ၊ လုံးလားတော့မသိဘူး၊

—အရာရှိဟာသေဆုံးသွားတယ်၊

—ဒီအမှုကို လူကြီးအချို့က သနားတယ်ဆိုပြီး (   ) တာဝန်ထမ်းဆောင်ရင်း သေဆုံးတယ်လုပ်ပေးလိုက်တယ်၊

—အမှန်က တရားဥပဒေ ရှုဒေါင့်က ကြည့်မြင်ဘို့လိုတာမှာ မကြည့်မြင်ဘဲ လုပ်ပေးတာမျိုး မဖြစ်သင့်ကြောင်း ပန်ကြားလိုပါတယ်။

—ဌာနဆိုင်ရာတွေရဲ့အပိုင်းမှာ—

—လျှော်ကြေးမှုတွေကို **တရားဥပဒေ** ရှုဒေါင့်က စီစစ်စေချင်တယ်၊

—အကြောင်းကတော့ **အခုနက တင်ပြခဲ့တဲ့** အမှုမျိုးတွေကို ကာကွယ်နိုင် အောင်ဘဲ၊

—အောက်ကဖြစ်ခံရတဲ့ ပုဂ္ဂိုလ်**တွေကလည်း** မျက်မြင်ဓိဋ္ဌတွေ့နေရတဲ့ အတွက် ကြောင့် အယူအဆ မပြောင်းဘို့နဲ့ ဥပဒေအရ တသားမတ်တည်း ကျင့်သုံးဘို့လိုပါတယ်၊

—အထက်အဖွဲ့အစည်း များကလည်း အမှုများကို အလျင်အမြန် စီစစ်ပြီ ငွေသွင်းစေဘို့ကြိုးစားသင့်ပါတယ်၊

—မမှန်တဲ့အမှုများ တွေ့လျှင်လည်း ရက်ပေါင်း ၆၀ ရက်အတွင်း အယူခံကြဘို့ လိုပါတယ်၊

—တဆက်တည်းမှာဘဲ အလုပ်သမား ညွှန်ကြားရေးဌာနခွဲ၊ သို့မဟုတ် အလုပ် သမားဝန်ကြီးဌာနသို့ ဆက်သွယ် အကြောင်းကြားသင့်ကြောင်းပန် ကြားလိုပါတယ်။

—အလုပ်သမားဝန်ကြီးဌာန အနေနဲ့ကတော့ အမှုများမြန်ဆန်အောင် အစ ကြိုးစားဆောင်ရွက်နေပါ့မယ်။

—တခုပန်ကြားလိုတာက တချို့ဌာနခွဲ၊ ဘုတ်၊ ကော်ပိုရေးရှင်း၊ **အဖွဲ့တွေ** အနေနဲ့လုပ်နိုင်ရဲ့သားနဲ့ ကပ်နေတာတွေ့ရတယ်။

—ဒီလိုတွေ့တာကို ကျနော်တို့က လိုက်လိုက်ပြီး မေတ္တာရပ်တယ်၊ **အချို့ကတော့** မပြုကြဘူး။

—အခုတော့ အားနာစရာနဲ့ဘဲ၊ ပြည်သူပိုင် အပိုင်းမှာဘဲ၊ သက်ဆိုင်ရာအုပ်ချုပ်ရေး ပိုင်းကို တရားစွဲဘို့ စီစဉ်လာရတယ်။

—ဒါပေတဲ့ လိုအပ်တဲ့အခါမှာတော့ လိုအပ်သလို ဥပဒေအရ အသုံးပြုရမည့်အကြောင်းတင်ပြလိုပါတယ်။

—လူမှုရေးရှုဒေါင့်အနေနဲ့တင်ပြလိုပါတယ်။

—ကော်မီတီဝင်တွေရဲ့အပိုင်းမှာ—

—လျှော်ကြေးအမှုအနေနဲ့အမှန်ဖြစ်နေတယ်ဆိုတာ တွေ့ရရင်တော့ အမှုကိုအလေးထားစစ်ဆေးဘို့လိုပါတယ်။

—အမှုကိုအလေးထားပြီး စစ်ဆေးဆုံးဖြတ်ဘို့လိုပါတယ်။

—လိုတဲ့အချက်ကထိခိုက်ဒဏ်ရာရသူ၊ သို့မဟုတ် သေဆုံးသူတို့၏အိမ်ထောင်၏ စား၊ ဝတ်၊ နေရေး ဒုက္ခတွေကို လူမှုရေး ရှုဒေါင့်က အမြန် ဆုံးဖြတ်ပေးဘို့၊ စစ်ဆေးပေးဘို့ လိုအပ်ပါတယ်။

—ကိုယ် ကိုယ်တိုင်ခံစားရဘိသကဲ့သို့ ကိုယ်ချင်းစာပြီး ဆောင်ရွက်ပေးဘို့ပန်ကြားလိုပါတယ်။

—ဌာနဆိုင်ရာတွေရဲ့အပိုင်း**မှာတော့**—

—အလုပ်သမားလျှော်ကြေး **စီစစ်ရေး ကော်မီတီများက အဆုံးအဖြတ်** ပေးလိုက်တဲ့ အခါမယ် **ငွေသွင်းပေးသည်အထိ လုပ်ကိုင်ပေးဘို့ လို**ပါတယ်။

—သဘောကတော့ ထိခိုက်သူများနဲ့ မှီခိုသူများ၏ လူမှုရေး ဒုက္ခများကိုကူညီ ဖြေရှင်းပေးသည့် အနေနဲ့ အင်တိုက် အားတိုက် အကူအညီပေးဘို့ပန်ကြားလိုပါတယ်။

—အလုပ်သမားဝန်ကြီးဌာနအပိုင်းမှာတော့—

—အစိုးရအဖွဲ့၏ကိုယ်စားပြု တာဝန်ယူနေရတော့ ကျနော်တို့အနေနဲ့ အစွမ်းကုန်ကြိုးစားပြီး ပူးတွဲဆောင်ရွက်မည့် အကြောင်း တင်ပြလိုပါတယ်။

—လူမှုရေးရှုဒေါင့်အရ အခုလည်း ကိုယ်ဘိရင်ဘိလိုက်လံဆောင်ရွက်နေရသလို နောင်ကိုလည်း ထိခိုက်ဒဏ်ရာရသူများနဲ့ သေဆုံးသူများ၏ကိုယ်စား ဆောင်ရွက်ပေးမည့်အကြောင်း တင်ပြလိုပါတယ်။

—ပူးတွဲဆောင်ရွက်မှုအနေနဲ့ တင်ပြလိုတာက——

——အလုပ်သမားလျော်ကြေးအမှု တခုပြီးဆုံးတိုင်း၊ ဆိုလိုတာက ငွေကြေးခံစားခွင့်ရသွားပြီးတိုင်း လျော်ကြေးကော်မီတီဝင်များ၊ အတွင်းရေးမှူးများက အစ ဆိုင်ရာဌာနခွဲ၊ ဘုတ်၊ ကော်ပိုရေးရှင်း၊ အဖွဲ့များနဲ့ဝန်ကြီးဌာနများ၏ ပူးတွဲဆောင်ရွက်မှုကြောင့် ဆိုတာကို သတ္တုချလို့ရပါတယ်။

——ဒါဟာ တဦးကောင်း တယောက်ကောင်း လုပ်လို့မရဘူးဆိုတာကို ပြတာဘဲ။

——အများနဲ့ ပူးတွဲဆောင်ရွက်မှရနိုင်တယ်၊ အမှုပြီးဆုံးတယ်ဆိုတာကိုပြတာဘဲ၊ ဒါကြောင့် အဘက်ဘက်က တာဝန်ယူ ပါဝင်ရတဲ့ ပုဂ္ဂိုလ်အားလုံးကို ပူးတွဲဆောင်ရွက်သွားကြဘို့ ပန်ကြားလိုပါတယ်။

——လုပ်နည်းလုပ်ဟန်အနေနဲ့ တင်ပြလိုတာက——

——တာဝန်ပိုင်းအနေနဲ့ ခံယူချက် ပြည့်ဝဘို့လိုပါတယ်။

——ခံယူချက်ပြည့်ဝလာလျှင် ကော်မီတီဝင်တွေရော၊ဌာနဆိုင်ရာတွေပါ အားလုံး လုပ်နည်းလုပ်ဟန်များကို ကျွမ်းကျင်ဘို့လိုပါတယ်။

——လျော်ကြေးကိစ္စတွေမှာ ကျွမ်းကျင်မှ လုပ်နိုင် ကိုင်နိုင်မှာဖြစ်တယ်။

——လုပ်နည်းလုပ်ဟန် လိုပါတယ်။

——တချို့အမှုတွေမှာ ကော်မီတီတချို့၏ လုပ်နည်းလုပ်ဟန် မှားယွင်းမှု၊ ဌာနဆိုင်ရာတွေရဲ့ ချတ်ချော်မှု စသည်ဖြင့် တွေ့နေ ရတော့ အမှုတွေဟာ ကြန့်ကြာနေတယ်။

——ဒါကြောင့် အလုပ်သမား လျော်ကြေးအမှုများကို ကိုင်တွယ်ဖြေရှင်းရာမှာ လုပ်နည်းလုပ်ဟန် မှန်ကန်မြန်ဆန်ဘို့ လိုပါတယ်။

——သဘောကတော့ ကိုယ်ချင်းစာနာစိတ်နဲ့ ကိုင်တွယ်ဖြေရှင်းပေးဘို့ ပန်ကြားခြင်း ဖြစ်ပါတယ်။

၁၈။ အလုပ်သမား လျော်ကြေး အရာရှိများအားလုံးကိုလည်း အလုပ်သမားဝန်ကြီး ဗိုလ်မှူးကြီး မောင်ရွှေ၏ ကိုယ်စား မှာကြားလိုပါတယ်။

——လျော်ကြေးအမှုများပြီးဆုံးလျှင် ငွေကြေးကိုင်တွယ် ဆောင်ရွက်ရပါတယ်။

——ခံစားကြရတဲ့အမွေစားအမွေခံတွေရဲ့ဒုက္ခတွေအထဲက လာဘ်စားတဲ့အမှုတွေ တွေ့နေရပါတယ်။

—ဒီခေတ် ဒီအခါနဲ့တော့မဖြစ်သင့်ဘူး။

—စည်းကမ်းပိုင်း အနေနဲ့တော့ ဝန်ကြီးဌာနက တိတိကျကျ အရေးယူနေပါတယ်။

—နောင်လည်းစောင့်ကြည့်နေမှာပါဘဲ။

—လျှော်ကြေးအရာရှိများ အနေနဲ့ စေတနာ ရှေ့ထားပြီး တာဝန်ပိုင်းရော၊ လူမှုရေးအပိုင်းရော ဆောင်ရွက်ကြဘို့ တိုက်တွန်းလိုပါတယ်။

၁၉။ နိဂုံးချုပ်အနေနဲ့—

—လျှော်ကြေးကော်မီတီဝင် အားလုံးကို ဘိတ်ကြားပြီး ဆွေးနွေးချင်ပေမဲ့ ဘဏ္ဍာရေး အခက်အခဲကြောင့် တချို့ကော်မီတီဝင်များကို မဘိတ်ကြားနိုင်ခဲ့ပါ။

—အားလုံးသော ကော်မီတီဝင်များဖြင့် တွေ့ဆုံ ဆွေးနွေးရလျှင် ပိုကောင်းပါတယ်။

—တချို့သော ကော်မီတီဝင်များကို မတွေ့ဆုံရတဲ့အတွက် ဝန်ကြီးဌာနအနေဖြင့်တောင်းပန်လိုပါတယ်။

—ယခုလို ဌာနပေါင်းစုံမှ ဆွေးနွေးပွဲ ဖြစ်မြောက်အောင် အဘက်ဘက်မှ အကူအညီ ပေးကြတာကိုလည်း အလုပ်သမားဝန်ကြီး ဗိုလ်မှူးကြီး မောင်ရွှေ၏ ကိုယ်စား အထူး ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်လိုပါတယ်။

—၁၉၇၁ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့မှ ၁၉၇၁ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့အထိ ကော်မီတီဝင်များ အနေဖြင့်သော်၎င်း၊ ဌာနဆိုင်ရာတွေ အနေဖြင့်သော်၎င်း စိတ်ရောကိုယ်ပါ ပါဝင်ဆွေးနွေးကြဘို့ အလုပ်သမားဝန်ကြီးဗိုလ်မှူးကြီး မောင်ရွှေ၏ ကိုယ်စား တိုက်တွန်း လိုက်ပါသည် ခင်ဗျား။

၁၉၇၁ ခုနှစ်၊ စက်တဘ်ာ ၂၇ ရက်နေ့တွင် ကျင်းပသော တရားရုံးချုပ် တရားသူကြီးသစ်များ၏ ဂုဏ်သစ္စာခံယူပွဲ၌ နိုင်ငံတော်တရားသူကြီးချုပ် ဒေါက်တာ မောင်မောင် ပြောကြားသော နှုတ်ဆက်စကား

ပညာရှိ မိတ်ဆွေကြီးများ၊ ဧည့်သည်တော်များ ခင်ဗျား၊

တရားသူကြီးသစ်များရဲ့ ဂုဏ်သစ္စာ ခံယူပွဲကို ပါဝင်ချီးမြှင့်ကြတဲ့ ဥပဒေပညာရှင် မိတ်ဆွေများနဲ့ ဧည့်သည်တော်များကို ကျေးဇူးတင်ပါတယ်။ အလုပ် အင်မတန်များနေတဲ့အကြားမှ တရားသူကြီးများကို ရွေးချယ် ခန့်အပ်ပေးတဲ့ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌကြီး၊ တရားရေး ဝန်ကြီးနဲ့ နိုင်ငံတော်အစိုးရ၊ တော်လှန်ရေး ကောင်စီတို့ကိုလဲ ကျေးဇူးတင်ပါတယ်။ ဒီလို အင်ပြည့်အားပြည့် ဖြည့်တင်းခန့်အပ်ပေးခြင်းဟာ အစိုးရနဲ့ တော်လှန်ရေး ကောင်စီတို့က တရားစီရင်ရေးနဲ့ တရားဥပဒေရေးရာ ကိစ္စတို့ကိုမည်မျှ အလေးအနက်ထားကြောင်း အထင်အရှား ဖေါ်ပြတဲ့ သာဓကဘရပ် ဖြစ်တယ်လို့ ကောက်ချက်ပြုလိုပါတယ်။

ကျွန်တော်တို့ တရားရုံးချုပ်ကလဲ၊ အင်ပြည့်အားပြည့် ဖြစ်လာတဲ့အတွက် အထူးအားတက်မိပါတယ်။ တရားသူကြီးများ၊ အတွင်းဝန်များ၊ ရုံးဝန်ထမ်းများအားလုံးဝိုင်းပြီး မှုခင်းကိစ္စများကို မြန်မြန်မှန်မှန် ပြီးပြတ်အောင် ယခင်ကထက် ပိုပြီးကြိုးစားပါမယ်လို့ ဂတိပြုပါတယ်။ တရားသူကြီးအင်အား လျော့နည်းနေတဲ့ အကြားကပင်၊ အယူခံများကို တရားသူကြီး တဦးတည်းမထိုင်၊ ခုံရုံးဖွဲ့၍သာ ကြားနာစီရင်ခြင်း၊ အရေးကြီးပြဿနာတို့မှာ နိုင်ငံတော် ရှေ့နေချုပ်နှင့် ဥပဒေ ပညာရှင်ကြီးများကို ရုံးသဟာယအဖြစ် လာရောက်ကူညီရန် ဖိတ်ကြားကာ စုံညီခုံရုံးဖြင့် ကြားနာစီရင်ခြင်း စသည်တို့ကို ပြုလုပ်ခဲ့ပါတယ်။ မန္တလေး မြို့ကိုလဲ မှန်မှန်သွားရောက်ပြီး ခုံရုံးထိုင်ခဲ့ကြပါတယ်။ ယခု အင်အား ပြည့်ဝလာတော့ ခုံရုံးဖွဲ့ဖို့ လူမစုံလို့ ဆိုင်းငံ့ထားရတဲ့ အယူခံမှုကြီးတွေကိုလဲ ကြားနာစီရင် နိုင်တော့မယ် ဖြစ်ပါတယ်။ အခြားမှုခင်း ကိစ္စများကိုလဲ အင်တိုက်အားတိုက် ဆောင်ရွက် သွားနိုင်တော့မှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ကြရာမှာ ရှေ့နေကြီးများ၊ နိုင်ငံတော် ရှေ့နေချုပ်နဲ့ အစိုးရရှေ့နေကြီးများ၊ အားလုံးကလဲ ဝိုင်းဝန်းပြီး တက်တက်ကြွကြွနဲ့ ကူညီကြဖို့ မေတ္တာရပ်ခံပါတယ်။

မြန်မြန်မှန်မှန် မှုခင်းများကို ကြားနာ စီရင်နိုင်ရုံနဲ့လဲ ကျွန်တော်တို့တွေတာဝန်မကြေကြသေးပါဘူး။ ပြည်သူတို့ဟာ တရားရုံးများကို ယုံကြည်အားကိုးလာအောင် အဂတိ **တပါးပါးသို့** မတိမ်းဘဲ စေတနာမှန်နဲ့ ပြည်သူ့အကျိုးကိုပြုတဲ့ **တရားရုံးတွေ** ဖြစ်လာအောင် **ယခုထက်ပိုပြီး** ကြိုးစားဖို့ လိုပါသေးတယ်။ ပြည်သူ **တရားကို ပြည်သူ**

စီရင်ပြီး၊ တရားရေး ဝန်ထမ်းများက ပြည်သူတို့ အမှုးပြုတဲ့ တရားရုံးများကို အထောက်အကူပြုတဲ့ စနစ်ကိုလဲ ဆက်လက်ဘည်ဆောက် ရပါဦးမယ်။ ပြည်သူတို့ နားလည်လက်ခံပြီး အလေ့အကျင့်အဖြစ် စောင့်ထိန်း ကျင့်သုံးနိုင်ကြမည့် တရားဥပဒေများကို ရေးဆွဲပြဋ္ဌာန်းကြဖို့လဲ လိုပါသေးတယ်။ ဒီတာဝန် လုပ်ငန်းကြီးတွေမှာ ဥပဒေပညာရှင်တွေ ဝိုင်းဝန်းပြီး ညီညီ ညွတ်ညွတ် ပညာမပြိုင်၊ ပညာမာန လွဲမှားစွာမထား၊ စေတနာမှန် အရင်းခံပြီး လုပ်ကြဖို့ တိုက်ဘွန်းနှိုးဆော်ပါတယ်။

ကျွန်တော် အပါအဝင် တရားရုံးချုပ် တရားသူကြီးများဟာ အသက်၊ ဝါ၊ ကြီးလှကြသူများ မဟုတ်ပါဘူး၊ အမြဲတန်း လေ့လာဆည်းပူးပြီး ကိုယ်စွမ်းဉာဏ်စွမ်း ရှိသမျှ ကြိုးစား နေကြရသူများ ဖြစ်ကြပါတယ် ။ ရှေးထုံးများမှ ကောင်းနိုးရာရာ အနှစ်သာရတို့ကိုယူပြီးရှေ့အဖို့ တိုးတက်ရာတိုးတက်ကြောင်းကိုလဲ ကြံစည်ဖန်တီး နေကြရပါတယ်။ ဒီလိုလုပ်ဆောင် ကြရာမှာ ရှေ့နေကြီးများ၊ ဥပဒေ ပညာရှင်များ၊ အခြားပညာရှင်ကြီးများနှင့် ပြည်သူများထံမှ အကြံဉာဏ်များ၊ အပြုသဘော ဝေဖန်ခြင်းများကို အမြဲတန်း ဝမ်းသာ ကျေးဇူးတင်စွာ လက်ခံမည် ဖြစ်ပါတယ်ခင်ဗျား။

တရားစီရင်ရေး၏ အဓိကအင်အားသည် သစ္စာတရား *

ယနေ့ တရားရုံးချုပ် ရှေ့နေလက်မှတ် နှင်းအပ်ပွဲမှာ စုံညီစည်ကားစွာ တက်ရောက်ချီးမြှင့်ကြတဲ့အတွက် အထူးကျေးဇူးတင် ဝမ်းမြောက်မိပါတယ်။ ဒီလို ပွဲမျိုးအပြင်၊ မကြာမီက ကျင်းပခဲ့တဲ့ တရားသူကြီးများရဲ့ ဂတိသစ္စာခံယူပွဲ၊ တခါတခါ မလွှဲမရှောင်သာသော သင်္ဂြိုဟ် သဘောအရ ကျင်းပရတဲ့ ရှေ့နေ၊ တရားသူကြီး ကွယ်လွန်သည့်အတွက် ကြေကွဲဝမ်းနည်းကြောင်း အထိမ်းအမှတ်ပြုပွဲ စသည်တို့ဟာ တရားသူကြီးများကသာ ဦးဆောင် ကမကထ ပြုအပ်ထာမဟုတ်ဖူး၊ ရှေ့နေကြီးများ၊ ဥပဒေပညာရှင်များ၊ တရားသူကြီးများ ညီညီညာညာ စုဝေးကျင်းပအပ်တာ ဖြစ်တယ်လို့ ကျွန်တော်တို့ သဘောရရှိခဲ့တာ ကြာပါပြီ၊ ဒါကြောင့် နိုင်ငံတော် ရှေ့နေချုပ်ကိုပါ ကျွန်တော်တို့နဲ့ အတူ ယှဉ်တွဲပြီး တွဲဘက်ပေးပါလို့ ဖိတ်ကြားခဲ့တာလဲ ကြာခဲ့ပါပြီ၊ ညီညွတ်သော ရှေ့နေကြီးများရဲ့ ကိုယ်စားလှယ်တော်ကြီး အချို့လဲ နောင်အခါများမှာ အလားတူ ကျွန်တော်တို့နဲ့ ယှဉ်တွဲ ပါဝင်စေချင်ပါတယ်။

---

* ၁၉၇၁ ခု၊ အောက်တိုဘာလ ၁၁ ရက်နေ့တွင် ကျင်းပသော တရားရုံးချုပ် ရှေ့နေလက်မှတ် နှင်းအပ်ပွဲ၌ တရားသူကြီးချုပ် ဒေါက်တာ မောင်မောင် ပြောကြားသော နှုတ်ဆက်စကား။

ရှေ့နေကြီးများကို လက်ခံ မှတ်ပုံတင်ခြင်း၊ ရှေ့နေစည်းကမ်း ကျင့်ဝတ် ထိန်းသိမ်းခြင်း စသည့်ကိစ္စများတွင်လဲ တရားရုံးချုပ်မှာ ဥပဒေက အပ်နှင်းသော တာဝန်အချို့ကို ထမ်းဆောင် နေရပါသေးတယ်၊ ဖြစ်သင့်တာကတော့ နိုင်ငံတော် ရှေ့နေချုပ်နဲ့ ရှေ့နေကြီးများဟာ စည်းလုံးတက်ကြွစွာဖြင့် စည်းကမ်းကျင့်ဝတ် လုံခြုံစွာဖြင့် မိမိတို့ရဲ့ပညာဝိရိယနဲ့ ပြည်သူ့အကျိုးကို ပြုကြတာ ရှေ့နေများ အရည်အချင်း မြှင့်တင်ရေး သတ်မှတ်ရေး၊ စည်းကမ်း ထိန်းသိမ်းရေး စသည့် ကိစ္စတို့ကို မိမိတို့အချင်းချင်း ညှိနှိုင်း၊ တိုင်ပင် ဆုံးဖြတ်ဆောင်ရွက် နိုင်ကြရန် စီမံသင့်ပါတယ်။

ဥပဒေ ပညာရှင်များ အမြောက်အမြား ထွန်းကားလာတာ တွေ့ရလို့ ကျွန်တော်တို့ ဝမ်းသာ အားတက်မိပါတယ်၊ ရန်ကုန်မြို့မှာသာမက နယ်တွေသို့ပါ ဥပဒေ ပညာရှင်တွေ ပြန့်နှံ့ပြီး ပြည်သူ့အကျိုး ဆောင်နေကြတာကို တွေ့ရပါတယ်၊ တရားရေး ဝန်ထမ်းများကိုလဲ လေ့ကျင့်ဖြည့်တင်း ပေးနေလို့ တော်တော်အင်အား ပြည့်ဝလာပါပြီ၊ အကျိုးဆောင်၊ ကရားရေးဝန်ထမ်း၊ ကာယကံရှင်ဖြစ်တဲ့ ပြည်သူ၊ ပူးပေါင်းပြီးပြည်သူ့တရားစီရင်ရေး စနစ်ကို တည်ဆောက်ကြနိုင်ယင် တရားစီရင်ရေးဖြင့် ရပ်ရွာအေးချမ်း စည်းလုံး ညီညွတ်ရေးကို ထောက်ကူနိုင်မှာ ဖြစ်ပါတယ်၊ ဒီစနစ် ဖြစ်ထွန်းအောင်လဲ ပြည်သူ့ရဲ့နဲ့တကွ ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးဆိုင်ရာတို့က ဝိုင်းဝန်း ကြိုးပမ်းလျက်ရှိကြပါတယ်။

တရားစီရင်ရေးရဲ့ အဓိက အင်အားဟာ သစ္စာတရားပဲ ဖြစ်ပါတယ်၊ ဒါကြောင့် တရားစီရင်ရေးမှာ ပါဝင်ရတဲ့ ပုဂ္ဂိုလ်မှန်သမျှဟာ သစ္စာတရား ခိုင်မြဲဖို့ လိုပါတယ်၊ ရှေ့နေကြီးများကျင့်ဝတ်၊ တရားသူကြီးများရဲ့ ကျင့်ဝတ်ဆိုတာဟာလဲ ကိုယ့်ပညာကို အမှန်အမြတ်ထားခြင်း၊ ဒီပညာနဲ့ အများအကျိုးကို ပြုမယ်ဆိုတဲ့ စေတနာ၊ ကိုယ်ကျင့်သီလ တို့အပေါ်မှာ အခြေခံပါတယ်။ ကျင့်ဝတ်တွေကတော့ အတိုချုပ်ရရင် ငါးပါးသီလထဲမှာ အကျုံးဝင်သွားတာပါပဲ၊ ကိုယ့်လုံ့လကြောင့် သူတပါး ဆင်းရဲပင်ပမ်း မဖြစ်စေရဖူး၊ ချမ်းသာခြင်းကိုသာ ဖြစ်စေရမယ်၊ သူ့ဥစ္စာကို မတန်မဆ အတုံ့ အပြန်ကျေးဇူး မပြုပဲမယူ၊ ထိုက်တန်သရွေ့သာ ထိုက်ထိုက်တန်တန် ကူညီဆောင်ရွက် ပေးပြီးမှ ယူမည်၊ သူ့အိမ်ယာကို မကျူးလွန် မှန်တာကို မမှန်ပါ၊ မမှန်တာကို မှန်ပါသည်ဟုမဆို၊ မဆုံးဖြတ်၊ လွန်စွာမေ့လျော့ ပျော်ပါး မူးတူးခြင်းကိုမပြု စသည်တို့ဟာ အခြေခံကျင့်ဝတ်သိက္ခာသီလတွေပါပဲ၊ ဒီသီလတွေကို ဗုဒ္ဓဘာသာမှာသာမက အခြားဘာသာကြီးများမှာလဲ ပြဋ္ဌာန်းထားပါတယ်၊ သစ္စာတရားကို လက်ကိုင်ထားပြီး အမှန်ကိုရှာဖွေ၊ အမှန်ကို ဖြစ်စေရတဲ့ တရားစီရင်ရေး တာဝန်ကို တနည်းနည်း ထမ်းဆောင်ရတဲ့ ပုဂ္ဂိုလ်မှန်သမျှ ဒီသီလတွေ မြဲမြံဖို့လိုပါတယ်။

ယနေ့ လက်မှတ်ယူကြတဲ့ ပညာရှိ မိတ်ဆွေတွေထဲမှာ လူငယ်၊ လူကြီး၊ လူလတ်များ ပါဝင်ကြပါတယ်။ အတွေ့အကြုံ စုံပြီးသူများရော၊ ဘဝကို တက်ကြွစွာ စတင်မဲ့ လူငယ်များရော၊ အမျိုးသမီးများရော၊ အမျိုးသားများရော စုံလင်ပါတယ်၊ တရား ဥပဒေရေးရာမှာ ဖက်စုံတော့ ပိုပြီးကောင်းမြတ် ပြည့်စုံတာပေါ့၊ ဥပဒေပညာဖြင့် အသက်မွေးမြူမှုပြုဖို့ ရောက်လာတဲ့ ပုဂ္ဂိုလ်တွေကို သက်ကြီးဝါကြီး ရှေ့နေကြီးများကလဲ ကောင်းတဲ့ပညာ အကျင့်တွေ သင်ပေးကြပါလို့ မေတ္တာရပ်ခံပါတယ်။ ရောက်လာတဲ့ ပုဂ္ဂိုလ်များကလဲ ရှေ့နေကြီးများကို ချဉ်းကပ်ပြီး လေ့လာကြ၊ ဂါရဝပြုကြပါလို့ မေတ္တာရပ်ခံလိုပါတယ်။

ဥပဒေပညာနဲ့ ကောင်းစွာ အသက်မွေးယင် ကုသိုလ်လဲရ၊ ဝမ်းလဲဝနိုင်ပါတယ်၊ ဒါကြောင့် အားလုံးသော ပညာရှိ မိတ်ဆွေကြီးများသည် ရွှင်လန်းချမ်းမြေ့စွာဖြင့် ပြည့်ဝ အောင်မြင်စွာဖြင့် ကုသိုလ်ပြုနိုင် ကြပါစေလို့ ဆုတောင်း လိုက်ပါတယ် ခင်ဗျား။

ပြုပြင်ရန်လိုသောဥပဒေဆိုင်ရာအချို့ *

ဇဝန

လမ်းစဉ်ပါတီ ပထမ ညီလာခံကြီးကို အောင်မြင်စွာ ကျင်းပရသည့် အထိမ်းအမှတ် အဖြစ်ဖြင့် ထောင်အသီးသီးတွင် ရာဇဝတ်မှုဖြင့် အပြစ်ဒဏ် ခံနေကြရသူများအား တော်လှန်ရေးကောင်စီက ပြစ်ဒဏ်လျှော့ပေါ့ ပေးခဲ့သည့် အမိန့်အရ လောလောဆယ် လွတ်မြောက် သွားသူများမှာ အမျိုးသမီး တရာကျော် အပါအဝင် ထောင်ကျ အကျဉ်းသား ၄,၀၀၀ ကျော်ရှိပြီး၊ သေဒဏ်မှ တသက်တကျွန်းဒဏ်သို့ လွှဲပြောင်း အပြစ်ပေး ခံရသူများမှာ ငါးဆယ်ခန့်မျှ ရှိသည်ဟု သိရှိရသည်။

အကျဉ်းသား ၄,၀၀၀ ကျော်လျော့ရက် ရရှိသွားခြင်းသည် အကျဉ်းထောင်များ တွင် နေရေးထိုင်ရေး၊ သက်သာချောင်ချိ သွားသည်နှင့်အမျှ သူတို့အတွက် စရိတ် အကုန်အကျလည်း များစွာလျော့နည်း သွားဘွယ်ရာ ရှိပေသည်။ ထိုသို့ သူတို့အတွက် တာဝန်ကြီးတခု ပေါ့လျော့သွားသဖြင့် တိုင်းပြည်က ဝမ်းသာရသည်ထက် သူတို့၏ အိမ်သူအိမ်သား မိသားစု ၄,၀၀၀ ကျော်တို့၏ ဝမ်းသာမှုက ပို၍ကြီးမားမည်မှာ မလွဲပေ။

များစွာသော မိသားစုတို့မှာ ရာဇဝတ်ပြစ်မှုဖြင့် အပြစ်ဒဏ် ရသွားသောသူ အပေါ်တွင် မှီခိုစားသောက် နေကြရလေရာ ထိုသို့ရှာဖွေ ကျွေးမွေးသူ ထောင်ကျ သွားသည့်အခါ ကျန်ရစ်သူများမှာ နေရေး၊ စားရေးအတွက် များစွာအတိဒုက္ခ ရောက်ကြရလေသည်။ သူတို့ဘယ်သို့ပင် ဒုက္ခရောက်နေကြစေကာမူ ဥပဒေကတော့ ဖြင့် ဘယ်သူ့မျက်နှာမှ မထောက်ထားဘဲ အပြစ်ရှိသူကို ရှိသလိုဘဲ အပြစ်ဒဏ်ပေးရ မည်သာဖြစ်သည်။ ရှာဖွေကျွေးသူက မိမိ၏ အိမ်သူအိမ်သား မိသားစု ဒုက္ခဖြစ်မည်ကို မြှော်တွေး စဉ်းစားခြင်း မပြုဘဲ (ဝါ) မိမိ၏ သားမယားတို့ကို မသနား၍ ထိုပြစ်မှုကို ကျူးလွန်ရဲသေးလျှင် သူ့ကိုသနားဘို့ လိုသေးသလားဟု မေးစရာရှိသည်။ စင်စစ် အားဖြင့် သူ့ကို စေတနာထားစရာ၊ သနားစရာ အကြောင်းမရှိပေ။ သို့ရာတွင်သူ့ကို အကြောင်းပြု၍ အပြစ်ကင်းမဲ့သောသူ၏ မိသားစု အတွက်ကိုတော့ ကရုဏာ ဖြစ်သင့် ပေသည်။

ဤအပြစ်ဒဏ် လျှော့မိန့်အရ အမှုစီရင် ဆုံးဖြတ်ပြီး အပြစ်ခံနေရဆဲ သူများက အမှုတန်းလန်းနှင့် အဖမ်းခံနေရဆဲ ရှိသူတို့ထက် ကံကောင်းကြလေသည်၊ ရာဇဝတ်မှု

* ၁၉၇၁ ခု၊ ဇူလိုင်လ ၁၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာ။

၁၉၂၂ ခုနှစ်တွင် မြန်မာပြည် အုပ်ချုပ်ရေးယန္တရားကို ပြုပြင်ရေးအတွက် ဗြိတိသျှ
ဲ့က စုံစမ်းလေ့လာ နေစဉ်၌ မြန်မာပညာရှိ တဦးက "ဗြိတိသျှတို့ယူလာသော
ာရားစီရင်ရေး စနစ်သည် မြန်မာနိုင်ငံ၌ ဆီလျော်ခြင်းမရှိ ဟာကွက်တွေ၊ စကား
်းအဓိပ္ပါယ် ဖွင့်ဆိုချက်တွေ ပျားလွန်းသည်။ ဥပဒေကို ချိုးဖေါက်သော လူရည်
ည်များကိုသာ အကျိုးပြုသည်" ဟု မှတ်ချက်ပေးခဲ့သည်။

"ဥပဒေ လုပ်တယ်ဆိုတာ အထက်စီးရတဲ့ လူတန်းစားက သူ့အခွင့်အရေးကို
ာကွယ်ဖို့ အမြဲလုပ်ထားတယ်" ဟုလည်း ဗိုလ်ချုပ်ကြီးနေဝင်းက မိန့်ကြားခဲ့ဘူး
ည်၊ တော်လှန်ရေးကောင်စီ တက်လာသော အခါတွင် အများပြည်သူတို့ တရားစီရင်
၌ ကိုယ်ထိလက်ရောက် ပါဝင်စီမံ ခန့်ခွဲနိုင်ရန် တရားစီရင်ရေး စနစ်သစ်ကို ဆောင်ရွက်
သည်၊ အထူးရာဇဝတ်ရုံး ဥပဒေကို ပြဋ္ဌာန်းပြီး အရေးကြီးသော မှုခင်းကြီးများ
ဲဆေးရန်အတွက် ခုံရုံးကြီးများကို ဖွဲ့ခဲ့သည်။

ထိုခုံရုံးများနှင့် အထူးရာဇဝတ်ရုံး အယူခံအဖွဲ့၏ အကျိုးအာနိသင်အဖြစ် မှန်ကန်
ဝသ တရားစီရင်မှုကို ရရှိခဲ့သည်ကို ယခု စီရင်ထုံးကြီးက ထုတ်ဖေါ်ပြသနေသည်။

သို့သော် "အထူးရာဇဝတ်ခုံရုံး စနစ်၏ အရင်းခံ စေတနာကို ကောင်းစွာသိနား
သ်ခြင်း မရှိကြသေး၊ ခက်ခဲကြန့်ကြာသည်များ ရှိတတ်သဖြင့် ရှုပ်လိမ့်မည်" ဟု
ငံတော် တရားရုံးချုပ် တရားသူကြီးချုပ် ဒေါ်တာ မောင်မောင်က ဆိုသကဲ့သို့
းအမှုများ ကြာမြင့်ခြင်း တည်းဟူသော အခက်အခဲများသာ ရှိနေပါသေးသည်။
ပင်းအခက်အခဲများကို တရားရေး ဝန်ကြီးဌာနနှင့် အတည်ပြု အဖွဲ့တို့က သက်ဆိုင်ရာ
ာနများနှင့် ညှိနှိုင်း၍ ပြေလည်စေလျက် ရှိပါသည်" ဟု ဆိုသည့်အတိုင်းတဖြည်းဖြည်း
ဲ့သည်ချောမွေ့မည်ဟု မြော်လင့်ရပါသည်။

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့စီရင်ထုံးမှ မှတ်သားဘွယ်ရာများ *

ကိုကြီး (ယူဘီအေ)

ယခုလပိုင်းအတွင်း ထုတ်ဝေသော စာအုပ်များ အနက်မှ ထူးခြားသော စာအုပ်မှာ "အထူးရာဇဝတ်ရုံး အယူခံအဖွဲ့ စီရင်ထုံးများ (၁၉၆၅—၇၀)"ပင် ဖြစ်ပါသည်။ မျက်မှောက်ခေတ် လူလောကကြီးအတွင်း ၌မကြာသေးခင်ကမှ ဖြစ်ပွါးခဲ့သောတကယ့် အဖြစ်အပျက် ရာဇဝတ်မှုကြီးများ၏ အကြောင်းစုံကို သိရှိရသည့်အပြင် တရားဥပဒေ၏ အနှစ်သာရကိုလည်း လေ့လာသိရှိရပါသည်။

ယင်းစာအုပ်တွင် အထူးရာဇဝတ်ရုံး အယူခံအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး လှယာန်က "တရားဥပဒေသည် မျှတခြင်းကို အခြေခံရသည်။ အများအကျိုးကို ရည်စူးရသည်။ တရားဥပဒေသည် ညီညွတ်ရသည်။ထင်ရှား၍ အများနားလည် လက်ခံရသည်။ တရားဥပဒေသည် တဖက်တွင် တည်ငြိမ်ရသည်။ တဖက်တွင်လည်း ခေတ်၏ အတွေးအခေါ်ပြောင်းလဲမှုများနှင့် အကိုက်အညီ တိုးတက်ရသည် " ဟူ၍အမှာစာ ရေးသားရာ၌ ထည့်သွင်းဖေါ်ပြ ထားပါသည်။

လူသတ်မှု၊ အများနှင့်သက်ဆိုင်သော ပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပြစ်မှု၊ အဂတိလိုက်စားမှု၊ လက်နက်မှု၊ မီးရှို့မှု၊ နိုင်ငံတော် သစ္စာဖေါက်ဖျက် ပုန်ကန်ကျူးလွန်မှု၊ မတရားအသင်းအမှု၊ ဆိုရှယ်လစ် စီးပွါးရေးစနစ် တည်ဆောက်မှုကို ဆန့်ကျင်ခြင်း၊ ဆိုရှယ်လစ် စီးပွါးရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖေါက်ဖျက်ခြင်း အစရှိသည့် အမှုကြီးများနှင့် ပတ်သက်သည့် အထူးရာဇဝတ်ရုံး အယူခံအဖွဲ့မှ ချမှတ်သည့် စီရင်ထုံးများက စုပေါင်းပြုစုထားပါသည်။

မောင်ကျော်တင့် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ အယူခံမှုစီရင်ထုံး၌ "လွတ်လ လုံခြုံစွာ လုပ်သားပြည်သူများ သွားလာနိုင်ရေးအတွက် ပြည်သူ့ ရဲတပ်ဖွဲ့က တာဝ ထမ်းဆောင်ရသည်။ ဤတာဝန်ကို ထမ်းဆောင်နေရသည့် ရဲသားတဦးက ဤအမှုမှ ကဲ့သို့ လုပ်သားပြည်သူ အမျိုးသမီးတဦးကို အဓမ္မ ပြုကျင့်သည်ဆိုလျှင် များစွာသစ္စာ ရာ၊ တာဝန်ပျက်ရာရောက်သည့်အပြင် လုပ်သားပြည်သူတို့ဝိုင်းဝန်း၍တည်ဆောက်လျ ရှိကြသောဆိုရှယ်လစ် စနစ်ကိုပင် ထိခိုက်ပျက်ပြား စေနိုင်သည်" ဟူ၍ရင်း၊ **ဦးသိန်း** ၅ နှင့် **ပြည်ထောင်စု မြန်မာနိုင်ငံ** အယူခံမှု စီရင်ထုံးတွင် "ကားမှောက် **မီးလေ**

---

* ၁၉၇၁ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက် နေ့ထုတ် (**လုပ်သားမှ**)။

လုံတွေအတုံးအရုံးဖြစ်နေကြရာ တာဝန်သိသောအရပ်သား**တဦးကရဲဌာနသို့သွားရောက်**သတင်းပို့သည်ကို ရဲတပ်ဖွဲ့ဝင်တို့ကမူ ပစ္စည်းဖြုတ်ယူ၊ သေသူ**တို့ကို မီးပုံရှို့ဖို့လောက်သာ**သိတတ်ကြသည်၊ ဤကဲ့သို့သောအပြုအမူသည် မနှစ်မြို့ဘွယ်ရာလည်း**ဖြစ်သည်။ ရဲအဖွဲ့**ဝင်တို့က ၎င်းတို့အား ဥပဒေစည်းကမ်းနှင့် ရဲလက်စွဲတို့က အတိ**အကျယုံကြည် အပ်နှင်း**ထားသော တာဝန်ကို ဖေါက်ဖျက်ခြင်းဖြစ်သည်။ "ဟူ၍၎င်း ပြည်သူ့**ရဲတပ်ဖွဲ့ဝင်များ**အတွက် ဆင်ခြင်သတိပြုစရာ အချက်အလက်များကို လေ့လာတွေ့ရှိ**ရပါသည်။**

အများနှင့် သက်ဆိုင်သောပစ္စည်း ကာကွယ် စောင့်ရှောက်ရေးနှင့် **ပတ်သက်၍**လည်း **မောင်ကို** နှင့် **ပြည်ထောင်စု မြန်မာနိုင်ငံ** အယူခံမှု စီရင်ထုံး၌ " **ဆိုရှယ်လစ်**စီးပွါးရေး စနစ်အရ ပြုလုပ်နေသော ကုန်ပစ္စည်း ဖြန့်ဖြူးရေးလုပ်ငန်း **အောင်မြင်မှု**သည် ပပက လက်လီလက်ကားဆိုင်များတွင် တာဝန်ယူရသော အမှုထမ်း**အရာထမ်းများ**အပေါ်၌ များစွာတည်နေရာ ယင်းအမှုထမ်း အရာထမ်းတို့က လုပ်သား **ပြည်သူတို့**အကျိုးကိုမကြည့်ဘဲ မိမိတို့၏ ကိုယ်ကျိုးအတွက် ပြည်သူဘဏ္ဍာငွေများ **အလွဲသုံးစား**ပြုခြင်း၊ ကုန်ပစ္စည်းများကို မှောင်ခိုဈေး ထုတ်ခြင်းများသာ ပြုလုပ်နေပါက **တော်လှန်**ရေးကောင်စီနှင့် လုပ်သားပြည်သူတို့ မြော်မှန်း တည်ဆောက်နေသော ဆိုရှယ်**လစ်စနစ်**အောင်မြင်ရန် အခက်အခဲများစွာ တွေ့ဖွယ်ရာရှိသည် " ဟူ၍ဖေါ်ပြထားပေသည်။

ဦးအေးသွင်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ရာဇဝတ်အယူခံမှု စီရင်ထုံး**တွင် "မှန်**ကန်မျှတစွာ အဂတိမလိုက်စားဘဲ တရားသူကြီးများက တရားစီရင်ကြမှ **ပြည်သူများက**တရားစီရင်ရေး စနစ်ကို အားကိုးယုံကြည်ကြမည်။ ထိုသို့ ပြည်သူတို့ **အားကိုးယုံကြည်**သော တရားစီရင်ရေးစနစ် ထွန်းကားမှ ပြည်သူအချင်း**ချင်း မှုခင်းပဋိပက္ခ ဖြစ်ကြလျှင်**အေးချမ်းစွာ ဖြေရှင်းနိုင်ကြမည် တရားသူ**ကြီး**များသည် **ပြည်သူ ဘဏ္ဍာငွေမှ လစာ**ထုတ်ယူကြသော ပြည်သူ့ဝန်ထမ်းများ ဖြစ်သည်သာမက ပြည်သူလူထု အကျိုးကိုဦးစားပေး ဆောင်ရွက်နေသော ဆိုရှယ်လစ်လူ့ဘောင် တည်ဆောက်နေသော ခေတ်တွင် အဂတိ မလိုက်စားဘဲဖြောင့်မတ်သော တရားစီရင်ရန် ပို၍ပင် အရေးကြီးသည် "ဟူ၍ တရားရေးဆိုင်ရာ ဝန်ထမ်းများ အတွက်လည်း ပညာရစရာ သင်ခန်းစာများလည်းဖေါ်ပြထားသည်ကို တွေ့ရပါသည်။

မသမာစိတ်ရှိသူ သူတပါးကို ချောက်တွန်းတတ်သူတို့တွင် ရှိတတ်သော အကျင့်ဆိုးကလေးများနှင့် ပတ်သက်၍ **ဦးမောင်မောင်**၊ ဒု-ဗိုလ် **ဇော်ဝင်း** နှင့် **ပြည်ထောင်စု မြန်မာနိုင်ငံ** အယူခံမှု စီရင်ထုံးတွင် "ရိုးရိုးဖြောင့်ဖြောင့် တာဝန်ကျေကျေ စည်းကမ်းရှိရှိ အလုပ်လုပ်သော ပြည်သူ့ဝန်ထမ်း၊ လုံခြုံရေး ဝန်ထမ်းများကို မလိုသူတို့က မတရားလီဆယ်တိုင်တန်း တတ်ကြသည်ကိုလည်း မမေ့အပ် "ဟူ၍ ဖေါ်ပြထားသည်ကိုလည်းတွေ့ရှိရပါသည်။

တော်လှန်ရေးကောင်စီ တက်ရောက် လာပြီးနောက် တရားစီရင်ရေး၌ အများပြည်သူတို့ကိုယ်တိုင် ထိရောက်စွာ ပါဝင်စီမံ ခန့်ခွဲနိုင်စေရန် တရားစီရင်ရေးမူသစ် စနစ်သစ်ကို အကောင်အထည် ဖေါ်ခဲ့ပေသည်။ အထူးရာဇဝတ်ရုံး ဥပဒေကို ၁၉၆၂ ခုနှစ်ဘွင် ပြဋ္ဌာန်းခဲ့ပြီးနောက် အရေးကြီးသော အမှုများကို စစ်ဆေးရန်အတွက် အထူးရာဇဝတ်ရုံးများကို ဖွဲ့စည်းခဲ့ပါသည်။ တရားစီရင်ရေး၌ တိကျခိုင်လုံပြီး စေ့စပ်သေချာစေရန်အတွက် အထူးရာဇဝတ်ရုံး၏ ဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ်များကို စိစစ်ဆုံးဖြတ်ရန် "အဘည်ပြုအဖွဲ့" ကို ဖွဲ့စည်းခဲ့သည့်အပြင် အထူးရာဇဝတ်ရုံး အယူခံအဖွဲ့ကိုလည်း ထပ်မံဖွဲ့စည်းခဲ့ပါသည်။

ဤကဲ့သို့ စနစ်တကျ ဖွဲ့စည်းဆောင်ရွက် ခဲ့သဖြင့်လည်း တရားစီရင်ရေး အပိုင်း၌ မှန်မှန်ကန်ကန်နှင့် မြန်ဆန်စွာ စီရင်မှု ပြုနိုင်ခဲ့သည်ကိုလည်း လုပ်သားပြည်သူများ သိမြင်ခဲ့ရသဖြင့် တရားရေးမဏ္ဍိုင်ကို လုပ်သားပြည်သူတို့ အနေနှင့် ခေတ်အဆက်ဆက် ကထက်ပို၍ ယုံကြည်ကိုးစား လာကြပြီး လုပ်သားပြည်သူများအတွက်လည်း ပိုမို၍ လုံခြုံမှု ရရှိလာပြီဖြစ်ပေသည်။

ပ၊စ၊လ၊က၊/ဥ၊-၁၀/၄(၁)/၂.၁၅၀/၇၂/၉။

စီရင်ထုံးပြုသောမှုခင်းများ

LIST OF CASES REPORTED

စစ်ဘက်အယူခံတရားရုံး

COURT-MARTIAL APPEAL COURT

အထွေထွေကဏ္ဍ

မာတိကာ

	စာမျက်နှာ
တရားရုံးများတွင် ထိမ်းမြားလက်ထပ်ကြောင်း ဂတိသစ္စာပြုခြင်းများ	၁
၁၉၇၁ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ ဝါဏိဇ္ဇပဋိပက္ခမှုဆိုင်ရာ ငွေကြေးခံစားခွင့်ကြန့်ကြာမှု နစ်နာကြေး နည်းဥပဒေများ။	၄

နိုင်ငံတော်တရားရုံးချုပ်

၁၉၇၁ ခုနှစ်၊ တရားရုံးများညွှန်ကြားလွှာအမှတ် (၃)

ရန်ကုန်မြို့၊ ၁၃၃၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်။
(၁၉၇၁ ခုနှစ်၊ မတ်လ ၂၆ ရက်။)

ရာဇဝတ်တရားသူကြီးများနှင့် တရားမ တရားသူကြီး အားလုံးထံသို့

အကြောင်းအရာ။ **တရားရုံးများတွင် လက်ထပ်ထိမ်းမြားကြောင်း ဂတိသစ္စာ ပြုခြင်းများ။**

၁။ ယခုအခါတွင် တရားရုံးများသို့ လာရောက်ကာ တဦးနှင့်တဦး အကြင်လင်မယားအဖြစ် လက်ထပ်ထိမ်းမြား၍ပေါင်းသင်းကြပါမည်ဟု ဂတိသစ္စာပြု လက်မှတ်ထိုးခြင်းများ ပိုမိုများပြားလာပါသည်။

၂။ တရားသူကြီးများက လူမှုရေး ကိစ္စဘရပ်တွင်ကူညီသည့်အနေဖြင့် ဂတိသစ္စာပြုလွှာများတွင် လက်မှတ်ရေးထိုး ပေးကြပါသည်။

၃။ တရားသူကြီးများက ယင်းကဲ့သို့ ကူညီဆောင်ရွက် ပေးရာတွင် လေးလေးနက်နက် ရှိသင့်ပါသည်။ သက်ဆိုင်သူတို့အား မိမိတို့၏ မျက်မှောက်၌ ဂတိသစ္စာဆိုစေ၍ လက်မှတ်ရေးထိုး စေသင့်သည်။ သက်ဆိုင်သူတို့အဖို့ တရားဝင် စရိတ်စကထက်ပို၍ မကုန်ကျစေရအောင်လည်း ဆောင်ရွက်ပေးသင့်ပါသည်။

၄။ ယင်းကဲ့သို့ တရားသူကြီးများက လူမှုရေး ကိစ္စရပ်များ၌ ကူညီဆောင်ရွက်ကြရာတွင် မှတ်တမ်းထားရှိသင့်သည်ဟုလည်း ယူဆပါသည်။

၅။ သို့ဖြစ်ပါ၍ တရားရုံးများတွင် တဦးနှင့်တဦး အကြင်လင်မယားအဖြစ် လက်ထပ်ထိမ်းမြား၍ ပေါင်းသင်းကြပါမည်ဟု ဂတိသစ္စာပြု၍ လက်မှတ်ရေးထိုးသည့် အခါတွင်၊ ပူးတွဲပါ နောက်ဆက်တွဲ (က) ရှိ ဇယားအတိုင်း မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းမှတ်တမ်း တင်ထားကြရန်နှင့် ဂတိသစ္စာပြုလွှာပေါ်တွင် တရားသူကြီးက လက်မှတ်

ရေးထိုးပေးသော အခါ၌၊ မှတ်ပုံတင်စာအုပ်တွင် မှတ်ပုံတင်နံပါတ် မည်မျှဖြင့်မှတ်တမ်း တင်ပြီးဟူ၍လည်း ထည့်သွင်းဖော်ပြရန် ညွှန်ကြားအပ်ပါသည်။

အမိန့်အရ၊

အောင်တိုး၊
အတွင်းဝန် (၁)။

(၁၉၇၁ ခုနှစ်၊ ဇန္နဝါရီလ ၂၂ ရက်နေ့စွဲပါ တရားရုံးများ ညွှန်ကြားလွှာ အမှတ် ၂ ကို၊ စက်ရှင်တရားသူကြီးများနှင့် ခရိုင်ရာဇဝတ်တရားသူကြီးများထံ ထုတ်ဝေခဲ့ပါသည်)။

မိတ္တူကို—

(၁) အတွင်းဝန်၊ တရားရေးဝန်ကြီးဌာန၊ [(၁၅) စောင်]။

(၂) တိုင်းမင်းကြီးများ အားလုံး။

ဒ်ဆက်တွဲ (က)

______________တရားသူကြီးရုံး______________မြို့။

ထိမ်းမြားလက်ထပ်ကြောင်း ဂတိသစ္စာပြု၍ လက်မှတ်ရေးထိုးသည့်မှတ်ပုံတင်စာအုပ်။

အမှတ်စဉ်	လက်မှတ်ရေးထိုးသည့်နေ့	ထိမ်းမြားလက်ထပ်သူတို့၏ အမည်နှင့် အမျိုးသားမှတ်ပုံတင်အမှတ်	မွေးသက္ကရာဇ်			လူမျိုးနှင့် ကိုးကွယ်သည့် ဘာသာ	အလုပ်အကိုင်	လက်ထပ်သည့်အချိန်၌ နေထိုင်သည့် နေရပ်အပြည့်အစုံ	မိဘများ၏		သက်သေများ			တရားသူကြီး၏လက်မှတ်
			နေ့	လ	နှစ်				အမည်	နေရပ်အပြည့်အစုံ	အမည်	နေရပ်အပြည့်အစုံ	လက်မှတ်ရေးထိုးသူနှင့် မည်သို့တော်စပ်သည်	
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂	၁၃	၁၄	၁၅

အလုပ်သမားဝန်ကြီးဌာန

အလုပ်သမားဌာနစု (၁)

ရန်ကုန်မြို့၊ ၁၃၃၃ ခုနှစ်၊ကဆုန်လဆန်း ၇ ရက်။
(၁၉၇၁ ခုနှစ်၊ မေလ ၁ ရက်။)

အမှတ် ၇၉။ ။၁၉၆၄ ခုနှစ်၊ ပြည်သူ့ အလုပ်သမားများ၏ အခြေခံ ရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့် ဥပဒေပါ အခွင့်အရေးများနှင့် စပ်လျဉ်း၍၊ ငွေကြေးခံစားခွင့်ကို အလုပ်သမားများ အနေဖြင့် အမြန်ဆုံးနှင့် အပြည့်အဝ ရရှိစေရန်အတွက် အလုပ်ရှင်များက ဆောင်ရွက်ပေးရန် တာဝန်ရှိပေသည်။ သို့ရာတွင် အလုပ်ရှင် ကိုယ်တိုင်က သော်လည်းကောင်း၊ ထိုအလုပ်ရှင်များ၏ ကိုယ်စားလှယ်များက သော်လည်းကောင်း ယင်းအခွင့်အရေးကို အသျဉ်းမပေးခြင်း၊ အချိုတဝက်သာပေးခြင်း၊ ပေးရမည့်အချိန်တွင် မပေးခြင်း စသည့်အကြောင်းများကြောင့် ကြန့်ကြာနေခြင်းတို့ကို တွေ့ရှိရပေသည်။

သို့ပါ၍ အလုပ်သမားများ၏ ငွေကြေး ခံစားခွင့်ကို နှောင့်နှေးကြန့်ကြာမှု မရှိဘဲ အပြည့်အဝရရှိ ခံစားနိုင်ရန်အတွက် ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏အခြေခံ ရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့် ဥပဒေပုဒ်မ ၁၄ အရ၊ အောက်ပါ နည်းဥပဒေများကို အစိုးရက ပြဋ္ဌာန်းလိုက်သည်။

၁၉၇၁ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ ဝါဏိဇ္ဇ ပဋိပက္ခမှုဆိုင်ရာ ငွေကြေးခံစားခွင့် ကြန့်ကြာမှု နစ်နာကြေး နည်းဥပဒေများ

၁။ ။(၁) ဤနည်းဥပဒေများကို ၁၉၇၁ ခုနှစ်၊ ပြည်သူ့ အလုပ်သမားများ၏ ဝါဏိဇ္ဇ ပဋိပက္ခမှုဆိုင်ရာ ငွေကြေးခံစားခွင့် ကြန့်ကြာမှု နစ်နာကြေးနည်းဥပဒေများဟု ခေါ်တွင်စေရမည်။

(၂) ဤနည်းဥပဒေများသည် ပြည်ထောင်စု မြန်မာနိုင်ငံ တဝှမ်းလုံးနှင့် သက်ဆိုင်ရမည်။

(၃) ဤနည်းဥပဒေများသည်၊ သမဝါယမ အသင်းများ၊ ပုဂ္ဂလိက လုပ်ငန်းများနှင့် သက်ဆိုင်ရမည်။

(၄) ဤနည်းဥပဒေများသည် ချက်ခြင်း အာဏာတည်ရမည်။

၂။ ။ဤနည်းဥပဒေများတွင် ပါရှိသော စကားရပ်များသည် အောက်ပါအတိုင်း အဓိပ္ပါယ် သက်ဝင်ရမည်။

(က) "ငွေကြေးခံစားခွင့်" ဆိုသော စကားရပ်တွင် ၁၉၆၄ ခုနှစ်၊ ပြည်သူ့ အလုပ်သမားများ၏ အခြေခံ ရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့် ဥပဒေပုဒ်မ ၁၂ အရ၊ ပြုလုပ်ထားသည့် နည်းဥပဒေများ အဖြစ် မှတ်ယူရမည့် ဝါဏိဇ္ဇ ပဋိပက္ခ အက်ဥပဒေအရ သော်လည်းကောင်း၊ ယင်းအက်ဥပဒေအရ ပြုလုပ်ထားသည့် နည်းဥပဒေများ၊ ဆုံးဖြတ်ချက် များ၊ အမိန့်များ၊ သို့မဟုတ် ညွှန်ကြားချက်များ အရသော်လည်း ကောင်း၊ သက်ဆိုင်ရာ အလုပ်သမားအား အလုပ်ရှင်ကပေးရန် သက် ဆိုင်ရာ အာဏာပိုင်က ဆုံးဖြတ် သတ်မှတ်သည့် မည်သည့် ငွေကြေးမဆို ပါဝင်သည်။

(ခ) "အလုပ်ရှင်" ဆိုသည်မှာ၊ အလုပ်သမားအား လုပ်ခပေးရန် တာဝန် ရှိသူကို ဆိုလိုသည်၊ အလုပ်ရှင်ဆိုသည့် စကားရပ်တွင် အများပိုင် ကုမ္ပဏီဖြစ်လျှင် ထိုကုမ္ပဏီ၏ ဒါရိုက်တာများအနက်၊ မည်သည့် ဒါရိုက် တာမဆို သို့မဟုတ် အနည်းပိုင် ကုမ္ပဏီဖြစ်လျှင် ထိုကုမ္ပဏီတွင် အစုပါဝင် သူများအနက် မည်သည့်အစု ပါဝင်သူမဆို၊ သို့မဟုတ် ဘက်စပ်လုပ်ငန်း သော်လည်းကောင်း၊ သီးခြားပုဂ္ဂိုလ်များ ပါဝင်သော အဖွဲ့သော်လည်း ကောင်းဖြစ်လျှင် ထိုဘက်စပ်လုပ်ငန်းတွင် ဘက်စပ် ပါဝင်သူများ၊ သို့မဟုတ် အဖွဲ့တွင် ပါဝင်သူများအနက် မည်သူမဆို ပါဝင်သည်။ သို့ရာတွင် ဤနည်းဥပဒေများ အလို့ငှါ၊ သက်ဆိုင်ရာ ကုမ္ပဏီမှ ဒါရိုက် တာ တဦးဦးကိုသော်လည်းကောင်း၊ အစုပါဝင်သူ တဦးဦးကို သော် လည်းကောင်း ဘက်စပ်လုပ်ငန်း၊ သို့မဟုတ် အဖွဲ့တွင်ပါဝင်သူ တဦးဦး ကိုသော်လည်းကောင်း အလုပ်ရှင်အဖြစ်အလုပ်သမား ဝန်ကြီးဌာနတွင် အမည်တင်သွင်းနိုင်ခွင့်ရှိသည်၊ အကယ်၍ သမဝါယမအသင်းဖြစ်ပါက အလုပ်အမှုဆောင် အဖွဲ့ကိုသော်လည်းကောင်း၊ ထိုအဖွဲ့မှ စာဖြင့် တာ ဝန်လွှဲအပ်သည့် ပုဂ္ဂိုလ်ကို သော်လည်းကောင်း အလုပ်ရှင်အဖြစ် မှတ်ယူရမည်ဖြစ်သည်။

စီရင်ထုံးပြုသောမှုခင်းများ

LIST OF CASES REPORTED

စစ်ဘက်အယူခံတရားရုံး

COURTS-MARTIAL APPEAL COURT

မရှိ

အထွေထွေကဏ္ဍ

မာတိကာ

စာမျက်နှာ

၁။ လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မီတီ သင်တန်း အမှတ်စဉ် (၇) တွင် ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မီတီ ဒုတိယ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ကြည်မောင်၏ ၁၉၇၁ ခုနှစ်၊ မေလ ၃၁ ရက်နေ့က ပြောကြားသော သင်တန်းဖွင့် အမှာ ၇

၂။ စက်ရှင် ခရိုင် အတွင်းရှိ အကျဉ်းထောင်များသို့ လစဉ် သွားရောက် စစ်ဆေးရန် ကိစ္စ ၁၂

၃။ နိုင်ငံတော် တရားရုံးချုပ်မှ ဆာကြူလာ၊ တရားရုံးများ ညွှန်ကြားလွှာများ၊ ပုံသေပုံစံ ပြင်ဆင်ချက်များ (တရားမ) (ရာဇဝတ်) နှင့် (အထွေထွေ) ထုတ်ပြန်ခြင်း ၂၀

၄။ ဘာသာရေး၊ သို့မဟုတ် ကုသိုလ်ရေးနှင့် ပတ်သက်သော အများပြည်သူ ဆိုင်ရာ ဂေါပက အဖွဲ့ အစည်းများ ရွေးကောက် တင်မြှောက်ခြင်း စသည် ကိစ္စ တို့တွင် တရားရုံးများ၏ စီရင်ပိုင်ခွင့် ကိစ္စ ၂၂

၅။ တရားစီရင်ရေးနှင့် သူတို့အမြင်

(က) Dynamic Laws ၂၅

(ခ) မယားပြဿနာ ဆိုင်ရာစီရင်ချက် ၂၇

(ဂ) အမျိုးသမီးများအတွက် အကာအကွယ် ၃၀

(ဃ) တရားဝင် မယားမြောက်က လင်၏ အမွေ ဆက်ခံခွင့် ၃၃

(င) မယားကြီး မယားငယ် ၃၇

လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မီတီ သင်တန်းအမှတ်စဉ် (၇) တွင် ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီ ဒုတိယ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ကြည်မောင်၏ ၁၉၇၁ ခုနှစ် မေလ ၃၁ ရက်နေ့ကပြောကြားသောသင်တန်းဖွင့်အမှာ

၁။ ။လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီတာဝန်ကို ထမ်းဆောင်ကြတဲ့ ပြည်သူ့ဝန်ထမ်းတွေ အနေနဲ့ အရေအဘွက်မှ အရည်အချင်းသို့ ဆိုတဲ့ ဆောင်ပုဒ်နဲ့ အညီ လုပ်သားပြည်သူတို့ရဲ့ စီးပွါးရေး၊ လူမှုရေးဆိုင်ရာ အကျိုးစီးပွါးတွေကို လုပ်နည်းစနစ်မှန်မှန်ကန်ကန်နဲ့ ဆောင်ရွက်နိုင်ကြစေဘို့ ရည်ရွယ်ပြီး ဒီလုံခြုံရေးနဲ့ အုပ်ချုပ်မှုကော်မီတီ သင်တန်းတွေကို ဖွင့်လှစ်ဆောင်ရွက်ခြင်း ဖြစ်တယ်။

၂။ ဒီသင်တန်းရဲ့ ရည်မှန်းချက်တွေကတော့—

(က) မြို့နယ်များမှာ တရားဥပဒေ စိုးမိုးရေးနဲ့ တရားစီရင်ရေး လုပ်ငန်းတွေကို တာဝန်ရှိတဲ့ ဌာန၊ အဖွဲ့အစည်းတွေနဲ့ အကောင် အထည်ဖေါ်တဲ့အခါ မှန်ကန်ပြီး မြန်ဆန်တဲ့ တရား စီရင်ရေးဆိုင်ရာ ဦးတည်ချက်နဲ့အညီ ဆောင်ရွက်နိုင်စေဘို့ လိုအပ်သလို ပါဝင် ကြီးကြပ်ညှိနှိုင်း ကွပ်ကဲပေးရန်၊

(ခ) သင်တန်းဆင်း အရာရှိများရဲ့ ဥပဒေ အရည် အချင်းဟာ အနည်းဆုံး ဒုတိယဘန်း အာဏာရ ရာဇဝတ် တရားသူကြီးများရဲ့ ဥပဒေ အရည်အချင်းနဲ့ တူညီတဲ့ အဆင့်အတန်းကို ရောက်ရှိစေရန်၊

(ဂ) မြို့နယ် လုံခြုံရေးနဲ့ အုပ်ချုပ်မှုကော်မီတီ ဥက္ကဋ္ဌတွေ အနေနဲ့ ဌာနဆိုင်ရာ လုပ်ငန်းတွေကို ကြီးကြပ်ကူညီ ညှိနှိုင်း ဆောင်ရွက်ရာမှာ ထိထိရောက်ရောက် လုပ်ကိုင်နိုင်ဘို့ ဌာနဆိုင်ရာတွေက ပြဋ္ဌာန်းထားတဲ့ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း ဥပဒေနဲ့ ညွှန်ကြားချက်တွေကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာဆည်းပူးနိုင်စေရန်၊

(ဃ) ဗဟိုက ချမှတ်ပေးတဲ့ မြို့နယ် အဆင့် ဌာနဆိုင်ရာ လုပ်ငန်းတွေကို စုပေါင်းခေါင်းဆောင်မှုနဲ့ ဘဏ္ဍာရေးနှစ် အလိုက်၊ မြို့နယ် စီမံကိန်းအဖြစ် စုစည်းရေးဆွဲခြင်း၊ လုပ်ငန်းဇယားများ စီမံချမှတ်အကောင်အထည်ဖေါ်ခြင်း၊ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊ လုပ်ငန်း အခြေ

အနေတွေကို စနစ်တကျ တင်ပြ အစီရင်ခံခြင်းစတဲ့၊ စီမံကိန်းလုပ်ငန်းတွေ အကောင်အထည်ဖော်ရာမှာ၊ စနစ်တကျ ပါဝင်လုပ်ဆောင်တတ်တဲ့ အလေ့အကျင့်များ ရရှိစေခြင်း

တို့ဖြစ်ပါတယ်။

၃။ ဆိုရှယ်လစ် ဒီမိုကရေစီ နိုင်ငံတော်ကို တည်ဆောက်ရင် ဆိုရှယ်လစ် ဒီမိုကရေစီ နိုင်ငံတော်ရဲ့ အကျိုးစီးပွါးကိုဖေါ်ဆောင်မဲ့ ဆိုရှယ်လစ် ဒီမိုကရေစီ ယန္တရားကို တပ်ဆင်ရမယ်ဖြစ်ပါတယ်။ ဒီလို ယန္တရား တပ်ဆင်ဖို့ လိုအပ်တဲ့ အခြေခံတွေကို ပြင်ဆင်ချမှတ်ရာမှာ လုံခြုံရေးနဲ့ အုပ်ချုပ်မှုကော်မီတီတွေကို အခြေတည်ရပါတယ်။ ဒီကော်မီတီတွေ အနေနဲ့ ဆိုရှယ်လစ် ဒီမိုကရေစီ ရှေ့ပြေးတာဝန်တွေကို မှန်ကန်တဲ့ သဘောထား၊ မှန်ကန်တဲ့ လုပ်ထုံး လုပ်နည်းများ၊ ကျင့်စဉ်များနဲ့ ကျေကျေပွန်ပွန် ထမ်းဆောင်နိုင်ဖို့ ဒီသင်တန်းမှာ အဓိက ဘာသာရပ်အဖြစ် တရားဥပဒေ ဘာသာရပ်၊ ဆိုရှယ်လစ် ဒီမိုကရေစီ သဘော တရား၊ စီမံကိန်းနဲ့ လုပ်ထုံး လုပ်နည်းတွေကို ပို့ချပေးပါတယ်။

၄။ တရားဥပဒေဟာ လုပ်သား ပြည်သူတို့ရဲ့ အကျိုးစီးပွါး ဖေါ်ဆောင်ဖို့ အတွက် နိုင်ငံတော်က သတ်မှတ် ပြဋ္ဌာန်းထားတဲ့ စည်းကမ်းများသာ ဖြစ်ပါတယ်။ တရားဥပဒေရဲ့ ရည်ရွယ်ချက်ဟာ တိုင်းပြည်ရဲ့ စည်းလုံးညီညွတ်မှုကို ထူထောင်ဖို့၊ လုပ်သားပြည်သူတို့ရဲ့ လူမှုရေးအသိတရားတွေ ထွန်းကားစေဖို့၊ နိုင်ငံသားတို့ရဲ့ နေထိုင်လုပ်ကိုင်ဆောင်ရွက်မှုတွေ မျှတမှန်ကန်ခြင်း ရှိစေဖို့ ဖြစ်ပါတယ်။ ဒီသဘောကို ခံယူနိုင်အောင် ဆည်းပူးလေ့ကျင့်ကြရပါမယ်။ ဒါတွင်မက တရားဥပဒေဟာ နိုင်ငံရဲ့ အသက်ဖြစ်တယ်ဆိုတဲ့ အချက်ကို အစဉ်သတိမူဖို့ ဖြစ်ပါတယ်။ တရားဥပဒေ စိုးမိုးထွန်းကားမှ လုပ်သားပြည်သူတွေဟာ မိမိတို့ရဲ့ ကာယ ဉာဏ စွမ်းအားတွေနဲ့ အများပြည်သူ အကျိုးအတွက် မျှမျှတတ မှန်မှန်ကန်ကန် ပျော်ပျော် ရွှင်ရွှင် ချမ်းချမ်းမြေ့မြေ့ နေထိုင်လုပ်ကိုင် ဆောင်ရွက်နိုင်ကြမယ် ဖြစ်ပါတယ်။ ဒီ ဦးတည်ချက်ကို လက်တွေ့ ကူညီ ဖေါ်ဆောင်တဲ့ အဖွဲ့အစည်း၊ တရားဥပဒေကို နိုင်ငံသူ နိုင်ငံသားတွေက မှန်မှန်ကန်ကန် လိုက်နာကျင့်သုံးအောင် ပါဝင်ကူညီ ထိန်းသိမ်းရတဲ့ အဖွဲ့အစည်းဟာ၊ လုံခြုံရေးနဲ့ အုပ်ချုပ်မှုကော်မီတီများ ဖြစ်ပါတယ်။ ဒီတာဝန်တွေကို ကျေကျေပွန်ပွန် ထမ်းဆောင်နိုင်ဖို့ အတွက် တရားဥပဒေ ညွှန်ပြချက်နဲ့ လက်တွေ့ဆောင်ရွက်မှုတွေကို သဘောတရားနဲ့ ထင်ဟပ်ပြီး တည့်တည့်မတ်မတ် မှန်မှန်ကန်ကန် ထမ်းဆောင်နိုင်စေဖို့ တရားဥပဒေဘာသာရပ်ကို အလေးထားပြီး ပို့ချပေးခြင်းဖြစ်ပါတယ်။

၅။ တရားဥပဒေဘာသာရပ်လိုဘဲ အလားတူ အလေးပေး ပို့ချတဲ့ အခြား ဘာသာရပ်ကတော့ ဆိုရှယ်လစ် ဒီမိုကရေစီ သဘော တရားဘဲ ဖြစ်ပါတယ်။ ဆိုရှယ်လစ် စီးပွါးရေးစနစ်ကို အောင်အောင်မြင်မြင် ထူထောင်ဘို့ အတွက် ဆိုရှယ်လစ် ဒီမိုကရေစီ နိုင်ငံတော်ကို ဖွဲ့စည်း တည်ထောင်ရပါမယ်။ ဒီလို နိုင်ငံတော်မျိုးကို ထူထောင်မယ်ဆိုရင် ဆိုရှယ်လစ် ဒီမိုကရေစီ အလေ့အကျင့်တွေ လုပ်သား ပြည်သူ တွေ အတွင်းမှာ ရှင်သန်ကြီးထွားအောင် ပြုစုပျိုးထောင်ရပါမယ်။ ဆိုရှယ်လစ် ဒီမိုကရေစီ လုပ်နည်းဖြစ်တဲ့ စုပေါင်း ခေါင်းဆောင်မှု၊ စုပေါင်း တာဝန်ခံမှု၊ စုပေါင်း ဆောင်ရွက်မှု လုပ်ငန်း စနစ်တွေကို ခိုင်မာသထက်ခိုင်မာအောင် ကျယ်ပြန့်သထက် ကျယ်ပြန့်အောင် ဦးတည်လေ့ကျင့်ရပါမယ်။ လက်တွေ့လုပ်ဆောင်ရာမှာ သဘော တရား အမှန်ကို သိရှိနားလည်ပြီး ရည်မှန်းချက်ကိုလဲ မျက်ခြည်မပြတ်ဘဲ လုပ်နည်း စနစ်လဲ မှန်ကန်မှသာ မြော်မှန်းထားတဲ့ ပန်းတိုင်ကို ချောမောစွာရောက်ရှိနိုင်မယ် ဖြစ်ပါတယ်။ ဒါကြောင့် တာဝန်အရ လုပ်ငန်းတွေကို ဆောင်ရွက်ရာမှာ မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ရဲ့ လမ်းညွှန်မှုကို မျက်ခြည် မပြတ်ခံယူကျင့်သုံးနိုင်စေဘို့ ဆိုရှယ် လစ် ဒီမိုကရေစီ သဘောတရားကို အလေးထားပြီး ပို့ချပေးခြင်းဖြစ်ပါတယ်။

၆။ အခြား အလေးပေး ပို့ချတဲ့ ဘာသာရပ်ကတော့ စီမံကိန်းရေးဆွဲခြင်းနဲ့ လုပ်ထုံး လုပ်နည်းဘာသာရပ်ဖြစ်ပါတယ်။ ဆိုရှယ်လစ် စီးပွါးရေး စနစ်ကို ထူထောင် မယ်ဆိုရင် ဆိုရှယ်လစ် စီးပွါးရေး စီမံကိန်းတွေကို ချမှတ် ဆောင်ရွက်ရပါမယ်။ ဆိုရှယ်လစ် စီးပွါးရေး စီမံကိန်းရဲ့ ရည်ရွယ်ချက်ဟာ နိုင်ငံရဲ့ ဓနအင်အားကို တိုးတက် စေပြီး ပြည်သူအများရဲ့ စီးပွါးရေး အခြေအနေနဲ့ နေထိုင်မှု အဆင့်အတန်းကို မြှင့်တင်ရန်ဖြစ်ပါတယ်။ ဆိုရှယ်လစ် စီးပွါးရေး စီမံကိန်းကို အကောင် အထည်ဖော် ရာမှာ မြို့နယ်ဟာ စီမံကိန်း အခြေခံ နယ်မြေတွေ ဖြစ်ပါတယ်။ ဒါကြောင့် မြို့နယ် စီမံကိန်းတွေကို လုပ်ထုံး လုပ်နည်း မှန်ကန်စွာနဲ့ ရည်မှန်းချက်အတိုင်း အကောင် အထည်ဖော်နိုင်စေဘို့ အင်အားစု အရပ်ရပ်ကို စုစည်း စည်းရုံး ဆောင်ရွက်ရေးဟာ အရေးကြီးတဲ့ အခြေခံ လုပ်ငန်းစဉ် ဖြစ်ပါတယ်။ အစိုးရက ချမှတ်ထားတဲ့ စီမံကိန်း တွေ အောင်မြင်စေဘို့ လုံခြုံရေးနဲ့အုပ်ချုပ်မှုကော်မီတီတွေက တာဝန်ခံပြီး သက်ဆိုင်ရာ အဖွဲ့အစည်းများကို လိုအပ်သလို အကူအညီပေးခြင်း၊ ညှိနှိုင်းခြင်း၊ ကြီးကြပ်ခြင်း စတဲ့ တာဝန်တွေကို မှန်မှန် ကန်ကန် ထမ်းဆောင်နိုင်စေဘို့ စီမံကိန်းနဲ့ လုပ်ထုံး လုပ်နည်း ဘာသာရပ်ကို ပို့ချခြင်းဖြစ်ပါတယ်။

၇။ လုံခြုံရေးနဲ့ အုပ်ချုပ်မှုကော်မီတီ လုပ်ငန်းဟာ လုပ်သားပြည်သူတို့ရဲ့ စားရေး၊ ဝတ်ရေး၊ နေရေးဆိုင်ရာ လူမှုရေးဘဝတခုလုံးနဲ့ ဆက်စပ်နေတဲ့ လုပ်ငန်းဖြစ်ပါတယ်။

အလွန်ကျယ်ပြန့်ပြီး နက်ရှိုင်းတဲ့ အဓိပ္ပါယ်ကိုလဲ ဆောင်ပါတယ်။ ဒီလုပ်ငန်းကို ကျေပွန်စွာ ထမ်းဆောင်ဘို့ အတွက် လုပ်သားပြည်သူတို့ရဲ့ ပါဝင် ပူးပေါင်း ဆောင်ရွက်မှုကို ရယူရန် ကြိုးပမ်းရာမှာ၊ လုံခြုံရေးနဲ့ အုပ်ချုပ်မှုကော်မီတီရဲ့ လုပ်နည်း စနစ်ဖြစ်တဲ့ စုပေါင်းခေါင်းဆောင်မှု၊ စုပေါင်း တာဝန်ခံမှု၊ စုပေါင်းဆောင်ရွက်မှု အလေ့အကျင့်တွေကို အခြေခံပြီး ဆောင်ရွက်ကြရပါမယ်။ သင်တန်း ကာလအတွင်း သင်တန်းသား အရာရှိတွေဟာ မိမိကိုယ်ကို မိမိ ဝေဖန်ဆန်းစစ်မှုနဲ့ ဆိုရှယ်လစ် ဒီမိုကရေစီ အလေ့အကျင့်တွေ ခိုင်မာ ကြီးထွားစေဘို့ ဖွဲ့စည်းထားရှိတဲ့ ကော်မီတီလှုပ်ရှားမှုတွေမှာ ထက်ထက်သန်သန် ပါဝင် လေ့ကျင့်ကြဘို့ဘဲ ဖြစ်ပါတယ်။

၇။ လေ့ကျင့်ရေး ရည်မှန်းချက်အရ၊ လုပ်နည်း စနစ်သတ်မှတ်ရာမှာ ဒီသင်တန်းရဲ့ လေ့ကျင့်ရေး လုပ်နည်း စနစ် ထူးခြားမှုကို အနည်းငယ်ပြောလိုပါတယ်။ ဒီထူးခြားချက်က သင်တန်းတက်ရောက်လာတဲ့ အရာရှိတွေ အနေနဲ့ မိမိတို့ရဲ့ အသိတရား၊ မိမိတို့ရဲ့ နိုင်ငံနဲ့ လုပ်သားပြည်သူတို့ အပေါ် ထားရှိတဲ့ စေတနာ၊ မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ် အပေါ် ယုံကြည်ချက်၊ ခံယူချက်အတိုင်း လုပ်ငန်းတွေကို ထမ်းဆောင်နိုင်ဘို့ လိုအပ်မဲ့ ဗဟုသုတတွေကို တတ်သိနားလည်စေဘို့ ကိုယ်တိုင် ကိုယ်ကျ ရှာဖွေဆည်းပူးနိုင်အောင် ရှာဖွေထားခြင်းဖြစ်ပါတယ်။ ဒါကြောင့်သင်တန်းသား အရာရှိတွေဟာမိမိကိုယ်ကိုမိမိ အစွမ်းကုန် အားထုတ်လေ့ကျင့် ပေးကြစေလိုပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ တဦးချင်းဆောင်ရွက်မှု၊ စုပေါင်း ဆောင်ရွက်မှု၊ ကြိုးစားမှု၊ ပေါင်းသင်းဆက်ဆံမှုနဲ့ စည်းကမ်း၊ စတဲ့ အချက်တွေ အပေါ် ကိုယ့်ကိုယ်ကို ဝေဖန်စစ်ဆေးရင်းကိုယ့်ရဲ့ ပင်ကိုယ်အရည် အသွေးတွေပိုမိုထက်မြက်လာအောင်လေ့ကျင့်ကြရန်ဖြစ်ပါတယ်။

၉။ သင်တန်းဌာနရဲ့ ဦးတည်ချက်ဟာ သင်တန်း တက်ရောက်လာတဲ့ အရာရှိတွေအနေနဲ့ ကိုယ်ထမ်းဆောင်ရမဲ့ တာဝန်တွေကို အောင်အောင်မြင်မြင် ထမ်းဆောင်နိုင်စေဘို့ ကိုယ့်ကိုယ်ကို လေ့ကျင့်ခြင်း၊ သင်တန်းသား အရာရှိ အချင်းချင်း အတွေ့အကြုံ ဗဟုသုတ ဖလှယ်လေ့လာခြင်း၊ ကောင်းတဲ့ အတွေ့အကြုံ၊ ကောင်းတဲ့ သင်ခန်းစာတွေရယူပြီး ပိုကောင်းတဲ့ နည်းလမ်းတွေရှာဖွေခြင်းများ ပြုလုပ်ရာမှာ အစွမ်းကုန် ဖြည့်ဆည်း ကူညီပေးရေး ဖြစ်တယ်။ ဒါကြောင့် သင်တန်းမှာ ပို့ချတဲ့ ဘာသာရပ်တွေနဲ့ပတ်သက်လို့ ဖြစ်စေ၊ သင်တန်းကို လာရောက် ဆွေးနွေးကြတဲ့ ဌာနဆိုင်ရာများရဲ့ ဆွေးနွေးချက်တွေနဲ့ ပတ်သက်လို့ဖြစ်စေ၊ သင်တန်းသား အရာရှိတွေ အနေနဲ့ သိရှိလေ့လာလိုတဲ့ အချက်အလက်ရှိရင်မခြွင်းမချန် တင်ပြကြရန် ဖြစ်ပါတယ်။ ဒီလို တင်ပြရင် သင်တန်းဌာန အနေနဲ့ အစွမ်းကုန် ကူညီ ဆောင်ရွက်ပေးမယ်ဖြစ်ပါတယ်။

၁၀။ သင်တန်းဆိုင်ရာ စည်းကမ်း ထိန်းသိမ်းမှုနဲ့ပတ်သက်လို့ ပြောရရင် လုပ်နည်းစနစ် အနေနဲ့ စုပေါင်း ခေါင်းဆောင်မှု အောက်မှာ သင်တန်းသား အရာရှိ တဦးချင်းက ကိုယ့်အသိနဲ့ ကိုယ့်ကိုယ်ကို ထိန်းသိမ်းစောင့်ရှောက်ပြီး၊ အချိုးကျ တာဝန်ကို ကျေပွန်စွာ ကျင့်သုံးရေး ဖြစ်ပါတယ်။ ဦးတည်ချက် အနေနဲ့ လေ့ကျင့်ရေး ရည်မှန်းချက်တွေ အောင်မြင်စေဘို့ သင်တန်းသား အရာရှိတွေက ကိုယ့်အချင်းချင်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပူးပေါင်း ထိန်းသိမ်းစောင့်ရှောက်ကြဘို့ ဖြစ်ပါတယ်။

၁၁။ ဆိုရှယ်လစ် ဒီမိုကရေစီ အုပ်ချုပ်ရေး ယန္တရား တပ်ဆင်ဘို့ အတွက်ခိုင်မာတဲ့ အခြေခံတွေကို တည်ဆောက်ရာမှာ လုံခြုံရေးနဲ့ အုပ်ချုပ်မှုကော်မီတီတွေဟာ အရည်အချင်း ပြည့်ပြည့်ဝဝနဲ့ ကျရာ တာဝန်ခန်းက နေပြီး ထက်ထက်မြက်မြက်ပါဝင်ဆောင်ရွက်နိုင်စေဘို့ လေ့လာဆည်းပူးကြပါလို့ တိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်။

နိုင်ငံတော်တရားရုံးချုပ်

၁၉၇၁ ခုနှစ်၊ တရားရုံးများညွှန်ကြားလွှာအမှတ် (၇)

ရန်ကုန်မြို့၊ ၁၉၇၁ ခုနှစ်၊ ဇွန်လ ၁၀ ရက်။

(၁၃၃၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်)။

မြန်မာနိုင်ငံ အတွင်းရှိ ခရိုင် တရားမ နှင့် စက်ရှင် တရားသူကြီးများ၊ ခရိုင် ရာဇဝတ် တရားသူကြီးများ၊ ရာဘက် ခရိုင် တရားမ နှင့် စက်ရှင် တရားသူကြီးများ၊ တွဲဘက် စက်ရှင် တရားသူကြီးများ၊ လက်ထောက် စက်ရှင် တရားသူကြီး နှင့် ဒုတိယ အတွင်းဝန် နိုင်ငံတော် တရားရုံးချုပ် (မန္တလေးရုံးထိုင်) တို့ ထံသို့။

အကြောင်းအရာ။ ။စက်ရှင် ခရိုင် အတွင်းရှိ အကျဉ်းထောင်များသို့ လစဉ် သွား ရောက် စစ်ဆေးရန် ကိစ္စ။

၁။ အထက် အကြောင်း အရာပါ ကိစ္စနှင့် ပတ်သက်၍၊ နိုင်ငံတော် တရားရုံးချုပ် သည်၊ ၁၉၆၇ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့စွဲဖြင့် တရားရုံးများ ညွှန်ကြားလွှာ အမှတ် ၇ ကို ထုတ်ပြန် ခဲ့ပြီး ဖြစ်ပါသည်။ ယင်း ညွှန်ကြားလွှာ အရ၊ အကျဉ်းထောင် များကို လစဉ် သွားရောက် စစ်ဆေးကြရာတွင် မည်သို့ မည်ပုံ အစီရင် ခံရမည်ကို လည်း နိုင်ငံတော် တရားရုံးချုပ်၏ ၁၉၆၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက် နေ့စွဲပါ အမှာစာ အမှတ် ၁၃၉/၁၉-၁၄ (၆၉) ဖြင့် ထပ်မံ ညွှန်ကြားခဲ့ပါသည်။ ယင်း အမှာ စာ၏ မိတ္တူကို အလွယ်တကူ ဘတ်ရှုနိုင်ရန် ဤ ညွှန်ကြားလွှာနှင့် အတူ ပူးတွဲ ပေး ပို့ လိုက်ပါသည်။

၂။ ဤကဲ့သို့ အကျဉ်းထောင်များကို လစဉ် သွားရောက် စစ်ဆေးခြင်းနှင့် ပတ် သက်သော အစီရင် ခံစာများကို တင်ပြကြရာတွင်၊ စစ်ဆေးချက် မှတ်တမ်း၌ ၆ လ ထက် ပို၍၊ ကြန့်ကြာလျက် ရှိသော အမှုများနှင့် ပတ်သက်၍၊ အကျိုး အကြောင်း မည်သို့ ဆောင်ရွက် ခဲ့သည်တို့ကိုရင်း၊ အခြား ထူးခြားသော တင်ပြရန် အကြောင်း အရာများကိုရင်း၊ ဖော်ပြရန် ညွှန်ကြား ထားသော်လည်း အချို့သော အစီရင် ခံစာ များ၌ ပြည့်စုံစွာ ဖော်ပြခြင်း မပြုဘဲ ယေဘုယျ သဘောသာ ဖော်ပြ ထားသည်ကို တွေ့ရှိရပါသည်။ သို့ပါ၍၊ ဤသို့ အကျဉ်းထောင်များကို စစ်ဆေး ကြသည့် အခါ အကျဉ်းသားများ/အချုပ်သားများက ဖြစ်စေ၊ အကျဉ်းထောင် ဝန်ထမ်းများက ဖြစ်စေ တင်ပြကြသည့်အချက်များ၊ မိမိတို့ကပြန်လည်ရှင်းလင်း ပြောကြားချက်များ၊

ဂ်ဆိုင်ရာ တရားသူကြီးများ၊ အခြား ဌာနများနှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက် သည့် အချက်များကို တိုတိုနှင့် ပြည့်စုံအောင် ရေးသားဖေါ်ပြရန် ညွှန်ကြား ာ်ပါသည်။

၃။ ထို့ပြင် အကျဉ်းထောင်များသို့ လစဉ် သွားရောက် စစ်ဆေး ကြရာ၌၊ တရား ျားနှင့် သက်ဆိုင်သော ကိစ္စရပ်များကို ရာဇဝတ် တရားသူကြီးများ လိုက်ပါလေ့ ၊ နိုင်ကြစေရန်၊ သွားရောက် စစ်ဆေးသော တရားသူကြီး သည် မိမိနှင့် အတူ ခြားရာဇဝတ် တရားသူကြီးများကို တဦးစီ အလှည့်ကျခေါ် ဆောင် သွားရန် အစီ ာဉ် တရပ်ကို ခရိုင် ရာဇဝတ် တရားသူကြီးနှင့် ညှိနှိုင်း ဆောင်ရွက် သွားကြရန် ပါသည်။ ဤသို့ မိမိနှင့် အတူ လိုက်ပါသည့် ရာဇဝတ် တရားသူကြီးအား၊ အကျဉ်း ာင် စစ်ဆေးချက်မှတ်တမ်းများကို အကြမ်ရေးသားစေခြင်း၊ ယင်း မှတ်တမ်းများ ဘတ်ရှု စေခြင်း ပြုရန် ဖြစ်ပါသည်။ ထို့ပြင် မှတ်တမ်းများကို ခရိုင် ရာဇဝတ် ားသူကြီးနှင့် တိုင်းမင်းကြီး ထံသို့လည်း မိတ္တူ တစောင်စီ ပေးပို့ပါရန် ညွှန်ကြား ာ်ပါသည်။

အမိန့်အရ၊

ဒေါင်တိုး၊

အတွင်းဝန် (၁)။

(၁၉၇၁ ခုနှစ်၊ မေလ ၃၁ ရက် နေ့စွဲပါ တရားရုံးများ ညွှန်ကြားလွှာ အမှတ် ၆ ကို နိုင်ငံတော် ားရုံးချုပ် (မန္တလေးရုံးထိုင်)၊ ရန်ကုန်မြို့ တရားမရုံး တရားသူကြီးချုပ်၊ မြန်မာ နိုင်ငံရှိ ခရိုင် ားမ တရားသူကြီးများ၊ ရာဘက် ခရိုင် တရားမ တရားသူကြီးများနှင့် ခရိုင် ရာဇဝတ် တရား ကြီးများ အားလုံး ထံသို့ ထုတ်ဝေခဲ့သည်။)

ဥူကို—

(၁) အတွင်းဝန်၊ တရားရေး ဝန်ကြီးဌာနသို့ မိတ္တူ ၁၅ စောင်၊
(၂) **တိုင်းမင်းကြီးများအားလုံး၊**
(၃) **စာတည်း၊** မြန်မာနိုင်ငံစီရင်ထုံးအဖွဲ့

ထို့ သိသာရန် ပေးပို့ပါသည်။

နိုင်ငံတော်တရားရုံးချုပ်

စာအမှတ် ၁၃၉/၁၉-၁၄ (၆၉

ရန်ကုန်မြို့၊ နေ့စွဲ၊ ၁၉၆၉ ခု၊ ဖေဖော်ဝါရီလ ၇ ရက်

အမှာစာ

အကြောင်းအရာ။ ။စက်ရှင် ခရိုင် အတွင်းရှိ၊ အကျဉ်းထောင်များသို့ လစဉ်သွ ရောက် စစ်ဆေးရန် ကိစ္စ။

ရည်ညွှန်းချက်။ ။၁၉၆ဂ ခုနှစ်၊ အောက်တိုဘာလ ၂ဂ ရက် နေ့စွဲပါ နိုင်ငံတေ တရားရုံးချုပ်၏ ၁၉၆ဂ ခုနှစ်၊ တရားရုံးများညွှန်ကြားဂ အမှတ် ဂ။

ရှင်းလင်းချက်

(၁) မိမိစက်ရှင် ခရိုင်တွင်၊ အကျဉ်းထောင် မရှိက၊ မိမိရုံးစိုက်ရာ မြို့ပေ ရှိအချုပ်ခန်းများကို စစ်ဆေးရန်၊

(၂) တွဲဘက် စက်ရှင် တရားသူကြီးနှင့် လက်ထောက် စက်ရှင် တရားသူ တို့သည်လည်း အလှည့်ကျ စစ်ဆေးရန်၊

(၃) အစီရင် ခံစာကို ပူးတွဲပါ စစ်ဆေးချက် မှတ်တမ်း ပုံစံတွင် ဖြည့် ပေးရန်

ဖြစ်ပါသည်။

(အုန်းခ
အတွင်းရေ

ခရိုင်တရားမနှင့် စက်ရှင် တရားသူကြီး၊
ရာဘက်ခရိုင်တရားမနှင့် စက်ရှင်တရားသူကြီး၊
တွဲဘက်စက်ရှင်တရားသူကြီး၊
လက်ထောက်စက်ရှင်တရားသူကြီး၊
..............................မြို့။

စက်ရှင် ခရိုင် အတွင်းရှိ အကျဉ်းထောင်များ လစဉ် စစ်ဆေးချက် မှတ်တမ်း

၁။ စစ်ဆေးသူအမည်နှင့် ရာထူး.....................................

၂။ ခရိုင်၊.....................................မြို့၊.......................ထောင်/ရဲအချုပ်ခန်း၊

၃။ စစ်ဆေးသောနေ့...။

၄။ သာမန်ထားနိုင်သော အချုပ်ဦးရေ	.... ကျား	...........မ	....
၅။ အမှန်တွေ့ရသော အချုပ်ဦးရေ	.... ကျား	...........မ	....
၆။ အပြစ်ကျဦးရေ	.... ကျား	...........မ	....
၇။ စစ်ဆေးဆဲအချုပ်ဦးရေ	.... ကျား	...........မ	....
(က) သာမန်ရုံးအချုပ်ဦးရေ	.... ကျား	...........မ	....

(၁) ၆ လထက် ပို၍ ကြန့်ကြာရသည့် အကြောင်းနှင့် မည်သို့ ဆောင်ရွက်ခဲ့သည်။

(၂) အခြား ထူးခြားသော တင်ပြရန် အကြောင်း အရာ။

(ခ) အထူးရာဇဝတ်ရုံး အချုပ် ဦးရေ	.... ကျား	...........မ	....
(၁) အထူးရာဇဝတ်ရုံး ဖွဲ့ရန် တင်ပြဆဲ အမှုမှ အချုပ် ဦးရေ	.... ကျား	...........မ	....
(၂) အထူးရာဇဝတ်ရုံး ဖွဲ့ပြီး စစ်နေဆဲ အမှုမှ အချုပ်ဦးရေ	.... ကျား	...........မ	....
(၃) အတည်ပြုအဖွဲ့သို့ တင်ပြ ထားဆဲ အမှုမှ အချုပ် ဦးရေ	.... ကျား	...........မ	....
၈။ အခြား ခရိုင်များမှ ပို့ထားသော အချုပ် ဦးရေ	.... ကျား	...........မ	....
၉။ ၁၉၆၈ ခုနှစ်၊ ဆိုရှယ်လစ် စီးပွါးရေး စံနစ်တည် ဆောက်မှု အတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေ ပုဒ်မ ၁၄ အရ၊ အချုပ်ဦးရေ	.... ကျား	...........မ	....

၁၀ ။ ပြည်နှင်ဒဏ် အမိန့် ချမှတ်ခြင်း ခံရသော
အချုပ် ဦးရေ .... ကျား ....မ ....

၁၁။ အချုပ်ခံရသူများ၏—

(က) နေထိုင်ရေး၊
(ခ) စားသောက်ရေး၊
(ဂ) ကျန်းမာရေး။

မှတ်ချက်—

(က) အပိုဒ် (၇) (ဂ) (၉) နှင့် (၁၀) အတွက် အသေးစိတ်ကို နောက်ဆက်တွဲပုံစံတွင် သီးခြားဖြည့်စွက်ရန်ဖြစ်ပါသည်။
(ခ) နောက်ဆက်တွဲ၏ မှတ်ချက်စာတိုင်တွင် နောက်ဆုံးဆောင်ရွက်ထားချက်ကို တတ်နိုင်သရွေ့ ဖော်ပြရန်ဖြစ်ပါသည်။

နောက်ဆက်တွဲ

အမှတ်စဉ်	အချုပ်ခံရသူအမည်	အဖအမည်	အမှုအမှတ်	ထောင်ရဲအချုပ်ခန်း ရောက်သည့်နေ့	အရေးယူသည့်ဥပဒေ	စစ်ဆေး/တင်ပြထားသောရုံး	မှတ်ချက်

နိုင်ငံတော်တရားရုံးချုပ်

၁၉၆၈ ခုနှစ်၊ တရားရုံးများ ညွှန်ကြားလွှာ အမှတ် ၈

ရန်ကုန်မြို့၊ ၁၉၆၈ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်။

(၁၃၃၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်)။

မြန်မာနိုင်ငံအတွင်းရှိ စက်ရှင် တရားသူကြီးနှင့် ရာဘက် စက်ရှင် တရားသူကြီးများ အားလုံးထံသို့—

အကြောင်းအရာ။ ။စက်ရှင် ခရိုင် အတွင်းရှိ အကျဉ်းထောင်များသို့ လစဉ် သွားရောက် စစ်ဆေးရန် ကိစ္စ။

၁။ ရာဇဝတ်မှုများစစ်ဆေးရာ၌ ကြန့်ကြာမှု မရှိစေရန်၊ စက်ရှင် တရားသူကြီးများတွင် ကြီးကြပ် ကွပ်ကဲခြင်း၊ ဝိုင်းဝန်း ကူညီခြင်း ပြုရန် တာဝန် ရှိပါသည်။ ထို့ကြောင့် မိမိတို့ ခရိုင် အတွင်းရှိ အကျဉ်း ထောင်များကို အနည်းဆုံး ၁ လ တကြိမ် သွားရောက် ကြည့်ရှု စစ်ဆေးရန် ညွှန်ကြားလိုက်ပါသည်။

၂။ ကြည့်ရှု စစ်ဆေးရာတွင် သာမန် ရုံးသို့ တင်ဆဲ တင်ပြီး အချုပ် တရားခံများ၊ အထူးရာဇဝတ်ရုံးသို့ တင်ဆဲ တင်ပြီး အချုပ် တရားခံများ ဟူ၍ ခွဲခြားခြင်း မပြုပဲ၊ အားလုံးကို ကြည့်ရှုရပါမည်။ ကြာမြင့် နေသော သာမန် ရုံးအမှုများကို သက်ဆိုင်ရာ၊ ရာဇဝတ် တရားသူကြီးများနှင့် ညှိနှိုင်းပြီး ဆောလျင်စွာ စစ်ဆေး ဆုံးဖြတ်ရန် စီစဉ်ပါ။ အထူး ရာဇပတ်ရုံး အမှုများနှင့် ပတ်သက်၍၊ တရားရေးဌာနနှင့် ဗဟို လုံခြုံရေး နှင့် အုပ်ချုပ်မှု ကော်မီတီတို့နှင့် ညှိနှိုင်း ဆောင်ရွက် ပေးနိုင်ရန်၊ တရားရုံးချုပ်သို့ တင်ပြပါ။

၃။ အခြား ခရိုင်မှ တရားခံများ၊ အကျဉ်းသားများ ချုပ်နှောင် ထားရှိ လျှင်လည်း (ဥပမာ၊ မန္တလေး အကျဉ်းထောင်တွင် ကျောက်ဆည်မှ အချုပ် တရားခံများ၊ အကျဉ်းသားများ ချုပ် ထားလျှင်) ၎င်းတို့ကိုပါ ကြည့်ရှု စစ်ဆေးခြင်း၊ မေးမြန်းခြင်းများ ပြုလုပ်၍၊ ဤရုံးသို့ ပေးပို့သည့် အစီရင် ခံစာမှ ၎င်းတို့နှင့် ပတ်သက်သည့် အပိုင်းကို ကောက်နုတ်ချက် ပြု၍၊ သက်ဆိုင်ရာ ခရိုင် စက်ရှင် တရားသူကြီးသို့မဟုတ် ရာဘက် စက်ရှင် တရား သူကြီးထံသို့ ပေးပို့ရမည် ဖြစ်ပါသည်။

၄။ အချုပ် တရားခံများ၊ အကျဉ်းသားများ၏ နေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေးတို့ကိုလည်း အကျဉ်းထောင် ကြည့်ရှုရသူ (Official Visitor)၊ သို့မဟုတ် အလားတူ တာဝန်ယူသော ကော်မီတီဝင် အနေနှင့် သွားရောက် စစ်ဆေးရင်းလည်း အထက်ပါ ကိစ္စရပ်များကို လေ့လာ၍၊ အစီရင်ခံနိုင်ပါသည်။ ကြည့်ရှုသူ အဖြစ် သွားရောက်ခြင်း မပြု ဖြစ်စေကာမူ၊ အထက်ပါ တာဝန် အတွက် အနည်းဆုံး ၁ လလျှင် တကြိမ် သွားရောက်၍ အစီရင် ခံရပါမည်။

၅။ တရားရုံးချုပ်သို့ လစဉ် စစ်ဆေးပြီး အစီရင် ခံရာတွင် ထူးခြားသော အချက်အလက်များကို တိုတိုတုတ်တုတ် ရေးရန် ဖြစ်ပါသည်။ အထူးသဖြင့် တရားရုံးချုပ်က သက်ဆိုင်ရာများနှင့် ညှိနှိုင်း ဆောင်ရွက်ပေးသင့်သော အချက်တို့ကို အလေးပေးရန် ဖြစ်ပါသည်။

၆။ စက်ရှင် ခရိုင်တွင် စက်ရှင် တရားသူကြီး၊ ရာဘက် စက်ရှင် တရားသူကြီး ၂ ဦးလုံး ရှိပါက၊ စက်ရှင် တရားသူကြီးက၊ မိမိရုံး စိုက်ရာ မြို့ရှိ အကျဉ်းထောင်ကိုလည်းကောင်း၊ ရာဘက် စက်ရှင် တရားသူကြီးကလည်း အလားတူ၊ မိမိ ရုံးစိုက်ရာ အကျဉ်းထောင်ကိုလည်းကောင်း စစ်ဆေး၍၊ စက်ရှင် တရားသူကြီးမှ တဆင့် အစီရင် ခံရန် ဖြစ်ပါသည်။ စက်ရှင် တရားသူကြီး၊ ရာဘက် စက်ရှင် တရားသူကြီး မရှိသော၊ သို့မဟုတ်ယာယီ လစ်လပ်နေသော ပြည်နယ်၊ ခရိုင်၊ ဒေသတွင် တရားရုံးကိုတာဝန်ယူ အုပ်ချုပ်နေရသော တရားရေး ဝန်ထမ်း ပုဂ္ဂိုလ်က အထက်ပါ တာဝန်တို့ကို ထမ်းဆောင်ရန် ဖြစ်ပါသည်။

အမိန့်အရ၊

အုန်းခင်၊
အတွင်းဝန်။

[၁၉၆၈ ခုနှစ်၊ အောက်တိုဘာလ ၂ ရက် နေ့စွဲပါ တရားရုံးများ ညွှန်ကြားလွှာ အမှတ် ၇ ကို မြန်မာနိုင်ငံအတွင်းရှိ ရာဇဝတ်တရားသူကြီးများ အားလုံးထံသို့ ထုတ်ဝေခဲ့သည်]။

နိုင်ငံတော်တရားရုံးချုပ်

၁၉၇၁ ခုနှစ်၊ တရားရုံးများ ညွှန်ကြားလွှာ အမှတ် ၅

၁၉၇၁ ခုနှစ်၊ မေလ ၁၈ ရက်။

မြန်မာနိုင်ငံရှိ တရားမ တရားသူကြီးများနှင့် ရာဇဝတ် တရားသူကြီးများအားလုံး ထံသို့—

အကြောင်းအရာ။ ။နိုင်ငံတော် တရားရုံးချုပ်မှ ဆာကြူလာ၊ တရားရုံးများ ညွှန်ကြားလွှာများ၊ ပုံသေ ပုံစံ ပြင်ဆင်ချက်များ (တရားမ) (ရာဇဝတ်) နှင့် (အထွေထွေ) ထုတ်ပြန်ခြင်း။

အောက်ဖော်ပြပါ တရားရုံးများ ညွှန်ကြားလွှာများကို ၁၉၇၀ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်၍၊ တရားရုံးများ လက်စွဲ အပိုဒ် ၉၅၇ အရ၊ လိုက်နာ ဆောင်ရွက်ကြရန် ညွှန်ကြားလိုက်ပါသည်။

(၁) ခရိုင်တရားမနှင့် စက်ရှင် တရားသူကြီးနှင့် ရာဘက် ခရိုင် တရားမနှင့် စက်ရှင် တရားသူကြီးများ အားလုံးထံသို့—

တရားရုံးများ ညွှန်ကြားလွှာ အမှတ် ၁။

(၂) ရာဇဝတ် တရားသူကြီးများ အားလုံးထံသို့—

တရားရုံးများ ညွှန်ကြားလွှာ အမှတ် ၂။

(၃) စက်ရှင် တရားသူကြီးများ၊ ခရိုင် ရာဇဝတ် တရားသူကြီးများ၊ အထူး တရားသူကြီးများနှင့် ရာဇဝတ် တရားသူကြီးများအားလုံးထံသို့—

(က) တရားရုံးများ ညွှန်ကြားလွှာ အမှတ် ၃။
(ခ) တရားရုံးများ ညွှန်ကြားလွှာ အမှတ် ၄။
(ဂ) တရားရုံးများ ညွှန်ကြားလွှာ အမှတ် ၉။

(၄) စက်ရှင် တရားသူကြီးများနှင့် ရာဇဝတ် တရားသူကြီးများအားလုံးထံ သို့—

(က) တရားရုံးများ ညွှန်ကြားလွှာ အမှတ် ၇။
(ခ) တရားရုံးများ ညွှန်ကြားလွှာ အမှတ် ၁၂။

(၅) ခရိုင်တရားမနှင့် စက်ရှင် တရားသူကြီးများနှင့် ခရိုင် ရာဇဝတ် တရားသူကြီးများအားလုံးထံသို့—

(က) တရားရုံးများ ညွှန်ကြားလွှာ အမှတ် ၅။
(ခ) တရားရုံးများ ညွှန်ကြားလွှာ အမှတ် ၆။

(၆) စက်ရှင် တရားသူကြီးများ၊ ခရိုင်ရာဇဝတ် တရားသူကြီးများနှင့် ရာဇဝတ် တရားသူကြီးများအားလုံးထံသို့—

(က) တရားရုံးများ ညွှန်ကြားလွှာ အမှတ် ၁၀။
(ခ) တရားရုံးများ ညွှန်ကြားလွှာ အမှတ် ၁၄။

(၇) အထူး တရားသူကြီးနှင့် ရာဇဝတ် တရားသူကြီးများထံသို့—
တရားရုံးများ ညွှန်ကြားလွှာ အမှတ် ၁၁။

(၈) စက်ရှင် တရားသူကြီးများ၊ ခရိုင် ရာဇဝတ်တရားသူကြီးများနှင့်ရာဘက် ရာဇဝတ်တရားသူကြီးများထံသို့—

တရားရုံးများ ညွှန်ကြားလွှာ အမှတ် ၁၃။

(၉) တရားမ တရားသူကြီးများနှင့် ရာဇဝတ် တရားသူကြီးများ အားလုံးထံသို့—

တရားရုံးများ ညွှန်ကြားလွှာ **အမှတ် ၈။**

အမိန့်အရ၊

အောင်တိုး၊

အတွင်းဝန် (၁)။

မှတ်ချက်။ ။၁၉၇၀ ခုနှစ် အတွင်း လက်အောက်ခံ ရုံးများသို့ ပြန်တမ်းများ ထုတ်ပြန် ခဲ့ခြင်း မရှိပါ၊ ဆာကြူလာ၊ ပုံသေ ပုံစံ ပြင်ဆင်ချက် (တရားမ) (ရာဇဝတ်) နှင့် (အထွေထွေ) တို့ကိုလည်းထုတ်ဝေခဲ့ခြင်းမရှိပါ။

နိုင်ငံတော်တရားရုံးချုပ

၁၉၇၁ ခုနှစ်၊ တရားရုံးများညွှန်ကြားလွှာအမှတ် ၆

ရန်ကုန်မြို့၊ နေ့စွဲ ၁၉၇၁ ခုနှစ်၊ မေလ ၃၁ ရက်။
(၁၃၃၃ ခုနှစ်၊ နယုန်လဆန်း ၇ ရက်။)

နိုင်ငံတော် တရားသူကြီးချုပ် (မန္တလေးရုံးထိုင်)၊ ရန်ကုန်မြို့တရားမရုံး တရားသူကြီးချုပ်၊ မြန်မာနိုင်ငံရှိ ခရိုင် တရားမ တရားသူကြီးများ၊ ရာဘက် ခရိုင် တရားမ တရားသူကြီးများနှင့် ခရိုင် ရာဇဝတ် တရားသူကြီးများ အားလုံးထံသို့—

အကြောင်းအရာ။ ။ဘာသာရေး၊ သို့မဟုတ် ကုသိုလ်ရေးနှင့် ပတ်သက်သောအများ ပြည်သူဆိုင်ရာ ဂေါပကအဖွဲ့အစည်းများ ရွေးကောက် တင်မြှောက်ခြင်း စသည့် ကိစ္စတို့တွင် တရားရုံးများ၏ စီရင်ပိုင်ခွင့်ကိစ္စ။

၁။ ဘာသာရေး၊ သို့မဟုတ် ကုသိုလ်ရေးနှင့် ပတ်သက်သော အများ ပြည်သူဆိုင်ရာ ဂေါပက အဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံ စည်းမျဉ်းများကို တရားရုံးများက တရားမကျင့်ထုံး ပုဒ်မ ၉၂ အရ၊ အတည်ပြုကြပါသည်။ ယင်းကဲ့သို့ အတည်ပြုထားသော အချို့သော ဖွဲ့စည်းပုံ စည်းမျဉ်းများတွင် ဂေါပက ရွေးကောက်ပွဲကို ဂေါပကအဖွဲ့က ကျေညာပြီးနောက်၊ တရားရုံးသို့ အတည်ပြုရန် လျှောက်ထားရမည်ဟု ပြဋ္ဌာန်းထားပါသည်။ ထိုပြဋ္ဌာန်းချက်အရ၊ တရားရုံးများသို့ဂေါပက ရွေးကောက် တင်မြှောက်ခြင်းကို အတည်ပြုရန် လျှောက်ထားလေ့ရှိကြပါသည်။

၂။ ဂေါပကလူကြီးကို ထုတ်ပယ်ခြင်း၊ ခန့်ထားခြင်း၊ ဂေါပက လူကြီး တဦးဦးအား၊ ပစ္စည်းအပ်နှံခြင်း၊ စာရင်းစစ်ရန် စုံစမ်းရန် ညွှန်ကြားခြင်း၊ ဂေါပကပိုင်ပစ္စည်းကို ဂေါပက ကိစ္စအတွက် ခွဲဝေရာထားခြင်း၊ဂေါပကပစ္စည်းကို ငှါးရမ်း ရောင်းချပေါင်နှံလဲလှယ်ခြင်း၊ ဂေါပကဖွဲ့စည်းပုံ စည်းမျဉ်းကို အတည်ပြုခြင်းနှင့် အခြားသော အလားတူဂေါပက ကိစ္စများတွင် စည်းမျဉ်းဖေါက်ဖျက်မှု တရပ်ရပ်ရှိသည်ဟု စွဲဆိုလိုလျှင်၊ တရားမကျင့်ထုံး ပုဒ်မ ၉၂ အရ၊ နိုင်ငံတော် ရှေ့နေချုပ်က သော်လည်းကောင်း၊ ရှေ့နေချုပ်၏ ကြိုတင် သဘောတူညီချက်ကို ရယူပြီးသော ဂေါပက အဖွဲ့အစည်းတွင် စိတ်ဝင်စား၍ ပါဝင်တောင်းဆိုခွင့် ရှိသူ အနည်းဆုံး နှစ်ဦးက သော်လည်းကောင်း၊ မူလ တရားမ တရားစီရင်ပိုင်ခွင့်ရှိသော ဒေသဆိုင်ရာ အဓိက တရားရုံးသို့ သွားရောက်၍ တရားမကြီးမှုကို စွဲဆိုရပါသည်။ ယေဘူယျအားဖြင့် ခရိုင်တွင် ခရိုင်တရားမရုံး၊ ရန်ကုန်မြို့တွင် နိုင်ငံတော် တရားရုံးချုပ်၊ မူလဘက်၌ **စွဲဆိုရန်ဖြစ်ပါသည်။**

၃။ ယင်းကဲ့သို့ တရားမကျင့်ထုံး ပုဒ်မ ၉၂ ပါ ပြဋ္ဌာန်းချက်များကို ထောက်ရှု၍ ဂေါပကအဖွဲ့သည် ဂေါပကအဖြစ် အရွေးခံလိုသော ပုဂ္ဂိုလ်တို့၏ အရည်အချင်းကို စိစစ်ဆုံးဖြတ်ပြီးနောက်၊ ညှိနှိုင်းကာ၊ စည်းကမ်း၊ ထုံးတမ်းနှင့်အညီ ရွေးကောက်ပွဲကို ကျင်းပ၍ မဲဆန္ဒရှင်တို့၏ ရွေးကောက်တင်မြှောက်ခြင်းကို ဂေါပကအဖွဲ့က စိစစ်ဆုံးဖြတ်ကျေညာပြီးသည်ကို၊ တရားရုံးက ထပ်မံ စိစစ်၍ အတည်ပြုရန် လိုမည်မဟုတ်ပါ။ အကယ်၍ ရွေးကောက်ခြင်းကို စောဒကတက်လိုသော ပုဂ္ဂိုလ်တို့သည် တရားမကျင့်ထုံး ပုဒ်မ ၉၂ နှင့် အညီဖြစ်စေ၊ အခြားဆီလျော်သော ဥပဒေအရ ဖြစ်စေ၊ တရားမကြီးမှုစွဲဆိုရန်သာ ရှိပါသည်။ ယင်းသို့ တရားဥပဒေနှင့်အညီ စွဲဆိုသော တရားမကြီးမှု၏အပ၌၊ တရားရုံးက ထုတ်ပယ်နိုင်ခွင့်မရှိပါ။

၄။ သို့ပါ၍၊ ယင်းအမှုကိစ္စမျိုးတွင် နိုင်ငံတော် တရားရုံးချုပ်၏ ၁၉၇၁ ခုနှစ်၊ အခွင့်ထူးတရားမအယူခံမှုအမှတ် ၄ ၌ ချမှတ်လိုက်သော အောက်တွင် ဖော်ပြပါ ၁၉၇၁ ခုနှစ်၊ မေလ ၂၂ ရက်နေ့စွဲပါ စီရင်ချက်တွင်၊ တရားရုံးများက ပုဒ်မ ၉၂ အရ၊ အတည်ပြုထားသော ဂေါပက ဖွဲ့စည်းပုံ စည်းမျဉ်းများတွင်ဂေါပက ရွေးကောက်ပွဲကို ဂေါပကအဖွဲ့က ကျေညာပြီးနောက်၊ တရားရုံးသို့ အတည်ပြုရန် လျှောက်ထားရမည်ဟူ၍ ဂေါပကဖွဲ့စည်းပုံ စည်းမျဉ်းများတွင် ပြဋ္ဌာန်းချက်များရှိခဲ့လျှင်၊ ယင်းတို့သည် အချီးနှီးသာ ဖြစ်သည့်အပြင်၊ တရားရုံးတို့အား အာဏာလွန်၍ ဆုံးဖြတ်စေနိုင်သည်ဟု ယူဆသောကြောင့်၊ ယင်းပြဋ္ဌာန်းချက်တို့ကို လိုက်နာရန် မဟုတ်ကြောင်း၊ ယင်းသို့သောပြဋ္ဌာန်းချက်များပါရှိစေကာမူ၊ တရားရုံးသည် ရွေးကောက်ပွဲကို အတည်ပြုပေးရန် လျှောက်ထားလာပါက ဆက်လက် အရေးယူ ဆောင်ရွက်ခြင်း မပြုဘဲ ဂေါပကအဖွဲ့က ကျေညာပြီးသည့်အတိုင်းသာ ဖြစ်စေရမည်ဟု မှတ်ချက်ပြုရန် ဖြစ်ကြောင်း၊ ဂေါပကအဖွဲ့များကလည်း ရွေးကောက်ခြင်းကို အတည်ပြုရန် တရားရုံးသို့ လျှောက်ထားရန် မလိုကြောင်း၊ နောင်အခါများ၌ ဂေါပက ဖွဲ့စည်းပုံ စည်းမျဉ်းကို တရားရုံးက စိစစ် အတည်ပြုပေးလျှင်၊ ရွေးကောက်ပွဲကို ရုံးက အတည်ပြုပေးရမည့် သဘောပါရှိသည့် ပြဋ္ဌာန်းချက်မျိုးကို ထည့်သွင်းပေးခြင်း မပြုရန် ဖြစ်ကြောင်း အမိန့်ချမှတ်ထားသည်များကို သေချာဂနစွာ ဖတ်ရှုလေ့လာ၍ လိုက်နာဆောင်ရွက်ကြရန် ညွှန်ကြားလိုက်သည်။

၅။ ဤညွှန်ကြားလွှာကို ကောင်းစွာ ဖတ်ရှုပြီးလျှင်၊ မိမိတာဝန်ယူရသောရုံး၊ ခရိုင်အတွင်းရှိ တရားရေး ဝန်ထမ်းများ၊ တရားစီရင်ရာတွင် ပါဝင်ရသော ဝန်ထမ်းများနှင့် အခြား သက်ဆိုင်ရာ ပုဂ္ဂိုလ်များအား တတ်နိုင်သော နည်းလမ်းများဖြင့်

မိမိက တာဝန်ယူ၍ ရှင်းလင်းဖြန့်ဝေရန်ကိုလည်း ထပ်လောင်း ညွှန်ကြားအပ်ပါသည်။ ယင်းကဲ့သို့ ဆောင်ရွက်ပြီးစီးသောအခါ၊ ပြီးစီးကြောင်းနှင့် မည်သို့ ရှင်းလင်းဖြန့်ဝေကြောင်းကို နိုင်ငံတော် တရားရုံးချုပ်သို့ ပြန်လည် အစီရင်ခံရန် ဖြစ်ပါသည်။

အမိန့်အရ၊

အောင်တိုး၊

အတွင်းဝန် (၁)

Dynamic laws

SOMETIMES it appears that there is a tendency to rely unduly on laws for shaping human conduct in the desired way. No doubt laws have their use, but it is useful to remember that laws are nothing but that which originate in the habits of the people and end with perpetuating their customs and traditions.

Contrary to the popular misconception, laws are not the arbiters of human conduct. It is established human conduct that makes laws. However, ardent legislators and law enforcement agencies often forget that the world is not changed by a spate of legislation but that legislation must rather reflect changes in actual conditions.

Primitive societies have no laws. As human beings learnt to live together, patterns emerged of typical behaviour of a community or culture which became established as customs. And the customs, having been transmitted from generation to generation, acquired the force of law or were crystallised as laws.

It is therefore clear that what give strength to laws are their underlying philosophy, which closely reflects the thoughts and feelings of people, and their continuity, which is made possible by the support they get from the people.

In other words, laws are only as strong as they truly reflect the patterns of human conduct. They are not worth the paper on which they are written if they happen to be divorced from the objective conditions. Where people by common consent, act in ways desired and approved by the majority, laws are even superfluous.

Law makers and legal experts hardly need be reminded that there exist countries and societies which achieve perfectly regulated behaviour without written statutory provisions. Their absence has been found to be no serious lack of shortcoming because the conduct of the citizens is adequately controlled by their established habits, customs and traditions.

In fact, laws which are made purely subjectively may inspire not obedience but defiance. It will prove to be not only unwise

---

[Extract from "*The Working People's Daily*," Saturday, June 26, 1971]

but impractical to put up a sign-board of "No trespassing" on a public thoroughfare, and people are obviously not to blame if they ignore it. In any case, the futility of trying to regulate human behaviour either for better or for worse by laws alone is perfectly clear. This fact should not escape the learned persons immersed in the technicalities of law.

Laws, and especially socialist laws, must emanate from the people. Make and enforce such laws as are in conformity with the socialist aspirations of the people; they will joyously grow into dynamic forces. Or enforce such laws as are idealistic or subjective; they will die even before they are born.

မယားပြဿနာ ဆိုင်ရာစီရင်ချက်*

သာဂဒိုး

"သတင်းစာမှာ ပါတဲ့ တရားဝင် မယားမြောက်ခြင်း ကိစ္စ၊ စုံညီခုံရုံး အဆုံးအဖြတ်ကို ကျွန်တော်တို့ မှတ်သား ထားကြရလိမ့်မယ်ခင်ဗျ။ မယား နှစ်ဦး ယူသူရဲ့ နောက်မယားဟာ တရားဝင် မယားမြောက် မမြောက် ပြဿနာ၊ မယားငယ်ဆိုတဲ့ ပြဿနာ၊ အဲဒီ ပြဿနာအတွက် တရားရုံးချုပ် တရားသူကြီးချုပ် ဒေါက်တာမောင်မောင်၊ တရားသူကြီး ဦးကျော်ဇံဦးနဲ့ တရားသူကြီး ဦးသက်ဖေ တို့ ပါဝင်တဲ့ စုံညီခုံရုံးကနေ အဆုံးအဖြတ် ပေးလိုက်တာခင်ဗျာ၊ ဒီအဆုံးအဖြတ်ဟာ လူသာခုခေါ် နတ်သာခုခေါ်တင်မဟုတ်ဘူး၊ လုံမ အပေါင်းတို့ပါ အော်၍ သာခု ခေါ်မယ် ထင်သဗျ...."။

"ငါတို့ ဗမာတိုင်း သာခုခေါ်၍ မှတ်သားကြရမဲ့ စီရင် ဆုံးဖြတ်ချက်ပါပဲဟာ၊ ငါတို့လဲ ဂရုတစိုက် ဖတ်ရှုမှတ်သားပါသဟ၊ ဒီအိမ်ထောင်ရေး ပြဿနာမှာ တခြားလူမျိုး တခြားဘာသာနဲ့ ပတ်သက်တိုင်း ငါတို့ မြန်မာ အမျိုးသမီးတွေ နစ်နာခဲ့ရပေါင်း များခဲ့ပါပြီ ဗိုးရေ.... 'မည်သူသည် မယားတော့ မှန်ခြေ၏။ သို့သော် မယား မဟုတ်' လို့ အလုပ် ခံခဲ့ရပေါင်းတွေ များလှ ခဲ့ပြီကွ၊ အခု စီရင် ဆုံးဖြတ်ချက်ကို ငါတို့ လူအများ များများသိအောင်တောင် လုပ်သင့်တယ်ဟ"။

"ဟုတ်ကဲ့-နစ်နာ ခဲ့ရတာတွေ အများကြီး ရှိပါတယ်၊ လူတွေ ကြားမှာ လူမှုရေး အရလဲ နာ၊ တရား ဥပဒေ သဘော အရလဲနာ"။

"အခုအမှုမှာ လျှောက်ထားသူ ဒေါ်ကြည်ကြည် ဟာ ရုံးအဆင့်ဆင့်တွေ တက်ခဲ့တယ်၊ တက်နိုင်တဲ့ အင်အားရှိလို့သာ ကိုးကွ၊ ခုလို ရုံးတက်ခြင်း၊ လျှောက်ထားခြင်း မလုပ်နိုင်လို့ နစ်နာရတာတွေ အများကြီး ရှိနိုင်တယ်၊ တချို့ဆိုရင် ရပ်ရွာရဲ့ ဆုံးဖြတ်ချက်နဲ့ ပီးလိုက်ရတာတွေ ရှိတယ်၊ တချို့က ဘာသာရေးလူကြီး ဆိုသည်များရဲ့ဆုံးဖြတ်ချက်နဲ့ ပြီးလိုက်ရတာတွေ ရှိတယ်၊ ရှေ့ အဖို့မှာ အခု အမှုဟာ စံဖြစ်သွားပြီ၊ ရပ်ရွာမှာဘဲ ဆုံးဖြတ် ဆုံးဖြတ်၊ ဘာသာရေး လူကြီးဆိုသည်များထံမှာဘဲဆုံးဖြတ် ဆုံးဖြတ်၊ အခုအမှုရဲ့ အဆုံးအဖြတ် စီရင်ချက်ကို အဓိက စံပြုပြီး ဖြေရှင်း လုပ်ကိုင်ကြဖို့ မင်းတို့က လှုံ့ဆော် ခြင်းတွေ လုပ်ဘို့ သင့်တယ် ထင်တယ်ဟ-ဒါကြောင့်၊ ဒီ အမှု စီရင်ချက်ကို အများ သိနိုင်သမျှ သိအောင် လုပ်ပါလို့ ပြောရတာကွ"။

"ရပ်ထဲ ရွာထဲမှာ ဖြေရှင်း လုပ်ကိုင်မယ် ဆိုရင်တောင် ဒီအမှု စီရင်ချက်ကို စံပြုပြီး လုပ်ကြဘို့"။

---

* ၁၉၇၁ ခု ဇွန်လ ၁၇ ရက်နေ့ထုတ် လုပ်သားသတင်းစာ။

"အေးပေါ့၊ တရားရုံး မတက်နိုင်လို့ ဖြစ်ဖြစ်၊ မတက်ချင်လို့ဘဲ ဖြစ်ဖြစ်၊ ဒေသ
အလိုက် ဒီအမှုမျိုးတွေ ဖြေရှင်း ညှိနှိုင်း ပေးရင်ပေါ့ကွာ။ တချို့ဆိုရင်၊ တရားရုံးတက်
စကားပြောရင် ကြာမယ် ဆိုပြီး လအက ရုံးမှာ နှစ်ဘက် သဘောတူ တင်ပြ တတ်
ကြတယ်လေ။ ဒီလို အခါမျိုးမှာလဲ အခု စီရင်ချက် သဘော ထားကို ခံယူပြီး ဖြေ
ရှင်း ဆောင် ရွက်ပေးကြဘို့ ပေါ့ကွာ"။

"ဟုတ်ကဲ့-ကောင်းပေ့ခင်ဗျာ-၊ ဒီစီရင်ချက်မှာ မှတ်မှတ် သားသား ပြုထားစရ
အချက်တွေလဲ အတော်များတယ်၊အိမ်ထောင်ရေးနဲ့ ဘာသာရေး ရောယှက်မှုကိစ္စ၊ ပီး
သေတမ်းစာ ကိစ္စ၊ ဓမ္မသတ်နဲ့ ထုံးတမ်း ဥပဒေ ကိစ္စ၊ နောက်ပီး တော့ ရှေး စီရင်ထုံ
များ ကိုးကားခြင်း ကိစ္စ၊ ဒီလို အပိုင်းတွေမှာ ဂရုပြု မှတ်သား စရာတွေ ပါနေတယ်"

"အိမ်ထောင်ရေးနဲ့ ဘာသာရေး ရောယှက် မှုဟာ ခေတ်နဲ့ မလျော်ဘူး
မှတ်ချက် ထိုးလိုက်တာ သိပ် အဖိုးတန်တာဘဲ၊ အိမ်ထောင်ရေးဟာ လူမှုရေးကိစ္စဘဲ"

"မှန်ပါတယ် ခင်ဗျ၊ ဒီအချက်ဟာ တော်တော် အရေး ကြီးပါတယ်၊ ကျွန်တေ
တို့ မြန်မာ အမျိုးသမီးတွေ ခေတ် အဆက်ဆက် ဟောက်လျှောက် နစ်နာ
ကြရတဲ့ ကိစ္စ ထဲမှာ ဒီအချက် ပါပါတယ်၊ ယူတာတော့ယူ၊ မယားပြုတာတေ
ဖြင့် ပြုချင်သလိုပြု၊ မယား အခွင့် အရေး ကိစ္စ ရောက်လာပြီ ဆိုတော့ ဘာသာ
စည်းဆိုတာနဲ့ ကာပီး တွန်းကန် ဖယ်ရှား ခံခဲ့ရတာများ ရှိခဲ့ပါတယ်။ နစ်နာ
ကြရပါတယ်။ တချို့ကျတော့ ရည်ရွယ်ချက်ကိုက မိန်းမယူ၍ သာသနာပြု ဆိုတာ
ပင် ရှိခဲ့ မဟုတ်လား၊ အိမ်ထောင်ရေး ကိစ္စမှာ ဘာသာရေးနဲ့ မယှက်နွယ်ဖို့ ဆိုတ
သိပ် အရေးကြီးတာဘဲဗျာ၊ ပီး-ကြည့်ရမှာက ဒီနိုင်ငံဟာ၊ မြန်မာ နိုင်ငံ။ လု
အဆောက် အအုံကလဲ မြန်မာမှု နည်းစံနစ် များနဲ့ တည်ဆောက် ထားတဲ့ မြန်မ
အဆောက် အအုံ။ ဒီတော့ မြန်မာ့ ဓလေ့ ထုံးတမ်း စံနစ်တွေ၊ မြန်မာ့ ထုံးတမ်း ဓ
ဥပဒေတွေ၊ အဲဒါတွေနဲ့ အဓိက ထားကြည့်၍၊ ဆုံးဖြတ်ကြရမှာ အမှန်ပါဘဲဗျ၊ ဒ
စီရင်ချက်က၊ ဒီအချက်ကို ဦးတည် ပေးလိုက်ပါတယ်ဗျ"။

"အေး၊ အခု စီရင်ချက်မှာ၊ ဗုဒ္ဓဘာသာ ဓမ္မသတ် ဆိုတာနဲ့ မြန်မာ့ ဓလေ့ ထုံးတ
ဥပဒေ ဆိုတာတို့ရဲ့ ခြားနားချက် သဘောကိုလဲ ကြည်ကြည် လင်လင် မြင်သွား
အောင် ရှင်းလိုက်တယ်"။

"ဟုတ်ကဲ့ ဒီအချက်လဲ အရေးကြီးပါတယ်။ တရားစီရင်ရေးရာအမြင် ရှင်းခ
ပဗျာ၊ ဗုဒ္ဓဘာသာဓမ္မသတ်ဆိုတဲ့ အခေါ် အဝေါ်ကိုက မပြည့်စုံသော၊ လွဲမှားေ
ခေါ် ဝေါ် သုံးစွဲမှု ဖြစ်ခဲ့တာပဗျာ၊ ဗုဒ္ဓဘာသာဓမ္မသတ်လို့ ခေါ် ဝေါ် သုံးစွဲခြင်းဖြင့် ဘ
သာရေး ဥပဒေလို့ အမြင်ယူစရာ ဖြစ်နေတယ်၊ အမှန်က မြန်မာ့ယဉ်ကျေးမှု လူ
မှု စနစ်အရ၊ ဖြစ်ပေါ်ခဲ့တဲ့ လူမှုရေးဥပဒေဘဲခင်ဗျ၊ ဒါကြောင့် မြန်မာ့အိမ်ထောင်

ကိစ္စဘို့နဲ့သက်ဆိုင်တဲ့ ဓလေ့ထုံးတမ်းဥပဒေဟာ ဘာသာရေးဥပဒေ မဟုတ်လို့ အခု အစီရင်ခံချက်မှာ ရှင်းလင်းလိုက်ပါတယ်ဗျ။ ဒီနေရာမှာစီရင်ချက်ကတချက်တိုက်တွန်းလိုက်တာ ရှိနေပြန်တယ်၊ အဲဒါက၊ ဥပဒေပြု အာဏာပိုင်များ ဥပဒေတခု ပြုသင့်မသင့်စဉ်းစားသင့်နေတယ်ဆိုတဲ့ အချက်ဗျ၊ ဘယ်လိုဥပဒေမျိုး ပြုဘို့လဲဆိုရင်၊ ဒီနိုင်ငံမှာ အိုးအိမ်စိုက်ထူ နေထိုင်သူတိုင်းဟာ ဒီနိုင်ငံမှာ အများလက်ခံကျင့်သုံးနေတဲ့အိမ်ထောင်ရေးဓလေ့ ထုံးတမ်းအရသာလျှင် တိတိကျကျသက်ဆိုင်စေ ဘို့ပဗျာ၊ ခုလိုတိတိကျကျသက်ဆိုင်စေပြီး ရှင်းနေရင် နောင်အခါ အိမ်ထောင်ရေး ပြဿနာတွေမှာ ဝိဝါဒတွေးစရာ မဖြစ်တော့ဘူးပဗျာ၊ အထူးသဖြင့် အိမ်ထောင်ရေးကိစ္စမှာ ဘာသာရေးနဲ့ ရောထွေးပြီး တွေးခေါ်ကြည့်မြင်တာမျိုးတွေ ပိုရှင်းသွားစေနိုင်တာပဗျာ"။

"အေး အရေးကြီးတဲ့ အချက်ဘဲ"။

"အခုစီရင်ချက်မှာ ရှေးစီရင်ထုံးကြည့်ခြင်းနဲ့ ပတ်သက်ပြီး ဂရုပြုဘွယ်လေးလဲ ပါပြန်သဗျ၊ ရှေးစီရင်ထုံးကို ကြည့်တဲ့နေရာမှာ အယူခံရုံးရဲ့ ချွတ်ချော်မှုကို စုံညီခုံရုံးက ပြန်လည်ထောက်ပြတဲ့သဘောကို တွေ့ရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ တရားရုံးတွေ၊ ရှေ့နေတွေဟာ စီရင်ထုံးဟောင်းတွေကို ကိုးကားတတ်တဲ့ အလေ့ရှိကြပါတယ်။ ခုလို စီရင်ထုံးဟောင်းကိုးကားခြင်းကိုပင် မကြိုက်တဲ့ အယူအဆ ဒီခေတ်မှာတော်တော်များလာတယ်။ ဒီလိုရှိလာတယ်၊ မကြိုက်သူများဟာ၊ စီရင်ထုံးဟောင်းများ ကိုးကားခြင်းကို ဘာလို့မကြိုက်ချင်ဖြစ်ရသလဲ။နယ်ချဲ့ခေတ်တောက်လျှောက်နဲ့ခေတ်အထွေထွေတွေမှာ စီရင်ချက် ဆုံးဖြတ်ခဲ့တာများဟာ၊ ငွေရှင်တို့ရဲ့ အလိုကျ ဖန်တီးလုပ်ကိုင်ခဲ့တာတွေ အင်မတန်များခဲ့လို့၊ မျက်နှာမဲ့သူတွေ တဖက်သတ် ခံခဲ့ရတာတွေများခဲ့လို့၊ ဥပဒေအလိုကပင် ငွေရှင်များကို ဘက်လိုက်ခြင်း ကာကွယ်ခြင်းတွေ ဖြစ်နေခဲ့လို့၊ စီရင်ချက်များတွင် ငွေတရားနိုင် စနစ်တွေ လွှမ်းမိုးခဲ့တာတွေ ရှိခဲ့လို့၊ ထိုထို အကြောင်းတွေကြောင့် စီရင်ထုံးဟောင်းများ အဓိကပြု ကိုးကားခြင်းများကို မကြိုက် လိုကြောင်း ဆိုကြပါတယ်"။

"အေး ဒါကတော့ အတော်ဆွေးနွေးကြရမဲ့ ကိစ္စဘဲကွ၊ ဒါကို တပိုင်းထားပါကွာ၊ အခု စီရင်ချက်မှာ 'မယားငယ်' ဆိုတာကို၊ တရားဥပဒေ သဘောနဲ့ ရှင်းလင်းလိုက်တာသဲ တော်တော် ဟန်ကျသွားသကွ၊ ဒါလဲ တဖက်သတ် နစ်နာရတဲ့ အမျိုးသမီးများ ပြဿနာဘဲ"။

"ဟုတ်ကဲ့ဗျ၊ ခုစီရင်ချက်ဟာ အမျိုးသမီးများ အားထားမှု ပြုရမဲ့စီရင်ချက် အမှန်ပါဘဲဗျာ"။

အမျိုးသမီးများအတွက်အကာအကွယ်*

ဝေန

"ဗုဒ္ဓဘာသာဝင် မဟုတ်သော ယောကျ်ားနှင့် လင်မယားအရာ မြောက်စေသော ပေါင်းဖက်နေထိုင်မှုပြုသည့်ဗုဒ္ဓဘာသာဝင်မိန်းမတဦးသည် တရားဝင်မယားမြောက်၍၊ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ၊ လင့်အမွေကို ဆက်ခံခွင့် အပြည့်ရှိသည်" ဟု အမွေမှုတခုဘွင် နိုင်ငံတော်တရားရုံးချုပ် တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်၊ တရားသူကြီး ဦးကျော်ဇံဦး နှင့် တရားသူကြီး ဦးသက်ဖေတို့ ပါဝင်သော စုံညီခုံရုံးက ဆုံးဖြတ်ချက်ချလိုက်လေသည်။ ယင်းဆုံးဖြတ်ချက်မှာ ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေ နှင့်အညီ ဖြစ်ပေသည်။

ထိုဥပဒေမပေါ်မီက ဗုဒ္ဓဘာသာဝင် မြန်မာ အမျိုးသမီးများသည် ဗုဒ္ဓဘာသာဝင် မဟုဘ်သော လင်ယောကျ်ားများ၏ အမွေကို ဆက်ခံခွင့်မရကြဘဲ၊ များစွာ နစ်နာဆုံးရှုံးခဲ့ကြလေသည်။

များစွာသော မြန်မာအမျိုးသမီးများသည်၊ အကြောင်း အမျိုးမျိုးတို့ဖြင့် တိုင်းတပါးသားများ၊ ဗုဒ္ဓဘာသာဝင် မဟုတ်သူများနှင့် အိမ်ထောင် ပြုခဲ့ကြလေသည်။ တိုင်းတပါးသားများကို ယူမိကြသော မြန်မာအမျိုးသမီးများမှာ လင်ယောကျ်ား ဖြစ်သူ သူ့နိုင်ငံသို့ ပြန်သွားသည့်အခါ သနားသဖြင့် ပေးကမ်းခဲ့သော ဥစ္စာ ပစ္စည်း အနည်းငယ်ကို ရလိုက်သည်မှတပါး မယားစရိတ်ကိုသော်၎င်း၊ အမွေကိုသော်၎င်း ရသည်ဟူ၍ မရှိခဲ့ပေ။ လင်ဖြစ်သူသည်အခြား သားကြီး မယားကြီး မရှိဘဲ မြန်မာပြည်၌ ကျန်ရစ်ခဲ့သော ဇနီးသည် အပေါ်တွင် သံယောဇဉ် ကြီးမားသူ ဖြစ်မှသာ လစဉ် ထောက်ပံ့ကြေး ရတတ်ပေသည်။ ဤကား များစွာသော ဗိုလ်ကတော် ကျတ်ိုး ကြုံရသည့် အဖြစ်ပင် ဖြစ်ပေသည်။

လင်ဖြစ်သူသည်၊ နိုင်ငံခြားသား မဟုတ်ဘဲ တိုင်းရင်းသား ဖြစ်သော်လည်း ဗုဒ္ဓဘာသာဝင် မဟုဘ်ခဲ့လျှင် ထိုလင်ယောကျ်ား သေဆုံးသွားသည့် အခါ ကျန်ရစ်ခဲ့သော ပစ္စည်းများကို ထိုလင်ယောကျ်ား ကိုးကွယ်သော ဘာသာကို လိုက်၍သာ အမွေဆက်ခံခွင့်ရှိလေသည်။ဥပမာလင်ဖြစ်သူက ခရစ်ယာန်ဘာသာဝင် တဦးဖြစ်လျှင် သူ၏ သေတမ်းစာတွင် ထည့်၍ အမွေ ခွဲဝေ ပေးခဲ့မှသာဇနီး ဖြစ်သူက ရလေသည်။ သို့မဟုတ်ပါက လုံးဝ အမွေခံစားခွင့် မရှိချေ။

---

* ၁၉၇၁ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာ။

များသောအားဖြင့် ဗုဒ္ဓဘာသာဝင် မဟုတ်သော လင်ယောကျ်ားကို ယူမိသော ဗုဒ္ဓဘာသာဝင် အမျိုးသမီးတဦးသည် အမြွောင် မယားငယ်၊ သို့မဟုတ် အပျော် မယားကဲ့သို့ နေခဲ့ရလေ့ ရှိသည်။ ယင်းသို့ လင်အသက်ရှင်နေစဉ် မထင်မရှားဖြင့် သိမ်သိမ် ငယ်ငယ် နေခဲ့ရပြီး လင်သေသွားသည့်အခါ အမွေ ဆက်ခံခွင့် မရဘဲ ရှိရ ပြန်လေသည်။

အကယ်၍လင်ဖြစ်သူကမြတ်နိုး၍ ၎င်းအသက်ရှင်နေစဉ်အိမ်တဆောင်မီးတပြောင် နှင့် ထားစေကာမူ ၎င်းသေသွားသည့်အခါ၊ ကိုးကွယ်သည့် ဘာသာခြင်း မတူခြင်း ကို အကြောင်းပြု၍၊ အမွေ ခံစားခွင့် မရဘဲ ရှိရလေသည်။

ထိုသို့ဗုဒ္ဓဘာသာဝင် မြန်မာ အမျိုးသမီးများမှာ အဘက်ဘက်က နစ်နာ ခဲ့ရ ခြင်းမှာ ဘာသာခြား ကုလားဖြူ၊ ကုလားမဲများက အုပ်စိုးခဲ့ကြပြီး သူတို့၏ အကျိုး ကို လူမှုရေးအရရှင်း၊ ဘာသာရေး အရရှင်း ထုံးတမ်း ဥပဒေ အမျိုးမျိုးတို့ဖြင့် ကာကွယ် ထားခဲ့ကြသောကြောင့် ဖြစ်လေသည်။ ယင်းသို့ မြန်မာအမျိုးသမီးတို့မှာ အခြေမလှ ရှိခဲ့ကြရလေရာ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးသည့် နောက်တွင် မြန်မာ အမျိုး သမီးများသည်၊ လွတ်လပ်သော လူမျိုးအဖြစ်ဖြင့် မတရားဖိနှိပ်မှုများမှ လွတ်မြောက်မှု ရကြစေရန် လက်ထပ် ထိမ်းမြားမှု အမွေ ဆက်ခံမှုတို့နှင့် ပတ်သက်၍၊ အထူး အက်ဥပဒေ တရပ်ကို ပြဋ္ဌာန်း ပေးခဲ့ ရလေသည်။

ထိုဥပဒေမှာ ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင် မိန်းမများ အထူးလက်ထပ် ထိမ်း မြားမှု နှင့် အမွေဆက်ခံမှု အက်ဥပဒေ ဖြစ်လေသည်။ ထိုဥပဒေသည် ၁၉၅၄ ခုနှစ်၊ ကပင် အထင် အရှား တည် ရှိခဲ့သော်လည်း ယင်းသို့ ရှိမှန်းကို သိသူ နည်းနေကြ သေးသည်။ တရားစီရင်သော ပုဂ္ဂိုလ်အချို့တို့သည်ပင်လျှင် ထို ဥပဒေကို မသုံးစွဲ မကိုးကားဘဲ အခြား အထောက် အထားများ ပေါ်တွင် အမှီပြု၍၊ အမှုစီရင် ခဲ့ကြ သည်က များသဖြင့် မသိနားမလည် သူတို့မှာ မနစ်နာသင့်ဘဲ နစ်နာခဲ့ကြရလေသည်။ ယခု အမှုမှာ ဗုဒ္ဓဘာသာဝင် မြန်မာ အမျိုးသမီးတဦးသည် ဗုဒ္ဓဘာသာဝင် မဟုတ် သော ယောကျ်ား တဦးနှင့် လင်မယား အရာ မြောက် ပေါင်းသင်းခဲ့ရာ ထိုသူ သေ ဆုံးသည့်အခါ၊ ၎င်းနှင့် ခရစ်ယာန် ဘာသာအရ၊ လက်ထပ် ခဲ့သော ပထမ မယားက သူသာလျှင် အမွေခံထိုက်သည်ဆိုသဖြင့် တရားရုံး အဆင့်ဆင့်မှ နိုင်ငံတော် တရား ရုံးချုပ်သို့ ရောက် လာရသော အမှု ဖြစ်နေသည်။

ထိုအမှုကို နိုင်ငံတော်တရားရုံးချုပ်ကတရားသူကြီးစုံညီ ရုံးထိုင်ကာ ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင် မိန်းမများ အထူး ထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေအရ

သေသူ၏ ဇနီးဖြစ်သူ မြန်မာအမျိုးသမီးသည် တရားဝင် မယားမြောက်၍ ["မြန်မာ ဓလေ့ ထုံးတမ်းအရ၊ အမွေဆက်ခံပိုင်ခွင့် ရှိသည်ဟု ဆုံးဖြတ်ချက်ပေးလိုက်လေသည်။ ထို့ပြင် မြန်မာ အမျိုးသမီးတဦးသည် သူ၏ လင်ယောကျ်ားဌ် မည်သည့် ဘာသာ ထုံးတမ်းအရ၊ လက်ထပ် ထားသော ဇနီး မည်မျှ ရှိစေကာမူ သူသည် မယားငယ်၊ သို့မဟုတ် အမြှောင်မယား၊ အပျော်မယား မဟုတ်ဘဲ မယားပြိုင်သာ ဖြစ်သည်ဟူ၍ လည်း ကောက်ချက် ချလိုက်သည်။

ဤအမှုကို အကြောင်းပြု၍၊ ၁၉၅၄ ခုနှစ်၊ အက်ဥပဇေ အပေါ်တွင် စုံညီခုံ ံး၏ သုံးသပ်ချက်မှာ များစွာ စိတ်ဝင်စားစရာ ကောင်းသည်။ ဥပဒေပြု အာဏာ ပိုင်တို့ အနေဖြင့် လေးနက်စွာ စဉ်းစားထားသည့် ကိစ္စ တရပ် ဖြစ်ပေသည်၊ ထို ဥပဒေတွင် 'ဗုဒ္ဓဘာသာ ဓမ္မသတ်' ကို ညွှန်ထားခြင်းသည်၊ အခေါ်အဝေါ် လွဲမှား၍၊ ဥပဒေ ပြုရာတွင် ချွတ်ယွင်းမှု ရှိခဲ့သည်။ ထိုဥပဒေသည် မြန်မာ ဓလေ့ ထုံးတမ်းကို ရည်ညွှန်း ခြင်းဖြစ်သည်။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေသည်၊ ဓမ္မသတ်ထက်ကြီး၏။ ကျယ်ဝန်း၏။ မြန်မာ အိမ်ထောင်ရေး ကိစ္စ တို့နှင့် သက်ဆိုင်သော ဓလေ့ထုံးတမ်း ဥပဒေသည် ဘာသာ ရေး ဥပဒေ မဟုတ်ဟု မှတ်ချက် ပြုထားလေသည်။

ဤအဆို ပြုချက်အတိုင်း ဥပဒေများ ပြင်ဆင်လျှင် 'ဗုဒ္ဓဘာသာဝင် မိန်းမ' ဖြစ်မှသာ မဟုတ် မြန်မာအမျိုးသမီး မှန်သမျှ အိမ်ထောင်ရေး ကိစ္စတွင် ဖိနှိပ်မှုများ၊ တရားမျှတခြင်း မရှိမှုများမှ အကာ အကွယ် ရရှိနိုင်ကြ လိမ့်မည်ဟု ယူဆ မိပေသည်။

တရားဝင်မယားမြောက်က လင်၏အမွေဆက်ခံခွင့်*

သိန်းဖေမြင့်

"၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင် မိန်းမများ အထူး ထိမ်းမြားမှုနှင့် **အမွေဆက်ခံမှု** အက်ဥပဒေအရ၊ ဗုဒ္ဓဘာသာဝင် မဟုတ်သော ယောကျ်ားနှင့် လင်မယား **အရာ** မြောက်စေသော ပေါင်းဖက်နေထိုင်မှုပြုသည့် ဗုဒ္ဓဘာသာဝင် မိန်းမတဦးသည် **တရားဝင်** မယားမြောက်၍ မြန်မာဓလေ့ ထုံးတမ်း ဥပဒေအရ လင့် အမွေကို ဆက်ခံခွင့် **အပြည့်** ရှိကြောင်း" နိုင်ငံတော် တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်၊ တရားသူ**ကြီး** ဦးကျော်ဇံဦးနှင့် တရားသူကြီး ဦးသက်ဖေတို့ ပါဝင်သော စုံညီခုံရုံးက ဇွန်လ ၁၅ ရက်နေ့က ဆုံးဖြတ်လိုက်တယ်ဗျ။

ဦးထင်ဝိန်ဆိုသူမြန်မာ ခရစ်ယာန်ဘယောက် ရှိခဲ့တယ်။ သူ့မှာ မိန်းမ ၂ ယောက် ရှိခဲ့တယ်။ တယောက်က မစွက်မေရီဝိန်ဖြစ်ပြီး ခရစ်ယာန် ဘာသာဝင်ဖြစ်တယ်။ ကျန် တယောက်က ဒေါ်ကြည်ကြည်ဖြစ်ပြီး ဗုဒ္ဓဘာသာဝင်ဖြစ်တယ်။ ဦးထင်ဝိန် ကွယ်လွန်ပြီး တော့ အမွေမှုဖြစ်ကြတယ်။

ဒေါ်ကြည်ကြည်က မိမိသည် ဦးထင်ဝိန်၏ တရားဝင်မယား တယောက်ဖြစ်ခဲ့ပါသောကြောင့် ဦးထင်ဝိန် ကွယ်လွန်ပြီးနောက် ကျန်ရစ်သော အမွေပုံကို ဦးထင်ဝိန်၏ ထမ မယား မစွက်မေရီဝိန်နှင့် အချိုးကျ ခွဲဝေရထိုက်ကြောင်း ရန်ကုန်မြို့ တရားမရုံးမှာ တရားစွဲဆိုခဲ့တယ်။

မစွက်မေရီဝိန်က သူမနှင့် ဦးထင်ဝိန်တို့ ခရစ်ယာန်လက်ထပ် ထိမ်းမြားခြင်း အက်ဥပဒေအရ ထိမ်းမြားခဲ့ခြင်း ဖြစ်ကြောင်း၊ ထိုဥပဒေအရ တလင် တမယားသာရှိလို့ ဒေါ်ကြည်ကြည် ကို တရားဝင် မယားအဖြစ် ထိမ်းမြားခြင်း မပြုနိုင်ကြောင်း၊ ဒေါ်ကြည်ကြည် သည် အမွေရနိုင်သော တရားဝင်မယား မဟုတ်ခဲ့ကြောင်းခုခံချေပခဲ့တယ်။

မူလရုံးက ဦးထင်ဝိန်နှင့် ဒေါ်ကြည်ကြည်တို့သည် မြန်မာ ဓလေ့ထုံးတမ်း ဥပဒေအရ လင်မယား အရာမြောက်စေမည့် ပေါင်းဖက် နေထိုင်မှုမျိုးဖြင့် နေထိုင်ခဲ့ကြောင်း ထင်ရှားကြောင်း။ ထို့ကြောင့် ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင် မိန်းမများ အထူး ထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေ ပုဒ်မ ၂၀ အရ တရားဝင် လင်မယား အရာမြောက်ခဲ့ကြောင်း။ ထို့ကြောင့် ဦးထင်ဝိန်ရေးခဲ့သော သေတမ်းစာ ပျက်ပြယ်၍

* ၁၉၇၁ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့ထုတ်ဗိုလ်တထောင်သတင်းစာ။

ငှင်းအခမ္ဘပုံကို ဒေါ်ကြည်ကြည်ပါ တရားဝင်မယား တဦး အနေဖြင့် ခွဲဝေရထိုက်ကြောင်း ဒီကရီချမှတ်ခဲ့တယ်။

မစ္စက် မေရီဝိန်က တရားရုံးချုပ် အယူခံရုံးမှာ အယူခံဘယ်။ တရားသူကြီး တဦးတည်း ထိုင်တဲ့ အယူခံရုံးက ဒေါ်ကြည်ကြည်ဟာ တရားဝင် မယားငယ်ဖြစ်တယ် ဆိုပြီး မယားကြီး မစ္စက် မေရီဝိန်က အမွေရဲ့ ၅ ပုံ ၃ ပုံကိုရစေ၊ ဒေါ်ကြည်ကြည်က မယားငယ်အဖြစ်ဖြင့် ၅ ပုံ ၂ ပုံကို ရစေလို့ စီရင် ဆုံးဖြတ်လိုက်တယ်။

သည့်ခါတော့ ဒေါ်ကြည်ကြည်က မယားငယ် ဆိုသည်ကို မကျေနပ်၊ မစ္စက် မေရီဝိန်က အခမွှ ခွဲပေးရသည်ကိုပင် (၅ ပုံ ၂ ပုံ ပေးရသည်ကိုပင်) မကျေနပ်ဖြစ်ကြကာ အခွင့်ထူး တောင်းပြီး အယူခံကြတယ်။ ဒီခါတော့ တရားရုံးချုပ်မှာစုံညီ ခုံရုံးထိုင်ပြီး ကြားနာ စစ်ဆေး ဆုံးဖြတ်ကြရတယ်။ စုံညီခုံရုံးရဲ့ ဆုံးဖြတ်ချက်ဟာ မူလရုံးရဲ့ ဆုံးဖြတ်ချက်အတိုင်းပါဘဲ။ ဒေါ်ကြည်ကြည်ဟာ မစ္စက် မေရီဝိန်နှင့်အတူ အညီအမျှ အမွေဆက်ခံရလိမ့်မယ်။

တရားရုံးချုပ်၏အရေးကြီးလှသောကောက်ချက်နှင့်မှတ်ချက်များ

ဒီအမှုမှာတရားသူကြီးချုပ်ဒေါက်တာ မောင်မောင်ခေါင်းဆောင်တဲ့ တရားရုံးချုပ်စုံညီခုံရုံးဟာအထူး အရေးကြီးတဲ့ ကောက်ချက်နှင့် မှတ်ချက်များကို ပြုလုပ်ခဲ့တယ်။

၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင် မိန်းမများ အထူး ထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေရဲ့ ရည်ရွယ်ချက်ကို မီးမောင်းထိုးပြလိုက်တယ်၊ စေတနာကို အတည်ပြုထောက်ခံလိုက်တယ်။

အစဉ်အလာအရ၊ ဗုဒ္ဓဘာသာ မြန်မာ အမျိုးသမီးများဟာ ဥပဒေအရ မြင့်မားသော အခွင့် အရေးများရခဲ့တယ်၊ ဒီနေရာမှာ အခြားနိုင်ငံ အမျိုးသမီးများထက် မြန်မာအမျိုးသမီးများက သာခဲ့တယ်။ သို့သော် ဗြိတိသျှ နယ်ချဲ့ အစိုးရအောက် ရောက်သွားတဲ့အခါမှာ နိုင်ငံခြားသား ဘာသာ အယူဝါဒခြားများနှင့် အိမ်ထောင်ကျသွားသော မြန်မာ ဗုဒ္ဓဘာသာ အမျိုးသမီးများဟာ မူလ အခွင့်အရေးများ ဆုံးရှုံးကုန်ကြတယ်။ တရားမဝင် မယားတွေ ဖြစ်ကုန်ကြတယ်။ "မယားငယ်၊ တော်ပြောင်၊ ကျွန်မ" တွေသာ ဖြစ်ကုန်ကြတယ်၊ ဗုဒ္ဓဘာသာ မြန်မာ အမျိုးသမီးများကို ဒီအဖြစ်မှ ကယ်တင်ရန် ကိုလိုနီဘဝတုန်းကလဲ ကြိုးပမ်းခဲ့ကြတယ်၊ လွတ်လပ်ရေးရပြီးတော့လဲ ကြိုးပမ်းခဲ့ကြတယ်၊ ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင် မိန်းမများ အထူး ထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေဟာ ထိုသို့သော အားထုတ်မှုများရဲ့ရလာဒ်ဖြစ်တယ်။ ဒီအက်ဥပဒေကို သိကျွမ်းခြင်း၊ သုံးစွဲခြင်း၊ ဒီဥပဒေနှင့် ပတ်သက်ပြီး စီရင်ထုံးပြုထားခြင်း နည်းပါးသေးတယ်၊ ဒါကြောင့် စုံညီခုံရုံးက အခုလို မီးမောင်းထိုးတင်ပြပေးလိုက်ခြင်းဖြစ်တယ်။

စုံညီခုံရုံးက မယားငယ် ကိစ္စ၊ ဓမ္မသတ် ကိစ္စ၊ ဗုဒ္ဓဘာသာ ဥပဒေ ကိစ္စ၊ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေ ကိစ္စ စသည်များကို ရှင်းလင်းပြီး မှတ်ချက်များ ပြုလိုက်တယ်။

ဒီကိစ္စတွေဟာ တော်တော် ရောထွေးနေတယ်ဗျ။

အထူးသဖြင့် ဗုဒ္ဓဘာသာ ဥပဒေ ဓမ္မသတ်နှင့် မြန်မာ ဓလေ့ ထုံးတမ်း ဥပဒေများဟာ ရောထွေးနေတယ်။ ဗုဒ္ဓဘာသာက အဓိကအားဖြင့် လောကုတ္တရာရေး၊ လက်ထပ် ထိမ်းမြားခြင်း၊ အမွေ ဆက်ခံခြင်း စသည်တို့က လောကီရေးသက်သက်ဖြစ်တယ်။ ဓမ္မသတ် ဆိုတာက ဟိန္ဒူ ဘာသာ၊ ဗုဒ္ဓဘာသာ သွန်သင် ဟောပြောချက်များမှ ဆင်းသက်လာခဲ့တယ်။ မြန်မာ့ ဓလေ့ ထုံးတမ်း ဥပဒေက အားလုံးကုန်ခြုံနေတယ်။ လောကီ လောကုတ် ရှေးမြန်မာ့ လူ့ဘောင် လူမှုရေး၊ စီးပွါးရေး ဓလေ့ထုံးတမ်းများ အကျုံးဝင်နေတယ်။

နောက်ပြီးတော့ ဗုဒ္ဓဘာသာ ဥပဒေ၊ ခရစ်ယာန် ဥပဒေ၊ မဟာ မေဒင် ဥပဒေ စသည်များကို ဘာသာရေး၊ ကိုယ်ရေး ဥပဒေရယ်လို့ သတ်မှတ်ပြီး နိုင်ငံတော်က အာဏာမပိုင်တဲ့ သီးခြားကိစ္စတွေလို လုပ်ထားပြန်တယ်။

ဒေါက်တာ မောင်မောင် ခေါင်းဆောင်တဲ့ စုံညီခုံရုံးက ဒီကိစ္စတွေကို ရှင်းပစ်ဘို့ ကောင်းကြောင်း မှတ်ချက် ချထားတယ်။ ဘာသာရေးနှင့် နိုင်ငံရေး ကတ္တားခြားထားဘို့လိုတယ်။ ထိမ်းမြား လက်ထပ်ခြင်း၊ အမွေဆက်ခံခြင်း စတဲ့ လောကီရေးတွေဟာ နိုင်ငံသားတိုင်းနှင့် တူညီ သက်ဆိုင်တဲ့ ကိစ္စတွေ ဖြစ်တယ်။ နိုင်ငံတော်က၊ ထိုတူညီသက်ဆိုင်သော ကိစ္စများမှာ တူညီစွာ ကိုင်တွယ် ဖြေရှင်း ပေးနိုင်ရမယ်၊ နိုင်ငံတော်က ဒီကိစ္စတွေဟာ ကိုယ်ရေး ကိစ္စတွေဆိုပြီး လွှတ်ထားကာ အာဏာမပိုင်သလို လုပ်လို့ မဖြစ်ဘူး။ ခရစ်ယာန်ဖြစ်ဖြစ်၊အစ္စလမ်ဘာသာဖြစ်ဖြစ်၊ ဗုဒ္ဓဘာသာဖြစ်ဖြစ်၊ အခြား ဘာသာဝင်ဖြစ်ဖြစ် မြန်မာ နိုင်ငံသားဖြစ်ရင် မြန်မာနိုင်ငံတော်က ပြဋ္ဌာန်းထားတဲ့ တမျိုးတည်းသော လက်ထပ်ထိမ်းမြားမှု ဥပဒေ၊ တမျိုးတည်းသော အမွေဆက်ခံမှု ဥပဒေ စသည်တို့ရဲ့ အာဏာစက်အောက်မှာရှိရမယ်။ လက်ထပ်ထိမ်းမြားတယ်ဆိုရင်နိုင်ငံတော် က ပြဋ္ဌာန်းထားတဲ့ တရား ဥပဒေအရ ထိမ်းမြားခြင်းဖြင့်သာ တရားဝင်လင်မယား ဖြစ်ရမယ်။ ပြီးတော့မှ ကိုယ့်ဘာသာကိုယ် ကိုးကွယ်မှုအရ ကိုယ်ကြိုက်သလို အပိုဆောင်း လုပ်ပိုင်ခွင့် ရှိနိုင်တယ်။

ပြီးတော့ မြန်မာ့ ဓလေ့ ထုံးတမ်း ဥပဒေဆိုတာ ရှေးအတိ အတေ မင်းနေပြည်တော် ခေတ်များမှ ဆင်းသက်ခဲ့တာမို့ ခုခေတ် ခုအခါနှင့် မဆီလျော်သော အချက်များ ပါနေတယ်။ ဒါတွေကိုလဲ ရွေးချယ်ဖယ်ထုတ်ပြီး သင့်လျော်သော ဓလေ့ထုံးတမ်းများကို ချန်လှပ်၊ ခေတ်နှင့်အညီ လိုအပ်သော၊ တိုးတက်သော ဓလေ့ထုံးတမ်းသစ်များကို ဖြည့်စွက်ပြီး ပြန်လည် ပြုစုရန် လိုပါတယ်။]

"အိမ်ထောင်ရေး ကိစ္စသည် အဓိကအားဖြင့် လူမှုရေး ကိစ္စဖြစ်သဖြင့် နိုင်ငံ၏ လူအများ လက်ခံကျင့်သုံးသော အိမ်ထောင်ရေး ဓလေ့ထုံးတမ်းတို့ကို နိုင်ငံတွင် အိုးအိမ်စိုက်ထူနေသူ အများနှင့် သက်ဆိုင်သော ဥပဒေအာဏာ သက်ဝင်စေအောင် လိုအပ်သော ဥပဒေများ ပြုစု ပြဋ္ဌာန်းပေးရန် သင့် မသင့်ကို ဥပဒေပြု အာဏာပိုင်တို့က လေးလေးနက်နက် စဉ်းစားသင့်သည်။ အိမ်ထောင်ရေးနှင့် ဘာသာရေး ရောနှော ရှုပ်ထွေးခြင်း၊ ကိုယ်ရေးဘာသာ၊ ကိုယ်ရေး ဥပဒေ စသည်တို့သည် ခေတ်နှင့် မလျော် ပြီ" လို့ စုံညီခုံရုံးက မှတ်ချက် ချလိုက်ကြောင်းပါဗျာ။

မယားကြီး၊ မယားငယ်

ခင်အောင်တင့်

ဘာသာခြားနှင့် ထိမ်းမြားသည့် မြန်မာ ဗုဒ္ဓဘာသာ အမျိုးသမီး တဦး၏ အမွေမှု စီရင်ထုံးကို အကြောင်းပြု၍ မယားကြီး မယားငယ် ပြဿနာသည် ရေပန်း စားလာသည်။ ထိုစီရင်ထုံးကို သတင်းစာတိုင်းက ဖော်ပြကြသည်။ ပင်တိုင် ဆောင်း ပါးရှင်များက ထောက်ခံ ရေးသားကြသည်။ ကာတွန်း ဆရာများကပင် ကာတွန်း ရုပ်ဖြင့် သရုပ်ဖော်ကြသည်။

ထိုရေးသား ဖော်ပြချက်ကို သတင်းစာဖတ် ယောကျ်ား ပရိသတ် အချို့က မယားနိုင်ဆေးဟု သဘော ထားကာ အူမြူးနေကြသည်။ စာရေးသူ၏ မိတ်ဆွေ တဦးဆိုလျှင် သူ့မယားအား သတင်းစာ ဖတ်ပြပြီး သူ့ကို ယုယုယယ ပြုစုရမည်။ မပြုစုက နောက် မယား ယူမည်။ နောက် ယူသည့် တရားဝင် မယားသည် မယားငယ် မဟုတ်။ ပထမ မယားနှင့် မခြား အမွေဆက်ခံခွင့် ရှိသည့် ဒုတိယ မယားသာ ဖြစ် သဖြင့် နောက် မယားရရန် လွယ်ကူမည် ဖြစ်ကြောင်း မထိ တထိ ကလိသည်။

သတင်းစာဖတ် အမျိုးသမီး ပရိသတ်တွင်မူ ဘဝင် မကျသူ အချို့ရှိနေသည်။ မယားကြီး မယားငယ် ပြဿနာ ရင်ဆိုင်နေရသည့် တောင်နန်းစံ တဦးက သူတပါး လင်အား သိလျက်နှင့် ဖြစ်စေ၊ မသိဘဲနှင့် ဖြစ်စေ၊ လက်ခံ ပေါင်းသင်းနေသူကို မယားငယ်ဟု မခေါ်ရလျှင် လင်ခိုးမဟု ရိုင်းရိုင်း ခေါ်ချင်ကြောင်း၊ နောက်ယူမည့် မယားသည်၊ မယားငယ် မဟုတ်လျှင်၊ မယားငယ်သည် မည်သူ ဖြစ်ကြောင်း လူထု ခအော်သံမှ မေးမြန်းသည်အထိ မချိ ဖြစ်ရှာသည်။

စားရေးသူနာယူ မှတ်သား ထားသည်မှာ မြန်မာ့ဓလေ့ ထုံးတမ်း ဥပဒေအရ၊ မယား အမျိုးအစားသည်၊ အခြေခံ အားဖြင့် တရားဝင် မယားနှင့် တရားမဝင် မယား နှစ်စား ရှိသည်၊ မြန်မာ့ ဓလေ့ ထုံးတမ်းနှင့် အညီ ထိမ်းမြားထားသည့် မယား သည်၊ တရားဝင် မယားဖြစ်သည်။ မြန်မာ့ ဓလေ့ ထုံးတမ်း အရ၊ ထိမ်းမြားမှုမြောက် ရန် ထိမ်းမြားသည့် အမျိုးသားနှင့် အမျိုးသမီးသည် သတ်မှတ် ထားသော အသက် အရွယ် ရှိရမည်။ လိုအပ်က မိဘ အုပ်ထိန်းသူ သဘော တူညီရမည်။ လင်မယားဘဝ ယူရန် လွတ်လပ်သည့် ဆန္ဒရှိရမည်၊ လူ့အသိုင်း အဝိုင်းက လက် မခံ နိုင်လောက် သည့် သွေးသား တော်စပ်မှု မရှိရ၊ အမျိုးသမီးတွင် တည်မြဲနေသည့် တရားဝင် လင် ရှိ၍ ထိမ်းမြားပြီးနောက် ပေါင်းသင်း စပ်ယှက်မှု ရှိရမည်။ ထို အချင်း အင်္ဂါနှင့်

၁၉၇၁ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာ။

ပြည့်စုံပြီး လင်မယား အဖြစ် လူသိ ရှင်ကြား ပေါင်းသင်းနေထိုင်လျှင် မြန်မာ့ ဓလေ့ ထုံးတမ်းအရ၊ ထိမ်းမြားခြင်း မြောက်သည်။

ထိုသို့ ထိမ်းမြားထားသည့် တရားဝင် မယားသည် တဦးတည်း ရှိလျှင် မယားကြီး ဖြစ်သည်။ တဦးထက် ပို၍၊ အပြိုင် ရှိနေလျှင် ဦးစွာ ရသည့် မယားသည် မယား ကြီး ဖြစ်သည်။ သို့သော် နောက်ကျ ရသည့် မယားကို မယားငယ်ဟု ပုံသေ မယူရ၊ နောက်ကျရသည့် မယားသည် ဦးစွာ ရသည့် မယားနှင့် တန်းတူ ရည်တူ ဆက်ဆံ ပေါင်းသင်း နေထိုင်ခွင့် ရလျှင်၊ နောက်ကျရသည့် မယားကိုလည်း မယာ ကြီးဟု မှတ်ယူရသည်။ ထိုကြောင့် တရားဝင် မယားများ ပြိုင်၍ ရှိနေလျှင် နောက် ကျ ရသည့် မယားသည်၊ မယားကြီးဖြစ်ခွင့် ရှိ မရှိ စိစစ်ရမည်။ နောက်ကျရသည့် မယားသည် မယားကြီး ဖြစ်ခွင့် ရှိက ဦးစွာ ရသည့် မယားကို ပထမ မယား နောက်ကျရသည့် မယားကို ဒုတိယ မယားဟု ခေါ် ဆိုရမည်။ သူတို့သည် မယားပြိုင် များ ဖြစ်ကြသည်။ နောက်ကျရသည့် မယားသည် မယားကြီး ဖြစ်ခွင့် မရှိမှ မယာ ငယ်ဟု ခေါ် ဆိုရမည်။ မယားငယ် ဖြစ်လျှင် မယားပြိုင်ဟု မသုံးရပေ။

မယား အမျိုးအစား အလိုက် အမွေ ဆက်ခံခွင့် ခြားနားချက် ရှိသည်။ တရားမဝင် မယား ဖြစ်က အမွေ ဆက်ခံခွင့် လုံးဝ မရှိ၊ တရားဝင် မယား ဖြစ်သော်လည်း မယာ ငယ် ဖြစ်က လင်နှင့် အတူမနေရလျှင် အမွေ ဆက်ခံခွင့် မရှိ။ လင် အသက်ရှင်စဉ်က ပေးကမ်းသမျှနှင့် ရောင့်ရဲရသည်။ လင်နှင့် အတူ နေရလျှင် အမွေ ဆက်ခံခွင့် ရှိသည်၊ သို့သော် အမွေ ဝေစု မယားကြီးနှင့် တန်းတူ မရ၊ လျော့နည်းရသည်။ မယားကြီ ဖြစ်က လင်နှင့် အတူ နေသည် ဖြစ်စေ၊ မနေသည် ဖြစ်စေ အမွေ ဆက်ခံခွင့် ရှိသည်၊ မယားကြီး တဦးတည်း ရှိက၊ အားလုံးရသည်။ မယား ပြိုင်များ ရှိက တန်းတူ ခွဲဝေ ယူရသည်။

ဤသည်ကား ယခင်က နာယူ မှတ်သား ထားသည့် မယားကြီး မယားငယ် ခြားနားချက် ဖြစ်သည်။ ထို သတ်မှတ်ချက် အရ၊ တရားဝင် မယားသည်လည် မယားငယ် ဘဝ ရောက် ရှိနိုင်သည်။ သို့သော် အထက်ပါ စီရင် ထုံးကို သတင်းစ များက ဖေါ်ပြ ရာ၌၊ တရားဝင် မယားသည် မယားငယ်မဟုတ်၊ ဒုတိယ မယားသ ဖြစ်သည်ဟု ကောက်ချက်ချ ထားသည်။

ထိုကောက်ချက် အရ၊ ယခင် မှတ်သားချက်များကို ပြင်ဆင် မှတ် သားရမည် ရှေ့အဖို့ မြန်မာ့ ဓလေ့ ထုံးတမ်း ဥပဒေအရ၊ မယား အမျိုးအစားသည် တရားဝ မယားနှင့် တရားမဝင်မယား နှစ်စားသာရှိမည်။ တရားဝင် မယားဖြစ်က တန်းဝ ရည်တူဆက်ဆံပေါင်းသင်းခြင်း ရှိ၊ မရှိကိုအခြေပြု၍၊ မယားကြီးမယားငယ်ခွဲခြားဖို့ ထိုသို့ခွဲခြားခြင်းသည် ပြောင်းလဲ တိုးတက်လာသည့် ခေတ်နှင့် မလျော်ညီ၊ ထိုကြော

မယားကြီး မယားငယ် ခွဲခြားခြင်းသည် မြန်မာ ဗုဒ္ဓဘာသာတို့ မသုံးတော့သည့် ဓလေ့ ထုံးဟောင်းတရပ်ဖြစ်ခဲ့ပြီဟု နာယူမှတ်သားရပေမည်။

စင်စစ် မယားကြီး မယားငယ် ပြဿနာ ပေါ်ပေါက် ရခြင်းသည် တရားဝင် မယားရှိသည့် အမျိုးသားအား နောက် မယားယူခွင့် ပြုထား၍ ဖြစ်သည်။ မည်သည့် ဘာသာဝင် မဆို တည်မြဲနေသည့် တရားဝင် မယား ရှိက နောက် မယား ယူခွင့် မပြုလျှင် မယားကြီး မယားငယ် ပြဿနာသည် ကွယ်ပျောက် မည်မှာ မုချသာတည်း။

ဗဟ၊/၄၅၂၁/၄ (၁)/၂၂,၁၄/၇၂/၉။

စီရင်ထုံးပြုသောမှုခင်းများ

LIST OF CASES REPORTED

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့
(အထူးရာဇဝတ်ရုံး အယူခံဘက်ဆိုင်ရာ)
နိုင်ငံတော်တရားရုံးချုပ်

SPECIAL CRIMINAL COURTS' APPEAL COURT (SPECIAL CRIMINAL COURTS APPELLATE JURISDICTION) SUPREME COURT OF THE UNION

	စာမျက်နှာ
စောလှင်၊ မောင် (ခေါ်) မောင်လှသိန်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ - ဦ....	၁

ညွှန်းချက်

INDEX

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့
(အထူးရာဇဝတ်ရုံး အယူခံဘက်ဆိုင်ရာ)
နိုင်ငံတော်တရားရုံးချုပ်

SPECIAL CRIMINAL COURTS' APPEAL COURT (SPECIAL CRIMINAL COURTS APPELLATE JURISDICTION) SUPREME COURT OF THE UNION

စာမျက်နှာ

အက်ဥပဒေများ။

ရာဇသတ်ကြီး။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ ပထမအကြိမ် ညီလာခံ အထိမ်းအမှတ်အဖြစ်ရာဇဝတ် ပြစ်ဒဏ်များကို လျှော့ပေါ့ပေးသော ကြေညာချက် အမှတ် ၈၇— ယင်းကြေညာချက်သည် ခံဝန်ချုပ်ဖြင့် အလွတ်နေထိုင်သည့် ကာလနှင့် အကျုံးဝင် မဝင်။ ။ ဆုံးဖြတ်ချက်။ ။ခံဝန်ချုပ်ဖြင့် လွှတ်ထားခြင်းသည်၊ ထောင်ဒဏ်ကိုပယ်ဖျက်ခြင်းမဟုတ်၊၊ ခံဝန်ချုပ်ပါ စည်းကမ်းချက် များဖြင့် အပြင်တွင် နေခွင့်ပြုထားခြင်းသာ ဖြစ်သည်။ ပြစ်ဒဏ်ကို ကျခံရ ခြင်းမှ ဆိုင်းငံ့ ထားခြင်းလည်း မဟုတ်။ ခံဝန်ချုပ်ဖြင့် နေခွင့် ပြုလိုက်သူ တဦးသည် အစိုးရ က၊ အကျဉ်းစခန်း၌ ကြပ်မတ်ထိန်းသိမ်း ခြင်းကို မခံရစေကာမူ၊ မိမိကိုယ်ကို မိမိ၊ ကောင်းစွာ နေထိုင်ရန် စောင့်ထိန်းနေရသည်။ ခံဝန်ချုပ်ပါစည်းကမ်း ချက်များကို လိုက်နာနေရသည်။ ခံဝန်ချုပ်ကို အာမခံ ပြုကြရသော အခြား သူများ ရှိလျှင်လည်း၊ ယင်းတို့ကပါ ဝိုင်းဝန်း၍ ခံဝန်ချုပ်ဖြင့် နေသူကို ကူညီ စောင့်ထိန်းရန်၊ စည်းကမ်းချက်များကို လိုက်နာကြောင်း စောင့်ကြည့်ရန် တာဝန်ရှိသည်။ ခံဝန်ချုပ်နှင့် နေရသူတဦးသည် လုံးဝ လွတ်လပ်သူ မဟုတ်သေး၊ ပြစ်ဒဏ်ကို တနည်းတဖုံအားဖြင့် ခံစားနေရသူသာ ဖြစ်သည်။ ဥပမာအားဖြင့်၊ ဤအမှုတွင် ကျွန်ုပ်တို့က မောင်ခစာလှင်အား ခံဝန်ချုပ်နှင့် နေခွင့် ပြုစေရာ၌၊ မိမိ၏ အမြဲတန်း နေရမည့် နေရပ်ကိုခံဝန်ချုပ်၌ **ဖော်ပြ** ပြီးလျှင်၊ နေရပ်တွင် ရှိသော အနီးဆုံးပြည်သူ့ရဲစခန်းသို့ တလတကြိမ် **သွားရောက်** သတင်းပို့ရမည် စသော စည်းကမ်းချက် များကို သတ်မှတ်ခဲ့သည်။

စာမျက်နှာ

ယင်းသို့ မှန်မှန်သဘင်းဘို့ကြောင်းကိုလည်း သက်ဆိုင်ရာ တို့က ဤမှုံးသို့အစီရင်ခံရမည်ဟုကျွန်ုပ်တို့က ညွှန် ကြားခဲ့သည် ။ ။ထို့ကြောင့်၊ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ၏ ကြေညာ ချက်သည် မောင်စောလှိုင် ကဲ့သို့ ခံဝန်ချုပ်ဖြင့် ပြစ်ဒဏ်ကာလ အတွင်း အပြင်၌ သဘ်မှတ်ထားသော စည်းကမ်း ချက်များ နှင့်အညီ နေထိုင်သူများနှင့်လည်း သက်ဆိုင်သည်၊ ၎င်းတို့သည်လည်း ကြေညာချက်၏ အကျိုးခံစားခွင့်ရှိသည်ဟုဆုံးဖြတ်လိုက်သည်။

မောင်စောလှိုင် (ခေါ်) မောင်လှသိန်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ .... ၁—၄

စီရင်ထုံးပြုသောမှုခင်းများ

LIST OF CASES REPORTED

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့
(အထူးရာဇဝတ်ရုံး အယူခံဘက်ဆိုင်ရာ)
နိုင်ငံတော်တရားရုံးချုပ်

SPECIAL CRIMINAL COURTS' APPEAL COURT (SPECIAL CRIMINAL COURTS APPELLATE JURISDICTION) SUPREME COURT OF THE UNION

မရှိ

စီရင်ထုံးပြုသောမှုခင်းများ

LIST OF CASES REPORTED

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်မှုများ

SUPREME COURT OF THE UNION

CRIMINAL CASES

			စာမျက်နှာ
ဂကောင်း၊ မောင်၊ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ	....	....	၁
စိန်၊ မ၊ နှင့် ဦးခိုင်သန်း	....	....	၉
စိုးသိန်း၊ မောင်၊ ပါ ၅ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ	....	....	၁၅
ဝင်းမောင်၊ ဦး၊ နှင့် { ပြည်ထောင်စုမြန်မာနိုင်ငံ ၁။ ကိုလှမောင် ၂။ မအုံးကြည် }	....	....	၂၀
သန်းထွန်း၊ မောင်၊ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (မခင်နှင်းရီ)		....	၂၄

ကိုးကားသောမှုခင်းများ

LIST OF CASES CITED

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်မှုများ

SUPREME COURT OF THE UNION

CRIMINAL CASES

စာမျက်နှာ

Puwa Lingan v. Chinnathan bi, ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံးများစာ ၄၇ ကိုသဘောတူသည် ၁၉

ပြည်ထောင်စု နှင့် ကိုကျင်ငှက်၊ ၁၉၆၇၊ မြန်မာနိုင်ငံ စီရင်ထုံး စာ၊ ၄၆ ကို သဘောတူသည် ၂၅

ညွှန်းချက်

INDEX

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်မှုများ

CRIMINAL CASES

SUPREME COURT OF THE UNION

စာမျက်နှာ

အက်ဥပဒေများ—

ရာဇဝတ်ကျင့်ထုံး

ရာဇသတ်ကြီး

စီရင်ချက်တွင် ပါသည့်မှတ်ချက် —မည်သည့်အခါတွင် တရားရုံးချုပ်က ၎င်း၏ပင်ကိုယ် စီရင်ပိုင်ခွင့် အာဏာအရ ဝင်ရောက် စွက်ဖက် ဖျက်သိမ်းပေးခြင်း။ ။ဆုံးဖြတ်ချက်။ ။ရာဇဝတ်တရားသူကြီး တဦး၏ စီရင်ချက်တွင် ပါရှိသည့် မှတ်ချက်ကို တရားရုံးချုပ်က အထူးလိုအပ်သည့် ကိစ္စများ၌သာ ဖျက်သိမ်းပေးသည်။ သို့သော် စီရင်ချက်နှင့် အဆိုပါ မှတ်ချက်သည် သက်ဆိုင်မှုမရှိသည့် အခါတွင်သော်၎င်း၊ သူတပါးအား စွပ်စွဲချက်များပါသည့် အခါတွင် သော်၎င်း၊ စီရင်ချက်မှ ယင်းမှတ်ချက်များကို ဖယ်ထုတ်၍ ရသည့်အခါတွင်သော်၎င်း၊ တရားရုံးချုပ်က ယင်းမှတ်ချက်များကို ဖျက်သိမ်းရန် ဝင်ရောက်စွက်ဖက်နိုင်သည်။ တရားရုံးတရုံးသည် အမှုသည်များကို သော်၎င်း၊ အခြားသူများကို သော်၎င်း စာရိတ္တကိုဖြစ်စေ၊ သိက္ခာကိုဖြစ်စေ၊ အပြုအမူကိုဖြစ်စေ ထိခိုက်သည့်မှတ်ချက်များကို တရားမျှတမှုအတွက် လိုအပ်ပါက မှတ်ချက် ပြုနိုင်ခွင့်ရှိသည်။ သို့ရာတွင်သုံးစွဲသည့်စကားလုံးများကိုရွေးချယ်ပြီးသတိပြုသုံးစွဲသင့်သည်။သက်သေခံချက်များကအထောက်အကူမပြုသည့်ပြင်းထန်သည့်မှတ်ချက်များသုံးစွဲခြင်းကိုရှောင်ရှားသင့်သည်။ တရားစီရင်ရေးတွင်အထောက်အကူမပြုသည့် မသက်ဆိုင်သည့် မလိုအပ်သည့် တပါးသူအားထိခိုက်စေမည့် မှတ်ချက်များ သုံးနှုံး ထားသည်ကို တွေ့ပါက တရားရုံးချုပ်သည် ၎င်း၏ ပင်ကိုယ် စီရင်ပိုင်ခွင့်အာဏာအရ ဝင်ရောက်စွက်ဖက်၍ အဆိုပါမှတ်ချက်မျိုးကို ဖယ်ရှားဖျက်သိမ်းရန် အာဏာအပြည့်အဝရှိသည်။

ဦးဝင်းမောင် နှင့် { ပြည်ထောင်စုမြန်မာနိုင်ငံ
၁။ ကိုလှမောင်
၂။ မအုံးကြည် } ၂၀

ဓလေ့ထုံးတမ်းများ—ရိုးရာ အယူအဆအစွဲအလမ်းများနှင့် ဆက်စပ်လျက်ရှိခြင်း— ဥပဒေတခု အကောင်အထည် ပေါ်ရာတွင် ပညာပေးလုပ်ငန်းသည် အရေးကြီးလှ၍ ပညာပေးရာတွင် မည်မျှအထိ လက်ခံလာပြီကို မျက်ခြေမပြတ် သတိမူသင့်ခြင်း —တရားစီရင်ရာတွင် ဥပဒေ၏ ရည်ရွယ်ချက်အပြင် ဒေသအလိုက် ဓလေ့ထုံးတမ်းများကို ထည့်သွင်းစဉ်းစား ဆုံးဖြတ်မှုမျှတသည့် ဆုံးဖြတ်ချက်ဖြစ်နိုင်ခြင်း။ ။ဆုံးဖြတ်ချက်။ ။ဓလေ့ ထုံးတမ်းများသည် ဒေသအလိုက် ယဉ်ကျေးမှုအလိုက် ရိုးရာ အယူအဆအစွဲအလမ်းများနှင့် ဆက်စပ်လျက် ရှိကြပေသည်။ ဥပဒေတခုကို အကောင်အထည် ဖေါ်ရာတွင်လည်း ပညာပေး လုပ်ငန်းသည် အလွန်အရေးကြီးလှ၍ ပညာပေးရာတွင် မည်မျှအထိ လက်ခံလာပြီဖြစ်သည်ကို မျက်ခြေမပြတ် သတိမူသင့်ပေသည်၊ တရားစီရင်ရာတွင် ဥပဒေ။ ရည်ရွယ်ချက်အပြင် ဒေသအလိုက် ဓလေ့ထုံးတမ်းများကို ဂရုမူ၍ ထည့်သွင်းစဉ်းစားဆုံးဖြတ်မှသာလျှင်မျှတသည့် စီရင်ဆုံးဖြတ်ချက်ဖြစ်ပေလိမ့်မည်။

မောင်ဂေကင်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ....

မယားစရိတ်—ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၈၈ (၃) ၏ ဒုတိယခြွင်းချက်ကို အဓိပ္ပါယ်ကောက်ယူခြင်း—ယင်းပုဒ်မ ၄၈၈ (၃) အရတောင်းသောမယားစရိတ်အကြွေးများသည် မည်သည့်နေ့၌ ပေးရန်အချိန်ကျရောက်ခြင်း။ ။ဆုံးဖြတ်ချက်။ ။ အမှုတမှုကို မူလရုံး၌ ပထမတရားဆိုင်ကြရသည်။ မူလရုံးက အမိန့်ချမှတ်လိုက်သည့်အခါ၊ ထိုအမှုတွင် ၎င်းမူလရုံးကချမှတ်သော အမိန့်သည် ၎င်း အမှု၏အမိန့်ဖြစ်ပြီးလျှင် ထိုအမိန့်အရ အမှုသည်များ ရပိုင်ခွင့်နှင့် တာဝန်များဖြစ်ပေါ်လာ၏။ အကယ်၍ မူလရုံးကချမှတ်သော အမိန့်ကို အယူခံဝင်လျှင် ထိုအမှုသည် ပြီးပြတ်ခြင်းမရှိ ဆုံးခမ်းတိုင် မရောက်ဘဲ အမှုသည်များ အယူခံရုံးတွင် ဆက်လက်ပြီး တရားဆိုင်ရပြန်သည်။အယူခံရုံးကအယူခံလျှောက်လွှာပေါ်တွင် ချမှတ်သော အမိန့်သည်သာလျှင် အမှု၏ အမိန့်ဖြစ်လာ၏။ ထိုအယူခံရုံးအမိန့်အရ အမှုသည်များရပိုင်ခွင့်နှင့် တာဝန်များ ဖြစ်ပေါ်လာ၏။ မူလရုံး၏ အမိန့်သည် အယူခံရုံး၏ အမိန့်နှင့်ရောပြွန်းသွား၏။ အကယ်၍ ထိုအယူခံ အမိန့်ကိုမကျေနပ်၍ ပြင်ဆင်မှု လျှောက်ထားလျှင်၊ ပြင်ဆင်ရန် လျှောက်လွှာ ပေါ်တွင် ချမှတ်သောအမိန့်သည်သာလျှင် အမှု၏ အမိန့်ဖြစ်လာ၏။ ထိုပြင်ဆင်ရန် လျှောက်လွှာပေါ်တွင် ချမှတ်သော အမိန့်အရ အမှုသည်များရပိုင်ခွင့်နှင့် တာဝန်များ ဖြစ်ပေါ်လာ၏။ မူလရုံးနှင့် အယူခံရုံးတို့၏ အမိန့်များသည် ပြင်ဆင်မှု လျှောက်လွှာပေါ်တွင် အပြီးပြတ် အမိန့်ချမှတ်သော ရုံး၏အမိန့်နှင့် ရောပြွန်းသွား၏။ ထို့ကြောင့် မယားစရိတ် အမှုတခုတွင်မူ ရာဇဝတ်တရားသူကြီး၏ အမိန့်မှ အယူခံဝင်ပြီးနောက် တရားရုံးချုပ်သို့ ပြင်ဆင်ရန် လျှောက်ထားလျှင် တရားရုံးချုပ်က အမိန့်ချသည့်အခါ တရားရုံးချုပ်၏ အမိန့်သည်သာလျှင် ထိုမယားစရိတ် အမှု၏ အမိန့်ဖြစ်သဖြင့် ထိုတရားရုံးချုပ်က အမိန့်ချမှတ်သည့် အချိန်သည် မယားစရိတ်ပေးရန် ကျရောက်သောအချိန်ဖြစ်၏။

မစိန် နှင့် ဦးခိုင်သန်း ....

လိမ်လည်မှုသည် ပစ္စည်းနှင့် ပတ်သက်သော ကိစ္စကိုသာလျှင် အကျုံးဝင် မဝင်—ရာဇသတ်ကြီး ပုဒ်မ ၄၁၅ ၏ ဒုတိယပိုင်းနှင့်အကျုံးဝင်ရန်လိုအပ်သည့်အင်္ဂါရပ်များ—

စာမျက်နှာ

ဥပဒေခေါင်းစဉ်းသည် ထိုဥပဒေ၏ စကားရပ်များကို မလွှမ်းမိုးနိုင်ခြင်း—လက်ထပ်ယူပါမည်ဟု အမျိုးသားက အမျိုးသမီးအား အယုံသွင်းပြီး ကာမရယူပြီးနောက် လက်ထပ်ရန် ငြင်းဆိုခြင်း—ရာဇသတ်ကြီးပုဒ်မ ၄၁၇ အရ လိမ်လည်မှုမြောက်မမြောက်။ ။ပြည်ထောင်စု နှင့် ကိုကျင်ဝှက်၊ ၁၉၆၇ ခု၊ မြန်မာနိုင်ငံ စီရင်ထုံး၊ ၄၆ အယူခံစီရင်ထုံး၌ အမျိုးသားက အမျိုးသမီးကို လက်ထပ်ပါမည်ဟု အယုံသွင်းပြီး ကာမရယူသဖြင့်၊ အမျိုးသမီး၌ ကိုယ်ဝန်ရှိလာသောအခါ လက်ထပ်ရန်ငြင်းဆိုခြင်းသည်၊ ရာဇသတ်ပုဒ်မ ၄၁၅ ၏ ဒုတိယပိုင်းအရ လိမ်လည်မှုမြောက်နိုင်သည်ဟု ယူဆခဲ့သည်။ သို့ရာတွင် **မောင်ကြည်ဝင်း** နှင့် ပြည်ထောင်စု၊ တရားရုံးချုပ် (မန္တလေးရုံးထိုင်)၏ ၁၉၇၀ ခု၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၃၃(ခ) ၌မူ ထိုကဲ့သို့ငြင်းဆိုခြင်းသည် ရာဇဝတ်မှု ကျူးလွန်ရာမရောက်၊ နစ်နာသူက တရားမကြောင်းဖြင့်သာ အရေးဆိုရန် အခွင့်အရေး ရှိသည်ဟု ဆုံးဖြတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်များမှာနှစ်ဦးထိုင်ခုံရုံးမှချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များဖြစ်ရာ၊ အဆိုပါပြဿနာအပေါ် ဝိဝါဒ ကွဲပြားမှုမရှိရအောင် ယခုအမှုတွင် စုံညီခုံရုံးဖြင့် ကြားနာ စစ်ဆေးခဲ့ခြင်းဖြစ်သည်။ **။ဆုံးဖြတ်ချက်။** ။ရာဇသတ်ကြီး ပုဒ်မ ၄၁၅ ၏ ဒုတိယပိုင်းနှင့် အကျုံးဝင်ရန် (က) တရားခံက တဦးတယောက်အား လှည့်ဖြားခြင်း၊ (ခ) လှည့်ဖြားခြင်း ခံရသူက အရာတခုကိုပြုခြင်း၊ သို့မဟုတ် ပြုရန်ပျက်ကွက်ခြင်း၊ (ဂ) လှည့်ဖြားခြင်း မခံရခဲ့သော်၊ ထိုသူသည် ထိုအရာကို ပြုမည်မဟုတ်ခြင်း၊ သို့မဟုတ် ပြုရန်ပျက်ကွက်မည် မဟုတ်ခြင်း၊ (ဃ) တရားခံက ထိုသူအား တမင်သွေးဆောင်ခြင်းနှင့် (င) ထိုသူ၏ ပြုလုပ်မှု၊ သို့မဟုတ် ပျက်ကွက်မှုကြောင့် ၎င်း၏ ကိုယ်ကိုဖြစ်စေ၊ စိတ်ကိုဖြစ်စေ ဂုဏ်သရေကိုဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေပျက်စီးနစ်နာစေခြင်း၊ အန္တရာယ် ဖြစ်စေခြင်း စသည့်အင်္ဂါရပ်များ ရှိရန်လိုပေသည်။ အင်္ဂါရပ် (င) တွင် ပစ္စည်းကိုသာမက၊ ကိုယ်၊ စိတ်၊ ဂုဏ်သရေ တခုခုကိုပျက်စီး နစ်နာစေလျှင်၊ အန္တရာယ်ဖြစ်စေလျှင် လိမ်လည်မှု မြောက်သည်ဟု ဆိုထားသဖြင့်၊ လိမ်လည်မှုသည် ပစ္စည်းနှင့်ပတ်သက်သော ကိစ္စသာလျှင်အကျုံးဝင်သည် ဆိုခြင်းကို လက်ခံရန်မဖြစ်နိုင်ပေ။ **။ထပ်မံဆုံးဖြတ်ချက်။** ။ဥပဒေတရပ်၏ပုဒ်မတခုကို အဓိပ္ပါယ်ကောက်ယူရာ၌ ထိုဥပဒေ၏ခေါင်းစဉ်းအား၊ ယင်းဥပဒေအား ပြဋ္ဌာန်းရသည့် ရည်ရွယ်ချက်ကို ခန့်မှန်းရာတွင် လမ်းညွှန်သဖွယ် အသုံးပြုနိုင်မည် ဖြစ်သော်လည်း၊ ခေါင်းစဉ်းသည် ဥပဒေပါစကားရပ်၏ တစိတ်တဒေသ မဟုတ်သဖြင့် ဥပဒေ၏ စကားရပ်များမှာ ရှင်းလင်း ပြတ်သားနေလျှင်၊ ခေါင်းစဉ်းသည် ထိုဥပဒေ၏ စကားရပ်များကိုမလွှမ်းမိုးနိုင်ပေ။ ဥပမာများတွင်လည်း ဥပဒေက ဆိုလိုသည့် အချက်အလက် အားလုံး မပါဝင်နိုင်။ သို့ဖြစ်ရာ၊ ပုဒ်မ ၄၁၅ သည် ပစ္စည်းနှင့် ပတ်သက်သည့် ခေါင်းစဉ်းပါသောအခန်းအောက်တွင် ရှိသည့် အကြောင်းကြောင့် ပစ္စည်းနှင့်မပတ်သက်သော ပြစ်မှုနှင့် လုံးဝအကျုံးမဝင်ဟု မဆိုနိုင်ချေ။ **။ထပ်မံဆုံးဖြတ်ချက်။** ။ရာဇသတ်ကြီး ပုဒ်မ ၄၁၅ အရ၊ လိမ်လည်မှုမြောက်သည်၊ မမြောက်သည် ဆိုသော ပြဿနာကို ဆုံးဖြတ်ရာတွင်၊ အထက်၌ ဖေါ်ပြခဲ့သည့် အင်္ဂါငါးရပ်နှင့် ပြည့်စုံရန်လိုပေသည်။ ထိုအင်္ဂါရပ်များနှင့် ပြည့်စုံခြင်းရှိ မရှိ ဆိုသောပြဿနာကိုမူ အမှုကိုလိုက်၍ ကြောင်းချင်းရာအပေါ် အခြေပြုပြီး ဆုံးဖြတ်ရမည် ဖြစ်သည်။ ထို့ပြင် ကိုယ်ဝန်ရှိသည့်ကိစ္စ၊ ကိုယ်ဝန်မရှိသည့် ကိစ္စဟူ၍ ခွဲခြားထားရန်လည်း အကြောင်းမရှိဟု ယူဆသည်။ အဘယ်ကြောင့် ဆိုသော် လက်ထပ်မည်ဟု လှည့်ဖြား သဖြင့်

စာမျက်နှာ

ယုံကြည်ပြီး ကာမပေးအပ်ခဲ့သည့် အမျိုးသမီးသည် ကိုယ်ဝန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ကိုယ်၌ဖြစ်စေ၊ စိတ်၌ဖြစ်စေ၊ ဂုဏ်သရေ၌ ဖြစ်စေ နစ်နာခြင်း ခံရပြီး ဖြစ်သည်ဆိုခြင်းမှာ ယုံမှားဘွယ် မရှိနိုင်ခြင်းကြောင့် ပင်ဖြစ်သည်။ ။**ထပ်မံဆုံးဖြတ်ချက်**။ ။အမျိုးသားတဦးက အမျိုးသမီး တဦးကို လက်ထပ်ယူပါမည်ဟု အယုံသွင်း၍ ကာမရယူပြီးနောက်၊ လက်ထပ်ရန် ငြင်းဆိုခြင်းသည် ရာဇသတ်ကြီးပုဒ်မ ၄၁၇ အရလိမ်လည်မှု မြောက်နိုင်သည်ဟု ဆုံးဖြတ်လိုက်သည်။ တကယ်ပြစ်မှု မြောက်သည် မမြောက်သည်ကိုမူ အထက်၌ ဖော်ပြခဲ့သည့်အတိုင်း ကြောင်းခြင်းရာအပေါ် သုံးသပ်၍ ဆုံးဖြတ်ရမည်သာဖြစ်ပေသည်။ **ပြည်ထောင်စု နှင့် ကိုကျင်ဝှက်**၊ ၁၉၆၇ ခု၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၄၆ ကို သဘောတူသည်။

မောင်သန်းထွန်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (မခင်နှင်းရီ) ၂၃

အမှုကိုပြန်လည်စစ်ဆေးစေခြင်း—ပြစ်မှုထင်ရှားသည်ဟုဆုံးဖြတ်ပြီးမှ အမှုကိုပြန်လည် စစ်ဆေးစေခြင်း—ကြန့်ကြာခက်ခဲမှုရှိ မရှိ—တရားခံအပေါ် မျှတစေမှုရှိ မရှိ—တရားခံအတွက် အပြစ်ရှိကြောင်း သက်သေထူရန် လွတ်လပ်မျှတသော အခွင့် အရေးရှိသင့် မသင့်—အမှု၏ အကြောင်းချင်းရာတို့ကို သုံးသပ်ပြီးနောက်မှ အမှုကို ပြစ်ဒဏ်သတ်မှတ်ရန်အတွက် ပြန်လည် စစ်ဆေးခြင်းသည် ကျင့်ထုံး နှင့် ညီ မညီ—ဥပဒေဟူသည် မျှတရသည်၊ တဖက်သတ် မလုပ်ရခြင်း။ ။အယူခံ တရားလိုများအား မအူပင်မြို့ တတိယ ရာဇဝတ် တရားသူကြီးရုံးမှ၊ ပြည်သူပိုင် ပစ္စည်းကာကွယ်ရေး အက်ဥပဒေ ၆ (၁)အရ၊ ဒဏ်ငွေကျပ် ၁၅၀ တပ်ရိုက်ခဲ့သည် ကို နိုင်ငံတော်တရားရုံးချုပ်က ပြစ်ဒဏ် သတ်မှတ်ပုံ မှန် မမှန်ပြဿနာပေါ်နေ သည် တွေ့ရ၍ ပြင်ဆင်မှုဖွင့်လှစ်ကာ သုံးသပ်ခဲ့သည်။ ပြင်ဆင်မှုဖွင့်လှစ်၍ ကြားနာခဲ့သော ခုံရုံးက ပြစ်ဒဏ် စီရင် ထားခြင်းသည် ထောင်ဒဏ်မပါ မနေရ သတ်မှတ်ထားပါလျက် ငွေဒဏ်ကိုသာ သတ်မှတ် ထားခြင်းဖြင့် ဥပဒေပြဋ္ဌာန်းချက်နှင့် မကိုက်ညီ၍ အမှုကို ပြန်လည် စစ်ဆေးရမည်ဟု ဆုံးဖြတ်ခဲ့သည်။ ယင်း ဆုံးဖြတ်ချက်မှ အယူခံဝင်ရန် အခွင့်ထူးပေးပါမည့်အကြောင်း အယူခံတရားလို တို့က လျှောက်ထားခဲ့ရာ ပြန်လည် စစ်ဆေးခြင်းသည် ကျင့်ထုံးနှင့် ညီ မညီ၊ ကြန့်ကြာ ခက်ခဲမှုရှိမရှိ၊ မျှတမှုရှိမရှိစသော ဥပဒေပြဿနာကို အကျယ်တဝင့် စဉ်းစား ဆုံးဖြတ်ရန် လိုသဖြင့် အခွင့်ထူးပေးခဲ့သည်။ ။**ဆုံးဖြတ်ချက်**။ ။တရားခံတို့တွင် အပြစ်ရှိသည်ဟုတရားရုံးချုပ် အဆင့်က ဆုံးဖြတ်ပြီးမှ၊ အမှုကို ပြန်လည်စစ်ဆေးစေဟုလည်း ညွှန်မည်ဆိုလျှင်၊ အမှုကို ပြန်လည်စစ်ဆေးသည့် အနှစ်သာရမမြောက်၊ ထောင်ဒဏ်သတ်မှတ်ရန်ကိုသာ၊ အမှုသစ်ကိုစစ်ဆေးမည့် ရုံးအား တာဝန်ပေးလိုက်သည့် အသွင် ဆောင်နေသည်။ အပြစ်ရှိသည်ဟူသော အထက်ရုံးမှတ်ချက်ဖြင့်ပြန်လည်စစ်ဆေးစေသောအမှုတွင်တရားခံတို့ ခုခံချေပရန် မလွယ်။ တရားလိုက သက်သေထူခြင်း၊ တရားခံက ချေပခြင်းတို့သည် လုပ်ရိုး လုပ်စဉ်မျှသာဖြစ်ချေမည်။ အဓိပ္ပါယ် မပါရှိမည်။ ထို့ကြောင့်သာ အမှန်တကယ် လိုအပ်၍ ပြန်လည်စစ်ဆေးစေသောအမှုများ၌ အထက်ရုံးများက စကားဦးသန်း ခြင်း၊ ကြိုတင်ဆုံးဖြတ်ခြင်း၊ အရိပ်ပြခြင်းမပြုအပ်။ တရားမျှတ လွတ်လပ်သော တရားစီရင်ခြင်းကို ဖြစ်ထွန်းနိုင်စေရန် အထူး စောင့်စည်း ဆင်ခြင်ရသည်။ ။**ထပ်မံဆုံးဖြတ်ချက်**။ ။မလိုပဲလည်း အမှုကို ပြန်လည်စစ်ဆေးစေခြင်း မပြုအပ်။ ပြန်လည် စစ်ဆေးစေခြင်းဖြင့် ကြန့်ကြာခက်ခဲ တတ်သည်။ သက်သေများကိုရှာ

စာမျက်နှာ

ငဖွ ခေါ် ယူရန်မလွယ် ဖြစ်တတ်သည်။ အချိန်ကြာသဖြင့် သက်သေများသည် အချက်အလက်ဘို့ကို မေ့ပျောက်နေပြီ လည်း ဖြစ်တတ်သည်။ တရားခံများအဖို့ အခါခါ အစစ်ဆေးခံရသဖြင့် နစ်နာတတ်သည်။ ထိုကြောင့် မလွဲမရှောင်သာမှ သာလျှင် အမှုကို ပြန်လည် စစ်ဆေးစေအပ်သည်။ အထက်ရုံးက အမှားကိုပြင်၍ အပြီးအပြတ် ဆုံးဖြတ်နိုင်သမျှကု ဆောင်ရွက်ပေးအပ်သည်။ ။**ထပ်မံဆုံးဖြတ်ချက်**။ ။ပြန်လည်၍ စစ်ဆေးစေသော အမှုသည် အမှုသစ်ဖြစ်သည်၊ ထိုကြောင့် စစ်ဆေးစီရင်ခြင်း အခိပ္ပါယ် ပြည့်ဝလေအောင်၊ တရားလိုဖက်မှလည်း စွပ်စွဲချက်ကို သက်သေထူ၍ ခိုင်မာစေရမည်။ တရားခံကလည်း စွပ်စွဲချက် မမှန်ကြောင်း ချေပ ခုခံ သက်သေပြနိုင်စေရမည်။ တရားရုံးကလည်း နှစ်ဖက်ထွက်ဆိုချက်ဘို့ကို ချိန်ဆ၍ စွဲချက်မှန်မမှန်၊ တရားခံ အပြစ်ရှိ မရှိကို လွတ်လပ်စွာ ဆုံးဖြတ်နိုင်စေရမည်။ ။**ထပ်မံဆုံးဖြတ်ချက်**။ ။အမှုသစ် ပြန်လည် စစ်ဆေးခြင်းကို မဆိုထားဘိ၊ ပြစ်ဒဏ်ကို တိုးမြှင့် ပေးပါရန်၊ နစ်နာသူထံ ဖြစ်စေ၊ အစိုးရကဖြစ်စေ ပြင်ဆင်မှု တင်သွင်းလာလျှင်၊ သို့မဟုတ် အထက် ကြီးကြပ်ကွပ်ကဲသော တရားရုံးက ပြင်ဆင်မှုဖွင့်လျှင်၊ အဖွင့်ခံရသူ (တရားခံ)က မိမိတွင်လုံးဝ အပြစ်မရှိပါ၊ တရားသေလွှတ်ထိုက်ပါသည်ဟု ပြန်လည်ချေပ လျှောက်လဲခွင့်ရှိလာသည်။ ဥပဒေဟူသည် မျှတရသည်၊ တဖက်သတ် မလုပ်ရချေ။ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၃၉ ပုဒ်မခွဲ ၆ နှင့် *Puwa Lingan* v. *Chinnathan bi* ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံးများ၊ စာ ၄၇ ကို သဘောတူသည်။

မောင်စိုးသိန်း ပါ ၅ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၅

ဥပဒေခေါင်းစည်းသည်၊ ထိုဥပဒေ၏ စကားရပ်ကို မလွှမ်းမိုးနိုင်ခြင်း ၂၃

စီရင်ထုံးပြုသောမှုခင်းများ

LIST OF CASES REPORTED

စစ်ဘက်အယူခံတရားရုံး
(စစ်တရားရုံးအယူခံဘက်ဆိုင်ရာ)
နိုင်ငံတော်တရားရုံးချုပ်

COURTS-MARTIAL APPEAL COURT
(COURTS-MARTIAL APPELLATE JURISDICTION)
SUPREME COURT OF THE UNION

မရှိ

စီရင်ထုံးပြုသောမှုခင်းများ

LIST OF CASES REPORTED

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့
(အထူးရာဇဝတ်ရုံးအယူခံဘက်ဆိုင်ရာ)
[နိုင်ငံတော်တရားရုံးချုပ်]

SPECIAL CRIMINAL COURTS' APPEAL COURT (SPECIAL CRIMINAL COURTS APPEALLATE JURISDICTION) SUPREME COURT OF THE UNION

မရှိ

ကိုးကားသောအမှုခင်းများ

LIST OF CASES CITED

နိုင်ငံတော်တရားရုံးချုပ်

တရားမအမှုများ

SUPREME COURT OF THE UNION

CIVIL CASES

	စာမျက်နှာ
စိန်ရတနာ ပိုးယက်ကန်းစက် လီမိတက် နှင့် ကုန်သွယ် လုပ်ငန်းခွန် မင်းကြီး ပါ ၃၊ ၁၉၆၉၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၂၀၅	၆၅
ဒဘ်(စ)၊ အာ(ရ်)၊ ကော၊ နှင့် ကော၊ အင်(န်)၊ အာ(ရ်)၊ အမ်၊ အင်(န်)၊ အာ(ရ်)၊ နဂါပါးချစ်တီးယား၊ ၁၉၅၀၊ မြန်မာနိုင်ငံ စီရင်ထုံး၊ စာ ၁၉ (တရားလွှတ်တော်)	၆၉
မာတင်၊ ဂျေ၊ အေ နှင့် အက်(စ်)၊ အမ်၊ ဟာရှင်၊ ၁၉၃၀၊ အိန္ဒိယစီရင်ထုံး၊ ရန်ကုန် အတွဲ-၇၊ စာ ၁၆၂	၆၉
မြတင်၊ ဦး၊ ပါ ၃ နှင့် ဒေါ်ကြင်ယုံ ပါ ၂၊ ၁၉၆၄ ခု၊ မြန်မာနိုင်ငံ စီရင်ထုံး၊ စာ ၂၅၀	၂၇
ရှိုယိုပရမ်းဆင်း နှင့် စူရီယာနတ်ဆင်း၊ အောက်မြန်မာပြည် စီရင်ထုံးများ၊ စာ ၁၅၄	၃၁
ဗြဲလီမိုဟာမက်၊ မဟာမက်ဟာဂျီ နှင့် ဗက်နတ်ဆင်း၊ ၁၉၃၇၊ ရန်ကုန် စီရင်ထုံး၊ စာ ၅၂	၇၀

စာမျက်နှာ

ပစ္စည်းဟူသောစကား၏ အဓိပ္ပါယ်—တရားမကျင့်ထုံးအမိန့် ၃၉၊ နည်းဥပဒေ ၁ တွင် ပစ္စည်းဟူသောစကားကို အထူး အဓိပ္ပါယ် သတ်မှတ်ထားချက်မရှိခြင်း—ပစ္စည်းဟူသော စကားကို သဘာဝကျ၍ တိုက်ရိုက်ဖြစ်သော အဓိပ္ပါယ်ကို ကောက်ယူရမည်ဖြစ်ခြင်း။ ။ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံး အမိန့် ၃၉၊ နည်းဥပဒေ ၁ တွင် ပစ္စည်း (Property) ဟူသော စကားကို အထူး အဓိပ္ပါယ် သတ်မှတ်ထားခြင်း မရှိ၍ပစ္စည်းဟူသော စကားကိုသဘာဝ ကျသော အဓိပ္ပါယ် ကောက်ယူချက်၊ တိုက်ရိုက် အဓိပ္ပါယ်ကို ကောက်ယူချက် ပြုရမည်ဖြစ်သည်။

အမ်၊ အသ်(လ်)၊ ချာကရာဘာတီ နှင့် ဂျေ၊ အသ်(လ်)မူဟူရီ ၁၀

မည်သည့်အခါ ပဋိညာဉ်ကိုငြင်းပယ်မှုမြောက်ခြင်း ....

ရုံး၌တင်သွင်းထားသော ငွေကိုဝါရမ်းကပ်သည့် တရားနိုင်နှင့် တရားရှုံးမဟုတ်သည့် အခြားလူတဦးတို့ အကြား၊ ယင်းငွေ၏ပိုင်ဆိုင်ခွင့်၊ သို့မဟုတ် ဦးစွာ ရယူပိုင်ခွင့် ပြဿနာပေါ်ပေါက်ခြင်း—ယင်းသို့ ပြဿနာပေါ်ပေါက်နေလျှင်တရားမကျင့်ထုံး အမိန့် ၂၁၊ နည်းဥပဒေ ၅၂ ၏ ချွင်းချက်အရ၊ ငွေကို ထိန်းသိမ်းထားသည့် ရုံးက ဆုံးဖြတ်ရန် တာဝန်ရှိခြင်း။ ။ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံး အမိန့် ၂၁၊ နည်းဥပဒေ ၅၂ ၏ ချွင်းချက်အရ၊ ရုံး၌ တင်သွင်းထားသော ငွေကို ဝါရမ်းကပ်သည့် တရားနိုင်နှင့် တရားရှုံး မဟုတ်သည့် အခြားလူ တဦးတို့ အကြား၊ ယင်းငွေ၏ ပိုင်ဆိုင်ခွင့်၊ သို့မဟုတ် ဦးစွာ ရယူပိုင်ခွင့် ပြဿနာ ပေါ်ပေါက်နေလျှင်၊ ငွေကိုထိန်းသိမ်းထားသည့်ရုံးကဆုံးဖြတ်ရမည် ဖြစ်သည်။ ယခုအမှုတွင် လျှောက်ထားခံရသူ အလုပ်သမားများသည်၊ ဂျေ၊ အန်၊ ပီရူးမား အပေါ် ဝါဏိဇ္ဇရုံး၌ ဒီကရီ ရရှိသည့် တရားနိုင်များ ဖြစ်ကြပြီး၊ လျှောက်ထားသူမှာ တရားရှုံး မဟုတ်သည့် အပြင်လူ တဦးဖြစ်ရာ၊ ၎င်းတို့ အကြား တရားရုံး၏ ငွေကို မည်သူက ပိုင်ဆိုင်ခွင့်ရှိသည်၊ သို့မဟုတ် ဦးစွာရယူပိုင်ခွင့် ရှိသည် ဆိုသော ပြဿနာကို ငွေထိန်းသိမ်းထားရသည့် ရုံးက ဆုံးဖြတ်ရန် တာဝန် ရှိနေသည်။

ပန်နာဒေဝီ နှင့် ကိုအောင်သိန်း ပါ ၈ .... ၅၉

သက်သေခံ ဥပဒေပုဒ်မ ၉၁၊ ၉၂ နှင့် ၉၃ တို့၏ ပြဋ္ဌာန်းချက်ပါမှုများ—ပဋိညာဉ်စည်းကမ်းချက်များကို စာချုပ်ပြု၍ ရေးသားထားလျှင်၊ ထိုစာချုပ်မှ တပါး အခြား သက်သေခံချက် တင်သွင်း၍၊ ထိုပဋိညာဉ် စည်းကမ်းများကို ထင်ရှားအောင် ပြခွင့်မရှိခြင်း—စာချုပ်ဖြင့်ပဋိညာဉ်စည်းကမ်းချက်များကိုပြထားပြီးဖြစ်လျှင်၊ စာချုပ် ချုပ်သူတို့သည်၊ ထိုပဋိညာဉ် စည်းကမ်းချက်များတွင် ဆန့်ကျင်စေရန်၊ နှုတ်ဂတိ သို့မဟုတ် ပြောဆိုချက်ကို သက်သေခံ အဖြစ် တင်သွင်းလက်ခံခြင်း မပြုနိုင်—စာချုပ်ပါ စကားရပ်များ၏ အဓိပ္ပါယ်ကို ပြဆိုရာ၌ အကြောင်းချင်းရာ သက်သေခံချက် မတင်သွင်းနိုင်ခြင်း။ ။ဆုံးဖြတ်ချက်။ ။ပဋိညာဉ် စည်းကမ်းချက်များကို စာချုပ် စာတမ်းပြု၍ ရေးသားထားလျှင် ထိုစာချုပ် စာတမ်းမှ တပါး အခြား သက်သေခံချက် တင်သွင်း၍၊ ထိုပဋိညာဉ် စည်းကမ်းချက်များကို ထင်ရှားအောင် ပြနိုင်ခွင့် မရှိ။ ထိုကဲ့သို့ ပဋိညာဉ် စည်းကမ်းချက်များကို စာချုပ် စာတမ်း ပြုလုပ် မှတ်တမ်းတင်ထားသည်ဖြစ်၍၊ ထိုစာချုပ်

စာမျက်နှာ

စာတမ်းကို တင်သွင်းကာ ပဋိညာဉ် စည်းကမ်းချက်များကို ထင်ရှားအောင် ပြထားပြီး ဖြစ်လျှင်၊ ထိုစာချုပ် ချုပ်ဆိုသူတို့သည် အဆိုပါ ပဋိညာဉ် စည်းကမ်းချက်များ ဆန့်ကျင်ခံစေရန် အလို့ငှါလည်းကောင်း၊ ပြင်ဆင်ရန် အလို့ငှါလည်းကောင်း၊ ဖြည့်စွက်ရန် အလို့ငှါလည်းကောင်း၊ နုတ်ပယ်ရန် အလို့ငှါလည်းကောင်း၊ နှုတ်ဂတိ၊ သို့မဟုတ် ပြောဆိုချက် တစုံတရာကို သက်သေခံ အဖြစ် တင်သွင်း လက်ခံခြင်း မပြုရ။ စာချုပ် စာတမ်းတွင် ပါရှိသော စကားရပ်များသည် ချို့ယွင်းခြင်း၊ သို့မဟုတ် အဓိပ္ပါယ် နှစ်ခွ ထွက်ခြင်း ရှိစေကာမူ၊ ထိုစကားရပ်များ၏ အဓိပ္ပါယ်ကိုပြဆိုသည့် အနေနှင့် အကြောင်းချင်းရာနှင့် ပတ်သက်၍ သက်သေခံချက် မတင်သွင်းနိုင်။

ဒေါ်ကျင်ဥ နှင့် ဦးညွန့်မောင် ....

သက်သေထွက်ချက် ကွဲလွဲမှုရှိသည့် တရားမှုများတွင်၊ သက်သေထွက်ချက် အပေါ် ယင်းအမှု၏ အဆုံးအဖြတ်သည် မူတည်နေသည့် အခါ ထိုအမှုကို တရားရုံးချုပ် မူလဘက် တရားသူကြီးက စီရင်ဆုံးဖြတ်ခြင်း ဖြစ်လျှင်၊ အထင်အရှား မှားယွင်းခြင်း မရှိပါမူ အယူခံရုံးက လက်ခံရမည်ဖြစ်ခြင်း – သက်သေထွက်ချက်များ ယုံသင့် မယုံသင့် ဆိုသော ဆုံးဖြတ်ချက်ကို တရားရုံးချုပ် တရားသူကြီး တဦးက ပြုလုပ်ခဲ့လျှင် အယူခံရုံးက သာမန်အားဖြင့် လက်ခံလေ့ရှိသော်လည်း၊ အခြား တရားသူကြီး၏ ဆုံးဖြတ်ချက်ကိုမူ အယူခံရုံးကမှန်သည် မမှန်သည်ကို ဝေဖန်ဆန်းစစ်ရမည်ဖြစ်ခြင်း။ ။ဆုံးဖြတ်ချက်။ ။သက်သေ ထွက်ချက် ကွဲလွဲမှု ရှိသည့် တရားမှုများတွင်၊ သက်သေထွက်ချက် အပေါ် ယင်းအမှု၏ အဆုံးအဖြတ်သည်၊ မူတည်နေသည့် အခါ၌၊ ထိုအမှုကို တရားရုံးချုပ် မူလဘက် တရားသူကြီးက စီရင်ဆုံးဖြတ်ခြင်း ဖြစ်လျှင်၊ အထင် အရှား မှားယွင်းခြင်း မရှိပါမူ အယူခံရုံးက လက်ခံရမည် ဖြစ်သည်။ အတွေ့အကြုံများပြီး တရားစီရင်ရေး၌ ဝါရင့်ပြီး ဖြစ်သည့် တရားရုံးချုပ် တရားသူကြီးတဦးက၊ သက်သေများကို ကိုယ်တိုင် မျက်မြင်ကြားနာခဲ့သည့် ကိစ္စကို သာမန် တရားရုံးမှ တရားသူကြီး တဦး၏ ဆုံးဖြတ်ချက်နှင့် နှိုင်းယှဉ်၍မရနိုင်ပေ။ တနည်းဆိုရသော်၊ သက်သေထွက်ချက်များ အားလုံး ယုံသင့် မယုံသင့်ဆိုသော ဆုံးဖြတ်ချက်ကို တရားရုံးချုပ် တရားသူကြီး တဦးက ပြုလုပ်ခဲ့ခြင်းဖြစ်လျှင်၊ အယူခံရုံးက သာမန်အားဖြင့် လက်ခံလေ့ရှိသော်လည်း အခြား တရားသူကြီး၏ ဆုံးဖြတ်ချက်ကိုမူ၊ အယူခံရုံးအနေဖြင့် မှန်သည် မမှန်သည်ကို ဝေဖန်ဆန်းစစ်ရမည်ဖြစ်သည်။ **မဟာမက်ဟာဂျီဗလီ မိုဟာမက် နှင့် ဗက်နတ်ဆင်း၊ ၁၉၃၇၊ ရန်ကုန် စီရင်ထုံး၊ ၅၂ ကို ရည်ညွှန်းသည်။**

၇၇ **ဦးအောင် [၎င်း၏ ကိုယ်စားလှယ် ဒေါ်အုံးတင်]** နှင့် **သာခုဗလင် [၎င်း၏ ပိုင်ရှင် ဦးသာရ (ခေါ်)ဦးဖေသန်း]**

အမြတ်ခွန် ဥပဒေပုဒ်မ ၃၁ အရ၊ ချမှတ်ခဲ့သော အမိန့်ကိုပုဒ်မ ၃၃ (က) အရ၊ အမြတ်ခွန်ခုံရုံးသို့ အယူခံဝင်နိုင်သည့် အခွင့်အရေးရှိခြင်း—ယင်းအမိန့်ကို အယူခံအာဏာပိုင်က ပုဒ်မ ၃၅ အရ၊ ပြင်ဆင်ပယ်ဖျက်ခဲ့ခြင်းကြောင့် အယူခံဝင်ခွင့်မရှိဟုဆိုလျှင် ထိုအာဏာပိုင်အား ဥပဒေပြဋ္ဌာန်းချက်ကိုပယ်ဖျက်နိုင်ခွင့်ပြုရာရောက်ခြင်း။ ။ဆုံးဖြတ်ချက်။ ။အမြတ်ခွန် ဥပဒေ ပုဒ်မ ၃၁ အရ ချမှတ်ခဲ့သော အမိန့်ကိုပုဒ်မ ၃၃ (က) အရ၊ အခွန်ထမ်းကဖြစ်စေ၊ အမြတ်ခွန်ဌာနက ဖြစ်စေ၊ အမြတ်ခွန်ခုံရုံး

ညွှန်းချက်

INDEX

နိုင်ငံတော်တရားရုံးချုပ်

တရားမမှုများ

SUPREME COURT OF THE UNION

CIVIL CASES

စာမျက်နှာ

အက်ဥပဒေများ—

ကာလစည်းကမ်းသတ်အက်ဥပဒေ။

တရားမကျင့်ထုံး။

သက်သေခံဥပဒေ။

အမြတ်ခွန်ဥပဒေ။

ကာလစည်းကမ်းသတ် အက်ဥပဒေအချက် ၁၁၅—ယင်းအချက်အတွက် တရားစွဲဆိုရာ၌ ကာလ စည်းကမ်းသတ်ကို စတင်ရေတွက်ရမည့်နေ့—ပဋိညာဉ်ကို ငြင်းပယ်လျှင်၊ နစ်နာသော တဘက် ပဋိညာဉ်ပြုသူက ငြင်းပယ်သူအား ပဋိညာဉ် ချိုးဖေါက်မှု အတွက် လျော်ကြေးရရန် တရားစွဲခွင့်ရှိခြင်း—မည်သည့် အခါ ပဋိညာဉ်ကို ငြင်းပယ်မှုမြောက်ခြင်း။ ။ဆုံးဖြတ်ချက်။ ။အယူခံတရားလို၏ ရှေ့နေက ကာလစည်းကမ်းသတ် အက်ဥပဒေ အချက် ၁၁၅ အတွက် တရားစွဲဆိုရန် ကာလကိုစတင်ရေတွက်ရသောနေ့သည်၊ ပဋိညာဉ်ပြုသူတဦး ဖြစ်သော တရားပြိုင်က (အပေါင်) ပဋိညာဉ် (repudiate) ငြင်းပယ်သောနေ့ ဖြစ်သည်ဟုဆို၏။ ထိုအချက်ကို ကျွန်ုပ်တို့ လက်ခံနိုင်သည်။ သို့သော် တိကျစွာနှင့် ပြည့်စုံစွာ ပြောရလျှင်၊ ပဋိညာဉ်ပြုသူ တယောက်သည် ပဋိညာဉ်အရ၊ ၎င်းအပေါ်တွင် ကျရောက်သော တာဝန်ကို ဆောင်ရွက်ရန် ငြင်းပယ်လျှင်၊ သို့မဟုတ်ပဋိညာဉ်အရဆောင်ရွက်ရန် အချိန်ကျရောက်သော်လည်းဆောင်ရွက်ရန်ပျက်ကွက်လျှင် ပဋိညာဉ် ချိုးဖေါက်မှု ဖြစ်ပေါ်သည်။ ပဋိညာဉ်ကို ငြင်းပယ်ခြင်း (repudiation of the contract)သည်၊ ပဋိညာဉ်အတိုင်း လိုက်နာဆောင်ရွက်ရန်ငြင်းဆိုခြင်း (refusal to fulfil the contract) ဖြစ်သည်။ **ထပ်မံဆုံးဖြတ်ချက်။** ။ငြင်းပယ်ခြင်းဆိုသည်မှာ၊ ပဋိညာဉ်ပြုသူ တယောက်က ပဋိညာဉ်အရ ပြုလုပ်ရန်တာဝန်ကို ပြုလုပ်ဆောင်ရွက်ရန်ငြင်းဆိုခြင်းဖြစ်သည်။ ထိုသို့ငြင်းပယ်လိုက်လျှင် နစ်နာသောတဘက် ပဋိညာဉ်ပြုသူ

က၊ ယင်းသို့ ငြင်းပယ်သူအား ပဋိညာဉ်ကို ချိုးဖေါက်မှုအတွက် လျော်ကြေး ရယူရန် တရားစွဲဆိုပိုင်ခွင့် ရှိသည်။ ငြင်းပယ်ခြင်းမြောက်အောင် ပဋိညာဉ် အရ ပြုလုပ်ရမည့် တာဝန်ကို ပြုလုပ်ဆောင်ရွက်ရန် မည်သို့ငြင်းပယ်ရမည် နည်းဟူမူ၊ လုံးလုံးလျားလျား ငြင်းဆိုရမည်။ (total refusal) သို့မဟုတ် အကြွင်းမဲ့ ငြင်းဆိုခြင်း (absolute refusal) ဟု ဆိုရပေလိမ့်မည်။ ပဋိညာဉ် ပြုသူတယောက်သည် ပဋိညာဉ် အတိုင်း၊ ၎င်းက မဆောင်ရွက်နိုင်ကြောင်း၊ သို့မဟုတ် မဆောင်ရွက်လိုကြောင်းကို၊ ၎င်း၏ပြုမူချက် (conduct) ဖြင့် သိစေလျှင်ပဋိညာဉ်အရ၊ ၎င်းပေါ် ကျရောက်သော တာဝန်ကို ငြင်းပယ်ရာ ရောက်သဖြင့်၊ အခြားတဘက်တွင် ပဋိညာဉ်ပြုသူသည်၊ ထိုငြင်းပယ် ချက်ကြောင့် နစ်နာလျှင် လျော်ကြေးရခွင့်ရှိသည်။

၁။ ဦးနေဝင်း } နှင့် ဒေါ်ခင်အေး ၄၃
၂။ ဒေါ်မြလေး }

ဇာရီမှု—ယင်းအမှုမျိုးတွင် ပေါ်ပေါက်သောပြဿနာများရှိပါက မူလရုံးတွင်ပါဝင်ခဲ့ သည့် အမှုသည်များသည်၊ သီးခြား မစွဲဆိုဘဲ တရားမကျင့်ထုံး ပုဒ်မ ၄၇ အရ၊ ဇာရီရုံးတွင် လျှောက်ထားရမည်ဖြစ်ခြင်း—ဇာရီမှုတွင် လေလံကောက်သူနှင့် ပတ်သက်သည့် ပြဿနာများသည်၊ ဇာရီပြုလုပ်ရာတွင် ပေါ်ပေါက်လာသော ပြဿနာများဟု ဆိုနိုင် မဆိုနိုင်။ ။ဆုံးဖြတ်ချက်။ ။မူလအမှုတွင် ပါဝင်သည့် တရားလို တရားပြိုင်၊ သို့မဟုတ် ၎င်းတို့၏ ဆက်ခံသူ ကိုယ်စားလှယ်များနှင့် ပတ်သက်၍ ဇာရီပြုလုပ်ခြင်း၊ ဒီကရီ အတွက် ကျေနပ်မှု ရှိမရှိ ဆိုခြင်း၊ ဒီကရီ အတွက် ပေးရန်ရှိငွေ သို့မဟုတ် ဒီကရီအတွက်ဆောင်ရွက်ချက်များ ပြုပြီး မပြီး ဆိုသော ပြဿနာများသည်၊ ဇာရီပြုလုပ်ရာတွင် ပေါ်ပေါက်လာသော အငြင်း ပွါးသည့် ပြဿနာများဖြစ်သည်။ ထိုပြဿနာများ ပေါ်ပေါက်ပါက၊ မူလရုံးတွင် ပါဝင်ခဲ့သည့် အမှုသည်များသည် သီးခြားမှုမစွဲဘဲ၊ တရားမကျင့်ထုံး ပုဒ်မ ၄၇ အရ၊ ဇာရီရုံးတွင် လျှောက်ထားရပါမည်။ ။ထပ်မံဆုံးဖြတ်ချက်။ ။တရားမ ကျင့်ထုံးပုဒ်မ ၄၇ ၏ ပြဆိုချက်အရ၊ ဇာရီမှုတွင် လေလံကောက်သူနှင့် ပတ်သက် သည့် အငြင်းပွါးချက်များသည်၊ ဇာရီပြုလုပ်ရာတွင်ပေါ်ပေါက်လာသောအငြင်း ပွါးသည့် ပြဿနာများ ဖြစ်သည်ဟု မဆိုနိုင်ပေ။ **အာ(ရ်)၊ ကေ၊ ဒတ်(စ်) နှင့် ကေ၊ အင်(န်)၊ အာ(ရ်)၊ အမ်၊ အင်(န်)၊ အာ(ရ်)** နဂါပါး ချစ်တီးယား ၁၉၅၀၊ မြန်မာနိုင်ငံ စီရင်ထုံး၊ စာ ၁၉ (တရားလွှတ်တော်) ကို ရည်ညွှန်း သည်။ ။သို့ပါ၍၊ အယူခံ တရားလိုက အယူခံတရားပြိုင်ထံမှ တောင်းဆိုသော နစ်နာကြေးငွေများကို သီးခြားမှု စွဲဆိုပြီး တောင်းခံရမည်ဟု ကျွန်ုပ်တို့ယူဆ သည်။ **ဂျေ၊ အေ၊ မာတင်နှင့် အက်(စ်)၊ အမ်၊ ဟာရှင်**၊ ၁၉၃၀၊ အိန္ဒိယစီရင်ထုံး၊ ရန်ကုန် အတွဲ ဂ၊ စာ ၁၆၂ ကို ရည်ညွှန်းသည်။

ဦးလှတင် နှင့် ဦးမြကြိုင် ၆၆

တရားမကျင့်ထုံး အမိန့် ၃၂၊ နည်းဥပဒေ (၁)—ယင်းဥပဒေပြဋ္ဌာန်းချက်အရ၊ တရား ရုံး၏ ကြိုတင်ခွင့်ပြုချက် ရထားခြင်း မရှိသော ပဋိညာဉ် ပြေငြိမ်းမှုကို အရွယ် မရောက်သူက ပျက်ပြယ်အောင်ပြု၍၊ ပြန်လည်ဖျက်လိုလျှင် တရားစွဲမှုသာ ဖျက် သိမ်းရာ ရောက် မရောက်—အရွယ် မရောက်သူက ထိုပဋိညာဉ်ကို လက်မခံ

ငြင်းပယ်ကြောင်းနှင့် ဆောင်ရွက်ရန် ငြင်းဆိုကြောင်း ထုတ်ဖော် ကြေငြာခြင်းဖြင့် ပယ်ဖျက်နိုင်မနိုင်—ထိုသို့ကြေငြာ၍ ပယ်ဖျက်သည်ကို တဘက်ပဋိညာဉ်ပြုလုပ်သူကလက်မခံလျှင် ပဋိညာဉ် ဖျက်သိမ်းပြီး ဖြစ်ကြောင်း မြွက်ဟဒီကရီရရန်တရားစွဲနိုင်ခြင်း—တဘက် ပဋိညာဉ် ပြုလုပ်သူက၊ ထိုပဋိညာဉ် ပေါ် အခြေပြု တရားစွဲဆိုက၊ ပဋိညာဉ်ကို ပြန်လည် ဖျက်သိမ်းပြီး ဖြစ်ကြောင်း ပဋိညာဉ်ကို ပျက်ပြယ်ခွင့်ရှိသော ပဋိညာဉ် ပြုလုပ်ထားသည့် ဘက်က ချေပထုမချေနိုင်ခြင်း။ ။ဆုံးဖြတချက်။ ။တရားမကျင့်ထုံး အမိန့် ၃၂၊ နည်းဥပဒေရ (၁) အရ၊ တရားရုံး၏ ကြိုတင်ခွင့်ပြုချက် ရယူထားခြင်း မရှိသော ပဋိညာဉ် ပြေငြိမ်းမှုကို အရွယ် မရောက်သူက တရားမကျင့်ထုံး အမိန့် ၃၂၊ နည်းဥပဒေ ၇ (၂) အရ၊ ပျက်ပြယ်အောင်ပြု၍ ပြန်လည် ဖျက်သိမ်းလိုလျှင် တရားစွဲမှသာ ပြန်လည် ဖျက်သိမ်းရာ ရောက်သည် မဟုတ်၊ အရွယ်မရောက်သူက ထိုပဋိညာဉ်ကိုလက်မခံတော့၍ ၎င်းက ငြင်းပယ်ကြောင်း၊ ဆောင်ရွက်ရန် ငြင်းဆိုကြောင်း ထုတ်ဖော် ကြေငြာခြင်းဖြင့် ပယ်ဖျက်ရာ ရောက်သည်။ ထိုကဲ့သို့ ကြေငြာ၍၊ တဘက်ပဋိညာဉ်ပြုလုပ်သူက လက်မခံလျှင်ထိုကဲ့သို့ ကြေငြာနိုင်ခွင့်ရှိ၍ ပဋိညာဉ်ပြန်လည် ဖျက်သိမ်းပြီး ဖြစ်ကြောင်း မြွက်ဟ ဒီကရီ ရရှိရန်၊ သို့မဟုတ်၊ ပဋိညာဉ်ပြန်လည်ဖျက်သိမ်းခြင်းဆိုင်ရာ ဒီကရီ ရရှိရန် တရားစွဲနိုင်သည်။ တဘက်ပဋိညာဉ်ပြုလုပ်သူက ထိုပဋိညာဉ်ပေါ် အခြေပြု၍ တရားစွဲဆို တင်သွင်းသော အမှု၌ပင်၊ ထိုပဋိညာဉ်ကို ပျက်ပြယ်အောင်ပြု၍ ပြန်လည် ဖျက်သိမ်းပြီး ဖြစ်ကြောင်း၊ တရားဥပဒေနှင့် ညီညွတ်စွာ ပဋိညာဉ်ကို ငြင်းပယ်ထားပြီး ဖြစ်ကြောင်း၊ ဆောင်ရွက်ရန် ငြင်းဆိုထားပြီး ဖြစ်ကြောင်းကို၊ ပဋိညာဉ်ကို ပျက်ပြယ်ခွင့် ရှိသော ပဋိညာဉ်ပြုလုပ်ထားသည့် တဘက်သူက ချေပ ထုချေနိုင်သည်။

မအုန်းအုန်း ပါ ၂ နှင့် ဒေါ်ရင်မေ ပါ ၂ .... ၇၂

တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၉၂ နှင့် အကျုံးဝင်ရန် လိုအပ်ချက်—ပုဂ္ဂလိကပိုင် မြေပစ္စည်းနှင့် ပတ်သက်၍ အများပြည်သူနှင့် ဆိုင်သော ပေးကမ်း စွန့်ကြဲခြင်းကိစ္စ၊ ဘာသာရေးကိစ္စ အလို့ငှါ ယုံကြည်အပ်နှံမှု ပြုလုပ်လိုလျှင်၊ ယုံကြည်အပ်နှံခြင်း ခံရသူက ပိုင်ရှင်ဖြစ်လာအောင် လွှဲပြောင်းပေးရန် လိုအပ်ခြင်း—ပုဂ္ဂလိကပိုင်မြေပစ္စည်းမဟုတ်ပဲ အစိုးရပိုင်မြေ ဖြစ်လျှင် အစိုးရက ဂရံ ထုတ်ပေးရမည်ဖြစ်ခြင်း။ ။**ဆုံးဖြတ်ချက်**။ ။တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၉၂ နှင့် အကျုံးဝင်ရန် အလို့ငှါ ပထမဆုံး လိုအပ်ချက်မှာ အများပြည်သူနှင့် ဆိုင်သော ပေးကမ်းစွန့်ကြဲခြင်းကိစ္စ၊ သို့မဟုတ် ဘာသာရေး ကိစ္စအလို့ငှါ ယုံကြည်အပ်နှံမှု တရပ်တည်ရှိနေခြင်းပင် ဖြစ်သည်။ ထိုကဲ့သို့သော ယုံကြည်အပ်နှံမှု တည်ရှိ၍ မနေလျှင် တရားရုံးက ထိုဥပဒေ ပုဒ်မ ၉၂ တွင် ပါရှိသော သက်သာခွင့်များနှင့် ပတ်သက်၍ ဒီကရီချမှတ်ခြင်း မပြုနိုင်။ ယုံကြည်အပ်နှံမှု မရှိလျှင် ဤပုဒ်မသည် သက်ဆိုင်မှု မရှိနိုင်ပေ။ ။**ထပ်မံဆုံးဖြတ်ချက်**။ ။ပုဂ္ဂလိကပိုင်မြေ ပစ္စည်း တခုခုနှင့် ပတ်သက်၍ အများပြည်သူနှင့် ဆိုင်သော ပေးကမ်းစွန့်ကြဲခြင်း ကိစ္စ၊ ဘာသာရေး ကိစ္စအလို့ငှါ ယုံကြည်အပ်နှံမှု ပြုလုပ်လိုလျှင်၊ ထိုပုဂ္ဂလိကပိုင်ရှင်က ထိုမြေပစ္စည်းကို သီးခြား လှူဒါန်း၍ ယုံကြည်အပ်နှံမှုပြု၍ ယုံကြည်အပ်နှံခြင်းခံရသူက ပိုင်ရှင် ဖြစ်လာအောင် မြေပစ္စည်းကို (ပိုင်ရှင်သည် ယုံကြည် အပ်နှံခြင်းခံရသူ မဟုတ်

စာမျက်နှာ

လျှင်) လွှဲပြောင်းပေးရမည်။ ပုဂ္ဂလိကပိုင်မြေ မဟုတ်ပဲ အစိုးရပိုင်မြေ ဖြစ်လျှင် အစိုးရက အတိအလင်း ယုံကြည် အပ်နှံမှု ဖေါ်ထုတ်ပြုလုပ်၍ ယုံကြည်အပ်နှံခြင်း ခံရသူတို့အား ဂရံထုတ်ပေးရမည်။

ဦးဗထွန်း (ခေါ်) အေ၊ အိုး၊ မဒါ(ရ်) ပါ ၅ နှင့် အီး၊အမ်၊ စူ(လ်)တန်ပါ ၈ ၄၂

တရားရုံးချုပ် ရှေ့နေအဖြစ် လက်ခံခြင်း—ပြည်သူ့ရဲ၊ အုပ်ချုပ်ရေး ဝန်ထမ်း၊ အချိန်ပိုင်း၊ ပြည်သူ့ တရားသူကြီး စသော ပုဂ္ဂိုလ်တို့လည်း တရားရုံးချုပ် ရှေ့နေများ ဖြစ်လာကြလျှင် တရားဥပဒေ စိုးမိုးရေး အတွက် တတ်စွမ်းရာက ပါဝင်ကြလိမ့်မည်ဟု ယူဆခြင်း—ဝန်ထမ်းများကို တရားရုံးချုပ် ရှေ့နေအဖြစ် လက်ခံထားစေကာမူ၊ ဝန်ထမ်းတာဝန် ပြီးဆုံး၍၊ တရားရုံးချုပ် ရှေ့နေအဖြစ် အချိန်ပြည့်ဆောင်ရွက်သောအခါမှသာ ရှေ့နေအဖြစ် လိုက်ပါ ဆောင်ရွက် ကြရမည် ဖြစ်ခြင်း—ရှေ့နေကြီးများ၏ အရည်အချင်း သတ်မှတ် လက်ခံခြင်း၊ စည်းကမ်း ကျင့်ဝတ်ထိန်းခြင်း၊ အရေးယူခြင်း ရှေ့နေဖြစ်ရန် လေ့ကျင့်ပေးခြင်း စသော ကိစ္စရပ်များ အတွက် တရားရုံးချုပ် ရှေ့နေကြီးများ ကောင်စီက တာဝန်ယူ လုပ်ခြင်းကို တရားရုံးချုပ်က လိုလားကြောင်း မှတ်ချက်ပြုခြင်း။ ။ဆုံးဖြတ်ချက်။ ။တရားသူကြီးများ၊ ရှေ့နေကြီးများသာမကသေး၊ ပြည်သူ့ရဲ၊ အုပ်ချုပ်ရေး ဝန်ထမ်း၊ အချိန်ပိုင်း ပြည်သူ့တရားသူကြီး စသော ပုဂ္ဂိုလ်တို့သည်လည်း၊ တရားရုံးချုပ် ရှေ့နေများ ဖြစ်လာကြလျှင်၊ တရားဥပဒေ ရေးရာကို ပိုမိုစိတ်ဝင်စားလာကြလိမ့်မည်။ နက်နဲသိမ်မွေ့သော တရားဥပဒေ ရေးရာတို့ကို ပိုမိုလေ့စားလာကြလိမ့်မည်။ တရားဥပဒေ စိုးမိုးရေး အတွက်၊ တတ်စွမ်းရာက ပါဝင်ကြလိမ့်မည်ဟုယူဆရသည်။ ။ထပ်မံဆုံးဖြတ်ချက်။ ။တရားရေးဌာန ဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းများ၊ ဥပဒေ အရာရှိများ၊ စစ်ဥပဒေအရာရှိများကို ယင်းတို့၏ ဝန်ထမ်းသက်တမ်း အတွင်း၌ပင် အရည် အချင်းပြည့်စုံက၊ တရားရုံးချုပ် ရှေ့နေ အဖြစ် လက်ခံခဲ့သည့် အစဉ် အလာ ရှိကြောင်းကို ဦးဇင်၏ လျှောက်လွှာကို ဆုံးဖြတ်ရာ၌ ဤရုံးက ညွှန်ပြခဲ့ပြီးပြီ၊ တရားရုံးချုပ် ရှေ့နေ အဖြစ် လက်ခံ ထားစေကာမူ၊ ဝန်ထမ်းတာဝန်ပြီးဆုံး၍၊ တရားရုံးချုပ် ရှေ့နေ အဖြစ် အချိန်ပြည့် လိုက်ပါ ဆောင်ရွက်သောအခါမှသာ၊ ဤရုံးသို့ အကြောင်းကြားခွင့်ပန်ပြီးလျှင် ရှေ့နေ လိုက်ပါ ဆောင်ရွက်ကြရမည် ဖြစ်ပေသည်။ ။မှတ်ချက်ပြုခြင်း။ ။အလျဉ်းသင့်၍ မှတ်ချက်ပြုလိုသော အချက်တချက်ရှိသေးသည်။ ရှေ့နေကြီးများကို အရည်အချင်း သတ်မှတ်၍ လက်ခံခြင်း၊ ရှေ့နေကြီးများ၏ စည်းကမ်း ကျင့်ဝတ်ကို ထိန်းသိမ်းခြင်း၊ ဖေါက်ဖျက်က အရေးယူခြင်း၊ ရှေ့နေဖြစ်ရန် လေ့ကျင့် သင်ကြားပေးခြင်း စသော ကိစ္စရပ်များ အတွက် တရားရုံးချုပ် ရှေ့နေကြီးများ ကောင်စီက သာလျှင်၊ တာဝန်ယူ လုပ်ဆောင်ကြခြင်းကို တရားရုံးချုပ်က လိုလားပါသည်။ လိုအပ်သလို ဥပဒေ၊ နည်း ဥပဒေတို့ကို ပြင်ဆင်ပြဋ္ဌာန်းခြင်း၊ ပြုလုပ်နိုင်ကြရန်၊ တရားရုံးချုပ် ရှေ့နေကြီးများ ကောင်စီက၊ ရှေ့နေ အသင်းများ၊ ရှေ့နေကြီးများနှင့် တိုင်ပင် ညှိနှိုင်း၍၊ အဆိုပြုအပ်ပေသည်။ စာရင်း ပညာရှင်များနှင့် သက်ဆိုင်သော "မြန်မာနိုင်ငံ စာရင်း ကောင်စီ ဥပဒေ" (၁၉၇၂ ခုနှစ်၊ တော်လှန်ရေး ကောင်စီ ဥပဒေ အမှတ် ၂) သည်၊ လေ့လာအပ်သော နမူနာကောင်း တရပ်ဖြစ်ပေသည်။

ဦးသိန်းထွန်း ၇၂

စာမျက်နှာ

သို့ အယူခံဝင်နိုင်သည့် အခွင့် အရေး ရှိသည်ဟု ဥပဒေက အတိ အလင်း ပြဋ္ဌာန်းထားသည်။ ယင်းအမိန့်ကို သက်ဆိုင်ရာ အယူခံအာဏာပိုင်က ပုဒ်မ ၃၅ အရ၊ ပြင်ဆင် ပယ်ဖျက်ခဲ့သည့် အကြောင်းကြောင့် အယူခံဝင်ခွင့် မရှိတော့ဟု ဆိုလျှင် ထိုအာဏာပိုင်အား ဥပဒေပြဋ္ဌာန်းချက်ကို ပယ်ဖျက်နိုင်ခွင့်ပြုရာ ရောက်မည်ဖြစ်သည်။ ဥပဒေကို ဥပဒေပြုအဖွဲ့ကသာ ပြင်ဆင်နိုင်သည်၊ ပယ်ဖျက်နိုင်သည်။ လက်ထောက် အမြတ်ခွန်မင်းကြီး အနေဖြင့် အမြတ်ခွန် ဥပဒေပြဋ္ဌာန်းချက်ကို ပြင်ဆင်ခြင်းသော်၎င်း၊ ပယ်ဖျက်ခြင်းသော်၎င်း မပြုနိုင်ပေ။ **စိန်ရတနာ ပိုး ရက်ကန်းစက်လီမိတက်** နှင့် **ကုန်သွယ်လုပ်ငန်းခွန်မင်းကြီး ပါ ၃၊** ၁၉၆၉ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံး၊ ၂၀၅ ကို ရည်ညွှန်းသည်။ ။**ထပ်မံဆုံးဖြတ်ချက်**။ ။ဤအမှုတွင် လက်ထောက်အမြတ်ခွန်မင်းကြီး ချမှတ်ခဲ့သောအမိန့်မှာ အယူခံအမိန့်ကို ပြင်ဆင်သည့် အမိန့်ဖြင့် အစားထိုးထားခြင်း ဖြစ်၍၊ ပုဒ်မ ၃၁ **နှင့်** ၃၅ တို့အား တွဲဖက်၍ ချမှတ်ခဲ့သည့် အမိန့်ဖြစ်သည်ဟု ဆိုရမည်ဖြစ်ရာ၊ အခွန်ထမ်းသည်၊ ပုဒ်မ ၃၃ (က) (၁) အရ၊ အမြတ်ခွန် အယူခံရုံးသို့ အယူခံဝင်ခွင့် ရှိသည်ဟု တင်ပြလာသော ဥပဒေ ပြဿနာကို ကျွန်ုပ်တို့ ဆုံးဖြတ်လိုက်သည်။

ဦးမြသန်း နှင့် တွဲဘက်အမြတ်ခွန်မင်းကြီး၊ မြန်မာနိုင်ငံ ၆၂

အရောင်းစာချုပ်သည်၊ အကျိုးသက်ရောက်စေရန် ရည်ရွယ်ချက် မရှိသည့် ဟန်ဆောင် စာချုပ်ဖြစ်သည်ဟု သက်သေထူခွင့် ရှိမရှိ—သက်သေခံ အက်ဥပဒေပုဒ်မ ၉၁ နှင့် ၉၂ ပါ ပြဋ္ဌာန်းချက်များက ယင်းစာချုပ်သည် အကျိုးသက်ရောက်စေရန် ရည်ရွယ်ချက် ကင်းကြောင်း နှုတ်သက်သေ ပြရန် ပိတ်ပင်ထား မထား။ ။**ဆုံးဖြတ်ချက်**။ ။သက်သေခံ အမှတ် (က) သည်၊ ဟန်ဆောင် ရည်ရွယ်သည့် စာချုပ် ဖြစ်သဖြင့် သက်သေခံ အက်ဥပဒေ ပုဒ်မ ၉၁ နှင့် ၉၂ **ပါ** ပြဋ္ဌာန်းချက်များက ယင်းစာချုပ်သည်၊ အကျိုးသက်ရောက်**စေရန် ရည်ရွယ်**ချက် ကင်းကြောင်း နှုတ်သက်သေ တင်ပြရန် ပိတ်ပင်ခြင်း မရှိပေ။ **ဦးမြတင်ပါ ၃ နှင့် ဒေါ်ကြင်ယုံ ပါ ၂၊** ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၂၅၀ **နှင့် ရွှီယိုပရမ်းဆင်း နှင့် စူရိယာနတ်ဆင်း၊** အောက်မြန်မာပြည် ပုံနှိပ်စီရင်ထုံး**များ**၊ စာ ၁၅၄ တို့ကို ရည်ညွှန်းသည်။

ဒေါ်တင်အေး (ကွယ်လွန်သူ) ၏ တရားဝင် ကိုယ်စားလှယ်များ မခင်လေးတင့် ပါ ၄ နှင့် **ဒေါ်စိန်နု** ၂၄

ကိုးကားသောအမှုခင်းများ

LIST OF CASES CITED

နိုင်ငံတော်တရားရုံးချုပ်၏

ရာဇဝတ်မှုများ

SUPREME COURT OF THE UNION

CRIMINAL CASES

မရှိ

ညွှန်းချက်

INDEX

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်မှုများ

SUPREME COURT OF THE UNION

CRIMINAL CASES

စာမျက်နှာ

အက်ဥပဒေများ။

ရာဇသတ်ကြီး။

တရားခံ၏ အကျိုးဆောင်အဖြစ် လိုက်ပါဆောင်ရွက်ခွင့်ပြုခြင်း—တရားခံ၏ တရားရုံး ကိုယ်စားလှယ် ဖြစ်သည်သာမက ဆွေမျိုး တော်စပ်သည့်ပြင် တရားဥပဒေကို အထိုက်အလျောက် နားလည်သူအား တရားခံ၏ အကျိုးဆောင် အဖြစ်လိုက် ခွင့်ပြုခြင်းသည် တရားဥပဒေနှင့် ဆန့်ကျင်ခြင်းရှိ မရှိ။ ။ဆုံးဖြတ်ချက်။ မူလရုံးမှ ဦးစန်းမောင်သည် တရားခံ ဦးညွှန့်ဝေ၏ တရားရုံး ကိုယ်စားလှယ် ဖြစ်သည် သာမက၊ ဦးညွှန့်ဝေနှင့် ဆွေမျိုး တော်စပ်သည့်အပြင် တရားဥပဒေ လုပ်ထုံးလုပ်နည်းကို အထိုက်အလျောက် နားလည်သူ တယောက်ဖြစ်၍ တရားမျှတမှုကို ရှေ့ရှုလျက် အမှန်တရားကို ဖေါ်ထုတ်နိုင်ရန် အလို့ငှါ အထူးကိစ္စတရပ်အနေဖြင့် ဦးညွှန့်ဝေ၏ အကျိုးဆောင်အဖြစ် လိုက်ပါ ဆောင်ရွက်ခွင့် ပြုခဲ့သည်။ မူလရုံး၏ အမိန့်သည် တရားမျှတမှုကို ရှေ့ရှုလျက် ဆင်ခြင်တုံ တရားကို လက်ကိုင်ထားကာ ဦးစန်းမောင်အား သက်ဆိုင်ရာ အမှုတခုအတွက် တရားခံ ဦးညွှန့်ဝေ၏ အကျိုးဆောင်အဖြစ် ဆောင်ရွက်ရန် ခွင့်ပြုခဲ့ခြင်း ဖြစ်သည့် အလျောက် တရားဥပဒေနှင့် ဆန့်ကျင်ခြင်းမရှိဟုဆိုရပေမည်။

ဦးညွှန့်ဝေ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ(ဦးဝင်း) ၄၃

စီရင်ထုံးပြုသောမှုခင်းများ

LIST OF CASES REPORTED

နိုင်ငံတော်တရားရုံးချုပ်

တရားမမှုများ

SUPREME COURT OF THE UNION

CIVIL CASES

စာမျက်နှာ

ကျင်ဥ၊ ဒေါ်၊ နှင့် ဦးညွန့်မောင်	၁
ချာကရာဘတီ၊ အမ်၊ အယ်(လ်)နှင့် ဂျေ၊ အယ်(လ်)မူဟူရီ	၁၀
တင်အေး၊ ဒေါ်၊ (ကွယ်လွန်သူ)၏ တရားဝင်ကိုယ်စားလှယ်များ မခင်လေးတင် ပါ ၄ } နှင့် ဒေါ်စိန်နု	၂၄
ထွေး၊ ဦး၊ (ခ) အော၊ အီး၊ ဒါ(ရ်) ပါ ၅ နှင့် အီး၊အမ်၊ စူ(လ်)တန်ပါ ၈။	၃၂
နေဝင်း၊ ဦး၊ ပါ ၂ နှင့် ဒေါ်ခင်အေး	၄၃
ပန်နာဒေဝီ နှင့် ကိုအောင်သိန်း ပါ ၈	၅၉
မြသန်း၊ ဦး နှင့် တွဲဘက် အမြတ်ခွန်မင်းကြီး၊ မြန်မာနိုင်ငံ	၆၂
လှတင်၊ ဦး နှင့် ဦးမြကိုင်	၆၆
သိန်းထွန်း၊ ဦး၊	၇၂
အောင်၊ ဦး၊ (၎င်း၏ကိုယ်စားလှယ် ဒေါ်အုံးတင်) နှင့် { သာဓုဖလင် .... ၎င်း၏ ပိုင်ရှင်ဦးသာဓု (ခေါ်) ဦးဖေသန်း။	၇၇
အုန်းအုန်း၊ မ၊ ပါ ၂ နှင့် ဒေါ်ရင်မေ ပါ ၂	၈၂

ဗြီရင်ထုံးပြုသောမှုခင်းများ

LIST OF CASES REPORTED

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်မှုများ

SUPREME COURT OF THE UNION

CRIMINAL CASES

	စာမျက်နှာ
ညွန့်ဝေ၊ ဦး၊ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (ဦးဝင်း)	၄၀

စီရင်ထုံးပြုသောမှုခင်းများ

LIST OF CASES REPORTED

နိုင်ငံတော်တရားရုံးချုပ်

တရားမမှုများ

SUPREME COURT OF THE UNION

CIVIL CASES

	စာမျက်နှာ
ဂျမား၊ အမ်၊ (ခေါ်) မူနီယာဘမန် နှင့် အေ၊ အမ်၊ ဂိုရာ	၁၀၂
ဂိုရှာခန် ပါ ၁၀ နှင့် ရှာခန် ပါ ၁၀	၁၀၇
တင်ဦး၊ မောင်၊ ပါ ၆ နှင့် ဦးမြသိး ပါ ၂	၁၁၂

ကိုးကားသောမှုခင်းများ

LIST OF CASES CITED

နိုင်ငံတော်တရားရုံးချုပ်

တရားမမှုများ

SUPREME COURT OF THE UNION

CIVIL CASES

မရှိ

ညွှန်းချက်

INDEX

နိုင်ငံတော်တရားရုံးချုပ်

တရားမမှုများ

SUPREME COURT OF THE UNION

CIVIL CASES

စာမျက်နှာ

အက်ဥပဒေများ—

ကာလစည်းကမ်းသတ် ဥပဒေ

ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ

မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေ။

မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က)—ရင်းပုဒ်မအရ ပေးပို့သော နို့တစ်စာသည် ကာလစည်းကမ်းသတ် ကျော်လွန်နေသော အိမ်လခများကိုပါ ထည့်သွင်းခြင်းကြောင့် တရားဝင်သော နို့တစ်စာဟုတ် မဟုတ်— နို့တစ်စာတွင် တောင်းခံပေးရန် ငွေများလည်း ပါရှိနေ၍ ကာလစည်းကမ်းသတ် ကျော်လွန်နေသော ငှါးရမ်းခများကို ရနိုင်ခွင့်မရှိသော်လည်း ရပိုင်ခွင့်ဆိတ်သုန်းခြင်းမရှိ။ ဆုံးဖြတ်ချက်။ ။အယူခံတရားလိုသည် ၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (က) အရ၊ ပေးရန်ကျန်ရှိနေသော ငှါးရမ်းခကို နို့တစ်စာ သက်သေခံအမှတ် (ဏ) အရ၊ တောင်းဆိုပြီး နို့တစ်ကုန်ဆုံးပြီးနောက်ပိုင်းတွင် ဤအမှုကို စွဲဆိုခဲ့သည်။ ယင်းနို့တစ်စာတွင် ကျန်သော အိမ်လခ (၄၁) လအတွက် တောင်းဆိုခဲ့သည်။ ထိုလများအတွက် အိမ်လခများမှာ အယူခံ တရားပြိုင်အနေဖြင့် တရားသဖြင့် ရသင့်ရထိုက်သော ရပိုင်ခွင့်ဖြစ်သည်။ သို့ရာတွင် အိမ်ငှါး အယူခံတရားလိုသည် (၃၆) လထက် ကျော်လွန်သော အိမ်လခ ကြွေးမြီကို မဒေါ်ရန် ခုခံပိုင်ခွင့်ရှိသည်။ မည်သို့ပင်ဖြစ်စေ အယူခံတရားလိုသည် (၃၆) လအတွက် အိမ်ငှါးရမ်းခများ ပေးရန် ငြင်းဆိုနိုင်ခွင့်မရှိပေ။ အာပေါင် (ခေါ်) ဦးပေါင် နှင့် အာမင်းတို့အမှု၌ ကြီးကြပ်ရေးဝန်ထံဘင်သွင်းထားသည့် ငှါးရမ်းခငွေဖြစ်သောအိမ်ငှါးအနေဖြင့် အိမ်ရှင်သို့

ပေးအပ်ပြီးသော ငွေများကို နို့တစ်စာတွင် ထပ်မံတောင်းဆို ထားခြင်းကြောင့် နို့တစ်စာသည် တရားမဝင်ဟု ဆုံးဖြတ် ထားခြင်းဖြစ်သည်။ *Hajee Abdul Shakoor Khan* v. *The O ficial Liquidator*, *The Burma publishers Ltd.* တို့စီရင်ထုံးထွင် အိမ်လခ ကြွေးမြီအတွက် ရရှိထားသော ဒီဂရီကို အတည်ပြုရန် တရားနိုင်က လျှောက်ထားသော အခါ တရားရုံးကပေးရန် ကျန်ရှိသော ငှါးရမ်းခကို ပေး၍ ဒီဂရီ အတည်ပြုခြင်းမှ ရပ်စဲရန် လျှောက်ထားသော အမှုတွင် ကာလစည်းကမ်းသတ် မကျော်လွန်သော ငှါးရမ်းခကိုသာ တောင်းဆိုနိုင်ကြောင်း ဆုံးဖြတ်ထားသည်။ ။ဤစီရင်ထုံးများသည် ယခုအမှုနှင့် သက်ဆိုင်ခြင်းမရှိဟု ကျွန်ုပ်တို့ယူဆ သည်။ နို့တစ်စာ သက်သေခံအမှတ် (ဏ) ဖြင့် (၄၁) လအတွက် ငှါးရမ်းခ တောင်းရာတွင် (၅) လအတွက် အိမ်လခများသည် ကာလစည်းကမ်းသတ် ကျော်လွန်နေသော်လည်းကျန် (၃၆) လအတွက် ငှါးရမ်းခမှာ အယူခံတရားလိုက တရားဝင်ပေးရမည့် ငှါးရမ်းခဖြစ်သည်။ ဤအမှုသည် အိမ်လခ ရရန်စွဲဆိုသောအမှုမဟုတ်၊ ငှါးရမ်းခများ ပေးရန် ကျန်ရှိ၍ အိမ်နှင်လိုမှု စွဲဆိုသော အမှုဖြစ်သည်။ ထို့အပြင် နို့တစ်စာတွင် တရားဝင်ပေးရန် ငွေများလည်းပါရှိနေသည်ကို တွေ့ရသည်။ ကာလစည်းကမ်းသတ် ကျော်လွန်နေသော ငှါးရမ်းခများကိုရနိုင်ခွင့်မရှိသော်လည်း ရပိုင်ခွင့်ဆိတ်သုန်းခြင်းမရှိဟု *Nageswar Rao* vs. *Dungarmull Mahadey* တွင်ပြထားသည့်ထုံးကို လက်ခံသည်။ နို့တစ်စာ (ဏ) ဖြင့်အယူခံတရားပြိုင်ကအယူခံတရားလိုအားမည်သည့်အကြောင်းကြောင့် တရားစွဲမည်ကိုကြိုတင်အသိပေးပြီးဤအမှုကိုစွဲဆိုခဲ့ခြင်းဖြစ်၍၊ယင်းနို့တစ်စာသည် ငှါးရမ်းခအက်ဥပဒေတွင် ပြဋ္ဌာန်းထားသည့် တရားဥပဒေနှင့် အညီဖြစ်သည်။

အမ်ဂျမား (ခ) မူနီယာဇမန် နှင့် ဒေါ၊ အမ်၊ ဂိုရာ ... ၁၀၂

လက်ရောက်ရလိုမှု —မရွှေ့ မပြောင်းနိုင်သော ပစ္စည်း လက်ရောက်ရလိုမှု စွဲသောအခါ ကာလစည်းကမ်းသတ်ဥပဒေအချက် ၁၄၂၊ သို့မဟုတ်၁၄၄ နှင့်အကျုံးဝင်မဝင်၊— ယင်းကိစ္စဆုံးဖြတ်ရာ၌ အခြေခံရမည့်မူများ။ ။ဆုံးဖြတ်ချက်။ ။တရားလိုက တရားပြိုင်လက်တွင်ရှိသော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းကို လက်ရောက် ရလိုမှု စွဲဆိုသောအခါ၊ ယင်းအမှုသည် အချက် ၁၄၂၊ သို့မဟုတ် အချက် ၁၄၄ နှင့် သက်ဆိုင်ခြင်း ရှိသလား ဟု ဆုံးဖြတ်ရာ၌၊ အောက်ပါမူများ ပေါ်တွင် အခြေခံရမည်ဖြစ်သည်။ ။၁။ အချက် ၁၄၄ သည် ကြွင်းကျန်သော (residuary) အချက်ဖြစ်သည်။ အချက် ၁၄၂ သည် အတိအလင်း သီးခြား ပြဋ္ဌာန်း ထားချက်ဖြစ်သည်။ အမှုတမှုသည် အချက် ၁၄၂ နှင့် အကျုံးမဝင်လျှင်၊ သို့မဟုတ် အချက် ၁၄၂ နှင့် သက်ဆိုင်ခြင်း မရှိလျှင်၊ အခင်းဖြစ် မရွှေ့မပြောင်းနိုင်သော ပစ္စည်း လက်ရောက်ရလိုမှုသည် အချက် ၁၄၄ နှင့်အကျုံး ဝင်လေသည်။ ။၂။ တရားလိုသည် ပိုင်ရှင် အနေနှင့်ဖြစ်စေ၊ အခြား နည်းအရဖြစ်စေ လက်ရှိ ဖြစ်ခဲ့သော မရွှေ့မပြောင်းနိုင်သော ပစ္စည်းအပေါ်တွင်၊ တရားပြိုင်က ကျူးကျော်ဝင်ရောက်သဖြင့် တရားလိုကလက်မဲ့ဖြစ်ခဲ့ရလျှင်၊ သို့မဟုတ် တရားလို ကိုယ်တိုင်က ယင်းပစ္စည်းကို လက်လွှတ်လိုက်လျှင်၊ ယင်း ပစ္စည်းအတွက် လက်ရောက် ရလိုမှုစွဲခဲ့သော်၊ ကာလစည်းကမ်းသတ် ဥပဒေ အချက် ၁၄၂ နှင့်သာ သက်ဆိုင်ခြင်းရှိမည်ဖြစ်သည်။ ။၃။ (က) တရားလိုသည် ပိုင်ဆိုင်မှုသာ ရှိ၍ မည်သည့်အခါတွင်

မျှ လက်ရှိမဖြစ်ခဲ့ဘူးသော မရွှေ့မပြောင်း နိုင်သော ပစ္စည်းကို လက်ရောက်ရလိုမှု စွဲခဲ့သော်၊ ကာလ စည်းကမ်းသတ် ဥပဒေ အချက် ၁၄၂ နှင့် အကျုံးဝင်မည် မဟုတ်ပေ။ ။(ခ) ထို့ပြင် တရားလိုက အငှါးချထားသဖြင့်၊ သို့မဟုတ် ခွင့်ပြုသဖြင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းတွင် ဝင်ရောက်နေထိုင်ပြီးနောက်မှ၊ တရားလို၏ ပိုင်ဆိုင်ခွင့်ကို ဆန့်ကျင်ဘက်ပြုပြီး နေထိုင် ဆောင်ရွက်ခဲ့သူ ထံမှ ပစ္စည်းကို လက်ရောက်ရလိုမှု စွဲခဲ့သော်၊ အချက် ၁၄၂ နှင့် အကျုံးဝင်မည် မဟုတ်။ ။(ဂ) ထို့ပြင် တရားလိုသည် တကြိမ်တခါက မရွှေ့မပြောင်းနိုင်သောပစ္စည်း လက်ရှိဖြစ်ခဲ့ဘူးသော်လည်း၊ ယင်းပစ္စည်းကို လက်မလွှတ်ဘဲ ကွက်လပ်အဖြစ် ထားရှိပြီး လျစ်လျူရှုထားသည့် အခါ၌၊ တရားပြိုင်က ဝင်ရောက်ပြီး ပိုင်ရှင်ကို ဆန့်ကျင်ဘက် မပြုဘဲ နေထိုင်သူ (Squatter) သည်၊ တရားပြိုင်က နောက်ပိုင်းတွင် တရားလိုကို ဆန့်ကျင်ဘက်ပြု၍ လက်ရှိထားခဲ့ကြောင်း ပြုမူပြောဆိုလာသဖြင့်၊ တရားလိုက လက်ရောက်ရလိုမှု စွဲခဲ့သော်လည်း အချက် ၁၄၂ နှင့် အကျုံးဝင်မည်မဟုတ်။

၁။ မောင်တင်ဦး
၂။ မအေးခင်
၃။ မောင်ပု
၄။ မအမာ
၅။ မောင်ချစ်စိန်
၆။ မအေးရီ

နှင့်

၁။ ဦးမြသိး
၂။ ဒေါ်ခင်ခင်ရီ ၁၁၂

အမွေပစ္စည်းကိုစီမံအုပ်ချုပ် စာရင်းရှင်းပေးရန် ပဏာမ ဒီဂရီချမှတ်ပြီးနောက် အပြီးသတ် ဒီကရီချမှတ်ခြင်း မပြုမီ မူလရုံးတွင် ဒိုင်အရာရှိခရွှေ့ အမှုသွားနေစဉ် တရားသူကြီး မူလဘက် ဌာနခွဲ (၁)၏ ဆုံးဖြတ်ချက်—ယင်းအမိန့်ကို ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၂၀ အရ၊ အယူခံဝင်နိုင်ခွင့်ရှိ မရှိ။ ။ ဤအမှုဘွင်မူလဘက် ဌာနခွဲ (၁) တရားသူကြီးက၊ မရှိဒီခန်၏ အမွေပစ္စည်းများကို စီမံအုပ်ချုပ်၍ စာရင်းရှင်းလင်းပေးရန် ပဏာမ ဒီဂရီ ချမှတ်လိုက်သည်။ ထိုဒီဂရီအရ ဒိုင်ဝန်သည် သေသူ၏ပစ္စည်း များနှင့် ပတ်သက်၍ စာရင်းကောက်ယူရာ၌၊ တီသာမိုဟာမက်ခန် သေဆုံးသည့် နေ့မှအစပြုပြီးစာရင်းများ တင်ရန်အမိန့် ချမှတ်ခဲ့၍၊ ထိုအမိန့်ကို တရားသူကြီးက ပယ်ဖျက်ပြီး မရှိဒီခန် သေဆုံးသည့်နေ့မှ အစပြုပြီး စာရင်းများ ကောက်ယူရန် အမိန့် ချမှတ်လိုက်သည်။ ။ဆုံးဖြတ်ချက်။ ။အမှုတွင် ပဏာမ ဒီဂရီချမှတ်ပြီး ဖြစ်၍ အပြီးသတ် ဒီဂရီ မချမှတ်ရသေးပေ။ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၂၀ တွင် "မူလစီရင်ပိုင်ခွင့် အာဏာကို သုံးစွဲ၍ ချမှတ်လိုက်သည့် တရားရုံးချုပ် တရားသူကြီး တဦး၏ ဒီဂရီကို၊ သို့ဘည်းမဟုတ် တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၁၀၄ အရ၊ အယူခံဝင်နိုင်သောအမိန့်ကို တရားရုံးချုပ်၌ အယူခံဝင်နိုင်ရမည်" ဟု ပြဋ္ဌာန်းထားသည်။ ယခုတရား သူကြီး၏ အမိန့်မှာ စာရင်းများ ကောက်ယူရာ၌ မည်သည့် နှစ်က စတင်ကောက်ယူ ရမည်ကို ဆုံးဖြတ်ထားခြင်းသာ ဖြစ်၍ အမှု၏ ဒီဂရီ မဟုတ်သေးပေ။ စာရင်းများ ကောက်ယူပြီးမှ ဒီဂရီ ချမှတ်မည် ဖြစ်သည်။ သို့ဖြစ်၍ ထိုအမိန့်မှာ ဒီဂရီ မဟုတ်ကြောင်း ထင်ရှား ပေါ်လွင် နေသည်။ တရားမကျင့်ထုံး ဥပဒေပုဒ်မ

ယုံကြည်ပြီး ကာမပေးအပ်ခဲ့သည့် အမျိုးသမီးသည် ကိုယ်ဝန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ကိုယ်၌ဖြစ်စေ၊ စိတ်၌ဖြစ်စေ၊ ဂုဏ်သရေ၌ ဖြစ်စေ နစ်နာခြင်း ခံရပြီး ဖြစ်သည်ဆိုခြင်းမှာ ယုံမှားဘွယ် မရှိနိုင်ခြင်းကြောင့် ပင်ဖြစ်သည်။ ။ **ထပ်မံဆုံးဖြတ်ချက်။** ။အမျိုးသားတဦးက အမျိုးသမီး တဦးကို လက်ထပ်ယူပါမည်ဟု အယုံသွင်း၍ ကာမရယူပြီးနောက်၊ လက်ထပ်ရန် ငြင်းဆိုခြင်းသည် ရာဇသတ်ကြီးပုဒ်မ ၄၁၇ အရလိမ်လည်မှု မြောက်နိုင်သည်ဟု ဆုံးဖြတ်လိုက်သည်။ တကယ်ဖြစ်မှု မြောက်သည် မမြောက်သည်ကိုမူ အထက်၌ ဖေါ်ပြခဲ့သည့်အတိုင်း ကြောင်းခြင်းရာအပေါ် သုံးသပ်၍ ဆုံးဖြတ်ရမည်သာဖြစ်ပေသည်။ **ပြည်ထောင်စုနှင့် ကိုကျင်ဝှက်၊** ၁၉၆၇ ခု၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၄၆ ကို သဘောတူသည်။

မောင်သန်းထွန်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (မခင်နှင်းရီ) ၂၃

အမှုကိုပြန်လည်စစ်ဆေးစေခြင်း—ပြစ်မှုထင်ရှားသည်ဟုဆုံးဖြတ်ပြီးမှ အမှုကိုပြန်လည်စစ်ဆေးစေခြင်း—ကြန့်ကြာခက်ခဲမှုရှိ မရှိ—တရားခံအပေါ် မျှတစေမှုရှိ မရှိ—တရားခံအတွက် အပြစ်မရှိကြောင်း သက်သေထူရန် လွတ်လပ်မျှတသော အခွင့်အရေးရှိသင့် မသင့်—အမှု၏ အကြောင်းချင်းရာတို့ကို သုံးသပ်ပြီးနောက်မှ အမှုကို ပြစ်ဒဏ်သတ်မှတ်ရန်အတွက် ပြန်လည် စစ်ဆေးခြင်းသည် ကျင့်ထုံး နှင့် ညီ မညီ—ဥပဒေဟူသည် မျှတရသည်၊ တဖက်သတ် မလုပ်ရခြင်း။ ။အယူခံတရားလိုများအား မအူပင်မြို့ တတိယ ရာဇဝတ် တရားသူကြီးရုံးမှ၊ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေ ၆ (၁)အရ၊ ဒဏ်ငွေကျပ် ၁၅၀ တပ်ရိုက်ခဲ့သည်ကို နိုင်ငံတော်တရားရုံးချုပ်က ပြစ်ဒဏ် သတ်မှတ်ပုံ မှန် မမှန်ပြဿနာပေါ်နေသည် တွေ့ရ၍ ပြင်ဆင်မှုဖွင့်လှစ်ကာ သုံးသပ်ခဲ့သည်။ ပြင်ဆင်မှုဖွင့်လှစ်၍ ကြားနာခဲ့သော ခုံရုံးက ပြစ်ဒဏ် စီရင် ထားခြင်းသည် ထောင်ဒဏ်မပါ မနေရ သတ်မှတ်ထားပါလျက် ငွေဒဏ်ကိုသာ သတ်မှတ် ထားခြင်းဖြင့် ဥပဒေပြဋ္ဌာန်းချက်နှင့် မကိုက်ညီ၍ အမှုကို ပြန်လည် စစ်ဆေးရမည်ဟု ဆုံးဖြတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်မှ အယူခံဝင်ရန် အခွင့်ထူးပေးပါမည့်အကြောင်း အယူခံတရားလိုတို့က လျှောက်ထားခဲ့ရာ ပြန်လည် စစ်ဆေးခြင်းသည် ကျင့်ထုံးနှင့် ညီ မညီ၊ ကြန့်ကြာ ခက်ခဲမှုရှိ မရှိ၊ မျှတမှုရှိမရှိစသော ဥပဒေပြဿနာကို အကျယ်တဝင့် စဉ်းစား ဆုံးဖြတ်ရန် လိုသဖြင့် အခွင့်ထူးပေးခဲ့သည်။ ။**ဆုံးဖြတ်ချက်။** ။တရားခံတို့တွင် အပြစ်ရှိသည်ဟုတရားရုံးချုပ် အဆင့်က ဆုံးဖြတ်ပြီးမှ၊ အမှုကို ပြန်လည်စစ်ဆေးစေဟုလည်း ညွှန်မည်ဆိုလျှင်၊ အမှုကို ပြန်လည်စစ်ဆေးသည့် အနှစ်သာရမမြောက်၊ ထောင်ဒဏ်သတ်မှတ်ရန်ကိုသာ၊ အမှုသစ်ကိုစစ်ဆေးမည့် ရုံးအား တာဝန်ပေးလိုက်သည့် အသွင် ဆောင်နေသည်။ အပြစ်ရှိသည်ဟူသော အထက်ရုံးမှတ်ချက်ဖြင့်ပြန်လည်စစ်ဆေးစေသောအမှုတွင်တရားခံတို့ခုခံချေပရန် မလွယ်။ တရားလိုက သက်သေထူခြင်း၊ တရားခံက ချေပခြင်းတို့သည် လုပ်ရိုးလုပ်စဉ်မျှသာဖြစ်ချေမည်။ အဓိပ္ပါယ် မပါရှိမည်။ ထို့ကြောင့်သာ အမှန်တကယ်လိုအပ်၍ ပြန်လည်စစ်ဆေးစေသောအမှုများ၌ အထက်ရုံးများက စကားဦးသန်းခြင်း၊ ကြိုတင်ဆုံးဖြတ်ခြင်း၊ အရိပ်ပြခြင်းမပြုအပ်။ တရားမျှတ လွတ်လပ်သော တရားစီရင်ခြင်းကို ဖြစ်ထွန်းနိုင်စေရန် အထူး စောင့်စည်း ဆင်ခြင်ရသည်။ ။ **ထပ်မံဆုံးဖြတ်ချက်။** ။မလိုပဲလည်း အမှုကို ပြန်လည်စစ်ဆေးစေခြင်း မပြုအပ်။ ပြန်လည် စစ်ဆေးစေခြင်းဖြင့် ကြန့်ကြာခက်ခဲတတ်သည်။ သက်သေများကိုရှာ

စာမျက်နှာ

စာတမ်းကို တင်သွင်းကာ ပဋိညာဉ် စည်းကမ်းချက်များကို ထင်ရှားအောင် ပြသပြီး ဖြစ်လျှင်၊ ထိုစာချုပ် ချုပ်ဆိုသူဘို့သည် အဆိုပါ ပဋိညာဉ် စည်းကမ်းချက်များ ဆန့်ကျင်စေရန် အလို့ငှါလည်းကောင်း၊ ပြင်ဆင်ရန် အလို့ငှါလည်းကောင်း၊ ဖြည့်စွက်ရန် အလို့ငှါလည်းကောင်း၊ နုတ်ပယ်ရန် အလို့ငှါလည်းကောင်း၊ နှုတ်ဂတိ၊ သို့မဟုတ် ပြောဆိုချက် တစုံတရာကို သက်သေခံ အဖြစ် တင်သွင်း လက်ခံခြင်း မပြုရ။ စာချုပ် စာတမ်းတွင် ပါရှိသော စကားရပ်များသည် ရှုပ်ထွေးနေခြင်း၊ သို့မဟုတ် အဓိပ္ပါယ် နှစ်ခု ထွက်ခြင်း ရှိစေကာမူ၊ ထိုစကားရပ်များ၏ အဓိပ္ပါယ်ကိုပြဆိုသည့် အနေနှင့် အကြောင်းချင်းရာနှင့် ပတ်သက်၍ သက်သေခံချက် မတင်သွင်းနိုင်။

ဒေါ်ကျင်ဥ နှင့် ဦးညွန့်မောင် ....

သက်သေထွက်ချက် ကွဲလွဲမှုရှိသည့် တရားမှုများတွင်၊ သက်သေထွက်ချက် အပေါ် ယင်းအမှု၏ အဆုံးအဖြတ်သည် မူတည်နေသည့် အခါ ထိုအမှုကို တရားရုံးချုပ် မူလဘက် တရားသူကြီးက စီရင်ဆုံးဖြတ်ခြင်း ဖြစ်လျှင်၊ အထင်အရှား မှားယွင်းခြင်းမရှိပါမူ အယူခံရုံးကလက်ခံရမည်ဖြစ်ခြင်း – သက်သေထွက်ချက်များ ယုံသင့် မယုံသင့် ဆိုသော ဆုံးဖြတ်ချက်ကို တရားရုံးချုပ် တရားသူကြီး တဦးက ပြုလုပ်ခဲ့လျှင် အယူခံရုံးက သာမန်အားဖြင့် လက်ခံလေ့ရှိသော်လည်း၊ အခြား တရားသူကြီး၏ ဆုံးဖြတ်ချက်ကိုမူ အယူခံရုံးကမှန်သည် မမှန်သည်ကို ဝေဖန်ဆန်းစစ်ရမည်ဖြစ်ခြင်း။ ။**ဆုံးဖြတ်ချက်**။ ။သက်သေ ထွက်ချက် ကွဲလွဲမှု ရှိသည့် တရားမှုများတွင်၊ သက်သေထွက်ချက် အပေါ် ယင်းအမှု၏ အဆုံးအဖြတ်သည်၊ မူတည်နေသည့် အခါ၌၊ ထိုအမှုကို တရားရုံးချုပ် မူလဘက် တရားသူကြီးက စီရင်ဆုံးဖြတ်ခြင်း ဖြစ်လျှင်၊ အထင် အရှား မှားယွင်းခြင်း မရှိပါမူ အယူခံရုံးက လက်ခံရမည် ဖြစ်သည်။ အတွေ့အကြုံများပြီး တရားစီရင်ရေး၌ ဝါရင့်ပြီး ဖြစ်သည့် တရားရုံးချုပ် တရားသူကြီးတဦးက၊ သက်သေများကိုကိုယ်တိုင် မျက်မြင်ကြားနာခဲ့သည့် ကိစ္စကို သာမန် တရားရုံးမှ တရားသူကြီး တဦး၏ ဆုံးဖြတ်ချက်နှင့် နှိုင်းယှဉ်၍မရနိုင်ပေ။ တနည်းဆိုရသော်၊ သက်သေထွက်ချက်များ အားလုံး ယုံသင့် မယုံသင့်ဆိုသော ဆုံးဖြတ်ချက်ကို တရားရုံးချုပ် တရားသူကြီး တဦးက ပြုလုပ်ခဲ့ခြင်းဖြစ်လျှင်၊ အယူခံရုံးက သာမန်အားဖြင့် လက်ခံလေ့ရှိသော်လည်း အခြား တရားသူကြီး၏ ဆုံးဖြတ်ချက်ကိုမူ၊ အယူခံရုံးအနေဖြင့် မှန်သည် မမှန်သည်ကို ဝေဖန်ဆန်းစစ်ရမည်ဖြစ်သည်။ **မဟာမက်ဟာဂျီဗလီ မိုဟာမက် နှင့် ဗက် နတ်ဆင်း၊ ၁၉၃၇၊ ရန်ကုန် စီရင်ထုံး၊ ၅၂** ကို ရည်ညွှန်းသည်။

ဦးအောင် [၎င်း၏ ကိုယ်စားလှယ် ဒေါ်အုံးတင်] နှင့် **သာခုဗလင် [၎င်း၏ ပိုင်ရှင် ဦးသာရ (ခေါ်)ဦးဖေသန်း]** ၇၇

အမြဲတမ်းခွန် ဥပဒေပုဒ်မ ၃၁ အရ၊ ချမှတ်သော အမိန့်ကိုပုဒ်မ ၃၃ (က) အရ၊ အမြတ်ခွန် ခုံရုံးသို့ အယူခံဝင်နိုင်သည့် အခွင့်အရေးရှိခြင်း—ယင်းအမိန့်ကို အယူခံအာဏာပိုင်က ပုဒ်မ ၃၅ အရ၊ ပြင်ဆင်ပယ်ဖျက်ခဲ့ခြင်းကြောင့် အယူခံဝင်ခွင့်မရှိဟုဆိုလျှင် ထိုအာဏာပိုင်အား ဥပဒေပြဋ္ဌာန်းချက်ကိုပယ်ဖျက်နိုင်ခွင့်ပြုရာရောက်ခြင်း။ ။**ဆုံးဖြတ်ချက်**။ ။အမြတ်ခွန် ဥပဒေ ပုဒ်မ ၃၁ အရ ချမှတ်သော အမိန့်ကိုပုဒ်မ ၃၃ (က) အရ၊ အခွန်ထမ်းကဖြစ်စေ၊ အမြတ်ခွန်ဌာနက ဖြစ်စေ၊ အမြတ်ခွန်ခုံရုံး

လျှင်) လွှဲပြောင်းပေးရမည်။ ပုဂ္ဂလိကပိုင်မြေ မဟုတ်ပဲ အစိုးရပိုင်မြေ ဖြစ်လျှင် အစိုးရက အတိအလင်း ယုံကြည် အပ်နှံမှု ဖေါ်ထုတ်ပြုလုပ်၍ ယုံကြည်အပ်နှံခြင်း ခံရသူတို့အား ဂရံထုတ်ပေးရမည်။

ဦးဇထွး (ခေါ်) အေး၊ အီး၊ မဒါ(ရ်) ပါ ၅ နှင့် အီး၊အမ်၊ စူ(လ်)တန်ပါ ဂ ၄၂

တရားရုံးချုပ် ရှေ့နေအဖြစ် လက်ခံခြင်း—ပြည်သူ့ ရဲ၊ အုပ်ချုပ်ရေး ဝန်ထမ်း၊ အချိန်ပိုင်း၊ ပြည်သူ့ တရားသူကြီး စသော ပုဂ္ဂိုလ်တို့လည်း တရားရုံးချုပ် ရှေ့နေများ ဖြစ်လာကြလျှင် တရားဥပဒေ စိုးမိုးရေး အတွက် တတ်စွမ်းရာက ပါဝင်ကြလိမ့်မည်ဟု ယူဆခြင်း—ဝန်ထမ်းများကို တရားရုံးချုပ် ရှေ့နေအဖြစ် လက်ခံထားစေကာမူ၊ ဝန်ထမ်းတာဝန် ပြီးဆုံး၍၊ တရားရုံးချုပ် ရှေ့နေအဖြစ် အချိန်ပြည့်ဆောင်ရွက်သောအခါမှသာ ရှေ့နေအဖြစ် လိုက်ပါ ဆောင်ရွက် ကြရမည် ဖြစ်ခြင်း—ရှေ့နေကြီးများ၏ အရည်အချင်း သတ်မှတ် လက်ခံခြင်း၊ စည်းကမ်း ကျင့်ဝတ် ထိန်းခြင်း၊ အရေးယူခြင်း ရှေ့နေဖြစ်ရန် လေ့ကျင့်ပေးခြင်း စသော ကိစ္စရပ်များ အတွက် တရားရုံးချုပ် ရှေ့နေကြီးများ ကောင်စီက တာဝန်ယူ လုပ်ခြင်းကို တရားရုံးချုပ်က လိုလားကြောင်း မှတ်ချက်ပြုခြင်း။ ။ဆုံးဖြတ်ချက်။ ။တရားသူကြီးများ၊ ရှေ့နေကြီးများသာမကသေး၊ ပြည်သူ့ ရဲ၊ အုပ်ချုပ်ရေး ဝန်ထမ်း၊ အချိန်ပိုင်း ပြည်သူ့ တရားသူကြီး စသော ပုဂ္ဂိုလ်တို့သည်လည်း၊ တရားရုံးချုပ် ရှေ့နေများ ဖြစ်လာကြလျှင်၊ တရားဥပဒေ ရေးရာကို ပိုမိုစိတ်ဝင်စားလာကြလိမ့်မည်။ နက်နဲသိမ်မွေ့သော တရားဥပဒေ ရေးရာတို့ကို ပိုမိုလေ့စားလာကြလိမ့်မည်။ တရားဥပဒေ စိုးမိုးရေး အတွက်၊ တတ်စွမ်းရာက ပါဝင်ကြလိမ့်မည်ဟုယူဆရသည်။ ။ထပ်မံဆုံးဖြတ်ချက်။ ။တရားရေးဌာန ဝန်ထမ်းများ၊ ပြည်သူ့ ဝန်ထမ်းများ၊ ဥပဒေ အရာရှိများ၊ စစ်ဥပဒေအရာရှိများကို ယင်းတို့၏ ဝန်ထမ်း သက်တမ်း အတွင်း၌ပင် အရည် အချင်းပြည့်စုံက၊ တရားရုံးချုပ် ရှေ့နေ အဖြစ် လက်ခံခဲ့သည့် အစဉ် အလာ ရှိကြောင်းကို ဦးဇင်၏ လျှောက်လှာကို ဆုံးဖြတ်ရာ၌ ဤရုံးက ညွှန်ပြခဲ့ပြီးပြီ၊ တရားရုံးချုပ် ရှေ့နေ အဖြစ် လက်ခံ ထားစေကာမူ၊ ဝန်ထမ်းတာဝန်ပြီးဆုံး၍၊ တရားရုံးချုပ် ရှေ့နေ အဖြစ် အချိန်ပြည့် လိုက်ပါ ဆောင်ရွက်သောအခါမှသာ၊ ဤရုံးသို့ အကြောင်းကြားခွင့်ပန်ပြီးလျှင် ရှေ့နေ လိုက်ပါ ဆောင်ရွက်ကြရမည် ဖြစ်ပေသည်။ ။မှတ်ချက်ပြုခြင်း။ ။အလျဉ်းသင့်၍ မှတ်ချက်ပြုလိုသော အချက်တချက်ရှိသေးသည်။ ရှေ့နေကြီးများကို အရည်အချင်း သတ်မှတ်၍ လက်ခံခြင်း၊ ရှေ့နေကြီးများ၏ စည်းကမ်း ကျင့်ဝတ်ကို ထိန်းသိမ်းခြင်း၊ ဖေါက်ဖျက်က အရေးယူခြင်း၊ ရှေ့နေဖြစ်ရန် လေ့ကျင့် သင်ကြားပေးခြင်း စသော ကိစ္စရပ်များ အတွက် တရားရုံးချုပ် ရှေ့နေကြီးများ ကောင်စီက သာလျှင်၊ တာဝန်ယူ လုပ်ဆောင်ကြခြင်းကို တရားရုံးချုပ်က လိုလားပါသည်။ လိုအပ်သလို ဥပဒေ၊ နည်း ဥပဒေတို့ကို ပြင်ဆင်ပြဋ္ဌာန်းခြင်း၊ ပြုလုပ်နိုင်ကြရန်၊ တရားရုံးချုပ် ရှေ့နေကြီးများ ကောင်စီက၊ ရှေ့နေ အသင်းများ၊ ရှေ့နေကြီးများ နှင့် တိုင်ပင် ညှိနှိုင်း၍၊ အဆိုပြုအပ်ပေသည်။ စာရင်း ပညာရှင်များနှင့် သက်ဆိုင်သော "မြန်မာနိုင်ငံ စာရင်း ကောင်စီ ဥပဒေ" (၁၉၇၂ ခုနှစ်၊ တော်လှန်ရေး ကောင်စီ ဥပဒေ အမှတ် ၂) သည်၊ လေ့လာအပ်သော နမူနာကောင်း တရပ်ဖြစ်ပေသည်။

ဦးသိန်းထွန်း ၇၂

ညွှန်းချက်

INDEX

နိုင်ငံတော်တရားရုံးချုပ်

တရားမမှုများ

SUPREME COURT OF THE UNION

CIVIL CASES

စာမျက်နှာ

အက်ဥပဒေများ—

ကာလစည်းကမ်းသတ် ဥပဒေ

ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ

မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေ။

မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က)—ယင်းပုဒ်မအရ ပေးပို့ရသော နို့တစ်စာသည် ကာလစည်းကမ်းသတ် ကျော်လွန်နေသော အငှါးလခများကိုပါ ထည့်သွင်းခြင်းကြောင့် တရားဝင်သော နို့တစ်စာဟုတ် မဟုတ်— နို့တစ်စာတွင် တောင်းခံပေးရန် ငွေများလည်း ပါရှိနေ၍ ကာလစည်းကမ်းသတ် ကျော်လွန်နေသော ငှါးရမ်းခများကို ရပိုင်ခွင့်မရှိသော်လည်း ရပိုင်ခွင့်ဆိတ်သုန်းခြင်းမရှိ။ ဆုံးဖြတ်ချက်။ ။အယူခံတရားပြိုင်သည် ၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (က) အရ၊ ပေးရန်ကျန်ရှိနေသော ငှါးရမ်းခကို နို့တစ်စာ သက်သေခံအမှတ် (ဏ) အရ၊ တောင်းဆိုပြီး နို့တစ်ကုန်ဆုံးပြီးနောက်ပိုင်းတွင် ဤအမှုကို စွဲဆိုခဲ့သည်။ ယင်းနို့တစ်စာတွင် ကျန်သော အိမ်လခ (၄၁) လအတွက် တောင်းဆိုခဲ့သည်။ ထိုလများအတွက် အိမ်လခများမှာ အယူခံ တရားပြိုင်အနေဖြင့် တရားသဖြင့် ရသင့်ရထိုက်သော ရပိုင်ခွင့်ဖြစ်သည်။ သို့ရာတွင် အိမ်ငှါး အယူခံတရားလိုသည် (၃၆) လထက် ကျော်လွန်သော အိမ်လခ ကြွေးမြီကို မပေးရန် ခုခံပိုင်ခွင့်ရှိသည်။ မည်သို့ပင်ဖြစ်စေ အယူခံတရားလိုသည် (၃၆) လစာအတွက် အိမ်ငှါးရမ်းခများ ပေးရန် ငြင်းဆိုနိုင်ခွင့်မရှိပေ။ အာမပေါင် (ခေါ်) ဦးပေါင် နှင့် အာမင်းတို့အမှု၌ ကြီးကြပ်ရေးဝန်ထံတင်သွင်းထားသည့် ငှါးရမ်းခငွေဖြစ်သောအိမ်ငှါးအနေဖြင့် အိမ်ရှင်သို့

ပေးအပ်ပြီးသော ငွေများကို နို့တစ်စာတွင် ထပ်မံတောင်းဆို ထားခြင်းကြောင့် နို့တစ်စာသည် တရားမဝင်ဟု ဆုံးဖြတ် ထားခြင်းဖြစ်သည်။ *Hajee Abdul Shakoor Khan* v. *The Official Liquidator, The Burma publishers Ltd.* တို့စီရင်ထုံးထွင် အိမ်လခ ကြွေးမြီအတွက် ရရှိထားသော ဒီဂရီကို အတည်ပြုရန် တရားနိုင်က လျှောက်ထားသော အခါ တရားရုံးကပေးရန် ကျန်ရှိသော ငှါးရမ်းခကို ပေး၍ ဒီဂရီ အတည်ပြုခြင်းမှ ရပ်စဲရန် လျှောက်ထားသော အမှုတွင် ကာလစည်းကမ်းသတ် မကျော်လွန်သော ငှါးရမ်းခ ကိုသာ တောင်းဆိုနိုင်ကြောင်း ဆုံးဖြတ်ထားသည်။ ။ဤစီရင်ထုံးများသည် ယခုအမှုနှင့် သက်ဆိုင်ခြင်းမရှိဟု ကျွန်ုပ်တို့ယူဆ သည်။ နို့တစ်စာ သက်သေ ခံအမှတ် (ဏ) ဖြင့် (၄၁) လအတွက် ငှါးရမ်းခ တောင်းရာတွင် (၅) လအတွက် အိမ်လခများသည် ကာလစည်းကမ်းသတ် ကျော်လွန်နေသော် လည်းကျန် (၃၆) လအတွက် ငှါးရမ်းခမှာ အယူခံတရားလိုက တရား ဝင်ပေးရမည့် ငှါးရမ်းခဖြစ်သည်။ ဤအမှုသည် အိမ်လခ ရရန်စွဲဆိုသောအမှု မဟုတ်၊ ငှါးရမ်းခများ ပေးရန် ကျန်ရှိ၍ အိမ်နှင်လိုမှု စွဲဆိုသော အမှုဖြစ်သည်။ ထို့အပြင် နို့တစ်စာတွင် တရားဝင်ပေးရန် ငွေများလည်းပါရှိနေသည်ကို တွေ့ရ သည်။ ကာလစည်းကမ်းသတ် ကျော်လွန်နေသော ငှါးရမ်းခများကိုရနိုင် ခွင့်မရှိသော်လည်း ရပိုင်ခွင့်ဆိတ်သုန်းခြင်းမရှိဟု *Nageswar Rao* vs. *Dungarmull Mahadey* တွင်ပြထားသည့်ထုံးကို လက်ခံသည်။ နို့တစ်စာ (ဏ) ဖြင့်အယူခံတရားပြိုင်ကအယူခံတရားလိုအားမည်သည့်အကြောင်းကြောင့် တရားစွဲမည်ကိုကြိုတင်အသိပေးပြီးဤအမှုကိုစွဲဆိုခဲ့ခြင်းဖြစ်၍၊ယင်းနို့တစ်စာသည် ငှါးရမ်းခအက်ဥပဒေတွင် ပြဋ္ဌာန်းထားသည့် တရားဥပဒေနှင့် အညီဖြစ်သည်။

အမ်ဂျမား (ခ) မူနီယာဇမန် နှင့် အေ၊ အမ်၊ ဂိုရာ ၁၀၂

လက်ရောက်ရလိုမှု —မရွှေ့ မပြောင်းနိုင်သော ပစ္စည်း လက်ရောက်ရလိုမှု စွဲသောအခါ ကာလစည်းကမ်းသတ်ဥပဒေအချက် ၁၄၂၊ သို့မဟုတ်၁၄၄ နှင့်အကျုံးဝင်မဝင်၊— ယင်းကိစ္စ ဆုံးဖြတ်ရာ၌ အခြေခံရမည့်မူများ။ ။ဆုံးဖြတ်ချက်။ ။တရားလိုက တရားပြိုင်လက်တွင်ရှိသော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းကို လက်ရောက် ရလိုမှု စွဲဆိုသောအခါ၊ ယင်းအမှုသည် အချက် ၁၄၂၊ သို့မဟုတ် အချက် ၁၄၄ နှင့် သက်ဆိုင်ခြင်း ရှိသလား ဟု ဆုံးဖြတ်ရာ၌၊ အောက်ပါမူများ ပေါ်တွင် အခြေခံ ရမည်ဖြစ်သည်။ ။၁။ အချက် ၁၄၄ သည် ကြွင်းကျန်သော (residuary) အချက်ဖြစ်သည်။ အချက် ၁၄၂ သည် အတိအလင်း သီးခြား ပြဋ္ဌာန်း ထားချက် ဖြစ်သည်။ အမှုတမှုသည် အချက် ၁၄၂ နှင့် အကျုံးမဝင်လျှင်၊ သို့မဟုတ် အချက် ၁၄၂ နှင့် သက်ဆိုင်ခြင်း မရှိလျှင်၊ အခင်းဖြစ် မရွှေ့မပြောင်းနိုင်သော ပစ္စည်း လက်ရောက်ရလိုမှုသည် အချက် ၁၄၄ နှင့်အကျုံး ဝင်လေသည်။ ။၂။ တရား လိုသည် ပိုင်ရှင် အနေနှင့်ဖြစ်စေ၊ အခြား နည်းအရဖြစ်စေ လက်ရှိ ဖြစ်ခဲ့သော မရွှေ့မပြောင်းနိုင်သော ပစ္စည်းအပေါ်တွင်၊ တရားပြိုင်က ကျူးကျော်ဝင်ရောက် သဖြင့် တရားလိုကလက်မဲ့ဖြစ်ခဲ့ရလျှင်၊ သို့မဟုတ် တရားလို ကိုယ်တိုင်က ယင်း ပစ္စည်းကို လက်လွှတ်လိုက်လျှင်၊ ယင်း ပစ္စည်းအတွက် လက်ရောက် ရလိုမှုစွဲခဲ့ သော်၊ ကာလစည်းကမ်းသတ် ဥပဒေ အချက် ၁၄၂ နှင့်သာ သက်ဆိုင်ခြင်းရှိမည် ဖြစ်သည်။ ။၃။ (က) တရားလိုသည် ပိုင်ဆိုင်မှုသာ ရှိ၍ မည်သည့်အခါတွင်

စာမျက်နှာ

မှ လက်ရှိမဖြစ်ခဲ့ဘူးသော မရွှေ့မပြောင်း နိုင်သော ပစ္စည်းကို လက်ရောက်ရလိုမှု စွဲခဲ့သော်၊ ကာလ စည်းကမ်းသတ် ဥပဒေ အချက် ၁၄၂ နှင့် အကျုံးဝင်မည် မဟုတ်ပေ။ ။(ခ) ထိုပြင် တရားလိုက အငှါးချထားသဖြင့်၊ သို့မဟုတ် ခွင့်ပြုသဖြင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းတွင် ဝင်ရောက်နေထိုင်ပြီးနောက်မှ၊ တရားလို၏ ပိုင်ဆိုင်ခွင့်ကို ဆန့်ကျင်ဘက်ပြုပြီး နေထိုင် ဆောင်ရွက်ခဲ့သူ ထံမှ ပစ္စည်းကို လက်ရောက်ရလိုမှု စွဲခဲ့သော်၊ အချက် ၁၄၂ နှင့် အကျုံးဝင်မည် မဟုတ် ။ ။(ဂ) ထိုပြင် တရားလိုသည် တကြိမ်တခါက မရွှေ့မပြောင်းနိုင်သောပစ္စည်း လက်ရှိဖြစ်ခဲ့ဘူးသော်လည်း၊ ယင်း ပစ္စည်းကို လက်မလွှတ်ဘဲ ကွက်လပ်အဖြစ် ထားရှိပြီး လျစ်လျူရှုထားသည့် အခါ၌၊ တရားပြိုင်က ဝင်ရောက်ပြီး ပိုင်ရှင်ကို ဆန့်ကျင်ဘက် မပြုဘဲ နေထိုင်သူ (Squatter) သည်၊ တရားပြိုင်က နောက်ပိုင်းတွင် တရားလိုကို ဆန့်ကျင်ဘက်ပြု၍ လက်ရှိထားခဲ့ကြောင်း ပြုမူပြောဆိုလာသဖြင့်၊ တရားလိုက လက်ရောက်ရလိုမှု စွဲခဲ့သော်လည်း အချက် ၁၄၂ နှင့် အကျုံးဝင်မည်မဟုတ်။

၁။ မောင်တင်ဦး
၂။ မဒေအးခင်
၃။ မောင်ပွ
၄။ မအမာ
၅။ မောင်ချစ်စိန်
၆။ မအေးရီ
နှင့်
၁။ ဦးမြသိး
၂။ ဒေါ်ခင်ခင်ရီ ၁၁၂

အမွေပစ္စည်းကိုစီမံအုပ်ချုပ် စာရင်းရှင်းပေးရန် ပဏာမ ဒီကရီချမှတ်ပြီးနောက် အပြီးသတ် ဒီကရီချမှတ်ခြင်း မပြုမီ မူလရုံးတွင် ဒိုင်အရာရှိခန့်၍ အမှုသွားနေစဉ် တရားသူကြီး မူလဘက် ဌာနခွဲ (၁)၏ ဆုံးဖြတ်ချက်—ယင်းအမိန့်ကို ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၂၀ အရ၊ အယူခံဝင်နိုင်ခွင့်ရှိ မရှိ။ ။ဤအမှုဘွင်မူလဘက် ဌာနခွဲ (၁) တရားသူကြီးက၊ မရှိဒီခန်၏ အမွေပစ္စည်းများကို စီမံအုပ်ချုပ်၍ စာရင်းရှင်းလင်းပေးရန် ပဏာမ ဒီကရီ ချမှတ်လိုက်သည်။ ထိုဒီကရီအရ ဒိုင်ဝန်သည် သေသူ၏ပစ္စည်း များနှင့် ပတ်သက်၍ စာရင်းကောက်ယူရာ၌၊ တိသာမိုဟာမက်ခန် သေဆုံးသည့် နေ့မှအစပြုပြီးစာရင်းများ တင်ရန်အမိန့် ချမှတ်ခဲ့၍၊ ထိုအမိန့်ကို တရားသူကြီးက ပယ်ဖျက်ပြီး မရှိဒီခန် သေဆုံးသည့်နေ့မှ အစပြုပြီး စာရင်းများ ကောက်ယူရန် အမိန့် ချမှတ်လိုက်သည်။ ။ဆုံးဖြတ်ချက်။ ။အမှုတွင် ပဏာမ ဒီကရီချမှတ်ပြီး ဖြစ်၍ အပြီးသတ် ဒီကရီ မချမှတ်ရသေးပေ။ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၂၀ တွင် "မူလစီရင်ပိုင်ခွင့် အာဏာကို သုံးစွဲ၍ ချမှတ်လိုက်သည့် တရားရုံးချုပ် တရားသူကြီး တဦး၏ ဒီကရီကို၊ သို့ဘည်းမဟုတ် တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၁၀၄ အရ၊အယူခံဝင်နိုင်သောအမိန့်ကို တရားရုံးချုပ်၌ အယူခံဝင်နိုင်ရမည်" ဟု ပြဋ္ဌာန်းထားသည်။ ယခု တရား သူကြီး၏ အမိန့်မှာ စာရင်းများ ကောက်ယူရာ၌ မည်သည့် နှစ်က စတင်ကောက်ယူ ရမည်ကို ဆုံးဖြတ်ထားခြင်းသာ ဖြစ်၍ အမှု၏ ဒီကရီ မဟုတ်သေးပေ။ စာရင်းများ ကောက်ယူပြီးမှ ဒီကရီ ချမှတ်မည် ဖြစ်သည်။ သို့ဖြစ်၍ ထိုအမိန့်မှာ ဒီကရီ မဟုတ်ကြောင်း ထင်ရှား ပေါ်လွင် နေသည်။ တရားမကျင့်ထုံး ဥပဒေပုဒ်မ

စာမျက်နှာ

၁၀၄ အရ၊ အယူခံဝင်နိုင်သည့် အမိန့်လည်း မဟုတ်ပေ။ အပြီးသတ် ဒီဂရီချမှတ်ပြီး နောက်မှသာ အယူခံဝင်ရန်ရှိသည်။ ။ သို့ဖြစ်သောကြောင့်၊ ယခု ပေါ်ပေါက်သည့် ပြဿနာတွင် တရားရုံးက အမွေပစ္စည်းကို စီမံအုပ်ချုပ်၍ စာရင်းရှင်းလင်း ပေးရန် ပဏာမ ဒီဂရီချမှတ်ပြီးနောက်၊ အပြီးသတ် ဒီဂရီ ချမှတ်ခြင်း မပြုမီ၊ မူလရုံးတွင် ဒိုင်အရာရှိရှေ့ရှိ၌ အမှုသွားနေစဉ် ၊ တရားသူကြီး၊ မူလဘက် ဌာနခွဲ (၁) ၏ ဆုံးဖြတ်ချက်မှာ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၂၀ အရ အယူခံဝင်နိုင်ခွင့် မရှိဟု ဆုံးဖြတ်လိုက်သည်။

ဂိုရှာခန်ပါ ၁၀ နှင့် ရှာခန်ပါ ၁၀ .... ၁၀၇

စီရင်ထုံးပြုသောအမှုခင်းများ

LIST OF CASES REPORTED

စစ်ဘက်အယူခံတရားရုံး
(စစ်တရားရုံးအယူခံဘက်ဆိုင်ရာ)
နိုင်ငံတော်တရားရုံးချုပ်

COURTS-MARTIAL APPEAL COURT
(COURTS-MARTIAL APPEALLATE JURISDICTION)
SUPREME COURT OF THE UNION

မရှိ

စီရင်ထုံးပြုသောမှုခင်းများ

LIST OF CASES REPORTED

နိုင်ငံတော်တရားရုံးချုပ်

တရားမမှုများ

SUPREME COURT OF THE UNION

CIVIL CASES

စာမျက်နှာ

ဘချမ်း၊ ဦး၊ ပါ ၂ နှင့် ဦးစံသိန်း ....

လှဝင်း၊ ကို၊ နှင့် မမြင့်မြင့်ဝေ ပါ ၃ ....

ဝါဒီဝေး မစ္စတာ၊ (ခေါ်) ဦးသိန်းဟန် နှင့် { ၁။ ဦးထွေးရင် ၂။ ဒေါ်မေမေညွန့် } ....

ကိုးကားသောမှုခင်းများ

LIST OF CASES CITED

နိုင်ငံတော်တရားရုံးချုပ်

တရားမမှုများ

SUPREME COURT OF THE UNION

CIVIL CASES

မရှိ

ညွှန်းချက်

INDEX

နိုင်ငံတော်တရားရုံးချုပ်

တရားမမှုများ

SUPREME COURT OF THE UNION

CIVIL CASES

စာမျက်နှာ

အက်ဥပဒေများ—

တရားမကျင့်ထုံး။

မြို့ပြဆိုင်ရာငှါးရမ်းခကြီးကြပ်ရေးဥပဒေ။

ကလယ်-မြန်မာကပြား ဗုဒ္ဓဘာသာဝင် တဦးသည် မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေနှင့် သက်ဆိုင်ခြင်း—မြန်မာအဖွား၊ မြန်မာ-ကလယ်ကပြား မိခင်က မွေးဖွားပြီး မြန်မာပြည်၌ နေထိုင်ကာ မြန်မာပြည်၌ပင် သေဆုံးခဲ့သော ကလယ်ကပြား ဗုဒ္ဓဘာသာဝင်ဖြစ်ခြင်း။ ။ဆုံးဖြတ်ချက်။ ။ကွယ်လွန်သူ ဒေါ်မြတင်သည်၊ တိုင်းတပါးမှ လာရောက်သူမဟုတ်၊ မြန်မာပြည်၌ မြန်မာ ဗုဒ္ဓဘာသာအဖွါး ဒေါ်မမကြီး၊ မြန်မာ-ကလယ်ကပြား မိခင် ဒေါ်စိန်မမ မှ မွေးဖွါးပြီး မြန်မာပြည်၌နေထိုင်ကာ မြန်မာပြည်၌ပင် သေဆုံးခဲ့သည့် ကလယ်ကပြား ဗုဒ္ဓဘာသာဝင် အမျိုးသမီးတဦးဖြစ်၍ မြန်မာဓလေ့ ထုံးတမ်းဥပဒေသည်သာ၍ပင် သက်ဆိုင်သည်။

မဇ္ဇတာဝါဒီဝေး(ခေါ်) ဦးသိန်းဟန် နှင့် { ၁။ ဦးထွေးရင် / ၂။ ဒေါ်မေမေညွန့် } ၈၈

တရားမကျင့်ထုံးပုဒ်မ ၁၅၁ နှင့် ၁၄၈—ယင်းပုဒ်မများအရ ချမှတ်ခဲ့သည့်မူလဘက်တရားသူကြီး၏ အမိန့်များသည် အယူခံဝင်နိုင်ခွင့်ရှိ မရှိ—ပုဒ်မ ၁၅၁ အရတရားရုံး၏ မူလဘူတ အာဏာကိုသုံးစွဲရန် ငြင်းဆိုသည့် အမိန့်သည် အယူခံဝင်နိုင်သောအမိန့်မဟုတ်—ပုဒ်မ ၁၄၈ အရ ငွေပေးသွင်းရန်အချိန် တိုးပေးသည့်အမိန့်သည် တရားမကျင့်ထုံးပုဒ်မ ၂(၂)တွင် မကျုံးမဝင်သဖြင့် အယူခံဝင်နိုင်ခွင့် မရှိပေ။ ။ဆုံးဖြတ်ချက်။ ။ပြဿနာမှာ တရားမ ကျင့်ထုံးပုဒ်မ ၁၅၁ အရ ၎င်း၊ ပုဒ်မ ၁၄၈ အရ၎င်း၊ ချမှတ်ခဲ့သည့် မူလဘက် တရားသူကြီး၏ အမိန့်များသည် အယူခံဝင်နိုင်ခွင့်ရှိမရှိဆိုခြင်းပင် ဖြစ်သည်။ ပုဒ်မ ၁၅၁ အရ တရားရုံး၏ မူလဘူတ

အာဏာကို သုံးစွဲရန်ငြင်းဆိုသည့် အမိန့်သည် အယူခံဝင်နိုင်သော အမိန့်မဟုတ်ကြောင်း ယုံမှားဘွယ် မရှိနိုင်။ ။ထပ်မံဆုံးဖြတ်ချက်။ ။မူလဘက် တရားသူကြီးသည် တရားမကျင့်ထုံးပုဒ်မ ၁၄၈ အရ ငွေပေးသွင်းရန် အချိန်တိုးပေးသည့် အမိန့်ကို မူလအမှုတွဲ၌ ချမှတ်ခဲ့သည်။ ဇာရီမှုဖွင့်လှစ်ပြီး ဆောင်ရွက်ရာ၌ အမိန့်ချမှတ်ခဲ့ခြင်းမဟုတ်။ ဒီကရီအရ ငွေပေးသွင်းရန် ကန့်သတ်ထားသည့် အချိန်တိုးပေးခြင်းသည် ဒီကရီကို အကျိုးသက်ရောက်အောင် ဇာရီ ပြုခြင်းသော်၎င်း၊ ဒီကရီမှာ ဆက်လက် ဆောင်ရွက်ရန် မရှိတော့ ပါဟု သော်၎င်း၊ ဆုံးဖြတ်ခြင်းမဟုတ်သဖြင့်၊ ယင်းအချိန်တိုးပေးသည့် အမိန့်သည် ပုဒ်မ ၂(၂)တွင် အကျုံးဝင်သည့် ဒီကရီဖြစ်သည်ဟု ယူဆခြင်း မပြုနိုင်၍ အယူခံဝင်ပိုင်ခွင့် မရှိပါဆို သောအယူခံခုံရုံး၏ဆုံးဖြတ်ချက်သည်မှန်ကန်သည်။

ဦးဘချမ်း ပါ၂ နှင့် ဦးစံသိန်း ....

၁၉၅၁ ခုနှစ် ဖေဖေါ်ဝါရီလ ၁၆ ရက်နောက်ပိုင်း ဆောက်လုပ်ခဲ့သော အဆောက်အဦ— ၁၉၆၆ ခုနှစ်၊ စက်တဘာလ ၈ ရက်နေ့စွဲ ပြည်သူ့လုပ်ငန်းနှင့် အိမ်ယာဆောက်လုပ်ရေးဌာန၏ အမိန့်ကြော်ငြာ ၁၈၁ အမှတ် ၁၇၅ မထုတ်ပြန်မီ ယင်း ဥပစာမျိုးကို မြို့ပြဆိုင်ရာငှါးရမ်းခ ကြီးကြပ်ရေး ဥပဒေနှင့် အကျုံးမဝင်ဟု ဆိုထားသည့် ကာလအတွင်း ပေါ်ပေါက်သည့် အိမ်လခကိစ္စသည် ၎င်းဥပဒေပုဒ်မ ၁၉ ၏ ပြဋ္ဌာန်းချက်ကို လိုက်နာရန်မလိုခြင်း—အိမ်လခ ရပိုင်သည့် ကျင့်ထုံး ဆိုင်ရာ အခွင့်အရေး မဟုတ်ဘဲ တရားစွဲပိုင်ခွင့်နှင့် စပ်လျဉ်းသော သက်သာခွင့် ဖြစ်သဖြင့် နောက်ကြောင်းပြန် အကျိုးသက်ရောက်မှု မရှိဘဲ ထုတ်ပြန်သည့်နေ့မှ စ၍ အကျိုးသက်ရောက်သည်ဟု မှတ်ယူရမည်ဖြစ်ခြင်း။ ။ဆုံးဖြတ်ချက်။ ။စွဲဆိုသည့် အိမ်လခမှာ ၁၉၅၁ ခုနှစ်၊ ဖေဖေါ်ဝါရီလ ၁၆ ရက်နေ့နောက်ပိုင်းတွင်ဆောက်လုပ်ပြီးစီးခဲ့သည့် အဆောက်အဦနှင့် ပတ်သက်ပြီး ၁၉၆၆ ခုနှစ်၊ စက်တဘာလ ၈ ရက်နေ့စွဲ ပြည်သူ့လုပ်ငန်းနှင့် အိမ်ယာ ဆောက်လုပ်ရေးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၁၇၅ မထုတ်ပြန်မှီ အဆိုပါဥပစာမျိုးကို မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေးဥပဒေနှင့် အကျုံးမဝင်ဟု ဆိုထားသည့် အချိန် ကာလအတွင်းပေါ် ပေါက်သည့်ကိစ္စ ဖြစ်သောကြောင့် ပုဒ်မ ၁၉ ပြဋ္ဌာန်းချက်ကို လိုက်နာရန် မလိုဟု ယူဆခြင်းမှာ မှန်ကန်သည်။ ထို့ပြင် ကျသင့်သည့် အိမ်လခရပိုင်ခွင့်သည် ကျင့်ထုံးဆိုင်ရာ အခွင့်အရေး မဟုတ်ဘဲ တရားစွဲပိုင်ခွင့်နှင့် စပ်လျဉ်းသော သက်သာခွင့်ဖြစ်သဖြင့် နောက်ကြောင်းပြန်အကျိုး သက်ရောက်မှု မရှိဘဲထုတ်ပြန်သည့်နေ့မှစ၍ အကျိုးသက်ရောက်သည်ဟု မှတ်ယူရမည်သာဖြစ်သည်။

ကိုလှဝင်း နှင့် မမြင့်မြင့်ဝေ ပါ ၃ ....

NOTE TO BINDER

These pages should be substituted for pages 81 to 87 in the January to March number of the Reports.

စီရင်ထုံးပြုသောမှုခင်းများ

LIST OF CASES REPORTED

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်မှုများ

SUPREME COURT OF THE UNION

CRIMINAL CASES

			စာမျက်နှာ
ချစ်၊ မောင်၊ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ	....	....	၂၈
သန်းအောင်၊ ဦး၊ ပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ	....	....	၃၃
အောင်ကြီး၊ ဦး၊ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ	....	....	၃၇

ကိုးကားသောမှုခင်းများ

LIST OF CASES CITED

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်မှုများ

SUPREME COURT OF THE UNION

CRIMINAL CASES

	စာမျက်နှာ
ခင်မြင့်၊ မ၊ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ၊ ၁၉၇၀ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံးများ၊ အထူးရာဇဝတ်ရုံးအယူခံအဖွဲ့၊ စာ ၁	၃၁
အမြတ်ခွန်မင်းကြီး၊ လက်ထောက်၊ နှင့် အောင်သိန်းကြူ၊ ၁၉၇၀ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံးများ၊ တရားရုံးချုပ်၊ စာ ၁၆၂	၃၄
ဦး၊ထွန်းအောင်၊ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ၊ ၁၉၇၀ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံးများ၊ တရားရုံးချုပ်၊ စာ ၁၉၀	၃၇
အောင်ဝင်း၊ ဗိုလ်ကြီး (ကြည်း/၅၅၄) နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ အထူးရာဇဝတ်ရုံးအယူခံအဖွဲ့၊ စာ ၂၉၅	၇၂

ညွှန်းချက်

INDEX

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်မှုများ

SUPREME COURT OF THE UNION

CRIMINAL CASES

စာမျက်နှာ

အက်ဥပဒေ—

ရာဇဝတ်ကျင့်ထုံး။

ကျင့်ထုံးနှင့် စပ်လျဉ်းသည့် မပြုမနေရသဘော သက်ရောက်သော ဥပဒေပြဋ္ဌာန်းချက်ကို လိုက်နာရန်ပျက်ကွက်ခြင်း—တရား မျှတမှု ဆိတ်သုန်းခြင်း မရှိလျှင် ထိုပျက်ကွက်မှုသည် ကုစား၍ရနိုင်သည့်ပျက်ကွက်မှု ဖြစ်၍ အမှုတခုလုံး မပျက်ပြယ်ခြင်း၊ ယင်းသို့ ပျက်ကွက်မှုကြောင့် တရားခံ၌ ဥပဒေအခွင့်အရေး ဆုံးရှုံးရပါမူ တရားမျှတမှု ဆိတ်သုန်းခဲ့သည်ဖြစ်၍ ၎င်းအပေါ် ပြစ်ဒဏ် စီရင်ခြင်းသည် ဥပဒေနှင့် ဆန့်ကျင်သည်ဟုယူဆရမည်ဖြစ်ခြင်း။ ။ဆုံးဖြတ်ချက်။ ။ကျင့်ထုံးနှင့်စပ်လျဉ်းသည့် မပြုမနေရ သဘော သက်ရောက်သော ဥပဒေပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်ခဲ့ ကာမူ တရားမျှတမှု ဆိတ်သုန်းခြင်း မရှိလျှင် ထိုပျက်ကွက်မှုသည် ကုစားရနိုင်သည့် ပျက်ကွက်မှုသာ ဖြစ်၍ အမှုတခုလုံး မပျက်ပြယ်ပေ။ သို့ရာတွင် ယင်းပျက်ကွက်မှုကြောင့် တရားခံ၌ ဥပဒေက ပေးထားသော အခွင့်အရေးကိုဆုံးရှုံးရပါမူ ၎င်းအဘို့ တရားမျှတမှု ဆိတ်သုန်းခဲ့သည်ဟု ဆိုရမည်ဖြစ်၍ ၎င်းအပေါ် ပြစ်ဒဏ်စီရင်ထားခြင်းမှာ ဥပဒေနှင့် ဆန့်ကျင်သည်ဟုယူဆရမည်ဖြစ်သည်။

ဦးအောင်ကြီး ကြီးကြပ်ရေးမှူး ၊ ပြည်သူ့ရဲတပ်ဖွဲ့ ကျောက်ဖြူမြို့။ } နှင့် { ပြည်ထောင်စုမြန်မာနိုင်ငံ (ကျောက်ဖြူမြို့ ရာဘက်စက်ရှင်) ၃၇

တရားရုံးချုပ် ညွှန်ကြားချက် များကို တရားရုံးချုပ် တရားသူကြီးများကလည်း လိုက်နာကြရန် ဖြစ်ခြင်း ၂၈

စာမျက်နှာ

ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၅၃ (၂)—ယင်းပုဒ်မအရ ရာဇဝတ်တရားသူကြီးသည် တရားလိုပြသက်သေ အားလုံးကို စစ်ဆေးခြင်း မပြုရသေး စေကာမူ တရားခံအပေါ်စွပ်စွဲချက်မှာ အခြေအမြစ်မရှိ ဟု မယူဆလျှင် တရားခံအား တရားရှင်လွှတ်နိုင်ခြင်း—ရည်ရွယ်ချက်မှာ အရေးကြီးသော သက်သေ အားလုံးကို စစ်ပြီးနောက် တိုက်ရိုက်မပတ်သက်သော အရေးကြီးသည့် သက်သေများကို စစ်ဆေးခြင်း မပြုရသေးသော်လည်း တရားခံအား မလိုအပ်ဘဲ ချုပ်နှောင်ထားခြင်း ၊ စွပ်စွဲထားခြင်း မဖြစ်ရအောင် တရားရှင်လွှတ်ခြင်း ဖြစ်သည်။ ။ဆုံးဖြတ်ချက်။ ။ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၅၃ (၂)အရ၊ ရာဇဝတ် တရားသူကြီး သို့မဟုတ် အထူး တရားသူကြီးသည် တရားလိုပြ သက်သေအားလုံးကို စစ်ဆေးခြင်း မပြုရသေးစေကာမူ၊ တရားခံအပေါ် ပြုလုပ်ထားသည့် စွပ်စွဲချက်မှာ အခြေအမြစ်မရှိဟု ယူဆလျှင် အကျိုးအကြောင်းဖော်ပြပြီး တရားခံအား တရားရှင် လွှတ်နိုင်ပေသည်ရည်ရွယ်ချက်မှာ အရေးကြီးသည့် သက်သေအားလုံးကို စစ်ဆေးပြီးနောက် တရားခံသည် ပြစ်မှု ကျူးလွန်ကြောင်း မပေါ်ပေါက်လျှင် ပြစ်မှု ကျူးလွန်ခြင်းနှင့် တိုက်ရိုက်မပတ်သက်သော အရေး မကြီးသည့် သက်သေများကို စစ်ဆေးခြင်း မပြုရသေးသော်လည်း တရားခံအား မလိုအပ်ဘဲ ချုပ်နှောင်ထားခြင်း၊ စွပ်စွဲထားခြင်းမဖြစ်ရအောင် တရားရှင်လွှတ်ခြင်းဖြစ်သည်။

၁။ ဦးသန်းအောင် } နှင့် { ပြည်ထောင်စုမြန်မာနိုင်ငံ ၄၃
၂။ ဦးစိုးမောင် } { (မောင်သောင်းစိန်)

အထူးရာဇဝတ်ရုံး အယူခံအဖွဲ့၏ စီရင်ထုံးများ—ယင်းစီရင်ထုံးများကို ကောင်းစွာလေ့လာ၍ လေးနက်စွာလိုက်နာရမည် ဖြစ်ကြောင်း တရားရုံးချုပ်က နိုင်ငံတဝှမ်းမှ တရားရုံးများသို့ ညွှန်ကြားခဲ့ပြီး ဖြစ်ခြင်း၊—တရားရုံးချုပ် ညွှန်ကြားချက်များကို တရားရုံးချုပ် တရားသူကြီးများကလည်း လိုက်နာကြရန် ဖြစ်ခြင်း—တရားရုံးများသည် စီရင်ထုံးများကို လေ့လာ သုံးစွဲတတ်ဘို့ လိုခြင်း—အထူးရာဇဝတ်ရုံး အယူခံအဖွဲ့၏စီရင်ထုံးများ ရှိလျှင် အခြားစီရင်ထုံးများကို ကိုးကားရန်မလိုခြင်း—တရားရုံးချုပ်တဦးထိုင် တရားသူကြီး၏ အထူးရာဇဝတ်ရုံး အယူခံအဖွဲ့၏ စီရင်ထုံးကို တရားရုံးချုပ်က လိုက်နာရန်မလိုဟူသောမှတ်ချက်များမှာ မှားယွင်းချတ်ချော်၍ပယ်ဖျက်လိုက်ခြင်း။ ။ဆုံးဖြတ်ချက်။ ။အထူးရာဇဝတ်ရုံး အယူခံ အဖွဲ့၏ စီရင်ထုံးများကိုကောင်းစွာလေ့လာ၍ ၊လေးနက်စွာလိုက်နာရမည်ဖြစ်ကြောင်းကို၊ တရားရုံးချုပ်ကနိုင်ငံတဝှမ်းမှတရားရုံးများသို့ညွှန်ကြားခဲ့ပြီးဖြစ်သည်။တရားရုံးချုပ် ညွှန်ကြားချက်များကို တ ရားရုံးချုပ် တရားသူကြီး များကလည်း လိုက်နာကြ ရန် ဖြစ်သည်။ ဦးထွန်းအောင်နှင့် မြန်မာနိုင်ငံ ၁၉၇၁ ခု၊မြန်မာနိုင်ငံ စီရင်ထုံးများ၊ တရားရုံးချု ်၊ စာ ၁၉၀ နှင့် လက်ထောက်အမြတ်ခွန်မင်းကြီး နှင့် အောင်သိန်းကြူ ၁၉၇၀ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံးများ၊ တရားရုံးချုပ်၊ စာ ၆၂ တို့ကိုရည်ညွှန်းသည်။ ။ထပ်မံဆုံးဖြတ်ချက်။ ။တရားရုံးများသည် စီရင်ထုံးများကိုလေ့လာ သုံးစွဲတတ်ဘို့လိုသည်။ တွေ့ခေါ် ယူဆတတ်ရန်လည်းကောင်း၊ လမ်းညွှန်မှုရနိုင်ရန်လည်းကောင်း စီရင်ထုံးများကို ဖတ်ရှုလေ့လာ ကောင်းသည။ သို့ရာတွင်၊ မှုခင်းစစ်ဆေး စီရင်ရာတွင်၊ အချက်အလက်ကို ဦးစားထား ရမည်။ ဆီလျော်သမျှသော အချက်အလက် တို့ကို အပြည့်အစုံ ဖော်ထုတ်၍ မှတ်တမ်းတင်ရမည်။ အချက်အလက်များ ထင်ရှား လာသောအခါ၊ ဥပဒေနှင့် ဆက်စပ်၍

ညွှန်းချက်

စာမျက်နှာ

သုံးသပ်ရမည်။ ဥပဒေသည် ထင်ရှား ရှင်းလင်းလျက် ရှိလျှင်၊ စီရင်ထုံးကိုကိုးကားရန် ပင်မလိုချေ။ စီရင်ထုံးများကို ကိုးကားနိုင်မှု စီရင်ချက်ပီသသည်မဟုတ်။ မှန်ဘို၊ ရှင်းလင်းဘို၊ စီရင်ချက်ကိုခံယူရသူတို့နားလည် သဘောပေါက်ဘို့ကအရေးကြီးသည်။ မခင်မြင့်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၇၀ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံးများ၊ အယူခံအဖွဲ့၊ စာ ၁ နှင့် အထူးရာဇဝတ်ရုံးအယူခံအဖွဲ့စီရင်ထုံးများ၊ စာ ၂၉၅ တို့ကိုရည်ညွှန်းသည်။ **။ထပ်မံဆုံးဖြတ်ချက်။** ။ လမ်းညွှန်မှု လိုလျှင်၊ စီရင်ထုံးကို ကိုးကားနိုင်သည်။ အထူးရာဇဝတ်ရုံး အယူခံအဖွဲ့၏ စီရင်ထုံးများရှိလျှင်၊ အခြားစီရင်ထုံးများကို ကိုးကားရန် မလို။ နိုင်ငံခြား စီရင်ထုံးများကိုမူ ကိုးကားခြင်း မပြုအပ်ချေ။ ဗဟုသုတ အလို့ငှါ ဖတ်ရှုကောင်းသော်လည်း၊ ၎င်းတို့ကို မှီငြမ်းပြုရန်ကား မလျော်ချေ။ နိုင်ငံတွင်း၌ ဖြစ်ပွါးသော တမှုနှင့် အခြားတမှုပင် မတူနိုင်လျှင်၊ နိုင်ငံတွင်း၌ ဖြစ်ပွားသော အမှုနှင့်နိုင်ငံခြား၌ ဖြစ်ပွါးသော အမှုသည်၊ တူညီနိုင်ဘို့ပို၍ပင် ခက်ခဲသေးသည်။ ထို့ပြင်၊ တည်ရှိသော ဥပဒေများသည်လည်း ထပ်တူညီကြသည်မဟုတ် ချေ။ **။ထပ်မံဆုံးဖြတ်ချက်။** ။တရားရုံးချုပ်တရုံးထိုင်တရားသူကြီး၏ စီရင်ထုံး ကိုးကားရာတွင် လွဲမှား ချွတ်ချော်ခဲ့ခြင်းကို အထက်ပါ မှတ်ချက်များဖြင့် ပြင်ဆင် လိုက်သည်။ အထူးရာဇဝတ်ရုံး အယူခံအဖွဲ့၏ စီရင်ထုံးကို တရားရုံးချုပ်က လိုက်နာရန် မလိုဟူသော မှတ်ချက်ကို ပယ်ဖျက်သည်။

မောင်ချစ် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၂၀

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးချုပ် စိန်ဝင်း၊ ဗိုလ်မှူးကြီး သန်းစိန် နှင့် တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်တို့ရှေ့တွင်၊

မောင်စောလွင် (ခေါ်) မောင်လှသိန်း

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ *

† ၁၉၅၂
ဇူလိုင်လ ၁၃ ရက်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ ပထမ အကြိမ် ညီလာခံ အထိမ်းအမှတ် အဖြစ် ရာဇဝတ်ပြစ်ဒဏ် များကို လျှော့ပေါ့ပေးသော ကြေငြာချက် အမှတ် ဂ၇—ယင်းကြေညာချက်သည် ခံဝန်ချုပ်ဖြင့် အလွတ်နေထိုင်သည့်ကာလနှင့် အကျုံးဝင် မဝင်။

ဆုံးဖြတ်ချက်။ ။ခံဝန်ချုပ်ဖြင့် လွှတ်ထားခြင်းသည်၊ ထောင်ဒဏ်ကို ပယ်ဖျက်ခြင်း မဟုတ်။ ခံဝန်ချုပ်ပါ စည်းကမ်းချက်များဖြင့် အပြင်တွင် နေခွင့်ပြုထားခြင်းသာ ဖြစ်သည်။ ပြစ်ဒဏ်ကိုကျခံ ရခြင်းမှ ဆိုင်းငံ့ထားခြင်းလည်းမဟုတ်။ ခံဝန်ချုပ်ဖြင့် နေခွင့် ပြုလိုက်သူ တဦးသည် အစိုးရက အကျဉ်းစခန်း၌ ကြပ်မတ် ထိန်းသိမ်းခြင်းကို မခံရစေကာမူ၊ မိမိကိုယ်ကိုမိမိ၊ ကောင်းစွာနေထိုင်ရန် စောင့်ထိန်း နေရသည်။ ခံဝန်ချုပ်ပါ စည်းကမ်းချက်များကို လိုက်နာ နေရသည်။ ခံဝန်ချုပ်ကို အာမခံပြုကြရသော အခြားသူများ ရှိလျှင်လည်း၊ ယင်းတို့ကပါ ဝိုင်းဝန်း၍ ခံဝန်ချုပ်ဖြင့် နေသူကို ကူညီစောင့်ထိန်းရန်၊ စည်းကမ်းချက် များကို လိုက်နာကြောင်း စောင့်ကြည့်ရန် တာဝန်ရှိသည်။ ခံဝန်ချုပ်နှင့် နေရသူ တဦးသည်၊ လုံးဝ လွတ်လပ်သူမဟုတ်သေး။ ပြစ်ဒဏ်ကို တနည်းတဖုံအားဖြင့် ခံစား နေရသူသာဖြစ်သည်။ ဥပမာအားဖြင့်၊ ဤအမှုတွင်၊ ကျွန်ုပ်တို့က မောင်စောလွင်အား ခံဝန်ချုပ်နှင့် နေခွင့်ပြုစေရာ၌၊ မိမိ၏ အမြဲတန်းနေရမည့် နေရပ်ကို ခံဝန်ချုပ်၌ ဖော်ပြပြီးလျှင်၊ နေရပ်တွင်ရှိသော အနီးဆုံး ပြည်သူ့ရဲစခန်းသို့ တလတကြိမ် သွားရောက် သတင်းပို့ရမည်စသော စည်းကမ်းချက်ကို သတ်မှတ်ခဲ့သည်။ ယင်းသို့ မှန်မှန် သတင်းပို့ကြောင်းကိုလည်း သက်ဆိုင်ရာတို့က ဤရုံးသို့ အစီရင်ခံရမည်ဟု ကျွန်ုပ်တို့က ညွှန်ကြားခဲ့သည်။

---

* ၁၉၄၉ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၁၀၁။

† ပုသိမ်မြို့၊ ၁၉၄၈ ခုနှစ်၊ အထူးရာဇဝတ်ရုံးအမှတ် ၁၂၅ ၏ ၁၉၄၈ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၃၅ တွင်၊ ၁၉၄၈ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့၌ချမှတ်ပြီး၊ ၁၉၄၉ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့တွင်အတည်ပြုအဖွဲ့က အတည်ပြုသည့်အမိန့်ကိုအယူခံမှု။

၁၉၇၂

မောင်စောလွင် (ခ) မောင်လှသိန်း နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ထို့ကြောင့် တော်လှန်ရေး ကောင်စီဥက္ကဋ္ဌ၏ကြေငြာချက်သည်၊ မောင်စောလွင်ကဲ့သို့ခံဝန်ချုပ်ဖြင့် ပြစ်ဒဏ်ကာလအတွင်း အပြင်၌ သတ်မှတ်ထားသော စည်းကမ်းချက်များ နှင့်အညီ နေထိုင်သူများနှင့်လည်း သက်ဆိုင်သည်။ ၎င်းတို့သည်လည်း ကြေငြာချက်၏ အကျိုးခံစားခွင့်ရှိသည်ဟု ဆုံးဖြတ်လိုက်သည်။

အယူခံတရားလို၏အကျိုးဆောင်။ ။

အယူခံတရားခံ၏အကျိုးဆောင်။ ။လက်ထောက်ရှေ့နေချုပ်(၁) ဦးမျိုးထွန်းလင်း။

ရုံးသဟာယ။ ။တရားရုံးချုပ်ရှေ့နေဦးကျော်မြင့်။

တရားသူကြီးချုပ်ဒေါက်တာ မောင်မောင်။ ။မောင်စောလွင်သည်၊ မိမိကိုယ်ကိုမိမိ "မဒညတ အောင်နိုင်" ဖြစ်သည်ဆိုကာ ပုသိမ်ခရိုင် အသုတ်မြို့၊ ဆန်စက်ပိုင်အချို့ထံမှ ငွေ ၃၀ ကျပ် စီတောင်းယူသည်ဟုတွေ့ရှိကာ၊အထူးရာဇဝတ်ရုံးက လိမ်လည်မှုဖြင့် ရာဇသတ်ကြီးပုဒ်မ ၄၂၀ အရ၊ ၎င်းအပေါ် ထောင်ဒဏ် ၄ နှစ်အပြစ်ပေးခဲ့သည်။

မောင်စောလွင်က၊ ဤရုံးသို့အယူခံဝင်ရာ၊ ထောင်ဒဏ် ၃ နှစ်သို့ လျှော့ပေါ့ပေးကာ၊ ယင်း ၃ နှစ်မှ ကျခံရန်ကျန်ရှိနေသေးသောကာလအတွင်း ကောင်းမွန်စွာနေထိုင်ပါမည်ဟု ကိုယ်တိုင်ခံဝန်ဖြင့် အလွတ်နေထိုင်စေရန်ကိုလည်း ဤရုံးကအမိန့်ချမှတ်ခဲ့သည်။]

ဤရုံး၏ အမိန့်အရ၊ ခံဝန်ကာလမှာ ၁၉၇၀ ခု၊ မတ်လ ၄ ရက်နေ့မှ ၁၉၇၁ ခု၊ ဇူလိုင်လ ၂၁ ရက်နေ့အထိဖြစ်သည်။

ယင်းကျန်ခံဝန်ကာလမကုန်ဆုံးမီ၊ ၁၉၇၁ ခု၊ ဇွန်လ ၂၇ ရက်နေ့စွဲဖြင့်၊ တော်လှန်ရေးကောင်စီဥက္ကဋ္ဌက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ပထမအကြိမ် ညီလာခံအထိမ်းအမှတ်အဖြစ်၊ ရာဇဝတ်ပြစ်ဒဏ်များကိုလျှော့ပေါ့ပေးသောကြေညာချက်အမှတ် (၇၇) ကိုထုတ်ပြန်ခဲ့သည်။ ယင်းကြေညာချက်အရ ထောင်ဒဏ်ကျခံနေရသူများသည် ၎င်းတို့အပေါ် သတ်မှတ်ထားသော ထောင်ဒဏ်၏ သုံးပုံတပုံကို၎င်းတို့ရရှိပြီးသောလျှော့ချက်များအပြင် လျှော့ပေါ့ရရှိကြသည်။

မောင်စောလွင်သည်၊ ၁၉၇၀ ခု၊ နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ခိုးမှုကျူးလွန်ခဲ့သည်။ ယင်းပြစ်မှုအရ၊ တရားရုံးက ၎င်းအပေါ် ထောင်ဒဏ် (၉) လကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ခိုးမှုကျူးလွန်ခဲ့ခြင်းသည် ခံဝန်ချုပ်ကာလ အတွင်း ကျရောက်သည်ဆိုလျှင်၊ ခိုးမှုကျူးလွန်ခြင်းဖြင့် ကောင်းမွန်စွာနေထိုင်ပါမည်ဟူသော ခံဝန်ချုပ်ကို ဖေါက်ဖျက်ရာကျမည်။ ဖေါက်ဖျက်ခြင်းမြောက်လျှင် လိမ်လည်မှုအတွက် ကျန်ရှိမည့်ထောင်ဒဏ်

၁၉၇၂
မောင်စောလွင် (ခ) မောင်လှသိန်း နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

သတ်မှတ်ထားသော ထောင်ဒဏ် ၃ နှစ်၏ကျန်ကာလကို ဆက်လက်၍ကျခံရမည်။ သို့ရာတွင် ခိုးမှုကျူးလွန်ခြင်းသည် ခံဝန်ချုပ်ကာလကုန်ဆုံးပြီးမှ ဖြစ်ခဲ့သည်ဆိုလျှင်၊ ခံဝန်ချုပ်ကိုဖေါက်ဖျက်ရာ မရောက်၊ ခံဝန်ချုပ်နှင့် သက်ဆိုင်သော ထောင်ဒဏ်ကို ထပ်မံကျခံရန်မလို။

တော်လှန်ရေးကောင်စီဥက္ကဋ္ဌက ပြဋ္ဌာန်းလျှော့ပေါ့ပေးသောအမိန့်သည်၊ ခံဝန်ချုပ်ဖြင့် မောင်စောလွင် အလွတ်နေထိုင်သည့်ကာလနှင့်ပါ အကျုံးဝင်သလောဟူသော ပြဿနာပေါ်ပေါက်လာသည်။ သို့အတွက် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ၏အမိန့်သည်ခံဝန်ချုပ်နှင့်အပြင်မှာနေစဉ်နှင့်ပါ သက်ဆိုင်သည်ဆိုလျှင်၊ ခံဝန်ချုပ်ကာလသည် ၁၉၇၀ ခု၊ မတ်လ ၄ ရက်နေ့မှစ၍ ၁၉၇၁ ခု၊ ဇူလိုင်လ ၂၁ ရက်နေ့တွင် ကုန်ဆုံးပြီ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့ သတ်မှတ်ထားသော ထောင်ဒဏ် ၃ နှစ်မှ သုံးပုံတပုံကိုလျှော့၍ မောင်စောလွင်သည် ထောင်ဒဏ် ၂ နှစ်သာ ကျခံရမည် ဖြစ်သောကြောင့်တည်း။

ပေါ်ပေါက်လာသောပြဿနာပေါ်တွင်၊ ကျွန်ုပ်တို့အား လာရောက်ဘင်ပြကူညီကြရန်၊ လက်ထောက်ရှေ့နေချုပ်နှင့်တကွ တရားရုံးချုပ်ရှေ့နေကြီး ဦးကျော်မြင့်ကိုပါ ရုံးသဟာယအဖြစ်ဖိတ်ကြားခဲ့သည်။

ရှေ့နေချုပ်ကိုယ်စား လိုက်ပါဆောင်ရွက်သော ဦးမျိုးထွန်းလင်းက၊ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ၏ ကြေညာချက်တွင်၊ ထောင်ဒဏ်ခံကျနေရသူများဟုသာဆိုပါသည်။ ထို့ကြောင့် ထောင်ဒဏ်ကျခံနေရခြင်းမဟုတ်ပဲ အပြင်အပတွင် လွတ်လပ်စွာနေရသော သူများနှင့်မသက်ဆိုင်ဟု အဓိပ္ပါယ်ကောက်ယူလျှင်လည်း ရပါသည်။ တဖက်ဘင်မူ ခံဝန်ချုပ်ဖြင့်နေရသူတဦးသည် လုံးဝလွတ်လပ်သည်ကားမဟုတ်ပါ၊ ခံဝန်ချုပ်၏စည်းကမ်းချက်များကို လိုက်နာနေရပါသေးသည်။ ထို့ကြောင့် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ၏အမိန့်ကို ကျယ်ကျယ်ပြန့်ပြန့်အဓိပ္ပါယ်ဖွင့်ဆိုလျှင်၊ ယင်းကဲ့သို့ စည်းကမ်းချက်ဖြင့် နေရသူများပါ အမိန့်အကျိုးကိုခံစားစေသင့်သည်ဟု ယူဆပါသည်ဟု တင်ပြသည်။

ရုံးသဟာယအဖြစ် အထူးဖိတ်ကြားထားသော တရားရုံးချုပ် ရှေ့နေကြီး ဦးကျော်မြင့်ကလည်း တော်လှန်ရေးကောင်စီဥက္ကဋ္ဌ၏ အမိန့်သည်ခံဝန်ချုပ်ဖြင့်နေထိုင်သူများနှင့်ပါ သက်ဆိုင်သည်ဟု အဓိပ္ပါယ်ဖွင့်ဆိုသင့်ကြောင်း၊ သို့မှသာ ကြေညာချက်၏ အနှစ်သာရပြည့်ဝမည်ဖြစ်ကြောင်း တင်ပြသည်။

ခံဝန်ချုပ်ဖြင့် လွှတ်ထားခြင်းသည် ထောင်ဒဏ်ကိုပယ်ဖျက်ခြင်းမဟုတ်။ ခံဝန်ချုပ်ပါစည်းကမ်းချက်များဖြင့် အပြင်တွင်နေခွင့်ပြုထားခြင်းသာ ဖြစ်သည်။ ပြစ်ဒဏ်ကို ကျခံရခြင်းမှ ဆိုင်းငံ့ထားခြင်းလည်းမဟုတ်။ ခံဝန်ချုပ်ဖြင့်နေခွင့်ပြုလိုက်သူ တဦးသည်၊

၁၉၇၂
မောင်စောလွင် (ခ) မောင်လှသိန်း နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

အစိုးရက၊ အကျဉ်းစခန်း၌ကြပ်မတ်ထိန်းသိမ်းခြင်းကို မခံရစေကာမူ၊ မိမိကိုယ်ကိုမိမိ၊ ကောင်းစွာနေထိုင်ရန် စောင့်ထိန်းနေရသည်။ ခံဝန်ချုပ်ပါ စည်းကမ်းချက်များကို လိုက်နာနေရသည်။ ခံဝန်ချုပ်ကို အာမခံပြုကြရသော အခြားသူများရှိလျှင်လည်း၊ ယင်းတို့ကပါ ဝိုင်းဝန်း၍ ခံဝန်ချုပ်ဖြင့် နေသူကို ကူညီစောင့်ထိန်းရန်၊ စည်းကမ်းချက်များကိုလိုက်နာကြောင်း စောင့်ကြည့်ရန်တာဝန်ရှိသည်။ ခံဝန်ချုပ်နှင့်နေရသူ မှာဦး သည်လုံးဝလွတ်လပ်သူမဟုတ်သေး၊ ပြစ်ဒဏ်ကိုတနည်းတဖုံအားဖြင့် ခံစားနေရသူသာ ဖြစ်သည်။ ဥပမာအားဖြင့် ဤအမှုတွင် ကျွန်ုပ်တို့က မောင်စောလွင်အား ခံဝန်ချုပ်နှင့် နေခွင့်ပြုစေရာ၌၊ မိမိ၏အမြဲတန်းနေရမည့် နေရပ်ကို ခံဝန်ချုပ်၌ ဖေါ်ပြပြီးလျှင်၊ နေရပ်တွင်ရှိသော အနီးဆုံးပြည်သူ့ရဲစခန်းသို့ ၁ လတကြိမ်သွားရောက်သတင်းပို့ ရမည်စသော စည်းကမ်းချက်များကို သတ်မှတ်ခဲ့သည်။ ယင်းသို့ မှန်မှန်သတင်း ပို့ကြောင်းကိုလည်း သက်ဆိုင်ရာတို့က ဤရုံးသို့ အစီရင်ခံ ရမည်ဟု ကျွန်ုပ်တို့က ညွှန်ကြားခဲ့သည်။

ထို့ကြောင့်၊ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ၏ ကြေညာချက်သည် မောင်စောလွင် ကဲ့သို့ခံဝန်ချုပ်ဖြင့် ပြစ်ဒဏ်ကာလအတွင်း အပြင်၌ သတ်မှတ်ထားသော စည်းကမ်း ချက်များနှင့်အညီ နေထိုင်သူများနှင့်လည်း သက်ဆိုင်သည်။ ၎င်းတို့သည်လည်း ကြေညာချက်၏အကျိုးခံစားခွင့်ရှိသည်ဟု ကျွန်ုပ်တို့ဆုံးဖြတ်လိုက်သည်။

ဤသို့ဆုံးဖြတ်ခြင်းဖြင့် မောင်စောလွင်သည် ပြစ်မှုထပ်မံကျူးလွန်သောအခါ၌ ခံဝန်ချုပ်ကာလလွန်ခဲ့ပြီးဖြစ်သည်ဟု သတ်မှတ်ရမည်။ ခံဝန်ချုပ်ကာလအဘွင်းသတ် မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာခဲ့သောကြောင့် ခံဝန်ချုပ်ကာလ လွန်မှ ပြစ်မှုကျူးလွန်ခြင်းသည်ခံဝန်ချုပ်ကိုဖေါက်ဖျက်ခြင်းမမည်။ ခံဝန်ချုပ်အရကျခံ ရန် ပြစ်ဒဏ်မကျန်။ ဤအမှုနှင့်ပတ်သက်၍ ဆက်လက်အယူခံရန်မလိုဟု ကျွန်ုပ်ထို့ ဆုံးဖြတ်သည်။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်၊ တရားသူကြီး ဦးလှသင်း နှင့် တရားသူကြီး ဦးတင်အုံး တို့ ရှေ့တွင်

မောင်ဂေကင်း

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ *

† ၁၉၇၂

ဖေဖော်ဝါရီလ ၄ ရက်။

ဓလေ့ ထုံးတမ်းများ—ရိုးရာ အယူအဆ အစွဲအလန်းများ နှင့် ဆက်စပ်လျက် ရှိခြင်း—ဥပဒေ တခု အကောင်အထည် ပေါ်ရာတွင်၊ ပညာပေး လုပ်ငန်းသည် အရေးကြီးလှ၍၊ ပညာပေးရာတွင် မည်မျှအထိ လက်ခံလာပြီကို မျက်ခြည်မပြတ် သတိမူသင့်ခြင်း - တရားစီရင်ရာတွင် - ဥပဒေ၏ ရည်ရွယ်ချက်အပြင်၊ ဒေသအလိုက် ဓလေ့ထုံးတမ်းများကို ထည့်သွင်း စဉ်းစား ဆုံးဖြတ်မှ မျှတသည့်ဆုံးဖြတ်ချက်ဖြစ်နိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။ဓလေ့ထုံးတမ်းများသည်၊ ဒေသအလိုက်၊ ယဉ်ကျေးမှုအလိုက်၊ ရိုးရာအယူအဆ အစွဲအလန်းများနှင့် ဆက်စပ်လျက် ရှိကြပေသည်။ ဥပဒေတခုကို အကောင်အထည်ပေါ်ရာတွင်လည်း၊ ပညာပေး လုပ်ငန်းသည် အလွန်အရေးကြီးလှ၍၊ ပညာ ပေးရာတွင်၊ မည်မျှအထိ လက်ခံလာပြီ ဖြစ်သည်ကို မျက်ခြည်မပြတ် သတိမူသင့်ပေသည်။ တရားစီရင်ရာတွင်၊ ဥပဒေ၏ ရည်ရွယ်ချက်အပြင်၊ ဒေသအလိုက် ဓလေ့ထုံးတမ်းများကို ဂရုမူ၍ ထည့်သွင်းစဉ်းစားဆုံးဖြတ်မှသာလျှင်၊ မျှတသည့်စီရင်ဆုံးဖြတ်ချက်ဖြစ်ပေလိမ့်မည်။

အယူခံ တရားလိုအတွက်။

အယူခံ တရားခံအတွက်။ ။အစိုးရတရားရုံးချုပ်ရှေ့နေ ဦးမျိုးထွန်းလင်း။

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်။ ။မင်းတပ်မြို့ အထူး (ရာဘက်စက်ရှင်) တရားသူကြီးရုံး၊ ၁၉၇၀ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၁ တွင်၊ အယူခံ

* ၁၉၇၀ ခုနှစ်၊ ရာဇဝတ်အယူခံမှု - ၁၇၉။

† ၁၉၇၀ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၁၁ တွင်၊ ၁၉၇၀ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့စွဲပါ မင်းတပ်မြို့အထူး (ရာဘက်စက်ရှင်) တရားသူကြီး၏ အမိန့်ကိုအယူခံမှု။

၁၉၇၂
မောင်ဂေကင်း
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

တရားလို မောင်ဂေကင်းအား၊ ရာဇသတ်ကြီးပုဒ်မ ၃၀၄ အရ၊ မှုပြစ်ထင်ရှားတွေ့ရှိ၍၊ အလုပ်ဖြင့်ထောင်ဒဏ် ၅ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ထိုစီရင်ချက်နှင့် ပြစ်ဒဏ်ကိုမကျေနပ်သဖြင့်၊ နိုင်ငံတော်တရားရုံးချုပ် (မန္တလေးမြို့ရုံးထိုင်) သို့အယူခံဝင်ရောက်ခဲ့ရာ၊ ရာဇဝတ်အယူခံမှုအမှတ် ၁၇၉/၁၉၇၀ ဖြစ်ပေါ်လာသည်။

အမှု၏အဖြစ်အပျက်မှာ၊ ၁၉၇၀ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင်၊ လွန်ခဲ့သောနှစ်ပေါင်းသုံးဆယ်ခန့်က ဖြစ်ပွါးခဲ့သော လူသတ်မှုအတွက်၊ လျော်ကြေးပေးရန်၊ တောင်ပိုင်းချင်းတောင် မင်းတပ်ခရိုင် ရှစ်ရွာတွင်၊ ကီးပွေ၊ ကီးမန်နှင့် အယူခံတရားလိုဂေကင်းတို့ အငြင်းအခုံဖြစ်ရာမှ၊ ကီးပွေမှာမြားထိသေဆုံးပြီး အယူခံတရားလိုတွင်လည်း ဓါးဒဏ်ရာရရှိခဲ့ကြသည်။ ထိုအဖြစ်အပျက်ကိုမြင်သော ရှစ်ရွာ ရ-လ-က ဥက္ကဋ္ဌ ဦးထုံးလိန်းက၊ မင်းတပ် ပြည်သူ့ရဲတပ်ဖွဲ့စခန်းတွင်၊ ပထမသတင်းပေး တိုင်တန်းချက်ကို ၁၉၇၁ ခု၊ ဧပြီလ ၈ ရက်နေ့စွဲဖြင့် ရေးဖွင့်ခဲ့သည်။

မူလရုံးတရားသူကြီးက၊ သေသူကီးပွေနှင့်၎င်း၏ညီ ကီးမန်တို့ကတဖက်၊ အယူခံတရားလို မောင်ဂေကင်းကတဖက်၊ လူသတ်မှုလျော်ကြေးအတွက် အငြင်းအခုံဖြစ်စဉ်၊ မောင်ဂေကင်းက သံမြားဖြင့်ပစ်ကြောင်း။ ထိုအခါညီကီးမန်က မောင်ဂေကင်းအား ဓါးဖြင့်ဝင်ရောက်ထိုးရာ မောင်ဂေကင်းက ဒုတိယအကြိမ် သံမြားဖြင့် ကီးပွေကိုပစ်ကြောင်း စ-လ-က အတွင်းရေးမှူး ဦးထုံလိန်း (လိုပြ-၁) နှင့် ရ-လ-က ဥက္ကဋ္ဌ ဦးမန်းဖေ (လိုပြ-၃) တို့ကမျက်မြင်သက်သေများအဖြစ် ထွက်ဆိုချက်ကို လက်ခံခဲ့သည်။ မူလရုံးတရားသူကြီးက၊ အယူခံတရားလိုအပေါ်၊ ရာဇသတ်ပုဒ်မ ၃၀၄ ဖြင့်ပြစ်မှုထင်ရှားသဖြင့်၊ အလုပ်ဖြင့်ထောင်ဒဏ် ၅ နှစ် (ငါးနှစ်တိတိ) ကျခံစေရန်၊ ၁၉၇၀ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် အမိန့်ချမှတ်ခဲ့သည်။

အယူခံတရားလို မောင်ဂေကင်းက၊ မန္တလေးမြို့ရုံးထိုင် နိုင်ငံတော်တရားရုံးချုပ်သို့ မြင်းခြံမြို့အကျဉ်းစခန်းမှ၊ ၁၉၇၁ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့တွင် အယူခံဝင်ခဲ့သည်။ အယူခံအကြောင်းပြချက်တွင်၊ ၎င်းသည်ယခုအပြစ်ပေးခံရသည့်မှုပြစ်အတွက် ရ-လ-က နှင့် စ-လ-က တို့၏ဆုံးဖြတ်ချက်အရ လျော်ကြေးငွေသား ၆၀၀ ကျပ်၊နွားဘက်(၈)ရှိ တန်ဘိုး ၂,၈၀၀ကျပ်၊နွားနောက် ၁ ကောင်တန်ဘိုး ၄၀၀ကျပ်၊အစုစုတန်ဘိုးငွေ ၃,၈၀၀ ကျပ်ကိုလျော်ကြေးပေးခဲ့ရပြီးဖြစ်၍၊ နောက်ထပ်လျော်ကြေးငွေ ၁,၀၀၀ ကျပ် ဖေပ်မံတောင်းရာ ပေးစရာမရှိကြောင်း ပြန်ကြားရာတွင် မကျေမနပ်ဖြစ်၍ အမှုတိုင်တန်းခံရကြောင်းဖေါ်ပြထားပါသည်။ ထို့ပြင်အယူခံတရားလိုက၊ မိမိတွင်ဓါးဒဏ်ရာနှစ်ချက်လည်းရ၊ လျော်ကြေးငွေ ၃,၈၀၀ ကျပ်လည်း ပေးပြီးဖြစ်သည့်ပြင်၊ ထောင်ဒဏ် ၅ နှစ် ပြစ်ဒဏ်စီရင်ခြင်းခံရသဖြင့် များစွာနစ်နာကြောင်းဖေါ်ပြပြီး အယူခံဝင်ခဲ့သည်။အယူခံလွှာဘင်၊ လျော်ကြေးပေးပြီးကြောင်း ဖေါ်ပြချက်ပါရှိသဖြင့်၊ နိုင်ငံတော်တရားရုံး

ချုပ်က၊ လျော်ကြေးပေးပြီးခဲ့ခြင်းမှန်ကန်ပါက ပြစ်ဒဏ်သတ်မှတ်ရာတွင် သက်ညှာစရာအကြောင်းတရပ်အဖြစ် စဉ်းစားလိုက စဉ်းစားနိုင်ရန်၊ လျော်ကြေးပေးပြီး၊ မပြီးကို၊ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၂၈ အရ၊ နောက်ထပ်သက်သေထွက်ချက်များကို ရယူစေခဲ့ပါသည်။ ထိုသက်သေများ၏အစစ်ခံချက်အရအယူခံတရားလိုသည်၊ လျော်ကြေးငွေ ၃,၈၀၀ ကျပ်ပေးပြီးခြင်းမှာ မမှန်ကြောင်း၊ လျော်ကြေးပေးရန် စုဆောင်းဆဲဟုသတင်းကြားရကြောင်းနှင့် မိမိတို့ဒေသတွင် လူသတ်မှုများနှင့်စပ်လျဉ်း၍ ရှုံးတွင်မည်သို့ပင်ဆုံးဖြတ်စေကာမူ၊ တရားခံ၏ဆွေမျိုးသားချင်းများက၊ အသတ်ခံရသူ ဆွေမျိုးများအား လူသတ်မှုအတွက် လျော်ကြေးပေးရသည့် ထုံးစံတရပ်ရှိကြောင်းနှင့် လျော်ကြေးမပေးခဲ့လျှင် အသတ်ခံရသူများဘက်က သတ်သူဘက်မှ တယောက်ယောက်ကို ပြန်၍ဂလဲ့စားချေသည့် သဘော၊သတ်ရသည့်ထုံးစံရှိကြောင်း ထွက်ဆိုထားသည်။

လျော်ကြေးကိစ္စနှင့်ပတ်သက်၍၊ အယူခံတရားလို၏ အယူခံလွှာတွင် ဖေါ်ပြထားသည့်အတိုင်း၊ လျော်ကြေးငွေ ၃,၈၀၀ ကျပ်ပေးပြီးခဲ့ပြီဟုဆိုခြင်းမှာ မမှန်ကြောင်းနှင့် အယူခံတရားလိုများက လျော်ကြေးပေးမည်ပြော၍ ငွေစုဆောင်းလျက်ရှိကြောင်း၊ စ-လ-က အတွင်းရေးမှူး ဦးသုံးသိန်း (လိုပြ-၁)၊ ဦးကီးမန် (လိုပြ-၂)၊ သေသူ၏ညီ၊ ရ-လ-က ဥက္ကဋ္ဌ ဦးမန်းဖေ (လိုပြ-၃) နှင့်ဦးမန်ကီး (လိုပြ-၄)တို့က ထွက်ဆိုကြ၍၊ ယင်းသို့စုဆောင်းခြင်းမှာလည်း မောင်ဂေကင်း ထောင်ကျပြီးသည့်နောက်ပိုင်းမှဖြစ်ကြောင်းထွက်ဆိုထားသည်။

အမှု၏ဖြစ်ရပ်အရ၊နှစ်ဦးနှစ်ဖက် အငြင်း**အခုံဖြစ်ပွါးခြင်းသည်**၎င်း၊အယူခံတရားလိုက သံမြှားဖြင့်ပစ်ခြင်းသည်၎င်း၊ အယူခံတရားလို**တွင် ဓါးအဏ်ရာနှစ်ချက်** ရရှိခြင်းသည်၎င်း အငြင်းမပွါးချေ။ မူလရုံးမှ ရာဇသတ်ပုဒ်မ **၃၀၄ အရပြစ်မှုထင်ရှားတွေ့ရှိ**ခြင်းမှာလည်း မှန်ကန်ပေသည်။

ဖြစ်ပွါးသောအရပ်မှာ၊ တောင်ပိုင်းချင်းတောင်၊ **မင်းတပ်ခရိုင်အတွင်းရှိ၊ ဗွစ်ရွာ**တွင်ဖြစ်သည်။ ယင်းဒေသတွင် နှစ်ပရိစ္ဆေဒကပင် အမြစ်တွယ်ခဲ့သည့် **ထုံးဓလေ့တခုမှ** လက်စားချေ လူသတ်မှုပင်ဖြစ်ပေသည်။ လူသတ်မှုတခု **ဖြစ်ပွါးလာပါက၊ အမှုအ**ကြောင်းခြင်းရာအလိုက် လျော်ကြေးပေးရသည့် ထုံးဓလေ့ရှိရာ၊ **ယင်းသို့ မပေးပါက၊** နစ်နာသူတို့ဘက်မှ လက်စားချေလူသတ်မှု ကျူးလွန်ကြ၍၊ထိုမှသည်၊ **ဘတပြန် ကျား**တပြန်၊ အတုံ့အလှဲ့သတ်ဖြတ်ခြင်း ပြုလေ့ရှိကြသည်။ ယင်းဓလေ့မှာလည်း၊ **ကိုလိုနီ**စနစ်အုပ်ချုပ်ရေး ယန္တရားအရ၊ ဖွံ့ဖြိုးမှုအတွက် လစ်လျူရှုခံရသည့် ဒေသများတွင် **ကြီးထွား**အမြစ်တွယ်ခဲ့ခြင်းဖြစ်ပါသည်။

ထိုလက်စားချေ လူသတ်မှုပပျောက်ရေးအတွက်၊ ပြည်ထဲရေးဌာနဝန်ကြီး၊ ဗိုလ်မှူးကြီးကျော်စိုး၊ **ထိုစဉ်က** အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူးဖြစ်ခဲ့သည့် ဗိုလ်

မှူးကြီး စိန်မြ၊ ချင်းရေးရာဦးစီးအဖွဲ့ဝင် ဦးဝမ်းသူဟာရှိန်းနှင့် တိုင်းမင်းကြီး ဦးခင်ညွန့်၊ ဒု-ညွှန်ကြားရေးမှူး (ပရ) ဦးလှညွန့်နှင့် မင်းတပ်ခရိုင်ဝန် ဦးကျော်တင့်တို့က၊ ၁၉၆၉ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တွင် ဆွေးနွေး၍၊ လက်စားချေ လူသတ်မှုများကို ဓလေ့ထုံးတမ်းအရ အပြီး အပြတ် ဖြေရှင်းရန် ဆုံးဖြတ်ပြီး ၁၉ ၉ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင်၊ "အောင်မေတ္တာစစ်ဆင်ရေး" ဟုအမည်ပေးထားသော၊မဖွံ့ဖြိုးသေးသည့် ချင်းတောင်တန်းဒေသတွင်၊တဦးနှင့်တဦး လက်စားချေ လူသတ်သည့်စနစ်ဆိုးကြီးကို မေတ္တာဆောင်၍ အောင်မြင်စွာပြီးပြတ်စေမည့် စစ်ဆင်ရေးတရပ်ကို ဆင်နွှဲခဲ့သည်။ အနောက်မြောက်တိုင်း စစ်ဌာနချုပ်၊ တိုင်းမှူး ဗိုလ်မှူးကြီး စိန်လွင်နှင့် ချင်းဦးစီးအဖွဲ့ဝင်များ၊ အုပ်ချုပ်ရေး၊ တရားရေး၊ ပြည်သူ့ရဲဝန်ထမ်းများ၏ ဆက်လက်ကူညီမှုဖြင့်၊ "အောင်မေတ္တာ" စစ်ဆင်ရေးသည် အရှိန်အဟုန်ကောင်းမွန်ခဲ့သည်။ ယင်းစစ်ဆင်ရေးတွင်၊ ၁၉၆၉ခု၊ ဧပြီလ ၃၀ ရက်နေ့ မတိုင်မီကဖြစ်ပွါးခဲ့သော လက်စားချေ လူသတ်မှုများကို၊ ရပ်ရွာဓလေ့ထုံးစံနှင့်အညီ ဖြေရှင်းခွင့်ပေးခဲ့ရာ၊ နှစ်ပရိစ္ဆေဒများစွာက မြိုသိပ်ကျိတ်ခဲထားခဲ့ကြသည့် လက်စားချေလိုသည့် အာဃာတစိတ်များကို၊ အောင်တမန် ရပ်ရွာလူကြီးအဖွဲ့များ စေလွှတ်ဖြေရှင်းစေခဲ့ရာ ၁၉၇၀ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် ပြီးပြတ်ခဲ့သောလူသတ်မှုပေါင်းမှာ မင်းတပ်နှင့် ကန်ပက်လက်မြို့နယ်နှစ်ရပ်တွင် ၂၁၇ မှုဖြစ်ကြောင်းသိရှိရသည်။ "အောင်မေတ္တာ" စစ်ဆင်ရေး၏ အောင်မြင်မှုကြောင့်၊ လူသတ်မှုပေါင်း ၂၁၇ မှုအား၊ လျော်ကြေးဖြင့် ကျေအေးပြီးဆုံးသွားစေခဲ့သည်မှာ မှတ်တမ်းတင်ဂုဏ်ယူဘွယ် အောင်မြင်မှုတရပ် ဖြစ်ပေသည်။

ယခုအမှုမှာ၊ ၁၉၇၀ ခု၊ ဧပြီလ ၃ ရက်နေ့တွင်ဖြစ်ပွါးသဖြင့် "အောင်မေတ္တာ" စစ်ဆင်ရေးနှင့် သက်ဆိုင်ရန်သတ်မှတ်သည့် ၁၉၆၉ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့နောက်ပိုင်းမှဖြစ်ပွါးခြင်းကြောင့်၊ ဓလေ့ထုံးစံနှင့်အညီ ဖြေရှင်းခြင်းမပြုဘဲ၊ တရားဥပဒေအရ အရေးယူခြင်းဖြစ်ပေသည်။ သတ်မှတ်သည့်ရက်ကျော်လွန်မှ ဖြစ်ပွါးသဖြင့်၊တရားရုံးမှ၊ ရာဇသတ်ပုဒ်မ ၃၀၂ အရ လက်ခံစစ်ဆေးပြီး၊ ပုဒ်မ ၃၀၄ ဖြင့်ထောင်ဒဏ် ၅ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ရာ၊ တရားခံသည် ထောင်ဒဏ်ကို ခံစားနေဆဲတွင်၊ ကျန်ရစ်သည့် သားဖြစ်သူမောင်ကင်းမကီးက လျော်ကြေးပေးရန်၊ သေသူဘက်သို့ကမ်းလှမ်းပြီး၊ ငွေများစုဆောင်းနေကြောင်း၊ စ-လ-က အတွင်းရေးမှူး ဦးထုံလိန်း (လိုပြ-၁) ရ-လ-က ဥက္ကဋ္ဌ ဦးမန်းဖေ၊ (လိုပြ-၃) တို့၏ ထွက်ချက်အရ သိရှိရပေသည်။ ထို့ပြင် တရားခံအား တရားရုံးတခုခုက မည်သို့ပင်ဆုံးဖြတ်စေကာမူ၊ ၎င်းတရားခံနှင့်ပတ်သက်၍ ကျန်ရှိသောဆွေမျိုးများက လျော်ကြေးပေးရန်ထုံးစံရှိရာ လျော်ကြေးမပေးပါက အသတ်ခံရသူဘက်က၊ သတ်သည့်သူဘက်မှ တယောက်ယောက်ကို ပြန်၍ဂလဲ့စား

ချေသည့်သဘောဖြင့် သတ်သည့် ဓလေ့ထုံးစံရှိကြောင်း စ-လ-က အတွင်းရေးမှူး ဦးထုံလိမ်း (လိုပြ ၁) ကထွက်ဆိုသည်။

၁၉၇၂

မောင်ဂေကင်း နှင့် ပြည်ထောင်စု မြန်မ နိုင်ငံ။

လျော်ကြေးမရသေးသည့် လူသတ်မှုသည်၊ လက်စမသတ်ဟူသော ထုံးဓလေ့မှာ တောင်ပိုင်းချင်းတောင် မင်းတပ်နှင့် ကန်ပက်လက်မြို့နယ်များတွင် တည်ရှိဆဲဆိုသည့် အချက်ကိုဂရုပြု၍ ထည့်သွင်းစဉ်းစားရပေမည်။ ထို့ပြင် ခေတ်နှင့်မလျော်တော့သော ဂလဲ့စားချေရမည်ဟူသည့် အစွဲအလန်းသည်၊ ချင်းတောင်အချို့ဒေသတို့၌ ကြွင်းကျန်နေသေးသည်ကိုသတိပြု၍၊ ပြစ်မှုထင်ရှားခြင်းကိုအရေးပြုကာ၊ ပြစ်ဒဏ်ကိုလျော့ပေါ့ခဲ့သည့်၊ နိုင်ငံတော် တရားရုံးချုပ် စီရင်ထုံးလည်းရှိခဲ့ပေသည်။ **မဟွန်ဒူး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ** (၁)။

ဓလေ့ထုံးတမ်းဥပဒေနှင့်စပ်လျဉ်း၍ ကချင် တောင်ပေါ်သားအချင်းချင်း ဖြစ်ပါးသည့် လူသတ်မှုတခုတွင် သက်ဆိုင်သူတို့ အမျက်ဒေါသလည်းပြေစေ၊ ရန်ငြိုးလည်းငြေစေ၊ ရပ်ရွာပြည်နယ်နှင့် ပြည်ထောင်စုစည်းရုံးညီညွတ်ရေးလည်းဖြစ်ထွန်းစေအောင်၊ အမှုကို ကချင်ဓလေ့ထုံးတမ်းဥပဒေအရ စစ်ဆေးဆုံးဖြတ်စေရန်၊ နိုင်ငံတော်တရားရုံးချုပ်က ထုံးပြုခဲ့သည့်သာဓကလည်းရှိခဲ့သည်။ **ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် နော်ခွန်ဇော်ဘာ** (၂)။

ပြစ်ဒဏ်သတ်မှတ်ရာတွင် ထားရှိရမည့်မူနှင့်ပတ်သက်၍၊ မှုခင်းတရပ်ဖြစ်ပွါးလာ၍၊ တရားစီရင်ရာတွင် ရပ်ရွာ၏ စည်းလုံးရေးနှင့် အလားတူမှုခင်းများ ပွါးပွါးခြင်းမှ ကာကွယ်စောင့်ရှောက်ရေးတို့ကို မျက်ခြည်မပြတ် **ထားရှိရမည်ဖြစ်ပြီး၊ တရားစီရင်ရေး**တွင် ပြစ်မှုကျူးလွန်သူကို ဆုံးမပြုပြင်သည့်အနေနှင့် ထိုက်တန်သောပြစ်ဒဏ်ကို သတိကြီးစွာဖြင့် တိုင်းထွာသတ်မှတ်ရသည့်နည်းတူ အမှုကိုသင်္ခန်းစာတရပ်ဖြစ်စေ၊ အများပြည်သူအား ပညာပေးခြင်းကိုလည်း ပြုရမည်ဟု အထူးရာဇဝတ်ရုံး အယူခံအဖွဲ့က ထုံးတရပ်ချမှတ်ခဲ့လေသည်။ **ဆံရယ် ၁ ပါ ၈ ဦး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ** (၃)။

လက်စားချေလူသတ်မှုသည်၊ တောင်ပိုင်းချင်းတောင်၊ မင်းတပ်ခရိုင်အတွင်းရှိ မင်းတပ်မြို့နယ်နှင့် ကန်ပက်လက်မြို့နယ်များတွင် ကျင့်သုံးလျက်ရှိသော အစွဲအလန်းတရပ်ဖြစ်သည်မှာ ထင်ရှားသည်။ အစွဲအလန်းတရပ်ကို ဓလေ့ထုံးတမ်းဟုခေါ် ကာမျှနှင့် ယင်းအစွဲအလန်းသည် တရားဥပဒေ၏အာနိသင်ကို ရနိုင်မည်မဟုတ်၊ ဓလေ့ထုံးတမ်းဟူသမျှသည်လည်း တရားဥပဒေအာနိသင်ရှိကြသည်မဟုတ်။ တရပ်တရွာလူတစုက တချိန်တခါလတွင် ကျင့်သုံးရုံမျှနှင့်လည်း၊ ဓလေ့ထုံးတမ်းအဆင့်ကို ရောက်သည်

(၁) ၁၉၆၅ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၁၆၃ (တရားရုံးချုပ်)။

(၂) ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၁၄၁၇ (တရားရုံးချုပ်)။

(၃) ၁၉၆၈ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၁ (အထူးရာဇဝတ်ရုံး အယူခံအဖွဲ့)။

၁၉၇၂
မောင်ဂေကင်း
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

မဟုတ်၏ အဓွန့်ရှည်စွာ၊ ဒေသမှလူအများက နားလည်ကျင့်သုံးခဲ့၍ ကျူးလွန်နဖေါက်ဖျက်လျှင် သတ်မှတ်သောပြစ်ဒဏ်များကို တရားရုံးကဖြစ်စေ၊ တရားစီရင်ပေးသော ခုံလူကြီးများကဖြစ်စေ ကျူးလွန်သူအပေါ် ချမှတ်ပေးလိမ့်မည်ဟု လက်ခံသိရှိထားကြသော ဓလေ့ထုံးတမ်းများသည်သာလျှင် တရားဥပဒေမြောက်သော ဓလေ့ထုံးတမ်းများဖြစ်ကြောင်း အထူးရာဇဝတ်ရုံး အယူခံအဖွဲ့က၊ **ဆဲရယ် ၁ ပါ ဂ ဦး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ** (၃) အမှုတွင်၊ ဓလေ့ထုံးတမ်းဥပဒေ၏ အင်္ဂါရပ်များကို ဖေါ်ပြခဲ့ပြီးဖြစ်သည်။

လက်စားချေ လူသတ်မှုများမှာ၊ လူသတ်မှုတမှုဖြစ်ပွါးခဲ့လျှင်၊ ကျူးလွန်သူနှင့် နစ်နာသူဘို့ နှစ်ဦးနှစ်ဘက် အကျေအလည်ညှိနှိုင်း၍ အပေးအယူပြုကာ၊ ဆုံးရှုံးမှုအတွက် လျော်ကြေးပေးရသည့် မှုပင်ဖြစ်သည်။ ယင်းဆုံးရှုံးမှုအတွက် လျော်ရသည့်တာဝန်ဝတ္တရားကို အလေးဂရုမပြု မထေမဲ့မြင်ပြုခဲ့လျှင်၊ လက်နက်အားကိုးပြီး ရန်ကြွေးကို တုံ့ပြန်ခြင်းပင်ဖြစ်စေသည်။ ယင်းသို့ရန်ကြွေးတုံ့ပြန်ခြင်း၊ ဂလဲ့စားချေခြင်းသည်၊ လုပ်အားဆုံးရှုံးမှု၊ မျိုးရိုးဂုဏ်ကိုထိပါး ငြိုးနွမ်းစေမှုအတွက်၊ လုံလောက်သည့်လျော်ကြေး ရရှိစေရန် အာမခံချက်တမျိုးအဖြစ်၊ ဓလေ့ထုံးတမ်းအရ အသိအမှတ်ပြုထားသည့် ပညတ်တမျိုးပင်ဖြစ်ပေသည်။ ဤထုံးဓလေ့သည်၊ အဓွန့်ရှည်စွာ တောင်ပိုင်းချင်းတောင် အချို့ဒေသများတွင် သုံးခဲ့ကြပြီး၊ လူအများကနားလည် သိရှိခဲ့ဘူးသည့် ထုံးဓလေ့တရပ်ဖြစ်သည်။ ဤထုံးဓလေ့မျိုးရှိခြင်းကိုလည်း နိုင်ငံတော်တရားရုံးချုပ်မှ စီရင်ဆုံးဖြတ်ချက်ပေးပြီးဖြစ်သော၊ **မဟုန်ဒူး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ** (၁) အမှုတွင်အသိအမှတ်ပြုခဲ့ပေသည်။

ဓလေ့ထုံးတမ်းများသည်၊ ဒေသအလိုက် ယဉ်ကျေးမှုအလိုက်၊ ရိုးရာအယူအဆ အစဲ့အလန်းများနှင့် ဆက်စပ်လျက်ရှိကြပေသည်။ ဥပဒေတခုကို အကောင်အထည်ဖေါ်ရာတွင်လည်း၊ ပညာပေးလုပ်ငန်းသည် အလွန်အရေးကြီးလှ၍၊ ပညာပေးရာတွင် မည်မျှအထိ လက်ခံလာပြီဖြစ်သည်ကို မျက်ခြည်မပြတ် သတိမူသင့်ပေသည်။ တရားစီရင်ရာတွင်၊ ဥပဒေ၏ ရည်ရွယ်ချက်အပြင်၊ ဒေသအလိုက် ဓလေ့ထုံးတမ်းများကို ဂရုမူ၍ထည့်သွင်းစဉ်းစားဆုံးဖြတ်မှသာလျှင် မျှတသည့်စီရင်ဆုံးဖြတ်ချက် ဖြစ်ပေလိမ့်မည်။

ယခုအမှုသည်၊ "အောင်မေတ္တာ" စစ်ဆင်ရေးနောက်ပိုင်းတွင် ဖြစ်ပွါးခဲ့သည့် ပြစ်မှုဖြစ်၍၊ "အောင်မေတ္တာ" စစ်ဆင်ရေး၏ အကျိုးကျေးဇူးကို မခံစားနိုင်ပေ။ သို့ရာတွင် ရက်သတ်မှတ်၍ "အောင်မေတ္တာ" ကိုရပ်ဆိုင်းကာမျှဖြင့်၊ နှစ်ပေါင်းများစွာကပင် သိရှိနားလည်ပြီးဖြစ်သည့် ထုံးဓလေ့တရပ်ကို ပယ်ဖျောက်နိုင်သည် မဟုတ်။ ဆက်လက်၍ စည်းရုံးပညာပေးရန်လိုပေသေးသည်။ "အောင်မေတ္တာ"၏ အောင်မြင်ချက်ကို ဆက်လက်တည်တန့်စေရန်၊ ယင်းကဲ့သို့ပညာပေးနေခြင်း၊ အမှုအခင်း

၁၉၇၂

မောင်ဂေကင်း နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

များကို စစ်ဆေးစီရင်ရာတွင် သိမ်မွေ့စွာစဉ်းစားဆုံးဖြတ်ခြင်းတို့ကို ပြုလုပ်အပ်ပေသေးသည်။ လိုအပ်ပါက၊ "အောင်မေတ္တာ" ၏အဆက်၊ စစ်ဆင်ရေးမျိုးကို လုပ်အပ်ကြောင်း သက်ဆိုင်ရာတို့အား နှိုးဆော်လိုသည်။

ရှုံးသဟာယအဖြစ် လိုက်ပါဆောင်ရွက်သော အစိုးရတရားရုံးချုပ်ရှေ့နေ ဦးမျိုးထွန်းလင်းကလည်း၊ အချိန်မီ စေ့စပ်ကြေအေးပြီး လျော်ကြေးသတ်မှတ်ရာတွင် မပြီးမပြတ်၊ "အောင်မေတ္တာ" စစ်ဆင်ရေးမှုနှင့် အကျုံးဝင်ပြီး၊ အောင်တမန်လွှတ်၍ စေ့စပ်ဆဲအမှုများသည် သဘောရိုးနှင့် ကြန့်ကြာမှုရှိကြောင်း ထင်ရှားပါက၊ "အောင်မေတ္တာ" ပြီးဆုံးရန်သတ်မှတ်သည့် ရက်ပင်ကျော်လွန်သွားသော်ငြားလည်း၊ "အောင်မေတ္တာ" စစ်ဆင်ရေး၏ အကျိုးကျေးဇူးကို ခံစားခွင့်ရရန်၊ သက်ဆိုင်သည့်တာဝန်ရှိပုဂ္ဂိုလ်တို့က အလေးအနက်ပြုစဉ်းစားသင့်ကြောင်း တင်ပြသည်။ ယင်းတင်ပြချက်မှာ လက်တွေ့အားဖြင့် လက်စားချေ လူသတ်မှုများကို လျော့ပါးစေပြီး၊ ရွာသူရွာသားချင်း ကြေကြေနပ်နပ်မေတ္တာမပျက် သောကကင်းစင်စွာ အတူတကွယှဉ်တွဲနေထိုင်သွားစေမည့်အခွင့်အလမ်းဖြစ်သဖြင့်၊ စေတနာမှန်ဖြင့် ကြန့်ကြာရသည့်၊ အောင်တမန်နှင့် စေ့စပ်ဆဲအမှုများကို အချိန်တိုးပေးပါက၊ အကျိုးထူးပေမည်ဟု ကျွန်ုပ်တို့ထင်မြင်ယူဆမိပေသည်။

ယခုအမှုတွင်၊ **အယူခံတရားလိုအား၊ ရာဇသတ်ပုဒ်မ** ၃၀၄ အရ၊ မူလရုံးက ပြစ်မှုထင်ရှားစီရင်ခြင်းသည် ခိုင်လုံမှန်ကန်သည်။ **ယင်းပြစ်မှုအတွက်** အလုပ်နှင့်ထောင်ဒဏ် ၅ နှစ်သတ်မှတ်ချက်မှာလည်း သာမန်အားဖြင့်ဆိုလျှင် **သင့်တော်မျှတသည်။ သို့သော်** အယူခံတရားလိုသည်၊ ပြစ်ဒဏ်ကိုခံယူပြီးနောက်၊ **မိမိနေရပ်သို့ပြန်ရောက် နေထိုင်လုပ်**ကိုင်ရန်မှာ၊ ထိုဒေသ ရိုးရာယဉ်ကျေးမှု **အယူအဆအစွဲအလန်းများအရ သတ်မှတ်**ထားသည့် ထုံးဓလေ့များကို ရှိသေလေးစားလိုက်နာမှသာလျှင် သင့်မြတ်စွာနေထိုင်နိုင်ပေလိမ့်မည်။ ထိုထုံးဓလေ့မှာ၊ မိမိကျူးလွန်ခဲ့သည့် လူသတ်မှုအတွက်၊ မိမိကပင်ဖြစ်စေ၊ မိမိ၏ဆွေမျိုးသားချင်းတို့ကဖြစ်စေ၊ အသတ်ခံရသူ၏ ဆွေမျိုးများအား လျော်ကြေးပေးရသည့် ထုံးစံတရပ်ရှိနေသဖြင့်၊ ဂလဲ့စားချေခြင်း။ ထပ်မံမဖြစ်ပွါးစေရန်ရှင်း၊ တဦးနှင့်တဦး မေတ္တာမပျက် ဝိုင်းဝန်းကူညီလုပ်ကိုင် နေထိုင်နိုင်စေရန်ရှင်း **အယူခံတရားလိုအား၊** ထိုဓလေ့ထုံးတမ်းက သတ်မှတ်သည့်တာဝန်ကို ထမ်းဆောင်နိုင်ရန် **အခွင့်အလမ်း**ပေးရန် လိုအပ်ပေသည်။

သို့ဖြစ်၍၊ အယူခံတရားလိုအား မူလရုံးမှ ရာဇသတ်ကြီးပုဒ်မ ၃၀၄ အရ၊ ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြု၍၊ ပြစ်ဒဏ်ကို အလုပ်ဖြင့်ထောင်ဒဏ် ၅ နှစ် (ငါးနှစ်) အစား၊ အလုပ်ဖြင့်ထောင်ဒဏ် ၃ နှစ် (သုံးနှစ်) ကျခံစေရန် ပြောင်းလဲအမိန့်ချမှတ်လိုက်သည်။ ယင်းထောင်ဒဏ်မှ ချုပ်ရက် ၁၀၂ ရက်ကို ထုတ်နုတ်ရန်လည်းဖြစ်သည်။

၁၉၇၂

မောင်ဝေကင်း နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

တော်လှန်ရေးကောင်စီဥက္ကဋ္ဌက၊ ရာဇဝတ်ပြစ်ဒဏ်များကို လျှော့ပေါ့ပေးသည့်အမိန့်ကိုလည်း လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

ရုံးသဟာယအဖြစ် လိုက်ပါဆောင်ရွက်သော၊ အစိုးရရှေ့နေကြီး ဦးမျိုးထွန်းလင်း အားလည်းကောင်း၊ "အောင်မေတ္တာ" စစ်ဆင်ရေး အကြောင်းအချက်တို့ကို စုဆောင်းတင်ပြသော၊ မုင်းတပ်ရုံးထိုင် ရာဘက်စက်ရှင်တရားသူကြီး ဦးမြအားလည်းကောင်း ကျေးဇူးတင်ကြောင်းမှတ်တမ်းတင်သည်။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးလှသင်း နှင့် တရားသူကြီး ဦးသန်းအောင်တို့ ရှေ့တွင်

† ၁၉၇၂
ဖေဖော်ဝါရီလ
၅ ရက်။

မစိန်
နှင့်
ဦးခိုင်သန်း *

မယားစရိတ်—ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၈၈ (၃) ၏ ဒုတိယခြွင်းချက်ကို အဓိပ္ပါယ် ကောက်ယူခြင်း—ယင်းပုဒ်မ ၄၈၈ (၃) အရ တောင်းသော မယားစရိတ် အကြွေးများသည် မည်သည့်နေ့၌ပေးရန်အချိန်ကျရောက်ခြင်း။

ဆုံးဖြတ်ချက်။ ။အမှုတမှုကို မူလရုံး၌ ပထမတရားဆိုင်ကြရသည်။ မူလရုံးက အမိန့်ချမှတ်လိုက်သည့်အခါ၊ ထိုအမှုတွင် ၎င်းမူလရုံးက ချမှတ်သောအမိန့်သည်၊ ၎င်းအမှု၏အမိန့် ဖြစ်ပြီးလျှင် ထိုအမိန့်အရ အမှုသည်များ ရပိုင်ခွင့်နှင့် တာဝန်များ ဖြစ်ပေါ်လာ၏။ အကယ်၍ မူလရုံးကချမှတ်သော အမိန့်ကို အယူခံဝင်လျှင် ထိုအမှုသည် ပြီးပြတ်ခြင်းမရှိ၊ဆုံးခမ်းတိုင်မရောက်ဘဲ အမှုသည်များ အယူခံရုံးတွင် ဆက်လက်ပြီး တရားဆိုင်ရပြန်သည်။ အယူခံရုံးက အယူခံ လျှောက်လွှာပေါ်တွင် ချမှတ်သော အမိန့်သည်သာလျှင် အမှု၏ အမိန့် ဖြစ်လာ၏။ ထိုအယူခံရုံးအမိန့်အရ အမှုသည်များ ရပိုင်ခွင့်နှင့် တာဝန်များ ဖြစ်ပေါ်လာ၏။ မူလရုံး၏အမိန့်သည် အယူခံရုံး၏အမိန့်နှင့် ရောပြွမ်းသွား၏။အကယ်၍ ထိုအယူခံအမိန့်ကို မကျေနပ်၍ ပြင်ဆင်မှုလျှောက်ထားလျှင်၊ ပြင်ဆင်ရန် လျှောက်လွှာပေါ်တွင် ချမှတ်သော အမိန့်သည်သာလျှင် အမှု၏အမိန့်ဖြစ်လာ၏။ ထိုပြင်ဆင်ရန် လျှောက်လွှာပေါ်တွင် ချမှတ်သော အမိန့်အရ အမှုသည်များရပိုင်ခွင့်နှင့် တာဝန်များ ဖြစ်ပေါ်လာ၏။ မူလရုံးနှင့် အယူခံရုံးတို့၏ အမိန့်များသည် ပြင်ဆင်မှုလျှောက်လွှာပေါ်တွင် အပြီးပြတ် အမိန့်ချမှတ်သော ရုံး၏ အမိန့်နှင့် ရောပြွမ်းသွား၏။ ထို့ကြောင့်မယားစရိတ် အမှုတခုတွင်မူ ရာဇဝတ်တရားသူကြီး၏ အမိန့်မှ အယူခံဝင်ပြီးနောက် တရားရုံးချုပ်သို့ ပြင်ဆင်ရန် လျှောက်ထားလျှင် တရားရုံးချုပ်က အမိန့်ချမှတ်သည့်အခါ တရားရုံးချုပ်၏ အမိန့်သည်သာလျှင် ထိုမယားစရိတ်အမှု၏ အမိန့် ဖြစ်သဖြင့် ထိုတရားရုံးချုပ်က အမိန့်ချမှတ်သည့်အချိန်သည် မယားစရိတ်ပေးရန် ကျရောက်သော အချိန်ဖြစ်သည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးတင်ရီ။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးပြေသိန်း။

---

* ၁၉၇၁ ခုနှစ်၊ **ရာဇဝတ်ပြင်ဆင်မှုလျှောက်လွှာအမှတ်** ၂၇၃ (ခ)။

† ၁၉၇၀ ခုနှစ်၊ ရာဇဝတ်**သေးမှုအမှတ်** ၂၁ တွင် ချမှတ်သော ၁၉၇၀ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့စွဲပါ ရန်ကုန်မြို့၊ (၇) ရာဘက် **ရာဇဝတ်**တရားသူကြီး၏ အမိန့်ကိုပြင်ဆင်မှု။

၁၉၇၂

မစိန်
နှင့်
ဦးခိုင်သန်း။

တရားသူကြီး ဦးသန်းအောင်။ ။ယခုအမှု ပေါ်ပေါက်လာပုံ အကျဉ်းချုပ်မှာ ရန်ကုန်မြို့၊ သတ္တမရာဘက် ရာဇဝတ်တရားသူကြီးရုံး၊ ၁၉၆၄ ခုနှစ်၊ ရာဇဝတ်အသေးမှု အမှတ် ၂၅ တွင် လျှောက်ထားခံရသူ ဦးခိုင်သန်းက လျှောက်ထားသူ မစိန်အား မယားစရိတ်တလ ၆၀ ကျပ် ပေးစေရန် ၁၉၆၆ ခု၊ အောက်တိုဘာလ ၃၁ ရက်နေ့တွင် အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်အရဆိုလျှင် ဦးခိုင်သန်းက မစိန်အား ပေးရမည့်ငွေကို ၁၉၆၄ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့မှစ၍ ရေတွက်ရမည်ဖြစ်သည်။ ထို ၁၉၆၆ ခု၊ အောက်တိုဘာလ ၃၁ ရက်နေ့စွဲပါ အမိန့်မှ ဦးခိုင်သန်းက အယူခံဝင်ခဲ့သည်၊ အယူခံရုံးက ၁၉၆၉ ခု၊ မတ်လ ၁ ရက်နေ့တွင် အမိန့်ချခဲ့သည်။ ဦးခိုင်သန်းကတဖန် တရားရုံးချုပ်တွင် ပြင်ဆင်မှု လျှောက်ထားပြန်ရာ တရားရုံးချုပ်က ၁၉၇၀ ခု၊ ဇန္နဝါရီလ ၁၀ ရက်နေ့တွင် အပြီးပြတ် အမိန့်ချမှတ်လိုက်သည်။

မစိန်သည် ၁၉၇၀ ခု၊ ဖေဖေါ်ဝါရီလ ၁၇ ရက်နေ့တွင် သတ္တမရာဘက ရာဇဝတ်တရားသူကြီးရုံး၌ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၇၇ (၃) အရ၊ လျှောက်ထားခဲ့သည်။မူလရုံးက ပုဒ်မ ၄၇၇ (၃) ခြွင်းချက်အရ ပေးရန် အချိန်ကျရောက်သောနေ့မှ တနှစ်အတွင်း ငွေရရန် လျှောက်ထားသည့် ငွေအတွက်သာ ဝရမ်းထုတ်ပေးနိုင်သည် ဖြစ်သဖြင့် ၁၉၆၄ ခု၊ မတ်လ ၁၉ ရက်နေ့မှစ၍ ၁၉၇၀ ခု၊ ဖေဖေါ်ဝါရီလ ၁၇ ရက်နေ့အထိ ၅ နှစ်၊ ၁၁ လဖြစ်၍ ရရန်မယားစရိတ်ကြွေးငွေ ၄,၂၆၀ ကျပ် အတွက် အမိန့်/ဝရမ်း မရရှိနိုင်ဟု ဆုံးဖြတ်၍ ၁၉၆၉ ခု၊ဖေဖေါ်ဝါရီလ ၁၇ ရက်နေ့မှ ၁၉၇၀ ခု၊ ဖေဖေါ်ဝါရီလ ၁၇ ရက်နေ့အထိ ၁၂ လ အတွက် ၇၂၀ ကျပ် ပေးစေရန် အမိန့်ချမှတ်ခဲ့သည်၊ ထိုငွေ ၇၂၀ ကျပ် မပေးဆောင် ပျက်ကွက်လျှင် ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၇၇ (၃) အရ၊ ထောင်ဒဏ် တလတိတိ ကျခံစေရမည်ဟုလည်း အမိန့်ချမှတ်ခဲ့သည်။ မစိန်က ထို အမိန့်ကို မကျေနပ်၍ ပြင်ဆင်မှုအမှတ် ၃/၇၁ လျှောက်ထားခဲ့ရာ ပြင်ဆင်မှု လျှောက်လွှာကို ရာဘက်စက်ရှင် တရားသူကြီးက ပါယ်ခဲ့သည်။

ဤပြင်ဆင်မှုတွင် ပေါ်ပေါက်သည့် ဥပဒေ ပြဿနာမှာ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၇၇ (၃)၏ ဒုတိယခြွင်းချက်ကို အဓိပ္ပါယ်ကောက်ယူခြင်းနှင့် ပတ်သက်သည်။

ပုဒ်မ ၄၇၇ (၃)၏ ဒုတိယခြွင်းချက်တွင် ပါရှိသော ပြဋ္ဌာန်းချက်မှာ အောက်ပါ အတိုင်းဖြစ်သည်။

> "Provided further, that no warrant shall be issued for the recovery of any amount due under this section unless application be made to the Court to levy such amount within a period of one year from the date on which it became due."

အထက်ဖော်ပြပါ ခြွင်းချက်နှင့် ပတ်သက်၍ ထိုခြွင်းချက်၏ ရည်ရွယ်ချက်နှင့် စေတနာကို ဦးဖေလတ် နှင့် မပိုးဖြူ (၁)အမှုတွင် ဤသို့အကျယ်တဝင့် ဆွေးနွေးထား၏။ ၁၉၇၂ — မစိန် နှင့် ဦးခိုင်သန်း။

"The proviso was clearly enacted to prevent the person in whose favour an order for maintenance was made, from being negligent and allowing arrears to pile up until their recovery would become a hardship or an impossibility. It was not meant that a loophole should be given to the person against whom an order for maintenance was made to evade payment by preventing the service of process on him. In fact the proviso was evidently worded in the way it was, expressly to preclude the possibility of such an evasion. In a suit instituted by wife she applied for maintenance for four months. Since the husband could not be traced, the application was dismissed. She again applied for maintenance in arrears for fifteen months :

Held, that a warrant could be issued for the whole period and the order of maintenance for 15 months was correct."

ယခုအမှုတွင်။ပုဒ်မ ၄၈၈ (၃)အရ၊ လျှောက်ထားသော မယားစရိတ် အကြွေးများသည် မည်သည့်နေ့၌ပေးရန် အချိန်ကျရောက် ခဲ့သနည်းဟု ဆင်ခြင်သုံးသပ်သည့် အခါ၌ မစိန်က လျှောက်ထားချက်မှာ တရားရုံးချုပ်က ပြင်ဆင်မှုတွင် ၁၉၇၀ ခု၊ ဇန္နဝါရီလ ၁၀ ရက်နေ့က မယားစရိတ်ငွေတလ ၆၀ ကျပ်ပေးရန် အပြီးသတ်ဆုံးဖြတ်ချက်ကို အတည်ပြုခြင်းဖြစ်သည်။ ထိုတရားရုံးချုပ်၏ ၁၉၇၀ ခု၊ ဇန္နဝါရီလ ၁၀ ရက်နေ့ ဆုံးဖြတ်ချက် ချမှတ်သောနေ့၌ မယားစရိတ်တလ ၆၀ ကျပ်ကို ၁၉၆၄ ခု၊ မတ်လ ၁၉ ရက်နေ့မှစ၍ ရေတွက်ပြီးပေးရန် အချိန်ကျရောက်သည်ဟု ဆိုနိုင်ပါသလော၊ သို့မဟုတ် မူလရုံးက ၁၉၆၆ ခု၊ အောက်တိုဘာလ ၃၁ ရက်နေ့တွင် အမိန့်ချမှတ်သည့်နေ့၌သာ ပေးရန် အချိန်ကျရောက်ခဲ့၍ ၎င်းနောက် အယူခံရုံးနှင့် တရားရုံးချုပ်တို့က အမိန့်များချမှတ်သော နေ့များသည် ပေးရန် အချိန်ကျရောက်သောနေ့ မဟုတ်ဟု ဆိုရမည်လော။

မူလရုံးဖြစ်သော ရာဇဝတ် တရားသူကြီးက မယားစရိတ်ပေးရန် အမိန့်ချမှတ်သည့်အခါ၌ လင်ယောကျ်ားသည် မယားစရိတ်ပေးရန် အချိန်ကျခဲ့၏။ မည်သူကမျှ

(၁) ၁၉၃၇ ခုနှစ်၊ရာဇဝတ် ဥပဒေဂျာနယ်၊ စာ ၉၁-၉၂။

၁၉၇၂ — မစိန်နှင့် ဦးခိုင်သန်း။

အယူခံမှု ပြင်ဆင်မှုများ မတင်သွင်းခဲ့လျှင် ထိုမူလရုံး အမိန့်ချမှတ်သည့် အခါသည် သာလျှင် မယားစရိတ်ပေးရန် ကျရောက်သော အချိန်ဖြစ်သည်။ ၎င်းနောက် တလ တခါလစဉ် လကုန်သည့်အခါ မယားစရိတ်ပေးရန် ကျရောက်ပြန်မည်ဖြစ်သည်။ အကယ်၍ တဦးဦးက အယူခံကက်လျှင် ထိုမူလရုံး၏ အမိန့်သည်အယူခံရုံး၏အမိန့်နှင့် ရောပြွမ်း သွားသည်။ တဖန်ပြင်ဆင်မှု လျှောက်ထားကြလျှင် တရားရုံးချုပ်၏ အမိန့်တွင် မူလ ရုံးနှင့် အယူခံရုံးတို့၏အမိန့်များက ရောပြွမ်း (merged) သွားပြန်သည်။ မူလရုံး၏ အမိန့်မှ အယူခံဝင်လျှင် အယူခံရုံး၏အမိန့်နှင့် ရောပြွမ်းသွားသဖြင့် မူလရုံးအမိန့်သည် တသီးတခြား အာဏာ အာနိသင်တည်လျက် မရှိတော့ပေ။ ထိုနည်းတူစွာ ပြင်ဆင် မှုတွင် တရားရုံးချုပ်၏ အမိန့်တွင် မူလရုံးနှင့် အယူခံရုံးတို့၏အမိန့်များ ရောပြွမ်း သွားသဖြင့် မူလရုံးအမိန့်နှင့် အယူခံရုံးအမိန့်များသည် တသီးတခြားအာဏာ အာနိသင် တည်လျက် မရှိတော့ပေ။

ဆိတ်တီအေအမ် ချစ်တီးယား နှင့် ကိုရင်ကြီး (၂)အမှုစီရင်ထုံးတွင် အောက်ပါ အတိုင်း ပြဋ္ဌာန်းထားသည်။

> "The decree in the first instance was a decree of the District Court and against this decree the petitioners never appealed. It is, however, contended on their behalf that although they did not appeal, it was open to this Court on the appeal of Ma Thet Pon to alter the decree in their favour under the provisions of Rule 33 of Order 41 of the Code of Civil Procedure. In these circumstances, although the original decree was that of the District Court that decree must now be held to be merged in the decree of this Court and this Court is therefore the only Court which can grant the relief now claimed.
>
> We are of opinion that this contention is correct......."

အမှုတမှုကို မူလရုံး၌ ပထမတရားဆိုင်ကြရသည်။ မူလရုံးက အမိန့်ချမှတ်လိုက်သည့် အခါ ထိုအမှုတွင် ၎င်းမူလရုံးက ချမှတ်သော အမိန့်သည် ၎င်းအမှု၏ အမိန့်ဖြစ်ပြီးလျှင် ထိုအမိန့်အရ အမှုသည်များ ရပိုင်ခွင့်နှင့် တာဝန်များ ဖြစ်ပေါ်လာ၏။ အကယ်၍ မူလရုံးကချမှတ်သော အမိန့် ကို အယူခံဝင်လျှင် ထိုအမှုသည် ပြီးပြတ်ခြင်းမရှိ၊ ဆုံးခမ်း တိုင်မရောက်ဘဲ အမှုသည်များ အယူခံရုံးတွင် ဆက်လက်ပြီး တရားဆိုင်ရပြန်သည်။

---

(၂) အတွဲ ၇၊ ရန်ကုန်စီရင်ထုံး၊ စာ ဂဂ (၉၂)။

၁၉၇၂

မစိန် နှင့် ဦးခိုင်သန်း။

အယူခံရုံးက အယူခံ လျှောက်လွှာပေါ်တွင် ချမှတ်သော အမိန့်သည်သာလျှင် အမှု၏ အမိန့်ဖြစ်လာ၏။ ထိုအယူခံရုံး အမိန့်အရ အမှုသည်များ ရပိုင်ခွင့်နှင့် တာဝန်များ ဖြစ်ပေါ်လာ၏။ မူလရုံး၏ အမိန့်သည် အယူခံရုံး၏ အမိန့်နှင့် ရောပြွမ်းသွား၏။ အကယ်၍ ထိုအယူခံအမိန့်ကို မကျေနပ်၍ ပြင်ဆင်မှု လျှောက်ထားလျှင် ပြင်ဆင်ရန် လျှောက်လွှာပေါ်တွင် ချမှတ်သော အမိန့်သည်သာလျှင် အမှု၏ အမိန့်ဖြစ်လာ၏။ ထိုပြင်ဆင်ရန် လျှောက်လွှာပေါ်တွင် ချမှတ်သော အမိန့်အရ အမှုသည်များ ရပိုင်ခွင့်နှင့် တာဝန်များ ဖြစ်ပေါ်လာ၏။မူလရုံးနှင့် အယူခံရုံးတို့၏ အမိန့်များသည် ပြင်ဆင်မှု လျှောက်လွှာပေါ်တွင် အပြီးအပြတ်အမိန့်ချမှတ်သောရုံး၏အမိန့်နှင့် ရောပြွမ်းသွား၏။ ထို့ကြောင့် မယားစရိတ် အမှုတခုတွင် မူလရာဇဝတ် တရားသူကြီး၏အမိန့်မှ အယူခံ ဝင်ပြီးနောက် တရားရုံးချုပ်သို့ ပြင်ဆင်ရန် လျှောက်ထားလျှင် တရားရုံးချုပ်က အမိန့်ချသည့်အခါ တရားရုံးချုပ်၏ အမိန့်သည်သာလျှင် ထိုမယားစရိတ်အမှု၏ အမိန့် ဖြစ်သဖြင့် ထိုတရားရုံးချုပ်က အမိန့်ချမှတ်သည့် အချိန်သည် မယားစရိတ်ပေးရန် ကျရောက်သော အချိန်ဖြစ်၏။

သို့ဖြစ်၍ ယခုအမှုတွင် တရားရုံးချုပ်က ရာဇဝတ်ပြင်ဆင်မှု ၁၁၅ (ခ)/၆၉ တွင် အမိန့်ချမှတ်သော ၁၉၇၀ ခု၊ ဇန္နဝါရီလ ၁၀ ရက်နေ့၌ ၁၉၆၄ ခု၊ မတ်လ ၁၉ ရက်နေ့မှ ၁၉၇၀ ခု၊ ဇန္နဝါရီလ ၁၀ ရက်နေ့အထိ ငွေကိုပေးရန် အချိန်ကျရောက်ခဲ့၏။ ထို ၁၉၇၀ ခု၊ ဇန္နဝါရီလ ၁၀ ရက်နေ့ နောက်ပိုင်းကာလဘက်မှု တလကုန်တိုင်း ကုန်တိုင်း လစဉ် စရိတ်ပေးရန် အမိန့်ကျရောက်မည်ဖြစ်သည်။ရန်ကုန်မြို့၊ သတ္တမရာဘက် ရာဇဝတ် တရားသူကြီးရုံး၊ ၁၉၇၀ ခု၊ ရာသေးအမှုအမှတ် ၂၁ နှင့် ရန်ကုန်မြို့၊ ရာဘက်စက်ရှင် တရားသူကြီး၏ ၁၉၇၁ ခုနှစ်၊ ရာဇဝတ် ပြင်ဆင်မှုအမှတ် ၃ တို့တွင် ချမှတ်သော ၁၉၇၀ ခု၊ ဒီဇင်ဘာလ ၂၉ ရက်နေ့စွဲနှင့် ၁၉၇၁ ခု၊ အောက်တိုဘာလ ၁၄ ရက်နေ့စွဲပါ အမိန့်တို့ကို ပယ်ဖျက်၍ တရားရုံးချုပ်၏ ၁၉၇၁ ခု၊ ဇန္နဝါရီလ ၁၀ ရက်နေ့စွဲပါ အမိန့်အရ၊ ငွေပေးရန် အမိန့်အတည်ပြုခြင်းကို ခွင့်ပြု၍ ထိုကြွေးငွေ ၄,၂၆၀ ကျပ် ပေး ဆောင်ရန်အတွက် အမိန့်ချမှတ်၍ မပေးလျှင် မူလရုံးက ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၈၈ (၃) အရ၊ ပစ္စည်းဖမ်းဝရမ်းထုတ်ပေးရန် ညွှန်ကြားသည်။ သို့သော် လျှောက်ထား ခံရသူမှာ လခစား အလုပ်သမားဖြစ်၍ ဝရမ်းချက်ခြင်းမထုတ်ဘဲ လျှောက်ထား ခံရသူက အရစ်ကျပေးဆောင်ခွင့် လျှောက်ထားလျှင် လျှော်ကန်သင့်မြတ်သော အရစ် ကျငွေကို ပေးဆောင်ရန် အမိန့်ချမှတ်ပေးရန် ညွှန်ကြားလိုက်သည်။ ပေးရန်ပျက်ကွက် လျှင် ပစ္စည်းဖမ်းဝရမ်း ထုတ်ရမည်။

၁၉၅၂

မစိန်
နှင့်
ဦးခိုင်သန်း။

ဘကရင်တရားသူကြီး၏ အမိန့်တွင် ဖေါ်ပြထားသည့်အတိုင်း မောင်ထွန်းဇံ နှင့် မမြိုင် (၃) အမှုစီရင်ထုံးဘွင် ဤသို့ပါရှိသည်။

"The illegality in the Magistrate's proceedings has not been noticed. It is that after he had ordered Maung Tun Zan to pay the amount in question, and after Maung Tun Zan had refused to pay it, the Magistrate straightaway ordered him to be committed to jail, although the first thing that must be done is to issue a distress warrant (section 488 (3), Criminal Procedure Code), and it is only for the whole or part of each month's allowance that remains unpaid after the execution of the warrant that imprisonment may be awarded."

"......Maung Tun Zan should be called upon to pay these arrears. If the Magistrate is of the opinion that he has failed without sufficient cause to comply with the order, then the Magistrate should issue a distress warrant, and if that is ineffective, he may sentence the respondent to imprisonment."

ထို့ကြောင့် ပေးဆောင်ရန် ပျက်ကွက်လျှင် ထောင်ဒဏ်တလတိတိ ကျခံစေရန် မှုလရုံး၏ အမိန့်သည် တရားဥပဒေနှင့် မညီညွတ်၍ ပယ်ဖျက်လိုက်သည်။ ရာဇဝတ်တရားသူကြီးသည် ဝရမ်းထုတ်ပြီးနောက် ဝရမ်းအဘည်ပြုပြီးနောက်ပိုင်းတွင် မယားစရိပ်အကြွေးပေးရန် ကျန်နေသေးလျှင် ထောင်ဒဏ်အမိန့်ကို ချမှတ်နိုင်သည်ဟု ညွှန်ကြားလိုက်သည်။

ဤပြင်ဆင်မှု လျှောက်လွှာကို စရိတ်နှင့်တကွ ခွင့်ပြုသည်။ အထက်တွင် ဖေါ်ပြထားသည့်အတိုင်း မှုလရုံး ရာဇဝတ် တရားသူကြီး၏ အမိန့်ကို ပြင်ဆင်လိုက်သည်။ ရှေ့နေခ ၅၁ ကျပ် သတ်မှတ်သည်။

(၃) ၁၉၄၁ ခုနှစ်၊ ရန်ကုန်စီရင်ထုံး၊ စာ ၄၀၃၊ ၄၀၆။

နိုင်ငံတော်တရားရုံးချုပ်

အထူးရာဇဝတ် အယူခံမှု

တရားသူကြီးချုပ် ဒေါက်တာ ဒမောင်မောင်၊ တရားသူကြီး ဦးလှသင်း နှင့် တရားသူကြီး ဦးတင်အုံး
တို့ရှေ့တွင်

မောင်စိုးသိန်း ပါ ၅

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ *

†၁၉၇၂
ဇန္နဝါရီလ
၃၁ ရက်။

အမှုကို ပြန်လည်စစ်ဆေးစေခြင်း—ပြစ်မှုထင်ရှားသည်ဟု ဆုံးဖြတ်ပြီးမှ အမှုကို ပြန်လည် စစ်ဆေးစေခြင်း—ကြန့်ကြာ ခက်ခဲမှုရှိ မရှိ—တရားခံအပေါ် မျှတစေမှုရှိ မရှိ—တရားခံအတွက် အပြစ်မရှိကြောင်း သက်သေထူရန် လွတ်လပ်မျှတသော အခွင့်အရေး ရှိသင့် မသင့်—အမှု၏ အကြောင်းချင်းရာဘိုကို သုံးသပ်ပြီးနောက်မှ အမှုကိုပြစ်ဒဏ် သတ်မှတ်ရန်အတွက် ပြန်လည် စစ်ဆေးခြင်းသည် ကျင့်ထုံးနှင့် ညီ မညီ—ဥပဒေဟူသည် မျှတရသည် တဖက်သတ် မလုပ်ရခြင်း။

အသူခံဘရားသိုမျာ်းအား မအူပင်မြို့ တတိယ ရာဇဝတ်တရားသူကြီးရုံးမှ၊ ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေး အက်ဥပဒေ ၆(၁)အရ၊ ဒဏ်ဒွေကျပ် ၁၅၀ တပ်ရိုက်ခဲ့သည်ကို နိုင်ငံတော်တရားရုံးချုပ်က ပြစ်ဒဏ်သဘ်မှတ်ပုံမှန်၊ မမှန် ပြဿနာပေါ်နေသည်ကိုတွေ့ ရ၍ ပြင်ဆင်မှု ဖွင့်လှစ်ကာ သုံးသပ်ခဲ့သည်။ ပြင်ဆင်မှု ဖွင့်လှစ်၍ ကြားနာခဲ့သော ခုံရုံးက ပြစ်ဒဏ် စီရင်ထားခြင်းသည် ထောင်ဒဏ် မပါ မနေရ သဘ်မှတ်ထားပါလျက် ငွေဒဏ်ကိုသာ သဘ်မှတ်ထားခြင်းဖြင့် ဥပဒေ ပြဋ္ဌာန်းချက်နှင့် မကိုက်ညီ၍ အမှုကို ပြန်လည်စစ်ဆေးရမည်ဟု ဆုံးဖြတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်မှ အယူခံဝင်ရန် အခွင့်ထူးပေးပါမည့်အကြောင်း အသူခံတရားလိုတို့က လျှောက်ထားခဲ့ရာ ပြန်လည်စစ်ဆေးခြင်းသည် ကျင့်ထုံးညီ မညီ၊ ကြန့်ကြာ ခက်ခဲမှုရှိမရှိ၊ မျှတမှု၊ ရှိမရှိမစသော ဥပဒေပြဿနာကို အကျယ်တဝင့် စဉ်းစားဆုံးဖြတ်ရန် လိုသဖြင့် အခွင့်ထူး ပေးခဲ့သည်။

ဆုံးဖြတ်ချက်။ ။တရားခံတို့တွင် အပြစ်ရှိသည်ဟု တရားရုံးချုပ်အဆင့်က ဆုံးဖြတ်ပြီးမှ၊ အမှုကို ပြန်လည်စစ်ဆေးစေဟုလည်း ညွှန်မည်ဆိုလျှင်၊ အမှုကို ပြန်လည် စစ်ဆေးသည့် အနှစ်သာရမမြောက်။ ထောင်ဒဏ် သတ်မှတ်ရန်ကိုသာ၊ အမှုသစ်ကို စစ်ဆေးမည့်ရုံးအား တာဝန်ပေး

---

* ၁၉၇၀ခုနှစ်၊ အထူးရာဇဝတ်အယူခံမှုအမှတ် ၃။

† ၁၉၄၇ ခုနှစ်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၆ အရ၊ ဤရုံး၏ ရာဇဝတ် ပြင်ဆင်မှုအမှတ် ၁၅၂ (က)/၆၉ တွင် ၃၀-၇-၆၉ နေ့စွဲပါ စီရင်ချက်ကို မကျေနပ်၍ အယူခံခွင့်ရရန် လျှောက်ထားသော လျှောက်လွှာမှ ပေါ်ပေါက်သော အယူခံမှု။

၁၉၇၂ — မောင်စိုးသိန်း ပါ ၅ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

လိုက်သည့် အသွင်ဆောင်နေသည်။ အပြစ်ရှိသည်ဟူသော အထက်ရုံး မှတ်ချက်ဖြင့် ပြန်လည် စစ်ဆေးစေသော အမှုတွင် တရားခံတို့ ခုခံချေပရန်မလွယ်။ တရားလိုက သက်သေထူခြင်း၊ တရားခံက ချေပခြင်းတို့သည် လုပ်ရိုးလုပ်စဉ် မျှသာ ဖြစ်ချေမည်။ အဓိပ္ပါယ် မပါ ရှိမည်။ ထို့ကြောင့် အမှန်တကယ် လိုအပ်၍ ပြန်လည်စစ်ဆေးစေသောအမှုများ၌ အထက်ရုံးများက စကားဦးသန်းခြင်း၊ ကြိုတင်ဆုံးဖြတ်ခြင်း၊ အရိပ်ပြခြင်းမပြုအပ်၊ တရားမျှတ လွတ်လပ်သော တရားစီရင်ခြင်းကို ဖြစ်ထွန်းနိုင်စေရန် အထူးစောင့်စည်းဆင်ခြင်ရသည်။

ထပ်မံဆုံးဖြတ်ချက်။ ။မလိုပဲလည်း အမှုကို ပြန်လည်စစ်ဆေးစေခြင်း မပြုအပ်။ ပြန်လည် စစ်ဆေးစေခြင်းဖြင့် ကြန့်ကြာခက်ခဲတတ်သည်။ သက်သေများကို ရှာဖွေခေါ်ယူရန် မလွယ် ဖြစ်တတ်သည်။ အချိန်ကြာသဖြင့် သက်သေများသည် အချက်အလက်တို့ကို မေ့ပျောက်နေပြီလည်း ဖြစ်တတ်သည်။ တရားခံများအဖို့ အခါခါ အစစ်ဆေး ခံရသဖြင့် နစ်နာတတ်သည်။ ထို့ကြောင့် မလွှဲမရှောင်သာမှသာလျှင် အမှုကို ပြန်လည် စစ်ဆေးစေအပ်သည်။ အထက်ရုံးကအမှားကို ပြင်၍ အပြီးအပြတ် ဆုံးဖြတ်နိုင်သမျှကို ဆောင်ရွက်ပေးအပ်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။ပြန်လည်၍ စစ်ဆေးစေသော အမှုသည်အမှုသစ်ဖြစ်သည်၊ ထို့ကြောင့် စစ်ဆေးစီရင်ခြင်း အဓိပ္ပါယ် ပြည့်ဝလေအောင် တရားလိုဖက်မှလည်း စွပ်စွဲချက်ကို သက်သေထူ၍ ခိုင်မာစေရမည်။ တရားခံကလည်း စွပ်စွဲချက်မမှန်ကြောင်း ချေပ ခုခံ သက်သေပြနိုင်စေရမည်။ တရားရုံးကလည်း နှစ်ဖက် ထွက်ဆိုချက်တို့ကို ချိန်ဆ၍ စွဲချက်မှန်၊ မမှန် တရားခံအပြစ်ရှိ၊ မရှိကို လွတ်လပ်စွာ ဆုံးဖြတ်နိုင်စေရမည်။

ထပ်မံဆုံးဖြတ်ချက်။ ။အမှုသစ် ပြန်လည် စစ်ဆေးခြင်းကို မဆိုထားဘိ။ ပြစ်ဒဏ်ကိုတိုးမြှင့်ပေးပါရန်၊ နစ်နာသူကဖြစ်စေ၊ အစိုးရကဖြစ်စေ ပြင်ဆင်မှု တင်သွင်းလာလျှင်၊ သို့မဟုတ် အထက် ကြီးကြပ်ကွပ်ကဲသော တရားရုံးက ပြင်ဆင်မှုဖွင့်လျှင်၊ အဖွင့်ခံရသူ (တရားခံ)က မိမိတွင် လုံးဝအပြစ်မရှိပါ၊ တရားသေလွှတ်ထိုက်ပါသည်ဟု ပြန်လည်ချေပ လျှောက်လဲခွင့် ရှိလာသည်။ ဥပဒေဟူသည် မျှတရသည်၊ တဖက်သတ် မလုပ်ရချေ။ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၃၉၊ ပုဒ်မခွဲ ၆ နှင့် *Puwa Lingan* v. *Chinnathanbi* ၊၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံးများ၊ စာ ၄၇ ကို သဘောတူသည်။

အယူခံတရားလိုအတွက်။ ။ ။တရားရုံးချုပ်၊ ရှေ့နေ ဦးကျော။

အယူခံတရားခံအတွက်။ ။အစိုးရတရားရုံးချုပ်ရှေ့နေ ဦးမျိုးထွန်းလင်း။

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်။ ။မောင်စိုးသိန်း အပါအဝင် အယူခံ တရားလို ၅ ဦးတို့သည်၊ မအူပင်မြို့ ကုန်သွယ်ရေးရုံးမှ စက္ကူများကို ခိုးယူရောင်းချ ခဲ့သည်ဟု ယင်းမြို့ တတိယရာဘက်' ရာဇဝတ်တရားသူကြီးက တွေ့ရှိကာ၊ ၎င်းတို့ အပေါ်၊ ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေး အက်ဥပဒေပုဒ်မ ၆ (၁) အရ၊ ဒဏ်ငွေ ၁၅ဝ စီတပ်ရိုက်ခဲ့လေသည်။

၁၉၇၂
မောင်စိုးသိန်း
ပါ ၅
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

အမှုတွဲကို နိုင်ငံတော် တရားရုံးချုပ်က၊ ကြီးကြပ်ကွပ်ကဲသည့် တာဝန်အရ၊ စီစစ်ရာတွင်၊ ပြစ်ဒဏ်သတ်မှတ်ပုံ မှန် မမှန်၊ ပြဿနာပေါ်သည်နေကိုတွေ့ရှိ၊ ပြင်ဆင်မှုဖွင့်လှစ်ကာ သုံးသပ်ခဲ့သည်။ ပြင်ဆင်မှု ဖွင့်ခြင်းခံရသူများ (ယခုအယူခံတရားလိုများ) နှင့် အစိုးရရှေ့နေတို့ကို ကြားနာပြီးနောက်၊ ခုံရုံးက ပြစ်ဒဏ်စီရင်ထားခြင်းသည် ဥပဒေပြဋ္ဌာန်းချက်နှင့်မကိုက်ညီ၊ ထို့ကြောင့် အမှုကို ပြန်လည်စစ်ဆေးစေရမည်ဟုဆုံးဖြတ်ခဲ့သည်။

ယင်းဆုံးဖြတ်ချက်မှ အယူခံဝင်ရန် အခွင့်ထူးပေးပါမည့် အကြောင်းအယူခံတရားလိုတို့က လျှောက်ထားခဲ့ကြသည်။ လျှောက်လွှာကို သုံးသပ်ပြီးနောက်အောက်ဖေါ်ပြပါဥပဒေ ပြဿနာကို အကျယ်တဝင့် စဉ်းစားဆုံးဖြတ်နိုင်ရန်၊ အခွင့်ထူးပေးခဲ့သည်။

"အယူခံဝင်ရန် အခွင့်ထူး လျှောက်ထားသူသည် ၁၉၄၇ ခုနှစ်၊ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေပုဒ်မ ၆ (၁) အရ၊ ပြစ်မှုကျူးလွန်ခဲ့ကြောင်း မူလအမှုစစ်ရုံးက တွေ့ရှိထားခြင်းသည် အကြောင်းချင်းရာအရ မှန်ကန်သည်၊ သို့ရာတွင် ထောင်ဒဏ်မပါ၊ ငွေဒဏ်ကိုသာ တပ်ရိုက်ခြင်းသည် ယင်းပုဒ်မပါ ပြစ်မှုနှင့်မကိုက်ညီ ဟု ဤရုံး၏ ခုံကပြင်ဆင်မှု "က" တွင် မှတ်ချက်ပြုခဲ့သည်။ တရားမဝင်သော ပြစ်ဒဏ်ကို ပြန်လည် သုံးသပ်ရန် အမှုကိုပြန်လည်စစ်ဆေးစေ အမိန့်ချခဲ့သည်။

ပြစ်မှုထင်ရှားသည်ဟု ဆုံးဖြတ်ပြီးမှ၊ အမှုကိုအစမှတဖန် ပြန်လည်စစ်ဆေးစေခြင်းသည် ကြန့်ကြာခက်ခဲစေမည်လော၊ တရားခံအပေါ် တရားမျှတစေပါမည်လော၊ ပြန်စစ်လျှင် တရားခံအတွက်လည်း အပြစ်မရှိကြောင်း သက်သေထူရန်လွှတ်လပ်မျှတသော အခွင့်အရေးရှိသင့် မသင့်၊ ဤသို့ အကြောင်းချင်းရာကို သုံးသပ်ဆုံးဖြတ်ပြီးနောက်မှ အမှုကိုပြစ်ဒဏ်သတ်မှတ်ရန် အတွက်သာ ပြန်လည်စစ်ဆေးစေခြင်းသည် ကျင့်ထုံးနှင့်ညီပါ၏လော၊ စဉ်းစားနိုင်ရန်အထူးအယူခံဝင်ခွင့်ပေးလိုက်သည်"။

ပြင်ဆင်မှုဖွင့်ခဲ့သောခုံရုံးက၊ ပြစ်မှုသည် ပြည်သူပိုင် ပစ္စည်း ကာကွယ်ရေး အက်ဥပဒေပုဒ်မ ၆ (၁) အရ၊ ထောင်ဒဏ်ထိုက်သော ပြစ်မှုဖြစ်သည်။ ဒဏ်ငွေဖြင့်မပြီး ထောင်ဒဏ်မပါမနေရ၊ သတ်မှတ်ထားပါလျက်၊ ငွေဒဏ်ကိုသာ သတ်မှတ်ထားခြင်းမှားယွင်းသည်၊ ပြစ်မှုကျူးလွန်ခဲ့ကြောင်း တွေ့ရှိထားခြင်းကား မှန်ကန်နိုင်လုံသည်။ ထို့ကြောင့် ဥပဒေနှင့် ညီညွတ်သော ပြစ်ဒဏ်ကို ပေးနိုင်စေရန်၊ ပြန်လည်၍အမှုကို စစ်ဆေးစေ ဟု အမိန့်ချမှတ်ခဲ့သည်။

၁၉၇၂ / မောင်စိုးသိန်း ပါ ၅ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

အယူခံတရားလိုတို့၏ ရှေ့နေကြီး ဦးကျော်က ပြင်ဆင်မှုတွင်ပင် တရားရုံးချုပ် ခုံရုံးက၊ ဥပဒေနှင့် ညီညွတ်သော ပြစ်ဒဏ်ကို သတ်မှတ်လိုက်နိုင်ပါလျက်နှင့်၊ ပြန်လည် စစ်ဆေးစေခြင်းဖြင့် ကြန့်ကြာခက်ခဲစေရုံသာရှိပါမည်။ အချိန်ကြာမြင့်ပြီးမှ ပြန်လည် စစ်ဆေးကာ ထောင်ဒဏ်ပေးမည်ဆိုလျှင်၊ ပြစ်ဒဏ်ကို အလီလီအခါခါ အရစ်ကျဖြင့် သတ်မှတ်ရာလည်းကျပါမည်။ ယင်းသို့အရစ်ကျဖြင့် ပြစ်ဒဏ်ပေးအပ်ကြောင်းကိုညွှန် ပြခဲ့သော စီရင်ထုံးများရှိပါသည်။ ထို့ပြင်အယူခံတရားလိုဘို့သည်၊ ကောင်းရောင်း ကောင်းဝယ် လုပ်ကိုင်စားသောက်၍ ဘဝသစ်ထူလျက်ရှိကြပါပြီ။ ၎င်းတို့သည်ပြစ်မှု အတွက် တဦးလျှင် ၁၇ ရက်စီ အချုပ်အနှောင် ခံခဲ့ရပြီးလည်း ဖြစ်ပါသည်။ ထောင် ဒဏ်မှချုပ်ရက်ကို လျှော့ရန် ညွှန်ကြားချက်အရ၊ ထောင်ဒဏ်ကျခံပြီး ဖြစ်ဘိသကဲ့သို့ သတ်မှတ်၍လည်းရပါသည် စသည်ဖြင့်လျှောက်လဲသည်။

အစိုးရရှေ့နေကြီး ဦးမျိုးထွန်းလင်းက ပြင်ဆင်မှုတွင် တရားရုံးချုပ်က သင့် တော်သောတရားဝင်ပြစ်ဒဏ်ကို တခါတည်း သတ်မှတ်ပေးခဲ့သည်များလည်းရှိပါသည်။ ယင်းသို့ဆောင်ရွက်ခြင်းသည် မြန်ဆန်သည့်ပြင် တရားဥပဒေနှင့်လည်း မဆန့်ကျင်ပါ။ ဤအမှုတွင် ပြစ်မှုနှင့် ပြစ်ဒဏ်မညီညွတ်ဖြစ်နေသည်ကားမှန်ပါသည် ဟုတင်ပြသည်။

ပြင်ဆင်မှုဖွင့်လှစ်၍ ဆုံးဖြတ်ခဲ့သော ဤရုံး၏ ခုံရုံးက အယူခံတရားလိုဘို့သည် စွပ်စွဲသည့်အဘိုင်း ပြစ်မှုကျူးလွန်ခဲ့ကြခြင်းမှန်သည်ဟု အတိအလင်း မြွက်ဆိုခဲ့သည်။ ပြစ်ဒဏ်ကို ဥပဒေနှင့်အညီ သတ်မှတ်ရန်အတွက်သာ ပြန်လည်စစ်ဆေးရန် အမိန့် ချမှတ်ခဲ့ခြင်းဖြစ်သည်။ အမှုတမှုကိုပြန်လည် စစ်ဆေးစေသည်နှင့် တပြိုင်နက်၊ အမှု သစ်ဖြစ်သည်။ တရားခံတို့ အပြစ်ရှိကြောင်း တရားလိုဖက်မှ သက်သေထူထောင်ရန် လိုလာသည်။ တရားခံဘို့ကလည်း မိမိဘို့ဘွင် လုံးဝအပြစ်မရှိကြောင်းကို ခုခံချေပ၍ သက်သေဘူထောင်ခွင့်ရှိရမည်။ သို့မှသာ မျှတသည်။

ယခုမူ၊ တရားခံတို့တွင် အပြစ်ရှိသည်ဟု တရားရုံးချုပ်အဆင့်က ဆုံးဖြတ်ပြီးမှ၊ အမှုကိုပြန်လည်စစ်ဆေးစေဟုလည်းညွှန်မည်ဆိုလျှင်၊ အမှုကို ပြန်လည် စစ်ဆေးသည့် အနှစ်သာရမမြောက်။ ထောင်ဒဏ်သတ်မှတ်ရန်ကိုသာ၊ အမှုသစ်ကို စစ်ဆေးမည့် ရုံးအား တာဝန်ပေးလိုက်သည့် အသွင်ဆောင်နေသည်။ အပြစ်ရှိသည်ဟူသောအထက် ရုံးမှတ်ချက်ဖြင့် ပြန်လည်စစ်ဆေးစေသော အမှုတွင် တရားခံတို့ ခုခံချေပရန်မလွယ်။ တရားလိုက သက်သေထူခြင်း၊ တရားခံကချေပခြင်း၊ တို့သည်လုပ်ရိုး လုပ်စဉ်မျှသာ ဖြစ်နေမည်။ အဓိပ္ပါယ်မပါရှိမည်။ ထို့ကြောင့် အမှန်တကယ်လိုအပ်၍ ပြန်လည် စစ်ဆေးစေသော အမှုများ၌ အထက်ရုံးများက စကားဦးသန်းခြင်း၊ ကြိုတင်ဆုံးဖြတ် ခြင်း၊ အရိပ်ပြခြင်း၊ မပြုအပ်။ တရားမျှတလွတ်လပ်သော တရားစီရင်ခြင်းကိုဖြစ် ထွန်းနိုင်စေရန် စောင့်စည်းဆင်ခြင်ရသည်။

၁၉၇၂
မောင်စိုးသိန်း
ပါ ၃
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

မလိုဘဲလည်းအမှုကိုပြန်လည်စစ်ဆေးခြင်းမပြုအပ်။ပြန်လည်စစ်ဆေးခြင်းဖြင့်ကြန့်ကြာခက်ခဲတတ်သည်။ သက်သေများကို ရှာဖွေခေါ်ယူရန် မလွယ်ဖြစ်တတ်သည်။ အချိန်ကြာသဖြင့်၊ သက်သေများသည် အချက်အလက်တို့ကို မေ့ပျောက်နေပြီလည်းဖြစ်တတ်သည်။ တရားခံများအဖို့ အခါခါအစစ်ဆေးခံရသဖြင့် နစ်နာတတ်သည်။ ထို့ကြောင့် မလွဲမရှောင်သာမှသာလျှင် အမှုကိုပြန်လည် စစ်ဆေးအပ်သည်။ အထက်ရုံးကအမှားကိုပြင်၍အပြီးအပြတ် ဆုံးဖြတ်သမျှကို၊ ဆောင်ရွက်ပေးအပ်သည်။

ပြန်လည်စစ်ဆေးသော အမှုသည် အမှုသစ်ဖြစ်သည်၊ ထို့ကြောင့် စစ်ဆေးစီရင်ခြင်းအမိပ္ပါယ်ပြည့်ဝလေအောင်၊ တရားလိုဖက်မှလည်း စွပ်စွဲချက်ကို သက်သေထူ၍ခိုင်မာစေရမည်။ တရားခံကလည်း စွပ်စွဲချက် မမှန်ကြောင်း ချေပခုခံသက်သေပြနိုင်စေရမည်။ တရားရုံးကလည်း နှစ်ဖက်ထွက်ဆိုချက်တို့ကို ချိန်ဆ၍ စွဲချက်မှန်မမှန်၊ တရားခံအပြစ်ရှိမရှိ ကို လွတ်လပ်စွာ ဆုံးဖြတ်နိုင်စေရမည်။

အမှုသစ်ပြန်လည်စစ်ဆေးခြင်းကိုမဆိုထားဘိ။ ပြစ်ဒဏ်ကိုတိုးမြှင့်ပေးပါရန်၊ နစ်နာသူကဖြစ်စေ၊ အစိုးရကဖြစ်စေ၊ ပြင်ဆင်မှုတင်သွင်းလာလျှင်၊သို့မဟုတ်အထက်ကြီးကြပ်ကွပ်ကဲသောတရားရုံးကပြင်ဆင်မှုဖွင့်လျှင်၊ အဖွက်ခံရသူ (တရားခံ) ကၢမိမိတွင်လုံးဝအပြစ်မရှိပါ၊ တရားသေလွှတ်ထိုက်ပါသည်ဟု ပြန်လည်ချေပလျှောက်လဲခွင့်ရှိလာသည်။ [ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၃၉၊ ပုဒ်မခွဲ ၆ နှင့် *Puma Limgan* v. *Chinnathanbi* (၁) တို့ကိုကြည့်]။ ဥပဒေဟူသည် **ဤသို့** **မျှတရသည်၊** တဖက်သတ်မလုပ်ရချေ။

ဤအမှုတွင် အယူခံတရားလိုတို့**သည်အပြစ်ရှိသည်ဟုပြင်ဆင်မှု ခုံရုံးကဆုံးဖြတ်ပြီး**မှအမှုကိုပြန်လည် စစ်ဆေးစေခြင်းသည် **အထက်ဖေါ်ပြပါမှုများနှင့် ဆန့်ကျင်နေသည်။**

ထို့ပြင်၊ အယူခံတရားလိုတို့သည်၊ **အမှုနှစ်ပတ်အတွင်း၌ အချုပ်အနေနှင့်ခံခဲ့ကြရ**ပြီးလည်းဖြစ်သည်။ ပြစ်မှုကျူးလွန်ခဲ့သည်ဟု **တွေ့ရှိခြင်းမှန်သော်ငြား ထောင်ဒဏ်ကျ**ခံနှဲ့ပြီးသည့်သဘောရှိသည်။

တော်လှန်ရေးကောင်စီဥက္ကဋ္ဌက၊အမိန့်အမှတ် ၈၇/၁၉၇၁ ကိုထုတ်ပြန်၍ယင်းအမိန့်မတိုင်မီကကျခံနေရသောရာဇဝတ်ပြစ်ဒဏ်များကိုသုံးပုံတပုံလျှော့ပေးခဲ့သည်လျှော့ပေးပြီးပြစ်ဒဏ်ကိုတရားရုံးကတိုးမြှင့်ခြင်းမပြုနိုင်။ တိုးမြှင့်ပေးခြင်းမပြုအပ်။နိုင်ငံတော် အာဏာဖြင့်ထုတ်ပြန်သောအမိန့်ဖြစ်၍၊ တရားဥပဒေအာနိသင်ဆောင်သည်။ ဤအမှုတွင်ကျွန်ုပ်တို့ကအယူခံတရားလိုတို့အပေါ် ထောင်ဒဏ်သတ်မှတ်လျှင်လည်းအမှန်စင်စစ်အားဖြင့်ပြစ်ဒဏ်ကိုတိုးမြှင့်သည့်သဘောသက်ရောက်လိမ့်မည်။ယင်းသို့မပြုကောင်းမပြုနိုင်။

အထက်ပါ အကြောင်းကြောင်းကြောင့်၊ ပြင်ဆင်မှုရုံးက အမှုကို ပြန်လည်စစ်ဆေးစေရန် ချမှတ်ထားသော အမိန့်ကိုပယ်ဖျက်လိုက်သည်။

---

(၁) ၁၉၆၄၊ မြန်မာနိုင်ငံစီရင်ထုံးများ၊ ၈ ၄၇။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးလှသင်းနှင့် တရားသူကြီးဦးတင်အုံးတို့ရှေ့တွင်

† ၁၉၅၂

ဖေဖော်ဝါရီလ ၂ ရက်။

ဦးဝင်းမောင် နှင့် { ပြည်ထောင်စု မြန်မာနိုင်ငံ / ၁။ ကိုလှမောင် / ၂။ မအုံးကြည် * }

စီရင်ချက်တွင် ပါသည့်မှတ်ချက်—မည်သည့်အခါတွင် တရားရုံးချုပ်က ၎င်း၏ ပင်ကိုယ် စီရင်ပိုင်ခွင့် အာဏာအရ ဝင်ရောက် စွက်ဖက်ပျက်သိမ်းပေးခြင်း။

ဆုံးဖြတ်ချက်။ ။ရာဇဝတ်တရားသူကြီး **တဦးဦး၏** စရင်ချက်တွင် ပါရှိသည့် မှတ်ချက်ကို တရားရုံးချုပ်က အထူးလိုအပ်သည့် ကိစ္စများ၌သာ ဖျက်သိမ်းပေးသည်။ သို့သော် စီရင်ချက်နှင့် အဆိုပါမှတ်ချက်သည်၊ သက်ဆိုင်မှုမရှိသည့်အခါတွင်သော်၎င်း၊ သူတပါးအား စွပ်စွဲချက်များ ပါသည့် အခါတွင်သော်၎င်း၊ စီရင်ချက်မှ ယင်းမှတ်ချက်များကို ဖယ်ထုတ်၍ ရသည့်အခါတွင်သော်၎င်း တရားရုံးချုပ်က ယင်းမှတ်ချက်များကို ဖျက်သိမ်းရန် ဝင်ရောက် စွက်ဖက်နိုင်သည်။ တရားရုံးတရုံးသည်၊ အမှုသည်များကိုသော်၎င်း၊ အခြားသူများကိုသော်၎င်း၊ စာရိတ္တကို ဖြစ်စေ၊ သိက္ခာကိုဖြစ်စေ၊ အပြုအမူကိုဖြစ်စေ ထိခိုက်သည့် မှတ်ချက်များကို တရားမျှတမှုအတွက် လိုအပ်ပါက မှတ်ချက်ပြုနိုင်ခွင့်ရှိသည်။ သို့ရာတွင် သုံးစွဲသည့် စကားသုံးများကို ရွေးချယ်ပြီး သတိပြုသုံးစွဲ သင့်သည်။ သက်သေခံချက်များကအထောက်အကူမပြုသည့်ပြင်းထန်သည့် မှတ်ချက်များသုံးစွဲခြင်း ကိုရှောင်သင့်သည်။ တရားစီရင်ရေးတွင် အထောက်အကူမပြုသည့်၊ မသက်ဆိုင်သည့်၊ မလိုအပ်သည့်၊တပါးသူအား ထိခိုက်စေမည့် မှတ်ချက်များ သုံးစွဲထားသည်ကိုတွေ့ပါက၊ တရားရုံးချုပ်သည် ၎င်း၏ ပင်ကိုယ်စီရင်ပိုင်ခွင့် အာဏာအရ ဝင်ရောက် စွပ်ဖက်၍ အဆိုပါမှတ်ချက်မျိုးကို ဖယ်ရှား ဖျက်သိမ်းရန် အာဏာအပြည့်အဝရှိသည်။

ပြင်ဆင်ရန် လျှောက်ထားသူအတွက်။ ။တရားရုံးချုပ် ရှေ့နေ ဦးစိန်ဖူး။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။အစိုးရတရားရုံးချုပ်ရှေ့နေ ဦးငင်းဖေ။

တရားသူကြီး ဦးလှသင်း။ ။ရန်ကုန်မြို့ ၁၅ ရာဘက် ရာဇဝတ်တရားသူကြီးရုံး၊ ရာဇဝတ်ကြီးမှုအမှတ် ၄၁၈/၅၀ တွင် ၊ကိုလှမောင်ဆိုသူက လျှောက်ထားသော တရားရုံး

---

* ၁၉၅၀ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၄၀ (ခ)။

† ၁၉၅၀ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၄၁၈ တွင် ချမှတ်သော၊ ၁၉၅၀ ခု၊ ဧပြီလ ၂၅ ရက်နေ့စွဲပါ ရန်ကုန်မြို့၊ ၁၅ ရာဘက် ရာဇဝတ်တရားသူကြီး၏ အမိန့်ကို အယူခံမှု။

၁၉၅၂

ဦးဝင်းမောင် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ၁။ ကိုလှမောင် ၂။ မအုံးကြည်။

ချုပ်ရှေ့နေကြီး၏ အမှုသည် မအုံးကြည်အား၊ သက်သေခံကားကို အလွဲသုံးစား ပြုလုပ်ပါသည်ဟု ရာဇသတ်ကြီးပုဒ်မ ၄ ၆ဝအရ၊ တရားစွဲဆိုသည်။ ထိုအမှုတွင်တရားလို တရားခံတို့သည် သက်သေခံကားကို အမှုအတောအတွင်း ခံဝန်နှင့် ပေးထားပါရန် လျှောက်ထားကြသည်။ အောက်ရုံးတရားသူကြီးသည် သက်သေခံကားကို ကိုလှမောင် သို့ အမှုအတွင်းခံဝန်ဖြင့် ပြန်ပေးခဲ့သည်။ ထိုအမိန့်တွင် ရေးသားထားသည့် ရေးသား ချက်များမှာ လျှောက်ထားသူ၏အကျိုးကို ထိခိုက်နစ်နာစေသည့်အတွက် မကျေနပ် ပါသဖြင့် ထိုစကားရပ်များကို ထိုအမိန့်မှ ပယ်ဖျက်ပေးရန် ယခုလျှောက်ထားခြင်းဖြစ် သည်၊ သက်ဆိုင်သည့် အပိုဒ်များမှာ အောက်ပါတို့ဖြစ်သည်။

(၁) အမိန့်၏ အပိုဒ် (၃) တွင် ပါသည့်စကားရပ်များ "တရားသူကြီး၏ ဆုံးဖြတ်ချက်သည် လုံးဝမတရားကြောင်း မျက်နှာလိုက်ပါသည်ဟု စွပ်စွဲပြောဆိုရုံမက" ဟူသော စကားရပ်များ၊

(၂) အမိန့်၏ အပိုဒ် (၄) တွင် ပါသည့်စကားရပ်များ "တရားခံ၏ရှေ့နေက တရားရုံးအား ဂုဏ်သိက္ခာကို ထိခိုက်၍ လျှောက်သော်လည်း၊ တရား ဥပဒေအရသာ ဤရုံးက သုံးသပ်ကြည့်မိသည်" ဟူသော စကားရပ် များတို့ဖြစ်သည်။

လျှောက်ထားသူက တင်ပြသည်မှာ အထက်ဖော်ပြပါ စကားများကို လျှောက် ထားသူအပေါ်တွင် တဘက်သတ်ရေးသည်မှာ မျှတမှု မရှိသည်သာမက၊ ဥပဒေဖြင့် လည်းဆန့်ကျင်ဘက်ဖြစ်ပါသည်၊ လျှောက်ထားသူအနေဖြင့် ဘာမျှပြန်လည်ချေပ ခွင့်မရှိအောင် စီရင်ချက်တွင် ခလျှောက်ထားသူက နစ်နာစေသည့် စကားလုံးများကို ရေးသားရန် မသင့်လျော်ကြောင်း၊ သို့ပါ၍ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၆၁ (က) ပါ စကားရပ်များကို ပယ်ဖျက်ပေးပါရန် လျှောက်ထားလေသည်။

ရာဇဝတ်တရားသူကြီးတဦး၏ စီရင်ချက်တွင် ပါရှိသည့်မှတ်ချက်ကို တရားရုံးချုပ် က အထူးလိုအပ်သည့် ကိစ္စများ၌သာ ဖျက်သိမ်းပေးသည်။ သို့သော် စီရင်ချက်နှင့် အဆိုပါမှတ်ချက်သည် သက်ဆိုင်မှု မရှိသည့်အခါတွင်သော်၎င်း၊ သူတပါးအား စွပ်စွဲ ချက်များပါသည့် အခါတွင်သော်၎င်း၊ စီရင်ချက်မှ ယင်းမှတ်ချက်များကို ပယ်ထုတ် ၍ရသည့် အခါတွင်သော်၎င်း၊ တရားရုံးချုပ်က ယင်းမှတ်ချက်များကို ဖျက်သိမ်းရန် ဝင်ရောက် စွက်ဖက်နိုင်သည်။ တရားရုံးတရုံးသည် အမှုသည်များကို သော်၎င်း၊ အခြားသူများကိုသော်၎င်း၊ စာရိတ္တကိုဖြစ်စေ၊ သိက္ခာကိုဖြစ်စေ၊ အပြုအမူကိုဖြစ်စေ ထိခိုက်သည့်မှတ်ချက်များကို တရားမျှတမှုအတွက် လိုအပ်ပါက မှတ်ချက် ပြုနိုင်ခွင့် ရှိသည်။ သို့ရာတွင် သုံးစွဲသည့် စကားလုံးများကို ရွေးချယ်ပြီးသတိပြု သုံးစွဲသင့်သည်။

၁၉၇၂

ဦးဝင်းမောင်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
၁။ ကိုလှမောင်။
၂။ မအုံးကြည်။

သက်သေခံချက်များကအထောက်အကူမပြုသည့် ပြင်းထန်သည့် မှတ်ချက်များ သုံးစွဲခြင်းကို ရှောင်ရှားသင့်သည်။ တရားစီရင်ရေးတွင် အထောက်အကူမပြုသည့်၊ မသက်ဆိုင်သည့်၊ မလိုအပ်သည့်၊ တပါးသူအား ထိခိုက်စေမည့် မှတ်ချက်များ သုံးစွဲထားသည်ကိုတွေ့ပါက၊ တရားရုံးချုပ်သည် ၎င်း၏ပင်ကိုယ် စီရင်ပိုင်ခွင့် အာဏာအရ ဝင်ရောက်စွက်ဖက်၍၊ အဆိုပါမှတ်ချက်မျိုးကိုဖယ်ရှားဖျက်သိမ်းရန် အာဏာအပြည့်အဝရှိသည်။

အမှုတွဲတွင်ပေါ်ပေါက်သော အချက်အလက်များကို သုံးသပ်သည့်အခါ၊ လျှောက်ထားသူ တင်ပြသည့်အတိုင်း၊ အမှုကို အဆုံးအဖြတ်ပေးရာတွင် မလိုလားအပ်သော၊ အမှုနှင့် မသက်ဆိုင်သော အထက်တွင် ဖေါ်ပြထားသည့် မှတ်ချက်များကို စီရင်ချက်၌ ထည့်သွင်းရေးသားထားသည်ကို တွေ့ရသည်။ ထို့ကြောင့် အထက်တွင် ဖေါ်ပြထားသည့် စာပိုဒ်များကို စီရင်ချက်မှ ဖျက်သိမ်းရမည်ဟု အမိန့်ချမှတ်၍ ယင်းအမိန့်၏ မိတ္တူကိုအောက်ရုံးက တရားသူကြီး၏ စီရင်ချက်တွင် ပူးတွဲထားရန် ကျွန်ုပ်တို့ညွှန်ကြားလိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးသက်ဖေ၊ တရားသူကြီး ဦးလှသင်း နှင့် တရားသူကြီး ဦးတင်အုံး တို့ရှေ့တွင်

မောင်သန်းထွန်း

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (မခင်နှင်းရီ) *

†၁၉၇၂

ဇန္နဝါရီလ
၁၁ ရက်။

လိမ်လည်မှုသည် ပစ္စည်းနှင့် ပတ်သက်သော ကိစ္စကိုသာလျှင် အကျုံးဝင်မဝင်—ရာဇသတ်ကြီး ပုဒ်မ ၄၁၅ ၏ ဒုတိယပိုင်းနှင့် အကျုံးဝင်ရန် လိုအပ်သည့် အင်္ဂါရပ်များ—ဥပဒေခေါင်းစည်းသည်၊ ထိုဥပဒေ၏စကားရပ်များကို မလွှမ်းမိုးနိုင်ခြင်း—လက်ထပ်ယူပါမည်ဟု အမျိုးသားက အမျိုးသမီးအား အယုံသွင်းပြီး ကာမရယူပြီးနောက် လက်ထပ်ရန်ငြင်းဆိုခြင်း—ရာဇသတ်ကြီး ပုဒ်မ ၄၁၇ အရ လိမ်လည်မှု မြောက် မမြောက်။

ပြည်ထောင်စုနှင့် ကိုကျင်ဝှက်၊ ၁၉၆၇၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၄၆ မှုစီရင်ဘုံး၌ အမျိုးသားက အမျိုးသမီးကို လက်ထပ်ပါမည်ဟု **အယုံသွင်းပြီး ကာမရယူသဖြင့်၊** အမျိုးသမီး၌ ကိုယ်ဝန်ရှိလာသောအခါ လက်ထပ်ရန်ငြင်းဆိုခြင်းသည်၊ **ရာဇသတ်ပုဒ်မ ၄၁၅ ၏** ဒုတိယအပိုင်းအရ လိမ်လည်မှု မြောက်နိုင်သည်ဟု ယူဆခဲ့သည်။ သို့ရာတွင် **မောင်ကြည်ဝင်း နှင့် ပြည်ထောင်စု၊** တရားရုံးချုပ် (မန္တလေးရုံးထိုင်)၏ ၁၉၇၀ ခု၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၃၃ **(ခ)၌မူ ထိုကဲ့သို့ငြင်းဆိုခြင်းသည်** ရာဇဝတ်မှု ကျူးလွန်ရာမရောက်၊ နစ်နာသူက တရားမကြောင်းဖြင့်သာ **အရေးဆိုခွင့် အခွင့်အရေး** ရှိသည်ဟု ဆုံးဖြတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်များမှာ နှစ်ဦးထိုင်ခုံရုံးမှ **ချမှတ်ခဲ့သည့် ဆုံးဖြတ်**ချက်များဖြစ်ရာ၊ အဆိုပါ ပြဿနာ အပေါ် ဝိဝါဒ ကွဲပြားမှုမရှိရအောင် ယခုအမှုတွင် **စုံညီခုံရုံးဖြင့်** ကြားနာစစ်ဆေးခဲ့ခြင်းဖြစ်သည်။

ဆုံးဖြတ်ချက်။ ။ရာဇသတ်ကြီးပုဒ်မ ၄၁၅ ၏ ဒုတိယပိုင်းနှင့် အကျုံးဝင်ရန် (က) တရားခံက၊ တဦးတယောက်အား လှည့်ဖြားခြင်း၊ (ခ) လှည့်ဖြားခြင်း ခံရသူက၊ အရာတခုကိုပြုခြင်း၊ သို့မဟုတ် ပြုရန် ပျက်ကွက်ခြင်း၊ (ဂ) လှည့်ဖြားခြင်း မခံရခဲ့သော်၊ ထိုသူသည် ထိုအရာကိုပြုမည် မဟုတ်ခြင်း၊ သို့မဟုတ် ပြုရန် ပျက်ကွက်မည် မဟုတ်ခြင်း၊ (ဃ) တရားခံက ထိုသူအား တမင်သွေးဆောင်ခြင်းနှင့် (င) ထိုသူ၏ပြုလုပ်မှု၊ သို့မဟုတ် ပျက်ကွက်မှုကြောင့်၎င်း၏ ကိုယ်ကိုဖြစ်စေ၊ စိတ်ကိုဖြစ်စေ၊ ဂုဏ်သရေကိုဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ၊ ပျက်စီး နစ်နာစေခြင်း၊ အန္တရာယ်ဖြစ်

---

* ၁၉၇၁ ခု၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၉ (ခ)။

† ၁၉၇၀ ခုနှစ်၊ ရာဇသတ်ကြီးမှုအမှတ် ၂၈၅ တွင် ၁၉၇၀ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့၌ မန္တလေးမြို့၊ ၃ ရာဘက် ရာဇဝတ် တရားသူကြီး (ထူး)၏ အမိန့်ကို ပြန်၍ ဆင်ခြင်မှု။

၁၉၇၂

မောင်သန်းထွန်း
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
(မခင်နှင်းရီ)။

စေခြင်း စသည့် အင်္ဂါရပ်များရှိရန် လိုပေသည်။ အင်္ဂါရပ် (င)တွင် ပစ္စည်းကိုသာမက၊ ကိုယ်၊ စိတ်၊ ဂုဏ်သရေတခုခုကို ပျက်စီးနစ်နာစေလျှင်၊ အန္တရာယ်ဖြစ်စေလျှင် လိမ်လည်မှု မြောက်သည်ဟု ဆိုထားသဖြင့်၊ လိမ်လည်မှုသည် ပစ္စည်းနှင့် ပတ်သက်သော ကိစ္စသာလျှင် အကျုံးဝင်သည်ဆိုခြင်းကို လက်ခံရန်မဖြစ်နိုင်ပေ။

ထပ်မံဆုံးဖြတ်ချက်။ ။ဥပဒေဘာရပ်၏ ပုဒ်မတခုကို အဓိပ္ပါယ်ကောက်ယူရာ၌ ထိုဥပဒေရှိ ခေါင်းစည်းအား၊ ယင်းဥပဒေအား ပြဋ္ဌာန်းရသည့် ရည်ရွယ်ချက်ကို ခန့်မှန်းရာတွင် လမ်းညွှန်သဖွယ် အသုံးပြုနိုင်မည်ဖြစ်သော်လည်း၊ ခေါင်းစည်းသည် ဥပဒေပါ စကားရပ်၏ တစိတ်ဘဒေသ မဟုတ်သဖြင့် ဥပဒေ၏ စကားရပ်များမှာ ရှင်းလင်းပြတ်သားနေလျှင်၊ ခေါင်းစည်းသည် ထိုဥပဒေ၏ စကားရပ်များကို မလွှမ်းမိုးနိုင်ပေ၊ ဥပမာများတွင်လည်း ဥပဒေက ဆိုလိုသည့် အချက်အလက် အားလုံးမပါဝင်နိုင်။ ထို့သို့ဖြစ်ရာ ပုဒ်မ ၄၁၅ သည်၊ ပစ္စည်းနှင့် ပတ်သက်သည့် ခေါင်းစည်းပါသော အခန်းအောက်တွင် ရှိသည့် အကြောင်းကြောင့် ပစ္စည်းနှင့်မပတ်သက်သော ပြစ်မှုနှင့် လုံးဝ အကျုံးမဝင်ဟု မဆိုနိုင်ချေ။

ထပ်မံဆုံးဖြတ်ချက်။ ။ရာဇသတ်ကြီးပုဒ်မ ၄၁၅ အရ၊ လိမ်လည်မှုမြောက်သည်၊ မမြောက်သည် ဆိုသော ပြဿနာကို ဆုံးဖြတ်ရာတွင်၊ အထက်၌ ဖေါ်ပြခဲ့သည့် အင်္ဂါရပ်နှင့် ပြည့်စုံရန် လိုပေသည်။ ထိုအင်္ဂါရပ်များနှင့် ပြည့်စုံခြင်း ရှိမရှိ ဆိုသော ပြဿနာကိုမူ အမှုကိုလိုက်၍၊ ကြောင်းချင်းရာ အပေါ် အခြေပြုပြီး ဆုံးဖြတ်ရမည်ဖြစ်သည်။ ထို့ပြင် ကိုယ်ဝန်ရှိသည့် ကိစ္စ၊ ကိုယ်ဝန်မရှိသည့် ကိစ္စဟူ၍ ခွဲခြားထားရန်လည်း အကြောင်းမရှိဟု ယူဆသည်။ အဘယ့်ကြောင့် ဆိုသော် လက်ထပ်မည်ဟု လှည့်ဖြားသဖြင့် ယုံကြည်ပြီး ကာမပေးအပ်ခဲ့သည့် အမျိုးသမီးသည်၊ ကိုယ်ဝန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ကိုယ်၌ဖြစ်စေ၊ စိတ်၌ဖြစ်စေ၊ ဂုဏ်သရေ၌ဖြစ်စေ နစ်နာခြင်းခံရပြီးဖြစ်သည် ဆိုခြင်းမှာ ယုံမှားဘွယ်မရှိနိုင်ခြင်းကြောင့်ပင် ဖြစ်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။အမျိုးသားတဦးက အမျိုးသမီးတဦးကို လက်ထပ်ပါမည်ဟု အယုံသွင်းပြီး ကာမရယူပြီးနောက်၊ လက်ထပ်ရန် ငြင်းဆိုခြင်းသည်၊ ရာဇသတ်ကြီးပုဒ်မ ၄၁၇ အရ လိမ်လည်မှု မြောက်နိုင်သည်ဟု ဆုံးဖြတ်လိုက်သည်။ တကယ့် ပြစ်မှုမြောက်သည် မမြောက်သည်ကိုမူ အထက်၌ ဖေါ်ပြခဲ့သည့် အတိုင်း ကြောင်းချင်းရာအပေါ် သုံးသပ်၍ ဆုံးဖြတ်ရမည်သာ ဖြစ်ပေသည်။ ပြည်ထောင်စု နှင့် ကိုကျင်ဝှက်၊ ၁၉၆၇၊ မြန်မာနိုင်ငံ စီရင်ထုံး၊ ၄၆ ကို သဘောတူသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးကံမြိုင်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ အစိုးရတရားလွှတ်ချုပ်ရှေ့နေ ဦးမျိုးထွန်း။

[illegible]

တရားသူကြီး ဦးသက်ဖေ။ ။အမျိုးသားတဦးက အမျိုးသမီးတဦးကိုလက်ထပ် ယူပါမည်ဟု အယုံသွင်းပြီး ကာမရယူပြီးနောက်၊ လက်ထပ်ရန် ငြင်းဆိုခြင်းသည် ရာဇသတ်ကြီးပုဒ်မ ၄၁၇ အရ၊ လိမ်လည်မှု မြောက်နိုင်သည်၊ မမြောက်နိုင်သည်ဆိုသော ပြဿနာပေါ် ပေါက်ခဲ့သည်။

၁၉၇၂
မောင်သန်းထွန်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (မခင်နှင်းရီ)။

ပြည်ထောင်စု နှင့် ကိုကျင်ဝှက် (၁) တို့အမှု၌ အမျိုးသားက အမျိုးသမီးကို လက်ထပ်ပါမည်ဟု အယုံသွင်းပြီး ကာမရယူသဖြင့် အမျိုးသမီး၌ ကိုယ်ဝန်ရှိလာသော အခါ၊ လက်ထပ်ရန်ငြင်းဆိုခြင်းသည် ရာဇသတ်ကြီးပုဒ်မ ၄၁၅ ၏ ဒုတိယပိုင်းအရ၊ လိမ်လည်မှု မြောက်နိုင်သည်ဟု ယူဆခဲ့သည်။ သို့ရာတွင် မောင်ကြည်ဝင်း နှင့် ပြည်ထောင်စု (၂) တို့အမှု၌ထိုကဲ့သို့ ငြင်းဆိုခြင်းသည် ရာဇဝတ်ပြစ်မှု ကျူးလွန်ရာ မရောက်၊ နစ်နာသူက တရားမကြောင်းဖြင့်သာ အရေးဆိုရန် အခွင့်အရေးရှိသည်ဟု ဆုံးဖြတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်များမှာ နှစ်ဦးထိုင် ခုံရုံးမှ ချမှတ်ခဲ့သည့်၊ ဆုံးဖြတ်ချက်များဖြစ်ရာ အဆိုပါပြဿနာ၏ အခြေအနေပေါ် ဝိဝါဒကွဲပြားမှုမရှိရအောင် စုံညီခုံရုံးဖြင့်ကြားနာစစ်ဆေးရန် တင်ပြခဲ့ခြင်းဖြစ်သည်။

ဤအမှုတွင်ပေါ်ပေါက်နေသည့် ပြဿနာမှာ အများပြည်သူတို့နှင့် သက်ဆိုင်သည့် သာမက၊ စိတ်ဝင်စားစရာဥပဒေ ပြဿနာတရပ် ဖြစ်သည့်အလျောက်၊ နိုင်ငံတော် ရှေ့နေချုပ်အဖြစ် ဥပဒေပညာရှင် ဒေါက်တာ မောင်နှင့် ဦးကျော်မြင့်တို့အား ရုံးသ ယ်ပာအဖြစ် လိုက်ပါဆောင်ရွက်ကြရန် မေတ္တာရပ်ခံခဲ့သည်။

လျှောက်ထားသူ၏ ရှေ့နေကြီး ဦးကံမြိုင်က လက်ထပ်မည်ဟု ကတိပြုပြီး ပေါင်း သင်းလာသည့် နောက်ပိုင်းတွင် လက်ထပ်ရန် ငြင်းဆိုခြင်းသည် ကတိပျက်ကွက်ခြင်း သာဖြစ်၍ရာဇဝတ်မှုကျူးလွန်ရာမရောက်ပါ။ အကယ်၍ ရာဇဝတ်ပြစ်မှုမြောက်သည်ဟု ဆိုလျှင်လည်း ပဋိသန္ဓေရရှိသည့်ကိစ္စ နှင့် ပဋိသန္ဓေ မရသည့် ကိစ္စတို့ကို ခွဲခြား၍ စဉ်းစားသင့်ပါသည်။ အမျိုးသမီး၌ ပဋိသန္ဓေ မရှိလျှင် ၎င်းအား နစ်နာစေသည်ဟု ဆိုနိုင်မည်မဟုတ်၍ ရာဇသတ်ကြီးပုဒ်မ ၄၁၅ နှင့် အကျုံးဝင်မည် မဟုတ်ပါဟု တင်ပြသွားသည်။

ဒေါက်တာ ဇမောင်က အမျိုးသားသည် အမျိုးသမီး၏ ကာမကိုရယူစဉ်အချိန် က လှည့်ဖြားခြင်းရှိ၊ မရှိဆိုသော ကြောင်းချင်းရာအပေါ် ရာဇဝတ်မှု ကျူးလွန်ခဲ့ပါ သလောဆိုသည့် ပြဿနာကို ဆုံးဖြတ်ရပါမည်။ လှည့်ဖြားခြင်းရှိကြောင်းပေါ် ပေါက် လျှင် ရာဇသတ်ပုဒ်မ ၄၁၅ ၏ ဒုတိယပိုင်းနှင့် အကျုံးဝင်နိုင်ပါသည်။ အမျိုးသမီး၌ ပဋိသန္ဓေရှိသည်၊ မရှိသည်ကိုစဉ်းစားရန် မလိုပါ။ လှည့်ဖြားခြင်း ခံရသဖြင့် ကာမကို ပေးခဲ့ရခြင်းဖြစ်လျှင် ပဋိသန္ဓေမရှိသော်လည်း အမျိုးသမီးအား နစ်နာစေရာရောက်ပါ သည်ဟု တင်ပြသွားသည်။

ရှေ့နေချုပ်ကိုယ်စားအစိုးရရှေ့နေ ဒေါက်တာ မျိုးထွန်းလင်းက ရာဇသတ်ကြီးပုဒ်မ ၄၁၅ နှင့် ၄၁၇ တို့သည် ပစ္စည်းနှင့်ပတ်သက်သည့် ပြစ်မှုများ ပြဋ္ဌာန်းထားသည့်

(၁) ၁၉၆၇ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး ၄၆။
တရားရုံးချုပ်၏ ၁၉၇၀ ခု၊ ရာဇဝတ်ပြဆင်မှု ၃၃ (ခ) (မန္တလေး ရုံးထိုင်)။

၁၉၇၂ — မောင်သန်းထွန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (မခင်နှင်းရီ)။

ရာဇသတ်ကြီးအခန်း (၁၇) တွင် ပါဝင်နေပါသည်။ ပုဒ်မ ၄၁၅ ၏ ဥပမာများတွင်လည်း ပစ္စည်းနှင့် စပ်လျဉ်း၍ လိမ်လည်လှည့်ဖြားသည့် ကိစ္စများကိုသာ ဖေါ်ပြထားသဖြင့် လှည့်ဖြား၍ အမျိုးသမီး၏ ကာမကို ရယူခြင်းကြောင့် အမျိုးသားသည် ရာဇဝတ်မှု ကျူးလွန်ရာ မရောက်ပါဟု တင်ပြသွားသည်။

လိမ်လည်မှုကို ရာဇသတ်ကြီးပုဒ်မ ၄၁၅ တွင် အဓိပ္ပါယ်ဖွင့်ဆိုထားရာ ယခုပေါ် ပေါက်နေသည့် ပြဿနာသည် ထိုပုဒ်မ၏ ဒုတိယပိုင်းနှင့် သက်ဆိုင်သည်၊ ၎င်းဒုတိယ ပိုင်းမှာ ဤသို့ဖြစ်ပေသည်။

"တဦးတယောက်သော သူအား လှည့်ဖြားခြင်းဖြင့် ထိုသို့ လှည့်ဖြားခြင်း၊ ခံရသောသူက အကယ်၍ လှည့်ဖြားခြင်း မခံရခဲ့သော် မိမိပြုမည်မဟုတ်သော၊ သို့တည်းမဟုတ် မိမိပျက်ကွက်မည် မဟုတ်သော အရာကို ပြုခစေရန်သော်၎င်း၊ မပြုဘဲ ပျက်ကွက်စေရန် သော်၎င်း၊ ထိုသို့လှည့်ဖြားခြင်း ခံရသောသူအား တမင်သွေးဆောင်လျှင် ထိုပြင် ထိုပြုလုပ်မှုက၊ သို့တည်းမဟုတ် ထိုပျက်ကွက်မှုက ထိုသူ၏ ကိုယ်ကိုဖြစ်စေ၊ စိတ်ကိုဖြစ်စေ၊ ဂုဏ်သရေကိုဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ ပျက်စီးနစ်နာစေခြင်း သော်၎င်း၊ အရာနွယ်ခံသော်၎င်း ဖြစ်စေလျှင်၊ သို့တည်း မဟုတ် ထိုသို့ဖြစ်စေတန်လျှင် ထိုသူသည် လိမ်လည်သည်မည်၏။"

အထက်ပါအပိုင်းနှင့် အကျုံးဝင်ရန် (က) တရားခံက တဦးတယောက်အား လှည့်ဖြားခြင်း၊ (ခ) လှည့်ဖြားခြင်းခံရသူက အရာတခုကိုပြုခြင်း၊ သို့တည်းမဟုတ်ပြုရန် ပျက်ကွက်ခြင်း၊ (ဂ) လှည့်ဖြားခြင်းမခံခဲ့ရသော်၊ ထိုသူသည်ထိုအရာကိုပြုမည်မဟုတ် ခြင်း၊ သို့မဟုတ် ပြုရန်ပျက်ကွက်မည် မဟုတ်ခြင်း၊ (ဃ) တရားခံက ထိုသူအား တမင် သွေးဆောင်ခြင်းနှင့် (င) ထိုသူ၏ ပြုလုပ်မှု၊ သို့မဟုတ် ပျက်ကွက်မှုကြောင့် ၎င်း၏ကိုယ်ကိုဖြစ်စေ၊ စိတ်ကိုဖြစ်စေ၊ ဂုဏ်သရေကိုဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ ပျက်စီး နစ်နာစေခြင်း၊ အန္တရာယ်ဖြစ်စေခြင်းစသည့် အင်္ဂါရပ်များရှိရန်လိုပေသည်။ အင်္ဂါရပ် (င) တွင် ပစ္စည်းကိုသာမက၊ ကိုယ်၊ စိတ်၊ ဂုဏ်သရေတခုခုကို ပျက်စီးနစ်နာစေလျှင် အန္တရာယ်ဖြစ်စေလျှင် လိမ်လည်မှု မြောက်သည်ဟု ဆိုထားသဖြင့် လိမ်လည်မှုသည် ပစ္စည်းနှင့်ပတ်သက်သော ကိစ္စသာလျှင် အကျုံးဝင်သည်ဆိုခြင်းကို လက်ခံရန်မဖြစ် နိုင်ပေ။

ဥပဒေတရပ်၏ ပုဒ်မတခုခုကို အဓိပ္ပါယ်ကောက်ယူရာ၌ ထိုဥပဒေရှိ ခေါင်းစဉ်အား ယင်းဥပဒေအား ပြဋ္ဌာန်းရသည့်ရည်ရွယ်ချက်ကိုခန့်မှန်းရာတွင် လမ်းညွှန်သဖွယ်အသုံး ပြုနိုင်မည် ဖြစ်သော်လည်း၊ ခေါင်းစည်းသည် ဥပဒေပါ စကားရပ်၏ တစိတ်တဒေသ မဟုတ်သဖြင့် ဥပဒေ၏ စကားရပ်များမှာ ရှင်းလင်းပြတ်သားနေလျှင်၊ ခေါင်းစည်း

၁၉၅၂

မောင်သန်းထွန်း နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ (မခင်နှင်းရီ)။

သည့် ထိုဥပဒေ၏ စကားရပ်များကို မလွှမ်းမိုးနိုင်ပေ။ ဥပမာများတွင်လည်းဥပဒေက ဆိုလိုသည့် အချက်အလက်အားလုံး မပါဝင်နိုင်။ သို့ဖြစ်ရာပုဒ်မ ၄၁၅ သည်၊ ပစ္စည်းနှင့် ပတ်သက်သည့် ခေါင်းစဉ်းပါသောအခန်းအောက်တွင်ရှိသည့် အကြောင်း ကြောင့် ပစ္စည်းနှင့်မပတ်သက်သော ပြစ်မှုနှင့် လုံးဝအကျုံးမဝင်ဟု မဆိုနိုင်ချေ။

ရာဇသတ်ကြီးပုဒ်မ ၄၁၅ အရ၊ လိမ်လည်မှုမြောက်သည်၊ မမြောက်သည်ဆိုသော ပြဿနာကိုဆုံးဖြတ်ရာတွင် အထက်၌ဖော်ပြခဲ့သည့် အင်္ဂါရပ်နှင့် ပြည့်စုံရန်လိုပေသည်။ ထိုအင်္ဂါရပ်များနှင့် ပြည့်စုံခြင်းရှိမရှိဆိုသော ပြဿနာကိုမူ အမှုကိုလိုက်၍ ကြောင်းချင်းရာအပေါ် အခြေပြုပြီး ဆုံးဖြတ်ရမည်ဖြစ်သည်။ ထို့ပြင် ကိုယ်ဝန်ရှိသည့်ကိစ္စ၊ ကိုယ်ဝန်မရှိသည့်ကိစ္စဟူ၍ ခွဲခြားထားရန်လည်း အကြောင်းမရှိဟု ယူဆသည်။ အဘယ်ကြောင့်ဆိုသော် လက်ထပ်မည်ဟု လှည့်ဖြားသဖြင့် ယုံကြည်ပြီး ကာမပေးအပ်ခဲ့သည့်အမျိုးသမီးသည် ကိုယ်ဝန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ကိုယ်၌ဖြစ်စေ၊ စိတ်၌ဖြစ်စေ၊ ဂုဏ်သရေ၌ဖြစ်စေ နစ်နာခြင်းခံရပြီး ဖြစ်သည်ဆိုခြင်းမှာ ယုံမှားဘွယ်မရှိခြင်းကြောင့်ပင်ဖြစ်သည်။

အထက်ပါအကြောင်းများကြောင့် ပြည်ထောင်စု နှင့် ကိုကျင်ဝက် (၁) တို့အမှုတွင် ယူဆခဲ့သည့်အတိုင်း အမျိုးသားတဦးက အမျိုးသမီးတဦးကို လက်ထပ်ယူပါမည်ဟု အယုံသွင်းပြီး ကာမရယူပြီးနောက်၊ လက်ထပ်ရန်ငြင်းဆိုသည် ရာဇသတ်ကြီးပုဒ်မ ၄၁၇ အရ၊ လိမ်လည်မှုမြောက်နိုင်သည်ဟု ဆုံးဖြတ်လိုက်သည်။ တကယ်ပြစ်မှုမြောက်သည် မမြောက်သည်ကိုမူ အထက်၌ဖော်ပြခဲ့သည့်အတိုင်း ကြောင်းချင်းရာအပေါ် သုံးသပ်၍ ဆုံးဖြတ်ရမည်သာ ဖြစ်ပေသည်။

ယခုအမှုတွင် မောင်သန်းထွန်းက မခင်နှင်းရီအား အတည်တကျ လက်ထပ်ပေါင်းသင်းမည်ဟုပြောသည်ကို မခင်နှင်းရီကယုံကြည်သဖြင့်၎င်း၏ကိုယ်ကိုပုံ၍အပ်ခဲ့ပြီး နောက်ပိုင်းတွင် ကိုယ်ဝန်ရှိလာသောအခါ မောင်သန်းထွန်းက လက်ထပ်ရန် ငြင်းဆိုနေကြောင်းစွပ်စွဲချက် ရှိနေသည်။ ထိုစွပ်စွဲချက်ကို မောင်သန်းထွန်း အနေဖြင့် ဖြေရှင်းရန် တာဝန်ရှိနေရာ **မောင်ဝင်း နှင့် ပြည်ထောင်စု** (၃) တို့ စီရင်ထုံး၌ မိန့်မြွက်ထားသည့်အတိုင်း စွဲချက်ကို ပယ်ဖျက်ပေးရန် အကြောင်းမပေါ် ပေါက်သေးသဖြင့် မန္တလေးမြို့ စက်ရှင်တရားသူကြီး၏ ထောက်ခံချက်ကိုလက်မခံဘဲ အထက်ပါ မှတ်ချက်များနှင့်တကွ ပြန်လည်ပေးပို့လိုက်သည်။

ရှေ့နေ၊ ဟောနာယာအဖြစ် လိုက်ပါကူညီ ဆောင်ရွက်ကြသည့် ရှေ့နေကြီး ဒေါက်တာ မောင်နှင့် ဦးကျော်မြင့်တို့အား ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ပါသည်။

---

(၃) ၁၉၆၆၊ မြန်မာပြည်စီရင်ထုံး၊ ၆၉၁။

နိုင်ငံတော်တရားရုံးချုပ်

အထူးရာဇဝတ်အယူခံမှု

တရားသူကြီးချုပ် ဒေါက်တာမောင်မောင်၊ တရားသူကြီး ဦးလှသင်းနှင့် တရားသူကြီး ဦးတင်အုံးတို့ ရှေ့တွင်

† ၁၉၇၂

စွန်လ ၂၃ ရက်။

မောင်ချစ်

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ *

အထူးရာဇဝတ်ရုံး အယူခံအဖွဲ့၏ စီရင်ထုံးများ—ယင်းစီရင်ထုံးများကို ကောင်းစွာလေ့လာ၍ လေးနက်စွာ လိုက်နာရမည်ဖြစ်ကြောင်း တရားရုံးချုပ်က နိုင်ငံတဝှမ်းမှ တရားရုံးများသို့ညွှန်ကြား ခဲ့ပြီးဖြစ်ခြင်း—တရားရုံးချုပ်ညွှန်ကြားချက်များကို တရားရုံးချုပ် တရားသူကြီးများကလည်း လိုက်နာကြရန်ဖြစ်ခြင်း—တရားရုံးများသည် စီရင်ထုံးများကိုလေ့လာသုံးစွဲတတ်ဘို့လိုခြင်း— အထူးရာဇဝတ်ရုံး အယူခံအဖွဲ့၏ စီရင်ထုံးများရှိလျှင် အခြားစီရင်ထုံးများကိုကိုးကားရန် မလိုခြင်း—တရားရုံးချုပ်တဦးထိုင်တရားသူကြီး၏ အထူးရာဇဝတ်ရုံး အယူခံအဖွဲ့၏စီရင်ထုံးကိုတရားရုံးချုပ်ကလိုက်နာရန်မလိုဟူသော မှတ်ချက်မှာ မှားယွင်းချတ်ချော်၍ ပယ်ဖျက်လိုက်ခြင်း။

ဆုံးဖြတ်ချက်။ ။အထူးရာဇဝတ်ရုံး အယူခံအမှု၏ စီရင်ထုံး ၂ားကို ကောင်းစွာလေ့လာ၍၊ လေးနက်စွာလိုက်နာကြရမည် ဖြစ်ကြောင်းကို၊ တရားရုံးချုပ်က နိုင်ငံတဝှမ်းမှ တရားရုံးများသို့ ညွှန်ကြားခဲ့ပြီးဖြစ်သည်။ တရားရုံးချုပ် ညွှန်ကြားချက်များကို တရားရုံးချုပ် တရားသူကြီးများကလည်း လိုက်နာကြရန်ဖြစ်သည်။ ဦးထွန်းအောင်နှင့်မြန်မာနိုင်ငံ ၁၉၇၀ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံးများ၊ တရားရုံးချုပ်၊ စာ ၁၉၀ နှင့် လက်ထောက်အမြဲတမ်းခွန်မင်းကြီး နှင့် အောင်သန်းကြူ၊ ၁၉၇၀ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံးများ တရားရုံးချုပ်၊ စာ ၆၂ တို့ကို ရည်ညွှန်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။တရားရုံးများသည် စီရင်ထုံးများကို လေ့လာသုံးစွဲတတ်ဘို့ လိုသည်။ တွေးခေါ်ယူဆတတ်ရန်လည်းကောင်း၊ လမ်းညွှန်မှုရနိုင်ရန် လည်းကောင်းစီရင်ထုံးများကို ဖတ်ရှုလေ့လာကောင်းသည်။ သို့ရာတွင်၊ မှုခင်းစစ် ဆးစီရင်ရာတွင်၊ အချက်အလက်ကို ဦးစားပေးရမည်။ ဆီလျော်သမျှသော အချက်အလက်တို့ကို အပြည့်အစုံ ဖေါ်ထုတ်၍ မှတ်တမ်းတင်ရမည်။ အချက်အလက်များ ထင်ရှားလာသောအခါ၊ ဥပဒေနှင့် ဆက်စပ်၍ သုံးသပ်ရမည်။ ဥ ဒေသည် ထင်ရှား

* ၁၉၇၀ ခုနှစ်၊ အထူးရာဇဝတ်အယူခံမှုအမှတ် ၁။

† ရာဇသတ်ကြီးပုဒ်မ ၃၇၆ အရပြစ်မှုထင်ရှား စီရင်ခြင်းခံရသူများ အပေါ် ပြစ်ဒဏ်သတ်မှတ်ခြင်းနှင့် စပ်လျဉ်းသည့် အရေးကြီးသောမူများ ပါဝင်နေသဖြင့် ယင်းမူများနှင့် ပတ်သက်သည့် အချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့် ဆင်ခြင်စဉ်းစားနိုင်ရန်အတွက် အထူးအယူခံဝင်ခွင့် လျှောက်လွှာကိုခွင့်ပြုခြင်း။

ရှင်းလင်းလျက်ရှိလျှင်၊ စီရင်ထုံးကို ကိုးကားရန်ပင်မလိုချေ။ စီရင်ထုံးများများကို ကိုးကားနိုင်မှ စီရင်ချက်ပီ သသည်မဟုတ်။ မှန်ဘို့၊ ရှင်းလင်းဘို့၊ စီရင်ချက်ကိုခံယူရသူတို့ နားလည်သဘောပေါက်ဘို့က အရေးကြီးသည်။ **မခင်မြင့် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၇၀ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံးများ၊ အယူခံအဖွဲ့စာ ၁ နှင့် အထူးရာဇဝတ်ရုံး အယူခံအဖွဲ့စီရင်ထုံးများ စာ ၂၉၅** တို့ကိုရည်ညွှန်းသည။

ထပ်မံဆုံးဖြတ်ချက်။ ။လမ်းညွှန်မှုလိုလျှင်၊ စီရင်ထုံးကိုကိုးကားနိုင်သည်။ အထူးရာဇဝတ်ရုံး အယူခံအဖွဲ့၏ စီရင်ထုံးများရှိလျှင်၊ အခြားစီရင်ထုံးများကို ကိုးကားရန်မလို။ နိုင်ငံခြား စီရင်ထုံးမျ းကိုမူ ကိုးကားခြင်းမပြုအပ်ချေ။ ဗဟုသုတအလို့ငှါ ဖတ်ရှုကောင်းသော်လည်း၊ ၎င်းတို့ကို မှီငြမ်းပြုရန်ကား မလျော်ချေ။ နိုင်ငံတွင်း၌ ဖြစ်ပွားသောတမှုနှင့် အခြားတမှုပင်မတူနိုင်လျှင် နိုင်ငံတွင်း၌ ဖြစ်ပွားသောအမှုနှင့် နိုင်ငံခြား၌ဖြစ်ပွားသောအမှုသည်၊ တူညီနိုင်ဘို့ပို၍ပင် ခက်ခဲသေးသည်။ ထို့ပြင်၊ တည်ရှိသော ဥပဒေများသည်လည်း ထပ်တူညီကြသည် ဟုတ်ချေ။

ထပ်မံဆုံးဖြတ်ချက်။ ။တရားရုံးချုပ်တဦးထိုင် တရားသူကြီး၏ စီရင်ထုံးကိုးကားရာတွင် လွဲမှားချွတ်ချော်ခဲ့ခြင်းကို အထက်ပါမှတ်ချက်များဖြင့် ပြင်ဆင်လိုက်သည်။ အထူးရာဇဝတ်ရုံးအယူခံအဖွဲ့၏ စီရင်ထုံးကို တရားရုံးချုပ်က လိုက်နာရန်မလိုဟူသော မှတ်ချက်ကိုပယ်ဖျက်သည်။

အယူခံတရားလိုအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးအုံ့ကျော်။

အယူခံတရားခံအတွက်။ ။တရားရုံးချုပ်အစိုးရရှေ့နေ ဦးကျော်ဝေါင်။

တရားသူကြီးချုပ် ဒေါက်တာမောင်မောင်။ ။အယူခံ တရားလို ဦး ချစ်အပေါ် အသက်အရွယ် နုနယ်သူ မိန်းခလေးတဦးအား အဓမ္မကျူးလွန်မှုဖြင့်၊ ရာဇသတ်ပုဒ်မ ၃၇၆ အရ၊ ရန်ကုန်မြို့၊ အထူးတရားသူကြီး (၂) က၊ တသက်တကျွန်းထောင်ဒဏ် သတ်မှတ်ခဲ့သည်။

ဦးချစ်က တရားရုံးချုပ်သို့ အယူခံဝင်ရာ၊ မအောင်မြင်ခဲ့ချေ။ ပြစ်ဒဏ်သတ်မှတ်ခြင်းနှင့် ပတ်သက်၍၊ တဦးတည်းရုံးထိုင် တရားရုံးချုပ် တရားသူကြီးသည်၊ အထူးရာဇဝတ် တရားရုံး အယူခံအဖွဲ့၏ စီရင်ထုံးများကို ရည်ညွှန်းသော်လည်း၊ ယင်းစီရင်ထုံးများကို မိမိအနေဖြင့် လိုက်နာရန်မလို၊ သာမန်ရုံးများနှင့် အထူးရာဇဝတ်ရုံးများ ပြစ်ဒဏ်သတ်မှတ်ပုံ၊ အဖုံဖုံမကွဲလွဲစေသောငှါသာလျှင် ထည့်သွင်းစဉ်းစားအပ်သည်ဟု မှတ်ချက်ပြုခဲ့လေသည်။

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့၏ စီရင်ထုံးတို့ကို သာမန်တရားရုံးများက လိုက်နာရန်မလိုဟူသော တရားရုံးချုပ် တရားသူကြီး၏ ယူဆချက်နှင့် မှတ်ချက်တို့သည် လွန်စွာ မှားယွင်း ချွတ်ချော်နေသည်။ ယင်းတို့ကို ပြင်ဆင်ပယ်ဖျက်ရန်လိုသည်ဟု ကျွန်ုပ်တို့မြင်ကြသည်။ ထို့ကြောင့်တကြောင်း၊ ပြစ်ဒဏ်သတ်မှတ်ခြင်းနှင့်ပတ်သက်သောမူ၊ **စီရင်ထုံးကို** သုံးစွဲသောနည်း တို့ကို ထပ်မံရှင်းလင်းရန် လိုအပ်သည်။ အယူခံတရားလို **အပေါ်** သတ်မှတ်ထားသော ပြစ်ဒဏ်သည် သင့်မြတ်သည် မသင့်မြတ်

သည်တို့ကို သုံးသပ်အပ်သည်ဟု ယူဆသောကြောင့်၊ အယူခံဝင်ရန် အခွင့်ထူးပေးခဲ့သော အမှုဖြစ်သည်။

အထူးရာဇဝတ်ရုံး အယူခံအဖွဲ့၏ စီရင်ထုံးများကို ကောင်းစွာလေ့လာ၍ လေးနက်စွာ လိုက်နာကြရမည်ဖြစ်ကြောင်းကို၊ တရားရုံးချုပ်က နိုင်ငံတဝှမ်းမှ တရားရုံးများသို့ ညွှန်ကြားခဲ့ပြီးဖြစ်သည်။ တရားရုံးချုပ် ညွှန်ကြားချက်များကို တရားရုံးချုပ် တရားသူကြီးများကလည်း လိုက်နာရန် ဖြစ်သည်။

တရားရုံးချုပ်စုံညီခုံရုံးကလည်း အောက်ပါကဲ့သို့ စီရင်ထုံးဖွဲ့ခဲ့ဘူးသည်။

"အထူးရာဇဝတ်ရုံး အယူခံအဖွဲ့သည်၊ ဦးဆောင်အဖွဲ့ဖြစ်ပေသည်။ အထူးရာဇဝတ်ရုံး စနစ်သည်၊ ကျွန်ုပ်တို့ ဦးတည်လျက်ရှိကြသော ပြည်သူ့တရားကို ပြည်သူက စီရင်သည့်စနစ်၏ အင်္ဂါကျသော အခြေခံတရပ်ဖြစ်သည်။ တရားရေးဝန်ထမ်းများ၊ ရှေ့နေကြီးများသည်၊ အထူးရာဇဝတ်ရုံး စနစ်ကို ကောင်းစွာလေ့လာခြင်း၊ ပါဝင်၍ထိရောက်စွာကူညီဆောင်ရွက်ခြင်း၊ ဝိုင်းဝန်း၍ အောင်မြင်အောင်ကြိုးပမ်းခြင်းတို့ကိုပြုကာ၊ အယူခံအဖွဲ့၏ လမ်းညွှန်မှုကို လေးနက်စွာ လိုက်နာကြရန် ဖြစ်ပေသည်။" (၁) ထို့ပြင်၊ အထက်ဖေါ်ပြပါ လမ်းညွှန်မှုကို အောက်ပါကဲ့သို့လည်း တရားရုံးချုပ်စုံညီခုံရုံးကပြုခဲ့ဘူး၏။

"အထူးရာဇဝတ်ရုံး အယူခံအဖွဲ့သည်၊ နိုင်ငံတော် မူဝါဒကို အောင်မြင်ထိရောက်စေကာ၊ တရားမျှတခြင်း တန်ဘိုးကို ဆောင်သော စီရင်ထုံးများကို ပြု၍ တရားစီရင်ရေး လမ်းညွှန်များကို ချမှတ်လျက်ရှိ၏။ မြန်မာနိုင်ငံ စီရင်ထုံးများတွင် ထည့်သွင်းဖေါ်ပြထားသော ရံဖန်ရံခါ နိုင်ငံတော် တရားရုံးချုပ် ညွှန်ကြားလွှာဖြင့် ဖြန့်ချိသော ရာဇဝတ်ရုံး အယူခံအဖွဲ့၏ စီရင်ထုံးများကို ကောင်းစွာ လေ့လာလိုက်နာကြရန် ဖြစ်ပေသည်။" (၂)

အထူးရာဇဝတ်ရုံး၏ အယူခံအဖွဲ့ကလည်း အောက်ပါရည်ရွယ်ချက်ဖြင့်စီရင်ထုံးပြုခဲ့ကြောင်းကို အဖွဲ့ဥက္ကဋ္ဌဝန်ကြီး ဒေါက်တာလှဟန်ကဖေါ်ပြခဲ့သည်။

"အယူခံမှုကြီးများကို ကြားနာဆုံးဖြတ်ခဲ့ရာတွင်၊ အထူးရာဇဝတ်ရုံးစနစ် တိုးတက်အောင်မြင်စေအောင်၊ ပြည်သူ့တရား စီရင်ရေး စနစ် ကျယ်ပြန့်ကြီးထွားလာစေအောင် ဂရုမူ၍၊ စီရင်ထုံးပြုခဲ့ပါသည်။ နိုင်ငံတော် မူဝါဒနှင့်

---

(၁) ဦးထွန်းအောင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၇၀ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံးများ၊ တရားရုံးချုပ်၊ စာ ၁၉၀။

(၂) လက်ထောက် အမြဲတမ်းအတွင်းဝန်ကြီး? —

၁၉၇၂ — မောင်ချစ် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

တရားဥပဒေကို ညီညွတ်စေအောင် အဓိပ္ပါယ်ဖွင့်ဆို ဆုံးဖြတ်ရာတွင် မျှတစွာ ချိန်ဆပါသည်။ "မူဝါဒ" ကို ဆောင်ပုဒ်ပြုကာ၊ တရားဥပဒေကို လွှန်၍ ထုံးတမ်းကို ဆန့်ကျင်၍၊ တကျောင်းတဂါထာ၊ တရုံးတထုံး ဆုံးဖြတ်ခြင်း၊ အန္တရာယ်မှ ကာကွယ်ထိန်းကွပ်ရပါသည်။ တဖက်တွင်လည်း နိုင်ငံခြားစီရင်ထုံး ရှေးဟောင်း စီရင်ထုံးပါ စကားလုံးများကို ပုံသေကားချ မှတ်ယူကာ၊ မူကိုမမြင် ပတ်ဝန်းကျင်နှင့် အမှုအကြောင်းချင်းရာ နောက်ခံကိုမကြည့်ဘဲ ဆုံးဖြတ်တတ်သည့် အလေ့အကျင့်နည်းပါးပပျောက်အောင် လမ်းညွှန်သမှုပြုရပါသည်။"(၃)။

အထက်ပါ ရည်ညွှန်းချက် စေတနာဖြင့် တရားစီရင်ရေးလမ်းကြောင်းကို အခိုင်မာချမှတ်လျက်ရှိသော အထူးရာဇဝတ်ရုံး အယူခံအဖွဲ့၏ စီရင်ထုံးများကို အထူး ုစိုက်ကာ၊ ဦးစားပေး၍ လေ့လာကြရန်လည်းကောင်း၊ လိုက်နာကြရန်လည်းကောင်း ုန့်ပ်တို့ကလည်းညွှန်ကြားရပေသည်။

စီရင်ထုံးကို သုံးစွဲနည်းနှင့်ပတ်သက်၍၊ အထူးရာဇဝတ်ရုံး အယူခံအဖွဲ့ကပင် ညွှန်ပြ ာူးသည်မှာ—

"ဥပဒေဆောင်ပုဒ် (Legal Maxim) စီရင်ထုံးစသည်တို့ကို ပုံသေလက်ခံ ကျင့်သုံးရန် မဟုတ်။ တမှုနှင့်တမှုမတူ။ အကြောင်းချင်းရာကို ကောင်းစွာဖေါ် ထုတ်ပြီးမှ အမှန်အမှားကို သဘာဝယုတ္တိနှင့်အညီ ဆုံးဖြတ်ရန်လိုသည်။ "(၄)။

မှုခင်းကို စစ်ဆေးရာတွင်၊ အချက်အလက်၊ အကြောင်းချင်းရာတို့ကို ပြည့်စုံစွာ ဖေါ်ထုတ်၍ ပိုင်နိုင်စွာ သုံးသပ်ဘို့က အဓိကဖြစ်ပေသည်။ အချက်အလက်ကို အခြေမခံ ်၊ မှုသဘောဖြင့်သာ မှုခင်းကို ဆုံးဖြတ်နိုင်သည် မဟုတ်ချေ။ တရားရုံးသည် အချက် ာလက် အပြည့်အစုံကိုမျှတမှန်ကန်စွာဖေါ်ထုတ်၍ သက်ဆိုင်သော ဥပဒေတို့နှင့်စပ် ာပ်ညှိနှိုင်းကာ၊ စီရင်ဆုံးဖြတ်ရန် ဖြစ်ပေသည်။ ထင်ရှားသော အချက်အလက်နှင့် ာင်ရှားသော ဥပဒေတို့ကို ပေါင်းကူးပေးခြင်းဖြင့် မှန်ကန်မျှတသော အဆုံးအဖြတ် ာည် ပေါ်ထွန်းလာနိုင်ပေသည်။

အထူးရာဇဝတ်ရုံး အယူခံအဖွဲ့ကပင် ဤသို့လမ်းပြဘူးသည်—

"မှုခင်းဟူသည် တမှုနှင့်တမ ထပ်တူ မဖြစ်နိုင်ချေ။ အဖြစ်အပျက်၊ အခြေ အနေ စသည်တို့သည်၊ အနည်းအများ ကွဲလွဲရမည်သာဖြစ်သည်။ ထို့ကြောင့် စီရင်ထုံးသည်၊ မှုခင်းဆုံးဖြတ်ရာတွင်၊ တွေးခေါ်ယူဆခြင်း၏ လမ်းညွှန်မျှသာ

---

(၃) အထူးရာဇဝတ်ရုံး အယူခံအဖွဲ့ စီရင်ထုံးများ (၁၉၆၅-၁၉၇၀) ဗဟိုပုံနှိပ်တိုက်၊ ၁၉၇၁။

(၄) မခင်မြင့်နှင့် ပြည်ထောင်စုမြန်မာ နိုင်ငံ၊ ၁၉၇၀ ခုနှစ်၊ မြန်မာ နိုင်ငံစီရင်ထုံးများ အယူခံ အဖွဲ့၊ စာ ၁။

ဖြစ်သည်။ စီရင်ထုံးများက ပုံသေကားချ အဆုံးအဖြတ်ကို ပေးနိုင်ကြသည် မဟုတ်။" (၅)

ထို့ကြောင့်၊ တရားရုံးများသည် စီရင်ထုံးများကို လေ့လာသုံးစွဲတတ်ဘို့လိုသည်။ တွေ့ခေါ်ယူဆတတ်ရန်လည်းကောင်း၊ လမ်းညွှန်မှုရနိုင်ရန်လည်းကောင်း စီရင်ထုံးများကို ဖတ်ရှုလေ့လာကောင်းသည်။ သို့ရာတွင် မှုခင်းစစ်ဆေးစီရင်ရာတွင်၊ အချက်အလက်ကို ဦးစားထားရမည်။ ဆီလျော်သမျှသော အချက်အလက်တို့ကို အပြည့်အစုံဖေါ်ထုတ်၍ မှတ်တမ်းတင်ရမည်။ အချက်အလက်များ ထင်ရှားလာသောအခါ ဥပဒေနှင့် ဆက်စပ်၍ သုံးသပ်ရမည်။ ဥပဒေသည် ထင်ရှား ရှင်းလင်းလျက်ရှိလျှင် စီရင်ထုံး ကိုးကားရန်ပင် မလိုချေ။ စီရင်ထုံးများများကို ကိုးကားနိုင်မှ စီရင်ချက်ပီသသည် မဟုတ်။ နှန်ဘို့၊ နှင်းလင်းဘို့ စီရင်ချက်ခံယူရသူတို့ နားလည် သဘောပေါက်ဘို့က အရေးကြီးသည်။

လမ်းညွှန်မှုလိုလျှင်၊ စီရင်ထုံးကိုးကားနိုင်သည်။ အထူးရာဇဝတ်ရုံး အယူခံအဖွဲ့၏ စီရင်ထုံးများရှိလျှင်၊ အခြားစီရင်ထုံးများကို ကိုးကားရန် မလို။ နိုင်ငံခြားစီရင်ထုံးများကိုမူ ကိုးကားခြင်း မပြုအပ်ချေ။ ဗဟုသုတအလို့ငှါ ဖတ်ရှုကောင်းသော်လည်း ၎င်းတို့ကို မှီငြမ်းပြုရန်ကား မလျော်ချေ။ နိုင်ငံတွင်း၌ ဖြစ်ပွါးသော တမှုနှင့် အခြားတမှုပင် မတူနိုင်လျှင်၊ နိုင်ငံတွင်း၌ ဖြစ်ပွါးသော တမှုနှင့် နိုင်ငံခြား၌ ဖြစ်ပွါးသောတမှုသည်၊ တူညီနိုင်ဘို့ ပို၍ပင်ခက်ခဲသေးသည်၊ ထို့ပြင် တည်ရှိသောဥပဒေများသည်လည်း ထပ်တူညီကြသည် မဟုတ်ချေ။

ဤအယူခံမှုတွင်၊ တရားရုံးချုပ် တဦးထိုင် တရားသူကြီး၏ စီရင်ထုံး ကိုးကားရာတွင်၊ လွဲမှားချတ်ချော်ခဲ့ခြင်းကို အထက်ပါ မှတ်ချက်များဖြင့် ပြင်ဆင်လိုက်သည်၊ အထူးရာဇဝတ်ရုံးအယူခံအဖွဲ့၏ စီရင်ထုံးကို တရားရုံးချုပ်က လိုက်နာရန် မလိုဟူသော မှတ်ချက်ကို ပယ်ဖျက်သည်။

အယူခံတရားလို ဦးချစ် ကျူးလွန်ခဲ့သော ပြစ်မှုနှင့် ၎င်းအပေါ် သတ်မှတ်ထားသော ပြစ်ဒဏ်သည် အချိုးမကျဟု မဆိုနိုင်။ ကျူးလွန်သူ၏ သိတတ်ဘို့ကောင်းသော အသက်အရွယ်၊ အကျူးလွန်ခံရသူ၏ နုနယ်သော အသက်အရွယ်ကို ထောက်ချင့်လျှင်လည်းကောင်း၊ အမှု၏ အကြောင်းချင်းရာကိုလည်းကောင်း ထောက်ချင့်လျှင် ပြစ်ဒဏ်သည် သင့်မြတ်သည်ဟု ဆိုရမည်။

အစိုးရရှေ့နေကြီး ညွှန်ပြသည့်အတိုင်း၊ ပြစ်ဒဏ်၏ သုံးပုံတပုံကိုလည်း၊ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ၏ အမိန့်ဖြင့် လျှော့ပေးပြီးဖြစ်သည်။

ထို့ကြောင့်၊ ပြစ်ဒဏ်ကို ထပ်မံလျှော့ပေါ့ပေးရန်မရှိ၊ အယူခံကိုပယ်သည်။

(၅) အထူးရာဇဝတ်ရုံးအဖွဲ့စီရင်ထုံးများ၊ စာ ၂၉၅။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှုများ

† ၁၉၇၂
မေလ ၂၂ ရက်

တရားသူကြီးဦးသက်ဖေ နှင့် တရားသူကြီးဦးတင်အုံး တို့ရှေ့တွင်

၁။ ဦးသန်းအောင်
၂။ ဦးစိုးမောင်
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံ *
(မောင်သောင်းစိန်)

ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၅၃ (၂)—ယင်းပုဒ်မအရ ရာဇဝတ်တရားသူကြီးသည် တရားလိုပြသက်သေအားလုံးကို စစ်ဆေးခြင်း မပြုရသေးစေကာမူ တရားခံအပေါ် စွပ်စွဲချက်မှာ အခြေအမြစ်မရှိဟုယူဆလျှင် တရားခံအားတရားမှုင်လွှတ်နိုင်ခြင်း—ရည်ရွယ်ချက်မှာ အရေးကြီးသောသက်သေအားလုံးကို စစ်ပြီးနောက် တိုက်ရိုက်မပတ်သက်သော အရေးမကြီးသည့် သက်သေများကို စစ်ဆေးခြင်းမပြုရသေးသော်လည်း၊ တရားခံအား မလိုအပ်ဘဲ ချုပ်နှောင်ထားခြင်း၊ စွပ်စွဲထားခြင်း မဖြစ်ရအောင် တရားရှင်လွှတ်ခြင်းဖြစ်သည်။

ဆုံးဖြတ်ချက်။ ။ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၅၃ (၂)အရ၊ ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် အထူးတရားသူကြီးသည် တရားလိုပြသက်သေ အားလုံးကို စစ်ဆေးခြင်းမပြုရသေး စေကာမူ၊ တရားခံအပေါ် ပြုလုပ်ထားသည့် စွပ်စွဲချက်မှာ အခြေအမြစ်မရှိဟု ယူဆလျှင် အကျိုးအကြောင်းဖေါ်ပြပြီး တရားခံအားတရားရှင်လွှတ်နိုင်ပေသည်။ **ရည်ရွယ်ချက်မှာ** အရေးကြီးသည့် သက်သေအားလုံးကို စစ်ဆေးပြီးနောက် တရားခံသည် ပြစ်မှုကျူးလွန်**ကြောင်း** မပေါ်ပေါက်လျှင် ပြစ်မှုကျူးလွန်ခြင်းနှင့် တိုက်ရိုက် မပတ်သက်သော အရေးမကြီးသည့် **သက်သေများကို စစ်ဆေးခြင်း** မပြုရသေးသော်လည်း တရားခံအား မလိုအပ်ပဲ ချုပ်နှောင်ထားခြင်း၊ **စွပ်စွဲထားခြင်း မဖြစ်ရ**အောင် တရားရှင်လွှတ်ခြင်းဖြစ်သည်။

ပြင် ဆင် ရန် လျှောက် ထား သူ အတွက်။ ။တရားရုံးချုပ် ရှေ့နေ ဒေါက်တာ မောင်မောင်ကျော်။

ပြင်ဆင်ရန်လျှောက်ထားခံရသူ အတွက်။ ။တရားရုံးချုပ် ရှေ့နေ ဦးချေို။ အစိုးရတရားရုံးချုပ်ရှေ့နေ ဦးမြရှိန်၊

---

* ၁၉၇၁ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၃၇ (ခ)။

† ၁၉၇၁ ခုနှစ်၊ **ရာဇဝတ်**ကြီးမှုအမှတ် ၃ (က) တွင် ချမှတ်သော ၁၉၇၁ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့စွဲပါ ရန်ကုန်မြို့၊ **ဟံသာဝတီ**နှင့် ရန်ကုန်ခရိုင်၊ အထူး (စက်ရှင်) တရားသူကြီး၏ အမိန့်ပြင်ဆင်ရန် လျှောက်ထားမှု။

၁၉၇၂

၁။ ဦးသန်းအောင်
၂။ ဦးစိုးမောင်နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံ (မောင်သောင်းစိန်)။

တရားသူကြီး ဦးသက်ဖေ။ ။လျှောက်ထားခံရသူ မောင်သောင်းစိန်သည်၊ ဇနီးဖြစ်သူ မကျင်နုအား ဝါးချွန်ဖြင့် ထိုးသတ်ခဲ့သည်ဟု ဆိုကာ ဟံသာဝတီခရိုင်၊ ပထမအထူးတရားသူကြီးရုံးတွင်၊ လူသတ်မှုဖြင့် ရဲအဖွဲ့မှ တရားစွဲဆိုရာ၊ တရားလိုပြသက်သေအချို့ကို စစ်ဆေးပြီးနောက် အထူး တရားသူကြီးက မောင်သောင်းစိန်အား တရားရှင်လွှတ်လိုက်သည်။

ထိုကဲ့သို့ တရားရှင် လွှတ်လိုက်သည့် အမိန့်ကို သေသူ မကျင်နု၏ ဘခင်အရင်း ဦးသန်းအောင်နှင့် မွေးစားဘခင် ဦးစိုးမောင်တို့က မကျေနပ်သဖြင့် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၃၆ အရ၊ ဤပြင်ဆင်မှုကို လျှောက်ထားကြခြင်း ဖြစ်သည်။

မောင်သောင်းစိန်၏ ရှေ့နေဦးချေါက တရားရှင်လွှတ်သည့် အမိန့်ကို မကျေနပ်သဖြင့်၊ လျှောက်ထားသတို့သည် နိုင်ငံတော် အစိုးရထံသို့ တိုင်စာပေးပို့ခဲ့ပြီးဖြစ်ရာ၊ ထိုတိုင်စာ အပေါ် ဆက်လက် အရေးယူသင့်မသင့်ဆိုသော ကိစ္စကို နိုင်ငံတော် အစိုးရကသာ ဆောင်ရွက်သင့်ပါသည်။ လျှောက်ထားသူတို့က ဤပြင်ဆင်မှုတင်သွင်းလာခြင်းကို လက်မခံသင့်ပါဟု တင်ပြသွားသည်။

တရားရှင်လွှတ်သည့် အမိန့်ကို မည်သည့်အခါတွင် ဝင်ရောက်ဖက်စွက်ရမည်ဟု ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၃၆ တွင် ပြဋ္ဌာန်းထားသည်။ ထိုပြဋ္ဌာန်းချက်တွင် နိုင်ငံတော် အစိုးရက အရေးယူဆောင်ရွက်ရမည်။ နစ်နာသူက အရေးယူဆောင်ရွက်ခြင်း မပြုနိုင်ဟု တားမြစ်ထားခြင်း မရှိသဖြင့် ဤပြင်ဆင်မှုကို လက်ခံကြားနာနိုင်ကြောင်း ယုံမှားဘွယ်မရှိ။

လျှောက်ထားသူတို့၏ ရှေ့နေ ဒေါက်တာ မောင်မောင်ကျော်ကမူလရုံးတွင် တရားလိုပြသက်သေ ၁၉ ယောက် စာရင်း တင်ပြခဲ့သော်လည်း၊ အစိုးရရှေ့နေက သက်သေ ၆ ယောက်ကိုသာ စစ်ဆေးခဲ့ပါသည်။ ထိုသက်သေ ၆ ယောက် အနက် (လိုပြ-၁) ဦးအောင်သန်းနှင့် (လိုပြ-၂) မောင်မုန်းတို့သည် လျှောက်ထားခံရသူ၏ ဘခင်နှင့် ဦးလေးများဖြစ်ကြပါသည်။ (လိုပြ-၃) ဦးတင်လှနှင့် (လိုပြ-၅) မောင်ကျော်စိန်တို့မှာ ရဲအရာရှိများ ဖြစ်ကြပါသည်။ (လိုပြ-၆) ဒေါက်တာ ပဂ္ဂိအုန်းမှာ ဆရာဝန်ဖြစ်ပါသည်၊ ကျန်သက်သေ ၁၃ ဦး အနက် လွှတ်လပ်သော သက်သေ အများအပြားရှိပါလျက် အကျိုးအကြောင်း တစုံတရာ မဖေါ်ပြဘဲ ထိုသက်သေများအား စစ်ဆေးခြင်းမပြုဘဲ ပယ်ခဲ့ခြင်းသည် မူလရုံး တရားသူကြီး အနေဖြင့်၎င်း၊ အစိုးရရှေ့နေအနေဖြင့်၎င်း အမှန်တရားကို ရှာဖွေရာ၌ ဆောင်ရွက်ရမည့် တာဝန်ကို ပျက်ကွက်ခဲ့ပါသည်။ မူလရုံးအမှုတွဲတွင် တင်ထားသည့် သက်သေခံ (င) ပထမသတင်းချက်၌ မောင်သောင်းစိန်သည် ရပ်ရွာလူကြီးများရှေ့တွင် မိမိ၏ ဇနီးကို ဝါးချွန်ဖြင့် ထိုးမိပါသည်ဟု ဝန်ခံ

၁၉၅၂

၁။ ဦးသန်းအောင်
၂။ ဦးစိုးမောင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (မောင်သောင်းစိန်)။

ကြောင်း ဖေါ်ပြထားသဖြင့်၊ ထိုအချက်ကို စုံစမ်းစစ်ဆေးခြင်း မပြုဘဲ တရားခံအား တရားရှင်လွှတ်ခြင်းသည် တရားမျှတမှု ဆိတ်သုဉ်းရာ ရောက်ပါသည်ဟု တင်ပြသွားသည်။

မောင်သောင်းစိန်အပေါ် စွပ်စွဲထားသည့် အမှု၏ အကျိုးအကြောင်းနှင့် စပ်လျဉ်း၍ ကျွန်ုပ်တိုဝေဖန်ခြင်း မပြုလိုပေ။ ယခုချမှတ်မည့် အမိန့်အရ၊ တစုံတရာ ဝေဖန်ခြင်း မပြုသင့်ပေ။

ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၂၅၃ (၂) အရ၊ ရာဇဝတ် တရားသူကြီး၊ သို့မဟုတ် အထူး တရားသူကြီးသည် တရားလိုပြသက်သေအားလုံးကို စစ်ဆေးခြင်းမပြုရသေးစေကာမူ တရားခံ အပေါ် ပြုလုပ်ထားသည့် စွပ်စွဲချက်မှာ အခြေအမြစ်မရှိဟု ယူဆလျှင် အကျိုးအကြောင်းဖေါ်ပြပြီး တရားခံအား တရားရှင်လွှတ်နိုင်ပေမည်။ ရည်ရွယ်ချက်မှာ အရေးကြီးသည့် သက်သေအားလုံးကို စစ်ဆေးပြီးနောက် တရားခံသည် ပြစ်မှုကျူးလွန်ကြောင်း မပေါ်ပေါက်လျှင် ပြစ်မှုကျူးလွန်ခြင်းနှင့် တိုက်ရိုက် မပတ်သက်သော အရေးမကြီးသည့် သက်သေများကို စစ်ဆေးခြင်း မပြုရသေးသော်လည်း၊ တရားခံအားမလိုအပ်ဘဲ ချုပ်နှောင်ထားခြင်း၊ စွပ်စွဲထားခြင်း မဖြစ်ရအောင် တရားရှင်လွှတ်ခြင်းဖြစ်သည်။

ယခုအမှုတွင် သက်သေစာရင်းအရ၊ တရားလိုသက်သေ စုစုပေါင်း ၁၉ ယောက်ရှိသည်။ မူလရုံးတွင် အစိုးရရှေ့နေသည် သက်သေ ၆ ယောက်ကို စစ်ဆေးပြီးနောက် ကျန်သက်သေ ၁၃ ယောက်ကို မစစ်ဆေးဘဲ ပယ်ကာ အမှုပိတ်ခဲ့သည်။ ထိုသက်သေများအား မည်သည့် အကြောင်းကြောင့် မစစ်ဆေးဘဲ ပယ်ရပါသည်ဟု အကြောင်းပြထားသည်ကို မတွေ့ရချေ။ မူလရုံး တရားသူကြီး၏ စီရင်ချက်တွင် လည်း ထိုအချက်နှင့် စပ်လျဉ်း၍ တစုံတရာ ဝေဖန်ထားသည်ကို မတွေ့ရပေ။

ထို့ပြင်၊ မူလရုံးမှ သက်သေခံ (င)အဖြစ် လက်ခံထားသော ပထမသတင်းချက်တွင် တရားခံသည် ရပ်ရွာလူကြီးများအား မကျင်နိုကို ဝါးချွန်ဖြင့် ထိုးမိကြောင်း ဝန်ခံခဲ့သည်ဟု ဖေါ်ပြထားရာ၊ ထိုဖေါ်ပြချက်သည် ဟုတ်မှန်ခြင်း ရှိမရှိ ဆိုသော အချက်ကို စုံစမ်းစစ်ဆေးသင့်ပေသည်။ မောင်သောင်းစိန်၏ ရှေ့နေ ဦးချေါက၊ ထိုဝန်ခံချက်မှာ ရဲအရာရှိရှေ့တွင် ပြုလုပ်သော ဝန်ခံချက်ဖြစ်၍ သက်သေခံ မဝင်ပါဟု ဆိုသည်။ မောင်သောင်းစိန်သည်၊ ယင်းဝန်ခံချက်ကိုပြုခဲ့ပါသည်ဆိုသော အချက် အလက်သာမက၊ ပြုလျှင်လည်း ရဲအရာရှိရှေ့တွင် ဖြစ်ပါသည်ဆိုသော အချက်အလက်မှာ သက်သေထွက်ချက် မရှိသေးသဖြင့် မည်သို့မျှ ဝေဖန်ခြင်း မပြုနိုင်သေးပေ။ ဝန်ခံချက် ရှိမရှိ၊ ရှိလျှင်လည်း သက်သေခံ ဝင်မဝင်ဆိုသော ပြဿနာမှာ မူလရုံးက စစ်ဆေးဆုံးဖြတ်ရမည့် ပြဿနာသာဖြစ်ပေသည်။

၁၉၇၂

၁။ ဦးသန်း
အောင်
၂။ ဦးစိုးမောင်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
(မောင်သောင်း
စိန်)။

တရားရုံးများ၏ အဓိကတာဝန်သည် အမှန်တရားကို ဖေါ်ထုတ်ရှာဖွေရန်ဖြစ်သည်။ ရှေ့နေများက တင်ပြသည့် အချက်အလက်ပေါ်တွင်သာ မူတည်၍ ဒိုင်လူကြီးအနေဖြင့် ဆုံးဖြတ်ရန် မဟုတ်ဘဲ၊ အမှန်တရားပေါ်ပေါက်အောင် လိုအပ်သည့် သက်သေ အထောက်အထားများကို စစ်ဆေးကြားနာရန် လိုသည်ဟု ဤရုံးမှ မကြာခဏ မှတ်ချက်ပြုခဲ့ပြီး ဖြစ်သည်။ ယခုအမှုတွင် မူလရုံးသည်၊ ထိုအချက်ကို လိုက်နာရန် ပျက်ကွက်ခဲ့ကြောင်း ထင်ရှားသည်။

တရားရှင်လွှတ်သောအမိန့်ကို အကြောင်းထူးမရှိဘဲ၊ ဤရုံးမှ ဝင်ရောက်စွက်ဖက်လေ့မရှိပေ။ သို့ရာတွင် ယခုအမှု၌မူ တရားလိုပြသက်သေ ၁၉ ယောက်အနက်၊ ၆ ယောက်ကိုသာ စစ်ဆေးပြီး ကျန် ၁၃ ယောက်ကို အကျိုးအကြောင်း တစုံတရာ ဖေါ်ပြခြင်း မရှိဘဲ ပယ်ခဲ့သဖြင့် ဝင်ရောက်စွက်ဖက်ရန် အကြောင်းထူးရှိသည်ဟု ဆိုရမည်ဖြစ်သည်။

အထက်ပါ အကြောင်းများကြောင့်၊ လျှောက်ထားခံရသူ မောင်သောင်းစိန်အား၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၂ အရ၊ စွပ်စွဲထားသော အမှုတွင် တရားရှင် လွှတ်ခဲ့သည့် ဟံသာဝတီ၊ ပထမ အထူး (စက်ရှင်) တရားသူကြီး၏ အမိန့်ကို ပယ်ဖျက်လိုက်ပြီး ၎င်းအား စွပ်စွဲထားသော ပြစ်မှုဖြင့် အသစ်တဖန် ပြန်လည် စစ်ဆေးရန် ဟံသာဝတီ အထူး (ရာဘက် စက်ရှင်) တရားသူကြီးထံသို့ ပေးပို့လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှုများ

တရားသူကြီးဦးသက်ဖေနှင့် တရားသူကြီး ဦးသန်းအောင့်တို့ရှေ့တွင်

ဦးအောင်ကြီး
ကြီးကြပ်ရေးမှူး၊ ပြည်သူ့ရဲတပ်ဖွဲ့
ကျောက်ဖြူမြို့
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံ
(ကျောက်ဖြူမြို့၊
ရာဘက်စက်ရှင်)*

† ၁၉၇၂
မေလ ၁၅ ရက်။

ကျင့်ထုံးနှင့် စပ်လျဉ်းသည့် မပြုမနေရ သဘောသက်ရောက်သော ဥပဒေပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်ခြင်း—တရားမျှတမှု ဆိတ်သုန်းခြင်း မရှိလျှင် ထိုပျက်ကွက်မှုသည် ကုစားရှိရနိုင်သည့် ပျက်ကွက်မှုဖြစ်၍ အမှုတခုလုံး မပျက်ပြယ်ခြင်း—ယင်းသို့ ပျက်ကွက်မှုကြောင့် တရားခံ၌ ဥပဒေပေး အခွင့်အရေး ဆုံးရှုံးရပါမူ တရားမျှတမှု ဆိတ်သုန်းခဲ့သည် ဖြစ်၍ ၎င်းအပေါ် ပြစ်ဒဏ်စီရင်ခြင်းသည် ဥပဒေနှင့်မညီညွတ်သည်ဟုယူဆရမည်ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။ကျင့်ထုံးနှင့်စပ်လျဉ်းသည့် မပြုမနေရ သဘောသက်ရောက်သော ဥပဒေပြဋ္ဌာန်းချက်ကို လိုက်နာရန်ပျက်ကွက်စေကာမူ တရားမျှတမှု ဆိတ်သုန်းခြင်း မရှိလျှင် ထိုပျက်ကွက်မှုသည် ကုစားရနိုင်သည့် ပျက်ကွက်မှုသာဖြစ်၍ အမှုတခုလုံး မပျက်ပြယ်ပေ။ သို့ရာတွင်ယင်းပျက်ကွက်မှုကြောင့် တရားခံ၌ ဥပဒေကပေးထားသော အခွင့်အရေးကို ဆုံးရှုံးရပါမူ ၎င်းအဘို့တရားမျှတမှု ဆိတ်သုန်းခဲ့သည်ဟု ဆိုရမည်ဖြစ်၍ ၎င်းအပေါ် ပြစ်ဒဏ်စီရင်ထားခြင်းမှာ ဥပဒေနှင့် ဆန့်ကျင်သည်ဟု ယူဆရမည်ဖြစ်သည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။အစိုးရတရားရုံးရှေ့နေ ဦးဝင်းဖေ။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးစောလှိုင်။

တရားသူကြီးဦးသက်ဖေ။ ။ကျောက်ဖြူမြို့၊ နယ်ပိုင်ရာဇဝတ်တရားသူကြီးရုံးတွင် ဦးထွန်းတင်၊ မောင်ကိုနှင့် မောင်အုံးဖေတို့အပေါ် ရာဇသတ်ကြီး ပုဒ်မ ၃၄၂/၃၂၃ အရ တရားစွဲဆိုရာ နယ်ပိုင်ရာဇဝတ် တရားသူကြီးသည် သက်သေများကို စစ်ဆေးပြီးနောက် မောင်ကိုနှင့် မောင်အုံးဖေတို့ကို တရားသေလွှတ်လိုက်ပြီး ဦးထွန်းတင် အား၊ ပုဒ်မ

---

* ၁၉၇၂ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှု အမှတ် ၄၉ (ခ)။

† ၁၉၇၁ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၂ တွင် ၁၉၇၁ ခုနှစ်၊ အောက်တိုဘာ လ ၂၅ ရက်နေ့စွဲ ကျောက်ဖြူမြို့နယ်ပိုင် ရာဇဝတ်ရှင်တရားသူကြီး၏ အမိန့်ကိုပြင်ဆင်ရန်လျှောက်ထားမှု။

၁၉၇၂

ဦးအောင်ကြီး၊ ကြီးကြပ်ရေးမှူး၊ ပြည်သူ့ရဲတပ်ဖွဲ့၊ ကျောက်ဖြူမြို့ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ (ကျောက်ဖြူမြို့ ရာဘက်စက်ရှင်)

၃၄၂ အရ၊ အလုပ်နှင့်ထောင်ဒဏ် ၃ လကိုင်း၊ ရဲဥပဒေပုဒ်မ ၄၃ (စ) အရ၊ ဒဏ်ငွေ ကျပ် ၂၀၀၊ သို့မဟုတ် အလုပ်နှင့်ထောင်ဒဏ် ရက် ၂၀ ကိုင်း ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

ထိုအမိန့်ကို ဦးထွန်းတင်က ကျောက်ဖြူမြို့၊ရာဘက်စက်ရှင်တရားသူကြီးထံ အယူခံဝင်ရာ အယူခံရုံးမှ မူလရုံး၏ စီရင်ချက်နှင့် အပြစ်ဒဏ်တို့ကို ပယ်ဖျက်လိုက်ပြီး နယ်ပိုင်ရာဇဝတ်တရားသူကြီးမှအပ၊ ခရိုင်ရာဇဝတ် တရားသူကြီးက ရွေးချယ်သည့် အခြားရာဇဝတ်တရားသူကြီး တဦးဦးက အမှုကိုပြန်လည် စစ်ဆေးရန် အမိန့် ချမှတ်လိုက်သည်။ ယင်းအမိန့်ကိုကျောက်ဖြူမြို့ ပြည်သူ့ရဲတပ်ဖွဲ့ ကြီးကြပ်ရေးမှူးက မကျေနပ်သဖြင့် ဤပြင်ဆင်မှုဖြင့် ပယ်ဖျက်ပေးရန် လျှောက်ထားလာခြင်း ဖြစ်သည်။

ရာဘက်စက်ရှင် တရားသူကြီးက နယ်ပိုင်ရာဇဝတ် တရားသူကြီး၏ စီရင်ချက်နှင့် အမိန့်ကို ပယ်ဖျက်ရာ၌ အဓိက အားဖြင့် အကြောင်းနှစ်ရပ် ပြခဲ့သည်။ တခုသော အကြောင်းပြချက်မှာ မူလရုံးမှ ဦးထွန်းတင်အား ရာဇသတ်ကြီး ပုဒ်မ ၃၂၃ အရ စွဲချက်တင်ခဲ့သော်လည်း ရဲဥပဒေ ပုဒ်မ ၄၃ (စ) အရ၊ ပြစ်ဒဏ် စီရင်ခြင်းသည် ဥပဒေနှင့် ညီညွတ်ခြင်း မရှိဟုဆိုခြင်းဖြစ်သည်။ ယင်းကိစ္စနှင့် စပ်လျဉ်း၍ **ဦးထွန်းအောင်၊ ဦးထွန်းသိန်း** နှင့် **ပြည်ထောင်စု** (၁) တို့ အမှုတွင် အထူးဥပဒေ တရပ်ရပ်အရ၊ ပြစ်မှုထင်ရှားစီရင်ထားခြင်းကို ရာဇသတ်ဥပဒေပါ ပုဒ်မတရပ်ရပ်သို့ အမှုအကြောင်းချင်းရာခိုင်လုံလျှင် ပြောင်းလဲ၍ ပြစ်မှုထင်ရှား စီရင်နိုင်သည်ဟု ဆုံးဖြတ်ထားပြီး ဖြစ်ရာ ရာဇသတ် အက်ဥပဒေအရ၊ စွဲချက်တင်သည့် အမှုတွင် အထူး ဥပဒေတရပ်ရပ်အရ ပြောင်းလဲ၍ အပြစ်မပေးနိုင်စရာ အကြောင်းမရှိပေ။

အခြားအကြောင်းပြချက်မှာ တရားခံသည်၊ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၂၅၆ အရ အခွင့်အရေး ဆုံးရှုံးခဲ့ရသည် ဆိုခြင်းပင်ဖြစ်သည်။ ထိုပုဒ်မအရဆိုပါကရုံးခံအား စွဲချက်တင်ပြီးသောအခါ တရားခံသည် စစ်ဆေးပြီးသည့် တရားလို သက်သေများကို ပြန်ခေါ်၍ ပြန်လှန် မေးခွန်းထုတ်ခွင့်ရှိပေသည်။ သက်သေအား တဖက် အမှုသည်က မေးမြန်းခြင်းသည် ပြန်လှန်မေးခွန်းထုတ်ခြင်းဖြစ်သည်။ ထိုကဲ့သို့ ပြန်လှန်မေးခွန်းထုတ်ရာ၌ သက်သေခံ ဥပဒေပုဒ်မ ၁၃၈ အရ၊ မူလစစ်ဆေးချက်တွင် ပေါ်ပေါက်သည့်အကြောင်းခြင်းရာများသာမက အခြား အကြောင်းခြင်းရာ များအပေါ်၌လည်း မေးမြန်းခွင့်ရှိသည်။ ပုဒ်မ ၁၄၃ အရ၊ နိမိတ်ပြမေးခွန်းလည်း မေးနိုင်ခွင့်ရှိသည်။ ပြန်လှန်မေးခွန်း ထုတ်ခွင့်ပြုခြင်း၏ အဓိက ရည်ရွယ်ချက်မှာ အမှန်တရားကိုရရှိစေရန် ဖြစ်ပေသည်။

(၁) ၁၉၇၀ မြန်မာပြည်စီရင်ထုံး ၁၉၀။

၁၉၇၂

ဦးအောင်ကြီး၊ ကြီးကြပ်ရေးမှူး၊ ပြည်သူ့ရဲတပ်ဖွဲ့၊ ကျောက်ဖြူမြို့ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ (ကျောက်ဖြူမြို့ ရာဘက်စက်ရှင်)

ယခုအမှုတွင် ဦးထွန်းတင်သည် ၎င်းအား စွဲချက်တင်ပြီးနောက် တရားလိုပြ သက်သေ ဦးအောင်သာကျော်အား ပြန်ခေါ်၍ ပြန်လှန်မေးခွန်းကို ထုတ်လိုကြောင်း ဆန္ဒပြုခဲ့သည်။ ဦးအောင်သာကျော်အား ၁၉၇၁ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက် နေ့တွင် ပြန်လှန်မေးခွန်း ထုတ်သောအခါ ရှေ့အကျိုးဆောင်က ထိုသက်သေ၏ ယခင် ထွက်ချက်ဘောင်အတွင်း၌သာ မေးခွန်းထုတ်ခွင့် ရှိသည်ဟု ကန့်ကွက်တင်ပြလာသည်။ တရားခံ၏ အကျိုးဆောင်က လိုသည့်အချက်အလက်ကို မေးမြန်းခွင့် ရှိပါသည်။ မူလ ထွက်ချက်၏ ဘောင်အတွင်း ကန့်သတ်ခြင်း မပြုသင့်ပါဟု တင်ပြသော်လည်း မူလ ရုံးမှ၎င်း၏ တင်ပြချက်ကို လက်မခံသဖြင့် တရားခံ၏ အကျိုးဆောင်သည် မိမိမေးမြန်း လိုသော မေးခွန်းများကို မေးမြန်းခွင့် မရခဲ့ပေ။

ကျင့်ထုံးနှင့်စပ်လျဉ်းသည့် မပြုမနေရသဘော သက်ရောက်သော ဥပဒေ ပြဋ္ဌာန်း ချက်ကို လိုက်နာပျက်ကွက်စေကာမူ တရားမျှတမှု ဆိတ်သုန်းခြင်း မရှိလျှင် ထိုပျက် ကွက်မှုသည် ကုစား၍ ရနိုင်သည့် ပျက်ကွက်မှုသာဖြစ်၍ အမှုတခုလုံး မပျက်ပြယ်ပေ။ သို့ရာတွင် ယင်းပျက်ကွက်မှုကြောင့် တရားခံ၌ ဥပဒေက ပေးထားသော အခွင့် အရေး ကိုဆုံးရှုံးရပါမူ ၎င်းအဘို့ တရားမျှတမှု ဆိတ်သုဉ်းခဲ့သည်ဟု ဆိုရမည်ဖြစ်၍၎င်းအပေါ် ပြစ်ဒဏ်စီရင်ထားခြင်းမှာ ဥပဒေနှင့် ဆန့်ကျင်သည်ဟု ယူဆရမည် ဖြစ်သည်။

ယခုအမှုတွင် အထက်၌ဖော်ပြသည့်အတိုင်း ဦးထွန်းတင်သည် သက်သေ ဦးအောင်သာကျော်အား၊ ပြန်ခေါ်ခွင့်ရသော်လည်း၊ ဥပဒေက၊ ခွင့်ပြုထားသည့် အတိုင်း ပြန်လှန်မေးခွန်းထုတ်ခွင့် မရရှိခဲ့သဖြင့်၎င်းအပေါ် ပြစ်ဒဏ်စီရင် ထားခြင်း သည် တရားမျှတမှု ဆိတ်သုန်းခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ သက်သေကို ပြန်ခေါ် ခွင့်ပြုသော်လည်း ပြန်လှန်မေးခွန်း ထုတ်ခွင့်မရလျှင် ပြန်ခေါ်ခွင့် မရသကဲ့သို့ အကျိုး သက်ရောက်မှုရှိပေသည်။ **မောင်အုံ့ဘွယ်** နှင့် **ပြည်ထောင်စု** (၂) တို့ အမှုတွင် ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၂၅၆ (၁) အရ၊ တရားလို သက်သေအား ပြန်ခေါ်ခွင့်မရ လျှင် အမှုတခုလုံး ပျက်ပြယ်သည်ဟု ဆုံးဖြတ်ခဲ့သည်ကို ရည်ညွှန်းလိုပေသည်။

အထက်ပါ အကြောင်းကြောင့် ကျောက်ဖြူမြို့၊ ရာဘက် စက်ရှင်ရုံး၏ အမိန့်သည် မှားယွင်း ချွတ်ချော်သည်ဟု မဆိုနိုင်၍ ဤပြင်ဆင်မှုကို ပယ်လိုက်သည်။

---

(၂) ၁၉၄၈ ခု၊ မြန်မာပြည်စီရင်ထုံး ၈၆၃။

နိုင်ငံတော်တရားရုံးချုပ်

တရားမ ပထမ အယူခံမှု

တရားသူကြီး ဦးလှသင်းနှင့် တရားသူကြီး ဦးသန်းအောင်တို့ ရှေ့တွင်

ဒေါ်ကျင်ဥ

နှင့်

ဦးညွန့်မောင်*

† ၁၉၅၂

မတ်လ ၄ ရက်။

သက်သေခံ ဥပဒေ ပုဒ်မ ၉၁၊ ၉၂ နှင့် ၉၃ တို့၏ ပြဋ္ဌာန်းချက်ပါ မူများ—ပဋိညာဉ်စည်းကမ်းချက်များကို စာချုပ်ပြု၍ ရေးသားထားလျှင်၊ ထိုစာချုပ်မှတပါး အခြားသက်သေခံချက် တင်သွင်း၍၊ ထိုပဋိညာဉ် စည်းကမ်းများကိုထင်ရှားအောင် ပြခွင့်မရှိခြင်း—စာချုပ်ဖြင့် ပဋိညာဉ် စည်းကမ်းချက်များကို ပြထားပြီးဖြစ်လျှင်၊ စာချုပ် ချုပ်သူတို့သည် ထိုပဋိညာဉ် စည်းကမ်းချက်များတွင် ဆန့်ကျင်စေရန် နှုတ်ကတိ၊ သို့မဟုတ် ပြောဆိုချက်ကို သက်သေခံအဖြစ် တင်သွင်း လက်ခံခြင်း မပြုနိုင်—စာချုပ်ပါစကားရပ်များ၏ အဓိပ္ပါယ်ကိုပြဆိုရာ၌ အကြောင်းချင်းရာ သက်သေခံချက် မတင်သွင်းနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။ပဋိညာဉ် စည်းကမ်းချက်များကို စာချုပ် စာတမ်းပြု၍ရေးသားထားလျှင် ထိုစာချုပ် စာတမ်းမှ တပါး အခြား သက်သေခံချက် တင်သွင်း၍၊ ထိုပဋိညာဉ် စည်းကမ်းချက်များကို ထင်ရှားအောင် ပြနိုင်ခွင့် မရှိ။ ထိုကဲ့သို့ ပဋိညာဉ် စည်းကမ်းချက်များကို စာချုပ် စာတမ်း ပြုလုပ်ခတ်တမ်းတင်ထားသည်ဖြစ်၍၊ ထိုစာချုပ် စာတမ်းကို တင်သွင်းကာ ပဋိညာဉ် စည်းကမ်းချက်များကို ထင်ရှားအောင်ပြထားပြီးဖြစ်လျှင်၊ ထိုစာချုပ် ချုပ်ဆိုသူတို့သည် အဆိုပါ ပဋိညာဉ် စည်းကမ်းချက်များ ဆန့်ကျင်စေရန် အလို့ငှါဖြင့်၊ ပြင်ဆင်ရန် အလို့ငှါဖြင့်၊ ဖြည့်စွက်ရန်အလို့ငှါဖြင့်၊ နှုတ်ပယ်ရန် အလို့ငှါဖြင့် နှုတ်ကတိ၊ သို့မဟုတ် ပြောဆိုချက် တစုံတရာကို သက်သေခံ အဖြစ် တင်သွင်း လက်ခံခြင်း မပြုရ။ စာချုပ် စာတမ်းတွင် ပါရှိသော စကားရပ်များသည် ချို့တဲ့မှုရှိခြင်း၊ သို့မဟုတ် အဓိပ္ပါယ် နှစ်ခွထွက်ခြင်း ရှိစေကာမူ၊ ထိုစကားရပ်များ၏ အဓိပ္ပါယ်ပြဆိုသည့် အနေနှင့် အကြောင်းချင်းရာနှင့် ပတ်သက်၍ သက်သေခံချက် မတင်သွင်းနိုင်။

အယူခံတရားလိုအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးစိုးမောင်။

ဒုံအယူခံတရားခံအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးထွန်းအောင်။

---

* ၁၉၅၁ ခုနှစ်၊ တရားမ ပထမ အယူခံမှု အမှတ် ၇၀။

† ၁၉၅၁ ခုနှစ်၊ တရားမကြီးမှု အမှတ် ၅၀၂ တွင် ရန်ကုန်မြို့ တရားမတရားသူကြီးချုပ်၏ အမိန့်ကို အယူခံမှု။

၁၉၇၂

စေါ်ကျော်ဦး
နှင့်
ဦးညွန့်မောင်။

တရားသူကြီး ဦးသန်းအောင်။ ။ဤအယူခံတွင် ဆုံးဖြတ်ရမည့် ပြဿနာမှာ တချက်သာရှိသည်။ ၎င်းမှာ တရားပြိုင် (အယူခံတရားပြိုင်) သည် အချင်းဖြစ် ပဋိညာဉ်ကို ချိုးဖေါက်ခဲ့ခြင်းရှိ-မရှိပင်ဖြစ်၏။ မူလရုံးတရားသူကြီးက တရားပြိုင်သည် ပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်များကို ချိုးဖေါက်ခဲ့သည်ဟု မဆိုနိုင်ဟု ဆုံးဖြတ်ထား၏။ ထိုဆုံးဖြတ်ချက်ကို မကျေနပ်၍ ယခုအယူခံဝင်ခြင်းဖြစ်သည်။ အယူခံတရားလို၏ တရားရုံးချုပ်ရှေ့နေ ဦးစိုးမောင်က တရားပြိုင်သည်ပဋိညာဉ်ကိုချိုးဖေါက်ခဲ့သဖြင့် ပဋိညာဉ်အပိုဒ် (၁၁) အရ၊ ပေးပြီးသားငွေများ၏ နှစ်ဆထက်မပိုသော၊ တရားရုံးကသင့်သည်ထင်မြင်သည့် လျော်ကြေးငွေရထိုက်ကြောင်းလျှောက်လဲသည်။

ပဋိညာဉ်မှာစာဖြင့် ရေးသားထား၏။ ဤအမှုနှင့် သက်ဆိုင်သောပဋိညာဉ်စည်းကမ်းချက်တို့မှာအပိုဒ် ၃ နှင့် ၁၀ တွင်ပါရှိသည်။၎င်းတို့မှာအောက်ပါအတိုင်းဖြစ်သည်။

"၃။အထက်ပါ (ခရီးပန်းတိုင်) ဇာတ်ထုပ်ကို ယခုစာချုပ်သည့်နေ့မှစ၍ လေးလအတွင်း ပြီးဆုံးအောင် ရိုက်ကူး၍ဝယ်သူ၏ လက်သို့ပေးအပ်ရန် ရောင်းသူကသဘောတူညီပါသည်။

*　　*　　*　　*

*　　*　　*　　*

၁၀။ ဝယ်သူသည်အဘိုးနှုန်း ၁,၁၀,၀၀၀ိ (ကျပ်ငွေတသိန်းတသောင်း)တိတိ အနက်မှ ပထမဤစာချုပ် ချုပ်ဆိုသည့်နေ့တွင် ပထမစရံငွေအဖြစ် ဝယ်သူက ရောင်းသူအားငွေ ၁၀,၀၀၀ိ (ကျပ်ငွေတသောင်း) တိတိပေးရန်၊ ဒုတိယအကြိမ်အဖြစ် နဂ္ဂတစ်ပြတ်သောအခါငွေ ၃၀,၀၀၀ိ (ကျပ်ငွေသုံးသောင်း) တိတိကို ဝယ်သူကပေးရန်နှင့်တတိယအကြိမ်အဖြစ်၎င်းဇာတ်ကားထုပ်များနှင့် ၎င်းဇာတ်ကားထုပ်များနှင့်, ပတ်သက်သည့် ပစ္စည်းများ စုံလင်စွာ ဝယ်သူအားပေးအပ်သည့်နေ့တွင် ကျန်အရစ်ကျငွေများကို အလုံးစုံပေးရန် ဝယ်သူနှင့်ရောင်းသူတို့သဘောတူလက်ခံကြပါသည်။"

စာဖြင့်ရေးသားထားသော ပဋိညာဉ်အပိုဒ် (၃) အရဆိုလျှင်၊ အယူခံတရားပြိုင်သည်ပဋိညာဉ်ကတိပြုထားသည့်အတိုင်း (၄) လအတွင်းပြီးအောင် ရိုက်ကူးခြင်းမပြုသဖြင့် ပဋိညာဉ် ချိုးဖေါက်ခဲ့သည်ဟု ယူဆရမည်ဖြစ်သည်။ အယူခံတရားပြိုင် (မူလရုံးတရားပြိုင်) ၏ တရားရုံးချုပ်ရှေ့နေကြီးဦးထွန်းအောင်က ဤအချက်ကို ဝန်ခံသည်။ သို့သော် ဦးထွန်းအောင်၏ လျှောက်လဲချက်မှာ အမှုသည်များသည် ပဋိညာဉ်အပိုဒ် ၁၀ နှင့် ပတ်သက်၍ အခြားနည်း 'သဘောတူထားကြသဖြင့်၊ ထိုပြင်ဆင်ချက်နှင့်ညီညွတ်စွာ နှစ်ဦးနှစ်ဘက်လိုက်နာဆောင်ရွက် ပြီးနောက်မှ၊ ရိုက်ပြီးသားဇာတ်ကားများ၏ အရှပ်၊ အသံ၊ အဆင့်အတန်းနှင့် ရိုက်ရမည့် စက်နှင့်ပတ်သက်၍

သဘောကွဲလွဲမှု ရှိနေကြပြီးနောက် ဆက်လက်မဆောင်ရွက်ကြတော့ဘဲ ငွေပြန်အမ်းရန်နှင့်ပေးပြီး ငွေပြန်ယူရန် တသဘောတည်းရှိကြ၍ တရားပြိုင်ဘက်မှ ပဋိညာဉ်ချိုးဖေါက်မှုမရှိကြောင်းပင်ဖြစ်သည်။

၁၉၇၂
ဒေါ်ကျင်ဥ
နှင့်
ဦးညွန့်မောင်။

မူလရုံးတရားသူကြီးက အယူခံတရားလိုသည် ငွေ ၁၀,၀၀၀ အပြင်အလီလီငွေများအယူခံတရားပြိုင်ကို ပေးခဲ့ကြောင်း၊ စာချုပ်တွင် ငွေကို ၃ ရစ်နှင့်ပေးဆပ်ရန်ဖြစ်သည်ဟုရေးသားထားသော်လည်း တရားပြိုင် လိုသည့်အခါများတွင် တရားလိုက ငွေများကို ထုတ်ပေးရန် နှုတ်ဖြင့်နှစ်ဦးနှစ်ဘက် နားလည်မှုဖြင့် ကတိပြုထားကြောင်း ကောက်ယူဆုံးဖြတ်ထားသည်။

တရားပြိုင် ဦးညွန့်မောင်ကနှုတ်ကတိနှင့် ပတ်သက်အစစ်ခံချက်မှာ "ပထမငွေတသောင်း၊ နောက်ပေါ်စတစ်ပြီးမှ ငွေသုံးသောင်းပေးမယ်ဆိုတဲ့စနစ်နှင့် ဘယ်လိုမှမရိုက်ပေးနိုင်တဲ့အကြောင်း ဒေါ်ကျင်ဥကို ကျွန်တော် လက်မှတ်မထိုးခင် ပြောပြခဲ့ပါသည်။ သူ့ဘက်ကစိတ်ချမ်းသာမှုရှိအောင်ဒါလေးတော့ဆည့်ချုပ်ပေးပါလို့ကျွန်တော့ကိုပြောပါသည်။ တကယ်အလုပ်လုပ်တဲ့အခါကျတော့လိုအပ်တဲ့အခါလိုသလောက်ငွေထုတ်ပေးပါမည်ဟု ဒေါ်ကျင်ဥက နှုတ်ကတိပြုပါသည်။ ယုံကြည်မှုနှင့် စာချုပ်ကို ကျွန်တော်လက်မှတ်ထိုးလိုက်ပါသည်။ အဲဒီတုန်းက ဦးကောင်းရှိပါသည်။ ဒေါ်ကျင်ဥ၏မိတ်ဆွေတယောက်ရှိပါသည်။ ဒေါ်ကျင်ဥ၏အလုပ်တိုက်မှာ လက်မှတ်ထိုးပေးပါသည်။ အဲဒီလိုလက်မှတ်ထိုးပေးတဲ့အချိန်မှာ နိုဝင်ဘာလ ၁ ရက်နေ့က စာချုပ်ပါအတိုင်း ငွေတသောင်း ဒေါ်ကျင်ဥက ကျွန်တော့်ကို ပေးပါသည်။ နိုဝင်ဘာလ ၃ ရက်နေ့တွင် မင်းသားမင်းသမီးပေးရန်ငွေ မလောက်သည့်အတွက် ဒေါ်ကျင်ဥထံမှ ငွေနှစ်ထောင့်ငါးရာကျပ်ယူပါသည်။ ၂,၅၀၀ ကျပ်ရတဲ့အချိန်မှာနက်ဂတစ်မပြတ်သေးပါ။စာချုပ်အရ ဒေါ်ကျင်ဥသည်ထိုငွေ ၂,၅၀၀ ကျပ် ကိုမပေးဘူးဆိုလည်း နေနိုင်ပါသည်။ ကျွန်တော်တကယ်လိုနေတာဟာသူသိပါသည်။ ထို့ကြောင့် သူ၏ နှုတ်ကတိရှိသည့် အတိုင်းထုတ်ပေးခြင်းဖြစ်ပါသည်။

နိုဝင်ဘာလ ၁၃ ရက်နေ့တွင် ဇာတ်ကားကို ကျွန်တော်စရိုက်ပါသည်။ ကားစရိုက်သည့်နေ့က ငွေ ၁,၃၀၀ ကျပ် ဒေါ်ကျင်ဥကထုတ်ပေးပါသည်။ စာမချုပ်ခင်ကဖလင်တွေဝယ်ဘို့ ၁,၈၀၀ ကျပ်ဒေါ်ကျင်ဥကထုတ်ပေးခဲ့ပါသေးသည်။ ထိုနောက်ရုပ်ရှင်ရိုက်သည့်အခါနေ့တိုင်းလိုလို ဒေါ်ကျင်ဥက အလီလီငွေများ ထုတ်ပေးခဲ့ပါသည်။ သူ့အဆိုလွှာအပိုဒ် ၂ တွင် စာရင်းပြထားပါသည်။ ၁၉၆၆ ခု၊ နိုဝင်ဘာလ ၁၈ ရက်နေ့ကငွေ ၄၀၀ ကျပ်ယူပါသည်။ ၁၉၆၆ ခု၊ နိုဝင်ဘာလ ၁၉ ရက်နေ့ကငွေ ၃၀၀ ကျပ်ယူပြီးရိုက်ခဲ့ပါသည်။ ၁၉၆၆ ခု၊ နိုဝင်ဘာလ ၂၀ ရက်နေ့က ငွေ ၄၀၀ ကျပ်ယူပြီးရိုက်ခဲ့ပါသည်။ ၁၉၆၆ ခု၊ နိုဝင်ဘာလ ၂၅ ရက်နေ့က ငွေ ၄၀၀ ကျပ် ယူပြီးရိုက်ခဲ့ပါသည်။

၁၉၇၂ / ဒေါ်ကျင်ဥ နှင့် ဦးညွန့်မောင်။

၁၉၆၆ ခု၊ နိုဝင်ဘာလ ၂၃ ရက်နေ့က ကျွန်တော်ဇာတ်ကားကို ဆက်ရိုက်ခဲ့ပါသည်။ ငွေကိုလည်းတောင်းခံခဲ့ပါသည်။ သို့သော် အဲဒီငွေယနေ့အထိ ကျွန်တော်မရသေးပါ။ ၂၆ ရက်နေ့ရိုက်ပြီး ၂၇ ရက်နေ့ရိုက်ဘို့ငွေအတွက် ငွေတောင်းခံလွှာကို ဒေါ်ကျင်ဥကို ကျွန်တော်ပေးပါသည်။ အဲဒီ ၂ ရက်အတွက် ငွေတောင်းခံလွှာသာ ပေးလိုက်ရပါသည်။ ငွေယခုထက်ထိမရသေးပါ။ ကားရိုက်တဲ့အချိန်မှာ သူတို့ကိုယ်တိုင်လာပေးတာရှိပါသည်။ မရိုက်ခင်တညက ကျွန်တော်ကိုယ်တိုင် စာရွက်ကလေးပေးပြီး ယူတာရှိပါသည်။ နောက်တရက်မှ လာပေးတာလည်း ရှိပါသည်။ ၂၆ ရက်နေ့နှင့် ၂၇ ရက်နေ့အတွက် ငွေတောင်းခံလွှာကို လက်မှတ်ထိုးပြီး ကျွန်တော် ပေးထားပါသည်။ သို့သော် ငွေမရပါ။ ၂၆ ရက်နေ့က ကျွန်တော်ကားရိုက်ပါသည်။ ၂၇ ရက်နေ့ကမရိုက်ပါ။ ၁၉၆၆ ခု၊ ဒီဇင်ဘာလ ၂ ရက်နေ့အတွက် ငွေ ၄၀၀ ကျပ်ကို တရားလို၏စာရင်းထဲမှာပါပါသည်။ အဲဒီငွေကို ကျွန်တော်မရပါ။

၂၅ ရက်နေ့ညက ဒေါ်ကျင်ဥ၏အိမ်သို့ ကျွန်တော်သွားပါသည်။ အဲဒီနေ့အတွက်ငွေနှင့်နောက်နေ့အတွက်ငွေသွားတောင်းပါသည်။ သူက "ကားဆက်မရိုက်ပါနဲ့ဘုံးဆိုပြီး တားလိုက်ပါသည်။"

၎င်းနောက်ရုပ်ရှင်ဇာတ်ကား အသံနှင့် ရုပ်ကောင်နှင့် ပတ်သက်၍ အချင်းချင်း မပြေလည်ကြ၍၊ ဒေါ်ကျင်ဥကလည်း မကျေနပ်ဖြစ်၍ ဒေါ်ကျင်ဥက ဤသို့ပြောကြောင်း ဦးညွန့်မောင်က ထွက်ဆိုထား၏။

"ဒေါ်ကျင်ဥကတော့ဆက်မရိုက်ချင်တော့ဘူး၊ သူ့ထံမှယူထားသည့်ငွေတသောင်းခုနှစ်ထောင်ပြန်ပေးလျှင် ကျွန်တော် လုပ်ချင်တာလုပ်တော့လို့ ပြန်ပြောပါသည်။

ငွေတော့လက်ငင်းပြန်ပေးနိုင်တဲ့အခွင့်အရေးမရှိပါ၊ ကားပြီးရင် ပြန်ပေးပါမည်လို့ ကျွန်တော်ကပြောပါသည်။"

ယခုအမှုတွင်စဉ်းစားရမည့်အချက်မှာ၊ စာဖြင့်ရေးသား၍နှစ်ဦးနှစ်ဘက်လက်မှတ်ရေးထိုးထားသည့် ပဋိညာဉ်ရှိပါလျက်၊ ထိုစာချုပ် ချုပ်ဆိုစဉ်အခါက စာချုပ်ပါစည်းကမ်းချက်အပိုဒ် ၁၀ နှင့် ဆန့်ကျင်သော ထိုပဋိညာဉ်အပိုဒ် ၄ ကို ပြင်ဆင်ရာရောက်သောစည်းကမ်းချက်ပြုလုပ်၍ သဘောတူညီထားကြောင်း နှုတ်သက်သေခံချက် တရားဝင်တင်သွင်း၍ထင်ရှားအောင်ပြနိုင်ခွင့်ရှိ-မရှိပင်ဖြစ်သည်။

သက်သေခံအက်ဥပဒေပုဒ်မ ၉၁၊ ၉၂ နှင့် ၉၃ ပြဋ္ဌာန်းချက်များတွင်ပါရှိသော **မှုမျိုးကိုကြား**အမှုနှင့်ဆိုင်သည်တို့ကို ဖေါ်ပြရသော် အောက်ပါအတိုင်းဖြစ်သည်။

ပဋိညာဉ်စည်းကမ်းချက်များကို စာချုပ်စာတမ်းပြု၍ ရေးသားထားလျှင် ထို **စာချုပ်စာတမ်းမှတပါး** အခြင်း သက်သေခံချက် တင်သွင်း၍၊ ထိုပဋိညာဉ်**စည်းကမ်း**

၁၉၅၂ / ဒေါ်ကျင်ဥ နှင့် ဦးညွန့်မောင်။

ချက်များကို ထင်ရှားအောင်ပြနိုင်ခွင့်မရှိ။ ထိုကဲ့သို့ပ ဋိညာဉ် စည်းကမ်းချက်များကို စာချုပ်စာတမ်းပြုလုပ် မှတ်တမ်းတင်ထားသည်ဖြစ်၍၊ ထိုစာချုပ်စာတမ်းကို တင်သွင်းကာ ပဋိညာဉ် စည်းကမ်းချက်များကို ထင်ရှားအောင် ပြထားပြီးဖြစ်လျှင်၊ ထိုစာချုပ် ချုပ်ဆိုသူတို့သည် အဆိုပါ ပဋိညာဉ် စည်းကမ်းချက်များကို ဆန့်ကျင်စေရန်အလို့ငှာလည်းကောင်း၊ ပြင်ဆင်ရန်အလို့ငှာလည်းကောင်း၊ ဖြည့်စွက်ရန်အလို့ငှာလည်းကောင်း၊ နှုတ်ပယ်ရန်အလို့ငှာလည်းကောင်း နှုတ်ကတိ၊သို့မဟုတ် ပြောဆိုချက်တစုံတရာကိုသက်သေခံအဖြစ်တင်သွင်း လက်ခံခြင်းမပြုရ။ စာချုပ်စာတမ်းတွင်ပါရှိသောစကားရပ်များသည်ချို့တဲ့ မှုရှိခြင်း၊ သို့မဟုတ် အဓိပ္ပါယ်နှစ်ခွထွက်ခြင်း ရှိစေကာမူ၊ထိုစကားရပ်များ၏ အဓိပ္ပါယ်ကိုပြဆိုသည့်အနေနှင့် အကြောင်းချင်းရာနှင့် ပတ်သက်၍ သက်သေခံချက် မတင်သွင်းနိုင်။

ထိုဥပဒေပြဋ္ဌာန်းချက်များနှင့်ပတ်သက်၍ စီရင်ထုံး အများအပြားရှိခဲ့သည်။

ဦးလူကလေးနှင့် မောင်မိုးအမှု (၁) ၌၊ စာဖြင့်ပြုလုပ်ထားသောပဋိညာဉ်စာချုပ်တွင်ပါရှိသောစကားသွားများနှင့်ဖီလာမဖြစ်သော၊သို့မဟုတ်ကွဲလွဲမှုမရှိသောနှုတ်သက်သေခံချက်တင်ပြခွင့်ရှိသည်ဟု ဆုံးဖြတ်၍ ထိုဥပဒေမူကို လက်ခံထားသည်ကိုတွေ့ရ၏။

> "......this evidence ......will be admissible unless it labours under the objection of introducing something repugnant to or inconsistent with the tenor of the written instrument."

စာချုပ်စာတမ်းတွင်ပါသော ပဋိညာဉ်စည်းကမ်းချက်နှင့် ကွဲလွဲမှုမရှိသော နှုတ်ကတိကိုသယ်သေခံအဖြစ် လက်ခံနိုင်သည်။ **အစ်အင်နေ၁ချစ်ပါချစ်တီးနှင့် ချိကလမ်ဂန်ချစ်တီး** အမှု (၂) ကိုကြည့်ပါ။

မောင်ထွန်းစိန်နှင့်ကိုတူ ပါ ၆ အမှု (၃) တွင်ဤသို့ဆုံးဖြတ်ထား၏။

> "The law regarding the admissibility of evidence as laid down in section 91 of the Indian Evidence Act is clear. Where a document is a final repository of the terms of a contract etc., any other evidence is excluded from being used either as a substitute for such document or to contradict **or to** alter it. The section thus excludes other evidence **of the** terms of the document."

---

(၁) **အောက်မြန်မာ**စီရင်ထုံးအတွဲ-၂၊ ၂၆၈ (၂၇၀)။
(၂) **အောက်မြန်မာပြည်**စီရင်ထုံးအတွဲ-၄၊ ၂၄၀။
(၃) **ရန်ကုန်စီရင်ထုံးအတွဲ** ၆၊ ၃၃၇။

၁၉၇၂ — ဒေါ်ကျင်ဥ နှင့် ဦးညွန့်မောင်။

ဂျိမန်နှင့် အယုံ အမှု (၄) ၌စာဖြင့် ရေးသားမှတ်တမ်းတင်ထားသော ပဋိညာဉ် စည်းကမ်းချက်နှင့်စပ်လျဉ်း၍ ပဋိညာဉ်ပြုသူတို့၏ ကြံရွယ်ချက်နှင့် ပတ်သက်သော နှုတ်သက်သေခံချက်မတင်သွင်းနိုင်ကြောင်းဆုံးဖြတ်ထား၏။

ဂျေရီ နှင့် မောင်စိုးလှိုင် အမှု (၅) အောက်မြန်မာနိုင်ငံ အကြီးအကဲတရားရုံး၏ စုံညီခုံရုံးကဤသို့သုံးသပ်ဆွေးနွေးထား၏။

"The principle of the rule is that, where the terms of an agreement are reduced to writing, the document itself, being constituted by the parties as the expositor of their intention, is the only evidence in respect of that agreement which the law will recognize as long as it exists for the purpose of evidence. Consequently parties to the documents enumerated are not allowed to give oral evidence as to the terms of such documents unless such oral evidence is covered by one of the exceptions."

မောင်ဘကျော်နှင့် နာနိဂရမ်ဂျာကာနပ် အမှု (၆) ၌ငွေပြန်ပေးချိန်၊ ငွေပြန်ပေးပုံပေးနည်းစသည့် အချက်တို့သည် အရေးပါအရာရောက်သော စည်းကမ်းချက်များဖြစ်ကြောင်းဆုံးဖြတ်ထား၏။

ဦးကြာမြူနှင့် မောင်အောင်သိန်း အမှု (၇) ၌ သက်သေခံ အက်ဥပဒေအရ စာချုပ် ချုပ်သူတို့၏ ကြံရွယ်ချက်သည် သက်သေခံ မဝင်ကြောင်းကို ဤသို့အတိအလင်းဆုံးဖြတ်ထား၏။

"Evidence of the intention of the parties to the document was clearly inadmissible ; the authorities cited by the Judge on second appeal are conclusive on that point......"

ဂရှစ်နပ်ပါချစ်တီးနှင့် ကာစီနီစွာနာသန်ချစ်တီး တို့အမှု (၈) ၌၊ သက်သေခံအက်ဥပဒေအရ၊ စာချုပ် ချုပ်သူတို့၏ ကြံရွယ်ချက်သည် မည်သို့ရှိခဲ့ကြောင်း နှုတ်သက်သေခံချက် တင်ပြခွင့်မရှိပုံကို ဤသို့ဆုံးဖြတ်ထား၏။

"Oral evidence of intention is not admissible for the purpose of construing the deed or ascertaining the intention of the parties."

---

(၄) မြန်မာပြည်စီရင်ထုံးအတွဲ ၁၁၊ ၅၈။
(၅) အောက်မြန်မာပြည် စီရင်ထုံး၊ အတွဲ ၅၊ ၂၄၁၊ (၂၄၅)။
(၆) ရန်ကုန်စီရင်ထုံးများအတွဲ၊ ၁၃၊ ၂၂။
(၇) ၁၉၄၆၊ ရန်ကုန်စီရင်ထုံး၊ ၁၃၉ (၁၄၄)။
(၈) ၁၉၄၉ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး (တရားလွှတ်တော်) ၁၅၈။

ဦးမြတင်နှင့် ဒေါ်ကျင်ယုံ တို့အမှု (၉) စီရင်ထုံးတွင် သက်သေခံအက်ဥပဒေ ပုဒ်မ ၉၁၊ ၉၂ တို့နှင့် ပတ်သက်သော ရှေ့ဆောင်လမ်းပြ ဖြစ်သော စီရင်ထုံးများကို ဝေဖန်သုံးသပ်ပြီးနောက် ဤသို့မှုချခဲ့၏။ ၁၉၇၂ ဒေါ်ကျင်ဥ နှင့် ဦးညွန့်မောင်။

"အချုပ်အားဖြင့်အကျိုးသက်ရောက်စေရန် ရည်ရွယ်၍ချုပ်ဆိုသောတကယ့် စာချုပ်ကိုပြင်ရန် ချုပ်ဆိုသူများ နှုတ်သက်သေမပြနိုင်။ သို့သော်စာချုပ်တရပ်သည် အကျိုးသက်ရောက်စေရန် ရည်ရွယ်ချုပ်ဆိုသော စာချုပ်မျိုးမဟုတ်ဘဲ ဟန်ဆောင်စာချုပ်မျှသာ ဖြစ်ကြောင်း နှုတ်သက်သေ တင်ပြနိုင်ပေသည်။"

နိုင်ငံတော် တရားသူကြီးချုပ်က **ဦးခွေးနှင့် ဦးအေး** အမှု (၁၀) ၌ ဤသို့ မြွက်ဟထား၏။

"စာချုပ်တခုကို အကျိုးသက်ရောက်စေရန် ရည်ရွယ်ချက်ဖြင့် ချုပ်ဆိုခဲ့ကြသည်၊ အစစ်အမှန်ဖြစ်ခဲ့လျှင်၊ ထိုစာချုပ်ပါ စကားတို့နှင့် ကွဲလွဲ၍ချုပ်ဆိုသူတို့ကသက်သေမထူနိုင်ချေ။ ထိုသို့ပင် သက်သေခံ ဥပဒေ ပုဒ်မ ၉၂ က ပညတ်ထားသည်။ သို့ရာတွင် အကျိုးသက်ရောက်စေရန် ရည်ရွယ်ချက်မရှိ၊ ဟန်ဆောင်စာချုပ်မျှသာဖြစ်ခဲ့သျှင် ထိုသို့ ဖြစ်ကြောင်းကို သက်သေထူခွင့်ရှိသည်။"

ယခုအမှုတွင် အယူခံတရားပြိုင် ဦးညွန့်မောင်က ဒေါ်ကျင်ဥ စာချုပ်လက်မှတ်မထိုးမီက ၎င်းတို့အချင်းချင်း နှုတ်ကတိပြုခဲ့ကြောင်း၊ မည်သို့ပင်စာဖြင့် ရေးသားထားသော စာချုပ်၌ ဖော်ပြထားစေကာမူ အမှန်တကယ် အလုပ်လုပ်သည့် အခါ ဦးညွန့်မောင်လိုအပ်သည့်ငွေကို လိုသလောက် ဒေါ်ကျင်ဥက ငွေထုတ်ပေးမည်ဟူသော နှုတ်ကတိရှိကြောင်းဆို၏။ ဤနှုတ်ကတိနှင့် ပတ်သက်သော သက်သေခံချက်များကို သက်သေခံဥပဒေအရ တရားဝင်သက်သေခံချက်အဖြစ် လက်မခံနိုင်ပေ။ စာနှင့်ရေးသားချုပ်ဆိုထားသောကတိ ပဋိညာဉ် စည်းကမ်းချက်များနှင့် ပတသက်၍ (သက်သေခံအကဥပဒေ ပုဒမ ၉၁ နှင့် ၉၂ တွင်ပါရှိသည့် ချွင်းချက်များတွင် ဖော်ပြထားသည်မှတပါး) နှုတ်သက်သေခံချက် တင်ပြခြင်းကို ပိတ်ပင်ထားသည်။

အယူခံတရားပြိုင်က ပဋိညာဉ်စာချုပ် ချုပ်ဆိုပြီးနောက်မှ နှစ်ဦးနှစ်ဘက်သဘောတူကြ၍ စာချုပ်အပိုဒ် (၁၀) ကို ပြင်ဆင်ကြသည်ဟု သဘောတူညီချက်အသစ်နှင့် အစားထိုးကြသည်ဟုမဆိုပေ။ ဒေါ်ကျင်ဥက ငွေ ၁၀,၀၀၀ ကျပ် ထက်ပို၍ပေးခဲ့သော်လည်းငွေ ၁၀,၀၀၀ ကျပ်ထက်ပိုပေးခြင်းမှာ စာချုပ်အရပေးရန်တာဝန်မရှိသော်လည်း

(၉) ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၂၅၀ (၂၅၄)။
(၁၀) ၁၉၆၅ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ ၁၀၁၆ (၁၁၂၂)။

၁၉၇၂
ဒေါ်ကျင်ဦး
နှင့်
ဦးညွန့်မောင်။

ဦးညွန့်မောင်ကမေတ္တာရပ်ခံသဖြင့် ထုတ်ပေးကြောင်း ပေါ်မြတားသည်။ စာချုပ်ချုပ်ပြီးနောက်စာချုပ်ပဋိညာဉ်အပိုဒ် (၁၀) ကိုပြင်ဆင်ရန် သဘောတူကြသည်ဟု ဦးညွန့်မောင်ကမပြောပေ။

အယူခံတရားပြိုင်သည့် စာချုပ်ပါ စည်းကမ်းချက်အတိုင်း (၄) လအတွင်း ဇာတ်ကားကိုပြီးစီးအောင် ရိုက်ကူးခြင်းမပြုခဲ့၍ ဒေါ်ကျင်ဦးအား မအပ်နိုင်ခဲ့ကြောင်း မှာအငြင်းမပွါးပေ။ ၎င်းပြင် စာချုပ်အပိုဒ် (၂) တွင်ပါရှိသည့်အတိုင်း၊ အရုပ်နှင့် အသံ ကောင်းသော အနေအထားမျိုးအောင် ရိုက်ကူးခြင်းလည်း မပြုနိုင်ခဲ့ပေ။ အဘယ်ကြောင့်ဆိုသော်၊ ဦးမောင်မောင်ခင် (ဆင်ဆာဘုတ်အဖွဲ့ အဘွင်းရေးမှူး) ၏ သက်သေခံချက်အရ၊ တချို့နေရာမှာ အသံမကောင်းပြီး၊ ရုပ်လည်းမကောင်း ဖြစ်နေသည့်အတွက်ပြန်၍ပြုပြင်ရန် ညွှန်ကြားခဲ့သည်။ ချို့ယွင်းချက် တခုလုံးလိုလို ရှိပါသည်ဟုလည်းဆိုထား၏။

သို့ဖြစ်၍မူလတရားရုံး တရားပြိုင် (အယူခံတရားပြိုင်) သည် အချင်းဖြစ်ပဋိညာဉ် (သက်သေခံ 'ခ') ကို ချိုးဖေါက်ခဲ့ကြောင်းပေါ်လွင်သည်။ ပဋိညာဉ် ဥပဒေပုဒ်မ ၇၃ အရ ပဋိညာဉ်ချိုးဖေါက်သောသူသည် ပဋိညာဉ် ချိုးဖေါက်ခြင်းခံရသူ နစ်နာဆုံးရှုံးသဖြင့်ကို လျော်ပေးရန်တာဝန်ရှိသည်။ ယခုအမှုတွင် တရားလိုသည် မည်ရွေ့မည်မျှနစ်နာဆုံးရှုံးသွားကြောင်း လုံလောက်ခိုင်မာသော သက်သေခံချက် အမှုတွဲမှတ်တမ်းတွင်မပါရှိပေ။ ငွေ ၁၇,၆၀၀ ကျပ် ကို အလီလီတရားလိုက တရားပြိုင်အား ပေးထားသဖြင့် ထိုငွေကိုပြန်အမ်းရန် တရားပြိုင်၌ တာဝန်ရှိသည်။ ထို့ပြင်ပဋိညာဉ် အပိုဒ် (၁၁) တွင် ဝယ်သူ (တရားလို) လက်သို့အပိုဒ် (၃) အရ၊ မပေးအပ်ပါက ဝယ်သူပေးပြီးငွေ၏ နှစ်ဆပေးရန် သဘောတူထားကြသဖြင့် ပဋိညာဉ် ဥပဒေပုဒ်မ ၇၄ အရ၊ တရားလိုအား ထိုဒဏ်ငွေထက်မပိုသော၊တရားရုံးက လျော်ကန်သင့်မြတ်သည် ထင်သည့်လျော်ကြေးငွေကို ပေးရမည်ဖြစ်သည်။ ပဋိညာဉ် ဥပဒေပုဒ်မ ၇၄ တွင် ဤသို့ပြဌာန်းထား၏။

"74. When a contract has been broken, if a sum is named in the contract as the amount to be paid in case of such breach, or if, the contract contains any other stipulation by way of penalty, the party complaining of the breach is entitled, whether or not actual damage or loss is proved to have been caused thereby, to receive from the party who has broken the contract reasonable compensation not exceeding the amount so named or, as the case may be, the penalty stipulated for."

၁၉၇၂

ဒေါ်ကျင်ဥ နှင့် ဦးညွန့်မောင်။

ဤအမှုအကြောင်းအရာများအရ ငွေ ၁၇,၉၀၀ ကျပ်ကိုတရားပြိုင်က ချက်ခြင်းပြန်မပေးနိုင်ခဲ့ကြောင်း တွေ့မြင်ရသည်။ တရားလိုက တရားပြိုင်အား လိုက်လျော၍ ငွေများအလီလီပေးထားပါသျက် ဆက်လက်မလိုက်လျောသဖြင့်သာ တရားပြိုင်အချိန်မှီ မပြီးစီးနိုင်ခဲ့ခြင်းဖြစ်သည်။ တရားဥပဒေအရ၊ စာချုပ်စည်းကမ်းချက်များအရ ငွေ ၁၀,၀၀၀ ကျပ် ထက်ပိုပေးရန်တရားလို၌ တာဝန်မရှိသော်လည်း ယင်းသို့ငွေကြေး ထုတ်ပေးမှုကိုရပ်စဲခဲ့ခြင်းကို ထောက်ရှု၍၎င်း၊ ထိုငွေကို မသုံးစွဲနိုင်ခဲ့သော နစ်နာမှုသာရှိခဲ့၍ ထိုငွေပြန်ရရန်ချက်ခြင်း တရားစွဲနိုင်ပါလျက်နှင့် မစွဲဘဲနေခြင်းကိုထောက်ရှု၍၎င်း ပဋိညာဉ် ဥပဒေပုဒ်မ ၇၄ အရ၊ လျော်ကြေးကို ငွေ ၁,၀၀၀ ကျပ် သတ်မှတ်လိုက်သည်။ ထိုလျော်ကြေးငွေ ၁,၀၀၀ ကျပ် (တထောင်ကျပ်) အပေါ်တွင် အတိုးမရှိဟုသဘောမှတ်လိုက်သည်။ မူလရုံးက ဒီကရီဘွင် ပြန်အမ်းရန်ငွေ ၁၇,၉၀၀ ကျပ် အတွက် ဒီကရီချမှတ်သည့်နေ့မှစ၍ ၆ ရာခိုင်နှုန်းနှစ်စဉ် အတိုးပေးရန်ပါရှိသည်။ ထိုဒီကရီမှတရားပြိုင် (အယူခံတရားပြိုင်) ကအယူခံဝင်မထားပေ။

အထက်ဖေါ်ပြပါအကြောင်းများကြောင့်၊ တရားပြိုင် (အယူခံတရားပြိုင်) က တရားလို (အယူခံတရားလို) ကို ငွေ ၁၇,၉၀၀ ကျပ် နှင့် မူလရုံးက ဒီကရီချသည့်နေ့မှစ၍အတိုးတနှစ်ငွေ ၁၀၀ ကျပ်လျှင် ၆ ကျပ် ဝိုးငွေပေးရမည့်အပြင် လျော်ကြေးအနေနှင့် တရားပြိုင်(အယူခံတရားပြိုင်)ကတရားလို(အယူခံတရားလို)သို့ ကျပ်ငွေ ၁,၀၀၀ (တထောင်ကျပ်) ပေးရမည်ဟုမူလရုံး ဒီကရီကို ပြင်ဆင်အတည်ပြု၍ ဒီကရီချမှတ်သည်။

သို့ဖြစ်၍၊ မူလရုံးဒီကရီငွေအပြင်၊ ငွေ ၁,၀၀၀ ကျပ်(အတိုးမရှိ) အတွက် အယူခံကိုခွင့်ပြုသည်။ မူလရုံးနှင့် အယူခံရုံး တရားစရိတ်များကို အမှုသည်များ အချိုးစားအလိုက်ကျခံစေရန်အမိန့်ချမှတ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမ အထွေထွေ အယူခံမှု

တရားသူကြီး ဦးလှသင်း နှင့် တရားသူကြီး ဦးသန်းအောင်တို့ ရှေ့တွင်

† ၁၉၇၂ ဖေဖော်ဝါရီလ ၂၅ ရက်။

အမ်၊ အယ်(လ်)၊ ချာကရာဘာတီ

နှင့်

ဂျေ၊ အယ်(လ်)၊ မူဟူရီ*

ပစ္စည်း ဟူသော စကား၏ အဓိပ္ပါယ်—တရားမ ကျင့်ထုံး အမိန့် ၃၉၊ နည်း ဥပဒေ ၁ တွင် ပစ္စည်း ဟူသော စကားကို အထူး အဓိပ္ပါယ် သတ်မှတ်ထားချက် မရှိခြင်း—ပစ္စည်း ဟူသော စကားကို သဘာဝကျ၍ တိုက်ရိုက်ဖြစ်သော အဓိပ္ပါယ်ကို ကောက်ယူရမည် ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။တရားမ ကျင့်ထုံး အမိန့် ၃၉၊ နည်းဥပဒေ ၁ တွင် ပစ္စည်း (Property) ဟူသော စကားကို အထူး အဓိပ္ပါယ် သတ်မှတ်ထားခြင်း မရှိ၍ ပစ္စည်းဟူသော စကားကို သဘာဝကျသော အဓိပ္ပါယ်ကောက်ယူချက်၊ တိုက်ရိုက် အဓိပ္ပါယ်ကို ကောက်ယူချက်ပြုရမည်ဖြစ်သည်။

အယူခံတရားလိုအတွက်။ ။တရားရုံးချုပ်ရှေ့နေ မစ္စတာ ရိရှီရမ်။

အယူခံတရားခံအတွက်။ ။တရားရုံးချုပ် ရှေ့နေ ဒေါက်တာ ဦးမောင်နှင့် မစ္စတာ ဘီ၊ ကေ၊ ဆင်း။

တရားသူကြီး ဦးသန်းအောင်။ ။အယူခံ တရားလိုအပေါ်တွင် အယူခံ တရားပြိုင်က၊ ရန်ကုန်မြို့၊တရားမ တရားရုံး၌ တရားမ ကြီးမှုအမှတ် ၃၆၄/၇၁ တွင် တရားစွဲဆိုထား၏။ ထိုအမှုတွင် အယူခံတရားပြိုင် (တရားလို) တောင်းဆိုထားသော သက်သာခွင့်များသည် အောက်ပါအတိုင်းဖြစ်သည်။

"WHEREFORE the plaintiff prays (1) for a declaration that he as the Managing Trustee of Sri Sri Durga Bari Temple, 307, Bo Aung Gyaw Street, Rangoon, has with the consent of his co-trustees the right to manage and control the affairs of the Temple and (2) perpetual injunction

---

* ၁၉၇၁ ခုနှစ်၊ တရားမ အထွေထွေ အယူခံမှု အမှတ် ၅၃။

† ၁၉၇၁ ခုနှစ်၊ တရားမ ကြီးမှု အမှတ် ၃၆၄ တွင် ရန်ကုန်မြို့၊ တရားမရုံးတရားသူကြီးချုပ်၏ ချမှတ်သော အမိန့်ကို အယူခံဝင်မှု။

restraining the Defendant from interfering with or obstructing his duly appointed successor in the performance of the office of the priest to the Temple and (3) costs of the suit and (4) such other reliefs as are appropriate. "

၁၉၇၂
အမ်၊အယ်(လ်)၊ ချကရာဘာတီ
နှင့်
ဂျေ၊အယ်(လ်)၊ မူဟူရီ။

အယူခံ တရားပြိုင်သည် အမှုအတောအတွင်း ယာယီတားဝရမ်း (Temporary Injunction) တောင်းဆိုခဲ့၏၊ ထိုလျှောက်လွှာမှာ အောက်ပါအတိုင်း ဖြစ်သည်။

Application under section 39, *Rule* 1 *of Civil Procedure Code*

The Plaintiff abovenamed, Respectfully Sheweth :

For facts and reasons set out in the annexed affidavit, petitioner prays that a temporary injunction against the Defendant be issued restraining the Defendant from interfering, disturbing, obstructing Defendant's duly appointed successor in the performance of the office of the Head Priest of Sri Sri Durga Bari Temple, 307, Bo Aung Gyaw Street, Rangoon and pending hearing of this application an *ad-interim* injunction *ex-part* be issued forthwith."

တရားသူကြီးက တဘက်သတ်ကြားဖြတ်ယာယီ တားဝရမ်း ထုတ်ပေးရန် အမိန့်ချမှတ်ခဲ့၏။ထိုတားဝါရမ်းမှာ အောက်ပါအတိုင်းဖြစ်သည်။

" To

The Defendant,

Upon motion made unto this Court by Dr. E Maung, Advocate for the Plaintiff (J. L. Muhury, Managing Trustee, Sri Sri Durga Bari Hindu Temple) and upon reading the plaint filed in this Court on the 13th day of October 1971 along with the petition and the affidavit of the said Plaintiff.

This Court doth order that an Injunction be awarded restraining you (the Defendant, M.L. Chakraborty) from interfering, disturbing, obstructing your duly appointed successor in the performance of the office of the Head Priest of Sri Sri Durga Bari Temple, 307, Bo Aung Gyaw Street, Rangoon until further order of this Court."

၁၉၇၂ မှုလရုံးတရားပြိုင် (အယူခံတရားလို) အပေါ် ၁၉၇၁ ခု၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် တဘက်သတ်အမိန့် ချမှတ်၍ ကြားဖြတ်တားဝရမ်းကို အတည်ပြုခဲ့သည်။

အမ်၊အယ်(လ်)၊ ချာကရာ ဘာတီ နှင့် ဂျေ၊အယ်(လ်)၊ မူယာရီ။

ထိုအမိန့်မှ ယခု အယူခံဝင်ခြင်းဖြစ်သည်။

အယူခံဝင်ရာ၌ အယူခံ တရားလို၏ တရားရုံးချုပ်ရှေ့နေ မစ္စတာ ရိရှိရမ်က မူလရုံး၏ ကြားဖြတ်အမိန့်နှင့် ထုတ်ဆင့်ထားသော ယာယီတားဝရမ်းသည် ဥပဒေနှင့် မညီညွတ်ဘဲ တရားမဝင်သဖြင့် ထိုတားဝရမ်းကို အတည်ပြုလိုက်ခြင်းဖြင့် ယခုတည် လျက်ရှိနေသော တားဝရမ်း ထုတ်ထားသည့် အမိန့်သည်လည်း ဥပဒေနှင့် ညီညွတ် ခြင်းမရှိ၍ တရားမဝင်သဖြင့် ဤအယူခံရုံးက ပယ်ဖျက်ပေးရန် လျှောက်ထားသည်။ အယူခံတရားပြိုင်၏ တရားရုံးချုပ်ရှေ့နေ ဒေါက်တာ ဦးမောင်က အယူခံဝင်သည့် အမိန့်ချမှတ်သည့် နေ့အထိ အယူခံတရားလိုသည် တန်ပြန်ကျမ်းကျိန်ချက် တင်ထား ခြင်းမရှိသေးသဖြင့် မူလရုံးက တဘက်သတ် ကြားနာပြီး အတည်ပြုလိုက်ခြင်း ဖြစ်ရာ ယခုအခါ၌ မှန်သည် မှားသည် စဉ်းစားရန် မဟုတ်သေး၊ မူလရုံး၌ ဆက်လက်အမှုဆိုင် လျှင်၊ မူလရုံးက စဉ်းစား ဆုံးဖြတ်ရဦးမည်ဖြစ်သည်၊ ထို့ပြင် ပစ္စည်းနှင့် ပတ်သက်၍၊ ပျက်စီးမှုရှိမည် စိုးရိမ်ရသဖြင့် တရားရုံးက မိမိ၏ ဆင်ခြင်တုံတရားအရ ဆုံးဖြတ်ထား ခြင်းဖြစ်ရာ၊ အယူခံရုံးအနေနှင့် ဝင်ရောက်စွက်ဖက်ရန် မထိုက်ကြောင်း၊ ယာယီ တားဝရမ်းကို မူလရုံးက တရားမ ကျင့်ထုံး အမိန့် ၃၉၊ နည်းဥပဒေ ၁ နှင့်ဖြစ်စေ၊ သို့မဟုတ် နည်းဥပဒေ ၂ နှင့်ဖြစ်စေ ထုတ်ပေးနိုင်သော အာဏာရှိနေ၍ ၎င်း၏ အာဏာအတွင်း၌ ဆောင်ရွက်ပြီး ယာယီ တားဝရမ်း ထုတ်ထားခြင်းသာဖြစ်ကြောင်း လျှောက်လဲသွားသည်။

ယာယီ တားဝရမ်းပေးခြင်း၊ သို့မဟုတ် ပေးရန် ငြင်းပယ်ခြင်း၊ အမိန့်တို့မှ အယူခံဝင်ရာ၌ အယူခံရုံးအနေနှင့် မူလရုံး၏ ဆင်ခြင်တုံတရားနှင့် ချင့်ချိန်၍ ဆုံးဖြတ် ထားချက် တစုံတရာသည် ဥပဒေနှင့် ညီညွတ်နေလျှင် ဝင်ရောက်စွက်ဖက်ရန် မရှိပေ။ မူလရုံးက ဆင်ခြင်တုံတရားနှင့် ချင့်ချိန်ရာ၌ မှားယွင်းသော ဥပဒေ မူတရပ်အပေါ် မှီငြမ်း၍ ဆုံးဖြတ်ခဲ့လျှင်၊ သို့မဟုတ် တရားလက်မဲ့ ထင်ရာစိုင်း၍ တဘက်စောင်းနင်း ဆုံးဖြတ်ခဲ့လျှင် အယူခံရုံးက ဝင်ရောက်စွက်ဖက်လေ့ရှိသည်။

အယူခံရုံးက မှန်ကန်ခိုင်မာသော ဥပဒေမူများနှင့် လျော်ညီစွာ မိမိ၏ ဆင်ခြင်တုံ တရားကို သုံးစွဲ၍ မူလရုံး၏ ယာယီတားဝရမ်း အမိန့်များကို ပယ်ဖျက်ခြင်း၊ ပြင်ဆင် ခြင်းတို့ ပြုလုပ်နိုင်သည်။

ဂျေဗွီး နှင့် အဲယ်၊ ကော၊ အိုင်(လ်)၊ ရာဗူးနိုင်ဒူး တို့အမှု(၁)တွင် တရားလွှတ်တော်ချုပ်က ဤသို့သုံးသပ်ထား၏။ ၁၉၇၂ / အမ်၊အယ်(လ်)၊ ချာကရာ အာသတိ နှင့် ဝေျ၊အယ်(လ်)၊ မူဟာရှီ။

" What is involved is whether discretion on sound judicial principles has been exercised by the High Court in reversing the order of the Civil Court. We have no doubt in our minds that it has."

ဦးအောင် နှင့် သာခုဖလင် ပရိဒတ်ရှင်း အမှု (နိုင်ငံတော် တရားရုံးချုပ် တရားမ အထွေထွေ အယူခံမှုအမှတ် ၂၈/၆၆)တွင် နိုင်ငံတော် တရားရုံးချုပ် တရားသူကြီးချုပ်က ဤသို့မြွက်ဟထား၏။

"တရားလိုက လျှောက်ထားခဲ့သော ယာယီတားဝရမ်း အမိန့်မျိုးကို ထုတ်ပေးရန်သင့် မသင့်ကို မူလရုံးက ကိုယ်ပိုင်ဥာဏ်ဖြင့် ထောက်ချင့်၍ စဉ်းစားဆုံးဖြတ်ရသည်။ အကြောင်းအချက်များအရ တရားမျှတမှုနှင့်အညီ ပေးသင့်မှ ပေးရသော အခွင့်အရေးမျိုး ဖြစ်သည်။ ဥပဒေအရ မပေးမနေရသော အမိန့်မျိုး မဟုတ်ချေ။ ထို့ကြောင့် မူလရုံးကအကြောင်းအကျိုး၊ ဥပဒေနှင့် စီရင်ထုံးများကို ကောင်းစွာ စဉ်းစားပြီးနောက် ကိုယ်ပိုင်ဥာဏ်ဖြင့် ချိန်ဆ၍ ဆုံးဖြတ်ထားသည်ကို ဤရုံးက လေးလေးနက်နက် မစဉ်းစားဘဲ စွက်ဖက်ပြင်ဆင်ရန် မဟုတ်ချေ"။

မူလရုံးက တရားမ ကျင့်ထုံးအမိန့် ၃၉၊ နည်းဥပဒေ (၁)အရ၊ ယာယီတားဝရမ်း ထုတ်ဆင့်ပေးထားသည်၊ ထိုနည်းဥပဒေ ပြဋ္ဌာန်းချက်မှာ အောက်ပါအတိုင်း ဖြစ်သည်။

" 1. Where in any suit it is proved by affidavit or otherwise :—

(*a*) that any property in dispute in a suit is in danger of being wasted, damaged or alienated by any party to the suit, or

* * * * *

the Court may by order grant a temporary injunction to restrain such act, or make such other order for the purpose of staying and preventing the wasting, damaging, alienation, sale, removal or disposition, of the property as the Court thinks fit, until the disposal of the suit or until further orders."

(၁) ၁၉၅၅ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး (တရားလွှတ်တော်ချုပ်) ၈၁။

၁၉၅၂

အမိန့်အေယ်(လ်)၊ ချာကရာဘာဝတီ နှင့် ဂျေ၊အေယ်(လ်)၊ မူဟာရီ။

အမှုတွင် အငြင်းပွါးလျက်ရှိသော ပစ္စည်းကို အမှုသည် တဦးဦးက ဖြုန်းတီးခြင်း၊ ဖျက်ဆီးခြင်း၊ လွှဲပေးခြင်း ပြုလုပ်လိမ့်မည်ဟု စိုးရိမ်စရာ အကြောင်းရှိလျှင် ယင်းကဲ့သို့ မပြုလုပ်ရန် တရားရုံးက ယာယီတားဝရမ်း ထုတ်ပေးနိုင်သည်။

လေးသိန်းထရေဒင် ကုမ္ပဏီလီမိတက် နှင့် ဦးခင်မောင်ကြီး(ခေါ်)ဟာရှင်အီဗရာဟင် အမှု(၂)၌ တရားမ ကျင့်ထုံးအမိန့် ၃၉၊ နည်းဥပဒေ ၁ နှင့်ပတ်သက်၍ ဤသို့သုံးသပ်ထား၏။

"နောက်တဆင့် စဉ်းစားရမည့် ပြဿနာမှာ ယာယီ တားဝရမ်းကို တရားခံများအပေါ် ထုတ်ဆင့်သင့်၊ မသင့် ဆိုခြင်းပင် ဖြစ်သည်။ တရားမ ကျင့်ထုံးအမိန့် ၃၉၊ နည်းဥပဒေ ၁ အရဆိုလျှင် (က) အငြင်းပွါးနေသည့် ပစ္စည်းကို အမှုသည် တဦးဦးက သုံးဖြုန်းပစ်လိမ့်မည်၊ ဖျက်ဆီးလိမ့်မည်၊ သို့မဟုတ် လွှဲပြောင်းလိမ့်မည်ဟု စိုးရိမ်မကင်း သော်၎င်း၊ (ခ) တရားခံက ၎င်း၏ မြီရှင်များအား လိမ်လည်ရန် အကြံဖြင့် ၎င်း၏ပစ္စည်းကို ရွှေ့ပြောင်းရောင်းချခြင်း ပြုလုပ်ရန် ခြိမ်းခြောက်လျှင်သော်၎င်း ယာယီ တားဝရမ်းကို ထုတ်ဆင့်နိုင်ပေသည်။

* * * *

အမိန့် ၃၉၊ နည်းဥပဒေ ၁ နှင့် ညီညွတ်လျှင် ယာယီတားဝရမ်း ထုတ်ပေးရန် တောင်းဆိုနိုင်ပေသည်။ အဆိုပါ ပြဋ္ဌာန်းချက်များနှင့် မညီညွတ်ဘဲ စီရင်ချက်မချမီ ပစ္စည်းယာယီ တားဝရမ်း ထုတ်ဆင့်ရန် အကြောင်းမရှိပေ။ ဤကိစ္စနှင့်ပတ်သက်၍ ဒူဂါဒတ် (စ) နှင့် နာကင်ချန်ဒရာနန်းဒန် (၃) အမှုပါ အောက်ပါ မိန့်မြွက်ချက်ကိုသဝရည်ညွှန်းလိုပေသည်။

"Finally neither injunction nor attachment ought to be lightly granted. It would be a serious thing if persons in possession were restrained from making use of the property merely because a suit had been instituted about it. It is only where it is essential that property should be kept, in its existing condition pending suit, that the Court should interfere."

ယခုအမှုတွင် ပထမစဉ်းစားရမည့် အချက်မှာ အယူခံတရားလိုသည် အမှုတွင် အငြင်းပွါးလျက်ရှိသော ပစ္စည်းကို ဖြုန်းတီးမှု၊ ဖျက်ဆီးမှု၊ လွှဲပေးမှု ပြုမည်ဟု

---

(၂) အေ၊အိုင်၊အာရ်၊ (၁၉၃၄) ကာလကတ္တား၊ ၆၅၄ (၆၉၈)။

(၃) ၁၉၅၇ ချုပ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၁၀၄။

၁၉၇၂
အမ်၊အေယ်(ရုံ)၊ ချာကရာ ဘာတီ နှင့် ရေဂျ၊အေယ်(လ်)၊ မှုဟုရီ။

ရိုးရိုးမှုမကျင်း ရှိနိုင်စရာအကြောင်း ရှိ မရှိပင် ဖြစ်သည်။ ယင်းသို့ စဉ်းစားသည့် အခါ၌ တရားမ ကြီးမှုတွင် အငြင်းပွါးသော ပစ္စည်းရှိ မရှိ၊ ရှိလျှင် မည်သည့်ပစ္စည်းဖြစ်သည်ကို ဆင်ခြင်ရမည်။

အယူခံ တရားလို၏ တရားရုံးချုပ် ရှေ့နေက ယာယီတားဝရမ်း ထုတ်ထားချက်သည် အငြင်းပွါးသော ပစ္စည်းနှင့် သက်ဆိုင်မှု မရှိဟုဆို၏၊ အယူခံ တရားပြိုင်၏ တရားရုံးချုပ် ရှေ့နေက အငြင်းပွါးသည့်ပစ္စည်းသည် တရားလို (အယူခံတရားပြိုင်)၏ ယုံကြည်အပ်နှံမှု (trust) ကိုစီမံအုပ်ချုပ်ပိုင်ခွင့် (right as managing trustee to manage and control the trust.) ဖြစ်သည်ဟု ချေပလျှောက်လဲခဲ့၏။

အယူခံ တရားလို၏ တရားရုံးချုပ် ရှေ့နေက အယူခံတရားပြိုင်သည် ယခုအမှုတွင် တရားစွဲဆို ထားသည့်အတိုင်း တရားစွဲဆိုနိုင်ခွင့် မရှိကြောင်း လျှောက်လဲသွား၏၊ ဤပြဿနာမှာ ယခုအယူခံတွင် အပြီးအပြတ် ဆုံးဖြတ်ရန် မလိုသေးပေ၊ သို့သော် **ကာလီဖါအမ်၊အက်စ၊အေ၊ဂါနီ နှင့် မိုဟာမက်အီဘရာဟင်၊**အမှု(၄) အမှု၌တရားလိုဖြစ်သူတို့သည် တရားဝင် ဂေါပကလူကြီးများ ဖြစ်ကြောင်း၊ ယုံကြည်အပ်နှံခြင်း (trust) ကို ကြီးကြပ် အုပ်ချုပ်ပိုင်ခွင့် ရှိကြောင်း မြွက်ဟဒီကရီ တောင်းခဲ့၏။ ထိုအမှုသည် သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၄၂ နှင့် အကျုံးဝင်သော အမှုဖြစ်သည်ဟု ဆုံးဖြတ်ထား၏။

ဂေါပကလူကြီးများ (trustees)တွင် **ယုံကြည်** အပ်နှံခြင်းဆိုင်ရာ ပစ္စည်းအားလုံး၌ ပိုင်ဆိုင်မှု ရှိနေသည်၊ (vested) **ဂေါပက လူကြီးသစ်များကို တရားဝင်** ခန့်ထားလျှင် ၎င်းတို့တွင် ယုံကြည်အပ်နှံခြင်းဆိုင်ရာ **ပစ္စည်းအားလုံး၌ ပိုင်ဆိုင်မှု** ရောက်ရှိ (vested) လာတော့၏၊ **ကာလီဖါအမ်၊အက်စ၊အေ၊ဂါနီ၊ အမှုစီရင်ထုံးကို** ကြည့်ပါ၊ တရားရုံးက ဂေါပကလူကြီးများကို ဖယ်ရှား၍ ဂေါပကလူကြီးသစ် ခန့်ထားပြီး ယုံကြည်အပ်နှံခြင်းဆိုင်ရာ ပစ္စည်းများကို ပိုင်ဆိုင်မှု ရောက်စေရန် ပြုသည့်အခါအထိ မူလဂေါပက လူကြီးများက ၎င်းယုံကြည် အပ်နှံခြင်းဆိုင်ရာ ပစ္စည်းများ၌ ပိုင်ဆိုင်မှု ရှိနေသေးသည်ဟု **ဂျန်ဆင်ဖိုးမင်း နှင့် ဥအိုအမှု၊**(၅) စီရင်ထုံးတွင် ဆိုထား၏။ အကယ်၍ အယူခံတရားပြိုင်သည် တရားဝင် ဂေါပက လူကြီးဖြစ်လျှင် ဘုရားကျောင်း၏ ဘုန်းကြီးကို ခန့်ထားခြင်း၊ထုတ်ပယ်ခြင်း ပြုနိုင်မည်ဖြစ်သည်။ **မူလာနာ မိုဟာမက် အဘတ်ရ် နှင့် မိုဟာမက်အီစွတ်ပါ ၉၊** အမှု (နိုင်ငံတော် တရားရုံးချုပ်က ၁၉၇၀ ခုနှစ်၊ တရားမ အထွေထွေ မှုအမှတ် ၃၁) ကိုကြည့်ပါ။

---

(၄) ရန်ကုန်စီရင်ထုံး၊ အတွဲ ၉၊ ၄၅၉။
(၅) ရန်ကုန် စီရင်ထုံး၊ အတွဲ ၁၀၊ ၃၄၂။

၁၉၇၂

အမ်၊ အယ်(လ်)၊ ချာကရာ ဘာသီ နှင့် ဂျေ၊ အယ်(လ်)၊ မူဟာရှိ။

တဖန် တရားမ ကျင့်ထုံးအမိန့် ၃၉၊ နည်းဥပဒေ ၂ တွင်မူ ဤသို့ပြဋ္ဌာန်းထား၏။

" 2. (1) In any suit for restraining the defendant from committing a breach of contract or other injury of any kind, whether compensation is claimed in the suit or not, the plaintiff may, at any time after the commencement of the suit, and eithr before or after judgment, apply to the Court for a temporary injunction to restrain the defendant from committing the breach of contract or injury complained of, or any breach of contract or injury of a like kind arising out of the same contract or relating to the same property or right.

(2) The Court may by order grant such injunction, on such terms as to the duration of the injunction, keeping an account, giving security, or otherwise as the Court thinks fit."

တရားပြိုင်အား ပဋိညာဉ် ချိုးဖောက်ခြင်းကို တားမြစ်ပေးရန် စွဲဆိုသော အမှုနှင့် အခြားနစ်နာစေမှု ပြုခြင်းကို တားမြစ်ပေးရန် အမှုများ၌ အမှုစွဲပြီးနောက် စီရင်ချက်မချမီ အတောအတွင်း ထိုသို့စွဲဆိုသည့်အတိုင်း ပဋိညာဉ် ချိုးဖောက်ခြင်း၊ သို့မဟုတ် နစ်နာစေမှု ပြုလုပ်ခြင်းကို တားမြစ်ရန် ယာယီတားဝရမ်းကို တရားလိုက လျှောက်တောင်းနိုင်ခွင့် ရှိသည်။ ထို့ကြောင့် ထာဝစဉ် တားဝရမ်းစွဲဆိုသော အမှုများ၌သာ အမိန့် ၃၉၊ နည်းဥပဒေ ၂ အရ၊ ယာယီတားဝရမ်းကို တရားလိုသို့ ရုံးကထုတ်ပေးနိုင်သည်။ ယခုအမှုတွင် အဆိုလွှာ၌ ထာဝစဉ် တားဝါရမ်း တောင်းဆိုထားသည်ဖြစ်၍ တရားမ တရားရုံးက တရားမ ကျင့်ထုံးအမိန့် ၃၉၊ နည်းဥပဒေ ၂ အရ၊ ယာယီတားဝရမ်း ထုတ်ပေးနိုင်သော အာဏာလည်း ရှိသည်ကို တွေ့ရ၏။

ဤအယူခံတွင် ပထမ စဉ်းစားရမည်မှာ မူလရုံးက ထုတ်ဆင့်ထားသော ယာယီတားဝရမ်း အမိန့်သည် တရားမကျင့်ထုံးအမိန့် ၃၉၊ နည်းဥပဒေ ၁ နှင့် ထုတ်ပေးထားကြောင်း ဖော်ပြထားရာ ယင်းနည်းဥပဒေနှင့် အကျုံးဝင် မဝင်သော ဖြစ်သည်။ ဆုံးဖြတ်ပြီးသော ပစ္စည်းဟူသော စကားရပ်တွင် ပစ္စည်း (**property**) ဟူသော စကားကို မည်သို့အဓိပ္ပါယ် ကောက်ယူရမည်ကို ဆုံးဖြတ်ရန်လိုသည်။ တရားမ ကျင့်ထုံး ဥပဒေတွင် ပစ္စည်းဟူသော စကား၏ အဓိပ္ပါယ်ကို ပြဋ္ဌာန်းထားခြင်း မရှိပေ၊ အချို့ ဥပဒေများ၌ ပစ္စည်းဟူသော စကား၏အဓိပ္ပါယ်ကို ကန့်သတ်၍ ပြဋ္ဌာန်းထားသည်။ ဥပမာပြရသော် လူမှုဆိုင်ရာ အက်ဥပဒေများတွင် သီးခြားအဓိပ္ပါယ် ပြဋ္ဌာန်း၍ ပစ္စည်းဟူသော စကား၏ ကျယ်ပြန့်မှုကို ကန့်သတ်ထားသည်ကို တွေ့ရ၏။

တရားမ ကျင့်ထုံးအမိန့် ၃၉၊ နည်းဥပဒေ ၁ တွင် ပစ္စည်း (property) ဟူသော စကားကို အထူးအဓိပ္ပါယ် သတ်မှတ်ထားခြင်း မရှိ၍ ပစ္စည်းဟူသော စကားကို သဘာဝကျသော အဓိပ္ပါယ် ကောက်ယူချက်၊ တိုက်ရိုက်အဓိပ္ပါယ်ကို ကောက်ယူချက် ပြုရမည်ဖြစ်သည်။

၁၉၇၂

အမ်၊အယ်(လ်)၊ ချာကရာ ဘာတီ နှင့် ဂျေ၊အယ်(လ်)၊ မူဟူရီ။

ကျောက်ဆည်မ နှင့် အပွနားချာရန် (၆) တို့အမှုတွင်အဓိပ္ပါယ်ကောက်ရန် ဥပဒေ မူတရပ်ကို ဤသို့ချမှတ်ထား၏။

> "In my judgment the safest and correct canon of interpretation to follow is that which enjoins that the words of an enactment must be read in their natural meaning. . ."

မက်စဝဲရေးသားသော ဥပဒေ ပြဋ္ဌာန်းချက်များကို အဓိပ္ပါယ် ကောက်ယူပုံ အမည်ပါသော စာအုပ် (၁၀ ကြိမ်မြောက် ရိုက်နှိပ်ခြင်း၊ စာမျက်နှာ ၃)တွင် ဤသို့ သုံးသပ်ထား၏။

> "The first and most elementary rule of construction is that it is to be assumed that the words and phrases of technical legislation are used in their technical meaning if they have acquired one, and, otherwise, in their ordinary meaning ;. . ."

စထရောက်၏ တရားဥပဒေ အဘိဓါန်၌ ပစ္စည်းနှင့် ပတ်သက်၍ တရားရုံးများက အဓိပ္ပါယ်ကောက်ယူပုံကို ဤသို့ ဖေါ်ပြထား၏။

> "PROPERTY. (1) 'Property' is the generic term for all that a person has dominion over . . . .
>
> (3) 'Property' is the most comprehensive of all terms which can be used, inasmuch as it is indicative and descriptive of every possible interest which the party can have."

ပစ္စည်းနှစ်မျိုးရှိသည်။ ဒြပ်ရှိသောပစ္စည်း၊ (corporeal)၊ ဒြပ်မရှိသောပစ္စည်း (incorporeal) တို့ဖြစ်သည်။ ဒြပ်မရှိသောပစ္စည်းများတွင် ပိုင်ဆိုင်ခွင့်များ (jura in re propria) နှင့်လုပ်ပိုင်ခွင့်များ (jura in re aliena) တို့ ပါဝင်သည်။ ပိုင်ဆိုင်ခွင့်အပြည့်အစုံ [illegible]ည်းဟုခေါ်နိုင်သော ပိုင်ဆိုင်ခွင့်တို့ကို ဥပမာပေးရလျှင်၊ ကုန်တံဆိပ်သုံးစွဲပိုင်ခွင့်များ

---

(၆) အောက်မြန်မာပြည်စီရင်ထုံး၊ အတွဲ ၁၀၊ ၃၂၆။

Stroud's *Judicial Dictionary* (Third Edition)

၁၉၇၂

အမ်၊အယ်(လ်)၊ ချာကရာ ဘာတီ နှင့် ဂျေ၊အယ(လ်)၊ မူဟူရီ။

(trademark rights) တံဆိပ်ထွင်မှုဆိုင်ရာ ကန့်သတ်ပိုင်ခွင့်များ (patent rights နှင့် မူပိုင်ခွင့်များ (copyrights) တို့ပါဝင်သည်။ ပစ္စည်းဟု ခေါ်နိုင်သေ လုပ်ပိုင်ခွင့်များကို ဥပမာ ပေးရလျှင်၊ အငှါးချထားခြင်း၊ (leases) အပေ ပြုခြင်း (mortgages) နှင့်ယုံကြည်အပ်နှံခြင်း (trusts) တို့ပါဝင်သည်။

တရားမ ကျင့်ထုံး အမိန့် ၃၉၊ နည်းဥပဒေ ၁ ၏ အပိုဒ်ခွဲ (က) နှင့် (ခ)တို့ ကြည့်သည့်အခါ၌ ဒြပ်ရှိသောပစ္စည်းများကိုသာ ရည်ညွှန်းသည်ဟု ထင်ရှားစွာမ လွင်ပေ။ ထိုအမိန့်တွင် ပစ္စည်း (property) ဟူ၍သာ ရေးသားထားသ ကန့်သတ်သမှုပြုသော အခြားစကားရပ်များလည်း မပါဝင်သောကြောင့် ပစ္စ ဟူသောစကားကို ဥပဒေတွင်သာမန်အားဖြင့် သုံးစွဲသည့်အတိုင်းကျယ်ပြန့်စွာအဓိ မကောက်ယူနိုင်ကြောင်း ထင်ရှားစွာမပေါ်လွင်ပေ။

တရားလိုက မြွက်ဟဒီကရီသာ ချမှတ်ပေးရန် တောင်းဆိုသောအမှုမျိုး၌ တ ကျင့်ထုံးအမိန့် ၃၉၊ နည်းဥပဒေ ၁ အရ ယာယီတားဝရမ်းထုတ်နိုင်သည်။ သို့ တရားပြိုင် (အယူခံတရားလို) သည် ဟိန္ဒူဘုရားရှိခိုးကျောင်း (စရိစရိဒါဂါဘ နှင့်သက်ဆိုင်သော ကြီးကြပ်အုပ်ချုပ်သူ ဂေါပကလူကြီးအနေနှင့် တရားလို၏လ ခွင့်ကို ဖျက်ဆီးရာရောက်လျှင် ယာယီတားဝရမ်း ထုတ်နိုင်သည်ဟုဆိုနိုင်၏။

မူလရုံးက တရားမ ကျင့်ထုံးအမိန့် ၃၉၊ နည်းဥပဒေ ၁ အရ တားဝရမ်းထု ထားခြင်းသည် တရားဥပဒေအရ ထင်ရှားစွာ မှားယွင်းချတ်ချော်နေသည် နိုင်ချေ။ သို့သော်၊ ထိုတရားမ ကျင့်ထုံးအမိန့် ၃၉၊ နည်းဥပဒေ ၁ တွင် (property) ဟူသော စကားရပ်တွင်၊ တရားပြိုင် လက်ထဲ၌ရှိသော ပစ္စည်းများသာ အကျုံးဝင်သည်ဟု အချို့ဥပဒေပညာရှင်များက ဆိုထား၏။

တရားမ ကျင့်ထုံးအမိန့် ၃၉၊ နည်းဥပဒေ ၁ တွင်ပါရှိသောပစ္စည်းဟူသောစ ပတ်သက်၍ **မညွန့်မေ နှင့် ကိုကျော်သိန်း**အမှု (၇) တွင်လည်း ဤသို့ဆွေးနွေး

"ထိုလျှောက်လွှာနှင့်ပတ်သက်၍၊ နှစ်ဦးနှစ်ဘက်တင်သွင်းခဲ့သည့် က ဆိုချက်များကို ဝေဖန်စဉ်းစားရာဝယ်၊ စစ်ဆေးသူပညာရှိ တရားမ တရ ချုပ်က၊ အယူခံတရားလိုများ စွဲဆိုခဲ့သောအမှုတွင်၊ တောင်းဆိုသည့် ခွင့်များမှာ (၁) သက်သေခံအမှတ် (က) (ခ) စာချုပ်များသည် တရ ပိုင်ဆိုင်သော လေးပုံသုံးပုံအစုကို မထိခိုက်ကြောင်း အတိအလင်း ပေးပြီးနောက်၊ (၂) ၁၉၅၉ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့က တရားခံမျ သော ရောင်း၊ ပေါင် စာချုပ်များသည်၊ ပျက်ပြယ်ကြောင်း **အ**

---

(၇) ၁၉၆၃ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၂၈၂။

ကျေညာပေးရန်သာဖြစ်သဖြင့် အချင်းဖြစ်ပစ္စည်း အထည်ဒြပ်နှင့်ပတ်သက်၍ အခွင့်အရေးတောင်းဆိုခြင်းမဟုတ်၊ အယူခံတရားလိုများ ပစ္စည်းတွင် ရခွင့်ရထိုက်ကိုသာမြွက်ဟကျေညာစေရန် လျှောက်ထားသောကြောင့်၊ တရားမကျင့်ထုံးဥပဒေအမိန့် ၃၉၊ နည်းဥပဒေ ၁ တွင် အကျုံးမဝင်ဆိုပြီး အယူခံတရားလိုများ၏ လျှောက်လွှာကို စရိတ်နှင့်ပါယ်လိုက်သည်။

၁၉၇၂

အမ်၊အယ်(လ်)၊ ချာကရာဘာတီ နှင့် ဂျေ၊အယ်(လ်)၊ မူဟူရီ။

*　　*　　*　　*

*　　*　　*　　*

အယူခံတရားလိုများ စွဲဆိုခဲ့သည့်အမှုကိုကြည့်ရှုမူ၊အခင်းဖြစ်အိမ်နှင့် အိမ်ယာမြေ၏ပိုင်ရှင်များမှာ၊ အယူခံတရားလိုများ၏ မိခင်ဒေါ်အေးလှနှင့် တတိယအယူခံတရားခံ ကိုဘမြင့်တို့ဖြစ်ကြောင်းမှာ အငြင်းမပွါးရကား၊ ဒေါ်အေးလှသေဆုံးပြီးနောက်၊ ထိုပစ္စည်းများတွင် ယုတ်စွအဆုံး တဝက်ကို အယူခံတရားလိုများကအမွေအဖြစ် ဆက်ခံယူရန်ဖြစ်ရမည်မှာ ထင်ရှားနေပေသည်။ ထိုသို့ပိုင်ဆိုင်ကြောင်းကိုထင်ရှားစေရန် အယူခံတရားလိုများက အမှုကိုစွဲဆိုခြင်းဖြစ်သဖြင့်၊ စွဲဆိုခဲ့သည့်အမှုမှာ၊ အထည်ဒြပ်မရှိသည့် အခွင့်အရေးကိုသာရယူမြွက်ဖေါ်ပေးရန် စွဲဆိုခဲ့ခြင်းဖြစ်ပေသည်ဟု မည်သို့မျှမဆိုနိုင်ပေ။

အကယ်၍ မူလရုံးတရားသူကြီး၏အမိန့်သည် တရားမ ကျင့်ထုံးအမိန့် ၃၉၊ နည်းဥပဒေ ၁ အရ အကျုံးမဝင်၍ ထိုနည်းဥပဒေအရ ယာယီတားဝရမ်းထုတ်ဆင့်ခြင်း မပြုနိုင်စေကာမူ၊ တရားမ ကျင့်ထုံးအမိန့် ၃၉၊ နည်းဥပဒေ ၂ နှင့်အကျုံးဝင်သည်ဟု ဆိုနိုင်ပေသည်။ ယခုအမှုတွင် မူလရုံးတရားလို (အယူခံတရားပြိုင်) ကထာဝစဉ်တားဝါရမ်းတောင်းဆို၍ တရားစွဲဆိုထားသည်။

အမိန့် ၃၉၊ နည်းဥပဒေ ၂ အရ မည်သို့သောနစ်နာမှုမျိုးကိုမဆို ပြုလုပ်ခြင်းမှ တားမြစ်နိုင်သည်။ " injury of any kind " ဟု အတိအလင်း ဖေါ်ပြထားသဖြင့် တရားလိုသည် ပဋိညာဉ်နှင့် ပတ်သက်၍သော်၎င်း၊ အခြားပိုင်ဆိုင်မှု၊ ရပိုင်ခွင့်၊ အခွင့်အရေးတို့နှင့်ပတ်သက်၍သော်၎င်း နစ်နာမှုရှိမည်ဖြစ်လျှင် ယာယီတားဝရမ်းထုတ်နိုင်သည်။

မူလရုံးတရားလိုသည် အဆိုပါ စရီစရီဒူဂါဘာရီဟိန္ဒူ ဘုရားကျောင်း၏ ကြီးကြပ်အုပ်ချုပ်သူ ဂေါပကလူကြီးဖြစ်သည်ဟု အဆိုပြုထားသည်။ တရားလိုကို ဂေါပကလူကြီးအဖြစ် ခန့်ထားခဲ့သည်မှာ ထင်ရှား၏။ တရားဝင် မဝင်သာ အငြင်းပွါးလျက်ရှိသည်။

၁၉၇၂

အမ်၊အယ်(လ်)၊ ချာကရ ဘာတီ နှင့် ဂျေ၊အယ်(လ်)၊ မူဟူရီ။

တရားလိုသည် တရားပြိုင်ချေပသည့်အတိုင်း ယခုအခါ၌ တရားဝင်ခန့်ထားသော ဂေါပကလူကြီးမဟုတ်ကြောင်းကို ထင်ရှားအောင် တရားပြိုင်က မူလရုံးတွင် ချေပ ပြသခြင်းမပြုရသေးပေ။ အယူခံဝင်သည့် အမိန့်ချမှတ်စဉ်အခါ၌ ထိုအချက်နှင့်ပတ်သက်၍ စာတမ်းသက်သေခံချက်၊ နှုတ်သက်သေခံချက်၊ သို့မဟုတ် သစ္စာပြုကျမ်းကျိန်ချက်တစုံတရာ တရားပြိုင်ဘက်ကမပြခဲ့ပေ။ အကယ်၍တရားလိုသည် ဂေါပကလူကြီးဖြစ်နေလျှင်၊ တရားပြိုင်သည် ဘုန်းကြီးရာထူးမှ ထုတ်ပယ်ခံရပြီးနောက် အချင်းဖြစ်ဘုရားကျောင်း၏ ဘုန်းကြီး (priest) အဖြစ်ခန့်ထားခြင်း ခံရသူလူသစ်က အလုပ်ဝတ္တရားဆောင်ရွက်ခြင်းကို နှောက်ယှက်ပိုင်ခွင့်ရှိမည်မဟုတ်ပေ။ ယခုအခါ၌ အပေါ်ယံကြောကြည့်ခြင်းအားဖြင့် တရားလိုက တရားစွဲဆိုနိုင်သည်ဟုဆိုနိုင်၏။တရားလိုတွင် ဦးစွာအမြင်အားဖြင့် အမှု (*prima facie* case) ရှိသည်ဟုဆိုနိုင်သည်ဟု ကျွန်ုပ်တို့ယူဆသည်။ တရားလိုသည် အကယ်၍ ဂေါပကလူကြီးဖြစ်လျှင်၊ တရားလိုက ခန့်ထားသောဘုန်းကြီးကို နှောက်ယှက်သည်ရှိသော် တရားလိုကအချင်းဖြစ် ဘုရားကျောင်းကို ကြီးကြပ်အုပ်ချုပ်စီမံခန့်ခွဲပိုင်ခွင့်ကို နစ်နာစေမှုပြုခြင်းဖြစ်သည်။တရားလ နစ်နာမည်ဖြစ်သည်။ ဤကဲ့သို့ဘုရားကျောင်းအုပ်ချုပ်မှု၊ဘုန်းကြီးအလုပ်ဆောင်ရွက်မှုကို နှောက်ယှက်ခြင်းဖြင့် တရားလို၌ငွေဖြင့်ထေ၍မရနိုင်လောက်အောင် နစ်နာမ (irreparable injury) ဖြစ်ပေါ်မည်၊ ခံစားရမည်ဖြစ်သည်။ အရေးတကြ အလျှင်အမြန်ဆောင်ရွက်ရန် လိုအပ်သောကိစ္စမျိုးဖြစ်သည်။

မူလာနာအဘာတ်စ် နှင့် မိုဟာမက်အိစ္စတ်ပါ ၉ ဦးအမှုစီရင်ထုံးတွင် အလားတူအ မျိုး၌ (ဗလီဆရာကို ဗလီအုပ်ချုပ်သူ ဂေါပကလူကြီးများက အလုပ်ရပ်စဲမှု) တရား ချုပ်က ဤသို့ဆုံးဖြတ်ထား၏။

"ဂေါပကအဖွဲ့သည် စကင်းဥပဒေအပိုဒ် ၂၄ အရ၊ အယူခံတရားလိုအ အလုပ်မှရပ်စဲရန် အာဏာရှိသည်။ ထိုကဲ့သို့ရပ်စဲရန်အတွက် အကြောင်းလ ရှိနေသည်။ သို့ဖြစ်ရာ အယူခံတရားလိုအား အလုပ်မှရပ်စဲသည့် အယူခံတ ပြိုင်တို့၏ ဆောင်ရွက်ချက်သည် စကင်းဥပဒေနှင့် လုံးဝကိုက်ညီခြင်းမရှိဟုဆို ခဲ့ယဉ်းသည်။ အယူခံတရားလိုအနေဖြင့် ထိုကဲ့သို့အလုပ်ရပ်စဲသည့်အကြေ မှာ လုံလောက်သောအကြောင်း မဟုတ်ဟုယူဆပါလျှင်၊ မတရားအလုပ်မှ ခံရသဖြင့် နစ်နာကြေးရထိုက်ပါသည်ဟု တရားတထုံးစွဲရန်သာ ရှိပေသည် **ဆရာ ဦးညိုဇိမ်** နှင့် **ဆရာရှိန်အမှု**၊ (ဂ) စီရင်ထုံး၌ ဤသို့ဆုံးဖြတ်ထား၏။

"In order to obtain an interlocutory injunction t plaintiff must show that the case is of some urgency, t

(ဂ) ၁၉၄ဂ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ ၁၃၄။

၁၉၇၂
——
အမ်၊အယ်(လ်)၊ ချာကရာ ဘာတီ နှင့် ဂျေ၊အယ်(လ်)၊ မူဟူရီ။

he has a clear colour of title, and that the granting of the injunction will not cause irreparable damage to the defendant if it should turn out at the trial that he was in the right."

ယခုအယူခံတွင် မည်သို့သောအမိန့်မျိုး ချမှတ်ပေးရမည်ကို ဆင်ခြင်ရန်လိုပေသည်။**အိဘရာဟင်ဒေါင်္ဂျီဂျီဝါး နှင့် အဂျင်မိုဟာမက်လူဘာဝါလား** တို့အမှု (၉) ၌ အယူခံမှုနှင့် ပတ်သက်၍ ဤသို့ဆွေးနွေးထား၏။

" An appeal is a judicial examination of the decision of a lower Court for the purpose of finding if that decision is incorrect and, if so, to rectify it."

ဦးမင်းဆင် နှင့် မိုဟာမက်ရှာမီ အမှု (၁၀) ၌ဤသို့ဖော်ပြထားသည်ကိုတွေ့ရ၏။

" We want, in our Court, to give justice, not merely administer the law as a bundle of technicalities. Otherwise we may fall into the danger of 'giving' all law and no justice. In observing this, I am reminded of a royal adict of 1873 A.D. issued by King Bodawpaya addressed to judges : Let witnesses testify to all incidents within their knowledge ; if they said that they did not see the defendant assault the plaintiff with a stick, but saw him throw a brickbat at the plaintiff, you shall if you accept the testimony of the witness, award damages for the assault with the brickbat even though the plaintiff in his pleadings alleged an assault with a stick. The suit is not to be thrown out."

အယူခံမှုတွင် အယူခံရုံးသည် မှန်ကန်သင့်လျော်သည့် အမိန့်တစုံတရာကို ချမှတ်နိုင်သည်။ တရားမ ကျင့်ထုံးအမိန့် ၄၁၊ နည်းဥပဒေ ၃၃ နှင့် တရားမ ကျင့်ထုံးအမိန့် ၄၃၊ နည်းဥပဒေ ၂ ပါ ပြဋ္ဌာန်းချက်များအရ ထိုအာဏာရှိကြောင်း ထင်ရှားသည်။

ယခုအမှုတွင် မူလရုံးကထုတ်ပေးထားသော ယာယီတားဝရမ်းသည် တရားမ ကျင့်ထုံးအမိန့် ၃၉၊ နည်းဥပဒေ ၂ အရ ထုတ်ဆင့်သည့် တားဝရမ်းအသွင်ကို ဆောင်နေသည်။ ယာယီတားဝရမ်းကို မူလရုံးက တရားမ ကျင့်ထုံးအမိန့် ၃၉၊ နည်းဥပဒေ ၁ အရ ထုတ်ဆင့်သည်ဟု မူလရုံးအမိန့်တွင် ဖော်ပြထားသော်လည်း မူလရုံးကထုတ်ထားသော

(၉) ၁၉၅၀ ခုနှစ်၊ **မြန်မာနိုင်ငံစီရင်ထုံး** (တရားလွှတ်တော်ချုပ်) ၂၇၀ (၃၀၃)။
(၁၀) ၁၉၆၄ ခုနှစ်၊ **မြန်မာနိုင်ငံစီရင်ထုံး**၊ ၆၃၃။

၁၉၇၂ — အမ်၊အယ်(လ်)၊ ချာကရာ ဘာတီ နှင့် ဂျေ၊အယ်(လ်)၊ မူဟူရီ။

ယာယီတားဝရမ်းမှာ အဆိုလွှာတွင်ပါရှိသော သက်သာခွင့်အမှတ် (၂) ဖြစ်သည့် ထာဝစဉ် တားဝရမ်းတောင်းဆိုခြင်းကို အမှုအတောအတွင်းယာယီအားဖြင့် ထုတ်ပေးထားခြင်းဖြစ်နေကြောင်း တွေ့ရသည်။ သို့ဖြစ်၍ မူလရုံးတရားသူကြီးက ယာယီတားဝရမ်းအမိန့်ကို တရားမ ကျင့်ထုံးအမိန့် ၃၉၊နည်းဥပဒေ ၂ အရထုတ်ပေးကြောင်းကို ဖေါ်ပြသင့်သည်။ မည်သို့ပင်ဖြစ်စေ တရားရုံးသည်ဥပဒေအရ ပေးနိုင်ခွင့်အာဏာရှိ၍ အမှုသည်များလည်း ရထိုက်သော သက်သာခွင့်ကိုပေးရမည်ဖြစ်သည်။ ထို့ကြောင့် မူလရုံးက ယာယီတားဝရမ်းထုတ်ပေးခြင်းသည် အကြောင်းချင်းရာအရသော်၎င်း၊ ဥပဒေအရသော်၎င်း မှားယွင်းနေသည်ဟု မဆိုနိုင်ပေ။

အယူခံဝင်သည့်အမိန့် ချမှတ်စဉ်အခါက အယူခံတရားလို (မူလရုံးတရားပြိုင်) က တန်ပြန်ကျမ်းကျိန်ချက်တစုံတရာ တင်သွင်းခြင်းမပြုထားသဖြင့် တရားလို၏ကျမ်းကျိန်လွှာတွင်ပါသော အချက်များကိုအတည်ပြုပြီး ဆုံးဖြတ်ထားခဲ့ရခြင်းဖြစ်သည်။ ကျမ်းကျိန်ကတိသစ္စာပြုချက်တွင် တရားလိုက အချင်းဖြစ် ဘုရားကျောင်း၏ ကြီးကြပ်အုပ်ချုပ်သူ ဂေါပကလူကြီးဖြစ်ကြောင်း ဖေါ်ပြထား၏။ ထို့ကြောင့်တရားလိုတွင် အမှုရှိသည် (*prima facie* case) ဟုယူဆရန်သာရှိနေ၍ ကျမ်းကျိန်လွှာတွင် ပါသည့်အတိုင်း တရားလို၏ပိုင်ဆိုင်ခွင့်ကို ဖျက်ဆီးမည် တရားလိုနစ်နာစေမည် ဖြစ်ကြောင်း စိုးရိမ်ရကြောင်းနှင့် ငွေနှင့်ထေ၍ မရနိုင်သောနစ်နာမှု တရားလို၌ရှိမည် ဖြစ်ကြောင်း ယူဆရန်သာရှိနေ၍၊ ယာယီတားဝရမ်း ထုတ်ပေးထားရခြင်းသည် မှန်ကန်သည်ဟ ကျွန်ုပ်တို့ယူဆသည်။ အကယ်၍ တရားလိုစွဲဆိုချက်သည် အခြေအမြစ်မရှိကြောင် တရားလိုတွင် အမှုမရှိကြောင်း၊ ဖျက်ဆီးလိမ့်မည်ဟု စိုးရိမ်စရာအကြောင်း မ ကြောင်း၊ ငွေနှင့်မထေနိုင်သောနစ်နာမှု တရားလို၌ရှိနိုင်စရာ အကြောင်းမရှိကြော ပေါ်လွင်ထင်ရှားအောင် တရားပြိုင်ဘက်က မူလရုံးတွင် ကျမ်းကျိန်လွှာများတင်ခြ သက်သေပြခြင်းပြုလျှင်၊ မူလရုံးက ဤယာယီ တားဝရမ်းအမိန့်ကို တရားမ ကျင့် ဥပဒေအမိန့် ၃၉၊ နည်းဥပဒေ ၄ အရ ရုပ်သိမ်းခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြ ပြုနိုင်သည်။ယခုအယူခံမှုတွင် အတည်ပြုထားသော ယာယီတားဝရမ်းအမိန့်ကို မူလ တရားပြိုင်ဘက်မှ အမိန့် ၃၉၊ နည်းဥပဒေ ၄ အရ ထပ်မံလျှောက်လွှာတင်၍ ရုပ်သ ပြင်ဆင်၊ ပယ်ဖျက်ထိုက်ကြောင်း လုံလောက်သော ကျမ်းကျိန်သစ္စာပြုလွှာ သက်ေ ချက်များတင်ပြလျှင်၊ မူလရုံးကသင့်လျော်သည်ဟု ယူဆသည့်အတိုင်း ရုပ်သိမ်း၊ ဆင်၊ ပယ်ဖျက်ခြင်းပြုနိုင်သည်။

မူလရုံး၏ တားဝရမ်းတွင် (your duly appointed successor) ဟုသုံ ထားခြင်းမှာ နောက်ထပ်ခန့်ထားသောဘုန်းကြီးသည် နည်းလမ်းတကျ ခန့်ထ ဖြစ်သည်ဟု ဆုံးဖြတ်သိုက်ရာကျသည်။ ဤပြဿနာမှာ အငြင်းပွါးလျက် ရှိနေ

၁၉၇၂

အမ်၊အယ်(လ်)၊ ချာကရာ ဘာတီ နှင့် ဂျေ၊အယ်(လ်)၊ မူဟူရီ။

သည်။ထိုကြောင့် ထိုစကားရပ်အစား (**the person appointed as your successor**) ဟု ပြင်ဆင်လိုက်လျှင် ပိုမိုတရားမျှတမှု ရှိမည်ဟု ကျွန်ုပ်တို့ယူဆသည်။ မူလရုံးကတရားလိုထံမှ အာမခံ ခံဝန်ချုပ်ခတောင်းသင့်သော်လည်း မတောင်းခဲ့သည်ကို တွေ့ရသည်။ မူလရုံး၏အမိန့်နှင့် ယာယီတားဝရမ်းကိုပြင်ဆင်၍ အတည်ပြုရမည်ဖြစ်သည်။ သို့ဖြစ်၍ မူလရုံး၏အမိန့်ကို အောက်ပါပြင်ဆင်ချက်များပြုလုပ်၍ အတည်ပြုသည်။

(၁) ယာယီတားဝရမ်းတွင် (**your duly appointed successor**) အစား (**the person appointed as your successor**) ဟု ပြင်ဆင်ထည့်သွင်း၍ရင်း၊

(၂) တရားလို (အယူခံတရားပြိုင်) သည် တရားမ ကြီးမှုအမှတ် ၃၆၄/၇၁ ကို ပယ်ခြင်း (**suit dismissed**) ခံရပါက တရားပြိုင်ကို တရားရုံးက သတ်မှတ်မည်ဖြစ်သော ၅,၀၀၀ ကျပ်ထက်မများသော လျော်ကြေး ပေးမည်ဖြစ်ကြောင်း။ တရားလိုက ၅,၀၀၀ ကျပ်တန် ခံဝန်ပြု၍ လုံလောက်သော အာမခံတင်သွင်းရမည်ဟူ၍ရင်း၊

(၃) **ဤယာယီတားဝရမ်း**သည် မူလရုံးက နောက်ထပ်အမိန့်တစုံတရာ **ထုတ်သည်အထိသာ အမှုအတောအတွင်း၌** အတည်ဖြစ်စေရမည်ဟူ၍ရင်း

ပြင်ဆင်၍ အယူခံဝင်သည့်မူလရုံး **အမိန့်ကိုအတည်ပြုသည်။**

မူလရုံးသည် တရားမ ကြီးမှုအမှတ် ၃၆၄/၇၁ **ကိုဆောလျင်စွာ စစ်ဆေးရန်** ညွှန်ကြားလိုက်သည်၊ ယခု အယူခံအမှု တရားစရိတ်နှင့် **ပတ်သက်၍ အမှုသည်များက** မိမိတို့စရိတ်ကို မိမိတို့ ကျခံစေရမည်။

နိုင်ငံတော် တရားရုံးချုပ်

အခွင့်ထူးတရားမ အယူခံမှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်၊ တရားသူကြီး ဦးလှသင်းနှင့် တရားသူကြီး ဦးတင်အုံ တို့ရှေ့တွင်

† ၁၉၇၂ ဖေဖော်ဝါရီလ ၄ ရက်။

ဒေါ်တင်အေး၊ (ကွယ်လွန်သူ)၏ တရားဝင် ကိုယ်စားလှယ်များ မခင်လေးတင့် ပါ ၄ } နှင့် ဒေါ်စိန်နု *

အရောင်းစာချုပ်သည်၊ အကျိုးသက်ရောက်စေရန် ရည်ရွယ်ချက် မရှိသည့် ဟန်ဆောင် စာချုပ် ဖြစ်သည်ဟု သက်သေထူခွင့် ရှိ မရှိ—သက်သေခံ အက်ဥပဒေ ပုဒ်မ ၉၁ နှင့် ၉၂ ပါ ပြဋ္ဌာန်းချက်များက၊ ယင်းစာချုပ်သည်၊ အကျိုးသက်ရောက်စေရန် ရည်ရွယ်ချက် ကင်းကြောင်း နှုတ်သက်သေ ပြရန် ပိတ်ပင်ထား မထား။

ဆုံးဖြတ်ချက်။ ။သက်သေခံ အမှတ် (က) အရောင်းစာချုပ်သည် ဟန်ဆောင် ရည်ရွယ်သော စာချုပ်ဖြစ်သဖြင့်၊ သက်သေခံ အက်ဥပဒေ ပုဒ်မ ၉၁ နှင့် ၉၂ ပါ ပြဋ္ဌာန်းချက်များက၊ ယင်းစာချုပ် သည်၊ အကျိုး သက်ရောက်စေရန် ရည်ရွယ်ချက် ကင်းကြောင်း၊ နှုတ်သက်သေ တင်ပြရန် ပိတ်ပင်ခြင်း မရှိပေ။ **ဦးမြတင် ပါ ၃ နှင့် ဒေါ်ကြင်ယုံ ပါ ၂၊** ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံး၊ စ၁ နှင့်၊ **ရှီယိုပရမ်းဆင်း နှင့် စူရီယာနတ်ဆင်း၊** အောက်မြန်မာပြည် ပုံနှိပ်စီရင်ထုံးများ၊ စ၁ ၁၅၄ ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။တရားရုံးချုပ် ရှေ့နေ ဦးမွန်စံလှိုင်။

အယူခံတရားပြိုင်အတွက်။ တရားရုံးချုပ် ရှေ့နေ ဦးတင့်။

တရားသူကြီး ဦးတင်အုံး။ ။မန္တလေးမြို့၊ မြို့နယ်တရားမ ရုံး၊ ၁၉၆၃ ခုနှစ် တရားမ ကြီးမှု အမှတ် ၂၂၂ တွင်၊ ကွယ်လွန်သူ ဒေါ်တင်အေးအပေါ်၊ မဟာဇေယျ ရပ်ကွက် နံပါတ် ၇၉၇၊ ဦးပိုင် အမှတ် ၆၈-၆၉ ဖြစ်သည့် မြေကွက်နှင့် ၎င်းမြေ ပေါ်ရှိ အိမ်မှထွက်ခွါသွားစေရန် နှင်လိုမှု စွဲဆိုခဲ့သည်။မန္တလေးမြို့၊ မြို့နယ်တရားမ လျှောက်ထားခံရသူ ဒေါ်စိန်နုစွဲဆိုသည့် အတိုင်း ဖေါ်ပြပါအိမ်နှင့် မြေကွက်မှ ထ

* ၁၉၇၀ ခုနှစ်၊ အခွင့်ထူး တရားမ အယူခံမှု အမှတ် ၃။

† နိုင်ငံတော် တရားရုံးချုပ် (မန္တလေးရုံးထိုင်) တရားမ ဒုတိယ အယူခံမှု အမှတ် ၅/၆၆ ၁၉၆၇ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့စွဲပါ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့် ဒေ အယူခံဝင်သော လျှောက်လွှာ။

၁၉၇၂

ဒေါ် တင်အေး (ကွယ်လွန်သူ) ၏ တရားဝင် ကိုယ်စားလှယ်များ မခင်တင့် ပါ ၄ နှင့် ဒေါ်စိန်နု။

သွားစေရန်၊ ၁၉၆၄ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့က စီရင်ချက်နှင့် ဒီကရီတို့ကို ချမှတ်ပေးခဲ့သည်။

မြို့နယ် တရားမ ရုံးက ကောက်ချက် (၅) ခုကို ထုတ်နှုတ်ခဲ့ရာ၊ အဓိကဖြစ်သည့် ကောက်ချက်များမှာ၊ အမှတ် (၁) နှင့် (၂) တို့ဖြစ်သည်။ ကောက်ချက် အမှတ်(၁) ဖြစ်သော မှတ်ပုံတင်ထားသော မြေနှင့် အိမ်အရောင်းစာချုပ်ကိုအပေါင်ဖြစ်ပါသည်ဟု ငြင်းဆိုနိုင်ခွင့် ရှိပါသလား၊ ရှိခဲ့သော်၊ ပေါင်နှံခြင်း ဖြစ်ပါသလား ဟူသော ကောက်ချက်နှင့် အမှတ် (၂) ကောက်ချက်ဖြစ်သော၊ အိမ်လခပေးရသည်ဟုပြေစာတွင် ဖေါ်ပြထားရာ၊ အတိုးပေးရခြင်းသာ ဖြစ်ပါသည်ဟု ငြင်းဆိုနိုင်ခွင့် ရှိပါသလား၊ ရှိခဲ့သော်၊ အတိုးပေးရခြင်းဖြစ်ပါသလား ဟူသော ကောက်ချက် နှစ်ရပ်ကို၊ ငပေါင်း တည်းဖြေဆိုရာတွင်၊ မူလရုံးက ဒေါ်စိန်နုသည်၊ ၁၉၆၃ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့ စွဲဖြင့်၊ တနှစ်အတွက် တင်ရှိသော အိမ်လခပေးရန် နို့တစ်စာ (သက်သေခံအမှတ်-ဆ) ပို့ပြီးနောက်၊ ၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် အိမ်လခ ရရှိကြောင်း (သက်သေခံ အမှတ်-၁) လက်မှတ်ပေးခြင်း အရရင်း၊ ကျပ် ၂,၀၀၀ ဖြင့် ၁၉၆၃ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့စွဲဖြင့် အရောင်းစာချုပ် မှတ်ပုံတင် အမှတ် ဂ၂၅/၆၂ (သက်သေခံ အမှတ်-ဃ) ကို ချုပ်ဆိုပြီး၍၊ မန္တလေးမြို့၊ မဟာဇေယျာဘုံရပ်ကွက် အမှတ် ၇၉၇။ ၁၉၃၄ ခု၊ မြေစာရင်း ဦးပိုင် အမှတ် ဂဂ နှင့် ဂ၉ ရှိ မြေနှင့် မြေပေါ်ရှိ အဆောက် အဦနှင့် သစ်ပင်ဝင်းခြံများကို အဆုံးအပိုင် **လက်ရောက်** ဝယ်ယူကြောင်း စာချုပ်အရ ၎င်း၊ မူလရုံး တရားလို ဒေါ်စိန်နုသည် **အိမ်ရှင်ဖြစ်ကြောင်းနှင့်** စွဲဆိုသည့် အတိုင်း ဒေါ်စိန်နုပိုင်မြေပေါ်ရှိ အိမ်မှ မူလရုံး တရားပြိုင် **ဒေါ်တင်အေးက ထွက်ခွါသွားရန်** စရိတ်နှင့်တကွ ဒီကရီချမှတ်ခဲ့သည်။ သို့သော် **တရားရုံးချုပ်၏** စာအမှတ် ၅၁၂/၂- ၁၅၅ (၆၃) နေ့စွဲပါ ၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နှင့် စာအမှတ် ၂၃၂/၂၈- ၁၅၅ (၆၃) ရက်စွဲ ၁၉၆၄ ခုနှစ်၊ ဇန္နဝါရီလ ၁၈ ရက်နေ့စွဲပါ အမိန့်များအရ၊ ထွက်ခွါသွားရန် အပ်ဝရမ်း ထုတ်ပေးမည် မဟုတ်ဟု ၁၉၆၄ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက် နေ့တွင် အမိန့်ချမှတ်ခဲ့သည်။

မူလရုံးတရားပြိုင်တို့က မြို့နယ် တရားမရုံး၊ တရားမ ကြီးမှု အမှတ် ၂၂၂/၁၉၆၃ ၏ ၁၉၆၄ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့စွဲပါ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်၍၊ တရားမ **ကျင့်ထုံး** ပုဒ်မ ၆၉ အရ၊ မန္တလေးမြို့၊ ခရိုင်တရားမ တရားသူကြီးရုံးသို့ အယူခံဝင် **ခဲ့သည်**။ အယူခံရာတွင်၊ စာချုပ်၏ အဓိက အခြေခံ ရည်ရွယ်ချက်ကို မူလရုံးက **လျစ်လျူရှုခဲ့**ခြင်းနှင့် အချင်းဖြစ်မြေနှင့် အိမ်၏ ထိုစဉ်က တန်ဘိုးမှာ ၇,၀၀၀ဝိ ရှိ၍၊ **အရောင်းစာချုပ်** သက်သေခံ အမှတ် (က) ပါ တန်ဖိုးမှာ ၂,၀၀၀ဝိ တန်ဖြစ်ခြင်းနှင့် ငွေချေး**ရာတွင် မူလရုံး** တရားပြိုင် ဒေါ်တင်အေးနှင့် ဘုန်းကြီး ဦးစန္ဒတို့ အချင်းချင်း

၁၉၇၂

ဒေါ်တင်အေး (ကွယ်လွန်သူ) ၏ တရားဝင်ကိုယ်စားလှယ်များ မခင်တင့် ပါ ၄ နှင့် ဒေါ်စိန်နု။

ငွေချေးယူ ဆက်ဆံမှုသာလျှင်ဖြစ်ကြောင်း တင်ပြသည်။ ခရိုင်တရားမ တရားသူကြီးက၊ ငွေလက်ခံရရှိရာတွင်၎င်း၊ အိမ်ငှါးခဟု ရေးသားထားသည့် ပြေစာ ရေးသားရာတွင်၎င်း၊ ကိုယ်တိုင်ပါဝင်သူနှင့် မျက်မြောက်ရှိနေသူတို့၏ ထွက်ချက်အရ၊ ငွေချေးယူခြင်းသည်၊ အယူခံ တရားလို (မူလရုံးတရားပြိုင်) ဒေါ်တင်အေးနှင့် ဘုန်းကြီး ဦးစန္ဒတို့သာဖြစ်ပြီး (သက်သေခံ အမှတ်-က) အရောင်း စာချုပ်မှာ၊ ဒေါ်တင်အေးနှင့် ဘုန်းကြီး ဦးစန္ဒ၏ နှမ ဒေါ်စိန်နုတို့ ချုပ်ဆိုသည့် စာချုပ် ဖြစ်နေခြင်း စသော အကြောင်းများကို ထောက်ထားပြီး၊ (သက်သေခံ အမှတ်-က) စာချုပ်သည်၊ ဟန်ဆောင်စာချုပ်သာလျှင်ဖြစ်ပြီး၊ ရောင်းသူ ဝယ်သူဟု ဖေါ်ပြသူ နှစ်ဦးသည်၊ စာချုပ် ချုပ်စဉ်က၊ အရောင်း အဝယ် သဘော အကျိုးသက်ရောက်စေရန် ရည်ရွယ်ချက်မရှိဘဲ၊ မြီရှင် ဦးစန္ဒက မြီစား ဒေါ်တင်အေးအား၊ မြီရှင်၏ ဆန္ဒအရ လိုက်နာ ချုပ်ဆိုစေသော ဟန်ဆောင် အရောင်း စာချုပ်သာ ဖြစ်သည်ဟု ဆုံးဖြတ်ခဲ့လေသည်။

မူလရုံး တရားလို ဒေါ်စိန်နုက၊ ခရိုင်တရားမရုံး တရားမ အယူခံမှု အမှတ် ၁၉/၁၉၆၄ တွင် ချမှတ်သည့် စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပေးပါရန် မန္တလေးမြို့၊ နိုင်ငံတော်တရားရုံးချုပ်သို့၊ တရားမ ကျင့်ထုံး ပုဒ်မ ၁၀၀ (၁) (ဃ) အရ၊ အယူခံဝင်ခဲ့လေသည်။ နိုင်ငံတော် တရားရုံးချုပ်က၊ ၁၉၆၆ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၅ ကို ဖွင့်ခဲ့သည်။ အယူခံရုံးက **မောင်ထွန်းကျော်** နှင့် **မောင်ပိုးသီး** (၁) အမှုနှင့် **မောင်ရွှေဖူး** (ပါ) ၉ နှင့်**မောင်ထွန်းရှင်** (ပါ) ၄ (၂) အမှုတို့တွင်၊ မှတ်ပုံတင် စာချုပ်အရ၊ နှစ်ဦး နှစ်ဘက်တို့၏ ဆက်ဆံမှုသည်၊ အရောင်း အဝယ်ဖြစ်ကြောင်း ဖေါ်လွင်လျှင်၊ ယင်းစာချုပ်သည်၊ အပေါင်စာချုပ်ဖြစ်သည်ဟူ၍၎င်း၊ ပြန်ရောင်းချရန် သဘောတူချက် ရှိသည်ဟူ၍၎င်း၊ နှုတ်သက်သေတင်ပြခြင်းကို လက်ခံခဲ့ခြင်း မပြုနိုင်ကြောင်း၊ ထုံးကို ကိုးကားခဲ့သည်။ ယင်းစီရင်ထုံး နှစ်ရပ်ကို **ဒေါ်ကြင်ပု** နှင့် **ဦးအုန်းခင်** (ပါ) ၂ (၃) အမှုတွင် လိုက်နာခဲ့ကြောင်းလည်း ဖေါ်ပြထားသည်။ ထို့ပြင် **ဒီ၊ ဆယ်(လ်)၊ ကယ်၊ စီ၊ တိ၊ ကေကရစ္စနားပါ ချစ်တီးယား** နှင့် **ဒီ၊ အယ် (လ်)၊ အမ်ကာစီဝိဆွာနသန်ချစ်တီးယား** (၄) အမှုတွင် စာချုပ်တခုကို ချုပ်ဆိုရာ၌ ချုပ်ဆိုကြသည့် ပုဂ္ဂိုလ်များ၏ ရည်ရွယ်ချက်နှင့် စိတ်ဆန္ဒကို နှုတ်သက်သေဖြင့် ချိန်ဆရန် မလိုဘဲ၊ စာချုပ်ပါ စကားလုံးများမှသာလျှင် အဓိပ္ပါယ်ကောက်ယူရမည်ဟု ထုံးပြု

---

(၁) ၁၁၊ အောက်မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၃၅၁။
(၂) အိုင်၊အယ်လ်၊ အာရ်၊ အတွဲ ၅ ရန်ကုန်၊ စာ ၆၄၄။
(၃) ၁၉၆၃ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၃၂၈။
(၄) ၁၉၄၉ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၁၅၈ (တရားလွှတ်တော်)။

ထားသဖြင့်၊ ယင်းထုံးကို လိုက်နာသင့်သည်ဟု ဖေါ်ပြထားပေသည်။ ဒုတိယ အယူခံ ရုံးက **ရှိုယိုပရမ်းဆင်း** နှင့် **ဆူရိယာနတ်ဆင်း (ပါ) ၃** (၅) အမှုတွင်၊ ဟန်ဆောင် စာချုပ်ဖြစ်ခဲ့ပါက၊ ဟန်ဆောင်ခြင်း ဖြစ်ကြောင်း၊ သက်သေခံချက်ကို လက်ခံနိုင် သည်ဟု ထုံးပြုချက်ရှိရာ၊ ယင်းစီရင်ထုံးသည်၊ ဟန်ဆောင်စာချုပ်များနှင့်သာ သက် ဆိုင်ပြီး၊ အရောင်း အဝယ် စာချုပ်သည် အကယ်စင်စစ် အရောင်း စာချုပ် မဟုတ်၊ အပေါင်စာချုပ်သာ ဖြစ်သည်ဟု ယူဆသည့် အမှုမျိုးနှင့် မသက်ဆိုင်ဟု ဖေါ်ပြထားပေသည်။ ထို့ပြင်၊ ဒုတိယအယူခံရုံးက **ဦးမြတင် (ပါ) ၂** နှင့် **ဒေါ်ကြင်ယုံ (ပါ) ၂** (၆) အမှု။ **ဒေါ်မြမေ** နှင့် **ဒေါ်ကျင်၊ ကိုတင်ဦး** (၇) အမှုတို့တွင် ဆုံးဖြတ် ထားသည်မှာလည်း၊ ဟန်ဆောင် စာချုပ်များနှင့်သာ ဆိုင်၍၊ ရုံးရှေ့ရှိ အရောင်း စာချုပ်ကို အပေါင်စာချုပ်ဟု ငြင်းသည့် အမှုနှင့် ခြားနားကြောင်းလည်း ဖေါ်ပြ ထားသည်။ ဒုတိယ အယူခံရုံးက၊ အယူခံ တရားလို ဒေါ်စိန်နု (မူလရုံး တရားလို) သည်၊ အချင်းဖြစ် အိမ်ကို လက်ဝယ်ရှိခြင်း၊ မြူနီစီပါယ်ခွန်များ၊ ၎င်းအမည်နှင့် ပေးဆောင်နေခြင်း၊ အိမ်ငှါးခများကို လက်ခံရယူနေခြင်းနှင့် အိမ်လခကြွေးကျန်များ တောင်းသည့်အခါ မူလရုံး တရားပြိုင် ဒေါ်တင်အေးတို့က ပြန်ကြားငြင်း မပြုခြင်း စသော အကြောင်းများကြောင့်၊ (သက်သေခံ အမှတ်-က) စာချုပ်သည် အပေါင် စာချုပ် မဟုတ်၊ အရောင်းစာချုပ်ဖြစ်သည်ဟု ဆုံးဖြတ်၍ အယူခံလွှာကို လက်ခံပြီး လျှင်၊ ခရိုင် တရားမ ရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်၍၊ မူလရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပြန်လည် အတည်ပြုခဲ့သည်။

၁၉၇၂
ဒေါ်တင်အေး (ကွယ်လွန်သူ) ၏ တရားဝင် ကိုယ်စားလှယ် များ မခင်တင့် ပါ ၄
နှင့်
ဒေါ်စိန်နု။

မူလရုံး တရားပြိုင် ဒေါ်တင်အေးက မန္တလေးမြို့၊ နိုင်ငံတော် တရားရုံးချုပ်၊ ဒုတိယ အယူခံမှုအမှတ် ၅/၁၉၆၆ ၏ ၁၉၆၇ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့စွဲပါ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့်၊ ၁၉၄၇ ခုနှစ်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၆ အရ၊ အထူးအယူခံလွှာကို တင်သွင်းခဲ့ရာ၊ ၁၉၇၀ ခုနှစ်၊ ဇန္နဝါရီလ ၁၆ ရက် နေ့စွဲ နေ့စဉ် မှတ်တမ်း အရ၊ နိုင်ငံတော် တရားရုံးချုပ် တရားသူကြီးချုပ်နှင့် တရား သူကြီး ဦးသက်ဖေတို့က၊ မူလရုံးတွင် လျှောက်ထားသူက တင်သွင်းခဲ့သော ၎င်း၏ ထုခေျလွှာ၌၊ ပစ္စည်း ပေါင်သည်ကို အဝယ် စာချုပ်ဖြင့် ဟန်ဆောင် ချုပ်ဆိုပေး ခဲ့ရသည်ဟု တိကျစွာ ဖေါ်ပြခဲ့ခြင်း မပြုသည့် အကြောင်းကြောင့်၊ ၎င်းချုပ်ဆို ခဲ့ရသော အရောင်းစာချုပ်သည်၊ အကျိုးသက်ရောက်စေရန် ရည်ရွယ်ချက်ရှိသည့်

(၅) **၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၂၀၇ (တရားလွှတ်တော်)။**

(၆) ၁၉၆၄ ခုနှစ်၊ **မြန်မာနိုင်ငံစီရင်ထုံး၊** စာ ၂၅၀။

(၇) ၁၉၆၄ ခုနှစ်၊ **မြန်မာနိုင်ငံစီရင်ထုံး၊** စာ ၈၈၅။

၁၉၇၂
ဒေါ်တင်အေး (ကွယ်လွန်သူ) ၏ တရားဝင်ကိုယ်စားလှယ်များ မ ခင်တင့် ပါ ၄ နှင့် ဒေါ်စိန်နု။

ဟန်ဆောင် စာချုပ် ဖြစ်သည်ဟု သက်သေထူခွင့် ရှိ မရှိ ဆိုသော ပြဿနာကို စဉ်းစားရန် အတွက်၊ အထူး အယူခံကို ဝင်ခွင့်ပြုခဲ့သည်။

ဦးမြတင် (ပါ) ၂ နှင့် **ဒေါ်ကျင်ယုံ (ပါ) ၂**၊ အမှုတွင် အရောင်း အဝယ် စာချုပ်သည်၊ အရောင်း အဝယ် စာချုပ် မဟုတ်ဘဲ၊ ချေးငွေ အတွက် အာမခံ သဘောဖြင့် ချုပ်ဆိုထားသော စာချုပ်သာ ဖြစ်ကြောင်း တရားပိုင်များက ချေပသည်တွင်၊ ယင်းသို့ ချေပသည့် အတိုင်း သက်သေတင်ပြနိုင် သလောဟူသည့် အချက်မှာ၊ စဉ်းစားရမည်ဖြစ်၍၊ အကျိုးသက်ရောက်စေရန် ရည်ရွယ်၍ ချုပ်ဆိုသော အမှန်စာချုပ်ကို ပြင်ရန်၊ ချုပ်ဆိုသူများ နှုတ်သက်သေ မပြနိုင်ဘဲ၊ စာချုပ်သည် အကျိုးသက်ရောက်စေရန် ရည်ရွယ်ချုပ်ဆိုသော စာချုပ်မျိုး မဟုတ်ဘဲ၊ ဟန်ဆောင် စာချုပ်ဖြစ်ကြောင်းကိုမူ၊ နှုတ်သက်သေပြနိုင်ကြောင်း ဇီရင်ထုံး ပြုထားပေသည်။ ထို့ပြင် **ဦးဓွေး** နှင့် **ဦးအေး (ပါ) ၂ (၈)** အမှုတွင် "စာချုပ်တခုကို အကျိုးသက်ရောက်စေရန် ရည်ရွယ်ချက်ဖြင့် ချုပ်ဆိုခဲ့ကြသည်။ အစစ်အမှန်ဖြစ်ခဲ့လျှင်၊ ထိုစာချုပ်ပါ စကားတို့နှင့် ကွဲလွဲ၍ ချုပ်ဆိုသူတို့က သက်သေမထူနိုင်ချေ။ ထိုသို့ပင် သက်သေခံ ဥပဒေ ပုဒ်မ ၉၂ က ပညတ်ထားသည်။ သို့ရာတွင်၊ အကျိုးသက်ရောက်စေရန် ရည်ရွယ်ချက်မရှိ၊ ဟန်ဆောင် စာချုပ်သာ ဖြစ်ခဲ့လျှင်၊ ထိုသို့ဖြစ်ကြောင်းကို သက်သေထူခွင့်ရှိသည်။ ဟန်ဆောင် စာချုပ် ဟုတ် မဟုတ် ဟူသည့် အချက်သည်၊ အရေးကြီးသော ကောက်ချက် တရပ်ဖြစ်လာသည်။ ထိုကောက်ချက်ကို သက်သေ အထောက်အထားများအရ၊ သုံးသပ်ပြီးမှသာ ဆုံးဖြတ်နိုင်သည်ဟု ထုံးပြုထားသည်။ စာချုပ် တခုသည်၊ အကယ်စင်စစ် စာချုပ်ပါ စာလုံးများက အဓိပ္ပါယ် ဖေါ်ဆောင်သည့် အတိုင်း ဖြစ်သည်၊ သို့တည်းမဟုတ် ဟန်ဆောင်မျှသာ ဖြစ်သည် ဆိုသည့် အချက်ကို၊ သက်သေခံ အထောက် အထားများအရ၊ ဆုံးဖြတ်ရမည် ဖြစ်ပေသည်။ ဤအယူခံ အမှုတွင် ၁၉၆၃ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့စွဲတွင် ကျပ်ငွေ ၂,၀၀၀ နှင့် ဘိုးဘွားပိုင်မြေနှင့် နေအိမ်ကို ရောင်းသူ ဒေါ်တင်အေးက ဝယ်သူ ဒေါ်စိန်နုအား လက်ရောက် ပေးအပ် ရောင်းချ၍ အရောင်း စာချုပ် သက်သေခံ အမှတ် (က) ကို မှတ်ပုံတင် အမှတ် ၈၂၅/၁၉၆၂၊ ၁၉၆၂ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် မှတ်ပုံတင်ခဲ့သည်။ ယင်း အရောင်းစာချုပ် မပေါ်ပေါက်မီသင် ထိုမြေနှင့် အိမ်ကို ၁၉၆၁ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့စွဲဖြင့် ရောင်းသူ ဒေါ်တင်အေးက ဝယ်သူ ဒေါ်စိန်နုအား အဘိုးငွေ ၁,၂၀၀ ဖြင့်၊ အပြီး အပိုင် ရောင်းချကြောင်း၊ တနှစ် အတွင်း ဒေါ်တင်အေးက ပြန်လည် ဝယ်ယူလိုပါက ငွေ ၁၀၀ လျှင် တလ အတိုး ၅ ကျပ် ကျထည့်၍ ပြန်လည် ဝယ်ယူပါမည်။စာချုပ် ချုပ်သည်မှ တနှစ် ကျော်လွန်ပြီး မဝယ်ယူနိုင်လျှင်၊ငင်းမြေနှင့် အိမ်ကို လွှဲပြောင်းပြီး ထွက်ခွါပေးပါမည်ဟု မှတ်ပုံ မတင်သည့် အရောင်း စာချုပ်ကို ချုပ်ဆို

၁၉၇၂
ဒေါ်တင်အေး (ကွယ်လွန်သူ) ၏ တရားဝင် ကိုယ်စားလှယ်များ မခင်တင့် ပါ ၄ နှင့် ဒေါ်စိန်နု။

ခဲ့ကြကြောင်း တွေ့ရှိရသည်။ သက်သေခံ အမှတ် (ဂ)။ သက်သေခံ အမှတ် (က) စာချုပ်၊ သက်သေခံ အမှတ် (ဂ) စာချုပ်နှင့်၊ ဒေါ်တင်အေးက ဒေါ်ယုဆိုသူထံမှ ၁၉၆၁ ခုနှစ်၊ ဇန္နဝါရီလ ၁၇ ရက်နေ့စွဲ မှတ်ပုံတင် အမှတ် ၃၃/၁၉၆၁ အရ၊ ဝယ်ယူသည့် စာချုပ် သက်သေခံ အမှတ် (ခ) တို့ကို ချုပ်ဆိုရာတွင်၊ ဒေါ်တင်အေး (အယူခံလွှာ လျှောက်ထားသူ) ၏ အိမ်တောင်ဘက် နှစ်အိမ်ခြားတွင် နေသူ ဒေါ်မြိုင် ၅၆ နှစ် (ပြိုင်ပြ-၁) သည်၊ အသိသက်သေအဖြစ် ပါဝင်ခဲ့သည်။ လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့၏ အချင်းဖြစ်မြေနှင့် စပ်လျဉ်း၍ ဆက်သွယ်မှုကို ဒေါ်မြိုင်သည် အသိဆုံးဖြစ်၍ ၎င်း၏ သက်သေခံချက်ကို အသေးစိတ် သုံးသပ်ရမည် ဖြစ်ပေသည်။

ဒေါ်မြိုင်ထွက်ဆိုချက်တွင်၊ ဒေါ်တင်အေးသည်၊ ဒေါ်စိန်နု၏ အစ်ကိုဖြစ်သူ ဘုန်းကြီး ဦးစန္ဒထံ ဒေါ်မြိုင်က ဆက်သွယ်ပေးသဖြင့် ငွေချေးခဲ့ကြောင်းကို—

"မတင်အေး က အိမ်ပေါင်ပေးပါဆို၍ ဘုန်းကြီးနှင့် ဆက်သွယ်ပေးခဲ့ပါသည်။ မစိန်နုပါ တွေ့ပါသည်။ အပေါင်စာချုပ်ကို မှတ်ပုံမတင်ပါ။ ငွေ ၁,၀၀၀ နှင့် ပေါင်ခြင်းဖြစ်ပါသည်။ တရားခံက ၄ လ အတိုး မပေးနိုင်သဖြင့် ငွေ ၁,၂၀၀ ဖြစ်သွားပါသည်။ နောက်ထပ်ငွေလို၍ ကျွန်မပြောပေးခဲ့ပါသည်။ ဘုန်းကြီး ဦးစန္ဒကိုပြောခြင်းဖြစ်ပါသည်။ နောက်ထပ် ၈၀၀ ပေးရလျှင် မှတ်ပုံတင်ရမည်။ ဒေါ်စိန်နုနှင့်တိုင်ပင်ဦးမည်ဟု ပြောခဲ့ပါသည်။ မှတ်ပုံ မတင်ပါက အတိုး ၁၀၀ ကျ၍ မှတ်ပုံတင်ပါက အတိုး ၅၀ ကျမည်ဟု ပြောပါသည်။ ပြောပြီးနောက် အရက် ၂၀ ခန့်တွင် ငွေ ၈၀၀ မပေး၍ သက်သေခံ အမှတ် (က) စာချုပ်ကို ချုပ်ကြပါသည်။ ဒေါ်မြိုင်ဆိုတာ ကျွန်မလက်မှတ် ဖြစ်ပါသည်။ ဘုန်းကြီးက ပြန်ရွေးနိုင်သည့်အချိန်၊ အချိန်မရွေး ပြန်ရွေးရန် ကတိပေးခဲ့ပါသည် . . . ။

စာချုပ်စဉ်က အိမ်ရာမြေ ၇,၀၀၀ ခန့်တန်ပါသည်" ဟု ထွက်ဆိုချက်ရှိပါသည်။ ဒေါ်မြိုင်သည် အချင်းဖြစ်မြေနှင့် အိမ်နှင့်ပတ်သက်၍ ဒေါ်တင်အေးလက် စတင်ရောက်သည့် အချိန်မှစပြီး၊ ထိုမြေနှင့်အိမ်အကြောင်းကို အသိဆုံး သက်သေဖြစ်ပေသည်။ ဒေါ်မြိုင်သည် ငွေချေးရာတွင် ဘုန်းကြီး ဦးစန္ဒ၊ ဒေါ်စိန်နုတို့နှင့် ဆက်သွယ်ပေးသူဖြစ်ကြောင်းမူလရုံးတရားလိုဒေါ်စိန်နုကမှန်ကန်ကြောင်းဝန်ခံထားသည့်အပြင်၊၎င်းမှာ မိတ်ဆွေဖြစ်၍ မမှန်တာပြောရန် မရှိပါဟုလည်း ထွက်ဆိုထားလေသည်။ မူလရုံးက **တရားလို**မျာ်းဘက်မှ တရားပြိုင် ဒေါ်တင်အေးသည်၊ အိမ်ငှါးဖြစ်သဖြင့် ၁၉၆၃ ခုနှစ်၊ နိုဝ**ဘ**ာလ **၄** ရက်နေ့တွင် သက်သေခံ အမှတ် (ဆ) အရ၊ ဒေါ်စိန်နုက ၁၂ လ အတွက် အိမ်လခငွေ **၆၀၀** ပေးရန် အကြောင်းကြားစာပေးပို့ခဲ့သည်။ အကြောင်းကြားစာရရှိပြီးနောက် **၁၉၆၃ ခုနှစ်**၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် ဒေါ်တင်အေးက တနှစ် အတွက်

၁၉၇၂
ဒေါ်တင်အေး (ကွယ်လွန်သူ) ၏ တရားဝင် ကိုယ်စားလှယ်များ မခင်ဟင် ပါ ၄ နှင့် ဒေါ်စိန်နု။

အိမ်လခငွေ ၆၀ဝိ ကိုပေးသွင်းသည်။ ထိုအိမ်လခပြေစာသည်၊ သက်သေခံအမှတ(၁) ဖြစ်၍ ရေးသူမှာ စုံထောက်ရဲကြပ်ကြီး ဦးချစ်ဖွယ် (ခံပြ-၂) ဖြစ်ပါသည်။ ထိုအိမ်လခပြေစာ သက်သေခံ အမှတ် (၁) တွင် ငွေလက်ခံသူ အဖြစ် ဦးစန္ဒသည်၊ ဒေါ်စိန်နု၏ ကိုယ်စားဟု ငွေလက်ခံခဲ့ပါသည်။ ပြေစာရေးသူ ဦးချစ်ဖွယ် (ခံပြ-၂) ၏ ထွက်ဆိုချက်အရ၊ ပြေစာပေါ်တွင် ဒေါ်တင်အေး၊ ဦးစန္ဒနှင့် ၎င်းတို့က လက်မှတ် အသီးသီး ရေးထိုးကြပြီး ရေးချိန်တွင် ဦးစန္ဒရှေ့တွင် ရေးပြီး ပြေစာ၏ နောက်ဆုံး စာကြောင်း၌ "တပေါင်းလတွင် အရွေးခံမည်ဟု ကတိပေးပါသည်" ဟု ထည့်သွင်းရေးသားချက် ပါရှိပြီး ယင်းစာပိုဒ်သည် ဦးစန္ဒ လက်မှတ် မထိုးမီ ၎င်းက ထည့်သွင်းရန် ပြောသဖြင့် ရေးရခြင်းဖြစ်ကြောင်း ထွက်ဆိုထားပါသည်။

ထိုသက်သေခံ အမှတ် (၁) ကို ရေးသည့် ၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင်ပင်၊ သက်သေခံ အမှတ် (၂) အဖြစ် လက်ခံထားသော ကျန်ငွေ ရှင်းတမ်းကို ဦးချစ်ဖွယ် (ခံပြ-၂)က ရေးသားပြီး ငွေပေးဆပ်သူ ဒေါ်တင်အေး၊ ဒေါ်စိန်နု ကိုယ်စား ငွေလက်ခံသူ ဦးစန္ဒနှင့် အသိသက်သေ ဦးချစ်ဖွယ်တို့ လက်မှတ် အသီးသီး ရေးထိုးထားသော ရှင်းတမ်းတစောင်လည်း ရှိပါသည်။ ယင်းရှင်းတမ်းကိုလည်း၊ဘုန်းကြီး ဦးစန္ဒ ရှေ့မှာပင် ရေးရကြောင်း ဦးချစ်ဖွယ်(ခံပြ-၂)က ထွက်ဆိုထားပါသည်။ ထိုရှင်းတမ်းမှာ ပေးဆပ်ရန် ကျန်ငွေ ၆၇၇ ကျပ်၊ ၇၆ ပြား ပေါ်တွင် ယနေ့ပေးဆင် ငွေ ၅၀ဝိ ဖြစ်၍ နောက်ဆုံးယခင် ပေးဆပ်ရန် ကျန်ငွေ ၆၂၇ ကျပ်၊ ၇၅ ပြားကို ဖေါ်[ထားပါသည်။ ယင်းရှင်းတမ်းမှ သက်သေခံအမှတ် (၁) အိမ်လခပြေစာဟု ခေါင်းစ[တပ်ထားသောစာနှင့် တနေ့တည်း တထိုင်တည်း ဆက်လက်ရေးသားသည့် ရှင်းတမ[ဖြစ်ရာ၊ ၎င်းသက်သေ အမှတ် (၁) နှင့် (၂) ကို ဆက်စပ်ပြီး အကျိုးသက်ရော[ပုံကိုချိန်ဆရာ၊ သက်သေခံအမှတ် (၁)သည်၊ အိမ်လခပြေစာအ စ်အမှန်ဖြစ်သည်[ယူဆရန်ခဲယဉ်းပေသည်။

သက်သေခံချက်များနှင့် စာချုပ် စာတမ်း သက်သေခံတို့ကို ပေါင်းခြုံပြီး အခိုပ္ပါ[ကောက်ယူရသော်၊ အချင်းဖြစ်မြေနှင့် အိမ်သည်၊ မူလက မူလရုံး တရား[ဒေါ်တင်အေးက သက်သေခံ အမှတ် (ခ) အရ၊ ၁၉၆၁ ခုနှစ်၊ ဇန္နဝါရီလ ၇ ရ[နေ့တွင် ဒေါ်ယုထံမှ မှတ်ပုံတင် အမှတ် ၃၃/၁၉၆၁ အရ၊ ဝယ်ပြီး ၁၉၆ ခု[ဇွန်လ ၁၆ ရက်နေ့တွင် သက်သေခံ အမှတ် (ဂ) အ ၊ ဒေါ်နု(ဒေါ်စိန်နု) ထံ[၁,၂၀၀ ကျပ် ဖြင့် မှတ်ပုံ မတင်သည့် အရောင်း စာချုပ်ကို ချုပ်ပေးသ[ယင်းစာချုပ်တွင် တနှစ် အတွင်း ပြန်လည် ဝယ်ယူလို ါက ငွေ ၀ဝိ တလအ[၅ ကျပ် နှုန်းဖြင့် ဖြည့်ပြီး ဝယ်ရန်၊ တနှစ်ကျော်လွန်သော်လည်း မဝယ်ယူပ[အိမ်နှင့် မြေကို လွှဲပေးပြီး ထွက်ခွါပေးရန် ဖြစ်သည်။ ထို့နောက် သက်သေ**ဒေါ်**

၁၉၇၂

ဒေါ်တင်အေး (ကွယ်လွန်သူ) ၏ တရားဝင် ကိုယ်စားလှယ်များ မခင်တင့် ပါ ၄ နှင့် ဒေါ်စိန်နု။

(ခံပြ-၂) ၏ ထွက်ချက်။ မူလရုံး တရားလို **ဒေါ်စိန်နု၏** ထွက်ချက်အရ၊ နောက်ထပ် ဂဝဝိ ထပ်ယူပြီး သက်သေခံ အမှတ် (က) အပြီးအပိုင် အရောင်းစာချုပ်ကို ချုပ်ပေးခဲ့ရသည်။ ငွေပေးသူမှာ ဘုန်းကြီး ဦးစန္ဒ ဖြစ်ကြောင်း ပေါ်လွင်သည်။ သက်သေခံ အမှတ် (၁) အိမ်လခ ပြေစာတွင် ဦးစန္ဒက တနှစ် အိမ်လခ ၆ဝဝိ လက်ခံပြီး၊ တပေါင်းလ အတွင်း အရွေးခံမည်ဟု ကတိပေးထားသည့် အပြင် ပေးဆပ်ရန် ကျန်ငွေ ရှင်းတမ်း သက်သေခံ အမှတ် (၂) ကို ၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် တပြိုင်တည်း ဦးစန္ဒက ပြုလုပ်ပေးကြောင်း၊ ဦးချစ်ဖွယ် (ပြိုင်ပြ-၂) ၏ ထွက်ဆိုချက်များရှိရာ၊ သက်သေခံ အမှတ် (က) အရောင်းစာချုပ်သည်၊ ရောင်းသူ ဒေါ်တင်အေးနှင့် ဝယ်သူ ဒေါ်စိန်နုတို့ တဘက်နှင့် တဘက် ပစ္စည်း လက်ရောက် ပေးအပ်ရန် လွှဲပြောင်းသည့် စာချုပ် အစစ်အမှန် မဟုတ်ဘဲ ငွေချေးယူသူ ဒေါ်တင်အေးက ငွေချေးသူ ဦးစန္ဒ အတွက် ရင်းတိုးငွေ ၂,၀၀ဝိ ကို ငွေချေးသူ ဦးစန္ဒ၏ အလိုဆန္ဒအရ၊ စိတ်ချယုံကြည်စေရန် အာမခံ သဘောဖြင့် ချုပ်ပေးရသည့် ဟန်ဆောင် စာချုပ်ဟု ယူဆရမည်ဖြစ်သည်။ ဟန်ဆောင် စာချုပ် ဖြစ်ကြောင်းကို သက်သေခံ အမှတ် (ဂ) အရငှား၊ သက်သေခံ အမှတ် (၁) နှင့် (၂) အရငှား၊ ရောင်းသူနှင့် ဝယ်သူတို့ပြုဆက်ဆံပုံကငှ ညွှန်ပြချက် ရှိပေသည်။ စာချုပ်ပါ ရောင်းဈေးနှင့် ကာလတန်ဘိုး ကွာခြားလွန်းသည့် အချက်မှာလည်း စဉ်းစား စရာဖြစ်သည်။ မြူနီစီပါယ်ခွန်ကို ၁၉၆၃ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့တွင် **ဒေါ်စိန်နု** အမည်ဖြင့် (၃) လပိုင်း ဆောင်ခြင်းမှာလည်း ဟန်ဆောင် စာချုပ်ကို **အားပြုပြီးလုပ်ဆောင်ထားခြင်းသာဖြစ်သည်။**

သက်သေခံ အမှတ် (က) သည်၊ **ဟန်ဆောင်ရည်ရွယ်ခဲ့သည့် စာချုပ် ဖြစ်သဖြင့်** သက်သေခံ အက်ဥပဒေ ပုဒ်မ ၉၁ နှင့် ၉၂ ပါ ပြဋ္ဌာန်းချက်များက **ယင်းစာချုပ်သည်** အကျိုးသက်ရောက်စေရန် ရည်ရွယ်ချက် ကင်းကြောင်း **နှုတ်သက်သေတင်ပြရန် ပိတ်ပင်**ခြင်း မရှိပေ။ **ဦးမြတင် (ပါ) ၂** နှင့် **ဒေါ်ကျင်ယုံ (ပါ) ၂။ ရှိယိုပရမ်းဆင်း** နှင့် **စူရိယာနတ်ဆင်း။ မလိန်နာဘိ** နှင့် **ကာစင် အလိ** (၉) အမှုတွင် နှုတ်သက်သေများအရ၊ မှတ်ပုံတင်ထားသည့် စာချုပ် သက်သေခံ အမှတ် (က)သည်၊ အပေါင် အတွက် ခိုင်မာ စေရန် ချုပ်ပေးရသည့် စာချုပ် (ဝါ) ဟန်ဆောင် စာချုပ် ဖြစ်သဖြင့် မန္တလေးမြို့၊ မြို့နယ် တရားမ တရားသူကြီးရုံး၏ တရားမကြီးမှု အမှတ် ၂၂၂/၁၉၆၃ နှင့် တရားမ ဒုတိယ အယူခံမှု အမှတ် ၅/၁၉၆၆ တို့တွင် ချမှတ်သည့် စီရင်နှင့် ဒီကရီးကို **ပယ်ဖျက်**ပြီး၊ မန္တလေးမြို့၊ ခရိုင် တရားမ တရားသူကြီးရုံး၊ ၁၉၆၄ ခုနှစ်၊ **တရားမကြီး အယူခံမှု** အမှတ် ၁၉ တွင် ချမှတ်သည့် စီရင်ချက်နှင့် ဒီကရီကို စရိတ်နှင့်တကွ ပြန်လည် **အတည်ပြု၍၊** အထူးအယူခံလွှာကို လက်ခံသည်။ ဤရုံးရှေ့နေစရိတ် ၅ဝိ ဖြစ်စေရမည်။

---

(၉) အောက်မြန်မာပြည် မှုနှိုပ်စီရင်ထုံးများ၊ စာ ၁၅၄။

နိုင်ငံတော်တရားရုံးချုပ်

တရားမ ပထမ အယူခံမှု

တရားသူကြီး ဦးလှသင်းနှင့် တရားသူကြီး ဦးသန်းအောင်တို့ရှေ့တွင်

† ၁၉၇၂ မတ်လ ၉ ရက်။

ဦးဝေထွန်း (ခေါ်)အော၊ အီး၊ မဒါ(ရ်) ပါ ၅

နှင့်

အီး၊ အမ်၊ စူ(လ်)တန် ပါ ၈ *

တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၉၂ နှင့် အကျုံးဝင်ရန် လိုအပ်ချက်—ပုဂ္ဂလိကပိုင်မြေ၊ ပစ္စည်းနှင့် ပတ်သက်၍ အများ ပြည်သူနှင့် ဆိုင်သော ပေးကမ်းစွန့်ကြဲခြင်း ကိစ္စ ဘာသာရေးကိစ္စ အလို့ငှါ ယုံကြည်အပ်နှံမှု ပြုလုပ်လိုလျှင်၊ ယုံကြည်အပ်နှံခြင်း ခံရသူက ပိုင်ရှင်ဖြစ်လာအောင် လွှဲပြောင်းပေးရန် လိုအပ်ခြင်း—ပုဂ္ဂလိကပိုင်မြေ ပစ္စည်း မဟုတ်ပဲ အစိုးရပိုင်မြေဖြစ်လျှင် အစိုးရက ဂရံ ထုတ်ပေးရမည်ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။တရားမ ကျင့်ထုံး ဥပဒေ ပုဒ်မ ၉၂ နှင့် အကျုံးဝင်ရန် အလို့ငှါပထ မဆုံး လိုအပ်ချက်မှာ အများပြည်သူနှင့် ဆိုင်သော ပေးကမ်းစွန့်ကြဲခြင်း ကိစ္စ၊ သို့မဟုတ် ဘာသာရေး ကိစ္စအလို့ငှါ ယုံကြည်အပ်နှံမှုတရပ် တည်ရှိနေခြင်းပင် ဖြစ်သည်။ ထိုကဲ့သို့သော ယုံကြည်အပ်နှံမှု တည်ရှိ၍မနေလျှင် တရားရုံးက ထိုဥပဒေ ပုဒ်မ ၉၂ တွင် ပါရှိသော သက်သာခွင့်များနှင့် ပတ်သက်၍ ဒီကရီချမှတ်ခြင်း မပြုနိုင်။ ယုံကြည်အပ်နှံမှု မရှိလျှင် ဤပုဒ်မသည် သက်ဆိုင်မှု မရှိနိုင်ပေ။

ထပ်မံဆုံးဖြတ်ချက်။ ။ပုဂ္ဂလိကပိုင်မြေ ပစ္စည်းတခုခုနှင့် ပတ်သက်၍ အများပြည်သူနှင့် ဆိုင်သော ပေးကမ်းစွန့်ကြဲခြင်းကိစ္စ၊ ဘာသာရေး ကိစ္စ အလို့ငှါ ယုံကြည်အပ်နှံမှု ပြုလုပ်လိုလျှင် ထိုပုဂ္ဂလိကပိုင်ရှင်က ထိုမြေပစ္စည်းကို သီးခြားလှူဒါန်း၍ ယုံကြည်အပ်နှံမှုပြု၍ ယုံကြည်အပ်နှံခြင်း ခံရသူက ပိုင်ရှင်ဖြစ်လာအောင် မြေ ပစ္စည်းကို (ပိုင်ရှင်သည် ယုံကြည်အပ်နှံခြင်းခံရသူ မဟုတ်လျှင်) လွှဲပြောင်းပေးရမည်။ ပုဂ္ဂလိကပိုင်မြေ မဟုတ်ပဲ အစိုးရပိုင်မြေဖြစ်လျှင် အစိုးရက အတိအလင်း ယုံကြည်အပ်နှံမှု ဖေါ်ထုတ်ပြုလုပ်၍ ယုံကြည်အပ်နှံခြင်းခံရသူတို့အား ဂရံ ထုတ်ပေးရမည်။

အယူခံတရားလိုများအတွက်။ ။တရားရုံးချုပ်ရှေ့နေ မစ္စတာ ဘာနာဂျီ။

အယူခံတရားခံများအတွက်။ ။တရားရုံးချုပ်ရှေ့နေ မစ္စတာ ဂျဖား။

---

*၁၉၆၉ ခုနှစ်၊ တရားမ ပထမ အယူခံမှုအမှတ် ၄၉။

†၁၉၆၆ ခုနှစ်၊ တရားမကြီးမှု အမှတ် ၃ တွင် ၁၉၆၉ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့စွဲပါ ဤရုံးမူလ ဘက်ဆိုင်ရာ တရားသူကြီး၏ ချမှတ်သော ဒီကရီကိုအယူခံဝင်မှု။

၁၉၇၂
ဦးထွေး ခေါ် အေးအေး၊ မဒါ(ရ်) ပါ ၅ နှင့် အီးအမ်၊ စူ(လ်)တန် ပါ ၈။

တရားသူကြီး ဦးသန်းအောင်။ ။ဤအယူခံမှုသည် ၁၉၆၆ ခုနှစ်၊ တရားမကြီးမှု အမှတ် ၃ ဖြစ်သော တရားမ ကျင့်ထုံးအမိန့် ၉၂ အရ၊ စွဲဆိုသောအမှု၌ ချမှတ်ထားသော တရားရုံးချုပ် မူလဘက်ဆိုင်ရာ တရားသူကြီး၏ စီရင်ချက်နှင့် ဒီကရီမှ အယူခံဝင်ခြင်း ဖြစ်သည်၊ အမှုအကြောင်းအရာ အကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်သည်။

နိုင်ငံတော် ရှေ့နေချုပ်မှ ခွင့်ပြုချက်အရ အယူခံတရားပြိုင် အမှတ် (၁) မှ (၄) တို့သည်၊ တရားလိုများအဖြစ်နှင့် အယူခံတရားပြိုင်အမှတ် (၅) နှင့် (၈)တို့အား တရားပြိုင် ပြုလုပ်၍ တရားမ ကျင့်ထုံး ဥပဒေပုဒ်မ ၉၂ အရ၊ တရားစွဲဆိုခဲ့သည်၊အဆိုလွှာ တွင် အောက်ပါ သက်သာခွင့်များကို တောင်းဆိုခဲ့သည်။

> " (1) For declaring that the mosque and Durgah known as 'THE SYED SALABUDDIN BUKHARI SHAN DURGAR TRUST' and its properties mentioned in the Schedule annexed hereto to the plaint is a Public Trust for the benefit of the Sunni Muslims residents of city of Rangoon and/or in the habit of performing 'Zayarat' at the said premises ;
>
> (2) A SCHEME be framed and/or settled for the management of the said mosque and Durgah and its properties in accordance with as per draft Scheme attached hereto ;
>
> (3) For any other relief or reliefs as to this **Hon' ble Court** may seem fit and proper."

တရားမ ကျင့်ထုံး အမိန့် ၁၊ နည်းဥပဒေ ၈ အရ၊ အများပြည်သူတို့အား ကြော်ငြာ စာထုတ်ခဲ့ရာတွင်၊ အဆိုပါဗလီနှင့် သင်္ချိုင်းဂူနှင့် ပတ်သက်၍ အကျိုးသက်ရောက်မှုရှိသူ တစုက ရုံးသို့လာရောက်၍ ၎င်းတို့အား အမှုသည်အဖြစ် ထည့်သွင်းရန် လျှောက်ထား ခဲ့၏။ ထိုသူများမှာ ဤအယူခံမှုတွင် အယူခံတရားလိုများ ဖြစ်ကြသည်။ ၎င်းတို့ကို မူလရုံးတွင် တရားပြိုင်အမှတ် (၅) မှ (၉)အဖြစ် ၁၉၆၆ ခုနှစ်၊ဩ ဂုတ်လ ၂၄ ရက်နေ့က ထည့်သွင်းခဲ့သည်၊ ထိုနောက် အမှုကြားနာ စစ်ဆေး၍ မူလဘက်ဆိုင်ရာ တရားသူကြီး က အောက်ပါ ဆုံးဖြတ်ချက်များ ချမှတ်ခဲ့သည်။

> " ....သို့ဖြစ်ရာ၊ အုဋ္ဌဂူနှင့် ဗလီကျောင်းတို့တည်ရှိရာမြေမှာ အများနှင့် သက်ဆိုင်သည့် ထရပ်စ်ပစ္စည်း ဖြစ်သည်ဟု ကောက်ယူရမည်ဖြစ်သည်၊ ထိုမြေပေါ် တွင် ဇရပ်တဆောင်လည်း ရှိကြောင်း ကိုမြင့်ဆွေ၏ ထွက်ချက်အရ မငြင်းနိုင်

၁၉၇၂ ဦးထွေး ခေါ် အေးအေး၊ မ်ဒါ(ရ်) ပါ ၅ နှင့် အီး၊အမ်၊ စူ(လ်)တန် ပါ ဂ။

သဖြင့် အဆိုပါ ဇရပ်မှာလည်း အများနှင့်သက်ဆိုင်သော ထရပ်စ်ပိုင် ပစ္စည်းပင် ဖြစ်သည်ဟု ဆုံးဖြတ်လိုက်သည် ”။

* * * * *

* * * * *

“ အထက်ပါ အကြောင်းများကြောင့် ဆရက်ဆာလာဟူဒင် ဘူကာရီဒ္ဒါရဂါ ထရပ်စ်ခေါ်သည့် မူဆလင် ရဟန္တာအုဋ္ဌဂူ၊ ဗလီနှင့်ကျောင်း ဇရပ်တို့မှာ အများနှင့် သက်ဆိုင်သော ထရပ်စ်ပစ္စည်းများ ဖြစ်သည်ဟု မြွက်ဟချက် ပြုလိုက်ပြီး၊ ထိုထရပ်စ်အား စီမံအုပ်ချုပ်ရန် စကင်းဥပဒေ တရပ်ကို ရေးဆွဲရန် ပဏာမ ဒီကရီတရပ် ချမှတ်ပေးလိုက်သည် ”။

အယူခံ တရားလိုများက ထိုစီရင်ချက်နှင့် ဒီကရီကို မကျေနပ်၍ အယူခံဝင်ရာ၌၊ ပထမအကြောင်းပြချက်မှာ မူလဘက်ဆိုင်ရာ တရားသူကြီးက (ထရပ်စ်) ယုံကြည်အပ်နှံမှုပိုင် ပစ္စည်းများ ဖြစ်သည်ဆိုသော ပစ္စည်းနှင့် ပတ်သက်၍ နိုင်ငံတော် အစိုးရက ဂရံထုတ်ပေး ထားခြင်းလည်းမရှိ၊ ထိုပစ္စည်းများကို မည်သူပိုင်ဆိုင်သည် ဟူ၍လည်း သက်သေထင်ရှား မပြနိုင်၍၊ ပိုင်ဆိုင်မှု စာချုပ်စာတမ်းလည်း မတင်ပြနိုင်၊ မည်သည့်ပိုင်ရှင်က မည်သည့်အခါက အဆိုပါပစ္စည်းကို သီးခြားလှူဒါန်း၍ အပ်နှံယုံကြည်မှုပြုခဲ့သည်ဟူ၍လည်း (Dedication) သက်သေထင်ရှား မရှိ၍၊ အဆိုပါ အင်းစိန်မြို့ပဲမှီကုန်း ကွင်းအမှတ် ၃၉၇၊ ဦးပိုင်အမှတ် ၂၉၉ မြေနှင့် ထိုမြေပေါ်ရှိ ဆရက်ဆာလာဟူဒင်ဘူကာရီ အုဋ္ဌဂူဗလီကျောင်းနှင့် ဇရပ်တို့မှာ သက်ဆိုင်ရာ ထရပ်စ်ပိုင်ဆိုသည်ပဆုံးဖြတ်ခြင်းမှာ မှားယွင်းပါသည်ဟု ပါရှိ၏။ ဒုတိယအယူခံ အကြောင်းပြချက်မှဗလီနှင့် သင်္ချိုင်းဂူသည် တသီးတခြားဖြစ်၍ စကင်းစီမံမှု တခုတွင် ရေးဆွဲခြင်းမပြုလုပ်နိုင်၊ တခုစီသီးခြား သတ်သတ်ထားရန်လိုကြောင်း၊ တတိယ အကြောင်းပြချက်မှာ အယူခံတရားပြိုင် အမှတ် (၅)မှ (ဂ)တို့သည် အမှန်တကယ် လက်တွေ့အဖြယုံကြည်အပ်နှံ ခံရသူများ အနေနှင့် အဆိုပါဗလီနှင့် သင်္ချိုင်းဂူတို့ကို ကြီးကြပ်အုပ်ချုပ်ထိန်းသိမ်း လာသူများဖြစ်၍ ၁၉၄ဂ ခုနှစ်မှစ၍ ၎င်းတို့ကလည်း ထိုကဲ့သို့ ဆောင်ရွက်ခဲ့ပြီးနောက်၊ စာရင်းရှင်းခြင်း မရှိခဲ့သဖြင့်၊ ၎င်းတို့ထံမှ စာရင်းအင်း တောင်းပိုင်ခွင့်ရှိနေ၍ မူလဘက်ဆိုင်ရာ တရားသူကြီးက အဆိုပါအယူခံတရားပြိုင် အမှတ် (၅) (ဂ)တို့က စာရင်းရှင်းပေးရန် အမိန့်ချမှတ်ခြင်း မပြုသည်မှာလည်း မှားယွင်းကြောင်းပါရှိသည်။

၁၉၇၂

ဦးထွေး ခေါ် အောအီး၊ မဒါ(ရ) ပါ ၅ နှင့် အီး၊အမ်၊ ရှူ(လ်)တန် ပါ ၈။

အစောက်ဖော်ပြပါ အယူခံ အကြောင်းပြချက်များအနက်၊ ပထမ အကြောင်းပြ**ချက်**ကို ဆင်ခြင်သုံးသပ်သည့် အခါ၌ သက်သေခံချက်များအရ၊ ပေါ်လွင်သည်မှာ **အ**ဆိုပါဗလီနှင့် သင်္ချိုင်းဂူရှိရာမြေသည် သာသနာ့မြေဖြစ်သည်။ ထိုသင်္ချိုင်းနှင့် ဗလီကို ကြီးကြပ်အုပ်ချုပ်သော ယုံကြည်အပ်နှံခြင်း ခံရသူသို့မဟုတ် ဂေါပကလူကြီးများ ပိုင်သော မြေဖြစ်သည်ဟူ၍ သက်သေအထောက်အထား လုံးဝမရှိပေ။ မူလရုံးတရားလိုအမှတ် (၂) မိုဟာမက်ကာဆင်က သက်သေခံရာ၌ အင်းစိန် မြေတိုင်းဌာနက အချင်းဖြစ်မြေကို သာသနာ့မြေဖြစ်သည်၊ တရားလိုတို့၏ရှေ့နေ မစ္စတာဂျဖား အဓိကစစ်ဆေးချက်ပြုရာတွင် မစ္စတာ အမ်၊ အိုင်၊ ကာဆင်က အဆိုပါအချင်းဖြစ်မြေသည် အစိုးရပိုင်မြေဖြစ်ကြောင်း ဖြေကြားထားသည်ကို တွေ့ရသည်။ အယူခံ တရားလိုများဖြစ်သော မူလရုံးတရားပြိုင်အမှတ် (၅ မှ ၉)တို့၏ တရားရုံးချုပ်ရှေ့နေ မစ္စတာ ဘာနာဂျီက ထိုသက်သေကို ပြန်လှန်မေးခွန်း ထုတ်ရာ၌ အဆိုပါဗလီနှင့် သင်္ချိုင်းတည်ရှိရာမြေသည် မည်သူ၏မြေဖြစ်ကြောင်း၊ မည်သူ့ထံမှ ရရှိသောမြေဖြစ်ကြောင်း၊ မည်သို့မည်ပုံရရှိလာသော မြေဖြစ်ကြောင်း ၎င်းကမသိကြောင်း ဝန်ခံသည်။ ထိုဗလီနှင့် သင်္ချိုင်းဂူကို ကြီးကြပ်အုပ်ချုပ် နေသူတို့သည် အစိုးရထံမှ ၎င်းဗလီနှင့် သင်္ချိုင်းဂူအတွက် အသုံးပြုနေသောမြေကို ဂရံထုတ်ပေးရန် လျှောက်ထားခြင်းလည်း မပြုခဲ့ကြောင်းဝန်ခံသည်။ တရားလိုများအနက် မစ္စတာ ကာဆင် တယောက်တည်းကသာ သက်သေအဖြစ် အစစ်ခံခဲ့သည်။ အခြားတရားလိုပြ သက်သေများအနက် မည်သူတဦးတယောက်ကမျှ ထိုမြေ၏ပိုင်ရှင်က သီးခြားလှူဒါန်း၍ ယုံကြည်အပ်နှံမှုပြု၍ အချင်းဖြစ်မြေ ပစ္စည်းတို့ကို လွှဲအပ်ခဲ့သည်ဟု မပြောနိုင်ကြပေ။ မူလရုံးက တရားပြိုင်အမှတ် (၁) နှင့် (၄)တို့သည် သက်သေခံခြင်း၊ သက်သေပြခြင်း မပြုခဲ့သည်ကို တွေ့ရသည်။

အယူခံ တရားလို၏ တရားရုံးချုပ်ရှေ့နေ မစ္စတာ ဘာနာဂျီက ထိုဗလီနှင့် သင်္ချိုင်းဂူ၏ အုပ်ချုပ်သူ လူကြီးများ၊ ထိုဗလီနှင့် သင်္ချိုင်းဂူတည်ရှိရာ မြေနှင့်ပတ်သက်၍ (အစိုးရမြေဖြစ်လျှင်) အစိုးရထံမှ ဂရံဖြစ်စေ၊ သို့မဟုတ် (ပိုင်ရှင်ရှိလျှင်) မြေပိုင်ရှင်ထံမှ သီးခြားလှူဒါန်း ယုံကြည်အပ်နှံမှု ရရှိပြီး နောက်မှသာလျှင် တရားရုံးက ထိုပစ္စည်းများသည် အများပြည်သူနှင့်ဆိုင်သောယုံကြည်အပ်နှံမှုဆိုင်ရာ ပစ္စည်းများဖြစ်ကြောင်း ကြေငြာပေး၍ ထိုဗလီနှင့် သင်္ချိုင်းဂူနှင့် ပစ္စည်းများနှင့် ပတ်သက်၍ အများပြည်သူနှင့်ဆိုင်သော ယုံကြည်အပ်နှံမှု အုပ်ချုပ်ရေးအတွက် စကင်းရေးဆွဲ ပေးနိုင်မည် ဖြစ်ကြောင်း၊ လျှောက်ထားသည်။ ယင်းသို့ လျှောက်ထားရာ၌ မူလရုံး တရားမကြီးမှုတွင် သက်သေခံအဖြစ် တင်သွင်းခဲ့သော ရန်ကုန်မြို့ တရားလွှတ်တော်၏ ၁၉၃၉ ခုနှစ်၊

၁၉၇၂ — ဦးထွေး ခေါ် အေ၊အီး၊ မဒါ(ရ်) ပါ ၅ နှင့် အီး၊အမ်၊ စူး(လ်)တန် ပါ ၈။

တရားမကြီးမှုအမှတ် ၅၀၆ တွင် တရားသူကြီး **Mr. H. F. Dunkley** ချမှတ်သောအမိန့် (သက်သေခံ ၂)နှင့် ၁၉၃၄ ခုနှစ်၊ အဆိုပါ တရားမကြီးမှုအမှတ် ၅၀၆ ၌ပင်လျှင် တရားသူကြီး Mr. A. H. L. Leach ချမှတ်သောအမိန့် (သက်သေခံ ၃)တို့ကို ရည်ညွှန်းသည်။

ထိုအမိန့်များတွင် တရားသူကြီးများက ဤသို့သုံးသပ်ထားသည်ကို တွေ့မြင်ရသည်။

သက်သေခံချက် (၂)မှ ကောက်နုတ်ချက်။

" Mr. M.I. Khan for the petitioners, who are some of the plaintiffs in the suit which is now pending in this Court for the framing of a scheme for the administration of this trust property. It appears that the present petitioners have obtained from Government a grant in their names of the land upon which this sacred tomb is situated. The Official Receiver was appointed receiver originally while the land was vested in Government, for the sole purpose of receiving the offerings made by the worshippers at the tomb. The curious position, therefore, is that the petitioners now have the land vested in them, while the Official Receiver receives the income derived from the sacred nature of the property.

The petition which has now been made prays that the Official Receiver may be discharged, and charge of the properties and cash be made over to those petitioners as trustees. But while the suit for the management of the trust is pending, they are trustees of the whole trust and its income, although the land may be vested in them by a grant of Government. Consequently the Official Receiver cannot hand over to them in their capacity as trustees (which capacity they have not yet realized), but he can hand over to them in their capacity as receivers if I appoint them as such. The Official Receiver, who is present, has no objection to this course being taken, and Mr. M.I. Khan on behalf of the petitioners, also constants to this course. It clearly is the proper course to take, seeing that the land **is now** vested in these petitioners. "

ဦးထွေး ခေါ် အေးအီး၊ မဒါ(ရ်) ပါ ၅ နှင့် အီးအမ်၊ စူ(လ်)တန် ပါ ၈။

" It is apparent that there are difficulties in the way of the Court framing a Scheme for the management of the tombs referred to in the plaint. The land is admittedly vested in Government and the tombs have not been declared to be trust property. In the circumstances Mr. Khar intimates that his clients will approach Government with a view to having the property vested in the trustees and make that this case be adjourned 'Sine die' in order that the Government may be approached, and a decision arrived at. The learned Government Advocate had no objection to this course. The case will therefore stand out of the list 'Sine die' with liberty to the parties to apply. The Official Receiver will continue to be receiver of the offerings made at the tomb. "

တရားမကျင့်ထုံး ဥပဒေပုဒ်မ ၉၂ တွင် ယခုအမှုနှင့် သက်ဆိုင်သော ပြဋ္ဌာန်းချက်မှာ၊ အများပြည်သူနှင့်ဆိုင်သော ပေးကမ်း စွန့်ကြဲခြင်းကိစ္စ၊ သို့မဟုတ် ဘာသာရေးကိစ္စအလို့ငှါ အတိအလင်းပြုလုပ်ထားသည့် ယုံကြည်အပ်နှံမှု၊ သို့မဟုတ် ပြုလုပ်ထားသည်ဟု မှတ်ယူရသော ယုံကြည်အပ်နှံမှု တစုံတရာကို စီမံခန့်ခွဲ အုပ်ချုပ်ရာ၌ လိုအပ်သောတရားရုံး၏ ညွှန်ကြားချက်များကို တောင်းရန် လိုအပ်လျှင် ရှေ့နေချုပ်၏ သဘောတူညီချက်ဖြင့် တရားမရုံး၌ တရားစွဲ၍ ထိုဥပဒေပုဒ်မ ၉၂ တွင် ဖော်ပြထားသော သက်သာခွင့်များကို ဒီကရီ ချမှတ်ပေးရန် တောင်းဆိုရယူနိုင်သည်။

တရားမကျင့်ထုံး ဥပဒေပုဒ်မ ၉၂ နှင့် အကြုံးဝင်ရန်အလို့ငှါ ပထမဆုံး လိုအပ်ချက်မှာ၊ အများပြည်သူနှင့်ဆိုင်သော ပေးကမ်းစွန့်ကြဲခြင်းကိစ္စ၊ သို့မဟုတ် ဘာသာရေးကိစ္စအလို့ငှါ ယုံကြည်အပ်နှံမှုတရပ် တည်ရှိနေခြင်းပင်ဖြစ်သည်။ ထိုကဲ့သို့ ယုံကြည်အပ်နှံမှု တည်ရှိ၍မနေလျှင် တရားရုံးက ထိုဥပဒေပုဒ်မ ၉၂ တွင်ပါရှိသော သက်သာခွင့်များနှင့် ပတ်သက်၍ ဒီကရီချမှတ်ခြင်း မပြုနိုင်၊ ယုံကြည်အပ်နှံမှု မရှိလျှင် ဤပုဒ်မသည် သက်ဆိုင်မှု မရှိနိုင်ပေ။

အထက်ဖော်ပြပါ ဥပဒေမှုနှင့် ပတ်သက်၍မြန်မာနိုင်ငံ၌တိုက်ရိုက် သက်ဆိုင်မှုရှိသော စီရင်ထုံး ပြုထားသည်ကို မတွေ့ရပေ။ သို့သော် အနီးကပ်ဆုံး စီရင်ထုံးမှာဒီ၊ အိုင်၊ **အတ္တီးယားနှင့် အမ်၊** အိုင်၊ မဒါး(၁)တို့၏ အမှုစီရင်ထုံးတွင် ဤသို့ဆွေးနွေးထားသည်။

" **What I think** the real intention and meaning of section 92 of the **Civil** Procedure Code to be is that by virtue of

(၁) ၁၄ ရန်ကုန် ၅၇၅။

၁၉၇၂

ဦးထွေး ခေါ် အေးအီး၊ မဒါ(ရ်) ပါ ၇ နှင့် အီးအမ်၊ စူ(လ်)တန် ပါ ၈။

the specific categories of relief mentioned in paras. (*a*) to (*g*) and the general relief mentioned in para. (h), it intends and is effective to catch all those cases in which any declaration, order or other relief is asked for by way of carrying into execution and administering a trust for public purposes of a charitable or religious nature as opposed to relief claimed adversely to the trust altogether, as for example a claim that no valid Waqf exists or that certain property does not form part of the trust property."

တရားမကျင့်ထုံး ဥပဒေပုဒ်မ ၉၂ နှင့် အကြုံးဝင်ရန် အလို့ငှါ ယုံကြည်အပ်နှံမှု ရှိရမည်။ ထိုယုံကြည် အပ်နှံမှုသည် အများပြည်သူနှင့် ဆိုင်သော ပေးကမ်း စွန့်ကြဲခြင်းကိစ္စ၊ သို့မဟုတ် ဘာသာရေးကိစ္စ အလို့ငှါ ပြုလုပ်ထားသော ယုံကြည်အပ်နှံမှု ဖြစ်ရမည်။ ထို ဒီ၊ အင်၊ အတ္တီးယား အမှု၌ပင် ဤသို့ဖော်ပြထား၏။

"That, however, does not end the matter because in order to qualify under section 92 the trust must be a trust 'created for public purposes, of a charitable or religious nature.' This to my mind is a question of prime importance because I am unable to find that it has ever been really satisfactorily dealt with in this province. The dividing line between what is and is not a trust for public purposes of a charitable or religious nature may very well be exceedingly fine........."

ယုံကြည်အပ်နှံမှု ဆိုသည်မှာ၊ ယုံကြည်အပ်နှံခြင်း ခံရသူတို့ ပိုင်ဆိုင်မှုတွင် သက်ရောက်နေသော ယုံကြည်အပ်နှံထားသည့် ပစ္စည်းနှင့် ဆက်စပ် ပူးတွဲနေသော ထိုပစ္စည်းနှင့်ပတ်သက်၍ လုပ်ကိုင်ဆောင်ရွက် စီမံခန့်ခွဲရန် တာဝန်ဖြစ်သည်။ အဘူး နှင့် အဘူး (၂) တို့အမှုတွင် ဤသို့အဓိပ္ပါယ် ဖော်ပြထား၏။

"A 'trust' is really an 'obligation' attaching to a trustee which the law or equity will enforce......"

အများပြည်သူနှင့်ဆိုင်သော ပေးကမ်း စွန့်ကြဲခြင်းကိစ္စ၊ သို့မဟုတ် ဘာသာရေးကိစ္စအလို့ငှါ သီးခြားလှူဒါန်း၍ ယုံကြည်အပ်နှံမှု ပြုထားလျှင် ယင်းသို့သော ယုံကြည်အပ်နှံမှု ပြုလုပ်ထားခြင်းရှိ၍၊ ယင်းသို့သော ယုံကြည်အပ်နှံ တည်ရှိနေသည်ဟု ဆိုနိုင်၏။ ပစ္စည်းတစုံတခုကို အများပြည်သူနှင့် ဆိုင်သော ပေးကမ်းစွန့်ကြဲခြင်းကိစ္စ၊ သို့မ

(၂) ၁၉၃၉ အာ(ရ်)၊ အယ်(လ်)၊ အာ(ရ်) ၁၄၀။

၁၉၇၂

ဦးထွေး ခေါ် အေး၊ အီး၊ မဒါ(ရ်) ပါ ၅ နှင့် အီး၊ အမ်၊ စူ(လ်)တန် ပါ ၈။

ဟုတ် ဘာသာရေးကိစ္စ အလို့ငှါ သီးခြားလှူဒါန်း၍ ယုံကြည်အပ်နှံမှု ပြုထားခြင်းရှိ-မရှိကို တရားမကျင့်ထုံးပုဒ်မ ၉၂ အရ၊ တင်သွင်းသော အမှုမျာ၌ ဆန်းစစ်ရန်လိုပေသည်။ ယင်းကဲ့သို့ ပစ္စည်းတစုံတခုကိုသီးခြားလှူဒါန်းရန် ယုံကြည်အပ်နှံမှုပြုထားချက်ရှိရန်လိုကြောင်းနှင့်ယုံကြည်အပ်နှံသူနှင့် ပိုင်ဆိုင်မှု သက်ရောက်လျက်ရှိရန်လိုကြောင်းကို အထက်တွင် ဖေါ်ပြထားပြီးဖြစ်သော ရန်ကုန်မြို့၊ တရားလွှတ်တော်၏တရားမကြီးမှုအမှတ် ၅၀၆/၃၄ တွင် ချမှတ်ထားသော အမိန့်များတွင် ပါရှိသည်ကိုတွေ့ရ၏။

ထိုအချက်နှင့် ပတ်သက်၍ မြန်မာနိုင်ငံတွင် ထုံးပြုထားသည်ကို မတွေ့ရပေ။ သို့သော် **အမ်၊ အိုင်၊ အရစ်** နှင့် **အမ်၊ အက်စ်၊ အိုင်၊ မေဂျီး** (၃)တို့အမှု၌ တရားရုံးက ဆူနီဂျူမာမူစဂျစ် ဗလီတခုနှင့် ပတ်သက်သော အများပြည်သူနှင့် ဆိုင်သော ပေးကမ်းစွန့်ကြဲခြင်းကိစ္စ၊ ဘာသာရေး ကိစ္စအလို့ငှါ ယုံကြည်အပ်နှံမှုအတွက် စကင်းစီမံမှု (scheme)တခု ရေးဆွဲပေးခဲ့၏။ ထိုအမှုတွင် မြေ၌ နေထိုင် ပိုင်ဆိုင်သူက ဗလီတခုတည်၍ သီးခြားလှူဒါန်း၍ ယုံကြည်အပ်နှံမှု ပြုခဲ့၏။ ၎င်းနှင့် အနီးအနား မြေများကို အချို့လူများက ဝယ်၍ဗလီကို အုပ်ထိန်းသူအား လွှဲပြောင်းပေးခဲ့၏။ ၎င်းနောက် အစိုးရကလည်း ဗလီတည်ဆောက်ရန် အဘိအသင်း ယုံကြည်အပ်နှံမှုပြု၍ ဂရံထုတ်ပေးခဲ့၏။ ထိုဂရံမြေကို အစိုးရက ပြန်သိမ်းပြီးနောက် ရန်ဒေရီယားလူမျိုး၊ လူတစုက အစိုးရထံမှ ထိုမြေကိုဝယ်၍ ဗလီတည်ဆောက်ကာ၊ ဗလီဘည်ဆောက်ဆဲကာလတွင် အသစ်ထပ်မံ၍ သီးခြားလှူဒါန်း၍ ယုံကြည်အပ်နှံမှု ပြုလုပ်ကာ ယုံကြည်အပ်နှံမှု စာချုပ်တခု ချုပ်၍ပြုလုပ်ခဲ့၏။ ထိုကဲ့သို့ သီးခြားလှူဒါန်း၍ ယုံကြည်အပ်နှံမှု ပြုလုပ်ထားသော ပစ္စည်းများနှင့် ပတ်သက်၍ အများပြည်သူတို့နှင့်ဆိုင်သော ပေးကမ်းစွန့်ကြဲခြင်းကိစ္စ၊ ဘာသာရေး ကိစ္စ အလို့ငှါ ယုံကြည်အပ်နှံမှု ရှိနေသဖြင့် ထိုအများပြည်သူနှင့် ဆိုင်သော ယုံကြည် အပ်နှံမှုအတွက် စကင်းစီမံမှုတခု ကိုတရားရုံးကပြုလုပ်ပေးခဲ့၏။ ထို **အမ်၊ အိုင်၊ အရစ်၊** အမှုစီရင်ချက်မှ အောက်ပါရေးသားချက်ကို ရည်ညွှန်းအပ်သည်။

> "It appears that the site of the present mosque was formerly occupied by a bamboo structure built in 1854 by one Moolla Hashim, a native of Randher. It was dedicated to the same purpose, and bore the same name as the present masonry mosque. Divine worship was performed here by all Sunni Mahomedans until it was burnt down three years later, when Moolla Hashim replaced it with a building made of wooden planks. This continued to be the public place of worship until 1872, when the masonry mosque was erected.

(၃) **အတွဲ ၈** ၊အောက်မြန်မာပြည်စီရင်ထုံးများ၊ ၅၁၇။

၁၈၇၂

ဦးထွေး ခေါ်
အေးဗြအိး၊
မဒါ(ရ်)
ပါ ၅
နှင့်
အီး၊အာမ်၊
စူး(လ်)တန်
ပါ ဂ။

The land on which the mosque was first built appears to have been afterwards added to by purchases made by Moola Hashim or by his fellowtownsmen, who made the same over to him as the custodian of the mosque." "In 1862 one Moolla Ibrahim, a brother of Moolla Hashim, and two persons of the names of Golam Moideen Moolah and Cassim Azim, obtained from the Government a grant in respect of certain other plots on the express trust "to build and maintain thereon a mosque or place of worship for and to the use of all persons professing the Sunni sect of the Mahomedan religion."

These lands were also added or attached to the existing mosque, and shops were built there to yield an income for its maintenance.

In 1864, Moola Hashim went on a pilgrimage to Mecca, leaving the management of the mosque in the hands of Moolla Ibrahim and the two persons already mentioned He returned to Rangoon in 1866, but never resumed his management of the mosque. At this time the person in charge was one Mahommed Hashim Mehtar, who also is said to have been a native of Randher.

In 1870, the Government, finding that no mosque had been built on the lands granted in 1862, and that on the contrary shops had been erected thereon, issued a notice on the grantees to show cause why those lands should not be resumed. A meeting was thereupon held, apparently at the instance of the Randherias, of all the Sunni Mahomadans entitled to worship at the mosque, and it was decided to buy outright from the Government the land, and build on it a proper masonry structure suitable to the growing needs of the community. Although there is some dispute with regard to the contributions of the general body of Sunnis apart from the Randherias, it may be taken as fairly uncontroverted that the bulk of the fund was subscribed by the Randheria section of the worshippers. The conveyance was taken in the names of five persons, named respectively Dooplay, Ariff, Pattal, Mohammed Hashim and Ebrahim Al Moolla, and these men in 1872, whilst the masonry mosque was in course of building, purported to create a new dedication.

The trust deed bears date the 16th March 1872, and after reciting that it was made between the persons name above, of the one part, and one Mohammed Hashim, representing the general Sunni Mussulman community, of the other part, proceeds to declare that "the pieces or parcels of land upon a certain portion of which the Sunni Jamaet Musjid is erected, or is in the course of being built, together with the godowns attached thereto, are solely dedicated for the purpose of divine worship." It then goes on to provide *inter alia* that its management shall remain exclusively in the hands of the Randheria Jamaet (people or assembly).

၁၉၇၂
ဦးထွေးခေါ် အေးအီး၊ မဲဒါ(ရ်) ပါ ၅ နှင့် အီးအေမ်၊ စူ(လ်)တန် ပါ ဂ။

ပုဂ္ဂလိကပိုင်မြေ၊ ပစ္စည်းတခုခုနှင့် ပတ်သက်၍ အများပြည်သူနှင့် ဆိုင်သော ပေးကမ်း စွန့်ကြဲခြင်းကိစ္စ၊ ဘာသာရေး ကိစ္စအလို့ငှါ ယုံကြည်အပ်နှံမှု ပြုလုပ်လိုလျှင် ထိုပုဂ္ဂလိက ပိုင်ရှင်က ထိုမြေ၊ ပစ္စည်းကို သီးခြားလှူဒါန်း၍ ယုံကြည်အပ်နှံမှုပြု၍ ယုံကြည်အပ်နှံခြင်း ခံရသူက ပိုင်ရှင်ဖြစ်လာအောင် မြေ၊ ပစ္စည်းကို (ပိုင်ရှင်သည် ယုံကြည်အပ်နှံခြင်း ခံရသူ မဟုတ်လျှင်) လွှဲပြောင်း ပေးရမည်။ ပုဂ္ဂလိကပိုင် မြေမဟုတ်ဘဲ အစိုးရပိုင် မြေဖြစ်လျှင် အစိုးရက အတိအလင်း ယုံကြည်အပ်နှံမှု ဖော်ထုတ်ပြုလုပ်၍ ယုံကြည်အပ်နှံခြင်း ခံရသူအား ဂရန်ထုတ်ပေးရမည်။

ယခုအမှုတွင် မြေပိုင်ရှင်၊ ပစ္စည်းပိုင်ရှင်တို့က သီးခြားလှူဒါန်း၍ ယုံကြည်အပ်နှံမှု ပြုလုပ်ထားသည်ဟူသော သက်သေခံချက် တစုံတစ်ရာ မရှိပေ။ ထို့အတူ ယခုအမှုတွင် အစိုးရက ဗလီနှင့် သင်္ချိုင်းဂူတည်ရှိရာ မြေနှင့်ပတ်သက်၍၊ ဂရန်ထုတ်ပေးထားသည်ဟူ၍လည်း သက်သေခံချက် တစုံတစ်ရာ မရှိပေ။ တရားလိုများနှင့် မူလကနဦး တရားပြိုင်များ (အယူခံ တရားပြိုင်များ)ကပင်၊ မြေသည် အစိုးရမြေဖြစ်သည်ဟု ဝန်ခံထားသည်။

သို့ဖြစ်၍ မူလဘက်ဆိုင်ရာ တရားသူကြီးက အုဌ်ဂူနှင့် ဗလီကျောင်းတို့တည်ရှိရာ မြေမှာ အများနှင့် သက်ဆိုင်သည့် ထရပ်စ်ပစ္စည်း ဖြစ်သည်ဟု ကောက်ယူဆုံးဖြတ်ချက် နှင့်ဇရပ်မှာလည်း အများနှင့် သက်ဆိုင်သော ထရပ်စ်ပိုင်ပစ္စည်း ဖြစ်သည်ဟူသော ဆုံးဖြတ်ချက်တို့ကို အမှုအခြေအနေ အကြောင်းချင်းရာ အရသော်၎င်း၊ သက်သေခံချက်များပေါ်၌သော်၎င်း၊ ကျွန်ုပ်တို့အနေနှင့် သဘောမတူ၊ မူလရုံး တရားသူကြီးနှင့် သဘောကွဲလွဲ၍ ယူဆသည်ဖြစ်၍ ထိုဆုံးဖြတ်ချက်တို့နှင့် ဆန့်ကျင်၍ ဆုံးဖြတ်သည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် စကားစီမံမှုတခု ရေးဆွဲရန် ပဏာမ ဒီကရီတရပ် ချမှတ်ပေးရန်မထိုက်၊ မသင့်လျော်ဟု ကျွန်ုပ်တို့ ယူဆသည်။

၁၉၇၂

ဦးထွေး ခေါ် အောအီး၊ မဒါ(ရ်) ပါ ၅ နှင့် အီးအမ်၊ စူ(လ်)တန် ပါ ၈။

အထက်တွင် ဆုံးဖြတ်ထားပြီး ဖြစ်သည့်အတွက် အယူခံတရားလို၏ ရှေ့နေကြီး တင်ပြသော စကားစီမံမှုကို ဗလီအတွက်ရော၊ သင်္ချိုင်းဂူအတွက်ပါ လုံးပေါင်း၍ ရေးဆွဲခြင်း၊ စကားစီမံမှု တခုတည်း ပြုလုပ်ခြင်း မပြုနိုင်ဟူသော ပြဿနာကို စဉ်းစားရန်မလိုတော့ပေ။ ထိုနည်းတူစွာ စာရင်းအင်းများပေး၍ ဒီကရီ ချမှတ်ပေးရန် သက်သာခွင့် မပေးခြင်းနှင့် ပတ်သက်၍လည်း စဉ်းစားရန် မလိုပေ။ မည်သို့ပင်ဖြစ်စေ ထိုအချက်နှင့် ပတ်သက်၍ စာရင်းပေးခြင်း၊စာရင်းအင်းနှင့် ပတ်သက်၍ စုံစမ်းမှုပြုခြင်း၊ သက်သာခွင့်ကို တရားမ ကျင့်ထုံးပုဒ်မ ၉၂ (ဃ)တွင် သီးခြားဖော်ပြထားသဖြင့် ရှေ့နေချုပ်က ထိုသက်သာခွင့်နှင့် ပတ်သက်၍ တရားစွဲဆို တောင်းဆိုရန် ခွင့်ပြုထားချက်မရှိသဖြင့် တရားရုံးက ထိုသက်သာခွင့်ကို ပေးနိုင်မည် မဟုတ်ဟု ကျွန်ုပ်တို့ ယူဆသည်။

သို့ဖြစ်၍ အယူခံကို ခွင့်ပြု၍ မူလရုံးတရားမကြီးမှုအမှတ် ၃/၆၆ တွင်ချမှတ်ထားသော စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်၍ အမှုကို စရိတ်မရှိပယ်လိုက်သည်။ အမှုသည်များသည် မိမိတို့စရိတ်ကို မိမိတို့ ကျခံကြရမည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမ ပထမအယူခံမှု

တရားသူကြီး ဦးလှသင်းနှင့် တရားသူကြီး ဦးသန်းအောင် တို့ရှေ့တွင်

၁။ ဦးနေဝင်း
၂။ ဒေါ်မြလေး } နှင့် ဒေါ်ခင်အေး * | † ၁၉၇၂ — မတ်လ ၁၈ ရက်။

ကာလစည်းကမ်းသတ် အက်ဥပဒေ အချက် ၁၁၅—ယင်းအချက် အတွက် တရားစွဲဆိုရာ၌ ကာလစည်းကမ်းသတ်ကို စ တင်ရေတွက်ရမည့်နေ့—ပဋိညာဉ်ကိုငြင်းပယ်လျှင် နစ်နာသော တဘက် ပဋိညာဉ်ပြုသူက ငြင်းပယ်သူအား ပဋိညာဉ်ချိုးဖေါက်မှု အတွက် လျော်ကြေးရရန် တရားစွဲခွင့်ရှိခြင်း—မည်သည့်အခါ ပဋိညာဉ်ကို ငြင်းပယ်မှု မြောက်ခြင်း။

ဆုံးဖြတ်ချက်။ ။အယူခံတရားလို၏ ရှေ့နေက ကာလ စည်းကမ်းသတ် အက်ဥပဒေ အချက် ၁၁၅ အတွက် တရားစွဲဆိုရန် ကာလကို စတင်ရေတွက်ရသော နေ့သည် ပဋိညာဉ်ပြုသူတဦး ဖြစ်သော တရားပြိုင်က (အပေါင်) ပဋိညာဉ်ကို (**repudiate**) ငြင်းပယ်သောနေ့ ဖြစ်သည်ဟု ဆို၏။ ထိုအချက်ကို ကျွန်ုပ်တို့ လက်ခံနိုင်သည်။ သို့သော် တိကျစွာနှင့် ပြည့်စုံစွာပြောရလျှင်၊ ပဋိညာဉ် ပြုသူတယောက်သည် ပဋိညာဉ် အရ၊ ၎င်းအပေါ်တွင် ကျရောက်သော တာဝန်ကို ဆောင်ရွက်ရန် ငြင်းပယ်လျှင်၊ သို့မဟုတ် ပဋိညာဉ်အရ၊ ဆောင်ရွက်ရန် အချိန်ကျရောက်သော်လည်း ဆောင်ရွက်ရန် ပျက်ကွက်လျှင် ပဋိညာဉ် ချိုးဖေါက်မှု ဖြစ်ပေါ်သည်။ ပဋိညာဉ်ကို ငြင်းပယ်ခြင်း (**repudiation of the contract**) သည်၊ ပဋိညာဉ် အတိုင်း လိုက်နာ ဆောင်ရွက်ရန် ငြင်းဆိုခြင်း (**refusal to fulfil the contract**) ဖြစ်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။**ငြင်းပယ်ခြင်းဆိုသည်မှာ၊ ပဋိညာဉ်ပြုသူ** တယောက်က ပဋိညာဉ် အရ၊ ပြုလုပ်ရန် တာဝန်ကို ပြုလုပ်ဆောင်ရွက်ရန် ငြင်းဆိုခြင်းဖြစ်သည်။ ထိုသို့ ငြင်းပယ်လိုက်လျှင် နစ်နာသော တဘက် ပဋိညာဉ်ပြုသူက၊ ယင်းသို့ ငြင်းပယ်သူအား ပဋိညာဉ်ကို ချိုးဖေါက်မှု အတွက် လျော်ကြေးရယူရန် တရားစွဲဆိုပိုင်ခွင့် ရှိသည်။ ငြင်းပယ်ခြင်း မြောက်အောင် ပဋိညာဉ် အရ၊ ပြုလုပ်ရမည့် တာဝန်ကို ပြုလုပ်ဆောင်ရွက်ရန် မည်သို့ ငြင်းပယ်ရမည်နည်း ဟူမူ၊ လုံးလုံး လျားလျား ငြင်းဆိုရမည် (**total refusal**) သို့မဟုတ် အကြွင်းမဲ့ ငြင်းဆိုခြင်း (**absolute refusal**) ဟု ဆိုရပေလိမ့်မည်။ ပဋိညာဉ် ပြုသူ တယောက်သည်၊ ပဋိညာဉ် အတိုင်း ၎င်းက မဆောင်ရွက်နိုင်ကြောင်း၊ သို့မဟုတ် မဆောင်ရွက်လိုကြောင်းကို၊ ၎င်း၏ ပြုမူချက် (**conduct**)

---

* **၁၉၇၁ ခုနှစ်၊** တရားမ ပထမ အယူခံမှု အမှတ် ၈၅။

† ၁၉၆၇ **ခုနှစ်၊တရားမ** ကြီးမှု အမှတ် ၂၉၄ **တွင်၊** ရန်ကုန်မြို့၊ တရားမ ရုံး၊တရားသူကြီးချုပ်ရုံး၏ ချမှတ်သော အမိန့်ကို **အယူခံဝင်မှု။**

၁၉၇၂ ဖြင့် သိစေလျှင်၊ ပဋိညာဉ်အရင်းပေါ် ကျရောက်သော တာဝန်ကို ငြင်းပယ်ရာ ရောက်သဖြင့်၊ အခြားတဘက်တွင် ပဋိညာဉ်ပြုသူသည်၊ ထိုငြင်းပယ်ချက်ကြောင့် နစ်နာလျှင် လျော်ကြေးရခွင့် ရှိသည်။

၁။ ဦးနေဝင်း
၂။ ဒေါ်မြလေး
နှင့်
ဒေါ်ခင်မအေး။

အယူခံတရားလိုအတွက်။ ။တရားရုံးချုပ် ရှေ့နေ ဦးမွန်စံလှိုင်။

အယူခံတရားခံအတွက်။ ။တရားရုံးချုပ် ရှေ့နေ ဦးတင့်။

တရားသူကြီး ဦးသန်းအောင်။ ။အယူခံ တရားလိုတို့သည်၊ ရန်ကုန်မြို့၊ တရားမရုံးတွင် တရားလိုပြု၍ အယူခံတရားပြိုင်ထံမှ ပဋိညာဉ် ချိုးဖောက်သဖြင့် လျော်ကြေးငွေ ကျပ် ၂၇,၀၀၀ ရလိုကြောင်း တရားစွဲဆိုခဲ့သည်။ ထိုအမှုသည်၊ တရားမ ကြီးမှု ၂၉၄/၆၇ ဖြစ်သည်။ တရားလိုတို့က တရားပြိုင်နှင့် အပေါင် (Pledge) ပဋိညာဉ်ပြုခဲ့ကြောင်း၊ တရားပြိုင်က ပဋိညာဉ်ကို ချိုးဖောက်ခဲ့ကြောင်း၊ တရားလိုများ နစ်နာသဖြင့်၊ လျော်ကြေးရထိုက်ကြောင်း အဆိုပြု၍ တရားစွဲရာတွင် မူလရုံးက အပေါင် ပဋိညာဉ်ပြုခဲ့သည်ဟူသော အချက်နှင့် တရားပြိုင်က ပဋိညာဉ် ချိုးဖောက်ခဲ့သည် ဟူသော အချက်တို့ကို လက်ခံခဲ့သော်သည်း၊ ကာလ စည်းကမ်းသတ် ကျော်လွန်နေပြီဟု ဆုံးဖြတ်၍ ၁၉၇၁ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့စွဲပါ စီရင်ချက်နှင့် ဒီကရီကို ချမှတ်ပြီး အမှုကို ပယ်ခဲ့သည်။

အယူခံ တရားလိုများက ထိုစီရင်ချက်နှင့် ဒီကရီမှ အယူခံဝင်ရာ၌ မူလရုံး၊ တရားသူကြီးသည် ကာလ စည်းကမ်းသတ် အက် ဥပဒေ အရ၊ တရားစွဲဆိုရန် ၃ နှစ် ကာလကို စတင်ရေတွက်ရာ၌ တရားပြိုင်က အရွေးမခံသည့် အခါမှစ၍ ရေတွက်ရမည် ဖြစ်၍ ၁၉၆၄ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့ထက် နောက် မကျနိုင်ကြောင်း ဆုံးဖြတ်ခြင်း သည် မှားယွင်းကြောင်း၊ ၁၉၆၄ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့မှစ၍ ရေတွက်ရမည် ဖြစ်ကြောင်း လျှောက်လဲသည်။ ၁၉၆၄ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့မှာ တရားပြိုင်၏ ရှေ့နေက တရားလို၏ ရှေ့နေက ၁၉၆၄ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့ နို့တစ်စာ (သက်သေခံ-က)ကို ပြန်သောစာ (သက်သေခံ-ခ) ဖြစ်သည်။

တရားလို ရှေ့နေ၏ နို့တစ်အမှုနှင့် သက်ဆိုင်သည်မှာ အောက်ပါ အတိုင်း ဖြစ်သည်—

"သို့ပါ၍၊ ဦးနေဝင်း၏ ညွှန်ကြားချက် အရ၊ ဒေါ်ခင်အေးထံတွင် ပေါ်ပြပါ **အပေါင်**ပစ္စည်းကို ချေးထားသော ငွေနှင့် ကျသင့်သောအတိုးတို့ကို ပေးဆပ်ပြီး **ရွေးခွင့်ပြု**ပါရန်၊ ဤနို့တစ်စာအားဖြင့် တောင်းဆိုပါသည်။ ထိုတောင်းဆို **ပါလျှက်၊ ဒေါ်ခင်**အေးထံမှ ကျွန်တော်ထံသို့ရင်း၊ သို့မဟုတ် ဦးနေဝင်းထံသို့ရင်း

ဤနို့တစ်စာရပြီး ၅ ရက် အတွင်း ရွေးခွင့်ပြုရန်၊ အကြောင်းကြားခြင်း၊ ဆောင်ရွက်ခြင်း စသည်တို့ကို မပြုပါက၊ နောက်ထပ် အကြောင်းကြားခြင်းတို့ကို ပြုတော့မည်မဟုတ်ဘဲ ဆက်လက်၍ ဥပဒေလမ်းကြောင်း အတိုင်းပင် အရေးယူသွားမည်ဖြစ်ကြောင်း သိစေလိုက်ပါသည်။ ”

၁၉၅၂
၁။ ဦးနေဝင်း
၂။ ဒေါ်မြလေး
နှင့်
ဒေါ်ခင်အေး။

တရားပြိုင်ရှေ့နေ၏ပြန်စာမှ အမှုနှင့် သက်ဆိုင်သရွေ့ကိုဖော်ပြရလျှင်၊ အောက်ပါ အတိုင်းဖြစ်သည်—

“အချင်းဖြစ် အကြောင်း မှန်မှာ ဦးနေဝင်းသည်၊ အဆိုပါ ဘဏ်၌ ပေါင်ထားသည့် ပစ္စည်းများကို ရွေးပါရန် ဘဏ်ကအကြိမ်ကြိမ် တောင်းဆို ခဲ့ပါသော်သည်းမရွေးနိုင်၍ အပြီးအပိုင်ရောင်းရန် ဖြစ်သည့် အချိန်တွင်၊ အဆိုပါ ဘဏ်တွင်ပစ္စည်းများ အဆုံးမခံသို့၍၊ ဒေါ်ခင်အေးနှင့် ဆွေမျိုးသည်းတော်သည့် အသျှောက် ဘဏ်သို့ပေးရန် အရင်း အတိုး ပေါင်း ကျပ် ၁၇,၆၆၀ များကို ဒေါ်ခင်အေးကပေးဆပ်၍ အပြီး အပိုင်ယူပါရန် ဦးနေဝင်းက ပြောလာသဖြင့် အဆိုပါပစ္စည်းများကို နှစ်ဦးသဘောတူ ဒေါ်ခင်အေးကကျပ်ငွေ ၁၇,၆၆၀ နှင့် အပြီးအပိုင်ဘဏ်ကြွေးများဆပ်၍ ဝယ်ယူလိုက်ခြင်း ဖြစ်ပါ၍၊ အဆိုပါ ပစ္စည်းများကို ဦးနေဝင်းက ဒေါ်ခင်အေးထံမှ ပြန်ရွေးရန် အကြောင်း မရှိပါ။ အထက်ပါအကြောင်းများကြောင့် လူကြီးမင်း၏ တောင်းဆိုချက်ကို မလိုက် လျော့နိုင်ပါ။ ဦးနေဝင်းက အရေးယူမည်ဆိုပါက ဥပဒေ ဘောင် အတွင်းမှ ဒေါ်ခင်အေးကထုချေရန် အဆင်သင့်ရှိကြောင်း ပြန်ကြားအပ်ပါသည်။ ”

တရားလိုတို့သည် တရားပြိုင်ထံ စိန်ရွှေ ပစ္စည်းများ ပေါင်နှံခြင်းနှင့် ပတ်သက်၍ငင်း၊ အရွေးမခံဟူသော အချက်နှင့် ပတ်သက်၍ငြင်း ယခုအယူခံတွင် နှစ်ဘက် အမှုသည်များအငြင်းပွါးမှု မရှိကြပေ။ အယူခံ တရားလိုတို့၏ တရားရုံးချုပ် ရှေ့နေက တရားလိုတို့သည် အပေါင်ကို ပြန်လည် ရွေးယူမှု (suit for redemption) စွဲဆိုမှုမဟုတ်ကြောင်း၊ ပဋိညာဉ် ချိုးဖောက်သည့် အတွက် နစ်နာသည့် လျော်ကြေး စွဲဆိုမှုဖြစ်ကြောင်း လျှောက်လဲခဲ့သည်။ မူလရုံး တရားသူကြီးက ကာလစည်းကမ်း သတ်အက်ဥပဒေ အချက် ၁၁၅ နှင့် အကျုံးဝင်ကြောင်း ဆုံးဖြတ်ထားသည်။ ထို ဆုံးဖြတ်ချက်နှင့် ပတ်သက်၍သည်း နှစ်ဘက် အမှုသည်များက ဤအယူခံတွင် အငြင်း မပွါးကြချေ။

၁၉၇၂

၁။ ဦးနေဝင်း
၂။ ဒေါ်မြမေလး
နှင့်
ဒေါ်ခင်အေး။

ကာလစည်းကမ်းသတ် အက်ဥပဒေ အချက် ၁၁၅ မှာ အောက်ပါ အတိုင်း ဖြစ်သည်။

Description of suit	Period of limitation	Time from which period begins to run.
115. For compensation for the breach of any contract, express or implied, not in writing registered and not here in specially provided for.	Three years	When the contract is broken, or (wher ethere are successive breaches) when the breach in respect of which the suit is instituted occurs, or (where the breach is continuing) when it ceases.

ဦးအုံးခင်မော် နှင့် ဦးကုတ်ရန် အမှု (၁) ၌ အချက် ၁၁၅ နှင့် ပတ်သက်၍၊ ဤသို့သုံးသပ်ထားသည်ကို တွေ့ရ၏။

"အချက် ၁၁၅ မှာ စာနှင့် ရေးသားမှတ်ပုံတင်ခြင်း မရှိသည့် အတိအလင်း ပြောဆို၍ဖြစ်စေ၊ အတိအလင်း မဟုတ်သော်လည်း သဘော သက်ရောက် အနေဖြင့် ဖြစ်စေ ပြုလုပ်ခဲ့သည့် ပဋိညာဉ်ကို ဖေါက်ဖျက်သည့် အတွက် လျော်ကြေးငွေ ရလိုမှုနှင့် သက်ဆိုင်သည်။ ဤအချက်နှင့် အကျုံးဝင်ရန် စာနှင့် ရေးသား မှတ်ပုံတင်ခြင်း မရှိသည့် ပဋိညာဉ်ရှိရမည်။ ထိုပဋိညာဉ်ကို ချိုး ဖေါက်ခဲ့ပြီး ဖြစ်ရမည်။ ယင်းသို့ ချိုးဖေါက်ခဲ့သည့် ပဋိညာဉ် အတွက်လျော် ကြေးငွေ တောင်းဆိုခြင်း ဖြစ်ရပေမည်။ ယခု အမှုတွင် အယူခံတရားလို၊ အယူခံ တရားပြိုင်နှင့် အခြား ပုဂ္ဂိုလ် ၁၆ ဦးတို့သည် တလလျှင် ငွေကျပ် ၃၀၀ စီ ၁၇ လတိုင်တိုင် ထည့်ဝင်ကြပြီး၊ တလလျှင် တဦးစီခွဲဝေကြရန် နှုတ် ကတိရှိကြသည်။ ၁၁ လအကြာတွင်၊ ထိုပဋိညာဉ် အတိုင်း ဆက်လက်ဆောင် ရွက်ခြင်း မပြုသဖြင့်၊ ပဋိညာဉ် ချိုးဖေါက်မှုရှိခဲ့သည်။ ထိုကဲ့သို့ပင် ပဋိညာဉ်ကို ချိုးဖေါက်ခဲ့သည့် အကြောင်းကြောင့် အယူခံ တရားလို အပေါ် အယူခံ တရားပြိုင်က မိမိထည့်ဝင်ခဲ့သည့် ငွေကျပ် ၃,၁၅၀ ကို တောင်းဆိုခဲ့ရာ၊ ယင်းသို့ တောင်းဆိုခြင်းသည်၊ လျော်ကြေးငွေ တောင်းဆိုခြင်းပင် ဖြစ်ပေသည်။ လျော် ကြေးငွေဆိုသည်မှာ ငွေမည်မျှ ရလိုသည်ဟု သီးခြားသေချာစွာ ဖေါ် ပြသည်ဖြစ်စေ၊ မဖေါ်ပြသည်ဖြစ်စေ၊ နစ်နာမှု အတွက် တောင်းဆိုသည့် ငွေအားလုံးနှင့် အကျုံးဝင်သည်။ သို့ဖြစ်ရာ၊ အယူခံတရားပြိုင်က အယူခံ

(၁) ၁၉၇၀ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၁၁၂ (၁၁၅)။

ထားလိုအပေါ်တောင်းဆိုသော ငွေမှာ ကာလစည်းကမ်းသတ် အက်ဥပဒေ ၁၉၇၂
ပထမ ဇယား၏ အချက် ၁၁၅ နှင့် အကျုံးဝင်နေသည်ဟု ကျွန်ုပ်တို့ယူဆသည်။ ၁။ ဦးနေဝင်း
ယင်းသို့ အကျုံးဝင်နေလျှင် အချက် ၁၂၀ ကို သုံးစွဲခြင်း မပြုနိုင်ပေ။" ၂။ ဒေါ်မြလေး
ယခုအမှုတွင်အငြင်းပွါးသည့် အချက်မှာ၊ ဤအမှုအဘို့ ပဋိညာဉ်ချုပ်ဖေါက်သော နှင့်
နေ့သည် မည်သည့်နေ့ဖြစ်ပါသနည်းပင် ဖြစ်သည်။ ဒေါ်ခင်အေး။

အချင်းဖြစ် ပဋိညာဉ်သည်၊ အပေါင် ပဋိညာဉ်ဖြစ်သည်။ အပေါင် ပဋိညာဉ်နှင့် ပတ်သက်၍ ပဋိညာဉ် အက်ဥပဒေ ပုဒ်မ ၁၇၂ တွင် ဤသို့ အဓိပ္ပါယ်ပြဆိုထား၏။

"The bailment of goods as security for payment of a debt or performance of a promise is called 'pledge'. The bailor is in this case called the 'pawnor.' The bailee is called the 'pawnee'."

လက်ရောက် အပ်နှံခြင်း (bailment) နှင့် ပတ်သက်၍ အဆိုပါ ဥပဒေ ပုဒ်မ ၁၄၈ တွင် ဤသို့ အဓိပ္ပါယ် ဖွင့်ဆိုထားသည်။

"A 'bailment' is the delivery of goods by one person to another for some purpose, upon a contract that they shall, when the purpose is accomplished, be returned or otherwise disposed of according to the directions of the person delivering them. The person delivering the goods is called the 'bailor.' The person to whom they are delivered is called the "bailee."

အပေါင် ပြုလုပ်သူ (Pledger) ၏ ပဋိညာဉ် အရ၊ အခွင့် အရေးနှင့် အပေါင်ခံသူ၏ ပဋိညာဉ်အရ၊ တာဝန်အချို့ကို ပဋိညာဉ် အက်ဥပဒေ ပုဒ်မ ၁၇၃၊ ၁၆၀၊ ၁၇၆ နှင့် ၁၇၇ တို့၌ ပြဋ္ဌာန်းထား၏။

173. The pawnee may retain the goods pledged, not only for payment of the debt or the performance of the promise, but for the interest of the debt, and all necessary expenses incurred by him in respect of the possession or for the preservation of the goods pledged.

160. It is the duty of the bailee to return, or deliver according to the bailor's directions, the goods bailed, without demand, as soon as the time for which they were bailed has expired, or the purpose for which they were bailed has been accomplished.

၁၉၅၂

၁။ ဦးနေဝင်း
၂။ ဒေါ်မြလေး
နှင့်
ဒေါ်ခင်အေး။

176. If the pawnor makes default in payment of the debt or performance at the stipulated time of the promise, in respect of which the goods were pledged, the pawnee may bring a suit against the pawnor upon the debt or promise, and retain the goods pledged as a collateral security ; or he may sell the thing pledged on giving the pawnor reasonable notice of the sale.

If theproceeds of such sale are less than the amount due in respect of the debt or promise, the pawnor is still liable to pay the balance. If the preceeds of the sale are greater than the amount so due, the pawnee shall pay over the surplus to the pawnor.

177. If a time is stipulated for the payment of the debt or performance of the promise, for which the pledge is made, and the pawnor makes default in payment of the debt or performance of the promise at the stipulated time, he may redeem the goods pledged at any subsequent time before the actual sale of them ; but he must, in that case, pay in addition any expenses which have arisen from his default.

အပေါင်ခံသူသည်၊ အပေါင်ပြုလုပ်သူကလာ၍ ရွေးသောအခါ၌ အပေါင်ထားသော ပစ္စည်းများကို ပြန်ပေးရန် တာဝန်ရှိသည်။ နာဂူမိရာ နှင့် သားများ နှင့် ဘီဟာရီလား ချိတိုမားတို့ အမှု (၂)၌ ဤသို့ ဆွေးနွေးထား၏။

" With reference to the first contention section 161 of the Contract Act must be read with section 160 and 173 of the same ; the default on the part of the respondents to return the goods must be after the time for which they were bailed has expired or the purpose for which they were bailed has been accomplished ; and as there admittedly was no time limit to the bailment it must be after the payment of the debts by the appellants. However, there is no allegation whatsoever of the debts having been paid or of any tender having been made by the appellants at any time. Their case as stated in their first reply (exhibit B) is merely that the goods were never released to them, without any mention of their having made any attempt to find the respondents and redeem the pledge. Even in

(၂) ၁၉၄၉ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး (တရားလွှတ်တော်) ၆၁၅ (၆၁၃)။

ၢ၁၉၇၂

၁။ ဦးနေဝင်း
၂။ ဒေါ်မြလေး
နှင့်
ဒေါ်ခင်အေး။

their second reply (exhibit D) they merely stated that the respondents failed to release the goods by issuing the necessary authority to them although they were at all times ready and willing to redeem the goods by tendering the amount and that the respondents ran away and kept themselves out of their reach and 'without informing their whereabouts.' They have not stated definitely in their correspondence, plaint and amended plaint that they had actually tried to find the respondents and redeem the pledge at all."

ကာလစည်းကမ်းသတ် အက် ဥပဒေ အချက် ၁၁၅ တွင် ကာလစည်းကမ်းသတ် ကာလကို စတင် ရေတွက်ရမည့် ရက်သည်၊ ပဋိညာဉ်ကို ချိုးဖေါက်သည့်အခါ၊ (when the contract is broken) ဟု ဆိုထား၏။ ထိုအချက် ၁၁၅ တွင် ("suit" for conpensation for breach for any contract) ပဋိညာဉ် ချိုးဖေါက်သဖြင့်လျော်ကြေးရရန် (စွဲဆိုသောအမှု) ဟုဖေါ်ပြထားသော်လည်း၊ယင်းကာလ စည်းကမ်းသတ် အက်ဥပဒေတွင်ပဋိညာဉ် ချိုးဖေါက်သည် (breach of contract) ဟူသော စကားရပ်နှင့် ပတ်သက်၍ အဓိပ္ပါယ်ဖေါ်ပြထားခြင်း မရှိပေ။ ထိုစကားရပ်ကို ပဋိညာဉ် အက်ဥပဒေတွင် အသုံးပြုထားသော်လည်း ယင်း အက်ဥပဒေ၌ အဓိပ္ပါယ်ဖေါ်ပြထားခြင်း မရှိပေ။ ပဋိညာဉ် ဥပဒေဆိုင်ရာ ကျောင်းသုံး စာအုပ်များကို ကြည့်သည့် အခါ၌ အောက်ပါ အတိုင်း ရှင်းပြထားသည်ကို **တွေ့ရ၏ (၃)** ။

Meaning of breach. Before discussing the circumstances in which breach discharges a contract it is necessary to define what is meant by breach and to describe the different forms that it may take.

Forms of breach. Breach occurs where a party repudiates or fails to perform one or more of the obligations imposed upon him by the contract. It may take any one of three forms.

(i) Failure to perform. First, and this is the normal form, it occurs where a party fails to perform his obligation upon the date fixed for performance by the contract, as for example where a seller does not deliver the goods on the appointed day.

(၃) The Law of Contract (7th Ed. 1969) by G.G. Cheshire and G.Hs, Fifoot at page 530.

၁၉၇၂

၁။ ဦးနေဝင်း
၂။ ဒေါ်မြလေး
နှင့်
ဒေါ်ခင်အေး။

(ii) Explicit repudiation. Secondly, it may arise from express repudiation, *i.e.*, where a party states explicity that he will not perform his promise.

(iii) Implicit repudiation. Thirdly, there is a breach if a party does some act which disables him from performing his obligation, as for instance where A., who has promised to marry B., marries C., instead. Such an act constitutes an implicit repudiation of the contract."

ဤ အယူခံ တရားလို၏ ရှေ့နေက ကာလစည်းကမ်းသတ် အက်ဥပဒေ အချက် ၁၁၅ အတွက် တရားစွဲဆိုရန် ကာလကို စတင်ရေတွက်ရသော နေ့သည်၊ ပဋိညာဉ် ပြုသူတဦးဖြစ်သော တရားပြိုင်က (အပေါင်) ပဋိညာဉ်ကို (repudiate) ငြင်းပယ်သော နေ့ဖြစ်သည်ဟု ဆို၏။ ထိုအချက်ကို ကျွန်ုပ်တို့ လက်ခံနိုင်သည်။ သို့သော် တိကျစွာနှင့် ပြည့်စုံစွာ ပြောရလျှင်၊ ပဋိညာဉ် ပြုသူ တယောက်သည်၊ ပဋိညာဉ်အရ၊ ၎င်းအပေါ်တွင် ကျရောက်သော တာဝန်ကို ဆောင်ရွက်ရန် ငြင်းပယ်လျှင်၊ သို့မဟုတ် ပဋိညာဉ် အရဆောင်ရွက်ရန် အချိန်ကျရောက်သော်လည်း ဆောင်ရွက်ရန် ပျက်ကွက်လျှင် ပဋိညာဉ် ချိုးဖောက်မှု ဖြစ်ပေါ်သည်။ ပဋိညာဉ်ကို ငြင်းပယ်ခြင်း (repudiation of the contract) သည်၊ ပဋိညာဉ် အတိုင်း လိုက်နာဆောင်ရွက်ရန် ငြင်းဆိုခြင်း (refusal to fulfil the contract) ဖြစ်သည်။

ငြင်းပယ်ခြင်းဆိုသည်မှာ၊ ပဋိညာဉ်ပြုသူတယောက်က ပဋိညာဉ်အရ ပြုလုပ်ရန် တာဝန်ကို ပြုလုပ်ဆောင်ရွက်ရန် ငြင်းဆိုခြင်းဖြစ်သည်။ ထိုသို့ ငြင်းပယ်လိုက်လျှင် နစ်နာသော တဘက် ပဋိညာဉ်ပြုသူက ယင်းသို့ ငြင်းပယ်သူအား ပဋိညာဉ်ကို ချိုးဖောက်မှုအတွက် လျော်ကြေးရယူရန် တရားစွဲဆိုပိုင်ခွင့် ရှိသည်။ ငြင်းပယ်ခြင်း မြောက်အောင် ပဋိညာဉ်အရ ပြုလုပ်ရမည့် တာဝန်ကို ပြုလုပ်ဆောင်ရွက်ရန် မည်သို့ ငြင်းဆိုရမည်နည်းဟူမူ၊ လုံးလုံးလျားလျား ငြင်းဆိုရမည် (total refusal)၊ သို့မဟုတ် အကြွင်းမဲ့ ငြင်းဆိုရမည် (absolute refusal) ဟုဆိုရပေလိမ့်မည်။ ပဋိညာဉ်ပြုသူတယောက်သည်၊ ပဋိညာဉ် အတိုင်း ၎င်းက မဆောင်ရွက်နိုင်ကြောင်း သို့မဟုတ် မဆောင်ရွက်လိုကြောင်းကို ၎င်း၏ ပြုမူချက် (conduct) ဖြင့် သိစေလျှင် ပဋိညာဉ်အရ၊ ၎င်းအပေါ် ကျရောက်သော တာဝန်ကို ငြင်းပယ်ရာ ရောက်သဖြင့် အခြား တဘက်တွင် ပဋိညာဉ်ပြုသူသည် ထိုငြင်းပယ်ချက်ကြောင့် နစ်နာလျှင်၊ လျော်ကြေးရခွင့်ရှိသည်။

၁၉၇၂

၁။ ဦးနေဝင်း
၂။ ဒေါ်မြလေး
နှင့်
ဒေါ်ခင်အေး။

ဗိအမ်ဒါနီ နှင့် လောင်ချိုင် အမှု (၄) စီရင်ထုံးတွင် သုံးသပ်ထားသည်မှာ၊ ညာဉ်ကို တရားဥပဒေနှင့် မညီညွတ်သော စွန့်လွှတ်မှု၊ သို့မဟုတ် ဖြင်းပယ်မှု ယ်လျှင် နစ်နာသော ပဋိညာဉ်ပြုသူသည် လျော်ကြေး ရရန် အတွက် တရားစွဲဆို သည်။

"What gives rise to a cause of action is the wrongful putting an end to a contract, or to use the words of Bowen, L.J. in (1886) 16 Q B 460(9), what gives rise to a cause of action is the 'wrongful renunciation of the contractual relation into which he has entered.' The damage or loss is the consequence that flows from the wrongful act."

ယခုအမှုတွင် ဆန်းစစ်ဆင်ခြင်ရမည်မှာ၊ မည်သည့် အခါတွင် တရားပြိုင်က ပေါင် ပဋိညာဉ်အရ၊ ၎င်း အပေါ် ကျရောက်သော တာဝန်ကို ငြင်းပယ်ခဲ့သနည်းပင် ာ်သည်။ အပေါင် ပဋိညာဉ်အရ၊ အပေါင်ခံသူ အပေါ် ကျရောက်သော တာဝန်သည် ပေါင်ပြုလုပ်သူက လာရောက်ရွေးယူလိုသော အခါ၌ ရွေးယူခွင့်ပေးရမည်ဖြစ်၍၊ ပေါင်ပြုလုပ်သူက ချေးငွေ ပြန်ပေးမည် ပြုသည့်အခါ၌ အပေါင်ထားသောပစ္စည်း ၊ အပေါင်ခံသူက ပြန်ပေးရမည့် တာဝန်ဖြစ်သည်။

အမှုအဆိုအချေများနှင့် သက်သေခံချက်များကို ကြည့်ရှုသည့်အခါ အဆိုလွှာ ပိုဒ် (၇)၊ (၈)၊ (၉)၊ (၁၀)၊ နှင့် (၁၁) တို့သည် ဤအယူခံမှုနှင့် သက်ဆိုင် ်သည်ကိုတွေ့ရ၏။

အဆိုလွှာအပိုဒ် (၇) တွင် ၁၉၆၄ ခုနှစ်၊ ဇူလိုင်လတွင် အကြွေးဆပ်ခွင့်နှင့် ည်းပြန်ရွေးခွင့် မရတော့သည့် အခြေသို့ ရောက်ရှိခဲ့၏ဟု အတိအလင်းရေးသား ား၏။ အဆိုလွှာ အပိုဒ် (၈) တွင် ဤသို့ဆက်လက် ဖော်ပြထား၏။

"၈။ ထိုသို့ တရားလိုများက ကြွေးဆပ်ပြီး ပစ္စည်းများ ရွေးရန်၊ တရားခံထံ ကိုယ်တိုင်ချဉ်းကပ်ခဲ့သော်လည်း ရွေးခွင့် မရသဖြင့်၊ ရှေ့နေမှတဆင့် အပေါင် ပစ္စည်းများကို ရွေးခွင့်ပေးရန် နို့တစ်စာ တစောင်ကို၊ ၁၉၆၄ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့စွဲဖြင့်ပေးခဲ့၏။ ၎င်းနို့တစ်စာကို တရားခံက ၎င်း၏ ရှေ့နေမှ တဆင့် ၁၉၆၄ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့စွဲ စာဖြင့် ပြန်ကြားရာတွင်၊ ဖော်ပြပါ ပစ္စည်းများသည်၊ ၎င်းအား အပေါင် သဘောမျိုးဖြင့် အပ်နှံထား သော **ပစ္စည်း**များမဟုတ်၊ ၁-တရားလိုက ၎င်းအား ဆွေမျိုးတော်စပ်နေသူ တဦး **အနေဖြင့်** ၎င်း(၁-တရားလို) မဆပ်နိုင်သည့် ဘဏ်ကြွေး၊ အတိုး ရင်း

(၄) **အေးအိုင်၊အာ(ရ်)**၊ ၁၉၃၆ ရန်ကုန်၊ ၅၁၀ (၅၁၃)။

၁၉၇၂

၁။ ဦးနေဝင်း
၂။ ဒေါ်မြလေး
နှင့်
ဒေါ်ခင်အေး။

ပေါင်းငွေကျပ ၁၇,၆၆၀ ကို ပေးဆပ်ပြီး ဖေါ်ပြပါ ပစ္စည်းများကို အပိုင်ယူရန် အရောင်း အဝယ် သဘောဖြင့် ပေးခဲ့ခြင်းသာ ဖြစ်သည်။အဆိုပါ ပစ္စည်းများက ပြန်ရွေးခွင့်ပြုရန် အကြောင်း မပေါ်ပေါက်ပါ၊ ထို့ကြောင့် ပစ္စည်း ရွေးရန် တောင်းဆိုခြင်းကို မလိုက်လျောနိုင်ပါဟု ရေးသားပြန်ကြားခဲ့၏။ ”

အဆိုလွှာ အပိုဒ် (၁၁) တွင် မည်သည့် အတွက်ကြောင့် တရားစွဲရကြောင်းက အောက်ပါ အတိုင်း ဖေါ်ပြထားသည်—

“ ၁၁။ ထိုသို့ တရားခံက အပေါင် ပစ္စည်းအဖြစ်၊ ၎င်းထံ အပ်နှံထားသော ပစ္စည်းများကို ရွေးခွင့်မပေးဘဲ၊ ၎င်း ကိုယ်ကျိုး အတွက် အသုံးပြုခဲ့ပါသဖြင့် တရားလိုများက ၎င်းတို့နစ်နာဆုံးရှုံးခံခဲ့ရသည့် ငွေပေါင်းကျပ် ၂၇,၂၅၀ မှ ကျ ၂၇,၀၀၀ ကို ပေးလျော်ပါရန် ၁၉၆၇ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့စွဲဖြင့် နို့တစ်စ ပေးပြီး တောင်းဆိုခဲ့၏။ တောင်းဆိုသည့် ငွေကို မပေးသည့်အပြင် တရားလို နို့တစ်စာတွင် ပါသည့် အချက် အလက်တို့ကိုပါ ငြင်းဆိုပါသဖြင့် ဖေါ်ပြ ငွေကျပ် ၂၇,၂၅၀ ကို နစ်နာကြေး၊ သို့မဟုတ် လျော်ကြေး အဖြစ် ပေးလျော် ရန်တရားစွဲဆိုရန် အကြောင်းချင်းရာသည် ၁၉၆၇ ခုနှစ်၊ မတ်လ ၂၄ ရက် နေ့ စ၍ပေါ်ပေါက်ခဲ့၏။ ထိုသို့ ငြင်းဆိုသဖြင့်လည်း တရားခံထံမှ ဖေါ်ပြပါ တရား နစ်နာသည့် ငွေကြေး ပမာဏ ၂၇,၀၀၀ ကျပ် ကို လျော်ကြေး အနေဖြ ရရှိရန် အမိန့် ဒီကရီ ရလိုပါသည်။ ”

တရားလို ဦးနေဝင်းက ရွေးယူရန် ကြိုးစားပုံနှင့် တရားခံက ငြင်းပယ်ပုံန ပတ်သက်၍ သက်သေခံထားပုံမှာ အောက်ပါ အတိုင်း ဖြစ်သည်——

“ နောက် ဇူလိုင်လလောက်ကျတော့ ငွေရှာပြီး ပြန်ရွေးမည်လို့ ဒေါ်ခင်အေ ကို ပြောပါသည်။ အဲဒီပစ္စည်းတွေဟာ သူ့ဆီမှာ မရှိတော့ဘူး တဆ ပေါင်ထားတယ်လို့ ဒေါ်ခင်အေးက ပြောပါသည်။ အဲဒီလို တဆင့် အပေါင် ထားသည့်လူက ကလော သွားနေတယ်လို့ ဒေါ်ခင်အေးက ပြောပါသည် နောက် တပတ်လောက်ကြာမှ လာပါလို့ ဒေါ်ခင်အေးက ပြောပါသည် ပစ္စည်းတဆင့် အပေါင်ခံထားသည့် လူထံ ဒေါ်ခင်အေးက ပြောသဖြင့် သူ ကျွန်တော်နှင့် ဘောက်ထော်ဘုတာရုံလမ်းရှိ ဒေါ်သန်းသန်းဆိုသူ အိမ်သို့ သွ ပါသည်။ ဒေါ်သန်းသန်း အိမ်ရောက်တော့ ဒေါ်သန်းသန်းကို မေးပါသည် မေးတော့ ဒီပစ္စည်းတွေ သူတဆင့် အပေါင်ခံထားကြောင်း ဝန်ခံပါသည် သို့သော် သူက နောက်တဆင့် ထပ်ပေါင်ထားကြောင်း ပြောပါသည်။ **ဒီပစ္စ**

တွေ့ရွေးမည်သို့ လာသည်ဟု ပြောသည့် အခါ၊ ဒေါ်သန်းသန်းက နောက်တနေ့ လာပါလို့ ပြောပါသည်။

၁၉၇၂

၁။ ဦးနေဝင်း
၂။ ဒေါ်မြလေး
နှင့်
ဒေါ်ခင်အေး။

* * * * *

* * * * *

ပြန်လာပြီး ဤကိစ္စနှင့် ပတ်သက်၍ ဒေါ်မြလေးနှင့် တိုင်ပင်ပါသည်။ အရွေးမခံတဲ့ဟာ ကျေနပ်ဘွယ်ရာ မရှိဘူး ဒါကြောင့် ဝတ်လုံနှင့် တိုင်ပင်ရန် ကောင်းမည်ဟု ဆိုပြီး ဝတ်လုံနှင့် တိုင်ပင်ရန် ပြောပါသည်။ နောက်နေ့ကျတော့ ဝတ်လုံ ဦးလှသိန်းထံ သွားပါသည်။ သူ့အိမ်သို့ သွားပါသည်။ အမှုဖြစ် အကြောင်းအရာများကို သူ့အား ပြောပြပါသည်။ ဒီအမှု လက်ခံနိုင်ဘို့ နောက်နေ့ရုံးခန်းကို လာဘို့ ချိန်းပါသည်။ နောက်နေ့ ဦးလှသိန်း၏ ရုံးခန်းသို့ သွားသည့်အခါ သူနှင့် ဒေါ်ခင်အေးနှင့် တွေ့ပြီးပြီဟု ပြောပါသည်။ ပစ္စည်းတွေ ပေါင်ထားဒါ မှန်တယ်သို့ ဒေါ်ခင်အေးက ပြောတယ်သို့ ဦးလှသိန်းက ကျွန်တော့်ကို ပြောပါသည်။ ငွေလိုလို့ ပြန်တောင်းဒါ မရလို့ သဘောတူညီချက်နှင့် ရောင်းလိုက်သည်ဟု ဒေါ်ခင်အေးက ပြောတယ် လို့လည်း ပြန်ပြောပါသည်။ တရားလို ဒေါ်မြလေးက ဤသို့ ထွက်ဆိုထား၏။

"နောက် ဇူလိုင်လလောက်ကျတော့ ငွေရှာပြီး ရွေးဘို့ လုပ်ပါသည်။ ၁-တရားလိုက တရားပြိုင်ထံမှ ပစ္စည်းကို ရွေးမည်သို့ သွားပြောသည့် အခါ ပစ္စည်းသူ့ဆီမှာ မရှိဘူး တဆင့်ထားတယ်သို့ တရားပြိုင်က ၁-တရားလိုကို ပြန်ပြောလိုက်ပါသည်။ တဆင့်ထားတယ်ဆိုတဲ့ လူဆီသည်း ၁-တရားလိုက လိုက်သွားတယ်၊ အဲဒီသူဆီမှာသည်း မရှိဘူး၊ သူကပြန် တဆင့်ထားတယ်လို့ ပြောတယ်သို့ ၁-တရားလိုက ကျမကို ပြန်ပြောပါသည်။ နောက် အဲဒီလို ထပ်တဆင့်ထားတဲ့ အိမ်ကို လိုက်သွားတော့သည်း အဲဒီလူ မရှိဘူး၊ အိမ်တံခါး သော့ခတ်သွားတယ်သို့ ၁-တရားလိုက ကျမကို ပြောပါသည်။ ကျမ လိုက်သွားပါသို့ သူက ပြောပါသည်။

နောက်နေ့ မနက်ကျတော့ တရားပြိုင်အိမ်သို့ ကျမသွားပါသည်။ တရားပြိုင်က၊ ၁-တရားလိုပြောသလိုဘဲ ကျမကို ပြောပါသည်။ ဘောက်ထော်မှာ နောက်တဆင့်ထားတဲ့သူ အိမ်သော့ခတ်သွားတယ် ဘယ်သွားသလဲ မသိဘူးလို့ပြောပါသည်။ အဲဒီလိုပြောတော့ ကျမပစ္စည်း ဖြစ်သည့်အတွက်မခံနိုင်ဘူး၊ တန်ဘိုးလည်း နည်းဒါ **မဟုတ်ဘူး** လိုက်ပြပါသို့ တရားပြိုင်ကို ကျမ ပြောပါသည်။ ဒါနဲ့ နောက်နေ့ချိန်းပြီး **ဘောက်**ထော်ကို သွားကြပါသည်။ ၁-တရားလို၏

၁၉၇၂
၁။ ဦးနေဝင်း
၂။ ဒေါ်မြလေး
နှင့်
ဒေါ်ခင်အေး။

ကားနှင့် သွားပါသည်။ ကားထဲမှာ ကျမရယ် တရားပြိုင်ရယ်၊ ၁-တရားလိုရယ်၊ ဒေါ်ဆင့်ရယ်၊ မတင်စိန်ရယ် ပါပါသည်။ ဘောက်ထော် ရောက်တော့ အိမ်တအိမ် မှာ ရပ်ပါသည်။ အဲဒီအိမ်က မိန်းခလေး တယောက်က အိမ်ရှေ့ထွက်ပြီး အိမ်ရှင်တွေ မရှိဘူးလို့ပြောပါသည်၊ ဘယ်အချိန် ပြန်လာမလဲလို့ မေးတဲ့အခါ ညနေမှ ပြန်လာမယ်လို့ ပြောပါသည်။ ဒါနဲ့ ကျမတို့ပြန်လာပါသည်။ ညနေ သွားဘို့ ပြန်ချိန်းပါသည်။ ညနေကျတော့ ၁-တရားလိုက တရားပြိုင်ကို သွား ခေါ်ပါသည်။ တရားပြိုင် နေမကောင်းနေကြောင်း ၁-တရားလိုက ကျမကိုပြော ပါသည်။ နောက်တနေ့ သွားဘို့ ပြန်ချိန်းကြပါသည်။ နောက် တနေ့ ညနေအေး သွားဘို့ လုပ်တော့ တရားပြိုင် မင်္ဂလာဒုံ သွားလို့ မသွားဖြစ်ဘူးလို့ ၁-တရားလိုက လာပြောပါသည်၊ ဒီလိုဆိုရင် မဖြစ်ဘူးထင်တယ်၊ ရှေ့နေနှင့် တိုင်ပင်မှဘဲလို့ ၁-တရားလိုကို ကျမက ပြောပါသည်။ ”

တရားလိုတို့၏ သက်သေ ဦးလှသိန်းက တရားပြိုင်နှင့်တွေ့ဆုံပုံနှင့် ပတ်သက်၍ အောက်ပါအတိုင်း အစစ်ခံထား၏—

“ ၁၉၆၄ ခုနှစ်၊ မိုးတွင်း၊ ဩဂုတ်လ ပဉ္စမပတ်လောက်တုံးက မောင်နေဝင်း ကျွန်တော့်အိမ်သို့လာဘူးပါသည်။ အဲဒီတုံးက အမှတ် ၁၀၊ ဘိုသိန်းလမ်းတွင် ကျွန်တော် နေပါသည်၊ မောင်နေဝင်းက သူတို့ ပေါင်ထားတဲ့ စိန်တွေက် ရွေးဒါ ဒေါ်ခင်အေးက အရွေးမခံဘူး၊ အဲဒါ ဦးလှသိန်း ပြောပေးပါလ ပြောပါသည်။ ကျွန်တော်က ဒေါ်ခင်အေးကို မေးကြည့်ပေးမည်လို့ ပြန်ပြေ လိုက်ပါသည်။ နောက် တနေ့ ကျတော့ ဒေါ်ခင်အေးကို ကျွန်တော် ခေါ်ပ သည်။ သူ ကျွန်တော့်အိမ် သို့လာပါသည်။ မောင်နေဝင်း ပြောသည့်အကြောင် နှင့် ပတ်သက်၍ ဒေါ်ခင်အေးကို ကျွန်တော် မေးပါသည်။ စိန်မျ မောင်နေဝင်းတို့ထံမှ အပေါင်ခံထားဒါ မှန်သည်။ သို့သော် သူတို့ ရောင်း ပြုလို့ ရောင်းလိုက်ပြီ၊ အရွေးမခံနိုင်ဟု ဒေါ်ခင်အေးက ကျွန်တော့်ကို ပြန်ပြေ ပါသည်။ ရောင်းခွင့်ပြုဒါ စာနှင့် ပေနှင့် ရှိသလား၊ ဘယ်သူက ရောင်းခွင့် သလဲလို့ ကျွန်တော်က ဒေါ်ခင်အေးကို မေးပါသည်။ စာနှင့် ပေနှင့်တော့ မရှိ ဒေါ်မြလေးကိုယ်တိုင်က ရောင်းခွင့်ပြုလိုက်သည်ဟု ဒေါ်ခင်အေးက ကျွန်တေ ကို ပြောပါသည်။

ဒါနဲ့ ခင်ဗျားတို့ ဆွေမျိုးချင်းတွေဘဲ ဒီကိစ္စကို လူကြီးတွေနဲ့ ရှင်းလို့ ပါလားလို့ ကျွန်တော်က ဒေါ်ခင်အေးကို ပြောလိုက်ပါသည။ ဒေါ်ခင်အေး စဉ်းစားဦးမည်လို့ ကျွန်တော့်ကို ပြောပါသည်။

မောင်နေဝင်း နောက်နေ့လာတော့ ဒေါ်ခင်အေးပြောပြတဲ့ အတိုင်း သူ့ကို ပြောပြပါသည်။ ဒေါ်ခင်အေးကို ကျွန်တော်ပြောလိုက်သလိုဘဲ ဆွေမျိုးချင်း ဖြစ်ကြသည့် အတွက် လူကြီးတွေရှေ့မှာ ဒီကိစ္စ ရှင်းလိုက်ပါလားလို့ ကျွန်တော်က မောင်နေဝင်းကို ပြောပါသည်။ မောင်နေဝင်းက စဉ်းစားပါဦးမည်လို့ ပြော သွားပါသည်။ ဒီလိုဘဲ ရောင်းခွင့်ပြုတယ်လို့ ဆိုတာဟာ သူလဲ ခွင့်မပြုဘူး၊ ဒေါ်မြလေးကသည်း ခွင့်မပြုခဲ့ဘူးလို့ မောင်နေဝင်းက ပြောပါသည်။”

၁၉၇၂
၁။ ဦးနေဝင်း
၂။ ဒေါ်မြလေး
နှင့်
ဒေါ်ခင်အေး။

ဦးနေဝင်း၊ ဒေါ်မြလေးနှင့် ဦးလှသိန်းတို့၏ သက်သေခံချက်များကို မယုံကြည် ထိုက်ကြောင်း၊ နှစ်ဦး နှစ်ဘက်သော အမှုသည်များ၏ တရားရုံးချုပ်ရှေ့နေများက မပြောခဲ့ကြပေ။ ဦးနေဝင်းနှင့် ဒေါ်မြလေးမှာ အယူခံ တရားလိုများဖြစ်ပြီး၊ ဦးလှသိန်း မှာ တရားရုံးချုပ် ရှေ့နေကြီး ဖြစ်သည်။ ၎င်းတို့၏ သက်သေခံချက်များ အရဆိုလျှင် တရားလိုတို့သည် အပေါင်ထားသော ပစ္စည်း တို့ကို ရွေးလိုကြောင်း တရားပြိုင်အား ပြောဆိုကြသည်။ ငွေရှာ၍ ရပြီးလျှင် ရွေးယူမည်ပြုခဲ့သည်။ တရားပြိုင်က တဆင့် ပေါင်ထားကြောင်း ပြော၍ ဒေါ်သန်းသန်းထံ ခေါ်သွားသည်။ ဒေါ်သန်းသန်းက တဆင့် ပေါင်ထားကြောင်း ပြောသည်။ တဆင့် တဖန် အပေါင်ခံသူသည် အိမ်ကို သော့ခတ်ပြီးသွားကြောင်း၊လားရှိုးလား၊ အိန္ဒိယပြန်သွားသလား မသိဟု ဦးနေဝင်းကို ပြောပြသည်။ ၎င်းနောက် ဒေါ်မြလေး တရားပြိုင်ထံ လိုက်သွားသည့် အခါ အဆင့်ဆင့် အပေါင်ထားရာ ပစ္စည်းရှိသူ ဘယ်သွားသလဲ မသိဘူးလို့ ပြောလိုက်သည်။ တရားပြိုင်က အရွေးမခံကြောင်းကို တရားလိုများ သိကြသည်။ ဦးနေဝင်းက“အရွေး မခံတဲ့ဟာ ကျေနပ်ဘွယ်ရာ မရှိဘူး၊ ဒါကြောင့် ဝတ်လုံနှင့် တိုင်ပင်ရန် ကောင်း မည်ဟု ဆိုပြီး ဝတ်လုံနှင့် တိုင်ပင်ရန် ပြောပါသည်။ နောက် တနေ့ ကြတော့ ဝတ်လုံ ဦးလှသိန်းထံ သွားပါသည်”ဟု အတိအလင်း ထွက်ဆိုထားသဖြင့် တရားလိုများ သည် တရားပြိုင်က အပေါင်ထားသည့် ပစ္စည်းများကို အရွေးမခံကြောင်းကို ရှေ့နေ ဦးလှသိန်းထံ မသွားမီကတည်းက သိနှင့် နေပြီဟု တထစ်ချ ကောက်ယူနိုင်၏။ ဦးလှသိန်းက ၁၉၆၄ ခုနှစ်၊ဩဂုတ်လ ပဌမအပတ်က ဦးနေဝင်း ထိုကိစ္စနှင့် ပတ်သက်၍ ၎င်းထံလာကြောင်း သက်သေခံထားရာ၊ ၁၉၆၄ ခုနှစ်၊ ဩဂုတ်လ မတိုင်မီက အရွေး မခံကြောင်းကို တရားလိုများ သိကြသည်။ ဦးလှသိန်းက တရားပြိုင်ထံ သွားသော အခါ၌ တရားပြိုင်က ရောင်းလိုက်ပြီ ဖြစ်ကြောင်း ပြောပြလိုက်သည်။ ဦးလှသိန်းက လည်း **ဦးနေဝင်းကို** ထိုအကြောင်း ပြန်ပြောပြသည်။

ပဋိညာဉ် **အက်ဥပဒေအရ**၊ အပေါင်ခံသူသည် အပေါင် ပြုလုပ်သူ (pledger) က၊ ချေးယူထားသော **ငွေကို ပြန်**လည် ပေးဆပ်ရန် အသင့်ရှိကြောင်း၊ ငွေပေးမည်

၁၉၇၂

၁။ ဦးနေဝင်း
၂။ ဒေါ်မြလေး
နှင့်
ဒေါ်ခင်အေး။

ဖြစ်ကြောင်း ပြောပြလျှင်၊ အပေါင်ကို အရွေးခံပြီးလျှင် ငွေကိုလက်ခံယူ၍ အပေါင်ထားသောပစ္စည်းကို ချက်ခြင်းပြန်ပေးရန် တာဝန်ရှိသည်။ ထိုတာဝန်ကို ဆောင်ရွက်ရန် ပျက်ကွက်လျှင်၊သို့မဟုတ် ထိုတာဝန်ကို ဆောင်ရွက်ရန် ငြင်းဆိုလျှင်၊ သို့မဟုတ် ထိုတာဝန်ကိုမဆောင်ရွက်နိုင်သော အခြေ အနေတွင် ဆိုက်ရောက်အောင် ပြုလုပ်လျှင် ပဋိညာဉ်ကိုဆောင်ရွက်ရန် ငြင်းပယ်ရာ ရောက်၍၊ ထိုအခါ၌ ပဋိညာဉ်ကို ချိုးဖေါက်သည်ဟုဆိုရပေမည်။ အပေါင်ပြုလုပ်သူက လာရွေးသည့် အခါ၌ အပေါင်ခံသူက အရွေးမခံလျှင်သို့မဟုတ် အပေါင်ထားသော ပစ္စည်းကို ပြန် မပေးလျှင်၊ သို့မဟုတ် ပြန်မပေးနိုင်လျှင်၊ ယင်းကဲ့သို့ အရွေးမခံသည့် အခါ၊ ပြန်မပေးသည့် အခါ၌ အပေါင်ပဋိညာဉ်ကို အပေါင်ခံသူက ချိုးဖေါက်သည်ဟု ဆိုရပေမည်။

တရားလွှတ်တော်ချုပ်က **အဗ္ဗဒူရာဇတ် နှင့် ဦးပေါ်ထွန်းအောင် အင် ကုမ္ပဏီ** အမှု (၅) တွင် ထိုကိစ္စမျိုးနှင့် ပတ်သက်ပြီး ထုံးပြုထား၏။ ၎င်းအဗ္ဗဒူရာဇတ်၏ အမှုသည် ယခု အမှုနှင့် ဆင်၏။ ၎င်းအမှုတွင် အပေါင်ခံသူသည် အပေါင်ထားသော ပစ္စည်းများကို ၁၉၄၂ ခုနှစ်၊ စက်တင်ဘာလတွင် ဥပဒေ အရ၊ လိုအပ်သော နို့တစ်စာ မပေးဘဲ ရောင်းလိုက်၏။ အပေါင် ပြုလုပ်သူက ၁၉၄၄ ခုနှစ်၊ ဧပြီလတွင် ချေးယူထားသောငွေ ပြန်ပေးမည် ပြောပြီး ရွေးယူရန် ဆောင်ရွက်ရာ၊ အပေါင်ခံသူက ငြင်းပယ်၍ အပေါင်ထားသော ပစ္စည်းကို ပြန် မပေးခဲ့ပေ။ ၎င်းအမှုတွင် ပဋိညာဉ်ကို ၁၉၄၄ ခုနှစ်၊ ဧပြီလတွင် ချိုးဖေါက်သည်ဟု အောက်ပါ အတိုင်း ရေးသား၍ ဆုံးဖြတ်ထား၏။

> "The rights of the parties in this case under the transaction of the pledge are regulated by the provisions of the Contract Act. It is a contract of bailment and it is in the contractual duty to return the articles pledged on repayment of the loan or tender thereof that the respondent has failed. The wrong is the breach of contract committed in April 1944 when on a tender being made of the sum lent the creditor rejected the tender and refused to perform the contractural obligation to re-deliver the articles pledged with him. Section 73 of the Contract Act would regulate the rights of the parties and damages would have to be assessed as on the date of breach of contract."

ယခု အမှုတွင် ၁၉၆၄ ခုနှစ်၊ ဇူလိုင်လက အယူခံ တရားလို (အပေါင်ပြုလုပ်သူ) တို့က အပေါင်ကို လာရွေးကြသည်။ ထိုအခါ၌ အယူခံ တရားပြိုင် (အပေါင်ခံသူ)

(၅) ၁၉၅၀ ခု၊ မြန်မာနိုင်ငံစီရင်ထုံး (တရားလွှတ်တော်ချုပ်) ၂၅၀ (၂၆၉)။

က၊ အပေါင်ထားသော ပစ္စည်းကို ပြန်ပေးရန် ပဋိညာဉ် အရ၊ တာဝန်ရှိသည်။ ပြန်မပေးဘဲနေခဲ့သည်။ တရားပြိုင်၏ပြုမူချက်အရ၊ တရားလိုတို့က တရားပြိုင်က၊ အရွေးမခံကြောင်းကို သိရှိခဲ့သည်။ တရားလို ဦးနေဝင်း ပြောပြချက်ကြောင့် ဦးလှသိန်းက၊ တရားပြိုင်နှင့် တွေ့သောအခါ၌လည်း ရောင်းလိုက်ပြီ ဖြစ်ကြောင်း ပြောပြ၍ အပေါင်ပစ္စည်းများကို ပြန်မပေးနိုင်ကြောင်း ထပ်လောင်းသိစေခဲ့ပြန်သည်။ ဦးလှသိန်းက ထိုအချက်ကို တရားလိုတို့အား ပြန်ပြောခဲ့သည်။ ထို့ကြောင့် အပေါင် ပဋိညာဉ် အရ၊ တာဝန်ကို ဆောင်ရွက်ရန် အချက်ကို အပေါင်ခံသူ (တရားပြိုင်) က၊ ၁၉၆၄ ခုနှစ်၊ ဇူလိုင်လတွင် ငြင်းပယ်ခဲ့သည်။ အဆုံးစွန်၌ ၁၉၆၄ ခုနှစ်၊ ဩဂုတ်လ ပဌမ အပတ်တွင် ငြင်းပယ်ခဲ့၏။ အမှုကို အယူခံတရားလိုတို့က ၁၉၆၇ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့တွင် စွဲဆိုခဲ့သဖြင့် ပဋိညာဉ် ချိုးဖေါက်သောအခါမှ ၃ နှစ်ကျော် အချိန်ကာလ လွန်မှ အယူခံ တရားလိုတို့က တရားစွဲခြင်း ဖြစ်၍ ကာလစည်းကမ်းသတ် အက်ဥပဒေ အချက် ၁၁၅ အရဆိုလျှင် အယူခံတရားလိုတို့ စွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ် ကျော်လွန်ပြီး နောက်မှ တရားစွဲဆိုခြင်းဖြစ်သည်ဟု မူလရုံး တရားသူကြီး၏ ဆုံးဖြတ်ချက်သည် မှန်ကန်သည်ဟု ကျွန်ုပ်တို့ယူဆသည်။

၁၉၇၂

၁။ ဦးနေဝင်း
၂။ ဒေါ်မြလေး
နှင့်
ဒေါ်ခင်အေး။

အယူခံ တရားလိုတို့၏ တရားရုံးချုပ် ရှေ့နေကြီးက အယူခံ တရားလိုတို့က ရှေ့နေမှ တဆင့် နို့တစ်စာပေး၍ ရွေးယူလိုကြောင်း ပြောကြားချက်ကို အယူခံတရားပြိုင်၏ ရှေ့နေက စာပြန်သော ၁၉၆၄ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့ကျမှသာ တရားပြိုင် (အပေါင်ခံသူ) က ပဋိညာဉ် ချိုးဖေါက်ကြောင်း ကောက်ယူသင့်သည် ဟူသော လျှောက်လဲချက်သည် တရားဥပဒေ အရရော၊ စီရင်ထုံးများ အရရော၊ အမှုအကြောင်းချင်းရာအရရော မှန်ကန်သည်ဟု ကျွန်ုပ်တို့ မယူဆပေ။ အဘယ်ကြောင့် ဆိုသော်၊ အပေါင် ပြုလုပ်သူသည် နှုတ်ဖြင့် ရွေးယူနိုင်သည်၊ စာဖြင့်သာ ရွေးယူနိုင်သည်မဟုတ်။ အယူခံ တရားလိုတို့၏ သက်သေခံချက်အရပင်လျှင် ၁၉၆၄ ခုနှစ်က ရွေးယူဘို့ တရားပြိုင်နှင့် တွေ့ဆုံပြောဆို ဆောင်ရွက်ခဲ့သည်မှာ ထင်ရှား၏။ ၁၉၆၄ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့က အယူခံ တရားလိုတို့သည် အပေါင်ကို ရွေးယူလိုကြောင်း ထပ်မံ၍ ရှေ့နေမှ တဆင့် အကြောင်းကြားခြင်းဖြစ်သည်။ တရားပြိုင်က ၁၉၆၇ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့ကျမှသာ အရွေးမခံခြင်း မဟုတ်ပေ။ ထိုရက်များ မတိုင်မီကပင် အပေါင်ထားသော ပစ္စည်းများကို အယူခံ တရားလိုတို့က သွားရွေးသော်လည်း မရဘဲ ဖြစ်ခဲ့၍၊ တရားပြိုင်ကလည်း ပြန်မပေးဘဲ နေခဲ့သည်။ ငြင်းခဲ့သည်။ တရားပြိုင်က ငြင်းပယ်ချက်ကို ၁၉၆၄ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့မတိုင်မီက ပြုလုပ်ခဲ့၏။ ၁၉၆၄ ခုနှစ်၊ ဇူလိုင်လတွင် ပြုလုပ်ခဲ့၏။ အဆုံးစွန်၌ ၁၉၆၄ ခုနှစ်၊ ဩဂုတ်လ ပဌမအပတ် အတွင်းက ဖြစ်ခဲ့၏။

၁၉၇၂

၁။ ဦးနေဝင်း
၂။ ဒေါ်မြလေး
နှင့်
ဒေါ်ခင်အေး။

" သီးခြားပြဋ္ဌာန်းချက် မရှိလျှင်၊ နို့တစ်စာပေးခြင်းသည်၊ တရားစွဲဆိုပိုင်ခွင့်နှင့် လုံးဝသက်ဆိုင်ခြင်း မရှိနိုင်ပေ။ နို့တစ်စာပေး၍ မဆောင်ရွက်မှ ပဋိညာဉ် ချိုးဖေါက်သည်ဟု ဥပဒေ ပြဋ္ဌာန်းချက် မရှိပေ။ ဥက္ကဋ္ဌ၊ ရန်ကုန်**ဆိပ်ကမ်း** အုပ်ချုပ်ရေး အဖွဲ့ နှင့် **ခင်ရီမေတ္တာကုမ္ပဏီ တို့**အမှု (၆) တွင် အချက်နှင့် ပတ်သက်၍ ဤသို့ သုံးသပ်ထား၏။

"နို့တစ်စာပေးခြင်းသည်၊ တရားစွဲဆိုပိုင်ခွင့်နှင့် လုံးဝ သက်ဆိုင်ခြင်းမရှိဟု ဆိုရမည် ဖြစ်သည်။ တရားစွဲရန် အကြောင်း ပေါ်ပေါက်သည်နှင့် တပြိုင်နက် တရားစွဲဆိုပိုင်ခွင့်လည်း ရရှိလာသည်။ နို့တစ်စာပေးပြီးမှသာ တရားစွဲဆိုပိုင်ခွင့် ပေါ်ပေါက်သည်ဟုဆိုလျှင်၊ ဥပမာအားဖြင့် နို့တစ်စာကို ဆယ့်နှစ်ကြာမှ ပေးလျှင်လည်း ကာလ စည်းကမ်းသတ် အချိန် ကျော်လွန်ခြင်း မရှိဟုဆိုရာ ရောက်မည်ဖြစ်သည်။ ယင်းသို့ ယူဆခြင်း မပြုနိုင်ချေ။"

အထက် ဖေါ်ပြပါ အကြောင်းများကြောင့် မူလရုံးစီရင်ချက်နှင့် ဒီကရီကို၊ အတည်ပြု၍ အယူခံကို စရိတ်နှင့်တကွ ပယ်လိုက်သည်။ ရှေ့နေခ ၁၀၂ ကျပ် သတ်မှတ်သည်။

(၆) ၁၉၇၀၊ မြန်မာနိုင်ငံ စီရင်ထုံး၊ ၁၄၄ (၁၄၇)။

နိုင်ငံတော်တရားရုံးချုပ်

တရားမ ပြင်ဆင်မှု

တရားသူကြီး ဦးသက်ဖေနှင့် တရားသူကြီး ဦးတင့်အုံးတို့ရှေ့တွင်

ပန်နာဒေဝိ

နှင့်

ကိုအောင်သိန်း ပါ ၈*

† ၁၉၇၂

မတ်လ
၂၉ ရက်။

ရုံး၌ တင်သွင်းထားသော ငွေကို ဝရမ်းကပ်သည့် တရားနိုင်နှင့် တရားရှုံး မဟုတ်သည့် အခြားလူတဦးတို့ အကြား၊ ယင်းငွေ၏ ပိုင်ဆိုင်ခွင့်၊ သို့မဟုတ် ဦးစွာ ရယူပိုင်ခွင့် ပြဿနာ ပေါ်ပေါက်ခြင်း—ယင်းသို့ ပြဿနာပေါ်ပေါက်နေလျှင် တရားမ ကျင့်ထုံး အမိန့် ၂၁၊နည်းဥပဒေ ၅၂ ၏ ခြွင်းချက်အရ၊ ငွေကို ထိန်းသိမ်းထားသည့် ရုံးက ဆုံးဖြတ်ရန် တာဝန်ရှိခြင်း။

ဆုံးဖြတ်ချက်။ ။တရားမ ကျင့်ထုံး အမိန့် ၂၁၊ နည်းဥပဒေ ၅၂ ၏ ခြွင်းချက်အရ၊ ရုံး၌ တင်သွင်းထားသော ငွေကို ဝရမ်းကပ်သည့် တရားနိုင်နှင့် တရားရှုံး မဟုတ်သည့် အခြားလူတဦးတို့ အကြား၊ ယင်းငွေ၏ ပိုင်ဆိုင်ခွင့်၊ သို့မဟုတ် ဦးစွာ ရယူပိုင်ခွင့် ပြဿနာပေါ်ပေါက်နေလျှင်၊ ငွေကို ထိန်းသိမ်းထားသည့် ရုံးက ဆုံးဖြတ်ရမည်ဖြစ်သည်။ ယခု အမှုတွင် လျှောက်ထားခံရသူ အလုပ်သမားများသည်၊ ဂျေ၊ အန်၊ ပီရှုးမား အပေါ် ဝါဏ်ဇ္ဇရုံး၌ ဒီကရီရရှိသည့် တရားနိုင်များဖြစ်ကြပြီး၊ လျှောက်ထားသူမှာ တရားရှုံးမဟုတ်သည့် အပြင်လူတဦးဖြစ်ရာ၊ ၎င်းတို့အကြား တရားရုံး၏ ငွေကို မည်သူက ပိုင်ဆိုင်ခွင့်ရှိသည်၊ သို့မဟုတ် ဦးစွာ ရယူပိုင်ခွင့်ရှိသည် ဆိုသော ပြဿနာကို ငွေထိန်းသိမ်းထားရသည့် ရုံးက ဆုံးဖြတ်ရန် တာဝန်ရှိနေသည်။

ပြင်ဆင်လျှောက်ထားသူအတွက်။ ။တရားရုံးချုပ်ရှေ့နေ မစ္စတာဘနာဂျီ။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးစောသာထိုး နှင့် အစိုးရတရားရုံးချုပ် ရှေ့နေ ဦးကျော်မြင့်။

တရားသူကြီး ဦးသက်ဖေ။ ။ရန်ကုန်မြို့၊ တရားမ ရုံး၏ တရားမ ကြီးမှုအမှတ် ၂၂၅/၆၈ တွင်လျှောက်ထားသူ ပန်နာဒေဝီက ဂျေ၊ အန်ပီရှုးမားနှင့် အခြားနှစ်ဦးတို့

* **၁၉၇၁ ခုနှစ်၊** တရားမ ပြင်ဆင်မှု အမှတ် ၁၄။

† **၁၉၇၀ ခုနှစ်၊ တရားမ** အသေးအဖွဲ့မှု အမှတ် ၄၀ တွင် ရန်ကုန်မြို့၊တရားမ **ရုံး တရားသူကြီး** ချုပ်၏ အမိန့်ကို **ပြင်ဆင်ရန်** လျှောက်ထားခြင်း။

၁၉၇၂ — ပန်နာဒေဝီ နှင့် ကိုအောင်သိန်း ပါ ၈။

အပေါ်ငွေ ၄၂,၆၀၀ ကျပ်ရလိုကြောင်း တရားစွဲဆိုသည်။ ထိုအမှု၌ ပန်နာဒေဝီ၏ လျှောက်ထားချက်အရ ရုပ်ရှင်ပြစက်နှင့် ရုပ်ရှင်ရုပရိဘောဂများကို ဒီကရီမကျမီဝရမ်းကပ်၍ရောင်းချပြီး ရောင်းရငွေ ၇,၃၄၃ ကျပ်ကို ရုံး၌တင်သွင်းခဲ့သည်။

ထို့နောက်ပန်နာဒေဝီသည် ၎င်းစွဲဆိုသောအမှုကို ၁၉၆၉ ခု၊ အောက်တိုဘာလ ၁၀ ရက်နေ့၌ အနိုင်ဒီကရီရရှိသဖြင့် ရုံးတွင်တင်သွင်းထားသောငွေများကို ထုတ်ပေးရန် လျှောက်ထားသည်။ တချိန်တည်း၌ပင် ဂျေ၊အန်ပီရှူးမား၏ အလုပ်သမားအချို့ဖြစ်ကြသည့် လျှောက်ထားခံရသူ အမှတ် ၁ မှ ၆ တို့က ၎င်းတို့၏အလုပ်ရှင်ထံမှ ရရန်ရှိသည်ဆိုသောငွေ ၆,၉၄၇ ကျပ် ၃၅ ပြားကို ၎င်းတို့အားထုတ်ပေးရန် ရုံးသို့လျှောက်ထားကြသည်။ ထိုလျှောက်ထားလွှာကို ပန်နာဒေဝီက ကန့်ကွက်နေစဉ် အလုပ်သမားဥပဒေစစ်ဆေးရေးဌာနခွဲမှ အခွန်အရာရှိက ရန်ကုန်မြို့၊ အမှတ် ၇ နယ်မြေ၊ ဝါဏိဇ္ဇပဋိပက္ခမှုအမှတ် ၆၄/၇၀ တွင်ချမှတ်ခဲ့သည့်အမိန့်အရ တရားမ ရုံးရှိငွေများကို ဝရမ်းကပ်ပြီးနောက် ထိုငွေများမှငွေ ၆,၉၄၇ ကျပ် ၃၅ ပြားကို ၎င်းထံသို့ပေးပို့ရန် တရားမ ကျင့်ထုံးအမိန့် ၂၁၊ နည်းဥပဒေ ၅၂ အရ တောင်းဆိုလိုက်သည်။ တရားမ ရုံးမှ ပန်နာဒေဝီ၏ရှေ့နေကို ကြားနာပြီးနောက် အခွန်အရာရှိတောင်းဆိုသည့်အတိုင်း ငွေ ၆,၉၄၇ ကျပ် ၃၅ ပြားကိုပေးပို့ရန် အမိန့်ချမှတ်လိုက်ရာ၊ ထိုအမိန့်ကိုပန်နာဒေဝီက မကျေနပ်၍ ဤပြင်ဆင်မှုတင်သွင်းလာခြင်းဖြစ်သည်။

လျှောက်ထားသူ၏ရှေ့နေ မစ္စတာဘနာဂျီက ပစ္စည်းကိုဒီကရီမကျမီ ဝါရမ်းဘမ်းပြီးနောက် ရောင်းချ၍ရသောငွေကို ရုံး၌တင်သွင်းခဲ့သဖြင့် ထိုငွေများသည် ဒီကရီကျပြီးနောက် လျှောက်ထားသူ တရားနိုင်၏ငွေများဖြစ်လာသည့်အလျောက် ဝါဏိဇ္ဇပဋိပက္ခရုံး အခွန်အရာရှိထံသို့ ပေးပို့ခြင်းမပြုနိုင်ပါဟု တင်ပြသွားသည်။ ပစ္စည်းရောင်းချ၍ရသောငွေများကို မူလရုံးက ပစ္စည်းပိုင်ရှင်ဖြစ်သူ တရားရှုံးကိုယ်စား လက်ခံခဲ့ခြင်းဖြစ်ရာ၊ ထိုငွေကို တရားနိုင်သို့ ထုတ်ပေးရန်အမိန့်ချမှတ်ခြင်း မပြုသေးသရွေ့ တရားရှုံး အကျိုးအတွက် ရုံးမှထိန်းသိမ်းထားသည်ဟု ဆိုရမည်ဖြစ်သည်။ သို့ဖြစ်ရာ အခွန်အရာရှိက ရုံး၌တင်သွင်းထားသည့်ငွေကို ဝရမ်းကပ်သည့်အချိန်တွင် ထိုငွေသည် တရားနိုင်၏ ငွေဖြစ်နေပါသည်ဆိုသောတင်ပြချက်ကို ကျွန်ုပ်တို့လက်မခံနိုင်။

လျှောက်ထားသူကတဖန်မူလရုံးသည် ၎င်းထိန်းသိမ်းထားရသည့်ငွေများကို အခွန်အရာရှိထံသို့ ပေးပို့ရန်အမိန့်ချမှတ်ခြင်းမပြုမီ တရားမ ကျင့်ထုံးအမိန့် ၂၁၊ နည်းဥပဒေ ၅၂ ၏ ခြင်းချက်အရ စုံစမ်းစစ်ဆေးပြီး အမိန့်ချမှတ်ရန်လိုပါလျက် စုံစမ်းစစ်ဆေးဆုံးဖြတ်ခြင်းမပြုသည်မှာ ဥပဒေအရ မှားယွင်းချတ်ချော်နေပါသည်ဟု ထပ်လောင်း တင်ပြလာသည်။

တရားမ ကျင့်ထုံးအမိန့် ၂၁၊ နည်းဥပဒေ ၅၂ မှာ အောက်ပါအတိုင်းဖြစ်သည်။

" 52. Where the property to be attached is in the custody of any Court or public officer, the attachment shall be made by a notice to such Court or officer, requesting that such property, and any interest or dividend becoming payable thereon, may be held subject to the further order of the Court from which the notice is issued :

Provided that, where such property is in the custody of a Court, any question of title or priority arising between the decree-holder and any other person, not being the judgment-debtor, claiming to be interested in such property by virtue of any assignment, attachment or otherwise shall be determined by such Court."

ထိုနည်းဥပဒေ၏ ခြွင်းချက်အရ ရုံး၌တင်သွင်းထားသောငွေကို ဝရမ်းကပ်သည့် တရားနိုင်နှင့် တရားရုံးမဟုတ်သည့် အခြားလူတဦးတို့အကြား ယင်းငွေ၏ပိုင်ဆိုင်ခွင့်၊ သို့မဟုတ် ဦးစွာရယူပိုင်ခွင့် ပြဿနာပေါ်ပေါက်နေလျှင် ငွေကိုထိန်းသိမ်းထားသည့် ရုံးက ဆုံးဖြတ်ရမည်ဖြစ်သည်။ ယခုအမှုတွင် လျှောက်ထားခံရသူ အလုပ်သမားများ သည် ဂျေ၊အန်၊ပီရှူးမားအပေါ် ငါးတိဗ္ဗရုံး၌ ဒီကရီရရှိသည့် တရားနိုင်များဖြစ်ကြပြီး၊ လျှောက်ထားသူမှာ တရားရုံးမဟုတ်သည့်အပြင် လူတဦးဖြစ်ရာ၊ ၎င်းတို့အကြားတရား ရုံး၏ငွေကို မည်သူကပိုင်ဆိုင်ခွင့်ရှိသည်၊ သို့မဟုတ် ဦးစွာရယူပိုင်ခွင့်ရှိသည်ဆိုသော ပြဿနာကို ငွေထိန်းသိမ်းထားရသည့်ရုံးက ဆုံးဖြတ်ရန်တာဝန်ရှိနေသည်။ တာဝန်ရှိ သည့်အတိုင်း ဆုံးဖြတ်ခြင်းမပြုသဖြင့် မူလရုံး၏အမိန့်မှာ မှားယွင်းချတ်ချော်နေသည် ဟု ဆိုရပေမည်။

သို့ပါ၍ မူလရုံး၏ ၁၉၇၁ ခု၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့စွဲပါ မူလရုံး၏အမိန့်ကို ပယ်ဖျက်လိုက်ပြီး၊ အထက်၌ဖော်ပြခဲ့သည့်အတိုင်း တရားဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်ရန် ညွှန်ကြားလိုက်သည်။ ဤလျှောက်လွှာအတွက် တရားစရိတ်မရှိ။

နိုင်ငံတော် တရားရုံးချုပ်

တရားမ စေ့ဒကမှု

တရားသူကြီး ဦးသက်ဖေ၊ တရားသူကြီး ဦးတင်အုံးနှင့် တရားသူကြီး ဦးဘသန်း တို့ရှေ့တွင်

† ၁၉၇၂

ဇန်နဝါရီလ
၂၆ ရက်။

ဦးမြသန်း

နှင့်

တွဲဘက်အမြတ်ခွန်မင်းကြီး မြန်မာနိုင်ငံ*

အမြတ်ခွန် ဥပဒေ ပုဒ်မ ၃၁ အရ၊ ချမှတ်သော အမိန့်ကိုပုဒ်မ ၃၃ (က) အရ၊ အမြတ်ခွန်ခုံရုံးသို့ အယူခံဝင်နိုင်သည့် အခွင့်အရေးရှိခြင်း—ယင်းအမိန့်ကို အယူခံ အာဏာပိုင်က ပုဒ်မ ၃၅ အရ၊ ပြင်ဆင် ပယ်ဖျက်ခဲ့ခြင်းကြောင့် အယူခံဝင်ခွင့် မရှိဟု ဆိုလျှင်၊ ထိုအာဏာပိုင်အား ဥပဒေ ပြဋ္ဌာန်းချက်ကို ပယ်ဖျက်နိုင်ခွင့်ပြုရာ ရောက်ခြင်း။

ဆုံးဖြတ်ချက်။ ။အမြတ်ခွန် ဥပဒေ ပုဒ်မ ၃၁ အရ၊ ချမှတ်သော အမိန့်ကို၊ ပုဒ်မ ၃၃(က) အရ၊ အခွန်ထမ်းက ဖြစ်စေ၊ အမြတ်ခွန်ဌာနကဖြစ်စေ၊ အမြတ်ခွန်ခုံရုံးသို့ အယူခံဝင်နိုင်သည့် အခွင့်အရေးရှိသည်ဟု ဥပဒေက အတိအလင်း ပြဋ္ဌာန်းထားသည်။ ယင်းအမိန့်ကို သက်ဆိုင်ရာ အယူခံ အာဏာပိုင်က ပုဒ်မ ၃၅ အရ၊ ပြင်ဆင်ပယ်ဖျက်ခဲ့သည့် အကြောင်းကြောင့် အယူခံဝင်ခွင့် မရှိတော့ဟု ဆိုလျှင်၊ ထိုအာဏာပိုင်အား ဥပဒေပြဋ္ဌာန်းချက်ကို ပယ်ဖျက်နိုင်ခွင့် ပြုရာရောက်မည် ဖြစ်သည်။ ဥပဒေကို ဥပဒေပြု အဖွဲ့ကသာ ပြင်ဆင်နိုင်သည်၊ ပယ်ဖျက်နိုင်သည်။ လက်ထောက် အမြတ်ခွန်မင်းကြီး အနေဖြင့် အမြတ်ခွန် ဥပဒေ ပြဋ္ဌာန်းချက်ကို ပြင်ဆင်ခြင်းသော်၎င်း၊ ပယ်ဖျက်ခြင်း သော်၎င်း မပြုနိုင်ပေ။ **စိန်ရတနာပိုးယက်ကန်းစက် လီမိတက်** နှင့် **ကုန်သွယ်လုပ်ငန်းခွန် မင်းကြီး ပါ ၃၊** ၁၉၆၉ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံး၊ ၂၀၅ ကို ရည်ညွှန်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ဤအမှုတွင်၊ လက်ထောက် အမြတ်ခွန်မင်းကြီးချမှတ်ခဲ့သောအမိန့်မှာ အယူခံအမိန့်ကို ပြင်ဆင်သည့် အမိန့်ဖြင့် အစားထိုးထားခြင်းဖြစ်၍၊ ပုဒ်မ ၃၁ နှင့် ၃၅ တို့အား တွဲဖက်၍ ချမှတ်ခဲ့သည့် အမိန့်ဖြစ်သည်ဟု ဆိုရမည်ဖြစ်ရာ၊ အခွန်ထမ်းသည်၊ ပုဒ်မ ၃၃(က) (၁) အရ၊ အမြတ်ခွန် အယူခံခုံရုံးသို့ အယူခံဝင်ခွင့် ရှိသည်ဟု တင်ပြလာသော ဥပဒေ ပြဿနာကို ဆုံးဖြတ်လိုက်သည်။

လျှောက်ထားသူအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးပိုင်။

လျှောက်ထားခံရသူအတွက်။ ။အစိုးရတရားရုံးချုပ်ရှေ့နေ ဦးမျိုးထွန်းလင်း။

---

* **၁၉၇၀** ခုနှစ်၊ တရားမ စေ့ဒကမှု အမှတ် ၃။

† **မြန်မာနိုင်ငံ** အမြတ်ခွန် အက်ဥပဒေ ပုဒ်မ ၆၆ (၂) အရ၊ တင်သွင်းသော လျှောက်လွှာ။

၁၉၇၂

ဦးမြသန်းနှင့် တွဲဘက် အမြတ်ခွန် မင်းကြီး၊ မြန်မာနိုင်ငံ။

တရားသူကြီး ဦးသက်ဖေ။ ။ရန်ကုန်မြို့၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ် ၂၇၇/၂၇၅ နေ၊ ပါကစ္စတန်နိုင်ငံသား ဦးမြသန်းသည်၊ ၁၉၆၆ခု၊ ဧပြီလ ၂၉ ရက်နေ့တွင် မြန်မာပြည်မှ အပြီးအပိုင်ထွက်ခွါသွားသည်။ ထိုသို့မထွက်ခွါသွားမီ၊ ဦးစိန်ဆိုသူအား ကိုယ်စားလှယ်အဖြစ် ခန့်ထားခဲ့သည်။ ၁၉၆၆/၆၇ အမြတ်ခွန်စည်းကြပ်နှစ်အတွက် ဦးစိန်သည် ဦးမြသန်း၏ကိုယ်စားလှယ်အဖြစ် အမြတ်ခွန်ငွေပုံစံကို ဝန်ခံချက်လက်မှတ် ရေးထိုးပြီး တင်သွင်းခဲ့သည်။

အမြတ်ခွန်ဝန်ထောက်က ဦးမြသန်း၏ဝင်ငွေကို အမြတ်ခွန်ဥပဒေပုဒ်မ ၂၃ (၃) အရ စည်းကြပ်ခဲ့သည်။ ထိုသို့စည်းကြပ်ရာ၌၊ ဦးမြသန်းအား ပုဒ်မ ၄က (က) အရ ပြည်ပနေထိုင်သူအဖြစ် သတ်မှတ်ခဲ့သည်။

အမြတ်ခွန်ဝန်ထောက်၏အမိန့်ကို မကျေနပ်၍ ကိုယ်စားလှယ်ဦးစိန်က၊ ရန်ကုန်တိုင်း လက်ထောက်အမြတ်ခွန်မင်းကြီး၊ (အယူခံ)ထံသို့၊ အယူခံဝင်ရာ၊ အယူခံ အာဏာပိုင်က ဦးမြသန်းအား ဘဏ္ဍာရေးနှင့်အခွန်ဌာန၊ အမြတ်ခွန်နှင့် ကုန်သွယ် လုပ်ငန်းခွန်ဌာနစု၏ ၁၉၆၄ ခု၊ ဩဂုတ်လ ၂၄ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၃၈၂ အရ၊ ပြည်တွင်းနေထိုင်သူအဖြစ် စည်းကြပ်ရမည်။ အခွန်ထမ်းသည် ဦးမြသန်းဖြစ်ရာ၊ ဝင်ငွေပုံစံ၌ ဦးမြသန်းကိုယ်တိုင်လက်မှတ်မထိုးဘဲ ကိုယ်စားလှယ် ဦးစိန်ကလက်မှတ်ထိုးခြင်းသည်၊ အမြတ်ခွန်ဥပဒေပုဒ်မ ၂၂(၁)အရ ပျက်ကွက်မှု ရှိသဖြင့် ပုဒ်မ ၂၃(၄)အရ ပြန်လည်စည်းကြပ်ရမည်ဟု အမိန့်ချမှတ်လိုက်သည်။

ထိုအမိန့်ကို အခွန်ထမ်းက အမြတ်ခွန်အယူခံခုံရုံးသို့ ၁၉၆၈ ခု၊ ဇူလိုင်လ ၂၂ ရက်နေ့၌အယူခံဝင်ရာ၊ ခုံရုံးမှအယူခံကို လက်ခံသင့်၊ မသင့်ဆုံးဖြတ်ခြင်းမပြုရသေးမီ လက်ထောက်အမြတ်ခွန်မင်းကြီး (အယူခံ)သည် ၁၉၆၈ ခု၊ ဇူလိုင်လ ၂၄ ရက်နေ့တွင်၊ ပုဒ်မ ၃၅ အရအမိန့်တရပ်ချမှတ်ကာ၊ မိမိ၏မူလအယူခံအမိန့်ကို ပယ်ဖျက်လိုက်သည်။ လက်ထောက်အမြတ်ခွန်မင်းကြီးက အယူခံလွှာကိုအခွန်ထမ်းဦးမြသန်းကိုယ်တိုင် လက်မှတ်ရေးထိုးပြီးတင်မှသာ အယူခံကိုဥပဒေအရ လက်ခံစဉ်းစားနိုင်မည်ဖြစ်ရာ၊ ကိုယ်စားလှယ် ဦးစိန်လက်မှတ်ရေးထိုးတင်သွင်းသည့် အယူခံကို လက်ခံစဉ်းစားခဲ့ခြင်းသည် အထင်အရှားမှားယွင်းကြောင်း ပေါ်လွင်နေသည့်အလျောက်၊ မူလအယူခံအမိန့်ကို ပယ်ဖျက်၍ အယူခံလွှာကို ပယ်ခဲ့ခြင်းဖြစ်သည်ဟု အကြောင်းပြခဲ့သည်။

ထို့နောက်၊ အမြတ်ခွန်အယူခံခုံရုံးတွင်၊ ဌာနဆိုင်ရာအကျိုးဆောင်ကလက်ထောက် အမြတ်ခွန်မင်းကြီးသည်၊ အမြတ်ခွန်ဥပဒေပုဒ်မ ၃၁ အရ၊ ချမှတ်ခဲ့သော ၎င်း၏အမိန့် ကိုပုဒ်မ ၃၅ အရအမိန့်ဖြင့် လုံးဝပယ်ဖျက်ခဲ့သောကြောင့်၊ မူလအယူခံအမိန့်မှာ မရှိတော့ဘဲ၊ ပုဒ်မ ၃၅ အရချမှတ်သောအမိန့်သာလျှင် ရှိတော့သဖြင့်၊ ခုံရုံးသည် ယင်းအမိန့်ကို ကြားနာဆုံးဖြတ်ပိုင်ခွင့်မရှိတော့ပါဟု တင်ပြလာသည်။ ထိုတင်ပြ

ချက်ကိုခုံရုံးမှလက်ခံပြီး၊ အခွန်ထမ်း၏အယူခံကို ပယ်လိုက်သောကြောင့် အခွန်ထမ်းက ပုဒ်မ ၆၆(၁)အရ၊ ဥပဒေပြဿနာတရပ်ကိုတရားရုံးချုပ်သို့ တင်ပို့ပေးရန်လျှောက်ထား သော်လည်း၊ ခုံရုံးမှငြင်းပယ်ခဲ့သည်။ ထို့ကြောင့်ပုဒ်မ ၆၆(၂)အရ၊ အခွန်ထမ်းက ယင်းပြဿနာကိုတင်ပြခွင့်တောင်းဆိုသည့်အတိုင်း၊ ဤရုံးမှခွင့်ပြုကာ၊ ခုံရုံးသို့ညွှန်ကြား လိုက်၍ အောက်ပါဥပဒေပြဿနာကို တင်ပြလာခြင်းဖြစ်သည်။

> "Whether, under the circumstances of the case, the Income-tax Appellate Tribunal was right in rejecting the appeal under Section 33A of the Burma Income-tax Act on the ground that there was no appealable order under Section 31 of the Act."

အခွန်ထမ်း၏အကျိုးဆောင် ဦးပိုင်က၊ အခွန်ထမ်း၏ကိုယ်စားလှယ်သည်၊ အမြတ်ခွန်ဥပဒေအရ အခွန်ထမ်းဖြစ်၍အမြတ်ခွန်ဝင်ငွေပုံစံတွင်၎င်း၊ အခွန်ထမ်း၏အယူခံလွှာတွင်၎င်း၊ လက်မှတ်ထိုးရန် အခွင့်အာဏာရှိပါသည်။ လက်ထောက်အမြတ်ခွန်မင်းကြီး၏ အယူခံအမိန့်မှာ၊ ပုဒ်မ ၃၅ အရပြင်ဆင်ပယ်ဖျက်ရန် အထင်အရှား မှားယွင်းခြင်း မရှိသဖြင့်၊ ၎င်း၏ပုဒ်မ ၃၅ အရ ချမှတ်သောအမိန့်သည် တရားမဝင်ပါ။ ပုဒ်မ ၃၁ အရ ချမှတ်သောအမိန့်ကို၊ ပုဒ်မ ၃၅ အရ နောက်ထပ်ပြင်ဆင်ပယ်ဖျက်ထားခြင်းဖြစ်၍၊ ထိုအမိန့်သည်ပုဒ်မ ၃၁ နှင့် ၃၅ တို့တွဲဖက်၍ ချမှတ်ထားသည်ဟု ယူဆရမည်ဖြစ်သည့် အလျောက် ပုဒ်မ ၃၃(က)(၁)အရ အယူခံဝင်ခွင့်ရှိသည်ဟု ဆုံးဖြတ်သင့်ပါသည်ဟု တင်ပြသွားသည်။

အမြတ်ခွန်ဌာန၏အကျိုးဆောင် ဒေါက်တာမျိုးထွန်းလင်းက၊ ဤအမှု၌ဆုံးဖြတ် ရမည့်ပြဿနာတရပ်သာရှိပါသည်။ ထိုပြဿနာမှာ၊ အယူခံအာဏာပိုင်က၊ ပုဒ်မ ၃၁ အရချမှတ်သောအမိန့်ကို၊ ပုဒ်မ ၃၅ အရပြင်ဆင်ပယ်ဖျက်လိုက်ခြင်းအားဖြင့်၊ ယင်း အမိန့်မှ နောက်ထပ်အယူခံဝင်ခွင့် ဆုံးရှုံးပါသလား ဆိုခြင်းပင်ဖြစ်ပါသည်။ ယင်းအမိန့် မျိုးသည်၊ ပုဒ်မ ၃၁ နှင့် ၃၅ တို့တွဲဖက်ပြီး ချမှတ်သည့်အမိန့်တရပ်ဖြစ်သည်ဟု ယူဆ ရမည်ဖြစ်၍ နောက်ထပ်အယူခံဝင်ခွင့်ရှိပါသည်ဟု တင်ပြလာသည်။

အမြတ်ခွန်ဥပဒေပုဒ်မ ၃၁ အရချမှတ်သောအမိန့်ကို၊ ပုဒ်မ ၃၃ (က)အရ အခွန် ထမ်းကဖြစ်စေ၊ အမြတ်ခွန်ဌာနကဖြစ်စေ၊ အမြတ်ခွန်ခုံရုံးသို့ အယူခံဝင်နိုင်သည့်အခွင့် အရေးရှိသည်ဟု ဥပဒေက အတိအလင်းပြဋ္ဌာန်းထားသည်။ ယင်းအမိန့်ကို သက်ဆိုင်ရာ အယူခံအာဏာပိုင်က ပုဒ်မ ၃၅ အရ ပြင်ဆင်ပယ်ဖျက်ခဲ့သည့်အကြောင်းကြောင့်၊ အယူခံဝင်ခွင့်မရှိတော့ဟုဆိုလျှင်၊ ထိုအာဏာပိုင်အား၊ ဥပဒေပြဋ္ဌာန်းချက်ကိုပယ်ဖျက် နိုင်ခွင့်ပြုရာရောက်မည်ဖြစ်သည်။ ဥပဒေကို ဥပဒေပြုအဖွဲ့က ပြင်ဆင်နိုင်သည်။ ပယ်ဖျက်

နိုင်သည်။ လက်ထောက် အမြတ်ခွန်မင်းကြီးအနေဖြင့် အမြတ်ခွန်ဥပဒေပြဋ္ဌာန်းချက်ကို ပြင်ဆင်ခြင်းသော်၎င်း၊ ပယ်ဖျက်ခြင်းသော်၎င်း၊ မပြုနိုင်ပေ။ **စိန်ရတနာ ပိုးယက်ကန်း လီမိတက် နှင့် ကုန်သွယ်လုပ်ငန်းခွန်မင်းကြီးပါ** ၃(၁)။ ထိုအမှုတွင် ဥပဒေကို ဥပဒေပြုအာဏာပိုင်ကသာ ပြင်ဆင်ခြင်း၊ ချွင်းခြင်း၊ ချုံးခြင်း၊ ပယ်ဖျက်ခြင်းပြုနိုင်သည်ဟု ဆုံးဖြတ်ထားသည်ကို ရည်ညွှန်းလိုပေသည်။

၁၉၇၂

ဦးမြသန်း နှင့် တွဲဘက် အမြတ်ခွန် မင်းကြီး၊ မြန်မာနိုင်ငံ။

ဤအမှုတွင် လက်ထောက်အမြတ်ခွန်မင်းကြီးချမှတ်ခဲ့သော အမိန့်မှာ၊ အယူခံအမိန့်ကိုပြင်ဆင် သည့် အမိန့်ဖြင့်အစားထိုးထားခြင်းဖြစ်၍၊ ပုဒ်မ ၃၁ နှင့် ၃၅ တို့အားတွဲဖက်၍ချမှတ်ခဲ့သည့် အမိန့်ဖြစ်သည်ဟု ဆိုရမည်ဖြစ်ရာ၊ အခွန်ထမ်းသည်၊ ပုဒ်မ ၃၃(က)(၁)အရ၊ အမြတ်ခွန်အယူခံခုံရုံးသို့ အယူခံဝင်ခွင့်ရှိသည်ဟု တင်ပြလာသော ဥပဒေပြဿနာကို၊ ကျွန်ုပ်တို့ဆုံးဖြတ်လိုက်သည်။

(၁) ၁၉၆၉ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး ၂၀၅။

နိုင်ငံတော်တရားရုံးချုပ်

အထူးအယူခံဝင်ခွင့်လျှောက်လွှာ

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်၊ တရားသူကြီး ဦးလှသင်းနှင့် တရားသူကြီး ဦးတင်အုံး
တို့ရှေ့တွင်

† ၁၉၇၂
ဖေဖော်ဝါရီလ
၂ ရက်။

ဦးလှတင်

နှင့်

ဦးမြကိုင် *

ဇာရီမှု—ယင်းအမှုမျိုးတွင် ပေါ်ပေါက်သော ပြဿနာများ ရှိပါက၊ မူလရုံးတွင် ပါဝင်ခဲ့သည့် အမှုသည်များသည်၊ သီးခြား မစွဲဆိုဘဲ၊ တရားမ ကျင့်ထုံး ပုဒ်မ ၄၇ အရ၊ ဇာရီရုံးတွင် လျှောက်ထား ရမည်ဖြစ်ခြင်း—ဇာရီမှုတွင်လေလံ ကောက်သူနှင့်ပတ်သက်သည့် ပြဿနာများသည်၊ ဇာရီပြုလုပ်ရာတွင် ပေါ်ပေါက်လာသော ပြဿနာများဟု ဆိုနိုင် မဆိုနိုင်။

ဆုံးဖြတ်ချက်။ ။မူလအမှုတွင်ပါဝင်သည့် တရားလို၊ တရားပြိုင်၊ သို့မဟုတ် ၎င်းတို့၏ဆက်ခံသူ ကိုယ်စားလှယ်များနှင့် ပတ်သက်၍ ဇာရီပြုလုပ်ခြင်း၊ ဒီကရီ အတွက် ကျေနပ်မှု ရှိ မရှိဆိုခြင်း၊ ဒီကရီ အတွက် ပေးရန် ရှိသောငွေ၊ သို့မဟုတ် ဒီကရီ အတွက် ဆောင်ရွက်ချက်များ ပြုပြီး မပြီး ဆိုသော ပြဿနာများသည်၊ ဇာရီပြုလုပ်ရာတွင် ပေါ်ပေါက်လာသော အငြင်းပွါးသည့် ပြဿနာများ ဖြစ်သည်။ ထိုပြဿနာများ ပေါ်ပေါက်ပါက၊ မူလရုံးတွင် ပါဝင်ခဲ့သည့် အမှုသည်များသည် သီးခြားမှု မစွဲဘဲ၊ တရားမ ကျင့်ထုံး ပုဒ်မ ၄၇ အရ၊ ဇာရီရုံးတွင် လျှောက်ထားရပါမည်။

ထပ်မံဆုံးဖြတ်ချက်။ ။တရားမ ကျင့်ထုံး ပုဒ်မ ၄၇ ၏ ပြဆိုချက်အရ၊ ဇာရီမှုတွင် လေလံ ကောက်သူနှင့် ပတ်သက်သည့် အငြင်းပွါးချက်များသည်၊ ဇာရီပြုလုပ်ရာတွင် ပေါ်ပေါက်လာသော အငြင်းပွါးသည့် ပြဿနာများ ဖြစ်သည်ဟု မဆိုနိုင်ပေ။ **အာ(ရ်)၊ ကော၊ ဒတ်(စ်) နှင့် ကော၊ အင်(န်)၊ အာ(ရ်)၊ အမ်၊ အင်(န်)၊ အာ(ရ်)၊ နဂါးပါးချစ်တီးယား၊** ၁၉၅၀၊ မြန်မာနိုင်ငံ စီရင်ထုံး၊ စာ ၁၉ (တရားလွှတ်တော်) ကို ရည်ညွှန်းသည်။ ။သို့ပါ၍၊ အယူခံတရားလိုက၊ အယူခံတရားပြိုင်ထံမှ တောင်းဆိုသော နစ်နာကြေးငွေများကို၊ သီးခြားမှု စွဲဆိုပြီး တောင်းခံရ မည်ဟု ယူဆသည်။ **ဂျေ၊ ဇေ၊ မာတင် နှင့် အ.က်(စ်)၊ အမ်၊ ဟာရှင်၊** ၁၉၃၀၊ အိန္ဒိယစီရင်ထုံး၊ ရန်ကုန် အတွဲ-၈၊ စာ ၁၆၂ ကို ရည်ညွှန်းသည်။

---

* ၁၉၇၁ ခုနှစ်၊ အထူးအယူခံဝင်ခွင့် လျှောက်လွှာ အမှတ် ၁။

† နိုင်ငံတော် တရားရုံးချုပ် တရားမ ပထမ အယူခံမှု အမှတ် ၄၃/၆၄ တွင်၊ ၁၉၆၇ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့စွဲပါ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်၍ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု **တရားစီရင်ရေး** အက်ဥပဒေ ပုဒ်မ ၆ အရ၊ အထူး အယူခံခွင့် လျှောက်လွှာ။

၁၉၇၂ — ဦးလှထင် နှင့် ဦးမြကိုင်။

လျှောက်ထားသူအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးကျော်မြင့်။

လျှောက်ထားခံရသူအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးချန်ထွန်းအောင်။

တရားသူကြီး ဦးလှသင်း။ ။ဖျာပုံခရိုင် တရားမရုံး ၁၉၆၂ ခုနှစ်၊ တရားမ ကြီးမှုအမှတ် ၂ တွင်၊ အယူခံတရားလိုက အယူခံတရားပြိုင်အား၊ နစ်နာကြေးနှင့်လျော်ကြေးငွေ နှစ်ရပ်ပေါင်းငွေ ၁၆,၇၄၄ ကျပ်၊ ၅၀ ပြားရလိုမှု စွဲဆိုခဲ့သည်။ အယူခံတရားလိုသည် ၎င်းပိုင်စက်ကိုပေါင်၍ (ပ-က-ရ-ဖ)မှ ငွေချေးယူခဲ့ရာ ထိုငွေကိုပြန်လည်ပေးဆပ်ခြင်းမပြုနိုင်သဖြင့် အခွန်တော်ရယူမှု အမှုတွဲဖွင့်ပြီး၊ ကျိုက်လတ်မြို့၊ မြို့ပိုင်က ၎င်း၏စက်နှင့်စက်ပစ္စည်း ဂိုဒေါင်အချို့ကို လေလံတင်ရောင်းချခဲ့ရာ၊ အယူခံတရားပြိုင်က ဆွဲဝယ်၍ငွေကို အစိုးရသို့ပေးသွင်းခဲ့ပြီး စက်နှင့်ဂိုဒေါင်ကို အသုံးပြုခဲ့သည်။ အယူခံတရားလို၏လျှောက်ထားချက်အရ၊ ယခင်တရားလွှတ်တော်ချုပ်က ထိုသို့လေလံတင်ရောင်းချခြင်းကိုပယ်ဖျက်လိုက်သည်။ အချင်းဖြစ်စက်ကို မြို့ပိုင်က အယူခံတရားလိုသို့ ပြန်အပ်ပေးပြီး၊ လေလံဆွဲဝယ်သည့်ငွေကို အယူခံတရားပြိုင်သို့ ပြန်ပေးလိုက်သည်။ အယူခံတရားလိုသည် ထိုကာလအတွင်း အယူခံတရားပြိုင်က စက်နှင့်ပစ္စည်းများကို သုံးစွဲခဲ့သဖြင့် နစ်နာကြေးတောင်းဆိုသည့်အပြင် လေလံတင်ရောင်းရာတွင် မပါဝင်သောဂိုဒေါင်၏အမိုးများကို ဖျက်ဆီးသဖြင့် လျော်ကြေးငွေရလိုကြောင်း၊ ဖျာပုံခရိုင်တရားမတရားသူကြီးရုံး အမှုအမှတ် ၂/၆၂ တွင်စွဲဆိုခဲ့သည်။ ထိုအမှုကိုတရားသူကြီးကပယ်ခဲ့ရာ၊ အယူခံတရားလိုက တရားရုံးချုပ် ၁၉၆၃ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၁၂ တွင်အယူခံဝင်ခဲ့သည်။တရားရုံးချုပ်က မူလရုံးအမိန့်ကိုပယ်ဖျက်၍တရားမ ကျင့်ထုံးအမိန့် ၄၁၊ နည်းဥပဒေ ၂၃ အရပြန်လည်စစ်ဆေးရန် မူလရုံးသို့ပေးပို့ခဲ့သည်။ ရုံးထိုင်တရားသူကြီးက အမှုကိုပြန်လည်စစ်ဆေးပြီး အနိုင်ဒီကရီချပေးခဲ့သည်။ ထိုအမိန့်ကိုမကျေနပ်၍ အယူခံတရားပြိုင်က တရားရုံးချုပ်သို့ ၁၉၆၄ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၄၇ တွင်အယူခံဝင်ခဲ့ရာ၊ တရားရုံးချုပ်က တရားမ ကျင့်ထုံးအမိန့် ၄၁၊ နည်းဥပဒေ ၂၅ အရ ကောက်ချက်ထုတ်၍ သက်သေခံချက်များ ထပ်မံရယူရန်၊ မူလရုံးသို့ တကြိမ်လွှဲခဲ့ပြန်သည်။ မူလရုံးက ကောက်ချက်များအပေါ် ဆက်လက်စစ်ဆေးပြီး ၎င်း၏ထင်မြင်ချက်နှင့်တကွ တရားရုံးချုပ်သို့ပြန်လည်ပေးပို့ခဲ့သည်။ ပထမအယူခံရုံးသည် မူလရုံး၏အမိန့်နှင့်ဒီကရီကို ပယ်ဖျက်ခဲ့သဖြင့်၊ အယူခံတရားလိုက ယခု ၁၉၄၇ ခုနှစ်၊ **ပြည်ထောင်စု**တရားစီရင်ရေးအက်ဥပဒေပုဒ်မ ၆ အရ အထူးအယူခံတင်သွင်းခြင်းဖြစ်သည်။ **ပထမအယူခံမှု**၏စီရင်ချက်တွင် အယူခံတရားလိုစွဲဆိုသည့်အမှုသည် တရားမကျင့်**ထုံးဥပဒေပုဒ်မ ၄၇** နှင့်အကျုံးဝင်ပါ၍၊ တောင်းဆိုသည့်လျော်ကြေးငွေများကိုသီးခြားမှုဖြင့်စွဲဆို**နိုင်ခွင့်မရှိဟု**အကြောင်းပြကာ အောက်ရုံးအမိန့်ကိုပယ်ဖျက်ခဲ့သည်။

၁၉၇၂

ဦးရွှေအောင် နှင့် ဦးမြကြိုင်။

ဤအယူခံမှုတွင် ဆုံးဖြတ်ရန်အချက်များမှာ၊ ယခုအယူခံတရားလိုက အယူခံတရားပြိုင်ထံမှ တောင်းဆိုသည့်ငွေသည်၊ တရားမ ကျင့်ထုံးပုဒ်မ ၄၇ နှင့်အကျုံးဝင်ခြင်းရှိမရှိနှင့် ထိုလျော်ကြေးငွေများကို အယူခံ တရားလိုအနေဖြင့် ရသင့်-မရသင့်ဆိုသော အချက်များဖြစ်သည်။ အယူခံတရားလိုသည် အခွန်တော်မှုတွင် တရားရှုံးဖြစ်သည်။ (ပ-က-ရ-ဖ) မှာ တရားနိုင်ဖြစ်ပြီး (ပ-က-ရ-ဖ)ကို ပေးရန်ကြွေးမြီအတွက်၊ အယူခံတရားလိုပိုင် ပစ္စည်းများကို အခွန်တော်ဇာရီမှုတွင် လေလံတင်ရောင်းချရန် အယူခံတရားပြိုင်ကစွဲဆိုခဲ့သည်။ အယူခံတရားပြိုင်သည်၊ လေလံငွေကိုတင်သွင်းပြီးနောက် အချင်းဖြစ် စက်နှင့်ဂိုဒေါင်များကို ရယူခဲ့ပြီး အသုံးပြုနေရာမှ၊ လေလံကို ယခင်တရားလွှတ်တော်ချုပ်အမိန့်အရ ဖျက်သိမ်းသည့်နေ့တွင်၊ အချင်းဖြစ်စက်နှင့် ပစ္စည်းများကို အယူခံတရားလိုလက်သို့ ပြန်အပ်ခဲ့ရသည်။ ထိုကာလအတွင်း၊ အယူခံတရားပြိုင်သည် ပစ္စည်းများကို အသုံးပြုနေသည်မှာထင်ရှားသည်။ အယူခံတရားလိုက၊ ထိုကာလအတွင်းတွင်၊ အယူခံတရားပြိုင်သည် စက်များကို သုံးစွဲခဲ့သဖြင့်၊ နစ်နာကြေးနှင့်လေလံတွင် မပါသည့်ပစ္စည်းများကို ဖျက်ဆီးသဖြင့် လျော်ကြေးငွေရလိုကြောင်း တရားမ ကျင့်ထုံးပုဒ်မ ၄၇ အရ ဇာရီရုံးတွင် လျှောက်ထားခြင်းမရှိဘဲ၊ သီးခြားတရားမမှုစွဲ၍ တောင်းဆိုခဲ့သည်။

မူလအမှုတွင်ပါဝင်သည့် တရားလို တရားပြိုင်၊ သို့မဟုတ် ၎င်းတို့၏ဆက်ခံသူကိုယ်စားလှယ်များနှင့်ပတ်သက်၍ ဇာရီပြုလုပ်ခြင်း၊ ဒီကရီအတွက် ကျေနပ်မှုရှိမရှိဆိုခြင်း၊ ဒီကရီအတွက်ပေးရန်ငွေ၊ သို့မဟုတ် ဒီကရီအတွက်ဆောင်ရွက်ချက်များပြုပြီးမပြီးဆိုသောပြဿနာများသည်၊ ဇာရီပြုလုပ်ရာတွင် ပေါ်ပေါက်လာသောအငြင်းပွါးသည့် ပြဿနာများဖြစ်သည်။ ထိုပြဿနာများပေါ်ပေါက်ပါက၊ မူလရုံးတွင်ပါဝင်ခဲ့သည့်အမှုသည်များသည်၊ သီးခြားမှုမစွဲဆိုဘဲ၊ တရားမ ကျင့်ထုံးပုဒ်မ ၄၇ အရ ဇာရီရုံးတွင်လျှောက်ထားရမည်။အယူခံတရားပြိုင်သည်၊ မူလအမှုတွင်အမှုသည်တဦးအနေဖြင့် ပါဝင်ခြင်းလည်းမရှိ၊မူလရုံးတွင်ချမှတ်ထားသည့်ဇာရီမှုမှာလည်း ၎င်းနှင့်လုံးဝသက်ဆိုင်ခြင်းမရှိသည်မှာ ထင်ရှားသည်။ အယူခံတရားပြိုင်အပေါ်တွင် စွဲဆိုထားသည့် အမှုမှ လျော်ကြေးနှင့် နစ်နာကြေးတို့မှာ၊ မူလရုံးဒီကရီနှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်းလည်း ပေါ်လွင်သည်။ တရားမကျင့်ထုံးပုဒ်မ ၄၇ မှသက်ဆိုင်သည့် အပိုဒ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

"47(1) All questions arising between the parties to the suit in which the decree was passed, or their representatives, and relating to the execution, discharge or satisfaction of

the decree, shall be determined by the Court executing the decree and not by a separate suit. ၁၉၇၂

ဦးလှတင် နှင့် ဦးမြကြိုင်၏။

(1) * * * *

(2) * * * *

Explanation:— For the purposes of this section, a plaintiff whose suit has been dismissed and a defendant against whom a suit has been dismissed are parties to the suit."

တရားမ ကျင့်ထုံးပုဒ်မ ၄၇ ၏ပြဆိုချက်အရ၊ ဒီဂရီမှုတွင် လေလံဆွဲသူနှင့်ပတ်သက်သော့အငြင်းပွါးချက်များသည်၊ ဒီဂရီပြုလုပ်ရာတွင် ပေါ်ပေါက်လာသော အငြင်းပွါးသည့်ပြဿနာများဖြစ်သည်ဟု မဆိုနိုင်ပေ။ အာ(ရ်)၊ကောဒတ်(စ်)နှင့် ကောအင်(န်)၊ ၁(ရ်)၊အမ်၊အင်(န်)၊အာ(ရ်)၊နဂါပါး ချစ်တီးယား (၁) အမှုစီရင်ထုံးများ၌ မူလမှုနှင့် သုံးဝမသက်ဆိုင်သည့် ပုဂ္ဂိုလ်တဦးသည်၊ တရားရှုံးပိုင်ပစ္စည်းများကို လေလံတင်ဝယ်ခဲ့ပြီး ထိုပစ္စည်းများနှင့်ပတ်သက်၍ တရားရှုံးနှင့်အငြင်းပွါးမှုဖြစ်ခဲ့သည်။ ထိုပြဿနာမှာသည်း တရားမ ကျင့်ထုံးပုဒ်မ ၄၇ ဖြင့်အကျုံးမဝင်ဟု ဆုံးဖြတ်ထားသည်။

"The Hight Court of Judicature at Rangoon decided that the question of the auction purchaser's right to possession as against the judgment-debtor is not a question relating to the execution, discharge or satisfaction of the decree after the consideration of the conflicting rulings to the contrary, that the decision is wrong. On the other hand I find that it is in accordance with the rulings of the majority of the Indian High Courts."

သို့ပါ၍ အယူခံတရား ပိုက အယူခံတရားပြိုင်ထံမှ တောင်းဆိုသောနစ်နာကြေးနှင့်ပျာကြေးငွေများကို၊ သီးခြားမှုစွဲဆိုပြီး တောင်းခံရမည်ဟု ကျနုပ်တို့ယူဆသည်။ ။အော၊မာတင်·နှင့် အက်(စ်)၊အမ်၊ဟာရှင်(၂) အမှုတွင်၊ တရားနိုင်သည်တရားရှုံး၏

(၁) ၁၉၅၀ ခုနှစ်၊ **မြန်မာနိုင်ငံစီရင်ထုံး**၊ စာ ၁၉ (တရားလွှတ်တော်)။

(၂) ၁၉၃၀ ခုနှစ်၊ အိန္ဒိယ**စီရင်ထုံး၊ ရန်ကုန်အတွဲ** ၈၊ စာ ၁၆၂။

၁၉၅၂ ပစ္စည်းများကို ဇာရီမှုတွင်လေလံဆွဲဝယ်ခဲ့သည်။ ထိုပစ္စည်းကို တရားရှုံးကအပ်ပေးခြင်း မရှိ၍ အငြင်းပွါးခဲ့သည်။ ထိုပြဿနာမှာ တရားမ ကျင့်ထုံးပုဒ်မ ၄၇ နှင့်အကျုံးမဝင် ကြောင်းအောက်ပါအတိုင်း ဆုံးဖြတ်ထားသည်။

ဦးလှတင် နှင့် ဦးမြကြိုင်။

The appeal can lie in this case only if the question be held to be one "arising between the parties to the suit or their representatives, and relating to the execution, discharge or satisfaction of the decree and therefore within the purview of section 47 of the Code of Civil Procedure."

အယူခံတရားလိုသည် မိမိပိုင်စက်ကို အယူခံတရားပြိုင်ကအသုံးပြု၍ ဆန်ဂိုဒေါင်မှ ခနီမိုးများကိုဖျက်ဆီးသဖြင့် နစ်နာကြေးနှင့်လျော်ကြေးငွေ ၁၆,၇၄၄ ကျပ် ၅၀ ပြား ရလိုကြောင်း သက်သေခံအမှတ် (က) နှင့် (ခ) တို့အရ တောင်းဆိုခဲ့သည်။ ဤအချက်နှင့်ပတ်သက်၍ ပထမအယူခံရုံး၏စီရင်ချက်တွင်မည်သို့မျှဆုံးဖြတ်ထားသည်ကိုမတွေ့ရပေ။ မူလရုံးက စက်ကို သုံးပြုသည့်အတွက် နစ်နာကြေး ၁၅,၁၅၅ ကျပ် ပေးစေရန် ဆုံးဖြတ်ခဲ့သည်။ ဂိုဒေါင်အမိုးအတွက် လျော်ကြေးငွေများနှင့်ပတ်သက်၍ တောင်းဆိုသည့် ငွေတဝက်ဖြစ်သော ၂၇၅ ကျပ်ကို ခွင့်ပြုခဲ့သည်။ မူလရုံးသည် ဤတောင်းဆိုချက်နှင့်ပတ်သက်၍ အကြောင်းချင်းရာများကိုသုံးသပ်ပြီး၊ ထိုငွေများပေးရန်ခွင့်ပြုထားသည်ကို အမှုတွဲတွင်တွေ့ရှိရသည်။

အယူခံတရားလိုက တောင်းဆိုသည့်ငွေများကို ပေးသင့်မပေးသင့်ကို ဆုံးဖြတ်ရန်ဖြစ်သည်။ အမှုမှ အချင်းဖြစ်ပစ္စည်းများကို လေလံတင်၍ အယူခံတရားပြိုင်သို့ ရောင်းချခဲ့သည်။ ထိုအမိန့်ကိုပယ်ဖျက်ပြီးသည့်နောက်၊ တရားရုံးသည် ရောင်းချသည့် ပစ္စည်းကို မူလပိုင်ရှင်သို့ ပြန်ပေးခဲ့သည်။ အယူခံတရားပြိုင်သည် ထိုပစ္စည်းများကို လက်ဝယ်ထားရှိစဉ်အတွင်းအဆိုပါပစ္စည်းနှင့်ပတ်သက်၍ရရှိသောငွေအကျိုးအမြတ်နှင့် ထိုပစ္စည်းများကိုသုံးစွဲသည့် အခကြေးငွေများကိုပါ အယူခံတရားလိုသို့ ပေးရန်တာဝန်ရှိသည်ဟုဆုံးဖြတ်သည်။ သို့ပါ၍ အယူခံတရားလို စွဲဆိုထားသည့်အတိုင်း အယူခံတရားပြိုင်က စက်ကိုရယူထားသောအချိန်အတွင်း သုံးစွဲခဲ့သဖြင့် နစ်နာကြေးအဖြစ်ငွေ ၁၅,၁၅၅ ကျပ်နှင့် လေလံတင်ရောင်းရာတွင်မပါဝင်သော ဂိုဒေါင်၏ခနီမိုးများကိုဖျက်ဆီးသဖြင့် လျော်ကြေးငွေ ၂၇၅ ကျပ်နှစ်ရပ်ပေါင်း ၁၅,၄၃၀ ကျပ်ကို အယူခံတရားပြိုင်က အယူခံတရားလိုသို့ပေးရန် အမိန့်ချမှတ်လိုက်သည်။

အထက်ဖေါ်ပြပါအကြောင်းများကြောင့်၊ ပထမအယူခံရုံး အမှုအမှတ် ၄၃/၆၄ ၁၉၇၂
ှင့်ချမှတ်ထားသည့် အမိန့်နှင့်ဒီကရီကို ပယ်ဖျက်ပြီး၊ ဤအယူခံမှုကို စရိတ်နှင့်တကွ
ာက်ခံ၍ အယူခံတရားပြိုင်က အယူခံတရားလိုသို့ငွေပေါင်း ၁၅,၄၃၀ ကျပ်ပေးရန်
ာမိန့်ချမှတ်လိုက်သည်။

ဦးလှတင် နှင့် ဦးမြကြိုင်။

ရှေ့နေစရိတ် ၅၁ ကျပ်သတ်မှတ်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမ အထွေထွေလျှောက်လွှာ

တရားသူကြီးချုပ် ဒေါက်တာမောင်မောင်၊ တရားသူကြီး ဦးလှသင်းနှင့် တရားသူကြီး ဦးတင်အုံး တို့ရှေ့တွင်

† ၁၉၇၂

မတ်လ ၄ ရက်။

ဦးသိန်းလွင် *

တရားရုံးချုပ် ရှေ့နေအဖြစ် လက်ခံခြင်း—ပြည်သူ့ရဲ၊ အုပ်ချုပ်ရေးဝန်ထမ်း၊ အချိန်ပိုင်း ပြည်သူ့ တရားသူကြီး စသော ပုဂ္ဂိုလ်တို့လည်း တရားရုံးချုပ် ရှေ့နေများဖြစ်လာကြလျှင် တရားဥပဒေ စိုးမိုးရေး အတွက် တတ်စွမ်းရာက ပါဝင်ကြလိမ့်မည်ဟု ယူဆခြင်း—ဝန်ထမ်းများကိုတရားရုံး ချုပ် ရှေ့နေအဖြစ် လက်ခံထားစေကာမူ၊ ဝန်ထမ်းတာဝန်ပြီးဆုံး၍၊ တရားရုံးချုပ် ရှေ့နေ အဖြစ် အချိန်ပြည့် ဆောင်ရွက်သော အခါမှသာ ရှေ့နေအဖြစ် လိုက်ပါ ဆောင်ရွက်ကြရ မည်ဖြစ်ခြင်း—ရှေ့နေကြီးများ၏ အရည်အချင်း သတ်မှတ် လက်ခံခြင်း၊ စည်းကမ်း ကျင့်ဝတ် ထိန်းခြင်း၊ အရေးယူခြင်း၊ ရှေ့နေဖြစ်ရန် လေ့ကျင့်ပေးခြင်းစသော ကိစ္စရပ်များ အတွက် တရားရုံးချုပ် ရှေ့နေကြီးများ ကောင်စီက တာဝန်ယူလုပ်ခြင်းကို တရားရုံးချုပ်က လိုလား ကြောင်း မှတ်ချက်ပြုခြင်း။

ဆုံးဖြတ်ချက်။ ။တရားသူကြီးများ၊ ရှေ့နေကြီးများသာမကသေး၊ ပြည်သူ့ရဲ၊ အုပ်ချုပ်ရေး ဝန်ထမ်း၊ အချိန်ပိုင်း ပြည်သူ့ တရားသူကြီး စသော ပုဂ္ဂိုလ်တို့သည်လည်း၊ တရားရုံးချုပ်ရှေ့နေများ ဖြစ်လာကြလျှင်၊ တရားဥပဒေ ရေးရာကို ပိုမိုစိတ်ဝင်စားလာကြလိမ့်မည်၊ နက်နဲသိမ်မွေ့သော တရားဥပဒေရေးရာတို့ကို ပိုမိုလေးစားလာကြလိမ့်မည်၊ တရား ဥပဒေ စိုးမိုးရေးအတွက်၊ တတ်စွမ်း ရာက ပါဝင်ကြလိမ့်မည်ဟု ယူဆရသည်။

ထပ်မံဆုံးဖြတ်ချက်။ ။တရားရေးဌာနဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းများ၊ ဥပဒေအရာရှိ များ၊ စစ်ဥပဒေအရာရှိများကို ယင်းတို့၏ဝန်ထမ်းသက်တမ်း အတွင်း၌ပင် အရည်အချင်းပြည့်စုံက၊ တရားရုံးချုပ်ရှေ့နေ အဖြစ် လက်ခံခဲ့သည့် အစဉ်အလာရှိကြောင်းကို ဦးဇင်၏ လျှောက်လွှာကို ဆုံးဖြတ်ရာ၌ ဤရုံးက ညွှန်ပြခဲ့ပြီးပြီ၊ တရားရုံးချုပ် ရှေ့နေ အဖြစ် လက်ခံထားစေကာမူ ဝန်ထမ်း တာဝန်ပြီးဆုံး၍၊ တရားရုံးချုပ် ရှေ့နေအဖြစ် အချိန်ပြည့် လိုက်ပါ ဆောင်ရွက်သော အခါမှသာ၊ ဤရုံးသို့ အကြောင်းကြား ခွင့်ပန်ပြီးလျှင် ရှေ့နေလိုက်ပါ ဆောင်ရွက်ကြရမည် ဖြစ်ပေသည်။

မှတ်ချက်ပြုခြင်း။ ။အလျဉ်းသင့်၍ မှတ်ချက်ပြုလိုသော အချက်တချက် ရှိသေးသည်။ ရှေ့နေ ကြီးများကို အရည် အချင်း သတ်မှတ်၍ လက်ခံခြင်း၊ ရှေ့နေကြီးများ၏ စည်းကမ်း ကျင့်ဝတ်ကို

---

* ၁၉၇၃ ခုနှစ်၊ တရားမ အထွေထွေ လျှောက်လွှာ အမှတ် ၁၀။

† ၁၉၅၄ ခုနှစ်၊ တရားရုံးချုပ် ရှေ့နေကြီးများ လက်ခံခြင်း နည်းဥပဒေ အပိုဒ် (၇) အရ၊ လျှောက်ထားခြင်း။

ထိန်းသိမ်းခြင်း၊ ဖေါက်ဖျက်က အရေးယူခြင်း၊ ရှေ့နေဖြစ်ရန် လေ့ကျင့်သင်ကြားပေးခြင်း စသော ကိစ္စရပ်များ အတွက်၊ တရားရုံးချုပ် ရှေ့နေကြီးများ ကောင်စီကသာလျှင်၊ တာဝန်ယူ လုပ်ဆောင် ကြခြင်းကို တရားရုံးချုပ်က လိုလားပါသည်။ လိုအပ်သလို ဥပဒေ နည်းဥပဒေတို့ကို ပြင်ဆင် ပြဋ္ဌာန်းခြင်း၊ ပြုလုပ်နိုင်ကြရန်၊ တရားရုံးချုပ် ရှေ့နေကြီးများ ကောင်စီက၊ ရှေ့နေအသင်းများ ရှေ့နေကြီးများနှင့် တိုင်ပင်ညှိနှိုင်း၍၊ အဆိုပြုအပ်ပေသည်။ စာရင်း ပညာရှင်များနှင့် သက်ဆိုင် သော "မြန်မာနိုင်ငံ စာရင်း ကောင်စီ ဥပဒေ" (၁၉၇၂ ခုနှစ်၊ တော်လှန်ရေး ကောင်စီဥပဒေ အမှတ်-၂) သည်၊ လေ့လာအပ်သော နမူနာကောင်း တရပ် ဖြစ်ပေသည်။

၁၉၇၂

ဦးသိန်းလွန်း။

လျှောက်ထားသူအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးခင်စိန်။

ရှေ့နေများကောင်စီ။ ။တရားရုံးချုပ်ရှေ့နေ ဒေါက်တာဦးမောင်။

ရုံးသဟာယ။ ။အစိုးရတရားရုံးချုပ်ရှေ့နေ ဒေါက်တာမျိုးထွန်းလင်း။

တရားသူကြီးချုပ် ဒေါက်တာမောင်မောင်။ ။ဦးသိန်းလွန်းသည် ပြည်သူ့ရဲတပ်ဖွဲ့ ညွှန်ကြားရေးမှူးတဦးဖြစ်သည်။ ၁၉၄၇ ခုနှစ်တွင်၊ မြို့နယ်တရားသူကြီးလုပ်ဖူးသည်။ ၁၉၅၀ ခုနှစ်တွင် ရဲဝန်ထမ်းအကြီးတန်းဖြစ်လာသည်။ ၁၉၅၄ ခုနှစ်တွင် ဥပဒေ ဝိဇ္ဇာဘွဲ့ရပြီးလျှင်၊ ၁၉၅၈ ခုနှစ်တွင်၊ အထက်တန်းရှေ့နေအဖြစ် မှတ်ပုံတင်ခဲ့သည်။ ထို့နောက်ပိုင်းတွင် ခရိုင်ရဲဝန်၊ ပြည်သူ့ရဲ ဒုတိယညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူး စသော တာဝန်တို့ကိုထမ်းဆောင်ခဲ့သည်။

ဦးသိန်းလွန်းက မိမိသည်၊ ပြည်သူ့ရဲအရာရှိတဦး၏ တာဝန်များဖြစ်သော မှုခင်း စုံစမ်းထောက်လှမ်းခြင်း၊ ရုံးသို့တရားစွဲဆိုတင်ပို့ခြင်း စသည်တို့တွင် ကိုယ်တိုင်ထိရောက် စွာလုပ်ကိုင် ဦးဆောင်ခဲ့ပါသည်။ ပြည်နယ်ဒေသများတွင် တာဝန်ကျရာ၌လည်း ဒေသ၏ ထုံးတမ်းဥပဒေတို့ကို လေ့လာခဲ့ပါသည်။ မှုခင်းကော်မီတီများတွင်လည်း ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ တရားဥပဒေ လက်တွေ့ အတွေ့အကြုံများရခဲ့ပြီး ဖြစ်သောကြောင့်၊ တရားရုံးချုပ်ရှေ့နေအဖြစ် လက်ခံနိုင်ရန်၊ အရည်အချင်းပြည့်ဝ ပြီဟုသတ်မှတ်ပေးပါရန် ဤရုံးသို့လျှောက်ထားသည်။

တရားရုံးချုပ် ရှေ့နေကြီးများကောင်စီက၊ လျှောက်လွှာကိုကန့်ကွက်သဖြင့်၊ ကျွန်ုပ် တို့ကရုံးဖွဲ့၍ ကြားနာကြသည်။ ရှေ့နေကြီးများ ကောင်စီ၏ကိုယ်စား ဒေါက်တာ ဦးမောင်က၊ ဦးသိန်းလွန်းသည် ပြည်သူ့ရဲတပ်ဖွဲ့ ညွှန်ကြားရေးမှူးတာဝန်ကို အချိန်ပြည့် ထမ်းဆောင်နေသေးသဖြင့် တရားရုံးချုပ်ရှေ့နေအဖြစ် စာရင်းသွင်းရန်အကြောင်းမရှိ ပါ။ ရှေ့နေလိုက်ပါဆောင်ရွက်လိုသောအခါ၌သာ လျှောက်သင့်ပါသည်။ ရှေ့နေကြီး များ ကောင်စီသည်၊ ရှေ့နေသစ်များကို ကြိုဆိုပါသည်။ ဟန့်တားပိတ်ပင်လိုသော စေတနာမရှိပါ။ မူအရသာလျှင် ကန့်ကွက်ခြင်းဖြစ်ပါသည်။ နောင်အခါများတွင်

၁၉၇၂ ဦးသိန်းလွန်း။

တရားရုံးချုပ်ရှေ့နေ တဦးဖြစ်ရန် လျှောက်ထားသူတဦးဦးအား၊ ထူးခြားသောအခြေအနေအရ အရည်အချင်းပြည့်ဝပြီဟု တရားရုံးချုပ်က သတ်မှတ်လိုပါလျှင်၊ ယင်းသို့သတ်မှတ်သင့်သည်ဟုယူဆကြောင်းကို၊ ရှေ့နေကြီးများကောင်စီသို့ လျှောက်လွှာနှင့်တပါတည်းဖေါ်ပြပါလျှင်၊ ကောင်စီကတရားရုံးချုပ်၏ ယူဆချက်ကိုအလေးအနက်ထား၍စဉ်းစားမည်သာဖြစ်ပါသည်။ ကောင်စီက ကန့်ကွက်သောအခါမှ ရုံးသို့တင်ကာ၊ ရုံးကကန့်ကွက်ချက်ကိုပယ်ရခြင်းသည် သင့်မြတ်သည်မဟုတ်ပါ ဟု တင်ပြသည်။

ဦးသိန်းလွန်း အတွက် လိုက်ပါဆောင်ရွက်သောရှေ့နေကြီး ဦးခင်စိန် က၊ ယခင်သာဓကများအရ၊ ဦးသိန်းလွန်း ၏လျှောက်လွှာကို ခွင့်ပြုသင့်ကြောင်း တင်ပြသည်။

ရှေ့နေကြီးများကောင်စီ၏ ဥက္ကဋ္ဌဖြစ်သော၊ နိုင်ငံတော်ရှေ့နေချုပ်ကိုယ်စား လိုက်ပါဆောင်ရွက်သော အစိုးရရှေ့နေကြီး ဦးမျိုးထွန်းလင်းက၊ လျှောက်လွှာကိုခွင့်ပြုသင့်ကြောင်း ထောက်ခံတင်ပြသည်။

ကျွန်ုပ်တို့သည် ဦးဇင် ၏ကိစ္စတွင်၊ အထက်တန်းရှေ့နေဖြစ်ပြီးနောက်၊ ခရိုင်ရာဇဝတ်တရားသူကြီးအဖြစ် ၃ နှစ်ကျော်တာဝန်ထမ်းဆောင်ခဲ့ခြင်းကို တရားရုံးချုပ်ရှေ့နေဖြစ်ရန် လုံလောက်သော အတွေ့အကြုံ၊ အရည်အချင်းဖြစ်သည်ဟု လက်ခံခဲ့သည် (၁)။ ယင်းလျှောက်လွှာကို စဉ်းစား ဆုံးဖြတ်ရာ၌၊ တရားရုံးချုပ်ရှေ့နေများကို လက်ခံစာရင်းသွင်းခြင်းနှင့်ပတ်သက်သော စည်းမျဉ်းများတွင် အရည်အချင်းသတ်မှတ်ချက်တရပ်ဖြစ်သော " Judicial office " ဆိုသည့်စကားရပ်တွင်၊ တရားမ၊ ရာဇဝတ်တရားသူကြီးများ၊ ရုံးအမှုလိုက် ရဲအရာရှိများ၊ တရားရုံးချုပ်အတွင်းဝန်များ ပါဝင်သည့်နည်းတူ " တရားရေးရာတာဝန် " ကိုလက်တွေ့လုပ်ဆောင်ရသူများလည်း ပါသင့်သည်။ ဟုအဓိပ္ပါယ်ကောက်ယူခဲ့ကြသည်။ ယခုအခါတွင် ပြည်သူ့တရားစီရင်ရေးစနစ်ကို တိုးချဲ့တည်ဆောက်လျက်ရှိကြရာ၊ တရားရေးရာတာဝန်ကို ထမ်းဆောင်ရသောပုဂ္ဂိုလ်များသည်လည်း များပြားလျက်လာလေပြီ၊ အချိန်ပြည့်တရားသူကြီးများသာမက၊ အချိန်ပိုင်း ပြည်သူ့တရားသူကြီးများလည်း ပါဝင်လာကြပြီ။ ယင်းပုဂ္ဂိုလ်တို့သည်လည်း အခြားသောပညာအရည်အချင်း စသောအရည်အချင်းများပြည့်စုံကြလျှင်၊ တရားရုံးချုပ်ရှေ့နေကြီးများဖြစ်ထိုက်သည်။

တရားသူကြီးများ၊ ရှေ့နေကြီးများသာမကသေး၊ ပြည်သူ့ရဲ၊အုပ်ချုပ်ရေးဝန်ထမ်း၊ **အချိန်ပိုင်း** ပြည်သူ့တရားသူကြီးစသော ပုဂ္ဂိုလ်တို့သည်လည်း၊ တရားရုံးချုပ်ရှေ့နေ**များဖြစ်လာ**ကြလျှင်၊ တရားဥပဒေရေးရာကို ပိုမိုစိတ်ဝင်စားလာကြလိမ့်မည်။ နက်နဲ

(၁) ၁၉၆၈ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံးများ၊ ၂၇၅။

သိမ်မွေ့သော တရားဥပဒေရေးရာတို့ကို ပိုမိုလေးစားလာကြလိမ့်မည်။ တရားဥပဒေ ၁၉၇၂
စိုးမိုးရေးအတွက်၊ တတ်စွမ်းရာကပါဝင်ကြလိမ့်မည်ဟု ယူဆရသည်။ ဦးသိန်းလွန်း။

တရားရေးရာဌာနဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းများ၊ ဥပဒေအရာရှိများ၊ စစ်ဥပဒေအရာရှိများကို၊ ယင်းတို့၏ဝန်ထမ်းသက်တမ်းအတွင်း၌ပင် အရည်အချင်းပြည့်စုံက၊ တရားရုံးချုပ်ရှေ့နေအဖြစ် လက်ခံခဲ့သည့် အစဉ်အလာရှိကြောင်းကို ဦးဇင်၏လျှောက်လွှာကိုဆုံးဖြတ်ရာ၌ ဤရုံးကညွှန်ပြခဲ့ပြီးပြီ၊ တရားရုံးချုပ်ရှေ့နေအဖြစ်လက်ခံထားစေကာမူ ဝန်ထမ်းတာဝန်ပြီးဆုံး၍၊ တရားရုံးချုပ်ရှေ့နေအဖြစ် အချိန်ပြည့် လိုက်ပါဆောင်ရွက်သောအခါမှသာ၊ ဤရုံးသို့ အကြောင်းကြားခွင့်ပန်ပြီးလျှင် ရှေ့နေလိုက်ပါဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

စစ်ဥပဒေအရာရှိအား၊ အထက်တန်းရှေ့နေအဖြစ် မှတ်ပုံတင်ပြီးနောက် လက်တွေ့လုပ်ဆောင်ချက်အရ၊ အရည်အချင်းပြည့်ဝပြီ ဟုသတ်မှတ်ခဲ့သောသာဓကသည် ဗိုလ်မှူးခင်မောင်ကြီး နှင့် ဗိုလ်မှူးဇော်ထွန်း(၂) တို့ကိစ္စဖြစ်၏။ ယင်းကိစ္စတွင်၊ တရားရုံးချုပ်ရှေ့နေအရည်အချင်းသတ်မှတ်ရာ၌၊ တဖက်တွင် အရည်အချင်းကျဆင်းမသွားစေရန်ထိန်းသိမ်းရ၍၊ တဖက်တွင်လည်း၊ တရားရုံးများ၏အရာရှိများဖြစ်ကြသော ရှေ့နေကြီးများ၏ အင်အားဆုတ်ယုတ် နည်းပါးသွားခြင်းမရှိစေရန်၊ အမြဲတစေ အားသစ်ဖြည့်တင်းပေးအပ်ကြောင်းကို၊ ဤရုံးကမှတ်ချက်ပြုခဲ့သည်။

အထက်တန်းရှေ့နေအဖြစ် မှတ်ပုံတင်ပြီးနောက်၊ နှစ်ပေါင်းများစွာ အထူးစုံစမ်းစစ်ဆေးရေးဌာနတွင်၊ အထက်တန်း စုံစမ်းစစ်ဆေးရေးအရာရှိအဖြစ်လည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးဝန်၊ (တရားစွဲ) အဖြစ်လည်းကောင်း၊ တာဝန်ထမ်းဆောင်ခဲ့သော ဦးထွန်းစိန်အား ၎င်း၏လက်တွေ့ဗဟုသုတကိုထောက်ရှု၍၊ တရားရုံးချုပ်ရှေ့နေအဖြစ်၊ ဤရုံးကလက်ခံခဲ့သည့်သာဓကလည်း ရှိသေးသည်(၃)။

ဒေါက်တာမောင်တင်ပြသည့်အတိုင်း၊ ရှေ့နေကြီးများ ကောင်းစီကလည်း၊ ရှေ့နေသစ်များကို ကြိုဆိုလျက်ရှိသည်။ တရားရုံးချုပ်ရှေ့နေ ဖြစ်ခွင့်ဆိုင်ရာသတ်မှတ်ထားသည့်စည်းကမ်းနှင့် အတိအကျမကိုက်ညီသော လျှောက်လွှာများပေါ်တွင်သာ မကိုက်ညီသည့်အချက်ကိုညွှန်ပြသည့်သဘောဖြင့် ကန့်ကွက်သည် ဟု ကျွန်ုပ်တို့ယုံကြည်သည်။ ရှေ့နေကြီးများသာမဟုတ်၊ တရားသူကြီးများသည်လည်း၊ အတွေ့အကြုံ ဗဟုသုတပြည့်ဝခြင်းနှင့် လန်းဆန်းတက်ကြွနိုးပျိုခြင်းတို့ကို သင့်မြတ်စွာပေါင်းစပ်၍ လုပ်ဆောင်ကြမှ အရာရာတွင် အောင်မြင်နိုင်ပေသည်။ ဤသည်ကား ပြောင်းလဲဖြစ်ပျက်သော သင်္ခါရတရား၏ အနှစ်သာရသာတည်း။

---

(၂) ၁၉၆၅ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၉၃၉။

(၃) နိုင်ငံတော် တရားရုံးချုပ်၏၊၁၉၆၈ ခုနှစ်၊ တရားမစာဒက မှ အမှတ် ၃။

၁၉၇၂

ဦးသိန်းလွန်း။

အထက်ပါသာဓကတို့ကို ထောက်ရှု၍၊ ယခုလျှောက်ထားသူ ဦးသိန်းလွန်းအား လည်း၊ တရားရုံးချုပ် ရှေ့နေဖြစ်ရန် အရည်အချင်းပြည့်စုံပြီဟု သတ်မှတ်၍ ၎င်း၏ လျှောက်လွှာကိုခွင့်ပြုသည်။

ဒေါက်တာမောင် တင်ပြသောအချက်ကို ကျွန်ုပ်တို့အလေးဂရုပြုမိသည်။ အကယ် ၍ တရားရုံးချုပ်ရှေ့နေအဖြစ် စာရင်းသွင်းရန် လျှောက်လွှာတစောင်ကို၊ တရားရုံး ချုပ်အတွင်းဝန်ကသုံးသပ်ကာ စည်းကမ်းများနှင့် အတိအကျမကိုက်ညီစေကာမူ၊ ထူး ခြားသောအရည်အချင်းအတွေ့အကြုံများကို ထောက်၍လည်းကောင်း၊ ဖေါ်ပြပြီးသော သာဓကတရပ်ရပ်၊ သို့မဟုတ် အခြားသာဓကတရပ်ရပ်ကို ထောက်၍လည်းကောင်း၊ လျှောက်လွှာကို အထူးကိစ္စချပ်အနေဖြင့် စဉ်းစားသင့်သည်ဟု တွေ့ရှိရလျှင်၊ ယင်းသို့ တွေ့ရှိယူဆချက်ကို တရားသူကြီးနှစ်ဦးထံ တင်ပြအပ်သည်။ တရားသူကြီးများက သဘောတူလျှင်၊ လျှောက်လွှာကို တရားရုံးချုပ်ရှေ့နေကြီးများ ကောင်စီသို့ပို့သော အခါ၌ပင်၊ မည်သည့်သာဓကအရ၊ ထူးခြားသောကိစ္စအနေဖြင့် ခွင့်ပြုသင့်သည်ဟု ယူဆကြောင်းကို ဖေါ်ပြပြီးလျှင်၊ ကောင်စီ၏သဘောတူညီချက်ကို တောင်းအပ်သည်။ ကောင်စီကယင်းယူဆချက်ကို လေးနက်စွာစဉ်းစားကြပါမည် ဟု ဒေါက်တာမောင် ကတင်ပြသည်ကို ကျွန်ုပ်တို့ကဝမ်းမြောက်စွာ လက်ခံပါသည်။ ကောင်စီကစဉ်းစား ပြီးနောက်၊ သဘောမတူကန့်ကွက်လျှင်၊ လျှောက်ထားသူကလည်း တောင်းဆိုလျှင်၊ ခုံရုံးသို့လွှဲအပ်ကာ အဆုံးအဖြတ်ယူရန်ဖြစ်သည်။ ဤသို့ကျင့်သုံးမှသာလျှင် တရားရုံး ချုပ်ရှေ့နေကြီးများကောင်စီနှင့် အပြန်အလှန်လေးစားစွာ ဆက်ဆံအထောက်အကူ ပြုနိုင်ကြမည်ဖြစ်ပေသည်။

အလျဉ်းသင့်၍မှတ်ချက်ပြုလိုသော အချက်တချက်ရှိသေးသည်။ ရှေ့နေကြီးများကို အရည်အချင်းသတ်မှတ်၍ လက်ခံခြင်း၊ ရှေ့နေကြီးများ၏ စည်းကမ်းကျင့်ဝတ်ကိုထိန်း သိမ်းခြင်း၊ ဖေါက်ဖျက်က အရေးယူခြင်း၊ ရှေ့နေဖြစ်ရန်လေ့ကျင့်သင်ကြားပေးခြင်း၊ စသောကိစ္စရပ်များအတွက် တရားရုံးချုပ်ရှေ့နေကြီးများ ကောင်စီကသာလျှင်၊ တာဝန် ယူလုပ်ဆောင်ကြခြင်းကို တရားရုံးချုပ်က လိုလားပါသည်။ လိုအပ်သလို ဥပဒေ၊ နည်းဥပဒေတို့ကို ပြင်ဆင်ပြဋ္ဌာန်းခြင်း၊ ပြုလုပ်နိုင်ကြရန်၊ တရားရုံးချုပ်ရှေ့နေကြီးများ ကောင်စီက၊ ရှေ့နေအသင်းများ၊ ရှေ့နေကြီးများနှင့် တိုင်ပင်ညှိနှိုင်း၍၊ အဆိုပြုအပ် ပေသည်။ စာရင်းပညာရှင်များနှင့် သက်ဆိုင်သော "မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေ" (၁၉၇၂ ခုနှစ်၊ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၂) သည်လေ့လာအပ် သော နမူနာကောင်းတရပ်ဖြစ်ပေသည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမ ပထမအယူခံမှု

တရားသူကြီး ဦးသက်ဖေနှင့် တရားသူကြီး ဦးလှသင်းတို့ရှေ့တွင်

ဦးအောင် (၎င်း၏ကိုယ်စားလှယ် ဒေါ်အုံးတင်) နှင့် သာခုဖလင် (၎င်း၏ပိုင်ရှင်* ဦးသာခု (ခေါ်) ဦးဖေသန်း) † ၁၉၇၂ ဖေဖေါ်ဝါရီလ ၁ ရက်။

သက်သေထွက်ချက် ကွဲလွဲမှုရှိသည့် တရားမ မှုများတွင်၊ သက်သေထွက်ချက် အပေါ် ယင်းအမှု၏ အဆုံးအဖြတ်သည် မူတည်နေသည့်အခါ—ထိုအမှုကို တရားရုံးချုပ် မူလဘက် တရားသူကြီးက စီရင်ဆုံးဖြတ်ခြင်းဖြစ်လျှင်၊ အထင် အရှား မှားယွင်းခြင်း မရှိပါမူ အယူခံရုံးက လက်ခံရမည် ဖြစ်ခြင်း—သက်သေထွက်ချက်များ ယုံသင့် မယုံသင့်ဆိုသော ဆုံးဖြတ်ချက်ကို တရားရုံးချုပ် တရားသူကြီး တဦးက ပြုလုပ်ခဲ့လျှင် အယူခံရုံးက သာမန်အားဖြင့် လက်ခံလေ့ရှိသော်လည်း၊ အခြား တရားသူကြီး၏ ဆုံးဖြတ်ချက်ကိုမူ အယူခံရုံးက မှန်သည် မမှန်သည်ကို ဝေဖန် ဆန်းစစ်ရမည်ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။သက်သေထွက်ချက် ကွဲလွဲမှုရှိသည့် တရားမ မှုများတွင်၊ သက်သေထွက်ချက် အပေါ် ယင်းအမှု၏ အဆုံးအဖြတ်သည် မူတည်နေသည့်အခါ၌၊ ထိုအမှုကို တရားရုံးချုပ် မူလဘက် တရားသူကြီးက စီရင်ဆုံးဖြတ်ခြင်းဖြစ်လျှင်၊ အထင်အရှား မှားယွင်းခြင်း မရှိပါမူ အယူခံရုံးက လက်ခံရမည်ဖြစ်သည်။ အတွေ့အကြုံများပြီး တရားစီရင်ရေး၌ ဝါရင့်ပြီးဖြစ်သည့် တရားရုံးချုပ် တရားသူကြီးတဦးက၊ သက်သေများကို ကိုယ်တိုင် မျက်မြင် ကြားနာခဲ့သည့် ကိစ္စကို သာမန် တရားရုံးမှ တရားသူကြီးတဦး၏ ဆုံးဖြတ်ချက်နှင့် နှိုင်းယှဉ်၍ မရနိုင်ပေ။ တနည်းဆိုရသော်၊ သက်သေထွက်ချက်များ အားလုံး ယုံသင့် မယုံသင့် ဆိုသော ဆုံးဖြတ်ချက်ကို တရားရုံးချုပ် တရားသူကြီး တဦးက ပြုလုပ်ခဲ့ခြင်းဖြစ်လျှင်၊ အယူခံရုံးက သာမန်အားဖြင့် လက်ခံ လေ့ ရှိသော်လည်း၊ အခြားတရားသူကြီး၏ ဆုံးဖြတ်ချက်ကိုမူ အယူခံရုံး အနေဖြင့် မှန်သည် မမှန်သည်ကို ဝေဖန် ဆန်းစစ်ရမည်ဖြစ်သည်။ **မဟာမက်ဟာဂျီဗလီမိုဟာမက် နှင့် ဗက်နတ်ဆင်း၊** ၁၉၃၀၊ ရန်ကုန် စီရင်ထုံး၊ ၅၂ ကို ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးကျော်မြင့်။

အယူခံတရားခံအတွက်။ ။တရားရုံးချုပ် ရှေ့နေ ဦးအုန်းမောင်။

---

* **၁၉၇၀ ခုနှစ်၊** တရားမ ပထမ အယူခံမှု အမှတ် ၃၅။

† **၁၉၆၆ ခုနှစ်၊ တရား**မ ကြီးမှု အမှတ် ၂၇ဂ တွင် ၁၉၇၀ ခုနှစ်၊ မတ်လ ၄ ရက်နေ့စွဲဖြင့် ရန်ကုန်မြို့၊ တရားမ **ရုံး တွဲဘက်** တရားသူကြီးချုပ် ချမှတ်သော အမိန့်ကို အယူခံဝင်မှု။

၁၉၇၂

ဦးအောင် (၎င်း၏ကိုယ်စားလှယ် ဒေါ် အုံးတင်) နှင့် သာခုဗလင် (၎င်း၏ ပိုင်ရှင် ဦးသာခု(ခ) ဦးဖေသန်း)

တရားသူကြီး ဦးသက်ဖေ။ ။ရန်ကုန်မြို့၊ တရားမ ရုံးတွင် အယူခံ တရားလိုက အယူခံ တရားပြိုင် အပေါ် ပဋိညာဉ်ကို သီးခြား ဆောင်ရွက်ပေးရန်နှင့် "အဖြေ" ရုပ်ရှင်ကားကို၊ တပင်ရွှေထီး ရုပ်ရှင်ရုံမှ အပ အခြား ရုပ်ရှင်ရုံ၌ တင်ပြခြင်းမှ တားမြစ်ပေးရန် တရားစွဲဆိုရာ၊ စွဲဆိုသည့် အမှုကို တရားစရိတ်နှင့်တကွ ပယ်လိုက်သော ကြောင့်၊ ဤအယူခံ ပေါ်ပေါက်လာရခြင်းဖြစ်သည်။

အယူခံ တရားလိုသည်၊ ရန်ကုန်မြို့၊ မြေနီကုန်းရှိ တပင်ရွှေထီး ရုပ်ရှင်ရုံပိုင်ရှင် ဖြစ်သည်။ အယူခံ တရားပြိုင်သည် ရုပ်ရှင် ဇာတ်ကား ထုတ်လုပ်သူ ဖြစ်သည်။ အယူခံ တရားလိုက မိမိသည် ၁၉၆၄ ခုနှစ်၊ မေလ ၇ ရက်နေ့က အယူခံ တရားပြိုင်၏ ပိုင်ရှင် ဦးသာခု (ခေါ်) ဦးဖေသန်း နှင့် ဂတိစာချုပ် တစောင် ချုပ်ဆိုခဲ့ပါသည်။ ထိုစာချုပ်တွင် အယူခံတရားပြိုင် ထုတ်လုပ်ရိုက်ကူးဆဲ ဖြစ်သည့် "သို့သော်" "ပပက" နှင့် "အဖြေ" အသံထွက်ဇာတ်ကားများကို ရိုက်ကူးပြီးစီးသော အခါ၊ ရန်ကုန်မြို့ လယ်ရုံများနှင့် ထိပ်တိုက် တပြိုင်တည်း ဖြစ်စေ၊ ရုံတပါတ်ဆင်း၊ သို့မဟုတ် နှစ်ပါတ် ဆင်း ဖြစ်စေ၊ တပင်ရွှေထီး ရုပ်ရှင်ရုံတွင် တင်ပြရန်၊ ထုတ်လုပ်သူကဝင်း၊ ထိုဇာတ်ကား သုံးကား အတွက် အယူခံ တရားလိုက ထုတ်လုပ်သူအား စရံငွေ ၁၅,၀၀၀ ကို ပေးရန် ၎င်း၊ သဘော တူညီကြသည့် အတိုင်း၊ ငွေ ၁၅,၀၀၀ ကို အယူခံ တရားပြိုင်အား ပေးခဲ့ရပါသည်။ "အဖြေ" ဇာတ်ကားကို ရိုက်ကူးပြီးနောက် အယူခံ တရားပြိုင် သည် မူလ ပဋိညာဉ် အတိုင်း တပင်ရွှေထီး ရုပ်ရှင်ရုံ၌ရုံတင်ပြသရန် ငြင်းဆိုနေသဖြင့် ယင်းပဋိညာဉ်ကို သီးခြားဆောင်ရွက်စေရန်နှင့် အခြား ရုပ်ရှင်ရုံ၌ ရုံတင်ပြသခြင်းကို တားမြစ်ပေးရန် ဒီကရီရလိုပါသည်ဟု အဆိုပြုလာသည်။

အယူခံ တရားပြိုင်က ၁၉၆၄ ခုနှစ်၊ မေလ ၇ ရက်နေ့စွဲပါ စာချုပ်ကို ချုပ်ဆိုခဲ့ သည်ဆိုခြင်းကို မငြင်းသော်လည်း၊ အယူခံ တရားလိုပိုင် တရားမဝင်သည့် ငွေစက္ကူ ၁၅,၀၀၀ ကို ကူညီသည့် အနေဖြင့် မိမိက အပ်ပေးခဲ့သည်ကို အကြောင်းပြု၍၊ ထိုစာချုပ်ကို ချုပ်ဆိုခဲ့ရခြင်း ဖြစ်ပါသည်၊ ယင်း စာချုပ်မှာ အကျိုး သက်ရောက် စေရန် ရည်ရွယ်၍ ချုပ်ဆိုထားသည့် စာချုပ် တခု မဟုတ်ဘဲ၊ ဟန်ဆောင် စာချုပ် တခုသာ ဖြစ်သည့် အလျောက်၊ စာချုပ်ပါ စည်းကမ်းများ အတိုင်း လိုက်နာဆောင် ရွက်ရန် မလိုသည့် အလျောက်၊ အယူခံ တရားလို တောင်းဆိုသည့် သက်သာခွင့်ကို မရနိုင်ပါ၊ နှစ်ဘက်ချုပ်ဆိုခဲ့သော ပဋိညာဉ် အတွက် လျော်ကြေးငွေဖြင့် လုံလောက် သော သက်သာခွင့်ပေးနိုင်သဖြင့်၊ တားမြစ်မိန့် ထုတ်ပေးခြင်း းမပြုနိုင်ပါဟု အဓိက ထား၍ ထုချေခဲ့သည်။

မူလရုံးသည် နှစ်ဘက် တင်ပြသော သက်သေ အထောက အထားများကို အသေးစိတ် ဝေဖန် သုံးသပ်ပြီးနောက်၊ အယူခံ တရားပြိုင် ထုချေသည့် အတိုင်း

၁၉၆၄ ခုနှစ်၊ မေလ ၇ ရက် နေ့စွဲပါ ပဋိညာဉ် စာချုပ်မှာ၊ အမှန်တကယ် အကျိုး သက်ရောက်စေရန် ရည်ရွယ်ချက်ဖြင့် ချုပ်ဆိုခဲ့သည့် စာချုပ် တခု မဟုတ်၍၊ အယူခံ တရားလို တောင်းဆိုသည့် သက်သာခွင့်ကို မရနိုင်ဟု ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

၁၉၇၂

ဦးအောင် (၎င်း၏ကိုယ်စားလှယ် ဒေါ်အုံးတင်) နှင့် သာခုဖလင် (၎င်း၏ ပိုင်ရှင် ဦးသာခု (ခ) ဦးဖေသန်း)

အယူခံ တရားလို၏ ရှေ့နေ ဦးကျော်မြင့်က၊ ဤအမှု၏ အဆုံး အဖြတ်မှာ သက်သေခံ (ဃ) နေ့စဉ် ငွေဝင် ငွေထွက် စာရင်း စာအုပ်၏ စာမျက်နှာ ၁၃၉ ရှိ ရေးသားချက်သည်၊ မှန်ကန်သော ရေးသားချက် ဟုတ်သည်၊ မဟုတ်သည် ဆိုသော အဖြေ ပေါ်၌ တည်နေပါသည်၊ ထိုရေးသားချက်သည် မှန်ကန်သောရေးသားချက် မဟုတ်ဟု မူလရုံးမှ ယူဆထားသည့် အတိုင်း ဤရုံးမှ ဆုံးဖြတ်လျှင် ဤအယူခံသည် အရေးနိမ့်ပါမည်၊ မှန်ကန်သော ရေးသားချက် ဖြစ်သည်ဟု ဆုံးဖြတ်လျှင်မူ၊ စွဲဆိုသည့် အတိုင်း အနိုင် ဒီကရီ ရသင့်ပါသည်ဟု တင်ပြသွားသည်။

အယူခံတရားပြိုင်၏ ရှေ့နေ ဦးအုန်းမောင်က သက်သေခံ (ဃ) နေ့စဉ် ငွေဝင် ငွေထွက် ရေးသားချက်မှာ၊ မူလရုံးမှ ကောက်ယူထားသည့် အတိုင်း နောက်မှ ဖြည့်စွက် ရေးသားထားခြင်း ဖြစ်၍၊ မှန်ကန်သည့် ရေးသားချက် မဟုတ်ကြောင်း ပေါ်လွင် ပါသည်၊ အယူခံ တရားလိုသည် အယူခံ တရားပြိုင်အား လုပ်ငန်းနှင့် ပတ်သက်၍ ဆက်သွယ်တိုင်း၊ ချက်လက်မှတ်ဖြင့်သာ ငွေ အပေး အယူပြုလုပ်ခဲ့ပြီး၊ ငွေသားကို တကြိမ်တခါမျှ မပေးဘူးသဖြင့် ယခု အမှု၌ ငွေ တသောင်း ငါးထောင် ငွေသားဖြင့် ပေးခဲ့သည်ဆိုခြင်းမှာ အငြင်း မပွါးသည့် အလျောက်၊ တရား မဝင်သော ငွေစက္ကူ များကို လဲလှယ်ရန် ပေးပါသည် ဆိုသော ထုချေချက်ကို လက်ခံသင့်ပါသည်။ ထိုငွေများကို ပေးသည်ဆိုသော အချိန်လောက်က အယူခံ တရားပြိုင်၏ လက်ထဲ၌ ငွေငါးသောင်းကျော် ရှိနေသဖြင့်၊ နောင် ထုတ်လုပ်မည့် ဇာတ်ကားများ အတွက် အယူခံ တရားလိုထံမှ ကြိုတင် စရံငွေ ရယူထားရန် အကြောင်း မရှိပါ။ မူလရုံး တရားသူကြီးသည် နှစ်ဘက် တင်ပြသော သက်သေများကို ကိုယ်တိုင် ကိုယ်ကျ ကြားနာစစ်ဆေးခဲ့သဖြင့်၊ မည်သည့် သက်သေထွက်ချက်ကို ယုံကြည်သည် ဆိုသော ၎င်း၏ ဆုံးဖြတ်ချက်ကို၊ အယူခံရုံးမှ ဝင်ရောက်စွက်ဖက်ခြင်း မပြုသင့်ပါဟု ပြန်လည် တင်ပြသွားသည်။

သက်သေထွက်ချက် ကွဲလွဲမှုရှိသည့် တရားမ မှုများတွင်၊ သက်သေထွက်ချက်အပေါ် ယင်းအမှု၏ အဆုံး အဖြတ်သည် မူတည်နေသည့် အခါ၌၊ ထိုအမှုကို တရားရုံးချုပ် မူလဘက်တရားသူကြီးက စီရင် ဆုံးဖြတ်ခြင်းဖြစ်လျှင်၊ အထင် အရှား မှားယွင်းခြင်း မရှိပါမူ အယူခံရုံးက လက်ခံရမည် ဖြစ်သည်။ အတွေ့အကြုံများပြီး တရားစီရင်ရေး၌ ဝါရင့်ပြီးဖြစ်သည့် တရားရုံးချုပ် တရားသူကြီး တဦးက၊ သက်သေများကို ကိုယ်တိုင် မျက်မြင် ကြားနာခဲ့သည့် ကိစ္စကို သာမန် တရားရုံးမှ တရားသူကြီး တဦး၏ ဆုံးဖြတ်

၁၉၇၂ ဦးအောင် (၎င်း၏ကိုယ်စားလှယ် ဒေါ်အုံးတင်) နှင့် သာခုဖလင် (၎င်း၏ ပိုင်ရှင် ဦးသာခု (ခ) ဦးဖေသန်း)

ချက်နှင့်နှိုင်းယှဉ်၍ မရနိုင်ပေ။ တနည်းဆိုရသော်၊ သက်သေထွက်ချက်များ အားလုံး ယုံသင့်-မယုံသင့် ဆိုသော ဆုံးဖြတ်ချက်ကို တရားရုံးချုပ်က တရားသူကြီးတဦးက ပြုလုပ်ခဲ့ခြင်း ဖြစ်လျှင်၊ အယူခံရုံးက သာမန်အားဖြင့် လက်ခံလေ့ရှိသော်လည်း အခြား တရားသူကြီး၏ ဆုံးဖြတ်ချက်ကိုမူ အယူခံရုံး အနေဖြင့် မှန်သည်-မမှန်သည်ကို ပြန်လည်ဆန်းစစ်ရမည်ဖြစ်သည်။ **မဟာမက်ဟာဂျီဗဲလီမိုဟာမက်** နှင့် **ဗက်နတ်ဆင်း** (၁)။

အယူခံ တရားလိုသည် ရုပ်ရှင် ဇာတ်ကား ရုံတင်ပြသရာ၌ ယခင်က အယူခံ တရားပြိုင်အား ငွေ အပေး အယူပြုလုပ်သော အခါ၊ ငွေသား မပေးဘူးဘဲ ချက် လက်မှတ်ကိုသာ ပေးဘူးသည်မှာ မှန်၏။ သို့ရာတွင် ထိုအကြောင်းကြောင့်၊ ယခု အငြင်းပွါးနေသည့် ငွေတသောင်း ငါးထောင်ကို ငွေသားဖြင့် ပေးခြင်းသည် မဖြစ် နိုင်ဟု တထစ်ချယူဆခြင်း မပြုနိုင်ပေ။ အဘယ့်ကြောင့် ဆိုသော်၊ အယူခံ တရား ပြိုင်သည် အခြား ရုပ်ရှင်ကုမ္ပဏီများနှင့် အလားတူ ကိစ္စများတွင် ငွေ အပေး အယူ ပြုလုပ်ရာ၌၊ ချက်လက်မှတ်နှင့်သာမက ငွေသားဖြင့် ပြုလုပ်ခဲ့ကြောင်း ပေါ်ပေါက်လျက် ရှိသည်။ (သက်သေခံ ခ-၆၊ ခ-၇၊ ခ-၈၊ တို့ကို ကြည့်ပါ)။

အယူခံ တရားလိုဘက်မှ ငွေ တသောင်း ငါးထောင်ကို၊ အယူခံ တရားပြိုင် ထုတ်လုပ်ရိုက်ကူးသည့် ဇာတ်ထုပ် ၃ ထုပ် အတွက်၊ စရံငွေပေးသည်ဟုဆိုကာ နှုတ်သက်သေနှင့် စာရင်း အင်းများကို တင်ပြခဲ့သည်။ အယူခံ တရားပြိုင်ကလည်း ထိုငွေများမှာ တရားမဝင်ငွေများ ဖြစ်ပြီး၊ အယူခံတရားလိုက သက်ဆိုင်ရာ၌ လဲလှယ် ပေးရန် အပ်လိုက်ခြင်းသာဖြစ်ပြီး၊ ထိုငွေများ အတွက် ဇာတ်ထုပ် စရံငွေ ယူသည် ဟု စာချုပ် ချုပ်ဆိုပေးခဲ့ရပါသည်ဆိုကာ၊ နှုတ်သက်သေနှင့် အခြား အထောက် အထားများကို အပြိုင် အဆိုင် တင်ပြခဲ့သောကြောင်း၊ မည်သူ၏ တင်ပြချက်သည် ပိုမို၍ ယုတ္တိရှိသည်ဆိုသော အချက်ကို စဉ်းစားရာတွင်၊ အယူခံ တရားလို၏ ရှေ့နေ ဦးကျော်မြင့်ညွန်ပြခဲ့သည့် အတိုင်း၊ သက်သေခံ (၄) မှတ်သားချက်သည် မှန်ကန် သော မှတ်သားချက် ဟုတ်သည် မဟုတ်သည် ဆိုသော အဖြေပေါ်တွင် မူတည်နေ သည်ဟု ကျွန်ုပ်တို့ယူဆသည်။

အယူခံ တရားလိုက သက်သေခံ (က) ပဋိညာဉ် စာချုပ်ကို ၁၉၆၄ ခုနှစ်၊ မေလ ၇ ရက်နေ့တွင်ချုပ်ဆိုပြီး၊ ထိုနေ့၌ပင် ငွေ ၁၅,၀၀၀ ကို အယူခံ တရားပြိုင်အား ပေးခဲ့သည်ဟု ဆိုသည်။ သက်သေခံ (၄) နေ့စဉ် ဝင်ငွေ ထွက်ငွေ စာရင်း စာအုပ်၏ **စာမျက်နှာ** ၁၃၉ ၌၊ ၁၉၆၄ ခုနှစ်၊ မေလ ၇ ရက်နေ့စွဲလောက်တင် ထိုငွေအား ထည့် **သွင်းထားသည်**ကို မတွေ့ရပေ။ ၁၉၆၄ ခုနှစ်၊ မေလ ၉ ရက်နေ့ အောက်တွင် ရေးသွင်း **ထားသည်ကို** တွေ့ရသည်။ စာရင်းရေးသူ ဦးအေးက၊ ငွေပေးသည့် နေ့တွင် မသိ၍

---

(၁) ၁၉၃၈ ခုနှစ်၊ ရန်ကုန်စီရင်ထုံး ၅၂။

၁၉၇၂
ဦးအောင် (၎င်း၏ကိုယ်စားလှယ် ဒေါ်အုံးတင်) နှင့် သာစုဖလင် [၎င်း၏ပိုင်ရှင် ဦးသာစု (ခ) ဦးဖေသန်း)]။

စာရင်း မသွင်းဘဲ၊ ငွေပေးပြီး နောက်ပိုင်းမှသာ ထိုသို့ ငွေပေးကြောင်း သိရသဖြင့် **နောက်မှ** ဖြည့်သွင်းခြင်း ပြုခဲ့ရပါသည်ဟု ဆိုသည်။ သို့ရာတွင် ထိုကဲ့သို့ နောက်မှ ဖြည့်သွင်းခြင်းသည် ၁၉၆၄ ခုနှစ်၊ မေလ ၁၀ ရက်နေ့စွဲပါ မှတ်သားချက် ပြုပြီး နောက်ပိုင်း၌ ဖြစ်၍၊ ၁၉၆၄ ခုနှစ်၊ မေလ ၁၀ ရက်နေ့စွဲပါ မှတ်သားချက် နောက်ပိုင်းတွင် အစီအစဉ် အတိုင်း ထည့်သွင်းထားသင့်ပေသည်။ ၁၉၆၄ ခုနှစ်၊ မေလ ၉ ရက်နေ့စွဲပါ မှတ်သားချက်နှင့် ၁၉၆၄ ခုနှစ်၊ မေလ ၁၀ ရက်နေ့စွဲပါ မှတ်သားချက်တို့ ကြားတွင် နောက်မှ ထည့်သွင်းထားခြင်းသည် များစွာ သံသယ ဖြစ်စရာ အကြောင်း ပေါ်ပေါက်နေသည်။ ငွေကို ၁၉၆၄ ခုနှစ်၊ မေလ ၇ ရက်နေ့တွင် ပေးသည်ဟု ဆိုပါလျက်၊ ၁၉၆၄ ခုနှစ်၊ မေလ ၉ ရက်နေ့တွင် ပေးသည်ဟု စာရင်းတွင် ပြခဲ့သည့် အချက်မှာလည်း၊ ထိုစာရင်းပါ မှတ်သားချက်အား ယုံကြည် လက်ခံနိုင်ရန် တန်ဘိုး ယုတ်လျော့စေသည်ဟု ဆိုရမည် ဖြစ်သည်။ သို့ဖြစ်ရာ၊ သက်သေခံ (၄) ရှိမှတ်သားချက်မှာ၊ မှန်ကန်သော မတ်သားချက် ဖြစ်သည်ဟု ယဆခြင်း မပြုနိုင် ဆိုသော မူလရုံး၏ ကောက်ယူချက်သည် မှားယွင်းသည်ဟု မဆိုသာချေ။

ထိုကြောင့်၊ မူလရုံး၏ စီရင်ချက်နှင့် ဒီကရီတို့အား ဝင်ရောက် စွက်ဖက်ရန် အကြောင်း မရှိဟု ကျွန်ုပ်တို့ယူဆသဖြင့်၊ ဤအယူခံကို တရားစရိတ်**နှင့်**တကွ ပယ်**လိုက်**သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမ အထွေထွေ လျှောက်လွှာ

တရားသူကြီး ဦးသက်ဖေ နှင့် တရားသူကြီး ဦးသန်းအောင် တို့ရှေ့တွင်

† ၁၉၇၂
မတ်လ
၁၆ ရက်။

မအုန်းအုန်း ပါ ၂

နှင့်

ခေါ်ရင်မေ ပါ ၂ *

တရားမကျင့်ထုံး အမိန့် ၃၂၊ နည်းဥပဒေ ၇ (၁)—ယင်းဥပဒေ ပြဋ္ဌာန်းချက် အရ၊ တရားရုံး၏ ကြိုတင်ခွင့်ပြုချက်ရထားခြင်း မရှိသော ပဋိညာဉ်ပြေငြိမ်းမှုကို အရွယ် မရောက်သူက ပျက်ပြယ်အောင်ပြု၍၊ ပြန်လည်ဖျက်လိုလျှင် တရားစွဲမှသာ ဖျက်သိမ်းရာ ရောက် မရောက်—အရွယ်မရောက်သူက ထိုပဋိညာဉ်ကို လက်မခံ ငြင်းပယ်ကြောင်းနှင့် ဆောင်ရွက်ရန် ငြင်းဆိုကြောင်း ထုတ်ဖေါ်ကျေညာခြင်းဖြင့် ပယ်ဖျက်နိုင် မနိုင်—ထိုသို့ကျေညာ၍ ပယ်ဖျက်သည်ကို တဘက် ပဋိညာဉ်ပြုလုပ်သူက လက်မခံလျှင် ပဋိညာဉ်ဖျက်သိမ်းပြီး ဖြစ်ကြောင်း မြွက်ဟ ဒီကရီရရန် တရားစွဲနိုင်ခြင်း—တဘက် ပဋိညာဉ်ပြုလုပ်သူက၊ ထိုပဋိညာဉ်ပေါ် အခြေပြု တရားစွဲဆိုက၊ ပဋိညာဉ်ကို ပြန်လည် ဖျက်သိမ်းပြီး ဖြစ်ကြောင်း ပဋိညာဉ်ကို ပျက်ပြယ်ခွင့်ရှိသော ပဋိညာဉ် ပြုလုပ်ထားသည့်ဘက်က ချေပ ထုချေနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။တရားမ ကျင့်ထုံး အမိန့် ၃၂၊ နည်းဥပဒေ ၇ (၁) အရ၊ တရားရုံး၏ ကြိုတင်ခွင့်ပြုချက်ရယူထားခြင်း မရှိသော ပဋိညာဉ် ပြေငြိမ်းမှုကို အရွယ်မရောက်သူက တရားမ ကျင့်ထုံး အမိန့် ၃၂၊ !နည်းဥပဒေ (၂) အရ၊ ပျက်ပြယ်အောင်ပြု၍ ပြန်လည်ဖျက်သိမ်းလိုလျှင် တရားစွဲမှသာ ပြန်လည် ဖျက်သိမ်းရာ ရောက်သည် မဟုတ်။ အရွယ် မရောက်သူက ထိုပဋိညာဉ်ကို လက်မခံတော့၍၊ ၎င်းက ငြင်းပယ်ကြောင်း၊ ဆောင်ရွက်ရန် ငြင်းဆိုကြောင်း ထုတ်ဖေါ်ကျေညာခြင်းဖြင့် ပယ်ဖျက်ရာ ရောက်သည်။ ထိုကဲ့သို့ ကျေညာ၍၊ တဘက် ပဋိညာဉ်ပြုလုပ်သူက လက်မခံလျှင် ထိုကဲ့သို့ ကျေညာနိုင်ခွင့်ရှိ၍ ပဋိညာဉ် ပြန်လည် ဖျက်သိမ်းပြီ ဖြစ်ကြောင်း မြွက်ဟ ဒီကရီ ရရှိရန်၊ သို့မဟုတ် ပဋိညာဉ်ပြန်လည် ဖျက်သိမ်းခြင်းဆိုင်ရာ ဒီကရီရရှိရန် တရားစွဲနိုင်သည်။ တဘက် ပဋိညာဉ် ပြုလုပ်သူက ထိုပဋိညာဉ်ပေါ် အခြေပြု၍ တရားစွဲဆိုတင်သွင်းသော အမှု၌ပင် ထိုပဋိညာဉ်ကို ပျက်ပြယ်အောင်ပြု၍ ပြန်လည် ဖျက်သိမ်းပြီ ဖြစ်ကြောင်း၊ တရားဥပဒေနှင့် ညီညွတ်စွာ ပဋိညာဉကို၊ ငြင်းပယ်ထားပြီဖြစ်ကြောင်း၊ ဆောင်ရွက်ရန် ငြင်းဆိုထားပြီ ဖြစ်ကြောင်းကို၊ ပဋိညာဉ်ကို ပျက်ပြယ်ခွင့် ရှိသော ပဋိညာဉ်ပြုလုပ်ထားသည့် တဘက်လူက ချေပ ထုချေနိုင်သည်။

---

* **၁၉၇၁** ခုနှစ်၊ တရားမ အထွေထွေ အယူခံမှု အမှတ် ၅၇။

† **၁၉၆၂ ခုနှစ်၊** တရားမ ကြီးမှု အမှတ် ၅၉၉ တွင် ၁၉၇၁ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့စွဲပါ၊ **ရန်ကုန်မြို့ တရားမ ရုံး** တရားသူကြီးချုပ်၏ ချမှတ်သော အမိန့်ကို အယူခံဝင်မှု။

၁၉၇၂

မအုန်းအုန်း ပါ ၂ နှင့် ဒေါ်ရင်မေ ပါ ၂။

တရားသူကြီး ဦးသန်းအောင်။ ။ရန်ကုန်မြို့ တရားမရုံး တရားမ ကြီးမှု အမှတ် ၅၉၉/၆၂ တွင်၊ မအုန်းအုန်းနှင့် မောင်အောင်ဆန်းအေးတို့က ၎င်းတို့၏ နီးစပ်ရာ မိတ်ဆွေ မိခင် ဒေါ်အေးချစ်ဖြင့် ဒေါ်ရင်မေနှင့် ဦးခင်မြင့်တို့အပေါ် ငွေ ၂၄,၀၀၀ ရလိုကြောင်း တရားစွဲဆိုရာ၊ ဒီကရီရရှိခဲ့သည်။ တရားနိုင်က ဇာရီမှု ပြုလုပ်ပြီးနောက်၊ ဒေါ်အေးချစ်က ၁၉၇၁ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့က တရားရှုံးဒေါ်ရင်မေနှင့် ကတိစာချုပ် ပြုလုပ်ပြီး၊ တရားနိုင်များ ကိုယ်စား ငွေ ၅,၀၀၀ နှင့် အပြေ အလည် လက်ခံယူရန် သဘောတူညီပြီးလျှင်၊ ငွေ ၅၀၀ိ လက်ခံရရှိ၍၊ ကျန်ငွေ ၄,၅၀၀ ကို တလလျှင် ၅၀ိ ပြေလည်အောင် ပေးသွားရန် သဘောတူသည်။ ထိုပြေငြိမ်းချက် သဘောတူညီချက် မပြုလုပ်မီ၊ နီးစပ်ရာ မိတ်ဆွေ ဒေါ်အေးချစ်က တရားမ ကျင့်ထုံး အမိန့် ၃၂၊ နည်းဥပဒေ ၇ (၁) အရ၊ တရားရုံး၏ အတိအလင်း ခွင့်ပြုချက်ရယူ၍ သဘောတူ ပြေငြိမ်းချက် မဟုတ်ကြောင်း ထင်ရှားသည်။ ဤအချက်နှင့် ပတ်သက်၍ အငြင်းပွါးမှု မရှိပေ။ ထိုစဉ်က မအုန်းအုန်းသည် အရွယ်ရောက်နှင့်နေပြီဖြစ်၍၊ မအုန်းအုန်းနှင့် အကျိုး သက်ရောက်မှု မရှိသော သဘောတူညီချက် ဖြစ်သည်နှင့် ပတ်သက်၍လည်း အငြင်း မပွါးခဲ့ကြပေ။

ထိုကဲ့သို့ အရွယ် မရောက်သူ၏ နီးစပ်ရာ မိတ်ဆွေက တရားရုံး၏ ခွင့်ပြုချက် မရရှိပဲ ပြုလုပ်ထားသော သဘောတူညီချက် ပြေငြိမ်းမှုသည် အရွယ်မရောက်သူက ပျက်ပြယ်အောင် ပြုနိုင်ခွင့် (voidable) ရှိသည်ဟု တရားမ ကျင့်ထုံး အမိန့် ၃၂၊ နည်း ဥပဒေ တွင် ဤသို့ ပြဋ္ဌာန်းထားသည်။

> "7. (1) No next friend or guardian for the suit shall, without the leave of the Court, expressly recorded in the proceedings, enter into any agreement or compromise on behalf of a minor with reference to the suit in which he acts as next friend or guardian.
>
> (2) Any such agreement or compromise entered into without the leave of the Court so recorded shall be voidable against all parties other than the minor."

ထိုဥပဒေ ပြဋ္ဌာန်းချက်အရ၊ ယင်းသို့သော သဘောတူညီ ပြေငြိမ်းချက်တို့သည် ပျက်ပြယ် (void) သော သဘော တူညီချက်များ မဟုတ်ပဲ ပျက်ပြယ်နိုင်ခွင့် ရှိသော သဘောတူညီချက်များ ဖြစ်သည်။အရွယ် မရောက်သူကသာ ပျက်ပြယ်အောင် ပြုလုပ်နိုင်ခွင့် ရှိသည်။ **မခလေးမ** နှင့် **မကြိုင်** (၁) အမှု၌ ဇာရီမှုတွင် တရားရုံး၏ ခွင့်ပြုချက်အရ ယူထားခြင်း မရှိပဲ၊ နီးစပ်ရာ မိတ်ဆွေက အရွယ် မရောက်သူ တရားနိုင်

(၁) ၁၉၄၀ ခုနှစ်၊ ရန်ကုန်စီရင်ထုံး၊ စာ၊ ၇၇၂။

၁၉၃၂ — မအုန်းအုန်း ပါ ၂ နှင့် ဒေါ်ရင်မေ ပါ ၂။

အဖြစ်နှင့် ရရှိထားသော ဒီကရီနှင့် ပတ်သက်၍ သဘောတူညီ ပြေငြိမ်းချက်ကို အရွယ် မရောက်သူက ပျက်ပြယ်အောင် ဆုံးဖြတ်ထားသည်။

"Execution proceedings are a continuance of the suit, and Order 32, rule 7, is applicable to an agreement or compromise made in the course of proceedings for the execution of the decree obtained in the suit. The compromise now in question was recorded without the leave of the Court, and no such leave was expressly recorded in the proceedings. Hence there was a contravention of sub-rule (1) of rule 7, and, consequently, under sub-rule (2) the compromise is voidable against all parties other than the minors."

ယခု အမှုတွင် တင်သွင်းထားသော သဘော တူညီ ပြေငြိမ်းချက်သည်၊ အရွယ် မရောက်သူ မောင်အောင်ဆန်းအေးက ပျက်ပြယ်နိုင်ခွင့် ရှိလေရာ၊ ထိုကဲ့သို့ အရွယ် မရောက်သူက ပျက်ပြယ်အောင် ပြုရာတွင် တရား တထုံးစွဲရန် လိုသလော၊ သို့မဟုတ် အခြားနည်း ဆောင်ရွက်၍ ပျက်ပြယ်အောင် ပြုနိုင် သလောကို ဆင်ခြင်ရမည်ဖြစ်သည်။ မူလရုံးက တရား တထုံး စွဲရန် လိုသည်ဟု ဆုံးဖြတ်ထားသည်။

ပျက်ပြယ်နိုင်ခွင့် ရှိသော ပဋိညာဉ် (voidable contract) တစုံတရာကို ပျက်ပြယ်အောင် ပြုလုပ်၍ ပြန်လည် ဖျက်သိမ်းခြင်း (rescission) နှင့် ပတ်သက်၍ မည်သို့ မည်ပုံ အကြောင်းကြားရမည်နှင့် ပဋိညာဉ်ပြုသူတို့ မည်သို့သော အခွင့်အရေး များ ရှိကြပုံကို ပဋိညာဉ် အက် ဥပဒေ ပုဒ်မ ၆၄ နှင့် ၆၆ တို့တွင် ဖေါ်ပြထားသည်။ ထိုပြဋ္ဌာန်းချက်များမှာ အောက်ပါ အတိုင်း ဖြစ်သည်။

"64. When a person at whose option a contract is voidable rescinds it, the other party thereto need not perform any promise therein contained in which he is promisor. The party rescinding a voidable contract shall, if he has received any benefit thereunder from another party to such contract, restore such benefit, so far as may be, to the person from whom it was received."

* * * *

"66. The rescission of a voidable contract may be communicated or revoked in the same manner, and subject to the same rules, as apply to the communication or revocation of a proposal."

ပျက်ပြယ်နိုင်ခွင့်ရှိသော ပဋိညာဉ် တခုနှင့် ပတ်သက်၍ ပျက်ပြယ်အောင် ပြုလုပ်နိုင်ခွင့်ရှိသူ တယောက်သည် ယင်းပဋိညာဉ်ကို ၎င်းက ပြန်လည် ဖျက်သိမ်းကြောင်းကို စကားဖြင့်ဖြစ်စေ၊ အမူအရာဖြင့်ဖြစ်စေ၊ အကြောင်းကြား၍ ၎င်း၏ ပျက်ပြယ်အောင်ပြုလုပ်နိုင်ခွင့်ကို သုံးစွဲနိုင်သည်။ ၎င်းအနေနှင့် ယင်းပဋိညာဉ်သည် ၎င်းအပေါ်၌ အတည်မဖြစ်ကြောင်း စကားဖြင့်ဖြစ်စေ၊ အမူအရာဖြင့်ဖြစ်စေ ကြားသိစေလျှင် ပဋိညာဉ်သည် ပြန်လည် ဖျက်သိမ်းပြီးသားဖြစ်သွား၍ ထိုပဋိညာဉ်သည် မတည်ရှိတော့ပေ။ အဓိကအချက်မှာ ပြန်လည် ဖျက်သိမ်းခြင်း ပြုလုပ်ရန် ရွေးချယ်ဆောင်ရွက်ခြင်း (election to rescind) သာဖြစ်သည်။ ပျက်ပြယ်အောင် ပြုလုပ်နိုင်ခွင့်ရှိသော ပဋိညာဉ်ကို ပျက်ပြယ်အောင် ပြုလုပ်ခွင့် ရှိသူက ၎င်းအနေနှင့် ထိုပဋိညာဉ်ကို ပျက်ပြယ်အောင် ပြုလုပ်၍ ပြန်လည် ဖျက်သိမ်းခြင်း ပြုလုပ်ရန် ရွေးချယ်၍၊ ဆောင်ရွက်လိုက်ပြီဖြစ်ကြောင်း စကားဖြင့် ဖြစ်စေ၊ အမူအရာဖြင့်ဖြစ်စေ တဘက် ပဋိညာဉ် ပြုသူတို့ကြားသိစေသည့် အခါ၌၊ တဘက်က လက်မခံလျှင် တရား တထုံးစွဲရန် လိုအပ်မည်ဖြစ်သော်လည်း၊ အနိုင်ဒီကရီ ရသည်ရှိသော် ပဋိညာဉ်သည် မည်သည့်နေ့က ပြီးဆုံး ဖျက်သိမ်းသွားသနည်း (terminate) ဆိုလျှင် ယင်းသို့ ပြန်လည် ဖျက်သိမ်းရန် ရွေးချယ်၍ ဆောင်ရွက်သောနေ့၌ ဖြစ်သည်ဟု ဆိုရပေမည်။ အနိုင်ဒီကရီ ချသော နေ့၌ ပဋိညာဉ် ပြီးဆုံး ဖျက်သိမ်းသွားသည်ဟု မဆိုနိုင်ပေ။ ပဋိညာဉ် တခုသည် ပျက်ပြယ်အောင် ပြုလုပ်ရန် ပြန်လည် ဖျက်သိမ်းသည့်အထိ အတည်ဖြစ်သည်။ ပျက်ပြယ်အောင် ပြုလုပ်နိုင်ခွင့်ရှိသော ပဋိညာဉ် ပြုလုပ်သောသူ တယောက်က ထိုပဋိညာဉ်ကို ၎င်းက လက်မခံတော့၍၊ ၎င်းက ငြင်းပယ်ကြောင်း၊ ဆောင်ရွက်ရန် ငြင်းဆိုကြောင်း ထုတ်ဖော်ကြေငြာသည့် အချိန်အထိ၊ ထိုပဋိညာဉ်သည် အတည်ဖြစ်သည်။ ၁၉၇၂ မအုန်းအုန်း ပါ ၂ နှင့် ဒေါ်ရင်မေ ပါ ၂။

တရားမ ကျင့်ထုံး အမိန့် ၃၂၊ နည်းဥပဒေ ၇ (၁) အရ၊ တရားရုံး၏ ကြိုတင်ခွင့်ပြုချက်ရယူသားခြင်း မရှိသော ပဋိညာဉ် ပြေငြိမ်းမှုကို အရွယ်မရောက်သူက တရားမ ကျင့်ထုံး အမိန့် ၃၂၊ နည်းဥပဒေ ၇ (၂) အရ၊ ပျက်ပြယ်အောင်ပြု၍ ပြန်လည် ဖျက်သိမ်းလိုလျှင် တရားစွဲမှသာ ပြန်လည် ဖျက်သိမ်းရာ ရောက်သည် မဟုတ်။ အရွယ်မရောက်သူက ထိုပဋိညာဉ်ကို လက်မခံတော့၍ ၎င်းက ငြင်းပယ်ကြောင်း၊ ဆောင်ရွက်ရန် ငြင်းဆိုကြောင်း ထုတ်ဖော်ကျေညာခြင်းဖြင့်ပယ်ဖျက်ရာရောက်သည်။ ထိုကဲ့သို့ကျေညာ၍၊ တဘက်ပဋိညာဉ် ပြုလုပ်သူက လက်မခံလျှင် ထိုကဲ့သို့ ကျေညာနိုင်ခွင့် ရှိ၍ ပဋိညာဉ် ပြန်လည် ဖျက်သိမ်းပြီး ဖြစ်ကြောင်း မြွက်ဟ ဒီကရီရရှိရန်၊ သို့မဟုတ် ပဋိညာဉ် ပြန်လည် ဖျက်သိမ်းခြင်း ဆိုင်ရာ ဒီကရီ ရရှိရန် တရားစွဲနိုင်သည်။ တဘက် ပဋိညာဉ် ပြုလုပ်သူက ထိုပဋိညာဉ်ပေါ် အခြေပြု၍ တရားစွဲဆို

၁၉၇၂
မအုန်းအုန်း ပါ ၂ နှင့် ဒေါ်ရင်မေ ပါ ၂။

တင်သွင်းသောအမှု၌ပင် ထိုပဋိညာဉ်ကို ပျက်ပြယ်အောင်ပြု၍ ပြန်လည်ဖျက်သိမ်းပြီး ဖြစ်ကြောင်း၊ တရား ဥပဒေနှင့် ညီညွတ်စွာ ပဋိညာဉ်ကို ငြင်းပယ်ထားပြီ ဖြစ်ကြောင်း၊ ဆောင်ရွက်ရန် ငြင်းဆိုထားပြီ ဖြစ်ကြောင်းကို၊ ပဋိညာဉ်ကို ပျက်ပြယ်ခွင့်ရှိသော ပဋိညာဉ်ပြုလုပ်ထားသည့် တဘက်သူက ချေပ ထုချေနိုင်သည်။

ပဋိညာဉ် ဥပဒေဆိုင်ရာ ကျောင်းသုံး စာအုပ် (၃) ၌၊ ဤသို့ ဆွေးနွေးထား သည်။

> "It is hardly needful to say that rescission must be expressed and unequivocal. The clearest form of it is bringing a suit to set aside the contract. The will to rescind may also be declared by way of defence to an action brought on the contract ; a declaration to that effect before action brought is not necessary as matter of law though, generally speaking, the prudent course is to repudiate as soon as possible."

အီးဘာရီ နှင့် အိပ်ချ်ဘဲလပ် (၂) အမှုတွင်၊ အောက်ပါ အတိုင်း ဆုံးဖြတ်ထား သည်။

> "It is quite clear, I think, that the word 'rescinds' as used in Section 64 implies an express and unequivocal cancellation of the contract........."

ယခု အမှု (၁၉၆၂ ခုနှစ်၊ တရားမကြီးမှု အမှတ် ၅၉၉) တွင်၊ ပဋိညာဉ်ချုပ်ဆိုသူ တဦးဖြစ်သူ ဒေါ်ရင်မေက ပြင်ပတွင် အမှုကြေအေးပြီဖြစ်ကြောင်း ဒီကရီအရ ပေးအပ်ရန် ရှိသည့်ငွေများမှာ ပြေငြိမ်းသွားပြီ ဖြစ်ကြောင်း မှတ်တမ်းတင် ပေးရန် လျှောက်ထားခဲ့သည်။ အရွယ် မရောက်သူ တရားနိုင်၏ အကျိုးကို ဆန့်ကျင်သည့် တရားမဝင်သော ကြေအေးမှုဖြစ်သည်ဟု ၎င်း၏ နီးစပ်ရာ မိတ်ဆွေက ထုချေ ချေပ ခဲ့သည်။ ယင်းသို့ ပြုလုပ်ခြင်းသည်၊ ထိုပဋိညာဉ်ကို ပျက်ပြယ်အောင် ပြုလုပ်ရန် ပြန်လည် ဖျက်သိမ်းခြင်း ဖြစ်သည်ဟု ကျွန်ုပ်တို့ ယူဆသည်။ ထိုသို့ အရွယ်မရောက်သူ ဘက်မှ သဘောတူ ပြေငြိမ်းချက်ကို ငြင်းပယ်၍ ပြန်လည် ဖျက်သိမ်းခြင်းကို ရွေးချယ် ပြုလုပ်ထားချက်သည်၊ တရားဥပဒေ အရ၊ မှန်ကန်မှု ရှိမရှိ ဆန်းစစ်သည့်အခါ၌၊ အမှုနှင့် ဆိုင်သော အချင်းဖြစ် သဘောတူညီ ပြေငြိမ်းချက်သည် အရွယ် မရောက်သူက

---

(၂) အေ၊အိုင်၊အာ(ရ်)၊ ၁၉၃၈ ခုနှစ်၊ ရန်ကုန်၊ ၂၀၇။

(၃) Pollock, and Mulla, The Contract Act., 8th Ed. p. 385.

ပျက်ပြယ်အောင် ပြုလုပ်နိုင်ခွင့် ရှိသော၊ ပဋိညာဉ်ဖြစ်၍၊ အရွယ် မရောက်သူက ပြန်လည် ဖျက်သိမ်းနိုင်သည်။ အမှုတွင် ထိုသဘောတူ ပြေငြိမ်းချက်ကို လက်မခံပဲ၊ ဒီကရီပေးရန် ရှိသော ငွေများမှာ ပြေငြိမ်းသွားပြီး ဖြစ်ကြောင်း မှတ်တမ်း တင်ပေးခြင်းကို ကန့်ကွက်ချက်သည် တရားဥပဒေနှင့်လျော်ညီစွာ ဆောင်ရွက်ချက်များဖြစ်၍၊ အချင်းဖြစ် သဘောတူ ပြေငြိမ်းချက်သည် ပြန်လည် ဖျက်သိမ်းပြီးဖြစ်၍ မူလရုံးက အမိန့်ချသော ၁၉၇၁ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့၌ ထိုအချင်းဖြစ်သဘောတူ ပြေငြိမ်းချက်သည် အတည် မနေတော့သည့် အတွက်ကြောင့် ထိုပျက်ပြယ်အောင် ပြုလုပ်၍ ပြန်လည်ဖျက်သိမ်းသွားပြီဖြစ်သော ပြေငြိမ်းချက် အပေါ် အခြေပြု၍ ဒီကရီငွေများ ပြေငြိမ်းသွားပြီး ဖြစ်ကြောင်း မှတ်တမ်း မတင်နိုင်တော့ပေ။

၁၉၇၂

မအုန်းအုန်း ပါ ၂ နှင့် ဒေါ်ရင်မေ ပါ ၂။

သို့ဖြစ်၍ အယူခံကို စရိတ်မရှိ ခွင့်ပြု၍၊ မူလရုံး၏ အမိန့်ကို ပယ်ဖျက်၍၊ မူလရုံးတွင် တင်သွင်းသော လျှောက်လွှာကို ခွင့်မပြုပဲ စရိတ်မရှိ ပယ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမအထွေထွေလျှောက်ထားမှု

တရားသူကြီး ဦးသက်ဖေ၊ တရားသူကြီး ဦးလှသင်း နှင့် တရားသူကြီး ဦးဘသန်းတို့ ရှေ့တွင်

†၁၉၇၂

ဧပြီလ ၁၀ ရက်။

ဦးဘချန်း ပါ ၂

နှင့်

ဦးစံသိန်း

တရားမကျင့်ထုံးပုဒ်မ ၁၁၅ နှင့် ၁၄၈——ယင်းပုဒ်မများအရချမှတ်ခဲ့သည့် မူလဘက် တရားသူကြီး၏ အမိန့်များသည် အယူခံ ဝင်နိုင်ခွင့်ရှိ မရှိ——ပုဒ်မ ၁၅၁ အရ တရားရုံး၏ မူလဘူတအာဏာကို သုံးစွဲရန် ငြင်းဆိုသည့် အမိန့်သည် အယူခံဝင်နိုင်သော အမိန့်မဟုတ်——ပုဒ်မ ၁၄၈ အရ၊ ငွေ ပေးသွင်းရန် အချိန်တိုးပေးသည့် အမိန့်သည်တရားမကျင့်ထုံး ပုဒ်မ ၂(၂)တွင် အကျုံး မဝင်သဖြင့် အယူခံဝင်နိုင်ခွင့်မရှိပေ။

ဆုံးဖြတ်ချက်။ ။ပြဿနာမှာ တရားမကျင့်ထုံးပုဒ်မ ၁၅၁ အရဖြင့်၊ ပုဒ်မ ၁၄၈ အရ ၎င်း ချမှတ်ခဲ့သည့် မူလဘက် တရားသူကြီး၏ အမိန့်များသည် အယူခံဝင်နိုင်ခွင့်ရှိ မရှိဆိုခြင်းပင်ဖြစ်သည်။ ပုဒ်မ ၁၅၁ အရ၊ တရားရုံး၏ မူလဘူတ အာဏာကိုသုံးစွဲရန် ငြင်းဆိုသည့် အမိန့်သည် အယူခံဝင်နိုင်သော အမိန့်မဟုတ်ကြောင်း ယုံမှားဖွယ် မရှိနိုင်။

ထပ်မံဆုံးဖြတ်ချက်။ ။မူလဘက်တရားသူကြီးသည် တရားမကျင့်ထုံးပုဒ်မ ၁၄၈ အရ၊ ငွေပေး သွင်းရန် အချိန်တိုးပေးသည့် အမိန့်ကို မူလအမှုတွဲ၌ချမှတ်ခဲ့သည်။ ဗာရီမှုဖွင့်လှစ်ပြီး ဆောင်ရွက် ရာ၌ အမိန့်ချမှတ်ခဲ့ခြင်းမဟုတ်၊ ဒီကရီအရ ငွေပေးသွင်းရန် ကန့်သတ်ထားသည့် အချိန်တိုးပေး ခြင်းသည် ဒီကရီကိုအကျိုးသက်ရောက်အောင် ဇာရီ ပြုခြင်းသော်၎င်း၊ ဒီကရီမှာ ဆက်လက်ဆောင် ရွက်ရန် မရှိတော့ပါဟုသော်၎င်း ဆုံးဖြတ်ခြင်းမဟုတ်သဖြင့် ၎င်းအချိန်တိုးပေးသည့် အမိန့်သည် ပုဒ်မ ၂(၂) တွင် အကျုံးဝင်သည့် ဒီကရီဖြစ်သည်ဟု ယူဆခြင်း မပြုနိုင်၍ အယူခံ ဝင်ပိုင်ခွင့် မရှိပါဆို သောအယူခံခုံရုံး၏ ဆုံးဖြတ်ချက်သည်မှန်ကန်သည်။

လျှောက်ထားသူအတွက်။ ။တရားရုံးချုပ်ရှေ့နေဦးချန်ထွန်းအောင်။

လျှောက်ထားခံရသူအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးစံသိန်း။

၁၉၆၁ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့တွင် ဦးစံသိန်းသည်၊ ဦးဘချန်းနှင့် ဒေါ်လုံးတို့အပေါ် ဤရုံး၏ မူလဘက်ဌာန တရားမကြီးမှုအမှတ် ၁၂၄/၅၇ ၌ ဒီကရီ တရချရရှိခဲ့သည်။ ထိုဒီကရီတွင် ဦးဘချန်းနှင့် ဒေါ်လုံးတို့ အမည်ဖြင့် ဝယ်ယူခဲ့သော

---

* ၁၉၆၉ ခုနှစ်၊ တရားမအထွေထွေ လျှောက်ထားမှုအမှတ် ၄၂။

† ၁၉၄၇ ခုနှစ်၊ ပြည်ထောင်စုတရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၆ အရ လျှောက်ထားမှု။

၁၉၇၂
ဦးဘချန်း ပါ ၂ နှင့် ဦးစံသိန်း

ရန်ကုန်မြို့၊ အလံပြဘုရားလမ်း၊ အမှတ် ၃၆ (အသစ်) ရှိ မြေ၏ တစိတ်တဒေသကို ဝယ်ယူသူမှာ ဦးစံသိန်းဖြစ်ကြောင်း မြွက်ဟပြီးဒီကရီချမှတ်ပြီးသည့်နေ့မှ ၃ လအတွင်း မြေ၏ တန်ဘိုး ကျန်ငွေ ၂၃,၀၀၀ ကို ပေးလျှင် ဦးဘချန်းနှင့် ဒေါ်လုံးတို့ကဦးစံသိန်း အား လွှဲပြောင်းပေးရန် ညွှန်ကြားခဲ့သည်။

ဦးဘချန်းနှင့် ဒေါ်လုံးတို့က အဆိုပါ ဒီကရီကို မကျေနပ်သဖြင့် ဤရုံးအယူခံ ဘက်သို့ အယူခံဝင်ကြသည်။ ထိုသို့ အယူခံဝင်နေစဉ် ဦးစံသိန်းက မူလရုံး ဒီကရီ အတိုင်း ဆောင်ရွက်ရန် ဦးဘချန်းနှင့် ဒေါ်လုံးတို့အား အကြောင်းကြားသော်လည်း အယူခံမှုပြီးပြတ်ခြင်း မရှိသေးသည့် အကြောင်းပြချက်ဖြင့် ဦးစံသိန်း၏ တောင်းဆို ချက်ကို ငြင်းပယ်ခဲ့သည်။ ၁၉၆၃ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့တွင် ဦးဘချန်းတို့၏ အယူခံကို အယူခံရုံးမှ ပယ်လိုက်သည်။ ထိုအချိန်၌ မြေဘိုးကျန်ငွေကို ပေးရန် မူလရုံးမှ သတ် မှတ်ခဲ့သော ကာလမှာ ကုန်ဆုံးခဲ့ပြီးဖြစ်သည်။

၁၉၆၄ ခုနှစ်၊ ဇူလိုင်လဘွင် ဦးဘချန်းတို့က မူလအမှုတွဲ၌ ဦးစံသိန်းအား ဒီကရီ ကျငွေများကို ရုံးတွင် တင်သွင်းစေရန် တရားမကျင့်ထုံး ပုဒ်မ ၁၅၁ အရ၊ လျှောက်လွှာ တစောင်တင်သည်။ သို့ရာတွင် ဒီကရီနှင့် အညီ ပစ္စည်းကို လွှဲပြောင်းပေးမည်ဟု လျှောက်လွှာတွင် ဖေါ်ပြခြင်း မပြုခဲ့ပေ။ ဦးစံသိန်းက ငွေသွင်းရန် တာဝန်သည်၊ မိမိ၌ ရှိသလို ပစ္စည်းကို လွှဲပြောင်းပေးရန် ဦးဘချန်းတို့တွင်လည်း တာဝန်ရှိသည်။ ဒီကရီအရ၊ ပစ္စည်းကို အပေါင်အနှံမရှိ လွှဲပြောင်းပေးရန် တာဝန်လည်း ရှိပါသည်ဟု ကန့်ကွက်သည့်အပြင် မြေဘိုးကျန်ငွေ ၂၃,၀၀၀ ပေးသွင်းရမည့် အချိန်ကာလကို တိုးပေးရန် တရားမ ကျင့်ထုံး ပုဒ်မ ၁၄၈ အရ၊ လျှောက်လွှာ တစောင်တင် သည်။

ထိုလျှောက်လွှာများကို ဆုံးဖြတ်ရာ၌ ဒီကရီတွင် ညွှန်ကြားထားသည့် အချိန် ကာလ အတွင်း မူလဘက် တရားသူကြီးသည်၊ မြေဘိုးကျန်ငွေများကို ပေးသွင်းရန် ပျက်ကွက်ခြင်း အတွက် ဦးစံသိန်းတွင် တာဝန်ရှိ မရှိ ဆိုသော ပြဿနာကို စုံစမ်းရန် လိုသည်ဟု ယူဆသည့်အတိုင်း မူလဘက် အတွင်းဝန် (ယခု ဒု-မော်ကွန်းထိန်း) အား၊ စုံစမ်း စစ်ဆေးစေခဲ့သည်။ ဒု-မော်ကွန်းထိန်းသည်၊ လိုအပ်သည့် စုံစမ်းစစ်ဆေးမှု ပြုလုပ်ပြီးနောက် ကန့်သတ်ထားသည့် အချိန်အတွင်း မြေဘိုးကျန်ငွေများကို ပေးရန် ပျက်ကွက်ခြင်းမှာ ဦးစံသိန်းကြောင့် မဟုတ်ဘဲ ဦးဘချန်းတို့၏ ပြုလုပ်မှုကြောင့် သာဖြစ်သည်ဟု အစီရင်ခံလိုက်သည်။ မူလဘက် တရားသူကြီးသည် ထိုအစီရင်ခံစာကို သဘောတူ လက်ခံပြီး ဦးဘချန်းတို့၏ တရားမ ကျင့်ထုံး ပုဒ်မ ၁၅၁ အရ၊ လျှောက် လွှာကို ပယ်လိုက်ပြီးနောက် ဦးစံသိန်း၏ ပုဒ်မ ၁၄၈ အရ၊ လျှောက်လွှာကို ခွင့်ပြု လိုက်သည်။

၁၉၇၂
ဦးဘချန်း ပါ ၂ နှင့် ဦးစံသိန်း

ထို့ကြောင့် ဦးဘချန်းတို့က မူလဘက် တရားသူကြီး၏ အမိန့် နှစ်ရပ်ကို ဤရုံး အယူခံဘက်သို့ အယူခံဝင်ကြရာ အယူခံခုံရုံးမှယင်းအ[illegible]များသည်၊ အယူခံဝင်နိုင်သည့် အမိန့်များ မဟုတ်ဟု ဆုံးဖြတ်ပြီး အယူခံများအား ပယ်လိုက်သဖြင့် ဦးဘချန်းတို့က အယူခံခုံရုံး၏ အမိန့်များကို အခွင့်ထူး အယူခံဝင်ခွင့်ပြုရန် ဤလျှောက်လွှာများကို တင်သွင်းလာခြင်းဖြစ်သည်။

ကျွန်ုပ်တို့ အနေဖြင့် စဉ်းစားရန်ရှိသည့် ပြဿနာမှာ၊ တရားမကျင့်ထုံး ပုဒ်မ ၁၅၁ အရရော၊ ပုဒ်မ ၁၄၈ အရရော ချမှတ်ခဲ့သည့် မူလဘက် တရားသူကြီး၏ အမိန့်များသည်၊ အယူခံပိုင်ခွင့် ရှိ မရှိဆိုခြင်းပင် ဖြစ်သည်။ ပုဒ်မ ၁၅၁ အရ၊ တရားရုံး၏ မူလဘူတအာဏာကို သုံးစွဲရန် ငြင်းဆိုသည့် အမိန့်သည် အယူခံဝင်နိုင်သော အမိန့် မဟုတ်ကြောင်း ယုံမှားသံသယမရှိနိုင်၊ ဦးဘချန်းတို့၏ ရှေ့နေ ဦးချန်ထွန်းအောင်ကလည်း အယူခံဝင်ခွင့်ရှိပါသည်ဟု တင်ပြ ပြောဆိုခြင်း မပြုခဲ့ပေ။ သို့ဖြစ်ရာ ပုဒ်မ ၁၄၈ အရ၊ အချိန်တိုးပေးသည့် အမိန့်သည် အယူခံဝင်နိုင်သော အမိန့် ဟုတ်သည်၊ မဟုတ်သည်ကို သာသုံးသပ်ရန်ရှိသည်။

ပြည်ထောင်စု တရားစီရင်ရေး ဥပဒေ ပုဒ်မ ၂၀ အရ၊ ဤရုံး မူလဘက် တရားသူကြီးက၊ ချမှတ်သည့် ဒီကရီကိုဖြစ်စေ၊ အယူခံဝင်နိုင်သည့် အမိန့်ကို ဖြစ်စေ၊ အယူခံဝင်ပိုင်ခွင့် ရှိသည်၊ ယခု အမှုတွင် မူလဘက် တရားသူကြီး ချမှတ်ခဲ့သော အမိန့်မှာ တရားမကျင့်ထုံး ပုဒ်မ ၁၀၄ တွင် အကျုံးဝင်သော အယူခံဝင်နိုင်သည့် အမိန့် မဟုတ်ကြောင်း မငြင်းနိုင်။ ဦးချန်ထွန်းအောင်က ထိုအမိန့်သည် မူလဒီကရီကို ဇာရီပြုလုပ်၍ ချမှတ်ခဲ့သည့် အမိန့် တရပ်ဖြစ်၍ တရားမကျင့်ထုံး ပုဒ်မ ၂ (၂) တွင် အကြုံးဝင်သည့် ဒီကရီတရပ်ဖြစ်သည့် အားလျော်စွာအယူခံဝင်ပိုင်ခွင့်ရှိသည်ဟု တင်ပြသွားသည်။

မူလဘက် တရားသူကြီးသည် တရားမကျင့်ထုံးပုဒ်မ ၁၄၈ အရ၊ ငွေပေးသွင်းရန် အချိန်တိုးပေးသည့် အမိန့်ကို မူလ အမှုတွဲ၌ ချမှတ်ခဲ့သည့် ဇာရီမှုဖွင့်လှစ်ပြီး ဆောင် ရွက်ရာ၌ အမိန့်ချမှတ်ခဲ့ခြင်း မဟုတ်၊ ဒီကရီအရ ငွေပေးသွင်းရန် ကန့်သတ်ထားသည့် အချိန်တိုးပေးခြင်းသည် ဒီကရီကို အကျိုးသက်ရောက်အောင် ဇာရီပြုခြင်းသော်ငြား ဒီကရီမှာ ဆက်လက်ဆောင်ရွက်ရန် မရှိတော့ပါဟု သော်ငြား ဆုံးဖြတ်ခြင်း မဟုတ သဖြင့် ယင်းအချိန်တိုးပေးသည့် အမိန့်သည် ပုဒ်မ ၂ (၂) တွင် အကျုံးဝင်သ ဒီကရီဖြစ်သည်ဟု ယူဆခြင်း မပြုနိုင်၍ အယူခံဝင်ပိုင်ခွင့် မရှိပါဆိုသော အယူခံခုံရုံး ဆုံးဖြတ်ချက်သည် မှန်ကန်သည်ဟု ကျွန်ုပ်တို့သဘောရရှိသည်။

သို့ဖြစ်ရာ၊ ဤအခွင့်ထူး အယူခံဝင်ခွင့် လျှောက်လွှာများကို ခွင့်ပြုရန် အကြောင် မရှိ၍ တရားစရိတ်နှင့်တကွ ပယ်လိုက်သည်။ နှစ်မှုစလုံးကို တပေါင်းတည်း ကြားနာ ခဲ့သဖြင့် ရှေ့နေစရိတ် ၅၁ ကျပ်ကို တမှုတွင်သာခွင့်ပြုသည်။

နိုင်ငံတော်တရားရုံးချုပ်

အခွင့်ထူးတရားမအယူခံလျှောက်လွှာ

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်၊ တရားသူကြီး ဦးလှသင်းနှင့် တရားသူကြီး ဦးတင်အုံး တို့ရှေ့တွင်

ကိုလှဝင်း

နှင့်

မမြင့်မြင့်ဝေ ပါ ၃*

† ၁၉၇၂

မေလ ၁၈ ရက်။

၁၉၅၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့နောက်ပိုင်း ဆောက်လုပ်ခဲ့သည့် အဆောက်အဦ— ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့စွဲပါ ပြည်သူ့လုပ်ငန်းနှင့် အိမ်ယာ ဆောက်လုပ်ရေး ဌာန၏ အမိန့်ကြော်ငြာစာ အမှတ်-၁၈၅ မထုတ်ပြန်မီ ယင်း ဥပစာမျိုးကို မြို့ပြဆိုင်ရာငှါးရမ်းခကြီးကြပ်ရေး ဥပဒေနှင့် အကျုံးမဝင်ဟု ဆိုထားသည့်ကာလအတွင်း ပေါ်ပေါက်သည့် အိမ်လခကိစ္စသည် ၎င်းဥပဒေပုဒ်မ ၁၉ ၏ ပြဋ္ဌာန်းချက်ကို လိုက်နာရန်မလိုခြင်း—အိမ်လခရပိုင်ခွင့်သည် ကျင့်ထုံးဆိုင်ရာ အခွင့်အရေးမဟုတ်ဘဲ တရားစွဲပိုင်ခွင့်နှင့် စပ်လျဉ်းသော သက်သာခွင့် ဖြစ်သဖြင့် နောက်ကြောင်းပြန် အကျိုးသက်ရောက်မှု မရှိဘဲ အမိန့်ကြော်ငြာစာ ထုတ်သည့်နေ့မှစ၍ အကျိုးသက်ရောက်သည်ဟု မှတ်ယူရမည်ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။စွဲဆိုသော အိမ်လခမှာ ၁၉၅၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့နောက်ပိုင်းတွင် ဆောက်လုပ်ပြီးစီးခဲ့သည့် အဆောက်အဦနှင့် ပတ်သက်ပြီး ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့စွဲပါ ပြည်သူ့လုပ်ငန်းနှင့် အိမ်ယာ ဆောက်လုပ်ရေးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၁၈၅ မထုတ်ပြန်မီ အဆိုပါဥပစာမျိုးကို မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး ဥပဒေနှင့် အကျုံးမဝင်ဟုဆိုထားသည့် အချိန်ကာလအတွင်း ပေါ်ပေါက်သည့်ကိစ္စ ဖြစ်သောကြောင့် ပုဒ်မ ၁၉ ပြဋ္ဌာန်းချက်ကို လိုက်နာရန် မလိုဟုယူဆခြင်းမှာ မှန်ကန်သည်ဟုဆုံးဖြတ်သည်။ ထို့ပြင်ကျသင့်သည့် အိမ်လခ ရပိုင်ခွင့်သည် ကျင့်ထုံးဆိုင်ရာအခွင့်အရေးမဟုတ်ဘဲ တရားစွဲပိုင်ခွင့်နှင့် စပ်လျဉ်းသော သက်သာခွင့် ဖြစ်သဖြင့် နောက်ကြောင်းပြန် အကျိုးသက်ရောက်မှုမရှိဘဲ ထုတ်ပြန်သည့် နေ့မှစ၍ အကျိုးသက်ရောက်သည်ဟု မှတ်ယူရမည်သာဖြစ်သည်။

---

* **၁၉၇၀ ခုနှစ်၊** အခွင့်ထူးတရားမအယူခံလျှောက်လွှာ အမှတ်-၂။

† **၁၉၄၈ ခုနှစ်၊** ပြည်ထောင်စုတရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ အရ၊ ရန်ကုန်မြို့တရားရုံးချုပ်၏ တရားမပြင်ဆင်မှုအမှတ် ၄၂/၆၇ တွင် ၁၆-၉-၆၇ နေ့စွဲပါ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်၍ အထူးအယူခံဝင်ခွင့်ရရန်လျှောက်လွှာ။

၁၉၇၂ — ကိုလှဝင်း နှင့် မမြင့်မြင့်ဝေ ပါ ၃။

အယူခံ တရားလိုအတွက်။ ။တရားရုံးချုပ်ရှေ့နေ မစ္စတာ အော်ဂတ်စတင်ဂေး။

အယူခံ တရားခံအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးချိန်ဖိုး။

ရုံးသဟာယအတွက်။ ။အစိုးရ တရားရုံးချုပ်ရှေ့နေ မစ္စတာ အက်(စ်)၊ကော၊ဂို(ရှ်)။

ရန်ကုန်မြို့၊ တရားမရုံး ၁၉၆၆ ခုနှစ်၊ စမော်ကော်မှုအမှတ် ၄၉၉ တွင် တရားလို(၁) မမြင့်မြင့်ဝေ၊ (၂) လီလီယု၊ (၃) လှလှယု တို့က တရားပြိုင် ကိုလှဝင်းအပေါ် အိမ်လခ ၅၂၅ိ ရလိုမှုစွဲဆိုသည်။ တရားမရုံး ဒုတိယတရားသူကြီးက အမှုတွင်ဆုံးဖြတ်ရန်အချက်မှာ တရားလိုက စံငှါးရမ်းခလက်မှတ်နှင့် ပူးတွဲ၍စွဲဆိုခြင်း မရှိသောကြောင့် တည်မြဲနိုင်ခြင်းမရှိဖြစ်ပါသလားဟူသော အချက်ပင်ဖြစ်သည်၊ အိမ်လခငွေကျန် ၅၂၅ိ ရရန်စွဲဆိုသည့် အိမ်ခန်းမှာ ၁၉၅၈ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးသော အိမ်၏အခန်းဖြစ်၍၊ ရရန်ရှိသော အိမ်ငှါးရမ်းခမှာ ၁၉၆၅ ခုနှစ်၊ ဇွန်လမှ ၁၉၆၆ ခုနှစ်၊ ဩဂုတ်လအတွင်း ပေးရန်ရှိသည့် အိမ်လခအတွက်ဖြစ်သည်။

၁၉၆၁ ခုနှစ်၊ဖေဖေါ်ဝါရီလ ၁၆ ရက်နေ့စွဲထုတ်ပြန်ခဲ့သည့်ဘဏ္ဍာရေးနှင့်အခွန်တော်ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၃၅ အရ၊ ၁၉၅၁ ခုနှစ်၊ ဖေဖေါ်ဝါရီလ ၁၆ ရက်နေ့ နောက်ပိုင်းတွင် ဆောက်လုပ်ပြီးစီးခဲ့သည့် အဆောက်အဦမှာ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေနှင့် အကျုံးမဝင်ဟု ကြေငြာခဲ့ပြီးနောက်၊ အဆိုပါ အမိန့်ကြော်ငြာစာကို ပြည်သူ့လုပ်ငန်းနှင့် အိမ်ယာဆောက်လုပ်ရေး ဝန်ကြီးဌာန၏ ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ဂ ရက်နေ့စွဲ အမိန့်ကြော်ငြာစာအမှတ် ၁၇၅ အရ ပယ်ဖျက်ခဲ့သည်။ မူလရုံး တရားသူကြီးက ၎င်း၏ ၁၉၆၇ ခုနှစ်၊ မေလ ၁၇ ရက်နေ့စွဲအမိန့်တွင် စွဲဆိုသော ကာလအပိုင်းအခြားအတွက် ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေအရ၊ ငှါးရမ်းခလက်မှတ် ပူးတွဲတင်ပြရန် မလိုသောကြောင့်၊ ပုဒ်မ ၁၉ အရသာလျှင် ဆောင်ရွက်ရန် ရှိသည်ဟုယူဆ၍ တရားလို၏အမှုကို စရိတ်နှင့်တကွ ပယ်ခဲ့သည်။

လျှောက်ထား ခံရသူများက ယင်းအမိန့်ကို မကျေနပ်၍ နိုင်ငံတော် တရားရုံးချုပ်သို့ ပြင်ဆင်လွှာတင်သွင်းရာ ၁၉၆၇ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၄၂ ဖြစ်သည်။ ထိုပြင်ဆင်မှုတွင် အိမ်ရှင်တဦးသည် အိမ်ငှါးလခကုန်ဆုံးတိုင်းအိမ်လခရရန်အခွင့်အရေးသည် ကျင့်ထုံးဆိုင်ရာ သက်သာခွင့် တခုမဟုတ်ဘဲ တရားစွဲပိုင်ခွင့်နှင့် သက်ဆိုင်သော သက်သာခွင့်ဖြစ်ကြောင်း၊ ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ဂ ရက် ပြည်သူ့လုပ်ငန်းနှင့် **အိမ်ယာ**ဆောက်လုပ်ရေး ဝန်ကြီးဌာန၏အမိန့်ကြော်ငြာစာအမှတ် ၁၇၅ မထုတ်ပြန်မီ **အချင်းဖြစ်** ဥပစာသည် မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး ဥပဒေနှင့် အကျုံး**မဝင်** သဖြင့် **ထိုအချိန်**ကာလအတွက် ရရန်ရှိသော အိမ်လခများကို စံငှါးရမ်းခ**သတ်မှတ်**

သည့် လက်မှတ်[illegible]တင်ပြခြင်းမပြုဘဲ တောင်းခံပိုင်ခွင့်ရှိကြောင်း၊ ဥပဒေ၊ သို့မဟုတ် အမိန့်ကြော်ငြာစာ တခုခုကို ထုတ်ပြန်ရာတွင် ကျင့်ထုံးဆိုင်ရာ သက်သာခွင့်နှင့် ပတ်သက်ပါက နောက်ကြောင်းပြန် အကျိုးသက်ရောက်သည်ဟု ကောက်ယူရပြီး၊ တရားစွဲပိုင်ခွင့် စပ်လျဉ်းသော သက်သာခွင့် ဖြစ်ပါက ထုတ်ပြန်သည့် နေ့မှစ၍ အကျိုးသက်ရောက်သည်ဟု ယူဆရကြောင်း **ချစ်တီးနုတ်ဘက်နှင့် မောင်အေး** (၁)၊ **ဂျန်ပီလီယန်ရေရှီ နှင့် ဝိုင်အိုလက် အဲလီဇဘက်ကရိ** (၂)၊ **ဘားမား ကော်ပိုရေးရှင်း လီမိတက်နှင့် ပြည်ထောင်စု** (၃)၊ **ဦးကောင်းနှင့် ဟန်ကျင်ဟုတ်** (၄) အမှုတို့ကို ကိုးကား၍ ယခုအမှုတွင် မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၉ ပြဋ္ဌာန်းချက်ကို လိုက်နာရန်မလိုဟု ယူဆကာ၊ အောက်ရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး လျှောက်ထားသူ စွဲဆိုသည့်အတိုင်း နှစ်ရုံးစလုံး တရားစရိတ်နှင့် ဒီကရီကို ၁၉၆၇ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် ချမှတ်ပေးခဲ့သည်။ ၁၉၇၂ ကိုလှဝင်း နှင့် မြင့်မြင့်ဝေ ပါ ၃။

မူလရုံးတရားပြိုင် ကိုလှဝင်းက နိုင်ငံတော် တရားရုံးချုပ်သို့ ပြည်ထောင်စု တရားစီရင်ရေးအက်ဥပဒေပုဒ်မ ၆ အရ၊ အယူခံလွှာကို ၁၉၆၇ ခု၊ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် တင်သွင်းရာ၊ ပြည်သူ့လုပ်ငန်းနှင့်အိမ်ယာဆောက်လုပ်ရေးဌာန၏ အမိန့်ကြော်ငြာစာ အမှတ် ၁၇၅/၁၉၆၆ သည်၊ နောက်ကြောင်းပြန် အကျိုးသက်ရောက်မှု ရှိမရှိဟူသော ပြဿနာသည် အိမ်ငှါးမြေငှါးကိစ္စနှင့် ပတ်သက်သော အများပြည်သူတို့အတွက် အရေးကြီးသည့်အပြင်၊ မကြာခဏပေါ် ပေါက်လျက်ရှိသည့်အကြောင်းတို့ကြောင့် ၁၉၆၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် အခွင့်ထူး အယူခံကိုလက်ခံခဲ့သည်။

စွဲဆိုသည့်အိမ်လခမှာ ၁၉၅၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့ နောက်ပိုင်းတွင် ဆောက်လုပ်ပြီးစီးခဲ့သည့် အဆောက်အဦနှင့်ပတ်သက်ပြီး၊ ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့စွဲ ပြည်သူ့လုပ်ငန်းနှင့် အိမ်ယာဆောက်လုပ်ရေးဌာန၏ အမိန့်ကြော်ငြာစာ အမှတ် ၁၇၅ မထုတ်ပြန်မီ၊ အဆိုပါ ဥပစာမျိုးကို မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး ဥပဒေနှင့် အကျုံးမဝင်ဟု ဆိုထားသည့်အချိန်ကာလအတွင်း ပေါ်ပေါက်သည့် ကိစ္စဖြစ်သောကြောင့် ပုဒ်မ ၁၉ ပြဋ္ဌာန်းချက်ကို လိုက်နာရန်မလိုဟု ယူဆခြင်းမှာ မှန်ကန်သည်ဟု ကျွန်ုပ်တို့ ကောက်ယူဆုံးဖြတ်သည်။ ထို့ပြင် ကျသင့်သည့် အိမ်လခရပိုင်ခွင့်သည် ကျင့်ထုံးဆိုင်ရာ အခွင့်အရေးမဟုတ်ဘဲ တရားစွဲပိုင်ခွင့်နှင့် စပ်လျဉ်းသော သက်သာခွင့် ဖြစ်သဖြင့် နောက်ကြောင်းပြန် အကျိုးသက်ရောက်မှု မရှိဘဲ ထုတ်ပြန်

(၁) ၁၉၃၈ ၊ ရန်ကုန်စီရင်ထုံး ၄၃၀ (စုံညီခုံ)။
(၂) ၁၉၅၂ ၊ မြန်မာပြည်စီရင်ထုံး ၅၃ (တရားလွှတ်တော်)။
(၃) ၁၉၅၃ ၊ မြန်မာပြည်စီရင်ထုံး ၄၀၃ (တရားလွှတ်တော်)။
(၄) တရားရုံးချုပ်၊ ၁၉၆၄ ခုနှစ်၊ အခွင့်ထူး တရားမ အယူခံမှုအမှတ် ၁၀။

၁၉၇၂ ကိုလှဝင်း နှင့် မမြင့်မြင့်ဝေ ပါ ၃။

သည့်နေ့မှစ၍ အကျိုးသက်ရောက်သည်ဟု မှတ်ယူရမည်သာဖြစ်သည်။ ယင်းသို့ ယူဆခြင်းကြောင့် ၁၉၆၆ ခုနှစ် မတိုင်မီက အိမ်ယာများချထား အသုံးပြုရာတွင် အာဏာအသတ် အချုပ်အချယ်များဖြင့် ကြီးကြပ်ခြင်းမပြုဘဲ ကင်းလွှတ်စေကာ အိမ်ယာများ တိုးတက်ဆောက်လုပ်ရန် အစိုးရက အားပေးသည့် သဘောဖြစ်သည်။ ၁၉၆၆ ခုနှစ်၊ အိုးအိမ် အဆောက်အဦပြဿနာ ပြေလည် ကောင်းမွန်လာသည့် အခါတွင် အိမ်ရှင်အိမ်ငှါးပြဿနာကို ကြီးကြပ်ရန် လိုအပ်လာသဖြင့် ထိုရက်နောက်ပိုင်းတွင် ဖြစ်ပေါ်သည့် အိမ်ရှင်အိမ်ငှါး ပြဿနာများအတွက် အမိန့်ကြော်ငြာစာအမှတ် (၁၈၅)ကို ထုတ်ပြန်ရခြင်း ဖြစ်သည်ဟု ယူဆရပေမည်။ ထို့ပြင် နောက်ကြောင်းပြန် အကျိုးသက်ရောက်သည်ဟု ယူဆပါက အမှုများကို ပိုမိုရှုတ်ထွေးလာဘွယ် ရှိပေသည်။

ထို့ကြောင့် ပြည်သူ့လုပ်ငန်းနှင့် အိမ်ယာဆောက်လုပ်ရေး ဝန်ကြီးဌာန၏ ၁၉၆၆ ခုနှစ်၊ စက်တဘ်ာလ ၈ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၈၅ သည် နောက်ကြောင်းပြန် အကျိုးသက်ရောက်မှု မရှိဟု ကျွန်ုပ်တို့ ကောက်ယူဆုံးဖြတ်၍ အခွင့်သူး အယူခံကို စရိတ်နှင့်ပယ်သည်။ ဤရုံးရှေ့နေစရိတ် ၃၄ ဖြစ်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမ ပဌမအယူခံမှု

တရားသူကြီး ဦးသက်ဖေ နှင့် တရားသူကြီး ဦးတင်အုံး တို့ရှေ့တွင်၊

မစ္စတာဝါဒီဝေး (ခေါ်) ဦးသိန်းဟန် နှင့် { ၁။ ဦးထွေးရင် ၂။ ဒေါ်မေမေညွန့် * }

† ၁၉၇၂ ဧပြီလ ၁၁ ရက်။

ကလယ်မြန်မာကပြား ဗုဒ္ဓဘာသာဝင် တဦးသည် မြန်မာစလေ့ ထုံးတမ်း ဥပဒေနှင့် သက်ဆိုင်ခြင်း—မြန်မာအဖွား မြန်မာကလယ် ကပြားမိခင်က မွေးဖွားပြီး မြန်မာပြည်၌ နေထိုင်ကာ မြန်မာပြည်၌ပင် သေဆုံးခဲ့သော ကလယ်ကပြား ဗုဒ္ဓဘာသာဝင်ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။ကွယ်လွန်သူ ဒေါ်မြတင်သည်၊ တိုင်းတပါးမှ လာရောက်သူမဟုတ်၊ မြန်မာပြည်၌ မြန်မာဗုဒ္ဓဘာသာအဖွား ဒေါ်မမကြီး၊ မြန်မာကလယ် ကပြားမိခင် ဒေါ်စိန်မမ မှ မွေးဖွားပြီး မြန်မာပြည်၌နေထိုင်ကာ မြန်မာပြည်၌ပင်သေဆုံးခဲ့သည့် ကလယ်ကပြား ဗုဒ္ဓဘာသာဝင် အမျိုးသမီးတဦး ဖြစ်၍ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေသည် သာ၍ပင်သက်ဆိုင်သည်။

အယူခံတရားလိုအတွက်။ ။တရားချုံးချုပ်ရှေ့နေ **ဦးခင်မောင် (၄)** ။

အယူခံတရားခံအတွက်။ ။တရားချုံးချုပ်ရှေ့နေ ဦးဘိုးသာ။

တရားသူကြီး ဦးသက်ဖေ။ ။မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်းရပ်နေ ဒေါ်မြတင် (ခေါ်) ဒေါ်ဘေဘီသည် ၁၉၆၅ ခု၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ကွယ်လွန် အနိစ္စရောက်သည်။ ဦးထွေးရင်နှင့် ဒေါ်မေမေညွန့်တို့က ကလယ် လူမျိုး ဗုဒ္ဓဘာသာကိုးကွယ်သူ ဒေါ်မြတင်သည် မိမိတို့အား ကိတ္တိမသားသမီးအဖြစ် မွေးစားခဲ့သည်ဟု ဆိုကာ မော်လမြိုင်မြို့ ခရိုင်တရားမ ရုံးတွင် ဒေါ်မြတင်၏ အမွေပစ္စည်းများကို အုပ်ထိန်းရန် အမွေထိန်းစာ လျှောက်ထားကြသည်။

---

* ၁၉၇၁ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် - ၁၇။

† ၁၉၆၅ ခုနှစ်၊ **တရားမကြီးမှုအမှတ်** ၄ တွင် ၁၉၇၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့စွဲပါ မော်လမြိုင်မြို့၊ ခရိုင်**တရားမ တရားသူကြီး**၏ အမိန့်ကိုအယူခံဝင်မှု။

၁၉၇၂
မစ္စတာဝါဒီဝေး (ခေါ်) ဦးသိန်းဟန်၊ နှင့် ၁။ ဦးထွေးရင် ၂။ ဒေါ်မေမေညွန့်။

ထိုလျှောက်လွှာကို မစ္စတာ ဝါဒီဝေး (ခေါ်) ဦးသိန်းဟန်က ကန့်ကွက်ရာတွင် ကိတ္တိမ သားသမီးအဖြစ် မွေးစားသည့် စာချုပ်ကို ချုပ်ဆိုချိန်က ဒေါ်မြတင်မှာ လွန်စွာ မကျန်းမမာ ဖြစ်နေ၍ ဦးထွေးရင်နှင့် ဒေါ်မေမေညွန့်က ဒေါ်မြတင်အား မတရား သွေးဆောင်၍ လက်မှတ်ထိုးခိုင်းခြင်း ဖြစ်၍ တရားမဝင်ပါ။ ဒေါ်မြတင်သည် ကလယ် ဗုဒ္ဓဘာသာတဦး ဖြစ်၍၊ မြန်မာဓလေ့ထုံးတမ်း ဥပဒေနှင့် သက်ဆိုင်ခြင်း မရှိပဲ အမွေဆက်ခံခြင်း ဥပဒေနှင့် အကြုံးဝင်သည့် အလျောက် ကိတ္တိမသားသမီးအဖြစ် မွေးစားခြင်း ပျက်ပြယ်ပါသည်ဟု ထုချေခဲ့သည်။

ထို့နောက် မစ္စတာ ဝါဒီဝေးသည် ဒေါ်မြတင်၏ အမွေပစ္စည်းများနှင့် ပတ်သက်၍ အမွေထိန်းစာကို ၎င်းအား ထုတ်ပေးရန် အပြိုင်အဆိုင် လျှောက်လွှာ တင်လာသည်။ ထိုလျှောက်လွှာတွင် ဒေါ်မြတင်သည် ကလယ်လူမျိုး ဟိန္ဒူဘာသာ ကိုးကွယ်သူ ဖြစ်သည်။ မိမိသည် ဒေါ်မြတင်၏ မိဘများ ဖြစ်ကြသည့် ဆူပရာမန်နီးပီလေးနှင့် ဒေါ်စိန်မမတို့၏ မွေးစားသား ဖြစ်သည်ဟု မစ္စတာ ဝါဒီဝေးက ဆိုသည်။

ခရိုင် တရားမ တရားသူကြီးသည် နှစ်ဘက်တင်ပြသော နှုတ်သက်သေနှင့် စာရွက်စာတမ်း အထောက်အထားများကို စစ်ဆေးပြီးနောက် ဒေါ်မြတင်သည် ကလယ် ဗုဒ္ဓဘာသာဝင် ဖြစ်သည်။ ၎င်းသည် မြန်မာဓလေ့ ထုံးတမ်းဥပဒေနှင့် အကြုံးဝင်သဖြင့် ကိတ္တိမသားသမီး မွေးစားနိုင်သည်။ ဒေါ်မြတင်က ဦးထွေးရင်နှင့် ဒေါ်မေမေညွန့်တို့အား မိမိဆန္ဒအတိုင်း လွတ်လပ်စွာ ကိတ္တိမ သားသမီးများအဖြစ် မွေးစားခဲ့ခြင်း ဖြစ်၍ တရားဝင်သည်။ မစ္စတာ ဝါဒီဝေးသည် ဆူပရာ မန်နီးပီလေးနှင့် ဒေါ်စိန်မမတို့၏ မွေးစားသား ဖြစ်သည်ဆိုခြင်းမှာ ထင်ရှားခြင်း မရှိဟု ဆုံးဖြတ်ကာ ဦးထွေးရင်နှင့် ဒေါ်မေမေညွန့်တို့အား အမွေထိန်းစာ ထုတ်ပေးရန် အမိန့်ချမှတ်လိုက်သည်။ ထိုအမိန့်ကို မစ္စတာ ဝါဒီဝေးက မကျေနပ်၍ ဤအယူခံ တင်သွင်းလာခြင်း ဖြစ်သည်။

ယခုအမှုတွင် ဦးစွာ ဆုံးဖြတ်ရမည့် ပြဿနာမှာ ကွယ်လွန်သူ ဒေါ်မြတင်သည ဗုဒ္ဓဘာသာဝင် ဖြစ်ပါသလော၊ သို့မဟုတ် ဟိန္ဒူဘာသာဝင် ဖြစ်ပါသလော ဆိုခြင်းပ ဖြစ်သည်။ ဦးထွေးရင်နှင့် ဒေါ်မေမေညွန့်တို့က ဒေါ်မြတင်သည် ဗုဒ္ဓဘာသာ သက်ဝင် ယုံကြည် ကိုးကွယ်သူ ဖြစ်ကြောင်း ထင်ရှားအောင် ဆရာတော် ဦးကောသိ သီလရှင် ဒေါ်ပညာစာရီ၊ ဦးသင်းလှိုင်၊ သခင်သိန်းဖေ၊ ဒေါ်သန်းတင်၊ ဒေါ်စော ဦးစန်းမြင့်နှင့် ဒေါ်အုံးတင်တို့အား သက်သေထူခဲ့သည်။ ၎င်းတို့ ထွက်ဆိုချက်အ ဒေါ်မြတင်သည် ၎င်းအသက်ရှိစဉ်က မော်လမြိုင်မြို့ရှိ မြေကွက်တကွက်နှင့် ထို ပေါ်ရှိ နှစ်ထပ်တိုက်ကို စိန်မမ ကျောင်းတိုက်ဟု အမည်ပေးပြီး ဗုဒ္ဓဘာသာ သာ

များကို လှူဒါန်းခဲ့ခြင်း၊ ထိုကျောင်းတိုက်အတွင်း၌သိမ်ဆောက်ပေးခဲ့ခြင်း၊ ကော်လင်းဆရာတော် ကျောင်းဆောက်ရန် မြေကွက်တကွက် လှူဒါန်းခဲ့ခြင်း၊ မော်လမြိုင်မြို့၊ အမျိုးသမီး စောင့်ရှောက်ရေး အဖွဲ့သို့ မြေတကွက်လှူဒါန်းပြီး၊ အမျိုးသမီး၊ စောင့်ရှောက်ရေးအဖွဲ့မရှိလျှင် ခေမာရာမ သီလရှင်ကျောင်းအား လှူဒါန်းရန် ရည်စူးထားခြင်း၊ ရန်ကုန်မြို့၊ ကမ္ဘာအေးစေတီတော် တည်ဆောက်ရာ၌ မြေ ၅ ဧက လှူဒါန်းခြင်း၊ မော်လမြိုင်မြို့ ဦးဇိနဘုရား စိန်ဖူးတင်ရာတွင် စိန်ပန်းခိုင်နှင့် ပတ္တမြား ၁၆ လုံး လှူဒါန်းခြင်း၊ ပဲခူးမြို့၊ ရွှေမော်ဓေါစေတီစိန်ဖူးအတွက် စိန်လှူဒါန်းခြင်း၊မော်လမြိုင်မြို့။ မဟာမြတ်မုနိ ဘုရား၏ ပိဋကတ်တိုက်အတွက် ပိဋကတ်သုံးပုံ လှူဒါန်းခြင်း စသည့် ကုသိုလ်ကောင်းမှု အလှူဒါနများ ပြုခဲ့သည့်အပြင်၊ ဗုဒ္ဓမြတ်စွာဘုရားနှင့် သံဃာတော်များအား ဖူးမျှော်ကန်တော့ခြင်း၊ သီလခံယူခြင်း၊ ကထိန်ခင်းခြင်း၊ ဆွမ်းကျွေးခြင်း စသည့် ဘာသာရေး ပြုလုပ်မှုများကို ပြုခဲ့ကြောင်း ပေါ်ပေါက်လျက်ရှိသည်။

တဘက်မှလည်း ဒေါ်မြတင်သည် ဟိန္ဒူဘာသာဝင် တဦးဖြစ်ကြောင်းပေါ်လွင်အောင် ဦးကိုကိုကြီး၊ ရမ်ဆာမိ၊ ဦးမြင့်နောင်၊ ဦးရာမ၊ အမ်၊ ဗွီ၊ စီ၊ နာဗာဆန်၊ ပက္ကရီးဆွာမိ၊ မဟာလင်ကန်၊ အာ(ရ်)စွန်ပရာမန်နီး၊ ဒေါ်တာ၊ ဦးအောင်ကျော်သိန်းနှင့် ဒေါ်ခင်ခင်လှိုင်တို့အား အပြိုင်အဆိုင် သက်သေပြခဲ့သည်။ ထိုသက်သေများက ဒေါ်မြတင်သည် ဗုဒ္ဓမြတ်စွာ ဘုရားကိုသော်၎င်း၊ သံဃာတော်များကို သော်၎င်း ကိုးကွယ် ဆည်းကပ်ခြင်း မရှိပဲ၊ ဟိန္ဒူဘုရားရှိခိုးကျောင်းသို့ သွားရောက် ဝတ်ပြုလေ့ရှိခြင်း၊ မော်လမြိုင်မြို့ရှိ ဟိန္ဒူဂြိုလ်ကိုးလုံးဘုရားတွင် ကျောင်းဆောက်ခဲ့ခြင်း၊ မော်လမြိုင် သာယာကုန်းရပ်ရှိ အိမ်ကို ဟိန္ဒူလူမျိုး အန်ဒရာစာသင်ကျောင်းအဖြစ် အသုံးပြုရန် လှူဒါန်းခြင်း၊ ဟိန္ဒူသင်္ချိုင်းတွင် ဇရပ်ဆောက်လုပ်ခဲ့ခြင်း၊ ဟိန္ဒူဘုရားကျောင်းများသို့ လစဉ်ရန်ပုံငွေ လှူဒါန်းခြင်း စသည့်ကိစ္စရပ်များကို ပြုခဲ့ပါသည်ဟု ထွက်ဆိုခဲ့ကြသည်။

ယင်းသို့ တဘက်နှင့်တဘက် သက်သေ အပြိုင်အဆိုင် ထွက်ဆိုနေကြသည့် အခါမျိုးတွင် အမှန်တရားကို ရှာဖွေရာ၌ အမှုတွင် ပေါ်ပေါက်နေသော ဝန်ခံထားသည့် အကြောင်းခြင်းရာများနှင့် ဖြစ်ဟန်လက္ခဏာရှိသော အချက်အလက်များကို မူတည်၍ မည်သည့်ဘက်က မှန်ကန်သည်ဟု ချင့်ချိန် သုံးသပ်ပြီး ဆုံးဖြတ်ရန် ဖြစ်ပေသည်။ ထိုအတိုင်းပင် ဆုံးဖြတ်ထားသည့် **မတင်တင်နှင့် ဒေါ်ကံရှိ**(၁) အမှုကိုသာ **ကျွန်ုပ်တို့** ရည်ညွှန်းလိုပေသည်။

သက်သေခံ (ကက)အရ၊ ဒေါ်မြတင်သည် အမှုတခုနှင့် ပတ်သက်၍ အစစ်ခံရာ၌ ဗုဒ္ဓဘာသာကို ကိုးကွယ်သည်ဟု ထွက်ဆိုခဲ့သည်။ သက်သေခံ (ဌ) အိမ်ထောင်စု

(၁) ၁၉၄၇၊ မြန်မာပြည်စီရင်ထုံး ၅၀၂ ။

၁၅၇၂

မစ္စတာ ဝါဒီဝေ (ခေါ်) ဦးသိန်းဟန် နှင့် ၁။ ဦးထွေးရင် ၂။ ဒေါ်မေမေ ညွန့်

၁၉၇၂

မစ္စတာ ဝါဒီဝေး (ခေါ်) ဦးသိန်းဟန် နှင့် ၁။ ဦးထွေးရင် ၂။ ဒေါ်မေမေ ညွန့်

စာရင်းတွင် ဒေါ်မြတင်ကိုးကွယ်သည့် ဘာသာကို ဗုဒ္ဓဘာသာဟု ဖော်ခဲ့သည်။ ဦးထွေးရင်နှင့် ဒေါ်မေမေညွန့်တို့အား ကိတ္တိမသားသမီးအဖြစ် မွေးစားခြင်းမပြုမီ ၎င်း၏ရှေ့နေ ဦးတင်ဦးအား ဗုဒ္ဓဘာသာ ကိုးကယ်ကြောင်း ဝန်ခံပြောဆိုခဲ့သည်။ ထိုပြင် ဦးထွေးရင်နှင့် ဒေါ်မေမေညွန့်တို့က ဤအမှုထိန်းစာ လျှောက်လွှာကို တင်သွင်းရာ၌ ဒေါ်မြတင်သည် ဗုဒ္ဓဘာသာ ကိုးကွယ်သူဖြစ်ကြောင်း အပိုဒ် ၁ တွင် အဆိုပြုလာသည်ကို မစ္စတာ ဝါဒီဝေး အနေဖြင့် ၁၉၆၅ ခုနှစ်၊ မေလ ၂၀ ရက်နေ့စွဲပါ ကန့်ကွက်လွှာ အပိုဒ် ၂ တွင်၎င်း၊ ၁၉၆၆ ခုနှစ်၊ မတ်လ ၅ ရက်နေ့စွဲပါ၊ ပြင်ဆင်ထားသောချေလွှာ အပိုဒ် ၂ တွင်၎င်း ဝန်ခံခဲ့သည်။ ဗုဒ္ဓဘာသာမဟုတ်ဟု ငြင်းဆိုခြင်းမပြုခဲ့ပေ။

လူတဦးသည် မည်သည့်ဘာသာကို သက်ဝင်ယုံကြည်သည်ဆိုသော ကိစ္စကို စဉ်းစားရာ၌ ထိုသူ၏ အတွင်းစိတ်သဘောကို အခြားသူများ အနေဖြင့် သိနိုင်စွမ်း မရှိသဖြင့် ၎င်း၏ နောက်ကြောင်း ရာဇဝင်၊ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ မိတ်ဆွေသင်္ဂဟအပေါင်း အသင်း စသည့် ပတ်ဝန်းကျင် အချက်အလက်များကို ထောက်ထားလျက် မည်သည့်ဘာသာကို သက်ဝင်ယုံကြည် ကိုးကွယ်သည်ဟု ဆုံးဖြတ်ရမည် ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်ဖြစ်ရန် အခမ်းအနား တစုံတရာ ပြုလုပ်ရန်မလိုသဖြင့် သာ၍ပင်၊ အဆိုပါ မှုများအရ ချင့်ချိန် ဝေဖန်ရန်လိုသည်။ ထိုအတိုင်း ဆုံးဖြတ်ထားသည့် **ဒေါ်မေဘ်နှီးနှင့် အယ်(လ်) အနှင်း** (၂) တို့စီရင်ထုံးပါမူကို ကျွန်ုပ်တို့ သဘောတူသည်။

မူလရုံး အမှုတွဲတွင် တင်ပြထားသော စာရွက် စာတန်းများအရ ဒေါ်မြတင်သည် ဗုဒ္ဓသာသနာတော် ပြန့်ပွားရေးအတွက် ပစ္စည်းဥစ္စာများကို ရက်ရက်ရောရော လှူဒါန်းခဲ့ကြောင်း မငြင်းနိုင်ပေ။ သို့ရာတွင် မစ္စတာ ဝါဒီဝေး၏ ရှေ့နေ ဦးခင်မောင်က ဗုဒ္ဓဘာသာတွင်သာမက၊ အခြားဘာသာများ၌လည်း ဒါနကုသိုလ်ရှိသည့်အတိုင်း ဒေါ်မြတင်သည် ဗုဒ္ဓဘာသာသို့ ဥစ္စာပစ္စည်းလှူဒါန်းသည့်အကြောင်းကြောင့် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူ ဖြစ်သည်ဟု ယူဆရန် မသင့်ပါဟု တင်ပြသွားသည်။ ဆရာတော် ဦးကောသိတ၊ သီလရှင်ဒေါ်ပညာစာရီ၊ ဦးသင်းလှိုင်၊ သခင် သိန်းဖေနှင့် ဦးစိန်းမြင့်တို့၏ ထွက်ချက်များအရ ဒေါ်မြတင်သည် မိမိ၏ ပစ္စည်း ဥစ္စာများကို သာမန် ပေးကမ်းခြင်းမျိုး မဟုတ်ပဲ ရေစက်ချ၍ လှူဒါန်းခဲ့ကြောင်း ပေါ်ပေါက်နေသောကြောင့် ဗုဒ္ဓဘာသာကို အစွန့်ရှည်စေရန် သက်ဝင်ယုံကြည်သူ တဦးအနေဖြင့် လှူဒါန်းခဲ့သည်ဟု ယူဆရမည်ဖြစ်သည်။

---

(၂) ၁၉၆၂၊ မြန်မာပြည်စီရင်ထုံး ၂၃၂ (တရားရုံးချုပ်)။

၁၉၇၂
မစ္စတာ ဝါဒီဝေး (ခေါ်) ဦးသိန်းဟန် နှင့် ၁။ ဦးထွေးရင် ၂။ ဒေါ်မေမမ ညွန့်

ဒေါ်မြတင်၏အဖွား ဒေါ်မမကြီးမှာ ဗုဒ္ဓဘာသာမြန်မာအမျိုးသမီး အစစ်ဖြစ်သည်။ ဒေါ်မမကြီးသည်၊ အိန္ဒိယလူမျိုး ရမ်ဂါဆွာမိ မူဒါလီးယား နှင့် အိမ်ထောင်ကျပြီး သမီးဒေါ်စိန်မမကို ထွန်းကားခဲ့သည်။ ဒေါ်စိန်မမသည် စူပရာမန်နီးယံပီလေး နှင့် အကြောင်းပါပြီး၊ ဒေါ်မြတင်ကို ရရှိခဲ့ခြင်းဖြစ်သည်။ အမျိုးအနွယ် အားဖြင့် ဒေါ်မြတင်သည် ကလယ်သွေးပါသူ တယောက်ဖြစ်၍ မိရိုးဖလာကိုးကွယ်မှုဖြစ်သည့် ဟိန္ဒူဘာသာဓလေ့ ထုံးတမ်းများကို လုံးဝစွန့်ပယ်ခြင်း မပြုပဲ၊ အနည်းအကျဉ်း လိုက်နာခဲ့ဟန် လက္ခဏာရှိပေသည်။ ထိုကဲ့သို့ လိုက်နာကျင့်သုံးရခြင်းမှာ ဘာသာရေးအရမဟုတ်ပဲ ယဉ်ကျေးမှု ထုံးတမ်းအရ၊ ဆောင်ရွက်ခြင်း ဖြစ်နိုင်ပေသည်။ **ကိုဗန်စိမ်း နှင့် ဒေါ် ရှုတင် (ခေါ်) လင်ကျူူသွင်** (၃) တို့ အမှုတွင် မိရိုးဖလာကိုးကွယ်မှုကို လိုက်နာခြင်းမှာ ဘာသာရေးအရ မဟုတ်တဲ့ ယဉ်ကျေးမှုထုံးတမ်းအရ ပြုလုပ်ခြင်းသာဖြစ်နိုင်သည်။ အချို့ဗုဒ္ဓဘာသာတို့သည် ဘာသာရေးနှင့် မသက်ဆိုင်သည့် နတ်ပသခြင်း၊ နတ်အိုးဆဲ့ခြင်းတို့ကို ပြုလုပ်ကြရာ ထိုသို့ပြုလုပ်ခြင်းဖြင့် ဗုဒ္ဓဘာသာဝင် မဟုတ်ဟု ယူဆရန်မဟုတ်ကြောင်း မှတ်ချက်ပြုထားသည်ကိုရည်ညွှန်းလိုပေသည်။

ဒေါ်မြတင်သည် ဒေါ်သန်းတင်၊ ဒေါ်စောသင် စသည့်မြန်မာအမျိုးသမီးကြီးများနှင့်သာ ပေါင်းသင်းနေထိုင်ခဲ့သည်။ ၎င်းအိမ်တွင်နေထိုင်ခဲ့ကြသူများမှာ လည်း အများအားဖြင့် ဗုဒ္ဓဘာသာဝင်များသာ ဖြစ်သည်။ ဟိန္ဒူဘာသာဝင် အမျိုးသမီးများနှင့် ပေါင်းသင်းဆက်ဆန်ခဲ့ပါသည် ဆိုသော **သက်သေအထောက်အထား** စိုးစဉ်းမျှမရှိပေ။

အထက်ပါ အချက်အလက်များကိုပေါင်းစပ်ကြည့်ရှုလျှင် ဒေါ်မြတင်သည်၊ ဟိန္ဒူဘာသာဝင်တယောက်မဟုတ်ဘဲ ဗုဒ္ဓဘာသာ ကိုးကွယ်သူတယောက် ဖြစ်ကြောင်း ယုံမှားသွယ် မရှိနိုင်ပေ။

ဒေါ်မြတင်သည် ဗုဒ္ဓဘာသာဝင်တယောက်ဖြစ်သော်လည်း ကလယ်လူမျိုးဖြစ်၍ မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့် အကြုံးမဝင်ပါဟု ဦးခင်မောင်က တင်ပြပြီး ပရီဗွီကောင်စီ၏စီရင်ထုံးဖြစ်သော **မရိုတ် နှင့် မောင်ချစ်မောင်** (၄) အမှု အား ကိုးကားသွားသည်။ ထိုအမှုတွင် မူလရုံးမှ ကလယ်လူမျိုးမောင်ချစ်မောင်သည် ဟိန္ဒူဘာသာဝင်မဟုတ်၍ အမွေဆက်ခံခြင်းဥပဒေနှင့် အကြုံးဝင်သည်ဟု ဆုံးဖြတ်ရာ အယူခံရုံးမှ မောင်ချစ်မောင်သည် ဟိန္ဒူဘာသာဝင်ဖြစ်သည်ဟု ကွဲလွဲစွာ ဆုံးဖြတ်လိုက်သည်။

(၃) ၁၉၆၅၊ မြန်မာပြည်စီရင်ထုံး ၁၁၇။
(၄) အတွဲ ၁၁၊ အောက်မြန်မာပြည်စီရင်ထုံး ၁၅၅ ။

၁၉၇၂ — မစ္စတာ ဝါဒီဝေး (ခေါ်) ဦးသိန်းဟန် နှင့် ၁။ ဦးထွေးရင် ၂။ ဒေါ်မေမေညွန့်

ပရီဗွီကောင်စီသို့ အယူခံဝင်သောအခါ၊ မောင်ချစ်မောင် သည်၊ ဟိန္ဒူဘာသာဝ
ဖြစ်ကြောင်း အထောက်အထား မခိုင်လုံဟု ဆုံးဖြတ်ပြီး အမွေဆက်ခံခြင်းဥပဒေနှ
အကြုံးဝင်သည်ဆိုသော မူလရုံး၏ ယူဆချက်ကို အတည်ပြုခဲ့သည်။ ထိုအမှုတ
မောင်ချစ်မောင်သည် ဗုဒ္ဓဘာသာဝင် ဖြစ်ပါသည်ဆိုသော အဆိုပြုချက်လည
မရှိသည့်အပြင် ဆုံးဖြတ်ချက်လည်း မရှိ၊ ပရီဗွီကောင်စီမှ ဗုဒ္ဓဘာသာကလယ်လူမ
သည် မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့် သက်ဆိုင်ခြင်းမရှိဟု ဆုံးဖြတ်ထားခြင်း မဟု
ချေ။ ဟိန္ဒူဘာသာဝင် မဟုတ်သော ကလယ်လူမျိုးသည် ဟိန္ဒူဘာသာ ဥပဒေ နှ
မကြုံးမဝင်ပဲ၊ အမွေဆက်ခံခြင်းဥပဒေနှင့်သာ သက်ဆိုင်သည်ဟု မိန့်မြွက်ခဲ့ခြင်း ဖြ
သည်။

မြန်မာပြည်တွင် အမြဲနေထိုင်လျက်ရှိသည့် ဗုဒ္ဓဘာသာဝင် တဦးသည် မြန်
ပြည်၌ပင် သေဆုံးသွားလျှင် ထိုသူသည် မည်သည့်လူမျိုးပင်ဖြစ်စေ၊ ၎င်း၏ အ
ဆက်ခံရေးကို မြန်မာဓလေ့ထုံးတမ်းဥပဒေအရ၊ လိုက်နာရမည် ဖြစ်သည်။ **ဒေါ်သို**
နှင့် **စီအလင်း** (၅) တို့အမှု၌ တရားလွှတ်တော်ချုပ်က မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသ
ဝင်ဖြစ်လျှင် မည်သည့်လူမျိုးပင်ဖြစ်စေ၊ မည်သည့်တိုင်းပြည်က လာသည် ဖြစ်
မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ဆုံးဖြတ်ရမည်ဟု အတိအလင်း ဆုံးဖြတ်ထ
သည်။ တရားရုံးချုပ်၏ စုံညီခုံရုံးမှလည်း **နာစီတီ** နှင့် **အဖူးစီ** (၆) တို့အမှုတွင် အော
ပါအတိုင်း မြွက်ခဲ့ဘူးပြီးဖြစ်သည်။

> "မြန်မာနိုင်ငံတွင်အိုးအိမ်ထူထောင်သော ဗုဒ္ဓရာဘာသာဝင်တို့သည် မြန်
> ဓလေ့ ထုံးတမ်း ဥပဒေကိုသာ လိုက်ကြရမည်။ တရားရုံးများက
> တို့၏ အိမ်ထောင်ရေးခင်းတို့၌ နိုင်ငံခြားဥပဒေများကို ရှာဖွေ သုံး
> နေရန်မလို၊ တိုင်းရင်းသားတို့ နားလည်ကျင့်သုံးသော ဓလေ့ထုံး
> ဥပဒေကိုသာ ကျင့်သုံးရမည်ဟု ဆုံးဖြတ်ခဲ့သည်ကို နောက်စီရင်
> များက အခိုင်အမာပြုခဲ့သည်။"

ကွယ်လွန်သူ ဒေါ်မြတင်သည်၊ တိုင်းတပါးမှ လာရောက်သူမဟုတ်၊ မြန်မာ
၌ မြန်မာဗုဒ္ဓဘာသာ အဖွါး ဒေါ်မမကြီး၊ မြန်မာ-ကလယ်ကပြားမိခင် ဒေါ်စိန်
မွေးဖွားပြီး မြန်မာပြည်၌နေထိုင်ကာ၊ မြန်မာပြည်၌ပင်သေဆုံးခဲ့သည့် ကလယ်က
ဗုဒ္ဓဘာသာဝင် အမျိုးသမီးတဦးဖြစ်၍ မြန်မာဓလေ့ထုံးတမ်းဥပဒေသည် သာ၍
သက်ဆိုင်သည်ဟု ကျွန်ုပ်တို့သဘောရရှိသည်။

---

(၅) ၁၉၅၁၊ မြန်မာပြည်စီရင်ထုံး ၁၃၃ (တရားလွှတ်တော်ချုပ်)။
(၆) ၁၉၆၉၊ မြန်မာပြည်စီရင်ထုံး ၁၅၅ (၁၆၁)။

ဒေါ်မြတင်သည် မြန်မာခေလှေ့ထုံးတမ်းဥပဒေနှင့် အကြုံးဝင်သူ ဖြစ်၍ ဦးထွေးရင်နှင့် ဒေါ်မေမေညွန့်တို့အား၊ ကိတ္တိမသားသမီးများအဖြစ် မွေးစားနိုင်သည် ဆိုခြင်းမှာ အငြင်းမပွါးနိုင်တော့ပေ။ ဒေါ်မြတင်သည် ကိတ္တိမစာချုပ်ကို ချုပ်ဆိုစဉ် အချိန်က ကျန်းမာရေးအခြေအနေမှာ ကောင်းသေးကြောင်း ၎င်း၏ မိသားစုဆရာဝန် ဘီအင်နာဂူလား နှင့် ပြည်သူ့ဆေးရုံမှ ဆရာဝန်ရှသ်ဖိုးရိမ်တို့၏ ထွက်ချက်အရပေါ်ပေါက်နေသည်။ ကိတ္တိမစာချုပ်ကို ရုံးသို့ကိုယ်တိုင် သွားရောက်၍ မှတ်ပုံတင်ခဲ့သည် ဆိုသောအချက်ပင်လျှင် ဒေါ်မြတင်၏ ကျန်းမာရေး အခြေအနေကို ခန့်မှန်း နိုင်ပေသည်။ ဦးထွေးရင်နှင့် ဒေါ်မေမေ ညွန့်တို့ကမလျော်ဩဇာကိုသုံးစွဲ၍ ဒေါ်မြတင်အား၊ ကိတ္တိမစာချုပ်ချုပ်ဆိုစေခဲ့သည်ဆိုသောစွပ်စွဲချက်နှင့်စပ်လျဉ်း၍ တဘက်မှ သက်သေအထောက်အထား စိုးစဉ်းမျှတင်ပြခြင်း မပြုနိုင်ပေ။

၁၉၇၂
မစ္စတာ ဝါဒီဝေး (ခေါ်) ဦးသိန်းဟန် နှင့် ၁။ ဦးထွေးရင် ၂။ ဒေါ်မေမေ ညွန့်။

ကိတ္တိမစာချုပ်ကို ဆွေမျိုးများအားအသိမပေးပဲ ချုပ်ဆိုခဲ့သည်ဆိုသော တင်ပြချက်နှင့်ပတ်သက်၍ ယင်းသို့ စာချုပ် ချုပ်ဆိုခြင်း နှင့် မှတ်ပုံတင်ခြင်းတို့သည်ပင်လျှင် မွေးစားသည့် ကိစ္စကို လူသိရှင်ကြား အထင်အရှား ပြုလုပ်ရာရောက်၍၊ ခိုင်လုံသည်ဟု ယူဆရမည်ဖြစ်သည်။ ထိုအတိုင်းပင် **မကြိုင်** နှင့် **မဇုံးကြည်** (၇) **ဒေါ်မြမေ** နှင့် **ဒေါ်လှရင်** (၈) တို့ အမှုများ၌ ဆုံးဖြတ်ထားပြီး ဖြစ်သည်။

ဦးထွေးရင်နှင့်ဒေါ်မေမေညွန့်တို့သည် ဒေါ်မြတင်၏ကိတ္တိမသားသမီးများဖြစ်ကြ၍၊ မစ္စတာဝါဒီဝေးသည် စူပရာမန်းနီးနှင့် **ဒေါ်စိန်မ**တို့၏ မွေးစားသား ဟုတ်သည်၊ မဟုတ်သည်ကို ဧင်းစားရန် မလိုတော့ပေ။

အထက်ပါ အကြောင်းများကြောင့် ဤအယူခံကို **တရားစရိတ်**နှင့်တကွ ပယ်လိုက်သည်။ ရှေ့နေစရိတ် ကျပ် ၅၁ သတ်မှတ်သည်။

---

(၇) ၁၉၆၃၊ **မြန်မာပြည်စီရင်ထုံး** ၁၈၄။
(၈) ၁၉၆၅၊ **မြန်မာပြည်စီရင်ထုံး** ၂၃၇။

နိုင်ငံတော်တရားရုံးချုပ်

အခွင့်ထူးတရားမအယူခံမှု

တရားသူကြီးချုပ် ဦးလှသင်း၊ တရားသူကြီး ဦးသက်ဖေ နှင့် တရားသူကြီး ဦးတင်အုံး တို့ရှေ့တွင်

† ၁၉၇၂ — နိုဝင်ဘာလ ၆ ရက်။

အမ်၊ ဂျမား (ခေါ်) မူနီယာဇမန်

နှင့်

ဒေါ၊ အမ်၊ ဂိုရာ *

မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (က)—၎င်းပုဒ်မအရ ပေးပို့သော နို့တစ်စာသည် ကာလ စည်းကမ်းသတ် ကျော်လွန်နေသော အိမလခ များကိုပါထည့်တောင်းခြင်းကြောင့် တရားဝင်သော နို့တစ်စာဟုတ်၊ မဟုတ် —နို့တစ်စာတွင် တရားဝင် ပေးရန်ငွေများလည်း ပါရှိနေ၍ ကာလ စည်းကမ်းသတ် ကျော်လွန်နေသော ငှါးရမ်းခများကို ရနိုင်ခွင့် မရှိသော်လည်း ရပိုင်ခွင့်ဆိတ်သုန်းခြင်းမရှိ။

ဆုံးဖြတ်ချက်။ ။အယူခံတရားပြိုင်သည် ၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁)(က)အရ၊ ပေးရန်ကျန်ရှိနေသော ငှါးရမ်းခကို နို့တစ်စာ သက်သေခံအမှတ် (ဏ) အရ၊ တောင်းဆိုပြီး နို့တစ်ကုန်ဆုံးပြီး နောက်ပိုင်းတွင် ဤအမှုကို စွဲဆိုခဲ့သည်။ ယင်းနို့တစ်စာတွင် ကျန်သောအိမ်လခ (၄၁) လအတွက် တောင်းဆိုခဲ့သည်။ ထိုလများအတွက် အိမ်လခများမှာ အယူခံ တရားပြိုင်အနေဖြင့် တရားသဖြင့်ရသင့်ရထိုက်သော ရပိုင်ခွင့်ဖြစ်သည်။ သို့ရာတွင် အိမ်ငှါးအယူခံ တရားလိုသည် (၃၆) လထက်ကျော်လွန်သော အိမ်လခ ကြွေးမြီကိုမပေးရန် ခုခံပိုင်ခွင့်ရှိသည်။ မည်သို့ပင် ဖြစ်စေ အယူခံတရားလိုသည် (၃၆) လခအတွက် အိမ်ငှါးရမ်းခများ ပေးရန် ငြင်းဆိုနိုင်ခွင့်မရှိပေ။ **အာပေါင် (ခ) ဦးပေါင်နှင့် အာမင်းတို့ အမှု၌ကြီးကြပ်ရေးဝန်ထံ** တင်သွင်းထားသည့် ငှါးရမ်းခ ငွေဖြစ်သော အိမ်ငှါးအနေဖြင့် အိမ်ရှင်သို့ပေးအပ်ပြီးသောငွေများကို နို့တစ်စာတွင် ထပ်မံတောင်းဆိုထားခြင်းကြောင့် နို့တစ်စာသည် တရားမဝင်ဟု ဆုံးဖြတ်ထားခြင်းဖြစ်သည်။ *Hajee Abdul Shakoor Khan* v. *The Official Liquidator, The Burma Publishers Ltd.* တို့စီရင်ထုံးတွင် အိမ်လခ ကြွေးမြီအတွက် ရရှိထားသော ဒီဂရီကို အတည်ပြုရန် တရားနိုင်က လျှောက်ထားသော အခါ တရားရုံးကပေးရန်ကျန်သော ငှါးရမ်းခကိုပေး၍ ဒီဂရီအတည်ပြုခြင်းမှ ရပ်စဲရန်လျှောက်ထားသော အမှုတွင် ကာလစည်းကမ်းသတ် မကျော်လွန်သော ပေးရန်ကျန်ရှိသော ငှါးရမ်းခကိုသာ တောင်းဆိုနိုင်ကြောင်း ဆုံးဖြတ်ထားသည်။

---

* ၁၉၇၁ ခုနှစ်၊ အခွင့်ထူး တရားမအယူခံအမှတ် ၁။

† ၁၉၆ဂ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၃ တွင် ဤရုံး၏ ၁၉၆ဂ ခု၊ နိုဝင်ဘာလ ၉ ရက် **နေ့စွဲပါစီရင်ချက်ကို**အယူခံဝင်ခြင်း။

၁၉၇၂

အမ်၊ဂျမား(ခ) မှုနီယာဇမန် နှင့် အေးအေး၊ဂိုရာ။

ဤစီရင်ထုံးများသည် ယခုအမှုနှင့်သက်ဆိုင်ခြင်း မရှိဟု ကျွန်ုပ်တို့ယူဆသည်။ နို့တစ်စာ သက်သေခံအမှတ် (ဏ) ဖြင့် (၄၁) လအတွက် ငှါးရမ်းခ တောင်းရာတွင် (၅) လအတွက် အိမ်ခများသည် ကာလစည်းကမ်းသတ် ကျော်လွန်နေသော်လည်း ကျန် (၃၆) လအတွက် ငှါးရမ်းခမှာ အယူခံ တရားလိုက ဘရားဝင်ပေးရမည့် ငှါးရမ်းခ ဖြစ်သည်။ ဤအမှုသည် အိမ်လခ ရရန် စွဲဆိုသော အမှုမဟုတ်၊ ငှါးရမ်းခများ ပေးရန် ကျန်ရှိ၍ အိမ်နှင်လိုမှု စွဲဆိုသော အမှုဖြစ်သည်။ ထိုအပြင် နို့တစ်စာတွင် တရားဝင်ပေးရန် ငွေများလည်း ပါရှိနေသည်ကို တွေ့ရသည်။ ကာလစည်းကမ်းသတ် ကျော်လွန်နေသော ငှါးရမ်းခများကို ရနိုင်ခွင့်မရှိသော်လည်း ရပိုင်ခွင့် ဆိတ်သုန်းခြင်းမရှိဟု *Nageswar Rao* v. *Dungarmull Mahadey* တွင်ပြုထားသည့် ထုံးကို လက်ခံသည်။ နို့တစ်စာ (ဏ)ဖြင့်အယူခံတရားပြိုင်က အယူခံတရားလိုအား မည်သည့် အကြောင်းကြောင့် တရားစွဲမည်ကို ကြိုတင် အသိပေးပြီး ဤအမှုကိုစွဲဆိုခဲ့ခြင်းဖြစ်၍၊ ယင်းနို့တစ်စာသည် ငှါးရမ်းခ အက်ဥပဒေတွင် ပြဋ္ဌာန်းထားသည့် တရားဥပဒေနှင့်အညီ ဖြစ်သည်။

အယူခံတရားလိုအတွက်။ ။တရားရုံးချုပ်ရှေ့နေ မွန်စံလှိုင်။

အယူခံတရားခံအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးကျော်ဒင်။

တရားသူကြီးချုပ် ဦးလှသင်း။ ။အယူခံတရားပြိုင်က အခင်းဖြစ်အိမ်ခန်းနေ အယူခံတရားလိုအပေါ် ၁၉၅၉ ခုနှစ်၊ ဇူလိုင်လမှ ၁၉၆၂ ခုနှစ်၊ နိုဝင်ဘာလအထိ (၄၁)လ အတွက်ကျသင့်သော အိမ်လခငွေ ၂,၄၆၀ ကျပ်ပေးအပ်ရန်ပျက်ကွက်သဖြင့် အချင်းဖြစ်အိမ်မှ ထွက်ခွါသွားရန် စွဲဆိုသောအမှုတွင် ချမှတ်သော ဒီကရီကိုမကျေနပ်၍အယူခံဝင်ခြင်းဖြစ်သည်။

အယူခံတရားပြိုင်က အခင်းဖြစ် အခန်းများကို **အယူခံတရားလိုသည် (က) စာ** ချုပ်ဖြင့် ငှါးရမ်းခ တလလျှင် ၆၀ ကျပ်ဖြင့် ငှါးရမ်းခဲ့ပါသည်၊ ၁၉၅၉ ခုနှစ်၊ ဇူလိုင်လမှ ၁၉၆၂ ခုနှစ်၊ နိုဝင်ဘာလအထိ အိမ်လခများ ၂,၄၆၀ **ကျပ်ကို**ပေးရန် ပျက်ကွက် သဖြင့် သက်သေခံအမှတ် (ဏ) နို့တစ်စာဖြင့် ၎င်း **ရရှိပြီးသည့်**နေ့ မှ ၃ ပတ်အတွင်း ပေးဆပ်ရန်နှင့် ပျက်ကွက်ပါက ၁၉၆၂ ခု၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ကို နောက်ဆုံးထား၍ အိမ်ငှါးအဖြစ် သတ်မှတ်ရန် အကြောင်းကြားသော်လည်း အယူခံ တရားလိုက ၁၉၆၂ ခု၊ ဒီဇင်ဘာလ ၂၇ ရက်နေ့စွဲပါ သက်သေခံစာအမှတ် (၉) အရ၊ ပေးရန် ငြင်းဆို၍ဤအမှုစွဲဆိုရပါသည်ဟုတင်ပြသည်။

အယူခံတရားလိုက ယခုအမှုစွဲဆိုပုံ စွဲဆိုနည်းသည် စံနစ်တကျ မဟုတ်ကြောင်း။ မရှိသေးသော အဆောက်အဦအတွက် ကြိုတင်အိမ်လခ သတ်မှတ်ခြင်းသည် စောလွန်း၍ ချုပ်ဆိုသော စာချုပ်သည် တရားမဝင်သဖြင့် ၎င်းအနေဖြင့် လိုက်နာရန် မလိုကြောင်း၊ သက်သေခံစာချုပ် "က" ပါရှိချက်များကို ငြင်းဆိုပါသည်၊ ယခု

၁၉၇၂ အမှုသည်မမှန်ကန်၍ စွဲဆိုရန် စောလွန်းသည့်အပြင် ဥပဒေအရ အိမ်လခပေးရန် မကျန်ပါဟုထုချေသည်။

အမ်၊ဂျမား (ခ) မူနီယာဇမန် နှင့် အေ၊အမ်၊ဂိုရာ။

မူလရုံးသည် အဆိုလွှာ/ချေလွှာ အပေါ်တွင် ကောက်ချက်များ ထုတ်၍ စစ်ဆေးခဲ့သည်၊ ကောက်ချက်များကို အယူခံတရားလိုနှင့် ဆန့်ကျင်၍ ဖြေဆိုပြီး အယူခံတရားလိုနှင့်တကွ သက်ဆိုင်သူများသည် အချင်းဖြစ် နေအိမ်မှ ထွက်ခွါသွားရန်အမိန့် ဒီကရီချမှတ်လိုက်သည်၊ ယင်းအမိန့်ကို မကျေနပ်၍ မော်လမြိုင် ခရိုင်တရားမရုံးအဆင့် (၁) တွင် အယူခံဝင်ခဲ့သည်၊ အယူခံဝင်ရာတွင် မူလရုံး၌ တင်ပြသော အချက်အလက်များအပြင် ကာလစည်းကမ်းသတ် ကျော်လွန်နေသော အိမ်လခများကိုပါ နို့တစ်စာ (ဏ) ထဲတွင်ထည့်တောင်းသဖြင့် နို့တစ်စာမှာ တရားမဝင်ပါဟု ၁၉၅၇ ခုနှစ်၊ မြန်မာပြည် စီရင်ထုံး (တရားလွှတ်တော်) စာမျက်နှာ ၅၇၁ တွင် ဖြည့်စွက်လျှောက်လဲတင်ပြလေသည်။

ပထမအယူခံရုံးသည် မူလရုံး၏ ဆုံးဖြတ်ချက်တွင် လက်ခံထားသော အချက်အလက်များကို အတည်ပြုသည်၊ ဤအမှုသည် အိမ်လခရလိုကြောင်း စွဲဆိုသော အမှုမဟုတ်၊ အိမ်မှနှင်ထုတ်လိုသော အမှုဖြစ်၍ နို့တစ်စာမှာလည်း ဥပဒေနှင့် ညီညွတ်မှုရှိကြောင်း ဆုံးဖြတ်ပြီး အယူခံမှုကို ပယ်လိုက်သည်၊ ထိုအမိန့်ကို မကျေနပ်၍ ၁၉၄၇ ခုနှစ်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၆ အရ၊ အထူးအယူခံဝင်ခွင့်ရရန် လျှောက်ထားသည်၊ အောက်ပါ ပြဿနာတို့ကို စဉ်းစားနိုင်ရန်အထူးအယူခံဝင်ခွင့်ပြုလိုက်သည်။

(၁) တရားရုံးချုပ်နှင့် ခရိုင်တရားမ တရားသူကြီးတို့က အယူခံ တရားခံက ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (က) အရ၊ အယူခံဝင်သူသို့ ပေးခဲ့သည့် ၁၉၆၂ ခု၊ ဒီဇင်ဘာလ ၃ ရက်နေ့စွဲပါ နို့တစ်စာသည် တရားဝင်သည်ဟု ဆုံးဖြတ်ခဲ့ခြင်းသည် ဥပဒေအရမှန်ကန်သလား။

(၂) နို့တစ်စာသည် တရားမဝင်ဖြစ်ခဲ့လျှင်၊ ယင်းနို့တစ်စာကို အခြေခံ၍ အယူခံတရားခံက အယူခံဝင်သူအပေါ် စွဲဆိုခဲ့သည့်အတိုင်း စီရင်ချက်နှင့် ဒီကရီချမှတ်ပေးခဲ့ခြင်းတို့သည် ဥပဒေအရ မှန်ကန်သလား။

ဤသို့အယူခံဝင်ခွင့်ပြုခြင်းမှာ Nageswar Rao *v.* Dungarmull Mahadey [၁၉၅၁ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံး စာမျက်နှာ ၄၇၂၊ (တရားလွှတ်တော်) Hajee **Abdul** Shakoor Khan *v.* The Official Liquidator, The Burma **Fublishers** Limited. (၁၉၆၀ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံး စာမျက်နှာ ၂၉၄

(တရားလွှတ်တော်) နှင့် Ah Paung (*a*) U Paung *v.* Ah Mong ၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံး စာမျက်နှာ ၁၊ တရားလွှတ်တော်ချုပ်] တို့တွင် အလား တူ ပြဿနာနှင့် ပတ်သက်၍ ကွဲလွဲနေကြသည်တို့ကို ရှင်းလင်း ဆုံးဖြတ်ရန် လိုလိမ့် မည်ဟု ယူဆ၍ဖြစ်သည်။ ၁၉၅၂

အမ်၊ဂျမား (ခ) မူနီယာဓမန် နှင့် ၊ဂိုရှာ။

အယူခံတရားပြိုင်သည် ၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (ခ) (က) အရ၊ ပေးရန်ကျန်ရှိနေသော ငှါးရမ်းခကို နို့တစ်စာ သက်သေခံအမှတ် (ဏ) အရ တောင်းဆိုပြီး နို့တစ်ကုန်ဆုံးပြီး နောက်ပိုင်းတွင် ဤအမှုစွဲဆိုခဲ့သည်၊ ယင်းနို့တစ်စာတွင် ကျန်သော အိမ်လခ (၄၁) လအတွက် တောင်းဆိုခဲ့သည်၊ ထိုလများအတွက် အိမ်လခများမှာ အယူခံ တရားပြိုင်အနေဖြင့် တရားသဖြင့်ရသင့်ရထိုက်သော ရပိုင်ခွင့်ဖြစ်သည်၊ သို့ရာတွင် အိမ်ငှါးအယူခံတရားလို သည် (၃၆) လထက်ကျော်လွန်သော အိမ်လခ ကြွေးမြီကို မပေးရန် ခုခံပိုင်ခွင့် ရှိသည်၊ မည်သို့ပင် ဖြစ်စေ အယူခံတရားလိုသည် (၃၆) လခအတွက် အိမ်ငှါးရမ်းခ များပေးရန် ငြင်းဆိုနိုင်ခွင့်မရှိပေ၊ **အာပေါင် (ခေါ်) ဦးပေါင် နှင့် အာမင်း (၁)**တို့ အမှု၌ ကြီးကြပ်ရေးဝန်ထံ တင်သွင်းထားသည့် ငှါးရမ်းခငွေ ဖြစ်သော အိမ်ငှါး အနေဖြင့်အိမ်ရှင်သို့ပေးအပ်ပြီးသောငွေများကို နို့တစ်စာတွင် ထပ်မံတောင်းဆိုထား ခြင်းကြောင့် နို့တစ်စာသည် **တရားမဝင်ဟု ဆုံးဖြတ်**ထားခြင်း ဖြစ်သည်။ Hajee Abdul Shakoor Khan *v.* The **Official** Liquidator, The Burma Publishers Ltd. တို့စီရင်ထုံးတွင် **အိမ်လခကြွေးမြီအတွက်** ရရှိထားသော ဒီကရီ ကို အတည်ပြုရန် တရားနိုင်ကလျှောက်ထား**သောအခါ တရားရုံးက** ပေးရန်ကျန်ရှိ သော ငှါးရမ်းခကိုပေး၍ဒီကရီအတည်ပြုခြင်း**မှရုပ်စဲရန် လျှောက်ထား**သော အမှုတွင် ကာလစည်းကမ်းသတ်မကျော်လွန်သောပေးရန် **ကျန်ရှိ**သောငှါးရမ်းခကိုသာ တောင်း ဆိုနိုင်ကြောင်းဆုံးဖြတ်ထားသည်၊ ဤစီရင်**ထုံးများ**သည် ယခုအမှုနှင့် သက်ဆိုင်ခြင်း မရှိဟု ကျွန်ုပ်တို့ယူဆသည်၊ နို့တစ်စာသက်သေခံအမှတ်(ဏ) ဖြင့် (၄၁) လအ တွက်ငှါးရမ်းခတောင်းရာတွင် (၅) လ အတွက် အိမ်ခများသည် ကာလစည်းကမ်း သတ်ကျော်လွန်နေသော်လည်း ကျန် (၃၆)လအတွက် ငှါးရမ်းခမှာ အယူခံတရားလိုက တရားဝင်ပေးရမည့်ငှါးရမ်းခဖြစ်သည်၊ ဤအမှုသည် အိမ်လခရရန် စွဲဆိုသော အမှုမ ဟုတ်၊ငှါးရမ်းခများပေးရန်ကျန်ရှိ၍ အိမ်နှင်လိုမှုစွဲဆိုသော အမှုဖြစ်သည်၊ ထို့အပြင်နို့ တစ်စာတွင် တရားဝင်ပေးရန် ငွေများလည်းပါရှိနေသည်ကို တွေ့ရသည်၊ ကာလစည်း ကမ်းသတ်ကျော်လွန်နေသော ငှါးရမ်းခများကိုရနိုင်ခွင့်မရှိသော်လည်း ရပိုင်ခွင့်ဆိတ် သုန်းခြင်း မရှိဟု Nageswar Rao *v.* Dungarmull Mahadey (3) တွင် ပြုထားသည့်ထုံးကို လက်ခံသည်၊ နို့တစ်စာ (ဏ) ဖြင့် အယူခံတရားပြိုင်က

၁၉၇၂ — အမ်၊ဂျမား (ခ) မှုနီယာဇမန် နှင့် အေ၊ အမ်၊ ဂိုရာ။

အယူခံတရားလိုအား မည်သည့် အကြောင်းကြောင့် တရားစွဲမည်ကို ကြိုတင်အသိပေးပြီး ဤအမှုကိုစွဲဆိုခဲ့ခြင်းဖြစ်၍ ယင်းနို့တစ်စာသည် ၄၂၁ရမ်းခ အက်ဥပဒေတွင် ပြဋ္ဌာန်းထားသည့် တရားဥပဒေနှင့်အညီ ဖြစ်သည်ဟုယူဆသည်။

အထက်ပါအကြောင်းများကြောင့် မူလရုံးမှ ချမှတ်သောဒီကရီကို အတည်ပြုပြီး ဤအခွင့်ထူး အယူခံလွှာကို စရိတ်နှင့်တကွ ပယ်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမအထွေထွေအယူခံမှု

တရားသူကြီး ဦးလှသင်း၊ တရားသူကြီး ဦးဘသန်း နှင့် တရားသူကြီး ဦးသန်းအောင်တို့ ရှေ့တွင်၊

ဂိုရှာခန်ပါ ၁၀

နှင့်

ရှာခန်ပါ ၁၀ *

† ၁၉၇၂ — စက်တင်ဘာလ ၁၅ ရက်။

အမွေ ပစ္စည်းကို စီမံအုပ်ချုပ်စာရင်းရှင်းပေးရန် ပဏာမဒီကရီ ချမှတ်ပြီးနောက် အပြီးသတ် ဒီကရီချမှတ်ခြင်း မပြုမီ မူလရုံးတွင်ဖိုင်အရာရှိမှေ့၌ အမှုသွားနေစဉ် တရားသူကြီး မူလဘက် ဌာနခွဲ (၁)၏ ဆုံးဖြတ်ချက် —ယင်းအမိန့်ကို ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၂၀ အရ အယူခံဝင်နိုင်ခွင့်ရှိ မရှိ။

ဤအမှုတွင် မူလဘက် ဌာနခွဲ (၁) တရားသူကြီးက၊ မရှိဒီခန်၏ အမွေပစ္စည်းများကို စီမံအုပ်ချုပ်၍ စာရင်း ရှင်းလင်းပေးရန် ပဏာမ ဒီကရီချမှတ်လိုက်သည်။ ထိုဒီကရီအရ ဖိုင်ဝန်သည် သေသူ၏ ပစ္စည်းများနှင့် ပတ်သက်၍ စာရင်း ကောက်ယူရာ၌၊ တီလာမိုဟာမက်ခန် သေဆုံးသည့်နေ့မှအစပြုပြီး စာရင်းများ တင်ရန် အမိန့်ချမှတ်ခဲ့၍၊ ထိုအမိန့်ကို တရားသူကြီးက ပယ်ဖျက်ပြီး မရှိဒီခန် သေဆုံးသည့်နေ့မှ အစပြုပြီး စာရင်းများ ကောက်ယူရန် အမိန့်ချမှတ်လိုက်သည်။

ဆုံးဖြတ်ချက်။ ။အမှုတွင် ပဏာမ ဒီကရီချမှတ်ပြီး ဖြစ်၍ အပြီးသတ် ဒီကရီမချမှတ်ရသေးပေ။ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၂၀ တွင် "မူလ စီရင်ပိုင်ခွင့် အာဏာကို သုံးစွဲ၍ ချမှတ်လိုက်သည့် တရားရုံးချုပ် တရားသူကြီး တဦး၏ ဒီကရီကို၊ သို့တည်းမဟုတ် တရားမ ကျင့်ထုံး ဥပဒေပုဒ်မ ၁၀၄ အရ အယူခံ ဝင်နိုင်သော အမိန့်ကို တရားရုံးချုပ်၌ အယူခံဝင်နိုင်ရမည်" ဟု ပြဋ္ဌာန်းထားသည်။ ယခုတရားသူကြီး၏ အမိန့်မှာ စာရင်းများ ကောက်ယူရာ၌ မည်သည့်နှစ်က စတင်ကောက်ယူရမည်ကို ဆုံးဖြတ် ထားခြင်းသာ ဖြစ်၍ အမှု၏ ဒီဂရီ မဟုတ်သေးပေ။ စာရင်းများ ကောက်ယူပြီးမှ ဒီဂရီ ချမှတ်မည်ဖြစ်သည်။ သို့ဖြစ်၍ ထိုအမိန့်မှာ ဒီဂရီ မဟုတ်ကြောင်း ထင်ရှားပေါ်လွင်နေသည်။ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၀၄ အရ၊ အယူခံဝင်နိုင်သည့် အမိန့်လည်း မဟုတ်ပေ။ အပြီးသတ် ဒီဂရီ ချမှတ်ပြီးနောက်မှသာ အယူခံဝင်ရန်ရှိသည်။

သို့ဖြစ်သောကြောင့်၊ ယခုပေါ်ပေါက်သည့် ပြဿနာတွင် တရားရုံးက အမွေပစ္စည်းကို စီမံအုပ်ချုပ်၍ စာရင်း ရှင်းလင်းပေးရန် ပဏာမ ဒီဂရီ ချမှတ်ပြီးနောက်၊ အပြီးသတ် ဒီဂရီချမှတ်ခြင်း

---

* ၁၉၇၀ ခုနှစ်၊ တရားမအထွေထွေ အယူခံမှုအမှတ် ၆၀။

† ၁၉၅၄/၁၉၆၇ ခုနှစ်၊ တရားမကြီးအမှတ်မှု ၄၂ စစ်ဆေးရန်လွှဲအပ်သော အမှု ၂ တွင် ဤတရားလွှတ်တော် မူလဘက်ခုံးတော်၏ ချမှတ်သောအမိန့်ကို အယူခံဝင်မှု။

၁၉၇၂ မပြုမီ၊ မူလရုံးတွင် ဒိုင်အရာရှိရှေ့၌ အမှုသွားနေစဉ်၊ တရားသူကြီး၊ မူလဘက်ဌာနခွဲ (၁)၏ ဆုံးဖြတ်ချက်မှာ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၂၀ အရ အယူခံဝင်နိုင်ခွင့် မရှိဟု ဆုံးဖြတ်လိုက်သည်။

ဂျိုရှာခန်ပါ ၁၀ နှင့် ရှာခန်ပါ ၁၀။

အယူခံတရားလိုအတွက်။ ။တရားရုံးချုပ်ရှေ့နေ မစ္စတာ ဂျီအင်ဘနာဂျီ။

အယူခံတရားခံ (၁) အတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးမောင်မောင် (၆)။
။ကျန်တရားပြိုင်များမလာ။

ရုံးသဟာယအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးကျော်မြင့်နှင့်အစိုးရတရားရုံးချုပ်ရှေ့နေ ဒေါ်မြသန်းနု။

တရားသူကြီး ဦးလှသင်း။ ။စွန်နီမူဆလင် လူမျိုးဖြစ်သူ မရှီဒီခန်ဆိုသူ တဦးသည် လွန်ခဲ့သည့် ၁၉၂၅ ခုနှစ်က သေဆုံးသွားရာ၊ ရန်ကုန်မြို့တွင်း၌ ပစ္စည်းအများကျန်ရစ်ခဲ့သည်။ ၎င်းမှာ သေတမ်းစာ တခုထားခဲ့ရာ၊ ယင်းသေတမ်းစာအရ၊ ၎င်း၏သားနှစ်ယောက်အား အမွေထိန်းများအဖြစ် ဆောင်ရွက်ရန် ခန့်ထားခဲ့သော်လည်း၊ သားတဦးမှာ ဘခင်သေဆုံးပြီး မကြာမီ သေဆုံးသွားခဲ့သဖြင့် ကျန် သားဖြစ်သူ တီလာမိုဟာမက်ခန် တဦးတည်းကသာ အမွေပစ္စည်းများကို ထိန်းသိမ်း ခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် ၎င်းမှာ သေဆုံးသွားသဖြင့် လျှောက်ထားခံရသူ အမှတ် (၁) နှင့် ၎င်း၏အမိ (သေသူ) မာရီယံဘီဘီတို့က ကွယ်လွန်သူ၏ သားနှင့် ဇနီးဖြစ်သည်ဆိုကာ ယခင် တရားလွှတ်တော် မူလဘက်ဌာနတွင် တရားမကြီးမှု အမှတ် ၄၂/၅၄ တွင် တီလာမိုဟာမက်အပေါ် အမွေကို ထိန်းသိမ်း အုပ်ချုပ်စီမံပေးရန် တရားစွဲဆိုခဲ့သည်။ အမှုအတောအတွင်း မာရီယံဘီဘီမှာ ကွယ်လွန်သွားခဲ့သည်။ တီလာမိုဟာမက်ခန်မှာလည်း ၁၉၅၈ ခု၊ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ကွယ်လွန်သွားပြန်ရာ၊ တီလာမိုဟာမက်ခန်၏ တရားဝင် ကိုယ်စားလှယ်များ အဖြစ် လျှောက်ထားခံရသူ အမှတ် (၂)မှ (၁၀) ထိတို့အား ထည့်သွင်းရန် လျှောက်ထားသော်လည်း ရုံးမှလက်မခံခဲ့သဖြင့်၊ အမှုမှာ ပြီးဆုံးသွားလေသည်။ သို့ရာတွင် တရားမအထွေထွေ အယူခံမှုအမှတ် ၂၈/၆၂ တွင် ဤရုံးမှ တီလာမိုဟာမက်ခန်၏ အမွေစား အမွေခံများနှင့် တရားဝင် ကိုယ်စားလှယ်များအား တရားပြိုင်များ အဖြစ် ထည့်သွင်းရန် အမိန့်ချမှတ်လိုက်လေသည်။

၁၉၆၇ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့တွင် ဤရုံးမူလဘက်ဌာနခွဲ (၁)။ **တရားသူကြီး**က မရှီဒီခန်၏ အမွေပစ္စည်းများကို စီမံအုပ်ချုပ်၍ စာရင်းရှင်း**လင်းပေးရန်** ပဏာမ ဒီဂရီချမှတ်လိုက်သည်။ ထိုဒီဂရီအရ ဒိုင်အရာရှိက အပြီးသ**တ်**

၁၉၇၂

ဂိုရှာခန်ပါ ၁၀ နှင့် ရှာခန်ပါ ၁၀။

ဒီဂရီချမှတ်ပေးနိုင်ရန် အတွက် သက်ဆိုင်သော ပစ္စည်းစာရင်း၊ ငွေစာရင်းများကို ရယူရန်လိုအပ်လာသည်။ သေသူ၏ ပစ္စည်းများနှင့် ပတ်သက်၍ စာရင်းကောက် ယူရာ၌ မည်သည့်နှစ်ကစတင်၍ ဆောင်ရွက်ရမည် ဆိုသော အချက်မှာ နှစ်ဘက် အငြင်းပွါးခဲ့သည်။ ဒိုင်အရာရှိက တီလာမိုဟာမက်ခန် သေဆုံးသည့် ၁၉၅၈ ခု၊ အောက်တိုဘာလ ၁၆ ရက်နေ့မှအစပြုပြီး စာရင်းများ တင်သွင်းရန် ညွှန်ကြား လိုက်သည်။ ထိုအမိန့်ကို မူလဘက်ဌာနခွဲ (၁) တရားသူကြီးထံ တင်ပြရာ၊ တရား သူကြီးက မရှိုဒီခန် သေဆုံးသည့် ၁၉၂၅ ခုနှစ်မှအစပြုပြီး စာရင်းများ တင်သွင်းရန် ညွှန်ကြားလိုက်ရာ၊ ထိုအမိန့်ကို မကျေနပ်သဖြင့် ပြည်ထောင်စု တရားစီရင်ရေး အက် ဥပဒေပုဒ်မ ၂၀ အရ အယူခံဝင်ရောက်ခြင်းဖြစ်သည်။

အယူခံမှုကို အယူခံခုံရုံးမှ ယခု တရားသူကြီးချုပ်နှင့် တရားသူကြီး ဦးသန်းအောင် တို့ကကြားနာခဲ့သည်။ ယခုအမှုမှာ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၂၀ အရ အယူခံဝင်ခြင်းဖြစ်ရာ၊ ထိုအယူခံဝင်သော အမိန့်မှာ အဆိုပါ ဥပဒေအရ အယူခံ ဝင်နိုင်ခွင့် မရှိကြောင်း အယူခံ တရားပြိုင် များ၏ တရားရုံးချုပ် ရှေ့နေ ဦးမောင်မောင် (၆) က လျှောက်ထားသည်။ အယူခံ တရားလိုများ၏ တရား ရုံးချုပ်ရှေ့နေ မစ္စတာ ဘနာဂျီကမူ အယူခံဝင်သော အမိန့်သည် ဒီဂရီမှုခင်းတွင် ချမှတ်သောအမိန့်ဖြစ်သဖြင့် ဒီဂရီဟူသော **စကား**ရပ်တွင် အကျုံးဝင်သော အမိန့်မျိုး ဖြစ်သောကြောင့် အယူခံဝင်ခွင့်ရှိသည်ဟု **လျှောက်**လဲခဲ့သည်။

ဟာဆန်မာမွတ် နှင့် မိုဟာမက်ဆာဒစ်ဘင်ဒါးနင်း(မ်) **အမှု** (၁) တွင် "ပဏာမဒီဂရီရေးဆွဲပြီးနောက် ဒိုင်ဝန် (မူလဘက်ဆိုင်ရာ **အတွင်းဝန်**) သို့ စာရင်း များယူရန် လွှဲအပ်လိုက်သည်။ ဒိုင်ဝန်က တရားလို **တရားပြိုင်** နှစ်ဦးစလုံးအား စာရင်းများတင်သွင်းရန် အမိန့်ချမှတ်လိုက်ပြီး တရားလွှတ်တော် နည်းဥပဒေများ အရ တရားလွှတ်တော်သို့ အမိန့် တောင်းသည်။ ထိုအခါ မူလ ပဏာမ ဒီဂရီကို ချမှတ်သည့် တရားဝန်ကြီးက ကြားနာပြီး တရားပြိုင်ကသာ စာရင်းများ တင်ရန် အမိန့်ချမှတ်လိုက်သည်။ ထိုအမိန့်ကို အယူခံဝင်ရာ၌ တရားလွှတ်တော်က ယင်း အမိန့်မှာ မူလဒီဂရီ သဘောမျိုး ဖြစ်သဖြင့် အယူခံဝင်နိုင်ခွင့် ရှိသည်ဟု ဆုံးဖြတ် ခဲ့သည်။ ထိုစီရင်ထုံးတွင် **ယိုအိမ်ဗျို နှင့် ဘိုင်စိန်ကုမ္ပဏီအမှု** (၂) ကို သုံးသပ်ထား သည်ကို မတွေ့ရ။ ထိုယိုအိမ်ဗျိုအမှုတွင် စာရင်းရှင်းရန် ပဏာမ ဒီဂရီချမှတ်ပြီး နောက် ဒိုင်**အရာရှိအား** ကော်မရှင်နာအဖြစ် ခန့်အပ်ခဲ့၍၊ မူလဘက် တရားသူကြီးက

(၁) ၁၉၆၂၊ မြန်မာ**ပြည်စီရင်ထုံး**၊ ၅၃၃ (၅၃၅)။

(၂) ရန်ကုန်စီရင်ထုံး၊ **အတွဲ** ၂၊ ၄၆၉။

၁၉၇၂ ကော်မရှင်နာ၏ ကြားဖြတ် ဆောင်ရွက်ချက်နှင့် ပတ်သက်ပြီး အမိန့်ချမှတ်ခဲ့သည်။

ဂိုရှာခန်ပါ ၁၀ နှင့် ရှာခန်ပါ ၁၀။

ထိုအမိန့်သည် စီရင်ချက်မဟုတ်ကြောင်း ဆုံးဖြတ်ထားသည်။

ထို့ပြင် **မစ္စတာ ကေ၊ စီ၊ ဒတ်(စ်) ပါ ၅ နှင့် အတွင်းရေးမှူးရာထူး ခန့်အပ်ရေး ကော်မီတီ ရှရီရှရီဒူကာဘာရီ ဟိန္ဒူဘုရားရှိခိုးကျောင်း ဂေါပကအဖွဲ့၊ ရန်ကုန်မြို့** အမှု (၃) ၌လည်း တရားမကျင့်ထုံးပုဒ်မ ၉၂ အရစွဲဆိုသော တရားမကြီးမှု၌အပြီးသတ် ဆုံးဖြတ်ချက်သည် ဒီဂရီဖြစ်၍ အယူခံဝင်နိုင်သည်။ ယင်းပုဒ်မ ၉၂ (၁) (ဆ)အရ၊ တရားရုံးက အတည်ပြုထားသော ဂေါပကဖွဲ့စည်းပုံ စည်းမျဉ်းအရ၊ ဂေါပကလူကြီး ရွေးကောက်ခြင်း၊ ခန့်အပ်ခြင်း စသည်တို့ကို အတည်ပြုရန် လျှောက်ထားရာ၌ ရုံးကချမှတ်သော အမိန့်သည် ဒီဂရီမဟုတ်၊ ဂေါပကစည်းမျဉ်းပါ စည်းကမ်းချက်နှင့် ဂေါပကအဖွဲ့၏ လုပ်ဆောင်ချက်တို့မှာ ကိုက်ညီခြင်းရှိမရှိ ဆုံးဖြတ်ချက် ချမှတ်ခြင်း သာဖြစ်သည်။ ယင်းဆုံးဖြတ်ချက်မှာ အယူခံ ဝင်ရောက်နိုင်သည်ဟု ပြဋ္ဌာန်းထားခြင်း မရှိဟု ဆုံးဖြတ်ခဲ့သည်၊ သို့ဖြစ်၍ ပထမအမှုနှင့် အခြားနှစ်မှုတို့တွင် ကွဲလွဲနေသည်ဟု ယူဆသဖြင့် အောက်ပါပြဿနာကို စုံညီခုံရုံးဖြင့် ဆုံးဖြတ်နိုင်ရန်အလို့ငှါ တရားသူကြီး ချုပ်ထံ တင်ဆက်ရာမှ စုံညီခုံရုံးဖြင့် ဆုံးဖြတ်ရန် ပေါ်ပေါက်လာခြင်းဖြစ်သည်။

ပြဿနာ

တရားရုံးက အမွေပစ္စည်းကို စီမံအုပ်ချုပ်၍ စာရင်းရှင်းလင်းပေးရန် ပဏာမ ဒီဂရီ ချမှတ်ပြီးနောက် အပြီးသတ်ဒီဂရီ ချမှတ်ခြင်းမပြုမီ မူလရုံးတွင် ဒိုင်အရာရှိရှေ့၌ အမှုသွားနေစဉ် တရားသူကြီး မူလဘက်ဌာနခွဲ (၁)၏ ဆုံးဖြတ်ချက်မှာ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၂၀ အရ၊ အယူခံဝင်နိုင်ခွင့် ရှိပါသလား။

ဤအမှုတွင် မူလဘက်ဌာနခွဲ (၁) တရားသူကြီးက မရှီဒီခန်၏ အမွေပစ္စည်းများကို စီမံအုပ်ချုပ်၍ စာရင်းရှင်းလင်းပေးရန် ပဏာမဒီဂရီ ချမှတ်လိုက်သည်။ ထိုဒီဂရီအရ၊ ဒိုင်ဝန်သည် သေသူ၏ပစ္စည်းများနှင့် ပတ်သက်၍ စာရင်းကောက်ယူရာ၌ တီလာမိုဟာ မက်ခန် သေဆုံးသည့်နေ့မှ အစပြုပြီး စာရင်းများတင်ရန် အမိန့်ချမှတ်ခဲ့၍ ထိုအမိန့်ကို တရားသူကြီးက ပယ်ဖျက်ပြီး မရှီဒီခန် သေဆုံးသည့်နေ့မှ အစပြုပြီး စာရင်းများ ကောက်ယူရန် အမိန့်ချမှတ်လိုက်ခြင်း ဖြစ်သည်။ အမှုတွင် ပထမ ပဏာမဒီဂရီ ချမှတ်ပြီးဖြစ်၍ အပြီးသတ်ဒီဂရီ မချမှတ်ရသေးပေ။ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၂၀ တွင် "မူလစီရင်ပိုင်ခွင့်အာဏာကို သုံးစွဲ၍ ချမှတ်လိုက်သည့် တရားရုံးချုပ် တရားသူကြီးတဦး၏ ဒီဂရီကို၊ သို့တည်းမဟုတ် တရားမကျင့်ထုံး ဥပဒေ

---

(၃) ၁၉၇၀၊ မြန်မာပြည်စီရင်ထုံး၊ ၁၉၅ (၂၀၆)။

၁၉၇၂

ဂိုရှာခန်ပါ ၁၀ နှင့် ရှာခန်ပါ ၁၀။

ပုဒ်မ ၁၀၄ အရ၊ အယူခံဝင်နိုင်သောအမိန့်ကို တရားရုံးချုပ်၌ အယူခံဝင်နိုင်ရမည်" ဟု ပြဋ္ဌာန်းထားသည်။ ယခု တရားသူကြီး၏အမိန့်မှာ စာရင်းများကောက်ယူရာ၌ မည်သည့်နှစ်ကစတင် ကောက်ယူရမည်ကို ဆုံးဖြတ်ထားခြင်းသာဖြစ်၍ အမှု၏ဒီဂရီ မဟုတ်သေးပေ။ စာရင်းများ ကောက်ယူပြီးမှ ဒီဂရီ ချမှတ်မည်ဖြစ်သည်။ သို့ဖြစ်၍ ထိုအမိန့်မှာ ဒီဂရီမဟုတ်ကြောင်း ထင်ရှား ပေါ်လွင်နေသည်။ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၀၄ အရ၊ အယူခံဝင်နိုင်သည့်အမိန့်လည်းမဟုတ်ပေ။ အပြီးသတ်ဒီဂရီ ချမှတ်ပြီး နောက်မှသာ အယူခံဝင်ရန်ရှိသည်။

သို့ဖြစ်သောကြောင့် ယခုပေါ်ပေါက်သည့် ပြဿနာတွင် တရားရုံးက အမွေပစ္စည်းကို စီမံအုပ်ချုပ်၍ စာရင်းရှင်းလင်းပေးရန် ပဏာမဒီဂရီ ချမှတ်ပြီးနောက် အပြီးသတ် ဒီဂရီ ချမှတ်ခြင်းမပြုမီ မူလရုံးတွင် ဒိုင်အရာရှိရှေ့၌ အမှုသွားနေစဉ်၊ တရားသူကြီး မူလဘက်ဌာနခွဲ (၁) ၏ ဆုံးဖြတ်ချက်မှာ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၂၀ အရ၊ အယူခံဝင်နိုင်ခွင့်မရှိဟု ဆုံးဖြတ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

အခွင့်ထူးအယူခံမှု

တရားသူကြီးချုပ် ဦးလှသင်း၊ တရားသူကြီး ဦးတင်အုံး နှင့် တရားသူကြီး ဦးသန်းအောင် တို့ရှေ့တွင်

† ၁၉၇၂
အောက်တိုဘာ
လ ၂၈ ရက်။

၁။ မောင်တင်ဦး ၂။ မအေးခင် ၃။ မောင်ပွ ၄။ မအမာ ၅။ မောင်ချစ်စိန် ၆။ မအေးရီ	နှင့်	၁။ ဦးမြသိး။ ၂။ ဒေါ်ခင်ခင်ရီ *။

လက်ရောက်ရလိုမှု—မရွှေမပြောင်းနိုင်သောပစ္စည်းလက်ရောက် ရလိုမှုစွဲသောအခါ၊ ကာလစည်းကမ်းသတ် ဥပဒေ အချက် ၁၄၂၊ သို့မဟုတ် ၁၄၄ နှင့် အကျုံးဝင်၊ မဝင်—ယင်းကိစ္စဆုံးဖြတ်ရာ၌ အခြေခံရမည့်မူများ။

ဆုံးဖြတ်ချက်။ ။တရားလိုက တရားပြိုင်လက်တွင်ရှိသော မရွှေမပြောင်းနိုင်သည့် ပစ္စည်းကို လက်ရောက်ရလိုမှု စွဲဆိုသောအခါ၊ ယင်းအမှုသည် အချက် ၁၄၂၊ သို့မဟုတ် အချက် ၁၄၄ နှင့် သက်ဆိုင်ခြင်းရှိသလားဟု ဆုံးဖြတ်ရာ၌၊ အောက်ပါမူများပေါ်တွင် အခြေခံရမည် ဖြစ်သည်။

၁။ အချက် ၁၄၄ သည် ကြွင်းကျန်သော (residuary) အချက်ဖြစ်သည်။ အချက် ၁၄၂ သည် အဘိအလင်း သီးခြားပြဋ္ဌာန်း ထားချက်ဖြစ်သည်။ အမှု တမှုသည် အချက် ၁၄၂ နှင့် အကျုံးမဝင်လျှင်၊ သို့မဟုတ် အချက် ၁၄၂ နှင့် သက်ဆိုင်ခြင်း မရှိလျှင်၊ အခင်းဖြစ် မရွှေမပြောင်းနိုင်သော ပစ္စည်း လက်ရောက်ရလိုမှုသည် အချက် ၁၄၄ နှင့်အကျုံးဝင်လေသည်။

၂။ တရားလိုသည် ပိုင်ရှင်အနေနှင့် ဖြစ်စေ၊ အခြားနည်းအရ ဖြစ်စေ လက်ရှိဖြစ်ခဲ့သော မရွှေမပြောင်းနိုင်သော ပစ္စည်းအပေါ်တွင်၊ တရားပြိုင်က ကျူးကျော်ဝင်ရောက်သဖြင့် တရားလိုကလက်မဲ့ဖြစ်ခဲ့လျှင်၊ သို့မဟုတ် တရားလိုကိုယ်တိုင်က ယင်း ပစ္စည်း

---

* ၁၉၇၁ ခုနှစ်၊ အခွင့်ထူး အယူခံမှုအမှတ် ၆ (အခွင့်ထူး အယူခံမှုအမှတ် ၇/၇၁၊ ၈/၇၁၊၉/၇၁၊ ၁၀/၇၁ နှင့် ၁၁/၇၁ တို့နှင့် ဆက်စပ်သည်)။

† ၁၉၆၈ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၃၃ တွင် ၁၉၆၈ ခုနှစ်၊ အောက်တိုဘာလ ၄ ရက် နေ့စွဲပါ နိုင်ငံတော် တရားရုံးချုပ် (အယူခံ) ရုံး၏ ချမှတ်သောအမိန့်ကို အခွင့်ထူး အယူခံဝင်မှု။

ကို လက်လွှတ်လိုက်လျှင်၊ ယင်းပစ္စည်းအတွက် လက်ရောက် ရလိုမှု စွဲခဲ့သော် ကာလစည်းကမ်းသတ် ဥပဒေ အချက် ၁၄၂ နှင့်သာ သက်ဆိုင်ခြင်းရှိမည် ဖြစ်သည်။

၃။ (က) တရားလိုသည် ပိုင်ဆိုင်မှုသာရှိ၍ မည်သည့်အခါတွင်မျှ လက်ရှိမဖြစ်ခဲ့ဘူးသော မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို လက်ရောက် ရလိုမှု စွဲခဲ့သော်၊ ကာလစည်းကမ်းသတ် ဥပဒေအချက် ၁၄၂ နှင့်အကျုံးဝင်မည် မဟုတ်ပေ။

(ခ) ထို့ပြင် တရားလိုက အငှါးချထားသဖြင့်၊ သို့မဟုတ် ခွင့်ပြုသဖြင့် မရွှေ့မပြောင်း နိုင်သော ပစ္စည်းတွင် ဝင်ရောက် နေထိုင်ပြီးနောက်မှ၊ တရားလို၏ ပိုင်ဆိုင်ခွင့်ကို ဆန့်ကျင်ဘက်ပြုပြီး နေထိုင်ဆောင်ရွက်ခဲ့သူထံမှ ပစ္စည်းကို လက်ရောက်ရလိုမှုစွဲခဲ့ သော်၊ အချက် ၁၄၂ နှင့်အကျုံးဝင်မည်မဟုတ်။

(ဂ) ထို့ပြင် တရားလိုသည် တကြိမ်တခါက မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို လက်ရှိ ဖြစ်ခဲ့ဘူးသော်လည်း၊ ယင်းပစ္စည်းကို လက်မလွှတ်ဘဲ ကွက်လပ် အဖြစ်ထားရှိပြီး လျစ်လျူရှု ထားသည့်အခါ၌၊တရားပြိုင်ကဝင်ရောက်ပြီး ပိုင်ရှင်ကို ဆန့်ကျင်ဘက် မပြုဘဲ နေထိုင် (Squatter)သည်၊ တရားပြိုင်ကနောက်ပိုင်းတွင် တရားလိုကို ဆန့်ကျင်ဘက်ပြု၍ လက်ရှိ ထားခဲ့ကြောင်း ပြုမူ ပြောလာသဖြင့်၊ တရားလိုက လက်ရောက် ရလိုမှု စွဲခဲ့သော် အချက် ၁၄၂ နှင့် အကျုံးဝင်မည်မဟုတ်။

၁၉၇၂

၁။ မောင်တွင်ဦး၊
၂။ မအေးခင်၊
၃။ မောင်ပု၊
၄။ မအမာ၊
၅။ မောင်ချစ်စိန်၊
၆။ မအေးရီ
နှင့်
၁။ ဦးမြသိန်း
၂။ ဒေါ်ခင်ခင်ရီ။

အယူခံတရားလိုအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးတိ၊ ပိ၊ ဝမ်း။

အယူခံတရားခံအတွက်။ ။တရားရုံးချုပ်ရှေ့နေ **ဦးထွန်းမောင်။**

တရားသူကြီးချုပ် ဦးလှသင်း။ ။ဤစီရင်ချက်သည် **အခွင့်ထူး အယူခံမှုများ** ဖြစ်သော အမှုအမှတ် ၇/၇၁၊ ဂ/၇၁၊ ၉/၇၁၊ ၁၀/၇၁၊ ၁၁/၇၁ **တို့နှင့်လည်း** သက်ဆိုင်သည်။

ဤအယူခံမှုများတွင် ဆုံးဖြတ်ရန် ဥပဒေ ပြဿနာမှာ တရားလိုတို့ စွဲဆိုသော အမှုများသည် ကာလစည်းကမ်းသတ် ဥပဒေအချက် ၁၄၂ နှင့် သက်ဆိုင်ခြင်း ရှိသလား၊ သို့မဟုတ် အချက် ၁၄၄ နှင့် သက်ဆိုင်ခြင်း ရှိသလားပင်ဖြစ်သည်။

အယူခံတရားပြိုင်တို့သည် မူလရုံးတွင် တရားလိုများ ဖြစ်ကြသည်။ အဆိုလွှာ တွင် တရားလိုတို့သည် အချင်းဖြစ် မြေကွက်ကို ပိုင်ကြောင်း၊ တရားပြိုင်တို့သည် ၁၉၆၀ ခု၊ ဧပြီလ ၆ ရက်နေ့မှစတင်၍ ပိုင်နက် ကျူးလွန်ပြီး မြေကွက်ပေါ်၌ ဝင်ရောက် အိမ်ဆောက်နေကြောင်း၊ အချင်းဖြစ် မြေမှ တရားပြိုင်များကို နှင်ထုတ်ပေး၍ မြေ ကွက်ကို တရားလိုအား လက်ရောက်အပ်ပေးရန် အဆိုလွှာတွင် ဖော်ပြထားသည်။ တရားလိုအနေနှင့် သက်သေခံရာ၌ ပြောပြသည်မှာ၊ မူလတရားလို ဦးအေးမောင်သည်

၁၉၇၂
၁။ မောင်တင်ဦး၊
၂။ မဒေ့ါခင်၊
၃။ မောင်ပွ၊
၄။ မအမာ၊
၅။ မောင်ချစ်စိန်၊
၆။ မအေးရီ နှင့်၊
၁။ ဦးမြသိး
၂။ ဒေါ်ခင်နင်ရီ ။

ကပ်လျက်ဖြစ်သော မြေကွက်တွင် နေထိုင်၍ အချင်းဖြစ် မြေပေါ်တွင် လှူစောင့်ထား ကြောင်း၊ တရားပြိုင်များ ၁၉၆၀ ခု၊ ဧပြီလ ၆ ရက်နေ့တွင် ဝင်ရောက်နေကြကြောင်း။ ကျူးကျော်ပြီး ဝင်ရောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ၁၉၆၀ ခု၊ ဧပြီလ ၆ ရက်နေ့ မတိုင်မီက တရားလိုထားသော ကျောင်းမှလွဲ၍ မည်သည့် အဆောက်အဦမျှ မရှိကြောင်း အစစ်ခံခဲ့သည်။

ကာလစည်းကမ်းသတ် ဥပဒေ အချက် ၁၄၂ နှင့် ၁၄၄ တို့မှာ အောက်ပါအတိုင်း ဖြစ်ကြသည်—

Description of suit	Period of limitation	Time from which period begins to run
142. For possession of immoveable property when the plaintiff, while in possession of the property, has been dispossessed or discontinued the possession.	Twelve years	The date of the dispossession or discontinuance.
x	x	x x
144. For possession of immoveable property or any interest therein not hereby otherwise special provided for.	Twelve years	When the possession of the defendant becomes adverse to the plaintiff.

မရွှေ့မပြောင်းနိုင်သော ပစ္စည်း လက်ရောက်ရလိုမှု စွဲဆိုသော အခါ၌ ကာလစည်းကမ်းသတ် ဥပဒေအချက် ၁၄၂ နှင့်အကျုံးဝင်သလား၊ သို့မဟုတ် အချက် ၁၄၄ နှင့် အကျုံးဝင်သလား ဟူသော ဥပဒေပြဿနာနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ၌ စီရင်ထုံးများ ရှိခဲ့သည်။ မောင်ရာကျော် နှင့် မငွေ (၁) အမှုစီရင်ထုံး၌ ဤသို့ အတိအလင်း ဆုံးဖြတ်ထား၏။

"If the plaintiffs claimed on the ground that they and their predecessors had been in possession but had been dispossessed or had discontinued possession, the period from which limitation ran was the date of dispossession or discontinuance, and the burden was on the plaintiffs to show that they or their predecessors in title had been in possession within 12 years from the date of suit: whereas if the plaintiffs did not base their claim upon the fact of themselves or their predecessors in title ever having been in possession,

(၁) အတွဲ ၂၊ အောက်မြန်မာပြည်စီရင်ထုံး၊ ၅၆ (၅၇)။

၁၉၇၂

၁။ မောင်တင်ဦး၊ ၂။ မအေးခင်၊ ၃။ မောင်ပွ၊ ၄။ မအာမာ၊ ၅။ မောင်ချစ်စိန်၊ ၆။ မအေးရီ နှင့် ၁။ ဦးမြသီး ၂။ ဒေါ်ခင်ခင်ရီ ။

but rested their claim upon title only, they would, be entitled to succeed, unless the defendant showed that she had held the land adversely for 12 years."

မလဲ နှင့် မမျှင် (၂) တို့အမှုစီရင်ထုံး၌ ဤသို့သုံးသပ်ထားသည်။

"Upon this he has held that the plaintiff's possession of the land discontinued in 1890, and that her present claim to partition and a share of the land is barred by the provisions of Article 142 of the Limitation Act. This makes the period of limitation (12 years) for a suit for possession of immoveable property, when the plaintiff while in possession of the property has been dispossessed or has discontinued possession, commence from the date of dispossession or discontinuance.

There is no question of dispossession in this case.

The only question is whether the plaintiff discontinued possession, and this is attended with difficulty because possession had all along continued with her co-owners, and has never passed to strangers."

မောင်အောင်လှ နှင့် မောင်တုံကြီး (၃) အမှုစီရင်ထုံး၌ ဤသို့သုံးသပ်ထား၏။

"The plaintiff has now appealed to this Court and it is contended that the District Judge erred in applying Article 142 of the Schedule of the Limitation Act, that Article 144 applies and therefore that on the plaintiff proving his title it was incumbent on the defendants to show that they had a possession inconsistent with the plaintiff's title for upwards of twelve years before the suit. This contention is correct. The plaintiff does not allege disposession. What he says is that in 1914, *i.e.* about three years after he had bought the land from Ma Nabu, a Land Records subordinate brought to his notice that part of the area shown on the *kwin* maps

---

(၂) အတွဲ ၅၊ အောက်မြန်မာပြည်စီရင်ထုံး၊ ၁၁၂ (၁၁၃)။

(၃) အတွဲ ၈၊ အောက်မြန်မာပြည်စီရင်ထုံး၊ ၂၆၄-၂၆၅။

၁၉၇၂

၁။ မောင်တင်ဦး၊
၂။ မအေးခင်၊
၃။ မောင်ပွ၊
၄။ မအမာ၊
၅။ မောင်ချစ်စိန်၊
၆။ မအေးရီ နှင့်
၁။ ဦးမြသီး
၂။ ဒေါ်ခင်ခင်ရီ ။

Ma Nabu's garden plot was occupied by the defendants. He therefore brought the suit. The case falls under Article 144 and not under Article 142.

အပ္ပန်ချာရန် နှင့် ကျော်စိမ (၄) အမှုစီရင်ထုံး၌ ဤသို့ဆုံးဖြတ်ထား၏။

"Both the lower Courts have held that the defendant-respondent did encroach on the plaintiff-appellant's lands to the extent sued for, by building on it. The main defence is, however, involved in the question whether Article 142 or 144, Limitation Act, applies. The plaintiff alleges that he was in possession when the encroachment took place in 1908 or 1909, and that he was thereby dispossessed of the land taken up. Following the ruling in *Mohima Chunder Mozoomdar* v. *Mohesh Chunder Neoghi* a Division Bench of this Court in *Moung Ya Gyaw* v. *Ma Ngwe* has held that if a plaintiff claims on the ground that he and his predecessors have been in possession but have been dispossessed or have discontinued possession, the period for which limitation runs is the date of dispossession or discontinuance and the burden is on the plaintiff to show that he or his predecessors-in-title have been in possession within 12 years of the date of suit. No other ruling of this Court contrary to that ruling has been cited before me. It must, therefore, be held that Article 142 applies and that the onus is upon the plaintiff to show that he was dispossessed within 12 years of the date of the suit, that is to say, that the defendant built her house within that period."

အမ်၊အေ၊အမ်၊မူသီးလားချစ်တီးနှင့် စိနာဗွီသေးဗါး (၅) အမှုစီရင်ထုံး၌ သုံးသပ်ထားသည်မှာ အောက်ပါအတိုင်းဖြစ်သည်။

"The plaintiff appellant a Chetty money lender brought this suit in 1916 to eject the defendants from a piece of paddy land measuring about eighteen acres. His case is that he brought the land in 1906 from one Sankaralingam, that he was in possession through his tenants from that time up to

---

(၄) အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၁ဝ၊ အောက်မြန်မာပြည်၊ ၁၃၁။
(၅) ၁၂၊ ဘီ၊ အယ်(လ်)၊ တီ၊ ၂၃၄။

၁၉၇၂

၁။ မောင်တင်ဦး၊
၂။ မအေးခင်၊
၃။ မောင်ပွ၊
၄။ မအမာ၊
၅။ မောင်ချစ်စိန်၊
၆။ မအေးရီ
နှင့်
၁။ ဦးမြသိး
၂။ ဒေါ်ခင်ခင်ရီ။

1910 when the defendants ousted him by turning out his tenant. The defendants denied that the plaintiff was ever in possession either personally or by a tenant."

* * * *

"The suit is clearly governed by Article 142 of the Limitation Act and it is a well established rule of law that in suits under this article the onus of proof lies on the plaintiff. He has to prove the dispossession which he alleges and that he was in possession within twelve years of the suit. Here the plaintiff has failed to prove that he or tenants of his were in possession at any time, and the allegation as to dispossession consequently falls to the ground. As the plaintiff failed to prove possession within twelve years of the suit which was essential to the maintenance of the suit, it was unnecessary to go into the question of the defendant's title at all."

မောင်ဖိုးခင် နှင့် မောင်ရွှေဘ (၆) အမှုစီရင်ထုံး၌ ဤသို့သုံးသပ်ထား၏။

"I do not see how article 142 which expressly refers to cases in which a plaintiff has been in possession of immoveable property and has been dispossessed or discontinued the possession can apply to a case in which the plaintiff has been in possession."

မမှဲ့နီ နှင့် မမွေးရန်ဦး (၇) အမှုစီရင်ထုံး၌ ဆုံးဖြတ်ထားသည်မှာ—

"The pleading are not good, but it seems clear what the the parties are really disputing about. The trial Court has found that these four pieces of land formed part of the grant which was originally given by the Deputy Commissioner to the plaintiff's predecessor-in-title. This is the finding with regard to issue 1; "Who is the owner of the lands in suit?" Issue 2 is not happily worded. It runs as follows: "Who has been in possession of them (the lands) and how

---

(၆) အတွဲ ၁၊ ရန်ကုန်စီရင်ထုံး၊ ၄၀၅။

(၇) အေ၊ အိုင်၊ အာ (ရ်)၊ ၁၉၃၃၊ ရန်ကုန်၊ ၄၈။

၁၉၇၂

၁။ မောင်တင်ဦး၊
၂။ မအေးခင်၊
၃။ မောင်ပွ၊
၄။ မအမာ၊
၅။ မောင်ချစ်စိန်၊
၆။ မအေးရီ

နှင့်

၁။ ဦးမြသိး
၂။ ဒေါ်ခင်ခင်ရီ။

long?" Both the lower Courts seem to have considered that the burden of proving adverse possession for twelve years lay upon the defendants, and as they hold that they have failed to prove adverse possession for twelve years, the plaintiff is bound to succeed on the strength of her original title This shows that lower Courts have considered that Article 144, Limitation Act, applies. Article 144 is a residuary article and applies to all suits for possession of immoveable property which have not been specifically provided for elsewhere in the schedule of the Limitation Act. In my opinion Article 142 does specifically apply and therefore Article 144 cannot be applied. Article 142 runs as follows:

> "For possession of immoveable property when the plaintiff, while in possession of the property, has been dispossessed or has discontinued the possession,"

and the limitation for suits of this nature is twelve years running from the date of dispossession or discontinuance. A perusal of the plaint shows clearly, in my opinion, that the plaintiff claims the legal title in the four pieces of land in disputes. She says that the defendants have entered upon these lands and interrupted her possession, that is to say, she has been dispossessed of these pieces of land, and to enable her to sue for recovery it is incumbent upon her to show not only that she has a good legal title but also that the date of dispossession is less than 12 years from the date of filing the suit."

မောင်ထွန်းမြအောင် နှင့် မအမြ (၁) အမှုစီရင်ထုံး၌ ဆုံးဖြတ်ထားသည်မှာ—

"In my opinion the whole question involved in this case is whether the suit falls under Article 142 or Article 144, Limitation Act. I have no doubt in my mind that this case falls under Article 142. The facts of this case are very much similar to the facts of the case in *U Maung Gyi* v. *Maung On Bwin* (1). In that case the plaintiff sued the defendants for possession of a certain piece of land. His case was that the land originally belonged to him and that about 10 years ago he

(၁) အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၃၃၊ ရန်ကုန်၊ ၄၁၃ (၄၁၆)။

၁၉၇၂

၁။ မောင်တင်ဦး၊
၂။ မအေးခင်၊
၃။ မောင်ပု၊
၄။ မအမာ၊
၅။ မောင်ချစ်စိန်၊
၆။ မအေးရီ
နှင့်
၁။ ဦးမြသိး
၂။ ဒေါ်ခင်ခင်ရီ။

allowed the defendants to occupy the land temporarily. The defendants denied the plaintiff's title and denied that they came into possession with his leave or license. They said that they had entered on the land 21 years ago and that they had been in peaceful uninterrupted possession ever since.

It was found as a fact that the plaintiff did acquire title to the land by purchase at a Court auction sale but that the defendants had been in possession for 15 years or more before the suit was brought. On these facts it was held that the suit fell under Article 142, Limitation Act and that the plaintiff must prove that the defendants occupied the land with his leave or license."

အဆိုပါ ဦးမောင်ကြီး နှင့် မောင်အုံးပွင့် (၉) အမှု၌ ဤသို့ဆုံးဖြတ်ထားၡ၏။

"If, in the present case, the plaintiff had proved the permissive occupation by the defendants, the burden would then clearly have rested on the defendants to show that they had acquired title by twelve years' adverse possession. But it has been found as a fact that the plaintiff has failed to prove this permissive occupation. All that has been proved is that the plaintiff at one time the owner, but for the last 15 or 20 years the defendants have been in possession, and it seems to me that the plaintiff's claim is that the defendants obtained possession from him. That being so, the suit was a suit under Article 142, and on his failing to prove the permissive nature of the occupation the plaintiff could not succeed without at first showing that he had been in possession within twelve years of bringing the suit."

ဦးချစ်ထွန်း နှင့် ဒေါ်ငွေသောင်း (၁၀) အမှု၌ ဤသို့ ရေးသားထား၏။

"......................တရားလိုအဖြစ် တရားစွဲဆိုသူသည်၊ အချင်းဖြစ်မြေကိုလက်ရှိ ထားစဉ်၊ အခြားသူတဦးက အတင်းဖယ်ရှားလျှင် သော်၎င်း၊ မိမိသဘောအတိုင်း ထိုလက်ရှိကို စွန့်လွှတ်လျှင်သော်၎င်း ပြန်လည် လက်ရောက်ရလိုမှု စွဲဆိုသည့် အခါ၌ အဆိုပါ အပိုဒ် ၁၄၂ အရ ဖယ်ရှားခြင်း ခံရသည့် နေ့၊

(၉) အတွဲ ၇၊ ရန်ကုန်စီရင်ထုံး၊ ၈၅ (၈၈)။
(၁၀) ၁၉၆၃၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၁၄၂ (၁၄၅)။

၁၉၇၂

၁။ မောင်တင်ဦး၊
၂။ မအေးခင်၊
၃။ မောင်ပွ၊
၄။ မအေမာ၊
၅။ မောင်ချစ်စိန်၊
၆။ မအေးရီ
နှင့်
၁။ ဦးမြသီး
၂။ ဒေါ်ခင်ခင်ရီ။

သို့တည်းမဟုတ် လက်ရှိစွန့်လွှတ်သည့်နေ့မှ ၁၂ နှစ်အတွင်း တရားစွဲဆိုရမည် ဖြစ်သည်။ ယင်းသို့မဟုတ်လျှင် တရားစွဲဆိုသူသည် အပိုဒ် ၁၄၄ အရ၊ သတ်မှတ်သည့် ကာလစည်းကမ်းသတ် အတွင်း တရားစွဲဆိုရမည် ဖြစ်သည်။ ထိုသို့ တရားစွဲဆိုရာ၌ မြေလက်ရှိရသူ တရားခံသည် တရားစွဲဆိုသူ တရားလိုအား စတင်၍ ဆန့်ကျင် လက်ရှိနေသည့်ရက်မှ ၁၂ နှစ်အတွင်း တရားစွဲဆိုရမည် ဖြစ်သည်။

ယခုအမှုများတွင် အယူခံ တရားလို ဦးချစ်ထွန်း ဖြစ်စေ၊ ယခင်က ပိုင်ဆိုင်**သူ** များဖြစ်စေ၊ တဦးတယောက်မျှ အချင်းဖြစ် မြေကွက်များပေါ်တွင် နေ**ထိုင်** ခဲ့ကြဟန် မတူ။ ထို့ကြောင့်ပင် ၎င်းတို့အား ယခုအယူခံ တရားခံများက အချင်းဖြစ် မြေကွက်များအပေါ်မှ ဖယ်ရှားခြင်း မပြုခဲ့ချေ။ ထိုပိုင်ရှင်များသ**ည်** မြေလက်ရှိကို စွန့်လွှတ်ခဲ့ကြသည်ဟုလည်း မဆိုနိုင်ပေ။ ထို့ကြောင့် အထ**က်** ဖော်ပြပါ ကာလ စည်းကမ်းသတ် အက်ဥပဒေ ပထမ ဇယားအပိုဒ် ၁၄၂ **တွင်** ဤအမှုများမှာ အကျုံးမဝင်နိုင်ပေ။"

အယူခံတရားပြိုင်ဘက်မှ ကိုးကားတင်ပြသော **ဒေါ်မယ်ရှင် နှင့် ဦးကာလိ** (၁၁) အမှုသည် အထက်ပါ ဦးချစ်ထွန်း အမှုစီရင်ထုံးကို မှီးပြီး ဆုံးဖြတ်ထားသော အမှု ဖြစ်သည်။ ယင်း အမှု အဖြစ်အပျက်မှာ အောက်ပါအတိုင်း ဖြစ်သည်—

"Maung Aung Sein, son of U Aung Gyaw said that he was a grandson (meaning grand nephew) of the plaintiffs and that when the plaintiffs who owned the suit land shifted to Taungyangyi village, he was in possession of the suit land together with his cousin U San Dun and Ma Mya Zai. When the Karen insurgents rose in arms against the Government he, U San Dun and Ma Mya Zai were interned by the Government. Later, when multi-coloured insurgents occupied Henzada town they were released from the custody. Subsequently, the defendant came and squatted on a portion of the suit land. He did not object to her presence and even collected from her a portion of the revenue which he had to pay on behalf of U Kali and Daw Baw U."

ထိုအချက်အလက်များအပေါ် မူတည်ပြီး ယင်းအမှုကို ဤသို့ ဆုံးဖြတ်ခဲ့၏။

"In the case now under consideration the plaintiffs never abandoned the suit land. It was left in charge of their

(၁၁) ၁၉၆၃၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၈၅၉ (၈၆၁)။ (၈၆၃)။

၁၉၇၂

၁။ မောင်တင်ဦး၊ ၂။ မအေးခင်၊ ၃။ မောင်ပု၊ ၄။ မအေမာ၊ ၅။ မောင်ဝင်းချစ်စိန်၊ ၆။ မအေးရီ နှင့် ၁။ ဦးမြသိန်း ၂။ ဒေါ်ခင်ခင်ရီ။

close relatives Aung Sein, Aung Gyaw and San Dun. Thereafter, when Aung Sein and San Dun were interned by the Government, the defendant took the opportunity of squatting on a portion of the suit land. Consequently, there was neither dispossession of the plaintiffs nor discontinuance of possession by them within the meaning of Article 142 of the Limitation Act."

ဦးအောင်သိန်း နှင့် ဒေါ်မမကြီး (၁၂) အမှု၌ ပေါ်ပေါက်သည့် အကြောင်းအချက်နှင့် ဆုံးဖြတ်ချက်ကိုမှာ အောက်ပါအတိုင်း ဖြစ်သည်—

"ဒေါ်မမကြီး အခင်းဖြစ် မြေပေါ်တွင် နေထိုင်စဉ် မကြည်က ဖယ်ရှားစေခြင်း ပြုသည်ဟုမဆိုချေ။ ဒေါ်မမကြီး ဒုတိယကမ္ဘာစစ်ကြီးအတွင်း စစ်ဘေးဒဏ်ကြောင့် အခင်းဖြစ်မြေပေါ် အိမ်ပျက်စီးရာတွင် အခြားသို့ သွားရောက်နေထိုင်ခဲ့ဟန် တူသည်။ ၎င်းသည် ထိုမြေကို စွန့်လွှတ်ခဲ့သည်ဟု မဆိုနိုင်ပေ။ အခြား စစ်ဘေးဒုက္ခသည်များနည်းတူ မလွှဲမရှောင်သာသဖြင့် မိမိတို့ ပိုင်နက်များမှ ယာယီသဘောဖြင့် ခွဲခွာပြီး အခြား သင့်တော်သော အရပ်ဒေသများ၌ နေထိုင်ခဲ့ဟန်တူသည်။ ထို့ကြောင့် ဤအမှုပါ အကြောင်းချင်းရာများသည် **ကာလစည်းကမ်းသတ် အက်ဥပဒေ၊ ပဋ္ဌမ ဇယားအပိုဒ် ၁၄၄ တွင်** အကျုံးဝင်သည်ဟု ယူဆရပေမည်။ **ဦးချစ်ထွန်း နှင့် ဒေါ်ငွေသောင်း** (၂) **တို့အမှုနှင့် ဦးကံ ပါ ၂ နှင့် ကာလချွန် ပါ ၂** (၃) **တို့အမှုတွင် ယခုကဲ့သို့သော အခြေအနေမျိုး၌** ကျူးကျော်ဝင်ရောက်သူများ အပေါ်တွင် **သက်သေပြရန် တာဝန်** ရှိကြောင်းနှင့် အဆုံးအဖြတ် ပြုခဲ့လေသည်။ ထိုမှတပါးလည်း မကြည်သည် မြေလွတ်တွေ့သဖြင့် ဝင်ရောက်နေထိုင်ခဲ့ဟန် တူသည်။ ဒေါ်မမကြီးအား ဆန့်ကျင်၍ အခင်းဖြစ်မြေကို လက်ရှိထားခဲ့ဟန် မတူချေ။

မပြန်ကြီး နှင့် ဦးရွှေကျွန်း (၁၃) အမှုစီရင်ထုံး၌ ဤသို့သုံးသပ်ထား၏။

"It has been argued that as Ma Pyan Gyi admits that twenty years ago U Shwe Kyun was the owner of this land, the burden of proof is on her to show that he is no longer the owner. The learned advocate for the respondent even argued that the presumption always is that where a man has once been the owner of land, he continues to be owner of the

(၁၂) ၁၉၆၄၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၂၆၉ (၂၇၁)။

(၁၃) အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၃၆၊ ရန်ကုန်၊ ၁၂၄။

၁၉၇၂

၁။ မောင်တင်ဦး၊
၂။ မအေးခင်၊
၃။ မောင်ပု၊
၄။ မအမဉ၊
၅။ မောင်ချစ်စိန်၊
၆။ မအေးရီ
နှင့်
၁။ ဦးမြသိုး
၂။ ဒေါ်ခင်ခင်ရီ။

land. I am entirely unable to accept this proposition. It is obvious that when a man sues for the possession of property, which is in the possession of another, he must show that he has a subsisting title to the property. One of the ways in which he can show that he has a subsisting title is to bring evidence to, show that he once owned the property, and that at the time he was unlawfully dispossessed he was still the owner of that property."

အထက်တွင် ဖေါ်ပြထားသော အမှုများ၌ မြန်မာနိုင်ငံရှိ တရားရုံးများက၊ ကာလစည်းကမ်းသတ် ဥပဒေ အချက် ၁၄၂ နှင့် အချက် ၁၄၄ တို့နှင့် ပတ်သက်၍ ဆင်ခြင်သုံးသပ်ပုံတို့ကို ထောက်ရှုဆင်ခြင်ခြင်းအားဖြင့် ကာလစည်းကမ်းသတ် ဥပဒေ အချက် ၁၄၂ နှင့် ၁၄၄ တို့တွင် ပါရှိသော စကားရပ်များအရဆိုလျှင် တရားလိုက တရားပြိုင်လက်တွင် ရှိသော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းကို လက်ရောက်ရလိုမှု စွဲဆိုသောအခါ ယင်းအမှုသည် အချက် ၁၄၂၊ သို့မဟုတ် အချက် ၁၄၄ နှင့် သက်ဆိုင်ခြင်း ရှိသလားဟု ဆုံးဖြတ်ရာ၌ အောက်ပါ မှုများပေါ်တွင် အခြေခံရမည်ဖြစ်သည်။

၁။ အချက် ၁၄၄ သည် ကြွင်းကျန်သော (Residuary) အချက် ဖြစ်သည်။ အချက် ၁၄၂ သည် အတိအလင်း သီးခြားပြဋ္ဌာန်းထားချက် ဖြစ်သည်။ အမှုတမှုသည် အချက် ၁၄၂ နှင့် အကျုံးမဝင်လျှင်၊ သို့မဟုတ် အချက် ၁၄၂ နှင့် သက်ဆိုင်ခြင်း မရှိလျှင်၊ အခင်းဖြစ် မရွှေ့မပြောင်းနိုင်သော ပစ္စည်း လက်ရောက်ရလိုမှုသည် အချက် ၁၄၄ နှင့် အကျုံးဝင်လေသည်။

၂။ တရားလိုသည် ပိုင်ရှင်အနေဖြင့်ဖြစ်စေ၊ အခြား နည်းအရ ဖြစ်စေ၊ လက်ရှိဖြစ်ခဲ့သော မရွှေ့မပြောင်းနိုင်သော ပစ္စည်း အပေါ်တွင်၊ တရားပြိုင်က ကျူးကျော်ဝင်ရောက်သဖြင့် တရားလိုက လက်မဲ့ဖြစ်ခဲ့ရလျှင်၊ သို့မဟုတ် တရားလိုကိုယ်တိုင်က ယင်းပစ္စည်းကို လက်လွှတ် လိုက်လျှင်၊ ယင်းပစ္စည်းအတွက် လက်ရောက်ရလိုမှု စွဲခဲ့သော် ကာလစည်းကမ်းသတ် ဥပဒေ အချက် ၁၄၂ နှင့်သာ သက်ဆိုင်ခြင်း ရှိမည်ဖြစ်သည်။

၃။ (က) တရားလိုသည် ပိုင်ဆိုင်မှုသာရှိ၍ မည်သည့်အခါတွင်မျှ လက်ရှိ မဖြစ်ခဲ့ဘူးသော မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို လက်ရောက်ရလိုမှု စွဲခဲ့သော် ကာလစည်းကမ်းသတ် ဥပဒေ အချက် ၁၄၂ နှင့် အကျုံးဝင်မည် မဟုတ်ပေ။

(ခ) ထို့ပြင် တရားလိုက အငှါးချထားသဖြင့်၊ သို့မဟုတ် ခွင့်ပြုသဖြင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းတွင် ဝင်ရောက်နေထိုင်နေပြီးနောက်မှ တရားလို၏ ပိုင်ဆိုင်ခွင့်ကို ဆန့်ကျင်ဘက်ပြုပြီး နေထိုင်ဆောင်ရွက်ခဲ့သူထံမှ ပစ္စည်းကို လက်ရောက်ရလိုမှု စွဲခဲ့သော် အချက် ၁၄၂ နှင့် အကျုံးဝင်မည် မဟုတ်။

(ဂ) ထို့ပြင် တရားလိုသည် တကြိမ်တခါက မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို လက်ရှိဖြစ်ခဲ့ဘူးသော်လည်း၊ ယင်းပစ္စည်းကို လက်မလွှတ်ဘဲ ကွက်လပ်အဖြစ် ထားရှိပြီး လျစ်လျူရှုထားသည့် အခါ၌ တရားပြိုင်က ဝင်ရောက်ပြီး ပိုင်ရှင်ကို ဆန့်ကျင်ဘက်မပြုဘဲနေထိုင် (Squatter) သည်။ တရားပြိုင်က နောက်ပိုင်းတွင် တရားလိုကို ဆန့်ကျင်ဘက်ပြု၍ လက်ရှိထားခဲ့ကြောင်း ပြုမူပြောဆိုလာသဖြင့် တရားလိုက လက်ရောက်ရလိုမှု စွဲခဲ့သော် အချက် ၁၄၂ နှင့် အကျုံးဝင်မည် မဟုတ်။

၁၉၇၂

၁။ မောင်တင်ဦး
၂။ မအေးခင်၊
၃။ မောင်ပု၊
၄။ မအမှာ၊
၅။ မောင်ချစ်စိန်၊
၆။ မအေးရီ
နှင့်
၁။ ဦးမြသီး
၂။ ဒေါ်ခင်ခင်ရီ။

ယခုအမှုတွင် တရားလို၏အဆိုလွှာနှင့် သက်သေခံချက်များ၌ပါရှိသော အဆိုပြုချက်တို့မှာ အောက်ပါအတိုင်းဖြစ်သည်။ တရားလိုသည် အခင်းဖြစ်မြေ၏ ပိုင်ရှင်ဖြစ်သည်။ အစိုးရထံမှအငှါးဂရံအရ အငှါးချထားခြင်း ခံရသူဖြစ်သည်။ ၁၉၅၉ ခုနှစ်တွင်အခင်းဖြစ်မြေပေါ်တွင် ကျောင်း အဆောက်အဦများမှ လွဲ၍အခြားအဆောက်အဦ တခုမျှမရှိပေ။ အခြားမည်သူတဦးတယောက်မျှလည်းမရှိပေ။ ကျောင်းမှာတရားလိုက ထားရှိသော ကျောင်းဖြစ်သည်။ မြေတကွက်လုံးသည်တရားလိုလက်တွင်ရှိသည်။ ထို့နောက် ၁၉၆၀ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့တွင် တရားပြိုင်များက ကျူးကျော်ဝင်ရောက်ပြီး အိမ်များဆောက်လုပ် နေထိုင်ခဲ့သည်ဟု အဆိုရှိသည်။ တရားပြိုင်တို့လက်တွင် ရောက်ရှိသွားသော အခင်းဖြစ်မြေကို တရားလိုက လက်ရှိရလိုမှုနှင့် တရားပြိုင်တို့ကို ဖယ်ရှားပေးရန် သက်သာခွင့်တောင်းသောအမှုဖြစ်သည်။ တရားလိုသည် ၁၉၃၉ ခုနှစ်တွင် အငှါးဂရံရရှိပြီးနောက် အခင်းဖြစ် မြေကွက်ကို လက်ရှိမရခဲ့ကြောင်း အဆိုပြုခြင်း မရှိပေ။ လက်ရှိ ရခဲ့ကြောင်းသာ အဆိုပြုထား၏။ တရားပြိုင်သည် တရားလို၏ ခွင့်ပြုချက်အရ အခင်းဖြစ် မြေကွက်ပေါ်တွင် ဝင်ရောက် နေထိုင်ခဲ့သည် ဟူ၍လည်း အဆိုပြုထားချက် မရှိပေ။ တရားပြိုင်သည် တရားလို၏ မြေပေါ်တွင် တရားလိုက မတားမြစ်ဘဲ အသာတကြည် ဝင်ရောက် နေထိုင်ခဲ့ကြောင်းနှင့် တရားလို၏ ပိုင်ဆိုင်မှုကို မဆန့်ကျင်ဘဲ နေထိုင်ခဲ့ခြင်း ဖြစ်သည်ဟူ၍လည်း အဆိုပြုထားချက် မရှိပေ။

ယခုအမှုတွင် တရားလို၏ အဆိုပြုချက်များနှင့် အကြောင်းအချက်များသည်၊ တရားလို (ဤရုံး၌ အယူခံတရားပြိုင်) ၏ တရားရုံးချုပ် ရှေ့နေကြီး တင်ပြကိုးကား

၁၉၇၂

၁။ မောင်တင်ဦး၊
၂။ မအေးခင်၊
၃။ မောင်ပွ၊
၄။ မအမာ၊
၅။ မောင်ချစ်စိန်၊
၆။ မအေးရီ
နှင့်
၁။ ဦးမြသိန်း
၂။ ဒေါ်ခင်ခင်ရီ။

သွားသော **ဒေါ်မယ်ရှင် နှင့် ဦးကာလိ** (၁၁) အမှုနှင့် အကြောင်းခြင်းရာနှင့် အဆိုပြုချက်ချင်း မတူသည်မှာ ယင်းအမှု၌ မြေခယူခြင်းရှိခဲ့သဖြင့် ပိုင်ရှင်လက်မဲ့ မဖြစ်ခဲ့ပေ။ **ဦးချစ်ထွန်း နှင့် ဒေါ်ငွေသောင်း** (၁၁) အမှုမှာကဲ့သို့ ပိုင်ရှင်က ပစ္စည်းလက်ရှိမထားခြင်း၊ ဝင်ရောက်နေထိုင်သူထံမှ မြေခယူခြင်းမရှိပေ။ **ဦးအောင်သိန်း နှင့် ဒေါ်မမကြီး** (၁၂) အမှု၌မူ၊ ပိုင်ရှင်ကို ဆန့်ကျင်၍ လက်ရှိထားခြင်း မဟုတ်ဟု ဆုံးဖြတ်ထား၏။

ယခုအမှုတွင်၊ အဆို၊ အချေနှင့် သက်သေခံချက်များအရ ပေါ်ပေါက်သော အကြောင်းအချက်၊ အဆိုပြုထားချက်နှင့် ငြင်းချက်တို့ကို ထောက်ရှုခြင်းအားဖြင့် ပေါ်လွင်ထင်ရှားသော အချက်မှာ ယခုအမှု မူလရုံး တရားလိုသည် မြေငှားခရရှိခဲ့သော ပိုင်ရှင်အနေနှင့် အခင်းဖြစ် မြေကို လက်ရှိထားခဲ့ရာမှ တရားပြိုင်က ကျူးကျော် ဝင်ရောက်နေထိုင်ပြီး တရားလိုက လက်မဲ့ဖြစ်သွားခဲ့သည့်အတွက်၊ တရားလိုက တရားပြိုင်ကို အချင်းဖြစ်မြေမှ ဖယ်ရှား၍ လက်ရောက်ရလိုမှု စွဲဆိုခြင်း ဖြစ်သည်ဟူသော အချက်ပင် ဖြစ်သည်။ ထို့ကြောင့် ဤအမှုသည် ကာလစည်းကမ်းသတ် ဥပဒေ အချက် ၁၄၂ နှင့် အကျုံးဝင် သက်ဆိုင်မှု ရှိသည်ဟု ကျွန်ုပ်ဘို့ ယူဆသည်။

ကာလစည်းကမ်းသတ် အချက် ၁၄၂ နှင့် သက်ဆိုင်မှုရှိသော အမှုများ၌ အမှုစွဲဆိုခြင်း မပြုမီ ၁၂ နှစ်ကာလအတွင်း တချိန်ခန့်က၊ တရားလိုသည် အခင်းဖြစ်မြေကို လက်ရှိဖြစ်ခဲ့ကြောင်း ထင်ရှားစေအောင် သက်သေခံ အထောက်အထား တင်ပြရန် တရားလိုအပေါ်၌ တာဝန်ရှိသည်။ **အမ်၊အော၊အမ်၊မူသီးယားချစ်တီး နှင့် စိ၊နာဒ္ဒိသေးဗါး** (၅) အမှုစီရင်ထုံး၌ ဤသို့ အတိအလင်း ဆုံးဖြတ်ထားသည်ကို တွေ့ရ၏။ (ဖေါ်ပြပြီး)။ ထို့ပြင် **မောင်ရာကျော်နှင့် မငွေ** (၁) အမှုနှင့် **ဦးမောင်ကြီးနှင့် မောင်အုံးပွင့်** (၉) အမှုတို့တွင်လည်း အလားတူ ဆုံးဖြတ်ထားသည်။

ယခုအမှု၌ တရားလိုဘက်မှ တရားပြိုင်များသည် တရားလိုအဆိုပြုထားသည့်အတိုင်း ၁၉၆၀ ခု၊ ဧပြီလ ၆ ရက်နေ့က အခင်းဖြစ် မြေပေါ် ဝင်ရောက်ကျူးကျော်ပြီး အိမ်ဆောက်နေထိုင်ခဲ့ကြောင်းနှင့် ထို ၁၉၆၀ ခု၊ ဧပြီလ ၆ ရက်နေ့အထိ တရားလိုသည် အခင်းဖြစ်မြေကို လက်ရှိဖြစ်ခဲ့ကြောင်း တို့ကို ထင်ရှားစေရန် ခိုင်မာလုံလောက်သော သက်သေခံ အထောက်အထား တင်ပြခြင်း၊ တင်သွင်းထားခြင်း မရှိပေ။ ၁၉၆၀ ခု၊ ဧပြီလ ၆ ရက်နေ့အထိ တရားလိုသည် အခင်းဖြစ်မြေကို လက်ရှိဖြစ်ခဲ့ကြောင်း သက်သေခံချက်များအရ ပေါ်လွင်ခြင်း မရှိပေ။ ထို့ကြောင့် တရားလို **စွဲဆိုထားသော** အမှုများသည် ကာလစည်းကမ်းသတ် ကျော်လွန်နေပြီဖြစ်သောကြောင့် **အမှုများကို ပယ်ရမည်** ဖြစ်သည်။ ကာလစည်းကမ်းသတ် ဥပဒေ ပုဒ်မ ၃ ကိုကြည့်ပါ။

သို့သော် မူလရုံး တရားပြိုင်များသည် အခင်းဖြစ် မြေကွက်များ၏ ပိုင်ရှင်ဖြစ်မလာပေ။ ကာလစည်းကမ်းသတ် ဥပဒေ ပုဒ်မ ၂၈ သည် ဤအမှုများနှင့် သက်ဆိုင်မှုမရှိပေ။ မြေသည် အစိုးရ (အိုးအိမ်ကော်ပိုရေးရှင်း) မြေဖြစ်သည်။ အစိုးရက သော်လည်းကောင်း၊ အိုးအိမ်ကော်ပိုရေးရှင်းက သော်လည်းကောင်း လိုအပ်သလို အရေးယူနိုင်မည် ဖြစ်သည်။ မြေငှါးဖြစ်သူ မူလရုံး တရားလိုကသာလျှင် လက်ရောက်ရလိုမှု မစွဲဆိုနိုင်တော့ခြင်း ဖြစ်သည်။ **မောင်အေးဖေ နှင့် ပြည်သူ့ အိုးအိမ်အဖွဲ့** (၁၄) အမှု၌ ဆုံးဖြတ်ထားသည်မှာ ရန်ကုန်မြို့အတွင်းရှိ မြေငှါးဖြစ်သော မြေအကွက်များကို ဆန့်ကျင် လက်ရှိထားကာမျှဖြင့် ပိုင်ရှင်ဖြစ်မလာနိုင်ပေ။ ယင်းစီရင်ထုံး၌ ဤသို့သုံးသပ်ထား၏။

> "It is common ground that the Board docs not claim any title whatsoever to the house standing on the land except its right to proceed against it for recovery of the rents due in respect of the land. On the other hand, the applicants as persons in possession can hold it against all the world except the true owner. It must therfore be said that as against the Board the applicants are entitled to the house subject to the right of the Board for recovery of the arrears of the rent due on the land."

သို့ဖြစ်ရကား၊ အခွင့်ထူးအယူခံမှုများ ဖြစ်သော အမှုအမှတ် ၆/၇၁၊ ၇/၇၁၊ ၈/၇၁၊ ၉/၇၁၊ ၁၀/၇၁၊ နှင့် ၁၁/၇၁ တို့ကို စရိတ်နှင့်တကွ ခွင့်ပြု၍၊ အယူခံရုံး စီရင်ချက်နှင့် အမိန့်များကို ပယ်ဖျက်ပြီးလျှင်၊ မူလရုံးတွင် စွဲဆိုထားသော သက်ဆိုင်ရာမူလမှု အသီးသီးကို စရိတ်နှင့် ပယ်လိုက်သည်။

(၁၄) ၁၉၅၈၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၂၂ (၂၅) (တရားလွှတ်တော်ချုပ်)။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှုများ

† ၁၉၇၂
မေလ ၂၂ ရက်

တရားသူကြီးဦးသက်ဖေ နှင့် တရားသူကြီးဦးတင်အုံး တို့ရှေ့တွင်

၁။ ဦးသန်းအောင်
၂။ ဦးစိုးမောင်
} နှင့် { ပြည်ထောင်စုမြန်မာနိုင်ငံ *
(မောင်သောင်းစိန်)

ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၅၃ (၂)—ယင်းပုဒ်မအရ ရာဇဝတ်တရားသူကြီးသည် တရားလိုပြသက်သေ အားလုံးကို စစ်ဆေးခြင်း မပြုရသေးစေကာမူ တရားခံအပေါ် စွပ်စွဲချက်မှာ အခြေအမြစ် မရှိဟုယူဆလျှင် တရားခံအားတရားမှုင်လွှတ်နိုင်ခြင်း—ရည်ရွယ်ချက်မှာ အရေးကြီးသော သက်သေအားလုံးကို စစ်ပြီးနောက် တိုက်ရိုက်မပတ်သက်သော အရေးမကြီးသည့် သက်သေ များကို စစ်ဆေးခြင်းမပြုရသေးသော်လည်း၊ တရားခံအား မလိုအပ်ဘဲ ချုပ်နှောင်ထားခြင်း၊ စွပ်စွဲထားခြင်း မဖြစ်ရအောင် တရားရှင်လွှတ်ခြင်းဖြစ်သည်။

ဆုံးဖြတ်ချက်။ ။ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၅၃ (၂)အရ၊ ရာဇဝတ်တရားသကြီး၊ သို့မဟုတ် အထူးတရားသူကြီးသည် တရားလိုပြသက်သေ အားလုံးကို စစ်ဆေးခြင်းမပြုရသေး စေကာမူ၊ တရားခံအပေါ် ပြုလုပ်ထားသည့် စွပ်စွဲချက်မှာ အခြေအမြစ်မရှိဟု ယူဆလျှင် အကျိုးအကြောင်း ဖော်ပြပြီး တရားခံအားတရားရှင်လွှတ်နိုင်စေသည်။ ရည်ရွယ်ချက်မှာ အရေးကြီးသည့် သက်သေ အားလုံးကို စစ်ဆေးပြီးနောက် တရားခံသည် ပြစ်မှုကျူးလွန်ကြောင်း မပေါ်ပေါက်လျှင် ပြစ်မှုကျူး လွန်ခြင်းနှင့် တိုက်ရိုက် မပတ်သက်သော အရေးမကြီးသည့် သက်သေများကို စစ်ဆေးခြင်း မပြုရ သေးသော်လည်း တရားခံအား မလိုအပ်ဘဲ ချုပ်နှောင်ထားခြင်း၊ စွပ်စွဲထားခြင်း မဖြစ်ရအောင် တရားရှင်လွှတ်ခြင်းဖြစ်သည်။

ပြင် ဆင် ရန် လျှောက် ထား သူ အတွက်။ ။တရားရုံးချုပ် ရှေ့နေ ဒေါက်တာ မောင်မောင်ကျော်။

ပြင်ဆင်ရန်လျှောက်ထားခံရသူ အတွက်။ ။တရားရုံးချုပ် ရှေ့နေ ဦးချို။ အစိုးရတရားရုံးချုပ်ရှေ့နေ ဦးမြရှိန်၊

---

* ၁၉၇၁ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၃၇ (ခ)။

† ၁၉၇၁ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၃ (က) တွင် ချမှတ်သော ၁၉၇၁ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက် နေ့စွဲပါ ရန်ကုန်မြို့၊ ဟံသာဝတီနှင့် ရန်ကုန်ခရိုင်၊ အထူး (စက်ရှင်) တရားသူကြီး၏ အမိန့်ပြင်ဆင်ရန် လျှောက်ထားမှု။

၁၉၇၂

၁။ ဦးသန်းအောင်
၂။ ဦးစိုးမောင်နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံ
(မောင်သောင်းစိန်)။

တရားသူကြီး ဦးသက်ဖေ။ ။လျှောက်ထားခံရသူ မောင်သောင်းစိန်သည်၊ ဇနီးဖြစ်သူ မကျင်နုအား ဝါးချွန်ဖြင့် ထိုးသတ်ခဲ့သည်ဟု ဆိုကာ ဟံသာဝတီခရိုင်၊ ပထမအထူးတရားသူကြီးရုံးတွင် လူသတ်မှုဖြင့် ရဲအဖွဲ့မှ တရားစွဲဆိုရာ၊ တရားလိုပြသက်သေအချို့ကို စစ်ဆေးပြီးနောက် အထူး တရားသူကြီးက မောင်သောင်းစိန်အား တရားရှင်လွှတ်လိုက်သည်။

ထိုကဲ့သို့ တရားရှင် လွှတ်လိုက်သည့် အမိန့်ကို သေသူ မကျင်နု၏ ဘခင်အရင်း ဦးသန်းအောင်နှင့် မွေးစားဘခင် ဦးစိုးမောင်တို့က မကျေနပ်သဖြင့် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၃၆ အရ၊ ဤပြင်ဆင်မှုကို လျှောက်ထားကြခြင်း ဖြစ်သည်။

မောင်သောင်းစိန်၏ ရှေ့နေဦးချေါက တရားရှင်လွှတ်သည့် အမိန့်ကို မကျေနပ်သဖြင့်၊ လျှောက်ထားသူတို့သည် နိုင်ငံတော် အစိုးရထံသို့ တိုင်စာပေးပို့ခဲ့ပြီးဖြစ်ရာ၊ ထိုတိုင်စာ အပေါ် ဆက်လက် အရေးယူသင့်မသင့်ဆိုသော ကိစ္စကို နိုင်ငံတော် အစိုးရကသာ ဆောင်ရွက်သင့်ပါသည်။ လျှောက်ထားသူတို့က ဤပြင်ဆင်မှုတင်သွင်းလာခြင်းကို လက်မခံသင့်ပါဟု တင်ပြသွားသည်။

တရားရှင်လွှတ်သည့် အမိန့်ကို မည်သည့်အခါတွင် ဝင်ရောက်ဖက်စွက်ရမည်ဟု ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၃၆ တွင် ပြဋ္ဌာန်းထားသည်။ ထိုပြဋ္ဌာန်းချက်တွင် နိုင်ငံတော်အစိုးရက အရေးယူဆောင်ရွက်ရမည်။ နစ်နာသူက အရေးယူဆောင်ရွက်ခြင်း မပြုနိုင်ဟု တားမြစ်ထားခြင်း မရှိသဖြင့် ဤပြင်ဆင်မှုကို လက်ခံကြားနာနိုင်ကြောင်း ယုံမှားဘွယ်မရှိ။

လျှောက်ထားသူတို့၏ ရှေ့နေ ဒေါက်တာ မောင်မောင်ကျော်ကမူလရုံးတွင် တရားလိုပြသက်သေ ၁၉ ယောက် စာရင်း တင်ပြခဲ့သော်လည်း၊ အစိုးရရှေ့နေက သက်သေ ၆ ယောက်ကိုသာ စစ်ဆေးခဲ့ပါသည်။ ထိုသက်သေ ၆ ယောက် အနက် (လိုပြ-၁) ဦးအောင်သန်းနှင့် (လိုပြ-၂) မောင်မုန်းတို့သည် လျှောက်ထားခံရသူ၏ ဘခင်နှင့် ဦးလေးများဖြစ်ကြပါသည်။ (လိုပြ-၃) ဦးတင်လှနှင့် (လိုပြ-၅) မောင်ကျော်စိန်တို့မှာ ရဲအရာရှိများ ဖြစ်ကြပါသည်။ (လိုပြ-၆) ဒေါက်တာ ပဂ္ဂိအုန်းမှာ ဆရာဝန်ဖြစ်ပါသည်။ ကျန်သက်သေ ၁၃ ဦး အနက် လွတ်လပ်သော သက်သေ အများအပြားရှိပါလျက် အကျိုးအကြောင်း တစုံတရာ မဖေါ်ပြဘဲ ထိုသက်သေများအား စစ်ဆေးခြင်းမပြုဘဲ ပယ်ခဲ့ခြင်းသည် မူလရုံး တရားသူကြီး အနေဖြင့်၎င်း၊ အစိုးရရှေ့နေအနေဖြင့်၎င်း အမှန်တရားကို ရှာဖွေရာ၌ ဆောင်ရွက်ရမည့် တာဝန်ကို ပျက်ကွက်ခဲ့ပါသည်။ မူလရုံးအမှုတွဲတွင် တင်ထားသည့် သက်သေခံ (င) ပထမသတင်းချက်၌ မောင်သောင်းစိန်သည် ရုပ်ရှာလူကြီးများရှေ့တွင် မိမိ၏ ဇနီးကို ဝါးချွန်ဖြင့် ထိုးမိပါသည်ဟု ဝန်ခံ

၁၉၇၂ ၁။ ဦးသန်းအောင် ၂။ ဦးစိုးမောင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (မောင်သောင်းစိန်)။

ကြောင်း ဖေါ်ပြထားသဖြင့်၊ ထိုအချက်ကို စုံစမ်းစစ်ဆေးခြင်း မပြုဘဲ တရားခံအား တရားရှင်လွှတ်ခြင်းသည် တရားမျှတမှု ဆိတ်သုန်းရာ ရောက်ပါသည်ဟု တင်ပြသွားသည်။

မောင်သောင်းစိန်အပေါ် စွပ်စွဲထားသည့် အမှု၏ အကျိုးအကြောင်းနှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့ဝေဖန်ခြင်း မပြုလိုပေ။ ယခုချမှတ်မည့် အမိန့်အရ၊ တစုံတရာ ဝေဖန်ခြင်း မပြုသင့်ပေ။

ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၂၅၃ (၂) အရ၊ ရာဇဝတ် တရားသူကြီး၊ သို့မဟုတ် အထူးတရားသူကြီးသည် တရားလိုပြသက်သေအားလုံးကို စစ်ဆေးခြင်းမပြုရသေးစေကာမူ တရားခံ အပေါ် ပြုလုပ်ထားသည့် စွပ်စွဲချက်မှာ အခြေအမြစ်မရှိဟု ယူဆလျှင် အကျိုးအကြောင်းဖေါ်ပြပြီး တရားခံအား တရားရှင်လွှတ်နိုင်ပေမည်။ ရည်ရွယ်ချက်မှာ အရေးကြီးသည့် သက်သေအားလုံးကို စစ်ဆေးပြီးနောက် တရားခံသည် ပြစ်မှုကျူးလွန်ကြောင်း မပေါ်ပေါက်လျှင် ပြစ်မှုကျူးလွန်ခြင်းနှင့် တိုက်ရိုက် မပတ်သက်သော အရေးမကြီးသည့် သက်သေများကို စစ်ဆေးခြင်း မပြုရသေးသော်လည်း၊ တရားခံအားမလိုအပ်ဘဲ ချုပ်နှောင်ထားခြင်း၊ စွပ်စွဲထားခြင်း မဖြစ်ရအောင် တရားရှင်လွှတ်ခြင်းဖြစ်သည်။

ယခုအမှုတွင် သက်သေစာရင်းအရ၊ တရားလိုသက်သေ စုစုပေါင်း ၁၉ ယောက်ရှိသည်။ မူလရုံးတွင် အစိုးရရှေ့နေသည် သက်သေ ၆ ယောက်ကို စစ်ဆေးပြီးနောက် ကျန်သက်သေ ၁၃ ယောက်ကို မစစ်ဆေးဘဲ ပယ်ကာ အမှုပိတ်ခဲ့သည်။ ထိုသက်သေများအား မည်သည့် အကြောင်းကြောင့် မစစ်ဆေးဘဲ ပယ်ရပါသည်ဟု အကြောင်းပြထားသည်ကို မတွေ့ရချေ။ မူလရုံး တရားသူကြီး၏ စီရင်ချက်တွင် လည်း ထိုအချက်နှင့် စပ်လျဉ်း၍ တစုံတရာ ဝေဖန်ထားသည်ကို မတွေ့ရပေ။

ထို့ပြင်၊ မူလရုံးမှ သက်သေခံ (င)အဖြစ် လက်ခံထားသော ပထမသတင်းချက်တွင် တရားခံသည် ရပ်ရွာလူကြီးများအား မကျင်နုကို ဝါးချွန်ဖြင့် ထိုးမိကြောင်း ဝန်ခံခဲ့သည်ဟု ဖေါ်ပြထားရာ၊ ထိုဖေါ်ပြချက်သည် ဟုတ်မှန်ခြင်း ရှိမရှိ ဆိုသော အချက်ကို စုံစမ်းစစ်ဆေးသင့်ပေသည်။ မောင်သောင်းစိန်၏ ရှေ့နေ ဦးချေါ်က၊ ထိုဝန်ခံချက်မှာ ရဲအရာရှိရှေ့တွင် ပြုလုပ်သော ဝန်ခံချက်ဖြစ်၍ သက်သေခံ မဝင်ပါဟု ဆိုသည်။ မောင်သောင်းစိန်သည်၊ ယင်းဝန်ခံချက်ကိုပြုခဲ့ပါသည်ဆိုသော အချက်အလက်သာမက၊ ပြုလျှင်လည်း ရဲအရာရှိရှေ့တွင် ဖြစ်ပါသည်ဆိုသော အချက်အလက်မှာ သက်သေထွက်ချက် မရှိသေးသဖြင့် မည်သို့မျှ ဝေဖန်ခြင်းငှါ မပြုနိုင်သေးပေ။ ဝန်ခံချက် ရှိမရှိ၊ ရှိလျှင်လည်း သက်သေခံ ဝင်မဝင်ဆိုသော ပြဿနာမှာ မူလရုံးက စစ်ဆေးဆုံးဖြတ်ရမည့် ပြဿနာသာဖြစ်ပေသည်။

၁၉၇၂ — ၁။ ဦးသန်းအောင် ၂။ ဦးစိုးမောင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (မောင်သောင်းစိန်)။

တရားရုံးများ၏ အဓိက တာဝန်သည် အမှန်တရားကို ဖေါ်ထုတ်ရှာဖွေရန်ဖြစ်သည်။ ရှေ့နေများက တင်ပြသည့် အချက်အလက်ပေါ်တွင်သာ မူတည်၍ ဒိုင်လူကြီးအနေဖြင့် ဆုံးဖြတ်ရန် မဟုတ်ဘဲ၊ အမှန်တရားပေါ်ပေါက်အောင် လိုအပ်သည့် သက်သေ အထောက်အထားများကို စစ်ဆေးကြားနာရန် လိုသည်ဟု ဤရုံးမှ မကြာခဏ မှတ်ချက်ပြုခဲ့ပြီး ဖြစ်သည်။ ယခုအမှုတွင် မူလရုံးသည်၊ ထိုအချက်ကို လိုက်နာရန် ပျက်ကွက်ခဲ့ကြောင်း ထင်ရှားသည်။

တရားရှင်လွှတ်သောအမိန့်ကို အကြောင်းထူးမရှိဘဲ၊ ဤရုံးမှ ဝင်ရောက်စွက်ဖက်လေ့မရှိပေ။ သို့ရာတွင် ယခုအမှု၌မူ တရားလိုပြသက်သေ ၁၉ ယောက်အနက်၊ ၆ ယောက်ကိုသာ စစ်ဆေးပြီး ကျန် ၁၃ ယောက်ကို အကျိုးအကြောင်း တစုံတရာ ဖေါ်ပြခြင်း မရှိဘဲ ပယ်ခဲ့သဖြင့် ဝင်ရောက်စွက်ဖက်ရန် အကြောင်းထူးရှိသည်ဟု ဆိုရမည်ဖြစ်သည်။

အထက်ပါ အကြောင်းများကြောင့်၊ လျှောက်ထားခံရသူ မောင်သောင်းစိန်အား၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၂ အရ၊ စွပ်စွဲထားသော အမှုတွင် တရားရှင် လွှတ်ခဲ့သည့် ဟံသာဝတီ၊ ပထမ အထူး (စက်ရှင်) တရားသူကြီး၏ အမိန့်ကို ပယ်ဖျက်လိုက်ပြီး ၎င်းအား စွပ်စွဲထားသော ပြစ်မှုဖြင့် အသစ်တဖန် ပြန်လည် စစ်ဆေးရန် ဟံသာဝတီ အထူး (ရာဘက် စက်ရှင်) တရားသူကြီးထံသို့ ပေးပို့လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှုများ

တရားသူကြီးဦးသက်ဖေနှင့် တရားသူကြီး ဦးသန်းအောင်တို့ရှေ့တွင်

ဦးအောင်ကြီး
ကြီးကြပ်ရေးမှူး၊ ပြည်သူ့ရဲတပ်ဖွဲ့
ကျောက်ဖြူမြို့
} နှင့် {
ပြည်ထောင်စုမြန်မာနိုင်ငံ
(ကျောက်ဖြူမြို့၊
ရာဘက်စက်ရှင်) *

† ၁၉၅၂
မေလ ၁၅ ရက်၊

ကျင့်ထုံးနှင့် စပ်လျဉ်းသည့် မပြုမနေရ သဘောသက်ရောက်သော ဥပဒေပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်ခြင်း—တရားမျှတမှု ဆိတ်သုန်းခြင်း မရှိလျှင် ထိုပျက်ကွက်မှုသည် ကုစားရှိရနိုင်သည့် ပျက်ကွက်မှုဖြစ်၍ အမှုတခုလုံး မပျက်ပြယ်ခြင်း—ယင်းသို့ ပျက်ကွက်မှုကြောင့် တရားခံ၌ ဥပဒေပေး အခွင့်အရေး ဆုံးရှုံးရပါမူ တရားမျှတမှု ဆိတ်သုန်းခဲ့သည် ဖြစ်၍ ၎င်းအပေါ် ပြစ်ဒဏ်စီရင်ခြင်းသည် ဥပဒေနှင့်ဆန့်ကျင်သည်ဟုယူဆရမည်ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။ကျင့်ထုံးနှင့်စပ်လျဉ်းသည့် မပြုမနေရ သဘောသက်ရောက်သော ဥပဒေပြဋ္ဌာန်းချက်ကို လိုက်နာရန်ပျက်ကွက်စေကာမူ တရားမျှတမှု ဆိတ်သုန်းခြင်း မရှိလျှင် ထိုပျက်ကွက်မှုသည် ကုစားရနိုင်သည့် ပျက်ကွက်မှုသာဖြစ်၍ အမှုတခုလုံး မပျက်ပြယ်ပေ။ သို့ရာတွင်ယင်းပျက်ကွက်မှုကြောင့် တရားခံ၌ ဥပဒေကပေးထားသော အခွင့်အရေးကို ဆုံးရှုံးရပါမူ ၎င်းအဘို့တရားမျှတမှု ဆိတ်သုန်းခဲ့သည်ဟု ဆိုရမည်ဖြစ်၍ ၎င်းအပေါ် ပြစ်ဒဏ်စီရင်ထားခြင်းမှာ ဥပဒေနှင့် ဆန့်ကျင်သည်ဟု ယူဆရမည်ဖြစ်သည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။အစိုးရတရားရုံးရှေ့နေ ဦးဝင်းဖေ။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးစောလွင်။

တရားသူကြီးဦးသက်ဖေ။ ။ကျောက်ဖြူမြို့၊ နယ်ပိုင်ရာဇဝတ်တရားသူကြီးရုံးတွင် ဦးထွန်းတင်၊ မောင်ကိုနှင့် မောင်အုံးဖေတို့အပေါ် ရာဇသတ်ကြီး ပုဒ်မ ၃၄၂/၃၂၃ အရ၊ တရားစွဲဆိုရာ နယ်ပိုင်ရာဇဝတ် တရားသူကြီးသည် သက်သေများကို စစ်ဆေးပြီးနောက် မောင်ကိုနှင့် မောင်အုံးဖေတို့ကို တရားသေလွှတ်လိုက်ပြီး ဦးထွန်းတင် အား၊ ပုဒ်မ

---

* ၁၉၅၂ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှု အမှတ် ၄၉ (ခ)။

† ၁၉၅၁ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၂ တွင် ၁၉၅၁ ခုနှစ်၊ အောက်တိုဘာ လ ၂၅ ရက်နေ့စွဲပါ ကျောက်ဖြူမြို့နယ်ပိုင် ရာဘက်စက်ရှင်တရားသူကြီး၏ အမိန့်ကိုပြင်ဆင်ရန်လျှောက်ထားမှု။

၁၉၇၂

ဦးအောင်ကြီး၊ ကြီးကြပ်ရေးမှူး၊ ပြည်သူ့ရဲတပ်ဖွဲ့၊ ကျောက်ဖြူမြို့ နှင့် ပြည်ထောင်စု မြန်မာ နိုင်ငံ (ကျောက်ဖြူမြို့ ရာဘက်စက်ရှင်)

၃၄၂ အရ၊ အလုပ်နှင့်ထောင်ဒဏ် ၃ လကိုဎင်း၊ ရဲဥပဒေပုဒ်မ ၄၃ (စ) အရ၊ ဒဏ်ငွေ ကျပ် ၂၀၀၊ သို့မဟုတ် အလုပ်နှင့်ထောင်ဒဏ် ရက် ၂၀ ကိုဎင်း ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

ထိုအမိန့်ကို ဦးသွန်းတင်က ကျောက်ဖြူမြို့၊ရာဘက်စက်ရှင်တရားသူကြီးထံ အယူခံဝင်ရာ အယူခံရုံးမှ မူလရုံး၏ စီရင်ချက်နှင့် အပြစ်ဒဏ်တို့ကို ပယ်ဖျက်လိုက်ပြီး နယ်ပိုင်ရာဇဝတ်တရားသူကြီးမှအပ၊ ခရိုင်ရာဇဝတ် တရားသူကြီးက ရွေးချယ်သည့် အခြားရာဇဝတ်တရားသူကြီး တဦးဦးက အမှုကိုပြန်လည် စစ်ဆေးရန် အမိန့် ချမှတ်လိုက်သည်။ ယင်းအမိန့်ကိုကျောက်ဖြူမြို့ ပြည်သူ့ရဲတပ်ဖွဲ့ ကြီးကြပ်ရေးမှူးက မကျေနပ်သဖြင့် ဤပြင်ဆင်မှုဖြင့် ပယ်ဖျက်ပေးရန် လျှောက်ထားလာခြင်း ဖြစ်သည်။

ရာဘက်စက်ရှင် တရားသူကြီးက နယ်ပိုင်ရာဇဝတ် တရားသူကြီး၏ စီရင်ချက်နှင့် အမိန့်ကို ပယ်ဖျက်ရာ၌ အဓိက အားဖြင့် အကြောင်းနှစ်ရပ် ပြခဲ့သည်။ တခုသော အကြောင်းပြချက်မှာ မူလရုံးမှ ဦးထွန်းတင်အား ရာဇသတ်ကြီး ပုဒ်မ ၃၂၃ အရ စွဲချက်တင်ခဲ့သော်လည်း ရဲဥပဒေ ပုဒ်မ ၄၃ (စ) အရ၊ ပြစ်ဒဏ် စီရင်ခြင်းသည် ဥပဒေနှင့် ညီညွတ်ခြင်း မရှိဟုဆိုခြင်းဖြစ်သည်။ ယင်းကိစ္စနှင့် စပ်လျဉ်း၍ **ဦးထွန်းအောင ဦးထွန်းသိန်း** နှင့် **ပြည်ထောင်စု** (၁) တို့ အမှုတွင် အထူးဥပဒေ တရပ်ရပ်အရ၊ ပြစ်မှုထင်ရှားစီရင်ထားခြင်းကို ရာဇသတ်ဥပဒေပါ ပုဒ်မတရပ်ရပ်သို့အမှုအကြောင်းချင်းရာ ခိုင်လုံလျှင် ပြောင်းလဲ၍ ပြစ်မှုထင်ရှား စီရင်နိုင်သည်ဟု ဆုံးဖြတ်ထားပြီး ဖြစ်ရာ ရာဇသတ် အက်ဥပဒေအရ၊ စွဲချက်တင်သည့် အမှုတွင် အထူး ဥပဒေတရပ်ရပ်အရ ပြောင်းလဲ၍ အပြစ်မပေးနိုင်စရာ အကြောင်းမရှိပေ။

အခြားအကြောင်းပြချက်မှာ တရားခံသည်၊ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၂၅၆ အရ၊ အခွင့်အရေး ဆုံးရှုံးခဲ့ရသည် ဆိုခြင်းပင်ဖြစ်သည်။ ထိုပုဒ်မအရဆိုပါကတရားခံအား စွဲချက်တင်ပြီးသောအခါ တရားခံသည် စစ်ဆေးပြီးသည့် တရားလို သက်သေများကို ပြန်ခေါ်၍ ပြန်လှန် မေးခွန်းထုတ်ခွင့်ရှိပေသည်။ သက်သေအား တဖက် အမှုသည်က မေးမြန်းခြင်းသည် ပြန်လှန်မေးခွန်းထုတ်ခြင်းဖြစ်သည်။ ထိုကဲ့သို့ ပြန်လှန်မေးခွန်းထုတ်ရာ၌ သက်သေခံ ဥပဒေပုဒ်မ ၁၃၈ အရ၊ မူလစစ်ဆေးချက်တွင် ပေါ်ပေါက်သည့်အကြောင်းခြင်းရာများသာမက အခြား အကြောင်းခြင်းရာ များအပေါ်၌လည်း မေးမြန်းခွင့်ရှိသည်။ ပုဒ်မ ၁၄၃ အရ၊ နိမိတ်ပြမေးခွန်းလည်း မေးနိုင်ခွင့်ရှိသည်။ ပြန်လှန်မေးခွန်း ထုတ်ခွင့်ပြုခြင်း၏ အဓိက ရည်ရွယ်ချက်မှာ အမှန်တရားကိုရရှိစေရန် ဖြစ်ပေသည်။

(၁) **၁၉၇၀ မြန်မာပြည်စီရင်ထုံး** ၁၉၀။

၁၉၇၂

ဦးအောင်ကြီး၊ ကြီးကြပ်ရေးမှူး၊ ပြည်သူ့ရဲတပ်ဖွဲ့၊ ကျောက်ဖြူမြို့ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ (ကျောက်ဖြူမြို့ ရာဘက်စက်ရှင်)

ယခုအမှုတွင် ဦးထွန်းတင်သည် ၎င်းအား စွဲချက်တင်ပြီးနောက် တရားလိုပြသက်သေ ဦးအောင်သာကျော်အား ပြန်ခေါ်၍ ပြန်လှန်မေးခွန်းကို ထုတ်လိုကြောင်း ဆန္ဒပြုခဲ့သည်။ ဦးအောင်သာကျော်အား ၁၉၇၁ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့တွင် ပြန်လှန်မေးခွန်း ထုတ်သောအခါ ရှေ့အကျိုးဆောင်က ထိုသက်သေ၏ ယခင်ထွက်ချက်ဘောင်အတွင်း၌သာ မေးခွန်းထုတ်ခွင့် ရှိသည်ဟု ကန့်ကွက်တင်ပြလာသည်။ တရားခံ၏ အကျိုးဆောင်က လိုသည့်အချက်အလက်ကို မေးမြန်းခွင့် ရှိပါသည်။ မူလထွက်ချက်၏ ဘောင်အတွင်း ကန့်သတ်ခြင်း မပြုသင့်ပါဟု တင်ပြသော်လည်း မူလရုံးမှ၎င်း၏ တင်ပြချက်ကို လက်မခံသဖြင့် တရားခံ၏ အကျိုးဆောင်သည် မိမိမေးမြန်းလိုသော မေးခွန်းများကို မေးမြန်းခွင့် မရခဲ့ပေ။

ကျင့်ထုံးနှင့်စပ်လျဉ်းသည့် မပြုမနေရသဘော သက်ရောက်သော ဥပဒေ ပြဋ္ဌာန်းချက်ကို လိုက်နာပျက်ကွက်စေကာမူ တရားမျှတမှု ဆိတ်သုန်းခြင်း မရှိလျှင် ထိုပျက်ကွက်မှုသည် ကုစား၍ ရနိုင်သည့် ပျက်ကွက်မှုသာဖြစ်၍ အမှုတခုလုံး မပျက်ပြယ်ပေ။ သို့ရာတွင် ယင်းပျက်ကွက်မှုကြောင့် တရားခံ၌ ဥပဒေက ပေးထားသော အခွင့် အရေးကိုဆုံးရှုံးရပါမူ ၎င်းအဘို့ တရားမျှတမှု ဆိတ်သုန်းခဲ့သည်ဟု ဆိုရမည်ဖြစ်၍၎င်းအပေါ် ပြစ်ဒဏ်စီရင်ထားခြင်းမှာ ဥပဒေနှင့် ဆန့်ကျင်သည်ဟု ယူဆရမည် ဖြစ်သည်။

ယခုအမှုတွင် အထက်၌ဖော်ပြသည့်အတိုင်း ဦးထွန်းတင်သည် သက်သေ ဦးအောင်သာကျော်အား၊ ပြန်ခေါ်ခွင့်ရသော်လည်း၊ ဥပဒေက၊ ခွင့်ပြုထားသည့် အတိုင်း ပြန်လှန်မေးခွန်းထုတ်ခွင့် မရရှိခဲ့သဖြင့်၎င်းအပေါ် ပြစ်ဒဏ်စီရင် ထားခြင်းသည် တရားမျှတမှု ဆိတ်သုန်းခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ သက်သေကို ပြန်ခေါ်ခွင့်ပြုသော်လည်း ပြန်လှန်မေးခွန်း ထုတ်ခွင့်မရလျှင် ပြန်ခေါ်ခွင့် မရသကဲ့သို့ အကျိုးသက်ရောက်မှုရှိပေသည်။ **မောင်အုံ့ဘွယ်** နှင့် **ပြည်ထောင်စု** (၂) တို့ အမှုတွင် ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၂၅၆ (၁) အရ၊ တရားလို သက်သေအား ပြန်ခေါ်ခွင့်မရလျှင် အမှုတခုလုံး ပျက်ပြယ်သည်ဟု ဆုံးဖြတ်ခဲ့သည်ကို ရည်ညွှန်းလိုပေသည်။

အထက်ပါ အကြောင်းကြောင့် ကျောက်ဖြူမြို့၊ ရာဘက် စက်ရှင်ရုံး၏ အမိန့်သည် မှားယွင်း ချွတ်ချော်သည်ဟု မဆိုနိုင်၍ ဤပြင်ဆင်မှုကို ပယ်လိုက်သည်။

(၂) ၁၉၄၀ ခု၊ မြန်မာပြည်စီရင်ထုံး ဂ၆၃။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီးဦးသက်ဖေ နှင့် တရားသူကြီးဦးတင်အုံး တို့ရှေ့တွင်

† ၁၉၇၂ ဇူလိုင်လ ၅ ရက်။

ဦးညွန့်ဝေ

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ ဦးဝင်း *

တရားခံ၏အကျိုးဆောင်အဖြစ် လိုက်ပါဆောင်ရွက်ခွင့်ပြုခြင်း—တရားခံ၏ တရားရုံး ကိုယ်စားလှယ် ဖြစ်သည်သာမက ဆွေမျိုးတော်စပ်သည့်ပြင် တရားဥပဒေကို အထိုက်အလျောက် နားလည် သူအား တရားခံ၏အကျိုးဆောင်အဖြစ် လိုက်ခွင့်ပြုခြင်းသည် တရားဥပဒေနှင့် ဆန့်ကျင် ခြင်း ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။မူလရုံးမှ ဦးစန်းမောင်သည် တရားခံ ဦးညွန့်ဝေ၏ တရားရုံး ကိုယ်စားလှယ် ဖြစ်သည်သာမက၊ ဦးညွန့်ဝေနှင့် ဆွေမျိုး တော်စပ်သည့်အပြင် တရားဥပဒေ လုပ်ထုံးလုပ်နည်းကို အထိုက်အလျောက် နားလည်သူ တယောက်ဖြစ်၍ တရားမျှတမှုကို ရှေးရှုလျက် အမှန်တရားကို ဖေါ်ထုတ်နိုင်ရန် အလို့ငှါ အထူးကိစ္စ တရပ်အနေဖြင့် ဦးညွန့်ဝေ၏ အကျိုးဆောင်အဖြစ် လိုက်ပါ ဆောင်ရွက်ခွင့်ပြုခဲ့သည်။ မူလရုံး၏ အမိန့်သည် တရားမျှတမှုကို ရှေးရှုလျက် ဆင်ခြင်တုံတရားကို လက်ကိုင်ထားကာ ဦးစန်းမောင်အား သက်ဆိုင်ရာ အမှုတခုအတွက် တရားခံ ဦးညွန့်ဝေ၏ အကျိုး ဆောင် အဖြစ် ဆောင်ရွက်ခွင့်ပြုခဲ့ခြင်းဖြစ်သည့်အလျောက် တရားဥပဒေနှင့်ဆန့်ကျင်ခြင်း မရှိဟု ဆိုရပေမည်။

ပြင်ဆင်ရန် လျှောက်ထားသူအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးကြည်မောင်။

ပြင်ဆင်ရန် လျှောက်ထားခံရသူအတွက်။ ။တရားရုံးချုပ် အစိုးရရှေ့နေ ဦးမြစိန်။

ရုံးသဟာယအဖြစ်။ ။တရားရုံးချုပ်ရှေ့နေ ဒေါက်တာ မောင်။

---

* **၁၉၇၂ ခုနှစ်၊** ရာဇဝတ်ပြင်ဆင်မှု ၁၁ (ခ)။

† **၁၉၇၂ ခုနှစ်၊** ရာဇဝတ်ပြင်ဆင်မှုအမှတ် ၆၄ တွင် ၁၉၇၁ ခု၊ ဒီဇင်ဘာလ ၁၄ ရက်နေ့စွဲပါ **မြောင်မြို့ စက်ရှင်တရား**သူကြီး၏ အမိန့်ကို ပြင်ဆင်ရန်လျှောက်ထားမှု။

၁၉၅၂

ဦးညွန့်ဝေ
နှင့်
မြသ်ဆောင်စု
မြန်မာနိုင်ငံ
(ဦးဝင်း)။

တရားသူကြီး ဦးသက်ဖေ။ ။ဘိုကလေးမြို့ ၂ ရာအက် ရာဇဝတ်တရားသူကြီးရုံးတွင် ဦးဝင်းက ဦးညွန့်ဝေအပေါ် ရာဇသတ်ကြီးပုဒ်မ ၄၄၇ အရ တရားစွဲဆိုရာ ဦးညွန့်ဝေက လျှောက်လွှာစာရေး ဦးစန်းမောင်အား၊ ၎င်း၏ ရုံးကိုယ်စားလှယ်အဖြစ် ခန့်ထားပြီး၊ ရုံး၌ ၎င်း၏ အကျိုးဆောင်အဖြစ် လိုက်ပါဆောင်ရွက်ခွင့်ပြုရန် လျှောက်ထားသည်။ ရာဇဝတ် တရားသူကြီးသည် ထိုလျှောက်ထားချက်ကို ခွင့်ပြုလိုက်သဖြင့် ဦးဝင်းက ဖျာပုံမြို့စက်ရှင်ရုံးသို့ စာဒကတင်ရာ မူလရုံး၏အမိန့်ကို ပယ်ဖျက်လိုက်သောကြောင့် ဦးညွန့်ဝေက ဤပြင်ဆင်မှုကို တင်သွင်းလာခြင်းဖြစ်သည်။

လျှောက်ထားသူ၏ အကျိုးဆောင် ဦးကြည်မောင်က ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၊ အပိုဒ်ခွဲ (၁) အရ၊ ရာဇဝတ်ရုံးသည် တရားမျှတမှုကို ရှေးရှု၍ မည်သူကိုမဆို တရားခံ၏ အကျိုးဆောင်အဖြစ် လိုက်ပါဆောင်ရွက်ရန် ခွင့်ပြုနိုင်သည့်အတိုင်း မူလရုံးမှ ဦးစန်းမောင်အား ဦးညွန့်ဝေ၏ အကျိုးဆောင်အဖြစ် ဆောင်ရွက်ခွင့် ပြုခြင်းကို ပယ်ဖျက်လိုက်သည့် စက်ရှင်ရုံး၏ အမိန့်သည် မှားယွင်းနေပါသည်ဟု တင်ပြသွားသည်။

နိုင်ငံတော် အစိုးရအတွက် လိုက်ပါဆောင်ရွက်သည့် အစိုးရရှေ့နေ ဦးမြရှိန်က စက်ရှင်ရုံးသည် မူလရုံး၏အမိန့်ကို ပြင်ဆင်ပယ်ဖျက်ရန် အာဏာမရှိပါ၊ မူလရုံး၏အမိန့်သည် မှားယွင်းနေသည်ဟု ယူဆပါက တရားရုံးချုပ်သို့ ပြင်ဆင်ပေးရန် ထောက်ခံတင်ပြခြင်းသာ ပြုနိုင်ပါသည်။ ရာဇဝတ်မှုဖြင့် တရားစွဲဆိုခြင်း ခံနေရသည့် တရားခံတဦးသည် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၃၄၀ အရ၊ အကျိုးဆောင်ဖြင့် ခုခံပိုင်ခွင့် ရှိသည့်အလျောက်၊ တရားခံက လူတဦးတယောက်အား ၎င်း၏ အကျိုးဆောင်အဖြစ် ခန့်ထားလျှင် ရာဇဝတ် တရားသူကြီးသည် ထိုသူအား ၎င်း၏အကျိုးဆောင်အဖြစ် လက်ခံရမည်၊ ထိုသို့လက်ခံခြင်းမပြုဘဲ ပယ်ရန် ရာဇဝတ် တရားသူကြီး၌ အာဏာမရှိပါဟုတင်ပြသွားသည်။

ရုံးသဟာယအတွက် လိုက်ပါဆောင်ရွက်သည့် ရန်ကုန်ရှေ့နေများ အသင်းကိုယ်စား ဒေါက်တာ မေမောင်က ပုဒ်မ ၄၊ အပိုဒ်ခွဲ (၁)တွင် ရာဇဝတ်ရုံး၏ ခွင့်ပြုချက်အရ မည်သူမဆို တရားခံ၏ အကျိုးဆောင်အဖြစ် ဆောင်ရွက်နိုင်သည်ဟု ဆိုထားသဖြင့် တဦးတယောက်သည် အကျိုးဆောင်အဖြစ် ဆောင်ရွက်ရန် ခွင့်မပြုသင့်ဟု ရုံးမှ ထင်မြင်လျှင် တရားခံ၏ အကျိုးဆောင်အဖြစ် ဆောင်ရွက်ခြင်းမှ ငြင်းပယ်ခွင့်ရှိပါသည်ဟု တင်ပြသွားသည်။

မူလရုံးက ဦးစန်းမောင်အား တရားခံ ဦးညွန့်ဝေ၏ အကျိုးဆောင်အဖြစ် လိုက်ပါဆောင်ရွက်ရန် ခွင့်ပြုခဲ့သည့် အမိန့်ကို စက်ရှင်ရုံးအနေဖြင့် ပယ်ဖျက်ရန် အာဏာမရှိပေ၊ မူလရုံး၏အမိန့်သည် မှားယွင်းနေသည်ဟု ယူဆပါက စက်ရှင်ရုံးသည် ပြင်ဆင်

၁၉၇၂ — ဦးညွန့်ဝေ နှင့် ပြည်ထောင်မြန်မာနိုင်ငံ (ဦးဝင်း)။

ပယ်ဖျက်ပေးရန် တရားရုံးချုပ်သို့ ထောက်ခံ တင်ပြခြင်းသာ ပြုနိုင်သည်။ ယခုမူ ထိုကဲ့သို့ ဆောင်ရွက်ခြင်းမပြုဘဲ မူလရုံး၏အမိန့်ကို ပယ်ဖျက်ခဲ့ခြင်းသည် မှားယွင်း နေသည့်အလျောက် ကျွန်ုပ်တို့အနေဖြင့် ဝင်ရောက် စွက်ဖက်ရမည်ဖြစ်သည်။

မူလရုံးမှ ဦးစန်းမောင်သည် တရားခံ ဦးညွန့်ဝေ၏ တရားရုံးကိုယ်စားလှယ် ဖြစ် သည်သာမက၊ ဦးညွန့်ဝေနှင့် ဆွေမျိုး တော်စပ်သည့်အပြင်၊ တရားဥပဒေ လုပ်ထုံး လုပ်နည်းကို အထိုက်အလျောက် နားလည်သူတယောက်ဖြစ်၍ တရားမျှတမှုကိုရှေ့ရှု လျက် အမှန်တရားကို ဖေါ်ထုတ်နိုင်ရန် အလို့ငှါ အထူးကိစ္စတရပ် အနေဖြင့် ဦးညွန့်ဝေ ၏ အကျိုးဆောင်အဖြစ် လိုက်ပါဆောင်ရွက်ခွင့် ပြုခဲ့သည်။ မူလရုံး၏အမိန့်သည် တရားမျှတမှုကို ရှေ့ရှုလျက် ဆင်ခြင်တုံတရားကို လက်ကိုင်ထားကာ ဦးစန်းမောင်အာ သက်ဆိုင်ရာအမှု တခုအတွက် တရားခံဦးညွန့်ဝေ၏ အကျိုးဆောင်အဖြစ် ဆောင်ရွက် ရန် ခွင့်ပြုခဲ့ခြင်း ဖြစ်သည့်အလျောက် တရားဥပဒေနှင့် ဆန့်ကျင်ခြင်းမရှိဟု ဆိုရပေ မည်။

တရားခံတဦးက လူတယောက်အား ၎င်း၏အကျိုးဆောင်အဖြစ် ခန့်ထားလျှ ၎င်းအား စစ်ဆေးနေသည့် တရားရုံးက ငြင်းပယ်ပိုင်ခွင့်မရှိဘဲ လက်ခံရမည်ဆိုသေ ဦးမြရှိန်၏တင်ပြချက်မှာ ဤအမှု၏ ကြောင်းချင်းရာအရ စဉ်းစားရန် မပေါ်ပေါ သဖြင့် ကျွန်ုပ်တို့အနေဖြင့် ဝေဖန်ခြင်း မပြုလိုပေ။

သို့ပါ၍ ဖျာပုံခရိုင် စက်ရှင်ရုံး၏အမိန့်ကို ပယ်ဖျက်လိုက်ပြီး ဦးစန်းမောင်အ တရားခံ ဦးညွန့်ဝေ၏ အကျိုးဆောင်အဖြစ် ဆောင်ရွက်ခွင့်ပြုသည့် မူလရုံး၏အမိန့် ပြန်လည် အတည်ပြုလိုက်သည်။ ရုံးသဟာယအဖြစ် လိုက်ပါဆောင်ရွက်သည့် ရှေ့ အသင်းကိုယ်စား ဒေါက်တာ ဓမောင်အား ကျေးဇူးတင်ကြောင်း မှတ်တမ်းတင် သည်။

စီရင်ထုံးပြုသောမှုခင်းများ

LIST OF CASES REPORTED

စစ်ဘက်အယူခံတရားရုံး

(စစ်တရားရုံး အယူခံဘက်ဆိုင်ရာ)

နိုင်ငံတော်တရားရုံးချုပ်

COURTS-MARTIAL APPEAL COURT

(COURTS-MARTIAL APPELLATE JURISDICTION)

SUPREME COURT OF THE UNION

မရှိ

အထွေထွေကဏ္ဍ

မာတိကာ

	စာမျက်နှာ
၁။ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ကြေညာချက် အမှတ် ၉၇	၁
၂။ ပြုပြင် ဖွဲ့စည်းသော နိုင်ငံတော် တရားရုံးချုပ်၏ ဌာနခွဲများနှင့် ရာထူး အခေါ်အဝေါ်များကို ပြောင်းလဲ သတ်မှတ်ခြင်း	၆
၃။ ပြုပြင် ဖွဲ့စည်းသော နိုင်ငံတော် ရှေ့နေချုပ်ဌာနရှိအချို့သော ရာထူး အခေါ် အဝေါ်များကို ပြောင်းလဲ သတ်မှတ်ခြင်း	၁၈
၄။ ၁၉၇၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်သူ့ ကျန်းမာရေး ဆိုင်ရာဥပဒေ	၂၀
၅။ ၁၉၇၂ ခုနှစ်၊ မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေ	၃၄
၆။ ၁၉၇၂ ခုနှစ်၊ မြန်မာနိုင်ငံ စာရင်း ကောင်စီ နည်းဥပဒေများ	၄၅
၇။ ခရိုင် ဘီးလစ်များနှင့် လက်ထောက်ဘီးလစ်များ၊ မြို့နယ်ဘီး လစ်များနှင့်တရားရုံး စာရေးများတို့က မိမိတို့ လက်ဝယ်ရှိ ငွေနှင့် ပစ္စည်း များကို အလွဲသုံးစားပြုခြင်းမှ တားမြစ် ကာကွယ်ရန် ကိစ္စ	၅၉
၈။ အမျိုးသား တဦးကအမျိုးသမီးတဦးကို လက်ထပ်မည်ဟု ကတိပြု ပြီး၊ပေါင်းသင်းလာသည့် နောက်ပိုင်းတွင် လက်ထပ်ရန်ငြင်းဆိုခြင်းသည် ရာဇသတ်ကြီးပုဒ်မ ၄၁၇ အရ၊လိမ်လည်မှုမြောက်မမြောက်ဆုံးဖြတ်ခြင်းကိစ္စ	၆၁
၉။ တရားစီရင်ရေးနှင့် သူတို့အမြင်—	
(က) ပြည်သူ့ ကျန်းမာရေးဆိုင်ရာ ဥပဒေ	၆၂
(ခ) ဝန်းကျင်သန့်ရှင်း ရောဂါကင်း	၆၄
(ဂ) ပတ်ဝန်းကျင် သန့်စင်မှု ဥပဒေ	၆၇
(ဃ) ပြည်သူ့ ကျန်းမာရေးဆိုင်ရာ ဥပဒေ	၇၀

		စာမျက်နှာ
(င)	ကြိုဆိုပါသည် မြန်မာနိုင်ငံ စာရင်း ကောင်စီ	၇၃
(စ)	စွယ်စုံရ စာရင်းကိုင်များ မွေးထုတ်ရေး	၇၇
(ဆ)	မြန်မာနိုင်ငံ စာရင်းကိုင် ပညာ သင်ကြားရေး	၈၀
(ဇ)	အယူခံ အဖွဲ့ကို စံနမူယူလျက်	၈၃
(ဈ)	မိန်းမတို့ ကာယိန္ဒြေ လိမ်လည် ဖျက်ဆီးက ထောင်ဒဏ်	၈၆
(ည)	ဖန်ခွက်တလုံး၊ ကော်တဗူးနှင့် စီးကရက်လောက်ကို	၈၇
(ဋ)	အပြစ်ဒါဏ်များ ပြန်လည်စိစစ်ရေး	၉၁
(ဌ)	ပြန့်ကျဲနေသော တရားဥပဒေများ	၉၃
(ဍ)	တိုင်းရင်းသားလူမျိုးများ၏ ပြည်ထောင်စုတရားစီရင်ရေး	၉၆
(ဎ)	Towards people's Law and justice	၉၉
(ဏ)	တရားဥပဒေ ၁၀ နှစ်ခရီး၏ ပြောင်းလဲချက်များ	၁၁၂

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ

ကြေညာချက်အမှတ် (၉၇)

ရန်ကုန်မြို့၊ ၁၃၃၃ ခုနှစ်၊ နှောင်းတန်းခူးလဆန်း ၁ ရက်။

(၁၉၇၂ ခုနှစ်၊ မတ်လ ၁၅ ရက်)

အကြောင်းအရာ။ ။ပြည်ထောင်စုမြန်မာနိုင်ငံအုပ်ချုပ်ရေးစနစ်သစ်ပေါ်ထွက်ခြင်း။

အပိုင်း ၁

နိဒါန်း

၁။ ပြည်ထောင်စု မြန်မာနိုင်ငံတွင် ယနေ့ တည်ရှိနေသော အုပ်ချုပ်ရေး စနစ်သည်၊ အခြေခံအားဖြင့် ဗြိတိသျှ ကိုလိုနီ ဘဝတွင် မြန်မာနိုင်ငံ၌ တပ်ဆင်ခဲ့သော အုပ်ချုပ်ရေး စနစ်ကို အနည်းငယ် ပြုပြင်ထားသည့် စနစ်သာဖြစ်ရာ၊ ပြည်ထောင်စု မြန်မာနိုင်ငံ၏အကျိုး တိုင်းရင်းသား လုပ်သားပြည်သူတို့၏ အကျိုးကို ထိရောက်စွာ မသယ်ပိုး မဆောင်ရွက်နိုင်သဖြင့်၊ ယင်းသို့ဆောင်ရွက်နိုင်စိမ့်သောငှါ၊ အုပ်ချုပ်ရေး စနစ်သစ်ကို ပေါ်ထွက်ရန် လိုအပ်နေပါသည်။

၂။ ထို့ပြင်၊ တိုင်းရင်းသား လုပ်သားပြည်သူများ ပါဝင်၍ ရေးဆွဲခဲ့ဖြစ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ်ကို မြှော်မှန်း၍ အုပ်ချုပ်ရေးစနစ်ကို ဆီလျော်နိုင်သမျှ ဆီလျော်အောင် ပြုပြင်ကာ၊ ဆိုရှယ်လစ်ဒီမိုကရေစီ ယန္တရားတပ်ဆင်ရေး အတွက် အသင့်ဖြစ်နိုင်သမျှဖြစ်အောင် ပြင်ဆင်ထားရန် လိုအပ်ပါသည်။

၃။ ထို့ကြောင့်၊ ပြည်ထောင်စု မြန်မာနိုင်ငံ၊ တော်လှန်ရေး ကောင်စီသည်၊ အုပ်ချုပ်ရေးယန္တရားကို ပြန်လည်ဖွဲ့စည်း၍ လုပ်ကိုင်ပုံနည်းစနစ်များကိုအသစ်ပြဋ္ဌာန်းလိုက်ပါသည်။

အပိုင်း ၂

ပြဋ္ဌာန်းချက်

၄။ ပြည်ထောင်စုမြန်မာနိုင်ငံ၊ တော်လှန်ရေးကောင်စီသည်—

(က) ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရ၊ ဝန်ကြီးဌာနများကို ပူးတွဲဇယားပါ အတိုင်း ပြုပြင်ဖွဲ့စည်းလိုက်သည်။

(ခ) အတွင်းဝန်ရုံးကို ရုပ်သိမ်း၍ အတွင်းဝန်ရုံးက စီမံကိုင် ကျင့်သုံးနေသည့် လုပ်ပိုင်ခွင့်နှင့် တာဝန်များကို သက်ဆိုင်ရာ ဝန်ကြီးအား လွှဲအပ်ပြီးလျှင်၊ ဝန်ကြီးက မိမိလက်အောက်ရှိ အဖွဲ့ အစည်း အသီးသီးသို့ ထပ်ဆင့်၍ သင့်လျော်သလိုလွှဲအပ်ရန်ဖြစ်သည်။

၅။ ဝန်ကြီးဌာန ဇယားစီတွင် ပါဝင်သော အစိုးရ၏ အဖွဲ့အစည်းများကို သတ်မှတ်သည့်အတိုင်း ပြုပြင်ဖွဲ့စည်း၍ ပြုပြင်ဖွဲ့စည်းသည့် အဖွဲ့အစည်း အသစ်များသည်၊ သက်ဆိုင်ရာ အဖွဲ့အစည်း အဟောင်းများ၏ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် တာဝန်များကို ဆက်ခံရန် ဖြစ်သည်။

၆။ ပြည်ထောင်စုမြန်မာနိုင်ငံ အုပ်ချုပ်ရေးစနစ်သစ်တွင် မပြောင်းလဲထားသည့် အခေါ် အဝေါ်များသည်၊ သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်း ဥပဒေ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက် စသည်တို့တွင် သင့်လျော်သလို ပြုပြင်ပြောင်းလဲပြီးသကဲ့သို့ဖြစ်စေရမည်။

၇။ ဝန်ကြီးဌာနများနှင့် အစိုးရ၏ အဖွဲ့အစည်းများသည်၊ ယခင်ဗြိတိသျှ ကိုလိုနီခေတ်ကတည်းက တည်ရှိခဲ့သော အတွင်းဝန်ရုံး လက်စွဲကို ရုပ်သိမ်း၍၊ အသစ်ပြဋ္ဌာန်းလိုက်သော အစိုးရ၏ လုပ်ကိုင်ပုံ နည်းစနစ်များ အတိုင်း လိုက်နာလုပ်ဆောင်ရမည်။

၈။ အထက်ပါ ပြဋ္ဌာန်းချက်များသည်၊ ဥပဒေကဲ့သို့အာဏာတည်စေရမည်။

အပိုင်း ၃

တာဝန်ပေးအပ်ခြင်း

၉။ လက်ရှိ ဝန်ကြီးဌာနများအား တာဝန်ယူနေသည့် ဝန်ကြီးနှင့် ဒုတိယဝန်ကြီးများသာ၊ မိမိတို့အသီးသီး တာဝန်ယူလျက် ရှိကြသော လက်ရှိ အတိုင်း ဆက်လက်တည်ရှိသည့် ဝန်ကြီးဌာနများကိုသော်၎င်း၊ လက်ရှိ ဝန်ကြီးဌာနများကို ပူးပေါင်း၍၊ အသစ်ဖွဲ့စည်းသည့် ဝန်ကြီးဌာနများကိုသော်၎င်း၊ ဆက်လက်တာဝန်ယူဆောင်ရွက်ကြရန် ဖြစ်သည်။

(ပုံ) ဗိုလ်နေဝင်း၊

ဥက္ကဋ္ဌ၊

ပြည်ထောင်စုမြန်မာနိုင်ငံ၊ တော်လှန်ရေးကောင်စီ။

ဇယား

လက်ရှိဝန်ကြီးဌာနများအားပြုပြင်ဖွဲ့စည်းပုံ

လက်ရှိဝန်ကြီးဌာနများ		ပြုပြင်ဖွဲ့စည်းပုံ	
အမှတ်စဉ်	ဝန်ကြီးဌာန	အမှတ်စဉ်	ဝန်ကြီးဌာန
၁	အစိုးရအဖွဲ့နှင့်ဥက္ကဋ္ဌရုံး	၁	တော်လှန်ရေးကောင်စီဥက္ကဋ္ဌရုံး
		၂	ဝန်ကြီးချုပ်ရုံး
၂	နိုင်ငံခြားရေး	၃	နိုင်ငံခြားရေး
၃	ကာကွယ်ရေး	၄	ကာကွယ်ရေး
၄	တရားရေး	၅	တရားရေး
၅	ပြည်ထဲရေး	၆	ပြည်ထဲရေးနှင့်သာသနာရေး
၆	ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေး		....
၇	လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး။		....
၈	သာသနာရေး		....
၉	လူမှုဝန်ထမ်း	၇	လူမှုဝန်ထမ်း
၁၀	ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေး။		....
၁၁	ပြန်ကြားရေး	၈	ပြန်ကြားရေး
၁၂	ယဉ်ကျေးမှု — —	၉	ယဉ်ကျေးမှု
၁၃	ပညာရေး .... —	၁၀	ပညာရေး
၁၄	ကျန်းမာရေး — —	၁၁	ကျန်းမာရေး
၁၅	အလုပ်သမား	၁၂	အလုပ်သမား
၁၆	လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေး။	၁၃	လယ်ယာနှင့်သစ်တော
၁၇	လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး		....
၁၈	သတ္တုတွင်း	၁၄	သတ္တုတွင်း
၁၉	စက်မှုလက်မှု	၁၅	စက်မှု
၂၀	ပြည်သူ့လုပ်ငန်းနှင့်အိမ်ယာဆောက်လုပ်ရေး။	၁၆	ဆောက်လုပ်ရေး
၂၁	သယ်ယူပို့ဆောင်ရေးနှင့် လမ်း ပန်းဆက်သွယ်ရေး။	၁၇	ပို့ဆောင်ဆက်သွယ်ရေး
၂၂	ကုန်သွယ်ရေး	၁၈	ကုန်သွယ်ရေး
၂၃	သမဝါယမ	၁၉	သမဝါယမ
၂၄	ဘဏ္ဍာရေးနှင့်အခွန်	၂၀	စီမံကိန်းနှင့်ဘဏ္ဍာရေး
၂၅	အမျိုးသားစီမံကိန်း		....

ရှင်းလင်းချက်။ ပြုပြင်ဖွဲ့စည်းသည့် ဝန်ကြီးဌာနအမှတ် ၆ သည် လက်ရှိဝန်ကြီးဌာန အမှတ် ၅၊ ၆၊ ၇၊ ၈ ကိုပေါင်းခြင်း၊ ပြုပြင်ဖွဲ့စည်းသည့် ဝန်ကြီးဌာနအမှတ် ၇ သည် လက်ရှိဝန်ကြီးဌာန

တရားရေးဝန်ကြီးဌာန

ရန်ကုန်မြို့၊ ၁၃၃၃ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်။
(၁၉၇၂ ခုနှစ်၊ မတ်လ ၂၄ ရက်။)

အမှတ် ၁။ ။ ၁။ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၏ ၁၉၇၂ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့စွဲပါ ကျေညာချက် အမှတ် (၉၇) အရ၊ ပြုပြင်ဖွဲ့စည်းသော နိုင်ငံတော် တရားရုံးချုပ်၏ ဌာနခွဲများနှင့် ရာထူး အခေါ် အဝေါ်များကို၊ ၁၉၇၂ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့မှစ၍၊ အောက်ပါအတိုင်း မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ပြောင်းလဲ သတ်မှတ်လိုက်သည်။

အမှတ်စဉ်	မူလအခေါ် အဝေါ်		ပြောင်းလဲသတ်မှတ်သည့် အခေါ် အဝေါ်	
	မြန်မာ	အင်္ဂလိပ်	မြန်မာ	အင်္ဂလိပ်
(၁)	(၂)	(၃)	(၄)	(၅)
၁	နိုင်ငံတော်တရားရုံးချုပ်	Chief Court of the Union of Burma. (အင်္ဂလိပ် ဘာသာဖြင့် အခေါ် အဝေါ်ကို အတည်ပြု သတ်မှတ် ကျေညာထားခြင်း မရှိသေးသဖြင့် ယာယီ ခေါ်ဝေါ် သုံးစွဲခြင်းသာဖြစ်သည်)။	နိုင်ငံတော်တရားရုံးချုပ်	Supreme Court of the Union.

၂	အထူးရာဇဝတ်ရုံးအယူခံအဖွဲ့	Special Criminal Courts' Appeal Court.	အထူးရာဇဝတ်ရုံး အယူခံအဖွဲ့ (အထူးရာဇဝတ်ရုံး အယူခံ ဘက်ဆိုင်ရာ)၊ နိုင်ငံတော် တရားရုံးချုပ်။	Special Criminal Courts' Appeal Court (Special Criminal Courts Appellate Jurisdiction), Supreme Court of the Union.
၃	စစ်ဘက်အယူခံတရားရုံး	Courts-Martial Appeal Court.	စစ်ဘက်အယူခံ တရားရုံး၊ (စစ်တရားရုံး အယူခံ ဘက်ဆိုင်ရာ) နိုင်ငံတော် တရားရုံးချုပ်။	Courts-Martial Appeal Court(Courts-Martial Appellate Jurisdiction), Supreme Court of the Union.
၄	ဥက္ကဋ္ဌ၊ အထူးရာဇဝတ်ရုံး၊ အယူခံအဖွဲ့။	President, Special Criminal Courts' Appeal Court.	ဥက္ကဋ္ဌ၊ အထူးရာဇဝတ်ရုံး၊ အယူခံအဖွဲ့၊ (အထူးရာဇဝတ်ရုံးအယူခံဘက်ဆိုင်ရာ)၊ နိုင်ငံတော် တရားရုံးချုပ်။	President, Special Criminal Courts' Appeal Court (Special Criminal Courts Appellate Jurisdiction), Supreme Court of the Union.

အမှတ်စဉ်	မူလ အခေါ်အဝေါ်		ပြောင်းလဲသတ်မှတ်သည့် အခေါ်အဝေါ်	
	မြန်မာ	အင်္ဂလိပ်	မြန်မာ	အင်္ဂလိပ်
(၁)	(၂)	(၃)	(၄)	(၅)
၅	အဖွဲ့ဝင်၊ အထူးရာဇဝတ်ရုံး၊ အယူခံအဖွဲ့။	Member, Special Criminal Courts' Appeal Court.	အဖွဲ့ဝင်၊ အထူးရာဇဝတ်ရုံး၊ အယူခံအဖွဲ့၊ (အထူး ရာဇဝတ်ရုံးအယူခံဘက်ဆိုင်ရာ)၊ နိုင်ငံတော်တရားရုံးချုပ်။	Member, Special Criminal Courts' Appeal Court (Special Criminal Courts Appellate Jurisdiction), Supreme Court of the Union.
၆	တရားသူကြီး၊ စစ်ဘက် အယူခံတရားရုံး။	Judge, Courts-Martial Appeal Court.	တရားသူကြီး၊ စစ်ဘက် အယူခံတရားရုံး၊ (စစ်တရားရုံးအယူခံဘက်ဆိုင်ရာ)၊ နိုင်ငံတော်တရားရုံးချုပ်။	Justice, Courts-Martial Appeal Court (Courts-Martial Appellate Jurisdiction), Supreme Court of the Union.
၇	နိုင်ငံတော်တရားသူကြီးချုပ်	Chief Justice of the Union.	နိုင်ငံတော်တရားသူကြီးချုပ်	Chief Justice of the Union.

၈	တရားသူကြီး၊ နိုင်ငံတော် တရားရုံးချုပ်။	Justice, Chief Court of the Union of Burma.	တရားသူကြီး၊ နိုင်ငံတော် တရားရုံးချုပ်။	Justice, Supreme Court of the Union.
၉	အတွင်းဝန် (၁)၊ နိုင်ငံတော် ဘရားရုံးချုပ်။	Registrar (1), Chief Court of the Union of Burma.	မော်ကွန်းထိန်း၊ နိုင်ငံတော်တရားရုံးချုပ်။	Registrar, Supreme Court of the Union.
၁၁	အဘွင်းဝန်၊ စစ်ဘက်အယူခံတရားရုံး	Registrar, Courts-Martial Appeal Court.	ဒုတိယ မော်ကွန်းထိန်း၊ စစ်တရားရုံး၊ အယူခံ ဘက်ဌာနခွဲ၊ နိုင်ငံတော် တရားရုံးချုပ်။	Deputy Registrar, Courts-Martial Appellate Division, Supreme Court of the Union.
၁၁	ဒုတိယ အတွင်းဝန်၊ စစ်ဘက်အယူခံ တရားရုံး။	Deputy Registrar, Courts- Martial Appeal Court.	တတိယ မော်ကွန်းထိန်း (၁)၊ စစ်တရားရုံး အယူခံဘက် ဌာနခွဲ၊ နိုင်ငံတော်တရားရုံးချုပ်။	Assistant Registrar (1), Courts-Martial Appellate Division, Supreme Court of the Union.
၁၂	တွဲဘက်အရာရှိ၊ အထူးရာဇဝတ်ရုံးများဆိုင်ရာ အတည်ပြုအဖွဲ့။	Officer on Special Duty, Ministry of Judicial Affairs.	တတိယမော်ကွန်းထိန်း (၂)၊ အထူးရာဇဝတ်ရုံး အယူခံဘက် ဌာနခွဲ၊ နိုင်ငံတော် တရားရုံးချုပ်။	Assistant Registrar (2), Special Criminal Courts Appellate Division, Supreme Court of the Union.

အမှတ်စဉ် (၁)	မူလအခေါ်အဝေါ်		ပြောင်းလဲသတ်မှတ်သည့် အခေါ်အဝေါ်	
	မြန်မာ (၂)	အင်္ဂလိပ် (၃)	မြန်မာ (၄)	အင်္ဂလိပ် (၅)
၁၃	လက်ထောက် အဘွင်းဝန်၊ စစ်ဘက် အယူခံတရားရုံး ။	Assistant Registrar, Courts-Martial Appeal Court.	စတုတ္ထ မော်ကွန်းထိန်း၊ အထူး ရာဇဝတ်ရုံး အယူခံဘက်ဌာနခွဲ၊ နိုင်ငံတော်တရားရုံးချုပ် ။	Deputy Assistant Registrar, Special Criminal Courts Appellate Division, Supreme Court of the Union.
၁၄	ဒုတိယအတွင်းဝန်၊ အယူခံဘက်ဌာန၊ နိုင်ငံတော် တရားရုံးချုပ် ။	Deputy Registrar, Appellate Side, Chief Court of the Union of Burma.	တတိယ မော်ကွန်းထိန်း (၁)၊ အယူခံဘက် ဌာနခွဲ၊ နိုင်ငံတော် တရားရုံးချုပ် ။	Assistant Registrar (1), Appellate Division, Supreme Court of the Union.
၁၅	ဒုတိယအတွင်းဝန်၊ နိုင်ငံတော် တရား ရုံးချုပ် (မန္တလေးရုံးထိုင်) ။	Deputy Registrar, Chief Court of the Union of Burma (Sitting at Mandalay).	တတိယ မော်ကွန်းထိန်း (၂) အယူခံဘက် ဌာနခွဲ၊ နိုင်ငံ နိုင်ငံတော် တရားရုံးချုပ် (မန္တ လေးရုံးထိုင်) ။	Assistant Registrar (2), Appellate Division, Supreme Court of the Union (Sitting at Mandalay).

၁၆	လက်ထောက် အတွင်းဝန်၊ အယူခံ တက်ဌာန၊ နိုင်ငံတော် တရားရုံး ချုပ်။	Assistant Registrar, Appellate Side, Chief Court of the Union of Burma.	စတုတ္ထ မော်ကွန်းထိန်း၊ အယူခံ တက်ဌာနခွဲ၊ နိုင်ငံတော်တရား ရုံးချုပ်။	Deputy Assistant Registrar, Appellatè Division, Supreme Court of the Union.
၁၇	တရားသူကြီး၊ မူလဘက် ဆိုင်ရာ၊ နိုင်ငံတော်တရားရုံးချုပ်။	Judge, Original Side, Chief Court of the Union of Burma.	တရားသူကြီး (မူလဘက်ဆိုင်ရာ)၊ မူလဘက်ဌာနခွဲ (၁)၊ နိုင်ငံ တော် တရားရုံးချုပ်။	Justice (Original Civil Jurisdiction), Original Division (1), Supreme Court of the Union.
၁၈	အတွင်းဝန်၊ မူလဘက်ဌာန၊ နိုင်ငံ တော်တရားရုံးချုပ်။	Registrar, Original Side, Chief Court of the Union of Burma.	ဒုတိယ မော်ကွန်းထိန်း၊ မူလဘက် ဌာနခွဲ (၁)၊ နိုင်ငံတော် တရား ရုံးချုပ်။	Deputy Registrar, Original Division (1), Supreme Court of the Union.
၁၉	ဒုတိယအတွင်းဝန်၊ မူလဘက်ဌာန၊ နိုင်ငံတော်တရားရုံးချုပ်။	Deputy Registrar, Original Side, Chief Court of the Union of Burma.	တတိယ မော်ကွန်းထိန်း၊ မူလဘက် ဌာနခွဲ (၁)၊ နိုင်ငံတော် တရား ရုံးချုပ်။	Assistant Registrar, Original Division (1) Supreme Court of the Union.
၂၀	(၁) အမွေထိန်းဝန်၊ မြန်မာနိုင်ငံ အမွေထိန်းဝန်ရုံး။	(1) Administrator- General, Office of the Administrator-General.	(၁) ဒုတိယ မော်ကွန်းထိန်း (အမွေ)၊ မူလဘက် ဌာနခွဲ (၂)၊ နိုင်ငံတော် တရားရုံးချုပ်။	(1), Deputy Registrar, (Administator-General). Original Division (2), Supreme Court of the Union

အမှတ်စဉ်	မူလ အခေါ်အဝေါ်		ပြောင်းလဲသတ်မှတ်သည့် အခေါ်အဝေါ်	
	မြန်မာ	အင်္ဂလိပ်	မြန်မာ	အင်္ဂလိပ်
(၁)	(၂)	(၃)	(၄)	(၅)
၂၀	(၂) လွှဲအပ် ပစ္စည်း စီမံရေးဝန်၊ မြန်မာနိုင်ငံ လွှဲအပ်ပစ္စည်း စီမံရေးဝန်ရုံး။	(2) Official Trustee, Office of the Official Trustee.	(၂) ဒုတိယ မော်ကွန်းထိန်း (လွှဲအပ် ပစ္စည်း)၊ မူလဘက်ဌာနခွဲ (၂)၊ နိုင်ငံတော် တရားရုံးချုပ်။	(2) Deputy Registrar (Official Trustee), Original Division (2), Supreme Court of the Union.
-	(၃) လူမွဲပိုင် ပစ္စည်း ထိန်းဝန်၊ နိုင်ငံတော် တရားရုံးချုပ်။	(3) Official Assignee, Chief Court of the Union of Burma.	(၃) ဒုတိယ မော်ကွန်း ထိန်း (လူမွဲပစ္စည်း)၊ မူလဘက်ဌာနခွဲ (၂)၊ နိုင်ငံတော် တရားရုံးချုပ်။	(3) Deputy Registrar (Official Assignee), Original Division (2), Supreme Court of the Union.
	(၄) ပစ္စည်းထိန်းဝန်၊ နိုင်ငံတော် တရားရုံးချုပ်။	(4) Official Receiver, Chief Court of the Union of Burma.	(၄) ဒုတိယ မော်ကွန်းထိန်း (မှုဖြစ် ပစ္စည်း)၊ မူလဘက်ဌာနခွဲ (၂)၊ နိုင်ငံတော် တရားရုံးချုပ်။	(4) Deputy Registrar (Official Receiver), Original Division (2), Supreme Court of the Union.

	(၅) ရန်သူပိုင် ပစ္စည်းထိန်းဝန်၊ ရန်သူပိုင် ပစ္စည်းထိန်းဝန်ရုံး။	(5) Custodian of Enemy Property, Office of the Custodian of Enemy Property.	(၅) ဒုတိယ မော်ကွန်းထိန်း၊ (ရန်သူပိုင် ပစ္စည်း)မူလဘက်ဌာနခွဲ(၂)၊ နိုင်ငံတော် တရားရုံးချုပ်။	(5) Deputy Registrar (Custodian of Enemy Property), Original Division (2), Supreme Court of the Union.
	(၆) ရွှေ့ပြောင်းနိုင်သော ပစ္စည်းထိန်းဝန်၊ ရွှေ့ပြောင်း နိုင်သော ပစ္စည်းထိန်းဝန်ရုံး။	(6) Custodian of Moveable Property, Office of the Custodian of Moveable Property.	(၆) ဒုတိယ မော်ကွန်း ထိန်း (ရွှေ့ပြောင်း နိုင်သောပစ္စည်း) မူလဘက်ဌာနခွဲ(၂)၊ နိုင်ငံတော် တရားရုံးချုပ်။	(6) Deputy Registrar (Custodian of Moveable Property), Original Division (2), Supreme Court of the Union.
၂၁	တရားသူကြီးချုပ်၊ ရန်ကုန်မြို့ တရားမရုံး။	Chief Judge, Rangoon City Civil Court.	တရားသူကြီး (၁)၊ (ရန်ကုန်မြို့ တရားမရုံးဆိုင်ရာ)၊ မူလဘက် ဌာနခွဲ (၂)၊ နိုင်ငံတော် တရားရုံးချုပ်။	Judge (1), (Rangoon City Civil Court Jurisdiction), Original Division (2), Supreme Court of the Union.
၂၂	ရာဘက် တရားသူကြီးချုပ်၊ ရန်ကုန်မြို့ တရားမရုံး။	Additional Chief Judge, Rangoon City Civil Court.	တရားသူကြီး (၂)၊ (ရန်ကုန်မြို့ တရားမရုံးဆိုင်ရာ)၊ မူလဘက် ဌာနခွဲ (၂)၊ နိုင်ငံတော် တရားရုံးချုပ်။	Judge (2), (Rangoon City Civil Court Jurisdiction), Original Division (2), Supreme Court of the Union

အမှတ်စဉ် (၁)	မူလအခေါ်အဝေါ်		ပြောင်းလဲသတ်မှတ်သည့် အခေါ်အဝေါ်	
	မြန်မာ (၂)	အင်္ဂလိပ် (၃)	မြန်မာ (၄)	အင်္ဂလိပ်
၂၃	ဒုတိယ တရားသူကြီး၊ ရန်ကုန်မြို့ တရားမရုံး။	2nd Judge, Rangoon City Civil Court.	တရားသူကြီး (၃)၊ (ရန်ကုန်မြို့ တရားမရုံးဆိုင်ရာ)၊ မူလဘက် ဌာနခွဲ (၂)၊ နိုင်ငံတော် တရားရုံးချုပ်။	Judge (3), (Rangoon City Civil Court Jurisdiction), Original Division (2), Supreme Court of the Union.
၂၄	တတိယ တရားသူကြီး၊ ရန်ကုန်မြို့ တရားမရုံး။	3rd Judge, Rangoon City Civil Court.	တရားသူကြီး (၄)၊ (ရန်ကုန်မြို့ တရားမရုံးဆိုင်ရာ)၊ မူလဘက် ဌာနခွဲ (၂)၊ နိုင်ငံတော် တရားရုံးချုပ်။	Judge (4), (Rangoon City Civil Court Jurisdiction), Original Division (2), Supreme Court of the Union.
၂၅	ရာဘက် တတိယ တရားသူကြီး၊ ရန်ကုန်မြို့ တရားမရုံး။	Additional 3rd Judge, Rangoon City Civil Court.	တရားသူကြီး (၅)၊ (ရန်ကုန်မြို့ တရားမရုံးဆိုင်ရာ)၊ မူလဘက် ဌာနခွဲ (၂)၊ နိုင်ငံတော်တရား	Judge (5), (Rangoon City Civil Court Jurisdiction), Original Division (2),

			ရုံးချုပ်။	Supreme Court of the Union.
၂၆	စတုတ္ထ တရားသူကြီး၊ ရန်ကုန်မြို့ တရားမရုံး။	4th Judge, **Rangoon** City Civil **Court.**	တရားသူကြီး (၆)၊ (ရန်ကုန်မြို့ တရားမရုံးဆိုင်ရာ) မူလဘက် ဌာနခွဲ (၂)၊ နိုင်ငံတော် တရားရုံးချုပ်။	Judge (6), (Rangoon City Civil Court Jurisdiction), Original Division (2), Supreme Court of the Union.
၂၇	တရားမ ဝန်ထောက်၊ ရန်ကုန်မြို့ တရားမရုံး။	Registrar, **Rangoon** City Civil **Court**	စတုတ္ထ မော်ကွန်းထိန်း၊ (ရန်ကုန်မြို့၊ တရားမရုံး ဆိုင်ရာ)၊ မူလဘက် ဌာနခွဲ(၂)၊ နိုင်ငံတော် တရားရုံးချုပ်။	Deputy Assistant Registrar, (Rangoon City Civil Court Jurisdiction), Original Division (2), Supreme Court of the Union.
၂၈	အတွင်းဝန် (၂)၊ နိုင်ငံတော်တရားရုံးချုပ်။	**Registrar (2), Chief Court of** the the **Union of Burma.**	ဒုတိယ မော်ကွန်းထိန်း၊ စီမံခန့်ခွဲရေးဌာနခွဲ၊ နိုင်ငံတော် တရားရုံးချုပ်။	Deputy Registrar, Administration Division, Supreme Court of the Union.

အမှတ်စဉ်	မူလအခေါ်အဝေါ်		ပြောင်းလဲသတ်မှတ်သည့် အခေါ်အဝေါ်	
	မြန်မာ	အင်္ဂလိပ်	မြန်မာ	အင်္ဂလိပ်
(၁)	(၂)	(၃)	(၄)	(၅)
၂၉	ဒုတိယ အတွင်းဝန်၊ အထွေထွေဌာန၊ နိုင်ငံတော်တရားရုံးချုပ်။	Deputy Registrar, General Department, Chief Court of the Union of Burma.	တတိယ မော်ကွန်းထိန်း (၁)၊ စီမံခန့်ခွဲရေးဌာနခွဲ၊ နိုင်ငံတော်တရားရုံးချုပ်။	Assistant Registrar (1), Administration Division, Supreme Court of the Union.
၃၀	ဒုတိယ အတွင်းဝန်၊ (စာရင်းအင်းနှင့် သုတေသန)၊ အထွေထွေဌာန၊ နိုင်ငံတော်တရားရုံးချုပ်။	Deputy Registrar (Statitics and Research), General Department, Chief Court of the Union of Burma.	တတိယ မော်ကွန်းထိန်း (၂)၊ စီမံခန့်ခွဲရေးဌာနခွဲ၊ နိုင်ငံတော်တရားရုံးချုပ်။	Assistant Registrar (2), Administration Division, Supreme Court of the Union.
၃၁	လက်ထောက် အတွင်းဝန်၊ အထွေထွေဌာန၊ နိုင်ငံတော် တရားရုံးချုပ်။	Assistant Registrar, General Department, Chief Court of the Union of Burma.	စတုတ္ထ မော်ကွန်းထိန်း၊ စီမံခန့်ခွဲရေးဌာနခွဲ၊ နိုင်ငံတော် တရားရုံးချုပ်။	Deputy Assistant Registrar, Administration Division, Supreme Court of the Union.

၂။ ပြည်ထောင်စု မြန်မာနိုင်ငံ အုပ်ချုပ်ရေး စနစ် သစ်တွင် ပြောင်းလဲထားသည့် အခါ အခါ များသည်၊ သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက် စသည်တို့တွင် ဆီလျော်သလို ပြုပြင်ပြောင်းလဲပြီးသကဲ့သို့ ဖြစ်စေရမည်ဖြစ်သည့် အတိုင်း၊ အထူး ရာဇဝတ်ရုံး အယူခံအဖွဲ့သည်လည်းကောင်း၊ စစ်ဘက် အယူခံ တရားရုံးသည်လည်းကောင်း၊ မိမိတို့၏ လက်ရှိစီရင်ပိုင်ခွင့် အာဏာများနှင့် တာဝန်များကို ဆက်လက် ကျင့်သုံး ဆောင်ရွက်မည်ဖြစ်သည်။

၃။ အထက်အပိုဒ် ၁ ပါ၊ နိုင်ငံတော် တရားရုံးချုပ်၏ တရားသူကြီးများနှင့် ဝန်ထမ်း အသီးသီးသည်လည်း ပြောင်းလဲသည့် အခါ အခါ များဖြင့် မိမိတို့၏ လက်ရှိ စီရင်ပိုင်ခွင့် အာဏာများနှင့် တာဝန်များကို ဆက်လက် ကျင့်သုံး ဆောင်ရွက်ကြရန် ဖြစ်သည်။

၄။ ရန်ကုန်မြို့ တရားမရုံး၏ တရားသူကြီးများသည်၊ ပြုပြင်ဖွဲ့စည်းသည့် နိုင်ငံတော် တရားရုံးချုပ်၌ မူလဘက်ဌာနခွဲ (၂) တွင်၊ ရန်ကုန်မြို့ တရားမရုံးဆိုင်ရာ တရားသူကြီးများ အဖြစ်၊ ရန်ကုန်မြို့ တရားမရုံး အက်ဥပဒေ၊ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ၊ The Requisitioning (Emergency Provisions) Act. ၁၉၄၄ ခုနှစ်၊ အနုညာဘ အက်ဥပဒေ၊ အနည်းဆုံးအခကြေးငွေ အက်ဥပဒေ (The Payment of Wages Act) နှင့် အခြား ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်များ စသည်တို့အရ၊ အပ်နှင်းထားသည့် လက်ရှိ စီရင်ပိုင်ခွင့် အာဏာများနှင့် တာဝန်များကို ဆက်လက်ကျင့်သုံး ဆောင်ရွက်ကြရန် ဖြစ်သည်။

၅။ မြန်မာနိုင်ငံ အမှုထိန်းနှင့် ပစ္စည်းထိန်းဝန်သည်၊ ပြုပြင်ဖွဲ့စည်းသည့် နိုင်ငံတော် တရားရုံးချုပ်၌၊ မူလဘက်ဌာနခွဲ (၂) တွင်၊ အမှုထိန်းဝန် အက် ဥပဒေ၊ လွှဲအပ် ပစ္စည်း စီမံရေးဝန် အက်ဥပဒေ၊ ရန်ကုန် အင်ဆော်လဝင်စီ အက် ဥပဒေ၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းထိန်းဝန် အက် ဥပဒေ၊ ရန်သူပိုင် ပစ္စည်းထိန်းဝန် အက်ဥပဒေနှင့် အခြားဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်များ စသည်တို့အရ၊ အပ်နှင်းထားသည့် လက်ရှိ စီရင်ပိုင်ခွင့် အာဏာများနှင့် တာဝန်များကို ဆက်လက် ကျင့်သုံး ဆောင်ရွက်ရန် ဖြစ်သည်။

၆။ နိုင်ငံတော် တရားရုံးချုပ်၏ ကျင့်ထုံးနှင့် လုပ်ထုံး လုပ်နည်းများကို၊ လိုအပ်သလို ပြင်ဆင်ပြီးစု ထုတ်ပြန်ရန်၊ နိုင်ငံတော် တရားရုံးချုပ်က ဆက်လက် ဆောင်ရွက်ရန် ဖြစ်သည်။

၁၃၃၃ ခု၊ တန်းခူးလပြည့်ကျော် ၂ ရက်။
(၁၉၇၂ ခု၊ မတ်လ ၃၁ ရက်။)

အမှတ် ၂။ ။ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီ၏ ၁၉၇၂ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့စွဲပါ ကြေညာချက် အမှတ် (၉၇) အရ၊ ပြုပြင်ဖွဲ့စည်းသော နိုင်ငံတော် ရှေ့နေချုပ်ဌာနရှိ အချို့သော ရာထူး အခေါ် အဝေါ်များကို အောက်ပါအတိုင်း ပြောင်းလဲ သတ်မှတ်လိုက်သည်။

အမှတ်စဉ် (၁)	မူလ အခေါ် အဝေါ် (၂)	ပြောင်းလဲသတ်မှတ်သည့် အခေါ် အဝေါ် (၃)
၁	ဥပဒေပြန်လည်သုံးသပ်ရေးအရာရှိ၊ နိုင်ငံတော် ရှေ့နေချုပ်ဌာန	ဒုတိယ ရှေ့နေချုပ်၊ နိုင်ငံတော် ရှေ့နေချုပ်ဌာန။
၂	လက်ထောက် နိုင်ငံတော် ရှေ့နေချုပ်၊ နိုင်ငံတော် ရှေ့နေချုပ်ဌာန	လက်ထောက် ရှေ့နေချုပ် (၁)၊ နိုင်ငံတော်ရှေ့နေချုပ်ဌာန။
၃	တာဝန်ခံအရာရှိ၊ ဥပဒေဘာသာပြန်နှင့် ဥပဒေပြင်ဆင်ရေးဌာန	လက်ထောက် ရှေ့နေချုပ် (၂)၊ နိုင်ငံတော်ရှေ့နေချုပ်ဌာန။
၄	ပြည်နယ်များ၏ ဥပဒေအရာရှိ၊ နိုင်ငံတော် ရှေ့နေချုပ်ဌာန	လက်ထောက် ရှေ့နေချုပ် (၃)၊ နိုင်ငံတော်ရှေ့နေချုပ်ဌာန။
၅	အစိုးရ လွှတ်တော် ရှေ့နေ၊ နိုင်ငံတော် ရှေ့နေချုပ်ဌာန	အစိုးရ တရားရုံးချုပ် ရှေ့နေ၊ နိုင်ငံတော် ရှေ့နေချုပ်ဌာန။
၆	အတွင်းရေးမှူး (၂)၊ ဥပဒေစစ်ဆေးရေးအဖွဲ့၊ နိုင်ငံတော် ရှေ့နေချုပ်ဌာန	ဥပဒေ ရေးဆွဲရေး အရာရှိ၊ နိုင်ငံတော် ရှေ့နေချုပ်ဌာန။
၇	ဒုတိယ အတွင်းဝန်၊ တရားရေးဝန်ကြီးဌာန	စီမံခန့်ခွဲရေးဌာနစုမှူး၊ နိုင်ငံတော် ရှေ့နေချုပ်ဌာန။
၈	လက်ထောက်ပြည်နယ်များ၏ ဥပဒေအရာရှိ နိုင်ငံတော် ရှေ့နေချုပ်ဌာန	ဒုတိယ စီမံခန့်ခွဲရေးဌာနစုမှူး၊ နိုင်ငံတော် ရှေ့နေချုပ်ဌာန။
၉	လက်ထောက် တာဝန်ခံ အရာရှိ၊ ဥပဒေ ဘာသာပြန်နှင့် ဥပဒေ ပြင်ဆင်ရေးဌာန။	ဒုတိယ ဥပဒေ ရေးဆွဲရေး အရာရှိ၊ နိုင်ငံတော် ရှေ့နေချုပ်ဌာန။

၁၀	ဥပဒေရေးဆွဲရေး ... ဥပဒေဘာသာပြန်ရေး ... ဌာန။	...	ဒုတိယ ဥပဒေရေးဆွဲရေးအရာရှိ၊ နိုင်ငံတော် ရှေ့နေချုပ်ဌာန။
၁၁	လားရှိုးလက်ထောက်အစိုးရလွှတ်တော်ရှေ့နေ၊ နိုင်ငံတော် ရှေ့နေချုပ်ဌာန	...	လက်ထောက် အစိုးရ တရားရုံးချုပ် ရှေ့နေ၊ နိုင်ငံတော် ရှေ့နေချုပ်ဌာန။
၁၂	အပါးတော်မြဲ၊ နိုင်ငံတော် ရှေ့နေချုပ်ဌာန	...	ရှေ့နေချုပ်၏ အတွင်းရေးမှူး၊ နိုင်ငံတော် ရှေ့နေချုပ်ဌာန။

အမှတ် ၃။ ။ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီ၏ ၁၉၇၂ မနှစ်၊ မတ်လ ၁၅ ရက်နေ့စွဲပါ ကျေညာချက် အမှတ် (၉၇) အရ၊ တရားရေးဝန်ကြီးဌာန၏ ဥပဒေဘာသာပြန်နှင့် ဥပဒေ ပြင်ဆင်ရေးဌာနကို နိုင်ငံခံဘက် ရှေ့နေချုပ်ဌာနနှင့် ပူးပေါင်း၍နိုင်ငံတော် ရှေ့နေချုပ် ဌာန အဖြစ် ပြုပြင်ဖွဲ့စည်းလိုက်သည်။

အမှတ် ၄။ ။ပြုပြင် ဖွဲ့စည်းလိုက်သည့် နိုင်ငံတော် ရှေ့နေချုပ် ဌာန၏ ဝန်ထမ်းများသည် အခါအားလျော်စွာ သတ်မှတ်ပြဋ္ဌာန်းသော ရုံးတွင်း စည်းမျဉ်းများအရ၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် တာဝန်များကို သုံးစွဲဆောင်ရွက်ရမည်။

အမှတ် ၅။ ။အောက်ဖော်ပြပါ ဝန်ထမ်းများအား၊ တရားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးအဖွဲ့တွင် ၎င်းတို့၏ အမည်နှင့် ယှဉ်တွဲဖော်ပြထားသည့် ရာထူး နေရာများ၌ ၁၉၇၂ ခု၊ မတ်လ ၁၆ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်အပ်တာဝန် ထမ်းဆောင်စေလိုက်သည်။

(၁) ဦးကျော် ... ရုံးအဖွဲ့မှူး။
(၂) ဦးတင်ညွန့် ... အဖွဲ့ခွဲမှူး။
(၃) ဦးသန်းလှ ... အဖွဲ့ခွဲမှူး။

အမိန့်အရ၊
ဗိုလ်မှူးကြီး စိန်မြ၊
ဝန်ကြီး (ကိုယ်စား) ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ၊
တရားရေးဝန်ကြီးဌာန။

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ

ရန်ကုန်မြို့၊ ၁၃၃၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်။

(၁၉၇၂ ခုနှစ်၊ ဇန္နဝါရီလ ၁၂ ရက်။)

အောက်ဖော်ပြပါဥပဒေကို ထုတ်ပြန်ကြေညာသည်။

၁၉၇၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေ

(၁၉၇၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၁။)

နိဒါန်း

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီသည် မြန်မာ့ဆိုရှယ်လစ်လ
စဉ်ဖြင့် ဆိုရှယ်လစ် လူ့ဘောင်ကို တည်ဆောက်လျက်ရှိသည်။ ထိုသို့ ဆိုရှယ်လ
လူ့ဘောင်ကို တည်ဆောက်ရာ၌လုပ်သား ပြည်သူတို့၏ စီးပွားရေးဘဝကို မြှင့်တင်
ရန်သာမက၊ ထိုလုပ်သားပြည်သူတို့၏ လူမှုရေးဘဝသည် စီးပွားရေးစံနစ်ကြီး အော
မြင်လာသည်နှင့်အမျှ "ရေမြင့်လျှင်ကြာတင့်သည်" ဆိုသည့်အတိုင်း တိုးတက်ကော
မွန်လာစေရန် ဆောင်ရွက်ပေးလျက်ရှိသည်။ ဤသို့လူမှုရေးဘဝကို တိုးတက်လာ
ရန် ဆောင်ရွက်ရာ၌ လူမှုရေးကဏ္ဍတရပ်ဖြစ်သော လုပ်သားပြည်သူတို့၏ ကျန်း
ရေးကိစ္စ အဝဝတို့ကို ဦးစားပေး ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်၍ လုပ်သ
ပြည်သူတို့၏ ကျန်းမာရေးကိစ္စ အဝဝကို စံနစ်တကျ တိတိကျကျ ဆောင်ရွက်နိုင်
အလို့ငှါ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ ဤဥပဒေ
ပြဋ္ဌာန်းလိုက်သည်။

အခန်း ၁

စကားချီး

၁။ ။(၁) ဤဥပဒေကို ၁၉၇၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်
ကျန်းမာရေးဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

အမည်နှင့် စတင်အာဏာ တည်သည့် နေ့ရက်။

(၂) ဤဥပဒေသည်၊ ပြည်ထောင်စု မြန်မာနို
တဝှမ်းလုံးတွင် ချက်ခြင်း အာဏာတည်ရမည်။

၂။ ဤဥပဒေတွင် စကားရပ်များသည်၊ အောက်ပါအတိုင်း အဓိပ္ပါယ်သက်ဝင်စေရမည်။

အဓိပ္ပါယ်ဖော်ပြချက်။

(က) "အမှိုက်သရိုက်၊အညစ်အကြေး" ဆိုသည်မှာ၊ အမှိုက်သရိုက်၊ စားကြွင်းစားကျန်၊ မိလ္လာ၊ ရေပုပ် ရေစပ်၊ စက်ဆုတ်ဖွယ်ရာ ရှိသည့်အရာ၊ လူ၊ သို့မဟုတ် တိရစ္ဆာန်အလောင်းကို ဆိုလိုသည်။

(ခ) "လုပ်သား ပြည်သူတို့ သွားလာ နေထိုင် အသုံးပြုသည့် အဆောက်အဦ၊ သို့မဟုတ် နေရာများ" ဆိုသည်မှာ၊ ဈေး၊ ကျောင်း၊ ရုပ်ရှင်ရုံ၊ ကပွဲရုံ၊ ပန်းခြံ၊ ကစားကွင်း၊ ဘော်ဒါဆောင်၊ ဟော်တယ်၊ ပျော်ပွဲစားရုံ၊ သို့မဟုတ် တည်းခိုခန်းကိုဆိုလိုသည်။

(ဂ) "အစားအသောက်" ဆိုသည်မှာ အသီးအရွက်၊ သားငါး၊ ချက်ပြုတ်ပြုပြင်ရောင်းချသောအစားအစာ၊အဖျော်ယမကာ၊စည်သွတ်ဗူးစသော **လူတို့စားသုံးသည့်** မည်သည့်အစားအသောက်မျိုးကိုမဆို ဆိုလိုသည်။

(ဃ) "ဆေးဝါး" **ဆိုသည်မှာ၊** အစားအစာနှင့် ဆေးဝါးများအက်ဥပဒေ (**The Food and Drugs Act**) တွင် အဓိပ္ပါယ် ဖော်ပြထား [illegible] **လျော့စွာ** အမိန့်ကြော်ငြာ [illegible] **ရောဂါအမျိုးမျိုးမှ** [illegible] အရွေ၊ အရည်၊ **အမှုန့်၊ အခဲဖြင့် ပြုလုပ်ထားသည့်** [illegible] **လိမ်းဆေး၊ သို့မဟုတ် ရှူဆေးကို ဆိုလိုသည်။**

(င) "နေအိမ်သုံးပစ္စည်း" ဆိုသည်မှာ၊ **နေအိမ်တွင် လူမှုရေးအတွက် အသုံး**ပြုသည့်ပစ္စည်း၊ ကလေးကစားစရာပစ္စည်း၊ **သို့မဟုတ် အားကစားနှင့်**ကာယပစ္စည်းများကို ဆိုလိုသည်။

(စ) "အလှကုန်ပစ္စည်း" ဆိုသည်မှာ၊ မသုံးလျှင် ဖြစ်သော်လည်း၊ ပင်ကိုယ်အလှကို နဂိုထက် ပိုမို၍ လှပတင့်တယ်စေရန် အသုံးပြုသော ပစ္စည်းကိရိယာကိုဆိုလိုသည်။

(ဆ) "ကိုယ်ပိုင်ဆေးကုဂေဟာ" ဆိုသည်မှာ၊ အစိုးရ ဌာန လက်အောက်တွင်ရှိသော ဆေးရုံ၊ ဆေးပေးခန်းနှင့် အလားတူ ဥပစာများမှ အပ မကျန်းမာသူများကိုဖြစ်စေ၊ ထိခိုက်ဒဏ်ရာ ရသူများကိုဖြစ်စေ၊ မသန်မစွမ်းသူများကိုဖြစ်စေ၊ ကိုယ်ဝန်ဆောင်များနှင့် မီးဖွား အမျိုးသမီးများကိုဖြစ်စေ အတွင်းလူနာ၊ သို့မဟုတ် အပြင်လူနာအဖြစ် လက်ခံ

ပြုစုကုသရေးအတွက် အသုံးပြုသော ဥပစာ တခုခု၊ သို့မဟုတ် ရောဂါ ကုသရေးကို အထောက်အကူ ပြုရန် ဓါတ်ခွဲ စစ်ဆေးခြင်း၊ ဓါတ်မှန် ရိုက်ခြင်းနှင့် အခြား စစ်ဆေး စမ်းသပ်ခြင်းများအတွက် အသုံးပြုသည့် ဥပစာတခုခုကို ဆိုလိုသည်။

အခန်း ၂

ပြည်သူတို့၏ ကျန်းမာရေးကို ကာကွယ်ခြင်း

၁။ လုပ်ပိုင်ခွင့်များ။ ။အခြားတည်ဆဲ တရားဥပဒေများတွင် မည်သို့ပင် ပါရှိစေကာမူအစိုးရသည် လုပ်သား ပြည်သူတို့၏ ကျန်းမာရေးကို ပိုမို တိုးတက် ကောင်းမွန် လာစေရန်ငှင်း၊ လုပ်သား ပြည်သူ တို့၏ ကျန်းမာရေးကို ထိခိုက်ခြင်းမှ ကာကွယ်ရန်ငှင်း၊ အောက်တွင် ဖေါ်ပြသော ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို အကြံပေးခြင်း၊ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊ ပြုပြင်ခြင်း၊ တားမြစ်ခြင်း စသည့်လုပ်ငန်းတို့ကို လုပ်ဆောင်ရမည်။

(၁) ပတ်ဝန်းကျင်ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ—

(က) လူအများ နေထိုင်ရာ ပတ်ဝန်းကျင်တွင် အမှိုက်သရိုက်၊ အညစ်အကြေးများကို သိမ်းဆည်းစွန့်ပစ်ခြင်း။

(ခ) လူအများအတွက် သောက်သုံးသော ရေများကို အပြည့်ပြည့်ဆိုင်ရာ စံချိန်မှီ သတ်မှတ်ခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်း။

(ဂ) လူအများနေထိုင်ရာ ပတ်ဝန်းကျင် လေထုတွင် လူတို့ကို ဘေးအန္တရာယ်ဖြစ်စေမည့် အခိုးအငွေ၊ အနံ့အသက်၊ အမှုန့်အမွှား၊ အသံ ပလံနှင့် ဓါတ်ရောင်ခြည်များကြောင့် ညစ်ညမ်းခြင်းမှ ကာကွယ်ခြင်း။

(ဃ) မြို့ရွာစည်ပင်သာယာရေး၊ အိမ်ယာဆောက်လုပ်ရေးနှင့် လုပ်သားပြည်သူတို့ သွားလာနေထိုင် အသုံးပြုသည့် အဆောက်အဦး သို့မဟုတ် နေရာများ၏ ကျန်းမာသန့်ရှင်းရေး အတွက် ဆောင်ရွက်ခြင်း။

(၂) လုပ်သားပြည်သူတို့ ထုတ်လုပ်ရောင်းချသော အစား အသောက်နှင့် ပတ်သက်သည့်ကိစ္စများ—

(က) အစားအသောက် ထုတ်လုပ် ရောင်းချသည့် အလုပ်ရုံ၊ စက်ရုံ လုပ်ငန်းဌာနများကို မှတ်ပုံတင်ခြင်း၊ မှတ်ပုံတင်ခြင်းမှ ပယ်ဖျက်ခြင်းနှင့် ပြန်လည်မှတ်ပုံတင်ခြင်း။

(ခ) လုပ်သားပြည်သူသို့ ရောင်းချသော အစားအသောက်တို့ကို ကျန်းမာသန့်ရှင်းစေခြင်း။

(ဂ) လုပ်သားပြည်သူသို့ ရောင်းချသော အစားအသောက်များကို အတုအပပြုလုပ်ခြင်း၊ အခြားယုတ်ညံ့သော ပစ္စည်းများနှင့် ရောစပ်ခြင်း၊ အစားအသောက်ထဲတွင် ရှိယင်းစွဲ ဝတ္ထုပစ္စည်းများအား ထုတ်နုတ်ခြင်းတို့မှ ကာကွယ်ခြင်း။

(ဃ) အစားအသောက် ထုတ်လုပ် ရောင်းချသော အလုပ်ရုံ၊ စက်ရုံ၊ လုပ်ငန်းဌာနတို့ကို ကျန်းမာသန့်ရှင်းစေခြင်း။

(င) အစားအသောက် ရောင်းချသော ဥပစာ အဆောက်အဦများကို ကျန်းမာသန့်ရှင်းစေခြင်း။

(စ) လုပ်သား ပြည်သူသို့ ရောင်းချသော အစား အသောက်များ ထုတ်လုပ်ရောင်းချသည့် နေရာများတွင် ကူးစက်ရောဂါရှိသူများ ဝင်ရောက်အမှုထမ်းခြင်းမှ ကာကွယ်ခြင်း။

(ဆ) ဘေးအန္တရာယ် ဖြစ်စေသော အစားအသောက်များကို သိမ်းဆည်းဖျက်ဆီးခြင်း။

(ဇ) အစားအသောက်နှင့် ပတ်သက်သည့်ကိစ္စရပ်များကို စစ်ဆေးပြီးနောက် လိုအပ်လျှင် အစိုးရ ဓါတ်ခွဲခန်းများသို့ ပို့၍စစ်ဆေးခြင်း။

(ဈ) အစားအသောက်များကို အစိုးရက အခါအားလျော်စွာ သတ်မှတ်ပေးသော စံချိန်နှင့်ကိုက်ညီစေရန် ဆောင်ရွက်ခြင်း။

(၃) လုပ်သားပြည်သူများအတွက် အသုံးပြုရန်ဖြစ်သော **နေအိမ်သုံးပစ္စည်းများ**နှင့် အလှကုန်ပစ္စည်းများနှင့်ပတ်သက်သည့် ကိစ္စရပ်များ—

(က) နေအိမ်သုံးပစ္စည်းများနှင့် အလှကုန်ပစ္စည်းများ ထုတ်လုပ်သော အလုပ်ရုံ၊ စက်ရုံများ မှတ်ပုံတင်ခြင်း၊ မှတ်ပုံတင်မှ ပယ်ဖျက်ခြင်းနှင့် ပြန်လည် မှတ်ပုံတင်ခြင်း။

(ခ) ထုတ်လုပ်သော နေအိမ်သုံးပစ္စည်းများနှင့် အလှကုန်ပစ္စည်းများသည် လုပ်သားပြည်သူတို့အတွက် ဘေးအန္တရာယ်ဖြစ်ပွါးနိုင်လျှင် သော်၎င်း၊ အဆိပ်အတောက် ဖြစ်စေနိုင်လျှင်သော်၎င်း ဘေးအန္တရာယ် ဖြစ်စေတတ်သော ဓါတ်ရောင်ခြည်ပါခဲ့လျှင်သော်၎င်း ကုန်ထုတ်လုပ်ခြင်းကိုတားမြစ်ခြင်း။

(ဂ) ဘေးအန္တရာယ်ရှိသော ထုတ်လုပ်ပြီးသည့် နေအိမ်သုံးပစ္စည်းများနှင့် အလှကုန်ပစ္စည်းများကို လုပ်သား ပြည်သူများအား ဘေးအန္တရာယ်မရှိစေသောနည်းဖြင့် ဖျက်ဆီးခြင်း။

(ဃ) ကုန်ရောင်းဆိုင်များမှ ဘေးအန္တရာယ်ရှိစေသော နေအိမ်သုံးပစ္စည်းများနှင့် အလှကုန်ပစ္စည်းများကို သိမ်းဆည်း ဖျက်ဆီးခြင်း။

(င) နေအိမ်သုံးပစ္စည်းများနှင့် အလှကုန်ပစ္စည်းများကို အစိုးရက အခါအားလျော်စွာ သတ်မှတ်ပေးသောစံချိန်နှင့် ကိုက်ညီစေရန် ဆောင်ရွက်ခြင်း။

(၄) ကူးစက်ရောဂါများနှင့် ပတ်သက်သည့် ကိစ္စများ—

(က) ကူးစက် ရောဂါပြန့်ပွားခြင်းကို နှိမ်နင်းကာကွယ်ရန် အလို့ငှါ၊ အခါအားလျော်စွာဒေသအလိုက် တိုင်ကြားရမည့် ရောဂါအမည်စာရင်းများကို ထုတ်ပြန်ကြေညာခြင်း။

(ခ) ကူးစက်ရောဂါ ကာကွယ်ရေး အလို့ငှါ၊ စုံစမ်းလေ့လာခြင်း၊ လုပ်သားပြည်သူတရပ်လုံး ကာကွယ်ဆေးထိုးသည့် အစီအစဉ်ချမှတ်ခြင်း၊ ကာကွယ်ဆေး ထိုးခြင်း၊ ပိုးမွှား တိရစ္ဆာန်များသုတ်သင်ခြင်းနှင့် အခြားလိုအပ်သော လုပ်ငန်းများ ဆောင်ရွက်ခြင်း။

(ဂ) လုပ်သားပြည်သူတို့၏ ကျန်းမာရေးကို စိုးရိမ်ဘွယ်ရာ ကူးစက်ရောဂါကျရောက်နိုင်သည့် အခြေအနေရှိလျှင်၊ သို့မဟုတ် ကူးစက်ရောဂါဖြစ်ပွားနေလျှင်၊ အစိုးရသည် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ၊ သို့မဟုတ် ဒေသ တခုခုကို ကျန်းမာရေးအတွက် စိုးရိမ်ရသော အရေးပေါ်ဒေသဟု အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်းနှင့် လိုအပ်သော ရောဂါကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်ခြင်း။

(၅) ကိုယ်ပိုင်ဆေးကုဂေဟာများနှင့် ပတ်သက်သည့်ကိစ္စများ—

(က) ကိုယ်ပိုင် ဆေးကုဂေဟာများနှင့် ပတ်သက်၍ လိုအပ်သည့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း။

(ခ) ကိုယ်ပိုင် ဆေးကု ဂေဟာ အားလုံးကို မှတ်ပုံတင်ခြင်း၊ မှတ်ပုံတင်မှ ပယ်ဖျက်ခြင်းနှင့် ပြန်လည်မှတ်ပုံတင်ခြင်း။

(ဓ) လုပ်သား ပြည်သူများအတွက် အသုံးပြုရန် လိုအပ်သည့် ဆေးဝါးနှင့် ပတ်သက်သည့်ကိစ္စများ—

(က) ဆေးဝါးများကို ဖြန့်ဖြူးရောင်းချရန် ထုတ်လုပ်ခြင်း၊ လက်လီ လက်ကား ရောင်းချခြင်း စသည့်လုပ်ငန်းများကို မှတ်ပုံတင်ခြင်း၊ မှတ်ပုံတင်မှ ပယ်ဖျက်ခြင်းနှင့် ပြန်လည် မှတ်ပုံတင်ခြင်း။

(ခ) လုပ်သားပြည်သူတို့အား ဆေးဝါးများသည် ဘေးအန္တရာယ် မဖြစ်စေရေးနှင့် တန်ခိုးအာနိသင်ပြည့်ဝ မှန်ကန်ရေး အတွက် ဖေါ်စပ်နည်းနှင့် ဆေးဝါးနမူနာ များကို အစိုးရက ဤကိစ္စအလို့ငှါ ဖွဲ့စည်းထားရှိရမည့် အဖွဲ့အစည်းများသို့ ပေးပို့စေခြင်း။

(ဂ) ဆေးဝါးတန်ခိုး အာနိသင်ရှိသည်ထက် ပိုမို၍ ဖြစ်စေ၊ သို့မဟုတ် လိမ်လည်၍ ဖြစ်စေ၊ ကြော်ငြာခြင်းများကို တားမြစ်ခြင်း။

(ဃ) နိုင်ငံခြားမှတင်သွင်းသော ဆေးဝါးများကို တန်ခိုးအာနိသင် စိစစ်ပြီးမှသာလျှင် ဖြန့်ဝေစေခြင်း။

(င) ဆေးဝါးတန်ခိုးအာနိသင် စစ်ဆေးစမ်းသပ်ရန်အလို့ငှါ၊ အစိုးရက သတ်မှတ်ပေးသည့် ဓါတ်ခွဲဌာနတခုခုကို တာဝန်ပေးခြင်း။

အခန်း ၃

လုပ်ပိုင်ခွင့်နှင့် တာဝန်များ

၄။ တာဝန်ပေးခြင်း။ ။အစိုးရသည်၊ ဤဥပဒေ၌ ပြဋ္ဌာန်းထားသည့် မည်သည့်ကိစ္စရပ်ကိုမဆို ဆောင်ရွက်ရန်—

(က) လိုအပ်သည့် အဖွဲ့အစည်းများ ဖွဲ့စည်း၍၊ ယင်းသို့ ဖွဲ့စည်းသည့် အဖွဲ့အစည်းများအား သက်ဆိုင်ရာကိစ္စရပ်များအတွက် အကြံပေးစေခြင်း၊ စစ်ဆေးစေခြင်း၊ ကြီးကြပ်စေခြင်း၊ ပြုပြင်စေခြင်း၊ တားမြစ်စေခြင်း၊ ဖျက်ဆီးစေခြင်းတို့အတွက် တာဝန်ပေးအပ်နိုင်ခွင့်ရှိသည်။

(ခ) မည်သည့်အစိုးရဌာန၊ အစိုးရလက်အောက်ခံ အဖွဲ့အစည်းများသို့မဆို တာဝန်ပေးအပ်နိုင်ခွင့်ရှိသည်။

၅။ ။ဤဥပဒေအရ ဖွဲ့စည်းထားသော အဖွဲ့အစည်းများကသော်၎င်း၊ ၎င်းအဖွဲ့များမှ တာဝန်ပေးအပ်ထားခြင်း ခံရသူများကသော်၎င်း၊ ဤဥပဒေအရ တာဝန်ပေးအပ်ထားခြင်းခံရသော အစိုးရဌာနများနှင့် အစိုးရလက်အောက်ခံ အဖွဲ့အစည်းများကသော်၎င်း၊ ပတ်ဝန်းကျင် ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်သည့်ကိစ္စများ၊ အစားအသောက်နှင့် ပတ်သက်သည့်ကိစ္စများ၊ လုပ်သားပြည်သူများ အတွက် အသုံးပြုရန်ဖြစ်သော နေအိမ်သုံးပစ္စည်းနှင့် အလှကုန်ပစ္စည်းများနှင့် ပတ်သက်သည့်ကိစ္စများ၊ ကူးစက်ရောဂါနှင့် ပတ်သက်သည့်ကိစ္စများ၊ ကိုယ်ပိုင်ဆေးကုဂေဟာနှင့် ပတ်သက်သည့်ကိစ္စများ၊ လုပ်သားပြည်သူတို့ အသုံးပြုသည့် ဆေးဝါးများနှင့် ပတ်သက်သည့်ကိစ္စများ စသည်တို့အတွက် အလုပ်ရုံ၊ စက်ရုံများ၊ လုပ်ငန်းဌာနများဆိုင်များ၊ ဥပစာများ၊ နေရာများ၊ အဆောက်အဦများသို့ အချိန်အခါမရွေး ဝင်ရောက်စစ်ဆေးညွှန်ကြားခွင့်ရှိသည်။

အဖွဲ့အစည်းများ၏ လုပ်ပိုင်ခွင့်။

အခန်း ၄

နည်းဥပဒေများအဖြစ် မှတ်ယူရမည့်တည်ဆဲဥပဒေများ၏ ပြဋ္ဌာန်းချက်များ

၆။ ။ဤဥပဒေအရပြုလုပ်သည့် နည်းဥပဒေများဖြင့် ပြင်ဆင်ပြဋ္ဌာန်းခြင်းမပြု အောက်ဖော်ပြပါ ဥပဒေများ၏ ပြဋ္ဌာန်းချက် များကို ဤဥပဒေအရ ပြုလုပ်ထားသည့် နည်းဥပဒေများအဖြစ် မှတ်ယူ၍၊ လုပ်ကိုင်ဆောင်ရွက်ရမည်။ သို့ရာတွင် ယင်းဥပဒေများတွင်ပါသော ပြဋ္ဌာန်းချက်များသည်၊ ဤဥပဒေ၏ ရည်ရွယ်ချက်နှင့် သဘောထားများနှင့် မဆန့်ကျင်သမျှသာလျှင် ဆက်လက်အတည်ဖြစ်စေရမည်။

တည်ဆဲ ဥပဒေများ။

၁။ ၁၉၅၇ ခုနှစ်၊ ကိုယ်ပိုင်သူနာပြုဂေဟာများ မှတ်ပုံတင်အက်ဥပဒေ
၂။ The Dangerous Drugs Act.
၃။ The Epidemic Diseases Act.
၄။ The Food and Drugs Act.
၅။ The Food and Drugs (Amendment) Act, 1949.
၆။ The Ghee Adulteration Act.
၇။ The Leprosy Act.
၈။ The Vaccination Act.

အခြား တည်ဆဲ ဥပဒေများ၏ ပြည်သူ့ ကျန်းမာရေးဆိုင်ရာ ပြဋ္ဌာန်း ချက်များ။

။ ဤဥပဒေအရပြုလုပ်သည့် နည်းဥပဒေများဖြင့်ပြင်ဆင်ပြဋ္ဌာန်းခြင်းမပြုမိမည်သည့် တည်ဆဲတရားဥပဒေများတွင်မဆို၊အထူးသဖြင့် အောက်ဖော်ပြပါ ဥပဒေများတွင် ပါရှိသည့် ပြည်သူ့ ကျန်းမာရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို ဤဥပဒေအရ ပြုလုပ်ထားသည့် နည်းဥပဒေများအဖြစ်မှတ်ယူ၍လုပ်ကိုင်ဆောင်ရွက်ရမည်။သို့ရာတွင်ယင်းဥပဒေများတွင်ပါသော ပြည်သူ့ကျန်းမာရေးဆိုင်ရာ ပြဋ္ဌာန်းချက်များသည် ဤဥပဒေ၏ ရည်ရွယ်ချက်နှင့် သဘောထားများနှင့် မဆန့်ကျင်သမျှသာလျှင် ဆက်လက်အတည်ဖြစ်စေရမည်။

၁။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ။

၂။ The Animal Pest Act.

၃။ The Burma Merchant Shipping Act.

၄။ The Burma Aircraft Act.

၅။ The City of Rangoon Municipal Act.

၆။ The Cantonments Act.

၇။ The Municipal Act.

၈။ The Ports Act.

၉။ The Rural Self-Government Act.

၁၀။ The Railways Act.

၁၁။ The Towns Act.

၁၂။ The Village Act.

ဤဥပဒေ ပြဋ္ဌာန်းခြင်း မပြုမီ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများနှင့် ဆောင်ရွက်ဆဲ ကိစ္စရပ်များ။

၈။ ။(၁) ပုဒ်မ ၆ နှင့် ၇ များတွင် ဖော်ပြထားသော ဥပဒေများ အရ၊ ပြည်သူ့ ကျန်းမာရေးဆိုင်ရာကိစ္စများအတွက်ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများ၊ သို့မဟုတ် ခန့်ထားသည့် ပုဂ္ဂိုလ်များသည် ဤဥပဒေအရ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများ၊သို့မဟုတ် ခန့်ထားသည့်ပုဂ္ဂိုလ်များအဖြစ်ဆက်လက်တည်ရှိ၍ ရှိရင်းစွဲလုပ်ကိုင်ဆောင်ရွက်ပုံ နည်းစံနစ်များအတိုင်းနောက်ထပ်မပြင်ဆင်မခြင်း ဆက်လက်လုပ်ကိုင်ဆောင်ရွက်ရမည်။

(၂) ဤဥပဒေအရ နည်းဥပဒေ၊ စည်းမျဉ်း ဥပဒေ၊ စည်းကမ်း ဥပဒေ၊ အမိန့်၊ သို့မဟုတ် ညွှန်ကြားချက်များကို မပြုလုပ်မထုတ်ပြန်နိုင်သေးမီကာလအတွင်း ပုဒ်မ ၆ နှင့် ၇ များတွင်ပါရှိသော ဥပဒေများအရ ဆောင်ရွက်ဆဲ ပြည်သူ့ကျန်း

မာရေးဆိုင်ရာ ကိစ္စရပ်များအတွက် ယင်းဥပဒေများပါ ပြဋ္ဌာန်းချက်များ အတိုင်း ဆက်လက်အရေးယူဆောင်ရွက်နိုင်သည်။

(၃) ပုဒ်မ ၆ နှင့် ၇ တွင် ဖော်ပြထားသော ဥပဒေတခုခုအရ ပြုသည့်၊ သို့မဟုတ် ထုတ်သည့်ပြည်သူ့ကျန်းမာရေးနှင့် သက်ဆိုင်သော နည်းဥပဒေ၊ စည်းမျဉ်း ဥပဒေ၊စည်းကမ်းဥပဒေ၊ အမိန့်၊ သို့မ ဟုတ်ညွှန်ကြားချက်တခုခုသည်၊ ဤဥပဒေအရ ပြုသည့်၊သို့မဟုတ် ထုတ်သည့်နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်း ဥပဒေ၊အမိန့်၊ သို့မဟုတ်ညွှန်ကြားချက်တခုခုဖြင့် နုတ်သိမ်းပယ်ဖျက်ခြင်းမပြုသေးမီ ကာလအတွင်း ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သမျှသာဆက်လက်အကျိုးသက်ရောက်စေ ရမည့်ပြင်၊ ဤဥဒေအရပြုသည့်၊ သို့မဟုတ် ထုတ်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်၊ သို့မဟုတ် ညွှန်ကြားချက် ဖြစ်သည်ဟူ၍လည်းမှတ်ယူရမည်။

အခန်း ၅

ပြစ်ဒဏ်နှင့် အရေးယူနည်းများဆိုင်ရာ ပြဋ္ဌာန်းချက်များ

ပြစ်ဒဏ်များနှင့် အရေးယူနည်းများ။

၉။ ။(၁) အခြား တည်ဆဲ တရားဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ၊ မည်သူမဆို၊ ပုဒ်မ ၆ နှင့် ၇ တွင် ဖော်ပြထားသော ဥပဒေများနှင့် ယင်းဥပဒေများအရပြုသည့်၊ သို့မဟုတ် ထုတ်သည့်ပြည်သူ့ကျန်းမာရေးနှင့် သက်ဆိုင်သောနည်း ဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်၊ သို့မဟုတ် ညွှန်ကြားချက်များပါ ပြဋ္ဌာန်းချက် တခုခုကိုသော်၎င်း၊ ဤဥပဒေနှင့် ဤဥပဒေအရပြုသည့်၊ သို့မဟုတ် ထုတ်သည့်နည်ဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်၊ သို့မဟုတ် ညွှန်ကြားချက်များပါပြဋ္ဌာန်းချက် တခုခုကိုသော်၎င်း—

—လိုက်နာရန်ပျက်ကွက်လျှင်၊ သို့မဟုတ်
—ဖေါက်ဖျက်ကျူးလွန်လျှင်၊ သို့မဟုတ်
—ဖေါက်ဖျက်ကျူးလွန်ရန် ကြိုးပမ်းအားထုတ်လျှင်၊ သို့မဟုတ်
—သိလျက်နှင့်ဖြစ်စေ၊ သိနိုင်သောက်သောအကြောင်းများရှိလျက် နှင့်ဖြစ်စေ၊ ယင်းပြဋ္ဌာန်းချက်ကို ဖေါက်ဖျက်ကျူးလွန်စေရန် သူတပါးကိုအားပေးကူညီလျှင်—

(က) ယင်းပြဋ္ဌာန်းချက်သည်၊ ပတ်ဝန်းကျင်ကျန်း မာရေး ဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်သည့် ကိစ္စသော်၎င်း၊လုပ်သားပြည်သူ

များအတွက် အသုံးပြုရန်ဖြစ်သော နေအိမ်သုံးပစ္စည်းများနှင့် အလှကုန်ပစ္စည်းများနှင့်ပတ်သက်သည့်ကိစ္စသော်ငြားဖြစ်လျှင် ပဌမအကြိမ်တွင် ၁ နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၅၀၀ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ကျခံစေ ရမည့်ပြင်၊ ထိုပြစ်မှုတွင် အကျုံးဝင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူခြင်းခံစေရမည်။

(ခ) ယင်းပြဋ္ဌာန်းချက်သည်၊ လုပ်သားပြည်သူသို့ ထုတ်လုပ်ရောင်းချသောအစားအသောက်နှင့်ပတ်သက်သည့်ကိစ္စသော်ငြား၊ကူးစက်ရောဂါများနှင့် ပတ်သက်သည့်ကိစ္စသော်ငြား၊လုပ်သားပြည်သူများအတွက် အသုံးပြုရန် လိုအပ်သည့် ဆေးဝါးနှင့် ပတ်သက်သည့်ကိစ္စသော်ငြားဖြစ်လျှင် ပဌမအကြိမ် ၃ နှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁,၀၀၀ ထိ ငွေဒဏ်ဖြစ်စေ၊ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည့်ပြင်၊ ထိုပြစ်မှုတွင် အကျုံးဝင်သောပစ္စည်းများကိုလည်းပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံစေရမည်။

(ဂ) ယင်းပြဋ္ဌာန်းချက်သည် ကိုယ်ပိုင် ဆေး ကုဂေဟာများနှင့် ပတ်သက်သည့်ကိစ္စဖြစ်လျှင် ပဌမအကြိမ်တွင် ၅ နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၅,၀၀၀ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ကျခံစေရမည့်ပြင်၊ ထိုပြစ်မှုတွင် အကျုံးဝင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံစေရမည်။

(၂) ပုဒ်မခွဲ (၁) တွင် ဖေါ်ပြထားသည့် တရားဥပဒေ တခုခုပါ ပြည်သူ့ကျန်းမာရေးနှင့်သက်ဆိုင်သော ပြဋ္ဌာန်းချက် တခုခုကို တကြိမ်သာမက၊ ဒုတိယ အကြိမ်၊ သို့မဟုတ် နောက်ထပ်——

——လိုက်နာရန် ပျက်ကွက်လျှင်၊ သို့မဟုတ်
——ဖေါက်ဖျက်ကျူးလွန်လျှင်၊ သို့မဟုတ်
——ဖေါက်ဖျက်ကျူးလွန်ရန် ကြိုးပမ်းအားထုတ်လျှင်၊ သို့မဟုတ်
——သိလျက်နှင့်ဖြစ်စေ၊ သိနိုင်လောက်သော အကြောင်းများရှိလျက်နှင့်ဖြစ်စေ၊ ယင်းပြဋ္ဌာန်းချက်ကို ဖေါက်ဖျက် ကျူးလွန်စေရန် သူတပါးကို အားပေးကူညီလျှင်——

(က) ယင်းပြဋ္ဌာန်းချက်သည်၊ ပုဒ်မခွဲ (၁) (က) ပါ ကိစ္စဖြစ်လျှင် ၃ နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး

ဖြစ်စေ ကျခံရမည့်ပြင်၊ ထိုပြစ်မှုတွင် အကျုံးဝင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း ခံရမည်။

(ခ) ယင်းပြဋ္ဌာန်းချက်သည်၊ ပုဒ်မခွဲ (၁) (ခ) နှင့် (ဂ) ပါကိစ္စဖြစ်လျှင် ၁၀ နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရမည့်ပြင်၊ ထိုပြစ်မှုတွင် အကျုံးဝင်သော ပစ္စည်းများကိုလည်း ပြည်သူ့ ဘဏ္ဍာအဖြစ် သိမ်းယူခြင်း ခံရမည်။

(၃) ဤပုဒ်မအရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူသည့် ပစ္စည်းများကို အစိုးရက ဖြစ်စေ၊ အစိုးရက တာဝန်လွှဲအပ်သော ပုဂ္ဂိုလ်၊ သို့မဟုတ် အဖွဲ့အစည်းကဖြစ်စေ အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များနှင့်အညီ ထုခွဲနိုင်သည်။

(၄) ဤပုဒ်မအရ ထောင်ဒဏ် ၃ နှစ်ထိနှင့် ၃ နှစ်အထက် စီရင်ထိုက်သည့် ပြစ်မှု တစုံတရာကို ဤကိစ္စအလို့ငှါ အစိုးရက လုပ်ပိုင်ခွင့်ကိုလွှဲအပ်ထားသူ၊ သို့မဟုတ် အဖွဲ့အစည်း၏ အခွင့်အမိန့်မရဘဲ မည်သည့် တရားရုံး တွင်မျှ တရား စွဲဆိုခြင်း မပြုရ။

၁၀။ ။(၁) မည်သူမဆို ပုဒ်မ ၉ (၁) တွင် ရည်ညွှန်းသည့် တရား ဥပဒေ တခုခုပါ ပြည်သူ့ ကျန်းမာရေးနှင့်သက်ဆိုင်သောပြဋ္ဌာန်းချက် တခုခုကို—

ကုမ္ပဏီများ ကျူးလွန်သည့် ပြစ်မှုများ။

—လိုက်နာရန် ပျက်ကွက်လျှင်၊ သို့တမဟုတ်

—ဖေါက်ဖျက်ကျူးလွန်လျှင်၊ သို့မဟုတ်

—ဖေါက်ဖျက် ကျူးလွန်ရန် ကြိုးပမ်းအားထုတ်လျှင်၊သို့ မဟုတ်

—သိလျက်နှင့်ဖြစ်စေ၊ သိနိုင်လောက်သောအကြောင်း များရှိလျက်နှင့်ဖြစ်စေ၊ ယင်းပြဋ္ဌာန်းချက်ကို ဖေါက်ဖျက် ကျူးလွန်စေရန် သူတပါးကို အားပေးကူညီလျှင်၊

ထိုသူသည်၊ ကုမ္ပဏီဖြစ်သော် ထိုပြစ်မှုကို ကျူးလွန်စဉ်က၊ ထိုကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်ရေးအတွက် ကုမ္ပဏီကို ကြီးကြပ်တာဝန်ခံသူ အသီးသီးနှင့် ကုမ္ပဏီသည်၊ ထိုပြစ်မှု ကျူးလွန်သည်ဟု မှတ်ယူရမည့်အပြင်၊ ထိုသို့မှတ်ယူသည့် အားလျော်စွာ တရားစွဲဆိုခြင်းနှင့် ပြစ်ဒဏ်စီရင်ခြင်းလည်း ခံရမည်။

ဆိုရာတွင် ထိုသူသည်၊ ထိုပြစ်မှုကိုမိမိမသိဘဲ ကျူးလွန်ကြောင်းဖြင့် သော်၎င်း၊ **အဆိုပါ**ပြစ်မှုမကျူးလွန်ရလေအောင် မိမိလို့လပြုသင့်သမျှ ပြုခဲ့ကြောင်းဖြင့် သော်၎င်း၊ သက်သေထင်ရှားပြလျှင်၊ ဤပုဒ်မခွဲပါ စကားကြောင့်၊ ထိုသူအား ဤဥပဒေတွင် ပြဋ္ဌာန်း ထားသော မည်သည့် ပြစ်ဒဏ်ကိုမျှ မစီရင်ရ။

(၂) ပုဒ်မခွဲ (၁) တွင် မည်သို့ပင်ပါရှိစေကာမူ၊ ဤအက်ဥပဒေအရ ဖြစ်သောပြစ်မှုကို ကုမ္ပဏီက ကျူးလွန်သည့်ကိစ္စတွင်၊ ထိုပြစ်မှုကို ကုမ္ပဏီ၏ ဒါရိုက်တာ၊ မန်နေဂျာ၊ အတွင်းရေးမှူး၊ သို့မဟုတ် အခြားအရာရှိတဦးဦး၏ သဘောတူညီချက်ဖြင့် ကျူးလွန်ကြောင်း၊သို့မဟုတ် ၎င်းတို့တဦးဦး အလိုတူ အလိုပါ ကျူးလွန်ကြောင်း သို့မဟုတ် ၎င်းတို့ တဦးဦး ပေါ့လျော့မှု တခုခုကြောင့် ကျူးလွန်ကြောင်း၊ သက်သေ ထင်ရှားပြလျှင် အဆိုပါ ဒါရိုက်တာ၊ မန်နေဂျာ၊ အတွင်းရေးမှူး၊သို့မဟုတ် အခြား အရာရှိသည် ထိုပြစ်မှုကို ကျူးလွန်သည်ဟု မှတ်ယူရမည့်ပြင်၊ တရားစွဲဆိုခြင်းလည်း ခံရမည်။

ရှင်းလင်းချက်။ ။ဤပုဒ်မပါ ကိစ္စများအလို့ငှါ—

(က) "ကုမ္ပဏီ" ဆိုသည်မှာ၊ တရားဝင်အဖွဲ့အစည်း တခုခုကို ဆိုလိုသည့်ပြင် ထိုစကားရပ်တွင် အစုစပ်လုပ်ငန်း၊ သို့မဟုတ် အခြား အသင်းအဖွဲ့ တခုခုလည်းပါဝင်သည်။

(ခ) "ဒါရိုက်တာ" ဆိုသည်မှာ၊ အစုစပ်လုပ်ငန်းနှင့် စပ်လျဉ်း၍ ထိုအစုစပ်လုပ်ငန်းအတွက် အစုစပ်ပါဝင်သူ၊ သို့မဟုတ်၊ အစုရှင်ကို ဆိုလိုသည်။

အခန်း ၆

အထွေထွေပြဋ္ဌာန်းချက်များ

နည်းဥပဒေနှင့် စည်းကမ်းဥပဒေများစသည်တို့ ပြုလုပ်ခွင့်။

၁၁။ ။(၁) ဤဥပဒေပါ ရည်ရွယ်ချက်များကို ထမြောက် အောင်မြင်စေရန်နှင့် ဤဥပဒေနှင့် ပတ်သက်သည့် ကိစ္စရပ်များ အတွက် အစိုးရသည် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ပြုလုပ်နိုင်သည်၊ သို့မဟုတ် ထုတ်ပြန်နိုင်သည်။

(၂) အစိုးရသည်၊ ပုဒ်မ ၆ နှင့် ၇ တွင် ဖော်ပြထားသော ဥပဒေများ၏ **အမည်**စာရင်းကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ လိုအပ်သလိုဖြည့်စွက်နိုင်သည်၊ ထုတ်**ပယ်**နိုင်သည်။

ပြည်သူ့ ဝန်ထမ်းအဖြစ် သတ်မှတ်ခြင်း။

၁၂။ ။မည်သူမဆို၊ ဤဥပဒေအရဆောင်ရွက်နေစဉ်၊ သို့မဟုတ် ဆောင်ရွက်သည့်သဘော သက်ရောက်သော အပြုအမူကို ပြုနေစဉ်၊ရာဇသတ်ကြီး ပုဒ်မ ၂၁ တွင် အဓိပ္ပါယ် ဖေါ်ပြထားသည့်အတိုင်း၊ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

တရားစွဲဆိုခြင်းမှ ပိတ်ပင်ခြင်း။

၁၃။ ။ဤဥပဒေအရသော်၎င်း၊ ဤဥပဒေအရပြုသည့်၊ သို့မဟုတ် ထုတ်သည့်နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်၊ သို့မဟုတ် ညွှန်ကြားချက်များအရ သော်၎င်း၊ ရိုးသားသော သဘောဖြင့် ပြုလုပ်သည့်အတွက်၊ သို့မဟုတ် ပြုလုပ်ရန်ကြံရွယ်၍ ဆောင်ရွက်သည့်အတွက် မည်သူ့ကိုမျှ တရားမမှုဖြစ်စေ၊ ရာဇဝတ်မှုဖြစ်စေ၊ အခြားတရားမှုခင်းဖြစ်စေ မစွဲဆိုရ။

ဤဥပဒေအရ မှတ်ပုံတင်ခြင်း မပြုရသည့် လုပ်ငန်းများ။

၁၄။ ။ပုဒ်မ ၃ ၏ အပိုဒ် (၂) (က)၊ အပိုဒ် (၃) (က)၊ အပိုဒ် (၅) (ခ) နှင့် အပိုဒ် (၆) (က) တို့တွင် ဖေါ်ပြထားသည့် မှတ်ပုံတင်ခြင်းနှင့် ပတ်သက်သည့် ကိစ္စများသည်၊ အစိုးရ၊ သို့မဟုတ် အစိုးရလက်အောက်ခံ အဖွဲ့အစည်းတခုခုက ဦးစီးကွပ်ကဲ ထုတ်လုပ်ရောင်းချသော အလုပ်ရုံ၊ စက်ရုံ၊ လုပ်ငန်းဌာနနှင့်သော်၎င်း၊ ပြည်သူ့အလုပ်သမားကောင်စီ၊ သို့မဟုတ် ပြည်သူ့တောင်သူလယ်သမားကောင်စီ၊ သို့မဟုတ် သမဝါယမ အသင်းများက ဖွင့်လှစ်ထားရှိသည့် ဆေးခန်းများနှင့်သော်၎င်း မသက်ဆိုင်စေရ။

အဓိပ္ပါယ် ကောက်ယူခြင်း စသည်တို့နှင့် စပ်လျဉ်းသည့် အဆုံးအဖြတ်။

၁၅။ ။ဤဥပဒေပါစကားရပ်များ၏ အဓိပ္ပါယ် ကောက်ယူချက်နှင့် စပ်လျဉ်း၍ဖြစ်စေ၊ ပုဒ်မ ၆ နှင့် ၇ တွင် ဖေါ်ပြထားသော ဥပဒေများနှင့် ယင်းဥပဒေများအရပြုသည့်၊ သို့မဟုတ် ထုတ်သည့် ပြည်သူ့ ကျန်းမာရေးနှင့် သက်ဆိုင်သော နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်၊ သို့မဟုတ် ညွှန်ကြားချက်များပါ ပြဋ္ဌာန်းချက်များသည်၊ ဤဥပဒေ ရည်ရွယ်ချက်နှင့် သဘောထားနှင့် ဆန့်ကျင်သည်၊ မဆန့်ကျင်သည်နှင့် စပ်လျဉ်း၍ဖြစ်စေ၊ အစိုးရက ဆုံးဖြတ်ရမည်။ ယင်းဆုံးဖြတ်ချက်သည်၊ အဆုံးသတ် အပြီးအပြတ် ဖြစ်စေရမည်။

ကင်းလွတ်ခွင့်။

၁၆။ ။ဤဥပဒေပါ ပြဋ္ဌာန်းချက်အားလုံးမှဖြစ်စေ၊ တခုခုမှဖြစ်စေ၊ မည်သည့် ပုဂ္ဂိုလ်၊ သို့မဟုတ် မည်သည့်အရာကိုမဆို စည်းကမ်းချက် ထား၍သော်၎င်း၊ စည်းကမ်းချက် မထားဘဲသော်၎င်း အစိုးရက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ကင်းလွတ်ခွင့် ပြုနိုင်သည်။

အခက်အခဲများပပျောက်ရန်အမိန့်ဖြင့် လိုအပ်သလို ဆောင်ရွက်နိုင်ခွင့်။

၁၇။ ဤဥပဒေပါပြဋ္ဌာန်းချက်အားလုံး၊ သို့မဟုတ် တခုခုထမြောက်အောင်မြင် အောင် ဆောင်ရွက်ရာတွင် အခက်အခဲများ ပေါ်ပေါက်လာလျှင်၊ အစိုးရသည်၊ ထိုအခက်အခဲပပျောက်ရန် အလို့ငှါ၊ အကြောင်း အားလျော်စွာ အမိန့်ဖြင့် လိုအပ်သည် ထင်မြင်သော မည်သည့် ဆောင်ရွက်ချက်ကိုမဆို ပြုလုပ်ဆောင်ရွက် နိုင်သည်။

(ပုံ) ဗိုလ်နေဝင်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၃၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် **၁၂ ရက်။**
(၁၉၇၂ ခုနှစ်၊ ဇန္နဝါရီလ ၁၂ ရက်။)

အမိန့်အရ၊
(ပုံ) ဗိုလ်မှူးကြီး ကိုကို၊
အတွင်းရေးမှူး၊
ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ

ရန်ကုန်မြို့၊ ၁၃၃၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်။

(၁၉၇၂ ခုနှစ်၊ ဇန္နဝါရီလ ၁၂ ရက်။)

အောက်ဖော်ပြပါ ဥပဒေကို ထုတ်ပြန် ကြေညာသည်။

၁၉၇၂ ခုနှစ်၊ မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေ

(၁၉၇၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၂။)

ပြည်ထောင်စုမြန်မာ နိုင်ငံ၏ ဆိုရှယ်လစ်စီးပွါးရေးစံနစ် ဖွံ့ဖြိုးတိုးတက်မှု အတွက် အထောက်အကူပြုနိုင်မည့် အရည်အချင်းပြည့်မှီသော စာရင်း ပညာရှင် လုပ်သားကောင်းများ တိုးပွါးများပြားလာစေရန် အတွက်၎င်း၊ စာရင်း ပညာရပ်များ အစဉ်တစိုက် တိုးတက်စေရန် အလို့ငှါ၊ ပညာပေး လုပ်ငန်းများကို ပြုစုပျိုးထောင်ပေးရန် အတွက်၎င်း၊ စာရင်းပညာရပ်နှင့် စပ်လျဉ်းသော ကိစ္စများတွင် လိုအပ်သလိုအကြံဉာဏ်များပေးရန် အတွက်၎င်း၊ ထိုရည်ရွယ်ချက်များမှ အကြောင်းသင့် ဖြစ်ပေါ်လာသည့်၊ သို့မဟုတ် ထိုရည်ရွယ်ချက်များနှင့်ဆက်စပ်သည့် အခြားကိစ္စများကို ဆောင်ရွက်ရန်အတွက်၎င်း လိုအပ်ခြင်းကြောင့်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အမည်နှင့် စတင် အာဏာတည်သည့် နေ့ရက်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၇၂ ခုနှစ်၊ မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ချင်း အာဏာတည်ရမည်။

အဓိပ္ပါယ် ဖော်ပြချက်။

၂။ ။ဤဥပဒေတွင် စကားရပ်များသည်၊ အောက်ပါ အတိုင်း အဓိပ္ပါယ်သက်ဝင်စေရမည်။

(က) "ကောင်စီ" ဆိုသည်မှာ၊ ပုဒ်မ ၃ အရ၊ ဖွဲ့စည်း တည်ထောင်သည့် မြန်မာနိုင်ငံ စာရင်းကောင်စီကို ဆိုလိုသည်။

(ခ) "စာရင်းပညာရပ်" ဆိုသည်မှာ၊ စာရင်းပြုစုခြင်း၊ စာရင်းကိုင်ခြင်း၊ စာရင်းစစ်ခြင်း၊ စာရင်းရှင်းခြင်းဆိုင်ရာ ပညာရပ်တို့ကို

ဆိုလိုသည့်ပြင်၊ လက်မှတ်ရ ပြည်သူ့ စာရင်းကိုင်များက လုပ်ဆောင်သင့်သည်ဟု ကောင်စီက သတ်မှတ်သည့် ပညာရပ်များကိုလည်း ဆိုလိုသည်။

(ဂ) "စာရင်းကိုင် သင်တန်း" ဆိုသည်မှာ၊ စာရင်းပညာရပ်ဆိုင်ရာ ဘာသာရပ်များကို သင်ကြားပို့ချပေးရန် ပုဒ်မ ဂ အရ၊ ကောင်စီက ဖွင့်လှစ်တည်ထောင်သည့် စာရင်းကိုင်ကျောင်း၊ သို့မဟုတ် သင်တန်းများကို ဆိုလိုသည်။ ထိုစကားရပ်တွင် အစိုးရ၏ ညွှန်ကြားချက်အရ ဖြစ်စေ၊ အစိုးရ၏ သဘောတူညီချက်အရဖြစ်စေ၊ ကောင်စီကကြီးကြပ်အုပ်ချုပ်သည့်၊ သို့မဟုတ် ကောင်စီက စီမံထိန်းသိမ်းကွပ်ကဲသည့် စာရင်းပညာရပ်ဆိုင်ရာ ဘာသာရပ်များ သင်ကြားပို့ချသော ကျောင်း၊ သို့မဟုတ် သင်တန်းများလည်း ပါဝင်သည်။

(ဃ) "လက်မှတ်ရ ပြည်သူ့စာရင်းကိုင် သင်တန်း" ဆိုသည်မှာ၊ စာရင်းကိုင် အလုပ်သင်များအား၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် ဖြစ်စေရန် သင်ကြားပို့ချပေးသည့် စာရင်းပညာရပ်ဆိုင်ရာ သင်တန်းကို ဆိုလိုသည်။

(င) "စာရင်းကိုင်အလုပ်သင်" **ဆိုသည်မှာ၊ လက်မှတ်ရ** ပြည်သူ့ စာရင်းကိုင်ဖြစ်ရန် ကောင်စီ၏ **ခွင့်ပြုချက်အရ လက်တွေ့အလုပ်**သင် သင်ကြားခွင့် ရရှိသူကို ဆိုလိုသည်။

(စ) "အလုပ်သင်လုပ်သက်" ဆိုသည်မှာ၊ စာရင်းကိုင် အလုပ်သင်များက စာရင်းပညာရပ်ဆိုင်ရာ ဘာသာရပ်များကို လက်တွေ့ သင်ကြားရန် အတွက်၊ ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများ အရ၊ သတ်မှတ်သော လုပ်သက်ကို ဆိုလိုသည်။

(ဆ) "လက်မှတ်ရပြည်သူ့စာရင်းကိုင်" ဆိုသည်မှာ၊ ပုဒ်မ ၁၅ အရ၊ အမည်စာရင်းတင်သွင်းခြင်းခံရသူကို ဆိုလိုသည်။

(ဇ) "အမည်စာရင်း" ဆိုသည်မှာ၊ ဤဥပဒေ ပြဋ္ဌာန်းချက်များအရ ထားရှိသော လက်မှတ်ရ ပြည်သူ့စာရင်းကိုင် အမည်စာရင်းကို ဆိုလိုသည်။

(ဈ) "မှတ်ပုံတင်အရာရှိ" ဆိုသည်မှာ၊ ပုဒ်မ ၁၂ အရ ခန့်ထားသည့် မှတ်ပုံတင် အရာရှိကို ဆိုလိုသည်။

၃။ ။(၁) မြန်မာနိုင်ငံ စာရင်းကောင်စီ ဟူသော အမည်ဖြင့် ကေ
တခုကို အစိုးရက ဖွဲ့စည်းတည်ထောင်ရမည်။

ကောင်စီ ဖွဲ့စည်းပုံ။

(၂) ယင်းကောင်စီသည်၊ စဉ်ဆက်မပြတ် ဆက်ခံ ဆောင်ရွက်နိုင်ငံ
တကွ ကောင်စီပိုင် တံဆိပ်တခုရှိသော တရားဝင် အဖွဲ့ ဖြစ်ရမည့်ပြင်၊ အဆိုပါ ဒ
ဖြင့် တရားစွဲဆိုနိုင်၍ တရားစွဲဆိုခြင်းကိုလည်း ခံနိုင်ရမည်။

(၃) ကောင်စီတွင် အောက်ပါ ပုဂ္ဂိုလ်များ ပါဝင်ရမည်။

(က) မြန်မာနိုင်ငံ စာရင်းစစ်ချုပ် (ရာထူးအလျောက် ဥက္က

(ခ) ဝါရင့်သော စာရင်းပညာရှင်များ အနက် အစိုးရက ရွေး
ခန့်ထားသော ကောင်စီ လူကြီး အများဆုံး ၁၀ ဦး။

(ဂ) အခြား သင့်တော်သော ပုဂ္ဂိုလ်များအနက်၊ အစိုးရက ရွေ
ခန့်ထားသော ပုဂ္ဂိုလ်အများဆုံး ၄ ဦး။

၄။ ။ပုဒ်မ ၃၊ ပုဒ်မခွဲ (၃)၏ အပိုဒ် (ခ) နှင့် (ဂ) အရ၊ ရွေးချယ် ခ
သော ကောင်စီ လူကြီးများ၏ ရာထူး သက်တမ်း
တကြိမ်လျှင် ၄ နှစ်ထက် မပိုစေရ။ သက်တမ်းဧ
ကောင်စီလူကြီးများအားပြန်လည်ခန့်ထားနိုင်ခွင့်ရှိ

ကောင်စီလူကြီးများ၏ရာထူး သက်တမ်း။

၅။ ။ကောင်စီလူကြီးတဦးသည်—

(က) နုတ်ထွက်စာကို ကောင်စီ ဥက္ကဋ္ဌထ
ပို့လျှင် ဖြစ်စေ၊

ကောင်စီလူကြီးအဖြစ်မှ ရပ်စဲခြင်း။

(ခ) ကောင်စီ၏ ခွင့်ပြုချက် မရရှိဘဲ ႏ
အဝေးသို့ သုံးကြိမ်တိုင်တိုင် ဆက်လက် မတက်ေ
ပျက်ကွက်လျှင်ဖြစ်စေ၊

(ဂ) အစိုးရက ကောင်စီလူကြီး တဦး အနေဖြင့် ဆက်လက်မ
သင့်ဟု ယူဆလျှင် ဖြစ်စေ

ကောင်စီလူကြီး အဖြစ်မှ ရပ်စဲသည်ဟု မှတ်ယူရမည်။

၆။ ။(၁) ပုဒ်မ ၅ ပါ အကြောင်းတရပ်ရပ်ကြောင့်ဖြစ်စေ၊ သေဆ
ကြောင့်ဖြစ်စေ၊ကောင်စီလူကြီး တဦးဦး၏ရာထူး
သည့်အခါ၊ လစ်လပ်သောရာထူးတွင် ကောင်စီလူ
တဦးကို ပုဒ်မ ၃၊ ပုဒ်မခွဲ (၃)၊ အပိုဒ် (ခ) နှင့်
ပြဋ္ဌာန်းချက်များနှင့်အညီ ဖြည့်စွက်ခန့်ထားရမည်

လစ်လပ်သော ကောင်စီ လူကြီး ရာထူးများတွင် ဖြည့်စွက် ခန့်ထားခြင်း။

(၂) ပုဒ်မ ခွဲ (၁) အရ ဖြည့်စွက်ခန့်ထားခြင်းခံရသော ကောင်စီလူကြီးသည်၊ ...သား ခန့်ထားသည့်နေရာတွင် ဆောင်ရွက်ခဲ့သည့် ကောင်စီလူကြီးဟောင်း၏ရာထူး ...တမ်းစေ့ကုန်မည့် အချိန်အထိသာ ရာထူး၌ ထမ်းရွက်ရမည်။

ကောင်စီအစည်းအဝေးများ။

၇။ ။(၁) ကောင်စီ၏ အစည်း အဝေး ကျင်းပခြင်းနှင့် အစည်း အဝေး တွင် ဆောင်ရွက်ရန် အသုပ်ကိစ္စများ၊ အစည်းအဝေးတွင် လိုက်နာရန် ကျင့်ထုံးများမှာ ဤဥပဒေ အရ ပြုလုပ်သည့် နည်းဥပဒေများဖြင့် ပြဋ္ဌာန်းသည့် အတိုင်း ဖြစ်ရမည်။

(၂) ကောင်စီ၏ ဆောင်ရွက်မှုတို့သည်၊ ကောင်စီ လူကြီးများ နေရာလစ်လပ်ခဲ့သာကြောင့်သော်၎င်း၊ ကောင်စီလူကြီး ခန့်အပ်ရာ၌ ချို့ယွင်းချက် ရှိခြင်းကြောင့်သော်၎င်းပျက်ပြယ်ခြင်း မရှိစေရ။

ကောင်စီ၏ တာဝန် ဝတ္တရားများ။

၈။ ။ကောင်စီသည်၊ အောက်ပါ တာဝန် ဝတ္တရားများကို ဆောင်ရွက်ရမည်။

(က) စာရင်းကိုင်ကျောင်း၊ သို့မဟုတ် သင်တန်းများ ဖွင့်လှစ် တည်ထောင်ခြင်း၊ ကြီးကြပ်အုပ်ချုပ်ခြင်းနှင့် စီမံထိန်းသိမ်းကွပ်ကဲခြင်း။

(ခ) စာရင်းကိုင်ကျောင်း၊ သို့မဟုတ် သင်တန်းများ အတွက်၊ သင်ကြားရမည့် ဘာသာရပ်များနှင့် သင်ရိုးညွှန်းတမ်းများကို သတ်မှတ်ခြင်း၊စာမေးပွဲများကျင်းပခြင်းနှင့်ယင်းစာမေးပွဲများ အောင်မြင်သူများအား သင့်လျော်သောသက်မှတ်၊ ဘွဲ့ စသည်တို့ကို အပ်နှင်းချီးမြှင့်ခြင်း။

(ဂ) စာရင်း ပညာရပ်ဆိုင်ရာ ဘာသာ ရပ် များနှင့် စပ်လျဉ်း၍ လက်တွေ့ အသုပ်သင်ကြားရေးနှင့် စာရင်းကိုင် အလုပ်သင် သင်ကြားရေး အတွက် စီစဉ်ဆောင်ရွက်ခြင်း။

(ဃ) လက်မှတ်ရ ပြည်သူ့ စာရင်းကိုင် သင်တန်းများ ဖွင့်လှစ် တည်ထောင်ခြင်း၊ ကြီးကြပ် အုပ်ချုပ်ခြင်း၊ စီမံ ထိန်းသိမ်း ကွပ်ကဲခြင်း၊ ယင်းသင်တန်းများ အတွက်၊ သင်ကြားရမည့် ဘာသာရပ်များနှင့် သင်ရိုးညွှန်းတမ်းများကို သတ်မှတ်ခြင်း၊ စာမေး ပွဲများကျင်းပခြင်းနှင့် ယင်းစာမေးပွဲများအောင်မြင်သူများအား၊ သင့်လျော်သော လက်မှတ်၊ ဘွဲ့ စသည်တို့ကို အပ်နှင်းချီးမြှင့်ခြင်း။

(င) စာရင်းကိုင်ကျောင်း၊ သို့မဟုတ် သင်တန်းများနှင့် လက်မှ
ပြည်သူ့ စာရင်းကိုင်သင်တန်းများ၌ သင်ကြားရမည့်ဘာ
ရပ်များကို သင်ကြားပို့ချပေးရေးအတွက်၊ စီးပွါး
တက္ကသိုလ်သို့ ဖြစ်စေ၊ သင့်လျော်မည့် ပညာရေး အဖွဲ့အ
တခုခုသို့ဖြစ်စေ တာဝန်လွှဲအပ်ခြင်း၊ ယင်းတက္ကသိုလ်နှင့် (
ရေးအဖွဲ့အစည်းများ အတွက် လိုအပ်သည့် သင်တန်း
များနှင့် စာစစ်မှုးများကို ရွေးချယ်ပေးခြင်း။

(စ) အမည်စာရင်း၌ အမည်တင်သွင်းရန် လိုအပ်ချက်မျ
သတ်မှတ်ခြင်း။

(ဆ) နိုင်ငံခြား တိုင်းပြည်များမှ စာရင်းပညာရပ် ဆိုင်ရာလက်
ဘွဲ့များကို အသိအမှတ်ပြုခြင်း၊ ယင်းသို့ အသိအမှတ်ပြု
လက်မှတ်၊ ဘွဲ့ရသူများအား၊ အမည်စာရင်းတွင် အမည်
သွင်းရန် လိုအပ်ချက်များကို သတ်မှတ်ခြင်း။

(ဇ) ဤဥပဒေ၏ ရည်ရွယ်ချက် ထမြောက်အောင်မြင်စေရန် ပြ
ကိစ္စဟူသမျှကို စီမံဆောင်ရွက်ခြင်း။

မည်သည့် စာရင်းကိုင် ကျောင်းကို မဆို ကြီးကြပ် အုပ်ချုပ်ခြင်း၊ စီမံထိန်းသိမ်း ကွပ်ကဲခြင်း။

၉။ ။ကောင်စီသည်၊ စာရင်းပညာရပ်ဆိုင်ရာ ဘာသာရပ်များကို
ကြားသည့် မည်သည့်ကျောင်း၊ သို့မဟုတ် အဖွဲ့အစ
မဆို အစိုးရ၏ ညွှန်ကြားချက်အရ ဖြစ်စေ၊ အ
သဘော တူညီချက်အရ ဖြစ်စေ၊ ကြီးကြပ်အုပ်
သည်၊ သို့မဟုတ် စီမံ ထိန်းသိမ်းကွပ်ကဲနိုင်သည်၊

စာရင်းကိုင်သင်တန်းများနှင့် စပ်လျဉ်း၍ အစီရင်ခံစေခြင်း၊ စုံစမ်းစစ်ဆေးမှုများပြုလုပ်ခြင်း။

၁၀။ ။ကောင်စီ၌၊ ဤဥပဒေအရ စာရင်းကိုင် သင်တန်းများနှင့် လ
ရ ပြည်သူ့စာရင်းကိုင်သင်တန်းများတွင် စာရင်းပ
များသင်ကြားပို့ချစေရန် တာဝန်လွှဲအပ်ထားသည့်
ရေး တက္ကသိုလ်၊ ပညာရေး အဖွဲ့အစည်းစသည့်
ယင်းပညာရပ်များကို ကောင်းမွန်စွာ သင်ကြားပို့
အခြေအနေရှိ မရှိ၊ စဉ်းစားဆုံးဖြတ်နိုင်ရန် ကောင်စီကလိုအပ်သော အစီရင်ခံ
ကိုသော်၎င်း၊ အခြားအကြောင်းအရာများကိုသော်၎င်း ကောင်စီအား တင်
ဆက်ဆိုနိုင်ခွင့် ရှိရမည့်ပြင်၊ ကောင်စီက လိုအပ်သလို စုံစမ်းစစ်ဆေးမှုများ
ပြုလုပ်နိုင်ခွင့် ရှိသည်။

ကော်မီတီများ။

၁၁။ ။(၁) ကောင်စီသည်၊ စာချန်းကိုင် အသုပ်သင်နှင့် သင်တန်းကြီးကြပ်ရေးကော်မီတီနှင့် အခြား လိုအပ်သော ကော်မီတီများကို ကောင်စီ လူကြီးများဖြင့် ဖွဲ့စည်းနိုင်သည်။ ယင်းကော်မီတီများ ကို ဖွဲ့စည်းရာတွင် လိုအပ်ပါက အခြားသင့်လျော်သော ပုဂ္ဂိုလ်များကိုလည်း ကောင်စီက လိုအပ်သလို ရွေးချယ်၍ ကော်မီတီသူကြီးများအဖြစ်ထည့်သွင်းပေးနိုင်သည်။ ယင်းကော်မီတီအသီးသီး၏၊ ကော်မီတီလူကြီးများ၏ ရာထူးသက်တမ်းကို သင့်လျော်သလို သတ်မှတ်ပေးနိုင်သည်။

(၂) ကောင်စီသည်၊ မိမိ၏ တာဝန်ဝတ္တရားများနှင့် လုပ်ပိုင်ခွင့်များကို ပုဒ်မခွဲ (၁) အရ၊ ဖွဲ့စည်းသော မည်သည့် ကော်မီတီသို့မဆို လိုအပ်သလို လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

မှတ်ပုံတင်အရာရှိနှင့်ကောင်စီ၏ဝန်ထမ်းအဖွဲ့။

၁၂။ ။(၁) ကောင်စီသည်၊ အစိုးရ၏ ကြိုတင်ခွင့်ပြုချက်ဖြင့်—

(က) မှတ်ပုံတင် အရာရှိတဦးကို ခန့်ထားရမည်။

(ခ) ဤဥပဒေပါ ကိစ္စများ အလို့ငှါ၊ မိမိ လိုအပ်သည် ထင်မြင်သည့် ဝန်ထမ်းများ (အတွင်းရေးမှူး အပါအဝင်) ကိုလည်း ခန့်ထားနိုင်သည်။

(၂) ကောင်စီ၏ ဝန်ထမ်းများသည်၊ ပြည်သူ့ ဝန်ထမ်းများ ဖြစ်သည့် အလျောက်၊ အစိုးရက သတ်မှတ်သော စည်းကမ်းများကို လိုက်နာရမည်။ ရပိုင်ခွင့်များကို ရရှိစေရမည်။

ပြည်သူ့ ဝန်ထမ်းများ ဖြစ်ခြင်း။

၁၃။ ။ဤဥပဒေအရ ခန့်ထားသူ အသီးသီးကို ရာဇသတ်ကြီး ပုဒ်မ ၂၁ ၏ အဓိပ္ပါယ်အရ ပြည်သူ့ဝန်ထမ်း ဖြစ်သည်ဟု မှတ်ယူရမည်။

အမည်စာရင်းတွင်အမည်ရေးသွင်းခြင်း။

၁၄။ ။မှတ်ပုံတင်အရာရှိသည်—

(က) လက်မှတ်ရ ပြည်သူ့စာရင်းကိုင် အမည်စာရင်းကို ကောင်စီက ညွှန်ကြားသည့် ပုံစံအတိုင်း ထားရှိရမည်။

(ခ) အမည်စာရင်းတွင် အမည် တင်သွင်းခြင်း၊ နုတ်ပယ်ခြင်း၊ ပြန်လည် တင်သွင်းခြင်းတို့ကို ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများနှင့် အညီ ကောင်စီက ညွှန်ကြားသည့် အတိုင်း ဆောင်ရွက်ရမည်။

၁၅။ ။ပြည်ထောင်စုမြန်မာနိုင်ငံသားတိုင်းသည်၊ အသက် ၂၀ ပြည့်ပြီး၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံလျှင် ကောင်စီက သတ်မှတ်သည့် အခကြေးငွေကို ပေးဆောင်သည့်အခါ၊ မိမိအမည်ကို အမည်စာရင်းတွင် တင်သွင်းပိုင်ခွင့် ရှိရမည်။

အမည်စာရင်း၌ အမည် တင်သွင်းခွင့်ရှိသူများ။

(က) သတ်မှတ်သည့်အသုပ်သင်လုပ်သက်ကို ကျေနပ်လောက်အောင် သင်ကြားပြီးမြောက်သည်ဟု ကျေညာခြင်းခံရပြီး၍၊ ပုဒ်မ ၈ (ဃ) အရ လက်မှတ်၊ ဘွဲ့ စသည်တို့ကို ရရှိပြီးသူသော်၎င်း၊

(ခ) ကောင်စီကပုဒ်မ ၈(ဆ) အရ၊အသိအမှတ်ပြုထားသည့်စာရင်းပညာရပ်ဆိုင်ရာလက်မှတ် ဘွဲ့စသည်တို့ကိုရရှိပြီး၊အမည်စာရင်းတွင် အမည် တင်သွင်းနိုင်ရန် ကောင်စီက သတ်မှတ်ထားသည့် လိုအပ်ချက်များနှင့် ကိုက်ညီသူ သော်၎င်းဖြစ်ရမည်။

ခြွင်းချက်။ ။၁၉၅၆ ခုနှစ်၊ မြန်မာပြည် စာရင်းစစ် လက်မှတ် နည်း ဥပဒေများအရ၊ မှတ်ပုံတင် ထားပြီးသည့်၊ သို့မဟုတ် မှတ်ပုံတင်ပိုင်ခွင့်ရှိသူသည်၊ အမည်စာရင်း တင်သွင်းပိုင်ခွင့်ရရှိလိုပါက၊ ကောင်စီ၏အရည်အချင်းနှင့်ပတ်သက်သော ထပ်လောင်းစစ်ဆေးမှုကို ခံယူရမည်။ ယင်းစစ်ဆေးမှုအရ၊ကျေနပ်ဘွယ်ရာရှိသည်ဟု ကောင်စီက သတ်မှတ်ခြင်းခံရသူသည်၊ အမည်စာရင်း တင်သွင်းပိုင်ခွင့်ရှိသည်။

၁၆။ ။မည်သူမဆို မိမိ၏ အမည်ကိုဖြစ်စေ၊ စာရင်းပညာရပ် ဆိုင်ရာ လက်မှတ်၊ ဘွဲ့ စသည့် အရည်အချင်း တခုခုကိုဖြစ်စေ မှတ်ပုံတင်အရာရှိက အမည်စာရင်းတွင် မရေးသွင်းဘဲ ကြောင်း ငြင်းဆိုသည့် ဆုံးဖြတ်ချက်ကို၊ ထိုဆုံးဖြတ်ချက် ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ကောင်စီ အယူခံဝင်နိုင်သည်။

မှတ်ပုံတင် အရာရှိက အမည်စာရင်း မတင်သွင်း လိုကြောင်း ငြင်းဆိုလျှင် ကောင်စီထံ အယူခံဝင်ခြင်း။

၁၇။ ။ကောင်စီက အမည်တင်သွင်းရန်၊ သို့မဟုတ် ပြန်လည်တင်သွင်းရန် လက်ခံခြင်း မပြုလျှင်သော်၎င်း၊အမည်စာရင်းမှထုတ်ပယ် ခြင်းပြုလျှင်သော်၎င်း၊ ကောင်စီ၏ ဆုံးဖြတ်ချက်ကိုမကျေ နပ်လျှင်၊ ထိုသို့ဆုံးဖြတ်သည့် နေ့ရက်မှ ရက်ပေါင်း ၉ အတွင်း ပညာရေးဝန်ကြီးဌာနသို့ အယူခံနိုင်ခွင့်ရှိသည်

ကောင်စီ၏ ဆုံးဖြတ်ချက်ကို မကျေနပ်လျှင် အယူခံဝင်ခြင်း။

ပညာရေးဝန်ကြီးဌာနက ချမှတ်သည့်အမိန့်သည် အဆုံးသတ်အပြီးအပြတ် **ဖြစ်ရမည်**

စုံစမ်းစစ်ဆေးမှုများနှင့် အယူခံ မှုများ။

၁၈။ ။ကောင်စီသည်၊ အမည် တင်သွင်းခြင်း၊ နုတ်ပယ်ခြင်း၊ ပြန်လည် တင်သွင်းခြင်းတို့နှင့် ပတ်သက်၍၊ စုံစမ်း စစ်ဆေးမှု မည်သည်ကိုမဆို ပြုလုပ်နိုင်သည်။ သို့မဟုတ် ပုဒ်မ ၁၆ အရ၊ အယူခံမှုများကို ကြားနာစီရင်နိုင်သည်၊ သို့မဟုတ် အဆိုပါ စုံစမ်းစစ်ဆေးမှုများနှင့် အယူခံမှုများကို ပုဒ်မ ၁၁ (၁) အရ၊ ဖွဲ့စည်းသော ကော်မီတီတရပ်ရပ်အား လွှဲအပ်၍၊ စုံစမ်းစစ်ဆေးစေပြီး၊ သို့မဟုတ် ကြားနာစေပြီး၊ ကောင်စီထံ အစီရင်ခံနိုင်သည်။ ယင်းသို့သော စုံစမ်းစစ်ဆေးမှုများ၊ သို့မဟုတ် အယူခံမှုများနှင့် စပ်သျဉ်း၍၊ စုံစမ်းစစ်ဆေးကြားနာရန်နည်းလမ်း စည်းကမ်းချက်များကို၊ ပညာရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

အမည်စာရင်းတွင် ပြန်လည် ရေးသွင်းခြင်း။

၁၉။ ။ကောင်စီသည်၊ အမည်စာရင်းမှ ထုတ်ပယ်ထားသော ရေးသွင်းချက် မည်သည်ကို မဆို ပြန်လည် ရေးသွင်းရန် အမိန့်ချမှတ် နိုင်ခွင့်ရှိသည်။

နှစ်စဉ်စာရင်း။

၂၀။ ။(၁) မှတ်ပုံတင်အရာရှိသည်၊ နှစ်စဉ် ကောင်စီက ဤကိစ္စအလို့ငှါ သတ်မှတ်ချမည့် နေ့ရက်တွင် ဖြစ်စေ၊ ထိုနေ့ရက် မတိုင်မီ ဖြစ်စေ၊ အခါအားလျော်စွာ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် အမည်စာရင်းကို မှန်ကန်စွာ ပုံနှိပ် ထုတ်ဝေရမည်။

(၂) တရားရုံးအသီးသီးသည်၊ ထိုနှစ်စဉ် စာရင်းများအနက် နောက်ဆုံး စာရင်းတွင် အမည်ရေးသွင်းထားသူ အသီးသီးကို လက်မှတ်ရ ပြည်သူ့စာရင်းကိုင် ဟူ၍၎င်း၊ ထိုသို့ အမည်ရေးသွင်းမထားသူ အသီးသီးကို လက်မှတ်ရ ပြည်သူ့စာရင်း ကိုင် မဟုတ်ဟူ၍၎င်း မှတ်ယူစေရမည်။ သို့ရာတွင် အဆိုပါ စာရင်းတွင် အမည်ပါသင့် သော်သည်း မပါသူတဦးဦးဖြစ်လျှင် အမည် စာရင်းတွင် ထိုသူ၏ အမည်ရေးသွင်း ထားရှိကြောင်း မှတ်ပုံတင် အရာရှိက မှန်ကန်သည်ဟု ဝန်ခံလက်မှတ်ရေးထိုးသည့် သက်သေခံလက်မှတ်သည်၊ ထိုသူလက်မှတ်ရ ပြည်သူ့စာရင်းကိုင် ဖြစ်ကြောင်း ထင် ရှားသည့် သက်သေခံဖြစ်စေရမည်။

အမည်စာရင်း တင်သွင်း ထားသူမဟုတ်လျှင် ဆောင် ရွက်ခြင်း မပြုရသည့်ကိစ္စ။

၂၁။ ။မည်သူမျှ ဤဥပဒေအရ၊ အမည်စာရင်း တင်သွင်းထားသူ မဟုတ် လျှင် မိမိအမည်တွင် " လက်မှတ်ရ ပြည်သူ့စာရင်းကိုင် " သို့မဟုတ် (Certified Public Accountant)၊ သို့မဟုတ် (C.P.A.) ဟု ထည့်တပ်ခြင်းမပြုရ။

ပြစ်ဒဏ်များ။

၂၂။ ။မည်သူမဆို လက်မှတ်ရ စာရင်းကိုင် မဟုတ်ဘဲလျက် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် ယောင်ဆောင်လျှင်၊ သို့မဟုတ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်တဦးကဲ့သို့ ပြုမူလုပ်ကို လျှင်၊ ထိုသို့အယောင်ဆောင်ပြုမူလုပ်ကိုင်ခြင်းကြောင့်၊ လူတဦးတယောက် အလိမ်ခံ သည်ဖြစ်စေ၊ မခံရသည်ဖြစ်စေ၊ ၅ နှစ်ထိ ထောင်ဒဏ်သော်၎င်း၊ ငွေဒဏ်သော်၎င်း ဒဏ်နှစ်ရပ်စလုံးသော်၎င်း ချရခြင်းခံရမည်။

ရ-သုံး မှန်းခြေ ငွေစာရင်း။

၂၃။ ။ကောင်စီ၏ ရ-သုံးမှန်းခြေငွေစာရင်းသည်၊ ပြည်ထောင်စု မြန်မာနိုင် အစိုးရ၏ ရ-သုံး မှန်းခြေ ငွေစာရင်း၏ အစိတ် အပိုင် တခုဖြစ်၍၊ ကောင်စီ၏ရငွေများကို ပြည်ထောင်စု မြန်မ နိုင်ငံ၏ တစုတည်းပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာရံပုံငွေသို့ ထည့်သွင်းရမည့်ပြင် သုံးငွေများကိုလည်း ယင်းရံပုံငွေမှပင် ထုတ်သုံးစွဲရမည်။

နှစ်စဉ် အလိုက် ဝင်ငွေနှင့် အသုံး စရိတ်စာရင်း ရေးဆွဲခြင်းနှင့် စာရင်း စစ်ဆေး ခြင်း။

၂၄။ ။ကောင်စီသည်၊ ဘဏ္ဍာနှစ် အသီးသီး အတွက် ကောင်စီ၏ ခန့်မှန် ခြေ ဝင်ငွေနှင့် အသုံးစရိတ် စာရင်းများကို တင်သွင် ခြင်း၊ နှစ်စဉ် အလိုက် စာရင်းများကို ရေးဆွဲခြင်းနှ စာရင်း စစ်ဆေးခြင်း ပြုလုပ်ရမည်။

နည်းဥပဒေများ။

၂၅။ ။အစိုးရသည်၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ အတိုင်း ဆော ရွက်ရန်အလို့ငှါ၊ အမိန့်ကြော်ငြာစာဖြင့် နည်းဥပဒေမျ ပြုလုပ်နိုင်သည်။

ညွှန်ကြားချက်များ။

၂၆။ ။အစိုးရသည်၊ သို့မဟုတ် ကောင်စီသည်၊ ဤဥပဒေအရ ပြုလုပ်သ နည်းဥပဒေများနှင့် မဆန့်ကျင်သော ညွှန်ကြားချက်မျ ကို ထုတ်ပြန်နိုင်သည်။

မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ ပုဒ်မ ၁၄၄ အရ ပြုလုပ်ထားသော နည်းဥပဒေ များကို ရုပ်သိမ်းခြင်း။

၂၇။ ။(၁) ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများ စတင် အာဏ တည်သည့်နေ့မှစ၍ မြန်မာနိုင်ငံ ကုမ္ပဏီ အက်ဥပဒေပု ၁၄၄ အရ ပြုလုပ်ထားသော ၁၉၅၆ ခုနှစ်၊ မြန်မာပြ စာရင်းစစ် သက်ဆိုင်ရာ နည်းဥပဒေများကို ရုပ်သိမ်းလို သည်။

(၂) ၁၉၅၆ ခုနှစ်၊ မြန်မာပြည် စာရင်းစစ်လက်မှတ် နည်းဥပဒေများကို ရုပ်သိမ်းလိုက်စေကာမူ၊ ယင်းနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များအရ၊ ဆောင်ရွက်ရမည့် မည်သည့် ကိစ္စအတွက်မဆို၊ အစိုးရက ဆက်လက်ဆောင်ရွက်ရန် လိုအပ်လျှင်၊ ရည်ညွှန်း၍ ထည့်သွင်းပြဋ္ဌာန်းနိုင်သည်။

မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ ပုဒ်မ ၁၄၄ ကို ဖြည့်စွက် ပြင်ဆင်ခြင်း။

၂၇။ ။ဤဥပဒေပါ ကိစ္စများအလို့ငှါ၊ မြန်မာနိုင်ငံကုမ္ပဏီ အက်ဥပဒေပုဒ်မ ၁၄၄၊ ပုဒ်မခွဲ (၁) ၏ ခြွင်းချက်အောက်တွင် အောက်ပါကို၊ ဒုတိယခြွင်းချက်အဖြစ် ထည့်သွင်း ရမည်။

"Provided further that a person declared as Certified Public Accountant under the Burma Accountancy Council Law, 1972 shall be deemed as a holder of a certificate granted under this section."

တည်ဆဲ တရားဥပဒေများပါ မှတ်ပုံတင် စာရင်းကိုင်ကို ရည်ညွှန်းခြင်း။

၂၉။ ။တည်ဆဲတရားဥပဒေ တခုခုတွင် သော်၎င်း၊ စာချုပ် စာတမ်း အရ၊ အမှတ်အသား တခုခုတွင် သော်၎င်း၊ မှတ်ပုံတင်စာရင်းကိုင် (**Registered Accountant**) ဟု ရည်ညွှန်းထားလျှင်၊ ထိုရည်ညွှန်းချက်သည်၊ ဤဥပဒေတွင် အဓိပ္ပါယ်ဖေါ်ပြထားသည့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်ကို လည်း ရည်ညွှန်းသည်ဟု မှတ်ယူရမည်။

ကြီးကြပ်မှု။

၃၁။ ။ကောင်စီသည်၊ ၎င်းအား ဤဥပဒေအရ၊ အပ်နှင်းထားသော အာဏာတစုံတခုကို အသုံးမပြု ပျက်ကွက်ခဲ့သည်ဟူ၍ သော်၎င်း၊ အကြောင်းမတန် အသုံးပြုခဲ့သည့်ဟူ၍သော်၎င်း၊ အလွဲသုံးစားပြုခဲ့သည် ဟူ၍သော်၎င်း၊ ၎င်းအား ဤဥပဒေအရပေးအပ်သော တာဝန်ဝတ္တရားမည်သည့်ကိုမဆို မဆောင်ရွက်ဘဲ ပျက်ကွက်သည်ဟူ၍သော်၎င်း မည်သည့်အခါမဆိုအစိုးရက ထင်မြင်လျှင်၊ ထိုသို့ပျက်ကွက်မှု၊ အကြောင်းမတန်အသုံးပြုမှု၊ သို့မဟုတ် အလွဲသုံးစားပြုမှုနှင့်စပ်လျဉ်းသည့်အကြောင်းအချက်များကို ကောင်စီအား ကြားသိစေနိုင်သည်။ ကောင်စီသည်၊ အစိုးရက ဤကိစ္စအလို့ငှါ သတ်မှတ်ထားသော အချိန်ကာလအပိုင်းအခြားအတွင်း၊ အဆိုပါပျက်ကွက်မှု၊အကြောင်းမတန်အသုံးပြုမှု၊ အလွဲအသုံးပြုမှု ပပျောက်အောင် ဆောင်ရွက်ရန် ပျက်ကွက်ခဲ့လျှင်၊ အစိုးရသည်၊ အဆိုပါ ပျက်ကွက်မှု၊ အကြောင်း မတန်အသုံးပြုမှု၊ အလွဲအသုံးပြုမှုပပျောက်အောင်

ဆောင်ရွက်ရန် ကောင်စီ၏ အာဏာနှင့် တာဝန်ဝတ္တရားတစုံတရာကို သင့်သည်ထင်မြင်သည့် အဖွဲ့အစည်း၊ သို့မဟုတ် ပုဂ္ဂိုလ်အား သင့်သည် ထင်မြင်သည့် အချိန်ကာလ အပိုင်းအခြားအတွင်း ဆောင်ရွက်စေရန် လွှဲအပ်နိုင်သည်။

(ပုံ) ဗိုလ်နေဝင်း

ဥက္ကဋ္ဌ၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၃၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်။

(၁၉၇၂ ခုနှစ်၊ ဇန္နဝါရီလ ၁၂ ရက်။)

အမိန့်အရ၊

ဗိုလ်မှူးကြီး ကိုကို

အတွင်းရေးမှူး၊

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ

ပညာရေးဝန်ကြီးဌာန

ဌာနစု (၃)

အမိန့်ကြော်ငြာစာ

ရန်ကုန်မြို့၊ ၁၃၃၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်။

(၁၉၇၂ ခုနှစ်၊ ဇန္နဝါရီလ ၁၃ ရက်။)

အမှတ်။ ။အစိုးရသည်၊ ၁၉၇၂ ခုနှစ်၊ မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေပုဒ်မ ၂၅ အရ၊ အောက်ပါနည်းဥပဒေများကိုပြုလိုက်သည်။

၁၉၇၂ ခုနှစ်၊ မြန်မာနိုင်ငံစာရင်း ကောင်စီနည်းဥပဒေများ။

အခန်း ၁

အမည်၊ အာဏာတည်သည့်နေ့ရက်နှင့် အဓိပ္ပါယ်ဖော်ပြချက်များ။

၁။ (၁) ဤနည်း ဥပဒေများကို၊ **၁၉၇၂ ခုနှစ်၊** မြန်မာနိုင်ငံ စာရင်းကောင်စီ နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

(၂) ဤနည်းဥပဒေများသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ဤနည်းဥပဒေများတွင် စကားရပ်များသည်၊ အောက်ပါအတိုင်း အဓိပ္ပါယ် သက်ဝင်စေရမည်။

(က) "ဥပဒေ" ဆိုသည်မှာ၊ ၁၉၇၂ ခုနှစ်၊ မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေကိုဆိုလိုသည်။

(ခ) "ကော်မီတီ" ဆိုသည်မှာ၊ ဥပဒေပုဒ်မ ၁၀ အရ ဖွဲ့စည်းသည့်စာရင်းကိုင်အလုပ်သင်နှင့် သင်တန်းကြီးကြပ်ရေး ကော်မီတီ၊သို့မဟုတ် အခြား ကော်မီတီကိုဆိုလိုသည်။

(ဂ) "လက်တွေ့လုပ်သက်" ဆိုသည်မှာ၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် အလုပ်သင်မှတပါး၊ ဥပဒေအရ ကောင်စီက အခါအားလျော်စွာဖွင့် လှစ်တည်ထောင်၊ ကြီးကြပ် ကွပ်ကဲသည့် စာရင်းကိုင်ပညာရပ်ဆိုင်ရာ ဘာသာရပ်များ သင်ကြားပေးသောကျောင်း၊ သို့မဟုတ် သင်တန်း

များမှ ပညာသင်များအတွက် လက်တွေ့သင်ကြားရန် သတ်မှတ်သည့် လုပ်သက်ကိုဆိုလိုသည်။

(ဿ) "နည်းခံလုပ်သက်" ဆိုသည်မှာ၊ ၁၉၅၆ ခုနှစ်၊ မြန်မာပြည်စာရင်းစစ် လက်မှတ် နည်းဥပဒေများအရ၊ မှတ်ပုံတင်ခွင့်ရရှိရန် ထမ်းဆောင်ရသည့် နည်းခံလုပ်သက် (Articleship) ကိုဆိုလိုသည်။

အခန်း ၂

ကောင်စီနှင့်ကော်မီတီအစည်းအဝေးများ။

၃။ (၁) ကောင်စီနှင့် ကော်မီတီများသည်၊ မိမိတို့၏ တာဝန် ဝတ္တရားများကို အစည်းအဝေးကျင်းပဆောင်ရွက်ရမည်။

(၂) အစည်းအဝေးများကို လိုအပ်သလိုကျင်းပရမည်၊ သို့ရာတွင် ကောင်စီ အစည်းအဝေးကို အနည်းဆုံး ၃ လတကြိမ် ကျင်းပရမည်။

(၃) အစည်းအဝေး ဖိတ်ခေါ်သည့်စာကို အစည်းအဝေးအစီအစဉ်နှင့်အတူ ၃ ရက်ထက်မနည်း ကြိုတင်၍ သက်ဆိုင်ရာကောင်စီလူကြီးများ၊ သို့မဟုတ် ကော်မီတီလူကြီးများထံ ပေးပို့ရမည်။

(၄) သက်ဆိုင်ရာ ကောင်စီလူကြီး၊ သို့မဟုတ်ကော်မီတီလူကြီး၊ ထက်ဝက် ကျော်တက်ရောက်ပါက၊ အစည်းအဝေးထမြောက်စေရမည်။

(၅) အစည်းအဝေးတွင် သဘာပတိအဖြစ် သက်ဆိုင်ရာကောင်စီ၊ သို့မဟုတ်၊ ကော်မီတီ၏ဥက္ကဋ္ဌက ဆောင်ရွက်ရမည်။ ဥက္ကဋ္ဌ မတက်ရောက်သည့် အခါ၊ တက်ရောက်သော ကောင်စီလူကြီးများ၊ သို့မဟုတ် ကော်မီတီ လူကြီးများအနက် တဦးဦးကို သဘာပတိအဖြစ် ရွေးကောက်တင် မြှောက်ရမည်။

(၆) အစည်းအဝေး၌ ပေါ်ပေါက်သော ကိစ္စအားလုံးကို အစည်းအဝေး တက်ရောက်သော ကောင်စီလူကြီး၊ သို့မဟုတ် ကော်မီတီလူကြီးများ၏ မဲများရာဖြင့် ဆုံးဖြတ်ရမည်။ မဲအရေအတွက်ချင်း တူညီနေလျှင် သဘာပတိက ဆုံးဖြတ်မဲပေးရမည်။

(၇) သဘာပတိသည်၊ အစည်းအဝေး တက်ရောက်သော ကောင်စီလူကြီး၊ သို့မဟုတ် ကော်မီတီလူကြီးများ၏ သဘောတူညီချက်ဖြင့် အစည်း အဝေးကို လိုအပ်သလို ပြောင်းရွှေ့ပေးနိုင်သည်။ သို့ရာတွင် ပြောင်း

နေ ရှုချိန်းဆိုသော အစည်းအဝေးတွင် ပြီးခဲ့သည့် အစည်းအဝေးက ကျန်သည့်ကိစ္စများကိုသာ စဉ်းစားရမည်။

(ဂ) အစည်းအဝေးမှတ်တမ်းကိုစံနှုန်းတကျရေးမှတ်၍စာအုပ်တွင် မှတ်တမ်းတင်ထားရမည်။ ၎င်းမှတ်တမ်းများကို နောက်တကြိမ်ကျင်းပသော အစည်းအဝေးတွင် တင်ပြအတည်ပြု၍ သဘာပတိက လက်မှတ်ရေးထိုးရမည်။ယင်းသို့ လက်မှတ်ရေးထိုးပြီးသည့် မှတ်တမ်း၏မိတ္တူကို ကောင်စီသို့တင်ပြရမည်။

အခန်း ၃

မကောင်စီ၏လုပ်ပိုင်ခွင့်များ။

ကောင်စီပိုင်တံဆိပ်။

၄။ ကောင်စီသည်၊ မိမိပိုင်တံဆိပ်ကို လုံခြုံစွာထိန်းသိမ်းရေးနှင့် အသုံးပြုရေးကို တာဝန်ယူရမည်။ ယင်းတံဆိပ်ကိုမည်သည့်စာချုပ်စာတမ်းတွင်မဆို ကောင်စီအစည်းအဝေး၏ဆုံးဖြတ်ချက်ရမှသာလျှင် ခပ်နှိပ်ရမည်။ ယင်းသို့တံဆိပ်ခပ်နှိပ်ထားသည့်စာချုပ်စာတမ်းတွင် ကောင်စီလူကြီး ၂ ဦးနှင့် အတွင်းရေးမှူးက လက်မှတ်ရေးထိုးရမည်။

၅။ ဥပဒေပါပြဋ္ဌာန်းချက်များကိုင်၎င်း၊ ဥပဒေအရပြုလုပ်သည့် နည်းဥပဒေများနှင့် ညွှန်ကြားချက်များပါ ပြဋ္ဌာန်းချက်များကို၎င်း ထမြောက်အောင်မြင်စွာ ဆောင်ရွက်ရာ၌ နည်းလမ်းတကျနှင့် အမှန်တကယ်ကုန်ကျသည့် စရိတ်ငွေကြေးများကို သုံးစွဲနိုင်ခွင့် ကောင်စီ၌ရှိသည်။

အခန်း ၄

စာရင်းကိုင်အလုပ်သင်နှင့် သင်တန်းကြီးကြပ်ရေးကော်မီတီ။

၆။ စာရင်းကိုင်အလုပ်သင်နှင့် သင်တန်းကြီးကြပ်ရေးကော်မီတီတွင် ကောင်စီက ရွေးချယ်ခန့်ထားသော အောက်ပါကော်မီတီလူကြီးများ ပါဝင်ရမည်—

(က) ကောင်စီလူကြီးများထဲမှ .... ၆ ဦးအထိ

(ခ) စာရင်းကိုင် အလုပ်သင် သင်ကြားပေးမည့် အဖွဲ့အစည်းများ၏ စာရင်း ဌာနအကြီးအကဲများထဲမှ .... ၄ ဦးအထိ

(ဂ) စာရင်းကိုင် သင်တန်းများနှင့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် သင်တန်းများတွင် စာရင်းပညာရပ်များ သင်ကြားပို့ချစေရန် တာဝန်လွှဲအပ်ခြင်းခံရသည့် စီးပွါးရေးတက္ကသိုလ်နှင့် ပညာရေးအဖွဲ့အစည်းများမှ သင့်တော်သည့်ပုဂ္ဂိုလ် .... ၂ ဦးအထိ

၇။ စာရင်းကိုင်အလုပ်သင်နှင့် သင်တန်းကြီးကြပ်ရေးကော်မီတီသည်၊ အောက်ပါ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရမည်—

(က) စာရင်းကိုင် အလုပ်သင် သင်ကြားပေးနိုင်မည့် အစိုးရဌာနနှင့် ဌာနခွဲများကိုဖြစ်စေ၊ ဘုတ်အဖွဲ့၊ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ ဘဏ် အစရှိသည့် အစိုးရလက်အောက်ခံ အဖွဲ့အစည်းများကိုဖြစ်စေ၊သမဝါယမ၊ ပုဂ္ဂလိကနှင့် အခြားအဖွဲ့အစည်းများကိုဖြစ်စေ ရွေးချယ်စိစစ်သတ်မှတ်၍ ၎င်းတို့၏အမည်စာရင်းကို ကောင်စီကထုတ်ပြန်နိုင်ရန် ကောင်စီသို့တင်ပြခြင်း။ ကောင်စီက ထုတ်ပြန်ကြေညာသည့် အဆိုပါစာရင်းကိုင် အလုပ်သင် သင်ကြားပေးမည့်အမည်စာရင်းပါ မည်သည့် အမည်ကို မဆို ထိုစာရင်းမှပယ်ရန်လိုအပ်ပါက ကောင်စီသို့တင်ပြခြင်း။

(ခ) စာရင်းကိုင်အလုပ်သင် သင်ကြားပေးနိုင်မည့် အစိုးရလက်အောက်ခံ အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ လက်ခံနိုင်မည့် စာရင်းကိုင်အလုပ်သင် ဦးရေကိုသတ်မှတ်ခြင်း။

(ဂ) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်းကို အောက်ပါအတိုင်းဖွင့်လှစ်ခြင်း။

(၁) ပထမပိုင်း .... ၁ နှစ်သင်တန်း

(၂) ဒုတိယပိုင်း .... ၁ နှစ်သင်တန်း

(ဃ) လက်မှတ်ရ ပြည်သူ့စာရင်းကိုင် သင်တန်းများတွင် သက်ဆိုင်ရာဘာသာရပ်များ သင်ကြားပို့ချရေးအတွက် စီးပွါးရေးတက္ကသိုလ်၊ သို့မဟုတ် သင့်လျော်မည့် ပညာရေးအဖွဲ့အစည်းသို့ လိုအပ်သလို လွှဲအပ်ခြင်း။ ယင်းတက္ကသိုလ်၊ သို့မဟုတ် ပညာရေးအဖွဲ့အစည်းသို့ လိုအပ်သော ပြင်ပသင်တန်းဆရာများနှင့် ပြင်ပစာစစ်မှူးများကို ကောင်စီကရွေး ချယ်ပေးခြင်း။

(င) လက်မှတ်ရ ပြည်သူ့စာရင်းကိုင် သင်တန်းများတွင် လက်ခံနိုင်မည့် စာရင်းကိုင် အလုပ်သင်ဦးရေကို နှစ်စဉ်အလိုက် သတ်မှတ်ခြင်း။

(စ) စာရင်းကိုင် အလုပ်သင်များနှင့် စပ်လျဉ်း၍—

(၁) စာရင်းကိုင် အလုပ်သင်ဆောင်ရွက်ရမည့်တာဝန်ဝတ္တရားများကိုငင်း၊ လိုက်နာရမည့် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ညွှန်ကြားချက်များကိုငင်း ကောင်စီကထုတ်ပြန်နိုင်ရန် အလို့ငှါ၊ အခါအားလျော်စွာ ရေးဆွဲ၍ ကောင်စီသို့တင်ပြခြင်း။

(၂) စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ညွှန်ကြားချက်များကို စာရင်းကိုင် အလုပ်သင်များ လိုက်နာရေးအတွက် ကြီးကြပ်ထိန်းသိမ်းခြင်းနှင့် ယင်းညွှန်ကြားချက်များ၊ သို့မဟုတ် ညွှန်ကြားချက်တခုခုကို လိုက်နာခြင်း မပြုသည့် ကိစ္စရပ်များအတွက် လိုအပ်သလိုအရေးယူခြင်း။

(၃) စာရင်းကိုင် အလုပ်သင်ရေးနှင့်စပ်လျဉ်း၍ အခြားလိုအပ်သော အစီအစဉ်များကို ပြုလုပ်ခြင်း။

(၄) နည်းဥပဒေ ၁၁ အရ၊ သတ်မှတ်ထားသော အလုပ်သင်လုပ်သက်ကို ကြေနပ်လောက်အောင် သင်ကြား ပြီးမြောက်သည့် စာရင်းကိုင် အလုပ်သင်များ၏ အမည်စာရင်းကို ထုတ်ပြန်ကျေညာရန် ကောင်စီသို့တင်ပြခြင်း။

(ဆ) **စာရင်းပညာရပ်ဆိုင်ရာ ဘာသာရပ်များ သင်ကြားပေးသည့် မည်သည့် ကျောင်း၊ သို့မဟုတ် သင်တန်းနှင့်မဆို စပ်လျဉ်း၍—**

(၁) သင်ရိုးညွှန်းတန်းများ **သတ်မှတ်ရန် ကောင်စီသို့** ထောက်ခံတင်ပြခြင်း။

(၂) သင်ကြားပို့ချမည့် ဘာသာရပ်များဆိုင်ရာ **စာအုပ်စာတမ်းများကို** စိစစ်ပြုစုထုတ်ဝေခြင်းနှင့် အသိအမှတ်ပြုရန် ကောင်စီသို့ ထောက်ခံတင်ပြခြင်း။

(၃) လက်တွေ့လုပ်သက်အတွက် လိုအပ်သော ကာလအပိုင်းအခြားကို သတ်မှတ်ရန် ကောင်စီသို့ထောက်ခံတင်ပြခြင်း။

(၄) ပညာသင်များလိုက်နာရမည့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်ရန် လိုအပ်သော ညွှန်ကြားချက်များကို ကောင်စီသို့ ထောက်ခံတင်ပြခြင်းနှင့် ကောင်စီကထုတ်ပြန်သော အဆိုပါညွှန်ကြားချက်များ၊ သို့မဟုတ် ညွှန်ကြားချက်တခုခုကို မလိုက်နာသည့်ကိစ္စရပ်များအတွက် လိုအပ်သလိုအရေးယူခြင်း။

(၅) အခြားလိုအပ်သောအစီအစဉ်များကို ပြုလုပ်ခြင်း။

အခန်း ၅

စာရင်းကိုင်အလုပ်သင်

၈။ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်း၏ မည်သည့်စာသင်နှစ်တွင်မဆို ၎
နှစ်မတိုင်မီနှစ်အတွင်း စာရင်းနှင့်စာရင်းစစ် အဓိကဘာသာဖြင့် ဝါဏိဇ္ဇဘွဲ့ရပြီး စာရင်
ကိုင် အလုပ်သင်ဆောင်ရွက်ခွင့်ရရန် လျှောက်ထားသော သူများအနက်အမှတ်အနည်
အများအလိုက် အမှတ်အများဆုံးရရှိသူများကို သက်ဆိုင်ရာစီးပွါးရေးတက္ကသိုလ်၊ ၎
မဟုတ် ပညာရေးအဖွဲ့အစည်းက ရွေးချယ်စိစစ်၍ ကောင်စီသို့ထောက်ခံတင်ပြရမည်

ရှင်းချက်။ ။အထက်ပါလက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်း၏ စာသင်နှ
မတိုင်မီ နှစ်အတွင်းတွင်၎ အခြားအဓိကဘာသာများဖြင့် ဝါဏိဇ္ဇဘွဲ့ရသူများအန
အမှတ်အများဆုံးဖြင့် အောင်မြင်၍၊ စာရင်းကိုင် အလုပ်သင် ဆောင်ရွက်ခွင့် ရရ
လျှောက်ထားသောသူများကိုလည်း ထည့်သွင်းထောက်ခံနိုင်သည်။

၉။ နည်းဥပဒေ ၈ အရ၊ သက်ဆိုင်ရာစီးပွါးရေးတက္ကသိုလ်၊ သို့မဟုတ် ပညာရေ
အဖွဲ့အစည်းက ထောက်ခံတင်ပြသများအနက် ၎င်းတို့ရရှိသော အမှတ်အနည်းအမျ
ပေါ်မူတည်၍ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်း၏ စာသင်နှစ်တနှစ်စီအတွ
သင်ကြားပေးနိုင်မည့် စာရင်းကိုင် အလုပ်သင်ဦးရေစာရင်းအရ ကောင်စီကရွေးချ
သောသူများသည်၊ စာရင်းကိုင်အလုပ်သင် သင်ကြားနိုင်ခွင့်ရှိစေရမည်။

၁၀။ နည်းဥပဒေ ၉ အရ စာရင်းကိုင်အလုပ်သင်အဖြစ် ရွေးချယ်ခြင်းခံရသူမျ
၏အမည်စာရင်းနှင့် ၎င်းတို့အလုပ်သင် စတင်ဆောင်ရွက်ရမည့် နေ့ရက်စသည်တို
ကောင်စီက ထုတ်ပြန်ကျေညာရမည့်ပြင်၊ ကောင်စီကသတ်မှတ်ထားသည့် မှတ်ပုံတ
စာအုပ်တွင်လည်း ရေးသွင်းထားရမည်။

၁၁။ နည်းဥပဒေ ၉ အရ စာရင်းကိုင်အလုပ်သင်အဖြစ် ရွေးချယ်ခြင်းခံရသူသ
စာရင်းကိုင်အလုပ်သင် စတင်ဆောင်ရွက်သည့်နေ့မှစ၍ အလုပ်သင်လုပ်သက် ၂
ဆောင်ရွက်ရမည်။

၁၂။ စာရင်းကိုင်အလုပ်သင်သည် နည်းဥပဒေ ၁၁ တွင်သတ်မှတ်ထားသော
လုပ်သင် လုပ်သက်ကာလအပိုင်းအခြားအတွင်း လုပ်သက်ခွင့်ရက်များကို မိမိဆော
ရွက်ပြီးသည့် အလုပ်သင်လုပ်သက် ၁/၁၁ ပုံနှုန်းထက်မများ ခံစားခွင့်ရရှိစေရမည်။ ထို
နာမကျန်းဖြစ်ခဲ့လျှင် သက်ဆိုင်ရာမြို့နယ်ဆရာဝန်၏ ဆေးလက်မှတ်ထောက်ခံချက်အ

ဓိဆေးလက်မှတ်ခွင့်ရက်ကို မိမိဆောင်ရွက်ပြီးသည့်အလုပ်သင်လုပ်သက် ၁/၁၁ ပုံနှုန်းထက် မများ နောက်ထပ်ခံစားခွင့်ရရှိစေရမည်။

၁၃။ စာရင်းကိုင်အလုပ်သင်သည်၊ အလုပ်သင် လုပ်သက်စတင်ဆောင်ရွက်သည် နှင့်တပြိုင်နက် နည်းဥပဒေ ၇ (ဃ) အရ **သက်ဆိုင်ရာ စီးပွါးရေးတက္ကသိုလ်၊** သို့မဟုတ် ပညာရေးအဖွဲ့အစည်းတွင် သင်ကြားပို့ချပေးမည့် **လက်မှတ်ရ** ပြည်သူ့စာရင်းကိုင် သင်တန်းသို့ တက်ရောက်သင်ကြားရမည်။

အခန်း ၆

စာရင်းကိုင်အလုပ်သင် သင်ကြားပေးသည့် အဖွဲ့အစည်းများ

၁၄။ နည်းဥပဒေ ၇(က)အရ ထုတ်ပြန်သည့်စာရင်းကိုင် အလုပ်သင် သင်ကြား ပေးမည့်အဖွဲ့အစည်းများ အမည်စာရင်းပါ မည်သည့်အဖွဲ့အစည်းကမဆို၊ အောက်ပါ တာဝန်များကို ထမ်းဆောင်ရမည်။

(က) ကောင်စီက စာရင်းကိုင်အလုပ် သင်ကြားပေးရန်ရွေးချယ်စေလွှတ်သည့် စာရင်းကိုင် အလုပ်သင်များကိုသာ စာရင်းကိုင်အလုပ်သင် သင်ကြား **ပေးခြင်း။**

(ခ) **ထိုသို့အလုပ်သင် သင်ကြားပေးရာတွင်** မိမိအဖွဲ့အစည်း၏ စာရင်းလုပ် ငန်းနှင့်လျော်ညီပြီး **ကောင်စီက ကြိုတင်အတည်ပြု**ထားသော အလုပ် သင် သင်ကြားပေးရေး**အစီအစဉ်အတိုင်း အလုပ်သင်**ကြားပေးခြင်း။

မှတ်ချက်။ ။စာရင်းကိုင်အလုပ်သင်အား အလုပ်သင်ကြား**ပေးရေး အစီအစ**ဉ်နှင့် မပတ် သက်သော တာဝန် ဝတ္တရားများ ဆောင်စေခြင်း **မပြုရ။**

(ဂ) စာရင်းကိုင် အလုပ်သင်များ၏ စည်းကမ်း**ထိန်းသိမ်း**မှုကို ကြပ်မတ်စွာ ကွပ်ကဲထိန်းသိမ်းခြင်း၊ ကောင်စီက **ထုတ်ပြန်ထား**သော စည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာ **ညွှန်ကြားချက်များ၊** သို့မဟုတ် ညွှန်ကြားချက် တခုခုကိုဖေါက်ဖျက်**ကျူးလွန်ပါက၊**စာရင်းကိုင်အလုပ်သင်နှင့်၊သင်တန်း ကြီးကြပ်ရေး **ကော်မီတီသို့** တိုင်ကြားခြင်းနှင့် အလုပ်သင်လုပ်သက် ကာလအ**တွင်း စာရင်းကိုင်** အလုပ်သင် တဦးစီ၏ လုပ်ဆောင်ခဲ့သည့် **လုပ်ငန်းများနှင့်** တိုးတက်မှု အခြေ အနေကိုလည်းအစီရင်ခံခြင်း။

(ဃ) စာရင်းကိုင် ပညာရပ်ဆိုင်ရာ ဘာသာရပ်များ သင်ကြားပေးသည့် ကျောင်း၊ သင်တန်းများမှ လက်တွေ့ ပညာသင်ကြားရန် ကောင်စီက အခါအားလျော်စွာ စေလွှတ်သည့် ပညာသင်များကို လက်တွေ့ လုပ် သက် သင်ပေးခြင်း။

အခန်း ၇

လက်မှတ်ရ ပြည်သူ့စာရင်းကိုင် သင်တန်းနှင့် စာမေးပွဲ

၁၅။ နည်းဥပဒေ ၁၃ အရ၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် သင်တန်း
တက်ရောက်သင်ကြားခွင့်ရသူများသည်၊ သက်ဆိုင်ရာ စီးပွါးရေးတက္ကသိုလ် သို့မဟုတ်
ပညာရေး အဖွဲ့ အစည်းက ကောင်စီ၏ ကြိုတင် သဘောတူညီချက်ဖြင့် အခါအား
လျော်စွာ သတ်မှတ်သည့် သင်တန်း ဝင်ကြေး၊ မှတ်ပုံတင်ကြေး၊ သင်တန်းကြေး
စာမေးပွဲဝင်ကြေး အစရှိသည်တို့ကို ပေးဆောင်ရမည်။

၁၆။ လက်မှတ်ရ ပြည်သူ့ စာရင်းကိုင် စာမေးပွဲများကို သာမန်အားဖြ
တဆယ့်နှစ်လတွင် တကြိမ် ကျင်းပရမည်။ သို့ရာတွင် စာမေးပွဲ အသီးသီးတ
ကျရှုံးသူများ အတွက် ကောင်စီက သင့်လျော်သည့် အချိန်ကာလ အတွင်း နော
ဆက်တွဲ စာမေးပွဲများ ပြုလုပ်ပေးနိုင်သည်။

၁၇။ လက်မှတ်ရ ပြည်သူ့ စာရင်းကိုင် ပထမပိုင်း စာမေးပွဲ ဖြေဆိုခွင့် ရ
အတွက် အောက်ပါ စည်းကမ်းချက်များနှင့် ပြည့်စုံသူဖြစ်ရမည်။

(က) ပထမပိုင်း သင်တန်း အတွက် ဘာသာရပ် အလိုက် သင်တန်းပေး
သည့် စုစုပေါင်း အချိန်၏ ၆၅ ရာခိုင်နှုန်း အနည်းဆုံး သင်တ
တက်ပြီးသူ။

(ခ) အလုပ်သင် လုပ်သက် အနည်းဆုံး ၈ လ ပြီးစီးပြီးသူ။

၁၈။ လက်မှတ်ရ ပြည်သူ့ စာရင်းကိုင် ဒုတိယပိုင်း စာမေးပွဲ ဖြေဆိုခွင့်ရ
အတွက် အောက်ပါ စည်းကမ်းချက်များနှင့် ပြည့်စုံသူဖြစ်ရမည်။

(က) ပထမပိုင်း စာမေးပွဲ အောင်မြင်ပြီးသူ။

(ခ) ဒုတိယပိုင်း သင်တန်း အတွက် ဘာသာရပ် အလိုက် သင်တန်းပေး
စုစုပေါင်းအချိန်၏ ၆၅ ရာခိုင်နှုန်း အနည်းဆုံး သင်တန်းတက်ပြီး

(ဂ) နည်းဥပဒေ ၁၁ အရ သတ်မှတ်ထားသော အလုပ်သင် လုပ်
အပြည့်အဝ ပြီးစီးပြီးသူ၊ သို့မဟုတ်အလုပ်သင်လုပ်သက်တွင် နောက်
၆ လ ကာလအပိုင်း၌ ဆောင်ရွက်နေသူ။

၁၉။ စာမေးပွဲ အသီးသီးတွင် အောင်မြင်သူများအား သက်ဆိုင်ရာ ဒေ
လက်မှတ်ကို ကောင်စီက ထုတ်ပေးရမည်။

အခန်း ဂ

အမည်စာရင်းတွင် အမည်တင်သွင်းခြင်း

၂၀။ ဥပဒေ ပုဒ်မ ၁၅ ပါ အရည်အချင်းနှင့် ပြည့်စုံသူတိုင်းသည်၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် အမည် စာရင်းတွင်အမည် တင်သွင်း၍ မှတ်ပုံတင် လက်မှတ်ထုတ်ပေးရန် အတွက် မြန်မာနိုင်ငံ စာရင်းကောင်စီ၏ မှတ်ပုံတင် အရာရှိထံသို့ ကောင်စီက သတ်မှတ်သည့် ပုံစံဖြင့် လျှောက်ထားကြရမည်။

၂၁။ မှတ်ပုံတင်အရာရှိသည်——

(က) အမည် စာရင်းတွင် ဥပဒေအရ အမည်တင်ထားသူ အသီးသီး၏ အမည်၊ နေရပ်နှင့် စာရင်း ပညာရပ် ဆိုင်ရာ လက်မှတ်၊ ဘွဲ့ စသည့် အရည်အချင်းများကိုလည်းကောင်း၊ ထိုအရည်အချင်း အသီးသီး ရရှိသည့် နေ့ရက်ကိုလည်းကောင်း ရေးသွင်းရမည်။

(ခ) ထိုသို့ ရေးသွင်းထားသည့် အကြောင်း အရာများတွင် လိုအပ်သည့်ပြင်ဆင်ချက်များနှင့် ဖြည့်စွက်ချက်များကို ထည့်သွင်းရမည်။

(ဂ) သေဆုံးသွားသည့်၊ သို့မဟုတ် ကောင်စီက သတ်မှတ်ထားသည့် အခကြေးငွေကို သတ်မှတ်သည့်ကာလ ကျော်လွန်သည့် တိုင်အောင် ပေးသွင်းရန် ပျက်ကွက်သည့်၊ သို့မဟုတ်မိမိဆန္ဒအရ အမည်စာရင်းမှ ပယ်ဖျက်ခွင့်ပြုရန် လျှောက်ထားသည့် လက်မှတ်ရပြည်သူ့စာရင်းကိုင် အားလုံးကိုလည်းကောင်း၊ နည်းဥပဒေ ၂၂၊ ၂၃ သို့မဟုတ် ၂၄ အရ၊ ကောင်စီက ထုတ်ပယ်ရန် အမိန့်ချမှတ်သည့် လက်မှတ်ရ ပြည်သူ့ စာရင်းကိုင် အားလုံး၏ အမည်များကိုလည်းကောင်း အမည်စာရင်းမှ ထုတ်ပယ်ရမည်။

၂၂။ အမည် စာရင်းတွင် ထည့်သွင်းချက် တခုခုသည် လိမ်လည်၍ သော်လည်းကောင်း၊ ...၍ သော်လည်းကောင်း ပြုလုပ်ထားသည်ဟု ကောင်စီအား ကြေနပ်အောင် သက်သေ...ပြလျှင်၊ ကောင်စီသည် သင့်သည်ဟု ထင်မြင်သည့် အတိုင်း သက်ဆိုင်သူအား အကြောင်းကြားပြီးနောက် ကန့်ကွက်ချက်များရှိလျှင် ကန့်ကွက်ချက်များကို ...စစ်ဆေးပြီးသည့် အခါ ထိုရေးသားချက်ကို အမည် စာရင်းမှ ထုတ်ပယ်ရန်၊ သို့မဟုတ် ပြင်ဆင်ရန်သင့်သည်ဟု ထင်မြင်လျှင် ထိုသို့ ထင်မြင်သည့်အတိုင်း အမိန့်ချ...ထိုက်သည်။

၂၃။ လက်မှတ်ရ ပြည်သူ့ စာရင်းကိုင် တဦးသည်၊ စွဲကပ်သော ရောဂါဝေဒနာ တခုခုကြောင့် စာရင်း ပညာရပ်ကို မှန်ကန်စွာ အသုံးမချနိုင်အောင် ဖြစ်လာလျှင် ကောင်စီက ထိုလက်မှတ်ရ ပြည်သူ့ စာရင်းကိုင်၏ အမည်ကို အမည် စာရင်းမှ ထုတ်ပယ်ရန် အမိန့်ချမှတ်ရမည်။ ထိုလက်မှတ်ရ ပြည်သူ့ စာရင်းကိုင်သည်၊ ရောဂါ ဝေဒနာပျောက်ကင်းသည့် အခါ ကောင်စီက သတ်မှတ်ခဲ့သည့် အမည် ပြန်လည် တင်သွင်းခကို ထိုလက်မှတ်ရ ပြည်သူ့ စာရင်းကိုင်က ပေးဆောင်လျှင်၊ ၎င်းအား ပြန်လည်၍ အမည် စာရင်းတွင် အမည် တင်သွင်းနိုင်သည်။

၂၄။ ။(၁) မည်သူမဆို—

(က) အကျင့်စာရိတ္တ ပျက်ပြားရာ ရောက်သည်ဟု ကောင်စီက ထင်မြင်သည့်ပြစ်မှုဖြင့် တရားရုံးက ပြစ်မှု ထင်ရှား စီရင်ခြင် ခံရသူ ဖြစ်လျှင်၊ သို့မဟုတ်—

(ခ) ကောင်စီက နည်းလမ်း တကျ စုံစမ်း စစ်ဆေးပြီးနောက် (ထိုသို့ စုံစမ်းစစ်ဆေးရာတွင်၊ ထိုသူသည် ကိုယ်တိုင်ဖြစ်စေ ရှေ့နေဖြင့် ဖြစ်စေ ချေပ အကြောင်းပြခွင့် ရရှိပြီး ဖြစ်လျက် စာရင်း ပညာရပ်ဆိုင်ရာလုပ်ငန်းနှင့် စပ်လျဉ်း၍ ဤနည် ဥပဒေများ၏ ဇယားတွင် ဖေါ်ပြထားသည့် မအပ်မရ ကျင့်မိစွာ ပြုကျင့်ကြောင်း ကောင်စီက၊ ဆုံးဖြတ်ခဲ့လျှ ကောင်စီသည်၊ ထိုသူနှင့်စပ်လျဉ်းသည့် ကိစ္စကိုမှတ်ပုံတ အရာရှိက တင်ပြသောကြောင့်ဖြစ်စေ၊ အခြား တနည်းနည် ကြောင့်ဖြစ်စေ သိရှိလျှင်၊ ထိုသူအားအမည် စာရင်းတွ အမည်တင်သွင်းခွင့် မပေးလိုကြောင်း ငြင်းဆိုနိုင်သည် သို့မဟုတ် ထိုသူသည်၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်ဖြစ် လျှင်၊ ၎င်း၏ အမည်ကိုစာရင်းမှ ထာဝစဉ်သော်၎င်း၊ သတ် မှတ်သည့် အချိန်ကာလ အပိုင်း အခြားအတွက်၎င်း ထုတ် ပယ်ရန် အမိန့်ချမှတ်နိုင်သည်။

(၂) မည်သူမဆို၊ နည်းဥပဒေ ၂၄ (၁) အရ၊ ကောင်စီက ချမှတ်သည့်အမိန့် မကျေနပ်လျှင်၊ ဥပဒေ ပုဒ်မ ၁၇ အရ၊ ပညာရေးဝန်ကြီးဌာနသို့ အယူခံဝင်ခွင့်ရှိသည်။

၂၅။ လက်မှတ်ရ ပြည်သူ့ စာရင်းကိုင် အမည် စာရင်းတွင် အမည်တင်သွင်းခြင်း ခံရသူအား ယင်းသို့ အမည် တင်သွင်းပြီးသည်နှင့် တပြိုင်နက် ကောင်စီက **သတ်မှတ်** **သည့်** ပုံစံဖြင့် မှတ်ပုံတင် လက်မှတ် ထုတ်ပေးရမည်။

၂၆။ (၁) မည်သည့်လက်မှတ်ရ ပြည်သူ့စာရင်းကိုင်မဆို ကိုယ်တိုင်စာရင်းကိုင် စာရင်းစစ်လုပ်ငန်းကို အဓိကအသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်လိုလျှင်၊ ကောင်စီက အသိအမှတ်ပြုရန်လျှောက်ထားရမည်။

(၂) မှတ်ပုံတင်အရာရှိသည်၊ နှစ်စဉ် ဇန်နဝါရီလအတွင်း၊ ယခင်ဒီဇင်ဘာလ ၃၁ ရက်နေ့၌ လက်မှတ်ရပြည်သူ့စာရင်းကိုင်အမည်စာရင်းတွင်အမည် ပါရှိသူအားလုံး၏စာရင်းအနက်မှ ကိုယ်ပိုင်စာရင်းစစ်လုပ်ငန်းလုပ်သူများ၏ အမည်များကို အစိုးရ၏ ပြန်တမ်းတွင်ကြေညာရမည်။

၂၇။ (၁) အမည်စာရင်း တင်သွင်းခွင့်ရရှိသူသည်၊ ကောင်စီကအခါအားလျော်စွာသတ်မှတ်သည့် အခကြေးငွေကို ပေးဆောင်ရမည်။

(၂) အမည်စာရင်းမှ အမည်ထုတ်ပယ်ခြင်းခံရသူ မည်သူမဆို မိမိ၏အမည်ကို အမည်စာရင်းတွင်ပြန်လည်ထည့်စေလိုလျှင်၊ ကောင်စီက အခါအားလျော်စွာ သတ်မှတ်သောအမည် ပြန်လည်တင်သွင်းခကို ပေးဆောင်လျက် ကောင်စီသို့လျှောက်ထားနိုင်ခွင့်ရှိသည်။

အခန်း ၉

အထူးပြဋ္ဌာန်းချက်

၂၈။ ဥပဒေပုဒ်မ ၂၇ အရ၊ ၁၉၅၆ ခုနှစ်၊ မြန်မာပြည်စာရင်းစစ်လက်မှတ် နည်းဥပဒေများကို ဤနည်းဥပဒေများစတင် အာဏာတည်သည့်နေ့မှစ၍ ရုပ်သိမ်းလိုက်စေကာမူ၊ အဆိုပါနည်းဥပဒေများအရ၊ (က) ဖွင့်လှစ်သော မှတ်ပုံတင်စာရင်းကိုင် သင်တန်းများနှင့်စပ်လျဉ်း၍ဖြစ်စေ၊ (ခ) မှတ်ပုံတင်စာရင်းကိုင် စာမေးပွဲများနှင့် စပ်လျဉ်း၍ဖြစ်စေ၊ (ဂ) နည်းခံလုပ်သက်နှင့်စပ်လျဉ်း၍ဖြစ်စေ၊ (ဃ) မှတ်ပုံတင် စာရင်းကိုင်အဖြစ် မှတ်ပုံတင်ရေးနှင့်စပ်လျဉ်း၍ဖြစ်စေ၊ (င) မှတ်ပုံတင်စာရင်းမှအမည် ပယ်ဖျက်ခြင်း၊ ပြန်လည်မှတ်ပုံတင်ခြင်းတို့နှင့် စပ်လျဉ်း၍ဖြစ်စေ၊ ဤအခန်းပါပြဋ္ဌာန်းချက်များအတိုင်း ဆက်လက်ဆောင်ရွက်ရမည်။

၂၉။ အဆိုပါရုပ်သိမ်းလိုက်သည့် နည်းဥပဒေများအရ—

(၁) ဖွင့်လှစ်သောမှတ်ပုံတင်စာရင်းကိုင် ပထမသင်တန်း (Registered Accountants' First Year Classes) ကို အထူးကိစ္စတရပ်အနေဖြင့် ၁၉၇၁-၇၂ ခုသင်တန်းနှစ်တွင် နောက်ဆုံးအကြိမ်အဖြစ် ဖွင့်

လုစ်သင်ကြားပေးရမည့်အပြင်၊ မှတ်ပုံတင်စာရင်းကိုင် ပထမစာမေးပွဲကိုလည်း ၁၉၇၂ ခုနှစ်တွင် နောက်ဆုံး အကြိမ်အဖြစ်ကျင်းပပေးရမည်။

(၂) ဖွင့်လှစ်သော မှတ်ပုံတင်စာရင်းကိုင်နောက်ဆုံးသင်တန်း (Registered Accountants' Final Year Classes) များကိုအထူးကိစ္စတရပ်အနေဖြင့် ၁၉၇၁–၇၂ ခုနှစ် သင်တန်းနှစ်တွင်တကြိမ်၊ ၁၉၇၂–၇၃ ခု. သင်တန်းနှစ်တွင် နောက်ဆုံးအကြိမ်အဖြစ် တကြိမ် ဖွင့်လှစ်သင်ကြားပေးရမည့်အပြင်၊ မှတ်ပုံတင်စာရင်းကိုင် နောက်ဆုံး စာမေးပွဲ (Registered Accountants' Final Examination) များကို ၁၉၇၂ ခုနှစ်တွင် တကြိမ်နှင့် ၁၉၇၃ ခုနှစ်တွင် နောက်ဆုံးအကြိမ်အဖြစ် တကြိမ် ကျင်းပပေးရမည်။

(၃) ၁၉၆၉ ခုနှစ်မှ ၁၉၇၃ ခုနှစ်၊ နောက်ဆုံးအကြိမ်အထိ ကျင်းပသော မှတ်ပုံတင်စာရင်းကိုင် နောက်ဆုံးစာမေးပွဲများတွင် အုပ်စုတခုအောင်မြင်ပြီးသူများအတွက် ကျန်အုပ်စုတခုကို အောင်မြင်နိုင်စေရန် နောက်တဆက်တည်းပြုလုပ်သော စာမေးပွဲနှစ်ကြိမ်တွင်သာ ကျန်အုပ်စုတခုကို ဖြေဆိုခွင့်ရှိစေရမည်။

(၄) ၁၉၇၃ ခုနှစ်အတွင်း နောက်ဆုံးအကြိမ်အဖြစ်ကျင်းပသော မှတ်ပုံတင်စာရင်းကိုင် နောက်ဆုံးစာမေးပွဲတွင် အုပ်စုတခုကို အောင်မြင်ပြီးသူများအတွက် ကျန်အုပ်စုတခုကို ဖြေဆိုအောင်မြင်နိုင်စေရန်အလို့ငှါ၊ ၁၉၇၄ ခုနှစ်မကုန်မီအတွင်း နောက်ထပ်စာမေးပွဲနှစ်ကြိမ် ဆက်လက်ကျင်းပပေးရမည်။

(၅) ဆက်လက်ကျင်းပရသော အထက်ဖေါ်ပြပါ မှတ်ပုံတင်စာရင်းကိုင် ပထမနှင့်နောက်ဆုံးစာမေးပွဲများကို ဖြေဆိုရန်အတွက် နည်းခံလုပ်သက်ရှိရန်မလို။

၃၀။ အထက်ပါနည်းဥပဒေ ၂၉ အရ ကျင်းပသော မှတ်ပုံတင်စာရင်းကိုင် နောက်ဆုံး စာမေးပွဲ (Registered Accountants' Final Examination) ကိုငင်း၊ ၁၉၅၆ ခုနှစ်၊ မြန်မာပြည်စာရင်းစစ်လက်မှတ်နည်းဥပဒေများအရ ယခင်နှစ်များက ကျင်းပခဲ့သော မှတ်ပုံတင်စာရင်းကိုင် နောက်ဆုံးစာမေးပွဲကိုငင်း အောင်မြင်ခဲ့ပြီးသော်လည်း နည်းခံလုပ်သက် လုံးဝမရှိသေးသောသူများနှင့် နည်းခံလုပ်သက် တပိုင်းတစလုပ်ပြီးသူ သို့မဟုတ် လုပ်နေဆဲသူများသည်၊ ၁၉၅၆ ခုနှစ်၊ မြန်မာပြည် စာရင်းစစ်လက်မှတ် နည်းဥပဒေများအရ မှတ်ပုံတင် စာရင်းကိုင်အဖြစ် မှတ်ပုံတင်နိုင်ရေးအတွက် သတ်မှတ်ထားသည့် လိုအပ်သော နည်းခံလုပ်သက်များကို ရရှိစေရန်၊

သို့မဟုတ် ကင်းလွတ်ခွင့်ရရှိစေရန် အဆိုပါနည်းဥပဒေများအရ ဆက်လက်ဆောင်ရွက်နိုင်ခွင့်ရှိစေရမည်။

ထို့ပြင်၊ ပြောင်းလဲလာသော စီးပွါးရေးပုံသဏ္ဍာန်နှင့်အညီ နည်းခံလုပ်သက်အမျိုးအစားကိုသော်၎င်း၊ ကာလအပိုင်းအခြားကိုသော်၎င်း ကောင်စီက အခါအားလျော်စွာ ဖြည့်စွက်သတ်မှတ်ပြဋ္ဌာန်းပိုင်ခွင့် ရှိစေရမည်။

၃၁။ အထက်ပါနည်းဥပဒေ ၃၀ အရ မှတ်ပုံတင်စာရင်းကိုင်နောက်ဆုံးစာမေးပွဲကို အောင်မြင်ခဲ့ပြီး နည်းခံလုပ်သက်နှင့် စပ်လျဉ်း၍ လိုအပ်ချက်များနှင့်အညီ ပြည့်စုံပြီးသူများသည်၎င်း၊ ၁၉၅၆ ခုနှစ်၊ မြန်မာပြည် စာရင်းစစ်လက်မှတ် နည်းဥပဒေများအရ မှတ်ပုံတင်စာရင်းကိုင်အဖြစ်၊ မှတ်ပုံတင်ထားပြီးသူများနှင့် မှတ်ပုံတင်ပိုင်ခွင့်ရှိသူများသည်၎င်း အဆိုပါ နည်းဥပဒေများအရ မှတ်ပုံတင် စာရင်းကိုင် (Registered Accountant) အဖြစ် မှတ်ပုံတင်ခွင့် ရှိစေရမည်။ ထို့ပြင် အဆိုပါ ၁၉၅၆ ခုနှစ်၊ မြန်မာပြည်စာရင်းစစ် နည်းဥပဒေများအရ၊ မှတ်ပုံတင်စာရင်းပါ မည်သည့်အမည်ကိုမဆို၊ မှတ်ပုံတင်စာရင်းမှ ထုတ်ပယ်ခြင်း၊ ပြန်လည် မှတ်ပုံတင်ခြင်းများကိုလည်း ယင်းနည်းဥပဒေများအရ ဆက်လက် ဆောင်ရွက်နိုင်ခွင့် ရှိစေရမည်။

၃၂။ ရုပ်သိမ်းလိုက်သည့် ၁၉၅၆ ခုနှစ်၊ မြန်မာပြည်စာရင်းစစ်လက်မှတ် နည်းဥပဒေများတွင် မည်သို့ပင် ပြဋ္ဌာန်းထားစေကာမူ၊ ဤအထူးပြဋ္ဌာန်းချက် နည်းဥပဒေများပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန်အလို့ငှါ (The Burma Accountancy Board) အစား မြန်မာနိုင်ငံ စာရင်းကောင်စီက ဆက်လက်ဆောင်ရွက်ရမည်။

ဇယား

[နည်းဥပဒေ ၂၄ (၁)(ခ)ကိုကြည့်]

လက်မှတ်ရ ပြည်သူ့စာရင်းကိုင်တဦးသည်၊ အောက်ပါများကိုပြုလျှင် မအပ်မရာ ကျင့် မိစ္ဆာပြုကျင့်သည်ဟု မှတ်ယူရမည်။

(က) တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကြော်ငြာခြင်း၊ တနည်းနည်းဖြင့် စာရင်းပညာရပ်ဆိုင်ရာ အလုပ်ကိုတောင်းခြင်း၊ မိမိအား ငှါးအောင် ဆောင်ရွက်ခြင်း။

(ခ) အမြတ်ရာခိုင်နှုန်းပေါ်တွင် အခြေတည်၍ လုပ်ခငွေတောင်းယူခြင်း၊

(ဂ) မည်သည့်စာရင်း ဖေါ်ပြချက်၊ ကျေညာချက်၊ ရှင်းတမ်း၊ အစီရင်ခံစာ၊ ငွေစာရင်းစာအုပ်၊ လက်မှတ် သို့မဟုတ် ပုံစံကိုမဆို မဟုတ်မမှန်ကြောင်း သိလျက်နှင့် ထည့်သွင်းဖေါ်ပြခြင်း။

(ဃ) ကောင်စီကလိုအပ်၍ တောင်းဆိုသည့် စာရင်းများနှင့် စပ်လျဉ်းသည့် အချက်အလက်များကို ပေးရန်ပျက်ကွက်ခြင်း။

(င) မိမိအားဆောင်ရွက်စေသည့်လုပ်ငန်းတွင် မိမိတဦးတည်းသာရှိစေသော အကြောင်းအချက်များကို၊ အလုပ်ရှင်၏ခွင့်ပြုချက် သို့မဟုတ် တရားဥပဒေတခုခု၏ လိုအပ်ချက်အရမဟုတ်ဘဲ ထုတ်ဖော်ပြောဆိုခြင်း။

(စ) မိမိအား ပေးအပ်သည့် စာရင်းပညာရပ်ဆိုင်ရာ အလုပ်ဝတ္တရားများကို ဆောင်ရွက်ရာ၌ လွန်ကဲစွာပေါ့လျော့ခြင်း။

အမိန့်အရ၊

ဒေါက်တာ ညီညီ၊

ဒုတိယဝန်ကြီး၊

ပညာရေးဝန်ကြီးဌာန။

နိုင်ငံတော်တရားရုံးချုပ်

၁၉၇၂ ခုနှစ်၊ တရားရုံးများ ညွှန်ကြားလွှာ အမှတ် (၁)

ရန်ကုန်မြို့၊ ၁၉၇၂ ခုနှစ်၊ ဇန္နဝါရီလ ၇ ရက်။

(၁၃၃၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်။)

မြန်မာနိုင်ငံရှိခရိုင်တရားမ နှင့် စက်ရှင်တရားသူကြီးများ၊ ခရိုင်ရာဇဝတ်တရားသူကြီးများ၊ အထူးတရားသူကြီးများနှင့် ရာဇဝတ်တရားသူကြီးများအားလုံးထံသို့—

အကြောင်းအရာ။ **။ခရိုင်ဘီးလစ်များနှင့် လက်ထောက်ဘီးလစ်များ၊ မြို့နယ်ရုံး ဘီးလစ်များနှင့် တရားရုံးစာရေးများတို့က မိမိတို့လက်ဝယ်ရှိငွေနှင့် ပစ္စည်းများကို အလွဲသုံးစားပြုခြင်းမှ တားမြစ်ကာကွယ်ရန်ကိစ္စ။**

အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍၊ ဤရုံးမှ တရားရုံးများ ညွှန်ကြားလွှာအမှတ် ၇/၇၀ ၏အပိုဒ် ၃ (ည)ကို ပယ်ဖျက်လိုက်ပြီးလျှင်၊ အပိုဒ် ၃ (ဈ)ကို အောက်ပါအတိုင်း ဖြည့်စွက်ပြင်ဆင်လိုက်သည်ကို လိုက်နာဆောင်ရွက်ကြပါရန် ညွှန်ကြားအပ်ပါသည်။

အပိုဒ် ၃ (ဈ) တရားရုံးများသို့ စွဲဆိုတင်ပို့လာသော ဘိန်းမှုများတွင် သက်သေခံ ဘိန်းများနှင့်**ပတ်သက်၍၊ အောက်ပါအတိုင်း လိုက်နာ**ဆောင်ရွက်ကြရမည်။

(၁) တရားရုံးတွင် စွဲဆိုတင်ပို့လာသော၊ သက်သေခံဘိန်းထုပ်များ (၄၀ တိုလာနှင့်အထက်) မှ ဓါတုဗေဒ စမ်းသပ်ရန်အတွက်၊ ဘိန်းထုပ်တထုပ်စီမှ ၂၅ ကျပ်သား (နှစ်ကျပ်ခွဲသား) စီကို တရားသူကြီး၊ ဘီးလစ်၊ ဖမ်းဆီးသူအရာရှိနှင့်တရားခံ၊ သို့မဟုတ် ၎င်းတို့၏ကိုယ်စားလှယ်တို့ရှေ့မှောက်၌ထုဘ်ယူရပါမည်။အမှု၏ကြောင်းခြင်းရာအခြေအနေအရ၊ လိုအပ်သည်ဟု ယူဆပါက၊ တရားသူကြီးသည်တရားရုံးများလက်စွဲအပိုဒ်၊ ၈၆၆ အရ စဉ်းစားဆင်ခြင်၍ သက်သေခံဘိန်းသည်အချိန် ၄၀ တိုလာထက် လျော့နည်းစေကာမူ၊ ဓါတုဗေဒဝန်ထံသို့ နမူနာပေးပို့စမ်းသပ်ရန် အထက်ပါအတိုင်းဆောင်ရွက်ရမည်။

(၂) ဘိန်းနမူနာကို အလည်တည့်တည့်၊ သို့မဟုတ် သင့်လျော်သော**နေရာမှ** လှီးဖြတ်ထုတ်ယူကြရမည်။

(၃) နမူနာဘိန်းထုပ်တိုင်းတွင် တရားသူကြီး၊ ဘီးလစ်၊ ဖမ်းဆီး**သူအရာရှိနှင့်** တရားခံ၊ သို့မဟုတ်၎င်းတို့၏ကိုယ်စားလှယ်တို့၏ကိုယ်**ပိုင်ချိတ်တံဆိပ်**

များရိုက်နှိပ်ကြရမည်။ (တရားခံသို့မဟုတ် ၎င်း၏ကိုယ်စားလှယ်တွင် ကိုယ်ပိုင်ချိတ်တံဆိပ်မရှိပါက၊ လက်မှတ်ရေးထိုးလိုလျှင်ရေးထိုးရန်)

(၄) ၎င်းနောက်၊ ထိုနမူနာဘိန်းထုပ်များကို ဘိန်းစစ်၊ မစစ် ဓါတုဗေဒဝန်ထံ စမ်းသပ်ရန်အတွက်၊ ဓါတုဗေဒဌာနသို့ ပေးပို့ရမည်။

(၅) နမူနာထုတ်ယူပြီးသည့် ကျန်ဘိန်းထုပ်များကို တထုပ်စီချိန်တွယ်ပြီးနောက်၊ ဘိန်းထုပ်တိုင်းပေါ်တွင် တရားသူကြီး၊ ဘီးလစ်နှင့် ဖမ်းဆီးသူအရာရှိတို့၏ ကိုယ်ပိုင်ချိတ်တံဆိပ်များ ရိုက်နှိပ်လျက်၊ အမှုအတွင်း တရားရုံးများလက်စွဲ အပိုဒ် ၁၀၈၈ အရ၊ ငွေတိုက်/ငွေတိုက်ခွဲတွင် ခေတ္တအပ်နှံ၍ လုံခြုံစွာသိမ်းဆည်းထားရမည်။

(၆) ဓါတုဗေဒဝန်ထံမှ ဘိန်းနမူနာထုပ်နှင့် ပတ်သက်၍စမ်းသပ်ချက်အစီရင်ခံစာပြန်ရသည့်အခါ၊ ယစ်မျိုးဌာနခွဲအနေနှင့်လည်း ဘိန်းမှုအတွက် ဆုငွေထုတ်ယူခြင်းကိစ္စများကို ဆက်လက်ဆောင်ရွက်နိုင်ရန် တရားရုံးမှ သက်ဆိုင်ရာ ယစ်မျိုးဌာနခွဲသို့ အကြောင်းကြားရမည။

(၇) တရားရုံးမှ အမှုဆုံးဖြတ်ပြီးပြတ်သောအခါ၊ ထိုသက်သေခံဘိန်းထုပ်များကို၊ တရားသူကြီးသည် တရားရုံးများလက်စွဲအပိုဒ်၊ ၁၀၉၁ နှင့်၊ ၁၀၉၂ တို့တွင် ညွှန်ကြားထားရှိချက်များနှင့်အညီ၊ အရေးယူဆောင်ရွက်၍ ငွေတိုက်အရာရှိ၊ လက်ထောက်ငွေတိုက်အရာရှိထံသို့ ပေးအပ်ရပါမည်။ ထိုသို့မပေးအပ်မီ၊ ဘိန်းထုပ်များပေါ်တွင်ရိုက်နှိပ်ထားသည့် ချိတ်တံဆိပ်များပျက်စီးသည်၊ မပျက်စီးသည်ကို စစ်ဆေးကြည့်ရှုပြီး ပျက်စီးခြင်းမရှိပါက၊ ချိတ်တံဆိပ်များကိုပြသ၍ ပေးအပ်ရမည်။

အမိန့်အရ

အောင်တိုး၊

အဘွင်းဝန် (၁)။

[၁၉၇၁ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့စွဲပါ တရားရုံးများညွှန်ကြားလွှာ အမှတ် ၇၊ ကိုမြန်မာနိုင်ငံရှိ စက်ရှင်တရားသူကြီးများ။ ခရိုင်ရာဇဝတ်တရားသူကြီးများ။ ရာဘက် စက်ရှင်တရားသူကြီးများ၊ တွဲဘက် စက်ရှင်တရားသူကြီးများ၊ လက်ထောက် စက်ရှင်တရားသူကြီးများ နှင့် ဒုတိယအတွင်းဝန်၊ နိုင်ငံတော် တရားရုံးချုပ် (မန္တလေးရုံးထိုင်) တို့ထံသို့ ထုတ်ဝေခဲ့ပါသည်။]

မိတ္တူ —

၁။ အတွင်းဝန်၊ တရားရေးဝန်ကြီးဌာန ၁၅ စောင်၊

၂။ တိုင်းမင်းကြီးအားလုံး

တို့ထံ ပေးပို့ပါသည်။

နိုင်ငံတော်တရားရုံးချုပ်

၁၉၇၂ ခုနှစ်၊ တရားရုံးများ ညွှန်ကြားလွှာ အမှတ် (၂)

ရန်ကုန်မြို့၊ ၁၉၇၂ ခုနှစ်၊ ဇန္နဝါရီလ ၃၁ ရက်။
(၁၃၃၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်။)

ခရိုင်တရားမ နှင့် စက်ရှင်တရားသူကြီးများ၊ ခရိုင်ရာဇဝတ်တရားသူကြီးများ၊ အထူး တရားသူကြီးများနှင့် ရာဇဝတ်တရားသူကြီးများ အားလုံးထံသို့—

အကြောင်းအရာ။ **။အမျိုးသားတဦးက အမျိုးသမီးတဦးကို လက်ထပ်မည်ဟုကတိပြုပြီး၊ ပေါင်းသင်းလာသည့်နောက်ပိုင်းတွင်၊ လက်ထပ်ရန်ငြင်းဆိုခြင်းသည် ရာဇသတ်ကြီးပုဒ်မ ၄၁၇ အရ၊ လိမ်လည်မှုမြောက မမြောက် ဆုံးဖြတ်ခြင်းကိစ္စ။**

၁။ အထက်အကြောင်းအရာပါ ကိစ္စနှင့်ပတ်သက်၍ အမျိုးသားတဦးက အမျိုးသမီးတဦးကို လက်ထပ်ယူပါမည်ဟု အယုံသွင်းပြီး၊ ကာမရယူပြီးနောက်၊ လက်ထပ်ရန်ငြင်းဆိုခြင်းသည်၊ ရာဇသတ်ကြီးပုဒ်မ ၄၁၇ အရ လိမ်လည်မှုမြောက်နိုင်သည်၊ မမြောက်နိုင်သည်ဆိုသောပြဿနာ ပေါ်ပေါက်ခဲ့သဖြင့် နိုင်ငံတော်တရားရုံးချုပ်က ၁၉၇၁ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၉(ခ)တွင် စီရင်ဆုံးဖြတ်ချက်တရပ် ချမှတ်ခဲ့ပါသည်။

၂။ ယင်းစီရင်ချက်တွင် ရာဇသတ်ကြီးပုဒ်မ ၄၁၅ ၌လိမ်လည်မှုမြောက်ရန် အချက်များတွင် ပစ္စည်းကိုသာမက၊ ကိုယ်၊ စိတ်၊ ဂုဏ်သရေတခုခုကို ပျက်စီးနစ်နာစေလျှင်[1] အန္တရာယ်ဖြစ်စေလျှင် လိမ်လည်မှုမြောက်သည်ဟု ဆိုထားသည့်အလျောက်၊ လက်ထပ်မည်ဟုလှည့်ဖြားသဖြင့် ယုံကြည်ပြီး ကာမပေးအပ်ခဲ့သည့် အမျိုးသမီးသည် ကိုယ်ဝန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ကိုယ်၌ဖြစ်စေ၊ စိတ်၌ဖြစ်စေ၊ ဂုဏ်သရေ၌ဖြစ်စေ နစ်နာခြင်းခံရပြီးဖြစ်သဖြင့်၊ ထိုကဲ့သို့လှည့်ဖြားခြင်းသည် ရာဇသတ်ကြီးပုဒ်မ ၄၁၇ အရ လိမ်လည်မှုမြောက်ကြောင်းဖြင့် စီရင်ဆုံးဖြတ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အဆိုပါစီရင်ချက်မိတ္တူကို သေချာဂနစွာ ဘတ်ရှုလေ့လာပြီး လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်ဖြင့် အောက်တွင်ဖော်ပြလိုက်ပါသည်။

အမိန့်အရ

အောင်တိုး

အတွင်းဝန် (၁)။

---

[1] နိုင်ငံတော်တရားရုံးချုပ်၏ ၁၉၇၁ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှု အမှတ် ၂၉ (ခ) စီရင်ချက်ကို ကြည့်ပါ။

ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေ *

၁၉၇၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေဖြစ်သော ၁၉၇၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁ ကို ယခုဇန္နဝါရီလ ၁၂ ရက်တွင်တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌရုံးက ထုတ်ပြန်ကြေညာခဲ့သည်။

ယင်းဥပဒေကို ပြဋ္ဌာန်းရခြင်း၏ရည်ရွယ်ချက်မှာလုပ်သားပြည်သူတို့၏ကျန်းမာရေးကိစ္စ အဝဝတို့ကို စနစ်တကျ တိတိကျကျ ဆောင်ရွက်နိုင်ရန်ဖြစ်၍လုပ်သားပြည်သူတို့၏ ကျန်းမာရေးကို ထိခိုက်စေမည့် အန္တရာယ်များကို ကာကွယ်တားဆီးရန်ပင်ဖြစ်သည်။

မြန်မာနိုင်ငံသည် သူ့ကျွန်ဘဝတွင် နှစ်ပေါင်းများစွာ နေလာခဲ့ရသော ကာလတလျှောက်မှကျန်းမာရေးနှင့် ပတ်သက်သောအသိပညာ၊ အတတ်ပညာများ ဆုံးရှုံးခဲ့ရခြင်း၊နေထိုင်မှုစနစ်စည်းမဲ့ကမ်းမဲ့ ဖြစ်ခဲ့ရခြင်း စသည် တို့သည်ယနေ့အထိအကျင့်ပါလာခဲ့သဖြင့် မသန့်ရှင်းသော အစားအစာ၊ မသန့်ရှင်းသော အငတ်အစား၊ မသန့်ရှင်းသော နေအိမ်၊မသန့်ရှင်းသောရပ်ကွက်တို့တွင် စားသောက်၊ ဝတ်ဆင်နေထိုင်လျက်ရှိကြသည်။

ထိပ်တန်း နှင့် အထက်တန်းစား ရာခိုင်နှုန်း အနည်းငယ်မျှလောက်သာ ကမ္ဘာ့ကျန်းမာရေး အဆင့်အတန်းကို မှီလောက်ရုံမျှ ကျန်းမာသန့်ရှင်းရေးနှင့်အညီ စားသောက်နေထိုင် နိုင်ကြသည်။

ကမ္ဘာ့ကျန်းမာရေးအဆင့်အတန်းအမှီ စားသောက် နေထိုင် သွားလာကျင့်ဆောင်သော အလေ့အကျင့်မျိုးကို လွတ်လပ်ရေးသက်တမ်း ၂၄ နှစ်ကျော်လာပြီဖြစ်သော ယခုအခါတွင်မှ စတင်ဆောင်ရွက်ခြင်း မပြုနိုင်လျှင် လွတ်လပ်ရေးနှင့် မတန်သော လူမျိုးအဖြစ်သို့ ရောက်ရှိသွားနိုင်သည့်ပြင် သက်တမ်းတိုသော၊ ရောဂါထူပြောသော အောက်တန်းစား လူမျိုးအဖြစ်သို့ ရောက်ရှိသွားနိုင်သည်။

အခုပြဋ္ဌာန်းလိုက်သော ပြည်သူ့ ကျန်းမာရေးဆိုင်ရာ ဥပဒေသည် ပြည်ထောင်စု မြန်မာနိုင်ငံနှင့် နိုင်ငံသူ၊ နိုင်ငံသားများကို ကမ္ဘာ့ကျန်းမာရေး အဆင့်အတန်းမှီသော နိုင်ငံအဖြစ်နှင့် လူမျိုးအဖြစ်သို့ ရောက်ရှိအောင် စည်းကမ်းသတ်မှတ်၍ ပို့ဆောင်ပေးသော ဥပဒေဖြစ်၍ လုပ်သားပြည်သူတရပ်လုံး လိုက်နာကျင့်သုံး ကြရမည်ဖြစ်သည်။

သို့ရာတွင် ယင်းဥပဒေပါ အချက်အလက်များကို ပြည်သူလူထုတရပ်လုံး သဘောပေါက်နားလည်သိရှိစေရန်အတွက်ကျေးလက်တောရွာများသို့အထိကျယ်ကျယ်ပြန့်ပြန့် ပေါက်ရောက်အောင် ရှင်းလင်းဟောပြော စည်းရုံးညွှန်ပြ သင့်သည်ဟု ယူဆသည်။

---

* ၁၉၇၂ ခုနှစ်၊ ဇန္နဝါရီလ ၁၅ ရက်နေ့ထုတ် " ဟံသာဝတီသတင်းစာ "

နှစ်ပေါင်းများစွာ စည်းမဲ့ကမ်းမဲ့ နေထိုင် လာခဲ့ကြသူများအတွက် ပြည်သူ့ကျန်းမာရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် အချက်အလက်များကို မသိ နားမလည်၍ဖြစ်စေ၊ အလေးအနက် သဘောမထား၍ဖြစ်စေ လိုက်နာဆောင်ရွက်ခြင်း မပြုကြလျှင် ဥပဒေအရ အရေးယူ အပြစ်ပေး နိုင်သော်လည်း ရည်မှန်းချက်အတိုင်း အောင်မြင်ဘို့ နှောင့်နှေးကြန့်ကြာဘွယ်ရှိသည်။

ယင်းဥပဒေပါ အချက်အလက် များအတိုင်း ရှေးဦးစွာ မြို့ကြီးများတွင် စတင် အကောင်အထည် ဖေါ်ပေးပြီးလျှင် မြို့ငယ်များသည် မြို့ကြီးများ၏ စံနမူကိုယူ၍ ဆက်လက် အကောင်အထည် ဖေါ်သွားခြင်းဖြင့် မြို့ငယ်များမှတဆင့် ကျေးလက်သို့ အရောက် ကျန်းမာရေး အဆင့်အတန်း မြင့်မားလာနိုင်သည်။

ဤနည်းဖြင့် တနိုင်ငံလုံး ကျန်းမာရေး အဆင့်အတန်း တိုးတက် ကောင်းမွန်လာမည်ဖြစ်၍ ကမ္ဘာ့ကျန်းမာရေး အဆင့်အတန်းကို မှီလာသည်အထိ ဆက်လက်ကြိုးပမ်းသင့်ပေသည်။

ဝန်းကျင်သန့်ရှင်း ရောဂါကင်း *

မောင်ထင်

ပြည်သူ့ကျန်းမာရေး ဥပဒေသည် ၁၉၇၂ ခုနှစ်တွင် ပေါ်ထွက်လာသော ဥပဒေဖြစ်သည်။ ဤဥပဒေကို ပြည်သူ့ ကျန်းမာရေး လုပ်ငန်းတာဝန် ဆောင်ရွက်သူ အပေါင်းက သောင်းသောင်းဖြဖြ ကြိုဆိုကြလိမ့်မည်မှာ မလွဲပါ။ ကျွန်တော်တို့ နိုင်ငံ၌ ပုဂ္ဂလိက ကျန်းမာ သန့်ရှင်းရေးနှင့် ပတ်သက်သော ကျင့်ဝတ်များ ပျက်ပြားနေကြပါသည်။ ပုဂ္ဂလိက ကျန်းမာ သန့်ရှင်းရေး ဆိုသည်မှာ မိမိကိုယ်ကို မိမိကျန်းမာ သန့်ရှင်းအောင် နေထိုင်တတ်ခြင်းကို ဆိုလိုပါသည်။ လူတယောက်သည် မိမိကိုယ်ကိုမှ မိမိကျန်းမာသန့်ရှင်းအောင် မပြုစုတတ်လျှင် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ပတ်ဝန်းကျင် သန့်ရှင်းရေးကို မည်သည့်နည်းနှင့်မျှ ဆောင်ရွက်နိုင်မည် မဟုတ်ပါ။ ဤအချက်ကို ဆင်ခြင်မိသော သူတို့ကလည်း ဤပြည်သူ့ကျန်းမာရေးဥပဒေကို ကြိုဆိုကြမည်မှာ မုချ ဖြစ်ပါသည်။

ပြီးခဲ့သော နှစ် အတွင်း ကုလသမဂ္ဂနှင့် တကွသော အပေါင်းပါ အဖွဲ့အစည်းတို့သည် ညစ်ညမ်းမှု တိုက်ဖျက်ရေးကို ဦးတည်၍ ဗဟုသုတ နှီးနှော ဖလှယ်ပွဲများ၊ ဆွေးနွေးပွဲများ၊ အကြံဉာဏ်နှင့် နည်းလမ်း ရှာဖွေ စည်းဝေးပွဲများ စသည်တို့ကို ကျင်းပခဲ့ပါသည်။

ယနေ့ကမ္ဘာ လူထုကို ဒုက္ခပေးနေသော အချက်မှာ စက်ရုံ၊ အလုပ်ရုံ အမျိုးမျိုး၊ မျိုးကလီးယား အင်အား စမ်းသပ်မှု အမျိုးမျိုး၊ လူနေ ကြပ်တည်း ကျဉ်းမြောင်းမှု အမျိုးမျိုး၊ ရေဘေး၊ လေဘေး၊ ရောဂါဘေး၊ အငတ်ဘေး၊ စစ်ဘေး စသည့် ဘေးတို့ကြောင့် ပေါ်ပေါက်သော အခြေပျက်၊ အနေပျက် အမျိုးမျိုးတို့ကြောင့် လေ၏ ညစ်ညမ်းခြင်း၊ ရေ၏ ညစ်ညမ်းခြင်း၊ မြေ၏ ညစ်ညမ်းခြင်း၊ အာကာသ၏ ညစ်ညမ်းခြင်း စသော ညစ်ညမ်းမှုမျိုးစုံပင် ဖြစ်ပါသည်။

ဤသည်တွင် ကျွန်တော်တို့နိုင်ငံ၌ ပတ်ဝန်းကျင် သန့်ရှင်းရေး ကိစ္စကို ပြည်သူ့ကျန်းမာရေး၌ ဒနကာသာမက အခြားအခြားသော အစိတ်အပိုင်းတို့ကပါ ဝိုင်းဝန်းဆောင်ရွက်ပေးလာသည်ကို ကျွန်တော် အကဲခပ်မိပါသည်။

သို့သော် လေညစ်ညမ်းမှု၊ ရေညစ်ညမ်းမှု၊ မြေညစ်ညမ်းမှု၊ အာကာသညစ်ညမ်းမှု စသည်တို့ကို စကြာဝဠာနှင့်ချီ၍ ပြောနေကြသောကြောင့်လေလော မသိ၊ အိမ်ရှင်မများအစ ဈေးသည် အဆုံး အားလုံးသော ယေဘုယျကျား-မ မရွေး ပရိသတ်များ နားဝင်ကြဟန် မတူပါ။

---

* ၁၉၇၂ ခုနှစ်၊ ဇန္နဝါရီလ ၁၅ ရက်နေ့ထုတ်၊ "လုပ်သားသတင်းစာမှ"။

နေရာမရွေး တဲ့တွေး တွေးသူလည်း တွေးမြဲ၊ နှပ်ညှစ်သူလည်း ညှစ်မြဲ၊ ပေါက်သူ**လည်း** ပေါက်မြဲ၊ ယိုသူလည်း ယိုမြဲ၊ အမိုက်ပုံထဲ အမိုက် မပစ်ပဲ ပစ်ချင်ရာပစ်လိုသူ**လည်း** ပစ်မြဲ၊ မပစ်ပဲ မျက်စိ ဒေါက်ထောက် ကြည့်သူလည်း ကြည့်မြဲ။

ဤမမြင်ချင်သော်လည်း မြင်နေရသော မြင်ကွင်းကြောင့် တခါတရံ ကျွန်တော်တို့ ရန်ကုန်မြို့ကြီးထဲမှာ နေပါသည် ဆိုသည်မှာ ဟုတ်မှ ဟုတ်ပ မလားဟု တွေးမိပါသည်။ ရန်ကုန်မြို့ကြီး မဟုတ်လျှင် တောမှာလားလို့ မေးစရာရှိပါ၏။ စင်စစ် တောနှင့်လည်း မတူပါ။ ကျေးလက်တောရွာများတွင် မြန်မာ့ ရိုးရာ စရိုက် အတိုင်း **နေကြ**ထိုင်ကြသူတို့မှာ ရေလောင်း အိမ်သာ၊ မြေဆွဲအိမ်သာ မရှိရှာပဲနှင့် မိမိနှင့် တကွ ပတ်ဝန်းကျင်ကို သန့်ရှင်းအောင် နေတတ်ကြပါသည်။

ရန်ကုန်မြို့နေ လူထုသည် တခါတရံ ရန်ကုန်မြို့ပြင်ကိုထွက်ကြည့်ကြပါ။ မြို့ပြင်၌ အိမ်သာတလုံး၊ အမိုက်ပုံး တခုရေမြောင်း တမြောင်းကိုမျှ မမြင်မတွေ့ရပဲနှင့် နေချင်စဖွယ် သန့်သန့်ရှင်းရှင်း ရှိသည်ကို တွေ့ရလိမ့်မည်။ လေမျှင်းပင် မတူပါ။ မြို့ပြင်မှာ လေကိုရှူရတာကိုက ဇာက်သာအနံ့ တဆိတ်စာမျှမပါ၊ လေကောင်းလေသန့်၊ **အောက်ဆီဂျင်** အပြည့်အဝဖြစ်ပါ၏။

လူနေ အိမ်ခြေ ချောင်လည်သော **ကျေးလက်**တောရွာတို့၌ပင်လျှင် သူ့ စရိုက်နှင့် သူ ပတ်ဝန်းကျင်ကို **သန့်ရှင်းအောင် နေရေး ဆောင်**ရွက်ကြလျှင် လူနေ အိမ်ခြေ ကျပ်တည်း ကျဉ်းမြောင်းသော **မြို့များ၌ ကျွန်တော်တို့** မြို့သူမြို့သား အခေါ်ခံ လူထုသည် ပတ်ဝန်းကျင် သန့်ရှင်းရေးတို **ကျေးလက်မှာထက် ပို၍** ဂရုတစိုက် ဆောင်ရွက်ကြရပါလိမ့်မည်။ သို့သော် အမှန် **စင်စစ်မှာကား မြို့ကြီးပြကြီးဟုဆိုသော်**ငြားလည်း များစွာသော နေရာဌာနတို့မှာ ကြွက်၊ ခြင်၊ **ယင်၊ ပိုးဟပ် စသော ရောဂါ**သယ်ယူပို့ဆောင်ရေးတပ်သားများ စခန်းချရာ **နေရာဌာနကြီးကဲ့သို့ ဖြစ်**နေပါ၏။

မြို့သူမြို့သားဟု အခေါ်ခံရပါလျက်နှင့် မြို့နေ**သူထု၏** ပတ်ဝန်းကျင် သန့်ရှင်းရေးကျင့်ဝတ်ကို မသိတတ်ကြသည်မှာ များစွာ ဝမ်းနည်းစရာကြီးပါ တကား။ လမ်းပေါ်မှာ အမှိုက်ကျုံးသူကကျုံး၏။ ကျုံးသူကကျုံး၍ မပြီးမီ ကျောက်ဆူးကြိုးလို ရှေတိုးကြီး ဆွဲထားသော ဆိုင်ရှင်မက အမှိုက် သရိုက် အထုပ် အပိုးများကို လမ်းပေါ်သို့ လွှင့်ပစ်၏။ တယ်ပြီး လွှတ်လပ်တဲ့ အမျိုးသမီးပါကလား။

အာကာသ ညစ်ညမ်းသည်ကို ခေတ္တဖယ်ထားကြဦးစို့။ ကျွန်တော်တို့ ပတ်ဝန်းကျင် ညစ်ညမ်းလာပုံကို ကျွန်တော်တို့ မည်သို့ ပြုပြင်ကြမလဲ။

တလောက ပြည်သူ့ ကျန်းမာရေး ဆိုင်ရာ အာဏာပိုင်တို့က အစား အသောက် ဆိုင်များ၏ သန့်ရှင်းရေး အကြောင်း ညည်းညူပြောဆိုကြသည်ကို ကြားရ၏။

အခုတခါကလည်း အစားအသောက် အတုအပများကို ရက်ရက်စက်စက် တုပကြပုံနှင့် ပတ်သက်၍ နားမချမ်းသာစရာ ကြားရ၏။ ဆင်ခြေသောက် ရောဂါ ဖြစ်စေတတ်သော ခြင်များ ပေါ်သည့် အင်း၊ အိုင်၊ ဗွက်ထူရပ်ကွက်များအကြောင်းကိုလည်း ကြားရ၏။

သင်းတို့ကို ကြားရခဲ့ပြီးနောက် ပရိသတ် အများက ပြည်သူ့ကျန်းမာရေး အတွက် ဥပဒေနှင့် အရေးယူမှ ဖြစ်မယ်ဟု ပြောဆိုကြသည်ကိုလည်းကြားရပြန်၏။

သခု ဥပဒေ ထွက်လာပြီ။ ဥပဒေ အတိုင်း ထိထိရောက်ရောက် ဆောင်ရွက်လျှင် ရန်ကုန်မြို့သည် မြို့၏ အင်္ဂါရပ်တို့နှင့် ပြည့်စုံလာမည် ဖြစ်သည်။ ထို့ကြောင့် ဥပဒေကို အားကိုးနိုင်ကြပါသည်။

သို့သော် ပြည်သူလူထု တဦး အနေဖြင့် ကျွန်တော်တို့ ဆင်ခြင်စရာတခု ရှိ၏။ ကျွန်တော်တို့ ကိုယ်ကို သန့်ရှင်းအောင်၊ ကျွန်တော်တို့ အိမ်ကို သန့်ရှင်းအောင်၊ ကျွန်တော်တို့ ရပ်ကွက် သန့်ရှင်းအောင် ဥပဒေဟုတ်မှ လုပ်ကြမှာလားဟု မိမိတို့ ကိုယ်ကို မိမိတို့ ပြန်မေးသင့်၏။

မိဘ၊ ဆရာသမား၊ အုပ်ချုပ်ရေး၊ ခေါင်းဆောင်စေသော ပုဂ္ဂိုလ်တို့က အစပြု၍ မိမိတို့ သားသမီး၊ တပည့် တပန်းများ ပတ်ဝန်းကျင် သန့်ရှင်းရေး အကျင့်ရအောင် ခေါင်းဆောင်မှု ပေးနိုင်ကြမှသာလျှင် ကျေးလက်လည်း ကျေးလက် အလျောက်၊ မြို့ရွာလည်း မြို့ရွာအလျောက် လူမှုရေး တိုးတက်ပြီဟု ဆိုနိုင်ပါလိမ့်မည်။

ဥပဒေသည် ကျွန်တော်တို့ကို သန့်ရှင်းအောင် ရေချိုး သနပ်ခါးလိမ်းပေးနိုင် လိမ့်မည် မဟုတ်ပါ။ ကျွန်တော်တို့ ကိုယ်တိုင် မိမိကိုယ်ကို မိမိသန့်ရှင်းအောင် လုပ်မှ သန့်ရှင်းပါလိမ့်မည်။ ဥပဒေက နည်းလမ်းကောင်းကို ညွှန်ပြရုံ ညွှန်ပြနိုင်ပါမည်။ ဥပဒေနည်းလမ်း အတိုင်း လုပ်ဖို့မှာ ကျွန်ုပ်တို့၏ တာဝန်သာဖြစ်သည်။

ပတ်ဝန်းကျင်သန့်စင်မှုဥပဒေ *

အောင်ဗလ

ဤပြဿနာကို ကြိုမြင်သိသူမှာ သတင်းထောက် တဦးဖြစ်သည်။

၁၆၆၁ ခုနှစ်က၊ အင်္ဂလန်ပြည် လန်ဒန်မြို့မှ သတင်းထောက် ဂျွန်အီဗလင် ဆိုသူက လေထု ညစ်ညမ်းမှုကို သိပ္ပံနည်းဖြင့် သန့်စင်သင့်ကြောင်းဖြင့် စာအုပ်ပြုစုခဲ့သည်။ ထိုစာအုပ်သည် ပထမဆုံး ပတ်ဝန်းကျင် သန့်ရှင်းမှု စာအုပ်ဖြစ်သည်။ သူ၏ စာအုပ်ထဲ၌ လန်ဒန်မြို့ရှိ စက်ရုံများမှ မီးခိုးများကြောင့် "နှင်းပုတ်" များ ဖြစ်တတ်ကြောင်း၊ ကာကွယ်သင့်ကြောင်းနှင့် အကျယ်ရေးထားသည်။

ကမ္ဘာဦးသူတို့သည် မီးကို အသုံးချသော နည်းကို စတင်တွေ့ရှိစဉ်ကပင် ကမ္ဘာကြီး၏ လေထု ညစ်ညမ်းလာခဲ့သည်။

မြို့ကြီးပြကြီးများ တည်ထောင်ပြီး လူအများက စက်မှု လုပ်ငန်းများအတွက်ပါ မီးကို အသုံးပြုလာကြသောအခါ မီးခိုးထွက်လာသည်။ ထိုအခါ လေထုသည် သိသာစွာ "ညစ်ကျူ" လာသည်။ ၁၄ ရာစုနှစ်မတိုင်မီက လူတို့ အသုံးပြုကြသော ငွေထည်များ အညိုတက်ရိုးမရှိပေ။ ထိုနောက်ပိုင်း၌ မီးခိုးတို့မှ "ကန့်" ဓါတ်များကြောင့် ငွေထည်များ အညိုတက်လာခဲ့သည်။

၁၆၆၁ ခုနှစ်က သတင်းထောက် အီဗလင်က လေထုညစ်ကျူမှု စာအုပ်ကိုရေးသားပြီးနောက် လန်ဒန်မြို့တွင် "နှင်းပုတ်" များ၏ ဒဏ်ကို မကြာခဏ ခံခဲ့ရသည်။ စာအုပ်ထွက်ပြီး နှစ်ပေါင်း ၃၀၀ ခန့် ကြာသော ၁၉၅၂ ခုနှစ်၊ ဒီဇင်ဘာလထဲတွင်မူ လန်ဒန်မြို့ကြီးကို ၅ ရက်တာမျှ နှင်းပုတ်များ ဖုံးလွှမ်းခြင်း ဒဏ်ကို ခံလိုက်ရသည်။ မြို့သူမြို့သားတို့ အဖို့ ပတ်ဝန်းကျင် ၁၀ ပေမျှထက် လှမ်းကြည့်၍ မမြင်ရတော့ဘဲ မှောင်ကြီးကျသွားသဖြင့် ယာဉ်ရထားများ ရပ်ထားရလေသည်။ ဆိုးရွားသည်မှာ ပတ်ဝန်းကျင်လေသည် "လှုပ်ရှားမှု" မရှိသဖြင့် အနံ့အသက် ဆိုးရွားလာသည်။ အသက်ရှူသောလေမှ အဆိပ်ကိုထိပါးသဖြင့် လေကို "စစ်" ၍ ရှူကြရသည်။ မျက်စိ ကျိန်းစပ်ကာ မျက်ရည်ယိုကျပြီး လည်ချောင်းများ ကွဲကြရသည်။

ဒီဇင်ဘာလ ၆ ရက်နေ့မှ ၁၀ ရက်နေ့ အထိ နှင်းပုတ်ကြီး ဖုံးလွှမ်းသဖြင့် လန်ဒန်မြို့၌ သေကြေပျက်စီးသူ ၄,၀၀၀ ရှိခဲ့သည်။ ဝေဒနာသည် အများ ကျန်ရစ်ခဲ့ရာ နောက်

---

*၁၉၇၂ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့ထုတ် 'ကြေးမုံသတင်းစာ' မှ။

၂လအတွင်း လူနာ ၁,၀၀၀ ထပ်၍ သေဆုံးရသည့်တိုင် "ကပ်" ကြီးဆိုက်ခဲ့ရသည်။

လန်ဒန်မြို့၌ ၁၉၅၆ ခုနှစ်က နှင်းပုတ်ကြီးဖုံးလွှမ်းပြန်ရာ လူ ၁,၀၀၀ သေခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် ၄၀၀ သေခဲ့သည်။

အမေရိကန်ပြည် နယူးယောက်မြို့၌လည်း နှင်းပုတ်ဒဏ်ကြောင့် ၁၉၅၃ ခုနှစ်က လူ ၂၀၀ သေသည်။ ၁၉၆၃ ခုနှစ်ကလည်း ၂၀၀ သေကာ ၁၉၆၆ ခုနှစ်တွင် ၁၆၇ ဦး သေခဲ့သည်။

ဂျပန်ပြည်တွင်လည်း အလားတူ လေညစ်ကျူးမှုရှိသည်။ တိုကျိုမြို့ လမ်းပြရဲတို့သည် နာရီဝက် လမ်းပြပြီးတိုင်း လေသန့် ရှူသော ဗူးကို နှာခေါင်းတေ့ကာ လေသန့်များ ရှူပေးကြရသည်။

အေးသော ဆီးနှင်းများ "ကျ" ချိန်၌ မီးဖိုချောင်နှင့် စက်ရုံတို့မှ မီးခိုးများ "ကြွ" ခွင့်မရဘဲ ဖိနှိပ်ခံရကာ နှင်းပုတ်များဖြစ်ကာ ဤသို့ သေကြရသဖြင့် စက်ရုံအများကို မြို့ကြီးများမှ ပြောင်းရွှေ့ပေးခဲ့မှ တဖြည်းဖြည်း သက်သာလာသည်။ သို့သော် ပတ်ဝန်းကျင် သန့်စင်ရေး လုပ်ငန်းများကိုမူ ကမ္ဘာ့နိုင်ငံကြီးတို့သည် အင်တိုက်အားတိုက် ဆက်လက် လုပ်ကိုင်ကြရဆဲ ရှိသေးသည်။ လေညစ်ကျူးမှုသည် လူသားများ၊ တိရစ္ဆာန်များနှင့် သစ်ပင် ပန်းမာလ်များကို ထိခိုက်စေသကဲ့သို့ ရေညစ်ကျူးမှုကလည်း အန္တရာယ်ကြီးသည်။

ရေထဲတွင် မှုံမွှားသေးငယ်သော ရောဂါပိုးများ ခိုအောင်းနိုင်သည်။ အသားဝ ရောဂါခေါ် အသည်းရောင် ရောဂါကို ဖြစ်စေသော ပိုးသည် ရေကို သန့်စင်ရန် ရောစပ်သော ခလိုရင် ဓါတ်ကိုပင် ခံနိုင်ရည်ရှိသည်။

၁၉၅၃ ခုနှစ်က ကနေဒါပြည် အက်ဒဖန်တန်မြို့သူမြို့သား အများ၌ သူငယ်နာ သွက်ချာပါဒရောဂါကပ်ဆိုက်ရောက်ခဲ့သည်။ ရောဂါ၏ ဇစ်မြစ်ကို ရှာဖွေရာ ထိုမြို့သားတို့ သောက်သုံးသော မြစ်ရေ၌ လူတို့ စွန့်ပစ်သော အညစ် အကြေးများ ပါနေသည်ကို တွေ့ရသည်။

၁၉၆၅ ခုနှစ်က အမေရိကန်ပြည် ကာလီဖိုးနီးယားနယ်၊ ရေးဗါးဆိုက်မြို့၌ ၁၈,၀၀၀ မျှ ဝမ်းကိုက်ရောဂါ စွဲကပ်ခဲ့သည်။ မိလ္လာပိုက်ပေါက်ကာ သောက်သုံးရေတွင်းသို့ စိမ့်ဝင်သဖြင့် ဖြစ်ရသည်ဟု အဖြေကို တွေ့ရသည်။

လူသားတို့အဖို့ လေ၊ မြေ၊ ရေ၊ အပြင် အသံတို့ကလည်း အနှောက်အယှက်ပေးနေသည်။ အသံအတိုင်း အတာ အမှတ် ၆၀ မှာ သာမန် လူသားတို့ စကားပြော

[illegible]သည်။ အမှတ် ၁၃၀ အထိသာ လူတို့၏ နား၌ ခံနိုင်သည်ဟု ဆိုသည်။ အမှတ [illegible] မျှ ကျယ်လောင်လျှင် ကြွက်များ သေသည်။

ယနေ့ ကမ္ဘာဘွင် စက်မှု လုပ်ငန်းများကြောင့် နားပျက် နေကြသည်။ ပုလင်း စက်ရုံ၌ လုပ်သူသည် လုပ်သက်လေးနှစ်ရှိက တစတစ နားလေးလာစမြဲဟု ဆိုသည်။

အမေရိကန်၌ အသံ ဆူလွန်းသဖြင့် ၁၀ နှစ်မှ ၅၉ နှစ် အတွင်း ယောကျ်ား ငါးသန်းခန့်သည် နားထိုင်းနေကြသည်ဟု ဆိုသည်။

ထို့ကြောင့် ယနေ့ကမ္ဘာဘွင် လေထု သန့်စင်ရေး၊ ရေသန့်စင်ရေး၊ အသံမဆူရေးကို နည်း အမျိုးမျိုးဖြင့် ဆောင်ရွက်နေကြသည်။

မြန်မာပြည်အဖို့ "လူအများ နေထိုင်ရာ ပတ်ဝန်းကျင်တွင် လေထုတွင် ဘေး အန္တရာယ်ဖြစ်စေသော အခိုး အငွေ့၊ အနံ့ အသက်၊ အမှုံအမွှား၊ အသံဗလံနှင့် ဓါတ်ရောင်ခြည်များကြောင့် ညစ်ညမ်းခြင်းမှ ကာကွယ်ခြင်း" အပါ အဝင် ကျန်းမာ ရေး ဥပဒေကြီးကို အတည်ပြုခဲ့လေပြီ။

လူအများနှင့် ဆိုင်သော ဒေသများ၌ သန့်ရှင်းရေး၊ အစားအသောက်၊ ဆေးဝါး သန့်ရှင်းရေး၊ ပစ္စည်းပစ္စယသန့်ရှင်းရေးအတွက် "မြို့" က လုပ်ဆောင်သော ထိုဥပဒေ ကြီး အောင်မြင်စွာကျင့်ပကဲရေးကို ပြည်သူတို့က ပူးပေါင်းကြရန်သာ လိုအပ်သည်။

ပြည်သူ့ ကျန်းမာရေးဆိုင်ရာဥပဒေ *

ကျော်သိမ်း

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီက ၁၉၇၂ ခုနှစ်၊ ဥပဒေ အမှတ် ၁ အမည်ဖြင့် ပြည်သူ့ ကျန်းမာရေးဆိုင်ရာ ဥပဒေတရပ် ပြဋ္ဌာန်းပြီး ၁၉၇၂ ခုနှစ်၊ ဇန္နဝါရီလ ၁၃ ရက်နေ့က သတင်းစာများတွင် ထည့်သွင်းဖေါ်ပြလိုက်သည်။

ဤဥပဒေ ပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်မှာ လုပ်သားပြည်သူတို့၏ ကျန်းမာရေး ကိစ္စအဝဝကို စနစ်တကျ တိတိကျကျဆောင်ရွက်နိုင်ရန် အလို့ငှါ ပြဋ္ဌာန်းရခြင်းဖြစ်သည် ဟု နိဒါန်းတွင် ဖေါ်ပြထားသည်။

ပြည်သူလူထု၏ ကျန်းမာမှုသည် တိုင်းပြည်တိုးတက် ဖွံ့ဖြိုးရေးအတွက် မရှိလျှ မဖြစ်သည့် အဓိကလိုအပ်ချက်ကြီးတရပ် ဖြစ်သည်၊ အတတ်ပညာရှင်တွေ မည်မျှပ ပေါ်များစေ၊ သယံဇာတပစ္စည်းတွေ မည်မျှပင် ကြွယ်ဝစေ တိုင်းသူပြည်သားတွေ လူမမာတွေဖြစ်နေလျှင် ထိုတိုင်းပြည်သည် ကြွယ်ဝချမ်းသာသော တိုင်းပြည်၊ တိုးတ ဖွံ့ဖြိုးသောတိုင်းပြည် ဖြစ်မလာနိုင်ပေ။

ဤအကြောင်းများကြောင့် တော်လှန်ရေး ကောင်စီက တိုင်းပြည်၏ တိုးတ ဖွံ့ဖြိုးရေးအတွက် အရေးကြီးသည့် ဤအချိန်အခါတွင် ပြဋ္ဌာန်းလိုက်သည့် အလ လိုအပ်နေသည့် ဤဥပဒေသည် ပြည်သူလူထုတရပ်လုံးက လှိုက်လှိုက်လှဲလှဲ တခဲန ကြိုဆိုရမည့် ဥပဒေပင်ဖြစ်သည်။

ယနေ့ရန်ကုန်သည် ယခင်ကရန်ကုန်ထက် ပိုမိုကျယ်ဝန်းလာသည်၊ လူဦးရေလ ပိုမိုများပြား ထူထပ်လာပြီး လူနေကျပ်လာသည်၊ သို့အတွက် အညစ်အကြေး အမှိ သရိုက်များလည်း ပိုမိုများပြားလာသည်၊ ယနေ့ ရန်ကုန်မြူအဖွဲ့သည် ယခင်ကမြူ များထက် သန့်ရှင်းရေးနှင့် ကျန်းမာရေးကို ပိုပြီးဂရုစိုက် ဆောင်ရွက်နေသည်၊ အမှ သရိုက်များကို နေ့ရောညပါ ၂၄ နာရီစလုံးဟု ဆိုရမလောက် လှဲကျင်းသိမ်းဆ ရှင်းလင်းပေးနေသည်။

သို့ရာတွင် မြို့နေလူထုအများစု၏ အသိခေါင်းပါးမှု၊ ဂရုမစိုက် အလေးမထ တို့ကြောင့် မြို့သန့်ရှင်းရေးမှာ မြူအဖွဲ့၏ ကြိုးပမ်းမှုမှာ ရာနှုန်းပြည့် ခရီးရောက် သလောက်မရောက်ဘဲ ရှိနေရသည်။

ယခုအခါ ရန်ကုန်တွင်သာမဟုတ်၊ခရိုင်မြို့ကြီး မြို့ငယ်များတွင် လူဦးရေတိုးလ လူနေသိပ်သည်း ကြပ်တည်းလာသည်၊ အညစ်အကြေးလည်း ပိုများလာသည်၊ မြို

---

*၁၉၇၂ ခုနှစ်၊ ဖေဖေါ်ဝါရီလ ၈ ရက်နေ့ထုတ် " ကြေးမုံသတင်းစာ " မှ။

များရော၊ မြို့ငယ်များတွင်ပါ စက်မှုလက်မှု လုပ်ငန်းကြီးငယ်တွေ ယခင်ကထက် ပိုမိုများပြားလာသည်။ ဤကဲ့သို့ လူနေတိုးမှု၊ လုပ်ငန်းတိုးမှုတို့ကြောင့် ကျွဲကူးရေပါ ဆိုသလို ညစ်ညမ်းမှု အသံဗလံ ဆူညံမှုတွေလည်း တိုးလိုက်လာသည်။

ရန်ကုန်နှင့်တကွ မြို့နယ်အသီးသီးတို့တွင် ရေမြောင်းလုပ်ပေးထားသည်၊သို့ရာတွင် ရေသစ်များ မစီးဆင်းရ၊ လူတွေက အမှိုက်မြောင်း လုပ်ထားကြသည်၊ ရေမြောင်းကြီးငယ်တွေမှာ ခြင်မွေးမြူရာ စခန်းကြီးငယ်များ ဖြစ်နေသည်၊စက်ရုံအလုပ်ရုံရပ်ကွက်တွေ သတ်မှတ်ပေးထားသည်။ လောဘရှင်တွေက လူနေရပ်ကွက်အတွင်း စက်ရုံအလုပ်ရုံတွေတည်ထောင်ကြသည်။ ယင်းတို့က အနံ့အသက်ဆိုးတွေ ထွက်လာသည်။ အသံဗလံတွေနေ့ရောညပါ ဆူညံနေသည် ။ အမှိုက်သရိုက် အညစ်အကြေးတွေကို အလွယ်တကူ နီးရာတွင် စုပုံကြသည်။

သူတို့ကလူတွေကို ရောဂါထူအောင် အသက်တိုအောင် ဖန်တီးပေးနေကြသည်။ ဆေးရုံတွေ၊ ဆေးပေးခန်းတွေ လူစည်အောင် လုပ်ပေးနေကြသည်။ ပုဂ္ဂလိကပိုင် ဆေးကုခန်းတွေများသည်ထက်များလာအောင်ဖန်တီးပေးနေကြသည်။အားလုံးထက်ဆိုးသည်မှာ တိုင်းပြည်နှင့်လူမျိုး တိုးတက် ဖွံ့ဖြိုးမှုကို ဟန့်တား ဖျက်ဆီးနေသည့် အတွင်းရန်သူအဖျက်သမားလုပ်ငန်းကို အနုနည်းဖြင့် လုပ်နေရာ ရောက်နေခြင်းပင် ဖြစ်သည်။

စက်ရုံ အလုပ်ရုံတွေကသာမဟုတ် လမ်းဘေး ခေါင်းရွက်ဗျတ်ထိုးဈေးသည်၊ လက်တွန်းလှည်း ဈေးသည်တွေကလည်း အမြတ်အစွန်း ရရေးကိုသာကြည့်ပြီး ကလေးသူငယ်များနှင့် မသင့်သည့် စားစရာ သောက်စရာ အန္တရာယ်မကင်းသည့် သွားရေစာများကို နိုင်ငံ၏ အညွန့်အဖူးကလေးများဖြစ်သည့် ကျောင်းသူ ကျောင်းသား ကလေးသူငယ်များအား ရောင်းချပြီး အညွန့်ချိုးနေကြပြန်သည်။

အချို့က ကိုယ်လုပ်နေသည့် အလုပ်သည် ဤမျှအကျိုး ပျက်စီးစေပါကလားဟု မသိဘဲ ပြုလုပ်နေကြသည်။ အချို့ကမူ ငတေမာပြီးရော သဘောနှင့်လုပ်နေကြသည်။

သို့အတွက်ကြောင့်ပင် တော်လှန်ရေး ကောင်စီက ဤပြည်သူ့ ကျန်းမာရေး ဆိုင်ရာဥပဒေကို ပြဋ္ဌာန်းလိုက်ခြင်းဖြစ်သည်။

ဤဥပဒေတွင် သက်ဆိုင်သူများ လိုက်နာရန်အတွက် နည်းဥပဒေများ အဖြစ် သတ်မှတ်ပေးထားသည့် တည်ဆဲဥပဒေ (၂၀)ကို ပုဒ်မ (၆)နှင့် (၇)တို့တွင် ဖော်ပြထားသည်၊ သို့ရာတွင် ဤရည်ညွှန်းထားသည့် တည်ဆဲဥပဒေ အမျိုး ၂၀ ကိုလူထုက လက်လှမ်းမှီရန် ခဲယဉ်းပါသည်၊ ဤစာရေးသူ ကိုယ်တိုင်ပင် စာပေဗိမာန်တွင် သွားဝယ်ရာ ဥပဒေ ရှစ်မျိုးအနက် တမျိုးနှင့် ပြင်ဆင်ချက် နှစ်မျိုးသာရခဲ့ပါသည်။

ဥပဒေနှင့်သက်ဆိုင်သူများ၊ ဥပဒေကို လိုက်နာရမည့်သူများသည်ရှင်းတို့လိုက်နာရမည့် အချက်များကို သိရှိကြရန်နှင့် ဖျက်ကွက်လျှင် မည်သည့်အပြစ်ဒဏ်မျိုး ခံရမည်ကိုသိထားရန် လိုအပ်ပါသည်၊ ဥပဒေကိုမသိ၍ ကျူးလွန် မိပါသည်ဟု ဆင်ခြေပေးခြင်းအားဖြင့် အပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့် မရနိုင်ကောင်းသည်မှာ မှန်ပါသည်။ သို့ရာတွင် ရှေးဦးစွာ ဥပဒေပါ သိသင့်သိထိုက်၊ သိရမည့် အချက်များကို သိအောင်လုပ်ပေးရန် လိုပါလိမ့်မည်။

သို့အတွက် အထက်ပါ ရည်ညွှန်းထားသည့် တည်ဆဲဥပဒေ (၂၀)တို့မှ ဤပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေတွင် အကျုံးဝင်သည့် အချက်များကို ထုတ်နုတ်စုပေါင်းပြီး ယခုအခါ သတ်ပုံဝေါဟာရများကို သတင်းစာများတွင် ဖော်ပြသည့် နည်းမျိုးဖြင့်ဖြစ်စေ၊ အခြားသင့်လျော်သည့် နည်းဖြင့်ဖြစ်စေ လူထုအား အလွယ်တကူဖြင့် သိစေနိုင်မည့်နည်းဖြင့် သိအောင် ပြုလုပ်ပေးမှသာ ဤဥပဒေ ပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်ပို့ပြီး အောင်မြင်လိမ့်မည်ဟု သဘောရပါသည်။ ။

ကြိုဆိုပါသည်

မြန်မာနိုင်ငံစာရင်းကောင်စီ *

မောင်သိ

ကမ္ဘာဦးလူတို့နေနှင့်လကိုတောင့်တသကဲ့သို့ မြန်မာနိုင်ငံ စာရင်းကောင်စီမှာလည်း မြန်မာနိုင်ငံရှိ စာရင်းလုပ်သားထုက မြှော်လင့်တောင့်တနေသော အဖွဲ့အစည်းတခုပင် ဖြစ်ပေသည်။ ယခင်က ကြီးကြပ်ကွပ်ကဲသော အဖွဲ့အစည်းနှင့် ဥပဒေများ မရှိသဖြင့် တကျောင်းတဂါထာ တရွာတပုဒ်ဆန်းဖြင့်လည်းကောင်း၊ အုတ်အရောရောေ၊ ကျောက်အရောရောဖြင့်လည်းကောင်း စခန်းသွားလျက်ရှိသော မြန်မာနိုင်ငံ စာရင်းကိုင်များ၏လောကသည် ဤအဖွဲ့အစည်း၊ ဤဥပဒေကြောင့် တူညီသော ရပ်တည်ချက်များ၊ လမ်းကြောင်းများဖြင့် စည်းစည်းလုံးလုံး ဆိုရှယ်လစ် စီးပွားရေး စနစ်၏ အရေးပါသော စာရင်းကဏ္ဍကို ပြည့်ပြည့်ဝဝ ထမ်းဆောင်လာနိုင်တော့မည် ဖြစ်ပေသည်။

မြန်မာနိုင်ငံရှိ စာရင်းကိုင်များ၏ လောကကို တစေ့တစောင်း ပြန်ပြောင်းကြည့်ရှုမည်ဆိုလျှင် ယေဘုယျအားဖြင့် သုံးမျိုး၊ သုံးလောက ကွဲပြားလျက်ရှိနေသည်ကို တွေ့မြင်ရပေမည်။ ပထမတမျိုးမှာ မြန်မာနိုင်ငံ စာရင်းစစ်ချုပ်၏ အုပ်ချုပ်မှုအောက်တွင်ရှိသော **အစိုးရစာရင်းနှင့် စာရင်းစစ်ဌာန**များရှိ စာရင်းကိုင်များ လောကဖြစ်၍ ဒုတိယတမျိုးမှာ အစိုးရဘုတ်အဖွဲ့၊ **ကော်ပိုရေးရှင်း**များတွင် တာဝန်ထမ်းဆောင်နေကြသည့် စာရင်းကိုင်များလောက ဖြစ်သည်။ **တတိယ** အမျိုးမှာ အစိုးရအသိအမှတ်ပြု မှတ်ပုံတင်စာရင်းကိုင် လက်မှတ်ရရှိပြီး ကိုယ်ပိုင်စာရင်းကိုင် စာရင်းစစ်လုပ်ငန်းများ လုပ်ကိုင်နေကြသည့် စာရင်းကိုင်များ လောကပင် ဖြစ်ပါသည်။

တဖန် စာရင်းကိုင်ပညာကိုသင်ကြားပို့ချလျက် ရှိကြသောကျောင်းများ၊သင်တန်းများမှာလည်း သူ့နည်းသူ့ဟန်ဖြင့် အကွဲကွဲအပြားပြား တည်ရှိနေပါသည်။

သို့ စာရင်းကိုင် လောကသည်လည်းကောင်း၊ စာရင်းကိုင် သင်တန်းများသည်လည်းကောင်း အကွဲကွဲအပြားပြား ရှိလျက်နေရာ အရည်အချင်းပြည့် စာရင်းကိုင်အဖြစ် သတ်မှတ်ရေး၊ ရာထူးခန့်ထားရေး၊ ရာထူးတိုးမြှင့်ရေး စသောအရေးကိစ္စများတွင် တကျောင်းတဂါထာဖြစ်လျက် ရှိပေသည်။

ပုံစံအားဖြင့် အစိုးရစာရင်းနှင့် စာရင်းစစ်ဌာန ဖြစ်ကြသော (က) ငွေစာရင်းမင်းကြီးရုံး၊ (ခ) ကူးသန်းရောင်းဝယ်ရေး စာရင်းစစ်ဌာနခွဲ၊ (ဂ) ငွေစာရင်းဝန်(ကာကွယ်ရေး)ရုံး၊ (ဃ) စာတိုက်နှင့် ကြေးနန်း ငွေစာရင်းဝန်ရုံး၊ (င) ဒေသန္တရ

---

*၁၉၇၂ ခုနှစ်၊ ဇန္နဝါရီလ ၁၇ ရက်နေ့ထုတ် " လုပ်သားသတင်းစာ " မှ။

ရန်ပုံငွေ စာရင်းစစ်ဝန်များရုံးများတွင် ဘွဲ့ရပြီး ပြန်တမ်းအရာရှိ (၃၅၀-၂၅-၇၀၀) ရာထူး၌ တိုက်ရိုက်ရွေးချယ် ခန့်ထားခြင်း ခံရသော ဝန်ထမ်းများကိုလည်းကောင်း၊ ငွေစာရင်းဝန်ထမ်း(ရုံးအုပ်တန်း)အောင်မြင်ပြီးသူများကိုလည်းကောင်း၊အရည်အချင်း ပြည့် စာရင်းစစ်များအဖြစ် ယေဘုယျအားဖြင့် သတ်မှတ်ထားကြပေသည်၊ ၎င်း ပုဂ္ဂိုလ်များသာ အစိုးရစာရင်းစစ် ဌာနများတွင် အရာရှိကြီးငယ်များအဖြစ် ခန့်ထား နိုင်ပြီး၊ ရာထူးတိုးရေး ကိစ္စ၌မူ လုပ်သက်ပေါ်တွင် အဓိကမူတည်ထားသည့် စနစ်အရ ဆောင်ရွက်လျက် ရှိကြပါသည်၊ (မှတ်ချက်။ ။တော်လှန်ရေးအစိုးရတက်ပြီးနောက် ပိုင်းတွင် ရာထူးတိုးပေးရေးမူတွင် အနည်းငယ်အပြောင်းအလဲ ရှိလာပါသည်)။

ပုဂ္ဂလိကစာရင်းကိုင် စာရင်းစစ် လုပ်ငန်းများ၌ အစိုးရမှတ်ပုံတင် စာရင်းကိုင် စာမေးပွဲ အောင်မြင်ပြီး သတ်မှတ်ထားသည့် "နည်းခံစာရေးလုပ်သက်" ရပြီးသော မှတ်ပုံတင် စာရင်းကိုင်များသာ တရားဝင် လုပ်ကိုင်နိုင်ပေသည်။

အစိုးရဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်းများ၊ ဘဏ်များနှင့် အခြားအစိုးရ ကူးသန်း ရောင်းဝယ်ရေး လုပ်ငန်းများတွင်ရှိသော စာရင်းကိုင်များ၏ လောကကိုကြည့်လျှင် လည်း အများအားဖြင့် ရာထူးခန့်ထားရေးနှင့် ရာထူးတိုးတက်ပေးရေးတို့တွင် မူအတိ အကျမရှိပဲ အကွဲကွဲအပြားပြား ဆောင်ရွက်လျက် ရှိကြသည်ကို တွေ့ရပေသည်။

အရည်အချင်းပြည့် စာရင်းကိုင်အဖြစ် သတ်မှတ်ရာတွင်လည်း အဖွဲ့တခုနှင့် တခု သည် လည်းကောင်း၊ တခါတရံ အဖွဲ့တခုတည်း၌ပင်လည်းကောင်း တူညီမှု မရှိကြပေ။ ဤနေရာ၌ အရည်အချင်းပြည့် စာရင်းကိုင်ဟု ဆိုရာတွင် အရာရှိအဆင့်၌ ခန့်ထား နိုင်သူတို့၏ အရည်အချင်းကို ဆိုလိုပါသည်။

ဤသို့ အရာရှိအဆင့် ခန့်အပ်ရေးအတွက် အရည်အချင်း သတ်မှတ်ရာတွင် အချို့ သော ဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်းများက စီးပွားရေးတက္ကသိုလ်မှ ဝါ ဏိဇ္ဇာဘွဲ့ရများကို လည်းကောင်း၊ အချို့သော ဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်းများက မှတ်ပုံတင်စာရင်းကိုင် အောင်မြင်ပြီးသူများ (နည်းခံစာရေး လုပ်သက်ရပြီးသူဖြစ်စေ၊ မရသေးသူဖြစ်စေ) ကိုလည်းကောင်း၊ အချို့မှာ နည်းခံစာရေး လုပ်သက်ရပြီးသော မှတ်ပုံတင် စာရင်းကိုင် များကိုသာလည်းကောင်း၊ အချို့က (ဝါဏိဇ္ဇ)ရော၊ မှတ်ပုံတင် စာရင်းကိုင်ပါအောင် ပြီးသူများကိုလည်းကောင်း သတ်မှတ်ကြပေသည်။

တို့အပြင် ရိုးရိုးဝိဇ္ဇာနှင့် သိပ္ပံဘွဲ့ရပြီး လုပ်သက်အရလည်းကောင်း၊ ရှေးယခင် ကတည်းက ခန့်ထားပြီး၍လည်းကောင်း စာရင်းကိုင်အရာရှိ အဆင့်များသို့ ရောက်ရှိ နေသူများလည်း ဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်းများတွင် အများအပြား ရှိနေပါသည်။ **အချို့သော** ဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်းများကမူ လစ်လပ်သော စာရင်းကိုင်**အရာရှိ**

ရိုထူးကြီးငယ်များ (စာရင်းကိုင်ချုပ် ရာထူးအပါအဝင်)ကို အစိုးရစာရင်းစစ် ဌာနများမှ သင့်တော်သူများကို တိုက်ရိုက်တောင်းယူ၍ ခန့်ထားခြင်းများလည်း ရှိပေသေးသည်။

တဖန်အကွဲကွဲ အပြားပြားဖြစ်နေသော စာရင်းကိုင် သင်တန်းများ၌ သင်ကြားပို့ချသော ဘာသာရပ်များကို ဆန်းစစ်ကြည့်မည် ဆိုပြန်လျှင်လည်းသန်ရာသန်ရာကိုသာ အဓိကထား၍ သင်ကြားပို့ချလျက် ရှိကြပေသည်။

ပုံစံအားဖြင့် အစိုးရစာရင်းစစ် ဌာနများရှိ စာရင်းကိုင် သင်တန်းနှင့် အစိုးရ စာရင်းကိုင် စာရင်းစစ် သင်တန်းကျောင်းများတွင် မြို့ပြငွေစာရင်း၊ ကိုဓဥပဒေ၊ စာရင်းစစ်ကိုဥပဒေမူလအခြေခံ စည်းမျဉ်းဥပဒေ၊ ခရီးစရိတ် စည်းမျဉ်းဥပဒေ၊ ငွေတိုက်လက်စွဲဥပဒေအစရှိသော အစိုးရပိုင်းဆိုင်ရာ ငွေစာရင်းနှင့် စည်းမျဉ်းဥပဒေများကိုသာ အဓိကထား၍သင်ကြားပြီး၊ ကူးသန်းရောင်းဝယ်ရေးစာရင်းပညာကိုမူယေဘုယျအားဖြင့် သာမန်အဆင့်လောက်သာ သင်ကြားပို့ချလျက်ရှိသည်ကို တွေ့ရပေသည်။

မှတ်ပုံတင် စာရင်းကိုင် သင်တန်းများတွင်မူ စတင်ဖွင့်လှစ်သော မူလရည်ရွယ်ချက်ကပင် ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများ၌ စာရင်းများပြုစု စစ်ဆေးရေးအတွက်ဖြစ်သဖြင့် ကူးသန်း ရောင်းဝယ်မှုဆိုင်ရာ စာရင်းပညာကို အဆင့်မြင့်မြင့် သင်ကြားသော်လည်း အစိုးရငွေစာရင်း စည်းမျဉ်း ဥပဒေများကို သင်ကြားပို့ချမှု မရှိသလောက်ဖြစ်ပါသည်။

စီးပွားရေးတက္ကသိုလ် စာရင်းပညာ သင်ကြားမှုမှာ ကူးသန်းရောင်းဝယ်ရေး စာရင်းပညာရပ်၌ ယေဘုယျအားဖြင့် မှတ်ပုံတင်စာရင်းကိုင် သင်တန်းလောက် အဆင့်မမြင့်ဟု ဆိုနိုင်သည့်အပြင် သင်ကြားပို့ချမှုမှာလည်း ပညာပိုင်းဆံဆံ သင်ကြားကြပါသည်။

သို့ဖြစ်၍ အထက်ဖေါ်ပြပါကျောင်း၊ သို့မဟုတ် သင်တန်းတခုခုကိုသာ အောင်မြင်ပြီးမြောက်ရုံဖြင့် စွယ်စုံပြည့်ဝသော အရည်အချင်းပြည့် စာရင်းကိုင်အဖြစ် သတ်မှတ်နိုင်လိမ့်မည်ဟု မယူဆနိုင်တော့ပေ၊ ယခုဖွဲ့စည်းမည့် မြန်မာနိုင်ငံ စာရင်းကောင်စီကြီးသည် ဥပဒေပါ ပြဋ္ဌာန်းချက်များအရ စာရင်းကိုင်သင်တန်းများ သင်ကြားမှုနှင့် အရည်ချင်းပြည့်သော စာရင်းကိုင် ဘွဲ့လက်မှတ်များ ထုတ်ပေးရေးကိုလည်းကောင်း၊ ပြည်ပမှ ဘွဲ့နှင့် ဘွဲ့လက်မှတ်များအား အသိအမှတ် ပြုရေးကိုလည်းကောင်း၊ စာရင်းကိုင်များ မှတ်ပုံတင်ရေးအတွက် အရည်အချင်း သတ်မှတ်ရေးကိုလည်း ကောင်း စိစစ်သတ်မှတ် လုပ်ဆောင်လာတော့မည်ဖြစ်ရာ ယခင်က အကွဲကွဲအပြားပြား ဖြစ်နေသော စာရင်းကိုင် သင်တန်းများကိုလည်းကောင်း၊ အရည်ချင်းပြည့် စာရင်းကိုင်အဖြစ်သတ်မှတ်ရာတွင် အကွဲကွဲအပြားပြားဖြစ်နေမှုကိုလည်းကောင်း၊ ကွဲပြားနေသော စာရင်းကိုင်

လောကကိုလည်းကောင်း စနစ်တကျ စုစည်းပြီး တကယ်အရည်အချင်း ပြည့်ဝသော စာရင်းကိုင်များကို မွေးထုတ်ခြင်းနှင့် သတ်မှတ်ခြင်းများ ပြုလာနိုင်တော့မည် ဖြစ်ပေသည်။

ယနေ့ ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်မှုတွင် စာရင်းကိုင်တို့၏ အခန်းကဏ္ဍမှာ အရေးပါလာလျက်ရှိရာ၊ စီမံကိန်းများ တိကျမှန်ကန်ရေး၊ အစိုးရ၏ ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများ အောင်မြင်ရေး၊ အစိုးရ၏ ပစ္စည်းဘဏ္ဍာများ မယိုမဖိတ်မပျောက်မရှိရေးအတွက် ကူးသန်းရောင်းဝယ်မှု စာရင်းပညာတွင် လည်းကောင်း၊ အစိုးရ၏ ငွေစာရင်း စည်းမျဉ်းဥပဒေများကို လည်းကောင်း၊ စီးပွားရေး ပညာရပ်များကိုလည်းကောင်း ကျွမ်းကျင်သော စွယ်စုံရ စာရင်းပညာတတ်မြောက်သူများ လိုပေသည်။

သို့ဖြစ်၍ ဤမြန်မာနိုင်ငံ စာရင်းကောင်စီကြီးမှ အရည်အချင်းပြည့် စာရင်းကိုင်အဖြစ် သတ်မှတ်ပြီး ထုတ်ပေးမည်ဖြစ်သော (**Certified Public Accountant**) ဘွဲ့လို အရည်အချင်းပြည့်ဝသော စွယ်စုံရ စာရင်းကိုင်များကိုသာ စိစစ်သတ်မှတ်ထုတ်ပေးရန် သင့်ကြောင်း အဆိုပြုရင်း မြန်မာနိုင်ငံ စာရင်းကောင်စီကြီးအား လိုက လှဲစွာ ကြိုဆိုလိုက်ရပေသတည်း။ ။

စွယ်စုံရ စာရင်းကိုင်များ မွေးထုတ်ရေး *

မြမောင် (ဒါးပိန်)

ယခုအခါ စာရင်းကိုင် ပညာရှင်တို့ မြှော်လင့်တောင့်တခဲ့သည့် မြန်မာနိုင်ငံ စာရင်းကောင်စီ ပေါ်ထွန်းလာခဲ့ပြီဖြစ်၏။

ယခင် တချိန် မြန်မာနိုင်ငံတွင် အရင်းရှင် စီးပွားရေး စနစ် တည်ရှိခဲ့စဉ်က မှတ်ပုံတင် စာရင်းကိုင် စာမေးပွဲများကို ကျင်းပ၍ မှတ်ပုံတင် စာရင်းကိုင်များ (အာရ်၊အေ) များကို အရင်းရှင် စီးပွားရေး အဆောက်အအုံ အတွင်းရှိ ကုမ္ပဏီ လုပ်ငန်းများ အစုစပ် လုပ်ငန်းများ၊ ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းများ၊ နိုင်ငံခြား အရင်းရှင်တို့၏ စီးပွားရေး လုပ်ငန်းများ၌ အသုံးချရန် ရည်စူး၍ မွေးထုတ်ခဲ့၏။ ယင်း အသင်းကိုလည်း တည်ထောင်ခဲ့၏။

ထိုမှတ်ပုံတင် စာရင်းကိုင် စာမေးပွဲများ၌ ကုမ္ပဏီများ ဥပဒေ၊ အစုစပ် အက်ဥပဒေ လူမွဲခံသူများ အက်ဥပဒေ၊ အမြတ်ခွန် အက်ဥပဒေ စသည်တို့နှင့် အရင်းရှင်စီးပွားရေး လုပ်ငန်းများ၏ စာရင်း ရေးသွင်းနည်း နိသျည်းများ ဖြစ်သည့် ကုမ္ပဏီ လုပ်ငန်းများ စာရင်း၊ အစုစပ် လုပ်ငန်း စာရင်း၊ ဖက်စပ် စာရင်းနှင့် လူမွဲခံ စာရင်း စသည် စသည် တို့ကို အထူးအသားပေး၍ လေ့ကျင့် သင်ကြားစေခဲ့လေသည်။

ယင်းသို့ သင်ကြားပေးခဲ့ခြင်း ရည်မှန်းချက်မှာလည်း—

(၁) တိုင်းပြည် အကျိုး အတွက် ကျရာနေရာ တာဝန်ကို ထမ်းဆောင်ရန် ထက် ပြင်ပ အရင်းရှင် လုပ်ငန်းကြီးများကို အထောက်အကူပြု ဆောင်ရွက်နိုင်ရန်၊

(၂) အရင်းရှင် စီးပွားရေး အန္တရာယ်ကြီး လည်ပတ်နိုင်ရန်တို့ အပေါ် အခြေခံခဲ့ပေသည်။

ယခုမူ ထိုအခြေ အနေသည် ရပ်ဆိုင်းသွားတော့မည် ဖြစ်ပေသည်။ အကြောင်း သော်ကား မြန်မာနိုင်ငံ အစိုးရသည် **ပြည်သူ့ စာရင်းကိုင် ကောင်စီ** ဖွဲ့စည်းရေး အတွက် အက်ဥပဒေ အမှတ် ၂–၇၂ ကို ပြဋ္ဌာန်းလိုက်သောကြောင့် ဖြစ်ပေသည်။ ထိုကောင်စီတွင် နိုင်ငံတော် စာရင်းစစ်ချုပ်က ဥက္ကဋ္ဌအဖြစ် ကြီးမှူး၍ ထိပ်တန်း စာရင်းကိုင် ပညာရှင် ၁၀ ဦး၊ အစိုးရခန့် ပညာရှင် ၄ ဦးတို့ဖြင့် ပါဝင်ဖွဲ့စည်းပြီး

* ၁၉၇၂ ခုနှစ်၊ ဇန္နဝါရီလ ၂၆ ရက်နေ့ထုတ် " ဗိုလ်တထောင် သတင်းစာ " မှ။

ဆိုရှယ်လစ် စီးပွားရေး စနစ်၏ သားကောင်း ရတနာ တဦးဖြစ်မည့် လက်မှတ်ရ ပြည်သူ့ စာရင်းကိုင် (Certified Public Accountant) ကို မွေးထုတ်ပေးတော့မည် ဖြစ်ပေသည်။ အရင်းရှင် စနစ်၏ လောင်းရိပ် အောက်မှ ပေါက်ဖွားခဲ့သည့် မှတ်ပုံတင် စာရင်းကိုင် စာမေးပွဲများမှာမူ ၁၉၇၃-၇၄ ခုနှစ်မှစ၍ ဖျက်သိမ်းတော့မည် ဖြစ်ပေသည်။

ကုမ္ပဏီ လုပ်ငန်း စာရင်း၊ အစုစပ် လုပ်ငန်း စာရင်းနှင့် ဖက်စပ် လုပ်ငန်း စာရင်းများအတွက် (မြီစား-မြီရှင်) နှစ်ဘက် ရေးသွင်း တတ်ရုံမျှဖြင့် ဆိုရှယ်လစ် စီးပွားရေး စနစ်ကို ခိုင်မာစွာ တည်ထောင်နေသည့် ယခုနေအခါမျိုး၌ ခေတ်နှင့်မလျော်ညီ၊ စနစ်နှင့်လည်း အံမဝင်၊ မလုံလောက်တော့ပြီ ဖြစ်၏။ စီမံကိန်းများဖြင့် လုပ်ဆောင်နေသည့် ဆိုရှယ်လစ် စီးပွားရေး စနစ်၌ နက်နဲသော အုပ်ချုပ်ရေး ပညာရပ်များ၊ စီးပွားရေး သဘောတရားများ၊ ဆောင်ရွက်မှု သုတေသန ပညာရပ်များနှင့်ဆိုရှယ်လစ် စီးပွားရေး တည်ဆောက်မှု စီမံကိန်းနှင့် စာရင်း ပညာရပ်များကိုအဆင့် အတန်းမြင့်မြင့် တတ်သိမှ သာလျှင် တိုင်းပြည် အတွက် ပိုမို အကျိုးရှိစေ၍ ဆိုရှယ်လစ် ပန်းတိုင်သို့ လျှင်လျှင်မြန်မြန် ရောက်ရှိနိုင်မည်သာ ဖြစ်ပေသည်။

ထို့ကြောင့် မှတ်ပုံတင် စာရင်းကိုင် စာမေးပွဲများကို ဖျက်သိမ်း၍မှတ်ပုံတင် စာရင်းကိုင် (အာရ်၊အေ) တို့ကို မွေးထုတ်မည့် အစား လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (စီ-ပီ-အေ) တို့ကို မွေးထုတ်ရန် လုပ်ဆောင်သည့် ဆောင်ရွက်ချက်မှာ မှန်ကန်သင့်လျော်သော လုပ်ငန်းဖြစ်ပေသည်။

အထူးသဖြင့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (စီ-ပီ-အေ) သင်တန်းသို့ဝါဏိဇ္ဇဘွဲ့ရ (စာရင်းကိုင်နှင့် စာရင်းစစ်) များထဲမှ အမှတ် အမြင့်ဆုံး အောင်မြင်သူတို့ကိုသာ စီးပွားရေး တက္ကသိုလ်မှ ထောက်ခံချက်ဖြင့် တက်ရောက်သင်ကြားခွင့် ပြုမည်ဖြစ်၍ ပိုမိုကောင်းမွန်သည်ဟု ယူဆမိပါသည်။ ဝါဏိဇ္ဇဘွဲ့ရ ပုဂ္ဂိုလ်တို့မှာလည်း တန်ဘိုးတွက် စာရင်းကိုင် ပညာ၊ ဘဏ္ဍာရေး စာရင်းကိုင် ပညာ၊ အုပ်ချုပ်မှု စာရင်းကိုင် ပညာနှင့် အုပ်ချုပ်ရေး သဘော တရားများ၊ စာရင်းစစ် ပညာနှင့် ဆောင်ရွက်မှု သုတေသန ပညာ၊ ဘောဂဗေဒ ပညာရပ်များကို အတော် အသင့် ၄ နှစ် ကာလ အတွင်း အချိန်ပြည့် လေ့ကျင့် သင်ကြားစေခဲ့ပြီး ဖြစ်၏။ သို့သော် စီးပွားရေး တက္ကသိုလ် အနေနှင့်လည်း ဝါဏိဇ္ဇ ဘွဲ့ရသူများ အနက်မှ လက်မှတ်ရ ပြည်သူ့ စာရင်းကိုင် စီ-ပီ-အေ သင်တန်းသို့ တက်ရောက်သင်ကြားခွင့်ပြုမည်ဖြစ်၍ ဝါဏိဇ္ဇ ဘွဲ့ရသူများကို အရေအတွက်များများ မွေးထုတ်ခြင်းထက် အရည် အသွေးကို ဦးစားပေး၍ မွေးထုတ်ပေးသင့်သည်ကို သတိမူသင့်ပါသည်။

မြန်မာနိုင်ငံ စာရင်းကောင်စီ အနေနှင့်လည်း—

(၁) ဆိုရှယ်လစ်နိုင်ငံ တည်ဆောက်ရေး အတွက် ပိုမို အထောက်အကူ ပြုမှု တန်ဘိုးတွက် စာရင်းကိုင် ပညာရပ်များ၊ ဘဏ္ဍာရေး စီမံ အုပ်ချုပ်မှု ပညာရပ်များ၊ အဆင့်မြင့် ဘောဂဗေဒ သဘော တရားများ၊ ဆိုရှယ်လစ် စီးပွားရေးနှင့် နိုင်ငံရေး အတွေးအခေါ်များ၊ တန်းမြင့် စာရင်းအင်း ပညာရပ်များ၊ စီးပွားရေး လုပ်ငန်းသုံး သင်္ချာ ပညာရပ်များကို (စီ-ပီ-အေ) သင်တန်း အတွက် အထူး အလေးထား၍ လေ့ကျင့် သင်ကြားစေသင့်ပါသည်။

(၂) အရည် အချင်းပြည့် စာရင်းကိုင် ပညာရှင်များ ပေါ်ထွန်းစေရေး အတွက် နိုင်ငံခြားမှ (အေစီဒဗလျူ၊ အေစီအေစီအေ) စသော လက်မှတ်ရ စာရင်းကိုင်များ အဆင့်ထက် မနိမ့်ကျစေဘဲ သင်တန်း အဆင့်အတန်းကို ကမ္ဘာ့ အဆင့်အတန်းနှင့် အညီ တိုးမြှင့်သင့်ပေသည်။

(၃) ဝါဏိဇ္ဇဘွဲ့ရရှိခဲ့ပြီး အစိုးရဌာနများ၌ လက်ရှိ အမှုထမ်းဆောင်နေသူ တို့အားလည်း အရည် အချင်းစစ် စာမေးပွဲများ ကျင်းပပေး၍ သင့်တော်သူ **အချို့ကိုလည်း** တက်ရောက် သင်ကြားခွင့် ပြုသင့်ပေသည်။

ထိုကဲ့သို့သောအားဖြင့် မြန်မာနိုင်ငံတွင် **အရည် အချင်းပြည့်စွယ်စုံရ စာရင်းကိုင်** ပညာရှင်များ မကြာမီ မုချ ပေါ်ထွန်းလာတော့မည်ဟု **ယုံကြည် ကိုးစားချက်ဖြင့်** အကြံပြုတင်ပြလိုက်ရသည်။

မြန်မာနိုင်ငံ စာရင်းကိုင်ပညာ သင်ကြားရေး *

မောင်စာရင်း

၁၇-၁-၇၂ နေ့ထုတ် လုပ်သားပြည်သူ့နေ့စဉ် သတင်းစာတွင် 'ကြိုဆိုပါသည် မြန်မာနိုင်ငံ စာရင်းကောင်စီ' ခေါင်းစဉ်ဖြင့် ရေးသားထားသည့် မောင်သိ၏ ဆောင်းပါးကို ဖတ်ရပါသည်၊ ယင်းဆောင်းပါးတွင် လုပ်သားပြည်သူများ ထင်မှားဖွယ် စီးပွားရေးတက္ကသိုလ် စာရင်းကိုင်ပညာ သင်ကြားမှု အဆင့်အတန်းကို နှိမ့်ချရေးသား ထားကြောင်း တွေ့ရှိရသဖြင့် ဖြေရှင်းလိုပါသည်။

မောင်သိ၏ ဆောင်းပါးတွင် မြန်မာနိုင်ငံရှိ စာရင်းကိုင် သင်တန်းကျောင်းများ၏ သင်ကြားမှုနှင့် ပတ်သက်၍ မိမိတို့ သန်ရာသန်ရာကိုသာ အဓိကထား၍ သင်ကြားပို့ချ လျက် ရှိကြပေသည်ဟု ဆိုထားပါသည်၊ ထို့နောက် အစိုးရစာရင်းကိုင် စာရင်းစစ် သင်တန်းကျောင်း မှတ်ပုံတင် စာရင်းကိုင် သင်တန်းနှင့် စီးပွားရေး တက္ကသိုလ်တို့တွင် စာရင်းကိုင်ပညာ သင်ကြားမှုကို ဝေဖန်ရေးသား ထားပါသည်၊ အထူးသဖြင့် စီးပွား ရေးတက္ကသိုလ် စာရင်း ပညာသင်ကြားမှုမှာ ကူးသန်းရောင်းဝယ်ရေး စာရင်းပညာ ရပ်၌ ယေဘုယျအားဖြင့် မှတ်ပုံတင်စာရင်းကိုင် သင်တန်းလောက် အဆင့်မမြင့်ဟု ဆိုနိုင်သည့်အပြင် သင်ကြားပို့ချမှုမှာလည်း ပညာပိုင်းဆံဆံ သင်ကြားကြပါသည်ဟု ရေးသားထားပေသည်။

စင်စစ်စီးပွားရေး တက္ကသိုလ်မှ စာရင်းကိုင်နှင့် စာရင်းစစ်အဓိက ဝါဏိဇ္ဇဘွဲ့ရများ အနေဖြင့် စာရင်းကိုင်လောကတွင် သရဖူ ဆောင်းနေကြသည်ကို ထောက်ရှုလျက် စီးပွားရေး တက္ကသိုလ်၏ စာရင်းကိုင်ပညာ သင်ကြားမှု အဆင့်အတန်းကို ခန့်မှန်း သိသာနိုင်သည် ဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် စံနစ်သစ်ပညာရေး ပြဋ္ဌာန်းချက်အရ စီးပွားရေး တက္ကသိုလ်တွင် သင်ကြားသည့် ဘာသာရပ်များကို ဆိုရှယ်လစ် စီးပွားရေး စနစ်နှင့်အညီ စနစ်တကျ ရွေးချယ် စီစဉ်ခဲ့ခြင်းဖြစ်သည်၊ သို့အတွက် စာရင်းကိုင်ပညာ သင်ကြားရေးတွင်လည်း လိုအပ်ချက် အသီးသီးကို စနစ်တကျညှိနှိုင်း သတ်မှတ်လျက် လက်တွေ့သင်ကြားပေး ခြင်းဖြစ်သည်၊ ထိုသို့ သင်ကြားရာတွင် ကမ္ဘာ့စာရင်းကိုင်ပညာ သင်ကြားမှု စနစ်နှင့် ဆိုရှယ်လစ်နိုင်ငံများတွင် စာရင်းကိုင်ပညာ သင်ကြားမှု အတွေ့အကြုံတို့ကို ပေါင်းစပ် လျက် မြန်မာနိုင်ငံနှင့် အံဝင်မည့် နည်းနာများအတိုင်း စနစ်တကျ ကြံဆပို့ချပေးလျက် ရှိပေသည်။

---

* ၁၉၇၂ ခုနှစ်၊ ဇန္နဝါရီလ ၂၉ ရက်၊ နေ့ထုတ် "လုပ်သား သတင်းစာ" မှ။

စာရင်းကိုင်ပညာသည် စီးပွားရေးစနစ် ဖြစ်ထွန်း တိုးတက်မှုအရ တိုးတက်ပြောင်းလဲခဲ့သည် ဖြစ်ပေသည်၊ အစဉ်အလာအားဖြင့် စာရင်းကိုင် ပညာ၏ ရည်ရွယ်ချက်မှာ လုပ်ငန်းတခု၏ ဘဏ္ဍာရေး အခြေအနေကို တင်ပြရန်သာ ဖြစ်ခဲ့သည်၊ ယနေ့ကာလတွင်လည်း နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုအတွက် ဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲရာတွင် စာရင်းကိုင်ကဏ္ဍမှ ပြုစုရရှိမည့် စာရင်းအချက်အလက်များကို အဓိက အားထားရပေသည်၊ နိုင်ငံစီးပွားဖွံ့ဖြိုးရေးဆိုင်ရာတွင် စာရင်းကိုင်၏ အခန်းကဏ္ဍမှာ ကျယ်ပြန့်စွာ အသိအမှတ် ပြုလာရမည်ဖြစ်သည်၊ သို့အညီ စာရင်းကိုင်ပညာ၏ ပင်ကိုယ်အနေအထားမှာလည်း မုချပြုပြင်ပြောင်းလဲမှု ရှိလာရတော့သည်၊ စာရင်းကိုင်ပညာ သင်ကြားရာတွင် ကူးသန်းရောင်းဝယ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ဥပဒေများ၊ ဘောဂဗေဒ၊ စာရင်းကိုင်နည်းများနှင့် စာရင်းစစ် ပညာတို့ကို သာမန်မျှ သင်ကြားပေးရုံဖြင့် မရတော့ချေ၊ စာရင်းကိုင်သည် သာမန်စာရင်း ရေးမှတ်သူ၊ စာရင်းရှင်းတမ်း ရေးဆွဲသူ၊ အစီရင်ခံစာရေးသားသူတဦးအဖြစ်ထက် ကုန်ထုတ်လုပ်ရေးနှင့် လုပ်ငန်းစီမံ ခန့်ခွဲမှုအပိုင်းတွင်လည်း အထောက်အကူဖြစ်စေသည့် လုပ်ရပ်များကို လက်တွေ့ လုပ်ဆောင်နိုင်စွမ်းသူဖြစ်ရန် အထူးလိုအပ်လာပေသည်၊ သို့အတွက် စီးပွားရေး တက္ကသိုလ်၌ သမရိုးကျစာရင်းကိုင်နှင့် စာရင်းစစ် ပညာများကို သင်ကြားပေးရုံမက သင်ကြားပေးနည်းမျိုးမဟုတ်တော့ပဲ ခေတ်သစ်စာရင်းကိုင် ပညာ၏ လိုအင်နှင့်အညီ ဖွဲ့စည်းသင်ပြလျက် ရှိပေသည်။

စာရင်းကိုင်နှင့် စာရင်းစစ်ပညာ အဓိက ဝါဏိဇ္ဇဘွဲ့ရ တဦးအနေဖြင့် သင်တန်းကာလ ၄ နှစ်အတွင်း စာရင်းကိုင် စာရင်းစစ်ပညာရပ်များနှင့် စီးပွားရေး ပညာရပ်တို့ကို ကျယ်ပြန့်စွာ လေ့လာဆည်းပူးခဲ့ပြီး ဖြစ်ပေသည်၊ အခြေခံ စာရင်းကိုင်ပညာ၊ ဘဏ္ဍာရေး စာရင်းကိုင်ပညာ၊ တန်ဘိုးတွက် စာရင်းကိုင်ပညာ၊ အုပ်ချုပ်ရေး စာရင်းကိုင်ပညာ၊ စာရင်းကိုင်စနစ်နှင့် စက်ဖြင့် စာရင်းကိုင် အတတ်ပညာ စသည့် စာရင်းကိုင် ဘာသာရပ်များကိုရင်း၊ လက်တွေ့ ကူးသန်းရောင်းဝယ်ရေး စာရင်းစစ ပညာနှင့် အစိုးရစာရင်းစစ် ပညာများကိုရင်း၊ ဘောဂဗေဒ သီအိုရီ၊ ဆိုရှယ်လစ် ဘောဂဗေဒ၊ ဆိုရှယ်လစ် စီးပွားရေးသမိုင်း၊ စီးပွားရေးပထဝီ၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလုပ်ငန်းဆိုင်ရာ ဥပဒေများ၊ စက်မှုလုပ်ငန်း အုပ်ချုပ်ရေးပညာ၊ ဆိုရှယ်လစ် စီးပွားရေး စီမံခန့်ခွဲမှုပညာ၊ ကုန်ထုတ်လုပ်ရေးပညာ၊ ကုန်စည်ရောင်းဝယ် ဖြန့်ဖြူးရေး ပညာ၊ စီမံခန့်ခွဲမှု သိပ္ပံပညာ၊ ဘဏ္ဍာရေးပညာ၊ အမြတ်ခွန်ပညာ၊ စာရင်းအင်းနှင့် သင်္ချာစသည် ပညာရပ်များကို ကျယ်ပြန့်စွာလေ့လာသင်ကြား ကြရပေသည်။

စီးပွားရေး တက္ကသိုလ်၏ စာရင်းကိုင်ပညာ သင်ကြားမှုအဆင့်အတန်းကို ဆန်းစစ်လိုပါလျှင် မော်စကို စီးပွားရေးနှင့် စက်မှုတက္ကသိုလ်၊ အင်္ဂလန်နိုင်ငံနှင့် အခြားချာတာ စာရင်းကိုင် သင်တန်းကျောင်းများ (ICA) အင်္ဂလန် နိုင်ငံနှင့် အခြား

တန်ဘိုးတွက်နှင့် အလုပ်စာရင်းကိုင် သင်တန်းကျောင်းများ (ICWA) အမေရိကန် နိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် သင်တန်းကျောင်း (ICPA)တို့မှ သင်ရိုး ညွှန်းတမ်းများနှင့် တိုက်ဆိုင်စစ်ဆေး ကြည့်နိုင်ကြပေသည်။

အများသိပြီး ဖြစ်သည့်အတိုင်း မှတ်ပုံတင်စာရင်းကိုင် သင်တန်းမှာ အရင်းရှင် စီးပွားရေး ရှင်သန်ကြီးထွားစဉ်က ကုမ္ပဏီလုပ်ငန်းတို့အား အလုပ်အကျွေးပြုရန်အတွက် အဓိကရည်သန်ခဲ့သည့် စာရင်းကိုင် သင်တန်းသာလျှင် ဖြစ်ပေသည်၊ သင်တန်းစတ ခဲ့သည့်နှစ်မှ ယနေ့တိုင်သင်ကြား ပို့ချသည့် ဘာသာရပ်များနှင့် သင်ရိုးညွှန်းတမ်းတို့မှ မဆိုစလောက် ပြင်ဆင်မှုရှိသည်မှအပ ပြောင်းလဲမှု မရှိသလောက် ဖြစ်ခဲ့ပေသည် တဖန်သင်ကြားသည့် ဘာသာရပ်များနှင့် သင်ရိုးညွှန်းတမ်းတို့မှာ မျက်မှောက်ကာ ကမ္ဘာ့စာရင်းကိုင်ပညာ အတိုင်းအတာအရဖြစ်စေ၊ ဆိုရှယ်လစ် စီးပွားရေး လိုအ ချက်အရဖြစ်စေ၊ များစွာ ခေတ်နောက်ကျလျက် ကျန်ခဲ့ပြီးဖြစ်ကြောင်း ငြင်းကွယ်နို မည်မဟုတ်ပါချေ။ သို့ဖြစ်ရာ မှတ်ပုံတင် စာရင်းကိုင်သင်တန်းကို အဆင့်မြင့်လှသည် ဆိုခြင်းမှာ စဉ်းစားဖွယ် ဖြစ်ပေသည်။

စင်စစ်လက်ရှိ မှတ်ပုံတင် စာရင်းကိုင် သင်တန်းကို ပြုပြင်ရန် လိုအပ်သ အလျောက် မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေ ပြဋ္ဌာန်းလျက် လက်မှတ်ရ ပြည် စာရင်းကိုင် (Certified Public Accountant) သင်တန်း ဖွင့်လှစ်ရခြ ဖြစ်သည်၊ စနစ်သစ်အရ ဖွင့်လှစ်မည့် ယင်းသင်တန်းတွင် သင်ကြားပို့ချရန် သင် ညွှန်းတမ်း ရေးဆွဲရာတွင်လည်း စီးပွားရေး တက္ကသိုလ်တွင် လက်ရှိသင်ကြားပေး သည့် သင်ရိုးညွှန်းတမ်းကို အခြေခံ ရေးဆွဲထားကြောင်း ကြားသိရပါသည်၊ အ သံဖြင့် စီးပွားရေး တက္ကသိုလ်တွင် သင်ကြားပေးနေသည့် လုပ်ငန်း သုတေသနပည စာရင်းအင်းပညာ၊ သင်္ချာနှင့် ကွန်ပြူတာ ဘာသာရပ်များကိုထည့်သွင်းသင်ကြား ဖြစ်သဖြင့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် သင်တန်းမှာ ကမ္ဘာ့အဆင့်မှီ စာရင်း သင်တန်းဖြစ်ပေသည်၊ ယင်းသင်တန်းသို့ စီးပွားရေး တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရမ (အထူးသဖြင့် စာရင်းကိုင်နှင့် စာရင်းစစ်ပညာ အဓိက ဝိဇ္ဇာဘွဲ့ရများ) သာ တက်ရောက်ခွင့် ရှိပေသည်၊ သို့ဖြစ်ရာ စီးပွားရေး တက္ကသိုလ်တွင် သင်ကြားပေးနေ စာရင်းကိုင်ပညာ အဆင့်အတန်းမှာ အနာဂတ် မြန်မာနိုင်ငံ စာရင်းကိုင် လေ အတွက် အားထားဖွယ်ဖြစ်ကြောင်း တင်ပြရပေသည်။

အယူခံအဖွဲ့ကို စံနမူနာယူလျက် *

သာဂဒိုး

"မောင်ရင်ဒိုးရေ အထူးရာဇဝတ်ရုံး အယူခံအဖွဲ့က အယူခံအမှုတွေကို ကြန့်ကြာမှု မရှိစေဘဲ ဆုံးဖြတ်ဆောင်ရွက်နေတယ်ဆိုတဲ့သတင်းအတွက် ငါတို့ သာခုရှေ့ရှေ့ကြီး ခေါ်ရပြန်သဟ၊ ဒီသတင်းကတော့ လူသာခုခေါ် နတ်သာခုခေါ် ဟရုးခံများလဲ သာခုခေါ်၊ ဆိုတဲ့သတင်းကြီးဘဲ မောင်ရင်ဒိုးရေ၊ ငါဖြင့် သုံးရက်ဆက်တောင် သာခု ခေါ်မိရတယ်...."။

"အမယ် သာခုခေါ်တာတောင်ဘဲ သုံးရက်ဆက်ကြီးများတောင်လား။"

"အော်-ကောင်းမြတ်သောသတင်းဖြစ်တဲ့အပြင် အရေးကြီးသောသတင်းလဲဖြစ်ပေ သကိုး‌ကွ။ ဘယ်လိုအရေးကြီးသတဲ့လဲ၊ တရားစီရင်ရေးဆိုင်ရာအမြင့်ဆုံးအဖွဲ့တခုက ခုလို ပြုလုပ်ကြိုးစားပြတာကို အောက်ခြေအသီးသီးရှိ တရားစီရင်စစ်ဆေးရေး ခွင်များက၊ စံနမူနာတင်၍ လုပ်ဘွယ်ဖြစ်သွားလို့ပါဘဲဟ၊ အထူးရာဇဝတ်ရုံး အယူခံအဖွဲ့မှာ ဘယ် ပုဂ္ဂိုလ်တွေ ပါဝင်သလဲ၊ ဗိုလ်မှူးကြီး လှဟန်ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ဗိုလ်မှူးချုပ် စိန်ဝင်း၊ ဗိုလ်မှူးကြီး ဘန်းစိန်နဲ့ တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်တို့ ပါဝင်ကြတယ်၊ ဒီပုဂ္ဂိုလ်များရဲ့တာဝန်များမှ အလုပ်တာဝန်တွေကြီးမားမှုကို အထူး ပြောနေဘို့တောင် မလိုပါဘူး၊ အများသိကြပြီးဘဲကွာ၊ ခုလိုအလုပ်တာဝန်များပြားတဲ့ အထဲက အချိန်ရယူပြီး အယူခံအမှုတွေကို စဉ်းစားဆုံးဖြတ်ပြီး ဆောင်ရွက်တဲ့ဥစ္စာ ပြီးခဲ့တဲ့အပတ်မှာ အယူခံအမှုပေါင်း ၂၈ မှုဆုံးဖြတ်ခဲ့တယ်တဲ့၊ ခုလိုအမှုတွေကိုကြန့်ကြာ မှုမရှိအောင် ကြိုးစားဆောင်ရွက်ခြင်းကို အောက်ခြေအသီးသီးရှိ တရားစီရင်ရေးခွင် များက စံနမူနာပြုပြီး သိက်ကြိုးစားကြဘို့လိုအပ်တဲ့အကြောင်း၊ မင်းဘို့က နှိုးဆော် ပေးဘို့ကောင်းသကွ၊ ဒါပြောချင်ရတာဟ...."

"ဒါတော့ခင်ဗျာ၊ ကျွန်တော်တို့အထူးပြောနေဘို့တောင် လိုမယ်မထင်ပါဘူးဗျာ၊ တရားစီရင်ရေးခွင် အသီးသီးကပုဂ္ဂိုလ်များဟာ ပညာရှိပုဂ္ဂိုလ်များချည်းဘဲခင်ဗျာ၊ ပညာရှိ တရားသူကြီးများ၊ ပညာရှိ ခုံအဖွဲ့ဝင်များ၊ ပညာရှိ ရှေ့နေကြီးများချည့်ဘဲ ခင်ဗျား၊ အားလုံးသဘောပေါက် သိရှိ၍၊ အားလုံးစံနမူနာယူကာ ကြိုးစားပြကြမှာပါဗျား နော...."

"အေး-စံနမူနာယူ ကြိုးစားပြကြမယ်ဆိုရင် ကောင်းပါလေ့ကွာ၊ လူတွေတင်မဟုတ် ဖူး၊ အချုပ်ခန်းသံတိုင်များကပါ သာခုခေါ်ကြမှာပါဘဲဟ၊ နေ့ကျတရက်ကြန့်ကြာရင်

* ၁၉၇၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့ထုတ် "လုပ်သားသတင်းစာ" မှ။

လွှတ်သင့်သူအဖို့ တရက်နှစ်နာရသလို သူ့ကျေးရတဲ့အတွက် တိုင်းပြည်ဘဏ္ဍာပါ တရက်တွက် ပိုကုန်ရတာပါဘဲဟာ၊ အထူးရာဇဝတ်ရုံး အယူခံအဖွဲ့နဲ့ပတ်သက်ပြီး နောက် တချက်လဲရှိသေးတယ်ကွ၊ အထူးရာဇဝတ်ရုံးအယူခံအဖွဲ့ဟာ ဆင်းရဲနွမ်းပါးလို့ အကျဉ်း ထောင်ကနေ ရှေ့နေမပါဘဲ တင်သွင်းတဲ့အယူခံအမှုတွေကိုလဲ ဂရုတစိုက်နဲ့ စဉ်းစား ဆုံးဖြတ်ပေးလိုက်တယ်တဲ့၊ ဒီအချက်လဲအရေးကြီးတာဘဲကွ၊ နောက်ပြီး တချက်က ကော၊ တရားသေလွှတ်သင့်ကြောင်း ထင်ရှားတွေ့ရတဲ့အယူခံအမှုတွေကို အယူခံစင်သု အဖို့ ရှေ့နေပါသည်ဖြစ်စေ မပါသည်ဖြစ်စေ၊ အချိန်ကြန့်ကြာခြင်းမရှိရအောင် အယူခံ အဖွဲ့က ညှိနှိုင်းဆွေးနွေးပြီး ချက်ချင်းလွှတ်မိန့်များပေးခဲ့တယ်တဲ့....”။

“ဟုတ်ကဲ့ ဒါလဲကောင်းသောစံနမူပါဘဲဗျ....”

“ဒီနေရာမှာ တခုဆွေးနွေးချင်တယ်သကွ၊ အယူခံအဖွဲ့အပိုင်းက တရားခံမှာ ရှေ့နေ ပါပါ မပါပါ ဂရုတစိုက်စဉ်းစားဆုံးဖြတ်ပေးတာ သိပ်ကောင်းပါတယ်၊ ဒါပေမယ့် အောက်ခြေတရားစီရင်ရေးခွင်တွေမှာ ရှေ့နေမပါမဖြစ်တဲ့အကြောင်းတွေက ရှိနေသကွ ဥပဒေအရကိုက တရားခံမှာရှေ့နေကိုရှိရခြင်း၊ တရားခံက မငှါးနိုင်ရင်တောင် (ဥပဒေ အရ တရားခံမှာ ရှေ့နေပါရလို့) အစိုးရက တရားခံ ရှေ့နေငှါးရမ်းပေးရခြင်း၊ ဒီလိုတွေ ရှိနေတဲ့အချက်ကွ....”။

“ဒါတော့ တရားမျှတတဲ့စစ်ဆေးမှုဖြစ်အောင် စီစဉ်ဆောင်ရွက်ထားတဲ့သဘောဘ ခင်ဗျ၊ ဒီအချက်များရှိသပခင်ဗျာ၊အထက်ပိုင်းမှာ ရှေ့နေမပါဘဲဖြစ်တဲ့အတွက် အောက ပိုင်းတွေမှာလဲ ရှေ့နေမပါဘဲနဲ့ဖြစ်ဘို့ရန် လိုလားသလားခင်ဗျ၊ ဒါကတော့....”

“ဆွေးနွေးကြည့်ရတာပကွာ၊ အမှုတွေ ကြန့်ကြာရတဲ့ အကြောင်းထဲမှာ တရားရုံ ကြောင့် ကြန့်ကြာရတာတွေ ရှိသလို ရှေ့နေများကြောင့် ကြန့်ကြာရတာတွေဂ ရှိမဟုတ်လားကွ၊ အထူးရာဇဝတ်ရုံး အယူခံအဖွဲ့က ရှေ့နေမပါတဲ့ အမှုများ ဂရုတစိုဂ စဉ်းစား ဆုံးဖြတ်တဲ့ အခါမှာ အစိုးရ ရှေ့နေကြီးများကလည်း ရှေ့နေမပါတဲ့ အယူ အမှုတွေအတွက် ကူညီမှုတွေ ပြုကြပါတယ်တဲ့၊ သတင်းမှာ ဒီအချက် ပါတယ်က ဒီအချက်ကိုလဲ ကြည့်မိလို့ပါကွ၊ ဒီအချက်နဲ့ ဆက်နွယ်ပြီး တွေးမိရပြန်တာက ကေ အစိုးရ ရှေ့နေကြီးများရဲ့ ပြောင်းလဲလာမှု အခြေအနေကွ၊ အစိုးရရှေ့နေများ ဘယ်င ပြောင်းလဲ လာခဲ့ရသလဲ၊ အရင်ခေတ်နဲ့ လုံးလုံး မတူတော့ဘူး၊ “ဆွဲချ” များသင သက် မဟုတ်တော့ဘူး၊ “တရားခံတွေ မုချ အပြစ်မရရအောင် လုပ်ရမယ်” ဆိုင ဦးတည်မှုနဲ့ လုပ်ရသူများ မဟုတ်တော့ဘူး၊ တရားခံလုပ်သူ အပြစ်မရှိဘူး ထင်မြင်ရ အစိုးရ ရှေ့နေများ ကိုယ်တိုင်က တရားရုံးမှာ တရားခံ အပြစ်မရှိလို့မြင်ကြောင် တင်ပြလျှောက်လဲသူများ ဖြစ်လာရတယ်၊ ခုလို ပြောင်းလဲလာတယ်၊ ဒါဟာအရေးကြ တဲ့ပြောင်းလဲချက်ကွ....”။

“ဟုတ်ပါတယ်၊ ခုလို ပြောင်းလဲလာချက်ကို ကျွန်တော်တို့လဲ အများသိအောင် ဆွေးနွေးတင်ပြ ဘူးပါတယ်ဗျာ၊ ဒီလို အစိုးရရှေ့နေဟာ ဆွဲချသက်သက် မဟုတ်တော့ဘဲ တရားခံ အပြစ်မရှိလို့မြင်ရင် အပြစ်မရှိကြောင်း တင်ပြလာရတဲ့အတွက် တရားခံများ ရှေ့နေမငှါးရင် ဖြစ်တယ်လို့ လုပ်စေချင်သလားဗျ၊ ရှေ့နေ ပါရမယ်လို့ သတ်မှတ်ထားတာတေကို ပြင်ဆင်စေချင်သလားဗျာ....”။

“အေး-ခုလို ဆက်တွေးလာမိလို့ကွ၊ ဒါကို ပြောချင်လာတယ်ကွ——”။

“နေအုံးလေ၊ ဒါတော့ ကျယ်ကျယ်ပြန့်ပြန့် ဆက်ကြည့်အုံးလေခင်ဗျာ၊ အစိုးရ ရှေ့နေတွေက တရားခံ အပြစ်မရှိဘူး ထင်မြင်ရင် အပြစ်မရှိကြောင်း ထောက်ပြလာရ တယ် မှန်တယ်၊ သို့သော် ဒီမူအတိုင်း အစိုးရ ရှေ့နေပိုင်းကရော၊ အမှုလိုက်များကရော ဘယ်လောက် ရဲရဲဝံ့ဝံ့ လုပ်ခဲ့ကြပြီလဲ၊ ဒါကိုလဲ ကြည့်အုံးခင်ဗျ၊ ဒီမူအတိုင်း အားလုံးက ရဲရဲဝံ့ဝံ့ လုပ်လာကြပြီလို့ ကျွန်တော်တော့ မထင်သေးဘူးဗျ၊ တချို့ လုပ်သော်လဲ အများစုမှာ လိုနေသေးတယ့်လို့ မြင်နေရတယ်ဗျာ၊ဒီတော့ ပထမ အရေးကြီးနေတာက ဒီမူအတိုင်း လုပ်လာဘို့ရန် ကြိုးစားဘို့ဗျ....”။

“ဒီမူအတိုင်း လုပ်လာဘို့ရန် ကြိုးစားဘို့....”။

“ဟုတ်ကဲ့၊ ဒီအပြောင်းအလဲက ကြီးမားသားကိုးခင်ဗျ၊ တရား စစ်ဆေးရေးခွင့် အဖို့ အတွေးအမြင်ပါ ပြောင်းရသလို ဖြစ်တယ်၊ အရင်က အစိုးရရှေ့နေတို့ အမှုလိုက တို့ဟာ ဘယ်လိုစိတ် ရှိတတ်ကြသလဲ၊ တရားခံ အပြစ်မကျ ကျအောင်လုပ်ရမယ်၊ တရားခံ အပြစ်ကျနိုင်ဘို့သာ ကြိုးစားရမယ်၊ တရားခံတွေ အပြစ်လွတ်တာ များလာရင် ကိုယ့်အလုပ်ကို ထိခိုက်မယ်၊ ကိုယ့်ဂုဏ်သရေကိုလဲ ထိခိုက်မယ်၊ ဒီတော့ ကျနိုင်သမျှ ကျဘို့ဘဲ ကြိုးစားရမယ်၊ ဒီလိုအတွေးအမြင် ရှိခဲ့ကိုးဗျ။ အဲဒီလိုကနေ ပြောင်းလဲရတော့ ရှုတ်ချည်း လိုချင်တဲ့မူအတိုင်း ဖြစ်မလာနိုင်သေးဘူးပဗျာ။ ဒါကြောင့်လဲ ဒီအချက်ကို ပထမအရင် ကြိုးစားရမယ်လို့ ပြောခြင်းပါဗျ၊ အစိုးရ ရှေ့နေများနဲ့ အမှုလိုက်များဟာ တရားခံတွေ အပြစ်ကျရေးထက် အမှုမှန် ဖြစ်ရေးကို အဓိကထား အားသွန်ကြိုးစား သူများ ဖြစ်လာစေရမယ် ဟုတ်စ——”။

“အေး-တရားခံ အပြစ်ရရေးထက် အမှုမှန် ဖြစ်ရေးကို အဓိကထား ကြိုးစားသူ တွေဖြစ်ကြဘို့....”။

မိန်းမတို့ကာယိန္ဒြေ *

လိမ်လည် ဖျက်ဆီးက-ထောင်ဒဏ်

အောင်ဗလ

ခုတော့ဖြင့် မစိုပြေ၊
နဂိုနေပျက်ယွင်းလို့၊
ပန်ဆင်တဲ့သူရယ်၊
အစာဝမှ ဌာနပြန်လေတယ်။ ။

တနေ့က ခေတ်ဟောင်း ရုပ်ရှင်ကား ဖြစ်သော ချစ်ရေစင် ရုပ်ရှင်ကားကို သွား ကြည့်ခဲ့သည်။ ဆင်းရဲသော မိတ္ထီလာသူကလေး ညို (မေရှင်)အား ရန်ကုန် ဘောင် ဒရီလမ်းမှ သူဌေးသား မောင်ထွန်းမြင့် (မောင်တင်မောင်)က "ပျားကောင်ပိတုံး အသွင် ဝတ်ရည်သုံး" ခဲ့သည်။ မွှေးစဉ်က 'ပန်' ခဲ့ပြီးမှ နောက်ပိုင်းတွင် အထင်လွဲကာ နံသည်ဟုဆိုကာ 'ပစ်' ခဲ့သည်။ ညိုခမြာမှာ အချစ်အတွက်နှင့် ရင်ကွဲနာကျကာ သေရရှာသည်။

ဤသို့ဖြင့် မြန်မာအမျိုးသမီး လောက၌ အမျိုးသားတို့က "ချစ်လက် သိမ်းကာ ရှောင်ကြဉ်တိမ်း" သွားသောကြောင့် မျက်ရည်ဖြင့် အဖော်ပြုကာ တသိ သိမ့် ဇာတ်သိမ်းရသော အဖြစ်အပျက် အထောင်အသောင်း ရှိနေသည်။ အိုင်ဇေ လျှင် ခြေဆေးသောယောကျ်ားသားတို့ ပြုသမျှနုနေကြရသော အမှုများ အများ ရှိသည်။ သူတို့ကိုမည်သူကအကာအကွယ် ပေးမည်နည်း။

ထိုသို့ "ကျော" ခံရသော အမျိုးသမီးများကို ဥပဒေက အကာအကွယ်ပေးနို ပါသည်။ "အမျိုးသမီးတဦးကို လက်ထပ်ပါမည်ဟု လိမ်လည်၍ ကတိပေးပြီး ချ ဝတ်ရည်ကို သောက်သုံးသော ပျားပိတုံး ယောကျ်ားသားတို့အား ရာဇသတ်ပုဒ် ၄၁၇ အရ အရေးယူနိုင်သည်" ဟုစီရင်ထုံး ထွက်လာလေပြီ။ ထိုပုဒ်မ ၄၁၇ မှ ရာဇဝတ်မှု ပုဒ်မဖြစ်သည်။ "**မည်သူမဆို လိမ်လည်မှုကျူးလွန်လျှင် ထိုသူကိုတနှစ် ထောင်ဒဏ် တမျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ ချမှတ်ရမည်**" ဟုဆိုသည်။ အမျိုးသမီးကလေးများကို လိမ်လည်ကာ ပန်းကောင်း အညွန့်ချိ **သူများကို** ထောင်ဒဏ်ပေးရမည်ဟု စီရင်ထုံး ထွက်ပေါ်လာလေပြီ။

---

*၁၉၇၂ ခုနှစ်၊ ဇန္နဝါရီလ ၁၄ ရက်နေ့ထုတ် " လုပ်သားသတင်းစာ " မှ။

အမှုမှာ မန္တလေးမြို့တွင်ဖြစ်ပွားခဲ့သော အမှုဖြစ်သည်။ မန္တလေးမြို့၊ ဟေမ-မာလာ ရပ်မှ ကျောင်းသူမခင်နှင်းရီ (၂၁ နှစ်)အား မန္တလေးမြို့၊ ကျောက်ဆစ်တန်းရပ် မှ မြဂုဏ်ရည် အထည်စက် မန်နေဂျာ ကိုသန်းထွန်းဆိုသူက ကျူးလွန်ခဲ့သည် ဆိုသော အမှုဖြစ်သည်။ အမျိုးသားက အမျိုးသမီးအား လက်ထပ်ပါမည်ဆိုကာ ချစ်ရေး ဆိုခဲ့သည်။ ကတိကို ယုံကြည်သဖြင့် လူကိုပုံ၍ နှင်းခဲ့ရာမှ နဂိုနေပျက်ယွင်းပြီး အပျို စင်စစ်မှ မိခင်လောင်း ဘဝသို့ ရောက်ခဲ့ရသည်။ ထိုအခါ အမျိုးသားက သူ၏ ကလေး မဟုတ်ဟု ငြင်းဆိုကာ ကျောခိုင်းခဲ့သည်ဟု ဆိုသည်။

ဤတွင်အမျိုးသမီးက အရှက်ကို မငဲ့နိုင်ပဲ ရုံးတော်သို့တက်ခဲ့သည်း မိမိအပေါ် လိမ်လည်လှည့်ဖြားကာ အချစ်ကိုအရယူခဲ့ပါသည်။ လိမ်လည်မှုနှင့် အရေးယူပေးပါ ဟု လျှောက်ထားခဲ့သည်။ မန္တလေးမြို့ တတိယ ရာဘက် တရားသူကြီးရုံးတွင် အမှု တင်လျှောက်ထားသော အခါ အမျိုးသားအား လိမ်လည်မှုပုဒ်မ ၄၁၇ အရ စွဲချက် တင်ခဲ့သည်။

တဖန်အမျိုးသားက မိမိအပေါ်တွင် တင်ထားသော စွဲချက်ကို ပယ်ဖျက်ပေးပါဟု မန္တလေးမြို့ စက်ရှင်တရားသူကြီးရုံးသို့ လျှောက်ခဲ့သည်။ အမှုကို ကြားနာပြီးနောက် အကယ်၍ **စွပ်စွဲချက်** မှန်ကန်သည်ထားဘိဦး၊ အမျိုးသားက လက်ထပ်မည်ဟူသော ကတိ ပျက်ကွက်ရုံနှင့် လိမ်လည်မှုတည်းဟူသော **ရာဇဝတ်မှု**ကို ကျူးလွန်ရာမရောက် ဟု တရားသူကြီးက ယူဆလေသည်။ ထို့ကြောင့် **အမျိုးသားအား** လိမ်လည်မှုနှင့် စွဲချက်တင်သည်ကို ပယ်ဖျက်ပေးရန် ထောက်ခံချက်ဖြင့် **တရားရုံးချုပ်**သို့ တင်လိုက် လေသည်။

၁၉၆၉ ခုနှစ်ကစတင် ဖြစ်ပွားခဲ့သောအမှုကို ၁၉၇၁ ခုနှစ်၊ ဇူလိုင်လတွင် တရားရုံး ချုပ်မှ တရားသူကြီး ဦးသက်ဖေနှင့် ဦးစိန်သင်းတို့က စစ်ဆေးရာ၌ စီရင်ထုံးနှစ်ရပ် ကွဲပြားစွာ ထွက်နေသည်ကို တွေ့ကြရသည်။ လိမ်လည်မှုဖြင့် ရာဇဝတ်ကြောင်းဖြင့် စွဲချက်တင်သင့်သည်ဟူသော စီရင်ထုံးနှင့် တရားမ ကြောင်းနှင့်သာ အရေးယူသင့် သည်ဟူသော စီရင်ထုံး နှစ်ရပ်ရှိနေသည်။ ထို့ကြောင့် တရားဝန်ကြီးချုပ်ထံသို့ အမှု ကို ထပ်ဆင့်ကာတင်လိုက်လေသည်။

အမှုမှာ အများပြည်သူတို့၏ လူမှုရေး ပြဿနာဖြစ်သဖြင့် အရေးကြီးပြီး ဥပဒေ ရေးရာ သဘောအရ နူးညံ့သိမ်မွေ့ နက်နဲသဖြင့် စုံညီခုံရုံးဖွဲ့ကာ စစ်ဆေးရန် အမိန့် ချခဲ့သည်။ စုံညီခုံရုံးသို့ ရှေ့နေချုပ်ကြီးနှင့် ဥပဒေ ပါရဂူကြီးများ ဖြစ်သော ဒေါက်တာ အေးမောင်နှင့် ဦးကျော်မြင့်တို့အားပါ ဖိတ်ခေါ်ကာ စုံညီခုံရုံးတော်၏ သဟာယအဖြစ် ဆောင်ရွက်စေပြီး ဥပဒေ ထင်မြင်ချက်ကို တောင်းခံစေလေသည်။

အမျိုးသား ဘက်မှ လိုက်ပါသော ရှေ့နေကြီးဦးကံမြိုင်က လက်ထပ်မည် ကတ
ပြုကာ အမျိုးသမီးအား ကျူးလွန်ခြင်းကြောင့် ကတိ ပျက်ကွက်မှုသာ ရှိပါသည်။
ရာဇဝတ်ကြောင်းမှ လိမ်လည်မှု မမြောက်ပါ။ ရာဇဝတ်ကြောင်း မြောက်လျှင်လည်း
အမျိုးသမီး၌ ပဋိသန္ဓေ ရှိ၍မရှိ၍လည်း စဉ်းစားရပါမည်။ ပဋိသန္ဓေ မရှိပါလျှင်
အမျိုးသမီးအဖို့ ထိခိုက်နစ်နာမှုရှိသည်ဟု အကောင်အထည်ပြရန်မရှိပါဟု လျှောက်လ
ခဲ့လသည်။

ဒေါက်တာ ဦးအေးမောင်ကမူ စုံညီခုံရုံးတော်၏ သဟာယအဖြစ် အမျိုးသား
တဦးက အမျိုးသမီးတဦးကို ကျူးလွန်ချိန်က လိမ်လည်ပြောဆို ကျူးလွန်ပါက
ပဋိသန္ဓေရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ရာဇသတ်ကြီး ပုဒ်မ ၄၁၅ (၂) အရ လိမ်လည်
မှု ကျူးလွန်ရာ မြောက်ပါသည်။ အမျိုးသမီးအဖို့ သူမ၏ ဣန္ဒြေသိက္ခာကို အပ်နှင်
လိုက်ရသည်ဖြစ်သဖြင့် နစ်နာပါသည်ဟု ထင်မြင်ချက်ကို တင်ပြလေသည်။

ရှေ့နေချုပ်ကြီး ကိုယ်စား အစိုးရ ရှေ့နေ ဒေါက်တာ ဦးမျိုးထွန်းလင်း က
ရာဇဝတ်ကြောင်း လိမ်လည်မှုသည် ရုပ်ဝတ္ထု ပစ္စည်းကို လိမ်လည်ယူခြင်းကိုဆိုလိုသည်၊
မိန်းမတို့၏ဣန္ဒြေကို လိမ်လည်မှုနှင့် မသက်ဆိုင်ဟု ထင်မြင်ချက်ကိုပေးသည်။

လျှောက်လဲချက်များနှင့် ထင်မြင်ချက် များကို ကြားနာပြီးနောက် စုံညီခုံရုံးတေ
က လိမ်လည်ယူငင်ခြင်းဟူသည် ရုပ်ဝတ္ထု ပစ္စည်းသာမက ခန္ဓာကိုယ်၊ ဂုဏ်သိက္ခာ
စိတ်မနေသာတို့ကို ထိခိုက်မှုပါ အကျုံးဝင်သည်ဟု ယူဆသည်ဟု ဆုံးဖြတ်သည်။ ဝ
ကြောင့် အမျိုးသားအား ရာဇဝတ်ကြောင်းနှင့် ရာဇသတ်ကြီးပုဒ်မ ၄၁၇ အ
အရေးယူခြင်းမှ ပယ်ဖျက်ပေးရန် စက်ရှင်တရားသူကြီးက တင်သွင်းသည်ကို ပယ်
လိုက်ကြောင်း စီရင်လိုက်လေသည်။

ဤစီရင်ထုံးကို ရာဇဝတ်မှု အယူခံအမှုအမှတ် ၂၉ (ဘီ) ၁၉၇၁ ခုနှစ်အဖြ
အတည်ပြု ချမှတ်လိုက်သည်။ ဤစီရင်ထုံးကား အမျိုးသမီးလောကအတွက် ကာကွ
ပေးသော စီရင်ထုံး ဖြစ်ပါသည်။ အရှက်ကို မငဲ့ပဲ တရားခွင်သို့တက်ခဲ့သော အမျ
သမီးကလေး၏ ဇွဲသတ္တိကြောင့် ခေတ်အဆက်ဆက်က အနိုင်ကျင့်လာသော ယောကျ်
သား လူမိုက်များ၏ အန္တရာယ်မှ အမျိုးသမီးတို့ ကာကွယ်နိုင်ကြပေပြီတကား။

ဖန်ခွက်တလုံး၊ ကော်တဗူးနှင့် စီးကရက်လောက်ကို *

သာကဒိုး

"ကမာရွတ်စီးကရက်စက်ရုံ အမှတ် ၂ မှတဲ့၊ အလုပ်သမတဦးဖြစ်သူ မရီရီသည့်တဲ့၊ စက်ရုံကစီးကရက်အလိပ် ၃၀၀ ရာကျော်ကို ခိုးထုတ်မှုနဲ့တဲ့၊ လှိုင်ရဲတပ်စခန်းက ပုဒ်မ ၆ (၁) နဲ့ အရေးယူလိုက်တယ်တဲ့။ ဒိုးရေ ငါတော့ဒီနေ့မနက်မှာ အဲဒီသတင်းတိုလေး ဘတ်ပြီး ခေါင်းမူးချင်သွားရပြန်သကွ...."။

"ခင်ဗျာ ဘာဖြစ်လို့-"

"အော် တခြားကြောင့်မဟုတ်ပါဘူး၊ ခုအခါမှာ နာမည်ကျော်ကြားလှတဲ့ ပုဒ်မ ၆ (၁) နဲ့ အရေးယူကြပုံ အကြောင်းပါဘဲကွ။ ဒီပုဒ်မနဲ့အရေးယူကြပုံတွေကို ငါတို့ စိတ်ထဲမှာ တယ်မကြေလယ်ပါဘူး၊ အမှန်က ဒီပုဒ်မဟာ အင်မတန်ရည်ရွယ်ချက် ကြီးမားစွာနဲ့ ပြုလုပ်ထားတဲ့ပုဒ်မပါကွ၊ ပြည်သူပိုင်ပစ္စည်းတွေကာကွယ်ရေး၊ ဆိုရှယ်လစ် စီးပွားရေး စံနစ်ကြီးရဲ့ ပစ္စည်းပစ္စယ အပိုင်းတွေမှာ ကာကွယ်ရေး၊ ဒါတွေအတွက် ပြင်းပြင်းထန်ထန် တိတိကျကျ အရေးယူဆောင်ရွက်နိုင်ဘို့ ပြုလုပ်ထားတဲ့ပုဒ်မပါကွ၊ အခု ဒီပုဒ်မကို သုံးစွဲနည်း သုံးစွဲပုံတွေ မှန်မှမှန်ကန်ကြရဲ့လားလို့ ငါတို့တိပ်တိပ်လေး သုံးသပ်နေမိရတယ်ကွာ၊ ဘာဖြစ်လို့လဲသိလား...."။

"ပြောပါခင်ဗျာ...."။

"အော် ပုဒ်မသုံးစွဲမှုနဲ့ချာတော့၊ ရည်ရွယ်ချက်ကြီးမားတဲ့ ပုဒ်မကြီးကိုယ်တိုင်လဲ နုံနုံချာချာတွေ ဖြစ်နေလေရော့မလားလို့ကွာ၊ ဘာလို့ဆိုတော့၊ ဖန်ခွက်ကွဲတာလောက် နဲ့လဲ ၆ (၁)၊ ကော်ဗူးကိစ္စ၊ စီးကရက်ကိစ္စတွေမှာလဲ၊ မဟာ ၆ (၁) ကြီး ဖြစ်တာ တွေ့ရတော့...."။

"ဒါတော့ ဥပဒေအရကိုးခင်ဗျ...."။

"ဟ ဥပဒေဟာ သုံးစွဲတဲ့ပုဂ္ဂိုလ်တွေအပေါ် မှာမှီပြီး၊ အကျိုးသက်ရောက်မှုရှိတတ် တာကွ၊ ဒါကြောင့်ပြောနေရတာကွာ၊ ငါတို့စိတ်ထဲအဲဒီ ၆ (၁) သုံးစွဲကြပုံလဲ မကြေ လယ်လှဘူး၊ ပြီးတော့ ဝတ်တရားနှောက်ယှက်မှုပုဒ်မ ၃၅၃ နဲ့ပတ်သက်ပြီး သုံးစွဲကြပုံ တွေကိုလဲ၊ သိပ်မကြေလယ်ချင်ပါဘူးကွာ...."။

"ဝတ်တရားနှောက်ယှက်မှု၊ ဟဲဟဲ အဲ့ဒါကတော့၊ ရဲဘော် သတင်းထောက်များလဲ ခဏခဏ ဝါးမိတတ်တဲ့ ပုဒ်မတခုပါဘဲဗျာ...."။

---

*၁၉၇၂ ခုနှစ်၊ ဇန္နဝါရီလ ၁၅ ရက်နေ့ထုတ်၊ "လုပ်သားသတင်းစာ"မှ။

"စင်စစ် ဒီပုဒ်မတွေဟာ လိုရင်လိုသလိုလှတ်ထားပြီး၊ မလိုရင်မလိုသလို ဇီကုတ်နိုင်ဘို့လုပ်ထားတဲ့ ပုဒ်မတွေမဟုတ်ဘူးကွ၊ ခုအခါမှာ ဝတ်တရားနှောက်ယှက်မှုပုဒ်မလဲ အတော်ကို အသုံးများကြတယ်၊ ဟီးနိုးဘားဒရိုင်ဘာတို့ စပါယ်ရာတို့ကတောင်၊ သူတို့လုပ်တာမဟုတ်လို့ပြောရင် ဝတ်တရားနှောက်ယှက်မှုနဲ့ နှိပ်လိုက်ရမလားလို့ ကြိမ်းဝါးခြိမ်းချောက်နေကြတာကွ"....။

"ဟောဗျာ ဒီလိုလား...."။

"ဒီလိုတွေဖြစ်ဖြစ်နေလို့ ပြောရတာကွာ၊ ပုဒ်မ ၆ (၁) ကဆိုလဲ သုံးသင့်တဲ့နေရာနဲ့ မသုံးသင့်တဲ့နေရာ နဲနဲအံလွဲနေသလားလို့ ငါတို့တွေးနေမိတယ်၊ ခုငါတို့ကြည့်မိရတာ ဆိုရင်၊ တော်တော်ကြီးကြီးမားမားက၊ သာမန်ခိုးမှုဖြစ်ချင်ဖြစ်တယ်၊ ဘာမဟုတ်တာကျတော့ ၆ (၁) ပုဒ်မကြီး ဖြစ်ချင်ဖြစ်သွားတယ်၊ အထူးသဖြင့် မပြောတတ် မဆိုတတ်သူတွေဆိုရင် ၆ (၁) ပုဒ်မအဖြစ် များသလားလို့လဲတွေးတယ်၊ ဖြောတတ်ဆိုတတ်လူမျိုးကျတော့ အရှောင်အတိမ်းနဲ့ အပြောအဆိုကောင်းတော့"

"ဒါတော့ဗျာ၊ အပြောကောင်းတာနဲ့ ဒီပုဒ်မ မတတ်ဘဲနေပမလားဗျာ၊ ဒီလိုတော့ မဟုတ်နိုင်ပါဘူးဗျာ၊ ဥပဒေခွင်ဝင်မှု မဝင်မှု ကိုဘဲကြည့်၍ ပုဒ်မ တတ်တာဘဲခင်ဗျ...."။

"အေး ဥပဒေခွင် မဝင်၊ ပုဒ်မ ညီ မညီကို ဆုံးဖြတ်ပြီး ပုဒ်မတတ်တဲ့ အပိုင်းက အရေးကြီးလို့လဲ အခုလို ပြောနေတာဘဲပေါ့ကွ။ တိုင်တဲ့ ပုဂ္ဂိုလ်နဲ့ ပုဒ်မတတ်တဲ့ ပုဂ္ဂိုလ်များရဲ့ ဆုံးဖြတ်ချက်အပေါ်မှာ တည်တည်ပြီး ပုဒ်မ တတ်မှု အခြေအနေတွေ ဖြစ်ပျက်နေသလားလို့ငါတို့တွေးနေတယ်၊ တိုင်တဲ့ လူများကလဲ ပုလင်းလေး လွတ်ကျရင်လဲ၊ ပြည်သူ့ ပစ္စည်း ဖျက်ဆီးမှု ၆ (၁) လုပ်ချင် လုပ်တယ်၊ တမင် လုပ်တာများကျတော့လဲ မတော်တဆ ကိစ္စလို့ လုပ်တာ ရှိတယ်၊ အမှန်က ဒီပုဒ်မဟာ လိုသလို သုံးဘို့ ထားတဲ့ ပုဒ်မ မဟုတ်ဖူး။

"ဒီလိုတော့ ဇယာဘုယျဆန်ဆန် မပြောနဲ့လေခင်ဗျာ၊ ဘယ်သူတွေ ဒီလို လုပ်သလဲ၊ ဘယ်မှာလဲ တိတိကျကျ ပြောမှပဗျ"....။

"အား အဲဒါ အားကြီးခက်" သိပ်ခက်ဘဲဟေ့၊ "လူတွေသိပါတယ်" လို့ ပြောရင် မင်းကြေနပ်မှာတော့ မဟုတ်ဖူး ထင်တယ်။ ဒါပေသိ ငါကတော့ 'လူတွေသိပါတယ်' လို့ဘဲ ပြောချင်နေတယ်ကွာ နောက်ပြီး၊ ကြီးမားတဲ့ အလွဲသုံးစားမှုကြီးတွေကျတော့ ၄၀၉ လောက်နဲ့ လုပ်ပြီး အတိုအစ ကိစ္စတွေမှာ ၆ (၁) ကြီး ဖြစ်ရတာလဲ လူတွေက စဉ်းစားရ ကြပ်ကြတယ်ကွာ...."။

"ဒါကတော့...ဒီလိုရှိတယ် ထင်တယ်၊ ငွေကြေးနဲ့ ပတ်သက်တာဆိုရင် ၄၀၉၊ ပစ္စည်းနဲ့ ပတ်သက်တာဆိုရင်-နဲ့သည် ဖြစ်စေ များသည် ဖြစ်စေ၊ ၆ (၁)၊ ခုလို အားဖြင့် ပုဒ်မ တတ်ကြတာ ဖြစ်လိမ့်မယ် ထင်တယ်...."။

"အေး-အဲဒါကကော သဘာဝ ကျသလားကွာ-၊ သိန်းနဲ့ သိန်းနဲ့ ချီတဲ့ ကိစ္စတွေမှာ ၄၀၉ (ခေတ်ဟောင်းပုဒ်မ)။ စီးကရက်လို ကိစ္စ၊ ကော်ဖူးလို ကိစ္စ၊ အရက်ဆိုင်က ဖန်ခွက်လိုကိစ္စ၊ ဒီလို ကိစ္စတွေမှာတော့၊ ပုဒ်မ ၆ (၁)-(တော်လှန်ရေး ပုဒ်မ ဖြစ်တဲ့ ခပ်ပြင်းပြင်း ပုဒ်မ)၊အဲဒါ သဘာဝကျရဲ့ လားလို့ကွာ-။ ပြီးတော့သာမန် ခိုးမှုကိစ္စတွေနဲ့ ပြည်သူ့ပစ္စည်း ကာကွယ်မှု ကိစ္စကို၊ ပြောင်းတံ ပြောင်းပြန် ဖြစ်ရင်လဲ မကောင်းဘူး၊ ပြည်သူ့ပစ္စည်း ကာကွယ်မှု ပုဒ်မကြီးနဲ့ အရေးယူရမယ့် ကိစ္စကို ခိုးမှုနဲ့ အရေးယူ၊ သာမန် ခိုးမှုနဲ့ အရေးယူလောက်တဲ့ ကိစ္စကိုတော့ ပြည်သူ့ပစ္စည်း ကာကွယ်မှု ပုဒ်မကြီးနဲ့ အရေးယူ၊ ခုလို ပြောင်းတိ ပြောင်းပြန် ဖြစ်ရင်လဲ မကောင်းဘူး၊ ဘယ်လို မကောင်းလဲ၊ ဥပဒေ ရည်ရွယ်ချက် ပျက်သလိုဘဲ၊ ထိရောက်မှုကိုလဲ ပျက်ပြယ်စေတယ်...."။

"အင်း ဒါတော့ ဥပဒေ ကိုင်တွယ်သူများအပေါ် တည်တာတော့အမှန်ဘဲဗျ——"။

"အေး ငါတို့ပြောချင်တာကလဲ-အဲဒါဘဲပေါ့ကွ၊ ပြည်သူ့ပစ္စည်း ကာကွယ်လိုတဲ့ ရည်ရွယ်ချက် ဆိုရှယ်လစ် **စီးပွားရေး လုပ်ငန်း** ခွင်ကြီးရဲ့ ပစ္စည်း ပစ္စယများ ကာကွယ် ထိန်းသိမ်းနိုင်ဘို့ ရည်ရွယ်ချက်-၊ **ဒီရည်ရွယ်ချက်များ** အောင်မြင် ထိရောက်ပြီး ဥပဒေလဲ ထိရောက်ဘို့ရာဟာ——၊ ဥပဒေ ကိုင်တွယ် သုံးစွဲတဲ့ ပုဂ္ဂိုလ်များ အပေါ်မှာ သိပ်ပြီး အဓိက တည်နေတယ်။ သူတို့ အရေးကြီးလှ ပါတယ်လို့ ပြောချင်ရတယ်-။ နောက်ပြီး၊ တိုင်ချက်ပေးသူများ၊ တိုင်တန်းသူများ သူတို့လဲ အရေးကြီးကြတယ်။ ဥပဒေ၏ ရည်ရွယ်ချက် ပြည့်မြောက်အောင် သုံးတတ်ကြပါလို့-မင်းတို့က နှိုးဆော် ပေးစေချင်တယ်ဟ-၊ နောက်ပြီး ခုန ပြောတဲ့ ဝတ်တရား နှောက်ယှက်မှု ပုဒ်မ သုံးတာတွေကောကွာ၊ ဒါလဲ ဟန်ကျ ပန်ကျ ခွင်ကျကျ သုံးကြမှ တန်ဘိုးရှိမှာဘဲကွ-။ နို့မို့- ပြည်သူကို နှိပ်စက်တဲ့ ပုဒ်မ သက်သက်ကြီး ဖြစ်နေလိမ့်မယ်...."။

"ဟုတ်ကဲ့-ဒါကလဲ တဖုဘဲဗျ...."။

"ခုနေအခါမှာ- ပြည်သူပိုင် လုပ်ငန်းခွင်တွေဟာ ကျယ်ပြန့် လာနေတယ်။ အစိုးရ စီးပွါးရေး လုပ်ငန်းခွင်တွေဟာ များပြား လာနေတယ်၊ အဲဒီတွေမှာ လုပ်ကိုင်နေသူ မှန်သမျှ သူတို့ မလိုလားရင် မလိုလား သလို ဒီဝတ်တရား နှောက်[illegible]

ယှက်မှု ဆိုတဲ့ ပုဒ်မကြီးကို သုံးနိုင်ခွင့် ရှိသလား၊ သုံးနိုင်ခွင့် ရှိသင့် သလား၊ အမှန်က သုံးနိုင်ခွင့် မရှိသင့်ဘူးကွ၊....။ အေး ၆ (၁) ကိစ္စရော၊ ၄၀၉ ကိစ္စရော၊ ၃၅၃ ကိစ္စကိုရော ကြည့်ကြည့် လင်လင် ရှင်းရှင်း လင်းလင်းလေး လုပ်ပေး ထားမှ သင့်မယ် ထင်ပါတယ်ကွ-၊ မင်းတို့ တတ်နိုင်သမျှ ပြောဘို့ပကွာ၊....”။

“အင်း-ဟုတ်ကဲ့၊ ဟုတ်တော့ ဟုတ်ပါတယ်၊ အင်း....”။

အပြစ်ဒဏ်များ ပြန်လည်စိစစ်ရေး *

ကိုကြီးယူဘီအေ

အပြစ်ဒဏ်များကို လေ့လာရာတွင် သေဒဏ်၊ တသက်တကျွန်းဒဏ်၊ ငွေဒဏ်နှင့် ကြိမ်ဒဏ်ဟူ၍ အပြစ်ဒဏ် (၅)မျိုးရှိကြောင်း လေ့လာတွေ့ရှိရသည်။ ကိုလိုနီခေတ်တလျှောက်လုံး၌ လည်းကောင်း၊ အရင်းရှင်ပါလီမန် ဒီမိုကရေစီခေတ် တလျှောက်လုံး၌လည်းကောင်း၊ အုပ်စိုးသူ လူတန်းစားအနေနှင့် မလိုလျှင် မလိုသလိုလျှော့ခြင်း၊ တင်းခြင်းများ ပြုလုပ်နိုင်သော ဥပဒေများကို လက်ကိုင်ထား၍ ယင်းတို့၏ အကျိုးစီးပွားကို ကာကွယ်ရန်အတွက် အပြစ်ဒဏ် ပေးခြင်းများကို လက်သုံးပြုခဲ့ကြသည်။ ထိုအချိန်ထိုအခါက အပြစ်ဒဏ် ပေးခြင်းမှာလည်း ရာဇဝတ်မှု နည်းပါးရေး၊ ပပျောက်ရေးတို့အတွက် ရှေးရှုသည်ထက် ပြစ်မှုကျူးလွန်သူ၏ ဘဝကိုသာ အညွန့်တုံးစေခဲ့ပြီး၊ သက်တမ်းတလျှောက်တွင် နာလန်မထူနိုင်အောင် ဖြစ်ခဲ့ကြရသည်။

တော်လှန်ရေး ကောင်စီလက်ထက်တွင် ပြစ်မှုကျူးလွန်သူ အနေနှင့် ကျူးလွန်ခဲ့သည့်ပြစ်မှုအတွက် ထိုက်သင့်သော အပြစ်ဒဏ်ကို ခံစားရမည်ဖြစ်သော်လည်း ထိုသို့ အပြစ်ဒဏ်ပေးခြင်းမှာ သူ၏ဘဝကို ဖျက်ဆီးပြီး အညွန့်တုံးစေရန် မဟုတ်သည့်အပြင် ထိုပြစ်မှု ကျူးလွန်သူအား သင့်တော်သော အသိပညာများပေး၍ နောင်တ ရလာသောတနေ့တွင် လူ့ဘောင်အဆောက်အအုံအတွင်း၌ လူသစ် စိတ်သစ်ဖြင့် လူကောင်းတယောက် ဖြစ်လာစေရန်အတွက် ရည်မှန်းချက်များ ထားရှိခဲ့သည်၊ ပြစ်ဒဏ်ချမှတ်သော တရားရုံးများနှင့် အကျဉ်းထောင်၊ အကျဉ်းစခန်းတို့ ညှိနှိုင်းကာ ပြစ်မှုကျူးလွန်သူတို့အား လူသစ်၊ စိတ်သစ်ဖြင့် ကောင်းသော အသက်မွေး ဝမ်းကျောင်းကို ရှာကြံလုပ်ကိုင်ပြီး ဘဝသစ် ထူထောင်နိုင်ရန်အတွက် ပြုပြင်ပေးလျက် ရှိပေသည်။

၁၉၆၃ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင် ရန်ကုန်ထောင်ကြီး၌ အကျဉ်းသားများအား တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌကြီး မိန့်ကြားသည့် ဩဝါဒမိန့်ခွန်းတွင် "အဲဒီ ပထမတခါမှားတဲ့ အချိန်မှာ ကျွန်တော်တို့ ထောင်ထဲက နေပြီးတော့ရင် ကူညီပြီးတော့ သူတို့ကို သွန်သင်မယ်၊ ဆုံးမမယ်၊ ပြုပြင်မယ်၊ ပဲ့ပြင်ပေးမယ်ဆိုလို့ရှိရင် တခါကျပြီးရင် နောက်တခါပြန်လာမှာ မဟုတ်တော့ဘူး၊ အခုတော့ ထောင်ထဲ ရောက်တယ်ဆိုလို့ရှိရင် အရင်ကတော့ ဘဝဟာ တုံးသလောက်ကို ဖြစ်သွားပါတယ်၊ တခါထဲ နွံထဲကျသလိုပဲ အင်မတန်နက်တဲ့ နွံထဲကျသလို ရုန်းလေမြုပ်လေဆိုတာလို အဲဒီဖြစ်ရတဲ့ဘဝတွေ ဖြစ်ခဲ့တယ်" အစရှိသဖြင့် ထည့်သွင်းမိန့်ကြား သွားခဲ့ပါသည်။

---

* ၁၉၇၂ ခုနှစ်၊ ဇန္နဝါရီလ ၁၇ ရက်နေ့ထုတ် "လုပ်သားသတင်းစာမှ"။

ထို့ပြင် အထူးရာဇဝတ်ရုံး အယူခံအဖွဲ့ ရာဇဝတ် အယူခံမှုအမှတ် ၁၉၆၇/၄၄-၄၅ ဦးစိုးလှိုင်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ အယူခံမှု စီရင်ထုံး၌ "အဟန့်အတားကိုဖြစ်စေရန် ကြီးလေးသော ပြစ်ဒဏ်ပေးသင့်သည့် အမှုများတွင် ကြီးလေးသော ပြစ်ဒဏ်ကို ပေးရမည်၊ သို့ရာတွင် အမှုတမှုနှင့် တမှုဟူသည် အတိအကျတူညီသည် မဟုတ်ပေ၊ အမှု၏ နောက်ကြောင်းဖြစ်ရပ် အခြေအနေတို့ကို ကောင်းစွာ သုံးသပ်ပြီးမှ ပြစ်ဒဏ်သတ်မှတ်သင့်ပေသည်၊ ထိုပြစ်ဒဏ်သည် သင့်မြတ်မည့် ပြစ်ဒဏ်ဖြစ်စေ၍ အဓိကအားဖြင့် ကျူးလွန်သူလည်း သတိသံဝေဂရစေ၊ အများလည်း ပညာပေးခြင်း ဖြစ်စေအပ်သည်" ဟူ၍ ယနေ့တရားစီရင်ရေး စနစ်၌ ပြစ်မှုကျူးလွန်သူအပေါ် ထားရှိသော သဘောထားကို ထင်ရှားစွာ ပြသထားပေရာ ယနေ့ တရားစီရင်မှု၏ အနှစ်သာရနှင့် စေတနာမှာ ပေါ်လွင်လှပေသည်။

အပြစ်ဒဏ် ပေးခြင်းများအနက် ကြိမ်ဒဏ်အပြစ် ပေးခြင်းမှာ တိုတောင်းလှသော အချိန်ကာလ အတွင်း၌သာလျှင် ကိုယ်ခန္ဓာတွင် နာကျင်မှု ဖြစ်ရရုံကလွဲ၍ မှားယွင်းသူ၏ အကျင့်စာရိတ္တကို ပြုပြင်ပေးနိုင်ခြင်း မရှိသည့်အပြင် ရာဇဝတ်မှု နည်းပါးသွားစေရေးအတွက်လည်း အထောက်အကူ ပြုနိုင်ခြင်းမရှိဟု ယူဆမိသည်။

ပြစ်မှုကျူးလွန်သူ တဦးအား ကျူးလွန်ခဲ့သည့် ပြစ်မှုအပေါ် မူတည်၍ အပြစ်ဒဏ်ပေးခြင်းဖြင့် ထိုသူ၏ဘဝကို ပြုပြင်ပေးရန် ဖြစ်သော်လည်း သေဒဏ်အပြစ်ပေးခြင်းဖြင့် ပြုပြင်ပေးရာမရောက်ပဲ သေစားသေစေ၊ ဂလဲ့စားချေသည့်သဘော သက်ရောက်သည်ဟု ယူဆမိသည်၊ သေဒဏ်အပြစ် ပေးလိုက်ခြင်းဖြင့် ရာဇဝတ်မှု ကျူးလွန်သူအား အဟန့်အတား မဖြစ်စေနိုင်သည့်အပြင် ရာဇဝတ်မှုများလည်း လျော့နည်းသွားခြင်း မရှိခဲ့ပါ၊ လူသတ်မှုများ လျော့နည်းသွားခြင်း မရှိသည်ကပင် ထင်ရှားလှပါသည်။

ပြစ်မှု ကျူးလွန်သူအား အကျဉ်းထောင်၊ အကျဉ်းစခန်းများ၌ သူကျူးလွန်မိက်မှားမိခဲ့သော ပြစ်မှုနှင့် ပတ်သက်၍ အမှားကို သိစေမြင်စေပြီး၊ ယင်းအမှားနှင့် တကွ အခြားဒုစရိုက် မှုများကိုပါ နောက်ထပ် ကျူးလွန်လိုစိတ် ပပျောက်သွားစေရန် အသိပညာများပေး၍ ပြည်သူ့အကျိုးပြု လုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်လိုစိတ် ပေါ်ပေါက်ကာ အတွေးအခေါ် ပြောင်းလဲလာစေရန် ပြုပြင်ပေးရမည် ဖြစ်ပါသည်။

ကြိမ်ဒဏ်နှင့် သေဒဏ် အပြစ်ပေးခြင်းများကို ပယ်ဖျက်လိုက်ခြင်းဖြင့်လည်း ရာဇဝတ်မှုများ ပိုမိုများပြားလာဖွယ်ရာ အကြောင်းမရှိပါသဖြင့် ကြိမ်ဒဏ်နှင့် သေဒဏ် အပြစ်ပေးခြင်းများကို ပြန်လည်စဉ်းစား စိစစ်နိုင်ရန် တင်ပြအပ်ပါသည်။

ပြန့်ကျဲနေသော တရားဥပဒေများ ပြဿနာ*

မောင်ထွန်းရွှေ (တရားရုံးချုပ်ရှေ့နေ)

တရားဥပဒေ ဆိုသည်မှာ တရားမျှတမှု ရှိစေရေး အတွက် အထက် အာဏာပိုင်**များ**က ရေးဆွဲပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက်များပင် ဖြစ်သည်။ တရားဥပဒေ**တ**ရပ်သည် မည်သို့ပင်တရားမျှတမှု ရှိနေစေကာမူ ယင်းကိုလွဲမှားစွာ အကောင်အထည်ဖေါ်ပါက မူလ တရားဥပဒေ၏ ရည်မှန်းချက်သည် ပြည့်ဝပေမည် မဟုတ်ချေ။ တရားဥပဒေကို လက်တွေ့ ဘဝတွင် လွဲမှားစွာ အကောင် အထည်ဖေါ်မှုများဖြစ်ပေါ်ရခြင်းကို ဆန်းစစ်ရန် လိုအပ်လာပေသည်။ ယင်းသို့ ဆန်းစစ်ပါက လွဲမှားမှုနှစ်မျိုး နှစ်စားကို တွေ့ရပါသည်။

လွဲမှားမှု တမျိုးမှာ သဘောရိုးဖြင့် လုပ်ဆောင်သော်လည်း အတတ်ပညာပိုင်းဆိုင်ရာ အားနည်းနေမှုကြောင့် လွဲမှားနေခြင်း ဖြစ်သည်။ ကျန်လွဲမှားမှု တမျိုးမှာ အတတ်ပညာအားဖြင့် တတ်ကျွမ်းသော်လည်း မရိုးမသားလုပ်ဆောင်၍ လွဲမှားနေခြင်းမျိုးပင်ဖြစ်ပါသည်။

မည်သည့်လွဲမှားမှုမျိုးမဆို တရားဥပဒေ စိုးမိုးရေးအတွက် အန္တရာယ် ရှိပေသည်။ ယင်းလွဲမှားမှုများ ဖြစ်ပေါ်စေသည့် အဓိက အကြောင်းရင်း တရပ်မှာ ပြန့်ကျဲနေသော တရားဥပဒေများကြောင့်ပင် ဖြစ်ပါသည်။

ပြန့်ကျဲနေသော တရားဥပဒေများကို ဖြစ်ပေါ်လာသော အမှု အတွက် ရွေးထုတ်ရှာဖွေမှု လုပ်ငန်းသည် အတတ်ပညာပိုင်း ဖြစ်ပါသည်။ ထိုလုပ်ငန်းသည် တရားဥပဒေနယ်ပယ်တွင် မန့်စပ်သူတို့ အတွက် အထူးခက်ခဲသော လုပ်ငန်းရပ် ဖြစ်ပါသည်။

ရှေ့နေကောင်း ဥပဒေသမားကောင်းတို့ မည်သည် တရားဥပဒေကို စုစည်းရှာဖွေရာတွင် မည်သည့် ဥပဒေကို မည်သည့် နေရာတွင် ရှာဖွေရမည်ကို အလွယ်တကူဖြင့် သိမြင်သူကို ဆိုသည်ဟူ၍ အဆိုရှိပေသည်။ ဤအဆိုကို ယုံးသပ်ခြင်းအားဖြင့် တရားစီရင်ရာတွင်လည်းကောင်း၊ အမှု တရပ် အတွက် ခုခံ ချေပရာတွင်လည်းကောင်း၊ ဥပဒေ အတတ်ပညာကို နှံ့စပ်ကျွမ်းကျင်မှု မရှိသူများသည် အဘယ်မှာလျှင် ပါဝင်နိုင်ပါအံ့နည်း။

တနည်းဆိုရလျှင် ဗြိတိသျှထံမှ အမွေခံရခဲ့သည့် တရားဥပဒေများသည် ပြန့်ကျဲနေပါသည်။ စုစည်းမှု မရှိပါ။ ထို့ကြောင့် ဥပဒေပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာဘာသာ ကဏ္ဍအလိုက် စုစည်းနိုင်ပါလျက် ပြန့်ကျဲစွာ ထားရှိခြင်းကို ဆန်းစစ်ရန်

---

* ၁၉၇၂ ခုနှစ်၊ ဖေဖေါ်ဝါရီလ ၄ ရက်နေ့ထုတ် "ဗိုလ်ဘထောင် သတင်းစာ" မှ။

လိုလာပါသည်။ တရားဥပဒေများကို သက်ဆိုင်ရာ ဘာသာရပ် အလိုက် စုစည်းစွာ ထားနိုင်ပါလျက် ပြန့်ကျဲစွာ ထားရှိခြင်းကြောင့် တရားဥပဒေ အတတ်ပညာကို နှံ့စပ်သူတို့သာလျှင် တရားဥပဒေများ လောကတွင် ကျင်လည်နိုင်တော့သည်။ ပြန့်ကျဲနေသော တရားဥပဒေများကို နှံ့စပ်စွာ ရွေးထုတ်ရှာဖွေနိုင်သူသည် အမှုနိုင်ရန် အတွက် အခွင့်သာလျက် နေသည်။ သို့နှင့်ပင် အမှုတခု၏ ကံကြမ္မာမှာ ဥပဒေ သမားများဖြစ်သည့် ရှေ့နေ ရှေ့ရပ် တရားသူကြီးတို့၏ ဥပဒေ နှံ့စပ် ကျွမ်းကျင်မှု အပေါ်တွင် တည်ရှိရတော့သည့် အခြေ အနေသို့ ဆိုက်ရောက်ရတော့သည်။

ပြန့်ကျဲနေသော တရားဥပဒေများကြောင့် ဥပဒေ နှံ့စပ် ကျွမ်းကျင်သူများ သည် အမှုတခုကို သေးငယ်အောင်လည်း ဖန်တီးနိုင်ပြီး ကြီးမားအောင်လည်း ဖန်တီး နိုင်တော့သည်။ **တရားဥပဒေများ ထိုသို့ ပြန့်ကျဲနေသရွေ့ တရားဥပဒေ နှံ့စပ် ကျွမ်းကျင်သူများသည် တရားစီရင် စစ်ဆေးရာတွင် သာမန် ပြည်သူလူထုထက် အပေါ်စီးရနေပေဦးမည်ဖြစ်ပါသည်။** ခြုံ၍ ဆိုရပါလျှင် သာမန် ပြည်သူများ ပါဝင် တရားစီရင်ရေး (ဝါ) ပြည်သူ့တရားစီရင်ရေး အတွက် ပထမ ဦးစားပေး လုပ်ဆောင် ရမည့် တာဝန်ရပ်သည် ပြန့်ကျဲနေသော တရား ဥပဒေများကို ရှေးဦးစွာ တူညီသော ကဏ္ဍအလိုက် ပြန်လည် စုစည်းရေးပင် ဖြစ်သည်ဟု ထင်မြင်ယူဆပါသည်။

ပြန့်ကျဲနေသော တရားဥပဒေများကြောင့် ဥပဒေ နှံ့စပ် ကျွမ်းကျင်သူများ အနေဖြင့် လက်တွေ့ ဘဝတွင် အမှုကို သေးငယ်အောင်၊ သို့မဟုတ် ကြီးမားအောင် ဖန်တီးနေကြသည့်၊ ဖန်တီးနိုင်သည့် ဖြစ်ရပ် တရပ်ကို တင်ပြပါမည်။

နယ်များတွင် နွားခိုးမှု ဖြစ်ပွါးသည့် အခါ တချို့က အမှုသေးငယ်သွားအောင် ရာဇသတ်ကြီး ပုဒ်မ ၃၇၉ တပ်ကာ၊ ခိုးမှုဖြင့် အရေးယူကြသည်ကို တွေ့ရပါသည်။ အချို့ကမူ သားသတ် အက်ဥပဒေဖြင့် အရေးယူပြီး အချို့ကမူ အရေးကြီးသော ကုန်ပစ္စည်းများ အက်ဥပဒေ ပုဒ်မ ၈ (၁) ဖြင့် အရေးယူကြသည်ကို တွေ့ရပါသည်။ အချို့ကမူ စိုက်ပျိုးရေးနှင့် သစ်တောရေးဌာန၏ ၁၉၆၆ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့စွဲပါ အမိန့်ကြေညာ အမှတ် ၆၀ ဖြင့် လည်းကောင်း၊ ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက် နေ့စွဲပါ အမိန့် ကြေညာ အမှတ် ၂၂၁ ဖြင့် လည်းကောင်း မှီငြမ်းပြုကာ အရေးယူကြ သည်ကို တွေ့ရပါသည်။

ဤဖြစ်ရပ်ကို ကြည့်ခြင်းအားဖြင့် ပြစ်မှုတမျိုးတွင် ပုဒ်မအမျိုးမျိုး တပ်နိုင် ခြင်း၊ တပ်သည့် ပုဒ်မကို လိုက်၍ အမှုကို ကြီးအောင်၊ ငယ်အောင် လုပ်နိုင်ခြင်း၊ အပြစ်ဒဏ် အလေးအပေါ့ကို ဖန်တီးနိုင်ခြင်းစသည့် အကျိုးဆက်များကို တွေ့နိုင် ပါသည်။ ထို့ပြင် ယင်းသို့ ပုဒ်မ အမျိုးမျိုး တပ်နိုင်ခြင်းကြောင့် အဂတိ လိုက်စား

ရေး အတွက် လမ်းဖွင့်ပေးရာလည်း ရောက်လာပါသည်။ ထို့ပြင် အရေးအကြီးဆုံး ချက်အချာ အကျဆုံးမှာ တရားဥပဒေ ကျွမ်းကျင်သူ မဟုတ်သော ပြည်သူများ ပင်ရမည့် ပြည်သူ့ တရားစီရင်ရေး တည်ဆောက်မှု အတွက် အဟန့် အတားဖြစ်စေ င်းပင် ဖြစ်ပါသည်။

တိုင်းရင်းသားလူမျိုးများ၏ ပြည်ထောင်စု တရားစီရင်ရေး *

ရဲဘော်ဟန်ညွန့် (ဥပဒေ)

လူ့ သမိုင်းစဉ် တလျှောက်တွင် လူတို့သည် မိမိတို့ မျိုးနွယ်အလိုက်လည်းကောင်း၊ လူမျိုးစုအလိုက် လည်းကောင်း စုပေါင်း နေထိုင်ခဲ့ကြရာ မိမိတို့ အုပ်စုအတွင်း၊ လူမျိုးစုအတွင်း နေထိုင်သော ဒေသအလိုက် ပေါ်ပေါက်သော ပြဿနာ အဝဝကို ဖြေရှင်းရန် ဘာသာရေး ယုံကြည်မှုများ၊ လူ့ ကိုယ်ကျင့်တရားများ၊ အကျင့်သိက္ခာများ၊ အစွဲအလန်းများပေါ်တွင် မူတည်၍ ပြဿနာ အရပ်ရပ်ကို ဖြေရှင်းခဲ့ကြသည်။ ယင်းသို့ ဖြေရှင်းမှုများသည် ကာလ ရှည်ကြာလာသောအခါ ရှေးကျခြင်း၊ တိကျခြင်း၊ သဘာဝကျ အခြေအမြစ် ခိုင်လုံခြင်း သဘော သဘာဝများ သက်ဝင်လာသည်။ နောက်ဆုံးတွင် "ဓလေ့ထုံးတမ်း ဥပဒေ" အဖြစ်သို့ ရောက်ရှိလာတော့သည်။

လူအများ လက်ခံလိုက်နာ သုံးစွဲရာမှ ပေါ်ထွက်လာသော ဓလေ့ ထုံးတမ်းဥပဒေများသည် အရေးအသားဖြင့် အက္ခရာ မတင်ခဲ့သော်လည်း ရေးသားထားသော ဥပဒေကြီးများထက် လူအများကပို၍ လိုလားစွာ လိုက်နာကြသည်ဟု လူမှုရေး သိပ္ပံပညာရှင် "ဒေါက်တာလူဝီ" ဆိုသူက မှတ်တမ်းတင်ခဲ့ဘူးသည်။

လူမှုရေးဆိုင်ရာ ဓလေ့ထုံးစံများသည် အချိန်ကာလ ရွေ့လျားသည်နှင့် အမျှ ပြောင်းလဲနေသည်။ လူမျိုးစုတစုက လက်ခံသော ဓလေ့ ထုံးစံကို တခြားလူမျိုးစုက တားမြစ် ရှောင်ကြဉ်ကြသည်လည်း ရှိတတ်သည်။ မည်သို့ပင်ဖြစ်စေ၊ မိမိတို့ရှိရာ ဓလေ့ထုံးစံများကို ခေတ်၊ စနစ်၊ ပတ်ဝန်းကျင်နှင့် ဆီလျော်စေအောင်လည်းကောင်း စုပေါင်း အဖြေရှာခြင်းကို မြေထောင် မြှောက်ပေးခြင်းသည်လည်းကောင်း များစွာ ကြိုဆိုထိုက်သော ကျင့်စဉ် တရပ်ဖြစ်တော့သည်။

ကျွန်တော်တို့နိုင်ငံသည် ပြည်ထောင်စု မြန်မာနိုင်ငံဖြစ်သည်။ ပြည်ထောင်စုဘွား တိုင်းရင်းသား လူမျိုးပေါင်းစုံ စုစည်း နေထိုင်ကြသည်။ တိုင်းရင်းသား လူမျိုး "စုံ" သလို ယဉ်ကျေးမှုစုံသည်။ ဓလေ့ ထုံးစံစုံသည်။ လူမျိုးစုံရှိ၍ ဓလေ့ထုံးစံရှိသည်မှာ အံ့သြစရာမဟုတ်ချေ။ မိမိတို့လူ့ အဖွဲ့အစည်းကို မိမိတို့ နည်းလမ်းများဖြင့် ထိန်းသိမ်း စောင့်ရှောက် နေကြခြင်းသာ ဖြစ်ပေသည်။

ဓလေ့ ထုံးစံတရပ်သည် တရားမျှတမှုရှိခြင်း၊ သိမ်မွေ့မှု လက္ခဏာဆောင်ခြင်း၊ ရပ်ရွာ၏ လုံခြုံရေး၊ လူမှုဆက်ဆံရေး၊ ယဉ်ကျေးမှုတို့ကို ကောင်းစွာ ထိန်းသိမ်းနိုင်ခြင်း၊ လူအများက လက်ခံနိုင်ခြင်း၊ သူတပါးကိုမထိခိုက်ခြင်း၊ ကောင်းမြတ်သော အစဉ်၊

* ၁၉၅၂ ခုနှစ်၊ ဖေဖေါ်ဝါရီလ ၅ ရက်၊ နေ့ထုတ် "ဗိုလ်တထောင်သတင်းစာ" မှ

အလာ၊ ဆက်လက် ထိန်းသိမ်းအပ်သော အစဉ်အလာနှင့် ပြည့်စုံခြင်းစသည့် ဝိသေသ လက္ခဏာများနှင့် ပြည့်စုံမည်ဆိုပါက "ပြည်ထောင်စု တရားစီရင်ရေး၏ ကောင်းမြတ်သော ဝိသေသ လက္ခဏာများ" ဟု မှတ်ယူသင့်ပေသည်။

ဤနေရာတွင် ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသား လူမျိုးများ၏ ချစ်စရာကောင်းသော၊ တည်ငြိမ်ရင့်ကျက်သော၊ အေးချမ်းသော ဓလေ့ထုံးတမ်းများ၊ တရားစီရင်ရေး အသွင်သဏ္ဌာန်များကို လက်လှမ်းမှီသမျှတင်ပြလိုသည်။

(၁) ကချင် တိုင်းရင်းသား လူမျိုးများသည် ဖြစ်ပေါ်သော မှုခင်းများကို ဒူးဝါးများ၊ အဂျီဝါများ၏ အဆုံးအဖြတ်ကို အလေးပေးတတ်ကြသည်။ ကချင်လူမျိုးများမှာ သီးခြားတရားရုံးများ မထားဘဲ အမှုဖြစ်ပွားမှ ဒူးဝါးခေါင်းဆောင်သော ကျေးရွာ လူကြီးများ ပါဝင်သည့် သမာဓိအဖွဲ့ (ဆလန်ပေါင်) က နှစ်သိမ့်အောင် ဖြန်ဖြေပေးခြင်းရှိသည်။ ဓလေ့ ထုံးစံဖြင့် ဖြေရှင်း၍မရလျှင် တောင်အုပ်တောင်တန်းဝန်ထောက်နှင့် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီက ဖြေရှင်းပေးသည်။ ပြစ်ဒဏ်အားလုံးမှာ လျော်ကြေး ပေးခြင်းသာဖြစ်ပြီး ကျိန်ဆိုခြင်းဓလေ့ကို ကျင့်သုံးသည်ဟု "ကချင်တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုဓလေ့ ထုံးစံများ" စာအုပ်တွင် ဖော်ပြထားသည်။

"**ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် မော်ခွန်ဇော်ဘာ**" အမှု (၁၉၆၆ ခု၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာမျက်နှာ ၁၄၁၇) တွင် **တရားရုံးချုပ်**သည် တိုင်းရင်းသားလူမျိုးတို့၏ ဓလေ့ ထုံးစံများကို အထူးအလေးပေး ဆွေးနွေးစဉ်းစားခဲ့သည်။ အကောင်အထည်ဖော်ခဲ့သည်။

(၂) **ဆဲရယ် (၁) ပါ (၈) နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ** (၁၉၆၈ ခု၊ မြန်မာနိုင်ငံစီရင်ထုံး-စာ-၁) တွင် မှုခင်းတရပ် ဖြစ်ပွားလာ၍ တရားစီရင်ရာတွင် ရပ်ရွာ၏ စည်းလုံးရေးနှင့် အလားတူ မှုခင်းများ ဖြစ်ပွားခြင်းမှ ကာကွယ်စောင့်ရှောက်ရေးတို့ကို မျက်ခြည်မပြတ် ထားရှိရသည်။ ထို့ကြောင့် တရားစီရင်ရေးတွင် ပြစ်မှု ကျူးလွန်သူကို ဆုံးမပြုပြင်သည့်အနေနှင့် ထိုက်တန်သော ပြစ်ဒဏ်ကို သတိကြီးစွာနှင့် တိုင်းထွာသတ်မှ[illegible]သည့်နည်းတူ အမှုကို သင်ခန်းစာတရပ် ဖြစ်စေ၍ အများ ပြည်သူတို့အား ပညာပေးခြင်းလည်း ပြုရမည်ဟု ဖော်ပြထားသည်။ (ကယား တိုင်းရင်းသား လူမျိုးများ)။

(၃) **မဟွန်ဒူး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ** (၁၉၆၅ ခု၊မြန်မာနိုင်ငံစီရင်ထုံး၊ တရားရုံးချုပ်-စာ-၁၆၃) အမှုတွင် ချင်းတိုင်းရင်းသား လူမျိုးများ၏ ဂလဲ့စားချေသော

ထုံးစံကိုအလေးထား၍ စဉ်းစားခဲ့သည်။ ဤဓလေ့ ထုံးစံနှင့် အယူအဆသည် ခေတ်နှင့် မလျော်တော့သော်လည်း ချင်းဝိသေသတိုင်းတွင် လုံးဝ ပျောက်ကွယ် သေးသည် မဟုတ်ကြောင်းကို ထင်မြင်ချက် ပေးခဲ့လေသည်။

(၄) **ရှမ်းတိုင်းရင်းသား လူမျိုးများ** ကျင့်သုံးသောဓလေ့ ထုံးစံ ဥပဒေများမှ ရှမ်းလူမျိုးတို့၏ ထူးခြားသော လူနေမှုစနစ်မှ ပေါက်ဖွားခဲ့သော ဓလေ့ ထုံးစံများသ ဖြစ်သည်။ ရှမ်းလူမျိုးတို့သည် ဒေါသ အမျက် မထွက်လွယ်ကြ။ ရာဇဝတ်မှုကျူးလွ ခြင်း နည်းပါးသည်။ အေးချမ်းမှုကို မြတ်နိုးသည်။ အေးချမ်းမှုကို တဦးတလေ နှောက်ယှက်သူ ပေါ်လာလျှင်လည်း ခွင့်လွှတ်နိုင်မည်မဟုတ်ချေ။

ထို့အတူပင် ကရင်၊ မွန်၊ ရခိုင်စသည့် တိုင်းရင်းသား လူမျိုးပေါင်းစုံသည် မိမိတို့ ဓလေ့ ထုံးစံများကို ခုံမင်မြတ်နိုးခြင်း၊ စုပေါင်း လုပ်ဆောင်ခြင်း၊ စုပေါင်း အဖြေရှ ခြင်းဖြင့် စနစ်သစ် တရားစီရင်ရေး၊ ပြည်ထောင်စု တရားစီရင်ရေးကို အကောင်အထည ဖော် လျက်ရှိသည်ဟု မှတ်ယူနိုင်ပေသည်။

"တိုင်းရင်းသား လူမျိုးများ၏ ရိုးရာဓလေ့ ထုံးစံအရ သီးခြားဆောင်ရွက်ခြင်း ခွင့်ပြုသည်။ သို့ရာတွင်အခြားလူတယောက်၊ သို့မဟုတ်-လူမျိုးစုတစုကို မထိပါးစေ နိုင်ငံတော်စည်းလုံးညီညွတ်ရေးကိုလည်း မထိပါးစေရ"ဟု တော်လှန်ရေး ကောင်စီ ခံယူပေသည်။ ဤသဘောထား ခံယူချက်သည် ပြည်ထောင်စု တရားစီရင်ရေး အနှစ်သာရ အဖြစ်လည်းကောင်း၊ အခြေခံ မူအဖြစ်လည်းကောင်း၊ လမ်းညွှန်အဖြ လည်းကောင်း၊ တိုင်းရင်းသား လူမျိုးတိုင်းက မြတ်နိုးဂုဏ်တင် လိုက်နာဆောင်ရွ သင့်ကြပေသည်။

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ၏ ဓလေ့ ထုံးစံများ၊ ယဉ်ကျေးမှုများ တော်လှန်ရေးကောင်စီသည် နက်နက်ရှိုင်းရှိုင်း လေ့လာသည်။ တိတိကျကျ သု သနပြုသည်။ ယင်းသို့ လေ့လာသုတေသနပြုနိုင်လေလေ၊ တိုင်းရင်းသား အချင်းချ ပို၍ နားလည်လေလေ၊ ပို၍ ချစ်ကြည်ရင်းနှီးလေလေ၊ တဦး၏ ယဉ်ကျေးမှုကို တဦး မြတ်နိုးဖလှယ်နိုင်လေလေဖြစ်ပေမည်။

တဆက်တည်းပင် တိုင်းရင်းသား ဥပဒေ ပညာရှင်များ၊ တရားသူကြီးမျ ပြည်သူ့ အကျိုးဆောင် ရှေ့နေရှေ့ရပ်များ၊ ပြည်သူ့တရားရုံးများ တိုးချဲ့ဖွဲ့စည မွေးထုတ်ရေး၊ တိုင်းရင်းသား စည်းလုံး ညီညွတ်ရေး အတွက် ထာဝစဉ် အလေးပေး ဆောင်ရွက်ရေးများကို "ပြည်ထောင်စု တရားစီရင်ရေးအခြေခံကျင့်စဉ်များ" အဖြ ချမှတ် အကောင်အထည် ဖော်သွားရ မည်ဖြစ်ပါသတည်း။

Towards people's law and justice *

Nyarna Loketha

While and inasmuch as the Administrative Committees on the one side iterate the 'rule of law' at every public gathering the working people on the other hand seem to show consistent lapses, often-times taking the law into their own hands. Blatant instances are many.

Streets are often closed to motor traffic at the whim of street boys, in the name of sports and physical fitness. Some people still occupy conservancy lanes and run petty industries. Families occupy motor-garages infront of residential apartments with consequent fouling of light and air and interference with water-supply rightfully belonging to occupants of those apartments. Trespassers stay put on somebodyelse's property, the rightful owners still being denied their right of recourse to due process of law. A comradely half-a-dozen gentlemen prosper in a small delta town having managed, on grounds of public welfare, to sink a tube-well, build a towering water tank and keep a noisy and smelly pump house, just a fathom off the eaves of a corner-house belonging to a heart-patient.

So when the Chief Court on a reference by the Bar Council, in deciding to admit the two Police Officers as Advocates on March 4, did emphasize on the rule of law, the pronouncement elated not only by the general body of the Bar but also the public at large. The whole idea of promotion of the rule of law and the expanding association of the people with the administration of justice, with not only full-time judges but also with part-time judges, picked from all walks of life, participating, is truly elevating and soulful.

Yet on the same March 4, perhaps an hour or more before the sitting of the Full Bench of the Chief Court, the conductor in No. 8 Line Bus No. *Hsalein* 9533 had manhandled a couple of women passengers for allegedly making retorts at him after his warning them to keep their mouths shut. The conductor must have carried from somewhere highly strung notions of manneis and discipline which he himself trangressed by administering to the two women fistfuls and handfuls of his own law.

* *Extract from " Working People's Daily "* 17-3-72

From the incidents reproduced here, it seems evident that we working people still have no clear idea of the rule of law and more to say we show tendencies to adulterate it with our own personal notions of right and wrong. As things stand, much will have to be done to instil greater interest and a deeper respect for law and justice among the mass of our working people, as already pointed out by the learned Judges of the Chief Court. It therefore leads us to think as to how best to turn out qualified and able lawyers to man all Courts that may come to be established to give full effect to the system of People's Law and Justice.

The Chief Court in this and on previous occasions has liberally interpreted the term 'judicial office' and has admitted as Advocates civil, police and army officers having to perform in course of their official duties work of judicial nature, in each case almost in the face of objection by the Bar Council. Such objections have, I am afraid, been very much misunderstood. The Bar Council has always been known to welcome up-and-coming young aspirants as Advocates.

However, the numbers of such public servants admitted as Advocates are and will continue to be few and far between. To enable setting up of the People's Courts with People's Judges, manned by qualified persons with sound knowledge of law, in the very near future we need have a more forward yet practical policy.

Churning out the cream of Bachelors of Laws from the milk of Bachelors of Art (Law) *via* the University does not at the present rate seem able to cope with the shortage of qualified lawyers. The system has shut out post-graduate study of law by other University graduates aspiring to know, law.

When entering the University, many were drafted to branches of higher learning other than law, not through free choice of their own. Many of them who could withstand the temptation of a daily K 3.15 and even those already in Government service have recourse to the Higher Grade Pleadership Examination. Not a few braves have started practice.

Under the existing rules, the Pleadership Examination is open to anyone who holds an Intermediate Examination Certificate. A Higher Grade Pleader whether he holds an Intermediate Certificate or a University Degree has to have 7 years' continuous

practice to qualify sitting for the Advocateship Examination. A period of seven years may no doubt be necessary for those pleaders holding Intermediate Examination Certificates to pick up sufficient legal knowledge and reading of polite learning in order to equip himself for meeting the demands of more onerous duties of an Advocate. But for graduate pleaders who had done sufficient reading of literature and humanities or science, I am inclined to think—I also hope many are with me—that they deserve a shorter period of rounding up their edges.

It must be remembered that there is in this country, no other recognized law school for non-graduates or for graduates holding degrees other than the LLB. If it is at all meant that the system of People's Justice as sketched by the learned Judges of the Chief Court should take shape within a few years, opening of the LLB course to graduates holding degrees other than BA (Law) needs be considered. The system of People's Justice with full participation of working people other than whole-time Judges will need a lot more of working people evincing interest in the idea of law and justice. To help meet the growing demand, in a short period of time, the waiting period of seven years should be cut down to five for the graduate Higher Grade Pleaders as a first step and the LLB course under the present system be thrown open to graduates holding degrees other than BA (Law) as a second, though in their case a two-year course is deemed fair to all concerned.

ပြောင်းလဲလာချက်များ *

ဦးတင်ညွန့်

တော်လှန်ရေး ကောင်စီသည် ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့မှ ယနေ့အထိ စီးပွားရေး၊ လူမှုရေး၊ တရားစီရင်ရေး၊ ကျန်းမာရေး အစရှိသည်တို့နှင့် ပတ်သက်၍ ဥပဒေပေါင်း ၁၄၂ ခုကိုပြဋ္ဌာန်းပေးခဲ့သည်၊ ဥပဒေအားလုံးကို တင်ပြလျှင် ရှည်လျား လွန်းမည်ဖြစ်သဖြင့် ယင်းဥပဒေများအနက် နှစ်အလိုက် အရေးကြီးသော ဥပဒေ အချို့ကိုသာ ဖော်ပြလိုပါသည်။

၁၉၆၂ ခုနှစ်တွင် ပြဋ္ဌာန်းသည့် ဥပဒေများတွင် တရားစီရင်ရေးနှင့် ပတ်သက်၍ အမှုများကို အမှန်ဆုံးနှင့် အမြန်ဆုံး စစ်ဆေးနိုင်ရန်အတွက် အထူးရာဇဝတ်ရုံးဥပဒေကို ပြဋ္ဌာန်းခဲ့၏။ ဤဥပဒေဖြင့် တရားစီရင်ရေးအတွက် ယန္တရားတရပ်ကို တပ်ဆင်ပေး လိုက်ခြင်းဖြစ်ပြီး၊ တရားစီရင်ရာတွင် တဦးတယောက်၏ ဆုံးဖြတ်ချက်အရ မဟုတ်ပဲ အဖွဲ့ဝင်သုံးဦးပါဝင်သည့် ခုံအဖွဲ့က စစ်ဆေးစီရင်ရန် ဖြစ်ပေသည်။

၁၉၆၃ ခုနှစ်တွင် အများနှင့် သက်ဆိုင်သော ပစ္စည်းကာကွယ် စောင့်ရှောက်ရေး ဥပဒေကို ပြဋ္ဌာန်းခဲ့ပြန်သည်။ ဤဥပဒေအရ တပ်မတော်၊ သို့မဟုတ် အစိုးရ၊ သို့မဟုတ် ကော်ပိုရေးရှင်း၊ သို့မဟုတ် သမဝါယမအသင်း အစရှိသည့် အဖွဲ့များပိုင်ဆိုင်သည့် ပစ္စည်းကိုခိုးခြင်း၊ အလွဲသုံးစား ပြုလုပ်ခြင်း၊ သို့မဟုတ် လိမ်လည်လျှင် အပြစ်ပေးရန် သတ်မှတ်ထားသော ဥပဒေဖြစ်၏။ ထိုနှစ်မှာပင် အခြားအရေးကြီးသော ဥပဒေတရပ်မှာ ဘဏ်လုပ်ငန်း နိုင်ငံပိုင်ပြုလုပ်ရေး တချက်လွှတ် ဥပဒေဖြစ်ပေသည်၊ ယင်းဥပဒေ အရ၊ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသား ပုဂ္ဂလိကပိုင် ဘဏ်များနှင့် နိုင်ငံခြား ဘဏ်လုပ်ငန်းများကို နိုင်ငံပိုင်အဖြစ် လွှဲယူလိုက်ခြင်း၏ ရည်ရွယ်ချက်မှာ နိုင်ငံခြားနှင့် တိုင်းရင်းသား အရင်းရှင်ကြီးများက မြန်မာနိုင်ငံ၏ စီးပွားရေးကို မချုပ်ချယ်နိုင်စေ ရန်ဖြစ်ပေသည်။

ထို့ပြင် သီးစားချထားရေး ဥပဒေမှာလည်း တောင်သူ လယ်သမားများ၏ အကျိုး အတွက် ၁၉၆၃ ခုနှစ်တွင် ပြဋ္ဌာန်းပေးခဲ့သည်။ ဤဥပဒေ၌ အရေးကြီးသော အချက်မှာ လယ်ယာမြေများပေါ်တွင် အစိုးရချထားသော သီးစားများသည်၊ သို့တည်းမဟုတ် မြေရှင်များချထားသော သီးစား ကျန်ရှိနေသေးလျှင် ထိုသီးစားများသည် မြေရှင် အား သီးစားခပေးရန် မလိုဟူ၍ပင် ဖြစ်ပေသည်။

* ၁၉၇၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့ထုတ် '' လုပ်သားသတင်းစာ '' မှ။

လယ်သမားများအတွက် သီးစားချထားရေး ဥပဒေကို ပြဋ္ဌာန်းပေးသကဲ့သို့ ထိုနှစ်မှာပင် လယ်သမားများအတွက် တောင်သူလယ်သမား အခွင့်အရေး ကာကွယ်သည့် ဥပဒေကို ထုတ်ပြန်ခဲ့သည်။ အဆိုပါ ဥပဒေအရ တရားမ ရုံးတခုခု၏ ဒီကရီ၊ သို့မဟုတ် အမိန့်ဖြင့် လယ်ယာမြေကို သော်၎င်း၊ လယ်ယာမြေ လုပ်ကိုင်ရာ၌ အသုံးပြုသည့် ကျွဲနွားကိရိယာ တန်ဆာပလာ၊ ထွန်ယက်သည့် ကိရိယာ တန်ဆာပလာများကို သော်၎င်း၊ လယ်ယာမြေမှထွက်သော ပစ္စည်းများကို သော်၎င်း၊ ဝရမ်းကပ်ခြင်း၊ သိမ်းဆည်းခြင်းကို၎င်း မပြုရပေ၊ လယ်ယာမြေကို မလုပ်ကိုင်ရ၊ သို့မဟုတ် မဝင်ရဟု တားဆီးခြင်း မပြုနိုင်ပေ၊ လယ်ယာမြေကို လုပ်ကိုင်သည့် သက်ရှိ၊ သက်မဲ့ပစ္စည်းများကို မပြောင်းရ၊ သို့မဟုတ် ရောင်းချထုခွဲခြင်းမပြုရဟုလည်း မတားဆီးနိုင်ပေ။

လယ်သမားများအတွက် သီးစားချထားရေး ဥပဒေနှင့် တောင်သူလယ်သမား အခွင့်အရေး ကာကွယ်သည့် ဥပဒေကို ထုတ်ပြန်သကဲ့သို့ ၁၉၆၃ ခုနှစ်ထဲမှာပင် ဝါဏိဇ္ဇပဋိပက္ခဥပဒေကိုပြင်သည့် ဥပဒေ ထုတ်ပြန်ခဲ့ပြန်သည်၊ အလုပ်သမား၊ အလုပ်ရှင် ပဋိပက္ခများတွင် အလုပ်သမား ဆပ်ကော်မီတီများနှင့် စစ်ဆေးခြင်း၊ ၎င်းကော်မီတီများ၏အမိန့်ကို မကျေနပ်ပါက ဗဟိုအလုပ်သမား ကော်မီတီထံ အယူခံဝင်နိုင်ခြင်း အစရှိသည်တို့ကို အဆိုပါဥပဒေတွင် ဖော်ပြထားပေသည်၊ ၎င်းဥပဒေကို ထုတ်ပြန်ခြင်းအားဖြင့် အလုပ်သမား အတော်များများကို မိမိတို့၏ ရပိုင်ခွင့်များ ရရှိခံစားသွားကြမည်မှာ အများသိပြီး ဖြစ်ပေသည်။

လုပ်ငန်းများပြည်သူပိုင်ပြုလုပ်ခြင်း ဥပဒေတို့ကိုလည်း ၎င်းနှစ်မှာပင် ထုတ်ပြန်ခဲ့၏။ ထိုဥပဒေ၏ ရည်ရွယ်ချက်မှာ လုပ်သားပြည်သူတို့၏ စားဝတ်နေရေး စရိတ်ကို တည်ငြိမ်၍ ကုန်ဈေးနှုန်းများ အဆမတန် တိုးတက်နေသည်ကို တားဆီးရန်အတွက် ဖြစ်ပေသည်။

၁၉၆၄ ခုနှစ်တွင် အမျိုးသား စည်းလုံးညီညွတ်ရေးကို ကာကွယ်သည့် ဥပဒေ ထုတ်ပြန်ခဲ့၏၊ ပစ္စက္ခ အခြေအနေ၌ နိုင်ငံရေးပါတီဦးရေ များပြားသည်နှင့်အမျှ ပြည်သူများနှင့် အဖွဲ့အစည်းများမှာ အစိတ်စိတ် အမြွာမြွာလည်းကွဲ၊ ပြည်ထောင်စုအကျိုးကို လည်းပိုးဆောင်ရွက်နိုင်ခြင်း မရှိခြင်းကြောင့် လည်းကောင်း၊ အချို့သော အဖွဲ့အစည်းများမှာ မြန်မာနိုင်ငံ၏အကျိုးနှင့် စည်းလုံးညီညွတ်မှုကို ထိပါးအောင် ပြုလုပ်ခြင်းကြောင့်လည်းကောင်း၊ ၎င်းဥပဒေကို ထုတ်ပြန်ခဲ့ရခြင်း ဖြစ်ပေသည်။

ပြည်သူ့ အလုပ်သမားများ၏ အခြေခံ ရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့် ဥပဒေကိုလည်း ၁၉၆၄ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည်၊ ပြည်သူ့ အလုပ်သမားတို့သည် အရာရာတွင် ဆိုရှယ်လစ် သဘောတရားနှင့် ကိုက်ညီသော အမြင်သစ်ဖြင့် လုပ်ကိုင်

ဆောင်ရွက်ရန် လိုအပ်လာခြင်း၊ ဆိုရှယ်လစ်စနစ်သို့ ချီတက်ရာ၌ ကြားကာလတွင် ကျန်ရှိနေသေးသည့် အရင်းရှင်များနှင့် ဆက်ဆံရာတွင် ပေါ်လစီသစ်ဖြင့် ပြောင်းလဲရန်လိုအပ်ခြင်း၊ ပြည်သူ့ အလုပ်သမားများနှင့် ပတ်သက်သည့် တည်ဆဲဥပဒေများကို ပြင်ဆင်သတ်မှတ်ရန် လိုအပ်ခြင်းနှင့် တည်ဆဲဥပဒေကို ကြီးမှူးလုပ်ကိုင်သည့် ယန္တရားကိုလည်း ပြင်ဆင်ရန် လိုအပ်ခြင်းကြောင့် ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်ပေသည်။

ပြည်သူတို့၏ အကျိုးအတွက် နိုင်ငံခြား ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများကို ပြည်သူပိုင်ပြုလုပ်သည့် အခါ၌ရော၊ လက်ကားဆိုင်ကြီးများ၊ ကုန်ရုံကြီးများနှင့် ပွဲရုံကြီးများကို ပြည်သူပိုင်ပြုလုပ်သည့် အခါ၌ပါ ငွေရှင်ကြေးရှင်များသည် သိုဂှက်ထားသည့် ပစ္စည်းများကို ငွေစက္ကူများနှင့် လဲလှယ်ခဲ့ကြသည်၊ ထိုငွေစက္ကူများဖြင့် အခါအခွင့် ရလျှင် ရသလိုကုန်များကိုဈေးကစား၍ ရှုတ်ချည်းအမြတ်အများဆုံး ထုတ်ယူကြသည်။ အချို့ကလည်း နိုင်ငံခြားသို့ ငွေစက္ကူများ ခိုးထုတ်ကာ နိုင်ငံခြား ငွေစက္ကူများကို ဝယ်ယူကြသည်၊ ငွေစက္ကူမှာ ငွေရှင်တစု၏လက်ဝယ် ရောက်ရှိလာသောအခါ၌ တိုင်းပြည်၏ စီးပွားရေးကိုကမောက်ကမဖြစ်အောင် ပြုလုပ်ကြပြန်သည်၊ ဤငွေစက္ကူများ၏ အန္တရာယ်ကိုတိုက်ဖျက်ရန်အတွက်ကျပ်တရာတန်ငွေစက္ကူနှင့်ကျပ်ငါးဆယ်တန်ငွေစက္ကူများကို တရားဝင်ငွေအဖြစ်မှ ရပ်စဲသည့် ဥပဒေကို ထို့နှစ်မှာပင် ထုတ်ပြန်ခဲ့လေသည်။

၁၉၆၅ ခုနှစ်တွင် ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်မှု အတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသည့် ဥပဒေကို ထုတ်ပြန်ခဲ့ပြန်၏။ စီးပွားရေးစနစ် ပြောင်းလဲသည်နှင့်အမျှ ရှိပြီးဖြစ်သော ဥပဒေများမှာ ပြောင်းလဲလာသော စနစ်နှင့် ကိုက်ညီခြင်း မရှိသဖြင့် ဥပဒေသစ်များကို အစားထိုးရသည်ဖြစ်၏။ ဤရည်ရွယ်ချက်အရ အဆိုပါ ဥပဒေကို ထုတ်ပြန်ခဲ့ခြင်းဖြစ်၏။ ထို့ပြင် ဆိုရှယ်လစ် စီးပွားရေး စနစ်ကို ထူထောင်ရာ၌ မလိုလားသူများက အနည်းနည်းအဖုံဖုံ ဖျက်ဆီးနှောက်ယှက်လျက် ရှိသဖြင့် ထိုသူများ၏ အန္တရာယ်များမှ ကာကွယ်ရန် ထုတ်ပြန်ခဲ့ခြင်း ဖြစ်ပေသည်။

၁၉၆၇ ခုနှစ်တွင် ပြည်သူ့ဘဏ် ဥပဒေကို ထုတ်ပြန်ခဲ့၏။ ဆိုရှယ်လစ်စီးပွားရေး တည်ဆောက်ရာ၌ အထောက်အကူ ဖြစ်စေရန်အတွက် ဘဏ်လုပ်ငန်း၊ ငွေကြေးလုပ်ငန်း၊ ငွေချေးလုပ်ငန်း၊ ချွေတာစုဆောင်းရေးလုပ်ငန်း၊ နိုင်ငံခြားငွေ လဲလှယ်ရေးလုပ်ငန်းများ၊ အာမခံလုပ်ငန်းနှင့် စပ်လျဉ်းသည့် တည်ဆဲလုပ်ဆောင်မှု အရပ်ရပ်ကို စုစည်း၍ တခုတည်းသော အဖွဲ့အစည်းက လုပ်ကိုင်ရန်လိုအပ်သောကြောင့် အဆိုပါ ဥပဒေကို ထုတ်ပြန်ခဲ့ခြင်း ဖြစ်လေသည်။

၁၉၇၀ ခုနှစ်တွင်မူ လက်ရှိကျင့်သုံး အကောင်အထည် ဖော်လျက်ရှိသည့်ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမအသင်း အက်ဥပဒေကို ပြဋ္ဌာန်းခဲ့လေသည်။

စားသုံးသူနှင့် ထုတ်လုပ်သူကြား ကုန်သွယ်ရေးဖြင့် မတရား အမြတ်ထုတ်သူ၊ ကြားလူကိုဖယ်၍ တဖက်၌ ထုတ်လုပ်သူများ၊ တရားသဖြင့် အကျိုးခံစားခွင့်ရှိအောင် အခြားတဖက်၌ စားသုံးသူများလည်း သက်သာချောင်ချိ စေရေးတို့တွင် တဦးချင်း လုပ်ဆောင်သည်ထက် သမဝါယမနည်းဖြင့် ဖွဲ့စည်းလုပ်ကိုင်ခြင်းက ပိုမိုသင့်မြတ်သဖြင့် တိုင်းပြည်စီးပွားရေး တိုးတက်ရန် ပြုဆောင်ရေး၊ တောင်သူ လယ်သမားများ၊ အလုပ်သမားများသည် သမဝါယမအသင်းများ ဖွဲ့စည်း၍ စီးပွားရေး လုပ်ငန်းတွင် ကိုယ်တိုင်ပါဝင်ရေးတို့ကို ရည်ရွယ်ချက် ထားရှိပြီး ထုတ်ပြန်ခဲ့ခြင်း ဖြစ်ပေသည်။

၁၉၇၂ ခုနှစ်တွင် လူမှုရေးဘဝ၏ ကဏ္ဍတရပ်ဖြစ်သော ပြည်သူတို့၏ ကျန်းမာရေးကို စနစ်တကျ တိတိကျကျ ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စု မြန်မာနိုင်ငံပြည်သူ့ ကျန်းမာရေးဆိုင်ရာ ဥပဒေကို ထုတ်ပြန်ခဲ့ပေသည်။

ဥပဒေဟူသည် ပြဋ္ဌာန်းပြီးသည်နှင့် ပြီးပြည့်စုံပြီ၊ ပြင်ဆင်စရာ မရှိတော့ပြီဟု သတ်မှတ်၍မရ၊ အထူးသဖြင့် တရားစီရင်ရေး ယန္တရားကို တည်ဆောက်ပေးသည့် ဥပဒေတွင် အချိန်၏ စမ်းသပ်မှုအရ ဟာကွက်များ၊ ချွတ်ယွင်းချက်များကို တွေ့ရစမြဲဖြစ်သည်။ အရေးကြီးသည်မှာ ဤသည်တို့ကို ရဲရဲဝံ့ဝံ့ မြင်နိုင်စွမ်းရှိရေး၊ မှားလျှင် ပြင်ဆင်နိုင်ရေးပင်ဖြစ်သည်။ ထို့ကြောင့်လည်း ဤဟာကွက်၊ ချွတ်ယွင်းချက်များကို ပြင်ဆင်ရန် ဆိုင်ရာတို့မှ ဝိုင်းဝန်းကြိုးပမ်းလျက် ရှိပေသည်။

မည်သို့ပင်ဖြစ်စေ တော်လှန်ရေး ကောင်စီသည် မည်သည့် လူတန်းစားကို အကျိုးပြုနေ၍ မည်သည့် လူတန်းစားကို ဖြိုဖျက် တိုက်ခိုက်လျက်ရှိသည်ကို ဖော်ပြပါဥပဒေများကို အကဲဖြတ်ကြည့်လျှင် သိသိထင်ထင် မြင်တွေ့ရမည် ဖြစ်ပေသည်။

စ၊လ၊က၊/၄၅၁၉/၄(၁)/၅,၀၁၃/၇၃/၉။

အထွေထွေကဏ္ဍ

မာတိကာ

စာမျက်နှာ

၁။ တရားရုံးများညွှန်ကြားလွှာအမှတ် ၇ .... ၁၆၁

၂။ တရားရုံးများညွှန်ကြားလွှာအမှတ် ၈ .... ၁၇၀

၃။ တရားရုံးများညွှန်ကြားလွှာအမှတ် ၉ .... ၁၇၂

၄။ ၁၉၇၂ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့စွဲပါ၊ "ပြည်သူ့တရားစီရင်ရေးကျေနပ်အားရ" သတင်း ၁၇၈

၅။ ၁၉၇၂ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့ထုတ်၊ လုပ်သားပြည်သူ့ နေ့စဉ်သတင်းစာပါ "ဒေသစိတ်ဘဲ့၊ ပြီးတော့ ဖျာပေါ် ထိုင်ကောဘာဖြစ်သလဲ" ဆောင်းပါး ၁၈၂

၆။ ၁၉၇၂ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့ထုတ်၊ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာပါ "ပြည်သူ့ဘာ လုံခြုံရေးနှင့် စည်းလုံးရေးကို အဓိကထားသည့် ပြည်သူ့တရားစီရင်ရေး" ၁၈၇

၇။ ၁၉၇၂ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့ထုတ်၊ဗိုလ်တထောင်သတင်းစာပါ "ပြည်သူ့တရား စီရင်ရေး စနစ် ရှေ့ဆက်ရေးနှင့် ပြည်သူ့ တရားသူကြီးကောင်းများဖြစ်မြောက်ရေး" ၁၈၉

၈။ ၁၉၇၂ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့စွဲပါ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာပါ "ပြည်သူ့တရားစီရင်ရေး စနစ်အတွက် အားသစ်များ" ၁၉၁

နိုင်ငံတော်တရားရုံးချုပ်

တရားရုံးများညွှန်ကြားလွှာ အမှတ် ၇

၁၃၃၄ ခုနှစ်၊ ပထမဝါဆို လပြည့်ကျော် ဂ ရက်။

(၁၉၇၂ ခုနှစ်၊ ဇူလိုင်လ ၃ ရက်။)

ခရိုင်တရားမနှင့် စက်ရှင်တရားသူကြီးများ၊ ခရိုင်ရာဇဝတ် တရားသူကြီးများ၊ အထူးတရားသူကြီးများ၊ ရာဘက်ခရိုင် တရားမနှင့် စက်ရှင် တရားသူကြီးများ၊ တွဲဘက်စက်ရှင်တရားသူကြီးများနှင့် လက်ထောက် စက်ရှင် တရားသူကြီးတို့ထံသို့

အကြောင်းအရာ။ ။တရားရုံးအမှုတွဲများတောင်းခေါ်ခြင်းကိစ္စ။

၁။ တရားရုံးများသည် မိမိတို့၏ တရားစီရင်ရေး လုပ်ငန်းများကို အစဉ်တစိုက် ကြန့်ကြာမှုမရှိစေဘဲ ဆောင်ရွက်သွားကြရန် လိုအပ်သည်။ တရားစီရင်ရာတွင်ကြန့်ကြာသည့်အကြောင်းရင်းများအနက် အမှုတွဲများ တောင်းခေါ်ခြင်းကြောင့် အမှုတွဲများကို အယူခံရုံးများသို့ ပေးပို့ရသဖြင့် ဆက်လက် စစ်ဆေးခြင်းမပြုနိုင်ခြင်းကြောင့် ကြန့်ကြာခြင်း၊ အမှုတွဲများကို သက်ဆိုင်ရာ အယူခံရုံးသို့ ပေးပို့ရာတွင် ကြန့်ကြာခြင်း၊ အယူခံရုံးမှ မူလရုံးသို့ အမှုတွဲများ ပြန်ပို့ရန် ကြန့်ကြာခြင်း စသော အချက်အလက်များကို တွေ့ရှိရပါသည်။ ယင်းကဲ့သို့ မဖြစ်ပေါ်စေခြင်းငှါ တရားသူကြီးများသည် အောက်ပါ အချက်အလက်များကို ဂရုပြုလိုက်နာဆောင်ရွက်ရန် ညွှန်ကြားလိုက်ပါသည်။

၂။ အယူခံတရားရုံးများနှင့် ပြင်ဆင်မှု တရားရုံးများသည် တရားရုံးများလက်စွဲ အပိုဒ် ၇၀၄ အရ၊ လိုက်နာကျင့်သုံးရန် လိုအပ်ပါသည်။ အကယ်၍ အမှုတွဲများခေါ်ယူကြည့်ရှုလျှင် အယူခံမှု၊ ပြင်ဆင်မှု ပြီးပြတ်သောအခါ၊ မူလရုံးမှ အမှုတွဲများကို မလိုလားအပ်သော ကြန့်ကြာမှု မရှိစေဘဲ အမြန်ပြန်လည် ပေးပို့ရန်ညွှန်ကြားလိုက်ပါသည်။

၃။ မူလရုံးများမှ တရားသူကြီးများသည် တရားရုံးများ လက်စွဲ အပိုဒ် ၇၄၈ နှင့် ၇၇၉ တွင် ညွှန်ကြားထားသည့် အတိုင်း လိုက်နာ၍ အယူခံမည့် အမှုတွဲများကို သက်ဆိုင်ရာအယူခံရုံးသို့ ကြန့်ကြာမှုမရှိစေဘဲ ပေးပို့ရန် ညွှန်ကြားလိုက်ပါသည်။

၄။ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၃၀ အရ၊ နိုင်ငံတော် တရားရုံးချုပ်သို့ လွှဲအပ်သည့် အမှုများ၌ တရားရုံးများ လက်စွဲအပိုဒ် ၇၀၇ ကိုတိကျစွာ လိုက်နာရပါမည်။ ယင်းအပိုဒ် ၇၀၇ ၏ အပိုဒ်ခွဲ ၇ အရ၊ ပြစ်ဒဏ်စီရင်ခြင်း၊ အတည်ပြုခြင်းကို ရပ်ဆိုင်းထားခြင်းရှိ မရှိကိုအတိအလင်း ဖေါ်ပြရပါမည်။ ထိုနောက်အစီရင်ခံစာမိတ္တူနှင့်တကွ အမှုတွဲများကို နိုင်ငံတော် တရားရုံးချုပ်သို့ နှောင့်နှေးကြန့်ကြာခြင်း မရှိစေဘဲ အစီရင်ခံစာ ရေးသားပြီးလျှင် ပြီးခြင်း ပေးပို့ရမည် ဖြစ်ပါသည်။ အမှုတွဲများကိုတောင်းခေါ်သည့်အခါ၊ တရားရုံးများလက်စွဲ အပိုဒ် ၁၁၃၀ တွင်ဖေါ်ပြပါရှိသည့်အတိုင်း၊ သက်ဆိုင်ရာ မှတ်ပုံတင်စာချင်း စာအုပ်တွင် ချက်ခြင်းရေးသားရပါမည်။ ထို့ပြင်အမှုတွဲများ တောင်းခေါ်ရာ၌လည်း တရားရုံးများ လက်စွဲအပိုဒ် ၁၁၃၉ တွင်ပါရှိသည့်အတိုင်း သတ်မှတ်ထားသော ပုံစံများဖြင့် တောင်းခေါ်ရပါမည်။ သို့မှသာလျှင် အမှုတွဲများ ပျောက်ဆုံးခြင်းမှ ကာကွယ်နိုင်မည် ဖြစ်ပါသည်။

၅။ စွဲချက်ကိုပယ်ဖျက်ရန်အတွက် လျှောက်လွှာများ တင်သွင်းကြသည့် အခါ လျှောက်လွှာပေါ်တွင် ပေါ်လွင်သည့်အချက်အလက်များကိုကြည့်ရှု၍လည်းကောင်း၊ လျှောက်ထားသူရှေ့နေ၏ လျှောက်လဲချက်ကို ကြားနာ၍သည်းကောင်း မူလရုံးမှ အမှုတွဲများကို လက်ခံရေးအတွက် တောင်းခေါ်သင့်မှသာလျှင် အမှုတွဲများကိုခေါ်ယူရပါမည်။

၆။ မူလရုံးများသည် စစ်ဆေးဆောင်ရွက်နေဆဲ အမှုများ၌ အာမခံချီးတွင်အာမခံမှုဖြစ်စေ၊ ပြင်ဆင်မှုဖြစ်စေ ဖွင့်လှစ်ရန်အတွက် လျှောက်လွှာများ တင်ထားသည်ဆိုရုံမျှနှင့် အမှုစစ်ဆေးခြင်းကို လုံးဝရပ်ဆိုင်း ထားခြင်းမပြုရပါ။ အာမခံရုံးမှုဖြစ်စေ၊ နိုင်ငံတော်တရားရုံးချုပ်မှုဖြစ်စေ၊ ဆိုင်းငံ့ထားရန် အမိန့်စာ၊ သို့မဟုတ် အကြောင်းကြားစာဖြင့် အတိအလင်း ညွှန်ကြားခြင်းမရှိဘဲ၊ မည်သည့်နည်းနှင့်မျှ အမှုစစ်ဆေးခြင်းကိုရပ်ဆိုင်းထားရမည် မဟုတ်၍ အမှုကို ဆက်သက်စစ်ဆေးရပါမည်။

၇။ ဤညွှန်ကြားလွှာအပိုဒ် ၃ တွင် ဖေါ်ပြထားသည့် တရားရုံးများ လက်စွဲအပိုဒ် ၇၇၀ နှင့် ၇၇၉ ပါ ညွှန်ကြားချက်များမှတပါး၊ မူလရုံးများသည် အမှုတွဲများကိုပေးပို့ရန်မလိုပါ။ အမှုတွဲများ တောင်းခေါ်မှသာလျှင် ဆောလျှင်စွာပေးပို့ရန်ဖြစ်ပါသည်။

၈။ **နိုင်ငံတော်တရားရုံးချုပ်သို့ အစီရင်ခံခြင်း။** ။အယူခံရုံးများသည် မူလရုံးများမှတောင်းခေါ်သော အမှုများမှာ စစ်ဆေးဆဲ အမှုများဖြစ်လျှင်၊ အယူခံမှု

ပြင်ဆင်မှုများကို အမြန်ဆုံး ပြည့်စုံအောင် ကြားနာစီရင် ဆုံးဖြတ်ဆောင်ရွက်၍ မူလရုံးသို့အမှုတွဲကို ချက်ခြင်းပြန်လည် ပေးပို့ရပါမည်။ ယင်းအမှုများသည် မိမိ၏ လက်ဝယ်တွင် ၃ လထက်ကျော်လွန်၍ နေပါက၊ ထိုအမှုများ၏ စာရင်းကိုမိမိရုံးမှ အရေးယူဆောင်ရွက်ချက်၏ တိုးတက်မှု အခြေအနေကို ဖော်ပြ၍၊နိုင်ငံတော် တရားရုံးချုပ်သို့လစဉ် အစီရင်ခံရပါမည်။ ယင်းအစီရင်ခံစာ မိတ္တူကိုသည်း သက်ဆိုင်ရာ မူလရုံးသို့ပေးပို့ရပါမည်။

၉။ အယူခံမှုများတွင် ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၂၁ ကို ဂရုပြုလိုက်နာ၍ အောက်ရုံးအမှုတွဲကို လိုအပ်မှသာ ခေါ်ယူရန် ဖြစ်ပါသည်။ တရားမမှုများတွင်လည်း တရားမကျင့်ထုံးအမိန့် ၄၁၊ နည်းဥပဒေ ၁၊ ၅၊ ၁၁၊ ၁၃ နှင့်အမိန့် ၁၃၊ နည်းဥပဒေ ၁၀ များကိုလည်းကောင်း၊ တရားရုံးများ လက်စွဲအပိုဒ် ၅၅ ကိုလည်းကောင်း လိုက်နာကြရန်လိုအပ်ပါသည်။ သို့အတွက် တရားရုံးများ လက်စွဲအပိုဒ် ၅၅ တွင် ဖော်ပြပါအတိုင်း အခြားတရားရုံးတခုမှ ဆက်စပ်နေသော အမှုတွဲကို တောင်းယူရန်တင်ပြသည့်အခါတွင်ဖြစ်စေ၊ မိမိအနေနှင့် တောင်းယူရန် လိုအပ်သည်ဟု ထင်မြင်ယူဆသည့်အခါတွင်ဖြစ်စေ၊ အမှုတွဲသည် မပြီးပြတ်သေးသော အမှုဖြစ်သည်၊ သို့မဟုတ် ဆုံးဖြတ်ပြီးသော အမှုဖြစ်သည်ကို တိကျစွာသိရှိအောင် စုံစမ်းရမည် ဖြစ်ပါသည်။ ထိုသို့စုံစမ်းပြီးနောက် တရားရုံးများ လက်စွဲအပိုဒ် ၅၅ တွင် ညွှန်ကြားထားသည့်အချက်များကို တိကျစွာလိုက်နာ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၁၀။ သို့ဖြစ်ပါ၍အထက်တွင်ဖော်ပြပါ ညွှန်ကြားချက်များကိုကျေညာကစွာလေ့လာ၍လိုက်နာကျင့်သုံးကြရန်အတွက် မိမိတာဝန်ယူရသော ခရိုင်အတွင်းရှိ တရားသူကြီးများအားလုံးကို ရှင်းလင်းညွှန်ကြားရန်နှင့် ယင်းကဲ့သို့ ဆောင်ရွက်ပြီးသောအခါ၊ ပြီးစီးကြောင်းကို နိုင်ငံတော် တရားရုံးချုပ်သို့ ပြန်လည် အစီရင်ခံရန်ညွှန်ကြားလိုက်သည်။

၁၁။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ အလွယ်တကူ သိရှိနိုင်ရန် တရားရုံးများ လက်စွဲအပိုဒ် ၅၅၊ ၇၇၇၊ ၇၇၉၊ ၇၈၄၊ ၇၈၇၊ ၁၁၃၀ နှင့် ၁၁၃၉ တို့၏ ကောက်နုတ်ချက်ကို နောက်ဆက်တွဲ "က" အဖြစ် ပူးတွဲထားပါသည်။

အမိန့်အရ၊

အောင်တိုး၊
မောင်ကွန်းထိန်း။

[၁၉၇၂ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့စွဲပါ တရားရုံးများ ညွှန်ကြားလွှာအမှတ် (၆)ကို ခရိုင်တရားမ နှင့် စက်ရှင်တရားသူကြီးများ၊ ခရိုင် ရာဇဝတ်တရားသူကြီးများ၊ ရာဘက် ခရိုင်တရားမ နှင့် စက်ရှင် တရားသူကြီးများ၊ တွဲဘက် စက်ရှင် တရားသူကြီးများနှင့် လက်ထောက် စက်ရှင် တရားသူကြီးများ တို့ထံသို့ထုတ်ဝေခဲ့ပါသည်]။

မိတ္တူကို—

(၁) ရုံးအဖွဲ့မှူး၊ဝန်ကြီးရုံးအဖွဲ့၊တရားရေးဝန်ကြီးဌာန (အပိုမိတ္တူ ၁၅ စောင်ပူးတွဲလျက်)၊
(၂) တိုင်းမင်းကြီးအားလုံး။]
(၃) တဘိယမော်ကွန်းထိန်း (၂)၊ နိုင်ငံတော်တရားရုံးချုပ် (မန္တလေးရုံးထိုင်)၊
(၄) နိုင်ငံတော်ရှေ့နေချုပ်ဌာန (အပိုမိတ္တူ ၂၀ စောင်ပူးတွဲလျက်)၊
(၅) ရာဘက်ခရိုင် ရာဇဝတ် တရားသူကြီး၊ ကျိုင်းတုံမြို့။

တရားရုံးများလက်စွဲအပိုဒ် ၅၅။ ။တရားစီရင်ရေးဆိုင်ရာ အမှုတွဲကို တင်ပြရန် သမ္မာန်စာ ထုတ်ဆင့်ခြင်း မပြုရ။ ထိုသို့သော အမှုတွဲ တခုခုကိုအလိုရှိလျှင် တရားမကျင့်ထုံး ဥပဒေအမိန့် ၁၃၊ နည်းဥပဒေ ၁၀ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တောင်း ယူရမည်။

တရားမမှုများတွင်တရားစီရင်ရေးအမှုတွဲများကို တင်ပြခြင်း။

အခြားတရားရုံးတခု၏ အမှုတွဲကို မတောင်းယူမီ၊ တောင်းသည့်တရားရုံးက ထို အမှုတွဲသည်မပြီး မပြတ်သေးသော အမှုနှင့် သက်ဆိုင်သည်၊ သို့မဟုတ် ဆုံးဖြတ်ပြီး အမှုနှင့်သက်ဆိုင်သည်ကို အမှန်သိသာအောင် စုံစမ်းရမည်။

အမှုမပြီးပြတ်သေးကြောင်း တွေ့ရှိရလျှင်၊ တရားမျှတမှုရှိစေရန်အလို့ငှါ၊ နည်း လမ်းတကျလက်မှတ်ရေးထိုးသည့် အမှုတွဲ မိတ္တူမှန်၊ သို့မဟုတ် အမှုတွဲ အစိတ် အပိုင်း၏ မိတ္တူမှန်နှင့်ပင် လုံလောက်မည် မလုံလောက်မည်ကို တရားရုံးက စဉ်းစား ဆင်ခြင်ရမည်။ အထက်ဖေါ် ပြသည့် မိတ္တူမှန်နှင့်ပင် လုံလောက်မည်ဟု တရားရုံးက ထင်မြင်လျှင်၊ အလွန်အမင်း နှောင့်နှေးကြန့်ကြာခြင်း၊ စရိတ်ကြေးငွေ ကုန်ကျခြင်း ဖြစ်စေ၍ မရှိဘဲသော်၎င်း၊ ဆင်းရဲနွမ်းပါးခြင်းကြောင့်သော်၎င်း၊ နည်းလမ်းတကျ မှန်ကြောင်း လက်မှတ်ရေးထိုးသည့် **မိတ္တူမှန်များကို** အမှုသည်တို့ မရယူနိုင်သည့် အခါတွင်မှတပါး၊ တရားရုံးက အမှုတွဲကိုတောင်းယူခြင်းမပြုရ။

မပြီးပြတ်သေးသော အမှုတွဲကို တောင်းယူမည်ဟု **ဆုံးဖြတ်လျှင်၊** မည်သည့် အကြောင်းကြောင့် ထိုကဲ့သို့ အမှုတွဲကို တောင်းရကြောင်းကို **တရားရုံးက** အတို ကောက်ရေးမှတ်၍ ထိုအကျိုးအကြောင်း **ရေးမှတ်ချက်** မိတ္တူတစောင်ကို အမှု မပြီးပြတ်သေးဘဲရှိနေသည့် တရားရုံးသို့ ပေးပို့ရမည်။

အမှုတွဲတောင်းသော တရားရုံးသည်၊ အမှုမပြီးပြတ်ဘဲ ရှိနေသည့် တရားရုံး၏ လက်အောက်ခံရုံးဖြစ်ခဲ့လျှင်၊ ထိုအမှုမပြီးပြတ်သေးဘဲ ရှိနေသည့် တရားရုံးက အ ကြောင်းပြချက်များကို ရေးသားဖေါ်ပြလျက်၊ တောင်းဆိုချက်ကို ခွင့်မပြုဘဲငြင်း ပယ်နိုင်သည်။

အမှုတွဲတောင်းသော တရားရုံးက အထက်တရားရုံး ဖြစ်ခဲ့လျှင်၊ အမှုမပြီးပြတ် သေးဘဲရှိနေသည့် တရားရုံးက တောင်းဆိုချက်ကို လိုက်နာခွင့် ပြုရမည့်ပြင်၊ အမှုတွဲ ပြန်ပေးသည့်တိုင်အောင် အမှုဆောင်ရွက်ခြင်းကိုလည်း ရပ်ဆိုင်းထားရမည်။

အမှုဆုံးဖြတ်ပြီးဖြစ်ကြောင်းတွေ့ရှိရလျှင်၊ အမှုတွဲကိုမတောင်းယူမီ၊ မပြီးပြတ်သေးသည့်အမှုတွဲဖြစ်သည့် ကိစ္စတွင် ထောက်ထား ဆင်ခြင်ရမည့် အချက်များကိုပင် အမှုတွဲတောင်းသည့် တရားရုံးက ထောက်ထားဆင်ခြင်ရမည်။ သို့ရာတွင်ပြီးပြတ်သည့်အမှုတွဲတောင်းခြင်းကို အလိုရှိသော အမှုတွဲရှိသည့် တရားရုံးကလိုက်နာဆောင်ရွက်ရမည်။

တရားရုံးများလက်စွဲအပိုဒ် ၇၇၈။ ။(၁) ရာဇဝတ် တရားသူကြီးက တရားခံကို အယူခံဝင်နိုင်သော ထောင်ဒဏ်စီရင်သည်နှင့် တပြိုင်နက်၊ အယူခံရန်ကြံရွယ်သည် မကြံရွယ်သည်ကို အကျဉ်းသားအား ရာဇဝတ်တရားသူကြီးက မေးမြန်းရမည်။ ၎င်းက အယူခံရန်ကြံရွယ်သည်ဟုပြောလျှင်၊သက်ဆိုင်သည့်တရားရုံးသို့အမှုတွဲကိုချက်ခြင်း တင်ပို့ရမည်။ စီရင်ချက် မိတ္တူတစောင်ကို အခလွတ်ရထိုက်ခွင့်ရှိကြောင်းကို အကျဉ်းသားအား ပြောကြားရမည်။ အယူခံလွှာတွင် အမှု အကြောင်းအချက်များကို မှန်ကန်စွာ ရေးသားဖေါ်ပြနိုင်စေရန် အလို့ငှါ ထောင်ပို့ဝါရမ်းစာတွင် အမှုနံပါတ်၊ နှစ်၊ ပြစ်မှုထင်ရှား စီရင်သော တရားရုံးအမည်နှင့်အကျဉ်းသားကိုပြစ်မှုထင်ရှားစီရင်သည့်ပုဒ်မတို့ကို မှန်ကန်ရှင်းလင်းစွာ ရေးသားဖေါ်ပြထားကြောင်းကိုလည်း ရာဇဝတ်တရားသူကြီးက ကိုယ်တိုင်ကျေနပ်ခြင်းရှိစေ ရမည်။ရန်ကုန်မြို့မခရိုင်ရှိ ရာဇဝတ်တရားသူကြီးများ ဖြစ်သည့် အချက်တွင်မှတပါး၊ တရားရုံးချုပ်သို့ အယူခံဝင်ရမည် ဖြစ်သောအခါ၊ အယူခံရန် အလို့ငှါ တရားခံသို့ စီရင်ချက်မိတ္တူကိုထုတ်ပေးခြင်းမရှိမီ၊ အမှုတွဲကို တင်ပို့ခြင်းမပြုရ။

(၂) အယူခံရန်အလို့ငှါ စီရင်ချက် မိတ္တူထုတ်ပေးသော အမှုအရပ်ရပ်တွင် စီရင်ချက်မိတ္တူကိုပေးပြီးသည်နှင့် တပြိုင်နက်၊ စီရင်ချက် မိတ္တူထုတ်ပေးပြီးကြောင်း တရားဘက်ဆိုင်ရာ/အများဆိုင်ရာ ၁၄ ပုံစံတွင် ရေးသားသည့် အစီရင်ခံစာနှင့်အတူ အမှုတွဲကိုအယူခံတရားရုံးသို့တိုက်ရိုက်ပေးပို့ရမည်။

(၃) အယူခံရန်အလို့ငှါ အမှုတွဲများကို တရားရုံးချုပ်သို့ တင်ပို့ရာ၌၊ အမိန့်ဆင့်စာ၊ စာတွဲများကို အရင်းခံ အမှုတွဲနှင့် တသီးတခြားထားရှိလျှင်၊ တရားရုံးချုပ်က အတိအလင်း တောင်းခေါ်ခြင်း မရှိဘဲ၊ ထိုအမိန့်ဆင့်စာ၊ စာတွဲများကို တင်ပို့ခြင်းမပြုရ။ ဤအချက်သည် သေဒဏ်ချမှတ်သည့် အမှုများနှင့် မသက်ဆိုင်ချေ။ သေဒဏ်ချမှတ်သည့်အမှုများတွင် အမှုတွဲတရပ်လုံးကို တင်ပို့ရမည်။ နာကျင်စေမှုများ၊ (သေဒဏ်မချမှတ်သည့်) လူသတ်မှုများတွင်၊ ရဲနှင့်ဆိုင်သည့် ဆေးအစီရင်ခံစာကိုသက်သေခံ အရာအဖြစ် မထည့်သွင်းဘဲ၊ သီးခြားအမိန့်ဆင့်စာ၊ စာတွဲတွင်တွဲထားလျှင်၊ ထိုအမိန့်ဆင့်စာ၊ စာတွဲမှထုတ်ယူပြီးလျှင်၊ အရင်းခံ အမှုတွဲနှင့် အတူတင်ပို့ရမည်။

နောက်ဆက်တွဲ "က"

၁

တရားရုံးများလက်စွဲအပိုဒ် ၇၇၉။ ။အကျဉ်းထောင်အတွင်းရှိ အကျဉ်းသား တင်သွင်းသည့် အယူခံလွှာ၊ သို့တည်းမဟုတ် ပြင်ဆင်မှု လျှောက်လွှာများကို ထောင်တာဝန်ခံအရာရှိက အယူခံတရားရုံးသို့ဖြစ်စေ၊ ပြင်ဆင်မှုတရားရုံးသို့ဖြစ်စေ တိုက်ရိုက်ပေးပို့ရမည်။ အယူခံဝင်သည့် အချက်တွင် အယူခံသော ပြစ်ဒဏ် စီရင်ချက်၊ သို့တည်းမဟုတ်အမိန့်ကို ချမှတ်သည့် တရားရုံးသို့ အယူခံကြောင်းကို အကျဉ်းထောင် ပုံစံနံပါတ် ၆၉ နှင့် ရေးသား၍ ချက်ခြင်း အကြောင်းကြားရမည်။

အကြောင်းကြားချက်ကို ရရှိသည့်အခါ၊ အယူခံတရားရုံးသို့ အမှုတွဲကို တင်ပို့ပြီးသည်မဟုတ်လျှင်၊ စက်ရှင်တရားသူကြီးက ဖြစ်စေ၊ ရာဇဝတ် တရားသူကြီးက ဖြစ်စေ သက်ဆိုင်ရာက အယူခံတရားရုံးသို့ အမှုတွဲကို ချက်ခြင်း တိုက်ရိုက်တင်ပို့ရမည်။ ထောင်တာဝန်ခံ အရာရှိထံ တင်သွင်းသော လျှောက်လွှာမှာ ပြင်ဆင်မှု လျှောက်လွှာဖြစ်မူ၊ စက်ရှင်တရားသူကြီးထံသို့ဖြစ်စေ၊ ရာဇဝတ်တရားသူကြီးထံသို့ဖြစ်စေ အကြောင်းကြားရန်မလို။

တရားရုံးများလက်စွဲအပိုဒ် ၇၈၄။ ။အယူခံလွှာကို အကျဉ်းချုပ်နည်းဖြင့် ပလပ်ခြင်းမပြုမီ၊ အယူခံတရားရုံးသည် မူလအမှု၏ အမှုတွဲကို တောင်းခေါ်ရန်သော်၎င်း၊ စာင့်ပို့ခြင်းရှိခဲ့လျှင် ဖတ်ရှုရန်သော်၎င်း တာဝန်မရှိချေ။ သို့ရာတွင် မူလတရားရုံး စီရင်ချက်တွင် အမှု၏ဖြစ်ပျက်ပုံ ကြောင်းခြင်းရာများကို၊ သို့တည်းမဟုတ် ပြစ်မှုထင်ရှားစီရင်ရာ၌ အခြေခံသည့် သက်သေခံချက်ကို ရှင်းလင်းစွာ ဖေါ်ပြထားခြင်း မရှိသည့်အမှုအားလုံးတို့တွင်၎င်း၊ မူလတရားရုံး စီရင်ချက်ကို ဖတ်ရှုခြင်းဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်း ခံရသူများ၌ အပြစ်ရှိ မရှိဟူသော အချက်နှင့် စပ်လျဉ်း၍ အယူခံတရားရုံးကထိုက်သည့်အားလျော်စွာ သံသယမကင်းရန် အကြောင်းရှိသည်ဟု ထင်မြင်သည့်အမှုအားလုံးတို့တွင်၎င်း အယူခံ တရားရုံးသည် ဆိုခဲ့သည့်အတိုင်း အမှုတွဲကို တောင်းခေါ်ခြင်း၊ ဖတ်ရှုခြင်းပြုလုပ်ရမည်။

ပုဒ်မ ၄၃၈ အရ၊ တရားရုံးချုပ်သို့လွှဲအပ်မှုများ

တရားရုံးများလက်စွဲအပိုဒ် ၇၈၇။ ။ပုဒ်မ ၄၃၈ အရ၊ အစီရင်ခံချက် အရပ်ရပ်တို့ကို အောက်ပါ အချက်အလက်များ ပါရှိသည့် မှုခင်းအနေဖြင့် ဆောင်ရွက်ရမည်။

(၁) အမှု၏အတိုကောက်စစ်တမ်း။

(၂) ချမှတ်သည့် ရာဇဝတ်တရားသူကြီးအမည်၊ ရရှိသည့် အခွင့်အာဏာများနှင့် တကွ လက်အောက် တရားရုံး စီရင်ချက်၊ သို့တည်းမဟုတ်အမိန့်။

(၃) ဆုံးဖြတ်ချက်၊ ပြစ်ဒဏ်စီရင်ချက်၊ သို့တည်းမဟုတ် အမိန့်တွင် မှားယွင်းသည်၊ ဥပဒေနှင့် မညီဖြစ်သည်၊ သို့တည်းမဟုတ် မသင့်လျော်သည်ဟု ထင်မြင်သောသီးခြား အစိတ်အပိုင်း၊ သို့တည်းမဟုတ် မှုခင်းဆောင်ရွက်ချက်တွင် ထုံးနည်းမကျသည်ဟု ထင်မြင်သော သီးခြား အစိတ်အပိုင်း၊၊

(၄) ပုဒ်မ ၄၃၉ အရ၊ ပေးအပ်သည့်အခွင့်အာဏာများကို တရားရုံးချုပ်က သုံးစွဲဆောင်ရွက်နိုင်ရန် အကြံပေးသည့် အကြောင်းပြချက်များ။

(၅) ချမှတ်သည့်ပြစ်ဒဏ်စီရင်ချက် မည်ရွေ့မည်မျှကို တရားခံက ခံပြီးကြောင်း၊ ထို့ပြင်ပြစ်ဒဏ်မှာ ငွေဒဏ်၊ သို့တည်းမဟုတ် ကြိမ်ဒဏ်ဖြစ်လျှင်၊ ဒဏ်ငွေကိုကောက်ခံရရှိပြီး မပြီး၊ ကြိမ်ဒဏ်ကို ရိုက်ခတ်ပြီး မပြီး ဖော်ပြသည့် ရေးမှတ်ချက်။

(၆) တရားသူကြီး၊ သို့တည်းမဟုတ် ရာဇဝတ်တရားသူကြီး၏ ထောက်ခံတင်သွင်းချက်။

(၇) ပြစ်ဒဏ်စီရင်ချက် အတည်ပြုခြင်းကို ရပ်ဆိုင်းထားခြင်းရှိ မရှိမှတ်သားချက်။

မှတ်ချက်။ ။ဤအချက်အလက်များကို နံပါတ်မတပ်ရ။ အထက်နံပါတ် (၁)မှ(၇) ထိ စာပိုဒ်များနှင့်အညီ စာပိုဒ်များလည်းမဖွဲ့ရ။ မှုခင်းကိုစီရင်ချက် စ စဉ်ရေးသားသည့်နည်းအတိုင်း စီစဉ်ရေးသားရမည်။

တရားရုံးများလက်စွဲအပိုဒ် ၁၁၃၈။ ။(၁) ရာဇဝတ်ကျင့်ထုံး ဥပဒေ အခန်း ၃၂ အရ၊ ပြင်ဆင်မှုများတွင်၊ စက်ရှင်တရားသူကြီးက ဖြစ်စေ၊ ခရိုင်ရာဇဝတ် တရားသူကြီးကဖြစ်စေ အမှုတွဲကို တောင်းခေါ် သည့်အခါ၊ ပြင်ဆင်မှုမှတ်ပုံစာရင်းစာအုပ် (ရာဇဝတ်မှတ်ပုံစာရင်းစာအုပ် အမှတ် ၇) တွင် လိုအပ်သော ရေးသွင်းချက်များကို တတ်နိုင်သရွေ့ ချက်ခြင်းရေးသွင်းရမည်။ သို့သော်လည်း ပြင်ဆင်သည့်အမှုတွဲကို ချက်ခြင်း မပြုလုပ်ရ။ စက်ရှင် တရားသူကြီးကဖြစ်စေ၊ ခရိုင်ရာဇဝတ် တရားသူကြီးက ဖြစ်စေ အမှုတွဲကို စစ်ဆေးကြည့်ရှုရာ၌ ပြစ်ဒဏ်စီရင်ချက်၊ သို့တည်းမဟုတ် အမိန့်ကို ပြင်ဆင်ရန်မလိုဟုတွေ့သိရ၍၊ မှတ်ချက်များ မပါဘဲသော်၎င်း၊ ထုံးနည်းနှင့် ဆိုင်သည့်

ရာဇဝတ်ပြင်ဆင်မှုများ။

လုပ်ရိုးလုပ်စဉ်မှတ်ချက်များကိုသာ ပြုလုပ်၍သော်၎င်း အမှုတွဲကို ချက်ခြင်းပြန်ပို့လျှင်အမှုတွဲမပြုလုပ်ရ။ စက်ရှင်တရားသူကြီးက ဖြစ်စေ၊ ခရိုင်ရာဇဝတ် တရားသူကြီးက ဖြစ်စေ လိုအပ်သည်ဟု ထင်မြင်လျှင် ဆိုခဲ့သည့် လုပ်ရိုးလုပ်စဉ် မှတ်ချက်များ၏ မိတ္တူတစောင်ကို မိမိ၏ရုံး၌ ထားရှိနိုင်သည်ဖြစ်၍၊ ထိုမိတ္တူများကို နှစ်စဉ်စာတွဲ တခုတည်းတွင်ရက်စွဲအလိုက် တွဲထားရမည်။ ထိုစာတွဲကို ၎င်းနှင့် သက်ဆိုင်သော နှစ်နောက်၊ တနှစ်ကုန်လွန်ပြီးနောက် ဖျက်ဆီးပစ်ရမည်။

(၂) အခြားသော အချက်အရပ်ရပ်တွင် နည်းလမ်းတကျ စစ်ဆေးစီရင်သည့် အမှုတွဲပြုလုပ်ရမည်။

အမှုတွဲများကိုတောင်းခေါ်ခြင်း

တရားရုံးများလက်စွဲအပိုဒ် ၁၁၃၉။ ။အမှုတွဲများကို တောင်းခေါ်ရာ၌ အောက်ပါပုံစံများကို အသုံးပြုရသည်။

တရားမ ၁၂၅။ ။အသနားခံကိုလက်ခံ၍ အမှုတွဲကို တောင်းခေါ်သည့်အမိန့်။

တရားမ ၆၇။ ။**နောက်ထပ်ကြားနာစစ်ဆေးရန်၊** သို့တည်းမဟုတ်ပြန်လည် စစ်ဆေးကြည့်ရှုရန် လျှောက်လွှာကို လက်ခံရာတွင်၊ အမှုတွဲခန်းမှ အမှုတွဲကို **တောင်းခေါ်သော** အမိန့်။

ရာဇဝတ် ၁၅၉။ ။အယူခံသည့် အကြောင်းနှင့် **အမှုတွဲများ** တောင်းခေါ်သည့်နို့တစ်စာ။

ရာဇဝတ် ၁၆၁။ ။ပြင်ဆင်မှုတွင် **အမှုတွဲများ** တောင်းခေါ်သော အမိန့်။

ရာဇဝတ်၊ သို့တည်းမဟုတ် တရားမ **အမှုတွဲများကို** $\frac{\text{တရားဘက်ဆိုင်ရာ}}{\text{အမျိုးဆိုင်ရာ ၁၄}}$ ပုံစံ၊ သို့တည်းမဟုတ်၊ တရားမပုံစံ ၁၂၆ နှင့် တင်ပို့ရသည်။ ၎င်းတို့၏ လက်ခံများကို ရည်ညွှန်းခန်းကိစ္စအလိုငှါ ထားရှိရမည်။ (စာပိုဒ် ၉၃၇ ကိုကြည့်)။

နိုင်ငံတော်တရားရုံးချုပ်

(စီမံခန့်ခွဲရေးဌာနခွဲ)

၁၉၇၂ ခုနှစ်၊ တရားရုံးများညွှန်ကြားလွှာအမှတ် ၈

ရန်ကုန်မြို့၊ ၁၉၇၂ ခုနှစ်၊ ဇူလိုင်လ ၄ ရက်။

(၁၃၃၄ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၉ ရက်။)

မြန်မာနိုင်ငံရှိ ရာဇဝတ်တရားသူကြီးများအားလုံးထံသို့—

၁။ တရားခံတဦးအား ထောင်ဒဏ်အပြစ်ပေးရာတွင် ချုပ်ရက်ကိုကျခံရမည့် ထောင်ဒဏ်မှထုတ်နုတ်ခြင်းကိစ္စနှင့်စပ်လျဉ်း၍ အယူအဆကွဲလွဲခြင်း အခက်အခဲများရှိကြကြောင်းသိရပါသည်။

၂။ တရားခံအပေါ်တွင် ထောင်ဒဏ်များကို တပေါင်းတည်းကျခံစေပါက "တပေါင်းတည်းကျခံစေရန်" ဟူ၍ ရေးသားရပါမည်။ ထောင်ဒဏ်များကို တချပြီးမှ တခုကျခံစေပါက "ဆက်၍ကျခံစေရန်"ဟူ၍ရေးသားရပါမည်။ အချို့သောတရားရုံးများက "တပေါင်းတည်းဆက်၍ကျခံရမည်" ဟူ၍ မတိမကျရေးသားခြင်းမျိုးကို တွေ့ရသဖြင့် အထက်ပါအတိုင်းရေးသားသည်ထက်ပို၍ရေးသားရန်မလိုပါ။

၃။ အချုပ်ကာလဆိုသည်မှာ တရားခံတဦးသည် ပြစ်မှုတရပ်အတွက် စတင်ဖမ်းဆီးခြင်းခံရသည့်နေ့မှစ၍ ပြစ်မှုတရပ်အတွက် ပထမဦးဆုံးထောင်ဒဏ်သတ်မှတ်အပြစ်ပေးခံရသည့်နေ့အထိဖြစ်ပါသည်။ ထို့ကြောင့် ယင်းတရားခံကို ပြစ်မှုတရပ်အတွက်ချမှတ်သောထောင်ဒဏ်မှထိုအချုပ်ကာလကိုထုတ်နုတ်ရပါမည်။ ပြစ်မှုတရပ်ထက်ပို၍အပြစ်ပေးခံရလျှင် ပြစ်ဒဏ်တို့ကိုတပေါင်းတည်းကျခံစေရန်သတ်မှတ်သည်ဖြစ်စေ၊ ပြစ်ဒဏ်တို့ကိုဆက်၍ကျခံစေရန် သတ်မှတ်သည်ဖြစ်စေ၊ ယင်းသို့သတ်မှတ်သည့်အတိုင်း ကျခံရမည့်ကာလမှအချုပ်ကာလကို တကြိမ်ထုတ်နုတ်ပေးရန်ဖြစ်သည်။

၄။ ထို့ကြောင့် ရာဇဝတ်တရားသူကြီးများသည် ပြစ်ဒဏ်သတ်မှတ်သည့် အမိန့်များတွင် အထက်ဖေါ်ပြပါ နည်းအတိုင်း တွက်ချက်ထားသော အချုပ်ကာလကို ဂဏန်းဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း ဖေါ်ပြရပါမည်။

၅။ အထက်ပါညွှန်ကြားချက်များကို လိုက်နာကျင့်သုံးကြရန်အတွက်၊ ခရိုင်တရားမနှင့်စက်ရှင်တရားသူကြီးနှင့် ခရိုင်ရာဇဝတ်တရားသူကြီးတို့သည် မိမိတို့ တာဝန်ယူရသောခရိုင်အတွင်းရှိ တရားသူကြီးများအားလုံးကို ရှင်းလင်းညွှန်ကြားရန်နှင့် ယင်းကဲ့သို့ဆောင်ရွက်ပြီးသောအခါ၊ ပြီးစီးကြောင်းကို နိုင်ငံတော်တရားရုံးချုပ်သို့ ပြန်လည်အစီရင်ခံရန်ညွှန်ကြားလိုက်သည်။

အမိန့်အရ၊

အောင်တိုး၊
မောင်ကွန်းထိန်း။

[၁၉၇၂ ခု၊ ဇူလိုင်လ၃ ရက်နေ့စွဲပါ၊ တရားရုံးများ ညွှန်ကြားလွှာအမှတ် ၇၊ ကို မြန်မာနိုင်ငံရှိ ခရိုင်တရားမနှင့် စက်ရှင်တရားသူကြီးများ၊ ခရိုင်ရာဇဝတ်တရားသူကြီးများ၊ အထူးတရားသူကြီးများ၊ ရာဘက်ခရိုင်တရား မနှင့် စက်ရှင်တရားသူကြီးများ၊ တွဲဘက်စက်ရှင်တရားသူကြီး၊ လက်ထောက်စက်ရှင်တရားသူကြီးတို့ထံသို့ထုတ်ဝေခဲ့ပါသည်။]

မိတ္တူကို—

(၁) ရုံးအဖွဲ့မှူး၊ တရားရေးဝန်ကြီးဌာန (၁၅)စောင်၊

(၂) တတိယမောင်ကွန်းထိန်း (၂)၊ နိုင်ငံတော်တရားရုံးချုပ် (**မန္တလေးရုံးထိုင်**)၊

(၃) တိုင်းမင်းကြီးများအားလုံး၊

(၄) ညွှန်ကြားရေးမှူး၊ အကျဉ်းဦးစီးဌာန၊

(၅) ရာဘက်ခရိုင် ရာဇဝတ်တရားသူကြီး၊ ကျိုင်းတုံမြို့

တို့ထံပေးပို့ပါသည်။

နိုင်ငံတော်တရားရုံးချုပ်

၁၉၇၂ ခုနှစ်၊ တရားရုံးများညွှန်ကြားလွှာအမှတ် ၉

ရန်ကုန်မြို့၊ နေ့စွဲ၊ ၁၉၇၂ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်။

(၁၃၃၄ ခု၊ ဒုတိယ ဝါဆိုလဆန်း ၁၁ ရက်။)

မြန်မာနိုင်ငံရှိ စက်ရှင်တရားသူကြီးများ၊ ခရိုင်ရာဇဝတ်တရားသူကြီးများ၊ အထူးတရားသူကြီးများနှင့် ရာဇဝတ်တရားသူကြီးများအားလုံးထံသို့—

၁။ နိုင်ငံတော်တရားရုံးချုပ်၏ ၁၉၇၁ ခုနှစ်၊ အထူးရာဇဝတ် အယူခံမှုအမှတ် ၁ တွင်ချမှတ်သော ၁၉၇၂ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့စွဲပါ အောက်ပါစီရင်ချက်မိတ္တူကို သေချာကျနစွာ ဖတ်ရှုလေ့လာပြီးလိုက်နာဆောင်ရွက်ကြရန် ညွှန်ကြားလိုက်ပါသည်။

၂။ စက်ရှင်တရားသူကြီးများနှင့် ခရိုင်ရာဇဝတ်တရားသူကြီးများက ဤညွှန်ကြားလွှာတွင် လမ်းညွှန်ထားသည့်အတိုင်း၊ မိမိတာဝန်ယူရသော ခရိုင်အတွင်းရှိ တရားသူကြီးများအားလုံးကို ထပ်ဆင့်ရှင်းလင်း ညွှန်ကြားရန်နှင့် ယင်းကဲ့သို့ဆောင်ရွက်ပြီးသောအခါ ပြီးစီးကြောင်းကို နိုင်ငံတော် တရားရုံးချုပ်သို့ ပြန်လည်အစီရင်ခံရန်ကိုလည်း ထပ်လောင်း ညွှန်ကြားလိုက်ပါသည်။

အမိန့်အရ၊

အောင်တိုး၊

မော်ကွန်းထိန်း။

အယူခံ / ပြင်ဆင်မှု ရုံး၏ဆုံးဖြတ်ချက်ခေါင်းစဉ်

နိုင်ငံတော်တရားရုံးချုပ်

၁၉၇၀ ခုနှစ်၊ အထူးရာဇဝတ်အယူခံမှု **အမှတ် ၁**

ရာဇသတ်ကြီး ပုဒ်မ ၃၇၆ အရ ပြစ်မှုမှုထင်ရှားစီရင်ခြင်းခံရသူများအပေ ပြစ်ဒဏ်သတ်မှတ်ခြင်းနှင့် စပ်လျဉ်းသည့်အရေးကြီးသောမှုများပါဝင်နေသဖြင့် ယ မှုများနှင့်ပတ်သက်သည့် အချက်အလက်များကို ကြျယ်ကျယ်ပြန့်ပြန့်ဆင်ခြင်စဉ်းစ နိုင်ရန်အတွက် အထူးအယူခံဝင်ခွင့်လျှောက်လွှာကိုခွင့်ပြုခြင်း။

မောင်ချစ် (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)

ပုဒ်မ ၃၇၆ အရ၊ မှုပြစ်ထင်ရှားစီရင်ခြင်းကိုအယူခံမှု စွဲချက်တင်သည်။

အယူခံတရားလိုအတွက်။ ။ဦးအုံကျော် ။

အယူခံတရားခံအတွက်။ ။ဦးကျော်ဂေါင် (အစိုးရရှေ့နေ)။

စီရင်ချက်

၁၉၇၂ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့။

အယူခံတရားလို ဦးချစ်အပေါ် အသက်အရွယ်နုနယ်သူ မိန်းခလေးတဦးအား အဓမ္မကျူးလွန်မှုဖြင့်၊ ရာဇသတ်ပုဒ်မ ၃၇၆ အရ၊ ရန်ကုန်မြို့၊ အထူးတရားသူကြီး (၂) က၊ တသက်တကျွန်းထောင်ဒဏ်သတ်မှတ်ခဲ့သည်။

ဦးချစ်ကတရားရုံးချုပ်သို့ အယူခံဝင်ရာ မအောင်မြင်ခဲ့သျှော့ ပြစ်ဒဏ်သတ်မှတ်ခြင်းနှင့် ပတ်သက်၍၊ တဦးတည်းရုံးထိုင်တရားရုံးချုပ် တရားသူကြီးသည်၊ အထူးရာဇဝတ်ရုံးအယူခံအဖွဲ့၏ စီရင်ထုံးများကို ညွှန်ကြားသော်လည်း၊ ယင်းစီရင်ထုံးများကို မိမိအနေဖြင့် လိုက်နာရန် မလို၊ သာမန်ရုံးများနှင့် အထူးရာဇဝတ်ရုံးများ ပြစ်ဒဏ်သတ်မှတ်ပုံအဖုံဖုံမကွဲလွဲစေသောငှါသာလျှင်၊ ထည့်သွင်းစဉ်းစားအပ်သည်ဟု မှတ်ချက်ပြုခဲ့လေသည်။

အထူးရာဇဝတ်ရုံး အယူခံအဖွဲ့၏ စီရင်ထုံးတို့ကိုသာမန်တရားရုံးများက လိုက်နာရန် မလိုဟူသောတရားရုံးချုပ်တရားသူကြီး၏ ယူဆချက်နှင့် မှတ်ချက်တို့သည် လွန်စွာမှားယွင်းချွတ်ချော်နေသည်။ ယင်းတို့ကိုပြင်ဆင်ပယ်ဖျက်ရန်လိုသည်ဟု ကျွန်ုပ်တို့မြင်ကြသည်။ ထို့ကြောင့်တကြောင်း၊ ပြစ်ဒဏ်သတ်မှတ်ခြင်းနှင့်ပတ်သက်သောမူ၊ စီရင်ထုံးကိုသုံးစွဲသောနည်း၊ ထိုသို့ထပ်မံရှင်းလင်းရန်လိုအပ်သည်၊ အယူခံတရားလိုအပေါ် သတ်မှတ်ထားသော ပြစ်ဒဏ်သည် သင့်မြတ်သည်၊ မသင့်မြတ်သည်တို့ကို သုံးသပ်အပ်သည်ဟု ယူဆသောကြောင့်၊ အယူခံဝင်ရန် အခွင့်ထူးပေးခဲ့သောအမှုဖြစ်သည်။

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့၏ စီရင်ထုံးများကို ကောင်းစွာလေ့လာ၍ လေးနက်စွာလိုက်နာကြရမည်ဖြစ်ကြောင်းကို၊ တရားရုံးချုပ်က နိုင်ငံတဝှမ်းမှာ တရားရုံးများသို့ ညွှန်ကြားခဲ့ပြီးဖြစ်သည်။ တရားရုံးချုပ် ညွှန်ကြားချက်များကို တရားရုံးချုပ် တရားသူကြီးများကလည်း လိုက်နာကြရန်ဖြစ်သည်။

တရားရုံးချုပ် စုံညီခုံရုံးကလည်း အောက်ပါကဲ့သို့ စီရင်ထုံးဖွဲ့ခဲ့ဘူးသည်—

"အထူး ရာဇဝတ်ရုံး အယူခံအဖွဲ့သည်၊ ဦးဆောင်အဖွဲ့ ဖြစ်ပေသည်။ အထူးရာဇဝတ်ရုံးစနစ်သည်၊ ကျွန်ုပ်တို့ ဦးတည်လျက်ရှိကြသော ပြည်သူ့တရားကို ပြည်သူကစီရင်သည့်စနစ်၏အဓိကကျသော အခြေခံတရပ်ဖြစ်သည်။ တရားရေးဝန်ထမ်းများ၊ ရှေ့နေကြီးများသည်၊ အထူးရာဇဝတ်ရုံး စနစ်ကို ကောင်းစွာလေ့လာခြင်း ပါဝင်၍၊ ထိရောက်စွာ ကူညီဆောင်ရွက်ခြင်း၊ ဝိုင်းဝန်း၍ အောင်မြင်အောင် ကြိုးပမ်းခြင်းတို့ကို ပြုကာ၊ အယူခံအဖွဲ့၏ လမ်းညွှန်မှုကို လေးနက်စွာလိုက်နာကြရန်ဖြစ်ပေသည်။" (၁)

ထို့ပြင် အထက်ဖေါ်ပြပါ လမ်းညွှန်ကို အောက်ပါကဲ့သို့လည်း တရားရုံးချုပ် စုံညီခုံရုံးက ပြုခဲ့ဘူး၏။

"အထူး ရာဇဝတ်ရုံး အယူခံအဖွဲ့သည်၊ နိုင်ငံတော် မူဝါဒကို အောင်မြင်ထိရောက်စေကာ၊ တရားမျှတခြင်း တန်ဘိုးကို ဆောင်သော စီရင်ထုံးများကို ပြု၍ တရားစီရင်ရေး လမ်းညွှန်များကို ချမှတ်လျက်ရှိ၏။ မြန်မာနိုင်ငံ စီရင်ထုံးများတွင် ထည့်သွင်းဖေါ်ပြထားသော ရုံးဖန်ရုံခါ နိုင်ငံတော်တရားရုံးချုပ် ညွှန်ကြားလွှာဖြင့် ဖြန့်ချိသော ရာဇဝတ်ရုံး အယူခံအဖွဲ့၏ စီရင်ထုံးများကို ကောင်းစွာ လေ့လာလိုက်နာကြရန် ဖြစ်ပေသည်။" (၂)

အထူး ရာဇဝတ်ရုံး အယူခံအဖွဲ့ကလည်း အောက်ပါ ရည်ရွယ်ချက်ဖြင့် စီရင်ထုံးပြုခဲ့ကြောင်းကို အဖွဲ့ဥက္ကဋ္ဌ၊ ဝန်ကြီး ဒေါက်တာ လှဟန်က ဖေါ်ပြခဲ့သည်။

"အယူခံမှုကြီးများကို ကြားနာ ဆုံးဖြတ်ခဲ့ရာတွင် အထူး ရာဇဝတ်ရုံးစနစ် တိုးတက်အောင်မြင်စေအောင် ပြည်သူ့ တရားစီရင်ရေးစနစ် ကျယ်ပြန့်

---

(၁) ဦးထွန်းအောင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။ ၁၉၇၁ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံးများ၊ တရားရုံးချုပ်၊ စာ ၁၉၀။

(၂) လက်ထောက် အမြဲတမ်းခွန်မင်းကြီး နှင့် အောင်သိန်းကြူ။ ၁၉၇၁ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံးများ၊ တရားရုံးချုပ်၊ စာ ၁၆၂။

ကြီးထွားလာစေအောင် ဂရုမူ၍ စီရင်ထုံး ပြုခဲ့ပါသည်။ နိုင်ငံတော် မူဝါဒနှင့် တရားဥပဒေကို ညီညွတ်စေအောင် အဓိပ္ပါယ် ဖွင့်ဆို ဆုံးဖြတ်ရာတွင် မျှတစွာ ချိန်ဆပါသည်။ "မူဝါဒ" ကို ဆောင်ပုဒ်ပြုကာ၊ တရားဥပဒေကို လွန်၍၊ ထုံးတမ်းကို ဆန့်ကျင်၍ တကျောင်းတဂါထာ၊ တရုံးတထုံး ဆုံးဖြတ်ခြင်း အန္တရာယ်မှ ကာကွယ် ထိန်းကွပ်ရပါမည်။ တဖက်တွင်လည်း နိုင်ငံခြား စီရင်ထုံး၊ ရှေးဟောင်း စီရင်ထုံးပါ စကားလုံးများကို ပုံသေကားချ မှတ်ယူကာ၊ မူကို မမြင်၊ ပတ်ဝန်းကျင်နှင့် အမှုကြောင်းခြင်းရာ နောက်ခံကို မကြည့်ပဲ ဆုံးဖြတ်တတ်သည့် အလေ့အကျင့် နည်းပါး ပပျောက်လာအောင် လမ်းညွှန်သမှု ပြုရပါသည်။" (၃)

အထက်ပါ ရည်ရွယ်ချက်စေတနာဖြင့်တရားစီရင်ရေးလမ်းကြောင်းကို အခိုင်အမ ျမှတ်လျက်ရှိသော အထူး ရာဇဝတ်ရုံးအယူခံအဖွဲ့၏ စီရင်ထုံးများကို အထူး ဂရုစိုက ဘာ ဦးစားပေး၍ လေ့လာကြရန်လည်းကောင်း၊ လိုက်နာကြရန် လည်းကောင်း ဤနိုပ်တို့က ညွှန်ကြားရပေမည်။

စီရင်ထုံးကို သုံးစွဲနည်းနှင့် ပတ်သက်၍ အထူး ရာဇဝတ်ရုံး အယူခံအဖွဲ့ကပင် ညွှန်ပြခဲ့ဘူးသည်မှာ—

"ဥပဒေ ဆောင်ပုဒ် (Legal maxim) စီရင်ထုံး စသည်တိုကို ပုံသေ လက်ခံ ကျင့်သုံးရန်မဟုတ်၊ တမှုနှင့်တမှုမတူ၊ အကြောင်းခြင်းရာကို ကောင်းစွာ ဖေါ်ထုတ်ပြီးမှ အမှန်အမှားကို သဘာဝယုတ္တိနှင့်အညီ ဆုံးဖြတ်ရန်လိုသည်။" (၄)

မှုခင်းကို စစ်ဆေးရာတွင် အချက်အလက်၊ အကြောင်းခြင်းရာတို့ကို ပြည့်စုံစွာ ဖေါ်ထုတ်၍ ပိုင်နိုင်စွာ သုံးသပ်ဖို့က အဓိကဖြစ်ပေသည်။ အချက်အလက်ကို အခြေ ခံပဲ မူသဘောဖြင့်သာ မှုခင်းကို ဆုံးဖြတ်နိုင်သည် မဟုတ်ချေ၊ တရားရုံးသာ အချက် အလက် အပြည့်အစုံကို မျှတမှန်ကန်စွာ ဖေါ်ထုတ်၍ သက်ဆိုင်သော ဥပဒေတို့နှင့် ယှဉ်ဟပ်ညှိနှိုင်းကာ စီရင် ဆုံးဖြတ်ရန် ဖြစ်ပေသည်။ ထင်ရှားသော အချက်အလက် နှင့် ထင်ရှားသော ဥပဒေတို့ကို ပေါင်းကူးပေးခြင်းဖြင့် မှန်ကန် မျှတသော အဆုံး ဖြတ်သည် ပေါ်ထွန်းလာနိုင်ပေသည်။

(၃) အထူးရာဇဝတ်ရုံးအယူခံအဖွဲ့စီရင်ထုံးများ၊ (၁၉၆၅ - ၁၉၇၁) ဗဟိုပုံနှိပ်တိုက်၊ ၁၉၇၁။
(၄) မခင်မြင့် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၇၁ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံးများ၊ အယူခံအဖွဲ့ ၈၁-၁။

အထူးရာဇဝတ်ရုံး အယူခံမှု အဖွဲ့ကပင် ဤသို့ လမ်းပြဘူးသည်—

"မှုခင်းဟူသည် အမှုတမှုနှင့်တမှု ထပ်တူ မဖြစ်နိုင်ချေ။ အဖြစ်အပျက် အခြေအနေ စသည်တို့သည် အနည်းအများ ကွဲလွဲရမည်သာ ဖြစ်သည်။ ထို့ကြောင့် စီရင်ထုံးများသည် မှုခင်းဆုံးဖြတ်ရာတွင် တွေးခေါ်ယူဆခြင်း၏ လမ်းညွှန်မျှသာ ဖြစ်သည်။ စီရင်ထုံးများက ပုံသေကားချ အဆုံးအဖြတ်ကို ပေးနိုင်ကြသည်မဟုတ်။" (၅)

ထို့ကြောင့် တရားရုံးများသည် စီရင်ထုံးများကို လေ့လာသုံးစွဲတတ်ဖို့ လိုသည်။ တွေးခေါ် ယူဆတတ်ရန်လည်းကောင်း၊ လမ်းညွှန်မှု ရနိုင်ရန် လည်းကောင်း စီရင်ထုံးများကို ဖတ်ရှုလေ့လာကောင်းသည်၊ သို့ရာတွင် မှုခင်း စစ်ဆေးရာတွင် အချက်အလက်ကို ဦးစား ထားရမည်။ ဆီလျော်သမျှသော အချက်အလက်တို့ကို အပြည့်အစုံဖေါ်ထုတ်၍ မှတ်တမ်းတင်ရမည်။ အချက်အလက်များ ထင်ရှားလာသော အခါ၊ ဥပဒေနှင့် ဆက်စပ်၍ သုံးသပ်ရမည်။ ဥပဒေသည် ထင်ရှား ရှင်းလင်းလျက်ရှိလျှင် စီရင်ထုံး ကိုးကားရန်ပင် မလိုပေ။ စီရင်ထုံး များများကို ကိုးကားနိုင်မှ စီရင်ချက် ပီသသည်မဟုတ်။ မှန်ဖို့၊ လင်းရှင်းဖို့၊ စီရင်ချက်ကို ခံယူရသူတို့ နားလည်သဘောပေါက်ဖို့က အရေးကြီးသည်။

လမ်းညွှန်မှုလိုလျှင် စီရင်ထုံးကို ကိုးကားနိုင်သည်။ အထူး ရာဇဝတ်ရုံး အယူခံအဖွဲ့၏ စီရင်ထုံးများ ရှိလျှင် အခြား စီရင်ထုံးများကို ကိုးကားရန် မလို။ နိုင်ငံခြား စီရင်ထုံးများကိုမူ ကိုးကားခြင်း မပြုအပ်ချေ။ ဗဟုသုတအလို့ငှါ ဖတ်ရှုကောင်းသော်လည်း၊ ၎င်းတို့ကို မှီငြမ်းပြုရန်ကား မလျော်ချေ။ နိုင်ငံတွင်း၌ ဖြစ်ပွါးသော တမှုနှင့် အခြား တမှုပင်မတူနိုင်လျှင် နိုင်ငံတွင်း၌ ဖြစ်ပွါးသော တမှုနှင့် နိုင်ငံခြား၌ ဖြစ်ပွါးသော တမှုသည် တူညီနိုင်ဖို့ ပို၍ပင်ခက်ခဲသေးသည်။ ထို့ပြင် တည်ရှိသော ဥပဒေများသည်လည်း ထပ်တူညီကြသည် မဟုတ်ချေ။

ဤအယူခံမှုတွင် တရားရုံးချုပ်တဦးတိုင်တရားသူကြီး၏ စီရင်ထုံး ကိုးကားရာတွင် လွဲမှားချတ်ချော်ခဲ့ခြင်းကို အထက်ပါ မှတ်ချက်များဖြင့် ပြင်ဆင်လိုက်သည်။ အထူး ရာဇဝတ်ရုံး အယူခံအဖွဲ့၏ စီရင်ထုံးကို တရားရုံးချုပ်က လိုက်နာရန်မလိုဟူသော မှတ်ချက်ကို ပယ်ဖျက်သည်။

အယူခံတရားလို ဦးချစ် ကျူးလွန်ခဲ့သော ပြစ်မှုနှင့် ၎င်းအပေါ် သတ်မှတ်ထားသော ပြစ်ဒဏ်သည် အချိုးမကျဟု မဆိုနိုင်။ ကျူးလွန်သူ၏ သိတတ်ဖို့ ကောင်းသော

(၅) အထူးရာဇဝတ်ရုံးအဖွဲ့စီရင်ထုံးများ၊ ၈၁ ၂၉၅။

အသက်အရွယ်၊ အကျူးလွန်ခံရသူ၏ နုနယ်သော အသက်အရွယ်ကို ထောက်ချင့်လျှင်လည်းကောင်း၊ အမှုအကြောင်းခြင်းရာကိုလည်းကောင်း ထောက်ချင့်လျှင်၊ ပြစ်**ဒဏ်**သည် သင့်မြတ်သည်ဟု ဆိုရမည်။

အစိုးရ ရှေ့နေကြီး ညွှန်ပြသည့်အတိုင်း၊ ပြစ်ဒဏ်၏ သုံးပုံတပုံကိုလည်း ထောင်လွှတ်ရေး ကောင်စီ ဥက္ကဋ္ဌ၏ အမိန့်ဖြင့် လျှော့ပေးပြီး ဖြစ်သည်။

ထို့ကြောင့် ပြစ်ဒဏ်ကို ထပ်မံလျှော့ပေါ့ပေးရန် မလို၊ အယူခံကိုပယ်သည်။

(ပုံ) တင်အုံး၊	(ပုံ) လှသင်း၊	(ပုံ) မောင်မောင်၊
တရားသူကြီး။	တရားသူကြီး။	တရားသူကြီးချုပ်။

[၁၉၇၂ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့စွဲပါ၊ တရားရုံးများ ညွှန်ကြားလွှာ အမှတ် ၇ ကို၊ မြန်မာနိုင်ငံရှိ ရာဇဝတ်တရားသူကြီးများအားလုံးတို့ထံ ထုတ်ဝေခဲ့ပါသည်။]

မိတ္တူ—

ရုံးအဖွဲ့မှူး၊ ဝန်ကြီးရုံးအဖွဲ့၊ တရားရေးဝန်ကြီးဌာန (အပိုမိတ္တူ၁၅ စောင်ပူးတွဲလျက်)၊
တဘိယာမော်ကွန်းထိန်း (၂)၊ အယူခံဘက်ဌာန၊ နိုင်ငံတော်တရားရုံးချုပ် (မန္တလေးရုံးထိုင်)၊
ရာဘက်ခရိုင်ရာဇဝတ်တရားသူကြီး၊ ကျိုင်းတုံမြို့၊
တိုင်းမှင်းကြီးအားလုံး၊
လူမှုဝန်ထမ်းဝန်ကြီးဌာန၊
နိုင်ငံတော်ရှေ့နေချုပ်ဌာန (အပိုမိတ္တူ ၂၀ စောင်ပူးတွဲလျက်)၊
အကျဉ်းဦးစီးဌာန။

ပြည်သူ့ တရားစီရင်ရေး ကျေနပ်အားရ၊ ပြစ်ဒဏ်သတ်မှတ်ရာ၌ ညီညွတ်မျှတဖို့လို*

ပြည်သူယုံကြည်ရေး၊ ပြည်သူလေးစားသော ပုဂ္ဂိုလ်များ ရွေးချယ်၊ တရားရေးကော်မီတီများနှင့် တရားရုံး အဖွဲ့ဝင်များ လုပ်ငန်းညှိ

ရန်ကုန်တိုင်း အတွင်းရှိ တရားရေး ကော်မီတီများနှင့် ပြည်သူ့ တရားရုံး အဖွဲ့ဝင်များ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို နိုင်ငံတော် တရားရုံးချုပ် တရားသူကြီးများ ပိဋကတ်တိုက်၌ ယနေ့မွန်းလွဲ ၂ နာရီက ကျင်းပရာ တရားရေးဌာန ဝန်ကြီး ဒေါက်တာ မောင်မောင်၊ တရားရုံးချုပ် တရားသူကြီးချုပ် ဦးလှသင်း၊ ရန်ကုန်တိုင်း တရားရေး ကော်မီတီ ဥက္ကဋ္ဌ ဦးစောထွန်းစိန်၊ ရန်ကုန်တိုင်း တရားရေးကော်မီတီ အဖွဲ့ဝင် ဦးဘလှ နှင့် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ် တရားရေးကော်မီတီ ဥက္ကဋ္ဌများ၊ မြို့နယ် ပြည်သူ့ တရားရုံး နာယကနှင့် အဖွဲ့ဝင်များ တက်ရောက်ကြ၏။

တင်ပြဆွေးနွေး

ညှိနှိုင်းပွဲတွင် ရန်ကုန်တိုင်း တရားရေး ကော်မီတီ ဥက္ကဋ္ဌ ဦးစောထွန်းစိန်က ပြည်သူ့ တရားစီရင်ရေး စနစ်သစ် အကောင်အထည် ဖေါ်ရာ၌ ရရှိသည့် အောင်မြင်မှုနှင့် တွေ့ကြုံရသည့် အခက်အခဲများကို တင်ပြ ဆွေးနွေး၏။

မြို့နယ်တရားရေးကော်မီတီ ဥက္ကဋ္ဌများနှင့် ပြည်သူ့ တရားရုံး နာယကနှင့် အဖွဲ့ဝင်များကလည်း မြို့နယ်အလိုက် အမှုအခင်းများပြီးပြတ်မှု အခြေအနေကိုရင်း၊ ပြည်သူ့တရားစီရင်ရေး စနစ်သစ် အကောင်အထည် ဖေါ်သည့် တလတာကာလအတွင်း အတွေ့အကြုံများကိုရင်း ဆွေးနွေးကြ၏။

ထို့နောက် တရားရေးဌာနဝန်ကြီး ဒေါက်တာ မောင်မောင်က ပြောကြားရာတွင် ပြည်သူ့ တရားစီရင်ရေး စနစ် တလ အတွေ့အကြုံမှာ ကျေနပ် အားရဖွယ် ရှိကြောင်း၊ ပါတီ၊ ကောင်စီ နှစ်ရပ် ဦးဆောင်၍ လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မီတီအဆင့်ဆင့်တွင် ပြည်သူတို့ စိတ်ပါဝင်စားစွာ တက်တက် ကြွကြွ ပူးပေါင်း ဆောင်ရွက်ကြခြင်းကြောင့် ဤသို့အောင်မြင်ခြင်း ဖြစ်ကြောင်း၊ ပြည်သူ့ရဲ၊ ဥပဒေ အကျိုးဆောင် တရားရေး ဝန်ထမ်းများဖက်မှလည်း တာဝန် သိသိ ဆောင်ရွက်လျက် ရှိကြသည်ကို တွေ့ရကြောင်း။

---

* ၁၉၇၂ ခု၊ စက်တင်ဘာလ ၈ ရက်နေ့ထုတ် "လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ" မှ

သတင်းစာထိရောက်

သတင်းစာများကလည်း ပြည်သူ့ တရားစီရင်ရေးအကြောင်းကို ပြည့်ပြည့်စုံစုံ ဖေါ်ပြခြင်း၊ အပြုသဘောဝေဖန်ခြင်း၊ အကြံကောင်းဉာဏ်ကောင်းများကို ပေးခြင်းဖြင့် အထူး ထိရောက်စွာ ကူညီခဲ့ကြပြီး၊ ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ဗဟိုပုံနှိပ်တိုက်က လည်း အထူး ကူညီခဲ့ကြောင်း။

ချောမောပြေပြစ်

ရှေ့ဆက်လက်၍ အရှိန်အဟုန် မပျက်ဘဲ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ အတွေ့အကြုံရလာသည်နှင့် လုပ်ငန်းကိုင်ငန်းများ ပိုမိုချောမော ပြေပြစ်လာဖို့သာ ရှိကြောင်း၊ နောက်တဆင့် ပြည်သူ့ တရားစီရင်ရေးသည် ရပ်ကွက်၊ ကျေးရွာသို့ ဖြန့်မည်ဖြစ်ရာ အမှုများ ပို၍ပင် မြန်ဆန် ချောမောဖို့ရှိကြောင်း။

ပုဂ္ဂိုလ်ခင်မှတရားမင်၍

ပြည်သူ့တရားစီရင်ရေး နယ်ပယ် ကျယ်ဝန်း လာလေလေ အများအကျိုးကိုပြုလိုသော ပုဂ္ဂိုလ်များ ပို၍ပို၍ ပါဝင်လာအောင် ရွေးချယ် တာဝန် ပေးရန် လိုလာကြောင်း၊ ရပ်ကွက်၊ ကျေးရွာသည် ပြည်သူတို့ နေထိုင်ကြရာ ဒေသများ ဖြစ်၍၊ ရပ်ကွက်၊ ကျေးရွာ တရားရုံးက ပုဂ္ဂိုလ်များကို နီးနီးကပ်ကပ် မြင်သိကြမည် ဖြစ်ကြောင်း၊ ပုဂ္ဂိုလ်ခင်မှ တရားမင်သည် ဖြစ်ရာ အများလေးစား ယုံကြည်သော ပုဂ္ဂိုလ်များကို ရွေးချယ် တာဝန် အပ်နှင်းဖို့ အရေးကြီးကြောင်း၊ နောင် ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံ ဥပဒေ အသစ် ပြဋ္ဌာန်းပြီးသော အခါ ပြည်သူတို့ ကိုယ်တိုင် မဲဆန္ဒဖြင့် ရွေးချယ် တင်မြှောက်သော ပုဂ္ဂိုလ်များက တရားစီရင်ကြမည် ဖြစ်ကြောင်း။

ယခုလည်း တရားစီရင်ရေး အာဏာကို အစိုးရက အပ်နှင်းသည် ဆိုစေကာမူ ပါတီ၊ ကောင်စီ နှစ်ရပ် ဦးဆောင်သော တရားရေး ကော်မီတီ အဆင့်ဆင့်က ရွေးချယ်တင်သွင်းသော ပုဂ္ဂိုလ်များကိုပင် အာဏာ အပ်နှင်းခြင်း ဖြစ်ကြောင်း၊ ယခုပင် ပြည်သူ့ဆန္ဒ နှင့် အနီးကပ်ဆုံး ဖြစ်လေလေ၊ အခြေခံ ဥပဒေ အတွက် အသင့် ပြင်ပြီး ဖြစ်လေလေ ဖြစ်မည် ဖြစ်ကြောင်း၊ ပြည်သူကို လေးစား ယုံကြည်သော ပုဂ္ဂိုလ်တို့ ပါဝင်လာအောင် လုပ်ဆောင်နိုင်ခြင်း၊ ပြည်သူအများ ပါဝင်လာအောင် လုပ်ဆောင်နိုင်ခြင်းသည် စည်းရုံးရေး အောင်မြင်မှု တရပ် လည်း ဖြစ်ကြောင်း။

ဥာဏ်ပူဇော်ခ

ပြည်သူ့တရားသူကြီးများအတွက် ရှိးထိုင်ရက် ဥာဏ်ပူဇော်ခ၊ စရိတ်စကသည့် စတိမျှသာ ဖြစ်ကြောင်း၊ အခကြေးငွေ မဟုတ်ကြောင်း၊ စရိတ်စကကိုလည်း မရ ကြသေးဟု သိရကြောင်း၊ ခွင့်ပြုချက်ရပြီး၍ မကြန့် မကြာ ထုတ်ပေးရန် စီစဉ် လျက် ရှိကြောင်း၊ ဤသို့စတိမျှသာ သတ်မှတ်စေကာမူ တနိုင်ငံလုံးအတွက် ဆိုလျှင် အကုန် အကျ မသေးကြောင်း၊ အလုပ်များကို ပြီးပြီးပြတ်ပြတ် ပိုင်ပိုင်နိုင်နိုင် လုပ်ကြခြင်း ဖြင့် ခြိုးခြံ ချွေတာခြင်းလည်းဖြစ်စေကြောင်း၊ အားလုံးလည်း အလုပ် အကိုင် မပျက် စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်ကြမည် ဖြစ်ကြောင်း။

စေတနာကောင်း

မိမိ ဖေါင်ကြီး ကျေးရွာ အုပ်စုသို့ လေ့လာခဲ့စဉ်က ရွာလူကြီး ဦးအောင်စိန် က ရွာမှာ ဖြစ်သော အရေးအခင်းကိစ္စကို ရွာက ဖြေရှင်း ဆုံးဖြတ်ရသည်ကပင် ထူးမြတ် သော လုပ်ပိုင်ခွင့်တရပ် ဖြစ်ကြောင်း၊ ရွာ၏ အလုပ် အကိုင်စည်းလုံး ညီညွတ်ရေးကို အထောက်အပံ့ဖြစ်စေကြောင်း၊ လုပ်ပိုင်ခွင့် ပေးရသည့် အပြင်၊ စရိတ်စကကိုပါ နိုင်ငံတော် ဘဏ္ဍာမှ ကျခံရန်မသင့်၊ အမှုသည်များ တရားဝင် ပေးဆောင်ရသော တရားစရိတ်၊ ဒဏ်ငွေ စသည်တို့ဖြင့်သာ တရားရုံးစရိတ်တို့သည် ပြည့်စုံ ဖူလုံသင့် သည်ဟု ပြောခဲ့ဘူးကြောင်း၊ ယင်းစေတနာမျိုးကို ပြည်သူ့တရားသူကြီးများက ရှေ့ဆောင် ထားကြသည်ကို တွေ့ရကြောင်း၊ စရိတ် အကုန်အကျ တဖက်က တက်လာ စေကာမူ တဖက်က အမှု မြန်ဆန်သဖြင့် စရိတ်သက်သာခြင်း၊ အမှုသည်များ လက်ခံကျေနပ်သဖြင့် အယူခံမတက်ကြခြင်း စသည်တို့ နှင့် ကာမိ နေခြင်း။

ပြစ်ဒဏ်ညီညွတ်မျှတပါစေ

ပြစ်ဒဏ်သတ်မှတ်ခြင်းတွင် တတ်နိုင်သရွေ့ ညီညွတ် မျှတဖို့ လိုကြောင်း၊ တနေ ရာနှင့် တနေရာ၊ သို့မဟုတ် ပြည်သူ့ တရားရုံး တရုံးနှင့် တရုံး အလွန် ကွာခြား နေ နေလျှင် မသင့်လျော်၊ ပြစ်ဒဏ် ဟူသည် ပေါ့ပေါ့တန်တန် ဖြစ်လျှင်မသင့်မြတ်၊ လေး လွန်းတိုင်းလည်း အဟန့် အတား မဖြစ်၊ ပြစ်မှုကို လိုက်၍ အဖြစ် အပျက်ကို ထောက် ၍ အထူး ချိန်ဆရကြောင်း၊ ကိုယ့်မြို့၊ ရွာ၊ ရပ်ကွက်၏ အခြေအနေကိုလည်း ထောက် ထားကာ ပိုင်ပိုင်နိုင်နိုင် နှိပ်ကွက်ရမည့် ပြစ်မှုမျိုးများကိုလည်း နှိပ်ကွက်ရန် လို ကြောင်း၊ ပြည်သူ့ တရားသူကြီးများက လက်တွေ့ ကျကျ စဉ်းစား ချင့်ချိန်ကာ ဆုံး ဖြတ်ရန် ဖြစ်ကြောင်း၊ ပြည်သူ့ တရားသူကြီး အဖွဲ့တဖွဲ့ လုံးလည်း ရံဖန်ရံခါ စည်းဝေး ညှိနှိုင်း‌ ‌ ‌ ‌ င့်ကြောင်း၊ ညှိနှိုင်းရာတွင် လုံခြုံရေး၊ စီးပွါးရေး၊ လူမှုရေး ရှုဒေါင့် အသွယ်

ည်မှု ကျယ်ကျယ် ဝန်းဝန်း ကြည့်ရှုနိုင်ရာ သက်ဆိုင်ရာ ကော်မီတီများ နှင့်လည်း ဆွေးနွေးရန် လိုအပ်ကြောင်း။

လက်စွဲစာအုပ်

တရားရေးကော်မီတီဝင်များ၊ ပြည်သူ့ တရားသူကြီးများ အတွက် အထောက်အကူဖြစ်စေရန် အတွက် လက်စွဲစာအုပ်များ၊ ဘာသာရပ် ဆိုင်ရာ စာစောင်များကို ပြုစုထုတ်ဝေရန် စီစဉ်လျက် ရှိကြောင်း၊ နှီးနှော ဖလှယ်ရန် မှတ်စုများကိုလည်း ပြုစုလျက် ရှိကြ ကြောင်း၊ အဓိက လိုအပ်ချက်မှာ အဖြစ် အပျက် မှန်ကို ထုတ်ဖေါ်ရန် တည်ငြိမ်စွာ ချိန်ဆ၍၊ ဥပဒေနှင့် အညီ အညွတ် မျှမျှတတ ဆုံးဖြတ်ရန် ဖြစ်ကြောင်း၊ ဝ.လ အတွင်း အတွေ့ အကြုံမှာ ပြည်သူ့ တရားသူကြီးများသည်၊ ယင်းသို့ပင် ဆုံး ဖြတ်နေကြသဖြင့် ဆုံးဖြတ်ချက်များကို အများက နားလည် လက်ခံနေကြကြောင်း၊ ယင်းသည်ပင်လျှင် ပြည်သူ့ တရားစီရင်ရေး၏ အောင်မြင်ချက် တရပ် ဖြစ်ကြောင်း ပြောကြားသွား၏။

ညှိနှိုင်းဆွေးနွေးပွဲကို ညနေ ၅ နာရီခွဲတွင် ရုပ် သိမ်းလိုက်၏။

ဒေသစိတ်တဲ့၊ ပြီးတော့ ဖျာပေါ် ထိုင်ကော ဘာဖြစ်သလဲ*

သာကဒိုး

"ပြည်သူ့ တရားရုံးနှင့်ပတ်သက်ပြီး တရားရေးဝန်ကြီး ပြောတာနဲ့ ဆက်စပ်လို့ နဲနဲ ပြောချင်လို့ကွ၊ တရားရေးဝန်ကြီးက တောင်ကြီးမြို့မှာ ပြည်သူ့ တရားစီရင်ရေးနဲ့ ပတ်သက်တဲ့ ကော်မီတီဝင်တွေ အဖွဲ့တွေနဲ့ တွေ့ပြီး ဆွေးနွေးခဲ့တာမှာ၊ ပြည်သူ့ တရားရုံးတွေတရုံးတထုံး တကျောင်းတဂါထာဆိုသလို စီရင်ချက်တွေမဖြစ်ဖို့၊ လုံခြုံရေး၊ စီးပွါးရေး၊ လူမှုရေးအမှုတွေ အပြစ်ဒဏ်ပေးရေးကို မူချမှတ်ပြီး လုပ်ဘို့၊ ပြီးတော့ ပြည်သူ့ တရားစီရင်ရေးဟာ ပြည်သူ တဦးစီရဲ့ ဘဝလုံခြုံမှုနဲ့တကွ ရပ်ရွာ အေးချမ်း လုံခြုံပြီး စည်းလုံးရေးကို အဓိကထား လုပ်တတ်ဘို့ ဒီအချက်တွေ ပြောကြားသွားတယ်လို့၊ သိရတယ်ကွ ဒီအချက်တွေနဲ့ ဆက်စပ်ပြီး ပြောချင်လို့ပါဘဲကွ.... "

"ဟုတ်ကဲ့ ပြောပါဗျား....၊ ခုပြောတဲ့ အချက်ထဲမှာ ပြည်သူ့ တရားစီရင်ရေးဟာ ပြည်သူတဦးစီရဲ့ ဘဝလုံခြုံမှုနဲ့ တကွ ရပ်ရွာအေးချမ်း လုံခြုံပြီး စည်းလုံးရေး အဓိက ထား လုပ်တတ်ဘို့ဆိုတာ တော်တော်အရေးကြီးတဲ့ အချက်လို့ ကျွန်တော်လဲ ထင်ပ တယ်ဗျာ...."

"အေး ဒီအချက်လဲ အရေးကြီးတာဘဲ၊ တရုံးတထုံး တကျောင်းတဂါထာ မဖြစ် ရေး ဆိုတာလဲ အရေးကြီးလှတဲ့ အချက်ပါဘဲကွ၊ ဒီအချက်ကို ဒို့များလဲ အရင်ထဲက အတန်အသင့် ပြောခဲ့ကြဘူးတယ်လေ၊ ဒေါသမပါစေနဲ့ ဒေါသပါပြီးစိတ်ထင်သလိုလဲ မချမိပါစေနဲ့လို့ပါ။ ငါတို့လဲ ပြောခဲ့မိကြတယ်၊ မိမိအမြင် မိမိခံစားချက် ဆိုတဲ့ သဘောနဲ့ အပြစ်ဒဏ် ချလို့မရဘူး၊ ဒီလို အပြစ်ဒဏ် ချသမျှဟာလဲ မှားယွင်းလွယ်ပြီး တကျောင်း တဂါထာ အခြေအနေတွေ ဖြစ်သွားစေမယ်၊ ဒီလိုမဟုတ်လားကွာ"

"ဟုတ်ကဲ့ လူတန်းစား ခံစားချက်ဆိုတာမျိုးနဲ့ပါ ပြစ်ဒဏ် ကြီးကြီးချမိ အဖြစ်မျိုး မရောက်မိဘို့လဲ ပြောခဲ့ရတယ်လေ...."

"ဒီနေရာမှာ နောက်တချက်လဲ ရှိပြန်တယ်ကွ၊ ဒေသစွဲစိတ်ဖျောက်၍ အမှု အမှုအတိုင်း ရှုမြင်တတ်ဘို့ အချက်ကွ...."

"ဒေသစွဲစိတ်ဖျောက်၍...."

"အေး အဲဒါ ငါစိုးရိမ်မိတဲ့အချက်တချက်ပါဘဲကွ၊ ငါတို့ဟာ ဒေသစွဲစိတ်လေးတေ ပြင်းထန်တတ်ကြတယ်ကွာ၊ ရန်ကုန်သားဟ၊ မန္တလေးသားဟ၊ မော်လမြိုင်သားဟ

*၁၉၇၂ ခု၊ စက်တဘ်ာလ ၁၇ ရက်နေ့ထုတ် "လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ" မှ

ဘာမယ်အရပ်သားဟာနဲ့ ဒေသစွဲစိတ်လေးတွေ အခုအခံ ရှိတတ်တာကို တွေ့တတ်ရတယ်၊ ရပ်ကွက်တောင် ဟိုရပ်ကွက်သား၊ ဒီရပ်ကွက်သားနဲ့ လုပ်ချင်တတ်ကြသေးတယ်....၊ အခု ပြည်သူ့ တရားစီရင်ရေးမှာ ဒီအစွဲကင်းကင်းနဲ့ ရှုမြင်မိရေးကို သပ်သပ် ပြောချင်နေရတယ်ကွာ၊ ဥပမာ- ရန်ကုန်သားက မန္တလေးမြို့မှာ အမှုသွား ကျူးလွန်မိမယ်၊ မော်လမြိုင်သားကလဲ ရန်ကုန်လာပြီး အမှုကျူးလွန်မိမယ် ဆိုပါတော့ကွာ၊ ဒီသဘောပေါ့၊ ဒီလိုအခါမှာ ဒီရန်ကုန်သားက ငါတို့မန္တလေးကို လာရှုပ်လယ်လုပ်တာဘဲ ဆိုတဲ့ စိတ်အခံလေး ဝင်သွားတာနဲ့ တပြိုင်နက် အမှုကို ရှုမြင်မှုဟာ တိမ်းစောင်းပြီး လွဲချော်ကျူးလွန်မှုတွေ ဖြစ်သွားနိုင်တယ်လို့ တွက်မိလို့ပါကွ၊ ဒီစကားကို ငါတို့ ဘာလို့ ပြောသလဲ မင်းလေ့လာကြည့်ရင် တွေ့သိနိုင်ပါတယ်ကွ...."

"ဗျာ-ခုလို ဒေသစွဲစိတ်နဲ့ လုပ်တာတွေ ရှိလာလို့လားဗျာ...."

"လေ့လာကြည့်ဘို့ သင့်လို့ပကွာ၊ ခုလို ဒေသစွဲစိတ်ဝင်မှု ကင်းကိုကင်းဘို့ လိုအပ်ကြောင်းကိုလဲ ပြောကိုပြောဘို့ လိုပါတယ်ကွ၊ ပြောနိုင်မှ တော်ကာကျမယ်၊ ပြည်သူ့ တရားရုံးစနစ်ဟာ မိမိတို့ရပ်ရွာဒေသက ပုဂ္ဂိုလ်များက တရားသူကြီးလုပ်ပြီး စစ်ဆေး ဆောင်ရွက်ရတော့ကာ တခြားအရပ်က လာအမှုဖြစ်သူအပေါ် ဒေသစွဲ အရပ်စွဲ ကင်းကင်းနဲ့ သမာသမတ် ရှုမြင်နိုင်မှသာ အမှား ကင်းနိုင်မှာ သေချာတယ်"

"ဟုတ်ကဲ့ ဒါတော့ တရားသူကြီးများသာ မကဘူး ရွာရေး ကော်မီတီများလဲ ဒေသစွဲကင်းရှင်းတဲ့ အမြင်နဲ့ သမာသမတ် ကျစွာ လုပ်ကိုင် တတ်ရမှာပခင်ဗျာ...."

"အေး တရားရေး ကော်မီတီများဆိုတာ သာ၍ အရေးကြီးသပေါ့မောင်၊ သူတို့က အာမခံ ပေးခြင်းတွေ ဘာတွေအထိ လုပ်ရမှာ မဟုတ်လား၊ "ဒိုနယ်လာပြီး ပြဿနာပေါ့တဲ့ငနဲ အာမခံ မပေးဘူးကွာ" ဆိုတဲ့ စိတ်မျိုး ဝင်ရင် မခက်လား....၊ ဒါမျိုးကွေ မဖြစ်ကြရအောင်လဲ ပြောရသပကွ၊ ဒီကိစ္စမျိုးကို ခုထဲက ချိုးနှိမ် ရှင်းလင်းထားမှကွ၊ တော်ကြာ ဒိုအရပ်သားကို သူတို့ဆီက ချလိုက်တယ်၊ ဒိုဆီ ကိစ္စလာများတဲ့သူများ အရပ်သားကိုလဲ ကောင်းကောင်း 'လုပ်' ပစ်မယ် ဆိုတဲ့ အဖြစ်မျိုးတွေ အထိ ပြန့်ကားသွားနိုင်တယ်ကွ၊ ဒီလိုမျိုးတွေရှိရင်ဘာဖြစ်- ပြည်သူ့ တရားရုံးတွေ တကျောင်းတဂါထာ မဖြစ်ရေး ကြိုးစားတဲ့ ကြားထဲကဘဲ တကျောင်း တဂါထာတွေ ဖြစ်နိုင်သေးလို့လဲ ပြောရပါတယ်ကွ...."

"အင်း....ဒေသစွဲ ဒေသခံစိတ်၊ ဒါက တိတ်တိတ် ဗိုက်ထဲငုတ်ပြီး လုပ်တတ်တာမျိုး မို့ ကြပ်ကြပ်တော့ ပြောရမှာပခင်ဗျာ"

"အေး ဒေါင့်စုံကြည့်ပြီး ဒေါင့်စုံ စဉ်းစားပြီးတော့ ပြောရတာပါကွာ၊ တရားရေးဝန်ကြီး ပြောတဲ့အထဲမှာ ပြည်သူ့ တရားစီရင်ရေးဟာ ပြည်သူ တဦးချင်းရဲ့ ဘဝလုံခြုံရေးနဲ့တကွ ရပ်ရွာအေးချမ်းလုံခြုံပြီး စည်းလုံးရေး အဓိကထားလုပ်တတ်ပါ ဆိုတဲ့အချက်လဲ အရေးကြီးပါသကွ၊ စစ်ဆေး စီရင် ဆောင်ရွက်ရာမှာ စည်းလုံးရေး ဆိုတဲ့အချက်တော့ ဘယ်တော့မှ မျက်ခြည်မပြတ်ပါနဲ့၊ဒါကို ရေတာ်တော်များများပြောကွ၊ မိသားစုအထဲမှာ အတွက်ရော၊ အိမ်ချင်းတွေ အတွက်မှာရော၊ ရပ်ကွက်ချင်းတွေ အတွက်မှာရော၊ စည်းလုံးချင်းကို ထိခိုက်မယ့်သွေးကွဲ စိတ်ကွဲတွေဖြစ်စေမယ့် အစအနကို မကိုင်မနှင်းမိပါစေနဲ့၊ ဒါကို ကြပ်ကြပ်နှလုံးပိုက်ဘို့လဲ ပြောချင်မိရတယ်ကွာ၊ မင်းတို့ လူတွေရဲ့ သဘောသဘာဝကို သိကြသားကဘဲလေ ဒီအပိုင်းကို ကြပ်ကြပ် ပြောဆိုဆွေးနွေးပြီး နှလုံးရင့်ကြမှ ဖြစ်မယ်၊ စိတ်သဘော မြင့်မြင့်နဲ့တွေးခေါ် လုပ်ကိုင်တတ်ကြမှ ဖြစ်မယ်၊ ဒါနဲ့ ဆက်စပ်ပြီး ပြောရရင် လူရွေးတာတွေနဲ့ ပတ်သက်ပြီး ငါတို့စိတ်ထဲ သိပ်မကြေလည်ချင်သေးဘူးကွ"

"ခင်ဗျာ လူရွေးတာတွေနဲ့ ပတသက်ပြီး"

"အေး အခုအထိ ပြီးသမျှနဲ့ တချို့အပိုင်းပေါ့ကွာ၊ တရားရေးဌာနက ဆိုတယ် မဟုတ်လား၊ ရပ်ကျိုးရွာကျိုး ဆောင်ရွက်တတ်တဲ့ ပုဂ္ဂိုလ်၊ သမာသမတ်ရှိပြီး အများကြည်ညိုလေးစားခြင်းလဲ ခံရတဲ့ပုဂ္ဂိုလ် ရပ်မိရပ်ဖကဲ့သို့သော ပုဂ္ဂိုလ်၊ ဒီလိုပုဂ္ဂိုလ်မျိုးတွေ တရားသူကြီးအဖွဲ့ထဲမှာ ပါဝင်အောင် ထည့်သွင်းဘို့ ပါတီဝင်ရယ်၊ ကောင်စီဝင်မှရယ် မဟုတ်ဘူး အများ့အလေးထားပြီး တော်တိဖြောင့်မှန်တယ်လို့ ယုံကြည်ရတဲ့ ပုဂ္ဂိုလ်တွေဖြစ်ဘို့ သိပ်လိုတယ်၊ ဒီလိုဆိုခဲ့ကြတယ်လေကွာ၊ အခု ရွေးချယ်တာများကြည့်တော့ ပါတီဝင်၊ ကောင်စီဝင် ဖြစ်နေခြင်းကို အဓိကထား ရွေးချယ်တာမျိုးတို့၊ ရပ်ကျိုးရွာကျိုး ဆောင်ပြီး အများ ကြည်ညိုလေးမြတ်ခဲ့ရတဲ့ ပုဂ္ဂိုလ်မျိုးတွေ ကျန်နေတာတို့၊ ခုလိုမျိုးတွေတွေ့ရတတ်နေလို့ကွ၊ သို့သော်စုံအောင်ရွေးရသေးတာမဟုတ်သေးတော့လဲ အပြီးအပြတ်တွေလို့တော့မပြောနိုင်ဘူးပကွာ၊ လူရွေးရာမှာ အရပ်ထဲလဲတတ်နိုင်သမျှစနဲနာပြီးမှ ရွေးဘို့သင့်တာတော့ အမှန်ပါဘဲကွာ၊ လူတစုံတယောက်အကြောင်းကို ရုံးခန်းထဲက ပုဂ္ဂိုလ်များ သိပ်စုံအောင် မသိနိုင်ဘဲ အရပ်ထဲက လူများသာ ရာဇဝင်ချီ သိတတ်ကြတယ် မဟုတ်လားကွာ ဒီအပိုင်းလဲ ပြောချင်နေရသကွာ နောက်ပြီး ခမ်းခမ်းနားနားတွေ သိပ်မလုပ်ကြရေးလဲ မေတ္တာရပ်ကြအုံးကွာ"

"ဗျာ- ဘာကို ပြောလိုတာတုန်းဗျာ.... လ အ က ရုံးလား"

"လအကရုံးဖြစ်ဖြစ် ဘာဖြစ်ဖြစ် လူအများနဲ့ ဆက်ဆံလုပ်ကိုင်တဲ့ နေရာတိုင်း မင်းခမ်း မင်းနားတွေ ဝင့်ဝါတောက်ပြောင်မှုမျိုးတွေ သိပ်မလုပ်ကြရင် ကောင်

တာပေါ့ကွာ၊ အထူးသဖြင့် ပြည်သူ့ တရားရုံးများကလဲ ပြောချင်ရသပကွာ၊ အခု တချို့ ပြည်သူ့ တရားရုံးတွေ ပုံဟန်က သီးခြားမှု ဟန်ပန်တွေ ခမ်းနားမှုနဲ့ ဟိတ်ဟန် ထုံးစံတွေ လုပ်ချင်သလို တွေ့မိရလို့ကွ ဝင်းနဲ့ အကာအရံကြီးနဲ့ လုပ်တာလုပ်၊ ခုံမြင့်ကြီး တွေနဲ့ပိတ် အကာကြီးတွေ တဝေဝေနဲ့ လုပ်တာလုပ် ဒီလိုမျိုးတွေ တွေ့မိနေရတယ်ကွာ လူထုကြား တရားစီရင်ရေး အာဏာကြီးအပ်ပြီး တမင်လုပ်တဲ့ ဥစ္စာ ဒီလိုစတိုင် ကောင်းရေး ပုံဟန်တွေ မလိုအပ်ဘူး ထင်ပါတယ်ကွာ၊ ဒို့အမြင်တော့ ကုလားထိုင် စားပွဲရှိရင် ကုလားထိုင်စားပွဲနဲ့လုပ်၊ ဖျာရှိရင် ဖျာနဲ့ဘဲ ဝိုင်းထိုင်ကြပြီး စစ်ဆေး မေး မြန်းခြင်းတွေလုပ်၊ ဒီလိုဘဲ လုပ်ဘို့ကောင်းတယ် ထင်တာပါဘဲကွာ ပြည်သူကြားက ပြည်သူ့ တရားစီရင်ရေးဟော့လို့ ဆိုထားမင့်ဟာ ဖျာပေါ် ဝိုင်းထိုင်ပြီး တရားစစ်ဆေး ရင် ပိုတောင် လုပ်ငန်းကြက်သရေ အရောင်ဖြာသေးလို့ ထင်ပကွာ”

“အင်း.... ဒီနေ့တော့ ကျွန်တော် ပြောဘို့တောင် အလှည့်မပေးတော့ဘဲကိုး တယောက်ထဲ ပါးလုပ်ပါးလောင်းချည့် စိတ်ရှိလက်ရှိ ပြောနေတော့ကိုးဗျား....”

ပြည်သူ့ဘဝလုံခြုံရေးနှင့် စည်းလုံးရေးကို အဓိကထားသည့် ပြည်သူ့တရားစီရင်ရေး*

ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ တရားရေးဌာနဝန်ကြီး ဒေါက်တာ မောင်မောင်သည် ပြည်သူ့တရားစီရင်ရေးစနစ်နှင့် ပတ်သက်၍ ရှမ်းပြည်နယ် လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မီတီဝင်များ၊ မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီများမှ တရားရေးကော်မီတီဝင်များနှင့် တောင်ကြီးမြို့၌ တမြန်မနေ့က တွေ့ဆုံဆွေးနွေးခဲ့ပေသည်။

ထိုဆွေးနွေးပွဲသို့ ရှမ်းပြည်နယ်ရှိ မြို့နယ်ပေါင်း ၂၁ မြို့နယ်မှ မြို့နယ်တရားရေးကော်မီတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ပြည်သူ့တရားသူကြီးများ၊ တရားရေးဝန်ထမ်းများအပြင် တောင်ကြီးမြို့ရှေ့နေများအဖွဲ့မှ တရားရုံးရှေ့နေများပါ စုံစုံညီညီ တက်ရောက်ကြသည်ဟု သိရှိရပေသည်။

ဆွေးနွေးပွဲသဘာပတိ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးကအမှာစကားပြောကြားရာတွင် ပြည်သူ့တရားစီရင်ရေးနှင့် ပတ်သက်သော လက်တွေ့ လုပ်ဆောင်ချက်များအပေါ်၌ မရှင်းလင်းသည့် ကိစ္စများ၊ အခက်အခဲများကို အားမနာတမ်း တင်ပြကြစေလိုကြောင်း၊ အလုပ်တခုကိုလုပ်ရာ၌ အောက်ခြေခိုင်မာမှု ရှိရန်လိုကြောင်း အောက်ခြေ ခိုင်ခိုင်မာမာဖြင့် တိတိကျကျလုပ်ဆောင်သွားပါက အမှားနည်း၍အမှန်များပြီး ရည်မှန်းချက် အောင်မြင်မည်ဖြစ်ကြောင်း တင်ပြဆွေးနွေးသွားပေသည်

အုပ်ချုပ်ရေးစနစ်သစ်အရ ပြည်သူ့တရားစီရင်ရေးစနစ်ကို အကောင်အထည်ဖော်ကာ ပြည်သူ့တရားပြည်သူကစီရင်ခြင်းဖြင့် မြန်မာ့တရားစီရင်မှုသမိုင်းတွင် ထူးခြားသောကဏ္ဍသစ်တရပ်ကို ဖွင့်ခဲ့သည်မှာ တလကျော်မျှသာရှိပေသေးသည်။ ထိုတောလှသော ယင်းကာလအတွင်းဝယ် ပြည်သူ့တရားပြည်သူကစီရင်မှုပြုရာ၌ နေရာဒေတိုင်းလိုလိုတွင် အမှုများကို နေ့ချင်းပြီးပြတ်အောင် စစ်ဆေးနိုင်ခဲ့ကြသည်။ နေ့ချမပြီးပြတ်နိုင်သည့်အမှုများရှိပါကလည်း စွပ်စွဲသူနှင့် အစွပ်စွဲခံရသူ နှစ်ဦးနှစ်ဖက်ထိနစ်နာမှုမရှိစေသော ရက်သို့ထပ်မံချိန်းဆိုပေးခဲ့သည်။ ပြည်သူ့တရားသူကြီးများအဖြင့်တရားစစ်ဆေးစီရင်ရာတွင် ဟိတ်ဟန်မရှိပဲ ပျော့ပျောင်းမှု၊ ချေငံမှုရှိစွာ ရင်းနှီးနှီးမေးမြန်းစစ်ဆေးကြသဖြင့်လည်း အစွပ်စွဲခံရသူသည် တကယ်ပြစ်မှုကျူးလပါက မိမိကျူးလွန်ခဲ့သည့်အမှားကိုထုတ်ဖေါ်ဝန်ခံရန် နှောင့်နှေးခြင်းမရှိကြောင်း ရှိရသည်။ မိမိအပေါ် ချမှတ်လိုက်သည့် ပြစ်ဒဏ်နှင့်ပတ်သက်၍လည်း နားလည်သဘောပေါက်မှုရှိကာ နောင်တ တရားရစေရန် ပြည်သူ့တရားရုံးများက စွမ်းဆောင်

* ၁၉၇၂ ခု၊ စက်တင်ဘာလ ၁၇ ရက်နေ့ထုတ် "လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ"

နိုင်သည်ကိုရှိရတွေ့သည်။ ဤသို့ဖြင့် မှန်လည်းမှန်-မြန်လည်းမြန်သည့် တရားစီရင်မှုများပေါ်ထွန်းလာခြင်းသည် ပြည်သူ့တရား ပြည်သူက စီရင်မှု၏ ထူးခြားချက်ပင်ဖြစ်သည်ကို နှစ်ထောင်းအားရဘွယ်ရာ တွေ့ရှိရပေသည်။

သို့သော်လည်း ဆွေးနွေးပွဲသဘာပတိ သတိပေးတင်ပြသွားသည့်အတိုင်း ပြည်သူ့တရားစီရင်ရေးနှင့် ပတ်သက်သော လုပ်ငန်းများတွင် အောင်မြင်ခိုင်မာမှု၊ တိကျမှုရှိရန်လိုအပ်ပေသည်။ မြို့နယ်တရားရေးကော်မီတီဝင်များ၊ ပြည်သူ့တရားသူကြီးများနှင့် တရားရေးဝန်ထမ်းများအနေဖြင့် ပြည်သူ့တရားစီရင်ရေးနှင့် ပတ်သက်သည့်လက်တွေ့လုပ်ဆောင်ချက်များအပေါ် မရှင်းလင်းသည့်ကိစ္စများ၊ အခက်အခဲများကို ပွင့်ပွင့်လင်းလင်းတင်ပြနိုင်ကြသည်နှင့် အမျှ အောက်ခြေခိုင်မာမှု၊ တိကျမှုရှိရေးအတွက်ပို၍ပို၍ အထောက်အပံ့ဖြစ်စေလိမ့်မည်သာ ဖြစ်ပေသည်။

ယင်းဆွေးနွေးပွဲတွင်တရားရေးဌာနဝန်ကြီးက ပြည်သူ့တရားစီရင်ရေး စနစ်သည်မကြာတော့သည့်အချိန်၌ ပြည်သူအများကပြဌာန်းသည့် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအသစ်အတွက် သရုပ်ပြ ပြင်ဆင်ခြင်းဖြစ်ကြောင်း။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ပြည်သူ့တောင်သူလယ်သမားကောင်စီ၊ ပြည်သူ့အလုပ်သမားကောင်စီတို့မှ ပုဂ္ဂိုလ်တို့အနေဖြင့် ပြည်သူ့တရားစီရင်ရေးစနစ်အပေါ် ပြည်သူများစိတ်ပါဝင်စားမှုရှိအောင် စည်းရုံးကြရန်လိုကြောင်း။ အများနားလည်လက်ခံယုံကြည်အားကိုးသောစနစ်ဖြစ်စေရန် လိုကြောင်းဖြင့် တိုက်တွန်းဆွေးနွေးသွားခြင်းသည်ပြည်သူ့တရားစီရင်ရေးစနစ် အကောင်အထည်ဖေါ်ရေးအတွက် လက်တွေ့ဆောင်ရွက်နေသည့် ပုဂ္ဂိုလ်များအဖို့ အလေးအနက်ပြုရမည့် အချက်ပင်ဖြစ်သည်ဟုကျွန်ုပ်တို့ယူဆပေသည်။

တရားရေးဌာနဝန်ကြီး၏ နှိုးဆော်တိုက်တွန်းချက်ကို အကောင်အထည်ဖေါ်နိုင်သည်နှင့်အမျှ ပြည်သူတို့၏ အမှုအခင်းများကို ပြည်သူတို့ကိုယ်တိုင် ပါဝင်သည့် တရားရုံးကဥပဒေထုံးတမ်းနှင့်အညီ ပြည်သူတို့အကျိုးကို ရှေးရှု၍ ဆုံးဖြတ်စီရင်ခြင်း တည်းဟူသောပြည်သူ့တရားရုံး၏ သွင်ပြင်လက္ခဏာသည်၎င်း၊ အနှစ်သာရသည်၎င်း ပီပီပြင်ပြင်ပေါ်လွင်လာမည်ဟု ယုံကြည်ပေသည်။

ပြည်သူ့တရားစီရင်ရေးသည် ပြည်သူတဦးစီ၏ ဘဝလုံခြုံရေးနှင့်တကွ ရပ်ရွာအေးချမ်းလုံခြုံ၍ စည်းလုံးရေးကိုအဓိကထားရပေရာ တရုံးတထုံး၊ တကျောင်းတဂါထာမဖြစ်ရအောင် ညှိနှိုင်းကြစေလိုကြောင်း။ တရားရေးကော်မီတီများ၊ ပြည်သူ့တရားသူကြီးများ၊ လုံခြုံရေးကော်မီတီ၊ စီးပွါးရေးကော်မီတီတို့သည် လုံခြုံရေး၊ စီးပွါးရေးတို့နှင့်ပတ်သက်သော မှုခင်းများတွင် ညှိညှိနှိုင်းနှိုင်းဖြင့် ပြစ်ဒဏ်သတ်မှတ်ရေးမှုကိုချသင့်ကြောင်းဖြင့်လည်း တရားရေးဌာနဝန်ကြီးက ဆွေးနွေးသွားပေသည်။

ဤဆွေးနွေးချက်သည် ပြည်သူ့တရားစီရင်ရေးစနစ်ကို စည်းရုံးအကောင်အထည်ဖော်ရေးအတွက် တာဝန်ယူဆောင်ရွက်လျက်ရှိကြသော ရှမ်းပြည်နယ်ရှိ ပုဂ္ဂိုလ်များအပါအဝင် ပြည်ထောင်စုတဝှမ်းလုံးရှိ ပုဂ္ဂိုလ်များအဖို့ အလေးအနက်ပြုရမည့်အချက်ပင်ဖြစ်ပေသည်။ ဤသို့အလေးအနက်ပြုရမည့်ဆွေးနွေးချက်ကို နှလုံးပိုက်ရင်း ရှမ်းပြည်နယ် မြို့နယ်အသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်တို့သည် ပြည်သူ့တရားစီရင်ရေး လက်တွေ့ဆောင်ရွက်ချက်များတွင် မိမိတို့တွေ့ရှိရသည့် အခက်အခဲများ၊ မရှင်းလင်းသည့်ကိစ္စများနှင့်ပတ်သက်၍ တရားရေးဌာနဝန်ကြီး၏ ပြန်လည်ရှင်းလင်းဆွေးနွေးချက်များအပေါ်တွင်လည်း အလေးအနက်ပြုကာ ပြည်သူ့တရားစီရင်ရေးလုပ်ငန်းကို အခြေခိုင်မာသည်ထက် ခိုင်မာအောင် လုပ်ဆောင်သွားကြလိမ့်မည်သာဖြစ်သည်ဟု ယုံကြည်မြော်လင့်ကြောင်း တင်ပြရပေသတည်း။

ပြည်သူ့တရားစီရင်ရေးစနစ် ရှေ့တဆင့်တက်ရေးနှင့် ပြည်သူ့ တရားသူကြီးကောင်းများ ဖြစ်မြောက်ရေး*

မန္တလေးတိုင်း တရားရေးရာ ကော်မီတီမှ ကြီးမှူးပြီး ပြည်သူ့တရားသူကြီးများ၏ တရားရေးရာ ဆွေးနွေးပွဲတရပ်ကို ကျင်းပရာ ပြည်သူ့တရားသူကြီးပေါင်း ၁၀၀ ကျော် တက်ရောက်ကြသည်ဟု သိရသည်။ ဒေသအတော်များများတွင် တရားရေးရာ ဆွေးနွေးပွဲများ ကျင်းပသည့် သတင်းများ ဆက်ကာဆက်ကာ ပေါ်ထွက်နေသည်ကို ထောက်သော် ပြည်သူ့တရား ပြည်သူစီရင်ရေး လှုပ်ရှားမှုသည် ကျယ်ပြန့်သော အတိုင်းအတာကို ဆောင်လျက်ရှိသည်မှာ ထင်ရှားသည်။ ထို့ပြင် ထိုလှုပ်ရှားမှုသည် ပြည်သူ့လှုပ်ရှားမှုအသွင်ကို တစတစဆောင်လာသည် ဟူ၍လည်း အကဲဖြတ်နိုင်သည်။

ပြည်သူ့ တရားရေးရာ ကော်မီတီများတွင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၊ ပြည်သူ့ တောင်သူလယ်သမား ကောင်စီ၊ ပြည်သူ့ အလုပ်သမားကောင်စီ စသော စည်းရုံးရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်နေသည်သာ မက၊ ပြည်သူ့ တရားရုံးများတွင်လည်း များသောအားဖြင့် အကျင့်သိက္ခာ သမာဓိနှင့် ပြည့်စုံသော ရပ်ရွာလူထုက သမာသမတ်ရှိသည်ဟု ယုံကြည်ရသော ပုဂ္ဂိုလ်များ ပါဝင်ဆောင်ရွက်လျက်ရှိရကား မြန်လည်းမြန်၊ မှန်လည်းမှန်၊ ပြတ်လည်းပြတ်သားသော တရားစီရင်ရေး စနစ်သည် ယခုမှသာ တကယ်တမ်း ဖြစ်ထွန်းလာသည်ဟု ဆိုနိုင်ပေသည်။

လုပ်ငန်းသစ်များကို အစီအစဉ်သစ်များဖြင့် အကောင်အထည် ဖော်ရသည့် အခါတိုင်းတွင် အစပထမ၌ အခက်အခဲများ၊ အဆင်မပြေမှုများနှင့် တွေ့ရတတ်သည်မှာ မဆန်းတော့ပေဖြစ်သည်။ အောင်မြင်မှု ရနေသော လုပ်ငန်းတိုင်းသည် မိမိချီတက်ရာ လမ်းကြောင်း တလျှောက်တွင် ရင်ဆိုင်ရသည့် အခက်အခဲများကို စနစ်တကျ စည်းကမ်းနှင့်အညီ ကျော်နင်းလွတ်မြောက် ခဲ့ရသည်ချည်း ဖြစ်ပေသည်။ ထို့ကြောင့် ပြည်သူ့တရား စီရင်ရေးကို ရှေ့သို့တဆင့် တိုးအောင်ဆောင်ရွက်မည်ဆိုလျှင် မိမိတို့ လုပ်ဆောင်ခဲ့သည်များကို ပွင့်လင်းသော အမြင်ဖြင့် ပြန်လည်ဆန်းစစ်ကြရန် လိုပေသည်။ မှန်ကန်သော သုံးသပ်ချက်များ၊ မှန်ကန်သော အကဲဖြတ်ချက်များနှင့် မှန်ကန်သော သင်ခန်းစာများကို ရယူရန်လိုပေသည်။

ပြည်သူ့ တရားစီရင်ရေး၏ ကနဦး ကာလပိုင်းတွင် မလွှဲသာဘဲ ကြုံတွေ့ရသော အခက်အခဲများနှင့် အဆင်မပြေမှုများကို လွန်မြောက်ရေးအတွက် ကြိုးပမ်းကြရာတွင် (၁) ထိုအခက်အခဲနှင့် အဆင်မပြေမှုများကို ဖြစ်ပေါ်လာစေသည့် အကြောင်းရင်း၊

* ၁၉၇၂ ခု၊ အေ ာက်တိုဘာလ ၂၀ ရက်နေ့ထုတ် "ဗိုလ်အထောင်သတင်းစာ" မှ

(၂) ထိုအကြောင်းရင်းများကို ပေါ်ပေါက်လာစေသည့်၊ ပတ်ဝန်းကျင် အခြေအနေ၊ (၃) ထိုအခက်အခဲများကို လွန်မြောက်နိုင်သည့် နည်းလမ်းကောင်းများ၊ (၄) ထို နည်းလမ်းကောင်းများ အကောင်အထည် ဖေါ်ရေးအတွက် မှန်ကန်သော တာဝန် ခွဲဝေမှု၊ (၅) ထိုတာဝန်ခွဲဝေမှု မှန်ကန်စွာ ဖြစ်မြောက်လာရေးအတွက် ရှင်းလင်း ပြတ်သားသော ဇာမ်းညွှန်ချက် စသည်များကို ပြည့်စုံစွာ ထည့်သွင်းစဉ်းစားကြမှ ဖြစ် ပေမည်။ မူကြောင့် ပေါ်ပေါက်လာသော အခက်အခဲများအတွက် မူကိုပြင်ပြုနိုင် အောင် စဉ်းစားပြီး လူကြောင့် ဖြစ်ပေါ်လာသော အဆင်မပြေမှုများအတွက် လူကိုပြုစု ပျိုးထောင်ပေးနိုင်အောင် ပျော့ပျောင်းစွာ ဆောင်ရွက်ကြရပေမည်။

အမှန်အားဖြင့် ပြည်သူ့တရား ပြည်သူစီရင်သည့်စနစ်သည် တောင်သူလယ်သမား၊ အလုပ်သမားမျိုးနှင့် လုပ်သားပြည်သူများအတွက် တာဝန်သစ် တရပ်ပင် ဖြစ်ပေ သည်။ ထို့ကြောင့် အစပထမတွင် မလိုလားအပ်သော အတွေးမှား၊ အမြင်မှားမှုများ၊ အဆုံးအဖြတ် မှားယွင်းမှုများ ရှိနိုင်ပေသည်။ သို့သော် ထိုချတ်ယွင်းချက်များသည် ယာယီသာဖြစ်ပြီး ပြည်သူ့တရား စီရင်ရေးတွင် အမှန်တရားသည်သာလျှင် ထာဝရ လွှမ်းမိုးမှု ရနေမည် ဖြစ်ပေသည်။ ယနေ့ ပြည်သူ့တရားရေးရာ ဆွေးနွေးပွဲများသည် ထိုယာယီအသွင်ကို ချေဖျက်ပြီး ထာဝစဉ် လွှမ်းမိုးရမည့် အမှန်တရားကို ထူထောင် သော လှုပ်ရှားမှုများပင် ဖြစ်သည်ဟု ကျွန်ုပ်တို့ယူဆပေသည်။

ပြည်သူ့တရားစီရင်ရေးစနစ် အောင်မြင်ရေးအတွက် အဓိကအနှောက်အယှက်ကြီး တခုမှာ အဂတိလိုက်မှုပင် ဖြစ်ပေသည်။ အဂတိလိုက်မှုသည် သက်ဆိုင်ရာပုဂ္ဂိုလ်၏ အတွေးအခေါ်နှင့် ခံယူချက်တို့အပေါ်တွင် အခြေပြုသော အကျိုးသက်ရောက်မှုတခု ဖြစ်လေရာ အမှုတခုအပေါ် မှားယွင်းဆုံးဖြတ်မိမှုနှင့် များစွာခြားနားပေသည်။ ထို့ ကြောင့် ပြည်သူ့ တရားစီရင်ရေးကို ထိန်းကျောင်းစောင့်ရှောက် နေသူများသည် အဂတိလိုက်မှုကို ပြတ်ပြတ်သားသား ဖယ်ရှားနိုင်ရန် ပိုင်ပိုင်နိုင်နိုင် ကြိုးပမ်းသင့်ကြပေ သည်။ ထို့ပြင် လူတန်းစား ရန်သူများအပေါ်၌ပင် ဖြစ်ပါစေ သမာသမတ်ကျသော တိကျမှန်ကန်သော စီရင်ချက်များ ချမှတ်နိုင်အောင် လေ့ကျင့်ခြင်း၊ ပြုစုပျိုးထောင် ခြင်း ပြုအပ်ပေသည်။ ပြည်သူ့တရားရေး ဆွေးနွေးပွဲများသည် ပြည်သူ့ တရားစီရင် ရေးစနစ်ရှေ့သို့ တလှမ်းတိုးရေးအတွက်သာမက ပြည်သူ့ တရားသူကြီးကောင်းများ ပေါ်ထွက်လာရေးအတွက် ပညာပေး လေ့ကျင့်သော လှုပ်ရှားမှုများ ဖြစ်လာသင့် ပေသည်။

အထွေထွေကဏ္ဍ

မာတိကာ

	စာမျက်နှာ
တရားသေလွှတ်သည့် အမှုများကို ပြင်ဆင်မှုဖွင့်လှစ်ခြင်းသည့်ကိစ္စ	၁၀၉
တရားရုံးများက အမှုရက်ချိန်းကို လွယ်လင့်တကူ ခွင့်မပြုဘဲ ချိန်းဆိုသော နေ့တွင် အမှုကို မပျက်မကွက် စစ်ဆေးကြားနာရန်ကိစ္စ	၁၁၁
နိုင်ငံတော် တရားရုံးချုပ်မှ ဆာကြူလာ၊ တရားရုံးများ ညွှန်ကြားလွှာများ၊ ပုံသေပုံစံ ပြင်ဆင်ချက်များ၊ (တရားမ) (ရာဇဝတ်)နှင့် (အထွေထွေ) ထုတ်ပြန်ခြင်း	၁၁၃
ပြစ်မှု ကျူးလွန်သော ကလေးသူငယ်များကို တရားရုံးများက စစ်ဆေး စီရင်ရာတွင် သက်ဆိုင်ရာ ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ သတိပြုလိုက်နာ ဆောင်ရွက်ရန်ကိစ္စ	၁၁၅
ပြည်သူ့တရား ပြည်သူစီရင်ခြင်း	၁၂၈
ပြည်သူ့ တရားစီရင်ရေး ချောမွေ့ပြေပြစ်ခြင်း	၁၃၀
ပြည်သူ့ တရားစီရင်ရေးစနစ် အောင်မြင် ထမြောက်ရေး....	၁၃၂
ပြည်သူ့ တရားစီရင်ရေးစနစ် အောင်မြင်ရေး	၁၃၅
Supreme Courts issues annual report for 1969	၁၃၇
Justice in 1969	၁၃၉
မှုခင်းဖြစ်ခြင်း၏ အရင်းအမြစ်များ ရှာဖွေရေး	၁၄၁
တရားရုံးမှ ပြည်သူ့ဘဏ္ဍာရရှိငွေ	၁၄၄
ခေတ်ပြောင်း တော်လှန်ရေးနှင့် အလုပ်သမား ဥပဒေ	၁၄၅
ဆိုရှယ်လစ်စနစ်နှင့် ရှေ့နေတို့၏တာဝန်	၁၄၈
အကျဉ်းဦးစီးဌာန ဆွေးနွေးပွဲ	၁၅၁
အထူးရာဇဝတ်ရုံးများစနစ် ပြန်လည်သုံးသပ်ရေး	၁၅၄
ဆိုရှယ်လစ် နိုင်ငံများ၏ အပြစ်ဒဏ်ပေးစနစ်	၁၅၈

နိုင်ငံတော်တရားရုံးချုပ်

၁၉၇၂ ခုနှစ်၊ တရားရုံးများညွှန်ကြားလွှာအမှတ် (၃)

ရန်ကုန်မြို့၊ ၁၉၇၂ ခုနှစ်၊ ဧပြီလ ၆ ရက်။

(၁၃၃၃၊ ခုနှစ် တန်ခူးလဆုတ် ဂ ရက်)

စက်ရှင်တရားသူကြီးများ၊ ခရိုင်ရာဇဝတ် တရားသူကြီးများ အားလုံးထံသို့။

အကြောင်းအရာ။ ။တရားသေလွတ်သည့် အမှုများကို ပြင်ဆင်မှု ဖွင့်လှစ်ခြင်းကိစ္စ။

၁။ နိုင်ငံတော် တရားရုံးချုပ်၏ ၁၉၆၄ ခုနှစ်၊ တရားရုံးများ ညွှန်ကြားလွှာအမှတ် ၁၅ တွင် ရာဇဝတ် တရားသူကြီးများသည် အမှုများကို စီရင်ဆုံးဖြတ်ရာ၌ ထုံးနည်းများကိုစနစ်တကျ လိုက်နာဆောင်ရွက်သည် မဆောင်ရွက်သည် တရားရုံးများလက်စွဲတွင်ပါရှိသည့် ညွှန်ကြားချက်များကို နည်းလမ်းတကျ လိုက်နာသည်၊ မလိုက်နာသည်ကိုလည်းကောင်း၊ ရာဇဝတ် တရားသူကြီးများ ချမှတ်သော စီရင်ချက်များနှင့် အမိန့်များသည် တရားဥပဒေနှင့် လျော်ညီသည်၊ မလျော်ညီသည်ကို လည်းကောင်း၊ ကြည့်ရှုစစ်ဆေးရန် အလို့ငှါ၊ ရာဇဝတ်တရားသူကြီးများ စီရင်ဆုံးဖြတ် ပြီးစီးသော ရာဇဝတ်မှုများကို ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၃၅၊ ၄၃၆ နှင့် ၄၃၇ တို့အရ ခေါ်ယူ၍ သေချာစေ့ငှစွာ စစ်ဆေးကြရန်၊ စက်ရှင်တရားသူကြီးများအား ညွှန်ကြားခဲ့ပြီးဖြစ်ရာ ထိုအတိုင်း ဆက်လက်ဆောင်ရွက်ကြရန် ဖြစ်ပါသည်။

၂။ အဆိုပါ ညွှန်ကြားလွှာတွင် တရားသေလွတ်သည့် အမှုများနှင့် စပ်လျဉ်း၍ နိုင်ငံတော် တရားရုံးချုပ်သို့ အယူခံဝင်သင့် မဝင်သင့်ကို စက်ရှင် တရားသူကြီးများက ဆင်ခြင်သုံးသပ်အပ်ကြောင်း ဖော်ပြခဲ့ရာ၊ တရားသေလွှတ်ရန် ချမှတ်သည့် အမိန့်များကို အယူခံခြင်း၊ ပြင်ဆင်မှုဖွင့်ခြင်းစသည့် ကိစ္စများ၌ ဆောင်ရွက်ပုံ ဆောင်ရွက်နည်းများကို အောက်ပါအတိုင်း ရှင်းလင်း ညွှန်ကြားလိုက်ပါသည်။

၃။ တရားသေလွတ်သည့် အမိန့်ကို အယူခံဝင်ရောက်ခြင်းနှင့် ပတ်သက်၍ လိုက်နာရသည့် ကျင့်ထုံးများမှာ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၁၇ တွင်လည်းကောင်း၊ တရားရုံးများလက်စွဲ အပိုဒ် ၈၀၃ ပါ ပြဋ္ဌာန်းချက်များနှင့် အပိုဒ် ၈၁၁ တွင်ဖော်ပြထားသော "ရာဇဝတ်မှုများတွင် အစိုးရကိုယ်စားဆောင်ရွက်ခြင်းအတွက် နည်းဥပဒေများ"

၏ အပိုဒ် ၉ မှ ၁၁ အထိပါရှိသော ပြဋ္ဌာန်းချက်များတွင် လည်းကောင်း ပါရှိပြီးဖြစ်ပါသည်။ ယင်းပြဋ္ဌာန်းချက်များအရ တရားသေလွတ်သည့် အမိန့်ကို အယူခံဝင်သည့် ကိစ္စများ၌ ခရိုင်ရာဇဝတ် တရားသူကြီးသည် တရားစီရင်ရေးအရာရှိ အနေနှင့်မဟုတ်ဘဲ အုပ်ချုပ်ရေးအရာရှိ ခရိုင်ဝန်အနေနှင့် တရားသေလွတ်သည့် အမိန့်ကို ဆင်ခြင်သုံးသပ်ပြီး အယူခံ ဝင်ထိုက်ကြောင်း ထင်မြင်ယူဆပါက၊ တိုင်းမင်းကြီးမှတဆင့် ထောက်ခံချက်ကို အစိုးရထံတင်ပြပြီး အယူခံဝင်ရောက်ရန် အမိန့်ကို တောင်းခံရပါသည်။

၄။ တရားသေလွတ်သည့် အမိန့်ကို နိုင်ငံတော် တရားရုံးချုပ်၌ အယူခံဝင်ရန် ကာလအပိုင်းအခြားမှာ ဥပဒေအရ ၆ လဖြစ်၍ အယူခံဝင်ရန် လျှောက်ထားခြင်းကို သာမန်အားဖြင့် ၃ လအတွင်း တင်သွင်းရမည်ဖြစ်ကြောင်း တရားရုံးများလက်စွဲတွင် ညွှန်ကြားထားပါသည်။ ထိုစည်းကမ်းသတ်ကာလထက်ကျော်လွန်သွားသောအယူခံဝင်သည့်အမှုများကိုအကြောင်းခိုင်လုံသည်ဟုယူဆပါက၊ တရားရုံးချုပ်မှခွင့်ပြုနိုင်ပါသည်။

၅။ သို့ဖြစ်သောကြောင့် တရားသေလွတ်သည့် အမိန့်ကို အယူခံဝင်ရန် ကိစ္စများ၌ ခရိုင်ဝန်ကသာ အထက်ပါ လုပ်ထုံးလုပ်နည်းများကို ဂရုပြု၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ခရိုင်ရာဇဝတ် တရားသူကြီး၊ သို့မဟုတ် စက်ရှင်တရားသူကြီးအနေနှင့် ပြင်ဆင်မှု ဖွင့်လှစ်ဆောင်ရွက်ခြင်းမပြုဘဲ အမှုသည်များအား အယူခံဝင်ရောက်သောနည်းလမ်းများကို သိရှိနားလည်အောင် ညွှန်ပြ၍၊ ၎င်းတို့လျှောက်လွှာကို ပြန်ပေးရန်ဖြစ်ပါသည်။ အကယ်၍ စက်ရှင်တရားသူကြီးသည် မိမိထံတွင်ရှိနေသော ပြင်ဆင်မှုများ၌ တရားသေလွတ်သည့် အမိန့်ကို အယူခံဝင်သင့်သည်ဟု ထင်မြင်ယူဆပါက "အယူခံဝင်ရန်ကိစ္စကို ဆောင်ရွက်သင့်ပါက ဆောင်ရွက်ပါရန်" ဟု မှတ်ချက်ရေးသား၍ အမှုတွဲကို ခရိုင်ဝန်ထံ ပေးပို့ရန်ဖြစ်ပါသည်။

အမိန့်အရ၊

အောင်တိုး၊

မော်ကွန်းထိန်း

[၁၉၇၂ ခုနှစ်၊ ဇန္နဝါရီလ ၁၁ ရက်နေ့စွဲပါ တရားရုံးများညွှန်ကြားလွှာအမှတ် (၂ ကို ခရိုင်တရားမနှင့် စက်ရှင်တရားသူကြီးများ၊ ခရိုင်ရာဇဝတ် တရားသူကြီးများ၊ အ တရားသူကြီးများနှင့် ရာဇဝတ် တရားသူကြီးများ အားလုံးထံသို့ ထုတ်ဝေခဲ့ပါသည်၊

မိတ္တူ—

ဝန်ကြီးရုံးအဖွဲ့၊ တရားရေး ဝန်ကြီးဌာနသို့ (၁၅) စောင်၊

တိုင်းမင်းကြီးအားလုံး၊

တတိယမော်ကွန်းထိန်း (၂)၊ နိုင်ငံတော် တရားရုံးချုပ်၊ (မန္တလေးရုံးထိုင်

နိုင်ငံတော်တရားရုံးချုပ်

၁၉၇၂ ခုနှစ်၊ တရားရုံးများညွှန်ကြားလွှာ အမှတ် ၄

ရန်ကုန်မြို့၊ ၁၉၇၂ ခုနှစ်၊ ဇွန်လ ၁၅ ရက်။
(၁၃၃၄ ခုနှစ်၊ ပထမဝါဆိုလဆန်း ၅ ရက်။)

မြန်မာနိုင်ငံ အတွင်းရှိ တရားမ တရားသူကြီးများ အားလုံးနှင့် ရာဇဝတ် တရားသူကြီးများအားလုံးထံသို့။

အကြောင်းအရာ။ **။တရားရုံးများက အမှုရက်ချိန်းကို လွယ်လင့်တကူ ခွင့်မပြုဘဲ ချိန်းဆိုသောနေ့တွင် အမှုကို မပျက်မကွက် စစ်ဆေးကြားနာရန် ကိစ္စ။**

၁။ တရားရုံးများရှိ အချို့သော ရာဇဝတ်မှုများနှင့် တရားမမှုများ ကြန့်ကြာနေရသည့် အဓိကအကြောင်းတရပ်မှာ ရှေ့နေရှေ့ရပ်များက အမှုရက်ချိန်း မကြာခန ယူတတ်ကြပြီး၊ တရားရုံးများကလည်း ခိုင်လုံသော အကြောင်းများ အထင်အရှား မတွေ့ရှိဘဲ လွယ်သင့်တကူ ခွင့်ပြုနေကြသောကြောင့် ဖြစ်ကြောင်း တွေ့ရှိရသည့်အတွက် ရက်ချိန်းများကို လွယ်လင့်တကူ ခွင့်မပြုကြရန် ဤရုံး၏ ၁၉၆၃ ခုနှစ်၊ တရားရုံးများ ညွှန်ကြားလွှာအမှတ် ၂ အရ ညွှန်ကြားခဲ့ပြီးဖြစ်ပါသည်။

၂။ ထို့ပြင် ၁၉၆၆ ခုနှစ်၊ တရားရုံးများ ညွှန်ကြားလွှာအမှတ် ၃ အရ၊ မှုခင်းများ ကြန့်ကြာခြင်းမရှိဘဲ စစ်ဆေးနိုင်ရန် နည်းလမ်းများကို ညွှန်ပြ၍ ရုံးချိန်းရက်များကို ကြပ်တည်းစွာ လိုက်နာကြရန် မလွှဲမရှောင်သာသော အကြောင်းကြောင့် အမှုစစ်ဆေး ကြားနာရန် ရက်ချိန်းပေးလိုက်ရလျှင်၊ ထိုရက်ချိန်းကို ကြပ်တည်းစွာ လိုက်နာကြရမည်၊ အမှုသည်၏ ဆန္ဒအရဖြစ်စေ၊ ၎င်း၏ရှေ့နေ မလာရောက်သောကြောင့်ဖြစ်စေ၊ အမှုကိုဆက်လက် ဆိုင်ပြိုင်ရန် အသင့်မရှိသေးခြင်းကြောင့် ဖြစ်စေ ပျက်ကွက်သူ အမှုသည်က အမှုကိုရှေ့ဆိုင်းရန် ကုန်ကျသည့်စရိတ်ကို ပေးရန်အသင့်ရှိရုံမျှနှင့် ဖြစ်စေ အမှုရှေ့ဆိုင်းခွင့် မပေးကြရန်ကိုလည်း ညွှန်ကြားခဲ့ပြီးဖြစ်ပါသည်။

၃။ ယင်းသို့ ညွှန်ကြားလွှာများကို အကြိမ်ကြိမ် ထုတ်ပြန်၍ ကြပ်မတ်သတိပေး နှိုးဆော်ခဲ့သော်လည်း၊ တရားရုံးများက ရက်ချိန်းပေးခြင်းကို ကြပ်ကြပ်မတ်မတ်ဆောင် ရွက်သည်ကို မတွေ့ရသေးပါ။ယခုအခါ ရှေ့နေဦးရေလည်း တိုးလာပြီဖြစ်၍ ရှေ့နေများ

က ရက်ချိန်းတောင်းခံခြင်း ပြုသောအခါ၊ ယင်းတို့သည် ချိန်းဆိုသောနေ့တွင် မလာရောက်နိုင်က ကြိုတင်၍ မိမိကိုယ်စား အခြားရှေ့နေတဦး လိုက်ပါရန် မိမိဘာသာ အစီအစဉ်များ ပြုလုပ်ကြရန်ဖြစ်သဖြင့်၊ ခိုင်လုံသော အကြောင်းများ အထင်အရှား ရှိမှသာ ရက်ချိန်းကို တကြိမ်တခါသာ ခွင့်ပြုကြပြီး နောက်ရက်ချိန်းတွင် အမှုကို မဈျက်မကွက် စစ်ဆေးကြားနာကြရန် ညွှန်ကြားလိုက်ပါသည်။

အမိန့်အရ၊

အောင်တိုး၊

မော်ကွန်းထိန်း။

[၁၉၇၂ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့စွဲပါ တရားရုံးများညွှန်ကြားလွှာအမှတ် (၃)ကို၊ စက်ရှင်တရားသူကြီးများ၊ ခရိုင်ရာဇဝတ် တရားသူကြီးများ အားလုံးထံသို့ ထုတ်ဝေခဲ့ပါသည်]။

မိတ္တူ—

ရုံးအဖွဲ့မှူး၊ ဝန်ကြီးရုံးအဖွဲ့၊ တရားရေးဝန်ကြီးဌာန (အပိုမိတ္တူ ၁၅ စောင်ပူးတွဲလျက်)။

တိုင်းမင်းကြီးအားလုံး၊

တတိယ မော်ကွန်းထိန်း (၂)၊ နိုင်ငံတော် တရားရုံးချုပ် (မန္တလေးရုံးထိုင်)၊

နိုင်ငံတော် ရှေ့နေချုပ်ဌာန (အပိုမိတ္တူ ၂၀ စောင်ပူးတွဲလျက်)၊

နိုင်ငံတော်တရားရုံးချုပ်

၁၉၇၂ ခုနှစ်၊ တရားရုံးများ ညွှန်ကြားလွှာ အမှတ် ၅

၁၉၇၂ ခုနှစ်၊ ဇွန်လ ၂၉ ရက်။

မြန်မာနိုင်ငံရှိ တရားမ တရားသူကြီးများနှင့် ရာဇဝတ် တရားသူကြီးများအားလုံး ထံသို့-

အကြောင်းအရာ။ ။နိုင်ငံတော် တရားရုံးချုပ်မှ ဆားကြူလာ၊ တရားရုံးများ ညွှန်ကြားလွှာများ၊ ပုံသေ ပုံစံ ပြင်ဆင်ချက်များ၊ (တရားမ) (ရာဇဝတ်) နှင့် (အထွေထွေ) ထုတ်ပြန်ခြင်း။

အောက်ဖော်ပြပါ တရားရုံးများ ညွှန်ကြားလွှာများကို ၁၉၇၁ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်၍၊ တရားရုံးများ လက်စွဲ အပိုဒ် ၉၅၇ အရ၊ လိုက်နာဆောင်ရွက်ကြရန် ညွှန်ကြားလိုက်ပါသည်။

၁။ ခရိုင်တရားမနှင့် စက်ရှင် တရားသူကြီးများနှင့် ခရိုင် ရာဇဝတ် တရားသူကြီးများ အားလုံးထံသို့-

(က) တရားရုံးများညွှန်ကြားလွှာအမှတ် ၁။
(ခ) တရားရုံးများညွှန်ကြားလွှာအမှတ် ၂။

၂။ စက်ရှင် တရားသူကြီးများ၊ ခရိုင်ရာဇဝတ် တရားသူကြီးများနှင့် ရာဇဝတ် တရားသူကြီးများအားလုံးထံသို့-

(က) တရားရုံးများညွှန်ကြားလွှာအမှတ် ၄။

၃။ တရားမ တရားသူကြီးများနှင့် ရာဇဝတ် တရားသူကြီးများအားလုံး ထံသို့-

(က) တရားရုံးများညွှန်ကြားလွှာအမှတ် ၃။
(ခ) တရားရုံးများညွှန်ကြားလွှာအမှတ် ၅။

၄။ နိုင်ငံတော် တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၊ ရန်ကုန်မြို့ တရားမရုံး တရားသူကြီးချုပ်၊ မြန်မာနိုင်ငံရှိ ခရိုင် တရားမ တရားသူကြီးများ၊ ရာဘက်ခရိုင် တရားမ တရားသူကြီးများနှင့် ခရိုင် ရာဇဝတ် တရားသူကြီးများ–

(က) တရားရုံးများညွှန်ကြားလွှာအမှတ် ၆။

၅။ ခရိုင်တရားမနှင့် စက်ရှင် တရားသူကြီးများ၊ ရာဘက်ခရိုင် တရားမနှင့် စက်ရှင် တရားသူကြီးများ၊ ခရိုင် ရာဇဝတ် တရားသူကြီးများ၊ လက်ထောက် စက်ရှင် တရားသူကြီးများ၊ နိုင်ငံတော် တရားရုံးချုပ် (မန္တလေးရုံးထိုင်) နှင့် တွဲဘက် စက်ရှင် တရားသူကြီးများ–

(က) တရားရုံးများညွှန်ကြားလွှာအမှတ် ၇။

အမိန့်အရ၊

အောင်တိုး
မော်ကွန်းထိန်း။

မှတ်ချက်။ ။၁၉၇၁ ခုနှစ်အတွင်း လက်အောက်ခံရုံးများသို့ ပြန်တမ်းများထုတ်ပြန်ခဲ့ခြင်း မရှိပါ။ ဆာကြူလာ၊ ပုံသေပုံစံပြင်ဆင်ချက်များ (တရားမ) (ရာဇဝတ်) နှင့် (အထွေထွေ)တို့ကို လည်း ထုတ်ဝေခဲ့ခြင်းမရှိပါ။

နိုင်ငံတော်တရားရုံးချုပ်

၁၉၇၂ ခုနှစ်၊ တရားရုံးများ ညွှန်ကြားလွှာ အမှတ် ၆

ရန်ကုန်မြို့၊ ၁၉၇၂ ခုနှစ်၊ ဇွန်လ ၃၀ ရက်။

၁၃၃၄ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၅ ရက်။

ခရိုင်တရားမနှင့်စက်ရှင်တရားသူကြီးများ၊ ခရိုင်ရာဇဝတ်တရားသူကြီးများ၊ အထူးတရားသူကြီးများ၊ ရာဇဝတ်ခရိုင်တရားမနှင့် စက်ရှင်တရားသူကြီးများ၊ တွဲဘက်စက်ရှင်တရားသူကြီးများနှင့် လက်ထောက်စက်ရှင်တရားသူကြီးတို့ထံသို့——

အကြောင်းအရာ။ **။ပြစ်မှုကျူးလွန်သော ကလေးသူငယ်များကို တရားရုံးများက စစ်ဆေးစီရင်ရာတွင် သက်ဆိုင်ရာ ဥပဒေ ပြဋ္ဌာန်းချက်များနှင့် အညီသတိပြုလိုက်နာဆောင်ရွက်ရန်ကိစ္စ ။**

၁။ ပြစ်မှုကျူးလွန်သော ကလေးသူငယ်များကို တရားရုံးများက စစ်ဆေးစီရင်ရာတွင် သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ သတိပြု လိုက်နာဆောင်ရွက်ကြရန် အောက်ပါ တရားရုံးများ ညွှန်ကြားလွှာများ၌ ညွှန်ကြားခဲ့ပြီးဖြစ်ပါသည်။

(၁) ၁၉၄၇ ခုနှစ်၊ဖေဖော်ဝါရီလ ၈ ရက်နေ့စွဲပါ တရားရုံးများညွှန်ကြားလွှာ အမှတ် ၃/၄၇။

(၂) ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့စွဲပါ တရားရုံးများ ညွှန်ကြားလွှာ အမှတ် ၁၆/၄၇။

(၃) ၁၉၅၂ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့စွဲပါ တရားရုံးများညွှန်ကြားလွှာ အမှတ် ၁၃/၅၂။

(၄) ၁၉၆၀ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့စွဲပါ တရားရုံးများ ညွှန်ကြားလွှာ အမှတ် ၈/၆၀။

(၅) ၁၉၆၁ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့စွဲပါ တရားရုံးများ ညွှန်ကြားလွှာ အမှတ် ၁၉/၆၁။

(၆) ၁၉၆၃ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့စွဲပါ တရားရုံးများ ညွှန်ကြားလွှာ အမှတ် ၈/၆၃။

၂။ ယင်းကဲ့သို့ ညွှန်ကြားလွှာများကို ထုတ်ပြန်ခဲ့သော်လည်း၊ ၁၉၃၀ ပြည့်နှစ် ပြစ်မှုကျူးလွန်သော လူငယ်များ အက်ဥပဒေနှင့် ၁၉၅၅ ခုနှစ်၊ ကလေးသူငယ်များ အက်ဥပဒေတို့ပါပြဋ္ဌာန်းချက်များနှင့် တရားရုံးများ လက်စွဲ အခန်း ၂၄ ပါ ညွှန်ကြားချက်တို့တွင် ဖော်ပြပါရှိသော တရားရုံးများ၌ စီရင်ပိုင်ခွင့်နှင့် အမှုကိုင်တွယ် စစ်ဆေးပုံနည်းလမ်းများ၊ အမှုစစ်ဆေးနေစဉ် ထိန်းသိမ်းထားရှိပုံနှင့် ပြစ်ဒဏ် သတ်မှတ်ရာ၌ လိုက်နာရန် မှုများကို တရားသူကြီးများက ပြည့်ပြည့်စုံစုံ သိရှိနားလည်ရန် လိုအပ် ကြောင်း တွေ့ရှိရသဖြင့်၊ အောက်ပါ အချက်များကို အထူးဂရုပြု လေ့လာလိုက်နာ ဆောင်ရွက်ရန် ရှင်းလင်းဖော်ပြလိုက်ပါသည်—

(က) **ဥပဒေအာဏာတည်ရာဒေသ။** ။၁၉၃၀ ပြည့်နှစ်၊ ပြစ်မှု ကျူးလွန်သော လူငယ်များ အက်ဥပဒေနှင့် ၁၉၅၅ ခုနှစ်၊ ကလေးသူငယ်များ အက်ဥပဒေတို့သည် အောက်ပါ အတိုင်း အာဏာတည်ပါသည်—

ဥပဒေအမည်။	**အာဏာတည်ရာဒေသ။**	**စတင်အာဏာတည်သောနေ့။**
(၁) ၁၉၃၀ ပြည့်နှစ်၊ ပြစ်မှု ကျူးလွန်သောလူငယ်များ အက်ဥပဒေ။	(၁၉၅၅ခုနှစ်၊ ကလေးသူငယ်များ အက်ဥပဒေ အာဏာတည်သော ၁၁ ခရိုင်မှ အပ) မြန်မာပြည် တဝှမ်းလုံး။	၅-၄-၃၀
(၂) ၁၉၅၅ ခုနှစ်၊ ကလေးသူငယ်များ အက်ဥပဒေ	ရန်ကုန် ခရိုင်၊ ဟံသာဝတီ ခရိုင်၊ မှော်ဘီခရိုင်။	၁-၃-၅၈
	မန္တလေး ခရိုင်၊ ကျိုက်ခမီခရိုင်	၁-၃-၆၁
	စစ်ကိုင်း ခရိုင်၊ ကျောက်ဆည် ခရိုင်၊ မိတ္ထီလာခရိုင်၊ မြင်းခြံခရိုင်။	၁-၁၂-၆၁
	ပဲခူးခရိုင်၊ သာယာဝတီခရိုင်။	၁-၂-၆၂

(ခ) **စီရင်ပိုင်ခွင့်ရှိသော တရားရုံးများ။** ။ပြစ်မှု ကျူးလွန်သော ကလေးသူငယ်များကို စီရင်ပိုင်ခွင့် ရှိသော တရားရုံးများမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

(၁) ၁၉၃၀ ပြည့်နှစ်၊ ပြစ်မှု ကျူးလွန်သော လူငယ်များ အက်ဥပဒေ ပုဒ်မ ၁၀ အရ၊ စစ်ဆေး စီရင်ပိုင်ခွင့်ရှိသော တရားရုံးများ—

(ကက) နိုင်ငံတော် တရားရုံးချုပ်။

(ခခ) စက်ရှင်တရားရုံးများ။

(ဂဂ) ခရိုင်ရာဇဝတ်တရားရုံးများ။

(ဃဃ) နယ်ပိုင် ရာဇဝတ်တရားရုံးများ။

(ငင) သီးခြား အာဏာအပ်နှင်းခြင်းခံရသော ပထမတန်းရာဇဝတ် အာဏာရ ရာဇဝတ် တရားသူကြီးရုံးများ။

(၂) ၁၉၃၀ ပြည့်နှစ်၊ ပြစ်မှုကျူးလွန်သော လူငယ်များအက်ဥပဒေ ပုဒ်မ ၄ အရ၊ သေဒဏ်၊ သို့တည်း မဟုတ်တသက် တကျွန်း ဒဏ်ထိုက်သင့်သည့် ပြစ်မှုမှတပါး၊ အခြား မည်သည့်ပြစ်မှုကိုမဆိုခရိုင်ရာဇဝတ် တရားသူကြီးကသာ မဟုတ်၊ နယ်ပိုင်ရာဇဝတ် တရားသူကြီးနှင့် သီးခြား အာဏာ အပ်နှင်းခြင်းခံရသော ပထမတန်း ရာဇဝတ် အာဏာရ၊ ရာဇဝတ် တရားသူကြီးများကလည်း စစ်ဆေးစီရင် နိုင်ပါသည်။

(၃) ၁၉၅၅ ခုနှစ်၊ ကလေးသူငယ်များ အက်ဥပဒေ ပုဒ်မ ၃ နှင့် ၄ အရ၊ စစ်ဆေး စီရင်ပိုင်ခွင့်ရှိသော တရားရုံးများ—

(ကက) နိုင်ငံတော် တရားရုံးချုပ်။

(ခခ) စက်ရှင်တရားရုံးများ။

(ဂဂ) ခရိုင်ရာဇဝတ် တရားရုံးများ။

(ဃဃ) သီးခြားအာဏာအပ်နှင်းခြင်းခံရသော ပထမတန်း ရာဇဝတ် အာဏာရ၊ ရာဇဝတ် တရားသူကြီးရုံးများ။

(ငင) ကလေးသူငယ်တရားရုံးများ။

(၄) ၁၉၅၅ ခုနှစ်၊ ကလေးသူငယ်များအက်ဥပဒေ အာဏာတည်ရာဒေသတွင် ယင်းအက်ဥပဒေ ပုဒ်မ ၇ အရ၊ ဒေသတခုခုတွင် ကလေးသူငယ် တရားရုံး တည်ထောင်ထားပြီး ရှိလျှင်၊ ထိုကလေးသူငယ် တရားရုံးကသာ၊ ယင်းဒေသရှိကလေး သူငယ်များ ကျူးလွန်သော မူလအမှုများအားလုံးကို စစ်ဆေးစီရင်ရပါသည်။ အကယ်၍ ယင်းဒေသတွင် ကလေးသူငယ် တရားရုံး တည်ထောင်ထားပြီး မရှိလျှင် အဆိုပါ အက်ဥပဒေ ပုဒ်မ ၄ အရ၊ အာဏာ အပ်နှင်းခြင်းခံရသော တရားရုံး များကသာ ကလေးသူငယ်အမှုများကို စစ်ဆေးစီရင်ရပါမည်။

(ဂ) **ပြစ်မှု ကျူးလွန်သူ လူငယ်ဟူ၍ သတ်မှတ်ခြင်း။** ။၁၉၃၀ ပြည့်နှစ်၊ ပြစ်မှု ကျူးလွန်သောလူငယ်များ အက်ဥပဒေတွင် ငယ်ရွယ်သည့်ပြစ်မှု ကျူးလွန်သူများကို အသက် ၁၆ နှစ်အောက် တစားနှင့်အသက် ၁၆ နှစ်မှ ၁၉ နှစ်အောက်ထိ တစား ခွဲခြား သတ်မှတ်ထားပါသည်။ ၁၉၅၅ ခုနှစ်၊ ကလေးသူငယ်များ အက်ဥပဒေအရဆိုလျှင် ၁၆ နှစ်မပြည့်သေးသောသူကိုသာ ဆိုလိုပါသည်။

(ဃ) ပြစ်မှုကျူးလွန်သော ကလေးသူငယ်များကို စစ်ဆေးရန် နေရာ

(၁) ၁၉၃၀ ပြည့်နှစ်၊ ပြစ်မှုကျူးလွန်သော လူငယ်များ အက်ဥပဒေ ပုဒ်မ ၁၂ အရ၊ အသက် ၁၆ နှစ်အောက် ပြစ်မှုကျူးလွန်သော လူငယ်များကို အများရှေ့၌ မစစ်ဆေးရပါ။ အမှုစစ်ဆေးရာတွင် ရာဇဝတ် တရားသူကြီးသည် အခြား ရာဇဝတ်မှုများကို စစ်ဆေးနေကျဖြစ်သော အဆောက် အဦ၊ သို့မဟုတ် အခန်း၌ မစစ်ဆေးပဲ၊ အခြား သင့်လျော်ရာ နေရာတွင် ခေါ်ယူစစ်ဆေးရပါမည်။ အခြား ရာဇဝတ်မှုများမှ တရားခံများနှင့် ရောယှက်ခြင်း မရှိစေရန်လည်း စစ်ဆေးနေကျ မဟုတ်သောနေ့ရက်နှင့် အချိန်တွင် စစ်ဆေးရန်ဖြစ်ပါသည်။

(၂) တရားရုံးများ လက်စွဲ အပိုဒ် ၇၄၇ အရလည်း အသက် ၁၉ နှစ်၊ သို့မဟုတ် ၁၉ နှစ် အထက်ရှိသောသူနှင့် ပူးတွဲ၍ စစ်ဆေးစီရင်ခြင်း ခံနေရသူမဟုတ်လျှင်၊ အသက် ၁၆ နှစ်အောက် လူငယ် တဦးကိုတရားသူကြီး၏စဉ်းစားခန်းတွင် စစ်ဆေးရပါမည်။ အမှုစစ်ဆေးရာ၌လည်း တရားရုံးအခမ်းအနား တတ်နိုင်သမျှ မပါစေဘဲ ဆောင်ရွက်ရပါမည်။ အမှုစစ်ဆေးနေစဉ် မိမိရုံးမှ ဝန်ထမ်းများ၊သက်ဆိုင်ရာအရာရှိ၊ သက်ဆိုင်ရာ သက်သေနှင့် ငှါးရမ်းထားသော ရှေ့နေများမှ လွဲ၍ အခြား ပုဂ္ဂိုလ်များ မရှိစေရပါ။ မည်သည့်ပုဂ္ဂိုလ်မဆို စစ်ဆေးသော တရားသူကြီး၏ ခွင့်ပြုချက်ရမှသာ အမှုစစ်ဆေးနေဆဲတွင် ရုံးအတွင်း၌ နေခွင့်ရှိပါသည်။

(၃) ၁၉၅၅ ခုနှစ်၊ ကလေး သူငယ်များ အက်ဥပဒေ ပုဒ်မ ၁၃ အရ၊ ကလေးသူငယ် တရားရုံးသည် သတ်မှတ်ထားသော နေ့ရက်နှင့် နေရာတွင် ရုံးထိုင်ရပါမည်။ ကလေးသူငယ်ကို စစ်ဆေးရာတွင်

တရားရုံးသည် တတ်နိုင်သမျှ စစ်ဆေးနေကျ မဟုတ်သောအဆောက် အဦဖြစ်စေ၊ အခန်း၌ ဖြစ်စေ၊ စစ်ဆေးနေကျ မဟုတ်သော နေ့ရက်တွင်၊ သို့မဟုတ် အချိန်တွင် စစ်ဆေးစီရင်ရပါမည်။

(၄) ဖြစ်မှုကျူးလွန်သော ကလေး သူငယ်များကို ရဲစခန်းတွင် ထိန်းသိမ်းခိုက်တွင်ဖြစ်စေ၊ တရားရုံးသို့ ခေါ်ဆောင် လာခိုက်တွင် ဖြစ်စေ၊ တရားရုံး၌ စောင့်ဆိုင်းနေခိုက်တွင် ဖြစ်စေ ပြစ်မှုတခုခုဖြင့် စွဲဆိုခြင်းခံရသော အခြား လူကြီးများနှင့် ရောနှောထားခြင်း မပြုရပါ။ လက်ထိပ်ခတ်ခြင်း၊ ကြိုးနှင့် ချီနှောင်ခြင်းလည်း မပြုရပါ။ အကယ်၍ ကလေးသူငယ်သည် မိန်းကလေးဖြစ်ခဲ့သော် မိန်းမတဦး၏ အစောင့်အရှောက်ဖြင့် ထားရပါမည်။

(င) **ပြစ်မှုကျူးလွန်သော ကလေး သူငယ်များကို စစ်ဆေးရာ၌ လိုက်နာရန် ကျင့်ထုံးများ**

(၁) **အာမခံပေးခြင်း။** ။၁၉၃၀ ပြည့်နှစ် ပြစ်မှုကျူးလွန်သော လူငယ်များ အက်ဥပဒေပုဒ်မ ၉ (၁) အရ၊ မည်သည့်ပြစ်မှုကို ကျူးလွန်သော အသက် ၁၆ နှစ်အောက် လူငယ်ကိုမဆို တရားရုံးက သော်လည်းကောင်း၊ ပြည်သူ့ရဲတပ်ဖွဲ့ စခန်းမှူးက သော်လည်းကောင်း အာမခံပေးရပါမည်။ သို့ရာတွင် အာမခံပေးလျှင် တရားစီရင်ရေးကို အကျိုးဆုံးရှုံးစေလိမ့်မည် ဟူ၍လည်းကောင်း၊ သတင်း ကျော်ဇောသော လူဆိုးနှင့် ပေါင်းသင်းမည် ဟူ၍လည်းကောင်း ယုံကြည်ပါက အာမခံမပေးပဲ သတ်မှတ်ထားသော နည်းလမ်းအတိုင်း ထိန်းသိမ်းထားရပါမည်။ ထိန်းသိမ်း၍ မရနိုင်လောက်အောင်အလွန်ဆိုးသွမ်းသော ကလေးသူငယ် ဖြစ်မှသာ ရဲစခန်း အချုပ်၊ အကျဉ်းထောင် စသည်တို့တွင် ချုပ်ထားရပါမည်၊ ထိုကဲ့သို့ ဆိုးသွမ်းသူ မဟုတ်ပါက ရီမန်ဂေဟာ ရှိခဲ့လျှင် ရီမန်ဂေဟာတွင် ထိန်းသိမ်းထားရပါမည်။ ရီမန်ဂေဟာ မရှိခဲ့လျှင် စခန်းမှူး၊ သို့မဟုတ် ရီမန်ပေးသော ရုံးက တာဝန်ယူ ထိန်းသိမ်းနိုင်မည်ဟု ယူဆသော အမျိုးသမီးကြီး၊ သို့မဟုတ် အိမ်ထောင်ရှိသော ယောကျ်ား ထံ၌ ကလေး သူငယ်ကို အပ်နှံနိုင်ပါသည်။

(၂) ၁၉၅၅ ခုနှစ်၊ ကလေးသူငယ်များ အက်ဥပဒေ ပုဒ်မ ၄၁ အရလည်း ဘမ်းဆီးခြင်း ခံရသော ကလေးသူငယ်ကို ပြည်သူ့ရဲတပ်ဖွဲ့မှ ဒု-လုံခြုံရေးမှူး ရာထူးအဆင့်ထက် မနိမ့်သော ပြည်သူ့ရဲတပ်ဖွဲ့ အရာရှိက၊ အမှုရက်ချိန်းတွင် တရားရုံးသို့ တက်ရောက်ပါမည်ဟု ကလေးသူငယ်ကသော်လည်းကောင်း၊ ယင်း၏ မိဘ၊ သို့မဟုတ် အုပ်ထိန်းသူကသော်လည်းကောင်း ခံဝန်ချုပ် ချုပ်ဆိုလျှင် ထို ကလေးငယ်ကို လွှတ်ရပါမည်။ သို့ရာတွင် ကလေးသူငယ်သည် သတင်း ကျော်ဇောရှိသည့် လူဆိုးနှင့်ဖြစ်စေ၊ ပြည့်တန်ဆာနှင့် ဖြစ်စေ ရောနှောနေခြင်းမှ တားမြစ်ရန် လိုအပ်လျှင် ထိုကလေးကို ခံဝန်ချုပ်ဖြင့် လွှတ်မထားပဲ အနီးဆုံး ရိမန်ဂေဟာသို့ ဖြစ်စေ၊ သတ်မှတ်ထားသည့် အနီးဆုံး နေရာသို့ ဖြစ်စေ ပို့ထားရပါမည်။ ထိုနည်းတူစွာပင် ပုဒ်မ ၄၂ အရ၊ ခံဝန်ချုပ်ဖြင့် လွှတ်ထားခြင်း မခံရသော ကလေးသူငယ်ကို အမှုနှင့် စပ်လျဉ်း၍ စုံစမ်းနေဆဲ၊ သို့မဟုတ် စစ်ဆေးနေဆဲ အတွင်း၌ ရိမန်ဂေဟာသို့ ဖြစ်စေ၊ သတ်မှတ်ထားသော နေရာသို့ဖြစ်စေ ပို့ထားရပါမည်။

(၃) အမှုစစ်ဆေးခြင်း။ ။ပြစ်မှု ကျူးလွန်သော ကလေး သူငယ်များကို လူကြီးများနှင့် ပူးတွဲ၍ စစ်ဆေး စီရင်ခြင်း မပြုရပါ။ ပြစ်မှု ကျူးလွန်သော ကလေးသူငယ်များ၏ အမှုကို ဦးစားပေး၍ အမြန် ဆုံး စစ်ဆေးရပါမည်။ အမှုတင်သော နေ့တွင်ပင် ပြီးစီးအောင် အတတ်နိုင်ဆုံး ကြိုးစား ဆောင်ရွက်ရပါမည်။ သို့ရာတွင် ၁၉၅၅ ခုနှစ်၊ ကလေးသူငယ်များ အက်ဥပဒေ ပုဒ်မ ၁၁ (၂) အရ၊ သေဒဏ် ချမှတ်ထိုက်သော ပြစ်မှုများနှင့် ကလေးသူငယ်နှင့် လူကြီး ပူးတွဲ ကျူးလွန်၍ ခွဲမရသော အခြား ပြစ်မှုများတွင် ကလေး သူငယ်ကို ပုဒ်မ ၇၊ ပုဒ်မခွဲ (၂) တွင် ပြဋ္ဌာန်းထားသော ကျင့်ထုံး နှင့်အညီ လူကြီးနှင့် ပူးတွဲ၍ စစ်ဆေး စီရင်နိုင်ပါသည်။

(၄) ၁၉၅၅ ခုနှစ်၊ ကလေးသူငယ် များအက်ဥပဒေ ပုဒ်မ ၁၀ အရ၊ သေဒဏ်၊ သို့မဟုတ် တသက်တကျွန်းဒဏ်ထိုက်သော ပြစ်မှုများမှ တပါး အခြား အမှုများကို အယူခံခွင့်ရှိသော သမ္မာန်မှုများကို စစ်ဆေးစီရင်သည့်အတိုင်း၊ အကျဉ်းနည်းဖြင့် စစ်ဆေး စီရင်ရပါ မည်။ ၁၉၃၀ ပြည့်နှစ် ပြစ်မှုကျူးလွန်သော လူငယ်များ အက်

ဥပဒေအရ စစ်ဆေးရာတွင် ရာဇဝတ်ကျင့်ထုံးအရ သမ္မာန်မှုများကို သမ္မာန်မှု စစ်ဆေးနည်းအတိုင်း လည်းကောင်း၊ ဝရမ်းမှုကို ဝရမ်းမှု စစ်ဆေးနည်းအတိုင်း လည်း ကောင်း စစ်ဆေးစီရင်ရပါမည်။

(၅) ပြစ်မှုကျူးလွန်သော ကလေးသူငယ်များ၏ အမည်၊ နေရပ်၊ ကျောင်း နှင့် အခြား အကြောင်းအရာများကို သတင်းစာတွင် ထည့်သွင်း ဖော်ပြခြင်း မပြုရပါ။ ဓါတ်ပုံကိုလည်း ထုတ်ဝေခြင်း မပြုရပါ။

(စ) တရားရုံးကအမိန့်ချမှတ်ရာတွင်ထည့်သွင်းစဉ်းစားရန်အချက်များ

(၁) ၁၉၅၅ ခုနှစ်၊ ကလေးသူငယ်များ အက်ဥပဒေ ပုဒ်မ ၂၃ အရ၊ ကလေးသူငယ်များကို စစ်ဆေးပြီးနောက် အမိန့်ချမှတ်ရာ၌ အောက်ပါ အကြောင်းခြင်းရာများကို ထည့်သွင်း စဉ်းစားရပါမည်—

(ကက) ကလေးသူငယ်၏အသက်၊
(ခခ) ကလေးသူငယ် နေထိုင်သော ပတ်ဝန်းကျင် အခြေအနေ၊
(ဂဂ) ကလေးသူငယ် ကြီးကြပ်ခေးမှုးက၊ သို့မဟုတ် အခြားသူတဦး က တင်သွင်းသော အစီရင်ခံစာ။
(ဃဃ) ကလေးသူငယ်၏ အကျိုးငှါ ထည့်သွင်းစဉ်းစားရန် လိုအပ်သည့် အခြားအကြောင်းခြင်းရာများ။

(၂) ထိုနည်းတူစွာပင် ၁၉၃၀၊ ပြည့်နှစ်၊ ပြစ်မှုကျူးလွန်သော လူငယ်များ အက်ဥပဒေ ပုဒ်မ ၂၇ အရလည်း အောက်ပါ အချက်များကို ထည့်သွင်းစဉ်းစားရပါမည်။

(ကက) ကလေးသူငယ်၏ အကျင့်စာရိတ္တ၊
(ခခ) ကလေးသူငယ် နေထိုင်သော ပတ်ဝန်းကျင်အခြေအနေ။

(၃) ကလေးသူငယ်၏ အသက်ကို တရားရုံးက စစ်ဆေး၍ ဆုံးဖြတ်ပြီး မှတ်တမ်းတင် ထားရပါမည်။ အသက်ကိုစုံစမ်းရာ၌ တရားရုံးများလက်စွဲ အပိုဒ် ၇၅၇ ကို တိကျစွာ လိုက်နာရမည် ဖြစ် ပါသည်။

(ဆ) ပြစ်မှုကျူးလွန်သော ကလေးသူငယ်များအား ပြစ်ဒဏ်စီရင်ခြင်း

ပြစ်မှုကျူးလွန်သော ကလေးသူငယ်များကို အမိန့်ချမှတ်ရာ၌ အောက်ပါ အချက်များကို သတိပြု လိုက်နာဆောင်ရွက်ရပါမည်—

(၁) ၁၉၃၀ ပြည့်နှစ် ပြစ်မှုကျူးလွန်သော လူငယ်များ အက်ဥပဒေအရ အမိန့်ချခြင်း—

(ကက) ယင်းဥပဒေအရ သေဒဏ်၊ သို့မဟုတ် တသက်တကျွန်းဒဏ် ချမှတ်ခြင်းမပြုနိုင်ပါ။ ထောင်ဒဏ် ချမှတ်သည့်အခါ၊ ယင်းဥပဒေ ပုဒ်မ ၁၅ (၂) အရ၊ ၁၀ နှစ်ထက် ပိုသော ထောင်ဒဏ်ကိုမချမှတ်နိုင်ပါ။

(ခခ) တရားရုံးသည် ယင်းဥပဒေ ပုဒ်မ ၁၆ အရ ထောင်ဒဏ်အစား အခြား ပြစ်ဒဏ်များကို ချမှတ်နိုင်ပါသည်။

(ဂဂ) ပထမအကြိမ် ပြစ်မှုကျူးလွန်သော အသက် ၁၆ နှစ်အောက် ကလေးသူငယ်များ ဒဏ်ငွေ မဆောင်နိုင်လျှင် ယင်း ဥပဒေ ပုဒ်မ ၁၇ အရ၊ အမိန့်ချမှတ်နိုင်ပါသည်။

(ဃဃ) ပြစ်မှု ကျူးလွန်ခြင်း မရှိသေးသော်လည်း၊ အကျင့်ပျက်ရန် အကြောင်းရှိသော ၁၄ နှစ်အောက် ကလေးသူငယ် အပေါ်တွင် အဆိုပါ ဥပဒေ ပုဒ်မ ၂၀ အရ အမိန့်ချမှတ်နိုင်ပါသည်။ ထို့ပြင် ပြစ်မှုကျူးလွန်ရာတွင်ကလေးသူငယ်ကြောင့် ဆုံးရှုံးမှု၊ သို့မဟုတ် ပျက်စီးနစ်နာမှု ရှိလျှင် လျော်ကြေးငွေနှင့် တရားစရိတ်ကို ပေးရန် မိဘ၊ သို့မဟုတ် အုပ်ထိန်းသူများအပေါ်တွင်ပုဒ်မ ၂၂ အရ၊ အမိန့်ချမှတ်နိုင်ပါသည်။

(ငင) အမှုစစ်ဆေး စီရင်သော တရားရုံးသည် မိမိချမှတ်ထားသော ထိန်းသိမ်းရန် အမိန့်ကို ပုဒ်မ ၂၆ အရ၊ ပြင်ဆင်နိုင်ပါသည်။

(၂) ၁၉၅၅ ခုနှစ်၊ ကလေးသူငယ်များ အက်ဥပဒေအရ အမိန့်ချမှတ်ခြင်း

(ကက) ယင်းဥပဒေ ပုဒ်မ ၂၅ အရ၊ ၁၀ နှစ်ထက်မပိုသော ထောင်ဒဏ် ချမှတ်နိုင်ပါသည်။

(ခခ) တရားရုံးသည် ထောင်ဒဏ် ချမှတ်ခြင်းမပြုလျှင်၊ ယင်းဥပဒေ ပုဒ်မ ၂၆ အရ၊ ပြဋ္ဌာန်းထားသော အခြားအမိန့်များကို ချမှတ်နိုင်ပါသည်။

(ဂဂ) ပြစ်မှု ကျူးလွန်ခြင်း မရှိသေးသော်လည်း အကျင့်ပျက်ရန် အကြောင်းရှိသော ကလေးသူငယ် အပေါ်တွင် ပုဒ်မ ၂၇ အရ၊ အမိန့်ချမှတ်နိုင်သည်။

(ဃဃ) မိဘ၊ သို့မဟုတ် အုပ်ထိန်းသူများ အပေါ်တွင်လည်း ပုဒ်မ ၃၆ အရ၊ အမိန့်ချမှတ်နိုင်ပါသည်။

(ငင) အမှု စစ်ဆေး စီရင်သော တရားရုံးသည် မိမိချမှတ်သော အမိန့်ကို ပုဒ်မ ၃၇ အရ၊ ပြင်ဆင်နိုင်ပါသည်။

(၃) ပြစ်မှု ကျူးလွန်သော ကလေးသူငယ်များကို စစ်ဆေး စီရင်ရာ၌ ပြစ်မှုပေါ်မှာ အဓိကကြည့်၍ အမိန့်ချမှတ်ခြင်းကိုသာ မပြုပဲ ကလေးပေါ်တွင် မူတည်၍ အမိန့်ချမှတ်ခြင်းပြုရန် လိုအပ်ပါသည်။ ယင်း ကလေးများ၏ အခြေအနေ၊ စာရိတ္တအပေါ်မှာ ကြည့်ပြီး အမိန့် ချမှတ်ရန် လိုပါသည်။ ထို့ကြောင့် ကလေးသူငယ်များ ပြစ်မှု ကျူးလွန်လာလျှင်၊ ပြစ်မှု၏ ပမာဏတခုတည်းကိုသာ မူတည်ပြီး အမိန့်ချမှတ်ခြင်း မပြုသင့်ပါ။ ကလေးသူငယ်များကို တဘက်က ကာကွယ်ရန် အပိုင်းရှိခြင်း၊ ကလေး သူငယ်များကို မည်ကဲ့သို့ ပြုပြင်ရန် လိုအပ်သည်ဘို့ကို ချိန်ဆပြီးမှ စီရင်ရန် လိုအပ်သည် ကိုလည်း အသူးသတိချပ်သင့်ပါသည်။ ကလေးသူငယ်များ၏အခြေ အနေနှင့် စာရိတ္တပေါ်တွင် ကြည့်ပြီး အမိန့် ချမှတ်ရန် အလို့ငှါ၊ ညွှန်ကြားလွှာ အပိုဒ် (၈) အရ၊ ကလေးသူငယ် ကြီးကြပ်ရေးမှူး၏ အစီရင်ခံစာကို ထည့်သွင်း စဉ်းစားရန် လိုအပ်သဖြင့် ကြီးကြပ်ရေး မှူး ရှိလျှင် ကြီးကြပ်ရေးမှူးကိုလည်းကောင်း၊ မရှိလျှင် သက်ဆိုင်ရာ စခန်းမှူးကိုလည်းကောင်း၊ ကလေးသူငယ်၏ စာရိတ္တကို စုံစမ်း၍ အစီရင်ခံစာတင်ရန် ညွှန်ကြားရပါမည်။

(၈) ပြစ်မှုကျူးလွန်သော ကလေးသူငယ်များကို ဘော်စတယ်၊ သို့မဟုတ် ကလေးသူငယ် သင်တန်းကျောင်း၊ သို့မဟုတ် ရိမန်ဂေဟာသို့ပို့ခြင်း။

(၁) ၁၉၃၀ ပြည့်နှစ်၊ ပြစ်မှုကျူးလွန်သော လူငယ်များအက် ဥပဒေအရ၊ လိုက်နာဆောင်ရွက်ခြင်း။

(ကက) ယင်းဥပဒေ ပုဒ်မ ၂၄ အရ၊ **၁၆ နှစ်အောက် လူငယ်ကို** သင်တန်းကျောင်းသို့ ပို့ရန် အမိန့်ချမှတ်သည့်အခါ၊ ကလေး၏

အသက်၊ ဘာသာနှင့် အဆင့်အတန်းကို စဉ်းစား၍ ချင့်ချိန်
သင့်တော်သော ကျောင်းကို ရွေးချယ်၍၊ ကျောင်းအမည်
အတိအကျ ရွေးရပါမည်။

(ခခ) ယင်းဥပဒေပုဒ်မ ၂၅ အရ၊ အခြားရာဇဝတ်ရုံးများက အသ
၁၆ နှစ်နှင့် ၁၉ နှစ်အကြားရှိ၊ ပြစ်မှုကျူးလွန်သော သူမျာ
အကျဉ်းထောင်သို့ ပို့မည့်အစား၊ ဘော်စတယ်ကျောင်းသို့ ပို့
သည်ဟု ယူဆလျှင်၊ **အနည်းဆုံးအသက် ၄ နှစ်၊ အများ
အသက် ၂၃ နှစ်ပြည့်သည့်ကာလအထိ ပို့နိုင်ပါသည်။**

(ဂဂ) ပြစ်မှုကျူးလွန်သော လူငယ်များကို ဘော်စတယ် ကျောင်
ဖြစ်စေ၊ အထက်တန်းကျောင်းသို့ ဖြစ်စေ၊ ထောင်သို့ ဖြ
ပို့သည့်အခါ၊ တရားရုံးများလက်စွဲ အပိုဒ် ၇၄၉ နှင့် ၇၅၀ ‹
တိကျစွာ လိုက်နာဆောင်ရွက် ရပါမည်။

တရားရုံးများလက်စွဲ အပိုဒ် ၇၅၀ (၁)အရ၊ ပြစ်မှုကျူ
သည့်လူငယ် ယောကျ်ားကလေးကို ဘော်စတယ်ကျောင်
မဟုတ် အထက်တန်းကျောင်းသို့ ပို့သည့်အခါတွင် မူလစီ
ခွင့်ရုံး၏ အမိန့် မိတ္တူကိုလည်းကောင်း၊ အယူခံရုံး၏ :
မိတ္တူကို လည်းကောင်း ကျောင်းအုပ်ထံ ပို့ရပါမည်။ အပိုဒ်
(၂)အရ၊ အသက် ၁၆ နှစ်နှင့် ၁၉ နှစ်အကြားရှိ ပြစ်မှုကျူ
သူများကို ထောင်သို့ ပို့သည့်အခါ ထောင်အမည်ကို ရေး
အမိန့်မိတ္တူနှင့်တကွ တရားရေး ဝန်ကြီးဌာနသို့ ပို့ရမည်။
၇၅၀ (၃)အရ၊ အသက် ၁၆ နှစ်နှင့် ၁၉ နှစ်အကြား
ထောင်ဒဏ် ပေးမည့်အစား၊ ဘော်စတယ်ကျောင်းသို့ ပ
သည်။ သို့သော် တရားရုံးများလက်စွဲ အပိုဒ် ၇၄၉ (၂
တရားခံအား ထောင်ဒဏ် ချမှတ်ရန် ဆုံးဖြတ်လျှင် ဘော်
ကျောင်းသို့ပို့သော အခြားနည်း ပြစ်ဒဏ်ကို ထိုက်သ
လျော်စွာ စဉ်းစားဆင်ခြင်ပြီး ဖြစ်၍၊ ပယ်ပြီးဖြစ်ကြေ
စီရင်ချက်တွင် ရေးမှတ်ရမည့်ပြင်၊ စီရင်ချက် မိတ္တူတ
လည်း တရားရေး ဝန်ကြီးဌာနသို့ ပေးပို့ရပါမည်။
အစိုးရက ထိုပြစ်မှုကျူးလွန်သော ကလေးသူငယ်အား
စတယ်ကျောင်းသို့ပို့ရန်သင့် မသင့် စဉ်းစား ဆုံးဖြတ်နိုင်
ထောင်ပို့ ဝရမ်းတွင် အကျဉ်းသမားသည် အသက်

နှင့် ၁၉ နှစ်အကြား ရှိသည်ဟု ယူဆ၍အမိန့်မိတ္တူကိုလည်း ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရထံ ပေးပို့ပြီးဟု မင်နီဖြင့် ရေးမှတ်ရပါမည်။

(ဃဃ) တရားရုံးများလက်စွဲ အပိုဒ် ၇၆၂ အရ၊ ပြစ်မှုကျူးလွန်သော ကလေးသည် အသက် ၁၆ နှစ်အောက် ဖြစ်ခဲ့ပါမူ၊ အထက်တန်းသင်တန်းကျောင်းတွင် ၃ နှစ်ထက်မနည်း ထိန်းသိမ်းရန် ဖြစ်ပါသည်။သို့သော်အသက် ၁၉ နှစ်ထက် မကျော်စေရပါ။

(ငင) တရားရုံးများလက်စွဲ အပိုဒ် ၇၅၉ နှင့် ၇၆၄ အရ၊ အသက် ၁၄ နှစ်ပြည့်၍၊ ၁၉ နှစ်မပြည့်သေးသည့် ပြစ်မှုကျူးလွန်သော ကလေးများကို ထောင်ဒဏ်၊ သို့မဟုတ် တသက်တကျွန်းဒဏ် အမိန့် ချမှတ်သည့်အခါ မိတ္ထီလာ လူလတ်ထောင်သို့ပို့ရပါမည်။ မိတ္ထီလာ လူလတ်ထောင်သို့ မပို့မီ၊ တရားရုံးသည် ထိုလူငယ်၏ အသက်ကို ထောင်ပို့ ဝရမ်းပေါ်တွင် မင်နီဖြင့် ရေးမှတ်ရပါမည်။

(၂) ၁၉၅၅ ခုနှစ်၊ ကလေးသူငယ်များ အက်ဥပဒေအရ လိုက်နာဆောင်ရွက်ခြင်း—

(ကက) ယင်းဥပဒေပုဒ်မ ၅၆ အရ၊ ပြစ်မှုကျူးလွန်သော ကလေးသူငယ်အား ရိမန်ဂေဟာသို့ ပို့သောအခါ၊ တရားရုံး၏ ရိမန်ဖြင့် အတူ ထိုကလေးသူငယ်ကိုဂေဟာမှူးထံ ပေးအပ်ရပါမည်။ဂေဟာမှူးသည် ရိမန်အမိန့်တွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ရိမန်ဂေဟာ၌ ထိန်းသိမ်းထားရပါမည်။

(ခခ) ယင်းဥပဒေပုဒ်မ ၆၇ အရ၊ကလေးသူငယ်ကိုကြီးကြပ်ရေးမှူး၊သို့မဟုတ်အခြားတဦးဦး၏ ကြီးကြပ်စီမံမှုကို ခံယူ၍နေထိုင်ရန်တရားရုံးကအမိန့်ချမှတ်သောအခါ ထိုအမိန့်တည်ဆဲကာလအတွင်းတွင် အမိန့်ပါ ကြီးကြပ်ရေးမှူး၊သို့မဟုတ် အခြားသူသည်ထိုကလေးကို ကြည့်ရှုခြင်း၊ ဆုံးမခြင်း၊ မိတ်ဆွေအဖြစ်ဆက်ဆံခြင်းပြုရပါမည်။

ကလေးသူငယ်၏ ကောင်းကျိုးအတွက် လိုအပ်လျှင် အသက် ၁၆ နှစ် မပြည့်သေးပါက၊ မည်သည့်အခါမဆို စီရင်ပိုင်ခွင့်ရှိသော တရားရုံးသို့ ယင်းပုဂ္ဂိုလ်များက ခေါ်ဆောင် လာနိုင် ပါသည်။ ထိုအခါ တရားရုံးက ကလေးကို သင်တန်းကျောင်း၊ သို့မဟုတ် သင့်တော်သူ တဦးထံသို့ ပို့ရန်အမိန့် ချမှတ်နိုင်ပါသည်။

(ဈ) အသက် ၁၆ နှစ်အောက် ပြစ်မှုကျူးလွန်သော ကလေးသူငယ်များကို အောက်ပါ သင်တန်းကျောင်းသို့ ပို့နိုင်ပါသည်—

(ကက) သရက်မြို့၊ စာရိတ္တပြုပြင်ရေး အထက်တန်းသင်တန်းကျောင်း၊
(ခခ) ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရားလမ်း လူငယ်များ သင်တန်းကျောင်း၊
(ဂဂ) ရန်ကုန်မြို့၊ အင်းယားလမ်း လူငယ်များ သင်တန်းကျောင်း၊ (အသက် ၁၂ နှစ်အောက် ကလေးများသာ)။
(ဃဃ) ရန်ကုန်မြို့၊ ဒူးဘန်းလမ်း၊ အမျိုးသမီးသင်တန်းကျောင်း၊
(ငင) ရန်ကုန်မြို့၊ နတ်မောက်လမ်း၊ အမျိုးသမီးသင်တန်းကျောင်း၊
(စစ) မန္တလေးမြို့၊ လူငယ်များ သင်တန်းကျောင်း၊
(ဆဆ) မန္တလေးမြို့၊ အမျိုးသမီးသင်တန်းကျောင်း၊
(ဇဇ) မော်လမြိုင်မြို့၊ လူငယ်များသင်တန်းကျောင်း၊
(ဈဈ) လက်ပံတန်းမြို့၊ တွဲဘက်သင်တန်းကျောင်း၊

(ည) အသက် ၁၆ နှစ်ပြည့်ပြီး၊ ၁၉ နှစ်အောက် လူငယ်များကို သရက်မြို့၊ ဘော်စတယ်ကျောင်းသို့ ပို့နိုင်ပါသည်။

(ဋ) ၁၉၅၅ ခုနှစ်၊ ကလေးသူငယ်များ အက်ဥပဒေပုဒ်မ ၁၀ (၃) နှင့် (၄) တို့အရ၊ ရန်ကုန်မြို့ရှိ ကလေးသူငယ် တရားရုံးမှ ချမှတ်သည့်အမိန့်ကို နိုင်ငံတော် တရားရုံးချုပ်သို့သာ အယူခံဝင်ခွင့်ရှိကြောင်း၊ ရန်ကုန်မြို့မှအပ၊ ကျန်မြို့များရှိ ကလေး သူငယ်တရားရုံးမှ ချမှတ်သော အမိန့်ကို သက်ဆိုင်ရာ စက်ရှင်ရုံးသို့ အယူခံဝင်ရမည် ဖြစ်ကြောင်း ရှင်းလင်းပြောပြရန်လိုပါသည်။

၃။ သို့ဖြစ်ပါ၍၊ ပြစ်မှု ကျူးလွန်သော ကလေးသူငယ် များကို စစ်ဆေးစီရင်ကြသော တရားသူကြီးများသည် အထက်တွင်ဖော်ပြပါ ရှင်းလင်းချက်များနှင့် သက်ဆိုင်ရာဥပဒေများကို ကျေညက်စွာလေ့လာ၍ လိုက်နာကျင့်သုံးကြရန်အတွက် မိမိတာဝန်ယူရသော ခရိုင်အတွင်းရှိ တရားသူကြီးများ အားလုံးကို ရှင်းလင်းညွှန်ကြားရန်နှင့် ယင်းကဲ့သို့ ဆောင်ရွက်ပြီးသောအခါ ပြီးစီးကြောင်းကို နိုင်ငံတော် တရားရုံးချုပ်သို့ ပြန်လည်အစီရင်ခံရန် ညွှန်ကြားလိုက်သည်။

အမိန့်အရ၊

အောင်တိုး၊
မော်က နန်းထိန်း။

[၁၉၇၂ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့စွဲပါ တရားရုံးများညွှန်ကြားလွှာအမှတ် ၅ ကို မြန်မာနိုင်ငံရှိ တရားမတရားသူကြီးများနှင့် ရာဇဝတ်တရားသူကြီးများ အားလုံးတို့ထံသို့ ထုတ်ဝေခဲ့ပါသည်။]

မိတ္တူ—

ရုံးအဖွဲ့မှူး၊ ဝန်ကြီးရုံးအဖွဲ့၊ တရားရေးဝန်ကြီးဌာန (အပို့မိတ္တူ ၁၅ စောင်ပူးတွဲလျက်)၊

တတိယ မော်ကွန်းထိန်း (၂)၊ အယူခံဘက်ဌာန၊ နိုင်ငံတော် တရားရုံးချုပ် (မန္တလေးရုံးထိုင်)၊

ရာဘက်ခရိုင် ရာဇဝတ်တရားသူကြီး၊ ကျိုင်းတုံမြို့၊

တိုင်းမင်းကြီးအားလုံး၊

လူမှုဝန်ထမ်း ဝန်ကြီးဌာန၊

နိုင်ငံတော် ရှေ့နေချုပ်ဌာန (အပိုမိတ္တူ ၂၀ စောင်ပူးတွဲလျက်)၊

အကျဉ်း ဦးစီးဌာန။

ပြည်သူ့တရားပြည်သူစီရင်ခြင်း

တရားစီရင်ရေးဆိုင်ရာ ဆွေးနွေးပွဲကို မကွေးမြို့တွင် ဧပြီလ ၃ ရက်နေ့က ပြုလုပ်ရာ နိုင်ငံတော် တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်နှင့်အဖွဲ့ဝင်များ၊ ဒေသခံ တရားရေး ဝန်ထမ်းများ၊ ရှေ့နေများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြ၏။

ဆွေးနွေးပွဲတွင် နိုင်ငံတော် တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်က ယခုအခါ အခြေခံကျသော ဖွဲ့စည်းပုံ ပြောင်းလဲမှုများကို ပြုလုပ်လျက် အုပ်ချုပ်ရေး စနစ်သစ်ကို ပြဋ္ဌာန်းလိုက်ပြီဖြစ်ကြောင်း၊ ပြည်သူ့တရား ပြည်သူစီရင်ခြင်းသည်၊ နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြည်သူတို့က အတည်ပြုပြဋ္ဌာန်းပြီးသောအခါ ပေါ်ပေါက်လာမည့်ပြည်သူ့ အချုပ်အခြာအာဏာ စနစ်၏ ရှေ့ပြေးများဖြစ်ကြောင်း။

ပြည်သူ့ဆန္ဒ

အခြေခံဥပဒေ ပထမမူကြမ်းကို ရေးဆွဲကြရာတွင် ပြည်သူတို့က အထူး စိတ်ဝင်စားစွာ ဆွေးနွေး အကြံပြုခဲ့ကြကြောင်း၊ ပြည်သူ့ကိုယ်စားလှယ်များက အဖွဲ့များဖြင့် တရားစီရင်ခြင်းသည် အများ၏ ဆန္ဒတောင့်တချက် ဖြစ်ကြောင်း။

ရိုးရာစနစ်

ကျေးရွာ၊ ရပ်ကွက်မှ လူကြီးသူမများ ရပ်ရွာ အရေးအခင်း ကိစ္စတို့ကို ဆုံးဖြတ်ပေးခြင်း၊ ဖျန်ဖြေပေးခြင်းသည် မြန်မာ့ရိုးရာ စနစ်ဖြစ်ကြောင်း၊ ယင်းစနစ်သည် ခရီးစရိတ် အကုန်အကျ အလုပ်အကိုင်ပျက်နည်းပြီး မြန်မြန်နှင့် မျှမျှတတ နှစ်ဘက်လက်ခံနိုင်သည့် တရားကို ဖြစ်ထွန်းစေကြောင်း၊ ရပ်ရွာ စည်းလုံးရေးကို အကျိုးပြုကြောင်း၊ ယခုထက်တိုင်လည်း မြန်မာ့ရိုးရာ မပျောက်သေးသော ဒေသများ၊ တောင်ပေါ် ဒေသများတွင် လူကြီးများက အများလက်ခံ နားလည်သောတရားကို စီရင်ပေးနေကြသေးကြောင်း၊ ထို့ကြောင့် ပြည်သူ့တရား ပြည်သူ စီရင်ခြင်းသည် ရိုးရာစနစ်ကိုခေတ်နှင့်လျော်ညီအောင် ပြုပြင်ဖေါ်ထုတ်ခြင်းသာ ဖြစ်ကြောင်း။

လိုမြဲ

ပြည်သူ့တရား ပြည်သူစီရင်သောအခါ တရားရေး ဝန်ထမ်းများ၊ ရှေ့နေများ၊ လုပ်ငန်းဆောင်တာ ပျောက်ကွယ် တိမ်မြုပ်သွားကြမည် မဟုတ်ကြောင်း၊ ပြည်သူ့

၁၉၇၂ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့ထုတ် “လုပ်သားပြည်သူ့နေ့စဉ်သတင်းစာမှသတင်း”။

တရားသူကြီးများကို ထောက်ကူခြင်း၊ တရားဥပဒေ လုပ်ထုံးလုပ်နည်းများကို တင်ပြခြင်း၊ ပြည်သူ့ နှုံးရိုးများကို ဆုံးဖြတ်စီရင်သည်ကို ဆောင်ရွက် ပေးခြင်း စသည်တို့ကို လုပ်ကြရမည် ဖြစ်ကြောင်း၊ ပြည်သူ့တရားစီရင်ရေး စနစ်ကို မဖြစ်မနေ တည်ဆောက်ကြမည်ဟူသော စေတနာကို ရှေ့ထားကြသော ဝန်ထမ်းများ ရှေ့နေများ အများအပြား အမြဲ လိုနေမည်သာဖြစ်ကြောင်း၊ ဝန်ထမ်းများ၊ ရှေ့နေများကလည်း ဆော်ဩခြင်း၊ စည်းရုံးခြင်း၊ မိမိတို့၏ ပညာကျွမ်းကျင်မှုကို မထိန်မဝှက် ရိုးသားစွာ တင်ပြခြင်းတို့ဖြင့် ပြည်သူ့တရားစီရင်ရေး စနစ် အောင်မြင်အောင် ကြိုးစားကြရန် လိုအပ်ကြောင်း။

ယုံကြည်စွာလက်တွဲ

စီမံခန့်ခွဲမှုအာဏာ၊ တရားစီရင်ရေး အာဏာ စသော နိုင်ငံတော် အာဏာရပ်တို့ကို တိုက်ရိုက် ကိုင်တွယ် ကျင့်သုံးလာကြသော ပြည်သူ့ ကိုယ်စားလှယ်တော်ကြီးများကလည်း ပြည်သူ့ဝန်ထမ်း၊ တရားရေး ဝန်ထမ်းတို့အပေါ် မကောင်းသော အစွဲအလမ်းမထားပဲ ယုံယုံကြည်ကြည် တာဝန်ပေး လက်တွဲ လုပ်ကိုင်ကြရန် သင့်ကြောင်း၊ ထိုအတိုင်းပင် ပါတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး နေဝင်းက ဗဟို ကော်မီတီအစည်း အဝေးတွင် မကြာမီက မှာကြားခဲ့ကြောင်း၊ ဝန်ထမ်းများသည်လည်း ပြည်သူပြည်သားများပင် ဖြစ်ကြသဖြင့် ပြည်ချစ်စိတ် ရှိသူများ ဖြစ်ကြကြောင်း။

စနစ်သစ် တည်ဆောက်နေသည့် ကာလတွင်လည်း နက်ဖြန်ကိုမျှော်၍ ယနေ့ကို ခမ့်မထားပဲ နေ့စဉ် လုပ်ငန်းများကို ကြိုးစား တက်ကြွစွာ ဆုပ်ကိုင်ကြရန် လိုအပ်ကြောင်း၊ ဖွဲ့စည်းပုံ ဦးတည်ချက် ပြောင်းစေကာမူ စည်းကမ်းတကျ ညီညွတ်သော လုပ်ထုံးနှင့် လုပ်မှသာ စနစ်သစ်သည် အောင်မြင်မည် ဖြစ်ကြောင်း စသည်ဖြင့် ဆွေးနွေးပြောကြားသွား၏။

ပြည်သူ့တရားစီရင်ရေး ချောမွေ့ပြေပြစ်ရေး*

မြန်မာနိုင်ငံ တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်နှင့် အဖွဲ့ဝင်များသည်
ဧပြီလ ၃ ရက်နေ့က မကွေးမြို့ဒေသခံ တရားရေး ဝန်ထမ်းများ၊ ရှေ့နေများ၊ ဘိတ်
ကြားထားသော ဧည့်သည်များနှင့် တွေ့ဆုံကာ တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များက
ဆွေးနွေးသွားပေသည်။

ယင်း ဆွေးနွေးပွဲတွင် ဒေါက်တာ မောင်မောင်က နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်
အခြေခံ ဥပဒေကို ပြည်သူတို့က အတည်ပြုပြဋ္ဌာန်းပြီးသော အခါ၌ ပေါ်ပေါက်လာမ
ပြည်သူ့ တရားစီရင်ရေး ကိစ္စကို အထူးသဖြင့် ရှင်းလင်းဆွေးနွေးသွားပေသည်။

ပြည်သူ့တရားစီရင်ရေးမှာ စင်စစ် မြန်မာနိုင်ငံ အဘို့ မတွေ့ဘူးမကြုံဘူးသ
ကိစ္စမဟုတ်ချေ၊ ကျေးရွာများ ရပ်ကွက်များတွင် ရပ်ရွာအရေးအခင်း ကိစ္စတို
ရပ်ရွာအတွင်းရှိ လူကြီးသူမများက ဆုံးဖြတ်ပေးခြင်း၊ ဖြန်ဖြေပေးခြင်း စသည့်တို့မှ
ရှေးအစဉ်အလာ ကတည်းကပင် ကျင့်သုံးလာခဲ့သော ရိုးရာစနစ် ဖြစ်ပေသည်။

ယင်းစနစ်သည် စရိုတ်အကုန်အကျနှင့် အလုပ်အကိုင်ပျက်မှု နည်းပါးပြီး မြန်
နှင့် မျှမျှတတ နှစ်ဘက် လက်ခံနိုင်သည့် တရားကို ဖြစ်ထွန်းစေသည့်အတွက် အဘ
ဘက်မှ ကောင်းမွန်သည့် စနစ်ဖြစ်ပေသည်။

သို့ရာတွင် မြန်မာနိုင်ငံ၏ ကုန်လုပ်ဆက်ဆံရေးသည် ရှေးကနှင့် မတူတော့
အဆင့်ဆင့် ပြောင်းလဲခဲ့ပြီ ဖြစ်သည့် အလျောက် လူတဦးနှင့်တဦး၊ လူတစုနှင့်ဝ
ဆက်ဆံမှုများကို လွှမ်းမိုးသည့် တရားများသည်လည်း ပြောင်းလဲခဲ့ပြီ ဖြစ်သ
တနည်းအားဖြင့် ဆိုရသော် လူတဦးနှင့်တဦး၊ လူတစုနှင့်တစု အကြား ဖြစ်ပွါးသ
ပြဿနာများမှာ ရှေးကကဲ့သို့ ရိုးရိုးစင်းစင်း မဟုတ်တော့ဘဲ ရှုပ်ထွေးလာခဲ့ပြီ
သည်။ ထို့ကြောင့် ယင်းသို့ ရှုပ်ထွေးသည့် ပြဿနာများကို ဖြေရှင်းရာတွင် လိုက်
အပ်သည့် စည်းမျဉ်းဥပဒေများလည်း အသစ်သစ် ပေါ်ထွက်လာခဲ့ရပေသည်။

ယင်းသို့ ခေတ်နှင့်အညီ ပေါ်ပေါက် တည်ရှိနေသော ဥပဒေများ၊ စည်းမ
များနှင့် လျော်ညီစွာ စီရင်ဆုံးဖြတ်နိုင်ဘို့ဆိုလျှင် တရားစီရင်ရေး အာဏာကို ကျင့်
ရမည့် ပြည်သူ့ ကိုယ်စားလှယ်များသည် ဥပဒေကျွမ်းကျင်သူများ ဖြစ်သည့် တ
ရေး ဝန်ထမ်းများနှင့် ရှေ့နေရှေ့ရပ်များ၏ အကူအညီကို မုချရယူရပေဦးမည်ဖြစ်သ

*၁၉၇၂ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့ထုတ် "မြန်မာ့အလင်းသတင်းစာ" မှ ကောက်နုတ်ဖေ
သည်။

ထို့ကြောင့် ပြည်သူ့ကိုယ်စားလှယ်များ အနေဖြင့် စီမံခန့်ခွဲမှု အာဏာ၊ တရားစီရင်ရေး အာဏာစသော နိုင်ငံတော် အာဏာရပ်တို့ကို ကိုင်တွယ် ကျင့်သုံးလာသည့်အခါ၌ ပြည်သူ့ဝန်ထမ်း၊ တရားရေး ဝန်ထမ်းများအပေါ် အစွဲအလမ်းမကြီးပဲ ယုံယုံကြည်ကြည် တာဝန်ပေး လက်တွဲလုပ်ကိုင်သွားသင့်ကြောင်းဖြင့် နိုင်ငံတော်တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်က သတိပေး ညွှန်ပြသွားပေရာ၊ ယင်းညွှန်ပြချက်ကို ပြည်သူတို့ အလေးအနက် သဘောပေါက်သည်နှင့်အမျှ ပြည်သူ့တရားစီရင်ရေးသည်လည်း ချောမွေ့မည် ကေန်ဖြစ်ပေသည်။

ပြည်သူ့ တရားစီရင်ရေးစနစ် အောင်မြင်ထမြောက်ရေး *

မျာမကြာမီက မကွေးမြို့တွင် ကျင်းပသည့် တရားစီရင်ရေးဆိုင်ရာ ဆွေးနွေးပွဲ၌ နိုင်ငံတော် တရားသူကြီးချုပ်က ဒေသခံ တရားရေး ဝန်ထမ်းများ၊ ရှေ့နေများ၊ ဧည့်သည်များနှင့် ဆွေးနွေးရာတွင် ယခုအခါ အခြေခံကျသော ဖွဲ့စည်းပုံ ပြောင်းလဲမှုများကို ပြုလုပ်လျက်၊ အုပ်ချုပ်ရေး စနစ်သစ်ကိုပြဋ္ဌာန်းလိုက်ပြီဖြစ်ကြောင်း၊ ပြည်သူ့ တရား ပြည်သူစီရင်ခြင်းသည် နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြည်သူတို့က အတည်ပြု ပြဋ္ဌာန်းပြီးသော အခါ၌ ပေါ်ပေါက်လာမည့် ပြည်သူ့အချုပ်အခြာ အာဏာစနစ်၏ ရှေ့ပြေးများ ဖြစ်ကြောင်းဖြင့် တင်ပြဆွေးနွေးသွားပေသည်။

ဆိုရှယ်လစ် ဒီမိုကရေစီ နိုင်ငံတော် တရပ်၌ရှိအပ်သည့် တရားဥပဒေများကို မပြဋ္ဌာန်းနိုင်မီ လက်ရှိ တရားဥပဒေများကိုပင် ဆက်လက်ကျင့်သုံးရန် တော်လှန်ရေးကောင်စီကခွင့်ပြုထားရသော်လည်း၊ တရားစီရင်ရေးစနစ်ကို အခြေခံ အတွေးအခေါ်မှ အစ တရားရုံးအနေအထား၊ ပုံသဏ္ဌာန်အထိ ပြုပြင်မှုကိုမူ လုပ်ဆောင်ခဲ့ပေသည်။ အတွေးအခေါ်နှင့် ပတ်သက်၍ တရားရုံးများ၏သစ္စာသည် နေရှင်၊ မြေရှင်၊ အရင်းရှင်ကြီးများ၌ မတည်စေရပဲ လုပ်သားပြည်သူတို့၌ တည်စေရမည်။ တရားဥပဒေများသည်လည်း ခေါင်းပုံဖြတ် လူတန်းစားများ၏ အကျိုးကိုမပြုစေပဲ လုပ်သားပြည်သူများ၏ အကျိုးကို ပြုစေရမည်ဟူသောအခြေခံသဘောကို လက်တွေ့အားဖြင့် အသက်သွင်းပေးခဲ့သည်။ ထို့ပြင်လည်း အထူးရာဇဝတ်ရုံး ဥပဒေကို ပြဋ္ဌာန်းကာ မြန်မာနိုင်ငံ အနှံ့အပြားတွင် အရေးကြီးသော မှုခင်းကြီးများကို ကိုင်တွယ်ဖြေရှင်းပေးလျက်ရှိပေသည်။

တရားစီရင်ရေးတွင်လည်း တရားသူကြီး တဦးတယောက်တည်းကသာ စစ်ဆေးသည့်နည်းမျိုး မဟုတ်တော့ပဲ ဆိုရှယ်လစ် ဒီမိုကရေစီ အုပ်ချုပ်ရေးယန္တရား ဖေါ်ထုတ်ရေးကို ရှေ့ရှုကာ ဒေသပြည်သူ့တရားရုံး၊ ဒေသပြည်သူ့ အယူခံရုံး၊ အထူးရာဇဝတ်ရုံး၊ အထူးရာဇဝတ်ရုံး အယူခံအဖွဲ့ စသည်ဖြင့် ဖွဲ့စည်းဆောင်ရွက်လျက် ရှိသည်။ ထိုသို့သော တရားစီရင်ရေးအဖွဲ့များတွင်လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မီတီမှကိုယ်စားလှယ်၊ပြည်သူ့အလုပ်သမားကောင်စီမှ ကိုယ်စားလှယ်၊ ပြည်သူ့ တောင်သူလယ်သမားကောင်စီမှ ကိုယ်စားလှယ် အစရှိသော ပြည်သူ့ ကိုယ်စားလှယ်များ ပါဝင်စေကာ၊တရားစီရင်ခြင်းမျိုးဖြစ်ကြောင်းတွေ့ရှိရသည်။ တိုင်းရင်းသားလုပ်သားပြည်သူတို့၏ကိုယ်စားလှယ်များ ပါဝင်သည့် မြေယာအမှုအခင်းများ၊ စီရင်ပိုင်ခွင့်ရှိသော မြေယာကော်မီတီများနှင့် အလုပ်သမားရေးရာ အမှုအခင်းများစီရင်ဆုံးဖြတ်ပိုင်ခွင့်ရှိသည့် ဝါဒကိစ္စပဋိပက္ခဖျန်ဖြေရေး ကော်မီတီရုံးများကိုလည်း အဆင့်ဆင့်ဖွဲ့စည်း ဆောင်ရွက် ခဲ့သည်ကိုလည်း တွေ့ရှိရပေသည်။

---

*၁၉၇၂ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့ထုတ် " လုပ်သားသတင်းစာ " မှ။

ထို့သို့ ပြည်သူ့တရားကို ပြည်သူတို့ကိုယ်တိုင် ပါဝင်စီရင်စေခြင်းဖြင့် တဦးတည်း တာဝန်ခံ၍ တရားစီရင်သည့် စနစ်မှ သည်ပြည်သူတို့ကိုယ်တိုင် ပါဝင်ပြီး စုပေါင်း ညှိနှိုင်း၍ တရားစီရင်သော စနစ်သို့ ပြောင်းလဲဆောင်ရွက် လာခဲ့ပေသည်။ ဤသို့ဖြင့် တရားစီရင်ရေးကဏ္ဍတွင် ပြည်သူတို့အား တရားစီရင်ခွင့် အာဏာကို ကျင့်သုံးစေနိုင်ခဲ့ပေသည်။ ယင်းသို့ ပြည်သူ့ကိုယ်စားလှယ်များက အဖွဲ့များဖြင့် တရားစီရင်ခြင်းသည် တိုင်းရင်းသား လုပ်သားပြည်သူများဆန္ဒနှင့်ငှင်း၊ တောင့်တချက်နှင့်ငှင်း ကိုက်ညီလျက်ရှိသည်ကို အားရကြေနပ်ဖွယ်ရာ တွေ့ရှိရပေသည်။

ရပ်ရွာသူကြီး သူမများက ရပ်ရွာအရေးအခင်း ကိစ္စတို့ကို ဆုံးဖြတ်ပေးခြင်း၊ ဖျန်ဖြေပေးခြင်းတို့သည် မြန်မာ့ရိုးရာစနစ်ဖြစ်၍ ထိုစနစ်သည် ခရီးစရိတ် အကုန်အကျ သက်သာပြီး အသုပ်အကိုင်ပျက်ခြင်းလည်း မရှိလှပဲ လျင်မြန်စွာနှင့် မျှတစွာ နှစ်ဦးနှစ်ဘက် လက်ခံနိုင်သည့် တရားကို ဖြစ်ထွန်းစေရုံသာမက၊ ရပ်ရွာစည်းလုံးရေးကိုလည်း အကျိုးပြုပေသည်။ ယခုထက်တိုင်လည်း မြန်မာ့ရိုးရာ မပျောက်မပျက်သေးသည့် ဒေသများ၊ တောင်ပေါ်ဒေသများ တွင်လူကြီးများက အများလက်ခံ နားလည်သော တရားကို စီရင်ပေးနေကြသေးကြောင်း သိရှိရပေသည်။

သို့ဖြစ်ရာ ပြည်သူ့တရား ပြည်သူစီရင်ခြင်းသည် မြန်မာ့ရိုးရာစနစ်ကို ခေတ်နှင့် စနစ်နှင့် လျော်ကန်ကိုက်ညီအောင် ပြုပြင်ဖေါ်ထုတ်ခြင်းပင် ဖြစ်သည်ဟု ကျွန်ုပ်တို့ ယုံကြည်ပေသည်။

ပြည်သူ့တရားပြည်သူ စီရင်သည့်အခါ တရားရေး ဝန်ထမ်းများ၊ ရှေ့နေများ၏ လုပ်ငန်းဆောင်တာ ပျောက်ကွယ်တိမ်မြုပ် သွားကြမည် မဟုတ်ကြောင်း၊ ပြည်သူ့တရားသူကြီးများကို ထောက်ကူခြင်း၊ တရားဥပဒေ လုပ်ထုံးလုပ်နည်းများကို တင်ပြခြင်း၊ ပြည်သူ့ခုံရုံးများက ဆုံးဖြတ်စီရင်သည်ကို ဆောင်ရွက်ပေးခြင်း စသည်တို့ကို လုပ်ကြရမည်ဖြစ်ကြောင်း၊ ပြည်သူ့ တရားစီရင်ရေးစနစ် မဖြစ်မနေ တည်ဆောက်ကြမည်ဟူသော စေတနာကို ရှေ့ထားကြသည့် ဝန်ထမ်းများ၊ ရှေ့နေများ အများအပြား အမြဲလိုနေမည်သာဖြစ်ကြောင်း၊ ဝန်ထမ်းများ၊ ရှေ့နေများက ဆော် ဩခြင်း၊ စည်းရုံးခြင်း၊ မိမိတို့၏ပညာ ကျွမ်းကျင်မှုကို မထိန်မဝှက် ရိုးသားစွာ တင်ပြခြင်းတို့ဖြင့် ပြည်သူ့ တရားစီရင်ရေးစနစ် အောင်မြင်အောင် ကြိုးစားကြရန် လိုအပ်ကြောင်းဖြင့် နိုင်ငံတော် တရားသူကြီးချုပ်က တင်ပြဆွေးနွေးသွားပေသည်။

တရားရေး ဝန်ထမ်းများနှင့် ရှေ့နေများသည် နိုင်ငံတော် တရားသူကြီးချုပ်၏ တင်ပြဆွေးနွေးချက်များကို သဘောပေါက်မှု ရှိစွာဖြင့်ပြည်သူ့ တရားစီရင်ရေးစနစ်ကို အောင်မြင်ထမြောက်စေရန် ဝိုင်းဝန်းပါဝင် ဆောင်ရွက် ကြလိမ့်မည်ဟု ကျွန်ုပ်တို့ ယုံကြည်ပေသည်။

စီမံခန့်ခွဲမှုအာဏာ၊ တရားစီရင်ရေးအာဏာ စသည့် နိုင်ငံတော် အာဏာရပ်တို့ကို တိုက်ရိုက်ကိုင်တွယ် ကျင့်သုံးလာကြသော ပြည်သူ့ ကိုယ်စားလှယ်များကလည်း ပြည်သူ့ဝန်ထမ်း၊ တရားရေး ဝန်ထမ်းတို့အပေါ် မကောင်းသော အစွဲအလမ်းမထားပဲ ယုံယုံကြည်ကြည် တာဝန်ပေးလက်တွဲ လုပ်ကိုင်ကြရန် သင့်ကြောင်းဖြင့်လည်း နိုင်ငံတော် တရားသူကြီးချုပ်က ပြည်သူ့ကိုယ်စားလှယ်အား နှိုးဆော်တိုက်တွန်း သွားပေသည်။

ဝန်ထမ်းများသည်လည်း ပြည်သူများပင် ဖြစ်ကြသဖြင့် ပြည်ချစ်စိတ်ရှိသူများ ဖြစ်ကြကြောင်းဖြင့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီးက မျှားမကြာမီက ကျင်းပသည့် ပါတီဗဟိုကော်မီတီ အစည်းအဝေး၌ မိန့်ကြားသွားပေရာ ပြည်သူ့ကိုယ်စားလှယ်များ အနေဖြင့် ယင်းမိန့်ကြားချက်ကို အစဉ်နှလုံးပိုက်ပြီး ထိထိရောက်ရောက်လိုက်နာ ဆောင်ရွက်ကြလိမ့်မည်ဟု ကျွန်ုပ်တို့ ယုံကြည်ပေသည်။

ပြည်သူ့တရားကို ပြည်သူတို့ကိုယ်တိုင် ပါဝင်စီရင်စေခြင်း တည်းဟူသော ပြည်သူ့တရားစီရင်ရေးစနစ် အောင်မြင် ထမြောက်စေရေးအတွက် ပြည်သူ့ ကိုယ်စားလှယ်များရော၊ ပြည်သူ့ဝန်ထမ်းနှင့် ရှေ့နေများပါ ပူးပေါင်းလက်တွဲ၍ စနစ်တကျ ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်းထပ်လောင်း နှိုးဆော်ရပေသည်။

ပြည်သူ့တရားစီရင်ရေးစနစ် အောင်မြင်ရေး*

နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြည်သူလူထုက အတည်ပြု ပြဋ္ဌာန်းပြီးသည့်အခါတွင် ပြည်သူ့အချုပ်အခြာအာဏာ စနစ်သည်၊ တင်းပြည့် ကျပ်ပြည့် ပေါ်ထွန်းလာမည် ဖြစ်သည်။ ထိုအခါတွင် ပြည်သူ့စီမံခန့်ခွဲရေးစနစ်၊ ပြည်သူ့တရားစီရင်ရေးစနစ်၊ ပြည်သူ့ဥပဒေပြု စနစ်များတွင် ပြည်သူလူထုက အချုပ်အခြာ အာဏာကို အပြည့်အဝ ကျင့်သုံး နိုင်ကြမည် ဖြစ်သည်။ ထို့ကြောင့်ပင် နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ အောင်မြင်စွာ ရေးဆွဲ အတည်ပြု ပြဋ္ဌာန်း နိုင်ရေးအတွက် ပြည်သူ လူထုက ကြိုးပမ်း ဆောင်ရွက်လျက် ရှိကြသည်။

ယင်းကဲ့သို့ ပြည်သူ့အချုပ်အခြာ အာဏာ စနစ် အောင်မြင်စွာ ကျင့်သုံးနိုင်ရေး အတွက် နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေရေးဆွဲသည့် လှုပ်ရှားမှုကြီးတွင် ပြည်သူလူထုက ကျယ်ပြန့်စွာ ပါဝင်လုပ်ဆောင်နေကြခြင်းသည်။ အလွန် ကောင်းသည့် နိုင်ငံရေးနိမိတ်ပင်ဖြစ်သည်။ ယင်းနိုင်ငံရေးနိမိတ်ကောင်းများနှင့်အတူ ပြည်သူ့တရား ပြည်သူ စီရင်ရေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများ ပြုလုပ်ရန် အခွင့် အလမ်းများ ပေါ်ထွက်လာသည်ကို တွေ့ရှိရသည်။ ကိုလိုနီခေတ်နှင့် နေရှင် ပါလီမန်ခေတ်၏ အမွေခံ ဗြူရိုကရေစီ အုပ်ချုပ်ရေး ယန္တရားဟောင်းကို ဖျက်သိမ်းပြီး ဆိုရှယ်လစ်ဒီမိုကရေစီ အုပ်ချုပ်ရေး စနစ်သို့ ရွေ့ရှုသော အုပ်ချုပ်ရေး စနစ်သစ် ပြဋ္ဌာန်း လိုက်ခြင်းကြောင့် ပြည်သူ့တရား ပြည်သူစီရင်ရေး အခြေခံသည့် တစတစ ပိုမို ကျယ်ပြန့်လာတော့မည် ဖြစ်သည်။

ပြည်သူ့တရား ပြည်သူစီရင်ရေး စနစ်သည် နိုင်ငံတွင် အာဏာကို တကယ်စိုးပိုင်သည့် ပြည်သူများအပေါ်တွင် အခြေစိုက်သည့် စနစ်ဖြစ်သည်။ ဆိုရှယ်လစ်ဒီမိုကရေစီ စနစ်သို့ ရွေ့ရှုသည့် တရားစီရင်ရေးစနစ်လည်း ဖြစ်သည်။ ယင်းစနစ်သည် မြန်မာ့ရိုးရာ တရားစီရင်ရေး စံနစ်နှင့် ကိုက်ညီသည့် စနစ်ဖြစ်သည်။ ကျေးရွာ ရပ်ကွက်မှ လူကြီးသူမများက ရပ်ရွာ အရေးအခင်း ကိစ္စများကို ဆုံးဖြတ်ပေးခြင်း၊ ဖျန်ဖြေပေးခြင်းစသည်တို့ကို ရှေးရှေးကပင် မြန်မာတို့ ရိုးရာအစဉ်အလာအရ၊ ကျင့်သုံးခဲ့ကြသည်။ ယင်းမြန်မာ့ရိုးရာ တရားစီရင်ရေး စနစ်သည် အလုပ်အကိုင် အပျက်နည်းသည်၊ စရိတ် အကုန်အကျနည်းသည်၊ မျှတပြီး နှစ်ဖက် လက်ခံနိုင်သော တရားကိုလည်း ဖြစ်ထွန်းစေသည်။ ထို တရားစီရင်ရေးစနစ် ကျင့်သုံးခြင်းသည်၊ ရပ်ရွာ စည်းလုံးညီညွတ်ရေးကိုလည်း များစွာအကျိုးပြုသည်။ မြန်မာ့ရိုးရာဓလေ့ထုံးတမ်းများမပပျောက်သေးသော ဒေသများနှင့် တိုင်းရင်းသား လူမျိုးများ နေထိုင်ရာ

* ၁၉၇၂ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့ထုတ် "ဗိုလ်တထောင်သတင်းစာ" မှ။

တောင်ပေါ်ဒေသများတွင် လူကြီးများက ယခုတိုင် အများ လက်ခံနိုင်သည့် တရား ကိုစီစဉ် ပေးနေကြဆဲပင် ဖြစ်သည်။ ထို့ကြောင့် ပြည်သူ့ တရားကို ပြည်သူ စီရင်ရေး စနစ် ကျင့်သုံးခြင်းသည်၊ မြန်မာ့ရိုးရာနှင့် အစဉ်အလာကို ခေတ်နှင့် လျော်ညီစေ ရန် ဖန်တီးပေးခြင်းသာ ဖြစ်သည်ဟု ကျွန်ုပ်တို့ ယူဆသည်။

ယင်းသို့ ပြည်သူ့တရား ပြည်သူ စီရင်ရေးစနစ် ကျင့်သုံးခြင်းသည်၊ မြန်မာ့ရိုးရာ ဓလေ့ ထုံးတမ်းများ၊ ဆိုရှယ်လစ် ဒီမိုကရေစီ အနှစ်သာရများနှင့် ကိုက်ညီသဖြင့်ပြည်သူ လူထု အများစုကြီးက မြော်လင့် တောင့်တနေသော တရားရေးစနစ် ဖြစ်သည်။ ထို့ပြင် ယင်းတရားရေး စနစ် ကျင့်သုံးခြင်းကြောင့် တရားရေး ဝန်ထမ်းများ၊ ရှေ့နေ ရှေ့ရပ်လုပ်ငန်းများ ပျောက်ကွယ်သွားမည်မဟုတ်ဘဲ ပြည်သူ့တရားသူကြီးများကို အထောက်အကူပြုခြင်း၊ တရားဥပဒေ၊ လုပ်ထုံးလုပ်နည်းများတင်ပြခြင်း၊ ပြည်သူ့ ခုံရုံးများက ဆုံးဖြတ် စီရင်သည်ကို ဆောင်ရွက်ပေးခြင်း စသော လုပ်ငန်းများ ပါဝင် ပြုလုပ်ကြရန် လိုအပ်ကြောင်း နိုင်ငံတော် တရားသူကြီးချုပ် ဒေါက်တာ မောင်မောင် က မကွေးမြို့၌ ဧပြီလ ၃ ရက်နေ့တွင် ပြုလုပ်သော တရားစီရင်ရေး ဆိုင်ရာ ဆွေးနွေး ပွဲ၌ ပြောကြားခဲ့သည်။ ယင်းအခြေ အနေများအရ၊ ပြည်သူ့တရား ပြည်သူ စီရင်ရေး လုပ်ငန်းသည် အလွန်ကျယ်ပြန့်သည့် လူမှုအခြေခံ ရရှိနေသည်ဖြစ်၍၊ မုချအောင်မြင် စွာ အကောင်အထည် ဖေါ်နိုင်မည့် စနစ်သည်ဖြစ်သည်ဟု ကျွန်ုပ်တို့ယူဆသည်။

ယင်းတရားရေးစနစ်သည် ပြည်သူ လူထု အများစုကြီးက မြော်လင့် တောင့်တနေ သော စနစ်ဖြစ်သည့်ဖြင့် မည်သူ့ အကျိုးစီးပွါးကိုမှ ထိခိုက်ခြင်း မဖြစ်စေနိုင်သည့် စနစ်ဖြစ်သည်။ ထို့ပြင် ပြည်သူ့တရား ပြည်သူစီရင်ရေးစနစ်သည် မြန်မာ့ရိုးရာ ဓလေ့ထုံးတမ်းများ၊ ဆိုရှယ်လစ် ဒီမိုကရေစီရေး ရှေးရှုချက်များနှင့်လည်း ကိုက်ညီ သည်။ ထိုမျှသာမကသေးဘဲ ယင်းစနစ်သည် ပြည်သူ့ အချုပ်အခြာ အာဏာ စနစ် ၏ ရှေ့ပြေးလည်း ဖြစ်သည်။

ထို့ကြောင့် ပြည်သူ့ အချုပ်အခြာ အာဏာစနစ်၏ ရှေ့ပြေးဖြစ်သော ပြည်သူ တရား ပြည်သူစီရင်ရေးစနစ်အောင်မြင်ရေးအတွက်ပြည်သူများ၊ တရားရေးဝန်ထမ်း များ နှင့် ရှေ့နေ ရှေ့ရပ်များ ပူးပေါင်း ပါဝင် ကြိုးပမ်းကြရန် လိုမည်ဟု ကျွန်ုပ်တို့ သဘောရကြောင်း ရေးသား လိုက်ရပေသည်။

SUPREME COURT ISSUES ANNUAL REPORT FOR 1969

JUDICIAL COURTS DISPOSED OF 194,366 CRIMINAL AND 5,372 CIVIL CASES DURING YEAR UNDER REPORT.

JUDICIAL Courts in the Union of Burma were able during 1969 to dispose of 82 *per cent of criminal cases and* 52 *per cent of civil cases before them.*

The Courts disposed of 194,366 out of 236,149 criminal cases and 5,372 out of 10,295 civil cases.

This was included in the annual report for 1969 of the Supreme Court.

Corresponding figures for 1968 are 190,545 out of 228,254 criminal cases disposed of and 4,814 out of 9,041 civil cases disposed of.

During the year 1969 the Special Criminal Courts' Appeal Court disposed of 87 cases out of 318 before it and the Courts Martial Appeal Court, 37 out of 240 before it.

The Supreme Court sitting at Mandalay was able to dispose of 792 out of 984 criminal cases and 57 out of 101 civil cases.

The Rangoon City Civil Court disposed of 1,618 out of 3,075 cases during the year.

13 *major crimes*

In the same year figures for the 13 major crimes which came up before the courts are 2,070 murders, 1,595 dacoities, 2,214 robberies, 102 kidnappings, 1,347 housebreakings, 1,994 cattle theft, 832 rapes, nine treasons, 997 arms, 3,457 relating to public property, 1,849 to unlawful associations, 407 to import-export, and 107 to foreign exchange.

Murder was the highest in Tharrawaddy District with 169 and the lowest in Hkamti District with one ; dacoity, the highest in Moulmein with 181 and the lowest in Falam with one ; robbery, the highest in Moulmein with 236 and the lowest in Hkamti with one.

Extract from "*The Working People's Daily*" issued on May, 9, 1972.

Kidnapping was the highest in Bassein with 25 and the lowest in Myitkyina, Bhamo, Lashio and Pyapon with one each ; housebreaking was the highest in Rangoon with 93 and the lowest in Kunlong with one ; cattle theft the highest in Magwe with 124 and the lowest in Putao with one.

Rape was the highest in Rangoon with 73 and the lowest in Putao and Kunlong with one each; there were nine cases of treason with six in Falam and one each in Bassein, Pyapon and Mawlaik ; arms cases were the highest in Tharrawaddy with 72 and the lowest in Bhamo with two.

Public property theft was the highest in Rangoon with 1,350 and the lowest in Mindat with one ; unlawful association cases were the highest in Myaungmya with 315 and the lowest in Mindat, Kyaukse and Loikaw with one each.

Import-export cases were the highest in Mawlaik with 71 and the lowest in Hanthawaddy, Thayetmyo and Loilem with one each ; and foreign exchange cases were the highest in Mawaik with 28 and the lowest in Falam, Kyaukme and Pa-an with one each.

In the number of cases appearing before courts in each district during 1969, Rangoon District heads the lists for criminal cases with 37,501 and for civil cases with 1,776.

Mandalay District comes next with 13,229 criminal cases and 412 civil cases.

During the year under report 151 higher grade pleaders, including 23 women and 30 Supreme Court advocates, including one woman, were granted licences to practise.

JUSTICE IN 1969

According to the annual report of the Chief Court (now Supreme Court) for the year 1969; 195,440 cases came up before the sessions courts, special courts and crimes courts during the year. Cases left pending from 1968 numbered 38,204 bringing the total to 233,644 of this number, the courts disposed of 192,563 cases during 1969, which means that 41,081 cases were left pending at the end of 1969.

Now the balance from 1969 exceeds the balance from 1968 by 2,877 cases. The statistical evidence can mean only one thing : the Courts, unable to cope with the year's work, carry considerable arrears on to the next year and the year after next.

The figures for 1970 and 1971 have not been published yet, but judging by the frequent calls by higher-ups in the judicial hierarchy for justice with speed, it is probably safe to assume that the backlog at the courts keeps increasing. Evidently, the oft-repeated judicial maxim that "Justice delayed is no justice" remains to be further drilled into the courts, not only theoretically but practically.

The Chief Court's Annual Report gives another interesting set of figures. Out of Crimes committed in 1969 in 13 important categories, the one with the highest rate of incidence has to do with public property of one kind or the other. There were 3,457 such cases, 1,595 dacoities and 2,214 robberies pointing to the fact that there were far more thieves than dacoits and robbers. The growth of public undertaking in the recent years might be one reason for the rash of crimes in this category. But it is also an indication of moral bankruptcy of an increasing number of public servants.

As for the delays at the courts, there has long been widespread criticism which, however, does not seem to have made any marked deadway towards speedy justice. Deduction of trial

---

Extract from "*The Working People's Daily*" issued on May 9, 1972.

period from the sentence is an act of mercy—and a sorely needed one, too, when the special Crimes Courts have a habit of chronic delays to reach a decision. It used to be felt, in the bad old days of colonial, and later moneyed injustice, that when one become tied up in the coils of law, it was a frustrating experience to extricate oneself.

Speaking in terms of delay, it is no less frustrating now.

Where lies the malaise ? Is the blame to be placed in the main on the courts ? Is there a shortage of lawyers ? Is there shortage of judges ? Is the backlog in criminal cases to be attributed to the lack of hard and fast trial schedules and the granting of adjournments ? Or are the troubles besetting the criminal courts due to loose procedures rather than insufficient number of judges, prosecutors and supporting staffs The public wants to know.

မှုခင်းဖြစ်ခြင်း၏ အရင်းအမြစ်များရှာဖွေ*

ဇဝန

နိုင်ငံတော် တရားရုံးချုပ်၏ ၁၉၆၉ ခုနှစ် ဆိုင်ရာ နှစ်ချုပ် အစီရင်ခံစာအရ၊ ၁၉၆၉ ခုနှစ်အတွင်း မြန်မာနိုင်ငံ တခွင်လုံးရှိ စက်ရှင်တရားသူကြီးရုံးများ၊ စက်ရှင်ရာဘက် တရားသူကြီးရုံးများ၊ အဆူး တရားသူကြီးရုံးများနှင့် ရာဇဝတ် တရားသူကြီးရုံးများတွင် စွဲဆိုသော ရာဇဝတ်မှု ပေါင်းမှာ ၁၉၅,၄၀၀ ရှိသည်ဟု သိရသည်။ ယခင်နှစ်မှ လက်ကျန် အမှုများနှင့် ပေါင်းလျှင် အမှုပေါင်း ၂၃၃,၆၄၄ စစ်ဆေးရန် ရှိသည်။ သို့သော် အမှုပေါင်း ၁၉၂,၅၆၃ မှုလောက်သာ အပြီးစစ်ဆေးနိုင်ခဲ့သည်။

၁၉၆၉ ခုနှစ်အတွင်း နိုင်ငံတော် တရားရုံးချုပ်နှင့် လက်အောက်ခံ တရားရုံးများ၌ စစ်ဆေး ဆုံးဖြတ်ချက်ရှိသော အမှုအားလုံးကို ပေါင်းလိုက်လျှင် ၂၃၆,၁၄၉ မှုရှိသည်။ ၎င်းအနက် ၁၉၄,၃၆၆ မှု စစ်ဆေးဆုံးဖြတ်ပြီးရာ၊ ၈၂ ရာခိုင်နှုန်း ပြီးပြတ်ကြောင်း တွေ့ရသည်။

တရားမမှုများ အနေဖြင့်လည်း အားလုံး ၁၀,၂၉၅ ခုရှိသည့် အနက် ၅,၃၇၂ မှု စစ်ဆေး ဆုံးဖြတ်ပြီးစီးခဲ့သဖြင့် ရာခိုင်နှုန်းအားဖြင့် ၅၂ ရာခိုင်နှုန်းမျှ ပြီးပြတ်ခဲ့သည်။

ဤမျှ စစ်ဆေး စီရင်ဆုံးဖြတ်နိုင်ခဲ့ခြင်းကို ထောက်သော် တရား စီရင်ရေး အခြေအနေမှာ များစွာ တိုးတက်လာသည်ဟု ဆိုရပေလိမ့်မည်။

မှုခင်းများကို မှန်ကန်အောင် စစ်ဆေးစီရင်ရသည့် အတွက် ကြန့်ကြာမှုရှိတတ်သည်။ မကြန့်ကြာရအောင် မြန်မြန်ဆန်ဆန် ပြီးပြတ်စေပါကလည်း မှားယွင်းမှုများ ရှိနိုင်သည်။ ထိုအပြစ် နှစ်ရပ်စလုံးသည် ပြည်သူများ၏ အကျိုးကို ထိခိုက်နစ်နာစေသည့်အတွက် အမှန်ဆုံးနှင့် အမြန်ဆုံးဖြစ်နိုင်အောင် တရားစီရင်ရာတွင် ပါဝင်သက်ဆိုင်သူများဖြစ်ကြသည့် တရားရုံးများ၊ ဥပဒေပညာရှင်များ၊ ဌာနဆိုင်ရာပြည်သူ့ဝန်ထမ်းများ သက်သေများသာမက ပြည်သူတို့ကပါ ပူးပေါင်းကူညီကြရန် ထိုအစီရင်ခံစာက တိုက်တွန်းနှိုးဆော်ထားသေသည်။

တရားစီရင်ရာတွင် နှောင့်နှေးကြန့်ကြာမှုများ ရှိရခြင်းမှာ မည်သည့် အကြောင်းများကြောင့်ဖြစ်သည်ကို အထူးဖေါ်ပြနေရန်လိုမည်မဟုတ်ပေ။ ဤအစီရင်ခံစာကိုကြည့်ပြီး တရားစီရင်စစ်ဆေးရာတွင် နှောင့်နှေးကြန့်ကြာမှုများကို အကျယ်ချဲ့နေမည့်အစား မှုခင်းကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးစဉ်းစားခြင်းက ပို၍ အကျိုးရှိမည်ထင်သည်။

* ၁၉၇၂ ခု၊ မေလ ၁၀ ရက်နေ့ထုတ် ''ကြေးမုံသတင်းစာ''။

မြန်မာပြည်တွင် ခရိုင်ပေါင်း ၄၈ ခရိုင် ရှိသည့် အနက် ၁၉၆၉ ခုနှစ် အတွင်း ရာဇဝတ်မှုပေါင်း ၅,၀၀၀ အထက်ဖြစ်ပွါးသော ခရိုင်ပေါင်း ၁၂ ခရိုင် (တနိုင်ငံ လုံး၏ လေးပုံတပုံ) ရှိခဲ့လေသည်။ ထို ၁၂ ခရိုင်တွင် ဖြစ်ပွါးသော အမှုများများမှာ ရန်ကုန် ၃၇,၅၀၁ မှု၊ မန္တလေး ၁၃,၂၂၉ မှု၊ ပဲခူး ၉,၀၇၅ မှု၊ ရမည်းသင်း ၇,၅၂၄ မှု၊ သာယာဝတီ ၇,၄၁၀ မှု၊ တောင်ငူ ၆,၃၁၅ မှု၊ ဟင်္သာတ ၆,၂၁၉ မှု၊ မကွေး ၅,၉၄၆ မှု၊ ရွှေဘို ၅,၆၉၆ မှု၊ သထုံ ၅,၂၉၀ မှု၊ ပြည် ၅,၁၀၂ မှုနှင့် မိတ္ထိလာ ၅,၀၆၃ မှုဖြစ်သည်။

ဤစာရင်းအရ ရန်ကုန်သည် မြို့ကြီးသလောက် ရာဇဝတ်မှု အများဆုံး ဖြစ်သည်ကို တွေ့ရသော်လည်း၊ အရေးကြီးသော ရာဇဝတ်မှု ၁၃ မျိုးတွင် ရှေ့ဆုံးကနေသည့် အမှုကြီးများ ဖြစ်သော လူသတ်မှု၊ ဓမြမှုများထဲတွင် ရှေ့ဆုံးကပါဝင် ဖြစ်ပွါးခြင်းမရှိပေ။

လူသတ်မှု အများဆုံးဖြစ်ပွါးသော ခရိုင်များမှာ သာယာဝတီ (၁၆၉ မှု) နှင့် ဟင်္သာတ (၁၁၅ မှု) တို့ဖြစ်သည်။ တတိယလိုက်သည့် ခရိုင်မှာ ပြည် (၉၄ မှု) ဖြစ်ပြီး ပုသိမ်၊ ပဲခူး၊ မြောင်းမြနှင့် သရက် ခရိုင်တို့တွင် ၇၀ အထက်အသီးသီးဖြစ်ပွါးခဲ့သည်။ လူသတ်မှုဦးရေ ၁၀ အောက် အနည်းဆုံးဖြစ်ပွါးသော ခရိုင်များမှာ ခန္တီး (တမှု)၊ ကွမ်းလုံ (သုံးမှု)၊ လှိုင်ကော် (ခြောက်မှု) နှင့် ပူတာအို (ခြောက်မှု) တို့ဖြစ်သည်။

ဓမြမှုဆိုလျှင်လည်း ဓမော်လမြိုင် (၁၈၁ မှု) နှင့် ပုသိမ် (၁၀၂ မှု) တို့က ရာကျော်ပြီး ကျိုင်းတုံ (၉၅ မှု)၊ မြိတ် (၉၃ မှု) နှင့် သာယာဝတီ (၈၇ မှု) တို့က အစဉ်အလိုက် နံပါတ်ချိတ်ကြလေသည်။ မုံရွာ၊ ရွှေဘို၊ ရမည်းသင်း၊ သရက်၊ ရန်ကုန်တို့တွင် ၁၀ မှုအောက်သာလျှင် ဖြစ်ပွါးခဲ့ကြသည်။

သာယာဝတီနှင့် ပုသိမ်ခရိုင်တို့သည် လူသတ်မှုရော၊ ဓမြမှုရော၊ အများဆုံး ဖြစ်ပွါးသည့် ခရိုင်များဖြစ်ပွါးသည့်အတွက် ထိုမြို့ကြီးများ ရှေ့နေရှေ့ရပ် လုပ်သူတွေ ကြီးပွါးဘို့ ရှိလေသည်။

ရန်ကုန်ခရိုင်တွင် တနိုင်ငံလုံးအနက် အများဆုံး ဖြစ်ပွါးသော ရာဇ တ်မှုများမှ ဖေါက်ထွင်းမှု ၉၃ မှု၊ မုဒိန်းမှု ၇၃ မှု၊ ပြည်သူပိုင် ပစ္စည်းနှင့် ပတ်သက်သော အ ၁,၃၅၀ မှု ဖြစ်လေသည်။ လူသတ်မှုမှာတနှစ်လုံးတွင် ၅၆ မှု ဖြစ်၍ဓမြမှုမှာ ငါးမှုမျှသ ဖြစ်ပွါးခဲ့လေသည်။ ဓမြမှုနည်းခြင်းမှာ ကျူးလွန်ရန် မလွယ်၍ ဖြစ်သည်။ ဓမြတိုဂ လျှင်လည်း ဝိုင်းဝန်း ဖမ်းဆီးမိသည်က များလေသည်။ ထို့ကြောင့် ဓမြမှုထဂ ဖေါက်ထွင်း ကျူးလွန်မှုများက များလေသည်။

မုဒိန်းမှုတွင် ရန်ကုန်ခရိုင်သည် ရှေ့ဆုံးကနေ၍ ပဲခူးက ၄၃ မှုဖြင့် ဒုတိယ လိုက်လေသည်။ ပဲခူးသည် သာယာဝတီ၊ ပုသိမ်၊ ရန်ကုန်တို့လောက် မဆိုးစေကာမူ အရေးကြီးသော ရာဇဝတ်မှုကြီးများဖြစ်ပွါးရာတွင် မလွတ်တမ်း ပါဝင်လေသည်။ ပဲခူး၏ ၁၉၆၉ ခုနှစ် စချိန်မှာ လူသတ်မှု ၈၆ မှု၊ ဓါးပြမှု ၅၄ မှု၊ လုယက်မှု ၁၁၈ မှု၊ တိရစ္ဆာန်ခိုးမှု ၁၁၀ မှု စသဖြင့် ရာဇဝတ်မှုများသည် ခရိုင်တခု အနေဖြင့် နာမည် မသေးလှပေ။ ထို့ကြောင့်လည်း သတင်းစာများတွင် ပဲခူးခရိုင် မှုခင်း သတင်းများကို မပြတ်လိုလို တွေ့ရှိနေကြရခြင်းဖြစ်ပေသည်။

အရေးကြီးသော မှုခင်းများ အနက် လူသတ်မှု၊ လုယက်မှု စသည်တို့ အများဆုံး ဖြစ်ပွါးရခြင်းမှာ လက်နက်ပုန်းများ ပြန့်နှံ့နေခြင်းသည် အကြောင်း တရပ်ဖြစ်သည်ဟု အဆိုရှိလေသည်။ ထိုအဆိုကို သာယာဝတီ (၇၂)၊ ပြည် (၅၉)၊ မော်လမြိုင်(၄၈)၊ ရန်ကုန် (၄၄)၊ ပဲခူး (၃၅) တို့၌ ဖြစ်ပွါးသော လက်နက်မှုများက ထောက်ခံနေပေသည်။ တချိန်က သာယာဝတီနှင့် ပြည်ခရိုင်များတွင် လေးလက်မထက် အသွားရှည်သော ဓါးမြှောင်များကို ကိုင်ဆောင်ခွင့် မပြုခဲ့ပေ။ မြို့ကြီးများတွင် အရေးကြီးသော ရာဇဝတ်မှုခင်းများ ဖြစ်ပွါးသလောက် မြို့ငယ်များဖြစ်သည့် ပူတာအို၊ ကွမ်းလုံ၊ ခန္တီး၊ ဖလမ်း၊ မင်းတပ် စသည်တို့တွင် မှုခင်းကြီးများ မရှိသလောက် နည်းပါးလှလေသည်။ သို့ဖြစ်ရခြင်းမှာ ထိုခရိုင်များတွင် နေထိုင်သူတို့၏ ရိုးသားခြင်း၊ အေးချမ်းစွာ နေလိုခြင်း စသည်တို့ကြောင့် ဖြစ်ပေလိမ့်မည်၊ မြို့ကြီး၊ ခရိုင်ကြီးများမှာမူ၊ လူရှုပ်လူဆိုးတွေများ၍ မှုခင်းလည်း ရှုပ်ခြင်းဖြစ်ပေသည်။

နိုင်ငံခြေးနှင့် ပတ်သက်၍ကား၊ အရှုပ်ဆုံးမှာ မြောင်းမြ၊ ပုသိမ်၊ တောင်ငူ၊ ပဲခူး၊ စသည်တို့ဖြစ်သည်။

မြောင်းမြခရိုင်တွင် မတရားအသင်း အက်ဥပဒေနှင့် ပတ်သက်သော အမှု ၃၁၅ မှု ပုသိမ် ၁၄၅ မှု၊ တောင်ငူ၊ ၁၃၈ မှု၊ ပဲခူး ၁၂၄ မှု၊ မအူပင် ၁၁၉ မှု၊ သာယာဝတီ ၁၁၃ မှု၊ ဖြစ်ပြီး၊ ဟင်္သာတ၊ ပြည်၊ သထုံ၊ ဖျာပုံ စသည်တို့မှာ အစဉ် အလိုက်အမှုဦးရေ ၁၀၁ အောက်မှာ ရှိကြလေသည်။ တနိုင်ငံလုံး အဘိုင်း အတာအားဖြင့် ထိုနှစ်အတွင်း မတရားသင်း အက် ဥပဒေ အရ၊ ၁,၈၄၉ မှုဖြစ်ခဲ့သည်။

ပြည်သူပိုင် ပစ္စည်းနှင့် ပတ်သက်သော အမှု ၃,၄၅၇ မှုနှင့် တိရစ္ဆာန် ခိုးမှု ၁,၉၉၄ မှုရှိခြင်းမှာ စီးပွါးရေး အခြေ အနေကို ပြနေပေသည်။

ဤသို့ မှုခင်းဖြစ်ခြင်း၏ အရင်းအမြစ်များကို ရှာဖွေ၍ ပြုပြင်ပေးနိုင်မည်ဆိုလျှင် မှုခင်းများလျော့နည်း မသွားနှင့်ဦးတော့ တိုးတက်ခြင်း မရှိအောင် ဟန့်တားနိုင်လိမ့်မည်ဖြစ်ပေသည်။

တရားရုံးမှပြည်သူ့ ဘဏ္ဍာရရှိငွေ *

ဒဏ်ငွေ ၄၆ သိန်းပါ ကျပ်ငါးသန်း နှစ်သိန်းခွဲကျော်ရရှိခြင်း

နိုင်ငံတော် တရားရုံးချုပ်၏ ၁၉၆၉ ခုနှစ်၊ ဆိုင်ရာ နှစ်ချုပ် အစီရင်ခံစာကို ဆိုင်ရာမှ ထုတ်ပြန်လိုက်သည်၊ ၎င်းအစီရင်ခံစာတွင် တရားစီရင်ရေး အခြေအနေ၊ ကြီးကြပ်ကွပ်ကဲခြင်း၊ လေ့ကျင့်ပညာပေးခြင်း၊ အထွေထွေဟူ၍ အခန်းကြီး လေးခန်းပါသည်။ အထူးရာဇဝတ်ရုံး အတည်ပြုအဖွဲ့၊အထူးရာဇဝတ်ရုံး အယူခံအဖွဲ့တွင် ဗိုလ်မှူးကြီး လှဟန် ဥက္ကဋ္ဌ၊ ဗိုလ်မှူးကြီး သန်းစိန်၊ တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်တို့ ပါဝင်ပုံ၊ ဗိုလ်မှူးချုပ် စိန်ဝင်းကို ဖြည့်စွက်ခဲ့ပုံ၊ စစ်ဘက် အယူခံတရားရုံး ဖွဲ့စည်းပုံ၊ ဗိုလ်မှူးကြီးများ အလှည့်ကျ တရားသူကြီးအဖြစ် ဆောင်ရွက်ခဲ့ပုံ၊ တရားရုံးချုပ်တွင် အထွေထွေဌာန၊ မူလဘက်ဌာန၊ အယူခံဌာနဟု သုံးဌာနရှိပုံ ဖော်ပြပါနှစ်တွင် ရာဇဝတ်မှု ၁,၃၉၁ မှု၊ တရားမ မှု ၄၈၀ ရှိခဲ့ပုံ၊ ထိုနှစ်တွင် ရာဇဝတ်တရားရုံးများသို့ စွဲဆိုတင်ပို့သော လူသတ်မှု ၂,၀၇၁ မှု၊ဓါးပြမှု ၁,၅၉၅ မှု၊ လုယက်မှု ၂,၂၁၄ မှု၊ လူပြန်ပေးမှု ၁၀၂ မှု၊ ဖေါက်ထွင်းမှု ၁,၃၄၇ မှု၊ တိရစ္ဆာန်ခိုးမှု ၁၉၉၄ မှု၊ မုဒိမ်းမှု ၈၃၄ မှု၊ သစ္စာဖေါက်မှု ၉ မှု၊ လက်နက်မှု ၉၉၇ မှု၊ ပြည်သူပိုင် ပစ္စည်းနှင့်ပတ်သက်မှု ၃,၄၅၇ မှု၊ မတရားသင်း အက်ဥပဒေ ၁,၈၄၉ မှု၊ ဝင်ကုန်ထွက်ကုန်အက်ဥပဒေမှု ၄၀၇ မှု၊ နိုင်ငံခြားငွေလဲလှယ်ရေးအက်ဥပဒေ အရ အမှု ၁၁၇ မှု ရှိခဲ့ပုံ၊ သင်တန်းပေးပုံ၊ တရားရုံးများမှ ပြည်သူ့ ဘဏ္ဍာအဖြစ် ရငွေ စုစုပေါင်း ၅၂,၆၆,၇၈၅ ကျပ်၊ ၃၄ ပြား၊ တရားသူကြီးချုပ်မှာ ဒေါက်တာ မောင်မောင်ဖြစ်၍၊ တရားသူကြီးများမှာ ဦးထွန်းတင်၊ ဦးချစ်၊ ဦးသက်ဖေနှင့် ဦးစိန်သင်းတို့ဖြစ်ပုံ၊ ရှေ့နေများကောင်စီ တရားစီရင်ရေး ညှိနှိုင်းဆွေးနွေးပွဲ လုပ်ခဲ့ပုံနှင့် အရေးကြီးသည့် စီရင်ချက်များပါရှိကြောင်း။

---

* ၁၉၇၂ ခုနှစ်၊ မေလ ၁၀ ရက်နေ့ထုတ် ''ရန်ကုန်နေ့စဉ်သတင်းစာမှ'' ကောက်နုတ်ဖော်ပြသည်။

ခေတ်ပြောင်းတော်လှန်ရေးနှင့် အလုပ်သမားဥပဒေ *

မောင်ထွန်းရွှေ (တရားရုံးချုပ်ရှေ့နေ)

ဥပဒေတရပ်သည် မည်မျှမည်မျှ ထက်မြက်နေစေကာမူ ယင်းကိုကိုင်တွယ်သည့် ယန္တရားက ထက်မြက်မှု မရှိခဲ့လျှင် ယင်းဥပဒေ၏ ထက်မြက်မှုသည် တစတစမှေးမှိန်ကာ အဆုံးတွင် သက်ဝင်လှုပ်ရှားမှု ကင်းမဲ့သော အခြေအနေသို့ ဆိုက်ရောက်ရမည်သာ ဖြစ်သည်။

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးခေတ် အလုပ်သမားဥပဒေများသည် အတော်အသင့် ထက်မြက်မှုရှိသည် မှန်သော်လည်း၊ ယင်းခေတ်ကာလ နိုင်ငံတော်အာဏာက အလုပ်သမားဥပဒေများ ပို၍ပို၍ထက်မြက် ရှင်သန်လာစေရန် နည်းလမ်းမရှာကြံခဲ့ပေ။ ဤသို့ဖြစ်ရခြင်းမှာ နိုင်ငံတော် အာဏာသည် အလုပ်သမား လူတန်းစားနှင့် ကင်းကွာလာပြီး၊ အရင်းရှင်တို့နှင့် နီးစပ် လာသောကြောင့်ပင် ဖြစ်ပေသည်၊ ပုံစံအားဖြင့် ၁၉၂၉ ခုနှစ်၊ ဝါဏိဇ္ဇပဋိပက္ခ အက်ဥပဒေအရ၊ ဖွဲ့စည်းသော ဝါဏိဇ္ဇပဋိပက္ခခုံရုံးကို တရုံးတည်းသာထားပြီး တိုးချဲ့ဖွဲ့စည်းခြင်း မပြုသဖြင့် ဝါဏိဇ္ဇပဋိပက္ခမှုများမှာ အချိန်ကြန့်ကြာခဲ့ရပေသည်။ ယင်းဝါဏိဇ္ဇ ပဋိပက္ခခုံရုံး၏ စစ်ဆေးစီရင်မှုသည် တရားရုံးဆံလှုသဖြင့် အမှုစစ်ဆေးမှုအချိန် ကြန့်ကြာကာ အလုပ်သမားများအဖို့ အခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင်ခဲ့ရပါသည်။ ယင်းဝါဏိဇ္ဇ ပဋိပက္ခရုံး၏ အဆုံးအဖြတ်ကို အကောင်အထည်ဖေါ်ပေးသည့် ယန္တရားလည်း မရှိသဖြင့် တရားနိုင်သော အလုပ်သမားများအဖို့ "ပေးကားပေး၏ မရ၊ ကျွေးကားကျွေး၏ မဝ" ဆိုသည့်ကိန်း ဆိုက်ရောက်ရပါသည်။ သို့နှင့်ပင် သက်ဆိုင်ရာ အလုပ်သမားများသည် တရားရုံးများ တဝိုက်တွင် ယောင်လည်လည်ဖြင့် အချိန်ကုန်လူပမ်း ဖြစ်ရတော့သည်။ ထို့ပြင် ယင်းတရားရုံးများ အနေဖြင့်လည်း အလုပ်ရှင်အပေါ် အပြစ်ဒဏ်သာချမှတ်နိုင်ပြီး၊ အလုပ်သမားများ ရရန်ငွေများကို ပေးရန် ဆုံးဖြတ်ပိုင်ခွင့်၊ ညွှန်ကြားပိုင်ခွင့်မရှိချေ၊ အလုပ်သမားများ အနေဖြင့် အလုပ်ရှင်အပေါ် တပ်ရိုက်သည့် ဒဏ်ငွေကိုသာ နစ်နာကြေးအဖြစ် ရရှိပေသည်။ ထိရောက်မှုကား မရှိချေ။

တော်လှန်ရေးအရှိန်အဟုန်

တော်လှန်ရေးကောင်စီ တက်ရောက်လာသည့်အခါ အလုပ်သမားဌာနမှ အလုပ်သမားရေးရာ အဘော်ထားမှု (၇)ချက်ကို ချမှတ်ခဲ့ပြီး၊ ၁၉၆၂ ခု၊ ဇူလိုင်လတွင် အလုပ်သမား ဥပဒေသစ်များ ရေးဆွဲရေးကော်မီတီကို ဖွဲ့စည်းခဲ့ပါသည်။ တော်လှန်ရေးကောင်စီ တက်ရောက်လာပြီး ပြောင်းလဲလာသော အလုပ်သမား ဥပဒေစည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်အချို့ကို အကျဉ်းချုံး၍တင်ပြပါအံ့။

---

* ၁၉၇၂ ခုနှစ်၊ မေလ ၅ ရက်ထုတ် "လုပ်သားပြည်သူ့နေ့စဉ်"

၁၉၆၃ ခုနှစ်တွင် ဝါဏိဇ္ဇပဋိပက္ခုဥပဒေကို ပြင်ဆင်ခဲ့သည်။ ယင်းပြင်ဆင်ချက်အရ၊ အလုပ်သမား၊ အလုပ်ရှင်အငြင်းပွါးမှုများကို အလျင်အမြန် စရိတ်သက်သာစွာဖြင့် စစ်ဆေးစီရင်နိုင်သော အလုပ်သမား ဆပ်ကော်မီတီများကို ဖွဲ့စည်းခဲ့ပါသည်။ ထို့ပြင် ယင်းပြင်ဆင်ချက်အရ၊ ဝါဏိဇ္ဇပဋိပက္ခမှု နယ်ပယ်တွင် အမြင့်ဆုံးဖြစ်သော ဗဟိုဝါဏိဇ္ဇ ပဋိပက္ခကော်မီတီကို ဖွဲ့စည်းစေခဲ့ပါသည်။ဗဟိုဝါဏိဇ္ဇ ပဋိပက္ခကော်မီတီ၏ ဆုံးဖြတ်ချက်များသည် နောက်ဆုံးဖြစ်ပြီး၊ တရားရုံးချုပ်သို့ အယူခံရန် မလိုတော့သဖြင့် အမှုစီရင် စစ်ဆေးမှုမှာ မြန်ဆန်လာတော့သည်။ ဝါဏိဇ္ဇ ပဋိပက္ခမှုများကို ရာဇဝတ်ကြောင်းအရ၊ အရေးယူရုံဖြင့် လုံလောက်ခြင်းမရှိကြောင်း လက်တွေ့ လုပ်ဆောင်ရာတွင် တွေ့ရှိရပေသည်။ သို့ဖြစ်ရာ ဗဟိုဝါဏိဇ္ဇပဋိပက္ခကော်မီတီ၏ ဆုံးဖြတ်ချက်အရ၊ အလုပ်ရှင်က အလုပ်သမားအား ပေးရမည့် ငွေကို မြေခွန်မပြေကျန်ငွေ ဖြစ်ဘိသကဲ့သို့ ကောက်ခံနိုင်ရန် ၁၉၆၆ ခုနှစ်၊စက်တဘ်ာလ ၁ ရက်နေ့၌ ဝါဏိဇ္ဇပဋိပက္ခ ဥပဒေတွင် ပုဒ်မ ၈ (ဃ)ကို ဖြည့်စွက်ပြီး ပြဋ္ဌာန်းခဲ့သည်။ ယင်းဥပဒေပုဒ်မ ၈ (ဃ)အရ၊ မြေခွန်မပြေ ကျန်ငွေ ဖြစ်ဘိသကဲ့သို့ လျင်မြန်စွာ ကောက်ခံနိုင်ရန်အတွက် အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဌာနခွဲ ဝန်ထမ်းများအား လုပ်ကိုင်ခွင့်တာဝန် ပေးအပ်ခဲ့ပေသည်။

၁၉၆၄ ခုနှစ်၊ ချောက်ရေနံမြေတွင် ကျင်းပသော အလုပ်သမား အစည်းအဝေးကြီးတွင် အလုပ်သမားလောက မူဝါဒ ဥပဒေဖြစ်သည့် ပြည်သူ့ အလုပ်သမားများ၏ အခြေခံရပိုင်ခွင့် တာဝန်များ ပြဋ္ဌာန်းသည့် ဥပဒေကိုလည်းကောင်း၊မြန်မာနိုင်ငံ အလုပ်သမား လောကတွင် ကဏ္ဍသစ်ဖွင့်လိုက်သည့် ပြည်သူ့အလုပ်သမားကောင်စီ ဖွဲ့စည်းပုံ နည်းဥပဒေကိုလည်းကောင်း ပြဋ္ဌာန်းပေးခဲ့ပါသည်။ ၁၉၆၆ ခုနှစ်တွင် ပြည်သူ့ အလုပ်သမားကောင်စီ အဆင့်ဆင့်ဖွဲ့စည်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် ညွှန်ကြားချက်အမှတ် (၁-၂)ကို ရေးဆွဲပြဋ္ဌာန်းခဲ့သည်။ စက်ရုံ၊ အလုပ်ရုံ စီမံခန့်ခွဲရာ၌ အလုပ်သမားများ ပါဝင်ခွင့် ရရှိရေးအတွက် ၁၉၆၇ ခုနှစ်တွင် ပူးတွဲညှိနှိုင်းရေးအဖွဲ့ ဖွဲ့စည်းခြင်းညွှန်ကြားချက် (မူကြမ်း)ကိုရေးဆွဲခဲ့သည်။ယင်းနှစ်မှာပင် စည်းကမ်းတကျ ကုန်ထုတ်လုပ်နိုင်ရန် အတွက် အလုပ်ခွင် စည်းကမ်းချက်များ (နမူနာ) မူကြမ်းကို ရေးဆွဲခဲ့သည်။ ယင်း အလုပ်ခွင် စည်းကမ်းချက်များ (နမူနာ) နှင့် သက်သာချောင်ချိရေး အသင်းများ၏ စည်းမျဉ်း (နမူနာ)မူကြမ်း၊ အလုပ်သမား ချေတာစုဆောင်းရေးနှင့် ငွေစုငွေချေး သမဝါယမအသင်း စည်းမျဉ်းဥပဒေ (နမူနာ)ကို ဗဟိုပြည်သူ့ အလုပ်သမားကောင်စီ တတိယအကြိမ် အစည်းအဝေးတွင် တင်သွင်းဆွေးနွေးကာပြဋ္ဌာန်းအတည်ပြုခဲ့ပါသည်။

၁၉၆၈ ခုနှစ်တွင် ဗဟိုပြည်သူ့ အလုပ်သမားကောင်စီ အလုပ်အမှုဆောင် ကော်မီတီကိုဖွဲ့စည်းပြီးသောအခါ လုပ်ငန်းများ လုပ်ဆောင်ရာ၌ ချောမောစွာ လည်ပတ်နိုင်ရေးအတွက် ယင်း၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်ရပ်များ စည်းမျဉ်းကို ပြဋ္ဌာန်းခဲ့ပါသည်၊

အလုပ်သမားလျော်ကြေး ပေးလျော်ရာ၌ ကြန့်ကြာမှု မရှိစေရန်အတွက် ၁၉၆၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဘဏ္ဍာရေးနှင့် အခွန်တော် ဝန်ကြီးဌာနက ဝန်ကြီးဌာနများနှင့် ဘုတ်ကော်ပိုရေးရှင်းများသို့ ညွှန်ကြားချက်တရပ် ထုတ်ပြန်ခဲ့သည်။

ပြောင်းလဲနေသော အခြေအနေများအရ ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားကောင်စီ ဖွဲ့စည်းပုံ နည်းဥပဒေသည် လက်တွေ့လုပ်ငန်းများ လုပ်ဆောင်ရာတွင် အခက်အခဲ ရှိနေသဖြင့် ယင်းနည်းဥပဒေအစား ၁၉၇၀ ခုနှစ်၊ ပြည်သူ့အလုပ်သမားကောင်စီ ဖွဲ့စည်းပုံ နည်းဥပဒေကို ရေးဆွဲပြဋ္ဌာန်းခဲ့သည်။ ယင်းနည်းဥပဒေ၏ ထူးခြားလာသော အခန်းကဏ္ဍ တရပ်မှာ ကောင်စီဝင်တို့၏ပိုင်ခွင့်၊ ကျင့်ဝတ်စည်းကမ်းများ ပါရှိလာခြင်းပင်ဖြစ်သည်။ ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံ ရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့်ပုဒ်မ ၁၂ အရ၊ နည်းဥပဒေဖြစ်လျက်နေသော အလုပ်သမားများကို ခေတ်စနစ်နှင့်အညီ လတ်တလော အသုံးပြုနိုင်ရန်အတွက် ဥပဒေစိစစ်ရေးအဖွဲ့က စိစစ်ပြင်ဆင်မွမ်းမံလျက်နေပေသည်။ ထို့ပြင် ယခင်အလုပ်သမား ဥပဒေများအစား ရေရှည်အသုံးပြုရန်အတွက် ဆိုရှယ်လစ်အလုပ်သမား ဥပဒေကြီးကို ဗဟိုပြည်သူ့ အလုပ်သမားကောင်စီ အလုပ်အမှုဆောင် ကော်မီတီက ရေးဆွဲလျက် ရှိနေပေသည်။

ဤကား ဆိုရှယ်လစ်ခေတ်ပြောင်း တော်လှန်ရေးကာလ တိုးတက် ပြောင်းလဲလာသော အလုပ်သမားဥပဒေ ကဏ္ဍရပ်ပင် ဖြစ်ပေသတည်း။

ဆိုရှယ်လစ်စနစ်နှင့် ရှေ့နေတို့၏တာဝန် *

မောင်ထွန်းရွှေ (တရားရုံးချုပ်ရှေ့နေ)

ဆိုရှယ်လစ်စနစ် တည်ဆောက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်၊ စည်းကမ်း စည်းမျဉ်းများကို စနစ်တကျ ရေးဆွဲခြင်း၊ မတရားမှုများကို တရားမျှတမှု ရှိအောင် စစ်ဆေးစီရင်ခြင်း၊ ပြည်သူလူထုအတွင်းသို့ ဥပဒေ ပညာ ပြန့်ပွါးအောင် ဖြန့်ချိခြင်း စသည့် လုပ်ငန်းများကို စနစ်တကျ လုပ်ဆောင်ရေး အတွက် ရှေ့နေ ရှေ့ရပ် ဥပဒေ ပညာရှင်တို့၏ အခန်း ကဏ္ဍသည် အရေးကြီးပေသည်။

နိုင်ငံအရပ်ရပ်တွင် စနစ်ဟောင်းကို ဖြိုဖျက်ပြီး စနစ်သစ် တည်ဆောက်ရာတွင် ယခင်စနစ်ဟောင်းမှ ရှေ့နေရှေ့ရပ်များ အပါအဝင် အတတ်ပညာရှင်များကို စနစ်သစ်နှင့်အညီ ပြုပြင်ပုံသွင်းနိုင်စေရေးအတွက် စည်းရုံး ကြရပေသည်။ ဆိုဗီယက် ပြည်ထောင်စုတွင် ဆိုရှယ်လစ် တော်လှန်ရေး မတိုင်မီက ရှေ့နေရှေ့ရပ် ဥပဒေပညာရှင် များကို ဆိုရှယ်လစ် တည်ဆောက်ရေးတွင် တပ်သားကောင်းများ ဖြစ်လာစေရေး အတွက် စနစ်တကျ ဇောင်းပေး၍ စည်းရုံးခဲ့ပေသည်။ ဆိုဗီနှင့် ဘီရက်ရစ်ဝက်(ဘ်) ရေး ဆိုဗီယက် ကွန်မြူနစ်ဝါဒ စာအုပ်အရဆိုလျှင် ဆိုရှယ်လစ် တော်လှန်ရေး ဆင်နွှဲ စဉ် ကာလက ၇၅ ရာခိုင်နှုန်းသော ရှေ့နေရှေ့ရပ်ဦးရေသည် ကွန်မြူနစ် ပါတီဝင်များ မဟုတ်ကြောင်း တွေ့ရှိရပါသည်။ ယနေ့ ကာလတွင်မူ ဆိုဗီယက် ပြည်ထောင်စုတွင် ရှေ့နေရှေ့ရပ် ဥပဒေပညာရှင်တိုင်းလိုပင် ကွန်မြူနစ် ပါတီဝင်များ ဖြစ်လျက် နေသည် ကို တွေ့ရပါသည်။

ယနေ့ဆင်နွှဲနေသည့် ဆိုရှယ်လစ် ခေတ်ပြောင်းတော်လှန်ရေးတွင်လည်း ယခင် ဗြိတိသျှခေတ် အချိန်ကာလနှင့် အရင်းရှင် ပါလီမန်ခေတ် ကာလက ရှင်သန်ကြီးထွား ခဲ့သော ရှေ့နေရှေ့ရပ်ဥပဒေ ပညာရှင်များကို ဆိုရှယ်လစ် ခေတ်ပြောင်းတော်လှန်ရေး နှင့် အံဝင်ဂွင်ကျဖြစ်အောင် စနစ်တကျ စည်းရုံးရန် လိုအပ်လာပေသည်။

ယင်းသို့ စည်းရုံးရေးလုပ်ငန်းကို စတင်မလုပ်ဆောင်မီ ဆိုရှယ်လစ်စနစ် တည် ဆောက်ရာတွင် ရှေ့နေရှေ့ရပ် ဥပဒေပညာရှင်တို့ ထားရှိရမည့် သဘောထား၊ တာဝန် ဝတ္တရားနှင့် အကျင့်သိက္ခာတို့ကို ဆိုရှယ်လစ် ခေတ်ပြောင်း တော်လှန်ရေးနှင့် အညီ အသစ်တဖန် ပြန်လည် ပြုစုရေးသားရန် လိုအပ်ပေသည်။ ယနေ့တိုင် မှီငြမ်းအသုံး ပြုနေသည့် ရှေ့နေရှေ့ရပ်တို့၏ အကျင့်သိက္ခာ တာဝန် ဝတ္တရားများနှင့် ပတ်သက်သော ပြဋ္ဌာန်းချက်များ စီရင်ထုံးများမှာ ရစ်ချပ်ဒူကန်ရေး "လွှတ်တော်ရှေ့နေတို့၏ အတတ်

---

* ၁၉၇၂ ခုနှစ်၊မေလ ၆ ရက်နေ့ထုတ် "ဗိုလ်တထောင်သတင်းစာ"

ပညာစာအုပ်"၊ ဟင်နရီရေး "စနစ်အောက်၏ ရွှေနေရွှေရပ်တို့၏လောက" ပင် ဖြစ်ပါသည်။ အက်(စ်)ဒရင်ကာရေး "ဥပဒေဆိုင်ရာ အကျင့်သိက္ခာ စာအုပ်"၊ ဆာမယ်(လ်)ကို လင်(မ်) ဟယ်(လ်) ဘာရီရေး "လွတ်တော်ရွှေနေ အတတ်ပညာနှင့် တာဝန် ဝတ္တရားစာအုပ်"၊ "၁၉၆၇ ခုနှစ်၊ရွှေနေကြီး ဦးအောင်သိန်းအမှုစီရင်ထုံး" "၁၉၆၇ ခုနှစ် တရားရုံးချုပ် ရွှေနေကြီး ဦးညို အမှုစီရင်ထုံး" စသည်တို့ ဖြစ်ပါသည်။ ယင်းပြဋ္ဌာန်းချက်များ၊ စီရင်ထုံးများတွင် ဆိုရှယ်လစ်ရေး ဦးတည်ချက် မပါရှိချေ။

ရွှေနေရွှေရပ်တို့၏ လောကကို ကမ္ဘာအငှမ်းဖြင့် ခြုံ၍လေ့လာပါက အခြေခံအားဖြင့် နှစ်ပိုင်း ရှိသည်ကို တွေ့ရပါသည်။ တပိုင်းမှာ ငွေသာလျှင် အဓိကဖြစ်သော အရင်းရှင် စီးပွါးရေး စနစ်အောက်ရှိ ရွှေနေရွှေရပ်တို့၏ လောကပင် ဖြစ်ပါသည်။ ကျန်တပိုင်းမှာ တရားမျှတမှုရှိသော လူလူချင်း ခေါင်းပုံဖြတ်မှု ကင်းစင်သော ဆိုရှယ်လစ် စီးပွါး ငွေကြေးလောဘသည် လူ၏ အကျင့်စာရိတ္တကို ပျက်စီး ချွတ်ယွင်းစေသည့် အလျောက် အရင်းရှင် စနစ်အောက်ရှိ ရွှေနေရွှေရပ်တို့၏ လောကသည်လည်း ငွေရရှိရေးဘက်သို့ ဦးတည်တတ်ကြသည် ကို လက်တွေ့ဘဝတွင် တွေ့ရှိရပေသည်။ မြန်မာနိုင်ငံတွင်လည်း ဗြိတိသျှအုပ်စိုးစဉ် ကာလနှင့် အရင်းရှင် ဒီမိုကရေစီ အုပ်စိုးစဉ် ကာလတွင် မြေရှင်များ၊ ချစ်တီးများ၊ လိုင်စင်သူဌေးများသာလျှင် လွှမ်းခြုံသြဇာ ညောင်းသည့် အလျောက် ရွှေနေရွှေရပ်တို့သည် လည်း ငွေကြေးသည်သာ အဓိက ဖြစ်နေသော လောကတွင် ကျင်လည်ခဲ့ရသည်။ ပါတီရေးရာ သတင်းစဉ် အမှတ် ၅/၇၀ "တရားစီရင်ရေးနှင့် ရွှေနေတို့၏ တာဝန်ရပ်များ" ဆောင်းပါးတွင် အရင်းရှင် စနစ်အောက်၌ အသက်မွေး ဝမ်းကျောင်း ပြုသော ရွှေနေရွှေရပ်များနှင့် ပတ်သက်၍ ဂျေပီကာလီဆန်၏ ဝေဖန်ချက် ပါရှိပေသည်။ ယင်းဝေဖန်ချက်မှာ "**အမေရိကန် ရွှေနေများ၏တခုတည်းသော ရည်မှန်းချက်မှာ ငွေရရှိရေး အတွက်သာ ဖြစ်၏။ သူ့ရုံးအလုပ်ကို ငွေရပေါက် အလုပ်အဖြစ်သာ သဘောထား၏။ ဤရည်မှန်းချက်ကို ထားရှိသဖြင့် သူ့ဦးတည်ချက်မှာ တရားမျှတရေး မဟုတ်ဘဲ အောင်နိုင်ရေးသာ ဖြစ်သည်**" ဟူ၍ပင် ဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း "ရွှေနေသေ ကျီးမစား၊ ရွှေနေလျှာ အရိုးမရှိ၊ ငိုစားရယ်စား" စသည်ဖြင့် ရွှေနေရွှေရပ်တို့အပေါ် ဝေဖန် ရှုတ်ချကြသည်ကို တွေ့ရပါသည်။ ရွှေနေရွှေရပ်တို့ ဘဝသည် တည်ရှိနေသော စီးပွါးရေး စနစ်အပေါ်တွင် ရှင်သန်နေရသည် ဖြစ်ရာ ရွှေနေရွှေရပ်တို့အပေါ် ဝေဖန်လိုလျှင် ဂျေပီကာလီဆန်၏ ဝေဖန်မှုကဲ့သို့ အခြေခံဖြစ်သော စီးပွါးရေး စနစ်အပေါ် တည်မှီ၍ ဝေဖန်သင့်ပါသည်။ အရင်းရှင်စီးပွါး ရေးစနစ်သည် ငွေရရှိရေး တခုတည်းအတွက် လောဘဇောဖြင့် ရုန်းကန်ရသည် ဖြစ်ရာ ယင်းစနစ် အောက်တွင်ရှိသောရွှေနေရွှေရပ် တို့သည်သာမက အသက်မွေး ဝမ်းကျောင်း ရှာကြံစားသောက်သူတိုင်း ငွေရရှိရေး

အတွက် လောဘဖြင့် ရုန်းကန်ကြရပေသည်။ ယင်းသို့ ရုန်းကန်ရာတွင် တရားမျှတမှု မဲ့သော လုပ်ဆောင်မှုများကို အသက်မွေးဝမ်းကြောင်းအတွက် လုပ်ဆောင်ကြရပေ့သည်။ ဤသို့ ဖြစ်ရခြင်း၏ အကြောင်းရင်း ဇစ်မြစ်မှာ အရင်းရှင် စီးပွါးရေး စနစ်ကြောင့်ပင် ဖြစ်သည်။ တနည်းဆိုသော် တရားမျှတမှုရှိသော စီးပွါးရေး စနစ်ဖြစ်သည့် ဆိုရှယ်လစ် စီးပွါးရေး စနစ်ကို မတည်ဆောက်နိုင်သမျှ ရှေ့နေရှေ့ရပ်တို့၏ ဘဝသည် အခြားအခြားသော အသက်မွေးဝမ်းကျောင်း ရှာကြံသူများနည်းတူ ငွေရရှိရေး လောဘဇောဝ်နောက် သို့သာ လိုက်ပါလျက်နေမည်သာဖြစ်သည်။

ယနေ့ အချိန်ကာလတွင် တော်လှန်ရေး ကောင်စီက ဦးဆောင်ကာ ဆိုရှယ်လစ် စီးပွါးရေးစနစ်ကို တည်ဆောက်လျက်နေပြီး၊ ဆိုရှယ်လစ် စီးပွါးရေးစနစ်ကို အခြေခံသော ဆိုရှယ်လစ် ဒီမိုကရေစီနိုင်ငံတော် ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြည်သူတို့နှင့်အတူ ရေးဆွဲလျက် နေပေသည်။ ယင်းနိုင်ငံတော် ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေအရ အနာဂတ်တွင် ရှေ့နေရှေ့ရပ် ဥပဒေ ပညာရှင်တို့သည် အခြားသော ဆိုရှယ်လစ် နိုင်ငံရှိ ရှေ့နေရှေ့ရပ်တို့ကဲ့သို့ ဆိုရှယ်လစ် တည်ဆောက်ရေးတွင် တက်ကြွစွာ ပါဝင်လာရတော့မည် ဖြစ်ပေသည်။ ရှေ့နေရှေ့ရပ် ဥပဒေပညာရှင်များသည် အလုပ်သမားကောင်စီ၊ တောင်သူ လယ်သမားကောင်စီ အဆင့်ဆင့်၊ အစိုးရဌာနများတွင် ဥပဒေ အကြံပေး ပုဂ္ဂိုလ်များ အနေဖြင့် လည်းကောင်း၊ ပြည်သူ့ ဥပဒေ အကျိုးဆောင်များ ပြည်သူ့ ခုံရုံး အဖွဲ့ဝင်များအဖြစ် လည်းကောင်း၊ တာဝန် ထမ်းဆောင်ကြတော့မည် ဖြစ်သည်။ ထို့ပြင် ပြည်သူလူထုနှင့်တကွ တက္ကသိုလ် ကောလိပ် ကျောင်းများတွင် ဥပဒေပညာ ပြန့်ပွါးစေရေးအတွက် ဆွေးနွေးပို့ချရမည့် ဥပဒေ ပညာရှင်များအဖြစ် နိုင်ငံတာဝန် ထမ်းဆောင်ကြရတော့မည်ဖြစ်သည်။ သို့ဖြစ်ရာ ယနေ့ တည်ရှိဆဲ ရှေ့နေရှေ့ရပ်တို့၏ အကျင့်သိက္ခာ၊ တာဝန် ဝတ္တရားများကို ဖျက်သိမ်းပြီး ဆိုရှယ်လစ် စနစ်နှင့် အံဝင်ဂွင်ကျဖြစ်သော ရှေ့နေရှေ့ရပ်တို့၏ အကျင့်သိက္ခာနှင့် တာဝန် ဝတ္တရားများကို ရေးဆွဲ ပြဋ္ဌာန်းသင့်ချေပြီ။

အကျဉ်းဦးစီးဌာနဆွေးနွေးပွဲ *

ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ၊ တရားရေး ဝန်ကြီးဌာန အကျဉ်းဦးစီးဌာန၏ ဌာနတွင်း ညှိနှိုင်းဆွေးနွေးပွဲကို ရန်ကုန်မြို့၊ တရားရုံးချုပ်တွင် ယနေ့နံနက် ၁၀ နာရီက စတင်ကျင်းပရာ တရားရေးဌာနဝန်ကြီး ဒေါက်တာ မောင်မောင် တက်ရောက်၍ ဆွေးနွေးပွဲဖွင့် အမှာစကား မိန့်ကြားသွားသည်။

စုံစုံညီညီ

ယင်းဆွေးနွေးပွဲသို့ တရားရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူး ဦးဘရွှေ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မီတီ ဌာနချုပ်မှ ဗိုလ်ကြီး ပန်းစိန်၊ ဗဟိုပြည်သူ့ အလုပ်သမားကောင်စီမှ ဒေါ်စောမြနှင့် ဗိုလ်ကြီး ခင်မောင်ဦး၊ ဗဟိုပြည်သူ့ တောင်သူလယ်သမားကောင်စီမှ ဗိုလ်ကြီး လွန်းမောင်နှင့် ဦးစိုး၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးငြိမ်းလှိုင်နှင့် ဒု-ညွှန်ကြားရေးမှူးများ ဗိုလ်မှူးတင်အုန်း၊ ဗိုလ်မှူး မောင်မြင့် အမှူးပြုသော အဆူးအရာရှိများ၊ ပြည်သူ အကျိုးပြုတပ်ဖွဲ့ ဌာနချုပ်မှူးနှင့် အကျဉ်းထောင်အသီးသီးမှ ထောင်ပိုင်ဝန်များ၊ ထောင်တာဝန်ခံ အရာရှိများ၊ ထောင်မှူးကြီးများ စုံညီစွာ တက်ရောက်ကြပါသည်။

ရှေ့လုပ်ငန်းညှိနှိုင်း

ညှိနှိုင်းဆွေးနွေးပွဲ အစီအစဉ်များကို ဝန်ကြီးရုံးအဖွဲ့မှူး ဦးဘရွှေက ဖတ်ကြားကျေညာပြီးနောက် တရားရေးဝန်ကြီး ဒေါက်တာ မောင်မောင်က သဘာပတိမိန့်ခွန်းပြောကြားရာတွင် အကျဉ်းဌာန ပြုပြင်ရေးနှင့် ပတ်သက်၍ ယခင် တရားရေးဝန်ကြီး ဦးကျော်စိုး မကြာမကြာ ညွှန်ကြားခဲ့သည်များကို လေ့လာတွေ့ရှိရကြောင်း၊ ယင်းညွှန်ကြားချက်များကို မည်မျှဆောင်ရွက်ပြီးကြပြီး ရှေ့လုပ်ငန်းများ မည်သို့တက်တက်ကြွကြွ လုပ်ကြမည်ကို ညှိနှိုင်းကြရန် ယနေ့တွေ့ဆုံကြခြင်းဖြစ်ကြောင်း။

အကျဉ်းထောင်စနစ်

တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌကြီး ဦးနေဝင်းကိုယ်တိုင် ရန်ကုန် ဗဟိုထောင်ကြီးသို့ ၁၉၆၃ ခုနှစ်၊ ဧပြီလကသွားရောက်၍ အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်၏ အကျိုးကျေးဇူးကို ကိုယ်တိုင်ကိုယ်ရောက် ပေးခဲ့စဉ်က အကျဉ်းထောင် စနစ်ဟောင်း၏

---

* ၁၉၇၂ ခုနှစ်၊ မေလ ၂၇ ရက်နေ့ထုတ် " လုပ်သားပြည်သူ့နေ့စဉ် သတင်းစာ "။]

အကျင့်ဆိုးများကို ထုတ်ဖေါ်မိန့်ဟ၍ ဦးတည်အပ်သည့် စနစ်သစ်ကို ညွှန်ပြခဲ့ကြောင်း။ ထို့ကြောင့် ယခုအခါ အကျင့်ဆိုးများ မည်မျှပပျောက်ပြီး စနစ်သစ်သို့မည်မျှ ခရီးပေါက်ပြီကိုလည်း သုံးသပ်ရန်ဖြစ်ကြောင်း။

ရဲဘက်လုပ်ငန်း

ပြည်သူ အကျိုးပြုတပ်ဖွဲ့များအကျိုးဖြစ်ရဲဘက်များကိုဖွဲ့စည်းခဲ့ခြင်းသည်ခေတ်ရှေ့ပြေးသော တီထွင်စမ်းသပ်မှုဖြစ်ကြောင်း၊ ရဲဘက်လုပ်အားကို တပိုင်းတစ သုံးစွဲ၍ ဖောက်ခဲ့သောလမ်းနှင့် ဆောက်လုပ်ခဲ့သော စက်ရုံများရှိကြောင်း၊ ပြစ်ဒဏ်ကျခံနေရသူများကလည်း ရဲဘက်စခန်းများသို့ သွားရောက်လိုကြကြောင်း၊ ရဲဘက်လုပ်ငန်းကို မည်သို့ပိုမို အောင်မြင်အောင် ဆောင်ရွက်ကြရန်ကိုရင်း၊ အကျဉ်းစခန်းများတွင် ရှိကြသူတို့၏ စိုက်ပျိုးရေး၊ ထုတ်လုပ်ရေး လုပ်ငန်းများကို မည်သို့ပိုမိုတွင်ကျယ်အောင် အသုံးပြုရန်ကိုရင်း၊ လုပ်အားကို အစွမ်းကုန် အသုံးချနိုင်မှ နိုင်ငံဘဏ္ဍာ အကုန်အကျသက်သာပြီး စီးပွါးရေးကို အထောက်အကူဖြစ်ကာ အပြစ်ကျ ခံနေရသူများကလည်း စိတ်မလေမလွင့် ကျန်းကျန်းမာမာနှင့် အသက်မွေးဝမ်းကျောင်း ပညာရကာ ဘဝသစ်ထူထောင်နိုင်ကြမည့် အချက်ကိုရင်း လေးနက်စွာ သုံးသပ်ကြရန်လိုကြောင်း။

စာရိတ္တပြုပြင်ကျောင်း

သရက်မြို့ရှိ ကလေးသူငယ်များ အကျင့်စာရိတ္တ ပြုပြင်ရေးကျောင်း၏ အခြေအနေကိုလည်း သုံးသပ်ဖို့လိုကြောင်း၊ ရည်ရွယ်ချက် မျက်ခြည်မပြတ်ဘဲ ကလေးများကို စာရိတ္တပြုပြင်ရေး၊ နိုင်ငံအင်အားများ အဖြစ်သို့ ရောက်ရှိရေးကို စိတ်ရှည်ရှည်ဖြင့် စေတနာထားကာ ကြိုးစားကြရမည်ဖြစ်ကြောင်း။

အချုပ်ခံများကိစ္စ

မှုခင်းကို တရားစွဲဆို တင်ပို့ရာတွင်ဖြစ်စေ၊ တရားစီရင်ရာတွင်ဖြစ်စေ ကြန့်ကြာခြင်းကြောင့် ကြာမြင့်စွာအချုပ်အနှောင် ခံနေကြရသူများ အရေးလည်းရှိကြောင်း၊ယင်းကိစ္စကိုတရားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီတို့က ညှိနှိုင်း၍ ဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ လမ်းစဉ်ပါတီ၊ ကောင်စီနှစ်ရပ်တို့နှင့်ပါပူးပေါင်း၍ ပြည်သူ့တရားစီရင်ရေးကိုမကြာမီနိုင်ငံအနှံ့ အပြည့်ဖေါ်ထုတ်လာသောအခါ၊ ကျေးရွာမှုခင်း ကျေးရွာတွင်၊ မြို့နယ်မှုခင်းမြို့နယ်တွင် မြန်မြန် ပြီးပြတ်ဖို့ရှိကြောင်း၊ ထိုအခါတွင်မှုခင်းစစ်ဆေးခြင်းကြန့်ကြာသောကြောင့် ကြာမြင့်စွာ ချုပ်နှောင်ခံနေရခြင်းများ နည်းပါး ကင်းရှင်းလာမည်ဖြစ်ကြောင်း။

သတိမူ

အထူးရာဇဝတ်ရုံး စနစ်ကိုလည်း အယူခံ အဖွဲ့ဝင်များ၊ အတည်ပြု အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများက ပူးပေါင်း၍ သုံးသပ်လျက်ရှိကြောင်း၊ ကြန့်ကြာခြင်း အကြောင်း ရင်းများကို ရှာဖွေ၍ပပျောက်အောင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် အထူး ရာဇဝတ်ရုံးစနစ်မှ ကောင်းသော ဗဟုသုတများကိုယူ၍ သင်ခန်းစာများကိုလည်း သတိမူပြီးလျှင် ပြည်သူ့တရားစီရင်ရေး စနစ်သို့ ကူးပြောင်းရန်ဖြစ်ကြောင်း။

စည်းကမ်းဘက်

အကျဉ်းဦးစီးဌာန ဝန်ထမ်းများအား ထိုက်သင့်သော အားပေးချီးမြှင့်ခြင်း၊ လေ့ ကျင့် တာဝန်ပေးခြင်း၊ စည်းကမ်းကျနအောင် ဖွဲ့စည်း စည်းရုံးခြင်း စသည်တို့ကိုလည်း ဆက်လက်ဆောင်ရွက်ရန်ရှိကြောင်း၊ ဌာနဆိုင်ရာကိစ္စအရပ်ရပ်ကိုနှင့်အပြုသဘောဖြင့် ပွင့်လင်းစွာ ဆွေးနွေးကြရန်တိုက်တွန်းလိုကြောင်း စသည်ဖြင့် မိန့်ကြားသွား၏။

ထို့နောက် အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးငြိမ်းလှိုင်ကအကျဉ်းဌာန အုပ်ချုပ်မှုအခြေအနေ အစီရင်ခံစာကို ဖတ်ကြားတင်သွင်း၏။

ဂင်းနောက်ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာမုံရွာအကျဉ်းထောင် တာဝန်ခံ ဦးအုန်းကျော်က အကျဉ်းထောင်များနှင့် အကျဉ်းသားများ ဘာသာရပ်၊ ပြဟသာတ ထောင်ပိုင် ဦးလှဖေါ်သူက ရဲဘက်စခန်းများ တိုးချဲ့ဖွင့်လှစ်ရေးဘာသာရပ်၊ မိတ္ထီလာ ထောင်တာဝန်ခံအရာရှိ ဦးကိုကိုတင်က ဘော်စတယ်ကျောင်းများကိစ္စ၊ ဗန်းမော် ထောင်တာဝန်ခံအရာရှိ ဦးသာနုက ဝန်ထမ်းများ သင်တန်းပို့ချရေးကိစ္စ၊ ကသာ ထောင်မှူးကြီး ဦးမောင်မောင် (ရန်အောင်မောင်မောင်)က အကျဉ်းသားများ စည်း ကမ်းထိန်းသိမ်းရေး၊ အသက်မွေး ဝမ်းကျောင်းပညာ သင်ကြားရေးနှင့် ပြုပြင်ရေး၊ ပြည်ထောင်ပိုင် ဦးလှအောင်က အမှုထမ်းများကိစ္စ၊ မြင်းခြံထောင်ပိုင် ဦးတင်ညွှန့်က အကျဉ်းသားများ ပြန်လည်နေရာချထားရေး၊ ရွှေဘိုထောင် တာဝန်ခံအရာရှိ ဦးသောင်းဟန်ကအကျဉ်းသားများ စားဝတ်နေရေး၊ပခုက္ကူထောင် တာဝန်ခံအရာရှိ ဦးသောင်းရွှေက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုလက်မှု လုပ်ငန်းများ၊ သာယာဝတီ ထောင်ပိုင် ဦးလှရွှေက အကျဉ်းထောင် အက်ဥပဒေ ပြင်ဆင်ရေးနှင့် ပုသိမ်ထောင် ပိုင်ဝန် ဦးသောင်းချစ်က ထောင်ပုံစံ၊ လချုပ်အစီရင်ခံစာများ ပြင်ဆင်ရေးတို့ကို တင်ပြဆွေးနွေးကြ၏။

ဆွေးနွေးပွဲကို မေလ ၂၇ ရက်တွင် ဆက်လက်ကျင်းပပြီး ဆွေးနွေးချက်များနှင့် ပတ်သက်၍ ပြန်လည်ဖြေကြား ဆွေးနွေးမည်ဟု သိရ၏။

အထူးရာဇဝတ်ရုံးများစနစ် ပြန်လည်သုံးသပ်ရေး *

အထူးရာဇဝတ်ရုံးများစနစ် ပြန်လည်သုံးသပ်ညှိနှိုင်းမှု အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက နိုင်ငံတော်တရားရုံးချုပ် အဆောက်အဦ တရားသူကြီးများ ပိဋကတ်တိုက်တွင်ကျင်းပ၏။

စုံစုံညီညီ

ယင်းအစည်းအဝေးသို့ တရားရေးဌာနဝန်ကြီး ဒေါက်တာ မောင်မောင်၊ အယူခံအဖွဲ့ ဥက္ကဋ္ဌ ဝန်ကြီး ဒေါက်တာလှဟန်၊ အယူခံအဖွဲ့ဝင်များ ဖြစ်ကြသော ဝန်ကြီး ဦးစိန်ဝင်းနှင့် ဝန်ကြီး ဦးသန်းစိန်၊ အတည်ပြုအဖွဲ့ (၁) ဥက္ကဋ္ဌ ဝန်ကြီး ဒေါက်တာ မောင်လွင်၊ အတည်ပြုအဖွဲ့ (၂) ဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ် သောင်းဒန်၊ အတည်ပြုအဖွဲ့ဝင်များ ဖြစ်ကြသော ဝန်ကြီး ဦးသောင်းကြည်၊ ဝန်ကြီး ဗိုလ်မှူးချုပ်သောင်းတင်၊ ဒုတိယဝန်ကြီး ဦးအောင်ဖေနှင့် ဒုတိယဝန်ကြီး ဦးလှဘုန်းတို့အပြင် ပြည်ထဲရေးနှင့် သာသနာရေးဌာန ဝန်ကြီး ဦးစိန်မြ၊ သမဝါယမဌာနဝန်ကြီး ဦးဘညိမ်၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီဌာနချုပ်မှ ဦးတင်ဦး၊ ဗဟို ပြည်သူ့အလုပ်သမားကောင်စီမှ ဦးအုန်းဖေ၊ ဗဟို ပြည်သူ့ တောင်သူလယ်သမားကောင်စီမှ ဦးသိန်းဟန်၊ နိုင်ငံတော်ရှေ့နေချုပ် ဦးလှအောင်၊ တရားရုံးချုပ် တရားသူကြီး ဦးလှသင်း၊ ပြည်သူ့ရဲတပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး အုန်းကြည်၊ ဗဟို လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီမှ ဦးဘအေး၊ အတည်ပြုအဖွဲ့ (၁) အဖွဲ့ဝင် ဦးလှဘူး၊ ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန တရားရေးဝန်ကြီး ဌာနတို့မှ ပုဂ္ဂိုလ်များ တက်ရောက်ကြပြီး သဘာပတိအဖြစ် တရားရေး ဌာနဝန်ကြီး ဒေါက်တာ မောင်မောင်ကရင်း၊ အခမ်းအနားမှူးအဖြစ် တရားရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူး ဦးဘရွှေကရင်း ဆောင်ရွက်၏။

ဝန်ကြီးမိန့်ခွန်း

ဝန်ကြီး ဒေါက်တာ မောင်မောင်က မိန့်ခွန်း ပြောကြားရာ၌ အထူးရာဇဝတ်ရုံးစနစ်ကို စမ်းသပ် လာခဲ့သည်မှာ ၁၀ နှစ်ရှိခဲ့ပြီဖြစ်ကြောင်း၊ အထူးရာဇဝတ်ရုံးဖြင့် စစ်ဆေးဆဲ မှုခင်းများကို ပိုမိုမြန်ဆန်အောင် မည်သို့ ပြုပြင်ဆောင်ရွက်ကြမည်ကို ညှိနှိုင်းကြရန်ဖြစ်ကြောင်း၊ အထူးရာဇဝတ်ရုံး စနစ်အတွေ့အကြုံမှ သင်ခန်းစာများကို ထုတ်နုတ်ကာ ပြည်သူ့တရားစီရင်ရေးစနစ် တည်ဆောက်ရာတွင် သတိချပ်ကြရန်လည်းဖြစ်ကြောင်း။

* ၁၉၇၂ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့ထုတ် "လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ"။

ဥက္ကဋ္ဌကြီးစေတနာ

အထူးရာဇဝတ်ရုံးသည်၊ ပြည်သူ့တရားစီရင်ရေး၏ ရှေ့ပြေးဖြစ်ကြောင်း၊ တရားသူကြီးတဦးတည်းဖြင့် မဟုတ်ပဲ၊ အဖွဲ့ဖြင့် စီရင်ခြင်း၊ စီရင်ရာတွင် ပြည်သူတို့ကိုယ်တိုင် ပါဝင်ခြင်းစသည်တို့သည်၊ စနစ်သစ်၏ ထူးခြားချက်များဖြစ်ကြောင်း ထောက်လှန်ရေးကောင်စီ ဥက္ကဋ္ဌကြီးက တရားစီရင်ရာတွင် ပြည်သူ့ရဲ့နှစ်ဖက်ရှေ့နေ၊ သက်သေ အရားသူကြီးအဖွဲ့တို့သည် အဂတိတရား တပါးပါးသို့မှ မယိမ်းမယိုင်ပဲ၊ အမှန်တရားကို ဖေါ်ထုတ်မည်ဟူသော တူညီသော ရည်ရွယ်ချက်ဖြင့် ဝိုင်းဝန်း ဆောင်ရွက်ရန်လိုကြောင်း၊ သို့မှသာ ပြည်သူအကျိုးကို ပြုသော ပြည်သူက ယုံကြည် အားကိုးသော တရားစီရင်ရေးဖြစ်မည်ဟု မိန့်ကြားခဲ့သူကြောင်း၊ ဥက္ကဋ္ဌကြီး၏ ယင်းမိန့်ကြားချက်ပါ စေတနာသည် အထူးရာဇဝတ်ရုံး စနစ်ကို ဖေါ်ထုတ်ရာတွင် အပြည့်အဝ ပါဝင်ကြောင်း။

အချို့သဘောမပေါက်

စေတနာထားသလောက် မည်မျှ အောင်မြင် ခရီးရောက်ခဲ့သည်ကို ယခု ပြန်လည်သုံးသပ်ကြရန် ဖြစ်ကြောင်း၊ အထူးရာဇဝတ်ရုံးအများစုသည် မှန်မှန် မြန်မြန် စစ်ဆေးစီရင်ကြသော်လည်း အချို့သည် အကြောင်းကြောင်း ကြောင့် နှောင့်နှေးကြန့်ကြာလျက်ရှိကြောင်း၊ ကြန့်ကြာခြင်း အကြောင်းရင်းများကို ရှာဖွေ၍ ဖြိုဖျက်ရန်ဖြစ်ကြောင်း၊ အချို့သည် အထူးရာဇဝတ်ရုံး၏ ရည်ရွယ်ချက်ကိုပင် သဘောပေါက်ဟန် မတူကြောင်း၊ သက်သေမခိုင်လုံလျှင် အထူးရာဇဝတ်ရုံးတွင် တင်မည် အထူးရာဇဝတ်ရုံးက အပြစ်ပေးလိမ့်မည် ဟူသော အတွေးအခေါ်နှင့် မိမိတို့ကို စိတ်ချရ၍ ရွေးချယ်ခန့်အပ်လိုက်သည်။ ထို့ကြောင့် တုံ့ပြန်သော အားဖြင့် အပြစ်ပေးရမည် ဟူသော အချို့သော အထူးရာဇဝတ်ရုံး အဖွဲ့ဝင်များ၏ အတွေးအခေါ် စသည်များကို ပပျောက်အောင် အတည်ပြု အဖွဲ့များနှင့် အယူခံ အဖွဲ့တို့ကရင်း၊ ပြည်ထဲရေး ဝန်ကြီးဌာန၊ တရားရေး ဝန်ကြီးဌာနတို့ကရင်း ပညာပေးခဲ့ကြောင်း။

အမှုမှန်ဖေါ်ထုတ်

အတည်ပြု အဖွဲ့ဝင်များနှင့် အယူခံ အဖွဲ့ဝင်များသည် တာဝန်ကြီးများကို ထမ်းရွက်လျက် မအားမလပ် ရှိကြသည့် အကြားမှ အထူးရာဇဝတ်ရုံးကိစ္စတို့ကို ဦးစားပေး၍ ဆောင်ရွက်ခဲ့ကြကြောင်း၊ အတည်ပြု အဖွဲ့များသည် အထူးရာဇဝတ် ရုံးနှင့် မတန်သည့် အမှုများ၊ ပုဒ်မ ပြောင်းသင့်သည်များကို ညွှန်ပြခြင်း၊ တရားရှင် တရားသေ

* ၁၉၅၂ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့ထုတ် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာမှ။

လွှတ်ခြင်းများကိုလည်း ပြုလုပ်ကြောင်း အမှုမပေါ် ပိတ်သင့်ပါသည်ဆိုသည့်အမှုကိုလည်း မကျေနပ်က ထပ်မံ စုံစမ်းစေကာမူ အမှုမှန် ပေါ်ထွက်ခြင်းတို့ကိုလည်း ပြုလုပ်ခဲ့ကြောင်း။

လမ်းညွှန်မှုချမှတ်

အယူခံအဖွဲ့သည် အယူခံအမှုပေါင်း ၇၀၀ ခန့်ကို ကြားနာဆုံးဖြတ်ခဲ့ရာ၌၊ ရာဇဝတ်တရားစီရင်ရေး လမ်းညွှန်မှုများကို ချမှတ်ခဲ့ကြောင်း၊ ယင်းမှုများ ပါဝင်သော အယူခံအဖွဲ့ စီရင်ထုံးများကို နိုင်ငံအနှံ့ တရားရုံးများက လိုက်နာ ကျင့်သုံးလျက် ရှိကြကြောင်း ။

နည်းလမ်းရှာ

လမ်းညွှန် စီရင်ထုံးများလည်း ပြည့်စုံသလောက် ဖြစ်ပြီးလျှင် မကြာမီ ပြည်သူ့တရားစီရင်ရေး စနစ်ကို ကျယ်ကျယ်ပြန့်ပြန့် ဖေါ်ထုတ်တော့မည် ဖြစ်၍ မည်ကဲ့သို့သော ပူးပေါင်းကြီးမှူးကိုသာ အထူးရာဇဝတ်ရုံးဖြင့် စစ်ဆေးသင့်သည်ကို ညှိနှိုင်းဆုံးဖြတ်ကြရန် ရှိကြောင်း၊ အထူးရာဇဝတ်ရုံး ဖွဲ့စည်းခြင်း၊ စစ်ဆေးခြင်း၊ အတည်ပြုခြင်း၊ အယူခံကို ကြားနာခြင်း၊ အဆင့်ဆင့်တွင် ကြန့်ကြာ ခက်ခဲမှုများ မရှိအောင် ပူးပေါင်းဆောင်ရွက်ကြဖို့ နည်းလမ်းရှာဖွေကြရန်လည်း ဖြစ်ကြောင်းစသည်ဖြင့် မိန့်ကြားသွား၏။

မလိုအပ်ပဲမချုပ်နှင့်

ထို့နောက် အယူခံအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ လှဟန်၊ အဖွဲ့ဝင်များ ဖြစ်ကြသော ဦးစိန်ဝင်း၊ ဦးသန်းစိန်၊ အတည်ပြု အဖွဲ့ဥက္ကဋ္ဌများ ဖြစ်ကြသော ဒေါက်တာ မောင်လွင်၊ ဗိုလ်မှူးချုပ် သောင်းဒန်၊ အဖွဲ့ဝင်များ ဖြစ်သော ဦးသောင်းကြည်၊ ဗိုလ်မှူးချုပ် သောင်းတင်၊ ဦးအောင်ဖေ၊ ဦးလှဘူးတို့က ပါဝင်ဆွေးနွေးကြရာတွင် အထူးရာဇဝတ်ရုံးနှင့် မထိုက်မတန်သည့် အမှုများကို အထူး ရာဇဝတ်ရုံးသို့ တင်ပို့ခြင်းဖြင့် စွပ်စွဲခံရသူများ ပင်ပန်းသည့်ပြင် နိုင်ငံတော်အတွက်လည်း စရိတ်စက ကုန်ကျကြောင်း၊ အထူးရာဇဝတ်ရုံးကို ဖွဲ့စည်းရာတွင် အမျိုးအကျိုးကို လိုလားသည့် ပုဂ္ဂိုလ်များနှင့် ဥပဒေရေးရာ ကျွမ်းကျင်သူများကို ထည့်သွင်းသင့်ကြောင်း အထူး ရာဇဝတ်ရုံး ဖွဲ့စည်းရန်အတွက် ဆိုကာ ရမန်ပိတ် ချုပ်နှောင်ခြင်း လုံးဝမရှိအပ်ကြောင်း သက်သေခိုင်လုံမှု ထူးခြားသော အသွင်ဆောင်မှု အထူးရာဇဝတ်ရုံး ဖွဲ့အပ်ကြောင်း၊ အထူးရာဇဝတ်ရုံးများက စွပ်စွဲခံရသူများအား အာမခံပေးနိုင်ကြောင်း၊ အမှု စစ်ဆေးနေစဉ် ချုပ်

နှောင့်ခြင်းကို မလိုပဲ မရှိအပ်ကြောင်း၊ ရှုံ့ခဲ့ပြန်လျှင် ပြစ်ဒဏ်မှ ထုတ်နုတ်သင့်ကြောင်း စသည်ဖြင့် အကျယ်တဝင့် စိတ်ပါဝင်စားစွာ ဆွေးနွေးကြ၏။

အသင့်ပြင်ကြ

ဝန်ကြီး ဦးဘညိမ်ကလည်း ပြည်သူ့ တရားစီရင်ရေး စနစ်သို့အမြန်ကူးပြောင်းရာ အခြေခံဥပဒေ မူကြမ်းပါ တရားစီရင်ရေး စနစ်အတွက် အသင့်ပြင်ကြရန် လိုကြောင်းဖြင့် ပါဝင်ဆွေးနွေး၏။ ပြည်ထဲရေးဝန်ကြီး ဦးစိန်မြကလည်း တရားရေးဝန်ကြီးဌာနက ချမှတ်သော ညွှန်ကြားချက်များနှင့် အညီ အထူးရာဇဝတ်ရုံး စနစ်ကို မြန်ဆန် မှန်ကန်အောင် ဆောင်ရွက်သင့်ကြောင်းဖြင့် ဆွေးနွေး၏။

ပြည်သူ့အကျိုးပြု

ယင်းပုဂ္ဂိုလ်ကြီးများသည် ပြစ်ဒဏ်ကျခံပြီးသူများ၏ ဘဝသစ်ထူရေး ပြစ်ဒဏ်၏ အမဲကွက် ပယ်ဖျက်ရေးတို့ကိုလည်း ထည့်သွင်း ဆွေးနွေးကြ၏။ ၎င်းနောက် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌကြီး လမ်းညွှန်သည့် အတိုင်း ပြည်သူ့တရားစီရင်ရေးကို အမြန် တည်ဆောက်၍ အထူးရုံး ရုံးရုံးရုံး မကွဲပြားပဲ ပြည်သူ့အကျိုးပြု ပြည်သူ့တရားစီရင်ရေးကို တည်ဆောက်ရမည် ဖြစ်ကြောင်းကိုလည်း ဆွေးနွေး ဆုံးဖြတ်ကြ၏။

ယင်း အထူး ရာဇဝတ်ရုံးများ စနစ် ပြန်လည် ညှိနှိုင်းမှု အစည်းအဝေးကို မွန်းလွဲ နှစ်နာရီတွင် ရုပ်သိမ်းလိုက်၏။

ဆိုရှယ်လစ်နိုင်ငံများ၏ အပြစ်ဒဏ်ပေးစနစ် *

ဆိုရှယ်လစ် တည်ဆောက်သော နိုင်ငံတိုင်းတွင် ကျင့်သုံးသော အပြစ်ဒဏ် ပေးပုံစနစ်ကို လေ့လာသည့်အခါ၊ နိုင်ငံ၏ ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးကို ပံ့ပိုးထောက်ကူပြုကြောင်း တွေ့ရှိရပါသည်။ ဆိုရှယ်လစ် နိုင်ငံများတွင် ကျင့်သုံးသော အပြစ်ပေးပုံစနစ်ကို အခြေခံအားဖြင့် နှစ်မျိုးနှစ်စား ခွဲခြားနိုင်သည်။ ယင်းတို့မှာ ရာဇဝတ်ပြစ်မှုမဟုတ်သော ပြစ်မှုများတွင် ပေးသော ပြစ်ဒဏ်များနှင့် ရာဇဝတ်ပြစ်မှုများတွင်ပေးသောပြစ်ဒဏ်များဖြစ်သည်။ ရာဇဝတ်ပြစ်မှုမဟုတ်သော ပြစ်မှုများတွင် ပေးသော ပြစ်ဒဏ်များမှာ ဒဏ်ငွေတပ်ခြင်း၊ ပြုပြင်ရေး လုပ်အားပေးစခန်းများတွင် တလ၊ သို့မဟုတ် ၂ လ လုပ်အားပေးခိုင်းခြင်း နှင့် ယင်းလုပ်ခမှရရှိသော လုပ်ခမှ ၂၀ ရာခိုင်နှုန်း ဖြတ်တောက်ခြင်း၊ လွတ်လပ်စွာ နေထိုင် သွားလာမှုကို ၁၀ ရက်၊ ၁၅ ရက် ပိတ်ပင် တားမြစ် ထားခြင်း စသည်တို့ ဖြစ်သည်။

ရာဇဝတ် ပြစ်မှုများတွင် ပေးသော ပြစ်ဒဏ်များမှာ ပြည်သူလူထု ရှေ့မှောက်တွင် သတိပေးခြင်း၊ ဒဏ်ငွေတပ်ခြင်း၊ လုပ်ငန်းတာဝန် ရပ်ကို ထမ်းဆောင်ခွင့်မှ တားမြစ်ထားခြင်း၊ ချမှတ်ထားသော ဒေသအတွင်း၌ သာ နေထိုင်ရန် သတ်မှတ်ထားခြင်း၊ သတ်မှတ်ထားသည့် ဒေသတရပ်ရပ်၊ သို့မဟုတ် ဒေသများတွင် နေထိုင်မှု၊ သွားလာမှုကို တားမြစ် ပိတ်ပင်ထားခြင်း၊ လုပ်ငန်းတရပ်တွင် လွတ်လပ်မှုကို တားဆီးပိတ်ပင်ထားမှု မပြုပဲ လုပ်အားပေးခိုင်းခြင်း၊ ထောင်ဒဏ် အပြစ်ပေးခြင်း၊ စသည့် အပြစ်ဒဏ်မျိုးများပင် ဖြစ်ပါသည်။ အပြစ်ဒဏ်ပေးရာတွင် ထပ်လောင်း၍ ပေးထားသော အပြစ်ဒဏ်နှစ်ရပ်မှာ စစ်ဖက်ဆိုင်ရာ ဘွဲ့ထူးဂုဏ်ထူး၊ သို့မဟုတ် အခြား ဘွဲ့ထူးဂုဏ်ထူးများကို ရုပ်သိမ်းနိုင်ခြင်းမှ တားမြစ်ထားသော ပြစ်ဒဏ်နှင့် ပစ္စည်းများ သိမ်းဆည်းသည့်အပြစ်ဒဏ်တို့ဖြစ်သည်။ ပစ္စည်းများ သိမ်းဆည်းသည့် အပြစ်ဒဏ်ကို ကြီးလေးသော ရာဇဝတ်မှုများတွင်သာ ပေးတတ်ပေသည်။ ပစ္စည်းများ သိမ်းဆည်းသည့် အပြစ်ဒဏ်ပေးရာတွင် ပြစ်မှုကျူးလွန်သူ၏ ပစ္စည်းများကိုသာ သိမ်းပြီး ပြစ်မှု ကျူးလွန်သူ၏ မိသားစုပိုင်ပစ္စည်းများကိုမူသိမ်းယူမှုမပြုချေ။

လွတ်လပ်မှုကို တားဆီးပိတ်ပင်သည့် ပြစ်ဒဏ်များကို ကြီးလေးသော ရာဇဝတ်မှုများတွင်သာ ပေးလေ့ရှိသည်။ လွတ်လပ်မှုကို တားဆီး ပိတ်ပင်သော ပြစ်ဒဏ်ကို အကျဉ်းထောင်တွင်ဖြစ်စေ၊ လုပ်အားပေး ပြုပြင်ရေးစခန်းများတွင် ဖြစ်စေ ကျခံရပေသည်။ ကြီးလေးသော ရာဇဝတ်မှု ကျူးလွန်သူများကိုသာလျှင် အကျဉ်းထောင်

* ၁၉၇၂ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ထုတ် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာမှ။

များတွင် ထားရှိတတ်ပေသည်။ အကျဉ်းဒဏ်ကို အနည်းဆုံး သုံးလမှ အများဆုံး ၁၀ နှစ်အထိ ပေးတတ်ပေသည်။ သို့ရာတွင် အလွန်အလွန် ကြီးလေးသော ရာဇဝတ်မှုများတွင်မူ အကျဉ်းဒဏ် ၁၅ နှစ်အထိ ပေးတတ်ပေသည်။

များသောအားဖြင့် ပြစ်မှုကျူးလွန်သူများကို အကျဉ်းထောင် များတွင် မထားပဲ ပြုပြင်ရေး လုပ်အားပေးစခန်းများတွင်သာ ထားတတ်ပေသည်။ ပြုပြင်ရေး လုပ်အားပေးစခန်းလေးမျိုးရှိပေသည်။ ၎င်းတို့မှာ—

(၁) သာမန်ပြုပြင်ရေးလုပ်အားပေးစခန်း၊
(၂) တင်းကြပ်သောပြုပြင်ရေး လုပ်အားပေးစခန်း၊
(၃) အလွန်တင်းကြပ်သော ပြုပြင်ရေး လုပ်အားပေးစခန်း၊
(၄) အထူးတင်းကြပ်သော ပြုပြင်ရေး လုပ်အားပေးစခန်း

တို့ဖြစ်သည်။ သာမန်ပြစ်မှု ကျူးလွန်သူများကိုသာမန် ပြုပြင်ရေး လုပ်အားပေးစခန်းသို့ ပို့လေသည်။ ကြီးလေးသည့် ပြစ်မှု ကျူးလွန်သူများကို တင်းကြပ်သော ပြုပြင်ရေး လုပ်အားပေးစခန်းသို့ ပို့ပေသည်။ အထူးတင်းကြပ်သော ပြုပြင်ရေး လုပ်အားပေး စခန်းများတွင် အပြစ်ဒဏ် ကျခံသူတို့၏ လွတ်လပ်မှုကို တားဆီး ပိတ်ပင် ထားပေသည်။ အလွန်အလွန် ကြီးလေးသည့် ပြစ်မှု ကျူးလွန်သူများကိုမူ အထူးတင်းကြပ်သော ပြုပြင်ရေး လုပ်အားပေးစခန်းများသို့ ပို့ပေသည်။ ပြုပြင်ရေး လုပ်အားပေး စခန်းတို့၏ အဓိက ရည်ရွယ်ချက်မှာ ပြစ်ဒဏ်ခံရသူတို့ကို အကျင့်စာရိတ္တ ပြုပြင်ရေးပင်ဖြစ်သည်။

ပေးတတ်သော အခြားပြစ်ဒဏ် တရပ်မှာ ပြစ်မှုကျူးလွန်သူကို မိမိလုပ်နေကျ အလုပ်တွင်ဖြစ်စေ၊ မိမိနေရပ်မှ အနီးအနားရှိ အခြားလုပ်ငန်းတရပ်ကိုဖြစ်စေ ပြဋ္ဌာန်း သတ်မှတ် ထားသည့်အတိုင်း အလုပ် လုပ်ခိုင်းသည့် အပြစ်ဒဏ်မျိုးပင် ဖြစ်သည်။ ယင်းသို့သော ပြစ်ဒဏ်ကို တလမှ နှစ်လအထိ ပေးတတ်ပေသည်။ ယင်းပြစ်ဒဏ် ခံရသူ၏ လုပ်အားမှ ရရှိသော ဝင်ငွေ ၂၀ ရာခိုင်နှုန်းထက် မများသော အခကြေးငွေကို ဖြတ်တောက်တတ်ပေသည်။ ဤသို့ လုပ်ကိုင်နေသည့် အလုပ်ကို အပြစ်ပေးခံရသူ၏ အမှုထမ်းသက်တွင် ထည့်သွင်းခြင်း မပြုချေ။

အပြစ်ပေးခံရသူသည် ပြစ်ဒဏ်ခံနေရစဉ်အတွင်း စံနမူနာ ယူလောက်အောင် ကောင်းမွန်စွာ နေထိုင်ပါက တရားရုံးသည်၊ အပြစ်ပေးခံရသည့် ကာလ မကုန်ဆုံးမီ ယင်းအပြစ်ပေးခံရသူအား ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့် ပေးမည်ဖြစ်သည်။ ယင်းလွတ်ငြိမ်းခွင့်ကို အပြစ်ပေးခံရသည့် သက်တမ်း ထက်ဝက်၊ သို့မဟုတ် သုံးပုံနှစ်ပုံကျ ခံပြီးမှသာ ချမှတ်တတ်ပေသည်။ အပြစ်ပေးခံရသူများအား၊ ပြစ်ဒဏ် ခံနေရသည့် ကာလ

အတွင်း အသက်မွေးဝမ်းကျောင်း ပညာရပ်များကို သင်ကြားပေးပြီး၊ ယင်းတို့ လုပ်အားအပေါ် လုပ်အားခများ ပေးပေသည်။ ထို့ပြင် ယင်းပုဂ္ဂိုလ်များ ပညာ တတ်မြောက်ရန်အတွက် အထက်တန်း ပညာသင်ကျောင်းများ ဖွင့်လှစ်ပေးသည်။ ထူးခြားချက်တစ်ရပ်မှာ အပြစ်ပေးခံရသူများ၊ ပြစ်ဒဏ် ကျခံပြီးနောက် လွတ်မြောက် လာသည့်အခါ သက်ဆိုင်ရာ ဒေသအာဏာပိုင်များသည် ယင်းပုဂ္ဂိုလ်များအား အလုပ် ရှာကြံပေးပြီး ယင်းပုဂ္ဂိုလ်များ၏ နေရေး ထိုင်ရေးကိုပါ စီမံပေးပေသည်။

ဆိုရှယ်လစ် နိုင်ငံများတွင် သေဒဏ်ကို မဖျက်သိမ်းသေးပေ။ သေဒဏ်ကို နိုင်ငံ တော်စုန်ကန်မှု၊ ရက်စက် ကြမ်းကြုတ်စွာ တင်ကူးကြံဆ၍ သတ်သော လူသတ်မှု၊ ပြည်သူ့ ဘဏ္ဍာဒြပ်များအပြား အလွဲသုံးစားမှုပြုမှု၊ ဆိုရှယ်လစ် စနစ်ကို ထိခိုက်ပျက်ပြား အောင်တမင် လုပ်ဆောင်သည့် ပြစ်မှုများတွင် သေဒဏ်ကို ချမှတ်တတ်ပေသည်။ သေဒဏ်ကို အသက် ၁၈ နှစ်အောက်ရှိသူများ အားလည်းကောင်း၊ ကိုယ်ဝန်ဆောင် အမျိုးသမီးများကို လည်းကောင်း မပေးချေ။ အထူးသဖြင့် ဆိုဗီယက် ပြည်ထောင်စု တွင် သေဒဏ်ကို ယာယီသဘောအနေဖြင့်သာ ကျင့်သုံးလျက် နေပေသည်၊ တနေ့တွင် သေဒဏ်ကို ဖျက်သိမ်းမည်ဟူ၍ ခံယူ ထားပေသည်။

အချုပ်အားဖြင့် ဆိုရလျှင် ဆိုရှယ်လစ် နိုင်ငံများတွင် ကျင့်သုံးသော အပြစ်ဒဏ် ပေးပုံစနစ်များ၊ အပြစ်ဒဏ်ပေးပုံ စံနစ်သည် အပြစ်ပေး အရေးယူ ခံရသူအား လူ ကောင်း ပြန်လည်ဖြစ်စေရေး အတွက် ပြုပြင်ပုံသွင်းပေးသည့်အပြင်၊ နိုင်ငံ၏ ကုန် ထုတ်လုပ်မှုကိုလည်း အစဉ်အမြဲ အကျိုးပြုလျက် ရှိပေသည်။ ပေါ်သ အလျောက် ဖြစ်စေ၊ အခြား အကြောင်းကြောင့် ဖြစ်စေ၊ အမိုက်မသင့်၍ ပြစ်မှု ကျူးလွန်မိသူ များအား သိမ်မွေ့ပျော့ပြောင်းသွားရန် စည်းရုံးရေး နည်းဖြင့် အပြစ်ပေးကြောင်း တွေ့ရှိရပေသည်။ သို့ရာတွင် ဆိုရှယ်လစ် တည်ဆောက်ရေးကို တမင် သက်သက် အနှောင့်အယှက်ပြုသူများနှင့် ပတ်သက်၍မူ ထောင်ဒဏ် ၁၅ နှစ်၊ သို့မဟုတ် သေဒဏ် အထိ ပြတ်သားစွာ အပြစ်ပေးကြောင်းကို တွေ့ရှိရပေသည်။

ပ၊စ၊က၊/၁၁၀/တရားရုံးချုပ်/၃၅၀၁ + ၇၄/၇၆/၉။

ပြည်သူ့တရားစီရင်ရေး စနစ်အတွက် အားသစ်များ*

နိုင်ငံတော် တရားရုံးချုပ် ရှေ့နေလုပ်ငန်း လက်တွေ့သင်တန်း ပထမပတ် သင်တန်းဆင်းပွဲနှင့် ဒုတိယပတ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို တမြန်မနေ့က နိုင်ငံတော်တရားရုံးချုပ် တရားသူကြီးများ ပိဋကတ်တိုက်တွင် ကျင်းပပြုလုပ်ရာ တရားရေးဌာနဝန်ကြီးက အမှာစကားပြောကြားသွားပေသည်။

ဤသို့ အမှာစကား ပြောကြားရာတွင် သင်တန်းသားများသည် ဥပဒေ ဘွဲ့ယူပြီးနောက် တရားရုံးချုပ်၊ ရှေ့နေချုပ်၊ ဦးစီးဌာန စသည်တို့၌ တွဲဖက်၍ လက်တွေ့ပညာအရပ်ရပ်ကို လုပ်အားပေးရင်း ဆည်းပူးကြရသည့်အပြင် အထူး သင်ကြားပို့ချခြင်းများလည်း ပြည့်ပြည့်စုံစုံရှိကြောင်း၊ လက်တွေ့ပညာ ဆည်းပူးရာ၌ ရုံးလုပ်ငန်းမှအစ စာကြည့်တိုက်တွင် စာအုပ်များ သိမ်းဆည်းထားသိုခြင်း စသည်တို့အထိ အားလုံးပါဝင်ကြောင်း၊ ပညာစုံမှလည်း ဥပဒေ အကျိုးဆောင်အဖြစ် လုပ်ဆောင်သည် ဖြစ်စေ၊ တရားရေးဝန်ထမ်းအဖြစ် တာဝန် ထမ်းဆောင်သည် ဖြစ်စေ ကျွမ်းကျင်မည် ဖြစ်ကြောင်းဖြင့် တရားရေးဌာနဝန်ကြီးက တင်ပြ ဆွေးနွေးသွားပေသည်။

ဥပဒေ ပညာရှင်များ ဖြစ်လာပြီး ပညာစုံသည်ထက်စုံ၊ ကျွမ်းကျင်မှု ရှိသည်ထက်ရှိလာခြင်းသည် ပြည်သူ့ တရားစီရင်ရေးအတွက် အားသစ်လောင်းပေးရာတွင် ပိုမိုထိရောက်မှု ရှိလိမ့်မည်ပင် ဖြစ်သည်ဟု ကျွန်ုပ်တို့ ယုံကြည်ပေသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတွင် အုပ်ချုပ်ရေး စနစ်သစ်အရ ပြည်သူ့တရား ပြည်သူစီရင်ရမည်ဟူသော ဦးတည်ချက်နှင့်အညီ ပြည်သူ့တရားစီရင်ရေး စနစ်ကို အကောင်အထည်ဖော်ခြင်းဖြင့် မြန်မာ့ တရားစီရင်ရေးသမိုင်း၌ ထူးခြားသော ကဏ္ဍသစ်တရပ်ကို ဖွင့်လှစ်ခဲ့သည်မှာ နှစ်လကျော်မျှသာ ရှိပေသေးသည်။ ပြည်သူ့တရားစီရင်ရေးစနစ်သည် မကြာတော့သည့် အချိန်၌ ပြည်သူအများက ပြဋ္ဌာန်းသည့် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအသစ်အတွက် သရုပ်ပြပြင်ဆင်ခြင်း ဖြစ်ပေရာ၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၊ ပြည်သူ့ဘောင်သူလယ်သမား ကောင်စီ၊ ပြည်သူ့အလုပ်သမားကောင်စီတို့မှ ပုဂ္ဂိုလ်များအနေဖြင့် ပြည်သူ့တရားစီရင်ရေး စနစ်အပေါ် ပြည်သူများ စိတ်ပါဝင်စားမှု ရှိအောင် စည်းရုံးလျက်ရှိကြသည်။ အများ နားလည်လက်ခံယုံကြည်အားကိုးသော စနစ်ဖြစ်စေရန် အတွက်လည်း လှုပ်ရှားကြိုးပမ်းလျက် ရှိကြပေသည်။

*၁၉၇၂ ခု၊ အောက်တိုဘာလ ၂၉ ရက်နေ့ထုတ် "လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ" မှ

ဤသို့ဖြင့် ပြည်သူတို့၏ အမှုအခင်းများကို ပြည်သူတို့ကိုယ်တိုင် ပါဝင်သည့် တရားရုံးက ဥပဒေထုံးတမ်းနှင့်အညီ ပြည်သူတို့အကျိုးကို ရှေးရှု၍ ဆုံးဖြတ် စီရင်ခြင်း တည်းဟူသော ပြည်သူ့ တရားရုံး၏ သွင်ပြင်လက္ခဏာ ကိုဒင်း၊ အနှစ်သာရ သဘောကိုဒင်း၊ ပီပီပြင်ပြင် ပေါ်လွင်လာအောင် ကြိုးပမ်းအားထုတ်လျက် ရှိကြပေသည်။

တော်လှန်ရေး ကောင်စီ လက်ထက်တွင် တရားစီရင်ရေးနှင့် တရားဥပဒေတို့ကို အခြေခံကျကျ ပြုပြင်ခြင်း၊ ပြည်သူ့တရားကို ပြည်သူစီရင်သည့် စနစ်ကို ဦးတည်ခြင်း စသည်တို့ကို တသမတ်တည်း လုပ်ကိုင်လာခဲ့ကြောင်း၊ တက္ကသိုလ်တွင် ဥပဒေပညာ သင်ကြားရေးစနစ်သစ် ပေါ်ထွင်ခြင်း၊ ဥပဒေပညာကို ဗဟိုပြည်သူ့ ဝန်ထမ်းကျောင်း၌ အလေးထား၍ ပို့ချခြင်း၊ လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး စသော ပုဂ္ဂိုလ်တို့အား အနှံ့အစပ် ပို့ချခြင်း စသည်တို့ကို ပြုလုပ်လျက်ရှိကြောင်း၊ ပြည်သူ့ တရားစီရင်ရေးတွင် ပါဝင် ဆောင်ရွက်နေကြသော ပြည်သူ့ ကိုယ်စားလှယ်ကြီးများကလည်း ဥပဒေကို အထူးစိတ်ဝင်စားလျက် ရှိကြောင်း၊ ပြည်သူအများကလည်း တရားစီရင်ရေး၊ ဥပဒေရေးတို့၌ အထူး စိတ်ဝင်စားလျက် ရှိကြကြောင်း၊ ဤသို့ တက်ကြွ လှုပ်ရှားလျက် ရှိရာတွင် ပထမပတ် သင်တန်းဆင်း ရှေ့နေများ၊ ဒုတိယပတ် သင်တန်း တက်ရောက်နေသော ရှေ့နေ အလုပ်သင်များသည်ဒင်း၊ အခြား ဥပဒေ ပညာရှင်များသည်ဒင်း မိမိတို့စေတနာထားလျှင် ထားသလောက် လုပ်ကိုင် ဆောင်ရွက်နိုင်ကြမည် ဖြစ်ကြောင်းဖြင့်လည်း တရားရေးဌာန ဝန်ကြီးက ဆွေးနွေး တင်ပြသွားပေသည်။

ဤဆွေးနွေး တင်ပြချက်သည် ပြည်သူ့ တရားစီရင်ရေးတွင် တရားရေးဝန်ထမ်း အဖြစ် တာဝန်ထမ်းဆောင်သည် ဖြစ်စေ၊ ဥပဒေ အကျိုးဆောင်အဖြစ် လုပ်ဆောင်သည်ဖြစ်စေ ဥပဒေ ပညာရှင်များအနေဖြင့် ထားရှိအပ်သည့် သဘောထားကို ဆွေးနွေး တင်ပြခြင်းပင် ဖြစ်သည်ဟု ကျွန်ုပ်တို့ယူဆပေသည်။

တရားရေး ဝန်ထမ်းများ၊ ဥပဒေ ပညာရှင်များ၏ လုပ်ငန်းတာဝန်သည် ပြည်သူ့ တရားစီရင်ရေးတွင် သိမ်ငယ်ခြင်း မရှိကြောင်း လက်တွေ့အားဖြင့် သိရှိနိုင်ပေသည်။ ပြည်သူ့ တရားရုံးများကို ကူညီရခြင်း၊ ဥပဒေ ပညာပြန့်ပွါးစေရန် စည်းရုံးဆောင်ရွက်ရခြင်း၊ တရားဥပဒေနှင့် ပြည်သူ ရင်းနှီးလာစေရန် ပြည်သူ့အတွင်း၌ တရားဥပဒေ သက်ဝင်လှုပ်ရှားစေရန်နှင့် တရားရုံးများသည် ပြည်သူ့အတွက် ဖြစ်စေရန်တို့ကို ရှေးရှု ဆောင်ရွက်ရခြင်း စသော တာဝန်များသည် ပြည်သူ့ တရားစီရင်ရေးတွင် အရေးပါသောကဏ္ဍမှ ပါဝင်လျက် ရှိသည်ကို တွေ့ရှိရပေသည်။

အမှုကိုစမ်းသည့် ပြည်သူ့ရဲ၊ စွဲဆိုတင်ပို့သည့် အရာရှိ၊ အစိုးရရှေ့နေ၊ တရားခံဖက် အကျိုးဆောင်၊ တရားရေးဝန်ထမ်း၊ ပြည်သူ့တရားသူကြီး အဖွဲ့တို့သည် အဂတိလေးပါးသို့ မလိုက်ပဲ အမှန်ကို ဝိုင်းဝန်း ဖေါ်ထုတ်ကြနိုင်သည်နှင့် အမျှ တရားစီရင်ရေးသည် မှန်ကန် မြန်ဆန်လာမည် ဖြစ်သည်။ ပြည်သူ့ တရားရုံး၏ သွင်ပြင် လက္ခဏာ နှင့် အနှစ်သာရ သဘောသည်လည်း ပီပြင်ပေါ်လွင်လာမည် ဖြစ်ပေသည်။

ဒုတိယပတ် ရှေ့နေအလုပ်သင် လက်တွေ့သင်တန်း တက်ရောက်ကြသော ဥပဒေဘွဲ့ရ လူငယ်များသည် ပြည်သူ့တရားစီရင်ရေးစနစ်တွင် ကိုယ်ထိလက်ရောက် ပါဝင်ကူညီလျက် ရှိသည်ဟု သိရှိရသည့်အပြင် ပထမပတ် သင်တန်းသူ သင်တန်းသားတို့ အနေဖြင့်လည်း ဥပဒေ အကျိုးဆောင်အဖြစ် ဖြစ်စေ၊ တရားရေး ဝန်ထမ်း အဖြစ်ဖြစ်စေ ပါဝင်ဆောင်ရွက်ရာ၌ ပြည်သူ့ တရားစီရင်ရေးစနစ် အောင်မြင်စွာ အကောင်အထည် ဖေါ်နိုင်စေရန် စိတ်အား ထက်သန်လျက် ရှိသည်ဟု သိရှိရပေရာ အားရဘွယ်ရာပင်ဖြစ်ပေသည်။

ဥပဒေပညာရှင်အသစ်များဖြင့် အားသစ် လောင်းပေးနိုင်သည်နှင့်အမျှ ပြည်သူ့တရားစီရင်ရေးစနစ်သည် ပြည်သူတို့အတွင်း ပို၍ပို၍ သက်ဝင်လှုပ်ရှားလာမည်ပင် ဖြစ်ပေသတည်း။